မဂ်လဏ္ဌိပနိကျမ်း

(ညောင်ကန်ဆရာတော်)

အမရပုရမြို့တော် ၁၅၆၃၅

မင်္ဂလာဘုံကျော်ကျောင်းတိုက်ကြီးအရှင် ၁၆၂

"ကဝိန္ဒာဘိသဒ္ဓမ္မဝရသိရီဇေမဟာမ္မရာဇဂုရု" ကန်.၅၆

"ကဝိန္ဒာဘိဝံသသိရီသဒ္ဓမ္မဇေမဟာမ္မရာဇာဓိရာဇဂုရု"

လွတ်ဟုနာမံ.တံဆိပ်တော် နှစ်တန် ခံရသော ၂/၅၆

ညောင်ကန်ဆရာတော်ဘုရားကြီး

စီရင်တော်မူအပ်သော

မင်္ဂလတ္ထဒီပနီကျမ်း

မျှောစရိယ ဦးထွန်းသိန်း, ဦးစိန်အုပ်, ဦးထွန်းဆွေ, ဦးဝင်းဖေတို့
ကြပ်မ ကြည့်ရှုပြင်ဆင်သည်။



ကွယ်လွန်သူ
ဦးထိန်ထွန်း (ခုနှစ်)
(အဦးစီးဝေးအမြဲ [illegible] သန်းအရာရှိ
ဂါဝုံးဒေသ [illegible])
မျှော်မိန် ကောင်းမှု.

ရန်ကုန်မြို့
ဇုန်ဆာသယပိရကိတ်ပုံနှိပ်တိုက်
၁၁၃- ၂၄-လမ်း၊ ရန်ကုန်မြို့၊

ဂုဏ်ဆာသယနိဒါန်း

ဤ မင်္ဂလတ္ထဒီပနီ ကျမ်းကြီးသည်ကား ဝိဒူကတ်ကျမ်းစာ, သက္ကဋ္ဌ ကျမ်းစာ, နှင့် ဝေဒကျမ်းစာတို့၌ ပါရမီထူးကဲသည့်အလျောက် အထူး တတ်မြောက်တော်မူရကား ကဝိန္ဒာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာ ဓမ္မရာဇာဓိ ရာဇဂုရု (ပဌမတံဆိပ်တော်) ကဝိန္ဒာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာ ဓမ္မရာဇာဓိ ရာဇဂုရု (ဒုတိယတံဆိပ်တော်) ဟူသော တံဆိပ်တော် နှစ်တန်ကို အလှူတော်ခံရသော ပဌမညောင်ကန်ဆရာတော်ဘုရားကြီး ရေးသားအပ်သော ကျမ်းစာ ဖြစ်ပါသည်။

ဆရာတော် ဘုရားကြီးသည် ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု၊ ကျမ်းပြုဆရာတော် ဖြစ်သည့်အလျောက် **မင်္ဂလတ္ထဒီပနီ** တွင် မဂီလာတပါး တပါး၌ ဆိုင်ရာ ဆိုင်ရာ ဝတ္ထု၊ သက်သေပေါင်း များစွာဖြင့်လျက် ရေးသားထားပါသည်။

ပါဠိတော်,အဋ္ဌကထာ, ဋီကာများမှ ထုတ်နှုတ် ကိုးကားချက်များကို လည်း ပေယျာလမထိုး အပြည့်အစုံ ရေးသားထားသည် ဖြစ်ရာ၊ ဤ **မင်္ဂလတ္ထဒီပနီကျမ်း**ကို ကြည့်ရှုမှုမျှနှင့် ဆိုင်ရာ ဆိုင်ရာ ကျမ်းစာများ, ဇာတ်ဝတ္ထုများကို နားလည်ပြီးသား ဖြစ်သွားပါလိမ့်မည်။

မင်္ဂလတ္ထဒီပနီ ကျမ်းကို အစ, အဆုံး ကြည့်ရှု၍ မှတ်သား ထားနိုင်ပါက သုတကြွယ်သော ပုဂ္ဂိုလ်တယောက် ဖြစ်လာနိုင်သည့်ပြင်၊ ကိုယ်တွေ့ကျင့်သူ ဖြစ်ပါက လောကတွင် ကြီးပွါး တိုးတက်သော အာဇာနည်ပုဂ္ဂိုလ်တယောက် ဖြစ်၍ သံသရာတွင်လည်း အထက်တန်း လွှာမှ အမြဲတမ်း မျက်နှာပန်းသာလျက် သွားပါလိမ့်မည်။

ရိုက်နှိပ်ပုံ အစီအစဉ်

မြန်မာ့ရှေးပိုင်း ပုံနှိပ်ခေတ်က ရိုက်နှိပ်သော **မင်္ဂလတ္ထဒီပနီကျမ်း**စာမှာ ပေစာဘဝမှ ပြောင်းကူးယူရသည့် အလျောက် ပေအရိပ် အယောင်များ မကင်းဘဲ တဆက်တည်း ရိုက်နှိပ် သွားရကား စာရှု သူတို့အဲ့တို့ အသိဉာဏ် သန့်ရှင်းမှုကို မဖြစ်စေနိုင်ပါ။ ယင်းအကျက်

ကျွန်ုပ်တို့ ရန်ကုန်မြို့ ၂၄-လမ်း၊ အမှတ် ၁၁၃-**ဈန္ဆာသယ ပိဋကတ် ပုံနှိပ်တိုက်**မှ စာဖေါင် တိုးတက် များပြားလာမှုကို ဂရုမထားဘဲ စာရှုသူတို့ သန့်သန့်ရှင်းရှင်း ကြည့်ရှုနိုင်ကြပါစေရန် ဆိုင်ရာ ဆိုင်ရာမှာ စိတ်ဝင်စားဖွယ် စာခေါင်းသစ်များတပ်ပေးခြင်း, ပါဠိပါဠိသားများကို အင်တင်း အတွင်းသို့သွင်း၍ စီထားခြင်းကြောင့် စာရှုသူတို့ နှစ်သက်သဘောကျလောက်သော ရှုကွင်း, ရှုကွက်များကို တွေ့သွားကြပါလိမ့်မည်။

စာရှုသူအပေါင်းတို့သည် ၏ **မင်္ဂလတ္ထဒီပနီ** ကျမ်းကြီးကို ကြည့်ရှုလေ့လာလျက် စာပါအတိုင်း ကျင့်ကြံကာ မင်္ဂလာတရား ပြန့်ပွားတိုးတက်နေသော ၏ ခေတ်ကြီးတွင် မင်္ဂလာရှိသော မောင်များ, မယ်များ ဖြစ်ကြပါစေသတည်း။

[မြောစရိယ] **ဦးထွန်းသိန်း**
ဈန္ဆာသယ

နိဒါန်း

သေဌဇေဌ မုနိပုဂ်ဝ ဒွိပဒုတ္တမ လောကသင်းကျစ် မေ္မရာဇ်ထွတ်ဖူး အောင်ပွဲမှူး ဖြစ်တော်မူသော စောထီးမြတ်စွာ စိန္တေယျာသည် ဘုံသုံးဆဲ့တစ်.ဖြစ်ဖြစ်သမျှ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃဟု ဆိုအပ်သော ဩဃလေးပါး၌ နစ်တုံပေါ်တုံ စုန်ကာ ဆန်ကာ လူးလာယက်သဲ ဂရက်ထဲ၌ ဝဲတဘောင်ဘောင် သောင်ကမ်း မမြင် အထင်ဝိုးဝါး သဘောပြား၍ မျောပါးသော ဝေနေယျာသတ္တဝါဟိန္ဒဂူ များဗိုလ်လူတို့ကို ကရုဏာအစုဖြင့် ရာဟုလာသားချိန်ခွင်ဘောင်ပြူမထွက်ရအောင် တူစက်ခါထားသကဲ့သို့ သနားတော်မူလှ၍ လေးဆဲ့ငါးဝါကာလပတ်လုံး ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်းကိုယ်တော် နွမ်းမျှ လုံးပမ်း ကြိုးကုတ် စိုက်အား ထုတ်လျက်မဟုဿာဟ မွန်လုံ့လဖြင့် နေ့ညမလွတ် ဟောရွတ်ပြောပြ ဆုံးမတော်မူအပ်သော ပိဋကတ်သုံးပုံ ငါးစုံသော နိကာယ်တို့တွင် ခုဒ္ဒက နိကာယ်၌ အကျုံးဝင်သော မင်္ဂလသုတ် ဒေသနာသည် အကျဉ်းသင်္ခေပ မျှသာ ဖြစ်၍ အကျယ် ဝိတ္ထာရ ဝတ္ထု သက်သေ သာဓက နယူပဒေသတို့ကို ရကြီးရကြဲစေခြင်းအကျိုးငှါ အမရပုရ ရွှေပြည်တော်ကြီး၌ သဒ္ဓါသီလအစရှိသော သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံသော **သိရီဇေယျကျော်ခွာ** အမည်ရှိသော အမတ်ကြီးသည် ရိသေခညွတ် တောင်းပန်အပ်သည်ဖြစ်၍ မင်္ဂလာဘုံကျော် ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူသော သာသနာပြု တကျိပ်နှစ်ပါးတွင် အဝင်အပါ ''ကဝိန္ဒာဘိသဒ္ဓမ္မဝရသိရီဇေမဟာမေ္မရာဇဂုရု'' ''ကဝိန္ဒာဘိဝံသ သိရီသဒ္ဓမ္မဇေမဟာမေ္မရာဇာဓိရာဇဂုရု'' ဟူသော ဘွဲ့တံဆိပ်တော် ၂-တန်ကို အလှူတော်ခံရသော (ညောင်ကန်) ဆရာတော်ဘုရားသည် ငါးရပ်သော နိကာယ်တွင် လှယ်ခါ လှယ်ခါ ဆိုင်ရာဆိုင်ရာ သင့်ရာရွေးနှုတ် ထွေးရှုပ်ကခ် သံဿယ ငြောင့်တံသင်းကို ရှင်းလင်း ခုတ်ဝိုင်း၍ ဟုတ်ကိုင်းကိုသာ ဆုံးဖြတ်တော်မူသော **မင်္ဂလတ္ထဒီပနီ** အမည်ချိုသာ ဤကျမ်းစာသည် ရှင်မဟာ ဗုဒ္ဓဃောသနာမတွင်မည် မြတ်မထေရ်လျှင် သီဟဋ္ဌဒီပ ပိဋကတ္တယအဆူဆူကို

ကူးယူမည်အကြီ၏ဂိသုဒ္ဓိမဂ်အဌကထာကျမ်းကို ဆုံးခန်းတိုင်မြောက် အပြီးသို့ရောက်ပြီးမှ ကွယ်ဖျောက်ယွင်းကွက် သိကြားမင်းဝှက်ထား ဘိသကဲ့သို့ ပျောက်ပျက် တိမ်မြှုပ် ရှိနေလေသတည်း။ ။ဤကဲ့သို့ ပျောက်ပျက်တိမ်မြှုပ် ဆုတ်ယုတ်ကွယ်ခါ ဤကျမ်းစာကို ကွေရှာ ကြိုးပမ်း၍ အခန့်သင့်တွေ့ရှိသောအခါ ဝါဒါဝါဒ ဂဟေတဗ္ဗ အဂဟေ တဗ္ဗ ယုတ္တာယုတ္တိ ပုဗ္ဗဝါကျ ပရဝါကျ အဝဝတို့ကို နေရာကျ ယှဉ်တွဲ၍ မဂ်လဏ္ဍဒီပနီပါဌ် ၎င်းဋီကာကျမ်းများနှင့် ကောင်းမွန်စွာ တိုက်ဆိုင်ရှုကြည့် တည်းပြင့်ပြင်ဆင် သုဓ်သင် ရှင်းလင်းပြီးကာလ သင့်မြတ်လှမှ ပုံနှိပ်ရိုက်ထုတ် ပြုလုပ်စီမံလိုက်ပါသည်။ ။သပ္ပုရိသူပ နိဿယကို ရခြင်းငှါ နှလုံးသွင်း အရင်းခံ ရှိကြကုန်သော သူတော် ကောင်း အပေါင်းတို့သည် မဟုဿာဟ ကြိုးလုံ့လဖြင့် နေ့ညမယုတ် အားထုတ်ရှုကြည့်တော်မူနိုင်ကြစေကုန်သတည်း။

မာတိကာ

ဦးရေ	အကြောင်းအရာ	စာချက်နှာနံပါတ်
၁။	ပဏာမပုဗ္ဗကဂန္ထာရမ္ဘကါထာ	၁
၂။	မြတ်စွာဘုရားအား မင်္ဂလာတရားကို ဟောတော်မူရန် အညတရနတ်သား လျှောက်တောင်းပန်ခြင်း အကြောင်း	၃
	(၁) အသေဝနာစဗာလာန မင်္ဂလာ	၄
၃။	သူမိုက်တို့ကို ပေါင်းဘော်ခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်သော ကျေးသားဝတ္ထု	၄
၄။	ဗြဟ္မဒတ်မင်း၏ မင်္ဂလာ ဆင်တော်ဝတ္ထု	၈
၅။	ဂီရိဒတ္တ မြင်းကိုင်သမားဝတ္ထု	၉
၆။	ဒဓိဝါဟနမင်းဝတ္ထု	၁၀
	(၂) ပဏ္ဍိတာနဥ္စသေဝန မင်္ဂလာ	၁၂
၇။	သူမိုက်ကို ပယ်ခွါ၍ ပညာရှိကိုသာ ပေါင်းဘော်အပ်သည်ကို ပြခြင်း	၁၂
၈။	သူမိုက်တို့နှင့် မပေါင်းဘော်ရလိုဟု ဆုတောင်းခြင်း ပြုသော အကတ္တိ ရှင်ရသေ့ဝတ္ထု	၁၈
၉။	ကဿပမထေရ်၏ တပည့်လူထွက်ရဟန်းဝတ္ထု	၂၂
၁၀။	ဒေဝဒတ်ဝတ္ထု	၂၃
၁၁။	အဇာတသတ်ဝတ္ထု	၂၅
၁၂။	မကောင်းသဖြင့် စွဲလမ်းသော ဒိဃာဝိတ၏ အစ်ကိုဝတ္ထု	၂၉
၁၃။	ဆသတ္ထာရတိတ္ထိဝတ္ထု	၂၉
၁၄။	ပစ္စည်းလေးပါးတို့ဖြင့်လုပ်ကျွေး၍ နတ်ပြည်၌ဖြစ်ရသော ရှစ်သောင်းသော အမျိုးသားတို့ဝတ္ထု	၃၀
၁၅။	ဘုရားလောင်း သုနေတ္တဝတ္ထု	၃၁
၁၆။	သမုဒ္ဒဝါဏိဇ္ဇဝတ္ထု	၃၂

ဦးရေ	အကြောင်းအရာ	စာမျက်နှာနံပါတ်
၁၇။	မလ္လိကာဝတ္ထု	၃၄
၁၈။	သံကိစ္စသာမဏောဝတ္ထု	၃၆
	(၃) ပူဇာစပူဇနေယျာန မဂ်လာ	၃၉
၁၉။	သုမနမာလာကာရဝတ္ထု	၃၉
၂၀။	သုခာပိဏ္ဍိယမထေရ်ဝတ္ထု	၄၃
၂၁။	ဇဋိလဝတ္ထု	၄၅
၂၂။	ကောသာဋကီနတ်သွီးဝတ္ထု	၄၇
၂၃။	ပဥ္စပါပိဝတ္ထု	၅၁
၂၄။	ပဒုမာဝတိဝတ္ထု	၅၄
၂၅။	စတုရိတ္ထိဝတ္ထု	၅၇
၂၆။	လာဇာနတ်သွီးဝတ္ထု	၅၈
၂၇။	ရှင်သာရိပုတ္တရာ ဦးရီးဝတ္ထု	၆၀
၂၈။	တိဿမထေရ်ဝတ္ထု	၆၅
၂၉။	အတ္တဒတ္ထမထေရ်ဝတ္ထု	၆၆
၃၁။	သဠိဝဝတ္ထု	၆၈
၃၁။	စမ္မသာဋကပရိဗိုဇ်ဝတ္ထု	၆၉
	(၄) ပရိရူပဒေသဝါသ မဂ်လာ	၇၁
၃၂။	ပတိရူပအရပ်ဌ်နေ၍ တရားတော်ကို နာရသော တံဝါသည်ဝတ္ထု	၇၁
၃၃။	လျောက်ပတ်သော အရပ်ဌ်နေခြင်းသည် ခြောက်ပါးသော အနုတ္တရိယတို့ကိုရခြင်း၏ အကြောင်းကိုပြခြင်း	၇၃
၃၄။	ဝက္ကလိမထေရ်ဝတ္ထု	၈၃
	(၅) ပုဗ္ဗေစကတပုညတာ မဂ်လာ	၈၇
၃၅။	မဟာကပ္ပိနွမထေရ်ဝတ္ထု	၈၇
၃၆။	ဒဓိဝါဟနဇာတ်ပတ္တမြားရသောဝတ္ထု	၉၁
၃၇။	ကြက်သရေကိုခိုးသောဝတ္ထု	၉၄

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၃၈။	ကဋ္ဌဟာရကဝတ္ထု	၉၆
၃၉။	ဒုဋ္ဌဂါမဏိမင်းဝတ္ထု	၉၈
	(၆) အတ္တသမ္မာပဏီဓိ မင်္ဂလာ	၁၀၂
၄၀။	ခိုးသားငါးရုံဝတ္ထု	၁၀၂
၄၁။	ဘာရဒ္ဓါဇမထေရ်ဝတ္ထု	၁၀၄
၄၂။	ဝန်တိုသော ကောသိယသေဋ္ဌေးဝတ္ထု	၁၀၆
	(၇) ဗာဟုဿစ္စ မင်္ဂလာ	၁၁၈
၄၃။	ဗဟုဿုတအပ္ပဿုတတို့ကိုပြခြင်း	၁၁၈
၄၄။	မဟာဂေါသိင်္ဂသာလဝနသုတ်အဋ္ဌကထာလာ ဝတ္ထုကို ပြခြင်း	၁၂၂
၄၅။	သေနကသုခမိန်ဝတ္ထု	၁၂၅
	(၈) သိပ္ပ မင်္ဂလာ	၁၃၁
၄၆။	အာနန္ဒာမထေရ်ဝတ္ထု	၁၃၁
၄၇။	မထင်ရှားသောရဟန်းတပါးဝတ္ထု	၁၃၄
၄၈။	ရွှဲသမားဝတ္ထု	၁၃၅
၄၉။	ကိလဉ္ဇဒါယကာမထေရ်ဝတ္ထု။	၁၃၇
၅၀။	နှီးသည်ဝတ္ထု	၁၃၉
၅၁။	ငဆွံဝတ္ထု	၁၄၂
၅၂။	ဟသ်ာကိုသတ်သောရဟန်းဝတ္ထု	၁၄၄
၅၃။	သဋ္ဌိကူဋုပြိတ္တာဝတ္ထု	၁၄၅
၅၄။	ကဋ္ဌဝါဟနဝတ္ထု	၁၄၆
၅၅။	ကဋ္ဌဝါဟနဝတ္ထုတနည်း။	၁၄၈
	(၉) ဝိနယသုသိက္ခိတ မင်္ဂလာ	၁၅၁
၅၆။	အန္တရာယ်ငါးပါးကို ပြခြင်း	၁၅၁
၅၇။	ဇံရေကပတ္တနဂါးမင်းဝတ္ထု	၁၅၃

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၅၈။	ရဟန်းတို့ကောင်းစွာကျင့်အပ်သည်ကိုပြခြင်း	၁၅၆
၅၉။	ပဓာနိယမထေရ်ဝတ္ထု	၁၅၈
၆၀။	သုဓမ္မမထေရ် စသည်တို့၏ဝတ္ထု	၁၆၀
၆၁။	ဟရိတစရှင်ရသေ့ စသည်တို့၏ဝတ္ထု	၁၆၇
၆၂။	အသုဘကမ္မဌာနိကတိဿမထေရ်နှင့် ဝဏိသမထေရ် တို့- ဝတ္ထု	၁၇၁
၆၃။	စိတ္တဂုတ္တမထေရ်ဝတ္ထု	၁၇၂
၆၄။	မဟာတိဿမထေရ်ဝတ္ထု	၁၇၉
၆၅။	မဆင်ခြင်ဘဲ သုံးဆောင်သောဝတ္ထု	၁၈၀
၆၆။	ဝိဿာသပရိဘောဂဝတ္ထု	၁၈၁
၆၇။	အကုသလကမ္မပထကိုပြခြင်း	၁၈၈
၆၈။	ကုသလကမ္မပထကိုပြခြင်း	၂၁၈
၆၉။	နှစ်ယောက်သောရသေ့တို့ဝတ္ထု	၂၂၅
	(၁၀) သုဘာသိတဝါစာ မင်္ဂလာ	၂၂၆
၇၀။	ဝါစာပုဒ်၏အဓိပ္ပါယ်အကျယ်ပြခြင်း	၂၂၆
၇၁။	ဝက်ပြိတ္တာဝတ္ထု	၂၃၃
၇၂။	ကပိလဝတ္ထု	၂၃၅
၇၃။	နန္ဒိဝိသာလဝတ္ထု	၂၃၆
၇၄။	သာရဒ္ဓဝတ္ထု	၂၃၈
၇၅။	သေဌေးသားလေးဦးဝတ္ထု	၂၃၉
၇၆။	အကာလဖလမန္တရားကိုတတ်သူဝတ္ထု	၂၄၀
၇၇။	သေဌေးသားသုံးဦးဝတ္ထု	၂၄၂
၇၈။	ကိန္နရာဝတ္ထု	၂၄၄
၇၉။	သစ္စာနိသံသကိုပြသောနတ်သွီးဝတ္ထု	၂၄၆
	(၁၁) မာတာပိတုဥပဋ္ဌာနမင်္ဂလာ	၂၅၃
၈၀။	မာတာပိတုဟူသောပုဒ်၏ အဓိပ္ပါယ်ကိုအကျယ်ပြခြင်း	၂၅၃
၈၁။	မိတ္တဝိန္ဒကဝတ္ထု	၂၆၄

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၈၂။	မဟာမောဂ္ဂလာန်ဝတ္ထု	၂၆၆
၈၃။	မိဘတို့ကိုလုပ်ကျွေးသော ရဟန်းတို့၏ဝတ္ထုများ	၂၆၇
၈၄။	သုဝဏ္ဏသျံဝတ္ထု	၂၇၀
၈၅။	သုတနဝတ္ထု	၂၇၅
၈၆။	နန္ဒိယသမင်ဝတ္ထု	၂၇၇
၈၇။	လင်းတဝတ္ထု	၂၈၁
၈၈။	တနည်း-လင်းတဝတ္ထု	၂၈၁
၈၉။	ကျေးမင်းဝတ္ထု	၂၈၂
၉၀။	ဘုရားလောင်းဆင်မင်းဝတ္ထု	၂၈၄
၉၁။	သရဘင်္ဂရသေ့နှင့် ရာမဝတ္ထု	၂၈၆
၉၂။	မာတုပေါသကသိတင်းသည်ဝတ္ထု	၂၈၉
၉၃။	ကစ္စာနီဝတ္ထု	၂၉၀
၉၄။	ရသေ့ညီနောင်နှစ်ပါးဝတ္ထု	၂၉၂
၉၅။	သိင်္ဂါလသုတ် နှင့် ဇာဏုသောဏိသုတ်တို့၏အဓိပ္ပါယ် ဗိမ္ဗိသာရမင်း၏ဆွေမျိုးပြိတ္တာတို့ဝတ္ထု	၂၉၇
၉၆။	ပြိတ္တာတို့၏ အကြောင်းကိုပြသော တိရော ကုန္ဒသုတ်၏ အဓိပ္ပါယ်	၃၀၅
၉၇။	ဗိဋ္ဌဓိဘလိကပေတဝတ္ထု	၃၀၃
၉၈။	သိတင်းသည်ဝတ္ထု	၃၀၅
၉၉။	သခ်ပုဏ္ဏားဝတ္ထု	၃၀၆
၁၀၀။	ပတ္တိဒါနအကြောင်းကိုပြခြင်း	၃၀၇
၁၀၁။	ကာလမည်သောသူငယ်ဝတ္ထု	၃၂၀
၁၀၂။	စတုက္ကဏ္ဏဇာတ်အဋ္ဌကထာလာ မိတ္တဝိန္ဒကဝတ္ထု	၃၂၁
	(၁၂) ပုတ္တဒါရသင်္ဂဟမင်္ဂလာ	၃၂၅
၁၀၃။	သားအပြားသုံးပါးကိုပြခြင်း	၃၂၅
၁၀၄။	ကဏ္ဏမုဏ္ဍဝတ္ထု	၃၃၇

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
	(၁၃) အနာကုလကမ္မန္တမင်္ဂလာ	၃၃၉
	အဓိပ္ပါယ်ကိုဘော်ပြချက်	၃၃၉
၁၀၅။	ရုဋ္ဌကသေဋ္ဌေး၏အထံနေ လုလင်ဝတ္တု	၃၄၀
၁၀၆။	လုလင်ငပျင်းဝတ္တု	၃၄၃
၁၀၇။	သေသောက်ကြူးဝတ္တု	၃၄၄
၁၀၈။	အဗုမာသကမင်းဝတ္တု	၃၄၆
၁၁၉။	မေဏ္ဍကသေဋ္ဌေးဝတ္တု	၃၄၉
	(၁၄) ဒါနမင်္ဂလာ	၃၅၃
၁၁၀။	ဒါနအကြောင်းကိုပြခြင်း	၃၅၃
၁၁၁။	နန္ဒမင်းဝတ္တု	၃၇၄
၁၁၂။	ဥမ္မာဒန္တီဝတ္တု	၃၇၆
၁၁၃။	ဂေါပါလမယ်တော် မိဖုယားဝတ္တု	၃၈၀
၁၁၄။	မလ္လိကာမိဖုယားဝတ္တု	၃၈၁
၁၁၅။	နန္ဒိယသိတင်းသည်ဝတ္တု	၃၈၂
၁၁၆။	အသောကမင်းဝတ္တု	၃၈၃
၁၁၇။	ဓမ္မဒါနအကြောင်းကိုပြခြင်း	၃၈၇
	(၁၅) ဓမ္မစရိယ မင်္ဂလာ	၃၉၉
၁၁၈။	သာလေယျက ပုဏ္ဏားတို့အား ဟောတော်မူသော ဒေသနာကို ပြခြင်း	၃၉၉
၁၁၉။	မိလကမထေရ်ဝတ္တု	၄၁၃
	(၁၆) ဉာတကသင်္ဟ မင်္ဂလာ	၄၁၅
၁၂၀။	ကုက္ကူရဝတ္တု	၄၁၅
၁၂၁။	ကာကဝတ္တု	၄၁၈
၁၂၂။	မယ္ဟကသကုဏဝတ္တု	၄၂၀
	(၁၇) အနဝဇ္ဇကမ္မမင်္ဂလာ	၄၂၅
၁၂၃။	ဥပုသ်ခဏ်းကိုပြခြင်း	၄၂၅
၁၂၄။	ပုရောဟိတ်ဝတ္တု	၄၅၁

ဦးရေ	အကြောင်းအရာ	စာမျက်နှာနံပါတ်
၁၂၅။	ဥဒယမင်းဝတ္ထု၊	၄၁၃
၁၂၆။	သာဓိနမင်းဝတ္ထု၊	၄၁၆
၁၂၇။	သူငါးယောက်ဝတ္ထု၊	၄၁၇
၁၂၈။	စဏ္ဍပဒ္မောဘမင်းဝတ္ထု၊	၄၁၈
၁၂၉။	အပ်လျှိုသမားဝတ္ထု၊	၄၆၀
၁၃၀။	သိတင်းသည်ဝတ္ထု၊	၄၆၄
၁၃၁။	နွားကျောင်းသားဝတ္ထု၊။	၄၆၇
	(၁၀-၁၉) အာရတီဝိရတိ မဂ်လာ	၄၆၀
၁၃၂။	အာရတိ ဝိရတိ အကြောင်းကိုပြခြင်း	၄၆၀
	(၂၀) မဇ္ဇပါနသံယမ မဂ်လာ	၅၁၄
၁၃၃။	နန္ဒ နွားသတ်ယောကျ်ားဝတ္ထု၊	၅၁၄
၁၃၄။	ဆိတ်သတ်ဝတ္ထု၊	၅၁၅
၁၃၅။	သိလကို စုံစမ်းသော ပုဏ္ဏားဝတ္ထု၊	၅၁၆
၁၃၆။	ကုဟကဝတ္ထု၊	၅၁၇
၁၃၇။	မင်းသားလေးယောက်ဝတ္ထု၊	၅၁၉
၁၃၈။	မုသားဆိုသော ပုဏ္ဏားဝတ္ထု၊	၅၂၁
၁၃၉။	မုသားဆိုသော အစေလကဝတ္ထု၊	၅၂၄
၁၄၀။	သားဖျိ အသားကို စားသော မင်းဝတ္ထု၊	၅၂၆
၁၄၁။	သူခုကြွေးသောသူဖျိဝတ္ထု၊	၅၂၇
၁၄၂။	မိန္ဆာစာရကို လွန် ကျူးသော ဘီလူးမဝတ္ထု၊	၅၂၉
၁၄၃။	အတိတ်ခြောက်ဝတ္ထု၊	၅၃၃
၁၄၄။	ယောဇ္ဈမကို သတ်သောခွေးမဝတ္ထု၊	၅၃၄
၁၄၅။	အဘကို ရန်ပြုသော သား၏ အတိတ်ဝတ္ထု၊	၅၃၆
၁၄၆။	ပါဏာတိပါတာစသည်မှ ကြဉ်အပ်သည်ကိုပြုခြင်း	၅၃၇
	(၂၁) အပ္ပမာဒ မဂ်လာ	၅၄၄
	အပ္ပမာဒ မဂ်လာ၌ အဓိပ္ပါယ်အကျယ်	၅၄၄

ဦးရေ	အကြောင်းအရာ	စာမျက်နှာနံပါတ်
	(၂၂) ဂါရဝ မင်္ဂလာ	၅၅၈
၁၄၇။	ဂရုပုဒ်၏ အရကို အကျယ်ဝေဘန်၍ ပြခြင်း	၅၅၈
၁၄၈။	အဘယစောရဝတ္တု	၅၇၆
၁၄၉။	ပိတုမင်းဝတ္တု	၅၇၈
၁၅၀။	စောရနာဂဝတ္တု	၅၈၁
၁၅၁။	အဆွေခင်ပွန်း သုံးယောက်ဝတ္တု	၅၈၄
	(၂၃) နိဝါတ မင်္ဂလာ	၅၈၆
	နိဝါတ မင်္ဂလာ အဓိပ္ပါယ်	၅၈၆
၁၅၂။	သာကိဝင်မင်းတို့၏ဝတ္တု	၅၈၇
၁၅၃။	သိင်္ဂါလဝတ္တု	၅၈၉
	(၂၄) သန္တုဋ္ဌီ မင်္ဂလာ	၅၉၂
၁၅၄။	ရောင့်ရဲခြင်းဟူသော သန္တုဋ္ဌီကိုပြခြင်း	၅၉၂
၁၅၅။	မင်းသားဝတ္တု	၆၀၆
၁၅၆။	မိတ္တဝိန္ဒကဝတ္တု	၆၀၈
၁၅၇။	အလိုကြီးသောဝံဝတ္တု	၆၁၁
၁၅၈။	ပဉ္စင်းငယ်ဝတ္တု	၆၁၄
၁၅၉။	တိဿမင်းဝတ္တု	၆၁၄
၁၆၀။	တုလ္လနန္ဒာဝတ္တု	၆၁၅
၁၆၁။	အလိုကြီးသောမြေခွေးဝတ္တု	၆၁၇
၁၆၂။	မိမိ၌ မရှိသောဂုဏ်ကျေးဇူးကို ရှိယောင်ပြု၍ အိုးစရည်းကြီး၌ အောင်းသောရဟန်း ဝတ္တု	၆၁၈
၁၆၃။	ပညောင်ပင်မြစ် ပါးပျဉ်း၌ လျှောက်သွားသော ရဟန်း ဝတ္တု	၆၁၉
၁၆၄။	အလိုနည်းသောရဟန်းသာမဏေတို့ဝတ္တု	၆၂၀
၁၆၅။	တိဿမထေရ်ဝတ္တု	၆၂၃
၁၆၆။	ကဏ္ဍရသေ့ဝတ္တု	၆၂၄

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၁၆၇။	ညီနောင်မထေရ်နှစ်ပါးဝတ္ထု	၆၂၅
၁၆၈။	ပရိယတ္တိအပြိန္ဆဝတ္ထု	၆၂၅
၁၆၉။	အဓိပမအပြိန္ဆဝတ္ထု	၆၂၆
၁၇၀။	ကျေးမင်းဝတ္ထု	၆၂၈
၁၇၁။	အမှတ်မဲ့ဖြစ်သောပုဏ္ဏားဝတ္ထု	၆၃၀
	(၂၅) ကတညုတ မင်္ဂလာ	၆၃၂
၁၇၂။	ကတညုတမင်္ဂလာကို အကျယ်ပြခြင်း	၆၃၂
၁၇၃။	ပဒုမမင်းသားဝတ္ထု	၆၃၄
၁၇၄။	တက္ကပဏ္ဍိတဝတ္ထု	၆၃၈
၁၇၅။	လေးယောက်ကုန်သောသူတို့ဝတ္ထု	၆၄၀
၁၇၆။	သုံးယောက်သောသူတို့ဝတ္ထု	၆၄၂
၁၇၇။	ရာဓပုဏ္ဏားဝတ္ထု	၆၄၆
၁၇၈။	အရှင်အာနန္ဒာမထေရ်ဝတ္ထု	၆၄၇
၁၇၉။	တောသားမူဆိုးဝတ္ထု	၆၄၈
	(၂၆) ကာလေနဓမ္မသဝန မင်္ဂလာ	၆၅၀
၁၈၀။	ကာလေနဓမ္မသဝနမင်္ဂလာကိုပြခြင်း	၆၅၀
၁၈၁။	ရဟန်းငယ်ဝတ္ထု	၆၅၉
၁၈၂။	နှိစ္ရိသားငယ်ရှိသောမိန်းမဝတ္ထု	၆၆၀
၁၈၃။	သစ္စကဝတ္ထု	၆၆၁
၁၈၄။	စပါးကြီးမြေ့ဝတ္ထု	၆၆၂
၁၈၅။	ကြက်မဝတ္ထု	၆၆၄
၁၈၆။	ဓမ္မသဝနအကျိုးကိုအချုပ်ပြခြင်း	၆၆၆
	(၂၇) ခန္တီ မင်္ဂလာ	၆၆၇
၁၈၇။	ခန္တီဝါဒိရှင်ရသေ့ဝတ္ထု	၆၆၇
၁၈၈။	ပုဏ္ဏမထေရ်ဝတ္ထု	၆၇၁
၁၈၉။	လောမသနာဘမထေရ်ဝတ္ထု	၆၇၅
၁၉၀။	ပဓာနိယမထေရ်ဝတ္ထု	၆၇၆

ဦးရေ	အကြောင်းအရာ	မျက်နှာနံပါတ်
၁၉၁။	ပိဏ္ဍပါတိကမထေရ်ဝတ္ထု	၆၇၆
၁၉၂။	ဒီဃဘာဏကအဘယမထေရ်ဝတ္ထု	၆၇၇
၁၉၃။	ခန္တီအကြောင်းနှင့်တကွ သိကြားမင်းဝတ္ထု	၆၇၈
၁၉၄။	ဝေဒေဟိကာဝတ္ထု	၆၈၂
	(၂၈) သောဝစဿတာ မင်္ဂလာ	၆၈၄
၁၉၅။	သောဝစဿတာမင်္ဂလာကိုပြခြင်း	၆၈၄
၁၉၆။	ရာမေထေရ်ဝတ္ထု	၆၈၇
၁၉၇။	ဝါဏိဇ္ဇဝတ္ထု	၆၈၉
	(၂၉) သမဏဒဿန မင်္ဂလာ	၆၉၂
	သမဏဒဿနမင်္ဂလာ၏အဓိပ္ပါယ်	၆၉၂
၁၉၈။	ခင်ပုပ်ငှက်ဝတ္ထု	၆၉၇
၁၉၉။	နန္ဒဘီလူးဝတ္ထု	၆၉၉
၂၀၀။	ပါဋလိပုတ္တကပုဏ္ဏားဝတ္ထု	၇၀၁
	(၃၀) မေမ္မသာကစ္ဆာ မင်္ဂလာ	၇၀၂
၂၀၁။	မေမ္မသာကစ္ဆာမင်္ဂလာကို ပြခြင်း	၇၀၂
	(၃၁) တပမင်္ဂလာ	၇၀၃
၂၀၂။	တပ မင်္ဂလာကိုပြခြင်း	၇၀၃
၂၀၃။	လောမသကဿပရသေ့ဝတ္ထု	၇၁၀
၂၀၄။	ပျင်းရိခြင်း၏ အပြစ်များကိုပြခြင်း	၇၁၂
၂၀၅။	ဝီရိယကို စွန့်လွှတ်ထားသော ရဟန်းဝတ္ထု	၇၂၁
	(၃၂) ဗြဟ္မစရိယ မင်္ဂလာ	၇၂၄
	ဗြဟ္မစရိယ မင်္ဂလာကိုပြခြင်း	၇၂၄
၂၀၆။	ဘဒ္ဒါဝိပ္ပလိတ္ရိ၏ဝတ္ထု	၇၂၆
၂၀၇။	မာတိကမာတာဝတ္ထု	၇၂၉
	(၃၃) အရိယသစ္စာနဒဿန မင်္ဂလာ	၇၃၁
၂၀၈။	အရိယသစ္စာနဒဿန မင်္ဂလာကိုပြခြင်း	၇၃၁

ဦးရေ	အကြောင်းအရာ	စာမျက်နှာနံပါတ်
	(၃၄) နိဗ္ဗာနသစ္ဆိကိရိယ မဂ်လာ	၇၃၇
၂၀၉။	နိဗ္ဗာနသစ္ဆိကိရိယ မဂ်လာကိုပြခြင်း	၇၃၇
	(၃၅) လောကဓမ္မအကမ္ပိတ မဂ်လာ	၇၄၆
၂၁၀။	လောကဓမ္မ အကမ္ပိတ မဂ်လာကိုပြခြင်း	၇၄၆
	(၃၆) အသောက မဂ်လာ	၇၅၆
၂၁၁။	အသောက မဂ်လာကိုပြခြင်း	၇၅၆
၂၁၂။	ငါးယောက်သော သူတို့၏ဝတ္ထု၊	၇၅၉
၂၁၃။	ဃနမင်းဝတ္ထု၊	၇၆၄
၂၁၄။	အညတရဖြာဟဒ္ဓဏာဝတ္ထု၊	၇၆၅
၂၁၅။	သောကနိဝစက်သော သူကြွယ်တို့၏ဝတ္ထု၊	၇၆၆
	(၃၇) ဝိရဇမဂ်လာ	၇၆၇
၂၁၆။	ဝိရဇမဂ်လာကိုပြခြင်း	၇၆၇
၂၁၇။	မိန်းမကိုမွဲလမ်း၍ လေးဘာအသတ်ခံရသောဝတ္ထု၊	၇၆၉
၂၁၈။	ဆေတ္တာသည်၏ သားဝတ္ထု၊	၇၇၅
၂၁၉။	ဒုဋ္ဌကုမာရမင်းသားဝတ္ထု၊	၇၇၆
၂၂၀။	တဏ္ဍာဝဇိကမင်းဝတ္ထု၊	၇၇၇
	(၃၈) ခေမ မဂ်လာ	၇၈၀
၂၂၁။	ခေမမဂ်လာကိုပြခြင်း	၇၈၀
၂၂၂။	ပါယာသိရာဇညဝတ္ထု၊	၇၈၀
၂၂၃။	ဇေတာဒိသာနိစသော ဂါထာ၏ အဓိပ္ပါယ်ကိုပြခြင်း	၇၉၁
၂၂၄။	နိဂုံးကိုပြခြင်း	၇၉၀

မာတိကာ ပြီး၏။



မင်္ဂလတ္ထဒီပနီကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

၁–ပဏာမပုဗ္ဗက ဂန္ထာရမ္ဘ ဂါထာ

အနန္တဉာဏ သမ္ပန္နံ၊ မင်္ဂလံ ဝဒတံ ဝရံ။
မင်္ဂလာဓိက သမ္ဗုဒ္ဓံ၊ ဝန္ဒာမိ မုနိကုဉ္ဇရံ။
ပထျာဝတ္တ။

ဒေသိတ မမလံ တေန၊ ဝန္ဒဒုတ္ဓုဒ္ဓရံ ဝရံ။
မောဟံ ဝိဓံသေတ္ဂာ လောတံ၊ ဓမ္မက္ကရံ ပဟံ နမေ။
တတီယ မကာရ ဝိပုလာ။

နိရင်္ဂဏံ သုတံ တေန၊ သံဃံ ခေတ္တံ သုသံဝရံ၊
သိရိဇေယျသူကျော်စွာ ၇၊ယာ မစ္စေနာ ဘိယာဝိတော။
တတီယ မကာရ ဝိပုလာ။

နာနာဂန္ဂေ ဟျုဒ္ဓရိယ၊ ဟိန္ဒဂူနံ သုခါဝဟံ။
မင်္ဂလတ္ထ ဒီပနျာဝှံ၊ ဘာသိဿာမိ ယထာဗလံ။ ။
ပုဗ္ဗစု ပထမဘကာရ။အပရစု ပထမ မကာရ ဝိပုလာ။

ဇူနွာသယ ၁၅၅–၁

အဟံ၊ သည်။ အနန္တဉာဏ သမ္ပန္နံ၊ အဆုံးမရှိသော ဉာဏ်တော်နှင့် ပြည့်စုံတော်မူထသော။မင်္ဂလံ၊မင်္ဂလာကို။ ဝဒတံ-ဝဒန္တာနံ၊ ဟောပြော ကုန်သော ခပ်သိမ်းသော ပုဂ္ဂိုလ်တို့ထက်။ ဝရံ၊ကဲလွန်ထူးမြတ်တော် မူထသော။ မင်္ဂလာဓိကံ၊လောက၌မင်္ဂလာဟု သမုတ်အပ်သောသဝိညာ ဏက-အဝိညာဏကတို့ထက်ဆထက်လွန်ကျူးထူးမြတ်သော မင်္ဂလာ ဖြစ်တော်မူထသော။ မုနိကုဥ္ဇရံ၊ သေက္ခမုနိ-အသေက္ခမုနိစသော မုနိ တကာတို့ထက် ကျော်တက်လှိုက်ဆူ ယနံ့ကြူသော ရဟန်းမြတ်လည်း ဖြစ်တော်မူထသော။သမ္ဗုဒ္ဓံ၊ခပ်သိမ်းဥေယျ မြတ်ဓမ္မကို သေသမရှိ မိမိ အလိုလို ကိုယ်တော်တိုင်သာလျှင် ထင်ထင် ပိုင်ပိုင် သိမြင်နိုင်တော် မူသော မြတ်စွာဘုရားကို။ဝန္ဒာမိ၊ကာယဝစီ တလီမန ညွတ်ပြောင်းခ,၍ တုပ်ကွရိကျိုး ရှိခိုးပါ၏။ ။ဝန္ဒိတွာ၊၍။ တေန၊ ထိုမြတ်သောဘုရား သည်။ ဒေသိတံ၊သာယာနာပျော် သံတော်ရှစ်ဆင့် ကျူးရင့်မြွက်ဘော် ဟောတော်မူအပ်ထသော။ ဝါ၊ ဒေသိတံ-ဒုဇေသိတံ၊ သင့်ချေလေးထပ် တသိန်းကပ်ပင် ငြိုငြင်သဖြင့် ရှာမှီးတော်မူအပ်ထသော။ အမလံ၊ ရာဂ စသောမြူလည်းကင်းစင်တော်မူထသော။ ဝန္ဒုဒုက္ခုဒ္ဓရံ၊ အပါယ်စသော ဝဋ်ဆင်းရဲမှထုတ်ဆောင်တော် မူတတ်ထသော။ ဝရံ၊မြတ်စွာထသော။ ဝါ၊ ခပ်သိမ်းပြောထူ နတ်လူတို့သည် တောင့်တအပ်ထသော။ မောဟံ၊ အဝိဇ္ဇာမိုက် မောဟတိုက်ကို။ ဝိဓံသေတွာ၊ မှုတ်လွှင့်ဖျက်ဆီး၍။ အာ လောကံ၊ ပညာတည်း ဟူသော အရောင် အလင်းကို။ ကရံ၊ ပြုတော်မူ တတ်ထသော။ ပဟံ၊ ကိလေညစ်ကျူမကောင်းမှုကိုပယ်ခြင်းကို။ ကရံ၊ ပြုတော်မူတတ်ထသော။ ဓမ္မဥ္ဇ၊ မင်္ဂဖိုလ်နိဗ္ဗာန် တတန်ပရိယတ် တရား မြတ်ကိုလည်း။ နမေ-နမာမိ၊ ရိုသေညွတ်ခ ဂါရဝဖြင့် ဟဒယ ရွှင်ဖြိုး ရှိခိုးပါ၏။ ။နတွာ၊၍။ တေန၊ထိုတရားတော်ကြောင့်။ နိရင်္ဂဏံ၊ကိလေ သာမြူမှေး ညစ်ကြေးမတင် သန့်စင်တော်မူထသော။ သုတံ၊ကျော်စော သောပုထုဇ္ဇန်ပုဂ္ဂိုလ်တို့ထက် အထူးသဖြင့် ကျော်စောတော်မူထသော။ ခေတ္တံ၊ ကောင်းမှု တည်းဟူသော မျိုးစေ့၏ပိုက်ပျိုးရာ လယ်တာမြေ ကောင်းသဘွယ်လည်း ဖြစ်တော် မူထသော။ သုသံဝရံ၊ ကောင်းစွာ စောင့်စည်းတော် မူအပ်သော ပါတိမောက္ခသံဝရသီလလည်း ရှိတော် မူထသော။ သံဃဥ္ဇ၊ ရှစ်ယောက်အရိယာ သံဃာတော်မြတ်ကိုလည်း။ နမေ-နမာမိ၊ ရိုသေညွတ်ခ ဂါရဝဖြင့် ဟဒယ ရွှင်ဖြိုး ရှိခိုးပါ၏။ ။

နတွာ၊၍။ သိရိဇေယျသူကျော်စွာဝှယာမစွေန၊ **သိရိဇေယျသူ ကျော်စွာ** အမည်ရှိသော အမတ်ကြီးသည်။ သက္ကစ္စံ၊ ရှိသေစွာ။ အဘိယာစိတော၊ ရှေးရှု တောင်းပန်အပ်သည် ဖြစ်၍။ ဝါ၊ ရှေးရှုတောင်းပန်အပ်သော ကြောင့်။ နာနာဂန္ဓေဟိ၊ အထူးထူးသော ပါဋိအဌကထာဒီကာကျမ်း တို့မှ။ ဥဒ္ဓရိယ၊ သင့်ရာ ဆိုင်ရာ ထုတ်ယူ၍။ ဟိန္ဒဂူနံ၊ ရဟန်းရှင်လူ ခပ်သိမ်းသူတို့၏။ ဝါ၊တို့အား။ သုခါဝဟံ၊ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်တတ်သော။ မင်္ဂလတ္ထ ဒီပ နျာဝှံ၊ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတို့၏ အနက် အဓိပ္ပါယ်ကို အကျယ်အားဖြင့် ပြရာပြကြောင်းဖြစ် သောကြောင့် **မင်္ဂလတ္ထဒီပနီ** အမည်ရှိသော ကျမ်းကို။ ယထာဗလံ၊ အစွမ်းရှိသည်အလျောက်။ ဘာသိဿာမိ၊ ဆိုပေအံ့။

၂–မြတ်စွာဘုရားအား မင်္ဂလာတရားကို ဟောတော်မူရန် အညာတရ နတ်သား လျှောက်တောင်းပန်ခြင်းအကြောင်း

အောင်သူကကာတို့၏ သိရိနွှာဘိဇေ၊ အတုလဓိပဘိ၊ သိရိမကုဋ္ဌ၊ ဒိုပဒုတ္တမ၊ အဘိဥက္ကဋ္ဌဟု သကျမုနိန်၊ အနုတ္တရမာရဇိန်၊ နရာဘိနရိန်၊ ဒေဝါဘိဒေဝိန်၊ ဖြဟ္မာတိဖြဟ္မိန်၊ အသမ္ဘိန်နွယ်ရိုး၊ မင်းမျိုးအစစ်၊ မေ္မရာဇ်မှန်ကူ၊ သယမ္ဘူမြတ်စွာ၊ စောသတ္ထာသည်၊ ပေနေယျများစွာ သတ္တဝါ တို့အား၊ တရားရေအေး၊ တိုက်ကျွေးတော်မူရာ၊ ၃၈-ဖြာ။ မင်္ဂလာတရား၊ဟောကြားတော်မူလတ်မည်ဟု၊ ၁၂-နှစ်ကာလ ပတ်လုံး၊ လူနတ်ဖြဟ္မာ၊ သတ္တဝါ အများတို့၊ ကျော်ကြားသော ကောလာ ဟလအသံ၊ ဆူညံလှိုက်လွှဲ၊ နက်နဲလှစွာ၊ ၃၈–ဖြာ–မင်္ဂလာကို၊ လိုရာ ကြီဆ ကြပါသော်လည်း၊ မှန်ရာမကျ၊ ကြီမရသဖြင့်၊ ကာလ တွက်စစ်၊ ၁၂-နှစ် လွန်လေလျှင်၊ အမျိုးအမည်အားဖြင့် မထင်ရှားသော နတ်သား သည် မြတ်စွာဘုရားရှိတော်မူရာ၊ သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်း သို့၊ သန်းခေါင်ယံကာလ၊ မဇ္ဈိမဝယ်၊ ကိုယ်ရောင်ကိုယ်ဝါ၊ ထွန်းပစွာ ဖြင့်၊ ခြောက်ဖြာဒေါသ၊ ကင်းစင်ပ၍၊ သင့်တင့်လှသောနေရာမှ၊ တင့် ကယ်စွာဆည်းကပ်ပြီးလျှင် ရွှေဘုန်းတော်သခင် အရှင်ဘုရား-- လူနတ် ဖြဟ္မာ၊ သတ္တဝါတို့အား၊ မင်္ဂလာတရားကို၊ ဟောကြား တော်မူပါဟု၊ **ဗဟူဒေဝါ** စသောဂါထာဖြင့်လျှောက်ထားတောင်းပန်လေလျှင်၊ ထိုနတ်

သားအား၊ ၃၈-ဖြာ၊ မင်္ဂလာတရားကို၊ ဟောကြားတော် မူခြင်းဌါ၊ အသေဝနာစဗာလာနံ စသော ၁၀-ဂါထာတို့ဖြင့်၊ ၃၈-ဖြာ၊ မင်္ဂလာတရားကို၊ ဟောကြားတော်မူသကည်း။ ။ထိုဂါထာအပေါင်း တို့တွင် **အသေဝနာစဗာလာနံ** ဟူသော ပထမဂါထာ၌ အသေဝနာစ ဗာလာနံ ဟူသောပုဒ်၏အရ သူမိုက်ကို ပေါင်းဘော်ခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်သော ဝတ္ထုအမြွက်တို့ကား....

၁-အသေဝနာစ ဗာလာနမင်္ဂလာ

၃-သူမိုက်တို့ကိုပေါင်းဘော်ခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်သောကျေးသားဝတ္ထု

ဝိသတိနိပါတ် သတ္တိဂုမ္ဗဇာတ်

လွန်လေပြီးသောအခါ သာနုတောင်လက်ပံတော၌ ကျေးသားငယ်ည်နောင်တို့သည် ဖြစ်ကုန်သတတ်။ တောင်၏ လေညာ၌ ငါးရာသော ခိုးသားရွာသည်ရှိ၏။ လေအောက်၌ ငါးရာသော ရသေ့တို့၏ နေရာကျောင်းသည်ရှိ၏။ကျေးသားငယ်တို့၏ ပျံသောကာလ၌ လေဝန်းထ၏။ ထိုလေဝန်းသည် ခတ်ကုန်၏။ ထိုကျေးသားငယ်တို့သည် အသီးအခြားကျကုန်၏။ ထိုကျေးသားငယ်တို့တွင် တခုသော ကျေးသားငယ်သည် ခိုးသားရွာ လက်နက်ကြား၌ ကျ၏။ ထိုကြောင့် ခိုးသား တို့သည် သတ္တိဂုမ္ဗဟူ၍ အမည်မှည့်အပ်သော ကျေးသားငယ်သည် ခိုးသားတို့၏ အထံ၌ကြီး၏။ တခုသော ကျေးသားငယ်သည် ရသေ့တို့၏ ကျောင်းတလင်းပြင် ပန်းပင်အကြား၌ကျ၏။ ထိုကြောင့် ရသေ့တို့သည် ပုပ္ပကဟူ၍ အမည်မှည့်အပ်သော ကျေးသားသည် ရသေ့တို့၏ အထံ၌ကြီး၏။ ထိုအခါ ဥတ္တရပဥ္စာလမြို့၌ ပဥ္စာလမည်သော မင်းသည် ခပ်သိမ်းသော တန်းဆာဖြင့်ဆင်ယင်လျက်ရထားစီး၍ သမင်သတ်အံ့သောဌါ တောသို့သွား၍ အကြင်သူ၏ အနီးအပါး၌ သားပြေးအံ့။ ထိုသူအား သာလျှင် အစားလျော်ပြစ် ရောက်စေဆို၍ ရထားမှ ဆင်းသက်၍ ပုန်းကွယ်ရာ အရပ်၌ လေးကိုင်၍ ရပ်၏။ ထိုအခါ တခုသော ဇော်သားသည် လူတို့သည်တောချုံအုပ်တို့ကို ပုတ်ခတ်ကုန်သည် ရှိသော် ထ၍ ပြေးရာလမ်း

ကို ကြည့်လျှင် ကျယ်ဝန်းသည်ကိုမြင်၍ ထိုအရပ်သို့ ရှေးရှုဝင်၍ပြေး၏။ လူတို့သည် မင်းနှင့် ပြက်ရယ်ပြုကြကုန်၏။ မင်းသည် ယခု ထိုသားကို လိုက်အံ့ဟု ရထားစီး၍ မြန်သော အဟုန်ဖြင့် သားကို လိုက်၏။ မင်း၏ ပရိသတ်သည် မင်းကို အမှီလိုက်အံ့ သောဌါ မတက်နိုင်လေ။ ရထားထိန်းလျှင် အဘော်ရှိသောမင်းသည် သားကိုမမြင်၍ ပြန်သည် ရှိသော်ခိုးသားရွာအနီး ချောက်ဌရေချိုး၍ ရေသောက်၍ သစ်ပင်အရိပ်၌ အိပ်၏။ ထိုအခါအလုံးစုံကုန်သော ခိုးသူတို့သည် တောသို့လျှင်စွာဝင်ကုန်၏။ ရွာတွင်း၌ တယောက်သောထမင်းချက်နှင့်သတ္တိဂုမ္ဘကျေးသားသာလျှင် ကျန်ရစ်၏။ သတ္တိဂုမ္ဘကျေးသားသည် ရွာမှသက်၍ ထိုသစ်ပင်ရိပ်၌ အိပ်သောမင်းကိုမြင်၍ ရွာသို့ဝင်၍ မင်းကိုသတ်၍ မင်း၏ တန်းဆာတို့ကို ယူ၍ မင်းကိုခြေ၌ ကိုင်ဝင်၍ တင့်အပ်ရာအရပ်၌ သစ်ခက်ဖြင့် ဖုံးလွှမ်းကြ ကုန်အံ့ ဟု လူတို့၏ ဘာသာဖြင့် ထမင်းချက်နှင့် ပြောဆို၏။ မင်းသည်နိုး၍ ထိုစကားကိုကြားလျှင် ဤအရပ်ကား ဘေးရှိသော အရပ်တည်းဟု ထိတ်လန့်ရကား ရထားစီး၍ ထိုအရပ်မှ ပြေး၍ ရသေ့တို့၏ ကျောင်းသို့ ရောက်၏။ ထိုအခါ ရသေ့တို့သည် သစ်သီး ကြီးဝယ် အလို့ငှါသွားကြကုန်၏။ ပုပ္ပကကျေးသားသည်သာလျှင်ကျောင်း၌နေ၏။ ပုပ္ပကကျေးသားသည်မင်းကိုမြင်၍ မြတ်သောမင်းကြီး သင်မင်းကြီး၏ လာခြင်းကား ကောင်းသောလာခြင်းတည်း။ သင်မင်းကြီး၏ လာခြင်းကား အပြစ်မရှိသောလာခြင်းတည်း။ ဤသို့အစရှိသည်ဖြင့် ပဋိသန္ဓာရပြု၏။ မင်းသည် ပဋိသန္ဓာရ၌ကြည်ညို၍ ဤဌက်ကားကောင်းစွတကား။ အလွန်တရာယဉ်ကျေးပေစွတကား။ ဤမှတပါးသော ကျေးသားဌက်သည်တမူကား ခုန့်ရင်းကုန်သော စကားတို့ကို ဆိုတတ်၏တကားဟု ပုပ္ပကကိုချီးမွမ်း၍ သတ္တိဂုမ္ဘကိုကဲ့ရဲ့၏။ ထိုစကားကို ကြား၍ပုပ္ပကသည် မြတ်သောမင်းကြီး၊ ငါသည် ထိုကျေးသားနှင့် တမိသားခြင်းပင်တည်း။ ထိုကျေးသားသည်ကား မသူတော်တို့၏ အထံ၌ကြီး၏။ မသူတော်တို့သည် ခိုးသားတို့၏အကျင့်ဖြင့် သွန်သင်ဆုံးမအပ်သောဌက်ဖြစ်၏။ ငါသည်ကား သူတော်ကောင်းတို့၏ အထံ၌ကြီး၏။ သူတော်ကောင်းတို့သည် ရသေ့တို့၏အကျင့်ဖြင့် သွန်သင်ဆုံးမအပ်သောဌက်ဖြစ်၏။ ထိုကြောင့်နှစ်ယောက်ကုန်သော ငါတို့သည် အကျင့်အားဖြင့်ထူးကြကုန်၏ ဟု ဆို၍ မင်းအား တရားဟောလိုရကား–

ယံယံ ဟိ ရာဇ ဘဇတိ၊ သတံဝါ ယဒိဝါ အသတံ။
သိလဝန္တံ ဝိသိလံဝါ၊ ဝသံ တသေဝ ဂစ္ဆတိ။ ။
ယာဒိသံ ကုရုတေ မိတ္တံ၊ ယာဒိသဉ္စုပသေဝတိ။
သောပိ တာဒိသကော ဟောတိ၊သဟ ဝါသောပိ တာဒိသော။ ။
သေဝမာနော သေဝမာနံ၊ သမ္ဖုဋ္ဌော သမ္ဖုဋ္ဌံ ပရံ။
သရောဒိဋ္ဌော ကလာပံဝ၊ အလိတ္တ မုပ လိမ္ပတိ။
ဥပလေပဘယာ ဓီရော၊ နေဝ ပါပသခါ သိယာ။ ။
ပူတိမစ္ဆံ ကုသဂ္ဂေန၊ ယော နရော ဥပနယ္ဟတိ။
ကုသာပိ ပူတိ ဝါယန္တိ၊ ဧဝံ ဗာလူပသေဝနာ။ ။
တဂရဉ္စ ပလာသေန၊ ယောနရော ဥပနယ္ဟတိ။
ပတ္တာပိ သုရဘိ ဝါယန္တိ၊ ဧဝံ ဓီရူပသေဝနာ။ ။
တသ္မာ ပတ္တပုဋသေဝ၊ ဥတ္တာ သမ္ပာက မတ္တနော။
အသန္တော နုပသေဝေယျ၊ သန္တော သေဝေယျ ပဏ္ဍိတော။
အသန္တော နိရယံ နေန္တိ၊ သန္တော ပါပေန္တိ သုဂ္ဂတိံ။ ။

၅၊ ဂါထာတို့ကိုဆိုဏ်-

ရာဇ၊ မင်းမြတ်။ ယောနရော၊ အကြင်သူသည်။ သတံဝါ၊ ကောင်းသည်လည်းဖြစ်သော။ ယဒိ၊ထိုမြို့။အသတံဝါ၊မကောင်းသည်လည်းဖြစ်သော။သိလဝန္တံဝါ၊ သိလရှိသည်လည်းဖြစ်သော။ ဝိသိလံဝါ၊ သိလမရှိသည်လည်းဖြစ်သော။ ယံယံ၊ အကြင်ကြင်အဆွေခင်ပွန်းကို၊ ဘဇတိ၊ ဆည်းကပ်၏။ သောနရော၊ ထိုသူသည်။တသေဝ၊ ထိုအဆွေခင်ပွန်း၏သာလျှင်။ ဝသံ၊ နိုင်ငံသို့။ ဂစ္ဆတိ၊ လိုက်၏။ ။ယောနရော၊ အကြင်သူသည်။ ယာဒိသံ၊ အကြင်သို့သဘောရှိသောသူကို။ မိတ္တံ၊အဆွေခင်ပွန်းကို။ကုရုတေ၊ ပြု၏။ ယာဒိသဉ္စ၊ အကျင်သို့သဘောရှိသောသူကိုလည်း။ ဥပသေဝတိ၊ မှီဝဲ၏။ သောပိ၊ထိုမှီဝဲတတ်သောသူသည်လည်း။တာဒိသကော၊မှီဝဲအပ်သော သူနှင့်တူသည်။ ဟောတိ၊ ဖြစ်၏။ သဟဝါသောပိ၊ တကွနေတတ်သောသူသည်လည်း။ တာဒိသော၊ ထိုတကွနေအပ်သော သူနှင့်တူသည်။ ဟောတိ ဖြစ်၏။ ။ဒိဋ္ဌောသရော၊ ဆိပ်လူးမြှားသည်။ ကလာပံ၊ တောင့်ကို။ဥပလိမ္ပတိဏ္ဍဝ၊အဆိပ်ဖြင့်လိမ်းကျံသကဲ့သို့။သေဝမာနော၊ မှီဝဲအပ်သောဆရာသည်။ အလိတ္တံ၊ မကောင်းမှုဖြင့်မလိမ်းကျံ

သော။သေဝမာနံ၊ မှီဝဲတတ်သောတပည့်ကို။ သမ္ဖုဋ္ဌော၊ပေါင်းဖော်အပ်သောဆရာသည်။အလိတ္တံ၊ မကောင်းမှုဖြင့်မလိမ်းကျံသော။ ပရံ၊တပါးသော။သမ္ဖုဋ္ဌံ၊ ပေါင်းဘော်တတ်သောတပည့်ကို၊ဥပလိမ္ပတိ၊မကောင်းမှုဖြင့် လိမ်းကျံတတ်၏။ ဥပလေပဘယာ၊ မကောင်းမှုဖြင့် လိမ်းကျံအံ့သည်မှကြောက်သဖြင့်။ မီရော၊ပညာရှိသည်။ ပါပသခါ၊ ယုတ်မာသော အဆွေးခင်ပွန်းရှိသည်။ နောသိယာ၊ မဖြစ်ရာသလျှင်ကတည်း။ ၄။ယောနရော၊ အကြင် သူသည်။ပူတိမစ္ဆံ၊ ပုပ်သောငါးကို။ ကုသဂ္ဂေန၊သမန်းမြက်စုဖြင့်၊ဥပနယ္ဟတိ၊ဘွဲ၏။ကုသာပိ၊သမန်းမြက်တို့သည်လည်း။ပူတိံ၊ ပုပ်ခြင်းသို့။ဝါယန္တိ၊ရောက်ကုန်၏။ ဇဝံ၊ ဤအတူ။ ဗာလူပသေဝနာ၊ သူမိုက်ကို မှီဝဲကုန်သောသူတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။ယောနရော၊ အကြင်သူသည်။ဘဂရဥ္စ၊တောင်ဇလပ်ကိုလည်း။ ပလာသေန ဖက်ဖြင့်။ ဥပနယ္ဟတိ၊ထုပ်၏။ ပတ္တာပိ၊ ဖက်တို့သည်လည်း။ သုရဘိံ၊ မွှေးခြင်းသို့။ ဝါယန္တိ၊ရောက်ကုန်၏။ ဇဝံ၊ဤအတူ။ မီရူပသေဝနာ၊ပညာရှိကိုမှီဝဲကုန်သောသူတို့သည်။ ဟိယသ္မာ၊အကြင်ကြောင့်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။ တသ္မာ၊ထိုကြောင့်။ ပတ္တပုဋသ၊တောင်ဇလပ်ကို ထုပ်သောဖက်၏။ ပါကံဇုဝ၊အကျိုးကိုကဲ့သို့။အတ္တနော၊မိမိ၏။သမ္ပာကံ၊ကောင်းသောအကျိုးကို။ ဥတ္ပာ၊သိ၍။ပဏ္ဍိတော ပညာရှိသည်။အသန္တော၊ မသူတော်တို့ကို။ နုပသေဝေယျ မမှီဝဲရာ။ သန္တော၊ သူတော်ကောင်းတို့ကို။ သေဝေယျ၊ မှီဝဲရာ၏။ အသန္တော၊မသူတော်ကို့သည်။ နိရယံ၊ငရဲသို့။ နေန္တိ၊ဆောင်တတ်ကုန်၏။ သန္တော၊ သူတော်ကောင်းတို့သည်၊ သုဂ္ဂတိံ၊ သုဂတိသို့။ ပါပေန္တိ၊ရောက်စေတတ်ကုန်၏။

ဤသို့ ပုဖွကကျေးသားတရားဟောသည်ရှိသော် ပဥ္စာလမင်းသည် ကျေးသား၏ တရား၌ ကြည်ညို၍ လာကုန်သော ရသေ့တို့ကို ရှိခိုး၍ အရှင်ဘုရားတို့အရှင်ဘုရားတို့သည်ကျွန်ုပ်ကို သနားပါကုန်၍ကျွန်ုပ်မြို့၌ နေတော်မူပါကုန်ဟုဆို၍ မြို့သို့ ပင့်ဆောင်၍ ကျေးသားတို့အား ဘေးမဲ့ပေး၍ထိုမြို့သို့ရောက်သောရသေ့အပေါင်းကိုဥယျာဉ်၌နေစေ၍အသက်ထက်ဆုံး လုပ်ကျွေး၍ နတ်ပြည်၌ ဖြစ်စေ၏။ပုဖွကကျေးသားသည်ကားတော၌ နေလျက် ကံအားလျော်စွာ လား၏။

၄–ဗြဟ္မဒတ်မင်း၏ မင်္ဂလာဆင်တော် ဝတ္ထု၊

ဧကနိပါတ် မဟိလာမုခဇာတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း၏ မဟိလာမုခမည်သော မင်္ဂလာဆင်သည်ဖြစ်၏။ ထိုဆင်သည် သီလရှိ၏။ အာဇာနည်ဗျိုင်းပြည့်စုံ၏။ တစုံတယောက်သော သူကိုမည်းဆဲ။ ထိုအခါတနေ့သ၌ ညဉ့်အကြိုး၌ ခိုးသူတို့သည် လာလတ်ကုန်၍ မင်္ဂလာဆင်တင်းကုပ်အနီးဦးနေ၍ တိုင်ပင်ကုန်၏။ ဤသို့ဥမင်တူးအပ်၏။ ဤသို့အစပ်ဖြတ်ခြင်းအစာကိုသည်ကို ပြုအပ်၏။ဥမင်တူးခြင်း အစပ်ဖြတ်ခြင်းကိုပြု၍ ဥစ္စာကိုခိုးခြင်းငှါသင့်၏။ ဥစ္စာကို ခိုးသောသူသည်လည်း သတ်၍သာလျှင်ခိုး၏။အစိအရင်အတိုင်းပြုသည်ရှိသော်ထခြင်းငှါ စွမ်းနိုင်သောသူမည်သည်ကားမဖြစ်လတ္တံ့။ခိုးသူမည်သည်ကား သီလအာစာရရှိသည်မဖြစ်ရာ ကြောင်းတာန်းရုံ့ရင်းသည်သာလျှင် ဖြစ်ရာ၏။ ဤသို့ထိုခိုးသားတို့တိုင်ပင်၍ တယောက်သည်ကယောက်အား သင်၍ သွားကုန်၏။ ထိုခိုးသူတို့သည် ဤသို့သော နည်းဖြင့်သာလျှင် နေ့ရက်များစွာ ထိုအရပ်သို့ လာ၍တိုင်ပင်ကုန်၏။ မင်္ဂလာဆင်သည် ထိုခိုးသူတို့၏ စကားကိုကြား၍ ဤသူတို့သည် ငါ့ကိုသင်ကုန်၏ဟု မှတ်သဖြင့် ယခုအခါငါသည်ကြမ်းကြုတ်ရုံ့ရင်းသည်။ နိုင်ထက်ကလူ မှုကတ်သည် ဖြစ်ရာ၏ဟု ကြံ၍ ထိုသို့သဘောရှိသည်ဖြစ်၏။ ထိုမင်္ဂလာဆင်သည် နံနက်အခါလာတိုင်းလာတိုင်း လူကိုဘမ်း၍မြေ၌ပုတ်ခတ်၍သတ်၏။လူတို့သည် မင်းအားကြားကုန်၏။ မင်းသည် တယောက်သော အမတ်ကို ပညာရှိ–သင်သွားချေ။ အဘယ်အကြောင်းကြောင့်ထိုဆင်ပျက်စီးသည်ကိုစုံစမ်းချေဟုစေ၏။ထိုအမတ်သွား၍ဆင်၏ကိုယ်၌ ရောဂါကိုမမြင်၍ အဘယ်သူသည် ဤဆင်ကိုပျက်ဆီးသနည်းဟုဆင်ခြင်လတ်သော် မချုတ်လျှင်အနီးဦးအရှိသောသူတို့၏ စကားကို ကြား၍ ပျက်စီးသတည်းဟု သန္နိဋ္ဌာန် ပြု၍ ဆင်တင်းကုပ်၏ အနီးဦးညဉ့်အကြိုး၌အရှိသောသူသည်တစုံတရာသောစကားကိုဆိုဘူးသလောဟုဆင်ထိန်းတို့ကိုမေး၏။ အရှင်–ခိုးသူတို့သည်လာကုန်၍တိုင်ပင်ကုန်၏ဟုဆင်ထိန်းတို့သည် ကြားကုန်၏။ ထိုအမတ်သည် မင်းထံသွား၍ အရှင်မင်းကြီး- ဆင်၏ကိုယ်၌ တပါးသော ဘေးပြန်ခြင်းသည် မရှိ။ ခိုးသူတို့၏အသံကိုကြား၍ ဆင်တော်ပျက်စီး၏။ ယခုအခါ၌သိလရှိကုန်

သောရဟန်းပုဏ္ဏားတို့ကို ဆင်ကင်းကုပ်၌နေစေ၍သိလအာစာရစကား ကိုပြောဆိုစေသင့်၏ဟု မင်းအား ကြားလျောက်၏။ မင်းသည် အမတ် ကြားလျောက်တိုင်းပြုစေ၏။ ထိုရဟန်းပုဏ္ဏား တို့သည် တရုတ်ယောက် သောသူကို မာဃမိုးအပ် မသတ်အပ် သိလအာစာရနှင့်ပြည့်စုံသင့်၏။ သည်းခံခြင်း မေတ္တာကရုဏာနှင့် ယှဉ်သင့်၏ ဟူ၍ သိလစကားကို ပြောဆိုကုန်၏။ ဆင်သည် ထိုစကားကိုကြား၍ ငါ့ကို ထိုယူတို့သည် သင်ကုန်၏ ဟူသော အမှတ်ဖြင့် ယခု ဤအခါမှ စ၍ သိလ၌သည် ဖြစ်ချေ၏ဟု ကြံ၍ သိလနှင့် ပြည့်စုံသည် ဖြစ်၏။

၅—ဂိရိဒတ္တ မြင်းကိုင်သမား ဇာတ်

ဒုက်နိပါတ်-ဂိရိဒတ္တဇာတ်

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ သာမ-မည်သော မင်းသည်ဖြစ်၏။ ဘုရားလောင်းသည် တရားသဖြင့် ဆုံးမတတ်သော မင်း၏ အမတ်ဖြစ်၏။ မင်းအားပတ္တဝမည်သောမင်္ဂလာမြင်းသည်ရှိ၏။ ထိုမြင်း၏ ဂိရိဒတ္တ မည်သောမြင်းကိုင်သည် ခြေစွင့်၏။ မြင်းသည်အုပ်ခက်ကြိုးကို ကိုက်၍ ရှေ့ကသွားသော ဂိရိဒတ္တကိုမြင်၍ ဤသူသည် ငါ့ကိုသင်၏ ဟူသောအမှတ်ဖြင့် ဂိရိဒတ္တ၏ အတုကျင့်၍ခြေစွင့်၏။ မင်းသည် မြင်း၏ခြေစွင့်သောအဖြစ်ကို ကြား၍ ဆေးသမားတို့ကိုစေ၏။ ဆေးသမားတို့သည် သွား၍ မြင်း၏ကိုယ်၌ရောဂါကိုမမြင်ကုန်ရကား မင်းအား မြင်း၏ရောဂါကို မမြင်ပါကုန်ဟု ကြားလျောက်ကုန်၏။ မင်းသည် ဘုရားလောင်းကို သွားချေ၊ မြင်းခြေစွင့်သော အရာ၌ အကြောင်းကို ဆုံစမ်းချေဟု စေ၏။ ဘုရားလောင်းသည်သွား၍ ခြေစွင့်သော မြင်းကိုင်နှင့် ပေါင်းဘော်ခြင်း ကြောင့် မြင်း၏ ခြေစွင့်သော အဖြစ်ကိုသိ၍ ပေါင်းဘော် ခြင်းကြောင့် ဖြစ်သော အပြစ်မည်သည်ကား- ဤသို့ ဖြစ်၏ဟုဆို၍ ကောင်းသော မြင်းခံကို ကိုင်စေ၍ ရှေးကဲ့သို့ ကောင်းသည့် ဖြစ်ပါလတ္တံ့ဟု ဆို၏။ မင်းသည် ဘုရားလောင်းဆိုတိုင်း ပြုစေ၏။ မြင်းသည် ပကတိကောင်းမြဲသော အဖြစ်၌ တည်၏။

၆—ဒဓိဝါဟနမင်း ဝတ္ထု

ဒုကနိပါတ်-ဒဓိဝါဟနဇာတ်

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဒဓိဝါဟန မည်သော မင်းသည်ဖြစ်၏။ဘုရားလောင်းသည်တရားဖြင့် ဆုံးမတတ်သောထိုမင်း၏အမတ်ဖြစ်၏။ထိုအခါတနေ့သ၌မင်းသည်မြစ်ကြီး၌ အထက်အောက်၌ ကွန်ကိုထားစေ၍ ရေကစား၏။ ကဏ္ဍာမုဏ္ဍာဒိုင်မှ နတ်တို့၏ အသုံးအဆောင်ဖြစ်သော တလုံးသော သရက်သီးမှည့်သည် မျော၍ ကွန်၌ငြိ၍ ကွန်ကိုချိကုန်သော သူတို့သည် ထိုသရက်သီးကို မြင်၍ မင်းအားဆက်ကုန်၏။မင်းသည် ဤအသီးကား အဘယ်အသီးနည်းဟု မုဆိုးတို့ကိုမေး၍ သရက်သီးဟုကြားရ၍ သုံးဆောင်၍ အစေ့ကို မိမိဥယျာဉ်၌ စိုက်စေ၍ နွေရည်တို့ဖြင့် သွန်းလောင်းစေ၏။ သရက်ပင်ဖြစ်၍ သုံးနှစ်မြောက်၌ သီး၏။သရက်ပင်အားမြတ်သော ပူဇော်သက္ကာရသည်ဖြစ်၏။နွေရည်ဖြင့် သွန်းလောင်းရ ကုန်၏။ နံသာလက်ဝါးချောင်းရာကို ပေးရကုန်၏။ ပန်းဆိုင်းတို့ကိုခြံရံ၍ခွဲရကုန်၏။မွေးသောဆီဖြင့် ဆီမီးထွန်းရကုန်၏။ပုဆိုးတင်းတိမ်ဖြင့်သရက်ပင်အား ကာရံရ၍ အသီးတို့သည်ချိုကုန်၏။ဤအဆင်းနှင့်တူသောအဆင်းရှိကုန်၏။ဒဓိဝါဟနမင်းသည်တပါးကုန်သော မင်းတို့အား သရက်သီး လက်ဆောင် ဆက်သည်ရှိသော် အညွှန့်အညှောက်ဖြစ်ရာ အရပ်ကို ဖါးရိုးစူးဖြင့်ထိုး၍ ဆက်သစေ၏။ ထိုမင်းတို့အားသရက်သီးကိုစား၍စိုက်သောသရက်စေ့သည် အပင်မဖြစ်နိုင်လေ။ ထိုအခါ တယောက်သောမင်းသည် ထိုအကြောင်းကိုသိ၍ အသပြာ တထောင်ပေး၍တယောက်သောဥယျာဉ်စောင့်ကိုသွားခေါ်။ဒဓိဝါဟနမင်း၏ သရက်သီးတို့၏ အရသာကို ဖျက်ဆီး၍ ခါးအောင်ပြုခဲ့ဟုစေ၏။ ထိုဥယျာဉ်စောင့်သည် ကောင်းပြီဟု ဝန်ခံ၍ ဒဓိဝါဟနမင်းသို့ ကပ်၍ မိမိ၏ဥယျာဉ်စောင့်အဖြစ်ကို ကြားလျှောက်၍ မိမိအစောင့်ကို ချီးမွမ်းပြောဆို၍ဒဓိဝါဟနမင်းသည် မိမိဥယျာဉ်စောင့်အထံ၌ နေစေ၏။ ထိုအခါမှစ၍ နှစ်ယောက်ကုန်သော သူတို့သည်ဥယျာဉ်ကိုသုတ်သင်စောင့်ရှောက် ပြုစုကုန်၏။ရောက်သစ်စဖြစ်သော ဥယျာဉ်စောင့်သည် အခါမဲ့ပန်းတို့ကို ပွင့်စေ၍ အခါမဲ့အသီးတို့ကိုသီးစေ၍ ဥယျာဉ်ကို မွေ့လျော်ဘွယ်ရှိအောင် ပြု၏။ မင်းသည် ကြည်သို၍ ဥယျာဉ်စောင့်ပေါင်းကို

ထုတ်၍ဥယျာဉ်စောင့်သစ်အားလျှင်ဥယျာဉ်ကိုပေး၏။ထိုဥယျာဉ်စောင့်သစ်သည်ကား သရက်ပင်ကိုခြံရံ၍ တမာပင် ခွေးတောက်နွယ် တို့ကို ဝိုက်ဖျိုး၏။ အစဉ်သဖြင့်ကြီးပွါးကုန်သော တမာခွေးတောက်နွယ်တို့၏ အမြစ်အခက်တို့နှင့် သရက်ပင်၏ အမြစ်အခက်တို့သည် ရောယှက်ကုန်၏။ထိုသို့အခါးနှင့်ရောယှက်ခြင်းကြောင့် အစဉ်သဖြင့်ချိုသော အသီးရှိသော သရက်ပင်သည်ခါးသောအသီးရှိလေ၏။တမာခွေးတောက်နှင့်တူသော အရသာရှိ၏။ဥယျာဉ်စောင့်သည်သရက်သီး၏ခါးသောအဖြစ်ကို သိ၍ ပြေးလေ၏။ မင်းသည်ဥယျာဉ်သို့သွား၍ သရက်သီးကို စားလတ်သော် တမာဘတ်ကဲ့သို့သော သရက်ရည်ကို မမျှိနိုင်ရကား ဟက်သဖြင့်ထွေး၍ ပညာရှိ၊ဤသရက်ပင်အား ရှေးပူဇော်သက္ကာရမှ ယုတ်ခြင်းသည်မရှိ။ ဤသို့ဖြစ်လျက်လည်း ဤသရက်ပင်၏ အသီးသည် ခါး၏။ အကြောင်းအသို့နည်း ဟု ဘုရားလောင်းကိုမေး၏။ ဘုရားလောင်းသည် သရက်သီး ခါးခြင်း၏အကြောင်းကို ကြားလျှောက် လိုရကား-

ပုစိမန္ဒပရိဝါရော၊ အမ္ဘော တေ ဒဓိဝါဟန။
မူလံ မူလေန သံသဋ္ဌံ၊ သာခံ သာခါ နိသေဝရေ။
အသာတသနှိဝါသေန၊ တေ နမ္ဘော ကဋုကပ္ဖလော။ ။

ဟူသောဂါထာကိုဆို၏။

ဒဓိဝါဟန၊ နှိဓမ်းစစ်သည်ရှိသောမင်းမြတ်။ တေ၊သင်မင်းကြီး၏။ အမ္ဘော၊သရက်ပင်ကို။ပုစိမန္ဒပရိဝါရော၊တမာပင်သည်ခြံရံအပ်၏။မူလံ၊ သရက်မြစ်ကို။မူလေန၊တမာမြစ်သည်။သံသဋ္ဌံ၊ရောယှက်အပ်၏။သာခံ၊ သရက်ခက်ကို။ သာခါ၊ တမာခက်တို့သည်။ နိသေဝရေ၊ မှီဝဲကုန်၏။ တေန အသာတသနှိဝါသေန၊ ထိုမသာယာ အပ်သော တမာပင်နှင့် ပေါင်းဘော်ခြင်းကြောင့်။ အမ္ဘော၊ သရက်ပင်သည်။ ကဋုကပ္ဖလော၊ ခါးသော အသီးရှိ၏။

ထိုစကားကိုကြား၍ မင်းသည်ခပ်သိမ်းသောတမာပင် ခွေးတောက်နွယ်တို့ကို ဖြတ်စေ၍ အမြစ်တို့ကို နုတ်စေ၍ မချိုသော မြေမှုန့်တို့ကို ပယ်စေ၍ ချိုသောမြေမှုန့်ကို လောင်းထည့်စေ၍ နှိရည်သကာ နှံ့သာရည်ကို့ဖြင့်သရက်ပင်ကိုသွန်းလောင်းစေ၍ဥယျာဉ်စောင့်ဟောင်းအား သာလျှင် ဥယျာဉ်ကိုအပ်၏။ သရက်ပင်သည် အချိနှင့် ပေါင်းဘော်ရသောကြောင့် တဘန် ချိုသောအသီးရှိသည် ဖြစ်လေ၏။

ဤသို့သော အသက်မရှိသော ဝတ္ထုသည်လည်း မကောင်းသော အပေါင်းအဘော်နှင့် ပေါင်းဘော်ခြင်းကြောင့် မကောင်းသည်၊ ကောင်းသော အပေါင်းအဘော်နှင့် ပေါင်းဘော်ခြင်းကြောင့် ကောင်းသည် ဖြစ်တုံသေး၏။ အသက်ရှိသော သတ္တဝါတို့ကား အဘယ်ဆိုဘွယ်ရှိအံ့နည်း။ ထိုကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ဒဓိဝါဟန ဇာတ်၏ အဋ္ဌုပ္ပတ္တိ၌ ရဟန်းတို့.....မသူတော်နှင့် ပေါင်းဘော်ခြင်းသည်ကား ယုတ်မာ၏။ အကျိုးမဲ့ကို ပြုတတ်၏။ ထိုအပေါင်းအဘော်၌ လူဖြစ်ကုန်သော သူတို့၏. ယုတ်မာသောသူနှင့် ပေါင်းဘော်ခြင်း၏ အကျိုးမဲ့ကို ပြုတတ်သည်။ ရဟန်းအဖြစ်၌ကား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း။ ရှေးသရောအခါ မသာယာအပ်သော မချိသောအရသာရှိသော တမာပင်နှင့် ပေါင်းဘော်ခြင်းကိုစွဲ၍ ချိသောအရသာရှိသော စိတ်မရှိသော သရက်ပင်သည်လည်း တမာပင်နှင့်တူသော အရသာရှိဘူး၏။ မချိသော ခါးသော အရသာရှိဘူး၏ဟု ဟောတော်မူ၏။

၂-ပဏ္ဍိတာနဉ် သေဝနမင်္ဂလာ

၇-သူမိုက်ကိုပယ်ခွါ၍ ပညာရှိကိုသာ ပေါင်းဘော် အပ်သည်ကို ပြခြင်း

တနည်းကား-သူမိုက်တို့သည် သန်လျှက်လက်စွဲသော ရန်သူတို့နှင့် တူကုန်၏။ပညာရှိတို့သည် များလှစွာသော အဆွေအမျိုးတို့နှင့် တူကုန်၏။ထိုကြောင့် သဗ္ဗညုဘုရားရှင်သည်ဝေသာလီပြည်၏ တောင်မျက်နှာ အနီးဌိတည်သော ဗေလုဝရွာငယ်ကို ဆွမ်ခံရွာပြု၍ သိတင်းသုံးတော်မူစဉ် ဝမ်းသွေးသွန်တော်မူ၏။ ထိုအကြောင်းကိုသိ၍ သိကြားမင်းသည် လာလတ်၍မြတ်စွာဘုရားကိုလုပ်ကျွေးသည်ရှိသော်မြတ်စွာဘုရားကိုယ်တော်သုံးဆောင်သော ဝမ်သွေးအိုးကို သူတပါးလက်ဖြင့်လည်း ထိစိမ့်သောဌါမပေးမူ၍ ဦးခေါင်း၌သာလျှင်ထား၍ နံ့သာအိုးကိုကဲ့သို့ထုတ်၏။ သိကြားမင်းလည်း ဤသို့ လုပ်ကျွေး၍ ဘုရားသဗ္ဗုညု ချမ်းသာသော အခါ၌ နတ်ပြည်သို့ သွား၏။ရဟန်းတို့သည်မြတ်စွာဘုရား၌သိကြားမင်း၏ချစ်ခြင်းသည် အံ့ဘွယ်ရှိစွ။ သိကြားမင်းသည် နတ်စည်းစိမ်ကို စွန့်၍ မြတ်စွာဘုရားအား လုပ်ကျွေး၏ဟု ဆိုကြကုန်၏။ မြတ်စွာဘုရားသည်

ရဟန်းတို့.....သိကြားမင်းသည် အရိယာတို့အား ဘူးမြင်ရခြင်းသည် လည်းကောင်း အရိယာတို့နှင့်တကွ တစုသောအရပ်၌ နေရခြင်းအစ ရှိသော် အဖြစ်သည်လည်းကောင်း အရိယာဘို့၏ ဝတ်ကြီးဝတ်ငယ်ကို ပြုရခြင်းငှါ ရသောအဖြစ်သည်လည်းကောင်း ကောင်းဖို့ဟူသောနှလုံး သွင်းခြင်းဖြင့် လာလတ်၍ ငါ့ကိုလုပ်ကျွေးသတည်းဟု ပြတော်မူလို၍-

ဓမ္မပဒသုခဝဂ်—သက္ကဝတ္ထုဠီ—

ဗာလသင်္ဂတိစ်ာရီ ဟိ၊ ဒီဃမဒ္ဓါန ံ သောစတိ။
ဒုက္ခော ဗာလေဟိ သံဝါသော၊ အမိတ္တေနေဝ သဗ္ဗဒါ။
ဓီရော စ သုခသံဝါသော၊ ဉာတီနံဝ သမာဂမော။ ။
တသ္မာ ဟိ ဓီရဉ္စ ပညဉ္စ ဗဟုသုတဉ္စ။
ဓောရယ္ဟ သီလဗ္ဘတဝန္တ မာဒိယံ။
တံ တာဒိသံ သပ္ပုရိသံ သုမေဓံ။
ဘဇေထ နက္ခတ္တပထံဝ စန္ဒိမာ။ ။

ဟူသော ဂါထာတို့ကို ဟောတော်မူ၏။

ဟိသစ္စံ၊မှန်၏။ ဗာလသင်္ဂတိစာရီ၊ သူမိုက်နှင့်ကွပြုလေ့ကျင့်လေ့ ရှိသောသူသည်။ ဒီဃံ၊ရှည်စွာသော။ အဒ္ဓါနံ၊ကာလပတ်လုံး။သောစတိ၊ ငိုးရိမ်၏။ အမိတ္တေန၊ ရန်သူနှင့်။ သံဝါသော၊ ပေါင်းဘော်ခြင်းသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဒုက္ခောဏှာ၊ ဆင်းရဲသကဲ့သို့။ ဗာလေဟိ၊ သူမိုက်ဘို့နှင့်။ သံဝါသော၊ ပေါင်းဘော်ခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ဉာတီနံ၊ချစ်စွာကုန်သော အဆွေအမျိုးကို၏။ သမာဂမော၊ပေါင်းဘော်ခြင်းသံည်။ သုခေဓီရယ၊ ချမ်းသာသကဲ့သို့။ ဓီရော၊ ပညာရှိသည်လည်း။ သုခသံဝါသော၊ ချင်းသာကို ဖြစ်စေတတ်သော ပေါင်းဘော်ခြင်းရှိသည်။ ဟိယသ္မာ၊အကြင်ကြောင့်။ ဟောတိ၊၏။ ။တသ္မာ၊ထို့ကြောင့်။ စန္ဒိမာ၊ လမင်းသည်။ နက္ခတ္တပထံ၊ နက္ခတ် တို့၏ လမ်းဖြစ်သော ကောင်းကင်သို့။ ဘဇတိဏှဝ၊ ဆည်းကပ်သကဲ့သို့။ ဓီရဉ္စ၊ ဘည်ကြည်သည့်လည်း ဖြစ်ထသော။ ပညဉ္စ၊ လောကီလောကုတ္တရာ ပညာရှိသည်လည်း ဖြစ်ထသော။ ဗဟုသုတဉ္စ၊ ပရိယတ် ပဋိပတ် ပဋိဝေဓ ဟူသောများသော အကြားအမြင်ရှိသည်လည်း ဖြစ်ထသော။ဓောရယ္ဟ သီလဗ္ဘတာဒန်၊အရဟတ္တဖိုလ်သို့ရောက်ခြင်းဟူသောဒန်ကိုဆောင်ခြင်း သီလရကောင်းဟူသော အကျင့်ရှိသော။ အရိယံ၊ကိလေသာတို့မှဝေးသော။

တာဒိသံ၊ သည်းခံခြင်းရှိသော။ သုမေဓံ၊ ကောင်းသော ပညာရှိသော။ တံသပ္ပုရိသံ၊ထိုသူတော်ကောင်းကို။ဘဇေထ၊မှီဝဲဆည်းကပ်ကုန်လော့။

ဘုရားလောင်းသည်လည်း ဟိမဝန္တာ၌ ရသေ့ပြု၍နေစဉ် ငြီးငွေ၍ တောမှထွက်၍ လူတို့အရပ်သို့သွား၍ နေလိုသော် မိမိသားရသေ့ငယ်ကို အဆုံးအမပေးလိုရကား နဝနိပါတ်ဟလိဒ္ဒိရာဂဇာတ်၌-

ယဿ ကာယေန ဝါစာယ၊ မနသာ နတ္ထိ ဒုက္ကဋံ။
ဥရသိဝ ပတိဌာယ၊ တံ ဘဇေဟိ ဣတော ဂတော။ ။
ယောစ ဓမ္မေန စရတိ၊ စရန္တောပိ နမညတိ။
ဝိသုဒ္ဓိကာရိံ သပ္ပညံ၊ တံ ဘဇေဟိ ဣတော ဂတော။ ။
ဟလိဒ္ဒိရာဂံ ကပိစိတ္တံ၊ ပုရိသံ ရာဂဝိရာဂိနံ။
တာဒိသံ တာတ မာသေဝိ၊ နိမ္မနုဿံပိ စေသိယာ။ ။

အာသီဝိသံဝ ကုပ္ပိတံ၊မိဋ္ဌလိတ္တံ မဟာပထံ။
အာရကာ ပရိဝဇ္ဇေဟိ၊ ယာနိဝ ဝိသမံပထံ။ ။
အနက္ကာ တာတ ဝဗ္ဗန္တိ၊ ဗာလံ အဇ္ဈုပသေဝတော။
မာသု ဗာလေန သင်္ဂဋ္ဌိ အမိတ္တေနေဝ သဗ္ဗဒါ။ ။
တသ္မာ ဟံ တာတ ယာစာမိ၊ ကရဿု ဝစနံ မမ။
မာသု ဗာလေန သင်္ဂဋ္ဌိ၊ ဒုက္ခော ဗာလေဟိ သင်္ဂမော။ ။

ဟူသော ဂါထာတို့ကို ဆိုဇ၏။

တာတ၊ ချစ်သား။ ယဿ၊ အကြင်သူအား။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ဝါစာယ၊နှုတ်ဖြင့်လည်းကောင်း။ မနသာ၊စိတ်ဖြင့်လည်းကောင်း။ ဒုက္ကဋံ၊ မကောင်းမှုကိုပြုခြင်းသည်။နတ္ထိ၊မရှိ။ဥရသိ၊အမိရင်၌။ ဇာတော၊ဖြစ်သော။ ပုတ္တော၊ သားသည်။ မာတရံ၊ အမိကို။ ဘဇတိဣဝ၊ ဆည်းကပ်သကဲ့သို့။ဣတော၊ ဤဟိမဝန္တာအရပ်မှ။ ဂတော၊သွားသော။ တွံ၊သင်သည်။ တံ၊ထိုမကောင်းမှုမရှိသောသူကို။ ပတိဌာယ၊အမိအရာ၌ ထား၍။ ဘဇေဟိ၊ ဆည်းကပ်လေလော့။ ။ယောစ၊ အကြင်သူသည်လည်း။ ဓမ္မေန၊သုစရိုက်တရားဖြင့်။ စရတိ၊ ကျင့်၏။ စရန္တောပိ၊ တရားကျင့်ငြား သော်လည်း။ နမညတိ၊ ငါတရားကျင့်သော သူဟူ၍ မာနမထောင်လွှား။ ဝိသုဒ္ဓိကာရိံ၊စင်ကြယ်သော ကုသလကမ္မပထဆယ်ပါးကို ပြုတတ်သော။ သပ္ပညံ၊ ပညာရှိသော။ တံ၊ ထိုသူကို။ ဣတော၊ ဤဟိမ

ဝန္တာအရပ်မှ။ဂတော၊သွားသော။ တွံ၊သင်သည်။ဘဇေဟိ၊ဆည်းကပ်လေလော့။ ။တာတ၊ ချစ်သား။ ဇမ္ဗုဒီပတလံ၊ ဇမ္ဗူဒိပ် အပြင်သည်။ နိမ္မနုဿံပိ၊ လူမရှိသည်မူလည်း။ စေသိယာ၊ အကယ်၍ ဖြစ်စေကာမူ။ ဟလိဒ္ဒိရာဂံ၊မမြဲသော စိတ်ရှိသည်၏အဖြစ်ကြောင့် နနွင်းဆိုးရည်နှင့်တူသော။ ကပိစိတ္တံ၊ တုန်လှုပ်သော စိတ်ရှိသော။ရာဂဝိရာဂိနံ၊ ချစ်ဆည့်၍ ထိုခဏခြင်း အချစ် ကင်းသော သဘောရှိသော။ တာဒိသံပုရိသံ၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို။ တွံ၊သင်သည်။ မာသေဝိ၊ မမှီဝဲလေလင့်။ ။ ကုပ္ပိတံ၊အမျက်ထွက်သော။ အာသီဝိသံဝ၊ လျင်သောအဆိပ်ရှိသောမြွေကိုကဲ့သို့လည်းကောင်း။ မိဋ္ဌလိတ္တံ၊ မစင်လိမ်းကျံသော။ မဟာပထံဝ၊ ခရီးမကဲ့သို့လည်းကောင်း။ ယာနီ၊ ယာဉ်ဖြင့်သွားသောသူသည်။ ဝိသမံ၊ မညီညွတ်သော။ပထံ၊ခရီးကို။ဝဇ္ဇေတိဏ္ဍဝ၊ကြဉ်သကဲ့သို့လည်းကောင်း။ တာဒိသံပုရိသံ၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို။ တွံ၊သင်သည်။ အာရကာ၊ ဝေးစွာ။ပရိဝဇ္ဇေဟိ၊ ကြဉ်လေလော့။ ။တာတ၊ချစ်သား။ဗာလံ၊ သူမိုက်ကို။အဇ္ဈုပသေဝတော၊မှီဝဲသောသူအား။ အနတ္ထာ၊ အကျိုးမဲ့တို့သည်။ဝနန္တိ၊ ပွါးကုန်၏။ တွံ၊ သင်သည်။ ဗာလေန၊ သူမိုက်နှင့်။ မာသုသင်္ဂမြို့၊မပေါင်းဘော်လေလင့်။ ။တာတ၊ချစ်သား။အမိတ္တေန၊ရန်သူနှင့်။ သမာဂမော၊ပေါင်းဘော်ခြင်းသည်။သဗ္ဗဒါ၊အခါခပ်သိမ်း။ဒုက္ခောဏ္ဍဝ၊ ဆင်းရဲသကဲ့သို့။ ဗာလေဟိ၊ သူမိုက်တို့နှင့်။သင်္ဂမော၊ ပေါင်းဘော်ခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ။တသ္မာကာရဏာ၊ ထိုကြောင့်။ အဟံ၊ ငါသည်။ တွံ၊သင့်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ကရသု၊လိုက်နာလော့။တွံ၊သင်သည်။ ဗာလေန၊သူမိုက်နှင့်၊ မာသုသင်္ဂမြို့၊မပေါင်းဘော် လေလင့်။

တနည်းကား ခပ်သိမ်းကုန်သော ဥပဒ္ဒဝေါင်္ဂြတွယ်ခြင်းတို့သည် သူမိုက်ကိုသာလျှင်မှီ၍ဖြစ်ကုန်၏။ထိုစကားမှန်၏။ သူမိုက်သည်မင်းအဖြစ်ကိုလည်းကောင်း တပါးသောကြီးသော အရာဌာနကို လည်းကောင်း တောင့်တလတ်သော်မိမိနှင့်တူကုန်သော နှစ်ယောက် သုံးယောက်ကုန်သော သောက်ထုတ်ကြူးတို့ကိုယူ၍၏အရပ်၌ငါသည်သင်တို့ကိုအပိုးရအောင်ပြုအံ့ဟု တောင်,အစရှိသည်တို့ကိုမှီ၍ အစွန်အနား ဖြစ်ကုန်သော ရွာတို့ကိုဖျက်ဆီး၏။အစဉ်သဖြင့် နိဂုမ်း ဇနပုဒ်တို့ကိုဖျက်ဆီး၏။ လူတို့သည် အိမ်ယာတို့ကိုစွန့်ပစ်ကုန်၍ ဘေးမဲ့ရာအရပ်တို့ကို တောင့်တကုန်

ရကားပြေးသွားရကုန်၏။ထိုသူတို့ကိုမြို၍နေကုန်သောရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် နေရာအရပ်တို့ကို စွန့်ပစ်၍ ပြေးသွားရကုန်၏။ ထို ရဟန်းယောကျ်ား ရဟန်းမိန်းမတို့အား ရောက်လေရာ ရောက်လေရာ အရပ်၌ ဆွမ်းကျောင်းရခဲ၏။ ရဟန်းတို့၌လည်း ရိက်ကုန်သော နှစ် ယောက်ကုန်သောရဟန်းတို့သည် အချင်းချင်းငြင်းခုံ၍ စောဒနာကုန်၏။ ဤသို့ စောဒနာကုန်သည်ရှိသော် ကောသမ္ဗီ၌နေကုန်သော ရဟန်းတို့ အားကဲ့သို့ ခိုက်ရန်ဖြစ်၏။ ဤသို့သူမိုက်ကိုအမှီပြု၍ လေးပါးကုန်သော ပရိသတ်ကိုအားလည်း ဘေးဥပဒ္ဒဝေါအငြိအတွယ်သည်ရောက်၏။

ထိုကြောင့်သင်္ဃာသူ မြတ်စွာဘုရားသည် တိကအဂိုတ္တိ၏ ပထမသုတ် ၌-ဘိက္ခဝေ၊ ရဟန်းတို့။ နဒ္ဒါဂါရာဝါ၊ ကျ။ဖြင့် မိုးခံအပ်သော အိမ်မှ လည်းကောင်း။ တိဏာဂါရာဝါ၊ မြက်ဖြင့်မိုးရံအပ်သောအိမ်မှ လည်း ကောင်း။အင်္ဂါမတ္တာ၊စ၍လောင်သော အနည်းငယ်သော မီးမျှသည်။ ဥလ္လိက္ခာဝလိတ္တာနိ၊ အတွင်း အပ လိမ်းကျံအပ်ကုန်သော။ နိဝါတာနိ၊ လေတိတ်ကုန်သော။ဖုသိတဂ္ဂဠာနိ၊စေ့စပ်ကုန်သော တံခါးမတံခါးရွက် ရှိကုန်သော။ ပိဟိတဝါတပါနာနိ၊ ကောင်းစွာ ပိတ်အပ်သော လေသွန် တံခါးရှိကုန်သော။ကူဋာဂါရာနိဝါ၊ စုလစ်မွန်းချွန်တပ်ကုန်သော အိမ်တို့ ကိုလည်း။ဒဟတိသေယျထာဝါ၊လောင်သကဲ့သို့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇဝမေဝခေါ၊ဤအတူလည်းကောင်းလျှင်။ယာနိကာနိစိဘယာနိ၊ခပ်သိမ်း ကုန်သောဘေးတို့သည်။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သဇ္ဇိာနိ၊ ခပ်သိမ်းကုန် သော။ တာနိ၊ထိုဘေးတို့သည်။ ဗာလတော၊ သူမိုက်ကြောင့်။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ပဏ္ဍိတတော၊ ပညာရှိကြောင့်။ နောဥပပဇ္ဇန္တိ၊ မဖြစ်ကုန်။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝါ၊ ဥပပဒ္ဒဝေါတို့သည်။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။သဇ္ဇိ၊ခပ်သိမ်းကုန်သော။တေ၊ထိုဥပဒ္ဒဝေါတို့သည်။ ဗာလ တော၊သူမိုက်ကြောင့်။ ဥပပဇ္ဇန္တိ၊ကုန်၏။ ပဏ္ဍိတတော၊ပညာရှိကြောင့်။ နောဥပပဇ္ဇန္တိ၊ မဖြစ်ကုန်။ ယေကေစိ၊ခပ်သိမ်းကုန်သော။ ဥပသဂ္ဂါ၊အငြိ အတွယ်တို့သည်။ ဥပပဇ္ဇန္တိ၊ဖြစ်ကုန်၏။ သဇ္ဇိ၊ခပ်သိမ်းကုန်သော။တေ၊ ထိုအငြိအတွယ်တို့သည်။ဗာလတော၊သူမိုက်ကြောင့်။ဥပပဇ္ဇန္တိ၊ ဖြစ်ကုန် ၏။ပဏ္ဍိတတော၊ ပညာရှိကြောင့်။ နောဥပပဇ္ဇန္တိ၊မဖြစ်ကုန်။ ဘိက္ခဝေ၊ ရဟန်းတို့။ဣတိခေါ၊ဤသို့လျှင်။ဗာလော၊သူမိုက်သည်။ သပ္ပဋိဘယော၊ ဘေးရှိ၏။ပဏ္ဍိတော၊ ပညာရှိသည်။ အပ္ပဋိဘယော၊ ဘေးကင်း၏။ ။

ဗာလော၊သူမိုက်သည်။ သဥပဒ္ဒဝေါ၊ဥပဒ္ဒဝေါ၏။ ပဏ္ဍိတော၊ ပညာ
ရှိသည်။အနုပဒ္ဒဝေါ၊ ဥပဒ္ဒဝေါကင်း၏။ ဗာလော၊ သူမိုက်သည်။ သဥပ
သဂ္ဂေါ၊အငြိအတွယ်ရှိ၏။ပဏ္ဍိတော၊ ပညာရှိသည်။အနုပသဂ္ဂေါ၊ အငြိ
အတွယ်မရှိ။ဘိက္ခဝေ၊ရဟန်းတို့။ပဏ္ဍိတတော၊ ပညာရှိကြောင့်။ဘယံ၊
ဘေးသည်။နတ္ထိ၊မရှိ။ပဏ္ဍိတတော၊ပညာရှိကြောင့်။ဥပဒ္ဒဝေါ၊ဥပဒ္ဒဝေါ
သည်။နတ္ထိ၊မရှိ။ ပဏ္ဍိတတော၊ ပညာရှိကြောင့်။ ဥပသဂ္ဂေါ၊ အငြိ
အတွယ်သည်။ နတ္ထိ၊မရှိ။ဤသို့ ဟောတော်မူ၏။

ထိုကြောင့် မီးလောင်သော အိမ်ကိုကဲ့သို့ သူမိုက်တို့ကို မှတ်အပ်၏။
ထိုစကားမှန်၏။သူမိုက်သည်မိမိစကားကို နားထောင်ကုန်သော သူတို့
၏ ဘေး အစရှိသည်ကို ဆောင်ခြင်းငှါ စွမ်းနိုင်၏။ ဘေးဖြစ်သော
အခါ စောင့်ရှောက်ကုန်သော သူတို့ကို ကဲ့သို့လည်းကောင်း အမိုက်
တိုက်၌ ဆီမီးတန်ဆောင်ကိုကဲ့သို့ လည်းကောင်း ငတ်မွတ်ခြင်း အစရှိ
ကုန်သောဆင်းရဲနှိပ်စက်သောအခါထမင်းအဖျော်တို့ကို ရတိသကဲ့သို့
လည်းကောင်း ပညာရှိတို့ကိုမှတ်အပ်ကုန်၏။ထိုစကားမှန်၏။ပညာရှိတို့
သည်မိမိစကားကို နားထောင်ကုန်သောသူတို့၏ ဘေး အစရှိသည်ကို
ဖျက်ဆီးခြင်းငှါစွမ်းနိုင်ကုန်၏။ဤသို့သူမိုက်တို့၏ငါးပုပ်အစရှိသည်နှင့်
တူသည်၏အဖြစ်ကိုလည်းကောင်း ပညာရှိတို့၏ မွေးသော နံ့သာအစရှိ
သည်နှင့်တူသည်၏အဖြစ်ကိုလည်းကောင်း သူမိုက်တို့နှင့် ပေါင်းဘော်
ခြင်း၏ဆင်းရဲကို ဖြစ်စေတတ်သည်၏ အဖြစ်ကိုလည်းကောင်း ပညာရှိ
တို့နှင့် ပေါင်းဘော်ခြင်း၏ ချမ်းသာကို ဖြစ်စေတတ်သည်၏ အဖြစ်ကို
လည်းကောင်း သိ၍ ပညာရှိတို့ကိုသာလျှင်မှီဝဲအပ်ကုန်၏။သူမိုက်တို့ကို
မမှီဝဲအပ်ကုန်။ ။ဆန္ဒမထေရ်ကို ဆုံးမတော်မူသော မြတ်စွာဘုရား
သည်လည်း ဓမ္မပဒ ပဏ္ဍိတဝဂ်၌-

နဘဇေ ပါပကေ မိတ္တေ၊ နဘဇေ ပုရိသာဓမေ။
ဘဇေထ မိတ္တေ ကလျာဏေ၊ ဘဇေထ ပုရိသုတ္တမေ။ ။

ဟူသောဂါထာကို ဟောတော်မူ၏။

ပါပကေ၊ ယုတ်မာကုန်သော။ မိတ္တေ၊အဆွေခင်ပွန်းတို့ကို။ နဘဇေ၊
မဆည်းကပ်ရာ။ပုရိသာဓမေ၊ယောကျ်ားယုတ်တို့ကို။ နဘဇေ၊မဆည်း
ကပ်ရာ။ ကလျာဏေ၊ကောင်းကုန်သော။ မိတ္တေ၊ အဆွေခင်ပွန်းတို့ကို။

ဇူစ္ဆာသယ ၁၅၅-၃

ဘဇေထ၊ဆည်းကပ်ရာ၏။ပုရိသုတ္တမေ၊ယောက်ျားမြတ်တို့ကို။ဘဇေထ၊ ဆည်းကပ်ရာ၏။

တကြိမ်မျှသော်လည်း ပညာရှိနှင့်ပေါင်းဘော်ရခြင်းသည် ကိုယ်ကို စောင့်ရှောက်တတ်၏။အလွန်ကြာမြင့်စွာလည်း သူမိုက်နှင့် ပေါင်းဘော် ခြင်းသည် ကိုယ်ကိုမစောင့်ရှောက်တတ်။ ။ထိုကြောင့် နန္ဒပုဏ္ဏားသည် တက္ကသိုလ်ပြည်မှ ယူဇနာတရာ့နှစ်ဆယ်ထက်၌, တည်သော ဈန္ဒပတ္တ နဂိုရ်ပြည်သို့ရောက်၍ မဟာသုတသောမမင်းအား တရားဟောသည်ရှိ သော် မဟာသုတသောမဇာတ်၌-

သကိံစေဝ သုတသောမ၊သဇ္ဇိ ဟောတိ သမာဂမော။
သာ နံ သင်္ဂတိ ပါလေတိ၊နာသဇ္ဇိ ဗဟုသင်္ဂမော။ ။

ဟူသောဂါထာကိုဆို၏။

သုတသောမ၊သုတသောမမင်းကြီး။ သဇ္ဇိ၊ သူတော်ကောင်းတို့နှင့်။ သကိံစေဝ၊ တကြိမ်သာလျှင်။ သမာဂမော၊ ပေါင်းဘော်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သာသင်္ဂတိ၊ထိုတကြိမ်မျှသာ ပေါင်းဘော်ခြင်းသည် လည်း။နံ၊ထိုသူကို။ ပါလေတိ၊စောင့်ရှောက်ပေ၏။ အသဇ္ဇိ၊ မသူတော် တို့နှင့်။ ဗဟုသင်္ဂမော၊ များစွာ ပေါင်းဘော်ခြင်းသည်။ နံ၊ ထိုသူကို။ နပါလေတိ၊ မစောင့်ရှောက်။

ထိုကြောင့် ပညာရှိတို့ကိုသာလျှင် မှီဝဲရာ၏။သူမိုက်တို့ကို မမှီဝဲရာ။ သက်သက်လျှင် သူမိုက်တို့ကိုမမှီဝဲခြင်း။ပညာရှိတို့ကို မှီဝဲခြင်းမျှကိုသာ လျှင် ပြုအပ်သည်မဟုတ်သေး။စင်စစ်အားဖြင့် တစုံတခုသောကောင်းမှု ကိုပြု၍ ဤကောင်းမှုကြောင့် ငါသည်ပညာရှိနှင့်သာပေါင်းဘော်ရလို၏။ သူမိုက်တို့နှင့် မပေါင်းဘော်ရလိုဟု ဆုတောင်းခြင်းကိုလည်း ပြုရာ၏။

၈—သူမိုက်တို့နှင့် မပေါင်းဘော်ရလိုဟု ဆုတောင်းခြင်း ပြုသော အကတ္တိရှင်ရသေ့ဝတ္တု၊

အဘယ်သူသည် ဆုတောင်းခြင်းကို ပြုသကဲ့သို့ ပြုရာသနည်း ဟူမှု ကား-အကတ္တိပညာရှိသည် ဆုတောင်းခြင်းကို ပြုသကဲ့သို့ ဆုတောင်း ခြင်းကိုပြုရာ၏။အကတ္တိပညာရှိသည် ဗာရာဏသီပြည်၌ကုဋ္ဌေရှစ်ဆယ်

ကြွယ်ဝသော ပုဏ္ဏားသူကြွယ်သားဖြစ်၍ မိဘတို့သည် သေလွန်ကုန်သည်ရှိသော် အလုံးစုံသော စည်းစိမ်ကိုစွန့်၍ ရသေ့ရဟန်းပြု၍ အစဉ်သဖြင့် ဒမိဋ္ဌတိုင်းသို့ရောက်၍ ကာဝိရသဘော်ဆိပ်၏အနီး ဥယျာဉ်၌နေလျက် ဈာန်အဘိညာဏ်ကိုဖြစ်စေ၍ ကောင်းကင်ဖြင့်သွား၍ နာဂါကျွန်း၏ အနီး ကာဝိရကျွန်း၌ ဆင်းသက်၍ ထိုကျွန်း၌ကြီးစွာဟော ကဗျည်းပင်ကိုမြှီ၍ သစ်ရွက်ဖြင့်မိုးအပ်သောကျောင်းကိုဆောက်၍ နေသတတ်။ ထိုအကတ္တိပညာရှိသည်အလိုနည်းသည်၏အဖြစ်ကြောင့် တစုံတခုသော အရပ်သို့ မသွားမူ၍ ထိုကဗျည်းပင်၏ သီးသောကာလ၌ အသီးတို့ကို အရွက်ရှိသောကာလ၌ရေဖြင့်ပြုတ်ဖြောအပ်ကုန်သောအရွက်တို့ကိုစား၏။ထိုအကတ္တိပညာရှိ၏သီလတန်ခိုးကြောင့် သိကြားမင်းနေရာသည်ပူ၏။သိကြားမင်းသည်ထိုအကြောင်းကိုသိ၍ပုဏ္ဏား၏အသွင်ဖြင့်ထိုအရပ်သို့သွား၍ဆွမ်းခံသကဲ့သို့ရပ်၏။အကတ္တိရှင်ရသေ့သည် ကဗျည်းရွက်ကိုပြုတ်ဖြော၍ချ၍ အေးကုန်သော ကဗျည်းရွက်တို့ကို စားအံ့ဟု ကျောင်းတံခါး၌ ထိုင်သော် ပုဏ္ဏား အယောင်ဆောင်လာသော သိကြားမင်းကိုမြင်၍ ဝမ်းမြောက်ခြင်းသို့ ရောက်သည် ဖြစ်၍ မိမိတို့ အကြွင်း မထားမူ၍လျှင် ထိုအလှူခံ၏ ဆွမ်းခွက်၌ လောင်း၍ တဘန်မချက်မူ၍ ပီတိသုခဖြင့်သာလျှင်မျှ၏။ သိကြားမင်းသည်လည်း ထိုကဗျည်းရွက်ပြုတ်ကိုယူ၍ အတန်ငယ်သွား၍ ကွယ်လေ၏။ ဤနည်းဖြင့်သာလျှင် သိကြားမင်းသည် သုံးရက်ပတ်လုံး အလှူခံ၍ သွား၏။ ရှင်ရသေ့သည်လည်း သိကြားမင်းအား သုံးရက်ပတ်လုံး အလုံးစုံသော အာဟာရကိုလှူ၍ မိမိသည် မစားမူ၍နေ၏။ ထိုအခါ သုံးရက်မြောက်သောနေ့၌ သိကြားမင်းသည် ရှင်ရသေ့အား ကြည်ညို၍ ဆုပေး၏။ ဆုကိုယူသော အကတ္တိရှင်ရသေ့သည် တေရသနိပါတ် အကတ္တိဇာတ်၌-

ဗာလံ နပဿေ နသုဏေ၊ နစဗာလေန သံဝသေ။
ဗာလေနာလ္လာပသလ္လာပံ၊ နကရေ နစရောစယေ။ ။

ဟူသော ဂါထာကို ဆိုဏ်။

ဗာလံ၊သူမိုက်ကို။နပဿေ၊မမြင်ရလို။နသုဏေ၊ဤမည်သော အရပ်၌နေ၏ဟူ၍ မကြားရလို။ ဗာလေန၊ သူမိုက်နှင့်။ နစသံဝသေ၊ အဘူတကွလည်းမနေရလို။ ဗာလေန၊သူမိုက်နှင့်။ အလ္လာပသလ္လာပံ၊ရှေးဦးစွာ

ပြောဆိုခြင်း အဘန်တလဲလဲ ပြောဆိုခြင်းကိုလည်း။ နကရေ၊ မပြုရလို။ နစရောစယေ၊ သူမိုက်နှင့်ပြောဆိုခြင်းကိုလည်းမနှစ်သက်ရလို။

ထိုဆုတောင်းစကားကို ကြား၍ သိကြားမင်းသည် ရှင်ရသေ့အား ထိုသူမိုက်ကို မမြင်ရလိုခြင်း၌ အကြောင်းကို မေးလိုရကား—

ကိန္နု၊ တေ အကရံ ဗာလော၊ ဝဒ ကဿပ ကာရဏံ။
ကေန ကဿပ ဗာလဿ၊ ဒဿနံ နာဘိကခ်သိ။ ။

ဟူသောဂါထာကို ဆိုဏ်။

ကဿပ၊ ကဿပအနွယ်ဖြစ်သော ရှင်ရသေ့။ ဗာလော၊ သူမိုက်သည်။ တေ၊ သင်၏။ ကိန္နု၊ အကရံ အဘယ်အကျိုးမဲ့ကို ပြုဘူးသနည်း။ တွံ၊သင်သည်။ကာရဏံ၊အကြောင်းကို။ ဝဒ၊ဆိုလော့။ကဿပ၊ကဿပ အနွယ်ဖြစ်သောရှင်ရသေ့။ တွံ၊ သင်သည်။ ကေန၊ အဘယ်ကြောင့်။ဗာလဿ၊သူမိုက်ကို။ ဒဿနံ၊မြင်ခြင်းကို။ နာဘိကခ်သိ၊အလိုမရှိ သနည်း။

အကတ္တိ ရှင်ရသေ့သည် သိကြားမင်းအား အကြောင်းကို ပြန်ကြားလို၍-

အနယံ နယတိ ဒုမ္မေဓော၊ အဓရာယံ နိယုဥ္ဇတိ။
ဒုန္နယော သေယျသော ဟောတိ၊သမ္မာဝုတ္တောပိ ကုပ္ပတိ။
ဝိနယံ သော နဇာနာတိ၊ သာဓု တဿ အဒဿနံ။ ။

ဟူသော ဂါထာကို ဆိုဏ်။

ဒုမ္မေဓော၊ ပညာမရှိသော သူသည်။ အနယံ၊ ချမ်းသာခြင်း၏ အကြောင်းမဟုတ်သည်ကို။နယတိ၊ချမ်းသာခြင်း၏အကြောင်းဟုယူ၏။ အဓရာယံ၊မယှဉ်သင့်သည်၌။ နိယုဥ္ဇတိ၊ယှဉ်တတ်၏။ တဿ၊ထိုပညာမရှိသောသူအား။ ဒုန္နယော.ဒုဂ္ဂတိသို့ ဆောင်တတ်သော အကျင့်သည်။ သေယျသော မြတ်သောအားဖြင့်။ဟောတိ၊၏။ တနည်းကား။ဒုမ္မေဓော၊ ပညာမရှိသောသူသည်။ သေယျသော၊ အစီးအပွါးရှိသော မြတ်သော အကျင့် အားဖြင့်။ ဒုန္နယော၊ ဆောင်ခြင်းငှါ မတတ်ကောင်းသည်။ ဟောတိ၊ဖြစ်၏။ သမ္မာ၊ အသင့်အားဖြင့်။ ဝုတ္တောပိ၊ ဆိုအပ်သော်လည်း။ ကုပ္ပတိ၊ အမျက်ထွက်၏။ သောပိ၊ ထိုပညာမရှိသော သူသည်လည်း။ ဝိနယံ၊အဆုံးအမကို။ နဇာနာတိ၊မသိ။ တေန၊ထိုကြောင့်။ တဿ၊ ထိုသူမိုက်ကို။ အဒဿနံ၊မမြင်ရခြင်းသည်။ သာဓု၊ ကောင်း၏။

ထိုရှင်ရသေ့သည် တဘန် ဆုယူလိုရကား-

ဓိရံ ပဿေ သုဏော ဓိရံ၊ဓိရေန သဟ သံဝသေ။
ဓိရေနာလ္လာပသလ္လာပံ၊ တံ ကရေ တဥ္စ ရောစယေ။ ။

ဟူသော ဂါထာကို ဆိုဏ်။

ဓိရံ၊ ပညာရှိကို။ ပဿေ၊မြင်ရလိုဏ်။ ဓိရံ၊ပညာရှိကို။သုဏော၊ဤမည်သော အရပ်၌နေဏ်ဟု ကြားရလိုဏ်။ဓိရေန၊ ပညာရှိနှင့်။ သဟ၊ တကွ။ သံဝသေ၊ ပေါင်းဘော်ရလိုဏ်။ ဓိရေန၊ ပညာရှိနှင့်။ အလ္လာပသလ္လာပံ၊ ရှေးဦးစွာ ပြောဆိုခြင်း အဘန်တလဲလဲ ပြောဆိုခြင်း ဟူသော။ တံ၊ ထိုအမှုကို။ ကရေ၊ ပြုရလိုဏ်။ တဥ္စ၊ ထိုပညာရှိနှင့် ပြောဆိုခြင်း အမှုကိုလည်း။ရောစယေ၊ နှစ်သက်ရလိုဏ်။

သိကြားမင်းသည်ကဿပအနွယ်ဖြစ်သော ရှင်ရသေ့-ပညာရှိသည် သင်၏ အဘယ်အကျိုးစီးပွါးကို ဆောင်ရွက်ဘူးသနည်း၊အကြောင်းကို ဆိုပါလော့။ ကဿပအနွယ်ဖြစ်သော ရှင်ရသေ့-သင်သည် အဘယ် အကြောင်းကြောင့် ပညာရှိကို မြင်ခြင်းကို အလိုရှိပါသနည်းဟု မေး၏။ ရှင်ရသေ့သည်-

အနယံ နနယတိ ဓိရော၊ အရရာယံ နာနုယုဥ္ဇတိ။
သုနယော သေယျသော ဟောတိ၊ သမ္မာ ဝတ္တော နကုပ္ပတိ။
ဝိနယံ သော ပဇာနာတိ၊ သာဝု တေန သမာဂမော။ ။

ဟူသော ဂါထာကိုဆိုဏ်။

ဓိရော၊ပညာရှိသည်။အနယံ၊ချမ်းသာခြင်း၏အကြောင်းမဟုက်သည်ကို။နနယတိ၊ ချမ်းသာခြင်း၏ အကြောင်းဟူ၍မယူ။ အရရာယံ၊ မယှဉ်သင့်သည်၌။နာနုယုဥ္ဇတိ၊ မယှဉ်။ တဿ၊ ထိုပညာရှိအား။ သုနယော၊ သုဂတိသို့ဆောင်သော အကျင့်သည်။ သေယျသော၊ အမြတ်အားဖြင့်။ ဟောတိ၊၏။တနည်းကား။ ဓိရော၊ ပညာရှိသည်။ သေယျသော၊ အစီးအပွါးရှိသောမြတ်သောအကျင့်အားဖြင့်။သုနယော၊ ဆောင်လွယ်သည်။ ဟောတိ၊၏။သမ္မာ၊အသင့်အားဖြင့်။ ဝတ္တော၊ဆိုအပ်သည်ရှိသော်။ နကုပ္ပတိ၊အမျက်မထွက်။သော၊ထိုပညာရှိသည်။ဝိနယံ၊အဆုံးအမကို။ပဇာနာတိ၊သိ၏။တသ္မာ၊ ထိုကြောင့်။ တေန၊ထိုပညာရှိနှင့်။သမာဂမော၊ ပေါင်းဘော်ရခြင်းသည်။ သာဝု၊ကောင်း၏။

ပညာဓှိတို့ကို ဘူးမြင်ရခြင်းသည်လည်း ချမ်းသာ၏။ သူမိုက်တို့ကို မြင်ရခြင်းသည်ကား ဆင်းရဲ၏။ ထိုကြောင့် ဘုရားသဗ္ဗညှသည် သက္ကဝတ္ထုဋ္ဌ-

သာဟု ဒဿန မရိယာနံ၊ သန္နိဝါသော သဒါ သုခေါ။
အဒဿနေန ဗာလာနံ၊ နိစ္စမေဝ သုခီ သိယာ။ ။

ဟူ၍ဟောတော်မူ၏။

အရိယာနံ၊ ဘုရားအစဓှိကုန်သောပညာဓှိတို့ကို။ ဒဿနံ၊ ဘူးမြင်ရခြင်းသည်။သာဟု၊ ကောင်း၏။သာဟု၊ချမ်းသာ၏။သန္နိဝါသော။ဘုရားအစဓှိကုန်သောပညာဓှိတို့နှင့်အတူတကွနေရခြင်းသည်။သဒါ၊ အခါခပ်သိမ်း။သုခေါ၊ချမ်းသာ၏။ ဗာလာနံ၊ သူမိုက်တို့ကို။ အဒဿနေန၊ မမြင်ခြင်းကြောင့်။နိစ္စမေဝ၊အမြဲသာလျှင်။သုခီ၊ချမ်းသာခြင်းဓှိသည်။သိယာ၊ ဖြစ်ရာ၏။

ထိုစကားသင့်၏။သူမိုက်ကိုရှုလေ့ဓှိသောသူသည် သူမိုက်စကားကိုလိုက်နာ၍ ဆင်းရဲခြင်းသို့ရောက်၏။ ပညာဓှိကိုရှုလေ့ဓှိသော သူသည် ပညာဓှိစကားကိုလိုက်နာ၍ ချမ်းသာခြင်းသို့ရောက်၏။

၉-ကဿပမထေရ်၏ တပည့်လူထွက်ရဟန်းဝတ္ထု

ဤအရာ၌ အရှင်မဟာကဿပမထေရ်၏ တပည့် လူထွက်ရဟန်းကို သက်သေညွှန်ပြအပ်၏။အရှင်မဟာကဿပ မထေရ်၏ အတူနေတပည့် ဖြစ်သော စတုတ္ထဈာန်ကိုရသော ထိုရဟန်းသည် မိမိဦးရီး၌ ဝိသဘာဂ အာရုံကိုမြင်၍ ထိုဝိသဘာဂ၌ တပ်စွမ်းသောစိတ်ဓှိသည်ဖြစ်၍လူထွက်၍ ပျက်သည်၏ အဖြစ်ကြောင့် အမှုကိုမလုပ်ရကား အိမ်မှ နှင်ထုတ်အပ်သည်ဓှိသော် ယုတ်မာကုန်သောအဆွေခင်ပွန်းတို့၏စကားကိုယူ၍ ခိုးမှုနှင့် အသက်မွေးလျက်နေသဟတ်။ ထိုခိုးသူလူထွက်ကို တနေ့သ၌ မင်းချင်းယောက်ျားတို့သည်ဘမ်း၍ လက်ပြန်ချီ၍ ခရီးလေးဆုံတိုင်းကြိမ်တို့ ဖြင့်ရိုက်နှက်လျက် ရာဇဂြိုဟ်ပြည်၏တောင်တံခါးဖြင့်သတ်ရာသင်းချိုင်းသို့ ထုတ်လေ၏။ ထိုနေ့၌ မဟာကဿပမထေရ်သည် ဆွမ်းခံဝင်တော်မူသည်ဓှိသော် ထိုလူထွက်ကိုမြင်၍ ချည်နှောင်သော ကြိုးကို လျှော့စေ၍ ဓှေး၌သင်ဆောင်သောကမ္မဋ္ဌာန်းကို တဘန်ဆင်ခြင်ဟု မိန့်တော်

မှုဏ်။ ထိုလူထွက်သည့် မထေရ်စကားကို ယူ၍ တဘန် စဝုဏ္ဏစျာန်ကို ဖြစ်စေ၍ လူသတ်ယောက်ျားတို့သည် သတ်ရာသင်းချိုင်းသို့ ဆောင်၍ တံကျင်ခွဲ လျှို့အပ်သော်လည်းကောင်း လက်နက်တို့ဖြင့် ဒြံမ်းခြောက် အပ်သော်လည်းကောင်း မကြောက်မလန့်သော ထိုဒိုးသူ လူထွက်ကို မြင်၍ မင်းချင်းယောကျ်ား တို့သည် ဗိမ္မိသာရမင်းအား ကြားလျှောက်ကုန်ဏ်။ ဗိမ္မိသာရမင့်းသည် ထိုသူကိုလွှတ်ကြကုန်ဟု ဆို၍ ဝေဠုဝန် ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားအား ကြားလျှောက်ဏ်။ မြတ်စွာ ဘုရားသည်ဝေဠုဝန်ကျောင်းတော်၌ နေတော်မူလျက်အရောင်တော်ကို နှံ့စေ၍ ထိုလူထွက်အား တရားဟောတော်မူဏ်။ လူထွက်သည်တရား ကော်ကိုနာ၍ တံကျင်ခွဲနေလျက်လျှင် လက္ခဏာရေး သုံးပါးသို့ တင်၍ သင်္ခါရတို့ကို သုံးသပ်လတ်သော် သောတာပန်ဖြစ်ဏ်။ ကောင်းကင်ဖြင့် မြတ်စွာဘုရား အထံတော်သို့ သွား၍ ရဟန်းပြု၍ မင်းနှင့် တကွသော ပရိသတ်၏ အလယ်၌လျှင် အရဟတ္တဖိုလ်သို့ ရောက်ဏ်။ ။ဓမ္မပဒ တဏ္ဍာဝဂ် လူထွက်ရဟန်းဝတ္ထု။

၁၀-ဒေဝဒတ် ဝတ္ထု

ဟနည်းကား သူမိုက်တို့သည် မိမိသည် စွဲလမ်းအပ်သော မကောင်း သော အသူဖြင့် မိမိကိုယ်ကိုလည်းကောင်း မိမိစကားကို လိုက်နာကုန် သောသူတို့ကိုလည်းကောင်း ဖျက်ဆီးတတ်ကုန်ဏ်။ အဘယ်သူတို့ကဲ့သို့ နည်းဟူမူကား-ဒေဝဒတ်အစရှိကုန်သော သူတို့ကဲ့သို့တည်း။ ဒေဝဒတ် သည် မြတ်စွာဘုရားသို့လိုက်၍ ရဟန်းပြုသည်ရှိသော် ပုထုဇ္ဇန်တို့၏ တန်ခိုးကိုရ၍ နောက်အဘို့၌ အဇာတသတ်မင်းသည် ပြုအပ်သော လာဘသက္ကာရရှိသတတ်။ထိုဒေဝဒတ်သည် လာဘသက္ကာရ လွှမ်းမိုးသည် ဖြစ်၍ ငါသည် ရဟန်းသံဃာကိုဆောင်အံ့ဟု ယုတ်မာသောစိတ်ကိုဖြစ် စေ၍ ထိုစိတ်ဖြစ်သည်နှင့်တကွ တန်ခိုးမှယုတ်၍ တနေ့သ၌ ဝေဠုဝန် ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားကိုရှိခိုး၍ ဘုန်းတော်ကြီးသော အရှင်ဘုရား-ယသအခါ၌ဘုန်းတော်ကြီးသောဘုရားသည် အိုတော်မူပြီ။ အသက်တော်ကြီးပြီ။ ကြောင့်ကြမဲ့ဒိဋ္ဌဓမ္မသုခမ်းသာဖြင့်နေတော်မူ ခြင်းကို အားထုတ်တော်မူပါလော့။ ကျွန်ုပ်သည် ရဟန်းသံဃာကို ဆောင်အံ့။

ကျွန်ုပ်အား ရဟန်းသံဃာကို ပေးအပ်တော် မူလော့ဟုဆို၏။ မြတ်စွာ ဘုရားသည် တံထွေးစားဟူသောအမိန့်တော်ဖြင့် မောင်းမဲတော်မူ၍ပယ် သည်ရှိသော်နှလုံးမသာသည်ဖြစ်၍မြတ်စွာဘုရား၌ရန်ငြိုးဘွဲ၍သွား၏။ ထိုဒေဝဒတ်သည်နောက်အတို၌ အဇာတသတ်မင်းနှင့်တိုင်ပင်၍မြတ်စွာ ဘုရားကို သတ်စိမ့်သောငှါ လေးသမားတို့ကို စေ၍ ထိုလေးသမားတို့ သည် သောတာပတ္တိဖိုလ်သို့ ရောက်၍ ပြန်လည်ကုန်သည်ရှိသော် မိမိ သည် ဂိဇ္ဈကုဋ်တောင်သို့ တက်၍ ကျောက်ကိုလှိမ့်၍ သွေးစိမ်းတည် သောအမှုကိုပြု၏။ တဘန်မြတ်စွာဘုရားကို သတ်စိမ့်သောငှါ သာလျှင် နာဠာဂိရိဆင်ကိုလွှတ်၍သတ်အံ့သောငှါ မတတ်နိုင်လေ။ ဒေဝဒတ်သည် ထိုအခါမှစ၍ ယုတ်လျော့သောလာဘသက္ကာရရှိရကား။အံ့ဘွယ်ကိုဖြစ် စေသဖြင့် အသက်မွေးလိုရကား မြတ်စွာဘုရားသို့ ချဉ်းကပ်၍ အရှင် ဘုရားအကျွန်ုပ်တောင်းပန်ပါ၏။ရဟန်းတို့သည်အသက်ထက်ဆုံးတော ၌နေစေကုန်သတည်း။ဗိဏ္ဍပါတ်ဆောက်တည်စေကုန်သတည်း။ပံသုကူ သက်နှင်းကို ဆောင်စေ ကုန်သတည်း။ ရုက္ခမူ ဆောက်တည် စေကုန်သ တည်း။ငါအမဲကိုမစားစေကုန်သတည်းဟု ငါးပါးကုန်သောဝတ္ထုတို့ကို တောင်းပန်၏။မြတ်စွာဘုရားသည်ခွင့်ပြုတော်မမူ။ဒေဝဒတ်သည်ဆင်းရဲ မှ လွတ်လိုသောသူသည် ငါနှင့်အတူလိုက်စေသတည်းဟုဆို၍ အကြင် ရဟန်းတို့သည် ဒေဝဒတ်စကားကိုနားထောင်ကုန်၏။ ထိုရဟန်းတို့ကို ယူ၍ ငါးပါးသော ဝတ္ထုတို့ဖြင့် ခေါင်းပါးခြင်း၌ ကြည်ညိုသောသူ အပေါင်းကို နှစ်သက်စေလျက် ဒါယကာတို့၌ တောင်း၍ စားလျက် သံဃာကို ခွဲအံ့သောငှါ လုံ့လပြုလျက် ဥပုသ်နေ့၌ မိမိပရိသတ်၌ နေ၍ အကြင် ရဟန်းသည် ဤငါးပါးကုန်သော ဝတ္ထုတို့ကို နှစ်သက်အပ် ကုန်၏။ထိုရဟန်းသည် စာရေးတံကိုယူစေသတည်းဟုဆို၍ မွေပိနယ၌ မလိမ်မာ ကုန်သော ငါးရာကုန်သော ရဟန်း တို့သည် စာရေးတံကို ယူသည်ရှိသော် သံဃာကို ခွဲ၍ဂယာသီသကျောင်းသို့သွား၏။ဒေဝဒတ် သည်ထိုအခါမှစ၍ကိုးလပတ်လုံးနာသည်ဖြစ်၍မြတ်စွာဘုရားကိုဘူးမြင် လို၍ မိမိတပည့်တို့ ကို မိမိညောင်စောင်းဖြင့် ယူစေ၍ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှ အပ၌ တူးအပ်သော ရေကန်ကမ်းနားသို့ ရောက်၍ထိုအရပ်၌လျှင် မြေမျိုး၍ အဝီစိ၌ဖြစ်၏။ ။[ဒေဝဒတ်ဝတ္ထု]။

၁၁- အဇာတသတ်ဝတ္ထု

သီလကွန်အဌကထာ သာမညဖလသုတ်

အဇာတသတ်မင်းသည် ဒေဝဒတ်ကိုမှီ၍ ပိတုဃာတကကံကိုပြုခြင်းကြောင့် မျက်မှောက်သောကိုယ်၏အဖြစ်၌ ရအပ်သော သောတာပတ္တိမင်၏ဥပနိဿယကိုဖြတ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်၏။ ထိုအဇာတသတ်မင်းသည်အိမ်ရှေ့မင်းလက်ထက်၌ဒေဝဒတ်၏ တန်ခိုးပြာဋိဟာ၌ကြည်ညို၍နေ့တိုင်းညနံနက်ဒေဝဒတ်အားခစားအံ့သောငှါ သွား၏။ထိုအခါကနေ့သ၌ဒေဝဒတ်သည် အဇာတသတ်မင်းသို့ဆည်းကပ်၍ မင်းအားရှေးကာလ၌သာလျှင်လူတို့သည်အသက်ရှည်ကုန်၏။ယခုကား အသက်တိုကုန်၏။ ထိုကြောင့် သင်သည်အဘကိုသတ်၍မင်းလုပ်လော့။ ငါသည်လည်း ဘုရားကို သတ်၍ ဘုရားဖြစ်အံ့ဟု ဆို၏။ အဇာတသတ်မင်းသားသည် ဒေဝဒတ်စကားကို ယူ၍ မွန်းတည့်အခါ၌ ထားဝယ်ကို ယူ၍ နန်းတွင်းသို့ဝင်၏။ အမတ်တို့သည်မင်းသားကို ဘမ်း၍ စီစစ်၍ ထိုအကြောင်းကို မင်းအား ကြားလျှောက် ကုန်၏။ မင်းသည် အဇာသတ်မင်းသား၊ သင်သည် အဘယ်ကြောင့် ငါ့ကို သတ်လိုသနည်းဟုမေး၏။ မင်းကြီး၊ငါသည် မင်းအဖြစ်ဖြင့် အလိုရှိ၏ဟူ၍ အဇာတသတ်မင်းသားဆို၏။ ဗိမ္ဗိသာရမင်းသည် အဇာတသတ်မင်းသားအား မင်းအဖြစ်ကို ပေး၏။ အဇာတသတ်မင်းသည် ငါ၏ အလိုပြည့်စုံပြီဟု ဒေဝဒတ်အား ကြားလျှောက်၏။မင်းကြီး၊သင်သည် မြေခွေးကိုအတွင်း၌ထား၍ စည်ကျက်သော ယောကျ်ားကဲ့သို့ကိစ္စကိုပြုအပ်ပြီဟုအောက်မေ့၏။နှစ်ရက်သုံးရက်ဖြင့်လျှင် သင်မင်းကြီး၏အဘသည် သင်မင်းကြီးပြုသောအမှုကို မဆိမဲ့မြင်အောက်မေ့၍ မိမိသည်လျှင် မင်းပြုလေအံ့ဟု ဒေဝဒတ်ဆို၏။ အရှင်ဘုရား၊ အသို့ ပြုရအံ့နည်း ဟု အဇာတသတ်မင်းသည် မေး၏။ မင်းကြီး၊ ခမည်းတော်ကိုသတ်လော့ဟူ၍ ဒေဝဒတ်ဆို၏၊ အရှင်ဘုရား၊ အကျွန်ုပ်တို့လက်နက်ဖြင့် မသတ်အပ်သည် မဟုတ်လော ဟူ၍ အဇာတသတ် မင်းသည် ဆိုလေသော် အဟာရကိုဖြတ်သဖြင့် သတ်လော့ဟု ဒေဝဒတ်ဆို၏။ အဇာတသတ်မင်းသည် ခမည်းတော်ကို ညှဉ်းဆဲသော အမှုကိုပြုအံ့သောငှါ ပြုအပ်သောမီးခိုးရှိသောအိမ်ဟုဆိုအပ်သော ပူပန်ဆင်းရဲခြင်းကို ဖြစ်စေတတ်သောအိမ်၌ သွင်းထား၍ ငါ၏မယ်တော်ကို

ထား၍ တပါးသောသူအား မြင်စိမ့်သောငှါ မပေးကုန်လင့်ဟု ဆိုဏ်။ မိဖုယားသည် ရွှေခွက်ဖြင့် ထမင်းထည့်၍ ခါးပိုက်ဖြင့်ယူ၍ မင်းရှိရာသို့ ဝင်၍ မင်းအား ပေးဏ်။ ဗိမ္ဗိသာရ မင်းသည် ထိုအစာဖြင့်မျှဏ်။ အဇာတသတ်မင်းသည် ခမည်းတော် အသို့နည်းဟု မေးဏ်။ ထိုအကြောင်းကိုကြား၍ ငါဏ်မယ်တော်အားခါးပိုက်တို့ကိုပြု၍ဝင်စိမ့်သောငှါ မပေးကုန်လင့်ဟုဆိုဏ်။မိဖုယားသည် ဆံထုံးဌ်ထည့်၍ဝင်ဏ်။ထိုအကြောင်းကိုကြား၍ ဆံထုံးကိုထည့်၍ ဝင်စိမ့်သောငှါမပေးလင့်ဟု ဆိုဏ်။ မိဖုယားသည် ရွှေခြေနင်းတို့ဌ် ထမင်းထည့်၍ပိတ်၍ ရွှေခြေနင်းတို့ကို စီး၍ဝင်ဏ်။ ထိုအကြောင်းကိုကြား၍ ခြေနင်းတို့ကိုစီး၍ ဝင်စိမ့်သောငှါ မပေးကုန်လင့်ဟု ဆိုဏ်၊ မိဖုယားသည် နံ့သာရည်ဖြင့် ချိုး၍ ကိုယ်ကိုစတုမရူဖြင့် လိမ်းကျံ၍ခြုံ၍ ဝင်ဏ်။ဗိမ္ဗိသာရမင်းသည် မိမိကိုယ်တိုင် လုံ့လပြုသဖြင့် သေခြင်းသည် မသင့်ဟု မိဖုယားဏ် ကိုယ်ကိုလျက်၍မျှဏ်။ ထိုစကားသည် သင့်ဏ်။အရိယာဖြစ်ကုန်သော ဘုရားတပည့်တို့သည် မိမိကိုယ်ကို မဖျက်ဆီးကုန်၊အဇာတသတ်မင်းသည် တဘန်မေး၍ ထိုအကြောင်းကိုကြား၍ယနေ့မှစ၍ ငါဏ်မယ်တော်အား ဝင်ခြင်းကို မြစ်ကြကုန်လော့ဟု ဆိုဏ်။ မိဖုယားသည် တံခါးရင်းဌ်ရပ်၍ အရှင်ဗိမ္ဗိသာရ၊ ယခုအရှင်တို့အား ကျွန်ုပ်ဏ်မြင်ခြင်းသည်အဆုံးစွန်သောမြင်ခြင်းတည်း။ယခုအခါမှစ၍ ရှင်မင်းကြီးတို့ကို ကျွန်ုပ် မြင်ခြင်းငှါမရပြီ။ အကျွန်ုပ်အားအပြစ်ရှိလျှင် ရှင်မင်းကြီး သည်းခံတော်မူပါဟု ဆိုဏ် ရှိခိုး၍ပြန်လေဏ်။

ထိုအခါမှစ၍ဗိမ္ဗိသာရမင်းသည်အာဟာရပြတ်ဏ်။မင်္ဂဖိုလ်ချမ်းသာနှင့်စပ်သောစကြံသွားခြင်းဖြင့် မျှဏ်။ဗိမ္ဗိသာရမင်းဏ်ကိုယ်သည် အလွန်ကင့်တယ်ဏ်။အဇာတသတ်မင်းသည်ခမည်းတော်အသို့မျှသနည်းဟုမေးဏ်။စကြံဖြင့်မျှသည်ဟု ကြား၍ခမည်းတော်ဏ်ခြေဌ်သင်ရုံးဖြင့်ခွဲ၍ ဆားဆီတို့ဖြင့်လိမ်းကျံ၍ ရှားမီးကျီးတို့ဖြင့် ကင်လေကုန်ဟု ဆတ္တာသည်တို့ကိုစေ၍ ဆတ္တာသည်တို့သည်သွား၍ ထိုအကြောင်းကို မင်းအား ကြား၍ သင်တို့မင်းဏ် စိတ်အလိုကို ပြုကြကုန်လော့ဟု ဗိမ္ဗိသာရမင်းသည် ဆိုအပ်ကုန်သော် ဆတ္တာသည်တို့သည် ရှင်မင်းကြီး၊ ထိုင်တော်မူလော့။ ကျွန်ုပ်တို့သည် မင်းဏ်အာဏာကိုပြုကုန်အံ့။ကျွန်ုပ်တို့အား အမျက်ထွက်တော်မမူလင့်။ ရှင်မင်းကြီးတို့ကဲ့သို့ တရားစောင့်ကုန်သောမင်းတို့အား အမျက်ထွက်ခြင်းသည် မလျောက်ပတ်ဟု ဆိုဏ် အဇာတသတ်မင်းဆို

တိုင်း ပြုကြကုန်၏။ဗိမ္ဗိသာရမင်းသည်ရှေးဘဝ၌ နံ့သာပန်းအစရှိသည်
တို့ဖြင့် ပူဇော်ရာစေတီပြင်၌ ဘိနပ်စီး၍သွားဘူးသတတ်။ရဟန်းသံဃာ
တို့၏ ဇံနရာအကျိုးငှါ ခင်းအပ်သောဖျာသင်ဖျူးကိုမဆေးကုန်သော ခြေ
တို့ဖြင့် နင်းဘူးသတတ်။ဤယခုဆိုအပ်ပြီးသောမကောင်းကျိုးသည်ကား
ထိုရှေးဘဝ၌ပြုခဲ့သော အကုသိုလ်၏အကျိုးဆက်တည်းဟူ၍ဆိုကုန်၏။
ဗိမ္ဗိသာရမင်းသည် သည်းစွာသောဝေဒနာရှိ၏။ အဟောဗုဒ္ဓေါ၊အဟော
ဓမ္မော၊အဟောသံဃောဟုအောက်မေ့လျက်သာလျှင်စုတေ၍ စတုမဟာ
ရာဇ်နတ်ပြည်၌ အကြိမ်များစွာ ဖြစ်ဘူးသောကြောင့် ကြာမြင့်စွာ လေ့
ကျက်အပ်သော တပ်စွမ်းခြင်း၏ အစွမ်းအားဖြင့် ဝေဿဝဏ်နတ်မင်း
ကြီး၏ အလုပ်အကျွေးဇနဝသဘမည်သောနတ်သားဖြစ်၏။ထိုအဇာတ
သတ်မင်းသည် အဘကိုသတ်၍ နောက်၌အဘအား ချစ်ခြင်းဖြစ်ရကား
ငိုကြွေး၍ အဘန်တလဲလဲငိုကြွေး၍ ဗိမ္ဗိသာရမင်း၏အလောင်းကို ဘုတ်
ကြည်းသင်္ဂြိုဟ်၏။ထိုနောင်မှ ဒေဝဒတ်သည် အဇာတသတ်မင်းနှင့် တိုင်
ပင်၍ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်မြတ်စွာဘုရားအားသတ်အံ့သော
ငှါ လေးသမားဘို့ကိုစေသောအခါမှစ၍ သံဃာကို သင်းခွဲသည် တိုင်
အောင် မကောင်းမှုကိုပြု၍ မြေမျိုး၏။ထိုစကားကိုကြား၍ အဇာတသတ်
မင်းသည် အသို့နည်း။ငါ့ကိုလည်းမြေမျိုအံ့လောဟုထိတ်လန့်၍ပင် ချမ်း
သာကိုမရ။အိပ်သောအခါ၌သက်သာရာမရ။ညှဉ်းဆဲကြောင်းဖြစ်သော
ဝတ္ထုဖြင့် ထိုးအပ်သောပြိတ္တာကဲ့သို့ တုန်လှုပ်လျက် ထိုမှဤမှ ရွှေ၏။ထို
စကားမှန်၏။အဇာတသတ်မင်းသည် မိမိကိုယ်ကို မြေမျိုသကဲ့သို့လည်း
ကောင်း အဝီစိ မီးလျှံသည်ထွက်သကဲ့သို့လည်းကောင်း မြေ၌အိပ်စေ၍
သံတံကျင်တို့ဖြင့်ထိုးသကဲ့သို့လည်းကောင်းထင်မြင်၏။ထို့ကြောင့်ပုတ်
ခတ်အပ်သော ကြက်အားတည်ကြည်ခြင်းမရှိသကဲ့သို့တုန်လှုပ်သောအ
ဇာတသတ်မင်းအား တမုဟုတ်မျှတည်ကြည်ခြင်းသည် မဖြစ်လေ။ထိုအ
ဇာတသတ်မင်းသည် မြတ်စွာဘုရားကို ဖူး၍ ပုစ္ဆာကိုလည်းမေး၍ ကန်
တော့လိုသော်လည်း မိမိ၏ အပြစ်ကြီးသည်၏ အဖြစ်ကြောင့် မြတ်စွာ
ဘုရားသို့ ဆည်းကပ်အံ့သောငှါ မတတ်နိုင်။ ထိုအဇာတသတ်မင်းသည်
တခုသောလပြည့်နေ့၌ယခုဘုန်းတော်ကြီးသော ဘုရားရှင်သည်အဘယ်
မှာ သီတင်းသုံးတော်မူ သနည်းဟု အဘယမင်း သားသည် မွေးမြူအပ်
သော ဇီဝကကိုမေး၍ ကျွန်ုပ်တို့၏ သရက်ဥယျာဉ်၌သီတင်း သုံးတော်

မူ၏ဟု ဇီဝကဆိုဏ်။(ရှေးဌ်ဇီဝကသည် ထိုသရက်ဥယျာဉ်၌ ညဉ့်နေရာ နေ့နေရာလိုဏ် ကုဋီမဏ္ဍပ်အစရှိသည်တို့ကို ပြည့်စုံစေ၍ မြတ်စွာဘုရား ဂန္ဓကုဋီ ကိုလည်း ဆောက်လုပ်စေ၍ မိမိအား ဗိမ္ဗိသာရ မင်းသည် ပေးအပ်သော ထိုသရက်ဥယျာဉ်ကို ကျောင်းပြု၍ လှူသတတ်။ ထိုကို ရည်၍ ကျွန်ုပ်တို့၏သရက်ဥယျာဉ်၌ သိတင်းသုံးနေတော်မူ၏ ဟူသော စကားကိုဇီဝကသည်ဆိုဏ်)။ထိုအခါအဇာတသတ်မင်းသည်ထိုလပြည့် နေ့ညဉ့်အတို့လျှင် ဇီဝကကို ခရီးညွှန်ပြု၍ ဇီဝက၏ သရက်ဥယျာဉ်သို့ သွား၍ မြတ်စွာဘုရားကိုရှိခိုး၍ ရဟန်းသံဃာ အားလည်းလက်အုပ် ချီ၍ တင့်အပ်သော အရပ်၌ နေလျက် သာမညဖလသုတ်၌ ဆိုအပ်သော နည်းဖြင့်လျှင် ပြဿနာမေး၏။

ထိုအခါ မြတ်စွာဘုရားသည် အဇာတသတ်မင်းကား အဘကိုသတ် သောကာလမှစ၍နေ့ညဉ့်ပတ်လုံးအိပ်ပျော်ခြင်းကိုမရသလျှင်ကတည်း။ ထိုစကားသည်မှန်၏။အဇာတသတ်မင်းသည် အိပ်အံ့ဟု မျက်စိကိုမှိတ် အပ်ကုန်သည်ရှိသော်လျှင် လှံတရာဖြင့်ထိုးဘိသကဲ့သို့ ဝိုကြွေးလျက်သာ လျှင်နိုး၏။ယခုကား ဤမင်းသည်ငါသို့ဆည်းကပ်၍ တရားတော်ကိုနာရ သောကာလမှစ၍ အိပ်ပျော်ခြင်းသို့ရောက်ရလတ္တံ့။ ရတနာသုံးပါးအား လည်း ပူဇော်သက္ကာကို ပြုလတ္တံ့။ ဤအဇာတသတ် မင်းနှင့် တူသော ပုထုဇွန်တို့၌ဖြစ်သော သဒ္ဓါဘရားနှင့်ပြည့်စုံသော သူသည်ကား မဖြစ် လတ္တံ့။ဒေသနာတော်၏အဆုံး၌ သုံးပါးကုန်သော သရဏဂုံတို့၌ တည် လတ္တံ့။ငါဘုရားသာသနာတော်သည်မြတ်ရကား ဤအဇာတသတ်မင်း သည် အကြိုင်ကြောင့် သရဏဂုံတည်၏။ ထိုကြောင့်ဥပမာကား တစုံတ ယောက်သောသူသည် လူကိုသတ်၍ ပန်းတဆုပ်မျှသော အလျော်ဒဏ် ဖြင့် လွတ်လေရာသကဲ့သို့ ထိုအဘူသာလျှင် ဤမင်းသည်လောဘကုန္တီ ငရဲ၌ဖြစ်၍အောက်သို့ကျလျက် အနှစ်သုံးသောင်းတို့ဖြင့်ငရဲအိုးအောက် အပြင်သို့ ရောက်၍ တဘန်အထက်သို့ တက်လျှင် အနှစ် သုံးသောင်းတို့ ဖြင့် ငရဲအိုးမျက်နှာဝသို့ရောက်၍ လွတ်လတ္တံ့။နောင်အခါ၌လည်း ဝိဇိ ကာဝီမည်သော ပစ္စေကဗုဒ္ဓါဖြစ်၍ ပရိနိဗ္ဗာန်ပြုရလတ္တံ့။ဤသို့ ထိုအဇာ တသတ်မင်းသည် တရားနာ၍ရလတ္တံ့သော များစွာသော အာနိသင်ကို သိတော်မူ၍ထိုအဇာတသတ်မင်း၏ပြဿနာကိုဖြေတော်မူသော မြတ်စွာ ဘုရားသည် သိလက္ခန္ဓဝဂ်၌ သာမညဖလ သုတ်ကို ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံးဌဲ့ အစာတသတ် မင်းသည် ဖြတ်ပြီးသောမင်္ဂ၏ ဥပနိဿယ ရှိသည်၏ အဖြစ်ကြောင့် သောတာပတ္တိဖိုလ်မှ ယုတ်၍ ကိုယ်ကိုဆောင်နှင်းသဖြင့် သရဏဂုံတည်၏။ ထိုစကားမှန်၏။ အစာတသတ်မင်းသည် အကယ်၍အဘကို မသတ်သည်ဖြစ်ငြားအံ့။ထိုတရားတော်ကို နာသောနေ့ဌဲ့ပင်လျှင် သောတာပန်ဖြစ်လေရာ၏။ ယုတ်မာသော အဆွေခင်ပွန်းနှင့် ပေါင်းဘော်ခြင်းကြောင့်ကား အစာတသတ် မင်းအား မင်္ဂတရားဖျိ အန္တရာယ်သည် ဖြစ်လေသတည်း။ ဤသို့အစာတသတ်မင်းသည် သရဏဂုံဌဲ့ကာည်၏။ မြတ်စွာဘုရားအထံကော်ဌဲ့ ဓိဝိသည်ပြုံအပ်သောအငြစ်ကိုပြ၍မြတ်စွာဘုရားကိုကန်တော့၍နေရာမှထ၍ သုံးကြိမ်လက်ျာရစ်လှည့်၍ ဦးခေါင်းဌဲ့လက်အုပ်ကိုတင်၍ မြင်ကောင်းသော ခရီးတိုင်အောင်မြတ်စွာဘုရားသို့ျက်နှာမူလျက်သာလျှင် နောက်ဆုတ်ခဲလေ၍ မြင်ခြင်းကို စွန့်သော အရပ်ဌဲ့ မြေဝယ် ငါးပါးသောတည်ခြင်းဖြင့် ရှိခိုးခဲ့လေ၏။

၁၂-မင်္ဂကောင်းသဖြင့် ခွဲလမ်းသော ဒီဃာဝိတာ၏ အစ်ကိုဝဋ္ဌဆု

သုတ္တနိပါတ် အဋ္ဌကထာ ဤမင်္ဂလသုတ်

လွန်လေပြီးသော အခါဌဲ့ ဒီဃာဝိတာ အစ်ကိုသည်လည်း ဓိမိသည် မင်္ဂကောင်းသဖြင့် စွဲလမ်းသော အယူကြောင့် ဘုရားလေးဆူ တို့၏ အကြားပတ်လုံး ယူဇနာခြောက်ဆယ် အတိုင်းအဝန်းရှိသော ကိုယ်ဖြင့် ပက်လက် ပြုံအိုးဖြစ်၍ ငဲ့ကြီးဌဲ့ခံရ၏။ ထိုသူတို့၏ အယူကို နှစ်သက်ကုန်သော ငါးရာကုန်သော အမျိုးတို့သည် ထိုသူ၏ သားလျှင် အပေါင်းအဘော်ဖြစ်ကုန်၍ ဤငဲ့ကြီးဌဲ့ ခံရလေကုန်၏။

၁၃-ဆဿဌဃာရကိဋ္ဌိဂဋ္ဌ၊

ပုရာဏကဿပအစရှိကုန်သော ဆဿဌာရတို့ သည်လည်း ဓိမိတို့သည် မင်္ဂကောင်းသဖြင့် စွဲလမ်းအပ်သော အယူဖြင့်။ ငါတို့သည် အတုမရှိသော သဗ္ဗညုတဉာဏ်ကို သိကုန်ပြီဟု ဝန်ခံကုန်၍ ဓိမိတို့ကိုယ်ကို ဖျက်ဆီးကုန်၏။ ထိုဆဿဌာရတို့၏ အယူကို နှစ်သက် ကုန်သော

များစွာကုန်သော သူမိုက်တို့သည်လည်း ပျက်စီးခြင်းသို့ ရောက်ကုန်၏။ ထိုစကား မှန်၏။ ထိုအလုံးစုံကုန်သော သူအပေါင်းတို့ သည်လည်း ဒုဂ္ဂတိသို့ လားရကုန်သည်သာလျှင် ဖြစ်ကုန်၏။ ။ ဆသတ္ထာရဝ'ဏ္ဏု ။

၁၄–ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးခြင်း နတ်ပြည်၌ ဖြစ်ရသော ရှစ်သောင်းသော အမျိုးသားတို့ဝတ္ထု

ဤသို့ သူမိုက်တို့သည် မိမိ၏ မကောင်းသော အယူဖြင့် မိမိကိုယ်ကို လည်းကောင်း မိမိ၏စကားကို လိုက်နာသော သူတို့ကို လည်းကောင်း ဖျက်ဆီးတတ်ကုန်၏။ ပညာရှိတို့သည်ကား မိမိ၏ ကောင်းသော အယူဖြင့် မိမိကိုယ်ကို လည်းကောင်း မိမိစကားကို လိုက်နာကုန်သော သူတို့ကိုလည်းကောင်း မဖျက်ဆီးကုန်၊ ပွါးစီးခြင်းသို့ ရောက်စေကုန်၏၊ အဘယ်သူတို့ကဲ့သို့နည်းဟူမူကား။ဘုရားအစရှိကုန်သော ပညာရှိတို့ကဲ့သို့ကည်း။ ။ထိုစကားကိုချဲဦးအံ့။သဗ္ဗညူ ဘုရားရှင်သည် ကိုယ်တော်၏ ကောင်းသော အယူဖြင့် အလုံးစုံသောကျေးဇူးတို့ဖြင့် တန်းဆာဆင်အပ်သော သဗ္ဗညုတညာဏ်သို့ရောက်တော်မူ၏။ ထိုအတူအရှင်သာရိပုတ္တရာ အစရှိကုန်သော ပညာရှိတို့သည်လည်း မိမိ၏ ကောင်းသော အယူဖြင့် သာဝကပါရမီညာဏ် အစရှိသော ကျေးဇူးအပေါင်းသို့ ရောက်ကုန်၏။ သဗ္ဗညူ ဘုရားရှင်ကို စွဲ၍ကား အတိုင်း အရှည် မရှိကုန်သော နတ်သူတို့သည် အာသဝေါကုန်ခြင်းသို့လည်း ရောက်ကုန်၏။ ဖြဟ္ဒာ့ပြည်နတ်ပြည်သို့လည်း လားရကုန်၏။ အရှင်သာရိပုတ္တရာ မထေရ်၌ စိတ်ကိုကြည်ညိုစေ၍ လေးပါးသော ပစ္စည်းဖြင့် အရှင်သာရိပုတ္တရာ မထေရ်ကို လုပ်ကျွေး၍ ရှစ်သောင်းသောအမျိုးသားတို့သည်နတ်ပြည်၌ဖြစ်ကုန်၏။ ထိုအတူ အရှင်မဟာမောဂ္ဂလာန် အရှင်မဟာ ကဿပ အစရှိကုန်သော ခပ်သိမ်းကုန်သော မဟာသာဝကတို့၌စိတ်ကိုကြည်ညိုစေ၍ပစ္စည်းလေးပါးဖြင့် လုပ်ကျွေး၍ ရှစ်သောင်းကုန်သော အမျိုးတို့သည် နတ်ပြည်၌ ဖြစ်ကုန်၏။

၁၅--ဘုရားလောင်း သုနေတ္တာဇာတ်

လွန်လေပြီးသောအခါ ဘုရားလောင်းသည်သုဂတိဘဝသို့သက်ဝင်ရာဆိပ်ကို ပြုကတ်သော ဝိကွမ္ဘာနဂေါဟာန်၏ အစွမ်းအားဖြင့် ကာမတ္ထဠှကင်းသောရာဂရှိသေးသူနေတ္တာမည်သောကိုးကား ဆရာဖြစ်ဘူး၏။အကြင်ဘုရားလောင်း ဇာတ်တော်ကိုရည်၍ သတ္တုနိပါတ်အဂိုတ္တိရ၌ သင်္ဂီညူဖြတ်စွာဘုရားသည် ဘိက္ခဝေ၊ရဟန်းတို့။ အထခေါ့ ထိုအခါ၌။ သုနေတ္တော၊သုနေတ္တာမည်သော။ သတ္ထာ၊ဆရာသည်။ သတ္တဝဿာနိ၊ခုနစ်နှစ်တို့ပတ်လုံး။ မေတ္တာဝိတ္တံ၊ မေတ္တာစိတ်ကို။ဘာဝေတိ၊ပွါးစေ၏။သတ္တဝဿာနိ၊ခုနစ်နှစ်တို့ပတ်လုံး။ မေတ္တာဝိတ္တံ၊မေတ္တာစိတ်ကို။ ဘာဝေတွာ၊ပွါးစေ၍။ သတ္တသံဝဋ္ဋ ဝိဝဋ္ဋကပ္ပေ၊ သံဝဋ္ဋဝိဝဋ္ဋ ဖြစ်ကုန်သော ခုနစ်ကမ္ပာတို့ပတ်လုံး။ သုနေတ္တော၊ သုနေတ္တဆရာသည်။ ဣမံလောကံ၊ ဤကာမဘုံသို့။ ပုန၊တဘန်။နအာဂမိ၊မလာ။ဘိက္ခဝေ၊ရဟန်းတို့။လောကေ၊လောကသည်။ ဝဋ္ဋမာနေ၊ ကမ္ပာမီးလောင်သည်ရှိသော်။ သုနေတ္တော၊သုနေတ္တဆရာသည်။ အာဘဿရူပဂေါ၊အာဘာသရာဘုံသို့လားသည်။ ဟောတိ၊ ဖြစ်၏။လောကေ၊ လောကသည်။ ဝိဝဋ္ဋမာနေ၊ ဖြစ်သည်ရှိသော်။သုနေတ္တော၊သုနေတ္တဆရာသည်။ယုညံ၊ဗြဟ္မာဆိတ်သော။ဗြဟ္မဝိမာနံ၊ပထမစျာန်ဘုံဗြဟ္မာဗိမာန်၌။ဥပပဇ္ဇတိ၊ပဋိသန္ဓေအားဖြင့်ဖြစ်၏။ ။ ဤသို့ပေါဘေတော်မူ၏။

ထိုအခါဘုရားလောင်းသည် ရှစ်ပါးသောသမာပတ်ကို ရငြားသော်လည်း သတ္တဝါတို့၏အစီးအပွါးကိုလည်းကောင်း ကိုယ်တော်၏ ပါရမီပြည့်ခြင်းကိုလည်းကောင်း ကြည့်တော်မူ၏။ထိုနှစ်ပါးကုန်သောဘုံတို့၌ သာလျှင် နိကန္တိကိုဖြစ်စေ၍ မေတ္တာဗြဟ္မဝိဟာရ၏ အစွမ်းအားဖြင့် အာဘဿရဘုံ၌ ဘန်ဘန် ကျင်လည်သတတ်။သုနေတ္တာဆရာအားကား အရာမကမျှားစွာကုန်သော တပည့်တို့သည် ရှိကုန်၏။ ခပ်သိမ်းသော ထိုတပည့်တို့သည် သုနေတ္တာဆရာ၏ တရားကိုနာရလျှင် သုနေတ္တာဆရာ၏ အဆုံးအမ၌ တည်ကုန်၍ သုဂ ဘိသို့လားရကုန်၏။ ။ချဲ့၍ဆိုဦးအံ့။ သုနေတ္တာဆရာ၏ကပည့်အပေါင်းတို့တွင် အသျှိကုန်သော တပည့်တို့သည် ခတ္တိယ မဟာသာလ ဗြာဟ္မဏ မဟာသာလ၊ ဂဟပတိမဟာသာလ အဖြစ်သို့ ရောက်ကုန်၏။ ။ သုနေတ္တာဝတ္ထု ။

၁၆-သမုဒ္ဒဝါဏိဇ္ဇ ဝဏ္ဏု

ဒေဝ တာသံယုတ်အဋ္ဌကထာ

လွန်လေပြီးသောအခါ ခုနစ်ရာကုန်သောကုန်သည်တို့သည် သင်္ဘောဖြင့် သမုဒ္ဒရာသို့သွားကုန်၏။ခုနစ်ရက်မြောက်သောနေ့၌ သင်္ဘောသည် သမုဒ္ဒရာအလယ်၌ကွဲ၏။ ရေသည်ဝင်တက်၏။ ကုန်သည်တို့သည် မိမိတို့၏ နတ်တို့၏ အမည်တို့ကိုယူ၍ တောင်းပန်ခြင်းအစရှိသည် တို့ကိုပြုကုန်၏။ကြောက်ခြင်းသို့ရောက်ကြကုန်၏။ထိုကုန်သည်တို့၏အလယ်၌ တယောက်သောယောက်ျားသည် သင်္ဘောသို့တက်အံ့သောနေ့၌ ရဟန်းသံဃာအား မိမိသည်လှူအပ်သောအလှူဆောက်တည်အပ်သောသရဏဂုံသိလကို ဆင်ခြင်လျက် မကြောက်သည်ဖြစ်၍ နေ၏။တပါးကုန်သောကုန်သည်တို့သည် ထိုမကြောက်သော ကုန်သည်ကို မြင်၍ မကြောက်သော အကြောင်းကို မေးကုန်၏။ ထိုမကြောက်သော ကုန်သည်သည် မကြောက်သောအကြောင်းကိုမေးကုန်သောကုန်သည်တို့အားကြား၏။ အရှင်-သိလကို သူတပါးတို့အားလည်း ပေးအပ်၏လောဟု မေးကုန်၏။ ပေးအပ်၏ဟု ဆို၏။ ထိုသို့ဆိုအပ်ပြီးတကား ငါတို့အားလည်း ပေးပါလော့ဟုဆိုကုန်၏။ ထိုသိတင်းသည်သည် ခုနစ်ရာကုန်သော သင်္ဘောသားတို့ကို တရာတရာစီ ခုနစ်စုပြု၍ပဉ္စသိကိုပေး၏။ ခုနစ်ရာ ကုန်သော သင်္ဘောသားတို့တွင် ရှေးဦးစွာ တရာသော သင်္ဘောသား တို့သည် ဘမျက် အတိုင်းအရှည်ရှိသောရေ၌တည်လျက် ပဉ္စသိကိုယူ၏။နှစ်ကြိမ်မြောက်သောတရာသောသင်္ဘောသားတို့သည်ဒူးဆစ်မျှသောရေ၌တည်လျက် သုံးကြိမ်မြောက်ဖြစ်သော တရာသောသင်္ဘောသားတို့သည် ခါးအတိုင်းအရှည်ရှိသောရေ၌တည်လျက်လေးကြိမ်မြောက်ဖြစ်သောတရာသောသင်္ဘောသားတို့သည်ချက်အတိုင်းအရှည်ရှိသောရေ၌တည်လျက် ငါးကြိမ်မြောက်ဖြစ်သောတရာသော သင်္ဘောသားတို့သည်ရင်အတိုင်းအရှည် ရှိသောရေ၌ တည်လျက် ခြောက်ကြိမ်မြောက် ဖြစ်သော တရာသော သင်္ဘောသားတို့သည် လည်အတိုင်း အရှည်ရှိသော ရေ၌တည်လျက် ပဉ္စသိကိုယူ၏။ ခုနစ်ကြိမ်မြောက် ဖြစ်သောတရာသောသင်္ဘောသားတို့သည် ခံထွင်းသို့ဆားငန်ရေဝင်လျက် ပဉ္စသိကိုယူ၏။ထိုသိတင်းသည်သည်ခုနစ်ရာကုန်သောသင်္ဘောသားတို့အားသိလကိုပေးပြီး၍ သင်

ကျိုအားတပါးသောကိုးကွယ်ရာသည်မရှိ။သိလကိုသာလျှင်ဆင်ခြင်ကုန်လော့ဟုကြွေးကြော်၍ စုတေလေသော် တာဝတိံသာနတ်ပြည်၌ဖြစ်၏။ ထိုခုနစ်ရာကုန်သော သဘော်သားတို့သည်လည်း သေခါနီး၌ ယူအပ်သောသိလကိုအခိုပြု၍ တာဝတိံသာနတ်ပြည်၌ဖြစ်လေကုန်၏။ထိုအလုံးစုံကုန်သော နတ်သားတို့ကို သူတော်ကောင်းတို့၏တရားကို ဆောက်တည်သည်၏အစွမ်းအားဖြင့် ကိုယ်ကိုဘော်၍နတ်ပြည်၌ဖြစ်ခြင်းကြောင့် သတုလ္လပကာရီနတ်သားမည်ကုန်၏ဟူ၍ ဆိုအပ်ကုန်၏။ ထိုတာဝတိံသာနတ်ပြည်၌ ခပ်သိမ်းကုန်သော ဗိမာန်ခုနစ်ရာတို့၏အလယ်၌ ဆရာနတ်သား၏ ရွှေဗိမာန်သည်ယူဇနာတရာအတိုင်းအရှည်ရှိ၏။ထိုဗိမာန်ကို ခြံရံ၍ ကပည့်နတ်သားတို့၏ ဗိမာန်တို့သည် ဖြစ်ကုန်၏။ထိုအခြံအရံ ဖြစ်ကုန်သောဗိမာန်တို့တွင်ငယ်စွအဆုံးဗိမာန်သည်တဆဲ့နှစ်ယူဇနာရှိ၏။ထိုသို့ထိုနတ်တို့၏ဗိမာန်တို့သည် အပေါင်းအစု၏ အစွမ်းအားဖြင့်လျှင် ဖြစ်ကုန်၏။ ထိုနတ်သားတို့သည်ဖြစ်သောခဏ၌လျှင်ကုသိုလ်ကံကိုဆင်ခြင်လတ်သော်၊ဆရာကိုခိုး၍ နတ်စည်းစိမ်ကိုရသောအဖြစ်ကိုမြတ်စွာဘုရားအထံတော်၌ ဆရာကျေးဇူးကို ချီးမွမ်းလိုကုန်၍ မဇ္ဈိမယံ၏ အခြားမဲ့၌ ဇေတဝန် ကျောင်းတော်သို့ လာ၍ မြတ်စွာဘုရားကိုရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ရပ်ကုန်၏။ ထိုနတ်သားတို့တွင် ခြောက်ယောက်ကုန်သော နတ်သားတို့သည် ခြောက်ဂါထာကို ဆိုကုန်၏။ ထိုခြောက်ယောက်သောနတ်သားတို့တွင်တယောက်သောနတ်သားသည်-

သဇ္ဘိရေဝ သမာသေထ၊ သဇ္ဘိ ကုဒ္ဒေထ သန္ဓဝံ။
သတံ သဒ္ဓမ္မ မညာယ၊သေယျော ဟောတိ နပါပိယော။

ဟူသော ဂါထာကိုဆိုဏ်။

သဇ္ဘိရေဝ၊ပညာရှိသူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဘော်ကုန်ရာ၏။သဇ္ဘိ၊သူတော်ကောင်းတို့နှင့်သာလျှင်။သန္ဓဝံ၊အဆွေခင်ပွန်းအဖြစ်ဖြင့်ပေါင်းဘော်ခြင်းကို။ကုဒ္ဒေထ၊ပြုကုန်ရာ၏။ သတံ၊ ဘုရားအစရှိသော သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ ငါးပါးသောသိလ-ဆယ်ပါးသောသိလ- လေးပါးသော သတိပဋ္ဌာန် အစရှိသောအားဖြင့် ပြားသော ချီးမွမ်းအပ်သောတရားကို။ အညာယ၊ သိ၍။ သေယျော၊ မြတ်သည်။ဟောတိ၊ဖြစ်၏။ပါပိယော၊ယုတ်မာသည်။နဟောတိ၊မဖြစ်။

ဇူဆာသယ ၁၅၅-၅

တယောက်သောနတ်သားသည်-

သဘ္ဘိရေဝ သမာသေထ၊သဘ္ဘိ ကုဗ္ဗေထ သန္ဓဝံ။
သတံ သဒ္ဓမ္မ မညာယ၊ပညံ လဘတိ နာညတော။

ဟူသောဂါထာကိုဆိုဏ်။

သဘ္ဘိရေဝ၊ ပညာရှိသူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဘော်ကုန်ရာဏ်။သဘ္ဘိ၊သူတော်ကောင်းတို့နှင့်သာလျှင်။သန္ဓဝံ၊အဆွေခင်ပွန်းအဖြစ်ဖြင့်သာလျှင် ပေါင်းဘော်ခြင်းကို။ ကုဗ္ဗေထ၊ပြုကုန်ရာဏ်။သတံ၊ဘုရားအစရှိသော သူတော်ကောင်းတို့ဏ်။ သဒ္ဓမ္မံ၊ချီးမွမ်းအပ်သောတရားကို။အညာယ၊သိ၍။ပညံ၊ပညာကို။လဘတိ၊ရဏ်။ဝါလိကာဒီဟိ၊ သဲအစရှိသည်တို့မှ။ တေလာဒီနိ၊ ဆီအစရှိသည်တို့ကို။နလဘတိ ဝိယ၊မရသကဲ့သို့။အညတော၊သူမိုက်မှ။ပညံ၊ပညာကို။နလဘတိ၊မရ။

တယောက်သောနတ်သားသည်-

သဘ္ဘိရေဝ သမာသေထ၊သဘ္ဘိ ကုဗ္ဗေထ သန္ဓဝံ။
သတံ သဒ္ဓမ္မ မညာယ၊သောက မဇ္ဇေ နသောစတိ။

ဟူသောဂါထာကိုဆိုဏ်။

သဘ္ဘိရေဝ၊ ပညာရှိသူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဘော်ကုန်ရာဏ်၊သဘ္ဘိ၊သူတော်ကောင်းတို့နှင့်သာလျှင်။သန္ဓဝံ၊အဆွေခင်ပွန်းအဖြစ်ဖြင့်ပေါင်းဘော်ခြင်းကို။ကုဗ္ဗေထ၊ပြုကုန်ရာဏ်။သတံ၊သူတော်ကောင်းတို့ဏ်။ သဒ္ဓမ္မံ၊ချီးမွမ်းအပ်သောတရားကို။အညာယ၊သိ၍။သောကမဇ္ဇေ၊ ဝိုးရိမ်တတ်ကုန်သောသတ္တဝါတို့ဏ်အလယ်၌။ ဗန္ဓုလသေနာပတိဿ၊ဗန္ဓုလစစ်သူကြီးဏ်။မလ္လိကာ၊မလ္လိကာမည်သော။ ဥပါသိကာဝိယစ၊ သီတင်းသည်မကဲ့သို့လည်းကောင်း။ ပဥ္စန်စောရသတာနံ၊ ငါးရာကုန်သောခိုးသူတို့ဏ်။ မဇ္ဇေ၊ အလယ်၌။ သံကိစ္စသာမဏေရော ဝိယ၊ သံကိစ္စသာမဏေကဲ့သို့လည်းကောင်း။ နသောစတိ၊မဝိုးရိမ်။

၁၇-မလ္လိကာ ဝတ္ထု

ကုသိနာရုံပြည် ဗန္ဓုလမည်သောမာလ္လာမင်းဏ်သားသည် ပသေနဒီမင်းနှင့်အတူ တယောက်သောဆရာအိမ်၌အတတ်သင်ဘူးသတတ်။ ထို

ဗန္ဓုလစစ်သူကြီးသည် မလ္လိကာမည်သော မိဖုယားကိုယူ၍ ကုသိနာရုံပြည်မှ သာဝတ္ထိပြည်သို့သွား၍ ပဿေနဒိမင်း၏စစ်သူကြီးဖြစ်၏။ မလ္လိကာသည် ဗန္ဓုလစစ်သူကြီးကိုစွဲ၍တဆဲ့ခြောက်ကြိမ်အစုံဖြစ်ကုန်သောသားတို့ကိုဘွား၏။အလုံးစုံကုန်သောသားတို့သည်လည်း ရဲရင့်ကုန်၏။ အားအစွမ်းနှင့်ပြည့်စုံကုန်၏။ အတတ်နှင့်ပြည့်စုံခြင်း၏အဖြီးသို့ ရောက်ကုန်၏။ထိုသားတို့တွင် တယောက်သောသားသည် ယောကျ်ား တထောင်တထောင်အခြံအရံရှိ၏။တနေ့သ၌ အကောက်အကျစ် စီရင်ခြင်းကြောင့်တရားရှုံးကုန်သောလူတို့သည်လာလတ်ကုန်သော်ဗန္ဓုလစစ်သူကြီးကိုမြင်၍ တရားစီရင်ကုန်သော အမတ်တို့၏ ကောက်ကျစ်သဖြင့် တရားစီရင်ကုန်သောအဖြစ်ကိုဗန္ဓုလစစ်သူကြီးအားကြားကုန်၏။ ဗန္ဓုလစစ်သူကြီးသည် တရားစီရင်ရာအရပ်သို့သွား၍ ထိုတရားကို ဆင်ခြင်၍ အရှင်မဟုတ်သောသူကိုသာလျှင် အရှင်ပြုံ၏ဟု ဆိုဏ်။ လူများသည် ကောင်းချီးပေး၏။ထိုကောင်းချီးပေးသံကိုကြား၍မင်းသည်မေး၏။ထိုအကြောင်းကိုသိ၍ တရားစီရင်ကုန်သော အမတ်တို့ကို အရာမှ ပယ်နှုတ်၍ ဗန္ဓုလစစ်သူကြီးအားသာလျှင်တရားစီရင်သော အရာကိုပေး၏။ဗန္ဓုလစစ်သူကြီးသည်ထိုနေ့မှစ၍ ကောင်းစွာစီရင်၏။ထိုအခါမှ ရှေးဖြစ်ကုန်သော တရားစီရင်ကုန်သော အမတ်တို့သည် တံဝိုးမရကုန်ရကား နည်းသောလာဘ်ရှိကုန်သည်ဖြစ်၍။ဗန္ဓုလသည်မင်း၏အဖြစ်ကိုတောင့်တ၏ဟုမင်း၏ချစ်ခြင်းကိုဖျက်ဆီးကုန်၏။ မင်းသည်ထိုအမတ်တို့၏စကားကိုယူ၍စေအပ်ကုန်သောသူတို့ကို ပစ္စန္တရာဇ်ကို ဖျက်ဆီးစေ၍ ပစ္စန္တရာဇ်ကို ခိုးသူဖျက်ဆီးသတတ်။ သင်၏သားတို့နှင့် တကွသွား၍ ခိုးသူတို့ကို ဘမ်းချေဟု ဗန္ဓုလကိုစေ၍ ထိုပစ္စန္တရာဇ် အရပ်၌လျှင် သုံးကျိပ်နှစ်ယောက်သော သားတို့နှင့်တကွ ဗန္ဓုလ၏ ဦးခေါင်းကိုဖြတ်လေကုန်ဟု တပါးသောစွမ်းနိုင်ကုန်သော သူရဲတို့ကိုစေ၍ ထိုသူရဲတို့သည် စေတိုင်းပြုကုန်၏။ ထိုနေ့၌မလ္လိကာသည် ငါးရာသော ရဟန်းနှင့်တကွ အဂ္ဂသာပက နှစ်ပါးတို့ကို ဆွမ်းဘိတ်၏။ ထိုအခါ မလ္လိကာအား နံနက်အခါ၌သားတို့နှင့်တကွ သင့်လင်၏ ဦးခေါင်းကိုဖြတ်ကုန်၏ဟု မှာစာပေးကုန်၏။ မလ္လိကာသည် ထိုအကြောင်းကိုသိ၍ တစုံတယောက်သော သူအားတစုံတခုသောစကားကိုမပြောဆိုမူ၍ မှာစာကိုခါးပိုက်၌ပိုက်၍ ရဟန်းသံဃာကို သာလျှင် ဆွမ်းလုပ်ကျွေး၏။ ထိုအခါ မလ္လိကာ၏ အလုပ်အ

ကျွေးတို့သည် ထောပတ်အိုးကိုဆောင်ကုန်လတ်သော် မထေရ်၏ရှေ့မှာ ထောပတ်အိုးသည်ကွဲ၏။အရှင်သာရိပုတ္တရာမထေရ်သည်ပျက်စီးတတ်သောသဘောရှိသော ဝတ္ထုသည် ပျက်စီးသည်ကို မကြီအပ်ဟုံ အမိန့်တော်ရှိ၍။ မလ္လိကာသည်ခါးပိုက်မှ မှာစာကိုထုတ်၍ အရှင်ဘုရား၊ အကျွန်ုပ်သည်လင်သားတို့၏ ဦးခေါင်းကိုဖြတ်သော ၏သတင်းစကားကိုကြား၍လည်းမကြီပါသေး။ ထောပတ်အိုးကွဲခြင်းကြောင့်ကား အဘယ်မှာ ကြီအုံ့နည်းဟုလျှောက်၏။ အရှင်သာရိပုတ္တရာ မထေရ်သည် တရားဟော၍ကျောင်းသို့ ကြွတော်မူ၏။ မလ္လိကာသည် သုံးကျိပ် နှစ်ယောက်သောခွေးမတို့တို့ခေါ် ၍။ အပြစ်သင့်ကုန်သော သင်တို့၏လင်တို့သည် မိမိတို့၏ ရှေးကံအကျိုးကို ရလေကုန်ပြီ။ မစိုးရိမ်ကုန်လင့် မင်းအား အမျက် မထွက်ကြကုန်လင့်ဟု ဆုံးမ၍ စိုးရိမ်ခြင်းသို့ ရောက်ကုန်သော ထိုခွေးမတို့၏ အလယ်၌ မစိုးရိမ်သတည်း။ [မလ္လိကာ ဝတ္ထု]။

၁၈—သံကိစ္စ သာမဏေဝတ္ထု

မမ္မပဒအဋ္ဌကထာ သဟဿဝဂ်

သံကိစ္စသည်လည်းသာဝတ္ထိပြည်၌ဗြာဟ္မဏမဟာသာလ သားဖြစ်၍ ခုနစ်နှစ်ရှိသောကာလ၌အရှင်သာရိပုတ္တရာအထံတော်၌ ရဟန်းပြု၍ ဆံရိတ်သောအဆုံး၌ပဋိသမ္ဘိဒါတို့နှင့်တကွအရဟတ္တဖိုလ်သို့ရောက်၏။ ထိုအရှင်သံကိစ္စသည် သာမဏေ ဖြစ်စဉ် ကာလ၌ သုံးကျိပ် ကုန်သော ရဟန်းတို့နှင့်တကွ တော၌ နေသည်ရှိသော် ငါးရာကုန်သော ခိုးသူကို့သည်၏သာမဏေကိုသတ်၍ နတ်အားပူဇော်သောအမှုကို ပြုကုန်အုံ့ဟု ယူ၍တင့်အပ်သောအရပ်၌ထားအပ်သည်ရှိသော် ထိုအရပ်၌လျှင်ဈာန်ဝင်စား၍နေ၏။ ခိုးသူကြီးသည်မီးညှိခြင်း အစရှိသောကိစ္စကိုပြု၍ သန်လျှက်ဖြင့်သံကိစ္စသာမဏေ၏ လည်ဂုတ်ကိုခုတ်၏သန်လျှက်သည် ညွှတ်၍အသွားချင်းထိ၏။ထိုခိုးသူသည်တဘန်သန်လျှက်ကိုဖြောင့်၍ ခုတ်ပြန်၏။သန်လျှက်သည် ထန်းရွက်ကဲ့သို့ခွေလိပ်၍သစ်ပင်မြစ်ရင်းသို့ ရောက်၏။ခပ်သိမ်းကုန်သောထိုခိုးသူတို့သည် ထိုအုံ့ဘွယ်သရဲကိုမြင်၍သံကိစ္စသာမဏေ၏ တရားကိုနာ၍ ကြည်ညိုကုန်ရကား သံကိစ္စ သာမဏေ၏ အထံ၌ ရဟန်းပြု၍။ သံကိစ္စ သာမဏေနှင့် အတူ တကွ ဇေတဝန်

ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားဟရားတော်ကို နာရ၍။ ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

တယောက်သော နတ်သားသည်-

သဉ္ဘိရေဝ သမာသေထ၊ သဉ္ဘိ ကုဗ္ဗေထ သန္ဓဝံ။
သတံ သဒ္ဓမ္မ မညာယ၊ ဉာတိ မဇ္ဈေ ဝိရောစတိ။

ဟူသော ဂါထာကိုဆို၏။

သဉ္ဘိရေဝ၊ ပညာရှိသူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဘော် ကုန်ရာ၏။ သဉ္ဘိ၊ သူတော်ကောင်းတို့နှင့်။ သန္ဓဝံ၊ အဆွေခင်ပွန်းအဖြစ်ဖြင့်ပေါင်းဘော်ခြင်းကို။ကုဗ္ဗေထ၊ ပြုကုန်ရာ၏။သတံ၊ သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ ချီးမွမ်းအပ်သောတရားကို။အညာယ၊သိ၍။ အဓိမုတ္တက သာမဏေရောဝိယ။ အဓိမုတ္တက သာမဏေကဲ့သို့။ ဉာတိမဇ္ဈေ၊ ဆွေမျိုးတို့၏အလယ်၌။ ဝိရောစတိ၊ တင့်တယ်၏။

အဓိမုတ္တကသာမဏေသည် သံကိစ္စမထေရ်၏ တူဖြစ်သတတ်။ သံကိစ္စမထေရ်သည် သာမဏေ၊ သင်သွားချေ။နှစ်တို့ကိုမေး၍ လာလော့။ သင့်ကိုပဥ္စင်းခံအံ့ဟုစေအပ်သောထိုအဓိမုတ္တကသာမဏေသည် သပိတ်သက်နှင်းကိုယူ၍ နှမကြီးရွာသို့သွား၍ ထိုရွာ၌ဆွမ်းဘုဉ်းပေး၍ နှမတို့ကိုမေး၏။ နှမကြီးသည် ကျွန်ုပ်မသိ ကျွန်ုပ်အဓိသိ၏ဟုဆို၏။ သာမဏေသည် သင်တို့နေရစ်ကုန်လော့။ ငါသည် အဓိထံသို့ သွားအံ့ဟုဆို၍ ခိုးသူရှိသော တောအုပ်သို့ဝင်၍ ခိုးသူတို့သည် သာမဏေကို ဘမ်း၍ အချိသော ခိုးသူတို့သည် သာမဏေကို သတ်ကုန်လော့ဟု ဆိုကုန်၏။ အချိသော ခိုးသူတို့သည် လွှတ်လိုက်ကြကုန်အံ့ဟုဆိုကုန်၏။သာမဏေသည် ငါအား သေကွသာဖြစ်၍ အထက်မင်္ဂဖိုလ် အလို့ငှါ ပြုဘွယ်ကိစ္စရှိသေး၏။ ဤခိုးသူတို့နှင့် တိုင်ပင်၍ ကိုယ်ကိုချမ်းသာအောင် ပြုအံ့ဟုကြံ၍ သင်တို့ ငါ့ကို သတ်ကုန်သည် ရှိသော် ထိုအကြောင်းကို သိ၍ ခရီးသွားတို့သည် မသွားကုန်လတ္တံ့။ သင်တို့အား ဥစ္စာမှ ရှုံးခြင်းသည် ဖြစ်လတ္တံ့ဟုဆို၏။ ခိုးသူတို့သည် သာမဏေကား သင့်သောစကားကို ဆို၏ဟု ကြံ၍ တပါးကုန်သော ခရီးသွားတို့ကို မြင်၍ အကြောင်းမကြားသည်ဖြစ်မူကား သွားလေတော့ ဆို၍ အကြောင်း မကြားပါဟု သာမဏေ ဝန်ချသည်ရှိသော် သာမဏေကို လွှတ်လိုက်ကုန်၏။ထိုခိုးသူ

တို့သည် လွှတ်လိုက်၍ သွားသော သာမဏေသည် အဓိ အဘ အစရှိ ကုန်သော ဆွေမျိုးတို့ကို မြင်၍လည်း ထိုဆွေမျိုးတို့အားလည်း ခိုးသူတို့ ရှိသော အဖြစ်ကို မကြားမဆို။ ခိုးသူတို့သည် ရောက်လာကုန်သော်ထိုသူ တို့ကို ဘမ်း၍ ညှဉ်းဆဲကုန်၏။ ထိုအခါ သာမဏေ၏ မယ်တော်သည် ရယ်လျက် ခိုးသူတို့သည် မေးအပ်သည် ဖြစ်၍ ဝါကား အဓိမုတ္တက သာမဏေ၏ အဓိတည်း။ ဤသူကား သာမဏေ၏ အဘတည်း။ ဤသူ တို့ကား သာမဏေ၏ ညီအစ်ကိုဖြစ်ကုန်သောသူတို့တည်းဟုပြောဆို၏။ ခိုးသူတို့သည် ဤသာမဏေကား မှန်သည်ကို ဆိုလေ့ရှိသော ရဟန်း ပေတည်းဟု ကြည်ညို၍ သာမဏေ၏ ဆွေမျိုးသားချင်းတို့ကို လွှတ်၍ သာမဏေ၏ အထံ၌လျှင် ရဟန်းသာမဏေ ပြုကုန်၏။ အဓိမုတ္တက သာမဏေသည် ထိုခိုးသူဖြစ်ဘူးကုန်သောသာမဏေတို့ကိုယူ၍ သံကိစ္စ မထေရ် အထံ၌ သွား၍ ရှေးဦးစွာ ဓိဓိသည် ပဉ္စင်းခံ၍ နောက်မှ ထိုသာ မဏေကို ကပည့်ပြု၍ ပဉ္စင်းခံ၏။ ထိုရဟန်းတို့သည် အဓိမုတ္တက မထေရ်၏ အဆုံးအမ၌တည်၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

တယောက်သော နတ်သားသည်-

သဒ္ဘိရေဝ သမာသေထ၊ သဒ္ဘိ ကုဗ္ဗေထ သန္ဓဝံ၊
သတံ သဒ္ဓမ္မ မညာယ၊ သတ္တာ ဂစ္ဆန္တီ သုဂ္ဂတိံ။

ဟူသော ဂါထာကို ဆို၏။

သဒ္ဘိရေဝ၊ ပညာရှိ သူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဘော်ကုန်ရာ၏။ သဒ္ဘိ၊ သူတော်ကောင်းတို့နှင့် သာလျှင်။ သန္ဓဝံ၊ အဆွေခင်ပွန်းအဖြစ်ဖြင့် ပေါင်းဘော်ခြင်းကို။ ကုဗ္ဗေထ၊ ပြုကုန်ရာ၏။ သတံ၊ သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ ချီးမွမ်းအပ်သော တရားကို။ အညာ ယ၊ သိ၍။ သတ္တာ၊ သတ္တဝါတို့သည်။ သုဂ္ဂတိံ၊ သုဂတိသို့၊ ဂစ္ဆန္တီ၊ လားရ ကုန်၏။

တယောက်သော နတ်သားသည်-

သဒ္ဘိရေဝ သမာသေထ၊ သဒ္ဘိ ကုဗ္ဗေထ သန္ဓဝံ။
သတံ သဒ္ဓမ္မ မညာယ၊ သတ္တာ တိဋ္ဌန္တီ သတတံ။

ဟူသော ဂါထာကို ဆို၏။

သဒ္ဘိရေဝ၊ ပညာရှိသူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဘော်ကုန်ရာ၏။ သဒ္ဘိ၊ သူတော်ကောင်းတို့နှင့်သာလျှင်။ သန္ဓဝံ၊

အဆွေခင်ပွန်းအဖြစ်ဖြင့် ပေါင်းဘော်ခြင်းကို။ ကုဗ္ဗေထ၊ ပြုကုန်ရာ၏။ သတံ၊ သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ ချီးမွမ်းအပ်သောတရားကို။ အညာယ၊ သိ၍။ သတ္တာ၊ သတ္တဝါတို့သည်။ သတတံ၊ အမြဲချမ်းသာစွာ။ တနည်းကား။ သတတံ၊ အရှည်အမြင့်ချမ်းသာစွာ။ တိဋ္ဌန္တိ။ တည်ရကုန်၏။

တယောက်သော နတ်သားသည် ဘုန်းတော်ကြီးသော အရှင်ဘုရား အဘယ် နတ်သားသည်လျှင် ကောင်းစွာ ဆိုမိသနည်းဟု မေးလျှောက်၏။ မြတ်စွာဘုရားသည် နတ်သား၊ သင်တို့၏ အကြောင်းအားဖြင့် ကောင်းစွာ ဆိုအပ်သော စကားသည် သင့်တင့်၏။ တနည်းကိုလည်း ငါ၏ အထံမှ သင်တို့နာကြိကုန်လော့ဟု မိန့်တော်မူ၏။

သဒ္ဓိရေဝ သမာသေထ၊ သဒ္ဓိ ကုဗ္ဗေထ သန္ဓဝံ။
သတံ သဒ္ဓမ္မ မညာယ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဟူသော ဂါထာကို ဟောတော်မူ၏။

သဒ္ဓိရေဝ၊ ပညာရှိ သူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဘော်ကုန်ရာ၏။ သဒ္ဓိ၊ သူတော်ကောင်းတို့နှင့်သာလျှင်။ သန္ဓဝံ၊ အဆွေခင်ပွန်းအဖြစ်ဖြင့် ပေါင်းဘော်ခြင်းကို။ ကုဗ္ဗေထ၊ ပြုကုန်ရာ၏။ သတံ၊ သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ ချီးမွမ်းအပ်သော တရားကို။ အညာယ၊ သိ၍။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းသော ဆင်းရဲမှ။ ပမုစ္စတိ၊ လွတ်၏။

ဤသို့ပညာရှိတို့သည် မိမိ ကိုယ်ကိုလည်းကောင်း မိမိစကားကို လိုက်နာသူတို့ကိုလည်းကောင်း မဖျက်ဆီး တတ်ကုန်။

၃-ပူဇာစ ပူဇနေယျာန မင်္ဂလာ

၁၉-သုမနမာလာကာရ ဝတ္ထု

ဓမ္မပဒ အဋ္ဌကထာ ဗာလဝဂ်

ပူဇော်ထိုက်ကုန်သောသူတို့အား ပူဇော်ခြင်းမင်္ဂလာ၏အကျိုးကို ဤဆိုလတ္တံ့သောဝတ္ထုတို့ဖြင့် သိအပ်၏။ ။ရာဇဂြိုဟ်ပြည်၌ သုမနမည်သော တယောက်သော ပန်းကုန်သည်သည် ဖြစ်ဘူးသတတ်။ ထိုသုမနသည် နေ့တိုင်းနံက်စောစောကလျှင် ရှစ်ကွမ်းစားကုန်သော မလေးပန်းတို့ဖြင့် ဗိမ္ဗိသာရမင်းကိုခစား၍ ရှစ်အသပြာတို့ကိုရ၏။ ထိုသုမနသည်

တနေ့သ၌ ပန်းတို့ကိုယူ၍မင်းခစားအံ့သောငှါသွားသည်ရှိသော် ရဟန်းသံဃာသည် ခြံရံအပ်သော ခြောက်သွယ်သောရောင်ခြည်တော်ကိုလွှတ်၍ မြို့သို့ဆွမ်းခံဝင်တော်မူသော မြတ်စွာဘုရားကိုမြင်၍ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ မင်းသည် ဤပန်းတို့ကိုမရခြင်းကြောင့် ငါ့ကို သတ်လိုလည်း သတ်စေ။တိုင်းနိုင်ငံမှနှင်ထုတ်လိုလျှင်လည်း နှင်ထုတ်စေ။ မင်းသည် ငါ့အား ပေးငြားသော်လည်း မျက်မှောက်သော ဘဝ၌သာလျှင် အသက်မွေးလောက်ရုံမျှသောဥစ္စာကိုသာပေးရာ၏။မြတ်စွာဘုရားအား ပူဇော်ရခြင်းသည်ကား မရေမတွက်နိုင်သော အကျိုးရှိ၏။ ရှည်မြင့်စွာသော နေ့ညပတ်လုံး စီးပွါးချမ်းသာကို ဆောင်လတ္တံ့။ ဤပန်းတို့ဖြင့် မြတ်စွာဘုရားကိုပူဇော်အံ့ဟုကြံ၍ မိမိအသက်ကိုစွန့်၍ပန်းရစ်ဆုပ်တို့ကို ပြု၍ ပစ်၏။ ရှေးဦးစွာပစ်အပ်ကုန်သော ပန်းနှစ်ဆုပ်တို့သည် မြတ်စွာဘုရား၏အထက်၌ပန်းဒိဘာန်ဖြစ်၍ တည်ကုန်၏။ နှစ်ကြိမ်မြောက် ပစ်အပ်ကုန်သောပန်းနှစ်ဆုပ်တို့သည်လက်ျာနံပါးတော်၌၊ သုံးကြိမ်မြောက် ပစ်အပ်ကုန်သောပန်းနှစ်ဆုပ်တို့သည် နောက်အပါးတော်၌၊ လေးကြိမ်မြောက် ပစ်အပ်ကုန်သော ပန်းနှစ်ဆုပ်တို့သည် လက်ဝဲနံပါးတော်၌၊ ဤသို့သုံးမျက်နှာတို့၌ ပန်းဆုပ်တို့သည် ပန်းအရံဖြစ်၍ တည်ကုန်၏။ ရှေ့တော်မှသွားရာ တံခါးမျှသာလျှင်ဖြစ်၏။ ပန်းတို့၏ အညွှာတို့သည် အတွင်း၌တည်ကုန်၏။ပွင့်ချပ်တို့သည်အပသို့ မျက်နှာပြုကုန်၏။မြတ်စွာဘုရားကိုငွေပန်းဆိုင်းရံသကဲ့ဖြစ်၍ လိုက်၏။ပန်းတို့သည် မပျက်မစီးကြကုန်သည် ဖြစ်၍ မြတ်စွာဘုရားနှင့် အတူဘက္ခသာလျှင် သွားကုန်၏။ ရပ်တော်မူရာ၌ ရပ်ကုန်၏။ ထိုအံ့ဘွယ်သရဲကို မြင်၍ အလုံးစုံသော မြို့သည်အုတ်အုတ်သဲသဲချောက်ချား ကြောင်၏။ မြို့တွင်း၌ ကိုးကွယ်ရာကုန်သော သူတို့သည် နေကုန်၏။ မြို့တွင်းသူတို့တွင် တယောက်သော သူမျှလည်း ဆွမ်းကိုယူ၍ အိမ်မှ မထွက်သော သူမည်သည် မရှိ။ လူမှုးအပေါင်းတို့သည်ကြွေးကြော်ခြင်း အထောင်တို့ကိုလည်းကောင်း ပုဆိုးပစ်ခြင်းအထောင်တို့ကို လည်းကောင်းပြုလျက် မြတ်စွာဘုရားနှင့် အတူတကွလျှင် လိုက်၏။ ပန်းကုန်သည်ကား ဤသို့ မြတ်စွာ ဘုရားကို ပူဇော်ချီးမွမ်း ရှိခိုး၍အချည်းနှီးသော တောင်းကိုသာလျှင် ယူ၍အိမ်သို့ ပြန်လည်၍ ပန်းတို့သည်အဘယ်မှာနည်းဟု မယားက မေးသည်ရှိသော် ငါသည် ပန်းတို့ဖြင့်မြတ်စွာဘုရားကို ပူဇော်ခဲ့ပြီဟု ဆို၏။ယခုမင်းအား

အသို့ ပြုလတ္တံ့နည်းဟု မယားမေး၏။ မင်းသည် ငါ့ကို သတ်လိုလျှင်လည်း သတ်စေ။ တိုင်းနိုင်ငံမှ နှင်ထုတ်လိုလျှင်လည်း နှင်ထုတ်စေ။ ငါသည် အသက်ကိုစွန့်၍ မြတ်စွာဘုရားကို ပူဇော်ပြီ။ ဤသို့သဘောရှိသော ပန်းပူဇော်ခြင်းသည် ဖြစ်၏ဟု အလုံးစုံသော အကြောင်းကို ပန်းကုန်သည် ပြောဆို၏။

ပန်းကုန်သည်၏ မယားသည်ကား အလွန်ဓိုက်သည်ဖြစ်၍ ဤသို့သဘောရှိသောအံ့ဘွယ်သရဲ၌ ကြည်ညိုခြင်းကို မပြုမူ၍ ပန်းကုန်သည်ကို ဆဲ၍ မင်းတို့မည်သည်ကား ကြမ်းကုန်၏။ တကြိမ် အမျက်ထွက်ကုန်သည်ရှိသော်များစွာသောအကျိုးမဲ့ကို ပြုတတ်ကုန်၏။ သင်ပြုသောအမှုကြောင့် ငါ့အားလည်း အကျိုးမဲ့သည်ဖြစ်ရာ၏ဟု ဆို၍ သားတို့ကိုယူ၍ မင်းသို့ ချဉ်းကပ်လေ၏။ ပန်းကုန်သည် သည်လည်းကောင်း မိမိသည်လည်းကောင်း ဆိုအပ်သော အလုံးစုံသော စကားတို့ကို ပြောဆို၏။ အရှင်မင်းကြီး၊ ထိုပန်းကုန်သည်ပြုအပ်သော အမှုသည် ကောင်းသည်မှုလည်းဖြစ်စေ မကောင်းသည်မှုလည်းဖြစ်စေထိုအမှုသည်ပန်းကုန်သည်၏အမှုသာလျှင်ဖြစ်၏။အကျွန်ုပ်သည် ပန်းကုန်သည်အား စွန့်ပစ်သည်၏အဖြစ်ကို ရှင်မင်းကြီးသိကော်မူပါဟုဆို၏။ထိုစကားကိုကြား၍ဗိမ္ဗိသာရမင်းသည် ဤမိန်းမကားဤသို့သဘောရှိသောဂုဏ်ကျေးဇူး၌ကြည်ညိုခြင်းကိုမဖြစ်လေ။ အလွန်ဓိုက်စွဟု ကြီ၍အမျက်ထွက်သကဲ့သို့ ပြု၍ ငါ့အားခစားအံ့သောဌါဆောင်အပ်ကုန်သောပန်းတို့ဖြင့် ထိုသူသည်ပူဇော်ခြင်းကို ပြုသလောဟုမေး၍ ရှင်မင်းကြီး၊ အမိန့်တော်အတိုင်း မှန်၏ဟု မိန်းမလျှောက်သည်ရှိသော်ပန်းကုန်သည်ကိုစွန့်သောသင်သည်ဆိုအပ်သောစကားသည်ကောင်း၏။ပန်းကုန်သည်သည်ငါ၏ပန်းတို့ဖြင့်ပူဇော်ခြင်းကိုပြု၏။ထိုပန်းကုန်သည်အားငါသည် ပြုအပ်သည်အားလျော်သောအမှုကိုသိအံ့ဆို၍ ထိုမိန်းမကိုလွှတ်လိုက်၍ လျင်မြန်သောအားဖြင့် မြတ်စွာဘုရားအထံတော်သို့ သွား၍ မြတ်စွာဘုရားနှင့် အတူတကွသာလျှင်လိုက်၏။မြတ်စွာဘုရားသည် မင်း၏ စိတ်ကြည်ညိုခြင်းကိုသိ၍ ပန်းကုန်သည်၏ကျေးဇူးကိုထင်စွာပြုလိုရကား သုံးဂါဝုတ်ရှိသောမြို့၌စည်လည်သောလမ်းဖြင့်လျှင်ကြွတော်မူ၍တစုံတယောက်သောသူအားသပိတ်ကိုမပေးမူ၍ မင်းရင်ပြင်သို့သွား၍ယူလိုသော် မင်းအားသပိတ်တော်ကိုပေး၍မင်းအိမ်သို့ဝင်တော်မူ၍ ထိုမင်းရင်ပြင်၌သာလျှင် နေတော်မူ၍ မင်း

သည်မြတ်သောအာဟာရဖြင့်လုပ်ကျွေးအပ်သောသဗ္ဗညုမြတ်စွာဘုရား သည်ဆွမ်းဘုဉ်းပေးတော်မူပြီးသော် အနုမောဒနာပြု၍ ကျောင်းတော်သို့ ကြွတော်မူပြီး၍ ဂန္ဓကုဋိသို့ဝင်တော်မူ၏။ ထိုပန်းတို့သည်လည်း မြတ်စွာဘုရားကြွတော်မူသည်ရှိသော်သွားကုန်၏။မြတ်စွာဘုရားရပ်တော်မူသည်ရှိသော် ရပ်ကုန်၏။ဂန္ဓကုဋိသို့ဝင်တော်မူသည်ရှိသော် တံခါးမုတ်ဉှ ကျကုန်၏။မင်းသည်ကား မြတ်စွာဘုရားကိုပို့လိုက်၍ပြန်သည်ရှိသော် ပန်းကုန်သည်ကိုခေါ်စေ၍ ပန်းကုန်သည်ဉှကြည်ညိုပြီ၍ ပန်းကုန်သည်အား ဆင်ရှစ်စီး၊ မြင်းရှစ်စီး၊ ကျွန်ယောကျ်ားရှစ်ယောက်၊ ကျွန်မိန်းမ ရှစ်ယောက်၊ ခပ်သိမ်းသောတန်ဆာဖြင့် တန်ဆာဆင်အပ်သော မိန်းမရှစ်ယောက်၊ အခွန်တသိန်းထွက်သောရွာရှစ်ရွာ၊ မြတ်သောတန်ဆာတို့ကို ပေး၍ သဗ္ဗညုမြတ်စွာဘုရား ကျောင်းတော်သို့သွား၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ပန်းကုန်သည်၏ကောင်းကျိုးကား အသို့နည်းဟု အရှင်အာနန္ဒာမထေရ်သည် မေးလျှောက်အပ်သည်ရှိသော် အာနန္ဒာ၊ ဤပန်းဟုန်သည်ကား ငါ့အား အလျက်ကိုစွန့်၍ ပန်းတို့ဖြင့် ပူဇော်ခြင်းကို ပြု၍ ကမ္မာဘသိန်းပတ်လုံး ဒုဂ္ဂတိသို့မလားမူ၍ နတ်ပြည် လူ့ပြည်တို့ဉှသာ ကျင်လည်၍ သုမနမည်သောပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟုမိန့်တော်မူ၍။

တဉ္စကမ္မံ ကတံ သာဓု၊ယံ ကတ္ဝာ နာနုတပ္ပတိ။
ယဿ ပတိတော သုမနော၊ ဝိပါကံ ပဋိသေဝတိ။

ဟူသောဂါထာကို ဟောတော်မူ၏။

ယံ၊အကြင်အမှုကို။ ကတ္ဝာ၊ပြု၍။ နာနုတပ္ပတိ၊ နောင်တတာဘန်ပူပန်ခြင်းမရှိ။ ယဿ၊ အကြင်အမှု၏၊ဝိပါကံ၊အကျိုးကို။ ပတိတော၊နှစ်သက်လျက်။ သုမနော၊ ဝမ်းမြောက်လျက်။ ပဋိသေဝတိ၊မှီဝဲခံစားရ၏။ တဉ္စ၊ ထိုအမှုကို။ကတံ၊ပြုခြင်းသည်။သာဓု၊ကောင်း၏။

ဂါထာ၏အဆုံးဉှ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့အား တရားကိုသိခြင်းသည် ဖြစ်၏။ ။[သုမနမာလာကာရဝတ္ထု]။

၂၀-သုဓာပိဏ္ဍိယမထေရ် ဝတ္ထု

အပဒါန်အဋ္ဌကထာ ဒသမဝဂ်

ဧေးဘုရားရှင်တို့၏ အထံတော်၌ ပြုဘူးသော ကောင်းမှုရှိသော တယောက်သောအမျိုးသားသည် ထိုထိုဘဝ၌ ကောင်းမှုတို့ကိုဆည်းပူးလျက် သိဒ္ဓတ္ထဘုရား၏ လက်ထက်တော်၌ အမျိုးအိမ်၌ဖြစ်၍ မြတ်စွာဘုရား ထင်ရှားရှိစဉ်. ကောင်းမှုပြုခြင်း၄၊ မတတ်နိုင်ရကား ဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် စေတီတော်ဝယ် စိရင်အပ်သော ဓာတ်တော်တိုက်၌ နှစ်ခုသောအပိုင်းအခြားတို့၏အလယ်၌ တခုသောအင်္ဂတေစိုင်ကို လိမ်းကျံဘူးသတတ်။ ထိုအမျိုးသားသည် ထိုကောင်းမှုကြောင့်ကိုးဆဲ့လေးကမ္ဘာပတ်လုံး နတ်ပြည်လူ့ပြည်တို့၌သာလျှင် ကျင်လည်၍ ငါတို့ မြတ်စွာဘုရား ဖြစ်တော်မူသောအခါ၌ တဦးသောအမျိုးအိမ်၌ ဖြစ်၍ လိမ်မာသော အဖြစ်သို့ရောက်၍ မြတ်စွာဘုရား၌ ကြည်ညို၍ ရဟန်းပြုသည်ရှိသော် မကြာမြင့်မီလျှင် ရဟန္တာဖြစ်၏။ ထိုရဟန္တာ သုဓာပဏ္ဍိယမထေရ်ဟုထင်ရှား၏။ထိုသုဓာပိဏ္ဍိယမထေရ်သည် မိမိ၏သည် ဧေးအကျင့်ဖြစ်သောအကြောင်းကို ပြလိုရကား-

ပူဇာရဟေ ပူဇယတော၊ ဗုဒ္ဓေ ယဒိဝါ သာဝကေ။
ပပဉ္စ သမတိက္ကန္တေ၊တိဏ္ဏေ သောကပရိဒ္ဒဝေ။
တေ တာဒိသေ ပူဇယတော၊နိဗ္ဗုတေ အကုတော ဘယေ။
နဲ သက္ကာ ပုညံ သခ်ါတုံ၊ ဣမေတ မပိ ကေနစိ။
စတုနှံပိစ ဒီပါနံ၊ဣဿရံ ယောစ ကာရယေ။
ဇေတိဿာ ပူဇနာယေတံ၊ ကလံ နရ္ဃတိ သောဋ္ဌသိံ။
သိဒ္ဓတ္ထဿ နရဂ္ဂဿ၊စေတိယေ ဗလိအန္တရေ။
သုဓာပိဏ္ဍော မယာ ဒိန္နော၊ ဝိပ္ပသန္နေန စေတသာ။
စတုနှဝုတေ ဣတော ကပ္ပေ၊ ယံ ကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပဋိသခ်ါရ ဿိဒံဖလံ။
ဣတော တိံသတိကပ္ပမှိ၊ ပဋိသခ်ါရသဝှယာ။
သတ္တရတန သမ္ပန္နာ၊ တေရသ စက္ကဝတ္တိနော။
ပဋိသမ္ဘိဒါ စတသော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆစ္စာဘိညာ သစ္ဆိကတာ၊ကတံ ဗုဒ္ဓဿ သာသနံ။

ဟူကုန်သော ဂါထာတို့ကို ဟောတော်မူ၏။

ပူဇာရဟေ၊ ပူဇော်ခြင်းဌါထိုက်ကုန်သော။ ပပဉ္စသမတိက္ကန္တေ၊ တဏ္ဍာမာနဒိဋ္ဌိ ဟူကုန်သော ပပဉ္စတရား တို့ကို လွန်တော် မူကုန်ပြီးသော။ သောကပရိဒ္ဒဝေ၊ ဝိုးရိမ်ခြင်းတို့ကို။ တိဏ္ဏေ၊ကူးမြောက်တော်မူကုန်ပြီးသော။ ဗုဒ္ဓေဝါ၊ ထင်ရှား ရှိကုန်သော ဘုရား ပစ္စေကဗုဒ္ဓါတို့ကို လည်းကောင်း။ ယဒိ၊ထိုမျှို။ သာဝကေဝါ၊ထင်ရှားရှိကုန်သော သာဝက တို့ကိုလည်းကောင်း။ ပူဇယတော၊ ပူဇော်သောသူ၏ လည်းကောင်း။ နိဗ္ဗုတေ၊ငြိမ်းကုန်ပြီးသော။ အကုတောဘယေ၊တစုံတခုမျှဘေးမရှိကုန်သော။ တာဒိသေ၊ ထိုသို့ သဘောရှိကုန်သော။ တေ၊ထိုလွန်လေပြီးကုန်သော ဘုရားပစ္စေကဗုဒ္ဓါ သာဝကတို့ကို လည်းကောင်း။ ပူဇယတော၊ ပူဇော်သောသူ၏လည်းကောင်း။ ပုညံ၊ ကောင်းမှုကို။ ဣမံ၊ဤကောင်းမှုသည်။ ဇတံ၊ဤမျှရှိ၏။ ဣတိ၊သို့။ ကေနစိအပိ၊ တစုံတယောက်သောသူသည်လည်း။ သခ်ါတုံ ရေတွက်ခြင်းဌါ။ နသက္ကာ၊ မတတ်ကောင်း။ ။ ယောစ၊ အကြင်သူသည်လည်း။စတုနှုံပိစဒိပါနံ၊ ကျွန်းကြီးလေးကျွန်းတို့ကိုလည်း။ဣဿရံ၊အဝိုးရသောစကြဝတေးမင်း၏အဖြစ်ကို။ ကာရယေ၊ ပြုရာ၏။ တဿ၊ ထိုသူ၏။ ဇတံဣဿရံ၊ ထိုစကြဝတေးမင်း၏ အဖြစ်သည်။ဇတိဿာပူဇနာယ၊ထိုစေတီတော်ဓာတ်တော်တိုက်၌ တခုသော အင်္ဂတေဝိုင်လိမ်းခြင်းဟူသော ပူဇော်ခြင်း၏။ သောဌသိံ၊တဆဲ့ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော။ ကလံ၊တဆဲ့ခြောက်စိတ်တွင် တစိတ်ကို။ တနည်းကား။ သောဌသိံ ကလံ၊နှစ်ရာ့ငါးဆဲ့ခြောက်စိတ်တွင် တခုသော အစိတ်ကို။ နရ္ဃတိ၊မထိုက်။ ။မယာ၊ငါသည်။ ဝိပ္ပသနွေန၊အထူးသဖြင့် ကြည်ညိုစွာသော။ စေတသာ၊ စိတ်ဖြင့်။ သိဒ္ဓတ္ထဿ၊ သိဒ္ဓတ္ထအမည်တော်ရှိသော။ နရဂ္ဂဿ၊လူတို့ထက်မြတ်သော ဘုရားရှင်၏။ စေတိယေ၊ စေတီတော်၌။ ဓာတုဂဗ္ဘမှိ၊ဓာတ်တော်တိုက်၌။ သုဓာကမ္မေ၊ အင်္ဂတေလိမ်းကျုံသောအမှုကို။ ကရိယမာနေ၊ပြုသည်ရှိသော်။ ဗလိအန္တရေ၊နှစ်ခုသော အဝိုင်းအခြားတို့၏ အလယ်၌။တနည်းကား။ ဗလိအန္တရေ၊ပန်းတင်၏အလယ်၌။ သုဓာပိဏ္ဍော၊ အင်္ဂတေဝိုင်ကို။ ဒိနွော၊လိမ်းကျုံဘူး၏။ အဟံ၊ငါသည်။ဣတော၊ဤဘဒ္ဒကပ်ကမ္ဘာမှ။ စတုနှုဝုတေကပ္ပေ၊ကိုးဆဲ့လေးကမ္ဘာဟူသော။ တဒါ၊ထိုအခါ၌။ ယံကမ္မံ၊ အကြင်စေတီတော်အား အပြေအပြစ်ပြုခြင်းဟူသော အမှုကို။အကရိံ၊ပြုဘူး၏။ဒုဂ္ဂတိံ၊ဒုဂ္ဂတိကို။ နာဘိဇာနာမိ၊ မသိရ။ ဣဒံ၊ဤအကျိုးသည်ကား။ ပဋိသခ်ါရဿ၊ စေတီ

တော်အား အပြေအပြစ် ပြုခြင်းဟူသော ကောင်းမှုဏ်။ ဖလံ၊ အကျိုးတည်း။ ။ဧကတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ။ တိံသတိကပ္ပမှိ၊ သုံးဆယ်မြောက်ဖြစ်သောကမ္ဘာ၌။ ပဋိသခီါရသဝှယာ၊အပြေအပြစ်ပြုခြင်းနှင့်တူသောအမည်ရှိကုန်သော၊ သတ္တရတနသမ္ပန္နာ၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံကုန်သော။ စက္ကဝတ္တိနော၊ စကြဝတေးမင်းတို့သည်။တေရသ၊ တဆဲ့သုံးကြိမ်တို့သည်။ အဟုမှာ။ ဖြစ်ဘူးကုန်ဏ်။ ၊မယာ၊ ငါသည်။ စတဿောပဋိသမ္ဘိဒါ၊ လေးပါး ကုန်သော ပဋိသမ္ဘိဒါတို့ကို လည်းကောင်း။အဌ၊ရှစ်ပါးကုန်သော။ဧကမေဝိမောက္ခာပိစ၊ဤဝိမောက္ခတရားတို့ကိုလည်းကောင်း။ ဆစ္စာဘိညာ၊ခြောက်ပါးကုန်သော အဘိညာဉ်တို့ကိုလည်းကောင်း။ သစ္ဆိကတာ၊ မျက်မှောက် ပြုအပ်ကုန်ပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားဏ်။ သာသနံ၊ အဆုံးအမတော်ကို။ ကတံ၊ပြုအပ်ပြီ။

[သုဓာပိဏ္ဍိယ မထေရ်ဝတ္ထု]

၂၁-ဇဋိလဝတ္ထု

ဓမ္မပဒအဌကထာ ဗြာဟ္မဏဝဂ်

ကဿပသဗ္ဗညူ ဘုရားရှင်ဏ် စေတီတော်ကို ပြုသည်ရှိသော် တပါးသောရဟန္တာသည် စေတီပြုရာအရပ်သို့သွား၍ ကြည့်၍ ဒါယကာတို့၊ အဘယ်ကြောင့် စေတီတော်ဏ် မြောက်မျက်နှာသည် မတပ် သနည်းဟုမေးဏ်။ရွှေမလောက်သည်ဟူ၍ ဆိုကုန်ဏ်။ငါသည် ရွာတွင်းသို့ ဝင်၍ နှိုးဆော်ချေအံ့။သင်တို့သည်ရှိသေသဖြင့်အမှုကိုပြုကြကုန်လော့ဟုဆို၍ ထိုရဟန္တာသည်မြို့တွင်းသို့ဝင်၍ မိခင်ဘခင်တို့၊ သင်တို့စေတီတော်ဏ် တခုသောမျက်နှာ၌ ရွှေသည်မလောက်သတတ်။ ရွှေကိုသိကြကုန်လော့ ဟုလူများအပေါင်းကိုနှိုးဆော်လျက်ရွှေပန်းတိမ်သည်ဏ်အိမ်သို့သွားဏ်။ ရွှေပန်းတိမ်သည်သည်လည်း ထိုခဏ၌လျှင် မယားနှင့်ခိုက်ရန် တွေ့လျက်နေဏ်။ ထိုအခါ ရွှေပန်းတိမ်သည်ကို မထေရ်သည် သင်တို့သည် ယူအပ်သော အရပ်မျက်နှာအား ရွှေသည်မလောက်သတတ်။ ရွှေကို သိခြင်းငှါအပ်ဏ်ဟု မိန့်တော်မူအပ်ဏ်။ ရွှေပန်းတိမ်သည်လည်း မယားကိုအမျက်ထွက်သဖြင့် အရှင်ဘုရားဏ် ဘုရားကို ရေမှာပစ်ချ၍ သွားလေတော့ဟုဆိုဏ်။ထိုအခါ ရွှေပန်းတိမ်သည်ကို မယားသည် သင်ကား အလွန်

ဝန်လေးသော အမှုကိုပြု၏။ ငါ့ကိုအမျက်ထွက်သော် သင်သည် ငါ့ကို သာလျှင် ဆဲလည်းဆဲအပ်၏။ သတ်လည်းသတ်အပ်၏။ အဘယ်ကြောင့် အတိတ်အနာဂတ်ပစ္စုပ္ပန် တရားအပေါင်းဘုံကို သိဖြင်တော်မူကုန်သော ဘုရားရှင်တို့၌ရန်ပြုဘဝသနည်းဟုဆို၏။ ရွှေပန်းတိမ်သည်သည်ထိုခဏ၌ လျှင် ထိတ်လန့်ခြင်းသို့ရောက်၏။ အရှင်ဘုရား-အကျွန်ုပ်တို့အား သည်းခံ တော်မူပါဟု ဆို၍ မထေရ်၏ ခြေရင်း၌ဝပ်၏။ ဒုဂါယကာ.....သင်သည် ငါ့ကို တစုံတခုမဆို။ မြတ်စွာဘုရားကို ကန်ဘော့လော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား....အကျွန်ုပ်သည် အသို့ပြု၍ ကန်တော့ရ အံ့နည်းဟု မေး လျှောက်၏။ ရွှေပန်းကုံးသုံးခတို့ကိုပြု၍ ဓာတ်တော်ဂုဏပနာရာ တိုက်တွင်း ၌ထည့်၍ စိုသောအဝတ် စိုသောဆံခိုသည် ဖြစ်၍ ကန်တော့လော့ ဒုဂါယကာဟု မိန့်တော်မူ၏။ ရွှေပန်းတိမ်သည်သည် ကောင်းပြီ အရှင် ဘုရားဟု ဆို၍ ရွှေပန်းတို့ကိုပြု၍ သားသုံးယောက်တို့တွင် သားကြီးကို ခေါ်၍ ချစ်းသား လာလော့ ငါသည် ဘုရားရှင်ကို ရန်စကားဖြင့် ဆိုမိ၏။ ထိုကြောင့် ဤရွှေပန်းတို့ကိုပြု၍ ဓာတ်တော်ဂုဏပနာရာ၌ ထည့် သွင်း၍ ကန်တော့အံ့။ သင်သည်လည်း ငါ၏အသေဝ် ဖြစ်ပါလော့ဟု ဆို၏။ သားအကြီးသည် ဘခင်..... သင်သာလျှင် ရန်စကားကို ဆို၏။ ထိုကြောင့်သာလျှင် ရွှေပန်းတို့ကို ပြုပါလော့ဟု ဆို၍ ထိုရွှေပန်းကိုပြု ခြင်း၌ အလိုမရှိ။ သားလတ်ကိုခေါ်၍ ထိုအတူလျှင်ဆို၏။ သားလတ် သည်လည်း သားကြီးအတူသာလျှင်ဆို၍ ရွှေပန်းကိုပြုခြင်း၌ အလိုမရှိ သော် သားငယ်ကိုခေါ်၍ ထိုအတူသာလျှင် ဆို၏။ သားအငယ်သည် အဘအားဖြစ်သောအမှုကိစ္စမည်သည်ကား သား၏ဝန်တည်းဟုအဘ၏ အဘော်ဖြစ်၍ ရွှေပန်းကိုကိုပြု၏။ ရွှေပန်းတိမ်သည်လည်း တထွာအတိုင်း အရှည် ရှိကုန်သော ရွှေပန်းတို့၏ သုံးခကုန်သော ပန်းကုံးတို့ကို ပြီးစေ၍ ဓာတ်တော်ဂုဏပနာရာ၌ထည့်သွင်း၍စိုသောအဝတ်ရှိသည်ဖြစ်၍ စိုသော ဆံခိုသည်ဖြစ်၍ မြတ်စွာဘုရားကို ပူဇော်ကန်တော့၏။ ထိုရွှေပန်းတိမ် သည်သည် ဘုရားကို ရေမှာပစ်ချလော့ဟုဆိုဘူးသောကြောင့်ခုနစ်ကြိမ် ဘွားသောကာလ၌ ရေ၌ပစ်ခြင်းကိုခံရ၏။ ရွှေပန်းတိမ်သည်၏ သားနှစ် ယောက်တို့သည် ရွှေပန်းလုပ်သောကာလ၌ အဘ၏ အဘော်မဖြစ်ကုန်။ ထိုကြောင့် ထိုသူတို့၏ အကျိုးငှါ ရွှေတောင်မပေါက်။ အဘော်သဟာယ ဖြစ်ခြင်းကြောင့် သားအငယ်၏ အကျိုးငှါလည်းကောင်း အဘ ရွှေပန်း

တိမိသည်၏ အကျိုးငှါလည်းကောင်း ဓနိုလဖြစ်သောဘဝ၌ အတောင်
ဂုစ်ဆယ်ရှိသော ရွှေတောင်သည်ပေါက်၏။ထိုရွှေပန်းတိမိသည် ဖြစ်ဘူး
သော ဓနိုလသည် သားတို့ကိုဆုံးမ၍ ဘုရားအထံတော်၌ ရဟန်းပြု၍
နှစ်ရက်သုံးရက်ဖြင့်သာလျှင်ရဟန္တာအဖြစ်သို့ရောက်၏။ ဓနိုလဝတ္ထု၊

၂၂—ကောသဇဂန္ဓကိုနဟ်ခမ်းဝတ္ထု၊

ပေတဝိမာနဝတ္ထု၊ အဋ္ဌကထာ

ဘုရားသဗ္ဗညူ ပရိနိဗ္ဗာန်ပြုတော်မူသည် ရှိသော် အဓာတသတ်
မင်းသည် မိဒိရအာဝံကုန်သော သဗ္ဗညူဖြတ်စွာဘုရား၏ သရီရ ဓာတ်
တော်တို့ကိုယူ၍ စေတီတည်၏။ အရံကိုပြုသည်ရှိသော် ရာဇဂြိုဟ်ပြည်၌
နေသော တယောက်သော သိတင်းသည် မိန်းမသံ့ည် နံနက်စောစောက
လျှင် ကိုယ်ကိုသုတ်သင်၍ဘုရားရှင်၏စေတီတော်ကို ပူဇော်အံ့ဟုသပွတ်
ပန်း လေးပွင့်တို့ကိုယူ၍ သန္ဓါအဟုန်သည့် တိုက်တွန်းအပ်သော စိတ်ရှိ
သည်ဖြစ်၍ ခရီးခဋေးရန်ကိုမဆင်ခြင်မူ၍လျှင် စေတီအရံသို့ရှေးရှု သွား
၏။ထိုအခါ သိတင်းသည်မိန်းမကို နွားငယ်ရှိသောနွားမသည် မြန်သော
အဟုန်ဖြင့်ပြေးလာ၍ ချိုဖြင့်ဝှေ့၍ အသက်ကုန်ခြင်းသို့ရောက်စေ၏။ ထို
သိတင်းသည် မိန်းမသည် ထိုခဏခဋေလျှင် စုတေ၍ တာဝတိံသာ
နတ်ပြည်၌ ဖြစ်၍ ဥယျာဉ်ကစားအံ့သောဌါ သွားသော သိကြားမင်း၏
အခြံအရံအလယ်၌ ရထားနှင့်ကကွထင်ရှားဖြစ်၏။ ထိုနတ်သို့ကို မြင်၍
သိကြားမင်းသည် မေးလိုရကား .....

ဒိတဝတ္ထေ ဒိတဓနေ၊ ဒိတာလင်္ကာရဘူသိတေ။
ဒိကစန္ဒနလိတ္တင်္ဂေ၊ ဒိတဥ္ဇလဓာရိနိ။ ။
ဒိတပါသာဒသယနေ၊ ဒိတာသနေ ဒိတဘာဇနေ။
ဒိတဆ္ဆတ္တေ ဒိတရထေ၊ဒိတသေ ဒိတဖိဇနေ။
ကိံကမ္မ မကရိ ဘဒ္ဒေ၊ ပုဗ္ဗေ မာနုသကေ ဘဝေ။
ဒေဝတေ ပုစ္ဆိတာဒိကွေ၊ကိသ ကမ္မသိဒံ ဖလံ။

ဟူသောဂါထာကိုဆို၏။

ပီတဝတ္ထေ၊ ရွှေအဝတ်ရှိသော။ ပီတဓဇေ၊ ရွှေတံခွန်ရှိသော။ ပီတာလက်ာရ ဘူသိတေ၊ ရွှေတန်းဆာတို့ဖြင့် ဆင်ယင်ထသော။ ပီတစန္ဒနလိတ္တဂေ်၊ရွှေအဆင်းနှင့်တူသောစန္ဒကူးတို့ဖြင့် လိမ်းကျံသောကိုယ်ရှိထသော။ ပီတဥပ္ပလဓာရိနီ၊ ရွှေကြာပန်းကိုဆောင်ထသော။ ပီတပါသာဒသယနေ၊ရွှေပြာသာဒ်ရွှေနေရာတို့ဖြင့်ပြည့်စုံထသော။ပီတာသနေ၊ ရွှေနှင့်တူသောအစာရှိထသော။ပီတဘာဇနေ၊ ရွှေခွက်ရှိထသော။ ပီတစ္ဆတ္တေ၊ ရွှေထီးရှိထသော။ ပီတရထေ၊ရွှေရထားရှိထသော။ ပီတသေ၊ရွှေမြင်းရှိထသော။ပီတဗီဇနေ၊ရွှေယပ်ရှိထသော။ ဘဒ္ဒေ၊ ကောင်းမြတ်သော။ ဒေဝတေ၊နတ်သွီး။တွံ၊သင်နတ်သွီးသည်။ပုဗ္ဗေမာနုသကေဘဝေ၊ရှေးလူဖြစ်သောဘဝ၌။ကိံ ကမ္မံ၊အဘယ်ကောင်းမှုကို။ အကရိ၊ ပြုခဲ့သနည်း။ ပုစ္ဆိတာ၊မေးအပ်သော။တွံ၊သင်နတ်သွီးသည်။အာစိက္ခ၊ကြားလော့။ဇုဒံ၊ဤကောင်းကျိုးသည်ကား။ ကိဿကမ္မဿ၊ အဘယ်ကောင်းမှု၏။ ဖလံ၊ အကျိုးနည်း။

ထိုအခါ သိကြားမင်းအား ထိုနတ်သွီးသည် ကြားလိုရကား—

ကောသာဋကီလတာ အတ္ထိ၊ဘန္တေ တိတ္တိကာ အနတိစ္ဆိတာ။
တဿာ စတ္တာရိ ပုပ္ဖါနိ၊ထူပံ အဘိဟရီ အဟံ။
သတ္ထုသရီရံ ဥဒ္ဒိဿ၊ဝိပ္ပသန္နေန စေတသာ။
နဿ မဂ္ဂံ အဝေက္ခိဿံ၊တဒပိ မနသာ အသိ။
တတော မံ အဝဓိ ဂါဝီ၊ ထူပံ အပတ္တမာနသံ။
တံ စာဟံ အဘိသဉ္စေယျံ၊ဘိယျော နနု ဇုတော သိယာ။
တေန ကမ္မေန ဒေဝိန္ဒ၊မာဃဝါ ဒေဝကုဥ္ဇရ။
ပဟာယ မာနုသံ ဒေဟံ၊ တဝ သဟဗျတ မာဂတာ။

ဟူသောဂါထာကိုဆို၏။

ဘန္တေ၊အရှင်သိကြားမင်း။ တိတ္တိကာ၊ခါးသော။အနတိစ္ဆိတာ၊အလိုမရှိအပ်သော။ ကောသာဋကိလတာ၊ သပွတ်နွယ်သည်။ အတ္ထိ၊ ရှိ၏။ တဿာ၊ဆိုသပွတ်ခါးနွယ်၏။စတ္တာရိပုပ္ဖါနိ၊ လေးပွင့်ကုန်သော ပန်းတို့ကို။အဟံ၊ ငါသည်။ သတ္ထုသရီရံ၊ မြတ်စွာဘုရားသရီရဓာတ်တော်ကို။ ဥဒ္ဒိဿ၊ရည်မှတ်၍။ဝိပ္ပသန္နေန၊ ကြည်ညိုစွာသော။ စေတသာ၊စိတ်ဖြင့်။ ထူပံ၊စေတီတော်ကို။အဘိဟရိ၊ရှေးရှုဆောင်၏။အဟံ၊ငါသည်။တဒဂ်မန

သာ၊ထိုဘုရားရှင်၏သရီရဓာတ်တော်၌စိတ်ရှိသည်။အသိ၊ဖြစ်၏။အသာ၊ ထိုနွားအပေါင်း၏။ မဂ္ဂံ၊ လာလတ္တံ့သောခရီးကို။ နအဝေက္ခိသံ၊ မဆင်ခြင်။တတော၊ထိုကြောင့်။ ထူပံ၊စေတီတော်ကို။အပတ္တမာနသံ၊ကိုယ်တိုင်မရောက်သောအလိုဆန္ဒရှိသော။ မံ၊ငါ့ကို။ ဂါဝီ၊သားရှိသည့်အမိနွားမသည်။အဝမီ၊သတ်၏။အဟံ၊ငါသည်။တံ၊ထိုပန်းဖြင့် ပူဇော်ခြင်းကောင်းမှုကို။ စေအဘိသဉ္စေယျံ၊ အကယ်၍ စေဘီတော်သို့ရောက်၍ အလိုအတိုင်း ဆည်းပူးမိငြားအံ့။ ဣတော၊ ဤစည်းစိမ်ထက်။ ဘိယျော၊ လွန်ကဲသောစည်းစိမ်သည်။သိယာနနု၊ ဖြစ်လေရာ၏ဟုထင်မှတ်၏။ ။မာဃဝါ၊မာဃအနွယ်ဖြစ်သော။ ဒေဝကုဉ္ဇရ၊နတ်တို့ထက်မြတ်သော။ ဒေဝိန္ဒ၊ နတ်မင်း။အဟံ၊ငါသည်။တေနကမ္မေန၊ထိုကောင်းမှုကံကြောင့်။မာနုသံ၊ လူ၌ဖြစ်သော။ဒေဟံ၊ခန္ဓာကိုယ်ကို။ ပဟာယ၊စွန့်၍။ တဝ၊သင်၏။သဟ ဗျတံ၊အပေါင်း အဘော်၏ အဖြစ်သို့။ အာဂတာ၊လာ၏။

ထိုစကားကို ကြား၍ သိကြားမင်းသည် မာတလိနတ်သား အမှူးရှိသော နတ်အပေါင်းအား တရားဟောလို၍-

ပဿ မာတလိ အဆ္ဆေရံ၊ စိတ္တံ ကမ္မဖလံ ဣဒံ။
အပ္ပကံပိ ကတံ ဒေယျံ၊ပုညံ ဟောတိ မဟပ္ဖလံ။ ။
နတ္ထိ စိတ္တေ ပသန္နမှိ၊ အပ္ပကာနာမ ဒက္ခိဏာ။
တထာဂတေစ သမ္ဗုဒ္ဓေ၊ အထဝါ တဿ သာဝကေ။ ။
ဇဟိ မာတလိ အမှေဟိ၊ ဘိယျော ဘိယျော မဟေမသေ။
တထာဂတဿ ဓာတုယော၊ သုခေါ ပုညာန မုစ္စယော။ ။
တိဌန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိ ဟေတူဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။ ။
ဗဟူနံ ဝတ အတ္ထာယ၊ဥပ္ပဇ္ဇန္တိ တထာဂတာ။
ယတ္ထ ကာလံ ကရိတွာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။ ။

ဟူသော ဂါတာကို ဆိုဏ်။

မာတလိ၊မာတလိ။အဆ္ဆေရံ၊အံ့ဘွယ်သရဲရှိသော။ စိတ္တံ၊ ဆန်းကြယ်သော။ဣဒံကမ္မဖလံ၊ဤကံ၏အကျိုးကို။ပဿ၊ရှုလော့။ အပ္ပကံပိ၊ အနည်းငယ်လည်းဖြစ်သော။ ဒေယျံ၊ဒါနဝတ္ထုကို။ ကတံ၊ ပူဇော်သော။ပုညံ၊ ကောင်းမှုသည်။မဟပ္ဖလံ၊အကျိုးကြီးသည်။ ဟောတိ၊ဖြစ်၏။ ။တထာ

ဣန္ဒာသယ ၁၅၅-၇

ဂဒတာ၊ ရှေးဘုရားတို့ကဲ့သို့ ကောင်းသောလာခြင်းရှိသော။ သမ္မုဒ္ဓေစ၊ သဗ္ဗညုဘုရားရှင်၌လည်းကောင်း။ အထဝါ၊ထိုမျှ။ တသ၊ထိုဘုရားရှင်၏။ သာဝကေစ၊ တပည့်၌လည်းကောင်း။ စိတ္တေ၊စိတ်သည်။ ပသန္နမှ၊ ကြည်ညိုသည်ရှိသော်။ ဒက္ခိဏာ၊အလှူသည်။ အပ္ပကာနာမ၊ နည်းသောမည်သည်။ နတ္ထိ၊မရှိ။ ။မာတလိ၊မာတလိ။ ဇဟိ၊ လာလော့။ အမ္မေဟိ၊ ငါတို့သည်။ တထာဂတသ၊ မြတ်စွာဘုရား၏။ ဓာတုယော၊ ဓာတ်တော်ဘို့ကို။ ဘိယျောဘိယျော၊ လွန်စွာလွန်စွာ။ မဟေမသေ၊ ပူဇော်ကုန်အံ့။ပုညာနံ၊ကောင်းမှုတို့ကို။ ဥစ္စယော၊ဆည်းပူးခြင်းသည်။ သုခေါ၊ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ ။တိဋ္ဌန္တော်၊ သက်တော်ထင်ရှားရှိသော ဘုရားရှင်၌လည်းကောင်း။ နိဗ္ဗုတေစာပိ၊ ပရိနိဗ္ဗာန်ပြုပြီးသော ဘုရားရှင်၌လည်းကောင်း။ စိတ္တေ၊စိတ်သည်။သမေ၊တူမျှသည်ရှိသော်။ ဖလံ၊ကောင်းကျိုးသည်။သမံ၊တူမျှ၏။စေတောပဏိဓိဟေတူဟိ၊စိတ်ကိုကောင်းစွာ ထားခြင်း ဟူကုန်သော အကြောင်းတို့ကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။သုဂတိံ၊သုဂတိသို့။ဂစ္ဆန္တိ၊လားရကုန်၏။ ။ယတ္ထ၊ အကြင်ဘုရားရှင်တို့၌။ ဒါယကာ၊ လှူဒါန်းကုန်သောသူဘို့သည်။ကာလံ ကရိတ္ဝာန၊စုတေ၍။ သဂ္ဂံ၊နတ်ပြည်သို့။ ဂစ္ဆန္တိ၊ လားရကုန်၏။ ဝတ၊ စင်စစ်။ တထာဂတာ၊ဘုရားရှင်တို့သည်။ ဗဟူနံ၊ များစွာကုန်သောသူတို့၏။အတ္ထာယ၊အကျိုးငှါ။ဥပပဇ္ဇန္တိ၊ဖြစ်ကုန်၏။

ဤသို့ တရားဟော၍ သိကြားမင်းသည် ဥယျာဉ်ကစားခြင်း၌ အားထုတ်ခြင်းကိုငြိမ်းစေ၍ ပြန်လည်၍ ဂုဇ္ဇာမဏ်စေတီတော်၌ ချနစ်ရက်ပူဇော်၍ နောက်အဘို့၌ နတ်ပြည်သို့ဒေသစာရီလည်သော အရှင်နာရဒမထေရ်အား ထိုအကြောင်းကို ဂါထာဖြင့်ပြောဆို၏။နာရဒမထေရ်သည် ပထမသင်္ဂါယနာတင်သောကာလ၌ သုတ်အဘိဓမ္မာ ဝိနည်းကို သင်္ဂါယနာ တင်ကုန်သော မထေရ်တို့အားကြား၏။ သုတ်အဘိဓမ္မာဝိနည်းကို သင်္ဂါယနာဘင်ကုန်သော မထေရ်တို့သည် ထိုအကြောင်းကို အရှင်နာရဒမထေရ်ကြားတိုင်း သင်္ဂါယနာသို့တင်ကုန်၏။ ။ဤသို့ဘုရားအားပူဇော်ခြင်းသည် ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး စီးပွါးချမ်းသာကိုဆောင်၏။

၂၃-ပဉ္စပါဒိဝတ္ထု

ကုဏာလဇာတ် အဌကထာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တယောက်သောသူဆင်းရဲ၏သွီးသည် မြေဝိုင်ကိုနယ်၍ အိမ်နံရံကို လိမ်းကျံ၏။ ထိုအခါ တပါးသော ပစ္စေကဗုဒ္ဓါသည် မိမိလိုဏ်၌ အပြေအပြစ်ပြုလို၍ မြေညက်ဝိုင် အလှူခံအံ့သောငှါမြှိသို့ဝင်၍ ထိုသူဆင်းရဲသွီး၏ အနီး၌ရပ်၏။သူဆင်းရဲသွီးသည် အမျက်ထွက်၍ကြည့်လျက် ရဟန်း သင်သည်မြေညက်ဝိုင်ကို မရသလောဟုဆို၍ ကြီးစွာသောမြေညက်ဝိုင်ကို ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်၌ထည့်၏။ ပစ္စေကဗုဒ္ဓါသည်ထိုမြေညက်ဝိုင်ကိုယူ၍ကြွ၏။သူဆင်းရဲ သွီးသည် ထိုကိုယ်၏အဖြစ်မှ စုတေသည်ရှိသော် ဗာရာဏသီပြည်၏ အရှေ့တံခါး ရွာဝယ်၌ တယောက်သော သူဆင်းရဲသွီးဖြစ်၏။ အမျက်ထွက်၍ ကြည့်ဘူးသည်၏ အဖြစ်ကြောင့် ထိုသူဆင်းရဲသွီး၏ လက်ခြေမျက်နှာမျက်ဝိနှာခေါင်းတို့သည်ယုတ်မာဘောက်ပြန်ကုန်၏။ထိုကြောင့် ထိုသူဆင်းရဲသွီးကို ပဉ္စပါဒီဟူ၍ အမည်ပေးကြကုန်၏။ မြေညက်ဝိုင်၏ အကျိုးကြောင့်ကား ပဉ္စပါဒီ၏ကိုယ်သည် အတွေ့နှင့်ပြည့်စုံ၏။ ထိုအခါ ဗကမည်သောဗာရာဏသီမင်းသည်ဖြစ်၏။ထိုမင်းသည်တနေ့သောညဉ့်၌မထင်ရှားသောအသွင်ဖြင့်မြှိကိုစုံစမ်းသည်ရှိသော် ထိုအရပ်သို့ရောက်၏။ပဉ္စပါဒီသည်လည်းရွာသူမိန်းမငယ်တို့နှင့်ကစားစဉ်မသိ၍လျှင် မင်း၏ လက်ကိုဆွဲ၏။မင်းသည်နတ်အတွေ့နှင့် တွေ့သကဲ့သို့ မိမိ၏သဘောအားဖြင့် တည်ခြင်းငှါမတတ်နိုင်။အတွေ့၌ တပ်စွမ်းခြင်းဖြင့် တပ်စွမ်း၍ အဘယ်သူ၏သွီးနည်းဟုမေး၏။တံခါးနားရွာသူ၏သွီးတည်းဟု ပြောဆို၏။မင်းသည် ပဉ္စပါဒီ၏အရှင်မရှိသောအဖြစ်ကိုမေး၍ ငါသည် သင့်အရှင်ဖြစ်အံ့။သွား၍ မိဘတို့ကိုခွင့်ပန်ချေဟုဆို၏။ပဉ္စပါဒီသည် အိမ်သို့သွား၍ မိဘတို့အားကြား၍ မိဘတို့သည် ခွင့်ပြုကုန်၏။ ခွင့်ပြုပြီးသည်နောက်၌ ပဉ္စပါဒီသည် သွား၍ မင်းအားကြား၏။ မင်းသည် ပဉ္စပါဒီနှင့် တကွနေ၍ စောစောကလျှင်မင်းအိမ်သို့သွား၏။ထိုအခါမှစ၍ ဗကမင်းသည် တပါးသောမိန်းမကို ကြည့်ခြင်းငှါ အလိုမရှိသည်ဖြစ်၍ မထင်ရှားသော အသွင်ဖြင့် မပြတ် ထိုအိမ်သို့ သွား၏။

ထိုအခါ တနေ့သ၌ ပဥ္စပါဒိ၏အဘကား သွေးသွန်သောအနာသည် ဖြစ်၏။သွေးသွန်နာကို ကုရာသောဆေးကား ရေမရောသော နွားရည်ပျား သကာအစရှိသည်တို့နှင့် ယှဉ်သော ဃနာထမင်းတည်း။ ထိုထမင်းကို ပဥ္စပါဒိ၏ အမိသည် ဆင်းရဲသောကြောင့် ဖြစ်စေခြင်းငှါ မတတ်နိုင်။ ထိုအခါ ပဥ္စပါဒိ၏အမိသည် သိမ်း-သင့်လင်သည့် ဃနာထမင်းကိုဖြစ်စေခြင်းငှါ စွမ်းနိုင်ပါအံ့လောဟုမေး၏။ ပဥ္စပါဒိသည် မင်းအားလာသော ကာလ၌ ထိုအကြောင်းကိုကြား၍မင်းသည် ကောင်းသောရှင်မ၌မင်း တို့ဆေးကို အဘယ်မှာရပါကုန်အံ့ဟုဆို၍ ပဥ္စပါဒိကို ဥပါယ်အားဖြင့် နှုန်းတွင်းသို့ ဆောင်လို၍ နက်ဖြန်နေ့၌ နှုန်းတော်သို့သွား၍ ထိုသို့သဘော ရှိသော ဃနာထမင်းကို ချက်စေ၍ နှစ်ခုသော အထုပ်တို့ကို ပြု၍ တခုသောအထုပ်၌ ဥဿျောင်ကျင် ပတ္တမြားကို ထည့်၍ ညှဉ်၌လာ၍ ကောင်းသော ရှင်မ၊ သင့်အဘအား ယနေ့ ဤထမင်းကို စားစေ။နက်ဖြန် ဤထမင်းကို စားစေဟုဆို၏။ ပဥ္စပါဒိသည် မင်းဆိုတိုင်းပြု၏။မင်းသည် နက်ဖြန်နေ့၌ နှုန်းတော်သို့သွား၍ မျက်နှာသစ်၍ ငါ၏ ဥဿျောင်ကျင် ပတ္တမြားကို ဆောင်ခဲ့ကုန်ဟုဆို၏။ရှင်မင်းကြီး၊ မဖြင်ပါကုန်ဟု ဆိုကုန် လတ်သော် မြို့တွင်းမှစ၍မြို့ဝတိုင်အောင် ခပ်သိမ်းသောအိမ်၌ အယုတ်သဖြင့် ထမင်းထုပ်၌ ပင်သော်လည်း ရှာလေကုန်ဟုဆို၏။ မင်းချင်း ယောကျ်းတို့သည် ရှာကုန်သည်ရှိသော် ပဥ္စပါဒိ၏အိမ်၌ ပတ္တမြားကို မြင်၍ ပဥ္စပါဒိ၏ မိဘတို့ကို နှောင့်ယှက်၍ ဆောင်ကုန်၏။

ထိုအခါ ပဥ္စပါဒိ၏ အဘသည် ငါသူဌေးမဟုတ်ကုန်။ ဤပတ္တမြားကို သားမက်သည် ဆောင်ခဲ့သည်ဟုဆို၏။ ထိုသားမက် ဘယ်မှာနည်းဟုမေး၏။ ငါ့သိမ်းသိ၏ဟုဆို၍ သိမ်းကိုမေး၏။ ဘခင်၊ ထိုယောကျ်းသည် မိုက်သော အခါ၌လျှင် မိုက်သော အခါ၌လျှင် သွား၏၊ထိုယောကျ်း၏ အရုပ်အဆင်းကိုမြင်၍ငါမသိ။လက်ကို စမ်းသပ်ရသဖြင့် ထိုယောကျ်း ကိုသိခြင်းငှါ စွမ်းနိုင်၏ဟု သိမ်းဆို၏။ ပဥ္စပါဒိ၏ အဘသည် မင်းချင်း ယောကျ်းတို့အား ထိုအကြောင်းကို ကြား၏။ မင်းချင်းယောကျ်းတို့ သည်လည်း မင်းအား ထိုအကြောင်းကိုကြားကုန်၏။ မင်းသည် မသိသကဲ့သို့ပြု၍ ထိုသို့ တပြီးကား ထိုမိန်းမကိုမင်းယင်ပြင်ဝင်းတိမ်တွင်း၌ ထား၍ တင်းတိမ်၌ လက်အတိုင်းအရှည် ရှိသော အပေါက်ကို ပြု၍ လက်ကို စမ်းသပ်သဖြင့် ခိုးသူကို ဘမ်းစေကုန်လေဟုဆို၏။ မင်းချင်း

ယောက်ျားတို့သည်မင်းဆိုတိုင်းပြု၍ အလုံးစုံသောမြို့သူတို့ကိုစည်းဝေးကုန်၏။ ပဉ္စပါဗီသည် လာ့တိုင်းလာတိုင်းသော သူ၏ဆန့်သောလက်ကိုကိုင်၍ ဤသူကား ထိုခိုးသူမဟုတ်ဟုဆို၏။ လူတို့သည် ပဉ္စပါဗီ၏ နတ်အတွေ့နှင့်တူသော အတွေ့၌စွန်းငြို၍ ဤမိန်းမသည် အကယ်၍အလျော်ဒဏ်ထိုက်အံ့ ငါတို့သည်အလျော်ဥစ္စာကိုပေး၍လည်းကောင်း ကျွန်အမှုလုပ်၏အဖြစ်သို့ကပ်၍လည်းကောင်း ဤမိန်းမကိုအိမ်သူပြုကုန်အံ့ဟုကြံကုန်လျက် မသွားနိုင်ကြကုန်။ ထိုအခါ ထိုသူတို့ကို မင်းချင်းယောက်ျားတို့သည် တုတ်လှံကန်တို့ဖြင့် ရိုက်နှက် နှင်ထုတ်ရကုန်၏။ အိမ်ရှေ့မင်းအစရှိကုန်သောခပ်သိမ်းကုန်သော သူအပေါင်းတို့သည်ရူးသက်ဆို့ ဖြစ်ကုန်၏။ ထိုအခါ မင်းသည်အသူနည်း ငါပင်ဖြစ်လေသလောဟု ဆို၍လက်ကို ဆန့်သွင်း၏။ ပဉ္စပါဗီသည်မင်း၏လက်ကို ကိုင်၍လျှင် ခိုးသူကိုငါဘမ်းမိပြီဟုကျယ်စွာသောအသံကိုပြု၏။မင်းသည်အဟုတ်အမှန်ကြားဆို၍ ပဉ္စပါဗီကို အဘိသိက်သွန်း၍ မိဖုယားကြီးပြု၍ ပဉ္စပါဗီ၏ မိဘတို့အားလည်း စည်းစိမ်ပေး၍ ထိုနေ့မှစ၍ တပါးကုန်သော မိန်းမတို့ကို မကြည့်။ တပါးကုန်သော မိန်းမတို့သည် ပဉ္စပါဗီအား အမျက်ထွက်၍ အခွင့်ကိုရှာကုန်၏။ ထိုအခါ တနေ့သ၌ ပဉ္စပါဗီသည် မင်းနှစ်ပါးတို့၏ မိဖုယားကြီးဖြစ်အံ့သည်၏ပုဗ္ဗနိမိတ်ကိုအိပ်မက်မြင်၍ မင်းအားကြား၏။ ထိုအခါ တပါးကုန်သော မိန်းမတို့သည် ထိုအကြောင်းကိုသိ၍ အိပ်မက်ဘတ်တတ်ကုန်သော သူတို့အားတံစိုးပေးကုန်၏။ အိပ်မက် ဘတ်တတ်ကုန်သော သူတို့သည် မင်းသည်မေးအပ်ကုန်သည် ရှိသော် မြတ်သောမင်းကြီး၊ မိဖုယား၏ကိုယ်လုံးဖြူသော ဆင်ကျောက်ကုန်း၌ စီးမက်ခြင်းသည်ရှင်မင်းကြီးသေအံ့သည်၏ ပုဗ္ဗနိမိတ်တည်း။ဆင်ဖြူကျောက်ကုန်း၌ စီးလျက်လကို သုံးသပ်မက်ခြင်းသည် ရှင်မင်းကြီးကို ရန်သူမင်းသူအံ့သည်၏ ပုဗ္ဗနိမိတ်တည်းဟု ဆို၍ယခု အသို့ပြုအပ်သနည်းဟု မေးသော် ရှင်မင်းကြီး၊ ဤမိဖုယားကို သတ်ခြင်းငှါမအပ်။မိဖုယားကို လှေ၌တင်၍ မြစ်၌ စွန့်ခြင်းငှါအပ်၏ဟု ဆိုကုန်၏။ မင်းသည် မိဖုယားကို အစာအာဟာရ အဝတ်တန်းဆာတို့နှင့်တကွ ညဉ့်အခါ၌ လှေ၌တင်၍ စွန့်စေ၏။

ထိုအခါ တယောက်သောပါဝါရိကမည်သောမင်းသည် အောက်၌ ရေကစားစဉ် လာသောလှေ၌ ထိုမိဖုယားကိုမြင်၍ ဘီလူးမနှင့်တူသော သင်သည် အဘယ်အမည်ရှိသနည်းဟုမေး၏။မိဖုယားသည်ပြီး၍ ဗက

မင်း၏ မိဖုယားကြီးအဖြစ်ကိုဆိုဏ်။ဗကမင်း၏မိဖုယားသည် ပဉ္စပါဗီဟု အလုံးစုံသောဇမ္ဗူဒိပ်၌ ထင်ရှားသတတ်။ ထိုအခါ ပါဝါရိကမင်းသည် မိဖုယားကိုယူ၍ဖဿရာဂဖြင့်တပ်စွမ်းသည်ဖြစ်၍တပါးသောမိန်းမတို့၌ အမှတ်သညာကိုလည်းမပြုမူ၍ မိဖုယားကြီးပြု၏။ ထိုစကားကို ကြား၍ ဗကမင်းသည် မိဖုယားကို ပါဝါရိကမင်းအား ငါမပေးဟု စစ်သည်ကို စုရုံး၍ ပါဝါရိကမင်း၏ အညာဆိပ်၌နေရာကိုပြု၍မိဖုယားကိုတည်းပေး မည်လော၊စစ်တည်းထိုးမည်လောဟု မှာစာကိုမှိုသစေ၏။ပါဝါရိကမင်း သည်လည်း စစ်ထိုးအံ့ဟူ၍သာလျှင်စိရင်၏။အမတ်တို့သည်မိန်းမကိုမှီ၍ သေခြင်းသည် မလျောက်ပတ်။ ဤမိဖုယားသည် ရှေးအရှင် ဖြစ်သော ကြောင့် ဗကမင်းအားလည်းရောက်၏။ လှေ၌ရသောကြောင့် ပါဝါရိက မင်းအားလည်းရောက်၏။ ထိုကြောင့်တပါးတပါးသောမင်း၏ အိမ်၌ ချနစ်ရက်နေ စေသတည်းဟု တိုင်ပင်ကုန်၍ နှစ်ပါးကုန်သောမင်းသား တို့ကိုလည်း သိစေကုန်၏။ ထိုမင်းနှစ်ပါးတို့သည်လည်း နှစ်သက်ကုန်၍ ဆိပ်ညာ၌မြှိတည်၍နေကုန်၏။ ဤသို့ ထိုပဉ္စပါဗီသည် နှစ်ပါးကုန်သော မင်းတို့၏လည်း မိဖုယားအဖြစ်ကိုပြု၏။ [ပဉ္စပါဗီ ဝတ္ထု]။

၂၄-ပဒုမာဝတီ ဝတ္ထု

အပဒါန် အဌကထာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တချသော ရွာငယ်၌ တယောက်သောမိန်းမသည် မိမိလက်ဖြင့်လုပ်၍ အသက်မွေးရ၏။ ထို မိန်းမသည် တနေ့သ၌လယ်စောင့်ကုဋီသို့သွား သည်ရှိသော်ခရီးအကြား တချသောရေအိုင်၌ စောစောကလျှင် ပွင့်သော ပဒုမာပန်းကိုမြင်၍ ရေ အိုင်သို့ဆင်း၍ ထိုပံဒုမာပန်းကိုလည်းကောင်း ပေါက်ပေါက်ထည့်အံ့ သောငှါ ပဒုမာရွက်ကိုလည်းကောင်း ယူ၍ လယ်သလေးနှံတို့ကိုဖြတ်၍ ကုဋီ၌နေလျက်ပေါက်ပေါက်တို့ကိုသော်၍ငါးရာကုန်သောပေါက်ပေါက် တို့ကိုရေ၏။ထိုခဏ၌ဂန္ဓမာဒနတောင်၌ နိရောဓသမာပတ်မှထ၍ တပါး သော ပစ္စေကဗုဒ္ဓါသည် ကြွလာ၍ ထိုလယ်စောင့်မိန်းမ၏အနီး၌ရပ်၏။ လယ်စောင့်မိန်းမသည် ပစ္စေကဗုဒ္ဓါကိုမြင်၍ ပေါက်ပေါက်တို့နှင့်တကွ ပဒုမာပန်းကိုယူ၍ ကုဋီမှဆင်း၍ပေါက်ပေါက်တို့ကိုပစ္စေကဗုဒ္ဓါသပိတ်၌

ထည့်၍ ပဒုမာပန်းဖြင့် သပိတ်ကိုပိတ်၍ လှူလိုက်၏။ ပစ္စေကဗုဒ္ဓါသည် အတန်ငယ်ကြွသည်ရှိသော် ရဟန်းတို့မည်သည်ကား ပန်းဖြင့်အလိုမရှိ ကုန်။ငါသည် ပန်းကိုယူ၍ ပန်အံ့ဟုသွား၍ ပစ္စေကဗုဒ္ဓါ၏လက်တော်မှ ပန်းကိုယူ၍ အရှင်ဘုရားသည် အကယ်၍ပန်းဖြင့်အလိုမရှိလျှင် သပိတ် တော်၌ တင်စိမ့်သောဌါမပေးရာ။စင်စစ်လျှင်အရှင်ဘုရားအား ပန်းဖြင့် အလိုရှိသည်ဖြစ်လတ္တံ့ဟု တဘန်ကြံ၍ လိုက်၍ သပိတ်ပေါ်၌ ထား၍ ပစ္စေကဗုဒ္ဓါကိုကန်တော့၏။အရှင်ဘုရား၊အကျွန်ုပ်အား ဤပေါက်ပေါက် တို့၏အကျိုးဆက်တို့ဖြင့် ပေါက်ပေါက်အရေအတွက်အားဖြင့် သားတို့ သည် ဖြစ်စေကုန် သတည်း၊ ပဒုမာ၏ အကျိုးဆက်ဖြင့် ဖြစ်လေရာ ဖြစ်လေရာအရပ်၌ ဘဝါးလှမ်းတိုင်းလှမ်းတိုင်းပဒုမာပွင့်သည် ပေါက် စေသတည်းဟုဆုတောင်းခြင်းကိုပြု၏။ပစ္စေကဗုဒ္ဓါသည် ထိုလယ်စောင့် မိန်းမ၏မြင်စဉ်ပင်လျှင် ကောင်းကင်ဖြင့် ဂန္ဓမာဒနတောင်သို့ကြွ၍ ထို ပဒုမာပွင့်ကိုနန္ဒမူလကလိုဏ်ဝယ် ပစ္စေကဗုဒ္ဓါတို့၏ နင်းရာစောင်းတန်း အနီး၌ခြေသုတ်ပြု၍ထား၏။ထိုလယ်စောင့်မိန်းမသည်လည်း ထိုကောင်း မှု ကံ၏အကျိုးဆက်အားဖြင့် နတ်ပြည်၌ဖြစ်၏။ဖြစ်သောကာလမှစ၍ ထို နတ်သွီး၏ ဘဝါးလှမ်းတိုင်းလှမ်းတိုင်း ပဒုမာပွင့်ကြီးသည် ပေါက်၏။ နတ်သွီးသည်နတ်ပြည်မှစုတေ့၍ ကောင်ခြေရင်းတခုသောပဒုမာရေအိုင် ဝယ် ပဒုမာတိုက်၌ဖြစ်၏။ ထိုရေအိုင်ကိုမှီ၍နေသော တယောက်သော ရသေ့သည် နံနက်စောစောကလျှင် မျက်နှာသစ်အံ့သောဌါ ရေအိုင်သို့ သွား၍ထိုကြာပန်းငုံကိုမြင်၍ ဤပန်းကားကြွင်းသောပန်းတို့ထက်ကြီး၏။ ကြွင်းသောပန်းတို့ကားပွင့်ကုန်၏။ဤပန်းကား အငုံသာလျှင်ဖြစ်၏။ ဤ အရာ၌ အကြောင်းရှိသည်ဖြစ်ရာ၏ဟု ကြံ၍ ဆင်းသက်၍ထိုပန်းငုံ ကို ယူ၏။ထိုပန်းသည် ရသေ့ကိုင်မိကာမျှဖြင့်လျှင်ပွင့်၏။ရသေ့သည် ပဒုမာ တိုက်တွင်း၌ အိပ်သောသူငယ်မကိုမြင်၍ အဘ၏ချစ်ခြင်းကိုရ၍ ပဒုမာ နှင့်တကွလျှင်ကျောင်းသို့ဆောင်၍ ညောင်စောင်း၌သိပ်၏။ထိုအခါ ထို သတို့သွီးငယ်၏ ကောင်းမှုအာနုဘော်အားဖြင့်ရသေ့၏လက်မ၌ နို့ရည် သည် ဖြစ်၏။ရသေ့သည် ကြာပွင့်ညှိုးလျှင် တပါးသော ကြာပွင့်သစ်ကို ဆောင်၍ သတို့သွီးကိုအိပ်စေ၏။ ထိုအခါ သတို့သွီး၏ ရှေးရှုပြေးခြင်း ထိုမှဤမှပြေးခြင်း ကစားနိုင်သောအခါမှစ၍ ဘဝါးလှမ်းတိုင်း လှမ်း တိုင်း ပဒုမာပန်းသည်ပေါက်၏။ရသေ့သည် ပဒုမာဝတီဟူသောအမည်

ကိုမှည့်၏။ပဒုမာဝတီ၏အဆင်းသည်ကား မာလာကျီကျူ အစုကဲ့သို့ရှိ၏။ပဒုမာဝတီသည် နတ်အဆင်းသို့လည်း မရောက်တတ်။လူ၏အဆင်းထက်လည်း လွန်သောအဆင်းရှိ၏။ပဒုမာဝတီကိုမြင်၍ ဗာရာဏသီမင်း၏ မူဆိုးသည် ဗာရာဏသီပြည်သို့သွား၍မင်းအားကြား၏။ထိုစကားကိုကြား၍ မင်းသည် ထိုအရပ်သို့သွား၍ ရှင်ရသေ့ကိုရှိခိုး၍ တင့်အပ်လျောက်ပတ်သောအရပ်၌နေ၍ ရသေ့သွီးပဒုမာဝတီကိုယူ၍ ထိုအရပ်၌လျှင် အသပြာစု၌ပဒုမာဝတီကိုထား၍ အဘိသိက်သွန်း၏။ပဒုမာဝတီကို မိမိမြို့သို့ဆောင်၍လာသောကာလမှစ၍ ကြွင်းကုန်သောမိန်းမတို့ကို မကြည့်မူ၍ ပဒုမာဝတီနှင့်အတူတကွသာလျှင်မွေလျော်၏။သံဝါသကိုစွဲ၍ ပဒုမာဝတီ၏ဝမ်း၌သန္ဓေတည်၏။ကိုယ်ဝန်ရင့်သည်ရှိသော် ပဒုမာဝတီ၏သားဘွားခြင်းသည်ဖြစ်၏။မဟာပဒုမမင်းသားတယောက်သည်သာလျှင်ဝမ်း၌သန္ဓေနေ၏။ကြွင်းကုန်သောလေးရာကိုးကျိပ်ကိုးယောက်ကုန်သောသူငယ်တို့သည်ကား မဟာပဒုမမင်းသားအမိ၏ဝမ်းမှဘွား၍ အိပ်သောကာလ အညှိအစိုတို့ကြောင့်ဖြစ်ကုန်၏။ထိုအလုံးစုံငါးရာကုန်သော မင်းသားတို့သည်လည်း မိမိတို့၏ တဆဲ့ခြောက်နှစ်မြောက်သောကာလ၌တပေါင်းတည်းဖြစ်ကုန်၍ ဥယျာဉ်၌ပဒုမာဖုံးလွှမ်းသောမင်္ဂလာရေကန်၌ ကစားကုန်သည်ရှိသော် ပွင့်ကုန်သော ပဒုမာအသီးအညှာမှကြွေကုန်သော ပဒုမာအဟောင်းတို့ကိုမြင်ကုန်၍ ကံကြောင့်မဖြစ်သော ဤပဒုမာအားလည်း ဤသို့သဘောရှိသော အိုခြင်းသည်ရောက်တုံသေး၏။ငါတို့ကိုယ်အားကား အဘယ်ဆိုဘွယ်ရှိအံ့နည်း။ ထိုစကားသည်သင့်၏။ဤကိုယ်သည်လည်း ဤကြာကဲ့သို့အလားရှိ၏။ဤကြာကဲ့သို့ ဖြစ်လတ္တံ့ဟု အာရုံကိုယူ၍ ပစ္စေကဗုဒ္ဓါဖြစ်ကုန်၍ ကောင်းကင်ဖြင့် နန္ဒမူလက လိုဏ်သို့သွားကုန်၍ ထိုနန္ဒမူလကလိုဏ်၌ သိတင်းသုံးနေကုန်၍ အသက်အဆုံး၌ ပရိနိဗ္ဗာန်ပြုတော်မူကုန်၏။ ပဒုမာဝတီသည်ကား ထိုကိုယ်အဖြစ်မှစုတေ့၍ သံသရာ၌ကျင်လည်၍ ဤငါတို့မြတ်စွာဘုရားဖြစ်တော်မူသောကာလ၌ ဥပ္ပလဝဏ္ဏာမထေရ်မဖြစ်၏။[ပဒုမာဝတီဝတ္ထု]။ ဤသို့ ပစ္စေကဗုဒ္ဓါအား ပူဇော်ခြင်းသည်လည်း စီးပွါး ချမ်းသာကိုဆောင်တတ်၏။

၂၅-စတုရိတ္တိ ဝတ္ထု

လွန်လေပြီးသောအခါ ကဿပဘုရားရှင်လက်ထက်တော်၌ ဥသိတာမည်သောတိုင်းဝယ် ပေဏ္ဍကဋ္ဌမည်သောမြို့၌ လေးယောက်ကုန်သောမိန်းမတို့သည်ဖြစ်ကုန်၏။ထိုမိန်းမတို့တွင် တယောက်သော မိန်းမသည် တပါးသောဆွမ်းခံရဟန်းကိုမြင်၍ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ထိုဆွမ်းခံရဟန်းအား ၎ရွှေပန်းလက်ကိုလှူ၏။တယောက်သောမိန်းမသည် ထိုသို့သဘောရှိသောရဟန်းအားသာလျှင် ကြာညိုလက်ကိုလှူ၏။ တယောက်သောမိန်းမသည် ထိုသို့သဘောရှိသောရဟန်းအားသာလျှင် ပဒုမာလက်ကိုလှူ၏။တယောက်သောမိန်းမသည် ထိုသို့သဘောရှိသောရဟန်းအားသာလျှင် မုလေးငုံတို့ကိုလှူ၏။ဤသို့ထိုမိန်းမတို့သည် ထိုမျှသော ကောင်းမှုကိုပြု၏။နောက်အဘို့၌စုတေ၍ တာဝတိံသာနတ်ပြည်၌ဖြစ်၍ အသီးအသီးတယောက်စီ အခြံအရံများစွာရှိကုန်၏။ထိုနတ်သွီးတို့သည် တာဝတိံသာနတ်ပြည်၌ အသက်ထက်ဆုံး နတ်၏စည်းစိမ်ကိုခံစား၍ ထိုကုသိုလ်ကံ၏အကျိုးကြွင်းဖြင့်ပင်လျှင် အဘန်ဘန် တာဝတိံသာ နတ်ပြည်၌သာလျှင် ကျင်လည်ကုန်လျက် ဤဝါတို့မြတ်စွာဘုရားဖြစ်တော်မူသောအခါ၌လည်း တဘန်တာဝတိံသာနတ်ပြည်၌သာလျှင်ဖြစ်ကုန်၏။ထိုအခါ အရှင်မောဂ္ဂလာန်သည် နတ်ပြည်သို့ဒေသစာရီကြွတော်မူသည်ရှိသော် တာဝတိံသာနတ်ပြည်သို့ ရောက်၍ ထိုတာဝတိံသာ နတ်ပြည်၌ အစဉ်သဖြင့်တည်ကုန်သော လေးဆောင်ကုန်သောဗိမာန်တို့၌ လေးယောက်ကုန်သောနတ်သွီးတို့ကိုမြင်၍ စတုရိတ္တိဝိမာန၌ ဆိုအပ်သောနည်းဖြင့် ထိုနတ်သွီးတို့၏ရှေးကုသိုလ်ကံကိုမေး၏။နတ်သွီးတို့သည်လည်း အရှင်မောဂ္ဂလာန်မထေရ်အားမိမိတို့၏ရှေးကုသိုလ်ကံကိုကြားပေကုန်၏။ထိုအခါ အရှင်မောဂ္ဂလာန်မထေရ်သည် ထိုနတ်သွီးတို့အား အစဉ်သဖြင့်ဖြစ်သောတရားစကားကိုဟော၍ သစ္စာတို့ကိုပြတော်မူ၏။ သစ္စာကိုပြသည်၏အဆုံး၌ အခြံအရံတို့နှင့်တကွ ခပ်သိမ်းကုန်သော နတ်သွီးတို့သည်လည်း သောတာပန်ဖြစ်ကုန်၏။အရှင်မောဂ္ဂလာန်မထေရ်သည် နတ်ပြည်မှလာ၍ ဇေတဝန်ကျောင်းတော်သို့ကြွ၍ ထိုအလုံးစုံသော အကြောင်းကို မြတ်စွာဘုရားအား ကြားလျှောက်၏။ မြတ်စွာဘုရားသည် ထိုအနက်ကို အကြောင်းပြု၍ ရောက်လာသော

ပရိသတ်တို့အား တရားဟောတော်မူ၏။ ထိုတရားသည် လူမျှားအား ချမ်းသာကိုပြု၏။ [စတုရိတ္ထိဝတ္ထု]။

၂၆–လာဇာနတ်သွီး ဝတ္ထု

ဓမ္မပဒပါဠိတော် ပါပဝဂ်

ရာဇဂြိုဟ်ပြည်၌ သလေးလယ်စောင့်သော ဓိန်းမတယောက်သည် သလေးနှံတို့ကို ယူပြီးလျှင် ပေါက်ပေါက်တို့ကိုပြု၍ အသက်မွေးသတတ်။ ရာဇဂြိုဟ်ပြည်၏အနီး၌တရုသောလိုဏ်သည်ရှိ၏။ထိုလိုဏ်သည် တံခါး၏အနီး၌တရုသောညောင်ကျပ်ပင်ရှိသည်၏အဖြစ်ကြောင့်ပိပ္ပလိလိုဏ်ဟုတွင်၏။ထိုလိုဏ်၌အရှင်မဟာကဿပသည် ခုနစ်ရက် နိရောဓသမာပတ်ကိုဝင်စား၍သမာပတ်မှထ၍ ဒိဗ္ဗစက္ခုဖြင့်ဆွမ်းခံရာအရပ်ကို ကြည့်တော်မူသည်ရှိသော် ထိုဓိန်းမကိုမြင်တော်မူ၍ သပိတ်သင်္ကန်းကို ယူ၍ လယ်၏အနီး၌ရပ်၏။ထိုဓိန်းမသည်မထေရ်မြတ်ကိုမြင်၍ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ မထေရ်၏သပိတ်၌ပေါက်ပေါက်တို့ကို လောင်း၍ အရှင်ဘုရား၊အရှင်တို့သည် သိမြင်အပ်သောတရားကို သိမြင်ရပါစေသတည်းဟုဆုတောင်း၏။အရှင်မဟာကဿပမထေရ်သည် ဆုတောင်းတိုင်း ဖြစ်စေသတည်းဟု ဓိန်းတော်မူ၍ကြွသည်ရှိသော် ဓိဓိအလှူကိုဆင်ခြင်လျက်ပြန်လည်စဉ် လယ်ကန်သင်းရိုးခရိုး၌ တရုသောတွင်းမှ ထွက်သောကြမ်းသောအဆိပ်ရှိသောမြွေသည်ခဲ၏။ထိုအရပ်၌ပင်လျှင် လည်း၍သေလေသော် တာဝတိံသာနတ်ပြည်၌နတ်သွီးတထောင်တို့ဖြင့်ပြည့်သောရွှေဓိမာန်၌ အိပ်ပျော်ရာမှနိုးသော သူကဲ့သို့ ခပ်သိမ်းသောနတ်၏ တန်းဆာတို့ဖြင့် တန်းဆာဆင်အပ်သော သုံးဂါဝုတ် အတိုင်းအရှည်ရှိသော ကိုယ်ဖြင့်ဖြစ်၍ တဆဲ့နှစ်ယူဇနာရှိသော တရုသောနတ်အဝတ်ကို ဝတ်၍ တရုသောနတ်အဝတ်ကိုရုံ၍ ရှေးကောင်းမှုကိုရှုစဲ့သောဌာ ရွှေပေါက်ပေါက်တို့ဖြင့်ပြည့်သော တွဲရဲရဲဆွဲသောရွှေဓွက်ငယ်ဖြင့် တန်းဆာဆင်အပ်သော ဓိမာန်တံခါး၌ရပ်လျက် ဓိဓိစည်းစိမ်ကိုကြည့်၍ အဘယ်ကောင်းမှုကြောင့် ဤစည်းစိမ်ကိုရသနည်းဟု ဒိဗ္ဗစက္ခုဖြင့် စုံစမ်းကြည့်ရှုသော် အရှင်မဟာကဿပ မထေရ်အား ပေါက်ပေါက်ကိုလှူသောကြောင့် ရသည်၏အဖြစ်ကိုသိ၍နတ်သွီးသည် ဓိဓိစည်းစိမ်ကိုမြစွာ

တည်သည်ကိုပြုလို၍ နံနက်စောစောကလျှင် ရွှေဖြင့်ပြီးသော တံမြက်စည်း တံမြက်ချေးစွန့်သော တောင်းကို ယူလျက်လာ၍ အရှင်မဟာကဿပမထေရ်၏ပရိဝုဏ်ကိုတံမြက်လှည်း၍ သောက်ရေ သုံးဆောင်ရေကိုတည်ထား၏။အရှင်မဟာကဿပမထေရ်သည် တစုံတယောက်သောပဉ္စင်းငယ်သည်လည်းကောင်း သာမဏေသည်လည်းကောင်း ပြုလိမ့်သတည်းဟု မှတ်၍ သုံးရက်မြောက်သောနေ့၌ တံခါးကိုဘွင့်၍ ကြည့်တော်မူသော် နတ်သွီးကိုမြင်၍နတ်သွီး ဖဲလော့။ငါ့အား နောင်အခါ ဆန်းကြယ်သောယပ်ကိုကိုင်၍ တရားဟောကုန်သော ရဟန်းတို့သည် တယောက်သောနတ်သွီးသည် မဟာကဿပမထေရ်၏ ဝတ်ကြီးဝတ်ငယ်ကိုပြု၍ သောက်ရေသုံးဆောင်ရေကို တည်ထားသတတ်ဟု တရားဟော အပ်သည်၏ အဖြစ်ကို ပြုရစ်လတ္တံ့။ ယခုအခါမှစ၍ ဤအရပ်သို့ မလာလင့်ဟုဆို၏။နတ်သွီးသည် အရှင်ဘုရား၊အကျွန်ုပ်ကိုမဖျက်ဆီးပါလင့်ဟု အဘန်တလဲလဲတောင်းပန်၏။ အရှင်မဟာကဿပသည် သင့်ပမာဏကို သင်မသိဟု လက်ပစ်ခတ်၏။ နတ်သွီးသည် ထိုအရပ်၌ ရပ်ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ အရှင်ဘုရား၊ အကျွန်ုပ်၏ရအပ်သောစည်းစိမ်ကို မဖျက်ဆီးပါလင့်။ ထာဝရတည်ခြင်းကိုပြုအံ့သောငှါ ပေးတော်မူပါဟု ငိုလျက် ကောင်းကင်၌တည်၏။ မြတ်စွာဘုရားသည် လေးဆဲ့ငါးယူဇနာ၏အဆက်၌တည်သောဇေတဝန်ကျောင်းတော် ဂန္ဓကုဋိ၌ နေတော်မူလျက်လျှင် ထိုလာဇာနတ်သွီး၏ငိုသံကိုကြားတော်မူ၍ အရောင်တော်ကိုနှံ့စေ၍ နတ်သွီးရှေ့၌နေ၍ ဟောတော်မူသကဲ့သို့ နတ်သွီး၊ ငါ့သားတော်၏တာဝန်ကား စောင့်ရှောက်ခြင်းကို ပြုခြင်းလျှင်တည်း။ ကောင်းမှုကိုအလိုရှိကုန်သောသူတို့၏ဝန်ကား ဤသည်လျှင်တည်း။ထိုစကားမှန်၏။ ကောင်းမှုကို ပြုခြင်းသည် ပစ္စုပ္ပန်လောက-တမလွန်လောက နှစ်ပါး၌ ချမ်းသာခြင်း၏အကြောင်းလျှင်တည်းဟု မိန့်တော်မူ၍-

ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာ နံ ပုနပ္ပုနံ။
တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော။

ဟူသောဂါထာကို ဟောတော်မူ၏။

ပုရိသော၊ပုဂ္ဂိုလ်သည်။ပုညံ၊ကောင်းမှုကို။စေကယိရာ၊အကယ်၍တကြိမ်ပြုငြားအံ့။တေန၊ ထိုတကြိမ်ပြုကာမျှဖြစ်သော ကောင်းမှုဖြင့်။ အလံ၊

တန်ဖြီဟု။ အနောရထိတ္ထော၊ကောင်းမှုကိုပြုခြင်းမှမကြွဉ်မူ၍။ ပုနပ္ပုနံ၊ အ
ဘန်တလဲလဲ။ နံ၊ ထိုကောင်းမှုကို။ ကယိရာ၊ ပြုရာသလျင်ကတည်း။
ကသ္မာ၊ အဘယ်ကြောင့်။ ပုညံ၊ ကောင်းမှုကို။ပုနပ္ပုနံ၊ အဘန်တလဲလဲ။
ကယိရာ၊ပြုရာသနည်း။ ပုညဿ၊ ကောင်းမှုကို။ဥစ္စယေဘာ၊ ဆည်းပူးခြင်း
သည်။သုခေါ၊ ချမ်းသာကို ရွက်ဆောင်၏။ တသ္မာ၊ ထိုကြောင့်။ ပုညံ၊
ကောင်းမှုကို။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ကယိရာ၊ ပြုရာ၏။

ဤဂါထာကို ဟောတော်မူသည်၏ အဆုံးဌ နတ်သိမ်းသည် သောတာ
ပန်ဖြစ်၍ နတ်ပြည်သို့သွား၏။ [လာဇာ နတ်သိမ်း ဝတ္ထု၊]

၂၇–ဂုဏ်သာရိပုတ္တရာ ဦးရိုးဝတ္ထု၊

ဓမ္မပဒ အဋ္ဌကထာ သဟဿဝဂ်

ဤသို့ သာဝကအား ပူဇော်ခြင်း သည်လည်း စီးပွါးချမ်းသာကို
ဆောင်၏။ဘုရားချီးမွမ်းအပ်သည်သာလျင်ဖြစ်၏။ဘုရားချီးမွမ်းတော်မူ
သောအရာ၌ ဤဝတ္ထုကို မှတ်အပ်၏။ ။ရာဇဂြိုဟ်ပြည်၌ အဂ္ဂဉ်သာရိ
ပုတ္တရာမထေရ်၏ ဦးရိုးဖြစ်သော တယောက်သော ပုဏ္ဏားသည် ဂို
သတတ်။ အကြင်သူသည် လတိုင်းလတိုင်း တထောင် တထောင်သော
ဥစ္စာကိုစွန့်သဖြင့် အလှူပေး၏၊ ထိုသူသည် ဖြဟ္မာ့ပြည်သို့ ရောက်၏။ ထို
စကားမှန်၏။ ဤသို့အလှူပေးခြင်းသည် ဗြဟ္မာ့ပြည်၏ လမ်းခရီးတည်း
ဟူသောစကားကို ဆရာအထံမှကြား၍ ထိုအဂ္ဂဉ်သာရိပုတ္တရာ၏ ဦးရိုး
ပုဏ္ဏားသည် ကြားသောအတိုင်း တကွန့်နှံးတို့အား အလှူပေး၏။ အဂ္ဂဉ်
သာရိပုတ္တရာ မထေရ်သည် ထိုပုဏ္ဏား အထံသို့သွား၍ ထိုအကြောင်းကို
ကြား၏။ သင်သည်လည်းကောင်း သင်၏ဆရာတို့သည်လည်းကောင်း
ဗြဟ္မာ့ပြည်၏ လမ်းခရီးကိုမသိကုန်။ ငါတို့ဆရာ မြတ်စွာဘုရား တပါး
သာလျှင် ဗြဟ္မာ့ပြည်၏ လမ်းခရီးကို သိတော်မူ၏။ ပုဏ္ဏား လာလော့။
သင့်အား ဗြဟ္မာ့ပြည်၏ လမ်းခရီးကို ဟောစေအံ့ဟု ထိုပုဏ္ဏားကိုယူ
ဆောင်၍ ဝေဠုဝန် ကျောင်းတော်သို့ဝင်၍ မြတ်စွာဘုရားအား ကြား
လျှောက်၏။ ထိုအခါထိုပုဏ္ဏားအား မြတ်စွာဘုရားသည် ပုဏ္ဏား၌အနှစ်
တရာပတ်လုံးလှူသော ဒါနထက်တမူဟုတ်မျှလည်း ကြည်ညိုသော စိတ်
ဖြင့် ငါဘုရား၏ တပည့်အား ဘူးမြင်ခြင်း သည်လည်းကောင်း တ

ယောင်းမမျှသောဆွမ်းကိုလှူခြင်းသည်လည်းကောင်း အကျိုး ကြီးမြတ်၏ဟု မိန့်တော်မူ၍သာဝကအားပူဇော်ခြင်းကို ချီးမွမ်းတော်မူလိုရကား-

မာသေမာသေ သဟသေန၊ ယော ယဇေထ သတံ သမံ။
ဧကဉ္စ ဘာဝိတတ္တာနံ၊ မုဟုတ္တမပိ ပူဇယေ။
သာယေဝ ပူဇနာ သေယျော၊ ယဉ္စေ ဝဿသတံ ဟုတံ။

ဟူသော ဂါထာကိုဟောတော်မူ၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ယော၊ အကြင်သူသည်။ မာသေမာသေ၊ လတိုင်းလတိုင်း။ သဟသေန၊ တထောင်သောဥစ္စာဖြင့်။ သတံသမံ၊ အနှစ် တရာပတ်လုံး။ ယဇေထ၊ လူများအပေါင်းတို့အား အလှူပေးရာ၏။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ယံဟုတံ၊ အကြင်ပူဇော်ခြင်းသည်။ သိယာစေ၊ ဖြစ်စေကာမူ။ တတော၊ ထိုအနှစ်တရာ ပူဇော်ခြင်းထက်။ ဘာဝိတတ္တာနံ၊ ဂုဏ်ကျေးဇူး၏အစွမ်းအားဖြင့် ပွါးစေအပ်သော စိတ်ရှိသော။ ဧကဉ္စ၊ တယောက်သော ငါဘုရား တပည့်ကိုလည်း။ မုဟုတ္တမပိ၊ တမုဟုတ်မျှလည်း။ ပူဇယေ၊ ပူဇော်ငြားအံ့။ သာယေဝပူဇနာ၊ ထိုငါဘုရား တပည့်အား ပူဇော်ခြင်းသည်သာလျှင်။ သေယျော၊ မြတ်၏။

ဤဂါထာကိုဟောတော်မူသည်၏အဆုံး၌ ပုဏ္ဏားသည်သောတာပန်ဖြစ်၏။ ဤသို့ရှေးဦးစွာအာမိသဖြင့်ပူဇော်ခြင်းသည် အကျိုးကြီးတုံသေး၏။အကျင့်ဝတ်ဖြင့် ပူဇော်ခြင်းသည်ကားအဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ အကြင် အမျိုးကောင်းသားတို့သည် သရဏဂုံ သိက္ခာပုဒ်ကို ယူခြင်းဥပုသ် ဆောက်တည်ခြင်း ဟူကုန်သော မိမိဂုဏ်ကျေးဇူးတို့ဖြင့်လည်းကောင်း စတုပါရိသုဒ္ဓိသီလ အစရှိကုန်သော မိမိဂုဏ်ကျေးဇူးတို့ဖြင့်လည်းကောင်း မြတ်စွာဘုရားအားပူဇော်ကုန်၏၊ ထိုအမျိုးကောင်းသားတို့၏ပူဇော်ခြင်းကိုကား အဘယ်သူတို့သည် ချီးမွမ်းနိုင်ကုန်အံ့နည်း။ထိုစကားမှန်၏။ ထိုသရဏဂုံ အစရှိသည်ကို ယူကုန်သော သူတို့သည် မြတ်စွာဘုရားကို မြတ်သောပူဇော်ခြင်းဖြင့် ပူဇော်ကုန်၏။ ဤသို့ဟောအပ်ကုန်၏။ အဘယ်သူသည် ဟောအပ်ကုန်သနည်းဟူမူကား မြတ်စွာဘုရားသည်ဟောအပ်ကုန်၏။ ချဲဦးအံ့ အကြင်အခါ၌မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူရာ ညောင်စောင်း၌ လျောင်းတော်မူ၏။ ထိုအခါ တသောင်းသောစကြဝဋ္ဌာ၌ ရှိကုန်သောနတ်တို့သည် ဤစကြဝဋ္ဌာ၌ စည်း

ဝေးကုန်၍ နတ်ပန်း အစရှိသည်တို့ဖြင့် မြတ်စွာဘုရားကို ပူဇော်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် လျှောင်းတော် မူလျက်လျှင် မြေအပြင်မှ စကြဝဠာ မျက်နှာ အဝန်း တိုင်အောင် လည်းကောင်း ပြာဟ္မာပြဲည့် တိုင်အောင်လည်းကောင်း စည်းဝေးသော၊ ရှိသတ်သည့် ကြီးစွာသော အားထုတ်ခြင်းဖြင့် ပြုအပ်သော များစွာသော ပူဇော် သက္ကာရကို မြင်တော်မူ၍ အရှင်အာနန္ဒာ မထေရ်အား မဟာဝုပရိနိဗ္ဗာန သုတ်၌ ဟောတော်မူအပ်သော နည်းဖြင့် ထိုများစွာသော ပူဇော် သက္ကာရကို ပြတော်မူ၍ ထိုများစွာသော ပူဇော်သက္ကာရဖြင့်လည်း ကိုယ်တော်အား ပူဇော်ခြင်း မမည်သည်ကိုလျှင် ပြတော်မူလိုရကား—

> နု ခေါ် အာနန္ဒ ဇွေ်ဘာဝတာ တထာဂတော သက္ကတော ဟောတိ ဂရုကတော မာနိတော ပူဇိတော အပစိတော၊

ဟုဟောတော်မူ၏။

အာနန္ဒ၊အာနန္ဒာ။ ခေါ်၊ စင်စစ်။ ဇွေ်ဘာဝတာ၊ ဤမျှ အဘိုင်းအရှည် ရှိသော များစွာသောပူဇော်ခြင်းဖြင့်။ တထာဂတော၊ငါဘုရားကို။သက္က တော၊ကောင်းစွာပြုအပ်သည်။ဂရုကတော၊အလေးအမြတ်ပြုအပ်သည်။ မာနိတော၊ မြတ်နိုးအပ်သည်။ ပူဇိတော၊ပူဇော်အပ်သည်။ အပစိတော၊ အရှိအသေပြုအပ်သည်။ နုဟောတိ၊မဖြစ်။ ။အဓိပ္ပါယ်ကား အာနန္ဒာ၊ ငါဘုရားသည် ဒီပင်္ကရာမြတ်စွာဘုရား ခြေရင်းတော်၌ လျှောင်းသဖြင့် ပန်းနံ့သာစည်စောင်းငြင်းတို့ဖြင့် ပူဇော်ခြင်းတို့၏အကျိုးဌာဘုရားဆုကို တောင်းတော်မူသည်မဟုတ်။ ထိုအာမိသပူဇော်ကို ခံတော်မူခြင်းဌာ ပါရမီတို့ကို ဖြည့်တော်မမူ။ ထိုကြောင့်စင်စစ်လျှင် ထိုပန်းအစရှိသော ပူဇော်ခြင်းဖြင့် ငါဘုရားကို ပူဇော်သည် မမည်ဟူလိုသတည်း။ သင်္ခါဝဉ္ဇ ဘုရားရှင်သည် တပါးသော သုတ်၌ တပ္ပင့်သော အောင်မဲညှိပန်းကို မျှလည်းယူ၍ ဘုရားကျေးဇူးတော်တို့ကို ဆင်ခြင်၍ ပြုအပ်သော ပူဇော်ခြင်း၏ အကျိုးကို ဘုရားညွှတ်ဖြင့်လည်းမပိုင်းခြားအပ်ဟု ချီးမွမ်းတော်မူ၍ ဤမဟာဝပရိနိဗ္ဗာနသုတ်၌ ဤသို့ကြီးစွာသော ပူဇော်ခြင်းကို အဘယ်ကြောင့် ပယ်တော်မူလေသနည်းဟူမူကား ပရိသတ်အား ချီးမြှောက်တော်မူလို သောကြောင့် လည်းကောင်း သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်းကို အလိုတော်ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ပယ်

တော်မူသတည်း။ ချဲ့ဦးအံ့၊ မြတ်စွာဘုရားသည်အကယ်၍ဤသို့ပယ်တော်မမူငြားအံ့၊နောင်အခါ၌သိလသမာဓိတို့ကိုမဖြည့်ကုန်ဘဲ ဝိပဿနာတို့ကို မယူကုန်ဘဲ အလုပ် အကျွေးတို့ကို နှိုးဆော်၍ ပူဇော်ခြင်းကို သာလျှင် ပြုကုန်လျက် နေကုန်လတ္တံ့။ဤအာမိသဖြင့် ပူဇော်ခြင်း မည်သည်လည်း သာသနာတော်ကို ယာဂုတကြိမ်သောက်ကာမျှလည်း တည်ခြင်းငှါ မစွမ်းနိုင်။ထိုစကားမှန်၏။ မဟာဝိဟာရနှင့်တူသော ကျောင်းတထောင်သည်လည်းကောင်း မဟာစေတီနှင့် တူသော စေတီတထောင်သည်လည်းကောင်း သာသနာတော်ကို တည်စေခြင်းငှါ မတတ်နိုင်။ အကြင်သူသည် ပူဇော်ခြင်းကို ပြု၏ ထိုသူအားသာလျှင် ဖြစ်၏။ ကောင်းသော အကျင့်သည် တမူကားမြတ်စွာဘုရားအားလျောက်ပတ်သောပူဇော်ခြင်း ဖြစ်၏။ ထိုစကားမှန်၏။ ကောင်းသော အကျင့်ကို မြတ်စွာဘုရားသည် တောင့်တတော် မူအပ်သည်လည်းဖြစ်၏။ ကောင်းသော အကျင့်သည် သာသနာတော်ကို တည်စေခြင်းငှါလည်း စွမ်းနိုင်၏။ ထိုကြောင့် အာမိသဖြင့် ပူဇော်ခြင်းကို ပယ်တော်မူ၍ ပဋိပတ်ဖြင့် ပူဇော်ခြင်းကို ခွင့်ပြုတော်မူလိုရကား—

> ယော ခေါ အာနန္ဒ ဘိက္ခုဝါ ဘိက္ခုနီဝါ ဥပါသကောဝါ ဥပါသိကာဝါ မ္မောနု မ္မေပဋိပ္ပန္နော ဝိဟရတိ။ သာမိစိပ္ပဋိပန္နော အနုမ္မေစာရီ။ သော တထာဂတံ သက္ကရောတိ ဂရုံ ကရောတိ မာနေတိ ပူဇေတိ ပရမာယ။ တသ္မာ တိဟာနန္ဒ မ္မောနုမ္မေပ္ပဋိပန္နာ ဝိဟရိဿာမ သာမိစိပ္ပဋိပန္နာ အနုမ္မေစာရီနောတိ။ ဇဝဉ္ဖြ ဝေါ အာနန္ဒ သိက္ခိတဗ္ဗံ။

ဟု ဟောတော်မူ၏။

အာနန္ဒ၊ အာနန္ဒာ။ ခေါ၊စင်စစ်။ ယောဘိက္ခုဝါ၊ အကြင် ရဟန်းယောကျ်ားသည်လည်းကောင်း။ ယာဘိက္ခုနီဝါ၊ အကြင် ရဟန်းမိန်းမသည် လည်းကောင်း။ ယော ဥပါသကောဝါ၊ အကြင် သီတင်းသည် ယောကျ်ားသည်လည်းကောင်း။ ယာဥပါသိကာဝါ၊ အကြင် သီတင်းသည် မိန်းမသည်လည်းကောင်း။ မ္မောနုမ္မေပ္ပဋိပန္နော၊ ကိုးပါးသော လောကုတ္တရာတရားအားသင့်တင့်သော အကျင့်ကိုကျင့်၍။ သာမိစိပ္ပဋိပန္နော၊ကိုးပါးသော လောကုတ္တရာ တရားအားလျော်သော အကျင့်ကို

ကျင့်၍။ အနုမ္မေစာရီ၊ ကိုးပါးသော လောကုတ္တရာတရားအား လျောက်ပတ်သော အကျင့်ကိုကျင့်၍။ ဝိဟရတိ၊ နေ၏။ သော၊ ထိုရဟန်းယောက်ျား ရဟန်းမိန်းမ သီတင်းသည် ယောက်ျား သီတင်းသည် မိန်းမသည်။ တထာဂတံ၊ မြတ်စွာဘုရားကို။ ပရမာယ၊ မြတ်သော။ ပူဇာယ၊ ပူဇော်ခြင်းဖြင့်။ သက္ကရောတိ၊အရိအသေပြု၏။ ဂရုံကရောတိ၊ အလေးအမြတ်ပြု၏။ မာနေတိ၊ မြတ်နိုး၏။ ပူဇေတိ၊ပူဇော်၏။ အာနန္ဒ၊ အာနန္ဒာ။ တသ္မာ၊ ထိုကြောင့်။ ဣဟ၊ ဤသာသနာတော်၌။ မ္မောနုမ္မေပ္ပဋိပန္နာ၊ ကိုးပါးသောလောကုတ္တရာ တရားအား သင့်တင့်သော အကျင့်ကို ကျင့်ကုန်၍။ သာမိစိပ္ပဋိပန္နာ၊ ကိုးပါးသော လောကုတ္တရာတရား အား လျော်သော အကျင့်ကို ကျင့်ကုန်၍။ အနုမ္မေစာရိနော၊ ကိုးပါးသော လောကုတ္တရာ တရားအား လျောက်ပတ်သော အကျင့်ကို ကျင့်ကုန်၍။ ဝိဟရိဿာမ၊နေကုန်အံ့။ ဣတိ၊ဤသို့။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ဟိသစ္စံ၊ မှန်၏။ အာနန္ဒ၊ အာနန္ဒာ။ ဧဝံ၊ ဤသို့ နှလုံးသွင်းတိုင်း။ ဝေါ၊ သင်တို့သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ ။မဟာ ပရိနိဗ္ဗာနသုတ် ပါဋ္ဌိတော်။ ။ဤ ပါဋ္ဌိတော်၌ ကိုးပါးသော လောကုတ္တရာ တရားအား လျော်သော အကျင့်မည်သည်ကား သီလအာစာရပညတ်တော်မူသော ရတင်ကို ဆောက်တည်ခြင်း ဂေါတြဘုတိုင်အောင်သော အကျင့်တည်း။ထိုအကျင့်ကို အကြင်သူသည် ကျင့်၏၊ထိုသူကို မ္မောနုမ္မေပ္ပဋိပန္နဟူ၍လည်းကောင်း သာမိစိပ္ပဋိပန္နဟူ၍ လည်းကောင်း အနုမ္မေစာရီဟူ၍လည်းကောင်း ဆိုအပ်၏။ ထိုကြောင့် ခြောက်ပါးကုန်သော အဂါရဝတို့၌တည်၍ ပညတ်တော်ကို လွန်၍ ပန်းပေးခြင်း သစ်သီးပေးခြင်း အစရှိသော အနေသနဖြင့် အသက်မွေးခြင်းကို ပြုသော ရဟန်းသည် မ္မောနုမ္မေပ္ပဋိပန္နမမည်။အလုံးစုံ ပညတ်တော် မူအပ်သော သိက္ခာပုဒ်ကို အဏုမြူမျှလည်း မလွန်မူ၍ တရားသဖြင့် အသက်မွေးသောရဟန်းသည် မ္မောနုမ္မေပဋိပန္နမည်၏။ လူတို့ကားဤသို့သိအပ်၏၊ ပါဏာတိပါတအစရှိသော ငါးပါးသောရန် ဆယ်ပါးသော အကုသလ ကမ္မပထ တို့ကို ပြုသောသူသည် မ္မောနုမ္မေပ္ပဋိပန္နမမည်။ အကြင်သူသည်ကား သရဏဂုံသီလ၌ ဖြည့်ကျင့်လေ့ရှိ၏။ တလ၌ ရှစ်ဥပုသ်တို့ကိုသုံး၏။ အလှူပေး၏။ နံ့သာပန်းဖြင့်ပူဇော်၏။ အမိအဘတရားစောင့်သော ရဟန်းပုဏ္ဏားတို့ကို လုပ်ကျွေး၏။ ဤသူသည် မ္မောနုမ္မေပ္ပဋိပန္နမည်၏။ ပရမာယ ပူဇာယဟု

ဟောတော်မူသော ဘုရားသဗ္ဗညုအကျင့်ဖြင့် ပူဇော်ခြင်းမည်သည်ကား ငါဘုရားသာသနာတော်ကို တည်စေခြင်းငှါ စွမ်းနိုင်၏။ ထိုစကားသည် မှန်၏။ အကြင် မျှလောက်သော ကာလပတ်လုံး ဤလေးပါး ကုန်သော ပရိသတ်တို့သည် ငါဘုရားကို ဤအကျင့်ဝတ်ဖြစ်သော ပူဇော်ခြင်း ဖြင့် ပူဇော်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရား သာ သနာတော်သည် ကောင်းကင်အလယ်၌ လပြည့်ဝန်းကဲ့သို့ တင့်တယ် လတ္တံ့။ ဤသို့သောအနက်ကို ပြတော်မူသတည်း။ [မဟာ ပရိနိဗ္ဗာန သုတ် အဋ္ဌကထာနည်းတည်း]

၂၈-တိဿမထေရ် ဝတ္ထု

ပရိနိဗ္ဗာန် ပြုတော်မူသော အခါမှ ဧရားဌလည်း မြတ်စွာဘုရားသည် ပဋိပတ်ဖြင့် ပူဇော်ခြင်းကိုသာလျှင် ချီးမွမ်းတော်မူ၏။ ထိုပဋိပတ်ဖြင့် ပူဇော်ခြင်းကို ချီးမွမ်းတော်မူရာ၌ ဤဝတ္ထုတို့ကိုသိအပ်ကုန်၏။ အကြင် အခါ မြတ်စွာဘုရားသည် ရဟန်းတို့၊ ဤလေးလလွန်သဖြင့် ပရိနိဗ္ဗာန် ပြုအံ့ဟု မိန့်တော်မူ၏။ ထိုအခါပုထုဇ္ဇဉ်ရဟန်းတို့သည် မျက်ရည်တို့ကို ချုပ်တည်းအံ့သောငှါ မတတ်နိုင်ကုန်။ ထိုရဟန်းတို့သည် အစုအစု ဖြစ် ကုန်၍ အသို့ပြုကုန်အံ့နည်းဟု မြတ်စွာဘုရား အထံတော်၌သာလျှင် နေ ကုန်၏။ထိုအခါ တိဿအမည်ရှိသော တပါးသောမထေရ်သည် ဘုရား ရှင်သည် လေးလလွန်သဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သတတ်၊ အကြင်ကြောင့် ငါသည်ရာဂမ ဘင်သေး။ ထိုကြောင့်ငါသည် ဘုရားရှင်ထင်ရှားရှိတော် မူစဉ်သာလျှင် အရဟတ္တဖိုလ်ကို ရှုခြင်းငှါ သင့်၏ဟုကြံ၍ ထိုရဟန်း တို့၏ အထံသို့မသွားမူ၍ တစုံတယောက်သောသူနှင့် စကား ပြောခြင်း ကို မပြုမူ၍လျှင် လေးပါးသောဈရိယာပုဝင်တို့၌ တယောက် ထည်းသာ လျှင်နေ၏။ ရဟန်းတို့သည် တိဿမထေရ်၏အမှုကို မြတ်စွာဘုရားအား လျှောက်ကုန်၏။ မြတ်စွာ ဘုရားသည် တိဿ မထေရ်ကို ခေါ် စေ၍ မေးတော်မူ၏။ ထိုအကြောင်းကို ကြားတော်မူ၍ တိဿ မထေရ်အား ကောင်းချီးပေးတော်မူ၍ ရဟန်းတို့ အကြင်ရဟန်းအား ငါဘုရား၌ ချစ် ခြင်းသည်ရှိ၏။ ထိုရဟန်းသည် တိဿမထေရ်နှင့် တူသည်သာလျှင် ဖြစ်ရာ၏။ ထိုစကားမှန်၏။ နံ့သာပန်း အစရှိသည်တို့ဖြင့် ပူဇော် ခြင်းကို

ပြုကုန်သော သူတို့သည်လည်း ငါဘုရားကို ပူဇော်သည် မဟုတ်ကုန် သလျှင်ကဘည်း။ ကိုးပါးသော လောကုတ္တရာ တရားအား လျော်သော အကျင့်ကို ကျင့်ကုန်သော သူတို့သည် သာလျှင် ငါဘုရားကို ပူဇော်သည် မည်ကုန်၏ဟု မိန့်တော်မူ၍ သုခဝင်္ဂ-

ပဝိဝေကရသံ ပိတွာ၊ ရသံ ဥပသမဿစ။
နိဒ္ဒဟော ဟောတိ နိပ္ပါပေါ၊ ဓမ္မပီတိရသံ ပိဝံ။

ဟူသော ဂါထာကို ဟောတော်မူ၏။

ပဝိဝေကရသဥ္စ၊ အကုသိုလ်တို့မှ ဆိတ်ခြင်းကြောင့်ဖြစ်သောရသကို လည်းကောင်း။ ဥပသမဿ၊ နိဗ္ဗာန်၏။ ရသဥ္စ၊ ရသကိုလည်းကောင်း။ ပိတွာ၊ သောက်၍။ ဓမ္မပီတိရသံ၊ လောကုတ္တရာ တရားကြောင့်ဖြစ်သော ပီတိဟူသောရသကို၊ ပိဝံ-ပိဝန္တော၊ သောက်သောသူသည်။ နိဒ္ဒဟော၊ ပူပန်ခြင်းမရှိသည်။ နိပ္ပါပေါ၊ မကောင်းမှုမရှိသည်။ ဟောတိ၊ ဖြစ်၏။ ။

၏ဂါထာကို ဟောတော်မူသည်၏ အဆုံး၌ တိဿမထေရ်သည် အရဟတ္တဖိုလ်သို့ရောက်၏။ [တိဿမထေရ်၏ ဝတ္ထု]။

၂၃-အတ္တဒတ္ထမထေရ် ဝတ္ထု

ဓမ္မပဒ အဋ္ဌကထာ အတ္တာဂ်

အတ္တဒတ္ထမထေရ် သည်လည်း တိဿ မထေရ်ကဲ့သို့လျှင် ကြီ၍ ရဟန်းတို့၏အထံသို့ မသွားမူ၍လျှင် တယောက်ထည်း အရဟတ္တဖိုလ် အကျိုးငှါလျှင်ကျင့်၏။ ရဟန်းတို့သည်ဘုရားရှင်အား ထိုအကြောင်းကို ကြားလျှောက်ကုန်၏။ ဘုရားရှင်သည် အတ္တဒတ္ထ မထေရ်အားလည်း ကောင်းချီးပေးတော်မူ၍ ရဟန်းတို့ အကြင်သူအား ငါဘုရား၌ ချစ်ခြင်း သည်ရှိ၏။ ထိုသူသည် အတ္တဒတ္ထမထေရ်ကဲ့သို့ဖြစ်ရာ၏။ နံ့သာအစရှိ သည်တို့ဖြင့် ပူဇော်ကုန်သောသူတို့သည်လည်း ငါဘုရားကိုပူဇော်သည် မမည်ကုန်။ကိုးပါးသော လောကုတ္တရာ တရားအားလျော်သော အကျင့် ကိုကျင့်ကုန်သောသူတို့သည်ကား ငါဘုရားကိုပူဇော်သည်မည်ကုန်၏ ဟု မိန့်တော်မူ၍-

အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ နဟာပယေ။
အတ္တဒတ္ထ မဘိညာယ၊ သဒတ္ထပသုတော သိယာ။

ဟူသောဂါထာကို ဟောတော်မူ၏။

ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။ဗဟုနာပိ၊များသည်လည်းဖြစ်သော။ပရဂ္ဂေ
နာ၊သူ့အကျိုးကြောင့်။အတ္တဒဏ္ဍံ၊မိမိအကျိုးကို။ နဟာပယေ၊ မယုတ်စေ
ရာ။ ဘိက္ခု၊ ရဟန်းသည်။ အတ္တဒဏ္ဍံ၊ မိမိအကျိုးကို။ အဘိညာယ၊သိ၍။
သဒဏ္ဍပသုတော မိမိအကျိုး၌လေ့ကျက်သည်။သိယာ၊ဖြစ်ရာ၏။

ဤဂါထာကို ဟောတော်မူသည်၏အဆုံး၌ အတ္တဒဏ္ဍမထေရ်သည်
လည်း အရဟတ္တဖိုလ်သို့ရောက်၏။ [အတ္တဒဏ္ဍမထေရ်ဝတ္ထု]။

ဤသို့ပဋ်ပတ်ဖြင့်ပူဇော်ခြင်းသည်သာလျှင် ချီးမွမ်းအပ်သော ပူဇော်
ခြင်းမည်၏။နုံ့သာပန်းအစရှိသောအာမိသဖြင့် ပူဇော်သောရဟန်းသည်
မျှောနှမ္မေပဋိပန္နမမည်သကဲ့သို့ အာမိသဖြင့်ပူဇော်သောသူသည် မျှောနှ
မ္မေပဋိပန္နမမည်သည်မဟုတ်။မည်သည်သာလျှင်ဖြစ်၏။ထိုကြောင့်မဟာ
ပရိနိဗ္ဗာနသုတ်အဌကထာ၌ လူ၏မျှောနှမ္မေပဋိပန္နအရာ၌- ဒါနံ ဒေတိ၊
ဂန္ဓပူဇံ မာလာပူဇဉ္စ ကရောတိ- ဟူ၍ ဆိုအပ်၏။ ထိုစကားမှန်၏။
အာမိသဖြင့် ပူဇော်သောသူသည် မိမိအားဘုရားရှင်သည်အကြင် အဆုံး
အမကိုပေး၏။ ထိုအဆုံးအမကိုပြုသည်မည်၏။အဆုံးအမကို ပြုသောသူ
သည်လည်းပူဇော်သည်မည်၏။ထိုကြောင့်ထိုသူသည်ဘုရားရှင်၏အဆုံး
အမအားလျော်စွာပြုအပ်သောအာမိသပူဇော်ခြင်းဟူသော မိမိကျေးဇူး
ဖြင့် ဘုရားရှင်ကို ပူဇော်သည်မည်၏။ ဤသို့ အကြင်သူသည် ဆိုအပ်ပြီး
သော အပြားရှိသောသူမိုက်တို့ကိုမမှီဝဲခြင်း ပညာရှိတို့ကို မှီဝဲခြင်းဖြင့်
အစဉ်သဖြင့်ပူဇော်အပ်သည်၏အဖြစ်သို့ရောက်ကုန်သောမြတ်ကုန်သော
ဘုရားအစရှိကုန်သောသူတော်ကောင်းတို့ကိုပူဇော်၏။အရိအသေပြု၏။
ချီးမွမ်း၏။ ထိုသူသည် စီးပွါးချမ်းသာသို့ ရောက်၏။ အကြင်သူသည်
ပူဇော်အပ်သောအဖြစ်သို့ မရောက်ကုန်သော ယုတ်မာကုန်သော မသူ
တော်တို့ကိုပူဇော်၏။ ထိုသူသည် ဆင်းရဲသို့ရောက်၏။ မသူတော်တို့ကို
ပူဇော်ခြင်းကြောင့် ဆင်းရဲသို့ရောက်သောအရာ၌ ဤဝတ္ထုတို့ကို သိအပ်
ကုန်၏။

တရံရောအခါ ဒေဝဒတ်သည် ဆိတ်ကွယ်ရာအရပ်သို့ကပ်၍ သာရိ
ပုတ္တရာ၏ပရိသတ်၊ မောဂ္ဂလာန်၏ပရိသတ်ဟူ၍ ဤသို့ ဤဂုဏ်တို့သည်
အသီးအသီးရှိကြကုန်သတတ်။ ငါသည်လည်း တခုသောဂုဏ်ဟူသော
ဝန်ကို ရွက်ဆောင်အံ့။လာတ်နှင့်ကင်း၍ ပရိသတ်ကိုမွေးခြင်းငှါလည်း
မဘက်ကောင်း၊ ယခု ငါသည် အဇာတသတ်နှင့် တပေါင်းတည်း

ဖြစ်၍လာတ်ကိုဖြစ်စေအံ့ဟုကြံ၍ သံဃဘေဒခန္ဓကဋ္ဌလာသောနည်းဖြင့် အဇာတသတ်အား တန်းခိုးပြာဋိဟာဖြင့် ကြည်ညိုစေ၍ အဇာတသတ်သည် ဒေဝဒတ်အားကြည်ညိုး၍ မသူတော်ဖြစ်သော ဒေဝဒတ်ကို ချီးမြှောက်၍ ဒေဝဒတ်အားပူဇော်ခြင်းကို ပြုလို၍များစွာသောဥစ္စာကို စွန့်ကြဲ၍ ဂယာသီသဋ္ဌိကျောင်းဆောက်၍ နေ့တိုင်းဆွမ်းဒိန်း အလုံးငါးရာဘုံကို လှူ၏။ ညဉ့်နံနက်ဒေဝဒတ်ကို ခစားအံ့သောဌာလည်း သွား၏။ အဇာတသတ်သည်အောက်၌ဆိုခဲ့ပြီးသောနည်းဖြင့်ဒေဝဒတ်စကားကို နားထောင်၍အဘကိုသတ်၍ ဗိမိဇ္ဈ၏ ပထမမဂ်၏ ဥပနိဿယကို ဖြတ်၍ ဆင်းခဲသို့ ရောက်၏။

၃၀–သဋ္ဌိဝဿုဒ္ဒါန်

ကေနိပါတ် ဇာတ်အဋ္ဌကထာ

အဇာတသတ်သည်ပင်လျှင် လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်၌ ဒိသာပါမောက်ဆရာ၏ တပည့်လုလင်ငါးရာ၌ အဝတ္ထင်းဝင်သော သဋ္ဌိဝမည်သော လုလင်ဖြစ်ဘူး၏။ သဋ္ဌိဝလုလင်သည်လည်း ဆရာ့အထံ၌ အသေကောင်ကို ထစေတတ်သော မန္တာရုံးကိုသာလျှင် သင်၏။ မြစ်ဘားဆင်းတား တတ်သော မန္တာရုံးကိုကား မသင်၊ သဋ္ဌိဝလုလင်သည်လည်း တနေ့သ၌ လုလင်တို့နှင့်တကွ ထင်းခွေအံ့သောငှါ တောသို့သွား၍ ကျားသေကောင်ကို မြင်၍ အချင်းတို့ ဤကျားသေကို ငါထစေအံ့ဟုဆို၏။ လုလင်တို့သည် အကယ်၍ တတ်နိုင်အံ့ ထစေလော့ဟုဆို၍ သစ်ပင်ကို တက်ကုန်၏။ သဋ္ဌိဝသည် မန္တာရုံးကိုရွတ်၍ ကျားသေကို ခေျာက်စရစ်ဖြင့်ပစ်၏။ ကျားသည် ထ၍ မြန်သော အဟုန်ဖြင့် သွား၍ သဋ္ဌိဝကို ရေမျိုခြင်း ကိုက်၍ အသက် ကုန်ခြင်းသို့ ရောက်စေ၍ ထိုအရပ်၌လျှင်လည်း၏။ သဋ္ဌိဝသည်လည်း ထိုအရပ်၌လျှင် လည်း၏။ နှစ်ယောက်သော သတ္တဝါတို့သည်လည်း တခုသော အရပ်၌သာလျှင် သေကုန်လျက်အိပ်ကုန်၏။ လုလင်ဘို့သည်လာကုန်၍ ဆရာအားပြောဆိုကုန်၏။ ဆရာသည် အမောင်တို့ မသင့်တင့်သောအရာ၌ ပူဇော်ခြင်းကို ပြုတတ်သော မသူတော်ကို ချီးမြှောက်သော သူမည်သည်ကား ဤသို့သဘောရှိသော ဆင်းရဲကို ရသလျှင်ကတည်းဟု ဆို၍ တရားဟောလိုရကား-

အသန္တံ ယော ပဂ္ဂဏ္ဍာတိ၊ အသန္တ ဥူပသေဝတိ။
တမေဝ ဃာသံ ကုရုတေ၊ ဗျဏ္ဍော သဇ္ဇိဝကော ယထာ။

ဟူသော် ဂါထာကို ဆိုဏ်။

ထာတာ၊အမောင်တို့။ သဇ္ဇိဝကော၊သဇ္ဇိဝလုလင်သည်အသက်ယွင်းသော။ ဗျဏ္ဍော၊ ကျားသည်။ သဇ္ဇိဝမေဝ၊ သဇ္ဇိဝလုလင်ကိုသာလျှင်။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ပါပေတိယထာ၊ ရောက်စေသကဲ့သို့။ ယော၊ အကြင်သူသည်။ အသန္တံ၊ မသူတော်ကို။ ပဂ္ဂဏ္ဍာတိ၊ ချီးမြှောက်၏။ အသန္တံ၊ မသူတော်ကို။ ဥပသေဝတိစ၊ ဆည်းလည်း ဆည်းကပ်၏။ အသန္တော၊မသူတော်သည်။ တမေဝ၊ ထိုချီးမြှောက် မှီဝဲသော သူကို သာလျှင်။ ဃာသံ၊ ပျက်စီးခြင်းကို။ကုရုတေ၊ပြု၏။ [သဇ္ဇိဝဝဏ္ဏု]။

၃၁- စမ္မသာဋက ပရိဗိုဇ်ဝဏ္ဏု

စဘုက္ကနိပါတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ စမ္မသာဋက မည်သော တယောက်သောပရိဗိုဇ်သည်ဖြစ်၏။ထိုပရိဗိုဇ်၏အဝက်အရုံသည်သား ရေသာလျှင်ဖြစ်သတတ်။ ထိုပရိဗိုဇ်သည်တနေ့သ၌ဗာရာဏသီပြည်သို့ ဆွမ်းခံသွားသည် ရှိသော် ဆိတ်တို့၏ ခတ်ရာ အရပ်သို့ ရောက်၏။ ထိုအခါ တရသောဆိတ်သည် ပရိဗိုဇ်ကိုမြင်၍ ခတ်လိုရကား နောက်သို့ ဆုတ်၏။ပရိဗိုဇ်သည် ဤဆိတ်ကား ငါ့အားပူဇော်၏ဟူသောအမှတ်ဖြင့် မဲမှု၍ ဤမျှအတိုင်းအရှည်ရှိကုန်သောဤလူတို့၏ တောင်၌ဤဆိတ်တရသည်သာလျှင် ငါ့ကျေးဇူးကိုသိ၏ဟု မတားမြစ်။ထိုခဏ၌လျှင် ဆိတ်သည်ပြင်းစွာသောအဟုန်ဖြင့်လာ၍ ပေါင်၌ခတ်၍ထိုအရပ်၌လျှင်လည်းစေ၏။ပရိဗိုဇ်သည်ဝေဒနာသို့ရောက်၍ ထိုအရပ်၌လျှင် အိပ်လျက်-

ဇေံ သော နိဟတော သေတိ၊ ယော အပူဇံ ပသံသတိ။
ယထာဟံ ပဇ္ဇ ပဟတော၊ ဌိတော မေဏ္ဍေန ဒုမ္မတိ။

ဟု ဝိုဏ် သေလေ၏။

ပဇ္ဇ၊မသူတော်ကိုချီးမြှောက်ခြင်းသို့ ရောက်၍။ ဌိတော၊တည်သော။ အဟံ ငါ့ကို။ မေဏ္ဍေန၊ ဆိတ်မိုက်သည်။ ပဟတောယထာ၊ သတ်အပ်သကဲ့သို့။ ဇေံတထာ၊ ထိုအဘူ။ ဒုမ္မတိ၊ ပညာမရှိသော။ ယော၊ အကြင်သူသည်။ အပူဇံ၊မပူဇော်အပ်သောသူကို။ ပသံသတိ၊ ချီးမွမ်း၏။သော၊

ထိုသူသည်။ နိဟာဟော၊ မပူဇော်အပ်သော သူသည် သတ်အပ်သည် ဖြစ်၍။ သေတိ၊ အိပ်ရာ၏။

အကြင်တပါးသော သူသည်လည်း မသူတော်ကို ချီးမြှောက်သည် ဖြစ်အံ့။ ထိုသူသည်လည်း ငါကဲ့သို့ ဆင်းရဲခံရလတ္တံ့ ဟူလိုသတည်း။ ထိစမ္မသာဠက ပရိဗိုဇ်သည်လျှင် ဤငါတို့ သဗ္ဗညုဘုရား ဖြစ်တော်မူသောအခါ၌ ဤသို့ အမည်ရှိသောပရိဗိုဇ်ဖြစ်၍ရှေးအတူလျှင်ကျင့်ရကား ဆိတ်သည် ခတ်ပြန်အပ်၏။ [စမ္မသာဠက ပရိဗိုဇ်ဝတ္ထု]။

ဤသို့အပ်ခဲ့ပြီးသော စကားသည်ကား မြတ်သော ပူဇော်အပ်သော ဘုရား အစရှိသည်အား ပူဇော်ခြင်းကိုဆိုသော စကားကည်း။

တနည်းကား၊ ရဟန်းတို့တွင် ဆရာ ဥပဇ္ဈာယ်တို့သည် အတွင်းနေ တပည့်အစရှိကုန်သောသူတို့၏ ပူဇော်ခြင်းကို ခံထိုက်ကုန်၏။ သိတင်းကြီးကုန်သော ရဟန်းတို့သည် သိတင်းငယ်သော ရဟန်းတို့၏ ပူဇော်ခြင်းကို ခံထိုက်ကုန်၏။ ခပ်သိမ်းကုန်သော ရဟန်းတို့သည် လူတို့၏ ပူဇော်ခြင်းကို ခံထိုက်ကုန်၏။ လူတို့တွင်ကား အစ်ကိုကြီး အစ်မကြီးတို့သည် ညီငယ် ညီမငယ်တို့၏ ပူဇော်ခြင်းကို ခံထိုက်ကုန်၏။ မိဘတို့သည် သားသမီးဘို့၏ ပူဇော်ခြင်းကို ခံထိုက်ကုန်၏။ လင်ယောကျ်ားမယောကျ်ားသူယောကျ်ားမမိန်းမသူတို့သည်အမျိုးမိန်းမတို့၏ပူဇော်ခြင်းကို ခံထိုက်ကုန်၏။ ဤသို့ဤအရာ၌ ပူဇော်ခြင်းကို ခံထိုက်ကုန်သောသူတို့ကို သိအပ်ကုန်၏။ ။ထိုစကားမှန်၏။ ထိုဒေဝိအဘ အစရှိကုန်သောသူတို့ အားလည်း ပူဇော်ခြင်းသည် အဖြစ်မရှိသော တရားကို ဆောက်တည်သည်၏ အဖြစ်ကြောင့် လည်းကောင်း အသက် အစရှိသော တရား၏ အကြောင်း ဖြစ်သောကြောင့် လည်းကောင်း မင်္ဂလာ မည်သတ္တိကတည်း။ ထိုကြောင့် ဘုရားသဗ္ဗညုသည် စက္ကဝတ္တိသုတ်၌-

တေ မေတ္တေယျာ ဘဝိသန္တိ ပေတ္တေယျာ သာမညာ
ဗြာဟ္မညာ ကုလေ ဇေဋ္ဌာပစာယိနော။ ဣဒံ ကုသလဓမ္မံ
သမာဒါယ ဝတ္တိသန္တိ။ တေ ကုသလာနံ ဓမ္မာနံ သမာ
ဒါနဟေတု အာယုနာပိ ဝဏ္ဏေနပိ ဝဇိသန္တိ။

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တေ၊ ထိုအသက်နှစ်ဆယ်ရှိကုန်သောသူတို့၏ သားသည်။ မေတ္တေယျာ၊ အမိဦးအရိုအသေ ကျင့်ကုန်သည်။ ပေတ္တေယျာ၊

အဘဉ်အရိအသေ ကျင့်ကုန်သည်။ သာမညာ၊ ရဟန်းတို့၌ အရိအသေ ကျင့်ကုန်သည်။ ဗြာဟ္မညာ၊ ပုဏ္ဏားတို့၌ အရိအသေ ကျင့်ကုန်သည်။ ကုလေ၊ အမျိုး၌။ ဇေဋ္ဌာပစာယိနော၊ ကြီးကုန်သော သူတို့အား အရိအသေ ပြုကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧုဒံကုသလဓမ္မံ၊ ဤအပြစ်မရှိသော တရားကို။ သမာဒါယ၊ ဆောက်တည်၍။ ဝတ္တိဿန္တိ၊ ကျင့်ကုန်လတ္တံ့။ တေ၊ ထိုအသက် နှစ်ဆယ်ရှိသော သူတို့၏ သားတို့သည်။ ကုသလာနံ၊ အပြစ်မရှိကုန်သော။ ဓမ္မာနံ၊တရားတို့ကို။ သမာဒါနဟေတု၊ ဆောက်တည်၍ ကျင့်ခြင်းဟူသော အကြောင်းကြောင့်။ အာယုနာပိ၊ အသက်ဖြင့်လည်း။ ဝဍ္ဍိဿန္တိ၊ ပွါးကုန်လတ္တံ့။ ဝဏ္ဏေနပိ၊ အဆင်းဖြင့်လည်း။ ဝဍ္ဍိဿန္တိ၊ ပွါးကုန်လတ္တံ့။ ။ဤသို့ ဆိုအပ်ပြီးသော စကား ကား ပူဇော်ထိုက်ကုန်သောသူတို့အား ပူဇော်ခြင်းကိုဆိုသော စကားတည်း။ အသေဝနာစ ဗာလာနံ အစရှိသော ဂါထာဖြင့် ဟောတော်မူအပ်သော သူမိုက်တို့ကို မမှီဝဲရခြင်း, ပညာရှိတို့ကို မှီဝဲရခြင်း, ပူဇော်ထိုက်သော သူတို့အား ပူဇော်ရခြင်း ဟူသော မင်္ဂလာ သုံးပါးသည် ဤမျက်မှောက်၌ ချီးမွမ်းခြင်း အစရှိသည်၏ ပြည့်စုံခြင်း ပွါးစီးခြင်းတို့၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။ ။တနည်းကား သူမိုက်တို့ကို မမှီဝဲ ရခြင်းသည် ဗာလသေဝန အကြောင်းရှိသော ဘေးအစ ရှိသည်ကို စောင့်ရှောက် ရကား သံသရာ ပစ္စုပ္ပန် နှစ်တန်သောဘဝ၌ အစီးအပွါး၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။ ပညာရှိတို့ကို မှီဝဲရခြင်း, ပူဇော်ထိုက်ကုန်သော သူတို့ကို ပူဇော်ရခြင်းသည်ကား နိဗ္ဗာန် သုဂတိ၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်၏။ ။ပထမ ဂါထာ၏ အနက်ကား ပြီး၏။

၄-ပတိရူပဒေသဝါသ မင်္ဂလာ

၃၂-ပတိရူပအရပ်၌ နေ၍ တရားတော်ကို နာရသော တံဝါသည်ဝတ္တု

မမ္မပဒအဋ္ဌကထာ မမ္မဋ္ဌဝဂ်

ပတိရူပဒေသဝါသောစ ဟူသော ဒုတိယဂါထာ၌ အကြင်အရပ်၌ လေးပါးကုန်သော ပရိသတ်တို့သည် ကျက်စားကုန်၏။ ဒါန အစရှိကုန်

သော ပုညကိရိယာဝတ္ထုတို့သည်ဖြစ်ကုန်၏။ကိုးပါးသောအင်္ဂါရှိသော မြတ်စွာဘုရား သာသနာတော်သည် ထွန်းပ၏။ ထိုသို့ သဘောရှိသော အခါဝ်၌နေရခြင်းသည် လျောက်ပတ်သောအခါဝ်၌ နေရခြင်းမည်၏။ ထို လျောက်ပတ်သောအခါဝ်၌ နေရခြင်းကို သတ္တဝါ၏ ပုညကိရိယာ၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာဟူ၍ဆိုအပ်၏။ ။ထိုစကား၌ ဤ ဝတ္ထုကိုသိအပ်၏။ သာဝတ္ထိပြည်၌ အရိယာမည်သောတယောက်သော တံငါသည်သည်နေသတတ်။ထိုတံငါသည်သည်တနေ့သ၌ ငါးများချိတ် ဖြင့် ငါးကိုကိုဘမ်းစဉ် သာဝတ္ထိပြည်၏ မြောက်မျက်နှာ တံခါးရွာ၌ ဆွမ်းခံ၍ ရဟန်းသံဃာခြံရံလျက် ထိုရွာမှ ကြွတော်မူလာသော ဘုရား ရှင်ကိုမြင်၍ ငါးများချိတ်တံကို ချထား၍ ရပ်၏။ မြတ်စွာဘုရားသည် တံငါ၏အနီး၌ ရပ်တော်မူ၍ သင်ကား အဘယ်အမည်ရှိသနည်း၊ သင်ကား အဘယ်အမည်ရှိသနည်းဟု အရှင်သာရိပုတ္တရာ အစရှိကုန်သော မထေရ်တို့ကို မေးတော်မူ၏။ မထေရ်တို့သည်လည်း အကျွန်ုပ်သည် သာရိပုတ္တရာအမည်ရှိ၏ အကျွန်ုပ်သည် မောဂ္ဂလာန်အမည်ရှိ၏ ဤသို့ အစရှိသည်ဖြင့် ပိဋိပိဒိတို့၏ အမည်တို့ကို ကြားလျောက်ကုန်၏။ တံငါ သည်သည် သဗ္ဗညုဘုရားရှင်သည် ခပ်သိမ်းသောသူတို့၏ အမည်ကို မေးတော်မူ၏။ငါ၏အမည်ကိုလည်း မေးတော်မူအံ့သည်ထင်၏ဟုကြံ၏။ ဘုရားရှင်သည် တံငါ၏စိတ်ကိုသိတော်မူ၍ ဥပါသကာ၊ သင်ကား အဘယ်အမည်ရှိသနည်းဟု မေးတော်မူ၏။ အရှင်ဘုရား အကျွန်ုပ်ကား အရိယာမည်၏ဟုတံငါသည်သည်လျောက်၏။ထိုအခါ တံငါသည်အား ဘုရားသဗ္ဗညုသည် ဥပါသကာ၊ သူ၏အသက်ကို သတ်တတ်ကုန်သော သူတို့သည် အရိယာမမည်ကုန်။ အရိယာတို့သည်ကား သတ္တဝါတို့ကို မညှဉ်းဆဲသောအဖြစ်၌တည်ကုန်၏ဟု ပိန့်တော်မူ၍ တရားဟောတော်မူလိုရကား-

နံ တေန အရိယော ဟောတိ။ယေန ပါဏာနိ ဟိံ သတိ။
အဟိံသာ သဗ္ဗပါဏာနံ၊အရိယောတိ ပဝုစ္စတိ။ ။

ဟူသောဂါထာကို ဟောတော်မူ၏။

ဥပါသက၊ ဥပါသကာ။ ယော၊ အကြင်သူသည်။ ယေန၊ အကြင်ကြောင့်။ပါဏာနိ၊သတ္တဝါတို့ကို။ဟိံသတိ၊ညှဉ်းဆဲ၏။ သော၊ ထိုသူသည်။တေန၊ထိုကြောင့်။အရိယော၊အရိယာမည်သည်။နဟောတိ၊မဖြစ်။

သဗ္ဗပါဏာနံ၊ ခပ်သိမ်းကုန်သောသတ္တဝါတို့ကို။ အဟိ သာ၊ မည္သည်းဆဲခြင်းကြောင့်။အရိယော တိ၊အရိယာဟူ၍။ ပထုစ္စတိ၊ဆိုအပ်၏။ ဂါထာ၏အဆုံး၌ တံဝါသည်သည် သောတာပန်ဖြစ်၏။ ။ဤယို့ထိုတံဝါ၏လျောက်ပတ်သောအရပ်၌ နေရခြင်းသည် တရားတော်ကို နာရခြင်းဟူသော ပုညကိရိယာဝတ္ထု၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။ တံဝါဝတ္ထု။

၃၃—လျောက်ပတ်သော အရပ်၌ နေခြင်းသည် ဒု-ပါးသော အနုတ္တရိယတို့ကိုရခြင်း၏ အကြောင်းကို ပြခြင်း

ကေနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ

တနည်းကား၊ သဗ္ဗညုဖြတ်စွာဘုရား၏ ဗောဓိမဏ္ဍိုင်အရပ်, ဓမ္မစကြာကို ဟောတော်မူရာဒေရပ်, တဆဲ့နှစ်ယူဇနာရှိသော ပရိသတ်၏ အလယ်၌ ခပ်သိမ်းသောတိတ္ထိတို့၏မာန်ယစ်ခြင်းကို ဖျက်ဆီးတော်မူ၍ ယမိုက်ပြာဋိဟာပြတော်မူရာ ကဏ္ဍမည်သော သရက်ပြုပင်၏ အနီးဖြစ်သောအရပ်,တာဝတိံသာနတ်ပြည်မှသက်တော်မူရာအရပ်,ထိုမှဘပါးလည်းဖြစ်သော သာဝတ္ထိရာဇဂြိုဟ်အစရှိသော ဘုရားရှင်နေတော်မူရာအရပ်၌နေရခြင်းသည် လျောက်ပတ်သောအရပ်၌နေရခြင်းမည်၏။ ထိုလျောက်ပတ်သော အရပ်၌ နေရခြင်းသည် သတ္တဝါတို့၏ ခြောက်ပါးသော အနုတ္တရိယတို့ကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။ ခြောက်ပါးကုန်သော အနုတ္တရိယတို့မည်သည်ကား ဒိဗ္ဗိဓက် အလွန်အမြတ်မရှိကုန်သောအဆင်းကို မြင်ရခြင်းအစရှိသည်တို့တည်း။ ထိုခြောက်ပါးကုန်သော အနုတ္တရိယတို့ကို ဤအင်္ဂုတ္တိုရ် ပါဠိတော်အနုတ္တရိယသုတ်၌ ဟောတော်မူအပ်သော နည်းဖြင့်လျှင် သိအပ်ကုန်၏။

ဘိက္ခဝေ၊ရဟာနိုးတို့။ ဣဓ၊ဤလောက၌။ ဧကစ္စော၊ အချို့သောသူသည်။ ဟတ္ထိရတနဗ္ဘိ၊ဆင်ရတနာကိုလည်း။ ဒဿနာယ၊ ရှုအံ့သောငှါ။ ဂန္ဆတိ၊သွား၏။အဿရဘနဗ္ဘိ၊မြင်းရတနာကိုလည်းကောင်း။မဏိရတနဗ္ဘိ၊ပတ္တမြားရတနာကိုလည်းကောင်း။ဒဿနာယ၊ရှုအံ့သောငှါ။ဂန္ဆတိ၊သွား၏။ဥစ္စာဝစံဝါပန၊အကြီးအငယ်ဖြစ်သောရူပါရုံကိုမူလည်း။ ဒဿ

နာယ၊ ရှုအံ့သောဌါ။ ဂန္ဆတိ၊သွား၏။ မိန္ဆာဒိဋ္ဌိကံ၊ မှားသောအယူရှိသော။မိန္ဆာပဋိပန္နံ၊ မှားသောအကျင့်ရှိသော။ သမဏံဝါ၊ ရဟန်းကိုလည်းကောင်း။ဗြာဟ္မဏံဝါ၊ ပုဏ္ဏားကိုလည်းကောင်း။ဒဿနာယ၊ရှုအံ့သောဌါ။ ဂန္ဆတိ၊သွား၏။ ဘိက္ခဝေ၊ရဟန်းတို့။ ဇေတံဒဿနံ၊ထိုရှုခြင်းသည်။အတ္ထိ၊ရှိ၏။ ဇေတံ၊ထိုရှုခြင်းသည်။နတ္ထိ၊မရှိ။ ဣတိ၊ဤသို့။နဝဒါမိ၊ ငါဘုရားဟောတော်မမူ။ ဘိက္ခဝေ၊ ရဟန်းတို့။ တဉ္စခေါဇေတံဒဿနံ၊ထိုရှုခြင်းသည်ကား။ ဟိနံ၊ယုတ်၏။ဂါမ္မံ၊ရွာသူတို့၏ ဥစ္စာဖြစ်၏။ပေါထုဇ္ဇနိကံ၊ပုထုဇ္ဇန်တို့၏ဥစ္စာဖြစ်၏။အနရိယံ၊ မမြတ်မဖြူစင်။ အနတ္ထသဉ္ဒိတံ၊ အကျိုးနှင့်မစပ်။နိဗ္ဗိဒါယ၊ဝဋ်ဌိုးငွေခြင်းဌါ။နသံဝတ္တတိ၊မဖြစ်။ဝိရာဂါယ၊ရာဂအစရှိသည်တို့၏ကင်းခြင်းဌါ။နသံဝတ္တတိ၊ မဖြစ်။ နိရောဓာယ၊ ရာဂအစရှိသည်တို့၏ချုပ်ခြင်းဌါ။နသံဝတ္တတိ၊မဖြစ်။ဥပသမာယ၊ ရာဂအစရှိသည်တို့၏ငြိမ်းခြင်းဌါ။ နသံဝတ္တတိ၊မဖြစ်။ အဘိညာယ၊ အလွန်သိခြင်းဌါ။နသံဝတ္တတိ၊မဖြစ်။ သမ္ဗောဓာယ၊ အရဟတ္တမဂ်ဉာဏ်ကိုသိခြင်းဌါ။နသံဝတ္တတိ၊မဖြစ်။နိဗ္ဗာနာယ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းဌါ။ နသံဝတ္တတိ၊မဖြစ်။ ဘိက္ခဝေ၊ရဟန်းတို့။ ယောစခေါ၊ အကြင်သူသည်လည်း။နိဝိဋ္ဌသဒ္ဓေါ၊ဝင်သောသဒ္ဓါရှိသည်ဖြစ်၍။နိဝိဋ္ဌပေမော၊ ဝင်သောချစ်ခြင်းရှိသည်ဖြစ်၍။ ဧကန္တဂတော၊ စင်စစ်သဒ္ဓါခြင်းသို့ ရောက်၍။ အဘိပ္ပသန္နော၊အလွန်ကြည်ညိုသည်ဖြစ်၍။တထာဂတံဝါ၊မြတ်စွာဘုရားကိုလည်းကောင်း။ တထာဂတသာဝကံဝါ၊ မြတ်စွာဘုရားတပည့်ကိုဝင်း။ဒဿနာယ၊ဘူးမြင်အံ့သောဌါ။ဂန္ဆတိ၊သွား၏။ ဘိက္ခဝေ၊ရဟန်းတို့။တဿ၊ထိုသူအား။သတ္တာနံ၊သတ္တဝါတို့၏။ဝိသုဒ္ဓိယာ၊စင်ကြယ်ခြင်းဌါ။သောကပရိဒေဝါနံ၊စိုးရိမ်ခြင်း ငိုကြွေးခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်ခြင်းဌါ။ဒုက္ခဒေါမနဿာနံ၊ ဆင်းရဲခြင်း နှလုံးမသာယာခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ခြင်းဌါ။ ဉာယဿ၊ ဝိပဿနာနှင့်တကွသော မဂ်ကို။ အဓိဂမာယ၊ရခြင်းဌါ။ နိဗ္ဗာနဿ၊နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းဌါ။ ပဝတ္တံ၊ ဖြစ်သော။ ဒဿနာနံ၊မြင်ခြင်းတို့တွင်။ ဧကံ၊ တပါးသော။ အနုတ္တရိယံ၊ မိမိထက် အလွန်မရှိသော မြင်ခြင်းသည်။ ဟောတိ၊၏။ဘိက္ခဝေ၊ရဟန်းတို့။ နိဝိဋ္ဌသဒ္ဓေါ၊ ဝင်သော သဒ္ဓါရှိသည်ဖြစ်၍။ နိဝိဋ္ဌပေမော၊ ဝင်သောချစ်ခြင်းရှိသည်ဖြစ်၍။ ဧကန္တဂတော၊ စင်စစ်သဒ္ဓါခြင်းသို့ ရောက်သည်ဖြစ်၍။ အဘိပ္ပသန္နော၊ အလွန်ကြည်ညို

သည်ဖြစ်၍။တထာဂတံဝါ၊မြတ်စွာဘုရားကိုလည်းကောင်း။တထာဂတ သာဝကံဝါ၊မြတ်စွာဘုရားတပည့်ကိုလည်းကောင်း။ဒဿနာယ၊ဘူးမြင် အံ့သောဌါ။ ဂစ္ဆတိ၊သွား၏။ တဿ၊ ထိုသူ၏။ ယဒိဒံ၊အကြင်ဘုရားကို ဘူးမြင်ရခြင်းသည်။အတ္ထိ၊ရှိ၏။ ဧုဒံ၊ ဤဘုရား၊ဘုရားတပည့်ကိုဘူးမြင် ရခြင်းကို။ဒဿနာနုတ္တရိယံ၊ဘူးမြင်ရခြင်းဟူသော မိမိထက် အလွန်မရှိ သောတရားဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧုဓ၊ ဤလောက၌။ ဧကစ္စော၊အချိုသောသူ သည်။ဘေရိသဒ္ဒံပိ၊စည်သံကိုလည်း။သဝနာယ၊နာအံ့သောဌါ။ဂစ္ဆတိ၊ သွား၏။ ဝီဏာသဒ္ဒံပိ၊ စောင်းသံကိုလည်း။ သဝနာယ၊နာအံ့သောဌါ။ ဂစ္ဆတိ၊သွား၏။ဥစ္စာဝစံဝါပန၊ အကြီးအငယ်ဖြစ်သောအသံကိုလည်း။ သဝနာယ၊နာအံ့သောဌါ။ဂစ္ဆတိ၊သွား၏။ မိဆ္ဆာဒိဋ္ဌိကဿ၊ မှားသော အယူရှိသော။မိဆ္ဆာပဋိပန္နဿ၊မှားသောအကျင့်ရှိသော။သမဏဿဝါ၊ ရဟန်း၏လည်းကောင်း။ ဗြာဟ္မဏဿဝါ၊ပုဏ္ဏား၏ လည်းကောင်း။ဓမ္မ သဝနာယ၊တရားကိုနာအံ့သောဌါ။ဂစ္ဆတိ၊သွား၏။ဘိက္ခဝေ၊ရဟန်းတို့။ ဧတံသဝနံ၊ထိုနာရခြင်းသည်။အတ္ထိ၊ရှိ၏။ ဧတံ၊ထိုနာရခြင်းသည်။ နတ္ထိ၊ မရှိ။ဧုတိ၊သို့။နဝဒါမိ၊ငါဘုရားဟောတော်မမူ။ဘိက္ခဝေ၊ရဟန်းတို့။တဥ္စ ခေါသဝနံ၊ ထိုနာရခြင်းသည်ကား။ ဟိနံ၊ ၏။ ဂါမ္မံ၊ရွာသူတို့၏ ဥစ္စာဖြစ် ၏။ပေါထုဇ္ဇနိကံ၊ပုထုဇ္ဇန်တို့၏ဥစ္စာဖြစ်၏။အနရိယံ၊မမြတ်မဖြူစင်။အနတ္ထ သဋ္ဌိတံ၊အကျိုးနှင့်မစပ်။နိဗ္ဗိဒါယ၊ဝဋ်ဋ္ဌိဋ္ဌီးငွေခြင်းဌါ။နသံဝတ္တတိ၊မဖြစ်။ ဝိရာဂါယ၊ရာဂအစရှိသည်တို့၏ကင်းခြင်းဌါ။နသံဝတ္တတိ၊မဖြစ်။ နိရော ဓာယ၊ရာဂအစရှိသည်တို့၏ချုပ်ခြင်းဌါ။နသံဝတ္တတိ၊ မဖြစ်။ ဥပသမာ ယ၊ရာဂအစရှိသည်တို့၏ငြိမ်းခြင်းဌါ။ နသံဝတ္တတိ၊မဖြစ်။ အဘိညာယ၊ အလွန်သိခြင်းဌါ။နသံဝတ္တတိ၊မဖြစ်။ သမ္ဗောဓာယ၊ အရဟတ္တဖိုလ်မင် ဉာဏ်ကို ထိုးထွင်း၍ သိခြင်းဌါ။နသံဝတ္တတိ၊မဖြစ်။နိဗ္ဗာနာယ၊နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဌါ။နသံဝတ္တတိ၊မဖြစ်။ဘိက္ခဝေ၊ရဟန်းတို့။ ယောစ ခေါ၊အကြင်သူသည်လည်း။နိဝိဋ္ဌသဒ္ဒေါ၊ဝင်သောသဒ္ဒါရှိသည်ဖြစ်၍။နိဝိ ဋ္ဌပေမော၊ဝင်သောချစ်ခြင်းရှိသည်ဖြစ်၍။ ဧကန္တဂတေဂ၊ စင်စစ်သဒ္ဒါ ခြင်းသို့ရောက်သည်ဖြစ်၍။ အဘိပ္ပသန္နော၊ အလွန်ကြည်ညိုသည်ဖြစ်၍။ တထာဂတဿဝါ၊ဘုရား၏လည်းကောင်း။တထာဂတသာဝကဿဝါ၊ ဘုရားတပည့်၏လည်းကောင်း။ ဓမ္မံ၊ တရားကို။ သဝနာယ၊ နာအံ့သော

စံပါပန၊ အကြီးအငယ်ဖြစ်သော အတတ်ကိုလည်း။ သိက္ခတိ၊ သင်၏။ မိစ္ဆာဒိဋ္ဌိကဿ၊မှားသောအယူရှိသော။ မိစ္ဆာပဒိုပန္နဿ၊ မှားသော အကျင့်ရှိသော။သမဏဿဝါ၊ရဟန်း၏လည်းကောင်း။ဗြာဟ္မဏဿဝါ၊ ပုဏ္ဏား၏လည်းကောင်း။ သိက္ခံပိ၊ အကျင့်ကိုလည်း။ သိက္ခတိ၊ ကျင့်၏။ ဘိက္ခဝေ၊ဘို့။ဧသောသိက္ခာ၊ဤအကျင့်သည်။အတ္ထိ၊ရှိ၏။ ဧသောသိက္ခာ။ဤအကျင့်သည်။ နတ္ထိ၊မရှိ။ ဣတိ၊ဤသို့၊ နဝဒါမိ၊ငါဘုရားဟောတော်မမူ။ ဘိက္ခဝေ၊တို့။ သာစခေါဧသော သိက္ခာ၊ ထိုအကျင့်သည်ကား။ ဟိနာ၊ ယုတ်၏။ဂါမ္မာ၊ရွာသူတို့၏ဥစ္စာဖြစ်၏။ပေါထုဇ္ဇနိကာ၊ပုထုဇ္ဇန်တို့၏ဥစ္စာဖြစ်၏။အနရိယာ၊မမြတ်မဖြူစင်။ အနတ္ထသဉိတာ၊အကျိုးနှင့်မစပ်။ နိဗ္ဗိဒါယ၊ဝဋ်ဌဲဌီးငွေခြင်းငှါ။ နသံဝတ္တတိ၊မဖြစ်။ဝိရာဂါယ၊ရာဂအစရှိသည်တို့၏ကင်းခြင်းငှါ။နသံဝတ္တတိ၊မဖြစ်။နိရောဓာယ၊ရာဂအစရှိသည်တို့၏ချုပ်ခြင်းငှါ။ နသံဝတ္တတိ၊ မဖြစ်။ ဥပသမာယ၊ ရာဂအစရှိသည် တို့၏ငြိမ်းခြင်းငှါ။ နသံဝတ္တတိ၊မဖြစ်။ အဘိညာယ၊ အလွန်သိခြင်းငှါ။ နသံဝတ္တတိ၊မဖြစ်။ သမ္ဗောဓာယ၊ အရဟတ္တမင်္ဂဉာဏ်ကို ထိုးထွင်း၍ သိခြင်းငှါ။နသံဝတ္တတိ၊မဖြစ်။ နိဗ္ဗာနာယ၊နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှါ။ နသံဝတ္တတိ၊မဖြစ်။ ဘိက္ခဝေ၊တို့။ယောစခေါ၊ အကြင်သူသည်လည်း။ နိဝိဋ္ဌသဒ္ဓေါ၊ ဝင်သောသဒ္ဓါရှိသည်ဖြစ်၍။ နိဝိဋ္ဌပေမော၊ ဝင်သော ချစ်ခြင်းရှိသည်ဖြစ်၍။ ဧကန္တဂတော၊ စင်စစ်သဒ္ဓါခြင်းသို့ ရောက်သည် ဖြစ်၍။ အဘိပ္ပသန္နော၊ အလွန်ကြည်ညိုသည် ဖြစ်၍။ တထာဂတပဝေဒိတေ၊ မြတ်စွာဘုရားသည် ပြတော်မူအပ်သော။ ဓမ္မဝိနယေ၊ သုတ်အဘိဓမ္မာဝိနည်း၌။ အဓိသီလသိက္ခံ၊ အဓိသီလသိက္ခာကို။ သိက္ခတိ၊ကျင့်၏။ အဓိစိတ္တသိက္ခံ၊ အဓိစိတ္တသိက္ခာကို။ သိက္ခတိ၊ကျင့်၏။ အဓိပညာသိက္ခံ၊ အဓိပညာသိက္ခာကို။ သိက္ခတိ၊ ကျင့်၏။ တဿ၊ ထိုသူအား။ ဝိသုဒ္ဓိယာ၊ စင်ကြယ်ခြင်းငှါ။သောကပရိဒေဝါနံ၊စိုးရိမ်ခြင်းငိုကြွေးခြင်းတို့ကို။သမတိက္ကမာယ၊လွန်ခြင်းငှါ။ ဒုက္ခဒေါမနဿာနံ၊ ဆင်းရဲခြင်းနှလုံးမသာယာခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ခြင်းငှါ။ ဉာယဿ၊ ဝိပဿနာနှင့်တကွသောမင်္ဂကို။ အဓိဂမာယ၊ရခြင်းငှါ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက် ပြုခြင်းငှါ။ ပဝတ္တံ၊ ဖြစ်သော။ သိက္ခာနံ၊ အကျင့်တို့တွင်။ဧကံ၊တပါးသော။ အနုတ္တရိယံ၊မိမိထက်အလွန်မရှိသော အကျင့်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ နိဝိဋ္ဌသဒ္ဓေါ၊ ဝင်သော

သဒ္ဓါရှိသည်ဖြစ်၍။နိဝိဋ္ဌပေမော၊ဝင်သောချစ်ခြင်းရှိသည်ဖြစ်၍။ဧကန္တ
ဂတော၊စင်စစ်သဒ္ဓါခြင်းသို့ ရောက်သည်ဖြစ်၍။ အဘိပ္ပသန္နော၊ အလွန်
ကြည်ညိုသည် ဖြစ်၍။ ယော၊ အကြင်သူသည်။ တထာဂတပဝေဒိတေ၊
မြတ်စွာဘုရားသည် ပြတော်မူအပ်သော။ မ္မေဝိနယေ၊ သုတ်အဘိမ္မော
ဝိနည်း၌။ ယဒိဒံအဓိသီလသိက္ခံ၊ အကြင် အဓိသီလသိက္ခာကို။ ယဒိဒံ
အဓိစိတ္တသိက္ခံ၊ အကြင် အဓိစိတ္တသိက္ခာကို။ ယဒိဒံအဓိပညာသိက္ခံ၊
အကြင် အဓိပညာ သိက္ခာကို။ သိက္ခတိ၊ ကျင့်၏။ တဿ၊ ထိုသူ၏။
ဣဒံ၊ ဤသိက္ခာသုံးပါးအပေါင်းကို။ သိက္ခာနုတ္တရိယံ၊ အကျင့်ဟူသော
မိမိထက် အလွန်မရှိသော တရားဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချိုသော
သူသည်။ ခတ္တိယမ္ဗိ၊မင်းကိုလည်း။ ပရိစရတိ၊ လုပ်ကျွေး၏။ဗြာဟ္မဏမ္ဂိ၊
ပုဏ္ဏားကိုလည်း။ပရိစရတိ၊လုပ်ကျွေး၏။ဂဟပတိမ္ဂိ၊သူကြွယ်ကိုလည်း။
ပရိစရတိ၊လုပ်ကျွေး၏။ ဥစ္စာဝစံဝါပန၊ အမြတ်အယုတ်ဖြစ်သော သူကို
လည်း။ ပရိစရတိ၊ လုပ်ကျွေး၏။ မိန္ဆာဒိဋ္ဌိကံ၊ မှားသော အယူရှိသော။
မိန္ဆာပဋိပန္နံ၊ မှားသော အကျင့်ရှိသော။ သမဏံဝါ၊ ရဟန်းကိုလည်း
ကောင်း။ ဗြာဟ္မဏံဝါ၊ ပုဏ္ဏားကိုလည်းကောင်း။ ပရိစရတိ၊ လုပ်
ကျွေး၏။ ဘိက္ခဝေ၊တို့။ ဧသောပါရိစရိယာ၊ ထိုလုပ်ကျွေးခြင်းသည်။
အတ္ထိ၊ရှိ၏။ ဧသောပါရိစရိယာ၊ ထိုလုပ်ကျွေးခြင်းသည်။ နတ္ထိ၊မရှိ။ ဣတိ၊
ဤသို့။ နဝဒါဓိ၊ ငါဘုရားဟောတော်မမူ။ ဘိက္ခဝေ၊တို့။ သာစခေါဧသော
ပါရိစရိယာ၊ထိုလုပ်ကျွေးခြင်းသည်ကား။ ဟိနာ၊ယုတ်၏။ဂါမ္မာ၊ ရွာသူ
တို့၏ ဥစ္စာဖြစ်၏။ ပေါထုဇ္ဇနိကာ၊ပုထုဇ္ဇန်တို့၏ ဥစ္စာဖြစ်၏။ အနရိယာ၊
မမြတ်မဖြူစင်။ အနတ္ထသဉ္ဌိတာ၊ အကျိုးနှင့်မစပ်။ နိဗ္ဗိဒါယ၊ ဝဋ္ဌ်ဌိုးငွေ
ခြင်းငှါ။ နသံဝတ္တတိ၊မဖြစ်။ ဝိရာဂါယ၊ ရာဂအစရှိသည်တို့၏ကင်းခြင်း
ငှါ။ နသံဝတ္တတိ၊မဖြစ်။ နိရောဓာယ၊ရာဂအစရှိသည်တို့၏ ချုပ်ခြင်းငှါ။
နသံဝတ္တတိ၊မဖြစ်။ ဥပသမာယ၊ ရာဂ အစရှိသည်တို့၏ ငြိမ်းခြင်းငှါ။
နသံဝတ္တတိ၊ မဖြစ်။ အဘိညာယ၊အလွန်သိခြင်းငှါ။ နသံဝတ္တတိ၊ မဖြစ်။
သမ္ဗောဓာယ၊ အရဟတ္တမင်္ဂဉာဏ်ကို ထိုးထွင်း၍ သိခြင်းငှါ။ နသံ
ဝတ္တတိ၊မဖြစ်။နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ။နသံဝတ္တတိ၊
မဖြစ်။ ဘိက္ခဝေ၊တို့။ ယောစခေါ၊ အကြင်သူသည်လည်း။ နိဝိဋ္ဌသဒ္ဓေါ၊
ဝင်သောသဒ္ဓါရှိသည်ဖြစ်၍။ နိဝိဋ္ဌပေမော၊ဝင်သောချစ်ခြင်းရှိသည်ဖြစ်

၍။ ဧကန္တဂတော၊ စင်စစ်သဒ္ဓါခြင်းသို့ရောက်သည်ဖြစ်၍။ အဘိပ္ပသန္နော၊ အလွန် ကြည်ညိုသည်ဖြစ်၍။ တထာဂတံဝါ၊ ဘုရားကိုလည်းကောင်း။ တထာဂတသာဝကံဝါ၊ ဘုရား တပည့်ကိုလည်းကောင်း။ ပရိစရတိ၊ လုပ်ကျွေးဏ်။ တဿ၊ထိုသူအား။ ဝိသုဒ္ဓိယာ၊စင်ကြယ်ခြင်းငှါ။သောက ပရိဒေဝါနံ၊ စိုးရိမ်ခြင်း ဝိုကြွေးခြင်းတို့ကို။ သမတိက္ကမာယ၊လွန်ခြင်းငှါ။ ဒုက္ခဒေါမနဿာနံ၊ ဆင်းရဲခြင်း နှလုံး မသာယာခြင်းတို့ဏ်။ အတ္ထင် မာယ၊ ချုပ်ခြင်းငှါ။ ဉာယဿ၊ ဝိပဿနာနှင့် တကွသော မင်္ဂကို။ အဓိဂမာယ၊ ရခြင်းငှါ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိ ကိရိယာယ၊ မျက်မှောက် ပြုခြင်းငှါ။ ပဝတ္တံ၊ သော။ ပါရိစရိယာနံ၊ လုပ်ကျွေးခြင်း တို့တွင်။ ဧကံ၊ တပါးသော။ အနုတ္တရိယံ၊ မိမိထက် အလွန်မရှိသော လုပ်ကျွေးခြင်းသည်။ ဟောတိ၊ ဖြစ်ဏ်။ ဘိက္ခဝေ၊ တို့။ နိဝိဋ္ဌသဒ္ဓေါ၊ ဝင်သော သဒ္ဓါ ရှိသည် ဖြစ်၍။ နိဝိဋ္ဌပေမော၊ ဝင်သောချစ်ခြင်းရှိ သည်ဖြစ်၍။ ဧကန္တဂတော၊ စင်စစ်သဒ္ဓါခြင်းသို့ ရောက်သည်ဖြစ်၍။ အဘိပ္ပသန္နော၊ အလွန်ကြည်ညိုသည် ဖြစ်၍။ ယော၊ အကြင်သူသည်။ တထာဂတံဝါ၊ဘုရားကိုလည်းကောင်း။ တထာဂတသာဝကံဝါ၊ဘုရား တပည့်ကိုလည်းကောင်း။ပရိစရတိ၊လုပ်ကျွေးဏ်။တဿ၊ထိုသူဏ်။ယဒိဒံ၊ အကြင်လုပ်ကျွေးခြင်းသည်။အတ္ထိ၊ရှိဏ်။ ဣဒံ၊ဤလုပ်ကျွေးခြင်းကို။ ပါရိ စရိယာနုတ္တရိယံ၊ လုပ်ကျွေးခြင်းဟူသော မိမိထက်အလွန်မရှိသော တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ဏ်။

ဘိက္ခဝေ၊ တို့။ ဣဓ၊ဤလောက၌။ ဧကစ္စော၊ အချိုသောသူသည်။ ပုတ္တမိ၊သားကိုလည်း။ အနုဿရတိ၊အောက်မေ့ဏ်။ ဒါရမိ၊ မယားကို လည်း။အနုဿရတိ၊အောက်မေ့ဏ်။မိစ္ဆာဒိဋ္ဌိကံ၊မှားသောအယူရှိသော။ မိစ္ဆာပဋိပန္နံ၊ မှားသောအကျင့်ရှိသော။ သမဏံဝါ၊ ရဟန်းကိုလည်း ကောင်း။ ဗြာဟ္မဏံဝါ၊ပုဏ္ဏားကိုလည်းကောင်း။ အနုဿရတိ၊အောက် မေ့ဏ်။ ဘိက္ခဝေ၊တို့။ သောအနုဿတိ၊ ဤအောက်မေ့ခြင်းသည်။အတ္ထိ၊ ရှိဏ်။သောအနုဿတိ၊ ဤအောက်မေ့ခြင်းသည်။ နတ္ထိ၊မရှိ။ဣတိ၊ ဤသို့။ နဝဒါမိ၊ငါဘုရားဟောတော်မမူ။ ဘိက္ခဝေ၊တို့။သာစခေါသောအနုဿ တိ၊ ထိုအောက်မေ့ခြင်းသည်။ ဟိနာ၊သုတ်ဏ်။ ဂါမ္မာ၊ရွာသူတို့ဏ် ဥစ္စာ ဖြစ်ဏ်။ပေါထုဇ္ဇနိကာ၊ ပုထုဇ္ဇန်တို့ဏ် ဥစ္စာဖြစ်ဏ်။ အနရိယာ၊ မမြတ်မဖြူ စင်။အနတ္ထသဉိတာ၊ အကျိုးနှင့်မစပ်။ နိဗ္ဗိဒါယ၊ဝင့်၌ငြီးငွေခြင်းငှါ။နသံ

ဝတ္တတိ မဖြစ်။ဝိရာဂါယ။ ရာဂအစဓှိသည်တို့၏ကင်းခြင်းငှါ။ နသံဝတ္တ
တိ၊မဖြစ်။ နိရောဓာယ၊ရာဂအစဓှိသည်တို့၏ချုပ်ခြင်းငှါ။ နသံဝတ္တတိ၊
မဖြစ်။ ဥပသမာယ၊ ရာဂအစသည်တို့၏ ငြိမ်းခြင်းငှါ။ နသံဝတ္တတိ၊
မဖြစ်။အဘိညာယ၊ အလွန်သိခြင်းငှါ။နသံဝတ္တတိ၊မဖြစ်။သမ္ဗောဓာယ၊
အရဟတ္တမင်္ဂဉာဏ်ကို ထိုးထွင်း၍သိခြင်းငှါ။ နသံဝတ္တတိ၊ မဖြစ်။ နိဗ္ဗာ
နာယ၊နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှါ။ နသံဝတ္တတိ၊မဖြစ်။ဘိက္ခဝေ၊တို့။
ယောစခေါ၊အကြင်သူသည်လည်း။ နိဝိဋ္ဌသဒ္ဓေါ၊ ဝင်သောသဒ္ဓါဓှိသည်
ဖြစ်၍။ နိဝိဋ္ဌပေမော၊ဝင်သော ချစ်ခြင်းဓှိသည်ဖြစ်၍။ဧကန္တဂတော၊ စင်
စစ်သဒ္ဓါခြင်းသို့ရောက်သည်ဖြစ်၍။အဘိပ္ပသန္နော၊အလွန်ကြည်ညိုသည်
ဖြစ်၍။ တထာဂတံဝါ၊ ဘုရားကို လည်းကောင်း။တထာဂတသာဝကံဝါ၊
ဘုရားတပည့်ကိုလည်းကောင်း။ အနုဿရတိ၊ အောက်မေ့၏။ တဿ၊
ထိုသူအား၊ သတ္တာနံ၊ သတ္တဝါတို့အား။ ဝိသုဒ္ဓိယာ၊ စင်ကြယ်ခြင်းငှါ။
သောကပရိဒေဝါနံ၊စိုးရိမ်ခြင်းငိုကြွေးခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်
ခြင်းငှါ။ဒုက္ခဒေါမနဿာနံ၊ဆင်းရဲခြင်းနှလုံးမသာယာခြင်းတို့၏။အတ္ထင်
မာယ၊ချုပ်ခြင်းငှါ။ဉာယဿ၊ဝိပဿနာနှင့်တကွသောမင်္ဂကို။ အဓိဂမာ
ယ၊ရခြင်းငှါ။ ပဝတ္တံ၊ ဖြစ်သော။ အနုဿတိနံ၊ အောက်မေ့ခြင်းတို့တွင်။
ဧကံ၊ တပါးသော။ အနုတ္တရံ၊ မိမိထက်အလွန်မဓှိသောအောက်မေ့ခြင်း
သည်။ဟောတိ၊ဖြစ်၏။ဘိက္ခဝေ၊တို့။ နိဝိဋ္ဌသဒ္ဓေါ၊ဝင်သောသဒ္ဓါဓှိသည်
ဖြစ်၍။ နိဝိဋ္ဌပေမော၊ ဝင်သောချစ်ခြင်းဓှိသည်ဖြစ်၍။ ဧကန္တဂတော၊
စင်စစ်သဒ္ဓါခြင်းသို့ရောက်သည်ဖြစ်၍။ အဘိပ္ပသန္နော၊ အလွန်ကြည်ညို
သည်ဖြစ်၍။ ယော၊ အကြင်သူသည်။ တထာဂတံဝါ၊ ဘုရားကိုလည်း
ကောင်း။ တထာဂတသာဝကံဝါ၊ ဘုရားတပည့်ကိုလည်းကောင်း။
အနုဿရတိ၊အောက်မေ့၏။ တဿ၊ထိုသူ၏။ယဒိဒံ၊ အကြင်အောက်မေ့
ခြင်းသည်။ အတ္ထိ ဓှိ၏။ဧဒံ၊ ဤအောက် ခြင်းကို။ အနုဿတာနုတ္တရိယံ၊
အောက်မေ့ခြင်းဟူသော မိမိထက်အလွန်မဓှိသောတရားဟူ၍။ ဝုစ္စတိ၊
ဆိုအပ်၏။ ။[အဂိုတ္တရနိကာယ်အနုတ္တရိယသုတ်ပါဠိတော်]။ ။ဤပါဠိ
တော်ဖြင့် ခြောက်ပါးကုန်သောအနုတ္တရိယတို့ကို သိအပ်ကုန်၏။

အရှင်အာနန္ဒာမထေရ်သည်ညဉ့်နံနက်စက္ခုဝိညာဏ်ဖြင့်ဘူးမြင်ခြင်း
ငှါရ၏။ဤဘူးမြင်ရခြင်းသည်ကား ဒဿနာနုတ္တရိယမည်၏။မပြတ် မြတ်
စွာဘုရား စကားတော်ကို နားထောင်ရ၏။ ဤနားထောင် ရခြင်းသည်

ကား သဝနာနုတ္တရိယမည်၏။မဘောက်မပြုန်ကိုယ်တော်တိုင် သာလျှင် ခပ်သိမ်းသော တရားတို့ကိုသိတော်မူ၏ ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူ၏ဟူ၍ မြတ်စွာဘုရားဌ သဒ္ဓါယုံကြည်ခြင်းကိုရ၏။ ဤသဒ္ဓါယုံကြည်ခြင်းကို ရခြင်းသည်ကား လာဘာနုတ္တရိယမည်၏။ မြတ်စွာဘုရားသာသနာတော်၌ သိက္ခာသုံးပါးကို ကျင့်၏။ ဤအကျင့်သည်ကား သိက္ခာနုတ္တရိယမည်၏။ မပြတ်မြတ်စွာဘုရားကို လုပ်ကျွေးရ၏။ ဤလုပ်ကျွေးခြင်း သည်ကား ပါရိစရိယာ နုတ္တရိယမည်၏။ မြတ်စွာဘုရား၏ လောကီလောကုတ္တရာဖြစ်ကုန်သော ကျေးဇူးတော်တို့ကိုအောက်မေ့၏။ ဤအောက်မေ့ခြင်းသည်ကား အနုဿတာနုတ္တရိယ မည်၏။ အခွင့်အာနန္ဒာမှ တပါးကုန်သော သောတာပန် သကဒါဂါမ် အနာဂါမ်တို့သည်လည်း အခွင့်အာနန္ဒာကဲ့သို့ ဘုရားအား ဘူးမြင်ခြင်းကို ရကုန်၏။ ဤဘူးမြင်ရခြင်း သည်လည်း ဒဿနာ နုတ္တရိယမည်၏။ ဘုရားတရားတော်ကိုနာရကုန်၏၊ ဤဘုရားတရားကို နာရခြင်းသည်လည်း သဝဏ်နာနုတ္တရိယမည်၏။ဘုရား၌သဒ္ဓါတရားကိုရကုန်၏၊ ဤသဒ္ဓါတရားကိုရခြင်း သည်လည်း လာဘာနုတ္တရိယမည်၏။ဘုရားသာသနာတော်၌ သိက္ခာသုံး ပါးကိုကျင့်ကုန်၏၊ ဤသိက္ခာသုံးပါးကို ကျင့်ရခြင်းသည်လည်း သိက္ခာ နုတ္တရိယမည်၏။ ဘုရားကို လုပ်ကျွေးကုန်၏၊ ဤလုပ်ကျွေးခြင်းသည် လည်း ပါရိစရိယာနုတ္တရိယမည်၏။ ဘုရားဂုဏ်ကျေးဇူးတို့ကို အောက် မေ့ကုန်၏၊ ဤအောက်မေ့ခြင်းသည်လည်း အနုဿတာနုတ္တရိယမည်၏။ ကလျာဏပုထုဇ္ဇန်ပုဂ္ဂိုလ်သည်ကား အခွင့်အာနန္ဒာကဲ့သို့ မြတ်စွာဘုရား အားဘူးမြင်ရ၍ ထိုဘူးမြင်ရခြင်းကိုအရင်းပြုသဖြင့်ဖြစ်သော ဝိပဿနာ ကိုပွါးစေ၍ သောတာပတ္တိမဂ်သို့ ရောက်၏။ ဤသို့သစ္စာကိုမြင်ခြင်း၏ အကြောင်းဖြစ်သောကြောင့် မူလဟုဆိုအပ်သော ဘူးမြင်ရခြင်းသည် ဒဿနာနုတ္တရိယမည်၏။ ဤမှတပါးသော ဘူးမြင်ရခြင်းသည်ကား ဘူး မြင်ရခြင်းသာလျှင်မည်၏။ဒဿနာနုတ္တရိယမမည်။ဘုရားတရားတော်ကို နာရ၍ ထိုတရားနာရခြင်းကို အရင်းပြုသဖြင့်ဖြစ်သော ဝိပဿနာကို ပွါး စေ၍သောတာပတ္တိမဂ်သို့ရောက်၏၊ ဤသို့သစ္စာကိုမြင်ခြင်း၏အကြောင်း ဖြစ်သောကြောင့် မူလဟုဆိုအပ်သော တရားတော်ကို နာရခြင်းသည် ကား သဝနာနုတ္တရိယမည်၏။ ဤမှတပါးသောတရားတော်ကိုနာရခြင်း သည်ကား နာရခြင်းသာလျှင်မည်၏။ သဝဏနာနုတ္တရိယမမည်။ ဘုရား၌

သဒ္ဓါတရားကိုရ၍ ထိုသဒ္ဓါတရားကို ရခြင်းကို အရင်းပြုသဖြင့်ဖြစ်သော ဝိပဿနာကိုပွါးစေ၍ သောတာပတ္တိမင်္ဂသို့ရောက်၏၊ ဤသို့သစ္စာကို မြင်ခြင်း၏အကြောင်းဖြစ်သောကြောင့် မူလဟုဆိုအပ်သောသဒ္ဓါတရားကို ရခြင်းသည် လာဘာနုတ္တရိယမည်၏။ဤမှတပါးဖြစ်သော သဒ္ဓါတရားကိုရခြင်းသည်ကား ရခြင်းသာမည်၏။ လာဘာနုတ္တရိယမမည်။ ဘုရားသာသနာတော်၌ သိက္ခာသုံးပါးကိုကျင့်၍ ထိုသိက္ခာသုံးပါးအကျင့်ကို အရင်းပြုသဖြင့်ဖြစ်သော ဝိပဿနာကိုပွါးစေ၍ သောတာပတ္တိမင်္ဂသို့ရောက်၏။ဤသို့သစ္စာကိုမြင်ခြင်း၏အကြောင်းဖြစ်သောကြောင့် မူလဟုဆိုအပ်သော သိက္ခာသုံးပါးကို ကျင့်ခြင်းသည် သိက္ခာနုတ္တရိယမည်၏။ ဤမှတပါးဖြစ်သောသိက္ခာသုံးပါးကိုကျင့်ခြင်းသည်ကား ကျင့်ခြင်းသာလျှင်မည်၏။ သိက္ခာနုတ္တရိယမမည်။ ဘုရားကိုလုပ်ကျွေး၍ ဤလုပ်ကျွေးခြင်းကိုအရင်းပြုသဖြင့်ဖြစ်သော ဝိပဿနာကိုပွါးစေ၍ သောတာပတ္တိမင်္ဂသို့ရောက်၏။ ဤသို့သစ္စာကိုမြင်ခြင်း၏ အကြောင်းဖြစ်သောကြောင့် မူလဟုဆိုအပ်သော လုပ်ကျွေးခြင်းသည် ပါရိစရိယာနုတ္တရိယမည်၏။ ဤမှတပါးဖြစ်သော လုပ်ကျွေးခြင်း သည်ကား လုပ်ကျွေးခြင်းသာမည်၏။ ပါရိစရိယာနုတ္တရိယ မမည်။ ဘုရားဂုဏ်ကျေးဇူးတို့ကို အောက်မေ့၍ ထိုအောက်မေ့ခြင်းကိုအရင်းပြုသဖြင့်ဖြစ်သောဝိပဿနာကိုပွါးစေ၍ သောတာပတ္တိမင်္ဂသို့ရောက်၏။ ဤသစ္စာကို မြင်ခြင်း၏ အကြောင်းဖြစ်သောကြောင့် မူလဟု ဆိုအပ်သော ဂုဏ်ကျေးဇူးကို အောက်မေ့ခြင်းသည် အနုဿတာနုတ္တရိယမည်၏။ဤမှတပါးဖြစ်သော ဂုဏ်ကျေးဇူးကို အောက်မေ့ခြင်းသည်ကား အောက်မေ့ခြင်းသာမည်၏။ အနုဿတာနုတ္တရိယ မမည်။

၃၄—ဝက္ကလိမထေရ် ဝတ္ထု

ဓမ္မပဒအဋ္ဌကထာ ဘိက္ခုဝဂ်

သာဝတ္ထိပြည်၌ ဝက္ကလိမည်သောကယောက်သောပုဏ္ဏားသည် နေသတတ်။ထိုဝက္ကလိပုဏ္ဏားသည် တနေ့သ၌ သာဝတ္ထိပြည်၌ ဆွမ်းခံကြွတော်မူသောဘုရားရှင်ကိုမြင်၍ မြတ်စွာဘုရားအဆင်းတော်ကို ဘူးမြင်သဖြင့် မရောင့်ရဲရကား ဘုရားရှင်နှင့်အတူတကွသာလျှင် ဇေတဝန်

ကျောင်းတော်သို့သွား၍ ဘုရားတရားကောက်ကိုနာရ၍ သဒ္ဓါတရားကို ရလျှင် ငါသည် အမြဲ ဘုရားရှင်ကိုဘူးမြင်ခြင်းငှါရပေအံ့ဟု ဘုရားအထံတော်၌ရဟန်းပြု၍ အာဟာရကိုစားသောကာလမှတပါးသောကာလ၌ အကြင်အရပ်၌ ရပ်၍ ဘုရားရှင်ကို ဘူးမြင်ရ၏၊ ထိုအရပ်၌ ရပ်၍ သရဏ္ဂာယ်ခြင်း ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း အစရှိသည်တို့ကို စွန့်၍ ဘုရားရှင်ကိုဘူးမြင်လျက်နေ၏။ ဘုရားရှင်သည် ဝက္ကလိ၏ဉာဏ်ရင့်ခြင်းကို ငံ့တော်မူလျက် ကြာမြင့်စွာသောကာလပတ်လုံး တစုံတခုကို မဆိုမူ၍ ဝက္ကလိမထေရ်သည် ဉာဏ်ရင့်သည်ရှိသော် ဝက္ကလိ၊ ရှုကြည့်အပ်သော ဤပုပ်သောကိုယ်ဖြင့် သင်အား အဘယ်အကျိုးရှိအံ့နည်း။ ဝက္ကလိ၊အကြင်သူသည်တရားကိုမြင်၏၊ထိုသူသည် ငါဘုရားကိုမြင်၏။ အကြင်သူသည် ငါဘုရားကို မြင်၏၊ ထိုသူသည် တရားကိုမြင်၏။ ဝက္ကလိ၊ ထိုစကား မှန်၏။ တရားကို ရှုသောသူသည် ငါဘုရားကို ရှု၏။ ငါဘုရားကို ရှုသောသူသည် တရားကို ရှု၏ ဟု ဒိန့်တော်မူ၍ ဝါကပ်အံ့သောအခါ နီးသည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ကြွတော်မူ၍ ဝါကပ်သောနေ့၌ ဝက္ကလိ၊ သင် ဓဓလေလော့ဟု ဝက္ကလိကို နှင်တော်မူ၏။ ဝက္ကလိမထေရ်သည် အထံတော်၌ တည်အံ့သောဌါ မတတ်နိုင်ရကား အကြင်ငါသည် ဘုရားရှင်ကို ဘူးမြင်ခြင်းငှါ မရ၊ ထိုငါ့အား အသက်ရှင်သဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု တောင်ထိပ်မှ ကိုယ်ကို ချအံ့သောဌါ ဂိဇ္ဈကူဋ်တောင်ထိပ်သို့ တက်၏။ ဘုရား သဗ္ဗညုသည် ထိုအကြောင်းကိုသိတော်မူ၍ ဤဝက္ကလိသည် ငါဘုရားအထံတော်မှ သက်သာရာကို မရသော် မင်္ဂဖိုလ်၏ ဥပနိဿယကို ဖျက်ဆီးရာ၏ဟု ဝေဠုဝန်ကျောင်း၌ နေတော်မူလျက်သာလျှင် အရောင်အဝါကို လွှတ်သဖြင့် ကိုယ်တော်ကိုပြတော်မူ၍ ဝက္ကလိမထေရ်အား အားရှိသောဗီတိကို ဖြစ်စေ၍ -

ပါမောဇ္ဇ ဗဟုလော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပ သမံ သုခံ။ ။

ဟူသောဂါထာကို ဟောတော်မူ၏။

ဝက္ကလိ၊ ဝက္ကလိ။ဗုဒ္ဓသာသနေ၊ ဘုရားသာသနာတော်၌။ ပါမောဇ္ဇ ဗဟုလော၊ ဝမ်းမြောက်ခြင်းများသော။ ပသန္နော၊ ကြည်ညိုသော။ ဘိက္ခု၊

ရဟန်းသည်။ သန္တံ၊ ငြိမ်သက်သော။သခီါရုပသမံ၊သခီါရကို၏ ငြိမ်းရာ ဖြစ်သော။သုခံ.အလွန်မြတ်သောချမ်းသာဖြစ်သော။ ပဒံ၊နိဗ္ဗာန်ကို။ အဓိ ဂဆွေ၊ရ၏။ ။ဤဂါထာကို ဟောတော်မူ၍ သဗ္ဗညူ ဘုရားရှင်သည် လက်တော်ကိုဆန့်၍ ဝက္ကလိ လာလော့၊မကြောက်နှင့်ဟုခိန့်တော်မူ၏။ ဝက္ကလိမထေရ်သည် ငါကားဘုရားရှင်ကိုဘူးမြင်ရပြီ၊လာလော့ဟု ခေါ် တော်မူခြင်းကိုလည်း ရပေပြီဟု အားရှိသော နှစ်သက်ခြင်းကို ဖြစ်စေ၍ အဘယ်မှသွားအံ့နည်းဟု မိမိ၏သွားသင့်သော သဘောကိုလည်း မသိ မူ၍လျှင် မြတ်စွာဘုရား၏ရှေ့တော်မှ ကောင်းကင်သို့ သွားသည်ရှိသော် ပထမခြေဖြင့်တောင်ပေါ်၌ရပ်လျက်သာလျှင်ဘုရားသဗ္ဗညူသည် ဟော တော်မူအပ်သော ဂါထာကိုဆင်ခြင်၍ ကောင်းကင်၌သာလျှင် ပီတိကို ခွါ၍ ပဋိသမ္ဘိဒါနှင့်ဘက္ပ အရဟတ္တဖိုလ်သို့ရောက်၍ ဘုရားရှင်ကို ရှိခိုး လျက်သာလျှင် ကောင်းကင်မှဆင်းသက်၏။ ။[ဝက္ကလိမထေရ်ဝတ္ထု]။

ဤသို့ဝက္ကလိမထေရ်သည် ဘုရားသဗ္ဗညူ၏ သိတင်းသုံးတော်မူရာ အရပ်၌ နေရခြင်းသည် မြတ်စွာဘုရား အဆင်းတော်ကို ဘူးမြင်ရခြင်း ဟူသော ဒဿနာနုတ္တရိယ၊ မြတ်စွာဘုရား တရားတော်ကို နာရခြင်း ဟူသော သဝနာနုတ္တရိယ၊ မြတ်စွာဘုရား၌ သဒ္ဓါတရားကို ရခြင်း ဟူသော လာဘာနုတ္တရိယ၊ သိက္ခာသုံးပါးကို ဖြည့်ကျင့်ရခြင်း ဟူသော သိက္ခာနုတ္တရိယ၊ မြတ်စွာဘုရားအား လုပ်ကျွေးရခြင်း ဟူသောပါရိ စရိယာနုတ္တရိယ၊သဗ္ဗညူဘုရားရှင်၏ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ ခြင်းဟူသော အနုဿတာနုတ္တရိယ ဟူကုန်သော ခြောက်ပါးကုန်သော အနုတ္တရိယတို့ကိုရခြင်း၏ အကြောင်းဖြစ်၏၊

တနည်းကား မဇ္ဈိမဒေသမည်သော ဇနပုဒ်၌နေရခြင်းသည်လျောက် ပတ်သော အရပ်၌ နေရခြင်းမည်၏။မဇ္ဈိမဒေသဇနပုဒ်ကိုကား၏သို့ပိုင်း ခြားအပ်၏။အရှေ့အရပ်မျက်နှာ၌ ဂဇင်္ဂလမည်သောနိဂုမ်းသည်ရှိ၏။ထို နိဂုမ်း၏ အပ၌အင်ကြင်းပင်ကြီးသည်ရှိ၏။ထိုအင်ကြင်းပင်၏အပကား ပစ္စန္တရစ်မည်၏၊အတွင်းကား မဇ္ဈိမဒေသမည်၏။အရှေ့တောင်ထောင့်၌ သလ္လာဝတီ မည်သော မြစ်သည်ရှိ၏။ ထိုမြစ်၏ အပကား ပစ္စန္တရစ်၊ အတွင်းကား မဇ္ဈိမဒေသ။ တောင်၌သေတကဏ္ဏမည်သော နိဂုမ်းသည် ရှိ၏။ထိုနိဂုမ်းမှအပကားပစ္စန္တရစ်၊အတွင်းကားမဇ္ဈိမဒေသ။ အနောက် ၌ ထုနမည်သော ပုဏ္ဏားရွာသည် ရှိ၏။ ထိုရွာမှအပကား ပစ္စန္တရစ်၊

အတွင်းကား မဇ္ဇိမဒေသ။ မြောက်၌ဥသီရဒ္ဓဇမည်သော တောင်သည်ရှိ၏။ထိုကောင်မှအပကား ပစ္စန္တရစ်၊ အတွင်းကား မဇ္ဇိမဒေသမည်၏။ [စမ္မက္ခန္ဓက ပါဠိတော်]။

မဇ္ဇိမဒေသဇနပုဒ်သည် မုရိုးစည်သဏ္ဌာန်ရှိ၏။ အဖြောင့်အားဖြင့် အချိသော အရပ်၌ ယူဇနာရှစ်ဆယ်ရှိ၏။ အချိသောအရပ်၌ ယူဇနာနှစ်ရာရှိ၏။အလယ်၌ကား ယူဇနာသုံးရာရှိ၏။ထက်ဝန်းကျင်အဝန်းကား ယူဇနာကိုးရာရှိ၏။ ။[ဧကကနိပါတ်အဂိုတ္တိုရ်အဋ္ဌကထာ]။

ဤမဇ္ဇိမဒေသ၌ ဘုရားပစ္စေကဗုဒ္ဓါ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်အစရှိသော မဟာသာဝက ဘုရား အလုပ်အကျွေးတော် ဘုရားမယ်တော် ခမည်းတော် စကြဝတေးမင်းတို့သည် ဖြစ်ကုန်၏။ထိုမဇ္ဇိမဒေသ၌ သတ္တဝါတို့သည် စကြဝတေးမင်း၏ အဆုံးအမကိုယူကုန်၍ သီလ၌တည်ကုန်၍ နတ်ပြည်သို့ လားကုန်၏။ ထိုအတူပစ္စေကဗုဒ္ဓါ၏ အဆုံးအမ၌ တည်ကုန်၍ နတ်ပြည်သို့ လားကုန်၏။ ဘုရားတပည့်၏ အဆုံးအမ၌ တည်ကုန်သော သူတို့သည်ကား နိဗ္ဗာန် သုဂတိသို့ လားရကုန်၏။ ထိုကြောင့်မဇ္ဇိမဒေသ၌ နေရခြင်းသည် ဤဆိုအပ်ပြီးသော ပြည့်စုံခြင်းတို့၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာ မည်သတည်း။ တနည်းကား-ထောက်၍ ထောက်၍လည်း မဇ္ဇိမဒေသကိုရအပ်၏။ ထိုစကား မှန်၏။ အလုံးစုံသော ဇမ္ဗူဒိပ် သည်လည်း မဇ္ဇိမဒေသ မည်၏။ ကြွင်းကုန်သော ကျွန်းတို့သည် ပစ္စန္တရစ် မည်ကုန်၏။သီဟိုဠ်ကျွန်း၌ အနုရာဓပြည်သည် မဇ္ဇိမဒေသမည်၏။ကြွင်းကုန်သော အရပ်တို့သည် ပစ္စန္တရစ် မည်ကုန်၏။ ဤသို့ ဧကကနိပါတ်အဂိုတ္တိုရ်အဋ္ဌကထာ၌ဆိုအပ်၏။ ထိုစကားသည်လည်း သင့်၏။ သင့်ကြောင်းကိုဆိုအံ့။ အနုရာဓပြည်၌ မုဋသီဝမင်း၏ ဒုတိယသားဖြစ်သော ဒေဝါနံပိယတိဿမည်သော မင်းသည် အရှင် မဟာမဟိန္ဒမထေရ်၏ အဆုံးအမ၌တည်၍ များစွာကုန်သော ကောင်းမှုတို့ကို ပြု၍ အနှစ်လေး ဆယ်တို့ပတ်လုံးမင်းပြု၍ သေလွန်သော်တာဝတိံသာနတ်ပြည်၌ဖြစ်၏၊ ထိုနောင်မှ မုဋသီဝမင်း၏ဥတ္တရိယမည်သော စတုတ္ထသားသည် ဆယ်နှစ်တို့ပတ်လုံးမင်းပြု၏။ထိုအတူထိုမင်း၏လျှင်မဟာသီဝမည်သောပဉ္စမသားသည် ဆယ်နှစ်တို့ပတ်လုံးမင်းပြု၏။ ထိုနောင်မှထိုမင်း၏လျှင် သူရတိဿမည်သော သတ္တမသားသည် ဆယ်နှစ်တို့ပတ်လုံး မင်းပြု၏။ ထို

အခါ သေနမည်သောကျေးမင်းဂုတ္တမည်သောကျေးမင်းနှစ်ယောက်တို့သည် သူရတိဿမင်းကို ပယ်၍ အနုရာဓပြည်၌ တဆဲ့နှစ်နှစ်တို့ပတ်လုံးမင်းပြုကုန်၏။ ထိုအခါမုဋုသိဝမင်း၏ အသေလမည်သော နဝမသားသည်သေနမင်း ဂုတ္တမင်းတို့ကိုပယ်၍ ဆယ်နှစ်တို့ပတ်လုံးမင်းပြု၏။ ထိုအခါဇွောယမည်သော ကျေးမင်းသည် အသေလမည်သော မင်းကိုပယ်၍လေးဆဲ့လေးနှစ်တို့ ပတ်လုံးမင်းပြု၏။ ထိုအခါ ဒေဝါနံပိယတိဿမည်သောမင်း၏မြေး ကာကဝဏ္ဏတိဿမည်သောမင်း၏ သားဖြစ်သော ဒုဋ္ဌဂါမဏိအဘယမည်သော မင်းသည်ဇွောယမင်းကိုသတ်၍ သီဟိုဠ်ကျွန်းအနုရာဓပြည်၌ ဧကရာဇ်မင်းဖြစ်၏။ ဤသို့ ဒုဋ္ဌဂါမဏိအဘယမင်းသည် ဒေဝါနံပိယတိဿမင်း၏သေသောနှစ်မှနောက်ကိုးဆဲ့ခြောက်နှစ်ထက်၌ မင်းပြု၏။ ထိုအခါ ဒေဝါနံပိယတိဿနတ်သားသည် သခ်ါရတို့၏ မမြဲသောအဖြစ်ကိုရှု၍ စိတ်ညွတ်သောစုတိခြင်းဖြင့် တာဝတိံသာ နတ်ပြည်မှစုတေ၍ သီဟိုဠ်ကျွန်းဝယ်သေဌေးအမျိုး၌ဖြစ်၍ ခုနစ်နှစ် ရှိသောကာလ၌ရဟန်းပြု၍ရဟန္တာဖြစ်လေ၏။ သီဟိုဠ်ကျွန်း၌သာနေကုန်၍မင်္ဂဖိုလ်သို့ ရောက်ကုန်သောတပါးကုန်သော သူတို့သည်လည်းရေတွက်ခြင်း၏ လမ်းခရီးကို လွန်လေကုန်၏။ ဤသို့ ဆိုအပ် ပြီးသော စကားသည် ပဘိရူပအရပ်၌ နေခြင်းကို ဆိုသော စကားတည်း။

၅-ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ

၃၅-မဟာကပ္ပိန္နမထေရ်ဝတ္ထု

ဧကနိပါတ်အင်္ဂုတ္တိုရ် အဋ္ဌကထာ

လွန်လေပြီးသောဘဝတို့၌ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို အာရုံပြု၍ဆည်းပူးအပ်သောကုသိုလ်ရှိသောပြုအပ်ပြီးသောအဓိကာရရှိသော သူသည် ပုဗ္ဗေစကတပုညမည်၏။ထိုစကားမှန်၏။ ဤသို့သဘောရှိသော သူသည် ပြန့်ပြောသော ကုသိုလ်မူလရှိသည်ဖြစ်၍ ထိုကုသိုလ်မူလဖြင့် လျှင်ဘုရား၏ လည်းကောင်း ဘုရားတပည့်၏လည်းကောင်း ကရားကို နာရ၍အရဟတ္တဖိုလ်သို့ရောက်၏။ဥပမာကားကပ္ပိန္နမင်းအစရှိကုန်သော သူတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်သကဲ့သို့တည်း။ ထိုကြောင့် ဤသို့ သဘောရှိသော သူ၏ ဧရားဘဝ၌ ပြုအပ်ပြီးသော ကောင်းမှုရှိ

သည့်၏အဖြစ်ကို မင်္ဂလာဟူ၍ ဆိုအပ်၏။ ထိုစကားဌာ ဤဆိုလတ္တံ့သော ဝတ္ထုကို သိအပ်၏။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၏ အနီးတခုသော ရွာဌာ တထောင် အတိုင်း အရှည်ရှိသော ယက်ကန်းသည် တို့သည်နေကုန်၏။ထိုအခါ တထောင်အတိုင်းအရှည်ရှိကုန်သောပစ္စေကဗုဒ္ဓါကို့သည် ရှစ်လတို့ပတ်လုံး ဟိမဝန္တာဌာ၌ နေကုန်၍ မိုဃ်းလေးလပတ်လုံးဇနပုဒ်၌ နေလိုကုန်ရကား မြို့၏အနီးဌာဆင်းသက်ကုန်၍ ကျောင်းဆောက်ခြင်း လက်မှုကို ကောင်းစွမ်သောဌာ ရှစ်ပါးကုန်သော ပစ္စေကဗုဒ္ဓါတို့ကို စေကုန်၏။ ထိုအခါ ယက်ကန်းသည်ကြီး မယားသည်တရုသော ပြာဘွယ်ကိစ္စဖြင့် မြို့သို့သွားသည်ရှိသော် ထိုပစ္စေကဗုဒ္ဓါတို့ကို ဖြင်၍ မေး၏။ထိုအကြောင်းကိုကြား၍ အရှင်ဘုရားတို့ ဤရွာ၌အကျွန်ုပ်တို့သည် တထောင် အတိုင်းအရှည် ရှိကုန်သလျင်ကဟည်း။ အကျွန်ုပ်တို့တွင် တယောက် တယောက်သည် တပါး တပါးသော အရှင်အားးဆွမ်းကို လှူပါလတ္တံ့။ နှက်ဖြန် အကျွန်ုပ်တို့၏ ဆွမ်းကို ခံတော်မူပါကုန်၊ အရှင်ဘုရားတို့၏ ကျောင်းကိုလည်း ဆောက်ပါကုန်အံ့ဟု ဆို၍ ရွာသို့ ဝင်၍ လူတို့အား ကြား၏။ ပစ္စေကဗုဒ္ဓါ တို့သည်လည်း နှက်ဖြန်နေ့၌ ထိုရွာသို့ ဝင်ကုန်၏။ လူတို့သည် ဆန္ဒတူကုန်၍ ပစ္စေကဗုဒ္ဓါတို့အား ဆွမ်းကို လှူကုန်၍ ဆွမ်းဘုဉ်းပေးပြီးသော် ကျောင်းတဆောင်စီ တဆောင်စီ ဆောက်ကုန်၍ အရှင်ပစ္စေကဗုဒ္ဓါတို့အား လှူကုန်၏။ တထောင်ကုန်သော လူတို့သည် မိမိမိမိတို့၏ကျောင်း၌ဝါကပ်ကုန်သော ပစ္စေကဗုဒ္ဓါတို့ကို ရိုသေစွာ လုပ်ကျွေးကုန်၏။ ဝါကျွတ်ကုန်သော် ရှင်ပစ္စေကဗုဒ္ဓါတို့အား သင်္ကန်း လှူကုန်၏။ ပစ္စေကဗုဒ္ဓါတို့သည် အာနုမောဒနာပြု၍ ကြွတော်မူကုန်၏။ထိုတထောင်ကုန်သော ယက်ကန်းသည်တို့သည် ထိုဘဝမှစုတေကုန်၍တာဝတိံသာနတ်ပြည်၌တပေါင်းတည်း နတ်သားဖြစ်ကြကုန်၏။နတ်တို့၏စည်းစိမ်ချမ်းသာကို ခံစားကုန်၍ တာဝတိံသာနတ်ပြည်မှ စုတေကုန်သော် ကသုပဖြတ်စွာဘုရားလက်ထက်ဘော်၌ဗာရာဏသီပြည်ဝယ် သူကြွယ်အမျိုး၌ဖြစ်ကုန်၏။ထိုတထောင်ကုန်သောသူတို့တွင် ယက်ကန်းသည်ကြီးသည် သူကြွယ်ကြီး၏ သားဖြစ်၏။ယက်ကန်းသည်ကြီး၏ မယားသည်လည်း သူကြွယ်ကြီး၏သာလျင်သမီးဖြစ်၏။ ဤမှတပါးဖြစ်ကုန်သောသူတို့သည် သူကြွယ်တို့၏ သားသမီးဖြစ်လေကုန်၏။ထိုအလုံးစုံကုန်သောသူတို့သည် အရွယ်သို့

ရောက်ကုန်သော် အချင်းချင်းမယားလင်ဖြစ်ကြကုန်၏။ဥစ္စာကိုစုရုံးကုန်၍ တိုက်ခန်းတထောင်ဖြင့် တန်းဆာဆင်အပ်သောပရိဝုဏ်ကို ဆောက်လုပ်စေ၍ ပရိဝုဏ်လှူဒါန်းပူဇော်ကုန်သည်ရှိသော် ဘုရား အမှူးရှိသော နှစ်ဘောင်းသောရဟန်းဘိုအားခုနစ်ရက်ပတ်လုံးအလှူကြီးကိုပေးကုန်၍ အဆုံး၌ သက်နိုးကိုလှူကုန်၏။သူကြွယ်ကြီး၏ မယားသည်ကား လွန်စွာပြုလိုသည်ဖြစ်၍ တထောင်ထိုက်သော လိန္ဆရွှေပန်းအဆင်းနှင့်တူသော ပုဆိုးဖြင့်လည်းကောင်း လိန္ဆရွှေပန်းတို့ဖြင့် လည်းကောင်း ဘုရားကိုပူဇော်၍ အရှင်ဘုရား၊အကျွန်ုပ်တို့သည် ဖြစ်လေရာအရပ်တို့၌လိန္ဆရွှေပန်းအဆင်းနှင့်တူသော ကိုယ်အဆင်း ဖြစ်စေသတည်း၊ အနောဇာဟူသော အမည်ရှိသည်လည်း ဖြစ်စေသတည်းဟု ဆုတောင်း၏။ကဿပဘုရားရှင်သည်၏သို့ ဆုတောင်းတိုင်း ဖြစ်စေသတည်းဟု အနုမောဒနာပြုတော်မူ၏။ထိုခပ်သိမ်းကုန်သောသူကြွယ်တို့သည်လည်းဘုရားနှစ်ဆူတို့၏ တခုသောအကြားဖြစ်သော ကာလပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ကုန်၍ ငါတို့မြတ်စွာဘုရားဖြစ်တော်မူသည်မှ ရှေး၌လျှင် နတ်ပြည်မှ စုတေကုန်၏။ ထိုသူအပေါင်းတို့တွင် သူကြွယ်ကြီးသည် ကုက္ကုဋ္ဌဝတီမြို့၌ မဟာကပ္ပိန္ဒ မည်သောမင်း ဖြစ်၏။ တပါးသော ယောက်ျားတို့သည်လည်း ထိုမြို့၌လျှင် အမတ်မျိုးတို့၌ ဖြစ်ကုန်၏။ သူကြွယ်ကြီးမယားသည်ကား မဒ္ဒတိုင်းသာကလမြို့၌ မင်းသွီးဖြစ်၍ လိန္ဆရွှေပန်းအဆင်းနှင့်တူသောကိုယ်အဆင်းရှိသည်၏အဖြစ်ကြောင့်အနောဇာ အမည်ရှိသည်ဖြစ်၏။ထိုမှတပါးကုန်သော မိန်းမတို့သည်လည်း ထိုမြို့၌လျှင် အမတ်သွီးဖြစ်ကုန်၏။ ထိုအလုံးစုံကုန်သော သူတို့သည်လည်း အရွယ်ရောက်ကုန်သည်ရှိသော် အချင်းချင်းမယားလင်ဖြစ်ကုန်၏။၏သို့ ထိုသူတို့သည် အညီအညွတ် နေကြကုန်သည်ရှိသော် ငါတို့မြတ်စွာဘုရားသည် လောက၌ဘုရားဖြစ်တော်မူ၍ သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ တနေ့သ၌ မဟာကပ္ပိန္ဒမင်းသည် သာဝတ္ထိပြည်မှ လာကုန်သောကုန်သည်တို့၏အထံမှ ဘုရားဖြစ်ပြီ တရားဖြစ်ပြီ သံဃာဖြစ်ပြီ ဟုကြား၍ နှစ်သက်ခြင်းဝမ်းမြောက်ခြင်းဖြစ်၍ထိုကုန်သည်တို့၏စကားကို သုံးသိန်းတို့ဖြင့်ပူဇော်၍ ထိုမှတပါး မိဖုယား၏အထံသို့သွား၍ သုံးသိန်းကုန်သောဥစ္စာတို့ကို ယူကြကုန်ဟုဆို၍ အမတ်ကထောင်နှင့်တက္ပ မြတ်

စွာဘုရားကိုရည်၍ မြင်းယာဉ်ဖြင့်ထွက်၏။ မြတ်စွာဘုရားသည် ထိုနေ့မိုးသောက်ကာလ၌လောကကိုကြည့်တော်မူသည်ရှိသော် အခြံ အရံနှင့်တကွသောမဟာကပ္ပိနှမင်း၏အရဟတ္တဖိုလ်၏ဥပနိဿယကိုမြင်တော်မူ၍ ထိုမဟာကပ္ပိနှမင်းကို ခရီးဦးကြိုတော်မူလိုရကား ကိုယ်တော်တိုင် သာလျှင်သပိတ်သက်နှင်းကို ယူတော်မူ၍ သာဝတ္ထိပြည်မှ ယူဇနာတရာ့နှစ်ဆယ်ကြွတော်မူ၍ စန္ဒဘာဂမြစ်နားပညောင်ဝင်ရင်း၌ခြောက်သွယ်ကုန်သော ရောင်ခြည်တော်တို့ကို လွှတ်လျက်နေတော်မူ၏။မဟာကပ္ပိနှမင်း၏သွားရာလမ်း၌ သုံးတန်ကုန်သော မြစ်တို့သည်ရှိကုန်၏။ရှေးဦးစွာသောမြစ်သည်ဂင်္ဂါမည်၏။ နှစ်ခုမြောက်ဖြစ်သော ဖြစ်သည် ယူဇနာခွဲကျယ်သောတခုသောမဟာနဒီမည်၏။ သုံးခုမြောက်ဖြစ်သော မြစ်သည် စန္ဒဘာဂမည်၏။မဟာကပ္ပိနှမင်းသည်အခြံအရံတို့နှင့်တကွထိုမြစ်တို့သို့ အစဉ်အတိုင်းရောက်၍ ထိုမြတ်စွာဘုရား၏ကျေးဇူးတော်တို့သည်ကားအောက်၌အဝီစီ အထက်၌ဘဝင်တိုင်အောင် ပြန့်ကုန်၏။ ဤဆရာသည် အကယ်၍ ဘုရားဖြစ်အံ့၊ ဤမြင်းတို့၏ ခွါ အပြင်ကို ရေမစွတ်စေကုန်သတည်းဟု သစ္စာပြု၍ ရေအပြင်၌ မြင်းတို့ကိုနှင်၏။ ထိုမြင်းတို့တွင် တစီးသောမြင်း၏ ခွါအပြင်ကိုမျှလည်း ရေသည်မစွတ်။ ဤသို့ မဟာကပ္ပိနှမင်းသည် အခြံအရံနှင့်တကွ သုံးခုမြောက် ဖြစ်သော စန္ဒဘာဂမြစ်ကို လွန်၍ ခြောက်သွယ်ကုန်သော ရောင်ခြည်တော် တို့ကို မြင်၍ မြင်းကျောက်ကုန်းမှ သက်၍ ကိုင်းညွှတ်သော ကိုယ်ရှိသည် ဖြစ်၍ မြတ်စွာဘုရား အထံတော်သို့ သွား၍ ရှိခိုး၍ နေလျက် အစဉ်အားဖြင့် ဖြစ်သော တရားစကားကိုနာ၍ သောတာပန်ဖြစ်၏။ ဇေဟိတိက္ခု အဖြစ်ဖြင့် ဓဟန်းဖြစ်၍ ရှစ်ပါးသော ပရိက္ခရာတို့ကို ဆောင်လျက် အဝါခြောက်ဆယ်ရပြီးသော မထေရ်ကဲ့သို့ ဖြစ်ကုန်၏။ အနောဇာဓိဖုယားသည်လည်း ဘုရားအစရှိကုန်သော ရတနာ၏ ဖြစ်ကြောင်းကိုကြား၍ ကုန်သည်တို့၏စကားကို ကိုးသိန်းကုန်သောဥစ္စာတို့ဖြင့်ပူဇော်၍ အမောင်တို့ သွားကြကုန်လော့ဟုလွှတ်လိုက်၍ မင်းနှင့်တကွ သွားလေကုန်သော အမတ်တို့၏မယားတို့ဖြင့်ခြံရံလျက် မြတ်စွာဘုရားကိုရည်၍ ရထားယာဉ်ဖြင့်ထွက်၍ ရှေးနည်းဖြင့်လျှင်မြစ်ကြီးတို့ကိုလွန်၏။သဗ္ဗညုဘုရားရှင်သည် ဤမိန်းမတို့အား မိမိတို့၏လင်တို့ကို မြင်ကုန်သည်ရှိသော် ဆန္ဒရာဂသည်ဖြစ်၍ မင်္ဂ၏အန္တရာယ်ကိုပြုရာ၏။ မမြင်ကုန်သည်

ရှိသော် ထိုဆန္ဒရာဂသည် မဂ်၏အာနန္တရိယကိုပြုခြင်းငှါ မတတ်နိုင်လတ္တံ့ဟု ကြံတော်မူ၍ ထိုသူတို့အား အချင်းချင်းမမြင်အောင် တန်းဝိုးဘန်ဆင်းတော်မူ၏။ခပ်သိမ်းကုန်သော ထိုပိန်းမတို့သည်လည်း သုံးချမြောက်သော စန္ဒဘာဂမြစ်ကိုလွန်၍ ဘုရားအထံတော်သို့သွား၍ ရှိခိုး၍ နေကုန်လျက် အစဉ်အားဖြင့် ဖြစ်သော တရားစကားကို နာရကုန်၍ သောတာပန်ဖြစ်ကုန်၏။ထိုရဟန်းတို့သည်ထိုပိန်းမတို့အား ဟောတော်မူအပ်သောတရားကိုနာရကုန်၍ ပဋိသန္ဓိဒါတို့နှင့်ဘက္ခု အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။မြတ်စွာဘုရားသည် တန်းဝိုးဘန်ဆင်းတော်မူခြင်းကို ငြိမ်းစေတော်မူ၏။ ထိုအခါ ထိုပိန်းမတို့သည် ရဟန်းဖြစ်ကုန်သော ထိုမင်းအမတ်တို့ကိုမြင်၍ မြတ်စွာဘုရားကို ရဟန်းအဖြစ်ကို တောင်းပန်ကုန်၏။မြတ်စွာဘုရားသည် ဥပ္ပလဝဏ်လာစေသကဉ်းဟု ကြိုတော်မူ၏။ဥပ္ပလဝဏ်သည်လာ၍ ထိုပိန်းမတို့ကို ရဟန်းပြု၍ သာဝတ္ထိပြည်ဦး ရဟန်းမိန်းမတို့၏ကျောင်းသို့သွား၏။ထိုအလုံးစုံကုန်သောရဟန်းမိန်းမတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ မြတ်စွာဘုရားသည်လည်း ရဟန်းတထောင်ကိုယူတော်မူ၍ ကောင်းကင်ဖြင့် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။

[မဟာကပ္ပိနမထေရ် ဝတ္ထု]

၃၆-ဒဒ္ဓိဝါဟနစောရ် ပတ္တဖြားရသော ဝတ္ထု

ကနည်းကား၊ အကြင်ကြောင့် ပြုဘူးသော ကောင်းမှုမရှိသောသူသည် အာနုဘော်နှင့်ပြည့်စုံသော ဝတ္ထုကို ရပါသော်လည်း ဆင်းခဲသို့ရောက်၏။ပြုဘူးသော ကောင်းမှုရှိသောသူသည် ချမ်းသာသို့ရောက်၏။ အကြင်ကြောင့်လည်း ပြုဘူးသောကောင်းမှုမရှိသောသူသည် သုကပါးတို့သည် ပေးပါသော်လည်း ကြက်သရေကို ယူခြင်းငှါမတတ်နိုင်။ ထို ကြက်သရေသည်ပြုဘူးသောကောင်းမှုရှိသောသူသို့သာလျှင်ရောက်၏။ ထိုကြောင့်လည်း ရှေးဘဝ၌ပြုဘူးသောကောင်းမှုရှိသောသူ၏အဖြစ်ကို မဂ်လာဟူ၍မှတ်အပ်၏။ ထိုစကား၌ ဤဝတ္ထုတို့ကို သိအပ်ကုန်၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ညီနောင်ဖြစ်ကုန်သော ပုဏ္ဏားလေးယောက်တို့သည် ရသေ့ရဟန်းပြုကုန်၍ ဟိမဝန္တာဒေသ အစဉ်သဖြင့် ကျောင်းဆောက်၍နေကုန်၏။ထိုရသေ့တို့တွင် အစ်ကိုကြီးရသေ့

သည် သေလွန်၍သိကြားမင်းဖြစ်၏။ထိုသိကြားသည် ထိုအကြောင်းကို သိ၍တနေ့သင်္ဃရသေ့ကြီးသို့ဆည်းကပ်၍ဂိုဒိုး၍ အဂ္ဂင်ဘုရား၊အဂ္ဂင်အား အဘယ်ဝတ္ထုဖြင့် အလိုရှိသနည်းဟု မေး၏။ထိုရသေ့သည်ကား ဗျာ့တော့နာစွဲ၏။ထိုကြောင့် ငါ့အား မိုးဖြင့်အလိုရှ၏ဟုဆို၏။သိကြားသည် အဂ္ဂင်ဘုရား အကယ်၍ မိုးဖြင့်အလိုရှိသည်ဖြစ်အံ့။ ဤပဲနွယ်ကို လက်ဖြင့် ခတ်၍ထင်းတို့ကိုယူ၍ မီးညှိဟု ဆိုပါလော့။ဤပဲနွယ်သည် ဆိုဘိုင်းပြုံ လတ္တံ့ဟုဆို၍ ထိုရသေ့အားပဲနွယ်ပုဆိန်ကိုပေး၏။ပဲနွယ်ပုဆိန်မည်သည် ကား အရိုးခြွေ သွင်းသည်၏အစွမ်းအားဖြင့် ပဲနွယ်လည်းဖြစ် ပုဆိန်လည်း ဖြစ်သော အာသုံးအဆောင်တည်း။ သိကြားသည် နှစ်ယောက်မြောက် သော ရသေ့သို့လည်းကပ်၍ ထိုအတူလျှောက်မေး၏။ထိုရသေ့၏ ကျောင်းခွဲ ဆင်တို့၏လမ်းခရီးသည်ရှိ၏။ထိုရသေ့သည် ဆင်တို့သည်နို့ပိစက်အပ် သည်ဖြစ်၍ ဆင်တို့၏ အစွယ်အားဖြင့် ငါ့အား ဆင်းရဲသည်ဖြစ်၏။ ထို ဆင်တို့ကို ပြေးစေလော့ဟုဆို၏။ သိကြားသည် အဂ္ဂင်ဘုရား၊ဤဘက် အပြင်ကို တိုးသည် ရှိသော် အဂ္ဂင်ဘုရား တို့၏ ရန်သူ တို့သည် ပြေးကုန် လတ္တံ့။ ဤဘက် အပြင်ကို တိုးသော်ကား မေတ္တာဗိတ် ရှိကုန်သည် ဖြစ်၍ လေးပါးသော အင်္ဂါ ရှိကုန်သော စစ်သည်တို့ သည် ခြံရံကုန်လတ္တံ့ဟုဆို၍ ထိုရသေ့အား တာခုသောစည်ကို ပေး၏။ သုံးယောက်မြောက်သော ရသေ့သို့လည်း ကပ်၍ ထိုအတူလျှောက် မေး၏။ ထိုရသေ့သည်လည်း ဗျာ့တော့သော အနာစွဲ၏။ ထိုကြောင့် ငါ့အား နို့ဓမ်းဖြင့် အလိုရှိ၏ဟု ဆို၏။ သိကြားသည် ထိုရသေ့အား တာခုသော နို့ဓမ်းအိုးကိုပေး၍ အဂ္ဂင်ဘုရားတို့သည် အလိုရှိကုန်၍ ဤနို့ဓမ်းအိုးကို အကယ်၍ သွန်ကုန်အံ့။ မြဲစ်ကြီး ဖြစ်၍ ကြီးစွာသော ဇရအယဉ်ကို ဖြစ်စေ၍ အဂ္ဂင်ဘုရားဘို့အား မင်းအဖြစ်ကို ယူ၍ ပေးခြင်းငှါ စွမ်းနိုင် လတ္တံ့ဟုဆို၍ ဖဲ့လေ၏။ထိုအခါမှစ၍ပုဆိန်သည်ရသေ့ကြီး၏မိုးကိုပြု၏။ ဒုတိယရသေ့သည် စည်အပြင်ကို တိုးသည်ရှိသော် ဆင်တို့သည်ပြေး ကုန်၏။ တတိယရသေ့သည် နို့ဓမ်းကိုသုံးဆောင်၏။ ထိုအခါ တာခုသော ဝက်သည် ဂျာဟောင်းရာ၌ ကျက်စားလတ်သော် အာနုဘော်နှင့် ပြည့်စုံ သော ပတ္တမြားလုံးကိုမြင်၍ နှုတ်သီးဖြင့်ကိုက်၍ ပတ္တမြား၏ အာနုဘော် ဖြင့်ကောင်းကင်သို့ပျံ၍ သမုဒ္ဒရာ အလယ်၌ တာခုသောကျွန်းငယ်ကိုမြင်၍ ဆင်းသက်၍ တာခုသော ရေသဖန်းပင်၏ အောက်၌နေ၏။ ထိုဝက်သည်

တနေ့သဉ် သစ်ပင်မြစ်ရင်းဉ် ပတ္တမြားလုံးကို ရှေ့ကထားဉ် အိပ်ပျော်ခြင်းသို့ရောက်၏။ ထိုအခါ တပါးသော တိုင်းဉ် နေသော ယောကျ်ားတယောက်သည် မိဘတို့သည်အိမ်မှ နှင်ထုတ်အပ်သည်ဖြစ်၍ သဘော်သူကြီးတို့၏ အမှုလုပ်ဖြစ်၍ သဘော်စီး၍ သမုဒ္ဒရာ အလယ်ဉ် ကွဲသောလှေ၏ပျဉ်ချပ်ဉ် အိပ်လျက် ထိုကျွန်းဝယ်သို့ရောက်၍ သစ်သီးကြီးဝယ်ရှာသော် ထိုအိပ်ပျော်သောဝက်ကိုမြင်၍ ဖြည်းညှင်းစွာသွား၍ ပတ္တမြားလုံးကိုယူ၍ပတ္တမြား၏အာနုဘော်အားဖြင့်ကောင်းကင်သို့ပျံ၍ ရေသဖန်းခက်ဉ်နေလျက် ဤဝက်သည် ဤပတ္တမြား၏အာနုဘော်အားဖြင့် ကောင်းကင်ဖြင့် သွား၍ ဤကျွန်းဉ်နေသည်ထင်၏။ ငါသည် ဤဝက်ကို သတ်၍ အသားကိုစား၍ သွားခြင်းငှါသင့်၏ဟု ကြံ၍ တခုသော လှံတံကိုချိုး၍ ဝက်၏ခေါင်းဉ်ချ၏။ ဝက်သည်နိုး၍ ပတ္တမြားကိုမမြင်၍ ထိုမှ ဤမှတုန်လှုပ်လျက်သွား၏။ ထိုယောကျ်ားသည် ရယ်၏။ ဝက်သည် အထက်သို့ကြည့်လတ်သော် ထိုယောကျ်ားကို မြင်၍ ဦးခေါင်းဖြင့် ထိုသစ်ပင်ကို တိုက်၍ ထိုအရပ်ဉ်ပင်လျှင် သေလေ၏။ ထိုယောကျ်ားသည်ဆင်း၍ မီးညှိ၍ဝက်၏အသားကိုကင်၍စားပြီးလျှင်ကောင်းကင်သို့ပျံ၍ဟိမဝန္တာ၏ ထိပ်ပြင်ဖြင့် သွားသည်ရှိသော် ရသေ့တို့၏ နေရာအရပ်ကိုမြင်၍ ရသေ့ကြီး၏ ကျောင်းဉ် နှစ်ရက်သုံးရက်နေ၍ပဲခွပ်ပုဆိန်၏အာနုဘော်ကိုမြင်၍ မိမိပတ္တမြား အာနုဘော်ကို ပြောဆို၍ အရှင်ဘုရား၊ ဤပတ္တမြားကို ယူ၍ ပဲခွပ်ပုဆိန်ကို ပေးလော့ဟုဆို၏။ ရသေ့သည် ကောင်းကင်ဉ် သွားလို ရကား ပတ္တမြားကို ယူ၍ ပဲခွပ်ပုဆိန်ကို ထိုယောကျ်ားအားပေး၏။ ထိုယောကျ်ားသည် ပဲခွပ်ပုဆိန်ကိုယူ၍ အတန်ငယ်သွား၍ပဲခွပ်ပုဆိန်ကို ခတ်၍သင်သည် ရသေ့ခေါင်းကိုဖြတ်၍ ပတ္တမြားကို ဆောင်ချေလောဟုဆို၏။ ပဲခွပ်ပုဆိန်သည်ဆိုကိုင်းပြု၏။ထိုယောကျ်ားသည် ပဲခွပ်ပုဆိန်ကို ပုန်းကွယ်ရာအရပ်ဉ် ထား၍ ဒုတိယရသေ့အထံသို့ ကပ်၍ နှစ်ရက်သုံးရက်နေ၍ စည်၏ အာနုဘော်ကိုမြင်၍ ပတ္တမြားကို ပေး၍ စည်ကို ယူ၍ ရှေးနည်းသာလျှင် ဒုတိယရသေ့၏ဦးခေါင်းကိုလည်းဖြတ်စေ၍ တတိယရသေ့အထံသို့ကပ်၍ နှိမ်းအိုး၏ အာနုဘော်ကိုမြင်၍ နှိမ်းအိုးကိုယူ၍ ရှေးအတူသာလျှင်တတိယရသေ့၏ဦးခေါင်းကိုလည်း ဖြတ်စေ၍ အလုံးစုံကိုယူ၍ ဗာရာဏသီပြည်၏ အနီးဉ် သက်၍ ဗာရာဏသီမင်းအား စစ်တည်းထိုးမည်လော။ ပြည်ကိုတည်း ပေးမည်လောဟု တယောက်သော

ယောကျ်ား၏ လက်၌ စာကိုပေး လိုက်၏။ မင်းသည် သတင်းစကားကို ကြား၍မိုးသူကို ဘမ်းအံ့ဟုထွက်၏။ ထိုယောကျ်ားသည် စည်တိုတီး၏။ လေးပါးသော အင်္ဂါရှိသော စစ်သည် တို့သည် ထိုမင်းကိုသိ၏။မင်း၏ လွှမ်းမိုးသည်၏ အဖြစ်ကိုသိ၍ နှိမ်းဒိုးကိုစောင်းခဲ့၏။ မြေကြီးဖြစ်၍ လူများသည် နှိမ်းခြုံနစ်၍ကူးအံ့သောငှါမတတ်နိုင်။ထိုယောကျ်ားသည် ပဲခွပဲပုဆိန်ကိုယူ၍ မင်း၏ဦးခေါင်းကို ဆောင်ချေလော့ဟုဆို၏။ ပဲခွပ် သည်သွား၍ ဦးခေါင်းကိုဆောင်၍ ခြေရင်းခွဲချ၏။ တယောက်သောသူ သည်မျှလည်း လက်နက်ကို ချိအံ့သောငှါ မစွမ်းနိုင်။ ထိုယောကျ်ား သည်များစွာသောဗိုလ်ပါဖြင့်ခြံရုံလျက်မြို့သို့ ဝင်၍ အာဘိသိက်ခံ၍ဒဗိဝါ ဟုနမည်သော မင်းဖြစ်၏။ [ဒဗိဝါဟုနဇာတ် ပတ္တမြားရသောဝတ္ထု]။

၃၇--ကြက်သရေကို ခိုးသောဝတ္ထု

သာဝတ္ထိပြည်၌ ကြက်သရေ လက္ခဏာကိုတတ်သော တယောက် သောပုဏ္ဏားသည်ကနေ့သ၌ ဤအနာထပိဏ်သေဋ္ဌေးသည် ဆင်းရဲသည် ဖြစ်၍တဘန်အိုးရဖြန်၏။ ငါသည်ထိုအနာထပိဏ်သေဋ္ဌေး၏ကြက်သ ရေကိုခိုး၍လာရမူကောင်း၏ဟုကြံ၍ အနာထပိဏ်သေဋ္ဌေးအိမ်သို့ သွား၏။သေဋ္ဌေးအားကား ရွှေချိုင့်၌ထားအပ်သောပွတ်အပ်သောခရုသင်းနှင့် အတူကိုယ်လုံးဖြူသောကြက်သည်ရှိ၏။ထိုကြက်၏အမောက်၌ကြက်သ ရေသည် တည်၏။ပုဏ္ဏားသည် ထိုအိမ်သို့သွား၍ သေဋ္ဌေးသည် ပြုအပ် သော ပူဇော်သက္ကာရ ရှိသည်ဖြစ်၍ အဘယ်အကျိုးငှါ လာသနည်းဟု မေးအပ်သည်ရှိသော် အဘယ် အရပ်၌ ကြက်သရေ တည်သနည်းဟု ကြည့်၍ကြက်၏အမောက်၌တည်၏ဟုသိ၍သေဋ္ဌေးကြီး၊ငါသည်ငါးရာ ကုန်သောလုလင်ဘို့ကိုဖေဒင်သင်၏။အခါမဟုတ် တွန်တတ်သော တာ သောကြက်ကို အမှီပြု၍ ထိုလုလင်တို့သည် လည်းကောင်း ငါတို့သည် လည်းကောင်း ပင်ပန်းကြကုန်၏။ ဤကြက်သည်ကားအခါ၌ တွန်တတ် သတတ် ငါသည် ဤကြက်၏အကျိုးငှါလာ၏။ ဤကြက်ကိုငါ့အား ပေး လော့ဟုဆို၏။ပုဏ္ဏား ယူလော့။ သင့်အားကြက်ကိုငါပေး၏ဟု သေဋ္ဌေး ဆိုသော ခဏ၌ပင်လျှင် ကြက်သရေသည် ကြက်၏ အမောက်မှ ဖဲ၍ ဦးခေါင်းရင်း၌ ထားအပ်သော ပတ္တမြား၌ တည်၏။ ပုဏ္ဏားသည် ထိုအ

ကြောင်းကိုသိ၍ ပတ္တမြားကိုလည်း တောင်း၏။ ပတ္တမြားကို ငါပေး၏ဟု သေဋ္ဌေး ဆိုသော ခဏဌ်လျှင် ကြက်သရေသည် ပတ္တမြားမှဲ၍ ဦးခေါင်းရင်းဌ်ထားအပ်သော အစောင့် အရှောက်ဖြစ်သော တောင်ဝှေးဌ်တည်၏။ ပုဏ္ဏားသည် ထိုအကြောင်းကို သိ၍ တောင်ဝှေး ကိုလည်း တောင်း၏။ပေး၏ဟုဆိုအပ်သောခဏဌ်လျှင် ကြက်သရေသည် တောင်ဝှေးမှဲ၍ အနာထပိဏ် သေဋ္ဌေး၏ ပုညလက္ခဏ ဒေဝီ အမည်ရှိသော သေဋ္ဌေးကတော်ကြီး၏ဦးခေါင်းဌ်တည်၏။ ပုဏ္ဏားသည် ထိုအကြောင်းကိုသိ၍ မစွန့်ကောင်းသော ဥစ္စာဖြစ်၍ ထိုဥစ္စာကို တောင်းခြင်းဌါလည်း မတတ်ကောင်းချေဟု ကြံ၍ သေဋ္ဌေးအား ဟုတ်မှန်တိုင်းကြား၍ ကြက်သရေကို ခိုးခြင်းဌါ မတတ်နိုင်။ ထိုဥစ္စာသည် သင်၏ ဥစ္စာသာလျှင်ဖြစ်စေသတည်းဟုဆို၍ ဖဲလေ၏။ ကြက်သရေမည်သည်ကား အစိုးရသော အဖြစ်တည်း။ အကြင်အစိုးရသော အဖြစ်ကိုရည်၍ ဒေဝတာ သံယုတ်ဌ်ဘုရားသဗ္ဗညုသည်သိရှိ ဘောဂါနမာသယောဟောတိ-ဟု ဟောတော်မူ၏။ သိရှိ၊ အစိုးရသော အဖြစ်ဟူသော ကြက်သရေသည်။ ဘောဂါနံ၊ စည်းစိမ်တို့၏။ အာသယော တည်ရာသည်။ ဟောတိ၊ ဖြစ်၏။ သိရှိတိ၊ သိရှိဟူသည်ကား။ ဣသရိယံ၊ အစိုးရသည်၏ အဖြစ်တည်း။ အာသယောတိ၊ အာသယောဟူသည်ကား။ ဝသနဌာနံ၊ နေရာ အရပ်တည်း။ ဟိ၊ အကြင်ကြောင့်။ ဣသရိယေ၊ အစိုးရသောအဖြစ်သည်။ အဘိမုခိဘူတေ၊ ရှေးရှုဖြစ်၍ ဖြစ်သည်ရှိသော်။ ထလတောပိ၊ ကြည်းမှ လည်းကောင်း။ ဇလတောပိ၊ ရေမှလည်းကောင်း။ ဘောဂါ၊ စည်းစိမ်တို့သည်။ အာဂစ္ဆန္တီယေဝ၊ လာကုန်သလျှင်ကတည်း။ တေန၊ ထိုကြောင့်။ ဧတံ၊ ထိုသိရှိဘောဂါနမာသယောဟောတိ ဟူသောစကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ဟောတော်မူအပ်၏။ [ထိုပါဠိတော်၏ အဌကထာ]။ ထိုကြောင့်ထိုကြက်သရေသည် ကောင်းမှု၏ အာနုဘော်အားဖြင့်ပြီး၏။ ထိုကြက်သရေသည် သရုပ်အားဖြင့် ကောင်းမှု၏ သတ္တိကောင်းမှု၏ အစွမ်းသာလျှင် ဖြစ်၏။ ထိုကြောင့် ကောင်းမှု မရှိသော သူသည် သူတပါး ပေးပါသော်လည်း ကြက်သရေကို ယူခြင်းဌါ မတတ်နိုင်လေ သလျှင်ကတည်း။ [ကြက်သရေကို ခိုးသောဝတ္ထု]။

ထို ပုဏ္ဏားကား ဖဲသည်ရှိသော် အနာထပိဏ်သေဋ္ဌေးသည် ဇေတဝန်ကျောင်းတော်သို့သွား၍ အလုံးစုံသောအကြောင်းကို မြတ်စွာဘုရား

အားလျှောက်၏။ မြတ်စွာ ဘုရားသည် သေဋ္ဌေး၊ ယခုအခါ၌ သာလျှင် ကြက်သရေသည် တပါးသို့ ပြောင်းသွားသည် မဟုတ်၊ ရှေး၌လည်း ကောင်းမှုမရှိကုန်သောသူတို့သည် ဖြစ်စေအပ်သော ကြက်သရေသည် ကား ကောင်းမှုရှိကုန်သော သူတို့၏ ခြေရင်းသို့သာလျှင် ရောက်၏ဟု မိန့်တော်မူ၏။ သေဋ္ဌေးသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ဇာတ် ကို ဆောင်၍ ဟောတော်မူ၏။

၃၈-ကဋ္ဌဟာရက ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တယောက်သောထင်းခွေ ယောက်ျားသည် ဖြစ်၏။ ထိုယောက်ျားသည် တနေ့သ၌ တောမှ ထင်းတို့ကို ဆောင်ခဲ့သည်ရှိသော် အချိန်၌ မြို့တံခါးသို့ မရောက်နိုင်၍ ညဉ့်အခါတခုသောနတ်အိမ်၌အိပ်၏၊နတ်အိမ်၌လွှတ်အပ်ကုန်သောများ စွာကုန်သောကြက်တို့သည်နတ်၏အနီး တခုသောသစ်ပင်၌အိပ်ကုန်၏၊ ထိုကြက် တို့တွင် အထက်က အိပ်သော တခုသော ကြက်သည် မိုး သောက်ကာလ၌အောက်ကအိပ်သောကြက်၏ ကိုယ်ပေါ်၌မစင်ကိုချ၍ အဘယ်သူသည်ငါ့ကိုယ်ပေါ် ၌မစင်ကိုချသနည်းဟု ဆိုသော် ငါသည် မဆင်ခြင်မိ၍ချမိသည်ဆို၍တဘန်ချပြန်၏။ ထိုနောင်မှထိုကြက်နှစ်ခုတို့ သည် သင်၏အစွမ်းအဘယ်နည်း သင်၏အစွမ်းကား အဘယ်နည်းဟု ခိုက်ရန်ပြုကြကုန်၏။ ထိုအခါအောက်က အိပ်သောကြက်သည် ငါ့ကို သတ်၍ မီးကျီး၌ကင်၍ ကျက်သောအသားကို စားသောသူသည်နံနက် စောစောကလျှင် အသပြာတထောင်ကို ရအံ့ဟုဆို၏။ အထက်ကအိပ် သောကြက်သည်ကား။ အချင်း၊ သင်သည် ဤမျှကြုံးဝါးဘိ၏။ ငါ၏ဦး ခေါင်းကိုစားသော သူသည် မင်းဖြစ်အံ့။ အပ အသားတို့ကို စားသော သူသည် ယောက်ျားဖြစ်အံ့ သေနာပတိအရာကိုရအံ့။မိန်းမဖြစ်အံ့ မိဖုယား ကြီး၏ အရာကိုရအံ့။အရိုးနား၌အသားကိုစားသောသူသည်ကား လူဖြစ် အံ့ ဘဏ္ဍာဝိုးအရာကိုရအံ့။ရဟန်းဖြစ်အံ့မင်းဆရာအဖြစ်ကိုရအံ့ဟုဆို၏။ ထင်းခွေယောက်ျားသည် ထိုကြက်၏ စကားကို ကြား၍ ဖြေးညှင်းသာ ယာစွာတက်၍ အထက်၌အိပ်သောကြက်ကိုဘမ်း၍သတ်၍မင်းဖြစ်အံ့ဟု အိမ်သို့သွား၍ ဤကြက်ကို ကောင်းစွာချက်လော့ဟု မယားအားပေး၏။

မယားသည် ဆိုတိုင်းပြု၍ စားအံ့ဟု လင်အားကပ်၏။ ရှင်မ၊ ဤကြက်သားသည်အာနုဘော်ကြီး၏။ ဤကြက်သားကိုစား၍ငါသည်မင်းဖြစ်အံ့။ ရှင်မသည် မိဖုယားကြီးဖြစ်အံ့။ ရှင်မသည် ထမင်းကို လည်းကောင်းကြက်သားကိုလည်းကောင်းယူ၍လာလော့။ ငါတို့သည်ဂင်္ဂါ၌ရေချိုး၍ စားကြကုန်အံ့ဟုဆို၍ ထိုနှစ်ယောက်ကုန်သော သူတို့သည်သွား၍ ထိုစားဘွယ်တောင်းကို ဂင်္ဂါ ကမ်းနား၌ ထား၍ ရေချိုးအံ့သောငှါ သက်ကုန်၏။ ထိုခဏ၌ လေသည် ခတ်အပ် ချောက်ချား အပ်သော ရေသည် ထိုစားဘွယ် တောင်းကိုယူ၍သွား၏။ ထိုအခါတယောက်သော ဆင်ဆရာဖြစ်သော အမတ်ကြီးသည် အောက်မြစ်၌ ဆင်ရေချိုးစဉ် မြစ်ရေအယဉ်သည် ဆောင်အပ်သော ထိုစားဘွယ် တောင်းကို မြင်၍ ဆယ်စေ၍ ထိုအလုံးစုံကိုမြင်၍ ထိုတောင်းကို ပိတ်စေ၍ မယားထံသို့ပို့စေ၏။ ထိုထင်းခွေ ယောက်ျားသည် ခံတွင်းကဝင်သော သဲရေကြောင့် ဖူးဖူးယောင်သော ဝမ်းရှိသည်ဖြစ်၍ ပြေးလေ၏။ ဆင်ဆရာ၌ကား ဒိဗ္ဗစက္ခုကိုရသော ရသေ့ဖြစ်သော တယောက်သော ဆရာသည် ရှိ၏။ ထိုဆရာရသေ့သည်မင်း၏ ဥယျာဉ်၌နေစဉ် ငါ့တကာကား ဆင်ဆရာအရာကိုမစွန့်၊ အဘယ်နံယောအခါ စည်းစိမ်သို့ ရောက်အံ့နည်းဟု ဒိဗ္ဗစက္ခုဖြင့် ဆင်ခြင်သော် ထိုအကြောင်းကို သိ၍ ဇေးဦးစွာသွား၍ ဆင်ဆရာ၏ အိမ်၌နေလင့်၏။ ဆင်ဆရာသည်လည်း လာလတ်၍ နေသည်ရှိသော် ထိုစားဘွယ်တောင်းကို ဆောင်ခဲ့စေ၍ ရသေ့အား ပေး၏။ ရသေ့သည် ဦးခေါင်းသား အစရှိသည်တို့ကို ကစုတစုစီလျှင် ပြုစေ၍ ဦးခေါင်းသားကို ဆင်ဆရာအား အပဖြစ်သော အသားကို ဆင်ဆရာ၏ မယားအားပေးစေ၍ အရိုးနား၌ အသားကို မိမိစား၍ သင်သည်ဤနေ့မှ သုံးရက်မြောက်သောနေ့၌ မင်းဖြစ်အံ့။ မမေ့မလျော့ဖြစ်လော့ဟု ဆို၍သွား၏။ သုံးရက်မြောက်သောနေ့၌ကားပြည်နီးချင်းမင်းတပါးသည်လာ၍ ဗာရာဏသီပြည်ကို ဝိုင်းရံစေ၏။ ထိုအခါမင်းသည် ဆင်ဆရာကို မင်း၏ အသွင်ကိုယူစေ၍ သင်သည် ဆင်စီး၍ထိုးလောဟုဆို၍ မိမိသည် မထင်ရှားသော အသွင်ဖြင့် စစ်အင်္ဂါကို စီရင်စဉ် ပြင်းသော အဟုန်ရှိသော တစင်းသောမြားသည်မှန်၍ ထိုခဏခြင်းလျှင်သေ၏။ ဆင်ဆရာသည် မင်းသေသောအဖြစ်ကိုသိ၍ များစွာကုန်သော အသပြာတို့ကိုထုတ်စေ၍ ဥစ္စာဖြင့် အလိုရှိကုန်သောသူတို့သည် ထိုးကုန်လော့ဟု စည်လည်စေ၏။

ဇူဆွာသယ ၁၅၅-၁၃

ဗိုလ်အပေါင်းသည် ကြီးစွာသော အားထုတ်ခြင်းဖြင့်လျှင် ရန်သူမင်းကို အသက် ကုန်ခြင်သို့ ရောက်စေ၏။ အမတ် ကို့သည် မိမိတို့၏ မင်း အလောင်းကို ဘုတ်ကြည်းသင်္ဂြိုဟ်၍ မင်းသည် အသက်ရှိစဉ်ကလျှင် မိမိအသွင်ကို ဤဆင်ဆရာအားပေး၏။ ဤဆင်ဆရာသည်လျှင် စစ်ထိုး၍ ပြည်ကိုယူ၏။ ဤဆင်ဆရာအားသာလျှင် မင်းအဖြစ်ကို ပေးကြကုန်အံ့ဟု တိုင်ပင်ကုန်၍ ဆင်ဆရာကို မင်းအဖြစ်၌ အဘိသိက် သွန်းကုန်၍ ဆင် ဆရာ၏ မယားကိုလည်း မိဖုယားကြီးမြှောက်ကုန်၏။ရသေ့သည်လည်း မင်းဆရာဖြစ်၏။ [ကဋ္ဌဟာရကဝတ္ထု]။

၃၉–ဒုဋ္ဌဂါမဏိမင်း ဝတ္ထု

မဟာဝင် အဋ္ဌကထာ အဋ္ဌဝီသတိမကဏ္ဍ

သဗ္ဗညု ဘုရားရှင်သည် ဤအတိတ်ဇာတ်ကို ဆောင်တော်မူ၍ အနာထပိဏ်သေဋ္ဌေးအား တရားဟောတော်မူလို၍ တိကနိပါတ်၌-

ယံ ဥဿုက္ကာ သဃ်ရန္တိ၊ အလက္ခိကာ ဗဟူဓနံ။
သိပ္ပဝန္တော အသိပ္ပဝါ၊ လက္ခိကာ တာနိ ဘုဉ္ဇတိ။
သဗ္ဗက္ထ ကတပုညဿ၊ အတိစ္စညေဝ ပါဏိနော။
ဥပ္ပဇ္ဇန္တိ ဗဟူ ဘောဂါ၊ အပိနာရတနေသုပိ။

ဟူသော ဂါထာကို ဟောတော်မူ၏။

သေဋ္ဌိ၊သေဋ္ဌေး။ အလက္ခိကာ၊ကောင်းမှုမရှိကုန်သော။ သိပ္ပဝန္တော ဝါ၊အတတ်ရှိသော သူတို့သည်လည်းကောင်း။ အသိပ္ပဝါ၊ အတတ်မရှိ ကုန်သောသူတို့သည်လည်းကောင်း။ ဥဿုက္ကာ လုံ့လပြုကုန်၍။ယံဗဟု ဓနံ၊ အကြင်များစွာသောဥစ္စာကို။ သဃ်ရန္တိ၊ကောင်းစွာဆောင်ကုန်၏။ တာနိ၊ထိုဥစ္စာတို့ကို။ လက္ခိကာ၊ကောင်းမှုရှိသောသူသည်သာလျှင်။ဘုဉ္ဇ တိ၊ခံစားရ၏။ဗဟူ များစွာကုန်သော။ ဘောဂါ၊စည်းစိမ်ဥစ္စာတို့သည်။ အညေ၊ ကောင်းမှုရှိကုန်သောသူတို့မှ တပါးကုန်သော။ ပါဏိနော၊ ကောင်းမှုမရှိကုန်သောသူတို့ကို။အတိစ္စ လွန်၍။ကတပုညဿ၊ကောင်းမှု ရှိသောသူအား။ အပိနာရတနေသုပိ၊ ရတနာ၏တည်ရာ မဟုတ်သည် လည်းဖြစ်ကုန်သော၊အာရတနေသုပိ၊ရတနာ၏တည်ရာဟုတ်သည်လည်း ဖြစ်ကုန်သော။ သဗ္ဗက္ထဇေဝ၊ ခပ်သိမ်းကုန်သော အရပ်တို့၌သာလျှင်။

ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ။ကောင်းမှုရှိသောသူအား ရတနာ၏ တည်ရာ မဟုတ်သောအရပ်၌ရတနာဖြစ်၏ဟူသောစကား၌ ဒုဋ္ဌဂါမဏိအဘယ မင်း၏ဝတ္ထုကိုဆိုအပ်၏။ ။ရောဟနဇနပုဒ်မဟာဂါမ၌ မင်းပြုသော ကာကဝဏ္ဏတိဿမင်း၏ ဒုဋ္ဌဂါမဏိအဘယမည်သောသားသည် ဖြစ်သတတ်။ထိုဒုဋ္ဌဂါမဏိအဘယမင်းသားသည်အဘလွန်သော် ထိုမဟာ ဂါမ၌လျှင် မင်းပြု၏။ မဟာဂါမမှလာ၍ ဧဋ္ဌာရမည်သော ကျေးမင်းကို သတ်၍ သိဟိုဠ်ကျွန်းအနုရာဓပြည်၌ဘုရားပရိနိဗ္ဗာန်ပြုတော်မူသော နှစ်မှ သုံးရာ့ခုနစ်ဆဲ့နှစ်နှစ်၌ ဧကရာဇ်မင်းဖြစ်၏။ ထိုမင်း၏ ကောင်းမှု အာနုဘော်အားဖြင့် အနုရာဓပြည်၏ ထက်ဝန်းကျင်မှ ရွှေမျိုးစေ့အစရှိ သည်တို့သည် ဖြစ်ကုန်၏။ ထိုစကားကိုချဲဦးအံ့။ အနုရာဓပြည်မှ အရှေ မြောက်ထောင့်၌ သုံးယူဇနာအထက်၌တည်သောအာဝရဂိရိရွာ၌ တဆဲ့ ခြောက်ပယ်အတိုင်းအရှည်ရှိသော မြေအပြင်၌များစွာကုန်သော တထွာ အတိုင်းအရှည်ရှိကုန်သော ရွှေမျိုးစေ့တို့သည် ပေါက်ကုန်၏။ အနုရာဓ ပြည်မှ တောင်မျက်နှာယူဇနာခွဲအထက်၌တည်သောမြစ်၏တဘက်ကမ်း တမွဋ္ဌိကမည်သောဇနပုဒ်၌ ကြေးနီမျိုးစေ့သည်ပေါက်၏။အနုရာဓပြည် မှ အရှေတောင်မျက်နှာ လေးယူဇနာအထက်၌တည်သော သုမနဂါမ ရွာ၌ ပတ္တမြားတို့သည် ပေါက်ကုန်၏။ အနုရာဓပြည်မှ တောင်မျက်နှာ ရှစ်ယူဇနာအထက်၌ တည်သော အမ္ဗဋ္ဌကောလဇနပုဒ်၌ တရသော လိုဏ်၌ ငွေသည်ပေါက်၏။အနုရာဓပြည်မှအနောက်မျက်နှာဝါးယူဇနာ အထက်၌ တည်သော ဥရုဝေဋ္ဌဆိပ်၌ သန္ဒာတို့နှင့်တကွ လှည်းအစီး ခြောက်ဆယ်ပြည့် ဖြစ်ကုန်သော သဏ္ဌာန်အားဖြင့် ရှစ်ရှားသီးကြီး ပမာဏရှိကုန်သော ပုလဲတို့သည် ကုန်းကြည်းအပြင်သို့ တက်ကုန်၏။ အနုရာဓပြည်မှ မြောက်မျက်နှာ ခုနစ်ယူဇနာအထက်၌တည်သော ပေဋ္ဌ ဝါပိကရွာ၏ ထုံးအိုင်သို့ ဝင်သော ချောက်သဲအပြင်၌ အောင်မဲညိုပွင့် အဆင်းနှင့်တူကုန်သော အရှည်အားဖြင့် တထွာ လက်လေးသစ်ရှိကုန် သော လုံးပတ်အားဖြင့် ဆေးကြိတ်ကျောက်သား အတိုင်းအရှည်ရှိကုန် သော လေးခုကုန်သော ပတ္တမြားတို့သည် ပေါက်ကုန်၏။ လူတို့သည် ထိုရွှေမျိုးစေ့ အစရှိသည်တို့ကိုမြင်ကုန်၍ မင်းအားကြားလျှောက်ကုန်၏။ ဒုဋ္ဌဂါမဏိအဘယ မင်းသည် ထိုအလုံးစုံကုန်သော ရတနာတို့ကို ဆောင်စေ၏။ [ဒုဋ္ဌဂါမဏိမင်း ဝတ္ထု]။

သဗ္ဗသူမြတ်စွာဘုရားကား ဤနှစ်ဂါထာတို့ကို ဟောတော်မူပြီး၍ တဘန်သူကြွယ်၊ ဤသတ္တဝါတို့အားကောင်းမှုနှင့်တူသော တပါးသော တည်ရာမည်သည်ကားမရှိ။ထိုစကားမှန်၏။ကောင်းမှုရှိကုန်သောသူတို့အား တည်ရာမဟုတ်ကုန်သောအရပ်တို့၌လည်း ရတနာတို့သည် ဖြစ်ကုန်သလျှင်ကတည်းဟု မိန့်တော်မူ၍ နိဓိကဏ္ဍသုတ်၌ ဟောတော်မူအပ်သော နည်းဖြင့် တရားဟောတော်မူလိုရကား—

ဧသ ဒေဝမနုဿာနံ၊သဗ္ဗကာမဒဒေါ နိဓိ။
ယံယံ ဒေဝါ ဘိပတ္ထေန္တိ၊သဗ္ဗ မေတေန လဗ္ဘတိ။ ။

သုဝဏ္ဏတာ သုသရတာ၊သုသဏ္ဌာနာ သုရူပတာ။
အဓိပစ္စံ ပရိဝါရော၊သဗ္ဗ မေတေန လဗ္ဘတိ။ ။

ပဒေသရဇ္ဇံ ဣဿရိယံ စက္ကဝတ္တိသုခံ ပိယံ။
ဒေဝရဇ္ဇမ္ပိ ဒိဗ္ဗေသု၊သဗ္ဗ မေတေန လဗ္ဘတိ။ ။

မာနုဿိကာစ သမ္ပတ္တိ၊ ဒေဝလောကေစ ယာရတိ။
ယာစ နိဗ္ဗာနသမ္ပတ္တိ၊ သဗ္ဗ မေတေန လဗ္ဘတိ။ ။

မိတ္တသမ္ပဒ မာဂမ္မ၊ယောနိသောဝ ပယုဇ္ဇတော။
ပိဇ္ဇာပိ ခုတ္တိဝသိဘာဝေါ၊သဗ္ဗ မေတေန လဗ္ဘတိ။ ။

ပဋိသမ္ဘိဒါ ပိမောက္ခော၊ ယာစ သာဝကပါရမီ။
ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ၊သဗ္ဗ မေတေန လဗ္ဘတိ။ ။

ဧဝံ မဟိဒ္ဓိကာ ဧသာ၊ယဒိဒံ ပုညသမ္ပဒါ။
တသ္မာ ဓီရာ ပသံသန္တိ၊ပဏ္ဍိတာ ကတပုညတံ။ ။

ဟူသောဂါထာတို့ကို ဟောတော်မူ၏။

ဧသနိဓိ၊ဤကောင်းမှုဟူသောရွှေအိုးသည်။ဒေဝမနုဿာနံ၊နတ်လူတို့အား။ သဗ္ဗကာမဒဒေါ၊ အလုံးစုံသောအလိုကို ပေးတတ်၏။ ဒေဝါ၊နတ်လူတို့သည်။ ယံယံ၊အကြင်အကြင်အကျိုးကို။ အဘိပတ္ထေန္တိ၊ တောင့်တကုန်၏။ သဗ္ဗံ၊အလုံးစုံသောအကျိုးကို။ ဧတေန၊ ထိုကောင်းမှု ရွှေအိုးကြောင့်။လဗ္ဘတိ၊ရ၏။သုဝဏ္ဏတာ၊ကောင်းသောအရေအဆင်းရှိသည်၏

အဖြစ်သည်လေးည်ကောင်း။ သုသရကာ၊ ကောင်းသောအသံရှိ၊ ည်၏ အဖြစ်သည်လည်းကောင်း။ သုသန္ဓာနာ၊ ညီညွတ်ခြင်း စေ့စပ်ခြင်း လုံးခြင်းငှါ သင့်ကုန်သောအရပ်တို့ဌဲ့ အင်္ဂါကြီးပေါ်ဒို့၏ညီညွတ်ခြင်း စေ့စပ်ခြင်း လုံးခြင်း၏ အဖြစ်ဖြင့် ကောင်းစွာ တည်ခြင်းသည်လည်း ကောင်း။သုရုပတာ၊ မဖြင့်လွန်း,မနိမ့်လွန်း မကြီးလွန်း မဆူလွန်း မမည်း လွန်း မပြိုလွန်းသောအားဖြင့် အလုံးစုံသော ကိုယ်၏ကောင်းသည်၏ အဖြစ်သည်လည်းကောင်း။ အဝိပစ္စံ၊ အကြိုးအကဲ၏အဖြစ်သည်လည်း ကောင်း၊ပရိဝါရော၊အခြံအရံရှိသည်၏အဖြစ်သည်လည်းကောင်း အဟို့၊ ရှိ၏။ သဗ္ဗံ၊အလုံးစုံကို။ ဇေတန၊ထိုကောင်းမှုရှေ့ဒိုးကြောင့်။ လဒ္ဓတိ၊ ရအပ်၏။ ။ဝိယံ၊ချစ်အပ်သော၊ ပဒေသရဇ္ဇံ၊ကပန်းကလျားသောအရပ် ဌဲ့ မင်း၏အဖြစ်သည်လည်းကောင်း။ ဣဿရိယံ၊ တကျွန်းလုံးကို အုပ်စိုးရသော မင်း၏အဖြစ်သည်လည်းကောင်း။စက္ကဝတ္တိသုခံ၊စကြာဝဠာကေးမင်း၏ ချမ်းသာသည်လည်းကောင်း။ ဒေဝရဇ္ဇမ္ပိ နတ်ပြည်တို့ဌဲ့ မန္ဒာတ်မင်း အစရှိကုန်သော လူတို့၏မင်းအဖြစ်သည်လည်းကောင်း။ ဒိဗ္ဗသု၊ နတ်ပြည်ဘို့ဌဲ့။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်သော သိကြားအစရှိကုန်သော နတ်တို့၏။ ဒေဝရဇ္ဇံ၊နတ်မင်း၏အဖြစ်သည်လည်းကောင်း။အတ္ထိ၊ရှိ၏။ သဗ္ဗံ၊အလုံးစုံကို။ ဇေတန၊ထိုကောင်းမှုရှေ့ဒိုးကြောင့်။လဒ္ဓတိ၊ရအပ်၏။ ။မာနုသိကာ၊ လူတို့၏ဥစ္စာဖြစ်သော။ ယာသမ္ပတ္တိစ၊ အကြင်စည်းစိမ်သည်လည်း ကောင်း။ ဒေဝလောကေ၊ နတ်ပြည်ဌဲ့။ ပဘုံ၊ ဖြစ်သော။ ယာရတိစ၊ အကြင် နေ့လျော်ကြောင်း ဖြစ်သော အဆောက်အဦ သည်လည်းကောင်း။ယာစနိဇ္ဇာနသမ္ပတ္တိ၊ အကြင်နိဇ္ဇာနဟူသော ပြည့်စုံခြင်းသည်လည်းကောင်း။ အတ္ထိ ရှိ၏။သဗ္ဗံ၊အလုံးစုံကို။ဇေတန၊ထိုကောင်းမှုရှေ့ဒိုးကြောင့်။လဒ္ဓတိ၊ရအပ်၏။ ။မိတ္တသမ္ပဒံ၊အဆွေခင်ပွန်းဟူသော ဂုဏ် အထူးကို ရကြောင်းဖြစ်သောသူကို။အာဂမ္မ၊စွဲ၍။ ယေဒေနိသော၀၊အသင့် အားဖြင့်လျှင်။ ပယုဇ္ဇကော အားထုတ်သောပုဂ္ဂိုလ်၏။ ဝိဇ္ဇာဝိမုတ္တိ၀သိ ဘာဒေ၀ါသုံးပါးသောဝိဇ္ဇာ ရှစ်ပါးသော သမာပတ်၊ နိဇ္ဇာနအားဖြင့် ပြားသောဝိမုတ္တိဌဲ့ လေ့လာသည်၏အဖြစ်သည်။အတ္ထိ၊ရှိ၏။သဗ္ဗံ၊အလုံးစုံကို။ ဇေတန၊ထိုကောင်းမှုရှေ့ဒိုးကြောင့်။ လဒ္ဓတိ၊ ရအပ်၏။ ။ယာပဒ္ဓိသမ္ပတ္တိ ဒါစ၊အကြင်ပဋိသန္ဓိဒါ ပညာသည်လည်းကောင်း။ယေဘုယျေန သော၀၊ အားဖြင့်လျှင် လောကီဝိဓေယျာ သည်လည်းကောင်း။ ယာသော

ဝကပါရမီစ၊ အကြင်သာဝကအဖြစ်၏ပြည့်စုံခြင်းသည်လည်းကောင်း။ ယာပစ္စေကဗောဓိစ၊ အကြင် ပစ္စေကဗောဓိသည် လည်းကောင်း ။ယာ ဗုဒ္ဓဘူမိစ၊ အကြင်ဘုရားတို့၏ဘုံသည်လည်းကောင်း။အတ္ထိ၊ရှိ၏။ သဗ္ဗံ၊ အလုံးစုံကို။ဧကေန၊ထိုကောင်းမှုရွှေအိုးကြောင့်။လဗ္ဘတိ၊ရအပ်၏။ယဒိဒံ ပုညသမ္ပဒါ။ အကြင်ကောင်းမှုတို့၏ပြည့်စုံခြင်းသည်။အတ္ထိ၊ရှိ၏။ သော၊ ဤကောင်းမှုတို့၏ ပြည့်စုံခြင်းသည်။ ဧဝံ၊သို့။မဟိဒ္ဓိကာ၊များမြတ်သော ကောင်းကျိုး၏ ပြည့်စုံခြင်းဌါဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ကတပုညတံ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသောသူ၏အဖြစ်ကို။ဓီရာ၊ပညာရှိကုန်သော။ ပဏ္ဍိတာ၊ပညာရှိတို့သည်။ပသံသန္တိ၊ချီးမွမ်းကုန်၏။ ။ဤခုနစ်ဂါထာ တို့ကို ခုဒ္ဒကပါဌနီဓိကဏ္ဍသုတ်ပါဠိတော်သို့ တင်အပ်ကုန်၏။ ။ပုဇ္ဇေစ ကတပုညတာ ကထာပြီး၏။

၆-အတ္တသမ္မာပဏီဓိ မင်္ဂလာ

၄၀-ခိုးသားငါးရာ ဝတ္ထု

ကပိလသုတ် အဋ္ဌကထာ

ဤလောကဌ်အချိုသောသူသည် သီလမရှိသော မိမိကိုယ်ကို သီလဌ် တည်စေ၏။မသဒ္ဓါသော မိမိကိုယ်ကို သဒ္ဓါတရားနှင့်ပြည့်စုံသည်၏ အဖြစ်ဌ်တည်စေ၏။ဝန်တိုတတ်သောမိမိကိုယ်ကိုပေးကမ်း စွန့်ကြဲခြင်း နှင့် ပြည့်စုံသည်၏အဖြစ်ဌ်တည်စေ၏။ဤသို့သဘောရှိသောသူကို။အတ္တ သမ္မာပဏီဓိ၊မိမိကိုယ်စိတ်ကို ကောင်းစွာထားသောသူဟူ၍ ဆိုအပ်၏။ သီလမရှိသောမိမိကိုယ်ကိုသီလဌ်တည်စေ၏ဟူသောစကားဌ် ဝတ္ထုကို ဆိုအပ်၏။ ။လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား လက်ထက် တော်ဌ် ငါးရာကုန်သောခိုးသူတို့သည် ရွာသူတို့ကို သတ်ဖြတ်ညှဉ်းဆဲ ခြင်း အစရှိကုန်သောအမှုတို့ကိုပြု၍ ခိုးမှုဖြင့် အသက်မွေးခြင်းကိုပြုကုန် ၏။တနေ့သဌ် ထိုခိုးသူတို့သည် လူတို့လိုက်ကုန်၍ ပြေးကုန်လတ်သော် ဘောသို့ဝင်ကုန်၍ ထိုတောဌ် အရညကင်ဆောက်တည်သောရဟန်း တပါးကိုမြင်ကုန်၍ ရှိခိုးကုန်၍ အရှင်ဘုရား၊အကျွန်ုပ်တို့၏ကိုးကွယ်ရာ ဖြစ်တော်မူပါဟုဆိုကုန်၏။ထိုရဟန်းသည် သီလနှင့်တူသော ကိုးကွယ် ရာမည်သည့်ကားမရှိ။ ခပ်သိမ်းကုန်သော သင်တို့သည်လည်း ပဥ္ဇသီ

ဆောက်တည်ကြကုန်လော့ဟုဆို၍ထိုခိုးသူတို့အားသိလပေး၍ယခုသင်တို့သည် သီလရှိကုန်ပြီ၊ အသက်ဟူသော အကြောင်းကြောင့်လည်း သင်တို့သည် သီလကိုမလွန်ကျူးအပ်၊ နှလုံးဖြင့်ပြစ်မှားခြင်းကို မပြုအပ်ဟု ထိုသူခိုးတို့ကိုဆုံးမ၏။ ခိုးသူတို့သည် ကောင်းပြီဟု ဝန်ခံကုန်၏။ ထိုအခါလူတို့သည် ထိုအရပ်သို့ ရောက်ကုန်၍ ထိုခပ်သိမ်းကုန်သော ခိုးသူတို့ကိုသတ်ကုန်၏။ ထိုခိုးသူတို့သည် မကျိုးမပေါက်သော သီလရှိကုန်လျက်သေကုန်၍ နတ်ပြည်၌ ဖြစ်ကုန်၏။ ထိုခိုးသူတို့တွင် ခိုးသူကြီးသည် နတ်သားကြီးဖြစ်၏။ ထိုနတ်သားတို့သည် အစုန် အဆန်၏ အစွမ်းအားဖြင့် ဘုရားနှစ်ဆူတို့၏ တရသော အကြားပတ်လုံး နတ်ပြည်၌ ကျင်လည်ကုန်၍ ယခုဘုရားဖြစ်တော်မူသော အခါ၌ နတ်ပြည်မှ စုတေကုန်၍ သာဝတ္ထိမြို့ တံခါး၏အနီးငါးရာသော အမျိုးရှိသောတံငါရွာ၌ ဖြစ်ကုန်၏။ ထိုနတ်သားတို့တွင် နတ်သားကြီးသည် တံငါကြီး၏ အိမ်၌ ဖြစ်၍ ယသောဇ မည်သော အမျိုးသား ဖြစ်၏။ ထိုတံငါတို့ထက်မြတ်သော ယောကျ်ားဖြစ်၏။ တပါးကုန်သော နတ်သားတို့သည် တံငါငယ်တို့၏ အိမ်၌ ဖြစ်ကုန်၏။ ထိုတံငါတို့သည် တနေ့သ၌ အစီရဝတီမြစ်၌ ကွန်ပစ်ကုန်သည်ရှိသော် ရွှေအဆင်းနှင့်တူသော အဆင်းရှိသော တရလော ငါးကို ရကုန်၍ ဤငါးကား ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏။ ထိုငါးကို မင်းအားပြကုန်အံ့ဟု ထိုငါးကိုလှေ၌ ထည့်၍ လှေကို ချီမြှောက်ကုန်၍ ကောသလမင်းအား ပြကုန်၏။ ကောသလမင်းသည် ထိုတံငါတို့ကိုပင်ကိုင်စေ၍ ဇေတဝန်ကျောင်းတော်သို့သွား၍ဘုရားအား ပြ၏။ ဘုရားရှင်သည် ထိုငါးကို အတ္တုပ္ပတ္တိ ပြုတော်မူ၍ ထိုခဏအား လျောက်ပတ်စွာ တရားဟောတော် မူသည်ရှိသော် သုတ္တ နိပါတ်၌ ကပိလသုတ်ကို ဟောတော်မူ၍ တဘန် ဓမ္မပဒ တဏ္ဍာဝဂ်၌ မနုသေ မတ္တစာရိနော အစရှိသော လေးဂါထာ ကို့ကို ဟောတော် မူ၏။ ဂါထာ၏ အဆုံး၌ ထိုတံငါတို့သည် သံဝေဂရကုန်၍ မြတ်စွာဘုရား အထံတော်၌ ရဟန်းပြုကုန်၍နောက်အဘို့၌ ဥဒါန်းတတီယဝဂ် ယသော ဇသုတ်၌ ဟောတော်မူအပ်သော နည်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကုန်၍ မြတ်စွာဘုရား အာနေဥ္ဇပိဟာရသမာပတ္တိဓမ္မကို သုံးဆောင်သော အားဖြင့် တူသော သုံးဆောင်ခြင်းရှိ၏။ [ခိုးသားငါးရာဝတ္ထု]။

၄၁–ဘာဒရဒ္ဝါဇ မဏေဏ်ဝဇ္ဇုံ၊

ပြာဟ္မလာသံယုတ် ဒုဋ္ဌကထာ

မသဒ္ဓါသော ဓိမိကိုယ်ကို သဒ္ဓါတရားနှင့် ပြည့်စုံသည်၏ အဖြစ်၌ တည်စေ၏ ဟူသော စကားခွံ ဝတ္ထု၊ကို ဆိုအပ်၏။ ပုစ္ဆာပြိုဟ် ပြည်၌ ဘာရဒွါဇဂေါတ္တမည်သော ပုဏ္ဏားသည် နေ၏။ ထိုပုဏ္ဏားသည် ဓိဆ္ဆာ အယူရှိ၏။မသဒ္ဓါမကြည်ညို၊ ဘုရားတရား သံဃာဟု ဆိုသည် ရှိသော် နားတို့ကိုပိတ်၍ ခိုင်မာ၏။ ဤဒေတ်နှင့်တူ၏။ထိုပုဏ္ဏား၏ မယားပုဏ္ဏားမ သည်ကား ဇနပ္ပဒါနိ မည်၏။ သောတာပန်ဘည်း။ သဒ္ဓါ ကြည်ညိုဖြင့်၊ ပကတိအားဖြင့် ရပ်လျက်လည်းကောင်း ထိုင်လျက်လည်းကောင်း ချ၍ လည်းကောင်း ချောင်းဆိုး၍လည်းကောင်းနမောဗုဒ္ဓဿဟု ရှိခိုးခြင်းကို ပြု၏။ ထိုအခါ ဘနေသည့် ပုဏ္ဏားသည် ပုဏ္ဏားငါးရာတို့အား ရေမခပ်သော ဃနာထမင်းကိုပေးလှူလို၍ နက်ဖန်အကျိုးငှါ ပုဏ္ဏားတို့ကို ဘိတ်၍ ပုဇွန်းမ၊နက်ဖန်ငါတို့၌ပုဏ္ဏားငါးရာတို့သည် စားကုန်လတ္တံ့။ သင်သည် ထိုဦးပြည်းရဟန်းအား အကြင်ရှိခိုးခြင်းကို ပြု၏ ထိုရှိခိုးခြင်းကို နက်ဖန်တရက်မျှ မပြုပါလင့်၊ ထိုရှိခိုးသံကိုကြား၍ ပုဏ္ဏား တို့သည် မနှစ်သက်ကုန်၊ ငါတို့ ပုဏ္ဏားတို့နှင့် လည်းကောင်း နတ်တို့နှင့် လည်းကောင်း မခွဲပါလင့်ဟုပုဇွန်းမကိုဆို၏။ငါသည်ကား ဘုရားရှင်ကို အောက်မေ့၍ ရှိမခိုးဘဲ တည်အံ့သောငှါ မတတ်နိုင်ဟု ပုဇွန်းမဆို၏။ ထိုပုဏ္ဏားသည် သန့်လျက်ကို ကိုင်၍ ပုဇွန်းမကို ပုဏ္ဏားတို့သည် စည်းဝေးရာနှစ်ရပ် ထိုရဟန်းဦးပြည်းကို သင် အာဃာတ၍ ရှိခိုးအံ့ ဤသန့်လျက်ဖြင့် သင့်ကို ဖြတ်အံ့ဟု ဆို၏။ အကြင်းကြောင့် အရိယာ ဖြစ်ကုန်သော ဘုရားတပည့်တို့ မည်သည်ကား မြေကြီး ကဲ့သို့ သူတပါးတို့သည် မယှဉ်နိုင်ကုန် မြင့်မိုရ်ကောင်ကဲ့သို့ သူတပါးတို့ မဒေဘာက်ပြန်နိုင်ကုန်။ထိုကြောင့် ပုဇွန်းမသည် သင်သည် ငါ၏အင်္ဂါ ကြီးငယ်တို့သည် အကယ် စင်စစ် ဖြတ်ငြားသော်လည်း ငါသည် ဘုရားဖြတ်သာသနာတော်မှမကြည်ပေဟု ဆို၏။ ထိုပုဏ္ဏားသည်သုံးသပ် အံ့သောငှါ လည်းကောင်း ပုတ်ခတ်အံ့သောငှါ လည်းကောင်း မတတ်နိုင်၍ အကြင် အမှုကို သင်နှစ်သက်၏ ထိုအမှုကို ပြုပါလော့ဟု ဆို၍ သန့်လျက်ကိုအပ်ရာ၌ပစ်၏။ နက်ဖန်နေ့၌ ပုဏ္ဏားသည် ဃနာထမင်းကို

ခွက်၌ထည့်စေ၍ ပုဏ္ဏားတို့အား ကာလကို ကြားစေ၏။ ထိုပုဏ္ဏား တို့သည်လာ၍ နေကုန်၏။ဘာရဒ္ဒါဇ ပုဏ္ဏားသည်လည်း ထိုပုဏ္ဏားတို့နှင့် တကွတင့်အပ်သောအရပ်၌နေ၏။ ထိုအခါပုဏ္ဏေးမသည် ရွှေယောက်မ လက်စွဲလျက်ထမင်းကျွေးရာအရပ်၌ ပုဏ္ဏားတို့ကိုကျွေး၍ ထိုဘာရဒ္ဒါဇ ပုဏ္ဏားသို့ ထမင်းဆောင်ခဲ့သော် မကောင်းသဖြင့် ထားအပ်သော သစ် ဘဏ္ဍာ၌ချော်၍ ဒုက္ခဝေဒနာဖြစ်၏။ ထိုပုဏ္ဏေးမသည် ထိုခဏ၌လျှင် ဘုရားကိုအောက်မေ့၍ဦးခေါင်း၌ လက်အုပ်ကိုချီ၍အကြင်အရပ်၌ဝေဋ္ဌု ဝန်ကျောင်းတော်သည်ရှိ၏ ထိုအရပ်သို့ လက်အုပ်ကိုညွတ်၍ နမော တဿဘဂဝတောအရဟတော သမ္မာသမ္ဗုဒ္ဓဿ-ဟုသုံးကြိမ် ကျူးရင့် ၏။ထိုခဏ၌ထိုပုဏ္ဏားတို့ကွင်အချိသောပုဏ္ဏားတို့စား၍ပြီးကုန်၏အချို ကုန်သောပုဏ္ဏားတို့သည် စားဆဲဖြစ်ကုန်၏၊ အချိကုန်သော ပုဏ္ဏားတို့ ကားလက်ကိုချကာမျှဖြစ်ကုန်၏၊ အချိကုန်သော ပုဏ္ဏားတို့ကား ရှေ၌ တည်ကာမျှဖြစ်၏။ ထိုပုဏ္ဏားတို့သည် ထိုအသံကိုကြားကုန်၍လျှင် မြင့် မိုရ်တောင်အတိုင်းအရှည် ရှိကုန်သောဆောက်ပုတ်ဖြင့် ဦးခေါင်းကိုရိုက် ပုတ်သကဲ့သို့ လည်းကောင်း နားဌ်တံကျင်ဖြင့် ထိုးဘိသကဲ့သို့ လည်း ကောင်း ဆင်းရဲခြင်းနှလုံးမသာယာခြင်း သို့ရောက်ကုန်၍ တပါးအယူ ရှိသောပုဏ္ဏားသည် ငါတို့ကိုအိမ်သို့ သွင်းအပ်ကုန်၏ဟု အမျက်ထွက် ကုန်၍လက်၌ထမင်းဆုပ်ကိုပစ်၍ ခံတွင်းသို့ရောက်သော ထမင်းကိုထွေး ၍ ဘာရဒ္ဒါဇပုဏ္ဏားကို ဆဲကုန်လျက် ဖဲလေကုန်၏။ ဘာရဒ္ဒါဇ ပုဏ္ဏား သည်လည်း ပုဏ္ဏေးမကို အထူးထူးအပြားပြားကုန်သော ဆဲခြင်းတို့ဖြင့် ဆဲ၍ တစုံတခုသော အမှုကိုပြုအံ့သောဌါ မတတ်နိုင်၍ ဤသို့သာလျှင် အယုတ်မသည် ဟူးဟူးငြားငြား၌ ထိုဦးပြည်း၏ ကျေးဇူးကိုဆို၏၊ အ ယုတ်မ-ငါယခုသင့်ဆရာအားဝါဒကိုတင်အံ့ဟုဆို၍ အမျက်ထွက်လျက် နှလုံးမသာယာလျက် ဝေဋ္ဌုဝန် ကျောင်းတော်သို့သွား၍ မြက်စွာဘုရား ကို ရှိမခိုးမူ၍ တင့်အပ်သော အရပ်၌နေလျက်-

ကိံသု ဃတွာ သုခံ သေတိ၊ ကိံသု ဃတွာ နသောစတိ။
ကိဿဿ ဧကဓမ္မဿ၊ ဝဓံ ရောစေသိ ဂေါတမ။ ။

ဟု ပြဿနာမေး၏။

ဂေါတမ၊ဂေါတမ၊ ကိံသု၊အဘယ်တရားကိုလျှင်။ဃတွာ၊ သတ်၍။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ အိပ်ရသနည်း။ ကိံသု၊ အဘယ်တရား

ကိုလျှင်။ ဃတွာ၊ သတ်၍။ နသောစတိ၊ မစိုးရိမ်ရ သနည်း။ ကိဿ၊ အ ဘယ်မည်သော။ အဿဧကမ္မေဿ၊ ထိုတပါးသော ကရားကို။ ဝဓံ၊ သတ်ခြင်းကို။ ရောစေသိ၊ နှစ်သက်သနည်း။ ။ထိုအခါဘုရား သဗ္ဗညူ သည် ဘာရဒ္ဒါဇ ပုဏ္ဏားအား ပြဿနာကို ဖြေတော်မူလိုရှိ-

ကောဓံ ဃတွာ သုခံ သေတိ၊ ကောဓံ ဃတွာ နသောစတိ။
ကောဓဿ ဝိသမူလဿ၊ မရရဂ္ဂဿ ဗြာဟ္မဏ။
ဝဓံ အရိယာ ပသံသန္တိ၊တဉ္စိ ဃတွာ နသောစတိ။ ။

ဟု မိန့်တော်မူ၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ကောဓံ။ အမျက်ကို။ ဃတွာ၊ သတ်၍။ သုခံ၊ ချမ်းသာစွာ။ သေတိ၊အိပ်ရ၏။ ကောဓံ၊ အမျက်ကို။ ဃတွာ၊ သတ်၍။ နသောစတိ၊ မစိုးရိမ်။ ဝိသမူလဿ၊ ဆင်းရဲ၏ အကြောင်းဖြစ်သော။ မရရဂ္ဂဿ၊ အပြီး၌ချမ်းသာခြင်း ရှိထသော။ ကောဓဿ၊ အမျက်ကို။ ဝဓံ၊ သတ်ခြင်းကို။ အရိယာ၊ အရိယာတို့သည်။ ပသံသန္တိ၊ ချီးမွမ်း ကုန်၏။ ဟိသစ္စံ၊ မှန်၏။ တံ၊ ထိုအမျက်ကို။ ဃတွာ၊ သတ်၍။ နသော စတိ၊ မစိုးရိမ်။ ။အဆဲခံရသောသူအား ဆဲတုံ့ဆဲ၍ ချမ်းသာဖြစ်၏။ အ ပုတ်အခတ် ခံရသောသူအား ပုတ်ခတ်တုံ့ ပုတ်ခတ်၍ ချမ်းသာဖြစ်၏။ ထိုကိုရည်၍ အပြီး၌ ချမ်းသာခြင်း ရှိသော အမျက်ဟူ၍ ဟောတော်မူ သတည်း။ ။ဘာရဒ္ဒါဇ ပုဏ္ဏားသည် မြတ်စွာဘုရား ဒေသနာ တော်ကို နာရ၍ သဒ္ဓါ တရားကိုဖြစ်စေ၍ မြတ်စွာဘုရားအထံတော်၌ ရဟန်းပြု၍ ပဉ္စင်း အဖြစ်ကိုရ၍ မကြာမြင့်မီလျှင် ရဟန္တာဖြစ်၏။ [ဘာရဒ္ဒါဇ မထေရ် ဝတ္ထု]။

၄၂-ဝန်တိုသော ကောသိယ သေဋ္ဌေး ဝတ္ထု

သုမာဘောဇနဇာတ် အဋ္ဌကထာ

ဝန်တိုသော မိမိကိုယ်ကို ပေးကမ်းစွန့်ကြဲခြင်းနှင့် ပြည့်စုံသည်၏ အ ဖြစ်၌တည်စေ၏ ဟူသောစကား၌ ဝတ္ထုကိုဆိုအပ်၏။ ဗာရာဏသီ ပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော တယောက်သော သေဋ္ဌေးသည် မြို့ တံခါးလေးမျက်နှာ မြို့လယ် အိမ်တံခါးကို၌ ခြောက်ခုကုန်သော အလှူ

တင်းကုပ်တို့ကို ဆောက်စေ၍ နေ့တိုင်း နေ့တိုင်း ခြောက်သိန်းသော ဥစ္စာကို စွန့်၍အလှူကြီးကို ပေး၏။ ထိုသေဌေးသည် အသက်ထက်ဆုံး အလှူပေး၍ ငါ၏အလှူပေးသောအနွယ်ကို မဖြတ်လင့်ဟု သားကိုဆုံးမ၍ အသက်၏အဆုံး၌သိကြားဖြစ်၏။ ထိုသိကြား၏သားသည်လည်း အဘ အတူလျှင် အလှူပေး၍ လနတ်သားဖြစ်၏။ ထို လနတ်သား၏သားသည် နေနတ်သားဖြစ်၏။ နေနတ်သား၏သားသည် မာတလိနတ်သားဖြစ်၏။ မာတလိနတ်သား၏သားသည်ပဉ္စသိခနတ်သားဖြစ်၏။ပဉ္စသိခနတ်သား၏သားသည်ကား ကောသိယမည်သော ကုဋေရှစ်ဆယ် ကြွယ်ဝသော သေဌေးဖြစ်၏။ထိုကောသိယ သေဌေးသည် ငါ၏အဘအဘိုးတို့သည် မိုက်ကုန်၍ ဆင်းရဲသဖြင့် ဆောင်အပ်သောဥစ္စာကို စွန့်ကုန်၏။ ငါသည် ကား ဥစ္စာကိုစောင့်အံ့။တစုံတယောက်သောသူအားတစုံတခုသောဥစ္စာ ကိုမပေးအံ့ဟုကြံ၍ အလှူတင်းကုပ်တို့ကို ဖျက်ဆီးစေ၍ မီးဖြင့်ကိုက်စေ ၍ခိုင်မာခြင်းရှိသည်ဖြစ်၍ဥစ္စာကိုသာလျှင်စုရုံး၏။မိမိလည်းမသုံးဆောင် သားမယားအစရှိသောသူတို့အားလည်းမပေး။ထိုစကားမှန်၏။ကောသိ ယသေဌေးသည်ပအုန်းရည်လျှင်အဘော်ရှိသောဆန်ကွဲထမင်းကိုစား၍ ရုန့်ရင်းသောအဝတ်တို့ကိုဝတ်၍ သစ်ရွက်သစ်သီးကို ဆောင်စေ၍ နွား အိုကသောရထားတို့ဖြင့်သွား၏။ဤသို့ထိုသေဌေး၏ထိုမျှအတိုင်းအရှည် ရှိသော ဥစ္စာသည် ခွေးသည်ရအပ်သော အုန်းသီးကဲ့သို့ဖြစ်၏။ထိုကော သိယသေဌေးသည် တနေ့သ၌ မင်းခစားသွားလိုလတ်သော် သေဌေး ငယ်ကိုခေါ်၍သွားအံ့ဟုသေဌေးငယ်၏အိမ်သို့သွား၏။ထိုခဏ၌သေဌေး ငယ်သည် ဆီဦးထောပတ်ဖြင့် ချက်အပ်သော ပျားသကာမှုန့် တို့ဖြင့် ကောင်းစွာ စီရင်အပ်သော ဃနာထမင်းကိုစားစဉ် လာလတ်သော ထို ကောသိယသေဌေးကိုမြင်၍နေရာမှထ၍သေဌေးကြီးလာလော့၊ဤ၌ထိုင် ပါလော့၊ဃနာထမင်းကိုစားကြကုန်အံ့ဟုဆို၏။ ထိုကောသိယသေဌေး သည်ဃနာထမင်းကို မြင်၍လျှင် ခံတွင်း၌ဖြစ်သော လျှာရည် ရိုလျက် အကယ်၍ကား စားချင်၏ ထိုသို့စားချင်သော်လည်းငါသည် အကယ်၍ စားချေအံ့၊ ဤသေဌေးငယ်အား ငါ့အိမ်သို့ လာသောကာလ၌ အတုံ့ ပူဇော်ခြင်းကိုပြုရလတ္တံ့။ ဤသို့ ပြုရချေသော် ငါ့ဥစ္စာချက်စီးပြုန်းတီး လတ္တံ့ဟုကြံ၍ထိုင်၍သာလျှင်နေ၏။ သေဌေးငယ်သည် အဘန်တလဲလဲ တောင်းပန်သော်လည်း ယခုပင်ငါစားခဲ့သည်။ဝပြီဆို၍မစား။ ထိုကော

သိယသေဌေးသည်သေဌေးငယ်စားပြီးသည်၏အဆုံး၌သေဌေးငယ်ကို ခေါ်၍ မင်းခစားသွား၏။တဘန်မိမိအိမ်သို့ပြန်၍ ဃနာထမင်း၌ တပ်စွမ်း ခြင်း တဏ္ဍာသည်နှိပ်စက်လျက်လည်း ဥစ္စာပျက်စီးအံ့သည်မှ ကြောက် သောကြောင့် တစုံတယောက်သောသူအား မပြောဆိုမူ၍လျှင် ချင်ခြင်း ကို သည်းခံလတ်သော် အစဉ်သဖြင့် ဘက်ရွက်လျော်ကဲ့သို့ ဖျော့တော့ သောအဆင်းရှိသည်ဖြစ်၏။ဤသို့ဖြစ်သော်လည်း ဥစ္စာပျက်စီးအံ့သည်မှ ကြောက်သောကြောင့် မပြောမဆို။ နောက်အဘို့၌ အားနည်း၏။အိပ်ရာ ကို ဘက်၍အိပ်စဉ် မယားသည်အဘန်တလဲလဲမေးအပ်သည်ဖြစ်၍ ထို အကြောင်းကိုပြောဆို၏။ထိုစကားကို ကြား၍သေဌေးမယားသည် ရှင် သေဌေး သင်ဆင်းရဲသလော၊အလုံးစုံကုန်သော ဗာရာဏသီပြည်သူတို့ အား စားလောက်သော ဃနာထမင်းကို ငါချက်အံ့ဟုဆို၏။ထိုကောသိ ယသေဌေးသည် ခေါင်း၌လှံတံဖြင့်ရိုက်ဘိသကဲ့သို့အမျက်ထွက်၍ သေ ဌေးမ၊သင့်ဥစ္စာများသည်၏ အဖြစ်ကိုငါသိ၏။သင့်မိဘအိမ်ကဆောင်ခဲ့ သောဥစ္စာရှိလျှင် ဃနာထမင်းချက်၍ တမြို့လုံးကိုပေးလော့ဟု ဆို၏။ထို သို့တပြီးကား တရသောလမ်း၌နေကုန်သောသူတို့အား လောက်အောင် ချက်အံ့ဟုသေဌေးမဆို၏။ထိုသူတို့ဖြင့်အဘယ်ပြုအံ့နည်းဟု သေဌေးဆို ၏။ထိုသို့တပြီးကားထိုမှဤမှစုနစ်အိမ်စုနစ်အိမ်၌နေကုန်သောသူတို့အား လောက်အောင်ချက်အံ့ဟု သေဌေးမဆို၏။ ထိုသူတို့ဖြင့် အဘယ်ပြုအံ့ နည်းဟု သေဌေးဆို၏။ ထိုသို့တပြီးကား ဤအိမ်၌ ပရိသတ်အား လောက်အောင် ချက်အံ့ဟု သေဌေးမဆို၏။ ထိုသူတို့ဖြင့် အဘယ်မူအံ့ နည်းဟု သေဌေးဆို၏။ထိုသို့တပြီးကား အဆွေအမျိုးဖြစ်သောသူအား သာလျှင် လောက်အောင်ချက်အံ့ဟု သေဌေးမဆို၏။ ထိုအဆွေအမျိုး ဖြင့် အဘယ်ပြုအံ့နည်းဟု သေဌေးဆို၏။ ထိုသို့တပြီးကား သင်နှင့်ငါ အား လောက်အောင် ချက်အံ့ဟုသေဌေးမ ဆို၏။ သင်သည် အဘယ် ပြုအံ့နည်း။ သင့်အား မအပ်တကားဟု သေဌေးဆို၏။ ထိုသို့တပြီးကား သင့်အားသာလျှင် လောက်ရုံချက်အံ့ဟု သေဌေးမဆို၏။သင့်ပြီ။ ငါ့အား လောက်ရုံချက်သော်လည်း ဤအိမ်၌ မချက်လင့်။ များစွာကုန်သော သူတို့သည် တောင့်တကုန်၏။သင်သည် ဆန်တကွမ်းစားလေးဘို့တဘို့ ဖြစ်သော နို့ရည်, တလက်ခုပ်မျှသော သကာ, ကြိုတ်ပြည့်ရုံမျှသော ထောပတ်, ထိုထောပတ်မျှရှိသောများ, တလုံးသော ချက်စရာအိုးကို

ပေးလော့။ တောသို့ဝင်၍ တောဒ္ဓချက်၍ စားချေအံ့ဟု သေဌေးဆိုဏ်။ သေဌေးမသည် သေဌေးဆိုတိုင်းပြုဏ်။ ထိုကောသိယ သေဌေးသည် ထိုတကွမ်းစားအစရှိသော အလုံးစုံကို စေသုံးသော သူတယောက်ကိုသူခဲ့စေ၍တောသို့သွား၍မြစ်နားဌ်တခုသောချုံရင်းဌ် ခွင်ခုံလောက်ကိုတည်စေ၍ ထင်းရေကိုဆောင်စေ၍ သင်သည် သွား၍ ထိုလမ်းဌ် ရပ်၍ တစုံတယောက်သော သူကို မြင်လျှင် ငါ့အား အမှတ်ပေးလော့။ ငါခေါ်သောကာလဌ် လာလော့ဟု ဆိုဏ် ထိုသူကို စေလွှတ်လိုက်၍ တယောက်ထည်းလျှင် မီးညှိ၍ ဃနာ ထမင်းကို ချက်ဏ်။ ထိုခဏဌ် သိကြားမင်းသည် မိမိဏ် အလှူပေးသော အနွယ် အဆက်ကို ဆင်ခြင်လတ်သော် ထိုအလုံးစုံသော အကြောင်းကိုသိ၍ ကောသိယသည်ကား ဝန်တို၍ ငါဏ် အနွယ်ကိုဖြတ်၍ ငရဲဌ်ဖြစ်လတ္တံ့။ကောသိယအား အဆုံးအမကို ပေး၍ ဤနတ်ပြည်ဌ်ဖြစ်ခြင်းဌါ ထိုက်သည်ကို ပြုချေအံ့ဟု ကြံ၍ လနတ်သား အစရှိသည်တို့ကိုခေါ် စေ၍ အလုံးစုံသော အကြောင်းကို ပြောဆို၍ ငါရှေးဦးစွာသွားနှင့်အံ့၊ ငါဃနာထမင်းကိုတောင်း၍နေသော ကာလဌ် သင်တို့သည် အစဉ်သဖြင့် လာကြကုန်လော့ဟုဆို၍ ပုဏ္ဏား အသွင်ဖြင့်ကောသိယအထံသို့ချဉ်းကပ်၍ အချင်း ဗာရာဏသီလမ်းကား အဘယ်နည်းဟုမေးဏ်။ သေဌေးသည် ပုဏ္ဏား၊ သင်ကား အရှုးလော၊ ဗာရာဏသီလမ်းကိုမျှလည်းမသိ၊ ဤသို့မလာလင့်၊ထိုကသွားလေလော့ဟုဆိုဏ်။ သိကြားသည် မကြား သကဲ့သို့ သင်အသို့ ဆိုသနည်းဟုမေးဏ်။ ကောသိယသေဌေး အထံသို့ချဉ်းကပ်ဏ်။ ကောသိယသေဌေးသည် ထိုပုဏ္ဏားအား အဘယ်ကြောင့်ဤသို့လာသနည်း၊ ထိုပြင်ကသွားလေဟုမြစ်ဏ်။ သိကြားသည် အချင်း၊ အဘယ်ကြောင့် မြစ်ရသနည်း။ အခိုးလည်းထင်ဏ်၊မီးလည်းထင်ဏ်၊ ဃနာထမင်းကိုချက်ဏ်။ ပုဏ္ဏားတို့ကို ဘိတ်ရာ အရပ်ဖြစ်ရာဏ်။ ငါသည်ပုဏ္ဏားတို့ စားသော ကာလဌ် အတန်ငယ်သော ဃနာထမင်းကို ရပါလတ္တံ့ဟုဆိုဏ်။ ဤအရပ်ဌ် ပုဏ္ဏားတို့ကိုဘိတ်ခြင်းမရှိ၊ ပြင်တပါးသို့သွားလေလော့ဟု သေဌေးဆိုဏ်။ထိုသို့တပြီးကား သင်စားသော ကာလဌ် အဘန်ငယ်သော ဃနာထမင်းကို ရပါလတ္တံ့ဟု သိကြားဆိုဏ်။ တလုံးသောထမင်းကိုမျှလည်း သင့်အား ငါမပေးအံ့။ ဤဃနာ ထမင်းကား ငါ မျှလောက်ရုံ အနည်းငယ် မျှတည်းဟု သေဌေးဆိုဏ်။ ထိုစကားကိုကြား၍ သိကြားမင်းသည်-

အပ္ပမှာ အပ္ပကံ ဒဇ္ဇာ၊ နုမဏ္ဍတောစ မဏ္ဍကံ။
ဗဟုမှာ ဗဟုကံ ဒဇ္ဇာ၊ နာဒါနံ ဥပပဇ္ဇတိ။ ။
တံတံ ဝဒါမိ ကောသိယ၊ ဒေဟိ ဒါနာနိ ဘုဥ္ဇထ။
အရိယမဂ္ဂံ သမာရုဟ၊ နေကာသိ လဘတေ သုခံ။ ။

ဟူကုန်သော ဂါထာတို့ကိုဆိုဏ်။

ကောသိယ၊ကောသိယ။အပ္ပမှာ၊ အနည်းငယ်သောဝတ္ထုမှ။ အပ္ပကံ၊ အလယ်၌ဝက်အပ်သောအနည်းငယ်သောဝတ္ထုကို။ဒဇ္ဇာ၊ပေးရာ၏။ အနုမဏ္ဍတော၊အဘန်ဘန်အလယ်၌ ဝက်အပ်သောအနည်းငယ်သောဝတ္ထုမှ။မဏ္ဍကံ၊ အလယ်၌ဝက်အပ်သော အနည်းငယ်သော ဝတ္ထုကို။ ဒဇ္ဇာ၊ ပေးရာ၏။ ဗဟုမှာ၊များသောဝတ္ထုမှ။ ဗဟုကံ၊အလယ်၌ ဝက်အပ်သော များသော ဝတ္ထုကို။ ဒဇ္ဇာ၊ ပေးရာ၏။ အဒါနံ၊ မပေးမလှူခြင်းသည်။ နဥပပဇ္ဇတိ၊ မသင့်။ တံတေနကာရဏေန၊ ထိုကြောင့်။ တံ၊ သင့်ကို။ ဝဒါမိ၊ ငါဆိုဏ်။ ဒါနာနိ၊ အလှူတို့ကို။ ဒေဟိ၊ ပေးလော့။ ဘုဥ္ဇထ၊ သင်လည်းစားလော့။ အရိယမဂ္ဂံ၊ အရိယာ၏ လမ်းသို့။ သမာရုဟ၊ တက်လော့။ ဧကောသိ၊ တယောက်ထည်းသာ စားသောသူသည်။ သုခံ၊ ချမ်းသာကို။ နလဘတေ၊မရ။

ပုဏ္ဏားစကားကိုကြား၍ သေဌေးသည် ပုဏ္ဏား၊ သင်ကား မန္တန်ကို ရွတ်၏။ အတန်ငယ်ရလတ္တံ့ နေလောဟုဆိုဏ်။ သိကြားသည် ထိုင်၍ နေ၏။ ထိုနောက်မှ လနတ်သားသည် ထိုနည်းဖြင့်လျှင် လာ၍-

မောဃံ တဿ ဟုတံ ဟောတိ၊ မောဃဥ္ဇာပိ သမီဟိတံ။
အတိထိသ္မိံ ယော နိသိန္နသ္မိံ၊ ဧကော ဘုဥ္ဇတိ ဘောဇနံ။ ။
တံ တံ ဝဒါမိ ကောသိယ၊ ဒေဟိ ဒါနာနိ ဘုဥ္ဇထ။
အရိယမဂ္ဂံ သမာရုဟ၊ နေကာသိ လဘတေ သုခံ။ ။

ဟူကုန်သော ဂါထာတို့ကို ဆိုဏ်။

ကောသိယ၊ ကောသိယ။ ယော၊ အကြင် သူသည်။ အတိထိသ္မိံ၊ ဧည့်သည် အာဂန္တုကသည်။ နိသိန္နသ္မိံ၊ ထိုင်၍ နေလျက်။ ဧကော၊ တယောက်ထည်း။ ဘောဇနံ၊ စားဘွယ်ကို။ ဘုဥ္ဇတိ၊ စား၏။ တဿ၊ ထိုသူ၏။ ဟုတံ၊ ဥစ္စာဖြစ်စိမ့်သောဌါ အိုင်မြစ်အစရှိသည်ဘို့၌ ဗာလိနတ်စာတင်သော အမှုသည်။ မောဃံ၊အချည်းနှီး။ ဟောတိ၊၏။ သမီဟိ

တဉ္ဉာပိ၊ ဥစ္စာကို ဖြစ်စေသည်၏ အစွမ်းအားဖြင့် ဖြစ်သော အစီအရင်သည်လည်း။ မောဃံ၊ အချည်းနှီး။ ဟောတိ၊၏။ တံတေနကာရဏေန၊ ထိုကြောင့်။ တံ၊သင့်ကို။ ဝဒါမိ၊ ငါဆို၏။ ဒါနာနိ၊ အလှူတို့ကို။ ဒေဟိ၊ ပေးလော့။ ဘုဉ္ဇထ၊ သင်လည်းစားလော့။ အရိယမဂ္ဂံ၊ အရိယာတို့၏လမ်းသို့။ သမာရူဟ၊ တက်လော့။ ဧကာသိ၊ တယောက်ထည်းသာ စားသောသူသည်။ သုခံ၊ ချမ်းသာကို။ နလဘတေ၊မရ။

ထိုနောင် နေနတ်သားသည် ထိုနည်းဖြင့်သာလျှင် လာ၍-

သစ္စံ တဿ ဟုတံ ဟောတိ၊ သစ္စဉ္ဉာပိ သမီဟိတံ။
အတိထိသ္မိံ ယော နိသိန္နသ္မိံ၊ နေကော ဘုဉ္ဇတိ ဘောဇနံ။ ။
တံ တံ ဝဒါမိ ကောသိယ၊ ဒေဟိ ဒါနာနိ ဘုဉ္ဇထ။
အရိယမဂ္ဂံ သမာရူဟ၊ နေကာသိ လဘတေ သုခံ။ ။

ဟူကုန်သော ဂါထာတို့ကို ဆို၏။

ကောသိယ၊ ကောသိယ။ ယော၊အကြင်သူသည်။ အတိထိသ္မိံ၊ ဧည့်သည် အာဂန္တုကသည်။ နိသိန္နသ္မိံ၊ထိုင်၍နေသော်။ ဧကော၊တယောက်ထည်း။ဘောဇနံ၊စားဘွယ်ကို။ နဘုဉ္ဇတိ၊မစား။ တဿ၊ ထိုသူ၏။ဟုတံ၊ ဥစ္စာဖြစ်စိမ့်သောဌါ အိုင်မြစ် အစရှိသည်တို့၌ ဗာလိနတ် စာတင်သော အမှုသည်။ သစ္စံ၊မှန်သည်။ ဟောတိ၊၏။ သမီဟိတဉ္ဉာပိ၊ ဥစ္စာဖြစ်စေသည်၏ အစွမ်းအားဖြင့် ဖြစ်သော အစီအရင်သည်လည်း။ သစ္စံ၊သည်။ ဟောတိ၊၏။ တံတေနကာရဏေန၊ ထိုကြောင့်။ တံ၊သင့်ကို။ ဝဒါမိ၊ ငါဆို၏။ ဒါနာနိ၊ အလှူတို့ကို။ ဒေဟိ၊ ပေးလော့။ ဘုဉ္ဇထ၊ သင်လည်းစားလော့။ အရိယမဂ္ဂံ၊အရိယာတို့၏လမ်းသို့။ သမာရူဟ၊ တက်လော့။ ဧကာသိ၊ တယောက်ထည်းသာ စားသောသူသည်။ သုခံ၊ ချမ်းသာကို။ နလဘတေ၊ မရ။

ထိုနောင်မှ မာတလိနတ်သား လာပြန်၍-

သရံ သဗ္ဗံ ယော ဇုဟတိ၊ ဗဟုကာယ ဂယာယစ။
ဒေါဏေ တိမ္ပရုတိတ္တသ္မိံ၊ သိဃ်သောတေ မဟာဝဟေ။ ။
အတြစဿ တံ ဟောတိ၊ အတြစဿ သမီဟိတံ။
အတိထိသ္မိံ ယော နိသိန္နသ္မိံ၊ နေကော ဘုဉ္ဇတိ ဘောဇနံ။ ။

တံ တံ ဝဒါမိ ကောသိယ၊ ဒေဟိ ဒါနာနိ ဘုဥ္ဇထ။
အရိယမဂ္ဂံ သမာရုဟာ၊ နေကာသိ လဘတော သုခံ။ ။
ဟူကုန်သော ဂါထာတို့ကို ဆို၏။

ကောသိယ၊ကောသိယ။ ယော၊အကြင်သူသည်။ အတိထိသ္မိံ၊ ဤသို့သည် အာဂန္တုကသည်။နိသိန္နသ္မိံ၊ထိုင်၍နေသော်။ ဤကော၊တယောက် ထည်း။ ဘောဇနံ၊ အစာကို။ နဘုဥ္ဇတိ၊မစား။ ယော၊ အကြင် သူသည်။ သဗ္ဗံ၊ခပ်သိမ်းသော။သဓံ၊ရေအိုင်သို့။ ဥပဂတ္တွာ၊ကပ်၍။ဇုပဟတိ၊ပူဇော်၏။ဗဟုကာယ၊ဖြစ်၌လည်းကောင်း။ ဂယာယစ၊ ကန့်ဉီလည်းကောင်း။ ဒေါဏေ၊ ဒေါဏာမည်သော ဆိပ်၌လည်းကောင်း။ တိမ္ဗရုတိတ္တာသ္မိံ၊ တိမ္ဗရုဆိပ်၌လည်းကောင်း။ သိဃ်သောတေ၊ လျင်သောအယဉ်ရှိသော။ မဟာဝဟေ၊ ကြီးစွာသောမြစ်ရေ၌လည်းဇကောင်း။ ဇုဟတိ၊ ပူဇော်၏။ အတြ၊ ထို ဒိဋ္ဌဓမ္မဝေဒနီယသည်တို့၌။ အဿ၊ ထိုသူ၏။ ဟုတံစ၊ ပူဇော် ခြင်းသည်လည်း။ ဖလံ၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ အတြ၊ ထို ဒိဋ္ဌဓမ္မဝေဒနီယသည် တို့၌။ အဿ၊ ထိုသူ၏။ သမိဟိတဿ၊ အစဉ် အရင် သည်လည်း။ ဖလံ၊ အကျိုးရှိသည်။ ဟောတိ၊၏။ ကံဘောနကာရဏောနံ၊ ထိုကြောင့်။ တံ၊သင့်ကို။ ဝဒါမိ၊ ငါဆို၏။ ဒါနာနိ၊ အလှူဘဏ်ကို။ ဒေဟိ၊ လှူလော့။ ဘုဥ္ဇထ၊ သင်လည်းစား လော့။ အရိယမဂ္ဂံ၊ အရိယာတို့၏ လမ်းကို။ သမာရုဟ၊တက်လော့။ ဇကာသိ၊တယောက်တည်းစားသော သူသည်။ သုခံ၊ ချမ်းသာကို။ နလဘတေ၊မရ။

ထိုနောင်မှ ပဉ္စသိခ နတ်သား လာပြန်၍–

ဗဋ္ဌိသံ သော နိဂိလတိ၊ ဒီဃသုတ္တံ သဗန္ဓနံ။
အတိထိသ္မိံ ယော နိသိန္နသ္မိံ၊ဤကော ဘုဥ္ဇတိ ဘောဇနံ။ ။
တံ တံ ဝဒါမိ ကောသိယ၊ဒေဟိ ဒါနာနိ ဘုဥ္ဇထ။
အရိယမဂ္ဂံ သမာရုဟ၊ နေကာသိ လဘတေ သုခံ။ ။
ဟူကုန်သော ဂါထာတို့ကိုဆို၏။

ကောသိယ၊ ကောသိယ။ ယော၊အကြင်သူသည်။ အတိထိသ္မိံ၊ဤသို့ သည်အာဂန္တုကသည်။ နိသိန္နသ္မိံ၊ထိုင်၍နေလျက်။ဤကော၊ကယောက် ထည်း။ ဘောဇနံ၊အစာကို။ ဘုဥ္ဇတိ၊စား၏။ သော၊သည်။ ဒီဃသုတ္တံ သ ဗန္ဓနံ၊ ရှည်သော ချည်ကြိုးအနှောင်အဖွဲ့ရှိသော။ဗဋ္ဌိသံ၊ ငါးများမျိတ်ကဲ့သို့။

နိဂိလတိ၊ မျိုဓ့်။ တံကေနကာရဏောန၊ ထိုကြောင့်။ တံ၊သင့်ကို။ ဝဒါမိ၊ ငါဆိုဓ့်။ ဒါနာနိ၊ အသွေတို့ကို။ ဒေဟိ၊ လှူလော့။ ဘုဥ္ဇထ၊ သင်လည်းစားလော့။ အဓိယမဂ်၊ အဓိယာတို့ဓ့် လမ်းသို့။ သမာရုဟာ၊တက်လော့။ ဒုကာသိ၊တယောက်ထည်းသာ စားသောသူသည်။ သုခံ၊ ချမ်းသာကို။ နလဘတေးမရ။

ထိုစကားကိုကြားရှိ သေဋ္ဌေးသည်လည်းလွှဲလျက်ထိုသို့ တပြိုးကားထိုင်ပါဦးလော့၊ အထန်ငယ် ရလတ္တံ့ဟုဆိုဓ့်။ ပဥ္စသိခ နတ်သားသည်လည်းထိုင်ဓ့်။ ဤနတ်တို့သည် ထိုင်၍နေကုန်သော် ဃနာထမင်းသည် ကျက်ဓ့်။ သေဋ္ဌေးသည်ခုံလောက်မှချ၍ သစ်ရွက်တို့ကိုဆောင်ခဲ့ကြကုန်လော့ဟုဆိုဓ့်။ နတ်တို့သည် ထိုအရပ်၌နေကုန်လျက် လက်ကိုဆန့်၍ ဟိမဝန္တာမှ ပြိုန်းရွက်တို့ကိုဆောင်ကုန်ဓ့်။ သေဋ္ဌေးသည် ထိုသစ်ရွက်တို့၌ ပေးလောက်သောဃနာ ထမင်းသည်မရှိ။ ရှားရွက်တို့ကို ဆောင်ခဲ့ကုန်လော့ဟုဆိုဓ့်။ နတ်တို့သည် ရှားရွက်တို့ကို ဆောင်ကုန်ဓ့်။ ထိုရှားရွက်တို့တွင် တရွက် တရွက်သည် တယူဇနာ အတိုင်းအရှည်ရှိဓ့်။ သေဋ္ဌေးသည် ခပ်သိမ်းကုန်သော နတ်တို့အား ယောက်မဖြင့် ဃနာထမင်းကို ပေးဓ့်။ သေဋ္ဌေးဓ့်ပေးသောကာလ၌ ထမင်းဒဏ်း၌ယုတ်လျော့ခြင်းမရှိ။ ထိုသေဋ္ဌေးသည် ထိုနတ်တို့အား ပေး၍ ထမင်းကို ကိုင်၍နေဓ့်။ ထိုခဏ၌ ပဥ္စသိခနတ်သားသည် သွေးယောင်ဘန်ဆင်း၍ ထိုသူတို့ဓ့်ရှေ့မှ ကြင်ငယ်စွန့်လျက်သွားဓ့်။ ပုဏ္ဏားတို့သည် ဒိဒိဘို့ဓ့် ဃနာထမင်းကို လက်ဖြင့် ပိတ်ကြဲကုန်ဓ့်။ ထိုအတူ သေဋ္ဌေးသည်လည်း ဒိဒိထမင်းကို လက်ဖြင့်ပိတ်ဓ့်။ သေဋ္ဌေးဓ့်လက်ဘမိုးသို့ကြင်ငယ်ပေါက်သည် ရောက်ဓ့်။ သေဋ္ဌေးသည် လက်ကို ဆေးလို၍ ထမင်းဒဏ်းကို ကြည့်နှင့်ကြပါကုန်ဟုဆို၍ မြစ်သို့သက်ဓ့်။ ထိုခဏ၌လျှင် သွေးသည် ထမင်းဒဏ်း၌ ကြင်ငယ်စွန့်ဓ့်။ သေဋ္ဌေးသည် ကြင်ငယ်စွန့်သောသွေးကို မြင်၍ ကြီးစွာသောလှုံတံကိုကိုင်၍ ဦမ်းချောက်လျက် ပြေးလာဓ့်။ သွေးသည် အာဇာနည်မြင်းမျှဖြစ်၍ ထိုထိုအရပ်သို့ရောက်သော ထိုသေဋ္ဌေးကို လိုက်ဓ့်။ သေဋ္ဌေးသည် သေဘေးမှကြောက်၍ ပုဏ္ဏားတို့သို့ကပ်ဓ့်။ ပုဏ္ဏားတို့သည်လည်း ပျံ၍ ကောင်းကင်၌ ရပ်ကုန်ဓ့်။ သေဋ္ဌေးသည် ပုဏ္ဏားတို့ဓ့်တန်ဒိုးကိုမြင်၍ သင်တို့သည် အဘယ်သူကိုနည်းဟုမေးဓ့်။ ထိုအခါ သိကြားမင်းသည် ဤသူကား လနတ်သား၊ ဤသူကား နေနတ်

သား၊ ဤသူကား မာတလိနတ်သား၊ငါကား သိကြား၊ခွေးကား ပဉ္စသိခ နတ်သားဟု ပြောဆို၍ ငါတို့သည် သင်၏ ယနာထမင်းအကျိုးငှါ မလာကုန်။သင်သည် ငါတို့၏အမျိုးတည်း။ ယခု သင်သည် ဝန်တို့၏။ ဝန်တို့ကုန်သောသူတို့သည်ကား ငရဲခြွေဖြစ်ကုန်၏။ ဝန်မတို့ကုန်သောသူတို့သည် နတ်ပြည်ခြွေဖြစ်ကုန်၏။ ထိုကြောင့် သင့်ကိုသနားသဖြင့် ငါတို့လာကုန်၏ဟုဆို၏။ ထိုစကားကိုကြား၍ ကောသိယသေဋ္ဌေးသည် ဤနတ်တို့သည် ငါ၏အကျိုးကိုအလိုရှိကုန်သတတ်။ငါ့ကိုငရဲမှထုတ်၍ နတ်ပြည်သို့ တင်ကုန်၏ဟု နှစ်သက်သောစိတ်ရှိ၍ ဤနေ့မှစ၍ ငါ၏ထမင်းလုပ်မှု ထက်ဝက်ခန့်သော အတို့သည်လည်း မလှူအပ်သောမည်သည် မရှိရ။ တလက်ဘက်သောရေကိုမျှလည်း ရ၍ မလှူဘဲ မသောက်အံ့ဟု သိကြားမင်း၏အထံ၌ဆုကိုယူ၏၊ သိကြားသည် ကောသိယသေဋ္ဌေးကို ဆုံးမ၍ ဒါန၏အကျိုးကိုသိစေ၍ ပဉ္စသိကိုပေး၍ လနတ်သား စသည်တို့နှင့်တကွ နတ်ပြည်သို့သွား၏။ ထိုကောသိယ သေဋ္ဌေးသည်လည်း မြို့သို့ဝင်၍ မင်းကို ခွင့်တောင်း၍ ကိုင်တိုင်းကိုင်တိုင်းသောခွက်တို့ကိုပြည့်စေ၍ ယူစေကုန်သတည်းဟု ယာစကာဘို့အား ဥစ္စာကိုလှူ၏။ထိုခဏာ၌လျှင် တောထွက်၍ ဟိမဝန္တာတောင်နံပါး၌ ဂင်္ဂါနှင့် တရုတသောဇာတသရဒ်ဆိုင်၏အကြား၌ ကျောင်းဆောက်၍ ရသေ့ရဟန်းပြု၍ ထိုအရပ်၌ ကြာမြင့်စွာနေ၍ စုတေ၍ ဥပပတ်နတ်သားဖြစ်၍သိကြားသည် စေအပ်သော ဝေဇယန္တာရထားသို့တက်၍ မာတလိနတ်သားနှင့် သိကြား၏ အထံသို့ သွား၏။သိကြားသည် ကောသိယ နတ်သားကိုမြင်၍ နှစ်သက်သောစိတ်ရှိသည်ဖြစ်ရကား သိရဒေဝိမည်သောနတ်သို့မီးကို ကောသိယနတ်သားအား ပေး၏။ ထိုကောသိယနတ်သား၏ စည်းစိမ်ကား အတိုင်းအရှည်မရှိသည်ဖြစ်၏။ ဤငါတို့ဘုရားဖြစ်တော်မူသောကာလ၌ သာဝတ္ထိပြည်၌ အမျိုးကောင်းသားဖြစ်၍ ဘုရားသဗ္ဗညုတရားတော်ကို နာ၍ ရဟန်းပြု၍သိလတို့၌ ဖြည့်လေ့ရှိ၏။ ရတင်ကျေးဇူးနှင့်ပြည့်စုံ၏။ အလှူပေးခြင်း၌ အလိုရှိ၏။ အလှူပေးခြင်း၌မွေ့လျော်၏။ သာရဏီယတရားကိုဖြည့်၏။ပိဓိရအပ်သောလာဘ်ကို အလှူခံတို့သည်ရှိကုန်သော် မြတ်သောဆွမ်းရှိသည်ဖြစ်၍ လှူသလျှင်ကတည်း။ မြတ်စွာဘုရားသည် ထိုရဟန်း၏ အလှူပေးခြင်း၌ မွေ့လျော်သည်၏အဖြစ်ကို အထူးပြုတိုပြု၍ ရဟန်းတို့၊ ဤရဟန်းသည် ရှေးဘဝ၌လှူလေ့မရှိ ဝန်တို၏။မျက်ဖျားဖြင့်

ဆီပေါက်ကိုမျှလည်း မပေးမလှူ။ ထိုအခါ ငါသည် ထိုသူကိုဆုံးမ၍ အလှူ၏ အကျိုးကို ဟော၍ အလှူပေးခြင်း၌ တည်စေ၏။ ထိုသူသည် ကလက်ဘက်သောရေကိုမျှလည်းရ၍ မလှူမူ၍ မသောက်အံ့ဟု ငါ၏ အထံ၌ ဆုကိုယူ၏။ ထိုဆု၏အစွမ်းအားဖြင့် အလှူပေးခြင်း၌ အလိုရှိ၏။ အလှူပေးခြင်း၌ အလွန်မွေလျော်၏ဟု မိန့်တော်မူ၏။ အသိတိနိပါတ်၌ သုဓာဘောဇနဇာတ်ကိုဟောတော်မူ၏။ ။[ကောသိယ ဝဏ္ဏု]။

ဤသို့ ခိုးသားငါးရာတို့သည် သီလမရှိသော မိမိတို့ကိုယ်ကို သီလ၌ ဘာရနွါဇပုဏ္ဏားသည် မသဒ္ဓါသောမိမိကိုယ်ကို သဒ္ဓါတရားနှင့် ပြည့်စုံသည်၏အဖြစ်၌, ကောသိယသေဌေးသည် ဝန်တိုသော မိမိကိုယ်ကို ပေးကမ်း စွန့်ကြဲခြင်းနှင့် ပြည့်စုံသည်၏ အဖြစ်၌ တည်စေ၍ အထူးထူးသောအကျိုးအာနိသင်ကိုရကုန်၏။ထိုခိုးသားငါးရာအစရှိကုန်သော သူတို့၏ သီလမရှိသည်၏အဖြစ် အစရှိသည် အကြောင်းရှိသော ပစ္စုပ္ပန်သံသရာတို့၌ ရအပ်သော အကြင် ရန်သည်ရှိ၏၊ ထိုရန်ကိုလည်း သီလအစရှိသည်တို့၌ တည်သော ကာလမှ နောက်၌ပယ်အပ်၏။ ထိုကြောင့် မိမိကိုယ်စိတ်ကို ကောင်းစွာ ထားခြင်းကို မင်္ဂလာဟူ၍ မှတ်အပ်၏။ ထိုကြောင့် အဌကထာ၌-

သောပိ မင်္ဂလံ ကသ္မာ ဒိဌမ္မိက သံပရာယိက
ဝေရပ္ပဟာနဝိဝိဓာ နိသံသာဓိဂမဟေတုတော။ဟူ၍ ဆိုအပ်၏။

သောပိ၊ ထိုမိမိစိတ်ကို ကောင်းစွာ ထားခြင်းသည်လည်း။ မင်္ဂလံ၊ မင်္ဂလာမည်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ ဒိဌမ္မိက သံပရာယိကဝေရပ္ပဟာန ဝိဝိဓာနိသံသာဓိဂမဟေတုတော၊ ပစ္စုပ္ပန်သံသရာ၌ ရအပ်သောရန်ကို ပယ်ခြင်း အထူးထူးသော အာနိသင်ကို ရခြင်း၏ အကြောင်း ဖြစ်ခြင်းကြောင့်တည်း။ ထိုစကား မှန်၏။ ကောင်းစွာထားအပ်သော စိတ်သည် ခပ်သိမ်းသော စည်းစိမ်ကိုပေးခြင်းငှါ တတ်နိုင်၏။ ထိုကြောင့် သဗ္ဗညူ ဘုရားရှင်သည် အကြင်အကြင် စည်းစိမ်ကို အမိအဘအစရှိသောသူတို့သည်ပေးခြင်းငှါ မတတ်နိုင်ကုန်၊ ထိုစည်းစိမ်ကို ဤသတ္တဝါတို့၏ အကွင်း၌ ဖြစ်သော ကောင်းစွာ ထားအပ်သော စိတ်သည်သာလျှင် ပေး၏ဟု ဟောတော်မူ၍ မွေပဒ စိတ္တဝဂ်၌-

နံ တံ မာတာပိတာ ကယိရာ၊ အညေ ဝါပနဉ္ဉတကာ၊။
သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။ ။

ဟူသော ဂါထာကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တံကာရဏံ၊ ထိုတစုံတယောက်သော သူ၌ ဖြစ်ခြင်း မရှိသည်၏ အကြောင်းကို။ မာတာ၊ အမိသည်။ နကယိရာ၊ မပြုရာ။ ပိတာ၊ အဘသည်။ နကယိရာ၊မပြုရာ။ အညေ၊တပါးကုန်သော။ ဉ္ဉတကာဝါပနံ၊အဆွေအမျိုးတို့သည်လည်း။ နကရေယျုံ၊မပြုကုန်ရာ။ သမ္မာပဏိဟိတံ၊ ဆယ်ပါးသော ကုသလကမ္မပထဒဋ္ဌိ ကောင်းစွာထားအပ်သော။ စိတ္တံ၊စိတ်သည်။ နံ၊ကို။ တတော၊ ထိုဆယ်ပါးသော ကုသလကမ္မပထဟူသော အကြောင်းထက်။ သေယျသော၊လွန်မြတ်စွာ။ ကရေ၊ပြုရာ၏။

ထိုစကားမှန်၏။ မိဘတို့သည် သားသမီးဘို့အား ဥစ္စာကိုပေးကုန်သည်ရှိသော် ဤအဖြစ်၌ အမှုကို မလုပ်မူ၍ ချမ်းသာသဖြင့် အသက်မွေးလောက်ရုံဖြစ်ကုန်သောဥစ္စာကိုသာလျှင် ပေးနိုင်ကုန်၏။ သားတို့အား စကြဝဠာတမ်းမင်း၏စည်းစိမ်ကို ပေးနိုင်ကုန်သော မိဘမည်သည်ပင် မရှိလေကုန်သေး။ နှတ်တို့၏ စည်းစိမ်၊ပထမဈာန် အစရှိသည်တို့၏ ပြည့်စုံခြင်းကိုပေးနိုင် ကုန်သော မိဘ ကိုသည်ကား အဘယ်မှာ ရှိကုန်အံ့။ လောကုတ္တရာတရားကို ပေးခြင်း၌ကား ဆိုဘွယ်သည်လျှင်မရှိ၊ ဆယ်ပါးသော ကုသလကမ္မပထတရား၌ ကောင်းစွာ ထားအပ်သော စိတ်သည်ကား ခပ်သိမ်းသော စည်းစိမ်ချမ်းသာကို ပေးခြင်း၌ စွမ်းနိုင်၏။ ထိုကြောင့် သမ္မာပဏိဟိတံစိတ္တံသေယျသောနံတတောကရေ,ဟူသော စကားကို ဟောတော်မူသတည်း။ ထိုကြောင့် တစုံတယောက်သောသူသည်လည်း ကုသလကမ္မပထတရားဆယ်ပါး၌ စိတ်ကို ကောင်းစွာထားအပ်သလျှင် ကတည်း။ ထိုစကား မှန်၏။ မှားသော အားဖြင့် ထားအပ်သော စိတ်သည်ခပ်သိမ်းသောပျက်စီးခြင်းကို ပေး၏။ထိုကြောင့် သဗ္ဗညုဘုရားသည် အကျင့်ပျက်စီးခြင်းကို ဒိုးသူတို့သည်လည်း မပြုနိုင်ကုန်။ ထိုပျက်စီးခြင်းကို ဤသတ္တဝါတို့၏အတွင်း၌ မှားသောအားဖြင့် ထားအပ်သော စိတ်သည်သာလျှင် ပြု၏ဟု မိန့်တော်မူ၍ ဓမ္မပဒ စတုဝဂ်၌လျှင်-

ဒိသော ဒိသံ ယံတံ ကယိရာ၊ ဝေရိဝါပန ဝေရိနံ။
မိစ္ဆာ ပဏီဟိတံ စိတ္တံ၊ ပါပိယော နံ တကော ကရေ။ ။

ဟူသော ဂါထာကို ဟောတော်မူ၏။

ဒိသော ခိုးသူသည်။ ဒိသံ၊ ခိုးသူကို။ ဒိသွာ၊ မြင်၍။ ယံတံ၊ အကြင်ပျက်စီးခြင်းကို။ ကယိရာ၊ ပြုရာ၏။ ဝေရိဝါပန၊ ရန်သူသည်မူလည်း။ ဝေရိနံ၊ရန်သူကို။ ဒိသွာ၊မြင်၍။ ယံတံ၊အကြင်ပျက်စီးခြင်းကို။ ကယိရာ၊ ပြုရာ၏။ တတော၊ထိုပျက်စီးခြင်းထက်။ ပါပိယော၊အလွန်ယုတ်မာစွာ။ မိစ္ဆာပဏီဟိတံ၊မှားသောအားဖြင့်ထားအပ်သော။တနည်းကား၊ မိစ္ဆာ ပဏီဟိတံ၊ အကုသလ ကမ္မပထ ဆယ်ပါး၌ ထားအပ်သော။ စိတ္တံ၊ စိတ်သည်။ နံ၊ထိုသူကို။ ကရေ၊ပြုရာ၏။

အဓိပ္ပါယ်ကား၊ ခိုးသူသည် လည်းကောင်း ရန်သူသည် လည်းကောင်း သားမယား လယ်ယာကျွဲနွား အစရှိသည်တို့၌ ပြစ်မှားသည်ရှိသော် အကြင်သူအား ပြစ်မှား၏၊ ထိုပြစ်မှားတတ်သောသူကို ထိုအတူ လျှင်ပြစ်မှား၏။ မိမိအားပြစ်မှားသောခိုးသူကိုလည်းကောင်း ရန်သူကို လည်းကောင်းမြင်၍ထိုခိုးသူရန်သူ၏အကျင့်ပျက်စီးခြင်းကိုပြု၏၊ထိုပျက်စီးခြင်းထက် ယုတ်မာစွာ မှားသောအားဖြင့် ထားအပ်သော စိတ်သည် ထိုပုဂ္ဂိုလ်ကိုပြုရာ၏။ ဘိုစကားမှန်၏၊ ခိုးသူ ရန်သူတို့သည် ဤတဖြစ်၌ သာလျှင် ဆင်းရဲကိုလည်း ဖြစ်စေနိုင်ကုန်ရာ၏။ အသက် ကုန်ခြင်းကို လည်း ပြုနိုင်ကုန်ရာ၏။မှားသောအားဖြင့်ထားအပ်သော စိတ်သည်ကား မျက်မှောက်သောကိုယ်၏အဖြစ်၌ ပျက်စီးခြင်းသို့ရောက်စေ၍ တသိန်းသော ကိုယ်၏ အဖြစ်တို့ပတ်လုံးလည်း အပါယ် လေးပါး၌ ပစ်ချ၍ ဦးခေါင်းပေါ် စိမ့်သောဌါ မပေး ဟူလိုသတည်း။ ထိုကြောင့် တစုံ တယောက်သော သူသည်လည်း ရှေး၌ မှားသောအားဖြင့် မထားအပ်သလျှင်ကတည်း။ အကြင်သူသည် ရှေး၌ မှားသောအားဖြင့် ထားအပ်သောစိတ်ကို နောက်၌ ကောင်းစွာ ထားအပ်၏၊ ထိုသူကို စိတ်ကို ဆုံးမသောသူ ဟူ၍ဆိုအပ်၏။ စိတ်ကို ဆုံးမသော သူသည်လည်း မရောက်စဘူးသော နိဗ္ဗာန်အရပ်သို့ရောက်ရ၏ ။ထိုကြောင့် ဆင်ဆရာဖြစ်ဘူးသော တယောက်သော ရဟန်းကို ဆုံးမတော်မူသော မြတ်စွာ ဘုရားသည် ဓမ္မပဒ နာဂဝဂ်၌-

နဟိ ဇကေဟိ ယာနေဟိ၊ ဂန္ဆေယျ အဂတံ ဒိသံ။
ယံ အတ္ထာနာ သုဒန္တေန၊ ဒန္တော ဒန္တေန ဂစ္ဆတိ။ ။

ဟူသော ဂါထာကို ဟောတော်မူ၏။

ဇကေဟိ ယာနေဟိ။ ထိုဆင်ယဉ် အစရှိသည်တို့ဖြင့်။အဂတံ၊ အိပ်မက်မျှဖြင့် မရောက်စဘူးသော။ ယံဒိသံ၊ အကြင် နိဗ္ဗာန်ဟူသော အရပ်မျက်နှာသို့။ နဟိဂန္ဆေယျ၊ မရောက်ရ သလျှင်ကဟုည်း။ ယတော၊ အကြင်ကြောင့်။ ဒန္တော၊ ယဉ်ကျေးသောပညာရှိသည်။ ဒန္တေန၊ ဣန္ဒြေကို ဆုံးမသဖြင့် ဆုံးမအပ်သော။ သုဒန္တေန၊ အဂိယာမဂ်ကို ပွါးစေသဖြင့် ကောင်းစွာ ဆုံးမအပ်သော။ အတ္တနာ၊ စိတ်ဖြင့်။ ဒိသံ၊ နိဗ္ဗာန်ဟူသော အရပ်မျက်နှာသို့။ ဂစ္ဆတိ၊ ရောက်၏။ ကသ္မာ၊ ထိုကြောင့်။ ဘိက္ခု၊ ရဟန်း။ တော၊ သင်အား။ အတ္တဒမနမေဝ၊ စိတ်ကိုဆုံးမခြင်းသည်သာလျှင်။ ဝရံ၊ မြတ်၏။ ။အဋ္ဌသမာပတ်ဩဓိ ကထာ ပြီး၏။

၍ပတိရူပ ဒေသဝါသော စ အစရှိသော ဂါထာဖြင့် လျောက်ပတ်သောအရပ်၌ နေရခြင်း, ဧကဘာဝ၌ပြုခဲ့ဘူးသော ကောင်းမှု ရှိသော သူ၏အဖြစ်,ကိုယ်စိတ်ကိုကောင်းစွာ ထားခြင်းဟူသော မင်္ဂလာတရား သုံးပါးကိုဟောတော်မူ၏။ ။ဒုတိယ ဂါထာအနက်ကား ပြီး၏။

၇-ဗာဟုသစ္စ မင်္ဂလာ

၄၃-ဗဟုသုတ အပ္ပသုတတို့ကို ပြခြင်း

စတုက္က အင်္ဂုတ္တိရ် ပဋ္ဌမ ပဏ္ဏာသက ဥရုဝေဠသုတ်

ဗာဟုသစ္စဥသိပ္ပဥ္စ ဟူသောဘတိယဂါထာ၌မြတ်စွာဘုရား စကားကော်ကို လည်းကောင်း သာသနာတော်မှ အပ ဖြစ်ကုန်သော သူတို့၏ အဘတ်ကို လည်းကောင်း သင်၍လည်းကောင်း နာ၍ လည်းကောင်း ဖြစ်သော ဆိုလတ္တံ့သောသိပ္ပသဒ္ဒါဖြင့် ယူအပ်သော လင်္ကာမှ ပညာကို ထား၍ ထိုထိုအမှုန် လိမ်မာသောသူ၏ အဖြစ်သည် ဗာဟုသစ္စအကြားအမြင်များသောသူ၏ အဖြစ်မည်၏။ ထို့ဗာဟုသစ္စသည် အနာဂါရိက ဗာဟုသစ္စ အာဂါရိက ဗာဟုသစ္စအားဖြင့် နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင် ဗာဟုသုတောဟောတိ သုတဓရော သုတာသန္နိစယော၊ ဤသို့ အစရှိသောနည်းဖြင့် ဥရုဝေဠသုတ် အစရှိသည်တို့၌ သာသနာတော်ကို

ဆောင်ခြင်းအကျိုးငှါ ဘုရားရှင် ချီးမွမ်းတော်မူအပ်သော ဗာဟုသစ္စ သည် အနာဂါရိက ဗာဟုသစ္စမည်၏။

ဗဟုသုတော၊ များစွာနာအပ်သော ပရိယတ္တိ တရားသည်။ သုတ ဓရော၊နာအပ်သော ပရိယတ္တိတရား၏ တည်ရာဖြစ်၍ ဖြစ်သည်။ သုတ သန္နိစယော၊ နာအပ်သော ပရိယတ္တိတရား၏ သိုမှီးရာဖြစ်၍ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ။ဗဟုသုတော ဟူသောပါဠိ၌ ကိုးပါသော အင်္ဂါဟူ သော မြတ်စွာဘုရား သာသနာတော်ကို ပါဋ္ဌိအနုသန္ဓေ ပုဗ္ဗာပရ၏ အစွမ်းအားဖြင့် သင်၏ ဟူသောအနက်ကို မှတ်အပ်၏။ သုတဓရော ဟူ သောပါဠိ၌ ဗျတိရေက အဓိပ္ပါယ်ကား အကြင်သူအား ဤမှသင်သော ဘုရားစကားတော်သည်ဤမှထွက်ပြေး၏။အပေါက်ရှိသောအိုး၌ ထည့် သကဲ့သို့ မကည်။ ပရိသတ်တို့၏ အလယ်၌ တရသော သုတ်ကိုလည်း ကောင်း ဇာတ်ကိုလည်းကောင်း ဟောခြင်းငှါလည်းကောင်း သူ့အား သင်ခြင်းငှါလည်းကောင်း မတတ်နိုင်။ ဤသူသည်သုတရေမမည် ။သု တသန္နိစယမည်သည်ကား၊ အကြင်သူအား နှလုံး၌ သိုမှီး အပ်သော တရားတော်သည် ကျောက်၌ ထုအပ်သော အရေးကဲ့သို့ ရွှေအိုး၌ ထည့် အပ်သော ခြသေ့ဆီကဲ့သို့ တည်၏။ ဤသူသည် သုတသန္နိစယ မည်၏။ [ထိုသုတ်၏ အဌကထာ]။

အကြင်ပုဂ္ဂိုလ်သည် များစွာနာအပ်သော တရားရှိ၏၊ နာအပ်သော တရားနှင့်ပြည့်စုံ၏၊ ထိုပုဂ္ဂိုလ်ကိုဘုရားသဗ္ဗညုသည် ချီးမွမ်းတော်မူ၏။ ချီးမွမ်းတော် မူသည် ကိုကား စတုက္ကအင်္ဂုတ္တိုရ် ပထမ ပဏ္ဏာသက အပ္ပဿုတသုတ်၌ ဟောတော်မူသော နည်းဖြင့်သိအပ်၏။ ။ဘိက္ခဝေ၊ တို့။ လောကသ္မိံ၊ လောက၌။စတ္တာရော၊ လေးယောက်ကုန်သော။ဣမေ ပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့သည်။ သန္တောသံဝိဇ္ဇမာနာ၊ ထင်ရှား ရှိကုန်၏။ စတ္တာရော၊လေးယောက်ကုန်သော ပုဂ္ဂိုလ်တို့သည်။ ကတမေ၊ အဘယ် သည်တို့နည်းဟူမူကား၊အပ္ပဿုတော၊ အနည်းငယ် နာအပ်သော တရား ရှိသော။ သုတေန၊ နာအပ်သောတရားနှင့်။ အနုပပန္နော၊ မပြည့်စုံသော ပုဂ္ဂိုလ်လည်းကောင်း။ အပ္ပဿုတော၊အနည်းငယ်နာအပ်သော တရားရှိ သော။ သုတေန၊နာအပ်သောတရားနှင့်။ဥပပန္နော၊ပြည့်စုံသော ပုဂ္ဂိုလ် လည်းကောင်း။ ဗဟုသုတော၊ များစွာနာအပ်သော တရားရှိသော။ သု တေန၊ နာအပ်သောတရားနှင့်။ အနုပပန္နော၊မပြည့်စုံသော ပုဂ္ဂိုလ်လည်း

ကောင်း။ ဗဟုဿုတော များစွာနာအပ်သောတရားရှိသော။ သုတေန၊နာ
အပ်သောတရားနှင့်။ဥပပန္နော၊ပြည့်စုံသောပုဂ္ဂိုလ်လည်းကောင်း။ဣမေ၊
ဤသည်တို့တည်း။ဘိက္ခဝေ၊ ရဟန်းတို့။အပ္ပဿုတော၊ အနည်းငယ်နာ
အပ်သောတရားရှိသော။ သုတေန၊ နာအပ်သောတရားနှင့်။ အနူပပန္နော၊
မပြည့်စုံသော။ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။ကထဉ္စဟောတိ၊အသို့ဖြစ်သနည်း
ဟူမူကား။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤလောကဌ်။ ဧကစ္စဿ၊ အချိသော။
ပုဂ္ဂလဿ၊ပုဂ္ဂိုလ်အား။ သုတံ၊နာအပ်သော။ သုတ္တံ၊သုတ်သည်။ ဂေယျံ၊
ဂေယျသည်။ ဝေယျာကရဏံ၊ ဝေယျာကရိဏ်းသည်။ ဂါထာ၊ဂါထာ
သည်။ဥဒါနံ၊ဥဒါန်းသည်။ဣတိဝုတ္တကံ၊ဣတိဝုတ်သည်။ဇာတကံ၊ဇာတ်
သည်။အဗ္ဘူတဓမ္မံ၊အဗ္ဘူတဓမ္မသည်။ ဝေဒလ္လံ၊ ဝေဒလ္လသည်။အပ္ပကံ၊
နည်းသည်။ဟောတိ၊၏။သော၊ထိုပုဂ္ဂိုလ်သည်။ အပ္ပကဿ၊အနည်းငယ်
သော။ တဿသုတ္တဿ၊ ထိုနာအပ်သောသုတ်အစရှိသည်၏။အတ္ထံ၊အ
နက်ကို။အညာယ။သိ၍။ဓမ္မံ၊ပါဠိကို။အညာယ၊သိ၍။ဓမ္မာနုဓမ္မပ္ပဋိပန္နော၊
ကိုးပါးသော လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်
သည်။နဟောတိ၊မဖြစ်။ ဘိက္ခဝေ၊တို့။ဇင်ခေါ၊ဤသို့လျှင်။အပ္ပဿုတော၊
အနည်းငယ်နာအပ်သော တရားရှိသော။ သုတေန၊ နာအပ်သော တရား
နှင့်။အနူပပန္နော၊မပြည့်စုံသောပုဂ္ဂိုလ်သည်။ဟောတိ၊၏။ ဘိက္ခဝေ၊တို့။
အပ္ပဿုတော၊အနည်းငယ်နာအပ်သောတရားရှိသော။ သုတေန၊နာအပ်
သောတရားနှင့်။ဥပပန္နော၊ ပြည့်စုံသော၊ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။ ကထဉ္စ
ဟောတိ၊အသို့ဖြစ်သနည်းဟူမူကား။ ဘိက္ခဝေ၊တို့။ ဣဓ။ဤလောကဌ်။
ဧကစ္စဿ၊ အချိသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ သုတံ၊ နာအပ်သော။
သုတ္တံ၊ သုတ်သည်။လ။ ဝေဒလ္လံ၊ဝေဒလ္လသည်။ အပ္ပကံ၊နည်းသည်။ဟော
တိ၊ဖြစ်၏။သော၊ထိုပုဂ္ဂိုလ်သည်။ အပ္ပကဿ အနည်းငယ်သော။တဿ
သုတ္တဿ၊ထိုနာအပ်သောသုတ်အစရှိသည်၏။ အတ္ထံ၊အနက်ကို။ အညာ
ယ၊သိ၍။ ဓမ္မံ၊ပါဠိကို။အညာယ၊သိ၍။ ဓမ္မာနုဓမ္မပ္ပဋိပန္နော၊ ကိုးပါးသော
လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်သည်။ ဟောတိ၊
ဖြစ်၏။ ဘိက္ခဝေ၊တို့။ဇင်ခေါ၊ဤသို့လျှင်။ အပ္ပဿုတော၊ အနည်းငယ်နာ
အပ်သောတရားရှိသော။ သုတေန၊ နာအပ်သော တရားနှင့်၊ ဥပပန္နော၊
ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊တို့။
ဗဟုဿုတော၊ များစွာနာအပ်သော တရားရှိသော။ သုတေန၊ နာအပ်

သောတရားနှင့်။အနုပပန္နော၊ မပြည့်စုံသော။ ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။က
ထဉ္စဟောတိ၊ အသို့ဖြစ်သနည်းဟူမူကား။ဘိက္ခဝေ၊တို့။ဣဓ၊ဤလောက
၌။ဧကစ္စဿ၊အချိုသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ သုတံ၊ နာအပ်သော။
သုတ္တံ၊သုတ်သည်။ဂေယျံ၊ဂေယျသည်။လ။ဝေဒလ္လံ၊ဝေဒလ္လသည်။ ဗဟု
ကံ၊များသည်။ဟောတိ၊၏။ သော၊ထိုပုဂ္ဂိုလ်သည်။ ဗဟုကဿ၊များစွာ
သော။ တဿသုတ္တဿ၊ ထိုနာအပ်သောသုတ်အစရှိသည်၏။ အတ္ထံ၊အ
နက်ကို။ အညာယ သိ၍။ ဓမ္မံ၊ ပါဠိကို။ အညာယ၊ သိ၍။ ဓမ္မာနုဓမ္မပဋိ
ပန္နော၊ ကိုးပါးသော လောကုတ္တရာတရားအားလျော်သော အကျင့်ကို
ကျင့်သည်။နဟောတိ၊မဖြစ်။ဘိက္ခဝေ၊တို့။ဧဝံ၊ခေါ၊ဤသို့လျှင်။ ဗဟုသု
တော၊များစွာနာအပ်သောတရားရှိသော။ သုတေန၊ နာအပ်သောတရား
နှင့်။ အနုပပန္နော၊ မပြည့်စုံသော။ ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။ ဟောတိ၊၏။
ဘိက္ခဝေ၊တို့။ ဗဟုသုတော၊ များစွာနာအပ်သော တရားရှိသော။ သု
တေန၊နာအပ်သောတရားနှင့်။ ဥပပန္နော၊ပြည့်စုံသော။ ပုဂ္ဂလော၊ပုဂ္ဂိုလ်
သည်။ကထဉ္စဟောတိ၊ အသို့ဖြစ်သနည်းဟူမူကား။ ဘိက္ခဝေ၊တို့။ ဣဓ၊
ဤလောက၌။ ဧကစ္စဿ၊အချိုသော။ ပုဂ္ဂလဿ၊ပုဂ္ဂိုလ်အား။ သုတံ၊နာ
အပ်သော။သုတ္တံ၊သုတ်သည်။ ဂေယျံ၊ဂေယျသည်။လ။ ဝေဒလ္လံ၊ဝေဒလ္လ
သည်။ ဗဟုကံ၊ များသည်။ ဟောတိ၊ ၏။ သော၊ထိုပုဂ္ဂိုလ်သည်။ ဗဟု
ကဿ၊များသော။တဿသုတ္တဿ၊ထိုနာအပ်သောသုတ် အစရှိသည်၏။
အတ္ထံ၊အနက်ကို။အညာယ၊သိ၍။ဓမ္မံ၊ပါဠိကို။အညာယ၊ သိ၍။ဓမ္မာနုဓမ္မပ
ဋိပန္နော၊ကိုးပါးသော လောကုတ္တရာ တရားအားလျော်သော အကျင့်ကို
ကျင့်သည်။ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊တို့။ ဧဝံခေါ၊ဤသို့လျှင်။ ဗဟုသု
တော၊များစွာနာအပ်သော တရားရှိသော။သုတေန၊တရားနှင့်။ဥပပန္နော၊
ပြည့်စုံသောပုဂ္ဂိုလ်သည်။ဟောတိ၊၏။ဘိက္ခဝေ၊တို့။လောကသ္မိံ၊လော
က၌။စတ္တာရော၊ လေးပါးကုန်သော။ဣမေပုဂ္ဂလာ။ ဤပုဂ္ဂိုလ်တို့သည်။
သန္တောသံဝိဇ္ဇမာနာ၊ထင်ရှားရှိကုန်၏။ ဣတိ ဤသို့၊ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။
ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အပ္ပဿုတောပိ၊ အနည်းငယ်နာ
အပ်သောတရားရှိသည်လည်းကောင်း။သီလေသု၊သီလတို့၌။အသမာဟိ
တော၊ဖြည့်လေ့မရှိသည်လည်းကောင်း။စေဟောတိ၊ အကယ်၍ဖြစ်အံ့။
နံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ သီလတောစ၊ သီလအားဖြင့် လည်းကောင်း။
အဿ၊ ထိုပုဂ္ဂိုလ်၏။ သုတေနစ၊ နာအပ်သော တရားအားဖြင့်လည်း

ကောင်း။ ဥဘယေန၊ နှစ်ပါးစုံဖြင့်။ ဂရဟန္တီ၊ ကဲ့ရဲ့ကုန်၏။ ။ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အပ္ပဿုတောပိ၊ အနည်းငယ် နာအပ်သောတရားရှိငြားသော်လည်း။ သီလေသု၊ သီလတို့၌။ သုသမာဟိတော၊ ဖြည့်လေ့ရှိသည်။ စေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ နံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ သီလတော၊ သီလအားဖြင့်။ ပသံသန္တီ၊ ချီးမွမ်းကုန်၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ သုတံ၊ နာအပ်သောတရားသည်။ နသမ္ပဇ္ဇတေ၊ မပြည့်စုံ။ ။ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဗဟုဿုတောပိ၊ များစွာ နာအပ်သောတရားရှိငြားသော်လည်း။ သီလေသု၊ သီလတို့၌။ အသမာဟိတော၊ ဖြည့်လေ့မရှိသည်။ စေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ နံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ သီလတော၊ သီလအားဖြင့်။ ဂရဟန္တီ၊ ကဲ့ရဲ့ကုန်၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ သုတံ၊ နာအပ်သောတရားသည်။ သမ္ပဇ္ဇတေ၊ ပြည့်စုံ၏။ ။ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဗဟုဿုတော၊ များစွာ နာအပ်သောတရားရှိသည်လည်းကောင်း။ သီလေသု၊ သီလတို့၌။ သုသမာဟိတော၊ ဖြည့်လေ့ရှိသည်လည်းကောင်း။ စေဟောတိ၊ အကယ်၍ဖြစ်အံ့။ နံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ သီလတောစ၊ သီလအားဖြင့် လည်းကောင်း။ သုတေနစ၊ နာအပ်သော တရားအားဖြင့်လည်းကောင်း။ ဥဘယေန၊ နှစ်ပါးစုံဖြင့်။ ပသံသန္တီ၊ ချီးမွမ်းကုန်၏။ ဇမ္ဗူနဒဿ၊ ဇမ္ဗူနဒရွှေ၏။ နိက္ခံဇုဝ၊ ငါးသုဝဏ်အပေါင်းကဲ့သို့။ ဗာဟုဿုတံ၊ များစွာနာအပ်သော တရားရှိသော။ ဓမ္မဓာရံ၊ တရားတို့၏ တည်ရာဖြစ်၍ဖြစ်သော။ သပညံ၊ ပညာရှိသော။ ဗုဒ္ဓသာဝကံ၊ ဘုရားတပည့်ဖြစ်သော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ကော၊ အဘယ်သူသည်။ နိန္ဒိတုံ၊ ကဲ့ရဲ့အံ့သောဌာ။ အရဟတိ၊ ထိုက်အံ့နည်း။ နံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပသံသန္တီ၊ ချီးမွမ်းကုန်၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ ဗြဟ္မုနာပိ၊ ဗြဟ္မာသည်လည်း။ ပသံသိတော၊ ချီးမွမ်းအပ်၏။ ။[အပ္ပသုတသုတ်ပါဠိတော်။]

၄၄—မဟာဂေါသိင်္ဂသာလဝနသုတ်အဋ္ဌကထာလာ ဝတ္ထုကို ပြခြင်း

အရှင်အာနန္ဒာ မထေရ်သည်လည်း ကိုယ်တော်၏ အကြား အမြင်များသည်၏ အဖြစ်ကို အမှီပြု၍ ဇေတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ

ဗဟုသုတာနံ ယဒိဒံ အာနန္ဒေါဟု ဘုရားသဗ္ဗညူ ချီးမွမ်းအပ်သည့်၏ အဖြစ်ဆို ရောက်၏။ အကြွားအမြင်များသော ပုဂ္ဂိုလ်သည် မငြိုငြင်သဖြင့် ရသောလာဘ်ရှိသည်လည်းဖြစ်၏။ ။ထိုစကားဦဝဏ္ဏုကိုသိအပ်၏။ တယောက်သောပုဏ္ဏားသည် ဘုရားရှာနှာ သံဃာရတနာအားပူဇော်ခြင်းသည်ထင်၏။တရားရတနာကိုကား အသို့ပူဇော်အပ်သနည်းဟု ကြံ၍ဘုရားသို့ကပ်၍ ထိုအကြောင်းကိုမေး၏။ပုဏ္ဏား၊သင်သ ည်တရားရတနာကို အကယ်၍ ပူဇော်လိုငြားအံ့။အကြွားအမြင်များသော တယောက်သောပုဂ္ဂိုလ်ကို ပူဇော်လေ့ဟု ဘုရားသဗ္ဗညူ မိန့်တော်မူ၏။ အခြင်ဘုရား၊ထိုအကြွားအမြင်များသောပုဂ္ဂိုလ်ကို ကြားဖူးတော်မူပါဟု ပုဏ္ဏားလျှောက်၏။ ရဟန်းသံဃာကို မေးလေ့ဟု ဘုရားမိန့်တော်မူ၏။ ထိုပုဏ္ဏားသည် ရဟန်းတို့ကိုကပ်၍ အခြင်ဘုရားတို့၊ အကြွား အမြင် များသော ပုဂ္ဂိုလ်ကို ကြားဖူးတော်မူပါဟု လျှောက်၏။ပုဏ္ဏား၊ အခြင် အာနန္ဒာမထေရ်သည် အကြွားအမြင်များသောပုဂ္ဂိုလ်တည်းဟု ရဟန်းတို့သည် ဆိုကုန်၏။ ပုဏ္ဏားသည်အခြင်အာနန္ဒာမထေရ်ကို ကထောင်ထိုက်သော သက်နှိုးဖြင့် ပူဇော်၏။

ဤသို့ အကြွားအမြင်များသောပုဂ္ဂိုလ်၏ များသော အကြွားအမြင်သည် ချီးမွမ်းခြင်းအစရှိသည်၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။ အကုသိုလ်ကိုပယ်ခြင်း ကုသိုလ်ကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်း မင်္ဂလာမည်၏။ ။ဤစကားသည် မှန်၏။ သတ္တအဂိုတ္တိုရ်၌ ဒုတိယဝဂ် နဂရောပမသုတ်၌-

> သုတဝါစ ခေါ ဘိက္ခဝေ အရိယသာဝကော အကုသလံ ပဇဟတိ။ ကုသလံ ဘာဝေတိ။ သာဝဇ္ဇံ ပဇဟတိ၊ အနဝဇ္ဇံ ဘာဝေတိ။ သုဒ္ဓမတ္တာနံ ပရိဟရတိ။

ဟူသော စကားကို ပေါ်ပေါက်မှုအပ်၏။

ဘိက္ခဝေ၊တို့။သုဘာဝါစခေါ၊ များသောအကြွားအမြင်ရှိသည်လည်းဖြစ်သော။ အရိယသာဝကော၊ တရားတပည့်သည်။ အကုသလံ၊အကုသိုလ်ကို။ပဇဟတိ၊ပယ်၏။ကုသလံ၊ကုသိုလ်ကို။ ဘာဝေတိ၊ပွါးစေ၏။ သာဝဇ္ဇံ၊ အပြစ်ရှိသောတရားကို။ ပဇဟတိ၊ ပယ်၏။ အနဝဇ္ဇံ၊ အပြစ်မရှိသော တရားကို။ဘာဝေတိ၊ ပွါးစေ၏။ အတ္တာနံ၊ကိုယ်ကို။ သုဒ္ဓံ၊

စင်ကြယ်စွာ။ ပရိဟာရတိ၊ စောင့်ရှောက်ဇ၏။ ။ကိုယ်ကိုစင်ကြယ်စွာ စောင့်ရှောက်ခြင်းသည်။ ပရိယာယ် မုချအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သရဏာဂုံဖြင့် ကိုယ်ကို စောင့်ရှောက်သောသူသည် ပရိယာယ်အားဖြင့် စင်ကြယ်စွာ မိမိကိုယ်ကို စောင့်ရှောက်သည်မည်၏။ ထိုအဘူ ပဉ္စသိ, ဒသသိ, စတုပါရိသုဒ္ဓိသိလ, ပဌမဈာန်, ဒုတိယဈာန်။လ။ နေဝသညာ နာသညာ ယတနဈာန်, သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်။လ။အရဟတ္တမဂ်ဖြင့် ကိုယ်ကို စောင့်သောသူသည် ပရိယာယ်အားဖြင့် စင်ကြယ်စွာ ကိုယ်ကို စောင့်ရှောက်သည်မည်၏။ အရဟတ္တဖိုလ်၌ တည်သော ရဟန္တာသည်တမူကား ဖြတ်ပြီးသော တဏှာမူလရှိကုန်သောခန္ဓာငါးပါးတို့ကို ရေချိုးစေသော်လည်းကောင်း ခဲစေသော်လည်းကောင်း စားစေသော်လည်းကောင်း ထိုင်စေသော်လည်းကောင်း မုချအားဖြင့်သာလျှင် ရာဂအစရှိသော အညစ်အကြေးကင်းသည်ကိုပြု၍ စင်ကြယ်စွာ ကိုယ်ကို စောင့်ရှောက်၏။ ။ဒုက အာဒိတ္တိ၌အဋ္ဌကထာ]။

အကြားအမြင်ပျားသောအဖြစ်သည် နိဇ္ဇာန်ကိုမျက်မှောက် ပြုရခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။ထိုအနက်ကိုကား ဘာရဒွါဇပုဏ္ဏားအား မြတ်စွာဘုရားသည် ဟောတော်မူအပ်သော—

သဒ္ဓါဓနံ ဝေါ ဗြာဟ္မဏ ပုရိသော အဿဒ္ဓေါ။ ဒေဝေါ ဝဿတု။ ဒေဝေါ ဝဿတု။ ဣဿရေ ဝဿတု။ ဣဿရေ ဝဿတု။ ဗီဇာနိ ဝိရူဟန္တု။ ဗီဇာနိ ဝိရူဟန္တု။ ဣဿရော ဝဿတု။ ဣဿရော ဝဿတု။ ဣဿရော ဝဿတ

သန္တော၊ အနီးဌ်နေသောသူသည်။ သောတံ၊ နားကို။ ဩဒဟတိ၊ ထောင်၏။ ဩဒဟိတသောတော၊ နားထောင်သောသူသည်။ ဓမ္မံ၊ တရားကို။ သုဏာတိ၊ နာ၏။ သုတွာ၊ ၍။ ဓမ္မံ၊ တရားကို။ ဓာရေတိ၊ ဆောင်၏။ နံ၊ ထိုတရားကို။ ဓာတာ၊ ဆောင်သောသူသည်။ ဓမ္မာနံ၊ တရားတို့၏။ အတ္ထံ၊ အနက်ကို။ ဥပပရိက္ခတိ၊ အကျိုးအကြောင်းအားဖြင့်စုံစမ်း၏။ ဥပပရိက္ခတော၊ အကျိုးအကြောင်းအားဖြင့် စုံစမ်းသောသူအား။ ဓမ္မာ၊ တရားတို့သည်။ နိဇ္ဈာနံ၊ ရှုခြင်းကို။ ခမန္တိ၊ ခံ့ကုန်၏။ ဓမ္မနိဇ္ဈာနက္ခမန္တိ ယာ၊ တရားတို့၏ ရှုခြင်း၄၊ ခံ့ခြင်းကြောင့်။ ဆန္ဒော၊ ပြုံလိုသည်၏ အဖြစ်ဟူသော ဆန္ဒသည်။ ဇာယတိ၊ ဖြစ်၏။ ဆန္ဒဇာတော၊ ဆန္ဒဖြစ်သော သူသည်။ ဥဿဟတိ၊ အားထုတ်၏။ ဥဿဟိတွာ၊ အားထုတ်၍။ တုလယတိ၊ အနိစ္စအစရှိသည်တို့၏ အစွမ်းအားဖြင့် ဆင်ခြင်၏။ တုလယိတွာ၊ အနိစ္စ အစရှိသည်တို့၏အစွမ်းအားဖြင့် ဆင်ခြင်၍။ ပဒဟတိ၊ မင်္ဂ၌ အကျုံးဝင်သော သမ္မပ္ပဓာန်ကို အားထုတ်၏။ ပဒဟန္တော၊ မင်္ဂ၌ အကျုံးဝင်သော သမ္မပ္ပဓာန်ကို အားထုတ်သည်။ သမာနော၊ ဖြစ်လတ်သော်။ ကာယေနစေဝ၊ ပညာနှင့်တကွဖြစ်သော နာမ်တရား အပေါင်းဖြင့်လည်း။ ပရမက္ကသစ္စံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏။ ပညာယစ၊ ပညာဖြင့်လည်း။ တံ၊ ထိုနိဗ္ဗာန်ကို။ အတိဝိပဿတိ၊ ထင်စွာမြင်၏။

၄၅-သေနကသုခဒိန် ဝတ္ထု

သတ္တနိပါတ်သတ္တုတ္တသွဇာတ် အဋ္ဌကထာ

လူတို့၏ သာသနာတော်မှ အပဖြစ်သော အတတ်ကို နာ၍ လည်းကောင်း သင်၍ လည်းကောင်း ဖြစ်သော ပညာသည် အဂါရိယ ဗာဟုသစ္စမည်၏။ ထိုလူတို့ အကြားအမြင် ပညာ၌လည်း အကြင် အကြားအမြင် ပညာသည် အပြစ်မရှိ။ ထို အကြားအမြင် ပညာသည် ပစ္စုပ္ပန်သံသရာ နှစ်တန်သော ဘဝ၌ စီးပွါးချမ်းသာကို ဆောင်ရွက်တတ်သောကြောင့် မင်္ဂလာမည်၏။ ။ထိုစကား၌ ဝတ္ထုကိုသိအပ်၏။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘုရားလောင်းသည် သေနကမည်သော ပုဏ္ဏားဖြစ်၍ တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို

သင်၍ ဗာရာဏသီပြည်သို့ တဘန်ပြန်ဏ်။ ထိုအခါ ဇနကမည်သော ဗာရာဏသီမင်းသည် ထို သေနက ဘုရားလောင်းအား များစွာသော စည်းစိမ်အခြံအရံနှင့်တကွ အမတ်အရာကို ပေးဏ်။ ထိုအခါတယောက်သော ပုဏ္ဏားအိုသည် ဥစ္စာအလှူခံသဖြင့် အသပြာ တထောင်ကို ရ၍ ကယောက်သောပုဏ္ဏားမျိုးခွဲ အပ်နှံခဲ့၍ တဘန်အလှူခံပြန်အံ့ သောငှါ သွားဏ်။ အပ်နှံအပ်ကုန်သောအသပြာဘို့ကို သုံးဆောင်နှင့်၍ ထိုပုဏ္ဏား အိုသည့် တဘန်ပြန်လာသော် ပေးခြင်းငှါ မတတ်နိုင်သော ထိုပုဏ္ဏား သည့် မိမိသမီးကို ခြေရင်းခွဲအလုပ်အကျွေးပြု၍ပုဏ္ဏားဒိန်အား ပေးဏ်။ထို ပုဏ္ဏားအိုသည် ထိုပုဏ္ဏားမျိုသမီးကိုယူ၍ ဗာရာဏသီပြည်ဏ်အနီးပုဏ္ဏား ရွာ၌နေဏ်။ထိုပုဏ္ဏားမသည်ကား ငယ်ဏ်။မေထုန်အကျင့်ဖြင့် မရောင့်ရဲ။ တယောက်သော ပုဏ္ဏားမျိုးနှင့် မှားသောအကျင့်ကို ကျင့်လျက် ဤသို့ ပြုသည်ရှိသော် ငါသည်ဘေးမရှိသည် ဖြစ်၍ ပြုလတ္တံ့ဟု ကြံ၍ တနေ့ သ၌ ပုဏ္ဏား၊ငါသည် သင့်အိမ်၌ အမှုကို မပြုနိုင်။ သင်သည် အလှူခံ၍ ရသောဥစ္စာဖြင့် ငါ့ကို ကျွန်ယောကျ်ား ကျွန်မိန်းမကို ဆောင်လော့ဟု ပုဏ္ဏားအိုကို ဆိုဏ်။ ပုဏ္ဏားအိုသည် ပုဏ္ဏေးမငယ်ဏ် အလိုသို့ လိုက်၍ ကောင်းပြီဆို၍ မုံ့ဆုပ်ဖြင့် ပြည့်သော သားရေအိပ်ကို ယူ၍ ရွာနိဂုံး စသည်ဘို့၌ လှည့်ပတ်၍ ချနစ်ရာကုန်သော အသပြာတို့ကိုရ၍ တဘန် ပြန်လတ်သော် ခရီးအကြား၀ယ်ကချသော အခေါင်းရှိသော သစ်ပင် ရင်း၌ မုံ့ဆုပ်ကိုစား၍ အိုတ်မျက်နှာ၀ကို မစည်းမဲ့ပွဲမူ၍ ရေသောက် အံ့သောငှါ ဆင်းသက်ဏ်။ထိုအခါ သစ်ပင်ခေါင်း၌နေသော တရုသော ပြွေဟောက်သည် မုံ့ဆုပ်နံ့ နံသောကြောင့် အိတ်သို့၀င်၍ ခွေလျက် မုံ့ဆုပ်ကိုစား၍၀ပ်ဏ်။ ပုဏ္ဏားသည်လာလတ်၍ အိတ်တွင်းကို မကြည့်မူ၍ အိုတ်မျက်နှာ၀ကို စည်းဘွဲ့၍ သွားသော် ပုဏ္ဏား၊ ယနေ့ သင်သည် ခရီးအကြား၌ အိပ်သည်ဖြစ်အံ့ သင်သည် သေလတ္တံ့၊ အိမ်သို့ရောက် သည်ဖြစ်အံ့ သင့်မယားသေလတ္တံ့ဟု တယောက်သော ရဟန်းသည် ဆိုအပ်သော စကားကိုကြား၍ သေဘေးမှကြောက်၍ ငိုလျက် ဗာရာ ဏသီမြို့တံခါးသို့ ရောက်ဏ်။

ထိုအခါ ကဆဲ့၀ါးရက် ဥပုသ်နေ့ဖြစ်၍ လူတို့သည် နံ့သာပန်းအစရှိ သည်ကိုလက်စွဲကုန်လျက် ဘုရားလောင်းဏ်ကာရားကိုနာအံ့သောငှါ သွား ကုန်ဏ်။ပုဏ္ဏားအိုသည် ထိုလူတို့ကိုမြင်၍ မေးလတ်သော် ထိုအကြောင်း

ကို ကြား၍သေနကပညာရှိသည် တရားဟောပုဂ္ဂိုလ်ဖြစ်သတတ်။ သေနကပညာရှိသည် တစုံတခုသော တရားကိုဟော၍ သောကကို ပယ်လတ္တံ့။ငါသည်လည်း ထိုအရပ်သို့သွား၍တရားနာခြင်းငှါသင့်၏ဟု ကြီ၍ ထိုလူတို့နှင့်တကွသွား၍ ပခုံး၌ တင်အပ်သော မုံ့ဆုပ်အိတ်ရှိသျက် ပုဏ္ဏားအိသည်ငို၍ ပရိသတ်၏ အစွန်၌ရပ်၏။ ထိုပုဏ္ဏားကိုမြင်၍ ဘုရားလောင်းသည် ပုဏ္ဏားအိ၏ကိုယ်တွင်း၌မျက်ရည်ကိုဖြစ်စေခြင်းငှါ စွမ်းနိုင်သော သောကရှိသည်ဖြစ်ရာ၏ဟုကြီ၍ ပုဏ္ဏားအိကို ဘုရားလောင်းသည်ငိုသောအကြောင်းကိုမေး၏။ ပုဏ္ဏားအိသည် ရုက္ခစိုးနတ်ဆိုလိုက်သောစကားကို ပြောဆို၍ ဤစကားကိုကြား၍ စိုးရိမ်၏။ပညာရှိ၊ ငါနှင့်မယား၏သေခြင်း၌ အကြောင်းကားအသို့နည်းဟုမေး၏။ ဘုရားလောင်းသည်စုံစမ်းလတ်သော် မိမိအကြောင်းဖြင့် လိမ်မာသော ဉာဏ်ဖြင့်လျှင်ဒိဗ္ဗစက္ခုဖြင့်မြင်သကဲ့သို့အလုံးစုံသောအကြောင်းကိုသိ၍ ပုဏ္ဏားအိတ်၌ မုံ့ဆုပ်ရှိဘူးသလောဟုမေး၏။ပညာရှိ၊မုံ့ဆုပ်ရှိ၏ဟုဆို၏။ယနေ့နံနက်စာစားသောအခါ၌အဘယ်မှာမုံ့ဆုပ်ကိုစားသနည်းဟုမေး၏။တောမှာသစ်ပင်ရင်း၌စား၏ဟုဆို၏။ မုံ့ဆုပ်ကိုစား၍ ရေသောက်အံ့ သောငှါသွားသော် အိတ်မျက်နှာဝကို ဘွဲ့၏လောဟု မေး၏။မဘွဲ့ဟုဆို၏။ထိုသို့တပြီးကား သင်ရေသောက်သွားသော ကာလ၌ မုံ့ဆုပ်နံ့ကြောင့် တခုသောမြွေဟောက်သည်အိတ်သို့ဝင်သည်ဟုငါထင်မိ၏။ယနေ့သင်သည်လမ်း၌ အိပ်အံ့ ညအခါ မုံ့ဆုပ်ကိုစားလို၍ အိတ်သို့လက်ကိုသွင်းသော်မြွေသည် လက်ကိုကိုက်၍ သင်သည် သေလတ္တံ့။ ဤကား သင်သေခြင်း၏အကြောင်းတည်း။ ယနေ့သင်သည်အိမ်သို့ရောက်အောင် သွားအံ့သင့်မယားသည် ဥစ္စာကိုယူအံ့သောငှါ အိတ်သို့ လက်ကိုသွင်းသော်မြွေသည် လက်ကိုကိုက်၍ သင့်မယားသေလတ္တံ့။ဤကား သင့်မယားသေခြင်း၏အကြောင်းတည်း။ ဤအကြောင်းကိုရည်၍ နတ်သည် ဤသို့ဆိုသတည်း။ထိုကြောင့် ထိုအိတ်ကိုချ၍ ပရိသတ်အလယ်၌ မျက်နှာဝကိုဖြေ၍ နောက်သို့ဆုတ်လျက်ရပ်၍ လှံတံဖြင့်အိတ်ကို ပုတ်ခတ်လော့ဟုဆို၏။ ပုဏ္ဏားသည် ဘုရားအလောင်းဆိုတိုင်းပြု၏။ မြွေဟောက်သည် ပါးပျဉ်းထောင်လျက် ရှူးရှူးမြည်၍ ထွက်၏။ထိုအခါ တယောက်သောအလမ္ပာယ်သည် ထိုမြွေဟောက်ကိုယူ၍ တောဌ် လွှတ်၏။ လူကို့သည် သဗ္ဗညှဘုရားကဲ့သို့ ဤသုခမိန်သည် ဖြေ၏ဟု အလွန်နှစ်သက်ကုန်၍

ပုဆိုးမြှောက်ခြင်း တသိန်း, လက်ချောင်းဖြင့် ခတ်ခြင်း တသိန်း, ကောင်းချီးပေးခြင်း တသိန်းတို့ကို ဖြစ်စေကုန်၏။မြေကြီးကွဲသောအသံ ကဲ့သို့ သဒ္ဒညုဘုရားကဲ့သို့ ကောင်းချီးပေးသော အသံသည်ဖြစ်၏။ ဘုရား အလောင်းအား ပူဇော်အံ့သောဌါ တခဲနက်သော မိုဃ်းရွာဘိ သကဲ့သို့ ရတနာခုနစ်ပါး မိုဃ်းသည် ရွာ၏။ ပုဏ္ဏားအိုသည်လည်း မိမိရအပ်သောအသပြာတို့ဖြင့် ဘုရားလောင်းကို ပူဇော်၏။ ဘုရား လောင်းသည် ထိုအသပြာတို့ကို မယူမူ၍ ပုဏ္ဏားအား တထောင်ပြည့် စိမ့်သောဌါ သုံးရာကုန်သော အသပြာတို့ကိုပေးစေ၍ သင့်ကို အဘယ် သူသည် ဥစ္စာခံစေသနည်းဟု မေး၏။ ပညာရှိ ကျွန်ုပ်မယားခံစေ သတည်းဟု ဆို၏။သင့်မယားသည် မိန်းမကြီးလော မိန်းမငယ်လောဟု မေး၏။ ပညာရှိ မိန်းမငယ်တည်းဟု ဆို၏။ ထိုသို့ တပြီးကား သင့် မယားသည် သူတပါးနှင့် မှားသော အကျင့်ကိုကျင့်လို၍ သင့်ကို စေ၏။ ဤအသပြာတို့ကို အိမ်သို့ အကယ်၍ သင်ဆောင်အံ့။ သင့်မယားသည် သယောက်အားပေးလတ္တံ့။ထိုကြောင့် သင်သည်ရွာပြင်မှတစုံတခုသော အရပ်၌ထား၍ ရွာသို့ဝင်လေလော့ဟု ဆို၍ ပုဏ္ဏားအိုကို လွှတ်လိုက်၏။

ပုဏ္ဏားအိုသည် ဘုရားလောင်းဆိုတိုင်းပြု၍အိမ်တံခါး၌ရပ်၍ ဘော တိဘောတိဟုမယားကိုခေါ်၏။ပုဏ္ဏေးမသည်လည်းထိုခဏ၌သယောက် နှင့်အတူနေလျက်ပုဏ္ဏား၏ အသံကိုကြား၍ ဆီမီးကိုငြိမ်းစေ၍ တံခါးကို ဘွင့်၍ပုဏ္ဏားအိုသည်အိမ်တွင်းသို့ဝင်ပြီးသော်သယောက်လင်ကိုထုတ် ၍ တံခါးရင်း၌ရပ်၍ အိမ်သို့ဝင်၍ သင်သည် အဘယ်မျှရခဲ့သနည်းဟု မေး၏။ငါသည် တထောင်ရခဲ့၏ဟု ပုဏ္ဏားဆို၏။အဘယ်မှာသင်ထားခဲ့ သနည်းဟုပုဏ္ဏေးမမေး၏။ထိုပုဏ္ဏားအိုသည် ထားခဲ့သောအရပ်ကိုပြော ဆို၏။ ပုဏ္ဏေးမသည် သွား၍ သယောက်လင်အားကြား၏။သယောက် လင်သည် ထိုဥစ္စာကိုယူ၍ဖဲလေ၏။နက်ဖြန်နေ့၌ပုဏ္ဏားအိုသည် ထိုဥစ္စာ ကိုမမြင်၍ ဘုရားလောင်းအထံသို့ ချဉ်းကပ်၍ကြား၏။ ဘုရားလောင်း သည် ထိုအကြောင်းကိုသိ၍ ပုဏ္ဏားအိုအား ခုနစ်ရက်လောက်အောင် သောရိက္ခာကိုပေးလိုက်၍ ရှေးဦးစွာသောနေ့၌ သင့်ဆရာခုနစ်ယောက် သင့်မယား ဆရာခုနစ်ယောက် ဤတကျိပ် လေးယောက်သော ပုဏ္ဏား ကို့ကို ပင့်ဘိတ်ကျွေးမွေး၍ နက်ဖြန်နေ့မှစ၍ တယောက် တယောက်စီ လျှော့စေ၍ခုနစ်ရက်မြောက်သောနေ့၌သင့်ဆရာတယောက်သင့်မယား

ဆရာတယောက် ဤနှစ်ယောက်ကုန်သော ပုဏ္ဏားတို့ကိုပင့်ဘိတ် ကျွေးမွေး၍ဆိုပုဏ္ဏားတို့တွင်သင့်မယား၏အကြင်ဆရာပုဏ္ဏားသည်ခုနစ်ရက်ပတ်လုံးမပြတ်လာ၏ ထိုပုဏ္ဏားကိုငါ့အား ကြားလော့ဟုဆို၏။ ပုဏ္ဏားအိုသည်ဘုရားလောင်းဆိုတိုင်းပြု၍ ဘုရားလောင်းအားကြား၏။ ဘုရားလောင်းသည် အချင်းယောက်ျားတို့ကို စေလွှတ်လိုက်၍ ထိုပုဏ္ဏားကို ခေါ်စေ၍ ဤမည်သော်သစ်ပင်ရင်းမှ ဤပုဏ္ဏားအိုဏ်အသပြာတထောင်ကို သင်ယူသလောဟုမေး၏။ ပညာရှိ၊ကျွန်ုပ်မယူပါဟုဆို၏။ သေနက ပညာရှိသည်ငါ့ကိုစင်လျက် သင်အဘယ်ကြောင့်မသိသနည်းဟုဆို၏။ ထိုပုဏ္ဏားသည်ကြောက်၍ ဤမည်သောအရပ်၌ ကျွန်ုပ် ထားပါသည်ဟုဆို၏။ ဘုရားလောင်းသည် ခိုးသူ ပုဏ္ဏားကို အချင်းယောက်ျားတို့ကို ဆောင်စေ၍ ခိုးသူပုဏ္ဏားအားမင်းအာဏာကိုပြုစေ၍ မြို့မှနှင်ထုတ်စေ၍ ပုဏ္ဏားအိုအား များစွာသောစည်းစိမ်အခြံအရံနှင့်တကွ တထောင်သောဥစ္စာကိုပေး၍ ပုဏ္ဏားအိုကိုမယားနှင့်တကွမိမိအထံ၌နေစေ၏။ ဤသေနကဇာတ်၌ ဘုရားလောင်းသည် ပုဏ္ဏားအိုကို ဆင်းရဲမှလွတ်စေသဖြင့် ပရမတ္တ ပညာပါရမီကို ဖြည့်တော်မူ၏။ ထိုကြောင့် စရိယ ပိဋကဌ်—

ပညာယ ပဝိစိနန္တော၊ဗြာဟ္မဏံ မောစယိ ဒုက္ခာ။
ပညာယ မေ သမော နတ္ထိ၊ ဧသာ မေ ပညာပါရမီ။

ဟု ဟောတော်မူသည်။

အဟံ၊ ငါသည်။ ပညာယ၊ ပညာဖြင့်။ ပဝိစိနန္တော၊ ဆင်ခြင်လျက်။ ဗြာဟ္မဏံ၊ ပုဏ္ဏားကို။ဒုက္ခာ၊ဆင်းရဲမှ။မောစယိ၊ လွတ်စေပြီ။မေ၊ငါ၏။ ပညာယ၊ပညာနှင့်။သမော၊တူသောတရားသည်။ နတ္ထိ၊ မရှိ၊ ဧသာ၊ဤသည်ကား။မေ၊ငါ၏။ ပညာပါရမီ၊ ပညာပါရမီတည်း။ ။အဌသာလိနီ ၌လည်း—

အန္တော ဘဿဂတံ သပ္ပံ ဒဿေန္တဿ ပညာပါရမိတာ
ပရမတ္တပါရမီနာမ ဇာတာ။ ဟူ၍ မိန့်အပ်၏။

အန္တောဘဿဂတံ၊သားရေအိတ်တွင်း၌ ရှိသော။သပ္ပံ၊မြွေဟောက်ကို။ဒဿေန္တဿ၊ ပြသောသေနကဘုရားလောင်း၏။ ပညာပါရမိတာ၊ ပညာပါရမီသည်။ပရမတ္တပါရမီနာမ၊ ပရမတ္တပါရမီမည်သည်။ဇာတာ၊ ဖြစ်၏။ ။ထိုစကားမှန်၏။ ဤသို့သဘောရှိသော ပြဿနာကိုဘုရား၏

တင့်တယ်ခြင်းဖြင့် ဖြေဆိုခြင်းသည်ကား ဇာတိ၏အစွမ်းလည်းမဟုတ်၊ အန္ဓယ်အမျိုး အရပ်၏ အစွမ်းလည်း မဟုတ်၊ စင်စစ်သဖြင့် ပညာ၏အစွမ်းသာလျှင်တည်း။ ထိုစကားမှန်၏။ ပညာရှိသော ယောကျ်ားသည် ဝိပသနာကိုပွါးများစေ၍ အရိယမဂ်တံခါးကိုဘွင့်၍ နိဗ္ဗာန်မြို့သို့ ဝင်ရလတ္တံ့။ သာဝက ပါရမီကိုလည်းကောင်း ပစ္စေကဗောဓိကို လည်းကောင်း အဘိသမ္ဗောဓိကိုလည်းကောင်း ထိုးထွင်း၍ သိအပ်၏။ ထိုစကားသည်မှန်၏။ နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်သော တရားတို့တွင် ပညာသည်သာလျှင်အမြတ်ဖြစ်၏။ ကြွင်းကုန်သောတရားတို့သည်ကား ပညာ၏အခြံအရံ ဖြစ်ကုန်၏။ ။ထို့ကြောင့်—

သိလံ သိရိဉ္စာဝိ သတဉ္စ ဓမ္မံ၊
ပညဉ္စ ကံ သေဋ္ဌတရံ ဝဒန္တိ။
ပညာဟိ သေဋ္ဌာ ကုသလာ ဝဒန္တိ၊
နက္ခတ္တရာဇာရိဝ တာရကာနံ။
သိလံ သိရိဉ္စာဝိ သဘဉ္စ ဓမ္မော၊
အန္ဓာယိကာ ပညာဝတော ဘဝန္တိ။
ဟူ၍ပေါဒအပ်၏။

သိလဉ္စ၊ အကျင့်သိလကိုလည်း။သေဋ္ဌတရံ၊ အလွန်မြတ်သောတရား ဟူ၍။ဝဒန္တိ၊ဆိုကုန်သလော။ သိရိဉ္စာဝိ၊အဟိုးရသည်၏အဖြစ်ကိုလည်း။ သေဋ္ဌတရံ။ အလွန်မြတ်သောတရားဟူ၍။ ဝဒန္တိ၊ ဆိုကုန်သလော။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မဉ္စ၊ တရားကိုလည်း။ သေဋ္ဌတရံ။အလွန်မြတ်သောတရားဟူ၍။ ဝဒန္တိ၊ဆိုကုန်သလော။ ပညဉ္စ၊ ပညာကိုလည်း။ သေဋ္ဌတရံ၊ အလွန်မြတ်သောတရားဟူ၍။ ဝဒန္တိ၊ ဆိုကုန်သလော။ကံ၊ အဘယ်တရားကို။ သေဋ္ဌတရံ၊ အလွန်မြတ်သောတရားဟူ၍။ ဝဒန္တိ၊ဆိုကုန်သနည်း။ ။တာရကာနံ၊ ကြယ်တို့ထက်။ နက္ခတ္တရာဇာ၊ လမင်းသည်။သေဋ္ဌောဇုဝ၊မြတ်သကဲ့သို့။ ပညာဟိပညာနာမ၊ပညာမည်သောတရားသည်။သေဋ္ဌာ၊မြတ်၏။ပညာဝတော ပညာရှိသူ၏။ တနည်းကား၊ ပညာဝတော၊ ပညာရှိသောသူသို့။ သိလဉ္စ၊ အကျင့်သိလသည်လည်းကောင်း။ သိရိဉ္စာဝိ၊ အဟိုးရသောအဖြစ်သည်လည်းကောင်း။ သတံ၊သူတော်ကောင်းတို့၏။ ဓမ္မောစ၊ တရားသည်လည်းကောင်း။ အန္ဓာယိကာ၊

နောက်သို့လိုက်ကုန်သည်။ တနည်းကား၊ အနွာယိကာ၊ အစဉ်လိုက်ကုန်သည်။ ဘဝန္တီ၊ ဖြစ်ကုန်၏။ ဧတိ၊ ဤသို့။ ကုသလာ၊ လိမ်မာသောပညာရှိတို့သည်။ ဝဒန္တီ၊ ဆိုကုန်၏။ ။ဤသို့သေနကသုခမိန်သည်ကိုယ်တော်၏ ဗဟုဿုတရှိသည်၏ အဖြစ်ကြောင့် အမတ်အရာအစရှိကုန်သည်ဟု ဆိုအပ်သောပစ္စုပ္ပန်လောက၌ အစီးအပွါးကိုရ၍လူတို့အားတရားဟောသဖြင့်လည်းကောင်း ပုဏ္ဏားအား ဆင်းရဲမှ လွတ်စေသဖြင့်လည်းကောင်းတမလွန်လောက၌ အစီးအပွါးကိုဆောင်သောအမှုကိုပြု၏ဟူ၍မှတ်အပ်၏။ [သေနကသုခမိန်ဝတ္ထု]။ ။[ထိုသတ္တနိပါတ်၌လျှင်ပရံတပဇာတ်အဋ္ဌကထာ၌လာသော တက္ကသိုလ်ပြည်၌ခပ်သိမ်းသော အတတ်ခပ်သိမ်းသောသတ္တဝါတို့၏ အသံကိုသိကြောင်း ဖြစ်သောကြောင့် သဗ္ဗရုဒဇာနနမည်သောမန္တန်ကိုသင်၍ တဘန်ပြန်၍ အဘသည်အိမ်ရှေ့အရာ၌ ထားအပ်သောနောက်၌ မင်းပြု၍ဒါန အစရှိသော ကောင်းမှုကိုပြု၍နတ်ပြည်သို့ လားရကုန်သော ဗြဟ္မဒတ်မင်းသား ဝတ္ထုကိုလည်း၍အဂါရိယ ဗာဟုဿစွကထာ၌ ထုတ်ဆောင်အပ်၏]။ ။ဗာဟုဿစွကထာ ပြီး၏။

၈-သိပ္ပမင်္ဂလာ

၄၆-သိပ္ပကထာ-အရှင် အာနန္ဒာမထေရ်ဝတ္ထု

ရဟန်းတို့၏အတတ် လူတို့၏အတတ်အားဖြင့် နှစ်ပါးအပြားရှိသော လက်မှုအတတ်သည် သိပ္ပမည်၏။ ။ထိုနှစ်ပါးတို့တွင်-

ဧဝ ဘိက္ခဝေ ဘိက္ခု ယာနိတာနိ သဗြဟ္မစာရီနံ ဥစ္စာဝစာနိ ကိံ ကရဏိယာနိ။ ယတ္တ ဒက္ခော ဟောတိ အနလသော တတြုပါယာယ ဝီမံသာယ သမန္နာဂတော အလံ ကာတုံ အလံ သံဝိဓာတုံ ယမ္ပိ ဘိက္ခဝေ ဘိက္ခု ယာနိတာနိ သဗြဟ္မစာရီနံ ဥစ္စာဝစာနိ ကိံ ကရဏိယာနိ၊ တတ္တ ဒက္ခော ဟောတိ အနလသော တတြုပါယာယ ဝီမံသာယ သမန္နာဂတော အလံ ကာတုံ အလံ သံဝိဓာတုံ။ အယမ္ပိဓမ္မော နာထကရဏော။

ဟူ၍ ဒသအင်္ဂုတ္တိုရ် ဒုတိယဝင် သတ္တမသုတ်၌ ဟောတော်မူအပ်သော သက်နိုးစိရင်ခြင်း ချုပ်ခြင်း အစရှိသော ရဟန်းတို့၏ ပရိကျွရာကို စိရင်ခြင်း အတတ်သည် ရဟန်းတို့၏ လက်မှုအတတ်မည်၏။

ဘိက္ခဝေ၊တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သဗြဟ္မစာရီနံ၊ သီတင်းသုံးဘော်တို့၏။ ဥစ္စာဝစာနိ၊ အကြီးအငယ်ဖြစ်ကုန်သော။ ယာနိတာနိကိံကရဏိယာနိ၊ အကြင်အသို့ ပြုရအံ့နည်းဟု မေး၍ ပြုအပ်ကုန်သော အမှုတို့သည်။ သန္တိ၊ ရှိကုန်၏။ ယတ္ထ၊ အကြင် မေး၍ ပြုအပ်သော အကြီးအငယ် ဖြစ်ကုန်သော အမှု၌။ ဒက္ခော၊ လိမ်မာသည်။ ဟောတိ၊ ဖြစ်၏။ အနလသော။ မပျင်းသည်။ ဟောတိ၊ ဖြစ်၏။ တတြုပါယာယ၊ ထိုသို့ မေး၍ပြုအပ်သော အမှုကြီးအမှုငယ်၌ ပြီးစေအပ်သော အကျိုး၏ အကြောင်းဖြစ်သော။ ဝီမံသာယ၊ ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ကာတုံ၊ ပြုခြင်းငှါ။ အလံ၊ စွမ်းနိုင်သည်။ဟောတိ၊ဖြစ်၏။ သံဝိဓာတုံ၊ စိရင်ခြင်းငှါ။ အလံ၊ စွမ်းနိုင်သည်။ ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ ရဟန်းသည်။ သဗြဟ္မစာရီနံ၊ သီတင်းသုံးဘော်တို့၏။ ဥစ္စာဝစာနိ၊ အကြီးအငယ် ဖြစ်ကုန်သော။ ယာနိတာနိကိံကရဏိယာနိ၊ အကြင် အသို့ ပြုရအံ့နည်းဟု မေး၍ ပြုအပ်ကုန်သော အမှုတို့သည်။ သန္တိ၊ ရှိကုန်၏။ တတ္ထ၊ ထိုမေး၍ ပြုအပ်သော အကြီးအငယ် ဖြစ်သောအမှုတို့၌။ ဒက္ခော၊ လိမ်မာသည်။ ဟောတိ၊ဖြစ်၏။ အနလသော။ မပျင်းသည်။ ဟောတိ။ဖြစ်၏။ တတြုပါယာယ၊ ထိုမေး၍ ပြုအပ်သော အမှုကြီး အမှုငယ်၌ အမှုကိုပြီးစေသည်၏ အစွမ်းအားဖြင့် ဆည်းကပ်တတ်သော။တတြုပါယာယ၊ထိုသို့မေး၍ ပြုအပ်သော အမှုကြီးအမှုငယ်၌ ပြီးစေအပ်သော အကျိုး၏ အကြောင်းဖြစ်သော။ဝီမံသာယ၊ပညာနှင့်။သမန္နာဂတော၊ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ကာတုံ၊ ပြုခြင်းငှါ။ အလံ၊ စွမ်းနိုင်သည်။ ဟောတိ၊ ဖြစ်၏။ သံဝိဓာတုံ၊ စိရင်ခြင်းငှါ။ အလံ၊ စွမ်းနိုင်သည်။ ဟောတိ၊၏။ ဣတိ၊ဤသို့။ ဝုတ္တံ၊ ဟောအပ်သော။ ယမ္ပိဓမ္မဇာတံ၊ အကြင် သဘောတရားသည်လည်း။ အတ္ထိ၊ ရှိ၏။ အယမ္ပိဓမ္မော၊ ဤတရားသည်လည်း။ နာထကရဏော၊ မိမိကိုးကွယ်ရာ အဖြစ်ကို ပြုတတ်၏။ ထိုစကား၌ ဤဝတ္ထုတို့ကို သိအပ်ကုန်၏။

တရံရောအခါ မြတ်စွာဘုရားသည် ဒဏ္ဍိဏာဂိရိ၌ ဒေသစာရီကြွ တော်မူသည်ရှိသော် မဂဓရာဇ်လယ်ကို မြင်တော်မူ၍ အာနန္ဒာ-သင် သည် ရဟန်းတို့၏ ဤသို့ သဘောရှိကုန်သော သက်နိုးတို့ကို စိရင်ခြင်း ၄၂ စွမ်းနိုင်အံ့လောဟု မေးတော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏။ အရှင် အာနန္ဒာ မထေရ်သည် လက်မှု၌ လိမ်မာသည်၏ အဖြစ်ကြောင့် ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ် စွမ်းနိုင်ပါ၏ဟု လျှောက် ထားပြီးလျှင် ထိုသို့ သဘောရှိသော သက်နိုးတို့ကို စိရင်၍ ဘုရား သဗ္ဗညုအားပြ၏။ ဘုရားသဗ္ဗညုသည် အရှင်အာနန္ဒာမထေရ်ကို ချီးမွမ်း လိုရကား—

> ပဏ္ဍိတော ဘိက္ခဝေ အာနန္ဒော။ မဟာပညော ဘိက္ခဝေ အာနန္ဒော။ ယတြဟိ နာမ သံခိတ္တေန ဘာသိတဿ ဝိတ္ထာ ရေန အတ္ထံ အာဇာနိဿတိ။ ကုသိမ္ဗိ နာမ ကရိဿတိ။ အဒ္ဓကု သိမ္ဗိနာမ မဏ္ဍလမ္ဗိနာမ အဒ္ဓမဏ္ဍလမ္ဗိ နာမ ဝိဝဋ္ဌမ္ဗိ နာမ အနုဝိ ဝဋ္ဌမ္ဗိ နာမ ဂိဝေယျကမ္ဗိနာမ ဇဃေယျကမ္ဗိ နာမ ဗာဟန္တမ္ဗိ နာမ ကရိဿတိ၊ ဆိန္နကဥ္စ ဘဝိဿတိ၊ သတ္ထလုခံ သမဏ သာရုပ္ပံ ပစ္စတ္ထိကာနံစ အနဘိဇ္ဈာဂတံ။ အနုဇာနာမိ ဘိက္ခဝေ ဆိန္နကံ သဃ်ာဋိုံ ဆိန္နကံ ဥတ္တရာသင်္ဂံ ဆိန္နကံ အန္တရဝါသကံ။

ဟူ၍ ရဟန်းတို့ကို မိန့်တော်မူ၏။

ဘိက္ခဝေ၊တို့။ အာနန္ဒော၊အာနန္ဒာသည်။ပဏ္ဍိတော၊ပညာရှိ၏။ဘိက္ခ ဝေ၊တို့။ အာနန္ဒော၊အာနန္ဒာသည်။ မဟာပညော၊ ကြီးသော ပညာရှိ၏။ ယတြဟိနာမ ယောဟိနာမ၊ အကြင်အာနန္ဒာမည်သော ရဟန်းသည်။ မယာ၊ သည်။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဘာသိတဿ၊ဟောတော် မူအပ်သောစကား၏။ အတ္ထံ၊အနက်ကို။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ အာဇာနိဿတိ၊ သိဘိ၏။ ကုသိမ္ဗိနာမ၊ တလုပ်ရှည်မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုဘိ၏။ မဏ္ဍလမ္ဗိနာမ၊ အိမ်ဝန်းကြီးမည်သည်ကိုလည်း။ ကရိဿတိ၊ပြုဘိ၏။အဒ္ဓမဏ္ဍလမ္ဗိနာမ၊အိမ်ဝန်းငယ်မည်သည်ကိုလည်း။ ကရိဿတိ၊ ပြုဘိ၏။ ဝိဝဋ္ဌမ္ဗိနာမ၊ ခေါင်ရံကြီး မည်သည်ကိုလည်း။ ကရိဿတိ၊ပြုဘိ၏။အနုဝိဝဋ္ဌမ္ဗိနာမ၊ခေါင်ရံငယ်မည်သည်ကိုလည်း။က ရိဿတိ၊၏။ဂိဝေယျကမ္ဗိနာမ၊လည်ခံမည်သည်ကိုလည်း။ ကရိဿတိ၊

ဏီ။ ဧရေယ်ယျကဗ္ဗိနာမ၊ မြင်းခေါင်းခံမည့်သည့်ကိုလည်း။ ကရိသတိ၊ ဏီ။ ဗာဟာနဗ္ဗိနာမ၊ လက်လိပ်မည့်သည့်ကိုလည်း။ ကရိသဘိ၊ ပြုတိ ဏီ။ ဆိန္နကဏ္ဍ၊ တလုပ်ရှည့်အစရှိသည်ဖြင့်ဖြတ်သောသက်နှံးမည့်သည်လည်း။ ဘဝိသတိ၊ ဖြစ်လတ္တံ့။ သတ္တလုခံ ဓးဃ်ကြောင့်ရှုံ့ရင်းသည်ဖြစ်၍။ သမဏာသာရုပ်စ၊ ရဟန်းတို့အားလျော်ပတ်သည်လည်းကောင်း။ ပစ္စတ္ထိကာနံ၊ ရန်သူတို့သည်။ အနဘိဇ္ဈာဂတံစ၊ အလိုမရှိအပ်သည်လည်းကောင်း။ ဘဝိသတိ၊ ဖြစ်လတ္တံ့။ တိက္ခဝေါ၊ တို့။ ဆိန္နကံ၊ ဖြတ်သော။ သဃ်ာဒိုံ၊ ဒုကုဋ်ကို။ ဆိန္နကံ၊ ဖြတ်သော။ ဥဇုဂရာသင်္ံ၊ ကိုယ်ဝတ်ကို။ ဆိန္နကံ၊ ဖြတ်သော။ အန္တရဝါသကံ၊ သင်းပိုင်ကို။ အနုဇာနာမိ၊ ငါတုဉ်းခွင့်ပြုတော်မူ၏။

[အရှင်အာနန္ဒာမထေရ် ဝတ္ထု၊]

၄၇-မသင်္ခရားသော ရဟန်းတပါး ဝတ္ထု၊

ထိုအခါမထင်ရှားသော ရဟန်းတပါး၏သင်းပိုင်သည်ပေါက်၏။ ထိုရဟန်းသည်နှစ်ထပ်သောဒုကုဋ်။ တထပ်သောကိုယ်ဝတ်။ တထပ်သောသင်းပိုင်ကို သဗ္ဗညုတဉာဏ်ရှင်သည် ခွင့်ပြုတော်မူအပ်၏။ ငါ၏သင်းပိုင်သည်လည်းပေါက်၏။ အကယ်၍ငါသည် အစာရည်ကိုထုတ်၍ ဖါရမူကား ထက်ဝန်းကျင်မှ နှစ်ထပ်အလယ်၌ တထပ်ဖြစ်လတ္တံ့ဟု ကြံ၍ အစာရည်ကိုထုတ်၍ဖါ၏။ သဗ္ဗညုဖြတ်စွာဉာဏ်ရှင်သည် ထိုအကြောင်းကို သိတော်မူ၍ ဂေါ်ကျောင်းစည်သွားလည်ခြင်းကို လည်ဘိသကဲ့သို့ ထိုရဟန်း၏ အထံသို့ ကပ်တော်မူ၍ ရဟန်း .....သင်သည် အဘယ်ကို ပြုသနည်းဟု မေးတော်မူ၏။ အရှင်ဘုရား....သင်းပိုင် အစာရည်ကို ထုတ်၍ ကပ်စေအပ်သော အထက်လွှာကို ဖါသည်ကား ကောင်းစွ ကောင်းစွဟု ပြန့်တော်မူ၍-

> အနုဇာနာမိ ဘိက္ခဝေ အဟတာနံ ဒုဿာနံ အဟတကပ္ပါနံ ဒွိဂုဏံ သဃ်ာဋိံ။ ဂေါစ္ဆိယံ ဥဇ္ဇုရာသင်္ံ။ ဂေါစ္ဆိးယ် အန္တရဝါသကံ။ ဥတ္တဒ္ဒဠှာနံ ဒုဿာနံ စတုဂုဏံ သဃ်ာဋိံ။ ဒွိဂုဏံ

ဥတ္တရာသင်္ဃံ။ ဒွိဂုဏံ အန္တရဝါသကံ။ ပံသုကူလေ ယာဝဒတ္ထံ ပါပဏိကေ ဥဿာဟော ကရဏီယော။ အနုဇာနာမိ ဘိက္ခဝေ အဂ္ဃဋ္ဌံစ တုန္နံ ဩဝဋ္ဋိကံ ကတ္တုံ သတံ ဒဋ္ဌိကမ္မံ။

ဟူ၍ ရဟန်းတို့ကို မိန့်တော်မူ၏။

ဘိက္ခဝေ၊တို့။ အဟံတာနံ၊ အစောမကျေကုန်သော။ ဒုဿာနံ၊ပုဆိုး တို့၏လည်း၊ကောင်း။ အဟံတကပ္ပါနံ၊ တင်္ကြိမ်ဖွပ်လျော် အပ်ကုန်သော။ ဒုဿာနံ၊ ပုဆိုးတို့၏လည်းကောင်း။ ဒွိဂုဏံ၊ နှစ်ထပ်သော။ သင်္ဃာဋိံ၊ ဒုကုဋ်ကို။ ဧကစ္စိယံ၊တထပ်သော။ ဥတ္တရာသင်္ဃံ၊ကိုယ်ဝတ်ကို။ ဧကစ္စိယံ၊ တထပ်သော။ အန္တရဝါသကံ၊သင်းပိုင်ကို။ ဥတုဒ္ဓဋ္ဌာနံ၊ ကြာမြင့်သော ကာလသိမ်မြဲ၍ထား၊အပ်ကုန်သော။ ဒုဿာနံ၊ပုဆိုးနွမ်းတို့၏။ စတုဂုဏံ၊ ခေါက်ထပ်သော။ သင်္ဃာဋိံ၊ဒုကုဋ်ကို။ ဒွိဂုဏံ၊နှစ်ထပ်သော။ ဥတ္တရာသင်္ဃံ၊ ကိုယ်ဝတ်ကို။ ဒွိဂုဏံ၊နှစ်ထပ်သော။ အန္တရဝါသကံ၊သင်းပိုင်ကို။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုဘော်မူ၏။ ပံသုကူလေ၊ပံသုကူဖြစ်သော။ ပါပဏိကေ၊ဈေးမြို့ဆိုင်းအပ်သော ပုဆိုးကြမ်းသက်နှံးခွံ။ ယာဝဒတ္ထံ၊အလိုရှိတိုင်း။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ ဘိက္ခဝေ၊တို့။ အဂ္ဃဋ္ဌံစ၊အစောရည်ကိုထုတ်၍ဖါအပ်သော အဝတ် သင်းပိုင်ကိုလည်းကောင်း။တုန္နံစ၊ချည်ခွံချု ပ်ခြင်းကိုလည်းကောင်း။ဩဝဋ္ဋိကံစ၊ အဝတ်ခွံပြုခြင်းကိုလည်းကောင်း။ ကတ္တုံသတံစ၊ ဆောက်ပြားကိုလည်းကောင်း။ဒဋ္ဌိကမ္မံစ အစောရည်ကိုမထုတ်မူ၍ ဖါအပ်သော အဝတ်လွှာကိုလည်းကောင်း။အနုဇာနာမိ၊ငါဘုရားခွင့်ပြုဘော်မူ၏။

「မထင်ရှားသောရဟန်းတပါးဝတ္ထု」

၄၈-ရွှံ့သမားဝတ္ထု

ကွေနိပါတ်စုဠသမဝဂ် ပဗ္ဗဇ်ာတ် အင်္ဂကထာ

ဤသို့အကြောင်းတော်သင့်ရာ၌ယှဉ်အပ်သော ဤအရှင်တို့၏လက်မှ ပညာသည် ပစ္စုပ္ပန်အကျိုးဇီးပွါး၌ အကျုံးဝင်သော ချီးမွမ်းခြင်းကို ရွက်ဆောင်တတ်သောကြောင့် မင်္ဂလာမည်၏။ အကြောင်းမသင့်ရာ၌ ယှဉ်အပ်သောလက်မှပညာသည်ကဲ့ရဲ့ခြင်းကိုဆောင်တတ်သောကြောင့် မင်္ဂလာ မမည်။ထိုစကား၌ ဤဝတ္ထုကိုသိအပ်၏။ ။အရှင်လာလုဒါယိ

သည် သက်နိုးအမှုကို ပြုခြင်းငှါ လိမ်မာစွမ်းနိုင်သတတ်။ ထိုအရှင်လာလုဒါယီသည် ဓိဓိမယားဟောင်းဖြစ်သော ရဟန်းမိန်းမ၏သက်နိုးကို ချုပ်ဆိုး၍ ဓိဓိပညာဖြင့် ပြုအပ်သော မပြီးသော မေထုနမွေ့ရှိသော မိန်းမရုပ် ယောက်ျားရုပ် ဆေးရေးခြင်းကိုပြု၍ ခေါက်၍ နှမ-ယခု ဤသက်နိုးကို ခေါက်မြဲတိုင်း ဆောင်ယူထား၍ အကြင်အခါ ဘိက္ခုနီသင်္ဃာသည် အဆုံးအမခံအံ့သောငှါ သွား၏။ ထိုအခါ ဤသက်နိုးကို ရုံ၍ ဘိက္ခုနီသင်္ဃာ၏နောက်မှလာလော့ဟုဆို၏။ထို ရဟန်းမိန်းမသည် အရှင်လာလုဒါယီဆိုတိုင်းပြု၏။ ထိုအရုပ်ကိုမြင်၍ လူတို့သည်ကဲ့ရဲ့ကုန်၏။ထိုရဟန်းမိန်းမသည်တပါးကုန်သော ရဟန်းမိန်းမတို့အားကြား၏။ ရဟန်းမိန်းမတို့သည် ရဟန်းယောက်ျားတို့အား ကြားကုန်၏။ ရဟန်းယောက်ျားတို့လည်း ဘုရားသဗ္ဗညူအား ကြားလျှောက်ကုန်၏။ဘုရားသဗ္ဗညူသည် များစွာသောအကြောင်းအားဖြင့် အရှင်ဥဒါယီကို ကဲ့ရဲ့တော်မူ၍-

> ယော ပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ စီဝရံ သိဗ္ဗေ ယျဝါ သိဗ္ဗာပေယျဝါ ပါစိတ္တိယံ။
>
> ဟုဘိက္ခုနောဝါဒကဝဂ်၌ စီဝရသိဗ္ဗ သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

လူတို့၏လက်မှုအတတ်မည်သည်ကား များသောအပြားရှိ၏။ထိုများစွာသောလက်မှုအတတ်တို့တွင် သူ့အသက်ကိုသတ်ခြင်းမှ ကင်းသော အကုသိုလ်သည် ကြဉ်အပ်သော မြဲရွဲလုံးလုပ်ခြင်း ရွှေလုပ်ခြင်း အစရှိသော အကြင်လက်မှုပညာသည်ရှိ၏၊ ပစ္စုပ္ပန်လောက၌ အကျိုးကိုရွက်ဆောင်တတ်သောကြောင့်မင်္ဂလာမည်၏။ ထိုစကား၌ဤဝတ္ထုကိုသိအပ်၏။ ။လွန်လေပြီးသောအခါ ကာသိကတိုင်း ဗာရာဏသီပြည်ဝယ် တခုသော နိဂုမ်း၌များစွာသော စည်းစိမ်ရှိသော တဦးသော သေဋ္ဌေးသည်ဖြစ်၏။ထိုသေဋ္ဌေးအားမြေ၌မြှုပ်အပ်သည်လျှင်ဖြစ်ကုန်သောကုဋေလေးဆယ်ကုန်သောရွှေတို့သည်ရှိကုန်၏။သေဋ္ဌေးမယားသည်ကားသေလွန်၍ဥစ္စာကိုချစ်ခြင်းကြောင့်ဥစ္စာအပြင်၌ကြွက်မဖြစ်၏၊အစဉ်သဖြင့်အလုံးစုံသောထိုအမျိုးသည်လည်းပျက်စီးခြင်းသို့ရောက်၏။ လူအပေါင်းသည် စွန့်အပ်သည်ဖြစ်၍ထိုရွာသည်လည်းခေါ်ဝေါ်ခြင်းပညတ်မျှရှိသည်၏ အဖြစ်သို့ရောက်၏။ ထိုအခါ တယောက်သောရွဲသမားသည် ကျောက်တို့

ကိုဆစ်၍ ရွဲတို့ကိုယူလိုရကား ထိုရှာဟောင်း၌ ကျောက်တို့ကိုထုတ်၍ ဆစ်၏။ .ထိုကြွက်မသည် ကျက်စားသည်ရှိသော် ထိုကျောက်ဆစ်ရွဲသမားကိုအဘန်တလဲလဲမြင်၍ ဖြစ်သောချစ်ခြင်းရှိ၍ ငါ၏များစွာသောဥစ္စာသည်အကြောင်းမဲ့အားဖြင့် ပျက်စီးအံ့၊ ဤကျောက်ဆစ်ရွဲသမားနှင့် တပေါင်းတည်းဖြစ်၍ ထိုဥစ္စာကိုခံစားအံ့ဟုကြံ၍ တသပြာသောဥစ္စာကိုကိုက်၍ ကျောက်ဆစ်ရွဲသမား အထံသို့သွား၏။ ကျောက်ဆစ်ရွဲသမားသည်ကြွက်မကိုမြင်၍ချစ်ဘွယ်သောစကားဖြင့် ကြွက်မကိုပြောဆိုမေးမြန်းလိုရကား အမိ-အဘယ်ကြောင့်အသပြာကိုယူ၍လာသနည်းဟု ဆို၏။ကြွက်မသည်ဘခင် ဤအသပြာကိုယူ၍ ဘခင်သုံးဆောင်လော့။ ငါ့ဘို့လည်းအမဲဆောင်ခဲ့ပါလော့ဟုဆို၏။ကျောက်ဆစ်၍ ရွဲသမားသည် အသပြာကိုအိမ်သို့ဆောင်၍ အမဲကိုဝယ်ယူ၍ ကြွက်မအားပေး၏။ ထိုကြွက်မသည် အမဲကိုယူ၍ မိမိနေရာသို့သွား၍စား၏။ထိုကြွက်မသည် ဤနည်းဖြင့် နေ့တိုင်းဥစ္စာကိုဆောင်၍ ထိုကျောက်ဆစ်ရွဲသမားအားသာလျှင်ပေး၍ အမဲကိုယူ၏။ ဤသို့အစဉ်သဖြင့် ထိုကြွက်မသည် အလုံးစုံလည်းဖြစ်သောဥစ္စာကို ထိုကျောက်ဆစ်ရွဲသမားအားသာလျှင် ပေး၏။

[ရွဲသမားဝတ္ထု]

၄၃-ကိလဉ္ဇဒါယကာမဆေရ်ဝတ္ထု

အပဒါန စတုဝီသတိမဝဂ်

သိပ္ပနှီယံကိဋ္ဌိဟက္ကကောသလ္လံ ဟု သာမညအားဖြင့် အဋ္ဌကထာ၌ ဆိုအပ်သည်၏ အဖြစ်ကြောင့်ကား ဩမသဝါဒသိက္ခာပုဒ်၏ ဝိဘင်း၌ လာသော နှီးသည်တို့၏ အတတ် အစရှိသည် ကိုလည်းကောင်း ကျောက်စရစ်ပစ် အတတ်ကိုလည်းကောင်း ရအပ်သည် သာလျှင်ကတည်း။ ထိုဆိုအပ်ပြီးသော အတတ်သည်လည်း အကျိုး စီးပွါးကို ရွက်ဆောင်တတ်သောကြောင့်မင်္ဂလာမည်၏။ထိုစကား၌ဤဝတ္ထုတို့ကို သိအပ်ကုန်၏။ ။လွန်လေပြီးသောအခါ တိဝရမြို့၌ တယောက်သော နှီးသည်သည် သိဒ္ဓတ်မြတ်စွာဘုရား ပူဇော်အံ့သောငှါ ဖျာကိုလှူ၏။ ထိုကောင်းမှုကြောင့် သုဂတိ၌သာလျှင် ကိုးဆဲ့ လေးကမ္ဘာပတ်လုံး ကျင်လည်၍ ဤငါတို့ မြတ်စွာဘုရား ဖြစ်တော်မူသော အခါ၌ အမျိုး

ကောင်းသား ဖြစ်၍ သာသနာတော်၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုရဟန္တာသည် ကိုယ်တော်၏ ရှေးအကျင့် ဟူသော အကြောင်းကို ပြလိုရကား—

တိဝရာယံ ပုရေ ရမ္မေ၊ နဋ္ဌကာရော အဟံ တဒါ။
သိဒ္ဓတ္ထေ လောကပဇ္ဇောတေ၊ ပသန္နာ ဇနတာ တဟိံ။
ပူဇေတုံ လောကနာထဿ၊ ကိလဉ္ဇံ ပရိယေသတိ။
ဗုဒ္ဓပူဇံ ကရောန္တာနံ၊ ကိလဉ္ဇံ အဒဒံ အဟံ။
စတုန္နဝုတိယော ကပ္ပေ၊ ယံ ကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ကိလဉ္ဇဿ ဣဒံဖလံ။
သတ္တသတ္တတိကပ္ပမှိ၊ ရာဇာ အာသိံ ဇလန္ဓရော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တိ မဟဗ္ဗလော။
ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာဝိစ အဋ္ဌိမေ။
ဆဋ္ဌာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဟူကုန်သော ဂါထာတို့ကို ဟောတော်မူ၏။

အဟံ၊ ငါသည်။ ရမ္မေ၊ မွေလျော်ဘွယ် ရှိသော။ တိဝရာယံ၊ တိဝရမည်သော။ ပုရေ၊ပြည်၌။ နဋ္ဌကာရော၊ နှီးသည်သည်။အဟောသိ၊ ဖြစ်ဘူး၏။ တဒါ၊ ထိုအခါ၌။ သိဒ္ဓတ္ထေ၊ သိဒ္ဓတ်ဘုရားရှင်သည်။ လောက ပဇ္ဇောတေ၊ လောက၌ ထွန်းပတော်မူသည်ရှိသော်။ တဟိံ၊ ထိုဘုရား ရှင်၌။ ပသန္နာ၊ ကြည်ညိုသော။ ဇနတာ၊ လူတို့၏ အပေါင်းသည်။ လောကနာထဿ၊ သိဒ္ဓတ်မြတ်စွာဘုရားအား။ ပူဇေတုံ၊ ပူဇော်အံ့သော ငှါ။ ကိလဉ္ဇံ၊ဖျာကို။ ပရိယေသတိ၊ ရှာ၏။ ဗုဒ္ဓပူဇံ၊ ဘုရားအား ပူဇော် ခြင်းကို။ ကရောန္တာနံ၊ ပြုလိုကုန်သော သူတို့အား။ အဟံ၊ ငါသည်။ ကိလဉ္ဇံ၊ ဖျာကို။ အဒဒံ၊လှူဘူး၏။ တဒါ၊ ထိုအခါ၌။ ယံကမ္မံ၊ အကြင် ဖျာလှူခြင်းအမှုကို။ အကရိံ၊ ပြုဘူး၏။ စတုန္နဝုတိယောကပ္ပေ၊ ကိုးဆဲ့ လေးကမ္ဘာတို့ပတ်လုံး။ ဒုဂ္ဂတိံ၊ဒုဂ္ဂတိကို။ နာဘိဇာနာမိ၊မသိရ။ ဣဒံ၊ ဤအကျိုးသည်ကား။ ကိလဉ္ဇဿ၊ ဖျာအလှူ၏။ ဖလံ၊ အကျိုးတည်း။ သတ္တသတ္တတိကပ္ပမှိ၊ ခုနစ်ဆဲ့ခုနစ်ကမ္ဘာ၌။ ဇလန္ဓရော၊ ဇလန္ဓရ မည် သော။ သတ္တရတနသမ္ပန္နော၊ ရတနာခုနစ်ပါးနှင့် ပြည်စုံသော။ မဟဗ္ဗ လော၊ကြီးသောအာနုဘော်ရှိသော။ စက္ကဝတ္တိရာဇာ၊ စကြဝတေးမင်း

သည်။ အာသိံ၊ ဖြစ်ဘူး၏။ စတဿော ပဋိသမ္ဘိဒါ၊ လေးပါးကုန်သော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း။ အဌဝိမောက္ခာပိစ၊ ရှစ်ပါးကုန်သော ဝိမောက္ခတို့ကိုလည်းကောင်း။ ဆဋ္ဌာဘိညာ၊ ခြောက်ပါး ကုန်သော အဘိညာဏ်တို့ကိုလည်းကောင်း။ မယာ၊ ငါသည်။ သစ္ဆိကတာ၊ မျက်မှောက်ပြုအပ်ကုန်ပြီ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်ကို။ ကတံ၊ ပြုအပ်ပြီ။ [ကိလဋ္ဌဒါယကာ မထေရ်ဝတ္ထု]။

၅၀–နှီးသည်ဝတ္ထု

တိကနိပါတ် မဟာပနာဒဇာတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ နှီးသည်သည် လယ်သို့သွားစဉ် တပါးကုန်သော ပစ္စေကဗုဒ္ဓါကိုမြင်၍ ကျွန်အမှုလုပ်တို့ကို မျိုးကြိကြကုန်လော့ဟု စေလွှတ်လိုက်၍ မိမိသည် ပြန်လည်၍ ထိုပစ္စေကဗုဒ္ဓါကို အိမ်သို့ပင့်ဆောင်၍ ကျွေးမွေး၍ တဘန် ဂင်္ဂါ မြစ်နားသို့ပင့်ဆောင်၍ သားနှင့်တကွရေသဖန်းသားခြေကျူနံရံရှိသောသစ်ရွက်မိုးသော ကျောင်းကို ဆောက်လုပ်၍ စင်္ကြံကိုလည်း ဆောက်လုပ်၍ ထိုပစ္စေကဗုဒ္ဓါကို ထိုကျောင်း၌ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးနေစေ၍ သားအဘနှစ်ယောက်တို့သည်ဝါကျွတ်သော်အရှင်ပစ္စေကဗုဒ္ဓါကို သက်နှံးသုံးထည်ဖြင့် လှူဒါန်းပူဇော်၍ လွှတ်လိုက်ကုန်၏။ ဤနည်းဖြင့် ခုနစ်ပါးကုန်သော ပစ္စေကဗုဒ္ဓါတို့ကို ထိုကျောင်း၌ သီတင်းသုံးနေစေ၍ သက်နှံးထည် သုံးထည်တို့ကို လှူကုန်၏။(သားအဘနှစ်ယောက်တို့သည် ဝါကျွတ်ကုန်၍ ဂင်္ဂါမြစ်နား၌ ပါးခုတ်ကုန်သည်ရှိသော် ပစ္စေကဗုဒ္ဓါတို့ကို မြင်ကုန်၍ ဤသို့ပြုကုန်၏ ဟူ၍လည်းဆိုကြကုန်၏)။ထိုသားအဘနှစ်ယောက်တို့သည် စုတေ့၍ သေလွန်ကုန်သော် တာဝတိံသာ နတ်ပြည်၌ ဖြစ်ကုန်၍ ကာမာဝစရ နတ်ပြည်ခြောက်ထပ်တို့၌ အနုလုံ ပဋိလုံအားဖြင့် နတ်စည်းစိမ်ကို ခံစားကုန်လျက် ကျင်လည်ကုန်၍ ထိုနှစ်ယောက်တို့တွင် အဘသည် နတ်ပြည်၌သာလျှင် တည်၏။ သားသည် နတ်ပြည်မှ စုတေ့၍ ဝိဒေဟရာဇ်တိုင်း မိမိလာပြည်၌ သုရုစိမင်း၏ သုမေဓာ မည်သော မိဖုယား ဝမ်း၌ ဖြစ်၍ ဆယ်လ လွန်သဖြင့် ဘွား၏။ ထို မင်းသားအား မဟာ ပနာဒ ဟူသော အမည်ကို

မှည့်ကုန်၏။ ထို မဟာပနာဒ မင်းသားသည် တဆဲ့ ခြောက်နှစ်မြောက်သော ကာလ၌ ခပ်သိမ်းကုန်သော အတတ်တို့၌ အပြီးသို့ရောက်၏။ ထိုအခါ သုရုစိမင်းသည် အိမ်ရာတတ်ကုန်သော ဆရာတို့ကို အမောင်တို့ လက်သမား တို့ကို ခေါ်၍ ငါ့သားတော်၏ ပြာသာဒ်ကို ဘန်ဆင်းကြဲ ကုန်လော့ သားတော်ကို မင်းအဖြစ်ဖြင့် အဘိသိက်သွန်ကုန်အံ့ဟုဆို၏။ ထို ဆရာတို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ မြေအရပ်ကို စုံစမ်းကုန်၏။ ထိုအခါ မဟာပနာဒမင်းသား၏ ကောင်းမှုအာနုဘော်ကြောင့် သိကြားမင်း၏နေရာသည် ပူသောအခြင်း အရာကို ပြ၍ သိကြားမင်းသည် ထို အကြောင်းကိုသိ၍ ဝိသုကြုံနတ်သားကို သွားချေ ပြာသာဒ်ဘန်ဆင်းချေဟု စေ၏။ ဝိသုကြုံ နတ်သားသည် လက်သမားအသွင်ဖြင့် လက်သမားတို့၏ အထံသို့သွား၍ သင်တို့သည် နံနက်စာစား၍ လာကြကုန်လော့ဟု လက်သမားတို့ကို လွှတ်လိုက်၍ လှံတံဖြင့် မြေကိုခတ်၏။ ထိုခဏ၌လျှင် ယူဇနာခွဲအလျားအနံ ရှိသော နှစ်ဆဲ့ငါးယူဇနာအမြင့်ရှိသော ဘုံခုနစ်ဆင့်ရှိသော ရတနာခုနစ်ပါးဖြင့် ပြီးသော ပြာသာဒ်သည်ပေါက်၏။ အကြင်ပြာသာဒ်ကိုရည်၍ သဗ္ဗညူ ဘုရားရှင်သည်—

ပနာဒေါနာမ သောရာဇာ၊ ယဿ ယူပေါ သုဝဏ္ဏမယော။
တိရိယံ သောဋ္ဌသုဗ္ဗေခော၊ ဥစ္စ မာဟု သဟဿခာ။
သဟဿကဏ္ဍော သတ္တဂေဏ္ဍု၊ ဇောလု ဟရိတာ မယော။
အနစ္စုံ တတ္ထ ဂန္ဓဗ္ဗာ၊ ဆ သဟဿာနိ သတ္တခာ။

ဟုဟောတော်မူ၏။

ယဿရညော၊ အကြင်မင်း၏။ ယူပေါ၊ ပြာသာဒ်သည်။ သုဝဏ္ဏမယော၊ရွှေဖြင့်ပြီး၏။ တိရိယံ၊ အကျယ်အားဖြင့်ကား။သောဋ္ဌသုဗ္ဗေခော၊ မြားတဆဲ့ခြောက်ကြိမ်ကျအကျယ်ရှိ၏။ သဟဿခာ၊ တထောင်သော မြားသွားအရေအတွက်အားဖြင့်။ ဥစ္စံ၊ အမြင့်ကို။ အာဟု၊ ဆိုကုန်၏။ သဟဿကဏ္ဍော၊ မြားသွားတထောင်အမြင့်ဆောင်သော ရွှေပြာသာဒ်သည်။ သတ္တဂေဏ္ဍု၊ ဘုံခုနစ်ဆင့်ရှိ၏။ ဇောလု၊ များသောတံခွန်ရှိ၏။ ။(သသာလု ဟူ၍ပါဠိရှိသော် သသာလု၊ ပတ္တမြားစိမ်းဖြင့် ပြီးသောတုံခါးရွက်လေသွန်တံခါးတို့နှင့် ပြည့်စုံ၏ ဟူ၍ ဆိုလေ)။ ။

ဟရိတာမယော၊ စိမ်းသောပတ္တမြား တို့ဖြင့် ခြံရံအပ်၏။ တတ္တ၊ ထိုပြာသာဒ်၌။ ဂန္ဓဗ္ဗာ၊ က,ခြေသည်တို့သည်။ သတ္တဓာ၊ ခုနစ်ခုဖြစ်ကုန်၍။ ဆသဟဿာနိ၊ ခြောက်ထောင်ခြောက်ထောင်စီတို့သည်။ အနစ္စုံ၊ က,ကုန်၏။ သောရာဇာ၊ ထိုပြာသာဒ်ရှင်မင်းသည်။ ပနာဒေါနာမ၊ ပနာဒမည်၏။

မဟာပနာဒမင်းသည် ဒါနအစရှိကုန်သော ကောင်းမှုတို့ကို ပြုံ၍ သေလွန်သော် နတ်ပြည်သို့သာလျှင် လား၏။ ထိုပြာသာဒ်သည် မဟာဂင်္ဂါ၏ အကြား၌ကျ၏။ ထိုပြာသာဒ်၏စောင်းတန်းဦးရှေ့ရှုရာ အရပ်၌ ပယာဂတိဌာနမည်သော မြို့ကိုတည်၏။ ထုပိကာရှေ့ရှုရာ အရပ်၌ ကောဋိဂါမ မည်သောရွာသည် ဖြစ်၏။ ထိုနှီးသည်နတ်သားသည် ဤ ငါတို့ဘုရားဖြစ်တော်မူသော အခါ၌ နတ်ပြည်မှ စုတေ၍ ဘဒ္ဒိယမြို့၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော ဘဒ္ဒိယသေဋ္ဌေးသား ဘဒ္ဒဇိဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့ကို အခိုပြုံ၍ မုလေးတောဌ် သီတင်းသုံးတော်မူ၏။ ဘဒ္ဒိယမြို့သူတို့သည် မြို့လယ်၌မဏ္ဍပ်ဆောက်၍ အလှူကြီးကို ပေးကုန်၏။ မြတ်စွာဘုရားသည် အလှူမဏ္ဍပ်၌ဆွမ်းဘုဉ်းပေးပြီးသော် အနုမောဒနာပြုတော်မူ၏။ ဘဒ္ဒဇိသတို့သားသည်လည်း မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ တရားနာစဉ်ရဟန္တာဖြစ်၍ မြတ်စွာဘုရားနှင့် တကွ ကျောင်းတော်သွား၍ ရဟန်းပြုံ၍ ပဥ္စင်းဖြစ်၏။ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး ဘဒ္ဒိယမြို့၌ နေတော်မူ၍ ဒေသစာရီကြွတော်မူသည် ရှိသော် ကောဋိဂါမသို့ရောက်၍ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် အနုမောဒနာပြုံတော်မူ၏။ ဘဒ္ဒဇိမထေရ်သည် အနုမောဒနာ ပြုသော ကာလ၌ ရွာပသို့သွား၍ ဘုရားရှင်ကြွတော်မူသော ကာလ၌ သာလျှင် ထအံ့ဟု ဂင်္ဂါဆိပ်အနီး သစ်ပင်ရင်း၌ ဈာန်ဝင်စား၍ နေလျက် သီတင်းကြီးကုန်သော မထေရ်တို့သည် လာကုန်သော်လည်း မထမူ၍ မြတ်စွာဘုရားလာတော်မူသောကာလ၌သာထ၏။ ပုထုဇဉ် ရဟန်းတို့သည် ဘဒ္ဒဇိမထေရ်ကို ကဲ့ရဲ့ကုန်၏။ မြတ်စွာဘုရားသည် လှေဘောင်၌ ရပ်တော်မူ၍ ဘဒ္ဒဇိလာလော့ ငါနှင့်အတူတကွ လှေကို စီးလော့ဟု မိန့်တော်မူ၍ ဘဒ္ဒဇိမထေရ်သည် ပြန်၍ ဘုရားစီးတော် မူသော လှေ၌ စီး၏။ မြတ်စွာဘုရားသည် ဂင်္ဂါလယ်သို့ ရောက်သောကာလ ဘဒ္ဒဇိသင် မဟာပနာဒမင်း ဖြစ်သော ကာလ၌ နေသော ပြာသာဒ်ကား အဘယ်မှာနည်းဟု မေးတော်မူ၏။ ဘဒ္ဒဇိမထေရ်သည် အရှင်ဘုရား

ဤအရပ်၌နစ်၏ဟုလျှောက်၏။ဘုရားသဗ္ဗညူကိုရှိခိုး၍ တန်းခိုး၏အစွမ်း အားဖြင့် သွား၍ ပြာသာဒ်ထုပိကာကို ခြေချောင်းတို့ဖြင့် ညှပ်၍ ကောင်း ကင်သို့ ပျံ၍ပုထုဇဉ်တို့၏ ယုံမှားခြင်းကို ဖြတ်အံ့သောဌါပြ၍ လွှတ်၏။ ပြာသာဒ်သည်တည်မြဲတိုင်းသာလျှင်တည်၍ ယခုတိုင်မကွယ်မပျောက်။ အဘယ်ကြောင့် မကွယ်မပျောက်သနည်းဟူ၍မေးမူကား ရှေး၌ အဘ ဖြစ်ဘူးသောနှီးသည်နတ်သား၏ အာနုဘော်ကြောင့် မကွယ်မပျောက် သတည်း။ထိုစကားကိုချဲအံ့ ထိုအဘဖြစ်ဘူးသောနှီးသည်နတ်သားသည် နောင်သောအခါသခ်မည်သော စကြဝတေးမင်း ဖြစ်လတ္တံ့။ ထိုသခ် စကြဝတေးမင်း၏ အသုံးအဆောင်အကျိုးဌါ ထိုပြာသာဒ်သည် ပေါက် လတ္တံ့၊ထိုကြောင့် မကွယ်မပျောက်သတည်း။ ထိုပြာသာဒ်၌ သခ်စကြ ဝတေးမင်းသည်နေ၍ မေတ္တေယျ ဘုရားရှင်၏ ဖြစ်သော အဖြစ်ကိုသိ၍ ပြာသာဒ်ကို လှူဒါန်းစွန့်ကြဲ၍ ရဟန်းပြုလိုရကား ဤရတနာပြာသာဒ် သည် ဖရိုဖရဲကျဲစေသတည်းဟု စိတ်ကိုဖြစ်စေလတ္တံ့။ ထိုပြာသာဒ် သည် အပိုင်းအပိုင်း ဖရိုဖရဲကြဲလတ္တံ့။ မင်းသည် ထိုပြာသာဒ်ကိုမငြီ မတွယ်သော စိတ်ရှိသည်ဖြစ်၍လျှင် အကြင်သူသည် အကြင်မျှလောက် အလိုရှိ၏၊ ထိုသူသည် ထိုမျှလောက် ယူစေသတည်း။ ဤသို့ရဟန်း ပုဏ္ဏား အထီးကျန်ခရီးသွား ဖုန်းတောင်း ယာစကာတို့အား လှူဒါန်း စွန့်ကြဲ၍ မေတ္တေယျဘုရားရှင်၏ အထံတော်၌ ရဟန်းပြု၍ အရဟတ္တ ဖိုလ်သို့ ရောက်လတ္တံ့ သတည်း။ ။(ပကိဏ္ဏက နိပါတ် သုရုစိဇာတ် အဌကထာ စက္ကဝတ္တိသုတ် အဌကထာတို့၌ လာသောနှီးသည်ဝတ္ထု)။

၅၁–ဆွံ့ဝတ္ထု

ကျောက်စရစ်ပစ် အတတ်သည်ကား လျောက်ပတ်ရာ ယှဉ်အပ် သည်ရှိသော် မင်္ဂလာမည်၏။ မလျောက်ပတ်ရာ၌ ယှဉ်သည်ရှိသော် မင်္ဂလာမမည်။ ထိုအနက်ကို ပြတတ်ကုန်သော ဝတ္ထုတို့ကို ဤသို့သိအပ် ကုန်၏။ ။လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တယောက် သောလူဆွံ့သည် ကျောက်စရစ်ပစ်အတတ်၌ လိမ်မာ၏။ ထိုလူဆွံ့ကို ရွာသူ သားငယ်တို့သည် ရထားသို့ တင်ကုန်၍ မြို့တံခါးရင်း၌ တည်သော ပုညောင်ပင်ရင်းသို့ ဆောင်ကုန်၍ တရွေးတပဲ အစရှိကုန်

သော ဥစ္စာတို့ကို ပေးကုန်၍ ဆင်ရပ်ကိုပြုံလော့-မြင်းရပ်ကို ပြုံလော့ဟု ဆိုကုန်၏။ ထိုလူဆွံ့သည် ကျောက်စရစ်တို့ကိုပစ်၍ ပညောင်ရွက်တို့၌ အထူးထူးသောအရပ်တို့ကိုပြ၏။ မင်းသည် ဥယျာဉ်ထိုသွားသည်ရှိသော် ထိုအရပ်သို့ရောက်၏။ ဧကရှားအုံသည်မှ ကြောက်သောကြောင့် ခပ်သိမ်းကုန်သောသူငယ်တို့သည် ပြေးကုန်၏။ လူဆွံ့သည် ပညောင်ပင်မြစ်ကြားခွါဝပ်၏။ မင်းသည် ပညောင်ရွက်တို့၏ ပေါက်သည့်၏အဖြစ်ကိုမြင်၍။ အဘယ်သူသည် ဤသို့ထိုအပေါက်အရပ်တို့ကဲ့ ပြုံအပ်ကုန်သနည်းဟုမေး၏။ အရှင်မင်းကြီး၊ လူဆွံ့သည် 'ပြုံအပ်ကုန်၏ဟု ဆိုကုန်၏။ မင်းသည်လူဆွံ့ကို ခေါ်စေ၍ အဘယောင်ဆွံ့ ငါ၏ပုရောဟိတ်သည် အလွန်နွှတ်ကြွမ်း၏ စကားမျှား၏။ ထိုပုရောဟိတ်သည် စကားပြောအံ့သောငှါ အားထုတ်သည်ရှိသော် တပါးသောသူသည် ပြောခွင့်ကိုမရ။ ထိုပုရောဟိတ်အား အသံမရှိသည်ကဲ့ ပြုံအံ့သောငှါ သင်သည် တတ်နိုင်ပါအံ့လောဟုမေး၏။အရှင်မင်းကြီး၊ တပြည်မျှသော ဆိတ်ချေးကိုရသော် တတ်နိုင်ပါအံ့ဟု လူဆွံ့ဆို၏။ မင်းသည်လူဆွံ့ကို အိမ်သို့ ဆောင်၍ တင်းတိမ်တွင်းဌှိ နေစေ၍ တင်းတိမ် အပေါက်ကို ဘောက်စေ၍ တပြည်မျှသော ခြောက်သော ဆိတ်ချေးကို လူဆွံ့၏ အနီးဌှိထားစေ၍ ပုရောဟိတ်၏နေရာကို တင်းတိမ်ပေါက်သို့ရှေ့ရှုခင်းစေ၍ ခရားအုံသောကာလဌှိ လာသော ထိုပုရောဟိတ်ကို ထိုနေရာဌှိနေစေ၍ စကားပြောစေ၏။ ပုရောဟိတ်သည် တပါးသောသူအား ပြောဆိုခွင့်ကိုမပေးမူ၍ မင်းနှင့်တကွ ပြောဆိုအံ့သောငှါ အားထုတ်၏။ ထိုအခါလူဆွံ့သည် တခုတခုသော ဆိတ်ချေးခြောက်ကို ပုရောဟိတ်၏ ခံတွင်းဌှိ ပစ်၍ထည့်၏။ ပုရောဟိတ်သည် လာတိုင်း လာတိုင်းသော ဆိတ်ချေးခြောက်ကို နှုံမှုန့်ကဲ့သို့ မျိုး၏။ ခပ်သိမ်းသော ဆိတ်ချေးတို့သည်လည်း ကုန်လေကုန်၏။ မင်းသည် ဆိတ်ချေးတို့၏ ကုန်သောအဖြစ်ကိုသိ၍ ဆရာ၊ သင်တို့သည် အလွန်စကား ပြောကြွေးသည်၏အဖြစ်ကြောင့် တပြည်မျှသော ဆိတ်ချေးကို မျိုကုန်လျက်လည်း တစုံတခုကိုမသိကုန်။ ယခု ဤထက် အလွန်ဖြစ်သော ဆိတ်ချေးကို ကျစ်ပ်သောငှါ မတတ်နိုင်ကုန်လတ္တံ့။ သွားလေကုန်လော့ ရေကိုယ်ခေါက်၍ ပိတ်ဆို့ကုန်လော့ ဟုဆို၏။ ထိုပုရောဟိတ်သည် ထိုအခါမှစ၍ ပိတ်အပ်သော ခံတွင်းရှိသကဲ့သို့

ဖြစ်၍ ပြောဆိုတတ်သော သူနှင့်သော်လည်း မပြောဆိုသော အလေ့ ရှိသည်ဖြစ်၏။ မင်းသည် ဤဝဆွံကား ငါ၏နားချမ်းသာ ခြင်းကိုပြု ပေ၏ဟု လူဆွံအား အခွန်တသိန်း ထွက်သော လေးမျက်နှာတို့၌ လေးရွာတို့ကိုပေး၏။ ထိုအခါ တယောက်သော ပညာရှိအမတ်သည် မင်းသို့ကပ်၍ အရှင်မင်းကြီး၊ လောက၌အတတ်မည်သည်ကို ပညရှိတို့ သည် သင်အပ်၏။ ဝဆွံသည် ကျောက်စရစ်ပစ် အတတ်မျှဖြင့် လည်း ဤ စည်းစိမ်ကို ရသေး၏။ တပါးကုန်သော အတတ်တို့၏ အကျိုး အာနိသင်၏ အပိုင်းအခြားသည်ကား ဆိုတွယ်မရှိပေဟု အတတ်၏ ကျေးဇူးကို ဆိုလိုရကား—

သာရခေါ သိပ္ပကံနာမ၊ အပိ ယာဒိသ ကီဒိသံ။
ပဿ အဇပ္ပဟာရေန၊ လဒ္ဓါ ဂါမာ စတုဒ္ဒိသာ။

ဟူသော ဂါထာကို ဆို၏။

ယာဒိသကံ၊ အကြင်သို့သဘောရှိသော အတတ်၏အကျိုးအာနိသင် သည်။ အတ္ထိ၊ ရှိ၏။ ဤဒိသံ၊ ဤသို့ သဘောရှိသော အတတ်၏အကျိုး အာနိသင်ကို။ ပဿ၊ ရှုပါလော့။ အဇပ္ပဟာရေနအပိ၊ ဆိတ်ချေးပစ် အတတ်မျှဖြင့်လည်း။ စတုဒ္ဒိသာ၊ အရပ်လေးမျက်နှာ၌ ရှိကုန်သော။ ဂါမာ၊ အခွန်တသိန်း ထွက်ကုန်သော လေးရွာတို့ကို။ လဒ္ဓါ၊ ရအပ် ကုန်၏။ သိပ္ပကံနာမ၊ အတတ်မည်သည်ကား။ သာရခေါ၊ ကောင်းသ လျှင်ကတည်း။ [ဝဆွံဝတ္ထု]။

၅၂—ဟသ်ာသတ် ရဟန်းဝတ္ထု

သာလိတကဇာတ် အဌကထာ

ထိုဝဆွံသည်လျှင် ယခုအခါ သာဝတ္ထိပြည်၌ ကျောက်စရစ်ပစ် အတတ်၌လျှင် လိမ္မာသော အမျိုးသားဖြစ်၍ တနေ့သ၌ တရားတော်ကို နာရ၍ ရဟန်းပြု၍ ပဉ္စင်းအဖြစ်ကိုရ၏။ ထိုပဉ္စင်းသည် တနေ့သ၌ တယောက်သော ပဉ္စင်းဝယ်ကိုခေါ်၍ အစိရဝတီမြစ်သို့သွား၍ရေချိုး၍ ကမ်းနား၌ ရပ်၏။ ထိုခဏ၌လျှင် နှစ်ခုကုန်သော ဟသ်ာကို့သည် ကောင်းကင်၌ ပျံကုန်၏။ ထို ရဟန်းသည် အဘော် ရဟန်းဝယ်ကို ငါသည် ဤနေ့ကဲ ဟသ်ာကို ကျောက်စရစ်ဖြင့် မျက်စိ၌ပစ်၍ ရေ၌

ကျစေအံ့ဟု ဆိုဏ်။ သင် မတတ်နိုင်လတ္တံ့ဟု အဘော် ပဉ္စင်းငယ်သည် ဆိုဏ်၊ ထိုသို့ ကပြီးကား မှတ်လော့ဟုဆို၍ တရသောကျောက်စရစ်ကို ထိုဟယ်ာဏ် နောက်က ပစ်ဏ်၊ ကျောက်စရစ်သည် ရုံဟူ၍ မည်ဏ်။ ဟယ်ာသည် ပြန်၍ကြည့်ဏ်၊ ထိုရဟန်းသည် ထိုခဏ၌လျှင် တရသော လုံးသောကျောက်စရစ်ကို ပြန်၍ကြည့်သော ထိုဟယ်ာဏ်တဘက်သော မျက်စိ၌ ပစ်ဏ်၊ ကျောက်စရစ်လည်း တဘက်သော မျက်စိကို ဖေါက်ထွင်း၍ သွားဏ်။ ဟယ်ာသည် သည်းစွာသော မြည်ခြင်းကို မြည်လျက် ခြေရင်း၌သာလျှင် ကျဏ်၊ ရဟန်းတို့သည် ထိုအကြောင်းကို သိ၍ ဘုရားသဗ္ဗညုအား ကြားလျှောက်ကုန်ဏ်။ ဘုရားသဗ္ဗညုသည် များစွာသော အကြောင်းအားဖြင့် ထိုရဟန်းကို ကဲ့ရဲ့တော်မူဏ်။

[ဟယ်ာသတ်ရဟန်းဝတ္ထု]

၅၃-သဒ္ဒိကူရပြိတ္တာဝတ္ထု

ဓမ္မပဒ အဋ္ဌကထာ ဗာလဝဂ်

ထိုငဆွံဏ် အထံ၌လျှင် တယောက်သော ယောကျ်ားသည် ထိုကျောက်စရစ်ပစ် အတတ်ကို သင်ဏ်၊ ထိုအခါ ထိုယောကျ်ားကို ငဆွံသည် အမောင်နွားကိုသတ်သောသူအား တရာသောဒဏ်သည်သင့်ဏ်၊ ယောကျ်ားကို သတ်သောသူအား တထောင်သောဒဏ်သည် သင့်ဏ်၊ ထိုကြောင့် သင်သည် အတတ်ကို စမ်းလိုလတ်သော် အကြင် မိဘမရှိသော သူကိုပစ်လျှင် ဒဏ်မရှိ၊ ထိုသို့ သဘောရှိသော မိဘမရှိသော တစုံတယောက်သော သူကို စုံစမ်းလေလော့ဟု ဆိုဏ်။ ထိုယောကျ်ားသည် ကျောက်စရစ်ဘို့ကို ခါးပိုက်၌ပိုက်၍ ထိုသို့သဘောရှိသောသူကို စုံစမ်းသည် ရှိသော် တနေ့သ၌ ဆွမ်းခံအံ့သောငှါ မြို့သို့ဝင်သော သုနေတ္တမည်သော ပစ္စေကဗုဒ္ဓါကိုမြင်၍ ပစ္စေကဗုဒ္ဓါအား မိဘမရှိသော သူတည်းဟု ထို အရှင် ပစ္စေက ဗုဒ္ဓါဏ် လကျ်ာ နားတော်ကို ရည်၍ ကျောက်စရစ်ကို ပစ်ဏ်၊ ကျောက်စရစ်သည် လကျ်ာနားတော်ကဝင်၍ လက်ဝဲနားတော်က ထွက်ဏ်၊ အရှင် ပစ္စေက ဗုဒ္ဓါသည် ဖြစ်သောဒုက္ခဝေဒနာရှိ၍ ဆွမ်းခံအံ့သောငှါ မတတ်နိုင်ရကား ကောင်းကင်ဖြင့် ကြွတော်မူ၍ ကိုယ်တော်ဏ် သစ်ရွက်မိုးအပ်သောကျောင်း၌ ပရိနိဗ္ဗာန်

ပြုတော်မူ၏။ ဆွမ်းခံရွာ၌ လူတို့သည် ပစ္စေကဗုဒ္ဓါ ဆွမ်းခံ မကြွလာ တော်မူသည်ကို သိ၍ တစုံတခု မချမ်းသာသည် ဖြစ်လတ္တံ့ဟု ပစ္စေက ဗုဒ္ဓါ၏ ကျောင်းတော်သို့သွား၍ ပစ္စေကဗုဒ္ဓါ ပရိနိဗ္ဗာန်ပြုတော်မူသည်ကို မြင်၍ ဝိုကြွေးကုန်၏။ ထို ယောက်ျားယုတ်သည်လည်း ပစ္စေကဗုဒ္ဓါ ကျောင်းတော်သို့ သွား၍ ထို အကြောင်းကို သိ၍ ငါသည် ကိုယ်၏ အတတ်ကို စမ်းလို၍ ဤအရှင်ကို ပစ်၏ဟု ဆို၏။ ထိုစကားကို ကြား၍ လူတို့သည် ထို ယောက်ျားယုတ်ကို ပုတ်ခတ်၍ သတ်ကုန်၏။ ထို ယောက်ျားယုတ်သည် ဤမြေကြီး တယူဇနာမျှတက်သည် တိုင်အောင် အဝီစိ၌ ခံရ၍ ဝိပါက်ကြွင်းအားဖြင့် ဂိဇ္ဈကုဋ်တောင်၌ သဋ္ဌိကူဋုပြိတ္တာ ဖြစ်၏၊ ထိုပြိတ္တာ၏ ကိုယ်သည် သုံးဂါဝုတ်ရှိ၏။ ရဲရဲညီးသော အလျှံ ပြောင်ပြောင် တောက်ကုန်သော ခြောက်သောင်းကုန်သော သံချောင်း တို့သည် ထိုပြိတ္တာ၏ ထိပ်ထက်၌ ကျ၍ ဦးခေါင်းကို တောက်ကုန်၏။ အပေါက်တိုင်း အပေါက်တိုင်း အသားတက်၏။

[သဋ္ဌိကူဋုပြိတ္တာဝတ္ထု]

၅၄—ကဋ္ဌဝါဟနဝတ္ထု

ဓမ္မပဒအဋ္ဌကထာ-အတ္တဝဂ်

တဆ္ဆကော တန္တဝါယောစ၊ရဇကောစ နဟာပိတော။
ပဉ္စမော စမ္မကာရောစ၊ကာရဝေါ သိပ္ပိနော မတာ။

တဆ္ဆကောစ၊ တံစည်း သမား လည်းကောင်း။ တန္တဝါယောစ၊ ယက္ကန်းသည်လည်းကောင်း။ ရဇကောစ၊ ကုဟာသည်လည်းကောင်း။ နဟာပိတောစ၊ ဆေတ္တာသည်လည်းကောင်း။ ပဉ္စမော၊ ငါးယောက် မြောက် ဖြစ်သော၊။စမ္မကာရောစ၊သားရေနယ်သမားဌင်း။ ဣမေ၊ ဤ သူတို့ကို။ ကာရဝေါ၊ လုပ်ဆောင်တတ်ကုန်သော။ သိပ္ပိနော၊ အတတ် သည်တို့ဟူ၍။ မတာ၊ သိအပ်ကုန်၏။ ဤသို့ သုတ္တနိပါတ် ပါရာယနဝဂ္ဂ ဒီကာ အစရှိသည်တို့၌ တစည်းသည်သစ်ရွေသမားကို အတတ်သည် ဟူ၍ ဆိုသောကြောင့် သစ်ရွေခြင်းအမှုသည်အတတ်မည်၏။ ထိုစကား မှန်၏။ထိုအတတ်သည်လည်း အကျိုးကို ရွက်ဆောင်တတ်သောကြောင့် မင်္ဂလာမည်၏။ ထိုစကား၌ ဤဝတ္ထုတို့ကို သိအပ်ကုန်၏။

ဗိမ္ဗိသာရမင်း၏ ဗောဓိအမည်ရှိသောမင်းသားသည် မြေအပြင်၌ တပါးသောပြာသာဒ်တို့နှင့် တူသောသဘောမရှိသော ကောင်းကင်၌ပျံဘိသကဲ့သို့သဘောရှိသောကောကနူဒမည်သောပြာသာဒ်ကို ဆောက်စေ၍ လက်သမားကို သင်သည် ဤသို့သဘောရှိသောပြာသာဒ်ကို ဆောက်ဘူးပြီလော၊ ထိုသို့တည်းမဟုတ်မူ သင်၏အတတ်သည်လက်ဦးအတတ်လောဟုမေးသတတ်။ ရှင်မင်းကြီး လက်ဦးအတတ်လျှင်တည်းဟုလက်သမားဆို၏။ ဤလက်သမားသည် တပါးသောသူ၏ပြာသာဒ်ကိုလည်း ဤသို့သဘောရှိအောင် အကယ်၍ပြုငြားအံ့၊ ထိုသို့ပြုသည်ရှိသော် ဤပြာသာဒ်သည်အံ့ဘွယ်ရှိသည် မဖြစ်လတ္တံ့၊ ဤလက်သမားကိုငါသည်သတ်အံ့သောငှါလည်းကောင်း လက်သမား၏ လက်ခြေတို့ကို ဖြတ်အံ့သောငှါလည်းကောင်း လက်သမား၏မျက်စိတို့ကို ထုတ်အံ့သောငှါလည်းကောင်း သင့်၏ဟု ကြံ၍ ထိုအကြောင်းကို မိမိ၏ ချစ်သော အဆွေခင်ပွန်းဖြစ်သော သဠိကာပုတ္တမည်သောလုလင်အား ပြောဆို၏။အဘိုးအတိုင်းမသိ ထိုက်သော အတတ်သည်လည်း ငါမြင်စဉ် မပျက်စီးစေသတည်း ဟု လုလင်သည် လက်သမားအား အမှတ်ပေး၏။ လက်သမားသည် အရှင် အရှင်သည် ကျွန်ုပ်အား အကြောင်းကြားသဖြင့် ကောင်းသည်ကို ပြုအပ်ပြီ။ ကျွန်ုပ်သည် ထိုအရာ၌ ပြုအပ်သည်ကို သိရအံ့ဟု ဆို၏၊ ထိုအခါဗောဓိမင်းသားသည် တနေ့သ၌ ပြာသာဒ်မှုသည်ပြီးပြီလော ဟု မေး၏။ ရှင်မင်းကြီး မပြီးသေး အကြွင်းများစွာရှိသေး၏ ဟု လက်သမားဆို၏။ အဘယ်မည်သောအမှုသည် ကြွင်းသနည်း ဟု ဗောဓိမင်းသား မေး၏။ ရှင်မင်းကြီး နောက်မှ ကြားလျှောက်အံ့ ရှေဦးစွာ အနှစ် မရှိကုန်သော ခြောက်ကုန်ပြီးသော သစ်သားတို့ကို ဆောင်ပါစေကုန်လော့ဟု လက်သမားဆို၏။ ဗောဓိမင်းသားသည် ထိုသို့သဘောရှိကုန်သော သစ်တို့ကိုဆောင်စေ၏။ ထိုအခါ ဗောဓိမင်းသားကို လက်သမားသည် ရှင်မင်းကြီး ဤနေ့မှစ၍ ကျွန်ုပ်အထံသို့ တစုံတယောက်သောသူသည် မလာအပ်။ ထိုစကားမှန်၏၊ သိပ်မွေ့သောအမှုကိုပြုစဉ် သူတပါးနှင့် စကားပြောသောသူအားပြန့်လွင့်ခြင်းသည်ဖြစ်၏။ အာဟာရကိုစားသောအချိန်၌ကား ကျွန်ုပ်မယားသည်သာလျှင်အာဟာရကိုပို့ဆောင်ပါလတ္တံ့ ဟု ဆို၏။ဗောဓိမင်းသားသည်ကောင်းပြီဟု ဆို၍ လက်သမားကိုမထွက်စိမ့်သောငှါ အိမ်ကိုရံ၍

အစောင့်အရှောက်ထားဖို့။လက်သမားသည်လည်းတိုက်ခန်းဌာနေလျက် ထိုသစ်တို့ကိုရွေး၍ ဂဠုန်ငှက်ရုပ်လုပ်၍မယားကို ရှင်မ၊သင်သည်အိမ်၌ ရှိသော ခပ်သိမ်းသော ဥစ္စာကို ရောင်း၍ ရွှေတန်းဆာ ရွှေဥစ္စာကိုယူခဲ့ လော့ဟု ဆို၍ ပြီးသောကာလ၌ ယမန်နေ့ခပ်သိမ်းသော သူငယ်တို့ကို လည်းယူ၍လာလော့ဟုဆို၍ လက်သမားမယားသည် လက်သမားဆို တိုင်းပြုဖို့။လက်သမားသည်နံနက်စာစားပြီးသော် သားမယားနှင့်တကွ ငှက်ဝမ်းဌ နေ၍ လေသွန် ပြွတ်တင်းပေါက်ဖြင့် ထွက်ပြေးသွားလျက် ဟိမဝန္တာဌ သက်၍ မြို့တည်၍ ထိုမြို့ဌမင်းပြု၍ ကဠဝါဟနမင်းဖြစ်ဖို့။

「ကဠဝါဟနဝတ္ထု」

၅၅—ကဠဝါဟနဝတ္ထု-ဘာနည်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တယောက်သော လက်သမားသည် ပိဠိဆရာအကတ်၌ တုဘက်ကင်းသည်ဖြစ်ဖို့။ထိုလက်သမားအား တကျိပ်ခြောက်ယောက်ကုန်သော တပည့်တို့သည် ရှိကုန်ဖို့။ ထိုတကျိပ်ခြောက်ယောက် ကုန်သော တပည့်တို့တွင် တယောက်တယောက်သော တပည့်အား တထောင် တထောင်သော တပည့်တို့သည် ရှိကုန်ဖို့။ ဤသို့ ထိုခပ်သိမ်းကုန်သော လက်သမား တို့သည် တသောင်းခြောက်ထောင် တကျိပ်ခုနစ်ယောက် ရှိကုန်ဖို့။ ထိုလက်သမားတို့သည်တောသို့သွား၍ ထိုထိုအရပ်၌ အသီးအသီးဖြစ်ကုန်သော ပြာသာဒ်ထူးတို့ကိုလုပ်၍ ဘောင်ဘွဲ့၍ ဂင်္ဂါဖြင့် ဗာရာဏသီသို့ဆောင်၍ ရောင်း၍ အသက်မွေးကုန်ဖို့။ ထိုလက်သမားတို့သည် တနေ့သ၌ လက်သမားတို့ဖို့ အမှုဖြင့် အမြဲ အသက်မွေးခြင်းငှါ မတတ်နိုင်။ ထိုစကားမှန်ဖို့။ အဲဒိသောကာလ၌ ထိုလက်မှုကို ပြုတတ်ဖို့ဟု တိုင်ပင်ကုန်၍ ရေသဖန်းသား အစရှိကုန်သော အနှစ်မရှိကုန်သော သစ်သားတို့ဖြင့် ငှက်ရုပ်တို့ကို လုပ်ကုန်၍ သားမယားတို့နှင့်တကွ ထိုငှက်ရုပ်တို့ဖို့ အတွင်းသို့ ဝင်ကုန်၍ ဟိမဝန္တာသို့ ပျံသွားကုန်၍ ထိုဟိမဝန္တာ၌ တခုသောမြို့၌ မင်းအဖြစ်ကိုယူကုန်ဖို့။ထိုအခါ တကျိပ်ခြောက်ယောက်ကုန်သော တပည့်တို့သည် ဆရာကိုးမင်းအဖြစ်၌ အဘိသိက်သွန်းကုန်၍ မိမိမိမိတို့သည်၊ အမတ်အရာ၌ တည်ကုန်ဖို့။ ထိုမင်းသည် ကဠဝါဟန

မင်းဟု ထင်းရှားဖြစ်၏။ ထိုမြို့သည်လည်း ကဋ္ဌဝါဟန မင်းသည် ယူအပ်သည်၏ အဖြစ်ကြောင့် ကဋ္ဌဝါဟနမြို့မည်၏။ ထိုအဘူ အလုံးစုံသော တိုင်းသည်လည်း ကဋ္ဌဝါဟနတိုင်း မည်၏။ ကဋ္ဌဝါဟနမင်းသည် နောက်အဘိုဠ် ကသသပဘုရားရှင် ဖြစ်တော်မူသော အဖြစ်ကို ကြား၍ မိမိအခြံအရံဖြစ်ကုန်သော တက္ကိုပ်ခြောက်ယောက်ကုန်သော အမတ်ကြီးတို့ကို အဘတို့ သွားကြဆျေကုန်လော့ အကြောင်းကို သိအောင် ပြုဆျေကုန်လော့ဟု စေ၏။ ထိုအမတ်ဘိုသည် သွားကုန်သည် ရှိသော် အကယ်၍ ဘုရားဖြစ်တော်မူသည်ဖြစ်အံ့၊ ကျွန်ုပ်တို့ မပြန်မလာကုန်အံ့ဟု ဆိုကုန်၏။ ထိုအခါ မင်းသည် မိမိ၏ဘူဖြစ်သော တက္ကိုပ်ခြောက်ယောက်ကုန်သော အမတ်ကြီးတို့၌ အကျုံးဝင်သော တယောက်သော အမတ်ကို ချစ်သား.....သင်သည် တဘန်ပြန်၍ ငါ့အား ကြားလာပါလော့ဟု ဆို၏။ ထိုအမတ်သည် ကောင်းပြီဟု ဝန်ခံ၍ ထိုအလုံးစုံကုန်သော အမတ်တို့သည်လည်း အလုံးစုံသောအရပ်၌ တည်နေသဖြင့် သွားကုန်၍ ဗာရာဏသီပြည်သို့ ရောက်ကုန်၏။ ထိုအမတ်တို့သည် ဗာရာဏသီသို့ ရောက်သည်ရှိသော် ဘုရား ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုအမတ်တို့သည် ခြော်-ငါတို့ကား ဝေးစွာသော ခရီးဖြင့် လာရပါကုန်လျက် ဗုဒ္ဓမြင်ခြင်းမျှကိုလည်း မရပါလေကုန်ဟု ငိုကြွေးကုန်၍ မြတ်စွာဘုရားသည် ပေးအပ်သော အဆုံးအမကို ပြုလိုကုန်ရကား မင်း၏ တူတော်အမတ်ကို ထား၍ ခပ်သိမ်းကုန်သော အမတ်တို့သည် ရဟန်းပြုကုန်၏။ မင်း၏ဘူတော် အမတ်သည်ကား မြတ်စွာဘုရား၏ ဓမ္မကရိဏီးဟု ဆိုအပ်သော ပရိဘောဂဓာတ်တော်ကိုလည်း ကောင်းတပါးသော မဃထရ်ကိုလည်း ကောင်းပင့်ဆောင်၍ ကဋ္ဌဝါဟနတိုင်းသို့ သွား၏။ မင်းသည် မဃထရ်၏ တရားတော်ကိုနာရ၍ ကျောင်းဆောက်၍ စေတီတည်ဖြီးလျှင် ဒါနအစရှိသော ကောင်းမှုကိုပြု၍ အသက်ထက်ဆုံး တည်၍ နတ်ပြည်၌ ဖြစ်၏။ ထိုရဟန်းတို့သည်လည်း စုဝေးကုန်၍ ထိုမင်း၏ အခြံအရံလျှင် ဖြစ်လေကုန်၏။ ထိုသူတို့သည် ဘုရားနှစ်ဆူတို့၏ တရားသော အကြားပတ်လုံး နတ်ပြည်၌ ကာလကို လွန်စေကုန်၍ ငါတို့ဘုရား မပွင့်မီလျှင် နတ်ပြည်မှ စုဝေးကုန်၍ ထိုသူတို့တွင် ဆရာသည် မဟာကောသလမင်း၏ ပုဏ္ဏာဟိတ်မျိုး၌ဖြစ်၏။ ထိုသတို့သားအား ဗာဝရိဟူသော အမည်ကို ပြုကုန်၏။ ကြွင်းကုန်သော သူတို့သည်

သာဝတ္ထိပြည် ပုဏ္ဏားမျိုးဌိ ဖြစ်ကုန်၏။ ထိုပုဏ္ဏား တို့တွင် ရှေးဦး တက္ကိုပ်ခြောက်ယောက်ကုန်သော တပည့်ကြီးတို့၏ အထံဦး အတတ် သင်ကုန်၏။ ထိုအခါ မဟာကောသလမင်းသည် သေ၏။ ပဿေနဒိ မင်းသားသည်မင်းဖြစ်၍ ဗိဒိအဘသည် ပေးသောအတိုင်းနှင့်တကွ တပါး သောအတိုက် ဗာဝရီပုဏ္ဏားအား ပေး၏။ပဿေနဒိကောသလမင်းသည် မင်းသားဖြစ်စဉ်ကာလ၌ ဗာဝရီပုဏ္ဏား၏ အထံ၌ အတတ်သင်ဘူး သတတ်။နောက်အတိုင်း ဗာဝရီပုဏ္ဏားသည် မင်းကို နွင့်တောင်းပန်၍ ကပည့်တို့နှင့်တကွ ရသေ့ရဟန်းပြု၍အစဉ်သဖြင့် ဂေါဓာဝရီမြစ်နားသို့ ရောက်၏။ ထိုအရပ်၌နေ၍ သစ်သီးကြီးငယ်ဖြင့် အသက်မွေး၏။ ထိုအရပ်၌ ထိုရသေ့နေစဉ် ငါတို့ ဖြတ်စွာဘုရားသည် လောက၌ ဖြစ်တော်မူ၏။ဘုရသေ့သည် နောက်အတိုင်း ဘုရားဖြစ်တော်မူသည်ကို ကြား၍ ရှေးနည်းဖြင့်သာလျှင် ခပ်သိမ်းကုန်သော ဗိမိအံ့ခြိအရံဖြစ်ကုန် သော တက္ကိုပ်ခြောက်ယောက်ကုန်သော တပည့်ကြီးတို့ကို စေ၏။ ထိုတပည့်ကြီး တို့သည် သွားကုန်၍ သုတ္တန်ပါတ် ပါရာယနဝဂ်၌ ပေါတေ်အပ်သော နည်းဖြင့် ဖြတ်စွာဘုရား တရားတော်ကို နာရ၍ ဗိဒိယမည်သော လုလင်ကိုထား၍ ခပ်သိမ်းကုန်သောတပည့်တို့သည် ပဋိသန္ဓိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကုန်၍ ဇော်ဘိ ဘိက္ခု ဖြစ်ကုန်၏။ ထိုစကားမှန်၏။ ပိင်္ဂိယလုလင်သည် ဗာဝရီရသေ့၏ တူ ဖြစ်သော တက္ကိုပ်ခြောက်ယောက်ကုန်သော တပည့်ကြီးတို့၌ အကျုံး ဝင်သောသူဖြစ်၍ ငါ၏ဝရိုးသည် ဤသို့ သဘောရှိသော ဆန်းကြယ် သော တရားကိုမနာရပါလေဟု ထိုသို့သဘောရှိသော ချစ်ခြင်းကြောင့် ဖြစ်သော ပြန့်လွင့်ခြင်းကြောင့် အရဟတ္တဖိုလ်သို့ မရောက်နိုင်ရကား အနာဂါမ် ဇော်ဘိဘိက္ခု ဖြစ်၍ တဘန်ပြန်၍ ဗာဝရီရသေ့အား ဘုရား ဖြစ်တော်မူသည်ကို ပြောဆို၍ ဘုရားဂုဏ်ကို ချီးမွမ်းလျက်နေ၏။ ဗာဝ ရီရသေ့သည်လည်း ထိုစကားကို နားထောင်လျက်နေ၏။ ထိုခဏ၌လျှင် မြတ်စွာဘုရားသည် ထိုတူဝရိုးတို့၏ ဉာဏ်ရင့်ခြင်းကို သိတော်မူ၍ သာဝတ္ထိပြည်၌ နေတော်မူလျက်လျှင် ဤသောအရောင်ကို လွှတ်တော် မူ၏။ ပိင်္ဂိယသည် အရောင်ကိုမြင်၍ ဤအရောင်ကား အဘယ်အရောင် နည်းဟု ကြည့်လတ်သော် ဗိဒိရှင်၌ ရပ်သကဲ့သို့ ဘုရားကိုမြင်၍ ဘုရား ကြွတော်မူလာပြီဟု ဆို၏။ ဗာဝရီရသေ့သည် နေရာမှထ၍ လက်အုပ်

ချီ၍ရပါ၏။ ဘုရားရှင်သည် အရောင်တော်ကို နှုံ့စေ၍ ဗာဝရိုရဇသ့ တို့အား ဇိုယ်ကော်ကို ပြတော်မူ၍ ထိုတူဝဒိုး နှစ်ယောက်တို့အား လျော်ကပ်သော တရားကို ဟောတော် မူ၏။ ဒေသနာကော်၏ အဆုံးဌ ဝိဇိယသည် ရဟန္တာဖြစ်၍ ဗာဝရိသည် အနာဂါမ် ဖြစ်၏။ ပါရာယနဝဂ် အဋ္ဌကထာလာကဋ္ဌဝါဟနဝတ္ထု။ ။သိပ္ပကထာပြီး၏။

၉-ဝိနယ သုသိက္ခိတ မင်္ဂလာ

၅၆-အန္တရေယ် ငါးပါးကို ပြခြင်း

ကိုယ်နှုက်နှလုံးကို ဆုံးမခြင်းမည်သည်ကား ရဟန်းတို့၏ကိုယ်နှုတ် နှလုံးကိုဆုံးမခြင်း လူတို့၏ ကိုယ်နှုတ်နှလုံးကိုဆုံးမခြင်းအား ဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အာပတ်ချနစ်ပုံတို့ဃို မရောက်ခြင်းသည် ရဟန်းတို့၏ကိုယ်နှုတ်နှလုံးကိုဆုံးမခြင်းမည်၏။ ငြစ်ငြူးခြင်းသို့မရောက် စေသဖြင့်လည်းကောင်း အကျင့်ကျေးဇူးကိုဖြစ်စေသဖြင့်လည်းကောင်း ကောင်းစွာ ကျင့်အပ်သော ကိုယ်နှုတ်နှလုံးကို ဆုံးမခြင်းသည် စီးပွါး ချမ်းသာကို ရွှက်ဆောင်တတ်သောကြောင့် မင်္ဂလာမည်၏။ ထိုစကား သည်မှန်၏။ ထဗြောက်အပ်ကုန်သည် ဂိုသော်လည်းကောင်း ဒေသနာ ကြားအပ်ကုန်သည် ဂိုသော် လည်းကောင်း သင့်ကုန် ငြားသော် လည်းကောင်း အာပတ်အစုကိုသည် အန္တရာယ်ကို မပြုံဘတ်သလျှင် ကတည်း။ ထိုအနက်ကို အဂိဋ္ဌသိက္ခာပုဒ် အဋ္ဌကထာဖြင့် သိအပ်၏။

အကြင်တရားတို့သည် နတ်ရွာနိဗ္ဗာန်တို့၏ အန္တရာယ်ကို အကြင် ကြောင့် ပြုတတ်ကုန်၏၊ ထိုကြောင့် ထိုတရားတို့သည် အန္တရာယိက မည်ကုန်၏။ ထိုအန္တရာယိက တရားတို့သည် ကမ္မန္တရာယိက၊ ကိလေ သန္တရာယိက၊ ဝိပါကန္တရာယိက၊ ဥပဝါဒန္တရာယိက၊ အာဏာ ဝိတိက္ကမန္တရာယိကဘို့၏ အစွမ်းအားဖြင့် ငါးပါး အပြားရှိကုန်၏။ ထိုငါးပါးတို့တွင် ပဉ္စာနန္တရိယ တရားတို့သည် ကမ္မန္တရာယိကမည်၏။ ထိုအတူ ဘိက္ခုနီဒူသကကံသည် ကမ္မန္တရာယိကမည်၏၊ ထိုဘိက္ခုနီ ဒူသက ကံသည်ကား မဂ်ဖိုလ် နိဗ္ဗာန်၏ အန္တရာယ် ကိုသာလျှင် ပြုတတ်၏၊ နတ်ရွာ၏ အန္တရာယ်ကိုကား မပြုတတ်။ နိယတမိစ္ဆာဒိဋ္ဌိ တရားတို့သည် ကိလေသန္တရာယိက မည်ကုန်၏။ ပဏ္ဍုကဲ ကိရွှဒ္ဓါန

ဥဘတောဗျည်းတို့၏ ပဒိုဿန္ဓေ တရားတို့သည် ဝိပါကနာမ်ရယိက မည်ကုန်၏။ အဓိယာကို စွပ်စွဲခြင်းသည်ကား ဥပဝါဒနာမ်ရယိက မည်ကုန်၏။ ထိုဥပဝါဒနာမ်ရယိကတို့သည်ကား အကြင်မျှလောက်သော ကာလပတ်လုံး အဓိယာတို့ကို မကန်တော့ကုန်၊ ထိုမျှ လောက်သော ကာလပတ်လုံးသာလျှင် အနာဂတရယိကဖြစ်ကုန်၏။ ကန်တော့ပြီးသည်မှ နောက်၌ကား အနာဂတရယိက မဖြစ်ကုန်၊ လွန်ကျူးလိုသော စေတနာရှိသဖြင့် သင့်ကုန်သော အာပတ်တို့သည်ကား အာဇာဝ်တိက္ကမနာဂတရယိကမည်ကုန်၏။ ထိုအာပတ်တို့သည်လည်း အကြင်မျှလောက် ရဟန်းအဖြစ်ကိုလည်း ဝန်ခံ၏၊အာပတ်မှမှုလည်းမထ၊ဒေသနာမှုလည်းမကြား၊ ထိုမျှလောက်သော ကာလပတ်လုံးသာလျှင် အနာဂတရယိက ဖြစ်ကုန်၏။ ထိုကာလမှ နောက်၌ကား အနာဂတရယိက မဖြစ်ကုန်။ (အရိဋ္ဌသိက္ခာပုဒ်အဋ္ဌကထာ)။ ဘိက္ခုနီဒူသကကံသည် နတ်ရွာ၏ အနာဂတရယ်ကိုမပြုတတ်ဟူသော စကားကိုကား မိန္ဆာစာရ လက္ခဏာ၏ မရှိသည်၏ အဖြစ်ကြောင့် ဆိုသတည်း။ ထိုစကားသည် မှန်၏။ ဘိက္ခုနီ၏ ဓမ္မရက္ခိတအဖြစ်သည် မရှိ။ ဤစကားကိုလည်း ပကတိဘိက္ခုနီ၏ အစွမ်းအားဖြင့် အဋ္ဌကထာဆရာ ဆိုအပ်၏။ အရိယာ ဘိက္ခုနီမဋ္ဌိ ဖြစ်သော ဒူသက ကံသည်ကား အပါယ်၌ ဖြစ်စေတတ်သည် သာလျှင်တည်း။ ဤအရာ၌ နန္ဒလုလင်သည် သက်သေဖြစ်၏။ တနည်းကား နှစ်ယောက်ကုန်သော သူတို့၏ တူသော ဆန္ဒရှိသည်၏ အစွမ်းအားဖြင့် နတ်ရွာ၏ အနာဂတရယ်ကို မပြုတတ်သလျှင်ကတည်း။ ပဒိုပတ်ကို ဖျက်ဆီးသည်၏ အဖြစ်ကြောင့် မဂ်ဖိုလ် နိဗ္ဗာန်၏ အနာဂတရယ်ကိုကား ပြုတတ်သတည်း။ နိပ်စက်၍ ဖြစ်ရာ၌ကား နတ်ရွာ၏ အနာဂတရယ်ကို ပြုတတ်သည်၏ အဖြစ်ကိုလည်း မြစ်ခြင်းငှါ မတတ်ကောင်းဟူ၍ ဆိုကုန်၏။ နိယတ မိစ္ဆာဒိဋ္ဌိဟူသည်ကား နိယတ အဖြစ်သို့ရောက်သော အဟောတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ နတ္ထိကဒိဋ္ဌိတည်း။ ခပ်သိမ်းသော အဟိတ် ပဋိသန္ဓေ၏ လည်း ဝိပါကနာမ်ရယိက ဖြစ်ခြင်းကြောင့် ပဏ္ဍုက်အစရှိသောစကား သည် နိဒဿနမျှဖြစ်၏။ ရဟန်းအဖြစ်ကို ဝန်ခံ၏ ဆိုသည်ကား ပါရာဇိကသို့ ရောက်သော ရဟန်းကိုဆိုသည်။ အာပတ်မထ ဆိုသည်ကား ပါရာဇိကမှ ကြွင်းသော ဂရုကအာပတ်သို့ ရောက်သော ရဟန်းကို ဆိုသည်။ ၊ ဒေသနာ မကြား ဆိုသည်ကား လဟုက အာပတ်သို့

ရောက်သော ရဟန်းကိုဆိုသည်။ (ဂုင်းအဋ္ဌကထာ၏ ဋီကာ)။ ။အရိယူပဝါဒ့ကံသည် အကုသိုလ် ဖြစ်ငြားသော်လည်း အပြစ်ကိုကြား၍ ကန်တော့သဖြင့် ပယောဂသမ္ပတ္တိကို မြစ်သည်၏ အဖြစ်ကြောင့် အကျိုးမပေးတတ်သော သဘောရှိသည်၏ အဖြစ်သို့ ရောက်သော အဟောသိကံ ဖြစ်လေသကဲ့သို့ ထိုအတူ အကြင်ကုသိုလ်ဖြစ်သော အာပတ္တာဓိကရဏသည် ရှိ၏၊ ထိုအကုသိုလ် ဖြစ်သော အာပတ္တာဓိကရဏသည်လည်း ဒေသနာကြားအပ်သည်ရှိသော် ပရိဝတ်နေခြင်း အစရှိသည်ဖြင့် ထမြောက်သည် ရှိသော် ပယောဂ သမ္ပတ္တိသည် မြစ်အပ်သည်၏ အဖြစ်ကြောင့် အကျိုးပေးခြင်းသဘော မရှိသော အဟောသိကံ၏ အဖြစ်ဖြင့် အနှုရာယ်ကို မပြုတတ်။ထိုကြောင့်သာလျှင် သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝဒါမိ၊ တိရစ္ဆာနယောနိယံ ဝါဟု အာပတ်ရှိသော ရဟန်း၏သာလျှင် အပါယ်လားသည်၏ အဖြစ်ကို ဘုရားဟောတော်မူ၏။

[စူဠဝါ သမထက္ခန္ဓက ဋီကာ]။

၅၇—ဧရကပတ္တနဂါးမင်းဝတ္ထု

ဓမ္မပဒအဋ္ဌကထာဗုဒ္ဓဝဂ်

ထိုစကား၌ ဤဝတ္ထုကိုသိအပ်၏။ကဿပဘုရားရှင်သာသနာတော်၌ တပါးသောရဟန်းငယ်သည် အနှစ်နှစ်ထောင်ပတ်လုံး တော၌ ရဟန်းတရားကိုကျင့်၍ တနေ့သ၌ ဂင်္ဂါ၌ လှေစီး၍ သွားသည် ရှိသော် ပြိတ်ချုံ၌ ပြိတ်ရွက်ကို ကိုင်၍ လှေသည် အဟုန်ဖြင့် သွားသော်လည်း မလွှတ် ပြိတ်ရွက်သည် ပြတ်၏။ ထိုရဟန်းသည် ဤအမှုကား အနည်းငယ်မျှတည်းဟု အာပတ်ကို ဒေသနာမကြားမူ၍ သေခါနီး ကာလမှ ပြိတ်ရွက်ဖြင့် လည်၌ဆွဲတိသကဲ့သို့ ထိုအာပတ်ကို ဒေသနာကြားလိုသော်လည်း တပါးသော ရဟန်းကို မမြင်မူ၍ မကြားရ-ရကား ငါ၏ သိလသည် မစင်ကြယ်လေဟု နှလုံးမသာယာခြင်း ဖြစ်လျက် စုတေ၍ တရသော လှေပိန်းကောပမာဏရှိသော နဂါးမင်းဖြစ်၏။ ထိုနဂါးမင်းကား ဧရကပတ္တဟူသော အမည်ဖြင့် ဖြစ်၏။ ထိုဧရကပတ္တနဂါးမင်းသည် မချတ်လျှင် ဤအမည်ဖြင့် ဘုရားဖြစ်သည်ကို ငါကြားအံ့ဟူ၍

မိမိသွီးကို သိချင်းသင်၍ လခွဲတိုင်းဥပုသ်နေ့၌ ဂင်္ဂါရေအပြင်၌ ကြီးစွာသော ပါးပျဉ်းကိုပြု၍ ပါးပျဉ်း၌ သွီးကိုထား၍ သိစေ၏။ ထိုနဂါးသွီးသည် ပါးပျဉ်းပေါ်၌ ကလျက်သိ၏။ ဇမ္ဗူဒိပ အလုံး၌ နေကုန်သော သူတို့သည် နဂါးသွီးကို ယူလိုကုန်၍ မိမိမိမိတို့၏ ပညာအစွမ်းဖြင့် အတုံ့သိကုန်၏။ နဂါးမင်းသည် ထိုသိချင်းတို့ကို ပယ်၏။ ဤလခွဲတိုင်း သိသော ထိုနဂါးသွီးအား ဘုရားနှစ်ဆူတို့၏ တာဝသော အကြွားသည် လွန်၏။ ထိုအခါ ငါတို့ဘုရားသည် လောက၌ ဖြစ်တော်မူ၍ တနေ့မိုးသောက်သော ကာလ၌ လောကကို ကြည့်တော်မူသည် ရှိသော် ထိုအကြောင်းကို သိတော်မူ၍ ကြွတော်မူ၍ ဗာရာဏသီပြည်၏ အနီးတာဝသော ကုက္ကိုပင်ရင်း၌ နေကော်မူလျက် အတုံ့သိအံ့သောဌါသွားသော ဥတ္တရမည်သော လုလင်ကို မြင်တော်မူ၍ ဤကိုလာလေ့ဟု မိန့်တော်မူ၏။ ထိုလုလင်သည် ဘုရားအထံတော်သို့ ဆည်းကပ်၍ ဘုရားသည် မေးတော်မူအပ်သည်ရှိသော် မိမိ၏ သိချင်းတုံ့ကို ဘုရားအားလျှောက်၏။ ဥတ္တရ-ဤသင်ဆိုသော သိချင်းကား သိချင်းတုံ့မဟုတ်ဟု ဘုရားသဗ္ဗညူသည် ဥတ္တရ လုလင်ကို သိချင်းတုံ့သင်စေ၏။ ဥတ္တရလုလင်သည် သိချင်းတုံ့ကို သင်စည်လျှင် သောတာပန်ဖြစ်၍ သွား၏။ ထိုအခါ နဂါးလုလင်ငယ်မသည်—

ကိ ံသု အဓိပတိ ရာဇာ၊ ကိ ံသု ရာဇာ ရဇ်ိသရော။
ကထံသု ဝိရဇော ဟောတိ၊ ကထံ ဗာလော တိ ဝုစ္စတိ။
ကေနသု ဝုယ္ဟတိ ဗာဟလော၊ကထံ နုဒဘိ ပဏ္ဍိတော။
ယောဂကွေမိ ကထံ ဟောတိ၊တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဟူသော ဂါထာနှစ်ချဖြင့် သိ၏။

ကိ ံသု၊ အဘယ်၏၊ အဓိပတိ၊ အရှင်သည်။ ရာဇာ၊ မင်းမည်သနည်း။ ကိ ံသု၊ အသို့သဘောရှိသော။ရာဇာ မင်းသည်။ရဇ်ိသရော မြို့ဟူသော အရှင်ရှိသောသူ မည်သနည်း။ ကထံသု၊ အသို့သဘောရှိသော မင်းသည်။ဝိရဇော၊မြို့ကင်းသောသူမည်သည်၊ ဟော တိ၊ဖြစ်သနည်း။ကထံ၊ အသို့သဘောရှိသော သူကို၊ ဗာလော တိ၊ သူမိုက်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်သနည်း။ ။ကေနသု၊ အဘယ်တရားသည်လျှင်။ ဗာလော၊ သူငိုက်ကို။ ဝုယ္ဟတိ၊ မျှောအပ်သနည်း၊ ကထံ၊ အဘယ်ဖြင့်၊ ပဏ္ဍိတော၊ ပညာ

ရှိသည်။ နုဒတိ၊ မျောတတ်သောတရားကို ဖျက်ဆီးသနည်း။ ယော-ဂကျွေမိ၊ ယောဂကုန်ခြင်းရှိသော သူမည်သည်၊ကထံဟောတိ၊ အသို့ဖြစ်သနည်း၊ ပုစ္ဆိတော၊ မေးအပ်သော။ တွံ၊ သင်သည်။ မေ၊ ငါ၏။ တံ၊ ထိုအမေးကို။ အက္ခာဟိ၊ ဖြေကြားလော့။

ထိုအခါ ဥတ္တရလုလင်သည်—

ဆဒ္ဓါရာဓိပတိ ရာဇာ၊ရဇ္ဇမာနော ရဇိဿရော။
အရဇ္ဇံ ဝိရဇော ဟောတိ၊ရဇ္ဇံ ဗာလောတိ ဝုစ္စတိ။
ဩဝေနဒ ဝုယ္ဟတိ ဗာလော၊ယောဂါ နုဒတိ ပဏ္ဍိတော။
သဗ္ဗယောဂဝိသံယုတ္တော၊ ယောဂကျွေမိတိ ဝုစ္စတိ။

ဟူသော နှစ်ဂါထာဖြင့် အတုံ့သိ၏။

ဆဒ္ဓါရာဓိပတိ၊ ခြောက်ဒွါရတို့၏ အရှင်သည်။ ရာဇာ၊ မင်းမည်၏။ ရဇ္ဇမာနော၊ တပ်စွန်းသောသူသည်။ ရဇိဿရော၊ မြူဟူသောအရှင်ရှိသောသူမည်၏။ အရဇ္ဇံ၊ မတပ်စွန်းသောသူသည်။ ဝိရဇော၊ မြူကင်းသောသူမည်သည်။ ဟောတိ၊၏၊ရဇ္ဇံ၊ တပ်စွန်းသောသူကို။ဗာလောတိ၊ သူမိုက်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ဩဝေနဒ၊ဩဝေသည်။ ဗာလော၊သူမိုက်ကို။ဝုယ္ဟတိ၊မျှောအပ်၏၊ ယောဂါ။ သမ္မပ္ပဓာန်ဟူသောလုံ့လဖြင့်။ပဏ္ဍိတော၊ ပညာရှိသည်။ နုဒတိ၊ ဩဝေကိုဖျက်ဆီး၏။ သဗ္ဗယောဂဝိသံယုတ္တော ခပ်သိမ်းသော ယောဂတို့နှင့် မယှဉ်သောသူကို။ယောဂကျွေမိတိ၊ ယောဂကုန်ခြင်းရှိသောသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

နဂါးမင်းသည် ထိုစကားကို ကြား၍လျှင် ငါသည် ဘုရားရှင်တို့၏ တခုသော အကြားဖြစ်သော ကာလပတ်လုံး ဤသို့ သဘောရှိသော စကားကို မကြားရစဘူး။ အချင်းတို့ စင်စစ်လောက၌ ဘုရားဖြစ်ပြီဟု နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ရေမှတက်၍ ဥတ္တရလုလင်နှင့် တကွ ဘုရားအထံတော်သို့ သွား၍ ဘုရားကို ရှိခိုး၍ ငိုလျက် ပြိတ်ရွက်ကိုဖြတ်ခြင်းမျှကိုအမှီပြု၍ တိရစ္ဆာန်မျိုး၌ ဖြစ်သည်၏အဖြစ်ကိုလျှောက်၍အရှင်ဘုရား-အကျွန်ုပ်သည် ဘုရားရှင်တို့၏ တခုသော အကြားပတ်လုံးလူ၏အဖြစ်ကိုလည်းမရ။ သူတော်ကောင်းတရားကို နာရခြင်းကိုလည်းမရ။ အရှင်ဘုရားတို့ကဲ့သို့ သဘောရှိသော ဘုရားရှင်အား ဖူးမြင်ခြင်းကိုလည်းမရဟု နားတော်လျှောက်၏။ သဗ္ဗညူဘုရားရှင်သည် မြတ်သော

မင်းကြီး-လူ၏အဖြစ် အစရှိသော သဘောတရားမည်သည်ကို အလွန်ရခဲသလျှင်ကတည်းဟု ဖြေတော်မူလို၍ မေ့ပဒ ဗုဒ္ဓဝင်၌—

ကိဆ္ဆော မနုဿ ပဋိလာဘော၊ကိဆ္ဆံ မစ္စာန ဇီဝိတံ။
ကိဆ္ဆံ သဒ္ဓမ္မသဝနံ၊ကိဆ္ဆော ဗုဒ္ဓါန မုပ္ပါဒေါ။

ဟူသော ဂါထာကို ဟောတော်မူ၏။

မနုဿပဋိလာဘော၊လူ၏အဖြစ်ကိုရခြင်းသည်။ ကိဆ္ဆော၊ငြိုငြင်၏။ မစ္စာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်မွေးရခြင်းသည်။ ကိဆ္ဆံ၊ ငြိုငြင်၏။ သဒ္ဓမ္မသဝနံ၊ သူတော်ကောင်းတို့၏တရားကို နာရခြင်းကို။ ကိဆ္ဆံ၊ ငြိုငြင်သဖြင့်ရအပ်၏။ ဗုဒ္ဓါနံ၊ဘုရားတို့၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းကို။ ကိဆ္ဆော၊ အလွန်ငြိုငြင်သဖြင့် ရအပ်၏။

ထိုဂါထာကိုနာရ၍ နဂါးမင်းသည် ထိုနေ့၌ သောတာပတ္တိဖိုလ်ကို ရရာ၏၊ ထိုသို့ ရရာသော်လည်း တိရစ္ဆာန်ဖြစ်သောကြောင့် မရလေ။ ထို နဂါးမင်းသည် တပါးကုန်သော နဂါးတို့ကဲ့သို့ ပဋိသန္ဓေအရေကို စွန့်ခြင်း လွတ်လွတ်အိပ်ပျော်ခြင်းသို့သက်ခြင်းဇာတ်တူ၌မေထုနသေဝနဖြစ်ခြင်း စုတေခြင်းဟူကုန်သော ငါးဌာနတို့၌ မပင်ပန်းသော အဖြစ်သို့ရောက်၍ လုလင်၏ အသွင်ဖြင့်သာလျှင် ကျင်လည်ခြင်းဌါရ၏။

[ရေကပတ္တ နဂါးမင်းဝတ္ထု]

၅၈—ရဟန်းတို့ ကောင်းစွာ ကျင့်အပ်သည်ကို ပြခြင်း

ထိုကြောင့် အကြင်အကြင် အာပတ်သို့ ရောက်အံ့၊ ထိုထိုအာပတ်၌ တရားတော် အားလျော်စွာ ပြုအပ် ကျင့်အပ်၏။ ထိုစကား မှန်၏။ တရားတော် အားလျော်စွာ ကျင့်အပ်သော ရဟန်းသည် မင်္ဂဖိုလ်ကို ရခြင်းဌါ တတ်ကောင်းသလျှင်ကတည်း။ ထိုကြောင့်လျှင် သဗ္ဗညူ မြတ်စွာဘုရားသည် ကောသလတိုင်း၌ ဒေသစာရီ ကြွတော်မူသည် ရှိသော် လမ်းအကြား၌ ကြီးစွာသော အခေါင်းရှိသော သစ်ပင်ကို ဒီးလောင်သည်ကို မြင်တော်မူ၍ ဒီးပုံဖြင့် ဥပမာပြု၍ တရားဟောတော်မူလိုရကား-တခုသော သစ်ပင်ရင်း၌ နေတော်မူ၍—

ပဿထ နော တုမှေ ဘိက္ခဝေ အမုံ မဟန္တံ အဂ္ဂိက္ခန္ဓံ။

ဤသို့ အစရှိသော သဘ္တနိပါတ် အဂိုတ္တိုရ်၌ အဂ္ဂိက္ခန္ဓောပမသုတ်ကို ဟောတော်မူ၏။

ထိုအဂ္ဂိက္ခန္ဓောပမသုတ်ကို နာရ၍ ခြောက်ကျိပ်ကုန်သော ရဟန်းတို့၏ နာမကာယသည်ပူ၏။ နာမကာယ ပူသည်ရှိသော် ကရဇကာယသည် ပူ၏။ ကရဇကာယ ပူသည်ရှိသော် စုဝေး၍ တည်သောသွေးသည် ပူသည် ဖြစ်၍ ခံတွင်းကအန်၏။ထိုခြောက်ကျိပ်ကုန်သော ရဟန်းတို့သည် ပါရာဇိကသို့ ရောက်ကုန်သတတ်။ ခြောက်ကျိပ်ကုန်သော ရဟန်းတို့သည် ဘုရားသာသနာတော်၌ အသက်ထက်ဆုံး ပြည့်စုံဖြူစင်စွာသော မြတ်သော အကျင့်ကို ကျင့်ခြင်းငှါ ခဲယဉ်း၏ဟု လူထွက်ကုန်၏။ထိုခြောက်ကျိပ်ကုန်သောရဟန်းတို့သည် အလွန်ငယ်ကုန်သော သိက္ခာပုဒ်တို့ကို ကျော်နင်းကုန်လျက် ကျင့်ကုန်သတတ်။ ခြောက်ကျိပ်ကုန်သော ရဟန်းတို့သည် ဘုရားဒေသနာတော်သို့ ရှေ့ရှုညွှန်ကို စေလွှတ်ကုန်၍ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကုန်၍ ထိုခြောက်ကျိပ်ကုန်သော ရဟန်းတို့သည် စင်ကြယ်သော သီလရှိကုန်သတတ်။ ဤသို့ ဤဒေသနာတော်သည် ဤခြောက်ကျိပ်သုံးရပ်ကုန်သော ရဟန်းတို့အားလည်း အကျိုးရှိသည်ဖြစ်၏။အရဟတ္တဖိုလ်သို့ရောက်ကုန်သော ရဟန်းတို့အား ရှေးဦးစွာ အကျိုးရှိသည် ဖြစ်စေ၊ ဤမှတပါးကုန်သောရဟန်းတို့အား အသို့အကျိုးရှိထုံအံ့နည်းဟူမူကား ထိုရဟန်းတို့သည်လည်း အကယ်၍ ဤ ဒေသနာတော်ကို မနာရကုန်ငြားအံ့၊ မေးလျှောက်ကုန်၍ ရဟန်းဟု ဝန်ခံခြင်းကို စွန့်အံ့သောငှါ မတတ်နိုင်ကုန်ရာ။ ထိုကြောင့် ထိုရဟန်းတို့အားပွါးသော ထိုမကောင်းမှုသည် အပါယ်တို့၌သာလျှင် နစ်စေရာ၏။ဤဒေသနာတော်ကို နာရကုန်၍ကား သံဝေဝဖြစ်ကုန်၍ ရဟန်းဟု ဝန်ခံခြင်းကို စွန့်ကုန်၍ သာမဏေ၏ဘုံ၌ တည်ကုန်၍ ဆယ်ပါးသော သီလကို ဖြည့်ကုန်၍ အသင့်အားဖြင့် နှလုံးသွင်းခြင်း၌ ယှဉ်ကုန်သည် အပြားအားဖြင့် ယှဉ်ကုန်သည်ဖြစ်၍ အချိကုန်သော ရဟန်းတို့သည် သောတာပန်အဖြစ်သို့ ရောက်ကုန်၏။ အချိသော ရဟန်းတို့သည် သကဒါဂါမ် ဖြစ်ကုန်၏။ အချိသော ရဟန်းတို့သည် အနာဂါမ်ဖြစ်ကုန်၏။ အချိသော ရဟန်းတို့သည် နတ်ပြည်

တို့၌ ဖြစ်ကုန်၏။ ဤသို့ ပါရာဇိကသို့ ရောက်ကုန်သော ရဟန်းတို့ အားလည်းအကျိုးရှိသည်ဖြစ်၏။ငယ်ကုန် အလွန်ငယ်ကုန်သော သိက္ခာပုဒ်တို့ကို လွန်ကျူးကုန်သော ရဟန်းတို့သည်ကား အကယ်၍ ဤဒေသနာတော်ကို မနာရကုန်အံ့၊ ကာလရောက်သည်ရှိသော် သံဃာဒိသိသ်သို့လည်းကောင်း ပါရာဇိကသို့လည်းကောင်း ရောက်ကုန်ရာ၏။ ဤဒေသနာတော်ကို နာရကုန်၍ကား ဘုရား သာသနာတော်သည် အလွန်လျှင် ခေါင်းပါးသဖြင့် ဖြစ်၏။ ငါတို့သည် အသက်ထက်ဆုံး ဤအကျင့်ကို ဖြည့်ကျင့်၍ ဆင်းရဲမှလွတ်ကုန်အံ့ဟု လူထွက်၍ သရဏဂုံ ပဉ္စသီတို့၌ တည်ကုန်၍ သီတင်းသည်တို့၏ တရားကိုဖြည့်ကုန်၍ အချို့ကုန်သော သူတို့သည် သောတာပန်ဖြစ်ကုန်၏။ အချိုသော သူတို့သည် သကဒါဂါမ်ဖြစ်ကုန်၏။ အချိုသော သူတို့သည် အနာဂါမ်ဖြစ်ကုန်၏။ အချိုသော သူတို့သည် နတ်ပြည်တို့၌ ဖြစ်ကုန်၏။ ဤသို့ ငယ်ကုန် အလွန်ငယ်ကုန်သော သိက္ခာပုဒ်တို့ကို လွန်ကျူးကုန်သော ရဟန်းတို့ အားလည်း အကျိုးရှိသလျှင်ကတည်း။

[ဧက္ကနိပါတ်-အဂိုတ္တိုရ်စူဋ္ဌဆရာသံဃာတသုတ်အဋ္ဌကထာနည်း]။

၅၃—ပဓာနိယမထေရ်ဝတ္ထု

သဗ္ဗာသံဝရ အဘွင့်

ဤသို့ သင့်ကုန်သော အာပတ်တို့သည်လည်း ထခြင်း ဒေသနာကြားခြင်းကို ပြုအပ်ကုန်သည်ရှိသော် အန္တရာယ်ကို မပြုတတ်ကုန်။ မသင့်ကုန်သော အာပတ်တို့သည်ကား အဘယ်မှာလျှင် အန္တရာယ်ကို ပြုကုန်အံ့နည်း။တနည်းကား စတုပါရိသုဒ္ဓိသီလသည် ရဟန်းတို့၏ကိုယ်နှုတ်နှလုံးကိုဆုံးမခြင်းမည်၏။ အကြင်သို့သော ကျင့်ခြင်းဖြင့် ထိုသီလ၌ တည်၍ အရဟတ္တဖိုလ်သို့ရောက်၏၊ထိုသို့သောကျင့်ခြင်းဖြင့်ကောင်းစွာ ကျင့်အပ်သော ထိုကိုယ်နှုတ်နှလုံးကို ဆုံးမခြင်းသည် လောကီ လောကုတ္တရာချမ်းသာကို ရခြင်း၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်၏။ ထိုစတုပါရိသုဒ္ဓိသီလတွင် ပါတိမောက္ခသံဝရသီလသည် တစုံတခုသော အာပတ်သို့မရောက်သော ရဟန်းအား စင်ကြယ်၏။ ထိုသို့သော စင်ကြယ်ခြင်းဖြင့် ကျင့်အပ်သော ပါတိမောက္ခသံဝရသီလသည် ကောင်းစွာ ကျင့်အပ်သော သီလမည်၏။ ထိုသို့ ကောင်းစွာ ကျင့်အပ်

သော ပါတိမောက္ခသံဝရ သီလသည် လောကုတ္တရာချမ်းသာကိုလည်း ဆောင်တတ်၏။ အဘယ်သူ၏သီလသည် လောကုတ္တရာ ချမ်းသာကို ဆောင်သကဲ့သို့ ဆောင်တတ်သနည်း ဟူမူကား ပဓာနိယမထေရ်၏ သီလသည် လောကုတ္တရာချမ်းသာကို ဆောင်သကဲ့သို့ လောကုတ္တရာ ချမ်းသာကို ဆောင်တတ်၏။ စဏ္ဍမေလကျောင်း မဟာလှေကားပင်ရောက်သော ကမ္မဋ္ဌာန်းအိမ်၌ အရိယာဝံသတရားကိုနာသော ပဓာနိယ မထေရ်ကို ကြမ်းသော အဆိပ်ရှိသောမြွေသည် ကိုက်သတတ်။မထေရ်သည် သိ၍လည်း ကြည်ညိုသောစိတ် ရှိရကား ထိုင်လျက်တရားကို သာလျှင် နာ၏။ အဆိပ်အဟုန်သည် ခက်ထန်၏။ ပဓာနိယမထေရ်သည် ပဋ္ဌင်းခံရာ သိမ်အပြင်ကစ၍ သီလကို ဆင်ခြင်သဖြင့် ငါသည် စင်ကြယ်သောသီလ ရှိ၏ဟု ဗီတိကို ဖြစ်စေ၏။ စိတ်ဖြစ်သည်နှင့် တပြိုင်နက် အဆိပ်သည် လျှောကျ၍ မြေသို့ဝင်၏။ မထေရ်သည် ထိုတရားနာရာအရပ်၌ပင်လျှင် စိတ်၏တည်ကြည်ခြင်းကိုရ၍ ဝိပဿနာကို ပွါးစေ၍ အရဟတ္တဖိုလ်သို့ရောက်၏။ ။[ပဓာနိယမထေရ်ဝတ္ထု]။

၏စကားကိုကား အလွန်၏အစွမ်းအားဖြင့် ဆိုအပ်၏။

ဒေသနာသုဒ္ဓိနာမ ပါတိမောက္ခသံဝရသီလံ၊ တဒို ဒေသနာယ သုဇ္ဈနတော ဒေသနာသုဒ္ဓိတိ ဝုစ္စတိ။

ဒေသနာသုဒ္ဓိနာမ၊ ဒေသနာသုဒ္ဓိမည်သည်ကား။ ပါတိမောက္ခသံဝရ သီလံ၊ ပါတိမောက္ခသံဝရ သီလတည်း။ ဟိသစ္စံ၊ မှန်၏။ တံ၊ ထိုပါတိမောက္ခသံဝရသီလကို။ ဒေသနာယ၊ဒေသနာကြားသဖြင့်။ သုဇ္ဈနတော၊ စင်ကြယ်ခြင်းကြောင့်။ ဒေသနာသုဒ္ဓိတိ၊ ဒေသနာသုဒ္ဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။[ရူပိယသိက္ခာပုဒ်အဘွင့်]။

ဝုဋ္ဌာနဿာပိ စေတ္ထ ဒေသနာယဧဝ သင်္ဂဟော ဒဋ္ဌဗ္ဗော။ မူလာပတ္တီနံပန အဘိက္ခုတာ ပဋိညာဝသေန ဒေသနာ။

ဧတ္ထ၊ ၏ ဒေသနာသုဒ္ဓိဟူသော ပါဌ်၌။ဝုဋ္ဌာနဿာပိ၊ ဝုဋ္ဌာနဂါမ်ကိုလည်း။ ဒေသနာယဧဝ၊ ဒေသနာဖြင့်သာလျှင်။ သင်္ဂဟော၊ ယူအပ်၏ဟူ၍။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ မူလာပတ္တီနံပန၊ ပါရာဇိက အာပတ်တို့ကိုကား။ အဘိက္ခုတာပဋိညာဝသေန၊ ရဟန်းမဟုတ်သည်၏ အဖြစ်ကို ဝန်ခံသဖြင့်။ ဒေသနာ၊ဒေသနာကြားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ [ဝုင်း အဋ္ဌကထာ၏ ဋီကာ]။

ကြွေ ဒေသနာဂဟဏော ဂုဠ္ဟာနဗ္ဗိ ဟိ ဆိန္နမူလာနံ အာဘိက္ခုတာ ပဒ္ဒိညာဝိ သင်္ဂီတာ။ ဆိန္နမူလာနဗ္ဗိ ဟိ ပါရာဇိကာပတ္တိဂုဠ္ဟာ ပနေန ဟေဋ္ဌာ ပရိရက္ခိတံ ဘိက္ခု သိလံ ဝိသုဒ္ဓိနာမ ဟောတိ။ တေန တေသံ မင်္ဂပ္ပဒီပလာဘောဝိ သမ္ပဇ္ဇတိ။

ကြွေ၊ ဤ ဒေသနာ သုဒ္ဓိ ဟူသော ပါဠိဖြစ်၏။ ဒေသနာဂဟဏော နဲ့၊ ဒေသနာသဒ္ဒါဖြင့်။ ဂုဠ္ဟာနဗ္ဗိ၊ ဂုဠ္ဟာနဂါမ်ကိုလည်းကောင်း။ ဆိန္နမူလာနံ၊ ပါရာဇိကသို့ရောက်ကုန်သော ရဟန်းတို့၏။ အာဘိက္ခုတာပဒ္ဒိညာဝိ၊ ရဟန်းမဟုတ်သည့်အဖြစ်ကို ဝန်ခံခြင်းကိုလည်းကောင်း။ သင်္ဂီတာ၊ သင်္ဂြိုဟ်အပ်၏။ ဟိသစ္စံ၊မှန်၏။ ဆိန္နမူလာနဗ္ဗိ၊ ပါရာဇိကသို့ရောက်ကုန်သော ရဟန်း တို့၏လည်း။ ပါရာဇိကာပတ္တိဂုဠ္ဟာပနေန၊ ပါရာဇိကာပတ်မှထသဖြင့်။ ဟေဋ္ဌာ၊ အောက်၌။ ပရိရက္ခိတံ၊ စောင့်အပ်သော။ ဘိက္ခုသိလံ၊ ရဟန်းတို့၏သိလသည်။ ဝိသုဒ္ဓိနာမ၊ စင်ကြယ်သော မည်သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုကြောင့်။ တေသံ၊ ထိုပါရာဇိကာပတ်မှ ထကုန်သော ရဟန်းတို့အား။ မင်္ဂပ္ပဒီပလာဘောဝိ၊မဂ်ကိုရခြင်းသည်လည်း။ သမ္ပဇ္ဇတိ၊ ဖြစ်၏။ ။ဝိသုဒ္ဓိမဂ်ဒီကာ။

၆၀–သုဓမ္မမထေရ်စသည်တို့၏ဝတ္ထု

ဓမ္မပဒဗျာလဝဏ်

ဤသို့ အဋ္ဌကထာဋီကာတို့၌ဆိုသောကြောင့် အာပတ်သင့်၍ ဒေသနာကြားခြင်း အစရှိသည် အမှုဖြင့် အာပတ်မှထသော ရဟန်း၏ သိလသည်လည်း သုဓမ္မမထေရ်၏ သိလကဲ့သို့ ချမ်းသာကို ရွက်ဆောင်တတ်၏။ သုဓမ္မမထေရ်သည် သူကြွယ်ကို နှိမ်းပျစ်မုန့်သည် ဟူသော ဆဲရေးခြင်းဖြင့် ဆဲရေး၍ ဘုရားအထံတော်သို့သွား၍ ဘုရား အဆုံးအမတော်ကိုယူ၍ တဘန်ပြန်၍ စွတ်သူကြွယ်၏ မျက်စိမြင်ကောင်းသော အရပ်၌ အာပတ်ကိုဒေသနာကြား၍ စွတ်သူကြွယ်ကို ကန်တော့၍ ထိုအရပ်၌လျှင်အမှုန်ကဇောကျောင်း၌ နေလျက် နှစ်ရက်သုံးရက်ဖြင့်သာလျှင် ပဒို့သင့်ဒါတို့နှင့်ကပ္ပ အရဟတ္တဖိုလ်သို့ရောက်၏။

[သုဓမ္မမထေရ်ဝတ္ထု]

နည်းတပါးကိုဆိုအပ်၏။ ပါတိမောက္ခသံဝရသိလက္ခဏာ ဖြည့်သော ရဟန်းသည် တောအုပ်၌ ဒိုးသူတို့သည် နှောင့်ဖွဲ့အပ်သော မထေရ်နှင့်တူသည်လည်းဖြစ်ရာ၏။ ဟိမဝန္တာ နံပါးတောအုပ်၌ ဒိုးသူဟူသည် သွားချိတစုံတယောက်သောသူအား ကြံးရာ၏ဟု အမည်အနွယ်၏ အစွမ်းအားဖြင့် မထင်ရှားသော တပါးသောမထေရ်ကို မည်းကုန်သော နွယ်တို့ဖြင့်နှောင့်ဖွဲ့ကုန်၍အိပ်စေကုန်၏။ ထိုမထေရ်သည်အိပ်မြဲကုန်းသာလျှင် ခုနစ်ရက်ပတ်လုံး ဝိပဿနာကိုပွါးစေ၍ အနာဂါမ်ဖြစ်၍ ထိုအရပ်၌လျှင်စုတေ၍ ဗြဟ္မာ့ပြည်၌ ဖြစ်၏။ သိဟိုဠ်ကျွန်းခွါလည်းတော အုပ်၌ တပါးသောမထေရ်ကို ဆင်သမန္တယ်တို့ဖြင့်နှောင့်ဖွဲ့ကုန်၍ အိပ်စေကုန်၏။ ထိုမထေရ်သည် တောမီးလောင်သဖြင့် လာသည်ရှိသော် နွယ်တို့ကို မဖြတ်မူ၍လျှင် ဝိပဿနာကို ပွါးစေ၍ ဒိဋိကသမသီသိပုဂ္ဂိုလ်ဖြစ်၍ ပရိနိဗ္ဗာန်ပြု၏။ ထိုကြောင့် သဒ္ဓါတရားနှင့်ပြည့်စုံသော တပါးသောအမျိုးသားသည်လည်း ပါတိမောက္ခ သံဝရသီလကို သုတ်သင်သည်ရှိသော် အကယ်၍အသက်ကို စွန့်ရခြင်းသော်လည်း ဘုရား သဗ္ဗညုသည် ပညတ်တော်မူအပ်သော သိလသံဝရကိုမဖျက်ဆီးရာ ဣန္ဒြိယသံဝရသီလသည်ကား စောင့်ရှောက်ခြင်းတို့၌ အကျိုးဆက် မစောင့်ရှောက်ခြင်းတို့၌ အပြစ်ကိုရှုသောရဟန်းအားစာ်ကြည်၏၊ ထို စကားမှန်၏။ ထိုရဟန်းသည် ဘေးမဲ့သောအားဖြင့် အကျိုးဆက်ကို လည်းကောင်း ဘေးအားဖြင့် အပြစ်ကိုလည်းကောင်း ရှု၍ ထို ဣန္ဒြိယသံဝရသီလကို ဖြည့်ကျင့်၏။ အပြစ်အကျိုးဆက်တို့ကုံကား—

> ဆယိမေ ဘိက္ခဝေ ဖဿာယတနာ အဒန္တာ အဂုတ္တာ အရက္ခိတာ အသံဝုတာ ဒုက္ခာဓိဝါဟာ ဟောန္တိ။ ကတမေ ဆ။ စက္ခုံ ဘိက္ခဝေ ဖဿာယတနံ အဒန္တံ။ လ။မနော ဘိက္ခဝေ ဖဿာယတနံ အဒန္တံ။ အဂုတ္တံ အရက္ခိတံ အသံဝုတံ ဒုက္ခာဓိဝါဟံ ဟောတိ။ ဣမေခေါ ဘိက္ခဝေ ဆ ဖဿာယတနာ အဒန္တာ။ လ။ ဒုက္ခာဓိဝါဟာ ဟောန္တိ။ဆ ယိမေဘိက္ခဝေ ဖဿာယတနာ သုဒန္တာ သုဂုတ္တာ သုရက္ခိတာ သုသံဝုတာ သုခါဓိဝါဟာ ဟောန္တိ။ ကတမေ ဆ။စက္ခုံ ဘိက္ခဝေ သုဒန္တံ။လ။ မနော ဘိက္ခဝေ သုဒန္တံ သုဂုတ်ံ သုရက္ခိတံ သုသံဝုတံ သုခါဓိဝါဟံ ဟောတိ။

ဣန္ဒြိယသံ ၁၅၅-၂၁

ဣမေခေါ ဘိက္ခဝေ ဆ ဖဿာယတနာ သုဒန္တာ ။လ။ သုခါ ဒိဝါဟာ ဟောန္တိ။

ဟူ၍ သဠာယတနဝဂ်၌ ဟောတော်မူအပ်ကုန်၏။

ဘိက္ခဝေ၊ တို့။ အဒန္တာ၊ မဆုံးမအပ်ကုန်သော။ အဂုတ္တာ၊ မလုံခြုံအပ်ကုန်သော၊အရက္ခိကာ၊မစောင့်မရှောက်အပ်ကုန်သော။အသံဝုတာ၊ မပိတ်အပ်ကုန်သော။ဆ၊ ခြောက်ပါးကုန်သော။ ဣမေဖဿာယတနာ၊ ဤစက္ခုသမ္ဖဿ အစရှိသည်တို့၏ ဖြစ်ခြင်း၏ အကြောင်း ဖြစ်ကုန်သော စက္ခာယတနအစရှိသည်တို့သည်။ ဒုက္ခာဓိဝါဟာ၊ ငရဲ၌ဖြစ်သောဆင်းရဲအစရှိသောအားဖြင့် ပြားသော အလွန်သော ဆင်းရဲကို ရွက်ဆောင်တတ်ကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။ကတမေဆ၊ အဘယ်ခြောက်ပါးတို့နည်းဟူမူကား။ ဘိက္ခဝေ၊တို့။ အဒန္တံ၊ မဆုံးမအပ်သော။ အဂုတ္တံ၊မလုံခြုံအပ်သော။အရက္ခိတံ၊မစောင့်မရှောက်အပ်သော။ အသံဝုတံ၊ မပိတ်အပ်သော။ဖဿာယတနာ၊ စက္ခု၊သမ္ဖဿ၏ ဖြစ်ခြင်း၏အကြောင်းဖြစ်သော။ စက္ခု၊ စက္ခု၊သည်။လ။ သောတံ၊ သောတာသည်။ ဃာနံ၊ဃာနသည်။ဇိဝှါ၊ ဇိဝှါသည်။ကာယော၊ကာယသည်။ ဒုက္ခာဓိဝါဟံ၊ ငရဲ၌ဖြစ်သော ဆင်းရဲအစရှိသောအားဖြင့် ပြားသော အလွန်သော ဆင်းရဲကို ရွက်ဆောင်တတ်သည်။ ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊တို့။ အဒန္တံ၊ မဆုံးမအပ်သော။အဂုတ္တံ၊မလုံခြုံအပ်သော။အရက္ခိတံ၊မစောင့်မရှောက်အပ်သော။အသံဝုတံ၊ မပိတ်အပ်သော။ဖဿာယတနံ၊ မနောသမ္ဖဿ၏ ဖြစ်ခြင်း၏အကြောင်းဖြစ်သော။မနော၊မနောယတန သည်။ဒုက္ခာဓိဝါဟံ၊ ငရဲ၌ ဖြစ်သော ဆင်းရဲအစရှိသော အားဖြင့် ပြားသောဆင်းရဲကို ရွက်ဆောင်တတ်သည်။ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊တို့။ အဒန္တာ၊ မဆုံးမအပ်ကုန်သော။လ။ အသံဝုတာ၊ မပိတ်အပ်ကုန်သော။ ဆ၊ ခြောက်ပါးကုန်သော။ ဣမေခေါဖဿာယတနာ၊ ဤစက္ခု၊သမ္ဖဿ အစရှိသည် တို့၏ ဖြစ်ခြင်း၏ အကြောင်း ဖြစ်ကုန်သော စက္ခာယတနာ အစရှိသည် တို့သည်။ ဒုက္ခာဓိဝါဟာ၊ ငရဲ၌ ဖြစ်သော ဆင်းရဲ အစရှိသော အားဖြင့်ပြားသောအလွန်သော ဆင်းရဲကို ရွက်ဆောင်တတ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။ဘိက္ခဝေ၊တို့။သုဒန္တာ၊ကောင်းစွာဆုံးမ အပ်ကုန်သော။သုဂုတ္တာ၊ကောင်းစွာလုံခြုံအပ်ကုန်သော။သုရက္ခိတာ၊ကောင်းစွာ

စောင့်ရှောက်အပ်ကုန်သော။ သုသံဝုတာ၊ ကောင်းစွာ ပိတ်အပ်ကုန်သော။ဆ၊ခြောက်ပါးကုန်သော။ဣမေဖဿာယတနာ၊ ဤစက္ခုသမ္ဖဿ အစရှိသည်တို့၏ ဖြစ်ခြင်း၏ အကြောင်း ဖြစ်ကုန်သော စက္ခာယတန အစရှိသည်တို့သည်။ သုခါဓိဝါဟာ၊ ဈာန်မင်္ဂဖိုလ်အားဖြင့် ပြားသော အလွန်သော ချမ်းသာကို ရွက်ဆောင်တတ် ကုန်သည်။ ဟောန္တီ၊ ဖြစ်ကုန်၏။ ကတမေဆ၊ အဘယ် ခြောက်ပါး တို့နည်း ဟူမူကား။ ဘိက္ခဝေ၊တို့။သုဒန္တံ၊ကောင်းစွာ ဆုံးမအပ်သော။ သုဂုတ္တံ၊ ကောင်းစွာ လုံခြုံအပ်သော။ သုရက္ခိတံ၊ ကောင်းစွာ စောင့်ရှောက် အပ်သော။ သုသံဝုတံ၊ ကောင်းစွာပိတ်အပ်သော။ ဖဿာယတနံ၊ စက္ခုသမ္ဖဿ၏ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော။ စက္ခု၊စက္ခာယတနသည်။လ။သောတံ၊ သောတာယတနသည်။ ဃာနံ၊ ဃာနာယတနသည်။ ဇိဝှါ၊ ဇိဝှါယတနသည်။ကာယော၊ ကာယာယတနသည်။ သုခါဓိဝါဟံ၊ ဈာန်မင်္ဂဖိုလ် အားဖြင့် ပြားသော အလွန်သော ချမ်းသာကို ရွက်ဆောင်တတ်သည်။ ဟောတိ၊၏။ဘိက္ခဝေ၊ တို့။သုဒန္တံ၊ ကောင်းစွာ ဆုံးမအပ်သော။ သုဂုတ္တံ၊ ကောင်းစွာ လုံခြုံအပ်သော။ သုရက္ခိတံ၊ ကောင်းစွာ စောင့်ရှောက် အပ်သော။ သုသံဝုတာ၊ ကောင်းစွာ ပိတ်အပ်သော။ ဖဿာယတနံ၊ မနောသမ္ဖဿ၏ ဖြစ်ခြင်း၏အကြောင်းဖြစ်သော။ မနော၊ မနာယတနသည်။ သုခါဓိဝါဟံ၊ ဈာန်မင်္ဂဖိုလ်အားဖြင့် ပြားသော အလွန်သော ချမ်းသာကို ရွက်ဆောင်တတ်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ သုဒန္တာ၊ ကောင်းစွာဆုံးမအပ်ကုန်သော၊ သုဂုတ္တာ၊ ကောင်းစွာ လုံခြုံအပ်ကုန်သော။ သုရက္ခိတာ၊ကောင်းစွာ စောင့်ရှောက် အပ်ကုန်သော။ သုသံဝုတာ၊ ကောင်းစွာပိတ်အပ်ကုန်သော။ ဆ၊ခြောက်ပါးကုန်သော။ ဣမေခေါဖဿာယတနာ၊ ဤစက္ခုသမ္ဖဿ အစရှိသည်တို့၏ ဖြစ်ခြင်း၏ အကြောင်း ဖြစ်ကုန်သောစက္ခာယတန အစရှိသည်တို့သည်။ သုခါဓိဝါဟာ၊ ဈာန်မင်္ဂဖိုလ် အားဖြင့် ပြားသော အလွန်သော ချမ်းသာကို ရွက်ဆောင်တတ် ကုန်သည်။ဟောန္တီ၊ ဖြစ်ကုန်၏။ ။ထိုသဋ္ဌာယတန ဝင်္ဒ်လျှင် အာဒိတ္တပရိယာယသုတ်၌ကား—

ဝရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇ္ဇောတိဘူတာယ စက္ခုန္ဒြိယံ သမ္ပလိမဋ္ဌံ။ နတွေဝ စက္ခုပိညေယျေသု ရူပေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါ

ဟော။ နိမိတ္တာသာဒေ ဂဒိတံဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ အနုဗျဉ္ဇနသာဒေ ဂဒိတံဝါ။ တသ္မိံ သမယေ ကာလံ ကရေယျ ဌာနမေတံ ဝိဇ္ဇတိ ယံ ဒွိန္နံ ဂတီနံ အညတရံ ဂတိံ ဂစ္ဆေယျ နိရယံဝါ တိရစ္ဆာနယောနိံဝါ။ ဣမံ ခေါ ဘိက္ခဝေ အာဒီနဝံ ဒိသွာ ဇဝံ ဝဒါမိ ဝရံ ဘိက္ခဝေ တိဏ္ဍေန အယော သက်ုနာ အာဒိတ္တေန သမ္ပဇ္ဇလိတေန သဇောတိဘူတေန သော တိန္နိယံ သမ္ပလိမဋ္ဌံ။လ။ ဝရံ ဘိက္ခဝေ သဏ္ဍေန နခဉ္ဆေဒနေန အာဒိတ္တေန။လ။သဇောတိဘူတေန လာနိန္နိယံ သမ္ပလိမဋ္ဌံ။ ဝရံ ဘိက္ခဝေ တိဏ္ဍေန ခုရေန အာဒိတ္တေန။လ။ သဇောတိဘူတေန ဇိဝှိန္နိယံ သမ္ပလိမဋ္ဌံ။ ဝရံ ဘိက္ခဝေ တိဏ္ဍာယ သတ္တိယာ အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ ကာယိန္နိယံ သမ္ပလိမဋ္ဌံ။ နတ္ထေဝ ကာယဝိညေယျသု ဖောဋ္ဌဗ္ဗေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော။ နိမိတ္တသာဒေ ဂဒိတံဝါ ဘိက္ခဝေ ဝိညာဏံ။လ။အာဒီနဝံ ဒိသွာ ဇဝံဝဒါမိ ဝရံ ဘိက္ခဝေ သောတ္တံ၊ သောတ္တံ ခေါပန ဘိက္ခဝေ ဝဠဲ ဇိဝိကာနံ ဝဒါမိ။ အဖလံ ဇိဝိကာနံ ဝဒါမိ။ မောမူဟံ ဇိဝိကာနံ ဝဒါမိ။ နတ္ထေဝ တထာရူပေ ဒိတက္ကေ ဝိတက္ကေယျ ယထာရူပါနံ ဝိတက္ကာနံ ဝသံ ဂတော သဃ်ံ ဘိန္ဒေယျ။ ဣမံ ခေါ အဟံ ဘိက္ခဝေ အာဒီနဝံ ဒိသွာ ဇဝံဝဒါမိ။

ဤသို့ ဟောတော်မူအပ်ကုန်၏။

ဘိက္ခဝေ၊ တို့။တတ္ထာယ၊ လောင်သော။အာဒိတ္တာယ၊ ရဲရဲညိသော။ သမ္ပဇ္ဇလိတာယ၊ထက်ဝန်းကျင်မှ တောက်သော။ သဇောတိဘူတာယ၊ ဘာကွနက်အလျှံဖြစ်၍ဖြစ်သော။ အယောသလာကာယ၊ သံချောင်းဖြင့်။ စက္ခုန္ဒြိယံ၊ စက္ခုဒွါရကို။သမ္ပလိမဋ္ဌံ၊ထက်ဝန်းကျင်မှရစ်ခြင်းသည်။ဝရံ၊ မြတ်၏။ စက္ခုဝိညေယျသု၊ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော။ရူပေသု၊ ရူပါရုံတို့၌။ အနုဗျဉ္ဇနသော။ ကိလေသာတို့၏ အဘန်တလဲလဲ ထင်ခြင်းကို ပြုတတ်သော လက်ခြေ ပြုံးခြင်း ရယ်ခြင်း အစရှိသော အားဖြင့်။ ဂါဟော၊ အာရုံကို ယူခြင်းသည်လည်းကောင်း။ နိမိတ္တဂ္ဂါဟော၊ မိန်းမယောကျ်ားအစရှိသော သုဘအာရုံကို ယူခြင်းသည်လည်းကောင်း။ နတ္ထေဝ၊ မရှိတော်သတ်ကတည်း။ ဘိက္ခဝေ၊တို့။

နိမိတ္တသာဒေ၊ မိန်းမယောကျား အစရှိသော သုဘအာရုံ၌ တတ်စွန်း
ကတ်သော ရာဂဖြင့်။ ဂမိတံဝါ၊ တပ်စွန်းသည်မူလည်း ဖြစ်ထသော။
အနုဗျဉ္ဇနသာဒေ၊ ကိလေသာ တို့၏ အဘန်တလဲလဲ ထင်ခြင်းကို
ပြုတတ်သော လက်ခြေ ပြီးခြင်း ရယ်ခြင်း အစရှိသည်တို့၌ တပ်စွန်း
တတ်သော ရာဂဖြစ်သော။ ဂမိတံဝါ၊ တပ်စွန်းသည်မူလည်း ဖြစ်ထ
သော။ ဝိညာဏံ၊ ဓိညာဏ်သည်။ တိဋ္ဌမာနံ၊ တည်ဆဲ ဖြစ်လျက်။
တိဋ္ဌေယျ၊ တည်ရာ၏။ တသ္မိံသမယေ၊ ထိုအခါ၌။ ကာလံကရေယျ၊
စုတေ့ဌားအံ့။ ယံယေနဌာနေန၊အကြင်အကြောင်းဖြင့်။ နိရယံဝါ၊ဝရဲသို့
လည်ကောင်း။ တိရစ္ဆာနယောနိံဝါ၊ တိရစ္ဆာန်၏ အမျိုးသို့လည်း
ကောင်း။ ဣတိ၊ ဤသို့။ ဒွိန္နံဂတိနံ၊ နှစ်ပါးကုန်သော ဂတိတို့တွင်။
အညတရံ၊ တပါးပါးသော။ ဂတိံ၊ ဂတိသို့။ ဂစ္ဆေယျ၊ လားရာ၏။
ဇတံဌာနံ၊ ထိုအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ ဘိက္ခဝေ၊ တို့။ အဟံ၊
ဝါဘုရားသည်။ ဣမံခေါအာဒိနဝံ၊ ဤများစွာကုန်သော နှစ်အထောင်တို့
ပတ်လုံး ဝရဲ၌ ခံရအံ့သော ဆင်းရဲဟူသော အပြစ်ကိုလျှင်။ ဒိသွာ၊
မြင်တော်မူ၍။ ဇဝံ၊ ဤသို့။ ဝဒါမိ၊ ဟောတော်မူ၏။ ဘိက္ခဝေ၊တို့။
တိဏ္ဏေန၊ ထက်စွာသော။ အာဒိတ္တေန၊ ရဲရဲညိသော။ သမ္ပဇ္ဇလိတေန၊
ထက်ဝန်းကျင်မှ တောက်သော။ သဉ္ဇောတိဘူတေန၊ တက္ပနက် အလျှံ
ဖြစ်၍ဖြစ်သော။ အယောသက်နာ၊ သံတံကျင်ဖြင့်။ သောတိန္ဒြိယံ၊သော
တိန္ဒြေကို။ သမ္ပလိမဋ္ဌံ၊ နှစ်ဘက်တို့ကို ဘောက်၍ မြေ၌ နှက်သည်၏
အစွမ်းအားဖြင့် ထက်ဝန်းကျင်မှ သုံးသပ်ခြင်းသည်။ ဝရံ၊ မြတ်၏။လ။
ဘိက္ခဝေ၊တို့။ သဏ္ဏေန၊ သိမ်မွေ့သော။ အာဒိတ္တေန၊ ရဲရဲညိသော။
သမ္ပဇ္ဇလိတေန၊ ထက်ဝန်းကျင်မှတောက်သော။ သဉ္ဇောတိ ဘူတေန၊
တက္ပနက် အလျှံဖြစ်၍ဖြစ်သော။ နခစ္ဆေဒနေန၊လက်သည်းလှီးဓားဖြင့်။
ဃာနိန္ဒြိယံ၊ ဃာနိန္ဒြေကို။ သမ္ပလိမဋ္ဌံ၊ လက်သည်းလှီးဓားကို သွင်း၍
ကြွ၍ နှာသီးတို့ တည်ရာတို့နှင့်တက္ပ ဖြတ်၍ချသည်၏ အစွမ်းအားဖြင့်
ထက်ဝန်းကျင်မှ သုံးသပ်ခြင်းသည်။ ဝရံ၊ မြတ်၏။ လ။ ဘိက္ခဝေ၊ တို့။
ဘိဏ္ဏေန၊ထက်သော။ အာဒိတ္တေန၊ ရဲရဲညိသော။ သမ္ပဇ္ဇလိတေန၊ ထက်
ဝန်းကျင်မှ တောက်သော။ သဉ္ဇောတိဘူတေန၊ တက္ပနက်အလျှံ ဖြစ်၍
ဖြစ်သော။ ခုရေန၊ သင်ရန်းဖြင့်။ ဇိဝှိန္ဒြိယံ၊ ဇိဝှိန္ဒြေကို။သမ္ပလိမဋ္ဌံ၊ အဘွဲ
ရင်းကိုဖြတ်သည်၏အစွမ်းအားဖြင့် ထက်ဝန်းကျင်မှသုံးသပ်ခြင်းသည်။

ဝရံ၊ မြတ်၏။ လ။ ဘိက္ခဝေ၊တို့။ တိဿာယ၊ ထက်သော။ အာဒိတ္တာယ၊ ရဲရဲညိသော။ သမ္ဗဒ္ဓလိတာယ၊ထက်ဝန်းကျင်မှ တောက်သော။ သဠော တိဘူတာယ၊ တက္ကနက် အလျှံဖြစ်၍ ဖြစ်သော။ သတ္တိယာ၊ အရိုး တပ်သော ပဲခွပ်ကြိုးဖြင့်။ ကာယိန္ဒြိယံ၊ကာယိန္ဒြိကို။ သမ္ပလိမဋ္ဌံ၊ခွါ၍ချ စေသည်၏ အစွမ်းအားဖြင့် ထက်ဝန်းကျင်မှ သုံးသပ်ခြင်းသည်။ ဝရံ၊ မြတ်၏။ ကာယဝိညေယျသု၊ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ဖေါဋ္ဌဗ္ဗေသု၊ ဖေါဋ္ဌဗ္ဗာရုံတို့၌။ အနုဗျဉ္ဇနသော။ ကိလေသာတို့၏ အဘန် တလဲလဲ ထင်ခြင်းကိုပြုတတ်သော အစိတ် အစိတ်သော အာရုံအားဖြင့်။ ဂါဟော၊ အာရုံကို ယူခြင်း သည်လည်းကောင်း။ နိမိတ္တဂ္ဂါဟော၊ ပေါင်း၍ သုဘဟူသော အာရုံကို ယူခြင်းသည်လည်းကောင်း။ နတ္ထေဝ ဝရံ၊မမြတ်သလျင်ကတည်း။ ဘိက္ခဝေ၊တို့။ နိမိတ္တသာဒေ၊ အပေါင်း သုဘဟူသော အာရုံ၌ တပ်စွန်းသော ရာဂဖြင့်။ ဂဓိတံဝါ၊ တပ်စွန်း သည်လည်းဖြစ်သော်။ ဝိညာဏံ၊ ကံဝိညာဏ်သည်။ အနုဗျဉ္ဇနသာဒေ၊ ကိလေသာတို့၏ အဘန်တလဲလဲ ထင်ခြင်းကို ပြုတတ်သော အစိတ် အစိတ်သော အာရုံ၌ တပ်စွန်းသော ရာဂဖြင့်။ ဂဓိဘံဝါ၊ တပ်စွန်း သည်လည်းဖြစ်သော။ ဝိညာဏံ၊ ကံဝိညာဏ်သည်။ တိဋ္ဌမာနံ၊ တည်ဆဲ ဖြစ်လျက်။ တိဋ္ဌေယျ၊တည်ရာ၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ကာလံက ရေယျ၊ စုတေဋ္ဌေးအံ့။ ယံယေနဋ္ဌာနေန၊ အကြင် အကြောင်းဖြင့်။ နိရ ယံဝါ၊ ငရဲသို့လည်းကောင်း။ တိရစ္ဆာနယောနိံဝါ၊ တိရစ္ဆာန်အမျိုးသို့ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိန္နံဂတီနံ၊နှစ်ပါးကုန်သော ဂတိတို့တွင်။ အညာဂရံ၊ တပါးပါးသော။ ဂတိံ၊ ဂတိသို့။ ဂစ္ဆေယျ၊ လားရာ၏။ ဇေတံဋ္ဌာနံ၊ ထိုအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ ဘိက္ခဝေ၊တို့။ အဟံ၊ ဂါဘုရေးသည်။ ဣမံခေါအာဒီနဝံ၊ ဤမျှးစွာကုန်သော နှစ်အထောင် တို့ပတ်လုံး ငရဲ၌ ခံရအံ့သော ဆင်းရဲဟူသော အပြစ်ကိုလျှင်။ ဒိသွာ၊ မြင်ကော်မူ၍။ ဇဝံ၊ ဤသို့။ ဝဒါမိ၊ ဟောတော်မူ၏။ ဘိက္ခဝေ၊ တို့။ သောတ္တုံ၊ အိပ်ခြင်းသည်။ ဝရံ၊ မြတ်၏။ ဘိက္ခဝေ၊ တို့။ ဇိဝိ ကာနံ၊ သတ္တဝါ တို့၏။ သောတ္တုံ ခေါပနံ၊ အိပ်ခြင်းကိုကား။ ဝဠဉ်၊ အမြဲဟူ၍။ အဟံ၊ ဂါဘုရေးသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ဇိဝိကာနံ၊ သတ္တဝါတို့၏။ သောတ္တုံခေါပနံ၊ အိပ်ခြင်းကိုကား။ အဖလံ၊ အကျိုးမရှိ ဟူ၍။ ဝဒါမိ၊ ဂါဟောတော်မူ၏။ ဇိဝိကာနံ၊ သတ္တဝါတို့၏။ သောတ္တုံ၊

ခေါပန၊ အိပ်ခြင်းကိုကား။ မောမူဟံ၊ တွေဝေခြင်းဟူ၍။ ဝဒါမိ၊ ငါဟော တော်မူ၏။ ယထာရူပါနံ၊ အကြင်သို့ သဘောရှိကုန်သော။ ဝိတက္ကာနံ၊ ဝိတက်တို့၏။ ဝသံ၊ နိုင်ငံသို့။ ဂတော၊ လားသောသူသည်။ သဃ်ံ၊ သဃ်ာကို။ ဘိန္ဒေယျ၊ ခွဲရာ၏။ တထာရူပေ၊ ထိုသို့သဘောရှိကုန်သော။ ဝိတက္ကေ၊ ဝိတက်တို့ကို။ ဝိတက္ကေယျ၊ ကြံငြားအံ့။ နတွေဝဝရံ၊ မမြတ်သလျှင်ကတည်း။ ဘိက္ခဝေ၊ တို့။ အဟံ၊ ငါဘုရားသည်။ ဣမံခေါအာဒီနဝံ၊ ဤအပြစ်ကိုလျှင်။ ဒိသွာ၊ မြင်တော်မူ၍။ ဧဝံ၊ ဤသို့။ ဝဒါမိ၊ ဟောတော်မူ၏။

၆၁-ဟရိတခရှင်ရသေ့ စသည်တို့၏ဝတ္ထု

နဝနိပါတ်ဇာတ် အဌကထာ

ထိုစကား၌ ဤဝတ္ထုကို သိအပ်၏။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘုရားလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်သော ပုဏ္ဏားဖြစ်၏။ ထိုပုဏ္ဏားအား ရွှေနှင့်တူသော အရေရှိသည်၏ အဖြစ်ကြောင့် ဟရိတစ ဟူသောအမည်ကို မှည့်ကုန်၏။ ထို ဟရိတစ ပုဏ္ဏားသည် မိဘသေလွန်သဖြင့် ဟိမဝန္တာ၌ ရသေ့ရဟန်းပြု၍ ခုနစ်ရက်မြောက်သောနေ့၌ ဈာန်အဘိညာဏ်တို့ကိုဖြစ်စေ၍ ထိုဟိမဝန္တာ၌ ကြာမြင့်စွာနေ၍ ချဉ်ဆားမှီဝဲအံ့သောငှါ ဗာရာဏသီမင်း၏ ဥယျာဉ်သို့ သွား၍နေ၏။ ထိုရသေ့သည် မင်း၏အိမ်၌ မပြတ်စားလျက် တဆဲ့နှစ်နှစ်နေ၏။ မင်းသည် ပစ္စန္တရစ်ကိုငြိမ်းစိမ့်သောငှါ သွားသည်ရှိသော် ငါ့ကုသိုလ်မျိုးစေ့၏ ဝိုက်ပျိုးရာလယ်ကို မမေ့စေလင့်ဟု မိဖုယားကိုဆို၍ သွား၏။ မိဖုယားသည် ထိုနေ့မှစ၍ ဘုရားလောင်းကို မိမိလက်ဖြင့် လုပ်ကျွေး၏။ ထိုအခါ တနေ့သ၌ ဘုရားလောင်းလာခြင်းကြာမြင့်လတ်သော် မိဖုယားသည် ရေချိုး၍ ပြေပြစ်သော အဝတ်ကိုဝတ်၍ ခြသေ့်ခံသော လေသွန်ပြကင်းပေါက်ကိုဘွင့်၍ ကိုယ်ကို လေညှင်းခံလျက် လျောင်းလတ်သော် ကောင်းကင်ဖြင့်လာသော ဘုရားလောင်းလျော်တေသက်နီးသံ ကြား၍ အဟုန်အားဖြင့် ထ၏။ ပြေပြစ်သော အဝတ်သည် လျှော၏။ ဘုရားလောင်းလည်း ဝိသဘာဂအာရုံကို မြင်၍ ဖြစ်သော ရာဂရှိသည်ဖြစ်၍ ထိုခဏ၌လျှင် ဈာန်မှလျှော၍ သတိကို ဖြစ်စိမ့်သောငှါ မတတ်နိုင်ရ

ကား မိဖုယား၌ အသဒ္ဓမ္မကို မှီဝဲ၍ ဆွမ်းဘုဉ်းပေး၍ ခြေဖြင့်သာလျှင် ဥယျာဉ်သို့ သွား၏။ ထိုဘုရားလောင်းသည် ထိုနေ့မှစ၍ နေ့တိုင်း ထို့အတူလျှင် ပြု၏။ ဤသို့ ဘုရားလောင်းသည် ဣန္ဒြေကိုမစောင့်ခြင်း ကြောင့် မျက်မှောက်သော ကိုယ်၏အဖြစ်၌ ပျက်စီးခြင်းသို့ ရောက်၏။ ဘုရားလောင်း၏ ထိုအမှုလည်း မြို့အလုံး၌ ထင်ရှား၏။ အမတ်တို့သည် ဟရိတစသည် ဤသို့ ပြု၏ဟု မင်းအား လျှောက်စာ ဆက်ကုန်၏။ မင်းသည် မယုံ၍လျှင် ပစ္စန္တရစ်ကိုငြိမ်းစေရန် တဘန်ပြန်၍ ဥယျာဉ်သို့ ဝင်ပြီးလျှင် ဘုရားလောင်းကို မေး၏။ ဘုရားလောင်းသည် သစ္စာကို ဆိုလေ့ရှိသည်၏ အဖြစ်ကြောင့် အဟုတ်အမှန်ကို ပြောဆို၏။မြတ်သော မင်းကြီး.....ငါ့အား ရှေးဦးစွာ အခွင့်ပြုဦးလော့ဟု ဆို၍ သစ်ရွက်ဖြင့် မိုးအပ်သော ကျောင်းသို့ဝင်၍ ကသိုဏ်းဝန်းကို ကြည့်လျှင် တဘန် ဈာန်ကိုဖြစ်စေ၍ ကျောင်းမှထွက်ပြီးလျှင် ကောင်းကင်၌နေ၍ မင်းအား တရားဟော၍ ဟိမဝန္တာသို့သာလျှင် သွား၍ မယုတ်သော ဈာန်ရှိသည် ဖြစ်၍ ဗြဟ္မာ့ပြည်သို့လား၏။ ။[ဟရိတစရသေ့ဝတ္ထု]။

[ထိုနဝနိပါတ်၌လျှင် လာသော လောမကဿပ ရသေ့ကို လည်း ကောင်း ဧကနိပါတ် ဒသမဝဂ် စုဒ္ဒသမဝဂ် တက္ကသိလဇာတ် ပဉ္စဂရ ဇာတ်အဌကထာတို့၌ အစဉ်အတိုင်း လာသော ငါးပါးကုန်သော ဣန္ဒြေတို့ကို မစောင့်ရှောက်ခြင်းကြောင့် ဘီလူးမတို့သည် စားအပ် ကုန်သော ရူပဂေါစရ အစရှိကုန်သော သူတို့၏ ဝတ္ထုတို့ကိုလည်း ကောင်း ဘီလူးမတို့သည် ဘန်ဆင်းအပ်သော နတ်၌ဖြစ်သော ရူပါရုံ ကိုလည်း ဣန္ဒြေကို ဖျက်၍ ကိလေသာ၏ အစွမ်းအားဖြင့် မကြည့်မူ၍ တက္ကသိုလ်ပြည်သို့ သွား၍ မင်းအဖြစ်သို့ ရောက်ကုန်သော နှစ်ယောက် ကုန်သော ဗာရာဏသီမင်းသားတို့၏ ဝတ္ထုကိုလည်းကောင်း ဆောင် အပ်၏။]

တနည်းကား သဘာဂဖြစ်သော အရာမှ ယုတ်ခြင်း သည်လည်း အပြစ်မည်ကုန်၏။ ထိုကြောင့် ဣန္ဒြေကို စောင့်ရှောက်ခြင်းမှ ကင်းကုန် သော ရဟန်းတို့ကို ဆုံးမတော်မူသော မြတ်စွာဘုရားသည် ရဟန်းတို့ ရဟန်းကို့မည်သည်ကား ရူပါရုံအစရှိသည်တို့၌ သုဘအာရုံ၏ အစွမ်း အားဖြင့် အာရုံကို ယူခြင်းငှါ မသင့်။ထိုသုဘ၏ အာရုံ၏ အစွမ်းအားဖြင့် အာရုံကို ယူသော အခါ၌ သေသော် ဝရဲအစရှိသည်တို့၌ ဖြစ်၏။

ထိုကြောင့် ရှုပါရုံ အစရှိသည်တို့၌ သုဘအာရုံကို မယူကြကုန်လင့်ဟု မိန့်တော်မူ၍ တဘန် သဗ္ဗညူ မြတ်စွာဘုရားသည် ဓမ္မ ဒေသနာကို ဟောတော်မူလိုရကား ရဟန်းတို့....သင်တို့အား ရှုပါရုံကိုကြည့်သော ကာလသည်လည်း ရှိ၏၊ မကြည့်သော ကာလသည်လည်း ရှိ၏၊ ကြည့်သော ကာလ၌ သုဘ၏ အစွမ်းအားဖြင့် မကြည့်မူ၍ အသုဘ၏ အစွမ်းအားဖြင့်သာလျှင် ကြည့်ကြကုန်လော့၊ ဤသို့ သုဘ၏ အစွမ်းအားဖြင့် ကြည့်ကြကုန်သည် ရှိသော် မိမိ၏အာရုံမှ ယုတ်ကုန်လတ္တံ့။ သင်တို့၏အရောသည် အဘယ်နည်းဟူမူကား သတိပဋ္ဌာန် လေးပါး, သမ္မပ္ပဓာန်လေးပါး ၇စ်ပါးသောအင်္ဂါရှိသော အရိယမဂ်, လောကုတ္တရာတရား ကိုးပါး ဤသည်လျှင် သင်တို့အရာတည်း။ ထိုစကားဆုံး သင့်၏။ ထိုဆိုအပ်ပြီးသောအရာ၌ ကျက်စားကုန်သော သင်တို့အား မာရ်သည် အပေါက်ကို မရ၊ သက်ဝင်ချက်ကို မရ အကယ်၍ ကိလေသာတို့၏ နှိုင်ငံသို့ လိုက်ကုန်၍ သုဘအာရုံ၏ အစွမ်းအားဖြင့် ကြည့်ကြကုန်အံ့၊ ပုတိမံသမည်သောမြွေသွေးကဲ့သို့ မိမိအရာယုတ်ကုန်လတ္တံ့ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။ လွန်လေပြီးသောအခါ ဟိမဝန္တာအရပ်တွင် ဟောင်လိုဏ်၌ အရာမက ကုန်သော ဆိတ်တို့သည် နေကုန်သတတ်။ ထိုဆိတ်တို့၏ အတွင်း၌ မောဏ္ဍမာတာ အမည်ရှိသော တရုသော ဆိတ်မသည် ပညာရှိ၏။ အကြောင်းဥပါယ်၌ လိမ္မာ၏။ ထိုဆိတ်တို့၏ နေရာအရပ်မှ အနှီးဖြစ်သော အရပ်တွင် တရုသောလိုဏ်၌ ပုတိမံသမည်သော မြွေသွေးသည် ဝေကိမည်သော မယားနှင့် တကွ နေ၏။ ထိုပုတိမံသမြွေသွေးသည် မယားနှင့်ကကွ ဥပါယ်အားဖြင့် မျှားစွာကုန်သော ဆိတ်တို့ကို စား၍ တဘန် မောဏ္ဍမာတာ မည်သော ဆိတ်မကို စားလိုရကား မယားကို သင်သည် မောဏ္ဍမာတာနှင့် တကွ အနဆွခင်ပွန်းဖြစ်၍ အကျွမ်းဝင်သည်ရှိသော် ငါသည် သေဟန်ပြု၍ အိပ်အံ့၊ သင်သည် မောဏ္ဍမာတာသို့ ဆည်းကပ်၍ ငါ့လင် သေချေပြီ၊ ငါသည်လည်း ကိုးကွယ်ရာမရှိခဲ့၊ ငါ့အား သင်မှတပါး သော အနဆွအမျိုးသည် မရှိ လာပါလော့ ထို ပုတိမံသ မြွေသွေး၏ အနကောင်အား သင်္ကြိတ်ခြင်းကိစ္စကို ပြုကြကုန်အံ့ဟုဆို၍ ဆောင်ခဲ့လော့။ ငါသည်ရုန်၍ လည်ဋ္ဌကိုက်၍သတ်အံ့ဟု ဆို၏။ ထိုမြွေသွေးသည် လင်ဆိတ်ပြု၍ အကျွမ်းဝင်သည် ရှိသော် ထို မောဏ္ဍမာတာကို

လင်သင်တိုင်းဆို၏။ ဆိတ်မသည် သင်၏လင်သည် ငါ၏အမျိုးတို့ကို စားအပ်ကုန်၏။ သင်၏ လင်မှကြောက်၏ လိုက်ခြင်းငှါ မတက်နိုင်ဟု ဆို၏။ ထိုမြွေနွေးမသည် မကြောက်ပါလင့်၊ သေဖြီးသော မြွေနွေးသည် အသို့ပြုလတ္တံ့နည်းဟုဆို၍ ဆိတ်မကိုဆောင်၏။မြွေနွေးသည် ထိုဆိတ်မ မြွေနွေးမတို့၏ ခြေသံကိုကြား၍ ဆိတ်မလာ၏လော၀ဟု ဦးခေါင်းကို ထောင်၍ ကြည့်၏။ ဆိတ်မသည် ထိုသို့ပြုသော ထိုမြွေနွေးကို မြင်၍ ဤယုတ်မာသော သဘောရှိသော မြွေနွေးသည် ငါ့ကို လှည့်စား၍ သတ်လိုသည်၏အဖြစ်ကြောင့် သေဟန်ပြု၍ အိပ်သတည်းဟု လှည့်၍ ပြေးလေ၏။ မြွေနွေးမသည် ဆိတ်မကို လည်ဖြတ်သောငှါ မတတ်နိုင်၍ မြွေနွေးကို ကဲ့ရဲ့လိုခကား—

တွံ ခေါသိ သမ္မ ဥမ္မတ္တော၊ ဒုမ္မဓော အဝိစက္ခဏော။
ယောတွံ မတာလယံ ကတွာ၊ အကာလေန ဝိပေက္ခသိ။

ဟူသော ဂါထာကိုဆို၏။

သမ္မ၊ အချင်းပုတိမံသ။ ယောတွံ၊ အကြင်သင်သည်။ မတာလယံ၊ သေဟန်ကို။ ကတွာ၊ ပြု၍။ အကာလေန၊ ကြည့်ချိန်မဟုတ်ဘိက။ ဝိပေက္ခသိ၊ ကြည့်၏။ သောတွံခေါ၊ ထိုသင်သည်ကား။ ဥမ္မတ္တော၊ ရူးသည်။ ဒုဒ္မဓော၊ ပညာမရှိသည်။ အဝိစက္ခဏော၊ အဆင်အခြင် မရှိသည်။ အသိ၊ ဖြစ်၏။

ဤသို့ အတိတ်ကို ဆောင်တော်မူ၍ နဝနိပါတ် ပုတိမံသဇာတ်၌—

နှ အကာလေ ဝိပက္ခေယျ၊ ကာလေ ပက္ခေယျ ပဏ္ဍိတော။
ပုတိမံသောပ ပဏ္ဍာယိ၊ ယော အကာလေ ဝိပေက္ခတိ။

ဟူသော ဂါထာကို ဟောတော်မူ၏။

ဘိက္ခဝေ၊ တို့။ပဏ္ဍိတော၊ ပညာရှိသော ရဟန်းသည်။ အကာလေ၊ ကာမဂုဏ်တို့ကိုအာရုံပြု၍ အသုဘအာရုံ၏ အစွမ်းအားဖြင့် စိတ်ဖြစ်ခြင်းငှါ မသင့်သောကာလ၌။ နဝိပက္ခေယျ၊ မကြည့်ရာ။ ကာလေ၊သင့်သော ကာလ၌။ ပက္ခေယျ၊ ကြည့်ရာ၏။ ယော၊ အကြင်ရဟန်းသည်။ အကာလေ၊ မသင့်သောကာလ၌။ ဝိပေက္ခတိ၊ ကြည့်၏။ သော၊ ထိုရဟန်းသည်၊ ပုတိမံသောပ၊ ပုတိမံသဖြေးကဲ့သို့။ပဏ္ဍာယိ၊ပင်ပန်းရ၏။

၆၂–အသုဘကမ္မဋ္ဌာနိက တိဿမထေရ်နှင့် ဝဏ္ဏီသမထေရ်တို့ဝတ္ထု

ဝိသုဒ္ဓိမင်္ဂသီလနိဒ္ဒေသ

ထိုကြောင့်ရဟန်းမည်သည်ကားရူပါရုံအစရှိသည်တို့ကိုကိလေသာတို့၏ အဘန်တလဲလဲ ထင်ခြင်းကို ပြုတတ်သော အာရုံ၏အစွမ်းအားဖြင့် အာရုံပြုခြင်း, သုဘအာရုံ၏ အစွမ်းအားဖြင့် အာရုံပြုခြင်းတို့၏ အစွမ်းအားဖြင့်အာရုံမပြုမူ၍ စေတီယတောင်၌ သိတင်းသုံးနေသော အသုဘကမ္မဋ္ဌာန်းကိုစီးဖြန်းသောမဟာတိဿမထေရ်ကဲ့သို့မြင်တိုင်းကြားတိုင်းတွေ့တိုင်းကိုသာလျှင် အာရုံပြုရာ၏။ စေတီယတောင်၌ သိတင်းသုံးနေသော မဟာတိဿမထေရ်သည် ပကတိအားဖြင့် အဋ္ဌိကကမ္မဋ္ဌာန်းကိုစီးဖြန်းသတတ်။ထိုမထေရ်သည် တနေ့သ၌ စေတီယတောင်မှ အနုရာဓပြည်သို့ ဆွမ်းခံသွား၏။ ထိုအခါ တယောက်သောမိန်းမသည် လင်နှင့်ရန်ဖြစ်၍ နံနက်စောစောကလျှင် အနုရာဓပြည်မှ မိဘအိမ်သို့ သွားသော်လမ်းအကြား၌ မထေရ်ကိုမြင်၍ ဘောက်ပြန်သောစိတ်ရှိ၍ သည်းစွာသော ရယ်ခြင်းကို ရယ်၏။ မထေရ်သည် အဋ္ဌိကသညာကိုရ၍ ရပ်မြဲတိုင်းသာလျှင် ပထမဈာန်သို့ ရောက်၏။ ထိုပထမဈာန်ကို အခြေပြု၍ ဝိပဿနာကို ပွါးစေ၍ အရဟတ္တဖိုလ်သို့ ရောက်၏။

[အသုဘကမ္မဋ္ဌာနိကတိဿမထေရ် ဝတ္ထု]

ဤစကားကိုလည်း အလွန်၏အစွမ်းအားဖြင့် ဆိုအပ်၏။ ဤစိတ်မည်သည်ကား လျင်သော ဖြစ်ခြင်းရှိ၏။ ထိုကြောင့် ဖြစ်သောရာဂကို အသုဘဟု နှလုံးသွင်းသဖြင့် ဖျောက်၍ ဈာန်ဒိယသံဝရကို ပြည့်စုံစေအပ်၏။ အဘယ်သူသည် ဖြစ်သောရာဂကို အသုဘဟု နှလုံးသွင်းသဖြင့် ဖျောက်၍ ဈာန်ဒိယသံဝရကို ပြည့်စုံစေသကဲ့သို့ ပြည့်စုံသနည်းဟူမူကား ရဟန်းပြုသစ်စဖြစ်သော အရှင်ဝဏ္ဏီသမထေရ်သည် ဖြစ်သော ရာဂကို အသုဘဟု နှလုံးသွင်းသဖြင့် ဖျောက်၍ ဈာန်ဒိယသံဝရကို ပြည့်စုံစေရာ၏။ ထိုအရှင်ဝဏ္ဏီသမထေရ်သည် အရှင်အာနန္ဒာမထေရ်နှင့် တကွ ဆွမ်းခံသွားသည်ရှိသော် တယောက်သော မိန်းမကို မြင်၍ ဖြစ်သောရာဂရှိသည်ဖြစ်၍ ထိုအကြောင်းကို အရှင်အာနန္ဒာမထေရ်အား ကြား၍

ငါ့အား ရာဂငြိမ်းခြင်း၏အကြောင်းကို ဟောပါလော့ဟု ဆိုဏ်။ ထိုသို့ တပြီးကား ရာဂဖြစ်ခြင်း၏ အကြောင်းဖြစ်သော သုဘအာရုံကို နှလုံး မသွင်းမူ၍ အသုဘဘာဝနာအားဖြင့် စိတ်ကို ပွါးစေလော့ဟု အရှင် အာနန္ဒာမထေရ်ဆိုဏ်။ အရှင်ဝင်္ဂီသမထေရ်သည် အရှင်အာနန္ဒာ အမိန့် တော်ရှိသော အကြောင်းဖြင့် ရာဂကိုဖျောက်၍လျှင် ဆွမ်းခံသွား၏။ ထိုအရှင် ဝင်္ဂီသမထေရ်သည်လည်း နောက်အဘို့၌ အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုစကားမှန်၏။ ဣန္ဒြိယသံဝရသီလသည် တဘန် ဤသို့ သံဝရ၏ ပျက်စီးခြင်းကို မပြုအံ့ဟု စိတ်ကို အဓိဋ္ဌာန်သဖြင့်သာလျှင် စင်ကြယ်သောကြောင့် သံဝရသုဒ္ဓိသီလ မည်၏ဟု အဋ္ဌကထာဆရာ တို့လည်း မိန့်အပ်ကုန်၏။ ထို့ကြောင့် တပါးသော ရဟန်းသည်လည်း သံဝရကိုဖျက်၍ တဘန် သံဝရကို ပြည့်စုံစေအပ်၏။

၆၃–စိတ္တရတ္တမထေရ်ဝတ္ထု

ဝိသုဒ္ဓိမဂ် သီလ နိဒ္ဒေသ

တနည်းကား—ဣန္ဒြိယသံဝရကို ဖြည့်သော ရဟန်းသည် လိန္ဆရွေ ရောက်သောလိုဏ်၌ သီတင်းသုံးနေသော စိတ္တမထေရ်ကဲ့သို့ ဖြစ်ရာ၏။ လိန္ဆရွေရောက်သော လိုဏ်၌ ခုနစ်ဆူကုန်သော ဘုရားရှင်ကို၏ တောထွက်တော်မူဟန် ပန်းချီဆေးရေးခြင်းသည် ဖြစ်သတတ်။ စိတ္တ မထေရ်သည် ထိုလိုဏ်၌အနှစ်ခြောက်ဆယ်ကျော်သီတင်းသုံးနေလျက် ထမ်းပိုးတပြန်မျှ ကြည့်လေ့ရှိသည်၏ အဖြစ်ကြောင့် မျက်စိကိုဘွင့်၍ လိုဏ်ကိုမကြည့်စဘူး။ ထိုကြောင့် ထိုလိုဏ်၌ ပန်းချီဆေးရေးရုပ် ရှိသည်၏ အဖြစ်ကိုမျှလည်း မသိ။ ဥလ္လောကာ ပထမံ သြဟာရေ တဗ္ဗံ။ ။ဥလ္လောကာ၊ဗိတာန်မှ။ပထမံ၊အစပြု၍။ သြဟာရေတဗ္ဗံ၊သုတ် သင်အပ်၏။ ဤသို့ ကျောင်းသုတ်သင်ရာသော ဝတ်ကို ဟောတော် မူသည် မဟုတ်တုံလော။ မထေရ်သည် ကျောင်းကိုမသုတ်သင်သလော ဟူမူကား မသုတ်သင်။ မထေရ်၏ အန္တေဂါသိက အစရှိကုန်သော တပည့်တို့သည်သာလျှင် ကျောင်းကို သုတ်သင်လေကုန်၏။ ထိုအခါ တနေ့သ၌ များစွာကုန်သော ရဟန်းတို့သည် ကျောင်းစဉ်လည်ကုန် လတ်သော် ပန်းချီကို မြင်ကုန်၍ အရှင်ဘုရား ပန်းချီသည် အလွန်

မွေ့လျော်ဘွယ်ရှိစွဟု ဆိုကုန်၏။ စိတ္တမထေရ်သည် ငါ့ရှင်တို့ ဤမျှ လောက်သော ကာလပတ်လုံး ဤလိုဏ်ဌ်သာလျှင် နေသော ငါသည် မသိစဘူး ယနေ့တွင် ယခုမှ မျက်စိအမြင်နှင့် ပြည့်စုံကုန်သော ငါ့ရှင် တို့ကို အမှီပြု၍ သိရ၏ဟု ဆို၏။ မထေရ်၏ လိုဏ်တံခါးဌ်လည်း ဂန့်ကော်ပင်ကြီးသည်လည်းရှိ၏။ထိုဂန့်ကော်ပင်ကြီးကိုလည်း မထေရ် သည် မော်၍မကြည့်စဘူးသလျှင်ကတည်း။ မထေရ်သည် နှစ်စဉ်မြေဌ် ဝတ်ဆံကျသည်ကို မြင်၍လျှင် ဂန့်ကော်ပင်၏ ပွင့်သည်၏ အဖြစ်ကို သိသတတ်။ မင်းသည် မထေရ်၏ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံခြင်းကို ကြား၍ ရှိခိုးလိုရကား သုံးကြိမ်ပင့်စေ၍ မထေရ်သည် မလာသည် ရှိသော် အကြင်မျှလောက် မထေရ်သည် မလာသေး၊ ထိုမျှလောက် သူငယ်တို့သည် နို့စို့ခြင်းကို မရစေကုန်လင့်ဟု မဟာဂါမဌ် သားငယ် ရှိကုန်သော မိန်းမတို့၏ နို့ကို အနှောင်အဘွဲအားဖြင့် နှောင်ဘွဲစေ၍ မင်း၏ တံဆိပ်ဖြင့် တံဆိပ်ခတ်စေ၏။ မထေရ်သည် သူငယ်တို့အား သနားတော် မူသဖြင့် မဟာဂါမသို့ ကြွတော်မူ၏။ ထိုစကားကို ကြား၍ မင်းသည် မထေရ်ကို နန်းတွင်းသို့ ဆောင်စေ၍ ရှိခိုး၍ ကျွေးမွေးပြီးလျှင် အရှင်ဘုရား ယနေ့ အခွင့်မရှိသေး၊ နက်ဖြန်မှ သီလ ယူအံ့ဟု ဆို၍ သပိတ်ကို ကိုင်၍ အတန်ငယ် ပို့လိုက်ပြီးလျှင် မိဖုယား နှင့်တကွ ရှိခိုး၍ ပြန်၏။ နက်ဖြန်လည်း မင်းသည် ထို့အတူသျှင် လှူဒါန်း၍ နက်ဖြန်မှ သီလယူအံ့ဟုဆို၍ ဤနည်းဖြင့်လျှင် ခုနစ်ရက်ကို လွန်စေ၏။ မထေရ်သည်ကား မင်းရှိခိုးသော အခါဌ်လည်းကောင်း မိဖုယား ရှိခိုးသော အခါဌ်လည်းကောင်း အသံ အခြင်းအရာမျှကိုသာ ယူ၏။ မိန်းမယောကျ်ားဟူ၍ ခွဲဝေခြင်းကိုကား မပြု။ ထိုကြောင့် မိဖုယားမင်းတို့၏ ရှိခိုးသော ကာလဌ် မင်းကြီးသည် ချမ်းသာစေ သတည်းဟု ထပ်တူပြု၍ ဆို၏။ မထေရ်သည် မဟာဂါမဌ် ခုနစ်ရက် နေ၍ မထေရ်အား ဤအရပ်ဌ် နေရခြင်းသည် ဆင်းရဲ၏ဟု မင်းသည် လွှတ်လိုက်၍ မိမိလိုဏ်သို့ သွား၍ ညအတို့ဌ်စင်္ကြံသို့ တက်၏။ဂန့်ကော် ပင်ဌ် နေသော နတ်သည် အရှင်ကား အလွန်လျှင် သီလရှိ၏ဟု ဆီမီး တို့ကို ကိုင်၍ ရပ်၏။ မထေရ်သည် ကမ္မဋ္ဌာန်းကို နှလုံးသွင်းသဖြင့်လျှင် စင်္ကြံသွားလျက် သန်းခေါင်ယံ၏ အခြားမဲ့ဌ် တောင်အလုံးကို ပဲ့တင် ထပ်စေလျက် အရဟတ္တဖိုလ်သို့ ရောက်၏။ [စိတ္တဂုတ္တ မထေရ်ဝတ္တု]။

အာဇိဝပါရိသုဒ္ဓိ သိလသည်ကား ကောင်းသော အသက် မွေးခြင်းဖြင့် အသက်မွေးသော ရဟန်းအား စင်ကြယ်၏။ ထိုကြောင့် မဟာသတိပဋ္ဌာနသုတ်၌–

> ကတမော စ ဘိက္ခဝေ သမ္မာအာဇိဝော။ ဣဓ ဘိက္ခဝေ အရိယသာဝကော မိစ္ဆာ အာဇိဝံ ပဟာယ သမ္မာအာဇိဝေန ဇီဝိတံ ကပ္ပေတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇိဝော။

ဟူ၍ ဟောတော်မူအပ်၏။

ဘိက္ခဝေ၊တို့။ သမ္မာအာဇိဝေါ၊ သမ္မာအာဇိဝသည်။ ကတမော စ၊ အဘယ်နည်း ဟူမူကား။ ဘိက္ခဝေ၊တို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ ဘုရားတပည့်သည်။ မိစ္ဆာအာဇိဝံ၊ မှားယွင်းသော အားဖြင့် အသက်မွေးခြင်းကို။ ပဟာယ၊ ပယ်၍။ သမ္မာအာဇိဝေန၊ ကောင်းသော အသက်မွေးခြင်းဖြင့်။ ဇီဝိတံ၊ အသက်မွေးခြင်းကို။ ကပ္ပေတိ၊ပြု၏။ ဘိက္ခဝေ၊တို့။ အယံ၊ ဤတရားကို။ သမ္မာအာဇိဝေါ၊ သမ္မာအာဇိဝဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

> မိစ္ဆာအာဇိဝန္တို့ ခါဒနိယဘောဇနိယာဒိနဲ့ အတ္ထာယ ပဝတ္တိတံ ကာယဝစီဒုစ္စရိတံ။ ။ထိုပါဠိတော်၏ အဋ္ဌကထာ။

မိစ္ဆာအာဇိဝန္တို့၊ မိစ္ဆာအာဇိဝံ ဟူသည်ကား။ ခါဒနိယဘောဇနိယာဒိနဲ့၊ ခဲကွယ်ဘောဇဉ် အစရှိသည်တို့၏။ အတ္ထာယ၊ အကျိုးငှာ။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ ကာယဝစီဒုစ္စရိတံ၊ ကာယဒုစ္စရိုက် ဝစီဒုစ္စရိုက်တည်း။

ထိုအဋ္ဌကထာ၌ ဆိုအပ်သော ဒုစရိုက် နှစ်ပါးကိုလည်း–

> ကာယိကော မိစ္ဆာဇီဝေါနာမ ပဒုဋ္ဌိတ္တာဝေဠကမ္မာဒိ ဝသေန တေလအရိဋ္ဌပစနာဒိနိ။ ဝါစသိကော မိစ္ဆာဇီဝေါ နာမ ဂိဟိနံ သာသနသမုဒိစ္ဆနာ ရောစနာဒိနိ။

ဟူ၍ ကမ္မကွန်ကအဋ္ဌကထာ၌ ဆိုအပ်သော နည်းဖြင့် သိအပ်၏။

ပဒုဋ္ဌိတ္တာဝေဠကမ္မာဒိ ဝသေန၊ ပယ်တော် မူအပ်သော ဖြင်ပဖြစ်သော သူအား ဆေးကုခြင်း၏ အစွမ်းဖြင့်။ တေလအရိဋ္ဌပစနာဒိနိ၊ ဆီချက်ခြင်း အရိဋ္ဌဆေးကိုချက်ခြင်းအစရှိသည်တို့သည်။ ကာယိကော၊

ကိုယ်ဖြင့် ပြုအပ်သော။ မိစ္ဆာဇီဝေါနာမ၊ မိစ္ဆာဇီဝမည်၏။ ဂိဟီနံ၊ လူတို့၏။ သာသနသမ္ပဋိစ္ဆနာရောစနာဒီနံ၊ သတင်းစကားကိုကြားအံ့ဟု ဝန်ခံခြင်း ကြားခြင်း အစရှိသည်တို့သည်။ ဝါစသိကော၊ စကားဖြင့် ပြုအပ်သော။ မိစ္ဆာဇီဝေါနာမ၊ မိစ္ဆာဇီဝမည်၏။ ။ထိုအဌကထာ၌ ပဋိက္ခိတ္တဝေဇ္ဇကမ္မ ဟူသည်ကား ပယ်တော်မူအပ်သော ပြင်ပသူဟု ဆိုအပ်သော ခွင့်ပြုတော်မမူအပ်သော သူအား ဆေးကုခြင်းတည်း။ ထိုကြောင့် လာတိုင်း လာတိုင်းသော ဆေးတောင်းသော ပြင်ပသူအား ဆေးမကုအပ်၊ ကုသော ရဟန်းသည် ဒုက္ကဋ် အာပတ်သို့ ရောက်၏။ ဝေဇ္ဇကမ္မဝိနိတတတီယပါရာဇိက ဘေသဇ္ဇကရဏဝဏ္ဏု အဌတကာ၌ အကျယ်အားဖြင့် ဆိုအပ်၏။ ဤ၌ကား အကျဉ်း ဆိုပေအံ့။ သီတင်း သုံးဘော် ငါးယောက်, သာမဏေလောင်း, မိမိအမှု ကြီးငယ်ကို ပြုသောသူ,အမိ,အဘ,ဝင်းတို့၏အလုပ်အကျွေးအားဖြင့်တကျိပ်၊အစ်ကို, ညီငယ်, နှမငယ်, မိကြီး, မိထွေး, ဘကြီး,ဘထွေး, အကြီး,အရီး,ဝရီး, အားဖြင့် အမျိုးတကျိပ်၊နာ၍ ကျောင်းသို့လာသော အာဂန္တုက,ခိုးသူ, စစ်ရှုံးသောသူ,မင်း, ဆွေမျိုးတို့သည် စွန့်အပ်သော ခရီးသွားအားဖြင့် ငါးယောက်၊ ဤနှစ်ကျိပ်ငါးယောက်ကုန်သော ဘုရားခွင့်ပြုတော်မူအပ် ကုန်သောသူတို့အားဆေးကုအပ်၏။တကျိပ်ကုန်သောအမျိုးတို့၏အမျိုး ခုနစ်ဆက်တိုင်အောင် သားမြေးအစရှိကုန်သော သူတို့သည်လည်း ထို အစ်ကိုကြီးအစရှိကုန်သောသူတို့နှင့် စပ်သည်၏အဖြစ်ကြောင့် ရဟန်း၏ အဆွေအမျိုးဖြစ်ကုန်သလျှင်ကတည်း။ ထိုကြောင့် သားမြေးအစရှိကုန် သောသူတို့ကိုလည်း တကျိပ်သောအမျိုး၌ သွင်းအပ်၏။ ထိုစကားမှန်၏။ ထိုတကျိပ်ကုန်သော အမျိုးတို့၏ သားမြေးအစရှိကုန်သော သူတို့အား လည်း ဆေးကုအပ်၏။ အစ်ကိုညီတို့၏မယား နှမ၏လင် မိထွေး၏လင် ဘထွေး၏မယား ဤသို့အစရှိကုန်သော သူတို့သည် နာကုန်အံ့၊ အဆွေ အမျိုးတော်ကုန်အံ့၊ထိုသူတို့အားလည်း ကုအပ်၏။ အဆွေအမျိုး မတော် ကုန်အံ့၊ ဆေးဘော်၍ အစ်ကိုအစရှိကုန်သောသူတို့အား သင်တို့၏စောင့် ရှောက်ရာ၌ ပေးလေကုန်လော့ဟု ဆို၍ ပေးအပ်၏။ သင်တို့၏ မိဘ တို့အားပေးလေကုန်လော့ဟုဆို၍ ထိုသူတို့၏ သားသမီးတို့အားလည်း ပေးအပ်၏။ အကြင် အကြင် ဆိုအပ်ကုန်ပြီးသော ထိုသူတို့မှ တပါး သော သူသည်ကား ပြင်ပဖြစ်သော သူမည်၏။ ထိုပြင်ပ ဖြစ်သော

သူအား ကုခြင်းသည်ကား ပယ်တော်မူအပ်သောသူအား ဆေးကုခြင်း မည်၏။ ခွင့်ပြုကော်မူအပ်သော သူအား ဆေးကုသော ရဟန်း သည်လည်း အစဉ်၌ တကျိပ်ကုနဲသော သူတို့အား ထိုသူတို့၏ ဥစ္စာဖြင့် ကုအပ်၏။ ထိုသူတို့၏ ဥစ္စာ မရှိသော်လည်း မိမိဥစ္စာဖြင့် ကုအပ်၏။ မိမိဥစ္စာသည်လည်း မရှိသော် ဆွမ်းခံဝတ်ဖြင့် ရှာမှီးအပ်၏။ ဤသို့ ဆွမ်းခံဝတ်ဖြင့် ရှာ၍မရသော ရဟန်းသည် မိဘ၏အဆွေအမျိုးတော်ရာ ဘိတ်ရာမှ လည်းကောင်း ထိုသူတို့၏ အဆွေအမျိုးတော်ရာမှလည်း ကောင်း ရှာအပ်၏။ ဤသို့ ရှာသော်လည်း မရသော ရဟန်းသည် ပစ္စည်းဖြင့် မဘိတ်ရာ၌ တောင်းသဖြင့်လည်း ရှာအပ်၏။ ကြွင်းကုန် သော ဆွမျိုးတို့အားကား ထိုသူတို့၏ ဥစ္စာဖြင့်သာလျှင် ကုအပ်၏။ ထိုသူတို့၏ ဥစ္စာသည် မရှိသော် မိမိဥစ္စာကို တခဏမျှ ပေးသင့်၏။ အကယ်၍ အစားပေးကုန်အံ့၊ ယူအပ်၏။ မပေးကုန်အံ့၊ မတောင်းအပ်။ ထိုစကား မှန်၏။ အမျိုးတို့၏ ဥစ္စာကို တောင်း၍လည်း ယူအပ်၏။ ထိုကြောင့် အမျိုးတို့အား ပစ္စည်းလေးပါးကို ဆောင်စေသော ရဟန်း အား အကကဝိညတ်သည်လည်းကောင်း ဆေးကုသော ရဟန်းအား ဝေဇ္ဇကမ္မသည်လည်းကောင်း ကုလသင်္ဂဟအကျိုးငှါ ပေးသောရဟန်း အား ကုလဒူသန အာပတ်သည်လည်းကောင်း မဖြစ်။ အာဂန္တုကအစရှိကုန်သော ငါးယောက်ကုန်သော သူတို့အား မိမိဥစ္စာဖြင့်လည်း လာဘ်ကို မကောင်းဘသဖြင့် ကုအပ်၏။

အာဂန္တုကစောရဒီနံ ကရောန္တေနာဝိ မနုဿာနာမ ဥပကာရကာ ဟောန္တိ အတ္တနော တေဟိ လာဘံ အပတ္ထယန္တေန ကာတဗ္ဗံ။ ပစ္ဆာသိသံ ကရောန္တသပန ဝေဇ္ဇကမ္မကုလဒူသနာဒိဒေါသော ဟောတိ။ ဥပကာရကေ ကတေ သာသနကုဏ်ံ ဥတ္တာ ပသိဒန္တိ သံဃသာဒါ ဥပကာရကာ ဟောန္တိ ကာရဏော ဒေါသော နတ္ထိ။

အာဂန္တုကစောရဒီနံ၊ ဇည်္ဈသည်ဒိုးသူ အစရှိကုန်သောသူတို့အား။ ကရောန္တေနာဝိ၊ ဆေးကုသောရဟန်းသည်လည်း။ မနုဿာနာမ၊ လူတို့ မည်သည်ကား။ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ အတ္တနော၊ မိမိသို့။ တေဟိ၊ ထိုသူတို့မှ။ လာဘံ၊ လာဘ်ကို။ အပတ္ထယန္တေန၊ မတောင့်တသဖြင့်။ ကာတဗ္ဗံ၊ ကုအပ်၏။

ပစ္စာသိသံ၊ တောင့်တခြင်းကို။ ကရောန္တာသပန ပြုသောရဟန်းအား ကား။ ဝေဇ္ဇကမ္မကုလဒူသနာဒိဒေါသော၊ ဆေးကုခြင်း အမျိုးတို့၏ သဒ္ဓါတရားကိုဖျက်ဆီးခြင်း အစရှိသော အပြစ်သည်။ ဟောတိ၊ဖြစ်၏။ ဥပကာရကော၊ ကျေးဇူးကို။ ကတော၊ ပြုသည်ရှိသော်။ သာသနဂုဏံ၊ သာသနာတော် ကျေးဇူးကို။ ဥတ္တာ၊ သိ၍။ ပသီဒန္တီ၊ ကြည်ညိုတတ် ကုန်၏။ သံဃသဝါ၊ သံဃာအားလည်း။ ဥပကာရကာ၊ ကျေးဇူး ပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတိ၊ ဤသို့ နှလုံးသွင်း၍။ ကာရ ဏော၊ ဆေးကုသော်ကား။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဤသို့ ဝိမတိဝိနောဒနီဋီကာ၌ ဆိုအပ်၏။ ။အရိဋ္ဌပစနာဒိနိ ဟူသော အဋ္ဌ ကထာပါဋ်၌ အရိဋ္ဌဟူသည်ကား ဆေးအထူးတည်း၊ ထို အရိဋ္ဌကို သုရာပါနသိက္ခာပုဒ် အဋ္ဌကထာ၌–

> အာမလကာဒိနံယေဝ ကိရ ရသေန အရိဋ္ဌံ ကရောန္တိ။ သော မဇ္ဇဝဏ္ဏဂန္ဓရသောစေဝ ဟောတိ၊ နစ မဇ္ဇံ။

ဟူ၍ ဆိုအပ်၏။

အာမလကာဒိနံယေဝ၊ ရှစ်ရှားသီး အစရှိသည်တို့၏သာလျှင်။ ရသေ နာ၊ အရည်ဖြင့်။ အရိဋ္ဌံ၊ အရိဋ္ဌဆေးကို။ ကရောန္တိကိရ၊ ပြုကုန်သတတ်။ သော၊ ထိုအရိဋ္ဌဆေးသည်။ မဇ္ဇဝဏ္ဏ ဂန္ဓရသောစေဝ၊ သေ၏အဆင်း အနုံ့အရသာရှိသည်လည်း။ဟောတိ၊၏။နစမဇ္ဇံ၊သေလည်းမဟုတ်။ ။ အကြင် ဘောဇဉ်သည် ဘုရားပယ်တော် မူအပ်သော သူအား ဆေးကု ခြင်း အစရှိသည်ကို အမှီပြု၍ ဖြစ်၏။အလုံးစုံသော ဘောဇဉ်သည်ကား မအပ်သော ဘောဇဉ်သည်သာလျှင်ဖြစ်၏။ထိုကြောင့် ပထမပဝါရဏာ သိက္ခာပုဒ်၏ အဘွင့်၌–

> ကုလဒူသန ဝေဇ္ဇကမ္မ ဥတ္တရိမနုဿမေ္မာရောစန သာဒိတရူပိ ယာဒိဟိ နိဗ္ဗတ္တ ဗုဒ္ဓပဋိကုဋ္ဌ အနေသနာသ ဥပ္ပနဲ့ အကပ္ပိယ ဘောဇနံ။

ဟူ၍ မိန့်အပ်၏။

ကုလဒူသက ဝေဇ္ဇကမ္မ ဥတ္တရိမနုဿမေ္မာရောစန သာဒိတရူပိယာ ဒိဟိ၊အမျိုးတို့၏သဒ္ဓါတရားကိုဖျက်ဆီးခြင်း ဆေးကုခြင်းဥတ္တရိမနုဿ မေ္မကိုကြားခြင်း သားယာအပ်သော ရွှေငွေအစရှိသည်တို့ဖြင့်။ နိဗ္ဗတ္တ

ဗုဒ္ဓပဋိကုဋ္ဌအနေသနာယ၊ ဖြစ်သော ဘုရား စက်ဆုပ်တော် မူအပ်သော မသင့်သော ရှာမှီးခြင်းဖြင့်။ ဥပ္ပန္နံ၊ဖြစ်သော ဘောဇဉ်သည်။ အကပ္ပိယ ဘောဇနံ၊ အကပ္ပိယဘောဇဉ်သည်။ ဟောတိ၊ဖြစ်၏။ ။လူတို့၏ ဒုတ ကမ္မကိုကားကုလဒူသကသိက္ခာပုဒ်အဘွင့်၌အကျယ်အားဖြင့်ဆိုအပ်၏။ ၏ ကျမ်း၌ကား အကျဉ်း ဆိုပေအံ့။ သီတင်းသုံးဘော် ငါးယောက်, သာမဏေလောင်း, မိမိအမှုကြီးငယ်ကို ပြုသောသူ, အမိ,အဘ, ၏ကိုး ယောက်သောသူတို့၏ သတင်းစကားကို ဝန်ခံခြင်းငှါ လည်းကောင်း ကြားခြင်းငှါလည်းကောင်း အပ်၏။ ၏ကိုးယောက်မှ တပါးသော သူတို့ ၏ကား အပ်သောသတင်းစကားကိုသာလျှင် ဝန်ခံအပ်ကြားအပ်၏။ ထို ကြောင့် ငါ၏စကားဖြင့် မြတ်စွာဘုရားခြေတော်တို့ကို ရှိခိုးပါလေကုန် ဟူ၍လည်းကောင်း စေတီ ဆင်းတုတော်ကို ဗောဓိကို သံဃာထေရ်ကို ရှိခိုးပါလေကုန်ဟူ၍လည်းကောင်း နံ့သာပူဇော်ခြင်း ပန်းပူဇော်ခြင်းကို ပြုပါလေကုန်ဟူ၍လည်းကောင်း အလှူကိုလှူပါအံ့၊ တရားတော်ကို နာပါ ကုန်အံ့၊ ရဟန်းတို့ကို စည်းဝေး ပါစေကုန်လော့ ဟူ၍လည်းကောင်း၊ ၏သို့သဘောရှိကုန်သော သတင်းစကားတို့၌ ကုက္ကုစ္စကို မပြုအပ်။ ထို စကားမှန်၏။ထိုသတင်းစကားတို့သည်အပ်သောသတင်းစကားဖြစ်ကုန် ၏။လူတို့၏အမှုနှင့်မစပ်ကုန်။အကြင်ရဟန်းသည်ကား ကိုးယောက်ကုန် သော သူတို့မှတပါးကုန်သောသူတို့၏အပ်သော သတင်းစကားမှတပါး သော သတင်းစကားကို ယူ၍ သွားအံ့။ထိုရဟန်းအား လှမ်းတိုင်းလှမ်း တိုင်းဒုက္ကဋ်အာပတ်သင့်၏။ထို အမှုကို အမှီပြု၍ရသောဘောဇဉ်ကိုစား သော ရဟန်းအားလည်း မျိုတိုင်းမျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ကုလ ဒူသကအမှုကြောင့် ဖြစ်ကုန်သော ပစ္စည်းတို့သည် ထိုအမှုကို ပြုသော ရဟန်းမှ တပါးကုန်သော ငါးယောက်ကုန်သော သီတင်းသုံးဘော် တို့အား အပ်ကုန်၏။ မိမိ၌ မဖြစ်သော ဥတ္တရိမနုဿမ္မေကို ကြားခြင်း ရွှေငွေကုန်စလယ်သွယ်ခြင်းတို့ကြောင့်ဖြစ်သောပစ္စည်းတို့နှင့် တူကုန်၏။ ၏ရဟန်းသည် တမန်တို့၏ အမှု ဆေးကုခြင်း အစရှိသည် ကို့ကြောင့် ဖြစ်သော ပစ္စည်းကို သုံးဆောင်၏။ ထိုရဟန်း၏ အသက်မွေးခြင်းသည် မစင်ကြယ်။ထိုကြောင့် ရဟန်းသည် စင်ကြယ်သဖြင့် ဖြစ်စေအပ်ကုန် သော ပစ္စည်းတို့ကိုသာလျှင် မှီဝဲသဖြင့် မစင်ကြယ်သဖြင့် ဖြစ်ကုန်သော ပစ္စည်းတို့ကို မြွေဟောက်တို့ကိုကဲ့သို့ကြဉ်အပ်ကုန်၏။ ရတင်မဆောက်

တည်သော ရဟန်းအား ထိုဆိုအပ်ပြီးသော နှစ်ပါးသော ဘောဇဉ် သည်လည်းကောင်း သံဃာမှ ရအပ်ကုန်သော ပစ္စည်းတို့သည်လည်း ကောင်း ဂိုဏ်းမှ ရအပ်ကုန်သော ပစ္စည်းတို့သည် လည်းကောင်း တရားဟောခြင်း အစရှိကုန်သော အကြောင်းကြောင့် ထို ရဟန်း၏ ကျေးဇူး၌ ကြည်ညိုကုန်သော လူတို့၏ အထံမှ ရအပ်ကုန်သော ပစ္စည်း တို့သည်လည်းကောင်း စင်ကြယ်သော ပစ္စည်းမည်ကုန်၏။ ပိဏ္ဍပါတ် အကျင့် အစရှိသည် တို့ကြောင့် ဖြစ်ကုန်သော ပစ္စည်းတို့သည်ကား အလွန်စင်ကြယ်သောပစ္စည်းမည်ကုန်သလျှင်ကတည်း။ ရတင်ဆောက် တည်သော ရဟန်းအား ပိဏ္ဍပါတ်အကျင့် အစရှိသည် တို့ကြောင့် ဖြစ်ကုန်သော ပစ္စည်းတို့သည်လည်းကောင်း ထိုရဟန်း၏ ရတင် ကျေးဇူး၌ ကြည်ညိုကုန်သောသူတို့၏ အထံမှ ရတင်ဖြင့် မှတ်အပ်သော အကျင့်အားလျော်သဖြင့် ဖြစ်ကုန်သော ပစ္စည်းတို့သည် လည်းကောင်း စင်ကြယ်သော ပစ္စည်းမည်ကုန်၏ ဟူ၍ ဝိသုဒ္ဓိမဂ်၌ ဆိုအပ်၏။

အာဇီဝ ပါရိသုဒ္ဓိသီလဉ် အနေသနံ ပဟာယ ဓမ္မေန သမေန ပစ္စယေ ဥပ္ပါဒေန္တသ ပရိယေသနာယသုဒ္ဓတ္တာ ပရိယေဋ္ဌိသုဒ္ဓိ။

ဟိသစ္စံ၊ မှန်၏။အာဇီဝပါရိသုဒ္ဓိသီလံ၊ အာဇီဝပါရိသုဒ္ဓိသီလသည်။ အနေသနံ၊ မသင့်သော ရှာမှီးခြင်းကို။ပဟာယ၊ပယ်၍။ဓမ္မေန၊တရားနှင့်။ သမေန၊ညီသဖြင့်။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ဥပ္ပါဒေန္တသ၊ ဖြစ်စေသော ရဟန်းအား။ ပရိယေသနာယ၊ရှာမှီးခြင်းဖြင့်။သုဒ္ဓတ္တာ၊စင်ကြယ်သည်၏ အဖြစ်ကြောင့်။ ပရိယေဋ္ဌိသုဒ္ဓိ၊ ပရိယေဋ္ဌိသုဒ္ဓိမည်၏။

၆၄–မဟာတိဿမထေရ်ဝတ္ထု

ဝိသုဒ္ဓိမဂ်ဋီကာ

ထိုကြောင့် ရဟန်းမည်သည့်ကား အာဇီဝကို သုတ်သင်သဖြင့် ဆွမ်းပြတ်သော ရဟန်းသည်လည်း စီရဂုမ္ပ၌ သီတင်းသုံးနေသော မဟာတိဿမထေရ်ကဲ့သို့ မသင့်သော ရှာမှီးခြင်း၌ စိတ်ကိုမျှလည်း မဖြစ်စေရာ၊ ကိုယ်နှုတ်တို့၏ ဘောက်ပြန်ခြင်းကိုကား ဆိုဘွယ်မရှိ သလျှင်ကတည်း။ မဟာတိဿမထေရ်သည် ဝတ်မွတ်သော ကာလ၌

ခရိုးသွားသည်ရှိသော် ဆွမ်းပြတ်ခြင်းသည် လည်းကောင်း ခရိုးပင်ပန်း ခြင်းကြောင့်လည်းကောင်း နွမ်းမိသောကိုယ်ရှိ၍ အားနည်းရကား တခုသော အသိုးသိုးသော သရက်ပင်၏ အမြစ်ရင်းခွဲ လျောင်း၏။ များစွာကုန်သော သရက်သီးကိုသည် ထိုးထိုခွဲ ကျကုန်၏။ ထိုအခါ တယောက်သော ကြိုးသော သိဘင်းသည်သည် မထေရ်ကိုမြင်လျှင် ပင်ပန်းသည်၏အဖြစ်ကိုသိ၍ သရက်သီးအဖျော်ကို သောက်စေပြီးလျှင် မိမိကျောက်ကုန်းခွဲ ပိုး၍ နေရာအရပ်သို့ ဆောင်၏။ မထေရ်သည် ဤသိဘင်းသည်ကား သင့်အာလည်းမဟုတ် သင့်အဖိလည်းမဟုတ် သင့်အမျိုးလည်းမဟုတ် သင့်အဆွေလည်းမဟုတ် သင့်အမှုသည်လည်းမဟုတ် ထိုသို့သဘောရှိသော ကိစ္စကို ပြုသည်ကား သိလရှိသော သင်၏အကြောင်းကြောင့် ပြုသတည်းဟု ဝိပဿနာကုပွါးစေ၍ ထိုသိဘင်းသည်၏ ကျောက်ကုန်းခွဲ စီးလျက်လျှင် အရှာဘွဲ့ဖိုလ်သို့ ရောက်၏။

[မဟာတိသမထေရ်ဝတ္ထု]

၆၅–မဆင်ခြင်ဘဲသုံးဆောင်သောဝတ္ထု

ကွေနိပါတ်ဇာတ် အဋ္ဌကထာ

ပစ္စယသန္နိဿိတ သိလသည်ကား ပစ္စဝေက္ခဏာ ဆင်ခြင်သဖြင့် စင်ကြယ်ခြင်းကြောင့် ပစ္စဝေက္ခဏာသုဒ္ဓိမည်၏ဟူ၍ အဋ္ဌကထာဆရာတို့သည် ဆိုအာပ်၏။ ထိုကြောင့် ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းခွဲ အပြစ်ကိုရှာသဖြင့် ပစ္စည်းတို့ကို ပစ္စဝေက္ခဏာဆင်ခြင်အပ်ကုန်၏။ ရှေးခွဲ ရဟန်းတို့သည် များစွာသောအားဖြင့် ပစ္စဝေက္ခဏာ မဆင်ခြင်ကုန်ဘဲ ပစ္စည်းလေးပါးတို့ကို သုံးဆောင်ကုန်၍ ငရဲတိရစ္ဆာန် အမျိုးမှ မလွတ်ကုန်သတတ်။ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ ရဟန်းတို့မည်သည်ကား လေးပါးကုန်သော ပစ္စည်းတို့ကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းငှါ မအပ်။ ထိုကြောင့် ယခုနေ့မစ၍ ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ကြကုန်လော့ဟု ဟိန့်တော်မူ၍ ဆင်ခြင်သော အစီအရင်ကို ပြတော်မူလိုရကား.....ဤဝပန ဘိက္ခဝေ ဘိက္ခု ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝတိ ဤပါဠိ အစရှိသော

နည်းဖြင့် ပါဠိတော်ကိုထား၍ ပစ္စေကဗုဒ္ဓာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းမည်သည်ကား လတ်တလော သေစေတတ်သော အဆိပ်ကို သုံးဆောင်သည်နှင့် တူ၏။ ဤဒွိ ဖြစ်ကုန်သော သူတို့သည်လည်း မဆင်ခြင်ကုန်မူ၍ အပြစ်ကို မသိကုန်မူ၍ အဆိပ်ကို သုံးဆောင်၍ ကြီးစွာသော အဆင်းရဲကို ခံရဘူးလေကုန်၏ဟု ဟောတော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။ ။လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘုရားလောင်းသည် မျှားသော စည်းဗမ်ရှိသော ကြွေအန်ကြွေးသောသူဖြစ်၏။ ထိုအခါ တယောက်သော စည်းလဲသော အန်ကြွေးသောသူသည် ဘုရားလောင်းနှင့် ကစား၍ မိမိအောင်သည် ရှိသော ကစားရာအဝန်းကို မဖျက်။ မိမိရှုံးသော ကာလ၌ကား အန်ကိုခံတွင်း၌ ထည့်၍ အနံပျက်ပြီဟု ကစားရာအဝန်းကို ဖျက်၍ ဖဲ၏။ ဘုရားလောင်းသည် ထိုအကြောင်းကိုသိ၍ အန်တို့ကို ယူပြီးလျှင် ဆိပ်သီးသွား၍ လတ်တလော သေစေတတ်သော အဆိပ်ဖြင့်ဆိုး၍ အဘန်ဝင်လဲလဲခြောက်စေ၍ ထိုအန်တို့ကိုယူ၍ ထိုသူတို့၏ အထံသို့ သွားပြီးလျှင် ကစား၏။ ထိုသူသည် ကစား၍ မိမိရှုံးသော ကာလ၌ တနေသော အန်ကို ခံတွင်း၌ ထည့်ပြီးလျှင် အဆိပ်အဟုန်ကြောင့် မိန်းမော၍ မျက်စိတို့ကို လည်စေ၍ ပခုံးကိုညွတ်စေ၍ လဲ၏။ ဘုရားလောင်းသည် ထိုသူ၏ အသက်ကိုပေးလိုရကား ဆေးဖြင့် ထိုအဝ်သော အန်ဆေးကို ပေး၍ အန်သည်ရှိသော် ထိုသူအား ရောဂါကို ကင်းအောင်ပြု၍ တဘန် ဤသို့သဘောရှိသော အမှုကို မပြုလင့်ဟု အဆုံးအမကိုပေး၏။

[မဆင်ခြင်ဘဲ သုံးဆောင်သော ဝတ္ထု]

၆၆-စီသဒၵသပဒီးဘားဂဝဏ္ဏ၊

ကွေနိပါတ် ဇာတ်အဋ္ဌကထာ

တဘန်လည်း များသောအားဖြင့် ရဟန်းတို့သည် ငါတို့အား လူဖြစ်သောကာလ၌ ဤမိဘအစရှိကုန်သော သူတို့သည် ပေးခြင်းဌာ လျောက်ပတ်သော သဘော ရှိကုန်၏ ဟု မိဘ နှမ အစရှိကုန်သော ဆွေမျိုးတို့သည် လှူအပ်ကုန်သော ပစ္စည်းလေးပါးကို ရှုံ့ချခြင်း ကင်းကုန်၍ ပစ္စေကဗုဒ္ဓာ မဆင်ခြင်ဘဲ သုံးဆောင်ကုန်၏။ မြတ်စွာ

ဘုရားသည် ထိုအကြောင်းကိုသိတော်မူ၍ ရဟန်းတို့ ရဟန်းမည်သည်ကား ဆွေမျိုးတို့သည် လှူအပ်ကုန်သော ပစ္စည်းတို့ကိုလည်း ပစ္စဝေက္ခဏာ ဆင်ခြင်၍သာလျှင် သုံးဆောင်အပ်ကုန်၏။မဆင်ခြင်ဘဲသုံးဆောင်ကုန်သော ရဟန်းတို့သည် သေကုန်သော် ဘီလူး ပြိတ္တာ တို့၏အဖြစ်မှ မလွတ်ကုန်။ ပစ္စဝေက္ခဏာမဆင်ခြင်ကုန်ဘဲ သုံးဆောင်ခြင်းမည်သည်ကား အဆိပ်ကို သုံးဆောင်ခြင်းနှင့် တူကုန်၏။ ထိုစကား မှန်၏။ အကျွမ်းဝင်သောသူသည်လည်းကောင်း အကျွမ်းမဝင်သောသူသည်လည်းကောင်း ပေးအပ်သော အဆိပ်သည် သေစေတတ်သည်ချည်းလျှင် ဖြစ်၏။ ဧရှေး၌ တစီးသော ခြသေ့်သည် အကျွမ်းဝင်သောသူသည် ပေးအပ်သော အဆိပ်ကိုစား၍ သေခြင်းသို့ ရောက်ဘူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။ ။လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘုရားလောင်းသည် များသော စည်းစိမ်ရှိသော သေဋ္ဌေးဖြစ်၏။ ထိုသေဋ္ဌေး၏ တယောက်သောနွားကျောင်းသားသည် ကောက်တို့ဖြင့် ကျဉ်းမြောင်းသော ကာလ၌ နွားတို့ကိုယူ၍ တောသို့သွားပြီးလျှင် နွားတင်းကုတ်ဆောက်၍ စောင့်လျက်နေ၏။ ထိုအခါ တခုသောခြသေ့်သည် တခုသောပြောင်မ၌ တပ်စွန်းသောဝိတ်ရှိသည်ဖြစ်၍ ထိုနွားကျောင်းသား၏ နွားတင်းကုတ်အနီး၌ နေ၏။ ခြသေ့်မှ ကြောက်ခြင်းကြောင့် ညှိုးကုန်သော နွားမတို့၏ နို့ရည်သည် နည်း၏။ နောက်အတို့၌ သေဋ္ဌေးသည် ထိုအကြောင်းကိုသိ၍ ထိုသို့ တပြီးကားသင်သည် ထိုပြောင်မကို ဥပါယ်အားဖြင့် ဘမ်း၍ ထိုပြောင်မ၏ကိုယ်၌ အမွေးတို့ကို အဆိပ်တို့ဖြင့် ဆိုး၍ အဘန်တလဲလဲ ခြောက်စေပြီးလျှင် နှစ်ရက်သုံးရက်ကို လွန်ပြီးမှ ထိုပြောင်မကို လွှတ်လော့ဟု နွားကျောင်းသားကို စေ၏။ ထိုနွားကျောင်းသားသည် ဘုရားလောင်းဆိုတိုင်းပြု၏။ခြသေ့်သည် ပြောင်မကိုမြင်၍ ချစ်ခြင်းကြောင့် ပြောင်မ၏ကိုယ်ကို လျက်၍ သေ၏။ ။[ဝိဿာသ ပရိဘောဂ ဝဏ္ဏု]။

သီလဝတော အပစ္စဝေက္ခိတ ပရိဘောဂေါ ဣဏပရိဘောဂေါနာမ။ ။[ရူပိယသိက္ခာပုဒ် အဌကထာ]။

သီလဝတော၊ သီလရှိသောပုဂ္ဂိုလ်၏။အပစ္စဝေက္ခိတပရိဘောဂေါ၊ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည်။ ဣဏပရိဘောဂေါနာမ၊ မြီကို သုံးဆောင်ခြင်း မည်၏။

ယထာဟိ၊ ဣဏာယိကော အတ္တနော ဂုဏ်ယာ ဣဿိတံ ဒေသံ ဂန္တုံ နလဘတိ။ ဇံ ဣဏာပဂိဘောဂံ ယုဇ္ဈာ လောဂတော နိဿဂိတုံ နလဘတိ။ ။ထိုအဋ္ဌကထာဒိုးကား ။

ဣဏာယိကော၊ မြီတင်သောသူသည်။ အတ္တနော၊ ငါ၏။ ဂုဏယာ၊ အလိုအားဖြင့်။ ဣဿိတံ၊ အလိုရှိအပ်သော။ ဒေသံ၊ အရပ်သို့။ ဂန္တုံ၊ သွားခြင်းငှါ။ နလဘတိ၊ မရသကဲ့သို့လျှင်။ ဇံ၊ ထိုဣဏာယိကော ဣဏပဂိဘောဂံ၊ မြီကိုသုံးဆောင်ခြင်းကို။ ယုဇ္ဈာ၊ အားထုတ်သော ရဟန်းသည်။ လောကတော၊ လောကမှ။ နိဿဂိတုံ၊ ထွက်မြောက်အံ့သောငှါ။ နလဘတိ၊ မရ။

ထိုသို့ ကျမ်းဂန်တို့၌ ပိဒ်အဓိပ္ပာယ်သောကြောင့် အကြင်အကြင် ဆိုအပ်သောအပြစ်ကိုရှုသဖြင့် ပစ္စည်းကိုကို ပစ္စဝေက္ခဏာဆင်ခြင်အပ်သလျှင် ကတည်း။ ပစ္စဝေက္ခဏာဆင်ခြင်သော ရဟန်းသည်လည်း ကာလသုံးပါးနှင့် ဆင်ခြင်အပ်ကုန်၏။ ထိုတွင် ရသောကာလ၌ ဓာတုမတ္တပဋိကူလသဘာဝတံ ယဒိဒံ စီဝရံ ဤသို့အစရှိသော ဓာတုပစ္စဝေက္ခဏာအားဖြင့်လည်းကောင်း သင်္ဃာနိ ပန ဣမာနိ စီဝရာနိ အတိဖိဂ္ဂဟိတာနိ ဟောန္တိ။ ဤသို့အစရှိသော ပဋိကူလပစ္စဝေက္ခဏာအားဖြင့်လည်းကောင်း ပစ္စည်းအားလျော်စွာဖြစ်သော ဆင်ခြင်ခြင်းကို တကြွမ်းသော်လည်း ဆင်ခြင်အပ်၏။ ထိုစကားမှန်၏။ ဤသို့ ဆင်ခြင်၍ ထားအပ်ကုန်သောပစ္စည်းကိုကို ရသောကာလမှ နောက်၌ သုံးဆောင်ခြင်းသည် အပြစ်မရှိသလျှင်ကတည်း။ ဥပမာကား အဓိဋ္ဌာန်တင်၍ ထားအပ်ကုန်သော သင်္ကန်းတို့ကို နောက်အတို့၌ သုံးဆောင်ခြင်းသည် အပြစ်မရှိသကဲ့သို့တည်း။ ထိုဆင်ခြင်ခြင်းသည်ကား ပစ္စဝေက္ခဏာ၏ အစဉ်၌ စင်္ကြံခြင်းကို ရှုသောဉာဏ်လျှင် ပြဋ္ဌာန်း၏။ သုံးဆောင်သောကာလ၌ ပစ္စဝေက္ခဏာ၏ ဆန့်ကျင်ဘက် ပြဋ္ဌာန်းသည်မဟုတ်။ ထိုနည်းဖြင့် သုံးဆောင်သော ကာလ၌လည်း တတ်နိုင် ဆင်ခြင်အပ်၏။ ထိုဥစ္စာ မှန်၏။ ထိုပစ္စည်းတို့၌ ပဋိသင်္ခါ ယောနိသော ဩဝရိုဟိတသောဂိုဏ် ဤသို့ အစရှိသော တခြားကိုပစ္စဝေက္ခဏာဖြင့် သုံးဆောင်သည်နှင့်အမျှ ဆင်ခြင်အပ်၏။

စီဝရံ ပရိဘောဂေ ပရဘောဂေ ပစ္စဝေက္ခိတဗ္ဗံ၊ ပိဏ္ဍပါတော အာလောပေ အာလောပေ၊ သေနာသနံ ပရိဘောဂေ ပရိဘောဂေ။

စီဝရံ၊သက်နှိုးကို။ပရိဘောဂေ ပရိဘောဂေ၊ သုံးဆောင်တိုင်း သုံးဆောင်တိုင်း။ပစ္စဝေက္ခိတဗ္ဗံ၊ဆင်ခြင်အပ်၏။ပိဏ္ဍပါတော၊ဆွမ်းကို။အာလောပေအာလောပေ၊ အလုပ်တိုင်း အလုပ်တိုင်း။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ ပရိဘောဂေပရိဘောဂေ၊ သုံးဆောင်တိုင်း သုံးဆောင်တိုင်း။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ ။ဤသို့ အဌကထာတို့ဌိလည်း ဆိုအပ်၏။

စီဝရံ ကာယတော မောစေတွာ ပရိဘောဂေ ပရိဘောဂေ။ သေနာသနံ ပရိဘောဂေ ပရိဘောဂေတိ သေနာသနံ ပဝေသေ ပဝေသေ။ ။[ဝိသုဒ္ဓိမင်္ဂဋီကာ]။

စီဝရံ၊ သက်နှိုးကို။ ကာယတော၊ ကိုယ်မှ။ မောစေတွာ၊ လွတ်စေ၍။ ပရိဘောဂေပရိဘောဂေ၊ သုံးဆောင်တိုင်းသုံးဆောင်တိုင်း။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ သေနာသနံပရိဘောဂေပရိဘောဂေတိ၊ သေနာသနံ ပရိဘောဂေ ပရိဘောဂေ ဟူသည်ကား။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို၊ ပဝေသေပဝေသေ၊ဝင်တိုင်းဝင်တိုင်း။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ပရိဘောဂေတိ ကာယတော မောစေတွာ ပရိဘောဂေ။ ပရိဘောဂေ ပရိဘောဂေတိ ဥဒက ပတန ဌာနတော အန္တော ပဝေသနေသု နိသီဒနသယနေသုစ။ [ဝိမတိဝိနောဒနီဋီကာ]။

ပရိဘောဂေတိ။ ပရိဘောဂေဟူသည်ကား။ကာယတော၊ ကိုယ်မှ။ မောစေတွာ၊ လွတ်စေ၍။ ပရိဘောဂေ၊ သုံးဆောင်သောကာလ၌။ ပရိဘောဂေပရိဘောဂေတိ၊ပရိဘောဂေပရိဘောဂေဟူသည်ကား။ဥဒက ပတနဌာနတော၊ ရေကျရာအရပ်မှ။ အန္တော၊ အတွင်းသို့။ ပဝေသနေသုစ၊ဝင်သောအခါတို့၌လည်းကောင်း။ နိသီဒနသယနေသုစ၊ထိုင်သောကာလ အိပ်သောကာလတို့၌လည်းကောင်း။ သေနာသနံ၊ ကျောင်းအိပ်ရာ နေရာကို။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

သုံးဆောင်သော ကာလ၌ ဆင်ခြင်ခြင်း၄၊ အကယ်၍ မတတ်နိုင်ပြားအုံ၊ သုံးဆောင်သော ကာလမှ နောက်ကာလ၌ တကြိမ်သော်လည်း ဆင်ခြင်အပ်၏။

> တထာ အသက္ကောန္တေန ယထာ ဝုတ္တ ကာလ ဝိသေသေန ဧကသ္မိံ ဒိပသေ စတုက္ခတ္တုံ တိက္ခတ္တုံ ဒ္ဝိက္ခတ္တုံ သကိံ ယေဝဝါ ပစ္စဝေက္ခိတဗ္ဗံ။ [ဝိသုဒ္ဓိမဂ်ဒီကာ]

တထာအသက္ကောန္တေန၊ ထိုသုံးဆောင်စဉ် ကာလ၌ ဆင်ခြင်ခြင်း၄၊ မတတ်နိုင်သောရဟန်းသည်။ ယထာဝုတ္တကာလဝိသေသေန၊ သုံးဆောင်သောကာလမှနောက်ဖြစ်သော မွန်းတည့်အတွင်းကာလမွန်းလွဲကာလ ညဉ့်သုံးသံကာလဟူသော အကြင်အကြင်ဆိုအပ်သော ကာလဝိသေသဖြင့်။ ဧကသ္မိံ ဒိပသေ၊ တခုသောနေ့၌။ စတုက္ခတ္တုံ၊ လေးကြိမ်လည်းကောင်း။ တိက္ခတ္တုံ၊ သုံးကြိမ်လည်းကောင်း။ ဒ္ဝိက္ခတ္တုံ၊ နှစ်ကြိမ်လည်းကောင်း။ သကိံ ယေဝဝါ၊ တကြိမ်သာလည်းကောင်း။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ဤသုံးဆောင်သော ကာလမှ နောက်၌ ဆင်ခြင်ခြင်းသည်လည်း ဆေးမှ ကြွင်းကုန်သော ပစ္စည်းတို့၌ သင့်၏။ ဆေးကိုကား ရသော ကာလ၌ ဆင်ခြင်၍လည်း သုံးဆောင်သောကာလ၌ ဆင်ခြင်အပ်သည် သာလျှင် ကတည်း။ ထိုကြောင့် အဋ္ဌကထာတို့၌ -

> ဘေသဇ္ဇံ ပဋိဂ္ဂဟဏေဝိ ပရိဘောဂေဝိ သတိပစ္စယတာ ဝဋ္ဋတိ။ ဧဝံသန္တေဝိ ပဋိဂ္ဂဟဏေ သတိံ ကတ္ဝာ ပရိဘောဂေ အကရောန္တဿ ဧဝ အာပတ္တိ။ ပဋိဂ္ဂဟဏေ ပန သတိံ အကတ္ဝာ ပရိဘောဂေ ကရောန္တဿ အနာပတ္တိ။

ဟူ၍မိန့်အပ်၏။

ဘေသဇ္ဇံ၊ ဆေးကို။ ပဋိဂ္ဂဟဏေဝိ၊ ခံသောကာလ၌ လည်းကောင်း။ ပရိဘောဂေဝိ၊ သုံးဆောင်သောကာလ၌ လည်းကောင်း။ သတိပစ္စယတာ ပစ္စဝေက္ခဏာသတိဖြင့် ထောက်ပင့်သည်၏အဖြစ်ကိုရခြင်းသည်။ ဝဋ္ဋတိ၊ သင့်၏။ ဧဝံသန္တေဝိ၊ ဤသို့ဖြစ်ငြားသော်လည်း။ ပဋိဂ္ဂဟဏေ၊ ခံသောအခါ၌။ သတိံ၊ သတိကို။ ကတ္ဝာ၊ ပြု၍။ ပရိဘောဂေ၊ သုံးဆောင်သောအခါ၌။ ကရောန္တဿ ဧဝ၊ ဆင်ခြင်ခြင်းသတိကို မပြုသော ရဟန်း

အားသာလျှင်။ အာပတ္တိ၊ အာပတ်သင့်၏။ ပဒီဂဟဏေပန၊ ခံသော အခါ၌ကား။ သတိံ၊ သတိကို။ အကတွာ၊ မပြုမူ၍။ ပဂိဘောဂေ၊ သုံးဆောင်သောကာလ၌။ကရောန္တသ၊ဆင်ခြင်ခြင်းသတိကိုပြုရသော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။

ပဂိဘောဂေ အကရောန္တသေဝ အာပတ္တိတိ ဣမိနာ ပါတိ မောက္ခသံဝရသိလသေ ဘေဒေါ ဒဿိတော။ နု ပစ္စယသန္နိ သိတာသိလသေ။ အတိဂပစ္စဝေက္ခဏာယ ဝိသုဒ္ဓိနတော။ တေသ္မိံ ပန သပစ္စယေသုစ ဣဏပဂိဘောဂါဒိဝစနေန ပစ္စယ သန္နိသိတာသိလသေဝ ဘေဒေါ၊ ဧဝ မိမေသံ နာနာကရဏံ ဝေဒိတဗ္ဗံ။ ။ဝိမတိဝိနောဒနီဋီကာ ။

ပဂိဘောဂေအကရောန္တသေဝ အာပတ္တိတိ ဣမိနာ၊ ပဂိဘောဂေ အကရောန္တသေဝ အာပတ္တိဟူသော ဤစကားဖြင့်။ပါတိမောက္ခသံဝရ သိလသေ၊ ပါတိမောက္ခသံဝရသိလ၏။ ဘေဒေါ၊ ပျက်စီးခြင်းကို။ ဒဿိတော၊ ပြအပ်၏။ ပစ္စယသန္နိသိတာသိလသေ၊ ပစ္စယသန္နိသိတ သိလ၏။ ဘေဒေါ၊ ပျက်စီးခြင်းကို။ နဒဿိတော၊ မပြအပ်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ တာသေ၊ ထိုပစ္စယသန္နိသိတာသိလ၏။ အတိတပစ္စဝေက္ခဏာယ၊ အတိတ်ပစ္စဝေက္ခဏာဖြင့်။ ဝိသုဒ္ဓိနတော၊ စင်ကြယ်ခြင်းကြောင့်တည်း။ ပန၊ အထူးသဖြင့်။ ဒုတသ္မိံစ၊ ထိုဆေး ပစ္စည်း၌လည်းကောင်း။ သေသပစ္စယေသုစ၊ ဆေးပစ္စည်းမှကြွင်းကုန် သော ပစ္စည်းတို့၌လည်းကောင်း။ ဣဏပဂိဘောဂါဒိဝစနေန၊ ဣဏ ပဂိဘောဂ အစရှိသော စကားဖြင့်။ ပစ္စယသန္နိသိတာသိလသေဝ၊ ပစ္စယသန္နိသိတာသိလ၏သာလျှင်။ဘေဒေါ၊ ပျက်စီးခြင်းကို။ဒဿိတော၊ ပြအပ်၏။ ဧဝံ၊ သို့။ ဣမေသံ၊ဤစကားတို့၏။ နာနာကရဏံ၊ အထူးကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤဋီကာ၌ ဤအဆုံးအဖြတ်ကို သိအပ်၏။ ဆေးပစ္စည်း၌ ထိုသုံး ဆောင်သော ခဏ၌ဖြစ်သော ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်ခြင်းကို မပြု ခြင်းကြောင့် ပျက်သော ပါတိမောက္ခသံဝရသိလသည့် ဒေသနာကြား သဖြင့် စင်ကြယ်၏။ လေးပါးကုန်သော ပစ္စည်းတို့ကို တစုံတခုသော ဆင်ခြင်ခြင်းသည်လည်း မပြုမူ၍လျှင် အကယ်၍ အာရုံကို တက်စေအံ့၊

ဆိုအပ်ပြီးသော နည်းဖြင့် သီလသည် ပျက်၏။ ထို သုံးဆောင်ခြင်း သည်လည်း မြဲကို သုံးဆောင်သောအရာ၌ တည်၏။ဤအဆုံးအဖြတ်ကို သိအပ်၏။

ပစ္စယသန္နိဿိတသီလကို ဖြည့်သော ရဟန်းသည် သဃ်ရက္ခိတ မထေရ်၏ တူဖြစ်သောသာမဏေကဲ့သို့ ဖြစ်ရာ၏။ ထိုစကားမှန်၏ ထိုသာမဏေသည် ကောင်းစွာ ဆင်ခြင်၍ သုံးဆောင်၏။ ထိုကြောင့်–

ဥပဇ္ဈာယော ဘုဥ္ဇမာနံ၊ သာလိကုရံ သုနိဗ္ဗုတံ။
မာ ရေ တွံ သာမဏေရာတိ၊ သဖိဝှံ ဈာပေသိ အသညတော။
ဥပဇ္ဈာယဿ ဝစော သုတွာ၊ သံဝေဂ မလဘိ တဒါ။
ဧကာသနေ နိသိဒိတွာ၊ အရဟတ္တံ အပါပုဏိ။
သောဟံ ပရိပုဏ္ဏသက်ပွေါ၊ စန္ဒော ပန္နရသော ယထာ။
သဗ္ဗာသဝပရိက္ခီဏော၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

ဟူ၍ဆိုအပ်၏။

သုနိဗ္ဗုတံ၊အလွန်အေးသော။သာလိကုရံ၊သလေးဆွမ်းကို။ ဘုဥ္ဇမာနံ။ စားသောငါ့ကို။ ဥပဇ္ဈာယော၊ဥပဇ္ဈာယ်ဆရာ သဃ်ရက္ခိတမထေရ် သည်။ အရေသာမဏေရ အိုသာမဏေ။တွံ၊သင်သည်။ အသညတော၊ ဆုံးမခြင်းဟူသောပစ္စဝေက္ခဏာကင်းသည်ဖြစ်၍။ သဖိဝှံ၊ မိမိလျှာကို။ မာဈာပေသိ၊မီးမလောင်စေလင့်။ ဣတိ၊ဤသို့။အဗြဝိ၊ဆိုဏ်။ အဟံ၊ ငါ သည်။ တဒါ၊ ထိုအခါ၌။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်ဆရာ၏။ ဝစော၊ စကားကို။ သုတွာ၊ ကြား၍။ သံဝေဂံ၊ ထိတ်လန့်ခြင်းကို။ အလဘိ၊ရပြီ။ ဧကာသနေ၊ တနေရာတည်း၌။ နိသိဒိတွာ နေ၍။ အရဟတ္တံ၊ အရဟတ္တ ဖိုလ်သို့။ အပါပုဏိ၊ ရောက်ပြီ။ သောအဟံ၊ ထိုငါသည်။ ပန္နရသော။ လဆန်းတဆဲ့ငါးရက်နေ့သို့ ရောက်သော။ စန္ဒောယထာ၊ လကဲ့သို့။ ပရိပုဏ္ဏသက်ပွေါ၊ ပြည့်စုံသော ကောင်းသောအကြံရှိ၏။ သဗ္ဗာသဝ ပရိက္ခီဏော၊ ခပ်သိမ်းသော အာသဝေါကုန်ပြီ။ ဒါနိ၊ ယခု။ ပုနဗ္ဘဝေါ၊ တဖန် ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ။ထိုကြောင့် ဆင်းရဲကုန်ခြင်းကို တောင့်တသော တပါးသော ရဟန်းသည်လည်း ပစ္စည်းတို့ကို အသင့် အားဖြင့် ဆင်ခြင်၍ မှီဝဲရာ၏။ ဤသို့ သီလကို စင်ကြယ်စွာ ပြုသော ရဟန်းသည် စတုပါရိသုဒ္ဓိ သီလဟု ဆိုအပ်သော ရဟန်းတို့၏ ကိုယ် နှုတ် နှလုံး၏ ဆုံးမခြင်းကို ကောင်းစွာ ကျင့်သည် မည်၏။

ထိုရဟန်း၏ စတုပါရိသုဒ္ဓိသီသည် တောင်ဝှမ်း၌ သီတင်းသုံးနေသော တိဿ မထေရ်၏ စတုပါရိသုဒ္ဓိသီလကဲ့သို့ အရဟတ္တဖိုလ်ကိုလည်း ဆောင်ခြင်းငှါ စွမ်းနိုင်၏။ တိဿမထေရ်၏ ဝတ္ထုကိုကား ဗြာဟ္မဏ ဝင်၌ အသံသဠံဂဟဋ္ဌေဟိ ဟူသောဂါထာ၏ အဘွင့်မှယူအပ်၏။

၆၇-အကုသလကမ္မပထကို ပြခြင်း

ဆယ်ပါးသော အကုသလကမ္မပထမှ ကြဉ်ခြင်းသည် လူတို့၏ ကိုယ် နှုတ် နှလုံးကို ဆုံးမခြင်း မည်၏။ ငြစ်ငြူးခြင်းသို့ မရောက်စေ သဖြင့် လည်းကောင်း အကျင့်ဂုဏ်ကို ဖြစ်စေသဖြင့် လည်းကောင်း ကောင်းစွာ ကျင့်အပ်သော ထိုဆယ်ပါးသော အကုသလကမ္မပထမှ ကြဉ်ခြင်းဟူသော ကိုယ်နှုတ်နှလုံးကို ဆုံးမခြင်းသည် သံသရာ ပစ္စုပ္ပန် နှစ်တန်သောဘဝ၌ စီးပွါးချမ်းသာကို ဆောင်တတ်သောကြောင့် မင်္ဂလာမည်၏။ ထိုစကား၌ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရ၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ ဤတရားတို့သည် ဆယ်ပါးကုန်သော အကုသလကမ္မပထမည်ကုန်၏။ ထိုဆယ်ပါးတို့တွင် ပါဏာတိပါတကို တတိယပါရာဇိကအဘွင့်၌ အထူးသဖြင့် ဘွင့်အပ်၏။ အဒိန္နာဒါနကို ဒုတိယပါရာဇိကအဘွင့်၌ အထူးသဖြင့် ဘွင့်အပ်၏။ မိစ္ဆာစာရကို သဉ္စရိတ္တသိက္ခာပုဒ်အဘွင့်၌ လည်းကောင်း ပါထိယဝင် သင်္ဂီတိသုတ် အဘွင့်၌ လည်းကောင်း သီလက္ခန္ဓဝင် ဗြဟ္မဇာလသုတ် အဘွင့်၌ လည်းကောင်း မူလပဏ္ဏာသက သေလေယျက သုတ်အဘွင့်၌ လည်း ကောင်း အထူးသဖြင့် ဘွင့်အပ်၏။ ဆယ်ပါးကုန်သော အကုသလ ကမ္မပထတို့ကိုလည်း မူလပဏ္ဏာသက သမာဒိဋ္ဌိသုတ်၌ လည်းကောင်း အဋ္ဌသာလိနီ၌လည်းကောင်း ဘွင့်အပ်ကုန်၏။ ထိုကြောင့် ထိုထို ကျမ်း တို့၌ ဆုံးဖြတ်အပ်သော နည်းကိုယူ၍ ကမ္မပထကထာကို ဆိုအပ်၏။ ထိုအကုသလကမ္မပထဆယ်ပါးတို့တွင် သတ္တဝါ၌ သတ္တဝါဟု အမှတ် ရှိသောသူ၏။ ဇီဝိတိန္ဒြေကို ဖြတ်တတ်သော လုံ့လကို ဖြစ်စေတတ် သော ကာယဒွါရ ဝစီဒွါရ တို့တွင် တပါးပါးသော ဒွါရ၌ ဖြစ်သော သတ်တတ်သော စေတနာသည် ပါဏာတိပါတ မည်၏။ ဤပါဏာတိ

ပါတဉ် ပါဏဟူသည်လည်း ပညတ်အားဖြင့် သတ္တဝါတည်း၊ ပရမတ်အားဖြင့် နှစ်ပါးအပြားရှိသော ဇီဝိတိန္ဒြေ တည်း။ ထိုစကား မှန်၏။ တတိယပါရာဇိက အဘွင့်၌လည်း—

> ဇီဝိတိန္ဒြိယန္တိ ရူပါရူပ ဇီဝိတိန္ဒြိယံ၊ ရူပဇီဝိတိန္ဒြိယေ ဝိကောဝိတေ ဣတရံပိ တံသမ္ဗန္ဓတာယ ဝိကောပေတိ။

ဟူ၍ ဆိုအပ်၏။

ဇီဝိတိန္ဒြိယန္တိ၊ ဇီဝိတိန္ဒြိယံ ဟူသည်ကား။ ရူပါရူပဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြေ နာမ်ဇီဝိတိန္ဒြေတည်း။ ရူပဇီဝိတိန္ဒြိယေ၊ ရုပ်ဇီဝိတိန္ဒြေကို။ ဝိကောပိတေ၊ ဖျက်ဆီးအပ်သည်ရှိသော်။ ဣတရံပိ၊ နာမ်ဇီဝိတိန္ဒြေကို လည်း။ တံသမ္ဗန္ဓတာယ၊ ထိုရုပ်ဇီဝိတိန္ဒြေနှင့် စပ်သည်၏အဖြစ်ကြောင့်။ ဝိကောပေတိ၊ ဖျက်ဆီး၏။

ထိုပါဏာတိပါတသည် ဂုဏ်ကျေးဇူးကင်းကုန်သော တိရစ္ဆာန် အစရှိကုန်သော သတ္တဝါတို့တွင် ကြီးသောသတ္တဝါ၌ ကြီးသောအပြစ် ရှိ၏။ ငယ်သော သတ္တဝါ၌ နည်းသော အပြစ် ရှိ၏။ ။ဗြဟ္မဇာလသုတ် ဋီကာ၌ ပယောဂကြီးသော အဖြစ် ဝတ္ထုဏ် ကြီးသောအဖြစ် အစရှိကုန်သော အကြောင်းတို့ကြောင့် ဖြစ်သော စေတနာ၏ အားရှိသည်၏ အဖြစ်ကြောင့် ပယောဂကြီးသော အဖြစ် ဝတ္ထုဏ် ကြီးသောအဖြစ် အစရှိကုန်သော အကြောင်းတို့ဖြင့် အပြစ်ကြီး သည်၏အဖြစ်ကို သိအပ်၏။ ထိုစကားကို ချဦးအံ့။ အကြင်အကြင် အလိုရှိအပ်သောပယောဂကို အဆောတလျင် ပြီးစေသည်၏အစွမ်းအားဖြင့် ကိစ္စကိုပြီးစေတတ်သော စေတနာ၏ လည်းကောင်း အကြိမ်များစွာ ဖြစ်ကုန်သော ဇောတို့မှ ရအပ်သော အာသေဝန ပစ္စည်းရှိသော သန္ဒိဋ္ဌာပက စေတနာ၏ လည်းကောင်း အစွမ်းအားဖြင့် ပယောဂ၏ များသော အဖြစ်သည် ဖြစ်၏။ ရံခါ အငယ်အကြီးဖြစ်သော သတ္တဝါ၌ ပယောဂ၏ များသော အဖြစ်သည် ရှိငြားသော်လည်း ကြီးသော သတ္တဝါကို သတ်သော သူ၏ စေတနာသည် အလွန်ထက်စွာ ဖြစ်၏။ ဤသို့ ဝတ္ထုကြီးသော အဖြစ်သည် ထူး၏။ ထိုကြောင့် ပယောဂများသည်၏ အဖြစ် ဝတ္ထုကြီးသည်၏အဖြစ် နှစ်ပါးသည်လည်း စေတနာ၏ အားရှိသော အဖြစ်ဖြင့် သာလျှင် ဖြစ်၏။ ထိုမှတပါး များမြတ်သော ဂုဏ်ရှိသောသူ၌

ကျေးဇူးပြုသော စေတနာသည် ခေတ္တဝိသေသဋ္ဌ ဖြစ်သဖြင့် အားဂိုစွာ ထက်စွာဖြစ်သကဲ့သို့ သတ်အပ်သောသူ၏ ဂုဏ် များမြတ်သောအဖြစ် သည်ဂိုသော် သတ်တတ်သောသူတို့၏ သတ်သောစေတနာသည်လည်း အားဂိုစွာ ထက်စွာဖြစ်၏။ထိုကြောင့် များမြတ်သော ဂုဏ်ဂိုသောသူကို သတ်သောစေတနာ၏ များသောအပြစ်ဂိုသည်၏အဖြစ်ကို မှတ်အပ်၏။ ထိုကြောင့် ပယောဂဝတ္ထု အစဂိုကုန်သောအကြောင်းတို့၏ နည်းသော ငယ်သော အဖြစ်သည် ဂိုငြားသော်လည်း သတ်အပ်သောသူ၏ ဂုဏ် များမြက်သည်၏အဖြစ် အစဂိုကုန်သော အကြောင်းတို့ဖြင့် စေတနာ၏ အားဂိုသည်၏အဖြစ် အစဂိုသည်၏ အစွမ်းအားဖြင့်သာလျှင် အပြစ်ကြီး သည်၏ အဖြစ်ကို သိအပ်၏။ ။ဝတ္ထု ကြီးသော အဖြစ်၌ များသော အပြစ်၊ ဝတ္ထု၏ငယ်သောအဖြစ်၌ နည်းသောအပြစ်ဂိုသည်၏ အဖြစ်ကို မှတ်အပ်သကဲ့သို့ ကိုးလသာ လုံ့လနှစ်ပါးတို့၏ ညှံ့သည်၏အဖြစ်၌ နည်းသောအပြစ်၊ ထက်သည်၏အဖြစ်၌ များသော အပြစ်ဂိုသည်၏ အဖြစ်ကိုယ့ဉာဏ်အပ်၏။ (သမ္မာဒိဋ္ဌိသုတ်ဋီကာ) ။သတ္တဝါ ဖြစ်သည်၏ အဖြစ်တပါး၊ သတ္တဝါဟု အမှတ်ဂိုသည်၏ အဖြစ်တပါး၊ သတ်တတ်သော စိတ်တပါး၊ လုံ့လပြုခြင်း တပါး၊ ထိုလုံ့လဖြင့် သေခြင်းတပါး၊ အားဖြင့် ပါဏာတိပါတ၏ သမ္ဘာရတို့သည် ငါးပါးအပြား ဂိုကုန်၏။

သူတပါး သိမ်းဆည်းသော ဥစ္စာ၌ သူတပါးသည် သိမ်းဆည်း အပ်၏ဟု အမှတ်ဂိုသော သူ၏ထို ဥစ္စာကို ယူတတ်သော လုံ့လကို ဖြစ်စေတတ်သော ကာယဒွါရ ဝစီဒွါရတို့၌ ဖြစ်သော ဒိုးကြောင်း စေတနာသည် အဒိန္နာဒါနမည်၏။ ထိုအဒိန္နာဒါနသည် ယုတ်သော သူ တပါးတို့၏ ဥစ္စာ၌ အပြစ်နည်း၏။ မြတ်သော သူတပါးတို့၏ ဥစ္စာ၌ အပြစ်ကြီး၏။ အဘယ်ကြောင့် နည်းဟူမူကား ဝတ္ထုမြတ်သည်၏ အဖြစ်ကြောင့်တည်း။ ဝတ္ထုတို့၏ မူသော အဖြစ်သည် ဂိုငြားသော် လည်း ဂုဏ်ကျေးဇူးဖြင့် လွန်မြတ်ကုန်သော သူတို့၏ ဥစ္စာ၌ အပြစ် ကြီး၏။ ထိုထို့ဂုဏ်ကျေးဇူးဖြင့် လွန်သည်ကိုအစွဲပြု၍ ထိုထိုသူအောက် ယုတ်သော ဂုဏ်ကျေးဇူးဂိုသော သူ၏ဥစ္စာ၌ နည်းသော အပြစ်ဂို၏။ တနည်းကား ငယ်သောသူတပါးတို့၏ ဥစ္စာ၌ အပြစ်နည်း၏။ ကြီးသော သူတပါးတို့၏ ဥစ္စာ၌ အပြစ်များ၏။ အဘယ်ကြောင့် နည်းဟူမူကား ပယောဂများသည်၏ အဖြစ်ကြောင့်တည်း။ ဝတ္ထု၊ ဂုဏ်ကျေးဇူးတို့

မျှသောအဖြစ်ရှိသော်ကား ကိလေသာတို့၏လည်းကောင်း လုံ့လတို့၏ လည်းကောင်း ညှံ့သည်၏ အဖြစ်၌ အပြစ်နည်း၏။ ထက်သည်၏ အဖြစ်၌ အပြစ်များ၏။ သူတပါး သိမ်းဆည်းအပ်သော ဥစ္စာဖြစ်သည် လည်းတပါး၊ သူတပါး သိမ်းဆည်း၏ဟု အမှတ်ရှိသည်၏အဖြစ်တပါး ခိုးလိုသောစိတ်တပါး၊ လုံ့လပြုခြင်းတပါး၊ ထိုလုံ့လဖြင့် ခိုးခြင်းတပါး အားဖြင့် အဒိန္နာဒါန၏သမ္ဘာရတို့သည် ငါးပါးအပြား ရှိကုန်၏။

သဂီတိသုတ်အဌကထာ၌—

> ကာမေသူတိ မေထုန သမာစာရေသု မေထုန ဝတ္ထူသုပါ။ မိစ္ဆာစာရောတိ ဧကန္တ နိန္ဒိတော လာမကာစာရော။ လက္ခဏ တော ပန အသဒ္ဓမ္မာ ဓိပ္ပါယေန ကာယဒ္ဓါရပဝတ္တာ အဂမနိယ ဌာနဝီတိက္ကမ စေတနာ ကာမေသုမိစ္ဆာစာရော။

ဟူ၍ ဆိုအပ်၏။

ကာမေသူတိ၊ ကာမေသု ဟူသည်ကား။ မေထုန သမာစာရေသု၊ မေထုန်အကျင့်တို့၌။ ဝါ။ ဘနည်းကား။ မေထုနဝတ္ထူသု၊ မေထုန်၏တည်ရာ သတ္တဝါတို့၌။ မိစ္ဆာစာရောတိ၊ မိစ္ဆာစာရောဟူသည်ကား။ ဧကန္တ နိန္ဒိတော၊ စင်စစ် ကဲ့ရဲအပ်သော။ လာမကာစာရော၊ ယုတ်မာသော အကျင့်တည်း။ လက္ခဏတောပန၊ လက္ခဏာအားဖြင့်ကား။ အသဒ္ဓမ္မာ ဓိပ္ပါယေန၊ မေထုန်မှီဝဲခြင်းကို အလိုရှိသဖြင့်။ ကာယဒ္ဓါရပဝတ္တာ၊ ကာယဒ္ဓါရ၌ ဖြစ်သော။ အဂမနိယ ဌာန ဝီတိက္ကမစေတနာ၊ မလားအပ်သောအရာ၌လွန်ကျူးသောစေတနာသည်။ ကာမေသုမိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရ မည်၏။

> မေထုနသမ္မာစာရေသူတိ သဒါရ သန္တောသ ပရဒါရ ဂမန ဝသေန ဒုဝိဓေသု မေထုနသမာစာရေသု။ တေပိ ဟိ ကာမေတဗ္ဗ တော ကာမာနာမ။ မေထုနဿ ဝတ္ထုဘူတေသု သတ္တေသု မိစ္ဆာ စာရောတိ ဂါရယှကာ စဿ ဧကန္တ နိဟီနတာယ ဒေါတိ အာဟ ဧကန္တနိန္ဒိတော လာမကာစာရောတိ။ အသဒ္ဓမ္မာ ဓိပ္ပါ ယေနာတိ အသဒ္ဓမ္မသေဝနာ ဓိပ္ပါယေန။
>
> [ထို အဌကထာ၏ ဋီကာ]

မေထုနသမာစာရေသူတိ၊ မေထုနသမာစာရေသု ဟူသည်ကား။ သဒါရသန္တောသပရဒါရဂမနဝသေန၊ မိမိမယားဖြင့် ရောင့်ရဲခြင်း

သူ့မယားသို့ သွားလာခြင်း၏ အစွမ်းအားဖြင့်၊ ဒုဝိဓေသု၊ နှစ်ပါးအပြား ရှိကုန်သော၊ မေထုနသမာစာရေသု၊ မေထုန်အကျင့်တို့၌။ ဟိသစ္စံ၊ မှန်၏။ တေပိ၊ ထိုနှစ်ပါးကုန်သော မေထုန်အကျင့်တို့သည်လည်း။ ကာမေတဗ္ဗ တော၊ အလိုရှိအပ်သည်၏အဖြစ်ကြောင့်။ ကာမာနာမ၊ ကာမမည်ကုန်၏။ မေထုနသ၊ မေထုန်၏။ ဝတ္ထုဘူတေသု၊ တည်ရာဖြစ်၍ ဖြစ်ကုန်သော။ သတ္တေသု သတ္တဝါတို့၌။ မိစ္ဆာစာရောတိ၊ မိစ္ဆာစာရောဟူသည်ကား။ ဂါရယ္ဘာစာရော၊ ကဲ့ရဲ့အပ်သော အကျင့်တည်း။ အသ၊ ထိုအကျင့်၏။ ဂါရယ္ဘတာစ၊ ကဲ့ရဲ့အပ်သည်၏ အဖြစ်သည်လည်း။ ဧကန္တနိဟိနတာယ ဧဝ၊ စင်စစ်ယုတ်သည်၏ အဖြစ်ကြောင့်သာလျှင်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဧကန္တနိန္ဒိတောလာမကာစာရောတိ၊ ဧကန္တနိန္ဒိတော လာမကာစာရောဟူ၍။ အာဟ၊ ဆိုဏ်။ အသဒ္ဓမ္မာဓိပ္ပါယေနာတိ၊ အသဒ္ဓမ္မာ ဓိပ္ပါယေနဟူသည်ကား။ အသဒ္ဓမ္မသေဝနာဓိပ္ပါယေန၊ မေထုန်မှီဝဲခြင်းကို အလိုရှိသဖြင့်။ ။ ထိုအဌကထာ၌မလားအပ်သောအရာ မည်သည်ကား မာတုရက္ခိတ အစရှိကုန်သော နှစ်ကျိပ်ကုန်သော မိန်းမတို့သည် ရှိကုန်၏။ ထိုမိန်းမတို့သည် ပုတ္တဒါရသ သင်္ဂဟောဟူသော ပုဒ်၌ ထင်စွာဖြစ်ကုန်လတ္တံ့။ ထိုနှစ်ကျိပ်ကုန်သော မိန်းမတို့တွင် သာရက္ခ အစရှိ ကုန်သော တကျိပ် နှစ်ယောက် ကုန်သော မိန်းမ တို့သည် ယောက်ျားတို့၏ မလားအပ်သော အရာ မည်ကုန်၏။ ထိုကြောင့် သဉ္စရိတ္တ သိက္ခာပုဒ် အဘွင့် ဝိမတိဝိနောဒနိဋီကာ၌—

ဟိယသ္မာ၊ အကြင်ကြောင့်။ ယေဟိကေဟိစိ၊ လင်မှတပါး အမှတ်မဲ့ ဖြစ်ကုန်သောသူတို့သည်။ ဂေါပိတံ၊ လုံစေအပ်သော။ ရက္ခိတံ၊ စောင့်အပ် သော။ ဣတ္ထိံ၊ မိန်းမသို့။ ပုရိသာ၊ ယောက်ျားတို့သည်။ ဂန္တုံ၊ သွားလာခြင်း ၄၊ လဘန္တီ၊ ရကုန်၏။ တသ္မာ၊ ထိုကြောင့်။ မာတုရက္ခိတာဒီသု၊ မာတု ရက္ခိတအစရှိကုန်သော။ အဌသု၊ ရှစ်ယောက်ကုန်သောမိန်းမတို့၌။ ဂတာ နံ၊ သွားလာကုန်သော။ တေသံ၊ ထိုယောက်ျားတို့အား။ မိစ္ဆာစာရော၊ မိစ္ဆာစာရသည်။ နဟောတိယေဝ၊ မဖြစ်သလျှင်ကတည်း။ ကသ္မာ၊ အဘယ့်ကြောင့်နည်းမူကား။ မာတာဒီဟိ၊ အမိအစရှိကုန်သောသူတို့ သည်။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ ရက္ခိယမာနေ၊ စောင့်အပ်သည်ရှိ သော်။ ပုရိသေန၊ ယောက်ျားနှင့်။ သဒ္ဓိံ၊ တကွ။ သံဝါသံ၊ ပေါင်းဘော်ခြင်း ကို။ နကပ္ပေန္တီ၊ မပြုကုန်။ တထာ၊ ထိုအခြင်းအရာဖြင့်။ ရက္ခိတတ္တာ၊ စောင့်

အပ်သည်၏အဖြစ်ကြောင့်တည်း။ တဒညာသု၊ ထိုရှစ်ယောက်ကုန်သော မိန်းမတို့မှ တပါးကုန်သော။ ဒွါဒသသု၊ တကျိပ်နှစ်ယောက်ကုန်သော မိန်းမတို့၌။ ဂတာနံ၊သွားလာကုန်သော ယောကျ်ားတို့အား။ ပရေဟိ၊ သူတပါးတို့သည်။ အတ္တနော၊ မိမိ၏။သန္တကေ၊ဥစ္စာဖြစ်ခြင်းကြောင့်။ ဝါရိတေ၊မြစ်အပ်သော။ဌာနေ၊အရာ၌။ ပဝိဋ္ဌတ္တာ၊ ဝင်သည်၏ အဖြစ်ကြောင့်။မိန္ဆာစာရော်၊မိန္ဆာစာရသည်။ဟောတိ၊၏။ပရေသံ၊သူတပါးတို့၏။ ရက္ခိတဂေါပိတံ၊စောင့်အပ်လုံစေအပ်သော။ ဖသံ၊ အတွေ့ကို။ ထေနေတွာ၊ခိုး၍။ ဖုဋ္ဌဘာဝေါ၊တွေ့သည်၏အဖြစ်သည်။ဟောတိ၊၏ ဟု မိန့်အပ်၏။ သာရက္ထဒီပနီ၌။ ။ဝီသတိယာ၊ နှစ်ကျိပ်သော။ ဈတ္ထီသုပန၊ မိန်းမတို့တွင်ကား။ သာရက္ခာဒီနံ၊ သာရက္ခအစရှိကုန်သော။ ဒွါဒသန္နံ၊ တကျိပ်နှစ်ယောက်ကုန်သော။ ဈတ္ထီနံ၊မိန်းမတို့၏။ အညေ မိမိတို့လင်မှ တပါးကုန်သော။ ပုရိသာ၊ ယောကျ်ားတို့သည်။ အဂမနိယဌာနံနာမ၊ မသွားအပ်သောအရာမည်၏။ဟိယသ္မာ၊အကြင်ကြောင့်။ ယေနကေနစိ၊ အမှတ်မရှိသော။ ပုရိသေန၊ ယောကျ်ားသည်။ ဘရိယဘာဝေန၊ မယား၏အဖြစ်ဖြင့်။ ဂဟိတာဝဈတ္ထိယော၊ယူအပ်ကုန်သော မိန်းမတို့သည်သာလျှင်။ ပုရိသန္တရံ မိမိလင်မှတပါးသော ယောကျ်ားသို့။ဂန္တုံ၊ သွားခြင်းငှါ။ နလဘန္တိ၊ မရကုန်။ တသ္မာ၊ ထိုကြောင့်။ ဒွါဒသ၊ တကျိပ်နှစ်ယောက်ကုန်သော။ တာသမေဝ၊ ထိုသာရက္ခ အစရှိကုန်သော မိန်းမတို့အားသာလျှင်။ ပုရိသန္တရံ၊ ယောကျ်ား တပါးသို့ သွားလာခြင်း၌။ မိန္ဆာစာရော၊ မိန္ဆာစာရသည်။ ဟောတိ၊၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ သသာမိကဘာဝတော၊လင်ရှိသည်၏ အဖြစ်ကြောင့်တည်း။ ဟိယသ္မာ၊ အကြင်ကြောင့်။ တာ၊ ထိုသာရက္ခ အစရှိကုန်သော တကျိပ်နှစ်ယောက်ကုန်သော မိန်းမတို့သည်။ သာမိကသ၊ လင်၏။ သန္တကံ၊ ဥစ္စာဖြစ်သော။ ဖသံ၊ အတွေ့ကို။ ထေနေတွာ၊ ခိုး၍။ ပရေသံ၊ တပါးကုန်သော ယောကျ်ားတို့အား။ အဘိရတိံ၊မွေ့လျော်ခြင်းကို။ ဥပ္ပါဒေန္တိ၊ ဖြစ်စေကုန်၏။ ဈတိတသ္မာ၊ ထိုကြောင့်။ တာသံ၊ ထိုတကျိပ်နှစ်ယောက်ကုန်သော မိန်းမတို့အား။ မိန္ဆာစာရော၊ မိန္ဆာစာရသည်။ ဟောတိ၊၏။ ဈတရာသံ၊ ဤတကျိပ်နှစ်ယောက်ကုန်သောမိန်းမတို့မှတပါးဖြစ်ကုန်သော။အဋ္ဌန္နံ ရှစ်ယောက်ကုန်သော။မာတုရက္ခိတာဒီနံပန၊မာတုရက္ခိတအစရှိကုန်သောမိန်းမတို့

အားကား။ပုရိသန္တရဂမနေ၊ယောက်ျားတပါးသို့သွားလာခြင်း၌။မိန္ဆာ စာရော၊ မိန္ဆာစာရသည်။ နဟောတိ၊မဖြစ်။ ကသ္မာ၊အဘယ်ကြောင့် နည်းဟူမူကား။အ သာမိကဘာဝတော၊ လင်မရှိသည်၏ အဖြစ်ကြောင့် တည်း။ အပိစ၊ တနည်းကား။ ကေနစိ၊တစုံတယောက်သော သူသည်။ အပရိဂ္ဂဟိတဖဿတ္တာစ၊မစောင့်ရှောက်အပ်သော ဖဿရှိသည်၏အဖြစ် ကြောင့်လည်းကောင်း အတ္တနော၊မိမိ၏။ဖဿ၏။သယံ မိမိသည်။ သာမိ ကတ္တာစ၊အရှင်ဖြစ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ တာသံ၊ ထိုမာ တုရက္ခိတအစ ရှိကုန်သော ရှစ်ယောက်ကုန်သောမိန်းမတို့အား။ မိန္ဆာ စာရော၊မိန္ဆာစာရသည်။ နတ္ထိ၊မရှိ။ ဟိယသ္မာ၊အကြင်ကြောင့်။မာတာ ဒယော၊အမိအစရှိကုန်သောသူတို့သည်။သယံ၊မိမိတို့သည်။တာသံ၊ ထို မာတုရက္ခိတ အစရှိကုန်သော ရှစ်ယောက်ကုန်သော မိန်းမတို့၏။ ဖဿာနုဘဝနတ္ထံ၊ ဖဿကို ခံစားအံ့သောငှါ။ နရက္ခန္တီ၊ မစောင့်ကုန်။ ကေဝလံ၊သက်သက်။ အနာစာရံ၊ မကျင့်အပ်သည်ကို။ နိသေဓေန္တော၊ မြစ်ကုန်သော မိဘအစရှိကုန်သောသူတို့သည်။တာသံ၊ထိုမာတုရက္ခိတ အစရှိကုန်သော မိန်းမတို့၏။ ပုရိသန္တရဂမနမေဝ၊ယောက်ျားတပါးသို့ သွားလာခြင်းကိုသာလျင်။ ဝါရေန္တီ၊ မြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ မာတာဒယော၊ အမိအစရှိကုန်သောသူတို့သည်။ တာသံ၊ ထိုမာတု ရက္ခိတ အစရှိကုန်သော ရှစ်ယောက်ကုန်သော မိန်းမတို့၏။ ဖဿေ၊ ဖဿ၌။ နဣ္ဣဿရာ၊အစိုးမရကုန်။ ။ဤသို့ မိန့်အပ်ကုန်၏။

ထို ကာမေသုမိန္ဆာစာရသည် သီလ အစရှိကုန်သောဂုဏ် ကင်း သော အဂမနိယဌာန၌နည်းသောအပြစ်ရှိ၏။သီလအစရှိသောဂုဏ်နှင့် ပြည့်စုံသော အဂမနိယဌာန၌ များသောအပြစ်ရှိ၏။ တနည်းကား ဂုဏ်ကင်းသော အဂမနိယဌာန၌လည်း နှိပ်စက်၍ဖြစ်သော ကာမေသု မိန္ဆာစာရသည် များသော အပြစ်ရှိ၏။ နှစ်ယောက်ကုန်သောသူတို့၏ တူသောဆန္ဒ ရှိသည်၏ အဖြစ်၌လည်း ကိလေသာတို့၏လည်းကောင်း လုံ့လတို့၏လည်းကောင်း ညံ့သည်၏အဖြစ်ကြောင့် နည်းသော အပြစ် ရှိ၏။ ထက်သည်၏ အဖြစ်ကြောင့်များသော အပြစ်ရှိ၏။ ။အဂမနိယ ဝတ္ထု ဖြစ်သည်တပါး၊ အဂမနိယဝတ္ထု၌ မှီဝဲလိုသောစိတ်လည်းတပါး၊ မှီဝဲခြင်း ပယောဂလည်းတပါး၊ မင်ဖြင့် မင်၌ မှီဝဲသည်ကို သာယာ ခြင်း လည်းတပါးအားဖြင့် ကာမေသုမိန္ဆာစာရ၏ သမ္ဘာရတို့သည်

လေးပါးအပြားရှိကုန်၏။ ။ဗြဟ္မဇာလသုတ် ဒီကာ၌-အဘိဘဝိတွာ၊ နှိပ်စက်၍။ ဝိတိက္ကမေ၊ လွန်ကျူးရာ၌။ မဂ္ဂေနမဂ္ဂပဋိပတ္တိအဓိဝါသနေ၊ မင်္ဂဖြင့် မင်္ဂ၌ မှီဝဲခြင်းကို သာယာခြင်း သည်။ သတိပိ၊ ရှိသော်လည်း။ ပုရိမုပ္ပန္နသေဝနာဘိ သန္ဓိ ပယောဂါ ဘာဝတော။ ရှေး၌ ဖြစ်သော မှီဝဲခြင်းနှင့်စပ်သောပယောဂ၏ မရှိခြင်းကြောင့်။ အဘိဘုယျမာနသ၊ နှိပ်စက်အပ်သောသူအား။ မိဆ္ဆာစာရော၊ မိဆ္ဆာစာရသည်။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ကုန်၏။ သေဝနစိတ္တေ၊ မှီဝဲလိုသော စိတ် သည်။ သတိ၊ ရှိသော်။ ပယောဂါဘာဝေါ၊ ပယောဂ၏မရှိခြင်းသည်။ နပမာဏံ၊ ပမာဏမဟုတ်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဣတ္ထိယာ၊ မိန်းမအား။ ယေဘုယျေန၊ များသောအားဖြင့်။ သေဝန ပယောဂါ ဘာဝတော၊ မှီဝဲခြင်း ပယောဂ၏ မရှိသည်၏အဖြစ်ကြောင့် တည်း။ ကထာသတိ၊ ထိုသို့ပယောဂ၏ မရှိခြင်းကြောင့် မိဆ္ဆာစာရ မဖြစ်သည်ရှိသော်။ ပုရေတရံ၊ ရှေးဦးစွာ။ ဥပဌာပိတသေဝနစိတ္တာယ၊ ဖြစ်စေအပ်သော မှီဝဲလိုသော စိတ် ရှိသော။ ဣတ္ထိယာ၊ မိန်းမအား။ မိဆ္ဆာစာရော၊ မိဆ္ဆာစာရသည်။ နသိယာ၊ မဖြစ်ရာ။ ကသ္မာ၊ အဘယ် ကြောင့်နည်း ဟူမူကား။ သေဝနပယောဂါ ဘာဝတော၊ မှီဝဲခြင်း ပယောဂမရှိသည်၏ အဖြစ်ကြောင့်တည်း။ တသ္မာ၊ ထိုကြောင့်။ ပုရိသ ဝသေန၊ ယောက်ျား၏ အစွမ်းအားဖြင့်။ဥက္ကံသတော၊ အလွန်အားဖြင့်။ စတ္တာရောသမ္ဘာရာ၊ လေးပါးကုန်သောသမ္ဘာရတို့ကို။ ဝုတ္တာ၊ ဆိုအပ် ကုန်၏။ဣတိ၊သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဣတိ၊ သို့။ ဧကော၊ အဆျိုကုန်သော ဆရာတို့သည်။ဝဒန္တိ၊ဆိုကုန်၏။ အညထာ၊ပယောဂ၏မရှိခြင်းကြောင့် မိဆ္ဆာစာရမဖြစ်သည်ရှိသော်။ ဣတ္ထိယာ၊ မိန်းမ၏။ ပုရိသကိစ္စကရဏ ကာလေ၊ ယောက်ျား ကိစ္စကို ပြုသော ကာလ၌။ ပုရိသဿပိ၊ ယောက်ျားအားလည်း။ သေဝန ပယောဂါ ဘာဝတော၊ မှီဝဲခြင်း ပယောဂ မရှိသည်၏အဖြစ်ကြောင့်။ မိဆ္ဆာစာရော၊ မိဆ္ဆာစာရသည်။ နသိယာ၊ မဖြစ်ရာ။ ဣတိတသ္မာ၊ ထိုကြောင့်။ ဧတ္ထ၊ ဤကာမေသု မိဆ္ဆာစာရ၏ သမ္ဘာရ၌။ ဣဒမ္ပနသန္ဓိဌာနံ၊ ဤအဆုံးအဖြတ်ကိုကား။ ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။အတ္တနော၊မိမိ၏။ရုစိယာ၊အလိုအားဖြင့်။ပဝတ္တိတဿ၊ ဖြစ်သော မိဆ္ဆာစာရ၏။တယော၊ အဂမနိယဝတ္ထု သေဝနစိတ်သေဝန ပယောဂအားဖြင့် သုံးပါးကုန်သော သမ္ဘာရတို့သည်။ ဟောန္တိ၊ ဖြစ်

ကုန်၏။ ဗလက္ကာရေန၊ နိုင်ထက်မူသဖြင့်။ ပဝတ္တသ၊ဖြစ်သော မိန္ဆာစာရ၏။ တယော၊ အဂမနိယဝတ္ထု သေဝနစိတ် မဂ္ဂေနမဂ္ဂမဒိုပတ္တိ အဓိဝါသနအားဖြင့် သုံးပါးကုန်သော သမ္ဘာရတို့သည်။ ဟောန္တီ၊ ဖြစ်ကုန်၏။ အနဝသေသဂဟဏေပန၊ အကြွင်းမဲ့ ယူသဖြင့်ကား။ စတ္တာရော၊ လေးပါးကုန်သော သမ္ဘာရတို့သည်။ ဟောန္တီ၊ဖြစ်ကုန်၏။ ဤသို့ မိန့်အပ်၏၊

တတ္ထ၊ထိုမိန္ဆာစာရသမ္ဘာရ၌။အတ္တနော၊မိမိ၏။ရုစိယာ၊အလိုအားဖြင့်။ ပဝတ္တိတသ၊ ဖြစ်သောမိန္ဆာစာရ၏။ တယော၊သုံးပါးကုန်သော သမ္ဘာရတို့သည်။ဟောန္တီ၊ဖြစ်ကုန်၏။ ဗလက္ကာရေန၊နိုင်ထက်မူသဖြင့်။ ပဝတ္တိတသ၊ ဖြစ်သောမိန္ဆာစာရ၏။တယော၊ သုံးပါးသော သမ္ဘာရတို့သည်။ ဟောန္တီ၊ ဖြစ်ကုန်၏။ ဈတိတသ္မာ၊ တို့ကြောင့်။ အနဝသေသဂဟဏေန၊ အကြွင်းမဲ့ကို ယူသဖြင့်။ စတ္တာရော၊ လေးပါးကုန်သော သမ္ဘာရတို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ အတ္ထသိဒ္ဓိပန၊ကိစ္စ၏ပြီးခြင်းသည်ကား။ တီဟောဝ၊ သုံးပါးကုန်သော သမ္ဘာရတို့ဖြင့် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။[ဈတိဝုတ်အဋ္ဌကထာ]။

အကြင် အကြင် ဆိုအပ်ပြီးသော ပါဏာတိပါတ အဒိန္ဒာဒါန ကာမေသုမိန္ဆာစာရဟူသော ဤကံသုံးပါးသည် ကာယကံဖြစ်၏။ ထိုသုံးပါးတို့တွင် ပါဏာတိပါတ အာဒိန္ဒာဒါန ဤ ကံ နှစ်ပါးသည်ကား ကာယဒွါရ ဝစီဒွါရတို့၌ ဖြစ်၏။မိန္ဆာစာရကံသည် ကာယဒွါရ၌သာ ဖြစ်၏။ ထိုစကားမှန်၏။ အကုသိုလ်ကာယကံသည် ကာယဒွါရ ဝစီဒွါရတို့၌သာ ဖြစ်၏၊ မနောဒွါရ၌ မဖြစ်။ထိုစကားကို ချဲဦးအံ့။ မိမိလက်ဖြင့် သူ့အသက်သတ်သော သူ၏လည်းကောင်း မိမိလက်ဖြင့် သူ့ဥစ္စာကို ခိုးသောသူ၏ လည်းကောင်း မိန္ဆာစာရကို ကျင့်သော သူ၏လည်းကောင်း ကံသည်လည်း ကာယကံ၊ ဒွါရသည်လည်း ကာယဒွါရတည်း။ သွားချေ၊ဤမည်သောသူကို အသက်မှ ချချေ ဤမည်သော ဥစ္စာကို ခိုးချေဟု စေသောသူ၏ ကံသည်ကား ကာယကံ။ ဒွါရသည်ကား ဝစီဒွါရတည်း။ ဤသို့ အကုသိုလ် ကာယကံသည် ကာယဒွါရ ဝစီဒွါတို့၌သာလျှင် ဖြစ်၏။ ထိုအကုသိုလ် စိတ်တို့နှင့် တကွ ဖြစ်ကုန်သော အဘိဇ္ဈာဗျာပါဒမိန္ဆာဒိဋ္ဌိ တို့သည်ကား စေတနာပကွိက ကာယ

ကံဟူသော ဝေါဟာရသည်လည်း ဖြစ်ကုန်၏။ မနောကံ ဟူသော ဝေါဟာရကင်းသည်လည်း ဖြစ်ကုန်၏။ ။[အဌသာလိနီ]။

ဣမေသတ္တာ ဟညန္တူတိ ပဝတ္တဗျာပါရဝသေန စေတနာ ပက္ခိကာဝါ ဘဝန္တိ ကာယကမ္မဝေါဟာရ လာဘာ။ အဗ္ဗောဟာရိကာဝါ မနောကမ္မဝေါဟာရဝိရဟာ၊ သသမ္ဘာရပထဝီ အာဒီသု အာပါဒယော ဧတ္ထ နိဒဿနံ။ ။[အဌသာလိနီရီကာ။]

ဣမေသတ္တာ၊ ဤ သတ္တဝါတို့ကို။ ဟညန္တု သတ်အင်စေကုန်သတည်း။ ဣတိ၊ ဤသို့။ ပဝတ္တဗျာပါရဝသေန၊ ဖြစ်သော ကမ္မပထဗျာပါရ၏ အစွမ်းအားဖြင့်။ စေတနာပက္ခိကာ၊ စေတနာ၏အတို့၌ ဖြစ်ကုန်သည်။ ကာယကမ္မဝေါဟာရလာဘာ၊ ကာယကံဟူသော ဝေါဟာရကို ရကုန်သည်လည်း။ဘဝန္တိ၊ ဖြစ်ကုန်၏။ အဗ္ဗောဟာရိကာဝါ မနောကမ္မဝေါဟာရဝိရဟာဝါ၊ မနောကံဟူသော ဝေါဟာရမှ ကင်းကုန်သည်လည်း။ဘဝန္တိ၊ ဖြစ်ကုန်၏။ဧတ္ထ၊ဤအဗ္ဗောဟာရိကအဖြစ်၌။ သသမ္ဘာရပထဝီအာဒီသု၊ သသမ္ဘာရပထဝီ အစရှိသည်တို့၌။ အာပါဒယော။ ရေအစရှိသည်တို့သည်။ နိဒဿနံ၊သက်သေတည်း။

ယထာ ပဝတ္တော ဗျာပါရော ကမ္မပထော ဟောတိ၊တံ ဒဿေတုံ ဣမေသတ္တာ ဟညန္တူတိ ပဝတ္တိဗျာပါရဿ ဒဿိတာ။ကာယဒ္ဝါရိက စေတနာယ သဟကာရိ ကာရဏဘာဝတော ကာယကမ္မဝေါဟာရလာဘာ။ အဘိဇ္ဈာဒိနံ ပရသန္တကဿ အတ္တနော ပရိဏာမနဝသေန။ ဣမေသတ္တာ ဟညန္တူတိ အာဒိနာစ အပ္ပဝတ္တတ္တာ မနောကမ္မဝေါဟာရ ဝိရဟာ၊ အစေတနာ သဘာဝတောဝါ ပါဏာတိပါတာ ဒိဝသေန အဗ္ဗောဟာရိကာ၊ ပါဏာတိပါတာဒိဘာဝေန နဝတ္တဗ္ဗာတိ အတ္ထော။ ဧတ္ထာတိ အဗ္ဗောဟာရိကဘာဝေ။ [အနုရီကာ]။

ယထာပဝတ္တော၊ အကြင် အခြင်းအရာဖြင့် ဖြစ်သော။ ဗျာပါရော၊ ဗျာပါရသည်။ ကမ္မပထော၊ ကမ္မပထသည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထို အခြင်းအရာကို။ ဒဿေတုံ၊ သိစိမ့်သောငှါ။ ဣမေသတ္တာ ဟညန္တူတိ ဣမိနာ၊ ဣမေသတ္တာ ဟညန္တု ဟူသော ဤပါဠိဖြင့်။ ဗျပါရဿ၊ ဗျာပါရ၏။ပဝတ္တိ၊ဖြစ်ခြင်းကို။ ဒဿိတာ၊ပြအပ်၏။ ကာယဒ္ဝါရိက စေတနာယ၊

ကြောင့်ရင်း ပြည့်စုံစွာဖြစ်၍ မုသာဝါဒလက္ခဏာကို ပြအံ့သောဌါရင်း ဒုတိယနည်းကိုဆိုသည်ဟူ၍ မှတ်အပ်၏။ထိုမုသာဝါဒ၌ အကြင်အကျိုးသည် ပျက်၏ ထိုအကျိုး၏နည်းသည်၏ အဖြစ်ကြောင့် အပြစ်နည်း၏။ ထို အကျိုးများသည်၏ အဖြစ်ကြောင့် အပြစ်များ၏။ တနည်းကား အကြင်သူ၏ အကျိုးကိုဖျက်၏ ထိုသူ၏ဂုဏ်နည်းသည်၏အဖြစ်ကြောင့် အပြစ်နည်း၏။ ထိုသူ၏ ဂုဏ်များသည်၏အဖြစ်ကြောင့် အပြစ်များ၏။ ကိလေသာတို့၏ ညံ့သည်၏ အဖြစ်ကြောင့် အပြစ်နည်း၏။ ကိလေသာတို့၏ ထက်သည်၏အဖြစ်ကြောင့် အပြစ်များ၏။ ။တနည်းကား လူတို့သည် မိမိတို့ဥစ္စာကိုမပေးလိုသည်၏အဖြစ်ကြောင့်မရှိ။ဤသို့အစရှိသော နည်းဖြင့်ဖြစ်သော မုသာဝါဒသည် အပြစ်နည်း၏။ သက်သေဖြစ်၍ အကျိုးကိုပျက်စေစိမ့်သောဌါ ဆိုသော မုသာဝါဒသည် အပြစ်ကြီး၏။ ရဟန်းတို့၏ အနည်းငယ် ဆီကိုလည်းကောင်း ထောပတ်ကိုလည်းကောင်းရ၍ ရယ်ရွှင်လိုသဖြင့် ယနေ့ရွာ၌ဆီသည်မြစ်ကဲ့သို့စီး၏။ ဤသို့နည်းသည်၏ အဖြစ်ကြောင့် ယုတ်သောဝတ္ထုကို ပြည့်သည်၏ အစွမ်းအားဖြင့်ဖြစ်သော စကားဖြင့်ဖြစ်သော မုသာဝါဒသည် အပြစ်နည်း၏။ မမြင်အပ်သောဘရားကိုလျှင် မြင်၏။ ဤသို့အစရှိသောနည်းဖြင့် ဆိုကုန်သော ရဟန်း၏မုသာဝါဒသည် အပြစ်ကြီး၏။မိမိဥစ္စာကို မပေးလိုသည်၏ အဖြစ်ဖြင့်လည်းကောင်း ဝတ္ထုကို ဖြည့်သော စကားနည်းအားဖြင့်လည်းကောင်း ဖြစ်သောစကားသည် အကယ်၍ ချက်ယွင်းစေခြင်းကို ရှေ့ရှုသော သူ၏မုသာဝါဒသည်လျှင် ဖြစ်၏၊ထိုသို့ ဖြစ်ငြားသော်လည်း ထိုမုသာဝါဒ၌ စေတနာသည် အားမရှိ။ထိုကြောင့် အပြစ်နည်းသည်၏ အဖြစ်ကို အဌကထာဆရာ ဆိုအပ်၏။ ။မဟုတ်မမှန်သော ဝတ္ထုတပါး၊ ချက်ယွင်းစေသောစိတ်တပါး၊ ချက်ယွင်းစေခြင်းအားလျော်သောလုံ့လ တပါး သူတပါးတို့၏ ထိုအနက်ကို သိခြင်းတပါး၊ ဤသို့အားဖြင့် မုသာဝါဒ၏သမ္ဘာရတို့သည် လေးပါးဖြစ်ကုန်၏။ ချက်ယွင်းစေလိုသဖြင့် လုံ့လ ပြုအပ် ငြားသော်လည်း တပါးသောသူသည် ထိုအနက်ကို မသိသော် ချက်ယွင်းစေခြင်း၏ မပြီးသည်၏အဖြစ်ကြောင့် သူတပါး၏ ထိုအနက်ကိုသိခြင်းကို တပါးသော သမ္ဘာရဟူ၍ အဌကထာဆရာ ဆိုအပ်၏။ ။အချိုကုန်သော ဆရာတို့သည်ကား မဟုတ်မမှန်သည်ကို ဆိုခြင်းတပါး၊ ချက်ယွင်းစေသောစိတ်တပါး သူတပါး၏ထိုအနက်ကို

သိခြင်းတပါးအားဖြင့် မုသာဝါဒ၏ သမ္ဘာရတို့သည် သုံးပါးအပြား ရှိ၏ဟူ၍ ဆိုကုန်၏။

လောဘ ဒေါသသည် နှိပ်စက်အပ်သော စိတ်ရှိသော သူ၏ သူတပါးတို့အား ကွဲပြားစေခြင်းငှါလည်းကောင်း မိမိအား ချစ်စေခြင်းငှါလည်းကောင်း ကာယပယောဂ ဝစီပယောဂကို ဖြစ်စေတတ်သောစေတနာသည် ဝိသုဏဝါစာမည်၏။ ထို ဝိသုဏဝါစာသည် အကြင်သူ၏ ကွဲခြင်းကို ပြု၏၊ ထိုသူ၏ ဂုဏ်နည်းသည်၏အဖြစ်ကြောင့် အပြစ်နည်း၏။ ထိုသူ၏ ဂုဏ်များသည်၏ အဖြစ်ကြောင့် အပြစ်များ၏။ တနည်းကား အကြင်သူတို့အား ကွဲခြင်းကိုပြု၏ ထိုသူတို့သည် မကွဲကုန်သော် အပြစ်နည်း၏။ ကွဲကုန်သော် အပြစ်များ၏။ ကိလေသာတို့၏ ညှံသည်၏အဖြစ်ကြောင့် အပြစ်နည်း၏။ ကိလေသာတို့၏ ထက်သည်၏အဖြစ်ကြောင့် အပြစ်များ၏။ ခွဲအပ်သောသူလည်းတပါး ဤသို့ဆိုသည်ရှိသော် ဤသူတို့သည် ကွဲကုန်လတ္တံ့ဟု ကွဲခြင်းကို ရှေရှု သည်၏ အဖြစ်။ ဤသို့ ဆိုသည်ရှိသော် ငါသည် ထိုသူ၏ ချစ်ကျွမ်းဝင်သောသူ ဖြစ်အံ့ဟု ချစ်ခြင်းကို အလိုရှိသည်၏အဖြစ်လည်းတပါး။ ထိုကွဲခြင်း ချစ်ခြင်းအားလျော်သော လုံ့လလည်း တပါး၊ ထိုအနက်ကို သိခြင်းလည်း တပါး၊ ဤသို့အားဖြင့် ဝိသုဏဝါစာ၏ သမ္ဘာရတို့သည် လေးပါးအပြား ရှိကုန်၏။ ။ထိုသမ္ဘာရတို့၌ ထိုအနက်ကိုသိခြင်းဟူသောစကားဖြင့် အကြင်သူအား ကုန်းတိုက်ခြင်းကို ဆောင်၏ ထိုသူသည်ကွဲသည်မူလည်းဖြစ်စေ၊မကွဲသည်မူလည်းဖြစ်စေ၊ ထိုအနက်ကို သိခြင်းသာလျှင် ပမာဏဖြစ်၏ ဟူသော အနက်ကို ပြ၏။ သူတပါးသည် မကွဲသည်ရှိသော် ကမ္မပထမဖြစ်၊ကွဲသော်သာလျှင် ကမ္မပထဖြစ်၏ဟူ၍ မှတ်အပ်၏။

သူတပါး၏မေ့မှုဆိုကုန်သောဇာတိအစရှိသည်တို့ကိုဖြတ်ကြောင်း ခွဲကြောင်းဖြစ်သောကာယပယောဂ ဝစီပယောဂကို ဖြစ်စေတတ်သော စင်စစ်ကြမ်းသော စေတနာသည် ဖရုသဝါစာမည်၏။ အဘယ်ကြောင့် စေတနာသည် စင်စစ်ကြမ်းသနည်း ဟူမူကား အမျက်နှင့် ယှဉ်သော စိတ်ရှိသည်၏အဖြစ်ကြောင့်စင်စစ်ကြမ်း၏။ ထိုစေတနာ၏ ကြမ်းသော အဖြစ်၏ထင်ရှားခြင်းအကျိုးရှိသော၏ဝတ္ထုကိုသိအပ်၏။ ။တယောက်သောသူငယ်သည် အမိစကားကို မယူမူ၍ ကောကို သွားသတတ်။ထိုသူ

ငယ်ကိုမသွားစေခြင်းငှါ မတတ်နိုင်သောအမိသည် သင့်ကိုကြမ်းသော ကျွမသည်လိုက်စေသတည်းဟုဆဲရေး၏။ထိုနောင်မှထိုသူငယ်အားအမိ ဆဲရေးလိုက်တိုင်းလျှင် တောဌ်ကျွမသည်ထ၏။ သူငယ်သည် အကြင်စ ကားကိုငါ့အမိသည်နှုတ်သီးဖြင့်ဆို၏ ထိုစကားသည်မဖြစ်စေသတည်း။ အကြင်ဘေးမရှိခြင်းကိုစိတ်ဖြင့်ကြံ၏၊ ထိုဘေးမရှိခြင်းသည် ဖြစ်စေသ တည်းဟု သစ္စာကိုပြု၏။ကျွမသည် ထိုအရပ်ဌ်လျှင် ဘွဲ့သကဲ့သို့ ရပ်၏။ ဤသို့မြတ်နိုးအပ်သောဇာတ်အစရှိသည်ကိုဖြတ်ကြောင်း ခွဲကြောင်းဖြစ် သော ပယောဂသည်လည်းစိတ်နူးညှံ့သည်၏အဖြစ်ကြောင့်ဖရုသဝါစာ မဖြစ်။ ထိုစကားသည် မှန်၏။ မိဘတို့သည် ရံခါသားတို့ကို ခိုးသူတို့ သည်သင်တို့ကို အပိုင်းအပိုင်းဖြတ်ခြင်းကို ပြုစေသတည်းဟုဆိုကုန်၏။ ထိုသို့ဆိုကုန်သော်လည်း သားတို့၏အပေါ်ဌ် ကြာရွက်၏ ကျခြင်းကို လည်း အလိုမရှိကုန်သလျှင်ကတည်း။ ဆရာဥပဇ္ဈာယ်တို့သည်လည်း ရံခါ တပည့်တို့ကို ဤသူတို့သည် ဟိရီမရှိကုန်။ ဩတ္တပ္ပ မရှိကုန်။ ဤသူတို့ကို နှင်ထုတ်ကြကုန်လော့ဟု ဆိုကုန်၏။ ထိုသို့ ဆိုကုန်သော် လည်း ထိုတပည့်တို့၏ ပိဋကတ်သုံးပုံ မင်ဖိုလ်တို့၏ ပြည့်စုံခြင်းကို အလိုရှိကုန်၏။ ။ဗြဟ္မဇာလသုတ် ဋီကာဌ်ကား-

စိတ္တသဏ္ဌတာယ ဖရုသဝါစာ နဟောတိ၊ကမ္မပထ အပတ္တတ္တာ။
ကမ္မဘာဝံ ပန နသက္ကာ ဝါရေတုံ။

ဟူ၍ဆို၏။

စိတ္တသဏ္ဌတာယ၊ စိတ်နူးညှံ့သည်၏ အဖြစ်ကြောင့်။ ဖရုသဝါစာ၊ ဖရုသဝါစာသည်။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ ကမ္မပထအပတ္တတ္တာ၊ ကမ္မပထသို့ မရောက်သည်၏ အဖြစ် ကြောင့်တည်း။ ပနယုတ္တံ၊ သင့်၏။ ကမ္မဘာဝံ၊ ကံ၏အဖြစ်ကို။ ဝါရေတုံ၊ မြစ်အံ့သောငှါ။ နသက္ကာ၊ မတတ်ကောင်း။ ။စိတ်နူးညှံ့သည်၏ အဖြစ် ကြောင့် ဖရုသဝါစာ မဖြစ်သကဲ့သို့ စကားနူးညှံ့သည်၏ အဖြစ်ကြောင့် ဖရုသဝါစာ မဖြစ်သည်ကားမဟုတ်၊ဖြစ်သည်သာလျှင်တည်း။ထိုစကား မှန်၏။ သတ်လိုသော သူ၏ ဤသူကိုချမ်းသာစွာ အိပ်စေ ဟူသော စကားသည် ဖရုသဝါစာ မဖြစ်သည်မဟုတ်။ စိတ်ကြမ်းသည်၏ အဖြစ် ကြောင့်ကား ထိုစကားသည် ဖရုသဝါစာ ဖြစ်သလျှင်ကတည်း။ ထို ဖရုသဝါစာသည် အကြင်သူကိုရည်၍ဖြစ်၏၊ ထိုသူ၏ဂုဏ်နည်းသည်၏

အဖြစ်ကြောင့် အပြစ်နည်း၏။ ဂုဏ်များသည်၏ အဖြစ်ကြောင့် အပြစ်များ၏။ တနည်းကား ကမ္မပထသို့ ရောက်သော ဖရုသဝါစာသည် အပြစ်များ၏။ ကိလေသာတို့၏ နူးညံ့သည်၏ အဖြစ်ကြောင့် အပြစ်နည်း၏။ ကိလေသာတို့၏ ထက်သည်၏အဖြစ်ကြောင့် အပြစ်များ၏။ အချိုကုန်သော ဆရာတို့ သည်ကား အကြင်သူကို ရည်၍ ဖရုသဝါစာကို ယှဉ်အပ်၏၊ ထိုသူ၏ မျက်မှောက်၌ သာလျှင် အပြီးသို့ ရောက်၏ဟု ဆိုကုန်၏။အချိုကုန်သောဆရာတို့သည်ကား မျက်ကွယ်၌လည်း ဖရုသဝါစာ ဖြစ်သလျှင်ကတည်းဟူ၍ ဆိုကုန်၏။ ထိုထို ဆရာတို့၏ အယူ၌ ဤသို့သော အဓိပ္ပါယ်သည် ဖြစ်သင့်ရာ၏။ မျက်မှောက်၌ ဖရုသဝါစာကို , ယှဉ်အပ်သည်ရှိသော် မရိုသေခြင်း အစရှိသည် တို့၏ အားကြီးသည်၏ အဖြစ်ကြောင့် စေတနာအားရှိသည် ဖြစ်ရာ၏။ သူတပါး၏ ထိုအနက်ကို သိခြင်းသည်လည်းဖြစ်ရာ၏။ မျက်ကွယ်၌ကား ထိုကဲ့သို့ မဖြစ်ရာ။ဤသို့ဧေးဆရာတို့၏အယူ၌အဓိပ္ပါယ်သည် သင့်ရာ၏။ ဆဲရေးတတ်သော ပုဂ္ဂိုလ်သည် သေလွန်သော် သင်းချိုင်း၌ ပြုအပ်သော ကန်တော့ခြင်းသည် ဥပဝါဒအန္တရာယ်ကို မြစ် သကဲ့သို့ မျက်ကွယ်၌ယှဉ်အပ်သော်လည်း ဖရုသဝါစာဖြစ်သလျှင် ကတည်းဟု သိခြင်းငှါ တတ်ကောင်းသလျှင်၊ ကတည်း။ ဤသို့ နောက်ဆရာတို့၏ အယူ၌ အဓိပ္ပါယ်သည် ဖြစ်သင့်ရာ၏။ ။ဆဲရေးအပ်သော သူလည်းတပါး၊ အမျက်ထွက်သောစိတ်လည်းတပါး၊ ဆဲရေးခြင်းလည်းတပါး အားဖြင့် ဖရုသဝါစာ၏သမ္ဘာရတို့သည် သုံးပါးဖြစ်ကုန်၏။ ထိုသုံးပါးကုန်သော သမ္ဘာရတို့တွင် အမျက်ထွက်သော စိတ်သည် သေစေလိုသဖြင့် အမျက်ထွက်သော စိတ်မဟုတ်။ ထိုစကားမှန်၏။ သေစေလိုသဖြင့် အမျက်ထွက်သည် ရှိသော် ဗျာပါဒသာလျှင် ဖြစ်၏။

အနက်ကိုသိစေတတ်သော ကာယပယောဂ ဝစီပယောဂကိုဖြစ်စေတတ်သော အကုသိုလ်စေတနာသည် သမ္ဖံနိရက္ကဏံ ပလပတိဇေတနာတိ သမ္ဖပ္ပလာပေါ ဟူသောဝစနက္ကနှင့်အည် အကျိုးမဲ့ စကားကို ပြောဆိုကြောင်း ဖြစ်သောကြောင့် သမ္ဖပ္ပလာပမည်၏။ ဇေတန စေတနာဓမ္မေန၊ ထိုစေတနာတရားဖြင့်။ သမ္ဖနိရက္ကဏံ၊ အကျိုးမဲ့စကားကို။ ပလပတိ၊ပြောဆိုတတ်၏။ဣတိတသ္မာ၊ ထိုသို့အကျိုးမဲ့စကားကိုပြောဆိုကြောင်းဖြစ်သောကြောင့်။ သောစေတနာဓမ္မော၊ ထိုစေတနာတရား

သည်။ သမ္ဖပ္ပလာပေါ၊ သမ္ဖပ္ပလာပမည်၏။ ထိုသမ္ဖပ္ပလာပသည်မှီဝဲခြင်း နူးညံ့သည်၏အဖြစ်ကြောင့် အပြစ်နည်း၏။ မှီဝဲခြင်းများသည်၏ အဖြစ်ကြောင့် အပြစ်များ၏။ မှီဝဲခြင်းသည်ကား ပွါးစေခြင်း များစွာပြုခြင်း တည်း။ တနည်းကား အကြင်သူကို ယူစိမ့်သောငှါ ပြောဆို၏၊ ထိုသူ မယူသည်ရှိသော် အပြစ်နည်း၏။ ယူသည်ရှိသော် အပြစ်များ၏။ ကိလေသာညံ့သည်၏ အဖြစ်ကြောင့် အပြစ်နည်း၏။ကိလေသာ ထက်သည်၏ အဖြစ်ကြောင့် အပြစ်များ၏။ ဘာရတ ညီနောင် စစ်ထိုးခြင်း သိတာကိုဆောင်ခြင်းအစရှိသော အကျိုးမဲ့စကားကို ရှေ့ရှု သည်၏ အဖြစ်လည်း တပါး၊ ထိုသို့သဘောရှိသော စကားကို ဆိုခြင်းလည်း တပါးအားဖြင့် သမ္ဖပ္ပလာပ၏ သမ္ဘာရတို့သည် နှစ်ပါးအပြားရှိကုန်၏။ သူတပါးသည် ထိုစကားကို မယူသည်ရှိသော်ကမ္မပထအထူးသည်မရှိ။ ယူသော် သာလျှင် ကမ္မပထသည် ဖြစ်၏။ သမ္မာဒိဋ္ဌိသုတ် ဋီကာ၌ ခပ်သိမ်းသော သမ္ဖပ္ပလာပသည် နှစ်ပါးကုန်သော သမ္ဘာရတို့ဖြင့် ပြီး၏ဟုဆို၏။ ထို ဆိုအပ်ပြီးသော လေးပါးအပြား ရှိသော ကံသည် ဝစီကံဖြစ်၏။ ကာယဒွါရ ဝစီဒွါရနှစ်ပါး၌ ဖြစ်၏။ ထို စကားကို ချဦးအံ့။ လက်ဆုပ်ပြသဖြင့် မုသားဆိုခြင်း အစရှိသည်တို့ကို ပြုသော သူ၏ ကံသည် ဝစီကံဖြစ်၏။ ဒွါရသည်ကား ကာယဒွါရဖြစ်၏။ နှုတ်မြွက်ခြင်းကို ပြု၍ မုသာဝါဒအစရှိသည်တို့ကို ဆိုသောသူ၏ ကံသည်လည်း ဝစီကံ ဖြစ်၏။ ဒွါရသည်လည်း ဝစီဒွါရ ဖြစ်၏။ ဤသို့ အကုသိုလ် ဝစီကံသည် ကာယဒွါရ ဝစီဒွါရတို့၌သာလျှင် ဖြစ်၏။ ထို အကုသိုလ်စိတ်တို့နှင့် တကွ ဖြစ်ကုန်သော အဘိဇ္ဈာဗျာပါဒ မိစ္ဆာဒိဋ္ဌိတို့သည်ကား ဝစီကံဟူသော ဝေါဟာရကို ရသော စေတနာ၏ အတို့၌ ဝင်သည်လည်း ဖြစ်ကုန်၏။ မနောကံ ဟူသော ဝေါဟာရမှ ကင်းသည်လည်း ဖြစ်ကုန်၏။ တနည်းကား မုသာဝါဒ အစရှိသည်ဖြင့် မဆိုအပ်သည်လည်း ဖြစ်ကုန်၏။(အဋ္ဌသာလိနီနည်း)။ ။ဝစီကမ္မကထာ တည်း။

အဘိဇ္ဈာယတိတိ အဘိဇ္ဈာ ဟူသော ဝစနတ္ထနှင့် အညီ သူ့စည်းစိမ်ကို ရှေ့ရှုသည်ဖြစ်၍ သူ့စည်းစိမ်၌ ညွတ်သောအားဖြင့် ဖြစ်တတ်သော လောဘသည် အဘိဇ္ဈာမည်၏။ ယာဓမ္မဇာတိ၊ အကြင်သဘော တရားသည်။ အဘိဇ္ဈာယတိ၊သူ့စည်းစိမ်သို့ ရှေ့ရှုဖြစ်၍ သူ့စည်းစိမ်၌

ညွတ်သော အားဖြင့် ဖြစ်တတ်၏။ ဧကတိတသ္မာ၊ ထိုကြောင့်။ သာမွေ ဇာတိ၊ ထိုသဘောတရားသည်။ အဘိဇ္ဇာ၊ အဘိဇ္ဇာမည်၏။ ။သင်္ဂီတိ သုတ်ဋီကာ၌ အကြင်ကြောင့် ဥပသာရ၏ အစွမ်းအားဖြင့် ဓာတ်သဒ္ဒါ တို့သည် ဝိသေသနအနက်ကိုဟောတတ်၏။ ထိုကြောင့် အဘိဇ္ဇာယတိ ဟူသော ပုဒ်၏ သူ့စည်းစိမ်ကို ရှေ့ရှုသည်ဖြစ်၍ သူ့စည်းစိမ်၌ ညွတ်သောအားဖြင့် ဖြစ်တတ်၏ဟူသော အနက်ကို ဆိုအပ်၏။ ။ထို အဘိဇ္ဇာသည် အကြင်သူ၏ ဥစ္စာ၌ ရှေ့ရှုသည်ဖြစ်၍ ညွတ်သော အားဖြင့် ဖြစ်၏ ထိုသူ၏ဂုဏ်နည်းသည်၏အဖြစ်ကြောင့် အပြစ်နည်း၏။ ဂုဏ်များသည်၏ အဖြစ်ကြောင့် အပြစ်များ၏။ ယုတ်သော ဥစ္စာ၌ နည်းသော အပြစ်ရှိ၏။ မြတ်သော ဥစ္စာ၌ များသော အပြစ်ရှိ၏။ ငယ်သော ဥစ္စာ၌ နည်းသောအပြစ်ရှိ၏။ ကြီးသော ဥစ္စာ၌ များသော အပြစ်ရှိ၏။ ကိလေသာ လုံ့လတို့၏ ညံ့သည်၏ အဖြစ်ကြောင့် အပြစ် နည်း၏၊ ထက်သည်၏ အဖြစ်ကြောင့် အပြစ်များ၏။ သူတပါးဥစ္စာ လည်းတပါး၊ မိမိသို့ ညွတ်စေခြင်းလည်း တပါး အားဖြင့် အဘိဇ္ဇာ၏ သမ္ဘာရတို့သည် နှစ်ပါးအပြား ရှိကုန်၏။ သင်္ဂီတိ သုတ်ဋီကာ၌ မိမိသို့ ညွတ်စေသော စိတ်ဖြင့်သာလျှင် အဘိဇ္ဇာသည် ဖြစ်၏ဟု ဆိုအပ်၏။ ထိုစကားသည် မှန်၏။ သူ့ဥစ္စာ၌ လောဘသည် ဖြစ်ငြားသော်လည်း အကြင်မျှလောက်သော ကာလပတ်လုံး ၏ ဥစ္စာသည်ငါ့ဥစ္စာ ဖြစ်ပါ လေမူကား ကောင်း၏ဟု မိမိသို့ မညွတ်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ကမ္မပထသည် မဖြစ်။

ဟိတသုခံ ဗျာပါဒယတိတိ ဗျာပါဒေါ ဟူသော ဝစနတ္ထနှင့် အညီ စီးပွါးချမ်းသာကို ဖျက်ဆီးတတ်သောဒေါသသည် ဗျာပါဒ မည်၏။ ။ ယောဒေါသော၊ အကြင် ဒေါသသည်။ ဟိတသုခံ၊ စီးပွါးချမ်းသာကို။ ဗျာပါဒယတိ၊ ဖျက်ဆီးတတ်၏။ ဧကတိတသ္မာ၊ ထိုကြောင့်။ သောဒေါ သော၊ ထိုဒေါသသည်။ ဗျာပါဒေါ၊ ဗျာပါဒမည်၏။ ။ထို ဗျာပါဒသည် အကြင်သူ၏ စီးပွါးချမ်းသာကို ဖျက်ဆီး၏၊ ထိုသူ၏ ဂုဏ်နည်းသည်၏ အဖြစ်ကြောင့် အပြစ်နည်း၏။ ဂုဏ်များသည်၏ အဖြစ်ကြောင့် အပြစ် များ၏။ တနည်းကား ကမ္မပထသို့ မရောက်သော ဗျာပါဒသည် အပြစ် နည်း၏။ ကမ္မပထသို့ ရောက်သော ဗျာပါဒသည် အပြစ်များ၏။ ကိလေသာတို့၏ ညံ့သည်၏ အဖြစ်ကြောင့် အပြစ်နည်း၏။ ကိလေသာ

တို့၏ ထက်သည်၏ အဖြစ်ကြောင့် အပြစ်များ၏။ တပါးသော သတ္တဝါလည်း တပါး၊ ထိုတပါးသော သတ္တဝါ၏ပျက်စီးခြင်းကို ကြီခြင်းလည်း တပါးအားဖြင့် ဗျာပါဒ၏ သမ္ဘာရကို့သည် နှစ်ပါးအပြား ရှိကုန်၏။ ထိုစကားသည် သင့်၏။ တပါးသော သတ္တဝါလျှင် အာရုံရှိသော ဒေါသသည် ဖြစ်ငြားသော်လည်း အကြင် မျှလောက်သော ကာလပတ်လုံး ဤသတ္တဝါသည် ပျက်ငြားအံ့။ ပျက်စီးသော် ကောင်းလေစွဟု ထိုသတ္တဝါ၏ ပျက်စီးခြင်းကို မကြီသေး၊ ထိုမျှလောက်သော ကာလပတ်လုံး ကမ္မပထနှင့် စပ်ခြင်းသည် မဖြစ်သေး။

ယထာဘုစ္စဂဟဏာဘာဝေန မိစ္ဆာပဿတီတိ မိစ္ဆာဒိဋ္ဌိ ဟူသော ဝစနဤနှင့်အညီ အဟုတ်အမှန်ဖြစ်သော အနိစ္စအစရှိသည်ကိုယူခြင်း၏ မရှိသဖြင့် အမှားကို မြင်တတ်သော သဘောတရားသည် မိစ္ဆာဒိဋ္ဌိမည်၏။ ယာဓမ္မဇာတိ၊ အကြင် သဘောတရားသည်။ ယထာဘုစ္စဂဟဏာဘာဝေန၊ အဟုတ်အမှန်ဖြစ်သော အနိစ္စ အစရှိသည်ကို ယူခြင်း၏ မရှိသဖြင့်။ မိစ္ဆာ၊ အမှားကို။ ပဿတိ၊ မြင်တတ်၏။ ဣတိတသ္မာ ထိုကြောင့်။ သာဓမ္မဇာတိ၊ ထို သဘောတရားသည်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်၏။ ထိုမိစ္ဆာဒိဋ္ဌိသည် မှိုဝဲခြင်းနည်းသည်၏ အဖြစ်ကြောင့် အပြစ်နည်း၏။ မှိုဝဲခြင်းများသည်၏အဖြစ်ကြောင့်အပြစ်များ၏။ တနည်းကား အနိယတဖြစ်သောမိစ္ဆာဒိဋ္ဌိသည်အပြစ်နည်း၏။ နိယတဖြစ်သောမိစ္ဆာဒိဋ္ဌိသည်အပြစ်များ၏၊ ဝတ္ထုကို ယူသော အခြင်းအရာ၏ ဘောက်ပြန်သည်၏ အဖြစ်လည်းတပါး၊ အကျင့်ဘောက်ပြန်သောအခြင်းအရာဖြင့် ထိုဝတ္ထုကိုယူ၏၊ ထိုဘောက်ပြန်သောအခြင်းအရာဖြင့် ထိုဝတ္ထု၏ထင်သည်၏ အဖြစ်လည်း တပါးအားဖြင့် မိစ္ဆာဒိဋ္ဌိ၏ သမ္ဘာရတို့သည် နှစ်ပါးအပြားရှိကုန်၏။ နတ္ထိက အဟေတုက အကိရိယဒိဋ္ဌိတို့ဖြင့်သာလျှင် ကမ္မပထအပြားသည် ဖြစ်၏။ တပါးကုန်သော ဒိဋ္ဌိတို့ဖြင့် ကမ္မပထ အပြားသည်မဖြစ်။

အကြင်အကြင် ဆိုအပ်ပြီးသော သုံးပါးအပြားရှိသော ကံသည် မနောကံမည်၏။ ဒွါရသုံးပါးတို့၌ ဖြစ်၏။ ထိုစကားကို ချဲဦးအံ့။ အကြင်အခါ၌ အဘိဇ္ဈာနှင့်တကွ ဖြစ်သောစိတ်ဖြင့် ကိုယ်အင်္ဂါကို လှုပ်စေ၍ လက်ကိုဆွဲခြင်း အစရှိသည်တို့ကို ပြု၏၊ ဗျာပါဒနှင့် တကွဖြစ်သော စိတ်ဖြင့် တုတ် တောင်ဝှေးကို သုံးသပ်ခြင်း အစရှိသည်တို့

ကို ပြုဏ်။ ဓိမ္ဆာဒိဋ္ဌိနှင့် တကွဖြစ်သော စိတ်ဖြင့် မဟာဝိနည်း ပရာဇိကသွေး ရာမ အစ်ဂိုကုန်သော နတ်တို့သည်မြတ်ကုန်ဏ်ဟု မဟာဝိနည်းပရာဇိကသွေး ရာမအစဂိုကုန်သောနတ်တို့အားဂိုဂိုးခြင်းလက်အုပ်ချီခြင်းမဟာဗိနည်း ပရာဇိကသွေး ရာမ အစဂိုကုန်သော နတ်တို့၏ နေရာအင်းပျဉ်စီရင်ခြင်း ဖြေကြည်ကျေခြင်း အစဂိုသည်တို့ကိုပြုဏ်။ ထိုအခါ ကံသည် မနောကံဖြစ်ဏ်။ နွါရသည်ကား ကာယနွါရဖြစ်ဏ်။ ဤဗိတ်တို့၌ စေတနာသည်ကား ကာယကံဟူသော ဝေါဟာရကိုမရ။ အကြင်အခါ၌ အဘိဇ္ဈာနှင့်တကွဖြစ်သောစိတ်ဖြင့် နှုက်အင်္ဂါကိုလှုပ်စေ၍ သူကပါး၏ အကြင်ဥစ္စာသည် ဂိုဏ်၊ ထိုဥစ္စာသည် ငါ၏ ဥစ္စာဖြစ်မူကား ဩသြကောင်းစွဟု သူတပါး၏ ဥစ္စာအဆောက်အဦကို မိမိတို့ကောင့်ဏ်၊ ဗျာပါဒနှင့် တကွဖြစ်သော စိတ်ဖြင့် ဤသတ္တဝါတို့သည် သေစေကုန်သတည်း မဖြစ်စေကုန်သတည်းဟု ဆို၏၊ ဓိမ္ဆာဒိဋ္ဌိနှင့်တကွ ဖြစ်စေ ကုန်သတည်း မဖြစ်စေကုန်သတည်းဟု ဆို၏၊ မိစ္ဆာဒိဋ္ဌိနှင့်တကွဖြစ်သော စိတ်ဖြင့် အလှူ၏ အကျိုးသည်မရှိ ဤသို့ အစဂိုသည်တို့ကို ဆို၏။ ထိုအခါ ကံသည် မနောကံ၊ နွါရကား ဝစီနွါရ ဖြစ်ဏ်။ ဤစိတ်တို့၌ဖြစ်သော စေတနာသည်ကား ဝစီကံဟူသော ဝေါဟာရကိုမရ။ အကြင်အခါ၌ အဘိဇ္ဈာနှင့်တကွဖြစ်သောစိတ်ဖြင့် နှုတ်အင်္ဂါကို မလှုပ်စေမူ၍ ဆိတ်ကွယ်ရာ၌ နေလျက် အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိတို့နှင့်တကွ ဖြစ်ကုန်သော စိတ်တို့ကို ဖြစ်စေဏ်။ ထိုအခါ ကံသည်လည်း မနောကံ၊ နွါရသည်လည်း မနောနွါရ သည်သာလျှင်ဖြစ်ဏ်။ ဤအချဉ်းကား စေတနာသည်လည်း ကောင်း စေတနာနှင့်ယှဉ်ကုန်သော တရားတို့ သည်လည်း ကောင်း မနောနွါရ၌သင်္ဃလျင် ဖြစ်ကုန်ဏ်။ ဤသို့ အကုသိုလ် မနောကံသည် သုံးပါးကုန်သော နွါရတို့၌လည်း ဖြစ်ဏ်။ (အဋ္ဌသာလိနီနည်း)။ မနောကမ္မ ကထာတည်း။

ယခုအခါ၌ မနောကမ္မ ကထာတွင် တကွဖြစ်သော ဓိမ္ဆာဒိဋ္ဌိ၌ လိပ်မာစေခြင်းငှါ အကိရိယဝါဒ အစဂိုသည်ကို ဆိုအပ်ဏ်။ ထိုဝါဒတို့တွင် မိမိလက်ဖြင့် ပြုသောသူသည်လည်းကောင်း ပြုစေသော သူသည်လည်းကောင်း သူတပါးတို့၏လက် အစဂိုသည်ကိုကိုင်ဖြက်သော သူသည် လည်းကောင်း ဖြတ်စေသော သူသည် လည်းကောင်း ဒဏ်ဖြင့် နှိပ်စက်သော သူသည်လည်းကောင်း နှိပ်စက်စေသော သူ

သည်လည်းကောင်း ဓိဓိစိုးရိမ်သော သူသည်လည်းကောင်း စိုးရိမ်စေသော သူသည်လည်းကောင်း အာဟာရကိုဖြတ်ခြင်း နှောင်အိမ်သွင်းခြင်း အစရှိသည်တို့ဖြင့် ဓိဓိပင်ပန်းစေသော သူသည် လည်းကောင်း သူတပါးတို့ကို ပင်ပန်းစေသော သူသည်လည်းကောင်း သူတပါးကို ဓိဓိကိုယ်တိုင် နှောင်ဘွဲ့သော သူသည်လည်းကောင်း နှောင်ဘွဲ့စေသော သူသည်လည်းကောင်း အိမ်အစပ်ကို ဖြတ်သော သူသည်လည်းကောင်း လုယက်၍ ခိုးသော သူသည်လည်းကောင်း တအိမ်ထည်းကို ဝိုင်းရံ၍ လုယက်ခြင်းကိုပြုသော သူသည်လည်းကောင်း လာတိုင်း လာတိုင်းကုန်သော လူတို့ကို လုယက်အံ့သောဌါ ခရီး၌တည်သော သူသည်လည်းကောင်း သူ့မယားသို့ သွားသောသူသည်လည်းကောင်း မုသားဆိုသော သူသည်လည်းကောင်း အလုံးစုံသော မကောင်းမှုကိုပြုအံ့ဟူသောအမှတ်ဖြင့် ပြုသော သူသည်လည်းကောင်း မကောင်းမှုကို မပြုအပ်။ ဤသို့အစရှိသော အကိရိယ ဝါဒကို ပုရာဏမည်သော တိတ္ထကရသည်ဆိုအပ်၏။ ထိုစကားသည် သင့်၏။ ထို ပုရဏမည်သော တိတ္ထကရသည် အကိရိယ ဝါဒမည်၏။ သတ္တဝါတို့၏ ငြစ်ငြူးခြင်းဌါ အကြောင်းသည် မရှိ၊ အထောက်အပံ့သည် မရှိ။ အကြောင်း အထောက်အပံ့ မရှိကုန်ဘဲ သတ္တဝါတို့သည် ငြစ်ငြူးကုန်၏။ သတ္တဝါတို့၏ စင်ကြယ်ခြင်းဌါ အကြောင်းသည်မရှိ အထောက်အပံ့သည် မရှိ။ အကြောင်း အထောက်အပံ့မရှိဘဲ သတ္တဝါတို့သည် စင်ကြယ်ကုန်၏။ ဤသို့ အစရှိသော အဟေတုက ဝါဒကို မကွာလိမည်သော တိတ္ထကရသည် ဆိုအပ်၏။ ထိုစကားသည် သင့်၏။ ထို မကွာလိမည်သော တိတ္ထကရသည် သံသရာဖြင့် စင်ကြယ်၏ဟု အသူရှိ၍ သတ္တဝါတို့၏ အကြောင်းမရှိဘဲ ငြစ်ငြူးခြင်း စင်ကြယ်ခြင်းကို ဆို၏။ အလှူ၏အကျိုးသည် မရှိ ပူဇော်ခြင်း၏ အကျိုးသည် မရှိ ဤသို့ အစရှိသော နတ္ထိကဝါဒကို အဇိတမည်သော တိတ္ထကရသည် ဆိုအပ်၏။ ထိုစကားသည် သင့်၏။ အဇိတ မည်သော တိတ္ထကရသည် နတ္ထိကဝါဒီ မည်၏။ ထို အဇိတမည်သော တိတ္ထကရသည်လျှင် ဥစ္ဆေဒဝါဒီလည်း ဖြစ်၏။ ထို ကြောင့် လျှင် အဇိတ မည်သော တိတ္ထကရသည် ခန္ဓာ ပျက်သည်မှ နောက်၌ ပျက်ကုန်၏။ ပျက်စီးကုန်၏။ သေသည်မှ နောက်၌ မဖြစ်။ ဤသို့ ဥစ္ဆေဒ

အယူကို ဟောဏ်။ ။အကြင်သူတို့သည် ထိုပုရာဏ, မက္ခလိ, အဇိတ တို့၏ အယူကိုသင်ယူ၍ ညဉ့်နေရာ-နေ့နေရာ၌ နေကုန်လျက် သရဇ္ဈာယ် ကုန်၏။ ဆင်ခြင်ကုန်၏။ ထိုသူတို့အား မကောင်းမှုကို ပြုအံ့ဟူသော အမှတ်ဖြင့် ပြုသောသူသည် မကောင်းမှုကို မပြုအပ်။ သတ္တဝါတို့၏ ငြစ်ငြူးခြင်း စင်ကြယ်ခြင်း၏ အကြောင်းသည်မရှိ၊ အထောက်အပင့် သည်မရှိ၊ သေသောသူသည်ပြတ်၏ ဤသို့ ထိုအာရုံ၌ မိစ္ဆာသတိသည် တည်၏၊ စိတ်သည်တည်ကြည်၏။ ဇောတို့သည်စောကုန်၏။ ထိုဇောတို့ တွင် ပထမဇော၌ ကုစားကောင်းသောသူ ဖြစ်ကုန်သေး၏။ ဒုတိယ ဇောတို့မှစ၍ ဆဋ္ဌဇောတို့၌လည်း ထိုအတူ ကုစားကောင်းသော သူဖြစ် ကုန်သေး၏။ သတ္တမဇောတို့၌ကား မကုစားကောင်းသော သူဖြစ်ကုန် ၏။ အရိဋ္ဌရဟန်းကဏ္ဌက သာမဏေတို့နှင့်တူကုန်၏။ ထိုအယူတို့တွင် အချိုသောသူသည် တပါးသောအယူသို့ သက်၏။ အချိုသောသူသည် နှစ်ပါးသောအယူသို့ သက်၏။အချိုသောသူသည် သုံးပါးသော အယူသို့ သက်၏။ တပါးသော အယူသို့ သက်သော်လည်းကောင်း နှစ်ပါး သောအယူ သုံးပါးသောအယူတို့သို့ သက်ကုန်သော်လည်းကောင်း နိယတ မိစ္ဆာဒိဋ္ဌိသာလျှင် ဖြစ်၏။ နတ်ရွာခရီးကို မြစ်သည်လည်း ကောင်း နိဗ္ဗာန်ခရီးကို မြစ်သည်လည်းကောင်း ဖြစ်၏။ ထိုကိုယ်၏ အခြားမဲ့၌ နတ်ရွာသို့ လားခြင်းငှါလည်း မထိုက်။ နိဗ္ဗာန်သို့ သွားခြင်း ငှါကား အဘယ်ဆိုဘွယ်ရှိအံ့နည်း။ ဤသတ္တဝါသည် ဝဋ်၏သစ်ငုတ် မည်၏။ မြေကြီးစောင့်ဖြစ်၏။ များသောအားဖြင့် ဤသို့သဘောရှိသော သတ္တဝါအား ဘဝမှထခြင်း မည်သည်မရှိ။ ။(သာမညဖလသုတ် အဋ္ဌ ကထာ)။ ။ထိုပုဂ္ဂိလ်သည် တဘဝ၌သာလျှင် ထိုအယူ၌ မြဲသလော။ ထိုသို့မဟုတ်မူ တပါးသော ဘဝ၌လည်း ထိုအယူ၌ မြဲသလောဟူမူ ကား တဘဝ၌သာလျှင် ထိုအယူ၌သာလျှင် မြဲ၏။ မှိုဝသည်၏အစွမ်း အားဖြင့်ကား ဘဝတပါး၌လည်း ထိုထိုအယူကို နှစ်သက်သလျှင် ကတည်း။ ထိုစကားသည်သင့်၏။ ထိုသို့သဘော ရှိသောပုဂ္ဂိုလ်အား ဘဝမှထခြင်း မည်သည်မရှိ။ ။(အပဏ္ဏကသုတ် အဋ္ဌကထာ)။

အနန္တရိယကံထက်လည်း နိယတမိစ္ဆာဒိဋ္ဌိကံသည် အပြစ်ကြီး၏။ ထိုကြောင့် ဧကကနိပါတ် အဂုံတ္တိုရ်၌-

ဣစ္ဆာသယ ၁၅၅–၂၇

နာဟံဘိက္ခဝေအည်ံ ကေမ္မေဓ္ဂိ သမနုပဿာမိ ဇေံမဟာသာဝဇ္ဇံ ယထယိဒံ ဘိက္ခဝေ မိဆ္ဆာဒိဋ္ဌိ။ မိဆ္ဆာဒိဋ္ဌိ ဘိက္ခဝေ ပရမာနိ ဝဇ္ဇာနိ။

ဟူ၍ဟောတော်မူ၏။

ဘိက္ခဝေ။ တို့။ ဣဒံသော၊ ဤသို့သဘောရှိသော။ မိဆ္ဆာဒိဋ္ဌိ၊ မိဆ္ဆာဒိဋ္ဌိသည်။ မဟာသာဝဇ္ဇာယထာ။ များသောအပြစ် ရှိသကဲ့သို့။ ဇေံတထာ။ ထိုအတူ။ မဟာသာဝဇ္ဇံ။ များသောအပြစ်ရှိသော။ အညံ၊ တပါးသော။ ကေမ္မေဓ္ဂိ၊ တပါးသော တရားကိုလည်း။ အဟံ။ ငါဘုရားသည်။ နသမနုပဿာမိ။ မြင်တော်မမူ။ ဘိက္ခဝေ၊ တို့။ ဝဇ္ဇာနိ၊ အပြစ်တို့သည်။ မိဆ္ဆာဒိဋ္ဌိပရမာနိ။ မိဆ္ဆာဒိဋ္ဌိလျှင် အလွန်ရှိကုန်၏။ ။ပဉ္စာနန္တရိယကံ တို့ထက်လည်း နိယတမိဆ္ဆာဒိဋ္ဌိ ကံသည်လျှင် အပြစ်ကြီး၏ဟူလိုသည်။ အဘယ်ကြောင့် နည်းဟူမူကား ပဉ္စာနန္တရိယကံတို့၏ အပိုင်းအခြားသည်ရှိ၏။ ထိုစကားသည် သင့်၏။ လေးပါးကုန်သော အနန္တရိယ ကံတို့သည် ငရဲ၌ ဖြစ်စေတတ်ကုန်၏။ သံဃဘေဒကကံသည်ငရဲ၌ တကမ္ဘာပတ်လုံး တည်စေတတ်သည်လျှင် ဖြစ်၏။ ဤသို့ ပဉ္စာနန္တရိယ ကံတို့၏ အပိုင်းအခြားသည် ရှိ၏။ အစွန်းသည် ထင်၏။ နိယတမိဆ္ဆာဒိဋ္ဌိ ကံ၏ အပိုင်းအခြားသည်ကား မရှိ။ ထိုကြောင့် ပဉ္စာနန္တရိယ ကံတို့ထက်လည်း နိယတမိဆ္ဆာဒိဋ္ဌိ ကံသည်သာလျှင် အပြစ်ကြီး၏။ ထိုစကားသည် သင့်၏။ နိယတမိဆ္ဆာဒိဋ္ဌိကံသည် ဝင့်၏မူလ ဖြစ်၏။ နိယတမိဆ္ဆာဒိဋ္ဌိကံနှင့် ပြည့်စုံသောသူအား ဘဝမှ ထခြင်းသည်မရှိ။အကြင်သူတို့သည်ထိုနိယတမိဆ္ဆာဒိဋ္ဌိတို့နှင့် ပြည့်စုံသောသူ၏ စကားကို နားထောင်အပ်၏ ဟုအောက်မေ့ကုန်၏။ ထိုသူတို့ကိုလည်း ချတ်ယွင်းစေ၏။ ထိုသူမှ ရအပ်ကုန်သော မိဆ္ဆဒိဋ္ဌိနှင့် ပြည့်စုံသောသူအားလည်း နတ်ပြည်၌ ဖြစ်ခြင်းသည်လည်းမရှိ။ မင်္ဂကိုရခြင်းသည်လည်းမရှိ။ ကမ္ဘာပျက်သောအခါ လူများသည်ဗြဟ္မာ့ပြည်၌ ဖြစ်သော်လည်း နိယတ မိဆ္ဆာဒိဋ္ဌိကံ ရှိသောသူသည် ဗြဟ္မာ့ပြည်၌ မဖြစ်မူ၍ မီးလောင်သော စကြဝဋ္ဌာ၏ပြင်ပ စကြဝဋ္ဌာ၌ဖြစ်၏။ပြင်ပစကြဝဋ္ဌာကို မီးမလောင်သလော ဟူမူကား လောင်၏။ ထိုပြင်ပ စကြဝဋ္ဌာကို မီးလောင် သော်လည်း ဤနိယတ မိဆ္ဆာဒိဋ္ဌိ ကံရှိသော သူသည် တခူသော အရပ်၌ ခံရလျှင်ကတည်း ဟူ၍ဆိုကုန်၏။ ။(ဧကက

နိပါတ် အဂိုတ္တိုရ် အဋ္ဌကထာ)။ ထို အဋ္ဌကထာ၌ အပိုင်း အခြား ဟူသည်ကား ဝိပါက်၏ အစွမ်း အားဖြင့် အဆုံး တည်း။ နိယတ မိစ္ဆာဒိဋ္ဌိ ကံသည် အကြင်ကြောင့် ဝဋ်၏ မူလဖြစ်၏၊ ထိုကြောင့် နိယတ မိစ္ဆာဒိဋ္ဌိ ကံနှင့် ပြည့်စုံသော ဝဋ်၏ သစ်ငုတ် ဖြစ်၏။ ထိုကြောင့် နိယတ မိစ္ဆာဒိဋ္ဌိကံနှင့် ပြည့်စုံသော သူအား ဘဝမှ ထခြင်းသည် မရှိဟူသောစကားကို အဋ္ဌကထာဆိုသတည်း။ ထိုအယူကို အကယ်၍ မစွန့်သည်ဖြစ်အံ့၊ ထိုသူအား တဘန်လည်း ထိုအပြစ်ကို ရွက်ဆောင် တတ်သောကြောင့် ဘဝမှထခြင်းသည် မရှိဟူသော စကားကို ဆိုသတည်း။ အချင်းခပ်သိမ်းအားဖြင့် ဘဝမှထခြင်း၏ မရှိခြင်းကြောင့် ကား ဆိုသည်မဟုတ်၊ ထိုစကားကိုချဦးအံ့။ အကြင်သို့သော သဘောရှိ ကုန်သော အကြောင်းတို့ကိုစွဲ၍ ဤသူသည် ထိုအယူသို့ သက်၏။ ရံခါ ထိုအကြောင်း၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော အကြောင်းတို့ကိုစွဲ၍ ထို ဘဝမှ ဦးခေါင်းကိုချီခြင်းငှါ ထိုသူအားမဖြစ်ဟူ၍ မဆိုအပ်၊ တခုသော အရပ်၌ ဟူသည်ကား မီးလောင် ကုန်သော စကြဝဋ္ဌာ မီးမလောင် ကုန်သော စကြဝဋ္ဌာတို့၏အကြားဖြစ်သော အကြင်အရပ်၌ လောကန္တရိက် ငရဲဟူသော အမည်ရှိ၏။ ထိုသို့သဘောရှိသော တခုသောအရပ်၌ ခံရသလျှင်ကတည်း ဟူသည်ကား စကြဝဋ္ဌာကို မီးလောင်သော်လည်းကောင်း မလောင်သော်လည်းကောင်း မိမိ၏ ကံအကျိုးအားဖြင့် ခံရသလျှင်ကတည်းဟူ၍ ဆိုကုန်၏။ (ထိုအဋ္ဌကထာဋီကာ)။ ။အကြင် မိစ္ဆာဒိဋ္ဌိသည်လည်း နိယတဖြစ်၏ ဟူသည်ကား အဟေတုကဝါဒ၊ အကိရိယဝါဒ၊ နတ္ထိကဝါဒတို့တွင် တပါးပါးသော မိစ္ဆာဒိဋ္ဌိတည်း။ ထိုစကားသည် မှန်၏။ ထိုသုံးပါးကုန်သော မိစ္ဆာဒိဋ္ဌိတို့တွင် တပါး ပါးသော မိစ္ဆာဒိဋ္ဌိကိုယူ၍ တည်သောသူကို ဘုရားတရာသည်လည်း ကောင်း ဘုရားတထောင်သည်လည်းကောင်း သစ္စာတရားကို သိစေ ခြင်းငှါ မတတ်နိုင်။(နိကွေပကဏ္ဍအဋ္ဌကထာ)။ ။ဤအဋ္ဌကထာ၌ ယူ၍ တည်သော သူဟူသော စကားဖြင့် အကယ်၍ ထိုအယူကို စွန့်အံ့၊ ထိုသူအားလည်း မဂ်ကို မမြစ်အပ်ဟူသော အနက်ကိုပြ၏။ ထိုကြောင့် လျှင် သုတ္တန်အဋ္ဌကထာတို့၌ များသောအားဖြင့် ဘဝမှထခြင်းသည် မရှိ ဟူ၍ဆိုအပ်၏။ ဤသို့နိယတမိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်သည် သူ့ကိုမှီဝဲ့သောသူ၏ လည်း အန္တရာယ်ကို ပြုတတ် သည်၏ အဖြစ်ကြောင့် နိယတမိစ္ဆာ

ဒီဋ္ဌ မဂ္ဂါလိကို ဝေးစွာကြည့်အပ်၏။ ထိုကြောင့် သာမညဖလသုတ် အဋ္ဌကထာ၌ သူတော်ကောင်း မဟုတ်သော သူသည် သံသရာ၏ သစ်ဆုတ် ဖြစ်အံ့သည်၏ အကြောင်း ဖြစ်သောကြောင့် ပစ္စုပ္ပန်သံသရာ တို့၌ ဖြစ်ကုန်သော မြတ်ကုန်သော အကျိုးတို့၏ အစွမ်းအားဖြင့် မိမိ တို့၏ ဂုဏ်ကျေးဇူး တို့ဖြင့် ပွါးများခြင်းကို အလိုရှိကုန်သော ပညာရှိ သည် သူတော်ကောင်း မဟုတ်သောသူကို လျင်သော်အံ့ အဆိပ် ရှိသော မြွေကိုကဲ့သို့ ဝေးစွာ ကြည့်ရှုဖို့ဟူ၍ ဆိုအပ်၏။ ။ဤသုံးပါး ကုန်သော မိန်ဆွာဒီဋ္ဌတို့ဖြင့်သာလျှင် ကမ္မပထ အပြားသည် ဖြစ်၏။ တပါးကုန်သော ဒိဋ္ဌတို့ဖြင့် ကမ္မပထ အပြားသည်မဖြစ်၊ ဤသို့ ကမ္မ ပထမဖြစ်သော်လည်း အပါယ်သို့ လားစေ တတ်သည်၏ အဖြစ်ကြောင့် အနှိုသော ဒိဋ္ဌကိုလည်း မယူအပ်သလျှင်ကား လည်း။ အပါယ်သို့ လား စေတတ်သည်၏ အဖြစ်ကို အဘယ်ကြောင့် သိအပ်သနည်း ဟူမူကား-

> နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယေနဝေ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိ ဝိနိ ပါတံ နိရယံ ဥပပဇ္ဇန္တိ။ ယထယိဒံ ဘိက္ခဝေ မိန္ဆာဒိဋ္ဌိ၊ မိန္ဆာ ဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။

ဟူ၍ ဟောတော်မူသောကြောင့် သိအပ်၏။

ဘိက္ခဝေ၊တို့။ ယေနဝေ၊ အကြင် တရားကြောင့်သာလျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်း ဟူသော။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိ်ံ၊ မကောင်းမှုကို ပြုကုန်သော သူတို့၏ လားရာဖြစ်သော။ ဝိနိ ပါတံ၊ ချမ်းသာ အပေါင်းမှ ကျရာဖြစ်သော။နိရယံ၊ငရဲသို့။ ဥပပဇ္ဇန္တိ၊ ရောက်ကုန်၏။ ဣဒံသော၊ ဤငရဲသို့ရောက်ကြောင်းဖြစ်သော တရား သည်။ မိန္ဆာဒိဋ္ဌိ၊ မိန္ဆာဒိဋ္ဌိသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဇဝံ တထာ၊ ထိုအတူ။ အညံ၊ တပါးသော။ ဧကဓမ္မမ္ပိ၊ တပါးသော တရား ကိုလည်း။ အဟံ၊ ငါဘုရားသည်။ နသမနုပဿာမိ၊ မြင်တော်မမူ။ ဘိက္ခဝေ၊ တို့။ မိန္ဆာဒိဋ္ဌိယာ၊ မိန္ဆာဒိဋ္ဌိနှင့်။ သမန္နာဂတာ၊ ပြည့်စုံ ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊

ပျက်စီးခြင်းဟူသော။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းမှုကို ပြုကုန်သော သူတို့၏ လားရာဖြစ်သော။ ဝိပါနိတံ၊ ချမ်းသာအပေါင်းမှ ကျရာ ဖြစ်သော။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇန္တိ၊ ရောက်ကုန်၏။ ။အချိုသော မိန္ဆာဒိဋ္ဌိသည် နတ်ရွာကိုလည်း မြစ်တတ်၏ မင်္ဂဖိုလ်ကိုလည်း မြစ်တတ်၏။ အချိုသော မိန္ဆာဒိဋ္ဌိသည် မင်္ဂဖိုလ်ကိုသာလျှင် မြစ်တတ်၏ နတ်ရွာကိုကား မမြစ်တတ်။အချိုသော မိန္ဆာဒိဋ္ဌိသည် နတ်ရွာကိုလည်း မမြစ်တတ် မင်္ဂဖိုလ်ကိုလည်း မမြစ်တတ်။ ထိုမိန္ဆာဒိဋ္ဌိတို့တွင် အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ နတ္ထိကဒိဋ္ဌိအားဖြင့် သုံးပါး အပြားရှိသော မိန္ဆာ ဒိဋ္ဌိသည် နတ်ရွာကိုလည်း မြစ်တတ်၏ မင်္ဂဖိုလ်ကိုလည်း မြစ်တတ်၏။သဿတော လောကောအစရှိသောဆယ်ပါးသောတည်ရာရှိသော အန္တဂ္ဂါဟိကမိန္ဆာဒိဋ္ဌိသည် မင်္ဂဖိုလ်ကိုသာမြစ်တတ်၏ နတ်ရွာကိုကား မမြစ်တတ်။နှစ်ဆယ်သော တည်ရာရှိသော သက္ကာယဒိဋ္ဌိသည် နတ်ရွာကိုလည်းမမြစ်တတ် မင်္ဂဖိုလ်ကိုလည်း မမြစ်တတ် တရားမဟုတ်သည်၏အဖြစ်ကြောင့် ၏နတ်ရွာကိုလည်း မမြစ်တတ် မင်္ဂဖိုလ်ကိုလည်း မမြစ်တတ် ဟူသော အစီအရင်ကို ပယ်တော်မူ၍ ၏သုတ်၌ မိန္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္ဒာဂတာ ဟူ၍ ဟောတော်မူခြင်းကြောင့် အယုတ်သဖြင့် နှစ်ဆယ်သော တည်ရာရှိသော သက္ကာယဒိဋ္ဌိကို အစပြု၍ ဒိဋ္ဌိမည်သည်ကား နတ်ရွာသို့ ဆောင်ခြင်း၄၂ စွမ်းနိုင်သော မည်သည်မရှိ။ စင်စစ်ငရဲ၌သာလျှင် ၎တ်စေတတ်၏ဟူ၍ ဆိုအပ်၏။ပဲနောက် ပဲလွန်းစေ့ အကိုင်းအရှည်ရှိသော ကျော့က်စရစ်အိုးခြမ်းသည်လည်း ရေ၌ချအပ်သည်ရှိသော် ပေါ်သောမည်သည်မရှိ။စင်စစ်အောက်သို့သာလျှင် နစ်လေသကဲ့သို့ ထိုအတူ အယုတ်သဖြင့် သက္ကာယ ဒိဋ္ဌိသည်လည်း နတ်ရွာသို့ ဆောင်ခြင်း၄၂ စွမ်းနိုင်သော မည်သည်မရှိ။ စင်စစ်အပါယ်တို့၌သာလျှင် ၎တ်စေတတ်၏။ ။(ထိုပါဋ္ဌိတော်၏အဌာဘထာ)။ ။ကမ္မပထသို့ ရောက်သဖြင့် အပြစ်ကြီးခြင်းကြောင့် ၏သုံးပါးအပြားရှိသော မိန္ဆာဒိဋ္ဌိသည် နတ်ရွာကိုလည်း မြစ်တတ်၏ ဟူသော စကားကို ဆိုသတည်း။ နတ်ရွာကိုပင်သော်လည်း မြစ်တတ်ကုန်သေး၏ မင်္ဂကို မြစ်ခြင်း၌ကား ဆိုဘွယ်မရှိသည်လျှင် ဖြစ်၏၊ ထိုကြောင့် မင်္ဂကိုလည်း မြစ်တတ်၏ဟူ၍ ဆိုသတည်း။ဘောက်ပြန်သော အယူဖြစ်သောကြောင့်

သဿတော လောကော အစရှိသော ဆယ်ပါးသော တရားရှိသော အနန္တဂါဟိက မိဆ္ဆာဒိဋ္ဌိသည် မင်္ဂကိုဖြစ်တတ်သည်။ ကမ္မပထသို့ မရောက်သည်ဖြစ်၍ အဖြစ်ကြောင့် နတ်ရွာကို မဖြစ်ကတ်။ ဤသို့သော အဓိပ္ပါယ်ကို မှတ်အပ်၏။ သက္ကာယဒိဋ္ဌိကို မပယ်သည်ရှိသော် မင်္ဂကို ရသည်မဖြစ်ရာ။ ဤသို့သော အလိုတော်အားဖြင့် နတ်ရွာကိုလည်း မဖြစ်တတ်၊ မင်္ဂကိုလည်း မဖြစ်ဘတ်ဟူသော အစီအရင်ကို ပယ်တော် မူသတည်း။ နတ်ရွာကိုလည်း မဖြစ်တတ်ဟူသောစကားဖြင့် နတ်ပြည် ပဋိသန္ဓေကို မဖြစ်တတ်ဟူသော ဝတ္ထုကို ဆိုးဝှန်သော ဆရာတို့သည် ဒိဋ္ဌိ၏ နတ်ရွာသို့ ဆောင်တတ်သည်၏ အဖြစ်ကိုလည်း ခွင့်ပြုသည် မည်၏။ ထိုကြောင့် ထိုပါဋိကို ပယ်တော်မူသောဆရာတို့သည် နတ်ရွာသို့ ဆောင်ခြင်းငှါ စွမ်းနိုင်သော မည်သည် မရှိဟူသော စကားကို ဆိုအပ်၏။ အဘယ်ကြောင့် နတ်ရွာသို့ ဆောင်ခြင်းငှါ မစွမ်းနိုင်သနည်း ဟူမူကား စင်စစ် အလွန်လေးသောအပြစ် ရှိသည်၏ အဖြစ်ကြောင့် မစွမ်းနိုင်သတည်း။ ထိုကြောင့် စင်စစ်ငရဲ၌သာလျှင် ၎တ်စေတတ်၏ အစရှိသော စကားကို အဋ္ဌကထာဆရာ ဆိုသတည်း။ ။
(ထိုအဋ္ဌကထာ၏ ဋီကာ)။ ။နိဂ္ဂဟကဏ္ဍ အဋ္ဌကထာ၌ကား–ရုပ်ကို ကိုယ်အားဖြင့် ရှုသော ဥဆွေဒဒိဋ္ဌိတပါး၊ ရုပ်ရှိသော ကိုယ်ကို ရှုသည်၊ ကိုယ်၌ ရုပ်ကို ရှုသည်၊ရုပ်၌ကိုယ်ကို ရှုသည်ဟု ဆိုအပ်သော သဿတ ဒိဋ္ဌိ သုံးပါးအားဖြင့် ရူပက္ခန္ဓာ၌ ဒိဋ္ဌိလေးပါး။ ဝေဒနာ အစရှိသည်တို့၌၌ ဤနည်းအတူ လေးပါးစီအားဖြင့် နှစ်ဆယ်သော တည်ရာ ရှိကုန်သော သက္ကာယဒိဋ္ဌိတို့သည် ဖြစ်ကုန်၏။ ဤ အနက်၌ ဆိုပြီး၍ ခပ်သိမ်းကုန်သော သက္ကာယဒိဋ္ဌိတို့သည်လည်း မင်္ဂကို မြစ်တတ်ကုန်၏၊ နတ်ရွာကို မမြစ်တတ်ကုန်။ သောတာပတ္တိ မင်္ဂဖြင့် ပယ်အပ် ကုန်သော ဒိဋ္ဌိ ဖြစ်ကုန်၏ဟူ၍ ဆိုအပ်ကုန်၏။ ။အကိရိယဝါဒါဒိကထာပြီး၏။

ယခုအခါ၌ ပါဏာတိပါတ အစရှိသည်တို့၏ အာရုံမဟုတ်ကထာကို ပြအပ်၏။ ထိုတရားတို့တွင် ပါဏာတိပါတသည် ဇီဝိတိန္ဒြေလျှင် အာရုံရှိ၏။ အဒိန္နာဒါန၊ အဗြဟ္မစရိယ၊ သုရာမေရယမဒ္ဒပွမာဒဋ္ဌာန တို့သည် ရုပ်တရားတို့တွင် ရူပါယတန အစရှိသော တပါးပါးသော သဒ္ဒါရုတရားလျှင် အာရုံရှိကုန်၏။ မုသာဝါဒသည် အကြင်သူအား မုသားဆို၏။ ထိုသူ့ကို အာရုံပြု၍ ဖြစ်ခြင်းကြောင့် သတ္တဝါလျှင်

အာရုံရှိ၏။ အဗြဟ္မစရိယသည်လည်း သတ္တဝါလျှင် အာရုံရှိ၏။အဒိန္နာ ဒါနသည်လည်းအကြင်အခါ၌ သတ္တဝါကိုခိုး၏၊ထိုအခါ၌ သတ္တဝါလျှင် အာရုံရှိ၏ဟူ၍ အချိုကုန်သောဆရာတို့သည် ဆိုကုန်၏။ စင်စစ်သဖြင့် ဤနှစ်ပါးတို့၌ သခီါရ၏အစွမ်းအားဖြင့် သတ္တဝါတို့ကို အာရုံပြုကုန်၏။ ပညတ်၏အစွမ်းအားဖြင့် သတ္တဝါတို့ကို အာရုံမပြုကုန်။ ဤသို့ပဉ္စဝေါ ကာရ၏ အစွမ်းအားဖြင့် ခုဒ္ဒကပါဌ အဌကထာ၌ ဆိုဏ်။

ပါဏာတိပါတသည် ဇီဝိတိန္ဒြေ ဟူသော အာရုံအားဖြင့် သခီါရ လျှင် အာရုံရှိ၏။ အဒိန္နာဒါန်သည် သတ္တဝါလျှင် အာရုံရှိသည်လည်း ဖြစ်၏။ မိစ္ဆာစာရသည် ဖေါဌဗ္ဗ၏ အစွမ်းအားဖြင့် သခီါရတရားလျှင် အာရုံရှိ၏။ သတ္တဝါလျှင် အာရုံရှိ၏ဟူ၍လည်း အချိုကုန်သော ဆရာ တို့သည် ဆိုကုန်၏။မုသာဝါဒသည် သတ္တဝါလျှင် အာရုံရှိသည်လည်း ဖြစ်၏။ သခီါရလျှင် အာရုံရှိသည်လည်းဖြစ်၏။ ထိုအတူ ပိသုဏာဝါစာ သည် သတ္တဝါလျှင် အာရုံရှိသည်လည်းဖြစ်၏။ သခီါရလျှင် အာရုံရှိ သည်လည်းဖြစ်၏။ ဖရုသဝါစာသည် သတ္တဝါ အာရုံရှိသည်သာလျှင် ဖြစ်၏။ သမ္ဖပ္ပလာပသည် ဒိဌ သုတ မုတ ဝိညာတ၏ အစွမ်းအားဖြင့် သတ္တဝါလျှင် အာရုံရှိသည်လည်းဖြစ်၏။ သခီါရလျှင် အာရုံရှိသည် လည်းဖြစ်၏။ထိုအတူအဘိဇ္ဈာသည် သတ္တဝါအာရုံရှိသည်လည်းဖြစ်၏။ သခီါရအာရုံ ရှိသည်လည်း ဖြစ်၏။ ဗျာပါဒသည် သတ္တဝါ အာရုံ ရှိသည်လျှင် ဖြစ်၏။ မိစ္ဆာဒိဋ္ဌိသည် တောဘူမက တရားဏ် အစွမ်း အားဖြင့် သခီါရအာရုံ ရှိသည်သာလျှင်ဖြစ်၏။ (အဌသာလိနီ သမ္မာ ဒိဋ္ဌိသုတ်အဌကထာ။ သဂီတိသုတ် အဌကထာ)။ အကြင်ကြောင့် ပါဏာတိပါတ အစရှိသော ဒုဿိလျ၏ အကြင်အာရုံသည် ရှိ၏၊ ထိုအာရုံသည် သာလျှင် ထိုထို ဝေရမဏိ၏ အာရုံဖြစ်၏။ အဘယ် ကြောင့် ဖြစ်သနည်း ဟူမူကား လွန်ကျူး အပ်သော ဝတ္ထုမှလျှင် အကြင်ကြောင့် ကြဉ်၏၊ ထိုကြောင့် ဖြစ်သတည်း။ ထိုကြောင့် အဒိန္နာဒါနသည် သတ္တဝါအာရုံရှိ၏ ဟူသော ဤအဌကထာ စကား သည် သိက္ခာပုဒ်တို့သည် ကာမတရား အာရုံရှိကုန်သလျှင် ကတည်း ဟူသော ဤပါဋ္ဌိတော်နှင့် ဆန့်ကျင်၏။ ဤကား စေတနာတည်း။ သတ္တဝါ အာရုံ ရှိ၏ ဟူသော စကားသည် သတ္တဂါ ဟု ဆိုအပ် သော သခီါရအာရုံရှိသည်၏ အဖြစ်ကိုလျှင် စွဲ၍ဆိုအပ်၏။ ထိုကြောင့်

တရုံတရသော အပြစ်သည်မရှိ။ထိုကြောင့်သမ္မောဟဝိနောဒနီ၌ အကြင်သိက္ခာပုဒ်တို့သည် သတ္တဝါအာရုံရှိကုန်၏၊ ထိုသိက္ခာပုဒ်တို့သည်.သတ္တဝါဟု ဆိုအပ်ကုန်သော သဒ်ါရတို့ကိုသာလျှင် အာရုံပြုကုန်၏ ဤသို့ဆိုအပ်ကုန်၏။ အဒိန္နာဒါနမှနောက်ပုဒ်၌လည်းဤနည်းကိုလျှင် သိအပ်၏။ဝိသဘာဂဝတ္ထုကို မိန်းမ ယောကျ်ားဟူ၍ ယူအပ်သောကြောင့် မိန္ဆာစာရသည် သတ္တဝါ အာရုံရှိ၏ဟူ၍ အချိုကုန်သော ဆရာတို့သည် ဆိုကုန်၏။ ဥပပါတ်ဖြစ်ကုန်သော သတ္တဝါတို့သည် မရှိကုန်ဟု ဖြစ်သော မိန္ဆာဒိဋ္ဌိသည် တောဘူမက တရားအာရုံ ရှိသည်သာလျှင် ဖြစ်၏။ ဤသို့သော အလိုအားဖြင့် မိန္ဆာဒိဋ္ဌိ၏ သဒ်ါရအာရုံ ရှိသည်၏ အဖြစ်ကို ဆိုအပ်၏။ အဘယ်သို့အားဖြင့် ခပ်သိမ်းကုန်သော တောဘူမကတရားတို့သည် မိန္ဆာဒိဋ္ဌိ၏ အာရုံ ဖြစ်ကုန်သနည်း ဟူမူကား ဆက်ဆံသောအားဖြင့် ဖြစ်ကုန်သတည်း။ ကောင်းသောကံ မကောင်းသောကံတို့၏ အကျိုး ဆက် အကျိုး ရင်းသည် မရှိဟု ဖြစ်သော မိန္ဆာဒိဋ္ဌိ၏ အာရုံအားဖြင့် ရူပါဝစရ အရူပါဝစရ တရားတို့ကိုလည်း ယူအပ်ကုန်သလျှင်ကတည်း။ ။(သမ္မာဒိဋ္ဌိသုတ်။ သင်္ဂီတိသုတ်ဋီကာ)။ ပါဏာတိပါတာဒိ အာရမ္မဏ ကထာတည်း။ ။ကံတို့သည် သာလျှင် ဒုဂ္ဂတိသုဂတိတို့၏ အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့် ကမ္မပထမည်ကုန်၏။ [သင်္ဂီတိသုတ်အဋ္ဌကထာ]။

အဘိဓမ္မာ၌ စေတနာကို ကမ္မပထတို့၌ မဟောသောကြောင့် အစဉ်သဖြင့်ခုနစ်ပါးကုန်သော ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိန္ဆာစာရ၊မုသာဝါဒ၊ပိသုဏဝါစာ၊ဖရုသဝါစာ၊သမ္ဖပ္ပလာပတို့၏ ကမ္မပထအဖြစ်သည် မသင့်သည်မဟုတ်လော ဟူမူကား မသင့်သည်မဟုတ်၊ သင့်သည်သာလျှင်တည်း။ အဘယ်ကြောင့်နည်းဟူမူကား ကမ္မပထတို့၌ မဟောခြင်း၏ တပါးသောအကြောင်းရှိသည်၏အဖြစ်ကြောင့်သင့်သည်သာလျှင် ဖြစ်၏။ထိုစကားကို ချဲဦးအံ့။ အဘိဓမ္မာ၌စေတနာ၏ကမ္မပထမဟုတ်သည်၏ အဖြစ်ကြောင့် ကမ္မပထအစု၌ စေတနာကိုဟောသည်ကား မဟုတ်။ ရုံခါကမ္မပထဖြစ်၏။ အခါခပ်သိမ်း ကမ္မပထ မဖြစ်။ ဤသို့ကမ္မ ပထအဖြစ်၏ မမြဲသည်၏အဖြစ်ကြောင့် စေတနာကိုကမ္မပထ၌ မဟောသတည်း။ အကြင်အခါ၌ကား ကမ္မပထသည်ဖြစ်၏။ ထိုအခါ ကမ္မပထ အစု၌ သင်္ဂြိုဟ်ခြင်း၏ ကိုမမြစ်အပ်။ ဤအရာ၌ စောဒကဆရာ

သည် ဆိုဏ်။ စေတနာဏ် ကမ္မပထ အဖြစ်သည် မမြဲသည်ဏ် အဖြစ်ကြောင့်စေတနာကိုကမ္မပထအစု၌ မဟောသည် ဖြစ်ငြားအံ့၊ ကမ္မပထအဖြစ်သို့မရောက်ကုန်သော အဘိဇ္ဈာအစရှိသည်တို့ဏ်လည်း ရှိသည်ဏ် အဖြစ်ကြောင့် ကမ္မပထဏ်အဖြစ်သည် မမြဲ၊ ထိုကြောင့် အဘိဇ္ဈာ အစရှိသည် တို့ကိုလည်း ကမ္မပထ အစု၌ မဟောခြင်းသည် ရောက်ဏ်၊ ဤသို့ စောဒကဆရာသည် ဆိုဏ်။ မဟော ခြင်းသည် မရောက်ဟောခြင်းသည်လျှင် ရောက်ဏ်။ အဘယ့်ကြောင့်နည်း ဟူမူကား ကမ္မပထအဖြစ် ကမ္မပထနှင့် သဘော တူသည်ဏ် အဖြစ် တို့ဖြင့် အဘိဇ္ဈာအစရှိသည်တို့ကို အဘိဓမ္မာ၌ ဟောအပ်သည်ဏ်အဖြစ်ကြောင့် ဟောခြင်းသည်လျှင် ရောက်ဏ်။ ဤသို့ ဖြစ်သည် ရှိသော် စေတနာကိုလည်း ကမ္မပထ၌ ဟောအပ်သည် ဖြစ်ရာဏ်။ ထိုစကားသည် မှန်ဏ်။ ထိုသို့မှန်သော်လည်း ထိုစေတနာသည် ပါဏာတိပါတ အစရှိသော သဘောတရားတည်း၊ ထိုပါဏာတိပါတ အစရှိသော စေတနာဏ် ကမ္မပထအဖြစ်သည် ထင်ဏ်၊ ထိုကြောင့် မဟောအပ်။ ထိုစကားကိုချဲဦးအံ့။

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ တိဝိဓာ ဘိက္ခဝေ ကာယ သဉ္စေတနာ အကုသလံ ကမ္မံ။

ဤသို့အစရှိသည်ကိုဟောတော်မူသောကြောင့် စေတနာဏ် ကံအဖြစ်သည် ထင်ရှားဏ်။ကံကိုသာလျှင် သုဂတိဒုဂ္ဂတိတို့ဏ် လည်းကောင်း ထိုသုဂတိဒုဂ္ဂတိတို့၌ ဖြစ်ကုန်သော ချမ်းသာဆင်းရဲတို့ဏ် လည်းကောင်း အကြောင်း ဖြစ်သောကြောင့် ကမ္မပထဟူ၍ ဆိုအပ်ဏ်။ ထိုကြောင့် စေတနာဏ်ကမ္မပထအဖြစ်သည်ထင်ဏ်။ အဘိဇ္ဈာအစရှိသည်တို့ဏ်ကား စေတနာသည် လုံ့လပြုသည်ဏ် အဖြစ်ဖြင့် သုစရိုက် ဒုစရိုက်ဏ် အဖြစ်သည်လည်းကောင်း စေတနာသည် ဖြစ်စေအပ် ပွါးစေ အပ်သည်ဏ် အဖြစ်ဖြင့် သုဂတိဒုဂ္ဂတိ၊ ထိုသုဂတိ ဒုဂ္ဂတိ၌ ဖြစ်ကုန်သော ချမ်းသာဆင်းရဲတို့ဏ် အကြောင်းအဖြစ်သည် လည်းကောင်း ဖြစ်ဏ်။ ထိုကြောင့် စေတနာ ကဲ့သို့ ကမ္မပထ အဖြစ်မထင်။ ထိုသို့ မထင်သောကြောင့် ထိုအဘိဇ္ဈာ အစရှိသည် တို့ကိုသာလျှင် ထို ကမ္မပထ သဘောအားဖြင့် ပြတော်မူအံ့သောငှါ အဘိဓမ္မာ၌ စေတနာကိုကမ္မပထရာသိဏ်အဖြစ်ဖြင့်

မဟောအပ်။ တနည်ကား ထိုသို့ သဘောရှိသည်၏ အဖြစ်ကြောင့် စေတနာကို ကမ္မပထတို့နှင့်တကွ မဟောအပ်ဟူ၍ မှတ်အပ်၏။ ။ (သင်္ဂီတိသုတ် အစရှိသောဋီကာ)။ ။အကုသလကမ္မပထကထာတည်း။

၆၈–ကုသလကမ္မပထကိုပြခြင်း

အကုသလကမ္မပထမှ ကြဉ်ခြင်းသည် အကျွအားဖြင့် ပါဏာတိပါတာ ဝေရမဏိ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ၊ မုသာဝါဒါ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပါဝေရမဏိ။အနဘိဇ္ဈာ၊ အဗျာပါဒေါ၊ သမ္မာဒိဋ္ဌိဟူ၍ သင်္ဂီတိသုတ် အစရှိသည်တို့၌ ဟောတော်မူအပ်ကုန်သော ဆယ်ပါးကုန်သော ကုသလကမ္မပထတို့သည် လျှင်တည်း။ ထိုတွင်ပါဏာတိပါတ အစရှိသည်တို့ကို ဆိုအပ်ကုန်ပြီ။ သီလကျွန်ဝင်ကုဋ္ဌဒန္တသုတ်အဋ္ဌကထာတို့၌ ပါဏာတိပါတာဝေရမဏိ အစရှိသည်တို့၌ ဝေရမဏိမည်သည်ကား ကြဉ်ခြင်းဝိရတီတည်းဟုဆို၏။ထိုဝိရတီတို့၏ သုံးပါးအပြားရှိသည်၏ အဖြစ်ကိုဆိုအပ်၏။ ။ရန်၏အကြောင်းဖြစ်သောကြောင့် ပါဏာတိပါတ အစရှိသော အကုသိုလ်တရားကို ဝေရဟူ၍ ဆိုအပ်၏၊ထိုပါဏာတိပါတ အစရှိသော အကုသိုလ်တရားတို့ကို ငါဝိရတီသည် ဤ၌တည်လျက် သင် အသို့လာသနည်း မလာလင့်ဟု ခြိမ်းမောင်းသကဲ့သို့ နှင်ထုတ်တတ်သောကြောင့် ဝေရမဏိ မည်၏။ တနည်းကား ထိုပါဏာတိပါတအစရှိသောအကုသိုလ်တရားမှ ပုဂ္ဂိုလ်သည် ထိုတရားဖြင့် အကြင်ကြောင့် ကြဉ်၏၊ ထိုသို့ ကြဉ်ကြောင်းဖြစ်သောကြောင့် ဝိရတီဟူ၍ ဆိုအပ်လျက် နိရုတ္တိနည်းဖြင့် ဤ–အကျွရာကို ၉–ပြု၍။ ဝေရမဏိဟူ၍ ဆိုအပ်၏။ ။(ထိုအဋ္ဌကထာ၏ဋီကာ)။

သမ္ပတ္တဝိရတီ,သမာဒါနဝိရတီ အားဖြင့် လောကီဝိရတီ တို့သည် နှစ်ပါးအပြားရှိကုန်၏ဟူ၍ ခပ်သိမ်းကုန်သော အဋ္ဌကထာတို့၌ ထပ်တူဆိုကုန်၏။ လောကုတ္တရာဝိရတီကိုကား သေတုဃာတဝိရတီဟူ၍ ကုဋ္ဌဒန္တသုတ် အဋ္ဌကထာ၌ဆို၏။ သမုစ္ဆေဒဝိရတီ ဟူ၍ တပါးကုန်သော အဋ္ဌကထာတို့၌ဆို၏။ မဆောက်တည်သော သီလရှိသောသူ၏ ရောက်သော ထင်သောဝိတိက္ကမိတဗ္ဗဝတ္ထုမှကြဉ်ခြင်း ဝိရတီသည် သမ္ပတ္တဝိရတီမည်၏။ဆောက်တည်သည့်၏ အစွမ်းအားဖြင့်ဖြစ်သော ဝိရတီသည်

သမာဒါနဝိရတိမည်၏။ ။(ခပ်သိမ်းသောသုတ်ဋီကာ)။ ။အရိယမဂ်ကို သေဆုံးဟူ၍ ဆိုအပ်၏။ အရိယမဂ်၌ အာက္ခေါ်းဝင်သည်ဖြစ်၍ အကုသိုလ်တရားတို့ကို ဖြတ်သည်၏အစွမ်းအားဖြင့် သတ်တတ်သော ဝိရတိသည် သေတုဃာတဝိရတိ မည်၏။ ။(ကုဋ္ဌဒန္တသုတ်ဋီကာ)။ ။ကံလေသာတို့ကိုဖြတ်သည်၏အစွမ်းအားဖြင့်ဖြစ်သောဝိရတိသည် သမုစ္ဆေဒဝိရတိ မည်၏။ ။(သမ္မာဒိဋ္ဌိသုတ်ဋီကာ)။ ။အသူးအားဖြင့်ကား ဝေရမဏိဟူသည် ကုသိုလ်စိတ်နှင့်ယှဉ်သော ဝိရတိတည်း။ ။(သမ္မာဒိဋ္ဌိသုတ်အဋ္ဌကထာ အဋ္ဌသာလိနီအဋ္ဌကထာ)။ ။ထိုစကားသည် သင့်၏။ထိုနှစ်ပါးကုန်သော အဋ္ဌကထာတို့၌ လောကီ လောကုတ္တရာ ဝိရတိတို့ကိုဆို အပ်ကုန်၏။ ခဏ္ဍကပါဠိအဋ္ဌကထာ၌ကား ဤဝေရမဏိသည်ကား လောကုတ္တရာဝေရမဏိသည်လည်း အကယ်၍ကား၌၊ ထိုသို့၌၊ ငြားသော်လည်း ဤ၌သမာဒိယာမိဟူ၍ ဆိုအပ်သည်၏ အဖြစ်ကြောင့် ထိုလောကုတ္တရာဝေရမဏိသည် ဆောက်တည်သည်၏အစွမ်းအားဖြင့် ဖြစ်ခြင်းငှါ ထိုက်သော ဝေရမဏိမဟုတ်။ ထိုကြောင့် ကာမာဝစရ ကုသိုလ်စိတ်နှင့် ယှဉ်သော ဝိရတိသည်ဖြစ်၏။ ဤသို့ လောကုတ္တရာဝိရတိဟု ဆိုအပ်သော သမုစ္ဆေဒဝိရတိကို ကြည့်၍ ထိုမှတပါးကုန်သော နှစ်ပါးကုန်သော လောကီဝိရတိ တို့ကို သာသျှင် ဆိုအပ်ကုန်၏။ ထိုသုံးပါးသော ဝိရတိတို့သည်အာရုံအစရှိသည်ကိုဝေဘန်ခြင်းနှင့်တကွ အာရတိ ဝိရတိပါပါဟူသော ပုဒ်၌ ထင်စွာဖြစ်ကုန်လတ္တံ့။အကြင်အကြင် ဆိုအပ်ကုန်ပြီးသော ထိုကုသလကမ္မပထတို့သည် ကုသိုလ်ကာယကံ ဝစီကံ မနောကံဖြစ်ကုန်၏။ ဒွါရသုံးပါးတို့၌ ဖြစ်ကုန်၏။ ထိုစကားကို ချဲ့ဦးအံ့။ အကြင်အခါ၌ ပါဏာတိပါတာ အဒိန္နာဒါနာ ကာမေသုမိစ္ဆာစာရ ပဋိဝိရမာမိဟု ဆိုခြင်းငှါ မကတ်နိုင်သောသူသည် သိက္ခာပုဒ် သုံးချက်တို့၏ အပေါင်းကို လက်ဆုပ်ပြသဖြင့် ယူ၏၊ ထိုအခါ ကံသည်လည်း ကာယကံ၊ ဒွါရလည်း ကာယဒွါရဖြစ်၏။ အကြင်အခါ၌ကား နှုတ်ဖြင့်ကြခြင်းကို ပြု၍ယူ၏၊ ထိုအခါ၌ ကံသည် ကာယကံ၊ ဒွါရကား ဝစီဒွါရဖြစ်၏။ အကြင်အခါ၌ကား ကိုယ်အင်္ဂါ နှုတ်အင်္ဂါတို့ကို မလှုပ်စေမူ၍ စိတ်ဖြင့်သာလျှင်ယူ၏၊ ထိုအခါ ကံသည် ကာယကံ၊ ဒွါရသည်ကား မနောဒွါရဖြစ်၏။ မုသာဝါဒါဝေရမဏိအစရှိသော သိက္ခာပုဒ်လေးပါး အပေါင်းကို ဆိုအပ်ပြီးသော နည်းဖြင့်လျှင် ယူသောသူအားလည်း ဤဆို

အပါပြီးသောနည်းကိုလျှင်သိအပ်၏။ ဤကုသိုလ်ကာယကံ ဝစီကံတို့သည် ဒွါရသုံးပါးတို့၌ ဖြစ်ကုန်၏။ ထိုစိတ်တို့နှင့်တကွ ဖြစ်ကုန်သော ၊ အနဘိဇ္ဈာ အစရှိသည် တို့ကား စေတနာ၏ အဘိုဝ်၌လည်း ဖြစ်ကုန်၏။ မနောကံ ဟူသော ဝေါဟာရမှ ကင်းသည်လည်း ဖြစ်ကုန်၏။ ဝမ္မသင်္ကိုဋိကာ၌ တိဝိဓာ ဘိက္ခဝေ ကာယသဉ္စေတနာကုသလံ ကာယကမ္မံ။ ဤသို့အစရှိသည်ကို ပေါတော်မူသောကြောင့် ပါဏာတိပါတ အစရှိသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော ထိုပါဏာတိပါတ အစရှိသည်တို့မှ ကြဉ်ခြင်းတို့ဖြင့် အထူးပြုအပ်ကုန်သော စေတနာတို့သည် သာလျှင် ပါဏာတိပါကဝိရတိ အစရှိသည်ဖြစ်ကုန်၏။ ထိုကြောင့် စေတနာ၏အဘိုဝ် ဖြစ်ကုန်၏ဟူ၍ ဆိုအပ်၏ ဝိရတိ၏အဘိုဝ်ဖြစ်ကုန်၏ ဟူ၍ မဆိုအပ်, ဤသို့မိန့်အပ်၏။ အနဘိဇ္ဈာ အစရှိသည်နှင့် တကွ ဖြစ်ကုန်သော စိတ်တို့ဖြင့် ကိုယ်အင်္ဂါကို လှုပ်စေ၍ စေတီပြင်ကို တံမြက်လှည်းခြင်း နံ့သာပန်း အစရှိသည်ဖြင့် ပူဇော်ခြင်း စေတီကို ရှိခိုးခြင်းအစရှိသည်တို့ကို ပြုသောသူ၏ကံသည် မနောကံ၊ ဒွါရသည်ကား ဝစီဒွါရဖြစ်၏။ ဤသို့ကုသိုလ်မနောကံသည် ကာယဒွါရ ဝစီဒွါရတို့၌ ဖြစ်၏။ ဤ၌ စေတနာသည်ကား အဇ္ဈောဟာရိက ဖြစ်၏။ အနဘိဇ္ဈာ အစရှိသည်ကို ပြဋ္ဌာန်းသည်၏ အဖြစ်ကြောင့် ကာယဒွါရ ဝစီဒွါရ၌ ဖြစ်ငြားသော်လည်း ကာယကံ ဟူသော ဝေါဟာရကို လည်းကောင်း ဝစီကံဟူသော ဝေါဟာရကို လည်းကောင်း မရဟူလို သတည်း။ တိဝိဓာဘိက္ခဝေ မနောသဉ္စေတနာ ကုသလံ မနောကမ္မံ။ ဟူ၍ ပေါတော်မူသောကြောင့်ကား သဘောအားဖြင့် သာလျှင် ထို စေတနာသည် မနောကံဖြစ်၏။ အနဘိဇ္ဈာအစရှိသည်၏ အဘိုဝ်မဖြစ်။

ထိုကြောင့် အဌသာလိနီ၌လည်း အနဘိဇ္ဈာဒိပက္ခိကာဝါဟူ၍ ဆိုအပ်၏။ ကိုယ်အင်္ဂါ နှုတ်အင်္ဂါတို့ကိုကား မလှုပ်စေမူ၍ ဆိတ်ငြိမ်ရာ၌ နေလျက် မနောဒွါရဖြင့်သာလျှင် အနဘိဇ္ဈာ အစရှိသည်နှင့် တကွ ဖြစ်ကုန်သော စိတ်တို့ကို ဖြစ်စေသောသူ၏ ကံသည်လည်း မနောကံ၊ ဒွါရသည်လည်းမနောဒွါရ၌သာလျှင် ဖြစ်၏။ ဤသို့ ကုသိုလ် မနောကံသည် မနောဒွါရ၌ဖြစ်၏။ ဤအရာ၌ကား စေတနာသည်လည်းကောင်း စေတနာနှင့် ယှဉ်ကုန်သောတရားတို့ သည်လည်းကောင်း မနောဒွါရ၌သာလျှင်ဖြစ်ကုန်၏။ ထိုကြောင့် စေတနာ၏ အဗ္ဗောဟာရိက အဖြစ်သည်မရှိ။ ထိုစကားသည် မှန်၏။ စေတနာသည်လည်း ဤအရာ၌ မနောကံဟူသော ဝေါဟာရကိုရ၏။ ထိုစကားသည် မှန်၏။မနောဒွါရ၌ စေတနာသည် စေတနာကံမည်၏။ အနဘိဇ္ဈာ အစ ရှိသည်သည် စေတနာသမ္ပယုတ္တ ကံမည်၏။ ဤမျှသည်သာလျှင် အနဘိဇ္ဈာ အစရှိသည်တို့မှ စေတနာ၏မနောကံအဖြစ်၌ အထူးသည်ရှိ၏။ ။ မူလဋီကာ အနုဋီကာနှင့်တကွသော အဌသာလိနီ အဌကထာ၏ နည်း ။

ဤအရာ၌ စောဒကဆရာသည် ဆိုဏ်။ အသို့ ဆိုသနည်းဟူမူကား ဤဝိနယောစသုသိက္ခိတော ဟူသောပုဒ်၌ မကောင်းမှုမှ ကြဉ်ခြင်း ဝိရတီကိုယူအပ်သည်လျှင် မဟုတ်တုံလော၊ အဘယ်အကျိုးငှါ အာရတီ ဝိရတီပါပါဟူ၍ တဘန် ဟောရသနည်း၊ ဤသို့ စောဒက ဆရာသည် ဆိုဏ်။ အဖြေကို ဆိုအပ်၏ အကြင်မကောင်းမှုတို့ကို ကမ္မာထ၏ အစွမ်းအားဖြင့် ဟောအပ်ကုန်၏၊ ထိုမကောင်းမှုမှ ကြဉ်ခြင်း ဝိရတီတို့ကို ဤဝိနယောစသုသိက္ခိတော ဟူသောပုဒ်၌ ဟောအပ်ကုန်၏။ အကြင်မကောင်းမှုတို့ကို ပဉ္စဝေရ၏ အစွမ်းအားဖြင့် ဟောအပ်ကုန်၏။ ထိုမကောင်းမှုမှ ကြဉ်ခြင်း ဝိရတီတို့ကို အာရတီဝိရတီပါပါဟူသော ပုဒ်၌ ဟောအပ် ကုန်၏။ တနည်းကား ငါးပါးကုန်သော ဝေရတို့တွင် အစ၌ လေးပါးကုန်သော ဝေရတို့ကို ကမ္မဟိလေသာမည်ကုန်၏ ဟူ၍ သိင်္ဂါလသုတ်၌ ဟောအပ်ကုန်၏။ သုရာ သောက်ခြင်းကို စည်းစိမ်ပျက်ခြင်း၏ အကြောင်းဟူ၍ ဟောအပ်၏။ ထိုကြောင့် သိင်္ဂါလသုတ်ဒေသနာ၏ အစွမ်းအားဖြင့် မကောင်းမှုမှ ကြဉ်ခြင်း ဝိရတီကို ပြတော်မူအံ့သောငှါ အာရတီဝိရတီပါပါအစရှိသည်ကို ဟောတော်မူအပ်၏ဟူ၍ မှတ်အပ်၏။ ဤအနက်ကို သိစေလိုသောကြောင့် အဌ

ကထာဆရာတို့သည်လည်း ပါဏာတိပါတော ခေါ ဂဟပတိပုတ္တ ကမ္မကိလေသော ဤသို့ အစရှိသော သိင်္ဂါလသုတ် ပါဋ္ဌိတော်ကို ထိုအာရတီဝိရတီပါပါဟူသော ပုဒ်၌ ပြအပ်၏။ ထိုပါဋ္ဌိတော်သည် အထက်၌ ထင်စွာဖြစ်လတ္တံ့။ ။အရှင်ပရိဟာရ်ဆရာ အမိန့်ရှိသည် အတိုင်း ဤစကားသည် သင့်စေသတည်း။အကြင်သူသည် အကုသလ ကမ္မပထမှ ကြဉ်၏၊ ထိုသူသည် အကျွအားဖြင့် ကုသလကမ္မပထ တရားကို ကျင့်သောသူမည်သည် မဟုတ်တုံလော။ အကြင်သူသည် ကုသလကမ္မပထတရားကို ကျင့်၏၊ ထိုသူသည် အကုသလကမ္မပထ တရားမှ ကြဉ်သောသူမည်သည် မဟုတ်လော။ ဤသို့ ဖြစ်သည်ရှိသော် အဘယ်အကျိုးငှါ ဒါနဥ္စမ္မေစရိယာဟူသောပုဒ်၌ တရားကိုကျင့်ခြင်းကို တဘန်ဟောပြန်သနည်း။ ဤကား စောဒနာ။ အဖြေကို ဆိုအပ်၏ ဤအရာ၌ ဝေရမဏိ သက်သက်၏ သာလျှင် မင်္ဂလာမည်သည်၏ အဖြစ်ကို ပြအံ့သောငှါ ဝေရမဏိကို ပိနယောဟူ၍ ဟောအပ်၏။ ထိုဒါနဥ္စ မ္မေစရိယာစ ဟူသောပုဒ်၌ကား ဝေရမဏိ မ္မေစရဏ၏ မင်္ဂလာမည်သည်၏ အဖြစ်ကို ပြအံ့သောငှါ တရားကို ကျင့်ခြင်းကို ဟောအပ်၏။ တနည်းကား မ္မေစရိယမည်သည်ကား အကျွအားဖြင့် ဆယ်ပါးသော ကုသလကမ္မပထ တရားလျှင်တည်း။ ထိုစကားသည် မှန်၏။ ထိုကုသလကမ္မပထတရားကို သာလေယျကသုတ် အစရှိသည် တို့၌ မ္မေစရိယာဟူ၍ဟောအပ်၏။ထို့ကြောင့် သာလေယျကသုတ်အစ ရှိသော ဒေသနာတို့၏ အစွမ်းအားဖြင့် မ္မေစရိယာဟူ၍ ဟောအပ်၏ဟု မှတ်အပ်၏။အဌကထာဆရာတို့သည်လည်း မ္မေစရိယသမ္မစရိယဟောတု ခေါ ဂဟပတယော ဤသို့ အစရှိသော သာလေယျကသုတ်အစရှိသော ပါဋ္ဌိတော်ကို ထိုဒါနဥ္စမ္မေစရိယာဟူသောပုဒ်၌ ပြအပ်၏။ ။ကုသလ ကမ္မပထကထာတည်း။ ။ထိုနှစ်ပါးကုန်သော ကမ္မပထတို့တွင်လည်း ကုသလကမ္မပထတို့ကို သုစရိုက်ဟူ၍ ဆိုအပ်ကုန်၏။ အကုသလကမ္မ ပထတို့ကို ဒုစရိုက်ဟူ၍ ဆိုအပ်ကုန်၏။ ထိုနှစ်ပါးတို့တွင် ဒုစရိုက်ကို မပြုအပ်သဖြင့် ပြုံ၏၊ သုစရိုက်ကို ပြုအပ်သဖြင့် ပြုံ၏။ ထိုစကားသည် မှန်၏။ ပြုံအပ်သည်ကို ပြုသောသူသည် မိမိကိုယ်ကို မိမိကဲ့ရဲ့ခြင်း အစရှိသည်တို့သို့ မရောက်။ မပြုအပ်သည်ကို ပြုသောသူသည် မိမိကိုယ်

ကို မိမိကဲ့ရဲခြင်း အစရှိသည်တို့သို့ ရောက်၏။ ထိုကြောင့် မြတ်စွာ ဘုရားသည် ဒုကအဂိုတ္တိုရ်အာနန္ဒသုတ်၌—

ဇကံသေနာ ဟံ အာနန္ဒ အကရဏီယံ ဝဒါမိ ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ မနောဒုစ္စရိတံ။ ယဒိဒံ အာနန္ဒ မယာ ဇကံသေန အကရဏီယံ အက္ခာတံ ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ မနောဒုစ္စရိတံ။ တသ္မိံ အကရဏီယေ ကရိယမာနေ အယံ အာဒိနဝေါ ပါဋိကခေါ်။ အတ္တနာပိ အတ္တာနံ ဥပဝဒတိ။ အနုပိစ္စ ပိညူ ဂရဟန္တိ။ ပါပကော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ။ သံမုဋ္ဌော ကာလံ ကရောတိ။ ကာယသ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

ဟူ၍ လည်းကောင်း

ဇကံသေနာ ဟံ အာနန္ဒ ကရဏီယံ ဝဒါမိ ကာယသုစရိတံ ဝစီသုစရိတံ မနောသုစရိတံ။ ယဒိဒံ အာနန္ဒ မယာ ဇကံသေန ကရဏီယံ အက္ခာတံ ကာယသုစရိတံ ဝစီသုစရိတံ မနောသုစရိတံ။ တသ္မိံ ကရဏီယေ ကရိယမာနေ အယံ အာနိသံသော ပါဋိကခေါ်။ အတ္တနာပိ အတ္တာနံ နဥပဝဒတိ။ အနုပိစ္စ ပိညူ ပသံသန္တိ။ ကလျာဏော ကိတ္တိ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ။ အသံမုဋ္ဌော ကာလံ ကရောတိ။ကာယသ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

ဟူ၍လည်းကောင်း ဟောတော်မူ၏။

အာနန္ဒ၊အာနန္ဒာ။အဟံ၊ ငါသည်။ကာယဒုစ္စရိတံ၊ ကာယဒုစရိုက်ကို လည်းကောင်း၊ ဝစီဒုစ္စရိတံ၊ ဝစီဒုစရိုက်ကိုလည်းကောင်း။ မနောဒုစ္စရိတံ၊ မနောဒုစရိုက်ကိုလည်းကောင်း။ ဇကံသေန၊ စင်စစ်သဖြင့်။ အကရဏီယံ၊ မပြုအပ်သောဘရား ဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။ အာနန္ဒ၊ အာနန္ဒာ။ မယာ၊ ငါသည်။ ကာယဒုစ္စရိတံ၊ ကာယဒုစရိုက်ကိုလည်းကောင်း။ ဝစီဒုစ္စရိတံ၊ ဝစီဒုစရိုက်ကို လည်းကောင်း။ မနောဒုစ္စရိတံ၊ မနောဒုစရိုက်ကိုလည်းကောင်း။ ဇကံသေန၊ စင်စစ်သဖြင့်။ ယဒိဒံ၊ အကြင်သို့ သဘောရှိသော။ အကရဏီယံ၊ မပြုအပ်သောတရားဟူ၍။ အက္ခာတံ၊ ဟောအပ်၏။ တသ္မိံ အကရဏီယေ၊ ထိုသို့ သဘောရှိသော မပြုအပ်သောတရားကို။ ကရိယမာနေ၊ ပြုသည်ရှိ

သော်။ အယံအာဒီနဝေါ၊ ဤအဖြစ်ကို။ ပါဠိကခေါ်၊ အလိုရှိအပ်၏။ အတ္တနာပိ၊ မိမိသည်လည်း။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥပဝဒတိ၊ကဲ့ရဲ့၏။ ဝိညူ၊ ပညာရှိတို့သည်။ အနုဝိစ္စ၊ စူးစမ်း၍။ ဂရဟန္တိ၊ ကဲ့ရဲ့ကုန်၏။ ပါပကော၊ ယုတ်မာသော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ နှံ့၍တက်၏။ သံမုဋ္ဌာ၊ တွေဝေသည်ဖြစ်၍။ ကာလံကရောတိ၊စုတေရ၏။ကာယဿ၊ကိုယ်၏၊ဘေဒါ၊ပျက်ခြင်းဟူသော။မရဏာ၊သေသည်မှ။ပရံ နောက်၌။အပါယံ၊ချမ်းသာကင်းသော။ ဒုဂ္ဂတိ်ံ၊ မကောင်းမှုကိုပြုကုန်သောသူတို့၏ လားရာဖြစ်သော။ဝိနိပါတံ၊ချမ်းသာအပေါင်းမှ ကျရာဖြစ်သော။ နိရယံ၊ ငရဲ၌။ဥပပဇ္ဇတိ၊ဖြစ်၏။ အာနန္ဒ၊ အာနန္ဒာ။ အဟံ၊ ငါသည်။ကာယသုစရိတံ၊ ကာယသုစရိုက်ကိုလည်းကောင်း။ ဝစီသုစရိတံ၊ ဝစီသုစရိုက်ကို လည်းကောင်း။ မနောသုစရိတံ၊ မနောသုစရိုက်ကိုလည်းကောင်း။ ဇကံသေန၊ စင်စစ်သဖြင့်။ ကရဏီယံ၊ ပြုအပ်သောတရားဟူ၍။ဝဒါမိ၊ ဟောဏ်။ အာနန္ဒ၊အာနန္ဒာ။ အဟံ၊ ငါသည်။ ကာယသုစရိတံ၊ ကာယသုစရိုက်ကိုလည်းကောင်း။ ဝစီသုစရိတံ၊ ငစီသုစရိုက်ကိုလည်းကောင်း။ မနောသုစရိတံ၊ မနောသုစရိုက်ကိုလည်းကောင်း။ ဇကံသေန၊ စင်စစ်သဖြင့်။ယဒိဒံ၊ အကြင်သို့ သဘော ရှိသော။ ကရဏီယံ၊ ပြုအပ်သော တရား ဟူ၍။ အက္ခာတံ၊ ဟောအပ်၏။ တဿံ်ကရဏီယေ၊ ထို ပြုအပ်သောတရားကို။ ကရိယမာနေ၊ ပြုသည်ရှိသော်။ အယံအာနိသံသော၊ ဤ အကျိုးဆက်ကို။ ပါဠိကခေါ်၊ အလိုရှိအပ်၏။ အတ္တနာပိ၊ မိမိသည်လည်း။ အတ္တာနံ၊ မိမိကိုယ်ကို။ နဥပဝဒတိ၊ မကဲ့ရဲ့။ ဝိညူ၊ ပညာရှိတို့သည်။ အနုဝိစ္စ၊ စူးစမ်း၍။ ပသံသန္တိ၊ချီးမွမ်းကုန်၏။ ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသော အသံသည်။ အဗ္ဘုဂ်ဆတိ၊ နှံ့၍တတ်၏။ အသံမုဋ္ဌာ၊ မတွေဝေသည်ဖြစ်၍။ ကာလံကရောတိ၊ စုတေရ၏။ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ပျက်ခြင်းဟူသော။ မရဏာ၊ သေသည်မှ။ ပရံ။ နောက်၌။ သုဂတိ်ံ၊ ကောင်းမှုကို ပြုကုန်သော သူတို့၏ လားရာဖြစ်သော။ သဂ်ံလောကံ၊နတ်ပြည်၌။ ဥပပဇ္ဇတိ၊ဖြစ်၏။ ဤသို့ အဋ္ဌကထာ၌ အနာဂါဂိုယအာဂါဂိုယ၏ အစွမ်းဖြင့် နှစ်ပါးအပြားရှိသော ဝိနယကို ဆိုအပ်၏။

၆၉—နှစ်ယောက်သော ရသေ့ ဝတ္ထု

တနည်းကား ဝိနယောဟူသောပုဒ်၏ အကျင့် ပညတ် ဝိနည်းဟူသော အနက်သည်လည်း သင့်၏။ ထို အနက်ကို ပြအံ့သောဌါ နှစ်ယောက်သော ရသေ့တို့၏ဝတ္ထုကို မှတ်အပ်၏။ ။လွန်လေပြီးသော အခါ၌ ဘုရားလောင်းသည် ဂန္ဓာရမည်သော ဈာန် အဘိညာဏ်ကို ရသောရသေ့ဖြစ်သဘတ်၊ထိုရသေ့အားဝေဒေဟမည်သောတယောက်သော အဘော်ရသေ့သည်ရှိ၏။ ထိုရသေ့တို့တွင် ဝေဒေဟရသေ့သည် ဆားကိုသိမှီးခြင်းကိုပြု၏။ ဂန္ဓာရရသေ့သည် ထိုအကြောင်းကိုသိ၍ များစွာသောအပြားအားဖြင့်ဝေဒေဟရသေ့ကို ကဲ့ရဲ့၏။ ဝေဒေဟရသေ့ သည် ကဲ့ရဲ့ခြင်း ကို သည်းမခံ နိုင်၍ ဂန္ဓာရ ရသေ့ အား အမျက်ထွက်၏။ ဂန္ဓာရရသေ့သည် ဝေဒေဟရသေ့အား သနားသဖြင့် ဝေဒေဟ ရသေ့ကို ဆုံးမလိုရကား သတ္တနိပါတ်ဂန္ဓာရဇာတ်၌—

နောစေ အဿ သကာဗုဒ္ဓိ၊ ဝိနယောပါ သုသိက္ခိတော။
ဝနေအန္ဓမဟိ သောဝ၊ စရေယျ ဗဟုကော ဇနော။
ယသ္မာစ ပနိဓေကစ္စေ၊ အာစေရမှိ သုသိက္ခိတာ။
တသ္မာ ဝိနီတဝိနယာ၊ ဓီရာ စရန္တီ သမာဟိတာ။

ဟူကုန်သော နှစ်ဂါထာတို့ကို ဆိုဏ်။

သမ္မဝေဒေဟ၊ အချင်းဝေဒေဟ၊ သတ္တာနံ၊သတ္တဝါတို့အား။ သကာဗုဒ္ဓိဝါ၊ မိမိဥစ္စာဖြစ်သော ဉာဏ်သည်လည်းကောင်း။ ဝိနယော၊ အကျင့် ပညတ်ဟူသောဝိနည်းကို။ သုသိက္ခိတောဝါ၊ ကောင်းစွာ သင်ခြင်းသည်လည်းကောင်း။ နောစေအဿ၊ အကယ်၍ မဖြစ်ငြားအံ့။ ဗဟုကော၊ များစွာသော။ ဇနော၊ လူသည်။ ဝနေ၊ တောဌ်။ အန္ဓမဟိ သောဝ၊ ကျွဲကန်းကဲ့သို့။ စရေယျ၊ သွားရာ၏။ ။ယသ္မာစပန၊ အကြင်ကြောင့်ကား။ ဧကဝလောကေ၊ ဤလောက၌။ ဧကစ္စေ၊ အချိကုန်သော သူတို့သည်။ အာစေရမှိ၊ ဆရာအထံ၌။ အာစာရပဏ္ဏတ္တိယာ၊ အကျင့် ပညတ်ကို။ သုသိက္ခိတာ၊ ကောင်းစွာသင်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဝိနီတဝိနယာ၊ ဆရာတို့သည် ဆုံးမအပ်သော အကျင့် ပညတ် ဟူသော ဝိနည်းရှိကုန်သော။ ဓီရာ၊ ပညာရှိတို့သည်။ သမာဟိတာ၊ တည်ကြည်သော စိတ်ရှိကုန်သည်ဖြစ်၍။ စရန္တီ၊ သွားကုန်၏။

ဇုန္ဆာသယ ၁၅၅–၂၉

ထိုစကားကို ကြား၍ ဝေဒေဟရသေ့သည် ဂန္ဓာရ ရသေ့၏ အဆုံး အမ၌ တည်၏။ဂန္ဓာရရသေ့သည်ဟောသောနည်းဖြင့် ကသိုဏ်းပရိကံ ကိုပြု၍ ဈာန်အဘိညာဏ်ကို ရ၏။ ထိုနှစ်ယောက်ကုန်သော ရသေ့ တို့သည် ဗြဟ္မာ့ပြည်သို့ လားကုန်၏။ (နှစ်ယောက်သော ရသေ့ဝတ္ထု)။ ဝိနယ သုသိက္ခိတ ကထာပြီး၏။

၁၀-သုဘာသိတ ဝါစာ မင်္ဂလာ

၇၀-ဝါစာပုဒ်၏ အခိုပ္ပါယ် အကျယ်ပြခြင်း

သုဘာသိတာစ ယာဝါစာ ဟူသော ပါဠိ၌ ဝါစာဟူသည်ကား ပြောဟောသောစကားတည်း။ အကြင် ပြောဆိုသော စကားသည် ဝါစာဂိရာဗျပထော ဤသို့လည်းကောင်း ဝါစာ နေဋ္ဌာကဏ္ဍသုခါ ဤသို့ လည်းကောင်း အစရှိကုန်သော ပါဠိတို့၌လာ၏။တာယပနဝါစာယစေ ကတံကမ္မံ ဤသို့ဝိညတ်သည်လည်း ဝါစာဟူ၍လာ၏။ယာ စတူဟိ ဝစီ ဒုစ္စရိတေဟိ အာရတိ။လ။ အယံဝုစ္စတိ သမ္မာဝါစာ ဤသို့ ဝိရတိသည် လည်း ဝါစာဟူ၍ လာ၏။ ဖရုသာ ဘိက္ခဝေ ဝါစာ သေဝိတာ ဘာဝိ တာ ဗဟုလီကတာ နိရယသံဝတ္တနိကာ ဟောတိ ဤသို့ စေတနာသည် လည်း ဝါစာဟူ၍လာ၏။ ထိုစေတနာဝါစာကို ဤ၌ အလိုမရှိအပ်။ အဘယ်ကြောင့်နည်း ဟူမူကား မပြောဆိုအပ်သည်၏ အဖြစ်ကြောင့် တည်း။ ဤသို့သုတ္တနိပါတ်သုဘာသိတသုတ် အဌကထာ၌လည်းကောင်း ပဉ္စကနိပါတ် အဂိုတ္တိုရ်သုဘာသိတဋီကာ၌လည်းကောင်း ဆိုအပ်၏။ အဌသာလိနီ၌—

စတူဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတာ ဝါစာ သုဘာသိတာ ဟောတိ နဒုဗ္ဘာသိတာ။ အနဝဇ္ဇာစ အနနုဝဇ္ဇာစ ဝိညူနံ။

ဟူ၍ လာသော ဤဝါစာသည် စေတနာဝါစာမည်၏ဟူ၍ ဝစီကမ္မ ဒွါရကထာ၌ ဆိုအပ်၏။ ထိုစကားသည် ဆိုခဲ့ပြီးသော အဌကထာ ဋီကာတို့နှင့် ဆန့်ကျင်၏။ သုဘာသိတ လက္ခဏာကိုကား—

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတာ ဝါစာ သုဘာသိတာ ဟောတိ နဒုဗ္ဘာသိတာ၊ အနဝဇ္ဇာစ အနနုဝဇ္ဇာစ ဝိညူနံ။

ကတမေဟိ ပဉ္စဟိ။ ကာလေနစ ဘာသိတာ ဟောတိ၊ သစ္စာစ ဘာသိတာ ဟောတိ၊ သဏ္ဌာစ ဘာသိတာ ဟောတိ၊ အတ္ထသဉ္ဒိတာစ ဘာသိတာ ဟောတိ၊ နဒုဗ္ဘာသိတာ ဟောတိ။ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ အင်္ဂေဟိ။လ။ ဝိညူနံ။

ဟူ၍ ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်စတုတ္ထပဏ္ဏာသက သုဘာသိတ သုတ်၌ ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ တို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်းတို့မှ။ သမန္နာဂတာ၊ ကောင်းစွာလာသော။ ဝါစာ၊ စကားသည်။ သုဘာသိတာ၊ ကောင်းစွာဆိုအပ်သော စကားသည်။ ဟောတိ၊ ဖြစ်၏။ ဒုဗ္ဘာသိတာ၊ မကောင်းသဖြင့် ဆိုအပ်သော စကားသည်။ နဟောတိ၊ မဖြစ်။ အနဝဇ္ဇာစ၊ ရာဂ အစရှိသော အပြစ် ကင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိညူနံ၊ ပညာရှိတို့၏။ အနနုဝဇ္ဇာစ၊ ကဲ့ရဲ့ခြင်းမှ လွတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ကတမေဟိပဉ္စဟိ၊ အဘယ် ငါးပါးကုန်သော အကြောင်းတို့မှ။ သမန္နာဂတာ၊ ကောင်းစွာလာသော စကားသည်။ သုဘာသိတာ၊ ကောင်းစွာဆိုအပ်သော စကားသည်။ဟောတိ၊ဖြစ်သနည်းဟူမူကား။ကာလေန၊သင့်တင့်သောကာလ၌။ ဘာသိတာစ၊ ဆိုအပ်သည်လည်း။ ဟောတိ၊ဖြစ်၏။ ဘာသိတာ၊ဆိုအပ်သော စကားသည်။ သစ္စာစ၊ မှန်သည်လည်း။ ဟောတိ၊ဖြစ်၏။ ဘာသိတာ၊ ဆိုအပ်သော စကားသည်။ သဏ္ဌာစ၊ သိမ်မွေ့သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘာသိတာ၊ ဆိုအပ်သော စကားသည်။ အတ္ထသဉ္ဒိတာစ၊ အကျိုးနှင့်စပ်သည်လည်း။ ဟောတိ။ ၏၊ဒုဗ္ဘာသိတာ၊မကောင်းသဖြင့်ဆိုအပ်သည်လည်း။ နဟောတိ။မဖြစ်၊ဘိက္ခဝေ။ တို့၊ဣမေဟိခေါ ပဉ္စဟိအင်္ဂေဟိ၊ ဤငါးပါးကုန်သော အကြောင်းတို့မှ။ သမန္နာဂတာ၊ ကောင်းစွာလာသော။ ဝါစာ၊ စကားသည် ။သုဘာသိတာ ကောင်းစွာဆိုအပ်သော စကားသည်။ ဟောတိ၊ ၏။ဒုဗ္ဘာသိတာ မကောင်းသဖြင့် ဆိုအပ်သော စကားသည်၊ နဟောတိ၊ မဖြစ်။ အနဝဇ္ဇာစ၊ ရာဂအစရှိသော အပြစ်ကင်းသည်လည်း။ ဟောတိ။ ၏။ ဝိညူနံ၊ ပညာရှိတို့၏။ အနနုဝဇ္ဇာစ၊ ကဲ့ရဲ့ခြင်းမှလွတ်သည်လည်း။ ဟောတိ။၏။ ။အနဝဇ္ဇာ ဟူသောပါဌ်ဖြင့် ထိုသုဘာသိတစကား၏ အကြောင်း၏ စင်ကြယ်ခြင်း

ကိုလည်းကောင်း အဂတိသို့လားခြင်း အစရှိသည်သို့ ရောက်သော ဒေါသ၏ မရှိခြင်းကိုလည်းကောင်း ပြ၏။ အဘယ်ကြောင့် ပြသနည်း ဟူမူကား ရာဂဒေါသမှ ယွတ်သောစကားကို ဆိုသော သူသည် ချစ်ခြင်းမုန်းခြင်းမှ ကင်းသောကြောင့် အဂတိသို့လားခြင်းကို အဝေး၌ စိုက်ထားအပ်သလျှင် ကတည်း။ ထိုကြောင့် ထိုအနက်ကို ပြသတည်း။ အနနုဝဇ္ဇာ ဟူသောပါဠိဖြင့် ထိုသုဘာသိတစကား၏ ခပ်သိမ်းသော အခြင်းအရာနှင့်တကွ ပြည့်စုံသဖြင့် မကဲ့ရဲ့အပ်သည်၏ အဖြစ်ကိုပြ၏။ ဝိညူနံ ဟူသောပါဠိဖြင့် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့၌ သူမိုက်တို့သည် ပမာဏမဟုတ်ကုန်ဟူသော အနက်ကိုပြ၏။ ဣမေဟိခေါ အစရှိကုန်သော ပါဠိတို့ဖြင့် ထိုအကြောင်းတို့ကို ပစ္စက္ခအားဖြင့် ပြလျက်ထိုစကား ကိုနိဂုမ်းအုပ်၏။ ကပါးကုန်သော သူတို့သည် ပဋိညာဏ် အစရှိကုန်သော အစိတ်တို့နှင့် လည်းကောင်း လိင်ဝုစ်ဝိဘတ်ကာရက တို့နှင့် ပြည့်စုံကုန်သော နာမ်ပုဒ်အစရှိသည်တို့နှင့် လည်းကောင်း ပြည့်စုံသော အကြင်မုသာဝါဒ အစရှိသော စကားကိုလည်း သုဘာသိတ ကောင်းသော စကားဟူ၍ ပညတ်ကုန်၏၊ ထိုစကားကိုမြစ်၏။ ထိုစကား သည်မှန်၏။ အစိတ်အစရှိသည်နှင့် ပြည့်စုံသော်လည်း ထိုသို့သဘော ရှိသော မုသာဝါဒ အစရှိသော စကားသည် မကောင်းသဖြင့် ဆိုအပ် သောစကားသာလျှင် ဖြစ်၏။ အဘယ်ကြောင့်နည်း ဟူမူကား မိမိ၏ လည်းကောင်း သူဘပါး၏ လည်းကောင်း အကျိုးမဲ့ကို ဆောင်တတ် သည်၏ အဖြစ်ကြောင့် တည်း။ ။(သုဘာသိတဋီကာ)။ ။ဤသို့ပဋ္ဌက အဂိုတ္တိုရ်၌ ငါးပါး အပြား အားဖြင့် သုဘာသိတ လက္ခဏာကို ဟောတော်မူအပ်၏ ။သုတ္တနိပါတ် အတီယသုဘာသိတသုတ်၌ကား လေးပါးအားဖြင့် သုဘာသိတလက္ခဏာကို ဟောတော်မူ၏။အဘယ်သို့ ဟောတော် မူသနည်း ဟူမူကား-

စတူဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတာ ဝါစာ သုဘာ သိတာ ဟောတိ နဒုဗ္ဘာသိတာ၊ အနဝဇ္ဇာစ အနနုဝဇ္ဇာစ ဝိညူနံ။ကတမေဟိ စတူဟိ။ ဣဓ ဘိက္ခဝေ ဘိက္ခု သုဘာသိတံ ယေဝ ဘာသတိ၊ နော ဒုဗ္ဘာသိတံ။ ဓမ္မံ ယေဝ ဘာသတိ၊ နော အဓမ္မံ။ပိယံယေဝ ဘာသတိ၊နော အပိယံ။သစ္စံယေဝ ဘာသတိ။

နော အလိုက်။ ဣမေခေါ ဘိက္ခဝေ စတ္တုဟိ အင်္ဂေဟိ သမန္နာဂတာ ဝါစာ သုဘာသိတာ ပေါတိ၊ နံ ဒုဗ္ဘာသိကာ။ အနဝဇ္ဇာစ အနုဝဇ္ဇာစ ဝိညူနံ။ ။ဤသို့ ဟောကော်မူ၏။

ဤသို့ ဟောဟော်မူပြီး၍ တဘန် ထိုအနက်ကို ပြုတတ်သော-

သုဘာသိတံ ဥတ္တမ မာဟု သန္တော၊
ဓမ္မံ ဘဏေနာ ဓမ္မံ တံ ဒုတိယံ။
ဝိယံ ဘဏေနာ ဝိယံ တတိယံ၊
သစ္စံ ဘဏေနာ လိကံ် တံ စတုတ္ထံ။

ဟူသော ဤဂါထာကိုပေးတော်မူ၏။

ဘိက္ခဝေ။ တို့၊ စတုဟိ၊ လေးပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့မှ။ သမန္နာဂတာ။ ကောင်းစွာလာသော။ (ဘုန်ကြီးကား)။ စတုဟိ လေးပါးကုန်သော။ အင်္ဂေဟိ။ အဝိတ်တို့နှင့်။ သမန္နာဂတာ။ ပြည့်စုံသော။ ဝါစာ၊ စကားသည်။ သုဘာသိတာ။ ကောင်းစွာ ဆိုအပ်သော စကားသည်။ ပေါတိ။ ၏၊ ဒုဗ္ဘာသိတာ၊ မကောင်းသဖြင့် ဆိုအပ်သော စကားသည်။ နဟောတိ။ မဖြစ်။ အနဝဇ္ဇာစ။ ရာဂအစရှိသော အပြစ်မှ ကင်းသည်လည်း။ ပေါတိ။ ဖြစ်၏။ ဝိညူနံ၊ ပညာရှိတို့၏။ အနနုဝဇ္ဇာစ။ ကဲ့ရဲ့ခြင်းမှ လွတ်သည်လည်း။ ပေါတိ။ ဖြစ်၏၊ ကတမေဟိ စတုဟိ။ အဘယ်လေးပါး ကုန်သော အကြောင်းတို့မှ။ သမန္နာဂတာ၊ ကောင်းစွာ လာသော စကားသည်၊ သုဘာသိတာ။ ကောင်းစွာ ဆိုသော စကားသည်။ ပေါတိ။ ဖြစ်သနည်း ဟူမူကား။ ဘိက္ခဝေ၊ တို့၊ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သုဘာသိတံ ယေဝ၊ ကောင်းစွာ ဆိုအပ်သော စကားကို သာလျှင်။ ဘာသတိ၊ ဆို၏။ နော ဒုဗ္ဘာ သိတံ။ မ ကောင်း သ ဖြင့် ဆို အပ် သော စကားကို။ နော ဘာသတိ၊ မဆို။ မွေ့ယော်ဝ၊ တရားကို သာလျှင်။ ဘာသတိ၊ ဆို၏။ အဓမ္မံ၊ တရားမှကင်းသောစကားကို။ နော ဘာသတိ၊ မဆို။ ပိယံယေဝ၊ ချစ်ဘွယ်သော စကားကို သာလျှင်။ ဘာသတိ၊ ဆို၏။ အပိယံ၊ ချစ်ဘွယ်ကင်းသော ဖရုသဝါစာကို။ နော ဘာသတိ၊ မဆို။ သစ္စံယေဝ၊ မှန်သောစကားကိုသာလျှင်။ ဘာသတိ၊ ဆို၏။ အလိုက်၊ မမှန်သောစကားကို။ နော ဘာသတိ၊ မဆို။ • ဘိက္ခဝေ၊ တို့။

စတူဟိ၊ လေးပါးကုန်သော။ ဧရမေဟိခေါအင်္ဂေဟိ၊ ဤအကြောင်းတို့မှ။ သမန္နာဂတာ၊ကောင်းစွာလာသော။ (တနည်းကား)။ ဧရမေဟိခေါအင်္ဂေဟိ၊ဤအစိတ်တို့နှင့်။သမန္နာဂတာ၊ပြည့်စုံသော။ဝါစာ၊ စကားသည်။ သုဘာသိတာ ကောင်းစွာဆိုအပ်သော စကားသည်။ ဟောတိ၊ ဖြစ်၏။ဒုဗ္ဘာသိတာ မကောင်းသဖြင့်ဆိုအပ်သောစကားသည်။ နဟောတိ၊မဖြစ်။ အနဝဇ္ဇာစ၊ ရာဂ အစရှိသော အပြစ်မှ ကင်းသည်လည်း။ ဟောတိ၊၏။ ဝိညူနံ၊ပညာရှိတို့၏။အနနုဝဇ္ဇာစ၊ ကဲ့ရဲ့ခြင်းမှ လွတ်သည်လည်း။ ဟောတိ၊၏။ ။သန္တော၊ ဘုရားအစရှိကုန်သော သူတော်ကောင်းတို့သည်။သုဘာသိတာ၊ကောင်းစွာဆိုအပ်သောစကားကို။ဥတ္တမံ မြတ်သောစကားဟူ၍။ အာဟု၊ဆိုကုန်ပြီ။ဓမ္မံ၊တရားကို။ ဘဏော၊ဆိုရာ၏။အဓမ္မံ၊တရားမှကင်းသောစကားကို။နဘဏော၊မဆိုရာ။ဒုတိယံ၊နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော။တံဝစနံ၊ထိုစကားကို။ဥတ္တမံ၊ မြတ်သောစကားဟူ၍။အာဟု ဆိုကုန်ပြီ။ဝိယံ၊ ချစ်ဘွယ်သောစကားကို။ဘဏော၊ ဆိုရာ၏။ အဝိယံ၊ ချစ်ဘွယ်ကင်းသော ဖရုသဝါစာကို။ နဘဏော၊ မဆိုရာ။တတိယံ၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ တံဝစနံ၊ ထိုစကားကို။ ဥတ္တမံ၊မြတ်သော စကားဟူ၍။ အာဟု၊ ဆိုကုန်ပြီ။ သစ္စံ၊ မှန်သောစကားကို။ ဘဏော၊ ဆိုရာ၏။ အလိကံ၊ မမှန်သောစကားကို။ နဘဏော၊ မဆိုရာ။ စတုတ္ထံ၊ လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ တံဝစနံ၊ထိုစကားကို။ဥတ္တမံ မြတ်သောစကားဟူ၍။အာဟု၊ဆိုကုန်ပြီ။

သုဘာသိတာ ဟူသောပါဠိဖြင့် ထိုစကား၏ ကောင်းကျိုးကို ရှက်ဆောင်တတ်သည်၏ အဖြစ်ကိုပြသတည်း။ နဒုဗ္ဘာသိတာဟူသော ပါဠိဖြင့် ထိုစကား၏အကျိုးမဲ့ကို မဆောင်တတ်သည်၏အဖြစ်ကိုပြသတည်း။ အနဝဇ္ဇာ ဟူသော ပါဠိဖြင့် ထိုစကား၏ အကြောင်း စင်ကြယ်ခြင်းကိုလည်းကောင်း အဂတိသို့လားခြင်းအစရှိသည်သို့ ရောက်ခြင်းဒေါသ၏ မရှိခြင်းကိုလည်းကောင်းပြသတည်း။ အနနုဝဇ္ဇာ ဟူသော ပါဠိဖြင့် ခပ်သိမ်းသောအခြင်းအရာနှင့် ပြည့်စုံခြင်းကို ပြသတည်း။ ဝိညူနံ ဟူသော ပါဠိဖြင့် ကဲ့ရဲ့ချီးမွမ်းခြင်းတို့၌ သူမိုက်တို့သည် ပမာဏ မဟုတ်ကုန်ဟူသော အနက်ကို ပြသတည်း။ သုဘာသိတံယေဝဘာသတိဟူသော ပုဂ္ဂလာဓိဌာန် ဒေသနာတော်ဖြင့် လေးပါးကုန်သော အင်္ဂါတို့တွင် တပါးသော အင်္ဂါကိုညွှန်ပြခြင်းကိုဆိုသတည်း။ နောဒုဗ္ဘာသိတံ ဟူသောပုဒ်

သည် ထိုသုဘာသိတအင်္ဂါ၏လျှင်ဆန့်ကျင်ဘက်ကိုဆိုခြင်းကိုဖြစ်သော ပုဒ်တည်း။ထိုပုဒ်ဖြင့်မသာဝါဒ အစရှိသည်တို့ကို ရံခါဆိုအံ့ပင်ကုန်၏ ဟူသော အယူကိုဖြစ်သတည်း။ တနည်းကား နောဒုစ္စာသိတံဟူသောပုဒ်ဖြင့် မိန္ဆာဝါစာကိုပယ်ခြင်းကိုပြသတည်း။သုဘာသိတံဟူသောပါဠိဖြင့် ပယ်အပ်သော မိန္ဆာဝါစာ ရှိသောသူသည် အခါ ခပ်သိမ်း ဆုံးအပ်သော စကား၏ လက္ခဏာကို ပြသတည်း။ ပါပဿ အကရဏံ ကုသလဿူပသမ္ပဒါဟု ဟောသကဲ့သို့ ထိုအတူမဆိုအပ်သောနောဒုစ္စာသိတံကိုရှောင်ခဲ့မဟောမူ၍ အင်္ဂါကိုပြအံ့သောငှါကား ဆိုအပ်သောသုဘာသိတံကိုသာလျှင်ရှောင်ခဲ့ဟောတော်မူ၏။ဓမ္မံ ဃေ ပေ ဝအစရှိသည်ကိုခဲ့လည်း ဤနည်းကိုသာလျှင်သိအပ်၏။ဤနည်းခဲ့လည်း သုဘာသိတံဃေ ဝဘာသတိနောဒုစ္စာသိတံ ဟူသောဝါကျဖြင့် ချောပစ်ကုန်းတိုက်ခြင်းဟူသော ဒေါသမှကင်းသော ကောင်းစွာဆိုအပ်သောစကားကို ပြောဆိုခြင်းကို ဟောတော်မူသတည်း။ ဓမ္မံ ဃေ ဝဘာသတိနောအဓမ္မံဟူသော ဝါကျဖြင့် အပြိန်အဖျင်းကို ဆိုခြင်းဟူသော ဒေါသမှကင်းသော တရားမှကင်းသောကျမ်းဂန်စကားကို ပြောဆိုခြင်းကို ဟောတော် မူသတည်း။ ဤမှတပါးကုန်သော နှစ်ဝါကျတို့ဖြင့် ဗရာသဝါစာမုသာဝါဒတို့မှကင်းကုန်သောချစ်ဘွယ်သောစကား မှန်ကန်သောစကားတို့ကို ပြောဆိုခြင်းကို ဟောတော်မူသတည်း။ ။(ထုပါဠိတော်၏ အဋ္ဌကထာ)။ ။မုသာဝါဒါဒေါဝရမဏီအစရှိသော လေးပါးသော ဝစီသုစရိုက်သည့် ကောင်းစွာဆိုအပ်သောစကား၏ အကြောင်းအင်္ဂါတည်း။ သုဘာသိတကို ဆိုခြင်းအစရှိသောလေးပါးသောအင်္ဂါသည်ကား အစိတ်အင်္ဂါတည်း။ဝစီကမ္မဒွါရကထာဋီကာခဲ့လည်း-

သုဘာသိတဘာသနသဒ်ါတာ အပိသုဏာဝါစာ။ ဓမ္မ ဘာသန သဒ်ါတော အသမ္ဖပ္ပလာပေါ။ ဝိယဘာသန သဒ်ါတာ အဖရုသ ဝါစာ။ သစ္စဘာသနသဒ်ါတော အမုသာဝါဒေါစ။

ဟု လေးပါး အပြားရှိသော အစိတ်အင်္ဂါကို ဆိုအပ်၏။

သုဘာသိတဘာသနသဒ်ါတာ၊ ကောင်းသောစကားကို ဆိုခြင်းဟု ဆိုအပ်သော။ အပိသုဏာဝါစာ၊ကုန်းတိုက်ခြင်းမှ ကင်းသော စကားလည်း တပါး။ ဓမ္မဘာသနသဒ်ါတော၊ တရားကို ဆိုခြင်းဟု ဆိုအပ်

သော။ အသမ္မပ္ပလာပေါ၊ အပြိန်အဖျင်းကို ဆိုခြင်းမှ ကင်းသော စကားလည်းတပါး။ ဝိသဘာသနသခ်ါတော၊ ချစ်ဘွယ် ဆိုခြင်းဟု ဆိုအပ်သော။ အဖရုသဝါစာ၊ ဖရုသဝါစာမှ ကင်းသောစကားလည်း တပါး။ သစ္စဘာသနသခ်ါကော၊ အမှန်ကို ဆိုခြင်းဟု ဆိုအပ်သော။ အမုသာဝါဒေါစ၊ မုသာဝါဒ၏ ဆန့်ကျင်ဘက်စကားလည်း တပါး။ ဣတိ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ အင်္ဂေဟိ၊ အစိတ်ဘို့နှင့်။ သမန္နာဂတာ၊ ပြည့်စုံသော။ ဝါစာ၊ စကားသည်။ သုဘာသိတာ၊ ကောင်းစွာ ဆိုအပ်သော စကားမည်၏။ ။ထိုကြောင့် မုသာဝါဒ အစရှိသည်တို့၏ အပြစ်ကို ကောင်းစွာရှုသဖြင့် သုဘာသိတ စကားကို သာသျှင် ဆိုအပ်၏။ ထိုအပြစ်သည် အဌကနိပါဘ် အဂိုတ္တိုရ်သမ္ဗဟူလ သုတ်၌လည်း လာ၏။ ချဲဦးအံ့၊ ထိုသမ္ဗဟူလသုတ်၌ ဘိက္ခဝေ၊ တို့။ အာသေဝိတော၊ မှီဝဲအပ်သော။ ဘာဝိတော၊ ပွါးစေအပ်သော။ ဗဟုလီကတော၊ အကြိမ်များစွာပြုံအပ်သော။ မုသာဝါဒေါ၊ မုသာဝါဒသည်။ နိရယသံဝတ္တနိကော၊ ဝရဲ၌ဖြစ်စေတတ်သည်။ ဟောတိ၊ ၏။ တိရစ္ဆာန ယောနိ သံဝတ္တနိကော၊ တိရစ္ဆာန်တို့၏ အမျိုး၌ ဖြစ်စေတတ်သည်။ ဟောတိ၊ ၏။ ပေတ္တိဝိသယသံဝတ္တနိကော၊ ပြိတ္တာတို့၏ ဘုံ၌ဖြစ်စေ တတ်သည်။ ဟောတိ၊ ဖြစ်၏။ မနုဿဘူတဿ၊ လူဖြစ်၍ ဖြစ်သော သူအား။ ယောအဗ္ဘုတဗ္ဘက္ခာနသံဝတ္တနိကော၊ အကြင် မဟုတ်မမှန် ကုန်သော စွပ်စွဲခြင်းတို့ကို ဖြစ်စေခြင်းသည်။ ဟောတိ၊ ၏။ သော၊ ထိုမဟုတ်မမှန်ကုန်သော စွပ်စွဲခြင်းတို့၏ ဖြစ်ခြင်းသည်။ မုသာဝါဒဿ၊ မုသာဝါဒ၏။ သဗ္ဗလဟုကော၊ အလုံးစုံအောက်ပေါ့သော။ ဝိပါကော၊ အကျိုးတည်း။ ဘိက္ခဝေ၊ တို့။ အာသေဝိတာ၊ မှီဝဲအပ်သော။ ဘာဝိတာ၊ ပွါးစေအပ်သော။ ဗဟုလီကတာ၊ အကြိမ်များစွာပြုံအပ်သော။ ဝိသုဏ ဝါစာ၊ ကုန်းတိုက်သော စကားသည်။ နိရယသံဝတ္တနိကာ၊ ဝရဲ၌ ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိသံဝတ္တနိကာ၊ တိရစ္ဆာန် အမျိုး၌ ဖြစ်စေတတ်၏။ ပေတ္တိဝိသယသံဝတ္တနိကာ၊ ပြိတ္တာတို့၏ဘုံ၌ ဖြစ်စေ တတ်၏။ မနုဿဘူတဿ၊ လူဖြစ်၍ ဖြစ်သောသူအား။ ယောမိတ္တဘေဒန သံဝတ္တနိကော၊ အကြင် မိတ်၏ ကွဲပြားခြင်းကို ဖြစ်စေခြင်းသည်။ ဟောတိ ၏။သော၊ထိုမိတ်ကွဲခြင်း၏ဖြစ်ခြင်းသည်။ဝိသုဏာယဝါစာယ၊ ကုန်းတိုက်သောစကား၏။ သဗ္ဗလဟုကော၊ အလုံးစုံအောက်ပေါ့သော။

ဝိပါကော၊ အကျိုးတည်း။ ။ဘိက္ခဝေ၊ တို့။ အာသေဝိတာ၊ မှီဝဲအပ်သော။ ဘာဝိတာ၊ ပွါးစေအပ်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်သော။ ဖရုသဝါစာ၊ ဖရုသဝါစာသည်။ နိရယသံဝတ္တနိကာ ငရဲ၌ ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိသံဝတ္တနိကာ၊ တိရစ္ဆာန်အမျိုး၌ ဖြစ်စေတတ်၏။ ပေတ္တိဝိသယသံဝတ္တနိကာ၊ ပြိတ္တာတို့၏ဘုံ၌ ဖြစ်စေတတ်၏။ မနုဿဘူတဿ၊ လူဖြစ်၍ဖြစ်သောသူအား။ ယောအမနာပသဒ္ဒသံဝတ္တနိကော၊ အကြင် မနှစ်သက်ဘွယ်သော အသံကို ဖြစ်စေခြင်းသည်။ ဟောတိ၊ ၏။ သော၊ ထိုမနှစ်သက်ဘွယ်သော အသံ၏ ဖြစ်ခြင်းသည်။ ဖရုသာယဝါစာယ၊ ဖရုသဝါစာ၏။ သဗ္ဗလဟုကော၊ အလုံးစုံအောက်ပေါ့သော။ ဝိပါကော၊ အကျိုးတည်း။ ။ဘိက္ခဝေ၊ တို့။ အာသေဝိတော၊ မှီဝဲအပ်သော။ ဘာဝိတော၊ ပွါးစေအပ်သော။ ဗဟုလီကတော၊ အကြိမ်များစွာ ပြုအပ်သော။ သမ္မပ္ပလာပေါ၊ အပြိန်အဖျင်းကို ဆိုခြင်းသည်။ နိရယသံဝတ္တနိကော၊ ငရဲ၌ဖြစ်စေတတ်သည်။ ဟောတိ၊ ၏။ တိရစ္ဆာနယောနိသံဝတ္တနိကော၊ တိရစ္ဆာန်အမျိုး၌ ဖြစ်စေတတ်သည်။ ဟောတိ၊ ၏။ ပေတ္တိဝိသယသံဝတ္တနိကော၊ ပြိတ္တာတို့၏ ဘုံ၌ ဖြစ်စေတတ်သည်။ ဟောတိ၊ ၏။ မနုဿဘူတဿ၊ လူဖြစ်၍ ဖြစ်သောသူအား။ ယောအနာဒေယျဝါစာသံဝတ္တနိကော၊ အကြင်မယူအပ်သော စကားရှိသည်၏ အဖြစ်ကို ဖြစ်စေခြင်းသည်။ ဟောတိ၊ ၏။ သော၊ ထိုမယူအပ်သော စကားရှိသော အဖြစ်၏ ဖြစ်ခြင်းသည်။ သမ္မပ္ပလာပဿ၊ အပြိန်အဖျင်းကိုဆိုခြင်း၏။ သဗ္ဗလဟုကော၊ အလုံးစုံအောက်ပေါ့သော။ ဝိပါကော၊ အကျိုးတည်း။ ။ဤသို့ ဟောတော်မူ၏။

၇၁–ဝက်ပြိတ္တာဝတ္တု

မမ္မပဒ် မဂ္ဂဝဂ်

တနည်းကား ဝိသုဏာဝါစာ၏ အပြစ်ကို ဝက်ပြိတ္တာ၏ ဝတ္တုဖြင့်ပြအပ်၏။ ။ကဿပဘုရားရှင် ဖြစ်တော်မူသော ကာလ၌ တခုသော ရွာငယ်ကျောင်း၌ ဝါခြောက်ဆယ်ရှိသော မဟာထေရ်၊ ငါးဆဲ့ကိုးဝါရှိသော အနုထေရ် ဤ နှစ်ပါးကုန်သော မထေရ်တို့သည် တယောက်သော အမိဝမ်း၌ နေကုန်သော ညီအစ်ကိုတို့ကဲ့သို့ ညီညွတ်သင့်တင့်စွာ

နေကုန်၏။ ထိုအခါ တယောက်သော ဓမ္မကထိက ရဟန်းသည် ဘိုကျောင်းသို့လာ၍ ဆွမ်းခံသဖြင့် ပြည့်စုံခြင်းကို ဖြင်၍ ထိုမထေရ်တို့ကို ဘိုကျောင်းမှ ပြေးစေ၍ မိမိသည် ထိုကျောင်း၌ နေလိုရကား အရှင်ဘုရား၊ ကျွန်ုပ်အား အနုထေရ်သည် ကျွန်ုပ်လာသောနေ့မှစ၍ သူတော်ကောင်း သင်သည် ကောင်းသော အကျင့်ရှိသော အမျိုးသားတည်း၊ ဤမဟာထေရ်ကား အလင်္ကို သိလကို မချစ်သောသူတည်း၊ မဟာထေရ်နှင့် တကွ သုံးဆောင်ခြင်းကို ပြုသော သင်သည် ဆင်ခြင်၍ ပြုလော့ဟု ဆိုဖူး၏။ ဤသို့ မဟာထေရ်အား ကုန်းတိုက်စကားကို ဆောင်၍ တဘန် အနုထေရ်အားလည်း ထိုအတူလျှင် ကုန်းတိုက်စကားကို ဆောင်ဖူး။ ထိုနှစ်ပါးကုန်သော မထေရ်တို့သည်ကဲ့၍ ထိုကျောင်းမှ ဖဲကြကုန်သော် တခုသော ခရိုးဖြင့် မသွားမူ၍ အလိုရှိရာ အရပ်၌နေ၍ နောက်အတို့၌ အနှစ်တရာလွန်သဖြင့် တခုသောကျောင်းဝယ် ဟနေရာထည်း၌ အချင်းချင်း ဆုံမိ၍ အပြစ်ကိုကြားဖူး။ ထိုနေ့၌ ညီညွတ်ကြကုန်၍ သွားကြကုန်အံ့ ထိုရဟန်းကို ထိုကျောင်းမှ နှင်ထုတ်ကြအံ့ဟု ထို ကျောင်းသို့ သွား၍ သင်သည် ဤကျောင်း၌ နေခြင်းငှါ မလျောက်ပတ်ဟု လက်ဖျစ်တီးကုန်ဖူး။ ထိုဓမ္မကထိက ရဟန်းသည် ထိုကျောင်း၌ တည်အံ့သောငှါ မတတ်ကောင်းရကား ပြေးဖူး။ ထိုဓမ္မကထိက ရဟန်းကို အနှစ် နှစ်သောင်းပတ်လုံး ကျင့်သော ရဟန်းတရားသည် ဆောင်အံ့သောငှါ မတတ်နိုင်လေ။ ထို ဓမ္မကထိက ရဟန်းသည် ထိုဘဝမှ စုတေသော် အဝိစီ၌ ဘုရား နှစ်ဆူတို့၏ တခုသော အကြားပတ်လုံး ခံရ၍ ယခု ဂိဇ္ဈကူဋ်တောင်၌ ဝက်ပြွတ်ဘာ ဖြစ်ဖူး။ ထို ဝက်ပြွတ်ဘာ၏ ကိုယ်သည် သုံးဂါဝုတ်ရှိသတတ်။ လူ၏ကိုယ်နှင့်တူ၏၊ ဦးခေါင်းကား ဝက်ဦးခေါင်းနှင့် တူ၏။ ထိုဝက်ပြွတ်ဘာ၏ခံတွင်းမှ မြည်းထူးသည်ဖြစ်၏၊ ထိုခံတွင်းမှ ပိုးလောက်တို့သည် ယိုစီးကုန်၏။ ထိုကြောင့် မကောင်းသဖြင့် ဆိုအပ်သော စကားဟူသော ကုန်းတိုက်သော စကားကိုပယ်၍ ကောင်းစွာဆိုအပ်သော စကားဟူသော ကုန်းတိုက်ခြင်းမှ ကင်းသော စကားကိုသာလျှင် ဆိုအပ်၏။

ဝဂီသမထေရ်သည် ဤ ဝတ္ထုကိုလျှင် သိစေလိုရကား မြတ်စွာဘုရား၏ မျက်မှောက်တော်၌ သုဘာသိတသုတ်၌ အကျုံးဝင်သော—

တမေဝ ဝါစံ ဘာသေယျ၊ ယာ သတ္တာနံ နတာပယေ။
ပရေစ နဝိဟိံသေယျ၊ သာ ဧဝ ဝါစာ သုဘာသိတာ။
ဟူသော ဂါထာကို ဆိုတော်မူ၏။

ယာ၊ အကြင်စကားသည်။ သတ္တာနံ၊ သတ္တဝါတို့ကို။ နတာပယေ၊ မပူပန်စေ။ ပရေစ၊ သူတပါးတို့ကိုလည်း။ နဝိဟိံသေယျ၊ မညှဉ်းဆဲရာ။ တမေဝဝါစံ၊ ထိုစကားကိုသာလျှင်။ ဘာသေယျ၊ ဆိုရာ၏။ သာဝါစာ၊ ထိုစကားသည်။ ဧဝ၊ စင်စစ်။ သုဘာသိတာ၊ ကောင်းစွာ ဆိုအပ်သော စကားတည်း။

အကြင် သူသည်ကား သမ္မပ္ပလာပ အကျိုးမဲ့စကားကို ပြောဆို၏၊ ထိုသူသည် အဓမ္မဝါဒီ မည်၏။ အဓမ္မပြောဆိုသော သူသည်လည်း သူတော်ကောင်းတို့၏ တရားကို ကွယ်စေသည် မည်၏။ ။ထိုကြောင့် ဇင်္ကြုံပါတ် အဂိတ္တိုဂ်ဒ်၌- ဘိက္ခဝေ၊ တို့။ ယေဝိဘောတိက္ခ။။ အကြင် ရဟန်းတို့သည်လည်း။ အဓမ္မံ၊တရားမဟုတ်သည်ကို။ ဓမ္မောတိ၊တရား ဟူ၍။ ဒီးပန္တိ၊ ပြကုန်၏။ ဘိက္ခဝေ၊တို့။တေပိဘိက္ခ။။ထိုရဟန်းတို့သည် လည်း။ ဗဟုနော၊ များစွာသော။ ဇနသ၊ သတ္တဝါ၏။ ဒေဝမနုဿာနံ၊ နက်လူတို့၏။ အနတ္ထာယ၊ အကျိုးမဲ့ခြင်းငှါ။ အဟိတာယ၊ အစီးအပွါး မဲ့ခြင်းငှါ။ ဒုက္ခာယ၊ ဆင်းရဲခြင်းငှါ။ ပေဿန္တိ၊ ဖြစ်ကုန်၏။ ဘိက္ခဝေ၊ တို့။ တေဘိက္ခ။။ ထိုရဟန်းတို့သည်။ အပုညံ၊ မကောင်းမှုကို။ ဗဟုဉ္စ၊ များစွာလည်း။ ပသဝန္တိ၊ ပွါးစေကုန်၏။ တေ၊ ထို ရဟန်းတို့သည်။ ဣမဉ္စ သဒ္ဓမ္မံ၊ ဤသူတော်ကောင်းတို့၏ တရားကိုလည်း။ အန္တရဓာပေန္တိ၊ ကွယ်စေကုန်၏။ ဤသို့ ဟောတော်မူ၏။ ။ထိုကြောင့် တရားမဟုတ်သည်ကို ဆိုခြင်းဟူသော သမ္မပ္ပလာပကို ပယ်၍ တရားကို ဆိုခြင်းဟူသော သမ္မပ္ပလာပ မဟုတ်သောစကားကိုသာလျှင် ပြောဆိုအပ်၏။

၇၂-ကဝိလဝတ္ထု

ဓမ္မပဒအဋ္ဌကထာ တက္ကာဝဂ်

ကာသပဘုရားရှင် လက်ထက်တော်၌ ကဝိလမည်သော တယောက်သောရဟန်းသည်များသောအကြားအမြင်ရှိ၏၊ ပိဋကတ်သုံးပုံကိုဆောင်၏၊ များသောအဓိဋ္ဌာန်ရှိ၏၊ များသောလာဘ်ရှိ၏။ ထိုကဝိလရဟန်းသည်

များသောအကြားအမြင်ကို စွဲ၍ဖြစ်သော မာန်ယစ်ခြင်း လာဘ်ခွတပ် စွန်းခြင်းသည် နိဝ်စက်၍ ပညာရှိဟု ထင်မှတ်၍ သူတပါးတို့သည် ဆိုအပ်သော အမှုကိုလည်း မအပ်ဆို၍ သိလက်ခံချစ်ကုန်သော ရဟန်းတို့သည် ငါ့ရှင်ကပိလ ဤသို့ မဆိုအပ်မဆိုသင့်ဟု ဆုံးမအပ်သော်လည်း သင်တို့သည် အဘယ်ကို သိပါကုန်သနည်း အချည်းနှီးသော လက်ဆုပ်နှင့်တူကုန်၏ ဤသို့ အစရှိကုန်သော စကားတို့ဖြင့် ကဲ့ရဲ့သျှက် ရှုတ်ချလျှက် ပိဠိစကားကို မယူကုန်သော ထိုရဟန်းတို့အား ဖရုသဝါစာဖြင့် ဆဲရေး ရေရွတ်၏။ ထို ကပိလ ရဟန်းသည် ထိုကိုယ်၏ အဖြစ်မှစုတေ၍ အဝီစိဠှဖြစ်၏။ ထိုအဝီစိဠှ ဘုရားနှစ်ဆူတို့၏ တခုသော အကြားပတ်လုံးခံရ၍ ဝိပါက်ကြွင်းအားဖြင့် အဗိရဝတိဖြစ်ဠှ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ငါး ဖြစ်သည်ရှိသော် ခရုးဠှ ရဟန်းတို့ကို ဆဲရေးရေရွတ်သော အကုသိုလ်၏ အကျိုးဆက်ဖြင့် ထို ငါး၏ခံတွင်းသည် မကောင်းသော အနံ့ရှိ၏။ ထိုငါးသည် ထိုအဖြစ်မှ စုတေ၍ တဘန် အဝီစိဠှလျှင်ဖြစ်၏။ (ကပိလငါး၏ဝတ္ထု)။

ထိုကြောင့် ချစ်ဘွယ်၏ ဆန့်ကျင်ဘက်ဖြစ်သော စကားဟု ဆိုအပ်သော ဖရုသဝါစာ မဟုတ်သော စကားကိုသာလျှင် ဆိုအပ်၏။ သဗ္ဗညု မြတ်စွာဘုရားသည်လည်း ဖရုသဝါစာကို ဆိုကုန်သောဆဗ္ဗဂ္ဂိ ရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့ ဖရုသဝါစာ မည်သည်ကား အကျိုးမဲ့ကို ပြုတတ်၏။ တိရစ္ဆာန်တို့သည်လည်း မနှစ်သက်သော စကားဖြစ်၏။ ခရုးဠှလည်း တခုသော တိရစ္ဆာန်သည် ပိဠိကို ဖရုသဝါစာဖြင့် ဆိုသောသူကို တထောင်သောဥစ္စာမှ ရှုံးစေ၏ဟု ပိန့်တော်မူ၍ အတိတ်ကိုဆောင်၍ ဟောတော်မူ၏။

၇၃-နန္ဒိဝိသာလဝတ္ထု

ကျွန်ုပါတ် တတိယဝဂ်

လွန်လေပြီးသောအခါ တက္ကသိုလ်ပြည်ဠှ ဘုရားလောင်းသည် နွားမျိုးဠှ ဖြစ်၏။ ထိုအခါ တယောက်သောပုဏ္ဏားသည် ထိုနွားကိုနှသော နွားငယ် ဖြစ်စဉ်ကာလဠှလျှင် အလှူပေးတို့၏အထံမှရ၍ နန္ဒိဝိသာလ ဟူသောအမည်ကိုမှည့်၍ သား၏အရာဠှ ထား၍ ယာဂုထမင်း အစရှိသည်တို့ဖြင့် မွေး၏။ ထိုနန္ဒိဝိသာလနွားသည် အရွယ်သို့ ရောက်လတ်သော်

ပုဏ္ဏားကိုသနား၍ ပုဏ္ဏား-သွားချေ ဝါ၏နွားလားသည် တစပ်ထည်းဘွဲ့အပ်သော လှည်းတရာကို လည်စေလတ္တံ့ဟုဆို၍ ဂေါဝိန္ဒသေဋ္ဌေးနှင့် တထောင်သော ဥစ္စာဖြင့် လောင်းတမ်း ပြုချေဟုဆို၏။ ပုဏ္ဏားသည် လည်းသွား၍ နွားဆိုတိုင်းပြုလျှင် လှည်းတရာကို သဲ ကျောက်စရစ်ကျောက် အစရှိသည်ဖြင့် ပြည့်စေ၍ အစဉ်သဖြင့်ထားပြီးလျှင် လွန်ဖြင့် တစပ်ထည်းဘွဲ့၍ လှည်းဘီးတို့၏အောက်၌ ထောက်ကုန်သော တုတ်တို့ကိုပေး၍ အကြင်အခြင်းဖြင့် တခုသောနွားသည် ရုန်းသည်ရှိသော် ထမ်းပိုးစွန်းသည် မတုန်မလှုပ်ဖြစ်၍ ထိမှဤမှမရွှေ့၊ ထိုအခြင်းဖြင့် ရှေ့ဖျားလှည်းဦး၌ တခုသော တမ်းပိုးစွန်းကို လွန်ဖြင့်ဘွဲ့၍ လှည်းထောက်ကုန်သော တုတ်ကို ပေး၍ တခုသော ထမ်းပိုးစွန်း၌ နန္ဒိဝိသာလကို က၍ လှည်းဦးထိပ်၌ ထိုင်ပြီးလျှင် နှင်တံကိုမြောက်၍ စဉ်းလဲသောနွား သွားလော့ စဉ်းလဲသောနွား ရုန်းလော့ဟူ၍ မစဉ်းလဲသောနွားကို စဉ်းလဲသော စကားဖြင့် ဆို၏။ နန္ဒိဝိသာလသည် မနှစ်သက်ဘွယ်သော အသံကိုကြား၍ ထိုအရပ်၌လျှင် မတုန်မလှုပ်ရပ်၍ ပုဏ္ဏားသည် တထောင်သောဥစ္စာမှရုံး၍ အိမ်သို့သွား၍ ဦးရိုးရိုင်ခြင်း နှိပ်စက်၍အိပ်၏။ နန္ဒိဝိသာလသည် လာလတ်ပြီးလျှင် သော ကနှိပ်စက်သော ပုဏ္ဏားကိုမြင်၍ ပုဏ္ဏား-သွားချေ၊ ဂေါဝိန္ဒသေဋ္ဌေးနှင့် နှစ်ထောင်ကုန်သော ဥစ္စာတို့ဖြင့် လောင်းခြင်းကိုပြုချေ၊ မစဉ်းလဲသောဝါ့ကိုလည်း စဉ်းလဲသည်ဟူသော စကားဖြင့် မဆိုလင့်ဟုဆို၏။ ပုဏ္ဏားသည် သွား၍ နွားဆိုတိုင်းလျှင် ပြု၏။ ကောင်းသောနွား သွားလော့ ကောင်းသောနွားရုန်းလော့ဟုဆို၏။ နန္ဒိဝိသာလသည် နှစ်သက်ဘွယ်သော စကားကိုကြား၍ လွန်ဖြင့်ဘွဲ့အပ်သော လှည်းတရာကို တဟုန်တည်းဖြင့်ဝင်၍ နောက်ဆုံး၌တည်သောလှည်းကို ရှေးဦး လှည်းတည်ရာအရပ်၌ ထား၏။ ရှေး၌ တည်သောအကန့်၏ အရပ်သို့ တဘန်အကန့်သည် ရောက်သည်ရှိသော် အကယ်၍ လည်စေသည်ဖြစ်အံ့၊ ထိုသို့ဖြစ်ငြားသော်လည်း ဘုရားလောင်းသည် ရှေးဦးလှည်း၏ တည်ရာအရပ်၌ နောက်ဆုံးလှည်းကို တည်စိမ့်သောဌါ လှည်းတရာအတိုင်းအရှည်ရှိသော အရပ်တိုင်အောင် လှည်းတရာကို လည်စေသတည်း၊ ထိုစကားသည် မှန်၏။ ဘုရားလောင်းတို့အားလျော့သောပြုခြင်း မည်သည်မရှိ။ ဤသို့ အတိတ်ကို ဆောင်တော်မူ၍

ရဟန်းတို့ ဖရုသဝါစာမည်သည်ကို တစုံတယောက်သောသူ မည်သည် မနှစ်သက်ဟု မိန့်တော်မူ၍—

မနုညမေဝ ဘာသေယျ၊ နာမနုညံ ကုဒါစနံ။
မနုညံ ဘာသမာနဿ၊ ဂရုံ ဘာရံ ဥဒဒ္ဓရိ။
ဓနဥ္စ နံ အလဘေသိ၊ တေန ဝိတ္တိ မနော အဟု။

ဟူသောဂါထာကို ဟောတော်မူ၏။

မနုညမေဝ၊ နှစ်သက်ဘွယ်သောစကားကိုသာလျှင်။ ဘာသေယျ။ ဆိုရာ၏။ အမနုညံ၊ မနှစ်သက်ဘွယ်သော စကားကို။ ကုဒါစနံ၊ တရံ တဆစ်။ နဘာသေယျ၊ မဆိုရာ။ မနုညံ၊ နှစ်သက်ဘွယ်သော စကားကို။ ဘာသမာနဿ၊ ဆိုသောပုဏ္ဏား၏။ ဂရုံ လေးသော။ ဘာရံ၊ ဝန်ကို။ ဥဒဒ္ဓရိ ထုတ်ဆောင်၏။ နံ၊ ထိုပုဏ္ဏားကို။ ဓနဥ္စ၊ ဥစ္စာကိုလည်း။ အလဘေသိ၊ ရစေပြီ။ တေန၊ ထိုကြောင့်။ ဝိတ္တိမနော၊ နှစ်သက်သောစိတ်ရှိသည်။ အဟု၊ ဖြစ်၏။ ။ဝိနည်းပါဠိတော်၌ကား—မနာပမေဝ ဘာသေယျ၊ နာမနာပံကုဒါစနံ။ မနာပံဘာသမာနဿ၊ ဟူ၍ ရေးအပ်၏။

[နန္ဒိဝိသာလဝတ္ထု]

၇၄—သာရဒ္ဓ ဝတ္ထု

ကျွေနိပါတ် နဝမဝဂ်

တဘန်လည်း သဗ္ဗညုဘုရားရှင်သည် ထိုဆဗ္ဗဂ္ဂီ ရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍ သာရဒ္ဓဝတ္ထုကို ဟောတော်မူ၏။ ။လွန်လေပြီးသောအခါ ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ မဆင်ရှားသော ပုဏ္ဏား၏ သာရဒ္ဓမည်သောနွားလားဖြစ်၏။(ဤမှစ၍ အလုံးစုံကို ရှေးနန္ဒိဝိသာလဇာတ်နှင့် အဘူဆိုလေ)။ ။ဤသို့ အတိတ်ကို ဟောတော်မူ၍—

ကလျာဏမေဝ မုဥ္စေယျ၊ နဟိ မုဥ္စေယျ ပါပကံ။
မောက္ခော ကလျာဏိယာ သာရ၊ မုတွာ တပတိ ပါပကံ။

ဟူသောဂါထာကို ဟောတော်မူ၏။

ကလျာဏမေဝ၊ ကောင်းသော စကားကိုသာလျှင်။ မုဥ္စေယျ၊ လွှတ်ရာဆိုရာ၏။ ပါပကံ၊ယုတ်မာသော ဖရုသဝါစာကို။ နဟိမုဥ္စေယျ၊

မလွတ်မဆိုရာ။ ကလျာကိယာ၊ ကောင်းသောစကားကို။ မောကွော၊ လွှတ်ဆိုခြင်းသည်။ သာဓု၊ ကောင်း၏။ ပါပကံ၊ ယုတ်မာသောဖရုသဝါစာကို။မုတွာ၊လွှတ်ဆို၍။ကပတိ၊ပုဂ္ဂိုလ်ဆင်းရဲ၏။ ။ သာရန္တာဝတ္ထု။

၇၅-သေးငယ်သားလေးဦးဝတ္ထု

စတုက္ကနိပါတ် ဒုဘိယဝဂ် မံသလာဘိတ္ထေရ်

ချစ်ဘွယ်သောစကားကို ဆိုတတ်သောသူ မည်သည် သူတပါးတို့ထက် လွန်စွာ လာဘ်ရတတ်၏။ ထိုစကား၌ ဤဝတ္ထုကို သိအပ်၏။ ။ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ လေးယောက် ကုန်သော သေငယ်သားတို့သည် မြို့မှထွက်၍ တခုသောအရပ်၌နေ၍များစွာသော အမဲကိုရ၍ လှည်းကို ပြည့်စေ၍ ရောင်းအံ့သောငှါ မြို့သို့ လာသော တယောက်သော သားမူဆိုးကိုမြင်၍ ထိုသားမူဆိုးကို အမဲတုံးတောင်းကုန်၏။ ထိုသေငယ်သား လေးယောက်တို့တွင် တယောက်သော သေငယ်သားသည် ဟယ်မူဆိုး.....ငါ့အား အမဲတုံးကို ပေးလော့ဟု ဆို၏။ မူဆိုးသည် သူတပါးကို တစုံတခုသော ဝတ္ထုကို တောင်းသော သူသည် ချစ်ဘွယ်ကို ဆိုသဖြင့် ရရာ၏။ သင်၏စကားသည်ကား ကြမ်း၏။ အကြင်ကြောင့် ထိုစကားသည် ကြမ်းသည်၏အဖြစ်အားဖြင့် အမြွေးနှင့်တူ၏၊ ထို့ကြောင့် သင်၏ စကားနှင့် တူသော အမြွေးကို ပေးအံ့ဟုဆို၍ အရသာမရှိသော အမြွေးပိုင်းကို ပေး၏။ နှစ်ယောက်မြောက်ဖြစ်သော သေငယ်သားသည် အစ်ကိုကြီး .... ငါ့အားအမဲတုံးကို ပေးလော့ဟုဆို၏။ မူဆိုးသည် အချင်း....၌လောက၌ အစ်ကိုနှမဟူသော အကြင်စကားသည် ရှိ၏၊ ထိုစကားသည် လူတို့၏ ကိုယ်နှင့်တူသည်၏ အဖြစ်ကြောင့် ကိုယ်မည်၏။ အကြင်ကြောင့် သင်၏ ထိုစကားသည် ကိုယ်နှင့်တူ၏၊ ထို့ကြောင့် ထိုစကားနှင့် တူသော ကိုယ်အသားကိုလျှင် ပေးအံ့ဟုဆို၍ ကိုယ်အသားကိုပေး၏။သုံးယောက်မြောက်သော သေငယ်သားသည် အဘ.... ငါ့အား အမဲတုံးကို ပေးလော့ဟု ဆို၏။ မူဆိုးသည် အဘဟူ၍ ဆိုသော် သားသည် အဘ၏နှလုံးကို တုန်လှုပ်စေ၏။အချင်း....သင်၏စကားသည် နှလုံးနှင့်တူ၏။သင့်အား နှလုံးကိုပေးအံ့ဆို၍ နှလုံးသားနှင့်တကွ ကောင်းသော

အသားကို ပေးဏ်။ လေးယောက်မြောက်ဖြစ်သော သေဋ္ဌေးသားသည် အဆွေ....ငါ့အား အမဲတုံးကို ပေးပါလော့ဟု ဆိုဏ်။ မူဆိုးသည် အကြင် ယောက်ျားအား အကြင် ရွာ၌ အဆွေခင်ပွန်းလည်း မရှိ၊ ထိုယောက်ျားအား ထိုရွာသည် လူမရှိသော တောကဲ့သို့ ဖြစ်ဏ်။ ထိုကြောင့် သင်ဏ်စကားသည် အလုံးစုံသော မိမိဥစ္စာစည်းစိမ်နှင့်တူဏ်။ ထိုကြောင့် ဤအလုံးစုံသော ငါဏ်ဥစ္စာဖြစ်သော အမဲလှည်းကို ပေးအံ့ဟု ဆိုဤ ထိုသေဋ္ဌေးသားနှင့်တကွ သေဋ္ဌေးသားဏ် အိမ်သို့ လှည်းကိုနှင်၍ ပေးဏ်။ သေဋ္ဌေးသားသည် မူလည်း မူဆိုးအား အရိုအသေ ပေးခြင်း မြတ်နိုးခြင်းကိုပြု၍ မူဆိုးဏ် သားမယားကို ခေါ်စေ၍ မူဆိုးအမှုမှ ပယ်စေ၍ မိမိစည်းစိမ်အလယ်၌နေစေ၍ အသက်ထက်ဆုံး ထိုမူဆိုးနှင့် တကွ မပြားသော အဆွေခင်ပွန်းဖြစ်ဏ်။

ထိုကြောင့် ချစ်ဘွယ်သော စကားကိုသာလျှင် ဆိုအပ်ဏ်။ ဝဏီသ မထေရ်သည်လည်း ဤဝတ္ထုကိုလျှင် သိစေလိုရကား မြတ်စွာဘုရားဏ် မျက်မှောက်တော်၌ သုဘာသိတသုတ်၌ အကျုံးဝင်သော—

ပိယဝါစမေဝ ဘာသေယျ၊ ယာဝါစာ ပဋိနန္ဒိတာ။
ယံ အနာဒါယ ပါပါနိ၊ ပရေသံ ဘာသတေ ပိယံ။

ဟူသော ဂါထာကို ဆိုဏ်။

ယာဝါစာ၊ အကြင် စကားသည်။ ပဋိနန္ဒိတာ၊ ရှေ့ရှုနှစ်သက်ဘွယ် ရှိဏ်။ ယံ၊ အကြင်စကားကို။ ဘာသန္တော ဆိုသောသူသည်။ ပါပါနိ၊ ယုတ်မာကုန်သော ကြမ်းကုန်သော စကားဘို့ကို။ အနာဒါယ၊ မယူ မဆိုမူ၍။ ပရေသံ၊ သူတပါးတို့ဏ်။ ပိယံ၊ ချစ်ဘွယ်ကို။ ဘာသတေ၊ ဆိုဏ်။ ပိယဝါစမေဝ၊ထိုသို့သဘောရှိသော ချစ်ဘွယ်သော စကားကို သာလျှင်။ဘာသေယျ၊ဆိုရာဏ်။ [သူဋ္ဌေးသားလေးဦး ဝတ္ထု]။

၇၆—အကာလဖလ မန္တရားတတ်သူ ဝတ္ထု

တေရသနိပါတ် အမ္ဗဋ္ဌဇာတ် အဋ္ဌကထာ

မုသားဆိုသောသူသည်ကား ရအပ်ပြီးသော ဥစ္စာမှလည်းကောင်း ရလတံ့သော ဥစ္စာမှလည်းကောင်း ယုတ်ဏ်။ဆင်းရဲသို့လည်း ရောက်ဏ်။ သရက်သီး မန္တရားကို တတ်သော ပုဏ္ဏား အစရှိသည် သည်

ဤအရာ၌ သက်သေဖြစ်၏။ လွန်လေပြီးသောအခါ ဘုရားလောင်းသည်၊ ပစ္စန္တရစ်မြို့ ဒွန်းစဏ္ဍားရွာ၌ ဒွန်းစဏ္ဍားဖြစ်၍ ပညာရှိ၏၊ လိမ်မာ၏၊ အခါမဲ့အသီးကို သီးစေတတ်သော မန္တရားကိုတတ်၏။ ထိုဒွန်းစဏ္ဍားသည် နံနက်စောစောကလျှင် တောသို့သွား၍ သရက်ပင်မှ ခုနစ်ဘဝါး၏ အထက်၌ရပ်လျက် မန္တရားကိုမန်း၍ သရက်ပင်ကို တလက်ဘက်သော ရေဖြင့်ပက်၏။ ထိုခဏ၌လျှင် အရွက်ဟောင်းတို့သည် ကြွေကုန်၏။ အရွက်သစ်တို့သည် ထွက်ကုန်၏။ အပွင့်တို့သည် ပွင့်ကုန်၍ ကြွေကုန်၏။ အသီးတို့သည် ဖြစ်ကုန်၍ ခဏခြင်းဖြင့်လျှင် မှည့်ကုန်၍ ချိုစွာကုန်သော နတ်သရက်သီးတို့နှင့် တူကုန်သည်ဖြစ်၍ ကြွေကုန်၏။ ထိုဒွန်းစဏ္ဍားသည် အလိုရှိကိုင်း စား၍ထမ်းပိုးဖြင့် ထမ်းယူ၍ အိမ်သို့လာ၍ ရောင်းလျက် သားမယားကို မွေး၏။ ထိုအခါ တယောက်သော ပုဏ္ဏားသည် ထိုဒွန်းစဏ္ဍား၏ အထံ၌ ထိုမန္တရားကို သင်၍ အဘ....ဤမန္တရားကား အဘိုး အတိုင်း မသိထိုက်သော မန္တရားတည်း။ သင် ဤမန္တရားကို အမှီပြု၍ များစွာသော ဥစ္စာကို ရလတ္တံ့၊တစုံတယောက်သောသူသည် မေးလတ်သော် သင်သည် ငါ့ကို မလျှိဝှက်လေလင့်၊ ဒွန်းစဏ္ဍား၏ အထံမှ ငါသည် မန္တရားကို သင်ခဲ့၏ဟု ပြောဆိုလေလော့၊ ရှက်စနိုး၍ တပါးသော အခြင်းအရာဖြင့် အကယ်၍ ပြောဆိုသည်ဖြစ်အံ့၊ မန္တရား၏ အကျိုးကို သင်မရလတ္တံ့ဟု ဒွန်းစဏ္ဍားဆိုအပ်သော ပုဏ္ဏားသည် ကောင်းပြီဟု ဆို၍ ဒွန်းစဏ္ဍားကို ရှိခိုး၍ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်၍ ထိုသို့ သဘောရှိသော သရက်သီးဖြင့် မင်းကို ခစားသည် ရှိသော် များစွာသော ဥစ္စာကို ရ၏။ ထိုအခါ တနေ့သ၌ မင်းသည် ပုဏ္ဏားလုလင်ကို အဘယ်သူ၏ အထံ၌ မန္တရားကို သင်သနည်းဟု မေး၏။ ပုဏ္ဏားသည် ဒွန်းစဏ္ဍားအထံ၌ သင်သည်ဟုဆိုအံ့သောငှါ ရှက်စနိုး၍ တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာ၏အထံ၌ သင်သည်ဟု မဟုတ်မမှန်သောစကားကိုဆို၏၊ထိုခဏ၌လျှင်မန္တရားသည်ကွယ်၏၊ထိုပုဏ္ဏားသည် မန္တရားကွယ်သည်၏ အဖြစ်ကို မသိ၍လျှင် တနေ့သ၌ မင်းနှင့် တကွ ဥယျာဉ်သို့သွား၍ လုလင်သရက်သီးကို ဆောင်ချေလော့ဟု မင်းဆို၍ မန္တရားကိုမန်းလျှင် မန္တရားမထင်လက်သော် ကွယ်သည်၏ အဖြစ်ကိုသိ၍ ရှက်လျက် မင်းသည် အဘန် တလဲလဲ မေး၍ လှည့်

စားအံ့သောဌါ မတတ်နိုင်ရကား အဟုတ်အမှန်ပြောဆို၍ မင်းသည် အမျက်ထွက်၍ ပုဏ္ဏားကို လည်ခွံကိုင်၍ ထုတ်ကုန်လေ့ဟုဆို၏။မင်း ချင်းကိုသည် မင်းဆိုတိုင်းပြု၍ သင့်ဆရာ၏အထံသို့ ဆည်းကပ်၍ ဆရာကိုနှစ်သက်စေ၍ တဘန် အကယ်၍ မန္တရားကို ရသည်ဖြစ်အံ့ ဤသို့ လာခဲ့လော့၊ မရသည်ဖြစ်အံ့ ဤသို့ မလာလင့်ဟုဆိုကုန်၏။ ထို ပုဏ္ဏားသည် ကိုးကွယ်ရာမရှိသည်ဖြစ်၍ ဘုရားအလောင်းထံသို့ ဆည်း ကပ်၍ တဘန် ထိုမန္တရားကိုတောင်း၍ ငါသည် ထိုသို့သဘော ရှိသော မဟုတ်မမှန်သည်ကို ပြောဆိုတတ်သောသူကို မပေး၊ အဘယ် မှာ မန္တရားကိုရအံ့နည်း သွားလော၊ ငါမနှစ်သက်ဟု ထိုဆရာ နွှန်း စဏ္ဍားသည် ဆိုလတ်သော် ငါ့အား အသက်ရှင်သဖြင့် အဘယ် မှုအံ့နည်းဟု တောသို့ဝင်၍ ကိုးကွယ်ရာမရှိသော သေခြင်းသို့ရောက်၏။

[သရက်သီးမန္တရားကိုတတ်သောသူ၏ဝတ္ထု]

၇၇–သေဋ္ဌေးသား သုံးဦးဝတ္ထု

ကိကနိပါတ် ဒုတိယဝဂ် ပဒုမဇာတ်အဋ္ဌကထာ

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ သုံးယောက်ကုန်သော သေဋ္ဌေးသားတို့သည် ဖြစ်ကုန်၏။ မြို့တွင်း၌လည်း တခုသော အိုင်၌ ပဒုမာတို့သည် ပွင့်ကုန်၏။ နှာခေါင်းပြတ်သော တယောက်သော ယောကျ်ားသည် ထိုရေအိုင်ကိုစောင့်၏။ ထိုအခါ တနေ့သ၌ ပန်းပန်၍ ပွဲကစားလိုကုန်သော ထိုသေဋ္ဌေးသားတို့သည် နှာခေါင်းပြတ်သော ယောကျ်ားအား မဟုတ် မမှန်သောအားဖြင့် ချီးမွမ်းခြင်းကို ဆို၍ ပန်းတောင်းကုန်အံ့ဟု ထို နှာခေါင်းပြတ်သော ယောကျ်ား အထံသို့ ချဉ်းကပ်၍ ရပ်ကုန်၏။ ထိုသေဋ္ဌေးသားတို့တွင် တဦးယောက်သော သေဋ္ဌေးသားသည် တောင်းလိုရကား—

ယထာ ကေသာစ မဿူစ၊ ဆိန္နံ ဆိန္နံ ဝိရူဟတိ။
ဇဝံ ရုဟတု တေ နာသာ၊ ပဒုမံ ဒေဟိ ယာစိတော။

ဟူသောဂါထာကို ဆို၏။

အမ္ဘော်ပုရိသ၊ အိုယောကျ်ား။ ကေသာစ၊ ဆံတို့ သည်လည်း ကောင်း။ မဿူစ၊ မုတ်ဆိတ်တို့သည် လည်းကောင်း။ ဆိန္နံဆိန္နံ၊

ရိတ်တိုင်းရိတ်တိုင်း။ ဝိရူဟတိယထာ၊ ပေါက်ရောက်သကဲ့သို့။ ဇေံ ဟထာ၊ ထိုအတူ။ တေ၊ သင်၏။ နာသာ၊ နှာခေါင်းသည်။ ရုဟတု၊ ပေါက်ရောက်စေသတည်း။ ယာစိတော၊ ငါတောင်းအပ်သော သင်သည်။ ပဒုမံ၊ ပဒုမာကို။ ဒေဟိ၊ ပေးလော့။

နှစ်ယောက်မြောက်သော သေဋ္ဌေးသားသည် တောင်းလိုရကား—

ယထာ သာရဒိကံ ဒီဇံ၊ ခေတ္တဝုတ္တံ ဝိရုဋ္ဌတိ။
ဇေံ ရုဟတု တေ နာသာ၊ ပဒုမံ ဒေဟိ ယာစိတော။

ဟူသော ဤဂါထာကိုဆို၏။

အမ္ဘောပုရိသ၊ အိုယောကျ်ား။ သာရဒိကံ၊ သရဒအခါ၌ ကြဲအပ်သော။ ခေတ္တဝုတ္တံ၊ လယ်၌ပျိုးအပ်သော။ ဒီဇံ၊ မျိုးစေ့သည်။ ဝိရုဋ္ဌတိ ယထာ၊ ပေါက်ရောက်သကဲ့သို့။ ဇေံတထာ၊ ထိုအတူ။ တေ၊သင်၏။ နာသာ၊ နှာခေါင်းသည်။ ရုဟတု၊ ပေါက်ရောက်စေသတည်း။ ယာစိတော၊ ငါတောင်းအပ်သော သင်သည်။ ပဒုမံ၊ ပဒုမာကို။ ဒေဟိ၊ ပေးလော့။

ထိုနှာခေါင်းပြတ်သော ယောကျ်ားသည် ထိုနှစ်ယောက် ကုန်သော သေဋ္ဌေးသား တို့အား အမျက်ထွက်၍ ပဒုမာကိုမပေး။ ထိုနောက်မှ သုံးယောက်မြောက်ဖြစ်သော သေဋ္ဌေးသားသည် တောင်းလိုရကား—

ဥဘောပိ ဝိလပန္တေ တေ၊ အပိ ပဒ္မါနိ ဒဿတိ။
ဝဇ္ဇုံဝါ တေ နဝါ ဝဇ္ဇုံ၊ နတ္ထိ နာသာယ ရုဟနာ။
ဒေဟိ သမ္မ ပဒုမာနိ၊ အဟံ ယာစာမိ ယာစိတော။

ဟူသော ဤဂါထာကို ဆို၏။

သမ္မ၊ အချင်း။ဇေတေဥဘော၊ ထိုနှစ်ယောကုန်သောသူတို့သည်။ ဇေံ၊ ဤသို့ဆိုသည်ရှိသော်။နော၊ ငါတို့အား။ ပဒ္မါနိ၊ ကြာတို့ကို။အပိဒဿတိ၊ ပေးလတ္တံ့သည်ဖြစ်ရာ၏ဟု။ စိန္တေတွာ၊ ကြံ၍။ ဝိလပန္တိ၊ မဟုတ်မမှန်သော စကားကိုဆိုကုန်၏။ တေ၊ ထိုသူတို့သည်။ ဝဇ္ဇုံဝါ၊ ဆိုသည်မူလည်း ဖြစ်စေကုန်။ နဝါဝဇ္ဇုံ၊ မဆိုသည်မူလည်း ဖြစ်စေကုန်။ နာသာယ၊ သင့်နှာခေါင်း၏။ ရုဟနာ၊ ပေါက်ရောက်ခြင်းသည်။ နတ္ထိ၊ မရှိ။အဟံ၊ ငါသည်။ ယာစာမိ၊တောင်းပန်ပါ၏။ ယာစိတော၊ငါတောင်းအပ်သော သင်သည်။ ပဒုမာနိ၊ ပဒုမာတို့ကို။ ဒေဟိ၊ ပေးလော့။

ထိုစကားကို ကြား၍ ထိုနှစ်ယောက်ကုန်သောသူတို့သည် မဟုတ်မမှန်သော စကားကိုဆိုအပ်၏။ သင်ကား ဟုတ်မှန်သည်ကို ဆို၏။ သင်အား လျောက်ပတ်ကုန်သောပဒုမာတို့ကို ပေးအံ့ဟု ဆို၍ ကြီးစွာသော ပဒုမာတို့ကို ပေးအံ့ဟုဆို၍ ကြီးစွာသောပဒုမာစည်းကို ပေး၏။

[သေဋ္ဌေးသားသုံးဦးဝတ္ထု]

၇၈—ကိန္နရာဝတ္ထု

တေရသနိပါတ် တက္ကာရိယဇာတ် အဋ္ဌကထာ

မုသားဆိုသောသူသည် ဆင်းရဲသို့ ရောက်၏ ဟူသော စကား၌ စတုက္ကနိပါတ် တက္ကာရ ဇာတ် အဋ္ဌကထာ စေတိယ ဇာတ်ကို သိအပ်၏။ ။ထို ကြောင့် လွန်လေပြီးသော အခါ၌ နှစ်ယောက်ကုန်သော ကိန္နရာတို့ကဲ့သို့ မုသားဆိုခြင်းမှ ကြောက်အပ်၏။ ဗာရာဏသီပြည်၌ နေသော တယောက်သော မူဆိုးသည် ဟိမဝန္တာသို့ သွား၍ လင်မယားဖြစ်ကုန်သော ကိန္နရာနှစ်ဆုတို့ကို ဆောင်၍ ဗာရာဏသီမင်းအား ဆက်၍ ဤကိန္နရာတို့သည် ဘယ်ကျေးဇူး ရှိကုန်သနည်းဟု ဗာရာဏသီမင်းသည် မေးလတ်သော် ရှင်မင်းကြီး..... ဤကိန္နရာတို့သည် သာယာသော အသံဖြင့် သီတတ်ကုန်၏။ နှစ်သက်ဘွယ်သော ကခြင်းကိုလည်း ကတတ်ကုန်၏။ လူတို့သည်လည်း ကိန္နရာတို့ကဲ့သို့ သီခြင်းကခြင်းငှါ မတတ်နိုင်ကုန်ဟု ဆို၍ မင်းသည် နှစ်သက်၍ မူဆိုးအား များစွာသော ဥစ္စာကို ပေး၍ ကိန္နရာတို့ကို သီစေကုန် ကစေကုန်ဟုဆို၏။ကိန္နရာတို့သည် ငါတို့သီကုန်၍ သဒ္ဒါကို ပြည့်စုံစွာ ပြုအံ့သောငှါ အကယ်မတတ်နိုင်ကုန်အံ့ မကောင်းသော သီခြင်းသည် ဖြစ်အံ့။ ငါတို့ကို ကဲ့ရဲ့လတ္တံ့ ရှုတ်ချလတ္တံ့။ များစွာကုန်သော သူတို့အား မုသာဝါဒသည်လည်း ဖြစ်တတ်၏ဟု မုသာဝါဒမှ ကြောက်ခြင်းကြောင့် မင်းသည် အဘန် တလဲလဲ ဆိုအပ်ကုန်သော်လည်း မသီကုန် မကကုန်။ မင်းသည် အမျက်ထွက်၍ ဤကိန္နရာတို့ကို သတ်၍ အသားကိုချက်၍ ယူခဲ့ကုန်ဟု ဆို၏။ ထိုစကားကို ကြား၍ ကိန္နရာမသည် မင်းသည် အမျက်ထွက်၍ မချွတ်သတ်လတ္တံ့ ယခုအခါ ဆိုခြင်းငှါ သင့်၏ဟု ကြံ၍—

သတံ သဟဿေနာ ဒုဿာသိတာနံ၊
ကုလမ္ပိ နာန္ဆတိ သုဘာသိကာသေ။
ဒုဿာသိတာနံ သင်္ကာမနော ကိလေသော၊
တသ္မာ တုဏ္ဍိ ကိမ္ပုရိသော နု ဗာလျာ။
ဟူသော ဤဂါထာကို ဆိုဖူး၏။

မဟာရာဇ မြတ်စွာဘုရားကြီး။ ဒုဿာသိကာနံ၊ မင်္ဂကောင်းသဖြင့် ဆိုအပ်ကုန်သော စကားတို့ဖူး၏။ သဟဿနံသတံ၊ တာသိနံးသည်း။ သုဘာသိတသည်း၊ ကောင်းစွာဆိုအပ်သော စကားကုန်းဖူး၏။ ကလမ္ပိ၊ တဆဲ့ခြောက်ဗိတ်တွင် တပ်တ်ကိုလည်း။နာဒ္ဓတိ၊မဆိုက်။ကိမ္ပုရိသော၊ ကိန္နရာသည်း။ ဒုဿာသိတံ၊ မကောင်းသဖြင့် ဆိုအပ်သော စကားကို။ သင်္ကာမနော၊ ရုံခါဆိုမိရာဖူး၏ဟု ရွံရှာနိုးဖြဲ့း ကိလေသော ပင်ပန်းဖူး၏။ တသ္မာ၊ ထိုကြောင့်။ တုဏ္ဍိ၊ ဆိတ်ဆိတ်နေဖူး၏။ ဗာလျာ၊ မိုက်သည်ဖူး၏ အဖြစ်ကြောင့်။ တုဏ္ဍိ ဆိတ်ဆိတ်နေသင့်သည်။ နု၊မဟုတ်။

မင်းသည် ကိန္နရိမအား နှစ်သက်၍ ထိုကိန္နဒိမကို လွှတ်ကြဲကုန်။ ဟိမဝန္တာသို့ ဆောင်ကြကုန်၊ ကိန္နရာဗို့ကို နံနှက်ဈာဝေစာဠဲ့ ချက်ကြကုန်ဟုဆိုဖူး၏။ ထိုစကားကို ကြားဖြဲ့း၍ ကိန္နရာဗို့သည် စကားမဆိုသော်လည်း ငါ့ကို ဤမင်းသည် မချွတ်သင့်လတ္တံ့ ယခုဆိုခြင်းငှါ သင့်၏ဟုကြံ၍ မြတ်သောမင်းကြီး....မြတ်ကို စားကုန်သော နွားတို့သည် မိဃံးလျှင် ကိုးကွယ်ရာရှိ၏ ဥည် မည်ကုန်၏။ နွားမှ ဖြစ်သော ထောပတ် အစရှိသော အရသာငါးပါးကို မှီ၍ အသက်မွေးကုန်သော လူတို့သည် နွားလျှင် ကိုးကွယ်ရာရှိသည် မည်ကုန်၏။ ကျွန်ုပ်၏ ကိုးကွယ်ရာကား ရှင်မင်းကြီးလျှင် ဖြစ်၏။ ရှင်မင်းကြီးသည် ကျွန်ုပ်၏ တည်ရာ ဖြစ်၏။ ကျွန်ုပ်မယားဖူး၏ ကိုးကွယ်ရာကား ကျွန်ုပ်လျှင် ဖြစ်ဖူး၏။ ကျွန်ုပ်တို့သည် အသက်ရှင်နေကုန်သော် အချင်းချင်း မစွန့်ကြကုန်။ ထိုကြောင့် သင်မင်းကြီးသည် ကျွန်ုပ်မယားကို ဟိမဝန္တာသို့ ပို့လိုသည်ဖြစ်အုံ၊ ရှေးဦးစွာ ကျွန်ုပ်ကိုသတ်၍ နောက်မှ ပို့ပါလေ့ဟုဆို၏။ မင်းသည် ကိန္နရာဗို့ အားသည်း နှစ်သက်၍ ထိုကိန္နရာ နှစ်ရုံတို့ကို ဆွဲယူခိုင်ဖို့ ဒုနစေ၍ ထိုမှဆိုးကိုလျှင်ခေါ်စေ၍ သွားချေ ယူခဲ့ရာအရပ်ဖို့ သွတ်ချေဟု ဆို၏။ မှဆိုးသည် မင်းဆိုတိုင်းပြု၏။ ဤသို့ ထိုကိန္နရာတို့သည် မုသာဝါဒမှကြောက်သဖြင့် မကောင်းသောစကားကို မဆိုမူ၍ မိမိတို့၏ကောင်းစွာ

ဆိုအပ်သောစကားကိုသာလျှင် အမှီပြု၍ သေခြင်းဆင်းရဲမှ လွတ်ကုန်၏။ ထိုကြောင့် သေခြင်းမှ လွတ်ခြင်းကို တောင့်တသော ပညာရှိ သူတော်ကောင်းသည် မုသာဝါဒကို ပယ်၍ သစ္စာစကားကို ဆိုအပ်၏။

[ကိန္နရာဝတ္ထု]

ဝဏ်သမထေရ်သည် ဤဝတ္ထုကိုလျှင် သိစေသျက် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ သုဘာသိတသုတ်၌ အကျုံးဝင်သော-

သစ္စံ ဝေ အမတာ ဝါစာ၊ ဧသဓမ္မော သနန္တနော။
သစ္စေ အတ္ထေစ ဓမ္မေစ၊ အဟု သန္တော သပ္ပုရိသာ။

ဟူသော ဤဂါထာကို ဆိုဏ်။

သစ္စံ၊ သစ္စာသည်။ ဝေ၊ စင်စစ်။ အမတာ၊ အမြိုက်ဖြစ်သော။ ဝါစာ၊ စကားတည်း။ဧသဓမ္မော ဤသစ္စာတရားသည်။သနန္တနော၊ရှေးသူတော်ကောင်းတို့၏အလေ့အကျက်တည်း။သန္တော၊ငြိမ်သက်ကုန်သော။သပ္ပုရိသာ သူတော်ကောင်းတို့သည်။အတ္ထေစ၊အကျိုးလည်းဖြစ်သော။ဓမ္မေစ၊အကြောင်းလည်း ဖြစ်သော။သစ္စေ၊ သစ္စာ၌။ ပတိဋ္ဌိတာ၊ တည်ကုန်သည်။ အဟု၊ ဖြစ်ကုန်ပြီ။

၇၉--သစ္စာနိသံသကို ပြသော နတ်သွီးဝတ္ထု

ဓမ္မပဒကောဓဝဂ်

သစ္စာကို ဆိုတတ်သောသူ မည်သည်ကား မိမိ၏ အကျိုးကိုလည်းကောင်း သူတပါး၏ အကျိုးကို လည်းကောင်း ဆောင်တတ်၏။ (အဓိမုတ္တကသာမဏေ၊ မဟာသုတသောမ ပညာရှိ အစရှိကုန်သော သူတို့ကဲ့သို့တည်း။ ထိုတွင် အဓိမုတ္တက သာမဏေ၏ ဝတ္ထုကို ပညာရှိကို မှီဝဲသော အရာ၌ ဆိုအပ်ပြီးသလျှင်ကတည်း၊ မဟာသုတသောမ ပညာရှိ၏ ဝတ္ထုကို အသိတိနိပါတ်၌ ကြည့်အပ်၏။) ရှေး၌ တယောက်သော မိန်းမသည်လည်း အလှူကိုလည်း မလှူ၊ ပူဇော်ခြင်းကိုလည်း မပြု တရားကိုလည်း မနာ၊ သက်သက်လျှင် သစ္စာမျှကို စောင့်၍ သေလွန်သော် နတ်ပြည်၌ ဖြစ်ဘူးသတတ်။ ထိုအခါ အရှင်မောဂ္ဂလာန်သည် နတ်ပြည်သို့ ဒေသစာရီ ကြွတော်မူ၍ ထိုနတ်သွီး၏ ဗိမာန်တံခါး၌ ရပ်တော်မူလျက် ကိုယ်တော်၏အထံသို့လာသောထိုနတ်သွီးကို

သင်၏ စည်းစိမ်ကား ကြီးစွ အသို့ပြု၍ ဤစည်းစိမ်ကို သင်ရသနည်းဟု မေးတော်မူ၏။ ထိုနတ်သွီးသည် အနည်းငယ်သော အမှုဖြင့် ရသည်၏ အဖြစ်ကြောင့် ရှက်စနိုး၍ ကြားခြင်းငှါ အလိုမရှိသော်လည်း မထေရ်သည် အဘန် တလဲလဲ မေးအပ်သည်ဖြစ်၍ လျှိဝှက်အံ့သောငှါ မဘတ်နိုင်ရကား သစ္စာမျှကို အကျွန်ုပ် စောင့်ဘူး၏ဟု လျှောက်၏။ ထိုစကားကို ကြား၍ မထေရ်သည် လာလတ်၍ ဇေတဝန် ကျောင်းတော်၌ မြတ်စွာဘုရားကို ရှိခိုး၍ အရှင်ဘုရား သစ္စာကို ဆိုကာမျှဖြင့် နတ်စည်းစိမ်ကိုရခြင်းငှါ တတ်ကောင်းပါ၏လောဟု လျှောက်၏၊ မြတ်စွာဘုရားသည် မောဂ္ဂလာန် အဘယ်ကြောင့် ငါ့ကိုမေးသနည်း၊ သင့်အား နတ်သွီးသည် ဤအကြောင်းကိုပြောဆိုပြီး မဟုတ်တုံလောဟု မိန့်တော်မူ၍ သစ္စာမျှကိုဆို၍လည်း နတ်ပြည်သို့ လားရသလျှင် ကတည်းဟု ဟောတော်မူ၏။ [နတ်သွီးဝတ္ထု]။

ဤသို့ ကောင်းသော စကားကိုဆိုခြင်း အစရှိကုန်သော လေးပါးကုန်သော အစိတ်အင်္ဂါတို့နှင့် ယှဉ်သော စကားသည် သုဘာသိတ ဝါစာမည်၏၊ ထို ကောင်းစွာ ဆိုအပ်သော စကားသည် လောကီ လောကုတ္တရာကို ဆောင်တတ်သောကြောင့် မင်္ဂလာမည်၏။ထိုကြောင့် သုဘာသိတသုတ် အဌကထာ၌ ဤသို့ ဆိုအပ်၏။ ဣမေခေါ ဘိက္ခဝေ စတူဟိ သမန္နာဂတာ ဝါစာ သုဘာသိတာ ဟောတိ ဟူ၍ ဟောတော်မူသော မြတ်စွာဘုရားသည် ပဋိညာဏ် အစရှိကုန်သော အစိတ်တို့နှင့် လည်းကောင်း၊ နာမ် လိင် ဝုစ် ဝိဘတ် ကာလ ကာရကတို့၏ ပြည့်စုံခြင်းတို့နှင့်လည်းကောင်း ယှဉ်သော အကြင်စကားကို တပါးကုန်သော သူတို့သည် သုဘာသိတ စကားဟူ၍ ပညတ်ကုန်၏၊ ထိုစကားကို ဓမ္မအားဖြင့် မြစ်တော်မူ၏။ ထို စကားသည် သင့်၏၊ အစိတ်တို့နှင့် ပြည့်စုံသော်လည်း ကုန်းတိုက်ခြင်းအစရှိသည်ကို့နှင့် ယှဉ်သော စကားသည် မကောင်းသဖြင့် ဆိုအပ်သောစကားဖြစ်၏၊အဘယ်ကြောင့် ဖြစ်သနည်း ဟူမူကား မိမိတို့၏ လည်းကောင်း သူဘပါးတို့၏ လည်းကောင်း အကျိုးမဲ့ကိုဆောင်တတ်သည်၏ အဖြစ်ကြောင့်ဖြစ်သတည်း။ဤလေးပါးကုန်သော အစိတ်အင်္ဂါတို့နှင့် ပြည့်စုံသော စကားသည် အကယ်၍ တောင်သူ ဘာသာ၌ အကျုံးဝင်သော စကားသည် လည်းကောင်း ရေအိုးရွက် ကျွန်မ၏ သီချင်း၌ အကျုံးဝင်သော စကားသည် လည်း

ကောင်း ဖြစ်စေကာမူ ထိုသို့ဖြစ်ငြားသော်လည်း လောကီလောကုတ္တရာ ချမ်းသာကို ရွက်ဆောင် တတ်သောကြောင့်လည်း ကောင်းစွာ ဆိုအပ်သော စကားသာလျှင် ဖြစ်၏။ သိဟိုဠ်ကျွန်းခွံ လမ်း၏ အနီးတွင် ကောက်ကို စောင့်သော သိဟိုဠ် ဘာသာဖြင့်သာလျှင် ဓာတိ ဓရာ မရဏာနှင့် စပ်သော သိုချင်းကိုသော် သော ကျွန်မ၏ သိုချင်းသံကို ကြား၍ ခရီးသွားကုန်စည် အရဟာတ္တဖိုလ်သို့ ရောက်ကုန်သော ရဟန်းတို့သည် ဤအရာ၌ သင်္ဃ ဖြစ်၏။ ထိုမှ တပါး ပဒုမာရေဒ္ဓိဂုဏ်၏ အနီး လမ်းခရီးဖြင့် သွားစဉ် ပဒုမာရေအိုင်၌ ပဒုမာတို့ကို စား၍ ‘ပွင့်သောအားဖြင့် ထင်ရှားသော ပဒုမာသည် နေရောင်ကြောင့် ညှိုးနွမ်းသကဲ့သို့ ထိုအတူ လူ၏အဖြစ်သို့ ရောက်ကုန်သောသတ္တဝါတို့သည် ဓရာအဟုန်ကြောင့် ညှိုးနွမ်းကုန်၏” ဟူသော ဤသိုချင်းကို သိသောကျွန်မ၏ သိုချင်းသံကို ကြား၍ အရဟာတ္တ ဖိုလ်သို့ ရောက်သော အားထုတ်သော ဝိပဿနာရှိသော တိဿမည်သော ရဟန်းသည် လည်းကောင်း ဘုရားတို့၏ အကြား ဖြစ်သော ကာလ၌ ခုနစ်ယောက်ကုန်သော သားတို့နှင့်တကွတောမှလာ၍ဆန်ဖွပ်သော တယောက်သော ဝိန်းမ၏ အိုခြင်းသည် နှိပ်နင်း အပ်သည်ဖြစ်၍ ညှိုးသော အပြင်ရေ အတွင်းရေကို မှီသော ဤ ကိုယ်သည် သေခြင်းကြောင့် ပျက်စီး၏။ ဤကိုယ်သည် သေမင်း၏ စားအပ်သော အစာအာဝိသဖြစ်၏။ ဤကိုယ်သည် ပိုးတို့၏နေရာ အိမ်ဖြစ်၏။ ဤကိုယ်သည် အထူးထူး ကုန်သော အပုပ်တို့ဖြင့် ပြည့်၏။ မစင်ကြယ်သော သဘောရှိ၏။ ဤ ကိုယ်သည် ထင်းတုံးနှင့် တူ၏။ ဤ သိုချင်းသံကို ကြား၍ သားတို့နှင့် တကွ ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်သည်လည်း တကြောင်း။ ဤသို့ သဘော ရှိကုန်သော အကြောင်း တို့ကြောင့် အရိယာ၏ဘုံသို့ ရောက်ကုန်သော တပါးကုန်သော သူတို့သည်လည်း ကောင်း သက်သေဖြစ်၏။အာသယာနုသယဉာဏ်လိမ်မာတော်မူသောဖြတ် စွာဘုရားသည် သဒ္ဓေသဒ္ဓါရာအနီစွာ ဤသို့ အစရှိသောနည်းဖြင့်ဟော တော်မူအပ်ကုန်သော ဂါထာတို့ကိုနာရ၍ ငါးရာကုန်သော ရဟန်းတို့ သည် အရဟာတ္တဖိုလ်သို့ ရောက်ကုန်၏။ သုတ်၌လည်း ခန္ဓာ အာယတန အစရှိသည်နှင့် စပ်ကုန်သော စကားဘို့ကို နာရ၍ များစွာကုန်သော နတ်လူဘို့သည် အရဟာတ္တဖိုလ်သို့ ရောက်ကုန်၏။အကြင် မြတ်စွာဘုရား

တရားတော်ကို နာရ၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည်ဖြစ်၏၊ ထို အရဟတ္တဖိုလ်သို့ရောက်ခြင်းသည် အံ့ဘွယ်မရှိ။ ကျွန်မအစရှိသည်တို့သည် ဆိုအပ်သော သိချင်းသံကဲ့ကြား၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည်အံ့ဘွယ်ရှိ၏။ ထိုအရဟတ္တဖိုလ်သို့ရောက်ခြင်းသည် ထိုသို့ သဘောရှိသော သိချင်းသည်လည်း ကောင်းစွာဆိုအပ်သောစကား၏ အဖြစ်ကို သိစေ၏။ (အဓိပ္ပါယ်နှင့် တကွသော သုဘာသိတသုတ် အဋ္ဌကထာ)။ ဤ၌ အကြင်ကြောင့် အောက်၌ ဆိုအပ်ပြီးသောနည်းဖြင့် အသံသည် သာလျှင် စကားမည်၏။ စေတနာဝိရတိ တို့သည် စကားမမည်။ ထိုကြောင့် ဤစကားသည် ဝိနယော ဟူသော ပါဠိ၌ အကျုံးမဝင်။ ထို စကားသည် မှန်၏။ အာဂါရိယ ဝိနည်း၌ မုသာဝါဒါဝေရမဏိ အစရှိကုန်သော စေတနာတို့သည် လည်းကောင်း ဝိရတိတို့သည် လည်းကောင်း ဖြစ်ကုန်၏။ သဒ္ဒါသည်ကား မဖြစ်။ ဤအနက်ကို အဋ္ဌသာလိနီ၌ လည်း ဆိုအပ်၏။ ထိုကြောင့် သုဘာသိတဝါစာကို အသိုးမင်္ဂလာ အဖြစ်ဖြင့် ဟောတော်မူအပ်၏။ အဋ္ဌကထာ၌ကား-

> ယသ္မာစ အယံ ဝိနယပရိယာပန္နာဝ၊ တသ္မာ ဝိနယဂဟဏေန ဧတေ အသင်္ကိတ္တိတ္ထာ ဝိနယော သင်္ဂဟိတဗ္ဗော။

ဟူ၍ ဆိုအပ်၏။

ထိုဝါကျ၌ ဝိနယပရိယာပန္နာ ဟူသော စကား၌ အကြောင်းကို ရှာအပ်၏။ ဧတေသင်္ကိတ္တိတ္ထာဟူသောပါဌ်ဖြင့် ကောင်းစွာ ဆိုအပ်သော စကား၏ အသိုးမင်္ဂလာ၏အဖြစ်ဖြင့် ဟောအပ်သည်၏ အဖြစ်ကို ပြု၏။ ဝိနယောသင်္ဂဟိတဗ္ဗော ဟူသောပါဌ်ဖြင့် အကြင် ဆိုအပ်ပြီးသော နှစ်ပါး အပြားရှိသော ဝိနည်းကိုသာလျှင် ဝိနယဒေသနာဖြင့် ယူအပ်၏၊ သုဘာသိတ ဝါစာကို မယူအပ်ဟူသော အနက်ကိုလည်းကောင်း၊ သုဘာသိတဝါစာ၏ ဝိနည်း၌ အကျုံးမဝင်သည်၏ အဖြစ်ကိုလည်း ကောင်း ပြု၏ဟူ၍ မှတ်အပ်၏။ ။[ပထမနယကထာတည်း]။

တနည်းကား-သူတပါးတို့အားတရားဟောဆောသောစကားကို ဤအရာ၌ ကောင်းစွာ ဆိုအပ်သောစကားဟူ၍ သိအပ်၏။ ထိုစကားသည် မှန်၏။ တင့်အပ်သော အရပ်၌ နေခြင်းကဲ့သို့ ထိုအတူ သတ္တဝါတို့၏ သံသရာပစ္ဆုပ္ပန်နှစ်တန်ဆောသော လောက၌ စိုးပို်းချမ်းသာကိုရခြင်း၏ အကြောင်း

ဖြစ်သောကြောင့် တရား ဟောသောစကားကို မင်္ဂလာဟူ၍ ဆိုအပ်၏။ ဘေးမရှိသည်၏ အဖြစ်ဖြင့် ခပ်သိမ်းကုန်သော စကားဝိုထက် မြတ်သည်၏အဖြစ်ကြောင့်ဘုရားစကားတော်ကို သုဘာသိဘဟူ၍ဆိုအပ်၏။ ဝဂီသမထေရ်သည်လည်း ဤအနက်ကိုလျှင် သိစေလျက် မြတ်စွာဘုရား၏မျက်မှောက်တော်၌ သုဘာသိတသုတ်၌ အကျုံးဝင်းသော-

ယံ ဗုဒ္ဓေါ ဘာသတိ ဝါစံ၊ ခေမံ နိဗ္ဗာနပတ္တိယာ။
ဒုက္ခသဿ ကိရိယာယ၊ သာ ဝေ ဝါစာန မုတ္တမာ။

ဟူသော ဤဂါထာကို ဆို၏။

ဗုဒ္ဓေါ၊ ဘုရားသည်။ခေမံ၊ဘေးမရှိသော။ယံဝါစံ၊အကြင်စကားကို။ ဘာသတိ၊ဆို၏။ကသ္မာ၊အဘယ်ကြောင့်။ဗုဒ္ဓဝါစာ၊ ဘုရားစကားတော်သည်။ခေမာ၊ ဘေးမရှိသနည်း။ ယသ္မာ၊ အကြင်ကြောင့်။ ယာ၊ အကြင် ဘုရားစကားတော်သည်။နိဗ္ဗာနပတ္တိ၊ကိလေသာ၏ ငြိမ်းခြင်းသို့ ရောက်စေတတ်သည်။ဟောတိ၊၏။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှါလည်း။သံဝတ္တတိ၊ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ခေမံ၊ ဘေးမရှိသည်။ ဟောတိ၊၏။ သာ၊ ထိုဘုရားစကားတော်သည်။ ဝေ၊ စင်စစ်။ဝါစာနံ၊စကားတကာတို့ထက်။ဥတ္တမာ၊ မြတ်၏။ (တနည်းကား) ဗုဒ္ဓေါ၊ဘုရားသည်။နိဗ္ဗာနပတ္တိယာ၊ကိလေသာ၏ငြိမ်းခြင်းသို့ ရောက်စေခြင်းငှါလည်းကောင်း။ ဒုက္ခဿ၊ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကို ပြုံစေခြင်းငှါလည်းကောင်း။ ခေမံ၊ နိဗ္ဗာနလမ်းကို ပြတတ်သော၊ ယံဝါစံ၊ အကြင်စကားကို။ ဘာသတိ၊ ဆို၏။ သာဝါစာ၊ ထိုစကားသည်။ဝေ၊စင်စစ်။ဝါစာနံ၊စကားတကာတို့ထက်။ဥတ္တမာ၊မြတ်၏။ ။ ဓမ္မစက္ကာ တရားတော်ကို နာရ၍ အညာတကောဏ္ဍညမထေရ်နှင့်တကွ တဆဲ့ရှစ်ကုဋေ ကုန်သော ဗြဟ္မာတို့သည်အမြိုက်အပျော်ကို သောက်ရကုန်၏။ ဝါဆိုလပြည့်ကျော် ၅-ရက်နေ့၌ အနတ္တ လက္ခဏာ သုတ်ကို နာရ၍ ပဉ္စဝဂ္ဂိ မထေရ်တို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ယသ အမျိုးသား အစရှိကုန်သော ငါးကျိပ် ငါးယောက်ကုန်သော သူတို့သည် မြတ်စွာ ဘုရားစကားတော်ကို နာရကုန်၍ အရဟတ္တ ဖိုလ်၌ တည်ကုန်၏။ ကပ္ပါသိက တောအုပ်၌ သုံးကျိပ်ကုန်သော ဘဒ္ဒဝဂ္ဂိတို့သည် ဒေါက်ဖိုလ် သုံးပါး၌ တည်ကုန်၏။ ဂယာသီသ၌ အာဒိတ္တ

ပရိယာယသုတ်ကို နာရ၍ ရသေ့တထောင်သည် အရဟတ္တ ဖိုလ်၌ တည်၏။ ထန်းတောဥယျာဉ်၌ ဗိမ္ဗိသာရမင်း အမှူးရှိကုန်သော တသိန်း တသောင်းကုန်သော ပုဏ္ဏားမျိုး သူကြွယ်မျိုး တို့သည် သောတာပတ္တိ ဖိုလ်၌ တည်ကုန်၏။ တသောင်းသည်ကား သရဏဂုံ တည်ကုန်၏။ တိရောကုဋ္ဌ ဒေသနာတော်၏ အဆုံး၌ ရှစ်သောင်း လေးထောင် ကုန်သော သတ္တဝါ တို့သည် အမြိုက်အဖျော်ကို သောက်ရကုန်၏။ ထိုအတူ သုမနပန်းသည်၏ အစည်း အဝေး၌ ရှစ်သောင်း လေးထောင် ကုန်သော သတ္တဝါတို့သည် အမြိုက်အဖျော်ကို သောက်ရကုန်၏။ ခေ ပါလဆင်၏ အစည်းအဝေး၌ တသောင်းကုန်သော သတ္တဝါတို့သည် အမြိုက်အဖျော်ကို သောက်ရကုန်၏။ ခဒိရင်ါရ ဇာတ်ကို ဟောတော် မူသော အစည်းအဝေး၌လည်းကောင်း ဇမ္ဗုကမည်သော အာဇီဝက၏ အစည်းအဝေး၌လည်းကောင်း အာနန္ဒာ၏ အစည်းအဝေး၌ လည်း ကောင်း ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါ တို့သည် အမြိုက် အဖျော်ကို သောက်ရကုန်၏။ပါရာယနသုတ်ကို ဟောတော်မူသောနေ့၌ တဆဲ့ လေးကုဋ္ဌေကုန်သော သတ္တဝါ တို့သည် အမြိုက် အဖျော်ကို သောက်ရကုန်၏။ ယမိုက်ပြာဋိဟာ ပြတော် မူသောနေ့၌ ကုဋ္ဌေ ရှစ်ဆယ်ကုန်သော သတ္တဝါတို့သည် အမြိုက်အဖျော်ကို သောက်ရ ကုန်၏။ တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာကို ဟောတော် မူသော အခါ ကုဋေရှစ်ဆယ်ကုန်သော သတ္တဝါတို့သည် အမြိုက်အဖျော်ကို သောက်ရကုန်၏။ တာဝတိံသာ နတ်ပြည်မှ သက်တော် မူသော အခါ၌ သုံးကုဋ္ဌေကုန်သော သတ္တဝါတို့သည် အမြိုက်အ ဖျော်ကို သောက်ရကုန်၏။ သက္ကပဉ္ဍာသုတ်၌ ရှစ်သောင်း ကုန်သော နတ်တို့ သည် အမြိုက် အဖျော်ကို သောက်ရ ကုန်၏။ မဟာသမယသုတ်၊ မင်္ဂလသုတ်၊ စူဋ္ဌရာဟု လောဝါဒ သုတ်၊ သမစိတ္တ ပဋိပဒါ၊ ဤ လေး ငွာနတို့၌ သစ္စာ တရား ကို သိခြင်းသို့ ရောက်ကုန်သော သတ္တဝါ တို့၏ အပိုင်းအခြားသည် မရှိ။ ။(ဧက္ကနိပါတ် အဂိုတ္တိုရ် အဌကထာ နည်း)။ ။အညာတကောဏ္ဍည မထေရ်သည် ဗြဟ္မာ တဆဲ့ရှစ် ကုဋ္ဌေ တို့နှင့် တကွ သောတာပတ္တိ ဖိုလ်၌ တည်၏။ ။(သံယုတ် မဟာ ဝင်ဓမ္မစကြာသုတ်အဌကထာ)။ ။ကုဋ္ဌေတသိန်းကုန်သောနတ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ မင်သုံးပါးတို့သို့ ရောက်ကုန်သော

နတ်တို့သည် ရေတွက်ခြင်း၏ လမ်းကို လွန်ကုန်၏။ (မဟာသမယသုတ် အဋ္ဌကထာ။ မင်္ဂလသုတ် အဋ္ဌကထာလည်း ထိုအတူတည်း)။ ။အချို့ကုန်သော နတ်တို့သည် သကဒါဂါမ် ဖြစ်ကုန်၏။ အချို့ကုန်သော နတ်တို့သည် အနာဂါမ် ဖြစ်ကုန်၏။ အချို့ကုန်သော နတ်တို့သည် ရဟန္တာ ဖြစ်ကုန်၏။ ဤမျှရှိကုန်၏ဟူ၍ ထိုနတ်တို့၏ အရေအတွက် အဆိုင်းအခြား သည်မရှိ။ ။(ဥပရိပဏ္ဏာသ စူဠဋ္ဌရဟုလော ဝါဒသုတ် အဋ္ဌကထာ)။ ဒေသနာတော်၏ အဆုံး၌ အဂ္ဂရာဟုလာ မထေရ်သည် ကုဋေတသိန်း ကုန်သော နတ်တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏။ သောတာပန် သကဒါဂါမ်ဖြစ်ကုန်သော နတ်တို့၏ အရေအတွက်သည်မရှိ။ ။(ဇက္ကနိပါတ် အင်္ဂုတ္တိုရ် ရာဟုလာသုတ် အဋ္ဌကထာ)။ ။ဒေသနာတော်၏ အဆုံး၌ ကုဋေတသိန်းကုန်သောနတ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ သောတာပန် အစရှိသည်တို့၏ အဆိုင်းအခြားသည်လျှင် မရှိ။ ဤအစည်းအဝေး၌ကဲ့သို့ ထိုအတူ မဟာသမယသုတ်၊ မင်္ဂလသုတ်၊ စူဠဋ္ဌရာဟုလောဝါဒသုတ်၌လည်း ကုဋေတသိန်းကုန်သောနတ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ သောတာပန်အစရှိကုန်သော နတ်လူတို့၏ အဆိုင်း အခြားသည်ကား မရှိ။ (ဒုကနိပါတ် အင်္ဂုတ္တိုရ် သမစိတ္တသုတ် အဋ္ဌကထာ)။ ဒေသနာတော်၏ အဆုံး၌ ပျက်စီးခြင်း၏ အကြောင်း တို့ကိုနာရ၍ဖြစ်သော သံဝေဂအားလျော်စွာအသင့်အားဖြင့် အားထုတ်ကုန်၍ သောတာပတ္တိ သကဒါဂါမိ အနာဂါမိ ဖိုလ်တို့သို့ ရောက်ကုန်သော နတ်တို့သည် အရေအတွက်ကိုလွန်ကုန်၏။ ဤစကား၏သက်သေကို အဘယ်သို့ ဆိုသနည်း ဟူမူကား မဟာသမယသုတ် တို့မှ တပါး မင်္ဂလသုတ်၊ သမစိတ္တသုတ်၊ ရာဟုလောဝါဒသုတ်၊ ဓမ္မစက္ကသုတ်၊ ပရာဘဝသုတ် တို့ကို ဟောတော်မူသောအခါ၌ အဆိုင်းအခြားသည် မရှိသော နတ်တို့၏ အစည်းအဝေးသည်ဖြစ်၏။ ဤအစည်းအဝေး၌ အရေအတွက်အားဖြင့် မရေတွက်နိုင်သော များစွာသော သစ္စာတရားကို သိခြင်းသည်ဖြစ်၏။ ဤသို့ဆို၏။ (သတ္တနိပါတ်ပထမဝဂ် ပရာဘဝသုတ် အဋ္ဌကထာ)။ ။ဤသို့ကျမ်းဂန်လာသောကြောင့် အကြင်အကြင်ဆိုအပ်ပြီးသော ဓမ္မစကြာသုတ် အစရှိသော ဘုရားစကားတော်ကို အဆုံးသဖြင့် ကောင်းစွာ ဆိုအပ်ပြီးသောစကား ဟူ၍ မှတ်အပ်၏။ ။ဒုတိယနည်း သုဘာသိတဝါစာကထာပြီး၏။

ဤဗာဟုဿစ္စဥ္စအစရှိသော ဂါထာဖြင့် များသော အကြားအမြင် ရှိသည်၏ အဖြစ် လက်မှုအတတ် ကောင်းစွာကျင့်အပ်သော ကိုယ် နှုတ် နှလုံးကို ဆုံးမခြင်း ကောင်းစွာ ဆိုအပ်သော စကားဟူသော ဤမင်္ဂလာ လေးပါးတို့၏ အပေါင်းကို ဟောတော်မူ၏။

မာတာပိတု ဥပဋ္ဌာန မင်္ဂလာ

၈၀-မာတာပိတု ဟူသောပုဒ်၏ အဓိပ္ပါယ်ကို အကျယ်ပြခြင်း

မာတာပိတု ဟူသော စတုတ္ထဂါထာ၌ အမိမည်သည်ကား ဖြစ်စေသော အမိရင်းတည်း။ အဘမည်သည်ကား ဖြစ်စေသော အဘရင်းတည်း။ ထိုအမိအဘနှစ်ယောက်ကို့တွင် အမိသည်သာလျှင် ပြုနိုင်ခဲသော အမှုကို ပြုလေ့ရှိ၏။ ထိုကြောင့် အလုံးရုံကုန်သော ဇမ္ဗူဒိပ်မင်းတို့အား အမိ၏ပြုနိုင်ခဲသောအမှုကို ပြုတတ်သည်၏ အဖြစ်ကိုပြသော သောဏပညာရှိရသေ့ဖြစ်၍ ဖြစ်ဘူးသောမြတ်စွာဘုရားသည် သတ္တတိနိပါတ် နန္ဒဇာတ်၌—

အာကခ်မာနာ ပုတ္တဖလံ၊ ဒေဝတာယ နမဿတိ။
နက္ခတ္တာနိစ ပုစ္ဆတိ၊ ဥတုသံဝစ္ဆရာနိစ။
တဿာ ဥတုသ္မိ နှာတာယ၊ ဟောတိ ဂဗ္ဘဿ ဝက္ကမော။
တေန ဒေါဟဋ္ဌိနီ ဟောတိ၊ သုဟဒါ တေန ဝုစ္စတိ။
သံဝစ္ဆရံဝါ ဦနံဝါ၊ ပရိဟရိတွာ ဝိဇာယတိ။
တေန သာ ဇနယန္တီတိ၊ ဇနေတ္တိ တေန ဝုစ္စတိ။
ထနက္ခီရေန ဂိတေန၊ အင်္ဂပါဝုရဏေနစ။
ရောဒန္တံ ပုတ္တံ တောသေတိ၊ တောသေန္တီ တေန ဝုစ္စတိ။
တတော ဝါတာတပေ ဃောရေ၊ မမံကတွာ ဥဒိက္ခတိ။
ဒါရကံ အပ္ပဇာနန္တံ၊ ပေါသေန္တီ တေန ဝုစ္စတိ။
ယဉ္စမာတုဓနံ ဟောတိ၊ ယဉ္စ ဟောတိ ပိတုဓနံ။
ဥဘယမ္ပေ တဿ ဂေါပေတိ၊ အပိ ပုတ္တဿ မေ သိယာ။

ဇေံ ပုတ္တ အဒုံ ပုတ္တ၊ ဣတိ မာတာ ဝိဟညတ်။
ပမတ္တံ ပရဒါရေသု၊ နိသိထေ ပတ္တယောဗ္ဗနံ။
သာယံ ပုတ္တံ အနာယန္တံ၊ ဣတိ မာတာ ဝိဟညတိ။

ဟူကုန်သော ၏ဂါထာတို့ကို ဟောအပ်ကုန်၏။

ပုတ္တဖလံ၊ သားဟူသော အကျိုးကို။ အာကခ်မာနာ အလိုရှိသော အမိသည်။ ဒေဝတာယ၊ နတ်အား။ နမဿတိ၊ သားရပါစေသတည်းဟု ရှိခိုး၏။ နက္ခတ္တာနိစ၊ အသက်ရှည်ခြင်း အသက်တိုခြင်းကို မှတ်ကြောင်းဖြစ်ကုန်သော နက္ခတ်တို့ကို လည်းကောင်း။ ဥတုသံဝန္ဆရာနိစ၊ အသက်ရှည်ခြင်း အသက်တိုခြင်းကို မှတ်ကြောင်းဖြစ်ကုန်သော ဥတုနှစ်ပါးတို့ကိုလည်းကောင်း။ ပုန္ဆတိ၊ မေး၏။ တဿာ၊ ထိုအမိအား။ ဥတုသ္မိံ၊ ဥတုဖြစ်သည်ရှိသော်။ နှာတာယ၊ သန့်သက်သဖြင့်။ ဝဗ္ဘဿ၊ သားဝယ်၏။ အဝက္ကမော၊ အမိဝမ်းသို့သက်ခြင်းသည်။ ဟောတိ၊ ၏။ တေန၊ ထိုဝမ်းသို့သက်သော သားဝယ်ဖြင့်။ သာ၊ ထိုအမိသည်။ ဒေါဟဠိနီ၊ ချင်ခြင်းရှိသည်။ ဟောတိ၊ ၏။ တေန၊ ထိုကြောင့်။ သာ၊ ထိုအမိကို။ သုဟဒါ၊ ကောင်းသော နှလုံးရှိ၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သံဝန္ဆရံဝါ၊ တနှစ်ပတ်လုံးလည်းကောင်း။ ဦနံဝါ၊ တနှစ်အောက် ယုတ်သော ကာလပတ်လုံးလည်းကောင်း။ ပရိဟရိတွာ၊ ဝမ်းဖြင့်လွယ်၍။ ဝိဇာယတိ၊ ဘွားတတ်၏။ တေန၊ ထိုကြောင့်။ သာ၊ ထိုအမိကို။ ဇနယန္တီတိ၊ သားကိုဖြစ်စေတတ်၏ ဟူ၍လည်းကောင်း။ ဇနေတ္တိ၊ မွေးဘွားတတ်၏ ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ရောဒန္တံ၊ ဝိသော။ ပုတ္တံ၊ သားကို။ ထနက္ခီရေန၊ နို့ရည် ဟူသော။ ဂိတေန၊ သီချင်းဖြင့်လည်းကောင်း။ အင်္ဂပါဝုရဏေနစ၊ နို့နှစ်ဘက်တို့၏အကြား ကိုယ်ဟူသော စုလျားဖြင့်လည်းကောင်း။ တောသေတိ၊ နှစ်သိမ့်စေတတ်၏။ တေန၊ ထိုကြောင့်။ တောသေန္တီ၊ သားကို နှစ်သိမ့်စေတတ်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ တတော၊ ထိုနောင်မှ။ ဂါတာတပေ၊ လေနေပူသည်။ ဃောရေ ပြင်းထန်လတ်သော်။ အပ္ပဇာနန္တံ၊ မလိမ်မာသေးသော။ ဒါရကံ၊ သူငယ်ကို။ မမံကတွာ၊ စုံမက်သော အခြင်းအရာကိုပြု၍။ ဥဒိက္ခတိ ကြည့်တတ်၏။ တေန၊ ထိုကြောင့်။ ပေါသေန္တီ၊ ကြီးပွါးစေတတ်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ယဉ္စမာတုဓနံ၊ အကြင် အမိ ဥစ္စာသည်လည်းကောင်း။ ယဉ္စပိတုဓနံ၊ အကြင်အဘဥစ္စာသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဥဘ

ယမ္ပိ၊ နှစ်ပါးသော ထိုဥစ္စာကိုလည်း။ မေပုတ္တသာ၊ ငါ့သားတို့။ အပိ သိယာ၊ ဖြစ်တန်ရာ၏ဟု။ ဧတသ၊ ထိုသာ၏။ အတ္ထာယ၊ အကျိုးငှါ။ ဂေါပေတိ၊ လုံစေ၏။ ပုတ္တ၊သား။ ရာဇကုလာဒီသု၊မင်းမျိုးအစရှိသည်တို့၌။ ဧဝံ၊ ဤသို့မမေ့မလျော့။ ဟောဟိ၊ ဖြစ်လော့။ ပုတ္တ၊ သား။ အဒုံ၊ ဤအမှုကို။ ကရောဟိ၊ ပြုလော့။ ဣတိ၊ ဤသို့ သွန်သင်ဆုံးမ၍။ မာတာ၊ အမိသည်။ ဝိဟညတိ၊ ပင်ပန်း၏။ပတ္တယောဗ္ဗနံ အရွယ်သို့ရောက်သော။ ပုတ္တံ၊ ကို။ နိသိထေ၊ ညဉ့်နက်သန်းခေါင်ယံ၌။ ပရဒါရေသု၊ သူ့မယား တို့၌။ ပမတ္တံ၊ မေ့လျော့ခြင်းကြောင့်။ သာယံ၊ ညဉ့်ဦးယံ၌။ အနာယန္တံ၊ မလာသည်ကို။ ဥတ္ဝာ၊ သိ၍။ ဣတိ၊ ဤသို့ မျက်ရည် ပြည့်ကုန်သော မျက်စတို့ဖြင့် မျှော်လျက်။ မာတာ၊အမိသည်။ ဝိဟညတိ၊ပင်ပန်း၏။

ထိုမိဘနှစ်ယောက်တို့ကိုလည်း ဗြဟ္မာဟူ၍လည်းကောင်း လက်ဦးနတ်ဟူ၍လည်းကောင်း လက်ဦးဆရာဟူ၍ လည်းကောင်း အဝေးမှ ဆောင်၍ လှူအပ်သော အလှူဝတ္ထုကို ခံထိုက်၏ ဟူ၍ လည်းကောင်း ဆိုအပ်ကုန်၏။ ထိုစကားကို ချဲဦးအံ့။ မဟာဗြဟ္မာတို့သည် မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဟူကုန်သော လေးပါးကုန်သော ဘာဝနာ တို့ကို မစွန့်ကုန်သကဲ့သို့ ထိုအတူ မိဘတို့သည် သားတို့၌ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဟူကုန်သော လေးပါးကုန်သော ဘာဝနာ တို့ကို မစွန့်ကုန်၊ထိုစကားသည်မှန်၏။သားသည် ဝမ်း၌ သန္ဓေနေသည် ရှိသော် ချစ်သား ... အဘယ်နံရောအခါ၌လျှင် သင့်ကို ရောဂါကင်း သည်ကို မြင်ရကုန်အံ့နည်းဟု မိဘတို့အား မေတ္တာစိတ်သည် ဖြစ်၏။ အကြင်အခါ၌ နုသော ပက်လက်အိပ်တတ်ခါမျှဖြစ်သော ထိုသားငယ် သည် သန်း အစရှိသည်တို့သည် ကိုက်၍လည်းကောင်း ဆင်းရဲသော အိပ်ခြင်းသည် နှိပ်စက်၍လည်းကောင်း ငိ၏ ထိုအခါ၌ ထိုသားငယ်၏ အသံကိုကြား၍ ထိုမိဘတို့အား ကရုဏာသည် ဖြစ်၏။ ရှေ့ရှုပြေး၍ ထက်ဝန်းကျင် ပြေး၍ ကစားနိုင်သော ကာလ၌ရင်း တတ်စွမ်းနိုင် ဘွယ်သော အရွယ်၌တည်သော ကာလ၌ရင်း သားကိုကြည့်၍ မိဘတို့ စိတ်သည် ဝမ်းမြောက်သည်, ရှေ့ရှုဝမ်းမြောက်သည် အပြားအားဖြင့် ဝမ်းမြောက်သည် ဖြစ်၏။ ထိုအခါ မိဘတို့အား မုဒိတာကို ရအပ်၏။ အကြင်အခါ၌ကား ဤသားသည် မယားမွေးခြင်းကိုပြု၍ အိမ်သီးနေ၏။ ထိုအခါ ထိုမိဘတို့အား ယခု ငါတို့သားသည် မိမိအလျောက်မျှနိုင်ပြီဟု

လျစ်လျူရှုခြင်းသည် ဖြစ်၏။ ထိုအခါ ထိုဒါဘတို့အား ဥပေက္ခာကို ရအပ်၏။ ဤသို့ ဒါဘတို့အား သားတို့၌ ကာလအားလျော်စွာ လေးပါးသော ဗြဟ္မဝိဟာရကိုလည်း ရသည်၏ အဖြစ်ဖြင့် ဗြဟ္မာနှင့် တူသော ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့် ဒါဘတို့ကို ဗြဟ္မာဟူ၍ ဆိုအပ်ကုန်၏။ ရဟန္တာပဟူ ဆိုအပ်ကုန်သော ဝိသုဒ္ဓိနတ်တို့သည် သူဌိက်တို့သည် ပြုံအပ်သော အပြစ်ကို မရေတွက်မူ၍ စင်စစ်သဖြင့်လျှင် ထိုသူဌိက်တို့၏အကျိုးမဲ့ကိုပယ်ခြင်း ကောင်းကျိုး၏ဖြစ်ခြင်းကို အလိုရှိကုန်လျက် စိုးပွါးချမ်းသာကို ကျင့်ကုန်သကဲ့သို့ အလှူကိုခံထိုက်သည်၏အဖြစ်ဖြင့်လည်း ထိုသူဌိက်တို့၏ ပြုအပ်သော ကုသိုလ်၏ များသော အကျိုးအာနိသင်ရှိသည်၏ အဖြစ်ကို ဆောင်ကုန်သကဲ့သို့ ထိုအဘူ ဒါဘတို့သည်လည်း သားတို့၏ အဖြစ်ကို မရေတွက်မူ၍ စင်စစ်သဖြင့်လျှင် သားတို့၏ စိုးပွါးချမ်းသာခြင်းငှါ ကျင့်ကုန်လျက် အလှူကို ခံထိုက်ကုန်သည်ဖြစ်၍ သားတို့၏ ဒါဒါတို့၌ ပြုအပ်ကုန်သော ကောင်းမှုတို့၏ များသော အကျိုးအာနိသင် ရှိသည်၏ အဖြစ်ကို ဆောင်တတ်ကုန်၏။ ထိုကြောင့် ထိုဒါဘတို့သည် ဝိသုဒ္ဓိနတ်နှင့် တူသည်၏ အဖြစ်ကြောင့် နတ်မည်ကုန်၏။တနည်းကား အကြင်ကြောင့် သားတို့သည် ဒါဘတို့၏ အစွမ်းအားဖြင့် ရှေးဦးစွာ တပါးကုန်သော နတ်တို့ကို သိကုန်၍ ကျင့်ကုန်သည် ရှိသော် အကျင့်၏ အကျိုးကို ရကုန်၏။ ထိုကြောင့် တပါးကုန်သော သမ္မုတိနတ် ဥပပတ္တိနတ် ဝိသုဒ္ဓိနတ်တို့သည် ပန္ဆာဒေဝနောက်နတ်မည်ကုန်၏။ ဒါဘတို့ကိုကား တပါးကုန်သော နတ်တို့ထက် ရှေးဦးစွာ သားတို့အား ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့် ပဗ္ဗဒေဝလက်ဦးနတ်ဟူ၍ ဆိုအပ်ကုန်၏။ အကြင်ကြောင့်ကား ထိုဒါဘတို့သည် ဘွားသောကာလမှစ၍ ဤသို့ ထိုင်လော့ဟူ၍ လည်းကောင်း ဤသို့ရပ်လော့ဟူ၍လည်းကောင်း ဤအမှုကို သင်ပြုအပ်၏ ဤစကားကို သင်ဆိုအပ်၏ ဟူ၍ လည်းကောင်း ဤသို့ အစရှိသည်တို့ကို မှတ်စေကုန်၏၊ သင်ပေကုန်၏။ ထိုမှ နောက်အဘို့၌ တပါးကုန်သော ဆရာတို့သည် ဆင်အာဘတ် အစရှိသည်တို့ကို သင်ကုန်၏။ တပါးကုန်သော ဆရာတို့သည် သရဏာဂုံသိလတို့ကို ပေးကုန်၏။ တပါးကုန်သော ဆရာတို့သည် သာမဏေပြုကုန်၏။ တပါးကုန်သော ဆရာတို့သည် ဘုရားစကားကို သင်ကုန်၏။ တပါးကုန်သော ဆရာတို့သည် ပဉ္စင်း

ခံကုန်၏။ တပါးကုန်သော ဆရာတို့သည် မင်ဖိုလ်သို့ရောက်စေကုန်၏။ ဤသို့ ခစ်သိမ်းကုန်သော ဆရာတို့သည်လည်း ပစ္ဆာစရိယ နောက် ဆရာမည်ကုန်၏။ မိဘတို့ကိုကား ခပ်သိမ်းကုန်သော ဆရာတို့၏ ရှေးဦးစွာသော ဆရာဖြစ်သောကြောင့် ပုဗ္ဗာစရိယ လက်ဦးဆရာ ဟူ၍ ဆိုအပ်ကုန်၏။ အကြင်ကြောင့်ကား ထိုမိဘတို့သည် သားတို့၏ အဝေးမှဆောင်၍ ပူဇော်အပ် စိရင်အပ်သော ထမင်းအဖျော် အစ ရှိသည်တို့ကို ခံထိုက်ကုန်၏။ ထိုထမင်းအဖျော် အစရှိသည်ကိုခံခြင်းငှါ လျောက်ပတ်ကုန်၏။ ထိုကြောင့် ထိုမိဘတို့ကို အာဟုနေယျ အဝေးမှ ဆောင်၍ လှူအပ်သော အလှူဝတ္ထုကို ခံထိုက်ကုန်၏ဟု ဆိုအပ်ကုန်၏။ ထိုကြောင့် တိကစတုက္ကအဂိုတ္တိုရ် ပါဠိတော်၌–

ဗြဟ္မာတိ ဘိက္ခဝေ မာတာပိတူနမေတံ အဓိဝစနံ၊ ပုဗ္ဗဒေဝါတိ ။ပ။ပုဗ္ဗာစရိယာတိ။ပ။အာဟုနေယျာတိ။ပ။အဓိဝစနံ။တံ ကိဿ ဟေတု ဗဟုပကာရာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ အာပါ ဒကာ ပေါသကာ ဣမဿ လောကဿ ဒဿေတာရော။

ဟူ၍လည်းကောင်း။

ဗြဟ္မာတိ မာတာပိတရော၊ ပုဗ္ဗာစရိယာတိ ဝုစ္စရေ။
အာဟုနေယျာစ ပုတ္တာနံ၊ ပဇာယ အနုကမ္ပကာ။

ဟူ၍လည်းကောင်း ဟောတော်မူ၏။

ဘိက္ခဝေ၊တို့။ဗြဟ္မာတိဇော်၊ ဗြဟ္မာဟူသော ဤအမည်သည်။မာတာ ပိတူနံ။မိဘတို့၏။ အဓိဝစနံ၊ အမည်တည်း။ ပုဗ္ဗဒေဝါတိဇော်၊ လက်ဦး နတ်ဟူသော ဤအမည်သည်။မာတာပိတူနံ၊မိဘတို့၏။ အဓိဝစနံ၊အမည် တည်း။ ပုဗ္ဗာစရိယာတိဇော်၊လက်ဦးဆရာဟူသော ဤအမည်သည်။ မာ တာပိတူနံ၊ မိဘတို့၏။ အဓိဝစနံ၊ အမည်တည်း။ အာဟုနေယျာတိဇော်၊ အဝေးမှလည်းဆောင်၍ လှူအပ်သောအလှူဝတ္ထုကို ခံထိုက်သော သူဟူ သော ဤအမည်သည်။မာတာပိတူနံ၊မိဘတို့၏။အဓိဝစနံ၊ အမည်တည်း။ တံသံဝတ္တနံ၊ ထိုဗြဟ္မာအစရှိသောအမည်၏ ဖြစ်ခြင်းသည်။ ကိဿဟေ တု၊အဘယ်အကြောင်းကြောင့်။ ဟောတိ၊ဖြစ်သနည်းဟူမူကား။ ဘိက္ခ ဝေ၊တို့။မာတာပိတရော၊ အမိအဘတို့သည်။ပုတ္တာနံ၊အား။ဗဟုပကာရာ၊ များစွာ ကျေးဇူးရှိကုန်၏။ အာပါဒကာ၊ အသက်ကိုစောင့်တံတ်ကုန်၏။

ဣစ္ဆာသယ ၁၅၅–၃၃

ပေါ်သကာ၊ ရင်သွေး နှီရည်ကို တိုက်၍ ကြိုးပွါး စေတတ်ကုန်၏။ ဣ
မဿလောကဿ၊ ဤလောကကို။ ဒဿေတာရော၊ ပြုတင်း ကုန်၏။
တသ္မာ၊ထိုကြောင့်။တံသံဝဏ္ဏနံ၊ထိုပြုပဋ္ဌာနာစရိုသောအမည်၏ ဖြစ်ခြင်း
သည်။ဟောတိ၊၏။ ။မိဘတို့သည် လောကကိုပြုတတ်ကုန်၏ဟူသည်
ကား အကယ်၍ မိဘတို့သည် ဘွားသောနှင့် သားတို့ကို ခြေနှစ်ဘက်
တို့၌ကိုင်၍ တောအုပ်၌ လည်းကောင်း ချောက် ကမ်းပါး ပြတ်၌
လည်းကောင်း ပစ်ချကုန်ငြားအံ့၊ ထိုသားတို့သည် ဤလောက၌
ကောင်းသော အာရုံကို မမြင်ရကုန်ရာ။ဤသို့ မပြုံမူ၍ ရင်သွေးနှီရည်ကို
တိုက်၍ ကြိုးပွါးစေသည်၏ အဖြစ်ကြောင့် သားကို၏ ကောင်းသော
အာရုံကို မြင်ရခြင်းသည် မိဘတို့ကိုမှီ၍ဖြစ်၏။ထိုကြောင့် မိဘတို့သည်
လောကကို ပြုတတ်သည်မည်ကုန်၏။။ ။မာတာပိတရော၊မိဘတို့ကို။
ပြုပ္ပာတိ၊ ပြုပ္ပာမည်ကုန်၏ ဟူ၍ လည်းကောင်း။ ပုဗ္ဗာစရိယာတိ၊
လက်ဦးဆရာမည်ကုန်၏ဟူ၍ လည်းကောင်း။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။
မာတာပိတရော၊ မိဘတို့သည်။ ပုတ္တာနံ၊သားတို့၏။ အာဟုနေယျာစ၊
အဝေးမှဆောင်၍ လှူအပ်သော အလှူဝတ္ထုကို ခံထိုက်ကုန်သည်လည်း။
ဟောန္တိ၊ဖြစ်ကုန်၏။ ပဇာယ၊ သားကို။ အနုကမ္ပကာစ၊ စောင့်ရှောက်
တတ်ကုန်သည်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။

ထိုစကားသည်မှန်၏။ မိဘတို့သည် သူတပါးတို့၏ အသက်ကို
သတ်၍ လည်းကောင်း မိမိတို့၏ အလုံးစုံသော ဥစ္စာကို စွန့်၍ လည်း
ကောင်း မိမိသားကို စောင့်ရှောက်တတ်ကုန်၏။

သားသည် မိဘတို့အား လောကီ ကျေးဇူးဖြင့် တစုံတခုသော
အကြောင်း ပရိယာယ်အားဖြင့် အဆုံးအပြီး တိုင်အောင် ကျေးဇူးဆပ်အံ့
သောဌါ မတတ်နိုင်သလျှင်ကတည်း။ထိုစကားမှန်၏ သားသည် မိဘတို့
အားကျေးဇူးဆပ်အံ့ဟု လက်ျာပခုံးစွန်းဌ အမိကိုလက်ဝဲပခုံးစွန်းဌ အဘ
ကိုထား၍ ခပ်သိမ်းသောအရပ်သို့ဆောင်၍ ထိုပခုံးစွန်းဌလျှင် တည်ကုန်
သောမိဘတို့အား အမှေးအကြိုင်လိမ်းကျံခြင်းအစရှိသောအားဖြင့် လုပ်
ကျွေးခြင်းကိုအကယ်၍ ပြုငြားအံ့၊ထိုမိဘတို့သည် သား၏ ပခုံးစွန်းဌ နေ
ကုန်လျက်လျှင် ကျင်ကြီးကျင်ငယ်ကို အကယ်၍ စွန့်ကုန်ငြားအံ့၊ ဤသို့
သားသည် အနှစ်တရာပတ်လုံးပြုငြားသော်လည်း မိဘဘို့၏ကျေးဇူးကို
ဆပ်အံ့သောဌါ မတတ်နိုင်သလျှင်ကတည်း။ အကယ်၍ အဘကို စက္ကြဝ

တေးမင်း၏အဖြစ်၌အမိကိုစကြဝတေးမင်း၏ မိဖုယား အဖြစ်၌ကည်စေ ငြားအံ့ ဤသို့တည်စေငြားသော်လည်း မိဘတို့၏ ကျေးဇူးကို ဆပ်အံ့ သောငှါ မတတ်နိုင်သလျှင်ကတည်း။ အကြင်သားသည်ကား မသဒ္ဓါ ခြင်း အစရှိသည်တို့နှင့် ပြည့်စုံကုန်သော မိဘတို့ကို သဒ္ဓါတရားနှင့် ပြည့်စုံခြင်းအစရှိသည်တို့၌ တည်စေ၏၊ ထိုသားသည် ဤမျှ အတိုင်း အရှည်ရှိသောအမှုဖြင့် မိဘတို့ကျေးဇူးကို ဆပ်ခြင်းငှါစွမ်းနိုင်၏။

ထိုကြောင့် ဒုကနိပါတ်အင်္ဂုတ္တိုရ်မာတာပိတုဂုဏသုတ်၌—

ဒ္ဝိနွာဟံ ဘိက္ခဝေ နသုပဋိကာရံ ဝဒါမိ။ ကတမေသံ ဒ္ဝိနွံ၊ မာတုစပိ တုစ။ဧကေန ဘိက္ခဝေ အံသေန မာတရံ ပရိဟရေယျ ဧကေန အံသေန ပိတရံ ပရိဟရေယျ ဝဿသတာယုကော ဝဿသတဇီဝီ။သောစ နေသံ ဥစ္ဆာဒနပရိမဒ္ဒနနှာပနသမ္ဗာဟ နေန တေစ တတ္ထေဝ မုတ္တကရိသံ ကရေယျုံ။ နတ္ဝေဝ ဘိက္ခဝေ မာတာပိတူနံ ကတံဝါ ဟောတိ ပဋိကတံဝါ။ ဗဟု တရာယ ဘိက္ခဝေ မာတာပိတရော ဣမိဿာစ မဟာပထဝိယာ ဣဿရာဓိပစ္စေ ရဇ္ဇေ ပတိဋ္ဌဟေယျ။ ဝံပိ ဘိက္ခဝေ မာတာ ပိတူနံ နတ္ဝေဝ ဟောတိ ကတံဝါ ပဋိကတံဝါ။ တံ ကိဿ ဟေတု။ ဗဟုပကာရာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ အာပါဒကာ ပေါသကာ ဣမဿ လောကဿ ဒဿေတာရော။ ယောစ ခေါ ဘိက္ခဝေ မာတာပိတရော အသဒ္ဓေ သဒ္ဓါသမ္ပ ဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ။ ဒုဿီလေ သီလသမ္ပဒါယ မစ္ဆရိနော စာဂသမ္ပဒါယ ဒုပ္ပညေ ပညာသမ္ပ ဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ။ ဧတ္တောဝတာ ခေါ ဘိက္ခဝေ မာတာပိတူနံ ကတဉ္စ ဟောတိ ပဋိကတဉ္စ။

ဟူ၍ဟောတော်မူ၏။

ဘိက္ခဝေ၊တို့။ ဒ္ဝိနွံ၊ နှစ်ယောက်ကုန်သော သူတို့၏။ သုပဋိကာရံ၊ ကျေးဇူးကိုဆပ်လွယ်၏ဟူ၍။ အဟံနဝဒါမိ၊ ငါဘုရား ဟောတော်မမူ။ ကတမေသံဒ္ဝိနွံ၊ အဘယ် နှစ်ယောက်ကုန်သော သူတို့၏။ ပဋိကာရံ၊ ကျေးဇူးကိုဆပ်ခြင်းသည်။နသုကရံ၊ မလွယ်သနည်းဟူမူကား။မာတုစ၊ အမိ၏ လည်းကောင်း။ ပိတုစ၊ အဘ၏ လည်းကောင်း။ ပဋိကာရံ၊ ကျေးဇူးကိုဆပ်ခြင်းသည်။ နသုကရံ၊ မလွယ်။ ဘိက္ခဝေ၊ တို့။ ဝဿသ

တာယုကော၊အသက်တရာတမ်းခွဲဖြစ်သော။ဝဿသတဇီဝီ၊အနှစ်တရာ အသက်ရှည်သောသူသည်။ မာတရံ၊ အမိကိုး ဇကေနအံ့သဲကူဌေန၊ တဘက်သောလက်ျာပခုံးစွန်းဖြင့်။ ပရိဟာရေယျ၊ ဆောင်ရာဏ်။ ပိတရံ၊ အဘကို။ ဇကေနအံ့သကူဌေန၊ တဘက်သော လက်ဝဲပခုံးစွန်းဖြင့်။ ပရိဟာရေယျ၊ဆောင်ရာဏ်။ သောစ၊ထိုသူးသည်လည်း။နေသံ၊ထိုမိဘ တို့အား။ ဥဿာဒနပရိမဒ္ဒနန္ဟာပနသမ္ဗာဟနေန၊ အမွေးအကြိုင်လိမ်းကျံ ခြင်း ဆပ်နယ်ခြင်း ရေပူရေချင်းတို့ဖြင့် ချိုးခြင်း လက်ဖြေ အစရှိသည် တို့ကို ရှေးရှုငင်ခြင်း ထက်ဝန်းကျင်ငင်ခြင်းဖြင့်။ ဥပဋ္ဌာနံ၊ လုပ်ကျွေး ခြင်းကို။ ကရေယျ၊ ပြုရာဏ်။ တေစ၊ ထိုမိဘတို့သည်လည်း။ တတ္ထေဝ၊ ထိုပခုံးစွန်းဌ သာလျှင်။ နိသိန္နာ၊ နေကုန်လျက်။ မုတ္တကရိသံ၊ ကျင်ငယ် ကျင်ကြီးကို။ ကရေယျုံ၊ စွန့်ကုန်ရာဏ်။ ဘိက္ခဝေ၊တို့။ ဇင်္ဃရောဇေန နာဝိ၊ ဤသို့ ပြုသော သူသည်လည်း။ မာတာဝိတူနံ၊ မိဘတို့အား။ ကတံဝါ၊ ကျေးဇူးပြုသည် လည်းကောင်း။ ပဋိကတံဝါ၊ ကျေးဇူး ဆပ်သည်လည်းကောင်း။ နတ္ထေဝဟောတိ၊ မဖြစ်သလျှင် ကတည်း။ ဘိက္ခဝေ၊ တို့။ မာတာဝိတရော၊ မိဘတို့ကို။ ဗဟုကာရာ၊ အလွန်များ သော။ ဣမိသာစမဟာပထဝီယာ၊ဤမြေကြီးဌ။ ဣဿရာဓိပစ္စေ၊အဝိုးရ သည်၏အဖြစ် အကြီး၏အဖြစ် ဟူ၊သော။ ရဇ္ဇေ၊ စကြဝတေးမင်း၏အ ဖြစ်ဌ။ပတိဋ္ဌပေယျ၊ ဘည်စေရာဏ်။ဘိက္ခဝေ၊တို့။ ဒိဝံပတိဋ္ဌဟနေ နာဝိ၊ ဤသို့စကြဝတေးမင်း၏ အဖြစ်ဌ တည်စေသော သူသည်လည်း။မာတာ ဝိတူနံ၊ အမိအဘတို့အား။ ကတံဝါ၊ ကျေးဇူးပြုသည် လည်းကောင်း။ ပဋိကတံဝါ၊ ကျေးဇူးဆပ်သည်ဌင်း။ နတ္ထေဝဟောတိ၊ မဖြစ်သလျှင် ကတည်း။ တံသံဝတ္တနံ၊ ထိုသို့ ဖြစ်ခြင်းသည်။ ကိသဟေတု၊ အာဘယ် အကြောင်းကြောင့်နည်း ဟူမူကား။ ဘိက္ခဝေ၊ တို့။ မာတာဝိတရော၊ မိဘတို့သည်။ ပုတ္တာနံ၊ သားတို့အား။ ဗဟုပကာရာ၊ ကျေးဇူး များကုန်၏။ အာပါဒကာ၊ အသက်ကို စောင့်တတ် ကုန်၏။ ပေါသကာ၊ ရင်သွေးနို့ရည်ကို တိုက်ကျွေးဌ ကြီးပွါးစေတတ် ကုန်၏။ ဣမသ္မာလောကသ၊ ဤလောကကို။ ဒဿေတာရော၊ ပြတတ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ယောစဝေါ၊ အကြင် သားသည်ကား။ အသဒ္ဓေ၊ သဒ္ဓါတရား မရှိ ကုန်သော။ မာတာဝိတရော၊ မိဘတို့ကို။ သဒ္ဓါသမ္ပဒါယ၊ သဒ္ဓါတရား၏ ပြည့်စုံ

ခြင်းဌ။ သမာဒပေတိ၊ ကောင်းစွာထားဏ်။ နိဝေသေတိ၊ သွင်းဏ်။ ပတိဋ္ဌာပေတိ၊ တည်စေဏ်။ ဒုသီလေ၊ သီလမရှိကုန်သော မိဘတို့ကို။ သီလသမ္ပဒါယ၊ သီလဏ်ပြည့်စုံခြင်းဌ။ မန္တာဂိနော၊ ဝန်တိုကုန်သောမိဘတို့ကို။ စာဂသမ္ပဒါယ၊ စွန့်ကြဲခြင်းဏ် ပြည့်စုံခြင်းဌ။ဒုပ္ပညော၊ ပညာမရှိကုန်သော မိဘတို့ကို။ ပညာသမ္ပဒါယ၊ ပညာဏ် ပြည့်စုံခြင်းဌ။ သမာဒပေတိ၊ ကောင်းစွာထားဏ်။ နိဝေသေတိ၊ သွင်းဏ်။ ပတိဋ္ဌာပေတိ၊ တည်စေဏ်။ ဘိက္ခဝေ၊ တို့။ တေန၊ ထိုသားသည်။ ဇော်ဂေါဝတာခေါ၊ ဤမျှအတိုင်းအရှည်ဖြင့်လျင်။ မာတာပိတူနံ၊ မိဘတို့အား။ ကတဉ္ဉု၊ ကျေးဇူးပြုသည်လည်းကောင်း။ ပဋိကတဉ္ဉု၊ ကျေးဇူးဆပ်သည် လည်းကောင်း။ ဟောတိ။ဖြစ်ဏ်။ ။ဤသုတ်ဌ် လောက်လောကြွတရောရောနှောကုန်သော သဒ္ဓါသီလ စာဂ ပညာတို့ကို ဟောတော်မူဏ်။ အရှင်သာရိပုတ္တရာနှင့် တူသော ရဟန်းသည် သာလျှင် မိဘတို့ဌ် ကျေးဇူးဆပ်သည်မည်ဏ်။ (ထိုပါဠိတော်ဏ်အဋ္ဌကထာ)။ လုပ်ကျွေးခြင်းမည်သည်ကား ဂိုဒိုးသဖြင့်လည်းကောင်း ပူဇော်သက္ကာရဖြင့်လည်းကောင်း လုပ်ကျွေးခြင်းတည်း။ထိုကြောင့် သဖြတ္ပကသုတ်ဌ် လည်းကောင်း သောဏနန္ဒဇာတ်ဌ်လည်းကောင်း-

တာသ္မာဟိ နေ နမသေယျ၊ သက္ကရေယျစ ပဏ္ဍိတော။
အန္နေန အထော ပါနေန၊ ဝတ္ထေန သယနေနစ။
ဥစ္ဆာဒနေန နှာပနေန၊ ပါဒါနံ ဓောဝနေနစ။

ဟူ၍ဆိုအပ်ဏ်။

တာသ္မာဟိ၊ ထိုကြောင့်လျင်။ ပဏ္ဍိတော၊ ပညာရှိသော သူသည်။ နေ၊ ထိုမိဘတို့ကို။ နမသေယျ၊ ညွှတ်နိုးကွက်အနိုးဖြစ်သော အရပ်သို့ သွား၍ ငါဏ်မြတ်သောကောင်းမှု လယ်မြေတည်းဟု ဂိုဒိုးခြင်းကိုလည်း ပြုရာဏ်။ အန္နေနစ၊ ယာဂုထမင်း ခဲဘွယ်ဖြင့်ဂင်း။ အထော၊ ထို့မျှို။ ပါနေနစ၊ ရေပူရေချမ်းဖြင့်လည်းကောင်း။ ဝတ္ထေနစ၊ အဝတ်ဖြင့်ဂင်း။ သယနေနစ၊ အိပ်ရာနေရာဖြင့်လည်းကောင်း။ ဥစ္ဆာဒနေနစ၊ အမွှေးအကြိုင် လိမ်းကျံခြင်းဖြင့် လည်းကောင်း။ နှာပနေနစ၊ ရေပူရေချမ်းချိုးခြင်းဖြင့်လည်းကောင်း။ ပါဒါနံ၊ ခြေတို့ကို။ ဓောဝနေနစ၊ ရေပူရေချမ်း ဆေးခြင်းဖြင့်လည်းကောင်း။ သက္ကရေယျစ၊ ပူဇော်ခြင်းကိုလည်း ပြုရာဏ်။

အပင်အပန်း ပြေစိမ့်သောဌါ ဆုပ်နယ်ခြင်း လက်ခြေအစရှိသည်တို့ကို ရှေ့ရှုဝင်ခြင်း ထက်ဝန်းကျင် ဝင်ခြင်းဖြင့် လုပ်ကျွေးခြင်းကိုစသဒ္ဒါဖြင့် ယူသတည်း။ ။လူသည် ရှိခိုးသဖြင့်လည်းကောင်း၊ ပူဇော်သက္ကာရဖြင့်လည်းကောင်း မိဘတို့ကို လုပ်ကျွေးအပ်သလျှင် ကတည်း။ ရဟန်းသည် အကယ်၍အမိကို ကျောင်းသို့ဆောင်၍ လုပ်ကျွေးသည်ဖြစ်အံ့၊ ကိုယ်ကိုမသုံးသပ်သဖြင့် အလုံးစုံသော် ပရိကံကိုပြုအပ်၏။ ခဲဘွယ်ဘောဇဉ်ကို မိမိလက်ဖြင့်ပေးအပ်၏။ အဘကိုကား သာမဏေကို လုပ် ကျွေးသကဲ့သို့ မိမိလက်ဖြင့် ရေချိုးခြင်း လက်ခြေတို့ကို ဆန့်ခြင်းဝင်ခြင်း အစရှိသည် တို့ကိုပြု၍ လုပ်ကျွေးအပ်၏။ ထိုစကား၌ မိန်းမသည် ငါ၏အမိတည်းဟု တဏ္ဍာကိုမှီသော ချစ်ခြင်းဖြင့် သုံးသပ်သော ရဟန်းအားလည်း ဒုက္ကဋ်အာပတ် သင့်သလျှင် ကတည်းဟု သိစိမ့်သောဌါ ကိုယ်ကို မသုံးသပ်သဖြင့်ဟူသော စကားကိုဆိုအပ်၏။ ထိုကြောင့် ကာယသံသဂ္ဂအဋ္ဌကထာ၌ အကယ်၍ မြစ်ရေအယဉ်သည် မျှောအပ်သောအမိကို မြင်အံ့၊ လက်ဖြင့်မသုံးသပ်မူ၍လျှင် လှေပျဉ်ကို လည်းကောင်း ဌက်ပျောတုံးကို လည်းကောင်း ထင်းတုံးကို လည်းကောင်း ရှေမှာထားအပ်၏။ ထိုလှေပျဉ် အစရှိသောဝတ္ထု မရှိသော် သက်နှံးကိုလည်း ရှေမှာထားအပ်၏။ ဤသို့ ဆွဲကိုင်လော့ ဟူ၍ကား မဆိုအပ်။ ဆွဲကိုင်သော်ကား ပရိကျွရာကို ဝင်သည်ဟူ၍ ဝင်အပ်၏။ အကယ်၍ ကြောက်သည်ဖြစ်အံ့၊ ရှေမှသွား၍ သက်သာရာကို ရစေအပ်၏။ အကယ်၍ မျှောသောအမိသည် အဆောတလျင် သား၏ပခုံးသို့ မူလည်းဆွဲကိုင်အံ့၊ သက်ကြီးမ ဘယ်လေလော့ဟု မဆိုအပ်။ ကုန်းသို့ရောက်စေအပ်၏။ အကယ်၍ ညွှန်၌ မူလည်း ကျွံငြိသည်ဖြစ်အံ့၊တွင်း၌ မူလည်းကျအံ့၊ လွန်ကိုလည်းကောင်း၊ အဝတ်ကိုလည်းကောင်း ချ၍ ဆွဲကိုင်သော် ထုတ်တင်အပ်၏။ သုံးသပ်ခြင်းကိုမူကား မပြုအပ်သလျှင် ကတည်းဟူ၍ ဆိုအပ်၏။ မိဘတို့အား ဆေးကုသော်လည်း ဝဇ္ဇကမ္မသည်မဖြစ်။ အဦး မယူသေးသော ဆွမ်း အစရှိသည်ကို ပေးသော် လည်း သဒ္ဓါ၍ လှူအပ် သော ပစ္စည်းကို ဖျက်ဆီးခြင်းသည်မဖြစ်၊ ထိုကြောင့် ဆေးကုသောဝတ္ထု၏ အဘွင့်၌ မိဘတို့သည် အကယ်၍ မင်းဖြစ်ကုန်အံ့၊ သားရဟန်း၏ ဆေးကုခြင်းကို မတောင့်တကုန်အံ့၊ မကုအံ့သောဌါအပ်၏။မင်းအဖြစ်၌တည်ကုန်သော

မိဘတို့သည်လည်း သားရဟန်း၏ ဆေးကုခြင်းကို တောင့်တကုန်အံ့၊ မကုအံ့သောဌါမအပ်။ တသပြာထိုက်သော ဆွမ်းပင် ဖြစ်ငြားသော်လည်း အဦးမယူသေးသောဆွမ်းကို မိဘတို့အား ပေးအပ်၏။ သဒ္ဓါ၍ လှူအပ်သောပစ္စည်းကို ဖျက်ဆီးခြင်းသည်မရှိဟူ၍ ဆိုအပ်၏။ထိုအခါ၌ တယောက်သော ရဟန်းအား များစွာသော သက်နံးသည်ဖြစ်၏၊ ထို ရဟန်းသည်လည်း ထိုသက်နံးကို မိဘတို့အားပေးလို၏။မြတ်စွာဘုရား အား ထိုအကြောင်းကိုလျှောက်ကုန်၏။ရဟန်းတို့ မိဘတို့ဟူ၍ ပေးအပ် သည်ရှိသော် အဘယ်သို့ ဆိုရကုန်အံ့နည်း၊ ရဟန်းတို့....မိဘတို့အား ပေးစိမ့်သောဌါ ငါဘုရားခွင့်ပြုတော်မူ၏။ ရဟန်းတို့ .....သဒ္ဓါ၍ လှူအပ် သော ပစ္စည်းကိုလည်း မဖျက်ဆီးအပ်။ အကြင်ရဟန်းသည် ဖျက်ဆီး ငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ။(စီဝရခန္ဓကပါဠိ တော်)။ ။သဒ္ဓါ၍ လှူအပ်သောပစ္စည်းကို မဖျက်ဆီးအပ် ဟူသော စကား၌ မိဘမှကြွင်းကုန်သော ဆွေမျိုးတို့အားပေးသော ရဟန်းသည် ဖျက်ဆီးသည်လျှင် ဖြစ်၏။ မိဘတို့သည်ကား မင်းအဖြစ်၌ တည်ကုန် သော်လည်း အကယ်၍ တောင့်တကုန်အံ့ပေးအပ်၏။ ။(ထိုပါဠိတော်၏ အဌကထာ)။ ။မိဘတို့အား မိမိဥစ္စာဖြစ်သော သစ်သီးကိုလည်း ကောင်း ပန်းကိုလည်းကောင်း ပေးသော ရဟန်းသည် ဆောင်၍ လည်းကောင်း ဆောင်စေ၍လည်းကောင်း ခေါ်စေ၍ လည်းကောင်း ပေးခြင်းဌါ အပ်၏။ မိဘမှ ကြွင်းကုန်သော ဆွေမျိုးတို့အား ခေါ်စေ၍ သာလျှင် ပေးအပ်၏။ ထိုသစ်သီးပန်းတို့တွင် ပန်းကို ပေးသော ရဟန်း သည် ရတနာသုံးပါးအား ပူဇော်စိမ့်သောဌါသာလျှင် ပေးအပ်၏။ တန်းဆာဆင်စိမ့်သောဌါ လည်းကောင်း ဗိသနိုးနတ် အစရှိသည်ကို ပူဇော်စေခြင်းဌါလည်းကောင်း တစုံတယောက်သော သူအားလည်း မပေးအပ်။ ။(ကုလဒူသကသိက္ခာပုဒ်အဘွင့်)။ ။ဤပန်းသစ်သီးကို ရောင်း၍ အသက်မွေးကုန်လတ္တံ့ဟု မိဘတို့အား ပေးအပ်၏။ကြွင်းကုန် သော ဆွေမျိုးတို့အားကား အခိုက်အတံ့သာလျှင် ပေးအပ်၏။ ။ (ဝိမတိ ဝိနောဒနီ)။ ။ထိုကြောင့် ရဟန်းသည်လည်း အကြင် အကြင် ဆိုအပ်ပြီးသောနည်းဖြင့် မိဘတို့ကိုလုပ်ကျွေးအပ်ကုန်သလျှင်ကတည်း။ ပါဠိတော်၌လည်း မာတာပိတုဥပဌာနံဟူ၍ သာမညအားဖြင့်ဟောအပ် ၏။ အဌကထာဆရာတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး

လူ၏အဖြစ်ကို မစွန့်ကုန်၊ ထိုမျှလောက်သော ကာလပတ်လုံး မိဘတို့အား လုပ်ကျွေးသဖြင့် ရှေးဌ်ဖြစ်သော မူလကို သုတ်သင်ကုန်လျက် လူ၏အစွမ်းအားဖြင့် အဆုံးသတ်သဖြင့် အကြင် လုပ်ကျွေးခြင်းကို ဆိုအပ်၏။ ထိုလုပ်ကျွေးခြင်းကိုကား မိဘတို့အား လုပ်ကျွေးခြင်းမည်သည် လူတို့၏ဝတ်တည်းဟု ပြအံ့သောဌါ ဆိုအပ်၏။ ရဟန်းသည် မလုပ်ကျွေးအပ်ဟု ပြအံ့သောဌါ မဆို။ တနည်းကား ရဟန်းမည်သည်ကား မြီမရှိသည် ဖြစ်ရာ၏ဟူ၍ ပြအံ့သောဌါ ထိုလုပ်ကျွေးခြင်းကို ဆိုအပ်၏။ ထိုကြောင့် အမှတ်မရှိသောသူသည်လည်း အမိအဘတို့ကို လုပ်ကျွေးအပ်ကုန်၏။ အမိအဘတို့၌ ပြစ်မှားသောအကျင့်ကို ကျင့်သောသူသည် ဆင်းရဲခြင်းသို့ ရောက်၏။

၈၁—မိတ္တဝိန္ဒကဝတ္ထု

ဒသကနိပါတ် စတုဒ္ဓါရဇာတ် အဋ္ဌကထာ

ဤအရာ၌ သက်သေကား မိတ္တဝိန္ဒကအစရှိကုန်သော သူတို့တည်း။ ကဿပမြတ်စွာဘုရားလက်ထက်တော်တွင် ဗာရာဏသီပြည်၌ ကုဋ္ဌေရှစ်ဆယ်ကြွယ်ဝသော သေဋ္ဌေး၏သားသည် မိတ္တဝိန္ဒက အမည်ရှိသည် ဖြစ်သတတ်။ ထိုမိတ္တဝိန္ဒကသည် သီလမရှိ သဒ္ဓါတရားမရှိ။ မိတ္တဝိန္ဒက မိဘတို့သည်ကား သောတာပန်ဖြစ်ကုန်၏။ ထိုမိတ္တဝိန္ဒကသည် နောက်အတို့ အဘသေလွန်သည်ရှိသော် အမိ.....အကျွန်ုပ်သည် လှေဖြင့် ရောင်းဝယ် ခြင်းကို ပြုအံ့ဟု ဆို၏။ ချစ်သား.... သင်သည်ကား တယောက်ထည်းသော သားဖြစ်၏။ ဤအိမ်၌ ဥစ္စာသည်လည်း များ၏။ သမုဒ္ဒရာသည် များစွာသော အပြစ်ရှိ၏။ မသွားလေလင့်ဟု အမိသည် ဆို၏။ ထိုမိတ္တဝိန္ဒကသည် သွားစဉ်လျှင် ဝါ့ကို မြစ်အံ့သောဌါ မတတ်နိုင်ဟုဆို၍ အမိသည် လက်၌ ဆွဲသော်လည်း လက်ကိုဖြေ၍ အမိကို ပုတ်ခတ်တွန်းလှည်း၍ ကျော်၍ လှေဖြင့် သမုဒ္ဒရာသို့သွား၏။လှေသည် ခုနစ်ရက်မြောက်သောနေ့၌ မိတ္တဝိန္ဒကကိုအမှီပြု၍ မဘုန်မလှုပ် ရပ်၏။ ဤလှေ၌ သူယုတ်ရှိသည် ဖြစ်လတ္တံ့ဟု စာရေးတံချခြင်းကို စီရင်ကုန်လတ်သော် မိတ္တဝိန္ဒက၏လက်၌လျှင် သုံးကြိမ်ကျ၏။ ထိုအခါ မိတ္တဝိန္ဒကအား လူတို့သည် ဘောင်ကိုပေး၍ မိတ္တဝိန္ဒကကို သမုဒ္ဒရာအပြင်၌ ပစ်ကုန်၏။ မိတ္တဝိန္ဒကသည် ဘောင်ဖြင့် သွားသည်ရှိသော်

အစဉ်သဖြင့် တရသောကျွန်းငယ်သို့ ရောက်၍ ထိုကျွန်းငယ်၌ တံခါးလေးမျက်နှာရှိသော မြို့ကုံမြင်၍ ထိုမြို့သည် ဥသဒရက်ငရဲ ဖြစ်သတတ်။ များစွာကုန်သော ငရဲသတ္တဝါတို့၏ ကမ္မကရဏာကို ခံရာအရပ် ဖြစ်သတတ်။ မိတ္တဝိန္ဒကအားကား အဒိအား ပုတ်ခတ်ခြင်းကို ပေးသောကံ၏ အစွမ်းဒုံးဖြင့် ထိုကမ္မကရဏာကို ခံရာအရပ်သည် တန်ဆာဆင်ခြင်းနှင့် စပ်သော မြို့ကဲ့သို့ ထင်၏။ ထိုမိတ္တဝိန္ဒကသည် ဤမြို့၌ မင်းဖြစ်အံ့ဟု ဝင်၍ ဦးခေါင်းဖြင့် ရွက်သော သင်ဂုန်းစက် ရှိသော ငိုကြွေးသော တဖေါက်သော ငရဲသူသတ္တဝါကို မြင်၏။ ထိုအခါ ငရဲသူ၏ ဦးခေါင်း၌ သင်ဂုန်းစက်သည် မိတ္တဝိန္ဒကအား ပဒုမာကြာကဲ့သို့ ဖြစ်၍ထင်၏။ရင်၌ ငါးခုအပေါင်းရှိသော အင်္ဂနာင်အဘွဲ့သည် ရင်သွေးတန်ဆာကဲ့သို့ ကိုယ်မှ ယိုစီးသော သွေးသည် စန္ဒကူး နုံသာပျောင်းကဲ့သို့ ငိုသောအသံသည် သိမ်ချင်းသံကဲ့သို့ဖြစ်၍ထင်၏။ မိတ္တဝိန္ဒကသည် ထိုငရဲသူကိုကပ်၍ အိုအရှင်ယောကျ်ား.....သင်သည် ပဒုမာကြာပန်းကို ပန်ခြင်းသည် ကြာပြီ။ ထိုပဒုမာကြာပန်းကို ငါ့အားပေးလော့ဟု ဆို၏။ အမျင်း....ဤဂုဏ်သည် ပဒုမာကြာပန်းမဟုတ်။ သင်ဂုန်းစက်တည်းဟု ငရဲသူဆို၏။ ငါ့အား မပေးလိုသောကြောင့်လျှင် ဤသို့ သင်ဆို၏ဟု မိတ္တဝိန္ဒကဆို၏။ ငရဲသူသည် ငါ၏ကံသည် ကုန်သည်ဖြစ်လတ္တံ့။ဤသူသည်လည်း ငါကဲ့သို့အမိကို ပုတ်ခတ်၍ လာသည်ဖြစ်ရာ၏။ထိုကြောင့် ထိုသူအား သင်ဂုန်းစက်ကို ပေးအံ့ဟု ကြံ၍ အရှင်လာလော့ ပဒုမာကို ယူလော့ဟုဆို၍ ထို သင်ဂုန်းစက်ကို မိတ္တဝိန္ဒက၏ ဦးခေါင်း၌ ပစ်၏။ ထို သင်ဂုန်းစက်သည် မိတ္တဝိန္ဒက၏ ဦးခေါင်းကို ကြိတ်သကဲ့သို့ လည်၏။ ထိုခဏ၌ မိတ္တဝိန္ဒကသည် သင်ဂုန်းစက်၏ အဖြစ်ကို သိ၍ ထိုငရဲသူအား သင်၏သင်ဂုန်းစက်ကို သင်ယူပါ၊လော့ဟု ဆို၍ ဝေဒနာသို့ ရောက်ရကားငိုး၏။ ငရဲသူသည် ကွယ်လေ၏။ မိတ္တဝိန္ဒက သည်ကား အဒိအားပုတ်ခတ်ခြင်းကိုပြုပေသော အကုသိုလ်အကျိုးဆက် အားဖြင့် ထိုငရဲ၌ ကြာမြင့်စွာဆင်းရဲခံ၍ ကံ၏အကျိုး ကုန်လတ်သော် သင်ဂုန်းစက်ကိုစွန့်၍ ကံအားလျော်စွာ လားရ၏။ [မိတ္တဝိန္ဒကဝတ္ထု]။

ဇာတ်သဃ ၁၅၅-၃၄

၈၂—မဟာမောဂ္ဂလာန်ဝတ္ထု

သရဘင်္ဂဇာတ် အဋ္ဌကထာ

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ တယောက်သော ယောကျ်ားသည် မယားစကားကိုယူ၍ မိမိအမိအဘတို့ကိုသတ်လို၍ ထို အမိအဘတို့ကို ယာဉ်ဖြင့်ဆောင်၍ တောအုပ်ခရီလယ်သို့ ရောက်သော ကာလ၌ ဤအရပ်၌ ခိုးသူတို့သည် နေကုန်၏။ ဆင်းရဲသွားအံ့ဟု အဘ လက်၌ ကြိုးတို့ကိုထား၍ ဆင်းသွားလျက် ခိုးသူတို့၏ ထင်သောအခြင်း အရာကိုပြု၍အမိအဘတို့ကိုရိုက်၏။ထိုအမိအဘကဲ့သည်မျက်စိအားနည်း သည်၏အဖြစ်ကြောင့်ရူပါရုံကိုမြင်ခြင်းကင်းကုန်ရကားသားကိုမသိကုန် သည် ဖြစ်၍ ချစ်သား ဤအမည်ရှိကုန်သော ခိုးသူတို့သည် ငါးတို့ကို သတ်ကုန်၏။ သင်သည် ဖဲလေလော့ဟု သား၏အကျိုးငှါ သာသျှင် ဝိုကုန်၏။ ထိုယောကျ်ားသည် ဤသူတို့သည်ကား ငါပုတ်ခတ်အပ်ကုန် လျက် ငါ၏အကျိုးငှါသာလျှင် ဝိုကုန်၏။ ငါသည် မသင့်သော အမှုကို ပြုအပ်၏ဟု ကြံ၍ ထိုအမိအဘတို့ကို နှစ်သိမ့်စေ၍ လက်ခြေတို့ကို ဆုပ်နယ်၍ မိခင်ဘခင်တို့....သူခိုးတို့သည် ပြေးကုန်ပြီဟုဆို၍ တဘန် မိမိအိမ်သို့ ဆောင်၏။ ထိုယောကျ်ားသည် ထိုမကောင်းမှုကြောင့် ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး ငရဲ၌ ခံရ၍ ဝိပါက်ကြွင်းအားဖြင့် တရာသော ကိုယ်၏အဖြစ်၌ ရိုက်ပုတ်၍ မုန့်မုန့်ညက်ညက် ကြေလျက် သေခြင်းကို ပြု၍ အဆုံးသော ကိုယ်၏အဖြစ်၌ မဟာမောဂ္ဂလာန်ဖြစ်၍ ထိုကံ၏အကျိုးအားဖြင့်သာလျှင် ခိုးသူတို့သည်ရိုက်၍ ပရိနိဗ္ဗာန်ပြုရ၏။

[မဟာမောဂ္ဂလာန်ဝတ္ထု]

ထိုမိဘတို့၌ အကြင်အကြင် ဆိုအပ်ပြီးသော လုပ်ကျွေးခြင်းဖြင့် ကောင်းစွာ ကျင့်သောသူ၏ ထို လုပ်ကျွေးခြင်းသည်ကား သံသရာ ပစ္စုပ္ပန်နှစ်တန်သော ဘဝတို့၌ စီးပွါးချမ်းသာကို ရွက်ဆောင်တတ်၏။ ထိုကြောင့် သပြဟ္မကသုတ်၌ လည်းကောင်း သောဏနန္ဒဇာတ်၌ လည်းကောင်း-

တာယ နံ ပါရိစရိယာယ၊ မာတာပိတူသု ပဿိတာ။
ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။

ဟူ၍ ဟောတော်မူ၏။

မာတာပိတူသု၊ မိဘတို့၌။ တာယပါရိစရိယာယ၊ ထိုသို့သဘောရှိသော်လုပ်ကျွေးခြင်းကြောင့်။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။နံ၊ ထိုအမိအဘကိုလုပ်ကျွေးသောသူကို။ဣဓေဝ၊ ဤပစ္စုပ္ပန်ဘဝ၌လျှင်၊ပသံသန္တိ၊ ချီးမွမ်းကုန်၏။သော၊ထိုအမိအဘကိုလုပ်ကျွေးသောသူသည်။ ပေစ္စ၊တမလွန်ဘဝသို့ရောက်၍။ သဂ္ဂေ၊ နတ်ပြည်၌။ ပမောဒတိ၊ မွေ့လျော်ရ၏။

၈၃—မိဘတို့ကိုလုပ်ကျွေးသောရဟန်းတို့၏ ဝတ္တုများ

မိဘကိုလုပ်ကျွေးသောသူ မည်သည်ကိုလည်း မြတ်စွာဘုရားသည် ချီးမွမ်းတော်မူအပ်၏။ ထိုစကား၌ဤဝတ္တုတို့ကိုသိအပ်ကုန်၏။သာဝတ္ထိပြည်၌ တယောက်သော သေဋ္ဌေးသားသည် ဘုရားတရားတော်ကို နာရ၍ ရဟန်းပြု၍ ပဥ္စင်းအဖြစ်ကိုရပြီးလျှင် ငါးဝါတို့ပတ်လုံး တရားတော်ကိုသင်၍ ဥပဇ္ဈာယ်အထံ၌ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင်ဇေတဝန်ကျောင်းတော်မှထွက်၍ ပစ္စန္တရာစ်ရွာသို့ သွား၏။ ထိုရွာကို အမှီပြု၍ တောဝ်နေ၏။ ထိုရဟန်း၏ မိဘတို့သည်ကား သားရဟန်း ပြုသောကာလမှစ၍ အစဉ်သဖြင့် ကုန်ခန်းသော စည်းစိမ် ရှိကုန်၍ အလွန်သနားဘွယ် ရှိသောအဖြစ်သို့ ရောက်လျက် ခွက်လက် စွဲကုန်၍ တောင်းအံ့သောဌါ သွားကုန်၍ သူတပါး၏အိမ်နံရံကို မှီပြီးလျှင် နေရကုန်၏၊ ထိုရဟန်းသည် နောက်အဘို့၌ မိမိအမိအဘတို့၏ ဆင်းရဲသောအဖြစ်ကိုကြား၍ ငါသည် တဆဲ့နှစ်နှစ်တို့ပတ်လုံး တောဝ်လုံ့လပြုငြားသော်လည်း မင်္ဂဖိုလ်တို့ကို ရစိမ့်သောဌါ မတတ်နိုင်၊ ငါသည် မင်္ဂဖိုလ်ကို ရခြင်းဌါမထိုက်၊ ငါ့အား ရဟန်း၏အဖြစ်ဖြင့် အဘယ်ပြုအံ့နည်း၊ လူဖြစ်၍ မိဘတို့ကို မွေးမြူလျက် အလှူကိုလည်းလှူ၍ နတ်ရွာသို့လားသည်ဖြစ်အံ့ဟုကြံလျက် တောမှထွက်၍ အစဉ်သဖြင့် သာဝတ္ထိပြည်သို့ရောက်၏။ ယနေ့ ဘုရားရှင်ကိုဖူး၍ တရားတော်ကို နာ၍ နက်ဖြန်နံက်မှ မိဘတို့ကိုကြည့်အံ့ဟု ဇေတဝန် ကျောင်းတော်သို့ဝင်၏။ ထိုနေ့၌ကား ဘုရားသဗ္ဗညူသည် မိုးသောက်ထကာလ၌ လောကကိုကြည့်တော်မူသည်ရှိသော် ထိုရဟန်း၏ ပထမမင်္ဂ၏ ဥပနိဿယကို မြင်တော်မူ၍ ထိုရဟန်း လာလတ်သည် ရှိသော် မာတုပေါသကသုတ်ဖြင့် မိဘတို့၏ကျေးဇူးကို ချီးမွမ်းတော်မူ၏။ ထိုရဟန်းသည်

မာတုပေါသကဆုတ်ကို နာရ၍ ငါသည် လူအဖြစ်နှင့် မိဘတို့ကို လုပ်ကျွေးအံ့ဟုလာ၏။ မြတ်စွာဘုရားသည်ကား ရဟန်းဖြစ်လျက်လျှင် မိဘတို့အား လုပ်ကျွေးသောသူကို ဟောတော်မူ၏။ငါသည် ဘုရားကို မဖူးမူ၍ အကယ်၍သွားအံ့၊ ဤသို့သဘောရှိသော ရဟန်း၏ အဖြစ်မှ ယုတ်ရာ၏။ ယခုမူကား ငါသည် ရဟန်းဖြစ်လျက်သာလျှင် မိဘတို့ကို လုပ်ကျွေးအံ့ဟုကြံ၏။ထိုရဟန်းသည် နက်ဖြန်နေ့၌ မိမိသို့ရောက်သော ယာဂု စာရေးတံ ဆွမ်းစာရေးတံကိုယူ၍ ရွာသို့ ဝင်ပြီးလျှင် ယာဂုဆွမ်းအာဘို့ကိုယူ၍ မိဘတို့အားပေး၏။ မိမိသည် ဆွမ်းခံ၍ ဆွမ်းစားခြင်းကိစ္စကိုပြု၍ ထိုမိဘတို့အားလုပ်ကျွေးခြင်းကို ပြု၏။ထိုနေ့မှစ၍ မပြတ်လုပ်ကျွေး၏။ ထိုစကားကိုခဲ့ဦးအံ့၊ ထိုရဟန်းသည် ဒီဃသည် ရအာပ်ကုန်သော လဆန်းပက္ခ လဆုတ်ပက္ခ၌ လူအာပ်ကုန်သော ဆွမ်းအစဉ်သည်တို့ကို မိဘတို့အားပေး၍ မိမိသည်ဆွမ်းခံ၍ ရသော်စားရ၏၊ မရသော်မစားရ။ ထိုရဟန်းကား ဆွမ်းရသောနေ့သည်ကား နည်း၏၊ မရသောနေ့ကား များ၏။ ဝါဆိုသင်္ကန်းလျာကိုလည်း ကောင်း တပါးသော အလုံးစုံသော အဝတ်တို့ကိုလည်းကောင်း ရ၍ ထိုမိဘတို့အားပေး၏။ မိဘတို့သည် သုံးဆောင်အပ်သော ဆွေးရိသော ပုဆိုးနွမ်းကိုပြင်ထပ်ပေး၍ ဆိုး၍ မိမိသုံးဆောင်၏။ ဤသို့ ထိုရဟန်းသည် မိဘတို့အား လုပ်ကျွေးခြင်း ပလိဗောဓသည် ဒုပ်စက်၍ ကြုံလို့သည် အဆင်းမလှသည်ဖြစ်၏။ ထိုရဟန်းကိုမြင်၍ ရဟန်းတို့သည် မေး၍ ထိုအကြောင်းကိုကြား၍ ထိုရဟန်းကို ကဲ့ရဲ့ကြ၍ မြတ်စွာဘုရားအား လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်စေတော်မူ၏။ သိတော်မူလျက်လည်း ထိုရဟန်းကို ထို လုပ်ကျွေး သောအကြောင်းကို လျှောက်စေ၏၊ ကောင်းချီးပေးတော်မူ၍ ကိုယ်တော်၏ ရှေးအကျင့်တော်ကို ပြတော်မူလိုသည်ဖြစ်၍လျှင် ရဟန်း အကြင်သူတို့ကို သင်သည် လုပ်ကျွေး၏၊ ထိုသူတို့သည် သင်အား အသို့ တော်သနည်းဟု မေးတော်မူ၏။ အရှင်ဘုရား အကျွန်ုပ်၏ မိဘ ဖြစ်ကုန်၏ဟု လျှောက်၏။ ထိုအခါ ထိုရဟန်းအား မြတ်စွာဘုရားသည် သာဓုသာဓုဟု သုံးကြိမ် ကောင်းချီးပေးတော်မူ၍ သင်သည် ငါဘုရားသွားတော်မှသော်လမ်း၌တည်၏။ ငါသည်လည်း ရှေးအကျင့်ကိုကျင့်စဉ် မိဘတို့ကို လုပ်ကျွေး၏ဟု မိန့်တော်မူ၍မဟာနိပါတ်၌သုဝဏ္ဏသာမဇာတ်ကို

ဟောတော်မူ၏၊ ရဟန်းတို့ မိဘတို့ကို လုပ်ကျွေးခြင်း မည်သည်ကား ပညာရှိတို့၏ အနွယ်တည်းဟု မိန့်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာကို ပြတော်မူသည်၏အဆုံး၌ ထိုမိဘကို လုပ်ကျွေးသော ရဟန်း သည် သောတာပန်ဖြစ်၏။

တယောက်သော ရဟန်းသည် ထိုအထူ မိဘတို့ကို လုပ်ကျွေး၏။ ဤဝတ္ထု၌ အလုံးစုံသောအကြောင်းကို ယခင်ဝတ္ထု၌ဆိုအပ်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းအားလည်း ကောင်းချီးပေးတော်မူ၍ သတ္တနိပါတ်၌ သုတနဇာတ်ကို ဟောတော်မူ၍ သစ္စာတို့ကိုပြတော်မူ၏။ သစ္စာကိုပြတော်မူသည်၏ အဆုံး၌ ထိုရဟန်းသည်လည်း သောတာပန် ဖြစ်၏။

တယောက်သော ရဟန်းအားလည်း ကောင်းချီး ပေးတော်မူ၍ ရဟန်း သင်သည် ရှေးပညာရှိတို့၏ အနွယ်ကိုစောင့်၏။ ထိုစကား သည်မှန်၏။ ရှေးပညာရှိတို့သည် တိရစ္ဆာန်အမျိုး၌ ဖြစ်ကုန်သော် လည်း မိဘတို့အား လုပ်ကျွေးကုန်၏ဟု မိန့်တော်မူ၍ ဆက္ကနိပါတ်၌ နန္ဒိယမိဂဇာတ်ကို ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။

တယောက်သောရဟန်းအားလည်း ကောင်းချီးပေးတော်မူ၍ သတ္တ နိပါတ် ဂိဏ္ဍဇာတ်ကိုဟောတော်မူ၍ သစ္စာတို့ကိုပြတော်မူ၏။တယောက် သော ရဟန်းအားလည်း ကောင်းချီးပေးတော် မူ၍ ရဟန်းတို့ သင်တို့သည် ဤရဟန်းကို မကဲ့ရဲ့ကုန်လင့်၊ ရှေးပညာရှိတို့ သည်လည်း ကျေးဇူးရှိသည်၏ အစွမ်းအားဖြင့် အဆွေမတော်ကုန်သော သူတို့အား လည်း ကျေးဇူးပြုကုန်၏။မိဘတို့အား ကျေးဇူးပြုခြင်းသည် ဤရဟန်း၏ ဝန်တည်းဟု မိန့်တော်မူ၍ ဒုကနိပါတ်၌ ဂိဏ္ဍဇာတ်ကို ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ တယောက်သော ရဟန်း အားလည်း ကောင်းချီးပေးတော်မူ၍ ရဟန်း၊ ရှေးပညာရှိတို့သည် တိရစ္ဆာန် ဖြစ်ကုန်၍ အိုမင်းကုန်သော မိဘတို့ကို အသိုက်၌အိပ်စေ၍ နှုတ်သီးဖြင့် အစာကိုဆောင်ကုန်၍ မွေးကုန်၏ဟု မိန့်တော်မူ၍ ပကိဏ္ဍကနိပါတ်၌ ကေဒါရဇာတ်ကို ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ တယောက် သော ရဟန်းအားလည်း ကောင်းချီးပေးတော်မူ၍ ရဟန်းတို့၊ သင်တို့ သည် ဤရဟန်းကို မကဲ့ရဲ့ကြကုန်လင့် ရှေးပညာရှိတို့သည် တိရစ္ဆာန် ဖြစ်ကုန်၍ အမိနှင့် ကွေကွင်းကုန်၍ ခုနစ်ရက်ပတ်လုံး အာဟာရမရှိ

သည်၏ အဖြစ်ကြောင့် ခြောက်တပ်ကုန်လျက် မင်းအားထိုက်သော ဘောဇဉ်ကိုရကုန်၍လည်း အဓိနှင့်ကင်း၍ မစားကုန်အံ့ဟု "အဓိဖြင့်မှ သာလျှင် အစာကို ယူကုန်၏ဟု ပိန့်တော်မူ၍ ဤကာဒသ နိပါတ်၌ မာတုပေါသကဇာတ်ကို ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုရဟန်းသည်လည်း သောတာပန်ဖြစ်၏။

ဤသို့ အဓိအဘတို့ကို လုပ်ကျွေးသော သံ့ကို ဘုရားသည်လည်း ချီးမွမ်းအပ်သည်ဖြစ်၍ ရန်သူတို့သည် မနိုပ်စက်နိုင်သည်၏ အဖြစ်သို့ ရောက်၏။ ဒါဘတို့ကို လုပ်ကျွေးသောသူမည်သည်ကား သုဝဏ္ဏသာမကဲ့သို့ ဆိတ်လူးမြားသည် မှန်ငြားသော်လည်း မရဏာဒုက္ခမှ လွတ်၏။ သုဘနမည်သော သူဆင်းရဲကဲ့သို့ ဘိလူးအထံသို့ရောက်ငြားသော်လည်း မရဏာ ဒုက္ခမှလွတ်၏။ နန္ဒိယသမင်ကဲ့သို့ ဈောင့်ရှောက်ရာ အရပ်၌ တည့်ရငြား သော်လည်း မရဏာဒုက္ခမှ လွတ်၏။ လင်းတမင်းကဲ့သို့ လည်းကောင်း၊ ကျေးမင်းကဲ့သို့ လည်းကောင်း ကျော့ကွင်း၌ ပိငြား သော်လည်း မရဏာဒုက္ခမှ လွတ်၏။ ဆင်မင်းကဲ့သို့ အနှောင်အဆွဲ တို့ဖြင့် ဘွဲ့အပ်ငြားသော်လည်း မရဏာဒုက္ခမှ လွတ်၏။

၈၄--သုဝဏ္ဏသို့ဝတ္ထု

ထိုစကား၌ ဤဝတ္ထုကိုသိအပ်ကုန်၏။ လွန်လေပြီးသောအခါ ဘုရားလောင်းသည် သုဝဏ္ဏသာမရသော့ဖြစ်၍ မိဂသမတာမည်သောဖြစ်နှား၌ သိကြားမင်းပေးအပ်သော သခ်မ်း၌နေလျက် ကန်းကုန်သောမိဘတို့ကို ရိသေစွာလုပ်ကျွေး၏။ ထိုအခါဗာရာဏသီပြည်၌ ဒီလိယကွမည်သော မင်းသည် သမင်သားကို မက်မောသဖြင့် အဓိအားပြည့်ကို အပ်နှင်း၍ ညချမ်းအခါ၌ သမင်အပေါင်းဖြင့် ခြံရံလျက်လာ၍ ရေကျိုးသွားသော သုဝဏ္ဏသာမကို မြင်၍ ဆိတ်လူးမြားဖြင့် ပစ်၏။ ဘုရားလောင်းသည် လည်း၍ လျောင်းလျက် အပြစ်ကိုပြုသောသူကို ဂ္ဂါလိုရကား နှုးညံ့သော စကားကိုဆို၏။ ထိုစကားကိုကြား၍ ဤသူသည် ငါပစ်လျက်လည်း ငါ့ကို မဆဲ မရေရွတ် ချစ်ဘွယ်သောစကားဖြင့် ပြောဆို၏ဟု ကြံ၍ သုဝဏ္ဏသာမအထံသို့ သွား၍ ဆင်းရဲသောသုဝဏ္ဏသာမကိုမြင်၍ ငိုး၏။ ထိုအခါ သန္ဒိဋ္ဌမည်သော ဂန္ဓမာဒနတောင်၌နေသော ဘုရားလောင်း၏

ခုနှစ်ဘဝ၌ အမိဖြစ်ဘူးသော နတ်သမီးသည် ထိုအကြောင်းကို သိ၍ ငါသည် ထို့အရပ်သို့အကယ်၍မသွားအံ့ သုဝဏ္ဏသာမသည်သေလတ္တံ့။ သုဝဏ္ဏသာမ သေသော် သုဝဏ္ဏသာမ၏ မိဘတို့သည် အာဟာရကင်းကုန်၍ ခြောက်၍ သေကုန်လတ္တံ့။ မင်းသည်လည်း နှလုံးကွဲ၍ သေလတ္တံ့။ ငါသွားသော်ကား မင်းသည် သခ်ၤမ်းသို့သွား၍ သုဝဏ္ဏသာမ၏မိဘတို့ကို ဆောင်လတ္တံ့၊ သုဝဏ္ဏသာမ၏မိဘတို့သည် လာ၍ သစ္စာပြုကုန်လတ္တံ့။ ငါလည်းသစ္စာပြုအံ့။ ဤသို့သစ္စာပြုသော် ငါ့သား သည် အသက်ကိုရလတ္တံ့၊ သုဝဏ္ဏသာမ၏ မိဘတို့သည်လည်း မျက်ဗဟတို့ကိုတဘန်ရကုန်လတ္တံ့။ မင်းသည်လည်း သုဝဏ္ဏသာမ၏ တရားကို နာရ၍ မြို့သို့သွားလျှင် ဒါနအစရှိသည်တို့ကို ပြု၍ တရား၁ ဖြင့် မင်းပြု၍ နတ်ပြည်၌ ဖြစ်လတ္တံ့ဟု ကြံ၍ ထို့အရပ်သို့သွား၍ မထင်သောကိုယ်ဖြင့် အနီး၌ ရပ်၏။ မြတ်သောမင်းကြီး.... သင်သည် သုဝဏ္ဏသာမကဲ့သို့ ထိုနှစ်ယောက်ကုန်သော သူကန်းတို့ကိုမွေးလော့၊ ဤသို့ မွေးသော် သင်သည် သုဂတိသို့လားရလတ္တံ့ဟု ဆို၏။ ထိုစကားကိုကြား၍ မင်းသည် သုဝဏ္ဏသာမ၏မိဘကို့ကို လုပ်ကျွေးအံ့သောငှါ သခ်ၤမ်းသို့သွား၍ အလုံးစုံသော အကြောင်းကို ပြောဆို၍ မြတ်သောမင်းကြီး ထို့သို့ တပြီးကား ငါတို့ကို ထို့အရပ်သို့ ဆောင်ပါလော့ဟု ဆိုသော် ဆိုတိုင်း ထို့အရပ်သို့ဆောင်၏။ သုဝဏ္ဏသာမ၏ မိဘတို့သည် လာကုန်၍-

ယေန သစ္စေန ယံ သာမော၊ ဓမ္မစာရိ ပုရေ အဟု။
ဇီတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမသ ဟညတု။

ဤသို့ အစရှိသော ခုနစ်ဂါထာတို့ဖြင့် သစ္စာပြုကုန်၏။ သုဝဏ္ဏသာမသည် ပြန်၍ လျောင်း၏။ထိုအခါ နတ်သမီးသည်လည်း-

ပဗ္ဘာဘာဟံ ဂန္ဓမာဒနေ၊ စိရရတ္တံ နိဝါသိနီ။
နှ မေ ဝိယတရော ကောစိ၊ အညော သာမာ ဟိ ဝိဇ္ဇတိ။
ဇီတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမသ ဟညတု။

ဤသို့ အစရှိကုန်သော ခုနစ်ဂါထာတို့ဖြင့် သစ္စာပြုကုန်၏။နတ်သမီး၏ သစ္စာပြုသည်၏ အဆုံး၌ သုဝဏ္ဏသာမသည် ရောဂါကင်းသည် ဖြစ်၍ ထ၏။ ဤသို့ သုဝဏ္ဏသာမ၏ရောဂါကင်းသည်၏အဖြစ် သုဝဏ္ဏသာမ၏ အမိအဘတို့အား မျက်စိကို တဘန်ရခြင်း အရက်တက်ခြင်း နတ်၏

အာနုဘော်အားဖြင့် ထိုလေးယောက်ကုန်သော သူတို့၏ သဒ္ဓမ်းဌ ထင်ရှားဖြစ်ခြင်း အလုံးစုံသည် တပြိုင်နက်သာလျှင် ဖြစ်၏။ ထိုအခါ ဘုရားလောင်းသည် မင်းအား တရားဟောလိုရကား-

ယော မာဘရံ ပိဘရံဝါ၊ မစ္စော ဓမ္မေန ပေါသေတိ။
ဒေဝါဝိ နံ တိကိစ္ဆန္တိ၊ မာတာပေတ္တိဘရံ နရံ။
ယော မာတရံ ပိတရံဝါ၊ မစ္စော ဓမ္မေန ပေါသေတိ။
ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။

ဟူကုန်သော နှစ်ဂါထာတို့ကို ဆို၏။

ယောမစ္စော၊ အကြင်သူသည်။ မာတရံဝါ၊ အမိကိုလည်းကောင်း။ ပိတရံဝါ၊ အဘကိုလည်းကောင်း။ ဓမ္မေန၊ တရားသဖြင့်။ ပေါသေတိ၊ သိမ်းမွေး၏။ မာတာပေတ္တိတရံ၊အမိအဘကို မွေးသော။ နံနရံ၊ထိုသူကို။ ဒေဝါပိ၊ နတ်တို့သည်လည်း။ တိကိစ္ဆန္တိ၊ ဆေးကုကုန်၏။ ။ယော မစ္စော၊ အကြင်သူသည်။ မာတရံဝါ၊ အမိကိုလည်းကောင်း။ ပိတရံဝါ၊ အဘကိုလည်းကောင်း။ ဓမ္မေန၊ တရားသဖြင့်။ ပေါသေတိ၊ မွေး၏။ နံ၊ ထိုမိဘကိုမွေးသောသူကို။ ဣဓေဝ၊ ဤပစ္ဆုပ္ပန်ဘဝ၌လျှင်။ ပသ္ထိတာ၊ ပညာရှိတို့သည်။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ သော၊ ထိုမိဘကို မွေးသောသူသည်။ ပေစ္စ၊တမလွန်ဘဝသို့ ရောက်၍။သဂ္ဂေ၊နတ်ပြည်၌။ မောဒတိ၊ နွေ့လျော်ရ၏။

ဤသို့ ဆိုပြီး၍ မြတ်သော မင်းကြီး ... နတ်ပြည်သို့ ရောက်၍ နတ်ပြည်၌ ကြီးမြတ်သောနတ်တို့၏စည်းစိမ်ကိုခံစားခြင်းငှါ အကယ်၍ အလိုရှိသည် ဖြစ်အံ့၊ ဤ ဆယ်ပါးကုန်သော တရားကျင့်ခြင်းတို့၌ တည်သည်ဖြစ်လော့ဟု ပြလိုရကား-

ဓမ္မဉ္စရ မဟာရာဇ၊ မာတာပိတူသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတ္ဝာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။
ဓမ္မဉ္စရ မဟာရာဇ၊ ပုတ္တဒါရေသု ခတ္တိယ။
ဓမ္မဉ္စရ မဟာရာဇ၊ ဒိဋ္ဌာမစ္စေသု ခတ္တိယ။
ဓမ္မဉ္စရ မဟာရာဇ၊ ဝါဟနေသု ဗလေသုစ။
ဓမ္မဉ္စရ မဟာရာဇ၊ ဂါမေသု နိဂမေသုစ။
ဓမ္မဉ္စရ မဟာရာဇ၊ ရဋ္ဌေသု ဇာနပဒေသုစ။

ဓမ္မဉ္စရ မဟာရာဇ၊ သမဏော ဗြာဟ္မဏောသုစ။
ဓမ္မဉ္စရ မဟာရာဇ၊ မိဂပက္ခီသု ခတ္တိယ။

ဓမ္မဉ္စရ မဟာရာဇ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟော။
ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။

ဓမ္မဉ္စရ မဟာရာဇ၊ ဣန္ဒာဒေဝါ သဗြဟ္မကာ။
သုစိဏ္ဏေန ဒိဗ္ဗံ ပတ္တာ၊ မာ ဓမ္မံ ရာဇ ပမာဒေါ။

ဟူကုန်သောမင်းကျင့်တရားကိုကိုပြကုန်သော ဆယ်ဂါထာတိုကိုဆို၏။

ခတ္တိယ၊ လယ်မြေအရှင်ဖြစ်သော။ မဟာရာဇ၊ မြတ်သောမင်းကြီး။ မာတာပိဟူသု၊ အမိအဘတိုဌ်။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်လော။ ရာဇ၊ မင်းကြီး။ တွံ၊ သင်သည်။ ဣဓ၊ ဤလောကဌ်။ ဓမ္မံ တရားကို။ စရိတွာန၊ ကျင့်၍။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ လားရလတ္တံ့။ ။ခတ္တိယ၊ လယ်မြေအရှင်ဖြစ်သော။မဟာရာဇ၊မြတ်သောမင်းကြီး။ ပုတ္တဒါရေသု၊ သားမယားတိုဌ်။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်လော။ ရာဇ၊ မင်းကြီး။ တွံ၊ သင်သည်။ ဣဓ၊ ဤလောကဌ်။ ဓမ္မံ၊ တရားကို။ စရိတွာန၊ကျင့်၍။သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ လားရလတ္တံ့။ ။ခတ္တိယ၊ လယ်မြေအရှင်ဖြစ်သော။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တွံ၊ သင်သည်။ မိတ္တာမစ္စေသု၊ အဆွေခင်ပွန်း မှူးမတ်တိုဌ်။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်လော။ ရာဇ၊ မင်းကြီး။ တွံ၊ သင်သည်။ ဣဓ၊ ဤလောကဌ်။ ဓမ္မံ၊ တရားကို။ စရိတွာန၊ ကျင့်၍။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ လားရလတ္တံ့။ ။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တွံ၊သင်သည်။ ဝါဟနေသုစ၊ဆင်မြင်း အစရှိသည်တိုဌ်လည်းကောင်း။ ဗလေသုစ၊ ဗိုလ်ပါတိုဌ်လည်းကောင်း။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်လော့။ ရာဇ၊ မင်းကြီး။ တွံ၊သင်သည်။ ဣဓ၊ဤလောကဌ်။ ဓမ္မံ၊တရားကို။ စရိတွာန၊ကျင့်၍၊ သဂ္ဂံ၊နတ်ပြည်သို့။ ဂမိဿသိ၊လားရလတ္တံ့။ ။မဟာရာဇ၊ မြတ်သောမင်းကြီး။တွံ၊ သင်သည်။ဂါမေသုစ၊ ရွာသားတိုဌ်လည်းကောင်း။ နိဂမေသုစ၊ နိဂုံးသားတိုဌ်လည်းကောင်း။ဓမ္မံ၊တရားကို။စရ၊ကျင့်လော့။ရာဇ မင်းကြီး။တွံ၊ သင်သည်။ ဣဓ၊ ဤလောကဌ်။ ဓမ္မံ တရားကို။ စရိတွာန၊ကျင့်၍။ သဂ္ဂံ၊ နတ်ပြည်သို့၊ ဂမိဿသိ၊လားရလတ္တံ့။ ။မဟာရာဇ၊မြတ်သောမင်းကြီး တွံ၊ သင်သည်။ ရဋ္ဌေသုစ၊ တိုင်းသားတိုဌ် လည်းကောင်း။ ဇာနပဒေ

သုစ၊ ဇနပုဒ်သားတို့၌လည်းကောင်း။ ဓမ္မံ၊ တရားကို။စရ၊ ကျင့်လော့။ ရာဇ၊ မင်းကြီး။ တွံ ၊သင်သည်။ဈာ၊ ဤလောက၌။ ဓမ္မံ၊ တရားကို။ စရိတွာန၊ ကျင့်၍။သဂ္ဂံ၊နတ်ပြည်သို့။ဂမိဿသိ လားရလတ္တံ့။ ။မဟာ ရာဇ၊ မြတ်သောမင်းကြီး။ တွံ၊သင်သည်။ သမဏော၊ ရဟန်း၌ လည်း ကောင်း။ ဗြာဟ္မဏောသုစ၊ ပုဏ္ဏားတို့၌လည်းကောင်း။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်လော့။ ရာဇ၊မင်းကြီး။တွံ၊သင်သည်။ ဈာ၊ဤလောက၌။ဓမ္မံ၊ တရားကို။ စရိတွာန၊ ကျင့်၍၊ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ လားရ လတ္တံ့။ ။ခတ္တိယ၊ လယ်မြေရှင် ဖြစ်သော။ မဟာရာဇ၊မြတ်သော မင်းကြီး။ တွံ၊သင်သည်။ မိဂပက္ခိသု၊ သားငှက်တို့၌။ ဓမ္မံ၊တရားကို။ စရ၊ ကျင့်လော့။ ရာဇ၊ မင်းကြီး။တွံ၊ သင်သည်။ ဈာ၊ ဤလောက၌။ ဓမ္မံ၊ တရားကို။ စရိတွာန၊ ကျင့်၍။ သဂ္ဂံ၊နတ်ပြည်သို့။ ဂမိဿသိ၊ လားရလတ္တံ့။ ။မဟာရာဇ၊ မြတ်သောမင်းကြီး။ တွံ၊ သင်သည်။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်လော့။ သုစိဏ္ဏော ကောင်းစွာ ကျင့်အပ် သော။ ဓမ္မော၊ တရားသည်။ သုခံ၊ ချမ်းသာကို။ အာဝဟော၊ ရွက်ဆောင် တက်၏။ ရာဇ၊ မင်းကြီး။ တွံ၊ သင်သည်။ ဈာ၊ ဤလောက၌။ ဓမ္မံ၊ တရားကို။ စရိတွာန၊ ကျင့်၍။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ လားရလတ္တံ့။ ။မဟာရာဇ၊ မြတ်သောမင်းကြီး။ တွံ၊ သင်သည်။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်လော့။ သဗြဟ္မကာ၊ ဗြဟ္မာနှင့် တကွကုန်သော။ ဈာနွာ၊နတ်မင်းတို့သည်လည်းကောင်း။ ဒေဝါ နတ်တို့ သည်လည်းကောင်း။ သုစိဏ္ဏော၊ ကောင်းစွာ ကျင့်အပ်သော တရား ကြောင့်။ ဒိဗ္ဗံ၊ နတ်ပြည် ဗြဟ္မာပြည်သို့။ ပတ္တာဂတာ၊ ရောက်ကုန်၏။ ရာဇ၊ မင်းကြီး။ ဓမ္မံ၊တရားကို။ တွံ၊သင်သည်။ မာပမာဒေါ၊ မမေ့လင့်။

ထိုတရားကိုနာရ၍ ဗီလိယက္ခမင်းသည် နှစ်သက်သော စိတ်ရှိသည် ဖြစ်၍ ပဉ္စသီလယူ၍ ဘုရားလောင်းကိုရှိခိုး၍ မိမိမြို့သို့ပြန်၍ ဒါန အစရှိသော ကောင်းမှုကိုပြု၍ ပဉ္စသီလကိုလည်း ဆောက်တည်၍ တရားသဖြင့် မင်းပြု၍ အသက်၏အဆုံး၌ နတ်ပြည်သို့လား၏။ ဘုရား လောင်းသည်လည်း မိဘတို့နှင့်တကွ ဈာန်အဘိညာဏ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့လား၏။ [သုဝဏ္ဏသာမဝတ္ထု]။

၈၅-သုတနဝတ္ထု

လွန်လေပြီးသောအခါဗာရာဏသီပြည်၌ ဘုရားလောင်းသည်သုတန မည်သောသူဆင်းရဲဖြစ်၍ အခစားလုပ်၍ အမိအဘတို့ကို မွေး၍ အဘ သည် သေလွန်သော် အမိကိုမွေး၏။ ထိုအခါဗာရာဏသီ မင်းသည် သမင်ကို နှစ်သက်ခြင်းရှိသည်ဖြစ်၍ တနေ့သ၌ တောသို့ဝင်၍ အကြင် သူ၏တည်ရာအရပ်မှသမင်သည် ပြေး၏၊ ထိုသူအား အလျော် ရောက် စေဟု အာဏာထား၏။ ထိုအခါတခုသော ဇေဏီမည်သောသားသည် မင်း၏ တည်ရာ အရပ်သို့ သွား၏။ မင်းသည် ထိုသားကို မှန်စိမ့် သောဌါ မြားကိုပစ်၏။ သားတို့၏ မာယာကို သင်ပြီးသော ထိုဇေဏီ မည်သော သားသည် မြားနံပါးသို့ ရှေ့ရှုလာသည်ကို သိ၍ ပြန်၍ မြားသည် မှန်သကဲ့သို့ဖြစ်၍ လည်း၏။ မင်းသည် ငါကားသားကို ပစ်၍ မှန်ပြီဟု ယူအံ့သောဌါ ပြေး၏။ သားသည် ထ၍ ပြေး၏။ အမတ်တို့သည် မင်းကိုပြက်ရယ်ကို ပြုကုန်၏။ မင်းသည် ထိုဇေဏီသား ကို လိုက်၍ သန်လျက်ဖြင့် နှစ်ပိုင်းဖြတ်၍ ထမ်းပိုး၌ဆွဲ၍ ထမ်းပိုးကို ထမ်းဆောင်လက်သော် လမ်းအကြား၌ ပညောင်ပင်ရင်း၌ အိပ်၍ ထသွားအံ့သောဌါ အားထုတ်၏။ ထိုပညောင်ပင်၌ နေသော မဃဒေဝ မည်သော ဘီလူးသည် ရပ်လော့ ရပ်လော့ ငါ၏ အစာဖြစ်ပြီဟု လက်၌ဆွဲ၏။ မင်းသည် ကြောက်၍ သင်သည် ယနေ့သာလျှင် စားလတ္တံ့လော။ ထိုသို့ မဟုတ်မူ မပြတ်စားလတ္တံ့လောဟု မေး၏။ ရလျှင် မပြတ်စားအံ့ဟု ဘီလူးဆို၏။ မင်းသည် ယနေ့ သင်သည် ဤ ဇေဏီမည်သော သားကိုစား၍ ငါ့ကိုလွှတ်သော် နက်ဖြန်မှစ၍ တခု တခုသော ထမင်းခွက်နှင့်တကွ တယောက် တယောက်သော လူကို စားလော့ဟု ဆို၏။ ဘီလူးသည် ထိုသို့ တပြီးကား မမေ့မလျော့ ဖြစ်လော့ မပို့လာသောနေ့၌ သင့်ကိုလျှင် စားအံ့ဟု ဆို၍ မင်း၏ ဝန်ခံခြင်းကိုယူ၍ မင်းကိုလွှတ်လိုက်၏၊ မင်းသည်လည်း ငါသည် ဗာ ရာဏသီမင်းတည်း ငါ့အား မရှိသောဥစ္စာမည်သည် မရှိဟုဆို၍ မြို့ သို့ဝင်၍ နှစ်ရက်မြောက်သော နေ့မှစ၍ နှောင်အိမ်မှ တယောက် တယောက်သောလူကို ထုတ်စေ၍ ထိုလူကို ထမင်းခွက်ကို ကိုင်စေ၍ ဘီလူးအား ပို့စေ၏။ ဘီလူးသည် ထမင်းကို စားပြီး၍ ထိုထမင်း ပို့

လူကိုစား၏၊ နောက်အတ္ရိ၌ နှောင်အိမ်တ္ရိ၌ လူတ္ရိသည် ကုန်ကုန်၏။ မင်းသည် သေခြင်းမှကြောက်၍ သပြာထောင်ထုပ်ကို ဆင်ကျောက်ကုန်း၌တင်စေ၍ ထမင်းကိုယူ၍ ဘီလူးအား ပေးခြင်း၄၊ စွမ်းနိုင်သောသူသည် သပြာထောင်ထုပ်ကို ယူစေသတည်းဟု စည်လည်စေ၏။ ထိုစကားကိုကြား၍ ဘုရားလောင်းသည် ထိုသပြာထောင်ထုပ်ကို အမိအားပေး၏၊ မင်းသို့ကပ်၍ ဒိုခိုး၍ ချစ်သား- သင်သည် ထမင်းကို ပို့လတ္တံ့လောဟုမေးသော် အရှင်မင်းကြီး ပို့အံ့ဟုဆို၏။ သင်သည် အဘယ်ကိုရခြင်း၄၊ သင့်သနည်းဟု မေးသော်- ရှင်မင်းကြီးတို့၏ ရွှေခြေနင်း ထီး သန်လျက်ကို ရခြင်း၄၊ သင့်၏ဟုဆို၏။ အဘယ်ကြောင့်နည်းဟု မေးသော် ရှင်မင်းကြီး၊ ဘီလူးမည်သည်ကား လက်နက်စွဲကုန်သော သူတို့မှ ကြောက်ကုန်သလျှင်ကတည်း။ ထိုကြောင့် အကျွန်ုပ်သည် သန်လျက်လက်စွဲသည်ဖြစ်၍ ထိုဘီလူး၏ ဥစ္စာဖြစ်သော မြေ၌မရပ်မူ၍ ရွှေခြေနင်းတို့၌ရပ်အံ့။ ထိုဘီလူး၏ သစ်ပင်ရိပ်၌မရပ်မူ၍ ထီးရိပ်၌ရပ်အံ့။ အဘယ်ကြောင့် ထီးရိပ်ခြေနင်းတို့၌ ရပ်အံ့နည်းဟူမူကား အကြင်ကြောင့် ထိုဘီလူးသည် မိမိဥစ္စာဖြစ်သော မြေသစ်ရိပ်၌ ရပ်သောသူကို စားခြင်း၄၊ရ၏၊ ထိုကြောင့် ထီးရိပ်ခြေနင်းတို့၌ ရပ်အံ့ဟုဆို၏။ တဘန် အဘယ်ကို ရသင့်သနည်းဟု မေးသော် ရှင်မင်းကြီး၊ ကျွန်ုပ်ကဲ့သို့သော ပညာရှိ ယောကျ်ားအား မြေခွက်ဖြင့် ရုန့်ရင်းသောဘောဇဉ်ကို ဆောင်ခြင်း၄၊ မလျောက်ပတ်။ ထိုကြောင့် သင်မင်းကြီးတို့၏ ပြည့်သောရွှေခွက်စားတော် ထမင်းကိုရခြင်း၄၊ သင့်၏ဟုဆို၏။ မင်းသည် အလုံးစုံကို ပေးစေ၍ ထိုသုတနု၏ ဝေယျာဝစ္စကို ပြုတတ်ကုန်သောသူတို့ကို စီရင်၏။ ဘုရားလောင်းသည် အဆောက်အဦတို့ကို ယူစေ၍ ထိုအရပ်သို့သွား၍ ပညောင်ပင်၏အနီး၌ လူတို့ကိုထား၍ ရွှေခြေနင်းတို့ကိုစီး၍ ထီးဖြူကို ဆောင်း၏။ ထမင်းခွက်ကိုယူ၍ ပညောင်ပင်၏ အနီးသို့သွား၍ သန်လျက်ဦးဖြင့် ထမင်းခွက်ကိုဆောင်၍ ပညောင်ရိပ်၏အစွန်း၌ ရပ်လျက်လျှင် ဘီလူးအား ထမင်းကိုပေး၏။ ဘီလူးသည် ဤသူကိုလှည့်စား၍ ပညောင်ရိပ်သို့ဝင်စေ၍ စားအံ့ဟုကြံ၍။ လုလင်လာလော့ ငါတို့နှစ်ယောက် စားကြကုန်အံ့ဟုဆို၏။ သင်အကယ်၍ ငါ့ကိုစားအံ့၊ သုတနမည်သော အမိကို လုပ်ကျွေးသောသူကို ဘီလူးသည် စားပြီ

ဟု သင့်အား ထမင်းပို့သော တစုံတယောက်သောသူ မည်၊ သည် မရှိ လတ္တံ့။ ထိုသို့ ထမင်းပို့သူမရှိသော် ယနေ့မှစ၍ သင်သည် ထမင်း ကို ရခဲလတ္တံ့။ ငါတို့ မင်းကိုလည်း သင်သည်ဘမ်းခြင်းငှါမရလတ္တံ့။ အဘယ်ကြောင့် နည်းဟူမူကား သစ်ပင်မှအပ၌ တည်သောကြောင့် တည်း။ ငါ့ကိုလည်း သင်သည် စားခြင်းငှါ မရလတ္တံ့။ ထိုစကား သည် သင့်၏။ ငါသည် သင့်ဖခင်ဘုန်း မတည်မူ၍ ခြေနှင်းတို့၌ ကြွ သည်၏။ သင်၏ သစ်ပင်ဟပ်၌ မတည်မူ၍ ထိုးဂိုဟ်၌တည်၏။ သင်သည် အကယ်၍ ငါနှင့်ဆန့်ကျင်အံ့ သင့်ကို သနဲလျက်ဖြင့် နှစ်ပိုင်းဖြတ်အံ့။ ထိုစကားသည် မှန်၏။ ငါသည် ယနေ့ ထိုအကျိုးငှါလျှင်၊ စိရင်၍လာ ၏ဟု ဆို၏။ ဘီလူးသည် ဤလူလင်ကား သင့်သောစကားကဲ့သို့ ဇာတ်ပြော ဆို၏ဟု ကြည်သိုသောဗတ်ရှိ၍ ထမင်းကိုစား၍ လူလင် သင့်သန် လွန်က ထိုးဖြိုးဇွန်ကိုယူ၍ ချမ်းသာစွာသွားလေလော့။ သင်၏ အမိ သည် ဖွင့်စေသတည်း။ သင်သည်လည်း အမိကဲ့ရဲ့လေလော့ဟုဆို၏။ ဘုရားလောင်းသည် အချင်း၊ သင်ကား ဓရုံ၌ မကောင်းမှုကို ပြု၍ ဘီလူးဖြစ်၏။ ယခုအခါမှစ၍ ပါဏာတိပါတ အစရှိသည်ကို မပြုလင့် ဟု သိလ၌ အကျိုးကိုလည်းကောင်း သိလ မရှိသည်၏ အဖြစ်၌ အ ပြစ်ကိုလည်းကောင်း ဟော၏။ ထိုဘီလူးကို ပဉ္စသိဒ္ဓ တည်စေ၍ သင့် အား တောင်္ခနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း လာလော့ဟု ခေါ်၍ ထိုဘီလူးကိုပင်လျှင် သနဲလျက်အစရှိသည့်ဘို့ကို ကိုင်စေ၍ မြို့သို့သွား ၏။ မင်းသည် ဘုရားလောင်းကိုကြို၍ ဘီလူးကို မြှုတ်ခါးခြံ နေစေ၍ ထမင်းဦး အစရှိသည်တို့ကို ဗလိနတ်စာပေး၍ မြို့သွင်းသွင်း၍ ဘုရား လောင်းကို သေနာပတိပြု၍ ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ နတ်ရွာသို့ လား၏။

သုဝဏ္ဏသာမဇာတက်။

၈၆- နန္ဒိယသမင် ဇာတ်

လွန်လေပြီးသောအခါ ကောသလတိုင်းသားကေတမြို့၌ ကာသလ မင်းသည် သမင်သားကို နှစ်သက်ခြင်းရှိ၏။ ထိုမင်းသည် လူတို့အား လယ် လုပ်ခြင်းအစရှိသည်တို့ကို ပြုစုပျိုးထောင်ရမပေးမူ၍ လူတို့ဖြင့် ဗြိရုံလုံကာ

နေ့တိုင်း သမင်သတ်အံ့သောဌါသွား၏။ ထိုအခါ တနေ့သ၌ လူတို့သည် စည်းဝေးကုန်၍ ငါတို့သည် မျက်စဉ်းကဲ့သို့ညှိသော၊ တောဥယျာဉ်ကို ကာရံ၍ တံခါးတပ်၍ တောမှသမင်တို့ကို ထုတ်ဆောင်၍ ထိုဥယျာဉ်သို့သွင်း၍ တံခါးကိုပိတ်၍ မင်းအား ကြားလျှောက်၍ ပိမိတို့၏အမှုကို ပြုရကုန်သော်ကောင်း၏ဟု တိုင်ပင်၍ ဥယျာဉ်ကို စီရင်၍ တောထိုဝင်၍ တယုဇနာမျှသော အရပ်ကို ခြံရံကုန်၏၊ ထိုအခါ ဘုရားလောင်းသည် နန္ဒိယမည်သော သမင်ဖြစ်၍ တခုသောချုံငယ်၌ ပိဘတို့ကိုယူ၍ နေလျက် ထိုလူတို့ကိုကြံဖြင့်၍ ယနေ့ငါသည် အသက်ကို စွန့်၍ ပိဘတို့အား အသက်ကိုလှူခြင်းငှါ သင့်၏ဟုကြံ၍ သင်တို့သည် ဘာသာသော အကြောင်းအားဖြင့် အသက်ရှည်စေကုန်သတည်း။ ငါသည် သင်တို့အား အသက်ကိုလှူအံ့၊ လူဘို့သည် ချုံကိုပုတ်ကာမျှ၌လျှင် ငါထွက်အံ့၊ ထိုသို့ လူတို့သည် ဤချုံငယ်၌ ကသော သမင်သားလျှင်ရှိသည်ဖြစ်လတ္တံ့ဟု အောက်မေ့ကုန်၍ ချုံသို့မဝင်ကုန်မူ၍ သင်တို့ကို မဖြင့်ကုန်လတ္တံ့၊ သင်တို့သည် မနေ့မလျော့ ဖြစ်ကြကုန်လော့ဟုဆို၍ ပိဘတို့ကိုကန်တော့၍ သွားအံ့သော အစိအရင်ရှိသည်ဖြစ်၍ ချုံကိုပုတ်ကာမျှ၌လျှင် ချုံမှထွက်၍သမင်တို့၏ အတွင်းသို့ဝင်၏။ လူတို့သည် လည်း နန္ဒိယသမင် ကြီးကိုင်းအမှတ်ရှိကုန်သည်ဖြစ်၍ ထိုချုံသို့ မဝင်ကုန်မူ၍ သမင်တို့ကို ဥယျာဉ်သို့သွင်းကုန်၍ မင်းအား ကြားလျှောက်ကုန်၏၊ ပိမိတို့၏အရပ်တို့သို့သွားကုန်၏၊ ထိုအခါမှစ၍ မင်းသည် ပိမိသာသျှင် ကသော သမင်ကိုပစ်၍ ယူ၍မှလည်းသွား၏။ ရံခါစေခိုင်း၍မှလည်း ဆောင်စေ၏။ ထိုသမင်ဟူသည် အလှည့်ထားကုန်၏။ ရောက်သောအလှည့်ရှိသော သမင်သည်သွား၍ နေသောအရပ်၌ ထိုသမင်ကို ပစ်၏။ ထိုအခါ ကနေ့သ၌ နန္ဒိယ၏အလှည့်သည် ရောက်၏။ ထိုနေ့၌ လည်း မင်းသည် ပိမိလျှင်သွား၍ ပစ်အံ့သောဌါ အားထုတ်၏။ နန္ဒိယသည် မေတ္တာကို ရှေ့သွားပြု၍ မတုန်မလှုပ်ရပ်၏၊ မင်းသည်နန္ဒိယ၏ မေတ္တာအာနုဘော် အားဖြင့် မြားကိုသွတ်အံ့သောဌါ မတတ်နိုင်ရကား လေးကိုစွန့်၍ ဤ အသက်မရှိသော တင်၍ပစ်သော အတံသည်လည်း သင်၏ ကျေးဇူးကို သိသေး၏။ ဗိတ်ရှိသောလူဖြစ်၍ ပစ်သောငါသည် ကား သင့်ကျေးဇူးကို မသိလေ။ သင်သည် ဘုံအား သည်းခံလော့ သင့်အားငါသံသည် ဘေးမဲ့ကို ပေးအံ့ဟု ဆို၏။ မြတ်သောမင်းကြီး သင်

သည် ငါ့အား ရှေးဦးစွာဘေးမဲ့ပေးပြီ၊ ဥယျာဉ်၌ ဤသားအပေါင်းကို ကား အသို့ပြုလတ္တံ့နည်းဟု နန္ဒိယသမင်ဆိုး၏။ ထိုသားအပေါင်းအား လည်း ဘေးမဲ့ကိုပေး၏ဟု မင်းဆိုး၏။ဤသို့သောနည်းဖြင့် ဘုရားလောင်း သည် ခပ်သိမ်းကုန်သော တောရွာ သားတိရစ္ဆာန်အား လည်း ကောင်း ကောင်းကင်၌ သွားကုန်သောငှက်တိရစ္ဆာန်လည်းကောင်း ရေ၌ သွား ကုန်သော ငါးတိရစ္ဆာန်လည်းကောင်း ဘေးမဲ့ကိုပေးစေ၍ မင်းကဲ့သို့ တည်စေ၍ မြတ်သောမင်းကြီး မင်းမည်သည်ကား အဂတိသို့ လား ခြင်းကိုပယ်၍ ဆယ်ပါးကုန်သော မင်းကျင့်တရားတို့ ဟု မပျက်စေသ ဖြင့် တရားနှင့်ညီစွာ မင်းပြုခြင်းငှါ သင့်၏ဟုဆို၍ ဆယ်ပါးကုန်သော မင်းကျင့်တရားတို့ကို ပြသိရကား-

ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။
အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိဉ္စ အဝိရောဓနံ။
ဣစ္ဆေတေ ကုသလေ ဓမ္မေ၊ ဌိတော ပဿာဟိ အင်္ဂုနိ။
တံတာ တေ ဇာယတေ ဝိတ်၊ သောမနဿဉ္စ နပ္ပကံ။

ဟူကုန်သော နှစ်ဂါထာတို့ကိုဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ တံ့၊ သင်သည်။ အင်္ဂုနိ၊ ဒသဓ ဒီ။ ဌိတော၊ တည်ကုန်သော၊ ဒါနံ၊ အလှူပေးခြင်းလည်းကောင်း၊ သီလံ၊ ငါးပါးသောသီလ ဆယ်ပါးသောသီလကို စောင့်ခြင်းလည်းကောင်း။ ပရိစ္စာဂံ၊ စွန့်ကြဲခြင်းလည်းကောင်း။ အဇ္ဇဝံ၊ ဖြောင့်မတ်သည့်၏အဖြစ် လည်းကောင်း။ အက္ကောဓံ၊ အမျက်မထွက်သော အဖြစ်လည်းကောင်း။ အဝိဟိံသဉ္စ၊ မညှဉ်းဆဲသော အဖြစ်လည်းကောင်း။ ခန္တိ၊ သည်းခံသောအဖြစ်လည်းကောင်း။ အဝိရောဓနံ၊ မဆန့်ကျင်ခြင်းလည်းကောင်း။ ဣစ္ဆတိ၊ သို့၊ ဇေဘေကုသလေဓမ္မေ၊ ထိုကုသိုလ်တရားတို့ကို။ ပဿာဟိ၊ ရှုလော့။ တတော၊ ထိုမိမိ၌ တည်သောကုသိုလ် တရားကို ရှုခြင်း ကြောင့်။ တေ၊ သင့်အား။ အနပ္ပကံ၊ များစွာသော။ ဇိတ်၊ နှစ်သက် ခြင်းသည်လည်းကောင်း။ အနပ္ပကံ၊ များစွာသော။ သောမနဿဉ္စ၊ ဝမ်းမြောက်ခြင်းသည်လည်းကောင်း။ ဇာယတေ၊ဖြစ်အံ့။

ဘုရားလောင်းသည် မင်း၏အထံ၌ နှစ်ရက် သုံးရက်နေ၍ မြို့၌ ခပ်သိမ်းကုန်သော သတ္တဝါတို့အား ဘေးမဲ့ပေးသော အဖြစ်ကို ထင်

ရှားစိမ့်သောဌါ ရွှေစည်လည်စေ၍ မြတ်သောမင်းကြီး သင်သည် မမေ့မလျော့ ဖြစ်လော့ဟုဆို၍ အမိအဘတို့ကိုဖူးမြင်အံ့သောဌါယွားဏီ။ [နန္ဒိယသမင်ဝတ္ထု]

၈၇—လင်းတဝတ္ထု

သတ္တနိပါတ်

လွန်လေပြီးသောအခါ ဘုရားလောင်းသည် လင်းတဖြစ်၍ အိုမင်းကုန်သော ယုတ်သောမျက်စိ ရှိကုန်သော မိဘတို့ကို လိုဏ်ဌိဆား၍ နွားသား အစရှိသည်တို့ကို ဆောင်၍ မွေးဏီ။ ထိုအခါ ဗာရာဏသီ သုသာန်၌ တယောက်သော နိလိယမည်သော မူဆိုးသည် မမှတ်မူ၍ ကျော့ကွင်းကို ထောင်ဏီ။ ဘုရားလောင်းသည် ထိုကျော့ကွင်း၌မိ၍ မိမိဏီ မိဘတို့ကို အောက်မေ့၍ အဘယ်သို့လျှင် ငါဏီ မိဘတို့သည် မျှကုန်လတ္တံ့နည်း။ ငါဏီကျော့ကွင်း၌ မိသည်ဏီအဖြစ်ကိုလည်း မသိကြဘဲ ကိုးကွယ်ရာမရှိကုန်သည်ဖြစ်၍ အိပ်ကုန်လျက် တောင်လိုဏ်၌သာ ခြောက်၍ သေကုန်လတ္တံ့ဟု ငါထင်မိဏီ။ ဤသို့ လူ့ဘာသာဖြင့် ငိုကြွေးဏီ။ ထိုအသံကိုကြား၍ မူဆိုးသည် လောက၌ ယူဇနာ တရာကို လွန်၍တည်ကုန်သော အသေကောင်တို့ကို လင်းတသည်မြင်ဏီဟူသော အကြင်စကားကို ဆိုအပ်သည် မဟုတ်တုံလော။ အဘယ်ကြောင့် ဤလင်းတသည် ကွန်သို့လည်းကောင်း ကျော့ကွင်းသို့လည်းကောင်း ရောက်၍လည်း မသိကုန်သနည်းဟု ဆိုဏီ။ အကြင်အခါ၌ သတ္တဝါတို့သည် ပျက်စီးဏီ သတ္တဝါဏီ အသက်သည် ကုန်ရာဏီ၊ ထိုအခါ သတ္တဝါသည် ကွန်သို့လည်းကောင်း ကျော့ကွင်းသို့လည်းကောင်း ရောက်၍လည်း မသိဟု ဘုရားလောင်းဆိုဏီ။ မူဆိုးသည် ဘုရားလောင်းဏီ တရားစကားကို နာရ၍ ပညာရှိသော လင်းတမင်းသည် ငိုသည်ရှိသော် မိမိဏီအကျိုးဌါ မငို။ မိဘတို့ဏီအကျိုးဌါ ငိုသည်ဟု ဆိုဏီ။ ဤလင်းတကိုသတ်ခြင်းဌါ မလျောက်ပတ်ဟု လင်းတအား နှစ်သက်၍ ချစ်သောစိတ်ဖြင့် ခြေမှကျော့ကွင်းကိုဖြေ၍ လင်းတမင်း.... သင်သည် တောင်ချောက်၌ အိပ်နေကုန်သော ကြီးကုန်သောမိဘတို့ကို မွေးလေလော့။ အကြင်သင့်ကို ငါခွင့်ပြုအပ်ဏီ ထိုသင်သည် ဆွေမျိုးတို့ကို ရှုလေလော့ဟုဆိုဏီ။ ဘုရားလောင်းသည် သေဘေးမှလွတ်၍

အနုမောဒနာပြုလျက် တောင်ချောက်၌ အိပ်နေကုန်သောကြီးကုန်သော မိဘတို့ကို မွေးရသော ငါသည် နှစ်သက်သကဲ့သို့ ထိုအတူ မူဆိုး.... သင်သည် ခပ်သိမ်းကုန်သော ဆွေမျိုးတို့နှင့်တကွ ဝမ်းမြောက်စေ သတည်းဟု ဆိုရှိ ခံတွင်းပြည့်အောင် အမဲတို့ကို ယူလျက်သွား၍ အမိ အဘတို့အား ပေး၏။ ။[လင်းတဝတ္ထု]။

၈၈–တနည်း လင်းတဝတ္ထု

ဒုကနိပါတ်

လွန်လေပြီးသောအခါ ဘုရားလောင်းသည် လင်းတ တောင်၌ လင်းတဖြစ်၍ အမိအဘတို့ကို မွေး၏။ တရံရောအခါ ကြီးစွာသော လေနှင့်တကွသော မိုဃ်းရွာခြင်းသည် ဖြစ်၏။ လင်းတ တို့သည် ထိုလေနှင့်တကွသော မိုဃ်းကို သည်းခံခြင်းငှါ မတတ်နိုင်ကုန်၍ ဗာရာဏသီသို့သွား၍ တံတိုင်း၏အနီး၌ ချမ်းခြင်းကြောင့် တုန်လှုပ် ကုန်လျက် နေကုန်၏။ ထိုအခါ ဗာရာဏသီသေဋ္ဌေးသည် မြို့မှထွက်၍ ပင်ပန်းကုန်သော ထိုလင်းတတို့ကိုမြင်၍ တရသောအရပ်၌စည်းဝေး၍ မီးညှိစေ၍ ယောက်ျားတို့ကို သုသာန်သို့စေ၍ နွားသားကိုဆောင် စေ၍ ထိုလင်းတတို့အား ပေးစေ၍ အစောင့် အရှောက်ကိုထား၏။ လင်းတတို့သည် လေနှင့်တကွရွာသော မိုဃ်းသည် ငြိမ်းလတ်သော် ခံ့သောကိုယ်ရှိကုန်သည် ဖြစ်၍ တောင်သို့သွားကုန်၏။ ဗာရာဏသီ သေဋ္ဌေးသည် ငါတို့အား ကျေးဇူးပြု၏။ ကျေးဇူးပြုသော သူအားလည်း ကျေးဇူးတုံ့ပြုခြင်းသည် သင့်၏။ ထိုကြောင့် ယနေ့မှစ၍ ငါတို့တွင် အကြင် သူသည် အကြင် အဝတ်ကိုလည်းကောင်း တန်းဆာကို လည်းကောင်းရ၏ ထိုသူသည် ထိုအဝတ်တန်းဆာကို သေဋ္ဌေး၏ အိမ်၌ ချအပ်၏ဟု လင်းတတို့သည် ဆိုကုန်၏။ ထိုလင်းတတို့သည် ထိုနေ့မှစ၍ အဝတ်တန်းဆာတို့ကို နေပူလှန်း ကုန်သော လူတို့၏ မေ့လျော့ခြင်းကို ကြည့်၍ အဆောတလျင်အားဖြင့်ယူ၍ သေဋ္ဌေး၏ အိမ်၌ချကုန်၏။ လင်းတတို့သည် ချသောအဖြစ်ကို သေဋ္ဌေး သိ၍ ခပ်သိမ်းကုန်သော ထိုအဝတ်တန်းဆာတို့ကို အသီးအသီးသာလျှင် ထား၏။လင်းတတို့သည် မြို့ကိုလုယက်ကုန်၏ဟူ၍ လူတို့သည် မင်းအား လျှောက်ကုန်၏။ မင်းသည် လင်းတတို့ကို ဘမ်းအံ့သောငှါ ထိုအရပ်၌

ကွန် ကျော့ကွင်းကို ထောင်စေ၍ ဘုရားလောင်းသည် ကျော့ကွင်း၌ ဒိန်း။ လူတို့သည် ဘုရားလောင်းလင်းတကို ယူကုန်၍ မင်းအား ပြကုန်၏။ မင်းသည်မေး၍ အလုံးစုံသော အကြောင်းကိုကြား၍ တာဘန် လောက၌ ယူဇနာတရာကို လှမ်း၍ တည်ကုန်သော အသေကောင် တို့ကို လင်းတသည့် ဖြင်၏ဟူသော အကြင်စကားကို ဆိုအပ်သည် မဟုတ်တုံလော ဤသို့ အစရှိသောနည်းဖြင့် မေး၏။လင်းတသည်လည်း အကြင် အခါ၌ သင်္ဘာဝါသည် ပျက်စီး၏ ဤသို့ အစရှိသောနည်းဖြင့် တရားဟော၍ နှစ်သက်သောကြောင့် မင်းသည် လွတ်အပ်သည်ဖြစ်၍ အမိအဘတို့၏ အထံသို့သွား၏၊ မင်းသည် သေဌေးကြီးကို ခပ်သိမ်း ကုန်သော သူတို့၏ ဥစ္စာတို့ကို ပေးစေ၏။ [လင်းတဝတ္ထု]။

၈၉—ကျေးမင်းဝတ္ထု

ပကိဏ္ဏကနိပါတ် ကေဒါရဇာတ်

လွန်လေပြီးသော အခါ ဂုဇ္ဇိုဟ် ပြည်မှ အရှေ့မြောက်အတို့၌ သာလိန္ဒိယမည်သော ပုဏ္ဏားတို့၏ ရွာသည် ဖြစ်၏။ ထိုရွာမှ အရှေ့ မြောက်အတို့၌ မဂဓရာဇ်လယ်သည်ရှိ၏၊ ထိုလယ်စပ်မှ အရှေ့မြောက် အတို့သာနူတောင်၌ ကြီးစွာသော လက်ပံတောသည် ရှိ၏၊ ထိုလက်ပံ တော၌ များစွာကုန်သော ကျေးတို့သည် နေကုန်၏။ ထိုအခါ ဘုရား လောင်းသည် လှည်းပုံတောင်းခန့် ကိုယ် ရှိသော ကျေးမင်းဖြစ်၍ ဟိမဝန္တာမှ အစာကိုဆောင်၍ အမိအဘတို့ကို မွေး၏။ ထိုအခါ တယောက်သော ကောသိယဂေါတ္တမည်သော သာလိန္ဒိယရွာ၌နေသော ပုဏ္ဏားသည် ပယ်တဆောင် အတိုင်းအရှည် ရှိသော လယ်၌ သလေး တို့ကို စိုက်ပျိုးစေ၍ တယောက်သော လယ်စောင့်ကို ထား၏။ကျေးမင်း သည် အခြံအရံနှင့်တကွ ထိုလယ်၌ကျ၏၊ လယ်စောင့်သည် ထိုထို၌ ကျကုန်သော များစွာကုန်သော ကျေးတို့ကိုပစ်အံ့သောငှါ မတတ်နိုင်။ ဘုရားလောင်းမှ ကြွင်းကုန်သော ကျေးတို့သည် အလိုရှိတိုင်း စားကုန် ၍ အချည်းနှီးသော နှုတ်သီး ရှိကုန်သည် ဖြစ်၍လျှင် ပျံသွားကုန်၏။ ကျေးမင်းသည်ကား များစွာကုန်သော သလေးနှံတို့ကိုတပေါင်းတည်း ပြု၍ နှုတ်သီးဖြင့် ချိပ်ယူ၍ ပျံသွား၏၊ လယ်စောင့်သည် သွား၍ ပုဏ္ဏား အား ပြောဆို၏၊ ထိုသို့ တပြိုးကား မြင်းမြိုးတို့ကိုကျစ်၍ ကျေးမင်း၏

ကျရာ အရပ်၌ ကျော့ကွင်းကိုထောင်၍ ထိုကျေးမင်းကို အရှင်ဘမ်း၍ ဆောင်ခဲ့လော့ဟု ပုဏ္ဏားဆိုဏ်၊ လယ်စောင့်သည် ပုဏ္ဏားဆိုတိုင်း ပြု၍ ကျေးမင်းကိုရ၍ ပုဏ္ဏားအားပြဏ်၊ ပုဏ္ဏားသည် ထိုကျေးမင်းကို မြင်၍ ဖြစ်သော ချစ်ခြင်းရှိသည် ဖြစ်၍ ဘုရားလောင်း ကျေးမင်းကို ရင်ခွင်၌ နေစေ၍ ကျေးမင်း သင်သည် အလိုရှိတိုင်း သလေးကိုစား၍ နှုတ်သီးဖြင့် ဆောင်ယူ၍သွား၏၊ သင့်အား ကျီတည်းရှိသလော၊ ထိုသို့ တည်းမဟုတ်မူ သင်သည် ငါ၌ ရန်ကိုတည်း ပြုသလောဟု မေး၏။ ထိုစကားကိုကြား၍ ကျေးမင်းသည် သာယာစွာသောလူတို့၏စကားဖြင့်-

နမေ ဝေရံ တယာ သဒ္ဓိံ၊ ကောဋ္ဌံ မယ္ဟံ နဝိဇ္ဇတိ။
ဣဏံ မုဥ္စာမိဏံ ဒမ္မိ၊ သမ္ဂတ္တော ကောဋ္ဌသိမ္ဗလိံ။
နိဓိမ္ဂိ တတ္ထ နိဒဟာမိ၊ ဇဝံ ဇာနာဟိ ကောသိယ။

ဟူသော ဂါထာကို ဆိုဏ်။

ကောသိယ၊ ကောသိယ ပုဏ္ဏား။ မေ၊ ငါ့အား။ တယာ၊ သင်နှင့်။ သဒ္ဓိံ၊ တကွ။ ဝေရံ၊ ရန်သည်။ နဝိဇ္ဇတိ၊ မရှိ။ မယ္ဟံ၊ ငါ့အား။ကောဋ္ဌံ၊ ကျီသည်။ နဝိဇ္ဇတိ မရှိ။ ကောဋ္ဌသိမ္ဗလိံ၊ ကောဋ္ဌသိမ္ဗလိတောသို့။ သမ္ဂတ္တော၊ ရောက်သော။ အဟံ၊ ငါသည်။ တတ္ထ၊ ထိုတောဋ္ဌ။ ဣဏံ၊ မြီကို။ မုဥ္စာမိ၊ ဆပ်၏။ ဣဏံ၊ မြီကို။ ဒမ္မိ၊ ပေး၏။ နိဓိမ္ဂိ၊ အစဉ်တစိုက်လိုက်သော ရွှေအိုးကိုလည်း။ နိဒဟာမိ၊ မြှုပ်၏။ ဇဝံ၊ ဤသို့။ တွံ၊ သင်သည်။ ဇာနာဟိ၊ သိလော့။

ဤသို့ဆိုဍ် ပုဏ္ဏားသည် မေးအပ်သောကျေးမင်းသည် ထိုအနက်ကို ထင်စွာ ပြလိုရကား-

အဇာတပက္ခာ သကုဏာ၊ ပုတ္တကာ မယ္ဟံ ကောသိယ။
တေ မံ တထာ ဘရိဿန္တိ၊ တသ္မာ တေသံ ဣဏံ ဒဒေ။
မာတာပိတာစ မေ ဝုဒ္ဓါ၊ ဇိဏ္ဏကာ ဂတယောဗ္ဗနာ။
တေသံ တုဏ္ဍေန ဟာဟုန၊ မုဥ္စေ ပုဗ္ဗကတံ ဣဏံ။
အညေပိ တတ္ထ သကုဏာ၊ ခီဏပက္ခာ သုဒုဗ္ဗလာ။
တေသံ ပုညတ္ထိကော ဒမ္မိ၊ တံ နိဓိံ အာဟု ပဏ္ဍိတာ။

ဟူကုန်သော ဂါထာတို့ကို ဆိုဏ်။

ကောသိယ၊ ကောသိယ အနွယ်ဖြစ်သော ပုဏ္ဏား။ မယ္ဟံ၊ ငါအား။ အဇာတပက္ခာ၊ အတောင် မရောက်ကုန်သေးသော။ သကုဏာ၊ ငှက်

ဖြစ်ကုန်သော။ ပုတ္တကာ၊ သားငယ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တော၊ ထိုသားတို့သည်။ ကထာ၊ ထိုငါမွေးသောအတူ။ မံ၊ငါ့ကို။ ဘရိသန္တိ၊ မွေးကုန်လတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ တေသံ၊ ထိုသားငယ်တို့အား။ အဟံ၊ ငါသည်။ ဇာတံ၊ မြို့ကို။ ဒေဒေ၊ ပေး၏။ မေ ငါ့အား။ ဝုဒ္ဓါ၊ ကြီးကုန်သော။ ဇိဏ္ဏကာ၊ အိုကုန်သော။ ဂတယောဗ္ဗနာ၊ တတိယအရွယ်သို့ရောက်ကုန်သော။ မာတာပိတာစ၊ အမိအဘတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တေသံ၊ ထိုမိဘတို့၏။ ပုတ္တကတံ၊ ရှေးဦးပြုအပ်သော။ ဇာတံ၊ မွေးမြို့ကို။ အဟံ ငါသည်။ တာ၊ ထိုသားငယ်တို့အား။ ဒေဒေ၊ ပေး၏။ ဇာတံ၊ မွေးမြို့ကို။ အဟံ၊ ငါသည်။ ဒဒေ၊ ပေး၏။ မေ၊ ငါ့အား။ ဝုဒ္ဓါ၊ ကြီးကုန်သော။ ဇိဏ္ဏကာ၊ အိုကုန်သော။ ဂတယောဗ္ဗနာ၊ တတိယအရွယ်သို့ရောက်ကုန်သော။ မာတာပိတာစ၊ အမိအဘတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တေသံ၊ ထိုမိဘတို့၏။ ပုတ္တကတံ၊ ရှေးဦးပြုအပ်သော။ ဇာတံ၊ မွေးမြို့ကို။ အဟံ၊ ငါသည်။ တာ၊ ထိုအလှူပေးသောအမှုကို။ ပဋိဂ္ဂဏှိတာ၊ ပညာရှိတို့သည်။ နိဓိ၊ အစည်တိုက်လိုက်သောဥစ္စာ ရွှေငိုးပဟူ၍။ အာဟု၊ ဆိုကုန်၏။

ထိုစကားကိုကြား၍ ပုဏ္ဏားသည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ယနေ့မှစ၍ ဆွမျိုးနှင့်တကွ ဘေးမရှိသည်ဖြစ်၍ သလေးကိုးရားလော့ဟု အလုံးစုံသော လယ်ကို ဆောင်နှင်း၍ ခြေမှအနှောင်အဖွဲ့ကိုဖြေ၏။ ဘုရားလောင်းသည် အတိုင်းအခွင့်ကိုသိသည်၏အဖြစ်ကြောင့် ရှစ်ပယ်စားမျှကိုသာ ခံယူ၍ ကြွင်းသောလယ်ကိုတဘန် ထိုပုဏ္ဏားအား သာလျှင် ပေး၏။ ပုဏ္ဏားကြီး၊ သင်သည် မမေ့မလျော့ ဖြစ်ကုန်လော့ဟု အဆုံးအမကို ပေးပြီးလျှင် သလေးနှံ့ကိုချ၍ မိဘဇနံ့အထံသို့ သွား၏။ ပုဏ္ဏားသည် ရှစ်ပယ်စားမျှ၌ တိုင်ဖိုက်၍ ဤမှယူကုန်သော ကျေးဇူးကို မမြစ်လင့်ဟု လယ်စောင့်ကို ဆို၏။ ထိုအခါမှစ၍ ရှစ်ပယ်စားမျှသော လယ်မှသာလျှင် ယူကုန်၏။ ။ ကျေးမင်းဝတ္ထု ။

ဒု၀–ဘုရားလောင်း ဆင်မင်းဝတ္ထု

လွန်လေပြီးသောအခါ၌ ဘုရားလောင်းသည် ကိုယ်လုံးဖြူသော အဇောင်ရှစ်ဆယ်ရှိသောအဆွဲအရံရှိသော ဆင်မင်းဖြစ်၍ အမိ မျက်

မမြင်ကို မွေးလျက် ဟိမဝန္တာအရပ်၌နေ၏။ ထိုဆင်မင်းသည် နောက်အဘို့၌ ဆင်အပေါင်းကို စွန့်ပြီးလျှင် အမိကိုယူလျက် စဏ္ဍောရဏမည်သော တောင်ခြေရင်းသို့သွား၍ ပဒုမာရေအိုင်ကို မှီလျက် တည်သော တောင်လိုဏ်၌အမိကိုထား၍မွေး၏။ ထိုအခါ ဗာရာဏသီပြည်၌နေသော တယောက်သောမူဆိုးသည် ခုနစ်ရက်မျက်စိလည်၍ ငိုလျက် ထိုအရပ်သို့ရောက်၏။ ဆင်မင်းသည် ထိုမူဆိုးကိုသနားသဖြင့် မိမိကျောက်ကုန်း၌စီးစေ၍ တောမှတုတ်ဆောင်လျက် လူတို့၏ လမ်း၌ထား၍ပြန်၏။ ယုတ်မာသော ထိုမူဆိုးသည်လည်း ဗာရာဏသီပြည်သို့သွား၍ မင်းအားကြား၏။ ထိုအခါ၌လည်း မင်း၏ မင်္ဂလာဆင်သည်သေ၏။ မင်းသည် မူဆိုးနှင့်တကွ ဆင်ဆရာကိုစေ၍ ဘုရားလောင်းကို ဆောင်ယူပြီးလျှင် မင်္ဂလာဆင်တင်းကုပ်၌ထားစေ၍ အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကိုယူ၍ သွားပြီးလျှင် ဘုရားလောင်းအား ပေးစေ၏။ ဘုရားလောင်းသည်အမိနှင့်ကင်း၍ အစာကို မယူအံ့ဟုကြီ၍ မင်းသည်ဆင်မင်း ထမင်းလုပ်ကို ယူလော့ဟု ဆိုအပ်သော်လည်း ထမင်းလုပ်ကိုမယူမူ၍ မြတ်သောမင်းကြီး၊ ငါသည် ကန်းသော အမိကို လုပ်ကျွေးမွေးမြူရ၏။ ငါနှင့်ကင်း၍ ငါ့အမိသည်အသက်ကုန်ခြင်းသို့ရောက်လတ္တံ့။အမိနှင့်ကင်း၍ ငါ့အားစည်းစိမ်ချမ်းသာဖြင့် အလိုမရှိ၊ အစာကိုမရသော ငါ့အမိအား ယနေ့ခုနစ်ရက်ရှိပြီဟု ဆို၏။ မင်းသည် အချင်းတို့....အကြင်ဆင်မင်းသည် အမိကိုမွေးမြူ၏၊ ထိုဆင်မင်းကို လွှတ်ကြကုန်လော့။ ဆင်မင်းသည် အမိနှင့် လည်းကောင်း ခပ်သိမ်းကုန်သောဆွေမျိုးတို့နှင့် လည်းကောင်း ပေါင်းမိ စေလော့ဟု ဆို၏။ ထိုအခါ ဘုရားလောင်းသည် အနှောင်အဘွဲ့မှလွတ်၍ မင်းအားဆယ်ပါးသော မင်းကျင့်တရားကို ပြတတ်သော ဂါထာဖြင့် အတန်ငယ်တရားဟော၍ မြတ်သောမင်းကြီး သင်သည် မမေ့မလျော့စေသတည်းဟု အဆုံးအမကိုပေး၍ များစွာသောလူသည် နှံ့သာပန်း အစရှိသည်တို့ဖြင့် ပူဇော်အပ်သည် ဖြစ်၍ မြို့မှထွက်၍ထိုနေ့၌လျှင် အမိထံသို့ရောက်၏။ မင်းသည် ဘုရား၏ ကျေးဇူး၌ ကြည်ညို၍ ပဒုမာရေအိုင်၏ အနီး၌ ရှာတည်စေ၍ အမြဲဝတ်ကို ဖြစ်စေ၍ နောက်အဘို့၌ ဘုရားလောင်း၏ အမိသည်သေလွန်သော် ထိုဆင်မ၏အကောင်ကိုသင်္ဂြိုဟ်၍ ကရဏ္ဍမည်သော ရသေ့တို့၏ နေရာ ကျောင်းသင်္ဓမ်းကို ဆောင်ခဲ့၍

မြှိသို့သွား၏။ ထိုအရပ်၌ကား ဟိမဝန္တာမှသက်၍ ငါးရာ ကုန်သော ရသေ့တို့သည် နေကုန်၏။ မင်းသည် ထိုအမြဲကည်သောဝတ်ကို ထိုရသေ့တို့အား လှူစေ၍ ဘုရားလောင်း သေသည်ရှိသော် ဘုရားလောင်း ဆင်မင်း၏ ပမာဏရှိသောကျောက်ဆင်းတုကိုပြုစေ၍ကြီးစွာသော ပူဇော်သက္ကာရကိုပြုစေ၏။ ဇမ္ဗူဒိပ်၌ နေကုန်သော သူတို့သည် နှစ်စဉ်စည်းဝေးကုန်၍ ဆင်မင်းအားပူဇော်ခြင်းမည်သည်ကို ပြုကုန်၏။ ဤသို့ သုဝဏ္ဏသာမ အစရှိကုန်သော ထို သူတို့သည် အမိအဘကို လုပ်ကျွေးသော အမှုကို အမှီပြုသဖြင့် ထိုထိုဆင်းရဲမှ လွတ်ကုန်၍ ပွင့်လင်း ချမ်းသာသော အဖြစ်သို့ ရောက်ကုန်၏။ ထိုကြောင့် ထို သုဝဏ္ဏသာမ အစရှိကုန်သော သူတို့ ကဲ့သို့ ဆင်းရဲမှ လွတ်ခြင်းကိုတောင့်တသော မိမိ၏ အကျိုးကိုမြင်သော သူသည် အခါခပ်သိမ်းမြတ်သော ဗြဟ္မာဟူသော မိဘတို့အား လုပ်ကျွေးခြင်းကို ပြုရာ၏။

၃၁–သရဘင်္ဂရသေ့နှင့် ရာမဝတ္ထု

မဇ္ဈိမပဏ္ဏာသ ဥပါလိသုတ် အဋ္ဌကထာ

တနည်းလည်း အမိအဘကို လုပ်ကျွေးသောသူ မည်သည်ကား တိုင်းနိုင်ငံကို ဖျက်ဆီး အပ်သော်လည်း အန္တရာယ်မှလျှင် လွတ်၏။ထိုစကား၌ဤဝတ္ထုကိုသိအပ်၏။ လွန်လေပြီးသောအခါ၌ ဘုရားလောင်းသည်ဗာရာဏသိမင်း၏ ပုရောဟိတ်ဖြစ်၍ ဘွားသောနေ့၌ ခပ်သိမ်းကုန်သော လက်နက်ဘို့၏ ထွန်းပသည်၏ အဖြစ်ကြောင့် ဇောတိပါလ အမည်ရှိသည်ဖြစ်၍ ထိုဇောတိပါလသည် မင်းအား အထူးထူးအပြားပြားရှိသော လေးအတတ်ကိုပြ၏။ ထိုနေ့မှစ၍ သရဘင်္ဂဟု ထင်ရှား၏။ ထိုသရဘင်္ဂသည် တနေ့သ၌ တစုံတယောက်သော သူကို မသိစေမူ၍ တယောက်ထည်းသာလျှင် တောသို့ပင်၍ ဂေါဓာဝရီမြစ်နား၌ ယူဇနာသုံးဆယ်ရှိသော သီးတော၌ သိကြားမင်းသည် ပေးအပ်သောကျောင်းသခ်မ်း၌ ရသေ့ရဟန်းပြု၍ ခုနစ်ရက်မြောက်သော နေ့၌ ဈာန်အဘိညာဏ်ဘို့ကို ဖြစ်စေ၍ နောက် အဘို့၌ ဗာရာဏသိမင်း အစရှိသော မင်းတို့သည် တိုင်းနိုင်ငံသားတို့နှင့်တကွ သရဘင်္ဂရသေ့အထံ၌ရဟန်းပြုကုန်၏။ သီးတော ကျောင်းသခ်မ်းသည် ပြည့်၏။

ထိုအခါ သရဘင် ဆရာကြီး၏ တယောက်သော တပည့်ကြီး ဖြစ်သော် ကိသဝစ္ဆမည်သော ရသေ့သည် ဆိတ်ငြိမ်သော နေခြင်းကို အလိုရှိ၍ ထိုသီးတောကျောင်းမှ သွား၍ ကလိင်္ဂတိုင်း၌ ဒဏ္ဍကီမင်း၏ ကုမ္ဘဝုရမည်သော မြို့ကိုမှီ၍ စစ်သူကြီးသည် လုပ်ကျွေးအပ်သည်ဖြစ်၍ မင်း၏ ဥယျာဉ်၌ နေ၏။ ထိုအခါ ဒဏ္ဍကီ မင်းသည် တယောက်သော ပြည့်တန်းဆာမ၏ အရာအထူးကို နှုတ်စေ၏။ ထိုပြည့်တန်းဆာ မသည် တနေ့သ၌ မင်း၏ ဥယျာဉ်သို့ သွား၍ ထိုရှင်ရသေ့ကို မြင်လျှင် ငါသည် သူယုတ်ကိုမြင်၏ ရေယူခဲ့ကြကုန် မျက်နှာသစ်အံ့ဟု ဆို၍ တံပူစား၍ ရှင်ရသေ့၏ ကိုယ်၌ တံထွေးပေါက်ကိုချ၍ ဆံကျစ်အထက်၌ တံပူ ဘတ်ကိုချ၍ မျက်နှာသစ်ရေကိုလည်း ရှင်ရသေ့၏ ထိပ်ထက်၌ သွန်း၍ ထွက်၏။ ထိုနေ့၌လျှင် မင်းသည် ထိုပြည့်တန်းဆာမအား ပကတိ ဖြစ်သော ဌာနအထူးကို ပေးစေ၏။ ထိုပြည့်တန်းဆာမသည် ရှေး၌ ပြုအပ်သော ကောင်းမှုကုသိုလ်ကိုမှီ၍ ဌာနအထူးကိုရသည်ဖြစ်သတတ်၊ ရသေ့ကိုယ်၌ တံထွေးကိုချသောကြောင့် ဌာနအထူးကို ရအပ်၏ဟုထင် မှတ်၏။ ထိုနောင်မှ သုံးရက်လွန်သဖြင့် မင်းသည် ပုရောဟိတ်၏ ဌာန အထူးကိုနှုတ်၏။ ပုရောဟိတ်သည် ပြည့်တန်းဆာမ အထံသို့ သွား၍ သင်သည် အသို့ပြု၍ ဌာနအထူးကို တဘန် ရပြန်သနည်းဟု မေး၏။ ဤမည်သော အမှုကိုပြု၍ ရပြန်သတည်းဟူသော စကားကို ကြား၍ ဥယျာဉ်သို့ သွား၏ ပြည့်တန်းဆာမ အတူလျှင်ပြု၍ ထိုနေ့၌လျှင် ပကတိ ဖြစ်သော ဌာနအထူးကိုရပြန်၏။ ထိုပုရောဟိတ်သည်လည်း ငါသည် ကောင်းမှု၏ အစွမ်းအားဖြင့် ထိုဌာန အထူးကို မရမူ၍ ရသေ့၏ ကိုယ်၌ တံထွေး ချခြင်းကြောင့် ရအပ်သော ဌာန အထူးကို ရ၏ဟု ထင်မှတ်၏။

ထိုနောင်မှ နှစ်ရက် သုံးရက် လွန်သဖြင့် မင်း၏ ပစ္စန္တရာစ်သည် ပုန်ကန်၏။ မင်းသည် ပစ္စန္တရာစ်ကို ငြိမ်းစေလိုရကား ပုရောဟိတ် စကားကိုယူ၍ ခပ်သိမ်းကုန်သော လူတို့ကို စဉ်းလဲသော ရသေ့၏ ကိုယ်၌တံထွေးကို ချကြကုန်ဟုစေ၏။ထိုခပ်သိမ်းကုန်သောလူတို့သည် လည်း မင်းနှင့်တကွ မင်းစေတိုင်းလျှင် ပြုကုန်၏။ တံထွေးအစရှိသည် တို့သည် ရှင်ရသေ့၏ကိုယ်အလုံးကို ယွမ်းကုန်၏။စစ်သူကြီးသည်ကား ခပ်သိမ်းကုန်သော သူတို့၏ နောက်မှကြား၍ လျင်မြန်သောအဟုန်ဖြင့် ဥယျာဉ်သို့သွား၍ ထိုတံထွေး အစရှိသော အလုံးစုံသော အညစ်

အကြေးကိုပယ်၍ ရေချိုး၏။ အရှင်ဘုရား ထိုသူတို့သည် မသင့်သည်ကို ပြုအပ်၏။ထိုသူတို့အား အသို့ပြုလတ္တံ့နည်းဟုဆို၏။ စစ်သူကြီး ငါ့အား နှလုံး၏ ပြစ်မှားခြင်းသည်မရှိ နတ်တို့သည်ကား အလွန်လျှင် အမျက်ထွက်ကုန်၏။ သနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ အလုံးစုံသော တိုင်းကို ဖျက်ဆီးကုန်လတ္တံ့။ ထိုကြောင့် သင်သည် ခုနစ်ရက်၏ အတွင်း၌ တိုင်းအပသို့ သွားလော့ဟု ရသေ့ဆို၏။ စစ်သူကြီးသည် ရသေ့ဆို တိုင်းပြု၏။ မင်းသည်ကား ရောက်ကာမျှလျှင် ပစ္စန္တရာစ်ကို ငြိမ်းစေ၍ တဘန်ပြန်၍ မြို့သို့ဝင်၏။ ထိုနေ့၌လျှင် နတ်တို့သည် မိုဃ်းကို ရွာစေကုန်၏။လူတို့သည်စဉ်းလဲသောရသေ့ကို ပြစ်မှားသော ကာလမှ ငါတို့မင်းအား အစီးအပွါးသာလျှင်ဖြစ်၏။ပစ္စန္တရာစ်ကိုငြိမ်းစေ၍ လာသောနေ့၌သာလျှင် မိုဃ်းရွာ၏ဟု ဝမ်းမြောက်ကုန်၏။ ထိုနောင်မှ နတ်တို့သည် မုလေးပန်း မိုဃ်း ၁ မိုဃ်း အသပြာမိုဃ်း လက်တန်းဆာ ခြေတန်းဆာ ဦးခေါင်းတန်းဆာ လည်တန်းဆာ ခါးတန်းဆာ မိုဃ်းတို့ကိုလည်းရွာစေကုန်၏။ ထိုနောင်မှ လူတို့သည် အလွန် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ဝမ်းမြောက်သောစကားကို မြွက်ကုန်၍ မင်းသည် ပြုအပ်သော မကောင်းမှု၌ နှစ်သက်ကုန်၏။ ထိုအခါ နတ်တို့သည် တဘက် အသွား ရှိသော သန်ဖျက် အစရှိသော လက်နက်မိုဃ်း မီးကျီးမိုဃ်း စုလစ်မွန်းချန်တပ်သော အိမ်ပမာဏရှိသော ကျောက်မိုဃ်း သဲမိုဃ်းကိုလည်း ရွာစေကုန်၍ အတောင်ရှစ်ဆယ် အမြင့်ရှိသော ကုန်းကြည်းအမြင့်ကို ပြုကုန်၏။ ထိုမင်း မပျက်စီးမီလျှင် သရဘင် ရှင်ရသေ့သည် ထိုအကြောင်းကိုသိ၍ ရသေ့ပျို နှစ်ပါးတို့ကို စေ၍ ကိသဝစ္ဆရသေ့ကို ညောင်စောင်းထမ်းစင်ဖြင့် ထမ်းဆောင်၍ ကောင်းကင်ခရီးဖြင့် ဆောင်စေ၏။ စစ်သူကြီးသည်ကား မိမိချည်းသာလျှင် ထွက်၏။ ထိုအမှု၌ မနှစ်သက် ကုန်သော တိရစ္ဆာန်တို့အားလည်း ရေမြက်တို့သည်မရှိကုန်၊ ထိုတိရစ္ဆာန်တို့သည် အကြင်အရပ်၌ ရေမြက်တို့သည်ရှိကုန်၏။ ထိုအရပ်သို့ သွားကုန်လတ်သော် ခုနစ်ရက်မြောက်သောနေ့သို့ မရောက်မီလျှင် တိုင်း၏အပသို့ ရောက်ကုန်၏။

တယောက်သော ဗာရာဏသီပြည်၌ နေသော အမိအဘကို လုပ်ကျွေးသော ရာမအမည်ရှိသော သူသည် မိဘတို့ကို လုပ်ကျွေးစဉ်

ကုန်သွယ်အံ့သောဌါ ဗာရာဏသီမှဒဏ္ဍကီမင်း၏ကုမ္ပဏီပုရမြို့သို့ရောက်၍ကိုးပါး အပြားရှိသော မိုဃ်းဖြင့် တိုင်းအလုံးကိုဖျက်ဆီးအပ်သည်ရှိသော် မိဘတို့၏ကျေးဇူးတို့ကို အောက်မေ့ သတတ်။ ထိုအခါ ထိုသူ့ကို အမိကို လုပ်ကျွေးသောကံ၏ အကျိုး အားဖြင့် နတ်တို့သည် ချမ်းသာ သဖြင့် ဆောင် ကုန်၍ အမိအား ပေးကုန်၏။ အလုံးစုံသည်း ဖြစ်ကုန်သော ထိုမှတပါးကုန်သော သူတို့သည်ကား ပျက်စီးခြင်းသို့ ရောက်ကုန်၏။ [ရာမဝတ္ထု]။

ထိုကြောင့် သားမည်သည်ကား အမိကို လုပ်ကျွေးသော သိတင်းသည်ကဲ့သို့ လုပ်ကျွေးသော အမှုဌ် တည်ကြည်သော စတ်ရှိသည် ဖြစ်ရာ၏။ နန္ဒပညာရှိသည် မိဘတို့ကို လုပ်ကျွေးရအောင် ကျင့်သကဲ့သို့ ထိုအတူ အကြင်သို့ ကျင့်သည်ရှိသော် မိဘတို့ကို လုပ်ကျွေးခြင်းဌါ ရ၏၊ ထိုသို့လည်း ကျင့်ရာ၏။

၃၂-မာတုဖေါသက သီတင်းသည် ဝတ္ထု

သာဝတ္ထိ ပြည်၌ တယောက်သော သီတင်းသည်သည် အဘသေသည်ရှိသော် အမိဟူသော နတ်ရှိသည် ဖြစ်၍ မျက်နှာသစ်ရေတံပူပေးခြင်း အစရှိသည်ဖြင့် လည်းကောင်း ယာဂုထမင်း အစရှိသည်ဖြင့် လည်းကောင်း အမိကို လုပ်ကျွေး၏။ ထိုသီတင်းသည်၏ အမိသည်ကား အဘန်တလဲလဲ ဆို၍ ထိုသီတင်းသည် အလိုမရှိဘဲလျှင် သတို့သွီးကိုဆောင်၍ ပေး၏။ ထိုသီတင်းသည်သည် ထိုမိန်းမငယ်နှင့်တကွ နေခြင်းကို ပြု၏။ သီတင်းသည်၏ ထိုမယားသည်လည်း သီတင်းသည်၏ အမိကို ရှိသေစွာ လုပ်ကျွေး၍ နောက် အတို့၌ သီတင်းသည်၏ အမိကို အပသို့ ထုတ်လိုသည်ဖြစ်၍ တနေ့သ၌ လင်ကို အရှင် သင်သည် ပြင်တပါး သွားသည် ရှိသော် သင့်အမိသည် ငါ့ကို ဆဲ၏ဟုဆို၏။ သီတင်းသည်သည် ဆိတ်ဆိတ်နေ၏။ သီတင်းသည်၏ မယားသည် ထိုနေ့မှစ၍ ယာဂုကိုပေးသည်ရှိသော် အလွန်ပူသော ယာဂုကိုလည်းကောင်း အလွန်အေးသော ယာဂုကိုလည်းကောင်း အလွန်ဆားငန်သော ယာဂုကိုလည်းကောင်း ဆားမခပ်သော ယာဂုကိုလည်းကောင်း ပေး၏။ချစ်သွီး အလွန်ပူလွန်း၏ အလွန်ဆားငန်လွန်း၏ ဟုဆိုသည်ရှိသော်ပြည့်စေ၍ ရေအေးကိုခပ်ပေး၏။တဘန် အလွန်အေး

သည် ဆားပေါ့သည်ဟုဆိုသော် ယခုပင်လျှင် အလွန်ပူသည်ဟု ဆို၍ တဘန်အလွန်အေးသည်ဟုဆိုပြန်၏။ ဤမိန်းမအိုဏ်မထေမဲ့မြင်ပြုခြင်းကို အဘယ်သူသည်းခံနိုင်အံ့နည်းဟုဆို၏။ ဤသီတင်းသည်၏ မယားသည် ယောက္ခမမိန်းမသူနှင့် ခိုက်ရန်ပြု၍ ငါသည် ဤသို့ သဘောရှိသော သူယုတ်မနှင့်အတူ တအိမ်တည်း၌ နေအံ့သောငှါ မတတ်နိုင်၊ ဤသူ ယုတ်မကိုပြင်ပ၌ နေစေလော့ဟု လင်ကိုဆို၏။ သီတင်းသည်သည် ရှင်မ သင်သည် ပျိုမြစ်သေး၏။ အမှတ် မရှိသော တပါးသော အရပ်သို့ သွား၍ အသက်မွေးခြင်း ငှါ စွမ်းနိုင်၏။ ငါ၏ အမိသည်ကား အားနည်း၏ ငါ့အမိ ကိုးကွယ်ရာ သည်ကား ငါသာလျှင် ဖြစ်၏။ သင်သည် ထွက်၍ ကိုယ့်အမျိုးအိမ်သို့ သွားလေလော့ ဟု ဆို၏။ သီတင်းသည်၏မိန်းမသည် ငါသည် အမျိုးအိမ်သို့ သွားအံ့၊ မုဆိုးမ၏ နေခြင်းကို နေရသည်ဖြစ်၍ ဆင်းရဲလတ္တံ့ဟု ကြောက်၍ မသွားမူ၍ ရှေးနည်းဖြင့် သာလျှင် ယောက္ခမကို နှစ်သက်စေ၍ လုပ်ကျွေး၏။ ထိုအခါ တနေ့သ၌သီတင်းသည်သည် တရားနားအံ့သောငှါ ဇေတဝန် ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားအားရှိခိုး၍ လျောက်ပတ်သော အရပ်၌နေ၏၊ သီတင်းသည် သင်သည် ကုသိုလ်ကောင်းမှုတို့၌ မမေ့ မလျော့ရှိ၏လော၊ အမိကို လုပ်ကျွေးသော အမှုကို ဖြည့်နိုင်၏လောဟု မေးတော်မူသည်ရှိသော်ဖြည့်နိုင်ပါ၏ဘုရားဟုလျှောက်၍အလုံးစုံသော အကြောင်းကိုလျှောက်၏၊ မြတ်စွာဘုရားသည် သီတင်းသည် ယခုကား သင်သည် ထိုမိန်းမ၏စကားကိုမသူ၊ရှေး၌တမူကား ထိုမိန်းမ၏ စကား ဖြင့် သင့်အမိကိုအိမ်မှနှင်ထုတ်၍ ငါ့ကိုမှီ၍ သင့်အမိကို တဘန် အိမ်သို့ ဆောင်၍ လုပ်ကျွေးဘူး၏ဟု မိန့်တော်မူ၍ အဌနိပါတ်၌ကစ္စာနီဇာတ်ကို ဟောတော်မူ၍သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော် မူသည်၏ အဆုံး၌သီတင်းသည်သည် သောတာပန်ဖြစ်၏။ ။[အမိကို လုပ်ကျွေး သော သီတင်းသည် ဝတ္ထု]။

၃၃–ကစ္စာနီဝတ္ထု

အဌနိပါတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တယောက်သော ယောကျ်ားသည် အဘသေသည်ရှိသော် အမိဟူသော နတ်ရှိသည်ဖြစ်

၍ ဆိုအပ်ပြီးသောနည်းဖြင့်လျှင် ကစ္စာနိအမည်ရှိသော အမိကို လုပ်ကျွေးဏီး။ (သည့်နောက် အလုံးစုံသည်ကား ဆိုအပ်ပြီးသော ဝတ္ထုနှင့် တူ၏)။ ထိုအခါ၊ ယောကျ်ားသည် မယားစကားကိုယူ၍ အမိအိမ်မှ ထွက်လေ့။ အလိုအား လျော်စွာသော အရပ်၌ နေလေလေ့ ဟုဆို၏။ အမိသည်ငိုလျက် ထွက်၍ တဦးသော ကြွယ်ဝသော အမျိုးကို မှီ၍ အခစားလုပ်၍ ဆင်းရဲသဖြင့် အသက်မွေး၏။ ထိုအမိ၏ ထွက်သွားသောအခါ၌ကား ချွေးမသည်ကိုယ်ဝန်စွဲ၏။ နောက်ကာလ၌ သားဘွားဏီး။ လင်ကို သင်၏ အမိသည် အိမ်၌ နေသည်ရှိသော် သားကိုမရ၊ ယခုအခါ၌ကား ငါသည် သားကိုရ၏။ ဤအကြောင်းကြောင့်သင့်အမိ၏ ယုတ်သည်း၏အဖြစ်ကဲ့ သို၏လော ဟုဆို၏။ ကစ္စာနိသည်လည်း ငါ့ကို နှင်ထုတ်သော ကာလ၌ သားကို ရသကတ်ဟုကြား၍ ဤလောက၌ လူကြီး မိဘတို့အား အရိအသေပြုသော တရားသည်လည်းကောင်း သုံးပါးအပြားရှိသော သုစရိုက်တရားသည်လည်းကောင်း စင်စစ် သေသည် ဖြစ်လတ္တံ့။ ထိုစကားသည်မှန်၏။ အကယ်၍ တရားမသေသည် ဖြစ်ငြားအံ့၊ အမိကို ပုတ်ခတ်နှင်ထုတ်၍ သားကို မရရာ၊ ချမ်းသာစွာ အသက်မရှင်ရာ၊ တရားသေဆွမ်းကို လှူအံ့ဟုကြံ၍ သုသာန်သို့သွား၍ သုံးခုကုန်သော လူ၏ဦးခေါင်းတို့ဖြင့် ခုံလောက်ကိုပြု၍ မီးညှိ၍ ဆန်ကို ဆေးအံ့သောငှါ အားထုတ်၏၊ ထိုခဏ၌လျှင် သိကြားနှုတ်မင်းသည် လောကကိုကြည့်လတ်သော်တရားသေပြီဟူသောအမှတ်ဖြင့်တရားသေ ဆွမ်းကိုလှူလိုသော ဆင်းရဲသို့ရောက်သော ထိုကစ္စာနီကိုမြင်၍ ပုဏ္ဏားအသွင်ဖြင့် ထိုကစ္စာနီ၏ အထံသို့ချဉ်းကပ်၍ တရားသည်မသေဟုဆို၍ ကောင်းကင်၌ ရပ်၍ ကစ္စာနီ သင်မကြော်က်လင့်၊ သင်၏ သား မြေးချွေးမတို့သည် ငါ၏အာနုဘော်အားဖြင့် လာကုန်၍ သင့်ကိုယူ၍သွားကုန်လတ္တံ့ဟုဆို၍ မိမိနေရာအရပ်သို့လျှင်သွား၏။ ကစ္စာနီ၏ သားမြေးချွေးမတို့သည်လည်း သိကြားမင်း၏ အာနုဘော်အားဖြင့် ကစ္စာနီ၏ ကျွေးဖူးကိုအောက်မေ့ကုန်၏။ သုသာန်လင်းသို့ သွားကုန်၍ ကစ္စာနီကို လမ်းအကြားဌာ မြင်၍ ခြေတို့ဦး ဝင်ကုန်၍ အပြစ်ကို ကန်တော့ကုန်၍ အိမ်သို့ဆောင်ကုန်၏။ ထိုအခါမှစ၍ ညီညွတ်သော နေခြင်းကို နေကြကုန်၏။ ¯ကစ္စာနိဝတ္ထု¯။

၃၄-ရေသေညီနောင် ၂-ပါးဝတ္ထု

လွန်လေပြီးသောအခါ၌ အစ်ကိုကြီးသည် သောဏပညာရှိမည်၏။ ညီအငယ်သည် နန္ဒပညာရှိမည်၏။ ဤညီတော်နောင်တော်ဖြစ်ကုန်သော ရှင်ရေသေတို့သည် မိဘတို့ကို လုပ်ကျွေးကုန်လျက် ဟိမဝန္တာအရပ်၌ နေကုန်၏။ထိုနှစ်ပါးကုန်သော ရှင်ရေသေတို့တွင် နောင်တော်ရှင်ရေသေသည် ငါးပါးသော အာဘိညာဏ်ကိုရသည်၏အဖြစ်ကြောင့် ဝေးသော အရပ်သို့လည်းသွား၍ ချဉ်သော သစ်သီးကိုဆောင်၍ နောက်မှပေး၏။ ညီတော်ရေသေ သည်ကား အနိုးဌ်၌ ဟူးဟူး ငြားငြားသော သစ်သီးကို ဆောင်၍ ရှေးဦးစွာ ပေး၏။အစ်ကို ရေသေသည် ဤသို့ မပြုလင့်ဟု ဆိုသော်လည်း ညီ ရေသေသည် အစ်ကို စကားကို မယူ။ ထိုအခါ အစ်ကို ရသေသည် နန္ဒ သင်သည် အဆုံး အမကို မလိုက်နာပညာရှိတို့ စကားကို နားမထောင် မိဘတို့ မည့်သည်ကား အစ်ကိုကြီး၏ တာဝန် ဖြစ်ကုန်၏။ ငါသည်သာလျှင် မိဘတို့ကို လုပ်ကျွေးအံ့၊ သင်သည် ဤ၌ မနေလင့် တပါးသို့ သွားလော့ဟု ဆို၏။ နန္ဒရှင် ရသေသည် ထိုအရပ်၌ တည်အံ့သောငှါ မတတ်နိုင်ရကား မိမိ၏ ကျောင်း သခိမ်းသို့ဝင်၍ ကသိုဏ်းကိုကြည့်၍ ထိုနေ့၌လျှင် စျာန် အာဘိညာဏ်တို့ကိုဖြစ်စေ၍ ငါသည် တရော့တပါးကုန်သော မင်းတို့ကို ယူ၍ နောင်တော်ကို ကန်တော့၍ မိဘတို့ကို လုပ်ကျွေး ရအောင် တောင်းပန်အံ့ဟု တန်းခိုးဖြင့် မနောဓာမည်သော ဗာရာဏသိမင်းသို့ ဆည်းကပ်၍ မြတ်သောမင်းကြီး ကိုယ်၏ အစွမ်းအားဖြင့် အလုံးစုံသော ဓာတ္တု ၄ပါး၌ မင်းအဖြစ်ကိုယူ၍ သင်မင်းကြီးအား ပေးအံ့၊ ယခုနေ့ပင်လျှင် ထွက်လော့ဟုဆို၏။ မင်းသည် နန္ဒရှင်ရသေ့ဆိုတိုင်း ပြု၏။ စစ်သည်အား အကယ်၍ အပူသည်ဖြစ်အံ့။ နန္ဒရှင်ရသေ့သည် အရိပ် ဘန်ဆင်း၍ ဒေးအောင်ပြု၏။ မိုးရွာသည်ရှိသော် စစ်သည်၏ အပေါ်၌ မိုးရွာစမ့်သောငှါမပေး၊ ပူသည်ကိုလည်း ဒေးအောင် အေးသည်ကို လည်း ပူအောင် ဘန်ဆင်း၏။ လမ်းခရီး၌ သစ်ငုတ်အစရှိသည်တို့ကို ကွယ်စေ၍ ညီညွတ်စွာသော ကသိုဏ်းဝန်းကိုကဲ့သို့ ဘန်ဆင်း၏။ ထို နန္ဒရှင်ရသေ့သည် ကောင်းကင်၌ စမ္မခဏ်ကိုဖြန့်၍ ထိုင်လျက် စစ်သည်အခံပါင်း ခြံရံလျက် ရှေးဦးစွာ ကောသလတိုင်းသို့ သွား၍

ငါတို့အား စစ်တည်းထိုးမည်လော နိုင်ငံသားတည်း ဖြစ်မည်လောဟု တမန်စေ၏။ ကောသလမင်းသည် အမျက်ထွက်၍ စစ်ထိုးအံ့သောဌါ ထွက်၏။နန္ဒဂှင်ရသေ့သည်နှစ်ဘက်ကုန်သော စစ်သည်တို့၏အကြားဌ် သစ်နက်ရေကို ကြီးစွာဘန်ဆင်း၍ ပစ်တိုင်းပစ်တိုင်းသော မြားကိုခံ၏။ ထိုသူတို့တွင် တယောက်သောသူသည်မျှလည်း မြားစူးသောမည်သည် မဂ္ဂိ ထိုသူတို့သည်ကုန်သောမြားဂ္ဂိကုန်သည်ဖြစ်၍အားထုတ်ခြင်း ကင်း ကုန်သည်ဖြစ်၍ ရပ်ကုန်၏။ နန္ဒဂှင်ရသေ့သည် ကောသလမင်းကြီး သင်သည် မကြောက်လင့် သက်သက်လျှင် မနောဇမင်း၏ အလိုသို့ လိုက်သည်ဖြစ်လော့၊ သင်၏ပြည်သည် သင့်ဥစ္စာလျှင် ဖြစ်လတ္တံ့ဟု ကောသလ မင်းကြီးကို ဆို၏။ ကောသလ မင်းသည်လည်း ဝန်ခံ၍ ဗာရာဏသီးမင်းကို ခြံရံ၍ အင်္ဂတိုင်းသို့လိုက်၏။ ဤနည်းဖြင့် နန္ဒဂှင် ရသေ့သည် ခုနစ်နှစ် ခုနစ်လ ခုနစ်ရက်ပတ်လုံး ဇမ္ဗူဒီပါ အလုံးဌ် မင်းအဖြစ်ကိုယူ၍ မနောဇမင်းအားပေး၏။ ထိုမနောဇမင်းကို ကရာ့ တပါးကုန်သော မင်းတို့၏ အကြီးပြု၍ ထိုအလုံးစုံကုန်သော မင်းတို့ကို ယူ၍ နောင်တော်သောဏ ဂှင်ရသေ့အထံသို့ လာ၍ နောင်တော်ကို ကန်တော့၍ မိဘတို့အား လုပ်ကျွေးခြင်းကို တောင်းပန်၏။ ဘုရား လောင်း သောဏဂှင်ရသေ့သည်လည်း နှစ်သက်သော စိတ်ဂှိသည် ဖြစ်၍ ယခုအခါဌ် သင့်အား ငါသည် သည်းခံ၏၊ သင်သည် အခိအဘ နှစ်ယောက်တို့တွင် တယောက်ကို လုပ်ကျွေးခြင်းဌါ ရလတ္တံ့ဟုဆို၏။ ထိုအခါ နန္ဒဂှင်ရသေ့၏ မယ်တော်သည် ချစ်သားသောဏ ပညာဂှိ သင့်ညီ နန္ဒသည် ကြာမြင့်စွာကွေကွင်း၏။ နန္ဒသည် ငါ့ကို လုပ်ကျွေး ပါစေ၊ သင်သည် အဘကို လုပ်ကျွေးလော့ဟု ဆို၏။ ဘုရားလောင်း သည် မယ်တော်စကားကို ဝန်ခံ၍ နန္ဒ သင်သည် အစ်ကိုကြီး၏ အစုကို ရအပ်၏။ မမေ့မလျော့သည်ဖြစ်၍ လုပ်ကျွေးလော့ဟုဆို၍ အခိကျေး ဇူးကို ပြလိုရကား—

အနုကမ္ပကာ ပတိဌာစ၊ ပုဗ္ဗေ ရသဒဒိစ နော။
မဂ္ဂါ သဂ္ဂဿ လောကဿ၊ မာတာ တံ ဝရတေ ဏုသေ။
ပုဗ္ဗေ ရသဒဒိ ဂေါတ္တိ၊ မာတာ ပုညာပသဦကာ။
မဂ္ဂါ သဂ္ဂဿ လောကဿ၊ မာတာ တံ ဝရတေ ဏုသေ။

ဟူကုန်သော နှစ်ဂါထာတို့ကို ဆို၏။

ဣသေ၊ နန္ဒရသေ့။ နော၊ ငါတို့အား။ အနုကမ္ပကာစ၊ နူးညံ့သော စိတ်ရှိသည်လည်း ဖြစ်ထသော။ နော၊ ငါတို့၏။ ပတိဌာစ၊ ကည်ရာလည်း ဖြစ်ထသော။ နော၊ ငါတို့အား။ ပုဗ္ဗေ၊ ရှေးဌ်။ ရသဒဒိစ၊ ရင်နှိုရည်ကို ပေးတတ်သည်လည်း ဖြစ်ထသော။ သဂ္ဂဿလောကဿ၊ နတ်ပြည်၏။ မဂ္ဂါ၊ ခရီးဖြစ်သော။ မာတာ၊ အမိသည်။ တံ၊ သင့်ကို။ ဝရတေ၊ အလိုရှိ၏။ ။ဣသေ၊ နန္ဒရသေ့။ မာတာ၊ အမိသည်။ ပုဗ္ဗေ၊ ရှေးဌ်။ ရသဒဒိ၊ ရင်နှိုရည်ကို ပေးတတ်၏။ ဂေါတ္တိ၊ စောင့်ရှောက်တတ်၏။ ပုညပသဠိတာ၊ ကောင်းမှုကို ပေးပေတတ်၏။ သဂ္ဂဿလောကဿ၊ နတ်ပြည်၏။ မဂ္ဂါ၊ ခရီးဖြစ်၏။ မာတာ၊အမိသည်။ တံ၊သင့်ကို။ ဝရတေ၊ အလိုရှိ၏။

ယခုအခါ၌ မင်းနှင့်တကွသော ပရိသတ်အား အမိ အဘ တို့၌ မကောင်းသဖြင့် ကျင့်သောသူသည် ၏အစီးအပွါး မရှိခြင်းသို့ ရောက်၏ ကောင်းစွာကျင့်သော သူသည်ကား ၏ အစီးအပွါးသို့ ရောက်၏ဟု ပြလိုရကား-

ဇဝံ ကိစ္ဆာဘတော ပေါသော၊ မာတု အပရိစာရိကော။
မာတရိ မိစ္ဆာစရိတွာန၊ နိရယံ သော ပပဇ္ဇတိ။
ဇဝံ ကိစ္ဆာဘတော ပေါသော၊ ပိတူ အပရိစာရိကော။
ပိတရိ မိစ္ဆာစရိတွာန၊ နိရယံ သော ပပဇ္ဇတိ။
ဓနမ္ပိ ဓနကာမာနံ၊ နဿတိ ဣတိ မေ သုတံ။
မာတရံ အပရိစရိတွာန၊ ကိစ္ဆံဝါ သော နိဂစ္ဆတိ။
ဓနမ္ပိ ဓနကာမာနံ၊ နဿတိ ဣတိ မေ သုတံ။
ပိတရံ အပရိစရိတွာန၊ ကိစ္ဆံဝါ သော နိဂစ္ဆတိ။
အာနန္ဒောစ ပမောဒေါစ၊ သဒါ ဟသိတကီဠိတံ။
မာတရံ ပရိစရိတွာန၊ လဗ္ဘမေတံ ဝိဇာနတာ။
အာနန္ဒောစ ပမောဒေါစ၊ သဒါ ဟသိတကီဠိတံ။
ပိတရံ ပရိစရိတွာန၊ လဗ္ဘမေတံ ဝိဇာနတာ။
ဒါနဥ္စ ပိယဝါစဥ္စ၊ အတ္ထစရိယာစ ဣဓ။
သမာန်တ္တယာ ဓမ္မေသု၊ တတ္ထ တတ္ထ ယထာရဟံ။

ဇေတေ ခေါ သင်္ဟာလောကေ၊ ရထသာဏိဝ ယာယတော။
•တေစ ခေါ သင်္ဟာ နသူ၊ နမာတာ ပုတ္တကာရဏာ။

လဘေထ မာနံ ပူဇံဝါ၊ ပိတာဝါ ပုတ္တကာရဏာ။
ယသ္မာစ သင်္ဟေ ဇေတေ၊ သမ္မဝေက္ခန္တိ ပဏ္ဍိတာ။
တသ္မာ မဟတ္တံ ပပ္ပေါန္တိ၊ ပသံသာစ ဘဝန္တိ တေ။

ဟူကုန်သော ဤဂါထာတို့ကို ဆိုဏ်။

ဇဝံ၊ ဤသို့။ ပေါသော၊ သားကို။ ကိန္ဆာဘတော၊ ငြိုငြင်သဖြင့် အမိသည် မွေးအပ်ဏ်။ မာတု၊ အမိအား။ အပရိစာရိကော၊ မလုပ်ကျွေးသော။ သောပေါသော၊ ထိုသားသည်။ မာတရိ၊ အမိ၌။ ကိန္ဆာစရိတွာန၊ မှားသောအားဖြင့်ကျင့်၍။ နိရယံ၊ ဝရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်ဏ်။ ဇဝံ၊ ဤသို့။ ပေါသော။ သားကို။ ကိန္ဆာဘတော၊ ငြိုငြင်သဖြင့် အဘသည် မွေးအပ်ဏ်။ပိတု၊အဘအား။ အပရိစာရိကော၊မလုပ်ကျွေးသော။ သောပေါသော၊ ထိုသားသည်။ ပိတရိ၊ အဘ၌။ မိန္ဆာစရိတွာန၊ မှားသောအားဖြင့်ကျင့်၍။ နိရယံ၊ ဝရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်ဏ်။ ။ဓနကာမာနံ၊ ဥစ္စာကို အလိုရှိကုန်သော သူတို့ဏ်။ ဓနမ္ပိ၊ ဖြစ်ပြီးသော ဥစ္စာသည်လည်း။ မာတရံ၊ အမိကို။ အပရိစရိတွာန၊ မလုပ်ကျွေးမူ၍။ နသတိ၊ပျက်ဏ်။ သော၊ထိုအမိကို မလုပ်ကျွေးသောသူသည်။ကိန္ဆံဝါ၊ ဆင်းရဲခြင်းသို့လည်း။နိဂန္ဆတိ၊ရောက်ဏ်။ ဣတိဣဒံဝစနံ၊ဤစကားကို။ မေ၊ ငါသည်။ သုတံ၊ ကြားဘူးဏ်။ ။ဓနကာမာနံ၊ ဥစ္စာကို အလိုရှိကုန်သော သူတို့ဏ်။ဓနမ္ပိ၊ဖြစ်ပြီးသောဥစ္စာသည်လည်း။ ပိတရံ၊အဘကို။ အပရိစရိတွာန၊ မလုပ်ကျွေးမူ၍။ နသတိ၊ ပျက်ဏ်။ သော၊ ထိုအဘကို မလုပ်ကျွေးသောသူသည်။ ကိန္ဆံဝါ၊ ဆင်းရဲခြင်းသို့လည်း။ နိဂန္ဆတိ၊ ရောက်ဏ်။ဣတိဣဒံဝစနံ၊ဤစကားကို။မေ၊ငါသည်။သုတံ၊ကြားဘူးဏ်။ ။ ပိဇာနတာ၊ ပညာရှိသည်။ မာတရံ၊ အမိကို။ ပရိစရိတွာန၊လုပ်ကျွေး၍။ သဒါ၊ အခါခပ်သိမ်း။ အာနန္ဒောစ၊ နှစ်သက်ခြင်းသည်ရင်း။ ပမောဒေါစ၊ ဝမ်းမြောက်ခြင်းသည်ရင်း။ ဟသိတကီဠိတံ၊ ရွှင်ခြင်း ကစားခြင်းသည်ရင်း။ ဇေတံ၊ဤအကျိုးကို။ လဗ္ဘံ၊ရခြင်းငှါ တတ်ကောင်းဏ်။ ။ ပိဇာနတာ၊ ပညာရှိသည်။ပိတရံ၊ အဘကို။ ပရိစရိတွာန၊ လုပ်ကျွေး၍။ သဒါ၊ အခါခပ်သိမ်း။ အာနန္ဒောစ၊ နှစ်သက်ခြင်းသည်လည်းကောင်း။

ပဒေမောဒေါစ၊ ဝမိးဖြောက်ခြင်းသည်လည်းကောင်း။ ဟသိတကိဋ္ဌိတံ၊ နှောင်ခြင်း ကစားခြင်းသည်လည်းကောင်း။ ဇတံ၊ ထိုအကျိုးကို။ လဇ္ဇံ၊ ရခြင်းငှါ တတ်ကောင်း၏။ ။ဣဓ၊ ဤလောကဌ်။ ယထာရဟံ၊ ဖြစ်ထိုက်သည့်အားလျော်စွာ။ ယံဒါနဥ္စ၊ အကြင် ပေးခြင်းသည်လည်းကောင်း။ ယံပိယဝါစဥ္စ၊ အကြင် ချစ်ဘွယ်သောစကားကို ဆိုခြင်းသည်လည်းကောင်း။ ယာအတ္ထစရိယာစ၊ အကြင်ဖြစ်သော ကိစ္စကို ပြုံးစေသည်၏အစွမ်းအားဖြင့် အကျိုးကိုကျင့်ခြင်းသည်လည်းကောင်း။ဓမ္မေသု၊ အရိအသေပြုအပ်ကုန်သော အကျင့်တို့၌။ တတ္ထတတ္ထ၊ ထိုထိုပရိသတ်၏ အလယ် ဆိတ်ကွယ်ရာအရပ်တို့၌။ ယာသမာနတ္တတာစ၊ အကြင် ဂိုဏိုးခြင်း အစရှိသည်၏ အစွမ်းအားဖြင့် တူမျှသော အမှုရှိသည်၏ အဖြစ်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ။တနည်းကား—ဣဓ၊ ဤလောကဌ်။ ယထာရဟံ၊ ဖြစ်ထိုက်သည့်အားလျော်စွာ။ တတ္ထတတ္ထ၊ ထိုထိုသူ၌။ ယံဒါနဥ္စ၊ အကြင်ပေးခြင်းသည်လည်းကောင်း။ ယံပိယဝါစဥ္စ၊ အကြင်ချစ်ဘွယ်သော စကားကို ဆိုခြင်းသည်လည်းကောင်း။ ယာအတ္ထစရိယာစ၊ အကြင်အကျိုးကို ကျင့်ခြင်းသည်လည်းကောင်း။ ဓမ္မေသု၊ကျင့်ဝတ်တရားတို့၌။ ယာသမာနတ္တတာစ၊အကြင်မျက်မှောက်မျက်ကွယ်၌ တူမျှသော ကိစ္စရှိသည်၏ အဖြစ်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ လောကေ၊ လောကဌ်။ ဇေတဝေါသဂ်ဟာ၊ ထိုဒါန အစရှိကုန်သော သင်္ဂဟတရားတို့သည်။ ယာယတော၊ သွားသော။ ရထသ၊ ရထား၏။ အာဏိဝ၊ နားပန်းစွန်းကဲ့သို့။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တေစ ဝေါသဂ်ဟာ၊ ထိုဒါနအစရှိကုန်သော သင်္ဂဟတရားတို့သည်လည်း။ နသ္သု၊ လောကဌ် မဖြစ်ကုန်ငြားအံ့။ မာတာ၊ အမိသည်။ ပုတ္တကာရဏာ၊ သားဟူသော အကြောင်းကြောင့်။ မာနံဝါ၊ မြတ်နိုးခြင်းကို လည်းကောင်း။ ပူဇံဝါ၊ ပူဇော်ခြင်းကို လည်းကောင်း။ နလဘေထ၊ မရရာ။ ဝိတာဝါ၊ အဘသည်လည်း။ ပုတ္တကာရဏာ၊ သားဟူသော အကြောင်းကြောင့်။ မာနံဝါ၊ မြတ်နိုးခြင်းကို လည်းကောင်း။ ပူဇံဝါ၊ ပူဇော်ခြင်းကိုလည်းကောင်း။ နလဘေထ၊ မရရာ။ ယသ္မာ၊ အကြင်ကြောင့်လည်း။ ဇေတသဂ်ဟော၊ထိုဒါနအစရှိကုန်သောသင်္ဂဟတရားတို့ကို။ပဏ္ဍိတာ၊ ပညာရှိတို့သည်။ သမ္မဝေက္ခန္တိ၊ ကောင်းစွာ ရှုကုန်၏။ တသ္မာ၊ ထိုကြောင့်။ တေ၊ ထိုပညာရှိတို့သည်။

မဟတ္တံ၊ မြတ်သော အဖြစ်သို့။ ပပ္ပေါန္တိ၊ ရောက်ကုန်၏။ ပသံသာစ၊ ချီးမွမ်းအပ်ကုန်သည်လည်း။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ထိုစကားကို ကြားကုန်၍ ပရိသတ်နှင့်တကွကုန်သော မင်းတို့သည် ကြည်ညိုကုန်၍ ဘုရားလောင်းသည် ပဉ္စသိန္ဒိဘည်စေ၍ ဒါနအစရှိသည် တို့၌ မမေ့မလျော့ဖြစ်ကုန်လော့ဟု ဆုံးမ၍ ဘုရားလောင်းရှိခိုး၍ မိမိတို့၏မြို့သို့ သွားကုန်၍ တရားသဖြင့် မင်းပြုံ၍ နတ်ပြည်သို့ လားကုန်၏။ ရသေ့ညီနောင် နှစ်ပါးတို့သည် အသက်ထက်ဆုံး အမိအဘတို့ကို လုပ်ကျွေး၍ဗြဟ္မာပြည်သို့လားကုန်၏။ ။[ရသေ့ညီနောင်နှစ်ပါးဝတ္ထု]။

ဤသို့ အကြင်အကြင် ဆိုအပ်ပြီးသောနည်းဖြင့် အမိအဘ တို့ကို လုပ်ကျွေးခြင်းသည် ဤပစ္စုပ္ပန်ဘဝ၌ ချီးမွမ်းခြင်းအစရှိသော အကျိုးတို့ကို ရွက်ဆောင်တတ်သောကြောင့် မင်္ဂလာမည်၏။

၃၅-သိင်္ဂါလသုတ်နှင့်ဇာဏုသောဏိသုတ်တို့၏အဓိပ္ပါယ် ဗိမ္ဗိသာရမင်း၏ဆွေမျိုးပြိတ္တာတို့ဝတ္ထု

တနည်းကား-မိဘတို့ကို မွေးမြူခြင်းမိဘတို့၏ကိစ္စကို ဆောင်ခြင်း အမျိုးအနွယ်ကိုတည်စေခြင်း အမွေခံထိုက်အောင်ကျင့်ခြင်း သေလွန်ကုန်သော မိဘတို့အားအမျှဝေ၍ အလှူပေးခြင်းတို့၏ အစွမ်းအားဖြင့် ငါးပါးရှိသော လုပ်ကျွေးခြင်းသည် မိဘတို့အား လုပ်ကျွေးခြင်းမည်၏။ ထိုကြောင့် သိင်္ဂါလအမည်ရှိသော သူကြွယ်သားအား တရားဟောတော်မူသောမြတ်စွာဘုရားသည်-

> ပဉ္စဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ ပုတ္တေန ပုရတ္ထိမာ ဒိသာ မာတာပိတရော ပစ္စုပဋ္ဌာတဗ္ဗာ။ ဘတော နေသံ ဘရိဿာမိ ကိစ္စံ နေသံ ကရိဿာမိ ကုလဝံသံ ဌပေဿာမိ ဒါယဇ္ဇံ ပဋိပဇ္ဇိဿာမိ။ အထဝါ ပန နေသံ ပေတာနံ ကာလက်တာနံ ဒက္ခိဏံ အနုပ္ပါဒေဿာမိ။ ဣမေ ခေါ ဂဟပတိပုတ္တ ပဉ္စဟိ ဌာနေဟိ ပုတ္တေန ပုရတ္ထိမာဒိသာ မာတာပိတရော ပစ္စုပဋ္ဌာတဗ္ဗာ။

ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ပဉ္စဟိခေါဌာနေဟိ၊ ငါးပါးကုန်သော အကြောင်းတို့ဖြင့်လျှင်။ ပုတ္တေန၊ သားသည်။ ပုရတ္ထိမာဒိသာ၊

အရှေ့အရပ်မျက်နှာဖြစ်ကုန်သော။ မာတာပိတရော၊ မိဘတို့ကို။ ပစ္စုပ္ပန္နာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။ ဘတော၊မိဘတို့သည် နို့တိုက်၍ လက်ခြေကိုကိုင်းပွါး စေ၍ မျက်နှာမှန်တို့ကို သုတ်သင်၍ ရေချိုး၍ တန်းဆာဆင်၍ မွေးအပ်သော။ အဟံ၊ ငါသည်။ နေသံ၊ ထိုမိဘတို့ကို။ ဘရိသာမိ ခြေဆေးခြင်း ရေချိုးခြင်း ယာဂုထမင်းပေးခြင်းအစရှိသည် ကိုရှိဖြင့် လုပ်ကျွေးအံ့။ နေသံ၊ ထိုမိဘတို့၏။ ကိစ္စံ၊ မင်းအိမ် အစရှိသော ကိစ္စကို။ ကရိဿာမိ၊ ကိုယ့်အမှုကိုထား၍ဆောင်အံ့။ ကုလဝံသံ၊ အမျိုးအနွယ်ကို။ ဌပေဿာမိ၊မိဘတို့၏ ဥစ္စာဖြစ်သော လယ်ယာရွှေငွေ အစရှိသည်တို့ကို မပျက်မစီးစေမူ၍ စောင့်ရှောက်လျက် အဓိအဘတို့ကို ဘရား မစောင့်သော အနွယ်မှထုတ်၍ တရားစောင့်သော အနွယ်၌ တည်စေလျက် အမျိုးအနွယ် အား ဖြင့် လာကုန်သော စာရေးတံဆွမ်းဝတ် အစရှိသည်တို့ကို မပျက်စေမူ၍ ဖြစ်စေလျက် တည်စေအံ့။ ဒါယဇ္ဇံ၊ အမွေခံခြင်းဌါ သျောက်ပတ်သောအကျင့်ကို။ ပဋိပဇ္ဇိဿာမိ၊ ကျင့်အံ့။ အထဝါပန၊ ထိုမှ တပါးလည်း။ ပေတာနံ၊ ပစ္စုပ္ပန်ဘဝမှ ကင်းကုန်သော။ ကာလင်္ကတာနံ၊ သေလွန်ကုန်သော။ နေသံ၊ ထိုအဓိ အဘတို့အား။ ပတ္တိဒါနံ၊ အဘို့ဝေခြင်းကို။ ကတ္တာ၊ ပြု၍။ ဒက္ခိဏံ၊ အလှူကို။ အနုပ္ပါဒေဿာမိ၊ ပေးအံ့။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ ဣမေ၊ ဟိဒေါပစ္စဟိဌာနေဟိ၊ ဤငါးပါးကုန်သောအကြောင်းတို့ဖြင့်။ ပုတ္တေန၊ သားသည်။ ပုရတ္ထိမာဒိသာ၊ အရှေ့မျက်နှာဖြစ်ကုန်သော။ မာတာပိတရော၊ အဓိအဘတို့ကို။ ပစ္စုပ္ပန္နာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။

အဘယ်အကျိုးဌါ သေလွန်ကုန်သော ဒါဘတို့အား အဘို့ကို ဝေ၍ အလှူကို ပေးအပ်သနည်း ဟူမူကား သေလွန်ကုန်သော မိဘတို့အား ထိုအလှူသည် ရောက်စိမ့်သောဌါအဘို့ကိုဝေ၍ အလှူကို ပေးအပ်၏။ ထိုအလှူသည် သေလွန်ကုန်သောသူတို့အား ရောက်သလော ဟူမူကား ဤအရာ၌ မြတ်စွာဘုရားသည်လျှင် ဖြေတော် မူအပ်သည်၏ အဖြစ်ကြောင့် တပါးကုန်သော သူတို့သည်ဖြေအပ်သော အဖြစ်သည် မရှိ။ တယောက်သော ဇာတုသောကို မည်သော ပုဏ္ဏားသည် မြတ်စွာဘုရားသို့ ဆည်းကပ်၍ ရှင်ဂေါတမ ပုဏ္ဏားမည်ကုန်သော အကျွန်ုပ်တို့သည် ဤအလှူသည် သေလွန်ကုန်သော ဆွမျိုးသားချင်းတို့အား ရောက်စေသတည်း၊ ဤအလှူကို သေလွန်ကုန်သော ဆွမျိုးသားချင်းတို့

သည် ခံစားရစေကုန်သတည်းဟု အလှူတို့ကို လှူကုန်၏။သဒ္ဓါယုံကြည်၍ ပြုအပ်ကုန်သော ကောင်းမှုတို့ကို ပြုကုန်၏။ အရှင်ဂေါတမ ထိုအလှူသည် သေလွန်ကုန်သော ဆွေမျိုးသားချင်းတို့အား ရောက်သလော၊ ထိုအလှူကို သေလွန်ကုန်သော ဆွေမျိုးသားချင်းတို့သည် ခံစားရကုန်သလောဟု မေးသတတ်။ ပုဏ္ဏားရောက်သင့်သော အရပ်၌သာလျှင် ရောက်၏ မရောက်သင့်သော အရပ်၌ကား မရောက်ဟူ၍ မြဲတ်စွာ ဘုရားမိန့်တော်မူ၏။ အရှင်ဂေါတမ အဘယ်သည်ကား ရောက်သင့်သောအရပ်နည်း အဘယ်သည်ကား မရောက်သင့်သော အရပ်နည်းဟု ပုဏ္ဏားသည်မေးလျှောက်၏၊ပုဏ္ဏား၊ဤလောက၌အချိသောသူသည်သူ့အသက်ကိုသတ်၏။ သူ့ဥစ္စာကိုခိုး၏။ ကာမတို့၌မှားသောအကျင့်ရှိ၏။ မုသားဆို၏။ချောပစ်ကုန်းတိုက်သောစကားကိုဆို၏။ကြမ်းကြုတ်သောစကားကိုဆို၏။ အပြိန်အဖျင်းဖြစ်သောစကားကိုဆို၏။ သူ့စည်းစိမ်ကို ငါ့စည်းစိမ်ဖြစ်မူကား ကောင်းစွဟု ရှေးရှုကြံတတ်၏။သူဘပါးတို့၏ဒီးပွါးချမ်းသာကိုဖျက်ဆီးတတ်၏။မိစ္ဆာအယူရှိ၏။ထိုသူသည်ခန္ဓာပျက်၍ သေလွန်သည်မှနောက်၌ ငရဲသို့ရောက်၏။ငရဲသူတို့၏ အကြင်ငရဲ၌ဖြစ်စေတတ်သော ကံဟူသောအာဟာရသည်ရှိ၏။ ထိုအာဟာရဖြင့် ထိုသူသည်ငရဲ၌မျှ၏။ ထိုအာဟာရဖြင့် ထိုသူသည်ငရဲ၌ တည်၏။ပုဏ္ဏား၊ အကြင်ငရဲ၌ တည်သောသူအား ထိုအလှူသည် မရောက်၊ ဤငရဲအရပ်သည်လည်း မရောက်သင့်သော အရပ်မည်၏။ ပုဏ္ဏား၊ဤလောက၌ အချိသောသူသည် သူ၏အသက်ကို သတ်၏။ပေ။ မိစ္ဆာအယူ ရှိ၏။ ထိုသူခန္ဓာပျက်၍ သေလွန်သည်မှ နောက်၌ တိရစ္ဆာန်တို့၏ အမျိုးသို့ရောက်၏။တိရစ္ဆာန်တို့၏အမျိုး၌ဖြစ်ကုန်သော သတ္တဝါတို့၏ အကြင်မြက်သစ်ရွက် အစရှိသော အာဟာရသည်ရှိ၏။ထိုအာဟာရဖြင့် ထိုသူသည်ထိုတိရစ္ဆာန်တို့၏အရပ်၌မျှ၏။ထိုအာဟာရဖြင့် ထိုသူသည်ထိုတိရစ္ဆာန်တို့၏ အရပ်၌တည်၏။ပုဏ္ဏား-အကြင် တိရစ္ဆာန်တို့၏ အရပ်၌ တည်သောသူအား ထိုအလှူသည်မရောက်။ဤတိစ္ဆာန်တို့၏အရပ်သည်လည်း မရောက်သင့်သောအရပ်မည်၏။ပုဏ္ဏား-ဤလောက၌အချိသောသူသည်ကား သူ့အသက်ကိုသတ်ခြင်းမှကြဉ်၏။ သူ့ဥစ္စာကိုခိုးယူခြင်းမှကြဉ်၏။ ကာမေသုမိစ္ဆာစာရမှကြဉ်၏။ မုသာဝါဒမှကြဉ်၏။ ချောပစ်ကုန်းတိုက်ခြင်းမှ ကြဉ်၏။ ကြမ်းကြုတ်သော စကားကို ဆိုခြင်းမှ

ကြည်ဖြူ။ အပြိန်အဖျင်း ဖြစ်သော စကားကို ပြောဆိုခြင်းမှ ကြည်ဖြူ။ အဘိစ္ဆာကင်းဖြူ။ ဗျာပါဒကင်းဖြူ။ ကောင်းသောအယူရှိဖြူ။ ထိုသူသည် ကိုယ်ခန္ဓာပျက်၍ သေလွန်သည်မှနောက်၌ လူတို့ဖြူအပေါင်း အဘော်ဖြူ အဖြစ်သို့ ရောက်ဖြူ။ လူဘို့ဖြူ အကြောင် ထမင်းမုယောမုံ့ အစရှိသော အာဟာရသည်ရှိဖြူ၊ထို အာဟာရဖြင့် ထိုသူသည် ထိုလူဖြူ ဘဝ၌ မျှဖြူ။ ထို အာဟာရဖြင့် ထို သူသည် ထို လူဖြူဘဝ၌ တည်ဖြူ။ ပုဏ္ဏား အကြောင်လူဖြူ ဘဝ၌ တည်သော သူအား ထို အလှူသည် မရောက်။ လူဖြူဘဝ ဟူသော အရပ် သည်လည်း မရောက်သင့်သောအရပ်မည်ဖြူ။ ပုဏ္ဏား-ဤလောက၌ အချို့သော သူသည် သူ့အသက်ကို သတ်ခြင်းမှ ကြည်ဖြူ။ (လ)။ ကောင်းသော အယူရှိဖြူ။ထိုသူသည်ခန္ဓာပျက်၍ သေလွန်သည်မှနောက်၌ နတ်တို့ဖြူ အပေါင်းအဘော်ဖြူအဖြစ်သို့ ရောက်ဖြူ။ နတ်လို့ဖြူ အကြောင်သစာဘုတ် အစရှိသော အာဟာရသည်ရှိဖြူ။ ထိုအာဟာရဖြင့် ထိုသူသည် ထိုနတ်ဖြူဘဝ၌တည်ဖြူ။ ပုဏ္ဏား၊အကြောင်နတ်ဖြူဘဝ၌ တည်သောသူအား ထိုအလှူသည်မရောက် ထိုနတ်တို့ဖြူဘဝဟူသော အရပ်သည်လည်း မရောက်သင့်သောအရပ် မည်ဖြူ။ပုဏ္ဏား-ဤလောက၌အချို့သောသူသည် သူ့အသက်ကိုသတ်ဖြူ။ (ဃ)။ မိန္ဆာအယူရှိဖြူ။ ထိုသူသည် ကိုယ်ခန္ဓာပျက်၍ သေလွန်သည်မှ နောက်၌ပြိတ္တာတို့ဖြူဘုံ၌ဖြစ်ဖြူ။ပြိတ္တာဘုံ၌ ဖြစ်ကုန်သော သတ္တဝါတို့ဖြူ အကြောင် တံထွေးနှပ်အစရှိသော အာဟာရသည်ရှိဖြူ။ ထိုအာဟာရဖြင့် ထိုသူသည်ထိုပြိတ္တာဘုံ၌မျှဖြူ။ထိုအာဟာရဖြင့်ထိုသူသည် ထိုပြိတ္တာဘုံ၌ တည်ဖြူ။ထို ပြိတ္တာဘုံ၌ဖြစ်သောသူအား၌လူ့ဘုံ၌တည်ဖြူ။ထိုပြိတ္တာဘုံ၌ ဖြစ်သောသူအား ၌လူ့ဘုံက အဆွေခင်ပွန်းအဆွေအမျိုးဖြစ်ကုန်သော သူကို့သည်မှလည်း အကြောင်အာဟာရကိုပေးကုန်ဖြူ။ ထို အာဟာရဖြင့် မှလည်းထိုသူသည်ပြိတ္တာဘုံ၌မျှဖြူ။ ထိုအာဟာရဖြင့်မှလည်းထိုသူသည် ပြိတ္တာဘုံ၌တည်ဖြူ။ပုဏ္ဏားအကြောင်ပြိတ္တာဘုံ၌ဘည်သောသူအားထိုအလှူသည်ရောက်ဖြူ၊၌ပြိတ္တာဘုံဟူသောအရပ်လျှင် ရောက်သင့်သောအရပ်မည်ဖြူ။ ၌သို့မြတ်စွာဘုရားမိန့်တော်မူဖြူ။ အရှင်ဂေါတမ ဤလွန်သောဆွမျိုးသားချင်းသည်ထိုရောက်သင့်သောပြိတ္တာဘုံအရပ်၌မဖြစ်သော် ထိုအလှူကို အဘယ်သူသည် ခံစားသနည်းဟု ပုဏ္ဏားသည် မေးလျှောက်ဖြူ။ ပုဏ္ဏား ထိုအသူပေးတတ်သောသူ၏ တပါးကုန်သော

ဆွေမျိုးသားချင်းတို့သည်လည်း သေလွန်ကုန်၍ ထိုရောက်သင့်သော ပြိတ္တာဘုံ၌ဖြစ်ကုန်၏၊ ထိုတပါးကုန်သော ဆွေမျိုးသားချင်း တို့သည် ထိုအလှူကို ခံစားကုန်၏ဟု မြတ်စွာဘုရားမိန့်တော်မူ၏။ အရှင်ဂေါတမ-ထိုသေလွန်သော ဆွေမျိုးသားချင်းသည်လည်း ထိုရောက်သင့်သော ပြိတ္တာဘုံ၌ မဖြစ်အံ့၊ အလှူပေးတတ်သောသူ၏ သေလွန်ကုန်သော တပါး ကုန်သော ဆွေမျိုးသားချင်းတို့သည် ထိုရောက်သင့်သော ပြိတ္တာဘုံ၌ မဖြစ်ကုန်အံ့၊ အဘယ်သူသည် ထိုအလှူကိုခံစားသနည်းဟု ပုဏ္ဏားသည် မေ လျှောက်၏။ ပုဏ္ဏား- အကြင်သို့သော အကြောင်းအရာအားဖြင့် အကြင်အရပ်ဌာနသည် ၏ ရှည်စွာသောကာလအားဖြင့် သေလွန်ကုန် သောဆွေမျိုးတို့မှ ဆိုက်သည်ကင်းသည်ဖြစ်ရာ၏၊ ထိုအကြောင်းသည် အကြောင်းမဟုတ်သလျှင်ကတည်း။ ထိုအရာသည် အရာမဟုတ်သလျှင် ကတည်း။ ပုဏ္ဏား-ဆိုဘွယ်တပါးသည် ရှိသေး၏၊ အလှူပေးတတ် သောသူသည်လည်း အကျိုးကို မခံစားရသည်မဟုတ်၊ ခံစားရသည် သာလျှင် ဖြစ်၏ဟု ဘုရားသဗ္ဗညုသည် မိန့်တော်မူ၏၊ ။(ဒသနိပါတ် အဂိုတ္တိုရ်ဇာဏုသောဏိသုတ်)။ ၏အလှူသည် ငါတို့၏ဆွေမျိုးဖြစ်ကုန် သော သူတို့အား ရောက်စေသတည်းဟူ၍လည်း ဆိုအပ်သည်ဖြစ်အံ့၊ ထိုပြိတ္တာတို့သည် ထိုအရပ်သို့လာကုန်၍ အနုမောဒနာပြုကုန်အံ့၊ ထိုအလှူ သည် ထိုပြိတ္တာတို့အား ရောက်၏။ ထိုပြိတ္တာတို့သည်လည်း စည်းစိမ်ကို ရကုန်၏။ ၏အရာ၌ဗိမ္ဗိသာရမင်း၏ ဆွေမျိုးဖြစ်ကုန်သော ပြိတ္တာတို့ သည် သက်သေဖြစ်ကုန်၏။

၏ဘဒ္ဒကပ်ကမ္ဘာမှကိုးဆဲ့နှစ်ကမ္ဘာထက်၌ ကာသိမြို့၌ ဖုဿအမည် တော်ရှိသော ဘုရားရှင်သည် ဖြစ်သတတ်။ ဖုဿဘုရား၏ခမည်းတော် ကား ဇယသေနမည်သော မင်းတည်း။ မယ်တော်ကား သိရိမာမည် သော မိဖုယားတည်း။ ဖုဿဘုရားရှင်၏ အမိကွဲ ဖြစ်ကုန်သော ညီတော်မင်းသားတို့သည် သုံးယောက်ရှိကုန်၏။ ထို သုံးယောက်ကုန် သော ညီတော်မင်းသား တို့အားလည်း တယောက်သော ဘဏ္ဍာစိုး၊ တယောက်သောဇနပုဒ်၌ အမြဲယှဉ်သောယောကျ်ားသည်ရှိ၏။ ထိုအခါ မင်းသားတို့သည် မိမိတို့၏ ဇနပုဒ်၌ အမြဲယှဉ်သော ယောကျ်ားအား ကျောင်းတော်ကို ဆောက်၍ ငါတို့အား အကြောင်း ကြားလော့ဟု မှာစာပေးလိုက်ကုန်၏။ ထိုဇနပုဒ်၌ အမြဲယှဉ်သော ယောကျ်ားသည်

ကျောင်းဆောက်၍ အကြောင်းကြားစေ၏။မင်းသားတို့လည်း မြတ်စွာ ဘုရားကို မိမိတို့၏ဇနပုဒ်သို့ ပင့်ဆောင်ကုန်၍ ကျောင်းကို လှူကုန်၏။ သင်တို့သည် ဤမျှလောက်သောအလှူဝတ်ကို ယူ၍ နေ့တိုင်း ရဟန်း ကိုးသောင်း အခြံအရံရှိသော မြတ်စွာဘုရားအား လည်းကောင်း အခြံ အရံနှင့်တကွကုန်သော ငါတို့အားလည်းကောင်း အလုံးစုံသောခဲဘွယ် ဘောဇဉ်ကို ပြည့်စုံစေကြကုန်လော့၊ ငါတို့သည် ယနေ့မှစ၍ တရုံ တခုကို မဆိုကုန်အံ့ဟု ဘဏ္ဍာဝိုးကို လည်းကောင်း ဇနပုဒ်၌ အမြဲယှဉ် သောယောက်ျားကိုလည်းကောင်းဆို၍တထောင်ကုန်သောယောက်ျား တို့ကို ယူ၍ ဆယ်ပါးကုန်သော သိလတို့ကို ဆောက်တည်၍ ဖန်ရည် စွန်းကုန်သော အဝတ်တို့ကိုဝတ်၍ ကျောင်း၌သာလျှင် သုံးလပတ်လုံး နေကုန်၏။ ထိုနေ့မှစ၍ မင်းသားတို့သည် စေအပ်ကုန်သော ဘဏ္ဍာဝိုး အစရှိကုန်သောသူတို့သာလျှင် အလှူဝတ္ထုကိုယူ၍ အလှူကို လှူကုန်၏။ ထိုသူအပေါင်းတို့တွင် ဘဏ္ဍာဝိုးသည် မယားနှင့်တကွ သဒ္ဓါကြည်ညို သည်ဖြစ်၍ ရှိသေစွာလှူ၏။ ဇနပုဒ်၌ အမြဲယှဉ်သော ယောက်ျားသည် လည်း တထောင်ကုန်သော ဇနပုဒ်သူတို့နှင့်တကွ ရှိသေစွာလျှင် လှူ၏။ ထိုဇနပုဒ်၌ ရှစ်သောင်းလေးထောင် အတိုင်းအရှည် ရှိကုန်သော သူတို့ သည် ပိတ်ပင်ထိပါးသောစိတ်ရှိကုန်၏။ထိုသူတို့သည်အလှူ၏အနှုရာယ် ကို ပြုကုန်၍ အလှူဝတ္ထုကိုမိမိတို့လည်း စားကုန်၏။ သားသွီးတို့အား လည်း ပေးကုန်၏။ ဆွမ်းစားစရပ်ကိုလည်း မီးတိုက်ကုန်၏။ ထိုသူတို့ သည် ငရဲ၌ဖြစ်ကုန်၏။ အခြံအရံနှင့်တကွသောမင်းသားတို့သည်လည်း ကောင်း ဘဏ္ဍာဝိုး ဇနပုဒ်၌ အမြဲယှဉ်ကုန်သော သူတို့သည် လည်း ကောင်း နတ်ပြည်၌ဖြစ်ကုန်၏။ဤသို့နှစ်ရပ်ကုန်သော ထိုသူအပေါင်းတို့ သည်တခုသောနတ်ပြည်မှတခုသောနတ်ပြည်တခုသောငရဲမှတခုသော ငရဲ၌ဖြစ်ကုန်စဉ် ကိုးဆဲ့နှစ်ကမ္ဘာ တို့သည် လွန်ကုန်၏။ထိုအခါ ဤဘဒ္ဒ ကပ်ကမ္ဘာ၌ ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ပိတ်ပင်သော စိတ်ရှိကုန်သော သူတို့သည် ပြိတ္တာမျိုးတို့၌ဖြစ်ကုန်၏။ ထိုအခါလူတို့ သည် မိမိတို့၏ ဆွေမျိုးဖြစ်ကုန်သော ပြိတ္တာတို့၏ အကျိုးငှါ အလှူကို လှူ၍ အလှူသည် ငါတို့အဆွေအမျိုးတို့၏အကျိုးငှါ ဖြစ်စေ သတည်းဟု ရည်မှတ်ကုန်၏။ထိုပြိတ္တာတို့သည် စည်းစိမ်ကိုရကုန်၏။ထိုအခါ၍ပိတ် ပင်သောစိတ်ရှိကုန်သော ပြိတ္တာတို့သည် တပါးကုန်သော ပြိတ္တာတို့

ရသော စည်းစိမ်ကိုမြင်ကုန်၍ ကဿပမြတ်စွာဘုရားကို အရှင်ဘုရား-အကျွန်ုပ်တို့သည်လည်း ဤသို့ သဘောရှိသော စည်းစိမ်ကို ရပါကုန်အံ့လောဟု မေးလျှောက်ကုန်၏။သင်တို့သည် ယခုမရသေး၊နောင်သော အခါ ဂေါတမဘုရား လက်ထက်တော်၌ သင်တို့၏ အမျိုးဖြစ်သော သူသည် ဗိမ္ဗိသာရမည်သော မင်းဖြစ်လတ္တံ့။ ထိုဗိမ္ဗိသာရမင်းသည် ဂေါတမဘုရားအား အလှူကိုလှူ၍ သင်တို့အား ရည်မှတ်လတ္တံ့၊ထိုအခါ သင်တို့သည် ရကုန်လတ္တံ့ဟု ကဿပ မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ထိုပြိတ္တာတို့သည် ဗိမ္ဗိသာရမင်းကို တောင့်တကုန်လျက် ဘုရား နှစ်ဆူတို့၏ တခုသော အကြားကို ကုန်စေကုန်၏။ ဤ ငါတို့မြတ်စွာဘုရား ဖြစ်တော်မူသော အခါ၌ကား မင်းသုံးယောက်တို့သည် အခြံအရံတို့နှင့်တကွ နတ်ပြည်မှ စုတေကုန်၍ မဂဓတိုင်း ပုဏ္ဏားမျိုး၌ ဖြစ်ကုန်၍ ဥရုဝေဋ္ဌကဿပအစရှိကုန်သော ရသေ့တို့သည်ဖြစ်ကုန်၏။ ဘဏ္ဍာရိုးသည် ဝိသာခါခမည်းတော် သေဋ္ဌေးကြီးဖြစ်၏။ ဘဏ္ဍာရိုး၏ မယားသည်ကား ဓမ္မဒိန္နာမည်သော သေဋ္ဌေးသွီးဖြစ်၏။ ဇနပုဒ်၌ အမြဲယှဉ်သော ယောကျ်ားသည် ဗိမ္ဗိသာရမင်းဖြစ်၏။ ထိုမှကြွင်းကုန်သော ခပ်သိမ်းကုန်သော ပရိသတ်တို့သည် ဗိမ္ဗိသာရမင်း၏ အခြံအရံဖြစ်ကုန်၏။ ထိုအခါ၌ ငါတို့ မြတ်စွာဘုရားသည် သဗ္ဗညူအဖြစ်သို့ ရောက်တော်မူ၍ လဋ္ဌိဝနဥယျာဉ်သို့ ရောက်တော်မူ၍ ထိုဥယျာဉ်၌ ထိုနေ့၌လျှင် ဆည်းကပ်လာသောဗိမ္ဗိသာရမင်းကို တသိန်းတသောင်းကုန်သော မဂဓတိုင်းသား ပုဏ္ဏား သူကြွယ်တို့နှင့်တကွ သောတာပတ္တိဖိုလ်၌တည်စေ၍ ဗိမ္ဗိသာရမင်းသည် ဘိတ်အပ်သည် ဖြစ်၍ နှစ်ရက်မြောက်သောနေ့၌ ဗိမ္ဗိသာရမင်း၏ နန်းတော်၌ အလှူကြီးကို ခံတော်မူ၏။ ထိုပြိတ္တာတို့သည် ဗိမ္ဗိသာရမင်းသည် ငါတို့အား အလှူကို ယခု ရည်မှတ်လတ္တံ့ဟူသော အာသာဖြင့် ခြံရံ၍ တည်ကုန်၏။ ဗိမ္ဗိသာရမင်းသည် အလှူကို လှူ၍ အဘယ်အရပ်၌လျှင် ဘုရားရှင်သည် သီတင်းသုံးနေတော်မူရာသနည်းဟု မြတ်စွာဘုရား၏ ကျောင်းတော်ရာ အရပ်ကိုသာလျှင် ကြီလျက် တစုံတယောက်သော သူအားမျှ မပေးမဝေ။ ပြိတ္တာတို့သည် ပြတ်သော အာသာရှိကုန်သည်ဖြစ်၍ ညဉ့်အခါ၌ ဗိမ္ဗိသာရမင်း၏ နန်းတော်၌ အလွန် ကြောက်မက်ဘွယ် ရှိသော ဘောက်ပြန်သော အသံကို ပြုကုန်၏။ ဗိမ္ဗိသာရမင်းသည် မိုးသောက်

သောအခါ၌ မြတ်စွာဘုရား အထံတော်သို့ချဉ်းကပ်၍ အရှင်ဘုရား.... အကျွန်ုပ်သည် ဤသို့သော အသံကိုကြားရ၍ အကျွန်ုပ်အား- အသို့ ဖြစ်လတ္တံ့နည်းဟု လျှောက်၏။ မြတ်သော မင်းကြီး....သင်သည် မနကြာက်လင့် သင့်အား တစုံတခုသော မကောင်းကျိုးသည် မဖြစ်လတ္တံ့ဟု မိန့်တော်မူ၍ အလုံးစုံသောအကြောင်းကို ဘုရားရှင်သည် မိန့်ကြားတော်မူ၏။ အရှင်ဘုရား ...ယခုအခါ၌ လူသော် ရကုန်အံ့လောဟု ဗိမ္မိသာရမင်းသည် လျှောက်၏။ မြတ်သောမင်းကြီး.... ရကုန်၏ဟု သဗ္ဗညုဘုရား မိန့်တော်မူ၏။ ဗိမ္မိသာရမင်းသည် မြတ်စွာဘုရားကို ထိုယခုနေ့အကျိုးငှါ ဘိတ်၍ နန်းတော်သို့သွားပြီးလျှင် အလှူကို စီရင်၍ ကာလကို ကြားစေ၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာ ခြံရံလျက် မင်းအိမ်သို့ ကြွတော်မူ၍ နေတော်မူ၏။ ထိုပြိတ္တာတို့သည် လည်း ယနေ့ ငါတို့သည် ရကုန်ငြားအံ့လည်း မသိဟု ရှည်မြင့်စွာသော ညဉ့်နေ့၌ ဖြစ်သော မိမိတို့၏အိမ်ဟူသော အမှတ်ဖြင့်လာကုန်၍ နံရံ၏ ပြင်ဘက် အစရှိကုန်သော အရပ်တို့၌ ရပ်ကုန်၏။ ငြူစူခြင်း ဝန်တိုခြင်း၏ အကျိုးကို ခံရကုန်ရကား အစာရှိကုန်သော ပြိတ္တာတို့သည် ရှည်သော မုတ်ဆိတ် ခပ် စက်ဆုပ်ဘွယ်သော မျက်နှာရှိကုန်လျက် လျှော့သောအား တွဲလျား ဆွဲအပ်ကုန်သော ကြုံလို့ကြမ်းကြုတ်သော မည်းသော အင်္ဂါကြီးငယ်ရှိကုန်သည်ဖြစ်၍ ထိုထို အရပ်၌ တည်ကုန်သော တောမီး လောင်ကုန်သော ထန်းပင်တို့နှင့် တူကုန်၏။ အစာရှိကုန်သော ပြိတ္တာကိုသည် ထမင်းငတ်ခြင်း ဟူသော အစွဲအလမ်း၏ ပွါးများခြင်းကြောင့် ထမင်းငတ်ခြင်း ရေငတ်ခြင်း ဟူသော မီးပွတ်တံသည် ပွတ်ခြင်းကြောင့် ဝမ်းမွတ်၍ ခံတွင်း၌ ထွက်သော မီးလျှံသည် လောင်သောကိုယ်ရှိကုန်၏။ အစာရှိကုန်သော ပြိတ္တာတို့သည် အပ်ဖျား ကဲ့သို့ သေးသော ပမာဏ ရှိသော လည်ခေါင်းပေါက် ရှိသည်၏ အဖြစ်ကြောင့်ရင်း တောင်ကဲ့သို့သော ဝမ်းရှိသည်၏ အဖြစ်ကြောင့်ရင်း သောက်ဘွယ် စားဘွယ်ကိုရကုန်၍ လည်း အလိုရှိတိုင်း သောက်ခြင်း စားခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်း မွတ်သိပ်ခြင်းအရသာမှ တပါးသောအရသာကို မခံစားရကုန်။ အစာရှိကုန်သော ပြိတ္တာတို့သည် အချင်းချင်း၏ လည်းကောင်း တပါးကုန်သော သတ္တဝါတို့၏လည်းကောင်း ပေါက်သော

အိုင်းနာ ထွတ်မြင်းနာဝမှ ယိုသော သွေး ပြည် အစရှိသည်တို့ကို ရကုန်၍ အမြိုက်သုဓာဘုတ်ကဲ့သို့ လျက်ကုန်၏။ မြတ်စွာဘုရားသည် အကြင်သို့ တန်ခိုးဘန်ဆင်းတော်မူသည်ရှိသော် အလွန်လျှင် ကြည့်ခက်ခြင်းနှင့်ယှဉ်သော ဘောက်ပြန်သောအဆင်း ကြောက်မက်ဘွယ်သောကိုယ်ရှိကုန်သော အလုံးစုံလျှင် ဖြစ်ကုန်သော ထိုပြိတ္တာတို့သည် ဗိမ္ဗိသာရမင်းအား ထင်ကုန်၏၊ ထိုသို့ တန်းခိုးဘန်ဆင်းတော် မူ၏။ ဗိမ္ဗိသာရမင်းသည် အလှူကို ရေစက်သွန်းလှူလျက် ဤအလှူသည် ငါ၏အမျိုးတို့အား ရောက်သည်ဖြစ်စေသတည်းဟု ရည်မှတ်၏။ ထိုခဏ၌လျှင် ထိုပြိတ္တာတို့အား ကြာဖြင့်ဖုံးလွှမ်းအပ်ကုန်သော ရေကန်တို့သည် ဖြစ်ကုန်၏။ထိုပြိတ္တာတို့သည် ထိုရေကန်၌ရေချိုးကုန်သောက်ကုန်၍၊ ပူခြင်း ပင်ပန်းခြင်း ရေငတ်ခြင်း ငြိမ်းကုန်၍ ရွှေအဆင်းရှိကုန်သည်ဖြစ်၏၊ ဗိမ္ဗိသာရမင်းသည် ယာဂုခဲဘွယ် ဘောဇဉ်တို့ကို လှူ၍ ရည်မှတ်၏။ ထိုခဏ၌လျှင် ထိုပြိတ္တာတို့အား နတ်၌ဖြစ်သော ယာဂုခဲဘွယ် ဘောဇဉ်တို့သည် ဖြစ်ကုန်၏။ ထိုပြိတ္တာတို့သည် ထိုနတ်၌ ဖြစ်ကုန်သော ယာဂုခဲဘွယ် ဘောဇဉ်တို့ကို သောက်စားကုန်၍ ပျိုသော ဣန္ဒြေရှိကုန်၏။ ဗိမ္ဗိသာရမင်းသည် အဝတ်အိပ်ရာ နေရာတို့ကို လှူ၍ ရည်မှတ်၏။ ထိုပြိတ္တာတို့အား အဝတ်ယာဉ်ပြာသာဒ် အိပ်ရာလွှမ်းအိမ် အစရှိကုန်သော တန်းဆာအစီအရင်တို့သည် ဖြစ်ကုန်၏။ထိုပြိတ္တာတို့၏ အလုံးစုံသာလျှင် ဖြစ်သော ထို စည်းစိမ်သည်လည်း အကြင်သို့သော အခြင်းအရာအားဖြင့် အဓိဋ္ဌာန်တော်မူသည်ရှိသော် ထင်သည်ဖြစ်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ဘုရားသဗ္ဗညူသည် ဓိဋ္ဌာန်တော်မူ၏။ ဗိမ္ဗိသာရမင်းသည် ထို အလုံးစုံသော စည်းစိမ်ကို မြင်၍ အလွန်လျှင် ဝမ်းမြောက် ဝမ်းသာဖြစ်၏။ ထိုအခါ ဆွမ်းဘုဉ်းပေးပြီး၍ ဗိမ္ဗိသာရမင်းအား အနုမောဒနာပြုတော်မူသော မြတ်စွာဘုရားသည် ပြိတ္တာတို့သည်လာ၍ ထိုထိုအရပ်၌ ရပ်သည်၏အဖြစ်ကို ပြတော်မူလိုရကား—

၃၆—ပြိတ္တာတို့၏အကြောင်းကို ပြသော တိရောကုဋ္ဌသုတ်၏ အခိပ္ပါယ်

တိရောကုဋ္ဌေသု တိဋ္ဌန္တိ၊ သန္ဓိသိဃ်ာဋကေသုစ၊
ဒွါရဗာဟာသု တိဋ္ဌန္တိ၊ အာဂတ္တွာန သကံဃရံ။

ဟူသောပထမဂါထာကို ဟောကော်မူ၏။

ဣန္ဆာသယ ၁၅၅-၃၉

မဟာရာဇ၊ မြတ်သောမင်းကြီး။ ပေကာ၊ ပြိတ္တာတို့သည်။ သကံ ဃရံ၊ မိမိတို့အိမ်သို့။ အာဂတ္ဝိာန၊ လာလတ်၍။ တိရောကုဋ္ဌေသု၊ နံရံတို့၏ ပြင်အပ ဖြစ်ကုန်သော ဟည်ရာတို့၌။ တိဋ္ဌန္တိ၊ ရပ်ကုန်၏။ သန္ဓိသိဃ်ာဋကေသုစ၊ လေးထောင့်ခရီး အိမ်နံရံစပ် လေသွန်တံခါး စပ် သုံးထောင့်ခရီး တို့၌လည်းကောင်း။ ဒွါရဗာဟာသုစ၊ မြို့တံခါး အိမ်တံခါးဘောင်တို့၌လည်းကောင်း။ တိဋ္ဌန္တိ၊ ရပ်ကုန်၏။

ယခုအခါ၌ များစွာကုန်သော ထမင်းအဖျော် အစရှိကုန်သော အလှူဝတ္ထုသည် ရှိပါသော်လည်း ထိုပြိတ္တာတို့သည် ပြုအပ်သော အလွန်မသာယာအပ်သော အကျိုးကို ပြုတတ်သောကံ၏ အကြောင်း ကြောင့် ငါတို့ကိုရည်၍ တစုံတခုသောအလှူဝတ္ထုကို လှူပါကုန်ငြားအံ့ လည်း မသိဟု ဆွေမျိုးတို့ကို တောင့်တကုန်လျက် သွားကုန်သော ပြိတ္တာတို့အား တစုံတယောက်သော ဆွေမျိုး၏ အောက်မေ့ ခြင်းမျှ လည်း မရှိသည်၏အဖြစ်ကို ပြတော်မူသော မြတ်စွာဘုရားသည်-

ပဟုတေ အနွပါနမှိ၊ ခဇ္ဇဘောဇ္ဇေ ဥပဋ္ဌိတေ။
နတေသံ ကောစိ သရတိ၊ သတ္တာနံ ကမ္မပစ္စယာ။

ဟူသော ဒုတိယဂါထာကို ဟောတော်မူ၏။

သတ္တာနံ၊ ပြိတ္တာဖြစ်ကုန်သော သတ္တဝါတို့၏။ ကမ္မပစ္စယာ၊ မိမိတို့ သည် ပြုအပ်သောဆွမ်းအလှူကို မြစ်တားခြင်း အစရှိသော အားဖြင့် များသော ဝန်တိုသောကံ၏ အကြောင်းကြောင့်။ ဥပဋ္ဌိတေ၊ စီရင်အပ် သော။ ပဟုတေ၊ များစွာသော။ အနွပါနမှိ၊ ထမင်းအဖျော်သည် လည်းကောင်း။ ခဇ္ဇဘောဇ္ဇေ၊ ခဲဘွယ်စားဘွယ် သည်လည်းကောင်း၊ သန္တေပိ၊ ရှိသော်လည်း။ တေသံ၊ ထိုပြိတ္တာဖြစ်ကုန်သော သတ္တဝါ တို့အား။ ကောစိ၊ တစုံတယောက်သော အမိအဘ သို့မဟုသည်။ နသရတိ၊ မအောက်မေ့။

ယခုအခါ၌ ဗိမ္ဗိသာရမင်းသည် ပြိတ္တာဖြစ်ကုန်သော ဆွေမျိုးတို့ကို ရည်၍ လှူအပ်သော အလှူကို ချီးမွမ်းတော်မူလိုသော မြတ်စွာဘုရား သည်-

ဇဝံ ဒဒန္တိ ဉာတီနံ၊ ယေ ဟောန္တိ အနုကမ္ပကာ။
သုစိံ ပဏီတံ ကာလေန၊ ကပ္ပိယံ ပါဏဘောဇနံ။

ဟူသော တတိယ ဂါထာကို ဟောတော်မူ၏။

မဟာရာဇာ၊ မြတ်သောမင်းကြီး။ တယာ၊ သင်သည်။ ဒိန္နံယထာ။ လူ အပ်သကဲ့သို့။ ဇဝံတထာ၊ ထိုအတူ။ယော၊ အကြင်သား အစရှိကုန်သော သူတို့သည်။ အနုကမ္ပကာ၊ သနားတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုသားအစရှိကုန်သော သူတို့သည်။ ကာလေန၊ သင့်တင့်သောကာလ၌။ သုစိ ။စင်ကြယ်သော။ပဏီတံ၊မြတ်သော။ ကပ္ပိယံ၊အပ်သော။ ပါနဘောဇနံ၊ သောက်ဘွယ်စားဘွယ်ကို။ ဇာဒံ၊ ဤအလှူသည်။ နော၊ငါတို့၏။ ဉာတိနံ၊ ဆွေမျိုးတို့အား။ ဟောတူတိ။ ဖြစ်စေသတည်းဟု။ ဒဒန္တိ၊ လှူကုန်၏။

ယခုအခါ၌ အကြင်အပြားအားဖြင့် လှူအပ်သော အလှူသည် ထိုပြိတ္တာဖြစ်ကုန်သော ဆွေမျိုးတို့၏အကျိုးငှါ လှူအပ်သည်ဖြစ်၏၊ ထိုအပြားကို ပြတော်မူလိုသော မြတ်စွာဘုရားသည်-

ဇာဒံ ဝေါ ဉာတိနံ ဟောတု၊ သုခိတာ ဟောန္တု၊ ဉာဒါယော။

ဟူသောဂါထာ၏ ရှေ့ထက်ပက်ကို ဟောတော်မူ၏။

ဇာဒံ၊ ဤအလှူသည်။ဉာတိနံ၊ပြိတ္တာဘုံ၌ဖြစ်ကုန်သောဆွေမျိုးတို့အား။ ဟောတု၊ဖြစ်စေသတည်း။ဉာဏယော၊ ပြိတ္တာဘုံ၌ဖြစ်ကုန်သောဆွေမျိုးတို့သည်။သုခိတာ၊ ဤအလှူ၏အကျိုးကိုခံစားရကုန်သည်ဖြစ်၍ ချမ်းသာခြင်းသို့ရောက်ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ ဇဝံ၊ ဤသို့။ အနုကမ္ပကာ၊သနားတတ်ကုန်သော သားအစရှိကုန်သော သူတို့သည်။ ဒဒန္တိ၊ လှူကုန်၏။

ယခုအခါ၌ အကြင်ကြောင့် ဤအလှူသည် ငါတို့၏ ဆွေမျိုးတို့အား ဖြစ်စေသတည်းဟု ဆိုအပ်သော်လည်း သူတပါး ပြုသောကံသည် သူတပါးအား အကျိုးပေးသည်မဟုတ်၊ စင်စစ်အားဖြင့်ကား ထိုသို့ရည်မှတ်အပ်သော ဝတ္ထုသည် ပြိတ္တာတို့အား ကုသိုလ်ကံ၏အကြောင်းသည်ဖြစ်၏။ ထိုကြောင့် အကြင်အခြင်းအရာအားဖြင့် ထိုပြိတ္တာတို့အား ထိုရည်မှတ်အပ်သော ဝတ္ထုနှင့် ထိုခဏာ၌ အကျိုးကို ဖြစ်စေတတ်သော ကုသိုလ်ကံသည် ဖြစ်၏၊ ထိုအခြင်းအရာကို ပြတော်မူလိုသောမြတ်စွာဘုရားသည်-

တေစ တတ္ထ သမာဂတ္ဘီာ၊ ဉာတိပေတာ သမာဂတာ။
ပဟုတေ အနွပါနမှိ၊ သက္ကစ္စံ အနုမောဒရေ။

ဟူသောစတုတ္ထဂါထာ၏ နောက်ထက်ဝက် ပဉ္စမဂါထာ၏ ရှေ ထက်ဝက်ကိုဟောတော်မူ၏။

တေစဉာတိပေတာ၊ ထိုဆွေမျိုးပြိတ္တာတို့သည်လည်း။တတ္ထ၊ ထိုပေး လှူရာအရပ်သို့။ သမာဂတ္ဘီာ၊ ထက်ဝန်းကျင်မှလာကုန်၍။ သမာဂတာ၊ ကောင်းစွာလာကုန်၍။ ပဟုတေ၊ များစွာသော။ အနွပါနမှိ၊ မိမိတို့အား ရည်၍ လှူအပ်သောထမင်းအဖျော်၌။ သက္ကစ္စံ၊ ရိုသေစွာ။အနုမောဒရေ၊ ဤအလှူသည် ငါတို့၏စီးပွါးချမ်းသာ အကျိုးငှါ ဖြစ်၏ဟု ဝမ်းမြောက် ကုန်၏။

ယခုအခါ၌ အဆွေအမျိုးတို့ကိုမှီ၍ ဖြစ်သော ကုသိုလ်ကံ၏အကျိုး ကို ခံစားရကုန်သော ပြိတ္တာတို့၏ အဆွေအမျိုးကို အာရုံပြု၍ ချီးမွမ်း သော အခြင်းအရာကို ပြတော်မူလိုသော မြတ်စွာဘုရားသည်-

စိရံ ဇီဝန္တု နော ဉာတီ၊ ယေသံ ဟေတု လဘာမသေ။
အမှာကဉ္စ ကတာ ပူဇာ၊ ဒါယကာစ သနိပ္ဖလာ။

ဟူသော ပဉ္စမဂါထာ၏ နောက်ထက်ဝက် ဆဋ္ဌဂါထာ၏ ရှေ့ထက် ဝက်ကို ဟောတော်မူသတည်း။

ယေသံ၊အကြင်အလှူပေး၍အမျှပေးဝေကုန်သော ဆွေမျိုးတို့၏။ဟေ တု၊အကြောင်းကြောင့်။ မယံ၊ငါတို့သည်။ ဤဒိသံ၊ဤသို့သဘောရှိသော စည်းစိမ်ကို။ လဘာမသေ၊ရကုန်၏။ ။ပြိတ္တာတို့၏ အနုမောဒနာပြုခြင်း အလှူပေးကုန်သော သူတို့၏ ရည်မှတ်ခြင်း အလှူခံ၏ ပြည့်စုံခြင်းဟူကုန် သော ဤသုံးပါးကုန်သော အကြောင်းတို့ကြောင့် အလှူသည် ပြိတ္တာတို့ အား ထိုခဏ၌လျှင် အကျိုးကို ဖြစ်စေတတ်၏။ ထိုအကြောင်း တို့ဟွင် အလှူပေးကုန်သော သူတို့သည် ထူးသော အကြောင်း ဖြစ်ကုန်၏။ ထိုကြောင့် ယေသံ ဟေတု လဘာမသေ ဟူ၍ ဆိုကုန်၏။ ဣမံဒါနံ၊ ဤအလှူကို။ ဥဒ္ဒိသန္တေဟိ၊ ရည်ညွှန်းကုန်သော အဆွေအမျိုး တို့သည်။ အမှာကဉ္စ၊ ငါတို့အားလည်း။ ပူဇာ၊ ပူဇော်ခြင်းကို။ ကတာ၊ ပြုအပ်၏။ ဒါယကာစ၊ အလှူပေးတို့သည်လည်း။ သနိပ္ဖလာ၊ အကျိုးကို ရကုန်၏။ နော၊ ငါတို့၏။ဉာတီ၊ အလှူပေး၍ အမျှဝေကုန်သော ထို

အဆွေအမျိုးတို့သည်။ စိရံ၊ ကြာမြင့်စွာ။ ဇီဝန္တုံ၊ အသက်ရှင်စေကုန်သတည်း။

ယခုအခါ၌ ပြိတ္တာဘုံ၌ ဖြစ်ကုန်သော သူတို့အား ထိုပြိတ္တာဘုံ၌ လယ်ယာလုပ်ခြင်း နွားမွေးခြင်းအစရှိသော တပါးသော စည်းဗဟိုးကို ရခြင်း အကြောင်း၏ မရှိခြင်းကို လည်းကောင်း ဤလူ့ပြည်မှ ဆွမျိုးတို့သည် ပေးဝေအပ်သောအလှူဖြင့် မျှသည်၏ အဖြစ်ကိုလည်းကောင်း ပြတော်မူလိုသော မြတ်စွာဘုရားသည်-

နံ ဟိ တတ္ထ ကသိ အတ္ထိ၊ ဂေါရက္ခေတ္ထ နဝိဇ္ဇတိ။
ဝါဏိဇ္ဇာ တာဒိသံ နတ္ထိ၊ ဟိရညေန ကယာကယံ။
ဣတော ဒိန္နေန ယာပေန္တိ၊ ပေတာ ကာလင်္ကတာ တဟိံ။

ဟူသော ဆဋ္ဌဂါထာ၏ နောက်ထက်ဝက်နှင့် တကွ သတ္တမဂါထာကို ဟောတော်မူ၏။

မဟာရာဇာ၊ မြတ်သောမင်းကြီး။ တတ္ထ၊ ထိုပြိတ္တာဘုံ၌။ ကသိ၊ လယ်ယာထွန်သော အမှုသည်။ နဟိအတ္ထိ၊ မရှိ။ ဇေ္ဍ၊ ထိုပြိတ္တာဘုံ၌။ ဂေါရက္ခာ၊ ငါးပါးသောဂေါရသကို ရောင်းသဖြင့် အသက်မွေးခြင်းဟူဆိုအပ်သော နွားထိန်းသည်လည်း၊ နဝိဇ္ဇတိ၊ မရှိ။ ယာဒိသံ၊ အကြင်သို့သဘောရှိသော ကုန်သွယ်ခြင်းကို။ နိဿာယ၊ မှီ၍။ တေ၊ ထိုပြိတ္တာတို့သည်။ သမ္မတ္တိံ၊ စည်းဗိမ်ကို။ ပဋိလဘေယျုံ၊ ရကုန်ရာ၏။ တာဒိသံ၊ ထိုသို့သဘောရှိကုန်သော၊ ဝါဏိဇ္ဇာ၊ ကုန်သွယ်ခြင်းသည်လည်း။ ဇေ္ဍ၊ ထိုပြိတ္တာဘုံ၌။ နတ္ထိ၊ မရှိ။ ယာဒိသံ အကြင်သို့သဘောရှိသော အသုဘြာဖြင့် ဝယ်ခြင်း ရောင်းခြင်းကို။ နိဿာယ၊ မှီ၍။ တေ၊ ထိုပြိတ္တာတို့သည်။ သမ္မတ္တိံ၊ စည်းဗိမ်ကို။ ပဋိလဘေယျုံ၊ ရကုန်ရာ၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဟိရညေန၊ အသုဘြာဖြင့်။ ကယာကယံ၊ ဝယ်ခြင်းရောင်းခြင်းသည်။ ဇေ္ဍ၊ ထိုပြိတ္တာဘုံ၌။ နတ္ထိ၊ မရှိ။ ကာလင်္ကတာ၊ သေလွန်ကုန်၍။ ပေတာ၊ ပြိတ္တာဘုံ၌ ဖြစ်ကုန်သောသူတို့သည်။ တဟိံ၊ ထိုပြိတ္တာဘုံ၌။ ဣတော၊ ဤလူ့ပြည်မှ။ ဒိန္နေန၊ အမျိုးအဆွေ မိတ်ခင်ပွန်းတို့သည် လူ့အပ်သောအလှူဖြင့်။ယာပေန္တိ၊မျှကုန်၏။

ယခုအခါ၌ ဆိုအပ်ပြီးသောဒုနက်ကို နှစ်ပါးကုန်သော ဥပမာတို့ဖြင့် ပြတော်မူလိုသော မြတ်စွာဘုရားသည်-

ဥန္နတေ ဥဒကံ ဝုဋ္ဌံ၊ ယထာ နိန္နံ ပဝတ္တတိ။
ဇေမေဝ ဣတော ဒိန္နံ၊ ပေတာနံ ဥပကပ္ပတိ။
ယထာ ဝါရိဝဟာ ပူရာ၊ ပရိပူရေန္တိ သာဂရံ။
ဇေမေဝ ဣတော ဒိန္နံ၊ ပေတာနံ ဥပကပ္ပတိ။

ဟူသော နှစ်ဂါထာကို ဟောတော်မူ၏။

ဥန္နတေ၊ ကုန်း၌။ ဝုဋ္ဌံ၊ ရွာသော။ ဥဒကံ၊ ရေသည်။ နိန္နံ၊ ချိုင့်ဝှမ်းရာသို့။ ပဝတ္တတိယထာ၊စီးသကဲ့သို့။ ဇေမေဝ၊ ထိုအတူလျှင်။ ဣတော၊ ဤလူ့ပြည်မှ။ ဒိန္နံ၊ လှူအပ်သောအရာသည်။ ပေတာနံ၊ ပြိတ္တာတို့အား။ ဥပကပ္ပတိ၊ဖြစ်၏။ဝါရိဝဟာ၊မြစ်ကြီးတို့သည်။ ပူရာ၊ချောက်ပတ်ကြားမြောင်းဝယ် မြောင်းကြီး ထုံးဝယ် ထုံးကြီးတို့မှ စီးဝင်သောရေဖြင့်ပြည့်ကုန်သည်ဖြစ်၍။သာဂရံ၊သမုဒ္ဒရာကို။ ပရိပူရေန္တိယထာ၊ပြည့်စေကုန်သကဲ့သို့။ ဇေမေဝ၊ထိုအတူသာလျှင်။ ဣတော၊ ဤလူ့ပြည်မှ။ ဒိန္နံ၊ လှူအပ်သောအလှူသည်။ ပေတာနံ၊ ပြိတ္တာတို့အား။ ဥပကပ္ပတိ၊ ဖြစ်၏။

အကြင်ကြောင့် ပြိတ္တာတို့သည် ဤအိမ်မှ တစုံတခုသော ဝတ္ထုကို ရကုန်လတ္တံ့ဟု အာသာနှိပ်စက်၍ ဆွေမျိုးတို့၏အိမ်သို့လာကုန်၍လည်း ငါတို့အား ဤမည်သောဝတ္ထုကို ပေးပါကုန်လော့ဟု တောင်းခြင်းငှါ မတတ်နိုင်ကုန်၊ ထိုကြောင့် အောက်မေ့အပ်ကုန်သော ဝတ္ထုတို့ကို အောက်မေ့လျက် ကောင်းသောအကျင့်ရှိသော အမျိုးသားသည် ထိုပြိတ္တာတို့၏ အကျိုးငှါ အလှူပေးရာ၏ဟု ပြတော်မူလိုသော မြတ်စွာဘုရားသည်-

အဒါသိ မေ အကာသိ မေ ဉာတိ မိတ္တာ သခါစ မေ။
ပေတာနံ ဒက္ခိဏံ ဒဇ္ဇာ၊ ပုဗ္ဗေ ကတမနုဿရံ။

ဟူသော ဒသမဂါထာကို ဟောတော်မူသည်။

မေ၊ငါ့အား။ဣဒံနာမ ဤမည်သော ဥစ္စာစပါးကို။အဒါသိ၊ပေးဘူး၏။ မေ၊ငါ၏။ ဣဒံနာမ၊ ဤမည်သောအမှုကို။အကာသိ၊ ပြုဘူး၏။ မေ၊ငါ၏။ ဉာတိစ၊ အမျိုးတော်သည်လည်း ဖြစ်၏။ မိတ္တာစ၊ အဆွေခင်ပွန်းလည်း ဖြစ်၏။ သခါစ၊ သူငယ်ချင်း ကစားတော်သည်လည်း ဖြစ်၏။ဣတိ၊သို့။ ပုဗ္ဗေ၊ ရှေး၌။ ကတံ၊ ပြုဘူးသောအမှုကို။ အနုဿရံ၊ အောက်မေ့လျက်။ ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ ပေတာနံ၊ ပြိတ္တာ တို့၏။ အတ္ထာယ၊ အကျိုးငှါ။ ဒက္ခိဏံ၊ အလှူကို။ ဒဇ္ဇာ၊ လှူရာ၏။

အကြင် သတ္တဝါ တို့သည်ကား ဆွမျိုးတို့၏ သေလွန်သဖြင့် မျက်ရည်ယိုခြင်း စိုးရိမ်ခြင်း ပြဋ္ဌာန်းကုန်သည် ဖြစ်၍သာလျှင် ဖြစ်၍ တည်ကုန်၏၊ ထိုသေလွန်ကုန်သော ဆွမျိုးတို့၏အကျိုးငှာ ကစုံတခု သောလှူဒါန်းဘွယ်ကို မလှူကုန်။ ထိုသတ္တဝါတို့၏ ထိုမျက်ရည်ယိုခြင်း စိုးရိမ်ခြင်းအစရှိသောအမှုသည် စင်စစ်လျှင် ကိုယ်ပူပန်ကာမျှသာလျှင် ဖြစ်၏၊ သေလွန်ကုန်သောသူတို့၏ တရုံဘခုသောအကျိုးကို မပြီးစေ ဟု ပြတော်မူလိုသော ဖြင်စွာဘုရားသည်-

နဟိ ရုဏ္ဍော ဝါ သောကော ဝါ၊ ယာ စညာ ပရိဒေဝနာ။
နတံ ပေတသ အတ္ထာယ၊ ဧတံ တိဋ္ဌန္တိ ဉာတယော။

ဟူသော ဂါထာဒသမဂါထာကို ဟောတော်မူ၏။

တံ၊ထိမျက်ရည်ယိုခြင်းစိုးရိမ်ခြင်းအစရှိသောအမှုသည်။ပေတသ၊ သေသောသူ၏။ အတ္ထာယ၊ အကျိုးငှာ။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ထို ကြောင့်။ ရုဏ္ဍော ဝါ၊ မျက်ရည်ကိုသွတ်သဖြင့် ငိုခြင်းကိုလည်း။ နဟိကာ တဗ္ဗံ၊ မပြုအပ်။ သောကော ဝါ၊ စိုးရိမ်ခြင်းကိုလည်း။ နကာတဗ္ဗော၊ မပြုအပ်။ အညာ၊ တပါးသော။ ယာစပရိဒေဝနာဝါ၊ အကြင်ဝေါက် ပြန်သော အသံကိုဖြစ်စေသဖြင့် ငိုခြင်းကို။ နကာတဗ္ဗာ၊ မပြုအပ်။ ဉာတယော၊ မျက်ရည်ယိုခြင်းအစရှိသည်ကို ပြုကုန်သောဆွမျိုးတို့ သည်။ဧဝံ၊ ဤသို့ပူပန်သဖြင့်။ တိဋ္ဌန္တိ၊ တည်ရကာမျှသာ ဖြစ်ကုန်၏။

ဤသို့ မျက်ရည်ယိုခြင်းအစရှိသည်၏ အကျိုးမရှိသည်၏ အဖြစ်ကို ပြကော်မူပြီး၍ ယခုအခါ၌ ဗိမ္ဗိသာရမင်းသည် လှူအပ်သော အလှူ၏ အကျိုးရှိသည်၏ အဖြစ်ကို ပြတော်မူလိုသော ဖြင်စွာဘုရားသည်-

အယဉ္စ ခေါ ဒက္ခိဏာ ဒိန္နာ၊ သံဃမ္ဟိ သုပ္ပတိဋ္ဌိတာ။
ဒီဃရတ္တံ ဟိတာယ သာ၊ ဌာနတော ဥပကပ္ပတိ။

ဟူသော ဒွါဒသမ ဂါထာကို ဟောတော်မူ၏။

မဟာရာဇ၊ ဖြတ်သောမင်းကြီး။တယာ၊ သင်သည်။ အဇ္ဇ၊ ယနေ့။ အတ္တနော၊ မိမိ၏။ ဉာတိဂဏံ၊ ဆွမျိုးအပေါင်းကို။ ဥဒ္ဒိသ ရည်သို့။ အယဉ္စခေါဒက္ခိဏာ၊ ဤအလှူပေးခြင်းကိုသာလျှင်ကား။ ဒိန္နာ၊ ပေးလှူ အပ်၏။ သာ၊ ထိုအလှူပေးခြင်းသည်။ သံဃမ္ဟိ၊ လောက၏ အဘုမရှိ ကောင်းမှု တည်းဟူသော မျိုးစေ့၏ ပိုက်မျိုးရာ လယ်ယာဖြကောင်း

သဘွယ်ပြစ်သော သံဃာ၌။သုပ္ပတိဋ္ဌိတာ၊ကောင်းစွာတည်သည်ဖြစ်၍။ အဿ၊ ထိုပြိတ္တာဖြစ်သော သူအပေါင်း၏။ ဒီဃရတ္တံ၊ အခါလေးမြင့်။ ဟိတာယ၊ အစီးအပွါးငှါ။ ဌာနတော၊ထိုခဏ၌။ ဥပကပ္ပတိ၊ ဖြစ်၏။

ယခုအခါမြတ်စွာဘုရားသည် အဟုတ်အမှန် ဖြစ်ကုန်သောကျေးဇူးတို့ဖြင့် ဗိမ္ဗိသာရမင်းကို ချီးမွမ်းတော်မူလိုရကား-

သော ဉာတိ ဓမ္မောစ အယံ နိဒဿိတော။
ပေတာနံ ပူဇာစ ကတာ ဥဋ္ဌာရာ။
ဗလဉ္စ ဘိက္ခူန မနုပ္ပဒိန္နံ။
တုမှေဟိ ပုညံ ပသုတံ အနပ္ပကံ။

ဟူသော အဆုံးဂါထာကို ဟောတော်မူ၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ တုမှေဟိ၊ သင်တို့သည်။ သောဉာတိဓမ္မော၊ ထိုဆွေမျိုးတို့အား ကျင့်အပ်သောတရားကို။ ပူရိတောစ၊ဖြည့်လည်းဖြည့်အပ်၏။ အယံဉာတိဓမ္မော၊ ဤဆွေမျိုးတို့သည် ဆွေမျိုးတို့အား ကျင့်အပ်သောတရားကို။ နိဒဿိတောစ၊ ပြလည်းပြအပ်၏။ ပေတာနံ၊ ပြိတ္တာတို့အား။ ဥဋ္ဌာရာ၊ ပြန့်ပြောသော။ ပူဇာစ၊ နတ်စည်းစိမ်ကို ရစေသဖြင့် ပူဇော်ခြင်းကိုလည်း။ ကတာ၊ ပြုအပ်၏။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဗလဉ္စ၊ ခွန်အားကိုလည်း။ အနုပ္ပဒိန္နံ၊ ပေးအပ်၏။ အနပ္ပကံ၊ များစွာသော။ ပုညံ၊ ကောင်းမှုကို။ ပသုတံ၊ ဆည်းပူးအပ်၏။

ဤဂါထာဖြင့် ဒေသနာတော်ကို အပြီးသတ်တော်မူ၏။အဆုံး၌ပြိတ္တာဘုံ၌ဖြစ်ခြင်း၏ အဖြစ်ကို ဟောတော်မူသဖြင့် ထိတ်လန့်ကုန်၍ အသင့်အားဖြင့် လုံ့လပြုကုန်သော ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့အား သစ္စာတရားကို သိခြင်းသည် ဖြစ်၏။ နှစ်ရက်မြောက်သော နေ့မှစ၍ ခုနစ်ရက်မြောက်ဖြစ်သော နေ့တိုင်အောင် မြတ်စွာဘုရားသည် နတ်လူတို့အား ဤ တိရောကုဋ္ဌ ဒေသနာတော်ကိုသာလျှင် ဟောတော်မူ၏။ ထိုသို့ သဘောရှိသည်လျှင် ဖြစ်သော သစ္စာတရားတို့ကို သိခြင်းသည်ဖြစ်၏။ ။(ဤ တဆဲ့သုံးဂါထာတို့ကို ပေတဝတ္ထု၌ တိရောကုဋ္ဌ ပေဟဝတ္ထု ဟူသောအမည်ဖြင့် ခုဒ္ဒကပါဌ၌ တိရောကုဋ္ဌသုတ်ဟူသော အမည်ဖြင့် သင်္ဂါယနာတင်ကုန်၏)။ ။တိရောကုဋ္ဌသုတ်တည်း။

ဤသို့ ဤတိရောကုဋ္ဌသုတ်၌လည်းဆွေမျိုးဖြစ်ကုန်သောပြိတ္တာတို့ကို ရည်၍•အလှူပေးအပ်၏ ဟူ၍ ဟောကော်မူ၏။ ကောင်းမှုကိုအလိုရှိကုန်သော သူသည်ကားအဆွေအမျိုးတော်သည်လည်းဖြစ်စေ မတော်သည်မူလည်းဖြစ်စေ အမှတ်မရှိအလုံးစုံသောသူကိုရည်၍အနာထပိဏ်အစရှိသော များစွာသောအလှူကဲ့သို့ လှူအပ်သလျှင်ကတည်း။

၃၇-ပိဋ္ဌစီတလိကပေဘဝတ္ထု

အနာထပိဏ်သေဋ္ဌေး၏ မြေးသူငယ်မအားနို့ထိန်းမသည် မုံ့ညက်ဖြင့် မိန်းမငယ်ရုပ်ကိုလုပ်၍ မိန်းမငယ်ရုပ်ကိုကိုင်၍ ကစားလော့ဟုပေး၏။ အနာပိဏ်သူဋ္ဌေး၏မြေး သူငယ်မသည် ထို မုံ့ညက်မိန်းမငယ်ရုပ်၌ သို့ဟူသောအမှတ်ကို ဖြစ်စေ၍ ကစား၏။ ထိုအခါ တနေ့သ၌ ထိုသူငယ်မ၏ မုံ့ညက်မိန်းမငယ်ရုပ်သည် ကစားစဉ် မေ့လျော့သဖြင့် ကျ၍ပျက်စီး၏။ သူငယ်မသည် ငါ့သို့သေ၏ဟုဝိ၏။ ထိုအခါ ဘုရားသဇ္ဇညုသည် အိမ်၌နေတော်မူ၏။ သေဋ္ဌေးသည်လည်း မြတ်စွာဘုရား အထံတော်၌နေ၏။ နို့ထိန်းမိန်းမသည် ဝိုသောသူငယ်မကိုယူ၍ သေဋ္ဌေး၏အထံသို့ သွား၍ ထိုအကြောင်းကိုကြား၏။သေဋ္ဌေးသည် ထို မြေးမိန်းမငယ်ကိုရင်ခွင်၌နေစေ၍ သင်၏သို့အကျိုးငှါအလှူကိုလှူအံ့ဟု နှစ်သိမ့်စေ၍ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်၏။ အရှင်ဘုရား-အကျွန်ုပ်မြေးမိန်းမငယ်၏မုံ့ညက် မိန်းမငယ်ရုပ်ကိုရည်၍ အလှူကို လှူလို၏။ အရှင်ဘုရားတို့သည် ငါးရာသောအခြံအရံ ရှိကုန်သည်ဖြစ်၍ နက်ဖြန်အကျိုးငှါ သည်းခံတော် မူပါလော့ဟု လျှောက်၏။ မြတ်စွာဘုရားသည် သည်းခံတော်မူ၍ နှစ်ရက်မြောက်သောနေ့၌ ထို အိမ်သို့ ကြွတော်မူ၍ ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုတော်မူ၍ အာနုမောဒနာ ပြုတော်မူလို၍—

ယံ ကိဉ္စာရမ္မဏံ ကတွာ၊ ဒဇ္ဇာ ဒါနံ အမစ္ဆရီ။
ပုဇ္ဇေ ပေတေစ အာရဗ္ဘ၊ အထဝါ ဝတ္ထု ဒေဝတာ။
စတ္ဘာရောဝ မဟာရာဇေ၊ လောကပါလေ ယသဿိနော။
ကုဝေရဉ္စ ဓတရဋ္ဌဉ္စ၊ ဝိရူပက္ခံ ဝိရူဋ္ဌကံ။
တေစေဝ ပူဇိတာ ဟောန္တိ၊ ဒါယကာစ သနိပ္ဒလာ။

ဇူစ္ဆာသယ ၁၅၅-၄၀

နဟိ ရုဏ္ဏံဝါ သောကောဝါ၊ ယာစ ညာ ပရိဒေဝနာ။
နတံ ပေတဿ အတ္ထာယ၊ ဧဝံ တိဋ္ဌန္တိ ဉာတယော။
အယဉ္စ ခေါ ဒက္ခိဏာ ဒိန္နာ၊ သံဃမှိ သုပ္ပတိဋ္ဌိတာ။
ဒီဃရတ္တံ ဟိတာယ ဿ၊ ဌာနတော ဥပကပ္ပတိ။

ဟူကုန်သော ဂါထာတို့ကို ဟောတော်မူ၏။

ယံကိဉ္စိ၊ အကြင်အမှတ်မရှိ တပါးပါးသော မင်္ဂလာအစရှိသည်ကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ပုဗ္ဗေ၊ ရှေးဦးဖြစ်ကုန်သော။ ပေတေစ၊ သေလွန်ကုန်သော မိဘတို့ကိုမူလည်း။ အာရဗ္ဘ။ အာရုံပြု၍။ ဝတ္ထုဒေဝတာဝါ၊ အိမ်ရာအစရှိသည်တို့၌ စောင့်ကုန်သော နတ်တို့သည်လည်းကောင်း။ အဆ၊ ထိုမှတပါး။ ကုဝေရဉ္စ၊ ကုဝေရနတ်မင်းသည်လည်းကောင်း။ ဓတရဋ္ဌဉ္စ၊ ဓတရဋ္ဌနတ်မင်းသည်လည်းကောင်း။ ဝိရူပက္ခဉ္စ၊ ဝိရူပက္ခ နတ်မင်းသည်လည်းကောင်း။ ဝိရူဠ္ဇကဉ္စ၊ ဝိရူဠ္ဇက နတ်မင်းသည်လည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ လောကပါလေ၊ လောကကိုစောင့်ကုန်သော။ ယသဿိနော၊ များသော အခြံအရံရှိကုန်သော။ မဟာရာဇေစ၊ နတ်မင်းတို့ကိုလည်းကောင်း။ အာရဗ္ဘ၊ အာရုံပြု၍။ အမစ္စရီ၊ ဝန်တိုခြင်းကင်းကုန်သည်ဖြစ်၍။ ဒါနံ၊ အလှူကို။ ဒဇ္ဇာ။ လှူကုန်ရာ၏။ တေစေဝ၊ ထို လောကပါလ နတ်မင်းအစရှိသည်တို့ကိုလည်း။ ပူဇိတာ၊ ပူဇော်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒါယကာစ။ လှူကုန်သောသူတို့သည်လည်း။ သနိပ္ဖလာ၊ အကျိုးကို ခံရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တံ၊ ထိုမျက်ရည်ယိုခြင်း အစရှိသောအမှုသည်။ ပေတဿ၊ သေသောသူ၏။ အတ္ထာယ၊ အကျိုးငှါ၊ ယသ္မာ၊ အကြင်ကြောင့်။ နဟောတိ၊ မဖြစ်။ တသ္မာ။ ထိုကြောင့်။ ရုဏ္ဏံဝါ၊ မျက်ရည်ယိုခြင်းကိုလည်းကောင်း။ သောကောဝါ၊ ဝိုးရိမ်ခြင်းကိုလည်းကောင်း။ အညာ၊ ကပါးသော။ ယာစပရိဒေဝနာ၊ အကြင်ငိုခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ သာဝါ၊ ထို ငိုခြင်းကိုလည်းကောင်း။ နကာတဗ္ဗာ၊ မပြုအပ်။ ဉာတယော၊ မျက်ရည်ယိုခြင်း အစရှိသည်ကိုပြုကုန်သော ဆွေမျိုးတို့သည်။ ဧဝံ၊ ဤသို့ ကိုယ်ပင်ပန်းသဖြင့်။ တိဋ္ဌန္တိ၊ တည်ရကာမျှဖြစ်ကုန်၏။

ဤသို့ မြတ်စွာဘုရားသည် တရားဟောတော်မူ၍ များစွာသောလူကို ပြိတ္တာတို့ကိုရည်၍ အလှူပေးခြင်း၌ မွေလျော်သော စိတ်ရှိသည်ကိုပြု၍

နေ ရာမှထတော်မူ၍ ဖဲတော်မူ၏၊ တဘန်ဖြစ်သောနေ့၌ သေဌေးမယား သည်လည်းကောင်း ကြွင်းကုန်သော ဆွေမျိုးတို့သည်လည်းကောင်း သေဌေး၏အတုသို့လိုက်၍ ကျင့်ကုန်၏။ ဤသို့ သုံးလအတိုင်း အရှည် ရှိသော ကာလပတ်လုံး အလှူကြီးကိုဖြစ်စေကုန်၏။ ဤသို့ သုံးလပတ်လုံး မုံ့ညက်မိန်းမငယ်ရုပ်လျှင် မူလရှိသော အလှူကြီးသည်ဖြစ်၏။ [ပိဋ္ဌ ဓိတလိကပေတဝတ္ထု]။ ။ဤသို့ ပြိတ္တာတို့၏ အနုမောဒနာ စေတနာတို့ သည်လည်း ထိုခဏခြင်းအကျိုးကို ပေးတတ်သေး၏။ လူတို့၏ အနု မောဒနာ စေတနာသော်ကား ဆိုဘွယ်မရှိလျှင် ဖြစ်၏။ ထိုစကား၌ ဤဆိုလတ္တံ့ကုန်သော ဝတ္ထုတို့ကို သိအပ်ကုန်၏။

၃၈-သီတင်းသည်ဝတ္ထု

ဧကနိပါတ် စတုတ္ထဝဂ် သီလဝနိသံသဇာတ် အဌကထာ

ကဿပမြတ်စွာဘုရားလက်ထက်တော်၌ သောတာပန်ဖြစ်သောသိ တင်းသည်တယောက်သည်ဆေတ္တာသည်သူကြွယ်တယောက်နှင့်တကွ သဘော်စီးသတတ်၊သဘော်သည်ခုနစ်ရက်မြောက်သောနေ့၌သမုဒ္ဒရာ ၏အလယ်၌ကွဲ၏။ ထိုနှစ်ယောက်ကုန်သော သူတို့သည် တခုသောပျဉ် ငယ်၌စီးကုန်လျက်တခုသောကျွန်းငယ်သို့ရောက်ကုန်၏။ထိုကျွန်းငယ်၌ ဆေတ္တာသည်သည်ဌက်တို့ကို သတ်၍ ကင်၍ စားလတ်သော် သီတင်း သည်အားသည်းပေး၏။ သီတင်းသည်သည်ငါ့အားမထိုက်ဟု မစားမူ၍ ဤအရပ်၌ရတနာသုံးပါးတို့ကိုထား၍ ငါ့အား တပါးသောကိုးကွယ်ရာ သည် မရှိဟုကြီ၏။ ထိုသီတင်းသည်သည် ရတနာသုံးပါးဂုဏ်ကျေးဇူး တို့ကို အောက်မေ့စဉ်လျှင် ထိုအရပ်၌ ဖြစ်သောနဂါးမင်းသည် မိမိ ကိုယ်ကို ရတနာခုနစ်ပါးဖြင့် ပြည့်သောကြီးစွာသော သဘော်လှေပြု၍ ဘန်ဆင်း၏။ သမုဒ္ဒရာစောင့်နတ်သည် လှေသူကြီးဖြစ်၍ လှေ၌တည်၍ ဇမ္ဗူဒိပ်သို့သွားလိုကုန်သောသူတို့သည် ရှိကုန်သလောဟု ကြွေးကြော် ၏။ သီတင်းသည်သည် ငါတို့သွားပါကုန်အံ့ဟုဆို၍ လာလော့ လှေသို့ တက်လော့ဟု ဆိုသော် တက်၍ဆေတ္တာသည်ကိုခေါ်၏။ နတ်တို့သည် ဆေတ္တာသည်အား သီလဂုဏ်အာစာရသည်မရှိ ထိုကြောင့် ဆေတ္တာ သည်သည် ဤလှေကို စီးခြင်းဌာ မထိုက်ဟု ဆို၏။ သီကင်းသည်သည် ဆေတ္တာသည်အား သီလမရှိသည်ဖြစ်စေ ငါ့သည် ဆေတ္တာသည်အား

ကိုယ်သည် လူအပ်သောအလူမှ စောင့်အပ်သောသီလမှ ပွါးစေအပ်သော ဘာဝနာမှ အတ္ရိကို ပေးဝေ၏ဟု ဆို၏။ ဆေတ္တာသည်သည် ဝမ်းမြောက်ပါ၏ဟုဆို၏။ထိုအခါနတ်သားသည်ဆေတ္တာသည်ကိုလှေ၌တင်၍ ထိုလှေကို ဗာရာဏသီသို့ဆောင်၍ နှစ်ယောက်ကုန်သော ထိုသူတို့၏လည်း အိမ်၌ဥစ္စာကိုထားခဲ့၍ မိမိဗိမာန်သို့ ပြန်သွား၏။

[သီတင်းသည်၏ဝတ္ထု]

၉၉—သခ်ပုဏ္ဏားဝတ္ထု

ဒသနိပါတ်အဋ္ဌကထာ

လွန်လေပြီးသော အခါ ဗာရာဏသီပြည်သည် မောဋ္ဌိနိမည်၏။ ထိုအခါ ဘုရားလောင်းသည် မောဋ္ဌိနိပြည်၌ သခ်မည်သောပုဏ္ဏားဖြစ်၍ လှေသင်္ဘောဖြင့် ကုန်သွယ်အံ့သောငှါ သွားစဉ် လမ်းခရီးအကြားဌ်ပြင်းသော လေနေပူကြောင့် မီးကျီးနှင့်တူသော ပူသောသဲကို နင်း၍ ကြွလာသော တပါးသော ပစ္စေကဗုဒ္ဓါကိုမြင်၍ ငါ၏ကောင်းမှု လယ်သည်လာ၏ဟု နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ အရှင်ဘုရား- ဤဘိနပ်တို့ကိုစီး၍ ဤဆီးကိုဆောင်းပြီးလျှင် ကြွတော်မူပါဟုလျှောက်၏။ ထီးဘိနပ်ကိုလှူ၍ဆိပ်ကမ်းသို့သွား၍ သင်္ဘောကိုစီး၏။ သင်္ဘောလှေသည် ခုနစ်ရက်မြောက်သောနေ့၌ကွဲ၏။ ဘုရားလောင်းသည် အလုပ်အကျွေးယောကျ်ားတယောက်ကိုယူ၍ ကိုယ်အလုံးကိုဆီဖြင့် လိမ်းကျံပြီးလျှင် ထောပတ်နှင့် တကွသော သကာမုံ့ကို အလိုရှိတိုင်းစား၍ အလုပ်အကျွေးကိုလည်း စားစေ၍ ထိုအလုပ်အကျွေးနှင့်တကွ လင်းယဉ်တိုင် ထက်သို့ တက်၍ခုန်သည်ရှိသော် တဥသဘမျှသော အရပ်၌ကျ၍ သမုဒ္ဒရာကိုကူးအံ့သောငှါ အားထုတ်၏။ ထိုဘုရားလောင်း၏ သမုဒ္ဒရာကို ကူးစဉ် ခုနစ်ရက်သည်ရောက်၏။ ထိုအခါ သမုဒ္ဒရာကိုစောင့်သော မဏိမေခလာမည်သော နက်သွီးသည်ဘုရားလောင်းကို ဆယ်တင်လို၍ ရတနာခုနစ်ပါးတို့ဖြင့် ပြည့်သော ရတနာသင်္ဘောဘန်ဆင်း၍ ဘုရားလောင်းကိုတက်စေပြီးလျှင် လှေ၌စီးစေ၍ အလုပ်အကျွေးကို မကြည့်၊ ဘုရားလောင်းသည် မိမိပြုအပ်သော ကောင်းမှုမှ အတ္ရိကို အလုပ်အကျွေးအား ပေးဝေ၏။ အလုပ်အကျွေးသည် ကောင်းမှု၏ အတ္ရိကို

ပေမဲ့ဖြောက်ဖျက်။ ထိုအခါနတ်သမီးသည် ဒီးလုပ် အနေကျွေးကို ထိုလေ့ဒို့ စီးစေချို့ လေ့ကို မောင်ဦနိမည်သော မြို့သို့ ဆောင်၍ ဘုရားလောင်း၏ အိမ်ဒွါ ဥစ္စာကိုထားခဲ့၍ ပိမ္ပဖိမာန်သို့လျှင်သွားဖျက်။

[သခ်ဳၤဖြာဟ္ဌထာစာတ်]

၁၀၀-ပတ္တိဒါနအကြောင်းကိုပြခြင်း

ထိုကြောင့်ပတ္တိဒါနအာဘိုကို ပေးဝေခြင်းမည်သော ပုညကိရိယာကို ဆည်းပူးသောသူတပါးတို့အား လည်း ပတ္တာနုမောဒနကုသိုလ် အာဘိုကို ပေမဲ့ဖြောက်ခြင်းမည်သော ပုညကိရိယာကိုဖြစ်စေသော အမျိုးကောင်းသားသည် ဖြတ္တာတို့ကိုရည်၍ အသူကိုလူအပ်သလျှင် ကတည်း။ ပိမ္ပဖျ၏ သဘောအားဖြင့်လည်း အလုံးစုံသောကောင်းမှုကိုပြု၍သူဘပါးတို့အား အာဘိုကိုပေးအပ်သလျှင်ကကည်း။ အဘယ်သူသည် ဝေသက္ခဲသို့ဝေအပ်သနည်းဟူမူကား ဘုရားလောင်းဖြစ်၍ ဖြစ်သော တိလောကဓိဇယမည်သောစကြာဝတေးမင်းသည် ဝေသက္ခဲဝေအပ်ဖျ။ ဒိဒိသည် ပြုအပ်သော ကောင်းမှုဖျ၏အာဘိုကို ဝေသော ထိုတိလောကဓိဇယ မည်သော စကြာဝတေးမင်းသည် ဗုဒ္ဓအပဒါန်၌-

ယံကိ်ဉ္စိ ကုသလံ ကမ္မံ၊ ကတ္တဗ္ဗံ် ကိ်ရိယံ မမ။
ကာယေန ပါစာ မနသာ၊ တာဝတိ်ံသေသု ဂတံ် ကတံ်။
ယေသတ္တာ သည်နော အဂ္ဂို၊ ယေစ သတ္တာ အသည်နော။
ကတံ် ပုညဖလံ မယ်၊ သဗ္ဗေ ဘာဂိ ဘာန်ု ဖေ။
ပဒံ တံ် ကတံ် သုဝိဒိတံ်၊ ဒိန်ဳ ပုညဖလံ မယာ။
ယေစ တတ္ထ နိစာနန်ို၊ ဒေဝါ ဂတ်ို့ဂါ နိဝေဒယုံ။
သဗ္ဗေ လောကဓိ ယေသတ္တာ၊ ဇိဝန်ုဂါဟာရဟေတုကာ။
မနုည်ံ ဘောဇနံ် သဗ္ဗေ၊ လဘန်ု မမ စေတသာ။
ဟုဂ်ုန်သော လေးဂါထာတို့ကို ဆိုကုန်သတတ်။

မမ ဂါသည်။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာ၊ နှုတ်ဖြင့်လည်းကောင်း၊ မနသာ၊ စိတ်ဖြင့်လည်းကောင်း။ ကတ္တဗ္ဗံ်၊ ပြုအပ်ဖျ၏။ ကာဝတိ်ံသေသု တာဝတိ်ံသာဘုံတို့၌ဂတံ်၊ ဖြစ်ခြင်းငှံ့ထိုက်သော။ ယံကိ်ဉ္စိ၊ အလုံးစုံသော။ ဂုသလကမ္မံ၊ ကုသိုလ်ကံဟူသော။ ကိ်ရိယံ၊

အမှုကို။ ကတံ၊ ပြုအပ်ပြီ။ သည်နော၊ သညာရှိကုန်သော။ ယေသတ္တာစ၊ အကြင် သတ္တဝါ တို့သည်လည်းကောင်း။ အသည်နော၊ သညာမရှိ ကုန်သော။ ယေသတ္တာစ၊ အကြင် သတ္တဝါ တို့သည်လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ ဘာဂီ၊ ကုသိုလ် အတို့ရှိကုန်သည် ဖြစ်၍။ မယှံ၊ ငါသည်။ ကတံ၊ ပြုအပ်သော။ ပုညဖလံ၊ ကောင်းမှု၏ အကျိုးကို။ ဘဝန္တု၊ ခံရစေကုန်သတည်း။ တတ္ထ၊ ထိုသတ္တဝါတို့တွင်။ ယေဟိ၊ အကြင်သတ္တဝါတို့သည်။ မယာ၊ ငါသည်။ ကတံ၊ ပြုအပ်သော။ တံ၊ ထိုကောင်းမှုကို။ သုဝိဒိတံ၊ ကောင်းစွာသိအပ်၏။ တေ၊ ထိုသတ္တဝါ တို့သည်။ ဘာဂီ၊ ကုသိုလ်အတို့ရှိကုန်သည်ဖြစ်၍။ မယာ၊ ငါသည်။ ဒိန္နံ၊ ပေးဝေအပ်သော။ ပုညဖလံ၊ ကောင်းမှု၏အကျိုးကို။ ဘဝန္တု၊ ခံစားရစေ ကုန်သတည်း။ ယေ၊ အကြင်သတ္တဝါတို့သည်ကား။ မယာ၊ ငါသည်။ ကတံ၊ ပြုအပ်သော။ တံ၊ ထိုကောင်းမှုကို။ နဇာနန္တိ၊ မသိကုန်။ တေသံ၊ ထိုသတ္တဝါတို့အား။ ဒေဝါ၊ နတ်တို့သည်။ ဂတ္ဝာ၊ သွား၍။ နိဝေဒယုံ၊ ကြားစေ ကုန်သတည်း။ လောကမှိ၊ လောက၌။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ အာဟာရဟေတုကာ၊ အာဟာရအကြောင်းရှိကုန်၍။ ဇီဝန္တိ၊ အသက်ရှင်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ မမ၊ ငါ၏။ စေဘသာ၊ ကုသိုလ်ဒိတ်ကြောင့်။ မနုညံ၊ နှစ်သက်ဘွယ်သော။ ဘောဇနံ၊ ဘောဇဉ်ကို။ လဘန္တု၊ ရစေကုန်သတည်း။ ။[အပဒါန် ဂါထာ အနက်]။

ဤသို့ သိင်္ဂါလသုတ်၌ သေလွန်ကုန်သော မိဘတို့၏ အကျိုးငှါ အလှူခံပုဂ္ဂိုလ်တို့အား လှူအပ်သော အလှူကို ဟောတော်မူအပ်၏။ ထိုမိဘတို့အား အခွန်အဟုတ်အမှု၏ အစွမ်းအားဖြင့် ပေးအပ်သော ဒါနကိုကား ဟောတော်မမူအပ်။ အကယ်၍ကား ဟောတော်မမူအပ်၊ ထိုသို့ ဟောတော်မမူအပ်သော်လည်း သေလွန်ကုန်သော မိဘတို့အား အခွန်အဟုတ်အမှုကိုလည်း ပြုခြင်းငှါ အပ်၏။ ထိုကြောင့် ပဉ္စက အဂိုတ္တိုရ်၌, အနာထပိဏ် သေဋ္ဌေးကို ဆုံးမတော်မူသော မြတ်စွာ ဘုရားသည်–

ဘုတ္တာ ဘောဂါ ဘတာ ဘစ္စာ၊ ဝိတိဏ္ဏာ အာပဒါသု မေ။
ဧဒ္ဒဂ္ဂါ ဒက္ခိဏာ ဒိန္နာ၊ အထောဝိ ပဉ္စဟိ ကတာ။
ဥပဠိတာ သိလဝန္တော၊ သညတာ ဗြဟ္မစာရယော။
ယဒတ္ထံ ဘောဂံ ဣဇ္ဈယျ၊ ပဏ္ဍိတော ဃရ မာဝသံ။
သော အဇ္ဇော မေ အဒုပ္ပတ္တော၊ ကတံ အနုတာဝိယံ။
ဇတံ အဒုသရံ မစ္ဆော၊ အရိယဓမ္မေ ဌိတော နရော။
ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။
ဟူ၍ ဟောတော်မူ၏။

ဂဟပတိ၊ သူကြွယ်။ မေ၊ ငါသည်။ ဘောဂါ၊ စည်းစိမ်တို့ကို။ ဘုတ္တာ၊ ခံစားအပ်ကုန်ပြီ။ ဘစ္စာ၊ မွေးမြူအပ်ကုန်သော အမိအဘ သားမယား ကျွန်အမှုလုပ် အဆွေခင်ပွန်းတို့ကို။ မေ၊ ငါသည်။ ဘတာ၊ မွေးမြူအပ်ကုန်ပြီ။ အာပဒါသု၊ မိုး ရေ မင်း ခိုးသူ မမျှစ်သောသူတို့မှ ဖြစ်ကုန်သော ဘေးရန်တို့ကို။ မေ၊ ငါသည်။ ဝိတိဏ္ဏာ၊ လွန်အပ်ကုန်ပြီ။ ဧဒ္ဒဂ္ဂါ၊ ကာမာဝစရ နှတ်ပြည်ခြောက်ထပ် ဟူကုန်သော အထက်ဘုံတို့ဌာ ဖြစ်ခြင်းအကျိုးရှိကုန်သော။ ဒက္ခိဏာ၊ အလှူတို့ကို။ မေ၊ ငါသည်။ ဒိန္နာ၊ လှူအပ်ကုန်ပြီ။ အထောဝိ၊ ထိုမှတပါးလည်း။ ပဉ္စဟိ၊ ထင်ရှား ရှိကုန်သော ဆွမျိုးတို့အား ပေးအပ်သော အလှန်, ဧည့်သည်တို့အား ပေးအပ်သောအလှန်,သေလွန်ကုန်သော ဆွမျိုးတို့အား ပေးအပ်သော အလှန်, မင်းအား ပေးအပ်သောအလှန်, နှတ်တို့အား ပေးအပ်သော အလှန်ဟူကုန်သော ငါးပါးကုန်သော အလှန်တို့ကို။မေ၊ငါသည်။ကဘာ၊ ပြုအပ်ကုန်ပြီ။ သိလဝန္တော၊ သိလရှိကုန်သော။ သညတာ၊ ကိုယ်နှုတ်နှလုံးကို ဆုံးမကုန်သော။ ဗြဟ္မစာရယော မြတ်သောအကျင့်ကို ကျင့်ကုန်သော ပုဂ္ဂိုလ်တို့ကို။ မေ၊ ငါသည်။ ဥပဠိတာ၊ လုပ်ကျွေးအပ်ကုန်ပြီ။ ဃရံ၊ အိမ်၌။ အာဝသံ၊နေသော။ ပဏ္ဍိတော၊ ပညာရှိသည်။ ယဒတ္ထံ၊ အကြောင်အကျိုးငှါ။ဘောဂံ၊ စည်းစိမ်ကို။ ဣဇ္ဈယျ၊ အလိုရှိရာ၏။ သော အဇ္ဇော၊ လိုအကျိုးသို့။ မေ၊ငါသည်။ အနုပဒ္ဓတော၊ရောက်ပြီ။ အနုတာဝိယံ၊ ထို နောင်တပူပန်ခြင်းမရှိသော အမှုကို။ မေ၊ငါသည်။ ကတံ၊ ပြုအပ်ပြီးသော သဘောကို။ အနုသရံ၊ အောက်မေ့လျက်။ နရော၊ လူဖြစ်သော။ မစ္ဆော၊ သိတင်းသည် ပုဂ္ဂိုလ်သည်။ အရိယဓမ္မေ၊ ပဉ္စသိ တရားခို။ ဌိတော၊ တည်သည်ဖြစ်အံ့။ နံ၊ ထိုသိဘင်းသည်ကို။ ဣဓေဝ၊

ဤပစ္စုပ္ပန်ဘဝ၌လျှင်။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ သော၊ ထိုသိတင်းသည်သည်။ ပေစ္ဆ၊ တမလွန်သို့ ကပ်၍။ သဂ္ဂေ၊ နတ်ပြည်၌။ ပဓမာဒတိ၊ နေ့လျော်ရ၏။

ထိုကြောင့် မြတ်စွာဘုရား၏ အဆုံးအမတော်ကို အောက်မေ့သော လူသည် ပါဏာတိပါတ အစရှိသည်မှ ကင်းသဖြင့် သေလွန်ကုန်သော ဆွေမျိုးတို့အား အမျှန် အတုတ်ပေးခြင်း အမှုကိုလည်း ပြုံအပ်သလျှင် ကတည်း။ ဤမွေးမြူခြင်း အစရှိသော အားဖြင့် ဖြစ်သော မိဘတို့အား လုပ်ကျွေးခြင်းအမှုသည်မကောင်းမှုမှမြစ်ခြင်း ကောင်းမှုဒွါတည်စေခြင်း အတတ်ကို သင်စေခြင်း လျောက်ပတ်သော မယားနှင့် စုံဘက်ခြင်း ဥစ္စာကိုပေးခြင်း၏ အစွမ်းအားဖြင့် ငါးပါး အပြားရှိသော တရား အားလျော်သော အစီးအပွါး၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာ မည်၏။ ထိုကြောင့် သိင်္ဂါလသုတ်၌ သူကြွယ်သား အရှေ့အရပ် မျက်နှာ ဖြစ်ကုန်သော မိဘတို့သည် သားကို မကောင်းမှမှ မြစ်ကုန်၏၊ ကောင်းမှုဒွါ တည်စေကုန်၏၊ အာဘတ်ကို သင်စေကုန်၏၊ လျောက်ပတ်သော မယားနှင့် စုံဘက်ကုန်၏၊ အခါ၌ ဥစ္စာကို ပေးကုန်၏ ဤငါးပါး ကုန်သော အကြောင်းတို့ဖြင့် စောင့်ရှောက်ကုန်၏ဟု ဟောတော်မူ၏။

၁၀၁-ကာလမညှတ်သော သူငယ်ဝတ္ထု

ဓမ္မပဒ လောကဝဂ်

မကောင်းမှမှ မြစ်ကုန်၏ ဟူသည်ကား - ပါဏာတိပါတ အစရှိကုန်သော မကောင်းမှုတို့၏ ပစ္စုပ္ပန်သံသရာ၌ ဖြစ်ကုန်သောအပြစ်ကို ပြောဆို၍ ချစ်သား ဤသို့သဘောရှိသော အမှုကို မပြုလင့်ဟု မြစ်ကုန်၏။ ပြုံပြီးသော မကောင်းမှုကိုလည်း ကဲ့ရဲ့ကုန်၏။ ။ကောင်းမှုဒွါ တည်စေကုန်၏ ဟူသည်ကား အနာထပိဏ်ဿ သေဋ္ဌေးကဲ့သို့ လည်းကောင်း ကသဿပဗြတ်စွာဘုရား လက်ထက်တော်၌ မိတ္တဝိန္ဒကာ၏ အမိကဲ့သို့ လည်းကောင်း ဥစ္စာကိုပေး၍လည်းသိလဆောက်တည်ခြင်း အစရှိသည်တို့ဒွါ တည်စေကုန်၏။ အနာထပိဏ် သေဋ္ဌေးသည် ဘုရားကို ဖူးခြင်း တရားကိုနာခြင်း သံဃာ၏ဝေယျာဝစ္စတို့ကိုဆောင်ခြင်းတို့ကို မပြုသော မိမိ၏ သားဖြစ်သော ကာလ မည်သော သူငယ်ကို ဘုရားဖူးခြင်း အစရှိသည်ကို အလိုရှိစိမ့်သောငှါ မတတ်နိုင်၍ ချစ်သား သင်သည် ဥပုသ်

ဆောက်တည်၍ ကျောင်း၌ တရားနာ၍ လာလော့ သင်အား အသပြာ တရာကို ပေးအံ့ဟုဆို၏။ ကာလသူဝယ်သည် ဥစ္စာကို တပ်စွန်းသဖြင့် ဥပုသ်ဆောက်တည်၍ ကျောင်းသို့ သွား၍ တရားနာခြင်းဖြင့် အလိုမရှိ သည်ဖြစ်၍ ချမ်းသာရာ အရပ်၌လျှင် အိပ်၍ နံနက်စောစောက အိမ်သို့ လာ၍ အသပြာတရာကို မရသော်ထမင်းမစားမူ၍ ရမှသာလျှင်စား၏။ တဘန်တနေ့သ၌ သေဌေးသည် ချစ်သားသင်သည် မြတ်စွာဘုရားအထံ တော်၌ တပုဒ်သော တရားကိုသင်၍ လာလော့ သင့်အား အသပြာ တထောင်ကို ပေးအံ့ဟုဆို၏။ကာလသူဝယ်သည် တပုဒ်သော တရားကို သာလျှင် မှတ်ယူ၍ ဖြေခြင်း၄၊ အလိုရှိ၏။ မြတ်စွာဘုရားသည် ကာလ သူဝယ်အား မှတ်ခြင်း၄၊ မတတ်နိုင်သောအခြင်းအရာကို ပြုတော်မူ၏။ ကာလသူဝယ်သည် ထိုပုဒ်ကိုမမှတ်နိုင်၍ အထက်ပုဒ်ကိုမှတ်အံ့ဟုတန့်၍ နာစဉ်လျှင် သောတာပန်ဖြစ်၍ နက်ဖြန်နေ့၌ မြတ်စွာဘုရားနှင့်တကွ သာလျှင် အိမ်သို့ လာ၍ မြတ်စွာဘုရား၏ ရှေ့တော်မှ ပေးအပ် သည်၏ အဖြစ်ကြောင့် ရှက်သည်ဖြစ်၍ အဘသည် ပေးအပ်သော အသပြာထောင်ထုပ်ကိုလည်း ယူအံ့သော၄၊ အလိုမရှိ။

[ကာလ သူဝယ်ဝတ္ထု]။

၁၀၂–မိတ္တဝိန္ဒကဝတ္ထု

စတုက္ကဏ္ဍဇာတ် အဌကထာ

မိတ္တဝိန္ဒက၏ အမိသည်လည်း ချစ်သား သင်သည် ရခဲသော လူ၏ အဖြစ်ကိုရ၏၊အလှူပေးလော့သီလစောင့်လော့ ဥပုသ်သုံးလော့တရားနာ လော့ဟုဆိုရာ မိခင်အလှူပေးခြင်း အစရှိသည်တို့ဖြင့် ငါအား အလိုမရှိ၊ အလုံးစုံသော စကားကို မိခင်မဆိုလင့်၊ ငါသည် ကံအလျောက်လား အံ့ဟု ဆိုသော် ချစ်သား သင်သည် ဥပုသ်သုံး၍ ခပ်သိမ်းသော ညဉ့် ပတ်လုံး တရားနာ၍ လာလော့၊ သင့်အား တထောင်သော အသပြာကို ငါပေးအံ့ဟုဆို၏။ မိတ္တဝိန္ဒကသည်လည်း ဥစ္စာကို မက်မောသဖြင့် ဥပုသ်သုံး၍ ကျောင်း၌ နေ့ကိုလွန်စေ၍ညဉ့်အခါ၌ တရားသည် နားကို မခတ်မိသော တခုသော အရပ်၌ အိပ်၍ စောစောကလျှင် အိမ်သို့ လာ၏။ မိတ္တဝိန္ဒက၏ အမိသည်ကား တရားဟော မထေရ်ကိုပင့်၍လာ

လတ္တံဟု ယာဂုအစရှိသည်တို့ကိုစိရင်၍ မိတ္တဝိန္ဒကဏ် လာအံ့သည့်လမ်းကို မျှော်သော် တယောက်ထည်း လာသော မိတ္တဝိန္ဒကကို မြင်၍ ချစ်သား- တရားဟော မထေရ်ကို သင်သည် မပင့်ခဲ့လောဟု ဆိုဏ်။ မိတ္တဝိန္ဒကသည် ငါ့အား တရားဟော မထေရ်ဖြင့် အလိုမရှိဟုဆို၍ အသပြာထောင်ထုပ်ကို မရသော် ထမင်းမစား၊ ရမှသာလျင် စားဏ်။ မိတ္တဝိန္ဒကသည် နောက်အတို့၌ သဘော်ဖြင့် ကုန်သွယ်ခြင်းကိုပြုလတ်သော် အောက်၌ ဆိုအပ်ပြီးသော နည်းဖြင့် လူတို့သည် သမုဒ္ဒရာအပြင်၌ စွန့်ပစ်အပ်သည်ဖြစ်၍ ဘောင်ဖြင့် သွားသည်ရှိသော် တနေ့သ၌ ဆောက်တည်အပ်သော ဒိဋ္ဌမေ္မဝေဒနိယဖြစ်၍ ဖြစ်သော ဥပုသ်ကံဏ် အကျိုးဆက်အားဖြင့်အစဉ်သဖြင့် ဖလ်ဗိမာန်၌ လေးယောက်သောဝေမာနိကနတ်သွီးပြိတ္တာမ။ ငွေဗိမာန်၌ ရှစ်ယောက်သော ဝေမာနိက နတ်သွီးပြိတ္တာမ။မြဗိမာန်၌ဆဲ့ခြောက်ယောက်သောဝေမာနိကနတ်သွီးပြိတ္တာမ။ ရွှေဗိမာန်၌ သုံးကျိပ်နှစ်ယောက်သော ဝေမာနိက နတ်သွီးပြိတ္တာမတို့ကို တွေ့မြင်၍ ထိုနတ်သွီးတို့နှင့် တကွ နတ်စည်းစိမ်ကို ခံစားရဏ်။ ။ဤသို့သားကို သနားသဖြင့် မိဘတို့သည် သားကို ကောင်းမှု၌ တည်စေကုန်ဏ်။

အတတ်ကို သင်စေကုန်ဏ် ဟူသည်ကား မိမိဏ် အဆုံးအမ၌ တည်သည်ဏ် အဖြစ်ကိုသိ၍ အနွယ်မှလာသော လက်ချောင်း ချိုးရေတွက်ခြင်း။ တနည်းကား၊ လက်ဆစ်တို့၌ အမှတ်သညာကိုထား၍ ရေတွက်ခြင်း။ တချမှစ၍ ကိုးချအဆုံးရှိသော အစီအရင်အားဖြင့်မပြတ်ရေတွက်ခြင်း အစရှိသော အတတ်ကို သင်စေကုန်ဏ်။ ။လျောက်ပတ်သောမယားနှင့်စုံဘက်ကုန်ဏ်ဟူသည်ကား အမျိုးသိလ အဆင်း စည်းစိမ်အခြံအရံအစရှိသည်တို့ဖြင့် လျောက်ပတ်သောမယားနှင့်စုံဘက်ကုန်ဏ်။ အခါ၌ ဥစ္စာကိုပေးကုန်ဏ် ဟူရာ၌ အခါသည် အမြဲမပြတ် ပြုသင့်သောအခါ၊ ကာလအခါဟူ၍ နှစ်ပါးအပြားရှိဏ်။ ထို နှစ်ပါးတို့တွင် ထပ်၍ ထပ်၍ မြဲကိုယူသည်ရှိသော်၊ ဤ သည်ကား သင်ဏ် ရိက္ခာဖြစ်စေ၍ ဤ ဥစ္စာဖြင့်ကား သင်သည် ကုသိုလ်ကိုပြုလော့ဟု ပေးကုန်သော မိဘတို့သည် အမြဲမပြတ် ပြုသင့်သောအခါ၌ ပေးသည်မည်ကုန်ဏ်။ ဦးစွန်းထားသောအခါ ထိမ်းမြားသောအခါ အစရှိသည်တို့၌ ပေးကုန်သော မိဘတို့သည် ကာလအခါ၌ ပေးသည် မည်ကုန်ဏ်။

တနည်းကားအဆုံးစွန်သောကာလ၌ညောင်စောင်း၌အိပ်သောသား အား ဤဥစ္စာဖြင့် ကုသိုလ်ကို ပြုလော့ဟု ပေးကုန်သော မိဘတို့သည် လည်း အခါ၌ ပေးသည် မည်ကုန်၏။ ။ဤသို့ မွေးမြူခြင်း အစဓှိသည်၏ အစွမ်းအားဖြင့် မိဘတို့ကို လုပ်ကျွေးသော သားသည် မကောင်းမှုမှ မြစ်ခြင်းအစဓှိသော အစီးအပွါးကို ရ၏။ထိုကြောင့် ထိုမိဘတို့ကိုမွေးမြူ ခြင်း အစဓှိသော အခြင်းအရာဖြင့်လည်း လုပ်ကျွေးအပ်ကုန်၏။ ထို စကားသည် သင့်၏။ မိဘတို့သည်လည်း မွေးမြူခြင်း အစဓှိသော အကြောင်းကိုမြင်ကုန်ရကား သားကို အလိုဓှိကုန်၏။ထိုကြောင့် ရဟန်း တို့အား တရားဟောတော်မူသော မြတ်စွဘုရားသည် ပဉ္စကအဂိုတ္တိုရ် ပုတ္တသုတ်၌—

ပဉ္စဋ္ဌာနာနိ သမ္ပဿံ၊ ပုတ္တံ ဈစ္ဆတိ ပဏ္ဍိတာ။
ဘတော ဝါ နော ဘရိဿတိ၊ ကိစ္စံ ဝါ နော ကရိဿတိ။
ကုလဝံသော စိရံ တိဋ္ဌေ၊ ဒါယဇ္ဇံ ပဋိပဇ္ဇတိ။
အထဝါပန ပေတာနံ၊ ဒက္ခိဏံ အနုပ္ပဒဿတိ။
ဌာနာနေတာနိ သမ္ပဿံ၊ ပုတ္တံ ဈစ္ဆတိ ပဏ္ဍိတာ။
တသ္မာ သန္တော သပ္ပုရိသာ၊ ကတညူ ကတဝေဒိနော။
ဘရန္တိ မာတာပိတရော၊ ပုဗ္ဗေ ကတံ သမနုဿရံ။
ကရောန္တိ နေသံ ကိစ္စာနိ၊ ယထာ တံ ပုဗ္ဗကာရိနံ။
သြဝါဒကာရီ ဘတံ ပေါသိ၊ ကုလဝံသံ အဟာပယံ။
သဒ္ဓေါ သီလေန သမ္ပန္နော၊ ပုတ္တော ဟောတိ ပသံသိယော။

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ပဏ္ဍိတာ၊ပညာဓှိတို့သည်။ ပဉ္စဋ္ဌာနာနိ၊ငါးပါး ကုန်သောအကြောင်းတို့ကို။သမ္ပဿံ သမ္ပဿန္တာ၊မြင်ကုန်၍။ပုတ္တံ၊သား ကို။ဈစ္ဆတိ၊အလိုဓှိကုန်၏။ဘတော၊ငါတို့သည်နို့တိုက်ခြင်း လက်ခြေတို့ ကိုပွါးစေခြင်းအစဓှိသည်တို့ဖြင့်မွေးအပ်သောသားသည်။နော၊ငါတို့ကို။ မဟလ္လကကာလေ၊အိုမင်းသောကာလ၌။ ဘရိဿတိဝါ၊ ခြေဆေးခြင်း ရေချုးခြင်း၊ ယာဂုပေးခြင်း၊ ထမင်းပေးခြင်း အစဓှိသည်တို့ဖြင့် မူလည်း မွေးမြူလတ္တံ့။ နော၊ ငါတို့၏။ ကိစ္စံ၊ မင်းအိမ်အစဓှိသည်တို့၌ ဖြစ်သော ကိစ္စကို။ ကရိဿတိဝါ၊ ကိုယ်မှုကိုမူလည်းထား၍ ဆောင်လတ္တံ့။

ပုတ္တော၊ သားသည်။ ရက္ခန္တေ၊ လယ်ယာရွှေငွေ အစရှိသည်တို့ကို မဖျက်ဆီးမူ၍ စောင့်ရှောက်သည်ရှိသော်။နော၊ ငါတို့၏။ကုလဝံသော၊ အမျိုးအနွယ်သည်။စိရံ၊ ကြာမြင့်စွာ။တိဋ္ဌေ၊ တည်ရာ၏။ ။ဘနည်းကား ပုတ္တော၊ သားသည်။ ရက္ခန္တေ၊ငါတို့သည် ဖြစ်စေအပ်သော စာရေးတံ ဆွမ်းအစရှိသည်တို့ကို မပြတ်စေမူ၍ စောင့်ရှောက်သည်ရှိသော်။ နော၊ ငါတို့၏။ ကုလဝံသော၊ အမျိုးအနွယ်သည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌေ၊ တည်ရာ၏။ နော၊ငါတို့၏။ ဒါယဇ္ဇံ၊ အမွေကို။ ပဋိပဇ္ဇတိ၊အမျိုး အနွယ် အား လျောက်ပတ်သော အကျင့်ဖြင့် မိမိကိုယ်ကို အမွေခံထိုက်အောင် ပြု၍ခံလတ့ံ။ အထဝါပန၊ ထိုမှတပါးလည်း။ ပေတာနံ၊ သေလွန် ကုန်သော ငါတို့အား။ ဒက္ခိဏံ၊ အတို့ကိုဝေ၍ သုံးရက်မြောက်သော နေ့မှစ၍ လှူအပ်သောအလှူကို။ အနုပ္ပဒဿတိ၊ လှူလတ့ံ။ ။ဇတာနိ ဌာနာနိ၊ ဤငါးပါးကုန်သော အကြောင်းတို့ကို။ ပဏ္ဍိတာ၊ ပညာရှိတို့ သည်။ သမ္ပဿံ-သမ္ပဿန္တာ၊ မြင်ကုန်၍။ ပုတ္တံ၊ ကို။ ဣစ္ဆန္တီ၊ အလိုရှိ ကုန်၏။ တသ္မာ၊ ထိုကြောင့်။ တံ၊ ထိုသားကို။ မာတာပိတရော၊ မိဘ တို့သည်။ ဘရန္တီယထာ၊ မွေးကုန်သကဲ့သို့။ တထာ၊ ထိုအတူ။သန္တော၊ ငြိမ်သက်သော။ ကတညူ၊ အောက်မေ့သည်၏ အစွမ်းအားဖြင့် ကျေး ဇူးကို သိကုန်သော။ ကတဝေဒိနော၊ အတုံ့ဆပ်သည်၏ အစွမ်းအား ဖြင့် ကျေးဇူးကိုသိကုန်သော။ သပ္ပုရိသာ၊ သူတော်ကောင်းတို့သည်။ မာတာပိတရော၊ မိဘတို့ကို။ ဘရန္တီ၊ မွေးမြူကုန်၏။ ပုဗ္ဗေ၊ ရှေး ၌။ ကတံ၊ ပြုအပ်သော ကျေးဇူးကို။ သမနုဿရံ-သမနုဿရန္တာ၊ အောက်မေ့ကုန်လျက်။ ပုဗ္ဗကာရီနံ၊ ရှေးဦးစွာ ကျေးဇူးပြုကုန်သော။ နေသံ၊ ထိုမိဘတို့၏။ ကိစ္စာနိ၊ ကိစ္စတို့ကို။ ကရောန္တီ၊ ပြုကုန်၏။ သြဝါဒ ကာရီ၊မိဘတို့၏အဆုံးအမကို ကျင့်လေ့ရှိသော။ဘတပေါသီ၊မိဘတို့ကို မွေးမြူလေ့ရှိသော။ ကုလဝံသံ၊ အမျိုးအနွယ်ကို။ အာဟာပယံ-အာဟာ ပယန္တော၊ မယုတ်စေသော။ သဒ္ဓါ၊ သဒ္ဓါတရားရှိသော။ သီလေန၊ သီလနှင့်။ သမ္ပန္နော၊ ပြည့်စုံသော။ ပုတ္တော၊ သားသည်။ ပသံသိယော၊ ချီးမွမ်းအပ်သည်။ဟောတိ၊ဖြစ်၏။ ။(ပဉ္စအဂိုတ္တိုရ်ပုတ္တသုတ်ပါဋိတော် အနက်)။ ။မာတာပိတု ဥပဋ္ဌာနကထာ ပြီး၏။

၁၂-ပုတ္တဒါရသင်္ဂဟ မင်္ဂလာ

၁၀၃-သားအပြားသုံးပါးကိုပြခြင်း

သားတို့မည်သည်ကား သုံးယောက်တို့တည်း။ထိုကြောင့်-
တယောမေ ဘိက္ခဝေ ပုတ္တာ၊ သန္တော သံဝိဇ္ဇမာနာ လောက
သ္မိံ။ ကတမေ တယော၊ အတိဇာတော အနုဇာတော အဝ
ဇာတော။ ကထဉ္စ ဘိက္ခဝေ ပုတ္တော အတိဇာတော ဟောတိ၊
ဣဓ ဘိက္ခဝေ ပုတ္တဿ မာတာပိတရော ဟောန္တိ နဗုဒ္ဓံ သရဏံ
ဂတာ နဓမ္မံ သရဏံ ဂတာ နသံဃံ သရဏံ ဂတာ။ပါဏာတိ
ပါတာ အပဋိဝိရတာ အဒိန္နာဒါနာ ကာမေသုမိစ္ဆာစာရာ
မုသာဝါဒါ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ အပ္ပဋိဝိရတာ ဒုဿီ
လာ ပါပဓမ္မာ။ ပုတ္တောစ နေသံ ဟောတိ ဗုဒ္ဓံ သရဏံ ဂတော
ဓမ္မံ သရဏံဂတော သံဃံ သရဏံ ဂတော။ ပါဏာတိပါတာ
ပဋိဝိရတော။ လ။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော
သီလဝါ ကလျာဏဓမ္မော။ဇေံ ခေါ ဘိက္ခဝေ ပုတ္တော အတိ
ဇာတောဟောတိ။ ကထဉ္စ ဘိက္ခဝေ ပုတ္တော အနုဇာတော
ဟောတိ။ ဣဓ သိက္ခဝေ ပုတ္တဿ မာတာပိတရော ဟောန္တိ
ဗုဒ္ဓံသရဏံ ဂတာ။လ။မဇ္ဇပမာဒဋ္ဌာနာပဋိဝိရတာ သီလဝန္တော
ကလျာဏမ္မော။ ပုတ္တောစ နေသံ ဟောတိ ဗုဒ္ဓံ သရဏံဂတော
။လ။ကလျာဏဓမ္မော။ ဇေံခေါ ဘိက္ခဝေ ပုတ္တော အနုဇာတော
ဟောတိ။ကထဉ္စဘိက္ခဝေ ပုတ္တော အဝဇာတော ဟောတိ။ဣဓ
ဘိက္ခဝေပုတ္တဿ မာတာပိတရော ဟောန္တိဗုဒ္ဓံ သရဏံ ဂတာ။
လ။သီလဝန္တော ကလျာဏမ္မော။ ပုတ္တောစ နေသံ ဟောတိ
နဗုဒ္ဓံ သရဏံ ဂတော။လ။မဇ္ဇပမာဒဋ္ဌာနာ အပ္ပဋိဝိရတော
ဒုဿီလော ပါပဓမ္မော။ ဇေံ ခေါ ဘိက္ခဝေ ပုတ္တော အဝ
ဇာတော ဟောတိ။ ဣမေခေါ ဘိက္ခဝေ တယော ပုတ္တာ
သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။

အတိဇာတံ အနုဇာတံ၊ ပုတ္တ မိစ္ဆန္တိ ပဏ္ဍိတာ။
အဝဇာတံ နဣစ္ဆန္တိ၊ ယော ဟောတိ ကုလဗန္ဓနော။
ဇေတေခေါ ပုတ္တာ လောကသ္မိံ၊ယေ ဘဝန္တိ ဥပါသကာ။

သဒ္ဓါသိလေန သမ္ပန္နာ၊ ဝဒညူ ဝိတမစ္ဆရာ။
စန္ဒော အဗ္ဘဃနာမုတ္တော၊ ပရိသာသု ဝိရောစယေ။

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊တို့။တယော၊သုံးယောက်ကုန်သော။ ဣမေပုတ္တာ၊ ဤသားတို့သည်။ လောကသ္မိံ၊ ၌။ သန္တောသံဝိဇ္ဇမာနာ၊ ထင်ရှား ရှိကုန်၏။ တယော၊ သုံးယောက်တို့ ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။အတိဇာတော၊ ဂုဏ်ကျေးဇူးတို့ဖြင့် မိဘတို့ထက်လွန်၍ ဖြစ်သောသားလည်းကောင်း။အနုဇာတော၊ ဂုဏ်ကျေးဇူးတို့ဖြင့်မိဘတို့နှင့်တူသည်ဖြစ်၍ဖြစ်သောသားလည်းကောင်း။ အဝဇာတော၊ ဂုဏ်ကျေးဇူးတို့ဖြင့်မိဘတို့အောက်ယုတ်သည်ဖြစ်၍ဖြစ်သောသားလည်းကောင်း။ ဣမေတယော၊ဤ သုံးယောက်တို့တည်း။ ဘိက္ခဝေ၊ တို့။ ပုတ္တော၊ သားသည်။အတိဇာတော၊ဂုဏ်ကျေးဇူးတို့ဖြင့်မိဘတို့ထက်လွန်၍ဖြစ်သည်။ ကထဉ္စဟောတိ၊အသို့ဖြစ်သနည်းဟူမူကား။ဘိက္ခဝေ၊တို့။ဣဓ၊ ဤလောက၌။ပုတ္တဿ၊ သား၏။ မာတာပိတရော၊ မိဘတို့သည်။ ဗုဒ္ဓံ၊ ဘုရားကို။ သရဏံ၊ကိုးကွယ်ရာဟူ၍။ဂတာ၊ဆည်းကပ်ကုန်သည်။နဟောန္တိ၊မဖြစ်ကုန်။ဓမ္မံ၊တရားကို။သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာ၊ ဆည်းကပ်ကုန်သည်။နဟောန္တိ၊မဖြစ်ကုန်။သံဃံ၊သံဃာကို။သရဏံ၊ကိုးကွယ်ရာဟူ၍။ ဂတာ၊ ဆည်းကပ်ကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ပါဏာတိပါတာ၊ ပါဏာတိပါတမှ။အပဋိဝိရတာ၊မကြဉ်ကုန်။အဒိန္နာဒါနာ၊ အဒိန္နာဒါနမှ၊ အပဋိဝိရတာ၊ မကြဉ်ကုန်။ ကာမေသုမိစ္ဆာစာရာ၊ ကာမေသုမိစ္ဆာစာရမှ။ အပဋိဝိရတာ၊ မကြဉ်ကုန်။ မုသာဝါဒါ၊ မုသာဝါဒမှ။ အပဋိဝိရတာ၊ မကြဉ်ကုန်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊သေအရက် ဟူသောယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်းမှ။ အပဋိဝိရတာ၊ မကြဉ်ကုန်။ ဒုဿီလာ၊ သီလမရှိကုန်။ ပါပဓမ္မာ၊ ယုတ်မာသော အကျင့် ရှိကုန်၏။ နေသံ၊ ထိုမိဘတို့၏။ ပုတ္တောစ၊သားသည်ကား။ဗုဒ္ဓံ၊ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်သည်။ ဟောတိ၊၏။ ဓမ္မံ၊ ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်သည်။ ဟောတိ၊ ၏။ သံဃံ၊သံဃာကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်သည်။ ဟောတိ၊၏။ ပါဏာတိပါတာ၊ ပါဏာတိပါတမှ။ ပဋိဝိရတော၊ ကြဉ်၏။ အဒိန္နာဒါနာ၊ အဒိန္နာဒါနမှ။ ပဋိဝိရတော၊ ကြဉ်၏။ ကာမေသု

မိစ္ဆာစာရာ၊မှ။ ပဋိပိရတော၊၏။ မုသာဝါဒါ၊မုသာဝါဒမှ။ပဋိပိရတော၊ ကြဉ်၏။ သုရာမေရယမဇ္ဇပမာဒဌာနာ၊ သေအရက်ဟူသော ယစ်ခြင်းမေ့လျော့ခြင်း၏ အကြောင်းမှ။ ပဋိပိရတော၊ ကြဉ်၏။ သီလဝါ၊ သီလ ရှိ၏။ ကလျာဏဓမ္မော၊ ကောင်းသော အကျင့်ရှိ၏။ ဘိက္ခဝေ၊ တို့။ ဇင်ခေါ၊ ဤသို့လျှင်။ ပုတ္တော၊ သားသည်။ အတိဇာတော၊ဂုဏ်ကျေးဇူးတို့ဖြင့် မိဘတို့ထက်လွန်၍ ဖြစ်သည်။ ဟောတိ၊၏။ ဘိက္ခဝေ၊တို့။ ပုတ္တော၊ သည်။ အနုဇာတော၊ဂုဏ်ကျေးဇူးတို့ဖြင့် မိဘတို့နှင့် တူသည် ဖြစ်၍ဖြစ်သည်။ ကထဉ္စဟောတိ၊အသို့ဖြစ်သနည်းဟူမူကား။ ဘိက္ခဝေ၊ တို့။ ဧဝ၊ ဤလောက၌။ ပုတ္တသ သား၏။ မာတာပိတရော၊ မိဘတို့သည်။ ဗုဒ္ဓံ၊ ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာ၊ ဆည်းကပ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဓမ္မံ၊ တရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာ၊ ဆည်းကပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သံဃံ၊ သံဃာကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာ ဆည်းကပ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ပါဏာတိပါတာ၊ ပါဏာတိပါတမှ။ ပဋိပိရတာ၊ ကြဉ်ကုန်၏။ အဒိန္နာဒါနာ၊ အဒိန္နာဒါနမှ။ ပဋိပိရတာ၊ ကြဉ်ကုန်၏။ ကာမေသုမိစ္ဆာစာရာ၊ ကာမေသုမိစ္ဆာစာရမှ။ ပဋိပိရတာ၊ကြဉ်ကုန်၏။ မုသာဝါဒါ၊ မုသာဝါဒမှ။ ပဋိပိရတာ၊ ကြဉ်ကုန်၏။ သုရာမေရယမဇ္ဇပမာဒဌာနာ၊သေအရက်ဟူသော ယစ်ခြင်းမေ့လျော့ခြင်း၏ အကြောင်းမှ။ပဋိပိရတာ ကြဉ်ကုန်၏။ သီလဝန္တော၊ သီလရှိကုန်၏။ ကလျာဏဓမ္မာ၊ကောင်းသောအကျင့် ရှိကုန်၏။ နေသံ၊ ထိုမိဘတို့၏။ ပုတ္တောစ၊ သားသည်လည်း။ ဗုဒ္ဓံ၊ ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ဂတော၊ ဆည်းကပ်သည်။ ဟောတိ၊၏။ ဓမ္မံ တရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်သည်။ ဟောတိ၊၏။ သံဃံ၊ သံဃာကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ဆည်းကပ်သည်။ ဟောတိ၊၏။ ပါဏာတိပါတာ၊ ပါဏာတိပါတမှ။ ပဋိပိရတော၊ ကြဉ်၏။ အဒိန္နာဒါနာ၊ အဒိန္နာဒါနမှ။ ပဋိပိရတော၊ ကြဉ်၏။ ကာမေသုမိစ္ဆာစာရာ၊ ကာမေသု မိစ္ဆာစာရမှ။ ပဋိပိရတော၊ ကြဉ်၏။ မုသာဝါဒါ၊ မုသာဝါဒမှ။ ပဋိပိရတော၊ ကြဉ်၏။ သုရာမေရယ မဇ္ဇပမာဒ ဌာနာ၊ သုရာမေရယ မဇ္ဇပမာဒ ဌာနမှ။ ပဋိပိရတော ကြဉ်၏။ သီလဝါ၊ သီလ ရှိ၏။ ကလျာဏ ဓမ္မော၊ ကောင်းသော အကျင့် ရှိ၏။

ဘိက္ခဝေ၊တို့။ ဇေံခေါ၊ဤသို့လျှင်။ ပုတ္တော၊သား၊သည်။ အနုစာတော၊ ဂုဏ်၊ကျေးဇူး၊တို့ဖြင့် မိဘနှင့်ဘူသည်ဖြစ်၍ ဖြစ်သည်။ ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ပုတ္တော၊သား၊သည်။ အဝစာတော၊ ဂုဏ်ကျေးဇူး၊တို့ဖြင့် မိဘတို့အောက် ယုတ်သည်ဖြစ်၍ ဖြစ်သည်။ ကထဉ္စဟောတိ၊ အသို့ ဖြစ်သနည်းဟူမူကား။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤလောကဌ်။ ပုတ္တသ၊ သား၏။ မာတာပိတရော၊ မိဘတို့သည်။ ဗဟုံ၊ ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာ၊ ဆည်းကပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဓမ္မံ တရားကို။သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာ၊ဆည်းကပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သံဃံ၊ သံဃာကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂတာ၊ ဆည်းကပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပါဏာတိပါတာ၊ ပါဏာတိပါတမှ။ ပဋိဝိရတာ၊ ကြဉ်ကုန်၏။ အဒိန္နာဒါနာ၊ အဒိန္နာဒါနမှ။ ပဋိဝိရတာ၊ ကြဉ်ကုန်၏။ ကာမေသုမိစ္ဆာစာရာ၊ ကာမေသုမိစ္ဆာစာရမှ။ ပဋိဝိရတာ၊ ကြဉ်ကုန်၏။ မုသာဝါဒါ၊ မုသာဝါဒမှ။ ပဋိဝိရတာ၊ ကြဉ်ကုန်၏။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမှ။ပဋိဝိရတာ၊ကြဉ်ကုန်၏။ သိလဝေန္တော၊သိလရှိကုန်၏။ ကလ္လာဏဓမ္မာ၊ ကောင်းသော အကျင့်ရှိကုန်၏။ နေသံ၊ ထိုမိဘတို့၏။ ပုတ္တော၊ သားသည်ကား။ ဗဟုံ၊ ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်သည်။ နဟောတိ၊ မဖြစ်။ဓမ္မံ၊ တရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ဆည်းကပ်သည်။ နဟောတိ၊ မဖြစ်။ သံဃံ၊ သံဃာကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂတော၊ ဆည်းကပ်သည်။ နဟောတိ၊ မဖြစ်။ ပါဏာကိပါတာ၊ ပါဏာတိပါတမှ။ အပဋိဝိရတော၊ မကြဉ်။ အဒိန္နာဒါနာ၊ အဒိန္နာဒါနာမှ။ အပဋိဝိရတော၊ မကြဉ်။ ကာမေသုမိစ္ဆာစာရာ၊ ကာမေသုမိစ္ဆာစာရမှ။ အပဋိဝိရတော မကြဉ်။ မုသာဝါဒါ၊ မုသာဝါဒမှ။ အပဋိဝိရတော၊ မကြဉ်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမှ။ အပဋိဝိရတော၊ မကြဉ်။ ဒုဿီလော၊သီလမရှိ။ပါပဓမ္မော ယုတ်မာသောအကျင့်ရှိ၏။ ဘိက္ခဝေ၊ တို့။ ဇေံခေါ၊ ဤသို့လျှင်။ ပုတ္တော၊ သား၊သည်။ အဝစာတော၊ ဂုဏ်ကျေးဇူး၊တို့ဖြင့် မိဘတို့အောက်ယုတ်သည်။ဟောတိ၊၏။ ဘိက္ခဝေ၊တို့။ ကထေသာ၊ သို့ယောက်ကုန်သော။ ဣမေခေါပုတ္တာ၊ ဤသား၊တို့သည်။ လောကသ္မိံ၊ လော ၌၌။ သန္တေသဿ၊ ထင်ရှား၊ရှိကုန်၏။

ဘိက္ခဝေ၊ တို့။ပဏ္ဍိတာ၊ ပညာရှိတို့သည်။ အဘိဇာတံ၊အဘိဇာတ ဖြစ်သော။ပုတ္တံ၊ သားကိုလည်းကောင်း။ အနုဇာတံ၊အနုဇာတဖြစ်သော။ ပုတ္တံ၊သားကိုလည်းကောင်း။ ဣဆ္ဆတိ၊ အလိုရှိကုန်၏။ ယော၊ အကြင် သားသည်။ ကုလဆိန္ဒနော၊ အမျိုးအနွယ်ကိုဖြတ်တတ်သည်။ ဟောတိ၊ ၏။ အဝဇာတံ၊ အဝဇာတဖြစ်သော၊ တံ၊ထိုသားကို။ပဏ္ဍိတာ၊ပညာရှိ တို့သည်။ နဣဆ္ဆတိ၊ အလိုမရှိကုန်။ဇေတေခေါပုတ္တာ၊ထိုသုံးယောက်ကုန် သော သားတို့သည်သာလျှင်။ လောကသ္မိံ၊ လောကဋ္ဌ၊သဇ္ဇိ၊ရှိကုန်၏။ တေသု၊ ထိုသုံးယောက်ကုန်သော သားတို့တွင်။ ယေ၊ အကြင်သားတို့ သည်။ ဥပါသကာ၊ ရတနာသုံးပါးတို့ကို ဆည်းကပ်တတ်ကုန်သည်။ ဘဝဇ္ဇိ၊ ဖြစ်ကုန်၏။ သဒ္ဓါသီလေန၊ သဒ္ဓါသီလနှင့်။ သမ္ပန္နာ၊ ပြည့်စုံ ကုန်သည်။ ဘဝဇ္ဇိ၊ ဖြစ်ကုန်၏။ ဝဒညူ၊ မျက်နှာ၏ အခြင်းအရာကို မြင်သဖြင့်လျှင် ဘုန်းတောင်းသာစကာတို့၏ အသံကို သိတတ်ကုန် သည်။ ဘဝဇ္ဇိ၊ ဖြစ်ကုန်၏။ တနည်းကား ဝဒညူ၊ ပေးပါ ဟူသော တောင်းသံကိုကြား၍ ဤသူတောင်းစား တို့သည် ရှေးဌ်အလှူကိုမလှူ သောကြောင့် ဤသို့ သဘောရှိသည်ဖြစ်ကုန်၏။ ငါသည်ဤသို့မဖြစ်သင့် ဟု အောက်မေ့၍ သူတောင်စားတို့အား စွန့်ကြဲသည်၏ အစွမ်းအားဖြင့် သူတောင်းစားတို့၏ စကား၏အနက်ကို သိတတ်ကုန်သည်။ ဘဝဇ္ဇိ၊ ဖြစ်ကုန်၏။ တနည်းကား ဝဒညူ၊ ပညာရှိတို့၏ကံသာလျှင် မိမိဥစ္စာ ရှိသည်၏အဖြစ် ရှိသည်ကို ပြတက်သောစကားကို သိတတ်ကုန်သည်။ ဘဝဇ္ဇိ၊ ဖြစ်ကုန်၏။ တနည်းကား ဝဒညူ၊ စွန့်ကြဲလေ့ ရှိကုန်သည်။ ဘဝဇ္ဇိ၊ ဖြစ်ကုန်၏။ ဝိတမစ္ဆရာ၊ ဝန်တိုခြင်း ကင်းကုန်သည်။ ဘဝဇ္ဇိ၊ ဖြစ်ကုန်၏။ တေ၊ ထိုသားတို့သည်။ အဇ္ဇဃနာ။ တိမ်ထပ် တိမ်လွှာမှ။ မုတ္တော၊ လွတ်သော၊ စန္ဒော၊ လကဲ့သို့။ ပရိသာသု၊ သိတင်းသည် ပရိသတ်တို့၌။ တနည်းကား ပရိသာသု၊မင်းအစရှိကုန်သော ပရိသတ် တို့၌။ဝိရောစယေ၊တင့်တယ်ကုန်၏။ (ဣတိဝုတ်၌လာသောပုတ္တသုတ်)။ အကြင်သားသည်ကား မိဘတို့သည် သဒ္ဓါသီလမရှိကုန်။ မိမိလည်း ထိုသို့သဘောရှိ၏။ထိုသားသည်အဝဇာတသာလျှင်ဖြစ်၏။ [ထိုသုတ်၏ အဌကထာ]။

ကယောဟိ ပုတ္တာ နဟိ အညော အတ္ထိ၊အနွေဂ့ါသိ ဒိန္နကော အတြဇော။

ဣဆ္ဆာသယ ၁၅၅-၄၂

အန္တေဝါသိ၊ တပည့်ဖြစ်သောသားလည်းကောင်း။ဒိန္နကော၊ ဤသူသည် သင့်သားဖြစ်စေသကဲ့သို့ သူတပါးတို့သည် ပေးသော် သားလည်းကောင်း။ အတြဓော၊ မိမိကိုစွဲ၍ဖြစ်သော သားလည်းကောင်း။ ဣတိ၊သို့။ တယောဟိ၊ သုံးယောက်သာလျှင် ဖြစ်ကုန်သော။ ပုတ္တာ၊ သားတို့သည်။ သန္တိ၊ ရှိကုန်၏။ အညော၊ တပါးသော လေးယောက် ဖြစ်သောသားသည်။ နဟိအတ္ထိ၊ မရှိသလျှင်ကတည်း။ ။[တိံ သန်ပါတ် ပဏ္ဏာရက်ဇာတ်]။

ပုတ္တောစ နာမေသ အတြဓော ခေတြဓော အန္တေဝါသိကော ဒိန္နကောတိ စတုဗ္ဗိဓော။

ဇေသပုတ္တောနာမ၊ ဤသားမည်သည်လည်း။ အတြဓော၊ မိမိကိုစွဲ၍ ဖြစ်သော သားလည်းကောင်း။ ခေတြဓော၊ အိပ်ရာအပြင်ပလွှင့်ရင်းခွင် အစရှိသည်တို့၌ဖြစ်သော သားလည်းကောင်း။ အန္တေဝါသိကော၊ အတတ်သင်သော တပည့်သားလည်းကောင်း။ ဒိန္နကော၊ မွေးစားစိမ့်သောငှါ ပေးသောသားလည်းကောင်း။ ဣတိ၊ဤသို့။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိ၏။ ။(ဇကကနိပါတ် ကဠဟာဝိယဇာတ်အဋ္ဌကထာ)။

ဤဒွိကား မိမိကိုစွဲ၍ ဖြစ်သော အတြဓလျှင် ဖြစ်ကုန်သော အတိဇာတအစရှိသောအားဖြင့် ပြားကုန်သော သားတို့ကို ရအပ်ကုန်၏။ ထိုကြောင့် အဋ္ဌကထာဌ-

အတ္တနာ ဇာတပုတ္တာဝိ မိတာရောဝိ ပုတ္တာတွေဝသင်္ခံ ဂစ္ဆန္တိ၊ ဟူ၍ ဆိုအပ်၏။

အတ္တနာ၊ မိမိမှ။ ဇာတပုတ္တာဝိ၊ ဖြစ်ကုန်သော သားတို့သည်လည်းကောင်း။ မိတာရောဝိ၊ သို့ဖြစ်သည်လည်းကောင်း။ ပုတ္တာတွေဝသင်္ခံ၊ သားဟူသော အရေအတွက်သို့သာလျှင်။ ဂစ္ဆန္တိ၊ ကုန်၏။

မယားတို့မည်သည်ကား နှစ်ကျိပ်ရှိကုန်၏။ ထိုနှစ်ကျိပ်ကုန်သော မယားကို့ကို မာတုရက္ခိတမိန်းမ ပိတုရက္ခိတမိန်းမ မာတာပိတုရက္ခိတမိန်းမ ဘာတုရက္ခိတမိန်းမ ဘဂိနိရက္ခိတမိန်းမ ဉာတိရက္ခိတမိန်းမ ဂေါတ္တရက္ခိတဂိန်းမ ဓမ္မရက္ခိတမိန်းမ သာရက္ခမိန်းမ သပရိဒဏ္ဍမိန်းမ ဓနက္ကိတမယား ဆန္ဒဝါသိနီမယား ဘောဂဝါသိနီမယား ပဋိဝါသိနီမယား အသဒိပတ္တကီနီမယား သဿာဒုမ္မုခမယား ဒါသိဓာတရိယာစ

မယားကမ္မကာရီစဘရိယာစမယား ဓဇာဟဋ္ဌမယား မုဟုတ္တိကမယား ဟူ၍ သဉ္ဇရိတ္တဝိဘင်း၌ ဟောတော်မူအပ်ကုန်၏။ ။ထိုနှစ်ကျိပ်တို့တွင် ယောကျ်ားနှင့် သံဝါသမပြုရအောင် အမိ စောင့်သော မိန်းမသည် မာတုရက္ခိတမည်၏။ထိုအတူ အဘစောင့်သောမိန်းမသည် ပိတုရက္ခိတမည်၏။အမိအဘနှစ်ယောက်စောင့်သောမိန်းမသည်မာတာပိတုရက္ခိတမည်၏။ မောင်စောင့်သော မိန်းမသည် ဘာတုရက္ခိတမည်၏။ အစ်မည်မစောင့်သော မိန်းမသည် ဘဂိနိရက္ခိတမည်၏။ အမျိုးစောင့်သော မိန်းမသည် ဉာတိရက္ခိတမည်၏။ အမျိုးအနွယ်ရှိကုန်သော သူတို့သည် စောင့်အပ်သော မိန်းမသည် ဂေါတ္တရက္ခိတမည်၏။ တဦးသောဆရာကိုရည်၍ ရဟန်းဖြစ်သော သီတင်းသုံးဘော်တို့သည် လည်းကောင်း မာလာကာရ အစရှိသော တခုသောဂိုဏ်း၌ အကျုံးဝင်ကုန်သော သီတင်းသုံးဘော်တို့သည်လည်းကောင်း စောင့်အပ်သော မိန်းမသည် ဓမ္မရက္ခိတမည်၏။ လင်ရှိသောမိန်းမသည် သာရက္ခမည်၏။ အကြင် မိန်းမသို့သွားရာ၌ မင်းသည်ဒဏ်ထားအပ်၏၊ ထိုမိန်းမသည် သပရိဒဏ္ဍမည်၏၊ အနည်းငယ်သော ဥစ္စာဖြင့်လည်းကောင်း များသောဥစ္စာဖြင့်လည်းကောင်း ဝယ်သော မယားသည် ဓနက္ကီတ မည်၏။ ယောကျ်ားမိန်းမနှစ်ယောက် ချစ်ကြသဖြင့် နေသောမယားသည် ဆန္ဒဝါသိနီ မည်၏။ စည်းစိမ် ပေးသောကြောင့် နေသော မယားသည် ဘောဂဝါသိနီ မည်၏။ ဤ ဘောဂဝါသိနီ ဟူသော အမည်သည်ကား ဆုံကျည်ပွေ့အစရှိသောအိမ်၏ အဆောက်အဦးကိုရ၍ မယား၏အဖြစ်သို့ ရောက်သော ဇနပုဒ်သူမိန်းမ၏ အမည်တည်း။ အဝတ်ပေးသောကြောင့် နေသောမယားသည် ပဋဝါသိနီမည်၏။ ဤပဋဝါသိနီဟူသော အမည်သည်ကား အဝတ်မျှကိုလည်းကောင်း အရုံမျှကိုလည်းကောင်း ရ၍ မယား၏အဖြစ်သို့ရောက်သော ဆင်းရဲသောမိန်းမ၏အမည်တည်း။ ရေခွက်ကို သုံးသပ်၍နေသော မယားသည် ဩဒပတ္တကိနီမည်၏။ ဤ ဩဒပတ္တကိနီဟူသော အမည်သည် ယောကျ်ားမိန်းမ နှစ်ယောက်တို့၏ လက်ကို တခုသောရေခွက်၌ချ၍ ဤရေကဲ့သို့ သင်တို့သည် နှီးနှောစေကုန်သတည်း မကွဲစေကုန်သတည်းဟုဆို၍ ထိမ်းမြားအပ်သော မိန်းမ၏ အမည်တည်း။ ခေါင်းဆုံးချစေ၍ နေသော မယားသည် ဩဘဋစုမ္ပဋမည်၏။ဤ ဩဘဋစုမ္ပဋဟူသော အမည်သည် ထင်းခွေ

မိန်းမ အစရှိသည်တို့တွင် တယောက်ယောက်သော အကြင်မိန်းမကို ခေါင်းဆုကိုချစေ၍ အိမ်၌နေစေ၏၊ ထိုမိန်းမ၏အမည်တည်း။ ကျွန်မသည်းဖြစ် မယားလည်းဖြစ်သော မိန်းမသည် ဒါသိစ ဘရိယာစ မည်၏။ အမှုလုပ် မိန်းမလည်းဖြစ် မယားလည်းဖြစ်သော မိန်းမသည် ကမ္မကာရိစ ဘရိယာစ မည်၏။ ဝိုက်သော တံခွန်ရှိသော စစ်သည်သည် သွား၍ တိုင်းတပါးကို လုယက်၍ ဆောင်ခဲ့သော မိန်းမကို တစုံ တယောက် သော သူသည် နေ၏၊ ထိုမယား သည် ဓဇာဟဋမည်၏။ တခဏ နေသော မယားသည် မုဟုတ္တိက မည်၏၊ ဤ၌ ထို အလုံးရုံ ကုန်သော မယား တို့ကို ဒါရဟူ၍ ဟောအပ်ကုန်၏။ ထိုကြောင့် အဌကထာ၌ ဒါရာတိ ဝိသတိယာ ဘရိယာနံ ယာကာစိ ဘရိယာ ဟူ၍ ဆို၏။ ဒါရာတိ၊ ဒါရာဟူသည်ကား။ ဝိသတိယာ၊ နှစ်ကျိပ်သော။ ဘရိယာနံ၊ မယားတို့တွင်။ ယာကာစိ၊ အကြင် အမှတ် မရှိကုန်သော။ ဒါရာ၊ မယားတို့တည်း။ ။ထိုသား မယားတို့တွင် သားတို့အား သင်္ဂြိုဟ်ခြင်း မည်သည်ကား မကောင်းမှုမှ ကြဉ်စေခြင်းအစရှိသည်တို့ဖြင့် ကျေးဇူးပြုခြင်းတည်း။ ထိုကျေးဇူးပြုခြင်းကို အောက်၌ ဆိုအပ်ပြီး သလျှင်ကတည်း။ မယားတို့အား သင်္ဂြိုဟ်ခြင်း မည်သည်ကား မြတ်နိုးဘွယ်ကို ပွါးစေခြင်းအစရှိသည်တို့ဖြင့် ကျေးဇူးပြုခြင်းတည်း။ ထိုကြောင့်-

> ပဉ္စဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ သာမိကေန ပစ္ဆိမဒိသာ ဘရိယာ ပစ္စုပဋ္ဌာတဗ္ဗာ၊ သမာနနာယ အဝမာနနာယ အနတိစရိယာယ ဣသရိယဝေါဿဂ္ဂေန အလင်္ကာရာနုပ္ပါဒနေန။ ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိ ဌာနေဟိ သာမိကေန ပစ္ဆိမဒိသာ ဘရိယာ ပစ္စုပဋ္ဌာတဗ္ဗာ။

ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ သာမိကေန၊ လင်သည်။ ပဉ္စဟိ ခေါဌာနေဟိ၊ ငါးပါးကုန်သော အကြောင်းတို့ဖြင့်လျှင်။ ပစ္ဆိမဒိသာ၊ အနောက်မျက်နှာဖြစ်ကုန်သော။ ဘရိယာ၊ မယားတို့ကို။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအင်ကုန်၏။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ သမာနနာယ၊ ဒေဝမိခင် တိဿမိခင် ဤသို့ စသော မြတ်နိုးဘွယ်ကို ပွါးစေ

တတ်သော စကားကိုဆိုသဖြင့်လည်းကောင်း။ အဝမာနနာယ၊ကျွန်အမှုလုပ် အစဉ်ရှိကုန်သော သူတို့ကို နှိပ်စက်၍ ဆိုသကဲ့သို့ ထိုအတူ နှိပ်စက်၍ မဆိုသဖြင့်လည်းကောင်း။ အနတိစရိယာယ၊ မယားကို လွန်ကျူး၍ အပ၌ တပါးသော မိန်းမနှင့် မွေလျော်ခြင်းကို မပြုသဖြင့်လည်းကောင်း။ ဣဿရိယဝေါဿဂွေန၊ ယောက်မကို လက်၌ထား၍ သင်၏အလိုအားဖြင့် ပြုလော့ဟု ထမင်းချက်အိမ်ကို ခွင့်သွတ်သဖြင့်လည်းကောင်း။ အလက်ာရာ နုပ္ပါဒနေန၊ စည်းစိမ် အားလျော်သော တန်းဆာကိုပေးသဖြင့်လည်းကောင်း။ ဣမေဟိ ခေါ ပဉ္စဟိ ဌာနေဟိ၊ ဤငါးပါးကုန်သော အကြောင်းတို့ဖြင့်လျှင်။ သာမိကေန၊ လင်သည်။ ပစ္ဆိမာဒိသာ၊ အနောက်မျက်နှာဖြစ်ကုန်သော။ ဘရိယာ၊ မယားတို့ကို။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေး အပ်ကုန်၏။ ။ဤသို့ မြက်နိုးဘွယ်ကို ပွါးစေတတ်သောစကားကို ဆိုခြင်း အစဉ်သည်ကို့ဖြင့် သင်္ဂြိုဟ်ခြင်း ကောင်းစွာ စီရင်အပ်သော ယာဂုထမင်းချက်ခြင်း အစဉ်သောအမှုနှင့် ပြည့်စုံသည်၏အဖြစ် အစဉ်သော မျက်မှောက်စီးပွါး၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။ ထိုကြောင့်-

> ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိ ဌာနေဟိ သာမိကေန ပစ္ဆိမဒိသာ ဘရိယာ ပစ္စုပဋ္ဌိတာ ပဉ္စဟိ ဌာနေဟိ သာမိကံ အနုကမ္ပတိ။ သုသံဝိဟိတကမ္မန္တာစ ဟောတိ၊ သင်္ဂဟိတ ပရိဇနာစ၊ အနတိစာရိနီစ၊ သမ္ဘတဉ္စ အနုရက္ခတိ၊ ဒက္ခာစ ဟောတိ အနလသာ သဗ္ဗကိစ္စေသု။ ဣမေဟိ ခေါ ဂဟပတိ ပုတ္တ။ လ။ အနုကမ္ပတိ။

ဟူ၍ ဘုရားဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ပဉ္စဟိဌာနေဟိ၊ ငါးပါးကုန်သော အကြောင်းတို့ဖြင့်။ သာမိကေန၊ လင်သည်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေး အပ်သော။ ပစ္ဆိမဒိသာ၊ အနောက်အရပ် မျက်နှာဖြစ်သော။ ဘရိယာ၊ မယားသည်။ ဣမေဟိခေါ ပဉ္စဟိဌာနေဟိ၊ ဤငါးပါး ကုန်သော အကြောင်းတို့ဖြင့် လျှင်။ သာမိကံ၊ လင်ကို။ အနုကမ္ပတိ။ အစဉ်စောင့်ရှောက်၏။ သုသံဝိဟိတကမ္မန္တာစ၊ ယာဂုထမင်းချက်ခြင်း အစဉ်သော ကာလတို့ကို မလွန်စေမူ၍ ထိုထိုအမှုကို ကောင်းစွာပြုသဖြင့်

ကောင်းစွာ စိရင်အပ်သော အမှုရှိသည်လည်း။ ဟောတိ၊ ၏။ သင်္ဂဟိ တပရိဇနာစ၊ လင်၏သားချင်း မိမိသားချင်းဟူသော ပရိသတ်ကို မြတ်နိုးစေခြင်း လက်ဆောင် ပို့ခြင်း အစရှိသည်တို့ဖြင့် ထောက်ပင့် သင်္ဂြိုဟ်တတ်သည်လည်း။ ဟောတိ၊ ၏။ အနတိစာရိနီစ၊ လင်ကို လွန်၍ တပါးသော ယောကျ်ားကို စိတ်ဖြင့်မျှလည်း တောင့်တခြင်း မရှိသည်လည်း။ ဟောတိ၊ ၏။ သမ္ဘတဉ္စ၊ လင်သည်လယ်လုပ်ခြင်း ကုန်သွယ်ခြင်း အစရှိသည်ကိုပြု၍ ဆောင်ခဲ့သော ဥစ္စာကိုလည်း။ အနု ရက္ခတိ၊ စောင့်ရှောက်၏။ သဗ္ဗကိစ္စေသု၊ ခပ်သိမ်းကုန်သော ကိစ္စတို့၌။ ဒက္ခာစ၊ လိမ်မာသည် လည်းကောင်း။ အနလသာစ၊ မပျင်းသည် လည်းကောင်း။ ဟောတိ၊၏။ ဂဟပတိပုတ္တ၊သူကြွယ်သား။ပဉ္စဟိဌာနေ ဟိ၊ ငါးပါးကုန်သောအကြောင်းတို့ဖြင့်။ သာမိကေန၊ လင်သည်။ ပစ္စု ပဋ္ဌိတာ၊ လုပ်ကျွေးအပ်သော။ပစ္ဆိမဒိသာ အနောက်မျက်နှာ ဖြစ်သော ဘရိယာ၊မယားသည်။ဣမေဟိခေါ ပဉ္စဟိဌာနေဟိ၊ဤငါးပါးကုန်သော အကြောင်းတို့ဖြင့်လည်း။ သာမိကံ၊လင်ကို။ အနုကမ္ပတိ၊ အစဉ်စောင့် ရှောက်၏။ ။တနည်းကားတရားနှင့်လျော်ကုန်သောပေးခြင်း ချစ်ဘွယ် ဆိုခြင်းအကျိုးကို ကျင့်ခြင်းတို့ဖြင့် ချီးမြှောက်ခြင်းသည် သင်္ဂြိုဟ်ခြင်း မည်၏။ထိုတရားနှင့်လျော်သောပေးခြင်း အစရှိသည်ကား အဘယ်နည်း ဟူမူကား ဥပုသ်နေ့တို့၌ ရိက္ခာပေးခြင်း သဘင်ပွဲလမ်း ခံသောနေ့၌ သဘင်ပွဲလမ်းကြည့်စေခြင်းမင်္ဂလာနေ့၌မင်္ဂလာပြုခြင်း ပစ္စုပ္ပန်သံသရာ အကျိုးတို့၌ ဆုံးမခြင်း ကံမြစ်ခြင်းတည်း။ ထိုသင်္ဂြိုဟ်ခြင်းသည် ရှေး၌ ဆိုအပ်ပြီးသောနည်းဖြင့်မျက်မှောက်အစီးအပွါး၏ အကြောင်းဖြစ်သော ကြောင့်လည်းကောင်း တရားနှင့်လျော်ရကား တမလွန်ဘဝ၌ အစီး အပွါး၏အကြောင်းဖြစ်သောကြောင့် လည်းကောင်း နတ်ကို့သည် ရှိခိုး အပ်သောအဖြစ်၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း မင်္ဂလာ မည်၏။ ထိုစကားသည်မှန်၏။ ဥယျာဉ်သို့သွားလိုသော သိကြားမင်း သည်ဝေဇယန္တာပြာသာဒ်မှဆင်းလျက် လက်အုပ်ချီ၍ အရပ်ဆယ်မျက် နှာတို့ကိုရှိခိုး၏။မာတလိနတ်သားသည် သိကြားမင်းရှိခိုးသည်ကိုမြင်၍ ရှင်နတ်မင်း အဘယ်မည်သောသူကို ရှင်နတ်မင်းသည် ရှိခိုးသနည်း ဟု မေး၏။ သိကြားမင်းသည် မာတလိနတ်သားအား ဖြေလိုရကား သက္ကသံယုတ် ဒုတီယဝဂ်ပထမ နမဿနသုတ်၌-

ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တီ၊ တေ နမဿာမိ မာတလိ။

ဟူသော ဤဂါထာကိုဆိုဏ်။

မာတလိ၊ မာတလိနတ်သား။ ယေဂဟဋ္ဌာ၊ အကြင်လူတို့သည်။ ပုညကရာ၊ ပစ္စည်းလေးပါးကို လှူခြင်း တကုမ္ဘရှိသော မုလေး ပန်းဖြင့် ပူဇော်ခြင်း ဆီမီးတန်ဆောင်ထွန်းခြင်း အစရှိသော ကောင်းမှုကို ပြုကုန်၏။ ဥပါသကာ၊ ရတနာသုံးပါးသို့ ဆည်းကပ်ကုန်၍။ သီလဝန္တော၊ ငါးပါးသော သီလ ဆယ်ပါးသောသီလတို့နှင့် ပြည့်စုံကုန်၏။ ဓမ္မေ၊ ဥမင်တူး၍ ခိုးခြင်း အစရှိသည်ကို မပြုမူ၍ လယ်ယာလုပ်ခြင်း နွားထိန်းခြင်း ကုန်သွယ်ခြင်း အစရှိသောတရားနှင့် လျော်သော အမှုဖြင့်။ ဒါရံ၊ မယားကို။ ပေါသေန္တီ၊ မွေးကုန်၏။ တေ၊ ထိုလူတို့ကို။ အဟံ၊ ငါသည်။ နမဿာမိ၊ ရှိခိုးဏ်။

ထိုစကားကို ကြား၍ မာတလိနတ်သားသည်လည်း ထိုသူတို့ကိုရှိခိုး လိုရကား—

သေဋ္ဌာဟိ ကိရ လောကသ္မိံ၊ ယေ တွံ သက္က နမဿသိ။
အဟံ ပိ တေ နမဿာမိ၊ ယေ နမဿသိ ဝါသဝ။

ဟူသောဂါထာကို ဆိုဏ်။

သက္က၊ သိကြားမင်း။ ယေ၊ အကြင်သူတို့ကို။ တွံ၊ သင်သည်။ နမဿသိ၊ ရှိခိုးဏ်။ လောကသ္မိံ၊ လောက၌။ တေ။ ထိုသူတို့သည်။ သေဋ္ဌာဟိကိရ၊ မြတ်ကုန်သတတ်။ ဝါသဝ၊ သိကြားမင်း။ ယေ၊ အကြင်သူတို့ကို။ တွံ၊ သင်သည်။ နမဿသိ၊ ရှိခိုးဏ်။ တေ၊ ထိုသူတို့ကို။ အဟံပိ ငါသည်လည်း။ နမဿာမိ၊ ရှိခိုးဏ်။

ဤသို့ သားမယားအား သင်္ဂြိုဟ်ခြင်းသည် နတ်တို့သည် ရှိခိုးအပ်သောအဖြစ်၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။ ထိုစကား၌ သားတို့သည် မိဘတို့၏ ဂဟပတဂ္ဂိမည်ကုန်၏။ မိဘတို့သည်ကား သား တို့၏ အာဟုနေယျ မီးမည်ကုန်၏။ ထိုကြောင့် သက္ကအင်္ဂုတ္တိုရ် ဒုတိယဂ္ဂိသုတ်၌ ဥက္ကဋ္ဌသရီရ ပုဏ္ဏားအား တရားဟောတော်မူသော မြတ်စွာဘုရားသည်-

ကတညောစ ဗြာဟ္မဏာ အာဟုနေယျဂ္ဂိ။ ဣဒ ဗြာဟ္မဏာ ယသ္မာ တေ ဟောန္တိ မာတာပိဝါ ပိတာပိဝါ အယံ ဝုစ္စတိ ဗြာဟ္မဏာ အာဟုနေယျဂ္ဂိ။ တံ ကိသ္မာ ဟေတု။ အတော ဟာယံ ဗြာဟ္မဏာ အာဟုတော သမ္ဘူ။တော။ တသ္မာ အယံ ဗြာဟ္မဏာ အာယုနေယျဂ္ဂိ သက္ကတ္ဝာ ဂရုံကတ္ဝာ မာနေတ္ဝာ ပူဇေတ္ဝာ သမ္မာ သုခံ ပရိဟာတဗ္ဗော။ ကတညောစ ဗြာဟ္မဏာ ဂဟပတဂ္ဂိ။ ဣဒ ဗြာဟ္မဏာ ယသ္မာ တေ ဟောန္တိ ပုတ္တာ တိဝါ ဒါရကတိဝါ ဒါသာတိဝါ ပေသာတိဝါ။ အယံ ဝုစ္စတိ ဗြာဟ္မဏာ ဂဟပတဂ္ဂိ။ တသ္မာ အယံ ဗြာဟ္မဏာ ဂဟပတဂ္ဂိ သက္ကတ္ဝာ။လ။ပရိဟာတဗ္ဗော။

ဟူ၍ ဟောတော်မူ၏။

ဗြာဟ္မဏာ ပုဏ္ဏားး။အာဟုနေယျဂ္ဂိ၊အာဟုနေယျဓီးသည်၊ကတမော၀စ၊ အဘယ်နည်းဟူမူကား။ ဗြာဟ္မဏာ၊ ပုဏ္ဏားး။ ဣဓ၊ ဤလောက၌။ အဿ၊ ထိုသူအား။မာတာပိတိ၀ါ၊အမိဟူ၍လည်းကောင်း။ ပိတာပိတိ၀ါ၊အဘဟူ၍လည်းကောင်း။ ယေတေ၊ အကြင်သူတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗြာဟ္မဏာ၊ ပုဏ္ဏားး။ အယံ၊ ဤအမိအဘကို။ အာဟုနေယျဂ္ဂိ၊ ဓီးဟူ၍။ ဝုစ္စတိ၊ ထိုအပ်၏။ တံ၊ ထိုအာဟုနေယျမည်ခြင်းသည်။ ကိသ္မာဟေတု၊ အဘယ်အကြောင်းကြောင့် နည်းဟူမူကား။ ဗြာဟ္မဏာ၊ ပုဏ္ဏားး။ အတော၊ ထိုမိဘမှ။ အယံအာဟုတော၊ ဤပူဇော်ခြင်း၏ အကျိုးသည်။ ဟိယသ္မာ၊ အကြင်ကြောင့်။ သမ္ဘူ။တော၊ ဖြစ်၏။ တသ္မာ၊ထိုကြောင့်။ အာဟုနေယျော၊ အာဟုနေယျမည်၏။ "ထိုသားတို့၏ ပူဇော်ခြင်းကို ခံထိုက်သောကြောင့် အာဟုနေယျမည်ကုန်သော မိဘတို့အား ဖြစ်မှားကုန်သော သားတို့သည် ငရဲအစရှိသည်တို့၌ ဖြစ်ကုန်၏။ ထိုကြောင့် မိဘတို့သည် မလောင်တတ်ကုန်သော်လည်း လောင်ခြင်း၏ အကြောင်းဖြစ်ကုန်၏။ဤသို့လောင်ခြင်း၏ အကြောင်းဖြစ်သောကြောင့် မိဘတို့ကို သားတို့၏ အလှူခံဓီးဟူ၍ ဆိုအပ်ကုန်၏။ "ဗြာဟ္မဏာ၊ ပုဏ္ဏားး။ တသ္မာ၊ ထိုကြောင့်။ အယံအာဟုနေယျဂ္ဂိ၊ ဤ အမိအဘာဟူသော အလှူဓီးကို။ သက္ကတ္ဝာ၊ အရိအသေပြု၍။ ဂရုံဂတ္ဝာ၊ အလေးအမြတ်ပြု၍။ မာနေတ္ဝာ၊ မြတ်နိုး၍။ ပူဇေတ္ဝာ၊ ပူဇော်၍။ သမ္မာ၊ အသင့်အားဖြင့်။ သုခံ၊ ချမ်းသာစွာ။ ပရိဟာတဗ္ဗော၊ ကြဉ်ရှောင်

အပ်၏။ ဗြာဟ္မဏာ၊ ပုဏ္ဏား။ ဂဟပတဂ္ဂိ၊ ဂဟပတိမီးဟူသည်။ ကတမော၊ အဘယ်နည်းဟူမူကား။ ဗြာဟ္မဏာ၊ ပုဏ္ဏား။ ဣဓ၊ ဤလောက၌။ အဿ၊ ထိုသူအား။ ပုတ္တာတိဝါ၊ သားတို့ဟူ၍ လည်းကောင်း။ ဒါရာတိဝါ၊ မယားတို့ဟူ၍လည်းကောင်း။ ဒါသာတိဝါ၊ ကျွန်တို့ဟူ၍လည်းကောင်း။ ပေသာတိဝါ၊ အစေအပါးတို့ဟူ၍လည်းကောင်း။ ယေတေ၊ အကြင်သူတို့သည်။ဟောန္တိ၊ ဖြစ်ကုန်၏။ ဗြာဟ္မဏာ၊ပုဏ္ဏား။ အယံ၊ ဤသားမယား ကျွန် အစေအပါး ဖြစ်သော သူအပေါင်းကို။ ဂဟပတဂ္ဂိ၊ ဂဟပတိမီးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တနည်းကား ဂဟပတဂ္ဂိတိ၊ အိမ်ရှင်ကဲ့သို့ဖြစ်သော မီးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ဗြာဟ္မဏာ၊ ပုဏ္ဏား။ တသ္မာ၊ ထိုကြောင့်။ အယံဂဟပတဂ္ဂိ၊ ဤအိမ်ရှင်ကဲ့သို့ဖြစ်သော သားမယားကျွန် အစေအပါး ဟူသောမီးကို။ သက္ကတွာ၊ အရိအသေပြု၍။ ဂရုံကတွာ၊အလေးအမြတ်ပြု၍။ မာနေတွာ၊မြတ်နိုး၍။ ပူဇေတွာ၊ ပူဇော်၍။ သမ္မာ၊ အသင့်အားဖြင့်။ သုခံ၊ ချမ်းသာစွာ။ ပရိဟာတဗ္ဗော၊ကြဉ်ရှောင်အပ်၏။ ။တပါးသောပါဠိတော်၌ကား ရာဂမီး ဒေါသမီး မောဟမီး အလှူခံမီး အိမ်ရှင်မီး ဖိုကျင့်မီး ထင်းမီးအားဖြင့် မီးတို့သည် ခုနစ်ပါးတို့တည်း ဟူ၍ မခွဲခြမ်း မူ၍ ဟောတော်မူ၏။ ပထမဂ္ဂိသုတ် အဌကထာ၌ကား အိမ်ရှင်ယောက်ျားကို ဂဟပတိဟူ၍ ဆိုအပ်၏။ထိုဂဟပတိဟူ၍ ဆိုအပ်သောအိမ်ရှင်ယောက်ျားသည် မိန်းမအား အိပ်ရာနေရာကို အဝတ်တန်းဆာ အစရှိသည်ကို ပေးတတ်သောကြောင့် ကျေးဇူးများ၏။ ထိုအိမ်ရှင်ယောက်ျားကို လွန်ကျူးသော မိန်းမသည် ငရဲအစရှိသည်တို့၌ဖြစ်၏။ထိုကြောင့်ထိုအိမ်ရှင်ယောက်ျားကိုလည်း ရှေးနည်းဖြင့်လျှင် လောင်တတ်သော အကြောင်းကြောင့် အိမ်ရှင်မီးဟူ၍ ဆိုအပ်၏၊ ဤသို့မိန့်၏။ ။သင်္ဂီတိသုတ် အဌကထာ၌လည်း ထိုအတူလျှင်ဆို၏။ ကဘန် အောက်ပါဝတ္ထုကို ဆို၏။

၁၀၄-ကဏ္ဏမုဏ္ဏဝတ္ထု

ကဿပမြတ်စွာဘုရား လက်ထက်တော်၌ သောတာပန် သိတင်းသည်၏ မယားသည်လွန်ကျူးသောအကျင့်ကိုကျင့်၏။ ထိုသိတင်းသည်သည် ထိုမယားကို မျက်မှောက်အားဖြင့် မြင်၍ အဘယ်ကြောင့် ဤသို့ပြုသနည်းဟုဆို၏။ ထိုမိန်းမသည် ကျွန်ုပ်သည် ဤသို့ သဘောရှိသော

အမှုကိုအကယ်၍ ပြုသည်ဖြစ်ငြားအံ့ အကျွန်ုပ်အား ဤခွေးသည်အသား ကိုနှုတ်၍ စားစေသတည်းဟုဆို၍ သေလွန်သော် ကဏ္ဏမုဏ္ဍအိုင်နားဌ် ဗိမာန်ရှိသော ပြိတ္တာမဖြစ်၍ နေ့ဌ်စံစားရ၏။ ညဉ့်ဌ် ဆင်းရဲကိုခံရ၏။ ဗာရာဏသီမင်းသည် သမင်တောသို့သွားလတ်သော် တောသို့ဝင်၍ အစဉ်သဖြင့် ကဏ္ဏမုဏ္ဍအိုင်နားသို့ ရောက်၍ ထိုဗိမာန်ရှင်ပြိတ္တာမနှင့် စည်းစိမ်ကိုခံစား၏။ ထိုပြိတ္တာမသည် ဗာရာဏသီမင်းကို မသိစေမူ၍ ညဉ့်ဌ် ဆင်းရဲကိုခံရ၏။ ဗာရာဏသီမင်းသည် သိ၍ အဘယ်သို့ သွား သနည်းဟု နောက်မှနောက်မှလိုက်၍ အနီးဌ်ရပ်လျက် ကဏ္ဏမုဏ္ဍအိုင်မှ ထွက်၍ ထိုပြိတ္တာမ ပဋ်ပဋ်သံပြု၍ စားသော တရသောခွေးကို မြင်၍ သန်လျက်ဖြင့် ပိုင်းဖြတ်၍ ခွေးနှစ်ကောင်ဖြစ်၏။ တဘန်ဖြတ်ပြန်သော် ခွေးလေးကောင်ဖြစ်၏။ တဘန် ဖြတ်ပြန်သော် ခွေးရှစ်ကောင်ဖြစ်၏။ တဘန် ဖြတ်ပြန်သော် ခွေးတဆဲ့ခြောက်ကောင် ဖြစ်၏။ထိုပြိတ္တာမသည် အရှင်-အရှင်အသို့ပြုသနည်းဟုဆို၏။ ထိုဗာရာဏသီမင်းသည် ဤအမှု ကို အသို့ ပြုရတုံအံ့နည်းဟု ဆို၏။ ထို ပြိတ္တာမသည် အရှင် ဤသို့ သန်လျက်ဖြင့် ဖြတ်ခြင်းကို မပြုမူ၍ တံထွေးပေါက်ကို မြေဌ်ထွေး၍ ခြေဖြင့် ပွတ်လော့ဟု ဆို၏။ ထို ဗာရာဏသီ မင်းသည် ပြိတ္တာမ ဆိုတိုင်း ပြု၏။ ခွေးတို့သည် ကွယ်လေကုန်၏။ထိုနေ့ဌ် ထို ပြိတ္တာမ ၏ကံသည် ကုန်၏။ ဗာရာဏသီမင်းသည် နှလုံးမသာသည် ဖြစ်၍ သွားအံ့သောဌါ အားထုတ်၏။ ထိုပြိတ္တာမသည် အရှင်....အကျွန်ုပ် မကောင်းမှုကံသည်ကုန်ပြီ မသွားလင့်ဟု ဆို၏။ ဗာရာဏသီမင်းသည် နားမထောင်မူ၍ သွား၏။ ဤဝတ္ထုကို ဆို၏။ ။ပေတဝတ္ထု ကဏ္ဏ မုဏ္ဍပေတဝတ္ထု အဌကထာဌ်ကား ဤဝတ္ထုသည် အကျယ်အားဖြင့် လာ၏။ စဉ်းငယ်လည်း ထူး၏။ ထိုအဌကထာဌ် ဗာရာဏသီ မင်းသည် ဤခွေးကား ဤမိန်းမ၏ ရန်သူဖြစ်လတ္တံ့ဟု ဆိပ်လူးမြှားဖြင့် ပစ်၏။ ခွေးကို အသက်မှ ချ၏ဟူ၍လာ၏။ထိုကြောင့် သင်္ဂီတိသုတ် အဌကထာ ပထမဂ္ဂိသုတ်အဌကထာ နည်းအားဖြင့် လင်သည် မယား၏ အိမ်ရှင်မီး မည်၏။ ။ဒုတိယဂ္ဂိသုတ် အဌကထာနည်းအားဖြင့် သားမယားသည် အိမ်ရှင်ယောကျ်ား၏ ဂဟပတိမီးမည်၏ဟူ၍ ဆိုရာဌ် အဆုံးအဖြတ်ကို သိအပ်၏။သားမယားအားသင်္ဂြိုဟ်ခြင်းကိုဆိုသော စကားသည်ပြီး၏။

၁၃-အနာကုလကမ္မန္တ မဂ်လာ

အဓိပ္ပါယ်ကို ဖော်ပြချက်

လယ်ယာထွန်ခြင်း မိမိ၏ လည်းကောင်း သူတပါးတို့၏ လည်းကောင်း နွားတို့ကို ထိန်း၍ ထောပတ် အစရှိသော ငါးပါးသော ဂေါရသကို ရောင်းသဖြင့် အသက်မွေးခြင်းအမှု ခြေဖြင့်ကုန်သွယ်ခြင်း လှည်းဖြင့် ကုန်သွယ်ခြင်း အစရှိသည်တို့သည် အမှု မည်ကုန်၏။ ကာလကို လွန်ခြင်း အစရှိသည်ကား ထိုအမှုတို့၏ နှောင့်ရှက်သော အဖြစ်မည်၏။ ကာလကို မလွန်ခြင်း အစရှိသည်ကား ထိုအမှုတို့၏ မနှောင့်ရှက်သော အဖြစ်မည်၏။ ။ထိုကြောင့် အဌကထာ၌-

> ကာလညုတာယ ပဋိရူပကာရိတာယ အနလသတာယ ဥဌာနဝီရိယသမ္ပဒါယ အနယဗျသနိယတာယစ ကာလာတိက္ကမန အပဋိရူပကာရိကရဏ အကရဏ သိထိလကရဏာဒိ အာကုလဘာဝ ဝိရဟိတာ။

ဟူ၍ မိန့်ဆိုအပ်၏။

ကာလညုတာယစ၊ ကာလကို သိသည်၏ အဖြစ်ဖြင့်လည်းကောင်း။ ပဋိရူပကာရိတာယစ၊ လျောက်ပတ်သည်ကို ပြုလေ့ရှိသည်၏အဖြစ်ဖြင့် လည်းကောင်း။ အနလသတာယစ၊ မပျင်းသည်၏ အဖြစ်ဖြင့် လည်းကောင်း။ ဥဌာနဝီရိယသမ္ပဒါယစ၊ ကိုယ်၌မှီသောလုံ့လ စိတ်၌မှီသောလုံ့လနှင့် ပြည့်စုံသည်၏အဖြစ်ဖြင့်လည်းကောင်း။ အနယဗျသနိယတာယစ၊မပျက်စီးသည်၏အဖြစ်ဖြင့်လည်းကောင်း။ကာလာတိက္ကမန အပဋိရူပကာရိကရဏအကရဏ သိထိလကရဏာဒိအာကုလ ဘာဝဝိရဟိတာ၊ ကာလကိုလွန်ခြင်း မလျောက်ပတ်သည်ကို ပြုလေ့ရှိသည်၏ အဖြစ်ဖြင့် ပြုခြင်း မပြုခြင်း လျော့သဖြင့် ပြုခြင်းအစရှိသော နှောင့်ရှက်သော အဖြစ်မှ ကင်းခြင်းတို့သည်။ အနာကုလာ ကမ္မန္တာနာမ၊ မနှောင့်ရှက်သော အမှုမည်ကုန်၏။ ။ထိုစကား၌ အကြင်သူသည် ပြုအပ်သော ကာလကို မယုတ်စေမူ၍ အမှုကိုပြု၏။ ထိုသူသည် ကာလကို သိသည်မည်၏။ ရအပ်သော ဥစ္စာအားလျော်သော အကြောင်းကို ပြုသော သူသည်ကား လျောက်ပတ်သည်ကို ပြုလေ့ရှိသော သူမည်၏။

၏သို့ သဘောရှိသော သူသည် ဥစ္စာကိုရ၏၊ ထိုကြောင့် ဘီလူးအား တရားဟောတော်မူသော မြတ်စွာဘုရားသည်။

ပဋိရူပကာရီ ရရဝါ၊ ဥဌာတာ ဝိန္ဒတေ ဓနံ။
ဟု ဟောတော်မူ၏။

ပဋိရူပကာရီ၊ ဒေသကာလ အစရှိသည်တို့ကို မယုတ်စေမူ၍ လောကီ လောကုတ္တရာ ဖြစ်သော ဥစ္စာအားလျော်သော ရခြင်း အကြောင်းကို ပြုံလေ့ရှိသော။ ရရဝါ၊ စိတ်၌ယှဉ်သော လုံ့လ၏ အစွမ်းအားဖြင့် မချသော ဝန်ရှိသော။ ဥဌာတာ၊ ကိုယ်၌မှီသော ဝိရိယ၏အစွမ်းအားဖြင့် ထကြွခြင်းနှင့် ပြည့်စုံသောသူသည်။ ဧကမူသိ ကာယ၊ တခုသော ကြွက်သေဖြင့်။ နစိရသေဝ၊ မကြာမြင့်မီလျှင်။ စတုသတသဟဿသဋ္ဌိ၊ လေးသိန်း အရေအတွက်ရှိသော ဥစ္စာကို။ စူဋ္ဌန္တေ ဝါသီ၊ စူဋ္ဌသေဋ္ဌေး၏အထံနေ အလုပ်အကျွေး လုလင်သည်။ ဝိန္ဒတိဝိယစ၊ ရသကဲ့သို့လည်းကောင်း။ မဟလ္လက မဟာတိဿတ္ထေရော၊ သက်တော်ကြီးသော မဟာတိဿမထေရ်သည်။ လောကုတ္တရ ဓနံ၊ လောကုတ္တရာဥစ္စာကို။ ဝိန္ဒတိဝိယစ၊ ရသကဲ့သို့လည်းကောင်း။ ဓနံ၊ လောကီ လောကုတ္တရာ ဥစ္စာကို။ ဝိန္ဒတေ၊ ရ၏။

ထိုစကား၌ မကြာမြင့်မီ ဟူသည်ကား လေးလတွင်းကိုလျှင် ဆိုသတည်း။ လေးသိန်းသော ဥစ္စာဟူသည်ကား တချင်ရွေးရှစ်သပြာတဆဲ့ ခြောက်သပြာ နှစ်ဆဲ့လေးသပြာ တထောင်သပြာ ကိုးထောင်သပြာ အစဉ်ဖြင့် နှစ်သိန်း။ စူဋ္ဌကသေဋ္ဌေးကြီး၏ သို့ကိုရသဖြင့် နှစ်သိန်း အားဖြင့် လေးသိန်းသော ဥစ္စာတည်း။ ။ထိုသံဝဏ္ဏေတဗ္ဗ၏ဋီကာ။ ။ ထိုစကား၌ အောက်ပါဝတ္ထုကို သိအပ်ကုန်၏။

၁၀၅–စူဋ္ဌကသေဋ္ဌေး၏ အထံနေလုလင်ဝတ္ထု
ဧကကနိပါတ်-ပဋ္ဌမဝဂ်

လွန်လေပြီးသော အခါ ဘုရားလောင်းသည် စူဋ္ဌက မည်သော သေဋ္ဌေးကြီးဖြစ်၍ ခပ်သိမ်းသော နိမိတ်ကို သိ၏။ ထို စူဋ္ဌကသေဋ္ဌေး သည် တနေ့သ၌ မင်းခစားအံ့သောငှါ သွားသည်ရှိသော် လမ်းအကြား

၌ ကြွက်သေကိုမြင်၍ ထိုခဏ၌ နက္ခတ်ကို ကောင်းစွာ စူးစမ်း၍ ဉာဏ်အံမြင်ရှိသော အမျိုးကောင်းသားသည် ဤကြွက်သေကို ယူ၍ မယားမွေးအံ့သောငှါ အမှုတို့ကို ယှဉ်အံ့သောငှါ တတ်စွမ်းနိုင်၏ဟု ဆို၏။ထိုစကားကိုကြား၍ စူဌကသေဌေး၏အထံ၌နေသောတယောက်သော ဆင်းရဲသော ယောကျ်ားသည် ထိုကြွက်သေကိုယူ၍ အိမ်ဈေး၌ ကြောင်စားအကျိုးငှါ ရောင်း၍ တချင်ရွေးသော အသပြာကိုရ၍ ထိုတချင်ရွေးသော အသပြာဖြင့် တင်လဲဝယ်၍ သောက်ရေအိုးကို ယူ၍ တောမှလာကုန်သော ပန်းသည်တို့အား တင်လဲနှင့် ရေကိုပေး၏။ ပန်းသည်တို့သည် ထို ယောကျ်ားအား ပန်းတဆုပ်စီ ပေးကုန်၏။ ထို ယောကျ်ားသည် ပန်းကို့ဖြင့် တင်လဲကိုဝယ်၍ သောက်ရေအိုးကို ယူ၍ နက်ဖြန်နေ့၌ ပန်းအရံသို့လျှင် သွား၏။ ထိုနေ့၌ ပန်းသည်တို့သည် ထို ယောကျ်ားအား ထက်ဝက်ဆွတ်အပ်ကုန်သော ပန်းပွင့်တို့ကို ပေးကုန်၏။ ထို ယောကျ်ားသည် ဤနည်းဖြင့်လျှင် ရှစ်သပြာတို့ကို ရ၏။တဘန်လေနှင့်တကွ မိုဃ်းရွာသောနေ့၌မင်း၏ဥယျာဉ်ဝယ် များစွာကုန်သော သစ်သားခြောက်တို့သည် လည်းကောင်း သစ်ခက် သစ်ရွက်တို့သည် လည်းကောင်း လေကြောင့် ကျကုန်၏။ ဥယျာဉ်စောင့်သည် စွန့်အံ့သောငှါ မတတ်စွမ်းနိုင်။ ထို ယောကျ်ားသည် ထိုဥယျာဉ်သို့ သွား၍ ဤသစ်သားသစ်ရွက်တို့ကို ငါ့အား အကယ်၍ သင်ပေးအံ့ ငါထုတ်အံ့ဟု ဆို၏။ ဥယျာဉ် စောင့်သည် ထို ယောကျ်ားအား ပေး၏။ ထို ယောကျ်ားသည် ထိုသူဝယ်တို့၏ ကစားရာ အပြင်သို့သွား၍ တင်လဲကို ပေး၍ တခဏဖြင့် ထို သစ်သားသစ်ရွက်တို့ကို ထုတ်စေ၍ ဥယျာဉ် တံခါး၌ စုပုံစေ၏။ ထိုအခါ၌ မင်း၏ အိုးထိန်းသည် သည် အိုးဘုတ်အံ့သောငှါ တဆဲ့ခြောက်သပြာဖြင့် အိုးစရည်း အစရှိသည်တို့ကို ပေး၍ ထိုသစ်သားသစ်ရွက်တို့ကို ယူ၏။ ဤသို့ ထို ယောကျ်ားအား နှစ်ဆဲ့လေးသပြာတို့သည် ဖြစ်ကုန်၏။ ထို ယောကျ်ားသည် မြို့၏အနီး၌ သောက်ရေအိုးကိုတည်၍ ငါးရာကုန်သော မြက်ရိတ် ယောကျ်ားတို့ကို သောက်ရေဖြင့် လုပ်ကျွေး၏။ မြက်ရိတ် ယောကျ်ားတို့သည် အဆွေသင်သည် ငါတို့အား များစွာသော ကျေးဇူးပြု၏။ သင်၏ အဘယ်အမှုတို့ကို ငါတို့ပြုရကုန်အံ့နည်းဟု ဆိုကုန်၏။ ထိုယောကျ်ားသည် ငါ့အား ကိစ္စဖြစ်သောအခါမှ ငါ့ကိစ္စကို သင်တို့သည် ပြုကြကုန်လောဟု ဆို၍

ထိုမှ ဤမှ လှည့်လည်လျက် ရေကြောင်း ကြည်းကြောင်းအမှုဌ် ယှဉ်ကုန်သော ကုန်သည်တို့နှင့် အဆွေခင်ပွန်းဖွဲ့၏။ ထိုအခါ ကြည်းကြောင်းအမှုဌ် ယှဉ်သော ကုန်သည်တယောက်သည် နက်ဖြန်ခါလျှင် မြင်းကုန်သည်သည် ငါးရာကုန်သော မြင်းတို့ကို ယူ၍ လာလတ္တံ့သည်ဟု ထိုယောကျ်ားအား ကြား၏။ ထိစကားကို ကြား၍ ထိုယောကျ်ားသည် ယနေ့ ငါ့အား မြက်တစည်း တစည်းဖို ပေးကြကုန်လော။ ငါသည် မြက်မရောင်းမီလည်း မြက်တို့ကို မရောင်းကြပါလင့်ဟု မြက်ရိတ်ယောကျ်ားတို့ကိုဆို၏။ ထို မြက်ရိတ် ယောကျ်ားတို့သည်ကောင်းပြီဟုဆို၍ မြက်စည်းငါးရာတို့ကို ထိုယောကျ်ား၏အိမ်သို့ ပို့ကုန်၏။ မြင်းကုန်သည် သည် တပါးဌ မြက်ကိုမရ၍ ထို ယောကျ်ားအား တထောင်သော အသပြာကိုပေး၍ မြက်ကိုယူ၏။ ထိုမှ နှစ်ရက်သုံးရက်လွန်သဖြင့် ရေကြောင်းအမှုဌ် ယှဉ်သော ကုန်သည် အဆွေခင်ပွန်းသည် ဆိပ်ဌ သဘော်ရောက်၏ဟု ထိုယောကျ်ားအား ကြား၏။ ထိုယောကျ်ားသည် ၅စ်သပြာတို့ဖြင့် ခပ်သိမ်းသော အခြံအရံနှင့် ပြည့်စုံသော တခဏာမျှ ငွေးလင့်အပ်သော ရထားကိုယူ၍ များစွာသော အခြံအရံဖြင့် ဆိပ်သို့သွား၍ တခုသော လက်စွပ်ကို သဘော်ဌ စရန်လက်ဆောင်သွင်း၍ တင်းတိမ်တွင်းဌ နေ၏၊ ထိုအခါ တရာအတိုင်းအခြည်ခိုကုန်သော ကုန်သည်တို့သည် လာလတ်ကုန်၍ ထိုယောကျ်ားအား ကယောက်တယောက်သော ကုန်သည်သည် တထောင်တထောင်စီသောအသပြားကိုစု၍ တသိန်းသော အသပြာကို ပေး၍ ထိုယောကျ်ားနှင့်ဘက္ခ သဘော်ဌ ဝယ်ပိုင်ကုန်သည် ဖြစ်၍ တဘန် ထိုယောကျ်ားအား တသိန်းသော အသပြာကို ပေးကုန်၍ သဘော်ဌ ဘဏ္ဍာကိုယူကုန်၏။ထိုယောကျ်ားသည် ၅စ်သိန်းကုန်သောအသပြာတို့ကိုယူ၍ ငါသည် ကျေးဇူးပြုရာ၏ဟု တသိန်းသောအသပြာကို စူဠကသေဋ္ဌီးအား ပေး၍ ထိုအလုံးစုံသော အကြောင်းကို ပြောဆို၏။ သေဋ္ဌီးသည် ယခု ဤသို့သဘောရှိသော သူငယ်ကို စေပါး ခိုင်းခဲ့သော အမှုကို ပြုစမ်းသောငှါ မသင့်ဟု ထိုယောကျ်ားအား ပိမိသမီးကို ပေး၏။ ထိုယောကျ်ားသည် သေဋ္ဌီးသေလွန်သော် သေဋ္ဌီးအရာကို ရ၏။ ဤသို့ ကိုယ်ဌ်မြတ်သော လုံ့လ၏အစွမ်းအားဖြင့် ဆင်ကြွခြင်းနှင့် ပြည့်စုံသောသူသည် လောကီဥစ္စာကိုရ၏။ ။ စူဠကသေဋ္ဌီး၏အထံနေ-လုလင်ဝတ္ထု ။

သက်တော်ကြီးသော မဟာတိဿမထေရ်သည် သုံးပါးကုန်သော ဈရိယာပုထိတ္ရိဖြင့် နေအံ့ဟု ဝတ်ပြု၍ အိပ်ခြင်း ငိုက်မျဉ်းခြင်းသည် လာသောအခါ၌ ကောက်ရိုးခွေ ခေါင်းခုကို ရေဆွတ်၍ ခေါင်း၌ ရွက်၍ လည်ပင်းပမာဏရှိသော ရေသို့ဝင်၍ အိပ်ခြင်းငိုက်မျဉ်းခြင်းကို ဖျောက်လျက် တဆဲ့နှစ်နှစ်တို့ဖြင့် ရဟန္တာ၏အဖြစ်သို့ ရောက်သတတ်။ ဤဝတ္ထုသည် အာဌာဝကသုတ် အဌကထာ၌ လာ၏။ ။အကြင် သူသည်ကား နေ့အတို့ပတ်လုံး အိပ်၍ အမှုတို့ကိုမလုပ် ညဉ့်၌လည်း ထိုအမှုတို့ကို ပြုအံ့သော ၎ါမထ အခါခပ်သိမ်း သုရာယစ်၏ မိန်းမ အစရှိသည် တို့၌လည်းကြူး၏ ထိုသူသည်လည်း မိမိ၏ ပျင်းသည်၏ အဖြစ်ကြောင့် အမှုကို နှောင့်ရှက်သည်ကို ပြု၏။ အမှုတို့ကို မပြုခြင်း သည်လျှင် အမှုတို့၏ နှောင့်ရှက်ခြင်း မည်၏။ ထိုသို့ သဘောရှိသော သူသည် အိမ်ထောင်မှုကို တည်စိမ့်သောဌါ မတတ်နိုင် သလျှင် ကတည်း။ ။ထိုကြောင့် မြတ်စွာဘုရားသည် သိင်္ဂါလသုတ်၌-

နဒိဝါ သောပ္ပသိလေန၊ ရတ္တိ ဥဌာနဒေဿိနာ။
နိစ္စံ မဒေန သောဏ္ဍေန၊ သက္ကာ အာဝသိတုံ ဃရံ။

ဟူ၍ ဟောတော်မူ၏။

ဒိဝါသောပ္ပသိလေန၊ နေ့၌ အိပ်လေ့ရှိသော။ ရတ္တိဥဌာနဒေဿိနာ၊ ညဉ့်၌ ထခြင်းကို မုန်းတတ်သောအလေ့ရှိသော။ နိစ္စံမဒေန၊ အမြဲသုရာ ယစ်သော၊သောဏ္ဍေန၊မိန်းမအစရှိသည်တို့၌ ကြူးသောသူသည်။ဃရံ၊ အိမ်၌။ အာဝသိတုံ၊ နေအံ့သောဌါ။ နသက္ကာ၊ မတတ်စွမ်းနိုင်။

၁၁၆—လုလင်ပျင်းဝတ္ထု

ကေကနိပါတ် အဌမဝဂ်

မိန်းမ ထမင်းမှုံသုရာတို့၌ ကြူးသောသူကို မိန်းမ အစရှိသည်တို့၌ ကြူးသောသူဟု ဆိုအပ်သည်။ ထိုကြောင့် အိပ်နေသောလူသည် အိပ် ခြင်း၌ မွေလျော်သည်၊မိန်းမအစရှိသည်တို့၌ ကြူးသည်မဖြစ်ရာ၊ ထိုသို့ သဘောရှိသော သူသည် ဆင်းရဲခြင်းသို့ ရောက်၏။ ထိုစကား၌ ဤဝတ္ထုတို့ကို သိအပ်ကုန်၏။ ။လွန်လေပြီးသောအခါ တက္ကသိုလ်

ပြည့်၌ ဒိသာပါမောက္ခဆရာ၏တယောက်သော တပည့်သည် ပျင်း၏။ အိပ်ခြင်း၌ ဖွဖွလျော်၏။ ထိုပျင်းသော တပည့်လုလင်သည် တနေ့သ၌ တပါးကုန်သော လုလင်တို့နှင့်တကွ ထင်းခွေအံ့သောငှါ တောသို့သွား၍ ကြီးစွာသော ခတက်ပင်ကိုမြင်၍ ဤသစ်ပင်ကား သစ်ပင်ခြောက် ဘည်းဟူသော အမှတ်ဖြင့် ရှေးဦးစွာ တခဏမျှ အိပ်၍ နောက်မှ ယူအံ့ဟု လည်းလျောင်း၍ ကျိုးသံကဲ့သို့ ဟောက်လျက် အိပ်ပျော်၏။ တပါး ကုန်သော လုလင်တို့သည် ထင်းဘို့ကို ယူ၍ သွားကုန်သော် ထိုလုလင်ကို ခြေဖြင့် ကြောက်၍ ခတ်၍ သွားကုန်၏။ ထိုလုလင်သည် ထ၍ မျက်ဗိမ်္ဘုကို ပွတ်၍ အိပ်ချင်ခြင်း မခြေဘဲ ခတက်ပင်ကိုတက်၍ မိဒိသို့ရှေးရှုသော ခတက်ခက်ကို ငင်၍ ချိုးသည်ရှိသော် ကျိုး၍လာသော ခတတ်ခက်၏ အစွန်းသည် မျက်စိဘို့ကို ဝေါက်၍ လက်တဘက်ဖြင့် ခတက်သားဒိုတို့ကို ယူ၍ ခတက်ပင်မှ ဆင်းသက်၍ လျင်မြန်စွာ ရွာသို့သွား၏။ "ပျင်းသောလုလင်ဝတ္ထု"။

၁၀၇- သေသောက်ကြူး ဝတ္ထု

မဟာသုတသောမဇာတ်အဋ္ဌကထာ

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ပဉ္စသိခေါင်သော ပုဏ္ဏားမျိုး၏ တယောက်သော သားလုလင်သည် အရွယ်တူ သေသောက်ကြူး သူငယ်တို့နှင့်တကွ လှည်းပတ်သွားလာလေ့ရှိ၏။ ထိုပုဏ္ဏားသား လုလင်သည် သေသောက်ကြူး သူငယ်တို့သည် သေကို သောက်ကုန်သော် မိမိသည် မသောက်။ သေသောက်ကြူး သူငယ်တို့သည် ဤ ပုဏ္ဏားသားသည် သေမသောက်မူ၍ ငါတို့အား သေဘိုးကို မပေးဟု ဥပါယ်တမျှဉ်အားဖြင့် သေကို သောက်စေလိုကုန်၍ ပဲသဘင်နေ့၌ ဥယျာဉ်ငယ် ကြာရွက်တို့၌ ထက်သော သေကိုထုပ်၍ သောက်လိုသော ကာလ၌ ကြာပျားကို ဆောင်ကြဲချကုန်ဟု ယောကျ်ားတို့ကို စေ၍ ကြာရွက်ထုပ်ကို အောက်က ဘောက်၍ ခံတွင်း၌ ထားကုန်၏။ ပုဏ္ဏားသားလုလင်သည် ထိုသေကို ကြာပျားဟူသော အမှတ်ဖြင့် တောင်းလျက် သောက်၍ အမဲကိုလည်း စား၍ယစ်၏။ ဤအရည်ကား ကြာပျားမဟုတ်၊ ဤအရည်သည် သုရာတကား၊ ဤမျှလောက်သော ကာလ

ပတ်လုံး သရာ၏ ကောင်းသော အရသာကို ငါမသိ။ အချင်းတို့ သရာကို သင်တို့သည် ဆောင်ခဲ့ကြကုန်လော့ဟု ဆို၏။ သရာ ကုန်ပြီဟု ဆိုကုန်၏။ ထိုပုဏ္ဏားသားသည် ထိုသူတို့အား လက်စွပ်ကို ပေး၍ ထိုသူတို့သည် ဆောင်အပ်သောသေကို ထိုသူတို့နှင့်တကွ သောက်၍ ယစ်ရကား အိမ်သို့သွား၍အိပ်၏။ အဘသည် ထိုလူလင်ကို အဘန် တလဲလဲ မြစ်သော်လည်း မြစ်အံ့သောငှါ မဟတ်နိုင်ရကား ကရား စိရင်ရာသို့ဆောင်၍ သားမဟုတ်သည်ကို ပြု၍ အိမ်မှထုတ်၏။ ဤသို့ အိမ်မှထုတ်သော်လည်း ထိုလူလင်သည် သေသောက်ခြင်းမှ မကြည်မူ၍ လျှင် အမှုတို့ကိုမလုပ်မူ၍ နောက်အဘို့၌ ဖောင်းစားသွက် လက်စွဲ လျက်တောင်းစားအံ့သောငှါ သွားလျက် သူ့အိမ်နံရံကုပ်မှီ၍ သေ၏။

[သေသောက်ကြူးဝတ္ထု]

အကြင်သူသည်ကား အလွန်ချမ်းခြင်းအစ ရှိသည်တို့ကို ယိုးမယ်၍ အမှုတို့ကိုမပြု၊ အသို့ ယိုးမယ်၍ မပြုသနည်းဟူမူကား လူတို့သည် စောစောကလျှင်ထ၍ အချင်းတို့ လာကြကုန်လော့ အမှုလုပ်သွားကြကုန်အံ့ဟု ဆိုသည်ရှိသော် အလွန်ချမ်းသေး၏ အရိုးတို့သည် ကွဲကုန်အံ့သင်တို့သည် သွားကြကုန်လော့ နောက်မှ ငါသိအံ့ဟုဆို၍ မိုးလုံးလျက်နေ၍ အမှုတို့ကို လုပ်ဆောင်အံ့သောငှါ မသွား၊ ဤသို့ ယိုးမယ်ပြု၍ အလွန်ပူခြင်းအစ ရှိသည်တို့၌လည်း ဤနည်းတူလျှင် သိအပ်၏။ ထိုသူသည် မိမိ၏ပျင်းသည်၏အဖြစ်ကြောင့် အမှုတို့ကို နှောင့်ယှက်ခြင်းတို့ကိုပြုသည် မည်၏။ ထိုသို့ သဘောရှိသော သူသည်လည်း စည်းဗဟ မှယုတ်၏။ ထိုကြောင့် မြတ်စွာဘုရားသည်-

အတိသိတံတိ ကမ္မံ နကရောတိ။ အတိဥဏ္ဍံတိ အတိသာယံ တိ အတိပါတောတိ အတိဆာတောတိ ကမ္မံ နကရောတိ။ တဿ ဇဝံ ကိစ္စာပဒေသဗဟုလဿ ဝိဟရတော အနုပုန္နာ စေဝဘောဂါ နုပ္ပဇ္ဇန္တိ။ ဥပ္ပန္နာစ ဘောဂါ ပရိက္ခယံ ဂစ္ဆန္တိ။ ဟူ၍ ဟောတော်မူ၏။

ယော၊ အကြင်သူသည်။ အတိသိတံတိ၊ အလွန်ချမ်း၏ဟူ၍။ ကမ္မံ၊ အမှုကို။ နကရောတိ၊မပြု။ အတိဥဏ္ဍံတိ၊ အလွန်ပူ၏ဟူ၍၊ကမ္မံ၊အမှုကို။ နကရောတိ၊မပြု။အတိသာယံတိ အလွန်မိုးချုပ်၏ဟူ၍။ ကမ္မံ၊ အမှုကို။ နကရောတိ၊မပြု။ အတိပါတောတိ၊ အလွန်စော၏ဟူ၍။ ကမ္မံ။ အမှုကို။

ဂုဏ္ဍာသယ ၁၅၅-၄၄

နကရောတိ မပြု။ အတိဆာတောတိ၊ အလွန်ဆာ၏ဟူ၍။ ကမ္မံ၊ အမှုကို။ နကရောတိ၊မပြု။ ဇဝံ၊ဤသို့။ ကိစ္စာပဒေသဗဟုလသ၊ အမှု၌ ယိုးမယ် ဘွဲ့ခြင်းများသည်ဖြစ်၍။ ဝိဟရတော၊ နေသော။ တဿ၊ ထိုသူအား။ အနုပ္ပန္နာစေဝဘောဂါ၊ မဖြစ်ကုန်သေးသော စည်းစိမ်တို့သည်လည်း။ နုပ္ပဇ္ဇန္တိ၊မဖြစ်ကုန်။ဥပ္ပန္နာစဘောဂါ၊ ဖြစ်ကုန်ပြီးသောစည်းစိမ်တို့ သည်လည်း။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ထိုသို့သဘော ရှိကုန်သော သူတို့ကိုဥစ္စာတို့သည် လွန်လေကုန်၏။ထိုကြောင့်-

အတိသီတံ အတိဥဏ္ဍံ၊ အတိသာယ မိဒံ အဟု။
ဣတိ ဝိဿဋ္ဌကမ္မန္တေ၊ အထ္ထာ အစ္စန္တိ မာဏဝေ။

ဟု မြတ်စွာဘုရားသခင် ဟောကြားတော်မူ၏။

ဣဒံ၊ ဤအမှုသည်။ အတိသီတံ၊ အလွန် ချမ်းသော ကာလ၌ ရောက်သည်။ အတိဥဏ္ဍံ၊ အလွန်ပူသောအခါ၌ ရောက်သည်။ အတိသာယံ၊ အလွန်မိုးချုပ်သောအခါ၌ ရောက်သည်။ အဟု၊ဖြစ်၏။ဣတိ၊ ဤသို့။ ဝိဿဋ္ဌကမ္မန္တေ၊ အမှုကိုလွှတ်ကုန်သော။ မာဏဝေ၊ လူတို့ကို။ အထ္ထာ၊ ဥစ္စာတို့သည်။ အစ္စန္တိ၊လွန်ကုန်၏။

အကြင်သူသည်ကား အချမ်းအစရှိသည်တို့ကို မရေတွက်မူ၍ မိမိ၏ မပျင်းသည် အဖြစ်ကြောင့် အမှုတို့၏ မနှောင့်ယှက်ခြင်းကို ပြု၏။ ထိုသူသည် များစွာကုန်သော ဥစ္စာတို့ကိုဖြစ်စေ၍ ချမ်းသာကိုရ၏။ဤ တရား၌ အဗုမာသကမင်းအစ ရှိသည်တို့သည် သက်သေဖြစ်ကုန်၏။

၁၀၈—အဗုမာသကမင်းဝတ္ထု

အဋ္ဌကနိပါတ် ဇာတ်အဋ္ဌကထာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၏ မြောက်တံခါး၌နေသော တယောက်သော အခစားအမှုလုပ်သော သူသည်ဖြစ်၏။ ထိုသူသည် ရေအခစားထမ်း၍ ရအပ်သောပဲဝက်သော ဥစ္စာကို တံတိုင်း အုတ်ကြား၌ထား၍ အခစားလုပ်လျက် တောင်တံခါးသို့ ရောက်၍ ထိုတောင်တံခါး၌ ရေအခစားရွက်၍လျှင် အသက်မွေးသော ဆင်းရဲသောမိန်းမနှင့် အိမ်ထောင်ဘက်ပြု၏။ ထိုမိန်းမသည်လည်း ပဲဝက်ကို သာရ၏။ ထိုအခါ ပွဲသဘင်ခံသော တနေ့သ၌ ထိုမိန်းမသည် အရှင်မြို့၌ ပွဲသဘင်သည်ဖြစ်၍ တစုံတခုသောဥစ္စာသည် သင့်အားအကယ်၍

ရှိအံ့။ ငါကို့သည်လည်း ပွဲသဘင်ကစားကုန်အံ့ဟု ထိုယောကျ်ားအား ဆို၏။ • ထိုယောကျ်ားသည် ငါ့အား ပဲဝက်သည် ရှိ၏။ ထိုပဲဝက်ကို မြောက်တံခါးအုတ်ကြားဦ့ ထားအပ်၏။ ဤမှ တဆဲ့ နှစ်ယူဇနာ အဆုံးဦ့ ငါသည်ပြုပ်အပ်၏။ရှင်မလက်ဦ့ကား တစုံတခုသော ဥစ္စာသည် ရှိ၏လောဟုဆို၏။ထိုမိန်းမသည် အရှင်ပဲဝက်မျှရှိ၏ဟုဆို၏။ဤသင်၏ ပဲဝက် ငါ၏ပဲဝက်အားဖြင့် တပဲရှိပြီ ထိုဥစ္စာမှ တစုဖြင့် ပန်း,တစုဖြင့် နံ့သာ,တစုဖြင့် သေကို ဝယ်၍ ပွဲကစားကြကုန်အံ့။ သွားချေလော့၊ သင်၏ ဥစ္စာကို ယူချေလော့ဟုဆို၏။ ထိုယောကျ်ားသည် ရှင်လန်းနှစ်သက်၍ သိုချင်းသိုလျက်လျှင် သွား၏။ ဆင်ပြောင်ကြီး အားကို ဆောင်သော ထိုယောကျ်ားသည် ခြောက်ယူဇနာ တို့ကို လွန်၍ မွန်းတည့်အခါဦ့ မိုးကျိုးအခင်းကဲ့သို့ ပူသော သဲကိုနင်းလျက် မင်းရင်ပြင်သို့ ရောက်၏။ ထိုအခါ ဥဒယမည်သော ဗာရာဏသီ မင်းသည် လေသွန်တံခါးဦ့ ရပ်လျက်လာသော ထိုယောကျ်ားကိုမြင်၍ ဤသူသည် ဤသို့သဘောရှိသော နေပူကို မခရေတွက်မူ၍ ရှင်လန်း နှစ်သက်စွာ သိုလျက် အဘယ်ကြောင့် သွားသနည်း ထိုသူကို မေးအံ့ဟု ကြံ၍ ထိုယောကျ်ားကို ခေါ်စေ၍ မေး၏။ ထိုယောကျ်ားသည် အလုံးစုံသော အကြောင်းကို ပြောဆို၍ ရှင်မင်းကြီး မယားဖြစ် စကားကိုအောက် မေ့သော အကျွန်ုပ်ကို ကာမဟူသော အပူသည်သာပူ၏၊နေပူသည်ကား မပူဟု ဆိုလျှောက်၏။ သင်သည် အဘယ်အကြောင်းကြောင့် နေပူကို မခရေ မတွက်မူ၍ နှစ်သက်စွာ သိုချင်းသိုသနည်းဟု မင်းသည် မေး၏။ ရှင်မင်းကြီး ထိုမြို့သောဥစ္စာကိုဆောင်ယူ၍ ထိုမယားနှင့်တကွ နေ့မွေ့လျော်အံ့ဟူသော အကြောင်းကြောင့် နှစ်သက်စွာ သိုချင်း သိ၏ဟု ထိုယောကျ်ားသည် လျှောက်၏။ သင့်အား မြို့ပိတ်ထားသော ဥစ္စာသည် ခုနစ်သိန်းမျှရှိသလောဟု မင်းသည်မေး၏။ မရှိ ရှင်မင်းကြီးဟု ဆို၏။ မင်းသည် အစဉ်အားဖြင့် လျှော့၍ တပဲရှိသလောဟု မေး၏။ မရှိ ရှင်မင်းကြီးဟု ထိုယောကျ်ားသည်ဆို၏။ ပဲဝက်ရှိသလောဟုမင်းသည် မေး၏။ ရှင်မင်းကြီး ပဲဝက်ရှိသည် မှန်၏ဟု ထိုယောကျ်ားသည် လျှောက်၏။ အိုယောကျ်ား ထိုသို့ တပြီးကား ဤသို့ သဘောရှိသော နေပူ၌ ထိုအရပ်သို့ မသွားလေလင့် သင့်အား ငါသည် ပဲဝက်ကို ပေးအံ့ဟု မင်းသည်ဆို၏။ ရှင်မင်းကြီး သင်တို့သည် ပေးအပ်သော ပဲဝက်ကို

ယူသော်လည်း မြှုပ်ထားသော ပဝက်ကို ကျွန်ုပ်မဖျက်ဆီး ကျွန်ုပ်၏ သွားခြင်းကို မယုတ်စေမူ၍ ထိမြှုပ်ထားသော ပဝက်ကို ယူအံ့ဟု ထိုယောက်ျားသည်ဆို၏။မင်းသည်အစဉ်သဖြင့်ပွါးစေ၍ အိုယောက်ျား မသွားလင့် တပဲကို ပေးအံ့။ နှစ်ပဲတို့ကို ပေးအံ့။လ။ ကုဋေတရာသော ဥစ္စာကိုပေးအံ့။မနှိုင်းယှဉ်နှိုင်သော ဥစ္စာကိုပေးအံ့ဟုဆို၍ ထိုယောက်ျား သည် ထိုဧေးအဘူသာလျှင် ဆိုသည်ရှိသော် သေဌေးအရာ အစရှိကုန် သော အရာအထူးတို့ဖြင့် ဖြားယောင်း၍ ထိုယောက်ျားသည် ထိုဧေး အဘူသာလျှင်ဆိုသည်ရှိသော် ထက်ဝက်သော မင်းအဖြစ်ကို သင့်အား ပေးအံ့ဟုဆို၍ ထိုယောက်ျားသည် ဝန်ခံလတ်သော် အမတ်တို့ သင်တို့ သည် သွားကြကုန်လော့ ငါ၏ အဆွေခင်ပွန်းအား ဆံမုတ်ဆိတ်ကို ပြုပြင်၍ ရေချိုး၍ တန်ဆာဆင်၍ ဆောင်ခဲ့ကုန်လော့ ဟုစေ၏။ အမတ် တို့သည် မင်းကြီး ဆိုတိုင်းပြု၍ ဆောင်ခဲ့ကုန်၏။ မင်းသည် မင်း၏ အဖြစ်ကို ထက်ဝက်ခွဲ၍ ထိုယောက်ျားအား ထက်ဝက်သော မင်း၏ အဖြစ်ကိုပေး၏။ထိုယောက်ျားသည် အဗုမာသကမည်သော မင်းဖြစ်၏။

[အဗုမာသကမင်းဝတ္ထု]

ထိုကြောင့်—

ယောစ သီတဉ္စ ဥဏ္ဍဉ္စ၊ တိဏာ ဘိယျော နမညတိ။
ကရံ ပုရိသကိစ္စာနိ၊ သော သုခါ နဝိဟာယတိ။

ဟူ၍ ဘုရားဟောတော်မူ၏။

ပုရိသကိစ္စာနိ၊ယောက်ျားတို့၏အမှုကိစ္စတို့ကို။ကရံကရောန္တော၊ ပြုသော။ ယောစ၊အကြင်သူသည်ကား။သီတဉ္စ၊အချမ်းကိုလည်းကောင်း။ ဥဏ္ဍဉ္စ၊ အပူကိုလည်းကောင်း။ တိဏာ၊မြက်ထက်။ ဘိယျော၊ အလွန်။ နမညတိ၊ မအောက်မေ့။ သော၊ ထိုသူသည်။ သုခါ၊ချမ်းသာမှ။ နဝိဟာ ယတိ၊ မယုတ်။

ထိုကြောင့် အိမ်ထောင်ခမ်းနားကို ရှာသောသူသည် အချမ်းအစရှိ သည်တို့ကို မရေတွက်မူ၍ စည်းဝိမ်ကို ဆည်းပူးအပ်၏။ဤသို့ ဆည်းပူး ခြင်းကိုပြုသော သူအား စည်းဝိမ်တို့သည် များကုန်၏။ ။ထိုကြောင့်—

ဘောဂေ သံဟရမာနဿ၊ ဘမရသေဝ ဧရိယတော။
ဘောဂဿ နိစယံ ယန္တိ၊ ဝမ္မိကော ဂူပစီယတိ။

ဟု ဘုရားဟောတော်မူ၏။

ဣရိယတော၊ ပန်းတို့၏ အဆင်းအနံ့ကို မဖျက်ဆီးမူ၍ နှုတ်သီး အတောင်တို့ဖြင့် ပန်းဝတ်မှုန်ကို ယူခြင်း၌ လုံ့လပြုသော။ ဘမရသ၊ ပျားကြီး၏။ သံဟရဏံဣဝ၊လှည်းဘီးကြီး ပမာဏရှိသော ပျားလတို့တို့ကို ဆည်းပူးခြင်းကဲ့သို့။ ဇဝံတထာ၊ ထိုအတူ။ ဘောဂေ၊ စည်းစိမ်တို့ကို။ သံဟရမာနသ၊ ဒိဒိကိုယ်ကို မနှိပ်စက်မူ၍ တရားသဖြင့် ဆည်းပူးသော။ အသ၊ ထိုသူ၏။ ဘောဂါ၊ စည်းစိမ်တို့သည်။ဝမ္မိကော၊ တောင်ပို့သည်။ ဥပစိယတိဣဝ၊ ပွါးသကဲ့သို့။ နိစယံ၊ ပွါးခြင်းသို့။ယန္တိ၊ ရောက်ကုန်၏။ ထိုအမှုတို့တွင် ကောင်းစွာယှဉ်အပ်သော လယ်လုပ်သောအမှုသည် နှစ်ပါးသော ကာလ၌ အစီးအပွါကို ရွက်ဆောင်၏။ ထိုစကား၌ အောက်ပါဝတ္ထုကို သိအပ်၏။

၁၀၃-မေဏ္ဍကသေဋ္ဌေးဝတ္ထု

မမ္မပဒ အဋ္ဌကထာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တယောက်သောသေဋ္ဌေးသည် မင်းခစားအံ့သောအခါ သွားသည်ရှိသော် ပုရောဟိတ်ကိုမြင်၍ နက္ခတ်ကို မေး၍ ဤနှစ်မှသုံးနှစ် လွန်သဖြင့် ဇမ္ဗူဒိပ်ကျွန်း အလုံး၌ ဝတ်မွတ်သော ဘေးသည် ဖြစ်ရလတ္တံ့ဟု ကြားရ၍ များစွာသော လယ်လုပ်မှုကို ပြုစေ၍ တထောင့်နှစ်ရာ့ငါးဆယ် ကုန်သော ကျီတို့ကို ပြုစေ၏။ ထိုသေဋ္ဌေးသည် ထို တထောင့်နှစ်ရာ့ငါးဆယ် ကုန်သော ကျီတို့ကိုလည်းကောင်း အိုးစရည်း အစရှိသည်တို့ လည်းကောင်း စပါးတို့ဖြင့် ပြည့်စေ၍ ထိုမှကြွင်းကုန်သော စပါးတို့ကို တွင်းတို့၌ မြှုပ်၍ ထို မှကြွင်းကုန်သောစပါးတို့ကို မြေညက်နှင့်နယ်၍ နံရံတို့ကို လိမ်းကျုံ၍ ဝတ်မွတ်သော ကာလသည်ရောက်၍ ကျီအိုးစရည်းအစရှိသည်တို့၌ ထားသော စပါးသည် ကုန်လတ်သော် အမှုလုပ်တို့ကို အမောင်တို့....သင်တို့သည် အလိုရှိရာ သွားကြကုန်လော့ အသက်ရှင်စေကုန်သတည်းဟုဆို၏။ လူတို့သည်အလိုရှိရာသို့ သွားကြကုန်၏။ အိမ်၌ကား သေဋ္ဌေး သေဋ္ဌေးမယား သေဋ္ဌေးသား သေဋ္ဌေးချေးမ ပုဏ္ဏမည်သောကျွန် ဤငါးယောက်ကုန်သော သူတို့သည် ကြွင်းကုန်၏။ ထိုသူတို့သည် တွင်းတို့၌ စပါးသည်ကုန်လတ်သော် နံရံမြေကို

ရေဆွတ်၍ ထိုမှရအပ်သော စပါးဖြင့်မျှကုန်၏။ သေဌေးမယားတို့သည်ကား နံရံအရပ်တို့မှ ကြွင်းကုန်သော မြေကိုရေဆွတ်၍ တခွက်သော စပါးကိုရ၍ ထောင်း၍ တစလယ်သောဆန်ကိုရ၍ခိုးသူမှကြောက်သော ကြောင့် ထိုဆန်ကို အိုး၌ထည့်၍ မြေ၌မြှုပ်၍ တနေ့သ၌ မင်းခစား၍ ပြန်လည်လာသောသေဌေးသည် ရှင်မ ငါဆာမွတ်၏။ တစုံတခုသော စားဘွယ်သည် ရှိ၏လောဟု ဆိုသော် ထိုမြေ၌မြှုပ်သော ဆန်ကို ထုတ်ဘော်၍ ထမင်းချက်၍ ငါးစုစု၍ တစုကို သေဌေးအား ကပ်၏။ ထိုခဏ၌ တဆူသော ပစ္စေကဗုဒ္ဓါသည် နိရောဓသမာပတ်မှ ထ၍ ဒိဗ္ဗစက္ခုဖြင့် ကြည့်သည်ရှိသော် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ငတ်မွတ်သော ဘေးသည်ဖြစ်၏။ သေဌေးအိမ်၌လည်း ငါးယောက်ကုန်သော သူတို့၏ အကျိုးငှါ တစလယ်သောဆန်ကို ချက်၏။ ထိုငါးယောက်ကုန်သော သူတို့သည်လည်း ဘဒ္ဓါတရားရှိကုန်၏။ ငါ့အားလည်း သင်္ဂြိုဟ်ခြင်းကို ပြုကုန်လတ္တံ့ ဟုသိ၍...ဂန္ဓ မာဒနတောင်မှ ကြွလာ၍ ထိုသူတို့အား ကိုယ်တော်ကိုပြ၏။ ထိုငါးယောက်ကုန်သော သူတို့သည် မိမိမိမိတို့၏ အတို့ကိုလှူ၍ အရှင်ဘုရား ဤအခါမှစ၍ ဤသို့ သဘော ရှိသော ငတ်မွတ်သော ဘေးကို အကျွန်ုပ်တို့သည် မမြင်မတွေ့ပါ စေကုန်သတည်းဟုဆို၍ အလိုရှိသည်အား လျော်သော ဆုတောင်းခြင်းကို ပြုကုန်၏။ ထိုငါးယောက်သောသူတို့တွင် သေဌေးသည် ယခုအခါမှစ၍ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ နေကုန်သောသူတို့အား မျိုးစပါးကိုပေးအံ့သောငှါ စွမ်းနိုင်သည်ဖြစ်စေသတည်း, ကိုယ်လက်ဖြင့် အမှုကိုလုပ်၍ အသက်မမွေးရ စေသတည်း, တထောင့်နှစ်ရာ့ငါးဆယ် ကုန်သော ကျီတို့ကို သုတ်သင်စေ၍ ဦးခေါင်းလျော်၍ ကျီတံခါးတို့၌ ထိုင်၍ အထက်သို့မော့၍ ကြည့်သောခဏ၌လျှင် နီကုန်သော သလေးစပါး အလျဉ်တို့သည် ကျကုန်၍ အလုံးစုံကုန်သော ကျီတို့ကို ပြည့်စေကုန်သတည်း, ဖြစ်လေတိုင်း ဖြစ်လေတိုင်းသော အရပ်၌လျှင် ဤမယားသည်သာလျှင် ဖြစ်စေသတည်း, ဤသားသည် သာလျှင် ဖြစ်စေသတည်း, ဤခွေးမသည်သာလျှင် ဖြစ်စေသတည်းဟူ၍ ဆုတောင်း၏။ သေဌေးမယားသည် တခွက်သောသလေးကို အကျွန်ုပ်၏ ရှေ့မှတား၍ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ နေကုန်သောသူတို့အား ရိက္ခာကိုပေးငြားသော်လည်း အကျွန်ုပ်သည် မထသရွေ့ကာလပတ်လုံး ယူရာအရပ်သည်

ပြည့်သည့်သာလျှင် ဖြစ်စေ.သတည်း, ဤလင်သား ဆွေးမ ကျွန်တို့ သာလျှင် အကျွန်ုပ်အားဖြစ်စေကုန်သတည်းဟု ဆုတောင်းဖို့။ သေဋ္ဌေး သားသည် အသပြာတထောင် ထည့်သော တခုသောအိတ်ကို ကိုင်၍ ဓမ္မ။ဒိပ် ကျွန်းအလုံးဦ နေကုန်သော သူတို့အား ဥစ္စာကို ပေးငြား သော်လည်း အကျွန်ုပ်၏ အိတ်သည် ပြည့်သည်သာလျှင် ဖြစ်စေသ တည်း, ဤအမိအဘမယားကျွန်တို့သည်သာလျှင်ဖြစ်စေကုန်သတည်းဟု ဆုတောင်းဖို့။ ဆွေးမသည်တခုသော စပါးတောင်းကို အကျွန်ုပ်ရှေ့မှာ ထား၍ ဓမ္မ။ဒိပ်ကျွန်းအလုံးဦ နေကုန်သော သူတို့အား မျိုးစပါးကို ပေးငြားသော်လည်း ကုန်သည်ဖို့အဖြစ်သည် မထင်စေသတည်း, ဤ အမိအဘ လင် ကျွန်တို့သည်လျှင် အကျွန်ုပ်အား ဖြစ်စေကုန်သတည်း ဟု ဆုတောင်းဖို့။ကျွန်သည် တချောင်းသောထွန်သွားဖြင့် ထွန်သော် အ ကျွန်ုပ်၏ လက်ျာဘက်ကသုံးကြောင်း၊ ဤလက်ဝဲဘက်ကသုံးကြောင်း၊ အလယ်၌ တကြောင်းအားဖြင့် သစ်သားဓလားခနဲ့ ရှိကုန်သော ချုန စ် ကြောင်းကုန်သော ထွန်ရေးတို့သည် သွားစေကုန်သတည်း။ ဤအရှင် တို့သည်သာလျှင် အကျွန်ုပ်အား ဖြစ်စေကုန်သတည်းဟု ဆုတောင်းဖို့။ ထိုကျွန်သည် ထိုနွားဦ အမတ်စစ်သူကြီးဖို့ အရာကို ဆုတောင်း၍ ရခြင်းငှါ အကယ်၍ကား တတ်နိုင်ဖို့၊ ထိုသို့ တတ်နိုင်သော်လည်း အရှင်တို့ဦ ချစ်ခြင်းကြောင့် ထိုကျွန်သည် ဤသို့ ဆုတောင်းဖို့။ ပစ္စေက ဗုဒ္ဓါသည် အလုံးစုံးကုန်သော သူငါးယောက်တို့၏ ဆုတောင်းသော အဆုံးဦ ဤသို့ ဆုဘောင်းတိုင်း ဖြစ်စေသတည်းဟု ဆိုတော်မူဖို့။ ပစ္စေကဗုဒ္ဓါတို့သည် အနုမောဒနာပြုကုန်သော ဂါထာတို့ဖြင့် အနုမော ဒနာပြု၍ ဤ ငါးယောက်ကုန်သော သူကိုသည် ငါ့ကို မြင်စေကုန် သတည်းဟု ဓိဋ္ဌာန်တော်မူသဖြင့် ကြွ၍ ထိုဆွမ်းကို ကိုယ်တော်ဖို့ အာနုဘော်အားဖြင့် ငါးရာကုန်သော ပစ္စေကဗုဒ္ဓါတို့အား လောက် သည်ကိုပြု၍ ဝေတော်မူဖို့။ ထို ငါးယောက်ကုန်သော သူတို့သည် လည်း ထို ပစ္စေကဗုဒ္ဓါကို ကြည့်ကုန်လျက် ရပ်ကုန်ဖို့။ ထို နောင်မှ သေဋ္ဌေးမယားသည် ထမင်းကုန်ပြီဟု ထမင်းဒိုးကို ဆေးလျက် ဝိတ်၍ ထားဖို့။ သေဋ္ဌေးသည်လည်း ဝတ်မှတ်ခြင်း နိုပ်စက်ရကား အိပ်၍ နိုးသော် ရှင်မ-ငါသည် အလွန်ဆာမွတ်ဖို့၊ ထမင်းဒိုးဦ ဟူးကပ် ထမင်းတို့သည် ရှိကုန်သလောဟု ဆိုဖို့။ သေဋ္ဌေးမသည်ထ၍ သွားပြီး

ထမင်းအိုးကိုတွင့်၏။ ထိုခဏ၌လျှင် ထမင်းအိုးသည် မုလေးငုံအဆင်းနှင့်တူသော ထမင်းဖြင့်ပြည့်၏။ သေဋ္ဌေးမသည် ထို ထမင်းကိုမြင်၍ အရှင် ထလော့ အရှင် ထလော့ဟုဆို၏။ နှစ်ယောက်ကုန်သော သားအဘတို့အား ထမင်းကိုပေး၍ သားအဘ နှစ်ယောက် တို့သည် စားကုန်ပြီးသော် ချေးမနှင့်အတူစားလျက် ပုဏ္ဏအမည်ရှိသောကျွန်အားပေး၏။ ယူတိုင်းယူတိုင်းသော အရာသည် မကုန်မယွင်း ယောက်မဖြင့် ဟကြိမ်ယူရာသည် သာလျှင် ထင်၏။ ကျီအစရှိသည်တို့သည် ရှေး၌ ပြည့်သော နည်းဖြင့်သာလျှင် ပြည့်ကုန်၏။ ထိုနောင်မှ သေဋ္ဌေးသည် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ နေကုန်သော သူတို့အား မျိုးစပါးကိုပေး၏။ ထို သေဋ္ဌေးသည် ထိုဘဝမှစုတေ၍ နတ်ပြည်၌ဖြစ်၏။ သုဂတိ၌ ကျင်လည်လျက် ယခုအခါ၌ ဘဒ္ဒိယမြို့၌ မေဏ္ဍကသေဋ္ဌေးဖြစ်၏။ ထိုသေဋ္ဌေး၏ မယားသည်လည်း များသောစည်းစိမ် ရှိသောအမျိုး၌ဖြစ်၏။ ထိုသေဋ္ဌေးသွီး၏ လက်ဝဲလက်ဝါး လက်ဝဲခြေဘဝါးတို့၌ ပဒုမာလက္ခဏာသည်ဖြစ်၏။ လက်ယာလက်ဝါး လက်ယာခြေဘဝါးတို့၌ လဝန်းလက္ခဏာသည်ဖြစ်၏။ ထိုကြောင့် ထို သေဋ္ဌေးသွီးသည် စန္ဒပဒုမာ ဟူသော အမည်ကိုရ၏။ ထို သေဋ္ဌေးသွီးသည် အရွယ်ရောက် လတ်သော် မေဏ္ဍက သေဋ္ဌေး၏ အိမ်သို့ရောက်၏။ ရှေးဘဝက သား ချေးမ ကျွန်တို့သည်လည်း ထိုသေဋ္ဌေးသွီး ခင်ပွန်းတို့၏ သားချေးမကျွန်သည်လျှင် ဖြစ်ကုန်၏။ ထိုသူတို့တွင် သားသည် ဓနဥယမည်သောဝိသာခါ ဒါယိကာမ၏ အဘဘည်း။ ချေးမသည်ကား သုမနဒေဝီ အမည်ရှိသောဝိသာခါ ဒါယိကာမ၏ အမိတည်း။ ထိုအလုံးစုံကုန်သောသူတို့သည် မိမိတို့၏ကောင်းမှုကို စုံစမ်းကုန်၏။ ထို စုံစမ်းအပ်သော အလုံးစုံသော အာနုဘော်သည် ဆုတောင်းခဲ့သော အတိုင်းလျှင် ပြည့်စုံ၏။

[မေဏ္ဍကသေဋ္ဌေးဝတ္ထု]

၏သို့ ၏သူတို့၏ ကောင်းစွာယှဉ်အပ်သော လယ်လုပ်သော အမှုသည် နှစ်ပါးသော လောက၌ အကျိုးစီးပွါးကိုဆောင်၏။ ထို လယ်လုပ်ခြင်းမှ တပါးကုန်သော အမှုတို့၌လည်း ၏နည်းတူလျှင်သိအပ်၏။ ထို မနှောင့်ယှက်ကုန်သော အမှုတို့သည် နှစ်ပါးသောလောက၌ အစီးအပွါးကို ဆောင်တတ်သောကြောင့် မင်္ဂလာမည်ကုန်၏။

အဋ္ဌကထာဌိကား-

ဒီးတော အတ္တနော၀ါ ပုတ္တဒါရဒါသကမ္မကရာနံ၀ါ ဗျတ္တကာယ ဒီး၀ ပယောဇိကာ ဒိဋ္ဌေ၀ဓမ္မေ ဓနဓညေ ဝုဒ္ဓိ ပဠိလာဘော တော ဟောတီတော ဝုတ္တာ။ ။ဟူ၍ ဤမျှကိုသာလျှင် ဆို၏။

အတ္တနော၀ါ၊ မိမိ၏လည်းကောင်း။ ပုတ္တဒါရဒါသကမ္မကရာနံ၀ါ၊ သားမယားကျွန် အမှုလုပ်တို့၏လည်းကောင်း။ ဗျတ္တကာယဒီး၀၊ လိမ္မာသည်၏အဖြစ်ဖြင့်သာသျှင်။ ပဠိယောဇိကာ၊ ယှဉ်အပ်ကုန်သော။ ဒီးတော၊ ထို အနှုတ်ကို။ ဒိဋ္ဌေ၀ဓမ္မေ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌လျှင်။ ဓနဓညဝုဒ္ဓိပဠိလာဘတော တကော ဥစ္စာဒစပါးစိုးပွါးကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့်။ မဂ်လန္တိ၊ မင်္ဂလာဟူ၍။ ဝုတ္တာ၊ ဟော တော်မူအပ်ကုန်၏။ ။ထိုသို့ဆိုအပ်သော်လည်း တမလွန်လောကဥစ္စာအမြီးအပွါးကို ရခြင်း၏ အကြောင်းအဖြစ်သည် ထိုမနှောင့်ယှက်ကုန်သော အမှုကို အားခိုသလျှင်ကတည်း။ ။ဤသို့ မာတာပိတု ဥပဋ္ဌာနံ အစရှိသော ဤဂါထာဖြင့် အမိအဘတို့အား လုပ်ကျွေးခြင်း သားမယားတို့အား သင်္ကိုဟ်ခြင်း မနှောင့်ယှက်ကုန်သော အမှုတို့ဖြင့် မင်္ဂလာသုံးပါးကို ဟောတော်မူ၏။ ။[စတုဏ္ဏဂါထာ၏အနက်ပြီး၏]။

၁၄-ဒါနမဂ်လာ

၁၁၀-ဒါနအကြောင်းကိုပြခြင်း

ဒါနဥ္စရမ္မစရိယာဟူသော ပဋ္ဌမဂါထာဌ အလှူပေးကြောင်းဖြစ်သော စေတနာကို ဒါနဟူ၍မှတ်အပ်၏။ ထိုစေတနာနှင့်ယှဉ်သော အလောဘကိုလည်း ဒါနဟူ၍ မှတ်အပ်၏။ ထိုကြောင့် အဋ္ဌကထာဌ-

ဒါနံနာမ ပဒံ ဥဒ္ဒိဿ သုဗ္ဗဋ္ဌိပုဗ္ဗိတာ အန္နာဒိ ဒဿဝတ္ထုကာ၊ ဒါနပရိစာဂစေတနာ တံသမ္ပယုတ္တော ၀ါ အလောဘော။

ဟူ၍ ဆိုအပ်၏။

ပဒံ၊ သူကဘဲကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ သုဗ္ဗဋ္ဌိပုဗ္ဗိတာ၊ အလှူစေတနာ၏အကျိုးသည် ဂို၏ ဤသို့အစရှိသော နည်းဖြင့် ဖြစ်သော သမ္မာဒိဋ္ဌိလျှင် ရှေးသွားရှိသော။ အန္နာဒိဒသ၀တ္ထုကာ၊ အန္နအစရှိသော ဆယ်ပါးသော ဒေယျဓမ္မာဝတ္ထုဟူသော အာရုံရှိသော။ ဒါနပရိစာဂ

စေတနာဝါ၊ လှူကြောင်းစွန့်ကြဲကြောင်းဖြစ်သော စေတနာသည်လည်း။ ဒါနံနာမ၊ ဒါနမည်၏။ တံသမ္မယုတ္တာ၊ ထိုစေတနာနှင့် ယှဉ်သော။ အလောဘော ဝါ၊ အလောဘသည်လည်း။ ဒါနံနာမ၊ ဒါနမည်၏။

အန္နအစရိသော ဆယ်ပါးသော ဒေယျဓမ္မဝတ္ထုကို-

အန္နံ ပါနံ ဝတ္ထံ ယာနံ၊ မာလာဂန္ဓ ဝိလေပနံ။

သေယျာဝသထပဒီပေယျံ၊ ဒါနဝတ္ထု ဣမေ ဒသ၊

ဟူ၍ မှတ်အပ်၏။

အန္နံ၊ အလုံးစုံသော ခဲဘွယ်ဘောဇဉ်လည်းကောင်း။ ပါနံ၊ ထမင်းအဖျော် အစရှိသော အဖျော်လည်းကောင်း။ ဝတ္ထံ၊ ခါးဝတ်ကိုယ်လွှမ်းအစရှိသော အဝတ်လည်းကောင်း။ ယာနံ၊ အယုတ်သဖြင့် ဘိနပ်ကို အစပြု၍ သွားခြင်းကိစ္စကို ပြီးစေတတ်သော ရထားပေါင်းချုပ်ယာဉ်သည်လည်းကောင်း။ မာလာဂန္ဓဝိလေပနံ၊ ကုံးသောပန်း မကုံးသော ပန်းအစရှိသောအားဖြင့် ပြားသော အလုံးစုံသောပန်း အလုံးစုံသော နံ့သာမျိုး သွေးအပ်သော နံ့သာ အဆောက်အဦ အရေကို တပ်စွန်းစေတတ်သော နံ့သာပျောင်းလည်းကောင်း။ သေယျာဝသထပဒီပေယျံ၊ ညောင်စောင်းအင်းပျဉ် အစရှိသော အိပ်ရာ ဖတိုင် ကော်ဇော အစရှိသော ဘေးရန်ကို ဖျောက်တတ်သော ကျောင်း၊ ဆိပ်မိုးခွက်အစရှိသော ဆိပ်မိုး၏ အဆောက်အဦလည်းကောင်း။ ဣမေဒသ၊ ဤဆယ်ပါးတို့သည်။ ဒါနဝတ္ထု၊ ဒါနဝတ္ထုမည်ကုန်၏။ ။ ဤဘိဝတ္ထုကတိကနိပါတ်တတိယဝဂ် အဝဋ္ဋိကသုတ်အဋ္ဌကထာနှင့်အညီ ယောဇနာသည့် အနက်တည်း ။

တနည်းကား-- အန္နံ၊ ခဲဘွယ်ဘောဇဉ်လည်းကောင်း။ ပါနံ၊ အလုံးစုံသော လျက်ဘွယ်လည်းကောင်း။ ဝတ္ထံ၊ ခါးဝတ်ကိုယ်ရုံလည်းကောင်း။ ယာနံ၊ ထိုးဘိနပ်ကို အစပြု၍ အလုံးစုံသော သွားခြင်း၏ အကြောင်းဖြစ်သော ဝတ္ထုလည်းကောင်း။ မာလာဂန္ဓဝိလေပနံ၊ မုလေးအစရှိသော အလုံးစုံသောပန်း စန္ဒကူးအစရှိသော အလုံးစုံသော နံ့သာ နံ့သာပျောင်းလည်းကောင်း။ သေယျာဝသထ ပဒီပေယျံ၊ ညောင်စောင်းအင်းပျဉ်အစရှိသောအိပ်ရာ ဘုံတဆင့်နှစ်ဆင့် စသည်ရှိသောကျောင်း ဆိပ်မိုးစာ ဆီအစရှိသော ဆိပ်မိုး၏ အဆောက်အဦလည်းကောင်း။ ဣမေဒသ၊ ဤဆယ်ပါးတို့သည်။ ဒါနဝတ္ထု၊ ဒါနဝတ္ထုမည်ကုန်၏။ ။ နာဂသံယုတ်အဋ္ဌကထာနှင့်အညီ ယောဇနာသည့်အနက်တည်း ။

အဖျော်သည်ကား နိဒ္ဒေသနည်းအားဖြင့် တဆဲ့ခြောက်ပါး အပြားရှိ၏။ ထိုကြောင့် ရှင်သာရိပုတ္တရာသည်-

အဌပါနာနိ အမ္ဗပါနံ ဇမ္ဗုပါနံ စောစပါနံ မောစပါနံ မရကပါနံ မုဒ္ဓိကပါနံ သာလူကပါနံ ဖါရုသကပါနံ။ အပရာနိပိ အဌပါနာနိ ကောသမ္ဗပါနံ ကောလပါနံ ဗဒရပါနံ ဃတပါနံ တေလပါနံ ပယောပါနံ ယာဂုပါနံ။

ဟူ၍ ဟောတော်မူအပ်၏။

ပါနာနိ၊ အဖျော်တို့သည်။ အမ္ဗပါနံ၊ အစိမ်းအမှည့် ဖြစ်ကုန်သော သရက်သီးတို့ဖြင့် ပြုအပ်သော အဖျော်လည်းကောင်း။ ဇမ္ဗုပါနံ၊သပြေသီးတို့ဖြင့် ပြုအပ်သော အဖျော်လည်းကောင်း။ စောစပါနံ၊အစေ့ရှိကုန်သောဌက်ပျောသီးတို့ဖြင့်ပြုအပ်သောအဖျော်လည်းကောင်း။မောစပါနံ၊ အစေ့ မရှိကုန်သော ဌက်ပျောသီး တို့ဖြင့် ပြုအပ်သော အဖျော်လည်းကောင်း။ မရကပါနံ၊ သစ်မည်စည်တို့၏ ဇာတိအရည်ဖြင့်ပြု၍ ရေရောသော အဖျော်လည်းကောင်း။ မုဒ္ဓိကပါနံ၊မုဒရက်သီးတို့ကို ရေ၌နယ်၍ သရက်အဖျော်ကဲ့သို့ ပြုအပ်သော အဖျော် လည်းကောင်း။ သာလူကပါနံ၊ကြာနီကြာညို အစရှိသည်တို့၏ အစွယ်တို့ကို နယ်၍ ပြုအပ်သော အဖျော်လည်းကောင်း။ ဖါရုသကပါနံ၊ ဖက်သက်တရော်သီးတို့ဖြင့် သရက်အဖျော်ကဲ့သို့ ပြုအပ်သော အဖျော်လည်းကောင်း။ ဣတိ၊ ဤသို့။ အဌ၊ရှစ်ပါးတို့တည်း။ အပရာနိပိ၊ တပါးလည်းဖြစ်ကုန်သော။ အဌပါနာနိ၊ရှစ်ပါးကုန်သော အဖျော်တို့သည်။သဇ္ဇီ၊ ရှိကုန်၏။ကောသမ္ဗပါနံ၊ ကြို့သီး တို့ဖြင့် ပြုအပ်သော အဖျော်လည်းကောင်း။ ကောလပါနံ၊ ဆီးသီးငယ်တို့ဖြင့် ပြုအပ်သော အဖျော် လည်းကောင်း။ ဗဒရပါနံ၊ ဆီးသီးကြီးတို့ဖြင့် သရက်အဖျော်ကဲ့သို့ ပြုအပ်သော အဖျော်လည်းကောင်း။ ဃတပါနံ၊ ထောပတ်အဖျော်လည်းကောင်း။ တေလပါနံ၊ နှမ်းဆီအစရှိသော ဆီအဖျော်လည်းကောင်း။ ပယောပါနံ၊ နို့ရည် အဖျော် လည်းကောင်း။ ယာဂုပါနံ၊ အအေး အစရှိသော ယာဂုအဖျော်လည်းကောင်း။ ရသပါနံ၊ ဟင်းရွက် အစရှိသည်တို့၏ အရည် အဖျော်လည်းကောင်း။ ဣတိဣမာနိ၊ ဤသည်တို့တည်း။ ။သရက်သီးစိမ်းတို့ဖြင့် အဖျော်ကို ပြုသောသူသည် သရက်သီးနုတို့ကိုခွဲ၍ ရေ၌ထည့်လျက် နေပူ၍ နေကြောင့် ကျက်ခြင်းဖြင့် ကျက်စေ၍ စစ်ပြီးလျှင်

ထိုနေ့၌ အကပ်ခံအပ်ကုန်သော ပျားသကာပရုပ် အစရှိသည်နှင့် ယှဉ်၍ ပြုအပ်၏။သရက်သီးအဖျော်အစ ဆီးသီးကြီးအဖျော် အဆုံးရှိကုန်သော တဆဲ့တပါးကုန်သော အဖျော်တို့သည် နေဖြင့်မချက် အအေးဖြစ်ကုန်သော်လည်း အပ်ကုန်၏။ နေဖြင့် ချက်အပ်ကုန်သော်လည်း အပ်ကုန်၏။ [ပါဠိတော် အဌကထာ]။ ။ဤသို့ အလောဘနှင့်ကကွ ဖြစ်သော အနှစ်အစရှိသော ဆယ်ပါးသောဝတ္ထုဟူသော အာရုံရှိသော အလှူစေတနာသည် ဤအရာ၌ ဒါနမည်၏။ အလောဘသည်လည်း မိမိဥစ္စာဖြစ်သော ဝတ္ထုကို လှူစေတတ်၏။ ထိုကြောင့် အဌကထာ၌ ထိုအလောဘစေတနာ နှစ်ပါးကို ရည်၍။ ။ဒီယဘေ ဧုမိနာတိ ဒါနံ။ ။ဟူ၍ ဆိုအပ်၏။ ။ဧုမိနာ၊ ဤစေတနာ အလောဘဖြင့်။ ဒီယတေ၊လှူအပ်၏။ ဧုတိတသ္မာ ထိုကြောင့်။ ဒါနံ၊ဒါနမည်၏။ ။ဤအလှူသည် ခြောက်ပါးသော အင်္ဂါနှင့် ပြည့်စုံသည်ရှိသော် အကျိုးကြီး၏။ထိုကြောင့်-

ကထဉ္စ ဘိက္ခဝေ ဆဋ္ဌင်္ဂသမန္နာဂတာ ဒက္ခိဏာ ဟောတိ။ ဧုဓ ဘိက္ခဝေ ဒါယကဿ တီဏင်္ဂါနိ ဟောန္တိ။ပဋိဂ္ဂါဟကာနံ တီဏင်္ဂါနိ၊ ကတမာနိ ဒါယကဿ တီဏင်္ဂါနိ။ဧုဓ ဘိက္ခဝေ ဒါယကော ပုဗ္ဗေဝ ဒါနာ သုမနော ဟောတိ။ ဒဒံ စိတ္တံ ပသာဒေတိ။ ဒတ္ဝာ အတ္တမနော ဟောတိ။ ဧုမာနိ ဒါယကဿ တီဏင်္ဂါနိ။ကတမာနိ ပဋိဂ္ဂါဟကာနံ တီဏင်္ဂါနိ။ဧုဓ ဘိက္ခဝေ ပဋိဂ္ဂါဟကာ ဝီတရာဂါဝါ ဟောန္တိ ရာဂ ဝိနယာယဝါ ပဋိပန္နာ။ ဝီတဒေါသာဝါ ဟောန္တိ ဒေါသဝိနယာယဝါ ပဋိပန္နာ။ ဝီတမောဟာဝါ ဟောန္တိ မောဟဝိနယာယဝါ ပဋိပန္နာ။ဧုမာနိ ပဋိဂ္ဂါဟကာနံ တီဏင်္ဂါနိ။ ဧုတိ ဒါယကဿ တီဏင်္ဂါနိ။ ပဋိဂ္ဂါဟကာနံ တီဏင်္ဂါနိ။ ဇဝံ ခေါ ဘိက္ခဝေ ဆဋ္ဌင် သမန္နာဂတာ ဒက္ခိဏာ ဟောတိ။ ဇဝံဆဋ္ဌင် သမန္နာဂတာယ ဘိက္ခဝေ ဒက္ခိဏာယ နသုကရံ ပုညဿ ပမာဏံ ကာတုံ။ ဇွေကော ပုညာဘိသန္ဒော သုခဿာ ဟာရော သောဝဂ္ဂိကော သုခ ဝိပါကော သဂ္ဂသံဝတ္တနိကော ဧုဌာယ ကန္တာယ မနာပါယ ဟိတာယ သုခါယ သံဝတ္တတီတိ။ အထခေါ အသင်္ချေယျော အပ္ပမေယျော မဟာပုညက္ခန္ဓောတွေဝ သင်္ချံ ဂစ္ဆတိ။သေယျထာပိ ဘိက္ခဝေ မဟာသမုဒ္ဒေ နသုကရံ ဥဒကဿ ပမာဏံ

ဂဟေတုံ ဟွေကာနိဥဒကာဋ္ဌကာနိတိဝါ ဟွေကာနိ ဥဒကာ
ဋ္ဌကသတာနိတိဝါ ဟွေကာနိ ဥဒကာဋ္ဌကသဟဿာနိတိဝါ
ဟွေကာနိ ဥဒကာဋ္ဌကသတသဟဿာနိတိဝါ။ အထခေါ
အသင်္ချေယျော အပ္ပမေယျော မဟာဥကက္ခန္ဓောတွေဝ သင်္ချံ
ဂစ္ဆတိ။ ဝေမေဝခေါ တိက္ခဝေ ဝေံ ဆဋ္ဌင်သမန္ဒာဂတာယ
ဒက္ခိဏာယ နသုကရံ ပုညဿ ပမာဏံ ဂဟေတုံ။ လ။ မဟာ
ပုညက္ခန္ဓောတွေဝ သင်္ချံ ဂစ္ဆတိတိ။ ဣဒမဝေါစ ဘဂဝါ ဣဒံ
ဝတွာန သုဂတော အထာပရံတေဒဝေါစ သတ္တာ။

ပုဗ္ဗေဝ ဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊ သော ယညဿ သမ္ပဒါ။

ဝိတရာဂေါ ဝိတဒေါသော၊ ဝိတမောဟော အနာသဝေါ။
ခေတ္တံ ယညဿ သမ္ပဒံ၊ ယညတာ ဗြဟ္မစာရယော။
သယံ အာစမယိတွာန၊ ဒတွာ သကေဟိ ပါဏိဘိ။
အတ္တနော ပရဟောစေသော၊ ယညော ဟောတိ မဟပ္ဖလော။
ဝေံ ယဇိတွာ မေဓာဝိ၊ သဒ္ဓေါ မုတ္တေန စေတသာ။
အဿာပဇ္ဇံ သုခံ လောကံ၊ ပဏ္ဍိတော ဥပပဇ္ဇတိ။

ဟူ၍ ဆက္ကအင်္ဂုတ္တိုရ်၌ ဟောတော်မူ၏။

ဘိက္ခဝေ၊ တို့။ ဆဋ္ဌင်သမန္ဒာဂတာ၊ ခြောက်ပါးသော ကျေးဇူး
အင်္ဂါတို့နှင့် ပြည့်စုံသော။ ဒက္ခိဏာ၊ အလှူသည်။ ကထဥ္ဇဟောတိ၊
အသို့ဖြစ်သနည်းဟူမူကား။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤလောက၌။ ဒါယ
ကဿ၊အလှူပေးတတ်သောသူအား။ တိဏိ၊သုံးပါးကုန်သော။ အင်္ဂါနိ၊
အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဋိဂ္ဂါဟကာနံ၊ အလှူခံတို့အား။
တိဏိ၊သုံးပါးကုန်သော။ အင်္ဂါနိ၊ အင်္ဂါတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။
ဒါယကဿ၊ အလှူပေးတတ်သော သူအား။ ကတမာနိ၊ အဘယ်
မည်ကုန်သော။ တိဏိအင်္ဂါနိ၊ သုံးပါးကုန်သော အင်္ဂါတို့သည်။
ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤလောက၌။
ဒါယကော၊ အလှူပေးတတ်သောသူသည်။ ဒါနာ၊ လှူသည်မှ။ ပုဗ္ဗေဝ၊
ရှေးမဆွဋ္ဌလျှင်။ သုမနော၊ လှူအံ့ဟု ပမ်းမြောက်သည်။ ဟောတိ၊၏။ ။
အလှူကိုလှူအံ့ဟူ၍ မလှူမီလခွဲဖြစ်သောကာလ တလဖြစ်သောကာလမှ

စ၍ ဝမ်းမြောက်ခြင်းသို့ ရောက်၏ဟူလိုသတည်း။ ။ထိုစကားသည် မှန်၏။ဤအရာ၌လှူအံ့ဟူ၍ လယ်သိမ်းဆည်းခြင်းကို အစပြု၍ ကြံသော သူအား ပုဇ္ဇစေတနာကိုရအပ်၏။ ။ဒဒံ၊ လှူစဉ်။ စိတ္တံ၊ စိတ်ကို။ ပသာ ဒေတိ၊ ကြည်ညိုစေ၏။ ဒတ္ဝာ လှူပြီး၍။ အတ္တမနော၊ ဝမ်းမြောက်သည်။ ဟောတိ၊ ၏။ ဒါယကဿ၊ အလှူပေးတတ်သောသူအား။ ဣမာနိတီဏိ အင်္ဂါနိ၊ ဤသုံးပါးသော အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဋိဂ္ဂါဟ ကာနံ၊ အလှူခံတို့အား။ ကတမာနိ၊ အဘယ်မည်ကုန်သော။ တီဏိ အင်္ဂါနိ၊ သုံးပါးကုန်သော အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤလောက၌။ ပဋိဂ္ဂါဟကာနံ၊ အလှူခံတို့သည်။ ဝီတရာဂါဝါ၊ ရာဂကင်းကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရာဂ ဝိနယာယ-ရာဂဝိနယပဋိပဒံ၊ ရာဂကင်းသော အကျင့်ကို။ ပဋိပန္နာဝါ၊ ကျင့်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝီတဒေါသာဝါ၊ ဒေါသ ကင်းကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒေါသဝိနယာယ-ဒေါသ ဝိနယပဋိပဒံ၊ ဒေါသကင်းသောအကျင့်ကို။ ပဋိပန္နာဝါ၊ ကျင့်ကုန် သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝီတမောဟာဝါ၊ မောဟကင်းကုန် သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ မောဟဝိနယာယ-မောဟဝိနယ ပဋိပဒံ၊ မောဟကင်းသော အကျင့်ကို။ ပဋိပန္နာဝါ၊ ကျင့်ကုန်သည် လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ရဟန္တာ ဖြစ်ကုန်၏ဟူလိုသတည်း။ ဤဒေသနာတော်သည်လည်း အလွန် အမြတ် အားဖြင့် ဟောတော် မူသော ဒေသနာတော်တည်း။ ရဟန္တာတို့အား လှူသော အလှူသည် သာလျှင် ဆဋ္ဌင်္ဂသမန္နာဂတဖြစ်သည်မဟုတ်၊ အနာဂါမ် သကဒါဂါမ် သောတာပန်တို့အား လှူသော အလှူသည်လည်း ဆဋ္ဌင်္ဂသမန္နာဂတ ဖြစ်၏။ အယုတ်သဖြင့် ထိုနေ့ ရှင်ပြုသော ရဟန်းတို့၏ ဘဏ္ဍာကို ကိုင်သော သာမဏေအား လှူသော အလှူသည်လည်း ဆဋ္ဌင်္ဂသမန္နာ ဂတဖြစ်၏။ ထိုစကားသည်မှန်၏။ ထိုသာမဏေသည်လည်း သောတာ ပတ္တိမင် အကျိုးငှါသာလျှင် ရဟန်းပြု၏။ ။[အဌကထာ]။ ။ပဋိဂ္ဂါဟ ကာနံ၊ အလှူခံတို့အား။ ဣမာနိတီဏိအင်္ဂါနိ၊ ဤသုံးပါးကုန်သော အင်္ဂါ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဒါယကဿ၊ အလှူပေး တတ်သောသူအား။ တီဏိ၊ သုံးပါးကုန်သော။ အင်္ဂါနိ၊ အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဋိဂ္ဂါဟကာနံ၊ အလှူခံတို့အား။ တီဏိ၊ သုံးပါး

ကုန်သော။ အင်္ဂါနိ၊ အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝံခေါ၊ ဤသို့လျှင်။ ဆဋ္ဌင်္သမန္နာဂတာ၊ ခြောက်ပါးသော ကျေးဇူးအင်္ဂါတို့နှင့် ပြည့်စုံသော။ ဒက္ခိဏာ၊ အလှူသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤသို့။ ဆဋ္ဌင်္သမန္နာဂတာယ၊ ခြောက်ပါးသော ကျေးဇူးအင်္ဂါတို့နှင့် ပြည့်စုံသော။ ဒက္ခိဏာယ၊ အလှူ၌။ သုခဿ ဟာရော၊ ချမ်းသာကို ဆောင်တတ်သော။ သောဝဂ္ဂိကော၊ ကောင်းစွာ မြတ်ကုန်သော ရွှပါရုံအစရှိသည်တို့ကို ပေးတတ်သော။ သုခဝိပါကော၊ ချမ်းသာသော အကျိုးရှိသော။ သဂ္ဂသံဝတ္တနိကော၊ နတ်ပြည်ပဋိသန္ဓေကို ဖြစ်စေတတ်သော။ ဇွန်းကော၊ ဤမျှသော။ ပုညာဘိသန္ဒေါ၊ ကောင်းမှုတို့၏ အလျဉ်သည်။ ဣဋ္ဌာယ၊ အလိုရှိအပ်သော အကျိုးငှါ။ ကန္တာယ၊ နှစ်သက်ဘွယ်သော အကျိုးငှါ။ မနာပါယ၊ နှလုံးကို ပွါးစေခြင်းငှါ။ ဟိတာယ၊ အစီးအပွါးငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဣဓ၊ ဤသို့။ ပုညဿ၊ ကောင်းမှု၏။ ပမာဏံ၊ ပမာဏကို။ ကာတုံ၊ ပြုခြင်းငှါ။ နသုကရုံ၊ မလွယ်။ အထခေါ၊ စင်စစ်သဖြင့်ကား။ အသင်္ချေယျော၊ မရေတွက်နိုင်သော။ အပ္ပမေယျော၊ မနှိုင်းရသ့် အပ်သော။ မဟာ ပုညက္ခန္ဓောတွေဝ၊ များစွာသော ကောင်းမှုအစုပမာ၍သာလျှင်။ သင်္ခံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ဥပမာကား။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာဇ်၌။ ဇွန်းကာနိ၊ ဤမျှကုန်သော။ ဥဒကာဇ္ဇကာနိ၊ ရေကွမ်းစားတို့သည်။ သန္တိ၊ ရှိကုန်၏။ ဧဝံတိဝါ၊ ဤသို့ လည်းကောင်း။ ဇွန်းကာနိ၊ ဤမျှကုန်သော။ ဥဒကာဇ္ဇကသတာနိ၊ ရေကွမ်းစား တရာတို့သည်။ သန္တိ၊ ရှိကုန်၏။ ဧဝံတိဝါ၊ ဤသို့ လည်းကောင်း။ ဇွန်းကာနိ၊ ဤမျှကုန်သော။ ဥဒကာဇ္ဇကသဟဿာနိ၊ ရေကွမ်းစား တထောင်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဧဝံတိဝါ၊ ဤသို့လည်း ကောင်း။ ဒွန်းကာနိ၊ ဤမျှကုန်သော။ ဥဒကာဇ္ဇကသတသဟဿာနိ၊ ရေကွမ်းစား တသိန်းတို့သည်။ သန္တိ၊ ရှိကုန်၏။ ဧဝံတိဝါ၊ ဤသို့ လည်းကောင်း။ ဥဒကဿ၊ ရေ၏။ ပမာဏံ၊ ပမာဏကို။ ဂဏေတုံ၊ ယူအံ့သောငှါ။ နသုကရုံ၊ မလွယ်။ အထခေါ၊ စင်စစ် သဖြင့်ကား။ အသင်္ချေယျော၊ မရေ တွက်နိုင်သော။ အပ္ပမေယျော၊ မနှိုင်းရသ့် အပ်သော။ မဟာဥဒကက္ခန္ဓောတွေဝ၊ များစွားသော ရေအစု ဟူ၍ သာလျှင်။ သင်္ခံ၊ ရေတွက်ခြင်းသို့၊ ဂစ္ဆတိ၊ ရောက်၏။ ဘိက္ခဝေ၊တို့။

ဇေမေဝခေါ၊ ဤအတူလျှင်။ ဇေံ၊ဤသို့ဆိုအပ်ပြီးသော ကျေးဇူးအင်္ဂါ အားဖြင့်။ ဆဋ္ဌင်္ဂသမန္နာဂတာယ၊ ခြောက်ပါးသော ကျေးဇူးအင်္ဂါနှင့် ပြည့်စုံသော။ ဒက္ခိဏာယ၊ အလှူ၌။ သုခဿာဟာရော၊ ချမ်းသာကို ဆောင်တတ်သော။ သောဝဂ္ဂိကော၊ ကောင်းစွာမြတ်ကုန်သော ရူပါရုံ အစရှိသည်တို့ကို ပေးတတ်သော။ သုခဝိပါကော၊ ချမ်းသာသော အကျိုးရှိသော။ သဂ္ဂသံဝတ္တနိကော၊ နတ်ပြည် ပဋိသန္ဓေကို ဖြစ်စေ တတ်သော။ ဇွေကော၊ ဤမျှသော။ ပုညာဘိသန္ဒော၊ ကောင်းမှု တို့၏ အလျင်သည်။ ဣဋ္ဌာယ၊ အလိုရှိအပ်သော အကျိုးငှါ။ ကန္တာယ၊ နှစ်သက်ဘွယ်သော အကျိုးငှါ။ မနာပါယ၊ နှလုံးကို ပွါးစေခြင်းငှါ။ ဟိတာယ၊ အစီးအပွါးငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ဤသို့။ ပုညဿ၊ ကောင်းမှု၏။ ပမာဏံ၊ ပမာဏကို။ ကာတုံ၊ပြုခြင်းငှါ။ နသုကရံ။မလွယ်။ အထခေါ၊ စင်စစ် သဖြင့်ကား။ အသင်္ချေယျော၊ မရေတွက် နိုင်သော။ အပ္ပမေယျော၊ မနှိုင်းရှည့် အပ်သော။ ပုညက္ခန္ဓောတွေဝ၊ များစွာသော ကောင်းမှု အစုဟူ၍ သာလျှင်။ သင်္ချံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ဣတိဣဒံဝစနံ၊ ဤစကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောတော်မူ၏။ သုဂတော၊ကောင်းသော စကားကို ဆိုတော်မူတတ်သောမြတ်စွာဘုရား သည်။ ဣဒံဝစနံ၊ ဤစကားကို။ ဝတ္တာန၊ ဟောတော်မူပြီး၍။ သတ္ထာ၊ နတ်နှင့်တကွသော လူတို့ကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရား သည်။ အထာပရံ၊ ထိုမှတပါးသော။ ဇေတံဝစနံ၊ ပုဗ္ဗေဝဒါနာ အစ ရှိသော ဤစကားကို။ အဝေါစ၊ ဟောဘော်မူ၏။ ။ဒါနာ၊ မုဉ္စစေတနာ တည်းဟူသော လှူဆဲမှ။ ပုဗ္ဗေဝ၊ ရှေးမဆွဋ္ဌလျှင်။ သုမနော၊ စည်းစိမ် တို့၏ အကြောင်းဖြစ်သော အစဉ် လိုက်သော ရွှေအိုးကို မြှုပ်အံ့ဟု ဝမ်းမြောက် ဝမ်းသာရှိရာ၏။ဒဒံ၊လှူဘွယ်ဝတ္ထုကို အလှူခံတို့၏လက်၌ ထားစဉ်။ စိတ္တံ၊စိတ်ကို။ ပသာဒယေ၊အနှစ်မရှိသောဥစ္စာမှအနှစ်ရှိသော ဥစ္စာကို ငါပြု၏ဟု ကြည်လင်စေရာ၏။ ဒတ္တာ၊ လှူပြီး၍။ အတ္တမနော၊ ပညာရှိတို့သည် ပညတ်အပ်သော ကုသိုလ်ကို ငါဖြစ်စေအပ်ပြီးသည် ကားအံ့ဘွယ်ရှိစွ အလွန်ကောင်းစွဟု ဝမ်းမြောက် ဝမ်းသာ ရှိသည်။ ဟောတိ၊၏။ ဇေသာ၊ ဤသည်ကား၊ ယညဿ၊ အလှူ၏။ သမ္ပဒါ၊ ပြည့်စုံ ခြင်းတည်း။ ။ဝီတရာဂေါ၊ရာဂကင်းသော။ဝီသဒေါသော၊ ဒေါသကင်း

သော။ ဝိတမောဟော၊ မောဟကင်းသော။ အနာသဝေါ၊ အာသဝေါမရှိ သော အလှူခံသည်။ ယညဿ၊ အလှူ၏။ သမ္ဗဒံခေတ္တံ၊ ပြည့်စုံသော လယ်ဖြစ်၏။ သညတာ၊ ကိုယ်နှုတ်နှလုံးကို စောင့်ကုန်သော။ ဗြဟ္မစာရ ယော၊ မြတ်သော အကျင့်ရှိကုန်သော အလှူခံတို့အား။ သယံ၊ မိမိကိုယ် တိုင်။ အာစမယိတ္ဂာန၊ လက်ခြေဆေး၍ ခံတွင်းကို ဆေးစေ၍။ သကေ ဟိပါဏီဘိ၊ မိမိလက်တို့ဖြင့်။ ဒတ္ဝာ၊ လှူခြင်းကြောင့်။ ဧသောယညော၊ ဤအလှူသည်။ အတ္တနောစ၊ အလှူပေးတတ်သော သူဟူသော မိမိ ကြောင့်လည်းကောင်း။ ပရတောစ၊ အလှူခံ ပုဂ္ဂိုလ်ဟူသော သူတပါး ကြောင့်လည်းကောင်း။ မဟပ္ဖလော၊ အကျိုးကြီးသည်။ ဟောတိ၊ ၏။ မေဓာဝီ၊ ပညာရှိသော။ သဒ္ဓေါ၊ သဒ္ဓါတရားနှင့် ပြည့်စုံသောသူသည်။ မုတ္တေန၊ လောဘမစ္ဆရိယတို့မှ လွတ်သော။ စေတသာ၊ စိတ်ဖြင့်။ ဧဝံ၊ ဤသို့ ဆိုအပ်ပြီးသော ကျေးဇူးအင်္ဂါနှင့်ပြည့်စုံသဖြင့်။ ယဇိတ္ဝာ၊ လှူ ဒါန်း၍။ ပဏ္ဍိတော၊ ပညာရှိသည်။ အဗျာပဇ္ဇံ၊ ဆင်းရဲ မရှိသော။ သုခံ၊ များမြတ်သော ချမ်းသာရှိသော။ လောကံ၊ နတ်ပြည်သို့။ ဥပပဇ္ဇတိ၊ ရောက်၏။

ဤအရာ၌သုံးပါးကုန်သော စေတနာတို့သည်လည်းပဋိသန္ဓေကိုပေး တတ်ကုန်သလောဟု စောဒကဆရာသည်မေး၏။ သုံးပါးကုန်သော စေ တနာတို့သည်လည်းပဋိသန္ဓေကို ပေးတတ်သည်သာလျှင်ဟုတ်ကုန်၏။ အပုတ္တကသေဌေး၏ စေတနာတို့သည် ဤအရာ၌ သက်သေဖြစ်ကုန်၏။ ထို အပုတ္တက သေဌေးသည် လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သေဌေးဖြစ်၍ တနေ့သ၌ နံနက်စောစောကထ၍ ထမင်းစား၍ တဂ္ဂရ သိခီပစ္စေကဗုဒ္ဓါကိုမြင်၍ ထိုပစ္စေကဗုဒ္ဓါအား ဆွမ်းကို လှူစေ၍ ဖဲသ တတ်။ ထို သေဌေးသည် ထိုကံဖြင့် တဆဲ့လေးကြိမ် သုဂတိ၌သာလျှင် ဖြစ်၏။ ထိုကြောင့် မြတ်စွာဘုရားသည် ကောသလမင်းအား-

ယံခေါ သော မဟာရာဇ သေဋ္ဌိ ဂဟပတိ တဂ္ဂရသိခိပစ္စေ ကဗုဒ္ဓံ ပိဏ္ဍပါတေန ပဋိပါတေသိ။ တဿကမ္မဿ ဝိပါကေန သတ္တက္ခတ္တုံ သုဂတိံ သဂ္ဂံ ဥပပဇ္ဇိ။ တဿေဝ ဝိပါကာ ဝ သေသေန ဣဓိဿာယေဝ သာဝတ္ထိယာ သတ္တက္ခတ္တုံသေဋ္ဌိတ္တံ ကာရယိ။

ဟူ၍ ဟောတော်မူ၏။

ဇုန္ဆာသယ ၁၅၅-၄၆

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဂဟပတိ၊ အိမ်ရှင်ဖြစ်သော။ သေဋ္ဌိ၊ သေဋ္ဌေးသည်။ တဂ္ဂရသိခိပစ္စေကဗုဒ္ဓံ၊ တဂ္ဂရသိခိပစ္စေကဗုဒ္ဓါကို။ ယံခေါယေနကမ္မေန၊အကြင်ကံဖြင့်။ ပိဏ္ဍပါတေနပိဏ္ဍပါတံ၊ဆွမ်းကို။ ပဋိပါတေသိ၊ လှူဘူး၏။ တဿကမ္မဿ၊ ထိုကံ၏။ ဝိပါကေန၊ ဝိပါက်ဖြင့်။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ သုဂတိံ၊ ကောင်းမှုကိုပြုကုန်သောသူတို့၏ လားရာဖြစ်သော။ သဂ္ဂံ၊ နတ်ပြည်၌။ ဥပပဇ္ဇိ၊ ဖြစ်၏။ တဿေဝကမ္မဿ၊ ထိုကံ၏သာလျှင်။ ဝိပါကာဝသေသေန၊ ဝိပါက်ကြွင်းအားဖြင့်။ ဧုမိဿာယေဝ သာဝတ္ထိယာ၊ ဤသာဝတ္ထိပြည်၌သာလျှင်။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ သေဋ္ဌိတ္တံ၊ သေဋ္ဌေး၏ အဖြစ်ကို။ ကာရယိ၊ ပြု၏။ ။ခုနစ်ကြိမ် နတ်ပြည်သုဂတိ၌ ဖြစ်၏ဟူရာ၌ ရှေစေတနာ နောက်စေတနာတို့၏ အစွမ်းအားဖြင့် အနက်ကိုသိအပ်၏။ ထိုစကားသည်မှန်၏။ တကြိမ်သော ဆွမ်းအလှူ၌ တခုသောစေတနာသည် နှစ်ပါးကုန်သော ပဋိသန္ဓေတို့ကိုမပေး၊ ရှေစေတနာ နောက်စေတနာတို့ဖြင့်ကား ဤသေဋ္ဌေးသည် ခုနစ်ကြိမ် သေဋ္ဌေးမျိုး၌ ဖြစ်၏။ (ထိုပါဋိတော်၏ အဋ္ဌကထာ)။ဤရဟန်းအား ဆွမ်းကိုလှူလော့ဟုစေ၏။ ထိုကြောင့် တကြိမ်သာလျှင်ဖြစ်သော ဇောဝိထိ၏ အစွမ်းအားဖြင့် အမှု၏ပြီးခြင်းသည် အကယ်၍ရှိ၏။ ထိုသို့ရှိသော်လည်း ထိုစေခိုင်းခြင်း၌ အစမှဖြစ်သော ဇော၏ ဝါရသည်လည်း ရှိ၏။ နောက်၌ ဖြစ်သော ဇော၏ဝါရသည်လည်းရှိ၏။ ထိုသုံးပါးသောဇော၏ ဝါရကိုရည်၍ ရှေစေတနာတို့ကို အဋ္ဌကထာဆရာဆို၏။ (ထိုအဋ္ဌကထာ၏ဋီကာ)။ ထိုကြောင့် သုံးပါးကုန်သော စေတနာတို့ကိုလည်း ပြည့်စုံစွာပြုအပ်ကုန်၏။ ဤသို့ ပြုသောသူ၏ဒါနသည် အကျိုးကြီး၏။ ထိုကြောင့် မယ္ဟသကုဏဇာတ် အဋ္ဌကထာ၌—

ဒါနဉိနာမ တိဿော စေတနာ ပရိပုဏ္ဏာ ကာတုံ သက္ကောန္တသေဝ မဟပ္ဖလံ ဟောတိ။

ဟူ၍ ဆိုအပ်၏။

ဟိသစ္စံ၊ မှန်၏။ ဒါနံနာမ၊ ဒါနမည်သည်ကား။ တိဿောစေတနာ၊ သုံးပါကုန်သော စေတနာတို့ကို။ပရိပုဏ္ဏာ၊ ပြည့်စုံသည်တို့ကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တသေဝ၊ တတ်နိုင်သော သူအားသာလျှင်။ မဟပ္ဖလံ၊ အကျိုးကြီးသည်။ ဟောတိ၊၏။ ။တနည်းကား—ထိုဒါန၏

အကျိုးကြီးသည်၏အဖြစ်ကို ဝေလာမသုတ် ဒက္ခိဏာဝိဘင်္ဂသုတ် တို့၏ အစွမ်းအားဖြင့်လည်း သိအပ်၏။နဝအင်္ဂိုတ္တိုရ် ဝေလာမသုတ်၌ အလှူခံ ပုဂ္ဂိုလ်တို့၏ အပြားအားဖြင့် တဆဲ့လေးပါး အပြားရှိသော ဒါနကို ဟောတော်မူ၏။ ဝေလာမပုဏ္ဏားသည် လောကီဖြစ်သော လူမျှားအား ခုနစ်ခုနစ် ခုနစ်လတို့ပတ်လုံး မနှိုင်းရသည့်အပ်သော ခဲဘွယ်ဘောဇဉ် အစရှိသောအားဖြင့် ပြားသော အာဟာရကိုလှူ၍ အဆုံးဖြစ်သောနှုန်း ရှစ်သောင်းလေးထောင် အရေအတွက်ရှိကုန်သော ငွေဖြင့်ပြည့်သော ရွှေခွက် ရွှေဖြင့်ပြည့်သော ငွေခွက် လုပ်ဆောင်ပြီးသော် ရွှေဖြင့်ပြည့်သော ကြေးခွက်တို့ကိုလည်းကောင်း ခပ်သိမ်းကုန်သော တန်းဆာတို့ဖြင့် တန်းဆာဆင်အပ်ကုန်သော ရှစ်သောင်း လေးထောင် အရေအတွက် ရှိကုန်သေးဆင်ရထား သို့မဟုတ်လျှင်တို့ကိုလည်းကောင်း ရှစ်သောင်း လေးထောင် အရေအတွက် ရှိကုန်သော နွားမတို့ကိုလည်းကောင်း အဝတ်ကုဋေတို့ကိုလည်းကောင်း လှူ၏။ ထိုအလှူသည် မဟာဒါနမည်၏။ထို မဟာဒါနထက် တပါးသော သောတာပန် အား ဆွမ်းလှူဒါန်းခြင်းသည် အကျိုးကြီး၏။ တရားသော သောတာပန်တို့အား ဆွမ်းလှူဒါန်းခြင်းထက် တပါးသော သကဒါဂါမ်အား ဆွမ်းလှူဒါန်းခြင်းသည် အကျိုးကြီး၏။တရားသော သကဒါဂါမ်တို့အား ဆွမ်းလှူဒါန်းခြင်းထက် တပါးသော အနာဂါမ်အား ဆွမ်းလှူဒါန်းခြင်း သည် အကျိုး ကြီး၏။ တရားသော အနာဂါမ်တို့အား ဆွမ်း လှူဒါန်း ခြင်းထက် တပါးသော ရဟန္တာအား ဆွမ် လှူဒါန်း ခြင်းသည် အကျိုးကြီး၏။ တရားသော ရဟန္တာ တို့အား ဆွမ်းလှူ ဒါန်းခြင်းထက် တဆူသော ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူဒါန်းခြင်းသည် အကျိုးကြီး၏။ တရားသော ပစ္စေကဗုဒ္ဓါဘို့အား ဆွမ် လှူဒါန်းခြင်း ထက် သဗ္ဗညုဖြတ်စွာဘုရားအား ဆွမ်းလှူဒါန်းခြင်းသည် အကျိုးကြီး ၏။ ထိုထက် ဘုရားအမှုးရှိသော သံဃာအား ဆွမ်းလှူဒါန်းခြင်းသည် အကျိုးကြီး၏။ ထိုထက် စတုဒ္ဒိသ သံဃာအား ကျောင်းကိုလှူဒါန်း ခြင်းသည်အကျိုးကြီး၏။ (ဝေလာမသုတ်) ။ဥပရိပဏ္ဏာသစတုက္ကဝဂ် ဒက္ခိဏာဝိဘင်္ဂသုတ်၌ကား နှစ်ဆဲ့တပါး အပြားရှိသော ဒါနကို ဟောတော်မူ၏။ ထိုသုတ်၌ လက္ခဏာ၏ပြည့်စုံခြင်းအစရှိသော ဂုဏ်၏ အစွမ်းအားဖြင့် လည်းကောင်း နိုရည်ကိုရခြင်း စောင့်ရှောက်ခြင်း

အစရှိသော ကျေးဇူး၏အစွမ်းအားဖြင့် လည်းကောင်း မွေးအံ့သောဌါ
တိရစ္ဆာန်အား အကြင်ပေးခြင်းသည် ဖြစ်၏။ ထိုပေးခြင်းကို အလှူဒါန
ဟူ၍ မယူအပ်။ အဘယ်ကြောင့် မယူအပ်သနည်း ဟူမူကား- ဒါန၏
လက္ခဏာနှင့် မယှဉ်သောကြောင့် မယူအပ်သတည်း။ ချီးမြှောက်ခြင်း
ပူဇော်ခြင်းကို အလိုရှိသည်၏ အစွမ်းအားဖြင့် မိမိ၏လှူအပ်သော ဝတ္ထု
ကို စွန့်ခြင်းသည် ဒါနမည်၏။ ကြောက်ခြင်း တပ်စွန်းခြင်း တံဖိုးပေလို
ခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့် မိမိ၏ဝတ္ထုကို စွန့်ခြင်းသည်
ဒါနမမည်။ အဘယ်ကြောင့် နည်းဟူမူကား- အပြစ်ရှိသည်၏ အဖြစ်
ကြောင့်တည်း။ တလွဲမျှ တလွဲ၏ ထက်ဝက်မျှကို အကြင်ပေးခြင်း
သည်လည်းရှိ၏၊ ထိုပေးခြင်းကိုလည်း ဒါနဟူ၍ မယူအပ်။ အဘယ့်
ကြောင့် နည်းဟူမူကား- အလိုရှိတိုင်း မဟုတ်သည်၏ အဖြစ်ကြောင့်
လည်းကောင်း။ မပြည့်စုံသည်၏ အဖြစ်ကြောင့် အကြင်အလိုရှိအပ်
သောအကျိုးကို ပေးခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်လည်း
ကောင်း၊ ခွေး ဝက် ကြွက် အစရှိသည်တို့တွင် အမှတ်မရှိရောက်လာ
သောတိရစ္ဆာန်အား ဤဒါနမယဖြစ်သော ကောင်းမှုသည် နောင်အခါ
ချမ်းသာစီးပွါး ဟူသော အကျိုးငှါ ဖြစ်၏။ ဤသို့ အစရှိသည်ဖြင့်
အကျိုးကိုအလိုရှိ၍ အကြင်အလှူကိုကား လှူအပ်၏။ ထိုအလှူကိုကား
တိရစ္ဆာန်၌ အလှူဟူ၍ ယူအပ်၏။ ထိုတိရစ္ဆာန်၌ အလှူသည်ဘဝ
တရာ၌အသက်ကိုပေး၏။အဆင်းကိုပေး၏။ ချမ်းသာကိုပေး၏။ခွန်အား
ကိုပေး၏။ ပညာပဋိဘာန်ကို ပေး၏။ ဤငါးပါးကုန်သော အာနိသင်
တို့၏ တရာကိုပေးတတ်သည်၏ အဖြစ်ကြောင့် သတဂုဏအကျိုး
တရာရှိသည်မည်၏။ အဃက်၌လည်း ဤအတူမှတ်အပ်၏၊ မှုဆိုးတံငါ
အစရှိသော သတ္တဝါကို နှိပ်စက်သွဉ်းဆဲသဖြင့် အသက်မွေးခြင်းကို
ပြုတတ်သော သူသည်ကား ပုထုဇ္ဉဒုဿီလ မည်၏။ ထို ပုထုဇ္ဉဒု
ဿီလအားပေးသောအလှူသည် အကျိုးတထောင်ရှိ၏။သီလအားဖြင့်
လျော်သော သဘောရှိသော မစဉ်းလဲသော မာယာမရှိသောသူတပါး
ကိုမနှိပ်စက်မှု၍ တရားနှင့်ညီသဖြင့် လယ်လုပ်သဖြင့် လည်းကောင်း
ကုန်သွယ်သဖြင့် လည်းကောင်း အသက်မွေးခြင်းကို ပြုသောသူသည်
ကား သီလရှိသော ပုထုဇ္ဉဉ်မည်၏။ ထိုသီလရှိသော ပုထုဇ္ဉဉ်အား
ပေးသော အလှူသည် အကျိုးတသိန်း ရှိ၏။ ကံကို ယူလေ့ရှိသော

လောကီအဘိညာဏ်ငါးပါးနှင့် ပြည့်စုံသောရသေ့သည် ကားသာသနာတော်မှ အပဖြစ်သောကာမတို့၌ ကင်းသော ရာဂရှိသောသူ မည်၏။ ထိုသို့သဘောရှိသော ရသေ့အား ပေးသောအလှူသည် အကျိုးကုဋ္ဌေတသိန်းရှိ၏။ ။သောတာပတ္တိဖိုလ် ဟူသော အကျိုးဌါကျင့်သောသူ, သောတာပန် ဖြစ်သောသူ, သကဒါဂါမိဖိုလ် ဟူသော အကျိုးဌါကျင့်သောသူ, သကဒါဂါမ် ဖြစ်သောသူ, အနာဂါမိဖိုလ် ဟူသော အကျိုးဌါ ကျင့်သောသူ, အနာဂါမ် ဖြစ်သောသူ, အရဟတ္တဖိုလ် ဟူသောအကျိုးဌါ ကျင့်သောသူ ရဟန္တာ ပစ္စေကဗုဒ္ဓါ ဘုရားသဗ္ဗညူ ဤတကျိပ်ကုန်သော အလှူခံတို့အား ပေးအပ်သောအလှူသည် အကျိုးအားဖြင့် မရေတွက်နိုင်သည် ဖြစ်၏။ ထိုမရေတွက်နိုင်သော အကျိုးရှိသောအလှူတို့၏ အဘူးကို အသို့သိအပ်သနည်း ဟူမူကား- မြစ်ကြီးတို့၌လည်းကောင်း၊ မဟာသမုဒ္ဒရာတို့၌ လည်းကောင်း၊ ရေ၏မရေတွက်နိုင်သော အဖြစ်ကိုကဲ့သို့ သောတာပန်အစရှိသည်တို့၌ ပေးအပ်သောအလှူ၏ လွန်သည် အဘူးသဖြင့် လွန်သည်၏ အစွမ်းအားဖြင့် အကျိုးအားဖြင့် မရေမတွက်နိုင်သည်၏ အဖြစ်ကိုသိအပ်၏။ မြေ၏ကောက်နယ်တလင်း ခန့်ရှိသော အရပ်၌မြေမှုန့်ကို အစပြု၍ အလုံးစုံသောမြေအရပ်၌ မြေမှုန့်၏ မရေမတွက်နိုင်သည်၏ အဖြစ်ဖြင့်လည်း ဤအနက်ကို သိအပ်၏။ ထိုစကားသည် မှန်၏။ ထိုအလှူတို့၏ မရေမတွက်နိုင်သော အကျိုးရှိသော အဖြစ်ဖြင့် တူသည်၏ အဖြစ်သည် ရှိငြားသော်လည်း နည်းသည်၏ အဖြစ်သည် ရှိသလျှင် ကတည်း။ ဥပမာ အဘယ်ကဲ့သို့ နည်းဟူမူကား- သံဝဋ္ဌကပ် အစရှိသည်၏ အသရေ်ယျ အဖြစ်နှင့် မဟာကပ်၏ အသရေ်ယျအဖြစ်ကဲ့သို့ တည်း။ ထို အလှူခံတို့၌ သရဏဂုံ သုံးပါးနှင့် တကွ ပဉ္စသီ၌ တည်သောသူ ဒသသီ၌ တည်သောသူ ဥပုသ် ဆောက်တည်သောသူ ထိုနေ့ရှင်ပြုစဖြစ်သောသာဓေ ပဉ္စင်းဖြစ်ကာမျှဖြစ်သော ရဟန်းဝတ်နှင့်ပြည့်စုံသောရဟန်း ဝိပဿနာကို အားထုတ်သော ရဟန်း သောတာပတ္တိမဂ္ဂဌာန် ဤရှစ်ယောက်ကုန်သောသူတို့သည် သောတာပတ္တိဖိုတ်အကျိုးဌါကျင့်သောသူမည်ကုန်၏။ ။သရဏဂုံသိလဆောက်တည်ခြင်းအစရှိသောအကျင့်သည် သာသနာသို့ သက်ဝင်သည်လည်း ဖြစ်၏။ ဝဋ်ဆင်းရဲမှထုတ်ခြင်းအကျိုး သည်လည်းဖြစ်၏။ မင်္ဂကိုသိခြင်းအကျိုး

သည်လည်းဖြစ်၏။ ထိုကြောင့်ဝဏ္ဏဆင်းရဲခြင်း ငြီးငွေ့ခြင်းအာဘို့ရှိသော သရဏဖာဂုံ ငါးပါးသောသိလ ဆယ်ပါးသောသိလ ဥပုသ်သိလကို ဆောက်တည်ခြင်း သာမဏေပြုခြင်း ပဉ္စင်းခံခြင်း သိလကိုဖြည့်ခြင်း အဓိဒိတ္တ သိက္ခာကိုအားထုတ်ခြင်းဟူသော ဝိပဿနာစီးဖြန်းခြင်း ဤအလုံးစုံသောအကျင့်သည် သောတာပတ္တိဖိုလ် အကျိုးငှါအားထုတ်အပ်သော အကျင့်သည်လျှင်ဖြစ်၏။ ဝဏ္ဏဆင်းရဲခြင်း ငြီးငွေ့ခြင်း အာဘို့ရှိသော သမာဓိကိုပွါးစေခြင်းသည်တမလွန်၌ အရိယမဂ်ကိုရခြင်း၏အကြောင်းဖြစ်သောကြောင့် အရိယမဂ်ကိုရခြင်း၏ ဥပနိဿယဖြစ်သကဲ့သို့ ထိုအတူ ဝဏ္ဏဆင်းရဲခြင်းငြီးငွေ့ခြင်း အာဘို့ရှိသော သိလကိုဖြည့်ခြင်း ပဉ္စင်းခံခြင်း သာမဏေပြုခြင်း သိတင်းသည်၏ ဆယ်ပါးသောသိလ ငါးပါးသောသိလတို့ခံကြခြင်း အယုတ်သဖြင့် ဝဏ္ဏဆင်းရဲခြင်းအာဘို့ရှိသော သရဏဖာဂုံဆောက်တည်ခြင်းသည်လည်း အရိယမဂ်ကိုရခြင်း၏ ဥပနိဿယ ဖြစ်သည်သာ လျှင်ကတည်း။ ထိုကြောင့်အလုံးစုံသော ထိုအကျင့်ကိုလည်း သောတာပတ္တိဖိုလ်အကျိုးငှါ အားထုတ်အပ်သော အကျင့်ဟူ၍ ထိုအတူ ဝဏ္ဏဆင်းရဲခြင်း ငြီးငွေ့ခြင်း အာဘို့ရှိသော သိလကိုဖြည့်ခြင်း ပဉ္စင်းခံခြင်း သာမဏေပြုခြင်း သိတင်းသည်၏ ဆယ်ပါးသောသိလ ငါးပါးသောသိလတို့ခံကြခြင်း အယုတ်သဖြင့် ဝဏ္ဏဆင်းရဲခြင်း ငြီးငွေ့ခြင်းအာဘို့ရှိသော သရဏဖာဂုံဆောက်တည်ခြင်းသည်လည်း အရိယမဂ်ကိုရခြင်း၏ ဥပနိဿယ ဖြစ်သည်သာ လျှင်ကတည်း။ ထိုကြောင့်အလုံးစုံသော ထိုအကျင့်ကိုလည်း သောတာပတ္တိဖိုလ်အကျိုးငှါ အားထုတ်အပ်သော အကျင့်ဟူ၍ ထိုအလှူခံတို့တွင် သရဏဖာဂုံသုံးပါးတည်သော သူအား ပေးအပ်သောအလှူသည်လည်း အကျိုးအားဖြင့်မရေတွက်နိုင်သည်ဖြစ်၏။ အဘယ့်ကြောင့်နည်းဟူမူကား- ဘုရား တရားအရိယာသံဃာ၌ အလွန်မြတ်သော အားဖြင့်မျှားစွာသော မြတ်နိုးခြင်းရှိသေခြင်းသည် ထောက်ပင့်အပ်သည်ဖြစ်၏ အဖြစ်ကြောင့်တည်း။ အကြင်ကြောင့်မြတ်စွာဘုရားသည် မဘောက်မပြုန် ကိုယ်တော်တိုင်သာလျှင် ခပ်သိမ်းသောဘုရားတို့ကိုသိတော်မူ၏။ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောတော်မူ၏။ သံဃာတော်သည်ကောင်းသောအကျင့်ရှိ၏ဟူ၍ ထိုရတနာသုံးပါးလျှင် လည်းကျေးဇူးရှိသည်၏အဖြစ်၊ ထိုရတနာသုံးပါးသို့ ညွတ်သည်၏ အဖြစ်ဟူသော အခြင်းအရာ အားဖြင့်ဖြစ်သော ဉာဏ်ဖြင့် သုတ်သင့်အပ်သော ကြည်ညိုခြင်းသည် သရဏဖာဂုံမည်၏။ ထိုကြောင့် ထိုရတနာသုံးပါးဟူသော အာရုံဖြင့်လည်းကောင်း၊ ထိုရတနာသုံးပါးကို ကြည်ညိုခြင်းဖြင့်လည်းကောင်း၊ ပွါးသောသန္တာန်ရှိသောသူ၌ ပြုအပ်သော ကောင်းမှုသည် ခေတ်၏ပြည့်စုံခြင်းကြောင့် အကျိုးကြီး၏။ ထိုထက် ပဉ္စသီတည်သောသူအား ပေးအပ်သော အလှူသည် အကျိုးကြီးမြတ်၏။ အကြင်

ကြောင့် သရဏာဂုံသည် ရတနာသုံးပါးဌ ကြည်ညိုသည်၏အဖြစ်ဖြင့် မြတ်သော်အလို၏ ပြည့်စုံခြင်းမည်၏။ ထိုကြောင့် ထို့သရဏာဂုံနှင့်ပြည့်စုံသောသူ၏ ထိုပဋိသိလည်း မြတ်သောအလို၏ ပြည့်စုံခြင်းသည် ထောက်ပင့်အပ်သော ကိုယ်ကိုစောင့်ရှောက်ခြင်းသည် ဖြစ်၏။ ထို့ကြောင့်ပဋိသိတည်သောသူဌ ပေးအပ်သော အလှူသည် အကျိုးကြီးမြတ်၏။ ထိုထက်ဒသသိတည်းသူအား ပေးအပ်သောအလှူသည် အကျိုးကြီးမြတ်၏။ အကြင်ကြောင့် ဒသသိသည် ပြည့်စုံစွာသော သိတင်းသည်၏ သိလဖြစ်၏။ ထိုကြောင့် ဒသသိတည်သောသူဌ ပေးအပ်သောအလှူသည် အကျိုးကြီးမြတ်၏။ ထိုထက်သာမဏေအား ပေးအပ်သော အလှူသည် အကျိုးကြီးမြတ်၏။ ထိုထက်ပဋိဉ်းမျှဖြစ်သော ရဟန်းအား ပေးအပ်သောအလှူသည်အကျိုးကြီးမြတ်၏။ထိုထက် ဝတ်နှင့်ပြည့်စုံသောရဟန်းအား ပေးလှူအပ်သောအလှူသည် အကျိုးကြီးမြတ်၏။ ထိုထက် ဝိပဿနာကို အားထုတ်သော ရဟန်းအား ပေးအပ်သောအလှူသည် အကျိုးကြီးမြတ်၏။ ထိုစကားမှန်၏။ သာမဏေ၏သိလ အစရှိသည်တို့တွင် အထက်အထက် ဖြစ်သောသိလဌ ထူးမြတ်သည်၏အဖြစ် အစရှိသောကျေးဇူးရှိသည်၏ အဖြစ်ကြောင့် ထိုထိုအထက်အထက် အလှူခံဌ ပေးအပ်သောအလှူ၏ အထူးဝိသေသနှင့်တကွအကျိုးကြီးသည်၏ အဖြစ်သည်ဖြစ်၏။ မဂ်နှင့်ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့၏ကား ထိုသို့ အပိုင်းအခြားအားဖြင့် ကိလေသာတရားတို့ကို ပယ်ဆဲဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဝေါဒါနတရားတို့၏ ပွါးဆဲဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မပြီးသေးသောကိစ္စရှိသည်၏ အဖြစ်သည်ဖြစ်၏။ ဖိုလ်နှင့်ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့၏ ပြည့်စုံသော ကျေးဇူး ရှိသည်၏ အဖြစ်သည် ဖြစ်၏။ ထိုကြောင့်ထိုထိုမဂ္ဂဋ္ဌာန်တို့ထက် ဖလဋ္ဌာန်တို့၏ ခေတ်လွန်မြတ်သည်၏အဖြစ်ကို သိအပ်၏။ အောက်အောက် ဖြစ်ကုန်သော မဂ္ဂဋ္ဌာန်တို့ထက် အထက် အထက် ဖြစ်ကုန်သော မဂ္ဂဋ္ဌာန်တို့၏လည်းကောင်း အောက်အောက်ဖြစ်ကုန်သော ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့ထက် အထက် အထက် ဖြစ်ကုန်သောဖလဋ္ဌာန်တို့၏ လည်းကောင်း၊ လွန်မြက်သည်၏ အဖြစ်သည်ဆင်ရှာသလျှင်ကတည်း။ ထိုကြောင့်လျှင် အဆက်အဆက် ဖြစ်ကုန်သောပုဂ္ဂိုလ်တို့အား ပေးအပ်သော အလှူ၏အကျိုးကြီးမြတ်

သည်၏အဖြစ်ကိုဟောတော်မူအပ်၏။မင်္ဂစိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ အဖြစ်မည်သည်ကား မင်္ဂစိတ်တို့၏ခဏဖြင့် ဝိုင်းခြားအပ်သော် ပုဂ္ဂိုလ်၏အဖြစ်ဘည်း။ ထိုခဏာ၌ အလ္လကို လှူခြင်းငှါ လည်းကောင်း၊ ခံခြင်းငှါ လည်းကောင်း၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား–ဝိပဿနာကို အားထုတ်သောရဟန်းသည် အိမ်တံခါး၌ ရပ်သည် လည်းကောင်း၊ ကျောင်းနေရာ ဇရပ်တို့၌ နေသည်လည်းကောင်း ဖြစ်၏။ ဒါယကာသည် ထိုရဟန်း၏ သဝိတ်ကို ယူ၍ ခဲဘွယ် ဘောဇဉ်တို့ကို ထည့်၏။ ထိုသို့ ထည့်သောခဏာ၌ ရဟန်းအား မင်္ဂစိတ်သည် ဖြစ်၏။ ဤအလ္လသည် မင်္ဂနှင့်ပြည့်စုံသောသူအား ပေးအပ်သော အလ္လမည်၏။ ဤတဆဲ့ငါးပါး အပြားရှိသော အလ္လသည် အသိုးဖြစ်သော ပုဂ္ဂိုလ်အား ပေးအပ်သော အလ္လမည်၏။ ဘုရားအမှူးရှိသော ဥဘတောသံဃာ, ရဟန်းမိန်းမ သံဃာ, ဥဘတောသံဃာမှည့်၍ ယူအပ်သော အလ္လခံ, ရဟန်းယောကျ်ားသံဃာမှည့်၍ ယူအပ်သော အလ္လခံ, ရဟန်းမိန်းမ သံဃာမှည့်၍ ယူအပ်သော အလ္လခံ, ဤခုနစ်ဌာနဖြစ်ကုန်သော အလ္လခံ တို့အား ပေးအပ်သော အလ္လသည် သံဃာ၌တည်သော အလ္လမည်၏။ ထို့အလုံးစုံသော သံဃာ၌ တည်သော အလ္လသည်လည်း အကျိုးအားဖြင့် မရေတွက်နိုင်သည်လျှင် ဖြစ်၏။ ထိုကြောင့် ဒက္ခိဏာ ဝိဘင်္ဂသုတ် အဋ္ဌကထာ၌ ဤသို့ ဆိုအပ်၏။

ဤသို့ မြတ်စွာဘုရားသည် ဘုရားအမှူးရှိသော သံဃာ၌ လှူအပ်သော အလ္လကိုလည်း အကျိုးအာနိသင် အရေအတွက်အားဖြင့် မရေတွက်နိုင်ဟူ၍သျှင် ဟောတော်မူ၏။ သံဃာ၌ တည်သော အလ္လသည် သံဃာ၌ အရိအသေအမှုကို ပြုနိုင်သောသူအား ဖြစ်၏။ သံဃာ၌ကား အရိအသေအမှုကို ပြုနိုင်ခဲ၏။ ထိုစကားသည် မှန်၏။ အကြင် သူသည် သံဃာ၌တည်သော အလ္လကို လှူအံ့ဟူ၍ လှူဘွယ်ဝတ္ထုကို စီရင်၍ ကျောင်းသို့ သွား၏။ အခြင်ဘုရား....သံဃာမှည့်၍ တပါးသော မထေရ်ကို ပေးပါဟု ဆို၏။ ထိုအခါ သံဃာမှ သာမဏေကိုရ၍ ငါသည် သာမဏေကို ရ၏ဟု စိတ်ဝေခွဲပြန်သော အဖြစ်သို့ ရောက်၏။ ထိုသူ၏ အလ္လသည် သံဃာ၌တည်သော အလ္လ မဟုတ်။ မဟာထေရ်ကို ရ၍လည်း ငါသည် မဟာထေရ်ကို ရပေ၏ဟူ၍ ဝမ်းမြောက်ခြင်းကို ဖြစ်စေသောသူ၏ အလ္လသည်လည်း သံဃာ၌

တည်သော အလှူမဟုတ်။ အကြင်သူသည်ကား သာမဏေမူလည်း ဖြစ်စေ ပဉ္စင်းမူလည်းဖြစ်စေ ပဉ္စင်းငယ်မူလည်းဖြစ်စေ မိုက်သည့် မူလည်း ဖြစ်စေ ပညာရှိသည်မူလည်း ဖြစ်စေ အမှတ်မရှိ တစုံ ကယောက်သော အလှူခံကို သံဃာမှရ၍ ယုံမှားခြင်း မရှိသည်ဖြစ်၍ သံဃာအား လှူ၏ဟူ၍ သံဃာ၌ အရိုအသေ အမှုကို ပြုခြင်းငှါ စွမ်းနိုင်၏၊ ထိုသူ၏ အလှူသည် သံဃာ၌ ပေးအပ်သော အလှူမည်၏။ သံဃာမှညွှန်၍ ယူအပ်သော ပုထုဇွဉ် ရဟန်းနှင့် အသီးပုဂ္ဂိုလ်ပြု၍ ယူအပ်သော သောတာပန်သည် ရှိ၏။ ထိုနှစ်ပါးကျိုတွင် သံဃာ၌ အရိုအသေအမှုကို ပြုခြင်းငှါ စွမ်းနိုင်သောသူ၏ ပုထုဇွဉ် ရဟန်း၌ ပေးသော အလှူသည် သောတာပန်၌ ပေးသော အလှူထက် အကျိုးကြီး၏။ သံဃာမှညွှန်၍ ယူအပ်သော သောတာပန်ရဟန်းနှင့် အသီးပုဂ္ဂိုလ်ပြု၍ ယူအပ်သော သကဒါဂါမ် ရဟန်း အစရှိသည်ကျိုဉ်လည်း ဤနည်းကိုသာလျှင် သိအပ်၏။ ထိုစကားသည် မှန်၏။ သံဃာ၌ အရိုအသေအမှုကို ပြုခြင်းငှါ စွမ်းနိုင်သောသူ၏ ရဟန္တာ၌ ပေးသော အလှူထက် သံဃာ၌ ညွှန်၍ ယူအပ်သော ဒုဿီလပုဂ္ဂိုလ်၌ပေးသော အလှူသည် အကျိုးကြီးမြတ်သလျှင်ကတည်း။ ။မြတ်သောမင်းကြီး.... သီလရှိသော အလှူခံအား ပေးသော အလှူသည် အကျိုးကြီး၏ ဒုဿီလ ပုဂ္ဂိုလ်အား ပေးသော အလှူသည် အကျိုးမကြီးဟူသော အကြင်စကားကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ ထိုစကားကိုကား ဤသံဃာမှညွှန်၍ ယူသောနည်းကိုပယ်၍ ဒုဿီလကိုသာလျှင် ပင့်ဆောင်ယူသောနည်း၏ အစွမ်းအားဖြင့် ဟောတော်မူသတည်း။ ။ [ဒက္ခိဏာဝိဘင်္ဂသုတ် အဌကထာ]။ ။ထိုဒါနသည် များစွာသောလူ၏ ချစ်အပ်သည်၏အဖြစ် အစရှိကုန်သော မျက်မှောက်တလွန်၌ ဖြစ်ကုန်သော အကျိုးထူးတို့ကို ရခြင်း၏အကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်၏။ ထိုကြောင့် သီဟအမည်ရှိသော စစ်သူကြီးအား တရားဟောတော်မူသော မြတ်စွာဘုရားသည် ပဉ္စကအဂိုတ္တိုရ်၌-

ဒါယကော သီဟ ဒါနပတိ ဗဟုနော ဇနသ ပိယော ဟောတိ မနာပေါ။ ယံပိ သီဟ ဒါယကော ဒါနပတိ ဗဟုနော ဇနသ ပိယော ဟောတိ မနာပေါ။ ဣဒမ္ပိ သီဟ သန္ဒိဋ္ဌိကံ ဒါနဖလံ။ ပုနစပရံ သီဟ ဒါယကံ ဒါနပတိ သန္တော

ဣစ္ဆာသယ ၁၅၅-၄၇

သပ္ပုရိသာ ဘဇန္တိ။ ယဓိ သိဟ ဒါယကံ။ လ။ ဘဇန္တိ။ ဣဒမိ သိဟ သန္ဒိဋ္ဌိကံ ဒါနဖလံ။ ပုနစပရံ သိဟ ဒါယကသ ဒါနပတိနော ကလ္လာဏော ကိတ္တိ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ။ ယဓိ သိဟ ဒါယကသ။ လ။ အဗ္ဘုဂ္ဂစ္ဆတိ။ ဣဒမိ သိဟ သန္ဒိဋ္ဌိကံ ဒါနဖလံ။ ပုနစပရံ သိဟ ဒါယကော ဒါနပတိ ယညဒေဝပရိသံ ဥပသင်္ကမတိ ယဒိခတ္တိယပရိသံ ယဒိဗြာဟ္မဏပရိသံ ယဒိဂဟပတိပရိသံ ယဒိသမဏပရိသံ ဝိသာရဒေါ ဥပသင်္ကမတိ အမင်္ကုဘူတော။ယဓိ သိဟ ဒါယကော ဒါနပတိ။ လ။ ဥပသင်္ကမတိ အမင်္ကုဘူတော။ ဣဒမိ သိဟ ဒါယကော ဒါနပတိ ကာယသ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။ယဓိ သိဟ ဒါယကော ဒါနပတိ ကာယသ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံလောကံ ဥပပဇ္ဇတိ။ ဣဒံ သိဟ သမ္မာယိကံ ဒါနဖလံ။

ဟူ၍ ဟောတော်မူ၏။ ။ဤသို့ ဟောတော်မူပြီး၍-

ဒဒံ ပိယော ဟောတိ ဘဇန္တိ နံ ဗဟူ၊
ကိတ္တိံ စ ပပ္ပေါတိ ယသသ ဝဍ္ဎတိ။
အမင်္ကုဘူတော ပရိသံ ဝိဂါဟတိ၊
ဝိသာရဒေါ ဟောတိ နရော အမစ္ဆရိယံ။
တသ္မာ ဟိ ဒါနာနိ ဒဒန္တိ ပဏ္ဍိတာ၊
ဝိနေယျ မစ္ဆေရမလံ သုခေသိနော။
တေ ဒိဃရတ္တံ တိဒိဝေ ပမောဒြတာ၊
ဒေဝါနံ သဟဗျတံ ဂတာ ရမ္မန္တိ တေ။
ကတာဂကာသာ ကတကုသလာ၊
ဣတော စုတာ သယံ ပဘာ အနုဝိစရန္တိ။
နန္ဒနေ တေ ကထြ နန္ဒန္တိ ရမ္မန္တိ မောဒရေ၊
သမဋ္ဌိတာ ကာမဂုဏေဟိ ပဉ္စဟိ။
ကတ္ဝာန ဝါကျံ အသိတာသသ တာဒိနော၊

ဟူကုန်သော ဂါထာတို့ကို ဟောတော်မူကုန်၏။

သိဟာ၊ သိဟာ။ ဒါနပဘိ၊အလှူရှင်ဖြစ်၍။ ဒါယကော၊ လှူတတ်သော သူကို။ ဗဟုနော၊ များစွာသော။ ဇနသ၊ လူသည်း၊ ဝိယော၊ ချစ်သည်။

မနာပေါ၊ နှစ်သက်သည်။ ဟောတိ၊ ဇ။ သိဟ၊ သိဟ။ ဒါနပတိ၊ အလှူရှင်ဖြစ်၍။ ဒါယကော၊ လှူတတ်သောသူကို။ ဗဟုနော၊ များစွာသော။ ဇနသ၊ လူသည်။ ဝိယော၊ ချစ်သည်။ မနာပေါ၊ နှစ်သက်သည်။ ဟောတိ၊ ဇ။ ယမ္ပိ၊ အကြင်အကျိုးကိုလည်း။ ပတ္တုံ၊ ဇ။ သိဟ၊ သိဟ။ ဣဒမ္ပိ၊ ဤအကျိုးသည်လည်း။ သန္ဒိဋ္ဌိကံ၊ ကိုယ်တိုင်မြင်အပ်သည်ဖြစ်၍ မျက်မှောက်ဖြစ်သော။ ဒါနဖလံ၊ အလှူ၏အကျိုးတည်း။ သိဟ၊ သိဟ။ ပုနစ၊ တဘန်တည်း။ ပရံ၊ တပါးသောအကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဒါနပတိ၊ အလှူရှင်ဖြစ်သော။ ဒါယကံ၊ လှူတတ်သောသူကို။ သန္တော၊ ငြိမ်သက်ကုန်သော။ သပ္ပုရိသာ၊ သူတော်ကောင်းတို့သည်။ ဘဇန္တိ၊ ဆည်းကပ်ကုန်၏။ သိဟ၊ သိဟ။ ဒါနပတိ၊ အလှူရှင်ဖြစ်သော။ ဒါယကံ၊ လှူတတ်သောသူကို။ သန္တော၊ ငြိမ်သက်ကုန်သော။ သပ္ပုရိသာ၊ သူတော်ကောင်းတို့သည်။ ဘဇန္တိ၊ ဆည်းကပ်ကုန်၏ ဟူ၍။ ယမ္ပိ၊ အကြင်အကျိုးကိုလည်း။ ဝုတ္တံ၊ ဟောအပ်၏။ သိဟ၊ သိဟ။ ဣဒမ္ပိ၊ ဤဒုက္ခကျိုးသည်လည်း။ သန္ဒိဋ္ဌိကံ၊ ကိုယ်တိုင် မြင်အပ်သည်ဖြစ်၍ မျက်မှောက်ဖြစ်သော။ ဒါနဖလံ၊ အလှူ၏အကျိုးတည်း။သိဟ၊ သိဟ။ ပုနစ၊ တဘန်လည်း။ပရံ၊ တပါးသောအကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဒါနပတိနော၊ အလှူ၏အရှင်ဖြစ်သော။ ဒါယကသ လှူတတ်သောသူ၏။ ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသော အသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ နှံ့၍တက်၏။ သိဟ၊သိဟ။ ဒါနပတိနော၊ အလှူ၏ရှင်ဖြစ်သော။ ဒါယကသ လှူတတ်သောသူ၏။ ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသောအသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ။ နှံ့၍တက်၏ဟူ၍။ ယမ္ပိ၊ အကြင်အကျိုးကိုလည်း။ ဝုတ္တံ၊ ဇ။ သိဟ၊ သိဟ။ ဣဒမ္ပိ၊ သည်လည်း။ သန္ဒိဋ္ဌိကံ၊သော။ ဒါနဖလံ၊ ဒါန၏အကျိုးတည်း။ သိဟ၊သိဟ။ ပုနစ၊ တဘန်လည်း။ ပရံ၊ တပါးသောအကျိုးသည်း။ အတ္ထိ၊ရှိ၏။ ဒါနပတိ၊ အလှူ၏ အရှင်ဖြစ်သော။ ဒါယကော၊ လှူတတ်သောသူသည်။ ယညဒေဝပရိသံ၊ အကြင်အကြင် ပရိသတ်သို့လျှင်။ ဥပသင်္ကမတိ၊ ဆည်းကပ်အံ့၊ ခတ္တိယပရိသံ၊ မင်းပရိသတ်သို့။ ယဒိဥပသင်္ကမတိ၊ အကယ်၍ ဆည်းကပ်အံ့။ ဂဟပတိပရိသံ၊ သူကြွယ် ပရိသတ်သို့။ ယဒိဥပသင်္ကမတိ၊ အကယ်၍ ဆည်းကပ်အံ့။ သမဏပရိသံ၊ ရဟန်း ပရိသတ်သို့။ ယဒိဥပသင်္ကမတိ၊

အာကယ်၍ဆည်းကပ်အံ့။ဝိသာရဒေါ၊ ရုံရှာခြင်းကင်းသည်ဖြစ်၍။အမက်ံ ဘူတော၊ အရှိန်အဝါမကင်းသည် ဖြစ်၍။ ဥပသက်မတိ၊ ထိုထိုပရိသတ်သို့ ဆည်းကပ်ရ၏။ သိဟာ၊သိဟာ။ ဒါနုပတိ၊ အလ္လုရှင်ဖြစ်သော။ ဒါယကော၊လူတတ်သောသူသည်။ယဉ်ဒေဝပရိသံ၊အကြင်အကြင် ပရိသတ်သို့လျှင်။ ဥပသက်မတိ၊ ဆည်းကပ်အံ့။ ခတ္တိယပရိသံ၊ မင်းပရိသတ်သို့။ ယဒိဥပသက်မတိ၊ အာကယ်၍ ဆည်းကပ်အံ့။ ဗြာဟ္မဏပရိသံ၊ ပုဏ္ဏားပရိသတ်သို့။ ယဒိဥပသက်မတိ၊အကယ်၍ဆည်းကပ်အံ့။ ဂဟပတိပရိသံ၊ သူကြွယ်ပရိသတ်သို့။ ယဒိဥပသက်မတိ၊ အကယ်၍ ဆည်းကပ်အံ့။ သမဏပရိသံ၊ ရဟန်းပရိသတ်သို့။ ယဒိဥပသက်မတိ၊ အကယ်၍ဆည်းကပ်အံ့။ဝိသာရဒေါ၊ ရုံရှာခြင်းကင်းသည်ဖြစ်၍။အမက်ံ ဘူတော၊အရှိန်အဝါမကင်းသည်ဖြစ်၍။ ဥပသက်မတိ၊ထိုထိုပရိသတ်သို့ ဆည်းကပ်ရ၏ဟူ၍။ ယဓိ၊ အကြင်အကျိုးကိုလည်း။ ဝုတ္တံ၊ဟောအပ်၏။ သိဟာ၊ သိဟာ၊ ဣတိအကျိုးသည်လည်း။ သန္ဒိဋ္ဌိကံ၊ ကိုယ်တိုင်မြင်အပ်သည်ဖြစ်၍ မျက်မှောက်အကျိုးဖြစ်သော။ ဒါနုဖလံ၊ အလှူ၏အကျိုးတည်း။ သိဟာ၊ သိဟာ။ ပုနစ၊ တဘန်လည်း။ ပရံ၊ တပါးသော အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဒါနုပတိ၊ အလ္လုရှင်ဖြစ်သော။ ဒါယကော၊ လူတတ်သောသူသည်။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်ခြင်းဟူသော။ မရဏာ၊ အသက်ကိုစွန့်သည်မှ။ ပရံ၊ နောက်၌။ သုဂတိံ၊ ကောင်းမှုကို ပြုတတ်ကုန်သော သူဘုံ၏ လားရာဖြစ်သော။ သဂ္ဂံ၊ မြတ်သော အာရုံတို့၏ တည်ရာဖြစ်သော။ လောကံ၊ နတ်ပြည်၌။ ဥပပဇ္ဇတိ၊ဖြစ်၏။ သိဟာ၊ သိဟာ။ ဒါနုပတိ၊အလ္လုရှင်ဖြစ်သော။ ဒါယကော၊ လူတတ်သော သူသည်။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်ခြင်းဟူသော။ မရဏာ၊ အသက်ကို စွန့်သည်မှ။ ပရံ၊ နောက်၌။ သုဂတိံ၊ ကောင်းမှုကို ပြုံးကုန်သော သူဘို့၏လားရာဖြစ်သော။ သဂ္ဂံ၊ မြတ်သော အာရုံတို့၏ တည်ရာဖြစ်သော။ လောကံ၊ နတ်ပြည်၌။ ဥပပဇ္ဇတိ၊ ဖြစ်၏ဟူ၍။ ယဓိ၊ အကြင်အကျိုးကိုလည်း။ ဝုတ္တံ၊ဟောအပ်၏။ သိဟာ၊ သိဟာ။ ဣတိအကျိုးသည်။ သမ္ပရာယိကံ၊ တမလွန်၌ ဖြစ်သော။ ဒါနုဖလံ၊ ဒါန၏ အကျိုးတည်း။ ။ဒဒံ၊ လူတတ်သောသူကို။ ဝိယော၊ လူအများ ချစ်သည်။ ဟောတိ၊ ၏။ နံ၊ထိုလူတတ်သောသူကို။ ဗဟူ၊ များစွာကုန်သောသူတို့သည်။ ဘဇန္တိ၊ ဆည်းကပ်ကုန်၏။ ဒဒံ၊ လူတတ်သော

သူသည်။ ကိတ္တိံစ၊ ကျော်စောခြင်းသို့လည်း။ ပပ္ပေါတိ၊ ရောက်၏။ အဿ၊ထိုလူတတ်သောသူ၏။ ယသော၊အကျော်အစောသည်။ ဝဏ္ဏတိ၊ ပွါး၏။ အမက်ဘူတော၊ အရှိန်အဝါ မကင်းသည် ဖြစ်၍။ ပရိသံ၊ ပရိသတ်သို့၊ ဝိဂါဟတိ၊ သက်ဝင်ရ၏။ အမန္ဆရိယံ၊ ဝန်တိုခြင်း မရှိသော။ နရော၊လူတတ်သောသူသည်။ ဝိသာရဒေါ၊ ရွံရှာခြင်းကင်း သည်။ ဟောတိ၊၏။ ။တသ္မာဟိ၊ ထိုကြောင့်လျှင်။ သုခေသိနော၊ ချမ်းသာကိုရှာကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ မန္ဆေရမလံ၊ ဝန်တိုခြင်းဟူသော အညစ်အကြေးကို။ ဝိနေယျ၊ ဖျောက်၍။ ဒါနာနိ၊ အလှူတို့ကို။ ဒဒန္တိ၊ လှူကုန်၏။ တေ၊ ထိုလှူဒါန်းကုန်သော ပညာရှိတို့ သည်။ ဒိဃရတ္တံ၊ အခါလေးမြင့်။ တ်ဒိဝေ၊ နတ်ပြည်၌။ ပတိဋ္ဌိတာ၊ တည်ကုန်၏။ တေ၊ ထိုလှူဒါန်းကုန်သော ပညာရှိတို့သည်။ ဒေဝါနံ၊ နတ်တို့၏။ သဟဗျတံ၊ တတွဖြစ်သော အပေါင်းအဘော်၏ အဖြစ်သို့။ ဂတာ၊ ရောက်ကုန်၏။ ရမ္မန္တိ၊ မွေလျော်ရကုန်၏။ ။ကတာဝကာသာ၊ ပြုအပ်သော ကံရှိကုန်သော။ ကတကုသလာ၊ ပြုအပ်သော ကုသိုလ် ရှိကုန်သော အလှူရှင်တို့သည်။ ဧုတော၊ ဤလူ့ပြည့်မှ။ စုတာ၊ စုတေ ကုန်သည်ရှိသော်။ နန္ဒနေ၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော နတ် ပြည်၌။ သယံပဘာ၊ မိမိအရောင်အဝါ ရှိကုန်၍။ အနုဝိစရန္တိ၊ အစဉ် သွားရကုန်၏။ တေ၊ ထိုပြုအပ်ပြီးသော လှူဒါန်းခြင်း ကုသိုလ်ရှိကုန် သော သူတို့သည်။ တတ္ထ၊ ထိုနတ်ပြည်၌။ ပဉ္စဟိကာမဂုဏေဟိ၊ ငါးပါးကုန်သောကာမဂုဏ်တို့နှင့်။ သမပ္ပိတာ၊ ပြည့်စုံကုန်သည်ဖြစ်၍။ နန္ဒန္တိ၊ နှစ်သက်ရကုန်၏။ ။အသိတဿ၊ တဏ္ဍာဟူသော အနှောင် အဘွဲဖြင့် နှောင်ဘွဲခြင်းမရှိသော။ တာဒိနော၊ သည်းခံခြင်း ရှိသော မြတ်စွာဘုရား၏။ ဝါကျံ၊စကားတော်ကို။ ကတွာန၊ ပြု၍။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သုဂတဿ၊ မြတ်စွာဘုရား၏။ သာဝကာ၊ တပည့် တို့သည်။ ရမ္မန္တိ၊ မွေလျော်ကုန်၏။ (ပထမနည်းတည်း)။

နည်းတပါးကိုဆိုအပ်၏။ဒါနမည်သည်ကား အာမိသဒါန,မေ္မဒါန၏ အစွမ်းအားဖြင့် နှစ်ပါး အပြားရှိ၏။ ။ထိုကြောင့် ဒုကအဂိုတ္တိုရ် တတိယ ပဏ္ဏာသက၏ တတိယဝဂ်၌–

ဒွေမာနိ ဘိက္ခဝေ ဒါနာနိ။ ကတမာနိ ဒွေ။ အာမိသဒါနဉ္စ ဓမ္မဒါနဉ္စ၊ ဣမာနိခေါ ဘိက္ခဝေ ဒွေဒါနာနိ။ ဧတဒဂ္ဂံ ဘိက္ခဝေ ဣမေသံ ဒွိန္နံ ဒါနာနံ ယဒိဒံ ဓမ္မဒါနံ။

ဟူ၍ ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ တို့။ ဒါနာနိ၊ဒါနတို့သည်။ ဣမာနိဒွေ၊ ဤနှစ်ပါးကို့တည်း။ ဒွေ၊ နှစ်ပါးတို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ အာမိသဒါနဉ္စ၊ ပစ္စည်းလေးပါးဟူသော အာမိသကို လှူခြင်းလည်းကောင်း။ ဓမ္မဒါနဉ္စ၊ ဓမ္မဒါနလည်းကောင်း။ ဣမာနိ၊ဤသည်တို့တည်း။ ဘိက္ခဝေ၊ တို့။ ဒွေ နှစ်ပါးကုန်သော။ ဣမာနိခေါဒါနာနိ၊ဤဒါနတို့သည်။ သတ္တို့၊ ရှိကုန်၏။ ဘိက္ခဝေ၊တို့။ ဧတေသံဒွိန္နံဒါနာနံ၊ ဤနှစ်ပါးကုန်သော ဒါနတို့တွင်။ ယဒိဒံဓမ္မဒါနံ၊ အကြင်ဓမ္မဒါနသည်။ အဂ္ဂံ၊ ရှိ၏။ ဧတံ၊ ဤဓမ္မဒါနသည်။ အဂ္ဂံ၊ မြတ်၏။ ။ထိုဒါနသည် မျှားစွာသောသူ၏ ချစ်အပ်သော အဖြစ်အစရှိကုန်သော မျက်မှောက်၌ ဖြစ်သော အကျိုးထူး တမလွန်၌ ဖြစ်သော အကျိုးထူးတို့ကို ရခြင်း၏အကြောင်းကြောင့် မင်္ဂလာမည်၏။ တနည်းကား-စီးပွါးချမ်းသာကို ရခြင်း၏အကြောင်းကြောင့်လည်း မင်္ဂလာမည်၏။ ထိုစကားသည် မှန်၏။ ပစ္စည်းလေးပါးကို လှူသောသူသည် စီးပွါ.ချမ်းသာကိုရ၏။ ထိုအရာ၌ ဤဝတ္ထုတို့ကို သိအပ်ကုန်၏။

၁၁၁–နန္ဒမင်းဝတ္ထု

ပေတဝတ္ထု အဋ္ဌကထာ

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ တယောက်သော သူကြွယ်သည် တောင်၌ လှည့်လည်လတ်သော် သင်္ကန်းအမှုကိုပြုသော ပုစ္ဆကဗုဒ္ဓါအား အနားပတ် မလောက်သည်ကို မြင်၍ မိမိအပေါ်တင် ပုဆိုးဖြူကိုလှူ၏။ထိုသူကြွယ်သည် ထိုကောင်းမှုကြောင့် တာဝတိံသာ နတ်ပြည်၌ နတ်စည်းဗိမာန်ကို ခံစား၍ ထိုတာဝတိံသာ နတ်ပြည်မှ စုကေ၍ ဗာရာဏသီပြည်မှ တယူဇနာရှိသော အရပ်၌ အမတ်မျိုး၌ ဖြစ်၍ အရွယ်သို့ရောက်၍ ပွဲသဘင်နေ့၌ မိခင်....ပုဆိုးကို ငါ့အား ပေးလော့ ပွဲသဘင်ကို ကစားအံ့ဟူ၍ ဆို၏။ ထိုအမိသည် ထိုသား

အား ပုဆိုးကိုပေး၍ ဤပုဆိုးသည် ရုန့်ရင်း၏ဟု ဆိုလတ်သော် တပါးသော ပုဆိုးကိုပေး၏။ ထိုသားသည် ထိုပုဆိုးကိုလည်း ပယ်၏။ ထိုအမိသည် ငါတို့အိမ်၌ ဤပုဆိုးထက်လွန်၍ သိမ်မွေ့သော ပုဆိုးသည် မရှိဟုဆို၏။ မိခင် ...ရရာအရပ်သို့ သွားအံ့ဟု သားသည်ဆို၏။ ချစ်သား....ငါသည် ယနေ့ပင်လျှင် သင်၏ ဗာရာဏသီပြည်၌ မင်းအဖြစ်ကိုရခြင်းကို အလိုရှိ၏ဟု အမိသည်ဆို၏။ ထိုသားသည် မိခင်.... ကောင်းပြီဟု ဆို၍ အမိအဘကို ရှိခိုး၍ ကောင်းမှု အမှတ်သည် တိုက်တွန်းအပ်သည်ဖြစ်၍ ဗာရာဏသီပြည်သို့သွား၍ ဥယျာဉ်မင်္ဂလာ ကျောက်ဖျာ၌ ဦးခေါင်းနှင့်တကွ ခြုံလျက် အိပ်၏။ ထိုနေ့သည်လည်း ဗာရာဏသီမင်း စုတေ၍ ခုနစ်ရက်မြောက်ဖြစ်သော နေ့တည်း။ အမတ် အစရှိကုန်သော သူတို့သည် မင်း၏အလောင်းကို သင်္ဂြိုဟ်ခြင်းကိစ္စပြု၍ မင်းအား တယောက်သော သမီးသည်သာလျှင် ရှိ၏၊ သားသည် မရှိ၊ မင်းမရှိသောပြည်သည် မတည်နိုင်ဟု တိုင်ပင်၍ ဖုတ်သွင်း ရထားကို စီရင်၍ ကုမုဒ္ဒရာကြာအဆင်းနှင့် တူကုန်သော သိန္ဓော မြင်းလေးစီးတို့ကို က၍ မင်းမြောက်တန်းဆာ ငါးပါးကို ရထား၌ တင်၍ ရထားကို လွှတ်ကုန်၏။ ရထားသည် အရှေ့တံခါးဖြင့် ထွက်၍ ဥယျာဉ်သို့ဝင်၍ သတို့သားကို လက်ျာရစ်လှည့်ပြီး၍ တက်စိမ့်သောငှါ အစီအရင်သည် ဖြစ်၍ တည်၏။

ပုရောဟိတ်သည် ခြုံသော ပုဆိုးစွန်းကို ပယ်၍ ခြေဘဝါး အပြင်တို့ကို ကြည့်သည်ရှိသော် ဤသတို့သားသည် မင်းပြုအံ့သောငှါ လျောက်ပတ်၏ဟုဆို၍ သုံးကြိမ် တီးမှုတ်မျိုးတို့ကို တီးမှုတ်စေ၏။ သတို့သားသည် မျက်နှာကို ဘွင့်၍ ထိုအမတ် တို့အား မေး၍ ထိုအကြောင်းကိုကြား၍ ထိုသို့တပြီးကား မင်းပြုအံ့ဟုဆို၏။ ထိုအမတ်တို့သည် ထိုခဏ၌လျှင် အဘိသိက်မဏ္ဍပ်ကို ဆောက်၍ ထိုမဏ္ဍပ်၌ အဘိသိက်ကိုသွန်း၍ အဘိုးတထောင်ထိုက်သော ပုဆိုးကို ဆက်ကပ်ကုန်၏။ ထိုသတို့သားသည် ဤပုဆိုးကား ရုန့်ရင်း၏ ရွှေကရားကို ဆောင်ခဲ့ကြကုန်လော့ ပုဆိုးကို ရလတ္တံ့ဟု ဆို၍ ထ၍ လက်ဖြင့် ရေကိုယူ၍ အရှေ့မျက်နှာအရပ်၌ ပစ်၏။ တခဲနက်သော မြေကိုခွဲ၍ ပဒေသာ ရှစ်ပင်တို့သည် ပေါက်ကုန်၏။ ဤနည်းဖြင့် တောင်အရပ်မျက်နှာ၌ ပဒေသာရှစ်ပင် အနောက်အရပ်မျက်နှာ၌ ပဒေသာရှစ်ပင်

မြောက်အရပ် မျက်နှာ၌ ပဒေသာရှစ်ပင် ဤသို့ ပဒေသာ သုံးဆဲ့နှစ်ပင်တို့သည် ပေါက်ကုန်၏။ ထိုမင်းသည် ကဆည်ကို ဝတ်၍ တဆည်ကို ရုံ၍ နန္ဒမင်းနိုင်ငံ၌ မိန်းမတို့သည် ချည်ကို မဝင် မဝင့် စေကုန်သတည်းဟု စည်လည်စေ၍ ထီးကို ဆောင်း၍ ဆင်စီး၍ မြို့သို့ဝင်၍ ပြာသာဒ်သို့တက်၍ စည်းစိမ်ကိုခံစား၍ အလုံးစုံသာလျှင် ဖြစ်သော မိမိတို့ နိုင်ငံကို ဥတ္တရ ကုရုကျွန်းနှင့် တူသည်ကို ပြု၍ လာကုန်သော သူတို့အား နတ်ပုဆိုးတို့ကို ပေး၍ နောက်အတို့၌ မိဖုယားနှင့်တကွ ရဟန်းပြု၍ ဥယျာဉ်၌နေလျက် ဈာန်တို့ကို ဖြစ်စေ၍ မယုတ်သော ဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့လား၏။ ထိုနန္ဒမင်းသည် ယခုအခါ၌ မဟာကဿပ မထေရ် ဖြစ်၏။ မိဖုယားသည် ဘဒ္ဒကာပိလာနီဖြစ်၏။ [နန္ဒမင်းဝတ္ထု]။

၁၁၂–ဥမ္မာဒန္တီဝတ္ထု

ပညာသနိပါတ်ဇာတ်အဋ္ဌကထာ

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဆင်းရဲသော မိန်းမ တယောက်သည် ပွဲသဘင်နေ့၌ ဝတ်ပန်းပုဆိုးအဝတ်ကို ဝတ်၍ ကစားကုန်သော ကောင်းမှုနှင့် ပြည့်စုံကုန်သော မိန်းမတို့ကို မြင်၍ ထိုသို့သဘောရှိသော အဝတ်ကိုဝတ်၍ ကစားလိုသည်ဖြစ်၍ အမိအဘတို့အား ကြား၏။ ချစ်သမီး၊ ငါတို့သည် ဆင်းရဲကုန်၏ ငါတို့အား ဤသို့သဘောရှိသော အဝတ်သည် အဘယ်မှာ ရှိအံ့နည်းဟုဆိုသော် ထိုသို့ကပြီးကား ငါသည် တဦးသော သေဋ္ဌေးမျိုး၌ အခစားရသော အမှုကို ပြုအံ့၊ ထိုသူတို့သည် ကျေးဇူးကိုသိ၍ ပေးကုန်လတ္တံ့ဟုဆို၍ တဦးသော သေဋ္ဌေးမျိုးသို့ ဆည်းကပ်၍ ဝတ်ပန်းပုဆိုး အဝတ်ဖြင့် အခစားသော အမှုကို ပြုပါအံ့ဟုဆို၏။ သုံးနှစ်ပတ်လုံး အမှုကို လုပ်သော် သင့်အား ပေးကုန်အံ့ဟုဆို၏၊ ထိုမိန်းမသည် ကောင်းပြီဟု ဝန်ခံ၍ အမှုကိုလုပ်၏။ ထိုသူတို့သည် ထို မိန်းမ၏ ကျေးဇူးကို သိ၍ သုံးနှစ်မပြည့်မီလျှင် ထိုမိန်းမအား တခဲနက်သော ဝတ်ပန်းပုဆိုး အဝတ်နှင့်တကွ တပါးသော အဝတ်ကိုလည်း ပေးကုန်၏။ ထိုမိန်းမသည် မြစ်သို့သွား၍ ဝတ်ပန်းပုဆိုး အဝတ်ကို မြစ်ကမ်းနား၌ ထား၍ ရေချိုး၏။ ထိုခဏ၌ ကဿပမြတ်စွာဘုရား၏တပည့်သည် သက်နံးကိုရိုးသူလု၍သစ်ခက်ကို

ချိုး၍ ဝတ်ရုံ၍ ထိုအရပ်သို့ ရောက်၏။ ထိုမိန်းမသည် အရှင်ကား သက်နီးကို ခိုးသူလုယက်သော အရှင်ဖြစ်လတ္တံ့။ ငါ့အားရှေး၌ မသူဘူး သည်၏အဖြစ်ကြောင့် အဝတ်သည် ရခဲ၏ဟု ကြီ၍ ထိုအဝတ်ကို အလယ်၌ခွဲ၍ ထိုမထေရ်အား တပိုင်းလှူ၏။ မထေရ်သည် ပုန်းကွယ်ရာ အရပ်၌ သစ်ခက်ချိုး အဝတ်အရုံကိုစွန့်၍ ထိုမိန်းမသည် လှူအပ်သော အဝတ်၏တစွန်းကိုရုံ၍ထွက်၏။ ထိုအခါ အဝတ်ရောင်ဖြင့် ထိုမထေရ်၏ အလုံးစုံသောကိုယ်သည်ထွက်သစ်သောနေကဲ့သို့တခဲနက်သောအရောင် အဝါရှိ၏။ထိုမိန်းမသည် ထိုမထေရ်ကိုမြင်၍ငါ၏ အရှင်သည် မဆွက မတင့်တယ်၊ယခုကား ထွက်သစ်သောနေကဲ့သို့ တင့်တယ်၏။ဤအဝတ် ပိုင်းကိုလည်း ဤအရှင်အားလျှင် လှူအံ့ဟု နှစ်ခုမြောက်ဖြစ်သော အပိုင်း ကို လှူ၍ အရှင်ဘုရား အကျွန်ုပ်သည် ဤဘဝမှ ကျင်လည်လတ်သော် မြတ်သော အဆင်းကို ဆောင်သည် ဖြစ်ရလို၏။ အကျွန်ုပ်ကို မြင်၍ တစုံတယောက်သော ယောကျ်ားသည်မိမိသဘောအားဖြင့် တည်ခြင်း ၄၂ မစွမ်းနိုင်စေသတည်း။ အကျွန်ုပ်ထက် လွန်သော အဆင်းရှိသော တပါးသော မိန်းမသည် မဖြစ်စေသတည်းဟု ဆုတောင်း၏။ မထေရ် သည်လည်း အနုမောဒနာပြု၍ ဖဲ၏။ ထိုမိန်းမသည် နတ်ပြည်၌ ကျင် လည်၍ ထိုနတ်ပြည်မှ စုတေ၍ သိဝိတိုင်း အရိဋ္ဌပြည်၌ တိရိဋိဝစ္ဆ မည်သော ကုဋ္ဌေရှစ်ဆယ်ကြွယ်သော သေဋ္ဌေး၏ သွီးအဖြစ်ဖြင့် ဖြစ်၏။ ထိုသေဋ္ဌေးသွီးသည် မြတ်သော အဆင်းကိုဆောင်၏။ အတင့်အတယ် အစုသို့ရောက်၏။အကြင်ယောကျ်ားသည် ထိုသေဋ္ဌေးသွီးကိုမြင်၏။ထို ယောကျ်ားကိုရူးစေ၏။ ထိုယောကျ်ားအားသတိကိုဖြစ်စေခြင်း၄၂မပေး ထိုကြောင့် ထိုသေဋ္ဌေးသွီးအား ဥမ္မာဒန္တီဟူသော အမည်ကိုပြုကုန်၏။

ထိုဥမ္မာဒန္တီမည်သော သေဋ္ဌေးသွီးသည် တဆဲ့ခြောက်နှစ်မြောက် သော ကာလ၌ လူတို့၏ အဆင်းကိုလွန်၍ နတ်သွီးကဲ့သို့ရှိ၏။ အကြင် အကြင် ပုထုဇွဉ်တို့သည် ထိုဥမ္မာဒန္တီကို မြင်ကုန်၏။ ထိုထိုပုထုဇွဉ်တို့ သည် မိမိသဘောအားဖြင့် တည်ခြင်း၄၂ မတတ်နိုင်ကုန်။ ယစ်မျိုး အဖျော်ဖြင့် ယစ်ကုန်ဘိသကဲ့သို့ ကိလေသာယစ်ခြင်းဖြင့် ယစ်ကုန်၍ သတိကိုဖြစ်စေခြင်း၄၂ မတတ်နိုင် ကုန်သလျှင်ကတည်း။ တိရိဋိဝစ္ဆ သေဋ္ဌေးသည် သိဝိမင်းသို့ဆည်းကပ်၍ အရှင်မင်းကြီး အကျွန်ုပ်အိမ်၌ မိန်းမရတနာသည် ဖြစ်၏။ မင်းအားသာလျှင်ထိုက်၏။ လက္ခဏာဘတ်

တတ်ကုန်သော ပုဏ္ဏားတို့ကိုခေ၍ ထိုမိန်းမကိုစုံစမ်းကုန်လော့ဟုဆို၏။ မင်းသည် ပုဏ္ဏားတို့ကိုခေ၏။ ပုဏ္ဏားတို့သည်သွား၍ သေဋ္ဌေးသည် ပြုအပ်သော ပူဇော်သက္ကာရ ရှိကုန်သည်ဖြစ်၍ စားကုန်၏။ ထိုခဏ၌ ဥမ္မာဒန္တိသည် ထိုပုဏ္ဏားတို့၏ အထံသို့သွား၏။ ထိုပုဏ္ဏားတို့သည် ဥမ္မာဒန္တိကိုမြင်၍ သတိကိုဖြစ်ပမ်သောဌါ မတတ်နိုင်ကုန်။ ကိလေသာ ယစ်ခြင်းဖြင့် ယစ်ကုန်၍ မိမိတို့၏ စား၍ မပြီးသေးသော အဖြစ်ကို မသိကုန်။အချို့ကုန်သော ပုဏ္ဏားတို့သည် ထမင်းလုပ်ကိုယူ၍စားကုန်အံ့ ဟူသော အမှတ်ဖြင့် ဦးခေါင်း၌ ထားကုန်၏။ အချို့ကုန်သော ပုဏ္ဏား တို့သည် နံရံတို့ကို ဝှေ့ကုန်၏။ အချို့ကုန်သော ပုဏ္ဏားတို့သည် လက် ကတီးကြဲး၌ ထမင်းလုပ်ကို ပစ်ကုန်၏။ အလုံးစုံ ကုန်သောပုဏ္ဏားတို့ သည်လျှင် ရှုးကုန်၏။ဥမ္မာဒန္တိသည် ထိုပုဏ္ဏားတို့ကိုမြင်၍ ဤပုဏ္ဏားတို့ သည် ငါ၏ လက္ခဏာကို အသို့စုံစမ်းကုန်လတ္တံ့နည်း။ ထိုပုဏ္ဏားတို့ကို လည်၌ကိုင်၍ထုတ်ကြကုန်လော့ဟုထုတ်စေ၏။ ပုဏ္ဏားတို့သည် အရှိန် အဝါမရှိကုန်သည်ဖြစ်၍ဥမ္မာဒန္တိအား အမျက်ထွက်ကုန်၍ ရှင်မင်းကြီး ထိုဥမ္မာဒန္တိသည်ယုတ်သောမိန်းမတည်း ရှင်မင်းကြီးတို့အား မလျောက် ပတ်ဟုမင်းအား လျောက်ကုန်၏။မင်းသည်လည်းယုတ်သောမိန်းမတည်း ဟု ဥမ္မာဒန္တိကိုမဆောင်မယူ၊ ဥမ္မာဒန္တိသည်လည်း ထိုအကြောင်းကို ကြား၍ ထိုမင်းကိုအကယ်၍ငါဖြင့်ရသည်ရှိသော်သိရလတ္တံ့ဟုထိုမင်း၌ ရန်ငြိုးဘွဲ့၏။ထိုအခါ ထိုဥမ္မာဒန္တိကိုသေဋ္ဌေးသည်မင်း၏အဆွေခင်ပွန်း ဖြစ်သောအဘိပါရကအမည်ရှိသောစစ်သူကြီးအား ပေး၏။ ထိုဥမ္မာဒန္တိ ကိုအဘိပါရကမည်သောစစ်သူကြီးသည် ချစ်မြတ်နိုး၏။ထိုအခါ တနေ့ သ၌ စစ်သူကြီးသည် မိမိ၏စောင့်ရှောက်ရာအရပ်သို့ သွားလတ်သော် ရှင်မ-ယနေ့ကား တန်ဆောင်မုန်းလပြည့် သီတင်းနေ့တည်း။မင်းသည် မြို့ကို လက်ျာရစ်လှည့်သည်ကို ပြုလတ်သော်ရှေးဦးစွာ ဤအိမ်တံခါး သို့လာလတ္တံ့ မင်းအား ရှင်မကိုယ်ကို မပြလင့်။ ထိုမင်းသည်လည်း သင့်ကိုမြင်၍ သတိကို ဖြစ်စေခြင်းငှါ မတတ်နိုင်လတ္တံ့ဟုဆို၍သွား၏။

မင်းသည်လည်း နေသည်ဝင်လတ်သော် လပြည့်ဝန်းသည် ထွက် လတ်သော် များသောအခြံအရံဖြင့်မြို့ကိုလက်ျာရစ်လှည့်သည်ကိုပြုလတ် သော် ရှေးဦးစွာလျှင်စစ်သူကြီး၏အိမ်တံခါးသို့ရောက်၍လေသွန်တံခါး ၏အနီး၌ ရပ်နေသော ဥမ္မာဒန္တိကိုမြင်၍ ကိလေသာဟူသော ယစ်ခြင်း

ဖြင့်ယစ်သည်ဖြစ်၍ သတိကိုဖြစ်စိမ့်သောဌါ မတတ်နိုင်သည်ဖြစ်၍ မြှိုကို လက်ျာရစ်လှည့်ခြင်း၌ စိတ်ကိုမဖြစ်မူ၍ ထိုအရပ်မှပြန်၍ ပြာသာဒ်သို့ တက်၍ လျောင်း၍ ဥမ္မာဒန္တီကို အာရုံပြု၍ အထူးထူး အပြားပြားသော အခြင်းအရာဖြင့် မြည်တမ်း၏။ စစ်သူကြီးသည် ထိုအကြောင်းကိုသိ၍ ဤမင်းသည် ဥမ္မာဒန္တီ၌ တပ်စွန်းသောစိတ်ရှိ၏၊ ဥမ္မာဒန္တီကို မရသည် ရှိသော် သေလတံ့။ ထိုမင်းအား အသက်ကို ပေးခြင်းဌါ သင့်၏ဟု ကြီ၍ တယောက်သော အလုပ်အကျွေးကို သင်သည် သွားချေ ဤ မည်သော အရပ်၌ အခေါင်းရှိသော ပူဇော်ရာဖြစ်သော ညောင်ပင် ကြီးသည် ရှိ၏၊ သင်သည် တစုံတယောက်သောသူကို မသိစေမူ၍ သစ်ပင်ခေါင်း အတွင်း၌ နေလော့၊ ငါတို့သည် ထို အရပ်သို့ သွား၍ ပူဇော်သော အမှုကိုပြု၍ ဤသို့ ဆိုအံ့၊ ထိုအခါ သင်သည် ဤသို့ ဆိုလော့ဟု စေ၏။ ထို အလုပ် အကျွေးသည် ကောင်းပြီဟု ဆို၍သစ်ပင်သို့သွား၏။စစ်သူကြီးသည်လည်း နက်ဖြန်နေ့၌ ထိုသစ်ပင် သို့သွား၍ပူဇော်ပသခြင်းကိုပြု၍ ထိုခဏ၌ ငါတို့မင်းသည် ပွဲသဘင်ဖြစ် လက်သော် မကစားမူ၍ ကြက်သရေတိုက်သို့ဝင်၍ အထွေအထူး မြည် တမ်းလျက် လျောင်း၏။အဘယ်မည်သော သူကိုအမှီပြု၍ အထွေအထူး မြည်တမ်းသနည်းဟု မေး၏။ထိုအလုပ်အကျွေးသည် အသံကို ဘောက် ပြန်စေ၍ စစ်သူကြီး သင်တို့မင်းသည် သင့်မယားဥမ္မာဒန္တီ၌ တပ်စွန်း သော စိတ်ရှိသည်ဖြစ်၍ အထွေအထူး မြည်တမ်းလျက်လျောင်း၏။ ထို ဥမ္မာဒန္တီကိုအကယ်၍ရသည်ဖြစ်အံ့ အသက်ရှင်အံ့၊မရသည်ဖြစ်အံ့ သေ လတ္တံ့၊ထိုကြောင့် မင်းအားဥမ္မာဒန္တီကို ပေးလော့ဟု ဆို၏။ စစ်သူကြီး သည်ကောင်းပြီဟုဆို၍ မင်းသို့ကပ်၍ ထိုအကြောင်းကိုကြား၍ ရှင်မင်း ကြီးအား ပေး၏ဟု ဆို၏။ မင်းသည် အချင်း အဘိပါရက-ငါ၏ ဥမ္မာဒန္တီ၌ တပ်စွန်းသော စိတ်သည် ရှိသည်၏ အဖြစ်ကြောင့် အထွေ အထူး မြည်တမ်းသည်၏အဖြစ်ကို ရုက္ခစိုးနတ်တို့သည်လည်း သိချေ ကုန်ပြီလောဟု မေး၏။ ရှင်မင်းကြီး .....သိကုန်ပြီဟုဆို၏။ မင်းသည် ငါ၏ယုတ်သောအဖြစ်ကို ခပ်သိမ်းသော လောကသည် သိသတတ်ဟု ရှက်၍ တရားဌ်တည်၍ ဥမ္မာဒန္တီ၌ တပ်စွန်းသောစိတ်ကို ဖျောက်၍ ဥမ္မာဒန္တီကိုမယူ။ ။[ဥမ္မာဒန္တီဝတ္ထု]။

၁၁၃–ဧကိပါလဗယ်ဧတာဒ်ဓိဗုယာဒဝတ္ထု

ကေကနိပါတ် အင်္ဂုတ္တိရ် အဋ္ဌကထာ

ဓမ္မပဒပါပဝဂ်၌ စူဠ ဧကသဉ္ဉက ပုဏ္ဏားဝတ္ထု ဧကကနိပါတ် အင်္ဂုတ္တိရ် အဋ္ဌကထာ၌ မဟာဧကသာဠက ပုဏ္ဏားဝတ္ထု ဤသို့ အစရှိသော ဝတ္ထုကိုလည်း သင်္ဂဟ်နှုံးအလျှင် ထုတ်ဆောင်အပ်၏။

ဥဇ္ဇေနိမြို့သို့ သွားရာ လမ်းခရီးအကြား၌ တေလနာလိ မည်သော ဟာသသော နိဂုမ်းသည်ရှိ၏။ထိုနိဂုမ်း၌ သေဋ္ဌေးသို့နှစ်ယောက်တို့သည် ဖြစ်ကုန်၏၊ တယောက်သော သေဋ္ဌေးသို့သည် ဆင်းရဲ၏။ မိဘတို့၏ လွန်သဖြင့် အဝတ်နှုံးကိုမှီ၍ အသက်မွေးဖ်၏။ ပြည့်စုံသောကိုယ် ရှိ၏။ တပါးကုန်သော မိနှုံးမဘို့ထက် အလွန်ရှည်သော ဆံရှိ၏။ တယောက်သော သေဋ္ဌေးသို့သည် ကြွယ်ဝပြည့်စုံ၏၊ ဆံမရှိ။ ထိုအခါ မဟာ ကစ္စည်း မထေရ်သည် ခုနစ်ပါး ကုန်သော ရဟန်း ကို့နှင့် တကွ စဏ္ဍာပဇ္ဇောတ မင်းအား ဘုရားဖြစ်တော် မူသည့် ကိုပြောဆိုလို၍ ဥဇ္ဇေနိ ပြည်သို့ သွားသည်ရှိသော် ထိုတေလနာလိ နိဂုမ်းသို့ ရောက်၍ ထိုနိဂုမ်း၌ ဆွမ်းခံအံ့သောငှါ သွားသည် ရှိသော် တစုံတခုသော ဆွမ်းကိုမရ။ ရှည့်သော ဆံရှိသော သေဋ္ဌေးသို့သည် ထိုဆွမ်းမရသော အကြောင်းကိုသိ၍ မထေရ်တို့ကိုတိတ်၍ အိမ်တွင်း၌ နေစေလော့ဟု အထိန်းမိန်းမကိုစေ၏။ ထိုအထိန်းမိန်းမသည် သေဋ္ဌေး သို့းစေတိုင်းပြု၏။ သေဋ္ဌေးသို့သည် တိုက်ခန်းသို့ ဝင်၍ မိမိဆံတို့ကို အထိန်းမိန်းမကိုဖြတ်စေ၍ မိခင် ဤဆံတို့ကိုဆံမရှိသော သူဋ္ဌေးသို့းအား ပေး၍ အကြင်ဥစ္စာကို ထိုသူဋ္ဌေးသို့းသည်ပေး၏။ ထိုဥစ္စာကို ဆောင်ခဲ့လော့၊ ထိုဥစ္စာဖြင့် အရှင်တို့ကို ဆွမ်းလှူကုန်အံ့ဟုစေ၏။ ထိုအထိန်းမသည် သေဋ္ဌေးသို့းဆိုတိုင်းပြု၍ရှစ်သပြာတို့ကိုယူ၍ ဆံရှိသောသေဋ္ဌေး သို့းအားပေး၏။ ထိုသေဋ္ဌေးသို့းသည် တစုတစုသော ဆွမ်းကို တသပြာ တသပြာစီ ထိုက်သည့်ကိုပြု၍ မထေရ်တို့အား လှူစေ၍ မိမိသည့် တိုက် ခန်းတွင်း၌နေ၏။ မဟာကစ္စည်း မထေရ်သည် ထိုအကြောင်းကို သိ၍ ထိုသေဋ္ဌေးသို့းကိုခေါ်စေ၍ သေဋ္ဌေးသို့းသည် မထေရ်အားရှိသေသဖြင့် လာလတ်၍ မထေရ်ကို ရှိခိုး၍ အားရှိသော သဒ္ဓါတရားကို ဖြစ်စေ၏။ ကောင်းသော ခေတ်၌ ပေးသော အလှူမည်သည်ကား မျက်မှောက်၌ အကျိုးကိုပေး၏ဟု ဆိုတော်မူ၏။ မထေရ်ကိုလာ၍ ရှိခိုးသည်နှင့် တကွ

ထိုသေဋ္ဌေးသို့၏ ဆံတို့သည် ပကတိအဖြစ်၌သာလျှင် တည်ကုန်၏။ မဃထေရ်• တို့သည် ဆွမ်းကို ယူ၍ ထိုသေဋ္ဌေးသို့၏ မြင်စည်လျှင် ကောင်းကင်ယို ပျံဘက်၍ ကဉ္စနဝန ဥယျာဉ်၌ သက်၍ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စကိုပြုကုန်၏။ ဥယျာဉ်စောင့်သည် မဃထေရ်တို့ကို မြင်၍ မင်းအားကြားဖူး၏။ မင်းသည် ဥယျာဉ်သို့သွား၍ မဃထေရ်တို့ကို ရှိခိုး၍ အနှင်ဘုရားတို့ ယနေ့ အဘယ်အရပ်၌ ဆွမ်းကို ရပါကုန်သနည်းဟု မေး၍ ထိုအကြောင်းကို ကြား၍ မင်းအိမ်သို့ သွား၍ ထိုနေ့၌လျှင် ထိုသေဋ္ဌေးသို့ကို ဆောင်စေ၍ ဓိဖုယားကြီးပြု၏။ ထိုဓိဖုယားသည် နောက်အဘို့၌ သားဘွား၍ သားအား အဘိုးသေဋ္ဌေး၏ အမည်ကိုယူ၍ ဝေါပါလဟူသော အမည်ကို မှည့်၍ သားအမည်၏ အစွမ်းအားဖြင့် ဝေါပါလမယ်တော် ဓိဖုယားဟု ထင်ရှားဖူး၏။ မဃထေရ်တို့ကို အလွန်လျှင်ကြည်ညို၍ ကဉ္စနဝန ဥယျာဉ်၌ မဟာကစ္စည်း မဃထေရ်အား ကျောင်းဆောက်၍ လှူဒါန်း၏။ [ဝေါပါလမယ်တော် ဓိဖုယား ဝတ္ထု]။

၁၁၄—မဏ္ဍိကာဓိဖုယား ဝတ္ထု

သတ္တကနိပါတ် ဇာတ်အဋ္ဌကထာ

သာဝတ္ထိ ပြည်၌ ပန်းသည်ကြီး၏ တယောက်သော သို့သည် မြက်သော အဆင်းကို ဆောင်၏။ များသောကောင်းမှုရှိ၏။ တဆဲ့ခြောက်နှစ်မြောက်သော် ထိုသတို့သို့သည် တနေ့သ၌ မယောမုံ့ဈိုင်သုံးခုတို့ကို ပန်းတောင်း၌ ထည့်၍ ပန်းအရံသို့ သွားသည် ရှိသော် ဆွမ်းခံအံ့သောငှါ မြို့သို့ ဝင်သော သံဃာနှင့်တကွသော မြက်စွာဘုရားကိုမြင်၍ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ထိုမယော မုံ့ဈိုင်သို့ကို မြတ်စွာဘုရား၏ သပိတ်တော်၌ထည့်၍ ရှိခိုး၍ ဘုရားလျှင် အာရုံရှိသော ဒိဘိကိုဖြစ်စေ၍ တင့်အပ်လျောက်ပတ်သော အရပ်၌ တည်၏။ မြတ်စွာဘုရားသည် ထိုသတို့သို့ကို ကြည့်လျက် ပြုံးတော်မူ၏။ အနှင်အာနန္ဒာ မဃထေရ်သည် ပြုံးကောင်မူသော အကြောင်းကို မေးအပ်သည် ရှိသော် အာနန္ဒာ ဤသတို့သို့ သည် မယောမုံ့အလှူ၏ အကျိုးအားဖြင့် ယနေ့လျှင် ကောသလမင်း၏ ဓိဖုယားကြီးဖြစ်လတ္တံ့ဟု ပိန့်ကော်မူ၍ ကြွတော်မူမူ၏။ ထိုသတို့သို့သည်လည်း ပန်းအရံသို့ သွား၍ သိုချင်း သိုလျက်

ပန်းတို့ကို ဆွတ်၏။ ထိုနေ့၌လျှင် ကောသလမင်းသည် အဇာတသတ်မင်းနှင့် စစ်ထိုးကြသော် ရှုံးရကား ပြေး၍ မြင်းစီးလျက် သွားလတ်သော် ထိုသတို့သွီး၏ သီချင်းသံကိုကြား၍ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ပန်းအရံသို့သွား၍ ထိုသတို့သွီး၏ အရှင်မရှိသည်၏ အဖြစ်ကို သိ၍ ဗိုလ်ပါ အပေါင်း ခြံရံလျက် မြို့သို့ဝင်၍ ထိုသတို့သွီးကို မိဘအိမ်သို့ပို့စေ၍ညချမ်းသောအခါ များစွာသော သက္ကာရဖြင့် ထိုမိဘအိမ်မှဆောင်စေ၍ ရတနာစုဌ် အဘိသိက်သွန်း၍ မိဖုယားကြီးပြု၏၊ ထိုမိဖုယားကို ကောသလမင်းသည် ချစ်မြတ်နိုး၏။ထိုမိဖုယားသည် ဘုရားအစရှိကုန်သော ရတနာတို့အားအကျွမ်းဝင်သောမလ္လိကာမိဖုယားဟူ၍ဆင်ရှား၏။

[မလ္လိကာမိဖုယားဝတ္ထု]။

မယောမုံ့ကိုလှူသော မင်းဝတ္ထု၊ ဆွမ်းလှူသော မိဖုယားဝတ္ထု၊ ဧကကနိပါတ် ဧကာဒသမဝဂ် ကုဏ္ဍကပူဝဇာတ် အဌကထာ၌ နှစ်ယောက်သော မဟာဒုဂ္ဂတသေဌေးဝတ္ထု ဤသို့ အစရှိကုန်သော ဝတ္ထုတို့ကို ဆွမ်းအလှူ၌ ထုတ်ဆောင်အပ်ကုန်၏။

၁၁၅-နန္ဒိယသီတင်းသည်ဝတ္ထု

မမ္မပဒ အဌကထာပီယဝဂ်

ဗာရာဏသီပြည်၌ တယောက်သော နန္ဒိယမည်သော သဒ္ဓါတရားရှိသော ကြည်ညိုတတ်သော သီတင်းသည်သည်ဖြစ်၏။ ထို သီတင်းသည်လည်း ထိုဗာရာဏသီပြည်၌ ကျောင်းအလှူ၏အကျိုး အာနိသင်စကားကို ကြားနာရ၍ ဣသိပတနကျောင်းကြီး၌ တိုက်လေးခုတို့ဖြင့် တန်းဆာဆင်အပ်သော လေးဆောင်သော ကျောင်းကို ဆောက်လုပ်စေ၍ ညောင်စောင်းအင်းပျဉ် အစရှိသည်တို့ကို ခင်းစေ၍ ကျောင်းကို လှူဒါန်းလတ်သော် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းလှူခြင်းကို ပြု၍ မြတ်စွာဘုရား လက်တော်၌ ရေစက်ချ၍ လှူဒါန်း၏။ မြတ်စွာဘုရား လက်တော်၌ ရေစက်ချသည်နှင့် ကပြိုင်နက်လျှင် တာဝတိံသာနတ်ပြည်၌ အလျားအနံအားဖြင့် ဆယ်ယူဇနာရှိသော ယူဇနာတရာမြင့်သော ရတနာခုနစ်ပါးဖြင့် ပြီးသော နတ်သွီးအပေါင်းဖြင့် ပြည့်သော နတ်ပြာသာဒ်သည် ဖြစ်၏။ ထိုအခါတနေ့သ၌ မဟာမောဂ္ဂလာန်မထေရ်

သည် နတ်ပြည်သို့ ဒေသစာရီကြွတော်မူသည် ရှိသော် ထို ပြာသာဒ်ကို မြင်၍ နတ်ပြည်မှ ပြန်လည်လတ်သော် မြတ်စွာဘုရားအား ကြား လျှောက်၏။ နန္ဒိယသည်လည်း မိမိ၏အကျိုးငှါ ပြာသာဒ်ဖြစ်လင့်ခြင်း ကို ကြား၍ အတိုင်းထက်အလွန် ဒါနအစရှိကုန်သော ကောင်းမှုတို့ကို ပြု၍ အသက်၏အဆုံး၌ ထို ပြာသာဒ်၌လျှင် ဖြစ်၏။ ။[နန္ဒိယဝတ္ထု။]

ဓမ္မပဒဗြာဟ္မဏဝတ် အဋ္ဌကထာ၌ ဝိပသီ မြတ်စွာဘုရားအား ဂန္ဓ ကုဋိဆောက်လုပ်၍ လှူဒါန်းသော အပရာဇိတမည်သော သူကြွယ်၏ ဝတ္ထု၊ကိုလည်းကောင်း မဟာသုဒဿနသုတ် အဋ္ဌကထာ၌ တောနေ သော ရဟန်းအား သစ်ရွက်မိုးသော ကျောင်းကို ဆောက်လုပ်၍ လှူဒါန်းသော တယောက်သော သူကြွယ်၏ ဝတ္ထု၊ကိုလည်းကောင်း ထိုမှတပါးသော ဝတ္ထု၊ကို လည်းကောင်း ကျောင်း အလှူ၌ ထုတ် ဆောင်အပ်၏။

၁၁၆–အသောကမင်းဝတ္ထု၊

မဟာဝင်ဝတ္ထု၊

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တယောက်သော ပျား ကုန်သည်သည် ဈေး၌ပျားရောင်း၏။ထိုအခါ တပါးသော ပစ္စေကဗုဒ္ဓါ သည် ဖျော့ကော့နာရှိ၏။ ထိုအခါ ထိုအနာရှိသော ပစ္စေကဗုဒ္ဓါ၏ ဆေးအကျိုးငှါ တပါးသော ပစ္စေကဗုဒ္ဓါလည်း ပျားအလှူခံအံ့သောငှါ သွားသည်ရှိသော် ဂန္ဓမာဒနတောင်မှသက်၍ ဗာရာဏသီသို့ ဝင်၏။ ထိုပစ္စေကဗုဒ္ဓါကိုမြင်၍ မြစ်ဆိပ်သို့သွားသော ရေအိုးရွက်သောကျွန်မ သည်မေး၍ ထိုအကြောင်းကို ကြား၍ အရှင်ဘုရား ထိုအရပ်၌ ပျားကုန် သည်သည် နေ၏။ ထိုအရပ်သို့ ကြွတော်မူပါလော့ဟု ပျားဈေးကိုပြ၏။ ကုန်သည်သည် အရှင်အား အကယ်၍ပျားကို မလှူသည်ဖြစ်အံ့ ထို ပျားဈေးသို့ ငါသွား၍ ပျားကိုယူ၍ အရှင်ဘုရားအားလှူ၍ နောက်မှ ဥစ္စာကိုရှာ၍ အတိုးကိုပေးဆပ်ဟုကြံလျက် ထိုပစ္စေကဗုဒ္ဓါကို မြင်ရာ အရပ်၌လျှင်နေ၏။ ပစ္စေကဗုဒ္ဓါသည် ထိုပျားဈေးသို့ကြွ၏။ ကုန်သည် သည် ပစ္စေကဗုဒ္ဓါကိုမြင်၍ နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ သပိတ်ကို ပြည့်စေလျက် ပျားကိုလှူ၍ သပိတ်မျက်နှာဝမှ အထက်သို့ တက်၍

မြေသို့ကျသောပျားကိုမြင်၍ အလွန်လျှင် ကြည်ညိုသည်ဖြစ်၍ အရှင်ဘုရား အကျွန်ုပ်သည် ဤကောင်းမှုကြောင့် ဇမ္ဗူဒီပါ၌ ဧကရာဇ်မင်းအဖြစ်ကို ပြုရစေသတည်း၊ အကျွန်ုပ်၏ အာဏာသည် ကောင်းကင်မြေကြီးတို့၌ တယူဇနာအတိုင်းအရှည်၌ နှံ့စေသတည်းဟု ဆုတောင်း၏။ ပစ္စေကဗုဒ္ဓါသည် သီတင်းသည် သင့်အားတောင့်တသော အတိုင်းပြည့်စေသတည်းဟု ဆို၍ တဘန်ပြန်၏။ ထို ရေအိုးရွက်သော ကျွန်မသည် ထို ပစ္စေကဗုဒ္ဓါကိုမြင်၍ အရှင်ဘုရား ပျားရပါ၏လောဟုမေး၏။ နှမ-ပျားကိုရခဲ့၏။ ထိုကုန်သည်သည် ငါ့အား ပျားကိုလှူ၍ ဤသို့ ဆုတောင်း၏ဟု ပစ္စေကဗုဒ္ဓါသည် မိန့်တော်မူ၏။ ထိုကျွန်မသည် ထိုစကားကိုကြား၍ ထိုသူ၏ မိဖုယားကြီး၏အဖြစ်ကို ဆုတောင်း၏။ ထိုသူတို့တွင် ပျားကုန်သည်သည် ပါဋလိပုတ်ပြည်၌ ဗိန္ဒုသာရမင်း၏ တရာ့တရောက်သော သားတို့တွင် အလုံးစုံကုန်သော မင်းသားတို့၏ အကြီးဖြစ်သော အသောကမင်းသားဖြစ်၍ အဘလွန်သဖြင့် တမိသားချင်းဖြစ်သော တိဿမင်းသားကို ထား၍ ထိုမှတပါး ကုန်သော ညီမင်းသားတို့ကို သတ်၍ အဘိသိက်မခံဘဲ လေးနှစ်မင်းပြု၍ လေးနှစ်လွန်သဖြင့် ဘုရားပရိနိဗ္ဗာန် ပြုတော်မူသည်မှ နှစ်ရာ့တဆဲ့ ရှစ်နှစ်မြောက်၌ အလုံးစုံသော ဇမ္ဗူဒီပါ၌ ဧကရာဇ်မင်း၏ အဘိသိက်ကို ခံခြင်းသို့ရောက်၍ အဘိသိက်၏ အာနုဘော်အားဖြင့် ထိုမင်းအား ဤမင်းသား၏ တန်းခိုးတို့သည် ရောက်ကုန်၏။

ထိုစကားသည်မှန်၏။ ကောင်းမှု၏ အာနုဘော်အားဖြင့် ရအပ်ကုန်ငြားသော်လည်း မင်း၏တန်ခိုးတို့သည် အရဟတ္တဖိုလ်ဖြင့် လာကုန်သောပဋိသမ္ဘိဒါ အစရှိကုန်သော ကျေးဇူး အထူး တို့ကဲ့သို့ အဘိသိက်၏ အာနုဘော်အားဖြင့် လာကုန်၏၊ အောက်မြေကြီး၌ တယူဇနာအတိုင်းအရှည် ရှိသောအရပ်၌ အာဏာသည် ဖြစ်၏။ ထိုအတူကောင်းကင်၌ တယူဇနာ အတိုင်းအရှည် ရှိသောအရပ်၌ အာဏာသည်ဖြစ်၍ နတ်တို့သည် အနောတတ်အိုင်မှ တဆဲ့ခြောက်လုံးကုန်သော ရေတို့ကို လည်းကောင်း။ ဟိမဝန္တာ၌ သိမ်မွေ့နူးညှံ့သော အရသာရှိသော နာဂလတာအမည်ရှိသော နွယ်ဒန်ပူကိုလည်းကောင်း။ ဆေးဖြစ်သော ရှစ်ရှားသီးကို လည်းကောင်း။ ဆေးဖြစ်သော သဖန်းခါးသီးကို လည်းကောင်း။ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော

အနှံ့အရသာနှင့် ပြည့်စုံသော သရက်သီး မှည့်ကို လည်းကောင်း နေ့တိုင်း ဆောင်ကုန်၏။ ။ဆေးဖြစ်သော ရှစ်ရှားသီးမှည့်သည်ကား အနည်းငယ်သာလျှင် ကိုယ်ကိုသုတ်သင်ခြင်း အစရှိသည်၌ စွမ်းနိုင်သော ခပ်သိမ်းသောဒေါသကို ပယ်နိုင်သောဆေးဖြစ်သော ရှစ်ရှားသီး တည်း။ ဆေးဖြစ်သော သဖန်းခါးသီးသည်လည်း ထိုသို့သဘောရှိသည်သာလျှင်ဖြစ်၏။ ထိုရှစ်ရှားသီး သဖန်းခါးသီးတို့တွင် တပါးပါးကို အလိုအားလျော်စွာ သုံးဆောင်သတတ်။ ။နတ်တို့သည်လျှင် ဆဒ္ဒန်အိုင်၏အနီး၌တည်သော ဗိမာန်မှ ငါးပါးသော အဆင်းရှိသော အဝတ်အရုံကို လည်းကောင်း။ ရွှေသောအဆင်းရှိသော လက်သုတ်ပုဝါကို လည်းကောင်း နတ်အဖျော်ကို လည်းကောင်း နေ့တိုင်းဆောင်ကုန်၏။ ဆဒ္ဒန်အိုင်၌ ပဒေသာပင်တို့သည်လည်း ရှိကုန်၏။ (ထိုပဒေသာပင်မှ ဆောင်ကုန်၏ဟူ၍လည်း ဆိုကုန်၏။) ။နဂါးမင်းတို့သည် နဂါးပြည်မှ ဦးခေါင်းလျော်စရာ နှံ့သာကိုလည်းကောင်း၊ လိမ်းကျံစရာ နှံ့သာကို လည်းကောင်း၊ ရုံစရာချည်ဖြင့် မယက်သော မုလေး ပန်းပွင့် ပေါ်သော အဝတ်ကို လည်းကောင်း၊မြတ်သောသူတို့အား ထိုက်သော မျက်စဉ်းကို လည်းကောင်း နေ့တိုင်းဆောင်ကုန်၏။ ကျေးသားတို့သည်ဆဒ္ဒန်အိုင်၌ အလိုလို ရောက်ကုန်သော သလေးတို့၏ ဝါဟ ကိုးထောင်တို့ကို နေ့တိုင်းဆောင်ကုန်၏။

(ဤအရာ၌ လေးဆုပ်သည် တကုဒုံမည်၏။လေးကုဒုံသည် တကွမ်းစားဖြစ်၏။ လေးကွမ်းစားသည် တပြည်မည်၏။ လေးပြည်သည် တစိတ်မည်၏။ လေးစိတ်သည် တတင်းမည်၏။ လေးတင်းသည် ကတို့မည်၏။ တို့နှစ်ဆယ်တို့သည် တဝါဟမည်၏။ ထိုတဝါဟလျှင်လှည်း တစီးတိုက် မည်၏)။ ။ကြွက်တို့သည် ဖွဲဆန်ကျိုး ကင်းကုန်သော ဆန်တို့ကို ပြုကုန်၏။ တခုသောဆန်သည်လည်း ကျိုးသောမည်သည် မရှိ။ ပျားတို့သည်လာကုန်၍ မြို့၏အနီးဖြစ်သောအရပ်၌ ပျားကိုပြုကုန်၏။ ပန်းဘဲတို့၌ ဝံတို့သည် တူကိုရိုက်ကုန်၏။ ကရဝိက် ၄က်တို့သည် လာကုန်၍ အခွန်အတုတ် ဆက်သခြင်းကို ပြုကုန်သော တိုင်းနိုင်ငံသားတို့ကဲ့သို့ သာယာသောအသံကို ကျူးရင့်ကုန်လျက် မင်းအားအခွန်ဆက်သောအမှုကို ပြုကုန်၏။ (လာကုန်၍ ကောင်းကင်၌သာလျှင် အသံကိုကြားစေကုန်လျက် ကိုယ်ကိုမသိစေကုန်မူ၍ သွားကုန်၏ ဟူ၍

လည်းဆိုကုန်၏) ။ဤသို့ ထိုပျားကုန်သည် သည် ဆေးအကျိုးငှါ ပျားအလှူဖြင့် ဤမင်း၏ တန်ခိုးတို့နှင့်ပြည့်စုံသော မျှောသောကမင်း သည်ဖြစ်၏။ ထိုရေအိုးရွက်သော ကျွန်မသည်လည်း ထိုမျှောသောက မင်း၏ အသန္ဓိမိတ္တာ မည်သော မိဖုယားကြီးသည်ဖြစ်၏။ ထိုမိဖုယား၏ လက်ခြေတို့၌ အစပ်တို့သည် ပြေပြစ်ကုန်သတတ်။ ပျားဈေးကိုပြသော ဝေယျာဝစ္စအားဖြင့် ပြီးသောပုညကြိယာဝတ္ထု၏ အကျိုးဆက်ကြောင့် ကွေးခြင်းကို ကြည်၍ တပါးသောကာလ၌ အစပ်တို့သည် မထင်ကုန် သတတ်။ ထိုကြောင့် ထိုမိဖုယားသည် အသန္ဓိမိတ္တာ အမည် ဖြစ်၏။

(အသောက ဝတ္ထု)

စတ္တာလီသမဝဂ်၌ ဗာကုလမထေရ် အပဒါန်ကို လည်းကောင်း၊ သတ္တရသမဝဂ်၌ သပ္ပဒါယက မထေရ်၏ အပဒါန်ကို လည်းကောင်း၊ ထိုမှ တပါးသောဝတ္ထုကို လည်းကောင်း၊ ဆေးအလှူ၌ ထုတ်ဆောင် အပ်၏။

ဤသို့ ပစ္စည်း လေးပါးကို လှူသောသူသည် ချမ်းသာကို ရ၏။ ထိုကြောင့် အလှူကို မိမိသည်လည်း ဖြစ်စေအပ်၏။ အမျိုးစဉ် ဖြစ်သော အလှူကိုလည်း မဖြတ်အပ်။ ထိုစကားသည် မှန်၏။ ထိုအမျိုးစဉ်ဖြစ် သောအလှူသည်လည်း အကျိုးကြီးမြတ်သလျှင်ကတည်း။ ထိုကြောင့် ကုဋ္ဌဒန္တမည်သော ပုဏ္ဏားအား တရား ဟောတော်မူသော မြတ်စွာ ဘုရားသည်-

> ယာနိ ခေါ တာနိ ဗြာဟ္မဏ နိစ္စဒါနာနိ အနုကုလယညာနိသီလ ဝန္တေ ပဋ္ဌဓိတောဥဒ္ဒိသ ဒိယျန္တိ။ အယံခေါဗြာဟ္မဏ ယညော မဟပ္ဖလတရောစေဝ မဟာနိသံသတရောစ။

ဟူ၍ ဟောတော်မူ၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ သီလဝန္တေ၊ သီလရှိကုန်သော။ ပဋ္ဌဓိတေ။ ရဟန်းတို့ကို။ ဥဒ္ဒိသ၊ ရည်၍။ နိစ္စဒါနာနိ၊ အမြဲလှူအပ်ကုန်သော။ ယာနိခေါ တာနိအနုကုလယညာနိ၊ အကြင်အမျိုး စဉ်ဖြစ်ကုန်သော အလှူတို့ကို။ ဒိယျန္တိ၊ လှူအပ်ကုန်၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ အယံခေါ ယညော၊ အကြင်အမျိုးစဉ်ဖြစ်သောအလှူသည်။ မဟပ္ဖလတရောစေဝ၊ အကျိုးကြီးမြတ်သည်လည်းဖြစ်၏။ မဟာနိသံသတရောစ၊ အာနိသင် ကြီးမြတ်သည်လည်းဖြစ်၏။ ။ထိုစကား၌ဤဝတ္ထုကိုသိအပ်၏။ အနာ

ထပိဏ်သေဋ္ဌေးအိမ်၌ ငါးရာကုန်သောနိစ္စဘတ်တို့ကို လှူကုန်သတတ်။ ဆင်စွယ်ဖြင့် ပြီးကုန်သော ငါးရာကုန်သော စာရေးတံတို့သည်ရှိကုန်သတတ်။ ထိုအနာထပိဏ်သေဋ္ဌေး၏ အမျိုးကိုအစဉ်သဖြင့် ဆင်းရဲသောအဖြစ်သည်နှိုပ်စက်၏။ ထိုအနာထပိဏ်သေဋ္ဌေး၏ အမျိုး၌ တယောက်သော သူငယ်မသည် တခုသောစာရေးတံ ထက်အလွန်လှူခြင်းငှါမတတ်နိုင်။ ထိုသူငယ်မသည် နောက်ကာလ၌ သေဘဝါဟန ပြည်သို့ရောက်၍ တလင်းကိုသုတ်သင်၍ရသောစပါးကို ထိုစာရေးတံဆွမ်း၌လှူ၏။ တပါးသောမထေရ်သည် မင်းအားကြား၏။ မင်းသည် ထိုသူငယ်မကိုဆောင်၍ မိဖုယားကြီးအရာ၌ထား၏။ ထိုသူငယ်မသည် ထိုမိဖုယားဖြစ်သောအခါမှစ၍ တဘန်လည်း ငါးရာကုန်သောစာရေးတံဆွမ်းတို့ကိုဖြစ်စေ၏။ (ကုဋ္ဌဒန္တသုတ်အဋ္ဌကထာ) ။အာမိသဒါနကထာပြီး၏။

၁၁၇--ဓမ္မဒါန အကြောင်းကိုပြခြင်း

ဓမ္မဒါန ဟူသည်ကား- ဤလောက၌ အချိုသောသူသည် နိဗ္ဗာန်သို့ရောက်ခြင်း၏အကြောင်းဖြစ်သော ကောင်းသော အကျင့်ကိုဟော၏၊ ဤအလှူသည် ဓမ္မဒါနမည်၏။ ။(ဒုကအဂိုတ္တိုရ်အဋ္ဌကထာ)။ ။ဤလောက၌ အချိုသောသူသည် ဤတရားတို့သည် ကုသိုလ်ဖြစ်ကုန်၏ ဤတရားတို့သည် အကုသိုလ်ဖြစ်ကုန်၏၊ ဤတရားတို့သည် အပြစ်ရှိကုန်၏၊ ဤတရားတို့သည် အပြစ်မရှိကုန်၊ ဤတရားတို့ကို ပညာဉ်တို့သည်ကဲ့ရဲ့အပ်ကုန်၏။ ဤတရားတို့သည် စွဲလမ်းဆောက်တည်အပ်ကုန်သည်ရှိသော်အစီးအပွါးမရှိခြင်းငှါ ဆင်းရဲခြင်းငှါဖြစ်ကုန်၏၊ဤတရားတို့သည် စွဲလမ်းဆောက်တည်အပ်ကုန်သည်ရှိသော်။စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါဖြစ်ကုန်၏ဟူ၍ ကုသလကမ္မပထ အကုသလကမ္မပထတို့ကို ဝေဘန်လျက် ပစ္စုပ္ပန်လောက တမလွန်လောက၌ ဖြစ်ကုန်သော ကံ၏အကျိုးတို့ကိုမျက်မှောက်အားဖြင့်ပြသကဲ့သို့ ထင်စွာပြုလျက် အကုသိုလ်တရားတို့မှ နှစ်စေလျက်။ ကုသိုလ်တရားတို့၌ တည်စေလျက် တရားဟော၏။ ဤတရားဟောခြင်းသည် ဓမ္မဒါနမည်၏။အကြင်သူသည်ကား ဤတရားတို့သည် ထူးသောဉာဏ်ဖြင့် သိအပ်ကုန်သော တရားတို့တည်း။

ဤတရားတို့သည် ဝိုင်းခြားခြင်း၌ သိအပ်ကုန်သော တရားတို့တည်း။ ဤတရားတို့သည် ပယ်အပ်ကုန်သောတရားတို့တည်း။ ဤတရားတို့သည် ပွါးစေအပ်ကုန်သော တရားတို့တည်းဟု သစ္စာတို့ကို ဖြလျက် အမြိုက်နိဗ္ဗာန်ကိုရစေခြင်းငှါ ကောင်းဖြတ်သော အကျင့်တရားကို ဟော၏။ ဤကရားဟောခြင်း ဟူသော အလ္လသည်ကား အထွတ်သို့ရောက်သော ဓမ္မဒါနမည်၏။ အာမိသဒါန ဓမ္မဒါနတို့တွင် ဓမ္မဒါနသည် ဖြတ်၏။ ထိုစကားသည်မှန်၏။ဓမ္မဒါနကိုမှီ၍ ခပ်သိမ်းသောအကျိုးမဲ့မှ လွတ်၏။ အလုံးစုံသော ဝဋ်ဆင်းရဲမှ လွတ်၏။ လောကီ ဓမ္မဒါနသည်ကား ခပ်သိမ်းကုန်သော ဒါနတို့၏ အကြောင်းဖြစ်၏။ ခပ်သိမ်းကုန်သော ဒါနတို့၏မူလဖြစ်၏။ အဘယဒါန ဘေးမဲ့ အလ္လကိုလည်း ဤနှစ်ပါးကုန်သောဒါနတို့ကွင် ဓမ္မဒါနဖြင့်သာလျှင် သင်္ကြိဟ်အပ်၏။ ။(အုတိဝုတ်အဋ္ဌကထာ)။ ။ပစ္စုပ္ပန်လောက တမလွန်လောကဌ ဆင်းရဲကိုပျောက်၍ ချမ်းသာကို ယူတတ်သော မြတ်စွာဘုရားသည် သိပြီးသောတရားကို သူတပါးတို့အား အစီးအပွါးကိုလိုသဖြင့် ဟောခြင်းကို ဤအရာ၌ဓမ္မဒါန ဟူ၍ ဆိုအပ်၏။ ဓမ္မဒါနသည်ခပ်သိမ်းသော အာမိသဒါနကို အောင်သည်၏ အဖြစ်ကြောင့် ဖြတ်၏၊ထိုကြောင့် ဓမ္မပဒတဏ္ဍာဝဂ်၌ သိကြားအား တရားဟောတော်မူသော ဖြတ်စွာဘုရားသည်-

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိ ံ ဓမ္မရတိ ဇိနာတိ၊ တဏ္ဟက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

ဟူ၍ဟောတော်မူ၏။

သဗ္ဗဒါနံ၊ခပ်သိမ်းသောအလ္လကို။ဓမ္မဒါနံ၊တရားအလ္လသည်။ဇိနာတိ၊အောင်၏။သဗ္ဗရသံ၊ခပ်သိမ်းသောအရသာကို။ဓမ္မရသော၊ တရားအရသာသည်။ ဇိနာတိ၊ အောင်၏။ သဗ္ဗရတိ ံ၊ခပ်သိမ်းသောနှလျော်ခြင်းကို။ ဓမ္မရတိ၊ တရားနှစ်သက်လျော်ခြင်းသည်။ဇိနာတိ၊အောင်၏။သဗ္ဗဒုက္ခံ၊ခပ်သိမ်းသောဆင်းရဲကို။တဏ္ဟက္ခယော၊ အရဟတ္တဖိုလ်သို့ရောက်ခြင်းသည်။ဇိနာတိ၊အောင်၏။

စကြဝဠာတိုက်၌ ဖြာပွားပြည့်တိုင်အောင် အခြားမရှိသည်ကိုပြု၍ စည်းဝေးကုန်သော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့အား ဌက်ပျော်၏ အတွင်း အရှက်နှင့်တူကုန်သော သင်္ကန်းတို့ကို လှူငြားသော်လည်း ထိုအစည်းအဝေး၌ လေးပုဒ်ရှိသောဂါထာဖြင့် ပြုအပ်သော တရား

ဟောခြင်းသည်သာလျှင် မြတ်၏။ ထိုသို့ သဘောရှိသော အလှူသည် ထိုလေးဖုဒ်၌ရှိသော ဂါထာ၏ တဆဲ့ခြောက်စိတ်တွင် တစိတ်ကို တဆဲ့ခြောက်စုပြု၍ တစုသောအတို့ကို မထိုက်၍ ဤသို့တရားဟောခြင်း သည်လည်းကောင်း၊ တရားကို ပြသသင်ကြားခြင်းသည်လည်းကောင်း၊ တရားကို နာခြင်းသည်လည်းကောင်း မြတ်၏။ အကြင်ပုဂ္ဂိုလ်သည်ကား ထိုတရားနာခြင်းကိုပြု၏။ ထိုပုဂ္ဂိုလ်အားသာလျှင် အကျိုးအာနိသင် ကြီးမြတ်၏။ ထိုသို့သဘောရှိကုန်သော ဘုရားပစ္စေကဗုဒ္ဓါရဟန္တာတို့ အားသာလျှင် မြတ်သောဆွမ်းဖြင့် သပိတ်ကိုပြည့်စေ၍ ပေးအပ်သော အလှူထက်လည်းကောင်း၊ ထောပတ်ဆီ အစရှိသည်တို့ဖြင့် သပိတ်ကို ပြည့်စေ၍ လှူအပ်သောဆေးအလှူထက်လည်းကောင်း၊ မဟာဝိဟာရ နှင့် တူကုန်သောကျောင်း လောဟပါသာဒနှင့် တူကုန်သော ပြာသာဒ် တို့၏ အသိန်းအသန်းတို့ကို ဆောက်လုပ်စေ၍ လှူအပ်သော ကျောင်း အလှူထက် လည်းကောင်း၊ အနာထပိဏ်သေဋ္ဌေး၏ကျောင်းကို အာရုံ ပြု၍ ပြုအပ်သော စွန့်ကြဲခြင်းထက် လည်းကောင်း၊ အယုတ်သဖြင့် လေးပုဒ်ရှိသောဂါထာဖြင့် တရားဟောသည်၏ အစွမ်းအားဖြင့် ဖြစ်စေ အပ်သော ဓမ္မဒါနသည်သာလျှင်မြတ်၏။အဘယ်ကြောင့်နည်းဟူမူကား အကြင်ကြောင့် ဤသို့သဘောရှိကုန်သော ကောင်းမှုတို့ကို ပြုကုန်သော သူတို့သည် တရားကို နာကုန်၍သာလျှင်ပြုကုန်၏။ မနာရကုန်မူ၍ မပြု ကုန်။ထိုစကားသည် မှန်၏။သတ္တဝါတို့သည် အကယ်၍ တရားတော်ကို မနာရကုန်ငြားအံ့။ တဟင်းချို မျှသော ယာဂုကို လည်းကောင်း၊ တယောက်မမျှသော ဆွမ်းကိုလည်းကောင်း မလှူကုန်ရာ။ဤအကြောင်း ကြောင့် ခပ်သိမ်းကုန်သောဒါနတို့ထက် ဓမ္မဒါနသည်သာလျှင်မြတ်၏။ တနည်းကား ဘုရားပစ္စေကဗုဒ္ဓါတို့ကို ထား၍ အလုံးစုံသော ကမ္ဘာ ပတ်လုံး မိုဃ်းရွာသည်ရှိသော် ရေပေါက်တို့ကို ရေတွက်ခြင်းငှါ စွမ်းနိုင်သော ပညာနှင့်ပြည့်စုံကုန်သော အရှင်သာရိပုတ္တရာအစရှိသည် တို့သည်လည်း မိမိတို့၏ သဘောဓမ္မဘာအားဖြင့် သောတာပတ္တိဖိုလ် အစရှိသည်တို့ကိုရခြင်းငှါ မတတ်နိုင်ကုန်။ အဿဇိမထေရ်အစရှိသည် တို့သည် ဟောအပ်သော တရားတော်ကိုနာရ၍သာလျှင် သောတာ ပတ္တိ ဖိုလ်ကို မျက်မှောက်ပြုရကုန်၏။ မြတ်စွာဘုရားသည် ဟောတော် မူသော ဒေသနာတော်ဖြင့် သာဝကညာဏ်ကို ရကုန်၏။ ဤအကြောင်း

ကြောင့်လည်း မေ္မဒါန သည်သာလျှင် မြတ်၏။ ထိုကြောင့် သဗ္ဗဒါနံ မေ္မဒါနံ ဖိနာတိ ဟူ၍ ဟောတော်၏။ ခပ်သိမ်းကုန်သော ပင်စည် အရသာ အစရှိသည်တို့သည်လည်းကောင်း၊ အလွန်အားဖြင့် နတ်တို့၏ သုဓာဘုတ် အရသာသည်လည်းကောင်း၊သံသရာ၌ကျစေ၍ ဆင်းရဲကို ခံရခြင်း၏ အကြောင်းသာလျှင်ဖြစ်၏။ သုံးဆဲ့ခုနစ်ပါးသော ဗောဓိ ပက္ခိယတရားဟု ဆိုအပ်သော အကြင် မေ္မရသသည်လည်းကောင်း၊ ကိုးပါးသော လောကုတ္တရာတရားဟု ဆိုအပ်သော အကြင် မေ္မရသ သည်လည်းကောင်း ရှိ၏။ ဤရသသည်သာလျှင် ခပ်သိမ်းကုန်သော ရသတို့ထက် မြတ်၏။ ထိုကြောင့် သဗ္ဗရသံမေ္မရသောဖိနာတိဟူ၍ ဟောတော်မူအပ်၏။ ။[မေ္မပဒအဋ္ဌကထာ]။

မေ္မရသဟူသည်ကား သူတော်ကောင်းတို့၏ တရားဟူသော မှီရာ ရှိသော ဗီဘိပါမောဇ္ဇတည်း။[သဂါထာဝဂ္ဂဋီကာ]။ ။သားဌ်မွေ့လျော်ခြင်း၊သို့ဌ်မွေ့လျော်ခြင်း၊မိန်းမဌ်မွေ့လျော်ခြင်း၊ ဥစ္စာဌ်မွေ့လျော်ခြင်း။ သိချင်းတီးမှုတ်ခြင်း အစရှိသည်၌ မွေ့လျော်ခြင်းအားဖြင့် များသော အပြားရှိသော အကြင်မွေ့လျော်ခြင်းသည်ရှိ၏။ထိုမွေ့လျော်ခြင်းသည် လည်း ဝဋ်၌ ကျစေ၍ ဆင်းရဲကိုခံရခြင်း၏ အကြောင်းသာလျှင်ဖြစ်၏။ တရားတော်ကို ဟောသောသူ၏လည်းကောင်း နာသောသူ၏ လည်း ကောင်း အတွင်း၌ဖြစ်သော အကြင်ဗီဘိသည် ဝမ်းမြောက်သည်၏ အဖြစ်ကို ဖြစ်စေ၏။ မျက်ရည်တို့ကို ဖြစ်စေ၏။ ကြက်သီးမွေးညှင်း ထခြင်းကို ဖြစ်စေ၏။ ထိုဗီတိသည် သံသရာဝဋ်၏အဆုံးကို ပြုစေ၍ အရဟတ္တဖိုလ် အဆုံးတိုင်အောင် ဖြစ်၏။ ထိုကြောင့် ဤသို့သဘော ရှိသော တရား၌ မွေ့လျော်ခြင်းသည်သာလျှင် ခပ်သိမ်းသောမွေ့လျော် ခြင်း တို့ထက် မြတ်၏။ ထိုကြောင့် သဗ္ဗရတိံ မေ္မရတိဖိနာတိ ဟူ၍ ဟောတော်မူအပ်၏။ ။မေ္မရတိဟူသည်ကား သမထတရား၊ ဝိပဿနာ တရား၌ မွေ့လျော်ခြင်းတည်း။ ။[သဂါထာဝဂ္ဂဋီကာ]။ ။တဏှာက္ခယ ဟူသည်ကား တဏှာကို ကုန်စေတတ်သော အရဟတ္တမင်္ဂ၏ အဆုံး၌ ဖြစ်သော အရဟတ္တဖိုလ်တည်း။ ထိုအရဟတ္တဖိုလ်သည် အလုံးစုံသော ဝဋ်ဆင်းရဲကိုလည်း နှိပ်စက်တတ်သည်၏ အဖြစ်ကြောင့် အလုံးစုံ သော တရားတို့ထက် မြတ်သည်သာလျှင် ဖြစ်၏။ ထိုကြောင့် တဏှာက္ခ ယော သဗ္ဗဒုက္ခံ ဖိနာတိဟူ၍ ဟောတော်မူ၏။ ။[ထိုဂါထာ၏ အဋ္ဌ

ကထာ]။ ။တရားဟောသော သူသည်လည်း အစီးအပွါး၏နှုံခြင်း၌ နူးညှံ့သော် စိတ်ရှိသည်သာလျှင် ဖြစ်ရာ၏။ လာဘ်၌ အလေးပြုသည် မဖြစ်ရာ။ လာဘ်၌ အလေးပြုသောသူ၏ ဓမ္မဒါနသည် အကျိုးမကြီး။ ထိုကြောင့် သင်္ဂီတိသုတ် အဋ္ဌကထာ၌ ဤသို့ ဆို၏၊ တယောက်သောသူသည် ဤသို့ တရားဟောသည်ရှိသော် ငါ့ကို တရားဟောတတ်သော ပုဂ္ဂိုလ်ဟူ၍ သိကုန်လတ္တံ့ ဤသို့သော အလိုရမက်၌ တည်၍ လာဘ်၌ အလေးပြု၍ ဟော၏။ ထိုတရားဟောခြင်းသည် တဏ္ဍာသည် စွဲလမ်းအပ်သည်၏ အဖြစ်ကြောင့် အကျိုးမကြီး။ တယောက်သော သူသည် မိမိလေ့ကျက်သော တရားကို လာဘ်ကို မတောင့်တမူ၍ အစီးအပွါး၏ နှုံခြင်း၌ နူးညှံ့သောစိတ်ဖြင့် သူတပါးတို့အား ဟော၏။ ထိုတရားဟောခြင်းသည် ဒေသနာမယပုညကိရိယဝတ္ထု မည်၏။ ။ [သင်္ဂီတိသုတ်အဋ္ဌကထာ]။ ။တရားဟောသောသူသည် မိမိသန္တာန်၌ ငါးပါးကုန်သော တရားတို့ကို ဖြစ်စေအပ်ကုန်၏။ ထိုကြောင့် ပဉ္စက အင်္ဂုတ္တိုရ် စတုတ္ထ ပဏ္ဏာသက၏ ပထမဝင်္ဂ၌—

နခေါ အာနန္ဒ သုကရံ ပရေသံ ဓမ္မံ ဒေသေတုံ။ ပရေသံ အာနန္ဒ ဓမ္မံ ဒေသေန္တေန ပဉ္စဓမ္မေ အဇ္ဈတ္တံ ဥပဋ္ဌာပေတွာ ပရေသံ ဓမ္မော ဒေသေတဗ္ဗော။ ကတမေ ပဉ္စ အနုပုဗ္ဗိကထံ ကထေဿာမီတိ ပရေသံဓမ္မော ဒေသေတဗ္ဗော။ ပရိယာယံ ဒဿာဝီကထံ ကထေဿာမီတိ အနုဒ္ဒယတံ ပဋိစ္စ ကထံ ကထေဿာမီတိ နအာမိသန္တရော ကထံ ကထေဿာမီတိ အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ကထံ ကထေဿာမီတိ ပရေသံ ဓမ္မော ဒေသေတဗ္ဗော။ နခေါ အာနန္ဒ သုကရံ ပရေသံ ဓမ္မံ ဒေသေတုံ။ ပရေသံ အာနန္ဒ ဓမ္မံ ဒေသေန္တေန ဣမေ ပဉ္စဓမ္မေ အဇ္ဈတ္တံ ဥပဋ္ဌာပေတွာ ပရေသံ ဓမ္မော ဒေသေတဗ္ဗော။

ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူ၏။

အာနန္ဒ၊ အာနန္ဒာ။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေတုံ၊ ဟောအံ့သောငှါ။ နခေါသုကရံ၊ မလွယ်သလျှင်ကတည်း။ အာနန္ဒ၊ အာနန္ဒာ။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေန္တေန၊ ဟောသောသူသည်။ ပဉ္စဓမ္မေ၊ ငါးပါးကုန်သော တရား

တို့ကို။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ ဥပဌာပေတွာ၊ ဖြစ်စေ၍။ ပရေသံ။ သူတပါးတို့အား။ ဓမ္မော၊ တရားကို။ ဒေသေတဗ္ဗော၊ ဟော်အပ်၏၊ ပဥ္စ၊ ငါးပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ အနုပုဗ္ဗိကထံ၊ ဒါန၏အခြားမဲ့၌ သီလ ဤသို့ အစရှိသော ဒေသနာ၏ အစဉ်အားဖြင့် ဟောအပ်သော တရားစကားကို။ တနည်းကား–အနုပုဗ္ဗိကထံ၊ ထိုထိုထားအပ်သော သုတ်ပုဒ် ဂါထာပုဒ်အားလျော်သော တရားကို။ ကထေဿာမိ၊ ဟောအံ့။ ဣတိ၊ ဤသို့နှလုံးထား၍။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မော၊ တရားကို။ ဒေသေတဗ္ဗော၊ ဟောအပ်၏။ ပရိယာယံ၊ ထိုထိုအကြောင်းကို။ ဒဿာဝီ၊ ပြလျက်။ ကထံ၊ တရားစကားကို။ ကထေဿာမိ၊ဟောအံ့။ ဣတိ၊ဤသို့ နှလုံးထား၍။ ပရေသံ၊ သူတပါးတို့အား၊ ဓမ္မော၊ တရားကို ဒေသေတဗ္ဗော၊ ဟောအပ်၏။ အနုဒ္ဒယတံ၊သနားသည်၏အဖြစ်ကို။ ပဋိစ္စ၊စွဲ၍။ ကထံ၊တရားစကားကို။ ကထေဿာမိ၊ ဟောအံ့။ ဣတိ၊ ဤသို့ နှလုံးထား၍။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မော၊ တရားကို။ ဒေသေတဗ္ဗော၊ ဟောအပ်၏။ နအာမိသန္တရော၊ အာမိသကို မငဲ့မူ၍။ ကထံ၊တရားစကားကို။ ကထေဿာမိ၊ ဟောအံ့။ ဣတိ၊ ဤသို့ နှလုံးထား၍။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မော၊ တရားကို။ ဒေသေတဗ္ဗော၊ ဟောအပ်၏။ အတ္တာနဥ္စ၊ မိမိကိုယ်ကိုလည်းကောင်း။ ပရဥ္စ၊သူတပါးကိုလည်းကောင်း။ အနုပဟစ္စ၊ ကျေးဇူးကိုသတ်သဖြင့် မနှိပ်စက်မူ၍။ ကထံ၊ တရားစကားကို။ ကထေဿာမိ၊ ဟောအံ့။ ဣတိ၊ ဤသို့နှလုံးထား၍။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မော၊ တရားကို။ ဒေသေတဗ္ဗော၊ ဟောအပ်၏။ အာနန္ဒ၊ အာနန္ဒာ။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေတုံ၊ ဟောအံ့သောဌာ။ နသုကရံ၊ မလွယ်သလျှင်ကတည်း။ အာနန္ဒ၊ အာနန္ဒာ။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေန္တေန၊ ဟောသောသူသည်။ ဣမေ ပဥ္စဓမ္မေ၊ ဤငါးပါးကုန်သော တရားတို့ကို။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ ဥပဌာပေတွာ၊ဖြစ်စေ၍။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မော၊တရားကို။ ဒေသေတဗ္ဗော၊ ဟောအပ်၏။ [ဥဒါယီသုတ်]။ ။ဤသို့ မိမိကိုယ်၌ ငါးပါးကုန်သော တရားတို့ကို ဖြစ်စေ၍ သူတပါးတို့အား တရားဟောအပ်သည်သာလျှင်ကတည်း။ ထိုစကားသည် မှန်၏။ သူတပါးတို့အား တရားဟောခြင်းသည် လည်းကောင်း။ သင်ကြားပြသခြင်းသည်

လည်းကောင်း သာသနာတော်၏ တည်ခြင်းငှါ ဖြစ်၏။ မဟော မပြောခြင်း မပြသ မသင်ကြားခြင်းသည် သာသနာတော်၏ ကွယ်ခြင်း ငှါ ဖြစ်၏။ ထိုကြောင့် ပဉ္စကအဂိုတ္တိုရ်ဒ္ဒလျှင်–

ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာ နာယ သံဝတ္တန္တိ။ ကာတမေ ပဉ္စ၊ ဣဓ ဘိက္ခဝေ ဘိက္ခူ နမ္မေ ပရိယာပုဏန္တိ သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထံ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ၊ အယံ ဘိက္ခဝေ ပထမော ဓမ္မော သဒ္ဓမ္မဿ သမ္မောသာယ အန္တရ ဓာနာယ သံဝတ္တတိ။ ပုနစပရံ ဘိက္ခဝေ ဘိက္ခူ ယထာ သုတံ ယထာ ပရိယတ္တံ ဓမ္မံ နပိတ္ထာရေန ပရေသံ ဒေသေန္တိ၊ အယံ ဘိက္ခဝေ ဒုတိယော။လ။ ပုနစပရံ ဘိက္ခဝေ ဘိက္ခူ ယထာ သုတံ ယထာ ပရိယတ္တံ ဓမ္မံ နပိတ္ထာရေန ပရေသံ ဝါစေန္တိ၊ အယံ ဘိက္ခဝေ တတိယော။လ။ ပုနစပရံ ဘိက္ခဝေ ဘိက္ခူ ယထာ သုတံ ယထာ ပရိယတ္တံ ဓမ္မံ နပိတ္ထာရေန သဇ္ဈာယံ ကရောန္တိ၊ အယံ ဘိက္ခဝေ စတုတ္ထော။လ။ ပုနစပရံ ဘိက္ခဝေ ဘိက္ခူ ယထာ သုတံ ယထာ ပရိယတ္တံ ဓမ္မံ နစေတသာ အနုပိတက္ကေန္တိ အနုပိစာရေန္တိ မနသာနုပေက္ခန္တိ၊ အယံ ဘိက္ခဝေ ပဉ္စမော ဓမ္မော သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ။ ဣမေခေါ ဘိက္ခဝေ ပဉ္စဓမ္မာ သဒ္ဓမ္မဿ သမ္မော သာယ အန္တရဓာနာယ သံဝတ္တန္တိ။ ။ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရ ဓာနာယ သံဝတ္တန္တိ။ ကတမေ ပဉ္စ၊ ဣဓ ဘိက္ခဝေ ဘိက္ခူ ဓမ္မံ ပရိယာ ပုဏန္တိ သုတ္တံ ဂေယျံ။လ။ ဝေဒလ္လံ၊ အယံ ဘိက္ခဝေ ပထမော ဓမ္မော သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တတိ။ ပုနစပရံ ဘိက္ခဝေ ဘိက္ခူ ယထာ သုတံ ယထာ ပရိယတ္တံ ဓမ္မံ ပိတ္ထာရေန ပရေသံ ဒေသေန္တိ။လ။ ဓမ္မံ ပိတ္ထာ ရေန ပရေသံ ဝါစေန္တိ။လ။ ဓမ္မံ ပိတ္ထာရေန သဇ္ဈာယံ ကရောန္တိ၊ ။လ။ ဓမ္မံ စေတသာ အနုပိတက္ကေန္တိ အနုပိစာရေန္တိ မနသာ နုပေက္ခန္တိ၊ အယံ ဘိက္ခဝေ ပဉ္စမော ဓမ္မော သဒ္ဓမ္မဿ ဌိတိယာ။

ဣစ္ဆာသယ ၁၅၅-၅၀

လ။သံဝတ္တတိ။ဣမေခေါ ဘိက္ခဝေ ပဉ္စမ္မော သဒ္ဓမ္မဿ ဌိတိယာ သံဝတ္တန္တီ။

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊တို့။ပဉ္စ၊ ငါးပါးကုန်သော။ ဣမေမ္မော၊ ဤတရားတို့သည်။ သဒ္ဓမ္မဿ၊ သာသနာတော်၏။ သမ္မောသာယ၊ ပျက်စီးခြင်းငှါ။ အန္တရဓာနာယ၊ ကွယ်ခြင်းငှါ။သံဝတ္တန္တီ၊ဖြစ်ကုန်၏။ပဉ္စ၊ ငါးပါးတို့ဟူသည်။ ကတမေ၊အဘယ်သည်တို့နည်းဟူမူကား။ဘိက္ခဝေ၊တို့။ ဣဓ၊ ဤ သာသနာတော်၌။ဘိက္ခူ၊ရဟန်းတို့သည်။မေ္မံ၊တရားကို။နပရိယာပုဏန္တီ၊မသင်ကုန်။ သုတ္တံ၊ သုတ်ကို။ ဂေယျံ၊ ဂေယျကို။ ဝေယျာကရဏံ၊ ဝေယျာကရိဏ်းကို။ဂါထံ၊ဂါထာကို။ဥဒါနံ၊ ဥဒါန်းကို။ ဣတိဝုတ္တကံ၊ ဣတိဝုတ်ကို။ ဇာတကံ၊ဇာတ်ကို။ အဗ္ဘုတမေ္မံ၊ အဗ္ဘုတမေ္မကို။ ဝေဒလ္လံ၊ ဝေဒလ္လကို။ နပရိယာပုဏန္တီ၊မသင်ကုန်။ ဘိက္ခဝေ၊ တို့။ ပထမော၊ ရှေးဦးစွာသော။ အယံမေ္မော၊ ဤတရားတော်ကို မသင်ခြင်း သဘောသည်။ သဒ္ဓမ္မဿ၊ သာသနာတော်၏။သမ္မောသာယ၊ပျက်စီးခြင်းငှါ။အန္တရဓာနာယ၊ကွယ်ခြင်းငှါ။သံဝတ္တတိ၊ဖြစ်၏။ဘိက္ခဝေ၊တို့။ပုနစ၊တဘန်လည်း။ပရံ၊ တပါးကို။ဝက္ခာမိ၊ဆိုအံ့။ဘိက္ခူ၊ရဟန်းတို့သည်။ယထာသုတံ၊အကြင် အကြင် နာအပ်သော။ယထာပရိယတ္တံ၊အကြင်အကြင်သင်အပ်သော။မေ္မံ၊ တရားကို။ဝိတ္ထာရေန အကျယ်အားဖြင့်။ပရေသံ၊သူတပါးတို့အား။နဒေသေန္တီ၊ မဟောကုန်။ဘိက္ခဝေ၊တို့။ဒုတိယော၊နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော။ အယံမေ္မော၊ဤ တရားမဟောခြင်း သဘောသည်။ သဒ္ဓမ္မဿ၊ သာသနာတော်၏။သမ္မောသာယ၊ပျက်စီးခြင်းငှါ။ အန္တရဓာနာယ၊ ကွယ်ခြင်းငှါ။ သံဝတ္တတိ၊ဖြစ်၏။ဘိက္ခဝေ၊တို့။ပုနစ၊တဘန်လည်း။ပရံ၊တပါးကို။ဝက္ခာမိ၊ ဆိုအံ့။ဘိက္ခူ၊ ရဟန်းတို့သည်။ ယထာသုတံ၊အကြင် အကြင် နာအပ်သော။ ယထာပရိယတ္တံ၊ အကြင် အကြင် သင်အပ်သော။မေ္မံ၊တရားကို။ ဝိတ္ထာရေန၊အကျယ်အားဖြင့်။ပရေသံ၊သူတပါးတို့အား။နဝါစေန္တီ၊မသင်ကုန်။ဘိက္ခဝေ၊တို့။တတိယော၊သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ အယံမေ္မော၊ဤသူတပါးတို့အား တရားကိုမသင်ခြင်းသဘောသည်။သဒ္ဓမ္မဿ၊ သာသနာတော်၏။ သမ္မောသာယ၊ ပျက်စီးခြင်းငှါ။ အန္တရဓာနာယ၊ ကွယ်ခြင်းငှါ။သံဝတ္တတိ၊ဖြစ်၏။ဘိက္ခဝေ၊တို့။ပုနစ၊ တဘန်လည်း၊ ပရံ၊ တပါးကို။ဝက္ခာမိ၊ဆိုအံ့။ဘိက္ခူ၊ ရဟန်းတို့သည်။ ယထာသုတံ၊ အကြင်

အကြင်နာအပ်သော။ ယထာပရိယတ္တံ၊ အကြင် အကြင် သင်အပ်သော။ ဓမ္မံ၊တရားကို။ဝိဏ္ဍာရေန၊အကျယ်အားဖြင့်။ သဇ္ဈာယံ၊သရဇ္ဈာယ်ခြင်းကို။ နကရောန္တီ၊ မပြုကုန်။ ဘိက္ခဝေ၊ တို့။ စတုဏ္ဍော၊ လေးခုတို့၏ပြည့်ကြောင်းဖြစ်သော။အယံဓမ္မော၊ဤအကျယ်အားဖြင့် တရားတော်ကို မသရဇ္ဈာယ်ခြင်း သဘောသည်။ သဒ္ဓမ္မဿ၊သာသနာတော်၏။ သမ္မောသာယ၊ ပျက်စီးခြင်းငှါ။ အန္တရဓာနာယ၊ ကွယ်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ပုနစ၊ တဘန်လည်း။ ပရံ၊ တပါးကို။ ဝက္ခာမိ၊ ဆိုအံ့။ ဘိက္ခူ၊ ရဟန်းတို့သည်။ ယထာသုတံ၊ အကြင်အကြင် နာအပ်သော။ ယထာပရိယတ္တံ၊ အကြင်အကြင် သင်အပ်သော။ ဓမ္မံ၊တရားကို။ စေတသာ၊စိတ်ဖြင့်။ နအနုဝိတက္ကေန္တီ၊ မကြံကုန်။ နအနုဝိစာရေန္တီ၊ မဆင်ခြင်ကုန်။ မနသာ၊ စိတ်ဖြင့်။ နအနုပေက္ခန္တီ၊ မရှုကုန်။ ဘိက္ခဝေ၊ တို့။ ပဉ္စမော၊ ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော။ အယံဓမ္မော၊ဤစိတ်ဖြင့် တရားကို မကြံမဆင်ခြင်ခြင်း မရှုခြင်းသည်။ သဒ္ဓမ္မဿ၊ သာသနာတော်၏။ သမ္မောသာယ၊ ပျက်စီးခြင်းငှါ။ အန္တရဓာနာယ၊ ကွယ်ခြင်းငှါ၊ သံဝတ္တတိ၊ ဖြစ်၏။ ဘိက္ခဝေ၊တို့။ ပဉ္စ၊ ငါးပါးကုန်သော။ဣမေခေါ်ဓမ္မာ၊ ဤတရားတို့သည်သာလျှင်။ သဒ္ဓမ္မဿ၊ သာသနာတော်၏။ သမ္မောသာယ၊ ပျက်စီးခြင်းငှါ။ အန္တရဓာနာယ၊ ကွယ်ခြင်းငှါ။ သံဝတ္တန္တီ၊ ဖြစ်ကုန်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ သဒ္ဓမ္မဿ၊သာသနာတော်၏။ဌိတိယာ၊ တည်ခြင်းငှါ။ အသမ္မောသာယ၊ မပျက်စီးခြင်းငှါ။ အနန္တရဓာနာယ၊ မကွယ်ခြင်းငှါ။ သံဝတ္တန္တီ၊ ဖြစ်ကုန်၏။ ပဉ္စ၊ငါးပါးတို့သည်။ ကတမေ၊ အဘယ်သည်တို့ နည်းဟူမူကား။ ဘိက္ခဝေ၊တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓမ္မံ၊တရားကို။ ပရိယာပုဏန္တီ၊ သင်ကုန်၏။ သုတ္တံ၊ သုတ်ကို။ ဂေယျံ၊ ဂေယျကို။ ဝေယျာကရဏံ၊ဝေယျာကရိဏ်းကို။ ဂါထံ၊ ဂါထာကို။ ဥဒါနံ၊ ဥဒါန်းကို။ ဣတိဝုတ္တကံ၊ ဣတိဝုတ်ကို။ ဇာတကံ၊ ဇာတ်ကို။ အဗ္ဘုတဓမ္မံ၊ အဗ္ဘုတဓမ္မကို။ ဝေဒလ္လံ၊ ဝေဒလ္လကို။ ပရိယာပုဏန္တီ၊ သင်ကုန်၏။ ဘိက္ခဝေ၊ တို့။ ပထမော၊ ရှေးဦးစွာသော။အယံဓမ္မော၊ဤတရားတော်ကို သင်ခြင်းသဘောသည်။ သဒ္ဓမ္မဿ၊ သာသနာတော်၏။ဌိတိယာ၊တည်ခြင်းငှါ။အသမ္မောသာယ၊ မပျက်စီးခြင်းငှါ။ အနန္တရဓာနာယ၊မကွယ်ခြင်းငှါ။ သံဝတ္တတိ၊ဖြစ်၏။

ဘိက္ခဝေ၊တို့။ ပုနစ၊ တဘန်လည်း။ ပရံ၊ တပါးကို။ ဝက္ခာမိ၊ ဆိုအံ့။ ဘိက္ခ။။၊ ရဟန်းတို့သည်။ ယထာသုတံ၊ အကြင်အကြင် နာအပ်သော။ ယထာပရိယတ္တံ၊ အကြင်အကြင် သင်အပ်သော။ ဓမ္မံ၊တရားကို။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ပရေသံ၊ သူတပါးတို့အား။ ဒေသေန်တိ၊ ဟောကုန်၏။ ဘိက္ခဝေ၊တို့။ ဒုတိယော၊ နှစ်ခုတို့၏ ပြဿ်ကြောင်းဖြစ်သော။ အယံဓမ္မော၊ ဤသူတပါးတို့အား တရားကို အကျယ်ဟောခြင်းသဘော သည်။ သဒ္ဓမ္မဿ၊ သာသနာတော်၏။ ဋ္ဌိတိယာ၊တည်ခြင်းငှါ။အသမ္မောသာယ၊မပျက်စီးခြင်းငှါ။အနန္တရဓာနာယ၊မကွယ်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဘိက္ခဝေ၊တို့။ ပုနစ၊ တဘန်လည်း။ ပရံ၊ တပါးကို။ ဝက္ခာမိ၊ ဆိုပေအံ့။ ဘိက္ခ။။၊ ရဟန်းတို့သည်။ ယထာသုတံ၊ အကြင်အကြင် ကြားအပ်သော။ ယထာပရိယတ္တံ၊ အကြင်အကြင်သင်အပ်သော။ ဓမ္မံ၊ တရားကို။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ပရေသံ၊ သူတပါးတို့အား။ ဝါစေန်တိ၊သင်ကုန်၏။ ဘိက္ခဝေ၊ တို့။ တတိယော၊ သုံးခုတို့၏ ပြဿ်ကြောင်း ဖြစ်သော။အယံဓမ္မော၊ ဤသူတပါးတို့အား တရားကို အကျယ်သင်ခြင်းသဘောသည်။ သဒ္ဓမ္မဿ၊ သာသနာတော်၏။ ဋ္ဌိတိယာ၊ တည်ခြင်းငှါ။ အသမ္မောသာယ၊ မပျက်စီးခြင်းငှါ။ အနန္တရဓာနာယ၊ မကွယ်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဘိက္ခဝေ၊တို့။ ပုနစ၊ တဘန်လည်း။ ပရံ၊ တပါးကို။ ဝက္ခာမိ၊ ဆိုအံ့။ ဘိက္ခ။။၊ ရဟန်းတို့သည်။ ယထာသုတံ၊ အကြင်အကြင် ကြားအပ်သော။ ယထာပရိယတ္တံ၊ အကြင်အကြင်သင်အပ်သော။ ဓမ္မံ၊ တရားကို။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ပရေသံ၊ သူတပါးတို့အား။ ဝါစေန်တိ၊သင်ကုန်၏။ ဘိက္ခဝေ၊ တို့။ စတုတ္ထော၊ လေးခုတို့၏ပြဿ်ကြောင်းဖြစ်သော။ အယံဓမ္မော၊ ဤအကျယ်အားဖြင့် တရားကို သရဇ္ဈာယ်ခြင်းသဘောသည်။ သဒ္ဓမ္မဿ၊ သာသနာတော်၏။ ဋ္ဌိတိယာ၊ တည်ခြင်းငှါ။ အသမ္မောသာယ၊ မပျက်စီးခြင်းငှါ။ အနန္တရဓာနာယ၊ မကွယ်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ပုနစ၊ တဘန်လည်း။ ပရံ၊ တပါးကို။ ဝက္ခာမိ၊ ဆိုအံ့။ ဘိက္ခ။။၊ ရဟန်းတို့သည်။ ယထာသုတံ၊ အကြင်အကြင် ကြားအပ်သော။ ယထာပရိယတ္တံ၊ အကြင်အကြင် သင်အပ်သော။ ဓမ္မံ၊တရားကို။ စေတာသာ၊ စိတ်ဖြင့်။ အနုဝိတက္ကေန်တိ၊ကြံဆကုန်၏။အနုဝိစာရေန်တိ၊ဆင်ခြင်ကုန်၏။ မနသာ၊စိတ်ဖြင့်။ အနုပေက္ခန်တိ၊ရှုကုန်၏။ ဘိက္ခဝေ၊တို့။ ပဉ္စမော၊ငါးခုတို့၏ ပြဿ်

ကြောင်းဖြစ်သော။ အယံဓမ္မော၊ ဤတရားကိုစိတ်ဖြင့်ကြံခြင်း ဆင်ခြင်ခြင်း ရှုခြင်းသံဘောသည်။ သဒ္ဓမ္မဿ၊ သာသနာတော်၏။ ဌိတိယာ၊ တည်ခြင်းငှါ။ အသမ္မောသာယ၊ မပျက်စီးခြင်းငှါ။ အနန္တရဓာနာယ၊ မကွယ်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမေခေါဓမ္မာ၊ ဤတရားတို့သည်လျှင်။ သဒ္ဓမ္မဿ၊ သာသနာတော်၏။ ဌိတိယာ၊ တည်ခြင်းငှါ။ အသမ္မောသာယ၊ မပျက်စီးခြင်းငှါ။ အနန္တရဓာနာယ၊ မကွယ်ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ။မ္မေဒါနသည်ကား အကြင်ကြောင့် အနက်ကို သိခြင်း အစရှိကုန်သော ကျေးဇူးတို့၏ အကြောင်းဖြစ်၏၊ ထိုကြောင့် မင်္ဂလာမည်၏။ ထိုကြောင့် ပဉ္စက အဂိုတ္တိုရ်ပထမပဏ္ဏာသက၏ တတီယဝဂ်၌–

ပုနစပရံ ဘိက္ခဝေ ဘိက္ခုနော နဟောဝခေါ သတ္တာ ဓမ္မံ ဒေသေတိ၊ အညတရောဝါ ဂုရုဌာနိယော သဗြဟ္မစာရီ။ အပိစခေါ ယထာ သုတံ ယထာ ပရိယတ္တံ ဓမ္မံ ဝိတ္ထာရေန ပရေသံ ဒေသေတိ၊ ယထာ ယထာ ဘိက္ခဝေ ယထာ သုတံ ယထာ ပရိယတ္တံ ဓမ္မံ ဝိတ္ထာရေန ပရေသံ ဒေသေတိ၊ တထာ တထာ သော တသ္မိံ ဓမ္မေ အတ္ထေ ပဋိသံဝေဒိစ ဟောတိ ဓမ္မံ ပဋိသံဝေဒိစ၊ တဿ အတ္ထေ ပဋိသံဝေဒိနော ဓမ္မပဋိသံဝေဒိနော ပါမောဇ္ဇံ ဇာယတိ၊ ပမုဒိတဿ ပီတိ၊ ပီတိဇနဿ ကာယော ပဿမ္ဘတိ၊ ပဿဒ္ဓိကာယော သုခံ ဝေဒေတိ၊ သုခိနော စိတ္တံ သမာဓိယတိ၊ ဣဒံ ဘိက္ခဝေ ဒုတိယံ ဝိမုတ္တာယတနံ ယဿ ဘိက္ခုနော အပ္ပ ပတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော အဝိမုတ္တံဝါ စိတ္တံ ဝိမုစ္စတိ၊ အပရိက္ခီဏာသဝါ ပရိက္ခယံ ဂစ္ဆန္တိ၊ အပတ္တံဝါ အနုတ္တရံ ယောဂက္ခေမံ အနုပါပုဏာတိ။

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဘန်လည်း။ ပရံ၊ တပါးကို။ ဝက္ခာမိ၊ ဟောအံ့။ ဘိက္ခုနော၊ ရဟန်းတို့အား။ သတ္တာ၊ ဘုရားသည်။ ဓမ္မံ၊ တရားကို။ နဟောဝခေါ ဒေသေတိ၊ မဟောသလျှင်ကတည်း။ အညတရော၊ တပါးသော။ ဂုရုဌာနိယော၊ ဆရာ၏အရာ၌တည်သော။ သဗြဟ္မစာရီဝါ၊ သိတင်းသုံးဘော်သည်မူလည်း။ ဓမ္မံ၊ တရားကို။ နဒေသေတိ၊ မဟော။ အပိစခေါ၊ စင်စစ်သော်ကား။ ဘိက္ခု၊ ရဟန်းသည်။ ယထာသုတံ၊ အကြင်

အကြင်နာအပ်သော။ ယထာပရိယတ္တံ၊ အကြင် အကြင် သင်အပ်သော။ ဓမ္မံ၊ သစ္ဆာလေးပါးတရားကို။ ဝိတ္ထာရေန၊ အကျယ် အားဖြင့်။ ပရေသံ၊ သူတပါးတို့အား။ ဒေသေတိ၊ ဟော၏။ ဘိက္ခဝေ၊တို့။ သောဘိက္ခု၊ ထိုရဟန်းသည်။ ယထာယထာ၊ အကြင် အကြင်သို့သော အခြင်း အရာဖြင့်။ ယထာသုတံ၊ အကြင်အကြင်နာအပ်သော။ ယထာပရိယတ္တံ၊ အကြင်အကြင်သင်အပ်သော။ ဓမ္မံ၊သစ္ဆာလေးပါးတရားကို။ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ပရေသံ၊ သူတပါးတို့အား။ ဒေသေတိ၊ ဟော၏။ သောဘိက္ခု၊ ထိုရဟန်းသည်။ တထာတထာ၊ ထိုထို အခြင်း အရာအားဖြင့်။ တဿိ ဓမ္မေ၊ ထိုတရားဌ်။ အတ္ထပဋိသံဝေဒိ၊ အနက်ကို သိသည်လည်း။ ဟောတိ၊ ၏။ ဓမ္မပဋိသံဝေဒိ၊ ပါဠိကို သိသည်လည်း။ ဟောတိ၊ ၏။ အဋ္ဌကထပဋိသံဝေဒိနော၊ အနက်ကိုသိသော။ ဓမ္မပဋိသံဝေဒိနော၊ ပါဠိကိုသိသော။ တာသေ၊ ထိုရဟန်းအား။ ပါမောဇ္ဇံ၊ နူဃော ဝမ်းမြောက်ခြင်းသည်။ ဇာယတေ၊ ဖြစ်၏။ ပမုဒိတာသေ၊ နူဃော ဝမ်းမြောက်ခြင်းဖြစ်သော ရဟန်းအား။ ဒိတိ၊ အားရှိသော ဝမ်းမြောက်ခြင်းသည်။ ဇာယတိ၊ဖြစ်၏။ ဒိတိဇနသေ၊အားရှိသော ဝမ်းမြောက်ခြင်း ဖြစ်သော ရဟန်းအား။ ကာယော၊ နာမကာယသည်။ ပဿမ္ဘတိ၊ ငြိမ်း၏၊ ပဿဒ္ဓိကာယော၊ ငြိမ်းသော နာမကာယရှိသောရဟန်းသည်။ သုခံ၊ချမ်းသာကို။ ဝေဒေတိ၊ရေ၏။ သုခိနော၊ ချမ်းသာသော ရဟန်း၏။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊တည်၏။ ဘိက္ခဝေ၊တို့။ ဤအကြောင်း သည်ကား။ ဒုတိယံ၊ နှစ်ခုကို၏ပြည့်ကြောင်းဖြစ်သော။ ဝိမုတ္တာယတနံ၊ ဝင့်ဆင်းရဲမှလွတ်ခြင်း၏အကြောင်းတည်း။ ယတ္ထ၊အကြင်ဝင့်ဆင်းရဲမှ လွတ်ခြင်း၏ အကြောင်း၌။ အပ္ပမတ္တာသ၊ မမေ့မလျော့သည် ဖြစ်၍။ အာဘာဝိနော၊ လုံ့လရှိသည်ဖြစ်၍။ ပဟိတတ္တာသ၊ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟာရတော၊ နေသော။ ဘိက္ခုနော၊ရဟန်း၏။ အဝိမုတ္တံ၊ ကိလေသာမှမလွတ်သေးသော။ စိတ္တံဝါ၊ စိတ်သည်လည်း။ ဝိမုစ္စတိ၊ ကိလေသာမှလွတ်၏။ အပရိက္ခီဏာ၊ မကုန် သေးကုန်သော။ အာသဝါဝါ၊ အာသဝေါ တို့သည်လည်း။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ အပတ္တံ၊ မရောက်ဘူးသော။ အနုတ္တရံ၊ မိမိထက်မြတ်သော ကရားမရှိသော။ယောဂက္ခေမံဝါ၊ယောဂ၏ ကုန်ရာနိဗ္ဗာန်သို့ မူလည်း။ အနုပါပုဏာတိ၊ရောက်၏။ ဒါနကထာပြီး၏။

၁၅–မေ္မစရိယ မင်္ဂလာ

၁၁၈–သာလေယျကပုဏ္ဏားတို့အား ဟောတော်မူသောဒေသနာကို ပြခြင်း

ဆယ်ပါးသော ကုသလကမ္မပထ တရားကို ကျင့်ကြောင်းဖြစ်သော စေတနာသည် မေ္မစရိယမည်၏။ထိုစေတနာသည် နတ်ပြည်၌ ဖြစ်ခြင်း အစရှိသည်၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။ထိုကြောင့် မူလပဏ္ဏာသ၏ ပဉ္စမဝဂ် သာလေယျကသုတ်၌ ကောသလတိုင်း သာလရွာ၌ နေသည်၏အဖြစ်ကြောင့် သာလေယျက မည်ကုန်သော ပုဏ္ဏားသူကြွယ်တို့အား တရားဟောတော်မူသော မြတ်စွာဘုရားသည်-

မေ္မစရိယသမစရိယ ဟေတု ခေါ ဂပတယော ဧဝ မိဓေ ကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။ တိဝိဓံ ခေါ ဂဟပတယော ကာယေန မေ္မစရိယာ သမစရိယာ ဟောတိ။ စတုဗ္ဗိဓံ ဝါစာယ တိဝိဓံ မနသာ မေ္မစရိယာ သမစရိယာ ဟောတိ။ ကထဉ္စ ဂဟပတယော ဟောတိ။ တိဝိဓံ ကာယေန မေ္မ။ လ။ စရိယာ ဟောတိ။ ဣဓ ဂဟပတယော ဧကစ္စော ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။ နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတ ဟိတာနု ကမ္ပီ ဝိဟရတိ။အဒိန္နာဒါနံပဟာယအဒိန္နာဒါနာပဋိဝိရတောဟောတိ။ ယံ တံ ပရဿ ပရဝိတ္တူပကရဏံ ဂါမဂတံ ဝါအရညဂတံဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒါတာ ဟောတိ။ကာမေသုမိစ္ဆာစာရံ ပဟာယ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတောဟောတိ။ယာ တာ မာတုရက္ခိတာ ပိတုရက္ခိတာမာတာပိတုရက္ခိတာ ဘာတုရက္ခိတာ ဘဂိနိရက္ခိတာညတိရက္ခိတာ ဂေါတ္တရက္ခိတာမေ္မရက္ခိတာ သသာမိကာ သပရိဒဏ္ဍာ အန္တမသော မာလာဂုဏပရိက္ခတ္တာပိ တထာရူပါသု နု စာရိတ္တံ အပဇ္ဇိတာ ဟောတိ။ ဧဝံ ခေါ ဂဟပတယော တိဝိဓံ ကာယေန။ လ။ ဟောတိ။ ကထဉ္စ ဂဟပတယော စတုဗ္ဗိဓံ ဝါစာယ။လ။ဟောတိ။ ဣဓ ဂဟပတယော ဧကစ္စော မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတော ဟော

တိ။ သဘာဂတောဝါ ပရိသာဂတောဝါ ဉာတိမဇ္ဈဂတော ဝါ ပူဂမဇ္ဈဂတောဝါ ရာဇကုလမဇ္ဈဂတောဝါ အဘိနီ တော သက္ခိပုဋ္ဌော ဟမ္ဘောပုရိသ ယံ ဇာနာတိ တံ ဝဒေ ဟိတိ သော အဇာနံဝါ အာဟ နဇာနာမီတိ။ ဇာနံ ဝါ အာဟ ဇာနာမီတိ။ အပဿံဝါ အာဟ နပဿာမီတိ။ ပဿံဝါ အာဟ ပဿာမီတိ။ ဣတိ အတ္တဟေတုဝါ ပရဟေတုဝါ အာမိသ ကိဉ္ဇက္ခဟေတုဝါ နသမ္ပဇာနမုသာ ဘာသိတာ ဟောတိ။ ပိသုဏံဝါစံ ပဟာယ ပိသုဏာယ ဝါစာယ ပဋိဝိရ တော ဟောတိ။ နဣတော သုတ္ပာ အမုတြ အက္ခာတာ ဣမေသံ ဘေဒါယ။ အမုတြဝါ သုတ္ပာန ဣမေသံ အက္ခာတာ အမူသံ ဘေဒါယ။ ဣတိ ဘိန္နာနံဝါ သန္ဓာတာ သဟိတာနံဝါ အနုပ္ပဒါ တာ သမဂ္ဂါရာမော သမဂ္ဂရတော သမဂ္ဂနန္ဒီ သမဂ္ဂကရဏိံ ဝါစံ ဘာသိတာ ဟောတိ၊ ဖရုသံ ဝါစံ ပဟာယ ဖရုသာယ ပဋိဝိရတော ဟောတိ။ ယာသာ ဝါစာ နေလာ ကဏ္ဏသုခါ ပေမနီယာ ဟဒယင်္ဂမာ ပေါရီ ဗဟုဇနကန္တာ ဗဟုဇနမနာပါ တဿာရုပိံ ဝါစံ ဘာသိတာ ဟောတိ။ သမ္ဖပ္ပလာပံ ပဟာယ သမ္ဖပ္ပလာပါ ပဋိဝိရတော ဟောတိ၊ ကာလဝါဒီ ဘူတဝါဒီ ဓမ္မဝါဒီ ဝိနယဝါဒီ နိဓာနဝတိံ ဝါစံ ဘာသိတာ ဟောတိ။ ကာလေန သာပဒေသံ ပရိယန္တဝတိံ ဝါစံ အဘ္ဘသဒ္ဒိတံ။ ဇေံခေါ ဂဟပတယော စတုဗ္ဗိဓံ ဝါစာယ။ လ။ ဟောတိ။ ကထဉ္စ ဂဟပတယော တိဝိဓံ မနသာ။ လ။ ဓမ္မဝါဒီ ဣဓ ဂဟပတယော ဧကစ္စော အနဘိဇ္ဈာလု ဟောတိ။ ယံတံ ပရဿ ပရဝိတ္တူပကရဏံ တံ အနဘိဇ္ဈိတာ ဟောတိ။ အဟောဂတာယံ ပရဿ တံ မမ အဿာတိ။ အဗျာပန္ဒ စိတ္တော ခေါပန ဟောတိ။ အပ္ပဒုဋ္ဌမနသက်ပ္ပေါ ဣမေ သတ္တာ အဝေရာ အဗျာပဇ္ဇာ အနီဃာ သုခီ အတ္တာနံ ပရိဟရန္တူတိ သမ္မာဒိဋ္ဌိကော ခေါပန ဟောတိ။ အဝိပရီတ ဒဿနော အတ္ထိ ဒိန္နံ အတ္ထိ ယိဋ္ဌံ အတ္ထိ ဟုတံ အတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော အတ္ထိ အယံ လောကော အတ္ထိ ပရောလောကော အတ္ထိ မာတာ အတ္ထိ ပိတာ အတ္ထိ

သတ္တာ ဩပပါတိကာ အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဧုမဥ္စလောက် ပရဥ္စလောက် သယံ အဘိညာ သစ္ဆိကတ္ပာ ပဝေဒေန္တိတိ ဇဝံခေါ ဂဟပတယော တိဝိဓံ မနသာ။လ။ ဟောတိ။ ဇဝံ မေ္မစရိယသမစရိယ ဟေတု ခေါ ဂဟပတယော ဇဝ မိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ။လ။ သဂ္ဂံ လောက် ဥပပဇ္ဇန္တိ။ အာကခေ်ယျ စေ ဂဟပတယော မေ္မစရိယသမစာရီ အဟောဝတာဟံ ကာယဿ ဘေဒါ ပရမ္မရဏာ ခတ္တိယမဟာသာလာနံ သဟဗျတံ ဥပပဇ္ဇေယျန္တိ ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ၊ ယံ သော ကာယဿ ဘေဒါ ပရမ္မရဏာ ခတ္တိယ မဟာသာလာနံ သဟဗျတံ ဥပပဇ္ဇေယျ။ တံ ကိဿဟေတု၊ တထာဟိ ခေါ မေ္မစရိယသမစာရီ။ အာကခေ်ယျ စေ ဂဟပတယော မေ္မစရိယ သမစာရီ အဟောဝတာဟံ ကာယဿ ဘေဒါ ပရမ္မရဏာ ဗြာဟ္မဏ မဟာသာလာနံ။လ ။ဂဟပတိမဟာသာလာနံ ။လ။ စာတုမဟာရာဇိကာနံ ဒေဝါနံ။လ။ တာဝတိံသာနံ။လ။ ယာမာနံ။လ။ တုသိတာနံ။လ။ နိမ္မာနရတိနံ။လ။ ပရနိမ္မိတဝသဝတ္တိနံ။လ။ ဗြဟ္မကာယိကာနံ ဒေဝါနံ။လ။ အာဘာနံ ဒေဝါနံ ။လ။ ပရိတ္တာဘာနံ ဒေဝါနံ။လ။ အပ္ပမာဏာဘာနံ ဒေဝါနံ။လ။ အာဘဿရာနံ ဒေဝါနံ။လ။သုဘာနံဒေဝါနံ။လ။ပရိတ္တသုဘာနံ ဒေဝါနံ။လ။အပ္ပမာဏသုဘာနံ ဒေဝါနံ။တ။ သုဘကိဏ္ဏာနံ ဒေဝါနံ။လ။ ဝေဟပ္ဖလာနံ ဒေဝါနံ။လ။အဝိဟာနံ ဒေဝါနံ။လ။ အတပ္ပါနံ။လ။သုဒဿာနံ။လ။ သုဒဿီနံ။လ။ အကနိဋ္ဌာနံ။လ။ အာကာသာနဥ္စာယတနုပဂါနံ။ လ။ ဝိညာဏဥ္စာယတနုပဂါနံ။ လ။ အာကိဥ္စညာ ယတနုပဂါနံ ။လ။ နေဝသညာ နာသညာယတနုပဂါနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇေယျန္တိ၊ ဌာနံခေါ ပနေတံ ဝိဇ္ဇတိ။ ယံ သော ကာယဿ ဘေဒါ ပရမ္မရဏာ နေဝသညာ နာသညာယတနုပဂါနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇေယျ၊ တံ ကိဿဟေတု၊ ယထာဟိ သော မေ္မစရိယသမစာရီ။ အာကခေ်ယျ စေ ဂဟပတယော မေ္မစရိယသမစာရီ အဟောဝတာဟံ အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိ

မုတ္တိ ဒိဋ္ဌဝဓမ္မေ သယံ အာဘိညာ သစ္ဆိကတ္တာ ဥပသမ္ပဒ္ဓ ဝိဟရေယျ၊ တိ ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ၊ ယံ သော အာသဝါနံ ခယာ အနာသဝံ စေတော ဝိမုတ္တိ ပညာဝိမုတ္တိ ဒိဋ္ဌဝဓမ္မေ သယံ အာဘိညာ သစ္ဆိကတ္တာ ဥပသမ္ပဒ္ဓ ဝိဟရေယျ။ တံ ကိဿ ဟေတု၊ တထာ ဟိ သော ဓမ္မစရိယ သမစာရီ။

ဟူ၍ ဟောတော်မူ၏။

ဂဟပတယော၊ သူကြွယ်တို့။ ဓမ္မစရိယ သမစရိယဟေတု ခေါ၊ တရားကိုကျင့်ခြင်းဟု ဆိုအပ်သော ညီညွတ်သော အကျင့်ကို ကျင့်ခြင်းကြောင့်။ ဇံ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ ဇာ၊ ဤလောက၌။ ဇေကစ္စေ၊ အချို့ကုန်သော၊ သတ္တာ၊ သတ္တဝါတို့သည်။ ကာယဿ၊ ကိုယ်၏။ဘေဒါ၊ပျက်စီးခြင်းဟူသော။ပရံမရဏာ၊ စုတေသည်မှနောက်၌။ သုဂတိ၊ ကောင်းသွားကိုပြုသောသူတို့ လားရာဖြစ်သော။ သဂ္ဂံလောကံ၊ နတ်ပြည်၌။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဂဟပတယော၊ သူကြွယ်တို့။ ကာယေန၊ ကာယဒွါရဖြင့်။ ဓမ္မစရိယ သမစရိယာ၊ တရားကို ကျင့်ခြင်းဟု ဆိုအပ်သော ညီညွတ်သောအကျင့်ကို ကျင့်ခြင်းသည်။ တိဝိဓံခေါ တိဟိကောဋ္ဌာသေဟိ၊ သုံးပါးကုန်သော အစုတို့ဖြင့်။ ပေါ တိ၊ ၏။ ဝါစာယ၊ ဝစီ ဒွါရဖြင့်။ ဓမ္မစရိယသမစရိယာ၊ တရားကို ကျင့်ခြင်းဟု ဆိုအပ်သော ညီညွတ်သောအကျင့်ကို ကျင့်ခြင်းသည်။ စတုဗ္ဗိဓံ၊ စတုဟိ ကောဋ္ဌာသေဟိ၊ လေးပါးကုန်သော အစုတို့ဖြင့်။ ပေါတိ၊ ၏။ မနသာ မနောဒွါရဖြင့်။ ဓမ္မစရိယသမစရိယာ၊ တရားကျင့်ခြင်းဟု ဆိုအပ်သော ညီညွတ်သောအကျင့်ကို ကျင့်ခြင်းသည်။ တိဝိဓံတိဟိကောဋ္ဌာသေဟိ၊ သုံးပါးကုန်သော အစုတို့ဖြင့်။ ပေါတိ၊ ၏။ ဂဟပတယော၊ သူကြွယ်တို့။ ကာယေန၊ ကာယဒွါရဖြင့်။ ဓမ္မစရိယ သမစရိယာ၊ တရားကို ကျင့်ခြင်းဟု ဆိုအပ်သော ညီညွတ်သော အကျင့်ကို ကျင့်ခြင်းသည်။ တိဝိဓံခေါ တိဟိကောဋ္ဌာသေဟိ၊ သုံးပါးကုန်သော အစုတို့ဖြင့်။ ပေါတိ၊ ၏။ ဂဟပတယော၊ သူကြွယ်တို့။ ကာယေန၊ ကာယဒွါရဖြင့်။ ဓမ္မစရိယ သမစရိယာ၊ တရားကို ကျင့်ခြင်းဟု ဆိုအပ်သော ညီညွတ်သော အကျင့်ကို ကျင့်ခြင်းသည်။ တိဝိဓံခေါ တိဟိကောဋ္ဌာသေဟိ၊ သုံးပါးကုန်သောအစုတို့ဖြင့်။ ကထဉ္စ ဟောတိ၊ အဘယ်ဖြစ်သနည်းဟူမူကား။ ဂဟပတယော၊ သူကြွယ်တို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော သူသည်။ ပါဏာတိပါတံ၊ သူ့အသက်ကို သတ်ခြင်းကို။ ပဟာယ၊ ပယ်၍။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။

ပဋိပိရတော၊ ကြဉ်သည်။ ဟောတိ၊ ၏။ နိဟိတဒဏ္ဍော၊ ချအပ် ပြီးသော တုတ်လှံတံ ရှိ၏။ နိဟိတ သတ္ထော၊ ချအပ် ပြီးသော ထားလက်နက် ရှိ၏။ လဇ္ဇီ၊ မကောင်းမှုကို စက်ဆုပ်ခြင်း လက္ခဏာ ရှိသော ရှက်ခြင်းသဘောနှင့် ပြည့်စုံ၏။ ဒယာပန္နော၊ မေတ္တာရှိသည်၏ အဖြစ်သို့ရောက်၏။ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့ကို အစီးအပွါးအားဖြင့် အစဉ်စောင့် ရှောက်သည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဒိန္နာဒါနံ၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်း ကို။ ပဟာယ၊ ပယ်၍။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူ့ဥစ္စာကိုခိုး ယူခြင်းမှ။ ပဋိပိရတော၊ ကြဉ်သည်။ ဟောတိ၊ ၏။ပရဿ၊ သူတပါး၏။ ဂါမဂတံဝါ၊ ရွာ၌ထားအပ်သည်လည်း ဖြစ်သော။ အရညဂတံဝါ၊ တော၌ ထားအပ် သည်လည်း ဖြစ်သော။ ယံ တံ ပရဝိတ္တူပကရဏံ၊ အကြင် နှစ်သက်ခြင်းကို ဖြစ်စေတတ်သော သူတပါး၏ ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ အဒိန္နံ၊ ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော။ တံပရဝိတ္တူပ ကရဏံ၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ထိုသူတပါး၏ ဥစ္စာကို။ ထေယျသခ်ါတံ၊ ခိုးယူတတ်သော စိတ်အစုဖြင့်။ အာဒါတာ၊ ခိုးယူတတ် သည်။နဟောတိ၊ မဖြစ်။ ကာမေသုမိစ္ဆာစာရံ၊ ကာမေသုမိစ္ဆာစာရကို။ ပဟာယ၊ ပယ်၍။ ကာမေသုမိစ္ဆာစာရာ၊ ကာမေသုမိစ္ဆာစာရမှ။ ပဋိပိရတော၊ ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။ ယာတာဧတ္ထိယော၊အကြင် မိန်းမတို့ကို။ မာတုရက္ခိတာ၊ အမိသည် စောင့်အပ်ကုန်၏။ ပိတုရက္ခိ တာ၊ အဘသည် စောင့်အပ်ကုန်၏။ မာတာပိတု ရက္ခိတာ၊ အမိအဘ တို့သည် စောင့်အပ်ကုန်၏။ ဘာတုရက္ခိတာ၊ မောင်သည် စောင့်အပ် ကုန်၏။ ဘဂိနိရက္ခိတာ၊ အစ်မညီမတို့သည် စောင့်အပ်ကုန်၏။ ဉာတိ ရက္ခိတာ၊ အမျိုးတို့သည် စောင့်အပ်ကုန်၏။ ဂေါတ္တရက္ခိတာ၊ အနွယ် တို့သည် စောင့်အပ်ကုန်၏။ ဓမ္မရက္ခိတာ၊ သီတင်းသုံးဘော် တို့သည် စောင့်အပ်ကုန်၏။ သသာမိကာ၊ လင်ရှိကုန်၏။ သပရိဒဏ္ဍာ၊ အကြင် သူသည် ဤမည်သောမိန်းမသို့ သွားအုံ၊ ထိုသူအား ဤမျှသောဒဏ်သည် ဖြစ်စေသတည်းဟု ဒဏ်ထားအပ်ကုန်၏။ အန္တမသော၊ အယုတ်သဖြင့်။ မာလာဂုဏ ပရိက္ခိတ္တာပိ၊ဤမိန်းမသည် ငါ၏မယားဖြစ်လတ္တံ့ဟူသော အမှတ်ဖြင့် တစုံတယောက်သော သူသည် ပန်းကုံးဖြင့် ကိုယ်ပေါ်၌ ပစ်အပ် သည်လည်း ဖြစ်ကုန်၏။ တထာရူပါသု၊ ထိုသို့ သဘော

ရှိကုန်သော မိန်းမတို့၌။ စာရိတ္တံ၊ လွန်ကျူးခြင်းသို့။ အာပဇ္ဇိတာ၊ ရောက်သည်။ နဟောတိ၊ မဖြစ်။ ဂဟပတယော၊ သူကြွယ်တို့။ ဇေံခေါ၊ ဤသို့ လျှင်။ ကာ ယေန၊ ကာယ ဒွါရဖြင့်၊ ဓမ္မ စရိယသမ စရိယာ၊ တရားကို ကျင့်ခြင်းဟု ဆိုအပ်သော ညီညွတ်သောအကျင့် ကိုကျင့်ခြင်းသည်။ တိဝိဓံ-တီဟိ ကောဌာသေဟိ၊ သုံးပါးကုန်သော အစုတို့ဖြင့်။ ဟောတိ၊ ၏။ ဂဟပတယော၊ သူကြွယ်တို့။ ဝါစာယ၊ ဝစီဒွါရဖြင့်၊ ဓမ္မစရိယသမစရိယာ၊တရားကို ကျင့်ခြင်းဟု ဆိုအပ်သော ညီညွတ်သောအကျင့်ကို ကျင့်ခြင်းသည်။စတုဗ္ဗိဓံ-စတူဟိကောဌာသေ ဟိ၊လေးပါးကုန်သော အစုတို့ဖြင့်။ကထံဟောတိ၊ အသို့ဖြစ်သနည်းဟူ မူကား။ ဂဟပတယော၊ သူကြွယ်တို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချိုသောသူသည်။ မုသာဝါဒံ၊မုသာဝါဒကို။ ပဟာယ၊ ပယ်၍။မုသာ ဝါဒါ၊ မုသာဝါဒမှ။ ပဋိဝိရတော၊ ကြဉ်သည်။ ဟောတိ၊ဖြစ်၏။ အဘိနီ တော၊မေးအံ့သောဌါ ဆောင်၍။သဘာဂတောဝါ၊သဘင်၌တည်သော သူကိုလည်းကောင်း။ ပရိသဂတောဝါ၊ ပရိသတ်၌ တည်သောသူကို လည်းကောင်း။ ဥာတိမဇ္ဇာဂတောဝါ၊ ဆွေမျိုးတို့၏အလယ်၌တည်သော သူကိုလည်းကောင်း။ ပူဂမဇ္ဇာဂတောဝါ၊ အပေါင်း၏ အလယ်၌တည် သောသူကို လည်းကောင်း။ ရာဇကုလ မဇ္ဇာဂတောဝါ၊ မင်းမျိုး၏အ လယ်၌ တည်သောသူကိုလည်းကောင်း။ ဟမ္ဘောပုရိသ၊ အိုယောကျ်ား။ တွံ၊ သင်သည်။ယံ၊အကြင်အမှုကို။ဇာနာသိ၊သိ၏။ တံ၊ ထိုအမှုကို။ဝဒေ ဟိ၊ဆိုလော့။ ဣတိ၊သို့။ သက္ခိပုဌော၊ သက်သေပြု၍မေးအပ်၏။ သော ပုရိသော၊ထိုယောကျ်ားသည်။ အဇာနံဝါ၊မသိသည်ကိုလည်း။ နဇာနာ ဓိတိ၊ငါမသိဟူ၍။ အာဟ၊ ၏။ ဇာနံဝါ၊ သိသည်ကိုလည်း။ ဇာနာဓိတိ၊ ငါသိ၏ဟူ၍။အာဟ၊ဆိုဏ်။ အပဿံဝါ၊ မမြင်သည်ကိုမူလည်း။နပဿာ ဓိတိ၊ ငါမမြင်ဟူ၍။ အာဟ၊ ဆိုဏ်။ ပဿံဝါ၊ မြင်သည်ကိုမူလည်း။ ပဿာဓိတိ၊ ငါမြင်၏ဟူ၍။ အာဟ၊ ဆိုဏ်။ ဣတိ၊ သို့။အတ္တဟေတုဝါ၊ ကိုယ်၏အကြောင်းကြောင့် လည်းကောင်း။ ပရဟေတုဝါ၊ သူတပါး၏ အကြောင်းကြောင့် လည်းကောင်း။ အာဓိသ ကိဥ္ဇက္ခ ဟေတုဝါ၊ စိုးစဉ်းသော တံစိုးလက်ဆောင်၏ အကြောင်းကြောင့် လည်းကောင်း။ သမ္ပဇာန မုသာ၊ သိလျက် မုသားကို။ ဘာသိတာ၊ ဆိုတတ်သည်။ နဟောတိ၊ မဖြစ်။ ဝိသုဏဝါစံ၊ ကုန်းတိုက်သော စကားကို။ ပဟာယ၊

ပယ်၍။ ပိသုဏာယ ဝါစာယ၊ ကုန်းတိုက်သော စကားမှ။ ပဋိဝိရ တော၊ကြဉ်သည်။ ဟော တိ၊ ၏။ ဣ တော၊ ဤ သူ့ အထံမှ။ သုတွာ၊ ကြား၍၊ ဣမေသံ၊ ဤသူတို့အား။ ဘေဒါယ၊ အချစ်ပျက်စိမ့် သောငှါ။ အမုတြ၊ ဤမည်သော သူ့အထံ၌။ နအက္ခာတာ၊ မကြား။ အမုတြဝါ၊ ဤမည်သော သူ့အထံ၌လည်း။ သုတွာ၊ ကြား၍။ အမူသံ၊ ဤအမည်ရှိကုန်သောသူတို့အား။ ဘေဒါယ၊ အချစ် ပျက်စိမ့်သောငှါ။ ဣမေသံ၊ ဤသူတို့အား။ နအက္ခာတာ၊မကြား။ ဣတိ၊ဤသို့။ ပိသုဏာယ ဝါစာယ၊ ကုန်းတိုက်သောစကားမှ။ ပဋိဝိရတော၊ကြဉ်၏။ ဘိန္နာနံဝါ၊ ကွဲပြားကုန်သော အဆွေခင်ပွန်း တို့ကိုလည်း။ သန္ဓာတာ၊ စေ့စပ် တတ်၏။ သံဟိတာနံဝါ၊စေ့စပ်ကုန်သောအဆွေခင်ပွန်းတို့အားလည်း။ အနုပ္ပဒါတာ၊ စေ့စပ်ခြင်းကို ထပ်ဆင့်၍ ပေးတတ်၏။ သမဂ္ဂါ ဥမော၊ ညီညွတ်သော ကျောင်းအရံရှိ၏။ ။(ညီညွတ်သင့်တင့်ခြင်း မရှိသော ကျောင်း၌ နေခြင်းငှါလည်း အလိုမရှိ ဟူလိုသည်)။ ။သမဂ္ဂရတော၊ ညီညွတ်သင့်တင့်ကုန်သော အပေါင်းအဘော်တို့၌ မွေ့လျော်၏။ ။ (ညီညွတ်သင့်တင့်ကုန်သော အပေါင်းအဘော်တို့ကို စွန့်၍တပါးသော အရပ်သို့သွားခြင်းငှါလည်း အလိုမရှိဟူလိုသည်)။ ။သမဂ္ဂနန္ဒီ၊ညီညွတ် သင့်တင့်ကုန်သော အပေါင်းအဘော်တို့ကိုမြင်၍ ကြား၍ နှစ်သက်၏။ သမဂ္ဂကရဏိံဝါစံ၊ ညီညွတ်သင့်တင့်ခြင်းကို ပြုတတ်သောစကားကို သာလျှင်။ ဘာသိတာ၊ ဆိုတတ်၏။ ဖရုသံဝါစံ၊ ဒေါသရှိသောသစ်ပင်၌ ပေါက်သော အစေ့စိုင်နှင့် တူသော ကြမ်းသော သူတပါးတို့၏ ခါးစပ်ခြင်း မနှစ်သက်ခြင်းကို ဖြစ်စေတတ်သော ကောက်သောဆူး ရှိသောသစ်ခက်သည် အရေတို့၌ စူး၍ ငြိသကဲ့သို့ သူတပါးတို့အား ငြိခြင်းကို ပြုတတ်သော အမျက်ဒေါသ၏ အနီးဖြစ်သော အပွန်ာ သမာဓိ ဥပစာရသမာဓိကို မဖြစ်စေတတ်သော ကြမ်းကြုတ်သော စကားကို။ ပဟာယ၊ ပယ်၍။ ဖရုသာ၊ ကြမ်းကြုတ်သော စကားမှ။ ပဋိဝိရတော၊ ကြဉ်သည်။ ဟောတိ၊ ၏။ ယာသာဝါစာ၊ အကြင်စကား သည်။ နေလာ၊ အပြစ်ကင်းသည်။ ကဏ္ဏသုခါ၊ သဒ္ဒါချိုသည်၏အဖြစ် ကြောင့် နားတို့အား ချမ်းသာ၏။ ပေမနီယာ၊ အနက် ချိုသည်၏ အဖြစ်ကြောင့် ချစ်ခြင်းကို ဖြစ်စေတတ်၏။ ဟဒယင်္ဂမာ၊အဆီးအတား မရှိသည်ဖြစ်၍ ချမ်းသာသဖြင့် စိတ်နှလုံးသို့ ဝင်၏။ ပေါရီ၊ ဂုဏ်

ကျေးဇူး၏ ပြည့်စုံခြင်းဌာ ဖြစ်၏။ တနည်းကား-ပေါရိုး၊ ပြည်ကြီးသူကဲ့သို့ နှုံးညံ့၏။ ဘနည်းကား-ပေါရိုး၊ မြို့နေ လူတို့၏ စကားဖြစ်၏။ ဗဟုဇနကန္တာ၊ များစွာသောလူသည် နှစ်သက်၏။ ဗဟုဇနမနာပါ၊ များစွာသော လူတို့၏စိတ်ကို ပွါးစေတတ်၏။ တထာ ရူပိ ဝါစံ၊ ထိုသို့သဘောရှိသော စကားကို။ ဘာသိတာ၊ ဆိုတတ်သည်။ ဟောတိ၊၏။ သမ္မပ္ပလာပံ၊ နှလုံးအပွင်းဌာ ထားခြင်းငှါ မလျောက်ပတ်သော ပါဋိတော်ကို ညွှန်ခြင်းမှကင်းသော အပိုင်းအခြား မရှိသော အကျိုးကို မဒ္ဒိသော စကားကို။ ပဟာယ၊ ပယ်၍။ သမ္မပ္ပလာပါ၊ အပြုန် အဖျင်း ဖြစ်သော စကားမှ။ ပဋိဝိရတော၊ ကြဉ်သည်။ ဟောတိ၊ ၏။ ကာလ ဝါဒိ၊ ဆိုခြင်းငှါ သင့်သော ကာလကိုမှတ်၍ ဆိုတတ်၏။ ဘူတဝါဒိ၊ မှန်သောသဘောကိုသာလျှင် ဆိုတတ်၏။ အတ္ထဝါဒိ၊ ပစ္စုပ္ပန်အကျိုး တမလွန်အကျိုးဌာ မှီသည်ကိုသာလျှင်ပြု၍ ဆိုတတ်၏။ ဓမ္မဝါဒိ၊ ကိုးပါးသော လောကုတ္တရာတရားဌာ မှီသည်ကို ပြု၍ ဆိုတတ်၏။ ဝိနယဝါဒိ၊ သံဝရဝိနည်း ပဟာနဝိနည်းဌာ မှီသည်ကိုပြု၍ ဆိုတတ်၏။ နိဓာနဝတိ် ဝါစံ၊ နှလုံးဌာ သိမ်မြုံးအပ်သည်နှင့် ယှဉ်သော စကားကို။ ဘာသိတာ၊ ဆိုဟတ်သည်။ ဟောတိ၊ ၏။ ကာလေန၊ ဆိုသင့်သော ကာလဌာ။ သာပဒေသံ၊ ဥပမာနှင့်တကွသော။ ပရိယန္တဝတိ် ၊ အပိုင်းအခြား ရှိသော။ အတ္ထသညိတံ၊ အကျိုးနှင့်စပ်သော။ ဝါစံ၊ စကားကို။ ဘာသိတာ၊ ဆိုတတ်သည်။ ဟောဘိ၊ ၏။ ဂဟပတယော၊သူကြွယ်တို့။ ဇုံ၊ ဤလောကဌာ။ ကေစ္စော၊ အချို့သောသူသည်။ အနာဘိဇ္ဈာလု၊ သူတပါးတို့၏ဥစ္စာတို့ကို ရှေးရှုကြံခြင်း အလေ့မရှိသည်။ ဟောတိ၊ ၏။ ပရဿ၊ သူတပါး၏။ ယံတံပရိဘောဂံ။ပကရဏံ၊ အကြင်နှစ်သက်ခြင်းကို ဖြစ်စေတတ်သော

သူတပါးဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသူတပါးဥစ္စာကို။ ပရသ၊ သူတပါး၏။ ယံ၊ အကြင်ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဥစ္စာသည်။ မမ၊ ငါ၏ဥစ္စာသည်။ အသ၊ ဖြစ်မူကား။ အဟောဝတ၊ သြော်-ကောင်းစွာ့ တကား။ ဣတိ၊ ဤသို့။ အနဘိဇ္ဈိတာ၊ ရှေရှု ကြီလေ့ မရှိသည်။ ဟောတိ၊ ၏။ အဗျာပန္ဒ စိတ္တောခေါပန၊ မပုပ်သော စိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်။ အဝေရာ၊ ရန်ကင်းကုန်သည်။ဟောန္တု၊ ဖြစ်စေကုန်သတည်း။အဗျာပဇ္ဇာ၊ဗျာပါဒ ကင်းကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အနီဃာ၊ ဆင်းရဲမရှိ ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သုခီ၊ ချမ်းသာခြင်း ရှိကုန် သည်ဖြစ်၍။ အတ္တာနံ၊ ကိုယ်ကို။ ပရိဟရန္တု၊ ဆောင်နိုင်စေကုန် သတည်း။ ဣတိ။ဤသို့။ အပ္ပဒုဋ္ဌမနသက်ပွေါ၊ ဒေါသသည် မဖျက်ဆီး အပ်သော စိတ်အကြီရှိ၏။ သမ္မာဒိဋ္ဌိကောခေါပန၊ ကောင်းသော အယူရှိ သည်။ဟောတိ၊၏။ ဒိန္ဒံ၊ ဒါန၏ အကျိုးသည်။ အတ္ထိ၊ရှိ၏။ ယိဋ္ဌံ၊ ကြီးစွာ သော အလှူ၏အကျိုးသည် ။ အတ္ထိ၊ရှိ၏။ ဟုတံ၊ ပင့်ခေါ်၍ ရောက်လာ ကုန်သော ဧည့်သည်တို့အား ပြုအပ်သော ပူဇော်ခြင်း၏ အကျိုးသည်။ အတ္ထိ၊ရှိ၏။ သုကတဒုက္ကဋာနံ၊ ကုသိုလ်အကုသိုလ် ဖြစ်ကုန်သော။ ကမ္မာနံ၊ကံတို့၏။ ဖလံ၊အာနိသင်အကျိုးဆက်သည်။ ဝိပါကော၊တူသော အကျိုးသည်။ အတ္ထိ၊ ရှိ၏။ အယံလောကော၊ တပါးသောဘဝ၌ တည်သောသူအား ကံနှင့်စပ်သော ဤဘဝသည်။ အတ္ထိ။ရှိ၏။ ပရော လောကော၊ဤဘဝ၌ တည်သောသူအားကံနှင့် စပ်သော တပါးသော ဘဝသည်။ အတ္ထိ၊ရှိ၏။ မာတာ၊ အမိ၌ကောင်းစွာကျင့်ခြင်း မကောင်း သဖြင့် ကျင့်ခြင်း၏ အကျိုးသည်။ အတ္ထိ၊ရှိ၏။ ပိတာ၊အဘ၌ ကောင်းစွာ ကျင့်ခြင်း မကောင်းသဖြင့် ကျင့်ခြင်း၏ အကျိုးသည်။ အတ္ထိ၊ရှိ၏။ သြပ ပါတိကာ၊ စုတေ၍ ပဋိသန္ဓေ နေကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အတ္ထိ၊ရှိ၏။လောကေ၊လောက၌။ယေသမဏဗြာဟ္မဏာ၊အကြင်ရဟန်း ပုဏ္ဏားတို့သည်။ သမဂ္ဂတာ၊ ကောင်းစွာဖြစ်ကုန်၏။ သမ္မာပဋိပန္ဒာ၊ ကောင်းစွာကျင့်ကုန်၏။ ဣမဉ္စလောကံ၊ ဤ ပစ္စုပ္ပန် လောကကိုလည်း ကောင်း။ ပရဉ္စလောကံ၊ တမလွန် လောကကိုလည်းကောင်း။ သယံ၊ ကိုယ်တိုင်၊ အဘိညာ၊ ထူးသောဉာဏ်ဖြင့်။ သစ္ဆိကတွာ၊ မျက်မှောက် ပြု၍။ ပဝေဒေန္တိ၊သူတပါးတို့ကို သိစေကုန်၏။ တေသမဏဗြာဟ္မဏာ၊

ထိုရဟန်းပုဏ္ဏားတို့သည်။ အတ္ထိသန္တီ၊ ရှိကုန်၏။ ဣတိ၊ ဤသို့။ အဝိ ပရီတဒဿနော၊ မဘောက်ပြန်သော အမြင်ရှိသည်။ ဟောတိ၊၏။ ဂဟ ပတယော၊ သူကြွယ်တို့။ ဧဝံခေါ၊ ဤသို့လျှင်။ မနသာ၊ မနော ဒ္ဓါရဖြင့်။ ဓမ္မစရိယသမစရိယာ၊ တရားကို ကျင့်ခြင်းဟု ဆိုအပ်သော ညီညွတ်သောအကျင့်ကို ကျင့်ခြင်းသည်။ တိဝိဓံတီဟိကောဌာသေဟိ၊ သုံးပါးကုန်သောအစုတို့ဖြင့်။ ဟောတိ၊၏။ ဂဟပတယော၊သူကြွယ်တို့။ ဧဝံ၊ဤသို့။ ဓမ္မစရိယသမစရိယဟေတု၊ တရားကို ကျင့်ခြင်းဟု ဆိုအပ် သော ညီညွတ်သော အကျင့်ကို ကျင့်ခြင်းဟူသော အကြောင်းကြောင့်။ ဧဝံ၊ဤသို့။ ဣဓ၊ဤလောက၌။ဧကစ္စေ၊အချို့ကုန်သော။ သတ္တာ သတ္တဝါ တို့သည်။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်ခြင်းဟူသော။ မရဏာ၊ သေသည်မှ။ ပရံ၊နောက်၌။ သုဂတိံ၊ ကောင်းမှုကို ပြုသော သူတို့၏ လားရာဖြစ်သော။ သဂ္ဂံလောကံ နတ်ပြည်၌။ ဥပပဇ္ဇန္တီ၊ ဖြစ်ကုန်၏။ ဂဟပတယော၊ သူကြွယ်တို့။ ဓမ္မစရိယသမစာရီ၊တရားကိုကျင့်ခြင်းဟု ဆိုအပ်သော ညီညွတ်သော အကျင့်ကို ကျင့်သော သူသည်။ အဟံ၊ ငါသည်။ ကာယဿ၊ ကိုယ်၏။ ဘေဒါ ပျက်စီးခြင်း ဟူသော။ မရဏာ၊ စုတေသည်မှ။ ပရံ၊နောက်၌။ ခတ္တိယမဟာသာလာနံ၊ မင်း သူကြွယ်တို့၏။ သဟဗျတံ၊ အပေါင်းအဘော်၏အဖြစ်သို့။ ဥပပဇ္ဇေယျံ၊ ရောက်ငြားအံ့။ အဟောဝတ၊ သြော်ကောင်းစွာကား။ ဣတိ၊ ဤသို့။ အာကခေ်ယျစေ၊ အလိုရှိငြားအံ။ ယံယေနဌာနေန၊ အကြင် အကြောင်း ကြောင့်။သော၊ထိုသူသည်။ကာယဿ၊ကိုယ်၏။ ဘေဒါ၊ပျက်စီးခြင်းဟူ သော။မရဏာ၊ စုတေသည်မှ။ ပရံ၊ ၌။ ခတ္တိယမဟာသာလာနံ၊ မင်း သူကြွယ်တို့၏။ သဟဗျတံ၊အပေါင်းအဘော်၏အဖြစ်သို့။ ဥပပဇ္ဇေယျ၊ ရောက်ရာ၏။ ဧတံခေါပနဌာနံ၊ ထိုအကြောင်းသည်ကား။ ဝိဇ္ဇတိ၊ရှိ၏။ တံ၊ထိုသို့ဖြစ်ခြင်းသည်။ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့်နည်း ဟူမူကား။ ယသ္မာ၊ အကြင်ကြောင့်။ သော၊ထိုသူသည်။ ဓမ္မစရိယသမ စာရီ၊ တရားကို ကျင့်ခြင်းဟူသော ညီညွတ်သော အကျင့်ကို ကျင့်ခြင်း ရှိသည်။ ဟောတိ၊၏။ တထာဟိတတောဧဝ၊ ထို့ကြောင့်လျှင်တည်း။ (အကြင်မင်းတို့အား အယုတ်ဆုံးဖြစ်သောအပိုင်းအခြားအားဖြင့်မြေမြှုပ် ဥစ္စာကုဋေတုရာ, နေ့တိုင်းသုံးဆောင်အံ့သောဌါ အိမ်လယ်၌ စုပုံ၍ ထားအပ်သော သုံးကုမ္ဘသော အသပြာသည်ရှိ၏၊ထိုမင်းတို့သည် မင်း

သူကြွယ်မည်ကုန်၏။တဆဲ့တစိတ်သည် တအမ္ဘဏ၊ ဆယ်အမ္ဘဏသည် တကုမ္ဘ မည်၏)။ ဂဟပတယော၊ သူကြွယ်တို့။ မြေစရိယသမစာရီ၊ တရားကို ကျင့်ခြင်းဟုဆိုအပ်သော ညီညွတ်သော အကျင့်ကိုကျင့်သော သူသည်။အဟံ၊ငါသည်။ကာယဿ၊ကိုယ်၏။ဘေဒါ၊ပျက်ခြင်းဟူသော။ မရဏာ၊စုတေသည်မှ။ ပရံ၊နောက်၌။ဗြာဟ္မဏမဟာသာလာနံ၊ပုဏ္ဏား သူကြွယ်တို့၏။သဟဗျတံ၊အပေါင်းအဘော်၏ အဖြစ်သို့။ ဥပပဇ္ဇေယျ၊ ရောက်ငြားအံ့။ အဟောဝတ၊ဩော်ကောင်းစွတကား။ ဣတိ၊ဤသို့။အာ ကခေ်ယျစေ၊အလိုရှိငြားအံ့။ယံယေနဌာနေန၊အကြင်အကြောင်းကြောင့်။ သော၊ ထိုသူသည်။ ကာယဿ၊ကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းဟူသော။ မရဏာ၊စုတေသည်မှ။ပရံ၊နောက်၌။ဗြာဟ္မဏမဟာသာလာနံ၊ ပုဏ္ဏား သူကြွယ်တို့၏။ သဟဗျတံ၊ အပေါင်းအဘော်၏ အဖြစ်သို့။ ဥပပဇ္ဇေယျ၊ ရောက်ရာ၏။ဧတံခေါပနဌာနံ၊ထိုအကြောင်းသည်ကား။ဝိဇ္ဇတိ၊ရှိ၏။တံ၊ ထိုသို့ဖြစ်ခြင်းသည်။ကိဿ ဟေတု၊အဘယ်အကြောင်းကြောင့်နည်းဟူမူ ကား။ယသ္မာ၊ အကြင်ကြောင့်။ သော၊ ထိုသူသည်။ မြေစရိယသမစာရီ၊ တရားကိုကျင့်ခြင်းဟူသောညီညွတ်သောအကျင့်ကို ကျင့်ခြင်းရှိသည်။ ဟောတိ၊၏။ တထာဟိ၊တဘောဝေ၊ ထိုကြောင့်လျှင်တည်း။ (အကြင် ပုဏ္ဏားတို့အားမြေမြှုပ်ဥစ္စာကုဋေရှစ်ဆယ်,နေ့တိုင်းသုံးဆောင်စိမ့်သော ဌါ အိမ်လယ်၌ စုပုံ၍ ထားအပ်သော တဆဲ့ငါးအမ္ဘဏသော အသပြာ သည်ရှိ၏၊ ထိုပုဏ္ဏားတို့သည် ပုဏ္ဏားသူကြွယ်မည်ကုန်၏။) ။ဂဟပတ ယော၊သူကြွယ်တို့။ မြေစရိယသမစာရီ၊ တရားကိုကျင့်ခြင်းဟု ဆိုအပ် သော ညီညွတ်သောအကျင့်ကို ကျင့်သောသူသည်။အဟံ၊ငါသည်။ကာ ယဿ၊ကိုယ်၏။ဘေဒါ၊ပျက်စီးခြင်းဟူသော။ မရဏာ၊ စုတေသည်မှ။ ပရံ၊နောက်၌။ဂဟပတိမဟာသာလာနံ။ အသည်သူကြွယ်တို့၏။သဟဗျ တံ။အပေါင်းအဘော်၏အဖြစ်သို့။ဥပပဇ္ဇေယျ၊ရောက်ငြားအံ့။ အဟောဝ တ၊ဩော်ကောင်းစွတကား။ဣတိ၊ဤသို့။ အာကခေ်ယျစေ၊ အလိုရှိငြား အံ့။ယံယေနဌာနေန၊ အကြင်အကြောင်းကြောင့်။ သော၊ထိုသူသည်။ကာ ယဿ၊ကိုယ်၏။ဘေဒါ၊ပျက်စီးခြင်းဟူသော။ မရဏာ၊ စုတေသည်မှ။ ပရံ နောက်၌။ဂဟပတိမဟာသာလာနံ၊ အသည်သူကြွယ်တို့၏။သဟဗျ တံ အပေါင်းအဘော်၏အဖြစ်သို့။ ဥပပဇ္ဇေယျ၊ရောက်ရာ၏။ဧတံခေါပန ဌာနံ၊ထိုအကြောင်းသည်ကား။ ဝိဇ္ဇတိ၊ ရှိ၏။ တံ၊ ထိုသို့ဖြစ်ခြင်းသည်။

ဇုန္ဆာ သယ ၁၅၅-၅၂

ကိဿဟေတု၊ အဘယ်အကြောင်းကြောင့်နည်းဟူမူကား။ ယသ္မာ၊ အ
ကြင်ကြောင့်။ သော၊ထိသူသည်။ဓမ္မစရိယသမစာရီ။ တရားကိုကျင့်ခြင်း
ဟူသော ညီညွတ်သောအကျင့်ကိုကျင့်ခြင်းရှိသည်။ဟောတိ၊ ၏။တထာ
ဟိ-တဘောဇဝ၊ ထိကြောင့်လျှင်တည်း။ (အကြင်အသည်တို့အား မြေ
မြှုပ်ဥစ္စာကုဋ္ဌေလေးဆယ်, နေ့တိုင်းသုံးဆောင်အံ့သောဌါ အိမ်လယ်၌
စုပုံ၍ ထားအပ်သော တကုမ္ဘသော အသပြာသည်ရှိ၏၊ ထိအသည်တို့
သည် အသည်သူကြွယ်မည်ကုန်၏။) ။ဂဟပတယော။ သူကြွယ်တို့။
ဓမ္မစရိယသမစာရီ။ တရားကိုကျင့်ခြင်းဟု ဆိုအပ်သော ညီညွတ်သော
အကျင့်ကိုကျင့်သောသူသည်။ အဟံ၊ငါသည်။ ကာယဿ၊ကိုယ်၏၊ ဘေ
ဒါ ပျက်စီးခြင်းဟူသော။မရဏာ၊ စုတေသည်မှ။ ပရံ၊နောက်၌။ စာတု
မဟာရာဇိကာနံဒေဝါနံ၊စာတုမဟာရာဇ် နတ်တို့၏။လ။တာဝတိံသာနံ၊
တာဝတိံသာနတ်တို့၏။လ။ ယာမာနံ၊ယာမာနတ်တို့၏။လ။တုသိတာနံ၊
တုသိတာနတ်တို့၏။လ။ နိမ္မာနရတီနံ၊နိမ္မာနရတိနတ်တို့၏။လ။ပရနိမ္မိတ
ဝသဝတ္တီနံ၊ပရနိမ္မိတဝသဝတ္တီနတ်တို့၏။လ။ ဗြဟ္မကာယိကာနံဒေဝါနံ၊
ပထမဈာန်ဘုံ ဗြဟ္မာတို့၏။လ။ အာဘာနံဒေဝါနံ၊ အာဘာအမည်ရှိကုန်
သော ဒုတိယဈာန်ဘုံဗြဟ္မာတို့၏။လ။ ပရိတ္တာဘာနံဒေဝါနံ၊ ပရိတ္တာဘာ
ဗြဟ္မာတို့၏။လ။အပ္ပမာဏာဘာနံဒေဝါနံ၊ အပ္ပမာဏာဘာဗြဟ္မာတို့၏။
လ။ အာဘဿရာနံ ဒေဝါနံ၊ အာဘဿရာ ဗြဟ္မာတို့၏။ လ။ သုဘာနံ
ဒေဝါနံ၊သုဘအမည်ရှိကုန်သော တတိယဈာန်ဘုံဗြဟ္မာတို့၏။ လ၊ပရိတ္တ
သုဘာနံဒေဝါနံ၊ပရိတ္တသုဘာဗြဟ္မာတို့၏။လ။ အပ္ပမာဏသုဘာနံဒေဝါ
နံ၊အပ္ပပမဏသုဘာ ဗြဟ္မာတို့၏။ လ။ သုဘကိဏ္ဍာနံဒေဝါနံ၊ သုဘ
ကိဏ္ဍဗြဟ္မာတို့၏။ လ။ ဝေဟပ္ဖလာနံဒေဝါနံ၊ ဝေဟပ္ဖိုလ်ဗြဟ္မာတို့၏။
လ။အဝိဟာနံဒေဝါနံ၊အဝိဟာဗြဟ္မာတို့၏။လ။အတပ္ပါနံ၊ အတပ္ပါဗြဟ္မာ
တို့၏။လ။သုဒဿာနံ။ သုဒဿာဗြဟ္မာတို့၏။လ။ သုဒဿီနံဗြဟ္မာနံ၊သုဒ
ဿီဗြဟ္မာတို့၏။လ။အကနိဋ္ဌာနံ၊အကနိဋ္ဌဗြဟ္မာတို့၏။လ။ အာကာသာ
နဥ္စာယတနူပဂါနံ၊အာကာသာနဥ္စာယတနဘုံသို့ ကပ်ကုန်သော ဗြဟ္မာ
တို့၏။လ။ဝိညာဏဥ္စာယတနူပဂါနံ၊ ဝိညာဏဥ္စာယတနဘုံသို့ ကပ်ကုန်
သောဗြဟ္မာတို့၏။လ။အာကိဥ္စညာယတနူပဂါနံ၊ အာကိဥ္စညာယတနဘုံ
သို့ကပ်ကုန်သောဗြဟ္မာတို့၏။လ။နေဝသညာနာသညာယတနူပဂါနံဒေ
ဝါနံ၊ နေဝသညာနာသညာယတနဘုံသို့ကပ်ကုန်သောဗြဟ္မာတို့၏။ သ

ဟဗျတံ၊ အပေါင်းအဘော်၏အဖြစ်သို့။ ဥပပဇ္ဇေယျ၊ ရောက်ငြားအံ့၊ အ
ဟောဝတ၊ သြော်ကောင်းစွတကား။ ဈတိ၊ ဤသို့။ အာကခေ်ယျစေ၊ အ
လိုရှိငြားအံ့။ ယံယေနဌာနေန၊ အကြင်အကြောင်းကြောင့်။ သော၊ ထိုသူ
သည်။ ကာယသ၊ ကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းဟူသော။ မရဏာ၊ စုတေ
သည်မှ။ ပရံ၊ နောက်၌။ နေဝသညာနာသညာယတနူပဂါနံဒေဝါနံ၊ နေဝ
သညာနာသညာယတနဘုံသို့ကပ်ကုန်သောဗြဟ္မာတို့၏။ သဟဗျတံ၊ အ
ပေါင်းအဘော်၏အဖြစ်သို့။ ဥပပဇ္ဇေယျ၊ ရောက်ရာ၏။ ဇောံခေါပနဌာနံ၊
ထိုအကြောင်းသည်ကား။ ဝိဇ္ဇတိ၊ ရှိ၏။ တံ၊ ထိုသို့ဖြစ်ခြင်းသည်။ ကိသဟေ
တု၊ အဘယ်အကြောင်းကြောင့်နည်းဟူမူကား။ ယသ္မာ၊ အကြင်ကြောင့်။
သော၊ ထိုသူသည်။ ဓမ္မစရိယသမစာရီ၊ တရားကို ကျင့်ခြင်းဟူသော
ညီညွတ်သော အကျင့်ကို ကျင့်ခြင်းရှိသည်။ ဟောတိ၊ ၏။ တထာဟိ
တတောဇေ၊ ထိုကြောင့်လျှင်တည်း။ ။ဂဟပတယော၊ သူကြွယ်တို့။
ဓမ္မစရိယသမစာရီ၊ တရားကိုကျင့်ခြင်းဟူသော ညီညွတ်သော အကျင့်
ကို ကျင့်သောသူသည်။ အဟံ၊ ငါသည်။ အာသဝါနံ၊ အာသဝေါ
တို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ အနာသဝံ၊ အာသဝေါ ကင်းသော။
စေတောဝိမုတ္တိံ၊ အရဟတ္တဖိုလ်နှင့်ယှဉ်သော သမာဓိဟူသော ရာဂမှ
လွတ်သောတရားကို။ ပညာဝိမုတ္တိံ၊ အရဟတ္တဖိုလ်နှင့် ယှဉ်သော
ပညာဟူသော အဝိဇ္ဇာမှ လွတ်သောတရားကို။ တနည်းကား–စေတော
ဝိမုတ္တိံ၊ သမထ၏အကျိုးကို။ ပညာဝိမုတ္တိံ၊ ဝိပဿနာ၏ အကျိုးကို။
ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌လျှင်။ သယံ၊ ကိုယ်တိုင်။
အဘိညာ၊ ထူးသောဉာဏ်ဖြင့်။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပ
သမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရေယျံ၊ နေရမူကား။ အဟောဝတ၊ သြော်-
ကောင်းစွတကား။ ဈတိ၊ ဤသို့။ အာကခေ်ယျစေ၊ အလိုရှိငြားအံ့။
ယံ ယေန ဌာနေန၊ အကြင် အကြောင်းကြောင့်။ သော၊ ထိုသူသည်။
အာသဝါနံ၊ အာသဝေါတို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ အနာသဝံ၊
အာသဝေါကင်းသော။ စေတောဝိမုတ္တိံ၊ အရဟတ္တဖိုလ်နှင့် ယှဉ်သော
သမာဓိဟူသော ရာဂမှ လွတ်သောတရားကို။ ပညာဝိမုတ္တိံ၊ အရ
ဟတ္တဖိုလ်နှင့်ယှဉ်သော ပညာဟူသောအဝိဇ္ဇာမှ လွတ်သောတရားကို။
ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌လျှင်။ သယံ၊ ကိုယ်တိုင်
အဘိညာ၊ ထူးသော ဉာဏ်ဖြင့်။ သစ္ဆိကတွာ၊ မျက်မှောက် ပြု၍။

ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရေယျ၊ နေရာ၏။ ဇေတံခေါပနဌာနံ ထိုအကြောင်း သည်ကား။ ဝိဇ္ဇတိ၊ ရှိ၏။ တံ၊ ထိုသို့ ဖြစ်ခြင်းသည်။ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့် နည်းဟူမူကား။ ယသ္မာ၊ အကြင်ကြောင့်။ သော၊ ထိုသူသည်။ မေ္မစရိယသမစာရီ၊ တရားကို ကျင့်ခြင်း ဟူသော ညီညွတ်သော အကျင့်ကို ကျင့်ခြင်း ရှိသည်။ ဟောတိ၊ ၏။ တထာဟိတတောဇေ ထိုကြောင့်လျှင်တည်း။ [ဤမေ္မစရိယသမစာရိယနိဒ္ဒေသ၌ ရပ်၍ နတ်ပြည် နှစ်ဆဲ့ ခြောက်ထပ်တို့ကို ပေါင်းအပ်ကုန်၏။ ရှေးဦးစွာ ပထမဈာန်ဘုံ ဒုတိယ ဈာန်ဘုံနှင့် တတိယဈာန်ဘုံတို့၏ အစွမ်းအားဖြင့် ဗြဟ္မာဘုံကိုးထပ်။ အရူပလေးဘုံ တို့နှင့်တကွ သုဒ္ဓါဝါသ ငါးဘုံအားဖြင့် ဗြဟ္မာဘုံကိုးထပ်။ ဤသို့ ဗြဟ္မာဘုံ တဆဲ့ရှစ်ထပ်။ ဝေဟပ္ဖိုလ်ဘုံနှင့်တကွ တဆဲ့ကိုးထပ်။ အသညသတ်ကို ထည့်၍ ဗြဟ္မာဘုံ နှစ်ဆယ် ဖြစ်၏။ ဤဗြဟ္မာပြည် တို့သည် ကာမာဝစရ နတ်ပြည်တို့နှင့်တကွ နတ်ပြည်နှစ်ဆဲ့ခြောက်ဘုံ မည်ကုန်၏။ ထိုအလုံးစုံသော နတ်ပြည်တို့၌လည်း ကမ္မူပနိဿယ လည်း ဖြစ်ကုန်သော သက်သက်သော ဥပနိဿယမျှလည်း ဖြစ်ကုန် သော ဆယ်ပါး ကုန်သော ကမ္မပထတို့ကြောင့် ဖြစ်ခြင်းကို မြတ်စွာ ဘုရားသည် ပြတော်မူ၏]။ ထိုနတ်ပြည်တို့တွင် ကာမာဝစရ နတ်ပြည် ခြောက်ထပ်တို့၌ သုံးပါးကုန်သော သုစရိုက်၏ ဝိပါက်ဖြင့်သာလျှင် ဖြစ်၏။ အထက်နတ်ပြည်တို့အားကား ဤကမ္မပထတို့ကို ဥပနိဿယ၏ အစွမ်းအားဖြင့် ဟောအပ်ကုန်၏။ ထိုစကားကို ချဲဦးအံ့၊ ဆယ်ပါး ကုန်သော ကုသလ ကမ္မပထတို့သည် သီလမည်ကုန်၏။ သီလ ရှိသော သူအား ကသိုဏ်း ပရိကံသည် ပြည့်စုံ၏။ သီလ၌ တည်၍ ကသိုဏ်း ပရိကံကို စီးဖြန်း၍ ပထမဈာန်ကို ဖြစ်စေ၍ ပထမဈာန်ဘုံ၌ ဖြစ်၏။ ဒုတိယဈာန် အစရှိသည်တို့ကို ဖြစ်စေ၍ ဒုတိယဈာန် ဘုံအစရှိ သည်တို့၌ ဖြစ်၏။ ရူပါဝစရဈာန်ကို အခြေပြု၍ ဝိပဿနာကို ပွါးစေ၍ အနာဂါမိဖိုလ်၌ တည်သော သူသည် သုဒ္ဓါဝါသ ငါးဘုံ၌ ဖြစ်၏။ ရူပါဝစရဈာန်ကို အခြေပြု၍ အရူပါဝစရ သမာပတ်ကို ဖြစ်စေ၍ အရူပလေးဘုံတို့၌ဖြစ်၏။ ရူပါဝစရ, အရူပါဝစရဈာန်ကို အခြေပြု၍ ဝိပဿနာကို ပွါးစေ၍ အရဟတ္တဖိုလ်သို့ ရောက်၏။ အသညသတ် ဘုံသည်ကား သာသနာတော်မှ အပဖြစ်ကုန်သော ရသေ့ပရိဗိုဇ်တို့၏

လေ့ကျက်ရာဖြစ်၏။ ထိုကြောင့် အသည်သတ်ဆုံကို ဤနိဒ္ဒေသ၌ မပြအပ်။ ။[သာလေယျကသုတ် အဌကထာ]။ ။ဤသီလူပနိဿယသည် အရဟတ္တဖိုလ်ဆုံလည်း ရောက်စေတတ်၏ဟု မြတ်စွာဘုရားသည် ပြတော်မူ၏။

၁၁၃–မိလကမထေရ်ဝတ္ထု

ခန္ဓကဝင် ပထမပဏ္ဏာသက အဌကထာ၌ကား ဒါနူပနိဿယ, သီလူပနိဿယ, ဘာဝနူပနိဿယဟူ၍ ဥပနိဿယတို့သည် သုံးပါးအပြားရှိကုန်၏။ထိုသုံးပါးတို့တွင် ဒါနူပနိဿယ, သီလူပနိဿယတို့သည် အားနည်းကုန်၏။ ဘာဝနူပနိဿယသည်ကား အားရှိ၏။အကြင့်ကြောင့် ဒါနူပနိဿယ, သီလူပနိဿယတို့သည် သုံးပါးကုန်သော မင်္ဂဖိုလ်တို့သို့ ရောက်စေတတ်ကုန်၏။ ဘာဝနူပနိဿယသည်ကား အရဟတ္တဖိုလ်သို့ ရောက်စေတတ်၏။ ထိုကြောင့် အားနည်းသော ဒါနူပနိဿယ,သီလူပနိဿယ၌ တည်သော ရဟန်းသည် စေ့ဆော်လတ်သော် လုံ့လပြုလတ်သော် ငါးပါးကုန်သော ဩရမ္ဘာဂိယ သံယောဇဉ်တို့ကို ဖြတ်၍ သုံးပါးကုန်သော မင်္ဂဖိုလ်တို့ကို ဖြစ်စေတတ်၏ ဟုဆို၍ မိလကမထေရ်ဝတ္ထုကို ဆိုအပ်၏။

ထို မိလကမထေရ်သည် လူလက်ထက်၌ ပါဏာတိပါတ ကံဖြင့် အသက်မွေးခြင်းကို ပြုရကား တော၌ ကျော့ကွင်း တရာကိုလည်း ကောင်း ဘိယန္တရားတရာကိုလည်းကောင်း ထောင်သတတ်၊ ထိုအခါ တနေ့သ၌ ထိုမိလကသည် မီးကျီး၌ကင်သော အသားကိုစား၍ ကျော့ကွင်း ထောင်ရာ အရပ်တို့၌ လှည့်လည်လတ်သော် ရေငတ်ခြင်းသည် နှိပ်စက်၍ စင်္ကြံယွားသော တောနေ မထေရ်၏အနီး၌ တည်သော သောက်ရေအိုးကိုဘွင့်၍ လက်ဆေးရုံမျှသော ရေကိုလည်း မြေင်၍ အမျက်ထွက်၍ ရဟန်း သင်တို့သည် ဒါယကာတို့သည် လှူအပ်သော ဆွမ်းကိုစား၍ အိပ်ကုန်၏။ သောက်ရေအိုး၌ မျက်စဉ်းခတ်ရုံမျှသော ရေကို မထားကုန်။ ရေမထားခြင်းသည် လျောက်ငတ်သလော ဟုဆို၏။ မထေရ်သည် ငါကား သောက်ရေအိုးကို ပြည့်စေ၍ ထားအပ်၏၊ ဤရေအိုးကို မထားဟူသော စကားသည် အသို့ထုံနည်းဟု သွား၍

ကြည့်လတ်သော် ရေဖြင့်ပြည့်သော ဒန်းကိုမြင်၍ ရေသောက်ခရာသင်း
ကိုပြည့်စေ၍ပေးဏ်။ ထို မိလကသည် သုံးဆဲ့နှစ်ခုသော ခရာသင်းပြည့်
အောင် သောက်၍ ဤသို့ ပြည့်သော ရေဒန်းစည်လျက် ငါ၏ကံကိုစွဲ၍
ပူသော ဒန်းကင်းကဲ့သို့ဖြစ်ဏ်။ နောင်အခါ၌ ငါ၏ကိုယ်သည် အသို့ဖြစ်
လတ္တံ့နည်းဟုကြံ၍ ထိတ်လန့်သော စိတ်ရှိသည်ဖြစ်၍ အရှင်ဘုရား
အကျွန်ုပ်ကို ရဟန်း ပြုပါလောဟု ဆိုဏ်။ မထေရ်သည် တစပဉ္စက
ကမ္မဋ္ဌာန်းကိုကြဲး၍ ထိုမိလကကို ရှင်ပြု၍ ရဟန်းတရားကို ကျင့်သော
ထိုမိလကအား များစွာကုန်သော သမင်ဝက်တို့ကို သတ်ရာ အရပ်သည်
လည်းကောင်း၊ ကျေ့ကွင်း ဘိယန္တရားတို့ကို ထောင်ရာ အရပ်သည်
လည်းကောင်း ထင်ဏ်။ ထိုအာရုံကိုအောက်မေ့သော မိလကဏ် ကိုယ်၌
ပူခြင်းသည်ဖြစ်ဏ်။ စဉ်းလဲသောနွားကဲ့သို့ ကမ္မဋ္ဌာန်းလမ်းကိုမသွား၊ ထို
မိလကသည် ရဟန်းအဖြစ်ဖြင့် အဘယ်ပြုရအံ့နည်းဟု မနေ့လျော်ခြင်း
သည် နှိပ်စက်၍ မထေရ်ဏ်အထံသို့သွား၍ ဂါရိုး၍ အရှင်ဘုရား ရဟန်း
တရားကို ကျင့်အံ့သောငှါ မတတ်နိုင်ဟုဆိုဏ်။ မထေရ်သည် လက်အမှ
ကို ပြုံလော့ဟုဆိုဏ်။ထိုမိလကသည် ရေသဖန်း အစရှိကုန်သော စိုသော
သစ်ပင်တို့ကိုဖြတ်၍ကြိုးစွာသောအပုံအစုကိုပြု၍ယခုအသို့ပြုရအံ့နည်းဟု
မေးဏ်။မထေရ်သည်ထိုသစ်သားစုကို မီးတိုက်လော့ဟုဆိုဏ်။ထိုမိလက
သည်၊ အရပ်လေးမျက်နှာတို့၌ မီးတိုက်၍လောင်စိမ့်သောငှါမတတ်နိုင်။
မထေရ်သည်ထိုသို့တပြီးကား ဖဲလော့ဟုဆို၍ မြေကိုနှစ်ဖြာခွဲ၍ အဝိဘိမှ
ပိုးစုန်းကြူးမျှသော မီးကိုထုတ်၍ ထိုသစ်သားစု၌ထည့်ဏ်။ထိုပိုးစုန်းကြူး
မျှသော အဝိဘိမီးသည် ကြိုးစွာသော သစ်သားစုကို သစ်ရွက်ခြောက်
ကဲ့သို့ ခဏခြင်းလောင်ဏ်။ထိုအခါ မိလကအား မထေရ်သည် အဝိဘိကို
ပြ၍ အကယ်၍ လူထွက်အံ့ ထိုအဝိဘိ၌ ဖြစ်လတ္တံ့ဟု ထိတ်လန့်ခြင်းကို
ဖြစ်စေဏ်။ မိလကသည် အဝိဘိကိုမြင်သောအခါမှစ၍ တုန်လှုပ်လျက်
အရှင်ဘုရား ဘုရားသာသနာဘော်သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်
ကြောင်း ဟုတ်ဏ်လောဟုမေးဏ်။ မထေရ်သည် ငါ့ရှင် ဘုရားသာသနာ
သည် ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း ဟုတ်ဏ်ဟုဆိုဏ်။အရှင်ဘုရား
ဘုရားသာသနာသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သည်
ရှိသော် မိမိကိုယ်ဏ် ဆင်းရဲမှ လွတ်ခြင်းကိုပြုသော အရှင်ဘုရားသည်
ကြီးတော်မမူလင့်ဟု မိလကသည် ဆိုဏ်။ ထိုအခါမှစ၍ ရဟန်းတရားကို

ပြု၍ စေ့ဆော်၏။ လုံ့လပြု၏။ ဝတ်ပဋိပတ်ကိုဖြည့်၏။ အိပ်ခြင်းသည် နှိုပ်စက်လတ်သော် ဗိုသောကောက်ရိုးကိုဦးခေါင်း၌ထား၍ခြေနှစ်ဘက်တို့ကို ထုံးအိုင်၌ ချ၍ ထိုင်၏။ ထို မိလကသည် တနေ့သ၌ ရေကိုစစ်၍ ရေအိုးကို ပေါင်၌ထား၍ ရေပေါက်တို့၏ ပြတ်ခြင်းကိုငံ့လျက် ရပ်၏။ ထိုအခါ မထေရ်သည် မိလကသာမဏေအား-

ဥဋ္ဌာနဝတော သတိမတော၊ သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿစ ဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယသော ဘိဝဍ္ဎတိ။

ဟူသော ဤပါဠိတော်ကို ပေး၏။

ထိုသာမဏေသည် လေးပုဒ်ရှိသော ထိုဂါထာကို မိမိကိုယ်၌လျှင် ဆောင်၏။အသို့ဆောင်သနည်း ဟူမူကား ထကြွလုံ့လရှိသောသူ မည်သည်ကား ငါကဲ့သို့ဖြစ်ရာ၏၊သတိရှိသောသူ မည်သည်လည်း ငါကဲ့သို့လျှင် ဖြစ်ရာ၏။လ။မမေ့မလျော့သောသူ မည်သည်လည်း ငါကဲ့သို့လျှင် ဖြစ်ရာ၏၊ ဤသို့ဆောင်၏၊ဤသို့ဂါထာကို မိမိကိုယ်၌ ဆောင်၍ ထိုဘဝါးလှမ်းသော အကြိမ်၌လျှင် တည်လျက် ငါးပါးကုန်သော ဩရမ္ဘာဂိယ သံယောဇဉ်တို့ကိုဖြတ်၍ သုံးပါးကုန်သော မင်္ဂဖိုလ်တို့ကို ဖြစ်စေ၏။ ။ [မိလကမထေရ်ဝတ္ထု။] ဓမ္မစရိယကထာတည်း။

၁၆-ဉာတက သင်္ဂဟ မင်္ဂလာ

၁၂၀-ကုက္ကူရဝတ္ထု

ဧကနိပါတ် တတီယဝဂ်

အမိမှလည်းကောင်း အဘမှလည်းကောင်း ရနစ်ဆက်မြောက် ဖြစ်သောအတို့တိုင်အောင် စပ်ကုန်သော သူတို့သည် ဉာယန္တေအမှာကံ ဈမေတိ ဉာတကာ ဟူသော ဝစနတ္ထနှင့်အညီ ဤသူတို့သည်ကား ငါတို့၏ အတွင်းသားတို့တည်းဟု သိအပ်ကုန်သောကြောင့် ဉာတိမည်ကုန်၏။ စည်းစိမ်ပျက်ခြင်းသည်လည်းကောင်း ဗျာဓိဟူသော ပျက်စီးခြင်းသည်လည်းကောင်း နှိုပ်စက်ကုန်၍ မိမိအနီးသို့ လာကုန်သော ထိုဉာတိတို့အား အစွမ်းအားလျော်စွာ အစားအဝတ်ဥစ္စာစပါး အစရှိသည်တို့ဖြင့် သင်္ဂြိုဟ်ထောက်ပင့်ခြင်းသည် အဆွေအမျိုးတို့အား

ထောက်ပင့်သကြိုဟ်ခြင်း မည်၏။ ထိုအဆွေအမျိုးတို့အား သကြိုဟ် ထောက်ပင့်ခြင်းသည် ချီးမွမ်းခြင်း အစရှိ ကုန်သော မျက်မှောက် အကျိုးတို့ကိုသည်းကောင်း သုဂတိဘဝသို့ လားရခြင်းအစ ရှိကုန် သော ဘမလွန် အကျိုးထူးဘို့ကိုလည်းကောင်း ရခြင်း၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်၏။ ထိုကြောင့် အဆွေ အမျိုးတို့အား သကြိုဟ်ထောက်ပင့်ခြင်းကို ပြုအပ်သလျင်ကတည်း။ ထိုအဆွေအမျိုး တို့အား သကြိုဟ်ထောက်ပင့်ခြင်းကို ပြုသောသူသည် ဘုရားလောင်း ၏အတုကို ပြုသည် မည်၏။ ထိုစကားသည်မှန်၏။ ဘုရားလောင်းတို့ သည် ဉာဘက္ကစရိယကို ကျင့်ကုန်လျက် ဆွေမျိုးတို့အား သကြိုဟ် ထောက်ပင့်ခြင်းကို ပြုအပ်သလျင်ကတည်း။ ထိုစကား၌ အောက်ပါ ဝတ္ထုတို့ကို သိအပ်ကုန်၏။

လွန်လေပြီးသောအခါ ဘုရားလောင်းသည် နွေးဖြစ်၍ များစွာသော နွေးအပေါင်းခြံရံလျက် သုသာန်ကြီး၌နေ၏။ ထိုအခါ တနေ့သ၌ ဗာရာ ဏသီမင်းသည် ဥယျာဉ်၌ နေ့အတိုင်း ကစား၍ နေဝင်လတ်သော် ရထားမြက်ဖြင့် မြို့သို့ဝင်၏။လူတို့သည် ရထားကို မင်းချင်ပြင်၌ ထား ကုန်၏။ ညဉ့်၌ မိဖယ်ရွာလတ်သော် မင်း၏ပြာသာဒ်မှ ဓိမ်ခွေးတို့ သည် ဆင်းသက်ကုန်၍ရထား၏ အရံအကာသားရေကိုလည်း ကောင်း သားရေလွန်ကိုလည်းကောင်း စားကုန်၏။ တဘန် မိဖယ်းသောက်သော နေ့၌ လူတို့သည် ဂျင်မင်းကြီး ရေပြန်ပေါက်ဖြင့် ခွေးတို့သည်ဝင်ကုန်၍ ရထား၏ သားရေလွန်တို့ကို စားကုန်၏ဟုပြောဆိုကုန်၏။ ထိုစကားကို ကြား၍ မင်းသည် ခွေးတို့အား အမျက်ထွက်၍ မြင်ရာမြင်ရာအရပ်၌ ခွေးတို့ကို သတ်လေကုန်ဟု ဆို၏။ ထိုအခါမှ စ၍ ခွေးတို့သည် ဖြစ်သောဘေး ရှိကုန်၍ မြင်ရာမြင်ရာအရပ်၌ သတ်အပ်ကုန်သည်ဖြစ်၍ ဘုရားလောင်း၏ အထံသို့ ပြေးကုန်၏။ ဘုရားလောင်းသည် ထို့အ ကြောင်းကိုသိ၍ ဟောင့်ရောက်ရာအရပ်၌ ပြင်ခွေးတို့၏ အခွင့်သည့်မနှဲ၊ ထိုအမှုသည် မင်း၏ နှန်းတွင်း၌ အိမ်ခွေးတို့၏ အမှုသည်သာလျှင် ဖြစ် လတ္တံ့ဟုကြံ၍ ဆွေမျိုးတို့အား သကြိုဟ်ထောက်ပင့်ခြင်းကို ပြုလိုရာ၏ ပါရမီဉာဏ်ကို ဆင်ခြင်၍ မေတ္တာဘာဝနာကို ရှေသွားပြု၍ ငါ၏အပေါ်၌ အာဃာတကိုလည်းကောင်း ဆောက်ပုတ်ကို လည်းကောင်း တစုံ ကယောက်သော သူသည် ပစ်ခြင်းငှါ အားမထုတ်စေ သတည်းဟု

ဓိဋ္ဌာန်၍ တကိုယ်တည်းလျှင် မြို့သို့ဝင်၏။ ထိုအခါ ထိုဘုရားလောင်း ကိုမြင်၍ တယောက်သော သူသည်မျှလည်း အမျက်ထွက်၍ ကြည့်သော မည်သည်မရှိ။ ထို ဘုရားလောင်းသည် ပြေးသွား၍ တရား စီရင်ဆုံးဖြတ်ရာ၌နေသော မင်း၏နေရာအောက်သို့ဝင်၏။ ထိုအခါ မင်း ချင်းယောက်ျားတို့သည် ဘုရားလောင်းကို ထုတ်အံ့သောငှါ အားထုတ် ၏။ မင်းသည် ထိုမင်းချင်းယောက်ျားတို့ကိုမြစ်၏။ ဘုရားလောင်းသည် အတန်ငယ် အပင်ပန်းဖြေ၍ အောက်နေရာမှထွက်၍ မင်းကိုရှိခိုး၍ မြတ် သောမင်းကြီး ထိုခွေးတို့ကို သတ်စေကုန်သလောဟုမေး၏။ သတ်စေ ၏ဟုဆို၏။ လူတို့ကိုအဝိုးရသော မင်းမြတ် ထိုခွေးတို့၏ အပြစ်ကား အဘယ်နည်းဟုမေး၏။ ခွေးတို့သည်ရထား၏ သားရေလွန်တို့ကို စား ကုန်၏ဟု မင်းသည်ဆို၏။ မြတ်သောမင်းကြီး အကြင်ခွေးတို့သည် စား ကုန်၏ ထိုခွေးတို့ကိုသိ၏လောဟု မေး၏။ မသိဟုဆို၏။ မြတ်သောမင်း ကြီး မသိမူ၍ မြင်ရာမြင်ရာအရပ်၌ သတ်စေခြင်းငှါ မသင့်ဟု ဘုရား လောင်းဆိုလတ်သော် ရထား၏ သားရေလွန်တို့ကို ခွေးတို့သည်စား သည်၏အဖြစ်ကြောင့် မြင်တိုင်းမြင်တိုင်းကုန်သော ခပ်သိမ်းကုန်သော ခွေးတို့ကိုသတ်ကြကုန်ဟူ၍ ခွေးသတ်တို့ကိုငါသည်စေ၏ဟု မင်းသည် ဆို၏။ မြတ်သောမင်းကြီး ထိုသူတို့သည် ခပ်သိမ်းကုန်သော ခွေးတို့ကို သတ်ရကုန်သလော၊ ထိုသို့ တည်းမဟုတ်မူကား သေခြင်းကိုမရသော ခွေးသည်ရှိသေးသလောဟုမေး၏။ ရှိ၏၊ ငါတို့အိမ်ခွေးတို့သည်သေခြင်း ကို မရကုန်ဟု ဆို၏။ မြတ်သောမင်းကြီး ယခုပင်လျှင် သင်မင်းကြီးတို့ သည် မြင်တိုင်းမြင်တိုင်းကုန်သောခွေးတို့ကိုသတ်ကြကုန်ဟု ခွေးသတ် တို့ကို ငါသည် စေ၏ဟုဆို၍ ယခုတဘန် ငါတို့အိမ်၌ အိမ်ခွေးတို့သည် သေခြင်းကို မရကုန်ဟူ၍ ဆိုကုန်၏။ ဤသို့ဖြစ်လတ်သော် သင်မင်းကြီး တို့သည် ဆန္ဒာဂတိ အစရှိသည်တို့၏ အစွမ်းအားဖြင့် မလားအပ်သော လားခြင်းသို့ လားကုန်သည် မဟုတ်တုံလော။ မလားအပ်သည်သို့ လားခြင်း မည်သည်လည်း မသင့်၊ မင်းကျင့်တရားလည်း မဟုတ်။ မင်းမည်သည်ကား အကြောင်း ဟုတ်သည် မဟုတ်သည်ကို ရှာထတ် သည်လည်းကောင်း ချိန်နှင့်တူသည်လည်းကောင်း ဖြစ်ရာ၏ဟု ဘုရား လောင်းသည် ဆို၏။ ပညာရှိ၊ ဤမည်သော ခွေးတို့သည် ရထား၏ သားရေလွန်ကိုစား၏ဟု သင်သည် သိ၏လောဟုမင်းသည် မေးသည်

ရှိသော် ဘုရားလောင်းသည် သိ၏။သင်မင်းကြီးတို့၏ အိမ်ခွေးတို့သည် စားကုန်၏။ အတန်ငယ်ကုန်သော နို့ရည် ရက်တက် တို့ကိုလည်း ကောင်း မြေဇာမြက်တို့ကို လည်းကောင်း ထောင်းနယ်စေ၍ ထိုခွေး တို့ကို သောက်စေကုန်လော့ဟု ဆို၏။ မင်းသည် ဘုရားလောင်း ဆိုတိုင်း ပြု၏။ခွေးတို့သည် သောက်တိုင်းသောက်တိုင်းတို့ကို သားရေ တို့နှင့်တကွ အန်ကုန်၏။ မင်းသည် သဗ္ဗညု ဘုရားရှင်၏ အဖြေတော် ကဲ့သို့တကားဟု နှစ်သက်၍ ဘုရားလောင်းကို ထီးဖြူဖြင့် ပူဇော်၏။ ထိုဘုရားလောင်းသည် ဓမ္မဥ္စရမဟာရာဇ မာဟာပိတူသု ခတ္တိယ ဤသို့ အစရှိကုန်သော ဆယ်ပါးကုန်သော ဓမ္မစရိယဂါထာတို့ဖြင့် မင်းအား တရားဟော၍ မမေ့မလျော့ဖြစ်လော့ဟု ဆို၍ မင်းကို ငါးပါးကုန်သော သီလတို့၌ တည်စေလျက် ထီးဖြူကို မင်းအား တဘန်ပေး၍ ဖဲ၏။ မင်းသည် ခပ်သိမ်းကုန်သော သတ္တဝါတို့အား ဘေးမဲ့အလှူကို ပေး၍ ဘုရားလောင်းကို အစပြု၍ ခပ်သိမ်းကုန်သော ခွေးတို့အား မိမိ၏ စားတော်နှင့် တူသည်သာလျှင် ဖြစ်သော နိစ္စဘတ်ကို တည်၏။ဘုရား လောင်း၏ အဆုံးအမ၌ တည်ကုန်သော သူတို့သည် ဒါနအစရှိကုန် သော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ လားကုန်၏။ ခွေး၏အဆုံးအမ သည် အနှစ်တထောင် တည်သည် မည်၏။ [ကုက္ကူရ ဝတ္တု]။

၁၂၁–ကာကဝတ္တု

ကေကနိပါတ် စုဒ္ဒသမဝဂ်

လွန်လေပြီးသောအခါ၌ ဘုရားလောင်းသည် ကျီးဖြစ်၍ ကျီးရှစ် သောင်း ခြံရံလျက် သုသာန်ကြီး၌နေ၏။ထိုအခါ တနေ့သ၌ဗာရာဏသီ မင်း၏ ပုရောဟိတ်သည် မြို့၏အပမြစ်၌ ရေချိုး၍ မြို့ယို့ဝင်၏။ ထိုအခါ မြို့တံခါး တိုင်ဖျား၌ နှစ်ခုသော ကျီးတို့သည် နေကုန်၏။ထိုကျီးတို့တွင် တခုသော ကျီးသည် အဆွေ ငါသည် ဤပုဏ္ဏား၏ ဦးခေါင်းထက်၌ မစင်ကို ချအုံဟု ဆို၏။ အဘော် ကျီးသည် အဆွေ မပြုလင့် ဤပုဏ္ဏား ကား အပိုးရသောသူတည်း။ အပိုးရသောသူနှင့် ရန်ဘက် ပြုခြင်း မည်သည်ကား ယုတ်မာ၏။ ဤပုဏ္ဏားကား အမျက်ထွက်သည်ရှိသော် ခပ်သိမ်းကုန်သော ကျီးတို့ကိုလည်း ဖျတ်ဆီးရာ၏ဟု တားမြစ်၏။ ထိုကျီးသည် နားမထောင်မူ၍ ပုဏ္ဏား၏ဦးခေါင်းထက်၌ မစင်ကိုချ၏။

ပုဏ္ဏားသည် အမျက်ထွက်၍ ကျီးတို့၌ ရန်ငြိုးဘွဲ့၏။ ထိုအခါ စပါး တို့ကို နေပူ၌ ဖြန့်လှန်း၍ စောင့်သော တယောက်သော မိန်းမသည် စပါးကို စားသောဆိတ်ကို မီးစနှင့် ရိုက်၏။မီးသည် ဆိတ်အမွေးတို့ကို စွဲ၏။ဆိတ်သည် မီးကိုငြိမ်းစေအံ့ဟူ၍ ဆင်တင်းကုပ်သို့ အဟုန်အားဖြင့် ပြေးသွား၍ ဆင်တင်းကုပ်၏အနီး တခုသောမြက်ကုဋိ၌ ကိုယ်ကို ပွတ်၏။ မြက်ကုဋိကို မီးလောင်၏။မြက်ကုဋိမှ ထကုန်သော မီးလျှံတို့သည် ဆင်တင်းကုပ်တို့ကို စွဲကုန်၏။ ဆင်တင်းကုပ်တို့ကို လောင်ကုန်လတ်သော် များစွာကုန်သော ဆင်တို့သည် မီးလောင်နာသင့်သော ကိုယ်ရှိကုန်၏။ ဆင်ကို ဆေးကုကုန်သောသူတို့သည် ကုစားအံ့သောဌါ မတတ်နိုင်ကုန်၍ မင်းအား ကြားကုန်၏။ မင်းသည် ပုရောဟိတ်ကို ဆရာ သင်သည် ဆေးကို သိပါ၏လောဟု မေး၏။ မြတ်သောမင်းကြီး သိ၏ ကျီးဆီကို ရခြင်းဌါ သင့်၏ဟု ဆို၏။ထိုသို့ တပြီးကား ကျီးတို့ကို သတ်၍ အဆီကို ဆောင်ကုန်လော့ဟု မင်းသည် ဆို၏။ ထိုအခါမှစ၍ လူတို့သည် ကျီးတို့ကိုသတ်လျက် အဆီကို မရမူကား ထိုထိုအရပ်၌ ပင်လျှင် အစုကိုပြုကုန်၏။ကျီးတို့အား ကြီးစွာသော ဘေးသည် ဖြစ်၏။ ဘုရားလောင်းသည် ထိုအကြောင်းကိုသိ၍ ဆွေမျိုးတို့အား သင်္ဂြိုဟ် ထောက်ပင့်ခြင်းကိုပြုလို၍ ပါရမီတို့ကိုဆင်ခြင်၍ မေတ္တာပါရမီကို ရှေ့ သွားပြုလျက် တချက်တည်းသော အဟုန်ဖြင့် ပျံပြေးပြီးလျှင် ဘွင့်၍ ထားသော လေသာပြတင်းမ,ဖြင့် ဘွင့်၍ မင်း၏နေရာအောက်သို့ဝင်၏။ ထိုအခါ တယောက်သောသူသည် ဘမ်းခြင်းဌါ အလိုရှိ၏။ မင်းသည် ထိုသူကိုမြစ်၍ ဘုရားလောင်းသည် အတန်ငယ် အပန်းဖြေ၍ နေရာ အောက်မှ ထွက်ပြီးလျှင် မြတ်သော မင်းကြီး....မင်းမည်သည်ကား ဆန္ဒာဂတိ အစရှိသည်၏ အစွမ်းအားဖြင့် မလားမူ၍ မင်းပြုခြင်းဌါ အပ်၏။ အကြင် အကြင် အမှုကို ပြုအပ်၏။ ထိုထိုအမှုကို စူးစမ်း ဆင်ခြင်၍ ပြုခြင်းဌါအပ်၏။ အကြင်အမှုသည် ပြုအပ်သည်ရှိသော် ပြီး၏ ထိုအမှုကိုသာလျှင် ပြုအပ်၏။ မပြီးသော အမှုကို မပြုအပ်။ ရှေးမင်းတို့သည် အကြင်အမှုကား ပြု၍ မပြီး ထိုအမှုကို မပြုကုန်။ ပုရောဟိတ်သည် ရန်ငြိုး၏အလိုသို့လိုက်သည်ဖြစ်၍ မဟုတ်မမှန်သော စကားကို ဆို၏။ ကျီးတို့အား အဆီမည်သည်ကား မရှိဟူ၍ ဆို၏။ ထိုစကားကိုကြား၍ မင်းသည် ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍

ထိုဘုရားလောင်းကို ရွှေဖြင့်ပြီးသော မြတ်သော အင်းပျဉ်၌ နေစေ၏။ အတောင်ကြားတို့ကို အကြိမ်တရာ အကြိမ်တထောင် ချက်ကုန်သော ဆီတို့ဖြင့် လိမ်းစေ၍ ရွှေခွက်၌ မင်းသည် စားခြင်း၄၊ ထိုက်သော သုဓာဘုတ်ကို စားစေလျက် ရေကိုသောက်စေ၍ ရောင့်ရဲစေပြီးသော် ထိုဘုရားလောင်းကို-ပညာရှိ အဘယ်အကြောင်းကြောင့် ကျီးတို့အား အဆီသည် မရှိသနည်းဟု မေး၏။ ဘုရားလောင်းသည် ထိုဗာရာဏသီ မင်းအား အဆီမရှိခြင်း၏ အကြောင်းကို ပြတတ်သော တရားကို ဟောလိုရကား—

နိစ္စ ဥဒ္ဒိဂ္ဂဟဒယာ၊ သဗ္ဗလောက ဝိဟေသိတာ။
တသ္မာ နေသံ ဝသာ နတ္ထိ၊ ကာကာနမှာက ဉာတိနံ။

ဟူသော ဂါထာကို ဆိုဏ်။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ကာကာနာမ၊ ကျီးတို့မည်သည်ကား။ နိစ္စဥဒ္ဒိဂ္ဂဟဒယာ၊ အမြဲထိတ်လန့်သော စိတ်နှလုံး ရှိကုန်၏။ သဗ္ဗလောက ဝိဟေသိတာ၊ ခပ်သိမ်းကုန်သော လူတို့သည် နှိပ်စက်အပ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ အမှာကံ၊ ငါတို့၏။ ဉာတိနံ၊ အဆွေအမျိုးဖြစ်ကုန်သော။ နေသံကာကာနံ၊ ထိုကျီးတို့အား။ ဝသာ၊ အဆီသည်။ နတ္ထိ၊မရှိ။ ။ထိုစကားကိုကြား၍ မင်းသည် ဘုရားလောင်းကို မင်း၏အဖြစ်ဖြင့် ပူဇော်၏။ ထိုဘုရားလောင်းသည် မင်း၏အဖြစ်ကို မင်းအားသာလျှင် တဘန်ပေး၍ မင်းကို ပဉ္စသီ၌ တည်စေ၍ ခပ်သိမ်းကုန်သော သတ္တဝါတို့အား ဘေးမဲ့ပေးခြင်းကို တောင်း၍ ဖဲ၏။ မင်းသည် ခပ်သိမ်းကုန်သော သတ္တဝါတို့အား ဘေးမဲ့ကို ပေး၍ ကျီးတို့အား အမြဲပေးခြင်းဝတ်ကို ဖြစ်စေ၏။ ဆန် တဆဲ့တစိတ်ချက်သော ထမင်းကို အထူးထူးသော အရသာတို့ဖြင့် နယ်စေ၍ ကျီးတို့အား ပေး၏။ ဘုရားလောင်းအားကား မင်း၏စားတော်ကို သာလျှင် ပေး၏။ ။[ကာကဝတ္ထု]။

၁၂၂—မယှက သကုဏဝတ္ထု

မယှကသကုဏဇာတ် အဋ္ဌကထာ

သတ္တကနိပါတ် ဒုတိယဝဂ်၌ မဟာကပိဇာတ်ကို လည်းကောင်း ဒွါဒသနိပါတ်၌ ဘတ္တဇာလ ဇာတ်ကို လည်းကောင်း ဆိုအပ်၏။ ။

အကြင့်သူသည်ကား များစွာသော ဥစ္စာကိုစု၍ မိမိသည်လည်း မသုံးဆောင်။ ဆွေမျိုးတို့ကိုလည်း မသင်္ဂြိုဟ်။ ထိုသူကို မယှကဌက်နှင့် တူသောသူ ဟူ၍ ဆိုအပ်၏။ ထိုအနက်ကို ပြအံ့သောဌါ ဤဝတ္ထုကို ဆိုအပ်၏။ ။လွန်လေ ပြီးသော အခါ ဗာရာဏသီပြည်၌ ဘုရားလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော သေဋ္ဌေးသားဖြစ်၍ မိဘတို့သည် သေလွန်သဖြင့် ညီကို သင်္ဂြိုဟ်စေ၍ ဥစ္စာကို စီရင်လျက် အိမ်တံခါး၌ အလှူတင်းကုပ်ကို ဆောက်၍ အလှူကြီးကို ပေးလျက် အိမ်၌နေ၍ သား၏ခြေဖြင့် သွားနိုင်သောအခါ၌ ကာမတို့၌ အပြစ်တို့ကိုလည်းကောင်း ရဟန်းအဖြစ်၌ အကျိုးကိုလည်းကောင်း မြင်၍ သားမယားနှင့်တကွ အလုံးစုံသော စည်းစိမ်ကို ညီအားဆောင်နှင်း၍ ရသေ့ရဟန်းပြုလျက် ဈာန်အဘိညာဏ်ကို ဖြစ်စေပြီးလျှင် ဟိမဝန္တာ အရပ်၌နေ၏။ ဘုရားလောင်း၏ ညီသည်လည်း တယောက်သော သားကိုရ၍ ငါ့အစ်ကိုသားသည် အသက် ရှင်လတ်သော် ဥစ္စာသည် နှစ်စု ဖြစ်လတ္တံ့ အစ်ကို၏ သားကို သတ်အံ့ဟု ကြံ၍ တနေ့သ၌ အစ်ကိုသားကို မြစ်၌နှစ်၍ သတ်ပြီးလျှင် အိမ်သို့ သွား၏။ အစ်ကို မယားသည် မေးလတ်သော် ထိုသူငယ်သည် မြစ်၌ကစား၏။ ထိုအခါ ငါသည် စုံစမ်းကြည့်ရှု၍ မမြင်ဟု ဆို၏။ ထိုအစ်ကို၏ မယားသည် ဝို၍ ဆိတ်ဆိတ်နေ၏။ ဘုရားလောင်းသည် ထိုအကြောင်းကို သိ၍ ဤကိစ္စကို ထင်စွာပြုအံ့ဟု ကောင်းကင်ဖြင့် ညီ၏အိမ်သို့ သွား၍ ညီသည် လှူအပ်သော ကောင်းသော ဘောဇဉ်ကို ဘုဉ်းပေး၍ ထိုသူငယ်သည် ဘယ်မှာနည်းဟု မေး၏။ ရေကစားရာ အရပ်၌ သေသည် အရှင်ဘုရားဟု ဆို၏။ ဘုရားလောင်းသည် မသူတော် သင်ပြုသော အမှုသည် ငါ့အားထင်၏။ ဤမည်သော အမှုကြောင့် သင်သည် ထိုသူငယ်ကို သတ်သည်မဟုတ်လော။ သင်သည် မင်းအစရှိသည်တို့၏ အစွမ်းအားဖြင့် ပျက်စီးသော ဥစ္စာကို စောင့်ခြင်းဌါ စွမ်းနိုင်ရာသလော၊ မယှကဌက်နှင့် သင်သည် အထူးအဘယ်မှာ ရှိသနည်းဟုဆို၍ထိုညီအား ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် ကရားဟောလို ရကား-

သကုဏော မယှကောနာမ၊ ဂိရိသာနုဒရီစရော။
ပက္ကံ ပိပ္ပလိမာရုယှ၊ မယှံ မယှန္တိ ကန္ဒတိ။

တသေဝံ ဝိလပန္တသ၊ ဒိဇသံဃာ သမာဂတာ။
ဘုတ္ဘာန ပိပ္ပလိံ ယန္တီ၊ ဝိလာပိတ္ဝေဝ သောဒိဇော။
ဧဝမေဝ မိဓေကစ္စော၊ သံဃရိတ္ဘာ ဗဟုံဓနံ။
နေဝတ္တနော နဉာတိနံ၊ ယံဘောဂိံ ပဋိပဇ္ဇတိ။
နသော အစ္ဆောဒနံ ဘတ္တံ၊ နမာလံ နဝိလေပနံ။
အနုဘောတိ သကိံ ကိဋ္ဌိ၊ နသင်္ဂဏ္ဍာတိ ဉာတကေ။
တသေဝံ ဝိပလပန္တသ၊ မယ္ဟံမယ္ဟန္တီ ရက္ခတော။
ရာဇာနော အထဝါ စောရာ၊ ဒါယာဒါ ယေစ အပ္ပိယာ။
ဓနမာဒါယ ဂစ္ဆန္တီ၊ ဝိလာပိတ္ဝေဝ သော နရော။
မိရောစ ဘောဂေဓိဂမ္မ၊သင်္ဂဏ္ဍာတိစ ဉာတကေ။
တေန သော ကိတ္တိံ ပပ္ပေါတိ၊ပေစ္စ သဂ္ဂေ ပမောဒတိ။

ဟူကုန်သော ဤဂါထာတို့ကို ဆိုကုန်၏။

ဂိရိသာနုဒရိစရော၊ တောင်လျဉ်ချောက်တို့၌ ကျက်စားသော။ မယ္ဟကောနာမ၊ မယ္ဟကမည်သော။ သကုဏော၊ ငှက်သည်။ ပက္ကံ၊ အသီးမှည့်ကိုဆောင်သော။ ပိပ္ပလိံ၊ညောင်ကြတ်ပင်သို့။ အာရုယ္ဟ၊ တက်၍။ မယ္ဟံမယ္ဟန္တီ၊ ငါ၏ဥစ္စာ ငါ၏ဥစ္စာဟူ၍။ ကန္ဒတိ၊ငိုဏ်။ တသ၊ ထိုမယ္ဟကငှက်၏။ ဧဝံ၊ ဤသို့ ငါ၏ဥစ္စာ ငါ၏ဥစ္စာဟူ၍။ ဝိပလပန္တသ၊ ငိုကြွေးမြည်တမ်းစဉ်။ ဒိဇသံဃာ၊ ငှက်အပေါင်းတို့သည်။ သမာဂတာ၊ အညီအညွတ်လာကုန်၍။ ပိပ္ပလိံ၊ ညောင်ကြတ်သီးမှည့်ကို။ ဘုတ္ဘာန၊ စားကုန်၍။ ယန္တီ၊ သွားကုန်၏။ သောဒိဇော၊ ထိုမယ္ဟကငှက်သည်။ ဝိလပိတ္ဝေဝ၊ ငါ၏ဥစ္စာ ငါ၏ ဥစ္စာဟူ၍ ငိုကြွေးမြည်တမ်း ရစ်သလျှင်ကတည်း။ ဧဝမေဝ၊ ဤအတူလျှင်။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊အချို့သော သူသည်။ ဗဟုံ၊ များစွာသော။ ဓနံ၊ ဥစ္စာကို။ သံဃရိတ္ဘာ၊ စု၍။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။နေဝပဋိပဇ္ဇတိ၊မကျင့်။ဉာတိနံ၊ အဆွေအမျိုးတို့အား။ ယံဘောဂိံ၊ အကြင်အကြင် အစုအတို့ကို။ နပဋိပဇ္ဇတိ၊မပေး။ သော၊ ထိုသူသည်။ သကိံ၊ တကြိမ်။ ကိဋ္ဌိ၊ စိုးစဉ်း။ အစ္ဆာဒနံ၊ အဝတ်ကို။ ဘတ္တံ၊ အစားအသောက်ကို။ နအနုဘောတိ၊ မသုံးဆောင်။ မာလံ၊ ပန်းကို။ နအနုဘောတိ၊ မသုံးဆောင်။ ဝိလေပနံ၊ နံ့သာပြောင်းကို။ နအနုဘောတိ၊မသုံးဆောင်။ ဉာတကေ၊ အဆွေအမျိုးတို့ကို။ နသင်္ဂဏ္ဍာတိ၊မထောက်ပင့်။ တသ၊ထိုသူ၏။ မယ္ဟံမယ္ဟန္တီ၊ငါ၏

ဥစ္စာ ငါ၏ဥစ္စာဟု၊ ဒီဃံဣတိသို့၊ ဝိလပန္တိသ၊ မြည်တမ်းလျက်။ရက္ခတော၊ စောင့်ဖျာက်စည်။ ရာဇာနော၊ မင်းတို့သည်လည်းကောင်း။ အဃဝါ၊ ထိုမြို့။ စောရာ၊ ခိုးသူတို့သည်လည်းကောင်း။ အဂ္ဂိယော၊ မချစ်အပ်ကုန်သော။ ယေဒါယာဒါ၊ အကြွင်အမွေခံတို့သည်။ သန္တိ ရှိကုန်၏။ တေစ၊ ထိုအမွေခံတို့သည်လည်းကောင်း။ဓနံ၊ဥစ္စာကို။ အာဒါယ၊ယူ၍။ ဂစ္ဆန္တိ၊ သွားကုန်၏။ သေသနရော၊ ထိုသူသည်။ ဝိလပိတွေဝ၊ ငါ၏ဥစ္စာ ငါ၏ဥစ္စာဟူ၍ မြည်တမ်းရစ်သသျှင်ကဘည်း။ ဓိရော၊ ပညာရှိသည်ကား။ ဘောဂေ၊ စည်းစိမ်တို့ကို။ အဓိဂမ္မ၊ရ၍။ ညာတကေစ၊ ဆွေမျိုးတို့ကို လည်း။သင်္ဘာတိ၊သင့်ပြီဟ်ထောက်ပင့်၏။ကေနု၊ထိုကြောင့်။သော၊ထို ပညာရှိသည်။ ကိတ္တိံ၊ ကျော်စောခြင်းသို့။ ပပ္ပေါတိ၊ ရောက်၏။ ပေစ္စ၊ ကမလွန်သို့လား၍။ သင်္ဂေ၊ နတ်ပြည်ဘဲ့။ ပမောဒတိ၊မွေ့လျော်၏။

ဣသို့ ဘုရားလောင်းသည် ထိုညီအား တရားဟော၍ ညဲသည် ဖြတ်အပ်သော အလ္လကိုလွှမြဲလွှဖေ၍ ဟိမဝန္တာအရပ်သို့လျှင်သွား၍ မယုတ်သော ဈာနဒိုသည်ဖြစ်၍ ပြာဇာပြည်သို့ လား၏။ ဘုရားလောင်း၏ ညီသည်ကား ယခုအခါ အာဂန္တုက သေဒ္ဒးဖြစ်၏။ ထိုသေဒ္ဒးသည် အသက်ထက်ဆုံး ကောင်းမှုကို မပြုမူ၍ သေလွန်သော် ရောရုဝင်ခဲ့၌ ဖြစ်၏။ထိုသေဒ္ဒး၏ သားအမွေခံမဒိုးသော် ဥစ္စာကိုမင်းချင်းယောကျ်ား ကိုသည် ခုနစ်ညဉ့် ခုနစ်နေ့တို့ဖြင့် ပသေနဒိကောသလမင်း၏ ဖွဲ့မ်သို့ သွင်းရကုန်၏။ ကောသလ သံယုတ်၌ကား—

> ယံ ခေါ သော မဟာရာဇ သေဋ္ဌိ ဂဟပတိ ဘာဝု ကေ ပုတ္တကံ သာပတေယျသ ကာရဏာ ဓိဝိတာ ဝေါရော ပေတိ။ တသ ကမ္မသ ဝိပါကေန ဗဟူနိ ဝဿာနိ ဗဟူနိ ဝဿသတာနိ၊ ဗဟူနိ ဝဿသဟဿာနိ၊ ဗဟူနိ ဝဿသတသဟဿာနိ ဒေဝေ ဝေဒနိယော ဟောတိ။ တသော ကမ္မသ ဝိပါကာဝသေသေန ဣဒံ သတ္တမံ အပုတ္တကံ သာပတေယျံ ရာဇ ကောသံ ပဟောသေတိ။ အဇ္ဇပန မဟာရာဇ သေဋ္ဌိ ဂဟပတိ မဟာဓနော ရုဝေ ပစ္စတိ။

ဟူ၍ ဟောကော်မူ၏။

မဟာရာဇာ၊ မြတ်သောမင်းကြီး။သော သေဋ္ဌိဂဟပတိံ၊ထို သေဒ္ဒး အိမ်ရှင်သည်။ သာပတေယျသ ဥစ္စာ၏။ ကာရဏာ၊ အကြောင်း

ကြောင့်။ ဘာတု၊ အစ်ကိုဏ်။ ကေပုတ္တကံ၊ တယောက်သော သားငယ်ကို။ ယံခေါ—ယေနကမ္မေန၊ အကြင်ကံဖြင့်။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတိ၊ ချဏ်။ တဿကမ္မဿ၊ ထိုကံဏ်။ ဝိပါကေန၊ ဝိပါက်အားဖြင့်။ ဗဟူနိ ဝဿာနိ၊ များစွာကုန်သော နှစ်တို့ပတ်လုံး။ ဗဟူနိ၊ များစွာကုန်သော။ ဝဿသတာနိ၊ နှစ်အရာတို့ပတ်လုံး။ ဗဟူနိ၊ များစွာကုန်သော။ ဝဿသဟဿာနိ၊ နှစ်အထောင်တို့ပတ်လုံး။ဗဟူနိ၊ များစွာကုန်သော။ ဝဿသတ သဟဿာနိ၊ နှစ်အသိန်းတို့ပတ်လုံး။ နိရယေ၊ ဝရဲ၌။ ပစိတ္တ၊ ခံရပြီ၊ ကဿေဝကမ္မဿ၊ ထိုကံဏ် သာလျှင်။ ဝိပါကာ ဝသေသေန၊ ဝိပါက်ကြွင်း အားဖြင့်။ သတ္တမံ၊ ခုနစ်ကြိမ်မြောက်။ အပုတ္တကံ၊ သားမရှိသော။ ဣဒံသာပတေယျံ၊ ဤဥစ္စာကို။ ရာဇကောသံ၊ မင်းဏ်ကျီသို့။ ပဝေသေန္တိ၊ သွင်းကုန်ဏ်။ မဟာရာဇ၊ မြတ်သော မင်းကြီး။ အဇ္ဇပန၊ ယခုကား။ သေဋ္ဌိပဟပတိ၊ သေဋ္ဌေး အိမ်ရှင်သည်။ မဟာရောရုဝေ၊ မဟာရောရုဝဝရဲ၌။ ပစ္စတိ။ ခံရဏ်။

ထိုအခါ၌ ဥစ္စာကို မဝေမီလျှင် ထိုသေဋ္ဌေးဏ် မိဘတို့သည်လည်း သေကုန်သတတ်။ အစ်ကိုလည်း သေသတတ်။ ထို သေဋ္ဌေးသည် အစ်ကိုမယားနှင့်လျှင် သင့်နေဏ်။ ထို သေဋ္ဌေးဏ် အစ်ကိုအားကား တယောက်သော သားငယ်သည်ရှိရစ်ဏ်။ခရီးမဋ္ဌကစားသောထိုသူငယ်ကို လူတို့သည် ဤကျွန်ယောက်ျား ဤကျွန်မိန်းမ ဤယာဉ် ဤဥစ္စာသည် သင်ဏ် ဥစ္စာတည်းဟု ဆိုကုန်ဏ်။ ထိုသူငယ်သည် ထိုလူတို့ဏ်စကားကိုယူ၍ ဤ ကျွန်ယောက်ျားသည်ကား ငါဏ်ကျွန်တည်း ဤသို့ အစရှိကုန်သော စကားတို့ကို ဆိုဏ်။ထိုအခါ ထိုသူငယ်ဏ်ဘထွေးသည် ဤသူငယ်သည်ကား ယခုကပင်လျှင် ဤသို့သော စကားကိုဆိုဏ်။ ကြီးသောကာလ၌ ဥစ္စာကိုခွဲရာဏ်။ ငါသည် ယခုပင် ထိုသူငယ်အား ပြုအပ်သော အမှုကို ပြုအံ့ဟုကြံ၍ တနေ့သ၌ ပဲခွပ်ကိုယူ၍ သားငယ် လာလော့တောသို့ သွားကြဲကုန်အံ့ဟု ဆိုဏ် ထိုသူငယ်ကို တောသို့ ဆောင်၍ ဟစ်ကြော်စဉ်လျှင် ခုတ်၍ တွင်း၌ချ၍ မြေမှုန့်ဖြင့်ဖုံးသွမ်းဏ်။ ကောသလသံယုတ် အဋ္ဌကထာ)။ အာဂန္တုက သေဋ္ဌေးသည်လည်း တဂရသိခီ ပစ္စေကဗုဒ္ဓါအား ဆွမ်းအလှူကြောင့် သေဋ္ဌေးအဖြစ်သို့ ရောက်ဏ် ဟူ၍ ဇာတ်အဋ္ဌကထာ၌ဆိုဏ်။ ထိုကြောင့် ထို နှစ်ယောက်ကုန်သော သူတို့သည် အတ္တအားဖြင့် အကယ်၍ မတူသည့် ဖြစ်ငြားအံ့ ဆန့်ကျင်ရာဏ်။

တူသည်ဖြစ်ရကား သင့်ပြီ။ ဤစကားကို ဆင်ခြင်အပ်၏။ (မဟာသက္ကဝေဝတ္ထု)။ ဉာဏကသဂ်ဟကထာကည်း။

၁၇-အနဝဇ္ဇ ကမ္မ မဂ်လာ

၁၂၄-ဥပုသ်ခေါ်းကို ပြခြင်း

ဥပုသ်သုံးခြင်း ဝေယျာဝစ္စကိုပြုခြင်း အရံ၌ ဥယျာဉ်မျိုးခြင်း တံတားဆောက်ခြင်း အစရှိသည်တို့သည် အပြစ်မရှိသော အမှုမည်ကုန်၏။ ထို့အပြင် ဥပုသ်သည် ပကာဒိဥပုသ် ပဋိဇာဂရဥပုသ်အားဖြင့်နှစ်ပါးအပြားရှိ၏။ ထိုးကြွင့် တိကအဂုတ္တိရ် ပဿမပဿဒ္ဓိသကအဋ္ဌကထာ၌-

> ဥပေါသထံ ဥပဝသန္တိတိ မာသဿ အဋ္ဌဝါဒရ ဥပေါသထင်္ဂါနိ အဓိဋ္ဌဟန္တိ။ ပဋိဇာဂရောန္တိတိ ပဋိဇာဂရ ဥပေါသထကမ္မံ နာဒ ကရောန္တိ။ တံ ကရောန္တော ဒိကာယံ အဋ္ဌမာသေ စတုန္နံ ဥပေါသထ ဒိဝသာနံ ပစ္စူဂ္ဂမန ဝသေန ကရောန္တိ။ ပဉ္စမိဥပေါသထံ ပစ္စုဂ္ဂဆန္တော စတုဒ္ဒသိယံ ဥပေါသထိကာ ဟောန္တိ။ အနုဂ္ဂဆန္တော ဆဋ္ဌိယံ၊ အဋ္ဌမိ ဥပေါသထံ ပစ္စုဂ္ဂဆန္တော သတ္တမိယံ။ အနုဂ္ဂဆန္တော နဝမိယံ။ စာတုဒ္ဒသိ ဥပေါသထံ ပစ္စုဂ္ဂဆန္တော တေရသိယံ။ ပန္နရသိ ဥပေါသထံ အနုဂ္ဂဆန္တော ပါဋိပဒေ ဥပေါသထိကာ ဟောန္တိ။

ဟူ၍ ဆိုအပ်၏။

ဥပေါသထံဥပဝသန္တိတိ၊ ဥပေါသထံဥပဝသန္တိ ဟူသည်ကား။ မာသဿ လ၏။အဋ္ဌဝါဒရ၊ ခုစ်ကြွမ်ဒ္ဒ်။ ဥပေါသထင်္ဂါနိ၊ဥပုသ်အင်္ဂါတို့ကို။ အဓိဋ္ဌဟန္တိ၊ ဆောက်တည်ကုန်၏။ ပဋိဇာဂရောန္တိတိ၊ ပဋိဇာဂရောန္တိ ဟူသည်ကား။ ပဋိဇာဂရဥပေါသထကမ္မံနာမ ပဋိဇာဂရဥပုသ်မည်သည်ကို။ကရောန္တိ ပြုကုန်၏။တံ၊ထိုပဋိဇာဂရဥပုသ်ကို။ကရောန္တော၊ ဆောက်တည်ကုန်သောသူတို့သည်။ ဇကာဿံ အဋ္ဌမာသေ၊တကြွမ်းသော လဆုံ၌။စတုန္နံဥပေါသထဒိဝသာနံ၊ လေးရက်ကုန်သော ဥပုသ်နေ့တို့ကို။ ပစ္စူဂ္ဂမနာနုဂ္ဂမန ဝသေန၊ ကြိုခြင်း ပို့ခြင်း၏ အစွမ်းအားဖြင့်။ ကရောန္တိ၊ ဆောက်တည်ကုန်၏။ ပဉ္စမိဥပေါသထံ ပဉ္စမိဥပုသ်ကို။ ပစ္စူဂ္ဂဆန္တော၊ ကြိုကုန်သောသူတို့သည်။ စာတုဒ္ဒသိယံ၊ လေးရက်မြောက်နေ့၌။ ဥပေါ

သထိုကာ၊ ဥပုသ်ဆောက်တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနုဂိဆ္ဆန္နာ၊ ပိုကုန်သောသူတို့သည်။ ဆဋ္ဌိယံ၊ ခြောက်ရက်မြောက်နေ့၌။ ဥပေါသထိကာ၊ ဥပုသ်ဆောက်တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဋ္ဌမိဥပေါသထံ၊ ရှစ်ရက်နေ့ဥပုသ်ကို။ ပစ္ဆိဂိဆ္ဆန္နာ၊ ကြိုကုန်သောသူတို့သည်။ သတ္တမိယံ၊ခုနစ်ရက်နေ့၌။ ဥပေါသထိကာ၊ ဥပုသ်ဆောက်တည် ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနုဂိဆ္ဆန္နာ၊ ပိုကုန်သောသူတို့သည်။ နဝမိယံ၊ကိုးရက်နေ့၌။ ဥပေါသထိကာ၊ဥပုသ်ဆောက်တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စာတုဒ္ဒသိဥပေါသထံ၊ တဆဲ့လေးရက် ဥပုသ်ကို။ ပစ္ဆိဂိဆ္ဆန္နာ၊ ကြိုကုန်သော သူတို့သည်။ တေရသိယံ၊ တဆဲ့သုံးရက်နေ့၌ ဥပေါသထိကာ၊ ဥပုသ်ဆောတ်တည် ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ပန္နရသိဥပေါသထံ၊ ပန္နရသိဥပုသ်ကို။ အနုဂိဆ္ဆန္နာ၊ ပိုကုန်သောသူတို့သည်။ ပါဋိပဒေ၊ အထွက်တရက်နေ့၌။ ဥပေါသထိကာ၊ဥပုသ်ဆောက်တည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ။ တဆဲ့လေးရက် ဥပုသ်အား အနုဂ္ဂမန ပိုခြင်း ဥပုသ်ကို မရသကဲ့သို့ တဆဲ့ငါးရက် ဥပုသ်အား ပစ္ဆုဂ္ဂမနကြိုခြင်း ဥပုသ်ကိုမရအပ်၊ အဘယ် ကြောင့်နည်းဟူမူကား နေ့မရှိသောကြောင့်ကည်း။ (ထိုအဋ္ဌကထာ၏ ဋီကာ)။ ။ထိုကျမ်းဒွဆိုလတ္တံ့သည်ကား အဆုံးအဖြတ်တည်း။ ငါးရက် ရှစ်ရက် တဆဲ့လေးရက် တဆဲ့ငါးရက်ဟူ၍ လဆန်းပက္ခဒြလေးရက် ထိုအတူ လဆုတ်ပက္ခဒြ လေးရက်အားဖြင့် လ၏ရှစ်ရက်ဘို့သည် ပကတိဥပုသ်၏ကာလ ဖြစ်ကုန်၏။ လေးရက် ခြောက်ရက် ခုနစ်ရက် ကိုးရက် တဆဲ့သုံးရက်ဟူ၍ လဆန်းပက္ခဒြ ငါးရက်၊ လပြည့်ကျော်တရက် လေးရက် ခြောက်ရက် ခုနစ်ရက် ကိုးရက် တဆဲ့နှစ်ရက် တဆဲ့သုံးရက်တို့တွင် ဘရက်ရက်ကိုထည့်၍ လဆုတ်ပက္ခဒြ ခြောက်ရက်အားဖြင့် လ၏ တဆဲ့တရက်ကိုသည် ပဋိစာဂရဥပုသ်၏ ကာလ ဖြစ်ကုန်၏။ ထိုမှတပါးကုန်သော အပရိပုဏ္ဏလဒြ ဆယ်ရက် ပရိပုဏ္ဏလဒြ တဆဲ့တရက်တို့သည် ဥပုသ်၏ကာလ မဟုတ်ကုန်။ ဥပုသ်ကို မဆောက်တည်သော သူသည် အလုံးစုံသော လပတ်လုံးလည်း ပဉ္စသီကို စောင့်ခြင်းဌါသင့်၏။ အလုံးစုံသောလသည် ပဉ္စသီ၏ကာလဖြစ်၏။ ဤကား ထိုကျမ်းစကားဒွ အဆုံးအဖြတ်တည်း။ ။ဤ ဆိုအပ်ပြီးသော စကားကိုလည်း ပါဠိဟာရိယပက္ခကို မပြုသောသူ၏ အစွမ်းအားဖြင့်

ဆိုအပ်၏။ ထိုပါဋိဟာရိယပက္ခကို ပြုသောသူ၏ကာလကား မိုးတွင်း လေးလတည်း။ ထိုကြောင့် ရာဇသုတ် အဌကထာ၌–

> ပါဋိဟာရိယပက္ခောနာမ အန္တောဝဿေဝ တေမာသံ နိဗဒ္ဓူ ပေါသထော။ တမ္ဂိ အသက္ကောန္တဿ ဒ္ဝိန္နံပဝါရဏာနံ အန္တရေ ဧကမာသံ နိဗဒ္ဓူပေါသထော။ တမ္ဝိ အသက္ကောန္တဿ ပထမ ပဝါရဏာတော ပဌာယ ဧကော အဒ္ဓမာသော ပါဋိဟာရိယ ပက္ခောယေဝနာမ။

ဟူ၍ဆိုအပ်၏။

အန္တောဝဿေဝ၊ ဝါတွင်း၌လျှင်။ တေမာသံ၊ သုံးလပတ်လုံး။ နိဗဒ္ဓူ ပေါသထော၊ မပြတ်ဖြစ်သော ဥပုသ်သည်။ ပါဋိဟာရိယပက္ခောနာမ၊ ပဋိဟာရိယပက္ခ မည်၏။ တမ္ဝိ၊ ထိုဥပုသ်ကိုလည်း။ အသက္ကောန္တဿ၊ မစွမ်းနိုင်သောသူ၏။ ဒ္ဝိန္နံပဝါရဏာနံ၊ နှစ်ပါးကုန်သော ပဝါရဏာ တို့၏။ အန္တရေ၊ အလယ်၌။ ဧကမာသံ၊ တလပတ်လုံး။ နိဗဒ္ဓူပေါသ ထော၊ မပြတ်ဖြစ်သော ဥပုသ်သည်။ ပါဋိဟာရိယပက္ခော၊ ပါဋိဟာရိယ ပက္ခ၊ မည်၏။ တမ္ဝိ၊ ထိုဥပုသ်ကိုလည်း။ အသက္ကောန္တဿ၊ မစွမ်း နိုင်သော သူ၏။ ပထမပဝါရဏာတော၊ ပထမပဝါရဏာမှ။ ပဌာယ၊ စ၍။ ဧကောအဒ္ဓမာသော တခုသောလဲ့သည်။ ပါဋိဟာရိယပက္ခော ယေဝနာမ၊ ပါဋိဟာရိယ ဥပုသ်၏ကာလ မည်သလျှင်ကတည်း။

> ပါဋိဟာရိယပက္ခဥာတိ ပဋိဟရဏကပက္ခဥ စာတုဒ္ဒသိ ပန္နရသိ အဌမီနံ ယထာက္ကမံ အာဒိတော အန္တတော ပစ္စုဂ္ဂမနာနုဂ္ဂမန ဝသေန ဥပေါသထသီလဿ ပဋိပဇ္ဇနပက္ခဥ၊ တေရသိ ပါဋိပဒ သတ္တမီ နဝမီသုစာတိ အတ္ထော။
>
> [ဥတ္တရာဝိမာန အဌကထာ]။

ပဋိဟာရိယ ပက္ခဥာတိ၊ ပါဋိဟာရိယက္ခဥ ဟူသည်ကား။ ပဋိဟရ ဏကပက္ခဥ၊ ဆန့်ကျင်ဘက် အကုသိုလ်ကို ပယ်သောအတို့၌ လည်း။ စာတုဒ္ဒသိပန္နရသိအဌမီနံ၊ စာတုဒ္ဒသိပန္နရသိအဌမီတို့၏။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ အာဒိတော၊ အစမှလည်းကောင်း။ အန္တတော၊ အဆုံးမှလည်းကောင်း။ ပစ္စုဂ္ဂမနာနုဂ္ဂမနဝသေန၊ ကြိုခြင်းပိုခြင်းတို့၏ အစွမ်းအားဖြင့်။ ဥပေါသထသီလဿ၊ ဥပုသ်သီလကို။ ပဋိပဇ္ဇနပက္ခဥ၊

အကျင့်ဆောက်တည်ရာ အတို့ဌ်လည်း။ တေရသီ ပါဋိုပဒသတ္တမီနဝမီ သုစ၊တဆဲ့သုံးရက် အထွက်တရက် ခုနစ်ရက် ကိုးရက်နေ့တို့ဌ်လည်း။ ဣတိအယံ၊ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ။ဤအဌကထာ၏ အလိုအားဖြင့် စာဟုဒ္ဒသီ၏ အကြိုဖြစ်သော တေရသီ၊ ပန္နရသီ၏ အပိုဖြစ်သော ပါဋိုပဒ၊ အဌမီ၏အကြိုဖြစ်သော သတ္တမီ၊ အပိုဖြစ်သော နဝမီရက်တို့သည် ပါဋိုဟာရိယပက္ခမည်၏။

ဝဿူပနာယိကာယ ပုရိမဘာဂေ အာသာဋ္ဌမာသော အန္တောဝဿံ တယောမာသာ ကတ္တိကမာသောတိ ဣမေ ပဋ္ဌမာသာ ပါဋိုဟာရိယပက္ခာတိ ဝုစ္စန္တိ။ အာသာဋ္ဌကတ္တိကဖဂ္ဂုဏမာသာ တယောဇေါတိ အပရေ။ ပက္ခူပေါသထ ဒိဝသာနံ ပုရိမ ပစ္ဆိမဝသေန ပက္ခေပက္ခေ တေရသီ ပါဋိုပဒ သတ္တမီ နဝမီ သခ်ါတာ စတ္တာရောစတ္တာရောဒိဝသာတိ အပရေ။ ယံ ရုစ္စတိ တံ ဂဟေတဗ္ဗံ။ သဗ္ဗံဝါပန ပုညကာမေန ကာတဗ္ဗံ။

[သုတ္တနိပါတ်ဒုတိယဝဂ်ဓမ္မိကသုတ် အဌကထာ]။

ဝဿူပနာယိကာယ၊ဝါဆိုသောအခါမှ။ ပုရိမဘာဂေ၊ရှေးအတို့ဌ်၊ အာသာဋ္ဌမာသော၊ ဝါဆိုလ။ အန္တောဝဿံ၊ ဝါတွင်းဌ်။ တယော မာသော၊ သုံးလတို့။ ကတ္တိကမာသော၊ တန်ဆောင်မုန်းလ။ ဣတိဣမေ ပဋ္ဌမာသာ၊ ဤငါးလတို့ကို။ ပါဋိုဟာရိယပက္ခာတိ၊ ပါဋိုဟာရိယပက္ခတို့ ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ အပရေ၊တပါးကုန်သော ဆရာတို့သည်။ အာသာဋ္ဌ ကတ္တိက ဖဂ္ဂုဏ မာသာ၊ ဝါဆိုလ တန်ဆောင်မုန်းလ တပေါင်းလ ဟူကုန်သော။ တယောဇေ၊ သုံးလတို့သည် သာလျှင်။ ပါဋိုဟာရိယပက္ခာ၊ ပါဋိုဟာရိယပက္ခမည်ကုန်၏။ ဣတိ၊ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ အပရေ၊ တပါးကုန်သော ဆရာတို့သည်။ ပက္ခူပေါသထ ဒိဝသာနံ၊ ပက္ခဥပုသ်နေ့တို့၏။ ပုရိမပစ္ဆိမဝသေန၊ရှေ့ရက် နောက်ရက် တို့၏ အစွမ်းအားဖြင့်။ ပက္ခေပက္ခေ၊ ပက္ခတိုင်းပက္ခတိုင်း။ တေရသီ ပါဋိုပဒသတ္တမီနဝမီသခ်ါတာ၊ တေရသီပါဋိုပဒသတ္တမီနဝမီဟု ဆိုအပ် ကုန်သော။ စတ္တာရောစတ္တာရောဒိဝသာ၊ လေးရက်လေးရက်တို့သည်။ ပါဋိုဟာရိယပက္ခာ၊ ပါဋိုဟာရိယပက္ခမည်ကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ ယံ၊ အကြင်စကားကို။ ရုစ္စတိ၊ နှစ်သက်၏။ တံ၊ ထိုစကား

ကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ သဗ္ဗံဝါပန၊ အလုံးစုံကိုမူလည်း။ ပုညကာမေန၊ ကောင်းမှုကို အလိုရှိသော သူသည်။ ကာတဗ္ဗံ၊ ပြုအပ်၏။

အဌနိပါတ်သခ်ပါလဇာတ် အဌကထာ၌-

သဗ္ဗေ မာသဿ ဆဒိဝသေ ဥပေါသထံ ဥပဝသန္တီ။

ဟူသော အကြင်စကားကို ဆိုအပ်၏။

ထိုစကားကို ဘုရားဖြစ်တော်မူသော ကာလမှ တပါးသောကာလ၌ ရအပ်သော ဥပုသ်ကို ရည်၍ ဆိုဏ်။ ထိုဘုရား ဖြစ်တော် မူသော ကာလမှ တပါးသော ကာလ၌ ညစာမစားခြင်းဟု ဆိုအပ်သော ဥပဝသကိုသာလျှင် ဥပုသ်ဟူ၍ ဆိုအပ်၏။ အဌင်္ဂသီလကို ဥပုသ်ဟူ၍ မဆိုအပ်။ ဘုရားဖြစ်တော်မူသော အခါ၌သာလျှင် အဌင်္ဂဥပုသ်ကို ရအပ်၏။

ထိုဇာတ်အဌကထာ၌ ဆိုအပ်သော တလ ခြောက်ဥပုသ်အရကို-

အမာဝသီ အဌမီ ဧကာဒသီတိ သုက္ကပက္ခေ တီဏိ တထာ
ကဏ္ဍပက္ခေပိ တီဏေဝါတိ မာသဿ ဆဥပေါသထဒိဝသာနိ။

ဟူ၍ ထိုအဌကထာ၏ ဒိုကာ၌ ဆိုဏ်။

အမာဝသီ၊ အမာဝသီတိထိ လည်းကောင်း။ အဌမီ၊ အဌမီတိထိ လည်းကောင်း။ ဧကာဒသီ၊ ဧကာဒသီတိထိ လည်းကောင်း။ ဣတိ၊ ဤသို့။ သုက္ကပက္ခေ၊ လဆန်းပက္ခ၌။ တီဏိ၊သုံးရက်တို့လည်းကောင်း။ တထာ၊ ထိုအတူ။ ကဏ္ဍပက္ခေပိ၊ လဆုတ်ပက္ခ၌လည်း။ တီဏေဝ၊ သုံးရက်တို့သာလျှင် လည်းကောင်း။ ဣတိ၊ ဤသို့။ မာသဿ၊ လ၏။ ဆဥပေါသထဒိဝသာနိ၊ ခြောက်ရက်ကုန်သော ဥပုသ်နေ့တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။အမာဝသီတိထိ အဌမီတိထိ ဧကာဒသီတိထိ ဟူ၍ လဆန်းပက္ခ၌သုံးရက်၊ ပုဏ္ဏမီတိထိ အဌမီတိထိ ဧကာဒသီတိထိ ဟူ၍ လဆုတ်ပက္ခ၌ သုံးရက်အားဖြင့် လ၏ ဥပုသ်ရက်တို့သည် ခြောက်ရက်ဖြစ်ကုန်၏ဟူလိုသည်။ ။ဝေဿန္တရ အဌကထာ၌လည်း ဤဥပုသ်ကိုသျှင် ရည်၍ မာသဿဆက္ခတ္တုံဟူ၍ ဆိုအပ်၏။ ဤသို့ လ၏ ပဥ္စမီ အစရှိကုန်သော ရှစ်ရက်တို့သည် ပကတိဥပုသ်၏ ကာလ ဖြစ်ကုန်၏။ ထိုရက်တို့၏ အစအဆုံးဖြစ်ကုန်သော စတုတ္ထီဆဌီ အစရှိ ကုန်သော တဆဲ့တရက်တို့သည် ပဋိဇာဂရ ဥပုသ်၏ ကာလဖြစ်

ကုန်၏။ အလုံးစုံသော မိုးလတို့သည်လည်း ပါဋိဟာရိယ . ဥပုသ်၏ ကာလဖြစ်ကုန်၏ ဟူ၍ ဤအာဒိ အဆုံးအဖြတ်ကို မှတ်အပ်၏။

[ဥပေါသထကာလကထာတည်း]။

ဥပုသ်၏ ရှစ်ပါးကုန်သော အင်္ဂါတို့သည်ကား ပါဏာတိပါတာ ဝေရမဏိ အစရှိသည်တို့တည်း။ ထိုကြောင့် ဝိသာခါအား တရား ဟောတော်မူသော မြတ်စွာဘုရားသည် တိုက အင်္ဂါတို့၏ ဒုတိယပဏ္ဏာသက၏ ဒုတိယဝဂ်၌-

ပါဏံ နဟနေ နာ အဒိန္နမာဒိယေ၊
မုသာ နဘာသေ နစ မဇ္ဇပေါ သိယာ။
အဗြဟ္မစရိယာ ဝိရမေယျ မေထုနာ၊
ရတ္တိံ နဘုဉ္ဇေယျ ဝိကာလဘောဇနံ၊
မာလံ နဓာရေ နစ ဂန္ဓမာစရေ၊
မဉ္စေ ဆမာယံဝါ သဒယထ သန္ထတေ။
ကေဠိ အင်္ဂကိက မာဟု ပေါသထံ၊
ဇုဒ္ဓိနာ ဒုက္ခန္တဂုနာ ပကာသိတံ။

ဟူ၍ ဟောတော်မူ၏။

ပါဏံ၊ သတ္တဝါကို။ နဟနေ၊ မသတ်ရာ။ အဒိန္နံ၊ အရှင် မပေးသော ဥစ္စာကို။ နစအာဒိယေ၊ မယူရာ။ မုသာ၊ ချွတ်ယွင်းသော စကားကို။ နဘာသေ မဆိုရာ။ မဇ္ဇပေါ၊ ယစ်မျိုးကို သောက်သည်။ နစသိယာ၊ မဖြစ်ရာ။ အဗြဟ္မစရိယာ၊ မမြတ်သော အကျင့်ဖြစ်၍ ဖြစ်သော။ မေထုနာ၊ မေထုန်အကျင့်ကို ကျင့်ခြင်းမှ။ တနည်းကား၊ မေထုနာ၊ ရာဂ၏ ထိုးကျင့်ခြင်းဖြင့် တူကုန်သောသူ နှစ်ယောက်တို့၏ အကျင့်မှ။ ဝိရမေယျ၊ ကြဉ်ရာ၏။ ရတ္တိံ၊ ညဉ့်၌။ နဘုဉ္ဇေယျ၊ မစား ရာ။ ဒိဝါပိ၊ နေ့၌လည်း။ ဝိကာလဘောဇနံ၊ မွန်းလွဲသောအခါ၌ ယာဝ ကာလိကကို စားခြင်းကို။ နဘုဉ္ဇေယျ၊ မစားရာ။ မာလံ၊ ပန်းကို။ နဓာရေ၊ မပန်ရာ။ ဂန္ဓံ၊ နံသာ နံသာပျော်းကို။ နစအာစရေ၊ မလိမ်းကျံရာ။ သန္ထတေ၊ အိပ်သောအခင်းတို့ဖြင့် ခင်းအပ်သော။ မဉ္စေ၊ အိပ်သော ညောင်စောင်းခြင်လည်းကောင်း။ ဆမာယံဝါ၊ ဂေါနက အစရှိသော အိုခင်းတို့ဖြင့် ခင်းအပ်သောမြေခြင်လည်းကောင်း၊ သယေထ၊ အိပ်ရာ၏။ ။တနည်းကား- မဉ္စေ၊ မင်္ဂိုမ ပုရိသ၏တတောင် ပကတိ

ပုရိသ၏တကောင့်ထွာ အခြေရှိသော ညောင်စောင်းဒွိလည်းကောင်း။ ဆမာယံဝါ၊ အင်းကတေအစရှိသည်တို့ဖြင့် အပြေအပြစ် ပြုအပ်သော မြေဒွိလည်းကောင်း။ သန္ဓတေ၊ မြက်သစ်ရွက် ကောက်ဂိုး အစရှိသည်ကို ပြုအပ်သော အခင်းဒွိလည်းကောင်း။ သယေထ၊ ဓမ်မာဂုဏ်။ ဒုက္ခန်ဟုနာ၊ ဒုက္ခ၏အဆုံးသို့ ရောက်ကောင်းမှုပြီးသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ပကာသိတံ၊ ပြအပ်သော။ အဒ္ဓဂိကာ၊ အက်ခွံစပါးရှိသော။ ဇေတ္ထိ၊ ထိုသိလကိုလျှင်။ ဥပေါသထံ၊ ဥပုသ်ဟူ၍။ အာဟု၊ ဆိုကုန်ပြီ။

ကာယဒွါရဒွိဖြစ်သော မသူတော်အကျင့်ကို ဖွဲ့ခြင်း၏အကြောင်း ဖြစ်သော လွန်ကျူးခြင်း စေတနာသည် အပြုပဒ္မစရိယမည်၏။

(ခုဒ္ဒကပါဋိ အဋ္ဌကထာ)။

မသူတော်အကျင့်ကို ဖွဲ့လိုသဖြင့် ကာယဒွါရဒွိ ဖြစ်သောမဂ်ဖြင့် မဂ်ဒွိ ဖွဲ့ခြင်းကို ဖြစ်စေကုတ်သော စေတနာသည့် အပြုပဒ္မ စရိယမည်၏။ ထို အပြုပဒ္မစရိယ၏ သမ္ဘာရတို့သည် ဖွဲ့လိုသည်၏ အဖြစ်ဟူသော စိတ်လည်းတပါး မဂ်ဖြင့် မဂ်ဒွိ ဖွဲ့ခြင်းလည်းတပါး ဟူ၍ နှစ်ပါးအပြားရှိကုန်၏။

(ပြုပဒ္မဇာလသုတ်ဋီကာ)။

တသ္မ ဒွေအင်္ဂါနိ သေဝနစိတ္တဉ္စ မဇ္ဇနဉ္စ မဂ္ဂ ပဋိပါဒနန္တိ။

(ကင်္ခါဝိတရဏီ အဋ္ဌကထာ)။

တသ္မ၊ ထိုအပြုပဒ္မစရိယ၏။ အင်္ဂါနိ၊ အင်္ဂါတို့သည်။ သေဝနစိတ္တဉ္စ၊ ဖွဲ့ခဲကြောင်းဖြစ်သော စိတ်လည်းကောင်း။ မဇ္ဇနဉ္စ၊ မဂ်ဖြင့်။ မဂ္ဂပဋိပါဒနဉ္စ၊ မဂ်ဒွိ ဖွဲ့ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့တည်း။

အပြုပဒ္မစရိယသပန စတ္တာရိ အင်္ဂါနိ ဘဝန္တိ။အဏ္ဏာစရဂါမိယဝတ္ထုစ ဟောတိ။ တတ္ထစ သေဝနစိတ္တံ ပစ္စုပဋ္ဌိတံ ဟောတိ။ သေဝနပစ္စယပယောဂဉ္စ သမာပဇ္ဇတိ။ သာဒိယနဉ္စာတိ။

(ခုဒ္ဒကပါဋိအဋ္ဌကထာ)။

အပြုပဒ္မစရိယသပန၊ အပြုပဒ္မစရိယ၏ကား။ အင်္ဂါနိ၊ အင်္ဂါတို့သည်။ အဏ္ဏာစရဂါမိယဝတ္ထုစ၊ လွန်ကျူးအပ်သော ဝတ္ထုဟူသော မဂ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုမဂ်ဒွိ။ သေဝနစိတ္တံ၊ ဖွဲ့ခဲကြောင်းစိတ်သည်။ ပစ္စုပဋ္ဌိတဉ္စ၊ ဖြစ်သည်လည်း။ ဟောတိ၊ ၏။

သေဝန ပစ္စယပယောဂဉ္စ၊ မှီဝဲခြင်းအား ကျေးဇူးပြုသော လုံ့လသို့လည်း။ သမာပဇ္ဇတိ၊ရောက်၏။ သာဒိယနဉ္စ၊ သာယာခြင်းသည်လည်း။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ သုံးဆယ်ကုန်သော မင်္ဂတို့သည် လွန်ကျူးအပ်သော ဝတ္ထုဟူသော မင်္ဂမည်ကုန်၏။ ထိုစကားသည် မှန်၏။ ကခ်ါဝိတရဏီ၌-

> မနုဿာမနုဿ တိရစ္ဆာနဂတဝသေန ဟိ တိဿော ဣတ္ထိယော တာသံ ဝစ္စမဂ္ဂ ပဿာဝမဂ္ဂ မုခမဂ္ဂဝသေနတယော တယော ကတ္ဝာ နဝမဂ္ဂါ၊ တထာ ဥဘတော ဗျဉ္ဇန ကာနံ၊ ပုရိသာနံ ပန ဝစ္စမဂ္ဂမုခမဂ္ဂဝသေန ဒွေ ဒွေ ကတ္ဝာ ဆမဂ္ဂါ၊ တထာ ပဏ္ဍကာနန္တိ ဇဝံ တိံသမဂ္ဂါ။

ဟူသောစကားကို ဆိုအပ်၏။

ဟိဝိတ္ထာရေမိ၊ ချဲဦးအံ့။ မနုဿာမနုဿတိရစ္ဆာနဂတဝသေန၊ လူနတ် တိလူးတိရစ္ဆာန်တို့၏ အစွမ်းအားဖြင့်။ဣတ္ထိယော၊ မိန်းမတို့သည်။ တိဿော၊ သုံးယောက်တို့တည်း။ တာသံ၊ ထိုသုံးယောက်ကုန်သော မိန်းမတို့၏။ ဝစ္စမဂ္ဂပဿာဝမဂ္ဂမုခမဂ္ဂဝသေန၊ မစ္စမင်ပဿာဝမင် မုခမင်တို့၏ အစွမ်းအားဖြင့်။ တယောတယော၊သုံးပါးသုံးပါးကုန်သော မင်္ဂတို့ကို။ ကတ္ဝာ၊ပြု၍။ နဝမဂ္ဂါ၊ ကိုးပါးကုန်သော မင်္ဂတို့လည်းကောင်း။ ဥဘတောဗျဉ္ဇနကာနံ၊ ဥဘတောဗျည်းတို့၏။ တထာ၊ထိုအတူ။ နဝ၊ကိုးပါးကုန်သော မင်္ဂတို့လည်းကောင်း။ ပုရိသာနံပန၊ ယောကျ်ားတို့၏ကား။ ဝစ္စမဂ္ဂမုခမဂ္ဂဝသေန၊ ဝစ္စမင် မုခမင်၏ အစွမ်းအားဖြင့်။ ဒွေဒွေ၊ နှစ်ပါးနှစ်ပါးတို့ကို။ ကတ္ဝာ၊ပြု၍။ဆမဂ္ဂါ၊ ခြောက်ပါးကုန်သော မင်္ဂတို့လည်းကောင်း။ပဏ္ဍကာနံ၊ပဏ္ဍုက်တို့၏။ တထာ၊ထိုအထူ။ ဆ၊ခြောက်ပါးကုန်သော မင်္ဂတို့လည်းကောင်း။ ဣတိဇဝံ၊ ဤသို့။ တိံသမဂ္ဂါ၊ သုံးဆယ်ကုန်သော မင်္ဂတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤ အဗြဟ္မစရိယ၌ကြွင်းသော စကားကိုလည်းကောင်း။ ပထမ ဒုတိယ စတုတ္ထပဉ္စမ သိက္ခာပုဒ်တို့၌ ဆိုအပ်သော စကားကိုလည်းကောင်း အောက်အဂါရိယ ဝိနည်းဖြင့်သာလျှင် သိအပ်၏။ ဝိကာလဘောဇနံ ဟူသော ပါဠိ၌ကာလဟူသည်ကား ရဟန်းတို့၏ စားရာကာလတည်း၊ထိုကာလသည်လည်း အလုံးစုံအောက်ယုတ်သော အပိုင်း အခြား အားဖြင့်

မွန်းတည့်သော အခါတည်း။ ထိုကြောင့်လျှင် ဝိကာလဟူသော ပုဒ်၏ ပဒဘာဇနီ၌-

ဝိကာလော နာမ မဇ္ဈန္ဒိကေ ဗီတိဝတ္တေ ယာဝ အရုဏုဂ္ဂမနာ။ ဟူ၍ ဟောတော်မူအပ်၏။

မဇ္ဈန္ဒိကေ၊ မွန်းတည့်သောအခါသည်။ ဗီတိဝတ္တေ၊လွန်လတ်သော်။ ယာဝအရုဏုဂ္ဂမနာ၊ အရုဏ်တက်သည်တိုင်အောင်။ ဝိကာလောနာမ၊ ဝိကာလမည်၏။ ။မွန်းတည့်စဉ်သည်လည်း ကာလဟူသော အရေအတွက်သို့ရောက်၏။ ထိုမွန်းတည့်စဉ်မှစ၍ကား ခဲအံ့သော ၎ါလည်းကောင်း စားအံ့သော၎ါလည်းကောင်း၊ မတတ်ကောင်း။အဆောတလျင်သောက်အံ့သော၎ါကား တတ်ကောင်းရာ၏။ ကုက္ကုစ္စကို ပြုတတ်သော သူသည်ကား ကြဉ်ခြင်းကို ပြုအပ်၏။

[ဝိကာလဘောဇနသိက္ခာပုဒ်အဌကထာ]။

အရုဏ်တက်သော အခါမှ မွန်းတည့် တိုင်အောင်သော ဤကာလသည် ဘုရားအစရှိသော အရိယာတို့၏ လေ့ကျက်ရာ ကောင်းစွာ လေ့ကျက်ရာဖြစ်သော စားခြင်း၏ ကာလတည်း။ ထိုမှတပါးသောကာလသည် ဝိကာလတည်း။ (ဗြဟ္မဇာလစူဋ္ဌဟတ္ထိပဒေါပမ ဥပေါသထသုတ်ဋီကာ)ဘုဦးတဒ္ဒိဘောဇနံ၊ဟူသော ဝစနတ္ထနှင့်အညီယာဝုထမင်းအစရှိသော အလုံးစုံသော ယာဝကာလိက ဝတ္ထုသည် ဘောဇနမည်၏။ ရတ္တူပရတော ဟူသောပုဒ်၌ ဘောဇနဟူသော နောက်ပုဒ် ကြေသော အားဖြင့် ရတ္တိဘောဇနကို ဆိုသကဲ့သို့ ထိုအတူဤ၌ အဇ္ဇောဟရဏဟူသော နောက်ပုဒ်ကြေသဖြင့် ဘောဇနအဇ္ဇောဟရဏကို ဘောဇနံဟူ၍ ဆိုအပ်၏။ မွန်းလွဲသောအခါ၌ ယာဝကာလိကကို စားခြင်းသည် ဝိကာလဘောဇနမည်၏။ [မဟာခန္ဓကဋီကာ]။

ဝိကာလတာ ယာဝကာလိကတာ အဇ္ဇောဟရဏီယန္တိ ဣမာ နေတ္ထတိဏ်အင်္ဂါနိ။ [ကခ်ါဝိတရဏီ]။

ဝိကာလတာ၊ ဝိကာလ၏အဖြစ်။ ယာဝကာလိကတာ၊ ယာဝကာလိက၏အဖြစ်။ အဇ္ဇောဟရဏီယံ၊ မျိုခြင်း။ ဣတိဣမာနိတိဏ်၊ ဤသုံးပါးတို့သည်။ ဧတ္ထ၊ဤဝိကာလဘောဇနဌ်။ အင်္ဂါနိ၊ အင်္ဂါတို့တည်း။

ဣန္တာသယ ၁၅၅-၅၅

ဝိကာလ ဘော ဇနသ စတ္တာရိ အင်္ဂါနိ၊ ဝိကာလော ယာဝကာ လိကံ အဇ္ဇောဟရဏီယံ အနုမ္မတ္တကတာတိ။ ဇေတနာနုသာရေန သေသာနမ္ပိအင်္ဂဝိဘာဂေါ ဝေဒိတဗ္ဗော။ [ခုဒ္ဒကပါဌအဋ္ဌကထာ]

ဝိကာလဘောဇနသ၊ ဝိကာလဘောဇန၏။ အင်္ဂါနိ၊ အင်္ဂါတို့သည်။ ဝိကာလော၊ ဝိကာလလည်းကောင်း။ ယာဝကာလိကံ၊ ယာဝကာလိက လည်းကောင်း။ အဇ္ဇောဟရဏီယံ၊ မျိုခြင်းလည်းကောင်း။ အနုမ္မတ္တက တာ၊ အရူးမဟုတ်သည်၏ အဖြစ်လည်းကောင်း။ ဧတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးတို့တည်း။ အနုသာရေန၊ အစဉ်ဖြီးအပ်သော။ ဇေတန၊ ဤနည်း ဖြင့်။ သေသာနမ္ပိ၊ ကြွင်းကုန်သောဝိရမိတဗ္ဗတို့၏လည်း။ အင်္ဂဝိဘာဂေါ၊ အင်္ဂါအပြားကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ။အနုမ္မတ္တကတာ–ဟူသော အင်္ဂါစကားကို ဆိုရာ၌ ထိုစကားသည်သင့်၏။ မြတ်စွာဘုရားသည် အနာပတ္တိဥမ္မတ္တကဿဟူ၍ ဟောတော်မူအပ်၏။ ဥမ္မတ္တကဿ၊ ရူးသော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ ။နစ္စဂီတ အစရှိသော ခုနစ်ခု မြောက်သော အင်္ဂါကိုကား ခုဒ္ဒကပါဌဗြဟ္မဇာလ အစရှိသည်တို့၏ အဋ္ဌကထာမှ အကျယ်ကို ရှုကြည့်အပ်၏။ ဤကျမ်း၌ ဤဆိုလတ္တံ့သည် ကား အကျဉ်းတည်း။

နစ္စာဒီနိဟိ အတ္တနာ ပယောဇေတုံဝါ ပရေဟိ ပယော ဇာပေတုံဝါ ပယုတ္တာနိ ပဿိတုံဝါ နေဝဘိက္ခူနံ နဘိက္ခုနီနံ ဝဋ္ဋတီ။ [ဗြဟ္မဇာလဥပေါသထသုတ် အဋ္ဌကထာ]

ဟိသစ္စံ၊ မှန်၏။ နစ္စာဒီနိ၊ ကခြင်းအစရှိသည်တို့ကို။ အတ္တနာ မိမိသည်။ ပယောဇေတုံဝါ၊ ယှဉ်အံ့သောဌါလည်းကောင်း။ ပရေဟိ၊ သူတပါး။ တို့ကို။ ပယောဇာပေတုံဝါ၊ ယှဉ်စေခြင်းဌါလည်းကောင်း။ ပယုတ္တာနိ၊ ယှဉ်အပ်ကုန်သော ကခြင်း အစရှိသည်တို့ကို။ ပဿိတုံဝါ၊ ကြည့်အံ့ သောဌါ လည်းကောင်း။ ဘိက္ခူနံ၊ ရဟန်းယောကျ်ား တို့အား။ နေဝဝဋ္ဋတီ၊ မအပ်ကုန်သလျှင်ကတည်း။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမ တို့အား။ နဝဋ္ဋတီဇေ၊ မအပ်ကုန်သလျှင်ကတည်း။

ဒဿနကမျတာ ဥပသက်မိတွာ ပဿတောဇေစေတ္ထ ဝီတိက္က မော ဟောတိ။ ဌိတနိသိန္နသယနော ကာသေ ပန အာဂတံ ဂစ္ဆန္တံဿဝါ အာပါတဂတံ ပဿတော သိယာ သံကိလေ သော၊ နဝီတိက္ကမော။ [ခုဒ္ဒကပါဌ အဋ္ဌကထာ]

ဒဿနကမ္မတာယ၊ ကြည့်လိုသည်၏ အဖြစ်ဖြင့်။ ဥပသင်္ကမိတွာ၊ ကပ်၍။ ပဿတောဇဝ၊ ကြည့်သောသူအား သာသျှင်။ ဇာတ္ထ၊ ဤအရာ၌။ ဗိဘိက္ခမော၊ လွန်ကျူးခြင်းသည်။ ဟောတိ၊ ၏။ ဥတနိသိန္နသယနော ကာသေပန၊ ရပ်ရာ ထိုင်ရာ လျောင်းရာ အရပ်သို့ကား။ အာဂတံဝါ၊ လာသော ကခြင်းကို လည်းကောင်း။ ဂန္ဆိနော်သ၊ သွားစဉ်။ အာပါတ ဂတံဝါ၊ထင်ခြင်းသို့ရောက်သော ကခြင်းကိုလည်းကောင်း။ပဿတော၊ ကြည့်သောသူအား။ သံကိလေသော၊ ညစ်ညူးခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ဗိတိက္ကမော၊ လွန်ကျူးခြင်းသည်။ နသိယာ၊ မဖြစ်ရာ။

ဝိသုကာဂူတသ္မ ဂိဟသ္မ သဝနံ ကဒါစိ ဝန္ဒတိ။ တာထာဟိ ဝတ္ထုံ ပရိမဇ္ဈဒေါတိကာယ ခုဒ္ဒကအဋ္ဌကထာယ ဓမ္မူပသဉ္ဇိ တော ဂိတော ဝန္ဒတိ၊ ဂိတူပသဉ္ဇိတော ဓမ္မော နု ဝန္ဒတီတိ။ [ဗြဟ္မဇာလစူဠဋီကာယံ ဒေါပမဉ္ဉပေါသထသုတ်ဒုကဋီကာ]။

ဝိသုကာဂူတသ္မ၊ သာသနာတော်၏ ငြောင့် တံကျင် သဘွယ် ဖြစ်သော။ ဂိဟသ္မ၊ သိမ်ချင်းကို။ သဝနံ၊ နာခြင်းသည်။ ကဒါစိ၊ ရံခါ။ ဝန္ဒတိ၊ အပ်၏။ တာထာဟိ၊ ထိုကြောင့်လျှင်။ ပရိမဇ္ဈဒေါတိကာယ၊ ပရိမဇ္ဈဒေါတိကမည်သော။ ခုဒ္ဒကအဋ္ဌကထာယ၊ ခုဒ္ဒကအဋ္ဌကထာ၌။ ဓမ္မူပသဉ္ဇိကော၊ ဓမ္မနှင့်စပ်သော။ ဂိဒေတော၊ သိမ်ချင်းသည်။ ဝန္ဒတိ၊ အပ်၏။ ဂိဘူပသဉ္ဇိတော၊ သိမ်ချင်းနှင့်စပ်သော။ ဓမ္မော၊ ဓမ္မသည်။ နဝန္ဒတိ၊ မအပ်။ ထိုစကားသည်မှန်၏။သာသနာတော်၌ ငြောင့်တံကျင် သဘွယ် မဖြစ်သော သိမ်ချင်းကို နားခြင်းငှါ အပ်၏။ ထိုကြောင့် သက္က ပဉ္ဉသုတ် အဋ္ဌကထာ၌–

> ယံ ဗိက္ခုကွဂရ စိက္ခာ ဗျဉ္ဇနဒ္ဓိ သဒ္ဒံ သုဏာတော ရာဂါဒယော ဥပ္ပဇ္ဇန္တိ။ ဒေဝရူပေါ သဒ္ဒေါ နသောတဝိတဗ္ဗော။ယံ ပန အက္ခရဒိသိတံ ဓမ္မနိသိတံ ဂုန္ဓာဒါသိ ဂိတဒ္ဓိ သုဏာန္တသ္သ ပသာဒေါ ဥပ္ပဇ္ဇတိ။ နိဒ္ဒိဒါဝါ သဒ္ဒဿ ဝတိ။ ဒေဝရူပေါ သောတဝိတဗ္ဗော။

ဟူ၍ ဗိနိဆိုအပ်၏။

ဗိက္ခုကွဂရစိက္ခာဗျဉ္ဇနဒ္ဓိ၊ ဆန်းကြယ်သော အကွရာ ဆန်းကြယ်သော သဒ္ဒါဂ်သည် ဖြစ်သော။ ယံသဒ္ဒံ၊ အကြင်အသံကို။ သုဏာတော၊နာသော သူအား။ ရာဂါဒယော၊ ရာဂအစရှိသည်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ဝေရူပေါ၊ ဤသို့ သဘောရှိသော။ သဒ္ဒေါ၊ အသံကို။ နသေဝိတဗ္ဗော၊ မခြီဝဲအပ်။ ကုမ္ဘဒါသီဂီတမ္ပိ၊ ရေအိုးရွက်သော ကျွန်မ၏သီချင်းဖြစ်ငြားသော်လည်း။ အတ္ထနိဿိတံ၊ တမလွန်အကျိုးကို မှီသော။ မေ္မနိဿိတံ၊ ဝိဝဋ္ဌူပမေ္မကိုမှီသော။ယံပနသဒ္ဒံ၊ အကြင် အသံကိုကား။ သုဏန္တသ၊ နာသောသူအား။ပသာဒေါ၊ရတနာသုံးပါး၌ ယုံကြည်ခြင်း ကံ၏အကျိုးကို ယုံကြည်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ နိဗ္ဗိဒါဝါ၊ အနိစ္စသညာအစရှိသည်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့် ငြီးငွေ့ခြင်း သည်လည်း။ သဏ္ဌာတိ၊ တည်၏။ ဝေရူပေါ၊ ဤသို့ သဘောရှိသော၊သဒ္ဒေါ၊အသံကို။ သေဝိတဗ္ဗော၊ မှီဝဲအပ်၏။ ခုဒ္ဒကအဋ္ဌကထာ ပေ၌ကား—

မေ္မူပသဠိတံဝါပိစေတ္ထ ဂီတံ နဝဋ္ဌတိ။ ဂီတူပသဠိတော ပနမေ္မော ဝဋ္ဌတိ။

ဟူ၍ ရေးအပ်၏။

ထိုစကားသည် ဗြဟ္မဇာလ အစရှိသည်တို့၏ ဋီကာ၌ ဆောင်အပ်သော စကားနှင့် မည်။ ။အဋ္ဌမအင်္ဂါ၌ကား—

ဥစ္စာသယနန္တီ ပမာဏာတိက္ကန္တံ။ မဟာသယနန္တီ အကပ္ပိယတ္ထရဏံ။

ဟူ၍ ဗြဟ္မဇာလသုတ် ဥပေါသထသုတ် အဋ္ဌကထာ၌ ဆိုအပ်၏။

ဥစ္စာသယနန္တီ၊ ဥစ္စာသယနံ ဟူသည်ကား။ ပမာဏာတိက္ကန္တံ၊ ပမာဏထက် လွန်သော နေရာတည်း။ မဟာသယနန္တီ၊ မဟာသယနံ ဟူသည်ကား။ အကပ္ပိယတ္ထရဏံ၊ မအပ်သော အခင်းတည်း။ ။ဥစ္စာသယနမဟာသယနကိုလည်း သာမဏေအား သာရုပ္ပ ကင်းသည့် ဥစ္စာသယန မဟာသယနကို လိုအပ်၏။ ထိုကြောင့် ပမာဏာတိက္ကန္တံ အကပ္ပိယတ္ထရဏံ ဟူ၍ အဋ္ဌကထာဆရာ ဆို၏။

[ထိုအဋ္ဌကထာ၏ဋီကာ]။

မဟာသယနန္တီ အကပ္ပိယသယနံ အကပ္ပိယတ္ထရဏဉ္စ။

(ခုဒ္ဒကပါဌအဋ္ဌကထာ။)

မဟာသယနန္တီ၊ မဟာသယနံဟူသည်ကား။ အကပ္ပိယသယနဉ္စ၊ မအပ်သောအိပ်ရာလည်းကောင်း။ အကပ္ပိယတ္ထရဏဉ္စ၊မအပ်သော အခင်းလည်းကောင်းတည်း။ ။ဥစ္စာဝါ သဒ္ဒါသည်ကား ဥစ္စာသဒ္ဒါနှင့်တူ

သောအနက်ရှိသောတခုသောသဒ္ဒါ အထူးတည်း။ သေတိဇ္ဇေဟူသော ဝစနတ္ထံအားဖြင့် အိပ်ရာသည် သယနမည်၏။ ဤအရာ၌ အာသန္ဒိအစရှိ သောနေရာကိုလည်း သယနသဒ္ဒါဖြင့်ယူအပ်၏။ (ဗြဟ္မဇာလအစရှိ သည်တို့၏ဒိုကာ)။ ။အာသန္ဒိတိပမာဏာတိက္ကန္တာသနံ။ (စမ္မက္ခန္ဓက အဋ္ဌကထာ)။ ။အာသန္ဒိတိ၊ အာသန္ဒိဟူသည်ကား။ ပမာဏာတိက္ကန္တာ သနံ၊ ပမာဏထက်လွန်သော နေရာတည်း။ ။အနုဇာနာမိ ဘိက္ခဝေ ဥစ္စကံပိ အာသန္ဒိကံ။ ။(သေနာသနက္ခန္ဓကပါဋ္ဌိတော်)။ ။ဘိက္ခဝေ၊ တို့၊ ဥစ္စကံပိ၊ မြင့်ငြားသော်လည်း။ အာသန္ဒိကံ၊ လေးထောင့်အင်းပျဉ် ကို။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။

အာသန္ဒိကောတိ စတုရဿပီဌံ ဝုစ္စတိ၊ ဥစ္စကံပိ အာသန္ဒိကန္တိ ဝစနတော ဧကတောဘာဂေန ဒီဃပီဌမေဝ ဟိ အဋ္ဌဂိုလပါ ဒကံ ဝဋ္ဌတိ။ စတုရဿာသန္ဒိကော ပန ပမာဏာတိက္ကန္တောပိ ဝဋ္ဌတိတိ ဝေဒိတဗ္ဗော။

[သေနာသနက္ခန္ဓက ပါဋ္ဌိတော်၏ အဋ္ဌကထာ]။

စတုရဿပီဌံ၊ လေးထောင့်အင်းပျဉ်ကို။ အာသန္ဒိကောတိ၊ အာသန္ဒိ ကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိသစ္စံ၊ မှန်၏။ ဥစ္စကံပိအာသန္ဒိကန္တိ၊ ဥစ္စကံပိ အာသန္ဒိကံ ဟူ၍။ ဝစနတော၊ ဟောတော်မူခြင်းကြောင့်။ ဧကတောဘာဂေန၊ တဘက်အတို့အားဖြင့်။ ဒီဃပီဌမေဝ၊ ရှည်သော အင်းပျဉ်သည်သာလျှင်။ အဋ္ဌဂိုလပါဒကံ၊ မြတ်စွာဘုရားလက်ရှစ်သစ် အခြေရှိသည် ဖြစ်မူ။ ဝဋ္ဌတိ၊ အပ်၏။ စတုရဿာ သန္ဒိကောပန၊ လေးထောင့် အင်းပျဉ်သည်ကား။ ပမာဏာတိက္ကန္တောပိ၊ ပမာဏ ထက်လွန်သော်လည်း။ ဝဋ္ဌတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

စတုရဿပီဌန္တိ သမစတုရဿံ၊ ပမာဏာတိက္ကန္တောပီတိ သမစတုရဿမေဝ သန္ဓာယ ဝုတ္တံ၊ အာယတစတုရဿာ ပန သတ္တင်္ဂါပဥ္စင်္ဂါပိ ဥစ္စပါဒါ နဝဋ္ဌန္တိ။ (ဝိမတိဝိနောဒနီ)။

စတုရဿပီဌန္တိ၊ စတုရဿပီဌံဟူသည်ကား။သမစတုရဿံ၊ အမျှ လေးထောင့်အင်းပျဉ်တည်း၊ ပမာဏာတိက္ကန္တောပီတိဝစနံ၊ ပမာဏာ တိက္ကန္တောပိဟူသော စကားကို။သမစတုရဿမေဝ၊အမျှလေးထောင့်

ရှိသောအင်းပျဉ်ကိုသာလျှင်။သန္ဓာယ၊ရည်၍။ဝုတ္တံ၊ဆိုအပ်၏။ အာယတစတုရဿာပန။ အရှည် လေးထောင့်ဖြစ်ကုန်မူကား။ သတ္တင်္ဂါပဉ္စင်္ဂါပိ၊ အုန်းတားလက်တင်တပ်သောသတ္တင် အုန်းတားတပ်သောပဉ္စင် အင်းပျဉ်ညောင်စောင်း တို့သည်လည်း။ ဥစ္စပါဒါ၊ မြင့်သော အခြေရှိကုန်သော်။ နဝဋ္ဌန္တီ၊ မအပ်ကုန်။ ။ထိုစကားသည်သင့်၏။ မြတ်စွာဘုရား လက်သစ်တော်အားဖြင့် လက်ရှစ်သစ်အတိုင်းအရှည် ရှိသည်သာလျှင် ဖြစ်ကုန်သော ညောင်စောင်း အင်းပျဉ် အခြေတို့သည် အပ်ကုန်၏။

ထိုကြောင့်-

နဝ်ပန ဘိက္ခုနာ မဉ္စံဝါ ပီဌံဝါ ကာရယမာနေန အဌင်္ဂုလ ပါဒကံ ကာရေတဗ္ဗံသုဂတင်္ဂုလေန၊ အညတြ ဟေဋ္ဌိမာယ အဋ္ဌနိယာ။ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ။

ဟူ၍ဟောတော်မူ၏။

မြတ်စွာဘုရား၏ တထွာသည် ယခုအခါမဇ္ဈိမပုရိသ၏ သုံးထွာဖြစ်၏ လက်သမားတောင်ဖြင့် တတောင့်ထွာဖြစ်၏ဟူ၍ ကခ်ါဝိတရဏီ ကုဒ္ဒိကာရ သိက္ခာပုဒ်၏အဘွင့်၌ ဆိုဏ်။ ထိုကြောင့် မဇ္ဈိမပုရိသ၏ လက်သုံးသစ်သည် မြတ်စွာဘုရား၏ လက်တသစ်ဖြစ်၏။ မြတ်စွာဘုရား၏ လက်ရှစ်သစ်တို့သည် မဇ္ဈိမပုရိသ၏ နှစ်ဆဲ့လေးသစ် ဖြစ်ကုန်၏။ ထိုနှစ်ဆဲ့လေးသစ်တို့သည်၊ မဋ္ဌိရတနဖြစ်၏။ထိုကြောင့် ဥပေါသထသုတ် ဋီကာ၌-

မုဋ္ဌိဟတ္ထပါဒကေတိ ပါဒတလတော ယာဝ အဋ္ဌနိယာ ဟေဋ္ဌိမန္တော တာဝ မုဋ္ဌိရတနပမာဏပါဒကေ။ တဉ္စခေါ မဇ္ဈိမဿ ပုရိသဿ ဟတ္ထေန။ ယဿိဒါနိ ဝဗ္ဗကီဟတ္ထောတိ သမညာ။

ဟူ၍ ဆိုအပ်၏။

မုဋ္ဌိဟတ္ထပါဒကေတိ၊ မုဋ္ဌိဟတ္ထပါဒကေဟူသည်ကား။ ပါဒတလတော၊ခြေအပြင်မှ။ ယာဝ၊အကြင်မျှလောက်။ အဋ္ဌနိယာ၊ အပေါင်၏။ ဟေဋ္ဌိမန္တော၊ အောက်အစွန်းသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ထိုမျှလောက်။ မုဋ္ဌိရတနပမာဏပါဒကေ၊ မုဋ္ဌိရတနပမာဏ ဖြစ်သော အခြေရှိသော ညောင်စောင်း၌။တဉ္စခေါ၊ထိုမုဋ္ဌိရတန ပမာဏ သည်လည်း။မဇ္ဈိမဿ ပုရိသဿ၊မဇ္ဈိမပုရိသ၏။ ဟတ္ထေန၊ အတောင်ဖြင့်။ဟောတိ၊၏။ဣဒါနိ၊

ယခုအခါ၌။ ယသ၊ အကြင်အတောင်၏။ ဝဗ္ဘကိဟာဠောတိသမညာ၊ လက်သမားတောင် ဟူသော အမည်သည်။ ဟောတိ၊ ဖြစ်၏။ ။ အကြင်ကြောင့် ပကတိပုရိသ၏အခွံနှင့် တကွသော လက်နှစ်သစ်သည် မင်္ဂလမပုရိသ၏ လက်တသစ်ဖြစ်၏။ ထိုအဘူ ထွာတောင်အလံကိုလည်း သိအပ်၏။ ထိုကြောင့် မင်္ဂလိမပုရိသ၏ တတောင်သည် ပကတိပုရိသ၏ တတောင့်ထွာ ဖြစ်၏ဟု အဆုံးအဖြတ်ကို သိအပ်၏။ ညောင်ဆောင်း ခြေအခံသည်ကား လူတို့၏လက်သစ်ဖြင့်ရှစ်သစ်သည်သာလျှင်အပ်၏။ ထိုကြောင့် သေနာသနကွန္ဓကဋ္ဌ—

နံ ဘိက္ခဝေ ဥစ္စာ မဉ္စုပဋိပါဒကာ ဓာရေတဗ္ဗာ၊ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ အဋ္ဌင်္ဂုလပရမံ မဉ္စုပဋိပါဒကံ။ ဟူ၍ဟောတော်မူ၏။

ဘိက္ခဝေ၊ရဟန်းတို့။ဥစ္စာ ဖြင့်သော။မဉ္စုပဋိပါဒကာ၊ ညောင်ဆောင်းခြေအခံကို။ နဓာရေတဗ္ဗာ၊ မဆောင်အပ်၊ယောဘိက္ခု၊ အကြင်ရဟန်းသည်။ဓာရေယျ၊ဆောင်ငြားအံ့။ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊တို့။ အဋ္ဌင်္ဂုလပရမံ၊လူတို့၏ လက်ရှစ်သစ်အတိုင်းအရှည်ရှိသော။ မဉ္စုပဋိပါဒကံ၊ ညောင်ဆောင်းခြေအခံကို။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ။ထိုပါဠိတော်၏ အဋ္ဌကထာ၌လည်း— မနုဿာနံ ပမာဏင်္ဂုလမေဝ အဋ္ဌင်္ဂုလံ— ဟူ၍ ဆိုအပ်၏။ ။အဋ္ဌင်္ဂုလံ၊ လက်ရှစ်သစ်တို့သည်။ မနုဿာနံ၊ လူတို့၏။ ပမာဏင်္ဂုလမေဝ၊ ပမာဏာ လက်ရှစ်သစ်လျှင်တည်း။ ။ဤသို့ ဆောင် ဖြစ်သော အာသန္နိအင်းပျဉ်မှ တပါးသော တတောင့်ထွာထက် အလွန် မြင့်သောအခြေရှိသော ညောင်ဆောင်း အင်းပျဉ်လည်းကောင်း လက်ရှစ်သစ် အလွန်မြင့်သော အခြေခံရှိသော ညောင်ဆောင်းသည်လည်းကောင်း ဥစ္စာသယနမည်၏။မြင့်သည့်မှလည်း ဖြစ်စေ နိမ့်သည့်မှလည်း ဖြစ်စေ။ မအပ်သောအခင်းဖြင့် ခင်းအပ်သော ညောင်ဆောင်း အင်းပျဉ်သည် မဟာသယနမည်၏။ထိုဥစ္စာသယနမဟာသယနနှစ်ပါးသည် မအပ်။ ထိုကြောင့် ခုဒ္ဒကပါဋိအဋ္ဌကထာ၌-

တဒုဘယမ္ပိ သာဒိယတော နု ကေနမိ ပရိယာယေန•ဝဋ္ဋတိ။ ဟူ၍ ဆိုအပ်၏။

တဒုဘယမ္ပိ၊ ထိုနှစ်ပါးသော ဥစ္စာသယန မဟာသယနသည်လည်း။ သာဒိယတော၊သာယာသောသူအား။ ကေနစိပရိယာယေန၊ တစုံတရသော ပရိယာယ်အားဖြင့်။နဝဋ္ဌတိ၊မအပ်။ ။ထိုစကားသည် သင့်၏။ မအပ်သောအခင်းသည် ညောင်စောင်းအင်းပျဉ်၌ ခင်းသော်သာလျှင် မအပ်သတည်း။ မြေ၌ခင်းသော်ကား မအပ်သည်မဟုတ်၊ အပ်သည်သာလျှင်တည်း။ ထိုကြောင့် ဓမ္မိကသုတ်အဋ္ဌကထာ၌– ဆမာယမ္ပနဂေါနကာဒိသန္ထတာယပိ ဝဋ္ဌတိ– ဟူ၍ ဆိုအပ်၏။ ။ဆမာယမ္ပနမြေ၌ကား။ ဂေါဏကာဒိ သန္ထတာယာပိ၊ ဂေါဏကအစရှိသော အခင်း၌လည်း။ ဝဋ္ဌတိ။ အပ်၏။ ။အကြင်ကြောင့်ကား တည်ရာကို မြစ်သည်ရှိသော် ထိုတည်ရာ၌တည်သော ကိရိယာကို မြစ်အပ်သည်သာလျှင် ဖြစ်၏၊ ထိုကြောင့် ဥစ္စာသယန မဟာသယန ဟူ၍သာလျှင် ဟောအပ်၏။ အနက်အားဖြင့်ကား ထို ဥစ္စာသယန မဟာသယနကို သုံးဆောင်ခြင်းဖြစ်၍ ဖြစ်သော နေခြင်း လျောင်းခြင်းတို့မှ ကြဉ်ခြင်း ဝိရတီကို ပြ၏ဟူ၍ မှတ်အပ်၏။ ။[ဗြဟ္မဇာလဥပေါသထသုတ်ဋီကာ]။ ဤသို့ သတ္တမ အဋ္ဌမ ဟူသော အင်္ဂါနှစ်ပါးကို တပါးသောအင်္ဂါပြု၍ ရှစ်ပါးကုန်သော အင်္ဂါတို့သည် ဖြစ်ကုန်၏။ ထိုကြောင့် ရဒ္ဒကပါဋ္ဌ အဋ္ဌကထာ၌--

> အာဒိတော ဒွေစတုတ္ထပဉ္စမာနိစ ဥပါသကာနံ သာမဏေရာနဉ္စ သာမာရဏာနိ နိစ္စသီလဝသေန၊ ဥပေါသထဝသေန ဥပါသကာနံ သတ္တမံ အဋ္ဌမဉ္စေကံ အင်္ဂံ ကတ္ပာ သဗ္ဗပစ္ဆိမဝဇ္ဇာ။ သဗ္ဗာနိပိ သာမဏေရေဟိ သာဓာရဏာနိ။ သဗ္ဗပစ္ဆိမံ သာမဏေရာနမေဝ ဝိသေသဘူတံ။

ဟူ၍ ဆိုအပ်၏။

အာဒိတော၊ အစမှ။ ဒွေ၊ နှစ်ပါးကုန်သော အင်္ဂါတို့သည်လည်းကောင်း။ စတုတ္ထပဉ္စမာနိစ စတုတ္ထအင်္ဂါ ပဉ္စမအင်္ဂါတို့သည်လည်းကောင်း၊ ဥပါသကာနဉ္စ၊ ရတနာသုံးပါးသို့ ဆည်းကပ်တတ်ကုန်သော သူတို့အား လည်းကောင်း။ သာမဏေရာနဉ္စ၊ သာမဏေတို့အား လည်းကောင်း။ နိစ္စသီလဝသေန၊ နိစ္စသီလ၏အစွမ်းအားဖြင့်။ သာဓာရဏာနိ၊ ဆက်ဆံကုန်၏။ သတ္တမဉ္စ၊ သတ္တမအင်္ဂါကိုလည်းကောင်း။

အဌမဥ္စ၊ အဌမအင်္ဂါကိုလည်းကောင်း။ ဇေဂံအင်္ဂံ၊ တရသောအင်္ဂါကို။ ကတွာ၊ ပြု၍။ သဗ္ဗပစ္ဆိမဝဇ္ဇာနိ၊ အလုံးစုံတို့၏ နောက်ဖြစ်သော အင်္ဂါသည် ကြဉ်အပ်ကုန်သော အင်္ဂါတို့သည်။ ဥပါသကာနံ၊ ရတနာသုံးပါးသို့ ဆည်းကပ်တတ်ကုန်သော သူတို့အား။ ဥပေါသထဝသေန၊ ဥပုသ်သီလ၏အစွမ်းအားဖြင့်။ သာဓာရဏာနိ၊ ဆက်ဆံကုန်၏။ သဗ္ဗာနိပိ၊ ခပ်သိမ်းကုန်သော အင်္ဂါဆယ်ပါးတို့သည်လည်း။ သာမဏေရေဟိ၊သာမဏေတို့နှင့်။ သာဓာရဏာနိ၊ဆက်ဆံကုန်၏။ သဗ္ဗပစ္ဆိမံ၊ အလုံးစုံတို့၏ နောက်ဖြစ်သော အင်္ဂါသည်။ သာမဏေရာနမေဝ၊ သာမဏေတို့၏ သာလျှင်။ ဝိသေသဘူတံ၊ အထူးဝိသေသ ဖြစ်၍ ဖြစ်သော အင်္ဂါသည်။ ဟောတိ၊ ဖြစ်၏။ ။ဝိသုဒ္ဓိမင်္ဂဋ္ဌကား-

> ဥပါသကောပါသိကာနံ နိစ္စသီလဝသေန ပဥ္စသိက္ခာပဒါနိ။ သတိဝါ ဥဿာဟေ ဒသဥပေါသထင်္ဂဝသေန အဌာတိ ဣဒံ ဂဟဌသီလံ။

ဟူ၍ ဆိုအပ်၏။

ဥပါသကောပါသိကာနံ၊ သီတင်းသည်ယောက်ျား သီတင်းသည်မိန်းမတို့၏။ နိစ္စသီလဝသေန၊ နိစ္စသီလ၏ အစွမ်းအားဖြင့်။ ပဥ္စသိက္ခာပဒါနိ၊ ငါးပါးကုန်သော သိက္ခာပုဒ်တို့လည်းကောင်း။ ဥဿာဟေ၊ တိုးပွါး၍ စောင့်နိုင် စွမ်းနိုင်သည်။ သတိ၊ ရှိသော်။ ဒသဝါ၊ ဆယ်ပါးကုန်သော သိက္ခာပုဒ်တို့လည်းကောင်း။ ဥပေါသထင်္ဂဝသေန၊ ဥပုသ်အင်္ဂါ၏ အစွမ်းအားဖြင့်။ အဌ၊ ရှစ်ပါး ကုန်သော သိက္ခာပုဒ်တို့လည်းကောင်း။ ဣတိဣဒံ၊ ဤဆိုအပ်ပြီးသော သီလသည်။ ဂဟဌသီလံ၊ လူတို့သီလမည်၏။

> သတိဝါဥဿာဟေတိ ဥဿက္ကိတ္ဂာ သီလာနိ ရက္ခိတုံ ဥဿာဟေ သတိ။ ဒဿာတိ သာမဏေရေဟိ ရက္ခိတဗ္ဗမာဟ ဃဋိကာရာဒီနံဝိယ။ ။[ဝိသုဒ္ဓိမင်္ဂဋ္ဌကာ]။

သတိဝါဥဿာဟေတိ၊သတိဝါဥဿာဟေဟူသည်ကား။ ဥဿက္ကိတ္ဂာ၊ ပဥ္စသိထက် တိုးပွါး၍။ သီလာနိ၊ သီလတို့ကို။ ရက္ခိတုံ၊စောင့်ခြင်းငှါ။ ဥဿာဟေ၊ စွမ်းနိုင်သည်။ သတိ၊ ရှိသော်။ ဒသာတိဣမိနာ၊ဒသဟူသောပါဌ်ဖြင့်။ ဃဋိကာရာဒီနံ၊ ဃဋိကာရ အစရှိကုန်သောသူတို့၏။

ဣစ္ဆာသယ ၁၅၅-၅၆

ဒသသီလံဝိယ၊ ဆယ်ပါးသောသီလကဲ့သို့။ သာမဏေရေဟိ၊ သာမဏေတို့သည်။ ရက္ခိတဗ္ဗံ၊ စောင့်အပ်သော ဆယ်ပါးသောသီလကို။ အာဟ၊ မိန့်ဆိုတော်မူ၏။

ဧတ္ထစ ယံ သဗ္ဗပစ္ဆိမံ ပန သာမဏေရာနမေဝါတိ ဝုတ္တံ။
နတံ သတိဝါ ဥဿာဟေ ဒသာတိ ဈမိနာ သမေတိ။ ။
[မဟာခန္ဓကဋီကာ]။

ဧတ္ထစ၊ ဤကျမ်းဌ်လည်း။ သဗ္ဗပစ္ဆိမံပန၊ အလုံးစုံတို့၏ နောက်ဖြစ်သော ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိသီလသည်။ သာမဏေရာနမေဝ၊ သာမဏေတို့၏သာလျှင်။ သီလံ၊ သီလတည်း။ ဈတိ၊ ဤသို့။ ယံဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ တံဝစနံ၊ ထိုစကားသည်။ သတိဝါဥဿာဟေဒသာတိဈမိနာ၊ သတိဝါဥဿာဟေဒသဟူသော ဤကျမ်းစကားနှင့်။ နသမေတိ၊ မညီ။
[အဌင်္ဂ ကထာတည်း]။

ထိုဥပုသ်ကို သုံးသောသူသည်ကား နက်ဖြန်ဥပုသ်ဆောက်တည်အံ့ဟု ယနေ့ကလျှင် ဤအမှုကို ပြုကြကုန်လောဟု အာဟာရအစရှိသည်ကို စီရင်ခြင်း အမှုကို စီရင်အပ်၏။ ဥပုသ်နေ့၌ နံနက် စောစောကလျှင် ရဟန်းယောကျ်ား၏ အထံ၌ သော်လည်း ဖြစ်စေ၊ ရဟန်းမိန်းမ၏ အထံ၌ သော်လည်း ဖြစ်စေ၊ ဆယ်ပါးသော သီလ၏ လက္ခဏာကို သိသော သီတင်းသည် ယောကျ်ား၏ အထံ၌ သော်လည်း ဖြစ်စေ၊ သီတင်းသည် မိန်းမ၏ အထံ၌ သော်လည်း ဖြစ်စေ၊ နှုတ်မြွက်၍ ဥပုသ်တို့ကို ဆောက်တည်အပ်ကုန်၏။ ပါဋိကိုမတတ်သော သူသည်ကား ဗုဒ္ဓပညတ္တံ ဥပေါသထံ အဓိဋ္ဌာမိ၊ ဘုရားပညတ်သော ဥပုသ်ကို ဓိဋ္ဌာန်ပါ၏ ဟူ၍ ဓိဋ္ဌာန်အပ်၏။ တပါးသော သူကို မရသော် မိမိကိုယ်တိုင်လည်း ဓိဋ္ဌာန်အပ်၏။ နှုတ်မြွက်ခြင်းကိုကား ပြုအပ်သလျှင်ကတည်း။ ဥပုသ်ကို သုံးသောသူသည် သူတပါးကို နှိပ်စက်ညှဉ်းဆဲခြင်းနှင့် စပ်သော အမှုကို မပြု မစီရင်အပ်။ အသက် အရွယ်ကို ရေတွက်ခြင်းကို ပြုသဖြင့် လွန်စေအပ်၏။ အိမ်၌ အာဟာရကို ရ၍ နိစ္စဘတ်ဆွမ်းကို ဘုဉ်းပေးသော ရဟန်းကဲ့သို့စား၍ ကျောင်းသို့သွား၍ တရားကိုသော်လည်း နာအပ်၏။ သုံးဆဲ့ရှစ်ပါးသော ကမ္မဋ္ဌာန်းအာရုံတို့တွင် တပါးပါးသောအာရုံကို သော်လည်းနှလုံးသွင်းအပ်၏။

[ဥပေါသထသုတ် အဋ္ဌကထာ]။ ။သိလကိုဆောက်တည်သော အခါ မှစ၍ ဝံပါးသောအမှုကိုမပြုမူ၍ တရားနာသဖြင့် လည်းကောင်း ကမ္မဋ္ဌာန်းကိုနှလုံးသွင်းသဖြင့် လည်းကောင်း လွန်စေအပ်၏။ ထိုကြောင့် တံပနဥပဝသန္တိနှ။လ။ ဝိစာရေတဗ္ဗံ ဟူ၍ အဋ္ဌကထာ ဆရာဆိုသတည်း။ နှုတ်ဖြွက်၍ဟူသော်ကား ဤညဉ်ပတ်လုံး ဟူ၍လည်းကောင်း၊ ဤနှဉ်ပတ်လုံး ဟူ၍လည်းကောင်း ကာလကိုပိုင်းခြား၍ ဥပေါသထင် ဝသေန အဋ္ဌ သိက္ခာပဒါနိ သမာဒိယာဒိ ဟုတပေါင်းတည်း ပြု၍ လည်းကောင်း၊

ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။ အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊ မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။ ဝိကာလဘောဇနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊နစ္စဂီတ ဝါဒိတ ဝိသူကဒဿန မာလာဂန္ဓဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံသမာဒိယာမိ။ ဥစ္စာသယနမဟာသယနာ ဝေရမဏိ သိက္ခာပဒံသမာဒိယာမိ။

ဟုအသိးသိးလည်းကောင်း နှုတ်ဖြွက်ခြင်းကိုပြု၍ ပါဠိအားလျော်စွာ ဆောက်တည်အပ်ကုန်၏။ ပါဠိဘာသာကိုမတတ်သော သူသည်ကား မိမိ၏ဘာသာဖြင့် အသိးသိးလည်းကောင်း ဘုရားပညတ်သော ဥပုသ်ကို မိဠာန်ပါ၏ဟု တပေါင်းတည်း မိဠာန်သည်၏ အစွမ်းအားဖြင့် လည်းကောင်း ဆောက်တည် အပ်ကုန်၏။ သူတပါးကိုမရသောသူသည် မိမိကိုယ်တိုင်လည်းမိဠာန်အပ်၏။ ထိုစကားသည်သင့်၏။သိတင်းသည်တို့၏သိလကို မိမိကိုယ်တိုင်လည်း ဆောက်တည် သော်လည်း ကောင်း၊ သူတပါး၏ အထံ၌ ဆောက်တည်သော် လည်းကောင်း တပေါင်းတည်း ဆောက်တည်သော် လည်းကောင်း အသိးသိး ဆောက်တည်သော် လည်းကောင်း ဆောက်တည် အပ်သည် သာလျှင် ဖြစ်၏။ စင်စစ် သဖြင့်ကား တပေါင်းတည်း ဆောက်တည်သောသူ အား တပါးသော စေတနာသည် သာလျှင် ဖြစ်၏။ ထိုတပါးသော စေတနာသည်ကား ခပ်သိမ်းကုန်သော ဝိရတိစေတနာတို့၏ ကိစ္စကို

ပြု၏။ ထိုကြောင့်ထိုပေါင်း၍ ဆောက်တည်သော သူသည်လည်း ခပ်သိမ်းကုန်သော သိက္ခာပုဒ်တို့ကို ဆောက်တည် အပ်ကုန်သလျှင် ကတည်း။ အသိုးအသိုး ဆောက်တည်သောသူ၏ကား အထူးထူး သောဝိရတိ စေတနာတို့သည် မိမိတို့၏ ဥစ္စာဖြစ်သော ကိစ္စ၏အစွမ်း အားဖြင့်ဖြစ်ကုန်၏။ အလုံးစုံသော ဆောက်တည်ခြင်းဌာနကား ဝစီဘေဒ နှုတ်ဖြက်ခြင်းကို ပြုအပ်သလျှင်ကတည်း။ (ဥပေါသထသုတ်ဋီကာ)။

ထိုဥပုသ်ဆောက် တည်ခြင်းသည်နတ်ပြည်၌ဖြစ်ခြင်း အစရှိသည်၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။ ထိုကြောင့်--

သေယျထာပိ ဝိသာခေ ယော ကုမေသံ သောဋ္ဌသန္နံ မဟာဇန ပဒါနံ ပဟုတရတ္တရတနာနံ ကုသရိယာဓိပစ္စံ ရဇ္ဇံ ကရေယျ၊ သေယျထိဒံ၊ အင်္ဂါနံ မာဂဓာနံ ကာသိနံ ကောသလာနံ ဝဇ္ဇီနံ မလ္လာနံ စေတိယာနံ ဝံသာနံ ကုရူနံ ပဉ္စာလာနံ မစ္ဆာနံ သုရသေနာနံ အဿကာနံ အဝန္တီနံ ဂန္ဓာရာနံ ကမ္ဗောဇာနံ။ တသ္သ တံ အင်္ဂသမန္နာဂတသ္သ ဥပေါသထသ္သ ဧကံ ကလံ နာဂ္ဃတိ သောဋ္ဌသိ။ တံ ကိသ္သဟေတု။ ကပဏံ ဝိသာခေ မာနုသိကံ ရဇ္ဇံ ဒိဗ္ဗသုခံ ဥပနိဓာယ။ ယာနိ ဝိသာခေ မာနုသိကာနိ ပဉ္စာသပဿသာနိ စာတုမဟာရာ ဇိကာနံ ဒေဝါနံ ဧသော ဧကောရတ္တော ဒိဝေါ။ တာယတိ်သ ရတ္တိယော မာသော။ တေနမာသေန နွိဒသမာသိယော သံ ဝစ္ဆရော။ တေနသံဝစ္ဆရေန ဒိဗ္ဗာနိ ပဉ္စဝဿသတာနိ စာတု မဟာရာဇိကာနံ ဒေဝါနံ အာယုပ္ပမာဏံ။ ဌာနံခေါပနေတံ ဝိသာခေဝိဇ္ဇတိ။ကုမေကစ္စောကုဏ္ဍိဝါ ပုရိသောဝါအင်္ဂသမန္နာ ဂတံ ဥပေါသထံ ဥပဝသိတွာ ကာယဿ ဘေဒါ ပရမ္မရဏာ စာတုမဟာရာဇိကာနံ ဝေဒါနံသဟဗျတံ ဥပပဇ္ဇေယျ။ ကုဒံခေါ ပနေတံ ဝိသာခေ သန္ဓာယာဘာသိတံ ကပဏံ မာနုသိကံ ရဇ္ဇံဒိဗ္ဗသုခံ ဥပနိဓာယ။ ယံဝိသာခေ မာနုသိကံ ဝဿသတံ တာဝတိ်သာနံ ဒေဝါနံ ဧသောဧကောရတ္တိဒိဝေါ။ လ။ တေန သံဝစ္ဆရေန ဒိဗ္ဗဝဿသဟဿံ တာဝတိ်သာနံ ဒေဝါနံ အာယု ပ္ပမာဏံ။ ဌာနံ ခေါ ပနေတံ ဝိသာခေ ဝိဇ္ဇတိ။ လ။ ဥပနိဓာယ။ ယာနိ ဝိသာခေ မာနုသိကာနိ

ဒွေဝသသတာနိ ယာမာနံ ဒေဝါနံ ဇေသော ဇေကောရတ္တိဒေဝါ။ လ။ တေန သံဝစ္ဆရေန ဒိဗ္ဗာနိ ဒွေဝသ ဩဟာသာနိ ယာမာနံ ဒေဝါနံ အာယုပ္ပမာဏံ။ ဌာနံခေါပနေတံ ဝိသာခေ ဝိန္ဒတိ။လ။ ဥပနိဓာယ။ ယာနိ ဝိသာခေ မာနုသိကာနိ စတ္တာရိဝဿသတာနိ တုသိတာနံ ဒေဝါနံ ဇေသော ဇေကောရတ္တိဒေဝါ။လ။ တေန သံဝစ္ဆရေနဒိဗ္ဗာနိစတ္တာရိ ဝဿသဟဿာနိတုသိတာနံ ဒေဝါနံ အာယုပ္ပမာဏံ။ဌာနံခေါပနေတံ ဝိသာခေဝိန္ဒတိ။လ။ဥပနိဓာယ ယာနိ ဝိသာခေ မာနုသိကာနိ အဋ္ဌာဿသတကာနိ နိမ္မာနရတိနံ ဒေဝါနံ ဇေသော ဇေကောရတ္တိဒေဝါ။ လ။ တေန သံ ဝစ္ဆရေန ဒိဗ္ဗာနိ အဋ္ဌဝဿသဟဿာနိ နိမ္မာနရတိနံ ဒေဝါနံ အာယုပ္ပ မာဏံ။ ဌာနံခေါပနေတံ ဝိသာခေ ဝိန္ဒတိ။ လ။ ဥပနိဓာယ။ ယာနိ ဝိသာခေ မာနုသိကာနိ သောဠသဝဿသတာနိ ပရနိမ္မိတဝသဝတ္တိနံ ဒေဝါနံ ဇေသော ဇေကောရတ္တိဒေဝါ။ တာယ တိံသရတ္တိယော မာသော။ တေန မာသေန ဒွါဒသမာသိယော သံဝစ္ဆရော။ တေန သံဝစ္ဆရေန ဒိဗ္ဗာနိ သောဠသဝဿသဟဿာနိ ပရနိမ္မိတဝသဝတ္တိနံ ဒေဝါနံ အာယုပ္ပမာဏံ။ ဌာနံခေါပနေတံ ဝိသာခေ ဝိန္ဒတိ။ ယံ ဣဓေကစ္စော ဣတ္ထိဝါ ပုရိသော၀ါ အဋ္ဌင်္သမန္နာဂတံ ဥပေါသထံ ဥပဝသိတ္ဝာ ကာယဿ ဘေဒါ ပရမ္မရဏာ ပရနိမ္မိတ ဝသဝတ္တိနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇေယျ။ ဣဒံခေါပနေတံ ဝိသာခေ သန္ဓာယ ဘာသိတံ ကပဏံ မာနုသိကံ ရဇ္ဇံဒိဗ္ဗသုခံ ဥပနိဓေယ်။

ဟူ၍ ဘုရားဟောတော်မူ၏။ [ဥပေါသထသုတ် ပါဠိတော်။]

ဝိသာခေ၊ ဝိသာခါ။ သေယျထာပိ။ ဥပမာကား။ ယော၊ အကြင်သူသည်။ ပဟုတရတ္တရတနာနံ၊ အလုံးစုံသော ဇမ္ဗူ။ဒိပ်အပြင်ကို စည်မျဉ်းနှာအပြင်ကဲ့သို့ပြု၍ ခါးပမာဏရှိသော မျှားစွာသော ကပ်စွန်းခြင်းကို ဖြစ်စေတတ်သော၊ကြောင့်ရတ္တာဟု ဆိုအပ်သော ချုနစ်ပါးသော ရတနာဖြင့် ပြည့်ကုန်သော။ ဤမေသံသောဠသန္နံမဟာဇနပဒါနံ၊ ဤ တဆဲ့ခြောက်ရပ် ကုန်သော ဇနပုဒကြီးတို့၏။ ဤသရိယာဝိပစ္စံ၊ အခွင့်၏ အဖြစ်အကြီး၏ အဖြစ်အား ဖြင့်။ တနည်းကား- ဤသရိဓိပစ္စံ၊ အခွင့်၏ အဖြစ်သာလျှင် ဖြစ်သောအကြီး၏ အဖြစ်ဟု ဆိုအပ်သော။ ရဇ္ဇံ၊ စကြ

ဝတေးမင်း၏အဖြစ်ကို။ ကရေယျ၊ ပြုရာ၏။ သေယျထိဒံ၊ အဘယ်ဇနပုဒ်ကြီးတို့၏ အရှင်၏အဖြစ်အကြီး၏ အဖြစ်အားဖြင့် စကြဝတေးမင်း၏အဖြစ်ကို ပြုရာသနည်း ဟူမူကား။ အင်္ဂါနံ၊ အင်္ဂတိုင်းတို့၏။ မဂဓာနံ၊ မဂဓတိုင်းတို့၏။ ကာသီနံ၊ ကာသိတိုင်းတို့၏။ ကောသလာနံ၊ ကောသလတိုင်းတို့၏။ ဝဇ္ဇီနံ၊ ဝဇ္ဇီတိုင်းတို့၏။ မလ္လာနံ၊ မလ္လာတိုင်းတို့၏။ စေတိယာနံ၊ စေတိယတိုင်းတို့၏။ ဝံသာနံ၊ ဝံသတိုင်းတို့၏။ ကုရူနံ၊ ကုရုတိုင်းတို့၏။ ပဉ္စာလာနံ၊ ပဉ္စာလတိုင်းတို့၏။ မစ္ဆာနံ၊ မစ္ဆတိုင်းတို့၏။ သုရသေနာနံ၊ သုရသေနတိုင်းတို့၏။ အဿကာနံ၊ အဿကတိုင်းတို့၏။ အဝန္တီနံ၊ အဝန္တီတိုင်းတို့၏။ ဂန္ဓာရာနံ၊ ဂန္ဓာရတိုင်းတို့၏။ ကမ္ဗောဇာနံ၊ ကမ္ဗောဇတိုင်းတို့၏။ ဣဿရိယာဓိပစ္စံ၊ အရှင်၏အဖြစ်အကြီး၏ အဖြစ်အားဖြင့်။ ရဇ္ဇံ၊ စကြဝတေးမင်း၏ အဖြစ်ကို။ ကရေယျ၊ ပြုရာ၏။ တဿ၊ ထိုသူ၏။ တံစက္ကဝတ္တိရဇ္ဇံ၊ ထိုစကြဝတေးမင်း၏ အဖြစ်သည်။ အဌက်သမန္ဒာဂတဿ၊ ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော။ ဥပေါသထဿ၊ တနေ့တည်းသုံးအပ်သော ဥပုသ်၏။ သောဋ္ဌသိံ။ တဆဲ့ခြောက်စိတ်တို့၏ ပြည့်ကြောင်းဖြစ်သော။ ဧကံကလံ၊ တခုသောအစိတ်၏ အကျိုးကို။ နာဋ္ဌတိ၊ မထိုက်၊ တံ၊ ထိုသို့ဖြစ်ခြင်းသည်။ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့် နည်းဟူမူကား။ ဝိသာခေ၊ ဝိသာခါ။ ဒိဗ္ဗသုခံ၊ နတ်ချမ်းသာကို။ ဥပနိဓာယ၊ ထောက်၍။ မာနုသိကံ၊ လူ၌ဖြစ်သော။ ရဇ္ဇံ၊ မင်း၏အဖြစ်သည်။ ကပဏံ၊ အနည်းငယ်သည်။ ဟောတိ၊ ၏။ ဝိသာခေ၊ ဝိသာခါ။ မာနုသိကာနိ။ လူ၌ဖြစ်ကုန်သော။ ယာနိပညာသဝဿာနိ၊ အကြင် အနှစ် ငါးဆယ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဧသော၊ ဤလူတို့၏ အနှစ်ငါးဆယ်ဟူသောကာလသည်။ စာတုမဟာရာဇိကာနံဒေဝါနံ၊ စတုမဟာရာဇ် နတ်တို့၏။ ဧကောရတ္တိဒိဝေါ၊ တရက်သည်။ ဟောတိ၊ ဖြစ်၏။ ကာယရတ္တိယာ၊ ထိုရက်ဖြင့်။ တိံသရတ္တိယော၊ ရက်သုံးဆယ်တို့သည်။ မာသော၊ တလသည်။ ဟောတိ၊ ဖြစ်၏။ တေနမာသေန၊ ထိုလဖြင့်။ ဒွါဒသမာသိယော၊ တဆဲ့နှစ်လသည်။ သံဝစ္ဆရော၊ တနှစ်သည်။ ဟောတိ၊ ဖြစ်၏။ တေနသံဝစ္ဆရေန၊ ထိုနှစ်ဖြင့်။ ဒိဗ္ဗာနိ၊ နတ်၌ဖြစ်ကုန်သော။ ပဉ္စဝဿသတာနိ၊ အနှစ် ငါးရာတို့သည်။ စာတုမဟာရာဇိကာနံဒေဝါနံ၊ စာတုမဟာရာဇ် နတ်တို့၏။ အာယုပ္ပမာဏံ၊ အသက်၏ ပမာဏသည်။ ဟောတိ၊ ၏။

ဝိသာခေ၊ ဝိသာခါ၊ ယံယေနဌာနေန၊ အကြင်အကြောင်းဖြင့်။ ဣဓ၊ ဤလောကဌ်။ ဧကစ္စော၊အချိသော။ ဣတ္ထိဝါ၊မိန်းမသည်ရင်း။ ပုရိသောဝါ၊ ယောကျ်ားသည်ရင်း။ အဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ ဥပေါသထံ၊ဥပုသ်ကို။ ဥပဝသိတွာ၊သုံး၍။ ကာယဿ၊ကိုယ်၏။ ဘေဒါ၊ပျက်စီးခြင်းဟူသော။ မရဏာ၊ စုတေသည်မှ။ ပရံ၊ နောက်ဌ်။ စာတုမဟာရာဇိကာနံဒေဝါနံ၊ စတုမဟာရာဇ်နတ်တို့၏။ သဟဗျတံ၊ အပေါင်းအဘော်၏ အဖြစ်သို့။ ဥပပဇ္ဇေယျ၊ရောက်ရာ၏။ ဘေံဌာနံ၊ ထိုအကြောင်းသည်။ ဝိဇ္ဇတိခေါပန၊ ရှိသလျှင်ကတည်း။ ဝိသာခေ၊ ဝိသာခါ။ ဣဒံခေါပနေတံဌာနံ၊ ဤအကြောင်းကို။ သန္ဓာယ၊ ရည်၍။ ဒိဗ္ဗသုခံ နတ်ချမ်းသာကို။ ဥပနိဓာယ၊ထောက်သော်။ မာနုသိကံ၊ လူဌ်ဖြစ်သော ရဇ္ဇံ၊ မင်းအဖြစ်သည်။ ကပဏံ၊ အနည်းငယ်တည်းဟူသော စကားကို။ မယာ၊ ငါသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဝိသာခေ၊ ဝိသာခါ။ မာနုသိကံ၊ လူဌ်ဖြစ်သော။ ယံဝဿသတံ၊ အကြင် အနှစ် တရာသည်။ အတ္ထိ၊ရှိ၏။ ဧသော၊ဤလူတို့၏ အနှစ်တရာကာလသည်။ တာဝတိံသာနံ ဒေဝါနံ၊ တာဝတိံသာနတ်တို့၏။ ဧကောရတ္တိဒိဝေါ၊ တရက်သည်။ ဟောတိ၊ ၏။ တာယ ရတ္တိယာ၊ ထိုရက်ဖြင့်။ တိံသရတ္တိယော၊ ရက်သုံးဆယ် တို့သည်။ မာသော၊ တလသည်။ ဟောတိ၊ ဖြစ်၏။ တေနမာသေန၊ ထိုလဖြင့်။ ဒွါဒသမာသိယော၊ တဆဲ့ နှစ်လသည်။ သံဝစ္ဆရော၊ တနှစ်သည်။ ဟောတိ၊၏။ တေနသံဝစ္ဆရေန၊ ထိုနှစ်ဖြင့်။ ဒိဗ္ဗဝဿသဟဿံ၊ နတ်ဌ်ဖြစ်သော နှစ်တထောင်သည်။ တာဝတိံသာနံဒေဝါနံ၊ တာဝတိံသာနတ်တို့၏။ အာယုပ္ပမာဏံ၊ အသက်၏ ပမာဏသည်။ ဟောတိ၊ဖြစ်၏။ ဝိသာခေ၊ ဝိသာခါ၊ ယံယေနဌာနေန၊ အကြင် အကြောင်းဖြင့်။ ဣဓ၊ ဤလောကဌ်။ ဧကစ္စော၊ အချိသော၊ ဣတ္ထိဝါ၊ မိန်းမသည်လည်းကောင်း။ ပုရိသောဝါ၊ ယောကျ်ားလည်းကောင်း။ အဌင်္ဂသမန္နာဂတံ၊အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ ဥပေါသထံ၊ဥပုသ်ကို။ ဥပဝသိတွာ၊သုံး၍။ ကာယဿ၊ကိုယ်၏။ ဘေဒါ၊ပျက်စီးခြင်းဟူသော။ မရဏာ၊ စုတေသည်မှ။ ပရံ၊နောက်ဌ်။ တာဝတိံသာနံဒေဝါနံ၊ တာတိံသာနတ်တို့၏။ သဟဗျတံ၊အပေါင်း အဘော်၏အဖြစ်သို့။ ဥပပဇ္ဇေယျ၊ ရောက်ရာ၏။ ဘေံဌာနံ၊ထိုအကြောင်းသည်။ ဝိဇ္ဇတိခေါပန၊ရှိသလျှင်ကတည်း။ ဝိသာခေ၊ဝိသာခါ။ ဣဒံခေါပနေတံဌာနံ၊ဤအကြောင်းကို။သန္ဓာ

ယ၊ရည်၍။ ဒိဇ္ဇသုခံ၊ နတ်ချမ်းသာကို။ ဥပနိဓာယ၊ထောက်သော်။ မာနုသိကံ၊လူ၌ဖြစ်သော။ ရဒ္ဓံ၊မင်းအဖြစ်သည်။ ကပဏံ၊အနည်းငယ်တည်းဟူသောစကားကို။ မယာ၊ငါသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဝိသာခေ၊ ဝိသာခါ။ မာနုသိကာနိ၊ လူ၌ဖြစ်ကုန်သော။ ယာနိဒွေဝဿသတာနိ၊ အကြင်အနှစ်နှစ်များတို့သည်။ သန္တိ၊ ရှိကုန်၏။ ဇေသော၊ ဤလူတို့၏ အနှစ်နှစ်ရာဟူသော ကာလသည်။ ယာမာနံဒေဝါနံ၊ ယာမာနတ်တို့၏။ ဇကောရတ္တိဒေဝါ၊ဘရက်သည်။ ဟောတိ၊ဖြစ်၏။ တာယရတ္တိယာ၊ ထိုရက်ဖြင့်။ တိံသရတ္တိယော၊ ရက်သုံးဆယ်တို့သည်။ မာသော၊ တလသည်။ ဟောတိ၊ဖြစ်၏။ တေနမာသေန၊ ထိုလဖြင့်။ ဒွါဒသမာသိယော၊ တဆဲ့နှစ်လသည်။ သံဝစ္ဆရော၊တနှစ်သည်။ ဟောတိ၊ဖြစ်၏။ တေနသံဝစ္ဆရေန၊ထိုနှစ်ဖြင့်။ ဒိဗ္ဗာနိ၊နတ်ပြည်၌ဖြစ်ကုန်သော။ ဒွေဝဿသဟဿာနိ၊ အနှစ်နှစ်ထောင်တို့သည်။ ယာမာနံဒေဝါနံ၊ ယာမာနတ်တို့၏။ အာယုပ္ပမာဏံ၊ အသက်၏ ပမာဏသည်။ ဟောတိ၊ ဖြစ်၏။ ဝိသခေ၊ ဝိသာခါ။ ယံယေနဒ္ဓာနေန၊ အကြင်အကြောင်းဖြင့်။ ဣဓ၊ ဤလောက၌။ ဇကေစ္စော၊ အချို့သော။ ဣဿိဝါ၊ မိန်းမသည်လည်းကောင်း။ ပုရိသော ဝါ၊ ယောကျ်ားသည်လည်းကောင်း။ အဌင်္ဂသမန္နာဂတံ၊အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ ဥပေါသထံ၊ ဥပုသ်ကို။ ဥပဝသိတွာ၊ သုံး၍၊ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းဟူသော။ မရဏာ၊ စုတေသည်မှ။ ပရံ၊ နောက်၌။ ယာမာနံဒေဝါနံ၊ ယာမာနတ်တို့၏။ သဟဗျတံ၊ အပေါင်းအဘော်၏အဖြစ်သို့။ ဥပပဇ္ဇယျ၊ရောက်ရာ၏။ ဇေတံဒ္ဓာနံ၊ ထိုအကြောင်းသည်။ဝိဇ္ဇတိခေါပန၊ရှိသလျှင်ကတည်း။ ဝိသာခေ၊ဝိသာခါ။ ဣဒံခေါပနေတံဒ္ဓာနံ၊ ဤအကြောင်းကို။ သန္ဓာယ၊ရည်၍။ ဒိဇ္ဇသုခံ၊ နတ်ချမ်းသာကို။ ဥပနိဓာယ၊ ထောက်သော်။ မာနုသိကံ၊ လူ၌ဖြစ်သော။ ရဒ္ဓံ၊ မင်းအဖြစ်သည်။ ကပဏံ၊ အနည်းငယ် တည်းဟူသော စကားကို။ မယာ၊ငါသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဝိသာခေ၊ ဝိသာခါ။ မာနုသိကာနိ၊ လူ၌ ဖြစ်ကုန်သော။ ယာနိစတ္တာရိဝဿ သတာနိ၊ အကြင် အနှစ်လေးရာတို့သည်။ သန္တိ၊ ရှိကုန်၏။ ဇေသော၊ ဤလူတို့၏၊ အနှစ်လေးရာဟူသော ကာလသည်။ တုသိတာနံ၊ တုသိတာနတ်တို့၏။ ဇကောရတ္တိဒိဝေါ၊ တရက်သည်။ ဟောတိ၊ ဖြစ်၏။ တာယရတ္တိယာ၊ ထိုရက်ဖြင့်။ တိံသရတ္တိယော၊ ရက်သုံးဆယ်တို့သည်။ မာသော၊

တလသည်။ ဟောတိ၊ ၏။ ကေနမာသေန၊ ထိုလဖြင့်။ ဒွါဒသမာ သိယော၊ တဆဲ့နှစ်လသည်။ သံဝစ္ဆရော၊ တနှစ်သည်။ ဟောတိ၊ ၏။ တေနသံဝစ္ဆရေန၊ ထိုနှစ်ဖြင့်။ ဒိဗ္ဗာနိ၊ နတ်၌ ဖြစ်ကုန်သော။ စတ္တာရိ ဝဿ သဟဿာနိ၊ အနှစ်လေးထောင်တို့သည်။ တုသိတာနံ ဒေဝါနံ၊ တုသိတာ နတ်တို့၏။ အာယုပ္ပမာဏံ၊ အသက်၏ ပမာဏသည်။ ဟောတိ၊ ၏။ ဝိသာခေ၊ ဝိသာခါ။ ယံယေနဌာနေန၊ အကြင် အကြောင်းကြောင့်။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊အချိုသော။ဣတ္ထိဝါ၊ မိန်းမသည်လည်းကောင်း။ပုရိသောဝါ၊ယောကျ်ားသည်လည်းကောင်း။ အဌက်သမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ဥပေါသထံ၊ဥပုသ်ကို။ ဥပဝသိတွာ၊ သုံး၍။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်း ဟူသော။ မရဏာ၊စုတေသည်မှ။ ပရံ၊ နောက်၌။ တုသိတာနံဒေဝါနံ၊ တုသိတာနတ်တို့၏။သဟဗျတံ၊အပေါင်းအဘော်၏ အဖြစ်သို့။ ဥပပဇ္ဇေ ယျ၊ ရောက်ရာ၏။ ဇတံဌာနံ၊ ထိုအကြောင်းသည်။ ဝိဇ္ဇတိခေါပန၊ ရှိသလျှင်ကတည်း။ ဝိသာခေ၊ ဝိသာခါ၊ ဣဒံခေါပနေတံဌာနံ၊ ဤ အကြောင်းကို။ သန္ဓာယ၊ ရည်၍။ ဒိဗ္ဗသုခံ၊ နတ်ချမ်းသာကို။ ဥပနိဓာယ၊ ထောက်သော်။ မာနုသိကံ၊ လူ၌ဖြစ်သော။ ရဇ္ဇံ၊ မင်း၏ အဖြစ်သည်။ ကပဏံ၊ အနည်းငယ်တည်းဟူသော စကားကို။မယာ၊ ငါသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဝိသာခေ၊ ဝိသာခါ။ မာနုသိကာနိ၊ လူ၌ဖြစ်ကုန်သော။ ယာနိအဌဝဿသတာနိ၊ အကြင် အနှစ်ရှစ်ရာတို့သည်။ သန္တိ၊ ရှိကုန်၏။ ဧသော၊ဤလူတို့၏ အနှစ်ရှစ်ရာ ဟူသော ကာလသည်။ နိမ္မာနရတီနံ ဒေဝါနံ၊ နမ္မာနရတိ နတ်တို့၏။ ဧကောရတ္တိဒိဝေါ၊ တရက်သည်။ ဟောတိ၊ ဖြစ်၏။ တာယရတ္တိယာ၊ ထိုရက်ဖြင့်။ တိံသရတ္တိယော၊ ရက်သုံးဆယ်တို့သည်။ မာသော၊ တလသည်။ ဟောတိ၊ ဖြစ်၏။ တေနမာသေန၊ ထိုလဖြင့်။ ဒွါဒသမာသိ ယော၊တဆဲ့နှစ်လသည်။သံဝစ္ဆရော၊တနှစ်သည်။ဟောတိ၊ဖြစ်၏။တေန သံဝစ္ဆရေန၊ထိုနှစ်ဖြင့်။ဒိဗ္ဗာနိ၊နတ်၌ဖြစ်ကုန်သော။အဌဝဿသဟဿာ နိ၊အနှစ် ရှစ်ထောင်တို့သည်။ နိမ္မာနရတီနံဒေဝါနံ၊ နိမ္မာနရတိနတ်တို့၏။ အာယုပ္ပမာဏံ၊ အသက်၏ပမာဏသည်။ ဟောတိ၊ဖြစ်၏။ ဝိသာခေ၊ ဝိသာခါ၊ ယံယေနဌာနေန၊ အကြင် အကြောင်းကြောင့်။ ဣဓ၊ ဤ လောက၌။ ဧကစ္စော၊ အချိုသော။ ဣတ္ထိဝါ၊ မိန်းမသည်လည်းကောင်း။

ဣစ္ဆာသယ ၁၅၅-၅၇

ပုရိသောဝါ၊ ယောကျ်ားသည် လည်းကောင်း။ အဋ္ဌင်္သမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ ဥပေါသထံ၊ ဥပုသ်ကို။ ဥပဝသိတွာ၊ သုံး၍။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်း ဟူသော။ မရဏာ၊ စုတေသည်မှ။ ပရံ၊ နောက်၌။ နိမ္မာနရတိနံ ဒေဝါနံ၊ နိမ္မာနရတိနတ်တို့၏။ သဟဗျတံ၊ အပေါင်းအဘော်၏ အဖြစ်သို့။ ဥပပဇ္ဇေယျ၊ ရောက်ရာ၏။ ဇေတံဝနံ၊ ထိုအကြောင်းသည်။ ဝိဇ္ဇတိခေါပန၊ ရှိသလျှင် ကတညူး။ ဝိသာခေ၊ ဝိသာခါ။ ဣဒံ ခေါပနေတံဝနံ၊ ဤအကြောင်းကို။ သန္ဓာယ၊ ရည်၍။ ဒိဗ္ဗသုခံ၊ နတ်ချမ်းသာကို။ ဥပနိဓာယ၊ ထောက်သော်။ မာနုသိကာ၊ လူ၌ဖြစ်သော။ ရဇ္ဇံ၊ မင်း၏ အဖြစ်သည်။ ကပဏံ၊ အနည်းငယ်တည်း ဟူသော စကားကို။ မယာ၊ ငါသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။ ဝိသာခေ၊ ဝိသာခါ။ မာနုသိကာနိ၊ လူ၌ဖြစ်ကုန်သော။ယာနိသောဇ္ဈသ ဝဿသတာနိ၊အကြင်အနှစ်တထောင့်ခြောက်ရာတို့သည်။ သန္တိ၊ ရှိကုန်၏။ ဇသော၊ ဤလူတို့၏ အနှစ်တာထောင့်ခြောက်ရာ ဟူသော ကာလသည်။ ပရနိမ္မိတဝသဝတ္တိနံ ဒေဝါနံ၊ ပရနိမ္မိတဝသဝတ္တီနတ်တို့၏။ ဇသော၊ ဤကောရတ္တိဒေဝါ၊ တရက်သည်။ ဟောတိ၊ ဖြစ်၏။ တာယရတ္တိယာ၊ ထိုရက်ဖြင့်။ တိံသရတ္တိယော၊ ရက်သုံးဆယ်တို့သည်။ မာသော၊ တလသည်။ ဟောတိ၊ ဖြစ်၏။ တေနမာသေန၊ ထိုလဖြင့်။ ဒွါဒသမာသိယော၊ တဆဲ့နှစ်လသည်။ သံဝစ္ဆရော၊ တနှစ်သည်။ ဟောတိ၊ ဖြစ်၏။ တေနသံဝစ္ဆရေန၊ ထိုနှစ်ဖြင့်။ ဒိဗ္ဗာနိ၊ နတ်၌ဖြစ်ကုန်သော။ သောဇ္ဈသဝဿသဟဿာနိ၊အနှစ်တသောင်းခြောက်ထောင်တို့သည်။ ပရနိမ္မိတဝသဝတ္တိနံ ဒေဝါနံ၊ ပရနိမ္မိတဝသဝတ္တီ နတ်တို့၏။ အာယုပ္ပမာဏံ၊ အသက်၏ ပမာဏသည်။ ဟောတိ၊ ဖြစ်၏။ ဝိသာခေ၊ ဝိသာခါ။ယံယေနဇ္ဇာနေန၊အကြင်အကြောင်းကြောင့်။ ဣဓ၊ဤလောက၌။ ဇကေစ္စော၊အချို့သော။ ဣတ္ထိဝါ၊မိန်းမသည်လည်းကောင်း။ ပုရိသောဝါ၊ ယောကျ်ားသည်လည်းကောင်း။ အဋ္ဌင်္သမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ ဥပေါသထံ၊ ဥပုသ်ကို။ ဥပဝသိတွာ။ သုံး၍။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းဟူသော။ မရဏာ၊ စုတေသည်မှ။ ပရံ၊ နောက်၌။ပရနိမ္မိတဝသဝတ္တိနံ ဒေဝါနံ၊ ပရနိမ္မိတဝသဝတ္တီ နတ်တို့၏။ သဟဗျတံ၊ အပေါင်းအဘော်၏။အဖြစ်သို့။ ဥပပဇ္ဇေယျ၊ ရောက်ရာ၏။ ဇေတံဝနံ၊ ထိုအကြောင်းသည်။ ဝိဇ္ဇတိခေါပန၊ ရှိသလျှင်ကတညူး။

ဝိသာခေ၊ ဝိသာခါ။ ဣဒံခေါပနေတံဌာနံ၊ ဤအကြောင်းကို။ သန္ဓာယ၊ ရည်၍။ ဒိဗ္ဗသုခံ၊ နတ်ချမ်းသာကို။ ဥပနိဓာယ၊ ထောက်သော်။ မာနုသိကံ၊ လူ၌ဖြစ်သော။ ရဇ္ဇံ၊ မင်း၏ အဖြစ်သည်။ ကပဏံ၊ အနည်းငယ်တည်း ဟူသော စကားကို။ မယာ၊ ငါသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။ တသ္မာ၊ ထိုကြောင့်။ စက္ကဝတ္တိရဇ္ဇံ၊ စကြဝတေးမင်း၏ အဖြစ်သည်။ အဌက်သမန္နာဂတဿ၊ ရှစ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော။ ဥပေါသထဿ၊ တနေ့တည၌သုံးအပ်သောဥပုသ်၏။ သောဌသိံ၊ တဆဲ့ခြောက်စိတ်တို့၏ ပြည့်ကြောင်းဖြစ်သော။ ဧကကလံ၊ တခုသောအစိတ်၏ အကျိုးကို။ နာဃတိ၊ မထိုက်။ ။လူတို့၏ အရေအတွက်အားဖြင့် အနှစ်ကိုးသန်းသည် စာတုမဟာရာဇ် နတ်တို့၏ အယုပ္ပမာဏတည်း။ ။အနှစ်သုံးကုဋေခြောက်သန်းသည်ကား တာဝတိံသာနတ်တို့၏အာယုပ္ပမာဏတည်း။ ။အနှစ် တဆဲ့လေးကုဋေလေးသန်းသည် ယာမာနတ်တို့၏ အာယုပ္ပမာဏတည်း။ ။အနှစ် ငါးဆဲ့ခုနစ်ကုဋေခြောက်သန်းသည် တုသိတာနတ်တို့၏ အာယုပ္ပမာဏတည်း။ ။အနှစ်ကုဋေနှစ်ရာ့သုံးဆဲ့လေးသန်းသည် နိမ္မာနရတိနတ်တို့၏ အာယုပ္ပမာဏတည်း။ ။အနှစ်ကုဋေ ကိုးရာ့နှစ်ဆဲ့ တကုဋေ ခြောက်သန်းသည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အာယုပ္ပမာဏတည်း။ ။[ဥပေါသထသုတ်ရီကာ]။

၁၂၄-ပုရောဟိတ် ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီ မင်းသည် ဒါန သီလ ဥပုသ် ဟူကုန်သော အမှုတို့၌ မိမိကိုယ်တိုင်သည် မမေ့မလျော့ဖြစ်၍ မိမိကိုယ်မှ ကြွင်းကုန်သော အမတ် အစရှိကုန်သော သူတို့ကိုလည်း ဒါန အစရှိသည်တို့၌ နှိုးဆော်၏။ ထိုမင်းသည် စီရင်ဆုံးဖြတ်ရာ၌ ထားအပ်သော မင်း၏ ပုရောဟိတ်သည်ကား တံစိုးစားသဖြင့် သူတပါးတို့၏ ကျောက်ကုန်းသားကို စားသောသူဖြစ်၍ ဥပုသ် ဆောက်တည်၏။ ထိုပုရောဟိတ်သည် တခုသော ဥပုသ်နေ့၌ နေ့အခါ တံစိုးစား၍ စဉ်းလဲသဖြင့် တရားစီရင်၍ မင်းခစားအံ့သောငှါ သွား၏။ ဆရာ.... သင်သည်လည်း ဥပုသ်ဆောက်တည်သလောဟု မင်းသည် မေးလတ်သည်ရှိသော် ဥပုသ် ဆောက်တည်၏ဟု မုသားဆို၍ ပြာသာမှဒ်

ဆင်းဖြ။ ထိုအခါ ထိုပုရောဟိတ်ကို တယောက်သော အမတ်သည် ဆရာ....သင်သည် ဥပုသ် မဆောက်တည်သည် မဟုတ်တုံလောဟု စောဒနာဖြ၍ ထိုပုရောဟိတ်သည် ငါသည် အခါခွဲသာလျှင်စား၍ အိမ်သို့ သွား၍ ခံတွင်းဆေး၍ ဥပုသ်ကို ဓိဋ္ဌာန်၍ ညဉ့်အခါခွဲ မစားအံ့၊ ညဉ့်အခါခွဲ သိလက်ိုစောင့်အံ့၊ ဤသို့ပြုသည်ရှိသော် ငါ့အား ထက်ဝက်သော ဥပုသ်အမှုသည် ဖြစ်လတ္တံ့ဟုဆို၍ အိမ်သို့သွား၍ ဆိုတိုင်းပြုဖြ။ တဘန် တခုသော ဥပုသ်နေ့ခွဲ တယောက်သော သိလရှိသော မိန်းမသည် တရားတွေ့လတ်သော် အိမ်သို့ သွားအံ့သောငှါ မရ၍ ဥပုသ်အမှုကို မလွန်စေအံ့ဟု မွန်းတည့်အံ့သော ကာလသည် နီးလတ်သော် ခံတွင်းဆေးအံ့သောငှါ အားထုတ်ဖြ။ ထိုပုရောဟိတ်သည် ထိုမိန်းမဖြ၏ ဥပုသ်ခွဲ ဆောက်တည်သည်ဖြ၏ အဖြစ်ကိုသိ၍ ဤသရက်သီးကို စားပြီး ဥပုသ်ဆောက်တည်သည် ဖြစ်စေလော့ဟု ထိုမိန်းမအား သရက်သီးကို ပေးဖြ။ ပုရောဟိတ်အား ဤမျှသောကံသည် ဖြစ်ဖြ။ ထိုပုရောဟိတ်သည် နောက်အဘိုးခွဲ သေ၍ ဟိမဝန္တာအရပ် ဂင်္ဂါနားခွဲ သုံးယူဇနာရှိသော သရက်ရွှေဗိမာန်၌ ဝေမာနိကပြိတ္တာဖြစ်ဖြ။နတ်သွေးတသောင်း ခြောက်ထောင် အခြံအရံ ရှိဖြ။ ထိုဝေမာနိက ပြိတ္တာသည်လည်း ညဉ့်အခါခွဲသာလျှင် စည်းစိမ်ကို ခံစား၍ အရုဏ် တက်လတ်သော် သရက်တောသို့ ဝင်ဖြ။ ဝင်သော ခဏခွဲလျှင် ထိုဝေမာနိကပြိတ္တာဖြ၏ နတ်ခွဲ ဖြစ်သော ကိုယ်သည် ကွယ်ဖြ။ အတောင် ရှစ်ဆယ်ရှိသော ထနဲးပင်ပမာဏရှိသော ကိုယ်သည် ဖြစ်ဖြ။ ကိုယ်ကို မီးသည် အလျှံပြောင်းပြောင် လောင်ဖြ။ ပြိတ္တာ ကိုယ်သည် ကောင်းစွာ ပွင့်သော ပေါက်ပင်ကဲ့သို့ ဖြစ်ဖြ။ လက်နှစ်ဘက်တို့ခွဲ လက်ချောင်း တို့သည် တခုတခုစီသာလျှင် ဖြစ်ကုန်ဖြ။ ထိုလက်ချောင်းတို့ခွဲ ပေါက်တူးကြီး ပမာဏ ရှိကုန်သော လက်သည်းတို့သည် ဖြစ်ကုန်ဖြ။ ထိုပြိတ္တာသည် ထိုလက်သည်းဘို့ဖြင့် မိမိဖြ၏ ကျောက်ဂူနံသားကို ဖွင်း၍ ထုတ်၍ စားလျက် ဝေဒနာသို့ရောက်၍ ကြီးစွာသောအသံကို ဖြည့်လျက် ဆင်းရဲခံရဖြ။ နေဝင်လတ်သော် ထိုပြိတ္တာဖြ၏ ကိုယ်သည်ကွယ်ဖြ။ နတ်တို့ဖြ၏ ကိုယ်သည်ဖြစ်ဖြ။ တန်းဆာဆင်ခြင်းနှင့် စပ်ကုန်သော နတ်ကချေသည် မိန်းမတို့သည် အထူးထူး ကုန်သော တီးမှုတ်မျိုးတို့ကို ယူ၍ ထိုသူကို ခြံရံကုန်ဖြ။ ထိုသူသည် စည်းစိမ်ကိုခံစားလျက် နေ့လျှ

ဘွယ်ရှိသော သရက်တော နှတ်ခြာသာဒ်သို့တက်၏။ ဤသို့ထိုသူသည် ဥပုသ် ဆောက်တည်သော မိန်းမအား သရက်သီး အလှူ၏ အကျိုး ဆက်အားဖြင့် သုံးယူဇနာရှိသော သရက်တောကိုရ၏၊ တံဝိုးယူ၍ စည်းလဲသဖြင့် တရားစိရင်ခြင်းကိုပြုသော မကောင်းမှု၏ အကျိုးဆက် အားဖြင့် ကျောက်ကုန်းသားကို ခွါ၍ စား၏။ ထက်ဝက်မျှ ဥပုသ် ဆောက်တည်သော ကောင်းမှုကံ၏အကျိုးဆက်အားဖြင့် ညဉ့်ခွဲ များစွာ သော စည်းစိမ်ကို ခံစား၏။ မြတ်စွာဘုရားသည်လည်း ဥပုသ် ဆောက်တည်ကုန်သော သီတင်းသည် တို့အား တရားဟောတော်မူသည်ရှိသော် သီတင်းသည်ကို ဥပုသ်ကို သုံးကုန်သော သင်္ဘိသည် ကောင်းသည်ကို ပြုအပ်ကုန်၏။ ရှေးခွဲ ဖြစ်ကုန်သော သူတို့သည် ထက်ဝက်မျှ သုံးအပ်သော ဥပုသ်ကံ၏ အကျိုးဆက်အားဖြင့် များစွာ သော စည်းစိမ်ကို ခံစားရကုန်၏ဟု မိန့်တော်မူ၍ ဤဝတ္ထုကို အကျယ် ချဲ့၍ တိ ံသနိပါတ်၌ အလုံးစုံသောဇာတ်တို့၏ ရှေးဦးစွာသော ကိ ံဆန္ဒ ဇာတ်ကို ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာကို ပြတော်မူ သည်၏ အဆုံးခွဲ သီတင်းသည်တို့တွင် အချို့ကုန်သော သီတင်းသည် တို့သည် သောတာပန် ဖြစ်ကုန်၏။ အချို့ကုန်သော သီတင်းသည်တို့ သည် သကဒါဂါမ် ဖြစ်ကုန်၏။ အချို့ကုန်သော သီတင်းသည်တို့သည် အနာဂါမ် ဖြစ်ကုန်၏။ ။ပုရောဟိတ်ဝတ္ထု။

၁၂၅-ဥဒယမင်း ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သုစိပရိဝါရ မည်သော သေဋ္ဌေးသည် ဖြစ်၏။ကုဋေ့ရှစ်ဆယ် ကြွယ်ဝ၏။ ဒါန အစရှိကုန်သော ကောင်းမှုတို့၌ မွေ့လျော်၏။ ထိုသေဋ္ဌေး၏ သားမယားတို့သည်လည်း ကောင်း အခြံအရံတို့သည်လည်းကောင်း အယုတ်သဖြင့် ထိုအိမ်၌ နွားကျောင်းသားတို့သည်လည်းကောင်း ဤအလုံးစုံသောသူတို့သည် လ၏ ခြောက်ရက်တို့၌ ဥပုသ်ကို သုံးကုန်၏။ ထိုအခါ တယောက်သော သူရင်းငှါးတို့၏ ကိစ္စဖြင့် အသက်မွေးသော ဆင်းရဲသော ယောကျ်ား သည် ထိုသေဋ္ဌေးသို့ကပ်၍ ရှိခိုး၍ တည်၏။အချင်းယောကျ်ား၊အဘယ် အကြောင်းကြောင့် လာသနည်းဟု သေဋ္ဌေးသည် မေး၏။ အရှင်တို့၏

အိမ်ရှင် အခဖြင့် အမှုလုင်အံ့သောဌါလာဏ်ဟု ဆင်းရဲသော ယောကျ်ား သည် ဆို၏။ သေဋ္ဌေးသည် တပါးကုန်သော သူရင်းဌါးတို့အား လာသော နေ့ရှိလျှင် ဤအိမ်ရှင် အမှုကို လုပ်ကုန်လျက် သိလကို စောင့်အံ့သောဌါ စွမ်းနိုင်ကုန်အံ့၊ အမှုတို့ကို လုပ်ကြကုန်လော့ ဟု ဆို၏။ ထိုသူဆင်းရဲ ယောကျ်ားအားကား သိလစောင့်ခြင်းကို ကြားခြင်းရှိ အမှတ်သညာကို မပြုံမူ၍ အမောင် ကောင်း၏၊ မိမိကိုယ်၏ အခဖြင့် အမှုကို ပြုလော့ ဟု ဆို၏။ ထိုသူဆင်းရဲ ယောကျ်ားသည် ထိုအခါမှစ၍ ဆိုလွယ်သည်ဖြစ်၍ ကိုယ်၏ပင်ပန်းခြင်းကို မရေမတွက်မူ၍ ခပ်သိမ်းသော ကိစ္စတို့ကို ပြု၏။ စောစောကလျှင် အမှုလုပ်သွား၍ ညဉ့်ရှိလာ၏။ ထိုအခါ တနေ့သ၌ သေဋ္ဌေးသည် ကျွန်မကို ယနေ့ ဥပုသ်နေ့တည်း အိမ်ရှင် အမှုလုပ်ဖြစ်ကုန်သောသူတို့အား စောစောကလျှင် ထမင်း ချက်၍ ပေးလော့။ စောစောကလျှင် စား၍ ဥပုသ်ဆောက်တည်ကြကုန်လတ္တံ့ဟု စေ၏။ ထိုသူဆင်းရဲသည်ကား စောစောကလျှင်ထ၍ အမှုလုပ်သွား၏။ ထိုသူဆင်းရဲအား တစုံတယောက်သောသူသည် ဥပုသ်ကို မကြား။ သေဋ္ဌေးအစရှိကုန်သော ခပ်သိမ်းကုန်သောသူတို့သည် နံနက်ကလျှင်စားကုန်၍ ဥပုသ်သုံးကုန်လျက် မိမိတို့၏ နေရာအရပ်တို့၌ သိလကို ဆင်ခြင်ကုန်ပြီးလျှင် နေကုန်၏။ သူဆင်းရဲသည် နေ့အဘို့ပတ်လုံး အမှုလုပ်၍ နေဝင်သောအခါ၌ လာ၍ ထမင်း တည်သည်ရှိသော် တပါးကုန်သော နေ့တို့၌ ဤအချိန်၌ များစွာသော အသံသည် ဖြစ်၏။ ယနေ့ လူတို့သည် အဘယ်သို့ သွားကြကုန်သနည်းဟု မေး၏။ အမောင် ခပ်သိမ်းကုန်သော သူတို့သည် ဥပုသ်ဆောက်တည်ကုန်၍ မိမိမိမိတို့၏နေရာ၌ နေကြကုန်၏ဟု ဆိုလတ်သော် ထိုသူဆင်းရဲသည် ဤမျှကုန်သော သိလ ရှိကုန်သော သူတို့၏ အတွင်း၌ ငါတယောက်သည် ဒုဿီလဖြစ်၍ ပျက်စီးလတ္တံ့ဟု ကြံပြီး ထမင်းကို မစားမူ၍ သေဋ္ဌေးထံကပ်၍ အရှင် ယခု ဥပုသ်ကို ဆောက်တည်သော် ဥပုသ်ကံသည် ဖြစ်အံ့လော မဖြစ်ပြီလောဟု မေး၏။ အမောင် နံနက်စောစောက မဆောက်တည်သည်၏ အဖြစ်ကြောင့် အလုံးစုံသော ဥပုသ် ကံ သည် မဖြစ်ပြီ၊ ထက်ဝက်သော ဥပုသ်ကံသည်မူကား ဖြစ်သေး၏ဟု ဆို၏။ ထိုသူဆင်းရဲသည် ဤမျှသော ဥပုသ်ကံသည်လည်း ဖြစ်စေသတည်းဟု သေဋ္ဌေး၏အထံ၌ ကောင်းစွာ ယူအပ်သော

သိလရှိသည်ဖြစ်၍ ဥပုသ်ကို အဓိဋ္ဌာန်၍ ပိဓိနေရာအရပ်သို့သွားပြီးလျှင် သိလကို ဆင်ခြင်လျက် အိပ်၏။ ထိုအခါ ထိုသူဆင်းရဲအား အလုံးစုံသော တနေ့ပတ်လုံး အာဟာရမရှိသည်၏ အဖြစ်ကြောင့် ပဋိမယံ၏ အခြားမဲ့၌ ဝမ်းတွင်း လေတို့သည် ထကုန်၏။ သေဋ္ဌေးသည် အသူးထူး ကုန်သော ဆေးတို့ကို ဆောင်၍ သုံးဆောင်လေ့ဟု ဆို၏။ ထို သူဆင်းရဲသည် ဥပုသ်ကို မဖျက်။ အသက်အဆုံးရှိသည်ကို ပြု၍ ဆောက်တည်ဖြိုဟု ဆို၍ မသုံးဆောင် သည်းစွာသော ဝေဒနာသည်ဖြစ်၏။ ထိုသူဆင်းရဲသည် အရဏ်တက်သောအခါ၌ သတိကို ဖြစ်ဗိမ့်သောငှါ မတတ်နိုင်။ထိုအခါ ထိုသူဆင်းရဲကို ယခုသေလတ္တံ့ဟု ထုတ်၍ စည်းဝေးရာ၌အိပ်စေကုန်၏။ ထိုခဏ၌ ဗာရာဏသီမင်းသည် မြို့ကို လက်ျာရစ် လှည့်လည်ခြင်းကို ပြုလတ်သော် ထိုအရပ်သို့ရောက်၏။ သူဆင်းရဲသည် မင်းကိုမြင်၍ လောဘကိုဖြစ်စေလျက် တောင့်တ၍ စုတေသော် ထက်ဝက်သော ဥပုသ်ကံ၏ အကျိုးဆက်အားဖြင့် ထိုဗာရာဏသီမင်း၏ ဓိဖုယားကြီး၏ဝမ်း၌ ပဋိသန္ဓေယူ၍ ဆယ်လလွန်သဖြင့် ဘွား၏။ ထိုမင်းသားအား ဥဒယ သင်္ခ်သား ဟူသောအမည်ကို မှည့်ကုန်၏။ ထိုဥဒယမင်းသားသည် အရွယ်ထိုက်ရောက်လတ်သော် ခပ်သိမ်းကုန်သောအတတ်တို့၌ အပြီးသို့ရောက်၍ ဓာတိသရဉာဏ်ဖြင့် ပိဓိ၏ ရှေးဘဝက ထက်ဝက်သော ဥပုသ်ကုသိုလ်ကံကို အောက်မေ့၍ ငါ၏ ဤကောင်းကျိုးသည်ကား အနည်းငယ်သော ကောင်းမှုကံ၏ အကျိုးတည်းဟု မပြတ်ဥဒါန်းကျူးရင့်၏။ ထိုဥဒယမင်းသားသည် အဘလွန်သဖြင့် မင်းပြု၍ ဥဒယမင်းဟု ထင်ရှား၏။ မြတ်စွာဘုရားသည်လည်း ဥပုသ် ဆောက်တည်ကုန်သော သိတင်းသည်တို့အား တရားဟောတော်မူသည်ရှိသော် သိတင်းသည်တို့၊ ဥပုသ်ကို သုံးကုန်သောသူတို့သည် ကောင်းသည်ကို ပြုအပ်၏။ ရှေးဘဝရှိတို့သည် တကြိမ်ထက်ဝက်သော ဥပုသ်ကံကိုမှီ၍ မျှားစွာသော စည်းဗိမ်ကို ရဘူးကုန်၏ဟု ဒိန့်တော်မူ၍ ဤဝတ္ထုကို အကျယ်ချဲ့၍ ဇာတ်ကိုဟောတော်မူ၏။ (ဥဒယမင်းဝတ္ထု)။ အနာထပိဏ်သေဋ္ဌေးကိုမှီ၍ သူရင်းငှါးအမှုဖြင့် အသက်မွေး၍ ထက်ဝက်သောဥပုသ်ကံ၏ အကျိုးဆက်အားဖြင့် တောအရပ်၌ ပညောင်ပင်နတ်၏ အဖြစ်ဖြင့်ဖြစ်သော သူရင်းငှါးဝတ္ထုကိုလည်း ဆိုအပ်၏။ထိုဝတ္ထုကို ဝမ္မပဒ

အပ္ပမာဒဝဂ်၌ အပ္ပမာဒေါ အမတံပဒံ ဟူသော ဂါထာ၏ အဘွင့်၌ ကြည့်အပ်၏။

၁၂၆–သာဓိနုမင်းဝတ္ထု

လွန်လေပြီးသောအခါ မိထိလာပြည်၌ ဘုရားလောင်းသည် သာဓိန မည်သော မင်းဖြစ်၍ ခြောက်ဆောင်ကုန်သော အလှူတင်းကုပ်တို့ကို ဆောက်စေပြီးလျှင် နေ့တိုင်း ခြောက်သိန်းသော ဥစ္စာကိုစွန့်သဖြင့် အလှူကြီးပေးခြင်းကိုဖြစ်စေ၏။ ပဉ္စသိကိုလည်း စောင့်၏။ ဥပုသ်ကိုလည်းသုံး၏။ ထို ပြည်သားတို့သည်လည်း ထိုသာဓိနမင်း အဆုံးအမ၌တည်၍ ဒါနအစရှိသော ကောင်းမှုကို ပြုကုန်၍ သေတိုင်း သေတိုင်း နတ်ပြည်၌သာလျှင် ဖြစ်ကုန်၍ သုဓမ္မာနတ်သဘင်၌ နေကုန်လျက် သာဓိနမင်း၏ သီလအကျင့် အစရှိသော ကျေးဇူးကိုသာလျှင် ချီးမွမ်းကုန်၏။ ထိုစကားကို ကြား၍ ကြွင်းကုန်သော နတ်တို့သည်လည်း သာဓိနမင်းကို ဖြင်လိုကုန်၏။ သိကြားမင်းသည် ထိုနတ်တို့၏ ဗိတ်ကိုသိ၍ မာတလိနတ်သားကို သင်သည်သွားချေ ဝေဇယန္တာရထားဖြင့် သာဓိနမင်းကို ဆောင်ချေဟု စေ၏။ ထိုမာတလိနတ်သားသည် မိထိလာပြည်သို့သွား၍ သာဓိနမင်းကိုဆောင်၏။

သာဓိနမင်းကိုဖြင်၍ သိကြားနှင့်တကွကုန်သော နတ်တို့သည် ရွှင်လန်းနှစ်သက်ကုန်သည်ဖြစ်၍ ခဒိရင်္ဂီးကြိုဆိုခြင်းကို ပြုကြကုန်၏။ ထိုအခါ သာဓိနမင်းအား သိကြားမင်းသည် နတ်ပြည်ကိုလည်းကောင်း နှစ်ကုန်ခေါင်းသန်းကုန်သော နတ်သို့မီးတို့ကိုလည်းကောင်း ဝေဇယန္တာပြာသာဒ်ကိုလည်းကောင်း အလယ်၌ ဝက်၍ပေး၏။ သာဓိနမင်း နတ်စည်းစိမ်ကို ခံစားစဉ် လူတို့၏ အရေအတွက် အားဖြင့် အနှစ်ခုနစ်ရာတို့သည် လွန်ကုန်၏။ ထိုအခါ သာဓိနမင်းအား ထိုကိုယ်၏ အဖြစ်ဖြင့် နာဘ်ပြည်၌နေခြင်း၏ အကြောင်းကောင်းမှုသည် ကုန်၍ မနေ့မလွေ့လျော်ခြင်းသည် ဖြစ်၏။ သိကြားမင်းသည် ထိုအကြောင်းကိုသိ၍ မာတလိနတ်သားကို သင်သည် သွားချေ သာဓိနမင်းကို မိထိလာပြည်သို့ဆောင်၍ ဥယျာဉ်၌ ချချေလော့ဟု စေ၏။ ထိုမာတလိနတ်သားသည် သိကြားမင်း ဆိုတိုင်းပြု၏။ ဥယျာဉ်စောင့်သည် သာဓိန

မင်းကိုမြင်၍ မေးဖို့။ နာရဒမင်းအား ကြားလျှောက်၏ နာရဒ မင်းသည် .သာဓိနမင်း၏ ခုနစ်ဆက်မြောက်ဖြစ်သော မြေးဖြစ်သတတ်။ ထိုအခါ အသက်သည် အနှစ်တရာနေရသော ကာလသည် ဖြစ်သတတ်၊ ဘုရားလောင်းသည်ကား ဒီဓိကောင်းမှု၏ အစွမ်းအားဖြင့် ဤအနှစ်ခုနစ်ရာမျှသော ကာလကိုလွန်စေ၏။ နာရဒမင်းသည်လည်း လာလတ်၍ သာဓိနမင်းအား ရှိခိုး၍ မင်းအဖြစ်ဖြင့်ဘိတ်၏။ သာဓိနမင်းသည် အမောင်နာရဒ ငါ့အား မင်း၏ အဖြစ်ဖြင့် အလိုမရှိ၊ ငါသည် မင်းပြုအံ့သောဌာ ဤလူ့ပြည်သို့မလာ၊ ကောင်းမှုပြုအံ့သောဌာသာလာ၏။ ထိုကြောင့် အနှစ်ခုနစ်ရာလူ့ဒါန်းသောအလှူကို ခုနစ်ရက်ဖြစ်လျှင်လူ့လို၏ဟုဆို၏။နာရဒမင်းသည် ကောင်းပြီဟုဆို၍အလှူကြီးကိုစီရင်၏။ဘုရားလောင်းသည်ခုနစ်ရက်ပတ်လုံး အလှူကိုလှူ၍ခုနစ်ရက်မြောက်သော နေ့၌စုတေ၍ တာဝတိံသာနတ်ပြည်၌လျှင်ဖြစ်၏။ မြတ်စွာဘုရားသည် လည်းဥပသိဒ်ဆောက်တည်ကုန်သော သီဘင်းသည်တို့အား တရားဟောတော်မူသည်ရှိသော်သီဘင်းသည်တို့ဥပသိဒ်ကံမည်သည်ကားသုံးခြင်းဌာလျောက်ပတ်၏၊ ရှေးပညာရှိ တို့သည် မိဓိ၏ ဥပသိဒ်ကံကိုမှီ၍ လူတို့၏ကိုယ်ဖြင့်လျှင် နတ်ပြည်သို့သွား၍ ကြာမြင့်စွာနေဘူးကုန်၏ဟု မိန့်တော်မူ၍ ပက်ဏ္ဏကဋ္ဌ တဆဲ့ဘာခုမြောက် ဖြစ်သော သာဓိနရာဇဇာတ်ကို ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာကို ပြတော် မူသည်၏ အဆုံးဌ သီတင်းသည်တို့တွင် အချို့ကုန်သော သီတင်းသည် ကို့သည် သောဘာပန်ဖြစ်ကုန်၏။ အချို့ကုန်သောသီတင်းသည်တို့သည် သကဒါဂါမ်စသည်ဖြစ်ကုန်၏။ [သာဓိနမင်းဝတ္ထု]။

၁၂၇-သူငါးယောက်ဝတ္ထု

လွန်လေပြီးသောအခါ ဟိမဝန္တာ အရပ်၌ တပါးသော ရသေ့သည် အမျိုးကိုမှီ၍ မာနဖို့ နိုင်ငံသို့ လိုက်သည်ဖြစ်၍ ဈာန်ကို ဖြစ်စေခြင်းဌာ မတတ်နိုင်၊ ထိုရသေ့သည် တနေ့သ၌ ငါ့အား ဤမာနသည် ပွါးလတ်သေ့ ငရဲသို့ ဆောင်လတ္တံ့၊ ယခု ဤမာနကို မနှိပ်မူ၍ သစ်သီးကြီးငယ် အကျိုးဌာ မသွားအံ့ဟု ကြံ၍ မာနကို နှိပ်အံ့သောဌာ ဥပသိဒ်ကို ဆောက်တည်၍နေ၏။ တခုသော ဒိုသည် ရာဂ ဟူသော

ပူပန်ခြင်းသည် လောင်သည်ဖြစ်၍ ယခုငါသည် ဤရာဂကို မနှိပ်မူ၍ အစာရှာအံ့သောငှါ မသွားအံ့ဟု ရသေ့၏ အထံသို့ သွား၍ ရာဂကို နှိပ်အံ့သောငှါ ဥပုသ်ကို ဆောက်တည်၍ တင့်အပ် လျောက်ပတ်သော အရပ်၌ ဝပ်၏။ ထိုအတူ တခုသော မြွေသည်လည်း အမျက်ကို နှိပ်အံ့သောငှါ ဥပုသ်ကိုဆောက်တည်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ဝပ်၏။ တခုသော မြေခွေးသည်လည်း လောဘကို နှိပ်အံ့ သောငှါ ဥပုသ်ကို ဆောက်တည်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ဝပ်၏။ တခုသော ငံသည်လည်း အလွန်သောအလိုကို နှိပ်အံ့သောငှါ ဥပုသ်ကို ဆောက်တည်၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေ၏။ဤသို့ ဥပုသ်ကံသည် မကောင်းမှုကို နှိပ်ခြင်းငှါ ဖြစ်၏၊ ဤသို့ မှတ်အပ်၏။ မြတ်စွာဘုရားသည်လည်း ဥပုသ်ဆောက်တည်ကုန်သော သီတင်းသည်တို့အားတရားဟောတော်မူသည်ရှိသော် သီတင်းသည်တို့သင်တို့သည်ကောင်းသော အမှုကို ပြုအပ်၏၊ ဥပုသ်မည်သည်ကား ရှေးပညာရှိတို့၏ အနွယ်အကျင့်တည်း၊ ရှေးပညာရှိတို့သည် ရာဂအစရှိသော ကိလေသာကို နှိပ်အံ့သောငှါ ဥပုသ်ကို သုံးကုန်ပြီဟု မိန့်တော်မူ၍ ပကိဏ္ဏကဌ် ခုနစ်ခု မြောက်ဖြစ်သော ပဉ္စုပေါသထဇာတ်ကို ဟောတော်မူ၏။ [သူငါးယောက်ဝတ္ထု]။ ဥပေါသထကထာတည်း။

၁၂၈–စဏ္ဍပဇ္ဇောတမင်းဝတ္ထု

ဝေယျာဝစ္စကို ပြုခြင်းသည်ကား အရွယ် အားဖြင့်လည်းကောင်း ဂုဏ်အားဖြင့်လည်းကောင်း ကြီးမြတ်ကုန်သောသူတို့၏ ဝတ်ပဋိပတ်ကို ပြုခြင်းအစရှိသည်တို့၏ အစွမ်းအားဖြင့် ရအပ်၏၊ ထိုကြောင့် သင်္ဂီတိသုတ်အဋ္ဌကထာ၌–

> ဝုဗုတရာနံ ဝတ္တပဋိပတ္တိကရဏဝသေန ဂါမံ ပိဏ္ဍာယ ပဝိဋ္ဌံ ဘိက္ခုံ ဒိသွာ ပတ္တံ ဂဟေတွာ ဂါမေ ဘိက္ခံ သမာဒပေတွာ ဥပသံဟရဏဝသေန ဂစ္ဆ ဘိက္ခူနံ ပတ္တံ အာဟရာတိ သုတွာ ဝေဂေန ဂတ္တွာ ပတ္တာဟရဏာဒိဝသေနစ ဝေယျာဝစ္စသဟ ဂတံ ဝေဒိတဗ္ဗံ။

ဟူ၍ ဆိုအပ်၏။

ဝုဗုတရာနံ၊ အရွယ် အားဖြင့် လည်းကောင်း ဂုဏ်အားဖြင့်လည်း ကောင်း ကြီးမြတ်ကုန်သောသူတို့၏။ ဝတ္တပဋိပတ္တိကရဏဝသေန၊ ဝဋ်ပဋိပတ်ကိုပြုသည်၏ အစွမ်းအားဖြင့်။ ဂါမံ၊ရွာသို့။ ပိဏ္ဍာယ၊ဆွမ်းအလို့ငှါ။ပဝိဋ္ဌံ၊ဝင်သော။ ဘိက္ခုံ၊ရဟန်းကို။ ဒိသွာ၊မြင်၍။ ပတ္တံ၊ သပိတ်ကို။ ဂဟေတွာ၊ယူ၍။ဂါမေ၊ရွာ၌။ဘိက္ခံ၊ဆွမ်းကို။သမာဒပေတွာ၊နှိုးဆော်၍။ ဥပသံဟရဏဝသေန၊စုရုံးသည်၏အစွမ်းအားဖြင့်လည်းကောင်း။ဂစ္ဆ၊သွားချေ။ ဘိက္ခူနံ၊ရဟန်းတို့၏။ ပတ္တံ၊သပိတ်ကို။ အာဟရ၊ဆောင်ချေ။ ဇုတိဝစနံ၊ ဤသို့သော စကားကို။ သုတွာ၊ ကြား၍။ ဝေဂေန၊ အဟုန်အားဖြင့်၊ ဂတ္တွာ၊သွား၍။ ပတ္တာဟရဏာဒိဝသေနစ၊ သပိတ်ကိုဆောင်ခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း။ဝေယျာဝစ္စသဟဂတံ၊ဝတ်ပဋိပတ်ကို ကျင့်ကြောင်း စေတနာဟူသော ဝေယျာဝစ္စပုညကြိယဝတ္ထုကို။ဝေဒိတဗ္ဗံ၊သိအပ်၏။ ။ထိုဝေယျာဝစ္စသည်လည်းယာဉ်ထူးဝိသေသကို ရခြင်း၏အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။ ထိုစကား၌ ဤဝတ္ထုကို သိအပ်၏။ ။လွန်လေပြီးသောအခါ တယောက်သော အစိုးရသောသူသည် မြို့ပ၌ ရေချိုး၍ လာလတ်သော် ခရီးအကြား၌ ပစ္စေကဗုဒ္ဓါကို မြင်၏။ ထိုပစ္စေကဗုဒ္ဓါသည် မြို့၌ ဆွမ်းခံအလို့ငှါ သွား၍ မြို့အလုံးကို မာရ်နတ်သည် မြေးယှက်ပိတ်ပင်သည်၏ အဖြစ်ကြောင့် ဆွမ်းမရမူ၍ ဆေးမြဲတိုင်းသော သပိတ်ဖြင့် ထွက်သတတ်၊ အစိုးရသောသူသည် ထိုပစ္စေကဗုဒ္ဓါကို မြင်၍ ရှိခိုး၍ အရှင်ဘုရား တစုံတခုကို ရခဲ့ပါ၏လောဟု မေး၏ ဒါယကာ မြို့ဟွင်း၌လည်၍ ထွက်ခဲ့၏ဟု ပစ္စေကဗုဒ္ဓါသည် ဆို၏။ ထိုအစိုးရသောသူသည် အရှင်ပစ္စေကဗုဒ္ဓါကား ငါမေးသည်ကို မဆိုမူ၍ တပါးကို ဆို၏။ တစုံတခုကို မရခဲ့သည် ဖြစ်လတ္တံ့ဟု သပိတ်ကို ကြည့်လတ်သော် အချည်းနှီးသော သပိတ်ကို မြင်၍လည်း အိမ်၌ ထမင်း၏ ပြီးသည်၏ အဖြစ် မပြီးသည်၏အဖြစ်ကို မသိသည်၏အဖြစ်ကြောင့် မရသည်ဖြစ်၍ သပိတ်ကိုယူအံ့သောငှါမဝံ့၍ အရှင်ဘုရား- အတန်ငယ်သည်းခံတော်မူပါဦးဟု ဆို၍ လျင်မြန်စွာသောအဟုန်ဖြင့် အိမ်သို့ သွား၍ ထမင်း၏ ပြီးသောအဖြစ်ကိုသိ၍ တယောက်သော အလုပ်အကျွေးကို အမောင်သင်သည် သွားချေ လျင်မြန်စွာ သွား၍ အရှင်၏သပိတ်ကို ဆောင်ချေဟုစေ၏ ထိုအလုပ်အကျွေးသည် ပြေး၍ သပိတ်ကို ဆောင်၏။ အစိုး

ရသော သူသည်လည်း ဆွမ်းဖြင့် သပိတ်ကို ပြည့်စေ၍ ဤသပိတ်ကို လျင်မြန်စွာ အရှင်ဘုရားအား ကပ်ချေ၊ ငါသည် ဤဆွမ်းအလှူမှ အဘို့ကို သင့်အား ပေးဏီဟု ဆိုဏီ။ ထိုအလုပ်အကျွေးသည် လျင်မြန်စွာသွား၍ ပစ္စေကဗုဒ္ဓါအား သပိတ်ကိုကပ်၍ အရှင်ဘုရား-အကျွန်ုပ်သည် အချိန်နီးပြီဟု လျင်မြန်သော အဟုန်ဖြင့် သွားရလာရဏီ။ ထိုလျင်မြန်ခြင်းကို ဖြစ်စေသော ကုသိုလ်ဏီ အကျိုးအားဖြင့် အကျွန်ုပ်အား ယူဇနာ ငါးဆယ် ယူဇနာခြောက်ဆယ် ယူဇနာတရာ့နှစ်ဆယ် သွားခြင်းဌါစွမ်းနိုင်ကုန်သော ယာဉ်တို့သည် ဖြစ်စေကုန်သတည်း လာသော သွားသော အကျွန်ုပ်ဏီ ကိုယ်ကို နေဏီအရှိန်သည် ပူဏီ၊ ထိုကုသိုလ်ဏီ အကျိုးအားဖြင့် ဖြစ်လေရာဖြစ်လေရာအရပ်၌ အကျွန်ုပ်ဏီ အာဏာသည် နေရှိန်နှင့် တူသည် ဖြစ်စေသတည်း၊ ဤဆွမ်း၌ အရှင်သည် အကျွန်ုပ်အား အဘို့ကို ပေးအပ်ဏီ၊ ထိုကုသိုလ်ဏီ အကျိုးဆက်အားဖြင့် အကျွန်ုပ်သည် အရှင်ဘုရားတို့သည် မြင်အပ်သောတရား၌ သိမြင်အပ်သော အဘို့ရှိသည် ဖြစ်စေသတည်းဟု ဆိုဏီ။ ပစ္စေကဗုဒ္ဓါသည် ဤသို့ ဖြစ်စေသတည်းဟု ဆိုဏီ ပစ္စေကဗုဒ္ဓါတို့ဏီ ဂါထာဖြင့် အနုမောဒနာပြုဏီ ဖဲဏီ။ ထိုအလုပ်အကျွေးသည် သံသရာ၌ ကျင်လည်လျက် ဤ ငါတို့ ဘုရားဖြစ်ကော်မူသောအခါ၌ ဥဇ္ဇေနီမြို့၌ စဏ္ဍပဇ္ဇောတမည်သော မင်းဖြစ်ဏီ ထိုစဏ္ဍပဇ္ဇောတမင်းအား ယာဉ်ငါးပါးတို့သည် ထိုလျင်မြန်စွာ သွားခြင်းဏီ အကျိုးဆက်အားဖြင့် ဖြစ်ကုန်ဏီ။ ဘဒ္ဒဝတီ မည်သော တစီးသောဆင်မသည် နေ့ခြင်း ယူဇနာငါးဆယ် သွားဏီ၊ ကာကမည်သော ကျွန်သည် ယူဇနာခြောက်ဆယ် သွားဏီ၊ ဝေလမြင်း မုဥ္ဇကေ သိမြင်း ဤမြင်းနှစ်စီးဘို့သည် ယူဇာနတရာ သွားကုန်ဏီ၊ နာဌာဂိရိမည်သောဆင်သည် ယူဇနာတရာ့နှစ်ဆယ် သွားဏီ။

[စဏ္ဍပဇ္ဇောတမင်း ဝတ္ထု]။

၁၂၃–အင်လျှိသမားဝတ္ထု

ယာစကာတို့အား ခရီးကို ကြားခြင်းသည်လည်း ဝေယျာဝစ္စမည်ဏီ ထိုခရီးကြားခြင်း ဝေယျာဝစ္စသည်လည်း ယာဉ်ဝိသေသအစရှိသည်ကို ရခြင်းဏီ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်ဏီ။ ထို

စကား၌ ၏ဝတ္ထုကို သိအပ်၏။ ။လွန်လေပြီးသောအခါ ဥတ္တရာပထ အသိတဉ္ဇနမြို့၌ မဟာကံသ မင်း၏ ဒေဝဂဗ္ဘာ အမည်ရှိသော သမီး သည် ဖြစ်၏။ ထိုဒေဝဂဗ္ဘာမင်းသမီးသည် ဥတ္တရမရရာပြည်၏ အရှင် ဖြစ်သော မဟာသာဂရမည်သောမင်း၏ ဥပသာဂရမည်သော သား ကိုစွဲ၍ အဉ္ဇနဒေဝီ၊ ဝါသုဒေဝ၊ ဗလဒေဝ၊ စန္ဒဒေဝ၊ သူရိယဒေဝ၊ အဂ္ဂိဒေဝ၊ ဝရုဏဒေဝ၊ အဇ္ဇုန၊ မဇ္ဇုန၊ ဃဋ္ဌပဏ္ဍိတ၊ အက်ရ၊ ဤ တကျိပ်တယောက်ကုန်သော သမီးသားတို့ကိုရ၏။ထိုတကျိပ်တယောက် တို့တွင် ဝါသုဒေဝအစရှိကုန်သော ညီနောင်မင်းသား တကျိပ်တို့သည် ဇမ္ဗူဒိပ်အလုံး၌ အသိတဉ္ဇနအစ ဒွါရာဝတီ အဆုံးရှိသော ခြောက် သောင်း သုံးထောင်ကုန်သော မြို့တို့၌ ခပ်သိမ်းကုန်သော မင်းတို့ကို သတ်၍ ဒွါရာဝတီမြို့၌ နေကုန်လျက် နှမကြီးကို မအောက်မေ့မိ၍ ပြည် ကိုဆယ်စုပြု၍ ဝေကုန်၏။တဘန် နှမကြီးကို သတိရ၍ တဆဲ့တစု ပြုကြ ကုန်အံ့ဟုဆိုသော် ညီအထွေးဆုံးဖြစ်သော အက်ရမင်းသားသည် ငါ၏ အစုကို နှမတော်အဉ္ဇနဒေဝီအား ပေးကြကုန်လော့၊ငါသည် ကုန်သွယ် ခြင်းကိုပြု၍ အသက်မွေးအံ့၊စင်စစ် သင်တို့သည် မိမိမိမိတို့၏ဇနပုဒ်တို့၌ အခွန်ကို ငါ့အား လွှတ်ကြကုန်လော့ဟု ဆို၏။ ထို နောင်တော်မင်းတို့ သည် ကောင်းပြီဟု ဆို၍ အက်ရမင်းသား၏ အစုကို နှမအားပေး၏။ နှမနှင့်တကွ ဒွါရာဝတီ၌ နေကုန်၏။ ဤသို့ ဆိုခဲ့ပြီးသည်ကား ဤကျမ်း၌ အကျဉ်းတည်း၊ အကျယ်ကိုကား ဒသနိပါတ် ဃဋ္ဌပဏ္ဍိတ ဇာတ်၌ ကြည့်အပ်၏။ အက်ရ မင်းသားသည်ကား ကုန်သွယ်လျက် အလှူကြီးကို လှူ၏။ ထိုအက်ရမင်းသားအား အကျိုးစီးပွါးကို အလို ရှိသော ဘဏ္ဍာစိုးဖြစ်သော တယောက်သော ကျွန်သည် ရှိ၏။ အက်ရ မင်းသားသည် ထိုကျွန်အား တယောက်သော အမျိုးသမီးကို ဆောင်၍ ပေး၏။ ထို ဘဏ္ဍာစိုးကျွန်သည် သားဝမ်း၌ တည်လျှင် သေ၏။ ထိုဘဏ္ဍာစိုးကျွန်၏ သားသည် အရွယ်သို့ရောက်လတ်သော် ကျွန်ဟူ၍ မင်းမျိုး၌ အဆုံးအဖြတ်သည် ဖြစ်၏။ ထိုစကားကိုကြား၍ အဉ္ဇနဒေဝီ သည် နွားဥပမာကိုပြု၍ အမိတော်လှန်သော် သားသည် တော်လှန် သည်သာ ဖြစ်၏ ဟူ၍ ကျွန်၏အဖြစ်မှ လွတ်စေ၏။ သူငယ်သည်ကား ရှက်သောကြောင့် ထိုအရပ်၌နေခြင်းငှါ မတတ်နိုင်ရကား။ ရောရှဝမြို့သို့ သွား၍ ထိုရောရှဝမြို့၌ အပ်လျှိသမား၏သမီးကိုယူ၍ အသယ္ဟမည်သော

သေဌေးကြီး၏ အိမ်အနီး၌ နေလျက် အပ်လျှိသမား၏ အမှုဖြင့် အသက်မွေး၏။

ထိုအခါ အသယ္ဟသေဌေးကြီးသည် များစွာကုန်သော လူတို့အား အလှူကြီးပေးခြင်းကို ဖြစ်စေ၏။ ထိုအခါ အကြင်ယာစကာတို့သည် အသယ္ဟသေဌေး၏ အိမ်သို့ သွားရာလမ်းကို မသိကုန်၊ ထိုယာစကာတို့သည် ထိုအပ်လျှိသမားကို မေးကုန်၏။ ထိုအပ်လျှိသမားသည် လည်း ငါသည် ဧရေး၌ပြုခဲ့ဘူးသော ကောင်းမှုမရှိသည်၏အဖြစ်ကြောင့် ယခု ဤသို့ သဘောရှိကုန်သော ယာစကာတို့အား တရုံတခုကို လှူခြင်း၄ါ မစွမ်းနိုင်သည် ဖြစ်၏။ ဤယာစကာတို့အား အလှူတင်းကုပ်ကိုပြသည်ရှိသော် လာဘ်၏အကြောင်းကို ကြားသဖြင့် ဗိတိကိုဖြစ်စေရာ၏။ ဤမျှဖြင့်လည်း များစွာသော ကောင်းမှုကို ပွါးစေအံ့ဟု ရိုသေလေးမြတ်ခြင်းကို ဖြစ်စေ၍ လက်ျာလက်မောင်းကိုဆန့်၍ ဤအရပ်သို့သွား၍ ရအပ်သည်ကို ရစေကုန်သတည်းဟု ပြ၏။ ထိုအပ်လျှိသမားသည် နောက်အဘို့၌ စုတေ၍ ကြီးစွာသော သဲကန္တာရ၌ ချမ်းသာသော အရိပ်ရှိသော အထောင်မကသော ပါးပျဉ်းရှိသော အလျားအနံ အမြင့်အားဖြင့် လေးယူဇနာ ရှိသော တခုသော ပညောင်ပင်ကြီး၌ ဘူမဝိုးနတ်၏ အဖြစ်ဖြင့် ဖြစ်၏။ ထိုဘူမဝိုးနတ်၏ လက်ျာလက်သည် အလိုရှိတိုင်းကို ပေးတတ်သည် ဖြစ်၏။ ထိုအခါ နောက်အဘို့၌ အက်ရ မင်းသားသည် လှည်းငါးရာတို့ဖြင့် ဘဏ္ဍာကို ယူ၍ ကုန်သွယ်အံ့သောဌါ သွားလတ်သော် ထိုကန္တာရသို့ ရောက်၍ ခရီး၌ တွေဝေသည်ဖြစ်၍ များစွာသော နေ့ပတ်လုံး ထိုအရပ်၌ လှည့်လည်လတ်သော် မြက်ရေအာဟာရ ကုန်သည်ဖြစ်၏။ ထိုအခါ၌ ပညောင်ပင်ကြီးနတ်သည် အက်ရမင်းသားသည် ဧရေး၌ မိမိအား ပြုဘူးသော ကျေးဇူးကို အောက်မေ့၏။ မိမိ၏ပညောင်ပင်ကို အက်ရမင်းသားအား ပြ၏။ ထိုပညောင်ပင်ကိုမြင်၍ အက်ရမင်းသားသည် ရွှင်လန်း နှစ်သက်စွာ ပညောင်ပင်၏ အောက်၌နေခြင်းကိုပြု၏။ နတ်သည် လက်ျာလက်ကို ဆန့်၍ ဧရေးဦးစွာ သောက်ရေဖြင့် ခပ်သိမ်းသော လူအပေါင်းကို ရောင့်ရဲစေ၏။ ထိုနောင်မှ အကြင် အကြင်သူသည် အကြင် အကြင် ဝတ္ထုကို အလိုရှိ၏၊ ထိုထိုသူအား ထိုထိုဝတ္ထုကိုပေး၏။ ထိုပေးခြင်းကို မြင်၍ အက်ရမင်းသားသည် မေးလိုရကား အက်ရပေတဝတ္ထု၌-

ပါဏိ တေ သဗ္ဗသော ဝဏ္ဏံ၊ ပဥ္စဓာရော မရသဝေါ။
ကေန တေ ဗြဟ္မစရိယေန၊ ပုညံ ပါဏိမှိ ဧရဏ္ဍတိ။

ဟူသော ဂါထာကို ဆိုဏ်။

ဒေဝပုတ္တ၊ နတ်သား။ တေ၊ သင်ဏ်။ ပါဏိ၊ လက်ျာလက်သည်။ သဗ္ဗသောဝဏ္ဏံ၊ အလုံးစုံသော ရွှေဖြင့်ပြီးဏ်။ ပဥ္စဓာရော၊ လက်ဝါးချောင်းတို့မှ သူတပါးတို့သည် အလိုရှိအပ်ကုန်သော ဝတ္ထုတို့ဏ် အယဉ်ရှိဏ်။ မရသဝေါ၊ ကောင်းသောအရသာကို ယိုစီးစေတတ်ဏ်။ ကေနဗြဟ္မစရိယေန၊ အဘယ်အကျင့်မြတ်ကြောင့်။ တေ၊ သင်ဏ်။ ပါဏိမှိ၊ လက်၌။ ပုညံ၊ ကောင်းမှုဏ် အကျိုးသည်။ ဧရဏ္ဍတိ၊ ယခုပြည့်စုံသနည်း။

ထိုသို့မေးသောအခါ၌ အက်ရမင်းသားအား နတ်သားသည်ငါကား ရှေးဘဝ၌ရောရဝမြို့၌ အပ်လျှိသမားဖြစ်၍ အသယ္ဟမည်သော သေဋ္ဌေးကြီးဏ် အိမ်အနီး၌ နေဏ်။ ငါ့အား တစုံတခု လှူအပ်သော ဝတ္ထုသည်မရှိ။ ယာစကာတို့သည် အသယ္ဟသေဋ္ဌေးဏ် အလှူတင်းကုပ်သို့သွားရာလမ်းကို မသိကုန်သော် ငါ့ကို မေးကုန်ဏ်။ ငါသည် ထိုယာစကာတို့အား ခရီးလမ်းကို ကြားဘူးဏ်။ ဤသို့သော အနက်ကိုဆို၍ ထိုလမ်းပြသော ကုသိုလ်ကံကြောင့် ဤအကျိုးသည် ဖြစ်ဏ်ဟု ပြလိုရကား—

တေန ပါဏိ ကာမဒဒေါ၊ တေန ပါဏိ မရသဝေါ။
တေန မေ ဗြဟ္မစရိယေန၊ ပုညံ ပါဏိမှိ ဧရဏ္ဍတိ။

ဟူသော ဂါထာကို ဆိုဏ်။

တေန၊ ထိုကောင်းမှုကို ဝမ်းမြောက်ခြင်း ရှေ့သွားရှိသော အလှူရှင်ဏ် အိမ်လမ်းကို ကြားကာမျှဖြစ်သော အကြောင်းကြောင့်။ မေ၊ငါဏ်။ ပါဏိ၊ လက်သည်။ ကာမဒဒေါ၊ ပဒေသာပင်ကဲ့သို့ အလိုရှိတိုင်း အလိုရှိတိုင်းသော ဝတ္ထုကို ပေးတတ်ဏ်။ တေန၊ ထိုကောင်းမှုကို ဝမ်းမြောတ်ခြင်း ရှေ့သွားရှိသော အလှူရှင်ဏ်အိမ်လမ်းကို ကြားကာမျှဖြစ်သော အကြောင်းကြောင့်။မေ၊ ငါဏ်။ ပါဏိ၊ လက်သည်။မရသဝေါ၊ အလိုရှိအပ်သော ဝတ္ထုကို ယိုစီးစေတတ်ဏ်။ တေန ဗြဟ္မစရိယေန၊ ထိုကိုယ်ဖြင့် ဝေယျာဝစ္စကို ပြုခြင်းဟုဆိုအပ်သော မြတ်သော အကျင့်ကြောင့်။ မေ၊ငါဏ်။ ပါဏိမှိ၊ လက်၌။ ပုညံ၊ ကောင်းမှုဏ် အကျိုးသည်။ ဧရဏ္ဍတိ၊ ပြည့်စုံဏ်။

ထိုစကားကိုကြား၍ အင်္ဂရမင်းသားသည် အလိုရှိရာသို့ သွား၏။ ဤသို့ ဆိုအပ်ပြီးသည်ကား ဤကျမ်း၌အကျဉ်းတည်း။ အကျယ်ကိုကား အင်္ဂရပေတဝတ္ထု၌ ကြည့်အပ်၏။ ။[အပ်လျှိသမားဝတ္ထု]။

ဝေယျာဝစ္စ ကထာတည်း။

၁၃၀—သီတင်းသည် ဝတ္ထု

မဏိထူဏဝိမာန အဋ္ဌကထာ

အရံဥယျာဉ်ပျိုးခြင်း တန်းဆာဆင်ခြင်း အစရှိသည်တို့သည်လည်း နတ်ပြည်၌ ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်၏။ ထိုစကား၌ ဤဝတ္ထု တို့ကို သိအပ် ကုန်၏။ ။သာဝတ္ထိ ပြည်၌ တယောက်သော သီတင်းသည်သည် တော၌နေကုန်သော ရဟန်းတို့၏ ရွာသို့ ဆွမ်းခံအံ့သောဌါ လာရာခရီး၌ မညီမညွတ်သည်ကို ညီညွတ်စွာပြု၏။ ဆူးငြောင့်တို့ကို ပယ်ထုတ်၏။ သစ်ပင်ငယ်ချုံတို့ကို ပယ်၏။ ရေရှိသော ကာလတို့၌ မြောင်း၌ တံတားဘွဲ့၏။ သစ်ပင်မရှိကုန်သော အရပ်တို့၌ အရိပ်နှင့်ပြည့်စုံကုန်သော သစ်ပင်တို့ကို စိုက်၏။ ရေကန်တို့၌ မြေစိုင်ကို ထုတ်၍ ကျယ်စွာ နက်စွာပြု၏။ ဆိပ်တို့ကို ပြည့်စုံစေ၏။ စည်းစိမ်အားလျော်စွာ အလှူကိုလည်း ပေး၏။ သီလကိုလည်း စောင့်၏။ ထိုသီတင်းသည်လည်း နောက်အဘို့၌ သေ၍ တာဝတိံသာ နတ်ပြည်၌ တဆဲ့နှစ်ယူဇနာရှိသော ဖိမာန်၌ ဖြစ်၏။ ထိုနတ်သားကို အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ကပ်၍ ဂါထာတို့ဖြင့် မေး၏။

ဥစ္စမိဒံ မဏိထူဏံ ဝိမာနံ၊
သမန္တတော ဒ္ဝါဒသယောဇနာနိ။
ကူဋာဂါရာ သတ္တသတာ ဥဋ္ဌာရာ၊
ဝေဋ္ဌုရိယတ္ထမ္ဘာရစိရတ္ထတာ။
သုဘာ တတ္ထ ပိဝသိ ခါဒသိစ၊ ဒိဗ္ဗာစ ဝီဏာ ပဝဒန္တီ ဝဂ္ဂူ။
ဒိဗ္ဗရသာ ကာမဂုဏောတ္ထပဉ္စ၊နာရိယော နစ္စန္တီ သုဝဏ္ဏ ဆန္နာ။
ကေန တေ တာဒိသော ဝဏ္ဏော၊
ဣဓနုမိဇ္ဈတိ ဥပ္ပဇ္ဇန္တီစ။
တေ ဘောဂါ ယေကေစိ မနသော ပိယာ၊
ပုစ္ဆာမိ တံ ဒေဝ မဟာနုဘာဝ။

မနုဿဘူတော ကိမကာသိ ပုညံ၊
ကေနာသိ ဧဝံ ဇလိတာနုဘာဝေါ။
ဝဏ္ဏော တေ သဗ္ဗဒိသာ ပဘာသတိ။

မဟာနုဘာဝ၊ ကြီးသော အာနုဘော်ရှိသော။ ဒေဝ၊ နတ်သား။ တေ၊ သင်၏။ ဈုဒံဝိမာနံ၊ ဤဗိမာန်သည်။ ဥစ္စံ၊ မြင့်၏။ မဏိထူဏံ၊ ပဒုမရာဂအစရှိသော ပတ္တမြားဖြင့် ပြီးသော တိုင်ရှိ၏။ သမန္တတော၊ ဗိမာန်၏ ထက်ဝန်းကျင်ဟူသော လေးမျက်နှာ တို့သည်။ ဒွါဒသယောဇနာနိ၊ တဆဲ့နှစ်ယူဇနာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကူဋာဂါရာ၊ စုလစ်မွန်ချန်တပ်ကုန်သော အဆောင်တို့သည်။ သတ္တသတာ၊ ခုနစ်ရာရှိကုန်၏။ဥဋ္ဌာရာ၊ပြန့်ပြောကုန်၏။ ဝေဋ္ဌုရိယတ္ထမ္ဘာ၊ကျောက်မျက်ရွဲဖြင့် ပြီးသော တိုင်ရှိကုန်၏။ ရုစိရတ္ထတာ၊ ရွှေပျဉ်တို့ဖြင့် တပ်အပ်ကုန်၏။ သုဘာ၊ တင့်တယ်ကုန်၏။ တတ္ထ၊ ထိုဗိမာန်၌။ ပိဝသိစ၊ သောက်လည်းသောက်၏။ ခါဒသိစ၊ ခဲလည်းခဲ၏။ ဝဂ္ဂူ၊ သာယာကုန်သော။ ဒိဗ္ဗာစပီဏာ၊ နတ်စောင်းတို့သည်လည်း။ ပဝဒန္တိ၊ မြည်ကုန်၏။ ဧတ္ထ၊ ဤသင်၏ဗိမာန်၌။ ဒိဗ္ဗရသာ၊ နတ်တို့၏အရသာနှင့် ပြည့်စုံကုန်သော။ပဥ္စကာမဂုဏာ၊ ငါးပါးကုန်သောကာမဂုဏ်တို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ သုဝဏ္ဏဆန္ဒာ၊ ရွှေတန်းဆာဆင်ယင်ကုန်သော။ နာရိယောစ၊ နတ်သွီးတို့သည်လည်း။ နစ္စန္တိ၊ ကကုန်၏။ကေန၊ အဘယ်ကောင်းမှု အထူးကြောင့်။ တေ၊သင်၏။ ဝဏ္ဏော၊ အဆင်းသည်။ ဧတာဒိသော၊ ဤသို့သဘောရှိသနည်း။ ကေန၊ အဘယ်ကောင်းမှုအထူးကြောင့်။ တေ၊ သင်အား။ ဣဓ၊ဤအရပ်၌။ သုစရိတဖလံ၊ သုစရိုက်အကျိုးသည်။ ဈဇ္ဈတိနု၊ ပြည့်စုံသနည်း။ တေ၊သင့်အား။ယေကေစိ၊ခပ်သိမ်းကုန်သော။မနသောပိယာ၊ စိတ်သည် ချစ်အပ်ကုန်သော။ ဘောဂါစ၊ အသုံး အဆောင်တို့သည်လည်း။ ကေန၊ အဘယ်ကောင်းမှု အထူးကြောင့်။ ဥပ္ပဇ္ဇန္တိနု၊ မပြတ်ဖြစ်ကုန်သနည်း၊ တံ၊သင့်ကို။ ပုစ္ဆာမိ၊ငါမေး၏။ မနုဿဘူတော၊ လူဖြစ်၍ ဖြစ်သော သင်သည်။ ကိံပုညံ၊ အဘယ် ကောင်းမှုကို။ အကာသိပြုသနည်း။ ကေန၊ အဘယ်ကောင်းမှု အထူးကြောင့်။ ဧဝံ၊ ဤသို့။ ဇလိတာနုဘာဝေါ၊ ထွန်းပသော အာနုဘော်ရှိသည်။ အသိ၊ ဖြစ်သနည်း။ တေ၊ သင်၏။ ဝဏ္ဏောစ၊ အဆင်းသည်လည်း။ ကေန၊

ဈုစ္ဆာသယ ၁၅၅-၅၉

အဘယ်ကောင်းမှု အထူးကြောင့်။ သဗ္ဗဒီသာ၊ ခပ်သိမ်းသော အရပ်တို့ကို။ ပဘာသတိ၊ ထွန်းပသနည်း။

ဤသို့ အခွင့်မျောလွန်မထေရ်သည် မေးအပ်သော နတ်သားသည် ပြဿနာကို ဖြေလိုရကား ဤဂါထာတို့ကို ဆို၏။

အဟံ မနုဿေသု မနုဿဘူတော၊
ဝိဝနေ ပထေ သက်မနာကာသိ။
အာရာမရုက္ခာနိ အဝရောပေသိ၊
ဝိယာစ မေ သိလဝန္တော အဟောသုံ။
အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တော၊
သက္ကစ္စံ ဒါနံ ဝိပုလံ အဒါသိ။
ပရိစ္စဇန္တော သုစရိတဖလံ။
တေန မေ တာဒိသော ဝဏ္ဏော၊ တေန မေ ဣဓူပပတ္တိ။
ဥပပဇ္ဇန္တိစမေ ဘောဂါ၊ယေကေစိ မနုဿော ဝိယာ။
တေနမှိ ဇဝံ ဇလိတာနုဘာဝေါ၊
ဝဏ္ဏော မေ သဗ္ဗဒီသာ ပဘာသတိ။

ဘန္တေ၊အခွင့်တုရား။ အဟံ၊အကျွန်ုပ်သည်။ မနုဿေသုစ၊လူ့ဘောင်တို့၌၌။ မနုဿဘူတော၊ လူဖြစ်၍ ဖြစ်လတ်သော်။ ဝိဝနေ၊တော၌။ ပထေ၊ခရီး၌။ သက်မနံ၊ တံတားကို။ အကာသိ၊ ပြုခဲ့၏။ အာရာမရုက္ခာနိ၊ အရံသစ်ပင်တို့ကို။ တနည်းကား။ အာရာမရုက္ခာနိ၊အရံကိုပြု၍ သစ်ပင်မရှိသော ထိုအရပ်၌ သစ်ပင်တို့ကို။ အဝရောပေသိ၊ စိုက်ပျိုးခဲ့၏။ မေ၊ အကျွန်ုပ်သည်။ သိလဝန္တော၊ သိလရှိကုန်သော အခွင့် မြတ်တို့ကို။ ဝိယာစ၊ ချစ်အပ်ကုန်သည်လည်း။ အဟောသုံ၊ ဖြစ်ကုန်၏။ အန္နဉ္စ၊ ဆွမ်းကိုလည်းကောင်း။ ပါနဉ္စ၊အဖျော်ကိုလည်းကောင်း။ ပသန္နစိတ္တော၊ စွန့်လျက်။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍။ သက္ကစ္စံ၊ ရိုသေစွာ။ ဝိပုလံ၊ ပြန့်ပြောသော။ ဒါနံ၊အလှူကို။ အဒါသိ၊လှူခဲ့၏။ ကထံ၊ အသို့လှူခဲ့သနည်းဟူမူကား။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ သက္ကစ္စံ၊ ရိုသေစွာ။ အဒါသိ၊လှူခဲ့၏။ ကိဒိသံ၊အဘယ်သို့သောရှိသော အလှူကို။ အဒါသိ၊ လှူခဲ့သနည်းဟူမူကား။ အန္နဉ္စ၊

ဆွမ်းကိုလည်းကောင်း။ ပါနဥ္စ၊ အဖျော်ကိုလည်းကောင်း။ အဒါသိ၊ လှူခဲ့၏။ ၊တေန၊ထိုကောင်းမှု အထူးကြောင့်။ မေ၊အကျွန်ုပ်၏။ ဝဏ္ဏော၊ အဆင်းသည်။ ဧတာဒိသော၊ ဤသို့သဘောရှိ၏။ တေန၊ ထိုကောင်းမှု အထူးကြောင့်။ မေ၊အကျွန်ုပ်အား။ သုစရိတဖလံ၊သုစရိုက်အကျိုးသည်။ ဣဓ၊ဤအရပ်၌။ ဣဇ္ဇတိ၊ ပြည့်စုံ၏။ တေန၊ထိုကောင်းမှု အထူးကြောင့်။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ မနသောပိယာ၊စိတ်သည် ချစ်အပ်ကုန်သော။ ဘောဂါ၊စည်းစိမ်တို့သည်လည်း။ မေ၊အကျွန်ုပ်အား။ ဥပပဇ္ဇန္တိ၊ မပြတ်ဖြစ်ကုန်၏။ တေန၊ ထိုကောင်းမှုအထူးကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ ဧဝံ၊ဤသို့။ ဇလိတာနုဘာဝေါ၊ထွန်းပသော အာနုဘော်ရှိသည်။ အမှိ၊ ဖြစ်၏။ တေန၊ ထိုကောင်းမှုအထူးကြောင့်။ မေ၊ အကျွန်ုပ်၏။ ဝဏ္ဏော၊ အဆင်းသည်။ သဗ္ဗဒိသာ၊ ခပ်သိမ်းကုန်သော အရပ်မျက်နှာတို့ကို။ ပဘာသတိ၊ ထွန်းပ၏။ [သိတင်းသည်ဝတ္ထု]

၁၃၁-နွားကျောင်းသားဝတ္ထု

လွန်လေပြီးသောအခါ ကဿပဘုရားရှင်လက်ထက်တော်၌ တပါးသော ရဟန္တာသည် တခုသောရွာ၌ ဆွမ်းခံ၍ ရွာ၏ အပ တခုသော အရပ်၌ ဆွမ်းဘုဉ်းပေးခြင်းကိစ္စကိုပြု၏၊ထိုရဟန္တာကိုမြင်၍တယောက်သော နွားကျောင်းသားသည် အရှင်မြတ်သည် နေရောင်ပူခြင်းကြောင့် ပင်ပန်း၏ဟု ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ကုတ္ကိုသားတိုင် လေးတိုင်ဖြင့် သစ်ခက်မဏ္ဍပ်ကိုဆောက်လုပ်၍လှူ၏။(မဏ္ဍပ်၏အနီး၌ကုတ္ကိုပင်ကို စိုက်၏ဟူ၍လည်း ဆိုကုန်၏)။နွားကျောင်းသားသည်သေ၍ ထိုကောင်းမှုကံကြောင့်လျှင် စာတုမဟာရာဇ် နတ်ပြည်၌ ဖြစ်၏။ ထိုနတ်သား၏ ဗိမာန်တံခါး၌ ရှေးကံကိုပြတတ်သော ကုတ္ကိုတောသည်ဖြစ်၏။ အဆင်းအနံ့နှင့် ပြည့်စုံသော အပွင့်တို့ဖြင့် ကုတ္ကိုတောသည် အခါခပ်သိမ်း တင့်တယ်၏။ ထိုသို့ ကုတ္ကိုတော ရှိသည်၏အဖြစ်ကြောင့် ထိုဗိမာန်သည် သေရီသကဗိမာန်ဟူ၍ ထင်ရှား၏။ ထိုနတ်သားသည် ဘုရားနှစ်ဆူတို့၏ တခုသော အကြားပတ်လုံး နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်၍ ဤဝါတို့မြတ်စွာဘုရား ဖြစ်တော်မူသောအခါ၌ ကဿပမထေရ်၏ လူ့လက်ထက်က အဆွေခင်ပွန်းဖြစ်ကုန်သော ဝိမလ အစ

ရှိသော လေးယောက်ကုန်သော သေဋ္ဌေးသားတို့တွင် ဂဝံပတိအမည် ရှိသော သေဋ္ဌေးသားဖြစ်၍ မြတ်စွာဘုရား၏ မွေဒေသနာတော်ကြောင့် အရဟတ္တဖိုလ်၌ တည်၏။ ဤသို့ သတ္တမဝင် သေရီသက ဝိမာန အဋ္ဌကထာ၌လျှင် ဆိုအပ်၏။ ဒီဃနိကာယ် မဟာဝင် ပါယာသိသုတ် အဋ္ဌကထာ၌ကား ဂဝံပတိ မထေရ်သည် ရှေးလူဖြစ်သောကာလ၌ နွားကျောင်းသားငယ်တို့၏ အကြီး ဖြစ်၍ ကုက္ကိုပင်၏ အရင်းကို သုတ်သင်၍ သဲကြဲ၍ တပါးသော ဝိဏ္ဍပါတ် ဆောက်တည်သော မထေရ်ကို ကုက္ကိုပင်ရင်း၌ သီတင်းသုံးနေစေ၍ မိမိသည် ရအပ်သော အာဟာရကိုလှူ၍ ထိုကိုယ်၏ အဖြစ်မှ စုတေသော် ထိုကောင်းမှု၏ အာနုဘော်အားဖြင့် ထိုဗိမာန်၌ ဖြစ်သတတ်။ ကုက္ကိုပင်သည် ဗိမာန် တံခါး၌ တည်၏။ အနှစ်ငါးဆယ်တို့ဖြင့် သိ၏။ ထိုနောက်မှ အနှစ် ငါးဆယ်တို့သည် ရောက်ကုန်ပြီဟု နတ်သားသည် ထိတ်လန့်ခြင်းသို့ ရောက်၏။ ထိုနတ်သားသည် ငါတို့မြတ်စွာဘုရားလက်ထက်တော်၌ လူ့ပြည်၌ဖြစ်၍ မြတ်စွာဘုရား၏ မွေကထာကိုနာရ၍ ရဟန္တာအဖြစ်သို့ ရောက်၏ဟု ဆိုအပ်၏။ ။[နွားကျောင်းသားဝတ္ထု]။

ဤသို့ ဥပုသ်အင်္ဂါကို ဆောက်တည်ခြင်းအစရှိကုန်သော အပြစ်မရှိ ကုန်သောသူတို့ကို အထူးထူးအပြားပြားရှိကုန်သောနတ်ပြည်၌ဖြစ်ခြင်း အစရှိကုန်သော စီးပွါးချမ်းသာတို့ကို ရခြင်းအကြောင်း ဖြစ်သော ကြောင့် မင်္ဂလာမည်၏ဟူ၍သိအပ်ကုန်၏။ ။အနဝဇ္ဇကမ္မကထာတည်း။

ဒါနဥ္စမွေစရိယာ၊ ဉာတကာနဥ္စသင်္ဂဟော။
အနဝဇ္ဇာနိကမ္မာနိ ဧတံမင်္ဂလမုတ္တမံ။

ဟူသော ဤဂါထာဖြင့်လည်း ဒါန၊ မွေစရိယ၊ ဉာတကသင်္ဂဟ၊ အနဝဇ္ဇ ကမ္မ ဟူသော မင်္ဂလာလေးပါးတို့၏ အပေါင်းကို ဟောတော်မူအပ်၏။

ပဥ္စမဂါထာ၏ အနက်အဘွင့်သည် ပြီး၏။

၁၈-၁၉-အာရတီ ဝိရတီ မင်္ဂလာ

၁၃၂-အာရတီ ဝိရတီ၏ အကြောင်းကိုပြခြင်း

အာရတီဝိရတီအစရှိသော ဆဋ္ဌဂါထာ၌ မကောင်းမှု၌ အပြစ်ကို ရှုသောသူ၏စိတ်ဖြင့်သာလျှင် မမေ့မလျော့ခြင်းသည် အာရတီမည်၏။

ကမ္မဒ္ဓါရဏ်အစွမ်းအားဖြင့် ကိုယ်နှုတ်တို့ဖြင့် ကြဉ်ခြင်းသည် ဝိရတီ မည်၏။ ထိုဝိရတီသည် သမ္ပတ္တဝိရတီ၊ သမာဒါနဝိရတီ သမုစ္ဆေဒ ဝိရတီဟူ၍ သုံးပါးအပြားရှိ၏။ယခုအခါ၌ အဌသာလိနီအစရှိသည်တို့၌ ဆိုအပ်သော နည်းဖြင့် ဝိရတီသုံးပါးတို့၏သရုပ်ကို ဆိုအပ်၏။ထိုသုံးပါး ကုန်သော ဝိရတီတို့တွင် မိမိ အမျိုးအနွယ် အရွယ် အကြား အမြင်များ သည်၏ အဖြစ် အစရှိသည်တို့ကို ဆင်ခြင်ကုန်၍ ငါတို့အား ဤသို့ သဘောရှိသော အမှုကို ပြုခြင်းငှါ မလျောက်ပတ်ဟု ရောက်သော ဝတ္ထုကို မလွန်ကျူးကုန်သော ဆောက်တည်သော သိက္ခာပုဒ် မရှိကုန် သောသူတို့အား ဖြစ်သော ဝိရတီ။သိဟိုဠ်ကျွန်း၌ စက္ကနသီတင်းသည်၏ ဝိရတီကိုကဲ့သို့ သမ္ပတ္တဝိရတီ မည်၏ဟူ၍ သိအပ်၏။ ထိုစက္ကန၏ ငယ်သောကာလ၌လျှင် အမိအား ရောဂါသည် ဖြစ်သတတ်။ ဆေး သမားသည်လည်း ယုန်သားစိုကို ရခြင်းငှါ သင့်၏ဟု ဆို၏။ ထိုအခါ စက္ကန၏ အစ်ကိုသည် ညီထွေးစက္ကန လယ်သို့သွား၍ရှာချေဟု စက္ကနကို စေ၏။ စက္ကနသည် လယ်သို့ သွား၏။ ထိုအခါ တခုသော ယုန်သည် ကောက်ပင်နုကို စားအံ့သောငှါ လာ၍ စက္ကနကိုမြင်၍ လျင်မြန်သော အဟုန်ဖြင့် ပြေးသွားလတ်သော် နွယ်၌ငြိ၍ ကိရိ ဟူသော အသံကိုပြု၏။ ထိုအသံကိုကြား၍စက္ကနသည်သွားပြီးလျှင် အမိ၏ဆေးကိုပြုအံ့ဟုဘမ်း၍ အကြင် ငါသည် အမိ၏ အသက်ကြောင့် သူတပါးကို အသက်မှ ချဉ်းအံ့၊ ဤအသက်မှ ချခြင်း အမှုသည် ငါ့အား မလျောက်ပတ်ဟု ကြီ၍ တော၌ ယုန်တို့နှင့် တကွ မြက်ရေကို စားလေသောက်လေ လော့ဟု ဆို၍ လွှတ်လိုက်၏။ထိုစက္ကနသီတင်းသည်သည် အိမ်သို့လာ၍ အစ်ကိုသည် မေးလတ်သော် ထိုအကြောင်းကို ပြောဆို၏။အစ်ကိုသည် ရေရွတ်အပ်သော်လည်း အမိအထံသို့ သွား၍ မိခင် ငါသည် အကြင် အခါမှစ၍ ဖြစ်၏၊ သတ္တဝါကို စိတ်စေတနာရှိသည်ဖြစ်၍ အသက်မှ ချမိဘူး၏ဟူ၍ မသိဟူ၍ သစ္စာကိုဆို၍ တည်၏။ထိုခဏ၌လျှင် စက္ကန၏ အမိသည် ရောဂါကင်း၏။ ။[အဌသာလိနီအဌကထာ သမ္မာဒိဋ္ဌိသုတ် အဌကထာနည်းတည်း]။

ယော သိက္ခာပဒါနိ အဂဟေတွာ ကေဝလံ အတ္တနော ဂေါတ္တ ကုလ ပဒေသာဒီနိ အနုဿရိတွာ နမေ ဧုဒံ ပဋိရူပန္တိ ပါဏာတိပါတာဒီနိ နကရောတိ။ သမ္ပတ္တဝတ္ထုံ ပရိဟရတိ။

တတော အာရမ္မတိ ဝိရမတိ။ တာသ သာဝိရတိသမ္ပတ္တိ ဝိရတိတိ ဝေဒိတဗ္ဗာ။ အဇ္ဇတဂ္ဂေ ဇီဝိတပေါတ္ထဝိ ပါဏာတိ· ပါတာဝိရမာဓိဘိဝါ ဝေရမဏိ˚ သမာဒိယာမိတိဝါ ဇံ သိက္ခာပဒါနိ ဂဏ္ဍန္တိသ ပန ဝိရတိ သမာဒါနဝိရတိ။

[ကုဋုဒန္တသုတ် အဋ္ဌကထာ]။

ယော၊ အကြင်သူသည်။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ အဂ ဟောတွာ၊ မယူမူ၍။ ကေဝလံ၊ သက်သက်။ အတ္တနော၊ မိမိ၏။ ဂေါတ္တ ကုလပဒေသာဒိနိ၊ အနွယ်အမျိုးအရပ်အစရှိသည်တို့ကို။ အနုဿရိတွာ၊ အောက်မေ့၍။ ဣဒံ၊ ဤပါဏာတိပါတ အစရှိသော အမှုသည်။ မေ၊ ငါ့အား။ နာဒ္ဒိုရုပ်၊ မလျောက်ပတ်။ ဣတိ၊ ဤသို့ နှလုံးယွင်း၍။ ပါဏာ တိပါတာဒိနိ၊ ပါဏာတိပါတ အစရှိသည်တို့ကို။ နာကရောတိ၊ မပြု။ သမ္ပတ္တဝတ္ထုံ၊ ရောက်သော ဝတ္ထုကို။ ပရိဟရတိ၊ ကြဉ်၏။ တတော၊ ထိုရောက်သော ကြဉ်အပ်သော ဝတ္ထုမှ။ အာရမ္မတိ၊ စိတ်ဖြင့်ကြဉ်၏။ ဝိရမဘိ၊ကိုယ်နှုတ်ဖြင့်ကြဉ်၏။ တာသ၊ထိုသူ၏။သာဝိရတိ၊ထိုဝိရတိကို။ သမ္ပတ္တဝိရတိတိ၊ သမ္ပတ္တဝိရတိဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ အဇ္ဇတဂ္ဂေဒိဝိတပေါတ္ထဝိ ပါဏံ နဟာနာဓိတိဝါ၊ အဇ္ဇတဂ္ဂေ ဇီဝိတပေါတ္ထ ပါဏံနဟာနာဓိ ဟူ၍ လည်းကောင်း။ ပါဏာတိပါတာ ဝိရမာဓိတိဝါ၊ ပါဏာတိပါတာ ဝိရမာဓိဟူ၍ လည်းကောင်း။ ဝေရမဏိ˚ သမာဒိယာ ဓိတိဝါ၊ ဝေရမဏိ˚ သမာဒိယာဓိဟူ၍ လည်းကောင်း။ ဇံ၊ ဤသို့။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ ဂဏ္ဍန္တိသ ပန၊ ယူသောသူ၏ကား။ ဝိရတိ၊ ဝိရတိ ကို။ သမာဒါနဝိရတိ၊ သမာဒါနဝိရတိဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ။နဟာနာဓိတိဟူသောပါဠိ၌ ဣတိသဒ္ဒါသည် အာဒိအနက် ရှိ၏။ ထိုဣတိသဒ္ဒါဖြင့် အဒိန္နံနာဒိယာဓိ အစရှိသည်တို့ကို သင်္ဂြိဟ်၏။ ဝါနည်းကား-နဟာနာဓိတိဝါ ဟူသော ပါဠိ၌ ဝါသဒ္ဒါဖြင့် အဒိန္နံနာဒိ ယာဓိ အစရှိသည်တို့ကို သင်္ဂြိဟ်၏။ ။ထိုကြောင့် သိက္ခာပဒါနိ ဂဏ္ဍန္တိသ-ဟူ၍ အဋ္ဌကထာဆရာဆို၏။ ။(ထိုအဋ္ဌကထာ၏ဋီကာ)။

ပါဏံ နဟနေ နစာဒိန္နံ မာဒိယေ၊
မုသာ နဘာသေယျ နမဇ္ဇပေါ သိယာ။
အပြိပ္ပဒစရိယာ ဝိရမေယျ မေထုနာ၊
ရတ္တိ˚ နဘောဇေယျ ဝိကာလဘောဇနံ။

မာလံ နဓာရေ နစ ဂန္ဓမာစရေ၊
မဉ္စေ ဆမာယံဝါ သယေထ သန္ထတေ။
တေဦ အဌဂီက မာဟု ပေါသထံ၊
ဗုဒ္ဓေန ဒုက္ခန္တဂုနာ ပကာသိတံ။

ဟူ၍ ပါဠိတော်လာရကား ပါဏံနဟနာမိဟူ၍ သိက္ခာပုဒ် ယူသော အခြင်းအရာကို အဌကထာဆရာဆိုသည်။ ၏အဌကထာနည်းအားဖြင့် သိက္ခာပုဒ်တို့ကို ယူသောသူသည်—

ပါဏံ နဟနာမိ။ အဒိန္နံ နာဒိယာမိ။ အဗြဟ္မစရိယာ ဝိရမာမိ။ မုသာ နဘဏာမိ။ မဇ္ဇံ နပိဝါမိ။ ဝိကာလဘောဇနံ နဘုဥ္ဇာမိ။ နဂီတ ဝါဒိတ ဝိသုကဒဿနမာလာဂန္ဓဝိလေပနဓာရဏမဏ္ဍန ဝိဘူသနဌာနံ နစရာမိ။ ဥစ္စာသယာနမဟာသယနေ နသယာမိ။

ဟူ၍ လည်းကောင်း။

ပါဏာတိပါတာ ဝိရမာမိ။ အဒိန္နာဒါနာ ဝိရမာမိ။ အဗြဟ္မစရိယာ ဝိရမာမိ၊ မုသာဝါဒါ ဝိရမာမိ။ သုရာမေရယမဇ္ဇပမာဒဌာနာ ဝိရမာမိ။ ဝိကာလဘောဇနာ ဝိရမာမိ။ နစ္စဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဌာနာ ဝိရမာမိ။ ဥစ္စာသယနမဟာသယနာ ဝိရမာမိ။

ဟူ၍လည်းကောင်း။

ပါဏာတိပါတာ ဝေရမဏိံသမာဒိယာမိ။ အဒိန္နာဒါနာ ဝေရမဏိံသမာဒိယာမိ။ အဗြဟ္မစရိယာ ဝေရမဏိံသမာဒိယာမိ။ မုသာဝါဒါ ဝေရမဏိံ သမာဒိယာမိ။ သုရာမေရယမဇ္ဇပမာဒဌာနာ ဝေရမဏိံ သမာဒိယာမိ။ ဝိကာလဘောဇနာ ဝေရမဏိံ သမာဒိယာမိ။ နစ္စဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓဝိလေပနဓာရဏမဏ္ဍန ဝိဘူသနဌာနာ ဝေရမဏိံသမာဒိယာမိ။ ဥစ္စာသယန မဟာသယနာ ဝေရမဏိံ သမာဒိယာမိ။

ဟူ၍ လည်းကောင်း ယူသင့်သေး၏။

သိက္ခာပုဒ်တို့ကို ဆောက်တည်သော ကာလတို့၌ လည်းကောင်း ထိုထက် အလွန်ဖြစ်သော ကာလတို့၌လည်းကောင်း မိမိ၏အသက်ကို လည်းစွန့်၍ ဝတ္ထုကို မလွန်ကုန်သော ဆောက်တည်သော သိက္ခာပုဒ်ရှိ

သောသူတို့၌ဖြစ်သော ဝိရိတိကိုကား ဥတ္တရဝဏ္ဏမာနရွာ၌ နေသော သိတင်းသည်၏ ဝိရတိကိုကဲ့သို့ သမာဒါနဝိရတိဟူ၍ သိအပ်၏။ ထိုသိတင်းသည်သည် အပ္ပရိယကျောင်း၌ သိတင်းသုံးသော ဝိလင်္ဂ ဗုဒ္ဓရက္ခိတမထေရ်၏ အထံ၌ သိက္ခာပုဒ်ကိုယူ၍ လယ်ထွန်လျက် နွားပျောက်လတ်သော် နွားရှာလို၍ ဥတ္တရဝဏ္ဏနတောင်သို့ တက်သတတ်။ ထိုတောင်၌ သိတင်းသည်ကို စပါးကြိုးသည် ဘမ်း၏။ သိတင်းသည်သည် ဤထက်စွာသော ဝဲနွပ်ဖြင့် ဤစပါးကြိုး၏ ဦးခေါင်းကို ဖြတ်အံ့ဟု ကြံ၍ စာဘန် အကြင်ငါသည် ပွါးစေအပ်သော အလေးအမြတ်ပြုအပ်သော မထေရ်၏ အထံ၌ သိက္ခာပုဒ်ကို ယူ၍ ဗျက်ငြားအံ့ တို့ဗျက်ဆိုးခြင်း အမှုသည် ငါ့အားမလျောက်ပတ်။ ဤသို့ သုံးကြိမ် မြောက်အောင် ကြံ၍ အသက်ကိုစွန့်အံ့၊ သိက္ခာပုဒ်ကိုမစွန့်အံ့ဟု ပခုံးဦး ထားသော ထက်ဝက်သော အရိုးတပ်သော ဝဲနွပ်ကိုတော၌ စွန့်ပစ်၏။ ထိုခဏာ၌လျင် စပါးကြိုးသည် လွတ်၍ သွား၏။ ။[သမ္မာဒိဋ္ဌိသုတ် အဋ္ဌကထာအစရှိသည်တို့မှလာသောနည်း။]။ အရိယမဂ်နှင့်ယှဉ်သော ဝိရတိကား သမုစ္ဆေဒဝိရတိဟူ၍ သိအပ်၏။ အကြင်သမုစ္ဆေဒ ဝိရတိဖြစ်သောအခါမှစ၍ သတ္တဝါကိုသတ်အံ့ဟူသော စိတ်သည်လည်း အရိယာပုဂ္ဂိုလ်အား မဖြစ်။ ။[သမ္မာဒိဋ္ဌိသုတ် အဋ္ဌကထာအစရှိသည်မှလာသောနည်း]။ ။ဤအဋ္ဌကထာ၌ စိတ်သည်မဖြစ်ဟူသောစကားဖြင့် ငါးပါးသော ဝေရစိတ်သည် ငြိမ်းသလျင်ကတည်းဟူသောအနက်ကို ပြု၏။ ။ထိုကြောင့်အဋ္ဌကထာ၌-

> အရိယမဂ္ဂသမ္ပယုတ္တာ သမုစ္ဆေဒဝိရတိနာမ။ ယသ္မာ ပဝတ္တိတော ပဘုတိ အရိယသာဝကသ္သ ပဉ္စဘယာနိ ဝေရာနိ ဥပသန္တာနိ ဟောန္တိ။ ။ဟူ၍ဆိုအပ်၏။

အရိယမဂ္ဂ သမ္ပယုတ္တာ၊ အရိယမဂ်နှင့် ယှဉ်သော ဝိရတိသည်။ သမုစ္ဆေဒဝိရတိ။ သမုစ္ဆေဒဝိရတိမည်၏။ ယသ္မာ၊ အကြင်သမုစ္ဆေဒ ဝိရတိ၌။ ပဝတ္တိတော၊ ဖြစ်သည်မှ။ ပဘုတိ၊စ၍။ အရိယသာဝကသ္သ၊ အရိယာဖြစ်သော ဘုရားတပည့်အား။ ပဉ္စ၊ ငါးပါးကုန်သော။ ဘယာနိ၊ ဘေးကိုပြုတတ်ကုန်သော စေတနာဟူကုန်သော သဘောတို့သည်။ ဝေရာနိ၊ ရန်ကိုပြုတတ်ကုန်သော စေတနာဟူကုန်သော

သဘောတို့သည်။ ဂူပသန္တာနိ၊ ငြိမ်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ [ဝိရတီသုံးပါးသရုပ်တည်း]။ ကံကိလေသာဟု ဆိုအပ်သော လေးပါး အပြားရှိသော အကုသိုလ်သည် ပါပ-မကောင်းမှု မည်၏။ ထိုစ ကား သင့်၏။ ။သိဂ်ါလသုတ်၌-

ကတမဿ စတ္တာရော ကမ္မကိလေသာ ပဟီနာ ဟောန္တိ။
ပါဏာတိပါတောခေါ ဂဟပဟိပုတ္တ ကမ္မကိလေသော၊အဒိန္နာ
ဒါနံ ကမ္မကိလေသော၊ ကာမေသုမိစ္ဆာစာရော ကမ္မကိလေ
သော၊ မုဒါဝါဒေါ ကမ္မကိလေသော။ ဣမဿ စတ္တာရော
ကမ္မကိလေသာ ပဟီနာ ဟောန္တိတိ။
ဣဒ မဝေါစ ဘဂဝါ၊ ဣဒံ ဝတ္ဝာန သုဂတော။
အထာပရံ ဧတဒဝေါစ သတ္ထာ၊
ပါဏာတိပါတော အဒိန္နာဒါနံ၊ မုဒါဝါဒေါစ ဝုစ္စတိ။
ပရဒါရ ဂမနဉ္စ၊ နပသံသန္တိ ပဏ္ဍိတာတိ။

ဟူသောစကားကို ဟောတော်မူ၏။

အဿ၊ ထိုသောတာပန် သည်။ ကတမေ၊ အဘယ်မည်ကုန်သော စတ္တာရော၊ လေးပါးကုန်သော။ ကမ္မကိလေသာ၊ ကံကိလေသာ တို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ဂဟပ တိပုတ္တ၊ သူကြွယ်သား။ ခေါ၊ စင်စစ်။ ပါဏာတိပါတော၊ ပါဏာတိ ပါတသည်။ ကမ္မကိလေသော၊ ကံကိလေသာတည်း။ အဒိန္နာ ဒါနံ၊ အဒိန္နာဒါနသည်။ ကမ္မကိလေသော၊ ကံကိလေသာ တည်း။ ကာမေသု မိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရသည်။ ကမ္မကိလေသော၊ ကံ ကိ လေသာတည်း။ မုသာဝါဒေါ၊ မုသာဝါဒသည်။ ကမ္မကိလေသော၊ ကံကိလေသာတည်း။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေကမ္မကိ လေသာ၊ ဤကံကိလေသာတို့ကို။ အဿ၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ ပဟီနာ၊ ပယ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ ဣဒံဝစနံ၊ ဤစကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ဟောတော်မူ၏။ သုဂတော၊ကောင်းသောစကားကို ဆိုတော်မူတတ်သောမြတ်စွာဘုရား သည်။ ဣဒံ၊ ဤစကားကို။ ဝတ္ဝာန၊ ဟောတော်မူပြီး၍။ သတ္ထာ၊ လူနတ် တို့ကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်။ အထံ၊ ထိုနောင် မှ။ အပရံ၊ တပါးသော။ ပါဏာတိပါတော။လ။ နပသံသန္တိ ပဏ္ဍိတာ

တိ၊ ပါဏာတိပါတော။လ။ နပသံသန္တီ ပဏ္ဍိတာဟူသော။ ဧတံဝစနံ၊ ထိုစကားကို။ အဝေါစ၊ ဟောတော်မူ၏။ပါဏာတိပါတော၊ ပါဏာတိပါတကိုလည်းကောင်း။အဒိန္ဒာဒါနံ၊ အဒိန္ဒာဒါနကို လည်းကောင်း။မုသာဝါဒေါ၊မုသာဝါဒကိုလည်းကောင်း။ ပရဒါရဂမနဉ္စ၊ကာမေသုမိစ္ဆာစာရကိုလည်းကောင်း။ ဝုစ္စတိ၊ ကံ ကိလေသာဟူ၍ ဆိုအပ်၏။ ဣတိဣမေ ကမ္မကိလေသေ၊ ၏ ကံ ကိလေသာတို့ကို။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ နပသံသန္တီ၊ မချီးမွမ်းကုန်။ ။ကမ္မကိလေသာ ဟူ၍ ဟောတော်မူခြင်းကြောင့် ကမ္မပထသို့ ရောက်ကုန်သော ပါဏာတိပါတ အစရှိသည်တို့ကိုသာလျှင် ယူအပ်ကုန်၏။ ဒုစ္စရိုက်ဖြစ်ခါမျှတို့ကို မယူအပ်ကုန်။ ထိုစကားသည် သင့်၏။ ကာယကံ ဝစီကံ မဖြစ်မူ၍ ဒုစ္စရိုက်ဟူ၍ ဆိုအပ်သော အကုသိုလ်သည် ရှိ၏။ ထိုကြောင့် အဌသာလိနီ၌—

ကာယဝစီ ဒွါရေသု ဟိ စောပနံ ပတ္တာ ကမ္မပထံ အပတ္တမ္ပိ အတ္ထိ။မနောဒွါရေသုစ သမုဒါစာရံ ပတ္တာ ကမ္မပထံ အပတ္တမ္ပိ၊ တံ ဂဟေတ္တာ တံတံ ဒွါရပက္ခိကမေဝ အကံသု။ တတြာယံ နယော၊ မိဂဝနံ ဂမိဿာမီတိ ဓနုံ သဇ္ဇေတိ ဇိယံ ဝဇ္ဇေတိ သတ္တိံ နိသေတိ ဘတ္တံ ဘုဉ္ဇတိ ဝတ္ထံ ပရိဒဟတိ ဧတ္တောဝတာ ကာယဒွါရေ စောပနပတ္တံ ဟောတိ။ သော အရညေ ဒိဝသံ ဝိစရိတ္တာ အန္တမသော သသဇီဌာရမတ္တံပိ နလဘတိ။ ဣဒံ အကုသလံ ကာယကမ္မံနာမ ဟောတိ၊နဟောတီတိ။နဟောတိ။ ကသ္မာ၊ ကမ္မပထံ အပတ္တတာယ။ ကေဝလံပန ကာယဒုစ္စရိတံ နာမ ဟောတီတိ ဝေဒိတဗ္ဗံ။ မစ္ဆဂဟဏာဒိပယောဂေသုပိ ဧသေဝနယော။ ဝစီဒွါရေပိ မိဂဝနံ ဂမိဿာမ ဝေဂေန ဓနုအာဒိနိ သဇ္ဇေထာတိ အာဏာပေတ္တာ ပုရိမနယေနေဝ အရညေ ကိဉ္စိအလဘန္တဿ ကိဉ္စာပိ ဝစီဒွါရေ စောပနံ ပတ္တံ။ ကမ္မပထံ အပတ္တတာယပန ဝစီကမ္မံ နဟောတိ။ ကေဝလမ္ပန ဝစီဒုစ္စရိတ်နာမ ဟောတီတိ ဝေဒိတဗ္ဗံ။ မနောဒွါရေပန ဝဓက စေတနာယ ဥပ္ပန္နမတ္တာယဧဝ ကမ္မပထဘေဒေါ ဟောတိ။ သောစ ခေါ ဗျာပါဒဝသေန။ နပါဏာတိပါတ ဝသေန။ အကုသလဉ္စိ ကာယကမ္မံ ကာယဝစီဒွါရေသု သမုဌာတိ၊ နောမနောဒွါရေ။ တထာ အကုသလံ ဝစီကမ္မံ၊ အကုသလံ မနော

ကမ္မံပန တီသုပိ ဒွါရေသု သမုဌာတိ။ တထာ ကုသလာနိ ကာယဝစီ မနောကမ္မာနိ။

ဟူ၍ မိန့်ဆိုဏ်။

ဟိသစ္စံ၊ မှန်ဏ်။ ကာယဝစီ ဒွါရေသု၊ ကာယဒွါရ ဝစီဒွါရတို့၌။ စောပနံ၊ လှုပ်ခြင်းသို့။ ပတ္ဝာ၊ ရောက်၍။ ကမ္မပထံ၊ ကမ္မပထသို့။ အပတ္တမ္ပိ၊ မရောက်သော အကုသိုလ်သည်လည်း။ အတ္ထိ၊ ရှိဏ်။ မနောဒွါရေစ၊ မနောဒွါရ၌လည်း။ သမုဒါစာရံ၊ လေ့ကျက်ခြင်းသို့။ ပတ္ဝာ၊ ရောက်၍။ ကမ္မပထံ၊ ကမ္မပထသို့။ အပတ္တမ္ပိ၊ မရောက်သော အကုသိုလ်သည်လည်း။ အတ္ထိ၊ ရှိဏ်။ တံ၊ ထို အကုသိုလ်ကို။ ဂဟေတ္ဝာ၊ ယူ၍။ တံတံဒွါရပက္ခိကမေဝ၊ ထိုထိုဒွါရအတို့၌ သွင်းခြင်းကိုလျှင်။ အကံသု၊ ပြုကုန်ဏ်။ တတြ၊ ထိုစကား၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ နယော၊ နည်းတည်း။ မိဂဝနံ၊ သမင်တောသို့။ ဂမိဿာမီတိ၊ သွားအံ့ဟူ၍။ ဓနုံ၊ လေးကို။ သဇ္ဇေတိ၊ စီရင်ဏ်။ ဇိယံ၊ လေးညှိုကို။ ဝဇ္ဇေတိ၊ ကျစ်ဏ်။ သတ္တိံ၊ လှံကို။ နိသေတိ၊ သွေးဏ်။ ဘတ္တံ၊ ထမင်းကို။ ဘုဉ္ဇတိ၊ စားဏ်။ ဝတ္ထံ၊ အဝတ်ကို။ ပရိဒဟတိ၊ ပြုပြင်၍ ဝတ်ဏ်။ ဧတ္တောဝတာ၊ ဤမျှ အတိုင်းအရှည်ဖြင့်။ ကာယဒွါရေ၊ ကာယဒွါရ၌။ စောပနံ၊ လှုပ်ခြင်းသို့။ ပတ္တံ၊ ရောက်သည်။ဟောတိ၊ဏ်။သော၊ ထိုသူသည်။ အရညေ၊ တော၌။ ဒိဝသံ၊ တနေ့ပတ်လုံး။ ဝိစရိတ္ဝာ၊ လှည့်ပတ်၍။ အန္တမသော၊ အယုတ်သဖြင့်။ သသဒီဌာရမတ္တံပိ၊ ယုန်ကြောင်မျှကိုလည်း။ နလဘတိ၊ မရ။ ဣဒံအကုသလံ၊ ဤအကုသိုလ်သည်။ ကာယကမ္မံနာမ၊ ကာယကံမည်သည်။ ဟောတိ၊ ဖြစ်သလော။ နဟောတိ၊ မဖြစ်သလော။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ်ကြောင့်။ နဟောတိ၊ မဖြစ်သနည်း။ ကမ္မပထံ၊ ကမ္မပထသို့။ အပတ္တဟာယ၊ မရောက်သည်၏ အဖြစ်ကြောင့်။ နဟောတိ၊ မဖြစ်။ ကေဝလံပန၊ သက်သက်ကား။ ကာယဒုစ္စရိတံနာမ၊ ကာယဒုစ္စရိက်မည်သည်။ ဟောတိ၊ ဏ်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်ဏ်။ မစ္ဆဂဟဏာဒိပယောဂေသုပိ၊ ငါးဘမ်းခြင်း ပယောဂ အစရှိသည်တို့၌လည်း။ ဧသေဝနယော၊ ဤ နည်းကိုသာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်ဏ်။ ဝစီဒွါရေပိ၊ ဝစီဒွါရ၌လည်း။ မိဂဝနံ၊ သမင်တောသို့။ ဂမိဿာမ၊ သွားကုန်အံ့။ ဝေဂေန၊ လျင်မြန်စွာ။ ဓနုအာဒိနိ၊ လေးအစရှိ

သည်တို့ကို၊သဇ္ဇေထ၊စိရင်ကြကုန်လော့။ဣတိ၊ဤသို့။ အာဏာပေတွာ၊ စေ၍။ပုရိမနယေနေဝ၊ရှေးနည်းဖြင့်လျှင်။ အရညေ၊ တောဌ်။ ကိဉ္စိ၊ တစုံ တခုကို။အလဘန္တဿ၊မရသောသူ၏။ ဝစီဒွါရေ၊ ဝစီဒွါရဌ်။ စောပနံ၊ လှုပ်ခြင်းသို့။ ကိဉ္စာပိပတ္တံ၊ အကယ်၍ကား ရောက်၏။ ပန၊ ထိုသို့ ရောက်ငြား သော်လည်း။ ကမ္မပထံ၊ ကမ္မပထသို့။ အပတ္တတာယ၊ မရောက်သည်၏ အဖြစ်ကြောင့်။ ဝစီကမ္မံ၊ ဝစီကံသည်။ နဟောတိ၊ မဖြစ်။ ကေဝလမ္ပန၊ သက်သက်ကား။ ဝစီဒုစ္စရိတံနာမ၊ ဝစီဒုစ္စရိုက် မည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ မနောဒွါရေပန၊ မနောဒွါရဌ်ကား။ ဥပ္ပန္နမတ္တာယဇေဝ၊ဖြစ်ကာမျှသာလျှင် ဖြစ်သော။ ဝဓကစေတနာယ၊ သတ်လိုသောစေတနာ၏။ ကမ္မပထ ဘေဒေါ၊ ကမ္မပထအထူးသည်။ ဟောတိ၊၏။ သောစခေါ၊ ထိုကမ္မပထ အထူးသည်လည်း။ ဗျာပါဒဝသေန၊ဗျာပါဒ၏အစွမ်းအားဖြင့်။ ဟောတိ၊ ဖြစ်၏။ ပါဏာတိပါတဝသေန၊ ပါဏာတိပါတ၏ အစွမ်းအားဖြင့်။ နဟောတိ၊ မဖြစ်။ ဟိသစ္စံ၊ မှန်၏။ အကုသလံ၊ အကုသိုလ် ဖြစ်သော။ ကာယကမ္မံ၊ ကာယကံသည်။ ကာယဝစီဒွါရေသု၊ ကာယဒွါရ ဝစီဒွါရ တို့ဌ်။ သမုဌာတိ၊ ဖြစ်၏။ မနောဒွါရေ၊ မနောဒွါရဌ်။ နောသမုဌာတိ၊ မဖြစ်။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ မနောကမ္မံပန၊ မနောကံ သည်ကား။ တီသုပိဒွါရေသု၊သုံးပါးကုန်သော ဒွါရတို့ဌ်လည်း။ သမုဌာ တိ၊ ဖြစ်၏။ တထာ၊ ထိုအတူ။ ကုသလာနိ၊ ကုသိုလ် ဖြစ်ကုန်သော။ ကာယဝစီမနောကမ္မာနိ၊ ကာယကံ ဝစီကံ မနောကံတို့သည်။ တီသုပိ ဒွါရေသု၊ သုံးပါးကုန်သော ဒွါရတို့ဌ်လည်း။ သမုဌဟန္တိ၊ ဖြစ်ကုန်၏။

တိဝိဓာ ဘိက္ခဝေ ကာယသဉ္စေတနာ အကုသလံ ကာယကမ္မံ တိအာဒိနာ ကမ္မပထပတ္တာဝ သန္နိဌာပကစေတနာ ကမ္မန္တိ ဝုတ္တာတိ ပုရိမစေတနာ သဇ္ဇာ ကာယကမ္မံ နဟောတိတိ ဝုတ္တာ။ အာဏာပေတွာ။လ။အလဘန္တဿာတိ အာဏတ္တေဟိ အမာရိတဘာဝံ သန္ဓာယ ဝုတ္တံ။ ဝစီဒုစ္စရိတံ နာမ ဟောတိ အကမ္မပထဘာဝတောတိ အဓိပ္ပါယော။ [အဌသာလိနီဋီကာ]။

တိဝိဓာ ဘိက္ခဝေ ကာယသဉ္စေယနာ အကုသလံ ကာယကမ္မန္တိ အာဒိနာ၊ တိဝိဓာ ဘိက္ခဝေ ကာယသဉ္စေတနာ အကုသလံ ကာယ ကမ္မံ ဤသို့ အစရှိသည်ဖြင့်။ ကမ္မပထပတ္တာဝ၊ ကမ္မပထသို့ ရောက်သည်

းယာလျှင် ဖြစ်သော။ သန္နိဋ္ဌာပကစေတနာ၊ ပြီးစေသောစေတနာကို။ ကမ္မန္တို့၊ ကံဟူ၍။ ဝုတ္တာ၊ဟောတော်မူအပ်၏။ ဣဘ်တသ္မာ၊ထို့ကြောင့်။ သဇ္ဇာ၊ ခပ်သိမ်းသော။ ပုရိမစေတနာ၊ရှေးစေတနာသည်။ ကာယကမ္မံ၊ ကာယကံသည်။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဝုတ္တာ၊ ဆိုအပ်၏။ အာဏာပေတွာ။လ။ အလဘန္တသာတိ ဝစနံ၊ အာဏာပေတွာ။လ။ အလဘန္တသ ဟူသော စကားကို။ အာဏာတွေ့ဟိ၊ စေအပ်ကုန်သော သူတို့သည်။ အမာရိတာဘာ၊ မသတ်အပ်သည်၏ အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်၏။ အကမ္မပထဘာဝတော၊ကမ္မပထမဖြစ်သည်၏ အဖြစ်ကြောင့်။ ဝစီဒုစ္စရိတံနာမ၊ ဝစီဒုစ္စရိုက်မည်သည်။ ဟောတိ၊ ၏။ ဣတိအယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။ ။(ပါပ-မကောင်းမှု သရုပ်တည်း)။ ။သုရာငါးပါး မေရုယငါးပါး၏ အစွမ်း အားဖြင့် ဆယ်ပါးသော ယစ်ခြင်းကို ပြုတတ်သော ဝတ္ထုသည် မဒ္ဓမည်၏။ ထိုစကားသည်မှန်၏။ မြတ်စွာဘုရားသည် သုရာပါနသိက္ခာပုဒ် ဝိဘင်း၌-

> သုရာနာမ ဝိဋ္ဌသုရာ ပူဝသုရာ သြဒနသုရာ ကိဏ္ဏပက္ခိတ္တာ သမ္ဘာရသံယုတ္တာ။ မေရယောနာမ ပုပ္ဖာသဝေါ ဖလာသဝေါ မဓွာသဝေါ ဂုဠာသဝေါ သမ္ဘာရ သံယုတ္တော။

ဟူ၍ ဟောတော်မူအပ်၏။

သုရာနာမ၊ သုရာမည်သည်ကား။ ဝိဋ္ဌသုရာ၊ မုံ့ညက်ကို အိုးဋ္ဌ ထည့်၍ ထိုမုံ့ညက်အား လျော်သော ရေကို လောင်း၍ နယ်၍ ပြုအပ်သော သုရာလည်းကောင်း။ ပူဝသုရာ၊ မုံ့ကိုအိုးဋ္ဌထည့်၍ ထိုမုံ့အား လျော်သော ရေကို လောင်း၍ နယ်၍ ပြုအပ်သော သုရာလည်းကောင်း။ သြဒနသုရာ၊ ထမင်းကို အိုးဋ္ဌ ထည့်၍ ထိုထမင်းအားလျော်သော ရေကိုလောင်း၍ နယ်၍ ပြုအပ်သော သုရာလည်းကောင်း။ ကိဏ္ဏပက္ခိတ္တာ၊ သုရာ၏မျိုးစေ့ကိုထည့်၍ ပြုအပ်သော သုရာလည်းကောင်း။ တနည်းကား-ကိဏ္ဏပက္ခိတ္တာ၊ မုံ့ညက်မုံ့ အစရှိသည်ကို ထည့်၍ ကိဏ္ဏဟုဆိုအပ်သော စပါးအစရှိသော သုရာ၏ မျိုးစေ့ကို ခတ်၍ ပြုအပ်သော သုရာလည်းကောင်း။ သမ္ဘာရသံယုတ္တာ၊ဝိတ္တကျိ မုန်ညင်း အစရှိကုန်သော အထူးထူးကုန်သော အဆောက်အဦတို့နှင့် ယှဉ်သော သုရာလည်းကောင်း။ သမ္ဘာရသံယုတ္တာ၊ မုန်ညင်း အစရှိကုန်သော

များစွာ ကုန်သော အဆောက်အဦတို့နှင့် ယှဉ်အပ်သော သူရာလည်းကောင်း။ ဣတိ၊ ဤသို့။ ပဠုဝိဓာ၊ ငါးပါးအပြားရှိ၏။ မေရုယော်နာမ၊ မေရုယမည်သည်ကား။ပုပ္ဖါသဝေါ၊သစ်မည်စည်ပွင့် အစရှိသည်တို့၏ အရည်ဖြင့် ပြုံအပ်သော အရက်လည်းကောင်း။ ဖလာသဝေါ၊ မုဒရက်သီး အစရှိသည်တို့ကို နယ်၍ ထိုမုဒရက်သီးအစရှိသည်တို့၏အရည်ဖြင့် ပြုအပ်သောအရက်လည်းကောင်း။တနည်းကား-ဖလာသဝေါ၊ ဝိန္ဓနအစရှိကုန်သော အသီးတို့၏ ကြာမြင့်စွာ ထုံအပ်သော အရည်ဟူသော အရက်လည်းကောင်း။ မဓွာသဝေါ၊ မုဒရက် အစရှိသည်တို့၏ ဓာတိအရည်ဖြင့် ပြုံအပ်သော အရက်လည်းကောင်း။ တနည်းကား-မဓွာသဝေါ၊ ယင်ပျားရည်ဖြင့် ပြုံအပ်သော အရက်လည်းကောင်း။ ဂုဠာသဝေါ၊ ကြံရည်ဖြင့် ပြုအပ်သော အရက် လည်းကောင်း။ သမ္ဘာရသံယုတ္တာ၊ ဖန်ခါး ရှစ်ရားစသော အထူးထူးသော အဆောက်အဦတို့၏ ကြာမြင့်စွာ ထုံအပ်သော အရည်ဟူသော အရက်လည်းကောင်း။ ဣတိ၊ ဤသို့။ ပဠုဝိဓေဒ၊ ငါးပါးအပြားရှိ၏။

ဝိဠံ ဘာဇနေ ပက္ခိပိတွာ တဋ္ဌံ ဥဒကံ ဒတွာ မဒ္ဒိတွာ ကတာ သုရာပိဋ္ဌသုရာ။ဧဝံပူဝေဩဒနေစဘာဇနေပက္ခိပိတွာတဋ္ဌံဥဒကံ ဒတွာ မဒ္ဒိတွာ ကတာ ပူဝသုရာ သြဒနသုရာတိ ဝုစ္စတိ။ ကိဏ္ဏာတိ ပန တဿာ သုရာယ ဓိဇံ။ ယေ သုရာ မောဒကာတိဝိဝုစ္စန္တိ၊ တေ ပက္ခိပိတွာ ကတာ ကိဏ္ဏာပက္ခိတ္တာ၊ ဓာတကီသာသပါဒိ နာနာသမ္ဘာရေဟိ သံယောဇိတာ သမ္ဘာရသံယုတ္တာ။
[သာရတ္ထဒီပနီ၊ သိင်္ဂါလသုတ်ဋီကာ]။

ဝိဠံ၊ မှုံညက်ကို။ ဘာဇနေ၊ အိုးဌ်။ ပက္ခိပိတွာ၊ ထည့်၍။ တဋ္ဌံ၊ ထို မှုံညက် အားလျော်သော။ ဥဒကံ၊ ရေကို။ ဒတွာ၊ လောင်း၍။ မဒ္ဒိတွာ၊ နယ်၍။ ကတာ၊ ပြုံအပ်သော။ သုရာ၊ သုရာသည်။ ဝိဋ္ဌသုရာ၊ ဝိဋ္ဌသုရာမည်၏။ ဧဝံ၊ ဤအတူ။ ပူဝေဩ၊ မှုံတို့ကိုငင်း။ သြဒနေန၊ ထမင်းတို့ကိုငင်း။ ဘာဇနေန၊ အိုးဌ်။ ပက္ခိပိတွာ၊ ထည့်၍။ တဋ္ဌံ၊ ထို မှုံထမင်းအားလျော်သော။ ဥဒကံ၊ ရေကို။ ဒတွာ၊ လောင်း၍။ မဒ္ဒိတွာ၊ နယ်၍။ ကတာ၊ ပြုအပ်သော သုရာကို။ ပူဝသုရာတိ၊ ပူဝသုရာဟူ၍ငင်း။ သြဒနသုရာကိ၊ သြဒနသုရာဟူ၍ငင်း။ ဝုစ္စတိ၊ ဆိုအပ်၏။

တဿာသုရာယ၊ ထိုသုရာ၏။ ဗီဇံ၊ မျိုးစေ့ကို။ ကိဏ္ဏာတိပန၊ ကိဏ္ဏာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယေ၊ အကြင်သုရာ၏ မျိုးစေ့တို့ကို။ သုရာမောဒကာတိပိ၊ သုရာမောဒက ဟူ၍လည်း။ တနည်းကား။ သုရာမောဒကာတိပိ၊ သုရာမုံ့ခဲဘွယ်တို့ ဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်ကုန်၏။ တေ၊ ထိုသုရာမျိုးစေ့တို့ကို။ ပက္ခိပိတွာ၊ ထည့်၍။ ကတာ၊ ပြုအပ်သော သုရာသည်။ ကိဏ္ဏပက္ခိတ္တာ၊ ကိဏ္ဏပက္ခိတ္တသုရာမည်၏။ ဓာတကီသာသပါဒိနာနာသမ္ဘာရေဟိ၊ ပိတ္တကျီမုန်ညင်း အစရှိကုန်သော အထူးထူးကုန်သော အဆောက်အဦတို့နှင့်။ သံယောဇိတာ၊ ယှဉ်အပ်သော သုရာသည်။ သမ္ဘာရသံယုတ္တာ၊ သမ္ဘာရ သံယုတ္တသုရာ မည်၏။

ကိဏ္ဏပက္ခိတ္တာတိ ပိဋ္ဌပူဝါဒီနိ ပက္ခိပိတွာ ကိဏ္ဏသခ်ါတံ ဓညက်ရာဒိသုရာဗီဇံ ပက္ခိပိတွာ ကတာ သမ္ဘာရ သံယုတ္တာတိ သာသပါဒိ အနေကသမ္ဘာရေဟိ သညုတ္တာ။ [ဝိမတိဝိနောဒနီ]

ကိဏ္ဏပက္ခိတ္တာတိ၊ ကိဏ္ဏပက္ခိတ္တာ ဟူသည်ကား။ ပိဋ္ဌပူဝါဒိနီ၊ မုံ့ညက် မုံ့အစရှိသည်တို့ကို။ ပက္ခိပိတွာ၊ထည့်၍။ ကိဏ္ဏသခ်ါတံ၊ကိဏ္ဏဟူ၍ ဆိုအပ်သော။ဓညက်ရာသုဒိရာဗီဇံ၊ စပါးညွန့် အစရှိသော သုရာမျိုးစေ့ကို။ ပက္ခိပိတွာ၊ ခတ်၍။ကတာ၊ပြုအပ်သောသုရာတည်း။သမ္ဘာရသံယုတ္တာတိ၊ သမ္ဘာရသံယုတ္တာ ဟူသည်ကား။ သာသပါဒိအနေက သမ္ဘာဝရဟိ၊ မုန်ညင်းအစရှိကုန်သော များစွာကုန်သော အဆောက်အဦတို့နှင့်။ သညုတ္တာ၊ ယှဉ်အပ်သော သုရာတည်း။

သုရာနာမ ပိဋ္ဌကိဏ္ဏပက္ခိတ္တာ နာဋ္ဌိကေရာဒီနံပိ ရသေန ကတာ သုရာတွေဝ သဉ်္ဂ ဂစ္ဆတိ။ တဿာယေဝပက္ခိတ္တာယ မဏ္ဍေ ဂဟိတေ မေရယောတွေဝ သဉ်္ဂ ဂစ္ဆတိတိ ဝဒန္တိ။ ပုပ္ဖါသဝေါနာမ မရကပုပ္ဖါဒီနံ ရသေန ကတော။ ဖလာသဝေါနာမ မုဒ္ဒိကဖလာဒီနိ မဒ္ဒိတွာ တေသံ ရသေန ကတော။ မဓွာသဝေါနာမ မုဒ္ဒိကာနံ ဇာတိရသေန ကတော၊ မက္ခိက မရနာပိ ကရီယတီတိ ဝဒန္တိ။ [သုရာပါနသိက္ခာပုဒ်အဘွင့်]။

သုရာနာမ၊ သုရာမည်သည်ကား။ ပိဋ္ဌကိဏ္ဏပက္ခိတ္တာ၊ မုံ့ညက်သုရာသေ၏ မျိုးစေ့ကိုခတ်၍ ပြုအပ်သော သုရာတည်း။ နာဋ္ဌိကေရာဒီနံ၊ အုန်းအစရှိသည်တို့၏။ ရသေန၊ အရည်ဖြင့်။ ကတာပိ၊ ပြုအပ်သော ယစ်မျိုးသည်လည်း။ သုရာတွေဝသဉ်္ဂ၊ သုရာဟူသော အရေအတွက်သို့လျှင်။

ဂစ္ဆတိ၊ ရောက်၏။ ကိဏ္ဏပက္ခိတ္တာယ၊ သေ၏မျိုးစေ့ ခတ်အပ်သော။ တဿာယေဝ၊ ထိုသုရာ၏လျှင်။ မဏ္ဍေ၊ အကြည်ကို။ ဂဟိတေ၊ယူအပ်ယူအပ်သည်ရှိသော်။ မေရယောတွေဝသဉ်္ဇံ၊ မေရယဟူသော အရေအတွက်သို့။ ဂစ္ဆတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ ပုပ္ဖါသဝေါနာမ၊ ပုပ္ဖါသဝမည်သည်ကား။ မရကပုပ္ဖါဒီနံ၊ မုဒရက်ပွင့်အစရှိတည် တို့၏။ ရသေန၊ အရည်ဖြင့်။ ကတာ၊ ပြုအပ်သော အရက်တည်း။ ဖလာသဝေါနာမ၊ ဖလာသဝမည်သည်ကား။ မုဒ္ဒိက ဖလာဒီနိ၊ မုဒရက်သီး အစရှိသည်တို့ကို။ မဒ္ဒိတွာ၊ နယ်၍။ တေသံ၊ ထိုမုဒရက်သီး အစရှိသည်တို့၏။ ရသေန၊ အရည်ဖြင့်။ ကတော၊ ပြုအပ်သော အရက်တည်း။မဓွာသဝေါနာမ၊ မဓွာသဝမည်သည်ကား။ မုဒ္ဒိကာနံ၊ မုဒရက်တို့၏။ ဇာတိရသေန၊ ဇာတိအရည်ဖြင့်။ ကတော၊ ပြုအပ်သော အရက်တည်း။ မက္ခိကမရနာ၊ ယင် ပျားဖြင့်။ ကရီယတီတိ၊ ပြုအပ်၏ဟူ၍လည်း။ ဝဒန္တိ၊ ဆိုကုန်၏။

မရက တာလ နာဠိကေရာဒိ ပုပ္ဖရသော စိရပါရိဝါသိကော ပုပ္ဖာသဝေါ၊ တထာ ပနသာဒိ ဖလရသော ဖလာသဝေါ၊မုဒ္ဒိက ရသော မဓွာသဝေါ၊ ဥစ္ဆုရသော ဂုဠာသဝေါ၊ ဟရိတကာမလက ကဋုက ဘဏ္ဍာဒိ နနာသမ္ဘာရာနံ ရသော စိရပါရိဝါသိကော သမ္ဘာရသံယုတ္တော။

[ဆိုခဲ့ပြီးသော အလုံးစုံသော ဋီကာ]။

စိရပါရိဝါသိကော၊ ကြာမြင့်စွာ ထုံအပ်သော။ မရကတာလနာဠိကေရာဒိပုပ္ဖရသော၊ သစ်မည်စည် ထန်းအုန်းအစရှိသည်တို့၏ အပွင့်ရည်သည်။ ပုပ္ဖါသဝေါ၊ ပုပ္ဖါသဝမည်၏။ တထာ၊ ထိုအတူ။ ပနသာဒိ ဖလရသော၊ ပိန္နဲ အစရှိသည်တို့၏ အသီးရည်သည်။ ဖလာသဝေါ၊ ဖလာသဝမည်၏။မုဒ္ဒိကရသော၊ မုဒရက်ရည်သည်။ မဓွာသဝေါ၊ မဓွာသဝမည်၏။ ဥစ္ဆုရသော၊ ကြံရည်သည်။ ဂုဠာသဝေါ၊ ဂုဠာသဝမည်၏။ဟရိတကာမလကကဋုကဘဏ္ဍာဒိနာနာသမ္ဘာရာနံ၊ ဖန်ခါးရှစ်ရှားအစပ်ဘဏ္ဍာအစရှိကုန်သော အထူးထူး ကုန်သော အဆောက်အဦတို့၏။ စိရပါရိဝါသိကော၊ ကြာမြင့်စွာ ထုံအပ်သော။ ရသော၊အရည်သည်။ သမ္ဘာရသံယုတ္တော၊ သမ္ဘာရသံယုတ္တာသဝမည်၏။

တံသဗ္ဗံ ဒသဝိဓွိ မဒကရဏဝသေန မဇ္ဇံ၊ ပိဝန္တံ မဒယတီတိ ကတွာ။ [အဌကထာနှင့်တကွသော သိင်္ဂါလသုတ်ဒီကာ]။

ဒသဝိဓွိ၊ ဆယ်ပါး အပြားရှိသည်လည်း ဖြစ်သော။ တံသဗ္ဗံ၊ ထိုအလုံးစုံသော သုရာမေရယဟူသော ယစ်မျိုးသည်။မဒကရဏဝသေန၊ ယစ်ခြင်းကို ပြုတတ်သည်၏ အစွမ်းအားဖြင့်။ မဇ္ဇံ၊ မဇ္ဇမည်၏။ ပိဝန္တံ၊ သောက်သောသူကို။ မဒယတိ၊ ယစ်စေတတ်၏။ ဣတိကတွာဣမိနာ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်။ မဇ္ဇံ၊မဇ္ဇမည်၏။

တဒုဘယမေဝ မဒနီယဌေန မဇ္ဇံ၊ ယံဝါပနည်ံ ကိဉ္စိ အတ္ထိ မဒနီယံ ယေန ပီတေန မတ္တော ဟောတိ ပမတ္တော၊ ဣဒံ ဝုစ္စတိ မဇ္ဇံ။

[ခုဒ္ဒကပါဌအဌကထာ]။

တဒုဘယမေဝ၊ ထိုသုရာမေရယ နှစ်ပါးတို့၏ အပေါင်းသည်လျှင်။ မဒနီယဌေန၊ ယစ်စေတတ်သော သဘောကြောင့်။ မဇ္ဇံ၊ မဇ္ဇမည်၏။ ပီတေန၊ သောက်အပ်သော။ ယေန၊ အကြင်ဝတ္ထုကြောင့်။ မတ္တော၊ ယစ်သည်။ ဟောတိ၊ ဖြစ်၏။ ပမတ္တော၊ အပြားအားဖြင့် ယစ်သည်။ ဟောတိ၊ဖြစ်၏။ အည်ံ၊ သုရာငါးပါး မေရယငါးပါးမှ တပါးသော။ ကိဉ္စိ၊တစုံတခုသော။ယံဝါပနမဒနီယံ၊အကြင်ယစ်စေတတ်သော ဝတ္ထုသည်လည်း။ အတ္ထိ၊ရှိ၏။ ဣဒံ၊ဤဆိုအပ်ပြီးသော ယစ်မျိုးအပေါင်းကို။ မဇ္ဇံ၊ မဇ္ဇဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

တဒေဝ ဥဘယံ ယံဝါပနည်ံ ပိ သုရာသဝဝိနိမုတ္တံ မဒနီယံ။

[သံယုတ္တမဟာဝဂ်အာမကဓညပေယျာလအဌကထာ]။

တဒေဝဥဘယံ၊ ထိုသုရာမေရယ နှစ်ပါးသည်လျှင် လည်းကောင်း။ သုရာသဝဝိနိမုတ္တံ၊ သုရာငါးပါး မေရယငါးပါးမှလွတ်သော။ အည်ံပိ၊ တပါးလည်း ဖြစ်သော။ ယံဝါပနမဒနီယံ၊ အကြင် ယစ်မျိုးသည်လည်းကောင်း။မဇ္ဇံ၊မဇ္ဇမည်၏။ ။ယစ်ခြင်းမေ့လျော့ခြင်း၏အကြောင်းဖြစ်သော သောက်ကြောင်း စေတနာသည် ပါနမည်၏။ ထိုကြောင့်လျှင် အာမကဓညပေယျာလ အဌကထာ၌–

ယာယစေတနာယ တံ ပိဝန္တိ၊ သာ ပမာဒဿ ကာရဏတ္တာ ပမာဒဌာနံနာမ။

ဟူ၍ ဆိုအပ်၏။ ထိုအတူ ခုဒ္ဒကပါဌအဌကထာ သိင်္ဂါလသုတ် အဌကထာကို၌လည်း ဆိုအပ်၏။

ဣစ္ဆာသယ ၁၅၅–၆၁

ယာယစေတနာယ၊အကြင်စေတနာဖြင့်။ တံ၊ ထိုယစ်မျိုးကို။ ပိဝန္တီ၊ သောက်ကုန်၏။ သာ၊ထိုစေတနာသည်။ ပမာဒဿ၊ ယစ်ခြင်း မေ့လျော့ခြင်း၏။ ကာရဏာ၊ အကြောင်း ဖြစ်သောကြောင့်။ ပမာဒဋ္ဌာနံနာမ၊ ပမာဒဋ္ဌာန မည်၏။

သံယမ မည်သည်ကား ဝိရတိတည်း။ထိုကြောင့် အဋ္ဌကထာ၌—

မဇ္ဇပါနသံယမောနာမ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ ယာ ဧဝေတံ အဓိဝစနံ။

ဟူ၍ဆိုအပ်၏။

မဇ္ဇပါနသံယမောနာမ၊ မဇ္ဇပါနသံယမမည်သည်။ အတ္ထိ၊ရှိ၏။သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ ယစ်ခြင်းမေ့လျော့ခြင်း၏အကြောင်းဖြစ်သောဝတ္ထုကိုသောက်ခြင်းမှ။ ဝေရမဏိယာဝေ၊ ကြဉ်ခြင်း၏သာလျှင်။ဧတံ အဓိဝစနံ၊ထိုအမည်တည်း။ ။(မဇ္ဇပါန သံယမသုတ်တည်း)။ ။သိင်္ဂါလသုတ်၌ ကမ္မကိလေသာ ဟူသောပုဒ်၌ သုရာပါနကို မယူအပ်သကဲ့သို့ ထိုအတူ မင်္ဂလသုတ်၌လည်း ပါပါဟူသောပုဒ်၌ သုရာပါနကိုမယူအပ်။ သိင်္ဂါလသုတ် ကမ္မကိလေသာဟူသောပုဒ်၌ သုရာပါနကို မယူခြင်း၏အကြောင်းကို သိင်္ဂါလသုတ်ဋီကာ၌ ဋီကာဆရာတို့သည် ဆိုအပ်သလျှင်ကတည်း။ သုရာပါနကို ပဉ္စဝေရ၏အဖြစ်ဖြင့် သီတင်းသည်တို့သည် အကယ်၍ကား ကြဉ်အပ်၏။ ထိုသို့ ကြဉ်အပ်သော်လည်း စည်းစိမ်ပျက်ခြင်း၏အကြောင်းအဖြစ်ဖြင့် သုရာပါနကို နောက်မှဟောလိုသည်၏ အဖြစ်ကြောင့် ကမ္မကိလေသာ ဟူသောပုဒ်၌ သုရာပါနကို ကြဉ်၍ ပါဏာတိပါတ အစရှိသည်တို့ကိုသာလျှင်ရည်၍ လေးပါးကုန်သော တရားတို့သည် ကံကိလေသာ မည်ကုန်၏။ ဤသို့ ဟောအပ်၏။ ဤသို့ ဆိုပြီး၍ တဘန် သုရာပါန၏ အသီးကမ္မပထ မရှိသည်၏အဖြစ်ကြောင့်လည်း သုရာပါနကို ကြဉ်၍ ပါဏာတိပါတ အစရှိသည်တို့ကိုသာလျှင်ရည်၍ လေးပါးကုန်သော တရားတို့သည် ကံကိလေသာ မည်ကုန်၏ ဟူ၍ ဟောအပ်၏။ ဤသို့ တပါးကုန်သောဆရာတို့သည် ဆိုကုန်၏။ သုရာပါနံ ဘိက္ခဝေ အာသေဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ ဤသို့ အစရှိသည်ကို ဟောတော်မူခြင်းကြောင့် သုရာပါနသည်လည်း အသီးကမ္မပထ၏ အဖြစ်ဖြင့်လာ၏။ ထိုကြောင့်လျှင် သုရာပါနသည် ဒုစရိုက်ဖြစ်၍ ဒုဂ္ဂတိသို့ လားခြင်း၏အကြောင်းအဖြစ်၌မြဲ၏ဟူ၍ အချို

သောဆရာတို့သည် ဆိုကုန်၏။ ထိုအချို့ကုန်သော ဆရာတို့၏ အယူအားဖြင့် ကမ္မပထတို့သည် တဆဲ့တပါး ဖြစ်ကုန်ရာ၏။ ထိုကြောင့် ဆိုအပ်ကုန်ပြီးသော ကမ္မပထ တို့၌ သာလျှင် အဝေ့ကြောင်း၏ အဖြစ် သဘောတူသည် အဖြစ်၏ အစွမ်းအားဖြင့် သွင်းခြင်းကို မှတ်အပ်၏။ ထိုကြောင့် အသိုးကမ္မပထ၏ မရှိခြင်းကြောင့်လည်းဟူသော ထိုစကား ကို ကောင်းစွာ ဆိုအပ်၏ဟူ၍ ဆို၏။ ။ဤမဂ်လသုတ်၌ကား သုရာပါန သည်လည်း အကယ်၍ကား ပါပဖြစ်၏၊ထိုသို့ပါပဖြစ်ငြားသော်လည်း မြက်စွာဘုရားသည် အကြင်ကြောင့် ထိုနှစ်ပါးစုံကို ပါပ၏ အဖြစ်ဖြင့် မဟောမူ၍ ထိုသုရာပါနဘူးကို နောက်မှ မဇ္ဇပါန၏အဖြစ်ဖြင့် ဟောခြင်း ၌ အလိုဟော်ရှိ၏။ ထိုကြောင့် ပါပါဟူသောပုဒ်၌ သုရာပါနကို မယူအပ်။ ။တနည်းကား- တပေါစ ဗြဟ္မဉစရိယဉ္စ ဟူသော ပုဒ်၌ အကယ်၍ မေထုန်ဝိရတိ အစရှိသော သဘောသည်လည်း ဗြဟ္မစရိယ မည်၏။ မဂ်သည်လည်း ဗြဟ္မစရိယ မည်၏။ ထိုသို့ဖြစ်ငြားသော်လည်း အရိယာသန္တာန ဒဿနသဒ္ဒါဖြင့် မဂ်ကို နောက်မှ ယူအပ်သည်၏ အဖြစ် ကြောင့် ထိုမဂ်မှ ကြွင်းသော သဘောကို ယူအပ်သကဲ့သို့ ထိုအတူ မဇ္ဇပါနသဒ္ဒါဖြင့် သုရာပါနကို နောက်မှ ယူအပ်သည်၏ အဖြစ်ကြောင့် သုရာပါနမှကြွင်းသော ပါဏာတိပါတ အစရှိသည်ကိုသာ ပါပါ ဟူသော ပုဒ်၌ ယူအပ်၏။ ။ထိုကြောင့် ပါပါမဇ္ဇပါနာဟူသော နှစ်ပုဒ် ဖြင့် ပါဏာတိပါတ အစရှိကုန်သော ငါးပါးကုန်သော ဝေရဓမ္မတာနာ တို့ကို ဟောအပ်ကုန်၏။ ဝိရတိသံယမော ဟူသော နှစ်ပုဒ်ဖြင့် ငါးပါး ကုန်သော ဝေရမဏိတို့ကို ဟောအပ်ကုန်၏။ ။ထိုတွင် ပါဏာတိပါတ အစရှိကုန်သော လေးပါးကုန်သော အကုသိုလ်တို့ကို အောက်အာဂါရိ ယ ဝိနည်း၌ ဆိုအပ်ပြီးသော နည်းဖြင့် သိအပ်ကုန်၏။ ။တနည်းကား မဟာဝန္ဓက အဋ္ဌကထာ၌ ဆိုအပ်သောနည်းဖြင့်လည်း သိအပ်ကုန်၏။ ထိုကြောင့် မဟာဝန္ဓကအဋ္ဌကထာ၌-

> ယထာစ ဘိက္ခ။နံ ပါဏာတိပါတာဒိသု နာနာ အာပတ္တိယော ဟောန္တိ။ နု တထာ သာမဏေရာနံ။ သာမဏေရော ဟိ ကုန္ထ ကိဝိလ္လိကံပိ မာရေတွာ မဂ်ိလဏ္ဍကံပိ ဘိန္ဒိတွာ နာသေတဗ္ဗတံ ယေဝ ပါပုဏာဘိ။တာဝဒေဝဿ သရဏဂမနာဒိစ ဥပစ္ဆာယ ဂဟဏဉ္စ သေနာသနဂ္ဂါဟာစ ပဋိပဿမ္ဘတိ။ သံဃလာဘံ

နလဘတိ။လိင်္ဂမတ္တမေဝ ဧကံ အဝသိဋ္ဌံ ဟောတိ။ အဒိန္နာဒါနေ တိဏသလာကမတ္တေနာပိ ဝတ္ထုနာ အဗြဟ္မစရိယေ တီသုမဂ္ဂေသု ယတ္ထကတ္ထစိ ဝိပ္ပဋိပတ္တိယာ။ မုသာဝါဒေ ဟသာဓိပ္ပါယ တာယပိ မုသာဘဏိတေ အသမဏော ဟောတိ။

ဟူ၍ ဆိုအပ်၏။

ဘိက္ခူနံ၊ ရဟန်းတို့အား။ ပါဏာတိပါတာဒီသု၊ ပါဏာတိပါတအစရှိသည်တို့၌။ နာနာအာပတ္တိယော၊ အထူးထူးကုန်သော အာပတ်တို့သည်။ ဟောန္တိယထာစ၊ ဖြစ်ကုန်သကဲ့သို့လည်း။ တထာ၊ ထိုအတူ။ သာမဏေရာနံ၊ သာမဏေတို့အား။ နဟောန္တိ၊ မဖြစ်ကုန်။ ဟိသစ္စံ၊ မှန်၏။ သာမဏေရော၊ သာမဏေသည်။ ကုန္ဆကိပိလ္လိကံပိ၊ ပိုးရွခြပုန်းကိုလည်း။ မာရေတွာ၊သတ်၍။မဂ်ုလဏ္ဍကံပိ၊ကြမ်းပိုးဥကိုလည်း။ ဘိန္ဒိတွာ၊ ခွဲ၍။ နာသေတဗ္ဗတံယေဝ၊ အသွင်ကို ဖျက်အပ်သည်၏ အဖြစ်သို့လျှင်။ ပါပုဏာတိ၊ ရောက်၏။ တာဝဒေဝ၊ ထိုခဏ၌လျှင်။ အဿ၊ ထိုသာမဏေအား။ သရဏဂမနာနိစ၊ သရဏဂုံတို့သည်လည်းကောင်း။ ဥပဇ္ဈာယဂဟဏဉ္စ၊ ဥပဇ္ဈာယ် ယူခြင်းသည်လည်းကောင်း။ သေနာသနဂ္ဂါဟောစ၊ ကျောင်းခံခြင်းသည်လည်းကောင်း။ ပဋိပဿမ္ဘတိ၊ ငြိမ်း၏။ သံဃလာဘံ၊ သံဃာ့လာဘ်ကို။ နလဘတိ၊ မရ။ ဧကံ၊ တပါးသော။ လိင်္ဂမတ္တမေဝ၊ အသွင်မျှသည်သာလျှင်။ အဝသိဋ္ဌံ၊ ကြွင်းသည်။ ဟောတိ၊ ၏။ အဒိန္နာဒါနေ၊ အဒိန္နာဒါန၌။ တိဏသလာကမတ္တေနပိ၊မြက်ပါးစိမ်းမျှလည်းဖြစ်သော။ဝတ္ထုနာ၊ဝတ္ထုဖြင့်။ အသမဏော၊ သာမဏေမဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ အဗြဟ္မစရိယေ၊ အဗြဟ္မစရိယ၌။ တီသုမဂ္ဂေသု၊ သုံးပါးကုန်သော မင်္ဂတို့တွင်။ ယတ္ထကတ္ထစိ၊ အမှတ်မရှိသောမင်္ဂ၌။ ဝိပ္ပဋိပတ္တိယာ၊ ကျင့်မှားသဖြင့်။ အသမဏော၊ သာမဏေမဟုတ်သည်။ ဟောတိ၊ ၏။ မုသာဝါဒေ၊ မုသာဝါဒ၌။ဟသာဓိပ္ပါယတာယပိ၊ရယ်မြူးလိုသည်၏အဖြစ်ဖြင့်လည်း။ မုသာဘဏိတေ၊ မုသားဆိုသည်ရှိသော်။ အသမဏော၊ သာမဏေမဟုတ်သည်။ ဟောတိ၊ ၏။

သေနာသနဂ္ဂါဟောစ ပဋိပဿမ္ဘတိတိ ဧုမိနာဝဿဏ္ဆေဒံဒဿေတိ။ ဥပသမ္ပန္နာနမ္ပိ ပါရာဇိကသမာပတ္တိယာ သရဏဂမနာဒိ သာမဏေရဘာဝဿာပိ ဝိနဿနတော သေနာ

သနဂ္ဂါဟောစ ပဋိပဿမ္ဘတိ။ သံဃလာဘံပိ တေ နလဘန္တီ တိ ဝေဒိတဗ္ဗံ။ ။[ဝိမတိဝိနောဒနီ]။

သေနာသနဂ္ဂါဟောစ ပဋိပဿမ္ဘတိတိ ဣမိနာ၊ သေနာသနဂ္ဂါဟောစပဋိပဿမ္ဘတိဟူသောစကားဖြင့်။ ဝဿဏ္ဍေဒံ၊ ဝါပြတ်ခြင်းကို။ ဒဿေတိ၊ ပြ၏။ ဥပသမ္ပန္နာနမ္ပိ၊ ပဉ္စင်းတို့အားလည်း။ ပါရာဇိကသမာပတ္တိယာ၊ ပါရာဇိကသို့ ရောက်သဖြင့်။ သမဏဂမနာဒိသာမဏေရဘာဝဿာပိ၊ သရဏဂုံအစရှိသော သာမဏေအဖြစ်၏လည်း။ ဝိနဿနတော၊ ပျက်စီးခြင်းကြောင့်။ သေနာသနဂ္ဂါဟောစ၊ ကျောင်းခံခြင်းသည်လည်း။ ပဋိပဿမ္ဘတိ၊ ငြိမ်း၏။ သံဃလာဘံပိ၊ သံဃလာဘ်ကိုလည်း။ တေ၊ ထိုပါရာဇိကသို့ ရောက်ကုန်သော ရဟန်းတို့သည်။ နလဘန္တီ၊ မရကုန်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။မဇ္ဇပါနကိုကား-

အဇ္ဇောဟရဏာဓိပ္ပါယေန ကာယဒ္ဓါရပဝတ္တာ သုရာမေရယမဇ္ဇာနံ အဇ္ဇောဟရဏစေတနာ သုရာမေရယမဇ္ဇပမာဒဋ္ဌာနန္တီ ဝေဒိတဗ္ဗံ။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနဿ ပန သုရာဒိနဉ္စ အညတရံ ဟောတိ၊ မဒနီယံ ပါတုကမျတာ စိတ္တဉ္စ ပစ္စုပဋ္ဌိတံ ဟောတိ၊ တဇ္ဇံ ဝါယာမံ အာပဇ္ဇံတိ၊ ဝိတဉ္စ ပဝိသတီတိ ဣမာနိ စတ္တာရိ အင်္ဂါနိ။

ဟူ၍ ခုဒ္ဒကပါဌ အဌကထာ၌ ဆိုအပ်သော နည်းဖြင့်လျှင် သိအပ်၏။

အဇ္ဇောဟရဏာဓိပ္ပါယေန၊ သောက်လိုသဖြင့်။ ကာယဒ္ဓါရပဝတ္တာ၊ ကာယဒ္ဓါရ၌ဖြစ်သော။ သုရာမေရယမဇ္ဇာနံ၊ သုရာမေရယဟူကုန်သော ယစ်မျိုးတို့ကို။ အဇ္ဇောဟရဏစေတနာ၊ သောက်သော စေတနာကို။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနန္တီ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနံဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနဿပန၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာန၏ကား။ အင်္ဂါနိ၊ အင်္ဂါတို့သည်။ သုရာဒိနံ၊ သုရာအစရှိသည်တို့တွင်။ အညတရဉ္စ ကပါးပါးသည်လည်း။ ဟောတိ၊ ဖြစ်၏။ မဒနီယံ၊ ယစ်မျိုးကို။ ပါတုကမျတာစိတ္တဉ္စ၊ သောက်လိုသည်၏ အဖြစ်ဟူသော စိတ်သည်လည်း။ ပစ္စုပဋ္ဌိတံ၊ ထင်သည်။ ဟောတိ၊ ဖြစ်၏။ တဇ္ဇံ၊ ထိုအားလျော်သော။ ဝါယာမဉ္စ၊ လုံ့လသို့လည်း။ အာပဇ္ဇတိ၊ ရောက်၏။ ဝိတဉ္စ၊ သောက်သောယစ်မျိုးသည်လည်း။ ပဝိသတိ၊ ဝင်၏။ ဣတိ ဣမာနိစတ္တာရိ၊ ဤလေးပါးတို့တည်း။ ။သုရာပါနဝိုကာ၌ကား-

မဇ္ဇဘာဝေါ၊ တဿ ပါနဥ္စာတိ ဣမာနိ ပနေတ္ထ ဒွေအင်္ဂါနိ။
ဟူ၍ ရဟန်း၏ သုရာပါနအစွမ်းအားဖြင့် ဆိုအပ်၏။

မဇ္ဇဘာဝေါစ၊ သေ၏အဖြစ်လည်းကောင်း။ တဿ၊ ထိုသေကို။ ပါနဥ္စ၊ သောက်ခြင်းလည်းကောင်း။ ဣတိဣမာနိပနဒွေ၊ ဤနှစ်ပါးတို့သည်ကား။ ဧတ္ထ၊ ဤသုရာပါနသိက္ခာပုဒ်၌။ အင်္ဂါနိ၊ အင်္ဂါတို့တည်း။ သုရာပါနအဌကထာ၌-

ဝတ္ထုအဇာနနတာယ စေတ္ထ အစိတ္တကတာ ဝေဒိ တဗ္ဗာ။
အကုသလေနေဝ ပါတဗ္ဗတာယ လောကဝဇ္ဇတာ။

ဟူသော အကြင်စကားကို ဆိုအပ်၏။ ထိုစကား၌ အစိတ္တက၏အဖြစ်ကိုလည်း ရဟန်း၏ အစွမ်းအားဖြင့် ရအပ်၏။

ဧတ္ထစ၊ ဤသုရာပါနသိက္ခာပုဒ်တို့၌လည်း။ ဝတ္ထုအဇာနနတာယ၊ ဝတ္ထုကို မသိသည်၏အဖြစ်အားဖြင့်။ အစိတ္တကတာ၊အစိတ္တက၏အဖြစ်ကို။ဝေဒိတဗ္ဗာ၊ သိအပ်၏။ အကုသလေနေဝ၊ အကုသိုလ်ဖြင့်သာလျှင်။ ပါတဗ္ဗတာယ၊ သောက်အပ်သည်၏အဖြစ်ကြောင့်။ လောကဝဇ္ဇတာ၊ လောကဝဇ္ဇ၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ။အစိတ္တက၏အဖြစ်ကို ရဟန်း၏အစွမ်းအားဖြင့် ရအပ်သည်၏ အဖြစ်ကြောင့်လျှင် မဟာ ခန္ဓက အဌကထာ၌-

မဇ္ဇပါနေ ပန ဘိက္ခုဿ အဇာနိတွာ ဗီဇတော ပဌာယ မဇ္ဇံ ပိဝန္တဿ ပါစိတ္တိယံ။ သာမဏေရော ဇာနိတွာ ပိဝန္တော သိလဘေဒံ အာပဇ္ဇတိ။ နအဇာနိတွာ သာမဏေရာနံ မဇ္ဇပါနံ သစိတ္တကံ ပါရာဇိကဝတ္ထု။

ဟူ၍ ဆိုဏ်။

မဇ္ဇပါနေပန၊၌ကား။ဘိက္ခုဿ၊အား။အဇာနိတွာ၊သေမှန်းမသိမူ၍လည်း၊ ဗီဇတော၊ မျိုးစေ့မှ။ ပဌာယ၊ စ၍။ မဇ္ဇံ၊ သေကို။ ပိဝန္တဿ၊ သော။ ဘိက္ခုဿ၊ ရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်။ ဟောတိ၊၏။ သာမဏေရော၊ သာမဏေသည်။ ဇာနိတွာ၊ သေမှန်းသိ၍။ ပိဝန္တော၊ သောက်သည်ရှိသော်။ သိလဘေဒံ၊သိလပျက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ အဇာနိတွာ၊ မသိမူ၍။ ပိဝန္တော၊ သောက်သည်ရှိသော်။ သိလဘေဒံ၊ သိလ ပျက်ခြင်းသို့။ နအာပဇ္ဇတိ၊ မရောက်။ သာမဏေရာနံ၊ သာမဏေတို့အား။ မဇ္ဇပါနံ၊ မဇ္ဇပါနသိက္ခာပုဒ်သည်။

သစိတ္တကံ၊ သစိတ္တကသိက္ခာပုဒ်သည်။ ဟောတိ၊ ၏။ ပါရာဇိကဝတ္ထု၊ ပါရာဇိကဝတ္ထုသည်။ဟောတိ၊၏။

နအဇာနိတ္ပာ ပိဝန္တော ပါဏာတိပါတာ ဝေရမဏိအာဒိံ သဗ္ဗံ သီလဘေဒံ သရဏဘေဒဉ္စ အာပဇ္ဇတိ။အကုသလမ္ပန သုရာပါန ဝေရမဏိ သီလဘေဒေါစ ဟောတိမာလာ ဓာရဏာဒိသု ဝိယာတိဒဋ္ဌဗ္ဗံ။ ။(ဝိမတိဝိနောဒနီ)။

အဇာနိတ္ပာ၊ သေမှန်းမသိ၍။ ပိဝန္တော၊ သောက်သည်ရှိသော်။ ပါဏာတိပါတာ ဝေရမဏိအာဒိံ၊ ပါဏာတိပါတာ ဝေရမဏိ အစရှိသော။ သဗ္ဗံ၊ အလုံးစုံသော။ သီလဘေဒဉ္စ၊ သီလပျက်ခြင်းသို့လည်းကောင်း။ သရဏဘေဒဉ္စ၊ သရဏဂုံပျက်ခြင်းသို့လည်းကောင်း။ နအာပဇ္ဇတိ၊ မရောက်။ အကုသလမ္ပန၊ အကုသိုလ်သည်ကား။ ဟောတိ၊ ၏။ မာလာဓာရဏာဒိသုဝိယ၊ပန်းပန်ခြင်းအစရှိသည်တို့၌ကဲ့သို့။ သုရာပါန ဝေရမဏိသီလဘေဒေါစ၊ သုရာပါနဝေရမဏိသီလ၏ ပျက်ခြင်းသည်လည်း။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ ။သုရာပါန ဝေရမဏိသီလ ပျက်သော် ဤမှတပါးသော သီလသည် အဘယ်ကြောင့် မပျက်ရှိကုန်အံ့နည်း။ အဋ္ဌကထာဌ်လည်း သုရာပါနကို ပါရာဇိကဝတ္ထုဟူ၍ ဆိုအပ်၏။ ပါရာဇိကသို့ ရောက်သောသူအား တစုံတခုသော သီလမည်သည်မရှိ။ ။ခုဒ္ဒကပါဌ အဋ္ဌကထာဌ်လည်း-

သာမဏေရာနဉ္စေတ္ထ ဧကသ္မိံ ဘိန္နေသဗ္ဗာနိပိ ဘိန္နာနိဟောန္တိ။ ပါရာဇိကဋ္ဌာနိယာနိ ဟိ တာနိ။ ။ဟူ၍ဆိုအပ်၏။

သာမဏေရာနဉ္စ၊သာမဏေတို့အားကား။ ဧတ္ထ၊ဤဝါးပါးကုန်သော သိက္ခာပုဒ်တို့တွင်။ဧကသ္မိံ၊တခုသောသိက္ခာပုဒ်သည်။ဘိန္နေ၊ပျက်သည်ရှိသော်။သဗ္ဗာနိပိ၊အလုံးစုံသော သိက္ခာပုဒ်တို့သည်လည်း။ဘိန္နာနိ ပျက်ကုန်သည်။ဟောန္တိ၊ကုန်၏။ဟိသစ္စံ၊မှန်၏။တာနိ၊ထိုသိက္ခာပုဒ်တို့သည်။ ပါရာဇိကဋ္ဌာနိယာနိ။ ပါရာဇိကအရာဌ် တည်ကုန်၏။ ။ထိုကြောင့် သုရာပါန ဝေရမဏိ သီလ ဘေဒေါ ဟောတိ ဟူသော စကားကို ဆင်ခြင်အပ်၏။ သုရာပါန အဋ္ဌကထာဌ်ကား-

ယော အရိဋ္ဌော မဇ္ဇံ နဟောတိ၊ တသ္မိံ အနာပတ္တိံ။ အာမလကာဒိနံ ယေဝ ကိရ ရသေန အရိဋ္ဌံ ကရောန္တိ၊ သော မဇ္ဇ ဝဏ္ဏ

ဂန္ဓ ရသောဧဝ ဟောတိ၊ နစ မဇ္ဈံ။ ယော ပန သမ္ဟာရ ပက္ခိတ္တော ရသော မဇ္ဈံ ဟောတိ၊ ဗိဇတော ပဋ္ဌာယ နဝံဋ္ဌတိ။ ဟူ၍ဆို၏။

ယောအရိဋ္ဌော၊ အကြင်အရိဋ္ဌဆေးရည်သည်။ မဇ္ဈံ၊ ယစ်မျိုးသည်။ နဟောတိ၊မဖြစ်။ တသ္မိံ၊ထိုအရိဋ္ဌဆေးရည်သည်။ အနာပတ္တိ၊ အာပတ် မသင့်။ အာမလကာဒိနံယေဝ၊ ဖွစ်ရာသိုး အစရှိသည်တို့၏သာလျှင်။ ရသေန၊ အရည်ဖြင့်။ အရိဋ္ဌံ၊ အရိဋ္ဌဆေးကို။ ကရောန္တိကိရ၊ ပြုကုန်သဘတ်။ ယော၊ ထိုအရိဋ္ဌဆေးသည်။ မဇ္ဈဝဏ္ဏဂန္ဓရသောစဝ၊သေ၏ အဆင်းအနံ့အရသာရှိသည်လည်း။ဟောတိ၊၏။မဇ္ဈံစ၊သေသည်လည်း။ နဟောတိ မဖြစ်။ သမ္ဟာရပက္ခိတ္တော၊ အဆော်အဦထည့်အပ်သော။ ယောပန ရသော၊အကြင်အရည်သည်ကား။အတ္ထိ၊ရှိ၏။သော၊ထိုအရည်သည်။ မဇ္ဈံ၊ သေသည်။ ဟောတိ၊ဖြစ်၏။ ဗိဇတော၊ မျိုးဖြစ်သည်မှ။ ပဋ္ဌာယ၊ စ၍။ နဝဋ္ဌတိ၊ မအပ်။

ဗိဇတောတော် ယထာ ဝုတ္တာနံ ဝိဋ္ဌကာဒီနံ မဇ္ဈတ္ထာယ ဘာဇနေ ပက္ခိတ္တကာလတော ပဋ္ဌာယ။ ။(ဝိမတိဝိနောဒနီ)။

ဗိဇတောဘိ၊ဗိဇတောဟူသည်ကား။ယထာဝုတ္တာနံ၊အကြင်အကြင် ဆိုအပ်ကုန်ပြီးသော။ ဝိဋ္ဌကာဒီနံ၊ မုံ့ညက်အစရှိသည်တို့ကို။ ဘာဇနေ၊ ဒိုးခွက်။ ပက္ခိတ္တကာလတော၊ထည့်သောကာလမှ။ ပဋ္ဌာယ၊စ၍။

ဗိဇတောတိ သမ္ဟာရေ ပဒိယာဒေတ္တာ စာဠိယံ ပက္ခိတ္တကာလတော တာလနာဠိကေရာဒီနံ ပုပ္ဖရသေ ဂဟိတေ အာဘိနဝကာလတောယေဝစ ပဋ္ဌာယ လောဏ သေါဝီရံ သုတ္တဉ္စ အနေကေဟိ ဘေသဇ္ဇေဟိ အာဘိသင်္ခတော အမဇ္ဈဘူတော အာသဝဝိသေသော။ ။(သုရုပါနဋီကာ)။

ဗိဇတောတိဗိ၊ဇတောဟူသည်ကား။ သမ္ဟာရေ၊ အဆော်အဦတို့ကို။ ပဒိယာဒေတ္တာ၊ စိရင်၍။ စာဠိယံ၊ဒိုးခွက်။ပက္ခိတ္တကာလတော၊ ထည့်သောကာလမှ။ တာလနာဠိကေရာဒီနံ၊ ထန်း-အုန်း အစရှိသည်တို့၏။ ပုပ္ဖရသေ၊ အပွင့်ရည်ကို။ ဂဟိတေ၊ ယူသည်ရှိသော်။ အာဘိနဝကာလတော ယောဇ၊အသစ်ဖြစ်စကာလမှလျှင်။ပဋ္ဌာယ၊ စ၍။ လောဏသောဝီရဉ္စ၊ လော်ဏသောဝီရသည် လည်းကောင်း။ သုတ္တဉ္စ၊ ရက်သံသည် လည်းကောင်း။ တာနည်းကား သုတ္တဉ္စ၊သုတ္တအဖျော်သည်လည်းကောင်း။

အနေကောဟိ၊ များစွာကုန်သော။ ဘေသဇ္ဇေဟိ၊ ဆေးတို့ဖြင့်။ အဘိသင်္ခရိတော၊ စီရင်အပ်သော။ အမဇ္ဇဘူတော၊ ယစ်မျိုးမဟုတ်သော။ အာသဝဝိသေသော၊ ကြာမြင့်စွာ ထုံအပ်သော အရည်အထူးတည်း။ ။ ဤဝိကာဠလည်း အဘိနဝကာလတော ဟူသော စကားသည် ဗာရပါရိဝါသိကော ဟူသော စကားနှင့် ဆန့်ကျင်၏။ ဖြစ်သစ်စ ဖြစ်သော ကြာမြင့်စွာ ထုံအပ်သော အပွင့်အရည်ဟူ၍ ဆိုခြင်းငှါ ထိုအရည်အား မထိုက်။ ထိုကြောင့် ဆန့်ကျင်သတည်း။ ။အကြင် အကြင် ဆိုအပ်ကုန်ပြီးသော ပါဏာတိပါတာ အစကုန်သော လေးပါးကုန်သော ကမ္မပထတို့သည်လည်း မေ့မအားဖြင့် စေတနာသာလျှင် ဖြစ်ကုန်၏။ ထိုကြောင့် သမ္မာဒိဋ္ဌိသုတ်အဋ္ဌကထာ အစရှိသည်တို့၌ အကုသလကမ္မပထအရာ၌ အစည်သဖြင့် ကာယကံသုံးပါး ဝစီကံလေးပါးအားဖြင့် ခုနစ်ပါးကုန်သော ကမ္မပထတို့သည် စေတနာတရား ဖြစ်ကုန်၏ ဟု ဆို၏။ ။[ပဋ္ဌာန ဝေရမဏိကထာတည်း]။ ။ထိုဝေရမဏိကိုလည်းအောက်ဝိရတိ၌လျှင် ဆိုအပ်ပြီးသော နည်းဖြင့် သိအပ်၏။ ထိုဝေရမဏိ၏ အာရုံကိုကား အဋ္ဌကထာအစရှိသည်တို့၌ လောကိဝိရတိဘို့ကိုရည်၍-

ပါဏာတိပါတာဒီနံ အာရမ္မဏာနေဝ ဇတာသံ အာရမ္မဏာနိ။
ဝိတိက္ကမိတမ္ပဝတ္ထုကောယေဝ ဝေရမဏိနာမ ဟောတိ။ ။

ဟူ၍ ဆိုတော်မူ၏။

ဝိတိက္ကမိတမ္ပဝတ္ထုတောယေဝ၊ ဝိတိက္ကမိတမ္ပ ဝတ္ထုအားဖြင့် သာလျှင်။ဟိယသ္မာ၊အကြင်ကြောင့်။ ဝေရမဏိနာမ၊ ဝေရမဏိမည်သည်။ ဟောဘိ၊ဖြစ်၏။တသ္မာ၊ထိုကြောင့်။ ပါဏာတိပါတာဒီနံ၊ ပါဏာတိပါတအစရှိသည်တို့၏။အာရမ္မဏာနေဝ၊အာရုံတို့သည်သာလျှင်။ဇတာသံ၊ ထိုဝေရမဏိတို့၏။အာရမ္မဏာနိ၊ အာရုံတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

တတ္ထ ပုရိမာ ဒွေ ဝိရတိယော ယံ ဝေါရောပနာဒိ ဝသေန ဝိတိက္ကမိတဗ္ဗံ ဇီဝိတိန္ဒြိယာဒိဝတ္ထု၊ တံအာရမ္မဏံ ကတ္ဝာပဝတ္တန္တီ။ပစ္ဆိမာ နိဗ္ဗာနာရမ္မဏာ။ဝိတိက္ကမိတဗ္ဗ ဝတ္ထုတောဇယေဝ ဟိ ဝေရမဏိနာမ ဟောတိ။ ။[ကုန္ဒဒန္တသုတ် အဋ္ဌကထာ]။

တတ္ထ၊ ထိုသုံးပါးကုန်သော ဝိရတိတို့တွင်။ ပုရိမာ၊ ရှေးဦး ဖြစ်ကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ ဝိရတိယော၊ သမ္ပတ္တဝိရတိ သမာဒါနဝိရတိ တို့သည်။ ဝေါရောပနာဒိဝသေန၊ ချခြင်းအစရှိသည် တို့၏

အစွမ်းအားဖြင့်။ ဝီတိက္ကမိတဗ္ဗံ၊ လွန်ကျူးအပ်သော။ ယံဇီဝိတိန္ဒြိယာဒိ ဝတ္ထု၊ အကြင်ဇီဝိတိန္ဒြေ အစရှိသော ဝတ္ထုသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထို ဇီဝိတိန္ဒြေ အစရှိသော ဝတ္ထုကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ပစ္ဆိမာ၊ နောက်၌ဖြစ်သော သမုစ္ဆေဒဝိရတီသည်။ နိဗ္ဗာနာရမ္မဏာ၊ နိဗ္ဗာန်လျှင် အာရုံရှိ၏။ ဟိသစ္စံ၊ မှန်၏။ ဝီတိက္ကမိတဗ္ဗ ဝတ္ထုတောယေဝ၊ ဝီတိက္ကမိတဗ္ဗဝတ္ထုအားဖြင့်သာလျှင်။ ဝေရမဏိနာမ၊ ဝေရမဏိမည်သည်။ ဟောတိ၊ ၏။ သမာဒါနဝိရတီသည် သိက္ခာပုဒ်ကို ယူသောခဏမှ နောက်၌ ရောက်သော ဝတ္ထုမှ ကြဉ်သော ကာလ၌ သာလျှင် ခပ်သိမ်းသော ပါဏာတိပါတ အစရှိသည်တို့၏ အာရုံလျှင် အာရုံရှိသော အခြင်းအရာအားဖြင့် ဖြစ်သင့်၏။ ရောက်သော ဝတ္ထုမှ ကြဉ်ခြင်းမရှိသော ကာလ၌ကား ပါဏာတိပါတ အစရှိသည် တို့၏ အာရုံလျှင် အာရုံရှိသော အခြင်းအရာအားဖြင့် မဖြစ်သင့်။ ရောက်သော ဝတ္ထုမှ ကြဉ်ခြင်း အစရှိသော ကာလ၌ သမာဒါနဝိရတီသည် ဝိရမိ တဗ္ဗအကုသိုလ်ဟူသော အာရုံရှိသည်သာလျှင် ဖြစ်၏။ ထိုကြောင့် သာလျှင် ခုဒ္ဒကပါဌအဋ္ဌကထာ၌—

> ဝိရမတော တိ ဧတ္ထာဟ ပါဏာတိပါတာဒီဟိ ဝိရမန္တော ကုတော ဝိရမတီတိ။ ဝုစ္စတေ၊ သမာဒါနဝသေန တာဝ ဝိရမန္တော အတ္တနော ပရေသံဝါ ပါဏာတိပါတာဒိ အကုသလ တော ဝိရမတိ။ ကိမာရဘိတွာ။ ယတော ဝိရမတိ၊ တဒေဝ။ သမ္ပတ္တဝသေနာပိ ဝိရမန္တော ဝုတ္တပ္ပကာရာ အကုသလ တောဝ။ ကိမာရဘိတွာ ဝိရမတိ။ ပါဏာတိ ပါတာဒီနံ ဝုတ္တာ ရမ္မဏာနေဝ-ဟူ၍ ဆိုအပ်၏။

ဝိရမတောတိဧတ္ထ၊ ဝိရမတောဟူသော ပုဒ်၌။ ပါဏာတိပါတာဒီဟိ၊ ပါဏာတိပါတ အစရှိသည်တို့မှ။ ဝိရမန္တော၊ ကြဉ်သည် ရှိသော်။ ကုတော အဘယ်မှ။ ဝိရမတိ၊ ကြဉ်ခြင်းသည်ဖြစ်သနည်း။ ဣတိ၊ ဤသို့။ အာဟ ဆိုဏ်။ ပရိဟာရော၊ အဖြေကို။ ဝုစ္စတေ၊ ဆိုအပ်၏။ တာဝ၊ ရှေးဦးစွာ။ သမာဒါနဝသေန၊ သမာဒါန၏ အစွမ်းအားဖြင့်။ ဝိရမန္တော၊ ကြဉ်သည် ရှိသော်။ အတ္တနောဝါ၊ မိမိ၏လည်းကောင်း။ ပရေသံဝါ၊ သူတပါးတို့၏ လည်းကောင်း။ ပါဏာတိပါတာဒိအကုသလတော၊ ပါဏာတိပါတ အစရှိသော အကုသိုလ်မှ။ ဝိရမတိ၊ ကြဉ်ခြင်းသည်

ဖြစ်၏။ ကိုံ၊အဘယ်ကို။ အာရဘိတွာ၊ အာရုံပြု၍။ ဝိရမတိ၊ ကြဉ်ခြင်း သည်ဖြစ်သနည်း။ ယတော၊ အကြင် အကုသိုလ်မှ။ ဝိရမတိ၊ ကြဉ်၏။ တဒေဝ၊ ထိုအကုသိုလ်ကိုလျှင်။ အာရဘိတွာ၊ အာရုံပြု၍။ ဝိရမတိ၊ကြဉ် ခြင်းသည်ဖြစ်၏။ သမ္ပတ္တဝသေနာပိ၊ ရောက်သော ဝတ္ထုကို ကြဉ် သည်၏ အစွမ်းဖြင့်လည်း။ ဝိရမန္တော၊ ကြဉ်သည်ရှိသော်။ ဝုတ္တပ္ပဘာ ရာ၊ ဆိုအပ်ပြီးသော အပြားရှိသော။ အကုသလတောဝ၊ အကုသိုလ်မှ သာလျှင်။ ဝိရမတိ၊ကြဉ်ခြင်းသည်ဖြစ်၏။ ကိုံ၊အဘယ်ကို။ အာရဘိ တွာ၊ အာရုံပြု၍။ ဝိရမတိ၊ကြဉ်ခြင်းသည်ဖြစ်သနည်း။ ပါဏာတိပါတာ ဒီနံ၊ ပါဏာတိပါတ အစရှိကုန်သော အကုသိုလ်တို့၏။ ဝုတ္တာရမ္မဏာ နေဝ၊ ဆိုအပ်ကုန်ပြီးသော အာရုံတို့ကိုသာလျှင်။ အာရဘိတွာ၊ အာရုံ ပြု၍။ ဝိရမတိ၊ကြဉ်ခြင်းသည်ဖြစ်၏။ အချိုကုန်သောဆရာတို့သည်ကား ယစ်မျိုးဟု ဆိုအပ်ကုန်သော သခ်ါရကို အာရုံပြု၍ ယစ်မျိုးကို သောက် ခြင်းမှ ကြဉ်ခြင်းသည် ဖြစ်၏။ သတ္တဝါသခ်ါရတို့တွင် အကြင် သတ္တဝါ သခ်ါရကိုခိုးအပ်ဖျက်ဆီးအပ်၏၊ထိုသတ္တဝါသခ်ါရကိုအာရုံပြု၍ အဒိန္နာ ဒါန မုသာဝါဒတို့မှ ကြဉ်ခြင်းသည်ဖြစ်၏။သတ္တဝါတို့ကို သာလျှင် အာရုံ ပြု၍ ပါဏာတိပါတ အဗြဟ္မစရိယတို့မှ ကြဉ်ခြင်းသည်ဖြစ်၏ ဟူ၍ ဆို ကုန်၏။ ထိုစကားသည် ပရိယာယ် အားဖြင့် သင့်၏။ တပါးကုန်သော ဆရာတို့သည် ထိုစကားကိုအလိုမရှိကုန်ရကား ဤသို့ဖြစ်သည်ရှိသော် တပါးကို ကြံလျက် တပါးကိုပြုရာ၏။ အကြင် သဘောကိုလည်း စွန့်၏၊ ထိုသဘောကိုလည်း မသိလေရာဟု ဆို၍ အကြင် အကုသိုလ်ကို စွန့်၏၊ မိမိ၏ ပါဏာတိပါတအစရှိသော ထိုအကုသိုလ်ကို သာလျှင် အာရုံပြု၍ ကြဉ်ခြင်းသည် ဖြစ်၏ ဟူ၍ဆိုကုန်၏၊ ထိုစကားသည်မသင့်။ အဘယ် ကြောင့်မသင့်သနည်းဟူမူကား ထိုအာရုံ၏ပစ္စုပ္ပန်မဟုတ်သည်၏အဖြစ် ကြောင့်လည်းကောင်း ဗဟိဒ္ဓ အာရုံ မဟုတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း မသင့်သတည်း။ ထိုစကားသည်သင့်၏။ သိက္ခာပုဒ်တို့၏ ပစ္စုပ္ပန္နာရမ္မဏာဗဟိဒ္ဓါ ရမ္မဏာဟူ၍ ဝိဘင်းပါဠိတော်၌ ပစ္စုပ္ပန် အာရုံ ဗဟိဒ္ဓအာရုံရှိ၏ဟုအာရုံကို ဟောတော်မူအပ်၏။ထိုပစ္စုပ္ပန်အာရုံ ဗဟိဒ္ဓ အာရုံသည်မိမိ၏ ပါဏာတိပါတ အစရှိသော အကုသိုလ်ကို အာရုံပြု၍ ကြဉ်သည်ရှိသော် မဖြစ်သင့်။ တပါးကိုကြံလျက် တပါးကို ပြုရာ၏။ အကြင် သဘောကိုလည်းစွန့်၏ ထိုသဘောကိုလည်း မသိလေရာ

ဟူသော အကြင်စကားကိုဆိုဏ်၊ ထိုစကားကို မဆိုသင့်။ ထိုစကား သည် မှန်ဏ်။ ကိစ္စကို ဖြစ်စေသည်ဏ် အစွမ်း အားဖြင့်ဖြစ်သော တပါးကိုကြီလျက် တပါးကို ပြုရာဏ် ဟူ၍လည်းကောင်း အကြင် သဘောကိုစွန့်ဏ်၊ ထိုသဘောကို မသိဟူ၍လည်း မဆိုအပ်။ ဤ အရာ၌ နိဗ္ဗာန်ကို အာရုံပြု၍ ခပ်သိမ်းကုန်သော ကိလေသာတို့ကို ပယ်သော မဂ္ဂဌာန် အရိယာ ပုဂ္ဂိုလ်သည် သက်သေဖြစ်ဏ်။ အလုံး စုံသော အနက်ကိုလည်း ခုဒ္ဒကပါဌအဌကထာမှ ရအပ်ဏ်။ သမ္မာဒိဋ္ဌိ သုတ်အဌကထာ အစရှိသည်တို့၌လည်း ဇီဝိတိန္ဒြေအစရှိသည် အာရုံရှိ ကုန်သောကမ္မပထတို့သည် အသို့လျှင် ဒုဿီလဏ် အဖြစ်တို့ကို စွန့်ကုန် သနည်းဟူသော စောဒနာကို ရည်၍—

ယထာပန နိဗ္ဗာနာရမ္မဏော အရိယမဂ္ဂေါ ကိလေသံ ပဇဟတိ။
ဇဝံ ဇီဝိတိန္ဒြိယာရမ္မဏာပေတေ ကမ္မပထာ ပါဏာတိပါတာဒီနိ
ဒုဿိလျာနိ ပဇဟန္တီတိ ဝေဒိတဗ္ဗာနိ။

ဟူ၍ ဆိုအပ်ဏ်။

နိဗ္ဗာနာရမ္မဏော၊ နိဗ္ဗာန် အာရုံရှိသော။ အရိယမဂ္ဂေါ၊ အရိယာမဂ် သည်။ ကိလေသံ။ ကိလေသာကို။ ပဇဟတိယထာပန၊ စွန့်သကဲ့သို့။ ဇဝံတထာ၊ ထိုအတူ။ ဇေတေကမ္မပထာ၊ ထိုကမ္မပထတို့သည်။ ဇီဝိတိန္ဒြိယာ ရမ္မဏာပိ၊ ဇီဝိတိန္ဒြေအစရှိသည် အာရုံရှိကုန်သော်လည်း။ ပါဏာတိ ပါတာဒီနိ၊ ပါဏာတိပါတ အစရှိကုန်သော။ ဒုဿိလျာနိ၊ ဒုဿီလဏ် အဖြစ်တို့ကို။ ပဇဟန္တီ၊ စွန့်ကုန်ဏ်။ ဧုတိ သို့။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်ဏ်။

သိက္ခာပဒါနိ စေတာနိ သာမဏေရေန ဘိက္ခုဿ သန္တိကေ သမာဒိယန္တေန သမာဒိဏ္ဏာနိ ဟောန္တိ။ ဥပါသကေန ပန အတ္တ နာဝါ ပရေသံဝါ သန္တိကေ ဧကဏ္ဍံဝါ ပစ္စေကံဝါ သမာဒိ ယန္တေန သမာဒိဏ္ဏာနိ ဟောန္တိ။ ကိန္တု ဧကဏ္ဍံ သမာဒိယတော ဝိရတိပိ စေတနာပိဧကာဝ။ ကိစ္စဝသေန 'ပနေတာ တံ ပညတ္တံ ပညပိယန္တိ။ ပစ္စေကံ သမာဒိယတော ဝိရတိယောပိ စေတနာပိ ပဉ္စေဝ၊ သာမဏေရာနဉ္စေတ္ထ ဧကသ္မိံ ဘိန္နေ သဗ္ဗာနိပိ ဘိန္နာနိ ဟောန္တိ။ ပါရာဇိကဌာနိယာနိ ဟိ ဧတာနိ။ တေသံယေဝ ယံ တံ ဝိတိက္ကန္တံ ဟောတိ။ တေနေဝ ကမ္မဗဒ္ဓေါ။ ဂဟဌာနံပန ဧကသ္မိံ ဘိန္နေဧကမေဝ ဘိန္နံ ဟောတိ။ တေသံ တံသမာဒါနေ နေဝ ပုန

ပဉ္စဂီကတ္တံ သီလဿ သမ္ပဇ္ဇတိ။ တေသံ ပိယံ ယံ ဝိတိက္ကန္တံ တေနေဝ ကမ္မဗဒ္ဓေါ၊ အပရေ ပနာဟု ဝိသုံဝိသုံ သမာဒိဏ္ဍေသု ကေသ္မိံ ဘိန္နေ ကေမေဝ ဘိန္နံ ဟောတိ။ ပဉ္စင်သမန္နာဂတံ သီလံ သမာဒိယာမီတိ ပန ကေတော သမာဒိဏ္ဍေသု ကေသ္မိံ ဘိန္နေ သဗ္ဗာနိပိ ဘိန္နာနိ ဟောန္တိ။ ကသ္မာ သမာဒါနဿ အဘိန္နတ္တာ။ (ခုဒ္ဒကပါဌအဋ္ဌကထာ)။

တောနိသိက္ခာပဒါနိစ၊ ဤသိက္ခာပုဒ်တို့ကိုလည်း။ သာမဏေရေန၊ သာမဏေသည်။ ဘိက္ခုဿ၊ ရဟန်း၏။ သန္တိကေ၊ အထံ၌။ သမာဒိယန္တေန၊ ဆောက်တည်သည်ရှိသော်။ သမာဒိဏ္ဍာနိ၊ ဆောက်တည်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဥပါသကေနပန၊ သီတင်းသည်သည်ကား။ အတ္တနာဝါ၊ မိမိကိုယ်တိုင် လည်းကောင်း။ ပရေသံ၊ သူတပါး တို့၏။ သန္တိကေဝါ၊ အထံ၌ လည်းကောင်း။ ကေဏ္ဍံဝါ၊ တပေါင်းတည်းလည်းကောင်း။ ပစ္စေကံဝါ၊ အသီးအသီးလည်းကောင်း။ သမာဒိယန္တေန၊ ဆောက်တည်သည်ရှိသော်။ သမာဒိဏ္ဍာနိ ဆောက်တည်အပ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ကိန္တု၊စင်စစ်ကား။ ကေဏ္ဍံ၊ တပေါင်းတည်း။ သမာဒိယတော၊ဆောက်တည်သောသူအား။ ဝိရတိပိ၊ ဝိရတိသည်လည်းကောင်း။ စေတနာပိ၊ စေတနာသည်လည်းကောင်း။ ကောဝ၊ တပါးသည် သာလျှင်။ ဟောတိ၊ ၏။ ကိစ္စဝသေနပန၊ ကိစ္စ၏ အစွမ်းအားဖြင့်ကား။ တော၊ ထိုဝိရတိ စေတနာ တို့သည်။ တံပညတ္တံ၊ ထိုငါးပါးသော သီလပညတ်ကို။ ပညပိယန္တိ၊ သိစေတတ်ကုန်၏။ ပစ္စေကံ၊ အသီး အသီး။ သမာဒိယတော၊ ဆောက်တည်သော သူအား။ ဝိရတိယောပိ၊ ဝိရတိတို့သည် လည်းကောင်း။ စေတနာပိ၊ စေတနာသည်လည်းကောင်း။ ပဉ္စေဝ၊ ငါးပါးတို့သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သာမဏေရာနဉ္စ၊ သာမဏေတို့အား လည်း။ ဧတ္တ၊ ဤငါးပါးသော သိက္ခာပုဒ်တို့တွင်။ ကေသ္မိံ၊ တခုသော သိက္ခာပုဒ်သည်။ဘိန္နေ၊ပျက်သည်ရှိသော်။ သဗ္ဗာနိပိ၊ခပ်သိမ်းကုန်သော သီလတို့သည်လည်း။ ဘိန္နာနိ၊ပျက်ကုန်သည်။ ဟောန္တိ ဖြစ်ကုန်၏။ ဟိ သစ္စံ၊မှန်၏။ ဧတာနိ၊ထိုသိက္ခာပုဒ်တို့သည်။ ပါရာဇိကဋ္ဌာနိယာနိ၊ပါရာဇိကဏ်အရာ၌တည်ကုန်၏။ တေသံ၊ ထိုသာမဏေတို့အား။ ယံယံ၊ အကြင် သိက္ခာပုဒ်ကို။ ဝိတိက္ကန္တံ၊ လွန်ကျူးသည်။ ဟောတိ၊ ၏။ တေနေဝ။

ထိုသိက္ခာပုဒ်ဖြင့်သာလျှင်။ ကမ္မဗန္ဓေါ၊ အကုသိုလ်ကံ၏စပ်ခြင်းသည်၊ ဟောတိ၊ ၏။ ဂဟဋ္ဌာနံပန၊ လူတို့အားကား။ ဇေကဿိ၊ တခုသော သိက္ခာပုဒ်သည်။ ဘိန္နေ၊ ပျက်သည်ရှိသော်။ ယဒေဝ၊ အကြင်ကြောင့်။ ဇေကမေဝ၊ တပါးသောသီလသည်သာလျှင်။ဘိန္နံ၊ ပျက်သည်။ ဟောတိ၊ ၏။ တတော၊ ထိုကြောင့်။ တေသံ၊ ထိုလူတို့အား။ တံသမာဒါနေနေဝ၊ ထိုပျက်သောသိက္ခာပုဒ်ကို ဆောက်တည်သဖြင့်လျှင်။ ပုန၊ တဘန်။ သီလဿ၊ သီလ၏။ ပဥ္စဂိုကတ္တံ၊ ငါးပါးသောအင်္ဂါရှိသည်၏အဖြစ်သည်။ သမ္ပဇ္ဇတိ၊ ဖြစ်၏။ တေသံပိ၊ ထိုလူတို့အားလည်း။ ယံယံ၊အကြင်သိက္ခာပုဒ်ကို။ ဝိတိက္ကန်၊ လွန်ကျူးသည်။ ဟောတိ၊၏။ တေနေဝ၊ ထိုသိက္ခာပုဒ်ဖြင့်သာလျှင်။ ကမ္မဗန္ဓေါ၊ အကုသိုလ်ကံ၏စပ်ခြင်းသည်။ ဟောဘိ၊၏။ အပရေပန၊ တပါးကုန်သောဆရာတို့သည်ကား။ ဝိသုံဝိသုံ၊ အသိးအသိး။သမာဒိန္နေသု၊ ဆောက်တည်အပ်ကုန်သော သိက္ခာပုဒ်တို့တွင်။ဇေကဿိ၊ တပါးသောသိက္ခာပုဒ်သည်။ ဘိန္နေ၊ ပျက်သည်ရှိသော်။ ဇေကမေဝ၊ တပါးသောသီလသည်သာလျှင်။ ဘိန္နံ၊ပျက်သည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုကြောင့်။ တေသံ၊ ထိုလူတို့အား။ တံသမာဒါနေနေဝ၊ ထိုပျက်သောသိက္ခာပုဒ်ကို ဆောက်တည်သဖြင့်လျှင်။ ပုန၊ တဘန်။ သီလဿ၊ သီလ၏။ ပဥ္စဂိုကတ္တံ၊ ငါးပါးသောအင်္ဂါရှိသည်၏အဖြစ်သည်။ သမ္ပဇ္ဇတိ၊ ဖြစ်၏။ တေသံပိ၊ ထိုလူတို့အားလည်း။ ယံယံ၊အကြင်သိက္ခာပုဒ်ကို။ ဝိတိက္ကန်၊ လွန်ကျူးသည်။ ဟောတိ၊၏။ တေနေဝ၊ ထိုသိက္ခာပုဒ်ဖြင့်သာလျှင်။ ကမ္မဗန္ဓေါ၊ အကုသိုလ်ကံ၏စပ်ခြင်းသည်။ ဟောဘိ၊၏။ အပရေပန၊ တပါးကုန်သောဆရာတို့သည်ကား။ ဝိသုံဝိသုံ၊ အသိးအသိး။သမာဒိန္နေသု၊ ဆောက်တည်အပ်ကုန်သော သိက္ခာပုဒ်တို့တွင်။ဇေကဿိ၊ တပါးသောသိက္ခာပုဒ်သည်။ ဘိန္နေ၊ ပျက်သည်ရှိသော်။ ဇေကမေဝ၊ တပါးသောသီလသည်သာလျှင်။ ဘိန္နံ၊ပျက်သည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုကြောင့်။ တေသံ၊ ထိုလူတို့အား။ တံသမာဒါနေနေဝ၊ ထိုပျက်သောသိက္ခာပုဒ်ကို ဆောက်တည်သဖြင့်လျှင်။ ပုန၊ တဘန်။ သီလဿ၊ သီလ၏။ ပဥ္စဂိုကတ္တံ၊ ငါးပါးသောအင်္ဂါရှိသည်၏အဖြစ်သည်။ သမ္ပဇ္ဇတိ၊ ဖြစ်၏။ တေသံပိ၊ ထိုလူတို့အားလည်း။ ယံယံ၊အကြင်သိက္ခာပုဒ်ကို။ ဝိတိက္ကမတိ၊ လွန်ကျူးသည်။ တဒနေဝ၊ ဘိဇ္ဇတိ-ဟူ၍ ဆို၏။

ယော၊ အကြင်သူသည်။ ပဥ္စသိက္ခာပဒါနိ၊ ငါးပါးကုန်သော သိက္ခာပုဒ်တို့ကို။ ဇေကတော၊ တယောင်းတည်း။ ဂဏှတိ၊ ယူ၏။ တာသေ၊ ထိုသူအား။ ဇေကဿိ၊ တပါးသောသိက္ခာပုဒ်သည်။ ဘိန္နေ၊ပျက်သည်ရှိသော်။ သဇ္ဇာနိဝိ၊ခပ်သိမ်းကုန်သောသိက္ခာပုဒ်တို့သည်လည်း။ ဘိန္နာနိ၊ပျက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ သမာဒါနသာ၊ ဆောက်တည်ခြင်း၏။ အာဘိန္နတ္တာ၊ မပြားသည်၏ အဖြစ်ကြောင့်တည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဆိုကုန်၏။ ။အပရေ ဟူသောစကားကို ဒီဃဘာဏကဆရာတို့ကိုရည်၍ဆို၏။ ထိုကြောင့်လျှင် ကုန္ဒဒန္တိသုတ်အဋ္ဌကထာ၌-

> ယော ပဉ္စ သိက္ခာပဒါနိ ဇေကတော ဂဏှာတိ။ တသေသကသ္မိံ ဘိန္နေ သဇ္ဇာနိဝိ ဘိန္နာနိ ဟောန္တိ။ ယော ဇေကံ ဂဏှာတိ။ သော ယံ ဝိတိက္ကမတိ။ တဒနေဝ ဘိဇ္ဇတိ-ဟူ၍ ဆို၏။

ယော၊ အကြင်သူသည်။ ပဥ္စသိက္ခာပဒါနိ၊ ငါးပါးကုန်သော သိက္ခာပုဒ်တို့ကို။ ဇေကတော၊ တယောင်းတည်း။ ဂဏှတိ၊ ယူ၏။ တာသေ၊ ထိုသူအား။ ဇေကဿိ၊ တပါးသောသိက္ခာပုဒ်သည်။ ဘိန္နေ၊ပျက်သည်ရှိသော်။ သဇ္ဇာနိဝိ၊ခပ်သိမ်းကုန်သောသိက္ခာပုဒ်တို့သည်လည်း။ ဘိန္နာနိ၊ပျက်ကုန်

သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယော၊ အကြင်သူသည်။ ဇေကေဏံ၊ တပါးတပါးစိ။ ဂဏ္ဍတိ၊ ယူ၏။ သော၊ ထိုသူသည်။ ယံ၊ အကြင်သိက္ခာပုဒ်ကို။ ဝိတိက္ကမတိ၊ လွန်ကျူး၏။ တဒေဝ၊ ထိုလွန်ကျူးမိသောသိက္ခာပုဒ်သည်သာလျှင်။ ဘိန္ဒတိ၊ ပျက်၏။

သဒ္ဒါနိဝိ ဘိန္နာနိ ဟောန္တိ၊ ဇေကဏ္ဍံ သမာဒိန္နတ္တာ တဒေဝ ဘိန္ဒတိ။ဝိသုံဝိသုံ သမာဒိန္နတ္တာ ဂဟဋ္ဌဝသေန စေတံ ဝုတ္တံ။

[ထိုအဋ္ဌကထာ၏ဋီကာ]

ဇေကဏ္ဍံ၊ တပေါင်းတည်း။ သမာဒိန္နတ္တာ၊ ဆောက်တည်သည်၏အဖြစ်ကြောင့်။ ဇေကဿ်ံ၊ တပါးသောသိက္ခာပုဒ်သာည်။ ဘိန္နေ၊ ပျက်သည်ရှိသော်။ သဒ္ဒါနိဝိ၊ ခပ်သိမ်းကုန်သောသိက္ခာပုဒ်တို့သည်လည်း။ ဘိန္နာနိ၊ ပျက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝိသုံဝိသုံ၊ အသီးအသီး။ သမာဒိန္နတ္တာ၊ ဆောက်တည်သည်၏အဖြစ်ကြောင့်။ တာဒေဝ၊ ထိုလွန်ကျူးမိသော သိက္ခာပုဒ်သည်သာလျှင်။ ဘိန္ဒတိ၊ ပျက်၏။ ဇေတ္ထ၊ထိုစကားကိုလည်း။ ဂဟဋ္ဌဝသေန၊ လူ၏အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။

ဤသို့ လောကိုဝရတိသည် သာလျှင် ပျက်စီးခြင်းသဘော ရှိ၏။ လောကုတ္တရာဝိရတိသည်ကား ပျက်စီးခြင်းသဘောမရှိ။ ထိုကြောင့် ကုန္ဒဒန္တသုတ် အဋ္ဌကထာ၌-

သေတုဿာတကံ ဝိရတိယာ ပန ဘေဒေါနာမ နတ္ထိ။ ဘဝန္တံ-ရေဝိဟိ အရိယသာဝကော ဇီဝိတဟေတုပိနေဝပါဏံ ဟနတိ၊ သုရံ ပိဝတိ။သစေပိဿသုရဉ္စ ဒိရဉ္စ ပိသေတွာ မုခေပက္ခိပန္တိ။ ဒိရမေဝပိသတိ။ နသုရာ။ ယထာကိံ ကောဉ္စသကုဏာနံ ဒိရပိဿကေ ဉဒကေ ဒိရမေဝ ပိသတိ။ နာ ဉဒကံ။ ဣဒံ ယောနိသိဒ္ဓံ။ဣတရံ ဓမ္မတာ သိဒ္ဓန္တိ ဝေဒိတဗ္ဗံ–ဟူ၍ ဆို၏။

သေတုဿာတကဝိရတိယာပန၊ အရိယာမဂ် ဝိရတိ၏ကား။ဘေဒေါနာမ၊ ပျက်စီးခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဟိသစ္စံ၊ မှန်၏။ ဘဝန္တံ ရေဝိ၊ ဘဝတပါး၌လည်း။အရိယသာပကော၊အရိယာဖြစ်သောဘုရားကပည့်သည်။ ဇီဝိတဟေတုပိ၊ အသက်ဟူသော အကြောင်းကြောင့်လည်း။ ပါဏံ၊ အသက်ကို။နေဝဟနတိ၊မသတ်သလျင်ကတည်း။သုရံ၊ သေကို။ နေဝပိဝတိ၊ မသောက်သလျင်ကတည်း။ အသ၊ ထိုအရိယာဖြစ်သောဘုရားတပည့်၏။ မုခေ၊ ခံတွင်း၌။ သုရဉ္စ၊ သေကိုလည်းကောင်း။

ခီရဥ္စ၊ နိုရည်ကိုလည်းကောင်း။ မိသေတွာ၊ရော၍။ သစေပိပကွိပန္တီ၊ အကယ်၍ ထည့်ကုန်အံ့။ ခီရမေဝ၊ နိုရည်သည်သာလျှင်။ ပဝိသတိ၊ ဝင်၏။ သုရာ၊ သေသည်။ နပဝိသတိ၊ မဝင်။ ကိံ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ကောဥ္စသကုဏာနံ၊ကြိုးကြာငှက်တို့၏။ မုခေ၊ခံတွင်း၌။ ခီရမိဿကေ၊နိုရည်နှင့်ရောသော။ဥဒကေ၊ရေကို။ ပကွိတ္တေ၊ထည့်သည် ရှိသော်။ ခီရမေဝ၊ နိုရည်သည်သာလျှင်။ ပဝိဿတိ၊ ဝင်၏။ ဥဒကံ၊ ရေသည်။ နပဝိသတိယထာ၊ မဝင်သကဲ့သို့တည်း။ ဣဒံ၊ ဤကြိုးကြာ ငှက်တို့၏ ခံတွင်း၌ ရေ၏မဝင်ခြင်းသည်။ ယောနိသိဒ္ဓံ၊ လူတို့၏ အသက်ကို ယှဉ်သည်၏ အဖြစ် တိရစ္ဆာန်တို့၏ ဘီလာ အတို့ကို ယှဉ်သည်၏ အဖြစ်ကဲ့သို့ အမျိုးအားဖြင့် ပြီး၏။ ဣတရံ၊ အရိယာ၏ ခံတွင်း၌ သေ၏ မဝင်ခြင်းသည်။ ဓမ္မတာသိဒ္ဓံ၊ ဘုရားလောင်းသည် ဝမ်း၌ ပဋိသန္ဓေနေသည်ရှိသော် ဘုရားလောင်း၏ မယ်တော်၏ သိလ ကဲ့သို့ ဓမ္မတာသဘောအားဖြင့် ပြီး၏။ တနည်းကား-ဓမ္မတာသိဒ္ဓံ၊ အရိယာမင်၏ ဓမ္မတာ အာနုဘော်အားဖြင့် ပြီး၏။ ဣတိ၊ ဤသို့။ ဝေဒိ တဗ္ဗံ၊ သိအပ်၏။ ။အကြင်ကြောင့်ကား ထိုထို ဝေရမှ ကြဉ်ခြင်း ဟူသော ဝေရမဏိသည် ဝိရတီမည်၏။ ထိုကြောင့် အလုံးစုံ၌ ဝေရ မဏိမည်သည်ကား ဝိရတီတည်းဟူ၍ ဆိုအပ်၏။ စေတနာသည်လည်း ဝေရမဏိမည်၏။ ထိုကြောင့်လျှင် သမ္မာဒိဋ္ဌိသုတ် အဋ္ဌကထာ အစ ရှိသည်တို့၌—

ဇေတေသုပိ ပဋိပါဋိယာ သတ္တစေတနာပိ ဝဋ္ဌန္တိ ဝိရတိယောပိ။ ဟူ၍ ဆိုဏ်။

ဇေတေသုပိ၊ ထိုကမ္မပထတို့၌လည်း။ ပဋိပါဋိယာ၊ အစဉ်သဖြင့်။ သတ္တ၊ခုနစ်ပါးကုန်သော ကမ္မပထတို့သည်ကား။ စေတနာပိ၊ စေတနာ တို့သည်လည်း။ ဝဋ္ဌန္တိ၊ ဖြစ်ကုန်၏။ ဝိရတိယောပိ၊ ဝိရတီတို့သည် လည်း။ ဝဋ္ဌန္တိ၊ ဖြစ်ကုန်၏။ ။ဤဂါထာ၌ ဝိရတီဟူသော ပုဒ်ဖြင့် ထိုထိုဝေရမဏိကို ဟောပြီး မဟုတ်တုံလော၊ အဘယ် အကျိုးငှါ အာရတီဟူသောပုဒ်ကို ဟောသနည်းဟူ၍ စောဒကဆရာသည် ဆိုဏ်။ စိတ်၏မကောင်းမှု၌ မွေလျော်သည်၏အဖြစ်ကို ပြအံ့သောငှါ အာရတီ ဟူသောပုဒ်ကို ဟောတော်မူသတည်းဟု အဖြေကို ဆိုအပ်၏။ ။ ထိုကြောင့် အဋ္ဌကထာ၌—

အာရတိနာမ ပါပေအာဒီနဝဒဿိနော မနသာဇဝ အနဘိရတိ။ ဟူ၍ ဆိုဏ်။

အာရတိနာမ၊ အာရတီမည်သည်ကား။ ပါပေ၊ မကောင်းမှု၌။ အာဒီနဝဒဿိနော၊ အပြစ်ကို မြင်သော သူ၏။ မနသာဇဝ၊ စိတ်ဖြင့် သာလျှင်။ အနဘိရတိ၊ မမွေ့လျော်ခြင်းတည်း။ ။ထိုစကားသည် သင့်၏။ မကောင်းမှုမှ ကြဉ်သည်၏ အစွမ်းအားဖြင့် စိတ်ဖြစ်ကာမျှ သည်ပင်လည်း များစွာ ကျေးဇူးရှိ၏။ထိုကြောင့်လျှင် မဟာစုန္ဒမထေရ် အား တရားဟောတော်မူသော မြတ်စွာဘုရားသည်-

ဣမခေါ ပန ဝေါ စုန္ဒ သလ္လေခေါ ကရဏီယော ပရေ ဝိဟိံ သကာ ဘဝန္တီ။ မယ မေဥ အဝိဟိံသကာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။ ပရေ ပါဏာတိပါတီ ဘဝိဿန္တီ။ မယမေဥ ပါဏာတိပါတာပဋိဝိရတာ ဘဝိဿာမာတိ သလ္လေ ခေါ ကရဏီယော။

ဤသို့ အစရှိကုန်သော လေးဆဲ့လေးပါးသော အခြင်းအရာတို့ဖြင့် သလ္လေခကို ပြတော်မူ၍ တဘန် သလ္လေခ၌ စိတ်ဖြစ်ကာမျှလည်း ကျေးဇူးများသည်၏ အဖြစ်ကို ပြတော်မူလိုရကား—

စိတ္တုပ္ပါဒမ္ပိခေါ အဟံ စုန္ဒ ကုသလေသု ဓမ္မေသု ဗဟုပကာရံ ဝဒါမိ၊ ကောပနဝါဒေါ ကာယေန ဝါစာယ၊ အနုဝိဓိယနာသု၊ တသ္မာ တီဟ စုန္ဒ ပရေ ဝိဟိံသကာ ဘဝိဿန္တီ၊ မယ မေဥ အဝိဟိံသကာ ဘဝိဿာမာတိ စိတ္တံ ဥပ္ပါဒေတဗ္ဗံ။ ပရေ ပါဏာတိပါတီ ဘဝိဿန္တီ၊ မယ မေဥ ပါဏာတိပါတာ ပဋိ ဝိရတာ ဘဝိဿာမာတိ စိတ္တံ ဥပ္ပါဒေတဗ္ဗံ။

ဤသို့ အစရှိသည်ကို ဟောတော်မူ၏။

စုန္ဒ၊စုန္ဒ။ယဒေတံဝိဟိံသာဒိဝဥ္ဇုံ၊အကြင်ဝိဟိံသအစရှိသောဝဥ္ဇုကို။အဟံ၊ဝါသည်။ဝဒါမိ၊ဟောအံ့။ ဣမခေါပန၊ ဤဝိဟိံသအစရှိသော ဝဥ္ဇုဌ်ကား။ ဝေါ၊ သင်တို့သည်။ သလ္လေခေါ၊ ဝိဟိံသအစရှိသည်ကို ဖြတ်တတ်သည်၏အဖြစ်ကြောင့် သလ္လေခမည်သော အဝိဟိံသစသည် ကို။ ကရဏီယော၊ ပြုအပ်၏။ ပရေ၊ သူတပါးတို့သည်။ ဝိဟိံသကာ၊ လက်အုပ်ခဲ အစရှိသည်ဖြင့် သတ္တဝါတို့ကို ညှဉ်းဆဲကုန်သည်။ ဘ ဝိဿန္တီ ဖြစ်ကုန်လတ္တံ့။မယံ၊ဝါတို့သည်ကား။ ဧဥ၊ဤဝဥ္ဇုဌ်။အဝိဟိံ

သကာ၊ မညှဉ်းဆဲတတ်ကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ ဝေါ၊ သင်တို့သည်။ သလ္လေခေါ၊ ဝိဟိံသကို ဖြတ်တတ်သည်၏ အဖြစ်ကြောင့် သလ္လေခမည်သော အဝိဟိံသကို။ ကရဏီယော၊ ပြုအပ်၏။ ပရေ၊ သူတပါးတို့သည်။ ပါဏာတိပါတီ၊ အသက်ကို သတ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ မယံ၊ ငါတို့သည်ကား။ ဧတ္ထ၊ ဤဝတ္ထုဒ္ဒ်။ ပါဏာတိပါတာ၊ အသက်ကိုသတ်ခြင်းမှ။ ပဋိဝိရတာ၊ ကြဉ်ကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ ဝေါ၊ သင်တို့သည်။ သလ္လေခေါ၊ ဝိဟိံသကို ဖြတ်တတ်သည်၏ အဖြစ်ကြောင့် သလ္လေခမည်သောအဝိဟိံသကို။ ကရဏီယော၊ပြုအပ်၏။ ။စုန္ဒ၊စုန္ဒ။ ကုသလေသုဓမ္မေသု၊ ကုသိုလ်တရားတို့ဒ္ဒ်။ စိတ္တုပ္ပါဒမ္ဂိခေါ၊စိတ်ဖြစ်ကာမျှကိုလည်း။ ဗဟုပကာရံ၊ များစွာ ကျေးဇူးရှိ၏ဟူ၍။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ အနုဝိဓိယနာသု၊ ကုသိုလ်တရားကို ပြုခြင်းတို့ဒ္ဒ်ကား။ ကောပနဝါဒေါ၊ အဘယ်ဆိုဘွယ်ရှိအံ့နည်း။ ။ကုသိုလ်တရားတို့ဒ္ဒ် စိတ်ဖြစ်ကာမျှထက် ကုသိုလ်တရားတို့ကို ကိုယ်ဖြင့် ပြုခြင်းသည်လည်းကောင်း နှုတ်ဖြင့် ပြုကြကုန်လော့ဟု စေခြင်းသည်လည်းကောင်း ပါဠိတော်ကို သင်ခြင်း အဌကထာကို သင်ခြင်း အစရှိသည်တို့သည်လည်းကောင်းစင်စစ်အကျိုးရှိကုန်သည်ဖြစ်ကုန်၏ဟူ၍ပြတော်မူသည်။ အဘယ်ကြောင့်ကား ကုသိုလ်တရားတို့ဒ္ဒ် စိတ်ဖြစ်ကာမျှသည်ပင်လည်း များစွာ အကျိုးရှိသနည်း ဟူမူကား စင်စစ် စီးပွါး ချမ်းသာကို ဆောင်တတ်သောကြောင့်လည်းကောင်း ကိုယ်ဖြင့်ပြုခြင်း နှုတ်ဖြင့် ပြုခြင်းတို့၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်းကုသိုလ်တရားတို့ဒ္ဒ် စိတ်ဖြစ်ကာမျှ သည်ပင်လည်း များသော အကျိုးရှိ၏။ အလှူကိုလှူအံ့ဟူ၍ ကြီသောစိတ်သည် စင်စစ် ချမ်းသာကိုလည်း ရွက်ဆောင် တတ်၏။ ပေးလှူခြင်းကာယကံ ဝစီကံတို့၏ အကြောင်းလည်းဖြစ်၏။ထိုစကားကို ချဦးအံ့၊ဤသို့အလှူပေးအံ့ဟု ကြီသောစိတ်ဖြစ်သောကြောင့်လျှင်နှစ်ရက်မြောက်သောနေ့ဒ္ဒ် လမ်းခရီးကိုစီရင်၍ မဏ္ဍပ်ကြီးကို ဆောက်လုပ်၍ ရဟန်းတရာအား လည်းကောင်း ရဟန်းတထောင်အား လည်းကောင်း အလှူကိုလှူ၏။ ရဟန်း သံဃာကို ဘိတ်ကြားကုန်လော့ ပူဇော်ကြကုန်လော့ လုပ်ကျွေးကြကုန်လော့ဟု အခြံအရံပရိသတ်တို့ကို စေ၏။

ဤအဟူသံဃာအားသက်နှံးကိုကျောင်းအိပ်ရာနေရာကို ဆေးကိုလှူအံ့ဟု ဖြစ်သော စိတ်ရှိခြင်းသည် စင်စစ် စီးပွါးချမ်းသာကို ဆောင်တတ်၏။ ကာယကံ ဝစီကံတို့၏ အကြောင်းလည်းဖြစ်၏။ ဤသို့ ဖြစ်သော စိတ်ရှိသည်၏ အဖြစ်ကြောင့်လျှင် သက်နှံး အစရှိသည့်တို့ကို စိုရင်၏။ ပိုပို ကိုယ်တိုင်လည်းလှူ၏။ သူတပါးကိုလည်း လှူစေ၏။ သရဏာဂုံအစရှိသည်တို့၌လည်း ဤနည်းကို သိအပ်၏။ သရဏံဂစ္ဆာဒိ ကိုးကွယ်ရာတည်း ချဉ်းကပ်အံ့ဟူ၍ စိတ်ကိုဖြစ်စေ၍လျှင် နောက်၌ ကိုယ်ဖြင့်လည်းကောင်း နှုတ်ဖြင့်လည်းကောင်း သရဏာဂုံကို ယူ၏။ ထိုအတူ ပဉ္စင်္သီလကို အဋ္ဌင်္သီလကို ဒသင်္သီလကိုဆောက်တည်အံ့ဟု စိတ်ကို ဖြစ်စေ၍လျှင် နောက်နောက်၌ ကိုယ်ဖြင့်လည်းကောင်း နှုတ်ဖြင့်လည်းကောင်း ဆောက်တည်၏။ ရဟန်းပြု၍ လေးပါးကုန်သော သီလတို့၌ တည်အံ့ဟု စိတ်ကိုဖြစ်စေ၍လျှင်ကိုယ်ဖြင့် လည်းကောင်း နှုတ်ဖြင့်လည်းကောင်း ဖြည့်အပ်သော သီလကိုဖြည့်၏။ ဘုရားစကားတော်ကို သင်အံ့ဟုစိတ်ကိုဖြစ်စေ၍လျှင် ဟပါးသော နိကာယ်ကိုလည်းကောင်း နှစ်ပါးကုန်သော နိကာယ်တို့ကိုလည်းကောင်း သုံးပါးကုန်သော နိကာယ်တို့ကိုလည်းကောင်း လေးပါးကုန်သော နိကာယ်တို့ကို လည်းကောင်း ငါးပါးကုန်သော နိကာယ်တို့ကိုလည်းကောင်း ကိုယ်ဖြင့်လည်းကောင်း နှုတ်ဖြင့် လည်းကောင်း သင်၏။ ဤအတူ ဓုတင် ဆောက်တည်ခြင်း ကမ္မဋ္ဌာန်းယူခြင်း ကသိဏ်းပရိကံ ဈာန်သမာပတ် ဝိပဿနာ မဂ်ဖိုလ် ပစ္စေကဗောဓိ သမ္မာသမ္ဗောဓိ တို့၏ အာစွမ်းအားဖြင့် ဆောင်အပ်၏။ ထိုစကားသည် သင့်၏၊ ဘုရားဖြစ်အံ့ဟု ဖြစ်သော စိတ်သည် စင်စစ် စီးပွါးချမ်းသာကိုလည်း ဆောင်၏။ ကာယကံ ဝစီကံတို့၏ အကြောင်းလည်းဖြစ်၏။ ထိုစကားကို ခဲ့ဦးအံ့၊ ဤသို့ ဖြစ်အံ့ဟု ဖြစ်သော စိတ်ရှိသည်၏ အဖြစ်ကြောင့်လျှင် နောက် အခါ၌ ကမ္ဘာတသိန်း အလွန်ရှိကုန်သော လေးအသင်္ချေ ကာလတို့ပတ်လုံး ကိုယ်ဖြင့် လည်းကောင်း နှုတ်ဖြင့်လည်းကောင်း ပါရမီတို့ကိုဖြည့်၍ နတ်နှင့်တကွသော လူကို ကယ်တင်လျက် သွား၏။ ဤသို့ ခပ်သိမ်း ကုန်သော ကုသိုလ်တို့၌ စိတ်ဖြစ်ခြင်း သည်လည်း များစွာ ကျေးဇူး ရှိ၏။ ကိုယ်နှုတ်တို့ဖြင့် ပြုပြင်ခြင်း တို့သည်ကား အလွန်လျှင် ကျေးဇူးရှိကုန်သလျှင်ကတည်း။ (အဋ္ဌကထာနည်း)။ သရဏာဂုံကို ကိုယ်နှုတ်ဖြင့် သိစေ

ခြင်းဌါ မစွမ်းနိုင်သောသူ၏ အစွမ်းအားဖြင့် သရဏာဂုံကို ယူ၏ ဟူ၍ ဆိုသတည်း။ သိလကို ကိုယ်ဖြင့် ဆောက်တည်၏ဟူ၍ ဆိုရာ၌လည်း ဤနည်းကိုလျှင် သိအပ်၏။ ။ထိုအဋ္ဌကထာ၏ ဋီကာ။ ။ဤကုသိုလ် တရားတို့၌ စိတ်ဖြစ်ကာမျှလည်း ကျေးဇူးများသည်၏အဖြစ်ကို ပြတော်မူပြီး၍ ယခုအခါ၌ ထိုစိတ်ဖြစ်ခြင်း၌ တိုက်တွန်းတော်မူလိုရကား တသ္မာတိဟ စုန္ဒ- အစရှိသည်ကို ဟောတော်မူသတည်း။ ။စုန္ဒ၊ စုန္ဒ၊ တသ္မာ၊ ထိုကြောင့်။ ဣဟ၊ ဤလောက၌။ ပရေ၊ သူတပါးတို့သည်။ ဝိဟိံသကာ၊ ညှဉ်းဆဲကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဇဏ္ဍေ၊ ဤဝတ္ထု၌။ မယံ၊ တို့သည်ကား။ အဝိဟိံသကာ မညှဉ်းဆဲတတ်ကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ ဝေါ၊သင်တို့သည်။စိတ္တံ၊ စိတ်ကို၊ဥပ္ပါဒေတဗ္ဗံ၊ဖြစ်စေအပ်၏။ ပရေ၊သူတပါးတို့သည်။ ပါဏာတိပါတိ၊ အသက်ကိုသတ်တတ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဇဏ္ဍေ၊ ဤဝတ္ထု၌။ မယံ၊ ငါတို့သည်။ ပါဏာတိပါတာ၊ အသက်သတ်ခြင်းမှ။ ပဋိဝိရတာ၊ကြဉ်ကုန်သည်။ဘဝိဿာမ၊ဖြစ်ကုန်အံ့။ ဣတိ၊ဤသို့။ ဝေါ၊ သင်တို့သည်။ စိတ္တံ၊ စိတ်ကို။ ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်စေအပ်၏။

ဤကျမ်း၌ ဆိုအပ်ပြီးသည်ကား အကျဉ်းတည်း။ အကျယ်ကိုကား မူလပဏ္ဏာသ ပထမဝဂ် သလ္လေခသုတ်၌ ကြည့်အပ်၏။ ။ဤသို့ မကောင်းမှုမှ ကြဉ်ခြင်း၏အစွမ်းအားဖြင့် စိတ်ဖြစ်ခြင်းသည် များသော ကျေးဇူးရှိ၏။ ထိုကြောင့်လျှင် ထိုစိတ်၏မင်္ဂလာ၏အဖြစ်သည် သင့်၏။ ထိုကြောင့် အာရဂတိ ဟူသောပုဒ်ကို ဟောတော်မူသတည်း။ ။ဝိရတိ တို့၏ အာရုံ အစရှိသည်ကို ဝေဘန်သောစကားတည်း။

ပါဏာတိပါတ အဒိန္နာဒါန အဗြဟ္မစရိယာနိစ္ဆ ကာယကမ္မ မေဝ။ ကမ္မပထပတ္တာနေဝ။ မုသာဝါဒေါ ဝစီကမ္မမေဝ။ ယော ပနတ္ထဘဉ္ဇကော၊ သော ကမ္မပထပတ္တော။ ဣတရော ကမ္မမေဝ။ သုရာမေရယ မဒ္ဒပမာဒဋ္ဌာနံ ကာယကမ္မမေဝ။ စတသ္သောဝိ စေတ္တ ကာယကမ္မမေဝ။ မုသာဝါဒါ ဝေရမဏိ ဝစီကမ္မံ။

(ခုဒ္ဒကပါဋ္ဌအဋ္ဌကထာ)။

ဇဏ္ဍေ၊ ဤကံတို့တွင်။ ပါဏာတိပါတာ အဒိန္နာဒါန အဗြဟ္မစရိယာနိစ၊ ပါဏာတိပါတ အဒိန္နာဒါန အဗြဟ္မစရိယ တို့သည်။ ကာယကမ္မမေဝ၊ ကာယကံသာလျှင်တည်း။ ကမ္မပထပတ္တာနေဝ၊ကမ္မပထသို့ ရောက်ကုန်

သော ဓံတို့သည်သာလျှင်တည်း။ မုသာဝါဒေါ၊ မုသာဝါဒသည်။ ဝစီကမ္မမေဝ၊ ဝစီကံသာလျှင်တည်း။ ယောပန၊ အကြင်မုသာဝါဒသည်ကား။အတ္ထဘဉ္ဇကော၊အကျိုးကို ဖျက်ဆီးတတ်၏။ သော၊ထိုမုသာဝါဒသည်။ ကမ္မပထပတ္တော၊ ကမ္မပထသို့ ရောက်၏။ ဣတရော၊ အကျိုးကို မဖျက်ဆီးတတ်သော မုသာဝါဒသည်ကား။ကမ္မမေဝ၊ကံသည်သာလျှင်ဖြစ်၏။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနသည်။ ကာယကမ္မမေဝ၊ ကာယကံ သာလျှင်တည်း။ ဧတ္ထ၊ ဤကံတို့တွင်။ စတသောပိစ၊ လေးပါးကုန်သော စေတနာတို့သည်လည်း။ကာယကမ္မမေဝ၊ကာယကံသာလျှင်တည်း။မုသာဝါဒါဝေရမဏိ၊မုသာဝါဒါဝေရမဏိသည်။ ဝစီကမ္မံ၊ဝစီကံတည်း။

ပါဏာတိပါတော ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော နိရယသံဝတ္တနိကော ဟောတိ တိရစ္ဆာနယောနိသံဝတ္တနိကော ပေတ္တိဝိသယသံဝတ္တနိကော။ ယော သဗ္ဗလဟု၊သော ပါဏာတိပါတဿ ဝိပါကော မနုဿဘူတဿ အပ္ပါယုကသံဝတ္တနိကော ဟောတိ။ အဒိန္နာဒါနံ ဘိက္ခဝေ အာသေဝိတံ။လ။ပေတ္တိဝိသယသံဝတ္တနိကံ။ ယော သဗ္ဗလဟု၊သော အဒိန္နာဒါနဿဝိပါကော မနုဿဘူတဿ ဘောဂဗျသနသံဝတ္တနိကော ဟောတိ။ကာမေသုမိစ္ဆာစာရော ဘိက္ခဝေ အာသေဝိတော။လ။ယော သဗ္ဗလဟု၊ သော ကာမေသုမိစ္ဆာစာရဿ ဝိပါကော မနုဿဘူတဿ သပတ္တဝေရ သံဝတ္တနိကော ဟောတိ။ မုသာဝါဒေါ ဘိက္ခဝေ။လ။ယော သဗ္ဗလဟု၊ သော မုသာဝါဒဿ ဝိပါကော မနုဿဘူတဿ အဗ္ဘူတ အဗ္ဘက္ခာနသံဝတ္တနိကော ဟောတိ။ သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ။လ။ ယော သဗ္ဗလဟု၊ သော သုရာမေရယပါနဿ ဝိပါကော မနုဿဘူတဿ ဥမ္မတ္တကသံဝတ္တနိကော ဟောတိ။

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊တို့။အာသေဝိတော၊မှီဝဲအပ်သော။ဘာဝိတော၊ပွါးစေအပ်သော။ဗဟုလီကတော၊အကြိမ်များစွာပြုအပ်သော။ပါဏာတိပါတော၊ ပါဏာတိပါတစေတနာသည်။ နိရယသံဝတ္တနိကော၊ ဝရဲ၌ ဖြစ်စေတတ်သည်။ ဟောတိ၊ ၏။ တိရစ္ဆာနယောနိသံ ဝတ္တနိကော၊ တိရစ္ဆာန်

အမျိုးဒွိ ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ ပေတ္တိဝိသယသံဝတ္တနီကော၊ ပြိတ္တာဘုံဒွိ ဖြစ်စေတတ်သည်။ ဟောတိ၊ ၏။ ပါဏာတိပါတသ၊ ပါဏာတိပါတ စေတနာ၏။ သဗ္ဗလဟု၊ အလုံးစုံအောက်နည်းသော။ ယောဝိပါကော၊ အကြွင်အကျိုးသည်။ အတ္ထိ၊ ရှိ၏။ မနုဿဘူတသ၊ လူဖြစ်၍ ဖြစ်သောသူအား။ တန၊ ထိုအလုံးစုံအောက်နည်းသော အကျိုးဖြင့်။ အပ္ပါယုက သံဝတ္တနီကော၊ နည်းသောအသက်၏ ဖြစ်ခြင်း ရှိသည်။ ဟောတိ၊ ၏။ ။ ပဒိုသန္ဓေကို ပေးခါမျှဒွိလည်း ပျက်စီး၏။ အမိဝမ်းမှ ဘွားခါမျှဒွိလည်း သေ၏။ ဤသို့သဘောရှိသော အသက်တိုခြင်း အကျိုးဆက် သည် အမှတ်မရှိ ကံ၏ အကျိုးဆက် မဟုတ်၊ ဤအသက်တိုခြင်း အကျိုးအဆက်သည် ပါဏာတိပါတကံ၏ သာလျှင် သွားရာခရီးတည်း။ ။ဘိက္ခဝေ။ တို့။ အာသေဝိတံ၊ မှီဝဲအပ်သော။ ဘာဝိတံ၊ ပွားစေအပ်သော။ ဗဟုလီကတံ၊ အကြိမ်များစွာ ပြုအပ်သော၊ အဒိန္နာဒါနံ၊ အဒိန္နာဒါန ကံသည်။ နိရယ သံဝတ္တနိကံ၊ ငရဲဒွိဖြစ်စေတတ်သည်။ ဟောတိ၊ ၏။ တိရစ္ဆာနယောနိ သံဝတ္တနိကံ၊ တိရစ္ဆာန်အမျိုးဒွိဖြစ်စေတတ်သည်။ ဟောတိ၊ ၏။ ပေတ္တိဝိသယသံဝတ္တနီကံ၊ ပြိတ္တာဘုံဒွိ ဖြစ်စေတတ်သည်။ ဟောတိ၊ ၏။ အဒိန္နာဒါနသ အဒိန္နာဒါနကံ၏။ သဗ္ဗလဟု၊ အလုံးစုံအောက်နည်းသော။ ယောဝိပါကော၊ အကြွင်အကျိုးသည်။ အတ္ထိ၊ ရှိ၏။ မနုဿဘူတသ၊ လူဖြစ်၍ ဖြစ်သော သူအား။ သောဝိပါကော၊ ထိုအလုံးစုံအောက် နည်းသော အကျိုးသည်။ ဘောဂဗျသန သံဝတ္တနီကော၊ စည်းစိမ်ပျက်စီးခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ ။တခြင်ရွေးမျှလည်း လက်ဒွိ မတည့်အောင် စည်းစိမ်၏ ပျက်ခြင်းကို ဖြစ်စေတတ်သတည်း။ ။ ဘိက္ခဝေ၊ ကို။ အာသေဝိတော၊ မှီဝဲအပ်သော။ ဘာဝိတော၊ ပွားစေအပ်သော။ ဗဟုလီကတော၊ အကြိမ်များစွာ ပြုအပ်သော။ ကာမေသု မိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရသည်။ နိရယသံဝတ္တနီကော၊ ငရဲဒွိဖြစ်စေတတ်သည်။ ဟောတိ. ၏။ တိရစ္ဆာန ယောနိ သံဝတ္တနီကော၊ တိရစ္ဆာန်အမျိုးဒွိဖြစ်စေတတ်သည်။ ဟောတိ၊ဖြစ်၏။ ပေတ္တိဝိသယသံဝတ္တနီကော၊ပြိတ္တာဘုံဒွိ ဖြစ်စေတတ်သည်။ဟောတိ၊ ဖြစ်၏။ ကာမေသု မိစ္ဆာစာရသံ၊ ကာမေသု မိစ္ဆာစာရ ကံ၏။ သဗ္ဗလဟု၊ အလုံးစုံအောက်နည်းသော။ ယောဝိပါကော၊ အကြွင်အကျိုးသည်။ အတ္ထိ၊ ရှိ၏။

မနုသဘူတသ၊ လူဖြစ်၍ဖြစ်သောသူအား။ သောဝိပါကော။ ထိုအကျိုး သည်။ သံပတ္တဇေရသံဝတ္တနိကော၊ ရန်သူတို့နှင့် ရန်ကိုဖြစ်စေတတ် သည်။ဟောတိ၊ဖြ်။ ။ကာမေသုမိစ္ဆာစာရကံ ရှိသောသူအား ရန်သူတို့ သည် များကုန်၏။ အကြင်သူသည်လည်း ထိုကာမေသုမိစ္ဆာစာရကံ ရှိသော သူကို မြင်၏၊ ထို သူသည်လည်း ကာမေသု မိစ္ဆာစာရ ကံ ရှိသောသူအား ရန်ကိုသာ ဖြစ်စေတတ်၏၊ မငြိမ်းစေ။ ဤသို့သဘော ရှိသော ရန်များခြင်းပွါးခြင်း ဟူသော အကျိုးအဆက်သည် သူတပါး သည်စောင့်ရှောက်အပ် လုံစေအပ်သော ဘဏ္ဍာဒ်ဖြစ်များသော ကာမေ သုမိစ္ဆာစာရကံ၏ အကျိုးအဆက်ကည်း။ ။ဘိက္ခဝေ၊ တို့။ အာသေဝိ တော၊ မှီဝဲအပ်သော၊ ဘာဝိတော၊ ပွါးစေအပ်သော။ ဗဟုလီကတော၊ အကြိမ်များစွာ ပြုအပ်သော။ မုသာဝါဒေါ၊ မုသာဝါဒသည်။ နိရယ သံဝတ္တနိကော၊ ငရဲဒဏ်ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိ သံဝတ္တနိကော၊ တိရစ္ဆာန်ကို၏ အမျိုးဒဏ် ဖြစ်စေတတ်၏။ ပေတ္တိဝိသယ သံဝတ္တနိကော၊ ပြိတ္တာဘုံဒဏ် ဖြစ်စေတတ်၏။ မုသာဝါဒသ၊ မုသာဝါဒကံ၏။ သဗ္ဗလဟု၊ အလုံးစုံ အောက် နည်းသော။ ယောဝိပါကော၊ အကြွင်အကျိုးသည်။ အတ္ထိ၊ ရှိ၏။ မနုသ်ဘူတသ. လူဖြစ်၍ ဖြစ်သောသူအား။ သောဝိပါကော၊ ထိုအကျိုးသည်။ အတ္ထိ၊ ရှိ၏။ မနုသ်ဘူတသ၊ လူဖြစ်၍ ဖြစ်သောသူအား။ သောဝိပါကော၊ ထိုအကျိုးသည်။ အတ္ထိ၊ ရှိ၏။ ။ကာမေသုမိစ္ဆာစာရကံ ရှိသောသူ၏ အပေါ်၌ ကျသတည်း။ ။ဘိက္ခဝေ၊ တို့။ အာသေဝိတံ၊ မှီဝဲအပ်သော။ ဗဟုလီကတံ၊ အကြိမ်များစွာပြုအပ်သော သုရာမေရယ ပါနံ၊ သုရာမေရယပါန ကံသည်။ နိရယသံဝတ္တနိကံ၊ ငရဲဒဏ်ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြ်။ တိရစ္ဆာနယောနိ သံဝတ္တနိကံ၊ တိရစ္ဆာန်၏အမျိုးဒဏ် ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြ်။ ပေတ္တိဝိသယ သံဝတ္တနိကံ၊ ပြိတ္တာဘုံဒဏ် ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြ်။ သုရာမေရယ ပါနဿ၊ သုရာမေရယပါနကံ၏။ သဗ္ဗလဟု၊ အလုံးစုံအောက်နည်း သော။ ယောဝိပါကော၊ အကြွင်အကျိုးသည်။ အတ္ထိ၊ ရှိ၏။ မနုသ်ဘူတသ၊ လူဖြစ်၍ ဖြစ်သောသူအား။ သောဝိပါကော၊ ထိုအလုံးစုံအောက်နည်းသောအကျိုးသည်။ ဥမ္မတ္တက သံဝတ္တနိကော၊ ရူးသွပ်၏အဖြစ်ကို ဖြစ်စေတတ်သည်၊ ဟောတိ၊ ဖြ်။ ။ထိုသုရာမေရယ ဝိပါကကံ

ကြောင့် ရှုးသည်မှုလည်း ဖြစ်၏။ ပျံလွင့်သော စိတ်ရှိသည်မှုလည်း ဖြစ်၏။ အရည့်အရည်ယိုသောသူ- ဆွံ့သူ-အသူသည် မှုလည်း ဖြစ်၏။ ဤအကျိုးဆက်ကား သရုပါနှင်္ကံ၏ အကျိုးဆက်တည်း။ ။ထိုပါဠိတော်၏ အဋ္ဌကထာ။ ။ယစ်မျိုးကို သောက်ခြင်း၏ အပြစ်သည်ကား ကုမ္ဘဇာတ်၌ လည်းကောင်း သိင်္ဂါလသုတ်၌ လည်းကောင်း အကျယ်အားဖြင့်လာ၏။ ထို့ကြောင့်လျှင် မြတ်စွာဘုရားသည် သိင်္ဂါလသုတ်၌-

သုရာမေရယမဇ္ဇ ပမာဒဋ္ဌာနာ နိုယောဂေါ ခေါ ဂဟပတိပုတ္တ ဘောဂါနံ အပါယမုခံ။

ဟုဟောတော်မူ၍ ထိုသုရာပါနှ၏ အပြစ်ကို ပြတော်မူအံ့သောငှါ-

ဆဧခါ မေ ဂဟဂတိပုတ္တ အာဒီနဝါ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ နုယောဂေ။ သန္ဒိဋ္ဌိကာ ဓနဇာနိ၊ ကလဟပ္ပဝုနိ၊ ရောဂါနံ အာယတနံ၊ အကိတ္တိသဒ္ဒနိ၊ ကောပီနနိဒဿနိ။ ပညာယ ဒုဗ္ဗလကရဏီတွေဝ ဆဋ္ဌံ ပဒံ ဘဇတိ။ ။ဟူ၍ ဟောတော်မူ၏။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာနုယောဂေါ၊ ယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာမေရယကို သောက်ခြင်းကို လုံ့လပြုခြင်း သည်လျှင်။ ဘောဂါနံ။ စည်းစိမ်တို့၏။ အပါယမုခံ၊ ပျက်စီးခြင်း၏ အကြောင်းတည်း ။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ နုယောဂေ၊ ယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာမေရယကို သောက်ခြင်းကို လုံ့လပြုခြင်းဌာ။ အာဒီနဝါ၊ အပြစ်တို့သည်။ ဤခြောက်ပါးတို့ လျှင်တည်း။ သန္ဒိဋ္ဌိကော၊ မျက်မှောက်ဌာဖြစ်လတ္တံ့သော။ ဓနဇာနိ၊ ဥစ္စာ၏ယုတ်ခြင်းသည်။ ဟောတိ၊ ၏။ ကလဟပ္ပဝုနိ၊ ဒိုက်ရန်ကို ပွါးစေတတ်သည်။ ဟောတိ၊ ၏။ ရောဂါနံ၊ မျက်စိနာ အစရှိသည်တို့၏။ အာယတနံ၊ အကြောင်းသည်။ တနည်းကား- တည်ရာသည်။ ဟောတိ၊ ၏။ အကိတ္တိသဒ္ဒနိ၊ ပစ္စုပ္ပန်သံသရာဌာ အကျော်အစောမဲ့ကို ဖြစ်စေတတ်သည်။ ဟောတိ၊၏။ကောပီနနိဒဿနိ၊ လျှိုဝှက်အပ်သောအင်္ဂါကို ပြတတ်၏။ ပညာယ၊ ကမ္မဿကတာပညာ၏။ ဒုဗ္ဗလကရဏီတွေဝ၊ အာနုဘော်ခြင်းကို ပြုခြင်းသည်လျှင်။ ဆဋ္ဌံ၊ ခြောက်ရာသို့၏ ပြည့်ကြောင်းဖြစ်သော။ ပဒံ၊ အဘိုဿို။ ဘဇတိ၊ ဝင်၏။ ကုမ္ဘဇာတ်ကိုကား တိ ံသနိပါတ်ဌာ ကြည့်အပ်၏။ ။ဤသို့အပါယ်ဌာ

ဖြစ်သော ဆင်းရဲအစရှိသည်ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် ပါဏာတိပါတ အစရှိသော ဝေရစေတနာသည် အမင်္ဂလာမည်၏။ ဝေရမဏိသည်ကား ထိုမှ ဘောက်ပြန်သည်၏ အဖြစ်ကြောင့် မင်္ဂလာမည်၏။ ထိုကြောင့် အဋ္ဌကထာ၌—

တတော သဗ္ဗာပေသာ အာရတိ ဝိရတိစ ဒိဋ္ဌဓမ္မိက သမ္ပရာယိကဘယ ဝေရပ္ပဟာနာဒိ နာနပ္ပကာရဝိသေသာဓိဂမဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။ ယသ္မာ ပန မဇ္ဇပါယီ အဏ္ဍံ နဇာနာတိ။ဓမ္မံ နဇာနာတိ။မာတု အန္တရာယံ ကရောတိ ပိတုဗုဒ္ဓ ပစ္စေကဗုဒ္ဓ တထာဂတ သာဝကာနမ္ပိ အန္တရာယံ ကရောတိ။ ဒိဋ္ဌဓမ္မေ ဂရဟံ သမ္ပရာယေ ဒုဂ္ဂတိံ အပရာပရိယေ ဥမ္မာဒံ ပါပုဏာတိ။ မဇ္ဇပါနာ ပန သံယမော တေသံ ဒေါသာနံ ဝုပသမံ တဗ္ဗိပရိတဂုဏသမ္ပဒဉ္စ ပါပုဏာတိ။ တသ္မာ အယံ မဇ္ဇပါနသံယမော မင်္ဂလန္တိ ဝေဒိတဗ္ဗော။

ဟူ၍ဆိုဏ်။

တတော၊ထိုပါဏာတိပါတအစရှိသည်မှ။ သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်သော။ဧသာအာရတိစ၊၍စိတ်ဖြင့်ကြဉ်ခြင်းကိုလည်းကောင်း။ဝိရတိစ၊ ကိုယ်နှုတ်ဖြင့် ကြည့်ခြင်း ကိုလည်းကောင်း။ ဒိဋ္ဌဓမ္မိကသမ္ပရာယိကဘယ ဝေရပ္ပဟာနာဒိ နာနပ္ပကာရ ဝိသေသာဓိဂမ ဟေတုတော၊ မျက်မှောက်ကမလွန်၌ဖြစ်သော ဘေးရန်ကိုပယ်ခြင်းအစရှိသော အထူးထူးအပြားပြား များသော အကျိုးဝိသေသတို့ကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့်။ မင်္ဂလန္တိ၊ မင်္ဂလာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယသ္မာပန၊ အကြင်ကြောင့်ကား။ မဇ္ဇပါယီ၊ သေသောက်သော သူသည်။ အဏ္ဍံ၊ အကျိုးကို။ နဇာနာတိ၊မသိ။ဓမ္မံ၊အကြောင်းကို။နဇာနာတိ၊ မသိ။ မာတု၊ အမိအား။အန္တရာယံ၊အန္တရာယ်ကို။ကရောတိ၊ပြု၏။ ပိတုဗုဒ္ဓပစ္စေကဗုဒ္ဓ တထာဂတသာဝကာနမ္ပိ၊အဘ ဘုရားပစ္စေကဗုဒ္ဓါဘုရားဟပည့်တို့အားလည်း။အန္တရာယံ၊အန္တရာယ်ကို။ကရောတိ၊ပြု၏။ဒိဋ္ဌဓမ္မေ၊မျက်မှောက်သောကိုယ်၏ အဖြစ်၌။ ဂရဟံ၊ ကဲ့ရဲခြင်းသို့။သမ္ပရာယေ၊ တမလွန်၌။ဒုဂ္ဂတိံ၊ဒုဂ္ဂတိသို့။အပရာပရိယေ၊အဆက်ဆက်သောကိုယ်၏အဖြစ်၌ ဥမ္မာဒံ၊ရူးခြင်းသို့။ပါပုဏာတိ၊ ရောက်၏။မဇ္ဇပါနာ၊သေသောက်ခြင်းမှ။ သံယမောပန၊ ကြဉ်ခြင်းသည်ကား။ တေသံဒေါသာနံ၊ ထို အပြစ်တို့၏။

ဣစ္ဆာသယ ၁၅၅-၆၄

ဝုပသမံ ငြိမ်းခြင်းသို့လည်းကောင်း။ တဒ္ဒိပရိတဂုဏသမ္ပဒဉ္စ၊ ထိုအပြစ်တို့မှ ဘောက်ပြန်သော ကျေးဇူး၏ ပြည့်စုံခြင်းသို့လည်းကောင်း။ ပါပုဏာတိ၊ ရောက်၏။ တသ္မာ၊ ထိုကြောင့်။ အယံမဇ္ဇပါနသံယမော၊ ဤသေသောက်ခြင်းမှ ကြဉ်ခြင်းကို။ မင်္ဂလန္တိ၊ မင်္ဂလာဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ။ထိုစကားသည် သင့်၏။ နိဒါနဝင်၏ စတုတ္ထဝင် ပထမဘယသုတ်၌ အနာထပိဏ်သေဋ္ဌေးအား တရားဟောတော်မူသော မြတ်စွာဘုရားသည်လည်း ဤသို့ ဟောတော်မူ၏။

ကတမာနိ ပဉ္စဘယာနိ ဝေရာနိ ဝုပသန္တာနိ ဟောန္တိ။ ယံ ဂဟပတိ ပါဏာတိပါတီ ပါဏာတိပါတပစ္စယာ ဒိဋ္ဌဓမ္မိကဘယဝေရံ ပသဝတိ။ သမ္ပရာယိကဘယဝေရံ ပသဝတိ။ စေတသိကမ္ပိ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒယတိ။ ပါဏာတိပါတာ ပဋိဝိရတဿ ဇဝံ တံ ဘယံ ဝေရံ ဝုပသန္တံ ဟောတိ။ ယံ ဂဟပတိ အဒိန္နာဒါယီ အဒိန္နာဒါန ပစ္စယာ။ လ။ ယံ ဂဟပတိ ကာမေသု မိစ္ဆာစာရီ ကာမေသု မိစ္ဆာစာရ ပစ္စယာ။လ။ယံ ဂဟပတိ မုသာဝါဒီ မုသာဝါဒပစ္စယာ။လ။ ယံ ဂဟပတိ သုရာမေရယမဇ္ဇပါယီ သုရာမေရယ မဇ္ဇပါန ပစ္စယာ ဒိဋ္ဌဓမ္မိကံ ဘယံ ဝေရံ ပသဝတိ။ သမ္ပရာယိကမ္ပိ ဘယံ ဝေရံ ပသဝတိ။ စေတသိကမ္ပိ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒယတိ။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတဿ ဇဝံ တံ ဘယံ ဝေရံ ဝုပသန္တံ ဟောတိ။ ဣမာနိ ပဉ္စဘယာနိ ဝေရာနိ ဝုပသန္တာနိ ဟောန္တိ။

ကတမာနိ၊ အဘယ်မည်ကုန်သော။ ပဉ္စ၊ ငါးပါး ကုန်သော။ ဘယာနိ၊ ဘေးကို ဆောင်တတ်ကုန်သော စေတနာ တရားတို့သည်။ ဝေရာနိ၊ ရန်ကိုဆောင်တတ်ကုန်သော စေတနာတရားတို့သည်။ ဝုပသန္တာနိ၊ ငြိမ်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ဂဟပတိ၊ သူကြွယ်။ ပါဏာတိပါတီ၊ သူ့အသက်ကို သတ်တတ်သောသူသည်။ ပါဏာတိပါတပစ္စယာ၊ ပါဏာတိပါတကံဟူသောအကြောင်းကြောင့်။ ယံဒိဋ္ဌဓမ္မိကဘယဝေရံ၊ အကြင်မျက်မှောက်၌ဖြစ်သော ဘေးရန်ကို ဆောင်တတ်သော စေတနာကို။ ပသဝတိ၊ ပွါးစေ၏။ ယံသမ္ပရာယိကဘယဝေရံ၊ အကြင်တမလွန်၌ဖြစ်သော ဘေးရန်ကိုဆောင်တတ်သော

စေတနာကို။ ပသဝတိ၊ ပွါးစေ၏။ ယံစေတသိကမ္မိဒုက္ခံ၊ အကြင်ဗိတ်၌ ဖြစ်သော ဒုက္ခကိုလည်းကောင်း။ယံဒေါမနဿံပိ၊အကြင်နှလုံးမသာယာခြင်းကို လည်းကောင်း။ ပဋိသံဝေဒယတိ၊ ခံစား၏။ ပါဏာတိပါတာ၊ အသက်ကိုသတ်ခြင်းအမှုမှ။ ပဋိဝိရတသ၊ ကြဉ်ေသာသူအား။ ဇဝံ၊ ဤသို့။ တံဘယံ၊ ထိုဘေးကိုဆောင်သော စေတနာသည်။ တံဝေရံ၊ ထိုရန်ကိုဆောင်သော စေတနာသည်။ ဝုပသန္တံ၊ ငြိမ်းသည်။ ဟောတိ၊ ၏။ ဂဟပတိ၊ သူကြွယ်။ အဒိန္နာဒါယီ၊ အရှင်မပေးသော ဥစ္စာကို ခိုးယူသောသူသည်။ အဒိန္နာဒါနပစ္စယာ၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူကြောင်းဖြစ်သော စေတနာဟူသော အကြောင်းကြောင့်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက်၌ဖြစ်သော။ ယံဘယံ၊ အကြင် ဘေးကိုဆောင်တတ်သော စေတနာကို လည်းကောင်း။ ယံဝေရံ၊ အကြင် ရန်ကို ဆောင်တတ်သော စေတနာကိုလည်းကောင်း။ ပသဝတိ၊ ပွါးစေ၏။ သမ္ပရာယိကံ၊ တမလွန်ဘဝ၌ဖြစ်သော။ ယံဘယံ၊ အကြင် ဘေးကို ဆောင်တတ်သော စေတနာကိုလည်းကောင်း။ ယံဝေရံ၊ အကြင်ရန်ကို ဆောင်တတ်သော စေတနာကိုလည်းကောင်း။ ပသဝတိ၊ ပွါးစေ၏။ ယံစေတသိကမ္မိဒုက္ခံ၊ အကြင်ဗိတ်၌မှိသော ဆင်းရဲကိုလည်းကောင်း။ ယံဒေါမနဿံပိ၊ အကြင်နှလုံးမသာယာခြင်းကို လည်းကောင်း။ ပဋိသံဝေဒယတိ၊ ခံစား၏။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းအမှုမှ။ ပဋိဝိရတသ၊ ကြဉ်ေသာ သူအား။ ဇဝံ၊ သို့။ တံဘယံ၊ ထိုဘေးကို ဆောင်သော စေတနာသည်။ တံဝေရံ၊ ထိုရန်သူကို ဆောင်သော စေတနာသည်။ ဝုပသန္တံ၊ ငြိမ်းသည်။ ဟောတိ၊ ၏။ ဂဟပတိ၊ သူကြွယ်။ ကာမေသုမိစ္ဆာစာရီ၊ ကာမေသုမိစ္ဆာစာရရှိသော သူသည်။ ကာမေသုမိစ္ဆာစာရပစ္စယာ၊ ကာမေသုမိစ္ဆာစာရကံဟူသော အကြောင်းကြောင့်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက်ဖြစ်သော။ ယံဘယံ၊ အကြင်ဘေးကို ဆောင်တတ်သော စေတနာကိုလည်းကောင်း။ယံဝေရံ၊ အကြင်ရန်ကို ဆောင်တတ်သော စေတနာကိုလည်းကောင်း။ ပသဝတိ၊ ပွါးစေ၏။ သမ္ပရာယိကံ၊ တမလွန်ဘဝ၌ဖြစ်သော။ ယံဘယံ၊ အကြင်ဘေးကိုဆောင်တတ်သော စေတနာကိုလည်းကောင်း။ ယံဝေရံ၊ အကြင်ရန်ကို ဆောင်တတ်သော စေတနာကိုလည်းကောင်း။ ပသဝတိ၊ ပွါးစေ၏။ ယံစေတသိကမ္မိဒုက္ခံ၊ အကြင်ဗိတ်ကိုမှီသော ဒုက္ခဝေဒနာကို လည်းကောင်း။ ယံဒေါမနဿံပိ၊

အကြင် နှလုံး မသာယာခြင်းကို လည်းကောင်း။ ပဋိသံဝေဒယတိ၊ ခံစား၏။ ကာမေသုမိစ္ဆာစာရာ၊ ကာမေသု မိစ္ဆာစာရ ကံမှ။ ပဋိဝိရတသ၊ ကြဉ်သော သူအား။ ဇံဝံ၊ ဤသို့။ တံဘယံ၊ ထိုဘေးကို ဆောင်သောစေတနာသည်။ တံဝေရံ၊ ထိုရန်ကိုဆောင်သော စေတနာသည်။ ဝုပသန္တံ၊ ငြိမ်းသည်။ ဟောတိ၊၏။ ဂဟပတိ၊ သူကြွယ်။ မုသာဝါဒိ၊ မုသားဆိုသောသူသည်။ မုသာဝါဒပစ္စယာ၊ မုသာဝါဒကံဟူသော အကြောင်းကြောင့်၊ ဒိဋ္ဌဓမ္မိကံ။ မျက်မှောက်၌ ဖြစ်သော။ ယံဘယမ္မိ၊ အကြင်ဘေးကို ဆောင်တတ်သော စေတနာကိုလည်းကောင်း။ ယံဝေရမ္မိ၊ အကြင်ရန်ကို ဆောင်တတ်သော စေတနာကိုလည်းကောင်း။ ပသဝတိ၊ ပွါးစေ၏။ သမ္မာယံကံ၊ တမလွန် ဘဝ၌ ဖြစ်သော။ ယံဘယမ္မိ၊ အကြင်ဘေးကို ဆောင်တတ်သော စေတနာကိုလည်းကောင်း။ ယံဝေရမ္မိ၊ အကြင်ရန်ကို ဆောင်တတ်သော စေတနာကိုလည်းကောင်း။ ပသဝတိ၊ ပွါးစေ၏။ ယံစေတသိကမ္မိဒုက္ခံ၊ အကြင်စိတ်၌ မှီသော ဒုက္ခကိုလည်းကောင်း။ ယံဒေါမနဿမ္မိ၊ အကြင်နှလုံးမသာယာခြင်းကိုလည်းကောင်း။ ပဋိသံဝေဒယတိ၊ ခံစား၏။ သုရာမေရယမဇ္ဇပါ၊ သုရာမေရယဟူသော ယစ်မျိုးကို သောက်သော သူသည်။ သုရာမေရယမဇ္ဇပါနပစ္စယာ၊ သုရာမေရယဟူသော ယစ်မျိုးကို သောက်ကြောင်းဖြစ်သော စေတနာဟူသော အကြောင်းကြောင့်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက်ဖြစ်သော။ ယံဘယမ္မိ၊ အကြင် ဘေးကို ဆောင်တတ်သော စေတနာကိုလည်း။ ယံဝေရမ္မိ၊ အကြင် ရန်ကို ဆောင်တတ်သော စေတနာကိုလည်းကောင်း။ ပသဝတိ၊ ပွါးစေ၏။ သမ္မာယံကံ၊ တမလွန်ဘဝ၌ဖြစ်သော။ ယံဘယမ္မိ၊ အကြင်ဘေးကိုဆောင်တတ်သော စေတနာကိုလည်းကောင်း။ ယံဝေရမ္မိ၊ အကြင်ရန်ကိုဆောင်တတ်သော စေတနာကိုလည်းကောင်း။ ပသဝတိ၊ ပွါးစေ၏။ ယံစေတသိကမ္မိ ဒုက္ခံ၊ အကြင်စိတ်၌ မှီသော ဒုက္ခကိုလည်းကောင်း။ ယံဒေါမနဿမ္မိ၊ အကြင်နှလုံးမသာယာခြင်းကိုလည်းကောင်း။ ပဋိသံဝေဒယတိ၊ ခံစား၏။သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်း

ဖြစ်သော့ကြောင့်သုရာမေရယကို သောက်သော အမှုမှ။ ပဋိဝိရတသ၊ ကြဉ်သောသူအား။ ဧဝံ၊ ဤသို့။ တံဘယံ၊ ထိုဘေးကိုဆောင်သော စေတနာသည်။ တံဝေရံ၊ထိုရန်ကို ဆောင်သောစေတနာသည်။ ဝုပသန္တံ၊ ငြိမ်းသည်။ ဟောတိ၊ ဖြစ်၏။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမာနိ၊ ဤသို့ သဘောရှိကုန်သော။ ဘယာနိ၊ ဘေးကို ဆောင်တတ် ကုန်သော စေတနာတို့သည်။ ဝေရာနိ၊ ရန်ကို ဆောင်တတ်ကုန်သော စေတနာတို့သည်။ ဝုပသန္တာနိ၊ ငြိမ်းကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

ဘယံ ဝေရန္တိ အဏ္ဍတော ဧကံ၊ဝေရဉ္စနာမေတံ ဒုဝိဓံဟောတိ၊ ဗာဟိရံ အဇ္ဈတ္တိကန္တိ။ ဧကေန ဟိ ဧကဿ ဝိတာ မာရိတော ဟောတိ၊ သော စိန္တေသိ၊ ဧတေန ကိရ မေ ဝိတာ မာရိတော။ အဟမ္ပိ တံယေဝ မာရေဿာမီတိ နိသိတသတ္ထံ အာဒါယ ဝိစရတိ၊ယာ တဿ အဗ္ဘန္တရေဥပ္ပန္နဝေရစေတနာ၊ဣဒံဗာဟိရဝေရံ နာမ၊ ယော ပန ဣတရဿ အဟံ ကိရ မာရေဿာမီတိ ဝိစရတိ။အဟမေဝ ပထမတရံ မာရေဿာမီတိ စေတနာ ဥပ္ပဇ္ဇတိ။ ဣဒံ အဇ္ဈတ္တိကဝေရံနာမ၊ ဣဒံ တာဝ ဥဘယမ္ပိ ဒိဋ္ဌဓမ္မိကမေဝ။ ယာ ပနတံ နိရယေ ဥပ္ပန္နံ ဒိသွာ ဧတံ ပဟရိဿာမီတိ ဇလိတံ အယမုဂ္ဂရံ ဂဏ္ဍတော နိရယပါလဿ စေတနာ ဥပ္ပဇ္ဇတိ ဣဒမဿ သမ္ပရာယိကံ ဗာဟိရဝေရံ ယာ တဿ အယံ နိဒ္ဒေါသံ မံ ပဟရိဿာမီတိ အာဂန္ဆတိ၊ အဟမေဝ နံ ပထမတရံ ပဟရိဿာမီတိစေတနာဥပ္ပဇ္ဇတိ၊ဣဒမဿ သမ္ပရာယိကံ အဇ္ဈတ္တိကဝေရံ ယံ ပနေတံ ဗာဟိရဝေရံ တံ အဋ္ဌကထာယံ ပုဂ္ဂလဝေရန္တိ ဝုတ္တံ၊ ဒုက္ခံ ဒေါမနဿန္တိ အဏ္ဍတော ဧကမေဝ။ ယထာ စေတ္ထ ဧဝံ သေသပဒေသုပိ ဣမိနာ မမ ဘဏ္ဍံ ဟဋ္ဌံ၊မယ္ဘံ ဒါရေသု စာရိတ္တံ၊ အာပန္နံ၊ မုသာ ဝတ္ဝာ အတ္ထော ဘဂ္ဂေါ၊ သုရာမဒမတ္တေန ဣဒံနာမ ကတန္တိ အာဒိနာ နယေန ဝေရုပ္ပတ္တိ ဝေဒိတဗ္ဗာ။ (ထိုပါဋ္ဌိတော်၏ အဋ္ဌကထာ)။

ဘယံဝေရန္တိပဒဒွယံ၊ ဘယံဝေရံ ဟူသော ပုဒ်နှစ်ခုတို့၏ အပေါင်းသည်။ အဏ္ဍတော၊အနက်အားဖြင့်။ ဧကံ၊တူ၏။ ဧတံဝေရဉ္စနာမ ဤရန်မည်သည်လည်း။ဗာဟိရံ၊ဗာဟိရရန်လည်းကောင်း။အဇ္ဈံတ္တိကံ၊အဇ္ဈတ္တိကရန်လည်းကောင်း။ ဣတိ၊သို့။ ဒုဝိဓံ၊နှစ်ပါးအပြားရှိ၏။ဟိဝိတ္ထာရေမိ၊

ရျဉီးအံ့။ ဧကေန၊ တယောက်သောသူသည်။ ဧကဿ၊တယောက်သော သူ၏။ ပိတာ၊အဘကို။ မာရိတော၊သတ်အပ်သည်။ ဟောတိ၊၏။ သော၊ ထိုအဘသေသော သူသည်။ စိန္တေသိ၊ကြံ၏။ ကိံစိန္တေသိ၊ အသို့ကြံ သနည်းဟူမူကား။ ဧတေန၊ဤသူသည်။မေ၊ ငါ၏။ ပိတာ၊အဘကို။ မာရိ တောကိရ၊သတ်သတတ်။ အဟမ္ပိ၊ငါသည်လည်း။ တံယေဝ၊ ထိုသူ့ကို လျှင်။မာရေဿာမိ၊သတ်အံ့။ ဣတိ၊ဤသို့။ စိန္တေသိ၊ ကြံ၏။ စိန္တေတွာ၊ ကြံ၍။ နိသိတသတ္ထံ၊ သွေးအပ်သော လက်နက်ကို။ အာဒါယ၊ ယူ၍။ ပိစရတိ၊ သွား၏။ တဿ၊ ထိုသူ၏။ အဗ္ဘန္တရေ၊ အတွင်း၌။ ယာဥပ္ပန္ဒ ဝေရစေတနာ၊ အကြင်ဖြစ်သော ရန်စေတနာသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤ ရန်စေတနာ ဟူသော သဘောတရားသည်။ ဗာဟိရဝေရံနာမ၊ ဗာဟိရရန် မည်၏။ ဣတရဿပန၊ ဤ မှတပါးသော သူအားကား။ စေတနာ၊ စေတနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကိံ ဥပ္ပဇ္ဇတိ၊ အသို့ဖြစ် သနည်းဟူမူကား။ အဟံ၊ ငါသည်။ မာရိဿာမီတိ၊သတ်အံ့ဟူ၍။ယော၊ အကြင်သူသည်။ပိစရတိကိရ၊ သွားသတတ်။ နံ၊ ထိုသူ့ကို။အဟမေဝ၊ ငါသည်သာလျှင်။ ပထမတရံ၊ ရှေးဦးစွာ။ မာရေဿာမိ၊သတ်အံ့။ဣတိ၊ ဤသို့။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ဣဒံ။ဤရန်စေတနာဟူသောသဘောတရားသည်။ အဇ္ဈတ္တိကဝေရံ နာမ၊ အဇ္ဈတ္တိက ရန်မည်၏။ တာဝ၊ ရှေးဦးစွာ။ ဥဘယံပိ၊ နှစ်ပါးအပြားရှိသည်လည်း ဖြစ်သော။ဣဒံဝေရံ၊ဤရန်သည်။ ဒိဋ္ဌဓမ္မိကမေဝ၊ မျက်မှောက်၌ ဖြစ်သော ရန်မည်သည် သာလျှင်က တည်း။ နိရယေ၊ ငရဲ၌။ ဥပ္ပန္ဒံ၊ ဖြစ်သော။ တံ၊ ထိုသူ့ကို။ ဒိသွာ၊ မြင်၍။ ဧတံ၊ ဤသူကို။ ပဟရိဿာမီတိ၊ ပုတ်ခတ်အံ့ဟု။ ဇလိတံ၊ ပြောင်ပြောင်တောက်သော။အယမုဂ္ဂရံ၊ သံဆောက်ပုတ်ကို။ဂဏ္ဌတော၊ ကိုင်သော။ နိရယပါလဿ၊ ငရဲထိန်းအား။ ယာပနစေတနာ၊ အကြင် စေတနာသည်ကား။ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ဣဒံ၊ဤငရဲထိန်း၏ စေတနာသည်။ အဿ၊ ထိုသူ၏။ သမ္ပရာယိကံ၊ တမလွန်ဘဝ၌ ဖြစ်သော။ဗာဟိရဝေရံ၊ ဗာဟိရရန်သည်။ ဟောတိ၊ ၏။ အယံ၊ ဤငရဲထိန်းသည်။ နိဒ္ဒေါသံ၊ အပြစ်မရှိသော။မံ၊ငါ့ကို။ပဟရိဿာမီတိ၊ပုတ်ခတ်အံ့ဟူ၍။ အာဂန္ဆတိ၊ လာ၏။ အဟမေဝ၊ ငါသည်လျှင်။ နံ၊ ထို ငရဲထိန်းကို။ ပထမတရံ၊ ရှေးဦးစွာ။ ပဟရိဿာမီတိ၊ ပုတ်ခတ်အံ့ဟူ၍။ တဿ၊ ထိုအတုံ့ မပုတ်ခတ်နိုင်သော ငရဲသူအား။ ယာစေတနာ၊ အကြင် စေတနာသည်။

ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣဒံ၊ ဤစေတနာသည်။ကဿ၊ ထိုသူ၏။သမ္ပရာယိကံ၊ တမလွန်၌ ဖြစ်သော။ အဇ္ဈတ္တိကဝေရံ၊ အဇ္ဈတ္တိကရန်တည်း။ ယံပနေတံ ဗာဟိရဝေရံ၊ အကြင်ဗာဟိရရန်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဗာဟိရ ရန်ကို။ အဌကထာယံ၊ မဟာအဌကထာ၌။ပုဂ္ဂလဝေရန္တိ၊ ပုဂ္ဂလဝေရ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဒုက္ခံဒေါမနဿန္တိပဒဒွယံ၊ ဒုက္ခံဒေါမနဿံ ဟူသော ပုဒ်နှစ်ခုတို့၏ အပေါင်းသည်။ အတ္ထတော၊ အနက်အားဖြင့်။ ဧကမေဝ၊တူသလျှင်ကတည်း။ ဧတ္ထ၊ဤပါဏာတိပါတပုဒ်၌။ဝေရုပ္ပတ္တိ၊ ရန်ဖြစ်ခြင်းကို။ဝေဒိတဗ္ဗာယထာစ၊ သိအပ်သကဲ့သို့လည်း။ ဧဝံတထာ၊ ထိုအတူ။ သေသပဒေသုပိ၊ကြွင်းကုန်သော ပုဒ်တို့၌လည်း။ဣမိနာ၊ ဤ သူသည်။မမ၊ ငါ၏။ ဘဏ္ဍံ၊ ဥစ္စာကို။ ဟံဋုံ၊ခိုး၏။ ဣမိနာ၊ ဤသူသည်။ မယှံ၊ ငါ၏။ ဒါရေသု၊ မယားတို့၌။ စာရိတ္တံ၊ လွန်ကျူးခြင်းသို့။ အာပနွံ၊ ရောက်၏။ဣမိနာ၊ ဤသူသည်။ မုသာ၊ မဟုတ်မမှန်သော စကားကို။ ဝတ္ဘာ၊ ဆို၍။ မယှံ၊ ငါ၏။ အတ္ထော၊ အကျိုးကို။ ဘဂ္ဂေါ၊ ဖျက်အပ်၏။ ဣမိနာ၊ ဤသူသည်။ သုရာမဒမတ္တေန၊ သုရာယစ်မျိုး ယစ်သဖြင့်။ ဣမံ နာမ၊ ဤမည်သောအမှုကို။ ကတံ၊ ပြု၏။ ဣတိအာဒိနာနယေန၊ ဤသို့ အစရှိသောနည်းဖြင့်။ ဝေရုပ္ပတ္တိ၊ ရန်ဖြစ်ခြင်းကို။ ဝေဒိတဗ္ဗာ၊သိအပ်၏။ ငရဲထိန်းကို ရှေးဦးစွာ ငါလျှင် ပုတ်ခတ်အံ့ဟု ငရဲသူအား စေတနာ သည် ဖြစ်၏ဟူသော စကား၌ ပုတ်ခတ်အံ့သောဌါ မစွမ်းနိုင်သော် လည်း စေတနာသည်ဖြစ်၏ ဟူသော အဓိပ္ပါယ်ကို သိအပ်၏။ထိုစကား သည် သင့်၏၊ငရဲသူတို့သည် ငရဲထိန်းကို၌ အတုံ့ပုတ်ခတ်အံ့သောဌါ မတတ်နိုင်ကုန်သလျှင်ကတည်း။ ငရဲထိန်းတို့အား စေတနာသည်ဖြစ်၏ ဟူသော စကားဖြင့် ငရဲ၌ ငရဲထိန်း ငရဲစောင့်တို့သည် ရှိသလျှင်က တည်း ဟူသော အနက်ကို ပြသတည်း။ ။[ထိုအဌကထာ၏ ဋီကာ]။ ပထမဘယသုတ်ကိုပင်လျှင် ဒသနိပါတ် အဂ်ုတ္တိုရ်၌ဝေရသုတ်ဟူသော အမည်အားဖြင့် သင်္ဂါယနာ တင်အပ်၏။ ထိုကြောင့် ထိုဝေရသုတ်၌ လည်း ကြည့်အပ်၏။ဤသို့ ငါးပါးကုန်သော ထိုဝေရစေတနာတို့သည် ကြောက်အပ်ကုန်၏ဟု ထိုဝေရစေတနာမှ ကြောက်သဖြင့် ကြဉ်အပ်၏။ ထိုစကားသည် သင့်၏၊ ဤသို့ ဝေရစေတနာမှ ကြောက်သဖြင့် ကြဉ်ခြင်းကို ပြုသောသူကို ကြောက်အပ်သည်မှ ကြောက်သောသူ မည်၏ဟူ၍ လည်းကောင်း၊ မတွေဝေသော သူဟူ၍ လည်းကောင်း

ဆိုအပ်၏။ ထိုစကားသည် မှန်၏၊ အကြင်သူသည် မကြောက်အပ်သည်မှ ကြောက်၏၊ ထိုသူသည် သူမိုက်မည်၏။ ထိုကြောင့် သတ္တုနိပါတ်၏ဒုတိယဗြာဟ္မဏ ဝတ္ထိကသုတ် အဋ္ဌကထာ၌–

စတ္တာရောကိရ နဘာယိတဗ္ဗံ ဘာယန္တိ။ ဂဏ္ဍုပ္ပါဒါ ကီကီ ကောန္တိ ဗြာဟ္မဏာ–ဟူ၍ ဆို၏။

ဂဏ္ဍုပ္ပါဒါ၊ တိတ္ထိသည်လည်းကောင်း။ ကီကီ၊ တိတ်တွတ်ဌက်မတို့သည် လည်းကောင်း။ ကောန္တိ၊ ကြိုးကြာ ဌက်မတို့ သည်လည်းကောင်း။ ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်လည်းကောင်း။ စတ္တာရော၊ လေးယောက်ကုန်သော သူတို့သည်။ နဘာယိတဗ္ဗံ၊ မကြောက်အပ်သည်ကို။ ဘာယန္တိ၊ ကြောက်ကုန်၏။ ။တိတ္ထိသည် မြေကြိုးကုန်အံ့သည်မှ ကြောက်သောကြောင့် အနည်းငယ်သော မြေကြိုးကိုသာ စားကုန်သတတ်။ တိတ်တွတ် ဌက်မ တို့သည် ကောင်းကင်ပြိုအံ့သည်မှ ကြောက်သောကြောင့် အဉ္ဇ၏အပေါ်၌ ပက်လက် အိပ်ကုန်သတတ်။ ကြိုးကြာ ဌက်မတို့သည် မြေကြိုးပြိုအံ့သည်မှ ကြောက်သောကြောင့်ခြင်္ကို မြေကြိုးကို ကြပ်ကြပ် ပြင်းပြင်းမနင်းကုန်သတတ်။ ပုဏ္ဏားတို့သည် အမျိုးအနွယ် ပြတ်အံ့သည်မှ ကြောက်သောကြောင့် မယားကိုရှာကုန်သတတ်။ ။ဤအရာ၌–

ဂဏ္ဍုပ္ပါဒေါ ကီကီစေဝ၊ကောန္တော ဗြာဟ္မဏဗဒ္ဓိကော။
ဧတေ အဘာယိံ ဘာယန္တိ၊ သံမုဇ္ဇာ စတုရော နရာ။

ဟူ၍လည်းဆိုကုန်၏။

ဂဏ္ဍုပ္ပါဒေါ၊ တိလည်းကောင်း။ ကီကီစေဝ၊တိတ်တွတ်ဌက်လည်းကောင်း။ ကောန္တော၊ ကြိုးကြာလည်းကောင်း။ ဗြာဟ္မဏ ဗဒ္ဓိကော၊ ပုဏ္ဏားတို့၏ တရားကိုကျင့်သော သူလည်းကောင်း။ စတုရော၊ လေးယောက်ကုန်သော။ ဧတေစနရာ၊ ထိုသူတို့သည်။ အဘာယိံ၊ မကြောက်အပ်သည်ကို။ ဘာယန္တိ၊ ကြောက်ကုန်၏။ သံမုဇ္ဇာ၊ မိုက်ကုန်၏။

ထိုကြောင့်မတွေဝေသည်ဖြစ်၍ ရဟန်းပယ်၍ ဝေရမဏိကိုဆောက်တည်အပ်၏။ ထိုစကားသည်သင့်၏။ ဤသို့ပြုသောသူသည်သိလရှိသော သူမည်၏။ ထိုကြောင့် ပဉ္စအင်္ဂုတ္တိုရ်ဝေရသုတ်၌ အနာထပိဏ်သေဋ္ဌေးအား တရားဟောတော်မူသော မြတ်စွာဘုရားသည်–

ယောပါဏမတိပါတေတိ၊ မုသာဝါဒဉ္စ ဘာသတိ။
လောကေ အဒိန္နံ အာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ၊
သုရာမေရယပါနဉ္စ၊ ယော နရော အနုယုဉ္ဇတိ။
အပဟာယ ပဉ္စဝေရာနိ၊ ဒုဿီလော ဣတိ ဝုစ္စတိ။ ။လ။
ကာယဿ ဘေဒါ သုပ္ပညော၊ သုဂတိံ သောပပဇ္ဇတိ။

ဟူ၍ ဟောတော်မူ၏။

ယောနရော၊ အကြင်သူသည်။ ပါဏံ၊ သူ့အသက်ကို။ အတိပါတေတိ၊ ဖြတ်၏။မုသာဝါဒဉ္စ၊သူတပါး၏အကျိုးကို ဖျက်ဆီးတတ်သော မဟုတ်မမှန်သောစကားကိုလည်း။ဘာသတိ၊ဆို၏။ လောကေ၊ သတ္တလောက၌။အဒိန္နံ၊ ကိုယ်နှုတ်တို့ဖြင့်မပေးသော သူ့ဥစ္စာကို။အာဒိယတိ၊ ခိုးယူ၏။ ပရဒါရဉ္စ၊ သူ့မယားသို့လည်း။ ဂစ္ဆတိ၊ လွန်ကျူးသည်၏ အစွမ်းအားဖြင့်ရောက်၏။ ယောနရော၊ အကြင်သူသည်။ သုရာမေရယပါနဉ္စ၊ သုရာမေရယကို သောက်ခြင်းကိုလည်း။ အနုယုဉ္ဇတိ၊ မှီဝဲ၏။ ဝါ၊ အကြိမ်များစွာပြု၏။ ပဉ္စဝေရာနိ၊ ငါးပါးကုန်သောရန်တို့ကို။ အပဟာယ၊ မပယ်ခြင်းကြောင့်။ သောနရော၊ ထိုသူကို။ ဒုဿီလော ဣတိ၊ ဒုဿီလဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒုပ္ပညော၊ ပညာမရှိသော။ သောနရော၊ ထိုသူသည်။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်သည်မှ။ ပရံ၊ ၌။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်၏။ ။ယောနရော၊ အကြင်သူသည်။ ပါဏံ၊ သူအသက်ကို။ နာတိပါတေတိ၊ မဖြတ်။ မုသာဝါဒံ၊ သူတပါး၏အကျိုးကို ဖျက်ဆီးတတ်သော မဟုတ်မမှန်သောစကားကို။ နဘာသတိ၊ မဆို။ လောကေ၊ သတ္တလောက၌။ အဒိန္နံ၊ ကိုယ်နှုတ်တို့ဖြင့် မပေးသောသူ့ဥစ္စာကို။ နာဒိယတိ၊ မခိုးယူ။ ပရဒါရံ၊ သူ့မယားသို့။ နဂစ္ဆတိ၊ လွန်ကျူးသည်၏ အစွမ်းအားဖြင့်မရောက်။ ယောနရော အကြင်သူသည်။ သုရာမေရယပါနဉ္စ၊ သုရာမေရယ ကိုသောက်ခြင်းကိုလည်း။ နာနုယုဉ္ဇတိ၊ မမှီဝဲ။ ပဉ္စဝေရာနိ၊ငါးပါးကုန်သောရန်တို့ကို။ ပဟာယ၊ ပယ်ခြင်းကြောင့်။ သောနရော၊ ထိုသူကို။ သီလဝါဣတိ၊ သီလရှိသောသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သုပ္ပညော၊ ပညာရှိသော။ သောနရော၊ ထိုသူသည်။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်သည်မှ ပရံ၊ နောက်၌။ သုဂတိံ၊ သုဂတိဘုံ၌။ ဥပပဇ္ဇတိ၊ဖြစ်၏။

ဣစ္ဆာသယ ၁၅၅-၆၅

၂၀-မဇ္ဇပါနသံယမ မင်္ဂလာ

၁၃၃-နန္ဒနွားသတ်ယောက်ျားဝတ္ထု

ဓမ္မပဒ္ဒ အဋ္ဌကထာ

အကြင်သူသည်ကားပါဏာတိပါတအစရှိသောရန်မှမကြောက်မူ၍ ထိုပါဏာတိပါတ အစရှိသောရန်ကို အဘန်တလဲလဲပြု၏။ ထိုသူသည် မျက်မှောက်အစရှိသည်တို့၌ ဖြစ်သောဆင်းရဲသို့ရောက်၏။ ထိုစကား၌ အောက်ပါဝတ္ထုတို့ကိုသိအပ်ကုန်၏။

သာဝတ္ထိ ပြည်၌ တယောက်သော နန္ဒမည်သော နွားသတ် ယောက်ျားသည် ငါးဆဲ့ငါးနှစ်တို့ပတ်လုံး နွားသတ်သော အမှုကိုပြု၍ အမဲကိုရောင်းသဖြင့် အသက်မွေးလျက် တနေ့မျှ တဟင်းချိုတယောက် မမျှသော ယာဂုကိုလည်းကောင်း ဆွမ်းကို လည်းကောင်း ဘုရားအား လည်းကောင်း ဘုရားတပည့်အား လည်းကောင်း မလှူသတတ်။ ထိုနန္ဒမည်သော နွားသတ် ယောက်ျားသည်လည်း အမဲနှင့် ကင်း၍ မစား။ ထိုကြောင့် ထိုနန္ဒ မည်သော နွားသတ် ယောက်ျားသည် တနေ့သ၌ နေ့အတို့၌ တပါးသော အသားကို ရောင်း၍ ငါ့ဘို့ ဤအမဲကို ချက်လော့ဟု တခုသော အမဲတုံးကို မယားအား ပေး၍ ရေချိုး အံ့သောငှါ သွား၏။ ထိုအခါ နန္ဒမည်သော နွားသတ် ယောက်ျား၏ တယောက်သော အဆွေ ခင်ပွန်းသည် နွားသတ် ယောက်ျားအိမ်သို့သွား၍ ငါ့အား အတန်ငယ်သော အမဲကို ပေးလော့၊ ငါ၏အိမ်၌ ဧည့်သည်ရောက်လာ၏ဟု ဆိုသောအခါ တပါးသော ရောင်းအပ်သော အမဲသည် မရှိ။ ဤ အမဲသည်ကား သင့်အဆွေ ခင်ပွန်း၏ စားရာတို့ အမဲတည်းဟု ဆိုလတ်သော် ထိုအမဲကို ငါ့အား ပေးလော့ဟုဆို၍ ထိုနွားသတ် ယောက်ျား၏ မယားသည် မပေးဘဲ လျက်လည်း ထိုအမဲကို နိုင်ထက်မူသဖြင့် ယူ၍ သွား၏။ ထိုနွားသတ် ယောက်ျားသည် လာလတ်၍ ထိုအကြောင်းကို ကြား၍ ထားကိုယူ၍ အိမ်နောက်၌ တည်သော တခုသော နွား၏ခံတွင်း၌ လက်ကိုထည့်၍ လျှာကိုထုတ်လျက်ဖြတ်၍ မီးကျီးတို့၌ ကင်၍စားအံ့သောငှါ အားထုတ် ၏။ ထိုနွားသတ်ယောက်ျား၏ တလုပ်သော ထမင်းကိုစား၍ တခုသော အမဲကို ခံတွင်း၌ထားကာမျှ၌လျှင် လျှာသည် ပြတ်၍ ထမင်းပွဲ၌ကျ၏။

ဤသို့ နွားသတ် ယောက်ျားသည် ထိုခဏ၌လျှင် ကံနှင့်တူသော အကျိုးကိုရ၏။ ထို နွားသတ်ယောက်ျားသည်လည်း ခံတွင်းမှ ယိုစီးသော သွေးရှိလျက် အိမ်တွင်းသို့ဝင်၍ အော်လျက် ဒူးဆစ် တို့ဖြင့် အိမ်၏အလယ်၌ သွား၏။ ထိုအိမ်အလယ်၌လျှင် သေ၏။ ထိုနွားသတ်ယောက်ျားသည်လည်း နွားကဲ့သို့ အိမ်လယ်၌သွား၍ စုတေသောအခါ အဝီစိငရဲ၌ဖြစ်၏။ ။[နန္ဒနွားသတ်ယောက်ျားဝတ္ထု]။

ထိုမေ္မပဒ၏လျှင် ယမကဝဂ်၌ စုန္ဒမည်သော ဝက်ထိုးသမား၏ဝတ္ထုကိုလည်း ဆောင်အပ်၏။

၁၃၄—ဆိတ်သတ်ဝတ္ထု

ကေကနိပါတ် မတကဘတ္တဇာတ် အဋ္ဌကထာ

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဒိသာပါမောက္ခဆရာဖြစ်သော ဆရာပုဏ္ဏားသည် တရသောဆိတ်ကို သတ်၍ မသာဆွမ်းလှူ၏။ ထိုပုဏ္ဏားသည် ထိုပါဏာတိပါတ ကံကြောင့် လေးရာ့ကိုးဆဲ့ကိုးဘဝ၌ ဦးခေါင်းပြတ်ခြင်းသို့ ရောက်၍ ငါးရာမြောက် ဖြစ်သော ကိုယ်၏အဖြစ်၌ ထိုသို့ သဘောရှိသော ပုဏ္ဏား၏ ဆိတ်အဖြစ်ဖြင့် ဖြစ်၏။ ထိုပုဏ္ဏားသည်လည်း မသာဆွမ်းကို ပြုလိုရကား ထိုဆိတ်ကို သတ်အံ့သောငှါ အားထုတ်၏။ ဆိတ်သည် မိမိ၏ပြုခဲ့သော ပါဏာတိပါတကံကို ဇာတိသရဉာဏ်ဖြင့် အောက်မေ့၍ ရယ်၏၊ တဘန်လည်းငိုဏ်။ ပုဏ္ဏားသည် မေးလတ်သော် မိမိကံကို ပြောဆို၍ ယနေ့ ငါသည် ဤသို့ သဘောရှိသော ဆင်းရဲမှ လွတ်ရအံ့ဟု နှစ်သက်၍ ရယ်၏၊ ဤ ပုဏ္ဏားသည်လည်း ငါ့ကိုသတ်၍ ငါကဲ့သို့ ဘဝငါးရာပတ်လုံး ဦးခေါင်းပြတ်ခြင်းကို ခံရလတ္တံ့ဟု သင်ပုဏ္ဏား၌ သနားသောကြောင့် ငိုဏ်ဟုဆိုဏ်။ ပုဏ္ဏားသည် ဆိတ် သင်သည် မကြောက်လင့် ငါသည် သင့်ကိုမသတ်အံ့ဟု ဆိုဏ်။သင်ပုဏ္ဏားသည် မသတ်သော်လည်း ယနေ့ ငါသည် သေခြင်းမှ လွတ်အံ့သောငှါ မတတ်နိုင်ဟု ဆိုလတ်သော် ထိုဆိတ်ကိုလွှတ်၍ ဤဆိတ်ကိုတစုံတယောက်သောသူအားလည်းသတ်အံ့သောငှါမပေးအံ့ဟုတပည့်ကို ယူစေ၍ ထိုဆိတ်နှင့်တကွလျှင် သွား၏။ ဆိတ်သည်လည်းလွတ်ခါမျှလျှင် တရသောကျောက်ဖျာကိုမြှီ၍ဖြစ်သော

ချုံ၌လည်ကိုမော့၍အရှက်တို့ကို စားအံ့သောဌါအားထုတ်၏။ ထိုခဏာ၌ လျှင်ထိုကျောက်ဖျာ၌ မိုးကြိုးသည်ကျ၏။ တခုသော ကျောက်ဖျာ ချပ်သည် ဆိတ်၏ဆန့်သောလည်ကိုဖြတ်၏။ ထိုဆိတ်သည် ထိုအရပ်၌ လျှင်သေ၏။(ဆိတ်သတ်ဝတ္ထု)။ ပါဏာတိပါတ၌ ဝတ္ထုစကားတည်း။

၁၃၅–သီလကို စုံစမ်းသော ပုဏ္ဏားဝတ္ထု

ကေကနိပါတ် သီလဝိမံသကဇာတ် အဋ္ဌကထာ

သာဝတ္ထိပြည်၌ သီလဝိမံသက မည်သော ပုဏ္ဏားသည်ကောသလမင်းကိုမှီ၍အသက်မွေး၏။ ထိုပုဏ္ဏားသည် သရဏာဂုံသုံးပါး၌ တည်၏။ မပျက်သောသီလရှိ၏။မင်းသည်ဤပုဏ္ဏားသီလရှိသောပုဏ္ဏားတည်းဟု ထိုပုဏ္ဏားအား တပါးသော ပုဏ္ဏားတို့ထက် မြတ်နိုးခြင်းကို ပြု၏။ ထိုပုဏ္ဏားသည်တနေ့သ၌ မင်းသည် ငါ့အား ဇာတ်အန္တယ်အမျိုးအရပ် အတတ်ကို၏ ပြည့်စုံခြင်းကို အမှီပြု၍ မြတ်နိုးခြင်းကိုပြုသလော။ ထိုသို့ မဟုတ်မူကား သီလ၏ ပြည့်စုံခြင်းကို အမှီပြု၍ မြတ်နိုးခြင်းကို ပြုသလော။ စူးစမ်းအံ့ဟုကြံ၍ မင်းခစားရာသို့သွား၍ အိမ်သို့ ပြန်လတ်သော် တယောက်သော ခွေပန်းထိမ်သည်၏ အိမ်အပြင်မှ မပန်မူ၍ တသပြာကိုယူ၍ သွား၏။ ခွေပန်းထိမ်သည်သည် ပုဏ္ဏား၌ အလေးအမြတ်ရှိသည်၏ အဖြစ်ကြောင့် တစုံတရာကို မဆိုမူ၍ နေ၏။ နှစ်ရက် မြောက်သော နေ့၌ နှစ်သပြာတို့ကို ယူ၏။ ခွေပန်းထိမ်သည်သည် ရှေးအတူလျှင် သည်းခံ၏။ သုံးရက်မြောက်သောနေ့၌ တဆုပ်သော အသပြာကိုယူ၏။ ထိုပန်းထိမ်သည်သည် အမျက်ထွက်၍ လုယက်တတ်သော ခိုးသူကို ငါဘမ်းမိ၏ဟု သုံးကြိမ်ကြော်ငြာ၏။ လူတို့သည် ထိုမှ၍မှ လာကုန်၍ သွားသည်ရှိသော် သီလရှိသောသူကဲ့သို့သွား၏ဟု သုံးချက်ကုန်သော ပုတ်ခတ်ခြင်းတို့ကို ပေးကုန်၍ နှောင့်ယှဉ်၍ မင်းအား ပြကုန်၏။ မင်းသည် နှလုံးမသာသည်ဖြစ်၍ ပုဏ္ဏား....အဘယ်ကြောင့် ဤသို့ သဘောရှိသော ဒုသီလအမှုကို ပြုသနည်းဟု ဆို၍ သွားကြကုန်လော့ ထိုပုဏ္ဏားအား မင်းဒဏ်ကို ပြုကြကုန်လောဟု ဆို၏။ ပုဏ္ဏားသည် မြတ်သောမင်းကြီး....ငါသည် ခိုးသူမဟုတ်။ ငါသည် အကြောင်းကြောင့်လျှင် ယူခြင်းကို ပြုသတည်းဟုဆို၍ ယခုငါသည်

စင်စစ်သဖြင့် သီလကိုသာလျှင်မှီ၍ သင်မင်းကြီးသည် ငါ့အား မြတ်နိုးခြင်းကိုပြု၏။ဇာတ်အစရှိသည်တို့ကိုမှီ၍ မြတ်နိုးခြင်းကို ပြုသည်မဟုတ်ဟုသိရပြီ။ ဇာတ် အစရှိသည်တို့ကို အမှီပြု၍ မြတ်နိုးခြင်းကို မပြုသောကြောင့်လျှင် ယခုငါ့အား မင်း၏ အာဏာကို ပြုစေ၏။ ထိုကြောင့် ဤလောက၌ သီလသည်သာလျှင် မြတ်၏။ သီလသည်သာလျှင် အကြီးအမှူးဖြစ်၏ဟု ဆုံးဖြတ်ခြင်းသို့ ရောက်၏။ ငါသည်ကား ဤသီလအားလျှောက်ပတ်သည်ကို ပြုသည်ရှိသော် အိမ်၌တည်လျက် ကိလေသာကာမတို့ကို သုံးဆောင်လျက် ပြုအံ့သောငှါ မစွမ်းနိုင်။ ထို့ကြောင့် ယနေ့ပင်လျှင် ဘုရားအထံတော်၌ ရဟန်းပြုအံ့၊ ရှင်မင်းကြီး ...ငါအား ရဟန်းပြုခြင်းကို ခွင့်ပေးပါလော့ဟု မင်းကိုခွင့်ပြုစေ၍ ဇေတဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားထံရဟန်းအဖြစ်ကိုခွင့်တောင်း၍ ရှင်၏အဖြစ် ပဉ္စင်း၏အဖြစ်ကိုရ၍ မလွတ်သော ကမ္မဋ္ဌာန်းရှိသည်ဖြစ်၍ ဝိပဿနာကို ပွါးစေ၍ ရဟန္တာ၏အဖြစ်သို့ ရောက်၏။ ။ထိုပုဏ္ဏားအား ပုတ်ခတ်၍ အကြင်နှောင်ဘွဲခြင်းကိုပြု၏။ ထိုပုတ်ခတ်၍ နှောင်ဘွဲခြင်းကို ပြုခြင်းကိုကား အဒိနွာဒါန၏ အကျိုးဟူ၍ မှတ်အပ်၏။ ။ [ထိုဇာတ်၌လျှင် အတိတ်ဝတ္ထုကိုလည်းဆောင်အပ်၏]။

၁၃၆–ကုဟကဝတ္ထု

ကုဟကဇာတ် အဋ္ဌကထာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တခုသောရွာငယ်ကို မှီ၍ တယောက်သော အံ့ဘွယ်သရဲကို ဖြစ်စေတတ်သော ရသေ့သည်တော၌ တယောက်သော သူကြွယ်သည် ဆောက်လုပ် အပ်သော သစ်ရွက်မိုးသော ကျောင်း၌ နေလျက် ထိုသူကြွယ်၏ အိမ်၌ မပြတ်ဆွမ်းဘုဉ်းပေး၏။ သူကြွယ်သည် ဤရသေ့ကား သီလရှိ၏ဟု ယုံကြည်၍ ခိုးသူမှ ကြောက်သောကြောင့် ရွှေနိက္ခတရာကို ထိုရသေ့၏ သစ်ရွက် မိုးသော ကျောင်းသို့ ဆောင်၍ မြေ၌ မြှုပ်သည်ကို ပြု၍ အရှင်ဘုရား....ဤဥစ္စာကို ကြည့်ပါဟု ဆို၏။ ဒါယကာ.....ရဟန်းတို့မည်သည်ကား ဤသို့ ပြုအံ့သောငှါ မအပ်။ ငါတို့အား သူ့ဥစ္စာ၌ လောဘမည်သည် မရှိဟု ရသေ့ဆို၏။ ထိုသူကြွယ်သည် ကောင်းပြီ

ဟုဆိုၗ် ဖဲလေဏ်။ အံ့ဘွယ်သရဲကို ဖြစ်စေတတ်သော ရသေ့သည် ဤမျှသော ရွှေဖြင့် အသက်မွေးအံ့သောဌါ တတ်ကောင်းပြီဟု နှုံစ်ရက်သုံးရက်ကို လွန်စေၗ် ထိုရွှေကို ယူၗ် ခရီးအကြား တခုသောအရပ်၌ ထား၌ လာလတ်၌ နက်ဖြန်နေ့၌ ထိုသူကြွယ်ဏ်အိမ်၌ ဆွမ်းစားခြင်းကိစ္စကို ပြုဏ်။ ဒါယကာ....ငါတို့သည် သင်တို့ကိုမြီၗ် နေကုန်သည်ကား ကြာမြင့်ပြီ တခုသော အရပ်၌ အလွန်ကြာမြင့်စွာ နေကုန်သော ရဟန်းတို့အား လူတို့နှင့် ရောနှောခြင်းသည် ဖြစ်ဏ်။ လူတို့နှင့်ရောနှောခြင်းမည်သည်ကား ပညာရှိတို့ဏ် အညစ်အကြေးတည်း။ ထိုကြောင့် ငါသည် သွားအံ့ဟု ဆိုၗ် ထိုသူကြွယ်သည် အဘန် တလဲလဲ တောင်းပန်သော်လည်း မနေမူၗ် အတန်ငယ် သွား၌ ဤသူကြွယ်ကို လှည့်စား အံ့သောဌါ သင့်ဏ်ဟု ကြံၗ် ဆံကျစ်တို့ဏ် အကြား၌ မြက်သက်ငယ်ချောင်းကိုထား၌ ပြန်လည်ဏ်။ အရှင်ဘုရား....အဘယ်ကြောင့် ပြန်လည်သနည်းဟုမေးသော် ဒါယကာ....သင်တို့ဏ်အိမ်မိုးမှ တခုသော မြက်သက်ငယ်ချောင်းသည် ငါဏ်ဆံကျစ်တို့၌ ငြိလျက်ပါဏ်။ အဒိန္ဒာဒါန မည်သည်ကား ရဟန်းတို့အား မအပ်ဟု လာဏ်ဟု ဆိုဏ်။ သူကြွယ်သည် အရှင်ဘုရားစွန့်၌ ကြွတော်မူလော့ဟုဆိုၗ် မြက်သက်ငယ်ချောင်းကိုမျှ သူ့ဥစ္စာကို မယူ၊ ငါ့ရှင်သည် ကုက္ကုစ္စ ရှိတတ်သည်ကား သြော်-ကောင်းစွဟု ကြည်ညိုၗ် လွှတ်လိုက်ဏ်။ ထိုအခါ၌ ဘုရားလောင်းသည် ဥစ္စာအကျိုးဌါ အရပ်စွန်သို့ သွား၌ နေခြင်းကို ပြုၗ် ရသေ့ဏ်စကားကို ကြား၌ မချွတ်ရသေ့သည် ဤသူကြွယ်ဏ် တစုံတခုသော ဥစ္စာကို ယူသည် ဖြစ်လတ္တံ့ဟု ကြံၗ် သူကြွယ်ကို မေး၌ ထိုအကြောင်းကို ကြား၌ အဆွေ- ထိုသို့ တပြီးကား လျင်မြန်စွာ သွားလော့၊ ထိုရွှေကို စုံစမ်းလော့ဟု ဆိုဏ်။ သူကြွယ်သည် သစ်ရွက်မိုးသော ကျောင်းသို့သွား၌ ရွှေကိုမမြင်မူၗ် လျင်မြန်စွာ လာၗ် အဆွေ-မရှိပြီဟုဆိုဏ်။ ထိုသူနှစ်ယောက်တို့သည်လည်း လျင်မြန်စွာ ထိုရသေ့သို့ လိုက်၌ ကောက်ကျစ်သော ရသေ့ကိုဘမ်း၌ လက်တို့ဖြင့် လည်းကောင်း၊ ခြေတို့ဖြင့်လည်းကောင်း ပုတ်ခတ်ကုန်၌ ရွှေကိုဆောင်စေကုန်၌ ယူကုန်ဏ်။ ဘုရားလောင်းသည် ရွှေကိုမြင်၌ ကောက်ကျစ်သော ရသေ့၊ တခုသော မြက်သက်ငယ်ချောင်း၌ ကုက္ကုစ္စကို ပြုံသော သင်သည် မြက်မျှ၌ ငြိသည်ဖြစ်ဏ်။ ဤ ရွှေနိက္ခတရာကို ခိုးသော

သင်သည် မငြိသည်ဖြစ်၏ဟု ထိုရဿေကို ကဲ့ရဲ့၍ ကောက်ကျစ်သော ရဿေ၊ တဘန် ဤသို့သဘောရှိသော အမှုကို မပြုလင့်ဟု အဆုံးအမကို ပေး၍ ထိုရဿေကို လွှတ်လိုက်ပြန်၏။ (ကုဟကဝတ္ထု) အဒိန္နာဒါန ဝတ္ထု စကားတည်း။

၁၃၇-မင်းသား လေးယောက် ဝတ္ထု

လွန်လေပြီးသော အခါ သာဝတ္ထိပြည်၌ လေးယောက်ကုန်သော မင်းသားတို့သည် သူကပါးတို့ကို စောင့်အပ် ထိန်းအပ်သော မာတုဂါမ၌ ချွာယွင်း၍ စိတ်၏ မြူးထူးခြင်းကို ပြုကုန်လျက် များစွာသော မကောင်းမှုကို ပြုကုန်၍ သေလွန်ကုန်သော် သာဝတ္ထိပြည်၏ အနီး လောဟကုမ္ဘိဝေဒိုး လေးလုံးတို့၌ ဖြစ်ကုန်၏။ ထိုသူတို့သည် ကျိုက် ကျိုက်ဆူသော စပ်ငန်သော ရေ၌ အမြဲပတစိစိ ကျကုန်လျက် အနှစ် သုံးသောင်း ကာလဖြင့် အောက်သို့ သွား၍ ဝေဒိုးအပြင်သို့ဆိုက်၍ အထက်သို့ တက်ကုန်လျက် အနှစ်သုံးသောင်း ကာလဖြင့်လျှင် ဝေဒိုး မျက်နှာဝကို မြင်ကုန်၍ အာဇညအခါ၌လျှင် ဤဆင်းရဲမှ လွတ်ကုန်အံ့ နည်းဟု ကြံကုန်၍ တရါဆာစိတို့ကို ပြည့်စုံသည်ကို ပြု၍ ဆိုလို ကုန်သော်လည်း ထိုသို့ ပြည့်စုံစွာ ပြုအံ့သောငှါ မဘတ်နိုင်ကုန်၍ ဒု-သ-နှ-သော- ဟူ၍ တလုံး တလုံးစီသော အက္ခရာကိုသာ ဆိုကုန်၍ တဘန် နစ်လေကုန်၏၊ ထိုသူတို့တွင် ဒု-အက္ခရာကို ဆို၍ နစ်သောသူသည်-

ဒုဇ္ဇိဝိတမဇ္ဇိဝိမှာ၊ ယေသံ နော နဒဒါမသေ။
ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒိပံ နကမှာ အတ္တနော။

ယေသံနောယေမယံ၊ အက္ခြင် ငါတို့သည်။ ဒုဇ္ဇိဝိတံ၊ ဒုစ္စရိုက်တရားသုံးပါးကို ကျင့်လျက် အသက်မွေးခြင်း ဟူသော မကောင်းသော အသက်မွေးခြင်းကို။ အဒိဝိမှာ၊ အသက်မွေးမိကုန်၏။ ဘောဂေသု၊ ဥစ္စာ အလှူခံတို့သည်။ ဝိဇ္ဇမာနေသု၊ ရှိကုန်လျက်။ ဒါနံ၊ အလှူကို။ နဒဒါမသေ၊ မလှူခဲ့ကုန်။ အတ္တနော၊ ငါ့ဖို့၏။ဒိပံ၊ တည်ရာကို။ နကမှာ၊ မပြုခဲ့ကုန်။

သ-အက္ခရာကိုဆို၍ နစ်သော သူသည်–
သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဋ္ဌိသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။
ဟူ၍ ဆိုလိုသတည်း။

နိရယေ၊ ငရဲ၌။ ပစ္စမာနာနံ၊ ခံရကုန်သော ငါတို့အား။ သဋ္ဌိသော။ အချင်း ခပ်သိမ်းသော အားဖြင့်။ သဋ္ဌိဝဿသဟဿာနိ၊ အနှစ် ခြောက်သောင်းတို့သည်။ ပရိပုဏ္ဏာနိ၊ ပြည့်ကုန်ပြီ။ ကဒါ၊ အဘယ် အခါ၌။ အန္တော၊ ဆင်းရဲ၏အဆုံးသည်။ ဘဝိဿတိ၊ ဖြစ်ပါလတ္တံ့နည်း။

န-အက္ခရာကိုဆို၍ နစ်သော သူသည်–
နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။
တဒါဟိ ပကတံ ပါပံ၊ မမ တုယ္ဟဉ္စ မာရိသ။
ဟူ၍ ဆိုလိုသဘည်း။

မာရိသ၊ ငါနှင့်တူသော အရှင်။ အန္တော၊ ဆင်းရဲ၏ အဆုံးသည်။ နတ္ထိ၊ မရှိ။ ကုတော၊ အဘယ်အခါမှ။ အန္တော၊ ဆင်းရဲ၏အဆုံးသည်။ ပဋိဒိဿတိ၊ ထင်လတ္တံ့နည်း။ အန္တော၊ ဆင်းရဲ၏ အဆုံးသည်။ နပဋိဒိဿတိ၊ မထင်။ တဒါဟိ၊ ထိုလူဖြစ်သော အခါ၌လျှင်။ မမစ၊ ငါသည်လည်းကောင်း။ တုယ္ဟဉ္စ၊ သင်သည် လည်းကောင်း။ ပါပံ၊ များစွာသော မကောင်းမှုကို။ ပကတံ၊ ပြုခဲ့၏။

ဿော-အက္ခရာကိုဆို၍ နစ်သော သူသည်–
ဿောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသံ။
ဝဒညူ သီလသမ္ပန္နော၊ကာဟာမိ ကုသလံ ဗဟုံ။
ဟူ၍ဆိုလိုသတည်း။

နူန၊ စင်စစ်။ ဿောဟံ၊ ထိုငါသည်။ ဣတော၊ ဤဝေမှ။ ဂန္တွာ၊ သုဂတိသို့ လား၍။ မာနုသံ ယောနိံ၊ လူ့ပြည်ကို။ လဒ္ဓါန၊ ရ၍။ ဝဒညူ၊ အလှူဒါန ပေးကမ်းသည်၏ အစွမ်းအားဖြင့် အလှူခံတို့၏စကားကို သိလေ့ရှိသည် ဖြစ်၍။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသည်ဖြစ်၍။ ကုသလံ၊ ကုသိုလ်ကို။ ဗဟုံ၊ များစွာ။ ကာဟာမိ၊ ပြုအံ့။

ထိုအခါ ကောသလမင်းသည် ညဉ့်အဘို့၌ ထိုဝေဿန္တရာ၏ အသံကို ကြား၍ ကြောက်သည်ဖြစ်၍ နှစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရား

အထံတော်သို့သွား၍ လျှောက်၏။ မြက်စွာဘုရားသည် ထိုဝတ္ထုကို အထူးပြုတို ပြုတော်မူ၍ စတုက္ကနိပါတ်၏ ဒုတိယဝဂ်၌ လောဟကုမ္ဘီ ဇာတ်ကို ဟောတော်မူ၏။ ။(မင်းသားလေးယောက်ဝတ္ထု)။ ။ ဓမ္မပဒ၌ မလ္လိကာဝတ္ထုကိုလည်း ဆောင်အပ်၏။ ။မိန္ဆာစာရ၌ ဝတ္ထု စကားတည်း။

မုသားဆိုသောပုဏ္ဏားဝတ္ထု

စတုက္ကနိပါတ် ကက္ကရုဇာတ်အဋ္ဌကထာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကြီးစွာသော ပွဲသဘင်သည် ဖြစ်၏။များစွာကုန်သော နဂါး၊ ဂဋ္ဌုန် ဘူမဇိုင်းနတ်တို့သည်လည်းလာ၍ ပွဲကြည့်ကုန်၏။ တာဝတိံသာမှလည်း နတ်သားလေးယောက်တို့သည် ကက္ကရုနတ်ပန်းတို့ကို ဦးခေါင်း၌ ပန်းကုံးပြု၍ပွဲကြည့်အံ့သော ၎ါ လာကုန်၍ မင်းရင်ပြင်၏အထက်ကောင်းကင်၌ ထင်သောကိုယ်ဖြင့် ရပ်ကုန်၏။ နတ်ပန်းအနံ့လည်း တဆဲ့နှစ်ယူဇနာရှိသော ဗာရာဏသီမြို့ကို လွှမ်း၏။လူတို့သည် အထက်ကို ကြည့်ကုန်သော် ထိုနတ်သားတို့ကို မြင်ကုန်၍ ထိုနတ်သားတို့အား နတ်ပန်းတို့ကို တောင်းကုန်၏။ဤပန်းတို့သည် သိလ မရှိကုန်သောသူတို့အား မလျောက်ပတ်ကုန်။ အကြင်သူတို့သည်ကား ဤသို့ သဘောရှိကုန်သော ကျေးဇူးတို့နှင့်ပြည့်စုံကုန်၏။ ထိုသူတို့အား ဤပန်းတို့သည် လျောက်ပတ်ကုန်၏ဟု ပြလိုကုန်၍ ထိုနတ်သားတို့သည် အစဉ်သဖြင့် လေးဂါထာတို့ကို ဆိုကုန်၏။ ။ ထိုစကားကို ချဲဦးအံ့။ ထိုနတ်သားလေးယောက်တို့တွင် နတ်သား အကြီးသည်—

ကာယေန ယော နစဟရေ၊ ဝါစာယ မုသာ နဘဏေ။
ယသော လဒ္ဓါ နမဇ္ဇေယျ၊သ ဝေ ကက္ကရု မရဟတိ။

ဟူသောဂါထာကိုဆိုဏ်။

ယော၊ အကြင်သူသည်။ ကာယေန၊ ကိုယ်ဖြင့်။ နစဟရေ၊ မခိုး။ ဝါစာယ၊ စကားဖြင့်။ မုသာ၊ မဟုတ်မမှန်သောစကားကို။ နဘဏေ၊ မဆို။ ယသော၊ အဝိုးရသော အဖြစ်ကို။ လဒ္ဓါ၊ ရ၍။ နမဇ္ဇေယျ၊

မမေ့မလျော့ရာ။ သော၊ ထိုသူသည်။ ဝေ၊စင်စစ်။ ကက္ကရုံ။ ကက္ကရုပန်းကို။ အရဟတိ၊ ထိုက်၏။

နှစ်ယောက်မြောက်ဖြစ်သောနတ်သားသည်–

ဓမ္မေန ဝိတ္တ မေသေယျ၊ နှ နိကတျာ ဓနံ ဟရေ။
ဘောဂေ လဒ္ဓါ နမဇ္ဇေယျ၊ သ ဝေ ကက္ကရု မရဟတိ။

ဟူသောဂါထာကိုဆိုဏ်။

ယော၊ အကြင်သူသည်။ ဓမ္မေန၊ တရားသဖြင့်။ ဝိတ္တံ၊ ဥစ္စာကို။ ဧသေယျ၊ ရှာရာ၏။ နိကတျာ၊ စဉ်းလဲသဖြင့်။ ဓနံ၊ ဥစ္စာကို။ နဟရေ၊ မဆောင်ရာ။ ဘောဂေ၊ အသုံးအဆောင်တို့ကို။ လဒ္ဓါ၊ ရ၍။ နမဇ္ဇေယျ၊ မမေ့မလျော့ရာ။ သော၊ထိုသူသည်။ ဝေ၊စင်စစ်။ ကက္ကရုံ၊ကက္ကရုပန်းကို။ အရဟတိ၊ ထိုက်၏။

သုံးယောက်မြောက်ဖြစ်သောနတ်သားသည်–

ယဿ စိတ္တံ အဟလိဒ္ဓံ၊ သဒ္ဓါစ အဝိရာဂိနီ။
ဧကော သာဒုံ နဘုဇ္ဇေယျ၊ သ ဝေ ကက္ကရု မရဟတိ။

ဟူသောဂါထာကို ဆိုဏ်။

ယဿ၊အကြင်သူအား။ အဟလိဒ္ဓံ၊ နနွင်းနှင့်မတူသော။စိတ္တံ၊စိတ်သည်။အတ္ထိ၊ရှိ၏။အဝိရာဂိနီ၊ လျင်မြန်စွာမပြေးသော မြဲမြံသောစွဲခြင်းရှိသည်လျှင် ဖြစ်သော။ သဒ္ဓါစ၊ ယုံကြည်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ သာဒုံ၊ သာယာအပ်သော ကောင်းမြတ်သောအရသာကို။ ဧကော၊တယောက်ထည်း။ နဘုဇ္ဇေယျ၊ မစားရာ။ သော၊ ထိုသူသည်။ဝေ၊စင်စစ်။ ကက္ကရုံ၊ကက္ကရုပန်းကို။အရဟတိ၊ထိုက်၏။

လေးယောက်မြောက်ဖြစ်သောနတ်သားသည်–

သမ္မုခါဝါ ပရမ္မုခါ၊ ယော သန္တေ နပရိဘာသတိ။
ယထာဝါဒီ တထာကာရီ၊သ ဝေ ကက္ကရု မရဟတိ။

ဟူသောဂါထာကိုဆိုဏ်။

ယော၊အကြင်သူသည်။ သမ္မုခါဝါ၊ မျက်မှောက်၌လည်းကောင်း။ ပရမ္မုခါဝါ၊ မျက်ကွယ်၌ လည်းကောင်း။ သန္တေ၊ သူတော်ကောင်းတို့ကို။ နပရိဘာသတိ၊မရေရွတ်။ ယထာဝါဒီ၊ အကြင်အမှုကို ဆိုလေ့ရှိ၏။

တထာကာရီ၊ထိုဆိုသော အမှုကို ပြုလေ့ရှိ၏။ သော၊ ထိုသူသည်။ ဝေ၊ စင်စစ်။ ကက္ကရုံ၊ကက္ကရုပန်းကို။ အရဟတိ၊ထိုက်၏။

ထိုလေးယောက်မြောက်ဖြစ်သောနတ်သားသည် ဆိုသောဂါထာ၏ အဆုံး၌ ပုရောဟိတ်သည် ငါ့အား ဤကျေးဇူးတို့တွင် တခုသော ကျေးဇူးမျှလည်းမရှိ မုသားဆိုခြင်းကိုပြု၍ ထိုကက္ကရုပန်းတို့ကို တောင်းယူ၍ ပန်အံ့။ ဤသို့ ပန်သည်ရှိသော် ဤသူကား ကျေးဇူးနှင့် ပြည့်စုံသော သူတည်းဟူ၍ ငါ့ကို သူများသည် သိလတ္တံ့ဟု ကြံတိုင်းပြု၏။ ထိုနတ်သား လေးယောက်တို့သည်လည်း ပန်းကုံး လေးခုတို့ကို ထိုပုရောဟိတ်အားလျှင် ပေး၍ နတ်ပြည်သို့သွားကုန်၏။ နတ်သားတို့သည် နတ်ပြည်သို့ သွားသော ကာလ၌ ပုရောဟိတ်၏ ဦးခေါင်း၌ သည်းစွာသော ဝေဒနာသည်ဖြစ်၏။ ထိုပုရောဟိတ်၏ ဦးခေါင်းသည် ထက်စွာသော အထွက်စွန်းဖြင့် ထိုးဘိသကဲ့သို့လည်းကောင်း သံယန္တရားဖြင့်ညှပ်ဘိသကဲ့သို့ လည်းကောင်းဖြစ်၏။ ထိုပုရောဟိတ်သည် ဝေဒနာသို့ရောက်၍ သည်းစွာသော အသံဖြင့် ငိုကြွေးလျက် ငါသည် မုသားဆိုဖြ၍ ဤပန်းတို့ကိုယူ၍ပန်၏။ သင်တို့သည် ဦးခေါင်းမှ ဤပန်းတို့ကို ပယ်ပါကုန်လော့ဟုဆိုဏ်။ ထိုပန်းတို့သည် ပယ်ကုန်သော်လည်း ပယ်အံ့သောငှါ မစွမ်းနိုင်ကုန် သံပြားဖြင့် အပ်ဘိသကဲ့သို့ ဖြစ်ကုန်၏။ လူတို့သည် ထိုပုရောဟိတ်ကို ကြည့်ကုန်၏။ ထိုပုရောဟိတ်သည် ခုနစ်ရက်ပတ်လုံးငိုကြွေး၏။ မင်းသည် ခုနစ်ရက်လွန်သဖြင့် ဒုဿီလသည် မသေစေသတည်းဟု တဘန် ပွဲခံစေပြန်၏။ ထိုနတ်သားတို့ သည်လည်း တဘန်လာပြန်ကုန်၏။ မင်းသည် ပုရောဟိတ်ကို ဆောင်စေ၍ ထိုနတ်သားတို့ကို ပုရောဟိတ်အား သည်းခံစေ၏။ သီလမရှိသော သင်ပုဏ္ဏားအား ဤပန်းတို့သည် မလျောက်ပတ်ကုန်သလျှင်ကတည်း။ သင်ပုရောဟိတ်သည် ဤနတ်သားတို့ကို ငါသည် လှည့်စားအံ့ဟု အမှတ်ရှိ၏။ သင်၏ မုသာဝါဒ၏ အကျိုးကို သင်သည်ရ၏ဟု နတ်သားတို့သည် ထိုပုရောဟိတ်ကို ပရိသတ် အလယ်၌ ကဲ့ရဲ့ကုန်၍ ပုရောဟိတ်၏ ဦးခေါင်းမှ ပန်းကုံးကို ပယ်၍ မိမိနေရာအရပ်သို့ သွားကုန်၏။ [မုသားဆိုသော ပုဏ္ဏားဝတ္ထု]။

၁၃၉–မုသားဆိုသော အစေလက ဝတ္ထု

တိံသနိပါတ် ပဏ္ဍရနာဂရာဇဇာတ်

လွန်လေပြီးသောအခါ သမုဒ္ဒရာ၏ အနီး၌ ကရဓိုယဝဋ္ဌနမည်သော ရွာကိုမှီ၍ တယောက်သော ကရဓိုယမည်သော အစေလကသည် နေ၏။ ထိုအစေလကအား ပဏ္ဍရမည်သောနဂါးမင်းဂဋ္ဌုန်မင်း ဤနှစ်ယောက်တို့သည် ခစားအံ့သောဌါ လာကုန်၏။ထိုနှစ်ယောက်တို့တွင် ဂဋ္ဌုန်မင်းသည် တနေ့သ၌ ဧေးဦးစွာလာလတ်၍ အဓှင်ဘုရား အကျွန်ုပ်တို့၏ အမျိုးတို့သည် နဂါးတို့ကို ဘမ်းယူကုန်သည် ဓှိသော် များစွာပျက်စီးကုန်၏၊ အကျွန်ုပ်တို့သည်နဂါးကို ဘမ်းယူနည်းကို မသိကုန်၊ ထိုနဂါးတို့အား လျှိဝှက်သော အကြောင်းသည် ဓှိသတတ်၊ ထိုလျှို ဝှက်သော အကြောင်းကို မေး၍ ကျွန်ုပ်တို့အား ကြားပါလော့ဟု ဆို၍ ဖဲ၏။ ထိုအစေလကသည် ကောင်းပြီဟု ဝန်ခံ၍ နဂါးမင်းကို လျှိဝှက်သော အကြောင်းကို အဘန် တလဲလဲ မေး၏။ နဂါးမင်းသည် နှစ်ရက်ပတ်လုံးမပြောမဆိုမူ၍သုံးရက်မြောက်သော နေ့၌ ထိုအစေလကသည် တစုံတယောက်သော သူအား ငါမပြောဆိုအံ့။ မကြောက်မ့ရုံ ဖြစ်၍ သင်သည်ပြောဆိုလော့ဟု ဆိုလတ်သော်ထိုသို့တပြီးကား အဓှင်ဘုရား တပါးသောသူအားမပြောမဆိုပါလင့်ဟု ဝန်ခံခြင်းကိုယူ၍ အဓှင်ဘုရား အကျွန်ုပ်တို့သည် ကြီးကုန် ကြီးကုန်သော ကျောက်တို့ကို မျိုကုန်၍ လေးကုန်သည်ဖြစ်၍ အိပ်ကုန်လျက် ဂဋ္ဌုန်တို့၏ လာသော ကာလ၌ မျက်နှာကိုလည်၍သွားတို့ကိုဘွင့်၍ ထိုဂဋ္ဌုန်တို့ကိုကိုက်အံ့သောဌါအလို ဓှိကုန်၏။ ထိုဂဋ္ဌုန်တို့သည် လာကုန်၍ အကျွန်ုပ်တို့၏ ဦးခေါင်းတို့ကို ချီ၍ လေးသောဝန်ဓှိကုန်လျက် အိပ်ကုန်သော အကျွန်ုပ်တို့ကို ချီထုတ်အံ့သောဌါ လုံ့လပြုကုန်စဉ်လျှင် ထိုဂဋ္ဌုန်တို့အား ရေသည် လွှမ်း၏။ ထိုဂဋ္ဌုန်တို့သည် နစ်မွန်းကုန်လျက် ရေ၏ အတွင်း၌ သာလျှင်သေကုန်၏။ ဤသို့သော အကြောင်းဖြင့်လျှင် များစွာကုန်သော ဂဋ္ဌုန်တို့သည် ပျက်စီးကုန်၏။ အကျွန်ုပ်တို့ကို ဘမ်းယူကုန်သော ထိုဂဋ္ဌုန်တို့အား ဦးခေါင်းကို ဘမ်းယူသ ဖြင့် အဘယ် အကျိုးဓှိအံ့နည်း။ မြီးထူး၌ ချီ၍ အကျွန်ုပ်တို့ကိုအောက်သို့ ဦးခေါင်းဓှိစေ၍ယူအပ်သော်ကျောက်ကို စွန့်စေ၍ ပေါ့သည်ကိုပြု၍ ဂဋ္ဌုန်တို့သည် သွားခြင်းဌါ တတ်နိုင်ကုန်

၏ဟု ထိုမိမိ လျှိုဝှက်အပ်သော အကြောင်းကို မုသားဆိုတတ်သော သီလ မရှိသော ထိုအစေလကအား ပြောဆို၍ ဖဲ၏။ ထိုနဂါးမင်းသည် ဖဲလေသော် ဂဋ္ဌုန်မင်းသည်လာ၍ အစေလကသည် ထိုအလုံးစုံသော အကြောင်းကို ထိုဂဋ္ဌုန်မင်းအား ပြောဆို၏။ ထိုစကားကိုကြား၍ ဂဋ္ဌုန်မင်းသည် ထိုနေ့၌ပင်လျှင် ထိုနဂါးမင်းကို မြီးထူး၌ချီ၍ အောက်သို့ ဦးခေါင်းရှိစေ၍ ယူအပ်သော အစာကို စွန့်စေ၍ ကောင်းကင်သို့ပျံ၏။ နဂါးမင်းသည် အောက်သို့ ဦးခေါင်းထား၍ တွဲလျားဆွဲလျက် ငါသည်ပင်လျှင် လျှိုဝှက်အပ်သော စကားကို မစောင့်မူ၍ သီလမရှိသော အစေလကအား ပြောဆိုသဖြင့် ငါ၏ဆင်းရဲကို ဆောင်၏ဟု ဆို၍ အထူးထူးအပြားပြားသော အခြင်းအရာဖြင့် ငိုကြွေး၏။ဂဋ္ဌုန်မင်းသည် သင်ကား မိမိ၏ လျှိုဝှက် အပ်သော စကားကို အစေလကအား ပြောဆို၏။ ယခု အဘယ် အကျိုးငှါ ငိုကြွေးသနည်းဟု ထိုနဂါးကို ကဲ့ရဲ့၍ ထိုနဂါးသည် အသက်ကို တောင်းပန်သည် ရှိသော် ထိုနဂါးမင်းအား အသက်ကိုပေး၏။ ထိုဂဋ္ဌုန်နဂါးမင်း နှစ်ပါးတို့သည် ထိုနေ့မှစ၍ ညီညွတ်ကုန်သော တကွ ဝမ်းမြောက်ကုန်သော အဆွေခင်ပွန်းတို့သည် ဖြစ်ကုန်၏။ နဂါးမင်းသည်ကား အစေလကအား အမျက်ထွက်၍ ထိုအစေလက၏ အဿမပုဒ်သို့ သွား၍ ထိုအစေလကကို အထူးထူးအပြားပြားသော အခြင်းအရာဖြင့် ကဲ့ရဲ့၍ ကျိန်ဆဲလိုရကား—

အဒုဌ္ဌဿ တုဝံ ဒုဗ္ဘိ၊ အသိ ပိသုဏောစ အသိ။
ဇေတေန သစ္စဝဇ္ဇေန၊ မုဒ္ဓါ တေ ဖလတု သတ္တဓာ။

ဟူသောဂါထာကို ဆို၏။

အစေလက၊ အစေလက။ တုဝံ၊ သင်သည်။ အဒုဌ္ဌဿ၊ အဆွေခင်ပွန်းအား။ ဒုဗ္ဘိ၊ ပြစ်မှားတတ်သည်။ အသိ၊ ဖြစ်၏။ ပိသုဏောစ၊ ချောပစ်တတ်သည်လည်း။ အသိ၊ ဖြစ်၏။ ဇေတေနသစ္စဝဇ္ဇေန၊ ဤသစ္စာကြောင့်။ တေ၊ သင်၏။ မုဒ္ဓါ၊ ဦးခေါင်းသည်။ သတ္တဓာ၊ ခုနစ်စိတ်။ ဖလတု၊ ကွဲစေသတည်း။

ဤသို့ သစ္စာစကားကြောင့် နဂါးမင်း မြင်စဉ်ပင်လျှင် အစေလက ဦးခေါင်းသည် ခုနစ်စိတ်ကွဲ၏။ ထိုအစေလက၏ ထိုင်ရာ အရပ်၌

ပင်လျှင် မြေကြီးသည့် ကွဲ၍ မျိုချ၏။ ဤသို့ ထိုအစေလာသည့် မုသား ဆို၍ မြေသို့ဝင်၍ အဝီစိဋ္ဌိဖြစ်ချ၏။ ။(ကရဖိုယအစေလကဝတ္ထု)။ ။ မုသာဝါဒ ဝတ္ထုစကားတည်း။

၁၄၀—သားဏ်အသားကိုစားသောမင်းဝတ္ထု

ဒုကနိပါတ် ဓမ္မဓဇာဘ် ဒုဋ္ဌကထာ

လွန်လေ ပြီးသော အခါ ဗာရာဏသိပြည်၌ ဘယောက်သော မင်းသည် သေနှင့်ကင်း၍ ဖြစ်အံ့သောငှါလည်း မတတ်နိုင်။ အမဲ မဂ္ဂါသော ထမင်းကိုစားအံ့သောငှါလည်း မတတ်နိုင်။ မြို၌ ဥပုသ်နေ့သို့ ရောက်သော် သားငါးမသတ်ရသည်ဖြစ်၍ စားတော်ထမင်းချက်သည် ပက္ခ၏ တဆဲ့သုံးရက် မြောက်သော နေ့၌လျှင် အမဲကို ယူ၍ ထားဖို့။ ထိုအမဲကို မကောင်းသဖြင့် ထားခြင်းကြောင့် ခွေးတို့သည် စားကုန်ဖို့။ စားတော်ထမင်းချက်သည် ဥပုသ်နေ့၌ အမဲကိုမရ၍ မင်းအား ထမင်း စားတော်တည်အံ့သောငှါ မစွမ်းနိုင်သည် ဖြစ်၍ ထိုအကြောင်းကို မိဖုယားအား ကြားဖို့။ ထိုမိဖုယားသည် အမောင်....ငါ၏သားကို မင်းသည် ချစ်မြတ်နိုးဖို့။ ငါ၏သားကိုမြင်၍ ထိုသားတော်ကိုသာလျှင် နမ်းလျက် ဘက်လျက် မိမိကိုယ်ဖို့ ရှိသည်ဖို့ အဖြစ် မရှိသည်ဖို့ အဖြစ်ကိုလည်း မသိ။ ငါသည် သားကို မင်းဖို့ပေါင်ပေါ်၌ ထားစဉ် မင်းသည် သားနှင့် ကစားသောကာလ၌ သင်သည် ထမင်းစားတော်ကို တည်လော့ဟု ဆို၍ ထိုသို့ ဆိုတိုင်းပြုဖို့။ ထိုအခါ စားတော်ချက်သည် စားတော်ထမင်းကို တည်ဖို့။ မင်းသည် သုရာ ယစ်မျိုး ယစ်၍ ခွက်၌ အမဲကို မဖြင့်၍ အမဲ အဘယ်မှာနည်းဟု မေးဖို့။ ရှင်မင်းကြီး.... ယနေ့ ဥပုသ်နေ့ဖြစ်၍ အမဲကိုမရဟု စားတော်ချက်သည် လျှောက်ဖို့။ မင်းသည် ငါ့အား အမဲမည်သည်ကား ရခဲသလောဟု ဆို၍ သား၏ လည်ကို လိမ်၍ အသက်ကုန်ခြင်းသို့ ရောက်စေ၍ စားတော်ထမင်း ချက်၏ ခွေသို့ ပစ်လိုက်၍ လျင်စွာ ပြည့်စုံစေ၍ ဆောင်ခဲ့လော့ဟု ဆိုဖို့။ စားတော်ထမင်းချက်သည် ထိုသို့ မင်းဆိုတိုင်းပြုဖို့။ မင်းမှ ကြောက်သောကြောင့် တယောက်သောသူသည် မျှလည်း ငိုအံ့သောငှါ လည်းကောင်း ပြောဆိုအံ့သောငှါ လည်းကောင်း မတတ်နိုင် မင်းသည်

သား၏အသားဖြင့် ထမင်းစား၍ ဓိဝ်၏။ မိုးသောက်သော ကာလ၌ နိုး၍ အံ့ယစ်ပြေ၍ ငါ၏သားကို ဆောင်ခဲ့ကြကုန်လော့ဟု ဆို၏။ ထိုခဏ၌ ဒိဖုယားသည်ငိုလျက် ရှင်မင်းကြီး....ယမနဲ့ကာ ရှင်မင်းကြီးသည် သား၏အသားဖြင့် ထမင်းစားအပ်ပြီဟု၍ ဆို၏။ မင်းသည် သားကို စွဲ၍ဖြစ်သော သောကဖြင့် ငို၍ ငါ့အား ဤဆင်းရဲသည် သုရာသောက်ခြင်းကိုမှီ၍ဖြစ်၏ဟု သေသောက်ခြင်း၌ အပြစ်ကိုမြင်၍ ဤနေ့မှစ၍ အရဟတ္တဖိုလ်သို့ ရောက်သည်တိုင်အောင် ပျက်စီးခြင်းကို ပြုတတ်သော သုရာမည်သည်ကို ငါမသောက်အံ့ဟု မြေမှုန့်ကိုယူ၍ နှုတ်ခမ်းကို ပွတ်၍ ဓိဋ္ဌာန်၏၊ ထိုမင်းသည် ထိုအခါမှစ၍ သေမည်သည်ကို မသောက်။ [သား၏အသားကို စားသောမင်းဝတ္ထု၊]

၁၄၁-သုရာကြိုးသောသူ၏ ဝတ္ထု၊

တိကနိပါတ်ဘဒြဃဋဇာတ်

အနာထပိဏ်သေဋ္ဌီး၏ တူသည် မိဘတို့၏ ဥစ္စာဖြစ်ကုန်သော ရွှေကုန်ခေါလေးဆယ်တို့ကို သေသောက်ခြင်း ဟူသော ပျက်ဆီးတတ်သော အကျင့်ဖြင့် ပျက်ဆီး၍ အနာထပိဏ်သေဋ္ဌီး၏ အဆံသို့သွား၏။ အနာထပိဏ် သေဋ္ဌီးသည် ထိုတူအား ကုန်သွယ်ခြင်းကို ပြုလော့ဟု အသပြာကထောင်ကို ပေး၏။ ထိုသေဋ္ဌီးတူသည် အသပြာတထောင်ကိုလည်း ပျက်ဆီး၍ တဘန် သေဋ္ဌီးအဆံသို့ သွားပြန်၏။ သေဋ္ဌီးသည်ကား အသပြာငါးရာတို့ကို ပေးလိုက်၍ ထိုအသပြာ ငါးရာတို့ကိုလည်း ပျက်ဆီး၍ တဘန် လာပြန်သော တူအား ထူကုန်သော ပုဆိုးနှစ်ထည်တို့ကိုပေး၍ ထိုပုဆိုးနှစ်ထည်တို့ကိုလည်း ပျက်ဆီး၍ တဘန် လာပြန်သောတူကို လည်၌ကိုင်စေ၍ ထုတ်စေ၏။ ထိုသေဋ္ဌီးတူသည် ကိုးကွယ်ရာမရှိသည် ဖြစ်၍ သူ့တိုက်နံရံကိုမှီ၍ သေ၏။ ထိုသူသေကို ငင်ထုတ်၍ အပဋ္ဌိ စွန့်ကြဲကုန်၏။ အနာထပိဏ် သေဋ္ဌီးသည်လည်း ကျောင်းသို့သွား၍ တူ၏ထိုအလုံးစုံသော အကြောင်းကို မြတ်စွာဘုရားအား လျှောက်၏၊ မြတ်စွာဘုရားသည် သေဋ္ဌီး-သင်သည် ထိုသူကို အသို့ ရောင့်ရဲ စေနိုင်လတ္တံ့နည်း၊ ထိုသူကို ငါသည် ခွဲး၌ ခပ်သိမ်းသော အလိုကို ပေးတတ်သော ဒိုးကိုပေး၍ ရောင့်ရဲစိမ့်သောဌါနတတ်

နိုင်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဘုရားလောင်းသည် ကုဋေလေးဆယ် မြေမြှုပ် ဥစ္စာရှိသော သေဋ္ဌေးဖြစ်၍ ဒါန အစရှိသော ကောင်းမှုတို့ကို ပြု၍ စုတေ၍ သိကြားနတ်မင်း ဖြစ်၏၊ ထို သေဋ္ဌေးအားကား သား တယောက်သာလျှင် ရှိ၏ ထိုသေဋ္ဌေးသားသည် အဘသေသည်ရှိသော် မဏ္ဍပ်ကို ဆောက်စေ၍ များစွာသော လူအပေါင်းခြံရံလျက် သုရာကို သောက်၏၊ ထိုသေဋ္ဌေးသားသည် ဂျွမ်းထိုးခြင်း ကခြင်း သီခြင်း အစ ရှိသည်တို့ကို ပြုကုန်သော သူတို့အား တထောင် တထောင်စီပေးလျက် မိန်းမကြူးခြင်း သုရာကြူးခြင်း အမဲကြူးခြင်း အစရှိသော အဖြစ်သို့ ရောက်၍ ကခြင်း သီခြင်း တီးခြင်း မှုတ်ခြင်းကို ပြုသော ပွဲသဘင်၏ အလယ်၌တည်လျက် မေ့လျော့သည်ဖြစ်၍ ကျင့်လျက် မကြာမြင့်မီလျှင် ကုဋေလေးဆယ်သော ဥစ္စာကိုလည်းကောင်း၊ အတွင်းအသုံးအဆောင် အပအသုံးအဆောင် တို့ကိုဂုင်း ဖျက်ဆီး၍ ဆင်းရဲ၍ အထီးကျန်ဖြစ်၍ ပုဆိုးနွမ်းကို ဝတ်၍ သွား၏၊ သိကြားမင်းသည် ထိုသူ၏ဆင်းရဲသည်၏ အဖြစ်ကိုသိ၍ သားကိုချစ်သဖြင့် လာလတ်၍ ခပ်သိမ်းသော အလိုကို ပေးတတ်သော အိုးကိုပေး၍ ချစ်သား၊ အကြင်သို့ စောင့်ရှောက်သည် ရှိသော် ဤအိုးသည် မကွဲမပျက် ထိုသို့ မကွဲမပျက်အောင် ထိုအိုးကို စောင့်လော့၊ ဤအိုးသည် ရှိသော် သင့်အား ဥစ္စာ၏ အပိုင်းအခြားမည် သည် ဖြစ်လတ္တံ့။ မမေ့မလျော့လင့်ဟု ဆိုရှိ မိမိနေရာသို့ သာလျှင် သွား၏။ ထိုသူသည် ထိုအခါမှစ၍ သုရာကိုသောက်လျက် သွား၏၊ ထိုအခါ တနေ့သ၌ ထိုသူသည် ယစ်၍ ထိုအိုးကို ကောင်းကင်သို့ ပစ်၍ ပစ်၍ ခံလတ်သော် တကြိမ်ချော်၍ အိုးသည် မြေသို့ကျ၍ ကွဲ၏။ ထိုသူသည် ထိုအခါမှစ၍ ဆင်းရဲသည်ဖြစ်၍ ပုဆိုးနွမ်းကို ဝတ်၍ ဘုန်းစားခွက် လက်စွဲ၍ သူ့တိုက်နံရံကိုမှီ၏။ မြတ်စွာဘုရားသည် ဤအဘိတ်ကိုဆောင်၍ သေဋ္ဌေးအား တရားဟောတော်မူသည်ရှိသော်—

သဗ္ဗကာမဒဒံ ကုမ္ဘံ၊ ကုဋံ လဒ္ဓါန ရတ္တကော။
ယာဝ သော အနုပါလေတိ၊ တာဝ သော သုခ မေဓတိ။
ဇဝမေဝ ဓနံ လဒ္ဓါ၊ ပမတ္တာ ပရိဘုဥ္ဇတိ။
ပစ္ဆာ တပတိ ဒုမ္မေဓော၊ ကုဋံ ဘေတွာဝ ရတ္တကော။

ဟူသော နှစ်ဂါထာတို့ကို ဟောတော်မူ၏။

ရုတ္တကော၊ သေသောက်ကြူးသည်။ သဗ္ဗကာမဒဒံ၊ ခပ်သိမ်းသောအလိုကို ပေးတတ်သော။ ကုမ္ဘံ၊ အိုးကို။ လဒ္ဓါန၊ ရ၍။ သော၊ ထိုသေသောက်ကြူးသည်။ ယာဝ၊ အကြင်မျှလောက်။ ကုဋ္ဌံ၊ အိုးကို။ အနုပါလေတိ၊ စောင့်၏။ တာဝ၊ ထိုမျှလောက်။ သော၊ ထိုသေသောက်ကြူးသည်။ သုခံ၊ ချမ်းသာကို။ ဧဓတိ၊ ရ၏။ ယဒါ၊ အကြင်အခါ၌။ မတ္တောစ၊ သုရာဖြင့် ယစ်၍လည်းကောင်း။ ခိတ္တောစ၊ ကစားသဖြင့် ဖြစ်၍လည်းကောင်း။ သော၊ ထိုသေသောက်ကြူးသည်။ ပမာဒါ၊ မေ့လျော့သဖြင့်။ ကုမ္ဘံ၊ အိုးကို။ အဘိဒါ၊ ခွဲ၏။ တတော၊ ထိုအခါမှ။ ပစ္ဆာ၊ နောက်၌။ ဗာလော၊ မိုက်သောသေသောက်ကြူးသည်။ နဂ္ဂေါစ၊ အဝတ်ကင်းသည်ဖြစ်၍လည်းကောင်း။ ပေါဌောစ၊ ပုဆိုးနွမ်းကို ဝတ်ရသည်ဖြစ်၍ လည်းကောင်း။ ဝိဟညတိ၊ ပင်ပန်း၏။ ဧဝမေဝ၊ ဤအတူလျှင်။ ယော၊ အကြင်သူသည်။ ဓနံ၊ ဥစ္စာကို။ လဒ္ဓါ၊ ရ၍။ ပမတ္တာ၊ မေ့လျော့သဖြင့်။ ပရိဘုဥ္ဇတိ၊ သုံးဆောင်၏။ ရုတ္တကော၊ သေသောက်ကြူးသည်။ ကုဋ္ဌံ၊ အိုးကို၊ ဘေတ္ဝာ၊ ခွဲ၍။ တပတိဘုဝ၊ ပူပန်ပိုးရိမ်သကဲ့သို့။ ဒုမ္မေဓော၊ ပညာမရှိသော။ သော၊ ထိုသူသည်။ ပစ္ဆာ၊ နောက်၌။ တပတိ၊ ပူပန်ပိုးရိမ်ရ၏။ [သုရာကြူးသောသူ၏ဝတ္ထုတည်း]။ ဓမ္မပဒ၏ ရာဇဝဂ်၌ မဟာဓနသေဌေးသား၏ ဝတ္ထုကိုလည်းကောင်း တိံသနိပါတ်၌ ကုမ္ဘဇာတ်ကိုလည်းကောင်း ဆောင်အပ်၏။ သေသောက်ခြင်း၌ ဝတ္ထုစကားတည်း။

၁၄၂-မိစ္ဆာစာရကို လွန်ကျူးသော ဘီလူးမဝတ္ထု

အကြင် အကြင် ဆိုအပ်ပြီးသော အလုံးစုံသော ထိုဝတ္ထုကို အထူးထူးသော ဌာနမှရအပ်၏။ ဤဆိုလတ္တံ့သော ဝတ္ထုကိုကား တခုသော ဌာနမှ ရအပ်၏။ လွန်လေပြီးသောအခါ ဗာရာဏသီမင်း၏ မိဖုသားကြီးသည် လွန်ကျူးသော အကျင့်ကိုကျင့်၍ မင်းသည် မေးလတ်သော် ကျွန်ုပ်သည် အကယ်၍ ရှင်မင်းကြီးတို့ကို လွန်ကျူး၍ ကျင့်သည်ဖြစ်အံ့၊ အဿမုခီဘီလူးမဖြစ်စေသတည်းဟု ကျိန်၍ ရတေ့သော် တခုသော တောင်ခြေရင်း လိုဏ်ဂူ၌ အဿမုခီဘီလူးမဖြစ်ပြီးလျှင် သုံးနှစ်ပတ်လုံး ဝေဿဝဏ်နတ်မင်းကို ခစားလုပ်ကျွေး၍ အလျားအားဖြင့် ယူဇနာသုံးဆယ်ရှိသော အနံအားဖြင့် ငါးယူဇနာရှိသော အရပ်၌ လူတို့ကို

စားခြင်းငှါရဏ်။ ထိုအသမုဒိဘိလူးမသည် အဆင်းလှသော ပုဏ္ဏားကို ဘမ်းယူ၍ ကျောက်၌ အိပ်စေပြီး၍ လိုဏ်ထဲ ဆောင်လတ်သော် ယောကျ်ားတို့၏အတွေ့ကိုရ၍ ကိလေသာ၏အစွမ်းအားဖြင့် ထိုပုဏ္ဏားဌ ချစ်ခြင်းကိုဖြစ်လေ၏။ ထိုပုဏ္ဏားကို မစားမူ၍ လင်ပြုလျက် ထိုအခါမှ စ၍ လူတို့ကိုဘမ်းယူလတ်သော် အဝတ် ဆန် ဆီ အစရှိသည်တို့ကိုယူ၍ ထိုပုဏ္ဏားအား အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်တို့ကို ပေး၏။ မိမိသည် လူသားကို စား၍ ကျက်စားခဲ့သောဌါသွားသော ကာလ၌ ထိုအသမုဒိ ဘိလူးမသည် ပုဏ္ဏား ပြေးခဲ့သည်မှ ကြောက်သောကြောင့် ကြီးစွာသော ကျောက်ဖြင့် တံခါးကို ဝိတ်၍ သွား၏။ ထိုအခါ၌ ဘုရားလောင်းသည် ထိုအသမုဒိဘိလူးမ၏ ဝမ်း၌ ဖြစ်၏။ဘိလူးမသည် ဆယ်လလွန်သဖြင့် သားကို ဘွား၏။ထိုသားအဘတို့၌ အားကြီးသော ချစ်ခြင်းရှိသည်ဖြစ်၍ ထိုသားအဘ နှစ်ယောက်တို့ကို လိုဏ်တွင်း၌ထား၍ လိုဏ်တံခါးကိုဝိတ်၍သွား၏။ ဘုရားလောင်းသည် အစည်သဖြင့်ကြီးခြင်းသို့ရောက်၍ တနေ့သ၌ အသမုဒိဘိလူးမ၏ သွားသောကာလ၌ ကျောက်ကိုပယ်၍အဘကိုအပ၌ ထားသည်ကုံပြု၏။ အသမုဒိ ဘိလူးမသည် လာလတ်၍ သားသည် မိခင် ငါသည် ကျောက်ကို ပယ်၏။ ငါတို့သည် အဓိက်တို့၌ နေခဲ့သောဌါ မတတ်နိုင်ကုန်ဟု ဆိုသောစကားကို ကြား၍ သားကို ချစ်သဖြင့် တစုံတရာကိုမျှ မဆို၊ ထိုအခါတနေ့သ၌ သူငယ်သည် ဘခင် ငါ့အမိ၏ လည်းကောင်း သင်၏လည်းကောင်း မျက်နှာသည် မတူကြ၊ အဘယ်ကြောင့် ဤသို့ရှိသနည်းဟု မေး၏။ အဘသည် အမောင် သင့်အမိသည် ဘိလူးမတည်း ငါတို့နှစ်ယောက်သည် လူတည်းဟုဆို၏။ ထိုစကားကိုကြား၍ သူငယ်သည် တနေ့သ၌အမိသည်သွားလတ်သော် အဘကိုယူ၍ပြေး၏။ဘိလူးမသည် လာလတ်၍ ထိုသားအဘနှစ်ယောက်တို့ကို မမြင်၍ လေကဲ့သို့သော မြန်ခြင်းဖြင့်ပြေး၍ ထိုသားအဘနှစ်ယောက်တို့ကဲ့ ယူ၍ ပြန်၏။ဤအတူလည်း နှစ်ကြိမ်သုံးကြိမ်ပြေးကုန်သော သားအဘတို့ကိုဆောင်၏။ ဘုရားလောင်းသည် ငါ၏ အမိ၏ အရပ်သည် အဝိုင်း အခြားရှိရာ၏။ အကယ်၍ ငါသည် အမိ၏ အာဏာ၏ ဖြစ်ရာ အရပ်၏ အဝိုင်း အခြားကို မေး၍ ထိုအဝိုင်း အခြားကို လွန်၍ ပြေးရမူကား ကောင်း၏ဟု ကြံ၍ ထိုအဝိုင်း အခြားကို မေး၏။ ဘိလူးမသည်လည်း

သား့အား အပိုင်း အခြားကို ကြား၏ ထိုဘုရားလောင်းသည် နှစ်ရက်သုံးရက်လွန်သဖြင့် အဘကို ပခုံး၌ ထမ်း၍ အပိုင်း အခြား မြစ်၏ ကမ်းနားသို့ ရောက်၍ မြစ်လယ်သို့ သွား၏။ ထိုဘီလူးမသည်လည်း လိုက်၍ မြစ်ကမ်းနား၌ရပ်၍ ထိုသားအဘ နှစ်ယောက်တို့ကို အထူးထူး အပြားပြားအားဖြင့်တောင်းပန်၍ ပြန်စိမ့်သောငှါ မတတ်နိုင်သည်ဖြစ်၍ ထိုသို့ သဘောရှိသော ဆင်းရဲသည် နှိပ်စက်သော်လည်း သားကို ချစ်ခြင်းကြောင့် မန္တရားကိုပေးလိုရကား ချစ်သား သင်သည် အကယ်၍ မပြန်သည်ဖြစ်အံ့လူ့ပြည်၌အသက်မွေးခြင်းမည်သည်ကား ဆင်းရဲ၏။ အတတ်မတတ်သောသူသည် အသက် မွေးခြင်းငှါ မတတ်နိုင်၊ငါသည် တရသော စိန္တာမဏိမည်သော အတတ်ကိုတတ်၏။ ထိုစိန္တာမဏိ အတတ်၏အာနုဘော်အားဖြင့်တဆဲ့နှစ်နှစ်၏အထက်၌ဥစ္စာကိုခိုး၍သွား ကုန်သောသူတို့၏လည်းခြေရာ အစဉ်သို့လိုက်အံ့သောငှါ တတ်နိုင်၏။ ဤအတတ်သည်သင်အား အသက်မွေးခြင်းအကျိုးငှါ ဖြစ်လတ္တံ့။ ချစ်သား အဘိုးအတိုင်းမသိ ထိုက်သော မန္တရားကိုသင်လော ဟူ၍ဆို၏။ ဘုရားလောင်းသည်မြစ်လယ်၌ ရပ်လျက်လျှင် အမိကိုရှိခိုး၍ မန္တရားကိုသင်၍ အမိဘီလူးမကိုရှိခိုး၍မိခင်သွားအံ့ဟု ဆို၏။ ထိုဘီလူးမသည် ချစ်သားသင်တို့သည် မပြန်ကုန်သည်ရှိသော် ငါ့အားအသက်သည်မရှိ ဟုဆို၍ ရင်ကိုခတ်၍ သားကိုစွဲ၍ဖြစ်သော သောကကြောင့်နှစ်လုံးကွဲ သဖြင့်သေ၍ ထိုအရပ်၌လျှင်လည်း၏။ ဤဘီလူးမသည်ရှေး၌မိန္ဆာစာ ရကိုပြု၍မုသားဆို၍ ကျိန်ခြင်း၏အကျိုးအားဖြင့် ဘီလူးမဖြစ်၍ ကိုးကွယ်ရာမရှိသော သေခြင်းသို့ရောက်၏။ (မိန္ဆာစာရကိုကျင့်သော ဘီလူးမဝတ္ထု)။

ထိုအခါဘုရားလောင်းသည်ထင်းပုံ၌အမိကိုသင်္ဂြိုဟ်၍သင်းချုင်းမီး ကိုငြိမ်းစေ၍ ပန်းဖြင့်ပူဇော်၍ရှိခိုး၍ ဝိုဉ်အဘကိုယူ၍ ဗာရာဏသီပြည် သို့သွား၍ မင်းအိမ်တံခါး၌ရပ်၍ ခြေရာ၌လိမ်မာသော လုလင်သည် လာ၏ဟု မင်းအားအကြောင်းကြား စေသတည်းဟု ဆိုလတ်သော် ဝင်၍ရှိခိုး၍ မင်းသည်မေးလတ်သော် မိမိ၏အတတ်ကို ပြောဆို၏။ ထိုသို့တပြီကား ငါ့ကိုလုပ်ကျွေးလော့ဟုဆိုလတ်သော် နေ့တိုင်းနေ့တိုင်း အသပြာတထောင်ကိုရလတ်သဖြင့် လုပ်ကျွေးအံ့ဟု ဆို၏။ မင်းသည် ကောင်းပြီဟု ဆို၍ နေ့တိုင်းအသပြာတထောင်ကို ပေးစေ၏။

ထိုအခါ တနေ့သ၌ ပုရောဟိတ်သည် မြတ်သောမင်းကြီး ဤလုလင်အား ထိုအတတ်သည် ရှိသည် မရှိသည်ကို ကျွန်ုပ်တို့ မသိကုန်ထိုလုလင်ကိုစူးစမ်းကြဲကုန်ဦးအံ့ ဟုဆို၏။ မင်းသည်ဝန်ခံ၏။ထိုမင်း ပုရောဟိတ် နှစ်ယောက်တို့သည်လည်း ဒိုးသောအမှုကိုပြုကုန်လျက် ရတနာနှစ်ကို ယူ၍ပြာသာဒ်မှသက်ကုန်၍ မင်းအိမ်တွင်း၌ သုံးကြိမ်လည်၍ထန်းကျင့်လှေကားကို ခင်း၍တံတိုင်းထိပ်မှ အပသို့သက်ကုန်၍ တရားတင်းကုပ်ကိုဝင်ကုန်၍ တဘန်လာပြန်ကုန်၍ ထန်းကျင့်လှေကားကိုခင်း၍ တံတိုင်းထိပ်မှ သက်ကုန်၍ ရေကန်နားသို့ သွားကုန်၍ရေကန်ကိုသုံးကြိမ်လက်ျာရစ်လှည့်ကုန်၍ ရေကန်သို့သက်ကုန်၍ ရေကန်တွင်ဤဥစ္စာကိုထားကုန်၍ ပြာသာဒ်သို့တက်ကုန်ဖြ၏၊ နက်ဖြန်နေ့၌မင်းအိမ်မှဒိုးသူတို့သည် ရတနာကိုဒိုးကုန်သတတ်ဟုတပြိုင်နက် အုတ်အုတ်ကျကျသည် ဖြစ်ဖြ၏။ မင်းသည် မသိသကဲ့သို့ဖြစ်၍ ဘုရားလောင်းကိုခေါ်စေ၍ ဒိုးသူကို စူးစမ်းလေ့ဟူ၍ဆိုဖြ၏။ ဘုရားလောင်းသည် ရှင်မင်းကြီး ကောင်းပြီဟုဆို၍ အဓိကိုရှိခိုး၍မန္တရားကိုမန်း၍ ပြာသာဒ်ကြမ်းပြင်၌ရပ်လျက် မြတ်သောမင်းကြီး ဒိုးသူနှစ်ယောက်တို့၏ ခြေရာသည်ထင်ဖြ၏ဟုဆိုဖြ၏။ ထိုသူတို့၏ခြေရာကို လျှောက်သဖြင့် အလုံးစုံသို့လိုက်၍ မိမိသည်ထားသောဥစ္စာကိုကဲ့သို့ ဥစ္စာကိုထုတ်ယူ၍ မင်းအားပြုဖြ၏။ မြတ်သောမင်းကြီး ဤဒိုးသူနှစ်ယောက်တို့သည် ထင်ရှားကုန်သောသူကိုတည်းဟုဆိုဖြ၏။ ဒိုးသူတို့ကိုဘမ်း၍ ပေးအံ့သောဌါတတ်နိုင်အံ့လောဟုဆိုလတ်သော် မြတ်သောမင်းကြီး ဒိုးသူတို့သည် ဤတွင်ပင်ရှိရာကုန်ဖြ၏၊ အဝေးဌ၌မရှိကုန်ဟုဆို့ဖြ၏။ အဘယ်သူသည်လည်းဒိုးသူနည်းဟုဆိုလတ်သော် မြတ်သောမင်းကြီး အကြင်သူသည်အလိုရှိဖြ၏။ထိုသူသည်ဒိုးသူဖြစ်ဖြ၏။ထိုသို့ဖြစ်စေရှင်မင်းကြီးတို့၏ဥစ္စာကိုရသောကာလမှစ၍ ဒိုးသူတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ဆိုဖြ၏။အမောင် ငါသည် သင့်အားနေ့တံ့ဉ်းနေ့တိုင်း တဖြေဖြေတဖြေသော အသပြာကိုပေးဖြ၏။ ငါ့အားဒိုးသူတို့ကိုဘမ်း၍ပေးလေ့ဟုဆိုလတ်သော် ဘုရားလောင်းသည် မင်းအားသနားသဖြင့် မင်းဖြ၏ဒိုးသောအမှုကို ဖုံးလွှမ်းသော်လည်း အဘန်တလဲလဲမေးရကား အတိတ်ဝတ္ထုတို့ကိုဆောင်ကုန်ဖြ၏။

၁၄၃-အတိတ်ခြောက်ဝဏ္ဏု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၏ အနီးဖြစ်သောရွာ၌ နေသော တယောက်သောပါဋလိမည်သော ကချေသည်သည် သုရာယစ်လျက်မြစ်ကိုကူးလတ်သော်မျော၍လူများ၏ ကိုးကွယ်ရာဖြစ်သော မြစ်ရေသည်ငါ့ကိုသတ်၏ ဟုဆို၍သေ၏။

လွန်လေပြီးသောအခါ ဗာရာဏသီမြို့ တံခါး၏အနီးဖြစ်သောရွာ၌ နေသော တယောက်သော အိုးထိန်းသည်သည် တခုသောတွင်း၌ အိုးလုပ်အံ့သောငှါ မြေကိုယူ၏။ ထိုခဏ၌လျှင် မိုယ်းသည်ရွာ၏။ လွှမ်းသောရေသည် တွင်းခြေကိုပြိုစေ၏။ ထိုကြောင့်ထိုအိုးထိန်း၏ဦးခေါင်းသည်ကွဲ၏ ထိုအိုးထိန်းသည် လူများ၏ကိုးကွယ်ရာဖြစ်သော မြေကြီးသည် ငါ၏ဦးခေါင်းကိုခွဲ၏ဟုပိုကြွေး၏။

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ တယောက်သော ယောက်ျားသည် အိမ်ကို မီးလောင်လတ်သော် ထွက်အံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ လူများ၏ကိုးကွယ်ရာဖြစ်သော မီးသည် ငါ့ကို လောင်၏ဟု ဆို၍ သေ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ပင်လျှင် တယောက်သော ယောက်ျားသည် အလွန်များစွာစား၍ အစာကြေစိမ့်သောငှါ မတတ်နိုင်သည်ဖြစ်၍ လူများ၏ ကိုးကွယ်ရာဖြစ်သော ထမင်းသည် ငါ့ကို သတ်၏ဟုဆို၍ သေ၏။

လွန်လေပြီးသောအခါ ထိုဗာရာဏသီပြည်၌ပင်လျှင် တယောက်သောသူအား လေသည် ထ၍ ကိုယ်တို့ကို ဖျက်၏၊ နွေလအခါ၌ လူများ၏ ကိုးကွယ်ရာဖြစ်သော လေသည် ငါ၏ကိုယ်ကိုဖျက်ဆီး၏ဟု ဆို၏။

လွန်လေပြီးသောအခါ ဟိမဝန္တာ၌ များစွာကုန်သော ငှက်တို့၏ နေရာဖြစ်သော တခုသောသစ်ပင်သည် ရှိ၏။ ထိုသစ်ပင်၏ နှစ်ခုကုန်သော အခက်တို့သည် အချင်းချင်းကြိတ်ကုန်၍ အခိုးကိုလည်းကောင်း မီးမှုန့်တို့ကိုလည်းကောင်းကျစေကုန်၏။ထိုမီးကိုမြင်၍ ငှက်တို့သည် ဤသစ်ပင်သည် ငါတို့၏ခိုရိုကိုးကွယ်ရာဖြစ်၏။ယခုကား ဤသစ်ပင်သည် ငါတို့အား ဘေးကိုဖြစ်စေ၏ဟု ဆိုကုန်၍ ဒဲကုန်၏။ [ခြောက်ဝဏ္ဏု]။

၁၄၄-ယောက္ခမကိုသတ်သောချေးမဝတ္ထု

လွန်လေပြီးသောအခါ ကာသိကရွာ၌ တယောက်သောအမျိုးသားသည် အဘသေသည်ရှိသော် အမိကို လုပ်ကျွေး၏။ ဘိုလုလင်၏ အမိသည် အလိုမရှိသော သားအားသာလျှင် တယောက်သော မိန်းမကို ဆောင်ယူ၍ ပေး၏။ ထိုမိန်းမသည်လည်း မိမိအမိကိုယူ၍ လာ၏။ ထိုအိမ်၌နေ၍ ရှေးဦးစွာယောက္ခမသူကိုချစ်မြတ်နိုး၍ နောက်၌ သားသွီးတို့ကို ဘွားလတ်သော် ထိုယောက္ခမကိုသတ်လို၍ လင်အား ကြား၏။ လူကို သတ်ခြင်းမည်သည်ကား ဝန်လေး၏ အသို့လျှင် ထိုအမိကိုသတ်ရကုန်အံ့နည်းဟု လင်သည်ဆို၏။အရှင်အိပ်ပျော်သောကာလ၌ ထိုအမိကို ညောင်စောင်းငယ်ဖြင့်လျှင်ယူ၍ငါတို့အိမ်၏ နောက်အဘို့၌ကြမ်းသော မိကျောင်းရှိသော မြစ်၌ ပစ်ကြကုန်အံ့။ထိုအခါ ထိုအမိကို မိကျောင်းတို့သည် ခဲကုန်လတ္တံ့ဟု မိန်းမသည်ဆို၏။ ရှင်မ သင်၏အမိသည်ဘယ်မှာအိပ်သနည်းဟု ထိုယောက်ျားသည်ဆို၏။ သင့်အမိ၏ အနီး၌အိပ်၏ဟု ထိုမိန်းမသည် ဆို၏။ ထိုသို့တပြီးကား သွားချေ ငါ၏အမိအိပ်ရာ ညောင်စောင်း၌ ကြိုးငယ်ဖြင့်ဘွဲ့၍အမှတ်ကိုပြုချေဟုထိုယောက်ျားသည် ဆို၏၊ ထိုမိန်းမသည် ထိုသို့ဆိုတိုင်း ပြု၏။ ထိုယောက်ျားသည် အတန်ငံ့ဦး။လူတို့သည် အိပ်စေကုန်ဦးဟု အိပ်ပျော်သကဲ့သို့ အိမ်၌ သွား၍ ထိုကြိုးငယ်ကို မယားအမိ၏ ညောင်စောင်းငယ်၌ ဘွဲ့၍ မယားကို နှိုး၏။ ထိုနှစ်ယောက်တို့သည်လည်း ထိုမယား၏ အမိကို ညောင်စောင်းငယ်နှင့်လျှင် ချီ၍ မြစ်၌ပစ်ကုန်၏။ မိကျောင်းတို့သည် ထိုမယား၏ အမိကို ခဲကုန်၏။ထိုမိန်းမသည်နက်ဖြန်နေ့၌အမိချင်းလဲလှယ်သည်၏ အဖြစ်ကိုသိ၍ အရှင် ငါ၏ အမိကို သတ်အပ်ပြီ ယခုသင်၏ အမိကိုသင်းချိုင်း၌ ထင်းပုံကိုပြု၍ မီး၌ပစ်၍ သတ်ကုန်အံ့ဟု ဆို၏။ ထိုယောက်ျားသည် ကောင်းပြီဟုဝန်ခံ၏။ ထိုနှစ်ယောက်တို့သည်အိပ်သောထိုယောက်ျား၏ အမိကို သုသာန်သို့ ဆောင်၍ ထားကုန်၏။ ထိုအခါ၌ ရှင်မ သင်သည် မီးကိုဆောင်ခဲ့၏ လောဟု ယောက်ျားသည်ဆို၏။အရှင် ငါသည်မေ့၏ ဟု မိန်းမသည် ဆို၏။ ထိုသို့တပြီးကား သွား၍ယူချေဟု လင်သည် ဆို၏။သွား၍ယူအံ့သောငှါလည်းငါမတတ်နိုင်၊သင်သွားသော်နေရစ်အံ့သောငှါလည်း ငါမတတ်နိုင်၊ နှစ်ယောက် ကုန်သော ငါတို့သည်

သွားကြကုန်အံ့ဟု မယားသည်ဆို၏။ ထိုနှစ်ယောက်တို့သည် သွားကုန်သော်သက်ကြီးဒိုမသည်လေကြောင့်နိုး၍ ဤသူတို့သည်ငါ့ကိုသတ်အံ့သောငှါ အလိုရှိကုန်၍ မီးယူအံ့သောငှါ သွားကုန်၏ဟု သိ၍ ငါ၏အစွမ်းကို မသိလေကုန်ဟုတရုသော အသေကောင်ကို ညောင်စောင်းခွအိပ်စေ၍ ပုဆိုးနှမ်းတို့ဖြင့် ဖုံးလွှမ်း၍သွား၍ထိုသသာန်ခွဲလျှင် လိုဏ်သို့ဝင်၏။ ဤသို့ထိုသက်ကြီးဒိုမသည် ကိုးကွယ်ရာအကျိုးငှါ ချွေးမကို ယူ၏။ ထိုချွေးမမှာဘေးသည်ဖြစ်၏။ လင်မယား နှစ်ယောက်တို့သည် မီးကိုယူခဲ့ကုန်၍ သက်ကြီးဒိုမဟူသော အမှတ်ဖြင့် အသေကောင်ကို မီးဖုတ်၍ခဲ့ကုန်၏။ထိုလိုဏ်ခွဲဘေးဦးစွာတယောက်သောခိုးသူသည် ဥစ္စာထုပ်ကိုထား၏။ ထိုခိုးသူသည် ထိုသက်ကြီးဒိုမကိုဖြင့်၍ ဘိလူးမမှတ်၍ ငါ၏ဥစ္စာကိုဘိလူးမသည်သိမ်းဆည်း၏ဟုသွား၍ဖုတ်ထုတ်ဆေးသမားကိုခေါ်ဆောင်ခဲ့၏။ဆေးသမားသည်မန္တရားမန်းလျက် လိုဏ်သို့ဝင်၏။ ငါသည်ဘိလူးမမဟုတ် လာလေ့။ နှစ်ယောက်ကုန်သော ငါတို့သည် လည်း ဝေဘနဲကြကုန်အံ့ဟုဆို၏။ အသို့လျှင် ယုံကြည်ရာသနည်းဟု ဆေးသမားဆိုလတ်သော် သင်၏လျှာကို ငါ၏လျှာ၌ ထားလော့ဟု ဆို၏။ ထိုဆေးသမားသည် သက်ကြီးဒိုမ ဆိုတိုင်း ပြု၏။ ထိုဆေးသမား၏လျှာကို ကိုက်၍ပြတ်စေ၏။ ဆေးသမားသည် ဤ မိန်းမကား မချွတ်လျှင် ဘိလူးမတည်းဟု အော်၍ ပြေး၏။ခိုးသူသည်လည်း ပြေး၏။ ထိုသက်ကြီးဒိုမသည် မိုးသောက်သောကာလ၌ အထူးထူးသော ရတနာထုပ်ကိုယူ၍ အိမ်သို့လာ၏။ ချွေးမသည် အမိ အဘယ်မှရသနည်းဟု မေး၏ ချစ်သို့ သသာန်၌ ထင်းပုံ၌ ဒီးပုံအပ်ကုန်သော သူတို့သည် ဤသို့သဘောရှိသော ဥစ္စာကို ရကုန်၏ဟုဆို၏။ အမိ ငါသည်လည်း ရခြင်းငှါ တတ်ကောင်းအံ့လောဟုချွေးမသည်ဆို၏။ ငါကဲ့သို့ဖြစ်သော် ရလတ္တံ့ဟုဆို၏။ ထိုမိုက်သော ချွေးမသည် ဥစ္စာကို တပ်စွမ်းသဖြင့် မိုက်သောလင်အား ပြောဆို၍ ထိုသသာန်၌ ဒီမီကိုယ်ကို ဒီးဖုတ်စေ၍သေ၏။ ဤသို့ သူဘပါးကို သတ်လိုသည်၏ အဖြစ်ကြောင့် ထိုဒိန်းမသည်သာလျှင် သေခြင်းသို့ ရောက်၏။

[ယောကျ္ဘမကို သတ်သောချွေးမ ဝတ္ထု]။

၁၄၅–အဘကို ရန်ပြုသော သား၏ အတိတ်ဝတ္ထု

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ တယောက်သော ယောက်ျားသည် သားကိုရ၍ ဤသားသည် ငါ့ကို အိုသော ကာလ၌ မွေးလတ္တံ့ဟူ၍ မွေး၏။ သားသည်ကား ထိုအဘကိုရန်ပြု၏၊ သင်သည် အမှုကိုပြုအံ့သောဌါ မတတ်နိုင်။ ဤအိမ်မှ ထွက်လောဟု အိမ်မှနှင်ထုတ်၏၊ ထိုအဘသည် ငြိုငြင်သဖြင့် တောင်းစား၍ အသက်မွေးခြင်းကို ပြုလျက် ငါ၏သားသည် အိုသောကာလ၌ ငါ၏ကိုးကွယ်ရာဖြစ်လတ္တံ့ဟု အကြင်သားကို ငါမွေးစား၏။ ထိုသားမှ ငါ့အားဘေးသည်ဖြစ်၏ဟု ငိုဏ်။ ဤသို့ ထိုဘုရားလောင်းသည် အတိတ်ဝတ္ထုတို့ကို ဆောင်၍ လူအများ ကိုးကွယ်ရာ ဖြစ်ကုန်သော ရေအစရှိသည်တို့ကဲ့သို့လည်းကောင်း၊ ဌက်ဘို့၏ ကိုးကွယ်ရာဖြစ်သော သစ်ပင်တို့ကဲ့သို့ လည်းကောင်း၊ ယောက္ခမမိန်းမသူ၏ ကိုးကွယ်ရာဖြစ်သော ချွေးမကဲ့သို့ လည်းကောင်း၊ အဘ၏ ကိုးကွယ်ရာ ဖြစ်သော သားကဲ့သို့ လည်းကောင်း၊ လူများ၏ ကိုးကွယ်ရာ ဖြစ်သော တယောက်သော သူသည် ဥစ္စာကိုခိုး၏၊ ရှင်မင်းကြီး ဤသို့သော အကြောင်းဖြင့် ဤအမည်ရှိသော သူသည် ခိုး၏ဟူ၍ သိလော့ဟု ဆို၏။ မင်းသည် ထိုသို့ တပြီးကား ဤသူသည်လည်း ခိုးသူ ဤသူသည်လည်း ခိုးသူဟူ၍ ပရိသတ်အလယ်၌ ပြလော့ဟုဆို၏။ ဘုရားလောင်းသည် ဤမင်းကား မိမိကိုယ်ကို စောင့်အံ့သောဌါ မပေး၊ ယခု ခိုးသူဟူ၍ ဘမ်းအံ့ဟုဆို၍ အချင်း ပရိသတ်တို့၊ ငါ့စကားကို နားထောင် ကြကုန်လော့ ဟု ဆို၍ မင်းသည်ရင်း ပုရောဟိတ်သည် လည်းကောင်း ဤသူနှစ်ယောက်တို့သည် ခိုးသော အမှုကို ပြုကုန်၏။ ဤနေ့မှစ၍ မိမိဥစ္စာဖြစ်သော ဥစ္စာစပါးကို စောင့်ကြကုန်လော့ဟုဆို၏။ ထိုစကားကို ကြား၍ လူတို့သည် ဤမင်းကား သူဘပါး၏အဆက်၌ အပြစ်ကို တင်လို၍ မိမိ၏ ဥစ္စာကို မိမိသည်ပင်လျှင် ရေကန်၌ထား၍ ခိုးသူတို့ကို ရှာစေ၏။ ဤနေ့မှစ၍ တဘန် ခိုးမှုကို မပြုစမ့်သောဌါ ထိုယုတ်သော မင်းကို သတ်ကြကုန်အံ့ဟု တောင်ဝှေး တင်းပုတ် အစရှိသည် လက်စွဲကုန်လျက် ထကုန်၍ ထိုအရပ်၌လျှင် ပုရောဟိတ်နှင့် တကွ မင်းကို ပုတ်ခတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေ၍ ဘုရားလောင်းကို မင်း၏အဖြစ်ဖြင့် အဘိသိက် သွန်းကုန်၏။ ။

ထိုသူတို့တွင်ကား ကရဏသည် ပါဠိလိသည် သုရာ၏အပြစ်ကြောင့် ကိုးကွယ်ရာ မရှိသော သေခြင်းသို့ရောက်၏။ ဆွေးမသည် ရှေးအတိုင်း ဖြစ်သော ပါဏာတိပါတ အပြစ်ကြောင့် ကိုးကွယ်ရာ မရှိသော သေခြင်းသို့ရောက်၏။ ဤ မင်းပုဏ္ဏား နှစ်ယောက်တို့သည် အဒိန္နာဒါန အပြစ်ကြောင့် ကိုးကွယ်ရာ မရှိသော သေခြင်းသို့ ရောက်၏။ အကြင် အကြင်ဆိုအပ်ပြီးသော အလုံးစုံသော ဝတ္ထုကို နဝကနိပါတ်ပဒကုသလ ဇာတ်အဋ္ဌကထာ၌ အကျယ်အားဖြင့် ယူအပ်၏။

၁၄၆–ပါဏာတိပါတ စသည်မှကြဉ်အပ်သည်ကို ပြခြင်း

ဤသို့ ပါဏာတိပါတ အစရှိသော ရန်ကို ပြုံတတ်သော သူသည် ဆင်းရဲခြင်းသို့ ရောက်၏။ ထိုကြောင့် ဆင်းရဲမှ ကြောက်သဖြင့် ထို ပါဏာတိပါတ အစရှိသော ရန်မှ ကြဉ်အပ်၏။ တနည်းကား ငရဲမှ ကြောက်သဖြင့် ပါဏာတိပါတ အစရှိသော ရန်မှ ကြဉ်အပ်၏။ ထိုကြောင့် အရှင်သာရိပုတ္တရာအား ဟောတော်မူသော မြတ်စွာဘုရား သည် ပဋိကအဂိုတ္တိရစတုက္ကပဏ္ဏာသကဂိဟိသုတ်၌–

နိရယေသု ဘယံ ဒိသွာ၊ ပါပါနိ ပရိဝဇ္ဇယေ။
အရိယဓမ္မံ သမာဒါယ၊ ပက္ကိတော ပရိဝဇ္ဇယေ။
နဟိ ံသေ ပါဏဘူတာနိ၊ ဝိဇ္ဇမာနေ ပရက္ကမေ၊
မုသာဝဒ နဘဏော ဇာနိ၊ အဒိန္နံ နုပရာမသေ။
သေဟိဒါရေဟိ သန္တုဋ္ဌော၊ ပရဒါရဉ္စ အာဂမေ။
မေရယံ ဝါရုဏိ ံ ဇန္တု၊ နဝိ ဝေ ဝိတ္တမောဟနံ။

ဟူ၍ ဟောတော်မူ၏။

နိရယေသု၊ ငရဲတို့၌။ ဘယံ၊ ဘေးကို။ ဒိသွာ၊ ရှု၍။ ပက္ကိတော၊ ပညာရှိသည်။ ပါပါနိ၊ မကောင်းမှုတို့ကို။ ပရိဝဇ္ဇယေ၊ ကြဉ်ရှာ၏။ အရိယဓမ္မံ၊ အရိယာတို့၏ တရားဟူသော ပဉ္စသီလကို။ သမာဒါယ၊ ဆောက်တည်၍။ ပက္ကိတော၊ ပညာရှိသည်။ ပါပါနိ၊ မကောင်းမှုတို့ကို။ ပရိဝဇ္ဇယေ၊ ကြဉ်ရှာ၏။ ပါဏဘူတာနိ၊ သတ္တဝါတို့ကို။ ပက္ကိတော၊ ပညာရှိသည်။ နဟိ ံသေ၊ မညှဉ်းဆဲရာ။ ဝိဇ္ဇမာနေ၊ ညှဉ်းဆဲဘွယ်

ရှိလတ်သော်။ ပရက္ခမေ၊ လွန်စွာသည်းခံရာ၏။ ဇာနီ၊ သိလျက်။ မုသာစ၊ မဟုတ်သောစကားကိုလည်း။ နဘဏေ၊ မဆိုရာ။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို။ နပရာမသေ၊ မှားသောအားဖြင့် မသုံးသပ်ရာ။ သေဟိဒါရေဟိ၊ မိမိမယားကိုဖြင့်။ သန္တုဋ္ဌော၊ ရောင့်ရဲသည်ဖြစ်၍။ ပရဒါရဥ္စ၊ သူ့မယားကိုလည်း။ အာရမေ၊ ကြဉ်ရာ၏။ ဇန္တု၊ လူသည်။ စိတ္တမောဟနံ၊ စိတ်ကိုတွေဝေစေတတ်သော။ မေရယံ၊ အရက်ကိုလည်းကောင်း။ ဝါရဏိံ၊ သုရာကိုလည်းကောင်း။ နပိဝေ၊ မသောက်ရာ။

ထိုကြောင့် အရိယာတို့ တရားဟု ဆိုအပ်သော ဝေရမဏိကို ဆောက်တည်အပ်သလျှင် ကတည်း။ ထိုစကားသည် သင့်၏။ ဝေရမဏိကို ဆောက်တည်သောသူသည် အလွန် အကျိုးကြီးမြတ်သော ဝိရတီဟု ဆိုအပ်သော ဒါနကို ပေးသည်မည်၏။ ထိုကြောင့်လျှင် မြတ်စွာဘုရားသည်-

နိစ္စဘတ္တဒါနသခ်ါတော ယညော ပကတိယညတော မဟပ္ဖလတရော။တတော ဝိဟာရဒါနသခ်ါတ ယညော။ တတော သရဏဂမနသခ်ါတယညော။ တတော ပဥ္စသီလသခ်ါတယညော မဟပ္ဖလတရော။

ဟူ၍ ယည အမည်အားဖြင့် ကုဋုဒန္တသုတ်၌ လေးပါး အပြားရှိသော ဒါနကို ဟောတော်မူအပ်၏။ ။ထိုပါဠိတော်၏ အဌကထာ၌လည်း-

ယသ္မာ သရဏဂမနံ တိဏ္ဏံ ရတနာနံ ဇီဝိတပရိစ္စာဂ ဝသေန ယည်နာမ ဟုတ္ဝာ သဂ္ဂသမ္ပတ္တိံ ဒေတိ။ တသ္မာ ဝိဟာရဒါန တောပိ မဟပ္ဖလတရံ။ ပဥ္စသီလသဒိသဿ ပန ဒါနဿ အဘာဝတော ဇတံ တတောပိ မဟပ္ဖလတရံ။

ဟု အနက်ကိုဆို၍ ထိုအနက်ကို ပါဠိတော်ဖြင့် ပြီးစိမ့်သောဌါ-

ပဥ္စိမာနိ ဘိက္ခဝေ ဒါနာနိ မဟာဒါနာနိ အဂ္ဂညာနိ ရတ္တညာနိ ဝံသညာနိ ပေါရာဏာနိ အသံကိဏ္ဏာနိ အသံကိဏ္ဏပုဗ္ဗာနိ နသက်ိယန္တိ နသက်ိယိဿန္တိ အပဋိကုဋ္ဌာနိ သမဏေဟိဝါ ဖြာဟ္မဏေဟိဝါ ဝိညူဟိ။ ကတမာနိ ပဥ္စ၊ ဣဓ ဘိက္ခဝေ အရိယသာဝကော ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။ပါဏာတိပါတာ ပဋိဝိရတော ဘိက္ခဝေ

အရိယသာဝကော အပရိမာဏာနံ သတ္တာနံ အဘယံ ဒေတိ။ အဝေရံ ဒေတိ။ အဗျာပဇ္ဈံ ဒေတိ။ အပရိမာဏာနံ သတ္တာနံ အဘယံ ဒတ္ဝာ အဝေရံ ဒတ္ဝာ အဗျာပဇ္ဈံ ဒတ္ဝာ အပရိမာဏသဿ အဘယဿ အဝေရဿ အဗျာပဇ္ဈဿ ဘာဂီ ဟောတိ။ ဣဒံ ဘိက္ခဝေ ဒါနံ မဟာဒါနံ အဂ္ဂညံ ရတ္တညံ ဇံသညံ ပေါရာဏံ အသံကိဏ္ဏံ အသံကိဏ္ဏပုဗ္ဗံ နသင်္ကိယတိ နသင်္ကိယိဿတိ အပဋိကုဋ္ဌံ သမဏေဟိဝါ ဗြာဟ္မဏေဟိဝါ ဝိညူဟိ။ ပုနစပရံ ဘိက္ခဝေ အရိယသာဝကော အဒိန္နာဒါနံ ပဟာယ ကာမေသုမိစ္ဆာစာရံ ပဟာယ မုသာဝါဒံ ပဟာယ သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ ပဟာယ။လ။ဣမာနိခေါ ဘိက္ခဝေ ဒါနာနိ မဟာဒါနာနိ။လ။ဝိညူဟိ။

ဟု ပါဠိတော်ကိုပြ၍ တဘန်-

ဤဒံပန သီလပဉ္စကံ အတ္တာသိနေဟဉ္စ ဇီဝိတာသိနေဟဉ္စ ပရိစ္စဇိတွာ ရက္ခိဿာမီတိ သမာဒိယ္ဍတာယ ယညော်တိ ဝုစ္စတိ။ ဟူ၍ ဆို၏။

နိစ္စဘတ္တဒါနသခ်ိဳကော၊ နိစ္စဘတ်လှူခြင်းဟု ဆိုအပ်သော။ယညော၊ ယဇ်သည်။ ပကတိယညတော၊ ပကတိယဇ်ထက်။ မဟပ္ဖလတရော၊ အကျိုးကြီးမြတ်၏။တတော၊ထိုနိစ္စဘတ်လှူခြင်းဟူသောယဇ်ထက်။ ဝိဟာရဒါနသခ်ိဳတယညော၊ ကျောင်းလှူခြင်း ဟူသော ယဇ်သည်။ မဟပ္ဖလတရော၊ အကျိုးကြီးမြတ်၏။ တတော၊ ထိုကျောင်းလှူခြင်း ဟူသောယဇ်ထက်။ သရဏဂမန သခ်ိဳတယညော၊ သရဏဂုံဟူသော ယဇ်သည်။ မဟပ္ဖလတရော၊ အကျိုးကြီးမြတ်၏။ တတော၊ ထိုသရဏဂုံ ဟူသော ယဇ်ထက်။ ပဉ္စသီလသခ်ိဳတယညော၊ ပဉ္စသီဟူ ဆိုအပ်သော ယဇ်သည်။ မဟပ္ဖလတရော၊ အကျိုးကြီးမြတ်၏။ ။ ယသ္မာ၊ အကြောင်းကြောင့်။ သရဏဂမနံ၊ သရဏဂုံသည်။ တိဏ္ဏံ ရတနာနံ၊ ရတနာသုံးပါးတို့အား။ ဇီဝိတ ပရိစ္စာဂဝသေန၊ အသက်ကိုစွန့်သည်၏ အစွမ်းအားဖြင့်။ ယညံနာမ၊ ယဇ်မည်သည်။ ဟုတွာ၊ ဖြစ်၍။ သဂ္ဂသမ္ပတ္တိံ၊ နတ်ပြည်စည်းစိမ်ကို။ ဒေတိ၊ ပေး၏။ တသ္မာ၊ ထိုကြောင့်။ ဝိဟာရ ဒါနတောပိ၊ ကျောင်း အလှူထက်လည်း။

မဟာပဉ္ဉလတရံ၊ အာကျိုးကြီး မြတ်၏။ ပဉ္စသိလသဒိသဿ၊ ပဉ္စသိနှင့် တူသော။ ဒါနသဿပန၊ ဒါန၏ကား။ အဘာဝတော၊ မရှိသည်၏ အဖြစ်ကြောင့်။ ဇတံ၊ ထိုပဉ္စသိသည်။ တတောပိ၊ ထိုသရဏာဂုံထက်လည်း။ မဟာပဉ္ဉလတရံ၊ အာကျိုးကြီးမြတ်၏။ ဘိက္ခဝေ၊ တို့။ ပဉ္စ၊ ငါးပါးကုန်သော။ မဟာဒါနာနိ၊ မဟာဒါနဖြစ်ကုန်သော။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမာနိ ဒါနာနိ၊ ဤဒါနတို့ကို။ အဂ္ဂညာနိ မြတ်၏ဟူ၍သိအပ်ကုန်၏။ ရတ္တညာနိ၊ ရှည်မြင့်စွာသောကာလပတ်လုံးသိအပ်ကုန်၏။ ဝံသညာနိ၊ အရိယာသူတော်ကောင်းတို့၏ အနွယ်တို့ ဟူ၍ သိအပ်ကုန်၏။ ဣမာနိဒါနာနိ၊ ဤဒါနတို့သည်။ ပေါရာဏာဒ္ဒနိ၊ လက်ဦးဖြစ်ကုန်သောရှေးသူပေါင်းတို့၏ ဥစ္စာဖြစ်ကုန်၏။ ဣမာနိဒါနာနိ၊ ဤဒါနတို့ကို။ အသံကိဏ္ဏာနိ၊ သူတော်ကောင်းတို့သည်တစုံတရာသော အပြား အားဖြင့်လည်း မပွန့်အပ်ကုန်။ အသံကိဏ္ဏပုဗ္ဗာနိ၊ ရှေးသူတော်ကောင်းတို့သည် မပွန့်စဉ်းကုန်သော ဒါနတို့ကို။ ဇတရဟိ၊ ယခုအခါ၌။ သာဓုဟိ၊ သူတော်ကောင်းတို့သည်။ နသက်ိယန္တိ၊ မရုံရှာကုန်။ အနာဂတော၊ နောင်အခါ၌။ သာဓုဟိ၊ သူတော်ကောင်းကို သည်။ နသက်ိယိသန္တိ မ ရုံရှာကုန်လတ္တံ့။ ဝိညူဟိ၊ ပညာရှိကုန်သော။ သမဏောဟိ ဝါ၊ ရဟန်းတို့သည်လည်းကောင်း။ ဗြာဟ္မဏောဟိ ဝါ၊ ပုဏ္ဏားတို့သည်လည်းကောင်း။ အပဋိကုဋ္ဌာနိ၊ မပစ်ပယ်အပ်ကုန်။ ပဉ္စ၊ ငါးပါးကုန်သောဒါနတို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်း ဟူမူကား။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ အရိယာဖြစ်သော ဘုရားတပည့်သည်။ ပါဏာတိပါတံ၊ ပါဏာတိပါတကို။ ပဟာယ၊ ပယ်၍။ ပါဏာတိပါတာ၊ ပါဏာတိပါတမှ။ ပဋိဝိရတော၊ ကြဉ်သည်။ ပေဿတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ပါဏာတိပါတာ၊ ပါဏာတိပါတမှ။ ပဋိဝိရတော၊ ကြဉ်သော။ အရိယသာဝကော၊ အရိယာဖြစ်သောဘုရား တပည့်သည်။ အပရိမာဏာနံ၊ အတိုင်း အရှည် မရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ အဘယံ၊ ဘေးမဲ့ကို။ ဒေတိ၊ ပေး၏။ အဝေရံ၊ ရန်မရှိခြင်းကို။ ဒေတိ၊ ပေး၏။ အဗျာပဇ္ဈံ၊ ဆင်းရဲမရှိသည်၏ အဖြစ်ကို။ ဒေတိ၊ ပေး၏။ အပရိမာဏာနံ၊ အတိုင်း အရှည် မရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ အဘယံ၊ ဘေးမရှိသည်၏ အဖြစ်ကို။ ဒတ္ဝာ၊ ပေး၍။ အဝေရံ၊ ရန်မရှိသည်၏ အဖြစ်ကို။ ဒတ္ဝာ၊ ပေး၍။ အဗျာပဇ္ဈံ၊ ဆင်းရဲမရှိသည်၏အဖြစ်ကို။ ဒတ္ဝာ၊

ပေး၍။အာပရိမာဇာသ၊ အတိုင်းအရှည် မရှိသော။ အာဘယသ၊ ဘေး မရှိသေးအဖြစ်၏။ အဝေရသ၊ ရန်မရှိသောအဖြစ်၏။ အဗျာပဇ္ဈသ၊ ဆင်းရဲမရှိသော အဖြစ်၏။ဘာဂိ အဘိုရှိသည်။ ပေါတိ၊၏။ ဘိက္ခဝေ၊ တို့။မဟာဒါနံ၊မဟာဒါနဖြစ်သော။ ဣဒံဒါနံ၊ ဤအလှူကို။ အဂ္ဂညံ၊ မြတ်၏ ဟူ၍ သိအပ်၏။ ရတ္တညံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး သိအပ်၏။ ဇံသညံ၊အရိယာသူတော်ကောင်းတို့၏အနွယ်ဟူ၍သိအပ်၏။ဣဒံဒါနံ၊ဤ အလှူသည်။ပေါရာဏံ၊လက်ဦးဖြစ်သော ရှေးသူဟောင်းတို့၏ ဥစ္စာဟူ၍ သိအပ်၏။ အုဒဒါနံ၊ ဤအလှူကို။ အသံကိုယ်တို့၊ သူတော်ကောင်းတို့သည် တစုံတခုသောအပြားအားဖြင့်လည်း မစွန့်အပ်။ အသံကိုယ်ဟူပုဗ္ဗဲ၊ ရှေးသူ တော်ကောင်းတို့သည် မစွန့်စဘူးသော၍အလှူကို။ဒိတရဟိ၊ ယခုအခါ၌။သာရုဟိ၊သူတော်ကောင်းတို့သည်။နသက်ိယတိ၊မ ရုံရှာအပ်။အနာဂတော၊နောင်အခါ၌။သာရုဟိ၊သူတော်ကောင်းတို့သည်။နသက်ိယိသတိ၊ မ ရုံရှာလတ္တံ့။ ဝိညူဟိ၊ ပညာရှိကုန်သော။ သမဏောဟိဝါ၊ ရဟန်းတို့ သည်လည်းကောင်း။ဗြာဟ္မဏောဟိဝါ၊ ပုဏ္ဏားတို့သည်လည်းကောင်း။ အပင်္ဂကုဋ္ဌံ၊ မပစ်ပယ်အပ်။ ဘိက္ခဝေ၊တို့။ ပုနစ၊ တဘန်လည်း။ အပရံ၊ တပါးတံ့။ အရိယသာဝကော အရိယာဖြစ်သော ဘုရားတပည့်သည်။ အဒိန္နာဒါနံ အဒိန္နာဒါနကို။ ပဟာယ၊ ပယ်၍။ ကာမေသုမိစ္ဆာစာရံ၊ ကာမေသုမိစ္ဆာစာရကို။ ပဟာယ၊ပယ်၍။ မုသာဝါဒံ ၊မုသာဝါဒကို။ ပဟာယ၊ပယ်၍။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ၊ သုရာမေရယပဗ္ဗပမာဒဋ္ဌာနကို။ ပဟာယ၊ပယ်၍။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမှ။ ပဋိဝိရတော၊ ကြဉ်သည်။ ပေါတိ၊၏။ ဘိက္ခဝေ၊တို့။သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမှ။ပဋိဝိရတော၊ ကြဉ်သော။အရိယသာဝကော၊ အရိယာဖြစ်သောဘုရားတပည့်သည်။အပရံ မာဇာနံ၊ ဒေတိုင်းအရှည် မရှိကုန်သေး။ သတ္တာနံ၊ သတ္တဝါတို့အား အဘယံ၊ ဘေးမရှိသည်၏ အဖြစ်ကို။ ဒေတိ၊ ပေး၏။ အဇေရံ၊ ရန်မရှိသည်၏အဖြစ်ကို။ ဒေတိ၊ပေး၏။ အဗျာပဇ္ဈံ၊ဆင်းရဲမရှိသည်၏အဖြစ်ကို။ ဒေတိ၊ပေး၏။ အပရိမာဇာနံ၊ အတိုင်းအရှည်မရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ အဘယံ၊ ဘေးမရှိသည်၏အဖြစ်ကို။ ဒတွာ၊ ပေး၍။ အဇေရံ၊ ရန်မရှိသည်၏အဖြစ်ကို။ ဒတွာ၊ပေး၍။ အဗျာပဇ္ဈံ၊ ဆင်းရဲမရှိ သည်၏အဖြစ်ကို။ ဒတွာ၊ ပေး၍။ အပရိမာဇာသ၊ အတိုင်းအရှည်မရှိ

သော။ အဘာယသဿ၊ ဘေးမရှိသောအဖြစ်၏။ အဝေရဿ၊ရန်မရှိသော အဖြစ်၏။ အဗျာပဇ္ဈသ၊ ဆင်းရဲမရှိသောအဖြစ်၏။ ဘာဂိ၊ အဘိုသည်။ ဟောတိ၊၏။ ဘိက္ခဝေ၊ တို့။ မဟာဒါနံ၊ မဟာဒါနဖြစ်သော။ ဣဒံဒါနံ၊ ဤအလှူကို။ အဂ္ဂညံ၊ မြတ်၏ဟူ၍သိအပ်၏။ ရဇ္ဇာညံ၊ ဤမြင့်စွာသော ကာလပတ်လုံးသိအပ်၏။ဝံသညံ၊ အရိယာသူတော်ကောင်းတို့၏အနွယ် ဟူ၍သိအပ်၏။ ဣဒံဒါနံ၊ ဤအလှူသည်။ ပေါရာဏံ၊ လက်ဦးဖြစ်သော ရှေး သူဟောင်းတို့၏ ဥစ္စာဖြစ်၏။ ဣဒံဒါနံ။ ဤအလှူကို။ အသံ ကိဏ္ဏံ၊ သူတော်ကောင်းတို့သည် တစုံတခုသော အပြားအားဖြစ်လည်း မစွန့်အပ်။ အသံကိဏ္ဏပုဗ္ဗံ၊ သူတော်ကောင်းတို့သည် မစွန့်စဉ်းသော အလှူကို။ ဇေတရဟိ၊ ယခုအခါ၌။ သာဓုဟိ၊ သူတော်ကောင်းတို့သည်။ နသက်ိယတိ၊ မ ရှုံရာအပ်။ အနာဂတေ၊ နောင်အခါ၌။ သာဓုဟိ. သူဘော်ကောင်းတို့သည်။ နာသက်ိယိဿတိ၊မ ရှုံရာလတ္တံ့။ ဝိညူဟိ၊ ပညာရှိကုန်သော။ သမဏောဟိဝါ၊ ရဟန်းတို့သည် လည်းကောင်း။ ဗြာဟ္မဏောဟိဝါ၊ ပုဏ္ဏားတို့သည် လည်းကောင်း။ အပဋိကုဋ္ဌံ၊ မပစ်မပယ်အပ်။ ဣဒံဒါနံ၊ ဤဒါနတို့သည်၊ ဣသိပါဏိ၊ ဣသိသည်တို့တည်း။ မဟာဒါနာနိ၊ မဟာဒါန ဖြစ်ကုန်သော။ ဣမာနိဒါနာနိ၊ ဤအသျှတို့ကို။ အဂ္ဂညာနိ၊ မြတ်ကုန်၏ဟု သိအပ် ကုန်၏။ ရဇ္ဇာညာနိ၊ ရှည်မြင့်စွာကာလပတ်လုံး သိအပ်ကုန်၏။ ဝံသ ညာနိ၊ အရိယာ သူတော်ကောင်းတို့၏ အနွယ်တို့ဟူ၍ သိအပ်ကုန်၏။ ဣမာနိဒါနာနိ၊ဤဒါနတို့သည်။ ပေါရာဏာနိ၊လက်ဦးဖြစ်ကုန်သော ရှေး သူဟောင်းတို့၏ ဥစ္စာ ဖြစ်ကုန်၏။ ဣမာနိဒါနာနိ၊ ဤအလှူတို့ကို။ အသံ ကိဏ္ဏာနိ၊ သူတော်ကောင်းတို့သည် တစုံတခုသော အပြားအားဖြင့် လည်း မစွန့်အပ်ကုန်။ အသံကိဏ္ဏပုဗ္ဗာနိ၊ ရှေးသူတော်ကောင်းတို့သည် မစွန့်စဉ်းကုန်သော ဒါနတို့ကို။ ဇေတရဟိ၊ ယခုအခါ၌။ သာဓုဟိ၊ သူ တော်ကောင်းတို့သည်။ နသက်ိယန္တိ၊ မရှုံရာကုန်။ အနာဂတေ၊ နောင် အခါ၌။သာဓုဟိ၊ သူတော်ကောင်းတို့သည်။ နသက်ိယိသန္တိ၊ မရှုံ ရာကုန်လတ္တံ့။ ဝိညူဟိ၊ ပညာရှိကုန်သော။ သမဏောဟိဝါ၊ ရဟန်းတို့ သည်လည်းကောင်း။ ဗြာဟ္မဏောဟိဝါ၊ ပုဏ္ဏားတို့သည်လည်းကောင်း။ အပဋိကုဋ္ဌာနိ၊ မပစ်မပယ်အပ်ကုန်။ ဣဒံပနသိလပဉ္စကံ၊ဤသိလငါးပါးတို့ ၏ အပေါင်းကိုကား။ အတ္တသိနေဟဉ္စ၊ ကိုယ်ကို ချစ်ခြင်းကဲ့လည်း

ကောင်း။ဇီဝိတသိနေဟဉ္စ၊ အသက်ကိုချစ်ခြင်းကို လည်းကောင်း။ ပရိစ္စ ဇိတွာ၊စွန့်၍။ ရက္ခိဿာမီတိ၊ စောင့်အံ့ဟူ၍။ သမာဒိဏ္ဏတာယ၊ဆောက် တည်အပ်သည်၏ အဖြစ်ကြောင့်။ ယညောတိ၊ ယစ်ဟူ၍လည်း။ ဂုစ္စတိ၊ ဆိုအပ်၏။

ပဉ္စသီသည် သဗ္ဗကာလိက ခပ်သိမ်းသောကာလ၌ရှိသည် မဟုတ် တုံလော။စင်စစ်သဖြင့် ဝိမုတ္တိ တရား၏အကြောင်း မဟုတ်သည်လည်း ဖြစ်၏မဟုတ်တုံလော။ သရဏဂုံသည်ကား ဘုရားဖြစ်သော ကာလ၌ သာရှိသည် မဟုတ်တုံလော။ စင်စစ်သဖြင့်လျှင် ဝိမုတ္တိတရား၏အ ကြောင်းဖြစ်သည် မဟုတ်တုံလော။ ထိုသရဏဂုံ ပဉ္စသီနှစ်ပါးတို့တွင် သရဏဂုံထက် ပဉ္စသီ၏အကျိုးကြီးမြတ်သည်၏အဖြစ်ကို အသို့ဆိုအပ် သနည်းဟူမူကား။ ဤသရဏဂုံထက် ပဉ္စသီအကျိုးကြီးမြတ်၏ဟူသော စကားကို ပဉ္စသီသက်သက်မျှကိုသာရည်၍ ဆိုသည်မဟုတ်။သရဏဂုံ ၌တည်၍ စောင့်အပ်သော ပဉ္စသီကိုရည်၍ ဆိုအပ်၏။

ထိုကြောင့် ကုဋ္ဌဒန္ဓအဋ္ဌကထာ၌-

> ကိဉ္စာပိ ပဉ္စသီလတော သရဏဂမနမေဝ ဇေဋ္ဌကံ၊ ဣဒံ ပန သရဏေ ပတိဋ္ဌာယ ရက္ခိတသီလဝသေန မဟပ္ဖလံ။
>
> ဟူ၍ဆိုဏ်။

ပဉ္စသီလတော၊ ပဉ္စသီထက်။ သရဏဂမနမေဝ၊ သရဏဂုံသည် သာလျှင်။ ကိဉ္စာပိဇေဋ္ဌကံ၊ အကယ်၍ကား ကြီးမြတ်၏။ ပန၊ ထိုသို့ကြီး မြတ်သော်လည်း။ ဣဒံ၊ ဤပဉ္စသီသည်။ သရဏေ၊ သရဏဂုံ၌။ ပတိ ဋ္ဌာယ၊ တည်၍။ ရက္ခိတသီလဝသေန။ စောင့်အပ်သော သီလ၏အစွမ်း အားဖြင့်။ မဟပ္ဖလံ၊ ကြီးသောအကျိုးရှိ၏။

> ဝိရတိ အဝခဏ္ဍနတ္ထေန လဝနတ္ထေနစ ဒါနံ၊ သာ ဟိ ဥပ္ပဇ္ဇ မာနာ ဘယဘေရဝါဒိသခ်ါတံ ဒုဿီလျစေတနံ ခဏ္ဍယတိ လုနာတိ စာတိ ဒါနံ။ ။ကထာဝတ္ထုအဋ္ဌကထာ။

ဝိရတိ၊ ဝိရတိသည်။ အဝခဏ္ဍနတ္ထေနစ၊ ဖြတ်တတ်သောအနက် ကြောင့်လည်းကောင်း။ လဝနတ္ထေနစ၊ ရိတ်တတ်သောအနက်ကြောင့် လည်းကောင်း။ဒါနံ၊ဒါနမည်၏။ ဟိယသ္မာ၊ အကြင်ကြောင့်။ သာ၊ထို

ဝိရတီသည်။ဥပ္ပဇ္ဇမာနာ၊ဖြစ်သည်ရှိသော်။ဘယဘေရဝါဒိသခ်ါတံ၊ဘေး ဘျမ်းကြောက်မက်ဘွယ်ကိုဖြစ်စေခြင်း အစရှိသည်ဟု ဆိုအပ်သော။ ဒုဿီလျစေတနံ၊ ဒုဿီလစေတနာကို။ ခဏ္ဍယတိစ၊ ဖြတ်လည်း ဖြတ်တတ်၏။ လုနာတိစ၊ ရိတ်လည်းရိတ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ဒါနံ၊ ဒါနမည်၏။

အဘယဒါနတာယသီလဿဒါနဘာဝေါအနဝသေသံဝါ သတ္တနိကာယံတာယတိတေန ရက္ခတီတိဒါနံသီလံ။[ကုဋ္ဌဒန္တရီကာ]။

အဘယဒါနတာယ၊ ဘေးမဲ့ ပေးတတ်သည်၏ အဖြစ်ကြောင့်။ သီလဿ၊ သီလ၏။ ဒါနဘာဝေါ၊ ဒါနမည်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဝါ၊ တနည်းကား။ တေန၊ ထိုသီလဖြင့်။ အနဝသေသံ၊အကြွင်းမရှိသော၊ သတ္တနိကာယံ။သတ္တဝါ အပေါင်းကို၊ တာယတိ ရက္ခတိ။ စောင့်တတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်။ သီလံ၊ သီလသည်။ ဒါနံ၊ ဒါနမည်၏။ ။ပါပဝိရတီမဇ္ဇပါနသံယမကထာတည်း။

၂၁-အပ္ပမာဒ မင်္ဂလာ

အပ္ပမာဒမင်္ဂလာ၌ အဓိပ္ပါယ်အကျယ်

အပ္ပမာဒမည်သည်ကား ပမာဒ၏ဆန့်ကျင်ဘက်ဖြစ်သော တပါး သောဘရားတည်း။ ပမာဒဟူသည်ကား မေ့လျော့သော အခြင်းအရာ တည်း၊ ထိုစကားသည် မှန်၏၊ ထိုကြောင့်-

တတ္ထ ကတမော ပမာဒေါ၊ ကာယ ဒုစ္စရိတေနဝါ ဝစီဒုစ္စရိ တေနဝါ မနောဒုစ္စရိတေနဝါ ပဉ္စသု ကာမဂုဏေသု စိတ္တဿ ဝေါဿဂ္ဂေါဝေါဿဂ္ဂါနုပ္ပဒါနံ ကုသလာနံဝါဓမ္မာနံဘာဝနာယ အသက္ကစ္စကိရိယတာ အသာတစ္စကိရိယတာ အနိဋ္ဌိတကိရိယ တာ ဩလီနဝုတ္တိတာ နိက္ခိတ္တစ္ဆန္ဒတာ နိက္ခိတ္တဓုရတာ အနဓိ ဋ္ဌာနံ အနနုယောဂေါ အနာသေဝနာ အဘာဝနာ အဗဟုလီက တံ၊ ယော ဇေရူပေါ ပမာဒေါ ပမဇ္ဇနာ ပမဇ္ဇိတတ္တံ၊ အယံ ဝုစ္စတိ ပမာဒေါ။

ဟူသောထိုစကားကို ခုဒ္ဒကဝတ္ထု ဝိဘင်းပါဋိတော်၌ ဟောအပ်၏။

တဏ္ဍ၊ ထိုသဘောတရားတို့တွင်။ ကတမော၊ အဘယ်သဘောကို။ ပမာဒေါ၊ မေ့လျော့ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ကာယဒုစ္စရိတေနဝါ၊ ကာယဒုစ္စရိုက်ဖြင့်လည်းကောင်း။ ဝစီဒုစ္စရိတေနဝါ၊ ဝစီဒုစ္စရိုက်ဖြင့် လည်းကောင်း။ မနောဒုစ္စရိတေနဝါ၊ မနောဒုစ္စရိုက်ဖြင့် လည်းကောင်း။ ပဉ္စသု၊ ငါးပါးကုန်သော။ ကာမဂုဏေသု၊ ကာမဂုဏ်တို့၌။ စိတ္တဿ၊ စိတ်၏။ ဝေါဿဂ္ဂေါ၊ သတိမှ ကင်းခြင်းသည်။ ဝေါဿဂ္ဂါနုပ္ပဒါနံ၊ သတိမှ အဘန်တလဲလဲကင်းခြင်းသည်။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံဝါ၊ ကို့ကိုလည်း။ ဘာဝနာယ၊ ဖြစ်စေခြင်း၌။ အသက္ကစ္စကိရိယတာ၊ ပုဂ္ဂိုလ်ကို လည်းကောင်း ဒေယျဓမ္မကို လည်းကောင်း မရိုမသေပြုသည်၏ အဖြစ်သည်။ အသာတစ္စကိရိယတာ၊ အမြဲအားဖြင့် ပြုခြင်းမရှိသည်၏ အဖြစ်သည်။ အနိဋ္ဌိတကိရိယတာ၊ မပြတ်ဖြစ်စေခြင်းကို မပြုသည်၏အဖြစ်သည်။ ဩလီနဝုတ္တိတာ၊ မပြတ်ပြုခြင်းဟူသော ပြန့်ခြင်း၏ မရှိသဖြင့် တွန့်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်သည်။ နိက္ခိတ္တစ္ဆန္ဒတာ၊ ကုသိုလ်ကိုပြုခြင်း၌ ချသော ဆန္ဒရှိသည်၏ အဖြစ်သည်။ နိက္ခိတ္တဓုရတာ၊ ဝီရိယ ဟူသော ဝန်ကို ချသည်၏ အဖြစ်သည်။ အနဓိဋ္ဌာနံ၊ ကုသိုလ်ကို ပြုခြင်း၌ မတည်ခြင်းသည်။ အနနုယောဂေါ၊ ကုသိုလ်တရားတို့၌ အားမထုတ် ခြင်းသည်။ အနာသေဝနာ၊ အဘန်တလဲလဲ မမှီဝဲခြင်းသည်။ အဘာဝနာ၊ မပွါးစေခြင်းသည်။ အဗဟုလီကတံ၊ အကြိမ်များစွာ မပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အာဒိတော၊ အစမှ။ ပဋ္ဌာယ၊ စ၍။ ဝုတ္တော၊ ဆိုအပ်သော။ ယောသဘာဝေါ၊ အကြင်သဘောသည်လည်းကောင်း။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ အညော၊ တပါးသော။ ယောသဘာဝေါပိ၊ အကြင်သဘောသည်လည်းကောင်း။ ပမာဒေါ၊ မေလျော့ခြင်း။ ပမဇ္ဇနာ၊ မေ့လျော့သော အခြင်းအရာ၊ ပမဇ္ဇိတတ္တံ၊ မေ့လျော့သည်၏ အဖြစ်ဟူသော အရေအတွက်သို့။ ဂစ္ဆတိ၊ရောက်၏။အယံသဘာဝေါ၊ ဤသဘောကို။ ပမာဒေါ၊ မေ့လျော့ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဆိုနှစ်ပါးတို့တွင် ပမာဒ-မေ့လျော့ခြင်းသည် အကုသိုလ်ဖြစ်ခြင်းငှါရင်း ကုသိုလ်ယုတ်ခြင်းငှါရင်း ဖြစ်၏။ အပမာဒ မမေ့မလျော့ခြင်းသည် ကုသိုလ်ဖြစ်ခြင်းငှါရင်း အကုသိုလ်ယုတ်ခြင်းငှါရင်း ဖြစ်၏။

ဇုစ္ဆာသယ ၁၅၅–၆၉

ထိုကြောင့် ဇကကအဂိုတ္တိရဟဒ္ဒမဂ်ဒွ်-

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မံပိ သမနုပဿာမိ။ ယေန အနုပ္ပန္နာဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ။ ဥပ္ပန္နာဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ။ ယထယိဒံ ဘိက္ခဝေ ပမာဒေါ။ ပမတ္တသ္သ ဘိက္ခဝေ အနုပ္ပန္နာစေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ ကုသလာ ဓမ္မာ ပရိဟာယန္တိ-ဟူ၍ဂင်း။

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မံပိ သမနုပဿာမိ။ယေန အနုပ္ပန္နာဝါ ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ၊ဥပ္ပန္နာဝါ အကုသလာဓမ္မာ ပရိဟာယန္တိ။ ယထာယိဒံ ဘိက္ခဝေ အပ္ပမာဒေါ။အပ္ပမတ္တသ္သ ဘိက္ခဝေ အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ။ ဥပ္ပန္နာစ အကုသလာ ဓမ္မာ ပရိဟာယန္တိ-ဟူ၍ဂင်း ဟောတော်မူ၏။

ဘိက္ခဝေ၊တို့။ယေန၊အကြင်ကြောင့်။ အနုပ္ပန္နာ၊မဖြစ်ကုန်သေး၊သော။ အကုသလာ၊အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာဝါ၊ တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီး၊သော။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာဝါ၊တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ယုတ်ကုန်၏။ တံဓမ္မံ၊ ထိုတရားကို။ သမနုပဿာမိယထာ၊ မြင်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ အညံ၊ တပါး၊သော။ ဧကဓမ္မံပိ၊ တခုသော တရားကိုလည်း။ အဟံ၊ ငါဘုရား၊သည်။ နသမနုပဿာမိ၊ မြင်တော်မမူ။ ဘိက္ခဝေ၊တို့။ ဤဒံအယံဓမ္မော၊ဤမဖြစ်ကုန်သေး၊သော အကုသိုလ်တရားတို့ကို ဖြစ်စေတတ်သော ဖြစ်ကုန်ပြီး၊သော ကုသိုလ်တရားတို့ကို ယုတ်စေတတ်၊သော သဘောတရား၊သည်ကား။ ပမာဒေါ၊ မေ့လျော့ခြင်း သဘောတည်း။ ဘိက္ခဝေ၊တို့။ ပမတ္တသ္သ၊ မေ့လျော့သောသူအား။ အနုပ္ပန္နာ၊ မဖြစ်ကုန်သေး၊သော။ အကုသလာ၊ အကုသိုလ် ဖြစ်ကုန်သော။ ဓမ္မာစေဝ၊ တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီး၊သော။ ကုသလာ၊ ကုသိုလ် ဖြစ်ကုန်သော။ ဓမ္မာစ၊ တရားဘို့သည်လည်း။ ပရိဟာယန္တိ၊ ယုတ်ကုန်၏။ ။ဘိက္ခဝေ၊တို့။ ယေန၊ အကြင်ကြောင့်။ အနုပ္ပန္နာ၊ မဖြစ်ကုန်သေး၊သော။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာဝါ၊ တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီး၊သော။အကုသလာ၊ အကုသိုလ် ဖြစ်ကုန်သော။ ဓမ္မာဝါ၊ တရားတို့

သည်လည်း။ ပရိဟာယန္တိ၊ ယုတ်ကုန်၏။ တံဓမ္မံ၊ ထိုတရားကို။ သမနုပသဏာမိယထာ၊ မြင်သကဲ့သို့။ ဇေဝံတထာ၊ထိုအတူ။အညံ၊တပါးသော။ ဇကေဓမ္မံပိ၊ တခုသောတရားကိုလည်း။ အဟံ၊ ငါဘုရားသည်။ နသမနုပသာမိ၊ မြင်တော်မမူ။ ဘိက္ခဝေ၊တို့။ ဣဒံ-အယံဓမ္မော၊ ဤမဖြစ်သေးကုန်သော ကုသိုလ်တရားတို့ကို ဖြစ်စေတတ်သော ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ယုတ်စေတတ်သော သဘောတရားသည်။ အပ္ပမာဒေါ၊မမေ့မလျော့ခြင်းတည်း။ဘိက္ခဝေ၊တို့။ အပ္ပမတ္တဿ၊ မမေ့မလျော့သော သူအား။ အနုပ္ပန္နာ၊မဖြစ်ကုန်သေးသော။ ကုသလာ၊ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာစေဝ၊ တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။ ဥပ္ပန္နာ၊ဖြစ်ကုန်ပြီးသော။အကုသလာ၊အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာစ၊တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ယုတ်ကုန်၏။ ။ဤသို့ မမေ့မလျော့ခြင်းဟူသော ဤအပ္ပမာဒတရားသည် ကုသိုလ်ဖြစ်ခြင်းငှါလည်း ဖြစ်၏။ ထိုကြောင့် အနဝဇ္ဇတရားတို့၌ ကျေးဇူးများသည် ဖြစ်၏။ ထိုကြောင့် ရဟန်းတို့အား တရားဟောတော်မူသော အရှင်သာရိပုတ္တရာမထေရ်သည်-

ဇကော အာဝုသော ဓမ္မော ဗဟူပကာရော။ ကတမော ဇကော ဓမ္မော ဗဟူပကာရော၊ အပ္ပမာဒေါ ကုသလေသု ဓမ္မေသု အယံ ဇကော ဓမ္မော ဗဟူပကာရော။

ဟူ၍ ဟောတော်မူ၏။ [ပါထိယဝဂ် ဒသုတ္တရသုတ် ပါဋိတော်]။

အာဝုသော။ ငါ့ရှင်တို့။ ဇကော၊ တပါးသော။ ဓမ္မော၊ တရားသည်။ ဗဟူပကာရော၊ များသောကျေးဇူးရှိ၏။ ဗဟူပကာရော၊ များသောကျေးဇူးရှိသော။ ဇကောဓမ္မော၊ တပါးသောတရားဟူသည်။ကတမော၊ အဘယ်တရားနည်းဟူမူကား။ ကုသလေသုဓမ္မေသု၊ အပြစ်မရှိကုန်သောတရားတို့၌။ အပ္ပမာဒေါ၊ မမေ့မလျော့ခြင်း တရားတည်း။ ဇကော၊ တပါးသော။ အယံဓမ္မော၊ ဤမမေ့မလျော့ခြင်း တရားသည်။ ဗဟူပကာရော၊များစွာသော ကျေးဇူးရှိ၏။

အပ္ပမာဒေါ ကုသလေသု ဓမ္မေသူကိ သဗ္ဗဿ ဥပကာရကံ အပ္ပမာဒံ ကထေသိ။ အယဉ္စ အပ္ပမာဒေါနာမ သိလပရိပူရဏော ဣန္ဒြိယသံဝရေ ဘောဇနေ မတ္တညုတာယ ဇာဂရိယာနုယောဂေ

သတ္တသု ဓမ္မေသု ဝိပဿနာဂဗ္ဘံ ဂဏ္ဍာပနေအတ္ထပဋိသမ္ဘိဒါဒိသု သိလက္ခန္ဓေသုဒ္ဒါနာဒ္ဒါနေသု မဟာဝိဟာရသမာပတ္တိယံအရိယ သစ္စေသု သတိပဋ္ဌာနာဒိသုဗောဓိပက္ခိယေသုဝိပဿနာဉာဏာဒိ သုအဋ္ဌသုဝိဇ္ဇာသုတိသဇ္ဇိသုအနဝဇ္ဇဋ္ဌေသုကုသလဓမ္မေသုဗဟူ ပကာရေ။ တေနေဝ နံ ဘဂဝါ ယာဝတာ ဘိက္ခဝေ သတ္တာ အပဒါဝါ ဒ္ဝိပဒါဝါစတုပ္ပဒါဝါ ဗဟုပ္ပဒါဝါ ရူပိနော၀ါ အရူပိ နော၀ါ သညိနော၀ါ အသညိနော၀ါ နေဝသညိ နာသညိနော ၀ါ တထာဂတော တေသံ အဂ္ဂမက္ခာယတိ။ ၎ငမေဝ ခေါ ဘိက္ခဝေ ယေကေစိ ကုသလာ ဓမ္မာ သဗ္ဗေ တေ အပ္ပမာဒမူလ ကာ အပ္ပမာဒ သမောသရဏာ။ အပ္ပမာဒေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိတိ အာဒိနာ နယေန သတ္ထု ဟတ္ထိပဒါဒိဟိ သြပဒေမဟိ ဥပမေန္တော သံယုတ္တနိကာယေ အပ္ပမာဒဝဂ္ဂေ နာနာပ္ပကာရံ ထောမေသိ။တံ သဗ္ဗံ ဇေကပဒေနေဝ သင်္ဂဟေတွာ ထေရော အပ္ပမာဒေါ ကုသလသု ဓမ္မေသူတိ အာဟ။ ဓမ္မပဒေ အပ္ပမာဒဝဂ္ဂေ နာဝိဿ ဗဟူပကာရတာ ဒီပေတဗ္ဗာ။အထော ကာတ္ထု နာဝိ ဒီပေတဗ္ဗာ။ အထောကရာဇာ ဟိ နိဂ္ဂြောဓ သာမ ဏေရဿ အပ္ပမာဒေါ ဒေမတံ ပဒဋ္ဌိ ကထံ သုတွာဇေဝ တိဋ္ဌ တာဒာ မယံ့ ကယာ တေဝိဒုကံ ဗုဒ္ဓဝစနံ ကထိတန္တိ သာမဏေ ရေ ပဿိဒိတွာ စတုရာသိတိ ဝိဟာရသဟဿာနိ ကာရေသိ။ ဣတိ ထာမဿမ္မန္ဓေန ဘိက္ခုနာ အပ္ပမာဒဿ ဗဟုပကာရတာ ကိတ္တိ ဝိဒ္ဓေကေဟိဝိ ဒီပေတွာ ကထေတဗ္ဗာ။ ဣဒံကိဉ္စိ သုတ္တံဝါ ဂါထံဝါ အပ္ပမာဒဒီပနတ္ထံ အာဟာရန္တော အဋ္ဌာနေဒ္ဒတွာ အာဟာ ရသိ အတ်ံဂြေန ပက္ခန္ဒေါသိတိ နဝင်္ဂဿ ဗြော။ကထ်တဿေဝဏ္ဍ ထာမောဓ ဗလဋ္ဌ ပမာဏံ။ [ထိုပါဠိတော်၏အဋ္ဌကထာ]။

အပ္ပမာဒေါ ကုသလေသုဓမ္မေသူတိ ဤပဒနှာ၊ အပ္ပမာဒေါ ကုသလေ သု ဓမ္မေသုဟူသော ဤပါဠိဖြင့်။သဗ္ဗဿ၊ အလုံးစုံသော သမ္မာပဋိပတ်၌။ ဥပကာရကံ၊ ကျေးဇူးရှိသော။ အပ္ပမာဒံ၊ မမေ့မလျော့ခြင်း တရားကို။ ထေရော၊ အနှစ်သာရိပုတ္တရာမထေရ်သည်။ ကထေသိ၊ ဟောတော်မူ၏။ ဟ်ဝိက္ခာရေဓိ၊ ချဲ့ဒြိးအံ့။ အယံ အပ္ပမာဒေါနာမ။ ဤမမေ့ မလျော့ခြင်း

တရား မည်သည်ကား။ သီလ ပရိပ္ပူရဏော၊ သီလကို ဖြည့်ဖြင်း ၌ လည်းကောင်း။ ဣန္ဒြိယသံဝရော၊ ဣန္ဒြေကိုစောင့်ဖြင်း၌ လည်းကောင်း။ ဘောဇနေ၊ ဘောဇဉ်၌။ မတ္တညုတာယ၊ အတိုင်းအရှည်ကို သိသည့်၏ အဖြစ်၌လည်းကောင်း။ ဇာဂရိယာနုယောဂေ၊ နိုးကြားသည်၏ အဖြစ်၌ လုံ့လပြုဖြင်း၌ လည်းကောင်း။ သတ္တသု၊ ခုနစ်ပါးကုန်သော။ ဓမ္မေသု၊ သူတော်ကောင်းတို့၏ တရားတို့၌ လည်းကောင်း။ ဝိပဿနာ ဂဗ္ဘဂ-ဏ္ဍာပနေ၊ အထက်ဝိပဿနာသည် ထက်သည် သန့်ရှင်းသည် ဖြစ်၍ မဂ်နှင့် စပ်အောင် ရှေးအတိုး၌ ဖြစ်သော ဝိပဿနာကို ပွါးစေရာ၌ လည်းကောင်း။ အဂ္ဂပဒိုသမ္ဖိဒါဒိသု၊ အဂ္ဂပဒိုသမ္ဖိဒါ အစရှိသည်တို့၌ လည်းကောင်း။ သိလက္ခန္ဓာဒိသု၊ သီလကွန် အစရှိကုန်သော။ ပဉ္စက္ခန္ဓေသု၊ ငါးပါးကုန်သော ကျေးဇူးအစုတို့၌ လည်းကောင်း။ ဌာနာဌာနေသု၊ အကြောင်းဟုတ်သည် မဟုတ်သည်တို့၌ လည်းကောင်း။ မဟာဝိဟာရသမာပတ္တိယံ၊ ကြီးမြတ်သော ဈာန်အစရှိသော ဝိဟာရသမာပတ္တိ၌လည်းကောင်း။အရိယသစ္စေသု၊ အရိယသစ္စာတို့၌လည်းကောင်း။ သတိပဋ္ဌာနာဒိသု၊ သတိပဋ္ဌာန် အစရှိကုန်သော။ ဗောဓိပက္ခိယေသု၊ ဗောဓိပက္ခိယတရားတို့၌လည်းကောင်း။ ဝိပဿနာဉာဏာဒိသု၊ ဝိပဿနာဉာဏ်အစရှိကုန်သော။ အဋ္ဌသု၊ ရှစ်ပါးကုန်သော။ဝိဇ္ဇာသု၊ဝိဇ္ဇာတို့၌ လည်းကောင်း။ အုတိ၊ ဣဿိ။သဇ္ဇေသု၊ ခပ်သိမ်းကုန်သော၊ အနဝဇ္ဇေသု၊ အပြစ်မရှိသော သဘောရှိကုန်သော။ ကုသလဓမ္မေသု၊ ကုသလမည်ကုန်သော တရားတို့၌။ ဗဟုပကာရော၊ များသော ကျေးဇူးရှိ၏။ တေနေဝ၊ ထိုကြောင့်လျင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ နံ၊ ထိုအပ္ပမာဒ တရားကို။ ယာဝတာဘိက္ခဝေသတ္တာ အပဒါဝါ ဒ္ဝိပဒါဝါ စတုပ္ပဒါဝါ ဗဟုပ္ပဒါဝါ ရူပိနောဝါ အရူပိနောဝါ သညိနောဝါ အသညိနောဝါ နေဝသညိနာသညိနောဝါ တထာဂတော တေသံ အဂ္ဂမက္ခာယတိ၊ ဖေဝမေဝ ခေါ ဘိက္ခဝေ ယေကေစိ ကုသလာဓမ္မာ သဗ္ဗေတေ အပ္ပမာဒမူလ ကာ အပ္ပမာဒ သမောသရဏာ အပ္ပမာဒေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိတိအာဒိနာ၊ ယာဝတာဘိက္ခဝေ ။လ။ အဂ္ဂမက္ခာယတိ ဣဿိ အစရှိသော။ နယေန၊ နည်းဖြင့်။ သတ္တုဟတ္ထိပဒါဒိဟိ၊ ဘုရားဥပမာ ဆင်ခြေရာဥပမာ အစရှိကုန်သော။ သြပမေဟိ၊ ဆယ်ပါးကုန်သော ဥပမာတို့ဖြင့်။ဥပမေန္တော၊ဥပမာပြုတော်မူလျက်၊သံယုတ္တနိကာယေ၊သံယုတ္တ

နိကာယ်၌။ အပ္ပမာဒဝဂ္ဂေ၊ အပ္ပမာဒဝဂ်၌။ နာနာပ္ပကာရံ၊ အထူးထူး အပြားပြားကို။ ထောမေသိ၊ ချီးမွမ်းတော်မူ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံကို။ ဧကပဒေနေဝ၊ တခုသောပုဒ်ဖြင့်သာလျှင်။ သင်္ဂဟေတွာ၊ အကျယ်အားဖြင့် ယူ၍။ ထေရော၊ အရှင်သာရိပုတ္တရာမထေရ်သည်။ အပ္ပမာဒေါ ကုသလေသုဓမ္မေသူတိ၊ အပ္ပမာဒေါ ကုသလေသုဓမ္မေသုဟူ၍။ အာဟ၊ ဆိုဏ်။ ဓမ္မပဒေ၊ ဓမ္မပဒ၌။ အပ္ပမာဒဝဂ္ဂေနာပိ၊ အပ္ပမာဒဝဂ်ဖြင့်လည်း။ အဿ၊ ထိုမမေ့မလျော့ခြင်း အပ္ပမာဒတရားဏ်။ ဗဟူပကာရတာ၊ များစွာသော ကျေးဇူးရှိသည်၏ အဖြစ်ကို။ ဒီပေတဗ္ဗာ၊ ပြအပ်၏။ အသောကဝတ္ထုနာပိ၊ ဓမ္မာသောကမင်း၏ ဝတ္ထုဖြင့်လည်း။ အဿ၊ ထိုမမေ့မလျော့ခြင်းအပ္ပမာဒတရားဏ်။ ဗဟူပကာရတာ၊ များစွာသော ကျေးဇူးရှိသည်၏ အဖြစ်ကို။ ဒီပေတဗ္ဗာ၊ ပြအပ်၏။ ဟိသစ္စံ မှန်၏။ အသောကရာဇာ၊ ဓမ္မာသောက မင်းသည်။ နိဂြောဓသာမဏေရဿ၊ နိဂြောဓ သာမဏေ၏။ အပ္ပမာဒေါအမတံပဒန္တိကထံ၊ အပ္ပမာဒေါ အမတံပဒံ ဟူသော တရားစကားကို။ သုတွာဝေ၊ကြားရှိလျှင်။ တာတ: ချစ်သား။ တိဋ္ဌ၊ ရပ်လော့။ မယှံ၊ ငါ့အား။ တယာ၊ သင်သည်။ တေပိဋကံ၊ ပိဋကတ်သုံးပုံ ဖြစ်သော။ ဗုဒ္ဓဝစနံ၊ ဘုရားစကား တော်ကို။ကထိတံ၊ဟောအပ်၏။ ဣတိ၊ဤသို့။ သာမဏေရေ၊ နိဂြောဓ သာမဏေ၌။ပသီဒိတွာ၊ကြည်ညို၍။ စတုရာသီတိပိဟာရသဟဿာနိ၊ ရှစ်သောင်း လေးထောင်သောကျောင်းတို့ကို။ ကာရေသိ၊ဆောက်လုပ်စေ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ထာမသမ္ပန္ဒေန၊ ဉာဏ်အစွမ်းနှင့် ပြည့်စုံသော။ ဘိက္ခုနာ၊ ရဟန်းသည်။ အပ္ပမာဒဿ၊ မမေ့မလျော့ခြင်း အပ္ပမာဒတရားဏ်။ ဗဟူပကာရတာ၊များစွာကျေးဇူးရှိသည်၏အဖြစ်ကို။ တိဟိပိဋကေဟိပိ၊ ပိဋကတ်သုံးပုံတို့ဖြင့်လည်း။ ဒီပေတွာ၊ပြ၍။ ကထေတဗ္ဗာ၊ ဟောအပ်၏။ ယံကိဉ္စိ၊ အလုံးစုံသော။ သုတ္တံဝါ၊ သုတ်ကို လည်းကောင်း။ ဂါထံဝါ၊ ဂါထာကိုလည်းကောင်း။ အပ္ပမာဒဒီပနတ္ထံ၊ အပ္ပမာဒ၏ ကျေးဇူးများသည်၏ အဖြစ်ကို ပြအံ့သောငှါ။ အာဟ ရန္တော၊ ဆောင်သောရဟန်းကို။ တွံ၊သင်သည်။ အဌာနေ၊အရာမဟုတ် သည်၌။ငွတွာ၊တည်၍။အာဟရသိ၊ဆောင်၏။အတိတ္ထေန၊မဟုတ်သော ဆိပ်ဖြင့်။ ပက္ခန္ဒော သက်ဝင်သည်။ အသိ၊ဖြစ်၏။ ဣတိ၊သို့။ နဝတ္တဗ္ဗော၊ မဆိုအပ်။ ဧတ္ထ၊ဤအရာ၌။ ကထိတဿ၊ဟောသောရဟန်း၏။ ထာမော

စေဝ၊ အစွမ်းသည်သာလျှင်လည်းကောင်း။ ဗလဆ္စေဝ၊ အားသည်သာလျှင်လည်းကောင်း။ ပမာဟံ၊ ပမာဏသည်။ ဟောတိ၊ ဖြ၏။

ဇေဝမေဝခေါ တိဇ္ဈေ ယထာ သဗ္ဗသတ္တာနံ သမ္မာသမ္ဗုဒ္ဓေါ အဂ္ဂေါ။ဇံ သဗ္ဗေသံ ကုသလာနံဓမ္မာနံ ကာရုပဂတအပ္ပမာဒေါ အဂ္ဂေါတိ ဒဠ္ဍဗ္ဗော။ နန္ဒ စေသ လောကိယောဝ။ ကုသလဓမ္မာ ပန လောကုတ္တရာပိ၊ အယဉ္စ ကာမာဝစရော။ ကုသလဓမ္မာပန စတုဘူမကာ။ ကထမေသ တေသမဂ္ဂေါဘိ။ ပဒီလာဘကဒ္ဒုန။ အပ္ပမာဒေန ဟိ ကေ ပဒီလဘန္တိ။ တသ္မာ သော တေသမဂ္ဂေါ။ တေနေတံ ဝုတ္တံ သဗ္ဗေ တေ အပ္ပမာဒမူလကာတိ အာဒိ။

[မဟာဝဂ္ဂသံယုတ် အပ္ပမာဒသုတ် အဋ္ဌကထာ]။

ဇေဝမေဝခေါတိဇ္ဈေ၊ ဇေဝမေဝခေါ ဟူသော ပါဠိတော်၌။ အဇ္ဈော၊ ။အနက်ကို။ ဇေံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သဗ္ဗသတ္တာနံ၊ခပ်သိမ်း ကုန်သော သတ္တဝါတို့ထက်။ သမ္မာသမ္ဗုဒ္ဓေါ၊ဖြတ်စွဘုရားကို။အဂ္ဂေါ။ ဖြတ်၏ဟူ၍။ ဒဠ္ဍဗ္ဗော၊ယထာ၊ မှတ်အပ်သကဲ့သို့။ ဇေံတထာ၊ ထိုအဘူ။ သဗ္ဗေသံ၊ခပ်သိမ်းကုန်သော။ ကုသလာနံ၊ အပြစ်မရှိကုန်သော။ဓမ္မာနံ၊ တရားတို့ထက်။ ကာရုပဂတအပ္ပမာဒေါ၊ ကြဉ်အပ်သော တရားကို ကြဉ်ခြင်း ပြည့်စုံစေအပ်သော တရားကို ပြည့်စုံစေခြင်းကို ဖြစ်စေတတ်သော အပ္ပမာဒတရားကို။ အဂ္ဂေါတိ၊ဖြတ်၏ဟူ၍။ဒဠ္ဍဗ္ဗော၊မှတ်အပ်၏၊ နန္ဒ စေသ၊ဤအပ္ပမာဒတရားသည်။ လောကိယောဝ၊လောကီတရားသည်သာလျှင်တည်း။ကုသလဓမ္မာပန၊အပြစ်မရှိကုန်သောတရားတို့သည်ကား။ လောကုတ္တရာပိ၊လောကုတ္တရာတရားဘို့သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ အယဉ္စ၊ဤအပ္ပမာဒတရားသည်လည်း။ ကာမာဝစရော၊ ကာမာဝစရ တရားသာလျှင်တည်း။ ကုသလာဓမ္မာပန၊အပြစ်မရှိကုန်သောတရားတို့သည်ကား။စတုဘူမကာ၊ဘုံလေးပါးဌဝ ဖြစ်ကုန်သော တရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကထံကေနကာရဏေန၊အဘယ်အကြောင်းကြောင့်။ နံသ၊ဤအပ္ပမာဒတရားသည်။တေသံ၊ ထိုအပြစ်မရှိကုန်သော တရားတို့ထက်။ အဂ္ဂေါ၊ ဖြတ်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာတည်း။ ပဒီလာဘကဒ္ဒုန၊ ရစေတတ်သောအနက်ကြောင့်။ အဂ္ဂေါ၊ ဖြတ်၏။ အပ္ပမာဒေန၊ အပ္ပမာဒ

ဘရားကြောင့်။ ကော၊ ထိုအပြစ်မရှိကုန်သော တရားတို့ကို။ ဟိုယသ္မာ၊ အကြင်ကြောင့်။ ပဋိလဘန္တိ၊ ရကုန်၏။ တသ္မာ၊ ထိုကြောင့်။ သော၊ ထိုအပ္ပမာဒဘရားသည်။ တေသံ၊ ထိုအပြစ်မရှိကုန်သော တရားတို့ ထက်။ အဂ္ဂေါ၊ မြတ်၏။ တေန၊ထိုကြောင့်။ သဗ္ဗေတေအပ္ပမာဒမူလကာ တိအာဒိ၊ သဗ္ဗေတေ အပ္ပမာဒမူလကာ အစရှိသော။ ဇေတံဝစနံ၊ ထို စကားကို။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဘုရားဥပမာ ဆင်ခြေရာဥပမာ စုလစ်မွန်းခွန်တပ်သောအိမ်၏ ရုလစ်မွန်းခွန်ဥပမာ အကျော်နက်ဥပမာ စန္ဒကူးခဲဥပမာ မိုးစွပန်းဥပမာ စကြဝဠတောင်းမင်းဥပမာ လရောင်ဥပမာ နေရောင်ဥပမာ ကာသိတိုင်းဖြစ် ပုဆိုးဥပမာ ဤဆယ်ပါးတို့ဖြင့် ဥပမာ ပြုတော်မူလျက် မဟာဝဂ္ဂ သံယုတ် အပ္ပမာဒဝဂ်၌ အပ္ပမာဒတရားကို ဘုရား ချီးမွမ်းတော်မူ၏။ ထိုဟွင် ဆင်ခြေရာ ဥပမာဖြင့် ဥပမာ ပြုတော်မူ၍ အပ္ပမာဒတရားကို ချီးမွမ်းတော်မူသော စကားတော်ကား ဤသို့တည်း။

သေယျထာပိ ဘိက္ခဝေ ယာနိကာနိစ် ဇင်္ဃလာနံ ပါဏာနံ ပဒဇာတာနိ၊ သဗ္ဗာနိ တာနိ ဟတ္ထိပဒေ သမောဓာနံ ဂစ္ဆန္တိ။ ဟတ္ထိပဒံ တေသံ အဂ္ဂမက္ခာယတိ ယဒိဒံ မဟန္တတ္တေန၊ ဧဝမေဝခေါ ဘိက္ခဝေ ယေကေစိ ကုသလာ သဗ္ဗေတေ အပ္ပမာဒမူလကာ။လ။အဂ္ဂမက္ခာယတိ။

ဘိက္ခဝေ၊ တို့။ ဇင်္ဃလာနံ၊ မြေ၌ သွားကုန်သော။ ပါဏာနံ၊ ခြေရှိကုန်သော သတ္တဝါတို့၏။ ယာနိကာနိစပဒဇာတာနိ၊ အကြင် အမှတ်မရှိကုန်သော ခြေရာတို့သည်။ သဗ္ဗာနိ၊ ရှိကုန်၏။ သဗ္ဗာနိ၊ ခပ်သိမ်းကုန်သော။ တာနိ၊ ထိုခြေရာတို့သည်။ ဟတ္ထိပဒေ၊ ဆင်ခြေရာ၌။ သမောဓာနံ၊ ဝင်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ယဒိဒံ ဟတ္ထိပဒံ၊ အကြင် ဆင်ခြေရာသည်။ အဂ္ဂံ၊ ဧ။ တံ၊ ထို ဆင်ခြေရာကို။ မဟန္တတ္တေန၊ ကြီးသည်၏ အဖြစ်ဖြင့်။ တေသံ၊ ထိုသတ္တဝါတို့၏ ခြေရာအပေါင်းတို့ ထက်။ အဂ္ဂံ၊ မြတ်၏ဟူ၍။ အက္ခာယတိသေယျထာပိ၊ ဆိုအပ်သကဲ့သို့။ ဘိက္ခဝေ၊ တို့။ ဧဝမေဝခေါ၊ ဤအတူလျှင်။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလာ၊ အပြစ်မရှိကုန်သော တရားအပေါင်းတို့သည်။ သဗ္ဗေ၊ရှိကုန်၏။သဗ္ဗေ၊ခပ်သိမ်းကုန်သော။တေဓမ္မာ၊ထိုတရားတို့သည်။

အပ္ပမာဒမူလကာ၊ အပ္ပမာဒ တရား သည်လျှင် မူလ ရှိကုန်၏။ အပ္ပမာဒသမော သရဏာ၊ အပ္ပမာဒ တရားလျှင် စည်းဝေးရာ ရှိကုန်၏။ အပ္ပမာဒေါ၊ အပ္ပမာဒ တရားကို။ တေသံ ဓမ္မာနံ၊ ထို အပြစ်မရှိကုန်သော တရား အပေါင်းတို့ထက်။ အဂ္ဂံအဂ္ဂေါ၊ မြတ်၏ ဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။ ။ဤသို့ ထိုအပ္ပမာဒတရား၏များသော ကျေးဇူးရှိသည်၏ အဖြစ်ကြောင့် အပ္ပမာဒတရားကို ပြုအပ်သလျှင် ကတည်း။ ထိုစကားသည် သင့်၏၊ ထို အပ္ပမာဒတရားကို ပြုသောသူ သည် သေခြင်းမှ မကြောက်ခြင်း အစရှိသော ကျေးဇူးသို့ ရောက်၏။ ထိုကြောင့် စတုက္ကအဂိုတ္တိုရ် တတိယပဏ္ဏာသက၌—

စတူဟိ ဘိက္ခဝေ ဌာနေဟိ အပ္ပမာဒေါ ကရဏီယော။ ကတမေဟိ စတူဟိ ကာယဒုစ္စရိတံ ဘိက္ခဝေ ပဇဟထ။ ကာယသုစရိတံ ဘာဝေထ။ တက္ကစ မာပမာဒက္ကဝ။ ဝစီဒုစ္စရိတံ ဘိက္ခဝေ ပဇဟထ။ ဝစီသုစရိတံ ဘာဝေထ။ တက္ကစ မာပမာဒက္ကဝ။ မနောဒုစ္စရိတံ ဘိက္ခဝေ ပဇဟထ။ မနောသုစရိတံ ဘာဝေထ။တက္ကစ မာပမာဒက္ကဝ။ ယေတေခေါ ဘိက္ခဝေ ဘိက္ခုနာ ကာယဒုစ္စရိတံ ပဟီနံ ဟောတိ။ ကာယသုစရိတံ ဘာဝိတံ။ ဝစီဒုစ္စရိတံ ပဟီနံ ဟောတိ။လ။မနောဒုစ္စရိတံ ပဟီနံ ဟောတိ ။လ။မိစ္ဆာဒိဋ္ဌိ ပဟီနာ ဟောတိ။ သမ္မာဒိဋ္ဌိ ဘာဝိတာ။ သော နဘာယတိ သမ္ပရာယိကဿ အန္တကဿ—ဟူ၍ဝုင်း။

စတူသု ဘိက္ခဝေ ဌာနေသု အတ္တရူပေန အပ္ပမာဒေါ သတိ စေတသော အာရက္ခော ကရဏီယော။ ကတမေသု စတူသု မာ မေ ရဇ္ဇနီယေသု ဓမ္မေသု စိတ္တံ ရဇ္ဇီတိ အတ္တရူပေန အပ္ပမာဒေါ သတိ စေတသော အာရက္ခော ကရဏီယော။ မာ မေ ဒေါသနီယေသု ဓမ္မေသု စိတ္တံ ဒုဿီတိ။ မာ မေ မောဟနီယေသု ဓမ္မေသု စိတ္တံ မုယ္ဟီတိ၊ မာ မေ မဒနီယေသု ဓမ္မေသု စိတ္တံ မဇ္ဇီတိ အတ္တရူပေန အပ္ပမာဒေါ သတိ စေတသော အာရက္ခော ကရဏီယော။ ယတော ခေါ ဘိက္ခဝေ ဘိက္ခုနော ရဇ္ဇနီယေသု ဓမ္မေသု စိတ္တံ နရဇ္ဇတိ ဝီတရာဂတ္တာ၊ ဒေါသနီယေသု ဓမ္မေသု စိတ္တံ နဒုဿတိ ဝီတဒေါသတ္တာ။ မောဟနီယေသု ဓမ္မေသု စိတ္တံ နမုယ္ဟတိ ဝီတ မောဟတ္တာ။ မဒနီ

ယေသု ဓမ္မေသု စိတ္တံ နမဇ္ဇတိ ဝိတမဒတ္တာ။ သော နဆမ္ဘတိ။ နကမ္ပတိ။ နစလတိ။ နသန္တာသံ အာပဇ္ဇတိ။ နစပန သမဏဝစနဟေတုပိ ဂန္ဆတိ။

ဟူ၍ဝင်း ဟောတော်မူ၏။

ဘိက္ခဝေ၊တို့။စတူဟိဌာနေဟိ၊လေးပါးကုန်သောအကြောင်းတို့ဖြင့်။ အပ္ပမာဒေါ၊ မမေ့မလျော့ခြင်းကို။ ကရဏီယော၊ပြုအပ်၏။ ကတမေဟိ၊ အဘယ်မည်ကုန်သော။ စတူဟိ၊လေးပါးကုန်သော အကြောင်းတို့ဖြင့်။ ကရဏီယော၊ ပြုအပ်သနည်း။ ဘိက္ခဝေ၊တို့။ ကာယဒုစ္စရိတံ၊ ကာယဒုစ္စရိက်ကို။ ပဇဟထ၊ ပယ်ကြကုန်လော့။ ကာယသုစရိတံ၊ ကာယသုစရိက်ကို။ ဘာဝေထ၊ပွါးကြကုန်လော့။ တတ္ထစ၊ထိုကာယဒုစ္စရိက်ကို ပယ်ခြင်း ကာယသုစရိက်ကို ပွါးစေခြင်း၌လည်း။ မာပမာဒတ္ထ၊ မမေ့မလျော့ကုန်လင့်။ ဘိက္ခဝေ တို့၊ ဝစီဒုစ္စရိတံ၊ ဝစီဒုစ္စရိက်ကို။ပဇဟထ၊ ပယ်ကြကုန်လော့။ ဝစီသုစရိတံ၊ဝစီသုစရိက်ကို။ဘာဝေထ၊ပွါးကြကုန်လော့။တတ္ထစ၊ ထိုဝစီဒုစ္စရိက်ကိုပယ်ခြင်း ဝစီသုစရိက်ကိုပွါးစေခြင်း၌လည်း။ မာပမာဒတ္ထ၊မမေ့မလျော့ကုန်လင့်။ဘိက္ခဝေ၊တို့။မနောဒုစ္စရိတံ၊ မနောဒုစ္စရိက်ကို။ပဇဟထ၊ပယ်ကုန်လော့။ မနောသုစရိတံ၊ မနောသုစရိက်ကို။ ဘာဝေထ၊ ပွါးစေကုန်လော့။တတ္ထစ၊ထိုမနောဒုစ္စရိက်ကိုပယ်ခြင်း မနောသုစရိက်ကို ပွါးစေခြင်း၌လည်း။ မာ ပမာဒတ္ထ၊ မမေ့မလျော့ကုန်လင့်။ဘိက္ခဝေ၊တို့။မိန္ဆာဒိဋ္ဌိ၊မိန္ဆာဒိဋ္ဌိကို။ပဇဟထ၊ပယ်ကုန်လော့။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိကို။ ဘာဝေထ၊ပွါးစေကုန်လော့။ တတ္ထစ၊ထိုမိန္ဆာဒိဋ္ဌိကိုပယ်ခြင်း သမ္မာဒိဋ္ဌိကို ပွါးစေခြင်း၌လည်း။ မာပမာဒတ္ထ၊ မမေ့မလျော့ကုန်လင့်။ဘိက္ခဝေ၊ တို့။ယတောခေါ၊အကြင်အခါ၌လျှင်။ဘိက္ခုနာ၊ ရဟန်းသည်။ ကာယဒုစ္စရိတံ၊ ကာယဒုစ္စရိက်ကို။ပဟီနံ၊ပယ်သည်။ ဟောတိ၊၏။ကာယသုစရိတံ၊ကာယသုစရိက်ကို။ဘာဝိတံ၊ပွါးစေသည်။ ဟောတိ၊ ၏။ဝစီဒုစ္စရိတံ၊ ဝစီဒုစ္စရိက်ကို။ ပဟီနံ၊ပယ်သည်။ဟောတိ၊၏။ ဝစီသုစရိတံ၊ဝစီသုစရိက်ကို။ဘာဝိတံ၊ ပွါးစေသည်။ဟောတိ၊၏။မနောဒုစ္စရိတံ၊ မနောဒုစ္စရိက်ကို။ပဟီနံ၊ ပယ်သည်။ ဟောတိ၊၏။မနောသုစရိတံ၊ မနောသုစရိက်ကို။ ဘာဝိတံ၊ ပွါးစေသည်။ ဟောတိ၊ ၏။မိန္ဆာဒိဋ္ဌိ၊ မိန္ဆာဒိဋ္ဌိကို။ ပဟီနာ ၊ပယ်သည်။ ဟောတိ၊၏။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိကို။ ဘာဝိတာ၊ပွါးစေသည်။ဟောတိ၊၏။ သော၊ထိုရဟန်းသည်။ သမ္ပရာယိ

ကဿ၊ တမလွန်၌ ဖြစ်သော။ အန္တကဿ၊ သေခြင်းမှ။ နဘာယတိ၊ မကြောက်။ ။သမ္ပရာယိကဿ၊ဟူသောဤစကားသည် အရင်းမျှကိုသာ ဟောသော ဒေသနာစကားတည်း။ ရဟန္တာသည်ကား တမလွန်ဖြစ်သော သေခြင်းမှလည်းမကြောက် မျက်မှောက်၌ ဖြစ်သော သေခြင်းမှလည်း မကြောက်သလျှင်ကတည်း။ ထိုရဟန္တာကို ဤအရာ၌ အလိုရှိအပ်၏။ အချိုကုန်သော ဆရာတို့သည်ကား သမ္မာဒိဋ္ဌိဘာဝိတာ ဟူ၍ ဟောတော်မူသောကြောင့် သောတာပန်ကိုအစပြု၍ ခပ်သိမ်းကုန်သော အရိယာပုဂ္ဂိုလ်တို့ကိုလည်း အလိုရှိအပ်ကုန်၏ဟု ဆိုကုန်၏။

[ဌာနသုတ်အဌကထာ]။

ဘိက္ခဝေ၊ တို့။ စတူသု၊ လေးပါးကုန်သော။ ဌာနေသု၊ ဌာနတို့၌။ အတ္တရူပေန၊ မိမိ အားလျော်သော အစီး အပွားကို လိုသဖြင့်။ စေတသော၊ စိတ်၏။ အာရက္ခော၊ အစောင့်အရှောက် ဖြစ်သော၊ သတိ၊ သတိဟူသော။ အပ္ပမာဒေါ၊ မမေ့မလျော့ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ ကတမေသု၊ အဘယ် မည်ကုန်သော။ စတူသု၊ လေးပါးကုန်သော ဌာနတို့၌။ ကရဏီယော၊ ပြုအပ်သနည်း။ ရဇ္ဇနီယေသု၊ ရာဂ၏ အကြောင်း ဖြစ်ကုန်သော။ ဓမ္မေသု။ ဈဋ္ဌာရုံတရား တို့၌။ မေ။ ငါ၏။ စိတ္တံ၊ စိတ်သည်။ မာရဇ္ဇိ၊ မတပ်စွန်းစေသတည်း။ဈတိ၊ဤသို့။ အတ္တရူပေန၊ မိမိအားလျော်သော အစီးအပွါးကို လိုသဖြင့်။ စေတသော၊ စိတ်၏။ အာရက္ခော၊ အစောင့်အရှောက်ဖြစ်သော။ သတိ၊ သတိဟူသော။ အပ္ပမာဒေါ၊ မမေ့မလျော့ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ ဒေါသနီယေသု၊ဒေါသ၏အကြောင်း ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌၊ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ မာဒုဿိ၊ မပြစ်မှားစေသတည်း။ ဈတိ၊ ဤသို့။ အတ္တရူပေန၊ မိမိအားလျော်သော အစီးအပွါးကိုလိုသဖြင့်။ စေတသော၊ စိတ်၏။ အာရက္ခော၊ အစောင့် အရှောက်ဖြစ်သော။ သတိ၊ သတိဟူသော။ အပ္ပမာဒေါ၊ မမေ့မလျော့ခြင်းကို။ ကရဏီယော၊ပြုအပ်၏။မောဟနီယေသု၊မောဟ၏အကြောင်း ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ မာမုယ္ဟိ၊ မတွေဝေစေ သတည်း။ ဈတိ၊ ဤသို့။ အတ္တရူပေန၊ မိမိအား လျော်သော အကျိုးကို လိုသဖြင့်။ စေတသော၊ စိတ်၏။ အာရက္ခော၊ အစောင့် အရှောက် ဖြစ်သော။ သတိ၊ သတိဟူ

သော။ အပ္ပမာဒေါ၊ မမေ့မလျော့ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ မဒနီယေသု၊ ယစ်ခြင်း၏အကြောင်းဖြစ်ကုန်သော။ ဓမ္မေသု၊တရားတို့၌။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ မာမဇ္ဇီ၊မယစ်စေသတည်း။ ဈတိ၊ ဤသို့။ အတ္တရူပေန၊ မိမိအား လျော်သောအကျိုးကို လိုသဖြင့်။ စေတသော၊ စိတ်၏။ အာရက္ခော၊ အစောင့်အရှောက်ဟူသော။ အပ္ပမာဒေါ၊ မမေ့မလျော့ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ ဘိက္ခဝေ၊ တို့။ ယတော ခေါ။ အကြင်အခါ၌လျှင်။ ရဇ္ဇနီယေသု၊ ရာဂ၏အကြောင်း ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဘိက္ခုနော၊ ရဟန်းအား။စိတ္တံ၊စိတ်သည်။ ဝိတရာဂတ္တာ၊ရာဂကင်းသည်၏အဖြစ်ကြောင့်။ နရဇ္ဇတိ၊မတပ်။ဒေါသနီယေသု။ ဒေါသ၏ အကြောင်းဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဝိတဒေါသတ္တာ၊ ဒေါသကင်းသည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ နဒုဿတိ၊ မပြစ်မှား။ မောဟနီယေသု၊ မောဟ၏ အကြောင်းဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဝိတမောဟတ္တာ၊ မောဟကင်းသည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ နမုယ္ဘတိ၊ မတွေဝေ။ မဒနီယေသု၊ ယစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဝိတမဒတ္တာ၊ ယစ်ခြင်းကင်းသည်၏ အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ နမဇ္ဇတိ၊ မယစ်။ သော၊ ထိုရဟန်းသည်၊ နဆမ္ဘတိ၊ ဒိဋ္ဌိ၏အစွမ်းအားဖြင့် မလှုပ်။ နကမ္ပတိ၊ ဒိဋ္ဌိ၏ အစွမ်းအားဖြင့် မတုန်။ နစလတိ၊ ဒိဋ္ဌိ၏ အစွမ်းအားဖြင့် မရွေ့။ သန္တာသံ၊ ထိတ်လန့်ခြင်းသို့။ နအာပဇ္ဇတိ၊ မရောက်။ သမဏဝစနဟေတုပိ၊ ပရဝါဒီ ရဟန်း၏ စကားဟူသောအကြောင်းကြောင့်လည်း။ အတ္တနော၊ မိမိ၏။ ဒိဋ္ဌိံ၊ အယူကို။ ပဟာယ၊ ပယ်၍။ တေသံ၊ ထိုပရဝါဒီရဟန်းတို့၏ အစွမ်းအားဖြင့်။ နစပနဂစ္ဆတိ၊ မလား။ ။ဤသုတ်လည်း ရဟန္တာကိုသာလိုအပ်၏။ ။ ဤသို့ ဤအပ္ပမာဒတရားသည် အပြစ်မရှိကုန်သောတရားတို့၌ ကျေးဇူးများသည်ဖြစ်၍ ထို အပ္ပမာဒ တရားကို ပြုသောသူအား သေခြင်းမှ မကြောက်ခြင်း အစရှိသော ကျေးဇူးကိုဆောင်၏။ ထိုကြောင့် ထိုအပ္ပမာဒသည် မင်္ဂလာမည်၏။ ။အဋ္ဌကထာ၌လည်း ဤအနက်ကိုသာ ရည်၍—

သော နာနာပ္ပကာရကုသလာဓိဂမဟေတုတော အမတာဓိဂမဟေတုတောဝါ မင်္ဂလံ။ ။ဟူ၍ဆို၏။

အပ္ပမတ္တာသ အာတာဝိနော ဟူ၍ဌင်း ။အပ္ပမာဒေါအမတံပဒံ၊ ဟူ၍ဌင်း ဤသို့အစရှိသော သုတ်ပုဒ်ကို ဤအရာ၌ ပြ၏။

သော၊ထိုအပ္ပမာဒသည်။ နာနာပ္ပကာရကုသလာဓိဂမဟေတုတော၊ အာဆူးထူးအပြားပြားသောအပြစ်မရှိသောတရားကိုရခြင်း၏အကြောင်း ဖြစ်သောကြောင့်ဌင်း။ အမတာဓိဂမဟေတုတော၀ါ၊ အမြိုက်နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း။ မဂ်လံ၊ မဂ်လာ မည်၏။ ။အပ္ပမတ္တသအာတာဝိနော ဟူသောသုတ်ပုဒ်သည် များစွာ ကုန်သောသုတ်တို့၌လာ၏။ ။တနည်းကား-

အပ္ပမတ္တသ အာတာဝိနော ပဟိတတ္တသ ဝိဟာရတောအဝိမုတ္တံ ၀ါ စိတ္တံ ဝိမုစ္စတိ၊ အပရိက္ခီဏာ၀ါ အာသ၀ါ ပရိက္ခယံဂစ္ဆန္တိ။

ဟူသော ဤသုတ်ပုဒ်ကို ပဠကအဂိုတ္တိရ်ဝိမုတ္တိသုတ်၌ ဟောတော်မူ၏။

အပ္ပမတ္တသ၊မမ့ေမလျော့သည်ဖြစ်၍။ အာတာဝိနော၊လုံ့လရှိသည် ဖြစ်၍။ ပဟိတတ္တသ၊ ကိုယ်၏အာသက်၏ငဲ့ကွက်ခြင်းမရှိသဖြင့် အကြင် အကြင်အလိုရှိအပ်သောအကျိုး၏ ပြီးခြင်းသို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟာရတော၊ နေသောသူအား။ အဝိမုတ္တံ၊ ကိလေသာမှ မလွတ်သော။စိတ္တံ၀ါ၊စိတ်သည်မူလည်း။ဝိမုစ္စတိ၊ကိလေသာမှလွတ်၏။ အပရိက္ခီဏာ၊ မကုန်သေးကုန်သော။ အာသ၀ါ၀ါ၊ အာသ၀ေါတို့သည်လည်း။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ၊
အပ္ပမတ္တာ နမီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ၊

ဟူသောသုတ်ကို ဓမ္မပဒ၌လည်း ဟောတော်မူအပ်၏။ တိ ံသနိပါတ် အဆုံးဂဇ္ဈတိဏ္ဍုကဇာတ်၌လည်း ပဉ္စာလရာဇ်မင်းတို့အားဆုံးမသော ဂဇ္ဈတညီပင်စောင့်နတ်သည် ဆိုအပ်၏။

အပ္ပမာဒေါ၊ မမ့ေမလျော့ခြင်းသည်။ အမတံ-အမတသ၊ နိဗ္ဗာန်၏။ ပဒံ၊ အကြောင်းတည်း။ ပမာဒေါ၊ မ့ေလျော့ခြင်းသည်။ မစ္စုနော၊ သေခြင်း၏။ ပဒံ၊ အကြောင်းတည်း။ အပ္ပမတ္တာ၊ မမ့ေမလျော့ကုန်သော သူတို့သည်။ နမီယန္တိ၊ မသေသည် မည်ကုန်၏။ ယေ၊ အကြင်သူတို့

သည်။ ပမတ္တာ၊ မေ့လျော့ကုန်၏။ တေ၊ ထိုသူတို့သည်။ မတာယုထာ၊ သေသူနှင့်တူကုန်၏။

သေသောသူအားလည်းပညာကင်းသည်၏အဖြစ်ကြောင့် မေ့လျော့သောသူအားလည်း သတိမရှိသည်၏အဖြစ်ကြောင့် ငါသည် အလှူပေးအံ့၊ သီလကို စောင့်အံ့၊ ဥပုသ် ဆောက်တည်သောအမှုကို ပြုအံ့၊ ကုသိုလ်ကောင်းမှုကို ပြုအံ့ဟူ၍ နှလုံးပွင်းခြင်းသည်လည်းကောင်း တောင့်တခြင်းသည်လည်းကောင်း ကိုယ်၏ ထင်ကြွခြင်း သည်လည်းကောင်း မရှိ၊ ထိုကြောင့် မေ့လျော့သောသူ, သူသေ ဤနှစ်ယောက်တို့သည်လည်း ထပ်တူဖြစ်ကုန်၏။ ။[ဓာတ်အဋ္ဌကထာ]။ ။ရှေးဦးစွာ မေ့လျော့ ကုန်သောသူတို့အား အလှူးပေးကုန်အံ့၊ သီလစောင့်ကုန်အံ့၊ ဥပုသ်ဆောက်တည်သော အမှုကို ပြုကုန်အံ့ဟူ၍ ကြိမ်သော စိတ်ရှိသည်လည်းမဖြစ်၊ မေ့လျော့ကုန်သော ရဟန်းတို့အား ဆရာဥပဇ္ဈာယ်တို့၏ ဝတ်အစရှိသည်တို့ကို ဖြည့်ကုန်အံ့၊ ရတင်တို့ကို ဆောက်တည်ကုန်အံ့၊ ဘာဝနာကိုပွါးစေကုန်အံ့ဟူ၍ တကြိမ်သော စိတ်ရှိသည်လည်းမဖြစ်။ ထိုကြောင့် သူသေတို့နှင့် ထိုမေ့လျော့ကုန်သော လူရဟန်းတို့သည် အထူးမရှိသလျှင် ကတည်း။ [ဓမ္မပဒအဋ္ဌကထာ]။ "ဣဿိ–

အာရတိ ဝိရတိ ပါပါ၊ မဇ္ဇပါနာဒ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု ဇံတံ မင်္ဂလမုတ္တမံ။

ဟူသော ဂါထာဖြင့်လည်း မကောင်းမှုမကြဉ်ခြင်း, သေသောက်ခြင်းမှကြဉ်ခြင်း, မေ့မလျော့ခြင်းဟူသော မင်္ဂလာသုံးပါးတို့၏ အပေါင်းကို ဟောကော်မူ၏။ ။ဆဋ္ဌဂါထာ၏ အနက် အဘွင့်ပြီး၏။

၂၂-ဂါရဝ မင်္ဂလာ

၁၄၇–ဂရုပုဒ်၏ အဓိကို အကျယ်ဝေဘန်၍ ပြခြင်း

ဂါရဝေါစ အစရှိသော သတ္တမဂါထာ၌ ဂရုနံ ဘာဝေါ ဂါရဝေါ။ ဂရုနံ၊အလေးအမြတ် ပြုတတ်ကုန်သောသူတို့၏။ ဘာဝေါ၊ဖြစ်ကြောင်းတည်း။ ဂါရဝေါ၊အလေးအမြတ်ပြုတတ်ကုန်သောသူတို့၏ဖြစ်ကြောင်း။ ဤသို့သော ဝစနကြွနှင့်အညီ အလေးအမြတ် ပြုအပ်ကုန်သောသူတို့အား အလေးအမြတ် ပြုခြင်းသည် ဂါရဝမည်၏။ ။ထိုကြောင့် အဋ္ဌကထာ၌–

ဂါရဝေါနာမ ဂရုကာတဗ္ဗယောဂါရဟောသု ဗုဒ္ဓ ပစ္စေကဗုဒ္ဓ
တထာဂတသာဝက အာစရိယုပဇ္ဈာယ မာတာပိတု ဇေဋ္ဌ
ဘာတိကဘဂိနီအာဒီသု ယထာနုရူပံ ဂရုကရဏံ သဂါရဝတာ။
ဟူ၍ ဆိုဇ်။

ဂါရဝေါနာမ၊ ဂါရဝမည်သည်ကား။ဂရုကာတဗ္ဗယောဂါရဟောသု၊ အလေးအမြတ်ပြုအပ်သည်၏ အဖြစ်နှင့် ယှဉ်ကုန်သော။ ဗုဒ္ဓပစ္စေကဗုဒ္ဓ တထာဂတသာဝက အာစရိယုပဇ္ဈာယ မာတာပိတု ဇေဋ္ဌဘာတိကဘဂိနီအာဒီသု၊ ဘုရားပစ္စေကဗုဒ္ဓါ ဘုရားတပည့်ဆရာဥပဇ္ဈာယ် အမိ အဘ အစ်ကိုကြီး နှမကြီး အစရှိကုန်သော သူတို့၌။ ယထာနုရူပံ၊ အကြင် အကြင်အလေးပြုသင့်သည် အားလျော်စွာ။ ဂရုကရဏံ၊ အလေးပြုခြင်း တည်း။ သဂါရဝတာ၊ အလေးပြုခြင်းရှိသည်၏ အဖြစ်တည်း။ ။ထို ဂါရဝသည် သုဂတိသို့ လားရခြင်း အစရှိသည်ကို့၏ အကြောင်းဖြစ် သောကြောင့် မင်္ဂလာမည်၏။ ဂါရဝ၏ မင်္ဂလာ မည်သည်၏ အဖြစ်ကို ဟောတော်မူသဖြင့်လည်း အဂါရဝ၏ မင်္ဂလာ မမည်သည်၏ အဖြစ်ကို ပြတော်မူ၏။ ထိုစကားသည်သင့်၏၊ အဂါရဝသည် ဒုဂ္ဂတိသို့ လား ရခြင်း အစရှိသော အကြောင်းကြောင့် အမင်္ဂလာမည်၏။ ထိုကြောင့် သုဘလုလင်အား တရားဟောတော်မူသော မြတ်စွာဘုရားသည်—

ဣဓ မာဏဝ ဧကစ္စော ဣတ္ထိဝါ ပုရိသောဝါ ထဒ္ဓါ ဟောတိ။ အတိမာနီ။အတိဝါဒေတဗ္ဗံ နအတိဝါဒေတိ၊ ပစ္စုဋ္ဌာတဗ္ဗံ နပစ္စုဋ္ဌေတိ။ အာသနာရဟာဿ နအာသနံ ဒေတိ။မဂ္ဂါရဟာဿ နမဂ္ဂံ ဒေတိ။သက္ကာတဗ္ဗံ နသက္ကရောတိ။ ဂရုကာတဗ္ဗံ နဂရုံကရောတိ။ မာနေတဗ္ဗံ နမာနေတိ၊ပူဇေတဗ္ဗံ နပူဇေတိ။သော တေန ကမ္မေန ဇဝံ သမတ္ထေန သမာဒိဏ္ဍေန ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။ နောစေ ကာယဿ ဘေဒါ၊လ။နိရယံ ဥပပဇ္ဇတိ။သစေ မနုဿတ္တံ အာဂစ္ဆတိ၊ယတ္ထ ယတ္ထ ပစ္စာ ဇာယတိ။ နိစကုလိနော ဟောတိ။ နိစကုလိနသံ ဝတ္တနိကာ ဧသော မာဏဝပဋိပဒါ။ ယဒိဒံ ထဒ္ဓါ ဟောတိ။ အတိမာနီ ။လ။ ပူဇေတဗ္ဗံ နပူဇေတိ။ဣဓ မာဏဝ ဧကစ္စော ဣတ္ထိဝါ ပုရိသောဝါ အထဒ္ဓါ ဟောတိ။ အနတိမာနီ။ အတိဝါ ဒေတဗ္ဗံ အတိဝါဒေတိ။ ပစ္စုဋ္ဌာတဗ္ဗံ ပစ္စုဋ္ဌေတိ။ အာသနာရ

ဟာသ အာသနံ ဒေတိ။ မဂ္ဂါရဟာသ မဂ္ဂံ ဒေတိ။ သက္ကာတဗ္ဗံ သက္ကရောတိ။ ဂရုကာတဗ္ဗံ ဂရုံ ကရောတိ။မာနေတဗ္ဗံ မာနေတိ။ ပူဇေတဗ္ဗံ ပူဇေတိ။ သော တေန ကမ္မေန ဇဝံ သမတ္ထေန သမာဒိဏ္ဍေန ကာယသ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။ နောစေ ကာယသ ဘေဒါ၊ လ။ ဥပပဇ္ဇတိ။ သစေ မနုသတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ ဥစ္စ ကုလိနော ဟောတိ၊ ဥစ္စကုလိန သံဝတ္တနိကာ ဇသော မာဏဝ ပဋိပဒါ၊ ယဒိဒံ အဆဒ္ဓါ ဟောတိ၊ အနတိမာနီ၊ လ။ ပူဇေတဗ္ဗံ ပူဇေတိ။ ။ဟူ၍ဟောတော်မူ၏။

[ဥပရိပဏ္ဏာသ စတုတ္ထဝဂ် စူဋကမ္မ ဝိဘင်္ဂသုတ်ပါဋိတော်]။

မာဏဝ၊ လုလင်။ ဣခ၊ ဤလောက၌။ ဇကစ္စော၊ အချိသော။ ဣတ္ထီ ဝါ၊ မိန်းမသည် လည်းကောင်း။ ပုရိသောဝါ၊ ယောကျ်ား သည် လည်းကောင်း။ ထဒ္ဓါ၊ ခိုင်မာသည်။ ဟောတိ၊ ဖြစ်၏။ အတိမာနီ၊ အလွန်မာန ရှိသည်။ ဟောတိ၊ ၏။ အဘိဝါဒေ တဗ္ဗံ၊ ရှိခိုးခြင်းငှါ ထိုက်သော ဘုရား ပစ္စေကဗုဒ္ဓါသာဝကကို။ နအဘိဝါဒေတိ၊ ရှိမခိုး။ ပစ္စုဋ္ဌာတဗ္ဗံ၊ ခရီးဦးကြိုဆိုထိုက်သော ဘုရား ပစ္စေကဗုဒ္ဓါသာဝကကို။ နပစ္စုဋ္ဌေတိ၊ ခရီးဦးမကြိုဆို။ အာသနာ ရဟာသ၊ နေရာပေးခြင်းငှါ ထိုက်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကအား။ အာသနံ၊ နေရာ ကို။ နဒေတိ၊ မပေး။ မဂ္ဂါရဟာသ၊ ခရီးပေးခြင်းငှါ ထိုက်သော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သာဝကအား။ မဂ္ဂံ၊ ခရီးကို။ နဒေတိ၊ မပေး၊ သက္ကာတဗ္ဗံ။ အရိအသေပြုထိုက်သော ဘုရားပစ္စေကဗုဒ္ဓါ သာဝကကို။ နသက္ကရောတိ၊ အရိအသေမပြု။ ဂရုကာတဗ္ဗံ၊ အလေးအမြတ်ပြုအပ် သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကကို။ နဂရုံကရောတိ၊ အလေး အမြတ်မပြု။ မာနေတဗ္ဗံ၊ မြတ်နိုးအပ်သော ဘုရားပစ္စေကဗုဒ္ဓါ သာဝက ကို။ နမာနေတိ၊ မမြတ်နိုး။ ပူဇေတဗ္ဗံ၊ ပူဇော်အပ်သော ဘုရားပစ္စေက ဗုဒ္ဓါသာဝကကို။ နပူဇေတိ၊ မပူဇော်။ သော၊ ထို မိန်းမယောကျ်ား သည်။ ဇဝံ၊ ဤသို့။ သမတ္ထေန၊ အကျိုးကိုပေးခြင်းငှါ စွမ်းနိုင်သော။ တနည်းကား။ သမတ္ထေန၊ ပြည့်စုံသော။ ဇဝံ၊ သို့။ သမာဒိဏ္ဍေန၊ တဏ္ဍာဒိဋ္ဌိတို့သည် စွဲလမ်းအပ်သော။ တေနကမ္မေန၊ ထိုကံကြောင့်။ ကာယသ၊ ကိုယ်၏။ ဘေဒါ၊ ပျက်ခြင်းဟူသော။ ပရမ္မရဏာ၊ ရတေ

သည်၏နောက်၌။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိ၊ မကောင်းမှု ကိုပြုကုန်သော သူတို့၏ လားရာဖြစ်သော။ ဝိနိပါတံ၊ အင်္ဂါကြွေးငယ် တို့၏ စုတ်ပြတ်၍ကျရာဖြစ်သော။ နိရယံ၊ ငရဲသို့။ဥပပဇ္ဇတိ၊ ရောက်၏။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်း ဟူသော။ ပရမ္မရဏာ၊ စုတေ၏နောက်၌။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိ၊ မကောင်းမှု ကိုပြုကုန်သော သူတို့၏ လားရာဖြစ်သော။ ဝိနိပါတံ၊ အင်္ဂါကြွေးငယ် တို့၏ စုတ်ပြတ်၍ကျရာဖြစ်သော၊ နိရယံ၊ ငရဲသို့။ နောစေ ဥပပဇ္ဇတိ၊ အာကယ်၍ မရောက်သည်ဖြစ်အံ့။ မနုဿတ္တံ၊ လူ၏အဖြစ်သို့။ သစေအာ ဂစ္ဆတိ၊ အာကယ်၍ လားသည်ဖြစ်အံ့။ ယတ္ထ ယတ္ထ၊ အကြင်အကြင် အရပ်၌။ ပစ္စာဇာယတိ၊ ဖြစ်၏။ တတ္ထတတ္ထ၊ ထိုထိုအရပ်၌။ နိစကုလိနော၊ ယုတ်သောအမျိုး၌ဖြစ်သည်။ ဟောတိ၊ ၏၊ မာဏဝ၊ လူလင်၊ ဣတ္ထိဝါ၊ မိန်းမသည် လည်းကောင်း။ ပုရိသောဝါ၊ ယောကျ်ားသည် လည်းကောင်း။ ထဒ္ဓါ၊ ခိုင်မာသည်။ ဟောတိ ဖြစ်၏။ အတိမာနီ၊ အလွန်မာနရှိသည်။ ဟောတိ၊ ဖြစ်၏။ အဘိဝါဒေတဗ္ဗံ၊ ရှိခိုးခြင်း ၌ထိုက်သော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သာဝကကို။ နအဘိဝါ ဒေတိ၊ ရှိမခိုး။ ပစ္စုဋ္ဌာတဗ္ဗံ။ ခရိုးဦးကြိုဆိုထိုက်သော ဘုရားပစ္စေက ဗုဒ္ဓါ အရိယာသာဝကကို။ နပစ္စုဋ္ဌေတိ၊ ခရိုးဦးမကြိုဆို။ အာသနာ ရဟာသ၊ နေရာပေးခြင်း၌ ထိုက်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာ သာဝကအား။ အာသနံ၊ နေရာကို။ နဒေတိ၊ မပေး။ မဂ္ဂါရဟာသ၊ ခရိုးပေးခြင်း၌ထိုက်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကအား။ မဂ္ဂံ၊ ခရိုးကို။ နဒေတိ၊ မပေး။ သက္ကာတဗ္ဗံ၊ အရိုအသေပြုထိုက်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကကို။ နသက္ကရောတိ၊ အရိုအသေ မပြု။ ဂရုကာတဗ္ဗံ၊ အလေးအမြတ် ပြုအပ်သော ဘုရား ပစ္စေက ဗုဒ္ဓါ အရိယာသာဝကကို။ နဂရုံကရောတိ၊ အလေးအမြတ်မပြု။ မာနေတဗ္ဗံ၊ မြတ်နိုးအပ်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကကို။ နမာနေတိ၊ မမြတ်နိုး။ ပူဇေတဗ္ဗံ၊ ပူဇော်အပ်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာ သာဝကကို။ နပူဇေတိ၊ မပူဇော်။ ယဒိဒံ-ယံကဒံကမ္မံ၊ အကြင်ခိုင်မာ သည်ဖြစ်၍ အလွန်မာနရှိသောသူ၏အဖြစ် ဟူသောအမှုသည်။ အတ္ထိ၊ ရှိ၏။ ယာပဋိပဒါ၊ အကြင်အမှု သည်။ နိစကုလိန သံဝတ္တနိကာ၊ ယုတ်သောအမျိုး၌ ဖြစ်သောသူ၏အဖြစ်ကို ဖြစ်စေတတ်၏။ မာဏဝ၊

လုလင်။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချိုသော။ ဣတ္ထိဝါ၊ မိန်းမသည်လည်းကောင်း။ ပုရိသောဝါ၊ ယောက်ျားသည် လည်းကောင်း။ အထဒ္ဓေါ၊ မခိုင်မာသည်။ ဟောတိ၊ ၏။ အနတိမာနီ၊ အလွန်သောမာန မရှိသည်။ ဟောတိ၊ ၏။ အဘိဝါဒေတဗ္ဗံ၊ ရှိခိုးခြင်းငှါထိုက်သော ဘုရားပစ္စေက ဗုဒ္ဓါ အရိယာ သာဝကကို။ အဘိဝါ ဒေတိ၊ ရှိခိုး၏။ ပစ္စုဋ္ဌာတဗ္ဗံ၊ ခရီးဦးကြိုဆိုထိုက်သော ဘုရား ပစ္စက ဗုဒ္ဓါ အရိယာ သာဝကကို။ ပစ္စုဋ္ဌေတိ၊ ခရီးဦးကြိုဆို၏။ အာသနာ ရဟသ၊ နေရာပေးခြင်းငှါ ထိုက်သော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သာဝကအား။ အာသနံ၊ နေရာကို။ ဒေတိ၊ ပေး၏။ မဂ္ဂါရဟသ၊ ခရီးပေးခြင်းငှါထိုက်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကအား။ မဂ္ဂံ၊ ခရီးကို။ ဒေတိ၊ ပေး၏။ သက္ကာတဗ္ဗံ၊ အရိုအသေပြုထိုက်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကကို။ သက္ကရောတိ၊ အရိုအသေပြု၏။ ဂရုကာတဗ္ဗံ၊ အလေးအမြတ်ပြုအပ်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာ သာဝကကို။ ဂရုံကရောတိ၊ အလေးအမြတ်ပြု၏။ မာနေတဗ္ဗံ၊ မြတ်နိုးအပ်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကကို။ မာနေတိ၊ မြတ်နိုး၏။ ပူဇေတဗ္ဗံ၊ ပူဇော်အပ်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကကို။ ပူဇေတိ၊ ပူဇော်၏။ သော၊ ထိုယောက်ျား–မိန်းမသည်။ ဧဝံ၊ ဤသို့။ သမတ္ထေန၊ အကျိုးကိုပေးခြင်းငှါစွမ်းနိုင်သော။ တနည်းကား– သမတ္ထေန၊ ပြည့်စုံသော။ ဧဝံ၊ ဤသို့။ သမာဒိဏ္ဏေန၊ တဏ္ဍာဒိဋ္ဌိတို့သည် စွဲလမ်းအပ်သော။ တေနကမ္မေန၊ ထိုကံကြောင့်။ ကာယသ၊ ကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းဟူသော။ ပရမ္မရဏာ၊ စုတေ့၏နောက်၌။ သုဂတိံ၊ ကောင်းမှုကိုပြုကုန်သော သူတို့၏ လားရာဖြစ်သော။ သဂ္ဂံလောကံ၊ နတ်ပြည်သို့။ ဥပပဇ္ဇတိ၊ ရောက်၏။ ကာယသ၊ ကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းဟူသော။ ပရမ္မရဏာ၊ စုတေ့၏နောက်၌။ သုဂတိံ၊ ကောင်းမှုကိုပြုကုန်သော သူတို့၏လားရာဖြစ်သော။ သဂ္ဂံလောကံ၊ နတ်ပြည်သို့။နောစေဥပပဇ္ဇတိ၊ အကယ်၍မရောက်သည်ဖြစ်အံ့။ မနုဿတ္တံ၊ လူ၏အဖြစ်သို့။ သစေအာဂစ္ဆတိ၊ အကယ်၍လားသည်ဖြစ်အံ့။ ယတ္ထ ယတ္ထ၊ အကြင်အကြင်အရပ်၌။ ပစ္စာဇာယတိ၊ ဖြစ်၏။ တတ္ထတတ္ထ၊ ထိုထိုအရပ်၌။ ဥစ္စကုလိနော၊ မြတ်သောအမျိုး၌ဖြစ်သည်။ ဟောတိ၊ ၏။ မာဏဝ၊ လုလင်။ ဣတ္ထိဝါ၊ မိန်းမသည်လည်းကောင်း။ ပုရိ

သောဝါ၊ ယောက်ျားသည်လည်းကောင်း။ အထဒ္ဓေါ၊ မခိုင်မာသည်။ ဟောတိ၊ ၏။ အနတိမာနီ၊ အလွန်မာနမရှိသည်။ ဟောတိ၊၏၊ အဘိဝါဒေတဗ္ဗံ၊ ရှိခိုးခြင်းငှါထိုက်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကကို။ အဘိဝါဒေတိ၊ ရှိခိုး၏။ ပစ္စုဋ္ဌာတဗ္ဗံ၊ ခရီးဦးကြိုဆိုထိုက်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကကို။ ပစ္စုဋ္ဌေတိ၊ ခရီးဦးကြိုဆိုဏ်။ အာသနာရဟာဿ၊ နေရာပေးခြင်းငှာ ထိုက်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကအား။ အာသနံ၊ နေရာကို။ ဒေတိ၊ ပေး၏။ မဂ္ဂါရဟာဿ၊ ခရီးပေးခြင်းငှါထိုက်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကအား။ မဂ္ဂံ၊ ခရီးကို။ ဒေတိ၊ ပေး၏။ သက္ကာတဗ္ဗံ၊ အရိုအသေပြုထိုက်သော ဘုရားပစ္စေကဗုဒ္ဓါအရိယာသာဝကကို။ သက္ကရောတိ၊ အရိုအသေပြု၏။ ဂရုကာတဗ္ဗံ၊ အလေးအမြတ် ပြုထိုက်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကကို။ ဂရုံကရောတိ၊အလေးအမြတ်ပြု၏။ မာနေတဗ္ဗံ၊ မြတ်နိုးအပ်သောဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကကို။ မာနေတိ၊ မြတ်နိုး၏။ ပူဇေတဗ္ဗံ၊ ပူဇော်အပ်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကကို။ ပူဇေတိ၊ ပူဇော်၏။ ယဒိဒံ-ယံဏ္ဍဒံ ကမ္မံ၊ အကြင် မခိုင်မာသည်ဖြစ်၍ အလွန်မာနမရှိသောသူ၏ အဖြစ်ဟူသောအမှုသည်။ အတ္ထိ၊ ရှိ၏။ ဧသောပဋိပဒါ၊ ဤအမှုသည်။ ဥစ္စကုလိနသံဝတ္တနိကာ၊ မြတ်သော အမျိုးရှိသောသူ၏ အဖြစ်ကို ဖြစ်စေတတ်၏။

တနည်းကား ဂါရဝသည် အပရိဟိနအဖြစ် အစရှိသည်ကို ရခြင်း၏အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။ ထိုကြောင့် မထင်ရှားသောနတ်သားသည် မြတ်စွာဘုရား၏အထံတော်၌—

> သတ္တိမေ ဘန္တေ ဓမ္မာ ဘိက္ခုနော အပရိဟာနာယ သံဝတ္တန္တီ။ ကတမေသတ္တ၊ သတ္တုဂါရဝတာ ဓမ္မဂါရဝတာ သံဃဂါရဝတာ သိက္ခာဂါရဝတာ သမာဓိဂါရဝတာ အပ္ပမာဒဂါရဝတာ ပဋိသန္ဓာရ ဂါရဝတာ၊ဏ္ဍမေခေါ ဘန္တေ သတ္တဓမ္မာ ဘိက္ခုနော အပရိဟာနာယ သံဝတ္တန္တီ။ ။ဟုဆိုဏ်။

ဤသို့ဆိုပြီး၍ ထိုနတ်သားသည် ကွယ်လေ၏။ မြတ်စွာဘုရားသည်လည်း တဘန်မိုးသောက်သောနေ့၌ ထိုနတ်သားသည် ဆိုသောစကား

ကို ရဟန်းတို့အား ဟောတော်မူ၏။ သတ္တအင်္ဂုတ္တိုရ် ပထမပဏ္ဏာသက စတုတ္ထဝင်အပ္ပမာဒသုတ်၌—

သတ္ထုဂရု ဓမ္မဂရု၊ သံဃေစ တိဗ္ဗဂါရဝေါ။
သမာဓိဂရု အာတာပီ၊ သိက္ခာယ တိဗ္ဗဂါရဝေါ။
အပ္ပမာဒဂရု ဘိက္ခု၊ ပဋိသန္ဓာရဂါရဝေါ။
အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနသေဝ သန္တိကေ။

ဟူကုန်သော ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

ဘန္တေ၊အရှင်ဘုရား။သတ္တ၊ခုနစ်ပါးကုန်သော။ ဇုမေဓမ္မာ၊ဤတရား တို့သည်။ ဘိက္ခုနော၊ရဟန်းအား။ အပရိဟာနာယ၊ မဆုတ်ယုတ်ခြင်း ၄ါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ သတ္တ၊ ခုနစ်ပါးတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ သတ္ထုဂါရဝတာ၊ ဘုရား၌ရှိသေ သည်၏အဖြစ်လည်းကောင်း။ ဓမ္မဂါရဝတာ ကိုးပါးသော လောကုတ္တ ရာတရား၌ ရှိသေသည်၏ အဖြစ်လည်းကောင်း။ သံဃဂါရဝတာ၊ သံဃာ၌ ရှိသေသည်၏ အဖြစ်လည်းကောင်း။ သိက္ခာဂါရဝတာ၊ သိက္ခာသုံးပါး၌ ရှိသေသည်၏ အဖြစ်လည်းကောင်း။ သမာဓိဂါရဝတာ၊ သမာဓိတို့၌ ရှိသေသည်၏ အဖြစ်လည်းကောင်း။ အပ္ပမာဒဂါရဝတာ၊ မမေ့မလျော့ခြင်း၌ ရှိသေသည်၏ အဖြစ်လည်းကောင်း။ ပဋိသန္ဓာရ ဂါရဝတာ၊ ဓမ္မအာဓိသ၏ အစွမ်းအားဖြင့် နှစ်ပါးသော ပဋိသန္ဓာရ၌ ရှိသေသည်၏ အဖြစ်လည်းကောင်း။ ဇုမေ၊ ဤသည်တို့တည်း။ ဘန္တေ၊ အရှင်ဘုရား။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဇုမေခေါဓမ္မာ၊ ဤတရား တို့သည်။ ဘိက္ခုနော၊ ရဟန်းအား။ အပရိဟာနာယ၊ မဆုတ်မယုတ် ခြင်း၄ါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ။သတ္ထုဂရု၊ ဘုရားဟူသော အလေးအမြတ် ပြုအပ်သော ဝတ္ထုရှိသော။ ဓမ္မဂရု၊ တရားဟူသော အလေးအမြတ် ပြုအပ်သော ဝတ္ထုရှိသော။ သံဃေစ၊သံဃာ၌လည်း။ တိဗ္ဗဂါရဝေါ ထက်သောအလေးအမြတ်ပြုခြင်းရှိသော။ သမာဓိဂရု၊ သမာဓိဟူသော အလေးအမြတ်ပြုသော ဝတ္ထုရှိသော။ အာတာပီ၊ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လ ရှိသော။ သိက္ခာယ၊ သိက္ခာ၌။ တိဗ္ဗဂါရဝေါ၊ ထက်သော အလေးအမြတ်ရှိသော။ အပ္ပမာဒ ဂရု၊ မမေ့မလျော့ခြင်းဟူသော အလေးအမြတ်ပြုအပ်သော တရား

ရှိသော။ ပဋိသန္ဓာရဂါရဝေါ၊ အစေ့အစပ်ပြုခြင်း၌ အလေးအမြတ်ပြုခြင်းရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ပရိဟာနာယ၊ သမထဝိပဿနာတရား မင်္ဂဖိုလ်တရားတို့မှ ဆုတ်ယုတ်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ သန္တိကေဇေ၊အထံ၌သာလျှင်။ ဟောတိ၊၏။

အကြင်ကြောင့်ကား အဂါရဝကို ရှေးဦးစွာ ဆိုအပ်သည် ရှိသော် ဂါရဝကို သိလွယ်၏၊ ထိုကြောင့် အဂါရဝကို ဆိုအံ့။

ယောဘိက္ခု၊ သက္ကရိ ဓရမာနေ တီသု ကာလေသု ဥပဌာနံ နယာတိ။ သက္ကရိ အနုပါဟနေ စက်မန္တေ သဥပါဟနော စက်မတိ။ နီစေ စက်မေ စက်မန္တေ ဥစ္စေ စက်မေ စက်မတိ။ ဟေဌာ ဝသန္တေ ဥပရိ ဝသတိ။ သက္ကုဒဿနဌာနေ ဥဘောအံသေ ပါရုပတိ။ ဆတ္တံ ဓာရေတိ။ ဥပါဟနံ ဓာရေတိ။ နှာပယိ။ ဥစ္စာရံဝါ ပဿာဝံဝါ ကရောတိ။ သက္ကရိ ပရိနိဗ္ဗုတေဝါ ပန စေတိယံ ဝန္ဒိတုံ နဂန္ဆတိ။ စေတိယဿ ပညာယနဌာနေ ဝက္ကု ဒဿနဌာနေ ဝုတ္တံ သဗ္ဗံ ကရောတိ။ အယံ သက္ကရိ အဂါရဝေါနာမ။ ယောပနဿ ဓမ္မသဝနေ သုဃုတ္ကေ သက္ကစ္စံ နဂန္ဆတိ။ သက္ကစ္စံ ဓမ္မံ နသုဏာတိ။ သမုလ္လပန္တော နိသီဒတိ။ သက္ကစ္စံ နဂဏ္ဌာတိ။ နဝါစေတိ။ အယံ ဓမ္မေ အဂါရဝေါနာမ။ ယောပန ထေရေန ဘိက္ခုနာ အနဇ္ဈိဌော ဓမ္မံ ဒေသေတိ။ ပဉ္ဟံ ကထေတိ။ ဝုဒ္ဓေ ဘိက္ခူ ဃန္ဒေန္တော ဂန္ဆတိ။ တိဌတိ။ နိသီဒတိ။ ဒုဿပလ္လတ္ထိကံဝါ ကရောတိ။ သံဃမဇ္ဈေ ဥဘောအံသေ ပါရုပတိ။ ဆတ္တူပါဟနံ ဓာရေတိ။ အယံ သံဃေ အဂါရဝေါနာမ။ ကေဘိက္ခုသ္မိံပိ ဟိ အဂါရဝေ ကတေ သံဃအဂါရဝေါ ကတောဝ ဟောတိ။ ။[ခုဒ္ဒက ဝိဘင်းဆက္ကနိဒ္ဒေသ အဌကထာ။ သဂီတိသုတ် ဆက္ကနိဒ္ဒေသ အဌကထာ]။

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ သက္ကရိ၊ မြတ်စွာဘုရားသည်။ ဓရမာနေ၊ ထင်ရှားရှိတော်မူစဉ်။ တီသုကာလေသု၊ သုံးပါးကုန်သော ကာလတို့၌။ ဥပဌာနံ၊ ခစားရာသို့။ နယာတိ၊ မသွား။ သက္ကရိ၊ မြတ်စွာဘုရားသည်။ အနုပါဟနေ၊ ဘိနပ်မစီးဘဲ။ စက်မန္တေ၊ စင်္ကြံသွားတော်

မှုသည်ရှိသော်။ သဉ္ဉပါဟာနော၊ ဘိနပ်စီး၍။ စင်္ကမတိ၊ စင်္ကြံသွား၏။ နိစေ၊ နိမ့်သော။ စင်္ကမေ၊ စင်္ကြံ၌။ စင်္ကမန္တေ၊ စင်္ကြံသွားတော်မူသည့် ရှိသော။ ဥစ္စေ၊ မြင့်သော။ စင်္ကမေ၊ စင်္ကြံ၌။ စင်္ကမတိ၊ စင်္ကြံသွား၏။ ဟေဋ္ဌာ၊ အောက်၌။ ဝသန္တေ၊ နေတော်မူသည်ရှိသော်။ ဥပရိ၊ အထက်၌။ ဝသတိ နေ၏။ သတ္တု၊ မြတ်စွာဘုရား၏။ ဒဿနဋ္ဌာနေ၊ မြင်တော်မူရာ အရပ်၌။ ဥဘောအံသေ၊ပခုံးစွန်းနှစ်ဘက်တို့ကို။ ပါရုပတိ၊ ရုံ၏။ ဆတ္တံ၊ ထီးကို။ ဓာရေတိ၊ ဆောင်၏။ ဥပါဟနံ၊ ဘိနပ်ကို။ ဓာရေတိ၊ ဆောင်၏။ နာဝယတိ၊ ရေချိုး၏။ ဥစ္စာရံဝါ၊ ကျင်ကြီးစွန့်ခြင်းကို လည်းကောင်း။ ပဿာဝံဝါ၊ ကျင်ငယ်စွန့်ခြင်းကို လည်းကောင်း။ ကရောတိ၊ ပြု၏။ သတ္ထု၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော်မူရန်၊ ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော်လည်း။ စေတိယံ၊ စေတီကို။ ဝန္ဒိတုံ၊ ရှိခိုးအံ့သောငှါ။ နဂစ္ဆတိ၊ မသွား။ စေတိယဿ၊ စေတီ၏။ ပညာယနဋ္ဌာနေ၊ ထင်ရာအရပ်၌။ သတ္ထု၊ မြတ်စွာဘုရား၏။ ဒဿနဋ္ဌာနေ၊ မြင်ရာအရပ်၌။ ဝတ္တုံ၊ ဆိုအပ်သော။ သဇ္ဇံ၊ အလုံးစုံသော အဂါရဝ အမှုကို။ ကရောတိ၊ ပြု၏။ အယံ၊ ဤဆိုအပ်ပြီးသည့်ကား။ သတ္ထု၏၊ ဘုရား၌။ အဂါရဝေါနာမ၊ မရိုမသေပြုခြင်းမည်၏။ ယောပန၊ အကြင် ရဟန်းသည်ကား။ အဿ၊ ထိုဘုရား၏။ ဓမ္မသပနေ၊ တရားနာ ကာလကို။ သုဃုဏ္ဏေ၊ ကြွေးကြော်လတ်သော်။ သက္ကစ္စံ၊ ရိုသေစွာ။ နဂစ္ဆတိ၊ မသွား။ သက္ကစ္စံ၊ ရိုသေစွာ။ ဓမ္မံ၊ တရားကို။ နသုဏာတိ၊ မနာ။ သမုလ္လပန္တော၊ စကား ပြောဟောလျက်။ နိသိဒတိ၊ နေ၏။ သက္ကစ္စံ၊ ရိုသေစွာ။ နဂဏ္ဍာတိ၊ မသင်။ နဂါစေတိ၊ သူ့ကိုမသင်စေ၊ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ ဓမ္မ၊ တရားတော်၌။ အဂါရဝေါ နာမ၊ မရိုမသေ ပြုခြင်းမည်၏။ယောပန၊အကြင်ရဟန်းသည်ကား။ ထေရေန၊ သိဘင်းကြီးဖြစ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ အနုဏ္ဍေဋ္ဌော၊ မတိုက် တွန်းဘဲ။ ခမ္မံ၊ တရားကို။ ဒေသေတိ၊ ဟော၏။ ပဠုံ၊ ပြဿနာကို။ ကထေတိ၊ ဖြေ၏။ ပုဋ္ဌေ၊ ကြိုးကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဃဋ္ဋေန္တော၊ ထိခိုက်လျက်။ ဂဏ္ဆတိ၊ သွား၏။ တိဋ္ဌတိ၊ ရပ်၏။ နိသိဒတိ၊ ထိုင်၏။ ဒုဿပလ္လင်္ကံဝါ၊ ပုဆိုးအာယောဂပတ်ဘွဲ့ခြင်းကိုမူ လည်း။ ကရောတိ၊ ပြု၏။ သံဃမဇ္ဈေ၊ သံဃာအလယ်၌။ ဥဘောအံသေ၊ ပုခုံးနှစ်ဘက်တို့ကို။ ပါရုပတိ၊ ရုံ၏။ ဆတ္တံ၊ ပါဟနံ၊ ထီးဘိနပ်

ကို။ ဓာရေတိ၊ ဆောင်၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ သံဃေ၊ သံဃာ၌။ အဂါရဝေါနာမ၊ မရိုမသေပြုခြင်းမည်၏။ ဟိသစ္စံ၊ မှန်၏။ ဧကဘိက္ခုသွိုဝိ၊ တပါးသောရဟန်း၌လည်း။ အဂါရဝေ၊ မရိုမသေခြင်းကို။ ကတေ၊ပြုသည်ရှိသော်။ သံဃအဂါရဝေါ၊ သံဃာ၌မရိုမသေခြင်းကို။ ကတောဝ၊ ပြုသည်သာလျှင်။ဟောတိ၊ ၏။ ။အပေါင်းအားဖြင့် သိလကို ဆောက်တည်ခြင်း ဖြစ်၏။ အစိတ်အားဖြင့် သိလ၏ပျက်ခြင်းသည်ဖြစ်၏။ ထိုကြောင့် သိက္ခာ၏တစိတ်ကိုဖျက်ဆီးသော် အလုံးစုံသောသိက္ခာသည် ပျက်စီးသကဲ့သို့ သိက္ခာ၏တစိတ်၌ မရိုမသေခြင်းကိုပြုလတ်သော် အလုံးစုံသောသိက္ခာ၌ မရိုမသေခြင်းကိုပြုသည်မည်သကဲ့သို့ ထိုအတူ တပါးသောရဟန်း၌လည်း မရိုမသေခြင်းကိုပြုသည်ရှိသော် သံဃာ၌ မရိုမသေခြင်းကိုပြုသည်သာလျှင်ဖြစ်၏။

(သင်္ဂီတိဒိုကာ)

ယော စေတိယင်္ဏံ အာရောဟန္တော ဆတ္တံ ဓာရေတိ၊ဥပါဟနံ ဓာရေတိ။အညတောသြလောကေတွာ ကထံ ကထေန္တော ဂစ္ဆတိ။အယံ သတ္တရိ အဂါရဝေါနာမ။ယော ဓမ္မသဝနကာလေ ဃုတ္တေ ဒဟရသာမဏေရေဟိပရိဝါရိတော နိသီဒတိ။ အညာနိဝါ ဝနကမ္မာဒိနိ ကရောတိ။ ဓမ္မသဝနဂ္ဂေ နိသိန္နော နိဒ္ဒါယတိ။ ဝိက္ခိတ္တောဝါပန အညံ ကထေန္တော နိသီဒတိ။အယံ ဓမ္မေအဂါရဝေါနာမ။ယော ထေရူပဌာနံ ဂတ္တော အဝန္ဒိတွာ နိသီဒတိ။ဟတ္တပလ္လတ္တိကံဝါ ကရောတိ။အညံဝါပန ဟတ္တပါဒ ကုက္ကုစ္စံ ကရောတိ။ ဝုဗ္ဗာနံ သန္တိကေ အနဇ္ဈိဌော ကထေတိ။အယံသံဃေ အဂါရဝေါနာမ။ [နိဒါနဝဂ်ကဿပ သံယုတ်အဌကထာ]။

ယော၊ အကြင်ရဟန်းသည်။ စေတိယင်္ဏံ၊ စေတီပြင်သို့။ အာရောဟန္တော၊ တက်သည်ရှိသော်။ ဆတ္တံ၊ ထီးကို။ ဓာရေတိ၊ ဆောင်၏။ ဥပါဟနံ၊ ဘိုနပ်ကို။ ဓာရေတိ၊ ဆောင်၏။ အညတော၊ တပါးသို့။ သြလောကေတွာ၊ ကြည့်၍။ ကထံ၊ စကားကို။ ကထေန္တော ပြောဆိုလျက်။ ဂစ္ဆတိ၊ သွား၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ သတ္တရိ၊ ဘုရား၌။ အဂါရဝေါနာမ၊ မရိုမသေပြုခြင်းမည်၏။ ယော၊ အကြင်ရဟန်းသည်။ ဓမ္မသဝနကာလေ၊ တရားနာသောကာလကို။ ဃုတ္တေ၊ ကြွေးကြော်လတ်သော်။ ဒဟရသာမဏေရေဟိ၊ပဉ္စင်းငယ်သာမဏေ

တို့ဖြင့်။ ပရိဝါရိတော၊ ခြံရံလျက်။ နိသီဒတိ၊ နေ၏။ အညာနီ၊ တပါး ကုန်သော။ နဝကမ္မာဒီနိဝါ၊ အမှုသစ်အစရှိသည်တို့ကိုမူလည်း။ကရော တိ၊ ပြု၏။ ဓမ္မသဝနပွေ၊ တရားနာရာတင်းကုပ်၌။နိသိနွော၊ နေလျက်။ နိဒ္ဒါယတိ၊ အိပ်၏။ ဝိကျိတ္တော၊ ပြန့်လွင့်သည်ဖြစ်၍။ အညံဝါပန၊ တ ပါးသော စကားကိုမူလည်း။ ကထေန္တော၊ ပြောဆိုလျက်။ နိသီဒတိ၊ နေ၏။ အယံ၊ဤဆိုအပ်ပြီးသည်ကား။ ဓမ္မေ၊တရားတော်၌။ အဂါရဝေါ နာမ၊ မရိမသေပြုခြင်းမည်၏။ ယော၊ အကြင်ရဟန်းသည်။ ထေရူပ ဌာနံ၊ သီဘင်းကြီးအားခစားရာသို့။ ဂတွာ၊ သွား၍။ အဝန္ဒိတွာ၊ ရှိမခိုး မူ၍၊ နိသီဒတိ၊ နေ၏။ ဟတ္ထပလ္လတ္ထိကံဝါ၊ လက်အာယောဂပတ်ဘွဲ ခြင်းကိုမူလည်း။ ကရောတိ၊ ပြု၏။ အညံ၊ တပါးသော။ ဟတ္ထပါဒ ကုက္ကုစ္စံဝါပန၊ လက်ခြေတို့၏လှုပ်ရှားခြင်းကိုမူလည်း။ကရောတိ၊ ပြု၏။ ဝုဗာနံ၊ သီဘင်းကြီးတို့၏။ သန္တိကေ၊ အထံ၌။ အနဇ္ဈိဌော၊ မဘိုက် တွန်းဘဲ။ ကထေတိ၊ တရားဟော၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ သံဃေအဂါရဝေါနာမ၊ သံဃာ၌ မရိမသေပြုခြင်းမည်၏။

တိဿော သိက္ခာ ပန အပရိပူရယမာနာဝ သိက္ခာယ အဂါ ရဝေါနာမ။

[သင်္ဂီတိဋီကာ]။

[အဂါရဝ အရာတွင် ဆိုခဲ့ပြီးသော အလုံးစုံသော အဌကထာ]။

တိဿော၊ သုံးပါးကုန်သော။ သိက္ခာပန၊ သိက္ခာပုဒ်တို့ကိုကား။ အပရိပူရယမာနာဝ၊ မဖြည့်ခြင်းသည်လျှင်။ သိက္ခာယ၊သိက္ခာ၌။ အဂါရ ဝေါနာမ၊ မရိမသေခြင်းမည်၏။ ။မရိမသေခြင်းဖြင့်မူလည်း သိက္ခာကို မဖြည့်ခြင်းသည် ဖြစ်သလျှင်ကတည်း၊ ထိုကြောင့် သုံးပါးကုန်သော သိက္ခာတို့ကို မဖြည့်ခြင်းသည်လျှင် သိက္ခာ၌ မရိမသေခြင်းမည်၏ဟူ၍ အဌကထာ ဆရာသည် ဆိုသတည်း။

အဌသမာပတ္တိယော အနိဗ္ဗတ္တေန္တော တာသံဝါပန နိဗ္ဗတ္တ နတ္ထာယ ပယောဂံ အကရောန္တော သမာဓိသ္မိံ အဂါရဝေါနာမ။

[ကဿပသံယုတ် အဌကထာ]။

အဌ သမာ ပတ္တိယော၊ ရှစ်ပါး ကုန်သော သမာပတ်တို့ကို။ အနိဗ္ဗတ္တေန္တောဝါ၊မဖြစ်စေသော ရဟန်းသည်လည်းကောင်း။ တာသံ၊ ထိုရှစ်ပါးကုန်သော သမာပတ်တို့ကို။ နိဗ္ဗတ္တနတ္ထာယ၊ ဖြစ်စိမ့်သောငှါ။

ပယောဂံ၊ လုံ့လကိုး။ အကရောန္တောဝါပန၊ မပြုသော ရဟန်းသည် လည်းကောင်း။ သမာဓိသ္မိံ၊သမာဓိ၌။ အဂါရဝေါနာမ၊မရိုမသေသည် မည်၏။

အပ္ပမာဒလက္ခဏံ အနနုဗြူဟယမာနော အပ္ပမာဒေ အဂါရဝေါ နာမ၊ ဒုဝိဓံပိ ပဋိသန္ဓာရံ အကရောန္တာ ပဋိသန္ဓာရေ အဂါရဝေါ နာမ၊ ဂါရဝေါ ဝုတ္တပဋိပက္ခဝသေန ဝေဒိတဗ္ဗော။

[သင်္ဂီတိသုတ် အဋ္ဌကထာ]။

အပ္ပမာဒလက္ခဏံ၊ အပ္ပမာဒလက္ခဏာကို။ အနနုဗြူဟယမာနော၊ မပွါးစေသောရဟန်းသည်။အပ္ပမာဒေ၊အပ္ပမာဒ၌။ အဂါရဝေါနာမ၊မရိုမသေသည်မည်၏။ ဒုဝိဓံပိ၊ နှစ်ပါးအပြားရှိသည်လည်း ဖြစ်သော။ ပဋိသန္ဓာရံ၊အစေ့အစပ်ပြုခြင်းကို။ အကရောန္တော၊မပြုသောရဟန်းသည်။ ပဋိသန္ဓာရေ၊ အစေ့အစပ် ပြုခြင်း၌။ အဂါရဝေါနာမ၊ မရိုမသေသည် မည်၏။ ဂါရဝေါ၊ ရိုသေခြင်းကို။ ဝုတ္တပဋိပက္ခဝသေန၊ ဆိုအပ်ပြီးသော အဂါရဝ၏ ဆန့်ကျင်ဘက်၏ အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သန္ဓာရ ပဋိသန္ဓာရ ဟူသော နှစ်ပုဒ်သည် အနက်အားဖြင့် တူ၏။ ထိုကြောင့်လျှင် ဒုကအဂိုတ္တိုရ် တတိယပဏ္ဏာသက စတုတ္ထဝဂ်၌–

ဒွေမေ ဘိက္ခဝေ သန္ဓာရာ။ ကတမေ ဒွေ၊ အာမိသသန္ဓာ ရောစ ဓမ္မသန္ဓာရောစ။ ဣမေခေါ ဘိက္ခဝေ သန္ဓာရာ။ ဧတ ဒဂ္ဂံ ဘိက္ခဝေ ဣမေသံ ဒွိန္နံ သန္ဓာရာနံ ယဒိဒံ ဓမ္မသန္ဓာရော။

ဟူသော ပထမ သုတ်ကိုလည်းကောင်း။

ဒွေမေ ဘိက္ခဝေ ပဋိသန္ဓာရာ။ ကတမေ ဒွေ၊ အာမိသပဋိသန္ဓာ ရောစ ဓမ္မပဋိသန္ဓာရောစ။

အစရှိသော ဒုတိယ သုတ်ကိုလည်းကောင်း ဟောတော်မူ၏။

ဘိက္ခဝေ၊တို့။ သန္ဓာရာ၊ အစေ့အစပ်ပြုခြင်းတို့သည်။ ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။ ဒွေ၊ နှစ်ပါးကုန်သော အစေ့အစပ်ပြုခြင်းတို့သည်။ ကတမေ၊ အဘယ်သည်တို့ နည်းဟူမူကား။ ဘိက္ခဝေ၊တို့။ ဒွေ၊နှစ်ပါး ကုန်သော။ သန္ဓာရာ၊ အစေ့အစပ်ပြုခြင်း တို့သည်။ အာမိသသန္ဓာ ရောစ၊ အာမိသဖြင့် အစေ့အစပ်ပြုခြင်းရင်း။ ဓမ္မသန္ဓာရောစ၊ တရားဖြင့်

အစေ့အစပ်ပြုခြင်းငုင်း။ ဣမေခေါ၊ ဤသည်တို့တည်း။ ဘိက္ခဝေ၊တို့။ ဣမေသံဒ္ဓိန္ဒံသန္ဓာရာနံ၊ ဤနှစ်ပါးကုန်သော အစေ့အစပ် ပြုခြင်းတို့တွင်။ ယဒိဒံမ္မေသန္ဓာရော။ အကြင်တရားဖြင့် အစေ့အစပ်ပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတံ ဧသောသန္ဓာရော၊ ထိုတရားဖြင့် အစေ့ အစပ် ပြုခြင်းသည်။ အဂ္ဂံအဂ္ဂေါ၊ မြတ်၏။

စတူဟိ ပစ္စယေဟိ အတ္တနောစ ပရဿစ အန္တရံ ပဋိစ္ဆာဒဝသေန သန္ဓာရဏံ အာမိသသန္ဓာရော။ ဓမ္မေန သန္ဓာရဏံ ဓမ္မသန္ဓာရော။ ဒုတိယေ ဥပသဂ္ဂမတ္တံ ဝိသေသော။

[ထိုသုတ်၏ အဋ္ဌကထာ]။

စတူဟိပစ္စယေဟိ၊ ပစ္စည်းလေပါး တို့ဖြင့်။ အတ္တနောစ၊ မိမိ၏ လည်းကောင်း။ ပရဿစ၊ သူတပါး၏ လည်းကောင်း။ အန္တရံ၊ အကြားကို။ ပဋိစ္ဆာဒဝသေန၊ ဖုံးလွှမ်းသည်၏ အစွမ်းအားဖြင့်။ သန္ဓာရဏံ၊ စေ့စပ်ခြင်းသည်။ အာမိသသန္ဓာရော၊ အမိသသန္ဓာရ မည်၏။ ဓမ္မေန၊ တရားဖြင့်။ သန္ဓာရဏံ၊ စေ့စပ်ခြင်းသည်။ ဓမ္မသန္ဓာရော၊ ဓမ္မသန္ဓာရမည်၏။ ဒုတိယေ၊ ဒုတိယသုတ်၌။ ဥပသဂ္ဂမတ္တံ၊ ဥပသာရမျှသည်။ ဝိသေသော၊ထူး၏။

ပဋိသန္ဓာရောတိ အယံ လောကသန္ဒိဝါသော အာမိသေနစ ဓမ္မေနစာတိ ဒ္ဓိဟိ ဆိဒ္ဒေါ။ကဿ တံ ဆိဒ္ဒံ ယထာ နပညာယတိ။ ဧဝံ ပိဋ္ဌဿ ဝိယ ပစ္စတ္ထရဏေန။ အာမိသေနစ ဓမ္မေနစ ပဋိသန္ဓာရဏံ။ ဧတ္ထစ အာမိသေန သင်္ဂဟော အာမိသသန္ဓာရောနာမ။ တံ ကရောန္တော မာတာပိတူနံ ဘိက္ခုဂတိကဿ ဝေယျာဝစ္စကရဿ ရညော စောရာနဉ္စ အဂ္ဂံ အဂဟေတွာပိ ဒါတုံ ဝဋ္ဌတိ။ အာမသိတွာ ဒိန္ဒာ ဟိ ရာဇာနောစစောရာစ အနတ္ထံပိ ကရောန္တိ၊ ဇီဝိတက္ခယမ္ပိ ပါပေန္တိ၊ အနာမသိတွာဒိန္ဒာ အတ္တမနာဟောန္တိ။ စောရနာဂဝတ္ထု အာဒိနိစေတ္ထ ဝတ္ထူနိ ကထေတဗ္ဗာနိ။ သက္ကစ္စံ ဥဒ္ဒေသဒါနံ ပါဋ္ဌိ ဝဏ္ဏနာ ဓမ္မကထာတိ ဧဝံ ဓမ္မေန သင်္ဂဟော ဓမ္မ ပဋိသန္ဓာရောနာမ။

[သင်္ဂီတိသုတ်အဋ္ဌကထာ]။

ပဋိသန္ဓာရောတိ၊ ပဋိသန္ဓာရော ဟူသည်ကား။ အယံလောကသန္ဒိ ဝါသော၊ ဤလူအပေါင်းသည်။ အာမိသေနစ၊ အာမိသဖြင့်လည်းကောင်း။ ဓမ္မေနစ၊ တရားဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒ္ဓိဟိ၊ နှစ်ပါးကုန်သော အကြောင်းတို့ဖြင့်။ ဆိဒ္ဒေါ၊ ပေါက်သည်။ ဟောတိ၊ ၏။ ဗီဌသ၊ အင်းပျဉ် ၏။ ဆိဒ္ဒံ၊ အပေါက်သည်။ ပစ္စက္ထရဏေန၊ အခင်းအလွှမ်းဖြင့်။ နပညာ ယတိဝိယ၊ မထင်သကဲ့သို့။ တဿ၊ ထိုလူအပေါင်း၏။ တံဆိဒ္ဒံ၊ ထို အပေါက်သည်။ ယထာ၊ အကြင်စေ့စပ်ခြင်းဖြင့်။ နပညာယတိ၊ မထင်။ ဧဝံ၊ ဤသို့သဘောရှိသော။ အာမိသေနစ၊ အာမိသဖြင့်လည်းကောင်း။ ဓမ္မေနစ၊ တရားဖြင့်လည်းကောင်း။ ပဋိသန္ဓာရဏံ၊ စေ့စပ်ခြင်းသည်။ ဟောတိ၊ ၏။ ဧတ္ထစ၊ ဤနှစ်ပါးတို့တွင်လည်း။ အာမိသေန၊ အာမိသဖြင့်။ သင်္ဂဟော၊ သင်္ဂြိုဟ်ခြင်းသည်။ အာမိသသန္ဓာရောနာမ၊ အာမိသသန္ဓာရ မည်၏။ တံ၊ ထိုအာမိသသန္ဓာရကို။ ကရောန္တော၊ ပြုသောရဟန်းသည်။ မာတာပိတူနံ၊ အမိအဘတို့အားလည်းကောင်း။ ဘိက္ခုဂတိကဿ၊ ရဟန်း၏ အလားကဲ့သို့သော အလားရှိသောသူအား လည်းကောင်း။ ဝေယျာဝစ္စကရဿ၊ အမှု ကြီးငယ် ပြုသောသူအား လည်းကောင်း။ ရညော၊ မင်းအားလည်းကောင်း။ စောရာနဉ္စ၊ ခိုးသူတို့အားလည်း ကောင်း။ အဂ္ဂံ၊ အဦးကို။ အဂဟေတွာပိ၊ မယူမူ၍လည်း။ ဒါတုံ၊ ပေး ခြင်းငှါ။ ဝဋ္ဌတိ၊ အပ်၏။ ဟိသစ္စံ၊ မှန်၏။ အာမသိတွာ၊ သုံးသပ်၍။ ဒိန္နာ၊ ပေးအပ်ကုန်သည် ရှိသော်။ ရာဇာနောစ၊ မင်းတို့သည်လည်း ကောင်း။ စောရာစ၊ ခိုးသူတို့သည်လည်းကောင်း။ အနတ္ထံပိ၊ အကျိုးမဲ့ ကိုလည်း။ ကရောန္တိ၊ ပြုတတ်ကုန်၏။ ဇီဝိတက္ခယမ္ပိ၊ အသက် ကုန်ခြင်းသို့လည်း။ ပါပေန္တိ၊ ရောက်စေတတ်ကုန်၏။ အနာမသိတွာ၊ မသုံးသပ်မူ၍။ ဒိန္နာ၊ ပေးအပ်ကုန်သည်ရှိသော်။ အတ္တမနာ၊ နှစ်သက် ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတ္ထ၊ ဤအရာ၌။ စောရနာဂဝတ္ထု အာဒိနိ၊ စောရနာဂဝတ္ထုအစရှိကုန်သော။ ဝတ္ထူနိစ၊ ဝတ္ထုတို့ကိုလည်း။ ကထေတဗ္ဗာနိ၊ ဆိုအပ်ကုန်၏။ သက္ကစ္စံ၊ ရိုသေစွာ။ ဥဒ္ဒေသဒါနံ၊ ပါဋ္ဌိ အဌကထာ ရွတ်ခြင်းကို ပေးခြင်း လည်းကောင်း။ ပါဋ္ဌိဝဏ္ဏနာ၊ ပါဋ္ဌိ၏ အနက်ကို ဘွင့်ခြင်းလည်းကောင်း။ ဓမ္မကထာ၊ တရားဟောခြင်းလည်း ကောင်း။ ဣတိဧဝံ၊ ဤသို့။ ဓမ္မေန၊ တရားသဖြင့်။ သင်္ဂဟော၊ သင်္ဂြိုဟ် ခြင်းသည်။ ဓမ္မပဋိသန္ဓာရောနာမ၊ ဓမ္မပဋိသန္ဓာရ မည်၏။

နိကွေပကဏ္ဍဉ်လည်း-

တတ္ထ ကတမော ပဋိသန္ဓာရော။ အာဓိသပဋိသန္ဓာရောစေဝ ဓမ္မပဋိသန္ဓာရောစ။ ဣဓေကစ္စော ပဋိသန္ဓာရကော ဟောတိ အာဓိသပဋိသန္ဓာရေနဝါ ဓမ္မပဋိသန္ဓာရေနဝါ။ အယံ ဝုစ္စတိ ပဋိသန္ဓာရော။

ဟူ၍ အရှင်သာရိပုတ္တရာမထေရ်သည် ဟောတော်မူ၏။

တတ္ထ၊ ထိုစကား၌။ ပဋိသန္ဓာရော၊ ပဋိသန္ဓာရသည်။ ကတမော၊ အဘယ်နည်းဟူမူကား။အာဓိသပဋိသန္ဓာရောစေဝ၊အာဓိသဖြင့် စေ့စပ်ခြင်းသည်လည်းကောင်း။ ဓမ္မပဋိသန္ဓာရောစ၊ တရားဖြင့် စေ့စပ်ခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချိသော ရဟန်းသည်။ အာဓိသ ပဋိသန္ဓာရေနဝါ၊ အာဓိသပဋိသန္ဓာရဖြင့် လည်းကောင်း။ ဓမ္မပဋိသန္ဓာရေနဝါ၊ ဓမ္မပဋိသန္ဓာရဖြင့် လည်းကောင်း။ ပဋိသန္ဓာရကော၊စေ့စပ်တတ်သည်။ ဟောတိ၊ဖြစ်၏။ အယံ၊ ဤသဘောကို။ ပဋိသန္ဓာရော၊ ပဋိသန္ဓာရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။စေ့စပ်တတ်၏ဟူသည်ကား လူအပေါင်း၏ အပေါက်တို့သည် နှစ်ပါးတို့သည်သာလျှင် ဖြစ်ကုန်၏။ ထို နှစ်ပါးကုန်သော အပေါက်တို့ကို စေ့စပ်တတ်၏။ အခြားမရှိသည်ကို ပြုတတ်၏။ စေ့စပ်ခြင်းကို ပြုသောရဟန်းသည် လာလတ်သော အာဂန္တုကရဟန်းကို မြင်၍ ခရီးဦးကြိုဆို၏။ သပိတ်သက်နှိးကို လှမ်းယူအပ်၏။ နေရာပေးအပ်၏။ ယပ်ခတ်အပ်၏။ ခြေတို့ကို ဆေး၍ ဆီဖြင့် လိမ်းကျံ အပ်ကုန်၏။ ထောပတ် တင်လဲ ရှိသော် ထောပတ် တင်လဲ ဆေးကို ပေးအပ်၏။ သောက်ရေဖြင့် ပန်အပ်၏။ ကျောင်းနေရာကို သုတ်သင်အပ်၏။ ဤသို့ ပြုသည်ရှိသော် တစိတ်အားဖြင့် အာဓိသပဋိသန္ဓာရကို ပြုသည်မည်၏။ ညဉ့်အခါ၌ကား သီတင်းငယ်ရဟန်းသည် ဓိဓိအား ခစားအံ့သောငှါ လာလတ်သော်လျှင် ထိုသီတင်းငယ်၏ အထံသို့ သွား၍ ထိုင်နေ၍ အရာမဟုတ်သည်၌ ပြဿနာကို မမေးမူ၍ ထိုသီတင်းငယ်၏ အရာ၌ ပြဿနာကို မေးအပ်၏။ သင်တို့သည် အဘယ်ကျမ်းကို သင်ကုန် သရဇ္ဈာယ်ကုန်သနည်းဟု မမေးမူ၍ သင်၏ဆရာ ဥပဇ္ဈာယ်တို့သည် အဘယ်ကျမ်းကို လေ့လာမှီဝဲကုန်သနည်းဟု မေး၍ စွမ်းနိုင်သော အရာ၌ ပြဿနာကို မေးအပ်၏။ သီတင်းငယ် ရဟန်းသည်

အကယ်၍ ဖြေနိုင်သည်ဖြစ်အံ့၊ ဤသို့ဖြေနိုင်သော် ကောင်း၏။ အကယ်၍ မဖြေနိုင်အံ့၊ ငါမိသည် ဖြေ၍ ဖေးအပ်၏။ ဤသို့ ပြုသည်ရှိသော် တစိတ် အားဖြင့် ဓမ္မပဒိုသန္ဓာရကို ပြုသည်မည်၏။ အကယ်၍ ဝိမိအထံ၌နေအံ့၊ ထိုရဟန်းကိုခေါ်၍ ဆွမ်းခံသွားအပ်၏။ အကယ်၍ သွားလိုသည်ဖြစ်အံ့၊ သွားသောနေ့၌ သွားခြင်းအား သင့်တင့်သောအရပ်အတို့ဖြင့် ထိုရဟန်း ကိုဆောင်၍ တရုသောဂ္ဂာ၌ ဆွမ်းခံ၍ လွှတ်လိုက်အပ်၏။ အကယ်၍ တပါးသော အရပ်အတို့၌ ရဟန်းတို့ကို ပင့်ဘိတ်ကုန်အံ့၊ ထိုရဟန်းကို လိုက်လိုသော် ခေါ်၍သွားအပ်၏။ ထိုအရပ်သည် ငါ၏လာဘ်အား မတော်မသင့်ဟု အလိုမရှိလတ်သော် ကြွင်းကုန်သော ရဟန်းတို့ကို စေလွှတ်လိုက်၍ ထိုအာဂန္တုကရဟန်းကို ခေါ်၍ ဆွမ်းခံသွားအပ်၏။ ဝိမိသည် ရအပ်သော အာမိသကို အာဂန္တုကရဟန်းအား ပေးအပ်၏။ ဤသို့ပြုသည်ရှိသော် အာမိသဖြင့် စေ့စပ်အပ်သည်မည်၏။ ပဒိုသန္ဓာရ ကိုပြုသော ရဟန်းသည်ကား ဝိမိသည် ရအပ်သော အာမိသကို အဘယ်သူအား ပေးအပ်သနည်း ဟူမူကား ရှေးဦးစွာ အာဂန္တုက ရဟန်းအား ပေးအပ်၏။အကယ်၍ နာသောရဟန်းသည်လည်းကောင်း ဝါမရသေးသော ရဟန်းသည်လည်းကောင်း ရှိသည်ဖြစ်အံ့၊ ထိုရဟန်း တို့အားလည်း ပေးအပ်၏။ ဆရာဥပဇ္ဈာယ်တို့အားလည်း ပေးအပ်၏။ ဘဿာစောင့် ရဟန်းအားလည်း ပေးအပ်၏။ သာရဏီယဓာရုံကို ဖြည့်သော ရဟန်းသည်ကား အကြွမ်တာရ လည်းကောင်း အကြွမ် တထောင်လည်းကောင်း လာတိုင်းလာတိုင်းကုန်သော ရဟန်းတို့အား သိတင်းကြိုးနေရာမှစ၍ ပေးအပ်၏။ ပဒိုသန္ဓာရကို ပြုသောရဟန်း သည်ကား အကြွင်ရဟန်းသည် မရ၊ ထိုရဟန်းအား ပေးအပ်၏။ ရွာ၏အပယ်ထွက်၍ ဒဠိသော အနာထဖြစ်သော ရဟန်းမိန်းမတို့ကို မှလည်းမြင်အံ့၊ ထိုရဟန်းမတို့အားလည်း ပေးအပ်၏။ ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ဝတ်တည်း။

ဘုတ္တကာလရှာကို ဒိုးသူတို့သည် ဗျက်ခြင်းလတ်သော် ထိုခဏ၌ လျှင် နိရောဓသမာပတ်မှထသော တပါးသော ရဟန္တာမထေရ်မသည် ပဉ္စင်းမိန်းမငယ်ကို ဘဏ္ဍာကို ယူစေ၍ လူများနှင့်တကွ ခရီးသွား၍ မွန်းတည့်အခါ၌ နကုလနဂရ ရွာတံခါးသို့ ရောက်၍ သစ်ပင်ရင်း၌ နေသကတ်။ ထိုအခါ၌ ကာလဝတ္တိမဏ္ဍပ်၌ သိတင်း သုံးနေသော

အမျက်ထွက်လတ္တံ့ မသုံးသပ်သေးသော ဆွမ်းကိုလည်း မပေးအပ်ဟု မထေရ်သည် သပိတ်ကိုကိုင်သောလက်ဖြင့်လျှင် အဦးယူ၍ သပိတ်၌ အလုံးစုံသော ဆွမ်းကို ပေးသတတ်။ စောရနာဂသည် ထိုကြောင့် နှစ်သက်၏။ ။[ထိုအဌကထာ၏ ဋီကာ]။ ။ဤနှစ်ပါးကုန်သောပဋိသန္ဓာရတို့ဖြင့် အစေ့အစပ်ပြုသော ရဟန်းသည် မဖြစ်သေးသော လာဘ်ကို ဖြစ်စေ၏။ ဖြစ်ပြီးသော လာဘ်ကို အမြဲတည်သည်ကိုပြု၏။ ရုံရှာဘွယ်ရှိသော အရာ၌ မိမိအသက်ကို စောင့်၏။ အဘယ်သူကဲ့သို့ နည်းဟူမူကား စောရနာဂမင်းအား သပိတ်ကိုကိုင်သော လက်ဖြင့်လျှင် အဦးယူ၍ သပိတ်ဖြင့် ဆွမ်းကို လောင်းထည့်သော မထေရ်ကဲ့သို့တည်း။ မရသေးသော လာဘ်ကို ဖြစ်စေရာ၌ကား ဤမှာဘက်မှပြေး၍ ထိုမှာဘက်သို့ ရောက်သော တပါးသော မထေရ်၏အထံ၌ ထောက်ပင့်ခြင်းကိုရ၍ တဘန် ဤမှာဘက်သို့လာ၍ မင်း၏အဖြစ်၌ တည်သော မဟာနာဂမင်းသည် ဟေမင်္ဂဏ၌ အသက်ထက်ဆုံး ဖြစ်စေအပ်သော မဟာဘေသဇ္ဇဒါန ဝတ္ထုကို ဆိုအပ်၏၊ ဖြစ်ပြီးသော လာဘ်ကို မြဲမြံစွာပြုခြင်း၌ ဒီဃဘာဏက အဘယမထေရ်၏ လက်မှ ပဋိသန္ဓာရကိုရ၍ စေတီယတောင်၌ ခိုးသူတို့သည် ဘဏ္ဍာကို မလုမယူသော ဝတ္ထုကို ဆိုအပ်၏။ [နိက္ခေပကဏ္ဍအဌကထာ]။

၁၄၈—အဘယစောရဝတ္ထု

ပဋိသန္ဓာရ၏ အာနိသံကိုပြဲအံ့သောငှါ စောရနာဂဝတ္ထု၊ အစ်ကိုနှင့်တကွ ဇမ္ဗူဒိပ်သို့သွားသော မဟာနာဂမင်း၏ဝတ္ထု၊ ပိတုမင်း၏မင်းဖြစ်သော အခါ၌ လေးယောက်ကုန်သော အမတ်တို့၏ဝတ္ထု၊ အဘယစောရဝတ္ထု၊ ဤသို့ အစရှိကုန်သော များစွာကုန်သော ဝတ္ထုတို့ကို မဟာအဌကထာ၌ အကျယ်အားဖြင့် ဆိုအပ်ကုန်၏။ ထိုဝတ္ထုတို့တွင် ဤဆိုလတ္တံ့သည်ကား တခုသော ဝတ္ထုကိုပြခြင်းတည်း။ ။သီဟိုဋ္ဌိကျွန်း၌အဘယမည်သောသူသည် ယောကျ်ားငါးရာ ခြံရံလျက် တခုသော အရပ်၌ သစ်ခက်တပ်ဘွဲ၍ ထက်ဝန်းကျင်မှ သုံးယူဇနာအရပ်၌ လူတို့ပြေးစေ၍ နေ၏။ အနုရာဓပြည်၌ နေကုန်သော သူတို့သည် ကလမ္ဗကမြစ်ကို မကူးကြကုန် စေတီယတောင်လမ်း၌ လူတို့၏သွားခြင်းသည်ပြတ်၏၊ ထိုအခါ

တနေ့သဒ္ဒခိုးသူတို့သည် စေတီယတောင်ကို လုယက်ကုန်အံ့ဟု လာ
ကုန်၏။ အရံစောင့်တို့သည်မြင်ကုန်၍ ဒီဃဘာဏက အဘယမ
ထေရ်အား ကြားကုန်၏။ မထေရ်သည် ထောပတ်တင်လဲအစရှိသည်
တို့သည်ရှိကုန်၏လောဟုမေး၏။ ရှိကုန်၏ အရှင်ဘုရားဟု လျှောက်
လတ်ကုန်သော်ခိုးသူတို့အားပေးကုန်လော့ဟုဆို၏။ ဆန်တို့သည်ရှိကုန်
၏လောဟုမေး၏။ အရှင်ဘုရား သံဃာ၏အကျိုးငှါ ဆောင်အပ်သော
ဆန်ဟင်းရွက်စိမ်း ဂေါရသ တို့သည်ရှိကုန်၏ဟု လျှောက်လတ် ကုန်
သော် ထမင်းကို ပြည့်စုံစေ၍ ခိုးသူတို့အား ပေးကုန်လော့ဟုဆို၏။
အရံစောင့် တို့သည် မထေရ်ဆိုတိုင်းပြု၏။ ခိုးသူတို့သည် ထမင်းကို
စား၍ ဤပဋိသန္ဓာရကိုအဘယ်သူပြုသနည်းဟုမေးကုန်၏။ ကျွန်ုပ်တို့
၏အရှင် အဘယမထေရ်သည်ပြု၏ဟု အရံစောင့်တို့သည်ဆိုကုန်လတ်
သော် ထိုခိုးသူတို့သည် မထေရ်၏အထံသို့သွား၍ အရှင်ဘုရား
အကျွန်ုပ်တို့သည် သံဃာနှင့်စေတီတော်ဥစ္စာကို လုယက်၍ ယူကုန်အံ့
ဟု လာကုန်၏။ အရှင်ဘုရား တို့၏ ဤပဋိသန္ဓာရကြောင့်ကား
အကျွန်ုပ်တို့သည် ကြည် ညိုကုန်၏။ ယနေ့မှစ၍ ကျောင်းဒ္ဒတရားနှင့်မွေ
လျော်ကုန်လော့ အစောင့်အရှောက်တို့သည် အကျွန်ုပ်တို့နှင့်စပ်စေကုန်
သတည်း။ မြို့သူတို့လည်းလာ၍ အလှူကို လှူဒါန်းစေကုန်သတည်း
ဟူ၍ဆိုကုန်၏။ ထိုအခါမှစ၍ မြို့မှအလှူကိုလှူအံ့သောငှါ လာကုန်သော
သူတို့ကိုမြစ်နား၌ လျှင်ခရီးဦးကြိုဆိုကုန်၍ စောင့်ရှောက်ကုန်လျက်
ကျောင်းသို့ဆောင်ကုန်၏။ ကျောင်းဒ္ဒလည်း အလှူကိုလှူကုန်သောသူတို့
အား စောင့်ရှောက်၍ တည်ကုန်၏။ ထိုအလှူပေးကုန်သော သူတို့သည်
လည်းရဟန်းတို့၏ စားကြွင်းကိုခိုးသူတို့အား ပေးကုန်၏။ သွားသော
ကာလဒ္ဒလည်း ထိုအလှူပေးကုန်သောသူတို့ကို ခိုးသူတို့သည်မြစ်နားသို့
ပို့လိုက် ကုန်၍ပြန်ကုန်၏။ ထိုအခါတနေ့သဒ္ဒ ရဟန်းသံဃာတော်၌
အဘယမထေရ်သည် အစိုးရသောအဖြစ်ဖြင့် သံဃာ့ဥစ္စာကိုခိုးသူတို့
အားပေး၏ဟု ကဲ့ရဲ့ရှုတ်ချသော စကားသည်ဖြစ်၏။ အဘယမထေရ်
သည်သံဃာကိုစည်းဝေးစေ၍။ အရှင်တို့၊ ခိုးသူတို့သည် သံဃာ၏
ပကတိဝတ်ကိုလည်းကောင်း စေတီ၏ဦးကိုလည်းကောင်း လုယက်၍
ယူကုန်အံ့ဟု လာကုန်၏။ ထိုအခါခိုးသူတို့အား ကျွန်ုပ်သည် ဤသို့
ပဋိသန္ဓာရပြုသဖြင့် မလုယက်ကုန်လတ္တံ့ဟု ဤမျှသော ပဋိသန္ဓာရ

ကိုပြုအပ်၏။ ထိုအလုံးစုံကိုလည်း တပေါင်းတည်းပေါင်း၍ အဘိုးဖြတ်ကြကုန်လော့။ ထိုပဋိသန္ဓာရကိုပြုသော အကြောင်းကြောင့် မလုယက်အပ်သော ဘဏ္ဍာကိုလည်း တပေါင်းတည်းပေါင်း၍ အဘိုးဖြတ်ကြကုန်လော့ ဟူ၍ ဆိုဏ်။ ထိုသံဃာဥစ္စာမှ အဘယမထေရ်သည် ပေးအပ်သော အလုံးစုံသော စားဘွယ် သောက်ဘွယ် သည်လည်း စေတီအိမ်၌ များမြတ်သော အရုပ်တို့ဖြင့် ဆန်းကြယ်သောတခုသော အခင်းမျှလောက်မထိုက်။ ထိုနောင်မှ အဘယ မထေရ်သည် ပြုအပ်သော ပဋိသန္ဓာရသည် ကောင်းစွာပြုအပ်သော ပဋိသန္ဓာရပေတည်း။ စောဒနာအံ့သောငှါ လည်းကောင်း အောက်မေ့စိမ့်သောငှါ လည်းကောင်း မရအပ်။ အစားထိုက်ခြင်းသည်လည်းကောင်း ခိုးခြင်းသည်လည်းကောင်း မရှိဟူ၍ဆိုကုန်၏။ [အဘယစောရဝတ္ထု]။

၁၄၉-ပိတုမင်း ဝတ္ထု

ပိတုရာဇသမရဇ္ဇေ ဟူသော အဌကထာပါဌ်၌ အကျယ်စကားကား၏သို့တည်း။ သဒ္ဓါတိဿမင်းအား ကိလဉ္စတိဿ၊ တုလတ္ထန၊ ခလ္လာဋနာဂ၊ ဝန္ဇဂါမဏိအဘယ၊ ၏သားလေးယောက်တို့သည်ဖြစ်ကုန်၏။ ထိုလေးယောက်တို့တွင် ခလ္လာဋနာဂအား မဟာစူဠိယ မည်သောသားသည်ဖြစ်၏။ ဝန္ဇဂါမဏိအား မဟာနာဂမည်သောသားသည်ဖြစ်၏။ ဝန္ဇဂါမဏိမင်းသည်ကား မင်းပြု၍ မဟာစူဠိယကိုသား၏အရာ၌ထား၏။ ထိုကြောင့်ဝန္ဇဂါမဏိမင်းသည် ပိတုရာဇာဟူ၍လည်းထင်ရှား၏။ ထို ပိတုမင်းသည် ငါလည်းမင်းအဖြစ်၌ ကည်လတ်သော် ပုဋ္ဌဟတ္ထ၊ ဗာလိယ၊ ပနယမာရ၊ ပိဋ္ဌယမာရ၊ ဒါမိယ၊ ၏ငါးယောက်ကုန်သော ကျေးတို့သည် မင်းပြုအံ့သောငှါလာကုန်၏။ ပိတုမင်းသည် ထိုကျေးတို့နှင့် စစ်ထိုး၍ရှုံးလတ်သော် အနုဋ္ဌာဒေဝီ မဟာစူဠိယ၊ မဟာနာဂ၊ ၏သုံးယောက်တို့ကို ယူ၍ပြေး၏။ ထိုပိတုမင်းသည် သားမယားနှင့် တကွ မလယ အရပ်၌ ဝေဿဂိရိကျောင်း၏ အနီးဖြစ်သောတော၌ပုန်း၏။ ထိုအခါထိုပိတုမင်းအား တပါးသော အိမ်သို့ ကပ်တတ်သော ကုပိတ္တလမဟာတိဿမထေရ်သည် ဆွမ်းပေး၏။ ထိုကြောင့်မဟာဝင် စတုတိံသမပိုင်း၌-

ကုဝိတ္တလဲ မဟာတိသဲ၊ ထေရော ဒိသွာတဟိ ံသုတံ။
ဘတ္တံ ဒဒါ အနာမဋ္ဌ၊ ပိဏ္ဍာဒါနံ ဝိဝဇ္ဇိယ။
ဟူ၍ဆို၏။

ကုဝိတ္တလ မဟာတိသထေရော၊ ကုဝိတ္တလမဟာတိသ မထေရ်သည်။ တဟိ ံသု၊ ထို၀သဂိရိကျောင်း၏ အနီးဖြစ်သော တောင်္။ တံ၊ ထိုပိတုမင်းကို။ ဒိသွာ၊မြင်၍။အနာမဋ္ဌပိဏ္ဍာဒါနံ၊အညီးမယူမူ၍ လူတို့အား ဆွမ်းကို။ ဒဒါ၊ ပေး၏။

ပိတုမင်းသည်ကား မလယဒေသတွင် ထိုထိုအရပ်၌ နေလျက် ဗိုလ်ပါ စုရုံးလတ်သော် မဟာယောဓဟု သမုတ်အပ်ကုန်သော ကဝိသိသ ဥတ္တိယ အစရှိကုန်သော ရှစ်ယောက်ကုန်သောအမတ်တို့ကိုရ၏။ ထိုအခါ တနေ့သ၌ ပိတုမင်းသည် ကဝိသိသအမတ်အား အမျက်ထွက်၍ ကဝိသိသအမတ်ကို သတ်၏။ ထိုအခါ တပါးကုန်သော ခုနစ်ယောက်ကုန်သော အမတ်တို့သည် ဤမင်းကား ပြစ်မှားတတ်၏ဟု မင်းအားအမျက်ထွက်၍ မင်းကိုစွန့်လျက်အလိုအားလျော်စွာ ပြေးလတ်ကုန်သော် ခရိုးအကြားဒ၌ ဂိုးသူတို့သည် လုယက်အပ်ကုန်သော အဝတ်ရှိကုန်သည်ဖြစ်၍ သစ်ခက် သစ်ရွက်တို့ကို ဝတ်ကုန်လျက် တမြုကလွကမည်သောကျောင်းသို့ဝင်ကုန်၏။ထိုကျောင်း၌ တပါးသော နိကာယ်လေးပါးကို တတ်သော တိသမထေရ်သည် ထိုအမတ်တို့ကို မြင်၍ မိမိသည် ထိုနေ့ပင် ဘိတ်ရာမှ ရအပ်ကုန်သော အဝတ်တင်လဲ အစရှိသည်တို့ကို ထုတ်၍ ရတနာသုံးပါးသို့ ဆည်းကပ်တတ်ကုန်သော ဒါယကာတို့....ရဟန်း သံဃာအား အကျွမ်းဝင်ခြင်း ရှိလတ်သော် သင်တို့သည် ဤအဝတ်တင်လဲ အစရှိသည်တို့ကို ယူကြကုန်လော့ဟု ဆို၍ ပေး၏။ ထိုအမတ်တို့သည် အခွင့်ဘုရားတို့....အကျွန်ုပ်တို့ကား ရဟန်းသံဃာ၌ အကျွမ်းဝင်ကုန်၏။ အကျွန်ုပ်တို့၏ အမိအဘာတို့သည် ရတနာသုံးပါးသို့ ဆည်းကပ်တတ်ကုန်၏ဟု ဆိုကုန်၍ ထိုအဝတ်တင်လဲ အစရှိသည်တို့ကို ယူကုန်၏။ မထေရ်သည် ဒါယကာတို့....သင်တို့သည် အဘယ်သို့သွားကုန်အံ့နည်းဟု မေး၏။ ထိုအမတ်တို့သည် အလုံးစုံသော အကြောင်းကို ပြောဆိုကုန်၏။ မထေရ်သည် ဒါယကာတို့....သင်တို့သည် ထောက်ပင့်တတ်သော ထိုပိတုမင်းသည် သာသနာတော်ကို ချီးမြှောက်ခြင်းငှါ စွမ်းနိုင်အံ့လောဟုမေး၏။ အခွင့်ဘုရား.....

ပိတုမင်းသည် ဤသိဟိုဠ်ကျွန်း၌ သာသနာတော်ကို ချီးမြှောက်ခြင်းကို မဆိုထားဘိဦး ဇမ္ဗူဒိပ်၌ သာသနာတော်ကို ချီးမြှောက်ခြင်းကိုလည်း ပြုခြင်းငှါ စွမ်းနိုင်၏ဟု လျှောက်ကုန်၏။ ထိုစကားကိုကြား၍ မထေရ်သည် သာသနာတော်၏ ဆန့်ကျင်ဘက် မဟုတ်ကုန်သော ဤအမတ်သူရဲကြီးတို့သည်သာလျှင် ထောက်ပင့်၏။ အပင်းအသင်းကို ရလတ်ကုန်သော် ပိတုမင်းသည် သာသနာတော်ကို ချီးမြှောက် ခြင်းငှါ စွမ်းနိုင်လတ္တံ့။ တပါးကုန်သော သူတို့သည် ထောက်ပင့်၍ သာသနာတော်ကို မချီးမြှောက်နိုင်လတ္တံ့။ ထိုကြောင့် ဤအမတ်တို့အား မင်းကို သည်းခံစေအံ့ဟု ကြံ၍ ထိုအရပ်သို့လာသော ကုဝိတ္တလ မဟာတိဿ မထေရ်နှင့်တကွ ထိုအမတ်တို့ကို ပိတုမင်း၏ အထံသို့ ဆောင်၏။ ထိုနှစ်ပါးကုန်သော မထေရ်တို့သည် ထိုမင်းအမတ်တို့အား အချင်းချင်း သည်းခံစေ၍ နေမြဲအရပ်သို့ သွားကုန်၏။ ပိတုမင်းသည်လည်း မလယအရပ်၌ တဆဲ့လေးနှစ်နှင့် ခုနစ်လနေ၍ ထိုအမတ်တို့သည် ခြံရံလျက် မလယမှလာ၍ အလုံးစုံကုန်သော ကျေးမင်းတို့၏ နောက်ဆုံးမင်း ပြုသော ဒါမိယကျေးမင်းကို သတ်၍ တဘန် မင်းဖြစ်၍ အဘယဂိရိ ကျောင်းကို ဆောက်၏။ ဤသို့ အစနှစ်၌ ဒေဝါနံပိယတိဿမင်းသည် ဆောက်အပ်သော မဟာ ဂိဟာရမှ နောက် နှစ်ရာ့နှစ်ဆဲ့ခုနစ်နှစ် ခြောက်လ ဆယ်ရက် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည်မှ လေးရာ့ငါးဆယ် သုံးနှစ်ခြောက်လဆယ်ရက်၌ အဘယဂိရိကျောင်းကို ဝဋ္ဌဂါမဏိမင်းသည် ဆောက်အပ်၏ဟူ၍ သိအပ်၏။ ထိုဝဋ္ဌဂါမဏိ မင်းသည် ထိုအဘယဂိရိကျောင်းကို ပြီးစေ၍ ဓိမိအား ဆွမ်းပေး ဘူးသော ကုဝိတ္တလမဟာတိဿ မထေရ်ကို ပင့်ဆောင်၍ ထိုအဘယ ဂိရိကျောင်းကိုအပ်လှူ၍ ဧရားဌပြုဘူးသော ကျေးဇူးကိုအောက်မေ့လျက် ရိုသေစွာ လုပ်ကျွေး၏။

သူရဲကြီး အမတ်ခုနစ်ယောက်တို့တွင် ဥတ္တိယမည်သော အမတ်သည် အနုရာဓမြို့၏တောင်၌ ဒက္ခိဏမည်သောကျောင်းကို ဆောက်၏။ မူလမည်သော အမတ်သည် တောင်အရပ်၌ပင်လျှင် မူလမည်သော ကျောင်းကိုဆောက်၏။ သာလိယမည်သော အမတ်သည် သာလိယ မည်သောကျောင်းကို ဆောက်၏။ ပဗ္ဗတမည်သော အမတ်သည် ပဗ္ဗတ မည်သောကျောင်းကိုဆောက်၏။ထိုအမတ်တို့သည် ခပ်သိမ်းကုန်သော

ကျောင်းတို့ကို ပြီးစေ၍ မိမိတို့အား ရှေး၌ ကျေးဇူးပြုဘူးသော တမ္ပုကလ္လကမဟာတိဿမထေရ်ကို ပင့်ဆောင်ကုန်၍ ထိုမထေရ်အား ထိုကျောင်းတို့ကို အပ်လှူကုန်၏။ ။ထိုကြောင့် မဟာဝင်၌–

တုမှာကံ ပဋိသန္ဓာရ၊ ဝသေနမှေဟိ ကာရိတေ။
ဝိဟာရေ ဒေမ တုမှာကံ၊ ဣတိ ဝတွာ အဒံသုစ။
ထေရော သဗ္ဗဣ ဝါသေတိ၊ တေတေ ဘိက္ခူ ယထာရဟံ။
အမစ္စာ ဒံသု သံဃဿ၊ ဝိဝိဓေ သမဏာရဟေ။

ဟူ၍ဆိုဏ်။

ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ပဋိသန္ဓာရဝသေန၊ အနာထဖြစ်ကုန်သောအကျွန်ုပ်တို့အား ရှေး၌ပြုအပ်သောပဋိသန္ဓာရ၏အစွမ်းအားဖြင့်။ အမှေဟိ၊ အကျွန်ုပ်တို့သည်။ ကာရိတေ၊ ဆောက်အပ်ကုန်သော။ ဝိဟာရေ၊ ကျောင်းတို့ကို။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဒေမ၊ လှူကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုဏ်။ အဒံသုစ၊ ကျောင်းတို့ကိုလည်း လှူကုန်၏။ ထေရော၊ တမ္ပုကလ္လကမဟာတိဿမထေရ်သည်။ သဗ္ဗဣ၊ ခပ်သိမ်းကုန်သော ကျောင်းတို့၌။ တေတေဘိက္ခူ၊ ထိုထိုနိကာယ်ငါးပါးကို တတ်ကုန်သောရဟန်းတို့ကို။ ယထာရဟံ၊ ထိုက်သော အလျောက်။ ဝါသေတိ၊ နေစေ၏။ အမစ္စာ၊ အမတ်တို့သည်။ သံဃဿ၊ သံဃာအား။ ဝိဝိဓေ၊ အထူးထူးကုန်သော။ သမဏာရဟေ၊ ရဟန်းတို့အား ထိုက်ကုန်သော သက်နိုး အစရှိသော ပစ္စည်းတို့ကို။ အဒံသု၊ လှူကုန်၏။ ။[ပိတုမင်း၏ဝတ္ထု]။

၁၅၀-စောရနာဂ ဝတ္ထု

ပိတုမင်းသည်ကား မင်းအဖြစ်၌တည်၍ များစွာကုန်သော ကောင်းမှုတို့ကိုပြု၍ ပိဋကတ်သုံးပုံ ဟူသော ဘုရားစကားတော်ကိုလည်း ပေတို့၌ ရေးစေ၍ အသက်ထက်ဆုံး တည်၍ သေလွန်၏။ ထိုပိတုမင်းသည် သေလွန်လတ်သော် အမတ်တို့သည် ပိတုမင်း၏ အစ်ကိုသား မဟာစူဠိယကို မင်း၏အဖြစ်၌ အဘိသိက်သွန်းကုန်၏။ ထိုအခါ ပိဟုမင်း၏သားရင်း မဟာနာဂသည် အမျက်ထွက်၍ မင်း၏အဖြစ်ဟူသော အကြောင်းကြောင့် ခိုးသူတို့၏အမှုကိုပြုလျက် ဇနပုဒ်တို့တွင် ထိုထို

အရပ်၌နေ၏။ ထိုမဟာနာဂသည် အကြင်အကြင်ကျောင်း၌နေခြင်းကို ရ၏၊ ထိုထိုကျောင်း၌ နှစ်သက်၏။ အကြင်အကြင် ကျောင်း၌ကား မဟာနာဂအား ရဟန်းတို့သည် နေခြင်းကို မပေးကုန်၊ ထိုမဟာနာဂ သည် အမျက်ထွက်ပြီးလျှင် ရန်ငြိုးဘွဲ့၏။ နောက်၌ မင်းအဖြစ်ကိုပြု၍ ထိုခပ်သိမ်းကုန်သော ကျောင်းတို့ကို ဖျက်ဆီးစေ၏။ ။ထိုကြောင့် မဟာဝင် ပဥ္စတိံသမအပိုင်း၌-

ဝဋ္ဌဂါမဏိနော ပုတ္တော၊ စောရနာဂေါတိ ဝိသုတော။
မဟာစူဠိယရဇ္ဇမှိ၊စောရော ဟုတ္ဝာ စရိ တဒါ။
မဟာစူဠေ ဥပရတေ၊ ရဇ္ဇံ ကာရေသိ အာဂတော။
အတ္တနော စောရကာလေ သော၊ နိဝါသံ ယေသု နာလဘိ။
အဌာရသဝိဟာရေ တေ၊ ဝိဒ္ဓံသာပေတိ ဒုမ္မတိ။

ဟူ၍ဆိုဏ်။

ဝဋ္ဌဂါမဏိနော၊ ဝဋ္ဌဂါမဏိမင်း၏။ ပုတ္တော၊ သားသည်။ စောရ နာဂေါတိ၊ စောရနာဂဟူ၍။ ဝိသုတော၊ ကျော်စော၏။ မဟာစူဠိယ ရဇ္ဇမှိ၊ မဟာစူဠိယမင်းသည် မင်းပြုလတ်သော်။ တဒါ၊ ထိုအခါ၌။ စောရောဟုတ္ဝာ၊ ခိုးသူဖြစ်၍။ စရိ၊သွား၏။ မဟာစူဠေ၊မဟာစူဠသည်။ ဥပရတေ၊ စုတေလတ်သော်။ အာဂတော၊ ဇနပုဒ်မှလာ၍။ ရဇ္ဇံ၊မင်း၏ အဖြစ်ကို။ ကာရေသိ၊ပြု၏။ ဒုမ္မတိ၊ ပညာမရှိသော။ သော၊ထို စောရ နာဂမင်းသည်။ အတ္တနော၊ မိမိ၏။ စောရကာလေ၊ ခိုးသူဖြစ်သော ကာလ၌။ ယေသု၊ အကြင်ကျောင်းတို့၌။ နိဝါသံ၊ နေခြင်းကို။ နာလဘိ၊ မရ။ အဌာရသ၊ တဆဲ့ရှစ်ရပ်ကုန်သော။ တေဝိဟာရေ၊ ထိုကျောင်း တို့ကို။ ဝိဒ္ဓံသာပေတိ၊ ဖျက်ဆီးစေ၏။ ။ထိုစောရနာဂမင်းသည် မိဖုယားသည်ပေးအပ်သောအဆိတ်ကိုစား၍ သေလွန်သော်လောကန္တ ရိက် ဝရဲ၌ ဖြစ်၏။ ။[စောရနာဂဝတ္ထု]။ ။ပဋိသန္ဓာရကထာတည်း။

တနည်းကား- လူမည်သည်ကား အင်္ဂဇနပုဒ်၌ အဿပူရမည်သော နိဂုမ်းသူကဲ့သို့ ဘုရားအစသည်တို့၌ ရိုသေခြင်း ရှိသည်ဖြစ်ရာ၏။ ထို အဿပူရနိဂုမ်း၌ လူတို့သည် သဒ္ဓါတရားနှင့်ပြည့်စုံကုန်သည် ကြည်ညို ကုန်သည် ဘုရားကို မြတ်နိုးကုန်သည် တရားကို မြတ်နိုးကုန်သည် သံဃာကို မြတ်နိုးကုန်သည် ဖြစ်ကုန်သတတ်။ ထိုနေ့ပြုသစ်စဖြစ်သော သာမဏေကိုလည်း ဝါတရာရှိပြီးသော မထေရ်အတူပြု၍ ဘူးမြင်ကုန်

သတတ်။နံနက်အခါ၌ ဆွမ်းအလို၄ါ ဝင်သော ရဟန်းသံဃာကိုမြင်၍ လည်း ထွန်တုံး အစရှိသည်တို့ကိုယူ၍ လယ်သို့သွားကုန်သော သူတို့ သည်လည်းကောင်း ပုဆိန် အစရှိသည်တို့ကိုယူ၍ တောသို့ ဝင်ကုန် သော သူတို့သည်လည်းကောင်း ထိုအဆောက်အဦတို့ကိုချ၍ ရဟန်း သံဃာ၏ နေရာအရပ်ကို လည်းကောင်း နေရာ စရပ်ကိုလည်းကောင်း မဏ္ဍပ်ကိုလည်းကောင်း သစ်ပင်ရင်းကိုလည်းကောင်း တံမြက်လှည်း၍ နေရာခင်း၍ သပိတ်ခြေကိုလည်းကောင်း သောက်ရေကိုလည်းကောင်း တည်ထား၍ ရဟန်းသံဃာတို့ကို နေစေ၍ ယာဂုခဲဘွယ် အစရှိသည် တို့ကိုလှူ၍ ပြုအပ်ပြီးသော ဆွမ်းစားခြင်း ကိစ္စရှိသော ရဟန်းသံဃာကို လွှတ်လိုက်၍ ထိုလုပ်ကျွေးရာအရပ်မှ ထိုထွန်တုံးပုဆိန်အစရှိကုန်သော အဆောက် အဦတို့ကို ယူ၍ လယ်သို့ လည်းကောင်း တောသို့ လည်းကောင်းသွား၍ မိမိတို့၏ အမှုတို့ကို ပြုကုန်၏။ အမှုလုပ်ကြွေ ရာ၌လည်း ထိုအသပူရနိဂုံး သူတို့အား တပါးသော စကားပြော ဆိုခြင်း မည်သည်မရှိ။ မဂ္ဂင်္ဂါန်လေးယောက် ဖလင်္ဂါန် လေးယောက် ဟူကုန်သော ရှစ်ယောက်ကုန်သော ပုဂ္ဂိုလ်တို့သည် အရိယာသံဃာ မည်ကုန်၏။ ထိုရှစ်ယောက်ကုန်သော ပုဂ္ဂိုလ်ဘို့သည် ဤသို့ သဘော ရှိသော ဝါရိတ္တသီလနှင့် ပြည့်စုံကုန်၏။ ဤသို့ သဘောရှိသော စာရိတ္တ သီလနှင့် ပြည့်စုံကုန်၏။ ဤသို့သဘောရှိသော သမထ ဝိပဿနာ မဂ်ဖိုလ်ကို ယူတတ်သော အကျင့်နှင့် ပြည့်စုံကုန်၏။ မကောင်းမှုကို ရှက်တတ်ကုန်၏။ ပြန့်ပြောသော ကျေးဇူး ရှိုကုန်၏ဟူ၍ ရဟန်း သံဃာ၏ ကျေးဇူးကိုသာလျှင် ပြောဆိုကုန်၏။ အမှုလုပ်ရာမှ ညစာစား ကုန်ပြီး၍ အိမ်တံခါးကိုဦ၍ နေကုန်သော သူတို့သည် လည်းကောင်း အိပ်ရာတိုက်သို့ဝင်၍ နေကုန်သော သူတို့သည်လည်းကောင်း ရဟန်း သံဃာ၏ ကျေးဇူးကိုသာလျှင် ဆိုကုန်၏။ မြတ်စွာဘုရားသည် ထိုသူ တို့၏ အရိုအသေပြုခြင်းကို မြင်တော်မူ၍ အသပူရနိဂုံးကိုမှီ၍ နေတော် မူလျက် မူလပဏ္ဏာသကဓ၏ စတုတ္ထဝဂ်၌ မဟာအသပူရ သုတ်ကို ဟောတော်မူ၏။ မဟာအသပူရသုတ်၏ အဋ္ဌကထာနည်း။ မကောင်း မှုကို ရှက်တတ်ကုန်၏ ဟူသောစကားဖြင့် အကြင် အကြင် ဆိုအပ် ပြီးသော ဝါရိတ္တသီလ စာရိတ္တသီလ၏ မူလအကြောင်းကို ပြသတည်း။ သီလကို ချစ်တတ်ကုန်၏ ဟူသော စကားဖြင့် စင်ကြယ်ခြင်းကို

ပြသတည်း။ ပြန့်ပြောသော ကျေးဇူးရှိကုန်၏ ဟူသော စကားဖြင့် ပဋိပတ်၏ ပြည့်စုံခြင်းကို ပြသတည်း။ ရဟန်းသံဃာ၏ ကျေးဇူးစကားကို သာလျှင် ပြောဆိုကုန်၏ ဟူသောစကားကို ထိုသိတင်းသည် တို့၏ မျှားသောအားဖြင့် ရဟန်းတို့၏ ကျေးဇူးကို ချီးမွမ်းခြင်းဌ လေ့ကျက်သည်၏ အဖြစ်ကြောင့် ဆိုသတည်း။ထိုကြောင့်ထိုသိတင်းသည်တို့သည် တရားဌလည်းကောင်း ဘုရားဌလည်းကောင်း အလွန် ကြည်ညိုသည် သာလျှင် ဖြစ်ကုန်၏။ ထိုကြောင့် ဘုရားကို မြတ်နိုးကုန်သည် တရားကို မြတ်နိုးကုန်သည် သံဃာကို မြတ်နိုးကုန်သည် ဖြစ်ကုန်သတတ်ဟု အဋ္ဌကထာဆရာသည် မိန့်သတည်း။ ထိုစကားသည်သင့်၏။ ရတနာသုံးပါးတွင် တပါးသော ရတနာဌ ကြည်ညိုကုန်သော သူတို့သည် ကြွင်းသော နှစ်ပါးသော ရတနာဌလည်း ကြည်ညိုသည် သာလျှင် ဖြစ်ကုန်၏။ အဘယ်ကြောင့်နည်း ဟူမူကား တပါးသော ရတနာ၏ ကြွင်းသော နှစ်ပါးသော ရတနာနှင့်မကင်းမူ၍ ဖြစ်ခြင်းကြောင့်တည်း။ ဆိုအကဋ္ဌထာ၏ ဋီကာ။ ရဟန်းသည်ကား သုံးယောက်ကုန်သော အဆွေခင်ပွန်း ကဲ့သို့ အချင်းချင်း ရှိသေခြင်းရှိသည် ဖြစ်ရာ၏။

၁၅၁–အဆွေခင်ပွန်းသုံးယောက် ဝတ္ထု

ကေကနိပါတ် စတုတ္ထဝဂ်

လွန်လေပြီးသောအခါ ဟိမန္တာအရပ်၌ တခုသော ပညောင်ကြီးကို အခိုပြု၍ ခါ, မျောက်, ဆာင်, ဤအဆွေခင်ပွန်း သုံးယောက်တို့သည် နေကုန်၏။ ထိုအဆွေခင်ပွန်းသုံးယောက်တို့သည် ခြေးဦးစွာ ဤသူကား ကြီးမြတ်သောသူတည်းဟု မသိခြင်းကြောင့် အချင်းချင်း အရိုအသေမပြုနေကုန်လျက် တနေ့သဌ် ငါတို့အား ဤသို့ နေခြင်းဌါ မသင့်၊ငါတို့တွင် အကြင်သူသည် ကြီးမြတ်၏။ ထိုသူအား ငါတို့သည် ရှိခိုးခြင်း အစရှိသည်တို့ကို ပြုကုန်လျက် ထိုကြီးမြတ်သောသူ၏ အဆုံးအမ၌ တည်ရကုန်သော် ကောင်း၏ဟု ကြံ၍ အဆွေတို့ သင်တို့သည် ဤပညောင်ပင်ကို အဘယ်မျှသောကာလမှစ၍ သိကြကုန်သနည်းဟု အချင်းချင်း မေးကြ ကုန်၏။ ထိုနောင်မှ ဆင်သည် အဆွေတို့ ငါသည် နုသော ဆင်ငယ် ဖြစ်စဉ် ကာလ၌ ဤပညောင်ပင်ကို ပေါင်ကြားတို့၌ ထား၍

သွားဏ်။ လွှမ်းမိုး၍ တည်သော ကာလ၌ ပညောင်ပင်၏ အရွက် အခက်သည် ငါ၏ ချက်ကို ခတ်မိ၏။ ငါသည် ဤသို့ ဤပညောင်ပင်ကို ငယ်သော ကာလမှ စ၍ သိ၏ဟု ဆို၏။ ထိုနောင်မှ မျောက်သည် အဆွေတို့ ငါသည် မျောက်ငယ်ဖြစ်လျက် မြေ၌ထိုင်လျက် လည်ကို မမော့မူ၍ ဤသို့ ဤပညောင်ပင်ငယ်၏ အညွှန့်တို့ကိုစား၏။ ငါသည် ဤပညောင်ပင်ငယ်သောကာလမှစ၍ သိ၏ဟုဆို၏။ ထိုနောင်မှခါသည် အဆွေတို့ ဧရားအခါ ဤမည်သော အရပ်၌ ပညောင်ပင်ကြီးသည် ရှိ၏။ ငါသည် ထိုပညောင်ပင်ကြီး၏ အသီးတို့ကိုစား၍ ဤအရပ်၌ ကျင်ကြီး တို့ကိုချ၏။ ထိုကျင်ကြီးမှ ဤပညောင်ပင်သည် ဖြစ်၏။ ငါသည် ဤသို့ ဤပညောင်ပင်ကိုဖြစ်သောကာလမှစ၍ သိ၏။ ထိုကြောင့် ငါသည် သင်တို့ထက်ကြီးမြတ်၏ဟု ဆို၏။ ထိုအခါမှစ၍ ထို ဆင် မျောက်တို့ သည်လည်း ခါကို အရိုအသေပြုခြင်း အလေးအမြတ်ပြုခြင်း ရှိခိုးခြင်း အစရှိသည်တို့ဖြင့် ပူဇော်ကုန်လျက် ခါ၏အဆုံးအမ၌တည်ကုန်၏။ ခါ သည်လည်း ဆင် မျောက်တို့ကို ပဉ္စသီလ၌တည်စေ၍ မိမိလည်း ပဉ္စသီ ဆောက်တည်၏။ ထိုသုံးယောက်သော အဆွေခင်ပွန်းတို့ သည်လည်း ပဉ္စသီ၌တည်ကုန်၍ အချင်းချင်း ရိုသေခြင်းရှိကုန်သည် တုပ်ဝပ်ခြင်းရှိ ကုန်သည်ဖြစ်ကုန်၍ အသက်၏အဆုံး၌ နတ်ပြည်သို့ လားကုန်၏။ထိုသုံး ယောက်ကုန်သောအဆွေခင်ပွန်းတို့၏ ဆောက်တည်အပ်သောအကျင့် သည် တိတ္တိရဗြဟ္မစရိယမည်၏။ ဤသို့ အတိတ်ကို ဆောင်တော်မူ၍ ရဟန်းတို့ကို ဆုံးမတော်မူသော မြတ်စွာဘုရားသည်လည်း ရဟန်း တို့ကို တိရစ္ဆာန်တို့ စဉ်လျက်လည်း အချင်းချင်း ရိုသေခြင်းရှိကုန် သည် တုပ်ဝပ်ခြင်းရှိကုန်သည်ဖြစ်၍ နေကုန်သေး၏။ သင်တို့သည် ဤသို့ ကောင်းစွာဟောတော်မူအပ်သော ဓမ္မဝိနယဖြစ်သော သာသနာ တော်၌ ရဟန်းပြုကုန်၍ အဘယ်ကြောင့် အချင်းချင်းမရိုသေကုန်သည် မတုပ်ဝပ်ကုန်သည် ဖြစ်၍နေကုန်သနည်းဟု မိန့်တော်မူ၍ တရားဟော တော်မူလိုရကား—

ယေ ဝုဇ္ဈ မပစာယန္တိ၊ နရာ ဓမ္မဿ ဟောဝိဒါ။
ဒိဋ္ဌေ ဓမ္မေစ ပါသံသာ၊ သမ္ပရာယေစ သုဂ္ဂတိံ။

ဟူသောဂါထာကို ဟောတော်မူ၏။

ဇူစ္ဆာသယ ၁၅၅-၇၄

ဓမ္မဿ၊ ကြီးသောသူတို့အားအရိုအသေပြုခြင်းတရားဌ်။ ကောဝိဒါ၊ လိမ်မာကုန်သော။ ယေနရာ၊ အကြင်သူတို့သည်။ ဝုဇုံ၊ ဂုဏ်ကျေးဇူး အရွယ်အားဖြင့်ကြီးသောသူကို။ အပစာယန္တိ၊ အရိုအသေပြုသောအမှုအားဖြင့် ပူဇော်ကုန်၏။ တေနရာ၊ ထိုသူတို့သည်။ ဓိဋ္ဌေဓမ္မေစ။ မျက်မှောက်သော ကိုယ်၏အဖြစ်ဌ်လည်း။ ပါသံသာ၊ ချီးမွမ်းခြင်းဌါထိုက်ကုန်၏။ တေသံနရာနံ၊ ထိုသူတို့၏။ သမ္ပရာယေစ၊ တမလွန်ဘဝဌ်လည်း။ သုဂ္ဂတိ၊သုဂတိသည်။ ဟောတိ၊ ၏။

အဓိပ္ပါယ်ကား ရဟန်းတို့ မင်းပုဏ္ဏားကုန်သည်သူဆင်းရဲလူရဟန်းတိရစ္ဆာန်ဖြစ်ကုန်သော ခပ်သိမ်းကုန်သော သူတို့သည်ကြီးသောသူတို့အား အရိုအသေပြုသောအမှုဌ် လိမ်မာကုန်၏၊ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံကုန်သောသူ ကြီးကုန်သောသူတို့အား အရိုအသေကိုပြုကုန်၏၊ထိုသူတို့သည် ဤကိုယ်၏အဖြစ်ဌ်ကြီးကုန်သောသူတို့အား အရိုအသေ ပြုတတ်ကုန်၏ဟု ချီးမွမ်းခြင်းကိုလည်း ရကုန်၏။ ကိုယ်ခန္ဓာ ပျက်သည်မှ နောက်ဌ်လည်း နတ်ပြည်ဌ်ဖြစ်ကုန်၏ ဟူလိုသတည်း။ [အဆွေခင်ပွန်းသုံးယောက်ဝတ္ထု]။ ။ဂါရဝေါဟူသောပုဒ်၏ အဘွင့်စကားတည်း။

---

၂၃ - နိဝါတမင်္ဂလာ

နိဝါတမင်္ဂလာ အဓိပ္ပါယ်

နိဝါတမည်သည်ကား နှိမ့်ချသော စိတ်ရှိသည်၏အဖြစ် နှိမ့်ချသော အသက်မွေးခြင်းရှိသည်၏အဖြစ်တည်း။ အကြင်နှိမ့်ချသောစိတ်ရှိသည်၏အဖြစ်နှင့်ပြည့်စုံကုန်သော ပုဂ္ဂိုလ်ဘို့သည် ပယ်အပ်သော မာနရှိသည် ပယ်အပ်သော ခိုင်မာခြင်းရှိသည် ခြေသုတ်ပုဆိုးနှင့်တူသည် ဦးချိုကျိုးသော နွားလားဥသဘနှင့်တူသည် နုတ်အပ်ပြီးသော အစွယ်ရှိသော မြွေနှင့်တူသည်ဖြစ်၍ နူးညှံ့ပြေပြစ်သည် ချမ်းသာသောစကားရှိသည်ဖြစ်၏။ ထိုပုဂ္ဂိုလ်၏နှိမ့်ချသောစိတ်ရှိသည်၏အဖြစ်သည် နှိမ့်ချသော အသက်မွေးခြင်းရှိသည်၏ အဖြစ်သည် နိဝါတမည်၏။ ။နှိမ့်ချသောအသက်မွေးခြင်းဟူသည်ကား ရှိခိုးခြင်းအလေ့တည်း။ (ပဉ္စက အဂိုတ္တိုရ်ဋီကာ) ။အလွန်မာနရှိသည်၏အစွမ်းအားဖြင့် ခိုင်မာခြင်းဌ်

အပြစ်ကိုဖြင်သော် တစုံတယောက်သော၁သူသည် နှိပ်ချခြင်းရှိသည်ဖြစ်ရာ၏။ ထိုစကား၁သည်မှန်၏၊ ဒိုင်မာသည်၏အဖြစ်သည် ပျက်စီးခြင်း၏အကြောင်းဖြစ်၏။ ထိုကြောင့်—

ဇာတိထဒ္ဓေါ ဓနထဒ္ဓေါ၊ ဂေါတ္တထဒ္ဓေါစ ယောနရော။
သဉ္ဉတိံ အတိမညတိ၊ တံ ပရာဘဝတော မုခံ။

ဟူ၍ ဟောတော်မူ၏။

ယောနရော၊အကြင်သူသည်။ ဇာတိထဒ္ဓေါစ၊ ဇာတ်အား၁ဖြင့်လည်း ဒိုင်မား၏။ ဓနထဒ္ဓေါစ၊ ဥစ္စာအား၁ဖြင့်လည်းဒိုင်မာ၏။ ဂေါတ္တထဒ္ဓေါစ၊ အနွယ်အား၁ဖြင့်လည်း ဒိုင်မာ၏။ သဉ္ဉတိံ၊ ပိပိ၏အမျိုးကို။ အတိမညတိ၊ မထေမဲ့မြင်ပြု၏။ တသ်သနရသ်သ၊ ထိုသူ၏။ တံ၊ ထိုဒိုင်မာခြင်း မထေမဲ့မြင် ပြုခြင်းသည်။ ပရာဘဝတော၊ ပျက်စီးခြင်း၏၊ မုခံ၊ အကြောင်းသည်။ ဟောတိ၊ ၏။

ဇာတိအား၁ဖြင့် ဒိုင်မာသော်သူသည်ကား ငါသည် ဇာတိနှင့်ပြည့်စုံသော်သူတည်းဟု မာနကိုထောင်၍ လွဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့အထက်သို့ဖူးဖူးတက်၍တစုံတယောက်သော်သူအားမကိုင်းညွတ်သော်သူတည်း။ ဥစ္စာဖြင့် ဒိုင်မာသော်သူ အနွယ်အား၁ဖြင့် ဒိုင်မာသော်သူကိုလ် ဤနည်းကို သိအပ်၏။ ပိပိ၏အမျိုးကို မထေမဲ့မြင်ပြု၏ဟူသည်ကား သာကီဝင်မင်းတို့သည် ဝိဋဋူဘကို မထေမဲ့မြင် ပြုကုန်သကဲ့သို့ ပိပိ၏အမျိုးကိုလည်း ဇာတိအား၁ဖြင့် မထေမဲ့မြင် ပြု၏။ ဥစ္စာအား၁ဖြင့်လည်း အထီးကျန် သူဆင်းရဲဟူ၍ မထေမဲ့မြင်ပြု၏။ အရိယသေမျှကိုလည်းမပြု။ ထိုမထေမဲ့မြင် ပြုအပ်ကုန်သော အဆွေအမျိုးတို့၏ ပျက်စီးခြင်းကိုသာလျှင် အလိုရှိကုန်၏။ ။[ထိုပါဠိတော်၏ အဋ္ဌကထာ]။

၁၅၂-သာကိဝင်မင်းတို့၏ဝတ္ထု

သာကိဝင်မင်းတို့သည် ဝိဋဋူဘကို မထေမဲ့မြင် ပြုကုန်သကဲ့သို့ဟူသော အဋ္ဌကထာစကား၌ ဝတ္ထုကား— မြတ်စွာဘုရား၏ ဘထွေးတော် သားအရှင်အနုရုဒ္ဓါ၏ နောင်တော် မဟာနာမ်မင်းသည်၊ ပိပိ၏ ပဏ္ဍာမည်သော ကျွန်မနှင့် သံဝါသဖြစ်၍ ဝါသဘခတ္တိယ မည်သော

သွီးကိုရ၍ ထိုသွီးကို တဆဲ့ခြောက်နှစ် အရွယ်သို့ ရောက်လတ်သော် ပဿေနဒီမင်းအား ပေးသတတ်။ ဝါသဘခတ္တိယသည် မင်းကိုစွဲ၍ ဝိဋဋူဘမည်သော သားကိုရ၏။ ဝိဋဋူဘသည် တဆဲ့ခြောက်နှစ် ရှိသော ကာလ၌ မိမိ၏ဆွေမျိုးဘိုးဘွားတို့ကို ဖူးမြင်လို၍ ကပိလဝတ် ပြည်သို့ သွား၍ ကပိလဝတ်ပြည်၌ နှစ်ရက်သုံးရက်နေ၍ပြန်၏။ ထိုအခါ သာကိဝင်မင်းတို့သည် စေအပ်သော တယောက်သော ကျွန်မသည် ၏ပျဉ်သည်ကား ကျွန်မသား၏ နေရာပျဉ်တည်းဟု ဆဲရေး၍ ဝိဋဋူဘ နေသောပျဉ်ကိုနှိုရည်ဖြင့်ဆေး၏။ထိုခဏ၌ ဝိဋဋူဘ၏ကျွန်ယောကျ်ား သည် လက်နက်ကိုမေ့ရစ်၍ ထိုလက်နက်ကို ယူအံ့သောငှါ ပြန်၍ ထိုဆဲရေးသောအသံကို ကြား၍ မေး၏။ ထိုမှ အစဉ်သဖြင့် လိုက်၍ ဗိုလ်ပါအပေါင်းအား ပြောဆို၏။ ဝါသဘခတ္တိယသည် ကျွန်မ၏သွီး ဖြစ်သတတ်ဟု ကြီးစွာသော ကောလာဟလသည်ဖြစ်၏။ဝိဋဋူဘသည် ထိုစကားကိုကြား၍ ထိုသာကိဝင်မင်းတို့သည် ငါနေထိုင်သော ပျဉ်ကို နှိုရည်ဖြင့် ဆေးနှင့်ကုန်ဦး၊ ငါသည်ကား မင်း၏ အဖြစ်၌ တည်၍ ထိုသာကိဝင်မင်းတို့၏ လည်ချောင်းသွေးဖြင့် ထိုနှိုရည်ဖြင့် ဆေးသော ပျဉ်ကို ဆေးဦးအံ့ဟု ရန်ငြိုးဘွဲ့၏။ နောက်ကာလ၌ မင်းဖြစ်၍ များစွာ သော ဗိုလ်ပါဖြင့် ကပိလဝတ်သို့သွား၍ အချင်းတို့....အကြင် အကြင် သူတို့သည် သာကိဝင်ဟု ဆိုကုန်၏၊ ထိုခပ်သိမ်းကုန်သော သူတို့ကို သတ်ကြကုန်လော့။ အကြင်သူတို့သည်ကား အမိအဘဖြစ်သော မဟာ နာမ်၏အထံ၌ တည်ကုန်၏။ ထိုသူတို့အား အသက်ပေးကုန်လော့ဟု ဆို၍ နှိုစို့သူငယ်တို့မှ စ၍ ခပ်သိမ်းကုန်သော သာကိဝင်မင်းတို့ကို သတ်စေ၍ ထိုသာကိဝင်မင်းအနွယ်ကို ဝိဋဋူဘသည် ဖျက်ဆီးအပ်၏။ ၏သို့ ထိုသာကိဝင်တို့သည် မာနဟူသော ခိုင်မာခြင်း၏အစွမ်းအားဖြင့် ပျက်စီးခြင်းသို့ ရောက်ကုန်၏။ ၏သို့ ဆိုအပ်ပြီးသည်ကား ၏ကျမ်း၌ အကျဉ်းတည်း။ အကျယ်ကိုကား မွေပဒပုပ္ဖဝဂ် အဌကထာ၌လည်း ကောင်း ဒွါဒသနိပါတ်ဘဒ္ဒသာလဇာတ် အဌကထာ၌ လည်းကောင်း ကြည့်အပ်၏။ ။[သာကိဝင်မင်းတို့၏ ဝတ္ထု]။ ။အလွန်မာနရှိသော သူမည်သည်လည်း ဖြစ်ပြီးသော အခြံအရံကို ယုတ်စေတတ်သလျှင် ကတည်း။ ထိုစကား၌ အောက်တွင် ဆိုလတ္တံ့သည်ကား ဝတ္ထုတည်း။

၁၅၃-သိင်္ဂါလဝတ္ထု

ဒုကနိပါတ် သဗ္ဗဒါဌဇာတ် အဋ္ဌကထာ

လွန်လေပြီးသောအခါ ဗာရာဏသီမင်းအား ပထဝီဇယ မန္တန်ကို တတ်သော ပုရောဟိတ်သည် တနေ့သဉ်၌ မန္တာန်ကို သရဇ္ဈာယ်အံ့ဟု တောဉ်၌ တခုသော အပြင်ဝယ် ကျောက်ဖျာဉ်နေ၍ သရဇ္ဈာယ်၍ဖဲ၏။ ပုရောဟိတ်သည် သရဇ္ဈာယ်သောကာလဉ်လည်း တခုသော မြေခွေးသည် တခုသော တွင်းဉ် ဝပ်လျက် ထိုမန္တန်ကိုကြား၍ လေ့လာခြင်းကို ပြု၏။ ထိုမြေခွေးသည် အခြားမဲ့ လွန်လေပြီးသော ကိုယ်၏ အဖြစ်၌ ပထဝီဇယမန္တန်ကို လေ့ကျက်ဘူးသော ပုဏ္ဏားဖြစ်သတတ်။ထိုမြေခွေးသည် တောသို့ဝင်၍ ပထဝီဇယမန္တန်ကိုမန်းရွတ်၍ အရာမကကုန်သော မြေခွေးတို့ကို စေ၍ အလုံးစုံလည်း ဖြစ်ကုန်သော ဆင် မြင် ခြသေ့် ကျား ဝက် သမင် အစရှိကုန်သော အခြေလေးချောင်းမျိုးတို့ကို မိမိ၏ အလိုဉ် တည်စေ၍ သဗ္ဗဒါဌ မည်သော မင်းဖြစ်၍ တခုသော မြေခွေးမကို မိဖုယားကြီး ပြု၏။ နှစ်စီးကုန်သော ဆင်တို့၏ကျောက်ကုန်းဉ် ခြသေ့်ကို စီးစေ၍ ခြသေ့်၏ကျောက်ကုန်းဉ် သဗ္ဗဒါဌမြေခွေးမင်းသည် မြေခွေးမမိဖုယားနှင့်တကွစီး၏ များသောအခြံအရံရှိသည် ဖြစ်၏။ ထိုသဗ္ဗဒါဌမြေခွေးမင်းသည် အခြံအရံများသည်၏ အဖြစ်ဖြင့် မေ့လျော့၍ မာနကိုဖြစ်စေ၍ ဗာရာဏသီပြည်ကိုယူအံ့ဟု ခပ်သိမ်းသော အခြေလေးချောင်းမျိုးတို့ဖြင့် ခြံရံလျက်လာ၏။ ပရိသတ်သည် တဆဲ့ နှစ်ယူဇနာရှိ၏။ ထိုသဗ္ဗဒါဌ မြေခွေးမင်းသည် မြို့မှ မနီးမဝေးသော အရပ်၌တည်လျက် မင်း၏အဖြစ်ကိုတည်း ပေးမည်လော စစ်တည်း ထိုးမည်လောဟု မင်းအား သတင်းစကားကိုမှာလိုက်၏။ လူတို့သည် ကြောက်လန့်ကုန်၍မြို့တံခါးတို့ကိုပိတ်ကုန်၏။ပုရောဟိတ်သည် မင်းနှင့် တကွ ခပ်သိမ်းကုန်သောလူတို့ကိုနှစ်သိမ့်စေ၍ မကြောက်ကြကုန်လင့် ထိုမြေခွေးနှင့်စစ်ထိုးခြင်းသည် ငါ၏ဝန်တည်းဟုဆို၍ တံခါးပစ်စင်သို့ တက်၍ အဆွေသဗ္ဗဒါဌ သင်သည်အသို့ပြု၍ပြည်ကိုယူလတ္တံ့နည်း ဟု မေး၏။ ခြသေ့်ကိုဟောက်စေ၍ လူတို့ကိုအသက်ကုန်စေ၍ ယူအံ့ဟုဆို၏။ ပုရောဟိတ်သည် ပစ်စင်မှဆင်း၍ ခပ်သိမ်းကုန်သော သူတို့သည် နားပေါက်တို့ကို ပဲမုံ့ညက်ဖြင့်ပိတ်စေကုန်ဟု စည်လည်စေ၏။ လူတို့သည် အယုတ်သဖြင့် ကြောင်တို့ကိုအစပြု၍ အခြေလေးချောင်းမျိုးတို့၏

လည်းကောင်း မိမိတို့၏လည်းကောင်း နားပေါက်တို့ကို ပဲမုံ့ညက်ဖြင့် ပိတ်ကုန်၏။ ပုရောဟိတ်သည်ကား တဘန် ပစ်စင်သို့တက်၍ သဗ္ဗဒါဌ ဇာတ်နှင့် ပြည့်စုံကုန်သော ကောင်းစွာနီသော လက်ခြေ ရှိကုန်သော ကေသရာ ခြသေ့်တို့သည် သင်ကဲ့သို့သော မြေခွေးအို၏အာဏာကို အကြင်ကြောင့် မပြုကုန်လတ္တံ့၊ ထိုကြောင့် သင်သည် ခြသေ့်တို့ကို ဟောက်စေခြင်းငှါ မတတ်နိုင်လတ္တံ့။ အကယ်၍ တတ်စွမ်းနိုင်အံ့၊ ဟောက်စေလော့ဟု ဆို၏။သဗ္ဗဒါဌမြေခွေးသည် မာနဖြင့်ခိုင်မာသည် ဖြစ်၍ တပါးကုန်သောခြသေ့်တို့ကို နေစေကုန်ဦး၊ အကြင်ခြသေ့်၏ ကျောက်ကုန်း၌ ငါသည်စီး၏၊ ထိုခြသေ့်ကိုပင်လျင် ဟောက်စေအံ့ဟု ဆို၍ ခြေဖြင့်အမှတ်သညာကိုပေး၏။ ခြသေ့်သည် ဆင်ဦးကင်း၌မျက် နှာကိုအထက်သို့မော်၍ သုံးကြိမ်တားမြစ်ခြင်းငှါ မတတ်ကောင်းသော ခြသေ့်သံကို ဟောက်၏။ ဆင်တို့သည် ထိတ်လန့်ခြင်းသို့ ရောက်ကုန်၍ ခြေရင်း၌ကျသော မြေခွေး၏ဦးခေါင်းကိုနင်းကုန်၍ မှုန့်မှုန့်ညက်ညက် ကြေခြင်းကိုပြုကုန်၍ အသက်ကုန်ခြင်းသို့ရောက်စေကုန်၏။ ထိုဆင်တို့ သည်လည်း အချင်းချင်းထိုးကုန်၍ သေကုန်၏။ ခြသေ့်တို့ကိုထား၍ ခြသေ့်တို့မှကြွင်းကုန်သောခပ်သိမ်းကုန်သော အခြေလေးချောင်းမျိုးတို့ သည်ထိုအရပ်၌သာလျှင် သေကုန်၏။ ခြသေ့်တို့သည်ပြေး၍ တောသို့ သွားကုန်၏။ အသားစုသည် တဆဲ့နှစ်ယူဇနာရှိ၏။ ပုရောဟိတ်သည် အသားဖြင့် အလိုရှိကုန်သောသူတို့သည် အသားကို ဆောင်စေကုန်သ တည်းဟု စည်လည်စေ၏။လူတို့သည် အသားစိမ်းကိုစား၍ကြွင်းသော အသားစုတို့ကို အခြောက်လှမ်း၍ အသားညှင်းပြုကုန်၏။ (ထိုအခါက စ၍ အသားညှင်းပြုခြင်းသည် ဖြစ်သတတ်ဟူ၍ဆိုကုန်၏။) ဤသို့မြေ ခွေးသည် မာနခိုင်မာသည်၏ အစွမ်းအားဖြင့် ဖြစ်ပြီးသောအခြံအရံကို ယုတ်စေ၍ မိမိသည်လည်း သေခြင်းဆင်းရဲသို့ ရောက်၏။ထိုကြောင့် ရဟန်းတို့အား တရားဟောတော်မူသော မြတ်စွာဘုရားသည်-

သိင်္ဂါလော မာနထဒ္ဓေါ၊ ပရိဝါရေန အတ္ထိကော။
ပါပုဏိ မဟတိဘူမိံ၊ ရာဇာသိ သဗ္ဗဒါဌိနံ။
ဇဝမေဝ မနုဿေသု၊ ယော ဟောတိ ပရိဝါရော ဝါ။
သောဟိ တတ္ထ မဟာ ဟောတိ၊ သိင်္ဂါလောဝိယ ဒါဌိနံ။

အထ သော သံဂိဂ်ါလောဝိယ၊ ပမာဒံ အာပဇ္ဇိတွာန။
တံ ပရိဝါရံ နိဿာယ၊ ဝိနာသဉ္စ ပါပုဏာတိ။
ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သိဂ်ါလော၊ မြေးသည်။ မဟာတိဘူမိ်၊ ကြီးသောစည်းစိမ်သို့။ ပါပုဏိ၊ ရောက်၏။ သဗ္ဗဒါဠိနံ၊ အစွယ်ရှိကုန်သော ခပ်သိမ်းကုန်သောသားတို့၏။ ရာဇာ၊ မင်းသည်။ အာသိ၊ဖြစ်၏။ သော၊ ထိုမြေးသည်။ ပရိဝါရေန၊ အလွန်ဖြစ်သော အခြံအရံဖြင့်။ အင်္ဂါကော၊ အလိုရှိ၍။ မာနထဒ္ဓေါ၀၊ အခြံအရံကိုမှီ၍ဖြစ်သော မာန ဖြင့် ခိုင်မာသကဲ့သို့။ ဇဝမေဝ၊ ထိုအတူလျှင်။ မနုဿသသု၊ လူတို့တွင်။ ယော၊ အကြင်သူသည်။ ဒါဠိနံ၊ အစွယ်ရှိကုန်သောသားတို့အား။ သိဂ်ါလောဝိယ၊ မြေးကဲ့သို့။ ပရိဝါရော၀ါ၊ အခြံအရံ ရှိသည်လည်း။ ဟောတိ၊ ၏။ တတ္ထ၊ ထိုအခြံအရံတို့၌။ မဟာ၊ မြတ်သည်၊ဟောတိ။၏။ သောဟိ၊ ထိုသူသည်လျှင်။ မာနထဒ္ဓေါ၊ မာနခိုင်မာသည်။ ဟောတိ၊၏။ အာထ၊ ထိုနောင်မှ။ သော၊ ထိုသူသည်။ သိဂ် ါလောဝိယ၊မြေးကဲ့သို့။ ပမာဒံ၊ မေ့လျော့ခြင်းသို့။ အာပဇ္ဇိတွာန၊ ရောက်၍။ တံပရိဝါရံ၊ ထို အခြံအရံကို။ နိဿာယ၊ မှီ၍။ ဝိနာသံ။ ပျက်စီးခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။

ဤသို့ မာနခိုင်မာသည်၏အဖြစ်သည် ပျက်စီးခြင်းအကြောင်း ဖြစ်သောကြောင့် မင်္ဂလာမမည်ဟူ၍သိအပ်၏။ ။မခိုင်မာသည်၏ အဖြစ်ဖြင့် သင်္ကြိုဟ်အပ်သော နှိပ်ချခြင်းသည်တမူကား— ယသအစရှိသော ကျေးဇူးကို ရခြင်း၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာ မည်၏။ ထိုကြောင့် မြတ်စွာဘုရားသည် သိဂ်ါလသုတ်၌-

ပဏ္ဍိတော သိလသမ္ပန္နော၊ သဏ္ဌော၀ ပဋိဘာဏဝါ။
နိဝါတဝုတ္တိ အထဒ္ဓေါ၊ တာဒိသော လဘတေ ယသံ။
ဟူ၍ ဟောတော်မူ၏။

ပဏ္ဍိတော၊ လိမ်မာသည်ဖြစ်၍။ သိလသမ္ပန္နော၊ သီလနှင့် ပြည့်စုံသည်ဖြစ်၍။ သဏ္ဌော၀၊သိမ်မွေ့နူးညံ့သော စကားကို ဆိုခြင်းဟူသော ကျေးဇူးရှိသည်ဖြစ်၍။ ပဋိဘာဏဝါ၊ဉာဏ်ရှိသည်ဖြစ်၍။ နိဝါတဝုတ္တိ၊ နှိမ့်ချသော ဖြစ်ခြင်းရှိသော၊။တနည်းကား-နိဝါတဝုတ္တိ၊ရှိဒိုးတတ်သော

အလေ့ရှိသော။ အထဒ္ဓေါ၊ ခိုင်မာခြင်းကင်းသော။ တာဒိသော၊ ထိုသို့ သဘောရှိသော သူသည်။ ယသံ၊ အခြံအရံ စည်းစိမ် ချမ်းသာကို။ လဘတေ၊ ရ၏။ ။နိဝါတောဟူသော ပုဒ်၏ အဘွင့်စကားတည်း။

၂၄-သန္တုဋ္ဌိမင်္ဂလာ

၁၅၄-ရောင့်ရဲခြင်းဟူသော သန္တုဋ္ဌိကို ပြခြင်း

သန္တုဋ္ဌိမည်သည်ကား အမှတ်မရှိသော ပစ္စည်းဖြင့် ရောင့်ရဲခြင်းတည်း။ တနည်းကား-အယုတ်အမြတ်ဖြစ်သော ပစ္စည်းဖြင့် ရောင့်ရဲခြင်းတည်း။ ထိုရောင့်ရဲခြင်းသည် အလောဘလျှင်တည်း။ ထိုကြောင့် ဧက အင်္ဂုတ္တိုရ် အဋ္ဌကထာ၌။ ။သန္တုဋ္ဌိတာတိအလောဘသန္တောသော။ ။ ဟူ၍ဆို၏။ ။သန္တုဋ္ဌိတာတိ။ သန္တုဋ္ဌိတာ ဟူသည်ကား-အလောဘ သန္တောသော။ အလောဘဟူသော အမှတ်မဲ့ဖြစ်သော ပစ္စည်းဖြင့် ရောင့်ရဲခြင်းတည်း။ ။အလောဘသည် တပါးသာလျှင် ဖြစ်ငြားသော်လည်း အာရုံအားဖြင့် ပြားခြင်းကြောင့် လေးပါးသော ပစ္စည်း၏အစွမ်းအားဖြင့် လေးပါး အပြားရှိ၏။ လေးပါးကုန်သော ပစ္စည်းတို့တွင် တပါးသော ပစ္စည်း၌ ယထာလာဘ၊ ယထာဗလ၊ ယထာသာရုပ္ပတို့၏ အစွမ်းအားဖြင့် သုံးပါး သုံးပါးကုန်သော ရောင့်ရဲခြင်း တို့သည် ဖြစ်ကုန်၏။ ထိုကြောင့် လေးပါးကုန်သော တိကတို့၏ အပြားအားဖြင့် တဆဲ့နှစ်ပါးသော ရောင့်ရဲခြင်းသည် ဖြစ်၏။ ထိုဒီဃနိကာယ်သာမည ဖလသုတ် အဋ္ဌကထာ။ မဇ္ဈိမနိကာယ် မူလပဏ္ဏာသက တတိယဝဂ် ရသသုတ် အဋ္ဌကထာ။ သံယုတ္တနိကာယ် ကဿပသံယုတ် အဋ္ဌကထာ။ အင်္ဂုတ္တိုရ်နိကာယ်၏ ဧကကနိပါတ် အဋ္ဌကထာ။ ခုဒ္ဒကနိကာယ် ခုဒ္ဒက ပါဋ္ဌသုတ္တနိပါတ်မင်္ဂလသုတ် အဋ္ဌကထာတို့၌ တဆဲ့နှစ်ပါးကုန်သော သန္တောသကိုဆို၏။ အသို့ဆိုသနည်းဟူမူကား ဤသာသနာတော်၌ ရဟန်းသည် ကောင်းသည်မူလည်း ဖြစ်စေ မကောင်းသည်မူလည်း ဖြစ်စေ သက်နိုးကိုရ၍ ထိုရသော သက်နိုးဖြင့်သာလျှင် မျှ၏။ တပါးသော သက်နိုးကို မတောင့်တ၊ တပါးသော သက်နိုးကို ရသော် မယူ။ ထိုရဟန်း၏သက်နိုး၌ ဤရောင့်ရဲခြင်းသည်ကား ယထာလာဘသန္တောသမည်၏။ အနာရှိသော ရဟန်းဖြစ်၍လည်း လေးသော သက်နိုးကို

ရုံသေ့ အကယ်၍ ညွတ်သည်မူလည်း ဖြစ်အံ့၊ ပင်ပန်းသည် မူလည်း ဖြစ်အံ့၊ ထိုရဟန်းသည် သဘာဝ ရဟန်းနှင့် ထိုသင်္ခန်း ကိုလဲ၍ ပေါ့သော သင်္ခန်းဖြင့် မျှသည်ဖြစ်အံ့၊ ရောင့်ရဲသည်ပင်လျှင် ဖြစ်၏။ ထိုရဟန်း၏သင်္ခန်း၌ ဤရောင့်ရဲခြင်းသည်ကား ယထာဗလသန္တောသ မည်၏။ ။ဤကား မဂ်လာသုတ် အဋ္ဌကထာတည်း။

သာမညဖလသုတ် စသည်တို့၏ အဋ္ဌကထာ၌ကား။ ပကတိအားဖြင့် အားနည်းသည် ဖြစ်၍ လည်းကောင်း နာခြင်း အိုခြင်းသည် ဒိုလ်စက် သည်ဖြစ်၍ လည်းကောင်း လေးသော သင်္ခန်းကို ရုံသေ့ ပင်ပန်း သည်ဖြစ်၍ဟုဆို၏။ ။တပါးသော ရဟန်းသည် မြတ်သောပစ္စည်းကို ရကတ်၏။ ထိုရဟန်းသည် ပြေပြစ်သောသင်္ခန်း အစရှိသည်တို့တွင် တပါးပါးသော များစွာသော အတိုးထိုက်သော သင်္ခန်းကို ရ၍ ဤသင်္ခန်းသည် ရဟန်းပြု၍ ကြာမြင့်ကုန်ပြီးသော သိဘင်းကြီးတို့အား လျော်ပတ်၏။ ဗဟုသုတရှိကုန်သော ရဟန်းတို့အား လျော်ပတ်၏ဟု ထိုသိဘင်းကြီး ရဟန်း ဗဟုသုတ ရှိသော ရဟန်းတို့အားလှု၏။ မိမိသည် တံမြက်ခြေးစုရာ အရပ်မှ လည်းကောင်း တပါးသော တရုံ တခုသော အခန်းမှ လည်းကောင်း ပုဆိုးကြမ်း တို့ကို ရွေးယူ၍ ထိုပုဆိုးကြမ်းတို့ဖြင့် သင်္ခန်းပြု၍ ဆောင်သော်လည်း ရောင့်ရဲသည် ပင်လျှင် ဖြစ်၏။ ထိုရဟန်း၏ သင်္ခန်း၌ ရောင့်ရဲခြင်းသည်ကား ယထာ သာရုပ္ပ သန္တောသ ဖြစ်၏။ ။ဤ မဂ်လာသုတ် အဋ္ဌကထာ၌ကား များစွာ အတိုး ထိုက်သော သင်္ခန်းကို ရ၏ဟု ဆို၏။ တပါးသော အဋ္ဌကထာ၌ကား များစွာ အတိုးထိုက်သော သင်္ခန်းကို လည်းကောင်း ပေါ့ကုန်သော ပြေပြစ်ကုန်သော သင်္ခန်းတို့ကိုလည်းကောင်း ရ၏ဟု ဆို၏။ ။ဤ သာသနာတော်၌ ရဟန်းသည် ကြမ်းသည် မူလည်း ဖြစ်စေ မြတ်သည်မူလည်း ဖြစ်စေ ဆွမ်းကို ရ၏။ ထိုရဟန်းသည် ထိုဆွမ်းဖြင့်သာလျှင် မျှ၏၊ တပါးသော ဆွမ်းကို မတောင့်တ၊ ရငြားသော်လည်းမယူ၊ ထိုရဟန်း၏ ဆွမ်း၌ ဤရောင့်ရဲခြင်းသည် ယထာ လာဘသန္တောသဖြစ်၏။ အကယ်၍ အနာရှိသည်ဖြစ်အံ့၊ ကြမ်းသော ဆွမ်းကိုစား၍ ပြင်းစွာသော အနာရောဂါသို့ ရောက်သည် ဖြစ်အံ့၊ ထိုရဟန်းသည် ကြမ်းသော ဆွမ်းကို သဘာဝ ရဟန်းအားပေး၍ သဘာဝရဟန်း၏လက်မှ ထောပတ်နှီဝမ်း ပျားနှီရည် အစရှိသည်တို့ကို

စား၍ ရဟန်းတရားကို ကျင့်သော်လည်း ရောင့်ရဲသည်ပင် ဖြစ်၏။ ထိုရဟန်း၏ ဆွမ်း၌ ရောင့်ရဲခြင်းသည် ယထာဗလသန္တောသ ဖြစ်၏။ [ဤမင်္ဂလသုတ် အဋ္ဌကထာ]။ ။တပါးသော အဋ္ဌကထာ၌ကား အကြင် ရဟန်းသည်ကား မိမိအား ပကတိအားဖြင့် ဆန့်ကျင်သည်လည်း ဖြစ်သော နာဖျား၍ ဆန့်ကျင်သည်လည်း ဖြစ်သော ဆွမ်းကိုရ၏၊ ထိုရဟန်းအားဘုဉ်းပေးအပ်သောအကြင်ဆွမ်းဖြင့်မချမ်းသာခြင်းသည် ဖြစ်၏၊ထိုရဟန်းသည် ထိုဆွမ်းကို သဘာဂရဟန်းအားပေး၍ သဘာဂ ရဟန်း၏ လက်မှသင့်တင့်သော ဘောဇဉ်ကို ဘုဉ်းပေး၍ ရဟန်း တရားကို ကျင့်သော်လည်း ရောင့်ရဲသည်ပင်လျှင် ဖြစ်၏ဟူ၍ ဆိုဏ်။ တပါးသော ရဟန်းသည် မြတ်သော ဆွမ်းကိုရ၏။ ထိုရဟန်းသည် ဤဆွမ်းကား ရဟန်းပြု၍ ကြာမြင့်ကုန်ပြီးသော မထေရ်ကြီးတို့အား လည်းကောင်း မြတ်သော ဆွမ်းနှင့် ကင်း၍ မမျှနိုင်ကုန်သော တပါး ကုန်သော သီတင်းသုံးဘော်တို့အား လည်းကောင်း လျောက်ပတ်၏ဟု ထိုမထေရ်ကြီး သီတင်းသုံးဘော်တို့အား ထိုဆွမ်းကိုပေး၍ မိမိသည် ဆွမ်းခံ၍ ရောနှောသော အာဟာရကို စားသော်လည်း ရောင့်ရဲသည် ပင်လျှင်ဖြစ်၏၊ ထိုရဟန်း၏ ဆွမ်း၌ ရောင့်ရဲခြင်းသည်ကား ယထာသာ ရုပ္ပသန္တောသဖြစ်၏။ ။ဤသာသနာတော်၌ ရဟန်းအား ကျောင်းသည် ရောက်၏၊ ထိုရဟန်းသည် ထိုကျောင်းဖြင့်သာလျှင် ရောင့်ရဲ၏။ တဘန် ရောက်လာသောတပါးသော လွန်၍ ကောင်းသော ကျောင်းကိုလည်း မယူ။ ထိုရဟန်း၏ ဤကျောင်း၌ ရောင့်ရဲခြင်းသည် ယထာလာဘ သန္တောသ ဖြစ်၏။ အကယ်၍ အနာဓှိသည် ဖြစ်အုံ၊ လေတိတ်သော ကျောင်း၌ နေတတ်သော် အလွန်လျှင် သည်းခြေရောဂါ အစဓှိ သည်တို့ဖြင့် ကျင်နာသည် ဖြစ်အုံ၊ ထိုရဟန်းသည် ထိုကျောင်းကို သဘာဂ ရဟန်းအား ပေး၍ ထိုသဘာဂ ရဟန်းအားရောက်သော လေဓှိသော ချမ်းအေးသော ကျောင်း၌ နေ၍ ရဟန်း တရားကို ကျင့်သော်လည်း ရောင့်ရဲ သည်ပင်လျှင် ဖြစ်၏။ ထိုရဟန်း၏ ကျောင်း၌ ဤရောင့်ရဲခြင်းသည် ယထာဗလ သန္တောသ ဖြစ်၏။ တပါးသော ရဟန်းသည် ကောင်းသော ကျောင်းမည်သည်ကား မေ့လျော့ခြင်း၏ တည်ရာ ဟူ၍ဌင်း ထိုကောင်းသော ကျောင်း၌ နေသော ရဟန်းအား အိပ်ခြင်း ငိုက်မျည်းခြင်းသည် သက်ပင်၏၊

အိပ်ခြင်းသည် နှိပ်စက်၍ တဘန်း နိုးသော ရဟန်းအား ယုတ်မာ ကုန်သော အကြီ တို့သည် ဖြစ်တတ်ကုန်၏ ဟူ၍ လည်းကောင်း ကောင်းသော ကျောင်းကို ရငြားသော်လည်းမခံ၊ ထိုရဟန်းသည် ထိုကျောင်းကို ပယ်၍ လွင်တီးခေါင်သစ်ပင်ရင်း၌ သစ်ရွက်မိုးသော ကုဋိတို့တွင် တပါးပါး၌ နေငြားသော်လည်း ရောင့်ရဲသည်လျှင် ဖြစ်၏။ ထိုရဟန်း၏ကျောင်း၌ ဤရောင့်ရဲခြင်းသည် ယထာသာရုပ္ပ သန္တောဖြစ်၏။ ။ဤ သာသနာတော်၌ ရဟန်းသည် သဖန်းခါး ဆေးကို လည်းကောင်း ရှစ်ရှားသီးဆေးကို လည်းကောင်းရ၏၊ ထိုရဟန်းသည် ထိုဆေးဖြင့်သာလျှင်မျှ၏၊တပါးကုန်သော ရဟန်းတို့သည် ရအပ်သော ထောပတ် ပျားတင်လဲ အစရှိသည်ကိုလည်း မတောင့်တ၊ရသော်လည်း မယူ၊ ထိုရဟန်းအား သူနာတို့၏ အထောက်အပင့်ဖြစ်သောဆေး၌ ဤသို့ ရောင့်ရဲခြင်းသည် ယထာလာဘသန္တောသဖြစ်၏။အနာရှိ၍ဆီဖြင့် အလိုရှိသော ရဟန်းသည် အကယ်၍ တင်လဲကိုရအံ့။ထိုရဟန်းသည် ထိုတင်လဲကို သဘာဂရဟန်းအားပေး၍ သဘာဂရဟန်း၏ လက်မှ ဆီဆေးကို ပြု၍ ရဟန်းတရားကို ကျင့်သော်လည်း ရောင့်ရဲသည်ပင်လျှင် ဖြစ်၏။ ထိုရဟန်း၏ သူနာတို့၏ အထောက်အပင့်ဖြစ်သော ဆေး၌ ရောင့်ရဲခြင်းသည်ကား ယထာဗလသန္တောသဖြစ်၏။ ။[ဤမင်္ဂလသုတ်အဋ္ဌကထာ]။

တပါးသော အဋ္ဌကထာ၌ကား သဘာဂရဟန်းလက်မှဆီကို ယူ၍ လည်းကောင်း တပါးသည်သာလျှင်ဖြစ်သောဆီကိုရှာ၍ လည်းကောင်း ဆေးကို ပြုသော်လည်း ရောင့်ရဲသည်ပင်လျှင် ဖြစ်၏ ဟူ၍ ဆို၏။ တပါးသော ရဟန်းသည် တဆုသောခွက်၌ နွားဏ် ကျင်ငယ်ဖြင့် စိမ်အပ်သော သဖန်းခါးဆေးကိုထား၍ တဆုသောခွက်၌ စတုမရဆေးကိုထားလျက် အရှင်ဘုရား အကြင်ဆေးကိုအလိုရှိ၏၊ထိုဆေးကိုယူလော့ဟု ဆိုအပ်သည်ရှိသော် ထိုရဟန်းအားလည်း ထိုဆေးနှစ်ပါးတို့တွင် တပါးပါးသောဆေးဖြင့်အနာငြိမ်းအံ့သည်ရှိသော် နွားဏ်ကျင်ငယ်ဖြင့် စိပ်အပ်သောဆေးမည်သည်ကား ဘုရားအစရှိကုန်သော အရိယာ တို့သည် ချီးမွမ်းအပ်သော ဆေးဖြစ်၏ဟူ၍ လည်းကောင်း ပူတိမုတ္တဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထတေယာဝဇီဝံဥဿာဟောကရဏီယော ဟု ဟောအပ်ချေသည်ဟူ၍ လည်းကောင်း ကြီလျက် စတုမရ ဆေးကို ပယ်၍ နွားဏ်ကျင်ငယ်ဖြင့်စိမ်သော သဖန်းခါးဖြင့် ဆေးကိစ္စကိုပြုလျက်

အလွန် ရောင့်ရဲသည်လျှင်ဖြစ်၏။ထိုရဟန်း၏ ဆေးပစ္စည်း၌ ဤရောင့်ရဲခြင်းသည် ယထာသာရုပ္ပသန္တောသ ဖြစ်၏ ဟု ဤအဋ္ဌကထာ၌ ဆို၏။ ။အသီးအသီးဖြစ်ကုန်သော ပစ္စည်းတို့၌ ဖြစ်ကုန်သော ဤသုံးပါးကုန်သော သန္တောသတို့တွင်ကား ယထာသာရုပ္ပသန္တောသ သည်သာလျှင် မြတ်၏။ ဤသို့ ဧကကအဂ်ုတ္တိုရ် ရထဝိနီတသုတ် အဋ္ဌကထာ၌ဆို၏။ ။[တဆဲ့နှစ်ပါးသော သန္တောသကထာတည်း]။ ။

ဤတဆဲ့နှစ်ပါးအပြားရှိသော အယုတ်အမြတ်ဖြစ်သော ပစ္စည်းကို ရောင့်ရဲခြင်းနှင့် ပြည့်စုံသော ရဟန်းအား သက်နံးသုံးထည်၊ သပိတ်၊ ပဲခွပ်၊ အပ်၊ ခါးပန်း၊ ရေစစ်၊ ဤပရိက္ခရာရှစ်ပါးတို့သည် အပ်ကုန်၏။ ထိုကြောင့်—

တိစီဝရဉ္စ ပတ္တောစ၊ ဝါသိ သူစိစ ဗန္ဓနံ။
ပရိဿာဝနေန အဋ္ဌေတေ၊ ယုတ္တယောဂဿ ဘိက္ခုနော။

ဟူ၍ဟောအပ်၏။

တိစီဝရဉ္စ၊ သက်နံးသုံးထည်လည်းကောင်း။ ပတ္တောစ၊ သပိတ်လည်းကောင်း။ ဝါသိစ၊ ပဲခွပ်လည်းကောင်း။ သူစိစ၊ အပ်လည်းကောင်း။ ဗန္ဓနဉ္စ၊ ခါးပန်းလည်းကောင်း။ ပရိဿာဝနေန၊ ရေစစ်နှင့်။ သဟ၊ တကွ။ ဧတေအဋ္ဌ၊ ထိုရှစ်ပါးကုန်သော ပရိက္ခရာတို့သည်။ယုတ္တယောဂဿ၊ လျောက်ပတ်သည်၌ယှဉ်သော။ ဘိက္ခုနော၊ရဟန်းအား၊ ဝဋ္ဋန္တိ၊ အပ်ကုန်၏။

ထိုခပ်သိမ်းကုန်သော ပရိက္ခရာတို့သည် ကိုယ်ကိုလည်း မွေးမြူကုန်၏။ ဝမ်းကိုလည်း မွေးမြူကုန်၏။ အသို့ မွေးမြူသနည်းဟူမူကား သက်နံးသည် ရှေးဦးစွာ ဝတ်၍ ရုံ၍ သွားသောကာလ၌ ကိုယ်ကို မွေးမြူ၏။ သက်နံးစွန်းဖြင့် ရေကိုစစ်၍ သောက်သော ကာလ၌ လည်းကောင်း ခဲဘွယ်သစ်သီးကို ယူသောကာလ၌လည်းကောင်း ဝမ်းကို မွေးမြူ၏။ သပိတ်ဖြင့် ရေကိုဆောင်၍ ချိုးသောကာလ၌လည်းကောင်း ကုဋိ၏ပရိကံကို ပြုသောကာလ၌လည်းကောင်း သပိတ်သည်လည်း ကိုယ်ကို မွေးမြူ၏။ အာဟာရကိုယူ၍ စားသော ကာလ၌ ဝမ်းကို မွေးမြူ၏။ ပဲခွပ်သည်လည်း ဒန်ပူဖြတ်သောကာလ၌လည်းကောင်း ညောင်စောင်းအင်းပျဉ်တို့၏ အပေါင် အခြေ သခ်မ်း ကုဋိ တောင်ဝှေးတို့ကို စီရင်သော ကာလ၌လည်းကောင်း ကိုယ်ကို မွေးမြူ၏။ ကြံကို

ဖြတ်သောကာလ၌ ဝမ်းကို မွေးမြူ၏။ အပ်သည်လည်း သက်နိုး ချုပ်သောကာလ၌ ကိုယ်ကို မွေးမြူ၏။ မုံ့ကိုလည်းကောင်း သစ်သီးကိုလည်းကောင်း ထိုး၍ စားသောကာလ၌ ဝမ်းကိုမွေးမြူ၏။ ခါးပန်းသည်လည်း ဘွဲ့၍ ယွားသောကာလ၌ ကိုယ်ကိုမွေးမြူ၏။ကြီအစရှိသည်တို့ကို ဘွဲ့၍ယူသောကာလ၌ ဝမ်းကိုမွေးမြူ၏။ ရေစစ်သည်လည်း ထိုရေစစ်ဖြင့် ရေကိုစစ်၍ချိုးသောကာလ၌လည်းကောင်း ကျောင်း၏ ပရိကံကိုပြုံသောကာလ၌လည်းကောင်း ကိုယ်ကိုမွေးမြူ၏။သောက်ရေကို စစ်သောကာလ၌ လည်းကောင်း ရေစစ်ဖြင့်သာလျှင် နှမ်းဆန်မုံ့ဆန်အစရှိသည်တို့ကို ယူ၍စားသောကာလ၌လည်းကောင်း ဝမ်းကို မွေးမြူ၏။ဤသို့ခပ်သိမ်းသော ပရိက္ခရာသည် ကိုယ်ကိုလည်း မွေးမြူ၏။ ဝမ်းကိုလည်းမွေးမြူ၏။ ဤဆိုအပ်ပြီးသော ပမာဏသည်ကား ရှေးဦးရှစ်ပါးသော ပရိက္ခရာကို ဆောင်သော ရဟန်း၏ ပရိက္ခရာပမာဏတည်း။အိပ်ရာသို့ဝင်တတ်သော ကိုးပါးသောပရိက္ခရာကို ဆောင်သော ရဟန်းအားကား အိပ်ရာ၌ တည်သော အခင်း အလွှမ်း သည်လည်းကောင်း သံကောက် သည်လည်းကောင်း အပ်၏။ ဆယ်ပါးသော ပရိက္ခရာကို ဆောင်သော ရဟန်းအား နိသိဒိန်သည်လည်းကောင်း စမ္မခဏ်သည်လည်းကောင်း အပ်၏။ တဆဲ့တပါးသော ပရိက္ခရာကို ဆောင်သော ရဟန်းအား တောင်ဝှေးသည်လည်းကောင်း ဆီကျည်သည်လည်းကောင်း အပ်၏။ တဆဲ့နှစ်ပါးသော ပရိက္ခရာကို ဆောင်သော ရဟန်းအား ထီးသည်လည်းကောင်း ဘိနပ်သည်လည်းကောင်း အပ်၏။ တိုရဟန်းတို့တွင် ရှစ်ပါးသော ပရိက္ခရာကို ဆောင်သော ရဟန်းသည်သာလျှင် ရောင့်ရဲသော ရဟန်း ဖြစ်၏။ တပါးကုန်သော ရဟန်းတို့သည် မရောင့်ရဲကုန် အလိုကြီးကုန်၏ တပ်စွန်းခြင်းကြီးကုန်၏ ဤသို့ မဆိုအပ်ကုန်။ ထိုကိုးပါးသော ပရိက္ခရာ အစရှိသည်ကို ဆောင်ကုန်သော ရဟန်းတို့သည်လည်း အလိုနည်းသည်သာလျှင် ဖြစ်ကုန်၏။ ရောင့်ရဲသည်သာလျှင် ဖြစ်ကုန်၏။ မွေးမြူလွယ်သည်သာလျှင် ဖြစ်ကုန်၏။ ပေါ့သောအသက်မွေးခြင်း ရှိသည်သာလျှင် ဖြစ်ကုန်၏။ ။[သာမညဖလစူဋ္ဌဟတ္ထိပဒေါပမသုတ် အဋ္ဌကထာ]။ ။

ရှစ်ပါးသော ပရိက္ခရာကို ဆောင်သော ရဟန်းသည်ကား ပဲခွပ်ငယ်နှင့် အပ်ကို ရေစစ်၌ထည့်၍ သပိတ်ထဲ၌ ထား၏။ သပိတ်ကို ပခုံး

စွန်း၌ လွယ်၍ သက်နှုံးထည်ကိုငတ်၍ ခါးပန်းကို ပန်း၍ အလိုရှိရာ အရပ်သို့ချမ်းသာစွာသွားရ၏။ ထိုရဟန်းအား ပြန်၍ ဆောင်ယူအပ်သော ပရိက္ခရာမည်သည်မရှိ။ ထိုကြောင့် သာမညဖလသုတ် အစရှိသည်တို့၌ ရှစ်ပါးသောပရိက္ခရာကိုဆောင်သော ရဟန်း၏အစွမ်းအားဖြင့်သာလျှင် ဒေသနာတော်သည်လာ၏။ ကိုးပါးသောပရိက္ခရာအစရှိသည်ကို ဆောင်ကုန်သော ရဟန်းတို့၏အစွမ်းအားဖြင့် ဒေသနာတော်သည်မလာ။ ။ထိုဆိုအပ်ပြီးသောအဌကထာနည်း။ ။သန္တောသတို့သည်အကယ်၍ကား တဆဲ့နှစ်ပါးအပြားရှိကုန်၏။ ထိုသို့တဆဲ့နှစ်ပါးအပြားရှိကုန်သော်လည်း အကျဉ်းအားဖြင့်ယထာလာဘ ယထာဗလ၊ ယထာသာရုပ္ပတို့၏အစွမ်းအားဖြင့် သုံးပါးဖြစ်ကုန်၏။ ထိုသုံးပါးကုန်သော သန္တောသတို့ဖြင့်ရောင့်ရဲသောရဟန်းသည် အယုတ်အမြတ်အမှတ်မဲ့ဖြစ်သော ပစ္စည်းဖြင့်ရောင့်ရဲသောရဟန်းမည်၏။ ထိုကြောင့် သင်္ဂီတိသုတ် အရိယဝံသစတုက္ထအဌကထာ၌ရင်း။ စတုက္ကအဂိုတ္တိုရ် ပထမပဏ္ဏာသက အရိယဝံသသုတ် အဌကထာ၌ရင်း။

ဣမေ တယော သန္တောသေ သန္ဓာယ သန္တုဋ္ဌောဟောတိ။ ဣတရီတရေန ယထာလဒ္ဓါဒီသု ယေနကေနစိ စီဝရေန သန္တုဋ္ဌော ဟောတိတိဝုတ္တံ။ ဟူ၍ဆိုဏ်။[ထိုအဌကထာတို့၏ဋီကာ]

ဣမေတယော သန္တောသေ။ ဤသုံးပါးကုန်သော သန္တောသတို့ကို။သန္ဓာယ ရည်၍။သန္တုဋ္ဌောဟောတိ။လ။ သန္တုဋ္ဌော ဟောတိတိ ဝစနံ၊ သန္တုဋ္ဌောဟောတိ ။လ။ သန္တုဋ္ဌောဟောတိ ဟူသောစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ။ဣမေတယောသန္တောသေ ဟူသောစကားကိုအလုံးစုံသောသန္တောသကို သိမ်းယူသည်၏အစွမ်းအားဖြင့် အဌကထာဆရာသည်ဆိုဏ်။ ထိုစကားသည်မှန်၏။ နောက်၌ ဆေးပစ္စည်းကိုဆွမ်း၌ ထည့်၍သက်နှုံး၌ နှစ်ဆယ်၊ ဆွမ်း၌တဆဲ့ငါး၊ ကျောင်း၌တဆဲ့ငါးဟူ၍ အမျှငါးဆယ်ကုန်သော အကြင်သန္တောသတို့ကိုဆိုအပ်ကုန်၏။ ထိုအလုံးစုံသော သန္တောသ တို့သည်လည်းဖြစ်ထိုက်သည်အားလျော်စွာ ဤသုံးပါးကုန်သော သန္တောသတို့၌သာလျှင် သက်ဝင်ခြင်းသို့ရောက်ကုန်၏။

သက်နှုံးတို့၌၊ ၁- ဝိတက္ကသန္တောသ၊ ၂-ဂမနသန္တောသ၊ ၃- ပရိယေသနသန္တောသ၊ ၄-ပဋိလာဘသန္တောသ၊ ၅- မတ္တပဋိဂ္ဂဟဏ

သန္တောသ၊ ၆-လော်လုပ္ပဝိဝဇ္ဇနသန္တောသ၊ ၇-ယထာလာဘသန္တောသ၊ ၈-ဟထာဗလသန္တောသ၊ ၉- ယထာသာရုပ္ပ သန္တောသ၊ ၁၀-ဥဒကသန္တောသ၊ ၁၁- ဓောဝန သန္တောသ၊ ၁၂-ကရဏ သန္တောသ ၁၃- ပရိမာဏ သန္တောသ၊ ၁၄-သုတ္တ သန္တောသ၊ ၁၅-သိဗ္ဗန သန္တောသ၊ ၁၆-ရဇန သန္တောသ၊ ၁၇-ကပ္ပသန္တောသ၊ ၁၈-ပရိဘောဂ သန္တောသ၊ ၁၉-သန္ဒိဓိပရိဝဇ္ဇန သန္တောသ၊ ၂၀-ဝိသဇ္ဇန သန္တောသ၊ ဟူ၍ နှစ်ဆယ်ကုန်သော သန္တောသတို့သည်ရှိကုန်၏။

ထိုသန္တောသတို့တွင် ဒါယကာတို့ လှူသော သက်နိုးကို သာယာသောရဟန်းသည် သုံးလပတ်လုံးမပြတ်နေ၍ သက်နိုးဖြစ်သောလ ဟူ၍မှတ်အပ်သော တလမျှကြီခြင်းငှါ သင့်၏၊ ထိုစကားသည် မှန်၏။ ဒါယကာတို့လှူသော သက်နိုးကို သာယာသော ရဟန်းသည်ပဝါရဏာပြု၍ သက်နိုးခေတ်ဖြစ်သောကာလ၌ သက်နိုးကိုပြု၏။ ပံသုကူသက်နိုးကိုဆောင်သော ရဟန်းသည်ကား လခွဲဖြင့်သာလျှင် သက်နိုးကိုပြု၏။ ဤသို့တလမျှ လခွဲမျှကြီခြင်းသည် ဝိတက္က သန္တောသဖြစ်၏။ ဝိတက္က သန္တောသဖြင့်ရောင့်ရဲသော ရဟန်းသည်ကား ပါဝိနက္ခဏ္ဍရာဇိ၌ သိတင်းသုံးနေသော ပံသုကူလိကမထေရ်နှင့် တူသည်ဖြစ်ရာ၏။ ပံသုကူလိကမထေရ်သည် စေတီယတောင်ကျောင်း၌ စေတီကိုရှိခိုးအံ့ဟုလာ၍ စေတီရှိခိုး၍ ငါ၏သက်နိုးသည်ဆွေးမြေ့၏။ များစွာကုန်သောသူတို့၏ နေရာအရပ်၌ သက်နိုးကို ရအံ့ဟုကြီသတတ်။ ထိုမထေရ်သည်မဟာဝိဟာရသို့သွား၍သံဃာထေရ်ကိုမြင်၍ နေရာအရပ်ကိုမေး၍ ထိုအရပ်၌နေ၍ တဘန်မိုးသောက်သောနေ့၌ သက်နိုးကိုယူ၍လာလတ်၍မထေရ်ကိုရှိခိုး၏။မထေရ်သည်ငါ့ရှင်အဘယ်နည်းဟုဆို၏ ပံသုကူလိကမထေရ်သည်အရှင်ဘုရား၊ ရွာတံခါးသို့သွားအံ့ဟုဆို၏။မထေရ်သည် ငါ့ရှင်၊ ငါလည်း ရွာတံခါးသို့ သွားအံ့ဟုဆို၏။ ကောင်းပြီအရှင်ဘုရားဟုဆို၍ သွားကြကုန်သော် ပံသုကူလိကမထေရ်သည် မဟာဗောဓိမုခ် တံခါး၌ရပ်၍ ဘုန်းရှိကုန်သောသူတို့၏ နေရာအရပ်၌ နှစ်သက်ဘွယ်သော သက်နိုးကိုရလတ္တံ့ဟုကြီမိ၍ ငါ၏အကြီသည် မသန်ရှင်းဟု ထိုအရပ်မှလျှင်ပြန်၏။ တဘန် မိုးသောက်သောနေ့၌ အမ္ဗင်္ဂဏ၏ အနီးသို့ရောက်၍ပြန်၏။ တဘန်မိုးသောက်သောနေ့၌

မဟာဒေတိ၏ မြောက်ဘံခါးသို့ရောက်၍ ထိုအရပ်၌လျှင် ပြန်လည်၍ လေးရက်မြောက်သော နေ့၌လည်း မထေရ်၏အထံသို့ သွား၏။ မထေရ်သည် ဤရဟန်း၏ အကြိသည် မသန့်ရှင်းသည့် ဖြစ်လတ္တံ့ဟု သင်္ကန်းကိုယူ၍ ထိုပံသုကူလိက ရဟန်းနှင့်တကွလျှင် ပြဿနာကို မေးလျက်ရှာသို့ဝင်၏။ ထိုညဉ့်၌လည်း တယောက်သောလူသည် ကျင်ကြီးသည်နှိပ်စက်၍ ပုဆိုးဒ်လျှင်ကျင်ကြီးကိုစွန့်၍ ထိုပုဆိုးကို တံမြက်ခြေးစုရာအရပ်၌ စွန့်ပစ်၏၊ ပံသုကူလိကမထေရ်သည် ယင်းညှိုတို့ဖြင့် ပြွမ်းသော ပုဆိုးကိုမြင်၍ လက်အုပ်ချီ၏။ မဟာထေရ်သည် ငါ့ရှင်၊ အဘယ်ကြောင့် တံမြက်ခြေးစုရာအရပ်အား လက်အုပ် ချီသနည်းဟု ဆို၏။ ပံသုကူလိကမထေရ်သည် အရှင်ဘုရား အကျွန်ုပ်ကား တံမြက်ခြေးစုရာအရပ်အား လက်အုပ်မချီ၊ ပုဏ္ဏားမည်သော ကျွန်မအား ရုံ၍စွန့်ပစ်အပ်သေးပံသုကူကို တကုခုံ အတိုင်းအရှည်ရိုက်ကုန်သော ပိုးလောက်ကိုကို ခါ၍ သုတ်သင်ယူတော်မူသော မြတ်စွာဘုရားသည် ပြုနိုင်ခဲသောအမှုကို ပြုံ၏ဟု အကျွန်ုပ်အဘ မြတ်စွာဘုရားအား လက်အုပ်ချီ၏ဟု ဆို၏။ မဟာထေရ်သည် ပံသုကူလိကရဟန်း၏ အကြိသည် သန့်ရှင်း၏ဟုကြံ၏။ ပံသုကူလိကမထေရ်သည်လည်း ထိုအရပ်၌လျှင်ရပ်လျက် ဝိပဿနာကို ပွါးစေ၍ သုံးပါးကုန်သောဖိုလ်တို့ကို ရ၍ ထိုပုဆိုးကို ယူ၍ သင်္ကန်းပြု၍ရုံ၍ပါစိနကျွဏ္ဍရာဇိသို့ သွား၍ အရဟတ္တဖိုလ်ကိုရ၏။ သင်္ကန်းအကျိုးငှါ သွားလတ်သော်ကား အဘယ်အရပ်၌ ရအံ့နည်းဟု မကြံမူ၍ ကမ္မဋ္ဌာန်းကို အရင်းပြုသဖြင့်သာလျှင် သွားခြင်းသည် ဂမနသန္တောသမည်၏။ ရှာလတ်သည်ရှိသော်ကား ဟူးဟူးငြားငြားသော ရဟန်းနှင့်တကွ မရှာမူ၍ မကောင်းမှမှ ရှက်တတ်သော သဘောလို့ ချစ်ခင်လေးမြတ်သော ရဟန်းကိုခေါ်၍ ရှာခြင်းသည် ပရိယေသနသန္တောသမည်၏။ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် ရှာသော ရဟန်း၏ ဆောင်ယူခဲ့သော သင်္ကန်းကို အဝေးက မြင်၍ ထိုသင်္ကန်းသည် နှစ်သက်ဘွယ်ရှိသည် ဖြစ်လတ္တံ့ နှစ်သက်ဘွယ်မရှိ သည် ဖြစ်လတ္တံ့ဟု မကြံမူ၍ ရုန့်ရင်းသော သင်္ကန်း သိပ်မွေ့သော သင်္ကန်း အစရှိသည် တို့တွင် အမှတ်မဲ့ဖြစ်သော ရတိုင်းသော သင်္ကန်းဖြင့်သာလျှင် ရောင့်ရဲခြင်းသည် ပဋိလာဘသန္တောသမည်၏။ ဤသို့ ရသောသင်္ကန်းလျာကို ယူသော ရဟန်း၏လည်း ဤမျှသည်

နှစ်ထပ်သောသက်နိုး၏အကျိုးငှါဖြစ်လတ္တံ့ ဤမျှသည်တလွှာသက်နိုး၏ အကျိုးငှါဖြစ်လတ္တံ့ဟု မိမိအားလောက်ရုံမျှဖြင့်သာလျှင် ရောင့်ရဲခြင်းသည် မတ္တပဋိဂ္ဂဟဏသန္တောသမည်၏။ သက်နိုးကိုရှာသောရဟန်း၏ ဤမည်သောသူ၏ အိမ်တံခါး၌ နှစ်သက်ဘွယ်ရှိသော သက်နိုးလျာကို ရလတ္တံ့ဟု မကြီမူ၍ အိမ်တံခါး အစဉ်အားဖြင့် သွားခြင်းသည် လောလုပ္ပဝိဝဇ္ဇနသန္တောသ မည်၏။ အသုတ်အမြတ် ဖြစ်ကုန်သော သက်နိုးတို့တွင် အမှတ်မရှိသော သက်နိုးဖြင့်မျှခြင်းငှါ စွမ်းနိုင်သော ရဟန်း၏ ရတိုင်းသော သက်နိုးဖြင့်သာလျှင် မျှခြင်းသည် ယထာလာဘ သန္တောသ မည်၏။ မိမိအားကိုသိ၍ အကြင်သက်နိုးဖြင့် မျှခြင်းငှါ စွမ်းနိုင်၏၊ ထိုသက်နိုးဖြင့်မျှခြင်းသည် ယထာလာဘသန္တောသ မည်၏။ နှစ်သက်ဘွယ်ရှိသော သက်နိုးကို တပါးသော ရဟန်းအားလှူ၍ မိမိသည်အမှတ်မဲ့သောသက်နိုးဖြင့် မျှခြင်းသည် ယထာသာရုပ္ပ သန္တောသ မည်၏။ အဘယ်အရပ်၌ ရေသည် နှစ်သက်ဘွယ်ရှိသနည်း အဘယ်အရပ်၌ ရေသည် နှစ်သက်ဘွယ် မရှိသနည်းဟု မစိစစ်မူ၍ အမှတ်မရှိသော ဖွပ်ခြင်းငှါ လျောက်ပတ်သော ရေဖြင့် ဖွပ်လျော်ခြင်းသည် ဥဒကသန္တောသ မည်၏။ ဖြော့တော့သော မြေခွေးပုပ် ပုပ်သော သစ်ရွက်ရည်တို့ဖြင့် ညစ်ညူးကုန်သော ရေတို့ကိုကား ကြဉ်ခြင်းငှါအပ်၏။ ဖွပ်လျော်သော ရဟန်း၏ ဆောက်ပုတ် အစရှိသည်တို့ဖြင့် မပုတ်ခတ်မူ၍ လက်တို့ဖြင့်နယ်၍ ဖွပ်လျော်ခြင်းသည်ကား ဓောဝနသန္တောသ မည်၏။ ထိုသို့ ဖွပ်လျော်၍ မဖြူစင်သောသက်နိုးကို သရက်ရွက်သပြေရွက် အစရှိသည်ကို့ကိုထည့်၍ ကျိုသောရေခွေးဖြင့်လည်း ဖွပ်လျော်ခြင်းငှါ အပ်၏။ ဤသို့ ဖွပ်လျော်၍ သက်နိုးကိုပြုသောရဟန်း၏ ဤသက်နိုးလျာသည်ကား ရုန့်ရင်း၏ ဤသက်နိုးလျာသည်ကား သိမ်မွေ့၏ဟု ရောင့်ရဲခြင်းကို မပျက်စေမူ၍ သင်းပိုင်အစရှိသည်တို့တွင် ပြုလိုသောသက်နိုးအား လောက်သော အမှတ်ဖြင့်လျှင် ပြုခြင်းသည် ကရဏသန္တောသမည်၏။ ချက်ပုဆစ်ဒူးနှစ်ဘက်ဟူသော သုံးပါးသောအဝန်း လည်တင် ပုဆစ်ဒူးနှစ်ဘက်ဟူသော သုံးပါးသောအဝန်းကို ဖုံးလွှမ်းလောက်ရုံမျှ ကိုသာလျှင် ပြုခြင်းသည် ကရဏသန္တောသ မည်၏။ သက်နိုးချုပ်ခြင်း အကျိုးငှါ နှစ်သက်ဘွယ်ရှိသော ချည်ကိုရှာအံ့ဟု မသွားမူ၍ ခရီးလမ်းမတို့၌

လည်းကောင်း နှတ်စင်ဒ်၌ လည်းကောင်း ဆောင်ယူခဲ့၍ ခြေရင်း၌ လည်းကောင်း ထားအပ်သော အမှတ်မဲ့သော ချည်ကိုလျှင် ယူ၍ သက်နှံးကိုပြုခြင်းသည် သုတ္တသန္တာန မည်၏။ တလုပ်ဖြောင်း ဘွဲ့သော ကာလဒ္ဓကား လက်တသစ်မျှရှိသော ချည်ဖြင့် ချုပ်သော ဝါရဒ္ဓ အပ်မထိုးအပ်။ အကြင်ရဟန်းသည် ဤသို့ လက်တသစ်မျှရှိသော ချည်ဖြင့် ချုပ်သော ဝါရဒ္ဓ အပ်ထိုးခြင်းကို ပြုသော ရဟန်း၏ အဝေယ်မပြု။ ထို အဝေယ် မပြုသော ရဟန်းအား ဝတ်၏ ပျက်ခြင်းသည်လည်း မရှိ။ လက်သုံးသစ်မျှရှိသော ချည်ဖြင့် ချုပ်သော ဝါရဒ္ဓ အပ်ထုံးအပ်၏။ ခရိုးသွားသော ရဟန်းသည်ပင် ဖြစ်ငြားသော် လည်း ဤသို့ လက်သုံးသစ်မျှရှိသော ချည်ဖြင့် ချုပ်သော ဝါရဒ္ဓ အပ်ထိုးခြင်းကို ပြုသော ရဟန်း၏ အဘော်သည် ဖြစ်ရာ၏။ အကြင် ရဟန်းသည် အဘော်မဖြစ်၊ ထိုရဟန်းအား ဝတ်ပျက်၏။ ဤဆိုအပ်ပြီးသော ရောင့်ရဲခြင်းသည်ကား သိဒ္ဓိနသန္တာန မည်၏။ သက်နှံးဆိုးသော ရဟန်းသည်ကား ဗအောင်းနက် အစရှိသည်တို့ကို ရှာသဖြင့် မဆိုးအပ်။ အခွံပြုသော ရှားနှစ်အစရှိကုန်သောဆိုးရည်ခေါက်တို့တွင် အကြင် ဆိုးရည်ခေါက်ကို ရ၏၊ ထိုဆိုးရည်ခေါက်ဖြင့် ဆိုးအပ်၏။ မရသော ရဟန်းသည်ကား တောင်၌ လူတို့သည်ကား အခွံလျှော်ကို ယူ၍ စွန့်ပစ်အပ်သော ဆိုးရည်ခေါက်ကိုလည်းကောင်း ရဟန်းတို့သည် ကျို၍ စွန့်ပစ်အပ်သော ဆိုးရည်ခေါက် အဖတ်ကိုလည်းကောင်း ယူ၍ ဆိုးအပ်၏။ ဤဆိုအပ်ပြီးသော ရောင့်ရဲခြင်းသည်ကား ရဇနသန္တာန မည်၏။ ကြွေးအညို သစ်ရွက်အညို ညွန်စေး အမှတ်မဲ့ ဖြစ်သော အညို တို့ဟုင် ကစုံတခုသော အညိုကိုယူ၍ လက်ဝါးပြင်၌ နှားသောအညို၏ သက်နှံး၌ ထင်သော ကပ္ပဗိန္ဒုကို ပြုခြင်း၊ ကပ္ပဗိန္ဒုကို ရိုးမယ်သဖြင့် တစုံတခုသော ဘောက်ပြုန်ခြင်းကို မပြုခြင်းသည် ကပ္ပသန္တာန မည်၏။ အရှက်အကြောက်ကို ဖြစ်စေတတ်သော အင်္ဂါကိုဖုံးလွှမ်းခြင်း မျှ၏ အစွမ်းအားဖြင့် သုံးဆောင်ခြင်းသည် ပရိဘောဂ သန္တာန မည်၏။ သက်နှံးလျာ ပုဆိုးကို ရ၍ကား ချည်ကိုလည်းကောင်း အပ်ကို လည်းကောင်း ချုပ်လုပ်တတ်သော သူကိုလည်းကောင်း မရသော ရဟန်းသည် ထားခြင်းငှါ အပ်၏။ ပြုပြီးသော သက်နှံးကိုလည်း အတွင်း နေ တပည့်၌ အစရှိကုန်သော ရဟန်းတို့အား အကယ်၍ ပေးလိုသည့်

ဖြစ်အံ့၊ ထိုရဟန်းတို့သည်လည်း ဆရာအထံ၌ မရှိကုန်အံ့၊ လာသည် တိုင်အောင် ထားခြင်းငှါ အပ်၏။ ရောက်လာကာမျှ ကာလကို၌ ပေးအပ်၏။ ပေးခြင်းငှါ မတတ်နိုင်သော ရဟန်းသည် အဓိဌာန် တင်အပ်၏။ တပါးသော သက်နံးသည် ရှိလတ်သော် အိပ်ရာလွှမ်း ကိုလည်း အဓိဌာန် တင်အပ်၏။ အဓိဌာန် မတင်သည့် သက်နံးသည် သာလျှင် သန္ဒိဓိဖြစ်၏။ အဓိဌာန်တင်သည့် သက်နံးသည် သန္ဒိဓိ မဖြစ်ဟူ၍ မဟာသိဝမထေရ်သည် ဆို၏။ဤသို့ ဆိုပြီးသော ရောင့်ရဲခြင်း သည် သန္ဒိဓိပရိဝဇ္ဇနသန္တောသ မည်၏။ သက်နံးကို ပေးကုန်စွန့် ကြဲကုန်သောရဟန်းသည်ကားမျက်နှာကြည့်၍ မပေးအပ်။ သာရဏီယ တရားဌ်တည်၍ ပေကမ်းစွန့်ကြဲအပ်၏။ ဤဆိုအပ်ပြီးသော ရောင့်ရဲခြင်း သည်ကား ဝိသဇ္ဇနသန္တောသမည်၏။

ဆွမ်း၌ကား ၁။-ဝိတက္ကံ သန္တောသ။ ၂။-ဂမန သန္တောသ။ ၃။-ပရိယေသနသန္တောသ။ ၄။-ပဋ်လာဘသန္တောသ။ ၅။-ပဋ်ဂ္ဂဟဏ သန္တောသ။ ၆။-မတ္တပဋိဂ္ဂဟဏသန္တောသ။ ၇။- လောလုပ္ပဝိဝဇ္ဇန သန္တောသ။ ၈။-ယထာလာဘသန္တောသ။ ၉။-ယထာဗလသန္တော သ။ ၁၀။-ယထာသာရုပ္ပ သန္တောသ။ ၁၁။-ဥပကာရ သန္တောသ။ ၁၂။-ပရိမာဏသန္တောသ။ ၁၃။-ပရိဘောဂသန္တောသ။ ၁၄။-သန္ဒိဓိ ပရိဝဇ္ဇနသန္တောသ။ ၁၅။-ဝိသဇ္ဇနသန္တောသ ဟူ၍ တဆဲ့ငါးပါး ကုန်သော သန္တောသတို့သည် ရှိကုန်၏။

ထိုသန္တောသတို့တွင် အတိရေက လာဘကို သာယာသောရဟန်း သည် မျက်နှာသစ်၍ ငါသည် ယနေ့အဘယ်ရွာ၌လျှင် ဆွမ်းခံရအံ့နည်း နက်ဖြန် အဘယ်ရွာ၌ ဆွမ်းခံရအံ့နည်းဟု ကြီ၏။ အပေါင်းအဘော်နှင့် တကွ ဆွမ်းခံသွားသော ဝိဏ္ဍပါတ်ရတင် ဆောက်တည်သော ရဟန်း သည်ကား ညဉ့်အခါ မထေရ်ကြီးအား ခစားသော ကာလ၌ နက်ဖြန် အဘယ်ရွာ၌ ဆွမ်းခံကြရကုန်အံ့နည်းဟု မထေရ်ကြီးအား မေးလတ် သော် အရှင် ဘုရား.....ဤ မည်သော ရွာ၌ ခံကြကုန်အံ့ဟု ကြီ၍ ဖြေအပ်၏။ ဤမျှ ကြီပြီး၍ ထိုအခါမှစ၍ မကြီအပ်။ တပါးတည်းလျှင် ဆွမ်းခံသွားသော ဝိဏ္ဍပါတ် ရတင်ဆောက်တည်သော ရဟန်းသည် ကား ကြီရာတန်ဆောင်း၌ ရပ်၍ ကြီအပ်၏။ ထိုကြီရာတန်ဆောင်း၌ရပ်၍ ကြီသောအခါမှ နောက်၌ ကြီသောရဟန်းသည် အရိယဝံသ အကျင့်မှ

ရွေ့၏။ ဤအရိယဝံသ အကျင့်မှ အပဖြစ်၏။ ဤဆိုအပ်ပြီးသော ရောင့်ရဲခြင်းသည်ကား ဝိတက္ကသန္တောသမည်၏။ ဆွမ်းခံဝင်သော ရဟန်းသည်ကား အဘယ်၌ ရအံ့နည်းဟု မကြီမူ၍ ကမ္မဋ္ဌာန်းကို အရင်းပြုသဖြင့် သွားအပ်၏။ ဤဆိုအပ်ပြီးသော ရောင့်ရဲခြင်းသည်ကား ဂမနသန္တောသမည်၏။ ဆွမ်းကိုရှာသော ရဟန်းသည် ဟူးဟူးငြားငြားသော ရဟန်းကို အဘော် မခေါ်မူ၍ မကောင်းမှုကို ရှက်ကြောက်တတ်သော ရဟန်းကိုသာလျှင် အဘော်ခေါ်၍ ရှာအပ်၏။ ဤဆိုအပ်ပြီးသော ရောင့်ရဲခြင်းသည်ကား ပရိယေသနသန္တောသမည်၏။ ဆောင်ခဲ့သော ဆွမ်းကိုမြင်၍ ထိုဆွမ်းသည် နှစ်သက်ဘွယ်ရှိ၏။ ထိုဆွမ်းသည် နှစ်သက်ဘွယ်မရှိဟု စိတ်ကို မဖြစ်စေအပ်၊ ဤဆိုအပ်ပြီးသော ရောင့်ရဲခြင်းသည် ပဋိလာဘသန္တောသ မည်၏။ ဤနှစ်သက်ဘွယ် ရှိသော ဆွမ်းကိုခံအံ့၊ ဤနှစ်သက်ဘွယ်မရှိသော ဆွမ်းကို မခံအံ့ဟု မကြီမူ၍ အမှတ်မဲ့သောဆွမ်းကိုမျှလောက်ရုံသာလျှင်ခံအပ်၏။ ဤဆိုအပ်ပြီးသော ရောင့်ရဲခြင်းသည် ပဋိဂ္ဂဟဏ သန္တောသမည်၏။ ဤဆွမ်းကို ခံရာ၌ကား လှူဘွယ် ဝတ္ထုများလျက် အလှူပေးဒါယကာသည် အနည်းငယ်လှူလိုအံ့၊ အနည်းငယ်မျှကို ခံအပ်၏။ လှူဘွယ်ဝတ္ထုလည်းများအံ့၊ အလှူပေးဒါယကာသည် များစွာလှူလိုသည်ဖြစ်အံ့၊ မိမိအား မျှလောက်ရုံမျှကိုသာလျှင် ခံအပ်၏။ လှူဘွယ်ဝတ္ထုသည်လည်းနည်းအံ့၊ အလှူပေးဒါယကာသည်လည်း အနည်းငယ်မျှလှူလိုအံ့၊အနည်းငယ်မျှကို ခံအပ်၏။ လှူဘွယ်ဝတ္ထုနည်းလျက် အလှူပေးသော ဒါယကာသည်များစွာ လှူအံ့၊ မိမိအားမျှလောက်ရုံကိုသာလျှင် ခံအပ်၏။ အကြင်ကြောင့် ပစ္စည်းကို ခံခြင်း၌ အတိုင်းအရှည်ကို မသိသောသူသည် လူတို့၏ ကြည်ညိုခြင်းကို ဖျက်ဆီးတတ်၏၊ သဒ္ဓါဒေယျကို ဖျက်ဆီးတတ်၏၊ ဘုရား အဆုံး အမတော်ကို မလိုက်နာ၊ မိမိကိုမွေးသော အမိ၏စိတ်ကိုလည်း ယူခြင်းငှါ မတတ်နိုင်။ ထိုကြောင့် အတိုင်းအရှည်ကိုသိ၍ သာလျှင်ခံအပ်၏။ ထိုရဟန်း၏ ဤဆိုအပ်ပြီးသော ရောင့်ရဲခြင်းသည်ကား ပဋိဂ္ဂဟဏသန္တောသမည်၏။ ကြွယ်ဝကုန်သော အမျိုးတို့သို့သာလျှင် ဆွမ်းခံ မသွားမူ၍ အိမ်တံခါးစဉ်အားဖြင့် ဆွမ်းခံသွား၏။ ဆိုအပ်ပြီးသော ရောင့်ရဲခြင်းသည်ကားလောလုပ္ပဝိဝဇ္ဇနသန္တောသမည်၏။ယထာလာဘသန္တောသ အစရှိသည်တို့ကို သက်နိုး၌ ဆိုအပ်ပြီးသော နည်းဖြင့်လျှင် သိအပ်

ကုန်၏။ ဆွမ်းကိုစား၍ ရဟန်းတရားကို စောင့်ရှောက်အံ့၊ ဤသို့ ဆွမ်း၏ အကျိုးကိုသိ၍ ဆွမ်းကို စားခြင်းသည် ဥပကာရ သန္တောသမည်၏။ သပိတ်ကို ပြည့်စေ၍ဆောင်၍ ယူခဲ့သော ဆွမ်းကိုမခံအပ်။ သာမဏေ ရှိသော် သာမဏေကို ခံစေအပ်၏။ မရှိသော် လွန်သော ဆွမ်းကိုပယ်စေ၍ အကပ်ခံခြင်းသင့်ရုံမျှကိုခံအပ်၏။ ဤဆိုအပ်ပြီးသော ရောင့်ရဲခြင်းကား ပရိမာဏသန္တောသ မည်၏။ ငတ်မွတ်ခြင်းကို ဖျောက်လိုသည်၏ အဖြစ်ဟူသော ဤအာဟာရကို မက်မောခြင်းမှ ထွက်မြောက်ခြင်းဟူသည် ဆွမ်းကို သုံးဆောင်ခြင်း၌ ရှိ၏ဟု ဤသို့ သုံးဆောင်ခြင်းသည် ပရိဘောဂ သန္တောသမည်၏။ သိမှီး၍ မသုံးဆောင်အပ်၊ ဤသိမှီး၍ မသုံးဆောင်ခြင်းသည် သန္ဒိဓိပရိဝဇ္ဇန သန္တောသမည်၏။ မျက်နှာမကြည့်မူ၍ သီလ ရှိကုန်သော ရဟန်းတို့နှင့် ဆက်ဆံသော သုံးဆောင်ခြင်းရှိသည်၏ အဖြစ်၌ တည်သဖြင့် ပေးအင်စွန့်အပ်၏၊ ဤသို့ပေးခြင်းစွန့်ခြင်းသည် ဝိသဇ္ဇနသန္တောသမည်၏။

ကျောင်း၌လည်း ဝိတက္ကသန္တောသ အစရှိကုန်သော တဆဲ့ငါးပါးကုန်သော သန္တောသတို့ကို ဆွမ်း၌ ဆိုအပ်ပြီးသော နည်းဖြင့်လျှင် သိအပ်ကုန်၏။ ဆေးသည်ကား ဆွမ်း၌သာလျှင်ဝင်၏။ [သင်္ဂီတိသုတ် အဋ္ဌကထာ စတုက္ကအင်္ဂုတ္တိုရ် အဋ္ဌကထာ]။

> ဇံ ပဘေဒေါ သဗ္ဗော ပေသော သန္တောသသန္တုဋ္ဌိတိ ဝုစ္စတိ။ သာ အတြိစ္ဆတာမဟိစ္ဆ တာပါပိစ္ဆစ္ဆာဒီနံ ပါပဓမ္မာနံ ပဟာနာဓိဂမဟေတုတော သုဂတိဟေတုတော အရိယမဂ္ဂ သန္တာရဘာဝတော စာတုဒ္ဒိသာဒိ ဘာဝ ဟေတုတော စ မင်္ဂလန္တိ ဝေဒိတဗ္ဗာ။ [မင်္ဂလသုတ် အဋ္ဌကထာ]။

ဇံပဘေဒေါ၊ ဤသို့ အပြားရှိသော။ သဗ္ဗောပိ၊ အလုံးစုံလည်း ဖြစ်သော၊ ဇေသောသန္တောသော၊ ဤရောင့်ရဲခြင်းကို။ သန္တုဋ္ဌိတိ၊ သန္တုဋ္ဌိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သာ၊ ထိုရောင့်ရဲခြင်းကို။ အတြိစ္ဆတာမဟိစ္ဆတာ ပါပိစ္ဆတာဒီနံ၊ မိမိ၏လာဘ်ကိုလွန်၍အလိုရှိသည်၏ အဖြစ်များစွာ အလိုရှိကုန်သည်၏ အဖြစ် ယုတ်မာသော အလိုရှိသည်၏ အဖြစ် အစရှိကုန်သော။ ပါပဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာဓိဂမဟေတုတော၊ ပယ်ခြင်း ဖျောက်ခြင်းကို ရခြင်း၏ အကြောင်း

ဖြစ်သောကြောင့် လည်းကောင်း။ သုဂတိ ဟောတုံတော၊ သုဂတိ၏ အကြောင်း ဖြစ်သောကြောင့်လည်းကောင်း။ အရိယမဂ္ဂ သမ္ဘာရဘာဝတော၊ အရိယမဂ်၏ အဆောက်အဦ ဖြစ်သောကြောင့်လည်းကောင်း။ စာတုဒ္ဒိသာဒိဘာဝဟေတုတောစ၊ အရပ်လေးမျက်နှာ၌ရှိသောရဟန်း အစရှိ သည်၏ အဖြစ် ဟူသော အကြောင်း ဖြစ်သောကြောင့် လည်းကောင်း။ မင်္ဂလန္တီ၊မင်္ဂလာမည်၏ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ မိမိ၏လာဘ်ကိုလွန်၍ အလိုရှိသောပုဂ္ဂိုလ်သည် မိမိသည် ရအပ်သော မြတ်သော ဝတ္ထုကိုလည်း အယုတ်ကဲ့သို့ ထင်၍ သူတပါးသည် ရအပ်သော ယုတ်သော ဝတ္ထုကိုလည်း မြတ်သကဲ့သို့ထင်၏။ တလုံးသော အိုးဖြင့် ချက်အပ်သော ယာဂုကို လည်းကောင်း ဆွမ်းကိုဝင်း မုံ့ကို လည်းကောင်း မိမိသပိတ်၌ ထည့်အပ်သည်ရှိသော် ယုတ်သကဲ့သို့ ထင်၏။ သူတပါး၏ သပိတ်၌ ထည့်အပ်သည်ရှိသော် မြတ်သကဲ့သို့ ထင်၏။ ဤမိမိလာဘ်ကို လွန်၍ အလိုရှိသည်၏ အဖြစ် မည်သည်လည်း လူ ရဟန်းတို့အား လည်းကောင်း တိရစ္ဆာန်တို့အား လည်းကောင်း ဖြစ်၏။ ထိုစကား၌ ဤဆိုလတ္တံ့သော ဝတ္ထုတို့ကို သိအပ်ကုန်၏။ တယောက်သောသူကြွယ်သည် သုံးကျိပ်ကုန်သော ရဟန်းမိန်းမတို့ကို ဘိတ်၍ မုံ့နှင့် တကွသောဆွမ်းကို လှူသတည်း။ သံဃာထေရ် ဖြစ်သောရဟန်းမိန်းမသည်ရဟန်းမိန်းမတို့၏သပိတ်၌မုံ့ကိုလဲလှယ်၍ နောက်မှ မိမိရအပ်သော မုံ့ကိုသာလျှင် စားသတတ်။ ။ဤဝတ္ထု သည်ကား ခုဒ္ဒကပိဘင်း အဌကထာ၌ လာသတည်း။

၁၅၅—မင်းသားဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီ မင်းသားသည် အဘနှင်သည် ဖြစ်၍ အသိတာဘူမည်သော မိမိ၏ မိဖုယားကိုဆောင်ယူ၍ ဟိမဝန္တာ သို့ဝင်၍ ငါးအမဲ သစ်သီးတို့ကို စား၍ သစ်ရွက်မိုးသောတဲ၌ နေ၏။ ထိုမင်းသားသည် တခုသော ကိန္နရာမကို မြင်၍ တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ မိဖုယားကိုစွန့်၍ ထိုကိန္နရာမ ခြေရာအစဉ်သို့ လိုက်၏။ မိဖုယားသည် ဤမင်းသားကား ငါ့ကို မရေတွက်မူ၍ ကိန္နရာမသို့ လိုက်၏ဟု တပါးသော ရသေ့သို့ ဆည်းကပ်၍ ကသိုဏ်းပရိကံကို

သင်၍ ဈာန်အဘိညာဏ်တို့ကို ဖြစ်စေ၍ လာလတ်၍ မိမိ၏ သစ်ရွက်မိုးသော တံခါး၌ရပ်၏။ကိန္နရာမသို့လိုက်သော ထိုမင်းသားသည်လည်း ထိုကိန္နရာမ၏ သွားသော လမ်းကိုမမြင်၍ ပြတ်သော အာသာရှိသည် ဖြစ်၍ လာ၏။ မိဖုယားသည် လာလတ်သော ထိုမင်းသားကို မြင်၍ ကောင်းကင်သို့ပျံ၍ တပါးသော အရပ်သို့သွား၏။ ထိုမင်းသားသည် မိဖုယား ပျံသွားသော ကာလ၌ ငိုကြွေးလျက် ဒုကနိပါတ် နဝမဝဂ် အသိတာဘူဇာတ်၌—

အတြိစ္ဆံ အတိလောဘေန၊ အတိလောဘမဒေနစ။
ဇဝံ ဟာယတိ အဏ္ဍမှာ၊ အဟံ ယထာသိတာဘုယာ။

ဟူသော ဂါထာကိုဆို၏။

အဟံ၊ဝါသည်။ အသိတာဘုယာ၊အသိတာဘူမည်သောမင်းသမီးမှ။ ပရိဟီနောယထာ၊ ယုတ်သကဲ့သို့။ ဇဝံတထာ၊ထိုအတူ။ အတြိစ္ဆံ၊ ထိုထိုအာရုံ၌ လိုချင်ခြင်းဟု ဆိုအပ်သော အဆုံးမရှိသောတဏှာ၏ အစွမ်းအားဖြင့် လိုချင်ခြင်းရှိသော သူသည်။ အတိလောဘေန၊ လွန်၍ ဖြစ်သော လောဘကြောင့်ဝင်း။ အတိလောဘမဒေနစ၊ လွန်၍ဖြစ်သော လောဘဟူသော ယောက်ျားတို့၏ ယစ်ခြင်းကို ဖြစ်စေတတ်သော သဘောကြောင့် လည်းကောင်း။ အဏ္ဍမှာ၊ အကျိုးမှ။ ဟာယတိ၊ ယုတ်၏။

ထိုမင်းသားသည် ထိုအခါမှစ၍ တယောက်ထည်းသာလျှင်တော၌နေ၍ အဘလွန်လတ်သော် သွား၍ မင်း၏အဖြစ်ကို ယူ၏။ ဝိဘင်းအဌကထာ၌ကား သစ်ပင်စောင့်နတ်သည်—

အတြိစ္ဆံ အတိလောဘေန၊ အတိလောဘမဒေနစ။
ဇဝံ ဟာယတိ အဟ္ဟာနံ၊ စန္ဒံဝ အသိတာဘုယာ။

ဟူသော်ဂါထာကို ဆိုသတည်း။

စန္ဒံ၊ စန္ဒာမည်သော ကိန္နရာမကို။ ပဏ္ဍယန္တော၊ တောင့်တသော သူသည်။ အသိတာဘုယာ၊အသိတာဘူမည်သော မင်းသမီးမှ။ပရိဟီနောဏ္ဍဝ၊ ယုတ်သကဲ့သို့။ ဇဝံတထာ၊ ထိုအတူ။ အတိလောဘေနစ၊ လွန်၍ ဖြစ်သော လောဘဖြင့် လည်းကောင်း။ အတိလောဘမဒေနစ၊ လွန်၍

ဖြစ်သော လောဘဟူသော ယောက်ျားတို့၏ ယစ်ခြင်းကို ဖြစ်စေတတ်သော သဘောဖြင့် လည်းကောင်း။ အတြိစ္ဆံ၊ လွန်၍ အလိုရှိသော သူသည်။ အတ္တာနံ၊ မိမိအကျိုးကို။ ဟာယတိ၊ ဆွေးမြေ့စေ၏။ ။ဤသို့ ရုက္ခစိုးနတ်သည် မင်းနှင့် ပြက်ရယ်ပြုံ၏ဟု ဆို၏။ ။ထိုစကားသည် အဌကထာနှင့်တကွ ဆိုအပ်ပြီးသော ဇာတ်ပါဠိတော်နှင့် အတူဖြစ်၏။

[မင်းသားဝတ္ထု]။

၁၅၆–မိတ္တဝိန္ဒက ဝတ္ထု

ကေကနိပါတ် စတုဒ္ဓါရဇာတ်

ကဿပဘုရားရှင်လက်ထက်တော်၌သဒ္ဓါတရားမရှိသောမကြည်ညိုသော မိတ္တဝိန္ဒကမည်သောသေဋ္ဌေးသားသည်ချစ်သားသင်သည်ယနေ့ ဥပုသ်ဆောက်တည်၍ ကျောင်း၌ တည၌ပတ်လုံး တရားတော်ကိုနာချေငါသည် သင့်အား တထောင်သော ဥစ္စာကိုပေးအံ့ဟု အမိသည် ဆို၍ ဥစ္စာကိုတပ်မက်သဖြင့် ဥပုသ်ဆောက်တည်၍ ဤအရပ်ကား ဘေးမရှိသော အရပ်ဘည်းဟုမှတ်၍ တရားဟောရာ၏ အောက်၌ တည၌ပတ်လုံးအိပ်၍ စောစောကအိမ်သို့သွား၍ တထောင်သောဥစ္စာကို ယူ၍သာလျှင် ယာဂုကိုသောက်၏။ ထိုမိတ္တဝိန္ဒကသည် ဥစ္စာဆည်းပူးအံ့ဟု လှေသင်းဘောဖြင့် သမုဒ္ဒရာသို့သွားခြင်း၄ါအလိုရှိ၏။ထိုအခါ မိတ္တဝိန္ဒကကို အမိသည် ချစ်သား–ဤအိမ်၌ ကုဋ္ဌေ လေးဆယ်သောဥစ္စာသည် ရှိ၏။ ဥစ္စာရှာသွားသဖြင့်အကျိုးမရှိဟုမြစ်၏။မိတ္တဝိန္ဒကသည် နားမထောင်မူ၍သွား၏။ အမိသည် ရှေကရပ်၏။မိတ္တဝိန္ဒကသည် ဤမိန်းမကား ရှေကရပ်၏ဟု ခြေဖြင့်ကျောက်၍လည်းသော အမိကိုကျော်၍သွား၏။ မိတ္တဝိန္ဒကသည် သဘော်ဝစီး၍သွားလတ်သော် ခုနစ်ရက်မြောက်သောနေ့၌ သဘော်သည်ရပ်၏။ လူတို့သည် သူယုတ်မာစာရေးတံကိုစီရင်ကုန်၏။ မိတ္တဝိန္ဒကအားသာလျှင် သူယုတ်မာစာရေးတံသည် သုံးကြိမ်ရောက်၏။ ထိုလူတို့သည် မိတ္တဝိန္ဒကအား ဘောင်ကိုပေး၍ သမုဒ္ဒရာ၌ပစ်ကုန်၏။ ထိုမိတ္တဝိန္ဒကသည် တခုသောကျွန်းသို့ ရောက်၍ ဗိမာန် ရှိကုန်သော ပြိတ္တာမတို့နှင့်တကွ စည်းစိမ်ကိုခံစား၍ ထိုပြိတ္တာမတို့သည် တပါးသို့ မသွားလင့်ဟု ဆိုလျက်လည်း ထိုထက် နှစ်ဆတက်စည်းစိမ်ကို မြော်

သော် အစဉ်သဖြင့် သင်ရန်းစက်ကိုဆောင်သော တယောက်သောသူ ကိုမြင်၍ မိတ္တဝိန္ဒကအား ထိုသင်ရန်းစက်သည် ပဒုမာပန်းကဲ့သို့ထင်၏။ မိတ္တဝိန္ဒကသည်ထိုသူကို ငါ့အား ပဒုမာကိုပေးလေ့ဟု တောင်း၏။ အရှင်၊ ဤဝတ္ထုသည်ကား ပဒုမာမဟုတ် သင်ရန်းစက်တည်းဟု ထိုသူ သည်ဆို၏။ သင်သည် ငါ့အားမပေးလို၍ ငါ့ကိုလှည့်စား၏ ငါသည် ပဒုမာကိုမမြင်ဘူးသလောဟု မိတ္တဝိန္ဒကသည်ဆို၏။ထိုသင်ရန်းစက်ကို ဆောင်သောသူသည် ဤ ယောကျ်ားသည်လည်း ငါပြုအပ်သော မကောင်းမှုကံနှင့်တူသော မကောင်းမှုကံကိုပြု၍ ထိုမကောင်းမှုကံ၏ အကျိုးကို ခံစားလိုသည် ဖြစ်မည်ဟုကြံ၍ မိတ္တဝိန္ဒက၏ ဦးခေါင်းသို့ သင်ရန်းစက်ကိုပစ်၍ပြေး၏။ [ခုဒ္ဒကဝိဘင်းအဌကထာသင်္ဂီတိသုတ်အဌ ကထာနည်း]။ ထိုအခါ ဘုရားအလောင်းသည် တယောက်သောနတ် မင်းဖြစ်၍ ဥဿဒရက်ငရဲ၌ လှည့်လည်ခြင်းကို လည်လတ်သော် ထိုအရပ်သို့ရောက်၏။ မိတ္တဝိန္ဒကသည် ဘုရားလောင်းနတ်မင်းကိုမြင်၍ အရှင်နတ်မင်း ဆီပွတ်ကျည်ပွေသည် နှမ်းတို့ကိုကြိတ်ဘိသကဲ့သို့ ဤ သင်ရန်းစက်သည် ကြိတ်လျက်နှိပ်စက်၏။ ကျွန်ုပ်သည် အဘယ် မကောင်းမှုကို ပြုခဲ့ဘူးသနည်းဟူ၍ မေး၏။ထိုမိတ္တဝိန္ဒကအား ဘုရား လောင်းသည် ဖြစ်ခဲ့သောမကောင်းမှုကံကို ပြလိုရကား-

လဒ္ဓါ သတသဟဿာနိ၊ အတိရေကာနိ ဝီသတိ။
အနုကမ္ပာနံ ဉာတီနံ၊ ဝစနံ သမ္မာ နာကရိ။
လဃိတံ သမုဒ္ဒံ ပက္ခန္တိ၊ သာဂရံ အပ္ပသိဒ္ဓိယံ။
စတုဒ္ဓိ အဌဇ္ဈာဂမာ၊ အဌဟိပိစ သောဌသ။
သောဌသဟိစ ဗာတ္တိံသ၊ အတြိစ္ဆံ စက္ကမာဟတော။
ဇုစ္ဆာဟတဿ ပေါသဿ၊ စက္ကံ ဘမတိ မတ္ထကေ။

ဟူသော ဂါထာတို့ကို ဆို၏။

တွံ၊ သင်သည်။ ဥပေါသထကမ္မံ၊ ဥပုသ်ဆောက်တည်သောအမှုကို။ ကတွာ၊ ပြု၍။ မာတုသန္တိကတော၊ အမိအထံမှ။ သဟဿံ၊ တထောင် သောဥစ္စာကိုလည်း။ ဂဟေတွာ၊ ယူ၍။ဝေါဟာရံ၊ကုန်သွယ်ခြင်းကို။ က ရောန္တော၊ ပြုလျက်။သဟဿဥ၊တထောင်သောဥစ္စာကိုလည်း။ ဂဟေ တွာ၊ ယူ၍။ အတိရေကာနိ၊ အလွန်ဖြစ်ကုန်သော။ ဝီသတိသတဟဿာ နိစ၊နှစ်သိန်းကုန်သောဥစ္စာတို့ကိုလည်း။ လဒ္ဓါ၊ရ၍။ အနုကမ္ပာနံ၊အစဉ်

သနားကုန်သော။ ဉာတိနံ၊ ဆွေမျိုးတို့၏။ သမ္မာဝစနံ၊ မသွားလင့်ဟူ သောစကားကောင်းကို။ နာကရိ၊နားမထောင်။ ။လဇ္ဇိတံ။ သဘော်လှေကိုခုန်စိမ့်သောဌါစွမ်းနိုင်သော။ သာဂရံ၊ သာဂရမည်သော။ အပ္ပသိဒ္ဓိယံ၊ အတိုင်အပင်ပြီးစီးခြင်း၏ ပျက်စီးခြင်းများစွာသော။ သမုဒ္ဒံ၊ သမုဒ္ဒရာသို့။ ပက္ခန္တိ၊ ဝင်ကုန်၏။ မာတရံ၊ အမိကို။ နိဿာယ၊ မှီ၍။ ဧကဒိဝသံ၊ တနေ့သ၌။ ကတဿ၊ သုံးအပ်သော။ ဥပေါသထကမ္မဿ၊ ဥပုသ်ကံ၏။ နိဿနွေန၊ အကျိုးဆက်အားဖြင့်။ ဖလိကဝိမာနေ၊ ဖလ်ဗိမာန်၌။ စတဿော၊ လေးယောက်ကုန်သော နတ်သွီးတို့နှင့်တူကုန်သော ဝိမာနပြိတ္တာမတို့ကို။ လဘတိ၊ ရ၏။ စတုန္တိ၊ လေးယောက်ကုန်သော နတ်သွီးနှင့်တူကုန်သော ဗိမာန်ရှင် ပြိတ္တာမတို့နှင့် ။သဒ္ဓိံ၊ တကွ။ သမ္ပတ္တိံ၊ စည်းစိမ်ကို၊ အနုဘဝိတွာ၊ ခံစား၍။ တတော။ ထိုနောင်မှ။ ရဇတဝိမာနေ၊ ငွေဗိမာန်၌။ အဌ၊ ရှစ်ယောက်ကုန်သော နတ်သွီးတို့နှင့် တူကုန်သော ဗိမာန်ရှင် ပြိတ္တာမတို့ကို။ အဇ္ဇာဂမာ၊ ရ၏။ အဌဟိဝိစ၊ ရှစ်ယောက်ကုန်သော နတ်သွီးတို့နှင့် တူကုန်သော ဗိမာန်ရှင် ပြိတ္တာမတို့နှင့်လည်း။သဒ္ဓိံ၊တကွ။သမ္ပတ္တိံ၊စည်းစိမ်ကို။ အနုဘဝိတွာ၊ခံစား၍။ တတော၊ထိုနောင်မှ။မဏိဝိမာနေ၊ ပတ္တမြားဗိမာန်၌။ သောဋ္ဌသ၊ တကျိပ်ခြောက်ယောက်ကုန်သော နတ်သွီးနှင့်တူကုန်သော ဗိမာန်ရှင်ပြိတ္တာမတို့ကို။ အဇ္ဇာဂမာ၊ရ၏။ ။သောဋ္ဌသဟိစ၊ တကျိပ်ခြောက်ယောက်ကုန်သောဗိမာန်ရှင် ပြိတ္တာမတို့နှင့်လည်း။သဒ္ဓိံ၊တကွ။ သမ္ပတ္တိံ၊ စည်းစိမ်ကို။ အနုဘဝိတွာ၊ခံစား၍။ တတော၊ ထိုနောင်မှ။ ကနကဝိမာနေ၊ ရွှေဗိမာန်၌။ ဗာတ္တိံသ သုံးကျိပ်နှစ်ယောက်ကုန်သော နတ်သွီးနှင့်တူကုန်သော ပြိတ္တာမတို့ကို။ အဇ္ဇာဂမာ၊ ရ၏။ အတြိစ္ဆံ၊ လွန်၍ လိုချင်ခြင်းလောဘနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ယုတ်သည်။ တဿ ဥပေါသထကမ္မဿ၊ ထိုဥပုသ်ကံ၏။ ခီဏတ္တာ၊ ကုန်သည်၏အဖြစ်ကြောင့်။ ဗာတ္တိံသ၊ သုံးကျိပ် နှစ်ယောက်ကုန်သော မိန်းမတို့ကို။ အတိက္ကမိတွာ၊ လွန်၍။ ဇုမံပေဘနဂရံ၊ဤပြိတ္တာမတို့၏မြို့သို့။အာဂံတွာ၊ လာ၍၊ တဿမာတုပဟာရဒါန အကုသလဿ၊ ထိုအမိအား ပုတ်ခတ်ခြင်းကို ပေးသော အကုသိုလ်၏။ နိဿနွေန၊ အကျိုးဆက်အားဖြင့်။ စက္ကံ၊ သင်ရန်းစက်ကို။ အာဟတော၊ ဆောင်၏။ ဇုစ္ဆာဟတဿ။ အလိုရမက်သည် နှိပ်စက်အပ်သော။ ပေါသဿ၊ ယောကျ်ား၏။ မဏ္ဍ

ကေ၊ ဦးခေါင်းထက်၌။ စက္ကံ၊သင်ရန်းစက်သည်။ ဘမဘိ၊အိုးထိန်းစက်ကဲ့သို့ လည်၏။ ။ကေကနိပါတ် နဝမဝဂ် ပဉ္စကနိပါတ် ဒုတိယဝဂ် မိတ္တဝိန္ဒကဇာတ်တို့၌လည်း မိတ္တဝိန္ဒကဝတ္ထုကို ကြည့်အပ်၏။

၁၅၇-အလိုကြီးသော ဝံ ဝတ္ထု

လွန်လေပြီးသောအခါ တပါးသောရသေ့၏ကျောင်းအနီး တောချုံ၌ နေသော ကခုသော ဝံသည်လည်း လွန်၍ လိုချင်ခြင်းလောဘသည် နှိပ်စက်၍ တောမှထွက်၍ ပစ္စန္တရစ်ရွာသို့သွား၍ ချုံသို့ဝင်၏။ လူတို့သည် လေးလှံတံအစရှိသည်ကိုလက်စွဲကုန်လျက် ထိုချုံကို ဝန်းရံ၍ ထွက်ပြေးသော ထိုဝံကို လေးလှံတံဖြင့် ပုတ်ခတ်ကုန်၏။ ထိုဝံသည် ဦးခေါင်းကွဲ၍ ယိုစီးသောသွေးရှိသည်ဖြစ်၍ မိမိဌာနသို့သွား၍ ငါ့အား ဤဆင်းရဲသည် လွန်၍ လိုချင်ခြင်းဟူသော လောဘ၏အစွမ်းအားဖြင့် ဖြစ်၏။ ယခုအခါ၌ ငါသည် လွန်၍လိုချင်သော လောဘကို မနှိပ်မူ၍ အစာရှာ မသွားအံ့ ဟု ကျောင်းသို့သွား၍ ဥပုသ်အင်္ဂါကို မိဌာန်၍ လျောင်းစဉ် ရသေ့သည် အဘယ်အကျိုးငှါ ယနေ့ သင်သည် ဥပုသ် ဆောက်တည် သနည်း ဟု မေး၍ ပဘိဏ္ဍကနိပါတ် ပဉ္စူပေါသထ ဇာတ်၌–

သကံ နိကေတံ အတိဟိဋ္ဌယာနော၊
အတြိစ္ဆတာ မတံ အာဂဆိ။
တတော ဇနာ နိက္ခမိတွာ၊
ဂါမာ ကောဒဏ္ဍကေန ပရိပေါထေသုံ မံ။
သော ဘိန္နသိသော ရုဟိတမက္ခိတင်္ဂေါ၊
ပစ္စာဂမာသိ သကံ နိကေတံ။
တသ္မာ အဟံ ပါလယာမိ၊
အတြိစ္ဆတာ မာ ပုနာဂမာသိ။

ဟူသောဂါထာတို့ကို ဆို၏။

ဘန္တေ၊ အရှင်ဘုရား။ သကံနိကေတံ၊ မိမိနေရာကို။ အတိဟိဋ္ဌယာနော၊အယုတ်သဖြင့် အောက်မေ့၍။ အတြိစ္ဆတာ၊လွန်၍ အလိုရှိသည်၏ အဖြစ်ကြောင့်။ အမတံ၊ အမတ မည်သောဇနပုဒ်သို့။ အာဂဆိ၊ ရှေရှ

ရောက်ပြီ။ တတောဂါမာ၊ ထိုရွာမှ၊ ဇနာ၊ လူဘို့သည်။ နိက္ခမိတွာ၊ ထွက်၍။ မံ၊ ငါ့ကို။ ကောဒဏ္ဍကေန၊ လေးရိုးဆောက်ပုတ်ဖြင့်။ပရိပေါ ထေသုံ၊ ပုတ်ခတ်ကုန်ဖို့။ သောအဟံ၊ ထိုငါသည်။ ဘိန္နသိသော၊ ဦးခေါင်းကွဲ၍။ မျဟိတမက္ခိတင်္ဂါ၊ သွေးလူးသောကိုယ်ရှိသည်ဖြစ်၍။ သကံနိဂေတံ၊ မိမိနေရာကို။ ပစ္စာဂမာသိ၊ တဘန်ပြန်ဖို့။ တာသွာ၊ ထိုကြောင့်။ တတြိန္ဒ္ရတာ၊ လွန်၍အလိုရှိသည်ဖို့ အဖြစ်သည်။ ပုန၊ တဘန်။ မာအာဂမာသိ၊ ငါသို့ မလာစေသတည်းဟု။ အဟံ၊ ငါသည်။ ပါလယာမိ၊ ဥပုသ်စောင့်ဖို့။ ။[ဝံဝတ္ထု]။ ။အတြိန္ဆတာဒ္ဒိ ဝတ္ထု စကားတည်း။

မဟိန္ဆတာတိ မဟာလောဘော။ ယံ သန္ဓာယ ဝုတ္တံ တတ္ထ ကတမာ မဟိန္ဆတာ။ ဣတရိတရ စီဝရပိဏ္ဍပါတသေနာသန ဂိလာန ပစ္စယဘေသဇ္ဇပရိက္ခာရေဟိ ပဋ္ဌဟိဝါ ကာမဂုဏေဟိ အသန္တုဋ္ဌသ ဘိယျောကမျတာ။ ယာ ဇဝရူပါ ဣဆ္ဆာ ဣဆ္ဆာ ဂတာ မဟိန္ဆတာ ရာဂေါဒိတ္တာသ။အယံ ဝုစ္စတိ မဟိန္ဆတာတိ။ [ဧကကအင်္ဂုတ္တိရ် အဋ္ဌကထာ]။

မဟိန္ဆတာတို့၊ မဟိန္ဆတာ ဟူသည်ကား။ မဟာ လောဘော၊ ကြီးသော လောဘတည်း။ ယံ၊ အကြင်ကြီးသော လောဘကို။သန္ဓာယ၊ ရည်၍။တတ္ထကတမာမဟိန္ဆတာ။လ။အယံဝုစ္စတိ မဟိန္ဆတာတိဝစနံ၊ တတ္ထကတမာမဟိန္ဆတာ။လ။အယံ ဝုစ္စတိ မဟိန္ဆတာ ဟူသောစကား ကို။ ဝုတ္တံ၊ ဟောတော်မူအပ်ဖို့။ ။တတ္ထ၊ ထိုစကား၌။ ကတမာ၊ အဘယ်ကို။ မဟိန္ဆတာ၊ ကြီးသော အလိုရှိသော သူ၏အဖြစ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ဣတရိတရ စီဝရပိဏ္ဍပါတ သေနာသနဂိလာန ပစ္စယဘေသဇ္ဇပရိက္ခာရေဟိ၊ အယုတ် အမြတ် အမှတ်မဲ့ ဖြစ်သော သက်နှံး ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေး ပရိက္ခရာ တို့ဖြင့်။ အသန္တုဋ္ဌသဝါ၊ မရောင့်ရဲသော ရဟန်း၏ လည်းကောင်း။ ပဋ္ဌဟိ၊ ငါးပါးကုန်သော။ ကာမဂုဏေဟိ၊ ကာမဂုဏ်တို့ဖြင့်။ အသန္တုဋ္ဌသဝါ၊ မရောင့်ရဲသော သူ၏လည်းကောင်း။ ဘိယျောကမျတာ၊ အထူး အလိုရှိသည်၏ အဖြစ်တည်း။ ဇဝရူပါ၊ ဤသို့ သဘောရှိသော။ ယာဣဆ္ဆာ၊ အကြင်လိုချင်ခြင်းသည်။ ဣဆ္ဆာဂတာ၊ လိုချင်သော အခြင်းအရာသည်။ တာနည်းကား၊ လိုချင်ခြင်း၏ အဖြစ်

သည်။ မဟိစ္ဆာတာ၊ ကြီးသောအလိုရှိသောသူ၏အဖြစ်သည်။ စိတ္တဿ၊ စိတ်၏။ ရာဂေါ၊ တပ်ခြင်းသည်။ ဟောတိ၊ ၏။ အယံ၊ ဤသဘောကို။ မဟိစ္ဆတာ၊ ကြီးသောအလိုရှိသော သူ၏အဖြစ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သန္တဂုဏဘာဝတာပန ပဋိဂ္ဂဟဏေ အမတ္တညုတာ မဟိစ္ဆတာနာမ။ သာပိ ဣဓေကစ္စော သဒ္ဓေါတိ မံ ဇနော ဇာနာတူတိ ဣစ္ဆတိ။ သီလဝါ သမာနော သီလဝါတိ မံ ဇနော ဇာနာတူတိ ဣမိနာနယေန အာဂတာယေဝ။

[ရထဝိနိတဇေကအဂိုတ္တိုရ် အဌကထာ]။

ပန။ တနည်းကား။ သန္တဂုဏဘာဝတာ၊ ယုတ်မာသော အလိုရမက်၌ တည်၍ မိမိ၌ ရှိသော သီလရတင် အစရှိသော ကျေးဇူးကို ထင်ရှား ပြတတ် သည်၏ အဖြစ်သည် လည်းကောင်း။ ပဋိဂ္ဂဟဏေ၊ ပစ္စည်းကိုခံခြင်း၌။ အမတ္တညုတာ၊ အဘိုင်းအရှည်ကို မသိသည်၏ အဖြစ်သည် လည်းကောင်း။ မဟိစ္ဆတာနာမ၊ အလိုကြီးသော သူ၏ အဖြစ်မည်၏။ သာပိ၊ ထို အလိုကြီးသော သူ၏ အဖြစ်သည်လည်း။ ဣဓေကစ္စော။လ။ ဇာနာတူတိ၊ ဣဓေကစ္စော။လ။ ဇာနာတူဟူ၍။ ဣမိနာနယေန၊ ဤနည်းဖြင့်။ အဘိဓမ္မေ၊ အဘိဓမ္မာ၌။ အာဂတာယေဝ၊ လာသလျှင်ကတည်း။ ။ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချိုသော သူသည်။ မံ၊ ငါ့ကို။ သဒ္ဓေါတိ၊ သဒ္ဓါတရားရှိသော သူဟူ၍။ ဇနော၊ လူသည်။ ဇာနာတူတိ၊ သိစေသတည်းဟု။ ဣစ္ဆတိ၊ အလိုရှိ၏။ သီလဝါ၊ သီလရှိသောသူသည်။ သမာနော၊ ဖြစ်လတ်သော်။ မံ၊ ငါ့ကို။ သီလဝါတိ၊ သီလရှိသော သူဟူ၍။ ဇနော၊ လူသည်။ ဇာနာတူတိ၊ သိစေသတည်းဟု။ ဣစ္ဆတိ၊ အလိုရှိ၏။ ။ကန္ဆပုဋ္ဌကုန်သည်သည် ဆင်ယင်သော ဘဏ္ဍာကို လက်ဖြင့်ယူ၍ ခါးပိုက်၌လည်း ထည့်အပ်သည်နှင့် ယှဉ်သော ဘဏ္ဍာကိုထည့်၍ လူအများ၏ မြင်စဉ်လျှင် ဤမည်သော ဘဏ္ဍာကို ယူကြကုန်လော့ဟု နှုတ်ဖြင့် စီရင်သကဲ့သို့ ထိုအတူလျှင် အလိုကြီးသော ပုဂ္ဂိုလ်သည် အနည်းငယ် ဖြစ်ငြားသော် လည်း မိမိ၏ သီလကို လည်းကောင်း ကျမ်းဂန်ကိုလည်းကောင်း ရတင်ကို လည်းကောင်း အယုတ်သဖြင့် တော၌ နေခြင်းမျှကိုလည်း ကောင်း လူအများ၏ သိစဉ်ပင်လျှင် ထင်ရှားပြခြင်း၄ါ အလိုရှိ၏။ ထင်ရှားပြ၍ လှည်းတို့ဖြင့် ဆောင်ခဲ့ကုန်သော ပစ္စည်းတို့ကိုလည်း

တန်ပြိုဟု မဆိုမူ၍ ခံ၏၊ ထိုစကားသည် မှန်၏၊ မီးကို မီးစာဖြင့် မပြည့်စေနိုင်။ သမုဒ္ဒရာကို ရေဖြင့် မပြည့်စေနိုင်။ အလိုကြီးသော ပုဂ္ဂိုလ်ကို ပစ္စည်းတို့ဖြင့် မပြည့်စေနိုင်။ ဤသို့ သုံးပါးတို့ကို ပြည့်စေနိုင်ခြင်းငှါ မတတ်နိုင်။ မျှားစွာသော မီးစာ၊ ရေ၊ သင်္ကန်း အစရှိသော ပစ္စည်းဟူသော ပြည့်ခြင်း၏ အကြောင်းကို ပေးသော်လည်း မီးပုံ၊ သမုဒ္ဒရာ၊ အလိုကြီးသောပုဂ္ဂိုလ်၊ ထို သုံးပါးတို့သည် မပြည့်ကုန်။ ။[ဝိဘင်း အဋ္ဌကထာ]။ ။ထိုစကားသည် မှန်၏၊ အလိုကြီးသော ပုဂ္ဂိုလ်သည် မွေးသောအမိ၏ စိတ်ကိုလည်း ယူခြင်းငှါ မတတ်နိုင်။ အလုပ်အကျွေးတို့၏ စိတ်ကို ယူခြင်းငှါကား အဘယ်မှာလျှင် တတ်နိုင်အံ့နည်း။ ထိုစကား၌ အောက်ပါဝတ္ထုကို သိအပ်ကုန်၏။

၁၅၈—ပဉ္စင်းငယ်ဝတ္ထု

တယောက်သော ပဉ္စင်းငယ်သည် မုံ့ကြိုက်တတ်သတည်း။ထိုအခါ ထိုပဉ္စင်းငယ်၏အမိသည် အကယ်၍ ငါ့သားသည် ပစ္စည်းကို ခံခြင်း၌ အတိုင်းအရှည်ကို သိသည်ဖြစ်အံ့၊ ဝါတွင်း သုံးလပတ်လုံး ငါ့သားအား မုံ့လှူအံ့ဟု သား၏အကျင့်ကို စုံစမ်းလျက် ဝါဆိုသောနေ့၌ ရှေးဦးစွာ မုံ့တရှက်ကိုပေး၍ ထိုမုံ့ကိုစားပြီးသော် မုံ့တရှက်ကိုပေး၏။ ထိုမုံ့ကိုလည်း စားပြီးသော် မုံ့တရှက်ကိုပေး၏။ ပဉ္စင်းငယ်သည် တန်ပြိုဟု မဆိုမူ၍ စားသလျှင်ကတည်း။ပဉ္စင်းငယ်၏အမိသည် အတိုင်းအရှည်ကို မသိသည့်အဖြစ်ကိုသိ၍ ငါ့သားသည် ဝါတွင်းသုံးလစားအပ်သောမုံ့ကို ယနေ့ပင်လျှင်စားလေပြီဟု နှစ်ရက်ခြောက်သော နေ့မှစ၍ တရှက်သော မုံ့ကိုမျှလည်း မပေးမလှူထားလေ၏။ ။[ပဉ္စင်းငယ်ဝတ္ထု]။

၁၅၉—တိသမင်းဝတ္ထု

တိသမင်းကြီးသည်လည်း နေ့တိုင်းစေတိယတောင်၌ အလှူကို ပေးလတ်သော် မြတ်သောမင်းကြီး အဘယ်ကြောင့် တရားသောအရပ်သို့ သာလျှင် ဆည်းကပ်သနည်း။ တပါးသောအရပ်၌ လှူသင့်သည်မဟုတ်လောဟု ဇနပုဒ်သူတို့သည် ဆိုလတ်၍ နှစ်ရက်မြောက်သောနေ့၌ အနုရာဓပြည်၌ အလှူကြီးကိုပေး၏၊ တပါးသောရဟန်းသည်လည်း ခံခြင်း၌

အတိုင်းအရှည်ကို မသိ၊ တပါးတပါးသော ရဟန်းသည် ခံအပ်သော ခဲဘွယ်ဘောဇဉ်ကို နှစ်ယောက် သုံးယောက်ကုန်သော လူတို့သည် ချိုရကုန်၏။ တိသမင်းသည် နှစ်ရက်မြောက်သောနေ့၌ စေတိယတောင်၌ ရဟန်းသံဃာကို ဘိတ်စေ၍ မင်းအိမ်တွင်းသို့ လာသော ကာလ၌ သပိတ်ကို ပေးကုန်လော့ဟုဆို၏။ မြတ်သောမင်းကြီး မသင့်၊ မိမိ၏ အတိုင်းအရှည်ဖြင့် ရဟန်းတို့သည် ယူကုန်သတည်းဟု ဆို၍ တပါးသော ရဟန်းသည်လည်း သပိတ်ကိုမပေး၊ ခပ်သိမ်းကုန်သော ရဟန်းတို့သည် အတိုင်းအရှည်နှင့် ယှဉ်သည်ကိုသာလျှင် ခံကုန်၏။ တိသမင်းကြီးသည် ကြည့်ကြုံကုန်လော့ သင်တို့ရဟန်းတို့တွင် ကပါးသော ရဟန်းသည်လည်း အတိုင်း အရှည်ကိုမသိ၊ယမန်နေ့က တစုံတခုသော အကြွင်းသည်မရှိ၊ ယနေ့ကား ယူသည်နည်း၏။ ကြွင်းသည်သာလျှင် များ၏ဟုဆို၍ စေတိယဘောင် ရဟန်းသံဃာတို့ အတိုင်း အရှည်သိသည်၏ အဖြစ်ကြောင့် နှစ်သက်၏။ တပါးကုန်သော ရဟန်းတို့အား အတိုင်းအရှည်ကို မသိသည်၏ အဖြစ်ကြောင့် နှလုံးမသာရှိသည်ဖြစ်၏။ [တိသမင်းဝတ္ထု]။ ခုဒ္ဒကဝိဘင်း အဋ္ဌကထာ၌ ဤဝတ္ထုနှစ်ခုကို ဆို၏။

၁၆၀–ထုလ္လနန္ဒာဝတ္ထု

သာဝတ္ထိပြည်၌ တယောက်သော သိတင်းသည်သည် ရဟန်းမိန်းမသံဃာကို ကြက်သွန်ဖြင့်ဘိတ်၍ ရဟန်းမိန်းမတို့သည် အကယ်၍ လာကုန်အံ့၊ တပါးတပါးသော ရဟန်းမိန်းမအား နှစ်ချသုံးခုကုန်သော ကြက်သွန်စည်းတို့ကို လှူလော့ဟု ကြက်သွန်ခင်းစောင့်ကို စေ၏။ ထိုအခါတနေ့သ၌ ထုလ္လနန္ဒာမည်သော ရဟန်းမိန်းမသည် အခြံအရံနှင့် တကွ ကြက်သွန်ခင်းကိုဝင်၍ အတိုင်းအရှည်ကိုမသိမူ၍ များစွာသော ကြက်သွန်ကိုနုတ်၍ ဆောင်စေ၏၊ ကြက်သွန်ခင်းစောင့်သည်လည်း ကဲ့ရဲ့၏။ မြတ်စွာဘုရားသည်ထိုအကြောင်းကို သိတော်မူ၍ ထုလ္လနန္ဒာကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့အလိုကြီးသော ပုဂ္ဂိုလ်မည်သည်ကား ဘွားသော အမိကိုလည်း မနှစ်သက်စေနိုင်၊ မကြည်ညိုကုန်သော သူတို့ကို ကြည်ညိုစဖွယ်သောဂုဏ်း ကြည်ညိုကုန်ပြီးသော သူတို့အား အကိုင်းထက်အလွန် ကြည်ညိုခြင်းကို ဖြစ်စေခြင်းဂုဏ်း၊ မဖြစ်သေးသောလာဘ်ကို ဖြစ်စေခြင်းဂုဏ်း ဖြစ်ပြီးသောလာဘ်ကိုမြဲမြံစိမ့်သောဂုဏ်း မကာ်နိုင် အလို

နည်းသော ပုဂ္ဂိုလ်သည်ကား တတ်နိုင်၏ဟု မိန့်တော်မူ၍ ရဟန်းတို့ ထုလ္လနန္ဒာသည် ယခုအခါ၌သာလျှင် အလိုကြီးသည် မဟုတ်သေး၊ ရှေးကာလ၌လည်း အလိုကြီးသည် သာလျှင်တည်းဟု မိန့်တော် မူ၍ အတိတ်ကို ဆောင်တော်မူ၏။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တယောက်သော ပုဏ္ဏားသည် စုတေ၍ ရွှေဟသ်ာမျိုး၌ ဖြစ်၏။ ထို ရွှေဟသ်ာသည် ဇာတိသရဉာဏ်ဖြင့် စုံစမ်းလတ်သော် သူတပါးတို့၏ အခစားလုပ်၍ အသက်မွေးကုန်သော မိမိမယား သို့းတို့ကိုမြင်၍ ထို မယားသို့းတို့၌ချစ်သဖြင့် မယားသို့းတို့၏ အထံသို့သွား၍ အလုံးစုံသော အကြောင်းကို ပြောဆို၍ ထိုမယား သို့းတို့အား တခု တခုစီသော အတောင်ကို ပေး၏။ ဤအခါမှစ၍ သူတပါး တို့၏ အခစားအမှုကို မပြုကြ ကုန်လင့်၊ ဤအတောင်ကိုရောင်း၍ ချမ်းသာသဖြင့် အသက် မွေးကြ ကုန်လော့ဟု ဆို၍ ဖဲ၏။ ထိုဟသ်ာ၏ အတောင်သည် ဖြတ်ခြင်း ထုရိုက်ခြင်းဌါ ခံ့သော ရွှေအတိ ပြီးသော အတောင် ဖြစ်သတတ်၊ ထိုရွှေဟသ်ာသည် ဤနည်းဖြင့် ကြိုးကြားကြိုးကြားသွား၍ တခုတခုစီသော အတောင်ကို ပေး၏။ ပုဏ္ဏေးမတို့သည် ကြွယ်ဝ ကုန်၏။ ထိုအခါ တနေ့သ၌ ပုဏ္ဏေးမသည် သို့းတို့ ထိုတိရစ္ဆာန်တို့၏ စိတ်မည်သည်ကို သိနိုင်ခဲ၏။ ရံခါ သင်တို့အဘသည် ဤသို့ မလာရာ။ ယခု ထိုရွှေဟသ်ာ၏ လာသောအခါ၌ ခပ်သိမ်းကုန်သော အတောင် တို့ကို နုတ်၍ ယူကြကုန်အံ့ဟုဆို၏။ သို့းတို့သည် အမိပုဏ္ဏေးမကို တားမြစ်ကုန်၏။ထိုပုဏ္ဏေးမသည်ကား အလိုကြီးသည်၏အဖြစ်ကြောင့် တနေ့သ၌ ထိုဟသ်ာသည် တဘန်လာလတ်သော် ခပ်သိမ်းကုန်သော အတောင်တို့ကိုနုတ်၍ ဟသ်ာ၏ အလိုနှင့် ကင်း၍ ဗလက္ကာရအားဖြင့် ယူအပ်သည်၏ အဖြစ်ကြောင့် ခပ်သိမ်းကုန်သော အတောင်တို့သည် ဗျိုင်းတောင်နှင့်ကူသည်ဖြစ်ကုန်၏။ ဟသ်ာသည် ပျံသွားအံ့သောဌါ မဘတ်နိုင်။ပုဏ္ဏေးမသည် ဟသ်ာကို အိုးစရည်းကြီး၌ထည့်၍ မွေး၏။ ထိုဟသ်ာ၏ တဘန် ပေါက်ကုန်သော အတောင်တို့သည် အဖြူဖြစ်ကုန် ၏။ ထိုဟသ်ာသည် ပေါက်သောအတောင်ရှိသည်ဖြစ်၍ မိမိဌာနသို့ သွား၍ တဘန်မလာပြီ။ မြတ်စွာဘုရားသည် အတိတ်ကိုဆောင်တော် မူ၍ ရဟန်းတို့-ထုလ္လနန္ဒာသည် ယခုအခါ၌သာလျှင် အလိုကြီးသည် မဟုတ်၊ ရှေး၌လည်း အလိုကြီးသလျှင်ကတည်း။ အလိုကြီးသည်၏

အဖြစ်ကြောင့်ကား ရှေးဦ ရွှေမှ ယုတ်၏။ ယခုမူကား မိမိ၏အလိုကြီး သည်၏အဖြစ်ကြောင့်လျှင် ကြက်သွန်မှယုတ်၏။ ထိုကြောင့် ဤအခါမှစ၍ ကြက်သွန်ကိုစားခြင်းငှါ မရလတ္တံ့။ထုလ္လနန္ဒာသည် ကြက်သွန်ကိုစားခြင်းငှါ မရသကဲ့သို့ ထိုအတူ ထုလ္လနန္ဒာကို အမှီပြု၍ ကြွင်းကုန်သော ရဟန်းမိန်းမတို့သည် ကြက်သွန်ကိုစားခြင်းငှါ မရကုန်လတ္တံ့။ ထိုကြောင့် များစွာသောပစ္စည်းကိုရ၍ ပမာဏကိုလျှင် သိအပ်၏။ အနည်းကို ရ၍ကား ရတိုင်းသော ပစ္စည်းဖြင့်သာလျှင် ရောင့်ရဲခြင်းကို ပြုအပ်၏။ ထိုထက် အလွန်ကို မတောင့်တအပ်ဟု မိန့်တော်မူ၍ ဧကက နိပါတ် ခုဒ္ဒကဝဂ် ရွှေဟယ်ာဇာတ်၌-

ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ၊အတိလောဘော ဟိ ပါပကော။
ဟံသရာဇံ ဂဟေတွာန၊သုဝဏ္ဏာ ပရိဟာယတိ။

ဟူသောဂါထာကို ဟောတော်မူ၏။

ယံ၊ အကြင် ပစ္စည်းကို။ လဒ္ဓံ၊ ရအပ်၏။ တေန၊ ထိုရသမျှဖြစ်သော ပစ္စည်းဖြင့်။ တုဋ္ဌဗ္ဗံ၊ ရောင့်ရဲအပ်၏။ ဟိသစ္စံ၊ မှန်၏။ အတိလောဘော၊ လွန်၍ ဖြစ်သော လောဘသည်။ ပါပကော၊ ယုတ်မာ၏။ ဟံသရာဇံ၊ ဟယ်ာမင်း၏ အတောင်ကို။ ဂဟေတွာန၊ နိုင်ထက်ကလူမှလျက်ယူ၍။ သုဝဏ္ဏာ၊ရွှေမှ။ပရိဟာယတိ၊ ယုတ်၏။ ။ဤသို့ ဟောတော်မူပြီး၍-

ယာပန ဘိက္ခုနီ လသုဏံ ခါဒေယျ ပါစိတ္တိယံ။

ဟူ၍ သိက္ခာပုဒ်ကို ပညက်တော်မူ၏။ ။[ထုလ္လနန္ဒာဝတ္ထု]။

၁၆၁-အလိုကြီးသောမြေခွေးဝတ္ထု

ပဋ္ဌုပေါသထဇာတ် အဌကထာ၌ တခုသော ဆင်သေကိုမြင်၍ အလိုကြီးသည်၏အစွမ်းအားဖြင့် ထိုဆင်သေ၏ဝစ္စမဂ်ဖြင့် ဝမ်းတွင်းသို့ ဝင်၍ ဝစ္စမဂ်ပိတ်လတ်သော် ထွက်အံ့သောငှါ မဘတ်နိုင်သည်ဖြစ်၍ ဆင်းသေဝမ်း၌ ကြာမြင့်စွာ ဆင်းရဲလျက်နေရ၏။ တနေ့သ၌ မိုးရွာ၍ ဝစ္စမဂ်သည် ပွင့်လတ်သော် ထွက်၍ တပါးသောရသေ့၏ကျောင်းသို့ သွားပြီး လောဘကိုနှိပ်အံ့သောငှါ ဥပုသ်အင်္ဂါကိုဆောက်တည်လျက် ဝပ်သောမြေခွေး၏ဝတ္ထုကိုလည်း ဆောင်အပ်၏။ ။[အလိုကြီးသည်၏ အဖြစ်၌ ဝတ္ထုစကားတည်း]။

ဇုန္ဆာသယ ၁၅၅-၇၀

၁၆၂-ဖိန်ဒ္ဒမင်္ဂိသောဂဏ်ကျေးဇူးကို ရှိုယောင်ပြု၍ ဒေါဒိစရည်းဥ္ဒါ ဒေအောင်းသောရဟန်းဝတ္ထု

ပိဝိဒ္ဓ မရှိကုန်သော ဂုဏ်ကျေးဇူးတို့ကို သူတပါးတို့အား ထင်ရှား ပြခြင်းသည်လည်းကောင်း ပစ္စည်းကိုခံခြင်းဌ အတိုင်းအရှည်ကို မသိ ခြင်းသည်လည်းကောင်း ယုတ်မာသော အလိုရမက် မည်၏။ ထို ယုတ်မာသော အလိုရမက်သည် ဣရေကစ္ဆော အသင်္ခါသမာနော သင်္ခါတိမံ ဇနော ဇာနာတု ဤသို့အစရှိသောနည်းဖြင့် အတိမမ္မာဒ္ဒ လာသလျှင်ကတည်း။ ။ထို ယုတ်မာသော အလိုရမက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အံ့ဘွယ်သဂဲကိုပြုတတ်သည်၏အဖြစ်ဌ တည်၏။ [ရထဝိနီတ ဇာကအဋ္ဌကထာ]။ အသင်္ခါ သမာနောအစရှိ သည်ဟိုဌကား အဆုံးအဖြတ်ကို ဤသို့သိအပ်၏၊ အကြင်ရဟန်းသည် သင်္ခါတရားမရှိဘဲ သင်္ခါသောအခြင်းအရာကိုပြု၏၊ ရဟန္တာမဟုတ်ဘဲ ရဟန္တာ၏အခြင်းအရာကို ပြု၏။ ထိုရဟန်းသည် ယုတ်မာသော အလို ရမက်ရှိသော ပုဂ္ဂိုလ်မည်၏။အသို့ပြုသနည်းဟူမူကား ရှေးဦးစွာ သင်္ခါ တရားမရှိသော ရဟန်းသည် လူတို့၏ ကြီးစွာသော ပူဇော်ခြင်းကို ပြုသောနေ့ကျောင်းသို့သွားသောကာလဌ ကျောင်းကိုတံမြက်လှည်း၏။ အမှိုက်ကို စွန့်၏။ လူတို့သည် မြင်သောအဖြစ်ကို သိ၍ စေတီရင်ပြင်သို့ သွား၍ တံမြက်လှည်းပြီး အမှိုက်ကိုစွန့်၏၊ သဲကို ညှိညွတ်စွာ ပြု၏၊ နေရာကို ဆေး၏၊ဗောဓိပင်ဌ ရေသွန်း၏၊ လူတို့သည် ထိုရဟန်းကိုမြင်၍ ကျောင်းကို သုတ်သင်တတ်သော တပါးသော ရဟန်းသည် မရှိသည် တကားဟု ထင်၏၊ ဤမထေရ်သည်သာလျှင် ကျောင်းကို သုတ်သင်၏။ မထေရ်သည်သင်္ခါဘရားနှင့် ပြည့်စုံ၏ဟု သွားသောကာလ ဆွမ်းဖြင့် ဘိတ်၍သွားကုန်၏။ ရဟန္တာမဟုတ်သောရဟန်းသည်လည်း ရွာသူ သားငယ်တို့ကို မြင်၍ သင်တို့၏ အမိအဘာတို့သည် ငါတို့ကို ဘုယ်သို့ ဆိုကုန်သနည်းဟုမေး၍ ရဟန္တာဟူ၍ဆိုကုန်သည် အရှင်ဘုရား ဟူ၍ ဆိုလတ်သော် လိမ်မာကုန်သောအိမ်ရှင်တို့ကို လှည့်စားအံ့သောငှါ မတတ်နိုင်ဟုဆို၍မိမိ၏ ရဟန္တာအဖြစ်ကိုပြု၏။ ဤအရာဌ တပါးကုန် သောဒေါဒိစရည်းကြီးဌ ပုနံအောင်းသော ရဟန္တာ၊ ပညောင်ပင်မြစ် ပါးပျဉ်းသို့ ဣလျာက်သော ရဟန္တာအစရှိသည်တို့ကိုလည်း သိအပ်

ကုန်၏။ အံ့ဘွယ်သရဲကို ပြုတတ်သော ရဟန်းတပါးသည် တိုက်ခန်း တွင်းဦးဒိုးစရည်းကြိုးကိုထား၍ လူတို့ကျောင်းသို့လာသော ကာလဦး ဒိုးစရည်းတွင်းသို့ဝင်သတတ်။ လူတို့သည် မထေရ်ဘယ်မှာနည်းဟု မေး၏၊ တိုက်ခန်းတွင်းမှာတည်းဟု ဆိုလတ်သော်ဝင်၍ စုံစမ်းကုန် သော်လည်း မဖြင့်၍ထွက်ကုန်၏။ထိုထွက်သောခဏာ၌ ထိုရဟန်းသည် မထေရ်မရှိဟုဆို၍ မထေရ်သည်အင်းပျဉ်၌ ထိုင်၏။ ထိုလူတို့သည် ဒိုးစရည်းမှထွက်၍ တိုက်ခန်းထဲမှာပင် လျှင်တည်းဟု ဆိုလတ်သော် တဘန် ဝင်၍ ထိုရဟန်းကိုဖြင်၏၊ အရှင်ဘုရား အကျွန်ုပ်တို့သည် ရှေးဦး အရှင်ဘုရားကိုမဖြင်၍ ထွက်ကုန်၏၊ အရှင်ဘုရားတို့သည် အဘယ်သို့ ကြွကုန်သနည်းဟု မေးကုန်၏။ ရဟန်းသည် ရဟန်းတို့မည်သည်ကား ငါငါတို့၏ အလိုရှိရာ အရပ်သို့ သွားကုန်၏ဟု ဆိုသဖြင့် ငါငါရဟန္တာ အဖြစ်ကို ပြု၏။

အိုးစရည်းကြိုးဦး အောင်းသော ရဟန်းဝတ္ထု

၁၆၃-ပညောင်ပင်ဖြစ် ပါးပျဉ်းဦး လျှောက်သော ရဟန်းဝတ္ထု

အံ့ဘွယ်သရဲကို ပြုတတ်သော ရဟန်းတပါးသည် တခုသော တောင်ဦး ဆောက်အုပ်သော သစ်ရွက်မိုးသော ကျောင်းဦး နေ၏၊ ကျောင်း၏နောက်အဘို့ဦးလည်း တခုသော ပညောင်ပင်သည်ရှိ၏၊ ထို ပညောင်ပင်၏ အဖြစ်ပါးပျဉ်းသည် သွား၍တဘက်အဘို့ဖြေဦး တည်း၏။ လူတို့သည် လမ်းခရီးဖြင့် လာ၍ ထိုရဟန်းကို ပင့်ဘိတ်ကုန်၏။ ထို ရဟန်းသည် သပိတ်သင်္ကန်းကိုယူ၍ ပညောင်ပင် ပါးပျဉ်းဖြင့် ဆင်း သက်၍ ရွာတံခါးဦး မိမိကိုယ်ကို ပြု၏။ လူတို့သည် နောက်မှလာလတ် ကုန်၍ .အရှင်ဘုရား အရှင်ဘုရားတို့သည် အဘယ်လမ်းဖြင့် ကြွကုန် သနည်းဟု မေးကုန်၏။ ထိုရဟန်းသည် ရဟန်းတို့၏ လာရာလမ်း မည်သည်ကို မေးခြင်းငှါ မသင့်၊ မိမိတို့၏ လိုရာ လိုရာ အရပ်သို့လျှင် လာကုန်၏ဟု ဆိုသဖြင့် ရဟန္တာ၏အဖြစ်ကို ပြု၏။ ထိုအခါ ဘယောက် သော သူသည် ထိုရဟန်းကိုစုံစမ်းလတ်သော် ပညောင်ပင်ဖြစ်ပါးပျဉ်း ဖြင့် ဆင်းသက်သည်ကို ဖြင်၍ ဖြတ်လျက် အနည်းငယ်မျှ ထား၏။

အံ့ဘွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းသည် ထိုအကြောင်းကို မသိ၍ ပညောင်ပင်မြစ် ပါးပျဉ်းဖြင့် ဆင်းသက်လတ်သော် ပြတ်၍ ကျ၏၊ မြေသဝိတ်လည်း ကွဲ၏၊ ထိုရဟန်းသည် ငါ့ကို လူသိရှုပြီဟူ၍ ထွက်၍ ပြေးလေ၏။ ။ပညောင်ပင်မြစ် ပါးပျဉ်းသို့ လျှောက်သော ရဟန်းဝတ္ထု။ အကျယ်ကိုကား ခုဒ္ဒကဝိဘင်းအဋ္ဌကထာမှာ ယူအပ်၏။ ယုတ်သော အလိုရမက် ရှိသည်၏ အဖြစ်၌ ဝတ္ထုစကားတည်း။

ဤသို့ အဋ္ဌကထားတို့၌ ယုတ်မာသော အလိုရမက်ရှိသော ပုဂ္ဂိုလ် ကြီးသော ရမက်ခိုသော ပုဂ္ဂိုလ်တို့၏ အတိုင်းအရှည်ကို မသိကုန်သည်၏ အဖြစ်ကိုလည်း ပြ၏။ အကြင်ကြောင့် ထို ပုဂ္ဂိုလ်တို့သည် ပစ္စည်းကို ခံခြင်း၌ အတိုင်းအရှည်ကို မသိသည်၏အဖြစ်ကြောင့် ယုတ်မာသော အလိုရမက်ကြီးသော အလိုရမက်ကို ဖြစ်စေကုန်၏။ ထို့ကြောင့် ပစ္စည်းကို ခံသော ပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိသည် ဖြစ်ရာ၏။ ထို့ကြောင့် ရဟန်းတို့အား တရားဟောတော်မူသော မြတ်စွာဘုရားသည်း ဤကား အင်္ဂုတ္တိရဿဒေဝမ္မပါဠိတော်တော်ရသမဝဂ်ပဉ္စင်္ဂါဟကသုတ်၌ ပဉ္စင်္ဂါဟကေနမတ္တာဇာနိတဗ္ဗာ ဟူ၍ ဟောတော်မူ၏။ ပဉ္စင်္ဂါဟကေန၊ ပစ္စည်းကို ခံသော ရဟန်းသည်။ မတ္တာ၊ အတိုင်းအရှည်ကို။ ဇာနိတဗ္ဗာ၊ သိအပ်၏။ ပစ္စည်းကိုခံသော ရဟန်းသည် ဒါယကာ၏ အမြတ် အယုတ်အားဖြင့် ပြားသော အလိုဆန္ဒ ဟူသော အစွမ်းကို သိအပ်၏။ လှူဘွယ်ဝတ္ထု၏ နည်းသည်၏ အဖြစ် များသည်၏ အဖြစ်ကို သိအပ်၏။ ပိမိ၏မျှခြင်း ပမာဏကို သိအပ်၏။ [ထိုပါဠိတော်၏ အဋ္ဌကထာ]။ ။ထိုစကားသည် မှန်၏၊ အကြင်ရဟန်းသည် အတိုင်းအရှည်ကိုသိ၏။ ထိုရဟန်းသည် ပစ္စယအပ္ပိဆ္ဆ၊ ရတာဂ်အပ္ပိဆ္ဆ၊ ပရိယတ္တိ အပ္ပိဆ္ဆ၊ အဓိဂမအပ္ပိဆ္ဆ ဟူကုန်သော လေးယောက်ကုန်သော အပ္ပိဆ္ဆ ပုဂ္ဂိုလ်တို့တွင် ပစ္စယ အပ္ပိဆ္ဆ ပုဂ္ဂိုလ်မည်၏။ ထို့ကြောင့် ဤကာအင်္ဂုတ္တိရဿမဝဂ် အပ္ပိဆ္ဆ တာသုတ် အဋ္ဌကထာ၌ လည်းကောင်း ရထဝိနီတသုတ် အဋ္ဌကထာ၌ လည်းကောင်း လေးပါးကုန်သော ပစ္စည်းတို့၌ အလိုနည်းသော ပုဂ္ဂိုလ်သည် ပစ္စယ အပ္ပိဆ္ဆပုဂ္ဂိုလ် မည်၏။ ထိုပုဂ္ဂိုလ်သည် ဒါယကာ၏ အစွမ်းကိုသိ၏၊ လှူဘွယ်ဝတ္ထု၏ အစွမ်းကို သိ၏ ပိမိ၏ အစွမ်းကို သိ၏၊ ထိုစကားသည်မှန်၏ လှူဘွယ်ဝတ္ထုသည်များအံ့၊ ဒါယကာသည် အနည်းငယ် လှူလိုအံ့၊ ဒါယကာ၏ အစွမ်းအားဖြင့် အနည်းငယ်ကို

ခံ၏။ လူဘွယ် ဝတ္ထုသည် နည်းအံ့၊ ဒါယကာသည် များစွာလူ လိုအံ့၊ လူဘွယ် ဝတ္ထုဏ် အစွမ်း အားဖြင့် အနည်းငယ်ကို ခံ၏။ လူဘွယ်ဝတ္ထုလည်းများအံ့၊ ဒါယကာလည်း များစွာ လူလိုအံ့၊ မိမိ၏ အစွမ်းကိုသိ၍ ပမာဏအားဖြင့်သာလျှင် ခံအပ်၏ဟူ၍ ဆိုအပ်၏။ ပစ္စယအပြိန္ဆ ပုဂ္ဂိုလ်သည် များစွာ လူသည်ရှိသော် အနည်းငယ်ခံ၏။ အနည်းငယ်လူသည်ရှိသော် အလွန် အနည်းငယ်မူလည်းခံ၏။ မခံဘဲ မူလည်းနေ၏၊ အကြွင်းမရှိ ယူခြင်းကိုမူကားမပြု။ [ပါထိယဝဂ်ဒသုတ္တရ သုတ်အဋ္ဌကထာ]။ ဤသို့အတိုင်းအရှည်ကိုသိ၍ ပစ္စည်းကိုခံသောရဟန်း သည် အပြိန္ဆပဋ်ပတ်ကို ဖြည့်၏၊ ထိုရဟန်းအား မဖြစ်သောလာဘ်သည် ဖြစ်၏၊ ဖြစ်ပြီးသော လာဘ်သည် အမြဲတည်၏၊ မကြည်ညိုကုန် သေးသော သူတို့သည် ကြည်ညို ကုန်၏။ ကြည်ညိုကုန်ပြီးသော သူတို့သည် အလွန် ကြည်ညိုခြင်းသို့ ရောက်ကုန်၏။ ရဟန်းများ၏ မျက်စိသဘွယ်ဖြစ်၏။ သာသနာတော်ကိုရှည်မြင့်စွာ တည်အောင်ပြု၏။

၁၆၄—အလိုနည်းသော ရဟန်းသာမဏေဘို့ဝတ္ထု

ထိုစကား၌ အောက်ပါဝတ္ထုတို့ကို သိအပ်ကုန်၏။ ။ရောဟနဇန ပုဒ် ကဋ္ဌုမ္ပရမြစ်နားကျောင်း၌တပါးသော ရဟန်းသည် ငတ်မွတ်သော အခါ ထိုရွာ၌ တယောက်သော ရှည်သော နားရှိသောသူ၏ အိမ်၌ ဘုဉ်းပေးအံ့သောငှါ လာသောကာလ၌ တယောက်မသော ဆွမ်းကိုခံ၍ သွားစေအံ့သောငှါ စီရင်သော ကာလ၌လည်း တယောက်မသော ဆွမ်းကိုသာလျှင် ရသတတ်၊ ထိုရဟန်းငယ်သည် တနေ့သ၌ ထိုအိမ်၌ တပါးသော အာဂန္တုကရဟန်းကိုမြင်၍ တယောက်မမျှသော ဆွမ်းကို သာလျှင်ခံ၏။ ထိုအခါ ထိုရဟန်းငယ်အား ထိုအကြောင်းကြောင့် ထို အမျိုးသားသည် ကြည်ညို၍ ငါတို့၏ အိမ်သို့ ကပ်သော အရှင်သည် ဤသို့သဘောရှိ၏ဟု မင်းအိမ်တံခါး၌ အဆွေခင်ပွန်းတို့အားပြောဆို၏။ ထိုအလုံးစုံကုန်သော သူတို့သည်လည်း ထိုရဟန်းငယ်၏ အပြိန္ဆဂုဏ်၌ ကြည်ညိုကုန်၍ တနေ့ခြင်းဖြင့်လျှင် ခြောက်ဆယ်ကုန်သော အမြဲဆွမ်း ဝတ်တို့ကို တည်ကုန်၏။ ဤသို့ အလိုနည်းသော ပုဂ္ဂိုလ်သည် မဖြစ် သေးသော လာဘ်ကို ဖြစ်စေ၏။ သဒ္ဓါတိဿမင်းကြီးသည် အလုပ်

အကျွေးငယ် တိသဒအမတ်ကို စုံစမ်း၍ ထိုအမတ်ကို တခုကို ခါကို ချက်စေ၍ ဆောင်ခဲ့စေ၏။ ထိုအခါသုံးဆောင်ခါနိုးဌ် စားဦးလှူ၍ သုံးဆောင်အံ့ဟု ကန္ဒကသာလ ပရိဝုတ်ဌ် နေသော သာမဏေအား ခါသားကို လှူလတ်သော် သာမဏေသည် အနည်းငယ်ကိုသာခံ၏။ ထိုသာမဏေ၏ အပိုဆွဝုတ်ဌ် ကြည်ညိုး၍ အမောင် သင့်အား ငါကြည်ညိုဏ်။ ၅စ်လုံးကုန်သော အမြဲဆွမ်းဝတ်တို့ကို လှူဏ်ဟုဆို၏။ မြတ်သောမင်းကြီး ထိုဆွမ်းတို့ကို ဥပဇ္ဈာယ်အား ငါသည် လှူဏ်ဟု သာမဏေသည် ဆို၏။ အမောင် တပါးကုန်သော ၅စ်လုံးကုန်သော ဆွမ်းဝတ်တို့ကို လှူဏ်ဟု မင်းသည် ဆို၏။ ထိုဆွမ်းတို့ကို ဆရာအား လှူဏ်ဟု သာမဏေသည် ဆို၏။ တပါးကုန်လော ၅စ်လုံးကုန်သော ဆွမ်းတို့ကိုလည်း လှူဏ်ဟု မင်းသည်ဆို၏။ ထိုဆွမ်းတို့ကို ဥပဇ္ဈာယ်တို့ ဖြစ်ကုန်သော သူတို့တို့အားလှူဏ်ဟု သာမဏေသည်ဆို၏။ တပါးကုန်သော ၅စ်လုံးကုန်သော ဆွမ်းတို့ကိုလည်း လှူဏ်ဟုမင်းသည်ဆို၏။ ထိုဆွမ်းတို့ကို ရဟန်းသံဃာအားလှူဏ်ဟုသာမဏေသည်ဆို၏။ တပါးကုန်သော ၅စ်လုံးကုန်သော ဆွမ်းတို့ကိုလည်းလှူဏ်ဟု မင်းသည်ဆို၏။ သာမဏေသည် သည်းခံ၏။ ဤသို့ ထိုသာမဏေအားဖြစ်သော လာဘ်သည် မြဏ်။ ဒီဃပုဿွားတို့ကို ကျွေးလတ်သော် ငါးခု ငါးခု ကုန်သော ထမင်းကောင်းတို့ကို ပေး၍ ရောင့်ရဲ စိမ့်သောဌါ မတတ်နိုင်သတတ်။ ထို ပုဿွားသည် တနေ့သဌ် ရဟန်းတို့သည် အလို နည်းကုန်သည် ဟူသောစကားကိုကြား၍ စုံစမ်းအံ့သောဌါ ဆွမ်းကိုယူခဲ့စေ၍ ရဟန်းသံဃာ၏ ဆွမ်းဘုဉ်းပေးသော ကာလဌ် ကျောင်းသို့ ရောက်၍ ဆွမ်းစားစရဝ်ဌ် ဆွမ်းဘုဉ်းပေးကုန်သော သုံးကျိပ်ကုန်သော ရဟန်းတို့ကို မြင်၍ တခုသောဆွမ်းတောင်းကိုယူ၍သံဃာထေရ်၏ အထံသို့ သွား၏။ မထေရ်သည် လက်ချောင်းကို လှုပ်၍ အနည်းငယ်သာလျှင် ယူ၏။ ဤသို့သောအမှတ်ဖြင့်သာလျှင် တခုသော ဆွမ်းတောင်းသည် ခုဝ်သိမ်းသောရဟန်းတို့အားရောက်၏။ ထိုနောင်မှပုဿွားသည် ထိုရဟန်းတို့၏ ဂုဏ်ကျေးဇူး တို့သည် မှန်သည်သာလျှင် ဖြစ်ကုန်သတတ်ဟု အလို နည်းသည်၏ အဖြစ်ဌ် ကြည်ညိုး၍ တထောင်သောဥစ္စာကို စွန့်၍ ထိုကျောင်းဌ်လျှင် စေတီတည်ခြင်းကို ပြုစေ၏။ ဤသို့ မကြည်ညိုကုန်သောသူတို့သည် ကြည်ညိုကုန်၏။ ကြည်ညိုကုန်သော သူတို့သည်

အလွန်ကြည်ညိုခြင်းသို့ ရောက်ကုန်၏ ဟူသောစကားဌာ ဝတ္ထုဖြင့်ကိစ္စ မရှိပြီ။ ထိုစကားသည်မှန်၏၊ ကြည်ညိုကုန်သောသူတို့အား အလိုနည်း သည်၏ အဖြစ်ကိုဖြင်၍ အလွန်ကြည်ညိုခြင်းသည်ပါးသလျင်ကတည်း။ မစ္ဆိုတို့ကမဏ္ဍဝ်အစရှိသည် နှင့်တူသဖြင့် အလိုနည်းကုန်သော ရဟန်း ကိုကိုဖြင်၍ များစွာသောရဟန်းအပေါင်းသည် အလိုနည်းသည်ဖြစ်ခြင်း ၌အောက်မေ့၏။ ထိုကြောင့် အလိုနည်းသော ရဟန်းသည် များသော ရဟန်းအပေါင်း၏ မျက်စိသဘွယ်ဖြစ်သည်မည်၏။

အပ္ပိစ္ဆတာ ဘိက္ခဝေ သဒ္ဓမ္မဿ ဌိတိယာ အာသမ္ဘာသာယ အာနန္တရိယာနာယ သံဝတ္တတိ။

ဟူ၍ ဟောတော်မူသော ကြောင့်ကား အလိုနည်းသော ရဟန်း သည် သာသနာတော်ကို ကြာမြင့်စွာတည်သည်ကို ပြုသည်မည်၏။ ။ [ပဋိဂ္ဂါဟကသုတ် အဋ္ဌကထာ]။ ။ထိုကြောင့် သာသနာတော်၏ကြာ မြင့်စွာတည်ခြင်းကို အလိုရှိသော ရဟန်းသည် နှလုံးရှာ၌ နေသော တိသမဏ္ဍဝ်ကဲ့သို့လည်းကောင်း ကဏ္ဍရသေ့ကဲ့သို့ လည်းကောင်း အလိုနည်းသည် ရောင့်ရဲလွယ်သည် ဖြစ်ရာ၏။

၁၆၅–တိသမဏ္ဍဝ်၏ ဝတ္ထု

တိသဏ္ဍဝ်သည် သာဝတ္ထိပြည်မှ မနိုးမဝေးသောနှလုံးရှာ၌ အမျိုး သားဖြစ်၍ ရဟန်းပြု၍အလိုနည်းသည် ရောင့်ရဲလွယ်သည်ဖြစ်၍ မပြတ် ဆွေမျိုးတို့၏ အိမ်၌သာလျင် ဆွမ်းခံအံ့သောဌာ သွားသတတ်။ရဟန်း တို့သည် ဤတိသမဏ္ဍဝ်ကား ဆွေမျိုးတို့နှင့် ရောနှော၍ နေ၏။ အနာ ထပိဏ် အစရှိကုန်သောသူတို့သည် အလှူကြီးကိုပေးကုန်သည်ရှိသော် လည်းကောင်း ကောသလမင်းသည် အသဒိသ အလှူကို ပေးသည်ရှိ သော်လည်းကောင်း သာဝတ္ထိပြည်သို့ မလာ ဟူ၍ မြတ်စွာဘုရားအား ကြားလျောက်ကုန်၏။ မြတ်စွာဘုရားသည် ထို တိသ မဏ္ဍဝ်အား ကောင်းချီးပေးတော်မူလိုသည်ဖြစ်၍ ထိုတိသမဏ္ဍဝ်ကို ခေါ်စေတော် မူ၍ မေး၏။ ထိုတိသမဏ္ဍဝ်သည် ဆွေမျိုးတို့ကိုမှီ၍ စားလောက်ငုံမျှ ကို ရ၏။ မျှလောက်ငုံမျှသော ဆွမ်းကို ရသော် တဘန် အာဟာရကို ရှာသဖြင့် အာဘယ်အကျိုးရှိအံ့နည်း ဟု မလာပေသည်ဟု လျောက်၏။

မြတ်စွာဘုရားသည် သာဓု သာဓု ဟု ဝိန့်တော်မူ၍၊ ရဟန်းတို့ ဤအလို နည်းသော အဖြစ်မည်သည်ကား ငါ၏ အစဉ် ငါ၏ အဆက်တည်း ဟု ဝိန့်တော်မူ၍ စူဠသုက်ဇာတ်ကို ဟောတော်မူ၍ ရဟန်းမည်သည်ကား နိဂုမ်းရွာ၌ နေသော တိဿမထေရ်ကဲ့သို့ အလို နည်းသည် သာလျှင် ဖြစ်ရာ၏ဟု ဝိန့်တော်မူ၍ ဓမ္မပဒ အဋ္ဌဝဂ်၌ အဋ္ဌမာဒဝဂ်၌ အဋ္ဌမာဒရတောဘိက္ခု အစရှိသော ဤဂါထာကို ဟောတော်မူ၏။ ဂါထာ၏ အဆုံး၌ တိဿမထေရ်သည် ပဒိုသမ္ပိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်၏။

[တိဿမထေရ် ဝတ္ထု]

၁၆၆–ကဏ္ဍရသေ့ ဝတ္ထု

ဒသနိပါတ် ကဏ္ဍဇာတ်

ကဏ္ဍရသေ့သည်လည်း ဟိမဝန္တာအရပ်၌ တခုသောခတက်ပင်ကို ဆွမ်းခံရွာပြု၍ သစ်ရွက်မိုးသောစရပ်ကိုမဆောက်မူ၍ ထိုခတက်ပင်ရင်း၌လျှင်နေ၏။ ထိုကဏ္ဍရသေ့သည်အလွန်အလိုနည်းသောသဘောရှိသည် ဖြစ်၍ထိုအရပ်၌သာလျှင်နေ၏။ သစ်သီးကြီးငယ်အလှိုင်ဂါလည်း တပါး သောအရပ်သို့မသွားခတက်ပင်၏သီးသောကာလ၌အသီးကို၊ ပွင့်သော ကာလ၌ အပွင့်ကို၊ အရွက်ဖြစ်သောကာလ၌ အရွက်ကို၊ အပွေးဖြစ်သော သောကာလ၌ အပွေးကို စား၏။ ထိုကဏ္ဍ ရသေ့သည် တနေ့သ၌ ထိုခတက်ပင်၏အသီးဘို့ကို ယူလတ်သော် လော်လည်သော အကျင့် အားဖြင့် ထ၍ ကပါးသောအရပ်၌မယူ။ နေမြို့တိုင်းနေလျက်သာလျှင် လက်ဂိုဆန့်၍ လက်တလှမ်း ပမာဏရှိသော အရပ်၌ တည့်ကုန်သော အသီးတို့ကိုယူ၏။ ထိုအသီးတွင်လည်း နှစ်သက်ဘွယ်ရှိသည်မရှိသည် ကို မရွေးမူ၍ ရတိုင်းရ ဘိုင်းကိုလျှင်ယူ၏။ ဤသို့ မြတ်သောရောင့်ရဲခြင်း ရှိသော ထိုကဏ္ဍရသေ့၏ သိလရှိနှင့်ကြောင့် သိကြားမင်း၏နေရာသည် ပူ၏။ သိကြားမင်းသည် ထိုအကြောင်းကို သိ၍ ထိုအရပ်သို့သွား၍ ကြည့်ညှိသည်ဖြစ်၍ ကဏ္ဍရသေ့အား ဆုကိုပေး၏။ ထိုခတက်ပင်ကို အမြဲကျသောအသီးရှိသည်ကိုလည်းပြု၍ ဒီဒိနေရာသို့လျှင်သွား၏။

[ပစ္စည်းဒွန်နည်းသောအလိုရှိသော ကဏ္ဍရသေ့ဝတ္ထု]

၁၆၇-ညီနောင်မထေရ်နှစ်ပါးဝတ္ထု

အင်္ဂုတ္တိုရ်ရတနဝိနိတသုံတ်အဋ္ဌကထာ

ရတင်အပြိန္ဆပုဂ္ဂိုလ်သည် ရတင်ဆောက်တည်သည်၏အဖြစ်ကို သူတပါးတို့အား သိစိမ့်သောငှါမပေး။ ညီနောင်ဖြစ်ကုန်သော နှစ်ပါးကုန်သော မထေရ်တို့တွင် နောင်တော်မထေရ်ကဲ့သို့တည်း။ ။[ဒသုတ္တရအဋ္ဌကထာ]။ ။စေတိယတောင်၌ နှစ်ပါးကုန်သော ညီနောင်မထေရ်ကို့သည် နေကုန်၏။ ညီတော်မထေရ်သည် အလုပ်အကျွေးဒါယကာသည် စေအပ်သည်ဖြစ်၍ ကြီတုံးကိုယူ၍ နောင်တော်ကြီး၏အထံသို့သွား၍ အရှင်ဘုရား သုံးဆောင်ခြင်းကိုပြုလော့ဟုဆို၏။ မထေရ်အားလည်း ဆွမ်းဘုဉ်းပေးခြင်းကိစ္စကိုပြု၍ ခံတွင်းဆေးသော ကာလသည်ဖြစ်၏။ ထိုမထေရ်ကြီးသည် ငါ့ရှင် တန်ပြီဟု ဆို၏။ အရှင်ဘုရား ဧကာသနိက်ဆောက်တည်ခြင်းကိုပြုသလောဟု ညီတော်သည် မေး၏။ ငါ့ရှင် ကြီတုံးကိုဆောင်ခဲ့လော့ဟုဆို၍ အနှစ်ငါးဆယ် ဧကာသနိက်ဆောက်တည်သည်ဖြစ်လျက် ရတင်ကိုဖျက်၍ သုံးဆောင်ခြင်းကိုပြု၍ တဘန် ရတင်ကို ဆောက်တည်၍ သွားကုန်၏။ ။သုသာန်ရတင်ဆောက်တည်သော မဟာကုမာရမထေရ်ဝတ္ထုကို ထိုအဋ္ဌကထာတို့၌ ကြည့်အပ်၏။ ။[ရတင်အပြိန္ဆဝတ္ထုတည်း]။

၁၆၈-ပရိယတ္တိအပြိန္ဆဝတ္ထု

ကေကအင်္ဂုတ္တိုရ် အဋ္ဌကထာ

ပရိယတ္တိအပြိန္ဆ ပုဂ္ဂိုလ်သည် ပိဋကတ်သုံးပုံကို ဆောင်သည်ဖြစ်လျက်လည်း များသောအကြားအမြင် ရှိသည်၏အဖြစ်ကို မသိစေလိုသည်ဖြစ်၏။ သာကေတကတိဿ မထေရ်ကဲ့သို့တည်း။ ။[ဒသုတ္တရအဋ္ဌကထာ]။ ။သာကေတကတိဿမထေရ်သည် ခဏသည်မရှိဟု ပါဋ္ဌိအဋ္ဌကထာတို့၌ အခွင့်ကိုမပြုမူ၍ အရှင်ဘုရား အဘယ်အခါ၌ သေသောခဏကို ရလတ္တံ့နည်း ဟု အပြစ်တင်အပ်သည်ရှိသော် ဂိုဏ်းကို စွန့်၍ ဝါဏိကာရဝါလိကသမုဒ္ဒကျောင်းသို့ သွားသကတ်။ထိုကျောင်း၌ ဝါတွင်းသုံးလပတ်လုံး မထေရ်ရဟန်းငယ် ရဟန်းလတ် တို့အား

ကျေးဇူးပြုသည်ဖြစ်၍ မဟာပဝါရဏာအားဖြင့် မှတ်အပ်သောဥပုသ်၌ တရားစကားဖြင့် ဇနပုဒ်ကို ချောက်ချားစေ၍သွား၏။

[ပရိယတ္တိအပိုစ္ဆဝတ္ထုတည်း]

၁၆၃-အဓိဂမအပိုစ္ဆ ဝတ္ထု

အဓိဂမအပိုစ္ဆပုဂ္ဂိုလ်သည် မဇ္ဈန္တိကမထေရ်ကဲ့သို့ မိမိ၏ ရအပ်သောတရားကို တပါးကုန်သောသူတို့အား သိစိမ့်သောငှါမပေး။ ။[ဒသုတ္တရအဋ္ဌကထာ]။ ။မဇ္ဈန္တိက မထေရ်သည် ရဟန္တာကြီး ဖြစ်သတတ်။ ထိုမထေရ်၏ သပိတ်သက်နိုး သည်ကား အဘိုးအားဖြင့် တမတ်မျှသာလျှင်ထိုက်၏။ ဓမ္မာသောကမင်း၏ ကျောင်းလှူသောနေ့၌ သံဃာထေရ် ဖြစ်၏။ ထိုအခါ ထိုမထေရ်၏ အလွန် ရုန့်ကြမ်းသော သပိတ်သက်နိုးရှိသည်၏ အဖြစ်ကို မြင်၍ လူတို့သည် အရှင်ဘုရား အတန်ငယ် ပြင်၌ နေပါဦးဟု ဆိုကုန်၏။ မထေရ်သည် ငါကဲ့သို့သော ရဟန္တာသည် မင်းအား သင်္ဂြိုဟ် ထောက်ပင့်ခြင်းကို မပြုသော် ငါမှတပါး အဘယ်သူသည် ပြုလတ္တံ့နည်းဟု မြေ၌ရပ်၍ သံဃာထေရ်အား လောင်းသော ဆွမ်းကိုခံစဉ်လျှင် ပေါ်၏။ ။[အဂိုတ္တိုရ် စသော အဋ္ဌကထာ]။ ။အကယ်၍ မဇ္ဈန္တိက မထေရ်သည် ရဟန္တာ၏ အဖြစ်ကို သိစေကုန်သတည်းဟု အလိုရှိငြားအံ့၊ လူတို့သည် မဇ္ဈန္တိက မထေရ်ကို ပြင်က နေဦး ဟု မဆိုကုန်ရာ။ ရဟန္တာတို့အားကား ရဟန္တာ၏အဖြစ်ကို သိစေသတည်း ဟူသော စိတ်သည်လျှင် မဖြစ်။ [ထိုအဋ္ဌကထာ၏ဋီကာ]။ ။အဓိဂမအပိုစ္ဆဝတ္ထုအပိုစ္ဆစတုက္ကတည်း။

ဤပစ္စယအပိုစ္ဆပဒိုပတ်ကို ဖြည့်လိုသော ရဟန်းသည် ပစ္စည်းကို ခံခြင်း၌ အတိုင်းအရှည်ကို သိသည်ဖြစ်ရာ၏။ ဤသို့ အတိုင်းအရှည်ကို သိသည်ဖြစ်သော ရဟန်းသည် ရောင့်ရဲသော ရဟန်းမည်၏။ ရောင့်ရဲသော ရဟန်းအားသည်း လွန်၍ လိုချင်ခြင်းအစရှိကုန်သော အကုသိုလ်တရားတို့သည် ပျောက်ကုန် ကင်းကုန်၏။ ထိုကြောင့် ထိုရဟန်း၏ ရောင့်ရဲခြင်းကို မင်္ဂလာဟူ၍ ဟောတော်မူ၏။ ရောင့်ရဲကုန်သည် ဖြစ်၍ သုဂတိသို့ လားရကုန်သော သူတို့သည်ကား ရေတွက်ခြင်း၏လမ်းကို လွန်ကုန်ပြီ၊ ဝတ္ထုဖြင့် အဘယ်မူအံ့နည်း။ ရောင့်ရဲခြင်း၌ တည်သော သူသည်ကား အရိယမင်္ဂသို့ ရောက်၏။ ထိုကြောင့် ထိုသူတို့၏ ထို

ရောင့်ရဲခြင်းကို အရိယမင်္ဂ၏ အဆောက်အဦးဟူ၍ အဌကထာ ဆရာသည် ဆိုအပ်၏။ ဤအရာ၌ ပါစိနကွန္ဓရာဇိ၌ သိတင်း သုံးနေသော ပံသုကူလ မထေရ်သည် သက်သေ ဖြစ်၏။ ဝတ္ထုကို အောက်စိဝရ သန္တောသ၌ ဆိုအပ်ပြီး သလျှင်ကတည်း။ ။ရောင့်ရဲ လွယ်သော ပုဂ္ဂိုလ်မည်သည် ကြီချိနှင့် တူသည်ဖြစ်ရာ၏။ ထိုကြောင့် သာမညဖလသုတ် အစရှိသည်တို့၏ အဌကထာ၌ ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်သည် ညှိမှလွတ်သော မြားကဲ့သို့ လည်းကောင်း ဆင်အပေါင်းမှ ဖဲသော အမုန်ယစ်သောဆင်ကဲ့သို့ လည်းကောင်း လိုရာ လိုရာအရပ်၌ ကျောင်းတောအုပ် သစ်ပင်ရင်း အသစ် အသစ်သော တောင်လိုဏ်ဝှမ်းကို သုံးဆောင်လျက်တယောက်ထည်းရပ်၏၊တယောက်ထည်းထိုင်၏၊ခင်သိမ်းသော အရိယာပုထ်တို့၌ တယောက်ထည်း အဘော် မရှိသည်ဖြစ်၏။

စာတုဒ္ဒိသော အပဋိဃောစ ဟောတိ၊
သန္တုဿမာနော ဣတရီတရေန။
ပရိဿယာနံ သဟိတာ အဆန္ဒီ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူ၍ ချီးမွမ်းအပ်သော ကြီချိနှင့်တူသော ပုဂ္ဂိုလ်၏အဖြစ်သို့ ရောက်၏ ဟူ၍ ဆိုအပ်၏။ အဘယ်သူသည် ဤသို့ ချီးမွမ်းအပ်သနည်း ဟူမူကား တဆူသော ပစ္စေကဗုဒ္ဓါသည် ချီးမွမ်းအပ်၏။ ထိုပစ္စေက ဗုဒ္ဓါသည် ဗာရာဏသီမင်းဖြစ်၍ ရာဇပလ္လင်၌နေလျက် ဝိပဿနာကို ပွါးစေ၍ ပစ္စေကဗောဓိသို့ ရောက်၍ စာတုဒ္ဒိသော ဤသို့ အစရှိသော ဥဒါန်းဂါထာကို ရွတ်၏၊ ထိုဂါထာသည် သုတ္တနိပါတ်ပထမဝင် ခဂ္ဂဝိသာဏသုတ်၌ လာ၏။

ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ စာတုဒ္ဒိသော၊ အရပ်လေးမျက်နှာတို့၌ ချမ်းသာစွာ နေလေ့ရှိသည်။ တနည်းကား ဗြဟ္မဝိဟာရ ဘာဝနာဖြင့် နှုံ့စေအပ်သော အရပ်လေးမျက်နှာ ရှိသည်။ အပဋိဃောစ၊ သတ္တဝါသခ်ါရတို့ကို ဘေးအားဖြင့် မထိခိုက်သည်။ ဣတရီတရေန၊ အယုတ်အမြတ်ဖြစ်သော ပစ္စည်းဖြင့်။ သန္တုဿမာနော၊ ရောင့်ရဲသည်။ ပရိဿယာနံ၊ အတွင်းအပ ဘေးရန်တို့ကို။ သဟိတာ၊ သည်းခံနိုင်သည်။ အဆန္ဒီ၊ ကြောက်ခြင်း မရှိသည်။ ဟောတိ၊ ၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဧကော၊ အဘော်မရှိဘဲ။ ခဂ္ဂဝိသာဏ

ကပ္ပေါ၊ ကြွေကျိုနှင့် တူသည်ဖြစ်၍။ စရေ၊ ကျင့်ရာဖြစ်။ ။တနည်းကား မရောင့်ရဲသော သူသည် ဥစ္စာမှလည်းကောင်း အသက်မှလည်းကောင်း ယုတ်ဖြစ်။ ရောင့်ရဲသော သူသည်ကား မယုတ်။ ဤ အနက်ကို တိကနိပါတ် ပထမဝဂ်စရဒပါနစာတ်ဖြင့် ပြအပ်ဖြစ်။

၁၇၀–ကျေးမင်းဝတ္ထု

နာဂနိပါတ် စူဠသုကဇာတ် အဋ္ဌကထာ

ရောင့်ရဲကုန်သော သူတို့အား ပျော်ကော်သော ဥစ္စာသည်လည်း ပကတိဖြစ်ပြန်၏။ ထိုစကားခို ဆိုလတ်ံ့သည်ကား ဝတ္ထုတည်း။ ။ လွန်လေပြီးသော အခါ ဘုရားအလောင်းသည် ဂင်္ဂါ ကမ်းနားခို ရေသဖန်းပင်ခို ကျေးမင်းဖြစ်၏။မိမိသစ်ပင်၏အသီးတို့သည် ကုန်သော် အကြင်အကြင်အညွှန့်သ,ည်လည်းကောင်း အရွက်သည်လည်းကောင်း အခေါက်သည်လည်းကောင်း အပွေးသည်လည်းကောင်း ကြွင်း၏။ ထိုထိုအညွှန့်အစရှိသည်ကို စား၍ ဂင်္ဂါခို ရေကိုသောက်၍ မြတ်သော အလိုနည်းခြင်း ရောင့်ရဲခြင်းရှိသည်ဖြစ်၍ တပါးသောအရပ်သို့မသွား။ ထိုကျေးမင်း၏ အလိုနည်းခြင်း ရောင့်ရဲခြင်းဟူသော ဂုဏ်ကြောင့် သိကြားမင်း၏ဘုံသည် တုန်လှုပ်၏၊ သိကြားမင်းသည် ထိုအကြောင်းကို သိ၍ ကျေးမင်းအား စုံစမ်းအံ့သောငှါ မိမိ၏ အာနုဘော်အားဖြင့် ထိုသစ်ပင်ကိုခြောက်စေ၏၊ ရေသဖန်းပင်သည် အဝတ်မျှ အပေါက်ကြိုး အပေါက်ငယ် ရှိလျက် လေခတ်လတ်သော် တိုးဘိ သကဲ့သို့ အသံကို လွှတ်သျှက် တည့်၏။ ထို ရေသဖန်းပင်၏ အပေါက်တို့မှ အမှုန့်တို့သည် ထွက်ကုန်၏။ ထို အမှုန့်တို့ကို စား၍ ကျေးမင်းသည် တပါးသော အရပ်သို့ မသွားမူ၍ နေပူကို မရေတွက်ဘဲ ရေသဖန်းပင်ဝတ်ထိပ်ထက်၌နေ၏။ သိကြားမင်းသည် ကြည်ညို၍ ဂင်္ဂါရေကိုယူ၍ ထိုရေသဖန်းဝတ်ကိုလောင်း၍ ထိုခဏ၌ လျင်အခက်အခွန့်၊ ပြည့်စုံသော ချိုသောအသီးရှိသော ရေသဖန်းပင်သည် တက်မျှ ထ၍ တည်၏။ [ကျေးမင်းဝတ္ထု]။

ထိုကြောင့် သာသနာတော် ကြာမြင့်စွာတည်ခြင်းကို အလိုရှိသော ရဟန်းသည် ရောင့်ရဲလွယ်သည် ဖြစ်ရာ၏။ ထိုစကားသည် မှန်၏၊

ရောင့်ရဲလွယ်ခြင်းသည် သာသနာတော်၏ မပျက်စီးခြင်းဌါ ဖြစ်၏။ မရောင့်ရဲခြင်းသည်ကား သာသနာတော်၏ ပျက်စီးခြင်းဌါ ဖြစ်၏။ ထိုကြောင့် ဧကကအဂိုတ္တိုရ်ဒသမဝဂ်၌ ရဟန်းတို့ အကြင်တရားသည် သာသနာတော်၏ ပျက်စီးခြင်းဌါ ကွယ်ခြင်းဌါ ဖြစ်သကဲ့သို့ ထိုအတူ သာသနာတော်၏ ပျက်စီးခြင်းဌါ ကွယ်ခြင်းဌါဖြစ်သော တပါးသော တရားကိုလည်း ငါဘုရားသည် မြင်တော်မမူ၊ ရဟန်းတို့—ဤသာသနာ တော်၏ ပျက်စီးခြင်းဌါ ကွယ်ခြင်းဌါ ဖြစ်သောတရားသည်ကား မရောင့်ရဲခြင်းတည်း။ရဟန်းတို့-မရောင့်ရဲခြင်းသည် သာသနာတော်၏ ပျက်စီးခြင်းဌါ ကွယ်ခြင်းဌါဖြစ်၏ ဟူ၍လည်း ဟောတော်မူ၏။ ။ ရဟန်းတို့— အကြင်တရားသည် သာသနာတော်၏ မပျက်စီးခြင်းဌါ မကွယ်ခြင်းဌါ ဖြစ်သကဲ့သို့ ထိုအတူသာသနာတော်၏မပျက်စီးခြင်းဌါ မကွယ်ခြင်းဌါ ဖြစ်သော တပါးသောတရားကိုလည်း ငါဘုရားသည် မြင်တော်မမူ။ ရဟန်းတို့— ဤသာသနာတော်၏ မပျက်စီး ခြင်းဌါ မကွယ်ခြင်းဌါဖြစ်သောတရားသည်ကား ရောင့်ရဲလွယ်ခြင်းသာတည်း။ ရဟန်းတို့—ရောင့်ရဲလွယ်ခြင်းသည် သာသနာတော်၏ မပျက်စီးခြင်းဌါ တည်ခြင်းဌါဖြစ်၏ ဟူ၍လည်း ဟောတော်မူ၏။ ။အလုံးစုံသော ထို စကားကိုလည်း သင်္ကန်းအစရှိကုန်သော ပစ္စည်းတို့၌ ရောင့်ရဲခြင်း မရောင့်ရဲခြင်းကိုသာရည်၍ ဆိုအပ်၏။ အပြစ်မရှိကုန်သော ဒါန သီလ အစရှိကုန်သော တရားတို့၌ကား မရောင့်ရဲခြင်းသည်သာလျှင် သင့်၏။ ထိုကြောင့် ဒုကအဂိုတ္တိုရ်တတိယပဏ္ဏာသက၌ ရဟန်းတို့အား တရား ဟောတော်မူသော မြတ်စွာဘုရားသည် အသန္တုဋ္ဌိတာစ ကုသလေသု ဟူ၍ဟောတော်မူ၏။ ကုသလေသု၊ ကုသိုလ်တရားတို့၌။ အသန္တုဋ္ဌိ တာစ၊ မရောင့်ရဲသည်၏ အဖြစ်သည်လည်း။ ယုဇ္ဇတိ၊သင့်၏။ ။ မေ္မသင်္ဂဏီပါဠိတော်နိကျေပကဏ္ဍ၌လည်း—

အသန္တုဋ္ဌိတာစ ကုသလေသု မေ္မသူတိ ယာ ကုသလာနံ

မေ္မာနံ ဘာဝနာယ အသန္တုဋ္ဌသ ဘိယျောကမျတာ။

ဟူ၍ဟောတော်မူ၏။

အသန္တုဋ္ဌိတာစ ကုသလေသု မေ္မသူတိ၊ အသန္တုဋ္ဌိတာစ ကုသ လေသု မေ္မသု ဟူသည်ကား။ကုသလာနံမေ္မာနံ၊သီလအစရှိကုန်သော အပြစ်မရှိကုန်သော တရားတို့ကို။ ဘာဝနာယ၊ ဖြစ်စေခြင်းပွါးစေခြင်း

ဖြင့်။ အသန္တုဋ္ဌသ၊ မရောင့်ရဲသောသူ၏။ ယာဘိယျောကမျတာ၊ အကြင်လွန်စွာ ဖြစ်စေခြင်းငှါအလိုရှိသည်၏ အဖြစ်တည်း။ ဘနည်းကား ယာဘိယျောကမျတာ၊ အကြင်အထူးကိုအလိုရှိသည်၏ အဖြစ်တည်း။

ဤလောက၌ အချိုသောသူသည်အစမှလျှင် ပကွိကဘတ်ကို လည်းကောင်း သလာကဘတ်ကိုလည်းကောင်း လှူ၏။ ထိုသူသည် ထိုအလှူဖြင့် မရောင့်ရဲသည်ဖြစ်၍ တဘန်ရဝဘတ်ကို လည်းကောင်း သံဃဘတ်ကို လည်းကောင်း ဝါဆိုသက်နှံးကို လည်းကောင်း လှူ၏။ ကျောင်းကိုလည်း ဆောက်၏။ လေးပါးကုန်သော ပစ္စည်းတို့ကိုလည်း လှူ၏။ ထိုအလှူ၌လည်း မရောင့်ရဲသည်ဖြစ်၍ သရဏဂုံတို့ကို ယူ၏။ ပဉ္စသီတို့ကို ဆောက်တည်၏။ ထိုသီလ၌လည်း မရောင့်ရဲသည် ဖြစ်၍ ရဟန်းပြု၏။ တပါးသောနိကာယ်ကို သင်၏။ နှစ်ပါးကုန်သော နိကာယ်တို့ကို သင်၏။ ပိဋကတ်သုံးပုံဖြစ်သော ဘုရားစကားတော်ကို သင်၏။ ရှစ်ပါးကုန်သော သမာပတ်တို့ကိုဖြစ်စေ၏။ ဝိပဿနာကို ပွါးစေ၍ အရဟတ္တဖိုလ်ကို ယူ၏။ အရဟတ္တဖိုလ်၌ တည်သောအခါမှစ၍ မဟာသန္တုဋ္ဌပုဂ္ဂိုလ်ဖြစ်၏။ ဤသို့ အရဟတ္တဖိုလ်ဟူသောအထူးကို အလိုရှိသည်၏အဖြစ်သည် ဘိယျောကမျတာအထူးကို အလိုရှိသည်၏ အဖြစ်မည်၏။ ။[နိက္ခေပကဏ္ဍအဋ္ဌကထာ]။ ။ထိုကုသိုလ်တို့၌ မရောင့်ရဲခြင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် သီလကိုဖြည့်၍ ဈာန်ကိုဖြစ်စေ၏။ ဈာန်ကိုရ၍ ဝိပဿနာကို အားထုတ်၏။ အားထုတ်အပ်သော ဝိပဿနာရှိသောပုဂ္ဂိုလ်ဘို့သည် အရဟတ္တဖိုလ်ကိုယူ၍ အကြား၌ လျှောကျခြင်းသို့မရောက်။ ။[သုတ်အဋ္ဌကထာ]။ ။ထိုကြောင့် ကုသိုလ် ဖြစ်စေခြင်း၌ ရောင့်ရဲခြင်းကိုမပြုအပ်။ အဘန်တလဲလဲကောင်းမှုကို ပြုသောသူသည် လောကုတ္တရာချမ်းသာသို့လည်း ရောက်၏။

၁၇၁-အမှတ်မဲ့ဖြစ်သောပုဏ္ဏား ဝတ္ထု

မမ္မပဒအဋ္ဌကထာ မလဝဂ်

သာဝတ္ထိပြည်၌ နေသော တယောက်သော ပုဏ္ဏားကဲ့သို့တည်း။ ထိုပုဏ္ဏားသည် တနေ့သ၌ နံနက်စောစောကလျှင် ထွက်၍ တခုသော ရောက်သော မြတ်သောအရပ်၌ သက်နှံးရုံကုန်သော ရဟန်းတို့ကို

ကြည့်လတ်သော် တပါးသောရဟန်း၏ သက်နံးစွန်းကို မြက်တို့၌ တည်ကုန်သော ဆီးနှင်းပေါက်တို့သည် စွတ်လတ်သည်ကို မြင်၍ ဤအရပ်ကို စိမ်းစိုသောမြက်မရှိသည်ကို ပြုခြင်းငှါ သင့်၏ဟု ကြီ၏။ တဘန် မိုးသောက်သောနေ့၌ ပေါက်တူးဖြင့် ထိုအရပ်ကို ရွှေ၍ ကောက်နယ်တလင်းဝန်းနှင့်တူသည်ကိုပြု၍ တဘန် မိုးသောက်သော နေ့၌လည်း ထိုအရပ်သို့ သွား၍ တပါးသော ရဟန်း၏ သက်နံးစွန်းကို မြေ၌ကျ၍ မြေမှုန့်တို့သည် ကပ်လိမ်းသည်ကိုမြင်၍ ဤအရပ်၌ သဲကို ကြဲခြင်းငှါ သင့်၏ဟု ကြီ၍ သဲကြဲ၏။ ထိုအခါ တနေ့သ၌ နံနက်အခါ ပြင်းထန်သော နေပူသည် ဖြစ်၏။ ထိုအခါ ထိုပုဏ္ဏားသည် ထိုအရပ်သို့ သွား၍ သက်နံးရုံကုန်သောရဟန်းတို့၏ကိုယ်မှ ယိုသော ချွေးကို မြင်၍ ထိုအရပ်၌ မဏ္ဍပ်ဆောက်၏။ တဘန် တနေ့သ၌ စောစောက စွေသော မိုဃ်းရွာခြင်းသည် ဖြစ်၏။ ထိုအခါ၌လည်း ထိုပုဏ္ဏားသည် ထိုအရပ်သို့ သွား၍ စိုသောသက်နံးရှိကုန်သော ရဟန်းတို့ကို မြင်၍ ထိုအရပ်၌ မဏ္ဍပ်ကို ပယ်စေ၍ စရပ်ကို ဆောက်စေ၍ စရပ်ကို လှူဒါန်းလို၍ သံဃာနှင့်တကွသော ဘုရားကို ဘိက်၍ စရပ်၌ သီတင်းသုံးနေစေ၍ အလှူကိုလှူဒါန်း၍ ဆွမ်းဘုဉ်းပေးပြီးသောအဆုံး၌ မြတ်စွာဘုရားအား အစမှစ၍ မိမိသည် ပြုအပ်သော အလုံးစုံသောအမှုကို ကြားလျှောက်၏။ မြတ်စွာဘုရားသည် ပုဏ္ဏား ပညာရှိကို့မည်သည်ကား အခွင့်တိုင်း အခွင့်တိုင်း အတန်ငယ်အတန်ငယ် ကုသိုလ်ပြုကုန်လျက် အစဉ်သဖြင့် မိမိတို့၏ ရာဂအစရှိသော အညစ်အကြေးကို သုတ်သင်ကုန်သလျှင် ကတည်းဟု ပြတော်မူလို၍—

အနုပုဇွေန မေဓာဝီ၊ ထောကံ ထောကံ ခဏေခဏေ။
ကမ္မာရော ရဇတသေဝ၊ နိဒ္ဓမေ မလမတ္တနော။

ဟူသောဂါထာကို ဟောတော်မူ၏။

ဗြာဟ္မဏ၊ ပုဏ္ဏား၊ ကမ္မာရော၊ ရွှေပန်းထိမ်သည်သည်။ ရဇတသ၊ ရွှေ၏။ မလံ၊ အညစ်အကြေးကို။ နိဒ္ဓမတိဏ္ဍဝ၊ ထုတ်သကဲ့သို့။ တထာ။ ထိုအတူ။ မေဓာဝီ၊ ပညာရှိသည်။ ခဏေခဏေ အခွင့်တိုင်းအခွင့်တိုင်း၊ ထောကံထောကံ၊ အတန်ငယ်အတန်ငယ်။ အတ္တနော၊ မိမိ၏။ မလံ၊ ရာဂအစရှိသော အညစ်အကြေးကို။ နိဒ္ဓမေ၊ ထုတ်ရာ၏။

ဤဂါထာကို ဟောတော်မူသော အဆုံး၌ ပုဏ္ဏားသည် သောတာပန် ဖြစ်၏။ ။အမှတ်မဲ့ဖြစ်သော ပုဏ္ဏားဝတ္ထု။ ။သန္တုဋ္ဌိ ဟူသော ပုဒ်၏ အဘွင့်စကားတည်း။

၂၅-ကတညုတ မဂ်လာ

၁၃၂-ကတညုတမင်္ဂလာကိုအကျယ်ပြခြင်း

နည်းသည်မူလည်းဖြစ်စေ များသည်မူလည်းဖြစ်စေ တစုံတယောက် သောသူသည် ပြုသောကျေးဇူးကို အဘန်တလဲလဲ အောက်မေ့သည်၏ အဖြစ်ဖြင့် သိအပ်သည်၏အဖြစ်သည် ကတညုတာမည်၏။တနည်းကား ငရဲအစရှိသည်တို့၌ ဖြစ်သောဆင်းရဲကို စောင့်ရှောက် ကွယ်ကာခြင်း ဟူသော အကြင်အကြောင်းကြောင့် ကုသိုလ်ကောင်းမှု တို့သည်သာလျှင် သတ္တဝါတို့အား ကျေးဇူးများကုန်၏၊ ထိုကြောင့် ထိုကုသိုလ်ကောင်းမှုတို့၏ ကျေးဇူးကို အောက်မေ့သည်၏ အဖြစ်သည်လည်း ကာညုတာမည်၏။ ။ကျေးဇူးကို သိသောသူကို ရခဲ၏၊ ထိုကြောင့် ဒုကအဂိုတ္တိ၌ တတိယပဏ္ဏာသကပထမဝဂ်၌–

> ဒွေမေ ဘိက္ခဝေ ပုဂ္ဂလာ ဒုလ္လဘာ လောကသ္မိံ။ ကတမေ ဒွေ၊ ယော စ ပုဗ္ဗကာရီ၊ ယော စ ကတညူ ကတဝေဒီ၊ ဣမေ ခေါ ဘိက္ခဝေ ဒွေပုဂ္ဂလာ ဒုလ္လဘာ လောကသ္မိံ။

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ လောကသ္မိံ၊ လောကဿ်။ ဒွေ၊ နှစ်ယောက်ကုန်သော။ ဣမေ ပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့ကို။ ဒုလ္လဘာ၊ ရခဲကုန်၏။ ဒွေ၊ နှစ်ယောက်ကုန်သော ပုဂ္ဂိုလ်တို့သည်။ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ ယော စ၊ အကြင်သူသည်လည်း။ ပုဗ္ဗကာရီ၊ လက်ဦးစွာ ကျေးဇူးပြု၏။ ယော စ၊ အကြင်သူသည်လည်း။ ကတညူ၊ သူပြုဘူးသော ကျေးဇူးကို သိ၍။ ကာ ဝေဒီ၊ နောက်၌ ကျေးဇူးပြုဘုံ့ပြု၏။ ဘိက္ခဝေ၊ တို့။ လောကသ္မိံ၊ လောကဿ်။ ဒွေ၊ နှစ်ယောက်ကုန်သော။ ဣမေ၊ ဤပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့ကို။ ဒုလ္လဘာ၊ ရခဲကုန်၏။ ။ထိုနှစ်ယောက်ကုန်သော သူတို့တွင် လက်ဦးမှာ ကျေးဇူးပြုသောသူသည် မြို့ကိုပေး၏ဟု

အမှတ်ပြု၍ နောက်၌ ကျေးဇူး ပြုတုံ့ပြုသောသူသည်ကား မြိကို ကြေ စေ၏ဟု အမှတ်ပြု၏။ ။[ထိုပါဠိတော်၏ အဋ္ဌကထာ]၊ ။ပုဗ္ဗကာရီ ဟူသည်ကား လက်ဦးစွာလျှင် ကျေးဇူးပြုသောသူတည်း။ ကတဝေဒီ ဟူသည်ကား သူတပါးသည် မိမိပြုဘူးသောကျေးဇူးကို ထင်စွာပြု သော သူတည်း။ထိုပုဗ္ဗကာရီကတဝေဒီဖြစ်ကုန်သောသူတို့ကို လူရဟန်း တို့ဖြင့် ပြအပ်ကုန်၏။ထိုစကားကိုချဲအပ်၏၊လူတို့တွင်အမိအဘတို့သည် ပုဗ္ဗကာရီမည်ကုန်၏။ အမိအဘတို့ကိုလုပ်ကျွေးကုန်သော အမိအဘတို့ အား ရှိခိုးခြင်း အစရှိသည်တို့ကိုလည်း ပြုကုန်သော သားသွီးတို့ သည်ကား ကတဝေဒီမည်ကုန်၏။ ရဟန်းတို့တွင် ဆရာဥပဇ္ဈာယ်တို့ သည် ပုဗ္ဗကာရီ မည်ကုန်၏။ ဆရာဥပဇ္ဈာယ်တို့ကို လုပ်ကျွေးကုန်သော ဆရာဥပဇ္ဈာယ်အား ရှိခိုးခြင်း အစရှိသည်တို့ကိုလည်း ပြုကုန်သော အန္တေဝါသိကတပည့် သဒ္ဓိဝိဟာရိကတပည့်တို့သည် ကတဝေဒီ မည် ကုန်၏။ထိုတပည့်တို့ကိုထင်စွာပြခြင်းအကျိုးငှါ ဥပဇ္ဈာယ်ကိုလုပ်ကျွေး သော သောဏမထေရ် အစရှိသည်တို့၏ ဝတ္တုတို့ကို ဆိုအပ်ကုန်၏။ တနည်းကား အမိအဘဆရာဥပဇ္ဈာယ်တို့ကဲ့သို့ သူတပါးသည်ကျေးဇူး မပြုဘဲလျက်လျှင် မိမိ၌ ပြုဘူးသောကျေးဇူးကို မင့်မူ၍ ကျေးဇူးပြုသော သူသည် ပုဗ္ဗကာရီမည်၏။ သတ္တဝါတို့ကို တဏ္ဍာသည် နှိပ်စက်အပ် သည်၏အဖြစ်ကြောင့် ထိုသို့ သဘောရှိသော ပုဗ္ဗကာရီ ပုဂ္ဂိုလ်ကိုရခဲ ၏။ အမိ အဘ ဆရာ ဥပဇ္ဈာယ်တို့၌ ကောင်းစွာ ကျင့်သော သားသွီး အန္တေဝါသိကတပည့် သဒ္ဓိဝိဟာရိက တပည့်ကဲ့သို့ သူတပါးသည် ပြုအပ်သော ကျေးဇူးအားလျော်စွာဖြစ်၍ မိမိ၌ပြုဘူးသော ကျေးဇူးကို ကျေးဇူးအားဖြင့်သိသော ထင်စွာပြုသောသူသည် ကတညူကတဝေဒီ မည်၏။ သတ္တဝါတို့ကို အဝိဇ္ဇာနှိပ်စက်သည်၏ အဖြစ်ကြောင့် ထိုသို့ သဘောရှိသောကတညူကတဝေဒီ ပုဂ္ဂိုလ်ကိုလည်းရခဲ၏။တနည်းကား အကြောင်းမရှိသဖြင့် ဖြစ်သော အစီးအပွါးကိုလိုသော စိတ်ရှိသော သူသည် ပုဗ္ဗကာရီမည်၏။ အကြောင်းမရှိသဖြင့်ဖြစ်သော အစီးအပွါး တို့ကို လိုသောသူသည် ကတညူကတဝေဒီမည်၏။ ငါ့အားကျေးဇူးပြု လတ္တံ့ ဤသို့ အစရှိသော အကြောင်းကို မင့်မူ၍ ကျေးဇူးပြုသော သူသည် ပုဗ္ဗကာရီမည်၏။ ငါ့အားကျေးဇူးပြုလတ္တံ့ ဤသို့ အစရှိသော အကြောင်းကို မင့်မူ၍ ကျေးဇူးပြုသောသူသည် ကတညူကတဝေဒီ

မည်၏။ အမိုက်မှအလင်းဝို့ လာသောသူသည် ပုဗ္ဗကာရီမည်၏။ အလင်းမှအလင်းသို့ လာသောသူသည် ကတညူကတဝေဒီမည်၏။ တရားဟောသောသူသည် ပုဗ္ဗကာရီမည်၏။ ကျင့်သောသူသည် ကတညူကတဝေဒီမည်၏။ နတ်နှင့်တကွသောလောကဌ် ကိလေသာတို့မှ အလွန်ဝေးခြင်းအစရှိသောကျေးဇူးနှင့် ပြည့်စုံတော်မူသော မဘောက် မပြုန် ကိုယ်တော်တိုင်သာလျှင် ခပ်သိမ်းသောတရားတို့ကို သိတော်မူပြီးသော မြတ်စွာဘုရားသည် ပုဗ္ဗကာရီမည်၏။ မြတ်စွာဘုရား၏ တပည့်သည် ကတညူ ကတဝေဒီ မည်၏။ ။ပုဂ္ဂလပညတ် အဋ္ဌကထာ။ ဤသို့ ကျေးဇူးကိုသိသော ပုဂ္ဂိုလ်ကိုရခဲ၏။ အကြင် အဘိုအားဖြင့် ကျေးဇူးကိုသိသောပုဂ္ဂိုလ်ကိုရခဲ၏၊ ထိုအဘိုအားဖြင့် ကျေးဇူးသိခြင်းသည် အကြင်ကြောင့် ထိုပုဂ္ဂိုလ်ကို ချီးမွမ်းအပ်သည်၏. အဖြစ်သို့ ရောက်စေတတ်၏၊ ထိုကြောင့်လျှင် ထိုကျေးဇူးသိခြင်းသည် မင်္ဂလာမည်၏။ ထိုကြောင့်အဋ္ဌကထာဌ်-

သာ သပ္ပုရိသေဟိ ပသံသနီယာဒိ နာနာပကာရ ဝိသေသာဓိဂမဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗာ။ ဟူ၍ ဆိုအပ်၏။

သာ။ ထိုကျေးဇူးသိခြင်းကို၊ သပ္ပုရိသေဟိ။ သူတော်ကောင်းတို့သည်။ ပသံသနီယာဒိ နာနာ ပကာရဝိသေသာဓိဂမဟေတုတော။ ချီးမွမ်းအပ်သည်၏အဖြစ် အစရှိသော အထူးထူး အပြားပြားများသော အကျိုးစီးပွါးအထူးကို ရခြင်း၏အကြောင်း ဖြစ်သောကြောင့်။မင်္ဂလန္တိ၊ မင်္ဂလာမည်၏ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

၁၇၃-ပဒုမ မင်းသားဝတ္ထု၊

ဒုကနိပါတ် ပဏ္ဏကဝဂ် စူဠပဒုမဇာတ် အဋ္ဌကထာ

ကျေးဇူးမသိသောသူကိုရလွယ်သကဲ့သို့ မဟုတ် ကျေးဇူးသိသောသူကို ရခဲသည်သာလျှင် ဖြစ်၏။ ထိုစကားသည်မှန်၏၊ ကျေးဇူးမသိကုန်သောသူတို့သည် များစွာရှိကုန်၏။ ထိုသူနှစ်ယောက်တို့တွင် ကျေးဇူးသိသောသူသည် ဤပစ္စုပ္ပန်ဘဝ၌ ချီးမွမ်းခြင်းကို ရခြင်းအစရှိသော အကျိုးစီးပွါးသို့ ရောက်၏။ ကျေးဇူးကို မသိသောသူသည် ဤပစ္စုပ္ပန်ဘဝ၌ ကဲ့ရဲ့အပ်သည်၏အဖြစ် အစရှိသော အကျိုးစီးပွါးမဲ့သို့ရောက်၏။

ထိုစကား၌ ဤဝတ္ထုတို့ကို သိအပ်ကုန်၏။ ။လွန်လေပြီးသော အခါ ဗာရာဏသီမင်းအား ခုနစ်ယောက်ကုန်သောသားတို့သည် ဖြစ်ကုန်၏။ ထိုသားတို့တွင် အကြီးဆုံးဖြစ်သော မင်းသားသည် ဘုရားလောင်း ဖြစ်သော ပဒုမမည်သော မင်းသားတည်း။ မင်းသည် ဤသားတို့သည် ကား ငါ့ကိုသတ်၍ မင်းအဖြစ်ကိုလည်း ယူကုန်ရာ၏ဟု ထိုသားတို့၌ သက်ာခြင်းကို ဖြစ်စေ၍ အမောင်ကို သင်တို့သည် ဤ၌မနေကြကုန်လင့်၊ တပါးသို့သွားကုန်၍ ငါလွန်မှ လာလတ်ကုန်လျက် မင်း၏ အဖြစ်ကို ယူကြကုန်လော့ဟုဆို၏။ ထိုမင်းသားတို့သည် မိမိတို့၏ မယားတို့နှင့် တကွ သွားကြကုန်သော် ခရီးအကြား တခုသော ကန္တာရ၌ ထမင်း ရေကို မရကုန်၍ ညီအထွေးဆုံး၏ မယားကိုသတ်၍ တဆဲ့သုံးစု ဝေ၄၍ အသားကို စားကြကုန်၏။ ဘုရားအလောင်းသည်ကား မိမိသည် လည်းကောင်း မယားသည် လည်းကောင်း ရအပ်ကုန်သော အစု တို့တွင် တစုကိုထား၍ မယားနှင့်တကွ တစုကိုသာလျှင် စား၏။ ဤသို့ သောနည်းဖြင့် ထိုမင်းသားသည် ခြောက်ရက်တို့ပတ်လုံး ခြောက် ယောက်ကုန်သောမိန်းမတို့ကိုသတ်၍ စားကုန်၏။ ဘုရားလောင်းသည် နေ့တိုင်းနေ့တိုင်း တစုတစုကိုထား၏။ ဤသို့ ခုနစ်ရက်မြောက်သော နေ့၌ ဘုရားလောင်းအား ခြောက်စုတို့သည် ကြွင်းကုန်၏။ ထိုဘုရား လောင်းသည် မိမိမယားကို သတ်လိုကုန်သော ထိုညီတော် မင်းသား ခြောက်ယောက်တို့အား ခြောက်စုတို့ကိုပြု၍ ရှေးဦးစွာယနေ့ ဤအသား တို့ကို စားကြကုန်လော့၊ နက်ဖြန်ခါမှ သိရကုန်အံ့ဟုဆို၍ ထိုညီတော် မင်းသားခြောက်ယောက်တို့၏ အိပ်ပျော်သော ကာလ၌ မယားကိုယူ ဆောင်၍ ပြေးလတ်သော် သွားအံ့သောဌါ မစွမ်းနိုင်သော မယားကို ပခုံးဖြင့် ထမ်းယူ၍ အရဏ်တက်သောအခါ၌ ကန္တာရမှ ထွက်၍ အရှင် ရေငတ်၏ဟု ဆိုလတ်သော် ရေကို မရ၍ သန်လျက်ဖြင့် လက်ျာဒူး ဆစ်ကိုမြွင်း၍သွေးကိုသောက်စေ၏။ထိုနှစ်ယောက်ကုန်သောသူတို့သည် အစဉ်သဖြင့် မဟာဂင်္ဂါသို့ရောက်၍ ဂင်္ဂါအကွေ့၌ သစ်ရွက်မိုးသော စရပ်ကိုဆောက်၍ နေကြကုန်၏။

ထိုအခါ လူတို့သည် တယောက်သော မင်းပြစ်သင့်သော ခိုးသူကို လက် ခြေ နား နှာခေါင်းတို့ကိုဖြတ်၍တခုသောသစ်သားကျင်း၌ထည့်၍ ဂင်္ဂါ၌ စွန့်ပစ်ကုန်၏။ ငတုံးတိုသည် ညည်းညူခြင်းကို ပြုလျက် ထို

အရပ်သို့ ရောက်၏။ ထိုအသံကိုကြား၍ ဘုရားလောင်းသည် သနားသဖြင့် ထိုငတုံးတိုကိုဆယ်၍ သစ်ရွက်မိုးသော စရပ်သို့ ဆောင်ယူပြီးလျှင် ဖန်ရေဆေးခြင်း ဆေးလိမ်းခြင်း အစရှိသည်တို့ဖြင့် အနာကိုကုစားခြင်းကိုပြု၏။ ဘုရားလောင်း၏မယားသည်ကား ငတုံးတိုကို စက်ဆုပ်၍ တံထွေးထွေးလျက်သွား၏။ ဘုရားလောင်းသည် မယားနှင့်တကွ ငတုံးတိုကို စရပ်၌ထားခဲ့၍ မိမိသည် သစ်သီးကြီးငယ်တို့ကို ဆောင်၍ မွေး၏။ ထိုမိန်းမသည် ငတုံးတိုကို တပ်စွန်းသော စိတ်ရှိသည် ဖြစ်၍ ထိုငတုံးတို့နှင့် မှားယွင်းသော အကျင့်ကိုကျင့်၍ ဘုရားလောင်းကို ဥပါယ် တမျည်ဖြင့် သတ်လို၍ သခင် ငါသည်သင်တို့၏ ပခုံး၌ စီး၍ ကန္တာရမှ ထွက်လက်သော် တခုသော တောင်ကိုမြင်၍ အရှင် တောင်စောင့်နတ် ငါသည်လင်နှင့်တကွ ရောဂါကင်း၍အကယ်၍ အသက်ကို ရသည်ဖြစ်အံ့။ သင့်အား ပူဇော်သော အမှုကို ပြုအံ့ဟု တောင်းပန်ဘူး၏။ ယခုထိုတောင်စောင့်နတ်အား ပူဇော်သော အမှုကိုပြုအံ့ဟုဆို၍ ဘုရားလောင်းကိုခေါ်လျက် ထိုတောင်သို့ သွား၏။ သခင် လင်သည် သာလျှင် မြတ်သော နတ်ဖြစ်၏၊ သင့်ကို ရှေးဦးစွာ လက်ျာရစ်လည်၍ ရှိခိုးပြီးနောက်မှ တောင်စောင့်နတ်အား ပူဇော်ခြင်းကို ပြုအံ့ဟု ဆို၍ ဘုရားလောင်းကို ကမ်းပြတ်သို့ ရှေ့ရှုထား၍ ရှေ့၌လည်း ပူဇော်လျက် ရှိခိုးလိုသကဲ့သို့ ပြုပြီးလျှင် ကျောက်ကုန်းနား၌ရပ်၍ ကျောက်ကုန်းကို တွန်းလျက် ကမ်းပါးပြတ်၌ ကျစေ၏။ တဘန်ပြန်၍ ငတုံးတို အထံသို့ သွား၏။ ဘုရားလောင်းသည်ကား ကျလတ်သည် ရှိသော် ရေသဖန်းပင်၏ အထက် တခုသော အဆူးမရှိသော ချုံ၌ကျ၍ တပါးသို့သွားအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ရေသဖန်းသီးကို စားပြီးလျှင် သစ်ခက်ကြား၌နေ၏။ တောင်၏ အခြေမှတက်၍ ထိုရေသဖန်းပင်၏ အသီးကို စားဘူးသော တခုသောကြီးသော ကိုယ်ရှိသော ဖွတ်မင်းလည်း ရှိ၏။ ထိုဖွတ်မင်းသည် သစ်သီးကိုစားအံ့သောငှါ တက်၍ ဘုရားလောင်းကို မြင်လျှင် ထိုဘုရားလောင်းနှင့် အကျွမ်း ဝင်၍ ဘုရားလောင်း၏ ထိုသို့ ရောက်သော အကြောင်းကို မေးလျက် ထိုအကြောင်းကို ကြားရ၍ ထိုဘုရားလောင်းကို ကျောင်းကုန်း၌ စီးစေ ပြီးလျှင် တောင်ကမ်းပြတ်မှ တုတ်၍ တောမှ ထွက်လေ၏။ ခရီး လမ်းမ၌ ထားပြီးလျှင် တောသို့ တဘန်ပြန်ဝင်၏။ ဘုရားလောင်းသည် ပစ္စန္တရစ်

ရွာသို့ သွား၍ ထိုရွာ၌ နေလျက် အဘ သေလွန်သဖြင့် မင်း၏ အဖြစ်ကိုယူ၍ ပဒုမမည်သော မင်းဖြစ်၍ ခြောက်ခုကုန်သော အလှူတင်းကုပ်တို့ကို ဆောက်လုပ်စေလျက် နေ့တိုင်း နေ့တိုင်း ခြောက်သိန်းကုန်သော အသပြာတို့ကို စွန့်၍ အလှူပေး၏။ ထို မိန်းမယုတ်သည်လည်း ထို ငတုံး တိုကို ပခုံးဖြင့် ထမ်းယူလျက် တောမှ ထွက်ခဲ့လျှင် လူတို့၏အရပ်၌ တောင်းစား၍ ထိုငတုံးတိုကို ပွေ့လျက် လူတို့သည် ဤယောက်ျားကား သင်နှင့် အသို့တော်သနည်းဟု မေးသည်ရှိသော် ကျွန်ုပ်သည် ဤယောက်ျား၏ ဝရီးသို့ဖီးတည်း။ ဤယောက်ျားသည် ကျွန်ုပ်၏ အရီးသားတည်း။ ဤ ယောက်ျားအား သာလျှင် ကျွန်ုပ်ကို မိဘတို့သည် ပေးကုန်၏။ ကျွန်ုပ်သည် ကျွန်ုပ်လင်ကို အပြစ်သင့်ငြားသော်လည်း ဆောင်ရွက်လျက် တောင်းစား၍ မွေးမြူ၏ဟု ဆိုလျှင် လူတို့သည် ဤ မိန်းမကား လင်ကိုလုပ်ကျွေးသော မိန်းမတည်းဟု များစွာသော ယာဂုထမင်းကို ပေးလျက် သင့်လင်ကို ဤတောင်း၌ နေစေ၍ သွားလော့ဟု ဆို၏၊ ခိုင်မာသော ကြိမ်တောင်းကိုလည်း ပေးကုန်၏။ ထိုမိန်းမသည်လည်း ထိုလူတို့ ဆိုတိုင်းပြု၍ လှည့်လည်လတ်သော် ဗာရာဏသီပြည်သို့ရောက်၍ အလှူတင်းကုပ်တို့၌စားလျက် လှည့်လည်၏။ ဘုရားလောင်းသည် အလှူတင်းကုပ်၌ ရှစ်ယောက်ကုန်သောသူ တကျိပ်ကုန်သော သူတို့အား မိမိလက်ဖြင့် အလှူပေး၍ ပြန်လတ်သော် သွားသောလမ်း၌ ထိုမိန်းမကိုမြင်လျှင် ထိုမိန်းမကား အသို့သော မိန်းမနည်းဟု မေး၏။ အရှင်မင်းကြီး ဤမိန်းမကား လင်ကို လုပ်ကျွေးသော မိန်းမတည်းဟု ဆိုကြကုန်၏။ ထိုဘုရားလောင်းသည် ထိုမိန်းမကိုခေါ်စေလျက် သိ၍ ငတုံးတို့ကို တောင်းမှ ထုတ်စေပြီးလျှင် မေး၏။ ထိုမိန်းမသည် ရှေးနည်းဖြင့်သာလျှင် ပြောဆို၏။ ပဒုမမင်းသည် ယုတ်မာစွာသောမိန်းမ သင်ကား ပဒုမမင်းသား၏မယား၊ ဤမည်သော မင်း၏သို့း၊ ဤမည်သော မိန်းမတည်း။ ငါ့ပုဆစ်ဒူးသွေးကို သောက်၍ ဤငတုံးတို၌ တပ်စွန်းသော စိတ်ရှိ၍ ငါ့ကို တောင်ကမ်းပါးပြတ်မှ သင်သည် တွန်းချသည် မဟုတ်တုံလော၊ ယခု သင်သည် နဖူး၌ သေမင်းကို ယူလျက် ငါ့ကိုသေပြီထင်မှတ်၍ လာ၏ဆို၍ ဤငတုံးတိုကို ကျည်ပွေ့နှင့် ရိုက်၍သတ်ကြကုန်လော့၊ ဤယုတ်မာသော မိန်းမ၏ နားနှာခေါင်းကို ဖြတ်ကြကုန်လော့ဟု အမတ်တို့ကိုစေ၍ ဤဘုရားလောင်း

သည် အမျက်ကို သည်းမခံနိုင်၍ ဤသို့ ထိုသူတို့အား ဒဏ်ကိုပေးစိမ့် သောငှါ အကယ်၍ကား စေ၏၊ ထိုသို့ စေခြားသော်လည်း စေသော အတိုင်း မပြုစေ။မင်းသည် အမျက်ကို နှုးညံ့သည်ကိုပြု၍ အကြင်အခြင်း အရာဖြင့် ထိုမိန်းမသည် တောင်းကိုဦးခေါင်းမှချအံ့သောငှါ မတတ်နိုင်။ ထိုအခြင်းအရာဖြင့် မြို့ဖွာဘွဲ့စေ၍ ငတုံးတို့ကို ထိုတောင်းခွံ ထည့်စေလျက် မိမိနိုင်ငံမှ နှင်ထုတ်စေ၏။ [ပဒုမမင်းဝတ္ထု]။

၁၇၄–တက္ကပဏ္ဍိတဝတ္ထု၊
ကေကနီပါတ်သတ္တမဝဂ် တက္ကဇာတ်အဋ္ဌကထာ

လွန်လေပြီးသော ဒမခါ ဘုရားလောင်းသည် ရဿေ့ ဖြစ်၍ ၁၈၀၀ ကမ်းနား သစ်ရွက်မိုးသော ကျောင်းခွံ စျာန်ချမ်းသာဖြင့် နေ၏၊ ထို ဒမခါဒုဋ္ဌကုမာရိမည်သော ဗာရာဏသီ သေဋ္ဌီး၏ သွီးသည် အမျက် ထွက်တတ်၏၊ ကြမ်းကြုတ်၏၊ အမှုလုပ်တို့ကို ဆဲရေး၏၊ ပုတ်ခတ်၏။ ထိုအခါ တနေ့သ၌ ထိုသေဋ္ဌီးသွီးကို အမှုလုပ်တို့သည် ဂင်္ဂါခွံ ကစား ကြကုန်အံ့ဟု ခေါ်၍ သွားပြီးလျှင် ဂင်္ဂါခွံ စွန့်ပစ်ကုန်၏။ ထိုသေဋ္ဌီး သွီးသည် ဘောက်ပြန်သဖြင့် ဖြည်တမ်းလျက် ရေသည် ဆောင်အပ်သည် ဖြစ်၍ သန်းခေါင်အခါ၌ ဘုရားလောင်း၏ ကျောင်းအနီးသို့ ရောက်၏၊ ရဿေ့သည် ထိုသေဋ္ဌီးသွီးခွံ သနားသဖြင့် ထိုသေဋ္ဌီးသွီး ကို ဆယ်၍ မိုးကို ပေး၏၊ အချမ်းပြေသည်ရှိသော် သစ်သီးကြီးငယ်ကို ပေး၍ အဘယ် အရပ်၌ နေသနည်းဟု မေး၍ ဗာရာဏသီပြည်၌ နေ သဘည်းဟု ပြောဆို၏။ ယခု သွားလေလော့ဟု ရဿေ့သည် ဆို၏။ ထိုသေဋ္ဌီးသွီး သည် ဤရဿေ့ကိုသိလျက်ခြင်းသို့ ရောက်စေ၍ ရဿေ့ကိုခေါ်ယူ၍ သွားအံ့ဟုကြံ၍ ထိုသို့ ကြံကိုင်း ပြု၍ သွား၏။ ရဿေ့သည် ပျက်သော သိလရှိသည်ဖြစ်၍ စျာန်မှယုတ်သည်ဖြစ်၍ ထိုသေဋ္ဌီးသွီး နှင့်တကွ တခုသော ပစ္စန္တရစ်သို့ သွား၍ ရက်တက်ကို ရောင်း၍ ထို မိန်းမကို မွေး၏။ ထိုကြောင့် ထိုဘုရားလောင်းအား တက္ကပဏ္ဍိတ ဟူသောအမည်ကိုပြုကြကုန်၏။လူတို့သည်လည်း ထိုဘုရားလောင်းအား ရိက္ခာကို ပေး၍ ငါတို့အား သင့်သည် မသင့်သည်ကို ကြားလျက်လျှင် ဤကုဋီ၌ နေလော့ဟု ရွာတံခါးကုဋီ၌ နေစေကုန်၏၊ ထိုအခါ တနေ့သ၌

ခိုးသူတို့သည် ထိရွာကို လုယက်၍ တက္ကပဏ္ဍိတ၏ မယားကို ယူကုန်၏။ ခိုးသူကြီးသည် ထိမိန်းမကို မယားပြု၍ ထိမိန်းမသည် တက္ကပဏ္ဍိတကို သတ်စေလို၍ ခိုးသူတို့သည် ဆောင်အပ်သော ငါသည် ဆင်းရဲစွာ နေရ၏၊ လာ၍ ငါ့ကို ဆောင်ယူပါလော့ ဟု တက္ကပဏ္ဍိတ အား သတင်းစကားကို မှာလိုက်၍ ထိအရပ်သို့ လာသော တက္ကပဏ္ဍိတကို ထိမိန်းမသည် မြင်၍ ငါတို့သည် ယခု အကယ်၍ သွားကုန်အံ့ ခိုးသူ သည် လိုက်၍ နှစ်ယောက်ကုန်သော ငါတို့ကို သတ်လတ္တံ့၊ ညဉ့်အတို့၌ သွားကုန်အံ့ဟု ဆို၍ ထို တက္ကပဏ္ဍိတကို တောဌ် နေစေ၍ ညဉ့် အခါ ခိုးသူကြီး လာ၍ သေကို သောက် ယစ်သော ကာလ၌ ပြော ဆို၏။ ခိုးသူသည် တက္ကပဏ္ဍိတကို ဘမ်း၍ လည်းစေ၏။ တတောင် အစရှိသည် တို့ဖြင့် အလိုရှိတိုင်း ထောင်းထု နှောင်ဘွဲ၍ အိပ်စေ၏။ တက္ကပဏ္ဍိတသည် ထောင်းထု ပုတ်ခတ် လတ်သော် တပါးသော တစုံတခုသော စကားကို မဆိမူ၍ မိန်းမသည် အမျက်လည်း ထွက် တတ်၏။ ကျေးဇူးကိုလည်း မသိတတ်။ ကုန်းလည်း ချောပစ်တတ်၏။ အဆွေ ခင်ပွန်းကိုလည်း ပြစ်မှား တတ်၏။ ဤ စကားကို သာလျှင် ဆို၏။ ခိုးသူသည်လည်း အိပ်၍ နိုးလတ်သော် ပေးအပ်သော အမှတ် ဖြင့် ကဘန် တက္ကပဏ္ဍိတကို ပုတ်ခတ်အံ့သောဌါ အားထုတ်၏။ တက္ကပဏ္ဍိတသည်လည်း ထိုရှေးအတူသာလျှင်ဆို၏။ ခိုးသူသည် ဤသူကား ဤစကားကိုသာလျှင်ဆို၏၊ တပါးသောစကားကိုမဆို။ ဤအကြောင်း အသို့နည်းဟုကြီ၍ အလုံးစုံသော အကြောင်းကိုကြားရ၍ ဤမိန်းမသည် ဤသို့ ကျေးဇူးပြုသော သူ၌လည်း ပြစ်မှား၏။ငါ့အားလည်း ဥပဒ္ဒဝေါ ကို ပြုရာ၏။ဤမိန်းမကို သတ်အပ်၏ဟု ကြီ၍ ထိမိန်းမကို နှိုး၍ လာလော့ ဤယောက်ျားကို သတ်ကုန်အံ့ ဟု ရွာပသို့ သွား၍ ထိမိန်းမကို သတ်၍ တက္ကပဏ္ဍိတကို ခေါ်ယူ၍ အိမ်သို့သွား၍ ယခု အဘယ်သို့ သွားအံ့နည်း ဟုမေး၏။ တက္ကပဏ္ဍိတသည်ရဟန်းပြု၍ တောဌ်နေအံ့ဟုဆို၏။ငါသည် လည်း ရဟန်းပြုအံ့ ဟု ခိုးသူသည်လည်း ဆို၏။ ထို နှစ်ယောက်ကုန် သောသူတို့သည် ရဟန်းပြုကုန်၍ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

[တက္ကပဏ္ဍိတဝတ္ထု]

၁၇၅-လေးယောက်ကုန်သော သူတို့ဝတ္ထု

ကေကနီပါဘ် အဋ္ဌမဝဂ် သစ္စံကိရဇာတ် အဋ္ဌကထာ

လွန်လေပြီးသောအခါ ဘုရားလောင်းသည် ရသေ့ဖြစ်၍ ဂင်္ဂါမြစ်ကမ်းနားသစ်ရွက်မိုးသောကျောင်း၌နေ၏။ ထိုအခါဒုဋ္ဌကုမာရမည်သော ဗာရာဏသိမင်း၏သားသည် ဂုန့်ရင်း၏ ကြမ်းကြုတ်၏ ခပ်သိမ်းသော သူတို့၏ မျက်စိ၌ ကျသော မြို့ကိုကဲ့သို့ လည်းကောင်း စားအံ့သောဌါလာသော ဘိလူးကိုကဲ့သို့ လည်းကောင်း မနှစ်သက် အပ်သည်ဖြစ်၍ တဖန်သ၌ဂင်္ဂါကစားလို၍အချင်းတို့ လာကုန်လော့ ငါ့ကိုမြစ်လယ်သို့ပို၍ ဆောင်ကုန်လော့ဟု ဆို၏။ ထိုသူတို့သည် မင်းသားကို ဆောင်ယူကုန်၍ စွန့်၍ပြေးကုန်၏။ ထိုမင်းသားသည် ရေ၌ မျောလတ်သော် တရသောသစ်တုံးကိုမြင်၍ ထိုသစ်တုံး၌စီး၍ ငိုလျက်သွား၏။ထိုအခါ ဗာရာဏသိပြည်၌ နေသော တယောက်သော သေဋ္ဌေးသည် မြစ်ကမ်းနား၌ ကုဋေလေးဆယ်သော ဥစ္စာကို မြှုပ်၍ ဥစ္စာ၌ တပ်စွန်းသော တဏှာကြောင့် ဥစ္စာအပြင်၌ ကြောင့် ဥစ္စာအတွင်း၌ ကြောင့် ဤသုံးပါးကြောင့် ကြောက်၏ အဖြစ်ဖြင့် ဖြစ်၏ ။ ထိုသေဋ္ဌေးသည် ဤသို့ကြောက်ကုန်သော ဥစ္စာကို မြှုပ်၍ ဥစ္စာ၌ တပ်စွန်းသောတဏှာကြောင့် ထိုဥစ္စာအပြင်၌လျှင် ကြောက်၏ အဖြစ်ဖြင့် ဖြစ်၏ ။ ထိုသေဋ္ဌေးသည် ဤသို့ကြောက်ကုန်သော ဥစ္စာကို မြှုပ်၍ ဥစ္စာ၌ တပ်စွန်းသော တ

မင်းသားသည်ဤရသေ့စဉ်းလဲကား ငါ့ကိုမရေတွက်မူ၍ဘိရစ္ဆာန်ကို အားမြတ်နိုးခြင်းကိုပြု၏ဟု ရသေ့၌ ရန်ငြိုးဘွဲ၍ နှစ်ရက်သုံးရက်နေ၍ သွားသည်ရှိသော် မင်းသားသည်ငါ၏ အထံသို့လာသော ဤရသေ့ကို သတ်အံ့ဟုကြီ၍ အရှင်ဘုရားအကျွန်ုပ်သည် မင်း၏ အဖြစ်၌တည်သည် ရှိသော်လာပါလော့ အကျွန်ုပ်သည် အရှင်ဘုရားဘို့အား လေးပါးကုန် သော ပစ္စည်းတို့ဖြင့် လုပ်ကျွေးအံ့ဟုဆို၍ ဖဲ၏။ မြွေသည်ကားသွားသည် ရှိသော် ထိုရသေ့ကိုရှိခိုး၍ အရှင်ဘုရား သင်တို့သည် ကျွန်ုပ်အားကြီး စွာကျေးဇူးပြုအပ်၏။ ကျွန်ုပ်အား ဤမည်သောအရပ်၌ မြှုပ်ထားသော ဥစ္စာသည်ရှိ၏။ အရှင်ဘုရားအား ဥစ္စာဖြင့် ကိစ္စသည် ရှိလတ်သော် ထိုအရပ်သို့ကြွ၍ဒီဃဟု ခေါ်တော်မူပါလော့ဟုဆို၍ ဖဲ၏။ကြွက်သည် လည်းထိုအတူလျှင်ဆို၏ အရှင်ဘုရားတို့အားဥစ္စာဖြင့် ကိစ္စသည်ရှိလတ် သော် ထိုအရပ်သို့သွား၍ ကြွက်ဟူ၍ခေါ်တော်မူပါဟု ဆို၍ဖဲ၏။ကျေး သားငယ်သည်လည်း ရသေ့ကိုရှိခိုး၍ အရှင်ဘုရား-အကျွန်ုပ်အား ဥစ္စာ သည် မရှိ။ အရှင်ဘုရားတို့အား နီသော သလေးတို့ဖြင့် အလိုရှိသည် ရှိသော် ကျွန်ုပ်၏ နေရာအရပ်သို့ ကြွတော်မူပါဟုဆို၍ ဖဲ၏။ မင်းသား သည် သွား၍ မကြာမြင့်မီလျှင် မင်း၏အဖြစ်၌တည်၏။ ဘုရားလောင်း သည် ရှေးဦးစွာ မြွေအစရှိသည်တို့၏ နေရာအရပ်သို့ သွား၏။ ထိုမြွေ အစရှိသည်တို့သည်လည်း မိမိတို့၏ နေရာအရပ်တို့မှ ထွက်ကုန်၍ ဥစ္စာဖြင့် ဘိတ်သော စကားကို ဆိုကုန်၏။ ထိုရသေ့သည် ထိုအရပ်မှ ပြန်၍ မင်းကိုစုံစမ်းလိုသည်ဖြစ်၍ မင်း၏ဥယျာဉ်သို့သွား၍ ထိုဥယျာဉ်၌ နေ၍ တဘန်မိုးသောက်သောနေ့၌ဆွမ်းခံဝတ်ဖြင့် မြို့သို့ဝင်၏။ထိုခဏ၌ မင်းသည် မြတ်သော ဆင်ကျောက်ကုန်း၌ စီးလျက် မြို့သို့လက်ျာရစ် လည်သည်ကိုပြုလတ်သော် ထိုရသေ့ကို အဝေးမှမြင်၍ ဤစဉ်းလဲသော ရသေ့သည် ငါ့အထံ၌စား၍ နေလိုရကား လာ၏။ အကြင် မျှလောက် သော ကာလပတ်လုံး ပရိသတ်အလယ်၌ မိမိသည် ငါ့အား ပြုသော ကျေးဇူးကို ထင်စွာ မပြုသေး၊ ထိုမျှသော ကာလ၌ ထိုရသေ့၏ ဦးခေါင်းကို ဖြတ်အံ့ဟု ယောက်ျားတို့ကိုစေ၏။ ထိုယောက်ျားတို့သည် သွားကုန်၍ ဘုရားလောင်းကို နှောင်ဘွဲ၍ ခရီးလမ်းဆုံတိုင်း ပုတ်ခတ် ကုန်လျက် သုသာန်သို့ ဆောင်ကုန်၏။ထိုဘုရားလောင်းသည် ပုတ်ခတ် တိုင်း ပုတ်ခတ်တိုင်းသော အရပ်၌-

သစ္စံ ကိရေဝ မာဟံသု၊ နရာ ဇကေစ္ဆိယာ ဣဓ။
ကဠံ နိဒ္ဓာပိတံ သေယျော၊ နတ္ထေဝကစ္ဆိယော နရော။

ဟူသော ဂါထာကိုသာလျှင် ဆို၏။

နိဒ္ဓာပိတံ၊ မြစ်မှဆယ်တင်အပ်သော။ ကဠံ၊ထင်းသည်။ သေယျော၊ မြတ်၏။ ဇကေစ္ဆိယော၊ အချို့သော။ နရော၊ မြစ်မှ ဆယ်တင်အပ်သော လူသည်ကား။ နတ္ထေဝသေယျော၊ မမြတ်သလျှင်ကတည်း။ ဇဝံ၊ ဤသို့။ ဣဓ၊ ဤလောက၌။ ဇကေစ္ဆိယာ၊အချို့ကုန်သော။ နရာ၊ပညာရှိကုန်သော လူတို့သည်။ သစ္စံ၊ မှန်သောစကားကို။ အာဟံသုကိရ၊ ဆိုကုန်သတတ်။

ထိုစကားကိုကြား၍ ထိုယောကျ်ားတို့တွင် အကြင် သူတို့သည် ပညာရှိကုန်၏။ ထိုသူတို့သည် ရှင်ရဟန်း....သင်သည် ပြုအပ်သော တစုံတခုသော ကျေးဇူးသည် ငါတို့မင်းအား ရှိသလောဟု မေးကုန်၏။ ထိုရသွေ့သည့် အလုံးစုံသော အကြောင်းကို ပြောဆို၏။ ထိုစကားကို ကြား၍ လူတို့သည် ဤမင်းကား အဆွေခင်ပွန်းကို ပြစ်မှားတတ်၏၊ မိမိအား အသက်ကို ပေးသော ရသွေ့၏ ကျေးဇူးကိုမျှလည်း မသိ၊ ထိုမင်းကိုမှီ၍ ငါတို့အား အဘယ်မှာ ချမ်းသာဖြစ်အံ့နည်း၊ သွားကြကုန်လော့၊ထိုမင်းကို ဘမ်းကြကုန်လော့ဟုဆိုကုန်၍ မင်းကိုသတ်ကုန်၍ ဘုရားလောင်းကို အဘိသိက်သွန်းကုန်၏။ ဘုရားလောင်းသည်လည်း တရားသဖြင့် မင်းပြုလျက် ထိုမြို့ အစရှိသည်တို့၏ နေရာအရပ်သို့ သွား၍ မြို့ကြွက်တို့သည် ပေးအပ်ကုန်သော ကုဋေနှစ်ဆယ်ကုန်သော ရွှေတို့ကိုလည်းကောင်း ထိုမြို့ကြွက်ကျေးသားငယ်တို့ကိုလည်းကောင်း ယူ၍ တဘန်ပြန်၍ မြို့ကို နေမိမ့်သောဌာ ရွှေကျည်တောက်ကို, ကြွက်နေမိမ့်သောဌာ ဖလ်ဂူကို, ကျေးသားငယ်ကို နေမိမ့်သောဌာ ရွှေချိုင့်ကို လုပ်စေ၍ မြို့ကျေးသားငယ်တို့အား နှုးညံ့ကုန်သော ပေါက်ပေါက်တို့ကို, ကြွက်အား သလေးဆန်တို့ကို ပေးစေ၏။

[လေးယောက်ကုန်သော သူကို့ဝတ္ထု၊]

၁၇၆–သုံးယောက်သော သူတို့ဝတ္ထု၊

ဒသကနိပါတ် နိဂြောဓဇာတ်

လွန်လေပြီးသောအခါ ရာဇဂြိုဟ် သေဋ္ဌေးကြီးသည် မိမိသား၏ အကျိုးငှါ ဇနပုဒ် သေဋ္ဌေးသို့မ်ိုးကို ဆောင်၏။ ထိုသေဋ္ဌေးသို့မ်ိုးကား

ျမိဳ့သည္ျဖစ္၍ ကိုယ်ဝန္တည္ဟန္ကို ျပလ်က္ လက်ဖမိုး ခြဖမိုးတို့ကို ရိုက္ခ်က္၍ အသားဇာ ထူခြင္းကိုျပဳ၍ ေနတိုင္း ပုဆိုးခန္မ်ားကဲ့ ရစ္သဖြင့္ ဝမ်ိဳးဇာ ကြဲခြင္းကိုျပဇာ။ တေယာက္ေသာ အထိန္းမိန္းမကား ထိုကိစၥကို သိစဲ၍ ကိုးလလြန္သျဖင့္ ယခုဇနပုဒ္၌ တဘန္ အိမ္သို့ သြား၍ သားဘြားအံ့ဟု ေယာကၡမမိန္းမသူေယာက်ၤားသူတို့ကို ပန္၍သြားဇာ။ ထိုအခါ၌ တေယာက္ေသာ ဆင္းရဲေသာမိန္းမသည္ လွည္းကုန္သည္ အေပါင္းနွင့္တကြ ခရီးသြားလတ္သည္ရိေသ့ ခရီးအကြား တရေသာ ပညာပင္ပင္ရင္း၌ သားကိုဘြား၍ နံနက္ေစာေစာကလျင္ လွည္းကုန္သည္အေပါင္းတို့သည္ သြားလတ္ေသ့ ငါသည္ လွည္းကုန္သည္ အေပါင္းနွင့္ တင္၍ သြားအံ့သေဘၤ မတတ္နိုင္ လတ္တံ့ ဟူ၍ ထိုပညာပင္ ရင္း၌လျင္ ကိုယ်ဝန္ဇာ အညစ္ အေၾကးကိုလည္း ေကာင္း သားကိုလည္းေကာင္း စွန့္၍သြားဇာ။ နတ္တို့သည္ သူငယ္ကို ေစာင့္ကုန္ဇာ။ ထိုသူငယ္သည္ကား ဘုရားေလာင္း ျဖစ္သတတ္။ သေဌးသမီးသည္ကား ထိုအရပ္သို့ သြားေရာက္၍ ကိုယ်ဝန္ဇာကိစၥကို ျပအံ့ဟူ၍ ထို အထိန္း မိန္းမနွင့္ တကြ ပညာပင္ရင္းသို့ သြား၍ ဖြေအဆင္းနွင့္တူေသာ အဆင္းရိေသာ သူငယ္ကိုျမင္၍ အမိ ငါတို့ဇာ ကိစၥသည္ ျမိဳးျမိဟု ပုဆိုးခန္မ်ားကိုပယ္၍ ခါးပိုက်ကို ကိုယ်ဝန္အညစ္ အေၾကြးျဖစ္ေသာ သွေးျဖင့္ လိမ္း၍ မိမိဇာ ကိုယ်ဝန္မ ထေသာ အျဖစ္ကို ပရိသတ္အား ေျပာဆို၍ သူငယ္ကိုယူ၍ ထိုအရပ္မွလျင္ ျပန္လည္ဇာ။ ထိုသူငယ်အား နိေဂြာဓဟူေသာ အမည္ကို မွည့္ကုန္ဇာ။ ထိုနွဳ့၌လျင္ သေဌးငယ်ဇာ ေလွးမသည္လည္း သားဘြား အံ့ေသဘၤ မိဘအိမ္သို့ သြားလတ္ေသ့ ခရိုးအကြား၌ တရေသာ သစ်ခက်၌ သားကို ဘြား၍ ျပန္လည္ဇာ။ ထိုသူငယ်အား သာခဟူေသာ အမည္ကို မွည့္ကုန္ဇာ။ ထိုနွဳ့၌လျင္ သေဌးကြီးကိုမွီ၍ေနေသာ အပ်ိဳသို့သမားဇာ မယားသည္လည္း ပုဆိုးခန္မ်ားကြား၌ သားကိုဘြားဇာ။ ထိုသူငယ်အား ပေါတိကဟူေသာ အမည္ကိုမွည့္ကုန္ဇာ။ သေဌးကြီးသည္ ထိုသူငယ် နွစ်ေယာက်ာ်တို့သည္ နိေဂြာဓသတို့သားဇာ ဘြားေသာနွဳ့၌ ဘြားကုန္ဇာဟု ဆေဝ်ာင်စေ၍ ထိုနိေဂြာဓသတို့သားနွင့္တကြ ကြီးပြင်းေစဇာ။ ထိုသူငယ် သုံးေယာက်တို့သည္ တကြနက်ကြီးကုန္၍ အရြယ်သို့ ေရာက်လတ္ေသ့ တကြသိုလ်ပြည္သို့သြား၍ သင်ၾကားေသာ အတတ်ရိကုန်သည်

ဖြစ်၍ ဇနပုဒ်သို့ လှည့်လှည်ခြင်းကို လှည့်လည်ကုန်လျက် အစဉ်သဖြင့် ဗာရာဏသီပြည်၏ အနီးသို့ ရောက်ကုန်၍ တခုသော သစ်ပင်ရင်း၌ အိပ်ကုန်၏။ ထိုသစ်ပင်၌လည်း ကြက်နှစ်ခုတို့သည် နေကုန်၏။ ထိုကြက်တို့တွင် အထက်ကြက်သည် အောက်ကြက်၏ ကိုယ်ပေါ်၌ ကျင်ကြီးကိုချ၏။အဘယ်သူသည်ငါ၏ကိုယ်၌ ကျင်ကြီးကိုချသနည်းဟု အောက်ကြက်သည် ဆိုဏ်။ အဆွေ အမျက်မထွက်ပါလင့်၊ ငါသည်မသိ၍ ချမိပါသည်ဟုအထက်ကြက်သည်ဆိုဏ်။ဘယ်ကြက် သင်သည်ငါ၏ ကိုယ်ကို မိမိ၏ ကျင်ကြီးစွန့်ရာ အရပ်ဟု အောက်မေ့သလော၊ ငါ၏ ပမာဏကို သင်သည်မသိ၊ အကြင်သူသည် ငါ့ကိုသတ်၍ ငါ့အသားကိုစားလျှင် ထိုသူသည် နံနက်စောစောကလျှင် တထောင်သော ဥစ္စာကိုရ၏ဟု အောက်ကြက်သည်ဆိုဏ်။ ဟယ်ကြက် သင်သည်မသိ၍ ချမိသည်ဟု ဆိုသော်လည်း အမျက်ထွက်၏၊ ဤမျှမာနကို သင်သည်ပြု၏။ ငါ့ကိုကားသတ်၍ အကြင်သူသည် ဦးခေါင်းကို စားလျှင် ထိုသူသည် နံနက်စောစောကလျှင် မင်းဖြစ်၏။ အကြင်သူသည် အလယ်သားကိုစား၏၊ ထိုသူသည် စစ်သူကြီး ဖြစ်၏။ အကြင်သူသည် အရိုး၌ ကပ်သော အသားကိုစား၏၊ ထိုသူသည် ဘဏ္ဍာစိုးဖြစ်၏ဟု အထက်ကြက်သည်ဆိုဏ်။ ပေါတိကသည် မိုးသောက်ထကာလ၌ထ၍ နိဂြောဓသတို့သား၏ ခြေတို့ကို ဆုပ်နယ်လျက် နေလတ်သော် ထိုကြက်တို့၏ စကားကိုကြား၍ သာယာစွာတက်၍ အထက်ကြက်ကို ဘမ်း၍ သတ်၍ မီးကျီးတို့၌ ကင်၍ ဦးခေါင်းသားကို နိဂြောဓအား အလယ်သားကို သာခအားပေး၍ မိမိသည် အရိုး၌ ကပ်သော အသားကိုစား၍ အလုံးစုံသော အကြောင်းကို ပြောဆိုဏ်။ ထိုးသုံးယောက်ကုန်သော သူတို့သည်လည်း နံနက်စာ စားသော ကာလ၌ ဗာရာဏသီသို့ ဝင်၍ တယောက်သော ပုဏ္ဏား၏အိမ်၌နိုဃနာကိုစား၍မြို့ထွက်၍ ဥယျာဉ်သို့ ဝင်ကုန်၏။ နိဂြောဓသတို့သားသည် ကျောက်ဖျာ၌အိပ်၏။ သာခပေါတိကတို့သည်အပ၌ အိပ်ကုန်၏။ ထိုအခါဗာရာဏသီ မင်းသည်လည်း စုတေ၍ ခုနစ်ရက်ရှိ၏။

ထိုအခါ ပုရောဟိတ် အစရှိကုန်သော သူတို့သည် မင်္ဂလာရထားကို လွှတ်ကုန်၏။ မင်္ဂလာရထားသည် ဥယျာဉ်သို့ သွား၍ တက်စိမ့်သောဌါအစီအရင်ရှိသည်ဖြစ်၍ တည်၏။ ပုရောဟိတ်သည် ခြေတို့၌ လက္ခဏာ

တို့ကို စုံစမ်း၍ ခပ်သိမ်း ကုန်သော ကီးမှုတ်မျိုး တို့ကို ချီစေ၍ ထိုဥယျာဉ်၌လျှင် ရတနာစု၌ နိဂြောဓသတို့သားကိုထား၍ အဘိသိက်သွန်း၍ သာခအား သေနာပတိအရာကိုပေး၍ မြှိသို့ဝင်၏။ ပေါတိကသည်လည်း နိဂြောဓမင်းနှင့်တကွလျှင် မြှိသို့ဝင်၏။ မင်းသည် ကနေ့သ၌ မိဘတို့ကို အောက်မေ့၍ သွားချေ၊ မိဘတို့ကို ဆောင်ချေဟု ရာဇဂြိုဟ်မြှိသို့ ပေါတိကကိုစေ၏။ ပေါတိကသည် သွား၍ မိဘတို့သည် မလိုက်ကုန်သော် မိမိချည်းသာလျှင် တဘန်ပြန်၍ သေနာပတိအိမ်၌ ခရီးပင်ပန်းခြင်းကို ဖြေ၍ နောက်မှ မင်းကိုဖူးအံ့ဟု သေနာပတိအိမ်သို့ သွား၍ သား၏ အဆွေဖြစ်သော ပေါတိကမည်သောသူသည် ရောက်လာ၏ဟု ကြားစေ၍ သာခသည် ဤပေါတိကကား ငါ့အား မင်းအဖြစ်ကို မပေးမူ၍ နိဂြောဓအားပေး၏ဟု ထိုပေါတိက၌ ရန်ငြိုးဘွဲ့၏။ ထိုကြောင့် သာခသည် တမန်စကားကို ကြား၍လျှင် အမျက် ထွက်၍ အဘယ်သူသည် ဤပေါတိက၏ အဆွေဖြစ်တုံသနည်း၊ ဤပေါတိကသည် အရူးတည်း၊ ကျွန်မသားတည်း၊ ထိုပေါတိကကို ဘမ်းကြကုန်လော့ဟုဆို၍ လက်ခြေပုဆစ်ဒူးတတောင်တို့ဖြင့် ထောင်းထုစေ၍ ထုတ်စေ၏။ပေါတိကသည်လည်းဤသာခသည်ကျေးဇူးကိုမသိတတ်၊အဆွေခင်ပွန်းကိုပြစ်မှားတတ်၏။နိဂြောဓပညာရှိသည် ကျေးဇူးကိုသိတတ်၏၊ သူတော်ကောင်းဖြစ်၏။ ထိုနိဂြောဓပညာရှိ၏ အထံသို့လျှင် သွားအံ့ဟု သွား၍ မင်းအား မိဘတို့၏ မလိုက်သော အဖြစ်ကို ပြောဆို၏။ သာခသည်လည်း ပေါတိကသည် ငါ့ကို မင်း၏ အထံ၌ ဖျက်ဆီးရာ၏။ ငါသွားသည်ရှိသော်ကား တစုံတခုသောစကားကို ဆိုခြင်းငှါ မတတ်နိုင်လတ္တံ့ဟု မင်း၏အထံသို့ လျင်စွာသွား၏။ ပေါတိကသည် ထိုသာခသည် ပြုအပ်သောအမှုကို မင်းအား ပြောဆိုသလျှင်ကတည်း။ ထိုစကားကိုကြား၍ မင်းသည် အမျက်ထွက်၍ ထိုသာခကို သတ်စိမ့်သောငှါ စေ၏။ ပေါတိကသည် မြတ်သောမင်းကြီး.....သူယုတ်အား သည်းခံတော်မူပါဟု တောင်းပန်၏။ မင်းသည် သာခအား သည်းခံ၍ သေနာပတိ အရာကို ပေါတိကအား သာလျှင် ပေးလို သော်လည်း ပေါတိကသည် အလို မရှိသည် ဖြစ်၍ ခပ်သိမ်းကုန်သော မင်း၏ ပရိသတ်တို့ကို စီရင်ထိုက်သော ဘဏ္ဍာဝိုး အရာကို ပေး၏။ ရှေး၌ ထို အရာအထူးသည် မဖြစ်သတတ်။ ထိုအခါမှစ၍ ထိုအရာအထူး

သည် ဖြစ်၏။ နောက်အတို့၌ ဘဏ္ဍာဂိုး ပေါတိကသည် သားသွီး တို့ဖြင့် ပွါးလတ်၍ အဆုံးအမကို ပေးလိုသည်ရှိသော်-

နိဂြောဓမေဝ သေဝေယျ၊ နှ သာခမုပသံသေဝေ။
နိဂြောဓသွိ မတံ သေယျော၊ ယဉ္စေ သာခသွိ ဇီဝိတံ။

ဟူသောဂါထာကိုဆို၏။

နိဂြောဓမေဝ၊ နိဂြောဓကိုသာလျှင်။ သေဝေယျ၊ မှီဝဲရာ၏။သာခံ၊ သာခကို။ နဥပသံသေဝေ၊ မမှီဝဲရာ။ သာခသွိ၊ သာခ၏အထံ၌။ စေ၊ အကယ်၍။ယံဇီဝိတံ၊အကြင်အသက်ရှင်ခြင်းသည်ဖြစ်ငြားအံ့။ တတော၊ ထိုထက်။နိဂြောဓသွိ၊နိဂြောဓအထံ၌။ မတံ၊သေခြင်းသည်။သေယျော၊ မြတ်၏။ [သုံးယောက်သောသူတို့၏ ဝတ္ထု]။

၁၇၇–ရာဓပုဏ္ဏားဝတ္ထု

ကေက အင်္ဂတ္တိုရ် တေဒဂ္ဂ အဋ္ဌကထာ

ဤသို့ကျေးဇူးမသိသောသူသည် ကဲ့ရဲ့ခံရခြင်း အစရှိသည် အဖြစ်သို့ ရောက်၏။ ကျေးဇူးကိုသိသောသူကိုကား မြတ်စွာဘုရား သည်လည်း ချီးမွမ်းတော်မူ၏။ထိုစကား၌ ဤဆိုလတ္တံ့သည်ကားဝတ္ထုတည်း။ ရာဇ ဂြိုဟ်ပြည်၌ ရာဓမည်သော အိုမင်းသော ပုဏ္ဏားသည် သားမယားဖြင့် အလိုမရှိသည်ဖြစ်၍ ဝေဌုဝန်ကျောင်းတော်သို့သွား၍ ရဟန်းပြုပါကုန် ဟု တောင်းပန်၏။ ဤ ပုဏ္ဏားသည် အိုမင်းပြီဟု ရဟန်းတို့သည် ရာဓပုဏ္ဏားကို ရဟန်းပြုအံ့သောဌါ အလိုမရှိကုန်။ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ ရဟန်းတို့....အဘယ် ရဟန်းသည် ရာဓပုဏ္ဏား၏ ပူဇော်သက္ကာရကို အောက်မေ့သနည်းဟု မိန့်တော် မူ၏။ ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သည် ဘုန်းတော်ကြီးသော အရှင်ဘုရား....ဤရာဇဂြိုဟ်ပြည်၌ ဆွမ်းခံသော အကျွန်ုပ်အား ထိုရာဓ ပုဏ္ဏားသည် တယောက်မသောဆွမ်းကို လှူဘူး၏။ ဘုန်းကော်ကြီး သော အရှင်ဘုရား....ထို အကျွန်ုပ်သည် ထိုရာဓပုဏ္ဏား၏ ပူဇော် သက္ကာရကို အောက်မေ့၏ဟု လျှောက်၏။ သာရိပုတ္တရာ....ကောင်းစွ ကောင်းစွ။ သာရိပုတ္တရာ သူတော်ကောင်းတို့သည် သူ့ကျေးဇူးကို သိတတ် ကုန်၏။ သူ့ကျေးဇူးကို ထင်စွာ ပြုတတ်ကုန်၏။ သာရိ

ပုတ္တံရာ ထိုသို့ တပြီးကား ထိုရာဓ ပုဏ္ဏားကို သာမဏေ ပြုလော့ ပဉ္စင်းခံလော့ဟု မိန့်တော်မူ၏။အရှင်သာရိပုတ္တရာမထေရ်သည် ထိုရာဓ ပုဏ္ဏားကိုရဟန်းပြုတော်မူ၍ ခေါ်ယူ၍ရွာငယ်ကျောင်းသို့ကြွတော်မူ၏။ ထိုအရပ်၌ ရဟန်းပြုသစ်ဖြစ်သောကြောင့် ငြိုငြင်သော လာဘ်ရှိသော ထိုရာဓမထေရ်အားလျှင် အရှင်သာရိပုတ္တရာ မထေရ်သည် မိမိအား ရောက်သော ကျောင်းကိုလည်းကောင်း ဆွမ်းကိုလည်းကောင်း ပေး၍ မိမိသည် ဆွမ်းခံအံ့သောငှါ သွား၏။ ရာဓမထေရ်သည် လျောက်ပတ်ကုန်သောကျောင်းဘောဇဉ်ကိုရ၍ အရှင်သာရိပုတ္တရာမထေရ်၏အထံ၌လျှင် ကမ္မဋ္ဌာန်းကိုယူ၍ မကြာမြင့်မီလျှင် အရဟတ္တဖိုလ်သို့ ရောက်၏။

[ရာဓပုဏ္ဏားဝတ္ထု]

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သည် သူ့ကျေးဇူးကို သိတတ်၏ သူ့ကျေးဇူးကို ထင်စွာပြုတတ်၏ဟု သံဃာ့အလယ်၌ စကားသည်ဖြစ်၏။ထိုစကားကိုကြားတော်မူ၍ မြတ်စွာဘုရားသည် ရဟန်းတို့ ဤသာရိပုတ္တရာသည် ရှေး၌လည်းဆင်ဖြစ်၍ သူ့ကျေးဇူးကို သိတတ်သည် သူ့ကျေးဇူးကိုထင်စွာပြုတတ်သည်သာလျှင် ဖြစ်ဘူး၏ဟုမိန့်တော်မူ၍ ဒုကနိပါတ် ပဿမဝဂ်၌ အလိနစိတ္တဇာတ်ကို ဟောတော်မူ၏။ ထိုကြောင့် အရှင်သာရိပုတ္တရာ မထေရ်ကဲ့သို့ သူ့ကျေးဇူးကို သိတတ်သည်ဖြစ်ရာ၏။ အရှင်အာနန္ဒာ မထေရ်ကဲ့သို့လည်း သူ့ကျေးဇူးကို သိတတ်သည်ဖြစ်ရာ၏။

၁၇၈-အရှင်အာနန္ဒာမထေရ် ဝတ္ထု

အရှင်အာနန္ဒာမထေရ်အား ငါးရာ အတိုင်းအရှည်ရှိကုန်သော သဒ္ဓိဝိဟာရိကတပည့်တို့သည်ရှိကုန်သတတ်။ထိုတပည့်တို့တွင် တပါးသော ရဟန်းငယ်သည် အရှင်အာနန္ဒာမထေရ်အား များစွာကျေးဇူးပြု၏။ ပရိဝုဏ်ကို တံမြက်လှည်း၏။ သောက်ရေ သုံးဆောင်ရေကိုတည်၏။ ဒန်ပူမျက်နှာသစ်ရေ ချိုးရေကို ပေး၏။ဝစ္စကုဋိဇရုံအိမ် ကျောင်းတို့ကို သုတ်သင်၏။ လက်ကိုဆုပ်နယ်ခြင်း ခြေကိုဆုပ်နယ်ခြင်း ကျောကို ဆုပ်နယ်ခြင်း အစရှိသော အမှုတို့ကိုပြု၏။ အရှင်အာနန္ဒာ မထေရ်သည်ကား မိမိ၏တရားစကားကြောင့် ကြည်ညိုသော ကောသလမင်းသည်

လူအပ်ကုန်သော ပုဆိုးငါးရာတို့ကို ဤရဟန်းငယ်သည် သာလျှင် ကျေးဇူးမျှားစွာရှိ၏ဟု လျောက်ပတ်သည့်၏ အစွမ်းအားဖြင့် ရဟန်းငယ်အား သာလျှင် ပေး၏။ ထိုရဟန်းငယ်သည် အလုံးစုံကုန်သော ပုဆိုးတို့ကိုလျှင် မိမိ၏ ဥပဇ္ဈာယ်တူ ရဟန်းတို့အား ပေး၏။ ထိုရဟန်းတို့သည် သင်္ကန်းလုပ်၍ ဝတ်ရုံ၍ မြတ်စွာဘုရားအထံတော်သို့သွား၍ ရှိခိုး၍ ဘုန်းတော်ကြီးသော အရှင်ဘုရား သောတာပန်အား မျက်နှာကြည့်၍ ပေးခြင်းမည်သည် ရှိသလော်ဟု လျောက်ကုန်၏။ ရဟန်းတို့— သောတာပန်အား မျက်နှာကြည့်၍ ပေးခြင်းသည် မရှိဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ်တို့၏ ဥပဇ္ဈာယ်ဖြစ်သော အရှင်အာနန္ဒာမထေရ်သည် ငါးရာကုန်သော ပုဆိုးတို့ကို တပါးသော ရဟန်းငယ်အား သာလျှင်ပေး၏။ ထိုရဟန်းငယ်သည်ကား မိမိသည် ရအပ်ကုန်သောပုဆိုးတို့ကို အကျွန်ုပ်တို့အား ပေး၏ဟု ရဟန်းတို့သည် လျောက်ကုန်၏။ ရဟန်းတို့- အာနန္ဒာသည် မျက်နှာကြည့်သဖြင့် မပေး။ ထိုရဟန်းသည်ကား အာနန္ဒာအား ကျေးဇူးမျှား၏။ ထို့ကြောင့် မိမိအား ပြုသောကျေးဇူး၏အစွမ်းအားဖြင့် ကျေးဇူးပြု၏။ ကျေးဇူးပြုသောသူအား ကျေးဇူးတုံ့ကို ပြုခြင်း မည်သည်ကား သင့်၏ဟု ကတညူကကဝေဒီ၏ အဖြစ်ဖြင့် ပေး၏။ ရှေးပညာရှိတို့သည်လည်း မိမိအား ကျေးဇူးပြုကုန်သောသူတို့အားသာလျှင် ကျေးဇူးတုံ့ကိုပြု၏ဟု မိန့်တော်မူ၍ ဒုကနိပါတ် ပထမဝဂ်၌ ဂုဏဇာတ်ကို ဟောတော်မူ၏။ သိင်္ဂါလဇာတ် ဟူသည်လည်း ထိုဂုဏဇာတ်၏ အမည်ပင်လျှင်တည်း။ တဘန် မြတ်စွာဘုရားသည် ထိုအတူလျှင် မိန့်တော်မူ၍ တိကနိပါတ် ပထမဝဂ်၌ တိရိဋဝစ္ဆဇာတ်ကို ဟောတော်မူ၏။ နှစ်ပါးစုံ၌ အတိတ်ဝတ္ထုကို ဇာတ်၌ကြသ့်အပ်၏။ ။[အရှင်အာနန္ဒာမထေရ်ဝတ္ထု]။

၁၇၉-တောသားမှဆိုး ဝတ္ထု
ကောကနိပါတ် အဋ္ဌမဝဂ် သီလဝဇာတ်အဋ္ဌကထာ

တနည်းကား ကျေးဇူးကိုသိတတ်သောသူ၏ ဟမလွန်ကား သုဂတိတည်း။ ဂကျေးဇူးကို မသိဟတ်သောသူ၏ တမလွန်ကား ဒုဂ္ဂတိတည်း။ ဤအနက်ကို စတုက္ကအင်္ဂုတ္တိုရ်ပဉ္စမပဏ္ဏာသကဒုတိယဝဂ်၏ တတိယ

ဖြစ်သော အကတညုတာသုတ်ဖြင့် ပြအပ်၏။ ထိုစကားသည် မှန်၏၊ ကျေးဇူး မသိသော သူသည် ဒုဂ္ဂတိသို့ လားရ သလျှင် ကတည်း။ ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ဝတ္ထုတည်း။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌နေသော တယောက်သော တော၌ကျက်စားသော မူဆိုးသည် ဟိမဝန္တာ၌ မိမိ၏အသက်မွေးစရာ ဘဏ္ဍာကို ရှာသည်ရှိသော် မျက်စိလည်၍ ဝိုလျက်လည်၏။ ထိုအခါ ဘုရားလောင်းသည် သီလရှိသည်၏အဖြစ်ကြောင့် သီလဝနာဂရာဇာမည်သော ကိုယ်လုံးဖြူသောဆင်ဖြစ်၍ ထိုမူဆိုးဝိုသံကိုကြား၍ ကရုဏာသည် တိုက်တွန်းအပ်သည်ဖြစ်၍ ထိုမူဆိုးကို ကျောက်ကုန်း၌ စီးစေ၍ တောမှ ထုတ်ဆောင်၍ လူတို့၏လမ်းခရီးသို့ ပို့လိုက်၍ အိုယောကျား သင်သည် ဤလမ်းဖြင့် သွားလေလော့ ငါ၏နေရာ အရပ်ကို မေးငြားသော်လည်း တစုံတယောက်သောသူအား မပြောမဆိုလင့်ဟု ဆို၏။အဆွေခင်ပွန်းကို ပြစ်မှားတတ်သော သူ့ကျေးဇူးကို မသိသော မူဆိုးသည်ကား ဘုရားလောင်း၏ ကျောက်ကုန်း၌ စီးစဉ်ကာလ၌လျှင် သစ်ပင်တောင်ဟူကုန်သော အမှတ်တို့ကို မှတ်၍ ဗာရာဏသီသို့ ရောက်၍ ဆင်စွယ်သမားတို့ကိုမြင်၍ အချင်းတို့-ဆင်ရှင်၏ အစွယ်ကိုလည်းရသော် ယူကုန်အံ့လောဟု မေး၍ ဆင်ရှင်၏ အစွယ်မည်သည်ကား ဆင်သေ၏အစွယ်ထက် အဘိုးကြီးမြတ်၏ဟု ဆင်စွယ်သမားတို့ ဆိုသောစကားကို ကြား၍ ရိက္ခာကို လည်းကောင်း ထက်သော လွှကို လည်းကောင်း ဆောင်ယူ၍ ဘုရားလောင်းအထံသို့ ဆည်းကပ်၍ အစွယ်တို့ကို တောင်း၏။ဘုရားသောင်းသည် ထိုမူဆိုးကို နှစ်ချောင်းကုန်သောအစွယ်ဖျားတို့ကိုဖြတ်စေ၍ အစွယ်တို့ကို နှာမောင်းဖြင့် ကိုင်၍ ငါသည် ဤအစွယ်တို့ကို မချစ်သောကြောင့် လှူသည်မဟုတ်၊ ဤအစွယ်တို့ထက်ကား အဆအရာအဆအထောင် အဆအသိန်းအားဖြင့် သဒ္ဒညုတဉာဏ်ကို အလွန် ချစ်မြတ်နိုး၏။ ငါ၏ အစွယ်အလှူသည် သဒ္ဒညုတဉာဏ်ကို ထိုးထွင်း၍ သိခြင်းအကျိုး၄ါ ဖြစ်စေ သတည်းဟု ဆုတောင်းခြင်းကိုပြု၍ လှူ၏။ မူဆိုးသည်ဆင်စွယ်ကိုယူ၍ တဘန်ပြန်၍ ရောင်း၍ ထိုဆင်စွယ်ဘိုးကုန်လတ်သော် တဘန် သွား၍ ကြွင်းကုန်သော အစွယ်တို့ကို တောင်း၏။ ဆင်သည်လည်း ထိုမူဆိုးအားပေး၏။ တဘန် ထိုဆင်စွယ်တို့သည်လည်း ကုန်ပြန်သော် သွား၍

တောင်းပြန်၏။ ဆင်သည်လည်း ကောင်းပြီဆို၍ နွားဖ၏ နေခြင်းကဲ့သို့ နေ၏။ ကျွးဇူးမသိသော ထိုမှုဆိုးသည် ဆင်ဦးကင်းသို့တက်၍ အစွယ်နှစ်ဘက်တို့ကို ပနောင့်ဖြင့်ခတ်လျက် အသားကိုဟက်၍ လှဖြင့် အစွယ်ရင်းကိုဖြတ်၍ ဖဲ၏။ ထိုမှုဆိုးသည်ဆင်၏ မြင်ကောင်းသော ဥပစာရကို စွန့်သည်ရှိသော် မြေကြီးသည် မြင့်မိုရ်ယုဂန္ဓိရ်အစရှိကုန်သော ကြီးစွာကုန်သော ဝန်တို့ကို ဆောင်ခြင်းငှါ စွမ်းနိုင်လျက်လည်း မှုဆိုး၏ ကျွးဇူးမဲ့ အစုကို ဆောင်ခြင်းငှါ မစွမ်းနိုင်သကဲ့သို့ နှစ်ဖြာကွဲ၍ ဟင်းလင်းအပြင်ကို ပေး၏။ ထိုခဏ၌လျင် အဝိစိငရဲမီးလျှံသည် ထွက်၍ ကျွးဇူးမသိသော အဆွေခင်ပွန်းကို ပြစ်မှားတတ်သော ထိုမှုဆိုးကို ရစ်၍ယူ၏။ ထိုအခါ ထိုတောအုပ်၌နေသော ရုက္ခဗိုးနတ်သည်—

အကတညုတသ ပေါသဿ၊ နိစ္စံ ဝိဝရဒဿိနော။
သဗ္ဗဉ္ဉေ ပထဝိံ ဒဇ္ဈာ၊ နေဝနံ အဘိရာဓယေ။

ဟူသော ဂါထာကို ဆို၏။

နိစ္စံ အမြဲ။ ဝိဝရဒဿိနော၊အခွင့်ကိုကြည့်လေ့ရှိသော။ အကတညုကဿ၊ ကျွးဇူးမသိသော။ ပေါသဿ၊ ယောကျ်ားအား။ သဗ္ဗံ၊ အလုံးစုံသော။ ပထဝိံ၊ မြေကို။ ဒဇ္ဈာ၊အကယ်၍ ပေးငြားအံ့။ ဇံဝိ၊ ဤသို့ပေးငြားသော်လည်း။ နံ၊ ထိုကျွးဇူးကိုမသိသောသူကို။ နေဝအဘိရာဓယေ၊ မနှစ်သက်စေနိုင်ရာ။ ။ဆင်သည်အသက် အပိုင်းအခြားအတိုင်းတည်၍ ကံအလျောက်လား၏။ [တောဒ္ဒိကျက်စားသောမှုဆိုးဝတ္ထု]။

ဤသို့ ကျွးဇူး မသိသော သူ၏ တမလွန်သည် ဒုဂ္ဂတိ ဖြစ်၏။ ကျွးဇူးကိုသိ၍ သုဂတိ၌ ဖြစ်သော သူအပေါင်းသည်ကား ရေတွက်ခြင်း၏ လမ်းကို လွန်၏။ ဝတ္ထုဖြင့် အဘယ်မှုစအံ့နည်း။ ကတညုတာဟူသောပုဒ်၏ အဘွင့်စကားတည်း။

၂၆-ကာလေနု ဓမ္မသဝန မင်္ဂလာ

၁၈၀—ကာလေန ဓမ္မသဝန မင်္ဂလာကိုပြခြင်း

အကြင်အခါ၌ ဥဒ္ဒစ္စနှင့် နှီးနှောသော စိတ်သည်ဖြစ်၏၊ ကာမဝိတက်အစရှိသည်ကို့တွင် တပါး ပါးသော ဝိတက်သည် နှိပ်စက်သော စိတ်သည်မှလည်း ဖြစ်၏၊ ထိုအခါ၌ ထိုဥဒ္ဒစ္စကာမဝိတက် အစရှိသည်

တို့ကို ဖျောက်ပယ်အံ့သောဌါ တရားနာခြင်းသည် ကာလေနဓမ္မ သဝနမည်၏။ [အဌကထာ]။ ကာမနှင့် ယှဉ်သော ဝိတက်သည် ကာမ ဝိတက်မည်၏။ ဗျာပါဒနှင့် ယှဉ်သော ဝိတက်သည် ဗျာပါဒဝိတက် မည်၏။ ဝိဟိံသနှင့် ယှဉ်သောဝိတက်သည် ဝိဟိံသာဝိတက် မည်၏။ ထိုသုံးပါးကုန်သောဝိတက်တို့တွင် ကာမဝိတက်ဗျာပါဒဝိတက်တို့သည် သတ္တဝါတို့၌လည်းကောင်း သခီါရတို့၌လည်းကောင်း ဖြစ်ကုန်၏။ ထို စကားသည်မှန်၏၊ ချစ်ဘွယ်နှစ်သက်ဘွယ်ရှိကုန်သော သတ္တဝါတို့ကို လည်းကောင်း သခီါရတို့ကိုလည်းကောင်း ကြီသောသူအား ကာမ ဝိတက်သည်ဖြစ်၏။ချစ်ဘွယ် နှစ်သက်ဘွယ်ရှိကုန်သော သတ္တဝါတို့ကို လည်းကောင်း သခီါရတို့ကိုလည်းကောင်း အမျက်ထွက်၍ ကြည့်သော အခါမှစ၍ ဖျက်ဆီးသည်တိုင်အောင် ဗျာပါဒဝိတက်သည်ဖြစ်၏။ ဝိဟိံ သာဝိတက်သည် သခီါရတို့၌ မဖြစ်။ ထိုစကားသည် မှန်၏၊ ဆင်းရဲစေ အပ်သောအခါသမယမည်သည်မရှိ။ဤသတ္တဝါ တို့သည် သေစေကုန် သတည်း ပျက်စီးစေကုန်သတည်း မဖြစ်စေကုန်သတည်းဟု ကြီသော ကာလ၌ ဝိဟိံသာဝိတက်သည် သတ္တဝါတို့၌ ဖြစ်၏။ [သဂီတိသုတ် တိကအဌကထာ]။ တပါးကုန်သော ဆရာတို့သည်ကား ငါးရက် မြောက် ငါးရက်မြောက်ဖြစ်သော နေ့၌ တရားနာခြင်းသည် ကာလေန ဓမ္မသဝနမည်၏။ ထိုစကား၏ သက်သေကို—

ပဉ္စာဟိကံ ခေါပန မယံ ဘန္တေ သဗ္ဗရတ္တိံ ဓမ္မိယာ ကထာယ သန္နိသီဒါမ။

ဟူ၍အရှင် အနုရုဒ္ဓါမထေရ်သည်ဆိုဘူး၏ဟူ၍ဆိုကုန်၏။[အဌကထာ]။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ပဉ္စာဟိကံ ခေါပန၊ ငါးရက်မြောက် ငါးရက်မြောက်ဖြစ်သော နေ့၌ဖြစ်သော တရားနာခြင်း ကိုကား။ ကတွာ၊ပြု၍။ သဗ္ဗရတ္တိံ၊ခပ်သိမ်းသောညဉ့်ပတ်လုံး။ ဓမ္မိယာ ကထာယ၊တရားနှင့်စပ်သော စကားဖြင့်။ သန္နိသီဒါမ၊ နေကုန်၏။

တံနည်းကား အကြင်ကာလ၌လည်း ကောင်းသော အဆွေခင်ပွန်း ဖြစ်ကုန်သော များသော အကြားအမြင် ရှိကုန်သော ပုဂ္ဂိုလ်ကို့သို့ ဆည်းကပ်၍ မိမိ၏ ယုံမှားခြင်းကို ဖျောက်တက်သော တရားနာခြင်း ၌ စွမ်းနိုင်၏၊ ထိုကာလ၌ တရားနာခြင်းကိုလည်း ကာလေနဓမ္မသဝန ဟူ၍ သိအပ်၏။ ထိုကြောင့် ရဟန်းကို့အား တရားဟောကော်မူသော

မြတ်စွာဘုရားသည် တိကအဂိုတ္တိုရ် ပထမပဏ္ဏာသက ဒုတိယဝဂ် ပါပဏိကသုတ်၌ အကြင် ရဟန်းသည် ထိုကလျာဏမိတ္တ ဖြစ်ကုန်သော များသော အကြားအမြင် ရှိကုန်သော ရဟန်းတို့သို့ ရံခါ ရံခါ ဆည်းကပ်၍ အရှင်ဘုရား ဤသဒ္ဒါသည်ကား အသို့နည်း၊ ဤသဒ္ဒါ၏ အနက်သည်ကား အသို့နည်းဟု မေးမြန်း၍ ဆွေးနွေး၏၊ ထိုရဟန်းအား ကလျာဏမိတ္တဖြစ်ကုန်သော များသော အကြားအမြင် ရှိကုန်သော ထိုရဟန်းတို့သည် ပုဒ်ကွယ်ကိုလည်း ဘွင့်ကုန်၏။ မထင်သည့်စကားကိုလည်း ထင်စွာပြုကြကုန်၏။ များသောအပြားရှိကုန်သော ယုံမှားခြင်းကို ဖျောက်ကုန်၏။ ဤသို့ဟောတော်မူ၏။ တိကအဂိုတ္တိုရ် ပထမပဏ္ဏာသက တတိယဝဂ် ဂိလာနသုတ် အဌကထာ၌ကား တလရှစ်ကြိမ် တရားဟောခြင်းကို ခွင့်ပြုတော်မူ၏။ ။ရှစ်ကြိမ်တို့ မည်သည်ကား ပဥ္စမီ အဌမီ စာတုဒ္ဒသီ ပုဏ္ဏမီအားဖြင့် လဆန်းပက္ခ၌ လေးကြိမ်၊ ထိုအတူ လကွယ်ပက္ခ၌လည်း ပဥ္စမီ အဌမီ စာတုဒ္ဒသီ အမာဝါသီအားဖြင့် လေးကြိမ်ဖြစ်ကုန်သော ရှစ်ရက်ကုန်သောပကတိဥပုသ်ရက်တို့တည်း။ ခပ်သိမ်းကုန်သော ပါဋိတော်တို့၌ ပဥ္စမီရက်သည် မလာသည် မဟုတ်တုံလော၊ မလာသည်မှန်၏။ ထိုသို့ ပါဋိတော်တို့၌ မလာသော်လည်း ထိုပဥ္စမီရက်ကို ပိဋကတ်သုံးပုံကို သင်္ဂါယနာ တင်ကုန်သော မထေရ်တို့သည် ထားအပ်၏။ ထိုစကားသည် မှန်၏၊ ဘယဘေရဝသုတ် အဌကထာ၌ ဤသို့ ဆိုသတည်း။ ။ရှေးကာလ ဘုရားမဖြစ်မီလည်းကောင်း ဖြစ်တော်မူ၍ ပရိနိဗ္ဗာန် ပြုတော်မမူမီ လည်းကောင်း ပဥ္စမီကို မမှတ်အပ် သလျှင်ကတည်း။ ပရိနိဗ္ဗာန် ပြုတော်မူသည် ရှိသော်ကား တရားနာရခြင်းသည် ကြာမြင့်၏ဟု ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်ကုန်သော မထေရ်တို့သည် ကြံကုန်သတတ်။ ထိုနောင်မှ သမုတ်၍ ပဥ္စမီရက်ကိုလည်း တရားနာသော နေ့ဟူ၍ ထားကုန်၏။ ထိုအခါမှစ၍ ပဥ္စမီရက်ကို မှတ်အပ်၏။ ဤသို့ ခပ်သိမ်းသောကာလ၌ မယှဉ်သည်၏ အဖြစ်ကြောင့် ဤအရာ၌ ပဥ္စမီရက်ကို မယူသတည်း။ [ဘယဘေရဝသုတ် အဌကထာ]။ စာတုဒ္ဒသီကိုကား ပက္ခနှစ်ပါး၌လည်း ရအပ်၏။ ထိုကြောင့် ဘယဘေဝရသုတ် အဌကထာ၌လျှင် စာတုဒ္ဒသီ ဟူသည်ကား ပက္ခ၏ပထမရက်မှစ၍ တဆဲ့လေးရက်၏ ပြည့်ကြောင်းဖြစ်သော တခုသော ရက်တည်း။ ဤအတူ ပဥ္စဒသီသည်လည်း ပက္ခ၏ပထမ

ရက်မှစ၍ တဆဲ့ငါးရက်တို့၏ ပြည့်ကြောင်းဖြစ်သော တခုသော ရက်တည်း။ အဌမီသည်လည်း ပက္ခ၏ပထမရက်မှစ၍ ရှစ်ရက်တို့၏ ပြည့်ကြောင်းဖြစ်သော တခုသောရက်တည်း။ ဤသို့ လဆန်း ပက္ခ၏ သုံးရက် လဆုတ်ပက္ခ၏ သုံးရက်တို့ကို ပေါင်း၍ ခြောက်ရက်တို့သည် ဖြစ်ကုန်၏။ ထိုကြောင့် ပက္ခသ စာဘုဒ္ဒသီ ပက္ခသအဌမီ ဟူ၍ အလုံးစုံသော ရက်၌ ပက္ခသဒ္ဒါကို ယှဉ်အပ်၏ဟူ၍ ဆိုအပ်၏။ ။ ထိုကြောင့် တလတို့၏ ရှစ်ရက်တို့၌ တရားနာခြင်း သည်လည်း ကာလေန မ္မေသဝနမည်၏။ ထိုကာလေန မ္မေသဝနသည် နီဝရဏကို ပယ်ခြင်း လေးပါးသော အာနိသင်ကိုရခြင်း အာသဝက္ခယကိုရခြင်း အစရှိသော အထူးထူး အပြားပြားသော အကျိုးဝိသေသကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့် မဂ်လာမည်၏။

ထိုစကားသည် မှန်၏၊ မဟာဝဂ္ဂဗောဇ္ဈင် သံယုတ် ပါဠိတော်၌– ရဟန်းတို့ အကြင်အခါ၌ အရိယာသာဝကသည် အရိုအသေပြု၍ နှလုံးသွင်း၏။ အချင်းခပ်သိမ်း နှလုံးသွင်းသော စိတ်ဖြင့် နှလုံးသွင်း၍ ကြားစိမ့်သောငှါ ထားသော သောတ ပသာဒသည် ဖြစ်၍ တရားကို နာ၏၊ အရိယာသာဝကအား ထိုအခါ၌ ငါးပါးကုန်သော နီဝရဏတို့သည် မဖြစ်ကုန်။ ထိုအခါ ခုနစ်ပါးကုန်သော ဗောဇ္ဈင်တို့သည် ပွါးခြင်း ပြည့်ခြင်းသို့ ရောက်ကုန်၏ဟူ၍ ဟောတော်မူအပ်၏။ လျောက်ပတ်သော တရားကို နာရသော အရိယာသာဝကအား ငါးပါးကုန်သော နီဝရဏတို့သည် ဝေးကုန်၏။ ထိုအရိယာ သာဝကသည် ထိုတရား နာရာ အရပ်၌လျှင် တရား အထူးကို ဖြစ်စေခြင်းငှါ အကယ်၍ စွမ်းနိုင်သည် ဖြစ်အံ့၊ ထိုသို့ စွမ်းနိုင်သည် ရှိသော် ထို အရိယာ သာဝကအား ခုနစ်ပါးကုန်သော ဗောဇ္ဈင်တို့သည် ပွါးခြင်း ပြည့်ခြင်း သို့ ရောက်ကုန်၏။ အကယ်၍ တရားနာရာ အရပ်၌လျှင် တရားအထူးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်သည်ဖြစ်အံ့၊ ထိုနေရာမှစ၍ ညဉ့်နေရာ နေ့နေရာ အရပ်သို့ကပ်လျက် ထိုဗီတိကိုလျှင် မစွန့်မူ၍ ငါးပါးကုန်သော နီဝရဏတို့ကို ခွါ၍ တရားအထူးကို ဖြစ်စေနိုင်လတ္တံ့၊ ထိုသို့ မစွန့်နိုင်သော် လည်း ခုနစ်ရက်အတွင်း၌ ထိုဗီတိကိုလျှင်မစွန့်မူ၍ နီဝရဏကို ခွါလျက် တရားအထူးကို ဖြစ်စေနိုင်လတ္တံ့၊ ဤအနက်ကို ရည်၍ ထိုအခါ၌ လေးပါးကုန်သော နီဝရဏတို့သည် မဖြစ်ကုန်၊ ဤသို့အစရှိသော

စကားကို ဟောတော်မူ၏။ ထိုစကားသည် မှန်၏၊ တရားကို နာသည်၏ အစွမ်းအားဖြင့် တကြိမ်ဖြစ်သော ဗီတိပါမောဇ္ဇ ဟူသော အကြောင်းကြောင့် ရအပ်ကုန်သော ဗောဇ္ဈင်တို့သည် အမှုလုပ်ခြင်း၌ မွေသျော်သည်၏အဖြစ် အစရှိသည်တို့ကိုစွဲ၍ ပျောက်ကုန်၏၊ ထိုသို့သဘောရှိသော ဥတုဏ် လျောက်ပတ်ခြင်း အစရှိသောအကြောင်းကိုရ၍ကား တဘန် ဖြစ်ကုန်သော ဗောဇ္ဈင်တို့ကိုလည်း ထိုအခါ၌ ပွါးခြင်း ပြည့်ခြင်းသို့ ရောက်ကုန်၏ဟူ၍သာလျှင် ဆိုအပ်ကုန်၏။ ။[ဗောဇ္ဈင် သံယုတ် အဋ္ဌကထာ]။ ။ဤသို့ တရားနာခြင်းသည် နီဝရဏကို ပယ်ခြင်းကို ရခြင်း၏အကြောင်းဖြစ်၏။

ငါးရာကုန်သော ပုဏ္ဏားတို့သည် ရဟန်းပြုကုန်၍ မြတ်စွာဘုရားသည် လိင်၊ဝုစ်၊ဝိဘတ်၊ပုဒ်ဗျည်း အစရှိသည်တို့ဖြင့် ဟောသည်ရှိသော် ငါတို့ သိသည်ကိုသာလျှင် ဟောလတ္တံ့ မသိသည်ကို အဘယ်မှာ ဟောနိုင်လတ္တံ့နည်းဟု တရားနာရာ သဘင်သို့ မသွားကုန်သတတ်။ မြတ်စွာဘုရားသည် ထိုအကြောင်းကိုကြားတော်မူ၍ ထိုရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းဘို့- သင်တို့သည် အဘယ်ကြောင့် ဤသို့ပြုကုန်သနည်း။ ရှိသေစွာ တရားကို နာကုန်သောသူတို့အားလည်းကောင်း သရဇ္ဈာယ်ကုန်သောသူတို့အားလည်းကောင်း ဤမျှကုန်သောအာနိသင်တို့သည် ဖြစ်ကုန်၏ဟု ပြတော်မူလို၍ စတုက္ကအဂိုတ္တိုရ် စတုက္ကပဏ္ဏာသက ပဉ္စမဝဂ်၌သောတာနုဂတသုတ်ကို ဟောတော်မူ၏။ ။ရဟန်းတို့-ပသာဒသောတကို ချထား၍ ဉာဏသောတဖြင့် မှတ်အပ်ကုန်သော နှုတ်ဖြင့် လေ့ကျက်အပ်ကုန်သော စိတ်တို့ဖြင့် ကြည့်ရှုအပ်ကုန်သော ပညာဖြင့် သိအပ်ကုန်သော တရားတို့၏ လေးပါးကုန်သော အကျိုးအာနိသင်တို့ကို အလိုရှိအပ်ကုန်၏။ လေးပါးကုန်သော အာနိသင်တို့သည် အဘယ်သည်တို့နည်း ဟူမူကား ရဟန်းတို့-ဤသာသနာတော်၌ ရဟန်းသည် တရားတော်ကို သင်၏။ သုတ်၊ဂေယျ၊ ဝေယျာကရိုဏ်း၊ ဂါထာ၊ ဥဒါန်း၊ ဣတိဝုတ်၊ ဇာတ်၊ အဗ္ဘုတ ဓမ္မ၊ ဝေဒလ္လကို သင်၏။ ထိုရဟန်းသည် ထိုတရားတို့ကို ပသာဒသောတကိုချ၍ ဉာဏသောတဖြင့် မှတ်အပ်ကုန်၏။ နှုတ်ဖြင့် လေ့ကျက်အပ်ကုန်၏။ စိတ်ဖြင့် ကြည့်ရှုအပ်ကုန်၏။ ပညာဖြင့် ကောင်းစွာ သိအပ်ကုန်၏။ ထိုရဟန်းသည် ဘုရားစကားတော်ကို သတိလွတ်လျက် စုတေ့သေလွန်၍ တပါးပါး

သော ဗြဟ္မာ့ပြည်၌ဖြစ်၏။ ထိုဗြဟ္မာ့ပြည်၌ ချမ်းသာခြင်း ရှိသော ထိုသူအံား ကြေးမုံ မျက်နှာရိပ်တို့သည် ထင်ကုန်သကဲ့သို့ တရားအစုတို့သည် ထင်ကုန်၏။ ရဟန်းတို့- ဘုရားစကားတော်ကို အောက်မေ့သော သတိ၏ ဖြစ်ခြင်းသည် နုံ့နှေး၏။ ထိုဘုရားစကားတော်ကို အောက်မေ့သောအခါ၌ ထိုသတ္တဝါသည် လျင်စွာလျှင် နိဗ္ဗာန်သို့ ရောက်သည်ဖြစ်၏။ ရဟန်းတို့- ပသာဒသောတကို ချထား၍ ဉာဏသောတဖြင့် မှတ်အပ်ကုန်သော နှုတ်ဖြင့် လေ့ကျက်အပ်ကုန်သော စိတ်ဖြင့် ကြည့်ရှုအပ်ကုန်သော ပညာဖြင့်သိအပ်ကုန်သောတရားတို့၏ ရှေးဦးစွာ၏အကျိုးအာနိသင်ကိုအလိုရှိအပ်၏။ရဟန်းတို့-တဘန်လည်း တပါးသော အကျိုးအာနိသင်ကို ဟောဦးအံ့၊ ရဟန်းသည် တရားတော်ကို သင်၏။ သုတ်၊ ဂေယျ၊ ဝေယျာကရိုဏ်း၊ ဂါထာ၊ ဥဒါန်း၊ဇာတိဝုတ်၊ ဇာတ်၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လကို သင်၏။ ထိုရဟန်းသည် ဘုရားစကားတော်ကို သတိလွတ်လျက် စုတေသေလျှင် ကပါးပါးသော ဗြဟ္မာ့ပြည်၌ ဖြစ်၏။ ထိုဗြဟ္မာ့ပြည်၌ ချမ်းသာခြင်း ရှိသောသူအား တရားအစုတို့သည် မထင်ကုန်။ စင်စစ်သော်ကား တန်ခိုးရှိသော စိတ်၏ ဝသီသို့ရောက်သော ရဟန္တာဖြစ်သော ရဟန်းသည် နတ်ပရိသတ်၌ တရားကို ဟော၏။ ထိုအခါ ရဟန်းဖြစ်၍ တရားကို သင်ဘူးသော ထိုဗြဟ္မာအားရှေးသရောအခါဝါသည်အကြင်သုတ်၊အဘိမ္မော၊ပိနည်း၌ မြက်သောအကျင့်ကို ကျင့်ဘူး၏။ ထို သုတ်၊ အဘိမ္မော၊ ပိနည်းကား ဤရဟန်း ယခုဟောသော တရားပင်လျှင်တည်းဟု အကြံသည်ဖြစ်၏။ ရဟန်းတို့- ဘုရားစကားတော်ကို အောက်မေ့သော သတိ၏ ဖြစ်ခြင်းသည် နုံ့နှေး၏။ ထို ဘုရားစကားတော်ကို အောက်မေ့သောအခါ ထိုသတ္တဝါသည် လျင်မြန်စွာလျှင်နိဗ္ဗာန်သို့ ရောက်သည်ဖြစ်၏။ ရဟန်းတို့ ဥပမာကား စည်ကြီးသံ၌ လိမ်မာသော ယောကျ်ားသည် အဓွန့်ရှည်သော ခရီးကို သွားစဉ် စည်ကြီးသံကိုကြားရာ၏၊ ထိုယောကျ်ားအား ထိုစည်ကြီးသံ၌ ဤအသံသည်ကား စည်ကြီးသံ ဟုတ်သလော မဟုတ်သလောဟု ယုံမှားခြင်း သည်လည်းကောင်း တွေးတောခြင်း သည်လည်းကောင်း မဖြစ်ရာ။ စင်စစ်ဖြင့်ကား စည်ကြီးသံလျှင်တည်းဟု အပြီးသတ်ခြင်းသို့ ရောက်ရာသလျှင်ကတည်း။ ရဟန်းတို့- ထိုအတူလျှင် ရဟန်းသည် တရားကို သင်၏။ သုတ်၊ ဂေယျ၊ ဝေယျာ

ကရိဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဋ္ဌုတ္တရမ္မ ဝေဒလ္လကို့ကို သင်္ဂါ။ ထိုရဟန်းသည် ဘုရားစကားတော်ကို သတိလွတ်လျက် စုတေသလွန်၍ တပါးပါးသော ဗြဟ္မာ့ပြည်၌ဖြစ်၏။ ထိုဗြဟ္မာ့ပြည်၌ ချမ်းသာခြင်းရှိသော ထိုသူအားတရားအစု ကို့သည် မထင်ကုန်။ စင်စစ် သော်ကား တန်ခိုးရှိသော စိတ်၏ဝသီသို့ရောက်သော ရဟန္တာဖြစ်သော ရဟန်းသည် နတ်ပရိသတ်၌ တရားကိုဟောတော်မူ၏။ ထိုအခါ ရဟန်း ဖြစ်၍ တရားကို သင်ဘူးသော ထိုဗြဟ္မာအား ရှေးသရောအခါ ငါသည် အကြင်သူတ် အဘိဓမ္မာ ဝိနည်း၌ မြတ်သော အကျင့်ကို ကျင့်ဘူး၏။ ထိုသူတ် အဘိဓမ္မာ ဝိနည်းကား ဤရဟန်းသံ့ည် ယခုဟောသော တရား သည်ပင်လျှင် တည်းဟု အကြံသည် ဖြစ်၏။ ရဟန်းတို့ ဘုရားစကား တော်ကို အောက်မေ့သော သတိ၏ ဖြစ်ခြင်းသည် နုံ့နွဲး၏။ ထိုဘုရား စကားတော်ကို အောက်မေ့သောအခါ၌ ထိုသတ္တဝါသည် လျင်မြန် စွာလျှင် နိဗ္ဗာန်သို့ ရောက်သည်ဖြစ်၏။ ရဟန်းတို့ ပသဒသောတကို ချဆား၍ ညဏသောတဖြင့် မှတ်အပ်ကုန်သော နှုတ်ဖြင့်လေ့ကျက်အပ် ကုန်သောဗဟုတ်ဖြင့် ကြည့်ရှုအပ်ကုန်သော ပညာဖြင့် သိအပ်ကုန်သော တရားတို့၏ ဣန္ဒြေစုတို့၏ ပြည့်ကြောင်းဖြစ်သော အကျိုးအာနိသင်တို့ကို အလိုရှိအပ်၏။ ရဟန်းတို့ တဘန်လည်း တပါးသော အာနိသင်ကို ဟောဦးအံ့၊ ရဟန်းသည် တရားတော်ကိုသင်၏။ သုတ် ဂေယျ ဝေယျာ ကရိဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဋ္ဌုတ္တရမ္မ ဝေဒလ္လတို့ကို သင်၏။ ထိုရဟန်းသည် ဘုရားစကားတော်ကို သတိလွတ်လျက် စုတေသလွန်၍ တပါးပါးသော ဗြဟ္မာ့ပြည်၌ဖြစ်၏။ ထိုဗြဟ္မာ့ပြည်၌ ချမ်းသာခြင်းရှိသောထိုသူအား တရားအစုတို့သည် မထင်ကုန်။ တန်ခိုး ရှိသော စိတ်၏ ဝသီသို့ ရောက်သော ရဟန္တာဖြစ်သော ရဟန်း သည်လည်း နတ်ပရိသတ်၌ တရားကိုမဟော။ စင်စစ်သော်ကား တရားဟောဘတ်သော နတ်သားသည် နတ်ပရိသတ်၌ တရားကို ဟောဖ်။ ထိုအခါ ရဟန်းဖြစ်၍ တရားကို သင်ဘူးသော ဗြဟ္မာအား ရှေးသရောအခါ ငါသည်အကြင် သုတ်အဘိဓမ္မာဝိနည်းတို့၌မြတ်သော အကျင့်ကို ကျင့်ဘူး၏။ ထိုသုတ် အဘိဓမ္မာ ဝိနည်းကား ဤရဟန်းသံ့ည် ယခုဟောသော တရားပင်လျှင် တည်းဟု အကြံသည်ဖြစ်၏။ ရဟန်းတို့ ဘုရားစကားတော်ကို အောက်မေ့သော သတိ၏ဖြစ်ခြင်းသည် နုံ့နွဲး၏။ ထိုဘုရား စကားတော်ကို အောက်မေ့သောအခါ၌ ထိုသတ္တဝါသည် လျင်မြန် စွာလျှင် နိဗ္ဗာန်သို့ ရောက်သည်ဖြစ်၏။ ရဟန်းတို့ ပသဒသောတကို ချဆား၍ ညဏသောတဖြင့် မှတ်အပ်ကုန်သော နှုတ်ဖြင့်လေ့ကျက်အပ် ကုန်သောဗဟုတ်ဖြင့် ကြည့်ရှုအပ်ကုန်သော ပညာဖြင့် သိအပ်ကုန်သော တရားတို့၏ ဣန္ဒြေစုတို့၏ ပြည့်ကြောင်းဖြစ်သော အကျိုးအာနိသင်တို့ကို အလိုရှိအပ်၏။ ရဟန်းတို့ တဘန်လည်း တပါးသော အာနိသင်ကို ဟောဦးအံ့၊ ရဟန်းသည် တရားတော်ကိုသင်၏။ သုတ် ဂေယျ ဝေယျာ ကရိဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဋ္ဌုတ္တရမ္မ ဝေဒလ္လတို့ကို သင်၏။ ထိုရဟန်းသည် ဘုရားစကားတော်ကို သတိလွတ်လျက် စုတေသလွန်၍ တပါးပါးသော ဗြဟ္မာ့ပြည်၌ဖြစ်၏။ ထိုဗြဟ္မာ့ပြည်၌ ချမ်းသာခြင်းရှိသောထိုသူအား တရားအစုတို့သည် မထင်ကုန်။ တန်ခိုး ရှိသော စိတ်၏ ဝသီသို့ ရောက်သော ရဟန္တာဖြစ်သော ရဟန်း သည်လည်း နတ်ပရိသတ်၌ တရားကိုမဟော။ စင်စစ်သော်ကား တရားဟောဘတ်သော နတ်သားသည် နတ်ပရိသတ်၌ တရားကို ဟောဖ်။ ထိုအခါ ရဟန်းဖြစ်၍ တရားကို သင်ဘူးသော ဗြဟ္မာအား ရှေးသရောအခါ ငါသည်အကြင် သုတ်အဘိဓမ္မာဝိနည်းတို့၌မြတ်သော အကျင့်ကို ကျင့်ဘူး၏။ ထိုသုတ် အဘိဓမ္မာ ဝိနည်းကား ဤနတ်သား ယခုဟောသော တရားပင်လျှင် တည်းဟု အကြံသည်ဖြစ်၏။ ရဟန်းတို့ ဘုရားစကားတော်ကိုအောက်မေ့သောသတိ၏ဖြစ်ခြင်းသည် နုံ့နွဲး၏။

ထိုဘုရားစကားတော်ကို အောက်မေ့သော အခါ၌ ထိုသတ္တဝါသည် လျင်မြန်စွာလျှင် နိဗ္ဗာန်သို့ ရောက်သည်ဖြစ်၏။ ရဟန်းတို့ ဥပမာကား ခရုသင်းသံ၌ လိမ်းမာသော ယောကျ်ားသည် အဓွန့်ရှည်သော ခရိုးကို သွားလတ်သော် ခရုသင်းသံကို ကြားရာ၏။ ထိုယောကျ်းအား ထို ခရုသင်းသံ၌ ဤအသံသည်ကား ခရုသင်းသံ ဟုတ်သလော၊ မဟုတ် သလောဟု ယုံမှား ခြင်းသည်ပင်း မဖြစ်ရာ၊ စင်စစ် သဖြင့်ကား ခရုသင်း သံလျှင်တည်းဟု အပြီးသတ်ခြင်းသို့ ရောက်ရာ သလျှင် ကတည်း။ ရဟန်းတို့ ထိုအတူလျှင် တရားကို သင်၏။ သုတ် ဂေယျ ဂေယျာကရိဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လတို့ကို သင်၏။ ထိုရဟန်းသည် ဘုရားစကားတော်ကို သတိ လွတ်လျက် စုတေ ဇသလွန်၍ တပါး ပါးသော ဗြဟ္မာ့ ပြည်၌ ချမ်းသာခြင်း ရှိသော ထိုသူအား တရားအစု တို့သည် မထင်ကုန်၊ တန်ခိုးရှိသောဗိတ်၏ ဝသီသို့ ရောက်သော ရဟန္တာဖြစ်သော ရဟန်း သည်လည်း နတ်ပရိသတ်၌ တရားမဟော၊ စင်စစ်သော်ကား တရား ဟောတတ်သော နတ်သားသည် နတ်ပရိသတ်၌ တရားကို ဟော၏။ ထိုအခါ ရဟန်းဖြစ်၍ ဘရားကိုသင်ဘူးသောထိုဗြဟ္မာအား ရှေးသရော အခါ ငါသည် အကြင်သုတ် အဘိဓမ္မာ ဝိနည်း၌ မြတ်သော အကျင့်ကို ကျင့်ဘူး၏၊ ထိုထိုသုတ် အဘိဓမ္မာ ဝိနည်းသည်ကား ဤနတ်သားသည် ယခုဟောသော တရားသည်ပင်လျှင် တည်းဟု အကြံသည် ဖြစ်၏။ ရဟန်းတို့ ထိုဘုရားစကားတော်ကို အောက်မေ့သော သတိ၏ ဖြစ်ခြင်း သည် နုံ့နွေး၏။ ထိုဘုရားစကားတော်ကို အောက်မေ့သော အခါ ထို သတ္တဝါသည် လျင်မြန်စွာလျှင် နိဗ္ဗာန်သို့ ရောက်သည်ဖြစ်၏။ ရဟန်းတို့ ပသာဒသောတကို ချထား၍ ဉာဏသောတဖြင့် မှတ်အပ် ကုန်သော နှုတ်ဖြင့် လေ့ကျက်အပ်ကုန်သော စိတ်ဖြင့် ကြည့်ရှု အပ်ကုန်သော ပညာဖြင့် သိအပ်ကုန်သော တရားတို့၏ ဤသုံးခုတို့၏ ပြည့်ကြောင်း ဖြစ်သော အကျိုးအပေါ်သင့်ကို အလိုရှိအပ်၏။ ရဟန်းတို့ တဘန်လည်း တပါးသော အာနိသင်ကိုဟောဦးအံ့၊ ရဟန်းသည်တရားကောကိုသင်၏။ သုတ် ဂေယျ ဝေယျာကရိဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတ ဓမ္မ ဝေဒလ္လတို့ကိုသင်၏။ ထိုရဟန်းသည် ဘုရားစကားတော်ကို သတိ လွတ်လျက်စုတေသေလွန်၍ တပါးပါးသော ဗြဟ္မာ့ပြည်၌ ဖြစ်၏။ ထို

ဗြဟ္မာ့ပြည်၌ ချမ်းသာခြင်းရှိသောထိုသူအား တရားအစုတို့သည်မထင်ကုန်၊ တန်ခိုးကြီးသော စိတ်ဝသီသို့ ရောက်သော ရဟန္တာ ဖြစ်သော ဟန်းသည်လည်းနတ်ပရိသတ်၌တရားမဟော တရားဟောတတ်သော ရနတ်သားသည်လည်း ပရိသတ်၌တရားမဟော။ စင်စစ်သော်ကားငါ ကဲ့သို့သဘောရှိသော အဆွေဗြဟ္မာ အကြင် သုတ် အဘိဓမ္မာ ဝိနည်း၌ ရှေးသရောအခါ ငါတို့သည် မြတ်သောအကျင့်ကို ကျင့်ဘူးကုန်ပြီ။ ထိုသုတ်အဘိဓမ္မာဝိနည်းကို သင်သည် အောက်မေ့လော့ဟု ရှေးဦးစွာ ဖြစ်သော ဗြဟ္မာသည် နောက်မှဖြစ်သောဗြဟ္မာကို အောက်မေ့စေ၏။ ငါကဲ့သို့သဘောရှိသောအဆွေ ဗြဟ္မာ၊ ငါသည် အောက်မေ့၏ဟု နောက်မှဖြစ်သောဗြဟ္မာသည် ဆိုဏ်။ ရဟန်းတို့-ဘုရားစကားတော်ကို အောက်မေ့သော သတိ၏ ဖြစ်ခြင်းသည် နုံ့နှေး၏။ ထိုဘုရားစကား တော်ကို အောက်မေ့သောအခါ၌ ထိုသတ္တဝါသည် လျင်မြန်စွာလျှင် နိဇ္ဇာန်သို့ ရောက်သည်ဖြစ်၏။ ရဟန်းတို့- ဥပမာကား မြေမှုန့်ကစား ဘက် ဖြစ်ကုန်သော နှစ်ယောက်ကုန်သော အဆွေခင်ပွန်းတို့သည် တရံတဘန် အချင်းချင်းစရပ်၌ငှင်း သစ်ပင်ရင်း၌ငှင်း ပေါင်းမိကြကုန်ရာ၏။ ထိုအခါ တယောက်သောအဆွေခင်ပွန်းသည် တယောက်သော အဆွေခင်ပွန်းကို အဆွေ-ဤအမှုကို အောက်မေ့လော့။ အဆွေ ဤအမှုကိုလည်း အောက်မေ့လော့ဟုဆိုရာ၏။တယောက်သောအဆွေခင်ပွန်း သည်လည်း ငါအောက်မေ့၏။ အဆွေ ငါအောက်မေ့၏ဟူ၍ ဆိုရာ၏။ ရဟန်းတို့-ထိုအတူလျှင် ရဟန်းသည် တရားကိုသင်၏။ သုတ်၊ ဂေယျ၊ ဝေယျာကရိုဏ်း၊ ဂါထာ၊ ဥဒါန်း၊ ဣတိဝုတ်၊ ဇာတ်၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လကို သင်၏။ ထိုရဟန်းသည် ထိုတရားတို့ကို ပသာဒသောတကို ချထား၍ ဉာဏသောတဖြင့် မှတ်အပ်ကုန်၏။ နှုတ်ဖြင့် လေ့ကျက်အပ်ကုန်၏။ စိတ်ဖြင့် ကြည့်ရှုအပ်ကုန်၏။ ပညာဖြင့် ကောင်းစွာသိအပ်ကုန်၏။ ထိုရဟန်းသည် ဘုရားစကားတော်ကို သတိလွတ်လျက် စုတေသေလွန်၍ တပါးပါးသော ဗြဟ္မာ့ပြည်၌ ဖြစ်၏။ ထိုဗြဟ္မာ့ပြည်၌ ချမ်းသာခြင်းရှိသော ထိုသူအား တရားအစုတို့သည် မထင်ကုန်။တန်ခိုးကြီးသော စိတ်၏ ဝသီသို့ရောက်သော ရဟန္တာဖြစ်သော ရဟန်းသည်လည်း နတ်ပရိသတ်၌ တရားမဟော။ တရားဟောတတ်သော နတ်သားသည်လည်း နတ်ပရိသတ်၌ တရားမဟော။ စင်စစ်သော်ကား

ငါကဲ့သို့သဘောရှိသောအဆွေဖြစ်ပါ၏၊ အကြင်သူတော်အဘိဓမ္မာဝိနည်းဌ်ဒ်
ရှေးသံဃာခါ ငါတို့သည် မြတ်သောအကျင့်ကို ကျင့်ကြူးကုန်ပြီ။ ထို
သူတော်အဘိဓမ္မာဝိနည်းကို သင်သည် အောက်မေ့လော့ဟု ရှေးဦးစွာ
ဖြစ်သော ဗြဟ္မာသည် နောက်မှဖြစ်သောဗြဟ္မာကို အောက်မေ့စေ၏။
ငါကဲ့သို့သဘောရှိသော အဆွေဖြစ်ပါ၏၊ ငါသည် အောက်မေ့၏ဟု
ထိုနောက်မှဖြစ်သော ဗြဟ္မာသည် ဆို၏။ ရဟန်းတို့– ဘုရားစကား
တော်ကို အောက်မေ့သောသတိ၏ ဖြစ်ခြင်းသည် နို့နွှေး၏။ ထိုဘုရား
စကားတော်ကို အောက်မေ့သောအခါ ထိုသတ္တဝါသည် လျင်မြန်စွာ
လျှင် နိဗ္ဗာန်သို့ ရောက်သည် ဖြစ်၏။ ရဟန်းတို့– ပဿဒသောဟကို
ချဿား၍ ဉာဏ်သောတဖြင့် မှတ်အပ်ကုန်သော နှုတ်ဖြင့် လေ့ကျက်
အပ်ကုန်သော စိတ်ဖြင့် ကြံသို့ရှုအပ်ကုန်သော ပညာဖြင့် ကောင်းစွာ
သိအပ်ကုန်သော တရားတို့၏ ဤလေးခုတို့၏ ပြည့်ကြွေင်း ဖြစ်သော
အကျိုးအာနိသင်ကို အလိုရှိအပ်၏။ ရဟန်းတို့– ပဿဒသောတကို။လ။
ပညာဖြင့် ကောင်းစွာ သိအပ်ကုန်သောတရားတို့၏ ဤလေးပါးကုန်
သော အကျိုးအာနိသင်တို့ကို အလိုရှိအပ်ကုန်၏။ ။ သောတာနုဂတ
သုတ် ။ ။ဤသို့ တရားနာခြင်းသည် လေးပါးသောအကျိုးအာနိသင်ကို
ရခြင်း၏ အကြောင်း ဖြစ်၏။

၁၈၁-ရဟန်းငယ်ဝတ္ထု

တရားကိုနာ၍ အာသဝက္ခယကို ရကုန်သောသူတို့သည် ရေတွက်
ခြင်း၏လမ်းကို လွန်ကုန်ပြီ။ ထိုကြောင့် အမှတ်မရှိသော သူသည်လည်း
ရှည်စွာသော ခရီးကိုသွားသော ရဟန်းငယ်ကဲ့သို့ မချင်းမမှိသည်ဖြစ်၍
တရားကို နာအပ်၏။ ။မဟာဂါမတိဿမဟာဝိဟာရ၌နေသောရဟန်း
ငယ်တပါးသည် ဒီဃဘါဝိ၌နေသော မဟာဇနကာ ဘာဏကမဟေထရ်
သည် ဂံဂါထာတဆောင်ရှိသော မဟာဝေဿန္တရာကို ဟောလတ္တံ့ဟု
ကြား၍ ထိုတိဿမဟာဝိဟာရမှထွက်၍ တနေ့ခြင်းလျှင် ကိုးယူဇနာ
ရှိသော ခရီးသို့ လာသတတ်။ ထိုခဏ၌လျှင် မထေရ်သည် ကားရား
ဟောခြင်းကို အားထုတ်၏။ရဟန်းငယ်သည် ဝေးသော ခရီးမှလာခြင်း
ကြောင့် ဖြစ်သောကိုယ်၏ပူပန်ခြင်း ရှိသည်ဖြစ်၍ အစဂါထာနှင့်တကွ

အဆုံးဂါထာကိုလျှင်မှတ်မိ၏။ ထိုနောင်မှမထေရ်၏ ဈဒမဝေါစဟုဆို၍ ထသောကာလ၌ ငါ၏ လာသောအမှုသည် အချည်းနှီးဖြစ်ခဲ့ပြီဟု ငိုလျက်ရပ်၏။ ထိုအခါ တယောက်သောလူသည် အရှင်ဘုရားကို၏ တရားစကားကို နာအံ့သောငှါ တပါးသော ရဟန်းငယ်သည် တိဿ မဟာဝိဟာရမှ လာ၏။ထိုရဟန်းငယ်သည် ကိုယ်၏ ပူပန်သော အဖြစ် အားဖြင့် ငါ၏လာခြင်းသည် အချည်းနှီးတည်းဟု ငိုလျက် ရပ်၏ဟူ၍ မထေရ်အား လျှောက်၏။ မထေရ်သည် သွားကြဲချေကုန်၊ အမှတ်ကို ပေးကြဲချေကုန်၊ မဟာဝေဿန္တရာကို တဘန်နက်ဖြန်မှ ဟောအံ့ဟုဆို၍ နှစ်ရက်မြောက်သော နေ့၌ ဟော၏။ ရဟန်း ငယ်သည် မဟာ ဝေဿန္တရာကို နာရ၍ သောတာပန် ဖြစ်၏။ [ရဟန်းငယ်ဂတ္ထု]။

၁၈၂–နှိုစ္ရိသားငယ်ရှိသော မိန်းမဝတ္ထု

ဥလဘကောလကဏ္ဏိဝါက၌ နေသော သားငယ်ကို နှိုတိုက်သော မိန်းမသည်လည်း ဒီဃဘာဏက မဟာအဘယမထေရ်သည် အရိယ ဝံသ ပဋိပဒါကို ဟောလတ္တံ့ဟု ကြား၍ ငါးယူဇနာရှိသော ခရီးကို သွား၍ နေ့၌ တရားဟောသော မထေရ်၏ ထိုင်သော ကာလ၌လျှင် ကျောင်းသို့ဝင်၍ မြေ၌သားကို အိပ်စေ၍ နေ့၌ တရားဟောသော မထေရ်၏ တရားတို့ကို ရပ်လျက်သာလျှင် နာ၏၊ ပုဒ်ကို ရွတ်သော အသံကိုလည်း ရပ်လျက်သာလျှင် နာ၏။ ပဒဘာဏက မထေရ်သည် ထလတ်သော် ဒီဃဘာဏက မဟာအဘယမထေရ်သည် စတုပစ္စယ သန္တောသဘာဝနာရာမ မဟာအရိယဝံသကို အားထုတ်၏။ ထိုမိန်းမ သည် ရပ်လျက်သာလျှင် တရားကိုနာ၏။ မထေရ်သည်လည်း အရုဏ် တက်သည်တိုင်အောင်တရားဟော၏။အရုဏ်တက်ခြင်း,မထေရ်၏ ဈဒ မဝေါစဟူ၍ ရွတ်ခြင်း, သီတင်းသည်မ၏ သောတာပတ္တိ ဖိုလ်သို့ ရောက်ခြင်း ဤသုံးပါးသည် တပြိုင်နက်သာလျှင် ဖြစ်၏။ [နှိုစ္ရိသားငယ် ရှိသော မိန်းမဝတ္ထု]။ ဤဝတ္ထုနှစ်ပါးကို တိကအဂိုတ္တိုရ် ပထမပဏ္ဏာ သက ပဉ္စမဝဂ် ဌာနသုတ် အဌကထာ၌ဆို၏။

၁၈၃-သစ္ဆကဝတ္ထု

ဤသို့ ဥပနိသယနှင့် ပြည့်စုံသော သူ၏ တရားနာခြင်းသည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌လျှင် မဂ်ကိုရခြင်း၏ အကြောင်း ဖြစ်၏။ ဥပနိသယကင်းသော သူ၏ တရားနာခြင်းသည်ကား နောင် သောအခါ မဂ်ကိုရခြင်း၏ အကြောင်းဖြစ်၏။ ဤအရာ၌ သစ္စကာနိဂဏ္ဌိုပ် အစရှိကုန်သောသူတို့သည်သက်သေဖြစ်ကုန်၏။ ဝေသာလီမင်းသားကဲ့ အတတ်သင်သော ပညာရှိဟု အယူရှိသော သစ္စကမည်သော နိဂဏ္ဌိုပ် သည် ပညာအလွန်ပြည့်သည်၏ အဖြစ်ကြောင့် ငါ၏ ဝမ်းသည်ကွဲရာ၏ဟု ကြော်က်၍ သံပြားဖြင့်ဝမ်းကိုပတ်၍ သွားသတတ်၊ အဝိဇ္ဇာသန ဟူသော အမည်သည်လည်း ထိုနိဂဏ္ဌိုပ်၏ အမည်ပင်လျှင်တည်း။ ထို သစ္စကသည် တနေ့သ၌ မြတ်စွာဘုရားသို့ ဆည်းကပ်၍ ဗုဒ္ဓကသစ္စက သုတ်ကို နာ၏။ တဘန် တနေ့သ၌ ဆည်းကပ်၍ မဟာသစ္စကသုတ်ကို နာ၏။ ထိုသုတ်တို့သည် မူလပဏ္ဏာသ စတုက္ကဝဂ်၌ လာကုန်၏။ ထို သစ္စကသည် ထိုသုတ်တို့ကို နာရလျက် မဂ်ဖိုလ်ကို သိသော ဉာဏ်ကို လည်းမရ၊ ရဟန်းလည်းမပြု၊ သရဏာဂုံတို့၌လည်း မတည်။ အဘယ် ကြောင့် ထိုသစ္စကအား မြတ်စွာဘုရားသည် ဟောတော်မူလေသနည်း ဟူမူကား နောင်သောအခါ ဝါသနာအကျိုးငှါ ဟောတော်မူသတည်း။ ထိုစကားသည်မှန်၏၊ မြတ်စွာဘုရားသည် ဤသစ္စကအား ယခုအခါ၌ ဥပနိသယသည်မရှိ ငါဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်မှ နှစ်ရှစ်သိုးဆဲ့ ငါးနှစ်လွန်သဖြင့် သိဟိုဠ်ကျွန်း၌ သာသနာတော်သည် တည်လတ္တံ့။ ထိုသိဟိုဠ်ကျွန်း၌ သစ္စကသည် အမျိုးအိမ်၌ဖြစ်၍ ကာလသည် ရောက် လတ်သော် ရဟန်းပြု၍ ပိဋကတ်သုံးပုံကိုသင်လျှင် ဝိပဿနာကိုပွါးစေ၍ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ကာလဗုဒ္ဓရဟန္တာ မည်သော ရဟန္တာကြီးဖြစ်လတ္တံ့ဟူ၍ မြင်တော်မူ၏။ ဤအကြောင်းကို မြင်တော်မူ၍ နောင်အခါ ဝါသနာအကျိုးငှါ တရားဟောတော်မူ၏။ ထိုသစ္စကသည် ဆိုခဲ့ပြီးသော အတိုင်းလျှင် သိဟိုဠ်ကျွန်း၌ သာသနာတော် တည်သည်ရှိသော် နှစ်ပြည့်မှ ဂုတော်၍ ဒက္ခိဏာဂိရိ ကျောင်း၌ ဆွမ်းခံရွာ၌ တဦးသော အမတ်အမျိုး၌ဖြစ်၍ ကာလသည် ရောက်လတ်သော် ရဟန်းပြု၍ ပိဋကတ် သုံးပုံဟူသော ဟုရား

စကားတော်ကို သင်၍ ကျမ်းဂန်ကို ဆောင်လျက် များစွာသော ရဟန်းသံဃာခြံရံပြီးလျှင် ဥပဇ္ဈာယ်ကို ဖူးမြင်အံ့သောငှါ သွားဏ်။ ဥပဇ္ဈာယ်သည် တပည့်ကို အပြစ် တင်လို၍ စကား ပြောဆိုခြင်းမျှ ကိုလည်းမပြု၊ထိုတပည့်သည်မိုးသောက်ထ၌ ဥပဇ္ဈာယ်ကိုဆည်းကပ်၍ အရှင်ဘုရား အကွန်ုပ်သည် သွားခြင်း အမှုကိုပြု၍ လာလတ်သော် အရှင်ဘုရား တို့သည် စကား ပြောဆိုခြင်း မျှကိုလည်း မပြုကုန်။ အကျွန်ုပ်အား အဘယ်အပြစ်ရှိသနည်းဟု မေးလျှောက်ဏ်။ မထေရ် သည် ငါ့ရှင် ဗုဒ္ဓရက္ခိတ သင်သည် ဤမျှဖြင့်လျှင် ငါ၏ ရဟန်း ကိစ္စသည် အပြီးသို့ ရောက်ပြီဟု အမှတ် သညာကို ပြုဏ်ဟု ဆိုဏ်။ အရှင်ဘုရား အသို့ ပြုရအံ့နည်းဟု လျှောက်ဏ်။ ဂန္ထကို ဖျောက်၍ ပပဉ္စကိုဖျက်ဆီးလျက် ရဟန်းပြုလော့ဟုဆိုဏ်။ ထိုဗုဒ္ဓရက္ခိတမထေရ် သည် ဥပဇ္ဈာယ်ဆရာမထေရ်ဏ် အဆုံးအမ၌ တည်၍ ထို အဆုံးအမ အတိုင်းပြု၍ ပဋိသမ္ဘိဒါတို့နှင့်ကကွ အရဟတ္တဖိုလ်သို့ ရောက်ဏ်။ ဤဆိုအပ်ပြီးသောစကားအစဉ်သည်ကား ဤကျမ်း၌ အကျဉ်းတည်း။ အကျယ်ကိုကား မဟာသစ္စကသုတ် အဌကထာ၌ ကြည့်အပ်ဏ်။ ။ [သစ္စကဝတ္ထု]။ ။ဝိမာနဝတ္ထုပဉ္စမဝဂ်၌ မဏ္ဍူကနတ်သား ဝတ္ထု ကိုလည်း ဆိုအပ်ဏ်။

၁၈၄-စပါးကြီးမြေဝတ္ထု

မဟာဝင်ဋီကာ

အချိုသောသူသည်ကား ဤတရားသည် နက်နဲဏ်။ နာသော ငါ၏ ပညာ၌ မထင်ဟု နက်နဲသောတရားကို နာခြင်းငှါ အလိုမရှိ။ ထိုသို့ နာခြင်းငှါ အလိုမရှိခြင်းသည် မသင့်။ထိုစကားသည် မှန်ဏ်။နက်နဲသော တရားကိုလည်း နာအပ်သလျှင်ကတည်း။ နက်နဲသောတရားဏ် ပါဋိမျှ သည်လည်း နာသောသူအား နောင်အခါ ဝါသနာအကျိုးငှါဖြစ်ဏ်။ ဤအရာ၌ စပါးကြီးသည် သက်သေဖြစ်ဏ်။ ။ကဿပမြက်စွာဘုရား လက်ထက်တော်၌ တခုသော စပါးကြီးသည် အာယတနကထာကို သရဇ္ဈာယ်ကုန်သော အဘိမျောကိုသင်ကုန်သော ရဟန်းတို့ဏ်အသံ၌ တရားတရား ဟူသော အာရုံကိုယူ၍ စုတေလျှင် နတ်ပြည်၌ဖြစ်၍ ငါတို့ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည်တိုင်အောင် နတ်ပြည်၌ နတ်

စည်းစိမ်ကို ခံစား၍ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် ပုဏ္ဏားမျိုး၌ဖြစ်သတတ်။ ထိုပုဏ္ဏားသည် အရွယ်ရောက်၍ အာဇီဝက သာသနာ၌ ရဟန်းပြုလျှင် ဇနသောဏ မည်သော အာဇီဝကဖြစ်၍ ဗိန္ဓုသာရမင်း၏ မ္မောမည်သော မိဖုယားကြီး၏ ဆရာဖြစ်၏။ ထိုအခါ မ္မောမိဖုယားသည် အသောကသတ္ဂိုသားကို ဝမ်းဖြင့်ဆောင်လတ်သော် ခြေတဘက်ဖြင့် လကို ခြေတဘက်ဖြင့် နေကို နင်း၍ ကြယ်တာရာ တိမ်အစဉ် တီသစ်ပင်အပေါင်းကို့ကို စားချင်၏။ ထိုချင်ခြင်းကိုကြား၍ ဗိန္ဓုသာရမင်းသည် ဥပါယ်၌ လိမ်မာသည်၏အဖြစ်ကြောင့် ကြီးစွာ သော အိုးကင်းဖြင့် ကြော်အပ်သော မုံ့နှစ်ရှက်ကို လုပ်စေ၍ ဤသည် ကား လ၊ ဤသည်ကား နေ ဟု ဆို၍ ကြယ်တာရာ သဏ္ဌာန်ရှိသော လုံးသော ကတွတ်မုံ့ကိုလည်းကောင်း တိမ်အဆင်းသဏ္ဌာန်ရှိသော ကျွဲသဲမုံ့ကိုလည်းကောင်း လုပ်စေ၍ မင်းရင်ပြင်ကို သုတ်သင်စေ၍ အထက်၌ အပေါက်ရှိသော ဖျာကို ခင်းစေလျက် ဖျာပေါက်မှ တက်တိုင်းတက်တိုင်းသောခဲဘွယ်ကိုယူ၍ ဤသည်တို့ကား တီသစ်ပင် အစုတို့တည်းဟု ဆို၍ မိဖုယားအား အလိုအားလျော်စွာ ဆောင်စေ၏။ မိဖုယားသည်လည်း အလိုရှိတိုင်း ပြု၏။ ချင်ခြင်းသည် ငြိမ်း၏။ မင်း သည် ချင်ခြင်း၏အကျိုးဖြစ်အံ့သည်ကို သိလို၍ ဇနသောဏအာဇီဝက ကို မေး၏။ ဇနသောဏအာဇီဝကသည် မြတ်သောမင်းကြီး၊ မိဖုယား သည် ဘုန်းလက္ခဏာနှင့်ပြည့်စုံသော သားမြတ်ကိုရလတ္တံ့ဟု ဤမျှ သောစကားကိုသာလျှင် မင်းအား ပြောဆို၍ တဘန် မိဖုယားအထံသို့ ဆည်းကပ်၍ မိဖုယား သင်၏သားသည် မင်းဖြစ်လတ္တံ့။သင်၏လနှင့် နေကို နင်းခြင်းသည် အလုံးစုံသော ဇမ္ဗူဒိပ်၌ တရာ့တပါးကုန်သော မင်းတို့သည် သင့်သား၏ ခြေရင်း၌ အလုပ်အကျွေး ဖြစ်အံ့သည်၏ ပုဗ္ဗနိမိတ်တည်း။ ကြယ်တာရာကိုစားခြင်းသည် သင့်သား၏ မချစ်အပ် ကုန်သော အမွေခံဘက် ဖြစ်ကုန်သော အမိကွဲ ညီနောင်တို့ကို သတ်အံ့ သည်၏ပုဗ္ဗနိမိတ်တည်း။ တိမ်ကို စားခြင်းသည် မိန္ဆာအယူကိုဖြတ်၍ ဘုရားသာသနာတော်ကို ချီးမြှောက်အံ့သည်၏ ပုဗ္ဗနိမိတ်တည်း။ တီကို စားခြင်းသည် မြေကြီး၏အောက်၌ တယူဇနာရှိသောအရပ်၌ အာဏာ ဖြစ်အံ့သည်၏ ပုဗ္ဗနိမိတ်တည်း။ သစ်ပင်အပေါင်းကို စားခြင်းသည် အထက်ကောင်းကင်၌ တယူဇနာ အတိုင်းအရှည် ရှိသော အရပ်၌

အာဏာဖြစ်အံ့သည်ဖြ၏ ပုဗ္ဗနိမိတ်တည်းဟူ၍ ဆို၏။ ထိုဇနသောဏ အာဇိဝကသည် ထိုအရပ်မှ ယူဇနာ တရာရှိသော အရပ်သို့သွား၍ တခုသောအရပ်၌နေ၏။ နောက်အဘို့၌ အသောကသတို့သားသည် မင်း၏အဖြစ်၌တည်၍ မယ်တော်သည် ပြောဆိုအပ်သော အလုံးစုံသော အကြောင်းကိုကြား၍ ဇနသောဏအာဇိဝကအား ပူဇော်သက္ကာရကို ပြုလို၍ ရွှေယာဉ်နှင့် ယောကျ်ားတို့ကိုစေ၏။ ထိုယောကျ်ားတို့သည် ဆောင်အပ်သော ဇနသောဏအာဇိဝကသည် လမ်းအကြား၌ အသုဘ ဂုတ္တ မထေရ်၏ နေရာအရပ်ကိုမြင်၍ ဤအရပ်သည်ကား ရဟန်းတို့၏ နေရာအရပ်တည်းဟု ရွှေယာဉ်မှဆင်း၍ ထိုအရပ်သို့သွားလျှင် မထေရ်၏ မေတ္တာအာနုဘော်အားဖြင့် အချင်းချင်း မည်ညီးဆဲကုန်သော ရအပ်သော မေတ္တာစိတ်ရှိကုန်သော ထိုထိုအရပ်၌ စုသည် ဖြစ်၍ ဖြစ်ကုန်သော ခြင်္သေ့ ကျားအစရှိကုန်သောသတ္တဝါတို့ကိုကိုမြင်၍ ဤသတ္တဝါတို့ကား အဘယ်သတ္တဝါတို့နည်းဟု မေး၏။ အသုဘဂုတ္တ မထေရ်သည် ထိုအာဇိဝက၏ရှေးအကြောင်း၏ပြဿဒုံခြင်းကို ကြဿဒုလတ်သော်။ရှေး၌ အာယတနကထာကိုမြင်၍ ထိုတရားကိုနာခြင်းသည်လျှင် ထိုအာဇိဝက၏ ဥပနိဿယကည်းဟုကြံ၍ ငါ့ရှင် ထိုသတ္တဝါတို့သည် အာယတနတို့တည်းဟုမိန့်တော်မူ၏ ထိုဇနသောဏအာဇိဝကသည် အာယဘနဟူသောပုဒ်ကိုကြား၍ ဟိရိသြတ္တပ္ပကိုဖြစ်စေလျက် ဇဆောင့်ကြောင့် ထိုင်၏။ အသုဘဂုတ္တမထေရ်သည် ထိုအာဇိဝကအား ရသနုတ်တော်ကို ပေးတော်မူ၏။ ထိုအာဇီဝကသည် အသုဘဂုတ္တ မထေရ်၏အထံ၌ ရဟန်းပြု၍ ဝိပဿနာကိုပွါးစေ၍ အရဟတ္တဖိုလ်သို့ရောက်၏။ (စပါးကြီးဝတ္ထု)။ ။အဋ္ဌသာလိနီ၌လာသော လင်းနို့ငယ်တို့၏ဝတ္ထုကိုလည်း ဆိုအပ်၏။

၁၈၅–ကြက်မဝတ္ထု

မွေပဒအဋ္ဌကထာ

ကက္ကုသန်ဘုရားလက်ထက်တော်၌ တခုသောကြက်မသည် နေရာစခါ၏အနီး၌နေသတတ်၊ ထိုကြက်မသည် ဝိပဿနာကမ္မဋ္ဌာန်းကို သဓုဏ္ဏာယ်သော တပါးသော ဝိပဿနာရှသော ရဟန်း၏တရားသံကိုကြား၍ ဤအသံသည်ကား တရားတည်းဟု အသံ၌ အာရုံကိုယူ၍

တခုသောစွန်သည် သတ်၍ သေလတ်သော် ဥပရိမည်သော မင်းသမီး ဖြစ်၍ ပရိဗိုဇ် ရဟန်းမိန်းမတို့၏အထံ၌ ရဟန်းပြု၏။ ထိုရဟန်းမိန်းမသည် နောက်အဘို့၌ ဝစ္စဘုရီသို့ ဝင်လတ်သော် ပိုးလောက် အစုကိုမြင်၍ ပုဋ္ဌုဝကသညာကိုဖြစ်စေ၏၊ ပထမဈာန်ကိုရ၍ ထိုဘဝမှစုတေ၍ ဗြဟ္မာ့ပြည်၌ဖြစ်၍ ဗြဟ္မာ၏အဖြစ်မှ စုတေလျှင်သေဌေးမျိုး၌ဖြစ်လျက် မကြာမီလျှင်စုတေ၍ ဤဘုရားသဗ္ဗညူဖြစ်တော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ဝက်မငယ် ဖြစ်၏။ မြတ်စွာဘုရားသည် ထိုဝက်မငယ်ကိုမြင်တော်မူ၍ ပြိုးတော်မူလတ်သော် အရှင်အာနန္ဒာမထေရ်သည် မေးလျှောက်၏။ အလုံးစုံသော အကြောင်းကိုမိန့်တော်မူ၍ ဓမ္မပဒတဏ္ဍာဝဂ်၌ ယထာပိမူလေအနုပဒ္ဒဝေ အစရှိကုန်သော ဂါထာတို့ကိုဟောတော်မူ၏။ ထိုဝက်မငယ်သည်ကား ထိုဘဝမှစုတေ၍ သုဝဏ္ဏဘူမိ၌ မင်းသမီး ဖြစ်၏။ ထိုဘဝမှစုတေသော် ဝနဝါသီ၌ ဖြစ်၏။ ထိုဘဝမှစုတေသော် ဗာရာဏသီပြည်၌ ဖြစ်၏။ ထိုဘဝမှစုတေသော် သုပ္ပါရကသဘော်ဆိပ်၌ မြင်းကုန်သည်၏သွီးဖြစ်၏။ ထိုဘဝမှစုတေသော် ကာရသဘော်ဆိပ်၌ သဘော်သူကြီးသွီးဖြစ်၏။ ထိုဘဝမှစုတေသော် အနုရာဓပြည်၌မင်းသွီးဖြစ်၏။ ထိုဘဝမှစုတေသော် အနုရာဓပြည်၏ တောင်မျက်နှာသသောကုန်တွာ၌ သုမနသူကြွယ်၏ သုမနမည်သော သွီးဖြစ်၏။ ဤသို့ ထိုမိန်းမ၏အဖြစ်မှ သူကြွယ်သွီးဖြစ်သည်တိုင်အောင် တဆဲ့နှစ်ဘဝတို့သည် ဖြစ်ကုန်၏။ ထိုသုမနသည် နောက်အဘို့၌ ဒုဋ္ဌဂါမဏိမင်း၏လကုဏ္ဍကအတိအမွှရမည်သောအမတ်၏အိမ်သို့ရောက်၏။ ထိုအခါကောဋိတောင် မဟာဝိဟာရ၌ နေသော မဟာအတုလမထေရ်သည် ထိုအိမ်သို့ဆွမ်းခံအံ့သောငှါ ကြွသည်ရှိသော် ထိုသုမနကိုမြင်၍ ရဟန်းတို့ကို ငါ့ရှင်တို့- ဝက်မငယ်ဖြစ်၍ အမတ်ကြီး၏ မယားအဖြစ်သို့ရောက်သည်ကား။ သြော်အံ့ဘွယ် ရှိစွဟုမိန့်တော်မူ၍ သုမနသည်ထိုစကားကိုကြား၍ ဇတိသရဉာဏ်ဖြင့် မိမိ၏မဘောက်မပြန်ကုန်သောဘဝတို့ကိုသိ၍ သံဝေဂဖြစ်လျှင် လင်ကိုတောင်းပန်၍ ရဟန်းမိန်းမတို့၏အထံ၌ ရဟန်းပြုလျက် တိဿမဟာဝိဟာရ၌ မဟာသတိပဋ္ဌာနသုတ်ကိုနာ၍ သောတာပန်ဖြစ်၏။ နောက်အဘို့၌ ကလ္လကမဟာဝိဟာရ၌ အာသိဝိသော ပမသုတ်ကို နာရ၍ အရဟတ္တဖိုလ်သို့ရောက်၏။ [ကြက်မဝတ္ထု]

ဇုန္ဆာသယ ၁၅၅-၈၄

၁၈၆-ဓမ္မသဝနအကျိုးကိုအချုပ်ပြခြင်း

ဤသို့ကောင်းစွာဖြစ်စေအပ်သော တရားနာခြင်းသည် အရဟတ္တဖိုလ်သို့ရောက်စေတတ်၏။ ထိုကြောင့် စတုက္ကအဂိုတ္တိုရ်ကတီယပဏ္ဏာသကပဥ္စမဝဂ်၌ ရဟန်းတို့-ကောင်းစွာဖြစ်စေအပ်ကုန်သော ကောင်းစွာအစဉ်တစိုက် လိုက်အပ်ကုန်သော ကာလ၌ဖြစ်ကုန်သော ဤလေးပါးကုန်သောတရားတို့သည် အစဉ်သဖြင့်အာသဝေါတို့၏ ကုန်ရာအရဟတ္တဖိုလ်သို့ရောက်စေတတ်ကုန်၏။ လေးပါးကုန်သောတရားတို့သည် အဘယ်သည်တို့နည်းဟူမူကား ကာလ၌ တရားနာခြင်းလည်းတပါး၊ ကာလ၌တရားကိုဆွေးနွေးခြင်းလည်းတပါး၊ ကာလ၌တရားကိုသုံးသပ်ခြင်းလည်းတပါး၊ ကာလ၌ဝိပဿနာရှုခြင်းလည်းတပါး၊ ဤသည်တို့တည်း။ ရဟန်းတို့-ကောင်းစွာ ဖြစ်စေအပ်ကုန်သော အစဉ်တစိုက်လိုက်အပ်ကုန်သောကာလ၌ဖြစ်ကုန်သော ဤလေးပါးကုန်သော တရားတို့သည် အစဉ်သဖြင့် အာသဝေါတို့၏ ကုန်ရာ အရဟတ္တ ဖိုလ်သို့ရောက်စေတတ်ကုန်၏။ရဟန်းတို့-ဥပမာကား တောင်၏ အထက်၌ကြီးစွာသော မိုဃ်းပေါက်ရှိသော မိုဃ်းသည် ရွာလတ်သော်ထိုရေသည် နိမ့်ရာနိမ့်ရာအရပ်သို့စီးလျက် တောင်ချောက်ပပ်ကြား မြောင်းငယ်တို့ကိုပြည့်စေ၏။ ပြည့်ကုန်သော တောင်ချောက်ပပ်ကြား မြောင်းငယ်တို့သည် တွင်းငယ်တို့ကိုပြည့်စေကုန်၏။ ပြည့်ကုန်သောတွင်းငယ်တို့သည် တွင်းကြီးတို့ကို ပြည့်စေကုန်၏။ ပြည့်ကုန်သော တွင်းကြီးတို့သည်မြစ်ငယ်တို့ကို ပြည့်စေကုန်၏။ ပြည့်ကုန်သောမြစ်ငယ်တို့သည် မြစ်ကြီးတို့ကို ပြည့်စေကုန်၏။ ပြည့်ကုန်သော မြစ်ကြီးတို့သည် မဟာသမုဒ္ဒရာကိုပြည့်စေကုန်၏။ ရဟန်းတို့- ထိုအတူလျှင်ကောင်းစွာဖြစ်စေ အပ်ကုန်သော ကောင်းစွာ အစဉ်တစိုက်လိုက်အပ်ကုန်သော ကာလ၌ ဖြစ်ကုန်သော ဤလေးပါးကုန်သော တရားတို့သည် အစဉ်သဖြင့် အာသဝေါတို့၏ကုန်ရာအရဟတ္တဖိုလ်သို့ရောက်စေတတ်ကုန်၏ ဟူ၍ဟောတော်မူ၏။ ။သတ္တမသုတ်။ ။အကြင်သူသည်ရိုသေစွာတရားကိုမနာ၊ ထိုသူသည်သာသနာကို ကွယ်စိမ့်သောဌါကျင့်သည်မည်၏။ ရိုသေစွာတရားနာသောသူသည်ကား သာသနာကိုကွယ်စိမ့်သောဌါကျင့်သည်မမည်။ ထိုကြောင့်ပဥ္စကအဂိုတ္တိုရ်စတုက္ကပဏ္ဏာသကပထမဝဂ်၌ ဤသို့ဟောတော်မူ၏။

ရဟန်းတို့ ငါးပါးကုန်သောတရားတို့သည် သာသနာတော်၏ ပျက်စီးခြင်းငှါ ကွယ်ခြင်းငှါ ဖြစ်ကုန်၏။ ငါးပါးကုန်သောတရားတို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား ရဟန်းတို့-ဤသာသနာတော်၌ ရဟန်းတို့သည် ရိုသေစွာတရားကိုမနာကုန်၊ ရိုသေစွာတရားကိုမသင်ကုန်၊ ရိုသေစွာ တရားကို မဆောင်ကုန်၊ တရားကို ဆောင်အပ်ကုန်သော တရားတို့၏ အနက်ကို မဆင်ခြင်ကုန်၊ အနက်ကိုသိ၍ ပါဠိကို သိ၍ လောကုတ္တရာ တရားအား လျော်သောအကျင့်ကို ရိုသေစွာ မကျင့်ကုန်၊ ဤသည်တို့တည်း။ ရဟန်းတို့-ဤငါးပါးကုန်သော တရားတို့သည် သာသနာတော်၏ ပျက်စီးခြင်းငှါ ဖြစ်ကုန်၏။

ရဟန်းတို့- ငါးပါးကုန်သော တရားတို့သည် သာသနာတော်၏ မပျက်စီးခြင်းငှါမကွယ်ခြင်းငှါဖြစ်ကုန်၏။ ငါးပါးကုန်သော တရားတို့ ဟူသည် အဘယ်သည်တို့နည်းဟူမူကား ရဟန်းတို့-ဤသာသနာတော်၌ရဟန်းတို့သည် ရိုသေစွာ တရားကို နာကုန်၏။ ရိုသေစွာတရားကို သင်ကုန်၏၊ ရိုသေစွာတရားကိုဆောင်ကုန်၏။ရိုသေစွာဆောင်အပ်သော တရားတို့၏ အနက်ကို ဆင်ခြင်ကုန်၏။ ရိုသေစွာအနက်ကိုသိ၍ ပါဠိကို သိ၍ လောကုတ္တရာတရားအား လျော်သော အကျင့်ကုန်၏။ ဤငါးပါးကုန်သော တရားတို့သည် သာသနာတော်၏ မပျက်စီးခြင်းငှါ မကွယ်ခြင်းငှါ ဖြစ်ကုန်၏။ ။ [ပဉ္စကအင်္ဂုတ္တိုရ် စတုက္ကပဏ္ဏာသက ပထမဝဂ် စတုက္ကသုတ်] ။ ။ ကာလေနဓမ္မသဝနသုတ်၏ အဘွင့်စကားတည်း။ ။ဤဂါရဝေါ အစရှိသော ဂါထာဖြင့် ဂါရဝတပါး၊ နိဝါတတပါး၊ သန္တုဋ္ဌိတပါး ကတညုဘာဝတပါး၊၊ဓမ္မသဝနတပါးအားဖြင့်မဂ်လာငါးပါးအပေါင်းကို ဟောတော်မူ၏။ ။သတ္ထုမဂါထာ၏ အဘွင့်သည် ပြီး၏။

၂၇-ခန္ဓိမဂ်လာ

၁၈၇-ခန္ဓိဝါဒိရေသဝဏ္ဏကိုပြခြင်း

ခန္ဓိစသောဝစသဒ္ဒါ အစရှိသော အဋ္ဌမဂါထာ၌ ခန္ဓိမဂ်လာဘရားဟူသော်ဘား....သည်းခံခြင်းခန္တီနှင့် ပြည့်စုံသောရဟန်းသည် ဆယ်ပါးကုန်သော အကြောသဝဏ္ဏတို့ဖြင့် ဆဲရေးကုန်သည်တို့ကို

မကြားသကဲ့သို့ သတ်ခြင်းနှောင့်ဖွဲ့ခြင်း အစရှိသည်တို့ဖြင့် ညှဉ်းဆဲကုန်သောပုဂ္ဂိုလ်ကို မမြင်သကဲ့သို့ ဘောက်ပြန်ခြင်းမရှိသည်ဖြစ်၏။ အဘယ်သူကဲ့သို့ နည်းဟူမူကား ခန္ဓိဝါဒိရသေ့ကဲ့သို့တည်း၊ တနည်းကား အရှင်ပုဏ္ဏမထေရ်ကဲ့သို့ ထိုထက်အလွန်အပြစ်ပြုခြင်းမရှိသည်၏ အဖြစ်အားဖြင့် ကောင်းသည်ကုံပြု၏ဟုနှလုံးသွင်း၏။ ဤသို့အဋ္ဌကထာတို့၌ဆို၏။ ။ထိုအဋ္ဌကထာတွင် ခန္ဓိဝါဒိရသေ့ဟူသော စကားဌာနအထူးပုဂ္ဂိုလ်ကား ဤသို့တည်း။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘုရားလောင်းသည် ကုလ္လာမည်သောပုဏ္ဏားဖြစ်၍ ရသေ့ရဟန်းပြု၍ ကြာမြင့်စွာ ဟိမဝန္တာဒ္ဒေသ၌နေ၍ ချဉ်ဆားမှိုဝဲစားသောဌာ ဗာရာဏသီသို့သွား၍သေနာပတိသည်လုပ်ကျွေးအပ်သည်ဖြစ်၍မင်း၏ဥယျာဉ်၌နေ၏၊ ထိုအခါ တနေ့သ၌ ကလာဗုမည်သောမင်းသည် သုရာယစ်မျိုးယစ်၍ ကချေသည်အပေါင်းခြံရံလျက် ဥယျာဉ်သို့သွား၍ ကယောက်သောချစ်နှစ်သက်သောမိန်းမ၏ ရင်ခွင်၌ခေါင်းအုံး၍အိပ်၏။ ထိုအခါ တပါးကုန်သော မိန်းမတို့သည်မင်းကိုစွန့်၍ ဥယျာဉ်၌လှည့်လည်ကုန်သော်ကောင်းစွာပွင့်သောအင်ကြင်းပင်ရင်း၌နေသော ဘုရားလောင်းကိုမြင်၍ ထိုဘုရားလောင်းကိုရှိခိုး၍ တရားနာကုန်လျက်နေကြကုန်၏။ မင်းသည် နိုးလာ၍ ထိုမိန်းမတို့ကို မမြင်ခြင်းကြောင့် အမျက်ထွက်၍သန်လျက်လက်စွဲလျက် သွား၏။ထိုအခါအလွန်အကျွမ်းဝင်သောမိန်းမသည်မင်း၏လက်မှသန်လျက်ကို ယူ၏၊မင်းသည် ရဟန်း-သင်ကား အဘယ်ဝါဒရှိသနည်းဟု မေး၏၊မြတ်သောမင်းကြီး-ခန္ဓိဝါဒရှိ၏ဟု ဘုရားလောင်းဆို၏၊ထို ခန္ဓိမည်သည်ကား အဘယ်နည်းဟု မင်းသည် မေး၏၊ သူတပါးတို့သည် ဆဲရေးကုန်သော် လည်းကောင်း ပုတ်ခတ်ကုန်သော် လည်းကောင်း မထိမဲ့မြင် ပြုကုန်သော်လည်းကောင်း အမျက်မထွက်သည်၏အဖြစ်သည် ခန္ဓိမည်၏ဟု ဘုရားလောင်းသည် ဆို၏၊ မင်းသည် ယခု သင်တို့အား ခန္ဓိရှိသည်၏အဖြစ်ကို ငါကြည့်စုံဟု ဆို၍ ဒိုးသူသတ်ကို ခေါ်စေ၍ ဤရသေ့ပျက်ကို ငင်၍ မြေ၌လည်းစေ၍ အဆူးထက်သော ကြမ်ကိုကိုင်၍ ဖွဖွနောက်နံပါး နှစ်ဘက် ဟူကုန်သော လေးမျက်နှာတို့၌ နှစ်ထောင်ကုန်သောရိုက်နှက်ခြင်းတို့ကို ပေးလော့ဟု ဆို၏။ ထိုဒိုးသူသတ်သည် မင်းဆိုတိုင်းပြု၏၊ ဘုရားလောင်း၏ အပြင်ရေသည် ပေါက်၏၊ အတွင်းရေသည် ပေါက်၏၊ အသားသည် ပြတ်၏၊

သွေးသည် ယိုစီးဏ်။ တဘန် မင်းသည် ရဟန်း သင်သည် အဘယ် ဝါဒ ရှိသနည်းဟု မေးဏ်၊ ဘုရားလောင်းသည် မြတ်သော မင်းကြီး ခန္တီဝါဒ ရှိဏ်ဟု ဆိုရှ် မြတ်သော မင်းကြီး၊ သင်သည်ကား ငါဏ် အရေကြားဌ် ခန္တီသည် ရှိဏ်ဟု အောက်မေ့ဏ်၊ ငါဏ်အရေကြားဌ် ခန္တီသည် မရှိ၊ သင်သည် မြင်ခြင်းငှါ မတတ်ကောင်းသော စိတ်ဏ် အတွင်းဌ် ငါဏ်ခန္တီသည် တည်ဏ်ဟု ဆိုဏ်။ တဘန် ခိုးသူသတ်သည် အသို့ပြုရအံ့နည်းဟု ဆိုဏ်၊ မင်းသည် ဤရသေ့ဏ် လက် ခြေ နား နှာခေါင်းတို့ကို ဖြတ်လော့ဟု ဆိုဏ်၊ ထိုခိုးသူသတ်သည် မင်းဆိုတိုင်း ပြုဏ်။ တဘန် မင်းသည် ထိုအတူလျှင် မေးဏ်၊ ထိုဘုရားလောင်းသည် ဆိုအပ်ပြီးသော နည်းဖြင့် ဆိုသည်ရှိသော် အမျက်ထွက်၍ ဘုရား လောင်းဏ် ရင်လယ်ကို ဖနောင့်ဖြင့် ကျောက်၍ ဖဲလတ်သော် ဥယျာဉ် တံခါးဌ်လျှင် မြေကြီးသည် နှစ်ဖြာကွဲ၍ ဟင်းလင်းအပြင်ကို ပေး၍ အဝီစိဌ် ဖြစ်ဏ်။ ထိုမင်း ဖဲကာမျှဌ်လျှင် သေနာပတိသည် ဘုရားလောင်းဏ် သွေးကိုသုတ်၍ ဖြည်းညှင်းသာယာစွာ ထိုင်စေ၍ အရှင်ဘုရား အမျက် ထွက်တော်မူလိုသော် အရှင်ဘုရားတို့ဌ် အပြစ်ကိုပြုသော မင်းအားသာ လျှင် အမျက်ထွက်ပါလော့၊ တပါးကုန်သောသူတို့အား အမျက်မထွက် ပါလင့်ဟု ဆိုဏ်။ ထိုစကားကိုကြား၍ ရှင်ရသေ့သည် စတုက္ကနိပါတ် ဒုတိယဝဂ် ခန္တီဝါဒိဇာတ်ဌ်-

ယော မေ ဟတ္ထေစ ပါဒေစ၊ ကဏ္ဏနာသဉ္စ ဆိန္ဒယိ။
စိရံ ဇီဝတု သောရာဇာ၊ နဟိ ကုဇ္ဈန္တိ မာဒိသာ။

ဟူသော ဂါထာကို ဆိုဏ်။

သေနာပတိ၊ သေနာပတိ။ ယောရာဇာ၊ အကြင် မင်းသည်။ မေ၊ ငါဏ်။ ဟတ္ထေစ၊ လက်ဘို့ကို လည်းကောင်း။ ပါဒေစ၊ ခြေတို့ကို လည်းကောင်း။ ကဏ္ဏနာသဉ္စ၊ နား,နှာခေါင်းကိုလည်းကောင်း။ ဆိန္ဒယိ၊ ဖြတ်ပြီ။ သောရာဇာ၊ ထိုမင်းသည်။ စိရံ၊ ကြာမြင့်စွာ။ ဇီဝတု၊ အသက် တည်စေသတည်း၊ ဟိသစ္စံ၊ မှန်ဏ်။ မာဒိသာ၊ ငါကဲ့သို့ သဘောရှိကုန် သော ပညာရှိတို့သည်။ နကုဇ္ဈန္တိ၊ အမျက်မထွက်ကုန်။

ဤသို့ ဆိုရှ် ရသေ့သည် ထိုနေ့ဌ်ပင်လျှင် ထိုအရပ်ဌ် သေဏ်။ ထို ကြောင့်လျှင် မြတ်စွာဘုရားသည် ခန္တီဝါဒိဇာတ်ဌ်လျှင်-

အဟု အတိတမဒ္ဓါနေ၊ သမဏော ခန္တီဒီပနော။
တံ ခန္တိယာယေဝ ဌိတံ၊ ကာသိရာဇာ အဆေဒယိ။

ဟူ၍ ဟောတော်မူ၏။

အတိတမဒ္ဓါနေ၊ လွန်လေပြီးသော အခါ၌။ ခန္တီဒီပနော၊ သည်းခံခြင်း ခန္တီကို ပြတတ် ချီးမွမ်းတတ်သော။ သမဏော၊ ရဟန်းသည်။ အဟု၊ ဖြစ်ပြီ။ ခန္တိယာယေဝ၊ သည်းခံခြင်း ခန္တီ၌သာလျှင်။ ဌိတံ၊ တည်သော။ တံသမဏံ၊ ထိုရသေ့ရဟန်းကို။ ကာသိရာဇာ၊ ကာသိကမင်းသည်။ အဆေဒယိ၊ သေစေ၏။ [ခန္တီဝါဒိရှင်ရသေ့ဝတ္ထု]

၁၈၈—အရှင်ပုဏ္ဏမထေရ်ဝတ္ထု

အရှင်ပုဏ္ဏမထေရ်ကဲ့သို့ ဟူသော စကား၌ အတ္ထုပ္ပတ္တိကား ဤသို့တည်း။ ။သုနာပရန္တတိုင်း၌ ပုဏ္ဏမည်သောသူကြွယ်သည် လှည်းဖြင့် ကုန်သွယ်အံ့သောဌါ သာဝတ္ထိကိုရောက်၍ မြတ်စွာဘုရား၏ ဒေသနာတော်ကိုကြားနာရ၍ ရဟန်းပြုလို၍ဘဏ္ဍာစိုးကိုခေါ်၍အလုံးစုံသောဥစ္စာကို ငါ၏စူဠပုဏ္ဏမည်သောညီအား ပေးလော့ဟု အလုံးစုံသော ဥစ္စာကို ဆောင်နှင်း၍ မြတ်စွာဘုရား အထံတော်၌ ရဟန်းပြု၍ ကမ္မဋ္ဌာန်းလျှင် လည်းလျောင်းရာ ရှိသည်ဖြစ်သတတ်၊ ထိုအခါ သာဝတ္ထိပြည်၌ နေ၍ ကမ္မဋ္ဌာန်းကိုနှလုံးသွင်းသောပုဏ္ဏမထေရ်အားထိုကမ္မဋ္ဌာန်းသည်မထင်၊ ထိုကြောင့် ပုဏ္ဏမထေရ်သည် ဤဇနပုဒ်သည် ငါ့အားမသင့်တင့်ဟုကြံ၍ သုနာပရန္တတိုင်းသို့သာလျှင် သွားလို၍ မြတ်စွာဘုရားကို ဆည်းကပ်၍ အဆုံးအမကိုတောင်း၏။ မြတ်စွာဘုရားသည် ဥပရိပဏ္ဏာသ ပဉ္စမဝဂ်၌ လည်းကောင်း သဋ္ဌာယတနဒုတိယပဏ္ဏာသစတုတ္ထဝဂ်၌လည်းကောင်း ပုဏ္ဏောဝါဒသုတ်၌ရင်း ဟောတော်မူအပ်သော နည်းဖြင့် ပုဏ္ဏမထေရ်အား အဆုံးအမကိုပေး၍ ပုဏ္ဏ-သင်သည် အဘယ်မည်သောကျောင်း၌ နေလတ္တံ့နည်းဟု မေးတော်မူ၏။ အရှင်ဘုရား သုနာပရန္တ မည်သော ဇနပုဒ်သည်ရှိ၏၊ ထိုဇနပုဒ်၌ အကျွန်ုပ်သည် နေပါအံ့ဟု ပုဏ္ဏမထေရ်သည် လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏမထေရ်အား သည်းခံခြင်းခန္တီနှင့် ပြည့်စုံသည်၏အဖြစ်ကို သိတော်မူ၍ ပုဏ္ဏမထေရ်ကို ခုနစ်ပါးသော ဌာနတို့၌ ခြသေ့်သံနှင့်တူသော အသံကို ကျူးရင့်

စေ၍ ထိုပုဏ္ဏာမထေရ်အား ကောင်းချီးကို ပေးတော်မူ၍ သုနာပရန္တ တိုင်းသို့သွားခြင်းကိုခွင့်ပြုတော်မူ၏။ထိုစကားဌ ဤဆိုလတ္တံ့သည်ကား ပါဠိတော်တည်း-ပုဏ္ဏာ သုနာပရန္တတိုင်းသား ဖြစ်ကုန်သောလူတို့သည် အမျက်ထွက်တတ်သလျင်ကတည်း။ ပုဏ္ဏာ-သုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် ကြမ်းကုန်သလျင်ကတည်း။ ပုဏ္ဏာ-သုနာပရန္တ တိုင်းသားဖြစ်ကုန်သော လူတို့သည် သင့်ကိုအကယ်၍ ဆဲရေးကုန်အံ့၊ ပုဏ္ဏာ-ထိုအရဟန္တာသင်၏ စိတ်သည် အသို့ဖြစ်လတ္တံ့နည်းဟု မြတ်စွာဘုရား သည်မိန့်တော်မူ၏။ အရှင်ဘုရား သုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် အကျွန်ုပ်ကို အကယ်၍ဆဲရေးကုန်အံ့။ထိုအရာဌာ အကျွန်ုပ်၏ စိတ်သည် ဤသို့ ဖြစ်ပါလတ္တံ့။အကြင်ကြောင့်ဤသုနာပရန္တ တိုင်းသား ဖြစ်ကုန်သော လူတို့သည် ငါ့အားလက်ဖြင့် ပုတ်ခတ်ခြင်းကို မပေးကုန်၊ ထိုကြောင့် ဤသုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် စင်စစ် ကောင်းပေကုန်စွ။ ဤသုနာပရန္တ တိုင်းသား ဖြစ်ကုန်သော လူတို့သည် စင်စစ်အလွန်ကောင်းပေကုန်စွဟု ဘုန်းတော်ကြီးသော အရှင်ဘုရား ထိုအရာဌာ ဤသို့ အကျွန်ုပ်၏ စိတ်သည် ဖြစ်ပါလတ္တံ့။ ကောင်းသော စကားကို ဆိုတော်မူတတ်သောအရှင်ဘုရား ထိုအရာဌာဤသို့အကျွန်ုပ်၏ စိတ်သည် ဖြစ်ပါလတ္တံ့ဟူ၍ ပုဏ္ဏာမထေရ်သည် လျှောက်၏။ ပုဏ္ဏာ-သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် သင့်အား လက်ဖြင့် ပုတ်ခတ်ခြင်းကို အကယ်၍ ပေးကုန်အံ့၊ပုဏ္ဏာ-တဘန် ထိုအရာဌာ သင်၏ စိတ်သည် အသို့ဖြစ်လတ္တံ့နည်းဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ အရှင်ဘုရား သုနာပရန္တ တိုင်းသား ဖြစ်ကုန်သော လူတို့သည် အကျွန်ုပ်အား လက်ဖြင့်ပုတ်ခတ်ခြင်းကို အကယ်၍ပေးကုန်အံ့၊ထိုအရာဌာ အကျွန်ုပ်၏စိတ်သည် ဤသို့ဖြစ်ပါလတ္တံ့။အကြင်ကြောင့် ဤသုနာပရန္တ တိုင်းသားဖြစ်ကုန်သောလူတို့သည်ငါ့အား အုတ်ခဲဖြင့် ပုတ်ခတ်ခြင်းကို မပေးကုန်၊ထိုကြောင့် ဤသုနာပရန္တ တိုင်းသားဖြစ်ကုန်သောလူတို့သည် စင်စစ်ကောင်းပေကုန်စွ။ ဤသုနာပရန္တ တိုင်းသား ဖြစ်ကုန်သော လူတို့သည် စင်စစ် အလွန်ကောင်းပေကုန်စွ။ ဘုန်းတော်ကြီးသော အရှင်ဘုရား ထိုအရာဌာဤသို့အကျွန်ုပ်၏စိတ်သည် ဖြစ်ပါလတ္တံ့။ကောင်းသော စကားကိုဆိုတော်မူတတ်သော အရှင်ဘုရား ထိုအရာဌာ ဤသို့အကျွန်ုပ်၏ စိတ်သည် ဖြစ်ပါလတ္တံ့ဟူ၍ ပုဏ္ဏာမထေရ်သည်လျှောက်၏။ ပုဏ္ဏာ-သုနာ

ပရန္တာတိုင်းသားဖြစ်ကုန်သော လူတို့သည် သင့်အား အုတ်ခဲဖြင့် ပုတ်ခတ်ခြင်းကို အကယ်၍ ပေးကုန်အံ့၊ ပုဏ္ဏ-တဘန် ထိုအရာ၌ သင်၏စိတ်သည် အသို့ ဖြစ်လတ္တံ့နည်းဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ အခ္ခင်ဘုရား သုနာပရန္တာတိုင်းသားဖြစ်ကုန်သော လူတို့သည် အကျွန်ုပ်အား အုတ်ခဲဖြင့် ပုတ်ခတ်ခြင်းကို အကယ်၍ ပေးကုန်အံ့၊ ထိုအရာ၌ အကျွန်ုပ်၏စိတ်သည် ဤသို့ဖြစ်ပါလတ္တံ့။ အကြင်ကြောင့် ဤသုနာပရန္တာတိုင်းသား ဖြစ်ကုန်သော လူတို့သည် ငါ့အား တောင်ဌေးဆောက်ပုတ်ဖြင့် ပုတ်ခတ်ခြင်းကို မပေးကုန်၊ ထိုကြောင့် ဤသုနာပရန္တာတိုင်းသား ဖြစ်ကုန်သောလူတို့သည် စင်စစ်ကောင်းပေကုန်စွ။ ဤသုနာပရန္တာတိုင်းသား ဖြစ်ကုန်သော လူတို့သည် စင်စစ်အလွန် ကောင်းပေကုန်စွ။ ဘုန်းတော်ကြီးသော အခ္ခင်ဘုရား ထိုအရာ၌ ဤသို့ အကျွန်ုပ်၏စိတ်သည် ဖြစ်ပါလတ္တံ့၊ ကောင်းသောစကားဆိုတော် မူတတ်သော အခ္ခင်ဘုရား ထိုအရာ၌ ဤသို့အကျွန်ုပ်၏စိတ်သည် ဖြစ်ပါလတ္တံ့ဟူ၍ ပုဏ္ဏမထေရ်သည် လျှောက်၏။ ပုဏ္ဏ-သုနာပရန္တာ တိုင်းသား ဖြစ်ကုန်သောလူတို့သည် သင့်အား တောင်ဌေး ဆောက်ပုတ်ဖြင့် ပုတ်ခတ်ခြင်းကို အကယ်၍ ပေးကုန်အံ့၊ ပုဏ္ဏ-တဘန် ထိုအရာ၌သင်၏စိတ်သည်အသို့ဖြစ်လတ္တံ့နည်းဟု မြတ်စွာဘုရားသည်မိန့်တော်မူ၏။ အခ္ခင်ဘုရား သုနာပရန္တာတိုင်းသား ဖြစ်ကုန်သော လူတို့သည် အကျွန်ုပ်အား တောင်ဌေး ဆောက်ပုတ်ဖြင့် ပုတ်ခတ်ခြင်းကို အကယ်၍ ပေးကုန်အံ့၊ ထိုအခါ အကျွန်ုပ်၏စိတ်သည် ဤသို့ဖြစ်ပါလတ္တံ့၊ အကြင်ကြောင့် ဤသုနာပရန္တာတိုင်းသားဖြစ်ကုန်သော လူတို့သည် ငါ့အား လက်နက်တို့ဖြင့် ပုတ်ခတ်ခြင်းကို မပေးကုန်။ထိုကြောင့် ဤသုနာပရန္တာတိုင်းသား ဖြစ်ကုန်သော လူတို့သည် စင်စစ် ကောင်းပေကုန်စွ။ ဤသုနာပရန္တာတိုင်းသား ဖြစ်ကုန်သော လူတို့သည် စင်စစ်အလွန် ကောင်းပေစွ။ ဘုန်းတော်ကြီးသောအခ္ခင်ဘုရား ထိုအရာ၌ ဤသို့ အကျွန်ုပ်၏ စိတ်သည် ဖြစ်ပါလတ္တံ့။ ကောင်းသောစကားကို ဆိုတော်မူတတ်သော အခ္ခင်ဘုရား ထိုအရာ၌ ဤသို့အကျွန်ုပ်၏ စိတ်သည် ဖြစ်ပါလတ္တံ့ဟူ၍ ပုဏ္ဏမထေရ်သည် လျှောက်၏။ ပုဏ္ဏ- သုနာပရန္တာ တိုင်းသား ဖြစ်ကုန်သော လူတို့သည် သင့်အား လက်နက်ဖြင့် ပုတ်ခတ်ခြင်းကို အကယ်၍ ပေးကုန်အံ့။ ပုဏ္ဏ- တဘန် ထိုအရာ၌ သင်၏စိတ်သည် အသို့ဖြစ်လတ္တံ့

နည်းဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ အရှင်ဘုရား သုနာပရန္တ တိုင်းသား ဖြစ်ကုန်သော လူတို့သည် အကျွန်ုပ်အား လက်နက်ဖြင့် ပုတ်ခတ်ခြင်းကို အကယ်၍ ပေးကုန်အံ့၊ ထိုအရာ၌ အကျွန်ုပ်၏စိတ်သည် ဤသို့ ဖြစ်ပါလတ္တံ့။ အကြင်ကြောင့် ဤသုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် ငါ့ကို ထက်စွာသော လက်နက်ဖြင့် ဇီဝိတိန္ဒြေမှ မချ ပေကုန်။ ထိုကြောင့် ဤသုနာပရန္တတိုင်းသား ဖြစ်ကုန်သောလူတို့သည် ကောင်းပေကုန်စွ။ ဤသုနာပရန္တတိုင်းသား ဖြစ်ကုန်သောသူတို့သည် စင်စစ် ကောင်းပေကုန်စွ။ ဤသုနာပရန္တ တိုင်းသား ဖြစ်ကုန်သော လူတို့သည် စင်စစ် အလွန်ကောင်းပေကုန်စွ။ ဘုန်းတော်ကြီးသော အရှင်ဘုရား ထိုအရာ၌ ဤသို့ အကျွန်ုပ်၏စိတ်သည် ဖြစ်ပါလတ္တံ့။ ကောင်းသောစကားကို ဆိုတော်မူတတ်သောအရှင်ဘုရား ထိုအရာ၌ ဤသို့အကျွန်ုပ်၏စိတ်သည် ဖြစ်ပါလတ္တံ့ဟု ပုဏ္ဏမထေရ်သည် လျှောက်၏။ ပုဏ္ဏ၊ သုနာပရန္တ တိုင်းသား ဖြစ်ကုန်သောလူတို့သည် သင့်ကို ထက်စွာသောလက်နက်ထားဖြင့် အကယ်၍ ဇီဝိတိန္ဒြေမှချကုန်အံ့။ ပုဏ္ဏ၊ တဘန် ထိုအခါ၌ သင်၏စိတ်သည် အသို့ ဖြစ်လတ္တံ့နည်းဟု မြတ်စွာ ဘုရားသည် မိန့်တော်မူ၏။ အရှင်ဘုရား၊ သုနာပရန္တတိုင်းသားဖြစ် ကုန်သောသူတို့သည် အကျွန်ုပ်ကို ထက်လှစွာသော လက်နက်ထားဖြင့် အကယ်၍ ဇီဝိတိန္ဒြေမှ ချကုန်အံ့။ ထိုအခါ အကျွန်ုပ်၏စိတ်သည် ဤသို့ ဖြစ်ပါလတ္တံ့။ ကိုယ်ဖြင့်၎င်း အသက်ဖြင့်၎င်း ငြီးငွေကုန်သော ရှက်နိုး ကုန်သော စက်ဆုပ်ကုန်သော မြတ်စွာဘုရား၏တပည်တို့သည် ရှိကုန် သလျှင် ကတည်း။ ထိုမြတ်စွာဘုရား၏ တပည့်တို့သည် အသက်ကို ဆောင်တတ်သော ထားလက်နက်ကိုရှာကုန်၏။ ငါသည် ဤသူတို့သည် ရှက်အပ်ကုန်သည်သာလျှင် ဖြစ်သော အသက်ကို ဆောင်တတ်သော ထိုထားလက်နက်ကို ရအပ်၏။ ဘုန်းတော်ကြီးသောအရှင်ဘုရား- ထို အရာ၌ ဤသို့ အကျွန်ုပ်၏စိတ်သည် ဖြစ်ပါလတ္တံ့။ ကောင်းသောစကား ကို ဆိုတော်မူတတ်သောအရှင်ဘုရား ထိုအရာ၌ ဤသို့ အကျွန်ုပ်၏ စိတ် သည် ဖြစ်ပါလတ္တံ့ဟူ၍ ပုဏ္ဏမထေရ်သည် လျှောက်၏။ ပုဏ္ဏ၊ ကောင်းစွ ကောင်းစွ၊ ဤသို့သဘောရှိသော သည်းခံခြင်းကို ဆုံးမခြင်း သည်းမခံ ခြင်းကို ငြိမ်းစေခြင်း ဟူသော ခန္တီနှင့် ပြည့်စုံသောသင်သည် သုနာ ပရန္တ ဇနပုဒ်၌နေခြင်းငှါ စွမ်းနိုင်လတ္တံ့။ ပုဏ္ဏ၊ ယခုအခါ၌ အကြင်

သွားခြင်း၏ အခါသည် တန်ဖြို၊ ထိုသွားခြင်း၏အခါကို သင်သည် သိလော့ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ။[ပုဏ္ဏောဝါဒသုတ် ပါဠိတော်]။

ဤသို့ပုဏ္ဏမထေရ်သည် သူတပါးတို့၏ ဆဲခြင်း ရေရွတ်ခြင်း လက်ဖြင့် ပုတ်ခတ်ခြင်း၊ အုတ်ခဲဖြင့် ပုတ်ခတ်ခြင်း တောင်ဝှေးဆောက်ပုတ်ဖြင့် ပုတ်ခတ်ခြင်း လက်နက်ဖြင့် ပုတ်ခတ်ခြင်း ဇိဝိတိန္ဒြေမှ ချခြင်း ဟူကုန်သော ဤခုနစ်ပါးကုန်သော ဌာနတို့၌၌ ဤသုနာပရန္တ တိုင်းသား ဖြစ်ကုန်သော လူတို့သည် စင်စစ်ကောင်းပေကုန်စွ။ ဤသို့ အစရှိသည်ဖြင့် ခန္ဓိနှင့်တကွသော မြတ်သောစကားကို ဆို၍ မြတ်စွာဘုရားကို ရှိခိုး၍ သုနာပရန္တတိုင်းသို့သွား၍ မကုလကကျောင်း၌ ဝါကပ်၍ ထိုဝါတွင်း၌လျှင် ဝိစ္ဆာသုံးပါးသို့ရောက်၍ ပရိနိဗ္ဗာန်ပြု၏။ ဤဆိုအပ်ပြီးသော စကားသည်ကား ဤကျမ်း၌ အကျဉ်းတည်း။ အကျယ်ကိုကား အဋ္ဌကထာနှင့်တကွသော ပုဏ္ဏောဝါဒသုတ်၌ ကြည့်အပ်၏။

[ပုဏ္ဏမထေရ် ဝတ္ထု]။

ဤသို့ပုဏ္ဏမထေရ် ခန္ဓိဝါဒီရသေ့တို့အား ဖြစ်သော အဓိဝါသနခန္တီသည် ခန္တီမည်၏။ သင်္ဂီတိသုတ်အဋ္ဌကထာ၌လည်း ခန္တီဟူသည်ကား-

တတ္ထ ကတမာ ခန္တီ ခမနတာ အဓိဝါသနတာ အစက္ကိတ္တံ နအာသုရောပေါ် အတ္တမနတာ စိတ္တသ။

ဟူ၍ဟောတော်မူအပ်သော အဓိဝါသနခန္တီတည်းဟူ၍ ဆိုအပ်၏။

တတ္ထ၊ထိစကား၌။ ကတမာ၊အဘယ်သည်။ ခန္တီ၊ ခန္တီမည်သနည်း။ စိတ္တသ၊စိတ်၏။ခမနတာ၊သည်းခံသည်၏အဖြစ်သည်။အဓိဝါသနတာ၊ သူတပါးတို့သည် မကောင်းသဖြင့် ပြုအပ်သောအမှု မကောင်းသဖြင့် ဆိုအပ်သော စကားကို ဆန့်ကျင်ဘက် မပြုသဖြင့် မိမိအပေါ်၌ နေစေသည်၏ အဖြစ်သည်။ အစက္ကိတ္တံ၊ အမျက် မထွက်ခြင်းသည်။ နအာသုရောပေါ်၊ သူတပါးတို့၏ မျက်စိတို့၌ မျည်ရည်ကို မဖြစ်စေခြင်းသည်။ အတ္တမနတာ၊ နှစ်သက်ခြင်းနှင့် တကွဖြစ်သော စိတ်အားဖြင့် မိမိစိတ်၏ အဖြစ်သည်။ ခန္တီ၊ ခန္တီမည်၏။

အယံခန္တီ သိတာဒေယော ဓမ္မေ အဓိဝါသေတိ အတ္တနော ဥပရိ ဝါသေတိယေဝ။ နအသဟမာနာ ဟုတ္ဝာ နိသရတိ။ တသ္မာ အဓိဝါသနာတိ ဝုစ္စတိ။ [သဗ္ဗာသဝသုတ် အဋ္ဌကထာ]

အယံခန္ဓိ၊ ဤသည်းခံခြင်းသည်။ သိတာဒယော၊ အချမ်းအစရှိကုန်သော။ ခမ္မေ၊ သဘောတရားတို့ကို။ အဓိဝါသေတိ—အတ္တနော ဥပရိဝါသေတိ ယေဝ၊ မိမိ၏ အပေါ်၌ နေစေတတ် သလျှင်တည်း။ အသဟမာနာ၊ သည်းမခံသည်။ ဟုတ္ဝာ၊ ဖြစ်၍။ နနိသရတိ၊မခါတတ်။ တသ္မာ၊ ထို့ကြောင့်။ အဓိဝါသနာ၊ အဓိဝါသနာမည်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။ ။သိတာဒယော ဟူသော ပါဠိ၌ အာဒိသဒ္ဒါဖြင့် အပူ ခြင်မှက် လေ နေ ပူ မြွေ ျား ကင်း သန်းတို့၏ အတွေ့ တတ်မှတ် ခြင်း မကောင်းသဖြင့် ဆိုအပ်သောစကား ဒုက္ခဝေဒနာ အစရှိသည့် တို့ကို ယူအပ်ကုန်၏။

၁၈၃—လောမသနာဂ မထေရ်ဝတ္ထု၊

အကြင်ရဟန်းသည် အချမ်းကိုသည်းခံ၍ မခဲရင့်သော ယောဂျား ကဲ့သို့ အလွန် သည်းစွာသော အချမ်းဖြင့်လည်း မဝံ့နှုန်လှုပ် ကမ္မဋ္ဌာန်းကို မစွန့်၊ ထို့ရဟန်းသည် လောမသနာဂ မထေရ်ကဲ့သို့ အချမ်းကိုသည်းခံသော ရဟန်းမည်၏။ လောမသနာဂ မထေရ်သည် စေတီယတောင် ဝိယင်္ဂလိုဏ် ကမ္မဋ္ဌာန်း စီးဖြန်းရာကျောင်း၌ နေလျက် အနှစ်ရဋ္ဌက ဖြစ်သော ဆီးနှင်း ကျသောအခါ၌ လောကန္တရိက်ငရဲကို ဆင်ခြင်၍ ကမ္မဋ္ဌာန်းကို မစွန့်မူ၍လျှင် လွင်တီးခေါင်၌ ကာလကိုလွန်စေသတတ်။ အကြင်ရဟန်းသည်ကား ထိုလောမသနာဂမထေရ်ကဲ့သို့လျှင် သည်းစွာသော အပူကိုလည်း သည်းခံ၏။ ဤရဟန်းသည်ကား အပူကို သည်းခံသောရဟန်းမည်၏။ လောမသနာဂမထေရ်သည် နွေကာလဆွမ်းဘုဉ်းပေးပြီးသော အခါ စင်္ကြံ၌နေ၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလတ်သော် မထေရ်၏ လက်ကတိုးမှ ချွေးတို့သည် ယိုစီးကုန်သတည်း။ ထိုအခါ မထေရ်ကို တပည့်သည် အနှင်ဘုရား ဤနေရာ၌ နေတော်မူလော့။ ဤအရပ်သည် အေး၏ဟုလျှောက်၏၊ မထေရ်သည် ငါ့ရှင် ငါသည် အပူမှ ကြောက်သော ကြောင့်လျှင် ဤအရပ်၌ နေ၏ဟု ဆို၍ အဝိဘင်ငရဲကို ဆင်ခြင်၍ နေသလျှင်ကတည်း။ [လောမသနာဂမထေရ်ဝတ္ထု၊]။

၁၃၀–ပဓာနိယ မထေရ်ဝတ္ထု

နှစ်ကြိမ် သုံးကြိမ် ဆွမ်းကိုလည်းကောင်း ရေကို လည်းကောင်း မရသည်ရှိသော်လည်း မသိအပ်သော အစရှိသော သံသရာ၌ မိမိ၏ ပြိတ္တာဘုံ၌ ဖြစ်ခြင်းကို ဆင်ခြင်၍လွန်စွာသော ခြင် မှက် လေ နေပူ တို့၏ အတွေ့တို့ဖြင့် တွေ့သော်လည်း တိရစ္ဆာန်မျိုး၌ ဖြစ်ခြင်းကို ဆင်ခြင်၍ မြွေပျားကင်းသန်းတို့၏ အတွေ့တို့ဖြင့် တွေ့သော်လည်း မသိအပ်သော အစရှိသောသံသရာ၌ခြသေ့်ကျား အစရှိသည်တို့၏ခံတွင်းတို့၌အကြိမ်များစွာ ပျက်စီးဘူးသည်၏ အဖြစ်ကို ဆင်ခြင်၍ အကြင်ရဟန်းသည် ပဓာနိယမထေရ်ကဲ့သို့ မဟုန်မလှုပ်သည်ဖြစ်၍ကမ္မဋ္ဌာန်းကိုမစွန့်သလျှင်ကတည်း။ ဤရဟန်းသည် ငတ်မွတ်ခြင်း အစရှိသည်တို့ကို သည်းခံသော ရဟန်းမည်၏။ ပဓာနိယမထေရ်ကို ခဏ္ဍဝေလကျောင်း မဟာလှေခါးပင် ရောက်သော ကမ္မဋ္ဌာန်းအိမ်၌ အရိယဝံသကို နာစဉ်ပြင်းသော အဆိပ်ရှိသော မြွေသည် ခဲသတတ်။ မထေရ်သည် သိ၍ကြည်ညိုသော စိတ်ရှိသောကြောင့် ထိုင်လျက် တရားကိုသာလျှင်နာ၏။ အဆိပ်အဟုန်သည် ခက်ထန်၏။ မထေရ်သည် ပဉ္စင်းခံရာသိမ်အပြင်ကစ၍ သီလကိုဆင်ခြင်၍ ငါသည် စင်ကြယ်သော သီလရှိ၏ဟု ဒီတိကို ဖြစ်စေ၏။ ဒီတိနှင့်ကကွ မြွေဆိပ်သည်လည်၍ မြေသို့ဝင်၏။ မထေရ်သည် ထိုမြွေကိုက်ရာ အရပ်၌လျှင် စိတ်တည်သောအဖြစ်ရ၍ ဝိပဿနာကို ပွါးစေ၍ အရဟတ္တဖိုလ်သို့ ရောက်၏။ [ပဓာနိယမထေရ်ဝတ္ထု]

ဆိုအပ်ပြီးသော မထေရ်နှစ်ပါး ဝတ္ထုသည် သဗ္ဗာသဝ သုတ် အဋ္ဌကထာ၌ လာ၏။

၁၃၁–ပိဏ္ဍပါတိကမထေရ်ဝတ္ထု

တိကအင်္ဂုတ္တိုရ် ပဉ္စကဝဂ် အဋ္ဌကထာ

ဂဝရဝါလ အင်္ဂဏ၌ ဝါသို့ ကပ်ကုန်သော သုံးကျိပ် ကုန်သော ရဟန်းတို့သည် လခွဲတိုင်း လခွဲတိုင်း ဥပုသ်နေ့၌ စတုပစ္စယသန္တောသဘာဝနာရာမ မဟာအရိယဝံသကို ဟောကုန်သတတ်။ တပါးသော ပိဏ္ဍပါတိက မထေရ်သည် ဓမ္မကထိကမထေရ်၏ နောက်အတို့၌လာ၍ ပုန်းကွယ်ရာ အရပ်၌ နေ၏။ ထိုအခါ ပိဏ္ဍပါတိက မထေရ်ကို တခု

သော ဖြေငန်းသည် သားလုံးသားဂိုင်ကို ညှာပ်ဖြင့် ညှာပ်ဘိသကဲ့သို့ ကိုက်ဖျက်။ ပိဏ္ဍာပါတိက မထေရ်သည် ယနေ့ ငါသည် တရားနာခြင်း၏ အာနိသင်ကို မပြုံးအံ့ဟူ၍ ဖြေငန်းကိုဘမ်း၍ အိတ်၌ထည့်၍ တရားကို နာသလျှင်ကတည်း။ အရဏ်တက်ခြင်းသည် လည်းကောင်း အဆိပ်ကို ခွါ၍ ပိဏ္ဍာပါတိက မထေရ်၏ ဖိုလ်သုံးပါးတို့သို့ ရောက်ခြင်းသည် လည်းကောင်း ဖြေဆိပ်ဖျက်ကိုက်ရာ အရပ်၌လျှင် လျှောက်ချ၍ ဖြေသို့ ဝင်ခြင်းသည်လည်းကောင်း ဓမ္မကထိကမထေရ်၏ တရားဟောခြင်း၏ အပြီးသို့ ရောက်ခြင်းသည် လည်းကောင်း တပြိုင်နက်သာလျှင် ဖြစ်ဖျက်။ ပိဏ္ဍာပါတိက မထေရ်သည် အိတ်ကိုဖြေ၍ ဖြေငန်းကို လွှတ်ဖျက်။ ။ပိဏ္ဍာပါတိက မထေရ်ဘုတ္ထု၊]

၁၉၂-ဒီဃဘာဏက အဘယမထေရ်ဝတ္ထု၊

အကြင် ရဟန်းသည်ကား ဆဲရေးသည်၏ အစွမ်းဖြင့် မကောင်းသဖြင့် ဆိုအပ်သော စကားကိုကြား၍ ခန္တီကျေးဇူးကို ဆင်ခြင်၍ ဒီဃဘာဏကအဘယမထေရ်ကဲ့သို့ မတုန်မလှုပ်၊ ဤရဟန်းသည်ကား မကောင်းသဖြင့် ဆိုအပ်ကုန်သော စကားတို့ကို သည်းခံသော ရဟန်း မည်ဖျက်။ ဒီဃဘာဏက အဘယမထေရ်သည် ပစ္စယသန္နိဿိတ ဘာဝနာရောမ ဟူသော မွေ့လျော်ရာ ရှိသည်ဖျက်အဖြစ်ကြောင့် မဟာအရိယဝံသ ပဋိပတ်ကို ဟောသတတ်။ အလုံးစုံသော ရွာသူဘို့သည် လာ၍ မထေရ်အား မျှားစွာသောပူဇော်သက္ကာရသည်ဖြစ်ဖျက်။ထိုဒီဃဘာဏက အဘယမထေရ်ကို ကပ်ပါးသော မထေရ်သည် သည်းခံ အံ့သောဌာ၊ မတတ်နိုင်၍ ဒီဃဘာဏက အဘယ မထေရ်သည် အရိယဝံသကို ဟောအံ့ဟု အလုံးစုံသော ညဉ့်ပတ်လုံး ကောလာဟလကို ပြုနိုင်ပါ ပေဖျက်။ ဤသို့ အစရှိသော စကားတို့ဖြင့် ဆဲရေးဖျက်၊ နှစ်ပါးကုန်သော မထေရ်တို့သည်လည်း မိမိတို့ဖျက် ကျောင်းသို့ သွားကုန်သည် ရှိသော် တဂါဝုတ်တိုင်တိုင် ကကြောင်းတည်း လမ်းဖြင့် သွားကုန်ဖျက်။ အလုံးစုံသော တဂါဝုတ်တိုင်တိုင်လည်း ထိုမထေရ်သည်ဒီဃဘာဏကအဘယမထေရ်ကို ဆဲရေးသလျှင်ကတည်း။ ထိုနောက်မှ အကြင်အရပ်၌ နှစ်ပါးကုန်သော မထေရ်တို့၏ ကျောင်းလမ်းသည် ကွဖျက်။ ထိုအရပ်၌ ရပ်၍

ဒီဃဘာဏကာ မထေရ်သည် ထိုမဟာထေရ်ကို ရှိခိုး၍ အရှင်ဘုရား ဤလမ်းသည်ကား အရှင်ဘုရားတို့၏ လမ်းတည်းဟူ၍လျှောက်၏။ ထို မဟာထေရ်သည် မကြားသကဲ့သို့ သွား၏။ ဒီဃဘာဏကာမထေရ်သည်လည်း ကျောင်းသို့သွား၍ ခြေတို့ကိုဆေး၍နေ၏၊ထိုဒီဃဘာဏက မထေရ်ကို တပည့်သည် အရှင်ဘုရား အဘယ်ကြောင့် တဂါဝုတ်တိုင်တိုင် ဆဲရေးသော မဟာထေရ်ကိုတစိုးတစိမျှ မဆိုသနည်းဟု လျှောက်၏။ ဒီဃဘာဏက မထေရ်သည် ငါ့ရှင် ငါ၏ဝန်ကား သည်းခံခြင်း လျှင်တည်း။ သည်းမခံခြင်းသည် ငါ၏ဝန်မဟုတ်၊ ငါသည် တခုသော ဘဝါးကို ချိသောကာလ၌လည်း ကမ္မဋ္ဌာန်းနှင့် ကင်းသည်ကို မမြင်ဟု ဆို၏။ [ဒီဃဘာဏက အဘယမထေရ်ဝတ္ထု]

၁၉၃–ခန္တီအကြောင်းနှင့် တက္က သိက္ခာဒးမင်းဝတ္ထု

အကြင်ရဟန်းသည် စိတ္တလတောင်၌ ပဓာနိယမထေရ်ကဲ့သို့၊ ဒုက္ခ ဝေဒနာကို သည်းခံ၏။ ဤရဟန်းသည် ဝေဒနာတို့ကို သည်းခံသော ရဟန်းမည်၏။ညည်ဉ့်အခါ၌ ကမ္မဋ္ဌာန်းဖြင့်လွန်စေ၍ တည်သော ပဓာနိယ မထေရ်အား ဝမ်းလေနာသည်ဖြစ်သတတ်။ ထို ပဓာနိယမထေရ်သည် ထိုဝေဒနာကို သည်းခံ၍ ပဒိုသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်၏။ သမ္မသိသိပုဂ္ဂိုလ်ဖြစ်၍ ပရိနိဗ္ဗာန်ပြု၏။ ။အညတရမထေရ်၏ ဝတ္ထုကိုလည်း ဆိုအပ်၏။ဤသို့သည်းခံခြင်းခန္တီတို့နှင့်ယှဉ်သောပုဂ္ဂိုလ် သည်အကြင်အကြင်ဆိုအပ်ကုန်သော ကျေးဇူးတို့ကိုရ၏။ထိုကြောင့်ထို ပုဂ္ဂိုလ်၏ ထိုခန္တီကို အကြင်အကြင် ဆိုအပ်ကုန်ပြီးသောကျေးဇူးတို့ကို လည်းကောင်း ရဟန်း၏အကြောင်းဖြစ်သောကြောင့်မင်္ဂလာမည်၏ဟူ၍ သိအပ်၏။ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို ရသေ့နတ်ဘုရားတို့သည် ချီးမွမ်းအပ်၏။ ထိုကြောင့်လျှင် သိကြားနတ်မင်းအား တရားဟောသော သရဘင်္ဂရသေ့သည် သရဘင်္ဂဇာတ်၌—

ကောဓံ ဝဓိတ္ဝာန ကဒါစိ သောစတိ၊
မက္ခပဟာနံ အသယော ဝဏ္ဏယန္တိ။
သဗ္ဗေသံ ဝုတ္တံ ဖရုသံ ခမထ၊
ဒုတံ ခန္တိံ ဥတ္တမမာဟု သန္တော။

ဟူသော ဂါထာကို ဆို၏။

ကောဓံ၊ အမျက်ကို။ ဝဓိတွာ၊ ပယ်၍။ ကဒါစိ၊ တရံတဆစ်၊ နသော စတိ၊ မစိုးရိမ်။ မက္ခပဟာနံ၊ ကျေးဇူးတင်ခြင်းကို။ ဣသယော၊ ရသေ့ တို့သည်။ ဝဏ္ဏယန္တီ၊ ချီးမွမ်းကုန်၏။ သဇ္ဇေသံ၊ ခပ်သိမ်းကုန်သော သူတို့၏။ ဗရသံ၊ ကြမ်းသော။ ဝုတ္တံ၊ စကားကို။ ခမထ၊ သည်းခံကုန် လော့။ ဇတံခန္တီံ၊ ထိုသည်းခံခြင်းကို။ ဥတ္တမံ၊ မြတ်၏ဟူ၍။ သန္တော၊ ရှေးပညာရှိတို့သည်။ အာဟု၊ ဆိုကုန်ပြီ။

အကြင်အကြောင်းကြောင့် အဆင်းကို မြင်ခါမျှဖြင့် သတ္တဝါ တို့၏ သေဌအစရှိသည်၏ အဖြစ်ကိုသိခြင်းငှါ မတတ်ကောင်း၊ထိုစကားသည် မှန်၏။မဇ္ဈန္တီကမထေရ်ကဲ့သို့သူတော်ကောင်းတို့သည်လည်းသူယုတ်၏ အသွင်ဖြင့် သွားတတ်ကုန်၏။ ထိုကြောင့် သဇ္ဇေသံဝစနက္ခမံဥတ္တမံဟူ၍ ဆိုဏ်။ ဤသူသည် အလွန်ယုတ်သောသူတည်းဟု အကြင်သူသည်သိ၏။ ထိုသူ၏ ကြမ်းသော စကားကို သည်းခံခြင်းသည်ကား အလွန်မြတ်၏။ ထိုကြောင့် သရဘင်္ဂရသေ့သည်—

ဘယာဟိ သေဌဿ ဝစော ခမထ၊
သာရမ္ဘဟေတုပန သဒိသဿ။
ယောစိဓ ဟိနဿ ဝစော ခမထ၊
ဇတံခန္တီံ ဥတ္တမမာဟုသန္တော။

ဟူ၍ ဆိုဏ်။

ဘယာဟိ၊ ကြောက်သောကြောင့်လျှင်။သေဌဿ၊မြတ်သောသူ၏။ ဝစော၊စကားကို။ ခမထ၊သည်းခံကုန်လော့။ သာရမ္ဘဟေတုပန၊အပြိုင် ပြုအံ့သည်၏အဖြစ်ကိုမြင်သောအကြောင်းကြောင့်။ သဒိသဿ၊တူသော သူ၏။ ဝစော၊ စကားကို။ ခမထ၊သည်းခံကုန်လော့။ ဣဓ၊ဤလောက၌။ ယောစ၊ အကြင်သူသည်ကား။ ဟိနဿ၊ ယုတ်သောသူ၏။ ဝစော၊ စကားကို။ ခမထ၊ သည်းခံကုန်လော့။ တဿ၊ ထိုသူ၏။ ဇတံခန္တီံ၊ ထိုသည်းခံခြင်းကို။ ဥတ္တမံ၊မြတ်၏ဟူ၍။ သန္တော၊ရှေးပညာရှိတို့သည်။ အာဟု၊ ဆိုကုန်ပြီ။

နတ်အသုရာတို့၏ စစ်ထိုးခြင်းသည် ရှေး၌ဖြစ်ဘူး၏။ နတ်တို့သည် အောင်၍ ဝေပစိတ္တိအသုရာမင်းကို နှောင်ဘွဲ၍ သိကြားမင်း၏ အထံသို့ ဆောင်ကုန်၏။ဝေပစိတ္တိအသုရာမင်းသည်သိကြားနတ်မင်းကိုသင်ကား ခိုးသူဖြစ်၏။ သင်ကား မိုက်သည်ဖြစ်၏။ သင်ကားတွေဝေသည်ဖြစ်၏။

သင်္ကား ၄က်တတ်သည်ဖြစ်၏။ သင်္ကားနွားဖြစ်၏။ သင်္ကားမြည်း ဖြစ်၏။ သင်္ကား ငရဲသူဖြစ်၏။ သင်္ကား တိရစ္ဆာန် ဖြစ်၏။ သင်္အား သုဂတိသည်မရှိ၊သင့်အားဒုဂ္ဂတိကိုသာလျှင် အလိုရှိအပ်၏။ဤဆယ်ပါး ကုန်သော အကြောသာဏ္ဍုတို့ဖြင့် ဆဲရေး၏။ သိကြားအိ သင်သည် သာအခါ ခပ်သိမ်းအောင်မည်မဟုတ်၊ အကြင် အခါ၌ အသုရာတို့၏ အောင်ခြင်းသည် ဖြစ်လတ္တံ့။ ထိုအခါ သင့်ကိုလည်း ဤအတူနှောင့်ဖွဲ့၍ အသုရာပြည်တံခါး၌ အိပ်စေ၍ ပုတ်ခတ်စေအံ့။ ဤသို့ အစရှိသည်ဖြင့် မြိမ်းလည်း မြိမ်းချောက်၏။ အောင်အပ်သည်ကို အောင်ခြင်း ရှိသော သိကြားမင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး သည်းခံခြင်း စောက်ရှောင့်ခြင်းရှိသော သူ၏အဖြစ်၌ ကောင်းစွာ တည်သော အလို ဆန္ဒရှိသည်၏ အဖြစ်ကြောင့်ထိုဝေစိတ္တိအသုရာမင်း၏ ကြမ်းကြုတ်သော စကားကို နှလုံးမသွင်း၊ ထိုအခါ မာတလိ နတ်သားသည် ဤသိကြား မင်းကား ဤကြမ်းကြုတ်သော စကားတို့ကို ကြောက်သောကြောင့် သည်းခံသလော၊ ထိုသို့တည်းမဟုတ်မူကား သည်းခံခြင်း ခန္တီနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် သည်းခံသလောဟုကြံ၍ ထိုအကြောင်းကို မေး၏။ ထိုအခါ သိကြားမင်းသည် မာတလိ၊ ငါသည် ဝေပစိတ္တိ အသုရာအား ကြောက်သောကြောင့် သည်းခံသည် မဟုတ်၊ အားနည်း သည်၏ အဖြစ်ကြောင့် သည်းခံသည် မဟုတ်ဟုဆို၍—

သဒဏ္ဍပရမာ အတ္ထော၊ ခန္တျာဘိယျော နုဝိဇ္ဇတိ။
ယော ဟဝေ ဗလဝါ သန္တော၊ ဒုဗ္ဗလဿ တိတိက္ခတိ။
တမာဟု ပရမံ ခန္တိ်ံ၊ နိစ္စံ ခမတိ ဒုဗ္ဗလော။

ဟူ၍ ဆို၏။

မာတလိ၊မာတလိ။သဒဏ္ဍပရမာ၊ဓိဓိ၏အကျိုးမြတ်တို့သည်။သန္တို့၊ ရှိကုန်၏။ တေသု၊ ထိုဓိဓိ၏ အကျိုးမြတ်တို့တွင်။ ခန္တျာ၊ သည်းခံခြင်း ထက်။ ဘိယျော၊ လွန်သော။ အတ္ထော၊ အကျိုးသည်။ နုဝိဇ္ဇတိ၊ မရှိ။ ဗလဝါ၊ အားရှိသော။ သန္တော၊ ငြိမ်သက်သော။ ယော၊ အကြင်သူ သည်။ ဟဝေ၊ စင်စစ်။ဒုဗ္ဗလဿ၊ အားနည်းသောသူအား။ တိတိက္ခတိ၊ သည်းခံ၏။ တံခန္တိ်ံ၊ ထိုသည်းခံခြင်းကို။ ပရမံ၊ မြတ်၏ဟူ၍။ အာဟု၊ ဆိုကုန်၏။ ။ဒုဗ္ဗလော၊ အားနည်းသော သူသည်ကား။ နိစ္စံ၊ အမြဲ။ ခမတိ၊ သည်းခံရ၏။ ဤကျမ်း၌ ဤဆိုအပ်ပြီးသော စကားသည်ကား

အကျွဉ်းတည်း။ အကျယ်ကိုကား သက္ကသံယုတ်၌ ကြည့်အပ်၏။
[သိကြားမင်း၏ခန္တီကို ဆိုရာဝတ္ထု]

လေးယောက် ကုန်သော ပုဏ္ဏား ညီနောင် တို့သည် ဗြာဟ္မဏ သံယုတ်၌ ဟောတော်မူသော နည်းဖြင့် မြတ်စွာဘုရားအား အမျက်ထွက်၍ မြတ်စွာဘုရားကို အထူးထူး အပြားပြားသော ဆဲရေးခြင်းဖြင့် ဆဲရေးကုန်သော် မြတ်စွာဘုရားသည် ဆုံးမအပ်သည်ဖြစ်၍ ရဟန်းပြု၍ မကြာမြင့်မီလျှင် အရဟတ္တဖိုလ်သို့ ရောက်ကုန်သတတ်။ ရဟန်းတို့သည် ငါ့ရှင်တို့ ဘုရားသဗ္ဗညှ၏ ကျေးဇူးတော်တို့သည် စင်စစ်အံ့ဘွယ်သရဲ ရှိကုန်၏။ ထိုစကားသည်မှန်၏၊ထိုပုဏ္ဏားတို့သည် ဆဲရေးလျက်လည်း မြတ်စွာဘုရားသည် တစုံတခုကို မဆိုမူ၍ ထိုပုဏ္ဏားတို့၏ ကိုးကွယ်ရာလျှင် ဖြစ်တော်မူ၏ဟူ၍ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားသည် ထိုစကားကို ကြားတော်မူ၍ ရဟန်းတို့ ငါဘုရားသည် သည်းခံခြင်းအားနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် အမျက်ထွက်ကုန်သော သူ၌ အမျက်မထွက်မူ၍ လူများ၏ ကိုးကွယ်ရာ ဖြစ်တော်မူသလျှင်ကတည်း ဟု မိန့်တော်မူ၍ မေ္ဗပဒဗြာဟ္မဏဝဂ်၌-

အက္ကောသံ ဝဓဗန္ဓဉ္စ၊ အဒုဋ္ဌော ယော တိတိက္ခတိ။
ခန္တီဗလံ ဗလာနိကံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဟူသော ဂါထာကို ဟောတော်မူ၏။

ဘိက္ခဝေ၊ တို့။ ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ အက္ကောသံ၊ ဆဲရေးသောသူကိုလည်းကောင်း။ဝဓဗန္ဓဉ္စ၊ သတ်ပုတ်သောသူနှောင်ဘွဲ့သော သူကိုလည်းကောင်း။ အဒုဋ္ဌော၊ အမျက်မထွက်သည် ဖြစ်၍။ တိတိက္ခတိ၊ သည်းခံ၏။ ခန္တီဗလံ. ခန္တီအားနှင့် ပြည့်စုံသော။ ဗလာနိကံ၊ ခန္တီအားဟူသော အဘန်တလဲလဲ ဖြစ်သော စစ်သည်အပေါင်း ရှိထသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ အဟံ၊ ငါဘုရားသည်။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသော သူဟူ၍။ ဗြူမိ၊ ဟောတော်မူ၏။

ဤသို့ ခန္တီနှင့် ယှဉ်သော ပုဂ္ဂိုလ်ကို ရသေ့နတ် ဘုရားတို့သည် ချီးမွမ်းအပ်၏။ ထိုကြောင့် မိမိကို အမျက်ထွက်သောသူအား အတုံ့အမျက်မထွက်အပ်။ ထိုစကားသည် မှန်၏၊ အမျက်ထွက်သော သူအား အတုံ့အမျက် ထွက်သော သူသည် အလွန် ယုတ်မာ၏။ ထိုကြောင့် သိကြားမင်းသည်-

တသေဝ တေန ပါဝိယော၊ ယော ကုဋ္ဌံ ပဒိုက္ကတိ။
ကုဋ္ဌံ အပဒိုက္ကန္တော၊ သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။
ဟူ၍ ဆို၏။

ယော၊ အကြင်သူသည်။ ကုဋ္ဌံ၊ အမျက်ထွက်သောသူကို။ ပဒိုက္ကတိ၊ အတုံ့အမျက်ထွက်၏။ တေန၊ ထိုအမျက်ဖြင့်။ တသေဝ၊ ထိုအတုံ့အမျက်ထွက်သော သူအား သာလျှင်။ ပါဝိယော၊ အလွန် ယုတ်မာခြင်းသည်။ ဟောတိ၊ ၏။ ကုဋ္ဌံ၊ အမျက်ထွက်သောသူကို။ အပဒိုက္ကန္တော၊ အတုံ့အမျက်မထွက်သောသူသည်။ ဒုဇ္ဇယံ၊ အောင်နိုင်ခဲသော။ သင်္ဂါမံ၊ စစ်ကို။ ဇေတိ၊ အောင်၏။

၁၉၄—ဝေဒေဟိကာ ဝတ္ထု

မူလပဏ္ဏာသ တတိယဝဂ် ကကစူပမသုတ်

ထိုကြောင့် သည်းမခံခြင်းဌာ အပြစ်ကိုရှုသဖြင့် သည်းခံခြင်းခန္တီဌာ တည်ရာ၏။ ထိုစကားသည် မှန်၏၊ သည်းခံခြင်း ခန္တီဌာတည်သော သူသည်သာလျှင် သောရတ အစရှိသော အမည်ကိုရ၏။ ဤအနက်ကို ဝေဒေဟိကာ၏ ဝတ္ထုဖြင့် ပြအပ်၏။ ။လွန်လေပြီးသောအခါ သာဝတ္ထိပြည်ဌာ နူးညံ့သိမ်မွေ့သောနှိမ့်ချခြင်းရှိသော ငြိမ်သက်သော ဝေဒေဟိကာမည်သော အိမ်ရှင်မိန်းမသည်ဖြစ်သတတ်။ ထိုဝေဒေဟိကာအမည်ရှိသော အိမ်ရှင်မိန်းမ၏ ကောင်းသော ကျော်စောသံသည်ကား ဝေဒေဟိကာသည်ကား နူးညံ့သိမ်မွေ့၏၊ ဝေဒေဟိကာသည်ကား နှိမ့်ချခြင်းရှိ၏၊ ဝေဒေဟိကာသည်ကား ငြိမ်သက်၏ဟု ဤသို့နှံ့၍တက်၏။ ထိုအိမ်ရှင်မအားကား ကာလီမည်သော လိမ္မာသော မပျင်းသော ကောင်းစွာစီရင်တတ်သော အမှုရှိသော တယောက်သော ကျွန်မသည်ဖြစ်၏။ ထိုကာလီမည်သောကျွန်မသည်ငါ၏အရှင်မသည် ငါမိ၏အတွင်းသန္တာန်ဌာ ရှိလျက် အမျက်ကို အပသို့ ထွက်ခြင်းကို မပြုသလော၊ ထိုသို့ မဟုတ်မူကား အမျက်သည်ပင် မရှိသလော၊ ငါသည် အရှင်မကို စုံစမ်းရမူကား ကောင်း၏ဟုကြံ၍ နေမြင့်မှဆင်း၏။ ကျွန်မကာလီ အဘယ်ကြောင့် နေမြင့်မှထသနည်း၊ သင်အား မချမ်းသာခြင်းသည် ရှိသလောဟုအိမ်ရှင်မသည်မေး၏။ အရှင်မ တစုံတခုသော မချမ်းသာခြင်းသည် မရှိဟူ၍ ကျွန်မကာလီသည်ဆို၏။ ဟယ်ကျွန်မယုတ် တစုံတခုသော မချမ်းသာ

ခြင်းသည် မရှိဘဲလျက် အဘယ်ကြောင့် နေမြင့်မှထသနည်းဟု အမျက်ထွက်၍ မနှစ်သက်၍ မျက်မှောင်ချိုခြင်းကိုပြု၏။ ထိုအခါ ကာလိသည် ငါ့ရှင်မ၏ ကိုယ်တွင်း၌ အမျက်သည် ရှိသည်သာတည်း၊ မရှိသည် မဟုတ်၊ ငါသည် အတိုင်းထက်အလွန် စုံစမ်းရမှု ကောင်း၏ဟု တဘန် ရောက်သော နေ့၌ အလွန်နေမြင့်မှထ၏။ ဝေဒဟိကာသည် အလွန် အမျက်ထွက်၍တံခါးကျည်ကိုကိုင်၍ဦးခေါင်း၌ပုတ်ခတ်ခြင်းကိုပေး၏၊ ဦးခေါင်းသည် ပေါက်၏။ ကာလိသည် ပေါက်သော ဦးခေါင်းရှိလျက် ယိုစီးသော သွေးရှိလျက် အိမ်ဦးချင်းတို့ကို အရှင်တို့ နှုးညံ့သိမ်မွေ့သော အိမ်ရှင်မ၏အမှုကို ကြည့်ကြပါကုန်လော့။ နှိမ့်ချခြင်းရှိသော အိမ်ရှင်မ၏အမှုကို ကြည့်ကြပါကုန်လော့၊ ငြိမ်သက်သော အိမ်ရှင်မ၏ အမှုကို ကြည့်ကြပါကုန်လော့ဟု ကဲ့ရဲ့ရှုတ်ချ စေရာ ထိုနောက်ကာလ၌ ဝေဒေဟိကာ၏ မကောင်းသော ကျော်စောသံသည် ဖြစ်၏။ ဝေဒေဟိကာသည်ကား နှိမ့်ချခြင်းမရှိ၊ဝေဒေဟိကာ သည်ကားမငြိမ်သက်ဟု ဤသို့နှံ့၍ တက်၏။ ဤသို့ အကြင်မျှလောက် ကုန်သော ကျေးဇူးတို့သည် ရှိကုန်၏။ ထိုကျေးဇူးတို့ထက် နှစ်ဆတက် ဖြစ်ကုန်သော ဒေါသတို့သည် ဖြစ်ကုန်၏။ ကျေးဇူးတို့ မည်သည်ကား ဖြည်းညှင်းစွာ ဖြည်းညှင်းစွာ လာကုန်၏။ အပြစ် တို့သည်ကား တရက်ခြင်းလျှင် နှံ့ကုန်၏။ မြတ်စွာဘုရားသည်လည်း ရဟန်းတို့အား သည်းမခံခြင်း၌ အပြစ်ကို ပြတော်မူ၍ သည်းခံခြင်း၌ ယှဉ်စေတော် မူလို၍ ဤအတိတ်ကို ဆောင်တော် မူ၍ တဘန် ရဟန်းတို့ ဤအတူလျှင် ဤသာသနာတော်၌ အနျှော်သော ရဟန်းသည် အကြင်မျှလောက် ထို ရဟန်းကို နှစ်သက်ဘွယ် မရှိကုန်သော စကားတို့ကို မသိကုန်သေး၊ ထိုမျှလောက်သော ကာလပတ်လုံးလျှင်နှုးညံ့သိမ်မွေ့သော သူတို့ထက် နှုးညံ့သိမ်မွေ့သည်ဖြစ်၏။ နှိမ့်ချသော သူတို့ထက် နှိမ့်ချသည် ဖြစ်၏။ ရဟန်းတို့ စင်စစ်သဖြင့်ကား အကြင်အခါ၌ ရဟန်းတို့ နှစ်သက်ဘွယ် မရှိကုန်သော စကားတို့ကို သိကုန်၏၊ထိုအခါ၌သည်းခံသော ရဟန်းကို နှုးညံ့သိမ်မွေ့သော ရဟန်းဟူ၍ သိအပ်၏။ နှိမ့်ချသော ရဟန်းဟူ၍ သိအပ်၏။ ငြိမ်သက်သော ရဟန်းဟူ၍ သိအပ်၏ဟူ၍ ဟောတော်မူ၏။ [ဝေဒေဟိကာဝတ္ထု]။ ခန္ဓိဟူသော ပုဒ်၏ အဓိဘွယ်စကားတည်း။

၂၀-သောဝစဿတာ မင်္ဂလာ

၁၉၅-သောဝစဿတာ မင်္ဂလာကို ပြခြင်း

ဘုရားပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ဖြင့် ဆိုသည်ရှိသော် ပြန့်လွင့်ခြင်းသို့ လည်းကောင်း ဆိတ်ဆိတ် နေသော အဖြစ်သို့ လည်းကောင်း ဂုဏဒေါသကို ကြံခြင်းသို့လည်းကောင်း မရောက်မူ၍ အလွန်လျှင် ရှိသေခြင်းသို့လည်းကောင်း အလေးပြုသည်၏ အဖြစ်သို့ လည်းကောင်း နှိမ့်ချသောစိတ်ရှိသည်၏အဖြစ်သို့လည်းကောင်း ရှောရှု၍ ကောင်းပြီဟု ဆိုခြင်းကို ပြုသည်၏ အဖြစ်သည် သောဝစဿတာ မည်၏ဟူ၍ အဋ္ဌကထာဆို အပ်၏။ ထိုစကားဌာန် ချမ်းသာသဖြင့် ဆုံးမအပ်သော ပုဂ္ဂိုလ်သည် သုဝစမည်၏။ ချမ်းသာသဖြင့် ဆုံးမအပ်သော ပုဂ္ဂိုလ်၏ ရှိသေသည်၏ အစွမ်းအားဖြင့်ဖြစ်သော စေတနာသည် သောဝစဿတာမည်၏။ ထိုစေတနာရှိသည်၏ အဖြစ်သည် သောဝစဿတာမည်၏။ ထိုသောဝစဿတာကို နာထကရဏဟူ၍ ဆိုအပ်၏။ ထိုကြောင့် ဒဿအင်္ဂုတ္တိရ၏ ဒုတိယဝဂ် သတ္တမသုတ်၌–

ယမ္ပိ ဘိက္ခဝေ ဘိက္ခု သုဝစော ဟောတိ။ သောဝစဿကရဏေဟိ ဓမ္မေဟိ သမန္နာဂတော၊ ခမော၊ ပဒက္ခိဏဂ္ဂါဟီ အနုသာသနိ။ အယမ္ပိ ဓမ္မော နာထကရဏော။

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊တို့။ယမ္ပိ၊အကြင်အကြောင်းကြောင့်လည်း။ဘိက္ခု၊ရဟန်းသည်။ သုဝစော၊ ချမ်းသာသဖြင့်ဆုံးမအပ်သည်။ ဟောတိ၊၏။ သောဝစဿကရဏေဟိ၊ ချမ်းသာသဖြင့် ဆုံးမအပ်သောသူ၏ စေတနာကို ပြုတတ်ကုန်သော။ ဓမ္မေဟိ၊တရားတို့နှင့်။ သမန္နာဂတော၊ပြည့်စုံသည်။ ဟောတိ၊၏။ ခမော၊ သည်းခံခြင်းသည်။ ဟောတိ၊၏။ ပဒက္ခိဏဂ္ဂါဟီ အနုသာသနိ၊အရှိအသေပြု၍ ယူသော အဆုံးအမရှိသည်။ ဟောတိ၊၏။ အယမ္ပိဓမ္မော၊ ဤသို့ သဘောရှိသော သောဝစဿတာ တရားသည် လည်း။နာထကရဏော၊ကိုးကွယ်ရာကိုပြုတတ်၏။ ။ထိုသောဝစဿတာကို သိတင်းသုံးဘော်တို့၏ အထံမှ ဆုံးမခြင်း မြစ်တားခြင်းကို ရခြင်း၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း အပြစ်ကိုပယ်ခြင်း ကျေးဇူးကို ရခြင်း၏ အကြောင်း ဖြစ်သောကြောင့် လည်းကောင်း

မင်္ဂလာဟူ၍ ဆိုအပ်၏။ ထိုကြောင့် အနုမာနသုတ်၌ တရားဟောသော မဟာမောဂ္ဂလာန်မထေရ်သည်—

> ပဝါရေတိစေပိ အာဝုသော ဘိက္ခု ဝဒန္တု မံ အာယသ္မန္တော။ ဝစနီယောမှိ အာယသ္မန္တေဟိ တိ။ ယောစ ဟောတိ ဒုဗ္ဗစော၊ ဒေါဝစဿ ကရဏေဟိ ဓမ္မေဟိ သမန္နာဂတော၊ အက္ခမော အပဒက္ခိဏဂ္ဂါဟီ အနနုသာသနီ။ အထခေါ နံ သဗြဟ္မစာရီ နစေဝ ဝတ္တဗ္ဗံ မညန္တိ။ နစ တသ္မိံ ပုဂ္ဂလေ ဝိဿာသံ အာပဇ္ဇိတဗ္ဗံ မညန္တိ။

ဟူ၍ဂုင်း။

> နောစေ အပိ အာဝုသော ဘိက္ခု ပဝါရေတိ ဝဒန္တု မံ အာယသ္မန္တော။ ဝစနီယောမှိ အာယသ္မန္တေဟိ တိ၊ သောစ ဟောတိ သုဝစော။ သောဝစဿ ကရဏေဟိ ဓမ္မေဟိ သမန္နာဂတော၊ ခမော၊ ပဒက္ခိဏဂ္ဂါဟီ အနုသာသနီ။ အထခေါ နံ သဗြဟ္မစာရီ ဝတ္တဗ္ဗဥ္စေပ မညန္တိ။ အနုသာသိတဗ္ဗဥ္စ မညန္တိ။ တသ္မိံစ ပုဂ္ဂလေ ဝိဿာသံ အာပဇ္ဇိတဗ္ဗံ မညန္တိ။

ဟူ၍ဂုင်း ဟောတော်မူ၏။

အာဝုသော၊ ငါ့ရှင်တို့။ ဘိက္ခု၊ သည်။ မံ။ ငါ့ကို။ အာယသ္မန္တော၊ ငါ့ရှင်တို့သည်။ ဝဒန္တု၊ ဆိုပါကုန်လော့။ အာယသ္မန္တေဟိ၊ ငါ့ရှင်တို့သည်။ ဝစနီယော၊ ဆိုဆုံးမအပ်သည်။ အမှိ၊ ၏။ ဣတိ၊ သို့။ ပဝါရေတိစေပိ၊ အကယ်၍ဘိတ်ငြားသော်လည်း။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဒုဗ္ဗစောစ၊ ဆုံးမခက်သည်လည်း၊ ဟောတိ၊ ၏။ ဒေါဝစဿ ကရဏေဟိ၊ ဆုံးမခက်သော ပုဂ္ဂိုလ်၏ အမှုကို ပြုတတ်ကုန်သော။ ဓမ္မေဟိ၊တရားတို့နှင့်။ သမန္နာဂတော၊ပြည့်စုံ၏။ အက္ခမော၊သည်းမခံ။ အပဒက္ခိဏဂ္ဂါဟီ အနနုသာသနီ၊ အဆုံးအမကို အရိုအသေအားဖြင့် ယူလေ့မရှိ။ အထခေါ၊ ထိုအခါ၌။ နံဘိက္ခုံ၊ထိုရဟန်းကို။သဗြဟ္မစာရီ၊ သီဘင်းသုံးဘော်တို့သည်။ ဝတ္တဗ္ဗံ၊ ဆိုအပ်သော ရဟန်းဟူ၍။ နစေဝ မညန္တိ၊ မအောက်မေ့ကုန်သလျှင်ကတည်း။ အနုသာသိတဗ္ဗံ၊ ဆုံးမအပ်သော ရဟန်းဟူ၍။ နစမညန္တိ၊ မအောက်မေ့ကုန်။ တသ္မိံ ပုဂ္ဂလေ၊ ထိုပုဂ္ဂိုလ်၌။ ဝိဿာသံ၊အကျမ်းဝင်ခြင်းသို့။ အာပဇ္ဇိတဗ္ဗံ၊ရောက်အပ်၏

ဟူ၍။ နစမညန္တီ၊မအောက်မေ့ကုန်။ ။အာဝုသော၊ ငါ့ရှင်တို့။ဘိက္ခု၊။ ရဟန်းသည်။ မံ၊ ငါ့ကို။ အာယသ္မန္တော၊ အရှင်တို့သည်။ ဝဒန္တု၊ဆိုပါကုန်လော့။ အာယသ္မန္တေဟိ၊ငါ့ရှင်တို့သည်။ ဝစနီယော၊ဆိုအပ်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ သို့။ နောစေပိပဝါရေတိ၊ မဘိတ်သော်လည်း။ သောဘိက္ခု၊ ထိုရဟန်းသည်။ သုဝစောစ၊ ဆုံးမလွယ်သည်လည်း။ ဟောဘိ၊ ၏။ သောဝစဿကရဏေဟိ၊ ဆုံးမလွယ်သော အမှုကို ပြုတတ်ကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ ခမော၊သည်းခံ၏။ပဒက္ခိဏဂ္ဂါဟီအနုသာသနီ၊အဆုံးအမကို အရိုအသေအားဖြင့် ယူလေ့ရှိ၏။ အထခေါ၊ ထိုအခါ၌။ နံဘိက္ခုံ၊ ထိုရဟန်းကို။ သဗြဟ္မစာရီ၊ သီတင်းသုံးဘော်တို့သည်။ ဝတ္တဗ္ဗဥ္စေဝ၊ ဆိုအပ်သော ရဟန်းဟူ၍လည်း။ မညန္တီ၊ အောက်မေ့ကုန်၏။ အနုသာသိတဗ္ဗဥ္စ၊ ဆုံးမအပ်သော ရဟန်းဟူ၍လည်း။ မညန္တီ၊အောက်မေ့ကုန်၏။ တသ္မိံ ပုဂ္ဂလေ၊ ထိုပုဂ္ဂိုလ်၌။ ဝိဿာသံ၊ အကျွမ်းဝင်ခြင်းသို့။ အာပဇ္ဇိတဗ္ဗဥ္စ၊ ရောက်အပ်၏ ဟူ၍လည်း။ မညန္တီ၊ အောက်မေ့ကုန်၏။ ။ဆိုလွယ်သော ပုဂ္ဂိုလ်မည်သည်လည်း မိမိ၏ လည်းကောင်း သူတပါး၏ လည်းကောင်း ဒေါသကို ပယ်ခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်မည်၏။ ထိုကြောင့် ဆိုလွယ်သော ပုဂ္ဂိုလ်၏သောဝစဿတာသည် ဒေါသကို ပယ်ခြင်း၏ အမှုကို ရခြင်း၏ အကြောင်း ဖြစ်၏။ ။တနည်းကား သောဝစဿတာသည် တရား အထူးကို ရခြင်းငှါ နီးသည်၏ အဖြစ်ကြောင့် မင်္ဂလာမည်၏။ ထိုကြောင့် မေတ္တာသုတ်အဌကထာ၌၊ အကြင်ပုဂ္ဂိုလ်သည် ဤအမှုကို မပြုအပ်ဟု ဆိုသည်ရှိသော် သင်သည် အဘယ်ကို မြင်သနည်း၊သင်သည် အဘယ်ကို ကြားသနည်း၊သင်သည် ငါ့အား အသို့စပ်လျဉ်းသောသူဖြစ်၍ ဆိုသနည်း၊ သင်သည် ဥပဇ္ဈာယ်လော၊ ဆရာလော၊ သန္ဒိဋ္ဌအဆွေခင်ပွန်းလော၊ တကွဆည်းကပ်ဘက် အဆွေခင်ပွန်းလောဟူ၍မူလည်း ဆို၏။ ဆိတ်ဆိတ်နေသဖြင့် မူလည်း ညှဉ်းဆဲ၏။ ဝန်ခံ၍ ထိုအမှုကို ထိုသို့ ဆိုတိုင်းမပြု။ ထိုပုဂ္ဂိုလ်သည် တရားအထူးကိုရခြင်းမှဝေး၏။အကြင်ပုဂ္ဂိလ်သည်ကား ဆုံးမအပ်သည်ရှိသော် အရှင်ဘုရား–ကောင်းပြီ၊ အရှင်ဘုရားသည် ကောင်းစွာဆိုအပ်၏၊ မိမိ၏အပြစ်ကို မိမိသည် မြင်နိုင်၏။ တဘန်လည်း ဤသို့ သဘောရှိသော အမှုကိုမြင်၍ အကျွန်ုပ်အား အစဉ်သနားခြင်းကိုစွဲ၍

ကျွန်ုပ်ကိုဆိုတော်မူပါ။ ကြာမြင့်မှ အကျွန်ုပ်သည် အာရုဏ်ဘုရားတို့၏ အထံမှ အဆုံးအမကို ရပါသည်ဟု ဆို၏။ ဆုံးမတိုင်းလည်း ကျင့်၏။ ထိုပုဂ္ဂိုလ်သည် တရားအထူးကို ရခြင်း၏အနီးဌာ တည်၏။ ထိုကြောင့် လျင် သူတပါး၏စကားကို ဝန်ခံ၍ ကျင့်တတ်သော ဆုံးမလွယ်သော သူဟုဆိုအပ်၏။ ။ဆုံးမလွယ်သော ပုဂ္ဂိုလ်သည်ကား ချီးမွမ်းအပ်သော ပုဂ္ဂိုလ် မချီးမွမ်းအပ်သော ပုဂ္ဂိုလ်အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုကြောင့် ကကစူပမာသုတ်ဌာ ဤသို့ ဟောတော်မူ၏။ ။ရဟန်းတို့- အကြင်ရဟန်းသည် သက်နှံး ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပင့်ဖြစ်သော ဆေးအရံအတားဟူသော အကြောင်းကြောင့် ဆုံးမလွယ်၏။ ဆုံးမလွယ်သည်၏ အဖြစ်သို့ရောက်၏။ ထိုရဟန်းကို ဆုံးမလွယ်သော ရဟန်းဟူ၍ ငါဘုရားသည် ဟောတော်မမူ။ ထိုသို့ ဟောတော်မမူခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူကား ရဟန်းကို- ထိုရဟန်းတို့သည် ထို သက်နှံး ဆွမ်း ကျောင်း ဆေးကို မရသည် ရှိသော် ဆုံးမလွယ်သည်မဖြစ်။ ဆုံးမလွယ်သည်၏အဖြစ်သို့ မရောက်။ ထိုကြောင့် ထိုရဟန်းကို ဆုံးမလွယ်သောရဟန်းဟူ၍ ငါဘုရားသည် ဟောတော်မမူ။ ရဟန်းတို့- အကြင်ရဟန်းသည်ကား တရားကိုသာ အရှိအသေပြုလျက် တရားကိုသာလျင် အလေးအမြတ်ပြုလျက် တရားကိုသာလျင် ပူဇော်လျက် ဆုံးမလွယ်သည်ဖြစ်၏။ ဆုံးမလွယ်သည်၏ အဖြစ်သို့ ရောက်၏။ ထိုရဟန်းကို ဆုံးမလွယ်သော ရဟန်းဟူ၍ ငါဘုရားသည် ဟောတော်မူ၏။ ရဟန်းတို့- ထိုကြောင့် ဤသာသနာတော်၌ ဤသို့ ကျင့်အပ်၏။ တရားကိုသာလျင် အရှိအသေပြုလျက် တရားကိုသာလျင် အလေးအမြတ်ပြုလျက် တရားကိုသာလျင် ပူဇော်လျက် ဆုံးမလွယ်သည် ဖြစ်စေအံ့။ ဆုံးမလွယ်သည်၏အဖြစ်သို့ ရောက်စေအံ့။ ဤသို့လျင် ရဟန်းတို့ သင်တို့သည် ကျင့်အပ်၏။

[ကကစူပမာသုတ် ပါဠိတော်]။

၁၉၆-ရာဓမထေရ် ဝတ္ထု

ဓမ္မပဒပဋ္ဌကထာ

ထိုကြောင့် ရာဓမထေရ်ကဲ့သို့ တရားကို အလေးအမြတ်ပြု၍ ဆုံးမလွယ်သည်ဖြစ်ရာ၏။ ရာဓမထေရ်သည် ကတညုတာကထာ၌ ဆိုအပ်

ပြီးသော နည်းဖြင့် အခွင်သာရိပုတ္တရာမထေရ်၏ အထံ၌ ဂုဟနန်းပြုံသတတ်။ အခွင်သာရိပုတ္တရာမထေရ်သည် အခွင်ရာဓမထေရ်ကိုခေါ်၍ ရွာငယ်ကျောင်းသို့သွား၍ ထိုကျောင်း၌နေလျက် မပြတ်ရာဓမထေရ်ကို ခေါ်၍ ဤအမှုကို သင်သည် ပြုအပ်၏။ ဤအမှုကို သင်သည်မပြုအပ်ဟု ဆုံးမ၏။ ကဲ့မြစ်၏။ အခွင်ရာဓမထေရ်သည် ဆုံးမလွယ်သည်ဖြစ်၍ အဆုံးအမကိုရိုသေသဖြင့် ခံလေ့ရှိ၏။ထိုကြောင့် ဆုံးမတိုင်းကျင့်လျက် နှစ်ရက်သုံးရက် လွန်သဖြင့်လျှင် အရဟာတ္တဖိုလ်သို့ရောက်၏။ အခွင်သာရိပုတ္တရာမထေရ်သည် အခွင်ရာဓမထေရ်ကိုခေါ်၍ မြတ်စွာဘုရား အထံတော်သို့သွား၍ မြတ်စွာဘုရားအား ရှိခိုး၍နေ၏။ သာရိပုတ္တရာတပည့်သည် ဆုံးမလွယ်၏လော ဘုရားမေးတော်မူသည်ရှိသော် အခွင်ဘုရား- အလွန်လျှင် ဆုံးမလွယ်၏။ တစုံတခုသောအပြစ်ကြောင့် ဆုံးမသည်ရှိသော် အမျက်မထွက်စဘူးဟူ၍ လျှောက်၏။မြတ်စွာဘုရားသည် ရာဓမထေရ်ကိုသက်သေပြု၍ ရဟန်းတို့ကိုဆုံးမတော်မူလိုရကား ရဟန်းတို့ ရဟန်းမည်သည်ကား ရာဓကဲ့သို့ဆုံးမလွယ်သည် ဖြစ်ရာ၏။ အပြစ်ကိုပြု၍ ဆုံးမသော်လည်း အမျက်မထွက်ရာဟု မိန့်တော်မူ၍ တဘန် တပါးသောပရိယာယ်အားဖြင့် ဆုံးမတော်မူလိုရကား အဆုံးအမကို ပေးသောသူကို ရွှေဒိုးကို ကြားသောသူကိုကဲ့သို့ မှတ်အပ်၏ဟု မိန့်တော်မူ၏။ဆင်းရဲသောသူသည် ဤရွှေဒိုးကိုယူလော့ဟု ခြိမ်းချောက်၍ လည်းကောင်း ပုတ်ခတ်၍လည်းကောင်း ရွှေဒိုးကို ပြသည်ရှိသော် အမျက်ထွက်ခြင်းကို မပြု။ ဝမ်းမြောက်ခြင်း သာလျှင် ရှိသကဲ့သို့ ထိုအတူလျှင် မလျော်ပတ်သည်ကိုလည်းကောင်း ချွတ်ယွင်းသည်ကိုလည်းကောင်း မြင်၍ ကြားပေသော ဤသို့သဘောရှိသော ပုဂ္ဂိုလ်၌ အမျက်ထွက်ခြင်းကို မပြုပဲအပ်။ နှစ်သက်သည်သာလျှင် ဖြစ်ရာ၏။ အခွင်ဘုရား- အကျွန်ုပ်၏ ဆရာဥပဇ္ဈာယ်အရာ၌ တည်၍ ဆုံးမကုန်သော အခွင်တို့သည် မြတ်သည့်အမှုကိုပြုအပ်၏။ တဘန်လည်း အကျွန်ုပ်ကို ဆုံးမတော်မူပါဟု ဘိတ်အပ်သလျှင်ကတည်း။ဤကား မြတ်စွာဘုရား၏ အလိုတော်တည်း။ ။[ရာဓမထေရ်ဝတ္ထု]။ ။ဤသို့ ဆုံးမလွယ်သော သူသည် ချမ်းသာကိုရ၏။ ။ဧကကနိပါတ် ဒုတိယဝဂ် တိပလ္လတ္ထဇာတ် ဆက္ကနိပါတ်ဒုကိယဝဂ်ကိ ံသကပုဗ္ဗဇာတ်တို့ကိုလည်း ဤအရာ၌ဆိုအပ်ကုန်၏။ ။ဆုံးမခက်သောသူသည် ဆင်းရဲကို ခံရ၏။ ။ဧကကနိပါတ်

ပဉ္စမဝဂ်၌ ဝေဌုကဇာတ်, ဝေဒဗ္ဗဇာတ်, ထိုးကကနိပါတ်၏လျှင် ပန္နရသမဝဂ်၌ ဂေါဓဇာတ်, ဒုကနိပါတ်၏ ဒုတိယဝဂ်၌ ဇူနွသမဇာဂုတ္တဇာတ်တို့ကို ဤအရာ၌ဆိုအပ်ကုန်၏။

၁၃၇-ဝါဏိဇဝတ္ထု

ဝလာဟကဇာတ်အဋ္ဌကထာ

အကြင်သူသည် မိမိ၏ ဆုံးမလွယ်သည်၏ အဖြစ်ကြောင့် ဆုံးမတတ်သောသူ၏ စကားကို လိုက်နာ၏၊ ထိုသူသည် ချမ်းသာကို ရ၏။ အကြင်သူသည်ကား ဆုံးမတတ်သော သူ၏ စကားကို မလိုက်နာ၊ ထိုသူသည်ကား ဆင်းရဲကို ရ၏။ ဤအရာ၌ လွန်လေပြီးသော အခါကုန်သည်ငါးရာတို့သည် သက်သေ ဖြစ်ကုန်၏၊ ။လွန်လေပြီးသော အခါ၌ သိဟိုဠ်ကျွန်း သိရီသဝတ္ထုမည်သော ဘီလူးမြို့သည် ဖြစ်၏။ ထိုမြို့၌ ဘီလူးမတို့သည် သဘော်ပျက်ကုန်သော ကုန်သည်တို့သည် လာလတ်ကုန်သော် ယာဂုထမင်း အစရှိသည်တို့ကို ပေးကုန်၍ အဘယ်အမှုကြောင့် ဤအရပ်သို့လာကုန်သနည်းဟု မေးကုန်၏။ သဘော်ပျက်၍ ဤအရပ်သို့ လာကုန်၏ဟု ဆိုကုန်လတ်သော် ထိုဘီလူးမတို့သည် အရှင်တို့ သဘော်စီး၍ သွားလေကုန်သော အကျွန်ုပ်တို့၏ ချစ်စွာကုန်သော လင်တို့၏ သွားသောကာလသည် သုံးနှစ်ရှိပြီ၊ ကျွန်ုပ်တို့၏ လင်သည် သေသည်ဖြစ်ကုန်လတ္တံ့၊ သင်တို့သည်လည်း ကုန်သည်တို့ပင်လျှင်တည်း။ ကျွန်ုပ်တို့သည် သင်တို့၏ မယားဖြစ်ကုန်အံ့ဟုဆို၍ ထိုသူတို့ကို ဖြားယောင်း၍ ဘီလူးမြို့သို့ဆောင်၍ ရှေးဦးစွာ ဘမ်းကုန်သော လူတို့သည် ရှိကုန်လတ်သော် တို့လူတို့ကို နတ်တို့၏ သံခြေကျဉ်းဖြင့် နှောင်ဘွဲ၍ နှောင်အိမ်သို့သွင်း၍ နောက်မှ ဘမ်းကုန်သော လူတို့ကို မိမိတို့၏လင် ပြုကုန်၏။ မိမိတို့၏ နေရာအရပ်၌ သဘော်ပျက်ကုန်သော လူတို့ကို မရကုန်သော ဘီလူးမတို့သည်ကား ထိုမှာဘက်မှ ကလျာဏီမြစ်၊ ဤမှာဘက်မှ နာဂဒီပ၊ ဤသို့ သမုဒ္ဒရာကမ်းကို လှည့်လည်ကုန်၏။ ဤကား ထိုဘီလူးမတို့၏ မေ့တာကည်း။

ထိုအခါ တနေ့သ၌ သဘော်ပျက်ကုန်သော ကုန်သည် ငါးရာတို့သည် ထိုဘီလူးမတို့၏ မြို့အနီးသို့ကျကုန်၏။ ထိုဘီလူးမတို့သည် ထိုကုန်သည်တို့ကို ဖြားယောင်း၍ ဆောင်၍ ရှေးဦးစွာ ယူကုန်သော

လူတို့ကို နှောင့်ဖွဲ့၍ နှောင်အိမ်၌ သွင်းကုန်၏။ ထိုအခါ ဘီလူးမကြီး တို့သည် ကြွင်းကုန်သော ကုန်သည်တို့ကို လင်ပြုကုန်၍ ညဉ့်အခါ၌ ထိုသူတို့သည် အိပ်ပျော်ကုန်သော် ထ၍ သွား၍ နှောင်အိမ်၌ လူတို့ကို စား၍ လာကုန်၏။ ကုန်သည်ကြီးသည် စုံစမ်းလတ်သော် မိမိမယား၏ ဘီလူးမ၏ အဖြစ်ကို သိ၍ တပါးကုန်သော ကုန်သည်တို့အား ပြော ဆို၍ လာကြကုန်လော့၊ ပြေးကြကုန်အံ့ဟု ဆို၏။ ထို ကုန်သည်တို့ တွင် နှစ်ရာ့ငါးကျိပ်ကုန်သော ကုန်သည်တို့သည် ငါတို့သည် ထို ဗိန်းမတို့ကို စွန့်အံ့သောငှါ မတတ်နိုင်ကုန်ဟု ဆို၍ မသွားကုန်။ ထို ကုန်သည်ကြီးသည် မိမိစကားကို လိုက်နာကုန်သော နှစ်ရာ့ငါးကျိပ် ကုန်သော ကုန်သည်ကြီးတို့ကို ယူ၍ ပြေး၏။ ထိုအခါ ဘုရားလောင်း သည် ဝလာဟက ဥသဘ မြင်းမင်းဖြစ်၍ ကိုယ်လုံး ဖြူ၏၊ တန်ခိုး ရှိ၏၊ ကောင်းကင်သို့ ပျံသွား၏၊ ဟိမဝန္တာမှ သီဟိုဠ် ကျွန်းသို့ သွား၍ အလိုလို ဖြစ်သော သလေးကို စား၍ သွား၏။ သွားလိုလတ် သော် ဇနပုဒ်သို့ သွားလိုသောသူ ရှိသလောဟု သုံးကြိမ် ကရားဟာ သည် ထုံမွမ်းအပ်သော လူ့ဘာသာစကားကို ဆို၏။ ထို ကုန်သည် တို့သည် မြင်းမင်း၏ စကားကိုကြား၍ လက်အုပ်ချီ၍ ကျွန်ုပ်တို့ သွား ပါကုန်အံ့ဟု ဆိုကုန်၏။ ထိုသို့ တပြီးကား ငါ၏ ကျောက်ကုန်းသို့ တက်ကုန်လော့ဟု မြင်းမင်းသည် ဆို၏။ ထိုအခါ အချို့ကုန်သော ကုန် သည် တို့သည် ကျောက်ကုန်းသို့တက်ကုန်၏။ အချို့ကုန်သောကုန်သည် တို့သည် အမြီးကိုဆွဲကုန်၏။ အချို့ကုန်သော ကုန်သည်တို့သည် လက် အုပ်ချီ၍ ရပ်ကုန်၏။ မြင်းမင်းသည် အယုတ်သဖြင့် လက်အုပ်ချီ၍ ရပ်သည်လည်း ဖြစ်ကုန်သော ထိုအလုံးစုံကုန်သော ကုန်သည်တို့ကို မိမိ အာနုဘော် အားဖြင့် ဆောင်၍ မိမိ မိမိတို့၏ နေရာ အရပ်၌ ထားခဲ့၍ မိမိနေရာ အရပ်သို့လျင် သွား၏။ မပြေးကုန်သော နှစ်ရာ့ ငါးကျိပ်ကုန်သော သူတို့ကို တပါးကုန်သော သဘော်ဝပျက် ကုန်သည် တို့ လာသော ကာလ၌ ဘီလူးမတို့သည် စားကုန်၏။ မြတ်စွာ ဘုရား သည်လည်း ဤ အတိတ်ကို ဆောင်တော် မူ၍ ရဟန်းတို့ ဘီလူးမတို့၏ နိုင်ငံသို့ လိုက်ကုန်သော ထိုကုန်သည်တို့သည် အသက်၏ ကုန်ခြင်းသို့ ရောက်ကုန်သကဲ့သို့ ဝလာဟက ဥသဘမြင်းမင်း၏ စကားကို လိုက်နာကုန်သော ကုန်သည်တို့သည် မိမိ မိမိတို့၏ အရပ်၌

တည်ကုန်သကဲ့သို့ ထိုအတူလျှင် ဘုရားတို့၏ အဆုံးအမကို မလိုက်နာ ကုန်သော လေးပါးကုန်သောပရိသတ်တို့သည်အပါယ်လေးပါးတို့၌ရင်း ငါးပါးအပြားရှိသောနှောင်ဘွဲခြင်းကိုပြုရာ ကမ္မကရထာကိုပြုရာဌာနအစ ရှိသည်တို့၌ရင်း ကြီးစွာသောဆင်းရဲခြင်းသို့ရောက်ကုန်၏။ ဘုရားတို့၏ အဆုံးအမကို လိုက်နာကုန်သော ပရိသတ်တို့သည်ကား သုံးပါးသော သူကြွယ်မျိုး ကာမာဝစရ နတ်ပြည်ခြောက်ထပ် ဗြဟ္မာ့ပြည် နှစ်ဆယ် ကုန်သော ဤအရပ်တို့သို့ လည်းကောင်း အမြိုက် နိဗ္ဗာန်သို့ လည်း ကောင်း ရောက်၍ ကြီးစွာသော ချမ်းသာကို ခံရကုန်၏ဟု မိန့်တော် မူ၍ ဒုကနိပါတ် ပဉ္စမဝဂ်၌-

ယေန ကာဟန္တိ သြဝါဒံ၊ နရာ ဗုဒ္ဓေန ဒေသိတံ။
ဗျသနံ တေ ဂမိဿန္တိ၊ ရက္ခသိဟိဝ ဝါဏိဇာ။
ယေစ ကာဟန္တိ သြဝါဒံ၊ နရာ ဗုဒ္ဓေန ဒေသိတံ။
သောတ္ထိံ ပါရံ ဂမိဿန္တိ၊ ဝလာဟေနေဝ ဝါဏိဇာ။

ဟူသော နှစ်ဂါထာကို ဟောတော်မူ၏။

ယေနရာ၊ အကြင်လူတို့သည်။ ဗုဒ္ဓေန၊ ဘုရားသည်။ ဒေသိတံ၊ ဟောအပ်သော။ သြဝါဒံ၊ အဆုံးအမကို။ နကာဟန္တိ၊ မယူကုန်။ တေ နရာ၊ ထိုလူတို့သည်။ ဗျသနံ၊ ပျက်စီးခြင်းသို့။ ဂမိဿန္တိ၊ ရောက်ကုန် လတ္တံ့။ ကေဝိယ၊ အဘယ်သူတို့ကဲ့သို့နည်း ဟူမူကား။ ရက္ခသိဟိ၊ ရက္ခိုသ်ဘီလူးမတို့သည်။ ပလောဘိတာ၊ ဖြားယောင်းအပ်ကုန်သော။ ဝါဏိဇာဏ္ဍဝ၊ ကုန်သည်တို့ကဲ့သို့တည်း။ ။ယေစနရာ၊ အကြင်လူတို့ သည်။ ဗုဒ္ဓေန၊ ဘုရားသည်။ ဒေသိတံ၊ ဟောအပ်သော။ သြဝါဒံ၊ အဆုံးအမကို၊ ကာဟန္တိ၊ သူကုန်၏။ တေနရာ၊ ထိုလူတို့သည်။ သောတ္ထိံ၊ ချမ်းသာသော။ ပါရံ၊ နိဗ္ဗာန်ဟူသော ကမ်းတဘက်သို့။ ဂမိဿန္တိ၊ ရောက်ကုန်လတ္တံ့။ ကေဝိယ၊ အဘယ်သူတို့ကဲ့သို့နည်း ဟူမူကား။ ဝလာဟေန၊ ဝလာဟကဥသဘမြင်းမင်းသည်။ အာဂန္ဆထ၊ လာကုန် လော့။ ဏတိ၊ သို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ တဿ၊ ထိုဝလာဟက ဥသဘမြင်းမင်း၏။ ပစနကရာ၊ စကားကိုလိုက်နာကုန်သော။ ဝါဏိဇာ ဏ္ဍဝ၊ ကုန်သည်တို့ကဲ့သို့တည်း။ ။[ဝါဏိဇဝတ္ထု]

ထိုကြောင့် ဤမြတ်စွာဘုရား၏အဆုံးအမတော်ကို အောက်မေ့သော သူသည် ဆုံးမလွယ်သည်သာလျှင် ဖြစ်ရာ၏။ ဆုံးမခက်သည်မဖြစ်ရာ။

တနည်းကား သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်းကို အလိုရှိသော သူသည် ဆုံးမလွယ်သည်သာလျှင် ဖြစ်ရာ၏။ ထိုစကားသည် မှန်၏၊ ဆုံးမလွယ်သော ပုဂ္ဂိုလ်၏ စေတနာ၏အဖြစ်သည် သာသနာတော်၏ မပျက်စီးခြင်းငှါ ဖြစ်၏။ ဒေါဝစဿတာသည်ကား သာသနာတော်၏ ပျက်စီးခြင်းငှါ ဖြစ်၏။ထိုကြောင့် ပဉ္စက အင်္ဂုတ္တိုရ်စတုတ္ထပဏ္ဏာသက ပထမဝဂ် သတ္တမသုတ်၌ ရဟန်းတို့....တဘန်လည်း ရဟန်းတို့သည် ဆုံးမခက်ကုန်၏။ ဆုံးမခက်သောသူ၏ စေတနာကို ပြုတတ်ကုန်သော တရားတို့နှင့် ပြည့်စုံကုန်၏။ အဆုံးအမကို အရိုအသေအားဖြင့် ယူလေ့မရှိကုန်။ ရဟန်းတို့....နှစ်ခု တို့၏ ပြည့်ကြောင်း ဖြစ်သော ဤတရားသည် သာသနာတော်၏ကွယ်ခြင်းငှါဖြစ်၏ဟူ၍လည်းကောင်း ရဟန်းတို့....တဘန်လည်း ရဟန်းတို့သည် ဆုံးမလွယ်ကုန်၏။ ဆုံးမလွယ်သော သူ၏စေတနာကို ပြုတတ်ကုန်သော တရားတို့နှင့် ပြည့်စုံကုန်၏။အဆုံးအမကိုအရိုအသေအားဖြင့် ယူလေ့ရှိကုန်၏။ရဟန်းတို့....နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဤတရားသည် သာသနာတော်၏ တည်ခြင်းငှါ မပျက်စီးခြင်းငှါ မကွယ်ခြင်းငှါဖြစ်၏ဟူ၍လည်းကောင်း ဟောတော်မူ၏။ ။သောဝစဿတာဟူသောပုဒ်၏ အဘွင့်စကားတည်း။

၂၉-သမဏဒဿန မင်္ဂလာ

သမဏဒဿနမင်္ဂလာ၏ အဓိပ္ပါယ်

ငြိမ်းပြီးသော ကိလေသာရှိကုန်သော ပွါးစေအပ်ပြီးသော ကာယ သီလ,စိတ္တ,ပညာရှိကုန်သော မြတ်သောကျေးဇူးနှင့် ပြည့်စုံကုန်သော ရဟန်းတို့အား ဆည်းကပ်ခြင်း လုပ်ကျွေးခြင်း အောက်မေ့ခြင်း နားထောင်ခြင်း ဖူးမြင်ခြင်းသည် သမဏဒဿနမည်၏။ ဆည်းကပ်ခြင်း အစရှိသော အလုံးစုံကိုလည်း တင့်တယ်ခြင်းနှင့် ယှဉ်သော ဒေသနာအားဖြင့် ဒဿနဟူ၍ ဟောတော်မူအပ်၏။ ထိုဒဿကို မင်္ဂလာမည်၏ဟူ၍ သိအပ်၏။ အဘယ်ကြောင့်နည်း ဟူမူကား ကျေးဇူးများသည်၏အဖြစ်ကြောင့်တည်း။ ထိုကြောင့် မဟာဝဂ္ဂဗောဇ္ဈင်သံယုတ်၌ ရဟန်းတို့....အကြင်ရဟန်းတို့သည် သီလနှင့် ပြည့်စုံကုန်၏၊ သမာဓိနှင့် ပြည့်စုံကုန်၏၊ ပညာနှင့် ပြည့်စုံကုန်၏၊ ဖိုလ်နှင့် ပြည့်စုံကုန်၏၊

ပစ္စဝေက္ခဏာဉာဏ်နှင့်ပြည့်စုံကုန်၏၊ထိုရဟန်းတို့အား ဤခြင်းကိုလည်း ငါဘုရားသည် ကျေးဇူးမျာဖ၏ဟူ၍ ဟောတော်မူ၏။ ဟောသောတရား တော်ကို နားထောင်ခြင်းကိုလည်း ကျေးဇူးမျာဖ၏ဟူ၍ ဟောတော်မူ၏။ ဆည်းကပ်ခြင်းကိုလည်း ကျေးဇူးမျာဖ၏ဟူ၍ ဟောတော်မူ၏။ အောက်မေ့ခြင်းကိုလည်း ကျေးဇူးမျာဖ၏ဟူ၍ ဟောတော်မူ၏။ထိုအတူ ရဟန်းပြုခြင်းကိုလည်း ကျေးဇူးမျာဖ၏ဟူ၍ ဟောတော်မူ၏။ဤစသောအား ကို အဘယ်ကြောင့် ဟောတော်မူသနည်း ဟူမူကား ရဟန်းတို့ ..... အကြင်ရဟန်းသည် ထိုသို့သဘောရှိကုန်သော ရဟန်းတို့၏ တရားကို နာ၍ ကိုယ်ဖြင့်ကင်းခြင်း စိတ်ဖြင့် ကင်းခြင်းဟူသော နှစ်ပါးသော ကင်းခြင်းဖြင့် ကင်း၍နေ၏။ ထိုသို့ကင်းလျက်နေသော ထိုရဟန်းသည် ထိုတရားကို အောက်မေ့၏ကြံ၏၊ ရဟန်းတို့- အကြင်အခါ၌ ရဟန်း သည် ထိုသို့ကင်းလျက်နေ၍ထိုတရားကိုအောက်မေ့၏။ကြံ၏။ထိုအခါ၌ ထိုရဟန်းသည် သတိသံဗောဇ္ဈင်ကို အားထုတ်၏။ထိုအခါ၌ ထိုရဟန်း သည် သတိသံဗောဇ္ဈင်ကိုပွါးစေ၏။ ထိုအခါ၌ ထိုရဟန်းအား သတိ သံဗောဇ္ဈင်သည် ပွါးခြင်းပြည့်စုံခြင်းသို့ ရောက်၏။ ထိုရဟန်းသည် ထိုသို့သတိနှင့် ပြည့်စုံလျက်နေ၍ ထိုတရားကို ပညာဖြင့် ဆင်ခြင်၏၊ စိစစ်၏၊ စူးစမ်းခြင်းသို့ ရောက်၏။ ရဟန်းတို့- အကြင်အခါ၌ ထိုရဟန်းသည် ထိုသို့သတိနှင့် ပြည့်စုံလျက်နေ၍ ထိုတရားကို ပညာဖြင့် ဆင်ခြင်၏၊ စိစစ်၏၊စူးစမ်းခြင်းသို့ ရောက်၏၊ထိုအခါ၌ ထိုရဟန်းသည် ဝမ္မဝိစယ သံဗောဇ္ဈင်ကို အားထုတ်၏။ ထိုအခါ၌ ထိုရဟန်းသည် ဝမ္မဝိစယသံဗောဇ္ဈင်ကို ပွါးစေ၏။ထိုအခါ၌ ထိုရဟန်းအား ဝမ္မဝိစယ သံဗောဇ္ဈင်သည် ပွါးခြင်း ပြည့်စုံခြင်းသို့ ရောက်၏။ ထိုတရားကို ပညာဖြင့် ဆင်ခြင် စိစစ် စုံစမ်းသော ထိုရဟန်းသည် တွန့်တိုခြင်း မရှိ။ ဝိရိယကိုအားထုတ်၏။ရဟန်းတို့-အကြင်အခါ၌ ထိုတရားကို ပညာဖြင့် ဆင်ခြင်စိစစ် စုံစမ်းသော ထိုရဟန်းသည် တွန့်တိုခြင်းမရှိ။ ဝိရိယသတ် အားထုတ်၏။ထိုအခါ၌ ထိုရဟန်းသည် ဝိရိယသံဗောဇ္ဈင်ကို ပွါးစေ၏၊ထိုအခါ၌ ထိုရဟန်းသည် ဝိရိယသံဗောဇ္ဈင်သည် ပွါးခြင်းသို့ရောက်၏ အားထုတ် အပ်သော ဝိရိယရှိသော ရဟန်းအား အာမိသကင်းသော ဝိတ်သည် ဖြစ်၏။ ရဟန်းတို့- အကြင်အခါ၌ အားထုတ်သော ဝိရိယရှိသော

ရဟန်းအား အာဓိသကင်းသောဗီတိသည်ဖြစ်၏၊ ထိုအခါ၌ ထိုရဟန်းသည် ဗီတိသံဗောဇ္ဇင်ကို အားထုတ်၏။ ထိုအခါ၌ ထိုရဟန်းသည် ဗီတိသံဗောဇ္ဇင်ကိုပွါးစေ၏။ထိုအခါ၌ ထိုရဟန်းအား ဗီတိသံဗောဇ္ဇင်သည် ပြည့်စုံခြင်းသို့ရောက်၏။နှစ်သက်သော စိတ်ရှိကုန်သောရဟန်း၏ ဖဿအစရှိသော တရားအပေါင်းသည်လည်း ငြိမ်း၏။ ရဟန်းတို့-အကြင်အခါ၌ နှစ်သက်သောစိတ်ရှိသောရဟန်း၏ ဖဿ အစရှိသော တရားအပေါင်းသည် ငြိမ်း၏။ ထိုအခါ၌ ထိုရဟန်းသည် ပဿဒ္ဓိသံဗောဇ္ဇင်ကို အားထုတ်၏။ ထိုအခါ၌ ထိုရဟန်းသည် ပဿဒ္ဓိသံဗောဇ္ဇင်ကို ပွါးစေ၏။ ထိုအခါ၌ ထိုရဟန်းအား ပဿဒ္ဓိသံဗောဇ္ဇင် ပွါးခြင်း ပြည့်စုံခြင်းသို့ ရောက်၏။ ငြိမ်းသောဖဿအစရှိသော တရားအပေါင်းရှိသော ချမ်းသာခြင်းရှိသော ရဟန်း၏စိတ်သည် တည်ကြည်၏။ ရဟန်းတို့- အကြင်အခါ၌ ငြိမ်းသောဖဿအစရှိသော တရားအပေါင်းရှိသော ချမ်းသာခြင်းရှိသော ရဟန်း၏စိတ်သည်လည်း တည်ကြည်၏ ထိုအခါ၌ ထိုရဟန်းသည် သမာဓိသံဗောဇ္ဇင်ကို အားထုတ်၏။ထိုအခါ၌ ထိုရဟန်းသည် သမာဓိသံဗောဇ္ဇင်ကိုပွါးစေ၏။ထိုအခါ၌ ထိုရဟန်းအား သမာဓိသံဗောဇ္ဇင်သည် ပွါးခြင်း ပြည့်စုံခြင်းသို့ ရောက်၏။ ထိုရဟန်းသည် ထိုသို့ တည်ကြည်သောစိတ်ကို ကောင်းစွာလျစ်လျူရှု၏။ ရဟန်းတို့- အကြင်အခါ၌ ရဟန်းသည် ထိုသို့ တည်ကြည်သောစိတ်ကို ကောင်းစွာလျစ်လျူရှု၏။ထိုအခါ၌ ထိုရဟန်းသည် ဥပေက္ခာသံဗောဇ္ဇင်ကို အားထုတ်၏။ ထိုအခါ၌ ထိုရဟန်းသည် ဥပေက္ခာသံဗောဇ္ဇင်ကို ပွါးစေ၏။ ထိုအခါ၌ ထိုရဟန်းအား ဥပေက္ခာသံဗောဇ္ဇင်သည် ပွါးခြင်းပြည့်စုံခြင်းသို့ရောက်၏။ထိုကြောင့် ထိုစကားကို ဟောတော်မူ၏။ ။[သမ္ပန္နသီလသုတ်ပါဋ္ဌိတော်]။

ရဟန်းတို့- ထိုသို့သဘောရှိကုန်သော ရဟန်းတို့အား ဖူးမြင်ခြင်းကိုလည်း ကျေးဇူးများ၏ဟူ၍ ငါဘုရားသည် ဟောတော်မူ၏။ ထိုသို့သဘောရှိကုန်သော ရဟန်းတို့သို့ ဆည်းကပ်ခြင်းကိုလည်း ကျေးဇူးများ၏ဟူ၍ ငါဘုရားသည် ဟောတော်မူ၏။ ထိုသို့သဘောရှိကုန်သော ရဟန်းတို့ကို မေးမြန်းခြင်းကိုလည်း ကျေးဇူးများ၏ဟူ၍ ငါဘုရားသည် ဟောတော်မူ၏။ ထိုသို့သဘောရှိကုန်သော ရဟန်းတို့ကို အောက်မေ့ခြင်းကိုလည်း ကျေးဇူး များ၏ဟူ၍ ငါဘုရားသည် ဟောတော်မူ၏။

ထိုသို့သဘောရှိကုန်သော ရဟန်းတို့ကို အဘုရဟန်း ပြုခြင်းကိုလည်း ကျေးဇူးမျှားဏ်ဟူ၍ ငါဘုရားသည် ဟောတော်မူ၏။ထိုသို့ ဟောတော်မူခြင်းသည် အဘယ်အကြောင်းကြောင့် နည်းဟူမူကား ရဟန်းဘို့-ထိုသို့သဘောရှိကုန်သော ရဟန်းတို့ကို မှီဝဲသော ဆည်းကပ်သော မေးမြန်းသော ရဟန်းအား မပြည့်သော သိလကျေးဇူးသည်လည်း ပွါးခြင်း ပြည့်ခြင်းသို့ ရောက်၏။ မပြည့်သော သမာဓိ ကျေးဇူး သည်လည်း ပွါးခြင်း ပြည့်ခြင်းသို့ ရောက်၏။ မပြည့်သော ပညာ ကျေးဇူးသည်လည်း ပွါးခြင်း ပြည့်ခြင်းသို့ ရောက်၏။ မပြည့်သော ပစ္စဝေက္ခဏာဉာဏ် ဟူသော ကျေးဇူးသည်လည်း ပွါးခြင်း ပြည့်ခြင်းသို့ ရောက်၏။ ထိုအကြောင်းကြောင့် ဟောတော်မူသတည်း။ ။ [ဣတိဝုတ် စတုက္ကနိပါတ် ပထမဝဂ်၌လာသော သမ္မန္နသိလသုတ် ပါဠိတော်]။ ။ဖူးမြင်ခြင်းသည် မျက်စိဖြင့်မြင်ခြင်း ဉာဏ်ဖြင့်မြင်ခြင်း ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ကြည်ညိုကုန်သော မျက်စိတို့ဖြင့်အရိယာတို့ကိုဖူးမြင်ခြင်းသည်မျက်စိဖြင့်မြင်ခြင်းမည်၏။ဈာန်ဖြင့်လည်းကောင်း မဂ်ဖိုလ်တို့ဖြင့်လည်းကောင်း အရိယာတို့သည် မြင်အပ်သော လက္ခဏာကို မြင်ခြင်းသည်လည်းကောင်း သိအပ်သောတရားကို သိခြင်းသည် လည်းကောင်း ဉာဏ်ဖြင့် မြင်ခြင်းမည်၏။ ။ဗောဇ္ဈင်္ဂသံယုတ် အဋ္ဌကထာ။ ။အရိယာ၏ အဖြစ်ကိုပြုတတ်ကုန်သော တရားကို၌ကိုလည်းကောင်း အရိယာ၏ အဖြစ်ကိုလည်းကောင်း ဝိပဿနာမဂ်ဖိုလ်တို့ဖြင့် ရခြင်းသည် ဉာဏ်ဖြင့်မြင်ခြင်းမည်၏။ ။ဣတိဝုတ်အဋ္ဌကထာ။ ။ဤအရာ၌ မျက်စိဖြင့် မြင်ခြင်းကို အလိုရှိအပ်၏။ အရိယာတို့အား ကြည်ညိုကုန်သော မျက်စိတို့ဖြင့် ဘုရားမြင်ခြင်း တို့သည်လည်းကောင်း ကျေးဇူးများသလျှင် ကတည်း။ နားထောင်ခြင်းဟူသည်ကား ဤမည်သော ရဟန္တာသည် ဤမည်သော တိုင်းခွဲ ဤမည်သောဇနပုဒ်ခွဲ ဤမည်သောရွာခွဲဤမည်းသောနိဂုံးခွဲ ဤမည်သော ကျောင်းခွဲ ဤမည်သော လိုဏ်ခွဲ နေ၏ဟူ၍ ပြောဆိုကုန်သော သူတို့၏ စကားကို နားထောင်ခြင်းတည်း။ ထိုနားထောင်ခြင်း သည်လည်း ကျေးဇူးများသလျှင်ကတည်း။ ဆည်းကပ်ခြင်း ဟူသည်ကား အလှူလှူအံ့၊ ပြဿနာမေးအံ့၊ တရားနာအံ့၊ ပူဇော်သက္ကာရကိုပြုအံ့။ ဤသို့သဘော ရှိသော စိတ်ဖြင့် အရိယာတို့သို့ ဆည်းကပ်ခြင်းတည်း။

မေးမြန်းခြင်း ဟူသည်ကား အရိယာတို့၏ ကျေးဇူးကိုရ၍ ကြား၍ အရိယာတို့သို့ ဆည်းကပ်၍ ဘိတ်၍ လှူဒါန်း၍ အရှင်ဘုရား ကုသိုလ်သည်ကား အဘယ်နည်း၊ ဤသို့ အစရှိသောနည်းဖြင့် ပြဿနာကို မေးခြင်းတည်း။ ။ထိုနှစ်ပါးသော အဌကထာ။ ။အောက်မေ့ခြင်း ဟူသည်ကား ညဉ့်နေရာ နေ့နေရာအရပ်တို့၌ နေလျက် ယခုအခါ၌ အရိယာတို့သည် ချုံလိုဏ်မဆွာပ်အစရှိသည်တို့၌ဈာန်ဝိပဿနာမဂ်ဖိုလ် ချမ်းသာဖြင့်လွန်စေကုန်၏ဟူ၍ထိုအရိယာတို့၏ ဒိဗ္ဗဝိဟာရအစရှိသော ကျေးဇူးအထူးလျှင် အာရုံရှိသောအောက်မေ့ခြင်းတည်း။ တနည်းကား ထိုအရိယာတို့၏ အထံမှ အကြင်အဆုံးအမကိုရ၏။ ထိုအဆုံး အမကို ဆင်ခြင်၍ ဤအရာ၌ သီလကိုဟော၏။ ဤအရာ၌ သမာဓိကို ဟော၏။ ဤအရာ၌ ဝိပဿနာကို ဟော၏။ ဤအရာ၌ မဂ်ကိုဟော၏။ ဤအရာ၌ ဖိုလ်ကိုဟော၏။ ဤသို့အောက်မေ့ခြင်းတည်း။ ။ဈတိဝုတ်အဌကထာ။ အတုရဟန်း ပြုခြင်းဟူသည်ကား။ အရိယာတို့၌ စိတ်ကို ကြည်ညိုစေ၍ အိမ်မှထွက်၍ ထိုအရိယာတို့၏အထံ၌ ရဟန်းပြုခြင်းတို့တည်း။ ထိုစကားသည် မှန်၏။ အရိယာတို့၌ စိတ်ကို ကြည်ညိုစေ၍ အရိယာတို့၏ သာလျှင် အထံ၌ရဟန်းပြု၍ အရိယာတို့၏သာလျှင် ဆုံးမခြင်း မြစ်တားခြင်းကို တောင့်တလျက် သွားသောသူ၏ ရဟန်း အဖြစ်သည်လည်း အတုရဟန်းပြုခြင်းမည်၏။ အရိယာတို့၌စိတ်ကို ကြည်ညိုစေ၍ အရိယာတို့၏သာလျှင်အထံ၌ ရဟန်းပြု၍ တပါးကုန်သော သူတို့၏ အထံ၌ ဆုံးမခြင်း မြစ်တားခြင်းကို တောင့်တလျက် သွားသောသူ၏ ရဟန်း အဖြစ်သည်လည်း အတုရဟန်းပြုခြင်း မည်၏။ သူတပါးတို့၌ ကြည်ညိုသဖြင့် သူတပါးတို့၏ အထံ၌ ရဟန်းပြု၍ သူတပါးတို့၏ သာလျှင် ဆုံးမခြင်း မြစ်တားခြင်းကို တောင့်တလျက် သွားသောသူ၏ ရဟန်း အဖြစ်သည်ကား အတုရဟန်းပြုခြင်းမမည်။ ။[သံယုတ် အဌကထာ]။ အရိယာတို့၌ ကြည်ညိုသဖြင့် တပါး၌ ရဟန်းပြု၍ အရိယာတို့၏ အထံ၌ ဆုံးမခြင်း မြစ်တားခြင်းကို တောင်းတလျက် သွားသောသူ၏ ရဟန်း အဖြစ်သည်လည်း အတုရဟန်းပြုခြင်းမမည်။ ။ဈတိဝုတ်အဌကထာ။

ဤသို့ အတုရဟန်းပြုကုန်သော သူတို့တွင် ရှေးဦးစွာ မဟာကဿပ မထေရ်၏အတုရဟန်းပြုကုန်သောသူတို့သည် ကထောင်အတိုင်းအရှည် ရှိကုန်၏။ မဟာကဿပမထေရ်၏လျှင် သဒ္ဓိဝိဟာရိကတပည့်ဖြစ်သော

စန္ဒဂုတ္တ မထေရ်၏ အတု ရဟန်းပြုကုန်သော သူတို့သည်လည်း ထို အတူလျှင် တထောင် အတိုင်းအရှည်ရှိကုန်၏။ စန္ဒဂုတ္တမထေရ်၏ သဒ္ဓိ ဝိဟာရိက တပည့်ဖြစ်သော ယောနကမ္မေရက္ခိတမထေရ်၏ အတု ရဟန်းပြုကုန်သော သူတို့သည်လည်း ထိုအတူလျှင် တထောင် အတိုင်း အရှည်ရှိကုန်၏။ယောနကမ္မေရက္ခိတမထေရ်၏ သဒ္ဓိဝိဟာရိက တပည့် သည်ကား မ္မောသောကမင်း၏ ညီတော် တိဿမထေရ်တည်း။ ထို တိဿမထေရ်၏ အတုရဟန်း ပြုကုန်သော သူတို့သည်ကား နှစ်ကုဋ္ဌေ ငါးသန်းရှိကုန်၏။ မဟိန္ဒမထေရ်၏ အတုရဟန်းပြုကုန်သော သူတို့၏ အရေအတွက် အပိုင်းအခြားသည်မရှိ၊ထိုစကားသည်မှန်၏။ယနေ့ထက် တိုင်အောင် သီဟိုဠ်ကျွန်း၌ ဘုရားအား ကြည်ညိုသဖြင့် ရဟန်းပြု ကုန်သောသူတို့သည်မဟိန္ဒမထေရ်၏ အတုရဟန်းပြုသည် မည်ကုန်၏။ ဗောဇ္ဈင် သံယုတ် အဋ္ဌကထာ။

၁၉၈–ခင်ပုပ်ဌက်ဝတ္ထု

ထိုကြောင့် ထိုရဟန်းတို့ကိုမြင်၍ အယုတ်သဖြင့် ကြည်ညိုသော စိတ်ဖြင့် ကြည့်အပ်ကုန်၏။ ထိုကြောင့် ထိုအဋ္ဌကထာ၌ အစီးအပွါးကို အလိုရှိသော အမျိုးသည် အိမ်ကံခါးသို့ ရောက်လာကုန်သော သီလ ရှိကုန်သော ရဟန်းတို့ကိုမြင်၍ လှူဘွယ်ဝတ္ထုသည် အကယ်၍ ရှိသည် ဖြစ်အံ့၊အစွမ်းအလျောက်လှူဘွယ်ဝတ္ထုဖြင့် ပူဇော်အပ်ကုန်၏။ လှူဘွယ် ဝတ္ထုသည် အကယ်၍ မရှိသည်ဖြစ်အံ့၊ ငါးပါးသော တည်ခြင်းကိုပြု၍ ရှိခိုးအပ်ကုန်၏။ ထိုရှိခိုးခြင်းသည် မပြည့်စုံလတ်သော် လက်အုပ်ချီ သဖြင့် ရှိခိုးအပ်ကုန်၏။ထိုရှိခိုးခြင်းသည် မပြည့်စုံလတ်သော် ကြည်ညိုသော စိတ်ဖြင့် ချစ်သည်၏ အဖြစ်ကို ပြတတ်ကုန်သော မျက်စိတို့ဖြင့် ကောင်းစွာ ဖူးမြင်အပ်ကုန်၏၊ ဤသို့ ရဟန်းတို့အား ဖူးမြင်ခြင်းလျှင် မူလရှိသော ကုသိုလ်ဖြင့်လည်း များစွာကုန်သော ဘဝအထောင်တို့ ပတ်လုံး မျက်စိ၌ ရောဂါတို့သည်လည်းကောင်း ဒေါသတို့သည်လည်း ကောင်း အသားတက် ပွါးခြင်းတို့သည် လည်းကောင်း အိုင်းအမာ ပေါက်ခြင်းတို့သည် လည်းကောင်း မဖြစ်ကုန်၊ မျက်စိတို့သည် အထူး သဖြင့် ကြည်လင်ကုန်သည်၊ငါးပါးကုန်သော အဆင်းတို့ဖြင့် တင့်တယ်

ခြင်း ရှိကုန်သည်ဖြစ်၍ ရတနာဗိမာန်၌ ဘွင့်အပ်ကုန်သော ပတ္တမြား လေသာတံခါးတို့နှင့် တူကုန်၏၊ ကမ္ဘာတသိန်းပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ခပ်သိမ်းကုန်သော စည်းစိမ်တို့ကိုရ၏။ အကြင်ကြောင့် ပညာအဆင်အခြင်နှင့် ပြည့်စုံသော သဘောရှိသော လူဖြစ်၍ ဖြစ်သော သူသည် ကောင်းစွာ ဖြစ်စေအပ်သော ရဟန်းတို့ကို ဖူးမြင်ခြင်းဖြင့် ပြီးသော ကုသိုလ်ဖြင့် ဤသို့ သဘောရှိသော ကောင်းကျိုး၏ ပြည့်စုံခြင်းကို ခံစားရာ၏၊ ထို ခံစားရခြင်းသည်ကား အံ့ဘွယ်မရှိသေး။ အကြင်အရပ်၌ တိရစ္ဆာန်တို့၏လည်း အလုံးစုံသော သဒ္ဓါခြင်း၏ မျှခြင်းကို ဖြစ်စေအပ်သော ရဟန်းတို့အား ဖူးမြင်ခြင်း ကုသိုလ်ကောင်းကျိုးတို့၏ ပြည့်စုံခြင်းကို ချီးမွမ်းကုန်၏ဟူ၍ဆို၏။ ဤအဌကထာ၌ ဤသို့ဆို၍ ကျမ်းတပါး၌ လာကုန်သော ဂါထာတို့ကို ပြအပ်ကုန်၏။ ။ မူလပဏ္ဏာသဒုတီယဝဂ်စူဌသီဟနာဒသုတ် အဌကထာ၌ကား အကျယ်အားဖြင့် ဆိုအပ်၏၊ ထိုစကားသည် မှန်၏၊ ထိုအဌကထာ၌ မြတ်စွာဘုရားသည် ဝေဒိဿကတောင် ဣန္ဒသာလဂူ၌ သီတင်းသုံးတော်မူသတတ်။ ထိုအခါ တရသော ခင်ပုပ်ငှက်သည် မြတ်စွာဘုရား ဆွမ်းခံဝင်တော်မူသည်ရှိသော် လမ်းထက်ဝက်တိုင်အောင် ပို့လိုက်၏။ ရွာမှထွက်တော်မူသည်ရှိသော် လမ်းထက်ဝက်တိုင်အောင် ကြို့ဆို၏၊ ထို ခင်ပုပ်ငှက်သည် တနေ့သ၌ ညချမ်းအခါ ရဟန်း သံဃာ ခြံရံလျက် နေတော်မူသော မြတ်စွာဘုရားကို ကောင်းကင်မှ သက်၍ ရှိခိုး၍ အတောင်တို့ကို ညွတ်သဖြင့် လက်အုပ်ချီ၍ ဦးခေါင်းကို အောက်သို့ချ၍ မြတ်စွာဘုရားသို့ ညွတ်လျက်ဘည်၏။ မြတ်စွာဘုရားသည် ထိုခင်ပုပ်ငှက်ကို ကြည့်တော်မူ၍ ပြိုးတော်မူ၏။ အရှင်အာနန္ဒာ မထေရ်သည် အရှင်ဘုရား ပြိုးတော်မူခြင်း၏ အကြောင်းကား အဘယ်နည်းဟု လျှောက်လတ်သော်၊ အာနန္ဒာ ဤခင်ပုပ်ငှက်ကို ကြည့်လော့၊ ဤခင်ပုပ်ငှက်သည် ငါဘုရား၌လည်းကောင်း သံဃာ၌လည်းကောင်း စိတ်ကို ကြည်ညိုစေ၍ ကမ္ဘာတသိန်းပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်၍ သောမနဿမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ဟု မိန့်တော်မူ၏။

ဥလူကမဏ္ဍလကွိက၊ ဝေဒိသကေ စိရဒီဃဝါသိက။
သုခိတောသိ တွံအယျကောသိယ၊ ကာလုဋ္ဌိတံ ပဿသိဗုဒ္ဓဝရံ။

မယိ စိတ်ကံ့ ပသာဒေတ္တာ၊ ဘိက္ခု သံဃေ အနုတ္တရေ။
ကပ္ပါနံ သတသဟဿာနိ၊ ဒုဂ္ဂတိံ သော နဂစ္ဆတိ။
ဒေဝလောကာစရိတ္တာန၊ ကုသလမူလေန စောဒိတော။
ဘရိယတိ အနန္တညာဏော၊ သောမနဿောတိ ဝိဿုတော။
ဟူ၍ ဆို၏။

တဒါ၊ထိုအခါ၌။ရက္ခဒေဝတာ၊ရက္ခိုးနတ်သည်။မဏ္ဍလကိုက၊ ဝန်းသောမျက်စိရှိသော။ဝေဒိသကေ၊ဝေဒိသကတောင်၌။ဗိရဒီဃဝါသိက။ အခါလေးဖြင့်နေသော။ကောသိယ၊ ကောသိယအနွယ်ဖြစ်သော။ အယျဥလူက၊ အရှင်ခင်ပုပ်ဌက်။ တွံ၊သင်သည်။ ကာလုဒ္ဒိတံ၊ညချမ်းအခါ၌ နေ့သန့်တော်မူရာမှထသော။ ဗုဒ္ဓဝရံ၊ဘုရားဖြာဘ်ကို။ ပဿသိ၊ဖူးဖြင်၏။ တွံ၊ သင်သည်။ သုဗိတော၊ ချမ်းသာခြင်းသို့ ရောက်သည်။ အသိ၊ ဖြစ်၏။ ကုတိ၊ ဤသို့။ အာဟ၊ ဆို၏။ အာနန္ဒ၊ အာနန္ဒာ။ ဇေသော၊ ဤခင်ပုပ်ဌက်သည်။ အနုတ္တရေ၊ မိမိထက်ဖြတ်သော သူမရှိသော။ မယိစ၊ ငါဘုရား၌လည်းကောင်း။ ဘိက္ခုသံဃေစ၊ ရဟန်းသံဃာ၌လည်းကောင်း။ စိတ္တံ၊ စိတ်ကို။ ပသာဒေတ္တာ၊ ကြည်ညိုစေ၍။ ကပ္ပါနံ၊ ကမ္ဘာတို့၏။ သတသဟဿာနိ၊ တသိန်းတို့ပတ်လုံး။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိသို့။ နဂစ္ဆတိ၊ မလားရလတ္တံ့။ ဒေဝလောကာ၊ နတ်ပြည်မှ။ စရိတ္တာန၊ စုတေ၍။ကုသလမူလေန၊ကုသိုလ်ရင်းသည်။ စောဒိတော၊ မှီးဆော်အပ်သည်ဖြစ်၍။ သောမနဿောတိ၊ သောမနဿဟူ၍။ ဝိဿုတော၊ ကျော်စောထင်ရှားသော။ အနန္တညာဏော၊ အဆုံးမရှိသောဉာဏ်နှင့် ပြည့်စုံသော ပစ္စေကဗုဒ္ဓါသည်။ ဘရိယတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ သို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။

[ခင်ပုပ်ဌက် ဝတ္ထု]

၁၉၉-နန္ဒဘိလှူးဝတ္ထု

ဥဒါန်း စတုတ္ထဝဂ် သာဓုပုတ္တသုတ်

ထိုကြောင့် ရဟန်းတို့ကို ဖူးမြင်သော သူသည် ကုသိုလ်စိတ်ကို သာလျှင် ဖြစ်စေအပ်၏။ ပြစ်မှားသောစိတ်ကို မဖြစ်စေအပ်။ ထိုစကားသည်မှန်၏၊ပြစ်မှားသောစိတ်ရှိသောသူသည် ဆင်းရဲခြင်းကိုရ၏။ကြည်ညိုသောစိတ်ရှိသောသူသည် ချမ်းသာခြင်းကို ရ၏။ ထိုစကား၌ ဤဝတ္ထု၊

တို့ကို သိအပ်ကုန်၏။ ။တရံရောအခါ နှစ်ပါးကုန်သောအဂ္ဂသာဝက တို့သည် ကပေါတကနွဲရမည်သော ကျောင်း၌နေကုန်သတတ်။ ထိုနှစ်ပါးတို့တွင် အရှင်သာရိပုတ္တရာမထေရ်သည်လည်း လရောင်နှင့်ယှဉ်သော ညဉ့်အခါ၌ မချကုန်သော ဆံကို့ဖြင့် သမာပတ် ဝင်စားလျက်လွင်တီးခေါင်း၌နေ၏။ ထိုအခါ တယောက်သော နန္ဒမည်သောဘီလူးသည် တယောက်သောဘီလူးနှင့်တကွ ကောင်းကင်ခရီးဖြင့် သွားလတ်သော် ထိုသို့နေသော အရှင်သာရိပုတ္တရာမထေရ်ကို မြင်၍ ပြစ်မှားသောစိတ်ကိုဖြစ်စေ၏။ ထိုနန္ဒဘီလူးသည် ရှေးဘဝ၌ အရှင်သာရိပုတ္တရာမထေရ်၌ရန်ငြိုးဘွဲ့ဘူးသတတ်၊ထိုကြောင့် ထိုဘီလူးသည် အရှင်သာရိပုတ္တရာမထေရ်ကိုမြင်၍ ပြစ်မှားသောစိတ်သည်ဖြစ်၏။ထိုနန္ဒဘီလူးသည် ပြစ်မှားသောစိတ်ရှိသည်ဖြစ်၍ အရှင်သာရိပုတ္တရာမထေရ်ကို ဦးခေါင်း၌ပုတ်ခတ်ခြင်းကိုပေးလို၍ အဘော်ဘီလူးအား ထိုအကြောင်းကို ပြောဆို၍ထိုအဘော်ဘီလူးသည်တားမြစ်သော်လည်း စကားကိုနားမထောင်မူ၍အားထုတ်သဖြင့် ဥဿာဟကိုဖြစ်စေ၍ ကောင်းကင်၌တည်လျက်လျှင် ဦးခေါင်း၌ ပုတ်ခတ်ခြင်းကို ပေး၏။ ထို ပုတ်ခတ်ခြင်းသည်ကားအလွန်ကြီးသည်လျှင်ဖြစ်၏။ထိုပုတ်ခတ်ခြင်းဖြင့်ခုနစ်တောင်ထွာ ခုနစ်တောင်ထွာရှိသောဆင်ကို ကျစေနိုင်ရာ၏။ ကြီးစွာသော တောင်ထွတ်တို့ကိုမူလည်း ကွဲစေနိုင်ရာ၏။ အရှင်သာရိပုတ္တရာ မထေရ်၏ သမာပတ်၏ အစွမ်းကြောင့် ထောက်ပင့်အပ်သော ဦးခေါင်းတော်၏ကား တစုံတခုသော ဘောက်ပြန်ခြင်းသည်မဖြစ်။ သမာပတ်မှမထသေးသောကာလ၌ အရှင်သာရိပုတ္တရာမထေရ်ကို နန္ဒဘီလူးသည်ပုတ်ခတ်၏။ ထိုသို့ပုတ်ခတ်သော နန္ဒဘီလူးကို ဒိဇ္ဇစက္ခုဖြင့်မြင်၍ အရှင်မောဂ္ဂလာန်မထေရ်သည် အရှင်သာရိပုတ္တရာ၏ အထံသို့ ဆည်းကပ်၏။ အရှင်မောဂ္ဂလာန်မထေရ်သည် ဆည်းကပ်သည်နှင့် .အမျှဖြစ်သောကာလ၌လျှင် အရှင်သာရိပုတ္တရာမထေရ်သည် သမာပတ်မှထ၏။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်ကို အရှင်မောဂ္ဂလာန်မထေရ်သည် ကိုယ်၏ ဝတ်ကိုမေး၏။ အရှင်သာရိပုတ္တရာ မထေရ်သည် ငါ့ရှင် မောဂ္ဂလာန် ငါ၏ ကိုယ်သည် ခံ့၏၊ ငါ့ရှင် မောဂ္ဂလာန် ငါ၏ ကိုယ်သည် မျှ၏၊ စင်စစ်သော်ကားဦးခေါင်း၌စဉ်းငယ်ဒုက္ခသည်ဖြစ်၏ဟုဆို၏၊အဘယ်ကြောင့်ကား သမာပတ်၏အစွမ်းသည် ထောက်ပင့်သောကိုယ်ရှိလျက်

အရှင်သာရိပုတ္တရာမထေရ်၏ဦးခေါင်း၌ စဉ်းငယ်ဒုက္ခသည်ဖြစ်သနည်း ဟူမူကား မကြာမြင့်မီလျှင် သမာပတ်မှ ထသည်၏ အဖြစ်ကြောင့် စဉ်းငယ်ဒုက္ခသည် ဖြစ်သတည်း။ အိပ်ပျော်ခြင်းသို့ ရောက်သောသူအား ခြင်အစရှိသည်တို့သည် ကိုက်အပ်သော် မသင့်သောဒုက္ခသည်နိုးသည် ရှိသော် အတန်ငယ်ထင်သကဲ့သို့ သမာပတ်အတွင်း၌ မသင့်သောဒုက္ခ သည်ကိုယ်၌ရောက်သည်၏အဖြစ်ကြောင့် သမာပတ်မှထသည်ရှိသော် အတန်ငယ် ထင်သတည်း။ ထိုခဏ၌လျှင် နန္ဒဘီလူးသည် ကိုယ်၌ဖြစ် သော ပူလောင်ခြင်းရှိသည်ဖြစ်၍ လောင်၏ဟူ၍ဆိုလျက် ကောင်းကင် မှမြေသို့ကျ၏။ မြေကြီးသည် ဟင်းလင်းသော အပြင်ကို ပေး၍ အဝီစ် မီးလျှံတို့သည်တက်၍ ငင်အပ်သည်ဖြစ်သော် ငရဲသို့လားရ၏။ ထိုနန္ဒ ဘီလူးသည် ဘီလူး၏ ကိုယ်ဖြင့်လျှင် ငရဲသို့ လားသလော ဟူမူကား ဘီလူး၏ ကိုယ်ဖြင့်လျှင် ငရဲသို့ မလားရ၊ ထိုစကားသည် မှန်၏။ ထိုနန္ဒ ဘီလူးအား အကြင်ဒိဋ္ဌမ္မေဝေဒနီယ ဖြစ်သော မကောင်းမှုကံသည် ဖြစ်၏။ ထိုမကောင်းမှုကံ၏အာနုဘော်အားဖြင့် ဘီလူး၏ကိုယ်၌ ကြီးစွာ သောဆင်းရဲကိုခံရ၏။ အကြင် ဥပပဇ္ဇဝေဒနီယဖြစ်သော အနန္တရိယကံ သည်ဖြစ်၏။ ထိုကံအားဖြင့်လျော်စွာ ရတေ၍ အခြားမဲ့၌ အပါယ်ငရဲ၌ ဖြစ်လေ၏။

[နန္ဒဘီလူးဝတ္ထု]

၂၀၀-ပါဋလိပုတ္တကပုဏ္ဏားဝတ္ထု

တိကအဂ်ုတ္တိုရ်ဌာနသုတ် အဌကထာ

တယောက်သော ပါဋလိပုတ်မြို့ တံခါးအိမ်၌နေသော ပုဏ္ဏားသည် ရောဟနဇနပုဒ်၌ ကာလဝလ္လိမဏ္ဍပကျောင်း၌ သီတင်း သုံးနေသော မဟာနာဂမထေရ်၏ ကျေးဇူးစကားကိုကြား၍ ထိုမဟာနာဂမထေရ်ကို ဖူးမြင်လို၍ သမုဒ္ဒရာကမ်းနားသို့ သွားပြီးလျှင် လှေကိုစီး၍ အစဉ်သဖြင့် မထေရ်၏နေရာအရပ်သို့ရောက်၍ စူဋ္ဌနာဂရွာ၌ အဦးဖြစ်သောအိမ်တွင် နေပြီးလျှင် မထေရ်၏အာဟာရကို ပြည့်စုံစေ၍ စောစောကလျှင် မထေရ်၏ နေရာအရပ်သို့သွား၍ တောင်အစွန်း၌ ရပ်လျက် အပေး ကလျှင် မထေရ်ကိုမြင်၍ တကြိမ် ထိုမြင်ရာအရပ်၌လျှင် ရပ်လျက် ရှိခိုး၏။ တဘန် အထံသို့ကပ်၍ ဖမျက်တို့ကို မြဲစွာကိုင်၍ ရှိခိုးလျက်

အရှင်ဘုရားတို့သည် မြင့်ကုန်၏ဟူ၍ ဆို၏။ မထေရ်သည် မမြင့်လွန်း မနိမ့်လွန်းသော ပမာဏနှင့် ယှဉ်သည်သာလျှင် ဖြစ်၏။ ထိုကြောင့် ပုဏ္ဏားသည် တဘန် အရှင်ဘုရားတို့သည် မမြင့်လွန်းကုန်။ အရှင်ဘုရားတို့၏ ကျေးဇူးတို့သည် ညီသောအဆင်းရှိသော သမုဒ္ဒရာ၏ ထပ်အပြင်၌သွား၍ အလုံးစုံသော ဇမ္ဗူဒီပအပြင်ကိုလွှမ်း၍ သွားကုန်၏။ ပါဠိလိပုတ်မြို တံခါးခွင်နေသော ကျွန်ုပ်တို့သည် အရှင်ဘုရားတို့၏ ကျေးဇူးကိုကြား၍ ထိုပါဠိလိပုတ်ပြည်မှလာ၏ဟုဆို၍ ထိုပုဏ္ဏားသည် မထေရ်အား ဆွမ်းကိုလှူ၍ မိမိ၏အကျိုးငှါ သက်နှံးသုံးထည်ကိုစိုရင်၍ မထေရ်၏အထံ၌ ရဟန်းပြုလျက် မထေရ်၏ အနီးအမှဉ် တည်၍ နှစ်ရက်သုံးရက်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်၏။ ။ပါဠိလိပုတ္တကပုဏ္ဏားဝတ္ထု၊။ ။ဓမ္မပဒပါပဝဂ် ကောကသုနခမူဆိုးဝတ္ထု၊ကိုပြစ်မှားသော စိတ်ရှိသေးအရာ၌ဆို၏။ ကြည်ညိုဖွယ်သော စိတ်ရှိသောအရာ၌ ဝိမာနဝတ္ထု၊ ပဉ္စမဝဂ် ဆတ္တမာဏဝက ဝတ္ထု၊ကိုလည်းကောင်း ဝိမာနဝတ္ထု၊၌လျှင် သတ္တမဝဂ်၌ မဋ္ဌကုဏ္ဍလီဝတ္ထု၊ကိုလည်းကောင်း ဥဒါန်း၏ ပဉ္စမဝဂ်၌ သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု၊ကိုလည်းကောင်း ဆို၏။

သမ္မာဒဿနကထာပြီး၏။

၃၀-ဓမ္မသာကစ္ဆာမဂ်လာ

၂၀၁-ဓမ္မသာကစ္ဆာမဂ်လာကိုပြခြင်း

ညှဉ်ဦးယံ၌လည်းကောင်း မိုးသောက်သ၌ လည်းကောင်း နှစ်ပါးကုန်သော သုတ္တန်ကို ဆောင်ကုန်သော ရဟန်းတို့သည် အေးချင်းချင်း သုတ္တန်ကို ဆွေးနွေးကုန်၏။ ဝိနည်းကို ဆောင်ကုန်သော ရဟန်းတို့သည်။ ဝိနည်းကို ဆွေးနွေးကုန်၏။ အဘိဓမ္မာကို ဆောင်ကုန်သော ရဟန်းတို့သည် အဘိဓမ္မာကို ဆွေးနွေးကုန်၏။ ဇာတ်ကို ဆောင်ကုန်သော ရဟန်းတို့သည် ဇာတ်ကို ဆွေးနွေးကုန်၏။ အဋ္ဌကထာကို ဆောင်ကုန်သော ရဟန်းတို့သည် အဋ္ဌကထာကို ဆွေးနွေးကုန်၏။ ဤသည်ကား ကာလေနဓမ္မသာကစ္ဆာမည်၏။ တနည်းကား အကြင် အခါ၌ စိတ်တွန့်၏။ အကြင်အခါ၌ ငိတ်သည် ပြန့်လွင့်၏။ အကြင် အခါ၌ စိတ်ကို ဝိစိကိစ္ဆာသည် နှိပ်စက်၏။ ထိုအခါ၌ တွန့်ခြင်း

ပြန့်လွင့်ခြင်း ယုံမှားခြင်းသည် နှိပ်စက်သော စိတ်ကို သုတ်သင်အံ့သောဌါ တရားကို ဆွေးနွေးကုန်၏။ ဤသည့်ကား ကာလေနဓမ္မသာကစ္ဆာမည်၏။ ထိုကာလေန ဓမ္မသာကစ္ဆာသည် ပရိယတ်၏ ထင်ခြင်း အစရှိကုန်သော ကျေးဇူးတို့၏ အကြောင်းဖြစ်သောကြောင့် မဂ်လာ မည်၏။ ။[မဂ်လာသုတ် အဋ္ဌကထာ]။ ။ဒုက အဂိုတ္တိုရ်အဋ္ဌကထာ၌ကား လျောက်ပတ် သင့်ကင့်သော ကာလ၌ ပြဿနာမေးခြင်း ဖြေခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော တက္ကပြောဟောခြင်းသည် ကာလေနဓမ္မသာကစ္ဆာ မည်၏ဟူ၍ ဆို၏။ ။တနည်းကား— ဓမ္မသာကစ္ဆာသည် အရဟတ္တဖိုလ်ကို ရခြင်း၏အကြောင်းသည်လည်း ဖြစ်သလျင်ကတည်း။ ။စတ္တာရောမေဘိက္ခဝေကာလာသမ္မာအာဒိယ မာနာ။ ။အစရှိသောသုတ်သည် ဤအရာ၌ သက်သေဖြစ်၏။ ထိုသုတ်ကို အောက်ဓမ္မသဝနကထာ၌ ပြဲအပ်ပြီးသလျင်ကတည်း။ ။[ဓမ္မသာကစ္ဆာဟူသော ပုဒ်၏ အဘွင့် စကားတည်း]။ ။ခန္တိ အစရှိသော ဤဂါထာဖြင့်လည်း။ ခန္တိ။ သောဝစဿတာ။ သမဏဒဿနံ။ ဓမ္မသာကစ္ဆာဟူသော မဂ်လာ လေးပါးတို့၏ အပေါင်းတို့ကို ဟောကော်မူ၏။ ။အဋ္ဌကထာ၏အနက် အဘွင့်သည် ပြီး၏။

၃၁-တပ မဂ်လာ

၂၁၂—ဘပမဂ်လာကို ပြခြင်း

တပေါစ ဗြဟ္မစရိယဉ္စ အစရှိသော နဝမဂါထာ၌ ဣန္ဒြိယသံဝရဟူသည်ကား သတိသံဝရတည်း။ ထိုသတိသံဝရသည်လည်း အနက်အားဖြင့် သတိတရားတည်း။ ထိုကြောင့် မူလပရိယာယသုတ် ဋီကာ၌ သတိသံဝရဟူသည်ကား ဣန္ဒြိယသံဝရဟူသော ဧးင့်ရှောက်ခြင်း၌ ဖြစ်သော သတိသည်ပင်လျင် တည်းဟူ၍ ဆိုအပ်၏။

သံဝရဏာတော သံဝရော။ ပိဒဟနတော ထကနတောတိ ဝုတ္တံ ဟောတိ။ သတိယာ ဧတံ အဓိဝစနံ။

[သဗ္ဗာသဝသုတ်အဋ္ဌကထာ]။

သံဝုရဏာတော၊ စောင့်ရှောက်တတ်သောကြောင့်။ သံဝရော၊ သံဝရမည်၏။ ပိဒဟနတော ထကနတော၊ ပိတ်တတ်သောကြောင့်။

ဣတိ၊သို့။ဝုတ္တံဝုတ္တော၊ ဆိုလိုသည်။ဟောတိ၊၏။ဇေဝံ၊ထိုသံဝရဟူသော အမည်သည်။ သတိသာ၊သတိ၏။ အဓိဝစနံ၊ အမည်တည်း။ ။ဣန္ဒြေကို စောင့်၏ ဟူသည်ကား အဘိဇ္ဈာအစရှိသည်တို့ကို ပယ်အံ့သောဌါ ဣန္ဒြေကိုစောင့်သတည်း။ ထိုကြောင့် စတုက္ကအင်္ဂုတ္တိုရ် ပထမပဏ္ဏာ သက စတုက္ထဝင်၌ ရဟန်းတို့ အသို့လျှင် ရဟန်းသည် မနိန္ဒြေလျှင် ခြောက်ခုရှိကုန်သော ဣန္ဒြေတို့၌ ပိတ်အပ်သော ဒွါရရှိသည်ဖြစ်သနည်း ဟူမူကား ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စက္ခုပိညာဏ်ဖြင့် ရူပါရုံကို မြင်၍ မိန်းမယောကျ်းတို့ သဏ္ဌာန်၌မူလည်း ဖြစ်သော သုဘနိမိတ် အစရှိသည်မူလည်းဖြစ်သော ကိလေသာ၏ တည်ရာဖြစ်၍ ဖြစ်သော အာရုံကိုမယူ၊ ယူအပ်သော ရူပါရုံ၌သာလျှင် တည်၏။ ကိလေသာတို့၏ ထင်သည်၏ အဖြစ်ကို ပြုတတ်သည်၏ အဖြစ် ကြောင့် အနုဗျဥ္ဇနဟုရအပ်သော ဝေါဟာရရှိသော လက်ခြေ ဦးခေါင်း ရယ်ခြင်း ပြောဆိုခြင်း ရင်ခြင်း တစောင်းကြည့်ခြင်း အစရှိသောအား ဖြင့် ပြားသောအခြင်းအရာကိုမယူ။ သတိဟူသောတံခါးရွက်ဖြင့်မပိတ် အပ်သော စက္ခုဒွါရရှိသည်ဖြစ်၍ နေသော ထိုသူကိုအကြင်စက္ခုန္ဒြေကို စောင့်ခြင်းဟူသော အကြောင်းကြောင့် အဘိဇ္ဈာဒေါမနဿ ဟူကုန် သော ယုတ်မာကုန်သော အကုသိုလ် တရားတို့သည် အစဉ်လိုက်ကုန် ရာ၏။ ထိုစက္ခုန္ဒြေကို သတိဟူသောတံခါးရွက်ဖြင့် ပိတ်အံ့သောဌါ ကျင့်၏။ ဤသို့ကျင့်လျက်လျှင် စက္ခုန္ဒြေ၌ စောင့်ခြင်းသို့ ရောက်၏။ သောတပိညာဏ်ဖြင့် သဒ္ဒါရုံကို ကြား၍ ဃာနပိညာဏ်ဖြင့် ဂန္ဓာရုံကို နမ်း၍ ဇိဝှါပိညာဏ်ဖြင့် ရသာရုံကို လျက်၍ ကာယပိညာဏ်ဖြင့် ဖေါဋ္ဌဗ္ဗာရုံကိုတွေ၍ မနောပိညာဏ်ဖြင့် ဓမ္မာရုံကိုသိ၍ ကိလေသာ၏ တည်ရာဖြစ်သောအာရုံကိုမယူ၊ ကိလေသာတို့၏ ထင်သည်၏အဖြစ်ကို ပြုတတ်သည်၏အဖြစ်ကြောင့် အနုဗျဥ္ဇနဟုရအပ်သော ဝေါဟာရရှိသော အခြင်း အရာကိုမယူ။ သတိဟူသော တံခါးရွက်ဖြင့် မပိတ်အပ်သော မနောဒွါရရှိသည်ဖြစ်၍ နေသော ထိုသူသို့ အကြင် မနိန္ဒြေကို မစောင့် ရှောက်ခြင်း ဟူသော အကြောင်းကြောင့် အဘိဇ္ဈာ ဒေါမနဿ ဟူကုန်သော ယုတ်မာကုန်သော အကုသိုလ် တရားတို့သည် အစဉ် လိုက်ကုန်ရာ၏။ ထိုမနိန္ဒြေကို သတိဟူသော တံခါးရွက်ဖြင့် ပိတ်အံ့ သောဌါကျင့်၏။ ဤသို့ကျင့်လျက်လျှင် မနိန္ဒြေကိုစောင့်၏။ ထိုမနိန္ဒြေ၌

စောင့်ခြင်းသို့ရောက်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် မနိန္ဒြေလျှင် ခြောက်ခုမြောက်ရှိကုန်သော ဈန္ဒြေတို့၌ ဝိတ်ပင်အပ်သော ဒွါရရှိ၏။

[အပရိဟာနိယသုတ် ပါဠိတော်]။

စက္ခုန္ဒြေ၌ စောင့်ရှောက်ခြင်းသည် အကယ်၍ကား မရှိအံ့၊ စက္ခုပသာဒကိုမှီ၍ သတိသည်လည်းကောင်း သတိ၏ လွတ်ခြင်းသည်လည်းကောင်း ဖြစ်။ စင်စစ်သဖြင့်ကား အကြင်အခါ၌ ရူပါရုံသည် စက္ခုပသာဒအား ထင်ခြင်းသို့ ရောက်၏၊ ထိုအခါ ဘဝင်သည် နှစ်ကြိမ်ဖြစ်၍ ချုပ်လတ်သော် ကြိယာမနောဓာတ်သည် အာဝဇ္ဇန်း ကိစ္စကို ပြီးစေလျက် ဖြစ်၍ ချုပ်၏။ ထိုနောင်မှ စက္ခုဝိညာဏ်သည် ဒဿန ကိစ္စကို ပြီးစေလျက်ဖြစ်၍ ချုပ်၏။ ထိုနောင်မှ ဝိပါက်မနောဓာတ်သည် သမ္ပဋိစ္ဆိုန်း ကိစ္စကို ပြီးစေလျက်ဖြစ်၍ ချုပ်၏။ ထိုနောင်မှ ဝိပါက် အဟိတ် မနောဝိညာဏဓာတ်သည် သန္တီရဏ ကိစ္စကို ပြီးစေလျက် ဖြစ်၍ ချုပ်၏။ ထိုနောင်မှ ကြိယာ အဟိတ် မနောဝိညာဏဓာတ်သည် ဝေါဋ္ဌဗ္ဗန ကိစ္စကို ပြီးစေလျက်ဖြစ်၍ ချုပ်၏။ ထိုစိတ်၏ အခြားမဲ့၌ ဇောသည် ဓောဏ်။ ထိုစိတ်တို့၏ ဖြစ်သောအခါတို့တွင်လည်း ဘဝင် ဖြစ်သောအခါ၌ စောင့်ရှောက်ခြင်းသည်လည်းကောင်း မစောင့်ရှောက်ခြင်းသည်လည်းကောင်း မရှိ။ အာဝဇ္ဇန်း အစရှိကုန်သော စိတ်တို့တွင် တပါး ပါးသော စိတ်ဖြစ်သော အခါ၌ စောင့်ရှောက်ခြင်းသည်လည်းကောင်း မစောင့်ရှောက်ခြင်းသည် လည်းကောင်း မရှိ။ ဇောဖြစ်သောဏခဏ်ကားသိလမရှိသည်၏အဖြစ်သည်လည်းကောင်းသတိလွတ်သည်၏အဖြစ်သည်လည်းကောင်းမသိခြင်းသည်လည်းကောင်း သည်းမခံခြင်းသည်လည်းကောင်း ပျင်းရိခြင်းသည်လည်းကောင်း အကယ်၍ ဖြစ်အံ့၊ မစောင့်ရှောက်ခြင်းသည် ဖြစ်၏။ ဤသို့ ဇောဌ် မစောင့်ရှောက်ခြင်းကို စက္ခုန္ဒြေ၌ မစောင့်ရှောက်ခြင်းဟူ၍ဆိုအပ်၏။အဘယ်ကြောင့် နည်းဟူမူကား၊ အကြင်ကြောင့် ထိုဇောဌ် မစောင့်ရှောက်ခြင်းသည် ရှိလတ်သော် ဒွါရသည်လည်း မလုံသည် ဖြစ်၏၊ ဘဝင်သည်လည်း မလုံသည် ဖြစ်၏၊ အာဝဇ္ဇန်း အစရှိကုန်သော ဝိထိစိတ်တို့သည်လည်း မလုံသည် ဖြစ်ကုန်၏။ ထိုကြောင့် ဇောဌ် မစောင့်ရှောက်ခြင်းကို စက္ခုန္ဒြေ၌ မစောင့်ရှောက်ခြင်းဟူ၍ ဆိုအပ်၏။ အကြင်အပြားအားဖြင့် ဖြစ်သောမစောင့်ရှောက်ခြင်းကို စက္ခုန္ဒြေ၌ မစောင့်ခြင်းဟူ၍ဆိုအပ်၏။

ဇုစ္ဆာသယ ၁၅၅-၈၉

ထို ဥပမာသည် အဘယ်နည်း ဟူမူကား မြို့၌ တံခါးလေးမျက်နှာတို့ကို မစောင့်အပ်ကုန်သည် ရှိသော် မြို့တွင်း၌ အိမ်တံခါးမုခ်တို့က် အစရှိသည်တို့ကို ကောင်းစွာ စောင့်အပ်ကုန်သော်လည်း မြို့တွင်း၌ အလုံးစုံသော ဥစ္စာသည် မစောင့်အပ် မလုံစေအပ်သည့် သာလျှင် ဖြစ်သကဲ့သို့တည်း။ ထိုစကားသည် မှန်၏၊ မြို့တံခါးဖြင့် ဝင်၍ ဒိုးသူတို့သည် အလိုရှိဘိုင်း ပြုကုန်ရာ၏။ ထိုအတူလျှင် ဇောဒ္ဓ သိလမရှိသည်၏အဖြစ် အစရှိသည်တို့သည် ဖြစ်ကုန်လတ်သော် ထိုဇောဒ္ဓသိလမစောင့်ရှောက်ခြင်းသည် ရှိလတ်သော် ဒွါရသည်လည်း မလုံသည်ဖြစ်၏၊ ဘဝင်သည်လည်း မလုံသည်ဖြစ်၏၊ အာဝဇ္ဇန်းအစရှိကုန်သော ဝိထိဗိတ်တို့သည်လည်း မလုံသည် ဖြစ်ကုန်၏။ ထိုဇောဒ္ဓ သိလအစရှိသည်တို့သည် ဖြစ်ကုန်လတ်သော် ဒွါရသည်လည်း လုံသည်သာ ဖြစ်၏၊ ဘဝင်သည်လည်း လုံသည်သာ ဖြစ်၏။ အကြင် အပြားအားဖြင့် ဖြစ်သော စောင့်ရှောက်ခြင်းကို စက္ခုဒ္ဒြေ၌ စောင့်ရှောက်ခြင်းဟူ၍ ဆိုအပ်၏။ ထိဥပမာသည် အဘယ်နည်းဟူမူကား မြို့တံခါးတို့ကို ကောင်းစွာ စောင့်ရှောက်အပ်ကုန်သည် ရှိသော် မြို့တွင်း၌ အိမ်အစရှိသည်တို့ကို မစောင့်ရှောက် အပ်ကုန်သော်လည်း မြို့တွင်း၌ အလုံးစုံသောဥစ္စာသည် ကောင်းစွာ စောင့်ရှောက်အပ်သည့် ကောင်းစွာ လုံသည်သာလျှင်ဖြစ်သကဲ့သို့တည်း။ထိုစကားသည် မှန်၏၊ မြို့တံခါးတို့ကို ဝိတ်အပ်ကုန်သည် ရှိသော် ဒိုးသူတို့၏ ဝင်ခြင်းသည် မရှိ။ထိုအတူလျှင် ဇောဒ္ဓ သိလအစရှိသည်တို့သည် ဖြစ်ကုန်လတ်သော် ဒွါရသည်လည်း လုံသည်သာ ဖြစ်၏၊ ဘဝင်သည်လည်း လုံသည်သာ ဖြစ်၏။ အာဝဇ္ဇန်းအစရှိကုန်သောဝိထိစိတ်တို့သည်လည်း လုံကုန်၏။ထို ကြောင့် ဇောဒ္ဓသိလဖြစ်သော စောင့်ရှောက်ခြင်းကိုလည်း စက္ခုဒ္ဒြေ၌ စောင့်ရှောက်ခြင်းဟူ၍ဆိုအပ်၏။

[သဗ္ဗာသဝသုတ် အဋ္ဌကထာ၊ဝိသုဒ္ဓိမဂ်စကားတည်း]။

တပါးသော တရားဌာန မရေတွက်နိုင်သော ဘဝင် စိတ်သည် အာကယ်၌ကား မပြတ်ဖြစ်၏၊ ထိုသို့ ဖြစ်ငြားသော်လည်း ပသာဒကို ထိခြင်း အာဝဇ္ဇန်းဖြစ်ခြင်းတို့၏ အကြားဌာနကား နှစ်ပါးကုန်သော ဘဝင် စိတ်တို့သည်သာလျှင် ဖြစ်ကုန်၏။ ဤသည်ကား စိတ္တနိယာမတည်း။ ထိုကြောင့် နှစ်ကြိမ် ဘဝင်ဖြစ်၍ ချုပ်လတ်သော်ဟူ၍

အဌကထာ ဆရာဆိုသကည်း။ ဇော ခဏ၌ သီလမရှိသည်၏ အဖြစ်သည်လည်း ဖြစ်၏။ ဤသို့ အစရှိသော အလုံးစုံသော စကားကို ကဘန်မဆိုအံ့သောငှါ ဤစက္ခုဒွါရ၌သာလျှင် အဌကထာဆရာသည် ဆိုအပ်၏။ ထိုကြောင့် ခြောက်ပါး ကုန်သော ဒွါရတို့၌ ဖြစ်သင့်သည် အားလျော်စွာ ယှဉ်အပ်၏။အကြင်ကြောင့် ပဉ္စဒွါရတို့၌ ကာယဒုစ္စရိုက် ဝစီဒုစ္စရိုက်ဟုဆိုအပ်သောသီလမရှိသည်၏အဖြစ်သည်မရှိ၊ ထိုကြောင့် သီလမရှိသည်၏ အဖြစ်ဟူသော မစောင့်ရှောက်ခြင်းကို မနောဒွါရ၏ အစွမ်းအားဖြင့် ယှဉ်အပ်၏။ ဤမှ တပါးသော မစောင့်ရှောက်ခြင်းကို ခြောက်ပါးကုန်သောဒွါရတို့၏ အစွမ်းအားဖြင့်လည်း ယှဉ်အပ်၏။ ထိုစကားသည် မှန်၏၊ ပဉ္စဒွါရ၌ သတိလွတ်သည်၏အဖြစ်အစရှိကုန်သော သတိပဋိပက္ခအစရှိသည် လက္ခဏာရှိကုန်သော အကုသိုလ်တရားတို့၏ ဖြစ်ခြင်းသည် ရှိရာ၏။ ကာယဒွါရ၌ ဖြစ်သော လွန်ကျူးခြင်း ဝစီဒွါရ၌ဖြစ်သော လွန်ကျူးခြင်းဖြစ်၍ဖြစ်သောထိုသီလမရှိသောအဖြစ်၏ ဖြစ်ခြင်းသည်ကား မရှိရာ၊ အဘယ်ကြောင့် နည်းဟူမူကား ပဉ္စဒွါရ၌ ဖြစ်ကုန်သော ဇောတို့၏ဝိညတ်ကိုမဖြစ်စေတတ်သည်၏ အဖြစ်ကြောင့် တည်း။ [ယထာ]ဤသို့ အစရှိသော စကားဖြင့် မြို့တံခါးကို မစောင့်ရှောက်အပ်သည်ရှိသော် ထိုမြို့တံခါးနှင့် စပ်ကုန်သော အိမ်အစရှိသည်တို့၏ မလုံသည်၏အဖြစ်ကဲ့သို့ ထိုအတူဇောကိုမစောင့်ရှောက်အပ်သည်ရှိသော် ထိုဇောနှင့်စပ်ကုန်သော ဒွါရအစရှိသည်တို့၏ မစောင့်ရှောက်အပ်သည်၏အဖြစ်သည် ဖြစ်၏။ဤသို့ တံခါးကိုမစောင့်ရှောက်အပ်သည်ရှိသော် တံခါး၏ မစောင့်ရှောက်အပ်သည်၏ အဖြစ်နှင့် တူခြင်းကိုသာလျှင် ပြ၏။ ရှေ့နောက်အားဖြင့်တူခြင်းကိုမပြ။ တနည်းကား အတွင်းအပအားဖြင့် တူခြင်းကိုပြ၏။ တခုသောအစဉ်၌ အကျွမ်းဝင်သည်၏ အဖြစ်ကြောင့်လျှင် ဇောနှင့်ဒွါရအစရှိသည်တို့၏စပ်ခြင်းကိုလည်း မှတ်အပ်၏။ ပစ္စည်း၏အဖြစ်ဖြင့် ရှေ့၌ဖြစ်သော ဘဝင်အစရှိသောတရားသည် ဇောဖြစ်သောကာလ၌မရှိငြားသော်လည်းစက္ခုအစရှိသည်ကဲ့သို့ အကျိုး၏ ဖြစ်ခြင်းဖြင့်ရှိသည်လျှင်ဖြစ်၏၊ထိုစကားသည်မှန်၏၊ ထင်ရှားရှိသည်ကို သာလျှင် ရှိ၏ဟူ၍ ဆိုအပ်သည်မဟုတ်။ ထိုကြောင့် ဒွါရဘဝင် အစရှိသော တရားသည် ရှိလတ်သော် နောက်မှ ဖြစ်သော ဇောကို အပကို ကဲ့သို့ မြို့တံခါးနှင့်တူ၏။ ဒွါရဘဝင်အစရှိသည်လည်း မြို့တွင်းနှင့်တူ၏

ဟူ၍ ဆိုအပ်၏။ ထိုစကားသည် မှန်၏၊ ပရမတ္ထအားဖြင့် ဇောဇ်အဖြစ် သည်လည်းကောင်း ဒွါရဘဝင် အစရှိသည်၏ အတွင်း၏ အဖြစ်သည် လည်းကောင်း မရှိငြားသော်လည်း—

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။

အစ ရှိသည်ကို ဟောတော်မူခြင်းကြောင့် အာဂန္တုကဖြစ်၍ ဖြစ်သော ရံခါရံခါ ဖြစ်သော ဇောဇ် အပ၏ အဖြစ်ကိုလည်းကောင်း ထိုဇောမှ ဝေးသောသဘောရှိသော ဒွါရဘဝင်အစရှိသည်၏အတွင်း၏ အဖြစ်ကိုလည်းကောင်း ပရိယာယ်အားဖြင့် သိအပ်၏။ တနည်းကား ဇောဋ္ဌမစောင့်ရှောက်ခြင်းသည် ဖြစ်လတ်သော် ထိုနောက်၌ ဒွါရဘဝင် အစရှိသည်တို့၏ မစောင်ရှောက်ခြင်း၏အကြောင်း၏အဖြစ်သို့ ရောက် ခြင်းကြောင့် မြို့တံခါးနှင့်တူသော ဇောဖြင့်ဝင်၍ သီလမရှိသည်၏အဖြစ် အစရှိကုန်သောခိုးသူတို့၏ ဒွါရဘဝင်အစရှိသည်တို့၌ ကုသိုလ်ဥစ္စာကို ဖျက်ဆီးခြင်းကို မှတ်အပ်၏။ ထိုစကားသည်မှန်၏၊ မစောင့်ရှောက်သည် ဖြစ်လတ်သော် ဒွါရ အစရှိသည်တို့၏ မလုံခြင်း၏အကြောင်း၏ အဖြစ် ကို သိအပ်၏။ ထိုမစောင့်ရှောက်ခြင်းသည်လည်း ဖြစ်လတ်သော် ဒွါရ အစရှိသည်တို့၏ လုံခြင်း၏ဥပနိဿယ၏အဖြစ်ကို တားမြစ်လျက်လျှင် ဖြစ်၏။ ထိုစကားသည် မှန်၏၊ ဤအရာ၌ မစောင့်ရှောက်ခြင်းတို့၏ ဤဆိုလတ္တံ့သော ဖြစ်စဉ်ကိုသိအပ်၏။ ပဉ္စဒွါရ၌ ရှုပါရုံအစရှိသော အာရုံသည် ထင်ခြင်းသို့ ရောက်လတ်သော် အကြောင်းအားလျော်စွာ အကုသိုလ်ဇောသည်ဖြစ်၍ ဘဝင်သို့တက်လတ်သော် မနောဒွါရိက ဇောသည် ထိုအာရုံကိုလျှင် အာရုံပြု၍ ဘဝင်သို့တက်၏။ တဘန် ထိုဒွါရ၌လျှင် မိန်းမ ယောကျ်း ဤသို့အစရှိသည်ဖြင့်လည်း နည်းကို မှတ်၍ ဇောသည် ဘဝင်သို့ သက်၏။ တဘန် ဒွါရ၌ တပ်စွန်းခြင်း အစရှိသည်၏အစွမ်းအားဖြင့် ဇောသည် စောဇ်။ တဘန်လည်း ထိုသို့ သဘောရှိသောအာရုံသည် ထင်ခြင်းသို့ ရောက်အံ့၊ ပဉ္စဒွါရ၌ ရှုပါရုံ အစရှိသည်တို့နှင့် တူသောဇောသည်လျှင်ဖြစ်၏။ထိုသို့သဘောရှိသော ဖြစ်ခြင်းကိုရည်၍—

ဝေမေဝ ဇဝနေ ဒုဿီလာဒီသု ဥပ္ပန္နေသု တသ္မိံ အသံဝရေ သတိ ဒွါရမ္ပိ အဂုတ္တံ—ဤသို့အစရှိသည်ကို ဆိုအပ်၏

ဤသို့ ဆိုအပ်ပြီးသည်ကား ရှေးဦးစွာ အသံဝရပကျွဉ် အနက်အစွမ်းတည်း။ သံဝရပကျွဉ်လည်း ဤနည်းဖြင့်သာလျှင် အနက်ကို သိအပ်၏။ ။[မူလပဏ္ဏာသသဗ္ဗာသဝသုတ်ရိကာစကား]။ ။ဝိသုဒ္ဓိမင်ရိကာကိုလည်း ကြည့်အပ်၏။ ။ဤသို့ ဈန္ဒြေကို စောင့်သော သူသည် အဘိဇ္ဈာအစရှိသည်တို့ကိုပယ်အံ့သောဌါ ဈန္ဒြေကို စောင့်၏။ အကြင်ကြောင့် ထိုသူအား ဈန္ဒြေကို စောင့်ခြင်းသည် အဘိဇ္ဈာ အစရှိသည်တို့ကို ပူပန်စေသည် မည်၏၊ ထိုကြောင့် အဘိဇ္ဈာ အစရှိသည်တို့ကို ပယ်ခြင်းသည် ဈန္ဒြေကို စောင့်ရှောက်ခြင်းကို ပြည့်စုံစေတတ်၏။ ထို ဈန္ဒြေကို စောင့်ရှောက်ခြင်း သည်လည်း ဟိရိသြတ္တပ္ပ ဟူသော ဥပနိဿယ ရှိ၏။ ထိုကြောင့် သတ္တက အင်္ဂုတ္တိုရ် ဒုတိယပဏ္ဏာသက ဒုတိယဝဂ်၌ ရဟန်းတို့.... ဥပမာကား အခက်အရွက် ချုးဖဲ့သော သစ်ပင်သည် ရှိ၏။ အခက်အရွက် ချုးဖဲ့သော သစ်ပင်အား အပွေးသည်လည်း ပြည့်စုံခြင်းသို့ မရောက်။ အခွန်သည်လည်း ပြည့်စုံခြင်းသို့ မရောက်။ အကာသည်လည်း ပြည့်စုံခြင်းသို့ မရောက်။ အနှစ်သည်လည်း ပြည့်စုံခြင်းသို့မရောက်။ ရဟန်းတို့- ထိုအတူလျှင် ဟိရိသြတ္တပ္ပသည် မရှိသော် ဈန္ဒြေကို စောင့်ရှောက်ခြင်း မဖြစ်။ ဟိရိသြတ္တပ္ပနှင့် မပြည့်စုံသောသူအား ဈန္ဒြေကို စောင့်ရှောက်ခြင်းသည် ပြတ်သော အကြောင်းရှိ၏။ဈန္ဒြေကို စောင့်ရှောက်ခြင်းသည်မရှိသော် သီလသည် မဖြစ်။ဈန္ဒြေကိုစောင့်ရှောက်ခြင်းနှင့် မပြည့်စုံသောသူအား သီလသည် ပြတ်သောအကြောင်းရှိ၏။ သီလသည် မရှိသော် သမ္မာသမာဓိသည် မဖြစ်။သီလနှင့်မပြည့်စုံသောသူအားသမာဓိသည်ပြတ်သောအကြောင်းရှိ၏။ သမ္မာသမာဓိသည်မရှိသော်အဟုတ်အမှန်သိမြင်ခြင်းသည် မဖြစ်။ သမ္မာသမာဓိနှင့် မပြည့်စုံသောသူအား အဟုတ်အမှန် သိမြင်ခြင်းသည် ပြတ်သောအကြောင်းရှိ၏။ အဟုတ်အမှန် သိမြင်ခြင်းသည် မဖြစ်သော် ဝဋ်ဆင်းရဲ၌ ငြီးငွေခြင်းသည်ရင်း မဂ်သည်ရင်း မဖြစ်။ အဟုတ်အမှန် သိမြင်ခြင်းနှင့် မပြည့်စုံသော သူတို့အား ဝဋ်ဆင်းရဲ၌ ငြီးငွေခြင်းသည် လည်းကောင်း မဂ်သည်လည်းကောင်း ပြတ်သော အကြောင်းရှိ၏။ ဝဋ်ဆင်းရဲ၌ ငြီးငွေခြင်းသည် လည်းကောင်း မဂ်သည်လည်းကောင်း မရှိလတ်သော် အရဟတ္တဖိုလ်ဟူသော ဝိမုတ္တိကို သိမြင်သော ပစ္စဝေက္ခဏာဉာဏ်သည်မဖြစ်၊ဝဋ်ဆင်းရဲ၌ ငြီးငွေခြင်းနှင့် လည်းကောင်း

မင်္ဂနှင့်လည်းကောင်း မပြည့်စုံသော သူအား အရဟတ္တဖိုလ်ဟူသော ဝိမုတ္တိကို သိမြင်သောပစ္စဝေက္ခဏာဉာဏ်သည် ပြတ်သောအကြောင်းရှိ၏ဟူ၍လည်းကောင်း ရဟန်းတို့ ဥပမာကား အခက် အရွက်နှင့် ပြည့်စုံသောသစ်ပင်ရှိ၏။ထိုအခက်အရွက်နှင့်ပြည့်စုံသောသစ်ပင်ကား အဝေးသည်လည်း ပြည့်စုံခြင်းသို့ ရောက်၏။ အခွန်သည်လည်း ပြည့်စုံခြင်းသို့ရောက်၏။ အကာသည်လည်း ပြည့်စုံခြင်းသို့ ရောက်၏။ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ရောက်၏။ ရဟန်းတို့ ထိုအတူလျှင် ဟိရိသြတ္တပ္ပသည် ရှိလတ်သော် ဣန္ဒြေကို စောင့်ရှောက်ခြင်းသည် ဖြစ်၏။ ဟိရိသြတ္တပ္ပနှင့် ပြည့်စုံသောသူအား ဣန္ဒြေကို စောင့်ရှောက်ခြင်းနှင့် ပြည့်စုံသော ဥပနိဿယရှိ၏။ လ။ ဝဠုဆင်းရဲ၌ ငြိုးငွေ့ခြင်းသည် လည်းကောင်း မဂ်သည် လည်းကောင်း ရှိလတ်သော် အရဟတ္တဖိုလ်ဟူသော ဝိမုတ္တိကို သိမြင်သော ပစ္စဝေက္ခဏာဉာဏ်သည်ဖြစ်၏။ ဝဠုဆင်းရဲ၌ ငြိုးငွေ့ခြင်းနှင့်လည်းကောင်း မဂ်နှင့်လည်းကောင်း ပြည့်စုံသော သူအား အရဟတ္တဖိုလ် ဟူသော ဝိမုတ္တိကို သိမြင်သော ပစ္စဝေက္ခဏာဉာဏ်သည်ဖြစ်၏။ဝဠုဆင်းရဲ၌ ငြိုးငွေ့ခြင်းနှင့်လည်းကောင်း မဂ်နှင့်လည်းကောင်း ပြည့်စုံသောသူအား အရဟတ္တ ဖိုလ်ဟူသော ဝိမုတ္တိကို သိမြင်သော ပစ္စဝေက္ခဏာ ဉာဏ်သည် ပြည့်စုံသော ဥပနိဿယရှိ၏ဟူ၍လည်းကောင်းဟောတော်မူ၏။ [ဟိရိသုတ်ပါဠိတော်]။

၂၀၃-လေးမသကသပ ရသေ့ဝတ္ထု

နဝနီပါတ် ဇာဉ်အဋ္ဌကထာ

ဤသို့ဟိရိသြတ္တပ္ပနှင့်ပြည့်စုံသောသူအားဣန္ဒြေကို စောင့်ရှောက်ခြင်းသည် ဥပနိဿယနှင့်ပြည့်စုံသည်ဖြစ်၏။ ဟိရိသြတ္တပ္ပနှင့်မပြည့်စုံသော သူအား ဣန္ဒြေကိုစောင့်ရှောက်ခြင်းသည် ဥပနိဿယနှင့် မပြည့်စုံ။ ထိုစကား၌ ဤဆိုလတ္တံ့သည်ကား ဝတ္ထု၊တည်း။ ။လွန်လေပြီးသောအခါ ဘုရားလောင်းသည် ဟိမဝန္တာ၌ လေမသကသသပမည်သော ရသေ့ဖြစ်၏။ ပြင်းထန်သောအကျင့်ရှိ၏။ဘုရားလောင်း၏ အကျင့်အားနှင်ဘော်ကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်၏။ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍ သန်းခေါင်အခါ၌ဗာရာဏသိမင်း၏ ကြက်သရေတိုက်သို့ ဝင်၍ မြတ်သော မင်းကြီးထလော့။ ငါ

သည်ကား သိကြားတည်း။ သင်မင်းကြီးသည် အလုံးစုံသော ဇမ္ဗူ ဒိပ်၌ ဧကရာဇ် အဖြစ်ကို အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ သင်မင်းကြီး၏ သို့်းစန္ဒဝတီကို သေယ္ဟအမတ်၏ လက်၌ထား၍ လောမသကဿပ အထံသို့ ဆောင်နှင်း၍ သားမျိုးကိုသတ်၍ ယဇ်ကို ပူဇော်စေလော့။ သိကြားမင်းနှင့်အတူမအိုမသေဖြစ်၍ အလုံးစုံသော ဇမ္ဗူဒိပ်၌ ဧကရာဇ် ပြုရလတ္တံ့ဟုဆို၍ဝဲလေ၏။မင်းသည်လည်း နှစ်ရက်မြောက်သော နေ့၌ စန္ဒဝတီမင်းသို့်းနှင့် တကွ သေယ္ဟအမတ်ကိုစေ၏။ သေယ္ဟအမတ်သည် လည်းသွား၍ ရသေ့ကို ရှိခိုး၍ နတ်သို့်းနှင့်တူသော စန္ဒဝတီ မင်းသို့်းကို ပြ၏။ရသေ့သည် ဈန္ဒြေတို့ကိုဖျက်၍ဟိရိသြတ္တပ္ပကိုပယ်၍ စန္ဒဝတီမင်း သို့်းကိုကြည့်၏။ ကြည့်သည်နှင့်တကွ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ဈာန်မှယုတ်၏။ သေယ္ဟအမတ်သည် အရှင်ဘုရား အရှင်ဘုရားတို့သည် မင်း၏ ယဇ်ကို အကယ်၍ ပူဇော်ကုန်အံ့၊ မင်းလည်း မင်းသို့်းကို အရှင် ဘုရားအား ပေးလတ္တံ့ဟုဆို၏။ လောမသကဿပ ရှင်ရသေ့သည် ကောင်းပြီဟုဆို၍ ဆံကျစ်တို့နှင့်တကွလျှင် ဗာရာဏသီသို့ လိုက်၍ ယစ်ပူဇော်အံ့သောငှါ အားထုတ်၏။ ထိုအခါ ထိုလောမသကဿပ ရှင်ရသေ့ကို ထိုအရပ်၌ စည်းဝေးသော များစွာသော လူအပေါင်း တို့သည်မြင်၍ ရှင်ရသေ့ သင်သည် မလျောက်ပတ်သည်ကိုပြု၏ဟုဆို၍ ဝိုကြွေးလျက်—

ဗလံ စန္ဒော ဗလံ သူရိယော၊ ဗလံ သမဏဗြာဟ္မဏာ။
ဗလံ ဝေလာ သမုဒ္ဒဿ၊ ဗလာတိဗလ မိတ္ထိယော။
ယထာ ဥဂ္ဂတပံ သန္တံ၊ ဈသိံ လောမသကဿပံ။
ပိတုတ္ထာယ စန္ဒဝတီ၊ ဝါဇပေယံ အယောဇယိ။

ဟူသော နှစ်ဝါထာကို ဆို၏။

စန္ဒော-စန္ဒဿ လ၏။ဗလံ၊အားသည်ရင်း။သူရိယော-သူရိယဿ၊နေ၏။ဗလံ၊အားသည်လည်းကောင်း။ သမဏဗြာဟ္မဏာ-သမဏာဗြာဟ္မဏာနံ၊ ရဟန်းပုဏ္ဏားတို့၏။ ဗလံ၊အားသည်လည်းကောင်း။ သမုဒ္ဒဿ၊ သမုဒ္ဒရာ၏။ ဝေလာ-ဝေလာယ၊ ကမ်း၏။ ဗလံ၊ အားသည်လည်း ကောင်း။အတ္ထိ၊ရှိ၏။ဈတ္ထိယော-ဈတ္ထိနံ၊ မိန်းမတို့၏။ ဗလံ။ အားသည်။ ဗလာတိဗလံ၊ ဆိုအပ်ပြီးသောအားတကာတို့ထက်လွန်သောအားသည်။ ဘောတိ၊ ဖြစ်၏။ ယထာယသ္မာ၊ အကြင်ကြောင့်။ စန္ဒဝတီ၊စန္ဒဝတီမင်း

သို့ဒီးသည်။ ဥဂ္ဂတပံ၊ မြတ်သောအကျင့်ရှိသော။ သန္တံ၊ ငြိမ်သက်သော။ လောမသကဿပံ၊ လောမသကဿပ မည်သော။ ဈသိံ၊ ရသေ့ကို။ ပိတုဏ္ဍာယ-ပိတုအဏ္ဍာယ၊ အဘဏ်အကျိုးငှါ။ ဝါဇပေယံ၊ ယဇ်ပူဇော်ခြင်းကို။ အယောဇယိ၊ ယှဉ်စေ၏။ တသ္မာ ထိုကြောင့်။ ဈတ္တိယော-ဈဘွိနံ။ မိန်းမဘို့၏။ ဗလံ၊ အားသည်၊ ဗလာတိ ဗလံ၊ ဆိုအပ်ပြီးသော အားတကာတို့ထက် လွန်သောအားသည်။ဟောတိ၊ ၏။

ထိုအခါ၌ လောမသကဿပရှင်ရသေ့သည် မင်္ဂလာဆင်၏ လည်၌ ခုတ်အံ့ဟုဆို၍ ရတနာသန်လျက်ကိုချီ၏။ မင်္ဂလာဆင်သည် သန်လျက်ကိုချီသောရသေ့ကိုမြင်၍ သေဘေးမှကြောက်၍ သည်းစွာသောအသံကိုမြည်၏။ မင်္ဂလာဆင်၏ အသံကိုကြား၍ ကြွင်းကုန်သော ဆင် မြင်းနွားတို့သည်လည်း မြည်ကုန်၏။လူအပေါင်းတို့သည် လည်းဘောက်ပြန်သော အသံကိုပြု၏။ ရသေ့သည် ထိုအသံကိုကြား၍ ထိတ်လန့်ခြင်းသို့ရောက်သည်ဖြစ်၍ မိမိ၏ဆံကျစ်အစရှိသည်တို့ကိုကြည့်၍ နှလုံးမသာသည်ဖြစ်၍မကောင်းမှုတို့ကိုပြုခြင်းသည် ငါ့အား စင်စစ်မလျောက်ပတ်တကားဟု ထိုခဏ၌ ဟိရိသြတ္တပ္ပကိုဖြစ်စေ၍ ကသိုဏ်းကိုနှလုံးသွင်း၍ ပျောက်သောဈာန်ကိုလည်း ဖြစ်စေ၍ ကောင်းကင်၌ ထက်ဝယ်ဘွဲသဖြင့်နေ၍ မင်းအား တရားဟော၍ဆုံးမ၍ ယဇ်တွင်းကိုဖျက်ဆီးစေ၍ သတ္တဝါများအားအဘယအလှူကိုပေးစေ၍ မိမိနေရာအရပ်သို့လျှင်သွား၍ မယုတ်သောဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့လား၏။ ။[လောမသကဿပဝတ္ထု]။ ။ဤဆိုအပ်ပြီးသည်လျှင် အကျဉ်းတည်း၊အကျယ်ကိုကား အောက်အနာဂါရိယ၌ ဆိုအပ်ပြီးသလျှင်ကတည်း။

ဈန္ဒိယသံဝရကထာ ပြီး၏။

၂၁၄—ပျင်းရိခြင်း၏အပြစ်များကိုပြခြင်း

တနည်းကား ပျင်းရိခြင်းကို ပူပန်စေတတ်သည်၏ အဖြစ်ကြောင့် ဝိရိယသည် တပမည်၏ ဟူသောစကား၌ ပျင်းရိခြင်းကို ရှစ်ပါးကုန်သောအကြောင်းတို့ဖြင့် သိအပ်၏။ဝိရိယကိုလည်း ထိုအဟူ ရှစ်ပါးကုန်သော အကြောင်းတို့ဖြင့်သိအပ်၏။ ထိုကြောင့် အဌကအဂိုတ္တိုရ်ဒုတိယပဏ္ဏာသကဘတိယဝဂ်၌ ဤသို့ဟောတော်မူ၏။ ရဟန်းတို့ ပျင်းရိ

ခြင်း၏ အကြောင်းတို့သည်ရှစ်ပါးတို့တည်း။ ရှစ်ပါးတို့သည်အဘယ်သည်တို့နည်း ဟူမူကား ဤလောက၌ ရဟန်းသည် အမှုကို ပြုအပ်သည်ဖြစ်၏၊ ထိုရဟန်းအား ဤသို့သောအကြီသည်ဖြစ်၏ ငါသည်အမှုကိုပြုရအံ့၊ အမှုကိုပြုသော ငါ၏ကိုယ်သည်ပင်ပန်းလတ္တံ့၊ ယခုငါသည်အိပ်အံ့၊ ဤသို့သော အကြီသည် ဖြစ်၏။ ထိုရဟန်းသည် အိပ်၏၊ မရောက်သေးသော ဈာန်ဝိပဿနာ မင်ဖိုလ်တရားသို့ ရောက်စိမ့်သောငှါ မရသေးသော ဈာန်ဝိပဿနာ မင်ဖိုလ်တရားကို ရစိမ့်သောငှါ မျက်မှောက် မပြုသေးသော ဈာန်ဝိပဿနာ မင်ဖိုလ်တရားကို မျက်မှောက်ပြုအံ့သောငှါဝီရိယကိုမထုတ်။ ရဟန်းတို့-ဤသည်ကားရှေးဦးစွာသော ပျင်းရိခြင်း၏ အကြောင်းတည်း။ တဘန်လည်း ရဟန်းတို့-ရဟန်းသည်အမှုကိုပြု၍ပြီးသည်ဖြစ်၏၊ ထိုရဟန်းအားဤသို့သောအကြီသည်ဖြစ်၏၊ ငါသည်အမှုကိုပြု၍ပြီးပြီ၊ အမှုကိုပြုပြီးသော ငါ၏ကိုယ်သည်ပင်ပန်း၏၊ ယခုငါသည်အိပ်အံ့ ဤသို့သော အကြီသည်ဖြစ်၏။ ထိုရဟန်းသည် အိပ်၏။ မရောက်သေးသော ဈာန်ဝိပဿနာမင်ဖိုလ်တရားသို့ရောက်စိမ့်သောငှါ မရသေးသောဈာန်ဝိပဿနာ မင်ဖိုလ်တရားကိုရစိမ့်သောငှါ မျက်မှောက်မပြုရသေးသော ဈာန်ဝိပဿနာ မင်ဖိုလ်တရားကိုမျက်မှောက်ပြုအံ့သောငှါ ဝီရိယကိုမထုတ်၊ ရဟန်းတို့ ဤသည်ကား နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပျင်းရိခြင်း၏အအကြောင်းတည်း။ တဘန်လည်း ရဟန်းတို့ ရဟန်းသည်လည်းခရီးသို့သွားအံ့သည်ဖြစ်၏၊ ထိုရဟန်းအား ဤသို့သော အကြီသည်ဖြစ်၏၊ ငါသည်ခရီးသို့သွားလတ္တံ့။ခရီးသွားသောငါ၏ကိုယ်သည်ပင်ပန်းလတ္တံ့၊ ယခုငါသည်အိမ်အံ့၊ ဤသို့သောအကြီသည်ဖြစ်၏။ ထိုရဟန်းသည်အိပ်၏။ မရောက်သေးသော ဈာန်ဝိပဿနာ မင်ဖိုလ်တရားသို့ရောက်စိမ့်သောငှါ မရသေးသော ဈာန်ဝိပဿနာ မင်ဖိုလ်တရားကိုရစိမ့်သောငှါ မျက်မှောက်မပြုရသေးသော ဈာန်ဝိပဿနာ မင်ဖိုလ်တရားကို မျက်မှောက်ပြုအံ့သောငှါ ဝီရိယကို မထုတ်၊ ရဟန်းတို့ ဤသည်ကား သုံးခုတို့၏ ပြည့်ကြောင်း ဖြစ်သော ပျင်းရိခြင်း၏ အကြောင်းတည်း။ တဘန်လည်း ရဟန်းတို့ ရဟန်းသည် ခရီးကိုသွားပြီးသည်ဖြစ်၏။ ထိုရဟန်းအား ဤသို့သော အကြီသည် ဖြစ်၏၊ ငါသည်ခရီးသို့သွားပြီးပြီ၊ ခရီးသွားသော ငါ၏ကိုယ်သည် ပင်ပန်း၏၊ ယခု

ငါသည် အိပ်အံ့၊ ဤသို့သော အကြံသည် ဖြစ်၏။ ထိုရဟန်းသည် အိပ်၏။မရောက်သေးသော ဈာန်ဝိပဿနာမင်ဖိုလ်တရားသို့ ရောက်စိမ့်သောငှါ မရသေးသော ဈာန်ဝိပဿနာ မင်ဖိုလ်တရားကို ရစိမ့်သောငှါ မျက်မှောက် မပြုရသေးသော ဈာန်ဝိပဿနာမင်ဖိုလ် တရားကို မျက်မှောက်ပြုအံ့သောငှါ ဝီရိယကို မထုတ်၊ ရဟန်းတို့ ဤသည်ကား လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော ပျင်းရိခြင်း၏ အကြောင်းတည်း။ တဘန်လည်း ရဟန်းတို့ ရဟန်းသည် ရွာသို့လည်းကောင်း နိဂုမ်းသို့ လည်းကောင်း ဆွမ်းခံအံ့သောငှါ သွားသည်ရှိသော် ယုတ်သော ဘောဇဉ်ဖြင့် လည်းကောင်း မြတ်သော ဘောဇဉ်ဖြင့်လည်းကောင်း အလိုရှိတိုင်း ပြည့်စုံသည်ကိုမရ။ထိုရဟန်းအား ဤသို့သောအကြံသည် ဖြစ်၏။ ရွာသို့လည်းကောင်း နိဂုမ်းသို့လည်းကောင်း ဆွမ်းခံအံ့သောငှါ သွားသောငါသည် ယုတ်သော ဘောဇဉ်ဖြင့်လည်းကောင်း မြတ်သော ဘောဇဉ်ဖြင့် လည်းကောင်း အလိုရှိတိုင်း ပြည့်စုံသည်ကို မရ။ ထိုငါ၏ ကိုယ်သည် ပင်ပန်း၏၊ မခံ့သေး၊ ယခုငါသည် အိပ်အံ့၊ ဤသို့ကြံ၏။ထို ရဟန်းသည် အိပ်၏၊ မရောက်သေးသော ဈာန်ဝိပဿနာ မင်ဖိုလ် တရားသို့ ရောက်စိမ့်သောငှါ မရသေးသော ဈာန်ဝိပဿနာမင်ဖိုလ် တရားကို ရစိမ့်သောငှါ မျက်မှောက်မပြုရသေးသော ဈာန်ဝိပဿနာ မင်ဖိုလ်တရားကို မျက်မှောက်ပြုအံ့သောငှါ ဝီရိယကို မထုတ်၊ရဟန်းတို့ ဤသည်ကား ငါးခုတို့၏ပြည့်ကြောင်းဖြစ်သောပျင်းရိခြင်း၏အကြောင်း တည်း။ တဘန်လည်း ရဟန်းတို့ ရဟန်းသည် ရွာသို့လည်းကောင်း နိဂုမ်းသို့ လည်းကောင်း ဆွမ်းခံအံ့သောငှါ သွားသည်ရှိသော် ယုတ်သော ဘောဇဉ်ဖြင့် လည်းကောင်း မြတ်သော ဘောဇဉ်ဖြင့်လည်း ကောင်း အလိုရှိတိုင်း ပြည့်စုံသည်ကို ရ၏။ ထိုရဟန်းအား ဤသို့သော အကြံသည် ဖြစ်၏၊ ရွာသို့ လည်းကောင်း နိဂုမ်းသို့ လည်းကောင်း ဆွမ်းခံအံ့သောငှါ သွားသော ငါသည် ယုတ်သော ဘောဇဉ်ဖြင့် လည်းကောင်း မြတ်သော ဘောဇဉ်ဖြင့် လည်းကောင်း အလိုရှိတိုင်း ပြည့်စုံသည်ကို ရပြီ။ ထိုငါ၏ ကိုယ်သည် ရေစွတ်သော ပဲကြီးကဲ့သို့ လေး၏ မခံ့ ယခုငါသည်အိပ်အံ့၊ ဤသို့သော အကြံသည် ဖြစ်၏။ ထို ရဟန်းသည် အိပ်၏၊ မရောက်သေးသော ဈာန်ဝိပဿနာ မင်ဖိုလ် တရားသို့ ရောက်စိမ့်သောငှါ မရသေးသော ဈာန် ဝိပဿနာ

မဂ်ဖိုလ် တရားကို ရစိမ့်သောဌါ မျက်မှောက် မပြုရသေးသော ဈာန် ဝိပဿနာ မဂ်ဖိုလ် တရားကို မျက်မှောက် ပြုအံ့သောဌါ ဝိရိယကို မထုတ်၊ ရဟန်းတို့ ဤသည်ကား ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပျင်းရိခြင်း၏ အကြောင်းတည်း။ တဘန်လည်း ရဟန်းတို့ ရဟန်းအား အနည်းငယ်သော အနာသည်ဖြစ်၏။ ထိုရဟန်းအား ဤသို့သော အကြံသည် ဖြစ်၏၊ ငါ့အား အနည်းငယ်သော ဤအနာသည်ဖြစ်၏၊ အိပ်ခြင်းဌါ ရအပ်သော အခွင့်သည် ရှိ၏။ ယခု ငါသည် အိပ်အံ့၊ ' ဤသို့သော အကြံသည်ဖြစ်၏။ ထိုရဟန်းသည် ဈာန်၏၊ မရောက်သေးသော ဈာန် ဝိပဿနာ မဂ်ဖိုလ်တရားသို့ ရောက်စိမ့်သောဌါ မရသေးသောဈာန် ဝိပဿနာမဂ်ဖိုလ်တရားကို ရစိမ့်သောဌါ မျက်မှောက်မပြုရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကို မျက်မှောက် ပြုအံ့သောဌါ ဝိရိယကို မထုတ်၊ ရဟန်းတို့ ဤသည်ကား ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပျင်းရိခြင်း၏ အကြောင်းတည်း။ တဘန်လည်း ရဟန်းတို့ ရဟန်း သည်ကား အနာမှ ထမြောက်သည် ဖြစ်၏၊ အနာမှ ထမြောက်၍ မကြာမြင့်သေးသည် ဖြစ်၏။ ထိုရဟန်းအား ဤသို့သော အကြံသည် ဖြစ်၏၊ ငါသည်ကား အနာမှ ထမြောက်ပြီး အနာမှ ထမြောက်၍ မကြေးမြင့်သေး၊ ထိုငါ၏ကိုယ်သည် အားနည်းသေး၏၊ မခံ့သေး။ ယခု ငါသည်အိပ်အံ့၊ ဤသို့သော အကြံသည်ဖြစ်၏။ ထိုရဟန်းသည် အိပ်၏၊ မရောက်သေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားသို့ ရောက်စိမ့်သော ဌါမရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကို ရစိမ့်သောဌါ မျက်မှောက် မပြုရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကို မျက် မှောက်ပြုအံ့သောဌါ ဝိရိယကိုမထုတ်၊ရဟန်းတို့ ဤသည်ကားခုစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပျင်းရိခြင်း၏အကြောင်းတည်း။ပျင်းရိခြင်းတို့၏ အကြောင်းခုစ်ပါးဟူသည်ကား ဤဆိုအပ်ပြီးသောအကြောင်းတို့တည်း။ ရဟန်းတို့ ဝိရိယကိုထုတ်ခြင်း၏ အကြောင်းတို့သည်ကား ဤခုစ်ပါးတို့ တည်း။ ဝိရိယကို ထုတ်ခြင်း၏ အကြောင်းခုစ်ပါးတို့သည် အဘယ်တို့ နည်းဟူမူကား၊ ရဟန်းတို့ ဤလောက၌ ရဟန်းသည် အမှုကိုပြုအံ့သည် ဖြစ်၏။ ထိုရဟန်းအား ဤသို့သော အကြံသည် ဖြစ်၏။ ငါသည်ကား အမှုကို ပြုရလတ္တံ့။ အမှုကိုပြုသောငါသည် မြတ်စွာဘုရား၏အဆုံးအမ တော်ကို လွယ်စွာ နှလုံးသွင်းခြင်းဌါ မဘတ်ကောင်း။ အမှုကို မပြုမီ

ရှေးမဆွဖြစ်သော ယခုအခါ၌သာလျှင် ငါသည် မရောက်သေးသော ဈာန်ဝိပဿနာမဂ်ဖိုလ်တရားသို့ ရောက်စိမ့်သောငှါ မရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်ဘရားကို ရစိမ့်သောငှါ မျက်မှောက်မပြုရသေးသော စျာန်ဝိပဿနာ မဂ်ဖိုလ်တရားကို မျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြံသည်ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားသို့ ရောက်စိမ့်သောငှါ မရသေးသော ဈာန်ဝိပဿနာမဂ်ဖိုလ်တရားကို ရစိမ့်သောငှါ မျက်မှောက်မပြုရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကို မျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်၏။ ရဟန်းတို့- ဤသည်ကား ရှေးဦးစွာ ဝိရိယကိုထုတ်ခြင်း၏ အကြောင်းတည်း။ တဘန်လည်း ရဟန်းတို့- ရဟန်းသည် အမှုကိုပြုသည်ဖြစ်၏။ ထိုရဟန်းအား ဤသို့သော အကြံသည် ဖြစ်၏။ ငါသည်ကား အမှုကိုပြုဖြို့။ အမှုကိုပြုစည် ငါသည် ဘုရား၏အဆုံးအမတော်ကို နှလုံးသွင်းအံ့သောငှါ မတတ်နိုင်။ ယခုစောစောကလျှင် ငါသည် မရောက်သေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားသို့ ရောက်စိမ့်သောငှါ မရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကို ရစိမ့်သောငှါ မျက်မှောက်မပြုရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကို မျက်မှောက်ပြုအံ့သောငှါ ဝိရိယကို ထုတ်နှံ့။ ဤသို့သောအကြံသည်ဖြစ်၏။ထိုရဟန်းသည် မရောက်သေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားသို့ ရောက်စိမ့်သောငှါ မရသေးသော ဈာန် ဝိပဿနာ မဂ်ဗိုလ်တရားကို ရစိမ့်သောငှါ မျက်မှောက် မပြုရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကို မျက်မှောက် ပြုအံ့သောငှါ ဝိရိယကိုထုတ်၏။ရဟန်းတို့- ဤသည်ကား နှစ်ခုတို့၏ပြည့်စုံကြောင်း ဖြစ်သော အားထုတ်ခြင်း၏ အကြောင်းတည်း။ တဘန်လည်း ရဟန်းတို့- ရဟန်းသည် ခရီးသွားအံ့သည်ဖြစ်၏။ ထိုရဟန်းအား ဤသို့သော အကြံသည်ဖြစ်၏။ ငါသည် ခရီးသွားအံ့သည်ဖြစ်၏။ ခရီးသွားသဖြင့် ဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းအံ့သောငှါ ငါ့အား မလွယ်။ ခရီးမသွားမီ ယခုအခါ၌လျှင် ငါသည် မရောက်သေးသော ဈာန်ဝိပဿနာ ဓင်္ဂဖိုလ်တရားသို့ ရောက်စိမ့်သောငှါ မရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကို ရစိမ့်သောငှါ မျက်မှောက် မပြုရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကို မျက်မှောက် ပြုအံ့သောငှါ

ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည်ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားသို့ရောက်စမ်းသောငှါ မရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကို ရစမ်းသောငှါ မျက်မှောက် မပြုရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်ဘရားကို မျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားသို့ ရောက်စမ်းသော သုံးခုတို့၏ပြဿ်နကြောင်းဖြစ်သော အားထုတ်ခြင်း၏ အကြောင်းတည်း။ တဘန်လည်း ရဟန်းတို့– ရဟန်းသည် ခဒိုးကိုသွားသည်ဖြစ်၏။ ထို ရဟန်းအား ဤသို့သောအကြောင်းသည် ဖြစ်၏။ ငါသည် ခဒိုးကိုသွားပြီ။ ခရီးသွားစဉ် ငါသည် ဘုရားတို့၏ အဆုံးအမတော်ကို နှလုံးသွင်းအံ့သောငှါ မတတ်နိုင်။ ယခုစောစောကလျှင် ငါသည် မရောက်သေးသော စျာန်ဝိပဿနာ မဂ်ဖိုလ်တရားကို ရောက်စမ်းသောငှါ မရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကို ရစမ်းသောငှါ မျက်မှောက်မပြုရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကိုမျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားသို့ ရောက်စမ်းသော ငှါ မရသေးသော စျာန်ဝိပဿနာ မဂ်ဖိုလ်တရားကို ရစမ်းသောငှါ မျက်မှောက်မပြုရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကိုမျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားသို့ ရောက်စမ်းသော ငှါ မရသေးသော စျာန်ဝိပဿနာ မဂ်ဖိုလ်တရားကို ရစမ်းသောငှါ မျက်မှောက်မပြုရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကိုမျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားသို့ ရောက်စမ်းသော ငှါ မရသေးသော စျာန်ဝိပဿနာ မဂ်ဖိုလ်ဘရားကို ရစမ်းသောငှါ မျက်မှောက်မပြုရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကိုမျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော စျာန်ဝိပဿနာမဂ်ဖိုလ်ဘရားသို့ ရောက်စမ်းသော ငှါ မရသေးသော စျာန်ဝိပဿနာ မဂ်ဖိုလ်ဘရားကို ရစမ်းသောငှါ မျက်မှောက်မပြုရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကိုမျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော စျာန်ဝိပဿနာမဂ်ဖိုလ်ဘရားသို့ ရောက်စမ်းသော ငှါ မရသေးသော စျာန်ဝိပဿနာ မဂ်ဖိုလ်ဘရားကို ရစမ်းသောငှါ မျက်မှောက်မပြုရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကိုမျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော စျာန်ဝိပဿနာမဂ်ဖိုလ်ဘရားသို့ ရောက်စမ်းသော ငှါ မရသေးသော စျာန်ဝိပဿနာ မဂ်ဖိုလ်ဘရားကို ရစမ်းသောငှါ မျက်မှောက်မပြုရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကိုမျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော စျာန်ဝိပဿနာမဂ်ဖိုလ်ဘရားသို့ ရောက်စမ်းသော ငှါ မရသေးသော စျာန်ဝိပဿနာ မဂ်ဖိုလ်ဘရားကို ရစမ်းသောငှါ မျက်မှောက်မပြုရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကိုမျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော စျာန်ဝိပဿနာမဂ်ဖိုလ်ဘရားသို့ ရောက်စမ်းသော ငှါ မရသေးသော စျာန်ဝိပဿနာ မဂ်ဖိုလ်ဘရားကို ရစမ်းသောငှါ မျက်မှောက်မပြုရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကိုမျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော စျာန်ဝိပဿနာမဂ်ဖိုလ်ဘရားသို့ ရောက်စမ်းသော ငှါ မရသေးသော စျာန်ဝိပဿနာ မဂ်ဖိုလ်ဘရားကို ရစမ်းသောငှါ မျက်မှောက်မပြုရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကိုမျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော စျာန်ဝိပဿနာမဂ်ဖိုလ်ဘရားသို့ ရောက်စမ်းသော ငှါ မရသေးသော စျာန်ဝိပဿနာ မဂ်ဖိုလ်ဘရားကို ရစမ်းသောငှါ မျက်မှောက်မပြုရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကိုမျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည် ဖြစ်၏။ ငါသည်ကား ရွာသို့လည်းကောင်း နိဂုံးသို့လည်းကောင်း ဆွမ်းခံအံ့သေးငှါ သွားသည်ရှိသော် ယုတ်သော ဘောဇဉ်ဖြင့် လည်းကောင်း မြတ်သော ဘောဇဉ်ဖြင့် လည်းကောင်း အလိုအတိုင်း ပြဿ်နစုံသည်ကိုမရ။ ထိုရဟန်းအား ဤသို့သောအကြောင်းသည် ဖြစ်၏။ ငါသည်ကား ရွာသို့လည်းကောင်း နိဂုံးသို့လည်းကောင်း ဆွမ်းခံအံ့သောငှါ သွားသည်ရှိသော် ယုတ်သော ဘောဇဉ်ဖြင့်လည်းကောင်း မြတ်သောဘောဇဉ်ဖြင့်လည်းကောင်း အလိုအတိုင်း ပြဿ်နစုံသည်ကိုမရ။ ထိုငါ၏ကိုယ်သည် ပေါ့၏ ခွံ့၏။ ယခု ငါသည် မရောက်သေးသော စျာန်ဝိပဿနာ မဂ်ဖိုလ် တရားသို့ ရောက်စမ်းသောငှါ မရသေးသော စျာန်ဝိပဿနာမဂ်ဖိုလ်တရားကို ရစမ်းသောငှါ မျက်မှောက်မပြုအပ်သေးသော စျာန်ဝိပဿနာ မဂ်ဖိုလ်တရားကို မျက်မှောက်

ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့။ ဤသို့သော အကြောင်းသည်ဖြစ်၏။ ထို ရဟန်းသည် မရောက်သေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားသို့ ရောက်စိမ့်သောငှါ မရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကို ရစိမ့်သောငှါ မျက်မှောက် မပြုအပ်သေးသော ဈာန်ဝိပဿနာ မဂ်ဖိုတ်တရားကို မျက်မှောက်ပြုအံ့သောငှါ ဝိရိယကို ထုတ်၏။ ရဟန်းတို့- ဤသည်ကား ငါးခတို့၏ ပြည့်ခြင်းဖြစ်သော အားထုတ်ခြင်း၏ အကြောင်းတည်း။ တဘန်လည်း ရဟန်းတို့- ရဟန်းသည် ရွာသို့လည်းကောင်း နိဂုံးသို့လည်းကောင်း ဆွမ်းခံအံ့သောငှါ သွားသည့် ဉာဏ်သေယုတ်သော ဘောဇဉ်ဖြင့်လည်းကောင်း မြတ်သောဘောဇဉ်ဖြင့် လည်းကောင်း အလိုအတိုင်း ပြည့်စုံသည်ကိုရ၏။ ထိုရဟန်းအား ဤသို့သော အကြောင်းသည်ဖြစ်၏။ ငါသည် ရွာသို့လည်းကောင်း နိဂုံးသို့ လည်းကောင်း ဆွမ်းခံအံ့သောငှါ သွားသည့်ဉာဏ်သေ ယုတ်သော ဘောဇဉ်ဖြင့် လည်းကောင်း မြတ်သော ဘောဇဉ်ဖြင့်လည်းကောင်း အလိုအတိုင်း ပြည့်စုံသည်ကိုရပြီ။ ထိုငါ၏ ကိုယ်သည်အား၌၏ ခံ့၏။ ယခုငါသည် မရောက်သေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားသို့ ရောက်အံ့သောငှါ မရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကိုရစိမ့်သောငှါ မျက်မှောက် မပြုရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကို မျက်မှောက်ပြုအံ့သောငှါ ဝိရိယကိုထုတ်အံ့ ဤသို့သော အကြောင်းသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားသို့ ရောက်စိမ့်သောငှါမရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကိုရစိမ့် သောငှါ မျက်မှောက်မပြုရသေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားကို မျက်မှောက်ပြုအံ့သောငှါဝိရိယကိုအားထုတ်၏။ရဟန်းတို့-ဤသည်ကား ခြောက်ခတို့၏ ပြည့်ကြွေးခြင်းဖြစ်သော အားထုတ်ခြင်း၏ အကြောင်းတည်း။ တဘန်လည်း ရဟန်းကို-ရဟန်းအား အနည်းငယ်သော အနာသည်ဖြစ်၏။ ထိုရဟန်းအား ဤသို့သော အကြောင်းသည်ဖြစ်၏။ ငါ့အား အနည်းငယ်သော အနာသည်ဖြစ်၏။ အကြင်အကြောင်းကြောင့် ငါ့အား အနာသည် ပွါးရာ၏။ ထိုအကြောင်းသည် ရှိသတ္တိုင်တည်း။ ယခုငါသည် အနာမပွါးမီလျှင် မရောက်သေးသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားသို့ ရောက်စိမ့်သောငှါ မရသေးသော ဈာန်ဝိပဿနာမဂ်ဖိုလ်တရားကို ရစိမ့်သောငှါ မျက်မှောက် မပြုရသေးသော ဈာန်ဝိသနာ

မင်ဖိုလ်တရားကို မျက်မှောက်ပြုအံ့သောငှါ ဝီရိယကို ထုတ်အံ့။ ဤသို့သောအံကြီသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော ဈာန်ဝိပဿနာ မင်ဖိုလ်တရားသို့ ရောက်စိမ့်သောငှါ မရသေးသော ဈာန်ဝိပဿနာ မင်ဖိုလ်တရားကိုရစိမ့်သောငှါ မျက်မှောက်မပြုရသေးသော ဈာန်ဝိပဿနာ မင်ဖိုလ်တရားကို မျက်မှောက်ပြုအံ့သောငှါ ဝီရိယကို ထုတ်၏။ ရဟန်းတို့-ဤသည်ကား ခုနစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော အားထုတ်ခြင်း၏ အကြောင်းတည်း။ တဘန်လည်း ရဟန်းတို့- ရဟန်းသည် အနာမှထမြောက်၍ မကြာမြင့်သေးသည်ဖြစ်၏။ ထိုရဟန်းအား ဤသို့သော အကြီသည်ဖြစ်၏။ ငါသည်ကား အနာမှထမြောက်၍ မကြာမြင့်သေး အကြင်အကြောင်းကြောင့် ငါ၏ အနာသည် တဘန်ဖြစ်ပြန်၏။ ထိုအကြောင်းသည် ရှိသလျှင်ကတည်း။ ယခုငါသည် မဆွကလျှင် မရောက်သေးသောဈာန်ဝိပဿနာ မင်ဖိုလ်တရားသို့ရောက်စိမ့်သောငှါ မရသေးသော ဈာန်ဝိပဿနာ မင်ဖိုလ် တရားကို ရစိမ့်သောငှါ မျက်မှောက် မပြုရသေးသော ဈာန်ဝိပဿနာ မင်ဖိုလ် တရားကို မျက်မှောတ် ပြုအံ့သောငှါ ဝီရိယကိုထုတ်အံ့။ ဤသို့သော အကြီသည် ဖြစ်၏။ ထိုရဟန်းသည် မရောက်သေးသော ဈာန်ဝိပဿနာ မင်ဖိုလ် တရားသို့ ရောက်စိမ့်သောငှါ မရသေးသော ဈာန်ဝိပဿနာ မင်ဖိုလ် တရားကို ရစိမ့်သောငှါ မျက်မှောက်မပြုရသေးသော ဈာန်ဝိပဿနာ မင်ဖိုလ်တရားကို မျက်မှောက်ပြုအံ့သောငှါ ဝီရိယကိုထုတ်၏။ ရဟန်းတို့ ဤသည်ကား ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အားထုတ်ခြင်း၏ အကြောင်းတည်း။ ရဟန်းတို့ ဤအကြောင်း တို့သည်ကား ရှစ်ပါးကုန်သောအားထုတ်ခြင်း၏အကြောင်းတို့တည်း။ [ကုသိတဝဏ္ဏုသုတ်]။ ဤသို့ ရှစ်ပါးရှစ်ပါးကုန်သော အကြောင်းတို့ဖြင့် ပျင်းရိ အားထုတ်ခြင်း နှစ်ပါးကိုသိ၍ ပျင်းရိခြင်းကို ပယ်၍ အားထုတ်ခြင်းကို ပြုအပ်၏။ ထိုအားထုတ်ခြင်း ဝီရိယကိုပြုသော ရဟန်းသည်လည်း လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော အားထုတ်ခြင်း ဝီရိယကိုပြုအပ်၏။လေးပါးသော အင်္ဂါနှင့် ပြည့်စုံသော ဝီရိယသည်လည်း ဒုကအဂိုတ္တိုရ် ပထမပဏ္ဏာသက၏ ပထမဝင်္ဒ လာ၏၊ ထိုစကားသည်မှန်၏။ ထိုပထမဝင်္ဒ ဤသို့ ဟောတော်မူ၏။ ရဟန်းတို့-ငါဘုရားသည်မဆုတ် မနစ်ခြင်း၌တည်၍ ဘုရားလောင်းဖြစ်သော ကာလ သဗ္ဗညုတညာဏ်ကို တောင့်တသော

အခါ၌ စင်စစ်အရေသည် လည်းကောင်း အကြောသည်လည်းကောင်း အရိုးသည် လည်းကောင်း ကြွင်းစေ၊ ငါ၏ ကိုယ်၌ အလုံးစုံသော အသားအသွေးသည် ခြောက်စေ အကြင်ကျေးဇူးသို့ ယောကျ်ားတို့၏ ဉာဏ်နှင့်ယှဉ်သော အစွမ်းအားဖြင့် ယောကျ်ားတို့၏ ဉာဏ်နှင့် ယှဉ်သော ဝီရိယဖြင့် ယောကျ်ားတို့၏ ဉာဏ်နှင့်ယှဉ်သော အားထုတ်ခြင်းဖြင့် ရောက်အပ်၏၊ ထိုကျေးဇူးသို့ မရောက်မူ၍ ဝီရိယ၏ တန့်ခြင်းသည် မဖြစ်လတ္တံ့ဟု နှလုံးထား၍ အားထုတ်၏။ ရဟန်းတို့- ထိုငါသည် မင်္ဂဉာဏ် သဗ္ဗညုတဉာဏ်ကို မမေ့မလျော့ခြင်းဖြင့် ရအပ်ပြီ။ မိမိထက်မြတ်သော တရားမရှိသော အရဟတ္တဖိုလ် နိဗ္ဗာန်ဟူသော ယောဂ၏ ကုန်ရာ တရားကို မမေ့မလျော့ခြင်းဖြင့် ရအပ်ပြီ။ ရဟန်းတို့- သင်တို့သည်လည်း မဆုတ်မနစ်ခြင်း၌ တည်ကုန်သည်ဖြစ်၍ စင်စစ် အရေသည်လည်းကောင်း အကြော သည်လည်းကောင်း အရိုး သည်လည်းကောင်း ကြွင်းစေ၊ ငါ၏ကိုယ်၌ အလုံးစုံသော အသွေးအသားသည် ခြောက်စေ အကြင်ကျေးဇူးသို့ ယောကျ်ားတို့၏ ဉာဏ်နှင့် ယှဉ်သော အစွမ်းဖြင့် ယောကျ်ားတို့၏ ဉာဏ်နှင့်ယှဉ်သောဝီရိယဖြင့် ယောကျ်ားတို့၏ ဉာဏ်နှင့်ယှဉ်သော အားထုတ်ခြင်းဖြင့် ရောက်အပ်၏။ထိုကျေးဇူးသို့ မရောက်မူ၍ ဝီရိယ၏ တန့်ရပ်ခြင်းသည် မဖြစ်လတ္တံ့ဟု နှလုံးထား၍ အားထုတ်ကုန်အံ့။ရဟန်းတို့- ထိုသို့အားထုတ်ကုန်သည်ရှိသော် ငါတို့သည်လည်း မကြာမြင့်မီလျှင် အကြင်အရိယဖိုလ်၏ အကျိုးဌါ အမျိုးကောင်းသားတို့သည် ကောင်းစွာလျှင် လူတို့ဘောင်မှ ရဟန်းတို့ဘောင်၌ ရဟန်းပြုကုန်၏။ အရိယမင်္ဂ၏အဆုံး၌ဖြစ်သော မိမိထက်လွန်မြတ်သော တရားမရှိသော ထိုအရိယဖိုလ်ကို မျက်မှောက်သော ကိုယ်၏အဖြစ်၌လျှင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြု၍ ပြည့်စုံစေ၍ နေရကုန်လတ္တံ့။ ရဟန်းတို့-ထိုကြောင့်လျှင် သင်တို့သည် ဤသာသနာတော်၌ ဤသို့ကျင့်အပ်၏။ ငါတို့သည် မဆုတ်မနစ်ခြင်း၌ တည်ကုန်၍ စင်စစ် အရေသည်လည်းကောင်း အကြောသည်လည်းကောင်း အရိုးသည်လည်းကောင်း ကြွင်းစေ။ ငါ၏ ကိုယ်၌ အလုံးစုံသော အသွေးအသား ခြောက်စေ။ အကြင် ကျေးဇူးသို့ ယောကျ်ားတို့၏ ဉာဏ်နှင့် ယှဉ်သော အစွမ်းဖြင့် ယောကျ်ားတို့၏ ဉာဏ်နှင့်ယှဉ်သော ဝီရိယဖြင့် ယောကျ်ားတို့၏ ဉာဏ်နှင့်ယှဉ်သော

အားထုတ်ခြင်းဖြင့် ရောက်အပ်၏။ထိုကျေးဇူးသို့ မရောက်မူ၍ ဝိရိယ၏ တန့်ရပ်ခြင်းသည် မဖြစ်လတ္တံ့ဟု နှလုံးထား၍ အားထုတ်ကုန်အံ့၊ ရဟန်းတို့- ဤသို့လျှင် သင်တို့သည် ကျင့်အပ်၏။ဤသို့ဟောတော်မူ၏။ [စတုရင်္ဂဝိရိယသုတ် ပါဠိတော်] ။ထိုကြောင့် တစုံတယောက်သော ရဟန်းသည်လည်း ဝိရိယကို မလျော့အပ်။ ထိုသို့ သဘောရှိသော် အကြောင်းကိုစွဲ၍ ဖူးဦး အကယ်၍ ဝိရိယကို လျော့အံ့၊ ထိုသို့ လျော့ပိ သည်ရှိသော် ဩဿဒ္ဓိဝိရိယ ရဟန်းကဲ့သို့ နောက်၌ ကောင်းစွာ အားထုတ်အပ်သလျှင်ကတည်း။

၂၀၅-ဝိရိယကို စွန့်လွှတ်ထားသော ရဟန်းဝတ္ထု

ကေကနိပါတ် ဝဏ္ဏုပထဇာတ်

ထို ဩဿဒ္ဓ ဝိရိယ ရဟန်းသည် မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍ တောသို့ဝင်၍ သုံးလပတ်လုံး လုံ့လပြုလတ်သော်လည်း ဟစုံတခုသော တရားထူးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်၍ မြတ်စွာဘုရားသည် အကြင် လေးယောက်ကုန်သော ပုဂ္ဂိုလ်တို့ကို ဟောအပ်ကုန်၏။ ထိုလေးယောက်ကုန်သော ပုဂ္ဂိုလ်တို့ကွင် ငါသည် ပဒပရမ ပုဂ္ဂိုလ် ဖြစ်ချေ၏။ ငါ့အား ဤကိုယ်၏ အဖြစ်၌ မဂ်ဖိုလ်သည် မရှိဟု ငါသည် ထင်၏။ တော၌နေသဖြင့် အာဘယ်မူအံ့နည်း မြတ်စွာဘုရား အထံသို့သွား၍ မြတ်စွာဘုရား၏ အဆင်းတော်ကို ဖူးလျက် သာယာသော ဟရားဇော်ကိုနာလျက် နေအံ့ဟုကြံ၍ ဇေတဝန်ကျောင်းတော်သို့ ပြန်သတတ်။ထိုအခါ၌ရဟန်းတို့သည်ထိုအကြောင်းကိုသိ၍ထိုရဟန်းကို မြတ်စွာဘုရားအထံတော်သို့ခေါ၍ ဘုန်းတော်ကြီးသောအရှင်ဘုရား ဤရဟန်းသည် ဝိရိယကို လျော့၍ လာ၏ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းကို ဆောက်ပင့်တော်မူလို၍ ရဟန်း- သင်သည် အဘယ်ကြောင့် ဤသို့ သဘော ရှိသော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော သာသနာတော်၌ရဟန်းပြု၍ အလိုနည်းသော ရဟန်းဟူ၍လည်းကောင်း မရောနှောသောရဟန်းဟူ၍လည်းကောင်း အားထုတ်သော ဝိရိယရှိသော ရဟန်းဟူ၍ လည်းကောင်း ဘိမိကိုယ်ကို မသိစေမူ၍ လျော့သော ဝိရိယရှိသော ရဟန်းဟု သိစေတိသနည်း။ သင်သည် ရှေးဦးလည်း ဝိရိယရှိသည် မဟုတ်တုံလော သင်တယောက်

သည် ပြုအပ်သောဝိရိယကိုမှီ၍ သဲကန္တာရ၌ များစွာသော လူဘိုသည် ရေကို ရကုန်၍ ချမ်းသာဘူးသည် မဟုတ်တုံလော။ သင်သည် ယခု အာဘယ်ကြောင့် ဝိရိယကိုလျှော့ဘိသနည်းဟု ပိန်တော်မူ၏။ ထိုရဟန်းသည် ဤမျှဖြင့် အထောက်အပင့်ကို ရသည်ဖြစ်၏။ ထိုအခါ ရဟန်းတို့သည် မေးလျှောက်အပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘုရားလောင်းသည် လှည်းကုန်သည်ကြီးဖြစ်၍ ငါးရာကုန်သော လှည်းတို့ဖြင့် ကုန်သွယ်သော အမှုကိုပြု၍ သွားလတ်သော် ယူဇနာ ခြောက်ဆယ် ရှိသော တခုသော သဲကန္တာရသို့ ရောက်၏။ ထိုကန္တာရ၌ သဲတို့သည် သိပ်နွေ့မွှေကုန်၏။ လက်ဆုပ်ဖြင့် ယူအပ်သည်ရှိသော် လက်၌မတည်ကုန်။ နေထွက်သော အခါမှစ၍ မီးကျီးစုကဲ့သို့ ပူကုန်၏၊ နင်းအံ့သောဌါ မတတ်နိုင်ကုန်။ ထိုကြောင့် ထိုကန္တာရကို သွားကုန်သော သူတို့သည် ထင်း ရေ မီး ဆန် အစရှိသည်တို့ကို လှည်းတို့ဖြင့် တင်ယူကုန်၍ ညဉ့်၌သာလျှင် သွားကုန်၍ အရုဏ် တက်လတ်သော် လှည်းဝန်းဘွဲ့ကုန်၍ အထက်၌ မတ္တာပ်မိုး၍ နေကုန်၍ နေဝင်လတ်သော် ညစာ စားကုန်၍ အေးမှ သွားကုန်၏။ ဘုရားလောင်းသည်လည်း ဤသို့သောနည်းဖြင့် ထိုကန္တာရသို့ သွားလတ်သော် ငါးဆဲ့ကိုးယူဇနာ သွား၍ ယခု တည့်ဖြင်းဖြင့်လျှင် မရုကန္တာရမှ ထွက်လတ္တံ့ဟု ညစာစား၍ အလုံးစုံသော ရေကိုကုန်စေ၍ သွား၏၊ ခရီးကို မှတ်သော သူသည် ရှေးဦးစွာသော လှည်း၌ လျောင်းလျက် ကောင်းကင်၌ တာရာကိုကြည့်၍ ဤအရပ်မှ နွားတို့ကို နှင်ကြကုန်လော့၊ ထိုအရပ်မှ နွားတို့ကို နှင်ကြကုန်လော့ဟု ဆိုလျက် ရှည်မြင့်စွာသောကာလပတ်လုံး မအိပ်ရသည်၏အဖြစ်ကြောင့် ပင်ပန်းရကား ဓိပ်ပျော်၍ နွားတို့သည် တုံ့ပြန်၍ လာခဲ့သော ခရီးသို့ သွားကုန်သည်တို့ကို မသိ နွားတို့သည် တည့်ဖြင်းပတ်လုံး သွားကုန်၏။ ခရီးကို မှတ်သောသူသည် အရုဏ်ဘက်သောအခါ၌ နိုး၍ထိုအကြောင်းကို သိ၍ လှည်းတို့ကို ပြန်လည်စေကြ ကုန်လော့ဟု ဆို၏။ ထိုအလုံးစုံကုန်သော လှည်းကုန်သည်တို့သည် ယမန်နေ့ နေရာအရပ်သို့ရောက်၍ ငါတို့အား ရေလည်း ကုန်ပြီး ယခု ငါတို့သည် ပျက်စီးကုန်ပြီဟု စိုးရိမ်ကုန်ရကား မိမိတို့၏လှည်းအောက်၌ ဓိပ်ကုန်၏။ ဘုရားလောင်းသည် အေးသောအခါ၌လျှင် လှည့်ပတ်လျက် တခုသော မြေစာမြက်ဦးကို

မြင်၍ဤမြက်တို့သည် အောက်၌ရေအေးသောကြောင့် ပေါက်ကုန်သည် ဖြစ်အံ့ဟု ကြံ၍ ထိုအရပ်ကို တူးစေ၏။ အတောင် ခြောက်ဆယ် တိုင် အောင် တူး၍ ထိုးခတ်ကုန်လတ်သော် အောက်၌ ကျောက်ဖျာကို ထိုးခတ်မိ၏။ ခပ်သိမ်းကုန်သော သူတို့သည် ဝီရိယကို လျှော့ကုန်၏။ ဘုရားလောင်းသည် ဤကျောက်ဖျာ၏အောက်၌ ရေရှိရာ၏ဟု ဆင်းသက်၍ နားထောင်သော်ရေသံကိုကြား၍ချစ်သား သင်သည် ဝီရိယကို လျှော့သည် ရှိသော် ခပ်သိမ်းကုန်သော ငါတို့သည် ပျက်စီးကုန်အံ့၊ ဤသံတူကိုယူ၍ ဆင်း၍ ကျောက်ဖျာကို နှက်လော့ဟု အလုပ်အကျွေးငယ်ကိုစေ၏။ထိုအလုပ်အကျွေးငယ်သည် ဘုရားလောင်းစေတိုင်းပြု၏။ ကျောက်ဖျာသည် နှစ်ဖြာကွဲ၍ကျ၍ ဘီလာစီးသွားသော ရေအလျဉ်ကို ဆီးတား၏။ ထန်းလုံးပမဏရှိသော ရေကြောင်းသည် အထက်သို့ တက်၍ ခပ်သိမ်းကုန်သော လူတို့သည်လည်း ရေကိုသောက်ရကုန်၏။ အလိုရှိရာအရပ်သို့ သွားကြကုန်၏။ဤသို့မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၍ ရဟန်းတို့ကို ဆုံးမလိုသည်ဖြစ်၍—

အကိလာသုနော ဝဏ္ဏပထေ ခဏန္တာ၊
ဥဒင်္ဂဏေ တက္ထ ပပံ အဝိန္ဒုံ။
ဇဝံ မုနိ ဝီရိယဗလူပပန္နော၊
အကိလာသု ဝိန္ဒေ ဟဒယဿ သန္တိံ။

ဟူသော ဂါထာကို ဟောတော်မူ၏။

အကိလာသုနော၊ မပျင်းကုန်သည် ဖြစ်၍။ ဝဏ္ဏပထေ၊ သဲခရီး၌။ အင်္ဂဏေ၊ လူတို့၏သွားရာ မြေအပြင်၌။ ခဏန္တာ၊ တူးကုန်သော သူတို့သည်။ တက္ထ၊ ထိုအရပ်၌။ ပပံ၊ ရေကို။ အဝိန္ဒုံ၊ ရကုန်ပြီ။ ဇဝံ တထာ၊ ထိုအတူ။ ဝီရိယဗလူပပန္နော၊ ဝီရိယကိုယ်အား ဉာဏ်အားနှင့် ပြည့်စုံသော။ မုနိ၊ ရဟန်းသည်။ ဟဒယဿ၊ စိတ်နှလုံး၏။ သန္တိံ၊ ငြိမ်းချမ်းခြင်းဟု ဆိုအပ်သော ဈာန်ဝိပဿနာ အဘိညာဉ် အရဟတ္တမင်ဟူသော အရိယာဘို့၏ တရားကို။ အကိလာသု၊ မပင်ပန်းသည် ဖြစ်၍။ ဝိန္ဒေ၊ ရရာ၏။

ဤသို့ ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ မြတ်စွာဘုရားသည် ထောက်ပင့်တော်မူအပ်သော ထိုရဟန်းသည် ဝီရိယကိုအားထုတ်၍ ဝိပဿနာကို ပွါးစေ၍ အရဟတ္တ

ဖိုလ်သို့ရောက်၏။ [သြဿဋ္ဌဝိရိယရဟန်းဝတ္ထု]။ ဧကကနိပါတ်တတိယ ဝဂ်၌ ဂေါဓာနိယဇာတ်, အာဇညဇာတ်တို့ကိုလည်းကောင်း ဆဋ္ဌဝဂ်၌ မဟာသိလဝဇာတ်ကို လည်းကောင်း ဆိုအပ်၏။ ။ဝိရိယကထာ တည်း။ ။ဤသို့ ဝိရိယ, ဣန္ဒြိယသံဝရဟု ဆိုအပ်သော တပသည် အဘိဇ္ဈာအစရှိသည်ကို ပယ်ခြင်း ဈာန် အစရှိသည်ကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။ ။တပေါဟူသောပုဒ်၏ အဘွင့်စကား တည်း။

၃၂-ပြဟ္မစရိယ မင်္ဂလာ
၂၀၆-ပြဟ္မစရိယ မင်္ဂလာကို ပြခြင်း

သာမညဖလသုတ် အဋ္ဌကထာ ဣတိဝုတ်အဋ္ဌကထာ နည်းအားဖြင့် ပြဟ္မစရိယ မည်သည်ကား ဒါနဝေယျာဝစ္စ ပဋ္ဌသိလ အပ္ပမညာ မေထုန်မှ ကြဉ်ခြင်း မိမိမယားဖြင့် ရောင့်ရဲခြင်း ဝိရိယ ဥပုသ်အင်္ဂါ အရိယမဂ် သာသနာတို့၏ အစွမ်းအားဖြင့် ဆယ်ပါးအပြားရှိ၏။ မဟာ သိဟနာဒသုတ်အဋ္ဌကထာ၌ကား တရားဟောခြင်း မြတ်သောအလိုကို ထည့်၍ ပြဟ္မစရိယကို တဆဲ့နှစ်ပါး အပြားရှိ၏ ဟူ၍ ဆိုအပ်၏။ ဧကသို့ ပြဟ္မစရိယသို့ သဟာသံ မစ္ဆုဟာယိနော ဟူသောပြယုဂ်၌ တရားဟောခြင်းသည် ပြဟ္မစရိယ မည်၏။ ဧကသို့၊ တကြောင်းသော။ ပြဟ္မစရိယသို့၊တရားဟောခြင်း၌။သဟာသံ၊ တထောင် အတိုင်းအရှည် ရှိသော သူတို့သည်။ မစ္ဆုဟာယိနော၊ သေခြင်းကို စွန့်ကုန်၏။

အပိ အတရမာနာနံ၊ ဖလာသာဝ သမိဇ္ဈတိ။
ဝိပက္ကပြဟ္မစရိယောသို့၊ ဧဝံ ဇာနာဟိ ဂါမဏိ။

ဟူသော ပြယုဂ်၌ မြတ်သော အလိုရှိသည် ပြဟ္မစရိယမည်၏။

အတရမာနာနံ၊ အဆောတလျင်မပြုံ ဒေသကာလကို မျှော်ရှုကုန်သော သူတို့အား။ ဖလဿသာအပိ၊ အလွန် ရခဲသော အကျိုးကို တောင့်တခြင်း သည်လည်း။ သမိဇ္ဈတိဧဝ၊ ပြည့်စုံသလျင်ကတည်း။ အဟံ၊ ဂါသည်။ ဝိပက္ကပြဟ္မစရိယော၊ ပြည့်စုံသော မြတ်သော နှလုံး အလိုရှိသည်။ အသ္မိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ဂါမဏိ၊ ဂါမဏီ။ တို့၊ သင် သည်။ ဇာနာဟိ၊ သိလော့။

ထိုအဋ္ဌကထာ၌ တရားဟောခြင်းသည်ကား အနက်အားဖြင့် သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော သာသနာတရားလျှင်ကည်း။ ဤတရားဟောခြင်းကို အသိုးယူသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု နှလုံးသွင်း၍ သာမညဖလသုတ် အစရှိသည်တို့၏ အဋ္ဌကထာ၌ မဆိုသတည်း။ ဖြတ်သော အလိုသည် ဗြဟ္မစရိယမည်၏ဟူ၍ အကြင်စကားကိုလည်းဆုံ၏၊ ထိုစကားသည်လည်း ဇကကနိပါတ်ပထမဝဂ်ဂါမဏိဇာတ်အဋ္ဌကထာနည်းနှင့် မည်။ ထိုစကားသည် မှန်၏၊ ဂါမဏိဇာတ် အဋ္ဌကထာ၌ လေးပါးသော သင်္ဂဟဝတ္ထုသည် ဖြတ်သော အကျင့်ဖြစ်သောကြောင့် ဗြဟ္မစရိယမည်၏။ ထိုသင်္ဂဟဝတ္ထုကြောင့် ဖြစ်သော စည်းစိမ်သည်လည်း ဖြတ်သော အနက်အားဖြင့် ဗြဟ္မစရိယမည်၏ဟူ၍ ဆို၏။

လွန်လေပြီးသောအခါ ဗာရာဏသီမင်း၏ သားတရားတွင် အငယ်ဆုံး ဖြစ်သော ဂါမဏိမင်းသားသည် အတတ်သင်သော ဆရာဘုရားလောင်းကို အဓိပ္ပါယ်၍ အဘလွန်သဖြင့် မင်းအဖြစ်ကိုရ၍ နှစ်သက်လျက် ဥဒါန်းကျူးသည်၏ အစွမ်းအားဖြင့် ယခင် ဂါထာကို ဆိုသတည်း။ ဤမဂ်လသုတ် အဋ္ဌကထာ၌ကား-ဘဂဝတိနော အာဝုသော ဗြဟ္မစရိယံ ဝုသတိတိ၊ဇဝမာဝုသော။ ဟူ၍ ရထဝိနီကသုတ်၌ ရဟန်းတရားသည် ဗြဟ္မစရိယမည်၏။ဤသို့သောအနက်ကိုဆို၏။ အာဝုသော၊ငါ့ဘုရင်ပုဏ္ဏား။ အာယသ္မာ ငါ့ရှင်သည်။ နော။ငါတို့၏။ဘဂဝတိ၊မြတ်စွာဘုရား အထံတော်၌။ ဗြဟ္မစရိယံ၊ ရဟန်းတရားကို။ ဝုသတိ၊ ကျင့်သလော။ ဇာတိ၊ ဤသို့။ ပုဿတိ၊ မေး၏။ အာဝုသော၊ ငါ့ရှင် သာဓုပုဗ္ဗရာ။ ဇဝံ၊ ဤသို့ ငါ့ရှင် ဆိုကိုင်း ဟုတ်၏။ ထိုကြောင့် အဋ္ဌကထာ၌ ဆိုအပ်သော အနက်ကို လည်းကောင်း သာမညဖလသုတ် အစရှိသည်တို့၏ အဋ္ဌကထာ၌ ဆိုအပ်သော အနက်ကိုလည်းကောင်း ယူ၍ ဗြဟ္မစရိယသည် ဆယ်ပါးအပြားရှိသည် ဖြစ်၏။ ထိုဆယ်ပါးတို့ ဆိုင်ရာ ဒါနကို အောက်၌ သရုပ်အားဖြင့် ဟောတော်မူအပ်၏။ ဝေယျာဝစ္စ ဥပုသ်အင်္ဂါတို့ကို အနဝဇ္ဇကမ္မဖြင့် သင်္ကြိုဟ်အပ်ကုန်၏။ ပဉ္စသိလ ပိဝိမယားဖြင့် ရောင့်ရဲခြင်းတို့ကို ပါပဝိရတိ မဇ္ဇပါန သံယမဘွဲ့ဖြင့် သင်္ကြိုဟ်အပ်ကုန်၏။ ဝိရိယကို တပဖြင့် သင်္ကြိုဟ်အပ်၏။ အပ္ပမညာ မေထုန်မှကြဉ်ခြင်း အရိယမဂ်သဘသနာရဟန်းတရားတို့တွင်ကား အပ္ပမညာကို ခန္တီဖြင့် သင်္ကြိုဟ်အပ်၏။ ထိုစကားသည် မှန်၏၊ အဒေါသသည် ခန္တီ

မည်၏။အဒေါသဖြင့်လည်း မေတ္တာကိုယူအပ်၏။ထိုမေတ္တာဖြင့်မေတ္တာမှ တပါးကုန်သော သုံးပါးကုန်သော အပွမညာတို့ကိုလည်း ယူအပ်ကုန်၏။ အရိယမင်္ဂကို နောက်၌ ဟောလတ္တံ့၊ အရိယသစ္စဒဿနသဒ္ဒါဖြင့် ယူအပ်သည်၏အဖြစ်ကြောင့် ဤ၌မရအပ်။သေသောက်ခြင်းကို နောက်မှ မဇ္ဇပါနသဒ္ဒါဖြင့် ယူအပ်သည်၏အဖြစ်ကြောင့် အာရတီ ဝိရတီ ပါပါဟူသော ပုဒ်၌ မယူအပ်သကဲ့သို့ ထိုအတူ အရိယမင်္ဂကိုနောက်မှအရိယသစ္စဒဿန သဒ္ဒါဖြင့် ယူအပ်သည်၏ အဖြစ်ကြောင့် ဤဗြဟ္မစရိယပုဒ်၌ မယူအပ်။ ထိုကြောင့် ပါရိသေသ နည်းအားဖြင့် မေထုန်မှ ကြဉ်ခြင်း ရဟန်းတို့၏တရားဟူသော ဗြဟ္မစရိယကိုသာလျှင် ရအပ်၏။ထို ဗြဟ္မစရိယသည်လည်း အထက်ထက်၌ အထူးထူးအပြားပြားသော တရားဝိသေသကို ရခြင်း၏အကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်၏။ ထိုစကား၌ ဤဝတ္ထုတို့ကို သိအပ်ကုန်၏။

၂၀၆-ဘဒ္ဒါ-ဝိပ္ပလိတို့၏ဝတ္ထု

ရာဇဂြိုဟ်ပြည်၌ ကပိလပုဏ္ဏား၏သားဖြစ်သော အသက်နှစ်ဆယ်ရှိသော ဘုန်းကြီးသော ဝိပ္ပလိမည်သော လုလင်သည် ဖြစ်သတတ်။ ထိုအခါ၌ ဝိပ္ပလိလုလင်ကို မိဘတို့သည် အိမ်အနှောင်အဘွဲ့ဖြင့် နှောင်ဘွဲ့လိုကုန်၏။ လက္ခဏာနှင့်ပြည့်စုံသောမိန်းမကို ရှာစိမ့်သောငှါ ရှစ်ယောက်ကုန်သော ပုဏ္ဏားတို့ကို စေကုန်၏။ ထိုပုဏ္ဏားတို့သည် ပဏ္ဏာကာရကို ယူကုန်၍ သာဂလမြို့သို့ သွားကုန်၏။ ထိုမြို့၌လည်း ဘဒ္ဒါကာပိလာနီမည်သော ကောသိယအနွယ် ဖြစ်သော ပုဏ္ဏား၏ သွီးသည် ရှိ၏။ တဆဲ့ခြောက်နှစ်ရှိ၏။ မြတ်သော အဆင်းကိုဆောင်၏။ ကြီးသောဘုန်းရှိ၏။ ထိုပုဏ္ဏားတို့သည် ထိုမြို့သို့ ရောက်ကုန်၍ ဘဒ္ဒါကာပိလာနီ၏ မိဘတို့အား အလုံးစုံသောအကြောင်းကို ပြောဆိုကုန်၍ ပဏ္ဏာကာရကို ပေးကုန်၍ သူငယ်မကို ရပြီ ဟု ကပိလပုဏ္ဏားအား သတင်းစကားကို မှာလိုက်ကုန်၏။ ဝိပ္ပလိလုလင်သည်လည်း သတင်းစကားကိုမျှ အလိုမရှိသည်ဖြစ်၍ ဆိတ်ကွယ်ရာအရပ်သို့ကပ်၍ ဘဒ္ဒါသည် မိမိ၏အမျိုးအနွယ် စည်းစိမ်အားလျော်သော အိမ်ထောင်ဘက်ကို ရစေသတည်း။ ငါသည်ကား ရဟန်းပြုအံ့။ နောင်အခါ နှလုံး

မသာ့ယာခြင်းသည် မဖြစ်စေလင့်ဟူ၍ မှာစာရေး၏။ ဘဒ္ဒါသည်လည်း ထိုနည်းဖြင့်လျှင် မှာစာရေး၏။ မှာစာ နှစ်ခုတို့ကို ယူ၍ လာကုန်သော သူတို့သည် ခရီးအကြား၌ ဆိုင်မိကြကုန်၍ စာနှစ်ခုတို့ကိုလည်း ဘတ်ကုန်၍ ဆုတ်ကုန်၍ တော၌ပစ်ကုန်၍ ဝမ်းမြောက်သော မှာစာကို ရေးကုန်၍ သွားကြကုန်၏။ ဤသို့ နှစ်ယောက်ကုန်သော သူတို့အား အလိုမရှိကုန်ဘဲလျက် ပေါင်းဘော်ရခြင်းသည် ဖြစ်၏။ ထိုနေ့၌လျှင် နှစ်ယောက်ကုန်သောသူတို့သည် ညစာစားကုန်၍ အိမ်ရာသို့တက်ကုန်သော်လည်း တကွနက်မတက်ကုန်။ ဝိပ္ပလိလုလင်သည် လက်ျာနံပါးဖြင့် အိပ်ရာသို့ တက်၏။ ဘဒ္ဒါသည် လက်ဝဲနံပါးဖြင့် အိပ်ရာသို့ တက်၏။ ထိုနှစ်ယောက်ကုန်သော သူတို့သည် တယောက်သည် တယောက်၏ ကိုယ်ချင်းထိအံ့သည်မှ ကြောက်သောကြောင့် အိပ်ရာ၏ အလယ်၌ နှစ်ခုကုန်သော ပန်းဆိုင်းတို့ကို ထားကုန်၍ ညဉ့်သုံးယံ ပတ်လုံး မအိပ်ကုန်ဘဲ ကာလကို လွန်စေကုန်၏။နေ့၌ကား ရယ်ခြင်း မျှသည်လည်း မဖြစ်။ ထိုနှစ်ယောက်ကုန်သော သူတို့သည် လောက အာမိသဖြင့် မရောယှက်ကုန်ဘဲ လူတို့ဘောင်၌နေကုန်လျက် မိဘတို့၏ လွန်သဖြင့် တူသော ဆန္ဒ ရှိကုန်၍ ဘဝသုံးပါးတို့သည် မီးလျှံ ပြောင်ပြောင် တောက်သော သစ်ရွက်မိုးကုဋိနှင့် တူကုန်၏။ ရဟန်းပြုကြကုန်အံ့ဟု ဆို၍ အိမ်ဈေးမှ သက်နံ့ မြေသပိတ်တို့ကို ဆောင်စေ၍ အချင်းချင်း ဆံတို့ကိုရိတ်ကုန်၍ လောက၌ အကြင်ရဟန္တာတို့သည် ရှိကုန်၏၊ ထိုရဟန္တာတို့ကိုရည်၍ ငါတို့သည် ရဟန်းပြုကုန်၏ဟု ဆိုသဖြင့် ရဟန်းပြုကုန်၍ သပိတ်ကို သပိတ်အိပ်၌ထည့်၍ ပခုံး၌ လွယ်၍ ပြာသာဒ်မှ ဆင်းသက်ကုန်၍ ဖဲကုန်၏။ ဝိပ္ပလိလုလင်သည် ရှေကသွားလျက် နှစ်ဖြာကွဲသော ခရီးကို မြင်၍ ထိုခရီး၏ အထက်၌ ရပ်လျက် ဘဒ္ဒါ ဤသူတို့သည် ရဟန်းပြုကုန်၍လည်း ကွဲပြားခြင်းငှါ မတတ်နိုင်ကုန်ဟု ကြံ၍ ငါတို့၌ ပြစ်မှားသော စိတ်ရှိသော လူများ အပေါင်းအား အပါယ်ကို ပြည့်စေသည်ဖြစ်ရာ၏။ ဤနှစ်ဖြာကွဲသော ခရီး၌ သင်သည် တခုသောခရီးကို ယူလော့။ ငါသည် တခုသောခရီး ဖြင့် သွားအံ့ဟု ဆို၏။ ဘဒ္ဒါသည်လည်း အရှင် ဟုတ်မှန်၏။မာဟုဂါမ မည်သည်ကား ရဟန်းတို့၏ အညစ်အကြေးဖြစ်၏။ ရဟန်းပြု၍လည်း ကွေကွင်းခြင်းငှါမတတ်နိုင်ကုန်ဟူ၍ ငါတို့အား အပြစ်ကိုပြုကုန်လတ္တံ့။

ခွဲကုန်အံ့ဟုဆို၍ သုံးကြိမ်လက်ျာရစ် လှည့်ခြင်းကိုပြု၍ လေးဌာနတို့၌ ငါးပါးသော ထိခြင်းဖြင့် ရှိခိုး၍ လက်အုပ်ချီ၍ ယောက်ျားတို့သည် လက်ျာမည်၏။ အရှင်တို့အား လက်ျာခရီးသည်သင့်၏။မိန်းမ မည်သည်ကား လက်ဝဲသဘောရှိ၏။မိန်းမဖြစ်ကုန်သော ကျွန်ုပ်တို့အား လက်ဝဲခရီးသည် သင့်၏ဟု ဆို၍ လက်ဝဲခရီးသို့သွား၏။ ထိုသူတို့၏ ကွဲသောကာလ၌ ဤမြေကြီးသည် သင်တို့၏ ကမ္ဘာတသိန်း အတိုင်းအရှည် ရှိသောကာလ၌ ပြုအပ်သော မိတ်ဘွဲခြင်းသည် ယနေ့ ကွဲ၏။ သင်တို့၏ ဂုဏ်ကျေးဇူးကို ငါသည် ရွက်ဆောင်အံ့သောဌါ မတတ်နိုင်ဟု ဆိုဘိသကဲ့သို့ မြည်၍ လှုပ်၏။ မြေကြီးမြည်သောအသံသည် ကောင်းကင်၌ မိုးကြိုးသံကဲ့သို့ ဖြစ်၏။ စကြဝဋ္ဌာတောင်သည် ပဲ့တင်သံကိုဖြစ်စေ၏။ မြတ်စွာဘုရားသည် ဝေဋ္ဌုဝန် ကျောင်းတော် ဂန္ဓကုဋိ၌ နေတော်မူလျက်မြေလှုပ်သောအသံကိုကြားတော်မူ၍ ဆင်ခြင်တော်မူလတ်သော် ထိုအကြောင်းကိုသိတော်မူ၍ကိုယ်တော်တပါးထည်းသာလျှင် သပိတ်သက်နှင်းကို ယူတော်မူ၍ သုံးဂါဝုတ် ခရီးတိုင်အောင် ကြိုတော်မူ၍ ရာဇဂြိုဟ်ပြည်နာဋ္ဌနှမြို့၏အကြား၌ဗဟုပုတ္တကညောင်ပင်ရင်း၌နေတော်မူ၏။ ပိပ္ပလိသည်လည်း တကြောင်းသော ခရီးဖြင့် လာလတ်သော် ထိုပညောင်ပင်ရင်း၌ နေတော်မူသောမြတ်စွာဘုရားကို မြင်၍ရှိသေစွာ ရှိခိုး၍နေလျက် နိဒါနဝဂ်ကဿပသံယုတ်၌ ဟောအပ်သောနည်းဖြင့် သုံးပါးကုန်သောနည်းဖြင့် သုံးပါးကုန်သောသြဝါဒတို့ဖြင့် မြတ်စွာဘုရားသည်ဆုံးမအပ်သည်ဖြစ်၍ ပဉ္စင်းဖြစ်၍ခုနစ်ရက် ပုထုဇွဉ်ဖြစ်၍ ရှစ်ရက်မြောက်သောနေ့၌ အရဟတ္တဖိုလ်သို့ရောက်၏။ ဘဒ္ဒါသည်လည်း ရဟန်းမိန်းမတို့၏ကျောင်းသို့သွား၍ နောက်၌အရဟတ္တဖိုလ်သို့ရောက်၏။ ။ဤသို့ထိုနှစ်ယောက်တို့သည် မေထုန်မှကြဉ်ခြင်းဟူသော ဗြဟ္မစရိယကိုကျင့်၍အရဟတ္တဖိုလ်သို့ရောက်ကုန်၏။ ထိုကြောင့် ထိုသူတို့၏ မေထုန်မှကြဉ်ခြင်းသည်မင်္ဂလာမည်၏။ ဤကျမ်း၌ဤစကားသည်ကား အကျဉ်းတည်း၊ အကျယ် ကိုကား ကဿပသံယုတ်အဌကံထာ အစရှိသည်တို့၌ ကြည့်အပ်၏။

[ဘဒ္ဒါ ပိပ္ပလိနှစ်ယောက်သော သူတို့၏ ဝတ္ထု]

၂၀၇-မာတိကမာတာဝတ္ထု

ခြောက်ကျပ်ကုန်သောရဟန်းတို့သည် မြတ်စွာဘုရားအထံတော်၌ ကမ္မဋ္ဌာန်းကိုယူ၍ နေရာအရပ်ကိုရှာကုန်လျက် ကောသလတိုင်းဘောင် ခြေရင်း၌ မာတိကမည်သောရွာသို့ ဆွမ်းအလို့ငှါ ဝင်ကုန်သတတ်။ ထိုမာတိကာမည်သောရွာ၏ အနှောင်ဖြစ်သောသူသည်ကား မာတိကာအမည်ရှိသောသူတည်း၊ ထိုမာတိကာအမည်ရှိသောသူ၏ အမိသည်ကား မာတိကမာတာဟူ၍ ကျော်စောထင်ရှားဇ၏။ ထိုမာတိကမာတာသည် ထိုရဟန်းတို့ကိုမြင်၍ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ဆွမ်းလှူ၍ အနှောင်ဘုရားတို့သည် အဘယ်အရပ်သို့ ကြွတော်မူလိုကုန်သနည်းဟုမေးဇ၏။ သိတင်းသည်မ- အကြင်အကြင် ချမ်းသာရာအရပ်သို့ သွားကုန်အံ့ဟု ရဟန်းတို့သည် ဆိုကုန်ဇ၏။ ထိုမာတိကမာတာသည် အကယ်၍အနှောင်ကောင်းတို့သည် ဤအရပ်၌ သုံးလပတ်လုံး နေပါကုန်အံ့၊ အကျွန်ုပ်သည်သရဏာဂုံကိုလည်းကောင်း ပဉ္စသီလကိုလည်းကောင်းယူ၍ ဥပုသ်ဆောက်တည်ခြင်းကိုပြုပါအံ့ဟု ဆို၍ ထိုရဟန်းတို့သည် သည်းခံကုန်သော် နေရာအရပ်ကိုသုတ်သင်၍ပေးဇ၏။ ထိုရဟန်းတို့သည် ထိုအရပ်၌ နေကုန်လတ်သော် တကွနက်မနေမူ၍ ပိဝိတို့ဇ၏နေရာအရပ်တို့၌ ဒွိတို့သာကာခရကို စိုးဖြန်း ကုန်၍ အတွင်းဘာဋ္ဌလည်း ခယဝယကမ္မဋ္ဌာန်းကို စိုးဖြန်းကုန်ဇ၏။ ထိုအခါ တနေ့သ၌ မာတိကမာတာသည် ထောပတ်တင်လဲ အစရှိသည်တို့ကို ယူခဲ့စေ၍ ညချမ်းအခါ၌ ကျောင်းသို့သွား၍ ရဟန်းတို့ကိုမမြင်၍ အနှောင်ကောင်းကိုသည် အဘယ်မှာနေကုန်သနည်းဟု ယောကျ်ားတို့ကိုမေးဇ၏။ အနှောင်မ- ပိဝိ ပိဝိတို့ဇ၏ နေရာအရပ်တို့၌ နေကုန်သည် ဖြစ်အံ့ဟု ယောကျ်ားတို့သည် ဆိုကုန်ဇ၏။ အသို့ပြု၍ အနှောင်ကောင်းတို့ကို ဖူးရအံ့သောငှါ တတ်ကောင်းအံ့နည်းဟု မာတိကမာတာသည်မေးဇ၏။ထိုအခါ မာတိကမာတာကို ရဟန်းတို့ဇ၏ ကတိကဝတ်၌ လိမ်မာကုန်သောလူတို့သည် အနှောင်မ-ကျောက်စည်ကိုထိုးလတ်သော် အနှောင်ကောင်းတို့သည်လည်း စည်းဝေးကုန်လတ္တံ့ဟုဆိုကုန်ဇ၏။ မာတိကမာတာသည်ကျောက်စည်ကို ထိုးစေဇ၏။ ကျောက်စည်သံကို ကြား၍ရဟန်းတို့သည်တစုံတယောက်သောရဟန်းအားမချမ်းသာခြင်းသည်ဖြစ်လတ္တံ့ဟု ပိဝိ ပိဝိတို့ဇ၏ နေရာအရပ်မှထွက်၍ ကျောင်းလယ်၌

စည်းဝေးကုန်၏။ တခုသောခရီးဖြင့်နှစ်ယောက်ကုန်သောရဟန်းတို့၏ လာခြင်းမည်သည်ကားမရှိ။ ထိုမာတိကမာတာသည် ထိုရဟန်းတို့ကို မြင်၍ ဤရဟန်းတို့သည် အချင်းချင်းငြင်းခုံခြင်းကို ပြုကြကုန်သည်ဖြစ် လတ္တံ့ဟုကြီ၍မေး၏။ သီတင်းသည်မ- ငါတို့သည်ငြင်းခုံခြင်းကို မပြုကြကုန်၊ စင်စစ်သော်ကား ငါတို့သည် မိမိမိမိတို့၏ နေရာအရပ်တို့၌ နေကုန်၍ ရဟန်းတို့တရားကို ပြုကြကုန်၏ ဟု ပြောဆိုကုန်၏။ အရှင်ဘုရားတို့ဤရဟန်းတရားမည်သည်ကားအဘယ်နည်းဟုမာတိကမာတာသည်မေး၏။ သီတင်းသည်မ- ဒွတ္တိံသာကာရကိုသရဇ္ဈာယ်ခြင်း အတ္တဘောဒ္ဓခယဝယကို စီးဖြန်းခြင်းတည်းဟု ရဟန်းတို့သည် ဆိုကုန်၏။ အရှင်ဘုရားတို့ - ဤရဟန်းတရားသည်ကား အရှင်ဘုရားတို့အား သာလျှင်အပ်သလော ထိုသို့မဟုတ်မူ အကျွန်ုပ်တို့အားလည်းအပ်၏လောဟု မာတိကမာတာသည်မေး၏။ သီတင်းသည်မ-အမှတ်မဲ့ဖြစ်သောလူအား လည်းအပ်၏ဟုရဟန်းတို့သည်ဆိုကုန်၏။ အရှင်ဘုရားတို့- ထိုသို့တပြီးကား ထိုတရားကို အကျွန်ုပ်အား သင်ကြပါကုန်ဟူ၍ မာတိကမာတာသည် ဆို၏။ ထိုရဟန်း တို့သည် ထိုကမ္မဋ္ဌာန်းကို မာတိကမာတာအား သင်ကုန်၏။ ထိုမာတိကမာတာသည် ထိုအခါမှစ၍ ရဟန်းတရားကို ပြုလတ်သော် ထိုရဟန်းတို့၏ ရှေးဦးစွာလျှင် အောက်ဖိုလ်သုံးပါးသို့ ရောက်၏။ မင်ဖြင့်သာလျှင် ထိုမာတိကမာတာအား ပဋိသမ္ဘိဒါတို့သည် လည်းကောင်း လောကီအဘိညာဉ်တို့ သည်လည်းကောင်း ရောက်ကုန်၏။ ထိုမာတိကမာတာသည် မင်ဖိုလ်ချမ်းသာကို ရသည်မှစ၍ ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုစုံစမ်းလတ်သော် ထိုရဟန်းတို့၏ ပုထုဇ္ဇဉ်၏အဖြစ်ကို မြင်၍ ထိုရဟန်းတို့အား အဘယ်သည် မသင့်တင့်သနည်းဟု ဆင်ခြင်လတ်သော် အာဟာရသည် မသင့်တင့်သည်ကို သိ၍ သင့်တင့်သော အာဟာရကိုစီရင်၍ ထိုရဟန်းတို့အား လှူ၏။သင့်တင့်သောအာဟာရကို ရသဖြင့် ရဟန်းတို့၏ စိတ်သည် တည်ကြည်၏။ ရဟန်းတို့သည် တည်ကြည်သောစိတ်ရှိကုန်၍ ဝိပဿနာကိုပွါးစေကုန်သော် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ဤသို့ ထိုမာတိကမာတာသည်လည်းကောင်း ထိုရဟန်းတို့သည်လည်းကောင်း ရဟန်းတရားဟူသော ဗြဟ္မစရိယကို ကျင့်၍ မင်ဖိုလ်သို့ ရောက်ကုန်၏။ ထိုကြောင့် ထိုသူတို့၏ ထိုရဟန်းတရားဟူသော ဗြဟ္မစရိယသည် မင်္ဂလာမည်၏။

[ဓမ္မပဒ၏ စိတ္တဝဂ်၌ ဒုန္နိဂ္ဂဟဿ လဟုနော ဟူသော ဂါထာ၏ အဘွင့်၌ လာသော ခြောက်ကျိပ်ကုန်သော ရဟန်းတို့၏ဝတ္ထု]။ ဗြဟ္မစရိယကထာတည်း။

၃၃-အရိယသစ္စာန ဒဿန မင်္ဂလာ

၂၀၈-အရိယသစ္စာန ဒဿန မင်္ဂလာကို ပြခြင်း

ဒုက္ခ၊သမုဒယ၊နိရောဓ၊မဂ္ဂ ဤလေးပါးတို့သည် သဘောကို မစွန့်သဖြင့် မဘောက်မပြန်မှန်သည်၏အဖြစ်ကြောင့် သစ္စာမည်ကုန်၏။ ဘုရားအစရှိကုန်သော အရိယာတို့၏ သစ္စာဖြစ်သောကြောင့် အရိယသစ္စာမည်ကုန်၏။ တနည်းကား ဘုရားသည် အရိယာမည်၏။ အရိယာ ဖြစ်သော ဘုရားသည် သိအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဟောအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ထိုဒုက္ခအစရှိကုန်သော လေးပါးကုန်သော တရားတို့သည် ဘုရား၏ သစ္စာဖြစ်ကုန်၏။ ထိုဘုရား၏ သစ္စာဖြစ်သောကြောင့် အရိယသစ္စာမည်ကုန်၏။ တနည်းကား ထိုသစ္စာတရားတို့ကို သိသဖြင့် အရိယာ၏အဖြစ်၏ ပြီးခြင်းကြောင့်လည်းအရိယသစ္စာမည်ကုန်၏။ မဘောက်မပြန်သော သဘောအားဖြင့် သိအပ်သော သစ္စာဖြစ်သောကြောင့်လည်း အရိယသစ္စာမည်ကုန်၏။ အစီး အပွါး၌ ဖြစ်တတ်သောကြောင့်အရိယာဟူ၍ သမုတ်အပ်ကုန်သော အစီးအပွါးမဲ့၌ မဖြစ်တတ်သည်၏ အဖြစ်ကြောင့် အရိယာ ဟူ၍ သမုတ်အပ်ကုန်သော သုံးဆဲ့ခုနစ်ပါးကုန်သော ဗောဓိပက္ခိယ တည်းဟူသော အရိယာတို့၏ တရားနှင့်ယှဉ်သည်၏ အဖြစ်ကြောင့် အရိယာဟူ၍ သမုတ်အပ်ကုန်သော ဘုရားပစ္စေကဗုဒ္ဓါ သာဝကတို့သည်သိအပ်သော သစ္စာဖြစ်သောကြောင့်လည်း အရိယသစ္စာမည်ကုန်၏။ ထိုသစ္စာတို့တွင် ရှေး၌ ဖြစ်ကုန်သော နှစ်ပါးကုန်သော သစ္စာ တို့သည် ဝဋ်တရားဖြစ်ကုန်၏။ နောက်သစ္စာ နှစ်ပါးတို့သည် ဝိဝဋ္ဌတရား ဖြစ်ကုန်၏။ ထိုသစ္စာတို့တွင် ဝဋ်တရားဖြစ်သော သစ္စာ၌ ရဟန်း၏ ကမ္မဋ္ဌာန်းအားဖြင့် နှလုံးသွင်းခြင်းသည်ဖြစ်၏။ ဝိဝဋ္ဌသစ္စာ၌ နှလုံးသွင်းခြင်းသည်မရှိ။ ထိုစုကားသည်မှန်၏၊ ရှေးသစ္စာ နှစ်ပါးတို့ကို ပဉ္စက္ခန္ဓာဒုက္ခံ၊ တဏ္ဍာသမုဒယော၊ ဤသို့ အကျဉ်းအားဖြင့်လည်းကောင်း ကတမေ

ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓောဟု၊ ဤသို့ အစရှိကုန်သော အကျယ် နည်းအားဖြင့် လည်းကောင်း အရိယာ၏ အထံ၌သင်၍ နှုတ်ဖြင့် အဘန် တလဲလဲ ရွတ်ဘတ် သရဇ္ဈာယ်လျက် ကမ္မဋ္ဌာန်း စီးဖြန်းသော ရဟန်းသည် ကမ္မဋ္ဌာန်းစီဖြန်းသော အမှုကို ပြုဏ်။ ဤမှ တပါးကုန်သော နှစ်ပါး ကုန်သော သစ္စာတို့၌ နိရောဓသစ္စံ ဈဋ္ဌံကန္တံမနာပံ မဂ္ဂသစ္စံဈဋ္ဌံကန္တံ မနာပံ၊ ဟူ၍ ကြားသောအားဖြင့်သာလျှင် ကမ္မဋ္ဌာန်း စီးဖြန်ခြင်းအမှုကို ပြုဏ်။ ထိုရဟန်းသည် ဤသို့ ပြုသည် ရှိသော် လေးပါးကုန်သော သစ္စာတို့ကိုတဆသော ပဋိဝေဓဖြင့်သိဏ်။ တဆသော အဘိသမယဖြင့် သိဏ်။ ဒုက္ခကို ပရိညာ ပဋိဝေဓဖြင့် သိဏ်။ သမုဒယကို ပဟာန ပဋိဝေဓဖြင့် သိဏ်။ နိရောဓကို သစ္ဆိကိရိယာ ပဋိဝေဓဖြင့် သိဏ်။ မဂ္ဂကို ဘာဝနာပဋိဝေဓဖြင့်သိဏ်။ ဒုက္ခကို ပရိညာဘိသမယဖြင့် သိဏ်။ သမုဒယကို ပဟာနာဘိသမယဖြင့် သိဏ်။ နိရောဓကို သစ္ဆိကိရိယာ ဘိသမယဖြင့်သိဏ်။ မဂ္ဂကို ဘာဝနာဘိသမယဖြင့်သိဏ်။ ဤသို့ထိုရဟန်း အား ဧရေးအဘို့၌ ဒုက္ခသစ္စာ သမုဒယသစ္စာတို့၌ သင်ခြင်း မေးမြန်းခြင်း နာခြင်း ဆောင်ခြင်း သုံးသပ်ခြင်းဖြင့် သိခြင်းသည်ဖြစ်၏။ နိရောဓသစ္စာ မဂ္ဂသစ္စာတို့၌ နာသောအားဖြင့် သိခြင်းသည်သာလျှင်တည်း။ နောက် အဘို့၌ ဒုက္ခသမုဒယ မဂ္ဂသစ္စာတို့၌ ကိစ္စအားဖြင့် သိခြင်းသည် ဖြစ်၏။ နိရောဓသစ္စာ၌ အာရုံအားဖြင့် သိခြင်းသည် ဖြစ်၏။ [မဟာဝဂ္ဂမဂ္ဂ သံယုတ်၏ပထမဝဂ်ဆဋ္ဌမသုတ် အဋ္ဌကထာ၊ သစ္စဝိဘင်းအဋ္ဌကထာ]။

အလုံးစုံသော ပဋိဝေဓဉာဏ်သည် လောကုတ္တရာတည်း။ နာခြင်း ဆောင်ခြင်း သုံးသပ်ခြင်း ဉာဏ်သည် လောကီ ကာမာဝစရတည်း။ ပစ္စဝေက္ခဏာသည်ကား ရအပ်သော သစ္စာရှိသော ပုဂ္ဂိုလ်အားဖြစ်၏။ [သစ္စဝိဘင်းအဋ္ဌကထာ]။ ဤ မင်္ဂလသုတ်၌လည်း ပဋိဝေဓ၏ အစွမ်း အားဖြင့် သစ္စာကို မြင်ခြင်းကို ရအပ်၏၊ ထိုကြောင့် အဋ္ဌကထာ၌—

အရိယသစ္စာနဒဿနံ နာမ စတုန္နံ အရိယသစ္စာနံ အဘိသမယ ဝသေန မဂ္ဂဒဿနံ။ တံ သံသာရ ဒုက္ခ ဝိတိက္ကမဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။

ဟူ၍ ဆိုအပ်၏။

အရိယသစ္စာနဒဿနံနာမ၊ အရိယသစ္စာနဒဿန မည်သည်ကား။ စတုန္နံအရိယသစ္စာနံ၊ လေးပါးကုန်သော အရိယသစ္စာတို့ကို။ အဘိ

သမယဝသေန၊ သိသည်၏အစွမ်းအားဖြင့်။ မဂ္ဂဒဿနံ၊ မင်ဖြင့်မြင်ခြင်း တည်း။ တံ၊ ထိုလေးပါးကုန်သောအရိယသစ္စာတို့ကို သိသည်၏အစွမ်း အားဖြင့် မင်ဖြင့် မြင်ခြင်းကို။ သံသာရဒုက္ခ ဝိတိက္ကမ ဟေတုတော၊ သံသရာဆင်းရဲကို လွန်ခြင်း၏အကြောင်း ဖြစ်ခြင်းကြောင့်။မင်္ဂလဏ္ဍီ၊ မင်္ဂလာဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ ။အဘိသမယဝသေနဟူသော စကား ကိုလည်း ဧကာဘိသမယကို ရည်၍ ဆိုအပ်၏။ ထိုကြောင့် သစ္စ သံယုတ် တတိယဝဂ် ဂဝမ္ပတိသုတ် ပါဠိတော်၌ ဤသို့ ဟောတော် မူ၏။ ရဟန်းတို့ - အကြင် ပုဂ္ဂိုလ်သည် ဒုက္ခ သစ္စာကို မြင်၏၊ ထို ပုဂ္ဂိုလ်သည် ဒုက္ခသမုဒယ သစ္စာကိုလည်း မြင်၏။ ဒုက္ခနိရောဓ သစ္စာကိုလည်း မြင်၏၊ ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါ ဟူသော မဂ္ဂ သစ္စာကိုလည်း မြင်၏။ အကြင် ပုဂ္ဂိုလ်သည် ဒုက္ခသမုဒယ သစ္စာကို မြင်၏၊ ထိုပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကိုလည်း မြင်၏။ ဒုက္ခနိရောဓသစ္စာ ကိုလည်း မြင်၏။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါဟူသော မဂ္ဂသစ္စာကိုလည်း မြင်၏။ အကြင်ပုဂ္ဂိုလ်သည် ဒုက္ခနိရောဓသစ္စာကို မြင်၏၊ ထိုပုဂ္ဂိုလ် သည် ဒုက္ခသစ္စာကိုလည်း မြင်၏၊ ဒုက္ခသမုဒယသစ္စာကိုလည်း မြင်၏။ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါဟူသော မဂ္ဂသစ္စာကိုလည်း မြင်၏။ အကြင် ပုဂ္ဂိုလ်သည် ဒုက္ခနိရောဓဂါမိနီ ပဋိပဒါဟူသော မဂ္ဂသစ္စာကို မြင်၏၊ ထိုပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကိုလည်း မြင်၏။ ဒုက္ခသမုဒယ သစ္စာကို လည်း မြင်၏။ ဒုက္ခနိရောဓသစ္စာကိုလည်း မြင်၏။ဤသို့ ဟောတော်မူ၏။ ယောဘိက္ခဝေဒုက္ခံပဿတိ၊ဒုက္ခသမုဒယံပိသော ပဿတိ။ဤသို့ အစရှိ သည်ကို ဧကပဋိဝေဓ၏အစွမ်းအားဖြင့်ဟောတော်မူ၏။ထိုစကားသည် မှန်၏ ဤသုတ်၌ဟခုသောဉာဏ်ဖြင့် သစ္စာလေးပါးတို့ကို သိခြင်းကိုသာ လျှင် ဟောတော်မူအပ်၏။ [ထိုပါဠိတော်၏အဌကထာ] ။အကြင်သူသည် သစ္စာလေးပါးကို မမြင်၊ ထိုသူသည် ဒုက္ခကိုမလွန်နိုင် ထိုသို့သဘော ရှိသော သူအား သံသရာသည် ရှည်၏။ ထိုကြောင့် သစ္စသံယုတ် တတိယဝဂ်၌ ဤသို့ဟောတော်မူ၏။ ရဟန်းတို့-ငါသည်လည်းကောင်း သင်တို့သည် လည်းကောင်း လေးပါးကုန်သော အရိယသစ္စာတို့ကို လျောက်ပတ်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤ ရှည်စွာသော ကာလပတ်လုံး ဘဝတပါးမှ ဘဝတပါးသို့ လားသော အားဖြင့် ကျင်လည်ရလေပြီ။ လားခြင်းဟူသော စုတိပဋိသန္ဓေ၏အစွမ်း

အားဖြင့် အဘာနံတလဲလဲ ကျင်လည်ရလေပြီ။အဘာယ်လေးပါးကုန်သော သစ္စာတရားတို့ကို မသိခြင်းကြောင့် ကျင်လည်ရသနည်း ဟူမူကား ရဟန်းတို့-ဒုက္ခဖြစ်သော အရိယသစ္စာကို လျောက်ပတ်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့်။လ။အဘာန် တလဲလဲ ကျင်လည်ရလေပြီ။ ရဟန်းတို့-ဒုက္ခသမုဒယ ဖြစ်သော အရိယသစ္စာကို လျောက်ပတ်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့်။လ။ အဘာန် တလဲလဲ ကျင်လည်ရလေပြီ။ ရဟန်းတို့-ဒုက္ခနိရောဓဖြစ်သော အရိယသစ္စာကို လျောက်ပတ်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့်။လ။အဘာန်တလဲလဲ ကျင်လည်ရလေပြီ။ရဟန်းတို့-ဒုက္ခနိရောဓဂါမိနိပဋိပဒါ ဟူသော အရိယသစ္စာကို လျောက်ပတ်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်လည်းကောင်း သင်တို့သည်လည်းကောင်း ၅၏ ရှည်စွာသော ကာလပတ်လုံး ဘဝတပါးမှ ဘဝတပါးသို့ လားသောအားဖြင့်ကျင်လည်ရလေပြီ။လားခြင်းဟူသော စုတိပဋိသန္ဓေ၏ အစွမ်းအားဖြင့် အဘာနံတလဲလဲ ကျင်လည်ရလေပြီ။

[တတိယသုတ်]။

ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ။ ဒုက္ခသမုဒယံ။ ဒုက္ခနိရောဓော။ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ။ ဥစ္ဆိန္နာ ဘဝတဏှာ။ ခီဏာ ဘဝနေတ္တိ။ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

ကုဒမဝေါစ ဘဂဝါ၊ ကုဒံဝတ္ထာန သုဂတော။
အဆာပရံ ဇောဒဧဝါစ သတ္ထာ။
စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။
သံသရိတံ ဒီဃမဒ္ဓါနံ၊ တာသု တာသွေဝ ဇာတီသု။
ယာနိစ တာနိ ဒိဋ္ဌာနိ၊ ဘဝနေတ္တိ သမူဟတာ။
ဥစ္ဆိန်နံ မူလံ ဒုက္ခသ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

[ပထမပေယျသုတ်]။

ဘိက္ခဝေ၊တို့။ဒုက္ခံအရိယသစ္စံ၊ ဒုက္ခဟူသော အရိယသစ္စာကို။ အနုဗုဒ္ဓံ၊လျောက်ပတ်စွာသိအပ်ပြီ။ပဋိဝိဒ္ဓံ၊ထိုးထွင်း၍သိအပ်ပြီ။ဒုက္ခသမုဒယံ ဒုက္ခသမုဒယဟူသော အရိယသစ္စာကို။ အနုဗုဒ္ဓံ၊ လျောက်ပတ်စွာသိအပ်ပြီ။ ပဋိဝိဒ္ဓံ ထိုးထွင်း၍ သိအပ်ပြီ။ ဒုက္ခနိရောဓော။ဒုက္ခနိရောဓ

ဟူသော အရိယသစ္စာကို။ အနုဗုဒ္ဓံ၊ လျောက်ပတ်စွာ သိအပ်ပြီ။ ပဋိပိဒ္ဓံ၊ ထိုးထွင်း၍ သိအပ်ပြီ။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ ဟူသော အရိယသစ္စာကို။ အနုဗုဒ္ဓံ၊ လျောက်ပတ်စွာ သိအပ်ပြီ။ ပဋိပိဒ္ဓံ၊ ထိုးထွင်း၍ သိအပ်ပြီ။ ဘဝတဏှာ၊ ဘဝတဏှာကို။ ဥစ္ဆိန္နာ၊ ဖြတ်အပ်ပြီ။ ဘဝနေတ္တိ၊ ဘဝသို့ ဆောင်ကြောင်းဖြစ်သော တဏှာကြိုးသည်။ ခီဏာ၊ ကုန်ပြီ။ ဒါနိ၊ ယခု။, ပုနဗ္ဘဝေါ၊ ဘဝသစ်သည်။ နတ္ထိ၊ မရှိ။ ဣတိဣဒံဝစနံ၊ ဤစကားကို။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောတော်မူပြီ။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်။ ဣဒံဝစနံ၊ ဤစကားကို။ ဝတ္ဝာန၊ ဟောတော်မူပြီး၍။ သတ္ထာ၊ နတ်နှင့်တကွသောလူကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်။ အထာပရံ၊ ထိုမှတပါးသော။ ဇေတံဝစနံ၊ စတုန္နံအရိယသစ္စာနံ အစရှိသော ထိုစကားကို။ အဝေါစ၊ ဟောတော်မူပြီ။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ ယထာဘူဘံ၊ အဟုတ်အမှန်။ အဒဿနာ၊ မမြင်ခြင်းကြောင့်။ ဒီဃံ၊ ရှည်စွာသော။ အဒ္ဓါနံ၊ ကာလပတ်လုံး။ တာသုတာသွေဝဇာတီသု၊ ထိုထိုဘဝတို့၌ သာလျှင်။ သံသရိတံ၊ စုတေပဋိသန္ဓေ၏အစွမ်းအားဖြင့် အဘန်တလဲလဲ ကျင်လည်အပ်ပြီ။ ယာနိ၊ အကြင်သစ္စာတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုသစ္စာတို့ကို။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်ပြီ။ ဘဝနေတ္တိ၊ ဘဝသို့ ဆောင်ကြောင်းဖြစ်သော တဏှာကြိုးကို။ သမူဟတာ၊ နုတ်အပ်ပြီ။ ဒုက္ခဿ၊ ဒုက္ခ၏။ မူလံ၊ အရင်းကို။ ဥစ္ဆိန္နံ၊ ဖြတ်အပ်ပြီ။ ဒါနိ၊ ယခု။ ပုနဗ္ဘဝေါ၊ ဘဝသစ်သည်။ နတ္ထိ မရှိ။

ယေ ဒုက္ခံ နပဇာနန္တိ၊ အထော ဒုက္ခဿ သမ္ဘဝံ။
ယတ္ထစ သဗ္ဗသော ဒုက္ခံ၊ အသေသံ ဥပရုဇ္ဈတိ။
တဥ္စမဂ္ဂံ နဇာနန္တိ၊ ဒုက္ခူပ သမဂါမိနံ။
စေတော ဝိမုတ္တိ ဟိနာ တေ၊ အထော ပညာဝိမုတ္တိယာ။
အဘဗ္ဗာ တေ အန္တ ကိရိယာယ၊ တေ ဝေ ဇာတိ ဇရူပဂါ။
ယေစ ဒုက္ခံ ပဇာနန္တိ၊ အထော ဒုက္ခဿ သမ္ဘဝံ။
ယတ္ထစ သဗ္ဗသော ဒုက္ခံ အသေသံ ဥပရုဇ္ဈတိ။
တဥ္စမဂ္ဂံ ပဇာနန္တိ၊ ဒုက္ခူပသမဂါမိနံ။

စေတောဝိမုတ္တိ သမ္ပန္နာ၊ အထော ပညာ ဝိမုတ္တိယာ။
သဗ္ဗာ တေ အန္တာကိရိယာယ၊ နတေ ဇာတိ ဇရာပဂါ။
[ဆိုအပ်ပြီးသောသုတ်]။ ။သုတ္တာနိပါတ် တတိယဝဂ် ဒွယတာ နုပဿနာ သုတ်၌လည်း ထိုအတူလျှင် ဟောဏ်။

ယေ၊ အကြင်သူတို့သည်။ ဒုက္ခံ၊ ဒုက္ခကို။ နုပဇာနန္တိ၊ မသိကုန်။ အထော၊ ထိုမှတပါး။ ဒုက္ခသ၊ ဒုက္ခ၏။ သမ္ဘဝံ၊ အကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်း။ နုပဇာနန္တိ၊ မသိကုန်။ ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ သဗ္ဗသော-သဗ္ဗပကာရံ၊ခပ်သိမ်းသော အပြားရှိသော။ ဒုက္ခံ၊ဒုက္ခသည်၊ အသေသံ၊ အကြွင်းမဲ့။ ဥပရုဇ္ဈတိ၊ ချုပ်၏။ တဉ္စ၊ ထိုနိဗ္ဗာန်ကိုလည်း။ နုပဇာနန္တိ၊ မသိကုန်။ ဒုက္ခ။ပသမဂါမိနံ၊ ဒုက္ခ၏ငြိမ်းရာ နိဗ္ဗာန်သို့ လားကြောင်းဖြစ်သော။ တဉ္စမဂ္ဂံ၊ ထိုအဋ္ဌင်္ဂိကမဂ်ကိုလည်း။ နုပဇာနန္တိ၊ မသိကုန်။ တေ၊ ထိုသူတို့သည်။ စေတောဝိမုတ္တိဟီနာ၊ အရဟတ္တဖိုလ် သမာဓိမှ ယုတ်ကုန်၏။ အထော၊ ထိုမှတပါး။ ပညာ ဝိမုတ္တိယာ၊ အရဟတ္တဖိုလ် ပညာမှ။ ဟီနာ၊ ယုတ်ကုန်၏။ တေ၊ ထိုသူတို့သည်။ အန္တာကိရိယာယ၊ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုခြင်းငှါ။ အဘဗ္ဗာ၊ မထိုက်ကုန်။ တေ၊ ထိုသူတို့သည်။ ဝေ၊ စင်စစ်။ ဇာတိဇရာပဂါ၊ ပဋိသန္ဓေနေခြင်း အိုခြင်းသို့ ကပ်ကုန်၏။ ။ယေ၊ အကြင်သူတို့သည်။ ဒုက္ခဉ္စ၊ ဒုက္ခကိုလည်း။ ပဇာနန္တိ၊ သိကုန်၏။ အထော၊ ထိုမှတပါး။ ဒုက္ခသ၊ ဒုက္ခ၏။သမ္ဘဝံ၊အကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်း။ပဇာနန္တိ၊ သိကုန်၏။ ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ သဗ္ဗသော-သဗ္ဗပကာရံ၊ ခပ်သိမ်းသော အပြားရှိသော။ဒုက္ခံ၊ဒုက္ခသည်။အသေသံ၊အကြွင်းမဲ့။ဥပရုဇ္ဈတိ၊ ချုပ်၏။ တဉ္စ၊ ထိုနိဗ္ဗာန်ကိုလည်း။ ပဇာနန္တိ၊ သိကုန်၏။ ဒုက္ခ။ပသမဂါမိနံ၊ ဒုက္ခ၏ ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော။ တဉ္စမဂ္ဂံ၊ ထိုအဋ္ဌင်္ဂိကမဂ်ကိုလည်း။ ပဇာနန္တိ၊ သိကုန်၏။ တေ၊ ထိုသူတို့သည်။ စေတောဝိမုတ္တိသမ္ပန္နာ၊ အရဟတ္တဖိုလ် သမာဓိနှင့် ပြည့်စုံကုန်၏။ အထော၊ထိုမှတပါး။ ပညာဝိမုတ္တိယာ၊အရဟတ္တဖိုလ်ပညာနှင့်။သမ္ပန္နာ၊ ပြည့်စုံကုန်၏။ တေ၊ ထိုသူတို့သည်။ အန္တာကိရိယာယ၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ။ ဘဗ္ဗာ၊ ထိုက်ကုန်၏၊ တေ၊ ထိုသူတို့သည်။ ဇာတိဇရာပဂါ၊ပဋိသန္ဓေနေခြင်း အိုခြင်းသို့ကပ်ကုန်သည်၊ နဟောန္တိ၊ မဖြစ်ကုန်။

သစ္စာကိုမြင်ကုန်၍သံသရာဝင့်ဆင်းရဲကို လွန်ကုန်သောသူတို့သည် အရေအတွက်၏ လမ်းကို လွန်ကုန်ပြီ။ ဝတ္ထုဖြင့် အဘယ် မူအံ့နည်း။ အရိယသစ္စာနဒဿန ကထာတည်း။

၃၄-နိဗ္ဗာနသစ္ဆိကိရိယ မင်္ဂလာ

၂၀၃-နိဗ္ဗာနသစ္ဆိကိရိယ မင်္ဂလာကို ပြခြင်း

နိဗ္ဗာန် မည်သည်ကား ပရိယာယ်အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုကြောင့် ဣတိဝုတ် ဒုတိယဝင် သတ္တမသုတ်၌—

ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော။ ကတမာဒွေ။ သဥပါဒိသေသာ နိဗ္ဗာနဓာတု အနုပါဒိသေသာ နိဗ္ဗာနဓာတု။ ကတမာစ ဘိက္ခဝေ သဥပါဒိသေသာ နိဗ္ဗာနဓာတု။ ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္တော ပရိက္ခီဏ ဘဝသံယောဇနော သမ္မဒညာ ဝိမုတ္တော။ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ ယေသံ အဝိဂတတ္တာ မနာပါမနာပံ ပစ္စနုဘောတိ။ သုခဒုက္ခံ ပစ္စနုဘောတိ။ တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော အယံ ဝုစ္စတိ ဘိက္ခဝေ သဥပါဒိသေသာ နိဗ္ဗာနဓာတု။ ကတမာစ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု။ ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ။လ။ သမ္မာဒညာ ဝိမုတ္တော။ တဿ ဣဓေဝ ဘိက္ခဝေ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတီ ဘဝိဿန္တိ။ အယံ ဝုစ္စတိ ဘိက္ခဝေအနုပါဒိသေသာ နိဗ္ဗာနဓာတု။ ဣမာခေါ ဘိက္ခဝေ ဒွေ နိဗ္ဗာနဓာတုယော တိ ဇောမတ္တံ ဘဂဝါ အဝေါစ။ တတ္ထေတံ ဣတိ ဝုစ္စတိ။

ဒွေမာ စက္ခုမတာ ပကာသိတာ၊
နိဗ္ဗာနဓာတု အနိဿိတေန တာဒိနာ။
ဧကောယံဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ၊
သဥပါဒိသေသာ ဘဝနေတ္တိခယာ။
အနုပါဒိသေသာ ပန သမ္ပရာယိကာ
ယမှိ နိရုဇ္ဈန္တိ ဘဝါနိ သဗ္ဗသော။

ဣစ္ဆာသယ ၁၅၅-၉၃

ယေဝေတဒညာယ ပဒံ အသခ်တံ၊
ဝိမုတ္တိစိတ္တာ ဘဝနေတ္တိသခ်ယာ။
တေ ဓမ္မသာရာဓိဂမာ ခယေရတာ၊
ပဟံသုတေ သဗ္ဗဘဝါနိ တာဒိနော။

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊တို့။ နိဗ္ဗာနဓာတုယော၊ နိဗ္ဗာနဓာတ်တို့သည်။ ဣမာဒွေ၊ ဤနှစ်ပါးတို့တည်း။ ဒွေ၊နှစ်ပါးကုန်သော ဓာတ်တို့သည်။ ကတမာ၊ အဘယ်သည်တို့နည်း ဟူမူကား။ သဥပါဒိသေသာ၊ သဥပါဒိသေသဖြစ်သော။နိဗ္ဗာနဓာတု၊နိဗ္ဗာနဓာတ်။ အနုပါဒိသေသာ၊ အနုပါဒိသေသဖြစ်သော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်။ ဣမာ၊ ဤသည်တို့တည်း။ ဘိက္ခဝေ၊တို့။ သဥပါဒိသေသာ၊ သဥပါဒိသေသဖြစ်သော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်သည်၊ ကတမာစ၊ အဘယ်နည်း ဟူမူကား။ ဘိက္ခဝေ၊တို့၊ ဣဓ၊ဤသာသနာတော်၌။ ဘိက္ခု၊ရဟန်းသည်။ အရဟံ၊ ဝေးစွာ ပယ်အပ်ပြီးသော ကိလေသာရှိသည်။ ဟောတိ၊၏။ ခီဏာသဝေါ၊ ကုန်ပြီးသောအာသဝေါရှိသည်။ ဟောတိ၊၏။ဝုသိတဝါ၊ ကျင့်အပ်ပြီးသောအရိယမင်္ဂအရိယဖိုလ်ရှိသည်။ ဟောတိ၊၏။ ကတကရဏီယော၊ မင်္ဂဖြင့်ပြုအပ်ပြီးသောတဆဲ့ခြောက်ပါးသောကိစ္စရှိသည်။ ဟောတိ၊၏။ ဩဟိတဘာရော၊ချအပ်ပြီးသော ခန္ဓာဟူသောဝန် ကိလေသာဟူသောဝန် ကုသိုလ် အကုသိုလ် ဟူသော ဝန်ရှိသည်။ ဟောတိ၊၏။ အနုပ္ပတ္တသဒတ္တော၊ မိမိ၏ အကျိုးဟူသော အရဟတ္တဖိုလ်သို့ ရောက်ပြီးသည်။ ဟောတိ၊ ၏။ ပရိက္ခီဏဘဝသံယောဇနော၊ ကုန်ပြီးသော ဘဝတို့၌ သတ္တဝါတို့ကို ယှဉ်စေတတ်သော ကာမရာဂအစရှိသော သံယောဇဉ်ရှိသည်။ဟောတိ၊၏။ သမ္မာ၊ကောင်းစွာ။အညာ၊ဒုက္ခအစရှိသည် တို့၌ သိအပ်သော တရားကို အရဟတ္တ မင်္ဂဉာဏ်ဖြင့် သိ၍။ ဝိမုတ္တော၊ စိတ်၏ ခပ်သိမ်းသော ကိလေသာတို့မှ လွတ်ခြင်း နိဗ္ဗာန်သို့ ညွတ်ခြင်း ဟူသော ဝိမုတ္တိ နှစ်ပါးရှိသည်။ ဟောတိ၊ ၏။ တံသ၊ ထိုရဟန္တာအား။ ယေသံ၊ အကြင် စက္ခုအစရှိကုန်သော ဣန္ဒြေတို့၏။ အဝိဂတတ္တာ၊ အနုပ္ပါဒနိရောဓ၏ အစွမ်းအားဖြင့် မချုပ်သည်၏ အဖြစ်ကြောင့်။ ပဋိန္ဒြိယာနိ၊ စက္ခုအစရှိကုန်သော ငါးပါးကုန်သော ဣန္ဒြေတို့သည်။ တိဋ္ဌန္တေဝ၊ တည်ကုန်သလျှင် ကတည်း။ သော၊ ထို

ရဟန္တာသည်။ မနာပါမနာပံ၊ နှစ်သက်ဘွယ်ရှိသော နှစ်သက်ဘွယ်မရှိသော ရူပါရုံ အစ ရှိသည်ကို။ ပစ္စနုဘောတိ၊ ရဇ်။ သုခဒုက္ခံ၊ ချမ်းသာဆင်းရဲကို။ ပစ္စနုဘောတိ၊ ရဇ်။ တဿ၊ ထိုရဟန္တာဇ်။ ယောရာဂက္ခယော၊ အကြင် ရာဂဇ် ကုန်ခြင်းသည်။ ယောဒေါသက္ခယော၊ အကြင် ဒေါသဇ်ကုန်ခြင်းသည်။ ယောမောဟက္ခယော၊အကြင် မောဟဇ် ကုန်ခြင်းသည်။ အတ္ထိ၊ ရှိဇ်။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤခန္ဓာ ငါးပါးရှိသော ရဟန္တာဇ် ရာဂ ဒေါသ မောဟဇ် ကုန်ခြင်းကို။ သဥပါဒိသေသ နိဗ္ဗာနဓာတု၊ သဥပါဒိသေသနိဗ္ဗာန ဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ဇ်။ ဘိက္ခဝေ၊ တို့။ အနုပါဒိသေသာ နိဗ္ဗာနဓာတု၊ အနုပါဒိသေသဖြစ်သော နိဗ္ဗာနဓာတ်သည်။ ကတမာစ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။အရဟံ၊ ဝေးစွာ ပယ်အပ်ပြီးသော ကိလေသာရှိသည်။ဟောတိ၊ ဇ်။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသည်၊ ဟောတိ၊ ဇ်။ ဝုသိတဝါ၊ကျင့်အပ်ပြီးသော အရိယမဂ်အရိယဖိုလ် ရှိသည်။ ဟောတိ၊ ဇ်။ ကတကရဏီယော၊ မဂ်ဖြင့် ပြုအပ်ပြီးသော တဆဲခြောက်ပါးသော ကိစ္စရှိသည်။ ဟောတိ၊ ဇ်။ ဩဟိတဘာရော၊ ချအပ်ပြီးသော ခန္ဓာဟူသောဝန် ကိလေသာဟူသောဝန် ကုသိုလ် အကုသိုလ်ကံ ဟူသောဝန် ရှိသည်။ ဟောတိ၊ ဇ်။ အနုပ္ပတ္တသဒတ္ထော၊ မိမိဇ်အကျိုးဟူသော အရဟတ္တဖိုလ်သို့ ရောက်ပြီးသည်။ ဟောတိ၊ ဇ်။ ပရိက္ခီဏဘဝ သံယောဇနော၊ ကုန်ပြီးသော ဘဝတို့၌ သတ္တဝါတို့ကို ယှဉ်စေတတ်သော ကာမရာဂ အစရှိသော သံယောဇဉ်ရှိသည်။ ဟောတိ၊ ဇ်။ သမ္မာ၊ ကောင်းစွာ။ အညာ၊ ဒုက္ခ အစရှိသည်တို့၌ သိအပ်သော တရားကို အရဟတ္တမဂ်ဉာဏ်ဖြင့် သိ၍။ ဝိမုတ္တော၊စိတ်ဇ်ခပ်သိမ်းသော ကိလေသာတို့မှ လွတ်ခြင်း နိဗ္ဗာန်သို့ ညွတ်ခြင်း ဟူသော ဝိမုတ္တိနှစ်ပါးရှိသည်။ ဟောတိ၊ ဇ်။ ဘိက္ခဝေ၊ တို့။ တဿ၊ ထိုရဟန္တာဇ်။ ဣဓေဝ၊ ဤ အတ္တဘောဒ်လျှင်။ အနဘိနန္ဒိတာနိ၊ တဏ္ဍာ အစရှိသည်တို့သည် မနှစ်သက် အပ်ကုန်သော။ သဗ္ဗဝေဒယိတာနိ၊ သုခအစရှိကုန်သော ခပ်သိမ်းကုန်သော အဗျာကတ ဝေဒနာတို့သည်။ သီတီ၊ စင်စစ် ငြိမ်းခြင်းအားဖြင့် ငြိမ်းကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။တနည်းကား။ သီတီဘဝိဿန္တိ၊တဘန် ပဋိသန္ဓေနေခြင်းမရှိသော ချုပ်ခြင်းဖြင့်

ချုပ်ကုန်၏။ ဘိက္ခဝေ၊တို့။အယံ၊ဤရဟန္တာ၏ ဝေဒနာအစရှိကုန်သော ခန္ဓာငါးပါးဘို့၏ တဘန် ပဒိုသန္ဓေ နေခြင်းမရှိသော ချုပ်ခြင်းဖြင့် ချုပ်သောသဘောကို။ အနုပါဒိသေသာ နိဗ္ဗာနဓာတု၊ အနုပါဒိသေသ ဖြစ်သော နိဗ္ဗာနဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘိက္ခဝေ၊ တို့။ ဒွေ၊ နှစ်ပါးကုန်သော။ နိဗ္ဗာနဓာတုယော နိဗ္ဗာနဓာတ်တို့သည်။ ဣမာခေါ၊ ဤသည်တို့တည်း။ ဣတိ၊ သို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဇေတမတ္ထံ၊ ထိုအနက်ကို။ အဝေါစ၊ ဟောဘော်မူပြီ။ တတ္ထ၊ ထိုအနက်၌။ ဣတိ၊ ဤသို့။ ဇေတံဝစနံ၊ ထိုစကားကို။ ဝုစ္စတိ။ ဆိုအပ်၏။

စက္ခုမတာ၊ ဗုဒ္ဓစက္ခု ဓမ္မစက္ခု ဒိဗ္ဗစက္ခု ပညာစက္ခု သမန္တစက္ခု ဟူသော ငါးပါးသော စက္ခုရှိတော်မူသော။ အနိဿိတေန၊ တဏ္ဍာဒိဋ္ဌိတို့၏ မှီရာ၏ အစွမ်းအားဖြင့် ဟစုံတခုသော တရားကို မမှီသသော။ တနည်းကား။ အနိဿိတေန၊ ရာဂအနှောင်အဘွဲ အစရှိသည်တို့ဖြင့် နှောင်ဘွဲသော အားဖြင့် တစုံတခုသော တရားကို မမှီထသော။ တာဒိနာ၊ ဣဋ္ဌာရုံ အစရှိသည်တို့၌ တူသော သဘော ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သည်းခံခြင်း ရှိတော်မူသော မြတ်စွာဘုရား သည်။ ဒွေ၊ ကုန်သော။ ဣမာနိဗ္ဗာနဓာတူ၊ ဤ နိဗ္ဗာန ဓာတ်တို့ကို။ ပကာသိတာ၊ ပြအပ်ကုန်ပြီ။ ဣဓ၊ ဤ နှစ်ပါးကုန်သော နိဗ္ဗာနဓာတ် တို့တွင်။ဒိဋ္ဌဓမ္မိကာ၊မျက်မှောက်သောအတ္တဘောဌ်ဖြစ်သော။ဘဝနေတ္တိ ခယာ၊ ဘဝသို့ ဆောင်ကြောင်းဖြစ်သော တဏ္ဍာ၏ ကုန်ရာဟူသော။ ဇကာ၊ တပါးသော။အယံဓာတု၊ ဤနိဗ္ဗာနဓာတ်သည်။သဥပါဒိသေသာ၊ သဥပါဒိသေသနိဗ္ဗာနဓာတ်မည်၏။ ယမှိ၊ အကြင်အနုပါဒိသေသနိဗ္ဗာန် ၌။ဘဝါနိ၊ ဥပပတ္တိဘဝတို့သည်။သဗ္ဗသော၊အချင်း ခပ်သိမ်း အားဖြင့်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ သမ္ပရာယိကာ၊ ခန္ဓာပျက်သည်၏ နောက်အဘို့၌ ဖြစ်သော။အယံပန၊ဤ နိဗ္ဗာနဓာတ်သည်ကား။အနုပါဒိသေသာ၊အနုပါဒိ သေသ နိဗ္ဗာနဓာတ်မည်၏။ ယေဝ၊ အကြင် ပုဂ္ဂိုလ်တို့သည်သာလျှင်။ အသခ်တံ၊အကြောင်းတရားတို့သည် မပြုပြင်အပ်သော။တံပဒံ၊ထိုနိဗ္ဗာန် ကို။အညာယ၊သိ၍။ဝိမုတ္တိစိတ္တာ၊ကိလေသာမှလွတ်သော စိတ်ရှိကုန်၏။ ဘဝနေတ္တိသခ်ယာ၊ ဘဝသို့ ဆောင်ကြောင်းဖြစ်သော တဏ္ဍာ၏ ကုန်ခြင်း ရှိကုန်၏။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ ဓမ္မသာရာဓိဂမာ၊ တရား တို့၌ အနှစ်ဖြစ်၍ဖြစ်သော အရဟတ္တဖိုလ်ကို ရခြင်းကြောင့်။ ခယေ၊

ရာဂအစ့ရှိသည်တို့၏ ကုန်ရာဖြစ်သောနိဗ္ဗာန်၌။ ရတာ၊ မွေလျော်ကုန်၏။ (တနည်းကား) ဓမ္မသာရာဓိဂမာ၊ တရားတို့၌ မြတ်သောနိဗ္ဗာန်ကို ရသည်၏အဖြစ်ကြောင့်။ ခယေ၊ခပ်သိမ်းကုန်သော သခ်ါရတို့၏ကုန်ရာဖြစ်သော အနုပါဒိသေသနိဗ္ဗာန်၌။ ရတာ၊ မွေလျော်ကုန်၏။တာဒိနော၊ ဈဋ္ဌာရုံအစရှိသည်တို့၌ တူသော သဘောရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သည်းခံခြင်းရှိကုန်သော။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ သဗ္ဗဘဝါနိ၊ ခပ်သိမ်းကုန်သောဘဝတို့ကို။ ပဟံသု၊ စွန့်ကုန်ပြီ။ ။ဤသူတို့ နိဗ္ဗာန်သည် ပရိယာယ် အားဖြင့် နှစ်ပါး အပြားရှိ၏။ ရထဝိနိကသုက် အဋ္ဌကထာ၌လည်း—

အနုပါဒါပရိနိဗ္ဗာနံနာမ အပစ္စယပရိနိဗ္ဗာနံ။ ဒွေဝါ ဥပါဒါနာနိ ဂဟဏူပါဒါနံပစ္စယူပါဒါနဥ္စ၊ဂဟဏူပါဒါနံနာမ ကာမူပါဒါနာဒိကံ စတုဗ္ဗိဓံ။ ပစ္စယူပါဒါနံနာမ အဝိဇ္ဇာပစ္စယာသခ်ါရာတိ ဧဝံ ဝုတ္တာ ပစ္စယာ။ ဂဟဏူပါဒါန ဝါဒိနော အာစရိယာ။ အနုပါဒါပရိနိဗ္ဗာနန္တိ စတူသု ဥပါဒါနေသု အညတရေနာပိ ကိဉ္စိမ္မေ အဂဟေတွာစ ပဟတ္တံ အရဟတ္တဖလံ အနုပါဒါပရိနိဗ္ဗာနန္တိ ကထေန္တိ။ တဉ္ဇိ နစဥပါဒါနသမ္ပယုတ္တံ ဟုတွာ ကိဉ္စိမ္မေ ဥပါဒိယတိ။ ကိလေသာနဥ္စ ပရိနိဗ္ဗုတန္တေ ဇာတတ္တာ ပရိနိဗ္ဗာနန္တိ ဝုစ္စတိ။ ပစ္စယူပါဒါနဝါဒိနော ပန ပစ္စယဝသေန အနုပ္ပန္နံ အသခ်တံ အမတဓာတုမေဝ အနုပါဒါပရိနိဗ္ဗာနန္တိ ကထေန္တိ။ ။ဟူ၍ဆိုဏ်။

အနုပါဒါပရိနိဗ္ဗာနံနာမ၊ အနုပါဒါပရိနိဗ္ဗာန်မည်သည်ကား။ အပစ္စယပရိနိဗ္ဗာနံ၊အနုပါဒိသေသပရိနိဗ္ဗာန်တည်း။ဝါ၊တနည်းကား။ ဥပါဒါနာနိ၊ ဥပါဒါန် တို့သည်။ ဂဟဏူပါဒါနဥ္စ၊ မြဲစွာ ယူတတ်သော ဥပါဒါန်လည်းကောင်း။ပစ္စယူပါဒါနဥ္စ၊ ပစ္စည်းဖြစ်သောဥပါဒါန်လည်းကောင်း။ ဈတိ၊ဤသို့။ဒွေ၊ နှစ်ပါးတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ကာမူပါဒါနာဒိကံ၊ ကာမုပါဒါန်အစရှိသော။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော ဥပါဒါန်သည်။ ဂဟဏူပါဒါနံနာမ၊မြဲစွာယူတတ်သော ဥပါဒါန်မည်၏။အဝိဇ္ဇာပစ္စယာသခ်ါရာတိ၊ အဝိဇ္ဇာပစ္စယာသခ်ါရာဟူ၍။ ဧဝံ၊ ဤသို့။ ဝုတ္တာ၊ ဟောအပ်ကုန်သော။ ပစ္စယာ၊ ပစ္စည်းတို့သည်။ ပစ္စယူပါဒါနံနာမ၊ ပစ္စည်းဖြစ်သောဥပါဒါန်မည်၏။ ဂဟဏူပါဒါနဝါဒိနော၊ မြဲစွာယူတတ်

သော ဥပါဒါန်ကို ဆိုလေ့ရှိကုန်သော။ အာစရိယာ၊ ဆရာတို့သည်။ အနုပါဒါ ပရိနိဗ္ဗာနန္တိ။လ။ အရဟတ္တဖလ အနုပါဒါ ပရိနိဗ္ဗာနံဟူ၍။ ကထေန္တိ၊ ဆိုကုန်၏။ အနုပါဒါပရိနိဗ္ဗာနန္တိဇ္ဈေ၊ အနုပါဒါပရိနိဗ္ဗာနံ ဟူသော ပါဠိ၌။ စတူသူ၊ လေးပါးကုန်သော။ ဥပါဒါနေသူ၊ ဥပါဒါန် တို့တွင်။ အညတရေနာပိ၊ တပါးပါးသော ဥပါဒါန်ဖြင့်လည်း။ ကိဉ္စိဓမ္မံ၊ တစုံတခုသောတရားကို။ အဂဟေတွာ၊ မယူမူ၍လျှင်။ ပဝတ္တံ၊ဖြစ်သော။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်သည်။ အနုပါဒါ ပရိနိဗ္ဗာနံ၊ အနုပါဒါပရိနိဗ္ဗာနမည်၏။ ဟိသဒ္ဒံ၊ မှန်၏။ တံ၊ထိုအရဟတ္တဖိုလ်သည်။ ဥပါဒါနသမုယတ္တံ၊ ဥပါဒါန်နှင့် ယှဉ်သည်။ ဟုတွာ၊ ဖြစ်၍။ ကိဉ္စိဓမ္မံ၊ တစုံတခုသောတရားကို။ နစဥပါဒိယတိ၊ မစွဲလမ်း။ ကိလေသာနဉ္စ၊ ကိလေသာတို့၏လည်း။ ပရိနိဗ္ဗုတဇန္တု၊ အရဟတ္တမဂ်ဖြင့် ငြိမ်းသည်၏ အဆုံး၌။ ဇာတတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ ပရိနိဗ္ဗာနံ၊ ပရိနိဗ္ဗာန်မည်၏။ ဣတိ၊ ဤသို့။ တံ၊ ထိုအရဟတ္တဖိုလ်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ပစ္ဆာယံပါဒါနဝါဒိနောပစ္ဆာဥပ်းဖြစ်သော ဥပါဒါန်ကို ဆိုလေ့ရှိကုန်သော ဆရာတို့သည်ကား။ ပစ္ဆာယဝသေန၊ ပစ္ဆာဥပ်း၏အစွမ်းအားဖြင့်။ အနုပ္ပန်း မဖြစ်သော။ အသင်္ခတံ၊ ပစ္စည်းတို့သည် မပြုအပ်သော။ အမတဓာတု မေဝ၊ အမတဓာတ်ကိုလျှင်။ အနုပါဒါ ပရိနိဗ္ဗာနန္တိ၊ အနုပါဒါ ပရိနိဗ္ဗာန်ဟူ၍။ ကထေန္တိ၊ဆိုကုန်၏။ ။ဤမဂ်လသုတ်၌လည်း အရဟတ္တဖိုလ် သည်သာလျှင် နိဗ္ဗာန်မည်၏။ ။ထိုကြောင့် အဋ္ဌကထာ၌—

> ဣဒ အရဟတ္တဖလံ နိဗ္ဗာနန္တိ အဓိပ္ပေတံ။ တဗ္ဘိဟိ ပဠ ဂတိ ဝါနေန သညိဘာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ဝုစ္စတိ။ ဣတရသုပန နိဗ္ဗာနသ အဂိယသဘာန ဒဿနေန သန္တိ ကိရိယာ သိဒ္ဓါ။ တေနေတံ ဣဒ အနဓိပ္ပေတံ။ ။ဟူ၍ဆိုအပ်၏။

ဣဒ၊ ဤနိဗ္ဗာနသည်ကိုဆိုယာ ဟူသောပါဌ်၌။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်ကို။ နိဗ္ဗာနန္တိ၊နိဗ္ဗာန်ဟူ၍။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ဟိသဒ္ဒံ၊ မှန်၏။ တဗ္ဘိ၊ ထိုအရဟတ္တဖိုလ်ကိုလည်း။ ပဠဂတိဝါနေန၊ ငါးပါးကုန်သော ဂတိဘုံကို ချုပ်စပ်တတ်သည်၏အဖြစ်ကြောင့်။ဝါနသညိတာယ၊ ဝါနဟူသမုတ်အပ်သော။ တဏှာယ၊ တဏှာမှ။ နိက္ခန္တတ္တာ၊ ဝိသယာတိက္ကမနအားဖြင့် ထွက်မြောက်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ဝုစ္စ ဘိ၊ ဆိုအပ်၏။ ဣတရသ၊ ဤအရဟတ္တဖိုလ်မှ တပါး

သော။ နိဗ္ဗာနသပန၊ အသခ်တဓာတ် နိဗ္ဗာန်ကိုကား။ အရိယသစ္စာန ဒဿနေနေဝ၊ အရိယသစ္စာတို့ကို မင်ဖြင့်မြင်သဖြင့်သာလျှင်။ သစ္ဆိကိရိယာ၊မျက်မှောက်ပြုခြင်းသည်။ သိဒ္ဓါ၊ပြီး၏။တေန၊ထိုကြောင့်။ဧတံ၊ ထိုသခ်တဓာတ် နိဗ္ဗာန်ကို။ ဣဓ၊ ဤနိဗ္ဗာနသစ္ဆိကိရိယာဟူသောပါဠိ၌။ အနဓိပ္ပေတံ၊ အလိုမရှိအပ်။ အဘိမ္မေဂ္ဂ သင်္ဟဒိုကာ၌ကား—

ဘဝါဘဝံ ဝိနနတောသံသိဗ္ဗနတော ဝါနသခ်ါတာယ တဏ္ဍာယ နိက္ခန္တံ၊နိဗ္ဗာတိဝါ ဧတေန ရာဂဂ္ဂိအာဒိကောတိ နိဗ္ဗာနံ။

ဟူ၍ ဆိုဏ်။

ဘဝါဘဝံ၊ဒုဂ္ဂတိသုဂတိ၏ အစွမ်းအားဖြင့်လည်းကောင်း။ အယုတ်အမြတ်၏အစွမ်းအားဖြင့်လည်းကောင်း ငယ်သောဘဝ ကြီးသောဘဝကို။ဝိနနတောသံသိဗ္ဗနတော၊အောက်အထက်ပြန်သည်၏အစွမ်းအားဖြင့် စပ်တတ်သည်၏အဖြစ်ကြောင့်။ ဝါနသခ်ါတာယ၊ ဝါနဟုဆိုအပ်သော။ တဏ္ဍာယ၊တဏ္ဍာမှ။ ယံမ္မေဇာတံ၊ အကြင်အသခ်တဓာတ်တရားသည်။ နိက္ခန္တံ၊ ဝိသယာတိက္ကမန၏ အစွမ်းအားဖြင့် လွန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တံမ္မေဇာတံ၊ ထိုအသခ်တဓာတ်တရားသည်။ နိဗ္ဗာနံ၊နိဗ္ဗာန်မည်၏။ ဝါ၊တနည်းကား။ ဧတေန၊ထိုအသခ်တဓာတ်တရားဖြင့်။ ရာဂဂ္ဂိအာဒိကော၊ ရာဂအစရှိသော မီးသည်။ နိဗ္ဗာတိ၊ ငြိမ်းတတ်၏၊ ဣတိတသ္မာ၊ ထိုသို့ ရာဂအစရှိသောမီး၏ ငြိမ်းကြောင်းဖြစ်သော သတ္တိကြောင့်။ တံမ္မေဇာတံ၊ ထိုအသခ်တဓာတ်တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ။အာဒိသဒ္ဒါဖြင့် ဒေါသ မောဟ ဇာတိ ဇရာ မရဏ အစရှိကုန်သော မီးတို့ကိုယူသတည်း။ ရာဂက္ခယ ဒေါသက္ခယ မောဟက္ခယ ဟူသော အမည်သုံးပါးသည် အရဟတ္တဖိုလ်၏ အမည်လည်း ဖြစ်၏။ ထိုကြောင့် သဋ္ဌာယတန ဇမ္ဗုခါဒက သံယုတ်ပါဋ္ဌိတော်၌—

ကေမန္တံ နိသိန္နော ခေါ ဇမ္ဗုခါဒကော ပရိဗ္ဗာဇကော အာယံသ္မန္တံ သာရိပုတ္တံ ဧတဒဝေါစ။ နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ။ ကတမံနုခေါ အာဝုသော သာရိပုတ္တ နိဗ္ဗာနန္တိ။ ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ နိဗ္ဗာနံ။ [နိဗ္ဗာနသုတ် ပါဋ္ဌိတော်]။

ဇမ္ဗုခါဒကသုတ် ဟူသည်လည်း ဤနိဗ္ဗာနသုတ်၏ အမည်တည်း။

အရဟတ္တံ အရဟတ္တံတိ အာဝုသော သာရိပုတ္တ ဝုစ္စတိ။ ကတမံ နုခေါအာဝုသော သာရိပုတ္တ အရဟတ္တန္တိ။ယောခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ အရဟတ္တံ။ [အရဟတ္တသုတ် ပါဠိတော်]။

ကေမန္တိ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ နိသိန္နောခေါ၊ နေပြီးသော။ ဇမ္မုခါဒကော၊ဇမ္ဗုခါဒကအမည်ရှိသော။ ပရိဗ္ဗာဇကော အရှင်သာရိပုတ္တရာ၏ တူဖြစ်သော အဝတ်မဝတ်သော ပရိဗိုဇ်သည်။ အာယသ္မန္တံ သာရိပုတ္တံ၊အရှင်သာရိပုတ္တရာကို။ ဇေတံဝနံ၊ ဤစကားကို။ အဝေါစ၊လျောက်၏။ အာဝုသော သာရိပုတ္တ၊ အရှင်သာရိပုတ္တရာ။နိဗ္ဗာနံ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ အာဝုသော သာရိပုတ္တ၊ အရှင်သာရိပုတ္တရာ။ ကတမံနုခေါ၊ အဘယ်ကိုလျှင်။ နိဗ္ဗာနံ နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ဣတိဇေတံဝနံ၊ ဤစကားကို။ အဝေါစ၊ လျောက်၏။ အာဝုသော။ ငါ့ရှင်။ ယောခေါ၊ အကြင် သဘောသည်။ ရာဂက္ခယော၊ ရာဂ၏ ကုန်ကြောင်း ဖြစ်၏။ ဒေါသက္ခယော၊ ဒေါသ၏ ကုန်ကြောင်းဖြစ်၏။ မောဟက္ခယော၊ မောဟ၏ ကုန်ကြောင်း ဖြစ်၏။ ဣဒံ၊ ဤသဘော တရားကို။ နိဗ္ဗာနံ၊နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ။အာဝုသော သာရိပုတ္တ၊အရှင်သာရိပုတ္တရာ။အရဟတ္တံ အရဟတ္တန္တိ၊အရဟတ္တ အရဟတ္တ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အာဝုသော သာရိပုတ္တ၊ အရှင်သာရိပုတ္တရာ။ ကတမံနုခေါ၊ အဘယ်ကိုလျှင်။ အရဟတ္တံ၊ အရဟတ္တဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ဣတိဇေတံဝနံ၊ ဤစကားကို။ အဝေါစ၊ လျောက်၏။ အာဝုသော၊ ငါ့ရှင်။ ယောခေါ အကြင်သဘော တရားသည်။ ရာဂက္ခယော၊ ရာဂကုန်သည်၏ အဆုံးဌာ ဖြစ်၏။ ဒေါသက္ခယော၊ ဒေါသကုန်သည်၏ အဆုံးဌာ ဖြစ်၏။ မောဟက္ခယော၊ မောဟကုန်သည်၏ အဆုံးဌာ ဖြစ်၏။ ဣဒံ၊ ဤသဘောတရားကို။ အရဟတ္တံ၊အရဟတ္တဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ။အကြင်သူသည်ကား ဤပါဠိတော်ဖြင့်သာလျှင် ကိလေသာ၏ ကုန်ခြင်းမျှကို နိဗ္ဗာန်ဟူ၍ဆိုခြားအံ့၊ ထိုသူကို အဘယ်သူ၏ ကိလေသာကုန်ခြင်းကို ဆိုသနည်း။ ပိဒိ၏ ကိလေသာ၏ ကုန်ခြင်းကို ဆိုသလော၊ သူတပါးတို့၏ ကိလေသာ၏ ကုန်ခြင်းကို ဆိုသလောဟု မေးအပ်၏၊ မချွတ်လျှင် ပိဒိ၏ ကိလေသာ၏ ကုန်ခြင်းကို ဆိုသတည်းဟု ဆိုလတ္တံ့၊ ထိုနောင်မှ ဂေါတြဘူဉာဏ်၏

အာရုံကား အဘယ်နည်းဟု မေးအပ်၏၊ သိသောသူဖြစ်မူ နိဗ္ဗာန်ဟု ဆိုလတ္တံ့၊ ဂေါတြဘူဉာဏ်ခဏ၌ ကိလေသာတို့သည် ကုန်ပြီးလော ကုန်ဆဲလော ကုန်လတ္တံ့လောဟုမေးအပ်၏။ကုန်ပြီးဟူ၍လည်းကောင်း ကုန်ဆဲဟူ၍ လည်းကောင်း မဆိုအပ်။ ကုန်လတ္တံ့ဟူ၍ကား ဆိုအပ်၏။ ထိုကြောင့် ကိလေသာတို့သည်ကုန်ပြီးသည်မဟုတ်ဘဲလျက် ဂေါတြဘူ ဉာဏ်သည် ကိလေသက္ခယကို အာရုံပြုသလောဟု ဆိုအပ်၏။ ဤသို့ ဆိုသော် မချုတ် ဆိုရာမရှိသည် ဖြစ်လတ္တံ့၊ မင်္ဂဉာဏ်၌လည်း ဤ စကားကို ယှဉ်အပ်၏။ ထိုစကားသည် မှန်၏၊ မင်္ဂခဏ၌လည်း ကိလေ သာတို့ကိုကုန်ပြီးဟူ၍ လည်းကောင်း ကုန်လတ္တံ့ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ ကိလေသာတို့သည် ကုန်ပြီးသည် မဟုတ်ဘဲလျက် ကိလေသက္ခယသည်လည်း အာရုံမဖြစ်၊ ထိုကြောင့် အကြင်တရားကိုစွဲ၍ ရာဂအစရှိသည် ကုန်၏။ထိုတရားသည်နိဗ္ဗာန်မည်၏ဟူသောစကားကို ဝန်ခံအပ်၏။ ရူပိနောဓမ္မာ အစရှိကုန်သောဒုက်တို့တွင် အရူပိနော ဓမ္မာ ဟူသော ပုဒ်ဖြင့် သင်္ဂြိုဟ်အပ်သည်၏ အဖြစ်ကြောင့် ထို နိဗ္ဗာန်သည် ကိလေသာတို့၏ ကုန်ခြင်းမျှသည်သာ မဟုတ်၊ [ဇမ္ဗုခါဒကသုတ် အဋ္ဌကထာ]။ ဤသို့ ရာဂက္ခယ ဒေါသက္ခယ မောဟက္ခယ ဟူသော အမည်သုံးပါးသည် အရဟတ္တဖိုလ်၏ အမည်လည်းဖြစ်၏။ ထိုကြောင့် နိဗ္ဗာန်ဟူသော အမည်ကိုလည်း အရဟတ္တဖိုလ်၏ အမည်ဟူ၍ သိအပ် ၏။ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည် လည်းကောင်း အရဟတ္တဖိုလ် ကို ဆင်ခြင်ခြင်းသည်လည်းကောင်း အကြင်ဆိုအပ်ပြီးသော အရဟတ္တ ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း မည်၏။ ထိုအရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည်ကား မျက်မှောက်သော ကိုယ်၏အဖြစ်၌ သုခ ဝိဟာရဖြစ်၍ ဖြစ်သောအရဟတ္တ ဖလသမာပတ်၏ အကြောင်းဖြစ် သောကြောင့် မင်္ဂလာမည်၏။

တပေါစ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာနဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာစ၊ ဧတံ မင်္ဂလမုတ္တမံ။

ဟူသော ဤ ဂါထာဖြင့်လည်း။ တပ,ဗြဟ္မစရိယ, အရိယသစ္စာနဒဿန, နိဗ္ဗာနသစ္ဆိကိရိယာ ဟူသော မင်္ဂလာလေးပါးအပေါင်းကို ဟောတော် မူ၏။ (နဝမဂါထာ၏အနက် အဘွင့်ပြီး၏)။

ဇူဆာသယ ၁၅၅-၉၄

၃၅-လောကမ္မေအကမ္ပိတ မင်္ဂလာ

၂၁၀-လောကမ္မေအကမ္ပိတမင်္ဂလာကိုပြခြင်း

ဖုဋ္ဌဿလောကမ္မေကိ အစရှိသောဒသမဂါထာ၌လာဘအလာဘ အစရှိကုန်သော ရှစ်ပါးကုန်သော တရားတို့သည် လောကမံမည်ကုန်၏။ထိုကြောင့် အဋ္ဌကအဂိုတ္တိုရ် ပထမပဏ္ဏာသကပထမဝဂ်၌—

အဋ္ဌိမေ ဘိက္ခဝေ လောကမ္မော လောကံ အနုပရိဝတ္တန္တိ။ လောကောစ အဋ္ဌလောကမ္မေ အနုပရိဝတ္တတိ။ ကတမေ အဋ္ဌ၊ လာဘောစ အလာဘောစ ယသောစ အယသောစ နိန္ဒာစ ပသံသာစ သုခဉ္စ ဒုက္ခဉ္စ ဣမေခေါ ဘိက္ခဝေ အဋ္ဌ လောကမ္မော လောကံ အနုပရိဝတ္တန္တိ၊ လောကောစ အဋ္ဌ-လောကမ္မေ အနုပရိဝတ္တတိ။

ဟူ၍ ဟောတော်မူ၏။ [အဋ္ဌလောကမ္မေသုတ် ပါဠိတော်]။

ဘိက္ခဝေ၊တို့။အဋ္ဌ၊ရှစ်ပါးကုန်သော။ဣမေလောကမ္မော၊ဤလောက၌ တရားတို့သည်။ လောကံ လောကသို့။အနုပရိဝတ္တန္တိ၊အစဉ် လိုက်ကုန်၏။ လောကောစ၊ လောကသည်လည်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ လောကမ္မေ လောက၏တရားတို့သို့။ အနုပရိဝတ္တတိ။ အစဉ်လိုက်၏။ အဋ္ဌ၊ ရှစ်ပါးတို့သည်။ ကတမေ၊ အဘယ် သည်တို့နည်း ဟူမူကား။ လာဘောစ၊ အစားအဝတ် အစရှိသည်တို့ကို ရခြင်းလည်းကောင်း။ အလာဘောစ၊ အစားအဝတ်အစရှိသည်တို့ကို မရခြင်းလည်းကောင်း။ ယသောစ၊ အခြီအရံ ရှိခြင်းလည်းကောင်း။ အယသောစ၊ အခြီအရံ မရှိခြင်းလည်းကောင်း။ နိန္ဒာစ၊ ကဲ့ရဲခြင်းလည်းကောင်း။ ပသံသာစ၊ ချီးမွမ်းခြင်းလည်းကောင်း။သုခဉ္စ၊ချမ်းသာခြင်းလည်းကောင်း။ ဒုက္ခဉ္စ၊ ဆင်းရဲခြင်းလည်းကောင်း။ဣမေ။ဤသည်တို့တည်း။ဘိက္ခဝေ၊တို့။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဣမေလောကမ္မော၊ ဤလောက၏ တရားတို့သည်၊ လောကံ၊ လောကသို့။အနုပရိဝတ္တန္တိ၊အစဉ်လိုက်ကုန်၏။လောကောစ။ လောကသည်လည်း။အဋ္ဌ၊ ရှစ်ပါးကုန်သော။ လောကမ္မေ၊ လောက၏ တရားတို့သို့။ အနုပရိဝတ္တတိ၊ အစဉ်လိုက်၏။

လောကသ မ္မောတိ လောကမ္မော၊ ဇေတေဟိ ဝိမုတ္တောနာမ နတ္ထိ။ ဗုဒ္ဓါနံပိ ဟောန္တိ။ တေနေဝါဟ လောကံ အနုဝတ္တန္တိတိ။

လောကသ၊ လောက၏။ မ္မာ၊ တရားတို့တည်း။ ဈတိတသ္မာ၊ ထိုကြောင့်။ လောကမ္မာ၊ လောကမ္မ မည်ကုန်၏။ ဧတေဟိ၊ ထိုလောကမံတို့မှ။ ဝိမုတ္တောနာမ၊ လွတ်သောသူ မည်သည်ကား။ နတ္ထိ၊ မရှိ။ လောကမ္မာ၊ လောကမံတို့သည်။ ဗုဒ္ဓါနံဝိ၊ ဘုရားတို့အားလည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေနေဝ၊ ထိုကြောင့်လျှင်။ လောကံအနုဝတ္တန္တီတိ၊ လောကံအနုဝတ္တန္တိဟူ၍။ အာဟ၊ ဟောတော်မူပြီ။ ။ [ထိုပါဠိတော်၏ အဌကထာ]။ ။သင်္ဂီတိသုတ် အဌကထာ၌လည်း မိန့်၏။ ။ဤသုတ်၏အဌကထာ၌-

လောကေ မ္မာ လောကမ္မာ။ ယာဝ တပ္ပဝတ္တိ၊ တာဝ အနိဝတ္တကမ္မာတိ ဝုတ္တံ ဟောတိ။

ဟူ၍ ဤမျှကိုသာလျှင် ဆိုဏ်။

လောကေ၊ လောက၌။ မ္မာ၊ တရားတို့တည်း။ လောကမ္မာ၊ လောက၌တရားတို့။ ယာဝ၊အကြင်မျှလောက်။ တပ္ပဝတ္တိ၊ထိုလောက၌ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ အနိဝတ္တကမ္မာ၊ မဆုတ်နစ်တတ်ကုန်သော တရားတို့တည်း။ ဈတိ၊ ဤသို့။ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။ ။ယသာတိ နဝသဝါ မဇ္ဇိမသဝါ ထေရသဝါ။ ။ဟူ၍ ဤမင်္ဂလသုတ်အဌကထာ၌ ဆိုအပ်၏။

ယသာတိ၊ ယသာဟူသည်ကား။ နဝသဝါ၊ ငယ်သောပုဂ္ဂိုလ်၏လည်းကောင်း။မဇ္ဇိမသဝါ၊အလတ်ဖြစ်သောပုဂ္ဂိုလ်၏လည်းကောင်း။ ထေရသဝါ၊ ထေရ်ဖြစ်သောပုဂ္ဂိုလ်၏လည်းကောင်း။

ဝယော ဝုဇ္ဇောဝါ ယောဝါ သောဝါ ဟောတု ပရိပုဏ္ဏဒသဝသတာယ ထေရော။ ဦနပဉ္စဝသတာယ နဝေါ။ အတိရေကပဉ္စဝသတာယ မဇ္ဇိမော။ [ပထမပါရာဇိကအဌကထာ]။

ဝယော၊ အရွယ်ကြီးသည်။ ဝုဇ္ဇောဝါ၊ သည်လည်း။ ဟောတု၊ ဖြစ်စေ။ ယောဝါသောဝါ၊ အမှတ်မဲ့သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ပရိပုဏ္ဏဒသဝသတာယ၊ ဆယ်ဝါပြည့်သည် ရှိသော်။ ထေရော၊ ထေရ်မည်၏။ ဦနပဉ္စဝသတာယ၊ ငါးဝါ မပြည့်သေးသည်ရှိသော်။ နဝေါ၊ ငယ်သောပုဂ္ဂိုလ်မည်၏။ အတိရေက ပဉ္စဝသတာယ၊ ငါးဝါ လွန်သည်ရှိသော်။ မဇ္ဇိမော၊ အလတ်ဖြစ်သောပုဂ္ဂိုလ်မည်၏။

ဥပသမ္ပဒါယ ပဉ္စဝဿိကကာလတော ဟေဌာ ဇာတိယာ သဋ္ဌိဝဿောပိ နဝေါယေဝ။ ပဉ္စဝဿကာလတော ပဌာယ ယာဝ နဝဝဿကာလာ မဇ္ဈိမော နာမ။ ဒသဝဿကာလတော ပဌာယ ထေရောနာမ။

[တိကအဂိုတ္တိုရ်ဒုတိယပဏ္ဏာသကပဉ္စမဝဂ်အဌမသုတ်ဋီကာ]။

ဥပသမ္ပဒါယ၊ ပဉ္စင်းအဖြစ်ဖြင့်။ ပဉ္စဝဿိကကာလတော၊ ငါးနှစ်ရှိသောကာလမှ။ ဟေဌာ၊ အောက်၌။ ဇာတိယာ၊ မွေးဘွားသောကာလအားဖြင့်။ သဋ္ဌိဝဿောပိ၊ အနှစ်ခြောက်ဆယ်ရှိငြားသော်လည်း။ နဝေါယေဝ၊ ငယ်သော ပုဂ္ဂိုလ်မည်သလျှင် ကတည်း။ ပဉ္စဝဿကာလတော၊ ငါးဝါရသောကာလမှ။ ပဌာယ၊ စ၍။ ယာဝနဝဝဿကာလာ၊ ကိုးဝါရသည်တိုင်အောင်။ မဇ္ဈိမောနာမ၊ အလတ်ဖြစ်သော ပုဂ္ဂိုလ်မည်၏။ ဒသဝဿကာလတော၊ ဆယ်ဝါရသော ကာလမှ။ ပဌာယ၊ စ၍။ ထေရောနာမ၊ မထေရ်မည်၏။

အပရိပုဏ္ဏပဉ္စဝဿော ဘိက္ခု နဝေါနာမ ဟောတိ။ ပဉ္စဝဿတော ပဌာယ မဇ္ဈိမော။ ဒသဝဿတော ပဌာယ ထေရော။ အပရော နယော အပရိပုဏ္ဏဒသဝဿော နဝေါ။ ဒသဝဿတော ပဌာယ မဇ္ဈိမော။ ဝီသတိဝဿတော ပဌာယ ထေရော။

[ဒေဝတာသံယုတ် ဒုတိယဝဂ် ဒသမသုတ်အဌကထာ]။

အပရိပုဏ္ဏပဉ္စဝဿော၊ ငါးဝါမပြည့်သေးသော။ ဘိက္ခု၊ ရဟန်းသည်။ နဝေါနာမ၊ ငယ်သောပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ၏။ ပဉ္စဝဿတော၊ ငါးဝါရသည်မှ။ ပဌာယ၊ စ၍။ မဇ္ဈိမော၊ အလတ်ဖြစ်သောပုဂ္ဂိုလ်မည်၏။ ဒသဝဿတော၊ ဆယ်ဝါရသည်မှ။ ပဌာယ၊ စ၍။ ထေရော၊ ထေရ်မည်၏။ အပရောနယော၊ တနည်းကား။ အပရိပုဏ္ဏဒသဝဿော၊ ဆယ်ဝါမပြည့်သေးသောရဟန်းသည်။နဝေါ၊ငယ်သောပုဂ္ဂိုလ်မည်၏။ ဒသဝဿတော၊ ဆယ်ဝါရသည်မှ။ ပဌာယ၊စ၍။ မဇ္ဈိမော၊အလတ်ဖြစ်သောပုဂ္ဂိုလ်မည်၏။ဝီသတိဝဿတော၊အဝါနှစ်ဆယ်မှ။ ပဌာယ၊စ၍။ ထေရော၊ထေရ်မည်၏။ ။ဘိက္ခုနောဝါဒက လက္ခဏာသို့ရောက်သော ထေရ်ကိုရည်၍ အဝါနှစ်ဆယ်မှစ၍ ထေရ်မည်၏ ဟူ၍ ဆိုသတည်း။ လာဘအလာဘအစရှိကုန်သော လောကဓံတို့သည် တွေ့အစ်လွှမ်းမိုး

အပ်သော အကြင်အငယ်အလတ်မထေရ်ဖြစ်သောပုဂ္ဂိုလ်၏ စိတ်သည် မတုန်လှုပ်၊ ထိုအငယ်အလတ်မထေရ်ဖြစ်သောပုဂ္ဂိုလ်၏ ကစုံတခုသော လောကဓံသည် မတုန်မလှုပ်စေနိုင်သော ထိုစိတ်သည် လောက၌မြတ်သည်၏ အဖြစ်ကိုဆောင်တတ်သည်၏အဖြစ်ကြောင့် မင်္ဂလာမည်၏။ ထိုလောကဓံတို့သည်တွေအပ်လွှမ်းမိုးအပ်သည်ရှိသော် အဘယ်အငယ်အလတ် မထေရ်ဖြစ်သောသူ၏ စိတ်သည် မတုန်လှုပ်သနည်း ဟူမူကား ကုန်ပြီးသောအာသဝေါရှိသော ရဟန္တာ၏စိတ်သည် မတုန်လှုပ်၊ ရဟန္တာမှ တပါးသော တစုံတယောက်သော အငယ် အလတ် မထေရ်ဖြစ်သောသူ၏စိတ်သည် မတုန် လှုပ်သည်မဟုတ်။ ထိုကြောင့်လျှင် ပုထုဇွဉ်သာမဏေ အစရှိသည်တို့သည် လကုဏ္ဍကဘဒ္ဒိယ မထေရ်ကို မြင်၍ မထေရ်ကို ဦးခေါင်းနားနှာခေါင်းတို့၌ကိုင်၍ဘထွေး-သင်သည် သာသနာတော်၌ ငြီးငွေသလော မွေလျော်ပါ၏လောဟူ၍ ဆိုကုန်၏။ မထေရ်သည် ထိုသာမဏေ အစရှိသည်တို့အား အမျက်မထွက် မပြစ်မှား၊ ထိုကြောင့်ရဟန်းတို့သည် အရှင်တို့-သာမဏေအစရှိသည်တို့သည် လကုဏ္ဍကဘဒ္ဒိယမထေရ်ကို ဤသို့လျှင် ညှဉ်းဆဲကုန်၏။ လကုဏ္ဍကဘဒ္ဒိယမထေရ်သည် အမျက်မထွက်သလျှင်ကတည်း။ မပြစ်မှားသလျှင်ကတည်းဟု စကားကိုဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ထိုစကားကိုကြားတော်မူ၍ ရဟန်းတို့- အမျက်မထွက် ဟူသော စကားသည် ဟုတ်မှန်၏၊ ရဟန္တာတို့မည်သည်ကား အမျက်မထွက်ကုန်သလျှင်ကတည်း၊ မပြစ်မှားကုန်သလျှင်ကတည်း။ ထိုစကားသည် သင့်၏၊ ထိုရဟန္တာတို့သည် တခဲနက်သော ကျောက်တောင်နှင့် တူကုန်၏။ မရွှေ့ကုန် မလှုပ်ရှားကုန်ဟုမိန့်တော်မူ၍ ဓမ္မပဒပဏ္ဍိတဝဂ်၌-

သေလော ယထာ ဧကဃနော၊ ဝါတေန နသမီရတိ။
ဧဝံ နိန္ဒာပသံသာသု၊ နသမိဉ္ဇန္တိ ပဏ္ဍိတာ၊

ဟူသောဂါထာကိုဟောတော်မူ၏။

ဧကဃနော၊ တခဲနက်သော။ သေလော၊ ကျောက်အတိပြီးသော တောင်သည်။ ဝါတေန၊ လေကြောင့်။ နသမီရတိယထာ၊ မတုန်လှုပ်သကဲ့သို့၊ ဧဝံတထာ၊ ထိုအတူ ပဏ္ဍိတာ။ ပညာရှိတို့သည်၊ နိန္ဒာပသံသာသု။ ကဲ့ရဲ့ခြင်းချီးမွမ်းခြင်းတို့ကြောင့်။နသမိဉ္ဇန္တိ၊ မတုန်မလှုပ်ကုန်။

ဤဂါထာ၌ နိန္ဒာပသံသာသုဟူ၍ နှစ်ပါးကုန်သောလောကဓံတို့ကို အကယ်၍ကား ဟောအပ်ကုန်၏၊ ထိုသို့ ဟောအပ်ကုန်သော်လည်း အနက်ကို ရှစ်ပါးကုန်သော လောကဓံတို့၏ အစွမ်းအားဖြင့်လည်း သိအပ်၏။ ထိုကြောင့်သျင်-

ဧကဃနော အသုသိရော သေလော ပုရတ္ထိမာဒိဘေဒေန
ဝါတေန နသမီရတိ။ နဣဥ္ဇတိ၊ နစလတိ။ဧဝံ အဌသုပိ။လောက
ဓမ္မေသု အဇ္ဈောတ္ထရန္တေသု နသမီရတိ။
ဧဝံ ရူပါ သဒ္ဒါ ရသာ၊ ဂန္ဓာ ဖဿာစ ကေဝလာ။
ဣဋ္ဌာ ဓမ္မာ အနိဋ္ဌာစ၊ နပ္ပဝေဓေန္တိ တာဒိနော။
ဌိတံ စိတ္တံ ဝိပ္ပမုတ္တံ၊ ဝယဥ္စသာနုပဿတော။

ဟူ၍ ဟောတော်မူ၏။

ဤစကားကို ဆက္ကအဂိုတ္တိုရ်ဒုတိယပဏ္ဏာသကပထမဝဂ်၌ လည်းကောင်း စမ္မက္ခန္ဓက၌လည်းကောင်း မိမိ၏အရဟတ္တဖိုလ်ကိုကြားသော အရှင်သောဏမထေရ်သည် မြတ်စွာဘုရား၏ အထံတော်၌ဆိုအပ်၏။

ဧကဃနော၊ တခဲနက်သော။ အသုသိရော၊ အခေါင်းမရှိသော။ သေလော ကျောက်အတိပြီးသောတောင်သည်။ပုရတ္ထိမာဒိဘေဒေန၊အရှေ့မှလာသော လေ အစရှိသော အားဖြင့်ပြားသော။ ဝါတေန၊လေကြောင့်။ နသမီရတိ၊ မတုန်။ နဣဥ္ဇတိ၊ မလှုပ်။ နစလတိ၊ မရွှေ့။ ဧဝံ၊ ဤအတူ။ တာဒိနော၊ သည်းခံခြင်းနှင့်ပြည့်စုံသော ရဟန်း၏။ စိတ္တံ၊ စိတ်သည်။ အဌသုပိ၊ ရှစ်ပါးအပြားရှိသည့်လည်းဖြစ်ကုန်သော။ လောကဓမ္မေသု၊ လောကဓံတို့သည်။ အဇ္ဈောတ္ထရန္တေသု၊ လွှမ်းမိုးကုန်သော်လည်း။ နသမီရတိ၊ မတုန်လှုပ်။ ။ဧဝံ၊ ဤသို့။ တာဒိနော၊ သည်းခံခြင်းနှင့်ပြည့်စုံသော။ အဿ၊ ထိုစိတ်၏။ ဥပ္ပါဒဥ္စ၊ ဖြစ်ခြင်းကိုလည်းကောင်း။ ဝယဥ္စ၊ ပျက်ခြင်းကိုလည်းကောင်း။ အနုပဿတော၊ အဘန်တလဲလဲ ရှုသောရဟန်း၏။ ဌိတံ၊ တည်သော။ ဝိပ္ပမုတ္တံ၊ ဝိပဿနာ ပဋိပတ်၌ ဖလသမာပတ်၏ အစွမ်းအားဖြင့် လွတ်သော နိဗ္ဗာန်အာရုံဆို့လည်း ညွှတ်သော။ စိတ္တံ၊ စိတ်ကို။ ကေဝလာ၊ အလုံးစုံသော။ ဣဋ္ဌာစ၊ ကောင်းသည့်လည်း ဖြစ်ကုန်သော။ အနိဋ္ဌာစ၊ မကောင်းသည့်လည်း ဖြစ်ကုန်သော။ ရူပါစ၊ ရူပါရုံတို့သည်လည်းကောင်း။သဒ္ဒါစ၊ သဒ္ဒါရုံတို့သည်လည်းကောင်း။ ရသာစ၊ ရသာရုံ တို့သည်လည်းကောင်း။

ဂန္ဓာစ၊ ဂန္ဓာရုံ တို့သည်လည်းကောင်း။ ဖဿာစ၊ဖောဋ္ဌဗ္ဗာရုံ တို့သည်လည်းကောင်း။ ဓမ္မာစ၊ ဓမ္မာရုံ တို့သည်လည်းကောင်း။ နုပ္ပဇ္ဇေ့ဒ္ဓိ၊ မတုန်လှုပ်စေနိုင်ကုန်။ ဇသော၊ ဤသို့သောရဟန်းသည်။ ဒိဏ္ဏာသဝေါ၊ ရဟန္တာဖြစ်သော။ တိက္ခွုံ၊ ရဟန်းတည်း။

ဤသို့အဋ္ဌကထာ၌ ရဟန္တာ၏သာလျှင် ဗိတ်သည် မတုန်လှုပ်ဟူ၍ ဆိုအပ်၏။ ထိုစကားကို အမြတ်၏ အစွမ်းအားဖြင့် ဆိုအပ်၏ ဟူ၍ မှတ်အပ်၏။ ထိုစကားသည်သင့်၏၊ ရဟန္တာမှတပါးသော အရိယာသာဝကတို့လည်း ဗိတ်သည်မတုန်လှုပ်ဟူ၍ဆိုခြင်းငှါတတ်ကောင်း၏။ ထိုကြောင့်လျှင် မြတ်စွာဘုရားသည်-

အသုတဝတော ဘိက္ခဝေ ပုထုဇ္ဇနဿ ဥပ္ပဇ္ဇတိ လာဘော၀ိ အလာဘော၀ိ ယသော၀ိ အယသော၀ိ နိန္ဒာ၀ိ ပသံသာ၀ိ သုခံ၀ိ ဒုက္ခံ၀ိ။ သုတဝတော ဘိက္ခဝေ အရိယသာဝကဿ ဥပ္ပဇ္ဇတိ လာဘော၀ိ ။လ။ ဒုက္ခံ၀ိ။ တတြ ဘိက္ခဝေ ကော ဝိသေသော ကောအဓိပ္ပါယော သော။ကိံ နာနာကရဏံ၊သုတဝတော အရိယသာဝကဿ အသုတဝတာ ပုထုဇ္ဇနေနာတိ ဇံ၀ံ ကထေတု ကမ္မကာယ ပုဏ္ဏိတ္ထာ ဇဝ မာဟ အသုတဝတော ဘိက္ခဝေ ပုထုဇ္ဇနဿ ဥပ္ပဇ္ဇတိ လာဘော၊ သော နဂ္ဂတိ ပဋိသဉ္ဇိက္ခတိ ဥပ္ပန္နောခေါ မေ အယံလာဘော၊ သောစခေါ အနိစ္စော ဒုက္ခော ဝိပရိဏာမဓမ္မော တံ။ ယထာဘူတံ နပဇိဇာနာတိ။ဥပ္ပဇ္ဇတိ အလာဘော။လ။ ဥပ္ပဇ္ဇတိ ယသော အယသော နိန္ဒာ ပသံသာ သုခံ ဥပ္ပဇ္ဇတိ ဒုက္ခံ၊ သော နဂ္ဂတိ ပဋိသဉ္ဇိက္ခတိ ဥပ္ပန္နံခေါ မေ ဣဒံ ဒုက္ခံ၊ တဉ္စခေါ အနိဋ္ဌံ ဒုက္ခံ ဝိပရိဏာမဓမ္မန္တိ ယထာဘူတံ နပဇိဇာနာတိ၊ တသ လာဘော၀ိ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ အလာဘော၀ိ ။လ။ ဒုက္ခဒ္ဓိ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ သော ဥပ္ပန္နံ လာဘံ အနုရုဇ္ဈတိ။ အလာဘော သတိ ဝိရုဇ္ဈတိ၊ ။လ။ဥပ္ပန္နံ သုခံ အနုရုဇ္ဈတိ။ ဒုက္ခေ သတိ ဝိရုဇ္ဈတိ။ သော ဇံ၀ံ အနုရောဓဝိရောဓ သမာပန္နော နပရိမုစ္စတိ ဇာတိယာ ဇရာ မရဏေန ဝေါကေဟိပရိဒေ၀ေဟိဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ နပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။ သုတဝ တောစ ခေါ ဘိက္ခဝေအရိယသာဝကဿ ဥပ္ပဇ္ဇတိ လာဘော၊

သော ဣတိ ပဋိသဉ္စိက္ခတိ ဥပ္ပန္နောခေါ မေ အယံလာဘော သောစခေါ အနိစ္စော ဒုက္ခော ဝိပရိဏာမ ဓမ္မောတိ ယထာ ဘူတံ ပဇာနာတိ။ ဥပ္ပဇ္ဇတိ အလာဘော ။လ။ ဥပ္ပဇ္ဇတိ ဒုက္ခံ၊ သော ဣတိ ပဋိသဉ္စိက္ခတိ ဥပ္ပန္နံ ။လ။ ပဇာနာတိ။ တဿ လာဘောပိ စိတ္တံ နပရိယာဒါယ တိဋ္ဌတိ၊ အလာဘောပိ ။လ။ ဒုက္ခမ္ပိ စိတ္တံ နပရိယာဒါယ တိဋ္ဌတိ၊ သော တံ လာဘံ နာနု ရဇ္ဇတိ။ အလာဘေန ပဋိဝိရဇ္ဇတိ ။လ။ဥပ္ပန္နံ သုခံ နာနုရဇ္ဇတိ၊ ဒုက္ခေန ပဋိဝိရဇ္ဇတိ၊ သော ဧဝံ အနုရောဓဝိရောဓ ဝိပ္ပဟိနော ပရိမုစ္စတိ ဇာတိယာတိ ။လ။ ဥပါယာသေဟိ ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။ အယံခေါ ဘိက္ခဝေ ဝိသေသော အယံ အဓိပ္ပါယာသော ဣဒံ နာနာကရဏံ သုတဝတော အရိယ သာဝကဿ အသုတဝတာ ပုထုဇ္ဇနေနာတိ။ ။လာဘော အလာဘော ယသော အယသော နိန္ဒာ ပသံသာ သုခံ ဒုက္ခဥ္စ ဧတေ အနိစ္စာ မနုဇေသု ဓမ္မာ အသဿတာ ဝိပရိဏာမဓမ္မာ။ ဧတေစ ဥတ္ဂာ သတိမာ သုမေဓော အဝေက္ခတိ ဝိပရိဏာမ ဓမ္မေ၊ ဣဋ္ဌဿ ဓမ္မာ၊ အဝေက္ခတိ ဝိပရိဏာမဓမ္မေ ဣဋ္ဌဿဓမ္မာ နပဝေဓေန္တိ စိတ္တံ အနိဋ္ဌတော နော ပဋိဃာတမေတိ တဿ။ ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ တို့။ အသုတဝတော၊ အကြားအမြင်မရှိသော။ ပုထုဇ္ဇနဿ၊ ပုထုဇ္ဇဉ်အား။ လာဘောပိ၊ လာဘ်ရခြင်းသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အလာဘောပိ၊ လာဘ်မရခြင်းသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ယသောပိ၊ အခြီအရံသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယသောပိ၊ အခြီအရံ မရှိခြင်းသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ နိန္ဒာပိ၊ ကဲ့ရဲခြင်းသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပသံသာပိ၊ ချီးမွမ်းခြင်းသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သုခံပိ၊ ချမ်းသာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒုက္ခံပိ၊ ဆင်းရဲသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ သုတဝတော။ အကြားအမြင်ရှိသော။ အရိယ သာဝကဿာပိ၊ အရိယာ သာဝက အားလည်း။ လာဘောပိ၊ လာဘ်ရခြင်း သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အလာဘောပိ၊ လာဘ်မရခြင်းသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ယသောပိ၊ အခြီအရံသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယသောပိ၊

အခြံအရံမရှိခြင်း သည်လည်း။ ဥပပဒ္ဓတိ၊ ဖြစ်၏။ နိန္ဒာပိ၊ ကဲ့ရဲ့ခြင်း သည်လည်း။ ဥပပဒ္ဓတိ၊ ဖြစ်၏။ ပသံသာပိ၊ ချီးမွမ်းခြင်းသည်လည်း။ ဥပပဒ္ဓတိ၊ဖြစ်၏။ သုခံပိ၊ ချမ်းသာခြင်းသည်လည်း။ ဥပပဒ္ဓတိ၊ ဖြစ်၏။ ဒုက္ခံပိ ဆင်းရဲခြင်းသည်လည်း။ ဥပပဒ္ဓတိ၊ဖြစ်၏။ ဘိက္ခဝေ၊တို့။ ကတြ၊ ထိုအရာ၌။ သုတာဝတော၊အကြောင်းအမြင်မှ၊သော။ အရိယသာဝကသ၊ အရိယာသာဝကဖြစ်။အသုတာဝတာ၊အကြောင်းအမြင်မရှိသော့။ပုထုဇ္ဇနေန၊ ပုထုဇဉ်မှ။ ပိသေသော၊ ထူးသော အကြောင်းသည်။ ကော၊ အဘယ် နည်း။ အဓိဿိယာသော၊ အလွန် ယှဉ်ခြင်း၏ အကြောင်း ဖြစ်သော ပယောဂသည်။ ကော၊ အဘယ်နည်း။ နာနာဂရဏံ၊ အထူးထူးသည်။ ကံ၊အဘယ်နည်း။ ဣတိဇံပိ၊ဣသိ။ ကထေတုကမျတာယ၊ ကထေတုကမျတာပုဿာဖြင့်။ပုဿိတွာ၊မေးတော်မူပြီး၍။ ဇံပိ၊ ဣသိ။ အာဟာ၊ပြီ။ ဘိက္ခဝေ၊တို့။ အသုတာဝတော၊ အကြား အမြင် မရှိသော။ ပုထုဇ္ဇနသ၊ ပုထုဇဉ်အား။ လာဘော၊ လာဘ်ရခြင်းသည်။ ဥပပဒ္ဓတိ၊ ဖြစ်၏။ သော၊ ထိုပုထုဇဉ်သည်။ မေ၊ ငါ့အား။ အယံလာဘော၊ ဣလာဘ်သည်။ ဥပပန္နော၊ခေါ်၊ ဖြစ်သလျင် ကတည်း။ သောစ၊ခေါ်၊ ထိုလာဘ်သည့်လည်း။ အနိစ္စော၊ အနိစ္စာဘည်း။ ဒုက္ခော၊ဒုက္ခတည်း။ ဝိပရိဏာမဓမ္မော၊ ဘောက်ပြန်တတ်သော သဘောရှိ၏။ ဣတိ သို့။ နပဋိသင်္ခိက္ခတိ၊ မဆင်ခြင်။ ယသာဘူတံ၊ အဟုတ် အမှန်။ နပဋိဇာနာတိ၊ မသိ။ အလာဘော၊ လာဘ်မရခြင်း သည်လည်း။ ဥပပဒ္ဓတိ၊ ဖြစ်၏။လ။ ယသော၊ အခြံအရံသည်။ ဥပပဒ္ဓတိ၊ ဖြစ်၏။ အယသော။ အခြံ အရံ မရှိခြင်းသည်။ ဥပပဒ္ဓတိ၊ ဖြစ်၏။ နိန္ဒာ၊ ကဲ့ရဲခြင်း သည်။ ဥပပဒ္ဓတိ ဖြစ်၏။ ပသံသာ၊ ချီးမွမ်းခြင်းသည်။ ဥပပဒ္ဓတိ၊ ဖြစ်၏။ သုခံ၊ချမ်းသာသည်။ ဥပပဒ္ဓတိ၊ ဖြစ်၏။ ဒုက္ခံ၊ ဆင်းရဲသည်။ ဥပပဒ္ဓတိ၊ ဖြစ်၏။ သော၊ထိုပုထုဇ္ဇဉ်သည်။ မေ၊ငါ့အား။ ဤဒုက္ခံ ဣဆင်းရဲသည်။ ဥပပန္နံခေါ်။ဖြစ်သလျင်ကတည်း။ တဿစ၊ခေါ်၊ထိုဆင်းရဲသည်လည်း။ အနိစ္စံ၊ အနိစ္စံတည်း။ ဒုက္ခံ၊ ဒုက္ခဘည်း။ ဝိပရိဏာမဓမ္မံ၊ဘောက်ပြန်တတ်သော သဘောရှိ၏။ ဣတိ၊သို့။ နပဋိသင်္ခိက္ခတိ၊ မဆင်ခြင်။ ယထာဘူတံ၊ အဟုတ်အမှန်။ နပဋိဇာနာတိ၊ မသိ။ လာဘော၀ိ၊ လာဘ်သည်လည်း။ တဿ၊ ထိုပုထုဇ္ဇဉ်၏။ စိတ္တံ၊စိတ်ကို။ ပရိယာဒါယ၊ ယူ၍။ တိဋ္ဌတိ၊ တည်၏။ အလာဘော၀ိ၊ လာဘ်မရခြင်းသည်လည်းကောင်း။လ။ဒုက္ခံ၀ိ၊

ဆင်းရဲခြင်းသည်လည်းကောင်း။ တသေ၊ ထိုပုထုဇဉ်၏။ စိတ္တံ၊ စိတ်ကို။ ပရိယာဒါယ၊ ယူ၍။ တိဋ္ဌတိ၊ တည်၏။ သော၊ ထိုပုထုဇဉ်သည်။ ဥပ္ပန်း၊ ဖြစ်သော။ လာဘံ၊လာဘ်ကို။ အနုရုန္ဓတိ၊ချစ်၏။ အလာဘော၊ လာဘ်မရခြင်းသည်။ သတိ၊ ရှိသော်။ ဝိရုန္ဓတိ၊ ဆန့်ကျင်၏။လ။ ဥပ္ပန်း၊ဖြစ်သော။ သုခံ ချမ်းသာကို။ အနုရုန္ဓတိ၊ချစ်၏။ ဒုက္ခေ၊ ဆင်းရဲခြင်းသည်။ သတိ၊ ရှိသော်။ ဝိရုန္ဓတိ၊ဆန့်ကျင်၏။ ဧဝံ၊သို့။ အနုရောဓဝိရောဓသမာပန္နော၊ ချစ်ခြင်းဆန့်ကျင်ခြင်းနှင့်ပြည့်စုံသော။ သော၊ ထိုပုထုဇဉ်သည်။ ဇာတိ ယာ၊ ပဒိုသန္ဓေမှ။ နပဂိမုစ္စတိ၊မလွတ်။ ဇရာယ၊အိုခြင်းမှ။ မရဏေန၊ သေခြင်းမှ။ သောကေဟိ၊ စိုးရိမ်ခြင်းတို့မှ။ ပရိဒေဝေဟိ၊ ငိုကြွေးခြင်းတို့မှ။ဒုက္ခေဟိ၊ ဆင်းရဲခြင်းဘို့မှ။ ဒေါမနဿေဟိ၊ နှလုံးမသာယာခြင်းတို့မှ။ဥပါယာသေဟိ၊ပင်ပန်းခြင်းဘို့မှ။နပဂိမုစ္စတိ၊ မလွတ်။ ဒုက္ခဿ၊ ဆင်းရဲအပေါင်းမှ။ နပဂိမုစ္စတိ၊ မလွတ်။ ဣတိ၊သို့။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ဘိက္ခဝေ၊ဘို့။ သုတဝတော၊ အကြားအမြင် ရှိသော။အရိယသာဝကဿစ၊ အရိယသာဝကအားလည်း။ လာဘော၊ လာဘ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ သော၊ထိုအရိယာသာဝကသည်။ မေ၊ ငါ့အား။ အယံလာဘော၊ ဤလာဘ်သည်။ ဥပ္ပန္နောခေါ၊ ဖြစ်သလျှင် ကတည်း။ သောစခေါ၊ ထိုလာဘ်သည်လည်း။ အနိစ္စော၊ အမြဲမရှိအနိစ္စဟုတည်း။ ဒုက္ခော၊ ဆင်းရဲခြင်း ဒုက္ခတည်း။ ဝိပရိဏာမဓမ္မော၊ ဘောက်ပြန်တတ်သော သဘောရှိ၏။ ဣတိ၊ ဤသို့။ ပဋိသင်္ခိက္ခတိ၊ ဥအာက်မေ့ဆင်ခြင်၏။ ယထာဘူတံ၊ အဟုတ်အမှန်။ ပဇာနာတိ၊ သိ၏။ အလာဘော၊ လာဘ် မရခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒုက္ခံ၊ ဆင်းရဲသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သော၊ ထိုအရိယာသာဝကသည်။ မေ၊ ငါ့အား။ ဣဒံဒုက္ခံ၊ ဤဆင်းရဲသည်။ ဥပ္ပန္နံခေါ၊ ဖြစ်သလျှင် ကတည်း တဉ္စခေါ၊ ထိုဆင်းရဲသည်လည်း။ အနိစ္စံ၊ အနိစ္စတည်း။ ဒုက္ခံ၊ ဒုက္ခတည်း။ ဝိပရိဏာမ ဓမ္မံ၊ ဘောက်ပြန် တတ်သော သဘောရှိ၏။ ဣတိ၊ဤသို့။ ပဋိသင်္ခိက္ခတိ၊ ဆင်ခြင်၏။ ယထာဘူတံ၊ အဟုတ်အမှန်။ပဇာနာတိ၊သိ၏။လာဘောဝိ၊လာဘ်သည်လည်း။ဘာသ ထိုအရိယသာဝကဏ်။ စိတ္တံ၊စိတ်ကို။ ပရိယာဒါယ၊ ယူ၍။ နတိဋ္ဌတိ၊ မတည်။ အလာဘောဝိ၊လာဘ်မရခြင်းသည်လည်းကောင်း။လ။ဒုက္ခန္တိ၊ ဆင်းရဲသည်လည်းကောင်း။တသ ထိုအရိယသာဝကဏ်။စိတ္တံ၊စိတ်ကို။

ပရိယာဒါယ၊ယူ၍။ နတိဌတိ၊ မတည်။သော၊ ထိုအရိယသာဝကသည်။ တံလာဘံ ထိုလာဘ်ကို။ နာနုရုဇ္ဈတိ၊ မချစ်။ အလာဘော၊ လာဘ်မရသည်ရှိသော်။ နပဋိဝိရုဇ္ဈတိ၊ မဆန့်ကျင်။လ။ ဥပ္ပန္နံ၊ ဖြစ်သော။ သုခံ၊ချမ်းသာကို။နာနုရုဇ္ဈတိ၊မချစ်။ ဒုက္ခေ၊ဆင်းရဲရောက်သည်ရှိသော်။ နပဋိရုဇ္ဈတိ၊ မဆန့်ကျင်။ ဇဝံ၊ ဤသို့။ အနုရောဓဝိရောဓဝိပ္ပဟီနော၊ ချစ်ခြင်း ဆန့်ကျင်ခြင်းကင်းသော။ သော၊ ထိုအရိယသာဝကသည်။ ဇာတိယာ၊ပဋိသန္ဓေမှ။ ပရိမုစ္စတိ၊လွတ်၏။လ။ဥပါယာသေဟိ၊ပင်ပန်းခြင်းကို့မှ၊ ပရိမုစ္စတိ၊ လွတ်၏။ ဒုက္ခသ္မာ၊ဆင်းရဲအပေါင်းမှ။ ပရိမုစ္စတိ၊ လွတ်၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ဘိက္ခဝေ၊တို့။သုတဝတော အကြားအမြင်ရှိသော။အရိယသာဝကဿ၊ အရိယသာဝကဏ်။ အသုတဝတာ၊အကြားအမြင်မရှိသော။ပုထုဇ္ဇနေန၊ ပုထုဇ္ဇဉ်မှ။ ဝိသေသော၊ ထူးသော အကြောင်းကား။ အယံခေါ၊ ဤဆိုအပ်ပြီးသော သဘောလျှင်တည်း။ အဓိပ္ပါယာသော၊ အလွန်ယှဉ်ကြောင်း ဖြစ်သော ပယောဂသည်ကား။ အယံ၊ ဤဆိုအပ်ပြီးသော သဘောတည်း။ နာနာကရဏံ၊ အထူးသည်ကား။ ဣဒံ၊ ဤဆိုအပ်ပြီးသော သဘောတည်း။ ။မနုဇေသု၊ လူတို့၌။ လာဘော၊ လာဘ်ရခြင်း။ အလာဘော၊လာဘ်မရခြင်း။ ယသော၊အခြံအရံရှိခြင်း။ နိန္ဒာ၊ကဲ့ရဲခြင်း။ ပသံသာ၊ ချီးမွမ်းခြင်း။ သုခံ၊ ချမ်းသာခြင်း။ ဒုက္ခံ၊ ဆင်းရဲခြင်း။ ဇေတမ္မော၊ ထိုတရားတို့သည်။ အနိစ္စာအသဿတာ၊ မမြဲကုန်။ ဝိပရိဏာမ ဓမ္မာ၊ ဘောက်ပြန်တတ်သော သဘောရှိကုန်၏။ ဇေတစ၊ ထိုတရားတို့ကိုလည်း။ ဥတွာ၊သိ၍။သတိမာ၊သတိရှိသော။ သုမေဓော၊ ကောင်းသော ပညာရှိသည်။ ဝိပရိဏာမဓမ္မေ၊ ဘောက်ပြန်တတ်ကုန်သော တရားတို့ကို။ အပေက္ခတိ၊ ဆင်ခြင်၏။ ဣဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ဓမ္မာ၊တရားတို့သည်။ အဿ၊ထိုအရိယသာဝကဏ်။စိတ္တံ၊စိတ်ကို။ နပဝေဓေန္တိ၊ မတုန်လှုပ်စေနိုင်ကုန်။ တဿ၊ ထိုအရိယသာဝကဏ်။ စိတ္တံ၊ စိတ်သည်။ အနိဌတော၊ အလိုမရှိအပ်သော အာရုံကြောင့်။ ပဋိဃာတံ၊ အမျက်ထွက်ခြင်းသို့။ နောဇတိ၊ မရောက်။ ။[အဌမပဏ္ဏာသက ပထမဝဂ် နှစ်ခုမြောက်သော လောကသုတ် ပါဋိတော်]။ ။ လောကမ္မေ အကမ္ပိတစိတ္တကထာ။

၃၆-အသောက မင်္ဂလာ

၂၁၁-အသောကမင်္ဂလာကို ပြခြင်း

ပျက်စီးခြင်း အစရှိသော အကြောင်းကြောင့်ဖြစ်သော ဒေါမနဿသည် သောကမည်၏။ ထိုကြောင့် မဟုတ်လော မဟာသတိပဋ္ဌာန သုတ်၌-

> ကတမော စ ဘိက္ခဝေ သောကော၊ ယော ခေါ ဘိက္ခဝေ ဉာတရဉ္ဇတရေန ဗျသနေန သမန္နာဂတဿ ဉာတရဉ္ဇတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ သောကော သောစနာ သောစိတတ္တံ အန္တော သောကော အန္တောပရိသောကော အယံ ဝုစ္စတိ ဘိက္ခဝေ သောကော။ ။ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ တို့။ ကတမော၊ အဘယ်သဘောကိုလျှင်။ သောကော၊ သောကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ဘိက္ခဝေ၊ တို့။ ဉာတရဉ္ဇတရေန၊ အမှတ်မဲ့တပါးပါးသော။ ဗျသနေန:အဆွေအမျိုး အစရှိသည်တို့၏ ပျက်စီးခြင်းနှင့်။ သမန္နာဂတဿ၊ ပြည့်စုံသောသူအား။ ဉာတရဉ္ဇတရေန၊ အမှတ်မဲ့ တပါးပါးသော။ ဒုက္ခဓမ္မေန၊ သတ်ခြင်း နှောင့်ယှဉ်ခြင်း အစရှိသော ဒုက္ခ၏အကြောင်းသည်။ ဖုဋ္ဌဿ၊ နှိပ်စက်အပ်သောသူအား။ ယော ခေါ၊ အကြင်သို့သဘောရှိသည်လျှင်ဖြစ်သော။ သောကော၊ စိုးရိမ်ခြင်း လက္ခဏာရှိသော သောကသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သောစနာ၊ စိုးရိမ်သော အခြင်းအရာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သောစိတတ္တံ၊ စိုးရိမ်သည်၏ အဖြစ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အန္တော သောကော၊ ကိုယ်၏အတွင်းကို ခြောက်စေတတ်သော သောကသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အန္တောပရိသောကော ကိုယ်၏အတွင်းကို ထက်ဝန်းကျင် ခြောက်စေတတ်သော သောကသည်။ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤသဘောကို။ သောကော:သောကဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

> အနိဋ္ဌာရမ္မဏာ နုဘာဝနလက္ခဏံ ဒေါမနဿံ။ ယထာ တထာ အနိဋ္ဌာကာရသမ္ပာဂရဿံ။ စေတသိကာဗာဓပစ္စုပဋ္ဌာနံ။ [အဋ္ဌသာလိနီ]။

ဒေါမနဿံ၊ ဒေါမနဿသည်။ အနိဋ္ဌာရမ္မဏာနုဘာဝန လက္ခဏံ၊ အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၏။ ယထာတထာ၊ ဟူးဟူးငြားငြား

အားဖြင့်။ အနိဋ္ဌာကာရသမ္ဘောဂရသံ၊ အနိဋ္ဌာကာရကို ခံစားခြင်း ရသ ရှိ၏။ စေတသိကာဗာပေစ္စုပဋ္ဌာနံ၊ စိတ်ဒ္ဒမ္ဒိသော ကျင်နာခြင်းလျှင် ပစ္စုပဋ္ဌာန်ရှိ၏။

သောပနာယံ ကိဉ္စာပိ အတ္ထတော ဒေါမနဿ ဝေဒနာ ဟောတိ။ ဇဝံ သန္တေပိ သော အန္တောနိဇ္ဇာနလက္ခဏော။ စေတသော ပရိနိဇ္ဇာနရသော။ သောစန ပစ္စုပဋ္ဌာနော။

[သစ္စဝိဘင်း အဋ္ဌကထာ]။

သောပနာယံသောကော၊ ထိုသောကသည်။ အတ္ထတော၊ သရုပ် အားဖြင့်။ ဒေါမနဿဝေဒနာ၊ ဒေါမနဿ ဝေဒနာသည်။ ကိဉ္စာပိ ဟောတိ။ အကယ်၍ကား ဖြစ်၏ရှင့်။ ဇဝံသန္တေပိ၊ ဤသို့ ဖြစ်ငြားသော်လည်း။ သော၊ထိုသောကသည်။ အန္တောနိဇ္ဇာနလက္ခဏော၊ အတွင်း၌ တွန့်သော ကြီခြင်းလက္ခဏာရှိ၏။ [တနည်းကား] အတွင်း၌လောင်ခြင်း လက္ခဏာရှိ၏။ [တနည်းကား] အတွင်း၌ မိမိ၏မှိရာကို လောင်သည်၏ အစွမ်းအားဖြင့် ကြီခြင်းလက္ခဏာရှိ၏။ စေတသော၊စိတ်၏။ ပရိနိဇ္ဇာန ရသော၊ ထက်ဝန်းကျင် လောင်ခြင်းရသရှိ၏။ သောစနပစ္စုပဋ္ဌာနော၊ ဗိုးရိမ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။

ပုဗ္ဗေ ဝုတ္တလက္ခဏာဒိကာ ဒေါမနဿဝေဒနာဝ သောကောတိ ပုန လက္ခဏာဒယော နဝတ္တဗ္ဗာ သိယုံ။ ကထာပိ ဒေါမနဿ ဝိသေသတ္တာ သောကဘာဝဝိသိဋ္ဌာ လက္ခဏာဒယော ဝတ္တဗ္ဗာ တိ ကိဉ္စာပိတိ အာဒိမာဟ။ ဝိသာရဒရဟိတ မန္တောဇဝ သံကုစိတစိန္တနံ၊သုခနံဝါ အန္တောနိဇ္ဇာနံ ဒဟနံ။ဉာတိဗျသနာဒိ အနုရူပံ သောစနံ၊ တံဝါ ဂုဏံ ဒေါသဉ္စ အနုဂတ္ဝာ သောစနံ တပ္ပနံ အနုသောစနံ။ [ထိုအဋ္ဌကထာ၏ ဋီကာ]။

ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တလက္ခဏာဒိကာ၊ ဆိုအပ်ပြီးသော လက္ခဏာအစ ရှိသည်နှင့် ပြည့်စုံသော။ ဒေါမနဿ ဝေဒနာဝ၊ ဒေါမနဿ ဝေဒနာ သည်သာလျှင်။ သောကော၊ သောကမည်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပုန၊ တဘန်။ လက္ခဏာဒယော၊ လက္ခဏာအစရှိသည်တို့ကို။နဝတ္တဗ္ဗာ၊ မဆိုအပ်ကုန်သည်။ သိယုံ၊ ဖြစ်ကုန်ရာ၏။ တထာပိ၊ ထိုသို့ ဖြစ်ကုန် သော်လည်း။ဒေါမနဿ ဝိသေသတ္တာ၊ ဒေါမနဿမှ ထူးသည်၏ အဖြစ် ကြောင့်။ သောကာဘာဝဝိသိဋ္ဌာ၊ သောက၏အဖြစ်ဖြင့် ထူးကုန်သော။

လက္ခဏာဒယော၊ လက္ခဏာအစရှိသည်တို့ကို။ဝတ္တဗ္ဗာ၊ဆိုအပ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ကိဉ္စာပိတိအာဒိံ၊ကိဉ္စာပိ ဤသို့ အစရှိသည်ကို။ အာစရိယော၊အဌကထာဆရာသည်။ အာဟ၊ ဆိုဏ်။ ဝိသာရဒရဟိတံ၊ ရဲရင့်ခြင်းမှ ကင်းသော။ အန္တောဇဝ၊ အတွင်းဌ်လျှင်။ သံကုစိတစိန္တနံ၊ တွန့်သော ကြီခြင်းသည်။ အန္တောနိဇ္ဇာနံ၊ အန္တောနိဇ္ဇာန မည်၏။ [တနည်းကား] အန္တောဇဝ၊ အတွင်းဌ်လျှင်။ သုခနံဒဟနံ၊ လောင်ခြင်းသည်။ အန္တောနိဇ္ဇာနံ၊ အန္တောနိဇ္ဇာန မည်၏။ ဉာတိဗျသနာဒိအနုရူပံ၊ ဆွေမျိုးတို့၏ ပျက်စီးခြင်းအစရှိသည် အားလျော်စွာသော။ သောစနံ၊ ဝိုးရိမ်ခြင်းသည်၊ အနုသောစနံ၊ အနုသောစနမည်၏။ ဝါ၊တနည်းကား။ တံ၊ ထိုသို့ သဘောရှိသော။ ဂုဏဉ္စ၊ကျေးဇူးကိုလည်းကောင်း။ဒေါသဉ္စ၊ အပြစ်ကိုလည်းကောင်း။ အနုဂတ္ဝာ၊ အစဉ်လိုက်၍။ သောစနံတပ္ပနံ၊ ပူပန်ခြင်းသည်။ အနုသောစနံ၊ အနုသောစန မည်၏။

သံကုစိတစိန္တနန္တီ ဝီတိသောမနဿပဋိပက္ခတော ဒေါသသမ္ပယောဂတောစ အာရမ္မဏေ အနဘိရတိပ္ပဝတ္တိမာဟ။အန္တောအတ္တနော နိဿယဿနိဒ္ဒဟနဝသေနဝါ ဈာနံ အန္တောနိဇ္ဇာနံ။ သတိပိ အနုသောစနဘာဝေ အတ္တနော ကတာကတ ကုသလာကုသလ ဝိသယော မနော ဝိလေခ ဘူတော ဝိပ္ပဋိသာရော ကုက္ကုစ္စံ။ ယဿာဝုတ္တ အန္တောနိဇ္ဇာနံ သောကောတိ ဉဘိန္နံ ဝိသေသော ဝေဒိတဗ္ဗော။ [အနုဋီကာ]။

သံကုစိတစိန္တနန္တီဇူမိနာ၊ သံကုစိတစိန္တနံ ဟူသော ဤဂါထာဖြင့်။ ဝီတိသောမနဿပဋိပက္ခတော၊ ဝီတိသောမနဿတို့နှင့် ဆန့်ကျင်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ ဒေါသသမ္ပယောဂတောစ၊ဒေါသနှင့် ယှဉ်သည်၏အဖြစ်ကြောင့်လည်းကောင်း။အာရမ္မဏေ၊အာရုံ၌။အနဘိရတိပ္ပဝတ္တိံ၊မမွေ့လျော်သောဖြစ်ခြင်းကို။အာစရိယော၊ဋီကာဆရာသည်။ အာဟ၊ ဆိုဏ်။ ဝါ၊ တနည်းကား။ အန္တောဇဝ၊ အတွင်း၌။အတ္တနော၊မိမိ၏။ နိဿယဿ မှီရာကို။ နိဒ္ဒဟနဝသေန၊ လောင်သည်၏ အစွမ်းအားဖြင့်။ ဈာနံ၊ကြီခြင်းသည်။အန္တောနိဇ္ဇာနံ၊ အန္တောနိဇ္ဇာနမည်၏။အနုသောစနဘာဝေ၊ထိုသို့ဂုဏ်ဒေါသသို့လိုက်၍ စိုးရိမ်သည်၏အဖြစ်သည်။သတိပိ၊ ရှိသော်လည်း။ အတ္တနော၊ မိမိ၏။ ကတာကတ ကုသလာကုသလဝိသယော၊ ပြုအပ်သောအကုသိုလ် မပြုအပ်သောကုသိုလ်လျှင်အာရုံရှိသော။

မနောဝိလေခဘူတော၊ စိတ်ကို ရေးခြစ်တတ်သည် ဖြစ်၍ ဖြစ်သော။ ဝိပ္ပဋိသာရော၊ နှလုံးမသာယာခြင်းသည်။ ကုက္ကုစ္စံ၊ ကုက္ကုစ္စ မည်၏။ ယထာဝုတ္တအနှောနိဇ္ဈာနံ၊ အကြင် အကြင် ဆိုအပ်ပြီးသော အတွင်း၌ မိမိ၏ဒီဂုကို လောင်သည်၏အစွမ်းအားဖြင့် ကြီခြင်းသည်။သောကော၊ သောကမည်၏။ ဣတိ၊ဤသို့။ ဥဘိန္နံ၊နှစ်ပါးကုန်သော ကုက္ကုစ္စ သောက တို့၏။ ဝိသေသော၊အထူးကို။ ဝေဒိတဗ္ဗော၊ သိအပ်၏၊

၂၁၂–ငါးယောက်သော သူတို့၏ဝတ္တု

ထိုကြောင့် လွန်လေပြီးသောအခါ ငါးယောက်ကုန်သောသူ အစဉ်သည်တို့ကဲ့သို့ ဆင်းရဲခြင်း၏ အကြောင်းသည် နှိပ်စက်အပ်သော်လည်း မစိုးရိမ်ရာ။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘုရားလောင်းသည် ပုဏ္ဏားဖြစ်၍ လယ်ယာလုပ်သော အမှုဖြင့် အသက်မွေးခြင်းကို ပြု၏။ ထိုဘုရားလောင်း ပုဏ္ဏားအား သားတယောက် သို့ဝတယောက် သည်ရှိ၏။ ထိုဘုရားလောင်းပုဏ္ဏားသည်အရွယ်ရောက်သောသားအား တူသောအမျိုးမှ သတိုးသို့ဝကိုဆောင်၍ ပေး၏။ ဤသို့ ငါးယောက်ကုန်သောသူတို့သည် တယောက်သောကျွန်မနှင့်တကွ ခြောက်ယောက်ဖြစ်ကုန်၏။ ဘုရားလောင်းသည် မယားအစရှိကုန်သော သူတို့အား သင်တို့သည် သေခြင်းသဘောကို အောက်မေ့သော သတိကို ပွါးစေကုန်လော့။ သင်တို့သည် သေတတ်သည်၏အဖြစ်ကို မှတ်ကြကုန်လော့။ ထိုစကားသည်မှန်၏၊ ဤသတ္တဝါတို့အား သေခြင်းသည်မြဲ၏၊ အသက်ရှည်ခြင်းသည်မမြဲ၊ ခပ်သိမ်းကုန်သော သခီါရတို့သည် မမြဲကုန်သတတ်ပျက်တတ်သော သဘောရှိကုန်၏။ သင်တို့သည် ညဉ့်၌လည်းကောင်း နေ့၌လည်းကောင်း မမေ့မလျော့ကြကုန်သည် ဖြစ်ကြကုန်လော့ ဟူ၍ အဆုံးအမကိုပေး၏။ထိုသူတို့သည် ဘုရားလောင်း၏အဆုံးအမ၌တည်၍ သေခြင်းသဘောကို အောက်မေ့သောသတိကို ပွါးစေကုန်၏။ ထိုအခါ တနေ့သ၌ ဘုရားလောင်သည် သားနှင့်တကွ လက်သို့ သွား၍ ထွန်၏။ ဘုရားလောင်း၏သားသည် အမှိုက်ကိုစု၍ မီးတိုက်၏။ ထိုသူ၏ အနီး၌ တခုသော တောင်ပို့၌ လျင်သော အဆိပ်ရှိသော မြွေသည်ရှိ၏။ မီးခိုးသည် ထိုမြွေ၏ မျက်စိသို့ဝင်၏။ ထိုမြွေသည် အမျက်ထွက်၍ တောင်ပို့မှ ထွက်၍ ဘုရားလောင်း၏သားကိုကိုက်၏။ ဘုရားလောင်း၏သားသည်

သေ၍လည်း၏။ ဘုရားလောင်းသည် သား၏ သေသော အဖြစ်ကို သိ၍ ချီ၍ တခုသော သစ်ပင်ရင်း၌ အိပ်စေ၍ မဝိုဘဲလျှင် ပျက်စီးခြင်း သဘောရှိသော ဝတ္ထုသည် ပျက်စီး၏၊ သေခြင်း သဘောရှိသော ဝတ္ထုသည် သေ၏၊ ခပ်သိမ်းကုန်သော သခီါရတို့သည် မမြဲကုန်၊ သေခြင်းလျှင် အဆုံးရှိကုန်၏ဟု အနိစ္စ၏ အဖြစ်ကိုသာလျှင် မှတ်၍ လယ်ကို ထွန်လျက် လယ်၏ အနီး၌ သွားသော တယောက်သော အိမ်နီးချင်း ယောက်ျားကိုမြင်၍ အမောင်-သင်သည် အိမ်သို့ သွားအံ့လောဟု မေး၏။ သွားအံ့ဟု ဆိုလတ်သော် ထိုသို့တပြီးကား ငါတို့ အိမ်သို့လည်းသွား၍ ယနေ့ရှေးကဲ့သို့ နှစ်ယောက်စာ ထမင်းကိုမဆောင်ခဲ့မူ၍ တယောက်စာ သာလျှင် ဆောင်ခဲ့ ကုန်လော့၊ ရှေးကဲ့သို့ တယောက်ထီးသာလျှင် မလာမူ၍ လေးယောက်ကုန်သော သူတို့သည် လာကြကုန်လော့ဟု ကြားမှာလိုက်သည်ကို ပုဏ္ဏေးမအား ပြောဆို ပါလေဟုဆို၏။ ထိုအိမ်နီးချင်း ယောက်ျားသည် ဘုရားလောင်း၏ အိမ်သို့သွား၍ ဘုရားလောင်းမှာလိုက်တိုင်း ပြောဆို၏။ အလုံးစုံသော သူတို့သည် လယ်သို့ သွားကြ၍ ထိုတယောက်သောသူကို မှတ်၍ နံ့သာ ပန်းတို့ဖြင့် ပူဇော်၍ ဒီးဘုတ်ကြည်း သင်္ဂြိုဟ်ကုန်၏။ တယောက်သော သူမျှလည်း ဝိုခြင်းသည် လည်းကောင်း မြည်တမ်း ခြင်းသည် လည်းကောင်းမဖြစ်၊ တပေါက်မျှသော မျက်ရည်သည်လည်း မဖြစ်၊ ခပ်သိမ်း ကုန်သော သူသို့သည် ကောင်းစွာ ပွါးစေ အပ်သော မရထာဿတိရှိကုန်၏။ ထိုသူတို့၏ ကျေးဇူးတန်းခိုးအားဖြင့် သိကြား မင်း၏ နေရာသည်ပူ၏။ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထို အကြောင်းကိုသိ၍ ထိုသင်္ဂြိုဟ်ရာ အရပ်သို့ သွား၍ ထိုသူတို့ကို မစိုး ရိမ်သော အကြောင်းကို မေး၏။ ထိုသူတို့သည်လည်း သိကြားမင်းအား မစိုးရိမ်သော အကြောင်းကို ပြောဆိုကုန်၏။ ထိုစကားကို ချဲဦးအံ့၊ ထိုငါးယောက်ကုန်သော သူတို့တွင် ဘုရားလောင်းသည်—

ဥရဂေါဝ တစံ ဖိဏ္ဏံ၊ ဟိတွာ ဂစ္ဆတိ သန္တနုံ။
ဇဝံ သရီရေ နိဗ္ဘောဂေ၊ ပေတေ ကာလက်တေ သတိ။
ဒုဗ္ဗမာနော နဇာနာတိ၊ ဉာတီနံ ပရိဒေဝနံ။
တသ္မာ ဇတံ နသောစာမိ၊ ဂတော သောတဿ ယာ ဂတိ။

ဟူ၍ ဆို၏။

ဥရဂေါ၊ ဖြေသည်။ ဇီဏ္ဏံတစံး အရေဟောင်းကို။ ဟိတ္ထာ၊ စွန့်၍။ ဂန္ဆတိက္ခဝ၊သွားသကဲ့သို့။ ဇဝံတထာ၊ထိုအတူ။ မေ၊ ငါ၏။ ပုတ္တော၊ သားသည်။ သန္တနုံ မိဒါကိုယ်ကို။ ဟိတ္ထာ၊ စွန့်၍။ ဂန္ဆတိ၊ သွား၏။ သရီရေ၊ ကိုယ်သည်။ နိဇ္ဇောဂေါ၊ ဇီဝိတိန္ဒြေကင်းသည်။ ပေတော၊ တမလွန်သို့လားသည်။ကာလင်္ကတေ၊သည်။ သတိ၊ရှိသော်။ရုဇ္ဇနဝါ၊ မျက်ရည်ကို လွှတ်သဖြင့် လည်းကောင်း။ ပရိဒေဝနဝ့်၊ အသံကို လွှတ်သော ငိုကြွေးခြင်းဖြင့် လည်းကောင်း။ ကောအဇ္ဇော၊ အဘယ် အကျိုးရှိအံ့နည်း။တသာအတ္တနော၊ထိုမိမိ၏၊ ယာဂတိ၊အကြင်ဂတိသည်။ အတ္ထိ၊ရှိ၏။ တံဂတိ ံ၊ ထိုဂတိသို့။ ဂတော၊ လားသော။ ခုယ္ယမာနော၊ ဘုတ်ကြည်းအပ်သော။ သော၊ ထို၎၏ သားသည်။ ဉာတိနံ၊ ဆွမျိုးတို့၏။ ပရိဒေဝနံ၊ ငိုကြွေးခြင်းကို။ နဇာနာဘိ၊မသိ။တသ္မာ၊ထို့ကြောင့်။ ဧတံ ဤသားကို။အဟံ၊ငါသည်။နသောစာမိ၊မဟိုးရိမ်။

ပုဏ္ဏားမသည်လည်း-

အနဒ္ဓိတော တတော အဂါ၊ အနနုညာတော ဣတော ဂတော။
ယထာ ဂတော တထာ ဂတော၊ တဇ္ဇ ကာ ပရိဒေဝနာ။
ခုယ္ယမာနော နဇာနာတိ၊ ဉာတိနံ ပရိဒေဝနံ။
တသ္မာ ဧတံ နသောစာမိ၊ဂတော သော တသ ယာ ဂတိ။

ဟူ၍ဆို၏။

မယာ၊ငါသည်။အနဒ္ဓိတော၊မခေါ်ဘဲ။ဣတော၊ထိုထိုအရပ်မှ။ အယံ၊ ဤငါ့သားသည်၊ အဂါ၊ ငါ၏အိမ်သို့လာ၏။ မယာ ငါသည်။ အနနုညာတော၊ ခွင့်မပြုဘဲ။ ဣတော၊ ဤဘဝမှ။ ဂတော၊ ဘဝတပါးသို့ သွား၏။ အာဂတောယထာ၊ မိမိအလိုအားဖြင့်သာလျှင် လာသကဲ့သို့။ တထာ၊ ထိုအတူ။ ဂတော၊ မိမိ၏အလိုအားဖြင့်သာလျှင်သွား၏။ တဇ္ဇ၊ထိုမိမိ၏ အလိုအားဖြင့်သာလျှင် ဘဝတပါးသို့သွားရာ၌။ ပရိဒေဝနာ၊ ငိုကြွေးခြင်းသည်။ ကာ၊အဘယ်အကျိုးရှိအံ့နည်း။ ။တသာအတ္တနော၊ထိုမိမိ၏။ ယာဂတိ၊အကြင်ဂတိသည်။ အတ္ထိ၊ ရှိ၏။ တံဂတိ ံ၊ ထိုဂတိသို့။ဂတော၊ လားသော။ ခုယ္ယမာနော၊ ဘုတ်ကြည်းအပ်သော။ သော၊ ထို၎၏သား သည်။ ဉာတိနံ၊ဆွမျိုးတို့၏။ ပရိဒေဝနံ၊ ငိုကြွေးခြင်းကို။ နဇာနာတိ၊ မသိ။ တသ္မာ၊ ထို့ကြောင့်။ ဧတံ ဤသားကို။ အဟံ၊ ငါသည်။ နသော စာမိ၊ မဟိုးရိမ်။

ဇာတ်သဃ ၁၅၅-၉၆

နှမငယ်သည်လည်း-

သဇေ ရောဒေ ကိသာ အာသ၊ တသာမေ ကိံ ဖလံ သိယာ။
ညတိမိတ္တာသုဟဒ္ဒာနံ၊ ဘိယျော နော အရဟိ သိယာ။
ဒုဿမာနော နဇာနာတိ၊ ညတိနံ ပရိဒေဝနံ။
တသ္မာ ဇတံ နသောစာမိ၊ ဂတော သော တသ ယာ ဂတိ။
ဟူ၍ဆို၏။

ဇေဋ္ဌဘာတရိ၊ မောင်ကြီးသည်။ မတော၊သေသည်ရှိသော်။ အဟံ၊ ငါသည်။ သဇေရောဒေ၊ အကယ်၍ငိုငြားအံ့။ ကိသာ၊ ကိုယ်ကိုလိုက်ကာသာ။ အာသ၊ဖြစ်ရာ၏။တပ္ပစ္စယာ၊ထိုငိုခြင်းဟူသောအကြောင်းကြောင့်။ ဘာတုပနော၊ မောင်အားကား။ ဝုဗ္ဘိနာမ၊ အစီးအပွါးမည်သည်။ နတ္ထိ၊မရှိ။ တသာမေ၊ ထိုငါ့အား။ ရောဒန်္တိယာ၊ ငိုသဖြင့်။ ကိံ ဖလံသိယာ၊ အဘယ်အကျိုးဖြစ်ပါအံ့နည်း။ နော၊ ငါတို့၏။ ညတိမိတ္တာသုဟဒ္ဒာနံ၊ ဆွေမျိုးမိတ်ခင်ပွန်းတို့အား။ ဘိယျော၊ လွန်စွာ။ အရဟတိ၊ မနေ့လျော်ခြင်းသည်။ သိယာ၊ ဖြစ်ရာပြီ။ ။တသအတ္တာနော၊ ထိုမိမိ၏။ ယာဂတိ၊ အကြင်ဂတိသည်။အတ္ထိ၊ရှိ၏။ တံဂတိံ၊ထိုဂတိသို့။ဂတော၊သွားသော။ ဒုဿမာနော၊ဘုတ်ကြွည်းအာဝသော။ သော၊ထိုငါ၏မောင်သည်။ညတိနံ၊ ဆွေမျိုးတို့၏။ ပရိဒေဝနံ၊ ငိုကြွေးခြင်းကို။ နဇာနာတိ၊ မသိ။ တသ္မာ၊ ထိုကြောင့်။ ဇတံ၊ ဤမောင်ကို။ အဟံ၊ ငါသည်။ နသောစာမိ၊မစိုးရိမ်။

သေသောသူ၏မယားသည်လည်း—

ယထာဝိ ဒါရကော စန္ဒံ၊ဂဆ္ဆန္တမနုရောဒတိ။
ဧဝံ သမ္ပဒမေဝေဒံ၊ ယော ပေတမနုသောစတိ။
ဒုဿမာနော နဇာနာတိ၊ညတိနံ ပရိဒေဝနံ။
တသ္မာ ဇတံ နသောစာမိ၊ ဂတော သော တသ ယာ ဂတိ။
ဟူ၍ဆို၏။

ဒါရကော၊ရသင့်သည်မရသင့်သည်ကိုမသိသေးသောသူငယ်သည်။ မာတု၊အမိ၏။ ဥဆ္ဆင်္ဂေ၊ခါးပိုက်၌။ နိသိန္နော၊ နေလျက်။ အာကာသေန၊ ကောင်းကင်ဖြင့်၊ဂဆ္ဆန်တံ၊သွားသော။ စန္ဒံ၊လပြည့်ဝန်းကို။ ဒိသွာ၊မြင်၍။ အမ္မ၊အမိ။ မေ၊ငါ့အား။စန္ဒံ၊လကို။ ဒေဟိ၊ပေးလော့။မေ၊ငါ့အား။ စန္ဒံ၊လကို။ဒေဟိ၊ပေးလော့။ဣတိ၊ဤသို့။ အနုရောဒတိယထာပိ၊အဘန်တလဲလဲငိုသကဲ့သို့လည်း။ ဧဝံတသာ၊ ထိုအတူ။ ယော၊ အကြင်သူသည်။ ပေတံ၊

သေသောသူကို။ အနုသောစတိ၊ အဘန်တလဲလဲစိုးရိမ်၏။ တဿ၊ ထိုသူအား။ ဣဒံသမ္ပဒမေဝ၊ ဤဆိုအပ်ပြီးသော ဥပမာ၏ ဖြစ်ခြင်းသည်လျှင်။ ဟောတိ၊ ၏။ ။တဿအတ္တနော၊ ထိုမိမိ၏။ ယာဂတိ၊ အကြင်ဂတိသည်။ အတ္ထိ၊ ရှိ၏။ တံဂတိံ၊ ထိုဂတိသို့။ ဂတော၊ သွားသော။ ဥယ္ပမာနော၊ ဘုတ်ကြည်းအပ်သော။ သော၊ ထိုငါ၏လင်သည်။ ဉာတိနံ၊ ဆွေမျိုးတို့၏။ ပရိဒေဝနံ၊ ငိုကြွေးခြင်းကို။ နဇာနာတိ၊ မသိ။ တသ္မာ၊ ထိုကြောင့်။ ဧတံ၊ ဤသေသောလင်ကို။ အဟံ၊ ငါသည်။ နသောစာမိ၊ မစိုးရိမ်။ ။ကျွန်မသည်လည်း—

ယထာပိ ဗြဟ္မေ ဥဒက၊ ကုမ္ဘော ဘိန္နော အပဋိသန္ဓိယော။
ဧပံ သမ္ပဒမေဝေဒံ ယော ပေတ မနုသောစတိ။
ဥယ္ပမာနော နဇာနာတိ၊ ဉာတိနံ ပရိဒေဝနံ။
တသ္မာ ဧတံ နသောစာမိ၊ ဂတော သော တဿ ယာ ဂတိ။

ဟူ၍ဆိုဏ်။

ဗြဟ္မေ၊ ပုဏ္ဏား။ ဘိန္နော၊ ခုနစ်စိတ်ကွဲသော။ ဥဒကကုမ္ဘော၊ ရေအိုးသည်။ အပဋိသန္ဓိယောယထာပိ၊ တဘန်မစပ်ကောင်းသော သဘောရှိသကဲ့သို့လည်း။ ဧဝံတထာ၊ ထိုအတူ။ ယော၊ အကြင်သူသည်။ ပေတံ၊ သေသောသူကို။ အနုသောစတိ၊ စိုးရိမ်၏။ တဿ၊ ထိုသူအား။ ဣဒံသမ္ပဒမေဝ၊ ဤဥပမာ၏ဖြစ်ခြင်းသည်သာလျှင်။ ဟောတိ၊ ၏။ ။တဿအတ္တနော၊ ထိုမိမိ၏။ ယာဂတိ၊ အကြင်ဂတိသည်။ အတ္ထိ၊ ရှိ၏။ တံဂတိံ၊ ထိုဂတိသို့။ ဂတော၊ သွားသော။ ဥယ္ပမာနော၊ ဘုတ်ကြည်းအပ်သော။ သော၊ ထိုသေသောသခင်သည်။ ဉာတိနံ၊ ဆွေမျိုးတို့၏။ ပရိဒေဝနံ၊ ငိုကြွေးခြင်းကို။ နဇာနာတိ၊ မသိ။ တသ္မာ၊ ထိုကြောင့်။ ဧတံ၊ ဤသေသောသခင်ကို။ အဟံ၊ ငါသည်။ နသောစာမိ၊ မစိုးရိမ်။

သိကြားမင်းသည် ထိုငါးယောက်ကုန်သော သူတို့၏ စကားကို နာရ၍ ကြည်ညို၍ ဤနေ့မှစ၍ မိမိလက်ဖြင့် အမှုကို မပြုကြကုန်လင့်။ ငါသည် သိကြားနတ်မင်းတည်း။ သင်တို့၏ အိမ်၌ မနှိုင်းရှည့်နိုင်ကုန်သော ရတနာခုနစ်ပါးတို့ကို ပြုအုံ၊ သင်တို့သည် အလှူကိုပေးကြကုန်လော့။ သီလကို ဆောက်တည်ကြကုန်လော့။ဥပုဘ်ကို သုံးသပ်ကြကုန်လော့ဟုဆို၍ ဆိုတိုင်းပြုလေလျှင် မိမိ၏နေရာအရပ်သို့လျှင်သွား၏။ ဤသို့ ထိုငါးယောက်ကုန်သော သူတို့သည် မစိုးရိမ်ခြင်းလျှင် အရင်း

ရှိသော မန္ဒိုင်းရှည့်နိုင်သော ဥစ္စာကိုရကုန်၏။ မြတ်စွာဘုရားသည်လေးသေသောသူကြွယ်၏ သောကကို ပယ်ခဲ့သောငှါ ဤအတိတ်ဝတ္ထုကိုဆောင်၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာကိုပြတော်မူသည်၏အဆုံး၌ ထိုသားသေသော သူကြွယ်သည် သောကကို ဖျောက်၍ သောတာပန်ဖြစ်၏။ ။[ပဉ္စက နိပါတ် ပထမဝဂ် ဥဂ္ဂဇာတ် အဋ္ဌကထာလာငါးယောက်သောသူတို့၏ဝတ္ထု]။

၂၁၃–ဃဋမင်းဝတ္ထု

လွန်လေပြီးသောအခါ သာဝတ္ထိပြည်၌ နေသော ဓင်္ကမည်သောမင်းသည် ဗာရာဏသီပြည်ကိုယူ၍ ဃဋမည်သောမင်းကို သံခြေကျဉ်းတို့ဖြင့် နှောင်ဘွဲ့စေ၍ နှောင်အိမ်၌ သွင်းစေ၏။ ဃဋမင်းသည် ပျက်စီးခြင်းကို မဟိုးရိမ်ဘဲ ကသိဏ်းကိုနှလုံးသွင်း၍ ဈာန်ကိုဖြစ်စေ၏။ ကောင်းကင်၌ ထက်ဝယ်ဘွဲ့သဖြင့် နေ၏။ ဓင်္ကမင်းသည် ကိုယ်၌ဖြစ်သော ပူခြင်းရှိ၍ ထ၍ ဃဋမင်း၏ အထံသို့သွား၍ ဃဋမင်း၏ ဖွေးကြေးမုံနှင့် တူသော ပွင့်သော ပဒုမာကဲ့သို့ တင့်ခြင်းရှိသော မျက်နှာကိုမြင်၍ ဃဋမင်းကို မဟိုးရိမ်သော အကြောင်းကို မေး၏။ ဃဋမင်းသည် ဓင်္ကမင်းအား ကြားလိုရကား ဓင်္ကရာဇာတ်၌–

နဿတိတံ ဟရေ သောကော၊ နာနာဂတသုခါဝဟော။
တသ္မာ ဓင်္က နသောစာမိ၊ နတ္ထိ သောကေ ဒုတိယတာ။
သောစံ ပဇ္ဇာကိသော ဟောတိ၊ ဘတ္တဉ္စသ နိရုဇ္ဈတိ။
အမိတ္တာ သုမနာ ဟောန္တိ၊ သလ္လဝိဒ္ဓသ ရုပ္ပတော။

ဟူကုန်သော ဤဂါထာတို့ကို ဆိုကုန်၏။

ဓင်္က၊ ဓင်္ကမင်း။ သောကော၊ ဗိုးရိမ်ခြင်းသည်။ အဿတိတံ၊လွန်လေပြီးသော အကျိုးစီးပွါးကို။ နဟရေ၊မဆောင်။ နာနာဂတသုခါဝဟော၊ လာလတ္တံ့သောချမ်းသာကိုမရွက်ဆောင်။ သောကော၊ ဗိုးရိမ်ခြင်း၌။ ဒုတိယတာ၊အဆွေခင်ပွန်း၏အဖြစ်သည်။နတ္ထိ၊မရှိ။တသ္မာ၊ထို့ကြောင့်။ အဟံ၊ငါသည်။ နသောစာမိ၊မဗိုးရိမ်။ ။သောစံ၊ ဗိုးရိမ်သောသူသည်။ ပဇ္ဇာ၊ဖြာ့တော့သောအဆင်းရှိသည်။ ကိသော၊ကြုံလှိသည်။ဟောတိ၊ ဖြစ်၏။ သလ္လဝိဒ္ဓသ၊ဗိုးရိမ်ခြင်းဟူသော မြားသည် စူး၍နေသော။ ရုပ္ပ

တော၊ဘောက်ပြန်သော။အသ၊ထိုသူအား။ဘတ္တဥ္စ ထမင်းသည်လည်း။ နိရုဇ္ဈဘိ၊ ဆန့်ကျင်၏။ အမိတ္တာ၊ ရန်သူကို သည်လည်း။ သုမနာ၊ ဝမ်းမြောက်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ တသ္မာ၊ထိုကြောင့်။ အဟံ၊ ငါသည်။ နသောစာမိ၊ မစိုးရိမ်။

ထိုစကားကို ကြား၍ ဝင်္ဂမင်းသည် ဃဋမင်းကိုကန်တော့၍ ပြည်ကို အပ်နှင်း၍ သာဝတ္ထိသို့လျှင် သွား၏။ ဃဋမင်းသည်လည်း ပြည်ကို အမတ်တို့အား အပ်နှင်း၍ ဟိမဝန္တာသို့သွားလျက် ရှဟန်းပြု၍ မယုတ်သော ဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့လား၏။ ဤသို့ ဃဋမင်းသည် ဆင်းရဲခြင်း၏အကြောင်းသည် နှိပ်စက်သော်လည်းမစိုးရိမ်မူ၍ ဈာန်ကို ဖြစ်စေ၏။ ။ဃဋမင်းဝတ္ထု။

၂၁၄-အညတရဗြာဟ္မဏဝတ္ထု

တနည်းကား ပုထုဇ္ဇဉ် မည်သည်ကား အခါခပ်သိမ်း စိုးရိမ်ခြင်း ကင်းခြင်းငှါမတတ်ကောင်း သလျှင်ကတည်း။ ထိုကြောင့် စိုးရိမ်ခြင်း၏ အကြောင်းဖြစ်ကုန်သော လောကဓံတို့သည် တွေ့အပ်လွှမ်းမိုးအပ်သည် ရှိသော် ရှေးဦးစွာ စိုးရိမ်ငြားသော်လည်း နောက်၌ ထိုစိုးရိမ်ခြင်းကို တရားနာခြင်း အစရှိသည်ဖြင့် ဖျောက်ရာ၏။ ထိုစကားသည် သင့်၏၊ ဤစိုးရိမ်ခြင်းကို ဖျောက်သောသူသည် ချမ်းသာကိုရ၏။ ဤအရာ၌ အညတရပုဏ္ဏား အစရှိသည်တို့သည် သက်သေဖြစ်ကုန်၏။ ။သာဝတ္ထိ ပြည်၌နေသော တယောက်သော ပုဏ္ဏားသည် အစိရဝတီမြစ်နား၌ လယ်လုပ်၍ ကောက်သည် မှည့်လတ်သော် နက်ဖြန်ရိတ်အံ့ဟု ဆုံးဖြတ်ခြင်းကိုပြု၍အိပ်၏။ ထိုညဉ့်၌ အစိရဝတီမြစ်၏ အထက်၌ ရောက်၍ မိုဃ်းသည်ရွာ၏။ ကြီးစွာသော ရေအဝှန်းသည် တခုသော ကောက်ပင်ကိုမူလည်း မကြွင်းစေမူ၍ အလုံးစုံသော ကောက်တို့ကို သမုဒ္ဒရာသို့ ဝင်စေ၏။ ပုဏ္ဏားသည် ရေအလျဉ်တို့သည် ကျလတ် ကုန်သော် ကောက်၏ ပျက်စီးခြင်းတို့ကိုမြင်၍ ကြီးစွာသော စိုးရိမ်ခြင်းသည် နှိပ်စက်၍ လက်ဖြင့် ရင်ကိုမ၍ အိမ်သို့သွား၍ ဘောက်ပြန်သဖြင့် မြည်တမ်းလျက် အိပ်၏။ မြတ်စွာဘုရားသည် ထိုပုဏ္ဏား၏ သောဘာပတ္တိမင်၏ ဥပနိဿယကိုမြင်၍ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြီးပြီးသော်

ကိုယ်တော်တပါးထည်းသာလျှင် ထိုပုဏ္ဏားဏ်၏ အိမ်သို့ ကြွကော်မူ၍ ခင်းအပ်သော နေရာ၌ သုက္ကနိပါတ် စတုဏ္ဍဝဂ်၌ ဟောတော်မူသော နည်းဖြင့် ကာမံကာမယမာနသ အစ ရှိသော ကာမသုတ်ကို ဟောတော်မူ၏။ ထိုပုဏ္ဏားသည် လျောက်ပတ်သော တရားနာခြင်းကို ရ၍ စိုးရိမ်ခြင်းကို ဖျောက်၍ ဒေသနာတော်၏ အဆုံး၌ သောတာပန် ဖြစ်၏။ ပုဏ္ဏားမသည်လည်း သောတာပန်ဖြစ်၏။ ။သုတ္တနိပါတ် ကာမသုတ်၏ အဋ္ဌကထာ ဒွါဒသကနိပါတ်ကာမဇာတ်၏ အဋ္ဌကထာ၌ လာသော အညတရ ပြာဟ္မဏဝတ္ထု။

၂၁၅–သောကနိဗ်ဓက်သော သူကြွယ်ဘို့၏ ဝတ္ထု

သာဝတ္ထိပြည်၌ နေသော တယောက်သော သူကြွယ်သည်လည်း အစ်ကိုကြီးသေသောကြောင့် စိုးရိမ်ခြင်းသည် နှိပ်စက်၍ ရေမချိုးအစာ မစား မလိမ်းမကျံ ဆောစောကလျှင် သုသာန်သို့ သွား၍ငို၏။ မြတ်စွာဘုရားသည် ထိုသူကြွယ်၏ သောတာပတ္တိမဂ်၏ ဥပနိဿယကို မြင်၍ ဆွမ်းဘုဉ်းပေးပြီးသော်တပါးသောနောက်လိုက်ရဟန်းကိုခေါ်တော်မူ၍ ထိုသူကြွယ်၏ အိမ်သို့ ကြွတော်မူ၍ ခင်းအပ်သောနေရာ၌ နေတော်မူ၍ ခပ်သိမ်းကုန်သော သဒ်္ဒါရတို့သည်မမြဲကုန်၊ ပျက်စီးခြင်းနှင့် ယှဉ်သော သဘောသည်ပျက်စီး၏၊ထိုပျက်စီးရာ၌မကြိုအပ်မဖိုးရိမ်အပ်ဟူ၍တော်မူ၍ မတရောဒနဇာတ်ကို ဟောတော်မူ၍ သစ္စာကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သူကြွယ်သည် သောတာပန်ဖြစ်၏။ စိုးရိမ်ခြင်းနှိပ်စက်သော သူကြွယ်ဝတ္ထု။

မယားသေသော တယောက်သော သူကြွယ်သည်လည်း ထို အတူလျှင် စိုးရိမ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ဂုဏ်းနည်းဖြင့်လျှင် ထို သူကြွယ်အိမ်သို့ သွား၍ အနုနေသောဗိယဇာတ်ကို ဟောတော်မူ၏။ ထို သူကြွယ် သည်လည်း သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သောတာပန်ဖြစ်၏။ ဤသို့ ပုဏ္ဏားသူကြွယ်တို့သည် ဂုဏ်းငါးပွါး စိုးရိမ်ကုန်၍ နောက်၌ ထိုစိုးရိမ်ခြင်းကို ဖျောက်၍ ချမ်းသာကို ရကုန်၏။ စိုးရိမ်ခြင်း နှိပ်စက်သော သူကြွယ်တဦး၏ဝတ္ထု။

၃၇-ဝိရဇ မင်္ဂလာ

၂၁၆-ဝိရဇမင်္ဂလာကိုပြခြင်း

ရာဂ ဒေါသ မောဟ တို့သည် မြူမည်ကုန်၏။ ပကတိ မြူသည် အကြင်အကြင် ဝတ္ထုဌ် ကျ၏။ထိုထိုဝတ္ထုကို ညစ်ညူးသည်ကို ပြုတတ်သကဲ့သို့ ထိုအတူ ရာဂ ဒေါသ မောဟ တို့သည် ထိုထို စိတ်ကို ညစ်ညူးသည်ကို အကြင်ကြောင့် ပြုတတ်ကုန်၏၊ ထို ညစ်ညူးခြင်းကို ပြုတတ်သော အားဖြင့် မြူနှင့် တူသည်၏ အဖြစ်ကြောင့် ရဇောဝိယ ဟူသော ဝစနတ္ထအားဖြင့် ရဇမည်ကုန်၏။ ထိုကြောင့်လျှင် မြတ်စွာ ဘုရားသည် ဇီဝကဏ်အိမ်၌ နေတော်မူလျက်လျှင် ဝေဌုဝန်ကျောင်း၌ နေသော စူဌပန်အား အရောင်အဝါကို နှင်းစေတော်မူ၍—

ရာဂေါ ရဇော နစ ပန ရေဏု ဝုစ္စတိ၊
ရာဂသေတံ အဓိဝစနံ ရဇောတိ။
ဇတံ ရဇံ ဝိပ္ပဇဟိတ္ဝာ ဘိက္ခဝေါ ဝိဟရန္တိ၊
တေ ဝီတရဇသ သာသနေ။
ဒေါသော ရဇော နစ ပန ရေဏု ဝုစ္စတိ၊
ဒေါသသေတံ အဓိဝစနံ ရဇောတိ။
ဇတံ ရဇံ ဝိပ္ပဇဟိတ္ဝာ ဘိက္ခဝေါ ဝိဟရန္တိ၊
တေ ဝီတရဇသ သာသနေ။
မောဟော ရဇော နစ ပန ရေဏု ဝုစ္စတိ၊
မောဟသေတံ အဓိဝစနံ ရဇောတိ။
ဇတံ ရဇံ ဝိပ္ပဇဟိတ္ဝာ ဘိက္ခဝေါ ဝိဟရန္တိ။
တေ ဝီတရဇသ သာသနေ။

ဟူကုန်သော ဤသုံးဂါထာတို့ကို ဟောတော်မူ၏။

အရိယသ၊ အရိယာ၏။ ဝိနယေ၊ ဝိနည်း၌။ ရာဂေါ၊ရာဂကို။ရဇော၊ ရဇဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ရေဏုပန၊ ပကတိ မြူကိုကား။ ရဇော၊ ရဇဟူ၍။ နဝုစ္စတိ၊ မဆိုအပ်။ ရဇောတိ၊ ရဇဟူသော။ ဇတံအဓိဝစနံ၊ ဤအမည်သည်။ ရာဂသ၊ ရာဂ၏။ အဓိဝစနံ၊ အမည်တည်း။ တေ ဘိက္ခဝေါ၊ ထိုပညာရှိကုန်သော ရဟန်းတို့သည်။ ဇတံရဇံ၊ ထို ရာဂ ဟူသော မြူကို၊ ဝိပ္ပဇဟိတ္ဝာ၊ စွန့်ခြင်းကြောင့်။ ဝီတရဇသ၊ အချင်း ခပ်သိမ်း ကင်းပြီးသော ရာဂအစရှိသောမြူရှိသော ဘုရား၏။သာသနေ၊

သာသနာတော်၌။ ဝိဟရန္တီ၊ နေကုန်၏။ ။အရိယဿ၊ အရိယာ၏။ ဝိနယေ၊ ဝိနည်း၌။ ဒေါသော၊ ဒေါသကို။ ရဇော၊ ရဇဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ရေဏုပန၊ ပကတိမြူကိုကား။ ရဇော၊ ရဇဟူ၍။ နဝုစ္စတိ၊ မဆိုအပ်။ ရဇောတိ၊ ရဇဟူသော။ ဇေတံအဓိဝစနံ၊ ဤအမည်သည်။ ဒေါသဿ၊ ဒေါသ၏။ အဓိဝစနံ၊ အမည်တည်း။ တေဘိက္ခဝေါ၊ ထိုပညာရှိကုန်သော ရဟန်းတို့သည်။ ဇေတံရဇံ၊ ထိုဒေါသဟူသော မြူကို။ ဝိပ္ပဇဟိတွာ၊ စွန့်ခြင်းကြောင့်။ ဝီတရဇဿ၊ အချင်း ခပ်သိမ်း ကင်းပြီးသော ရာဂအစရှိသော မြူရှိသော ဘုရား၏။ သာသနေ၊ သာသနာတော်၌။ ဝိဟရန္တီ၊ နေကုန်၏။ ။အရိယဿ၊ အရိယာ၏။ ဝိနယေ၊ ဝိနည်း၌။ မောဟော မောဟကို။ ရဇော၊ ရဇဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ ရေဏုပန၊ ပကတိမြူကိုကား။ ရဇော၊ ရဇဟူ၍။ နဝုစ္စတိ၊ မဆိုအပ်။ ရဇောတိ၊ ရဇဟူသော။ ဇေတံအဓိဝစနံ၊ ဤအမည်သည်။ မောဟဿ၊ မောဟ၏။အဓိဝစနံ၊အမည်တည်း။တေဘိက္ခဝေါ၊ ထိုပညာရှိကုန်သော ရဟန်းတို့သည်။ ဇေတံရဇံ၊ထိုမောဟဟူသောမြူကို။ဝိပ္ပဇဟိတွာ၊စွန့်ခြင်းကြောင့်။ ဝီတရဇဿ၊ အချင်းခပ်သိမ်းကင်းပြီးသော ရာဂအစရှိသော မြူရှိသော ဘုရား၏။ သာသနေ၊ သာသနာတော်၌။ဝိဟရန္တီ၊နေကုန်၏။

အကယ်၍ကား ထို ရာဂ ဒေါသ မောဟ တို့သည် မြူနှင့် တူသော အားဖြင့် ထပ်တူ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ကုန်သော်လည်း ထို ရာဂ ဒေါသ မောဟတို့အား အထူးရှိသလျှင်ကတည်း။ထိုစကားသည်မှန်၏၊ တိကအဂိုတ္တိုရ်ဒုတီယပဏ္ဏာသကဒုတီယဝဂ်၌-

> သစေ ဘိက္ခဝေ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဇေံ ပုစ္ဆေယျုံ၊ တယော မေ အာဝုသော မ္မော။ ကတမေ တယော၊ ရာဂေါ ဒေါသော မောဟော၊ ဣမေခေါ အာဝုသော တယောမ္မော။ ဣမေသံ အာဝုသော တိဏ္ဏံမ္မောနံ ကော ဝိသေသော ကော အဓိပ္ပါယာသော၊ ကိံ နာနာကရဏန္တီ။ ဇေံ ပုဋ္ဌာ တုမှေ ဘိက္ခဝေ တေသံအညတိတ္ထိယာနံ ပရိဗ္ဗာဇကာနံ ဇေံ ဗျာကရေယျာထ ရာဂေါ ခေါ အာဝုသော အပ္ပသာဝဇ္ဇော ဒန္ဓဝိရာဂီ၊ ဒေါသော မဟာသာဝဇ္ဇော ခိပ္ပဝိရာဂီ။ မောဟော မဟာသာဝဇ္ဇော ဒန္ဓဝိရာဂီတိ။

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊တို့။ အညတိတ္ထိယာ၊ အညတိတ္ထိယဖြစ်ကုန်သော။ ပရိဗ္ဗာဇကာ၊ ပရိဗိုဇ်တို့သည်။ အာဝုသော၊ ငါ့ရှင်တို့။ တယော၊ သုံးပါးကုန်သော။ ဣမေဓမ္မာ၊ဤတရားတို့သည်။ သဒ္ဓိ၊ ရှိကုန်၏။ တယော၊သုံးပါးသောတရားတို့သည်။ ကတမေ၊အဘယ်သည်တို့နည်းဟူမူကား။ အာဝုသော၊ငါ့ရှင်တို့။ ရာဂေါ၊ ရာဂ။ ဒေါသော၊ဒေါသ။ မောဟော၊ မောဟ။ တယော၊သုံးပါးကုန်သော။ဓမ္မာ၊တရားတို့သည်။ ဣမေခေါ၊ဤသည်တို့တည်း။ အာဝုသော၊ငါ့ရှင်တို့။ ဣမေသံတိဏ္ဏံဓမ္မာနံ၊ဤသုံးပါးကုန်သောတရားတို့၏။ ဝိသေသော၊ ထူးသောအကြောင်းသည်။ ကော၊ အဘယ်နည်း။ အဓိပ္ပါယာသော၊ ထူးသောပယောဂသည်။ ကော၊အဘယ်နည်း။ နာနာကရဏံ၊အထူးကား။ ကိံ၊အဘယ်နည်း။ဣတိဇဝံ၊သို့။ တုမှေ၊သင်တို့ကို။ သစေပုဆ္ဆေယျုံ၊ အကယ်၍ မေးကုန်ငြားအံ့။ ဘိက္ခဝေ၊ တို့။ ဇဝံ၊သို့။ ပုဋ္ဌာ၊ မေးအပ်ကုန်သော။ တုမှေ၊ သင်တို့သည်။ အညတိတ္ထိယာနံ၊ အညတိတ္ထိယ ဖြစ်ကုန်သော။ တေသံ ပရိဗ္ဗာဇကာနံ၊ ထိုပရိဗိုဇ်တို့အား။ အာဝုသော၊ ငါ့ရှင်တို့။ ရာဂေါခေါ၊ ရာဂသည်လျှင်။ အပ္ပသာဝဇ္ဇော၊ လောကဝဇ္ဇအားဖြင့် လည်းကောင်း ဝိပါကဝဇ္ဇအားဖြင့် လည်းကောင်း နည်းသော အပြစ် ရှိ၏။ ဒန္ဓဝိရာဂီ၊ ဆိမင်၏ စွန်းခြင်းကဲ့သို့ ဖြည်းညှင်းစွာ ပြေခြင်း ရှိ၏။ ဒေါသော၊ ဒေါသသည်၊ မဟာသာဝဇ္ဇော၊ လောကဝဇ္ဇအားဖြင့် လည်းကောင်း ဝိပါကဝဇ္ဇအားဖြင့် လည်းကောင်း ကြီးသော အပြစ်ရှိ၏။ ခိပ္ပဝိရာဂီ၊ လျင်စွာ ပြေခြင်းရှိ၏။ မောဟော၊ မောဟသည်။ မဟာသာဝဇ္ဇော၊ လောကဝဇ္ဇအားဖြင့်လည်းကောင်း ဝိပါကဝဇ္ဇအားဖြင့် လည်းကောင်း ကြီးသော အပြစ် ရှိ၏။ ဒန္ဓဝိရာဂီ၊ ဖြည်းညှင်းစွာ ပြေခြင်း ရှိ၏။ ဣတိဇဝံ၊ သို့။ ဗျာကရေယျာထ၊ ဖြေကြကုန်လော့။

၂၁၇-ဒိန်းမကိုဒွဲလမ်း၍ လေးဘဝဆက်ကာ အသတ်ခံရသော ဝတ္ထု

ရာဂသည် လောကဝဇ္ဇအားဖြင့် လည်းကောင်း ဝိပါကဝဇ္ဇအားဖြင့် လည်းကောင်း အသို့လျှင် အပြစ်နည်းသနည်း ဟူမူကား။ အဓိအဘတို့သည် လည်းကောင်း နှမ အစရှိကုန်သော သူတို့သည် လည်းကောင်း

သားမောင်တို့အားလက်ထပ်ထိမ်းမြားခြင်းမင်္ဂလာ မည်သည်ကို ပြုကုန်၏။ဤသို့ ရှေးဦးစွာ ရာဂသည် လောကဝဇ္ဇအားဖြင့် အပြစ်နည်း၏။ မိမိ၏ မယားဖြင့် ရောင့်ရဲခြင်းလျှင် မူလရှိသော အပါယ်ပဋိသန္ဓေ မည်သည်ကား မဖြစ်။ ဤသို့ ရာဂသည် ဝိပါကဝဇ္ဇ၏ အစွမ်းအားဖြင့် နည်းသော အပြစ်ရှိ၏။ ဆီမင်စွန်းခြင်းသည် ကြာမြင့်စွာ လိုက်သကဲ့သို့ ရာဂသည် ပြေသည် ရှိသော် ဖြည်းညှင်းစွာ ပြေ၏။ ရာဂသည် နှစ်ဘဝ သုံးဘဝ တိုင်အောင် လိုက်၍လည်းတပ်ခြင်းမပြေ။ ထိုစကား၌ အောက်ပါ ဝတ္ထုကို သိအပ်၏။ ။တယောက်သော ယောကျားသည် အစ်ကို၏ မယား၌ မိစ္ဆာစာရကို ကျင့်သတတ်။ ထိုမိန်းမသည်လည်း မိမိလင်ရင်းထက် ထိုညီယောကျားကို အလွန်ချစ်၏။ ထို မိန်းမသည် ထိုယောကျားကို အမောင်....၏ အကြောင်းသည် ထင်ရှားဖြစ်ချေသော် ကြီးစွာ ကဲ့ရဲခြင်းသည် ဖြစ်လတ္တံ့၊ သင့်အစ်ကိုကို သတ်လော့ဟုဆို၏။ ထိုမိန်းမသည် သုံးကြိမ် ဆိုလတ်သည်ရှိသော် ထိုယောကျားသည် မိန်းမစကားကိုယူ၍ အစ်ကိုကြီးကို သတ်၏။ထိုအစ်ကိုကြီးသည်မယား၌ချစ်ခြင်းကို မစွန့်နိုင်၍ထိုအိမ်၌လျှင် ကျိုင်းကောင်ကြီးဖြစ်၏။ ထိုကျိုင်းကောင်သည် ထိုမိန်းမသည်ရပ်သော်လည်းကောင်း ထိုင်သော်လည်းကောင်း သွား၍ ကိုယ်၌ကျ၏။ ထိုအခါ ထိုကျိုင်းကောင်ကို ထိုမိန်းမသည် ဤကျိုင်းကောင်ကား ထိုလင်ကြီး ယောကျားသည်ပင်လျှင်ဖြစ်လတ္တံ့ဟုသတ်စေ၏။ထိုကျိုင်းကောင်သည် တဘန် ထိုမိန်းမအား ချစ်ခြင်းကြောင့် ထိုအိမ်၌လျှင် ခွေးဖြစ်၏။ ထိုခွေးသည် ခြေဖြင့်သွားနိုင်သောကာလမှစ၍ ထိုမိန်းမ၏နောက်ကလိုက်၏။ တောသို့ သွားသော်လည်း ထိုမိန်းမနှင့် အတူသာလျှင်လိုက်၏။ ထိုမိန်းမကို မြင်၍ လူတို့သည် ခွေးမူဆိုးသည် အိမ်မှထွက်ပြီ အဘယ်အရပ်သို့ သွားလတ္တံ့နည်းဟု ပြက်ရယ်ပြုကုန်၏။ ထိုမိန်းမသည် တဘန်ထိုခွေးကို သတ်စေ၏။ ထိုခွေးသည်လည်း တဘန် ထိုအိမ်၌လျှင် နွားငယ်ဖြစ်၍ ထိုရှေးအတူလျှင် ထို မိန်းမ၏နောက်မှ နောက်မှလိုက်၏။ ထိုအခါ၌လည်း လူတို့သည် ထိုမိန်းမကိုမြင်၍ နွားကျောင်းသည်သည် အဘယ်အရပ်၌ နွားတို့ကိုကျောင်းလတ္တံ့နည်းဟူ၍ ပြက်ရယ်ပြုကုန်၏။ထိုမိန်းမသည် ထိုနွားငယ်ကိုလည်း သတ်စေ၏။ ထိုနွားငယ်သည် ထိုအခါ၌လည်း ထိုမိန်းမအပေါ်၌ ချစ်ခြင်းကို မဖြတ်နိုင်၍ လေးကြိမ်မြောက်၌

ထိုမိန်းမ၏ ဝမ်း၌လျှင် ဇာတိသရဉာဏ်ကို ရသောသူငယ်၏ အဖြစ်ဖြင့် ဖြစ်၏။ ထိုသူငယ်သည် အစဉ်သဖြင့် လေးဘဝတို့၌ ထိုမိန်းမ၏ သတ်သည်၏အဖြစ်ကို မြင်၍ ဤ သို့သဘောရှိသော ရန်သူမ၏ဝမ်း၌ စဉ်လျက်ငါသည်ဖြစ်၏ဟုထိုအခါမှစ၍မိမိကိုယ်ကိုထိုမိန်းမ၏လက်ဖြင့် ထိစိမ့်သောငှါမပေး။ အကယ်၍ ထိုသူငယ်ကို ထိုမိန်းမသည် ထိသည် ဖြစ်အံ့၊ မြည်တမ်း၏၊ ငိုကြွေး၏။ ထိုအခါ ထိုသူငယ်ကို အတွားသည် သာလျှင် မွေးမြူ၏။နောက်အဘို့၌ ကြီးခြင်းသို့ရောက်သော်ထိုသူငယ်ကို အဘိုးသည် အမောင်-အဘယ်ကြောင့် သင်သည် မိမိကိုယ်ကို အမိ လက်ဖြင့် ထိစိမ့်သောငှါ မပေးသနည်းဟု မေး၏။ ထိုသူငယ်သည် ထိုမိန်းမသည်ကား ငါ့အမိ မဟုတ် ထိုမိန်းမသည်ကား ငါ၏ ရန်သူ တည်းဟု အလုံးစုံသော အကြောင်းကို အဘိုးအား ပြောဆို၏။ အဘိုးသည် ထိုမြေးငယ်ကို ဘက်၍ ငို၍ အမောင် လာလော့၊ ငါတို့အား ဤသို့သဘောရှိသော အရပ်၌နေသဖြင့် အဘယ်ပြုအံ့နည်းဟု ဆို၍ ထိုမြေးငယ်ကိုယူ၍ အိမ်မှထွက်၍ တရသောကျောင်းသို့သွား၏။ ထိုမြေးအဘိုး နှစ်ယောက်တို့သည်လည်း ရဟန်းပြု၍ ထိုကျောင်း၌ နေကုန်လျက် အရဟတ္တဖိုလ်သို့ ရောက်၏။ မိန်းမကို စွဲလမ်း၍ လေး ဘဝ၌ အသတ်ခံရသော ယောကျ်ားဝတ္ထု။

ဒေါသသည် အသို့လျှင် လောကဝဇ္ဇအားဖြင့် လည်းကောင်း ဝိပါက ဝဇ္ဇအားဖြင့် လည်းကောင်း အပြစ်ကြီးသနည်း ဟူမူကား အကြင် သူသည် ဖျက်ဆီးအပ်သည်ဖြစ်၍ အမိအဘ အစ်ကိုနှမ အစရှိသော သူတို့၌လည်းကောင်း ရဟန်းတို့၌လည်းကောင်း ပြစ်မှား၏၊ထိုသူသည် ရောက်လေရာ ရောက်လေရာ အရပ်တို့၌ ဤသူသည်ကား အမိအဘတို့၌ ပြစ်မှားသော သူတည်း။ အစ်ကိုနှမ အစရှိသည်တို့၌ ပြစ်မှားသော သူတည်း။ ရဟန်းတို့၌ ပြစ်မှားသော သူတည်းဟု ကဲ့ရဲ့ခြင်းကို ခံရ၏။ ဤသို့ရှေးဦးစွာ ဒေါသသည် လောကဝဇ္ဇ၏ အစွမ်းအားဖြင့် ကြီးသော အပြစ်ရှိ၏။ ဒေါသ၏ အစွမ်းအားဖြင့် ပြုအပ်သော အာနန္တရိယကံဖြင့် တကမ္ဘာပတ်လုံး ဝရဲ၌ ခံရ၏။ဤသို့ ဒေါသသည် ဝိပါကဝဇ္ဇ၏အစွမ်း အားဖြင့် ကြီးသောအပြစ်ရှိ၏။ဒေါသသည် အသို့လျှင်လျင်စွာ ပြေလွယ် သနည်းဟူမူကား ဒေါသဖြင့် ဖျက်ဆီးအပ်သောသူသည် အမိအဘတို့၌ လည်းကောင်း စေတီတို့၌ လည်းကောင်း ဗောဓိ၌ လည်းကောင်း

ရဟန်းတို့၌လည်းကောင်း ပြစ်မှား၍ကျွန်ုပ်အား သည်းခံပါကုန်လော့ဟု အပြစ်ကို ကန်တော့သည်နှင့်တကွ ထိုကံသည် ပကတိလျှင်ဖြစ်၏။ ဤသို့ ဒေါသသည်လျှင် လျင်စွာ ပြေလွယ်၏။ မောဟအားဖြင့် တွေဝေသည် ဖြစ်၍ အမိအဘတို့၌ လည်းကောင်း စေတီ၌ လည်းကောင်း ဗောဓိ၌ လည်းကောင်း ရဟန်းတို့၌ လည်းကောင်း ပြစ်မှား၍ ထိုသူသည် ရောက်လေရာ ရောက်လေရာ အရပ်၌လည်း ကဲ့ရဲ့ခြင်းကို ခံရ၏။ ဤသို့ မောဟသည် ရှေးဦးစွာသော လောကဝဇ္ဇ၏ အစွမ်းအားဖြင့် အပြစ်ကြီး၏ မောဟ၏ အစွမ်းအားဖြင့် ပြုအပ်သော အာနန္တရိယကံကြောင့် တကမ္ဘာပတ်လုံး ဝရဲ၌ခံရ၏။ ဤသို့မောဟသည် ဝိပါကဝဇ္ဇ၏ အစွမ်းအားဖြင့် အပြစ်ကြီး၏။ ဝံရေကိုအကြိမ်တရာ ဖွပ်လျှော်ငြားသော်လည်း မဖြူသကဲ့သို့ ထိုအတူ မောဟ၏ အစွမ်းအားဖြင့် ပြုအပ်သော ကံသည် လျင်စွာမပြေ ဖြည်းဖြည်းသာလျှင် ပြေ၏။ [ထိုပါဠိတော်၏အဌကထာ]။

ရာဂ ဒေါသ မောဟတို့သည် ပြေခဲသည်၏ အဖြစ် အစရှိသည်ဖြင့် အကယ်၍ကား ထူးကုန်၏။ ထိုသို့ ထူးကုန်ငြားသော်လည်း အလွန်မိုက်ခြင်း၏ အကြောင်း၏ အဖြစ်အားဖြင့်ကား ထပ်တူသာလျှင် ဖြစ်ကုန်၏။ ထိုကြောင့် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသို့ ဟောတော်မူ၏။

အနတ္ထဇနနော လောဘော၊ လောဘော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။
လုဒ္ဓေါ အတ္ထံ နဇာနာတိ၊ လုဒ္ဓေါ ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ လောဘော သဟတေ နရံ။
အနတ္ထဇနနော ဒေါသော၊ ဒေါသော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။
ဒုဋ္ဌော အတ္ထံ နဇာနာတိ၊ ဒုဋ္ဌော ဓမ္မံ နပဿတိ၊
အန္ဓတမံ တဒါ ဟောတိ၊ ယံ ဒေါသော သဟတေ နရံ။
အနတ္ထဇနနော မောဟော မောဟော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။
မုဋ္ဌော အတ္ထံ နဇာနာတိ၊ မုဋ္ဌော ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ မောဟော သဟတေ နရံ။

[ဣတိဝုတ်တိကနိပါတ် စတုတ္ထဝဂ် မင်္ဂလသုတ်ပါဠိတော်]။

လောဘော၊လောဘသည်။ အနက္ထဇနနော၊မိမိ၏အကျိုးမဲ့ သူတပါး တို့၏အကျိုးမဲ့ကို ဖြစ်စေတတ်၏။ လောဘော၊ လောဘသည်။ စိတ္တပ္ပ ကောပနော၊ စိတ်ကိုချောက်ချားစေတတ်၏။ တံ၊ထိုလောဘဟု ဆိုအပ် သော။ အန္တရတော၊မိမိ၏စိတ်၌လျှင်။ ဇာတံ၊ဖြစ်သော။ ဘယံ၊အကျိုးမဲ့ ဖြစ်ခြင်းစိတ်ချောက်ချားခြင်း အစရှိသောဘေး၏အကြောင်းကို။ဇနော၊ များသော လူမိုက်သည်။ နာဝဗုဇ္ဈတိ၊ မသိ။ ။လုဒ္ဓေါ၊ လောဘ နှိပ်စက်သောသူသည်။အက္ထံ၊ မိမိ၏အကျိုးစီးပွါး အစရှိသော အားဖြင့် ပြားသော အကျိုးစီးပွါးကို။ နဇာနာတိ၊ မသိ။ လုဒ္ဓေါ၊ လောဘ နှိပ်စက်သော သူသည်။ ဓမ္မံ၊ ဆယ်ပါးကုန်သော ကုသလကမ္မပထ တရားကိုလည်း။ နပဿတိ၊ မမြင်။ ဥတ္တရိမနုဿဓမ္မံ၊ ဥတ္တရိမနုဿ ဓမ္မကို။ ပဂေဝ၊ အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း။ ယံ၊ အကြင် အခါ၌။ လောဘော၊ လောဘသည်။ နရံ၊ လူကို။ သဟတေ၊ နှိပ်စက်၏။ တဒါ၊ ထိုအခါ၌။ အန္ဓတမံ၊ ကာဏ်းသည်၏ အဖြစ်ကို ပြုတတ်သော အမိုက် သည်။ ဟောတိ၊၏။(တနည်းကား)။ ယံ၊ အကြင်ကြောင့်။ လောဘော၊ လောဘသည်။ ဥပ္ပဇ္ဇမာနော၊ ဖြစ်လတ်သော်။ နရံ၊ လူကို။ သဟတေ၊ နှိပ်စက်၏။ တသ္မာ၊ ထိုကြောင့်။ တဒါ၊ ထိုလောဘ ဖြစ်သောအခါ၌။ အန္ဓတမံ၊ ကာဏ်းသည်၏ အဖြစ်ကို ပြုတတ်သော အမိုက်သည်။ ဟောတိ၊ ၏။(တနည်းကား) လောဘော၊ လောဘသည်။ နရံ၊ လူကို။ သဟတေ၊ နှိပ်စက်၏။ ယံသဟနံ၊ အကြင်လောဘ၏ နှိပ်စက်ခြင်းကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဇတံ၊ ထို လောဘ၏ နှိပ်စက်ခြင်းသည်။ တဒါ၊ ထို အခါ၌။ အန္ဓတမံ၊ ကာဏ်းသည်၏ အဖြစ်ကို ပြုတတ်သော မိုက်ခြင်း၏ ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ ယံနရံ၊ အကြင်လူကို။ လောဘော၊ လောဘသည်။ သဟတေ၊ နှိပ်စက်၏။ တဒါ၊ ထိုအခါ၌။ တဿ၊ ထို လူ၏။ အန္ဓတမံ၊ ကာဏ်းသည်၏ အဖြစ်ကို ပြုတတ်သော မိုက်ခြင်း သည်။ ဟောတိ၊၏။ ။ဒေါသော၊ ဒေါသသည်။ အနက္ထဇနနော၊ မိမိ၏ အကျိုးမဲ့ သူတပါးတို့၏ အကျိုးမဲ့ကို ဖြစ်စေတတ်၏။ ဒေါသော၊ ဒေါသ သည်။ စိတ္တပ္ပကောပနော၊ စိတ်ကို ချောက်ချားစေတတ်၏။ တံ၊ ထို ဒေါသဟု ဆိုအပ်သော။ အန္တရတော၊ မိမိ၏စိတ်၌လျှင်။ ဇာတံ၊ ဖြစ်သော။ ဘယံ၊ အကျိုးမဲ့ ဖြစ်ခြင်း စိတ်၏ ချောက်ချားခြင်း အစ ရှိသော ဘေး၏အကြောင်းကို။ ဇနော၊ များစွာသော လူမိုက်သည်။

နာဝဗုဇ္ဈတိ၊ မသိ။ ။ဒုဋ္ဌော၊ ဒေါသနှိပ်စက်သောသူသည်။ အတ္ထံ၊ မိမိ၏အကျိုးစီးပွါးအစရှိသောအားဖြင့်ပြားသောအကျိုးစီးပွါးကို။နဇာနာတိ၊ မသိ။ ဒုဋ္ဌော၊ ဒေါသနှိပ်စက်သောသူသည်။ ဓမ္မံ ဆယ်ပါးသောကုသလကမ္မပထ တရားကိုလည်း။နပဿတိ၊ မမြင်။ ဥတ္တရိမနုဿ ဓမ္မံ၊ ဥတ္တရိမနုဿဓမ္မကို။ ပဂေဝ၊ အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ယံ၊အကြင်အခါ၌။ဒေါသော၊ ဒေါသသည်။နရံ၊လူကို။သဟတေ၊နှိပ်စက်၏။တဒါ၊ ထိုအခါ၌။ အန္ဓတမံ၊ ကာဏ်းသည်၏အဖြစ်ကို ပြုတတ်သော အမိုက်သည်။ ဟောတိ၊၏။(တနည်းကား) ယံ၊ အကြင်ကြောင့်။ ဒေါသော၊ ဒေါသသည်။ ဥပ္ပဇ္ဇမာနော၊ ဖြစ်လတ်သော်။ နရံ၊ လူကို။ သဟတေ၊ နှိပ်စက်၏။ တသ္မာ၊ ထိုကြောင့်။ တဒါ၊ ထိုဒေါသ ဖြစ်သောအခါ၌။ အန္ဓတမံ၊ ကာဏ်းသည်၏ အဖြစ်ကို ပြုတတ်သော အမိုက်သည်။ ဟောတိ၊၏။ (တနည်းကား)ဒေါသော၊ ဒေါသည်။နရံ၊လူကို။သဟတေ၊ နှိပ်စက်၏။ ယံသဟနံ၊ အကြင် ဒေါသ၏ နှိပ်စက်ခြင်းကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဇတံ၊ ထိုဒေါသ၏ နှိပ်စက်ခြင်းသည်။ တဒါ၊ ထိုသို့နှိပ်စက်ခြင်းကို ခံရသောအခါ၌။ အန္ဓတမံ၊ ကာဏ်းသည်၏ အဖြစ်ကို ပြုတတ်သော မိုက်ခြင်း၏ ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ ယံနရံ၊ အကြင် လူကို။ ဒေါသော၊ ဒေါသည်။ သဟတေ၊ နှိပ်စက်၏။ တဒါ၊ ထိုအခါ၌။တသ၊ ထိုလူ၏။ အန္ဓတမံ၊ ကာဏ်းသည်၏ အဖြစ်ကို ပြုတတ်သော မိုက်ခြင်းသည်။ ဟောတိ၊ ၏။ ။မောဟော၊ မောဟသည်။ အနတ္ထဇနနော၊မိမိ၏ အကျိုးမဲ့ သူတပါတို့၏ အကျိုးမဲ့ကို ဖြစ်စေတတ်၏။ မောဟော၊ မောဟသည်။ စိတ္တပ္ပကောပနော၊ စိတ်ကို ချောက်ချားစေတတ်၏။ တံ၊ ထိုမောဟဟု ဆိုအပ်သော။ အန္တရတော၊ မိမိ၏ စိတ်၌လျှင်။ ဇာတံ၊ ဖြစ်သော။ ဘယံ၊ အကျိုးမဲ့ဖြစ်ခြင်း စိတ်ချောက်ချားခြင်း အစရှိသော ဘေး၏အကြောင်းကို။ဇနော၊ များစွာသော လူမိုက်သည်။နာဝဗုဇ္ဈထိ၊ မသိ။ ။မုဋ္ဌော၊ မောဟနှိပ်စက်သော သူသည်။ အတ္ထံ၊ မိမိ၏ အကျိုးစီးပွါး အစရှိသော အားဖြင့် ပြားသော အကျိုး စီးပွါးကို။ နဇာနာတိ၊ မသိ။ မုဋ္ဌော၊ မောဟ နှိပ်စက်တတ်သော သူသည်။ ဓမ္မံ၊ ဆယ်ပါးသော ကုသလကမ္မပထ တရားကိုလည်း။ နပဿတိ၊ မမြင်။ ဥတ္တရိမနုဿဓမ္မံ၊ ဥတ္တရိမနုဿဓမ္မကို။ ပဂေဝ၊ အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း။ ယံ၊ အကြင်အခါ၌။ မောဟော၊ မောဟသည်။ နရံ၊ လူကို။ သဟတေ၊

နှိပ်စက်၏။ တဒါ၊ ထိုအခါ၌၊ အန္ဓတမံ၊ ကာဏ်းသည်၏ အဖြစ်ကို ပြုတတ်သောအမိုက်သည်။ ဟောတိ၊ဖြစ်၏။ (တနည်းကား)ယံ၊ အကြင် ကြောင့်။မောဟော၊ မောဟသည်။ဥပ္ပဇ္ဇမာနော ဖြစ်လတ်သော်။နရံ၊ လူ ကို။သဟတေ၊နှိပ်စက်၏။တသ္မာ၊ထိုကြောင့်။တဒါ၊ထိုမောဟ ဖြစ်သော အခါ၌။အန္ဓတမံ၊ကာဏ်းသည်၏ အဖြစ်ကို ပြုတတ်သော အမိုက်သည်။ ဟောတိ၊ ၏။(တနည်းကား) မောဟော၊ မောဟသည်။နရံ၊လူကို။သဟ တေ၊နှိပ်စက်၏။ ယံသဟနံ၊အကြင် မောဟ၏ နှိပ်စက်ခြင်းကို။ဝုတ္တံ၊ဆို အပ်၏။ဧတံ၊ထိုမောဟ၏ နှိပ်စက်ခြင်းသည်။တဒါ၊ထိုအခါ၌။ အန္ဓတမံ၊ ကာဏ်းသည်၏ အဖြစ်ကို ပြုတတ်သော မိုက်ခြင်း၏ ဖြစ်ခြင်းသည်။ ဟောတိ၊၏။ (တနည်းကား) ယံနရံ၊အကြင်လူကို။ မောဟော၊ မောဟ သည်။ သဟတေ၊ နှိပ်စက်၏။ တဒါ၊ ထိုအခါ၌။ တဿ၊ ထိုလူ၏။ အန္ဓတမံ၊ ကာဏ်းသည်၏အဖြစ်ကို ပြုတတ်သော မိုက်ခြင်းသည်။ ဟောတိ၊ ၏။ ။ဤသို့ဖြစ်သည်၏အဖြစ် အစရှိသော အားဖြင့် ထူးသည် ဖြစ်၍ ဖြစ်ကုန်သော မိုက်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် ထပ်တူ ဖြစ်ကုန်သော ထိုရာဂအစရှိသည်တို့ကို အကြင်အကြင်ဆိုအပ်ပြီးသော အနက်အားဖြင့် ရဇမည်ကုန်၏ဟူ၍ သိအပ်ကုန်၏။ ။ဝိဂတာတေရဇာ ဧတသ္မာတိဝိရဇံ။ ။ဧတသ္မာ၊ ဤစိတ်မှ။ တေရဇာ၊ ထို ရာဂ ဒေါသ မောဟ ဟူကုန်သော မြူတို့သည်။ ဝိဂတာ၊ ကင်းကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဧတံ၊ ထိုစိတ်သည်။ ဝိရဇံ၊ ဝိရဇမည်၏။

၂၁၈- ဆေတ္တာသည်၏သားဝတ္ထု

လောဘနေယျ အစရှိကုန်သောအာရုံတို့၌ ဝတ္ထုကို အလိုရှိသော သူသည် လောဘအစရှိသည်တို့ကို မဖြစ်စေအပ်ကုန်။ တဒင်္ဂ၏အစွမ်း အားဖြင့်သော်လည်း ပယ်အပ်ကုန်၏။ ထိုစကားသည် သင့်၏၊ အကြင် သူသည် တဒင်္ဂမျှလည်း ထိုလောဘအစရှိသည်တို့ကိုမပယ်၊ထိုသူသည် ဆင်းရဲကုန်၏။ ထိုစကား၌ အောက်ပါ ဝတ္ထုတို့ကို မှတ်အပ်ကုန်၏။ ။ ဝေသာလီပြည်၌ တယောက်သော ဆေတ္တာသည်သည် သဒ္ဓါတရားနှင့် ပြည့်စုံ၏။ ကြည်ညိုခြင်းရှိ၏။ ရတနာသုံးပါးကို ကိုးကွယ်၏။ ပဉ္စသီ ဆောက်တည်၏။ မင်းမောင်းမ အစရှိသည်တို့၏ မုတ်ဆိတ်ပြင်ခြင်း

ဆံပြင်ခြင်း အစရှိသောကိစ္စကိုပြု၏။ ထိုဆေတ္တာသည်သည် တနှံ့သဒ္ဒါ မင်းအိမ်၌ အမှုပြုအံ့သောငှါ သွားသည်ရှိသော် မိမိသားကို ခေါ်၍ သွား၏။ သားသည်ကား မင်းအိမ်သို့ရောက်၍ ကယောက်သော နှတ်သို့နှင့်တူသော တန်းဆာဆင်သော လိင်္ဂစ္ဆဝီ မင်းသို့ကိုဖြင့်၍ ကိလေသာ၏အစွမ်းအားဖြင့် ဘွဲ့အပ်သော စိတ်ဓာသည်ဖြစ်၍ အိမ်သို့သွား၍ ထိုမင်းသို့ကို ရသော်သာလျှင် အသက်ရှင်အံ့၊ မရသော် ဤအိပ်ရာ၌ပင်လျှင် ငါ၏သေခြင်းသည်ဖြစ်စေဟု အာဟာရ ဖြတ်ခြင်းကို ပြု၍ ညောင်စောင်းငယ်သို့ တက်၍အိပ်၏။ ထိုအခါ၌ ထိုသားကို အဘသည် အမောင် အရာမဟုတ်သည်၌ သင်သည် ဆန္ဒရာဂကို မပြုလင့်၊ သင်သည် အမျိုးယုတ်သော ဆေတ္တာသည်၏သားဖြစ်၏။ လိင်္ဂစ္ဆဝိသဘို့သို့မင်းသည် အမျိုးမြတ်သောမင်းသို့ဖြစ်၏။ ထိုမင်းသို့သည် သင့်အား မလျောက်ပတ်။ အမျိုးအနွယ်တို့ဖြင့်တူသော တပါးသော သဘို့သို့မင်းကို သင့်အား ဆောင်၍ ပေးအံ့ဟုဆို၏။ ထိုသားသည် အဘစကားကို မယူမူ၍ တဒဂ်မျှလည်း ရာဂကို မပယ်မူ၍ ထိုအိပ်ရာ၌လျှင် ခြောက်ကင်၍ သေ၏။ ။ဒုက နိပါတ် ပထမဝဂ် သိဂ်ါလဇာတ် အဋ္ဌကထာ၌လာသော ဆေတ္တာသည် သားဝတ္ထု။

၂၁၉-ဒုဋ္ဌကုမာရမင်းသားဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကိုတဝါသ မည်သော မင်းသည် ဖြစ်၏။ ထိုမင်း၏သားဖြစ်သော အိမ်ရှေ့မင်းသည် ဒုဋ္ဌကုမာရမည်၏။ ထိုဒုဋ္ဌကုမာရ မင်းသားကို ဘွဲ့းသောကာလ၌ကား လက္ခဏာဘတ်ကုန်သောသူတို့သည် မြင်သောမင်းကြီး-ဤမင်းသားသည် ဧရိကိုမရ၍ သေလတ္တံ့ ဟူ၍ ဆိုကုန်၏။ ကိုတဝါသမင်းသည်လည်း ဒုဋ္ဌကုမာရမင်းသားအား ရေမရ၍ သေအံ့သည်ကို ဖိုးရိမ်သောကြောင့် မြို့တံခါး လေးမျက်နှာ မြို့တွင်းတို့၌ ထိုထိုအရပ်တို့၌ ရေကန်ကို တူးစေ၏။ လမ်းခရီးလေးခု အဆုံရှိသည်တို့၌ မဏ္ဍပ်ကို ဆောက်လုပ်စေ၍ သောက်ရေဒန်းတို့ကို တည်ထားစေ၏။ ထိုအခါ တနှံ့သဒ္ဒါ အိမ်ရှေ့မင်းသည် နံနက်စောစောကလျှင် ဥယျာဉ်သို့သွားလတ်သော် ခရီးအကြား၌ ပစ္စေကဗုဒ္ဓါကိုမြင်၏။ လူများသည်လည်း ပစ္စေကဗုဒ္ဓါကို

မြင်၍ ပစ္စေကဗုဒ္ဓါအားသာလျှင် ရှိခိုးလျက် ချီးမွမ်း၏။ပစ္စေကဗုဒ္ဓါအား လက်အုပ်ချီကြ၏။ မင်းသားသည် ငါနှင့်အတူ သွားကုန်လျက် ဤသူ တို့သည် ဤပစ္စေကဗုဒ္ဓါ ကိုသာလျှင် ရှိခိုးကုန်၏ ချီးမွမ်းကုန်၏ လက်အုပ်ချီကုန်၏ဟု အမျက်ထွက်၍ ဆင်ထက်မှဆင်းသက်၍ ပစ္စေက ဗုဒ္ဓါ၏လက်မှ သပိတ်ကို ယူ၍ မြေ၌ချပြီးလျှင် ဆွမ်းနှင့်တကွ နင်း၍ ခြေဖြင့်ခတ်လျက် မှုန့်မှုန့်ညက်ညက်ကြေသည်ကိုပြုလေ၏။ ပစ္စေကဗုဒ္ဓါ သည် ဤသတ္တဝါသည် စင်စစ် ပျက်စီးခဲ့ပြီတကား ဟု မင်းသား၏ မျက်နှာကို ကြည့်၏။ မင်းသားသည် ရဟန်း- သင်သည် ငါ့အား အမျက်ထွက်၍ မျက်စိကို့ကိုဘွင့်၍ ကြည့်သလော၊ ငါသည် အမည် အားဖြင့် ဒုဌကုမာရမည်သော ကိတဝါသမင်း၏သားတည်းဟူ၍ဆိုဏ်။ ပစ္စေကဗုဒ္ဓါသည် ကွဲသော သပိတ်ရှိသည်ဖြစ်၍ ကောင်းကင်ဖြင့် နန္ဒ မူလက လိုဏ်သို့လျှင် ပြန်ကြွ၏။ ထိုခဏ၌လျှင် အိမ်ရှေမင်း၏ မကောင်းမှုကံသည် ရင့်၏။ အိမ်ရှေမင်းသည် လောင်၏ လောင်၏ဟု ဆိုဏ် ကိုယ်၌ဖြစ်သော လောင်ခြင်းရှိသည်ဖြစ်၍ ထိုအရပ်၌လျှင်လည်း ၏။ ထိုအရပ်၌ အလုံးစုံသော ရေသည်ပြတ်၏၊ မြောင်းတို့သည်လည်း ခြောက်ကုန်၏။ ထိုမင်းသားသည် ရေကိုမရ၍ ထိုအရပ်၌လျှင် သေ၏။ အဝီစိသို့ ကျလေ၏။ ဤသို့ မောဟဖြင့် ကွေဝေသော အပြစ်ကို မသိ သော ထိုမင်းသားသည် ဒေါသသည် ဖျက်ဆီးအပ်သည်ဖြစ်၍ အမျက် မထွက်အပ်သော ပစ္စေကဗုဒ္ဓါအား အမျက်ထွက်၍ တဒင်္ဂမျှဖြင့်လည်း မဝယ်မူ၍ ကြီးစွာသော ဆင်းရဲကိုရ၏။ [ဒုကနိပါတ်သတ္တမဝဂ်ခမ္မ ဓဇဇာတ် အဌကထာလာ ဒုဌကုမာရဝတ္ထု]။

၂၂၀-တဏ္ဍာဝသိကမင်းဝတ္ထု

ဤသို့ ထိုသူတို့သည် တဒင်္ဂမျှလည်း မစွန့်ကုန်မူ၍ ဆင်းရဲကို ရကုန် ၏။ စွန့်ကုန်သော သူတို့သည်ကား ချမ်းသာကို ရကုန်၏။ ထိုစကား၌ ဆိုလတ္တံ့သည်ကား ဝတ္ထုတည်း။ ။လွန်လေပြီးသောအခါ ဗာရာဏသီ မင်းအား နှစ်ယောက်ကုန်သောသားတို့သည် ဖြစ်ကုန်၏။ထိုနှစ်ယောက် ကုန်သော သားတို့တွင် သားကြီးသည် အိမ်ရှေမင်းဖြစ်၍ အဘသေ လွန်ထတ်သော် မင်း၏အဖြစ်ကိုအလိုမရှိသည်ဖြစ်၍ ညီအားပေးလျက်

ပစ္စုန်္ဓရစ်သို့ သွားပြီးလျှင် တဦးသော သေဋ္ဌေးမျိုးကိုဖြစ်၍ ဒိဗ္ဗလက်ဖြင့် အမှုကိုလုပ်၍ အသက်မွေးခြင်းကို ပြု၏။ နောက်ဘုံတို့၌ သေဋ္ဌေးသည် ထိုသူ၏မင်းသားအဖြစ်ကိုသိ၍အမှုလုပ်စဉ်သောဌါ မပေးမူ၍မင်းသား တို့အား လုပ်ကျွေးသော နည်းဖြင့်လျှင် ထိုမင်းသားကို လုပ်ကျွေး၍ နောက်အဘို့၌ ထိုမင်းသားကို အရှင့်သား အကျွန်ုပ်တို့သည် အရှင့်သား တို့ကို လုပ်ကျွေးကုန်အံ့၊ ညဉ့်တော်အား အလွှာကိုစေ၍ အကျွန်ုပ်တို့၏ အခွန်ကို ဆောင်ကုန်လော့ဟု ဆို၏။ မင်းသားသည် သေဋ္ဌေးဆိုတိုင်းပြု၏။မင်းသည် ကောင်းပြီဟု ဆို၍ ရှာနေ သေဋ္ဌေးအား အခွန်ကိုလွှတ်၏။ ထိုအခါ မင်းသားကို အလုံးစုံကုန်သော ရွာသားတို့သည်လည်း အရှင့်သား အကျွန်ုပ်တို့လည်း အရှင်မင်းသားတို့အား အခွန်ကို ပေးကုန်၏။ အကျွန်ုပ်တို့အားလည်း အခွန်ကိုလွှတ်ပါစေကုန်လော့ဟု ဆိုကုန်၏။ ထိုမင်းသားသည် ထိုအလုံးစုံကုန်သော ရွာသားတို့၏ အကျိုးငှါလည်း ညဉ့်တော်မင်းအား စာဆက်သ၏။ မင်းသည်လည်း နှောင်တော်စာ ဆက်သတိုင်း ထိုအလုံးစုံသော ရွာသားတို့ကို အခွန်ကို လွှတ်၏၊ ထိုသူတို့သည် ထိုအခါမှစ၍ ထိုမင်းသားအားသာလျှင် အခွန်ကို ပေးကုန်၏။ ထိုအခါ ထိုမင်းသားအား မျှားစွာသော လာဘ်သည် ဖြစ်၏။ ထိုမင်းသား၏ လောဘသည်လည်း ပွါးမျှားသည်ဖြစ်၏။ ထိုမင်းသားသည် နောက်အဘို့၌ အလုံးစုံသော ထိုဇနပုဒ်ကိုလည်း တောင်း၏။ အိမ်ရှေမင်း အဖြစ်ကိုလည်း တောင်း၏။ ညဉ့်တော် မင်းသည်လည်း နှောင်တော်တောင်းတိုင်း ပေးသလျှင် ကတည်း။ ထိုမင်းသားအား ပွါးသော တဏှာ လောဘ ရှိသည်ဖြစ်၍ အိမ်ရှေမင်း၏ အဖြစ်သည်လည်း မရောင့်ရဲသည်ဖြစ်၍ မင်း၏အဖြစ်ကို ယူအံ့ဟု လူအပေါင်း ခြံရုံလျက် မြို့ပတ်ရပ်နေ၍ ငါ့အား မင်း၏အဖြစ်ကိုတည်း ပေးမည်လော၊ စစ်တည်း ထိုးမည်လောဟု စာပေး၏။ ညဉ့်တော်သည် ဤသူမိုက်ကား ရှေး၌ မင်း၏အဖြစ်ကိုလည်း ပယ်၍ ယခု စစ်ထိုးသဖြင့် ယူလို၏၊ အကယ်၍ ငါသည် ဤသူမိုက်ကို စစ်ထိုးသဖြင့် သတ်အံ့ ငါ့အား၌ရှိရဲ အပ်သော အဖြစ်သည်ဖြစ်လတ္တံ့၊ ငါ့အား မင်း၏အဖြစ်ဖြင့် အဘယ်မှုအံ့နည်းဟု ကြံ၍ ထိုအစ်ကိုအား မင်း၏အဖြစ်ကိုပေး၏၊ ထိုအစ်ကိုမင်းသားသည် မင်းအဖြစ်ကို ယူ၍ ညဉ့်တော်အား အိမ်ရှေမင်း၏ အဖြစ်ကို ပေး၏။ တဏှာ၏အလိုသို့ လိုက်သည်ဖြစ်၍ ဟပြည်ဆောင်နှင့် မရောင့်

ရဲသည်ဖြစ်၍ နှစ်ပြည်ထောင် သုံးပြည်ထောင် တို့ကို တောင့်တ၍ တဏှာ၏ အစွမ်းကို မမြင်။ ထိုအကြောင်းကိုသိ၍ သိကြားမင်းသည် ထိုမင်းကို သိစေလိုသည်ဖြစ်၍ လုလင်၏အသွင်ဖြင့် ထိုမင်းအထံသို့ ချဉ်းကပ်၍ မြတ်သောမင်းကြီး ကျွန်ုပ်သည် ပွင့်လင်းစည်ပင်ကုန်သော သုံးပြည်ထောင်တို့ကို ကျွန်ုပ်၏ ကိုယ်စွမ်းအားဖြင့် သိမ်း၍ သင်မင်း ကြီးအား ထိုသုံးပြည်ထောင်တို့၌ မင်း၏အဖြစ်ကိုယူပေးအံ့၊ကြာမြင့်ခြင်း ကို မပြုမူ၍ လျင်စွာသွားခြင်းငှါ သင့်၏ဟု ဆို၍ ပိပိနေရာတာဝတိံသာ သို့လျှင်သွား၏။ လောဘ၏နိုင်ငံသို့ လိုက်သောမင်းသည် ကောင်းပြီဟု ဆိုလိုက်၏။ သိကြား၏အာနုဘော်အားဖြင့် သင်သည်ကား အဘယ်သူ နည်း အဘယ်မှလာသနည်းဟု မေးခြင်းငှါ မတတ်နိုင်သလျှင်ကား တည်း။ မင်းသည် အမတ်တို့ကိုခေါ်စေ၍ အမတ်တို့အား ထိုအကြောင်း ကြားရ၏။အမတ်တို့သည် အလုံးစုံသောမြို့၌ စုံစမ်းကုန်လတ်သော် ထိုလုလင် ကို မမြင်ကုန်၊မင်းသည်နှလုံးမသာယာသည်ဖြစ်၍ သုံးပြည်ထောင်တို့၌ မင်း၏ အဖြစ်သည် ပျက်စီး၏၊ ငါသည် ကြီးစွာသော စည်းစိမ်မှ ယုတ်၏ဟု အဘန်တလဲလဲကြွေး၏။ ထိုအခါ လောဘနိုင်ငံသို့လိုက်သော ထိုမင်း၏ ကိုယ်၌ ပူခြင်းသည်ဖြစ်၏။ ကိုယ်ပူသည်ရှိသော် ဝမ်းကို ချောက်ချားစေ၍ သွေးသွန်သော အနာသည် ဖြစ်၏။ တလုံးသော ဝမ်းသွေးခံဇိုးကို သွင်းရ၏။တလုံးသော ဝမ်းသွေးခံဇိုးကို ထုတ်ရ၏။ ဆေးသမားတို့သည် မတတ်နိုင်ကုန်၊ ထိုအခါ ဘုရားလောင်းသည် တက္ကသိုလ်မှ အတတ်တို့ကိုသင်၍ ဗာရာဏသီ၌ အမိအဘတို့၏အထံသို့ လာ၍ မင်း၏ အကြောင်းကို ကြားလျှင် မင်းကိုဆေးကုလို၍ မင်း၏ အထံသို့ ဆည်းကပ်၍ ရောဂါ၏ အကြောင်းကိုမေး၏။ မင်းသည် အမောင်-ငါ၏ အနာသည် တဏှာကိုမှီ၍ ဖြစ်၏။ ကုစားအံ့သောငှါ အကယ်၍ တတ်နိုင်လျှင် ကုစားလော့ဟု ဆို၏။ မြတ်သောမင်းကြီး ဘိုးရိမသဖြင့် ထိုသုံးပြည်ထောင်တို့ကို ရခြင်းငှါ တတ်နိုင်ပါမည်လောဟု ဘုရားလောင်းသည် မေး၏။ အမောင်-မတတ်နိုင်ဟု မင်းသည်ဆို၏။ ဘုရားလောင်းသည် မြတ်သောမင်းကြီး ဘိုးရိမသဖြင့် ရခြင်းငှါမဟတ် ကောင်းသော် အဘယ်ကြောင့် ဘိုးရိမသနည်း။ ထိုစကားသည် သင့်၏၊ ကိုယ်ကိုအစပြု၍ အလုံးစုံသာလျှင် ဖြစ်သော သဝိညာဏကဝတ္ထု အဝိညာဏဟ ဝတ္ထုသည် စွန့်၍ သွားရ အံ့သော သဘော ရှိ၏။

လေးပြည်ထောင်တို့၌ မင်း၏ အဖြစ်ကို ယူ၍လည်း ရှင်မင်းကြီး တပြိုင်နက်လျှင် လေးခုကုန်သော ထမင်းပွဲတို့ကို မစားလတ္တံ့။ လေးခုကုန်သော အိပ်ရာတို့၌ မအိပ်လတ္တံ့။ လေးခုကုန်သော ပုဆိုးစုတို့ကို မဝတ်လတ္တံ့။ တဏ္ဍာ၏ နိုင်ငံသို့ လိုက်ခြင်းငှါမသင့်၊ ထိုစကားသည် မှန်၏၊ ဤတဏ္ဍာသည်ကား ပွါးလတ်သည်ရှိသော် လေးပါးကုန်သော အပါယ်တို့မှ လွတ်စိမ့်သောငှါ မပေးဟုဆို၍ ထိုမင်းအား ကာမဇာတ်၌ ကာမံကာမယမာနဿ အစရှိကုန်သော ရှစ်ဂါထာတို့ဖြင့် တရားဟော၏။ ထိုသို့တရားကိုနာ၍ မင်းသည် တဒင်္ဂ၏ အစွမ်းအားဖြင့် တဏ္ဍာကိုပယ်၍ ရောဂါကင်းသည်ဖြစ်လျှင် သင်၏ ဟောအပ်ကုန်သော ရှစ်ဂါထာတို့သည် တထောင်စီထိုက်ကုန်၏ဟုဆို၍ထိုဘုရားလောင်းကို ရှစ်ထောင်တို့ဖြင့် ပူဇော်၏။ ဘုရားလောင်းသည်ကား မင်းအား တရားဟောစဉ်လျှင် မင်း၏ ထီးဖြူ၌ ဩဒါတကသိုဏ်းချာန်ကို ဖြစ်စေ၍ ဝိက္ခမ္ဘနဏ် အစွမ်းအားဖြင့် ရာဂကိုပယ်၍ တစုံ တခုကိုမျှ မယူမူ၍လျှင် မြတ်သောမင်းကြီး မမေ့မလျော့သည် ဖြစ်၍ တရားကို ကျင့်လော့ဟုဆုံးမ၍ ကောင်းကင်ဖြင့် ဟိမဝန္တာသို့ ပြန်သွား၍ မယုတ်သောချာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့လား၏။ ။[တဏ္ဍာဝသိကမင်း၏ဝတ္ထု]။

၃၈-ခေမ မင်္ဂလာ

၂၂၁-ခေမ မင်္ဂလာကို မြခြင်း

ထိုကြောင့် လောဘအစရှိသည်တို့ကို ပယ်ခြင်းငှါ ကျင့်အပ်၏။ ထိုစကားသည်သင့်၏၊ ဤသို့ ကျင့်သောသူသည် မြူကင်းသော စိတ်ကို ရခြင်းငှါ စွမ်းနိုင်၏။ ထိုကြောင့် မြတ်စွာဘုရားသည် -

ယောစ လောဘံ ပဟတ္ဝီာန၊ လောဘနေယျေ နလုဗ္ဘတိ။
လောဘော ပဟိယျတေ တမှာ၊ ဥဒဗိန္ဒူဝ ပေါက္ခရာ။
ယောစ ဒေါသံ ပဟတ္ဝီာန၊ ဒေါသနေယျေ နဒုဿတိ။
ဒေါသော ပဟိယျတေ တမှာ၊ တာလပဏ္ဍံဝ ဗန္ဓနာ။
ယောစ မောဟံ ပဟတ္ဝီာန၊ မောဟနေယျေ နမုယ္ဟတိ။
မောဟံ ဝိဟန္တီ သော သဗ္ဗံ၊ အာဒိစ္စော ဂူဒယံ တမံ။

ဟူ၍ ဟောတော်မူ၏။

ယောစ၊ အကြင်သူသည်လည်း။ လောဘံ၊ လောဘကို။ ပဟဇ္ဇိုဝန၊ ရှေးအတ္ဒိ၌ တဒင်္ဂဝိကွမ္ဘန၏ အစွမ်းအားဖြင့် ထိုက်သည့်အားလျော်စွာ သမထဝိပဿနာတို့ဖြင့် ပယ်၍။ လောဘနေယျေ၊ တပ်စွန်းဘွယ်သော အာရုံ၌။နလုဇ္ဇတိ၊မတပ်စွန်း။ ပေါကွရာ၊ကြာရွက်မှ။ဥဒဗိန္ဒု၊ရေပေါက် သည်။ ပဟိယျတိဏ္ဍဝ၊ ကင်းသကဲ့သို့။ တမှာ၊ ထိုသူမှ။ လောဘော၊ လောဘသည်။ ပဟိယျတေ၊စင်စစ်ကင်း၏။ ။ယောစ၊အကြင်သူသည် လည်း။ ဒေါသံ၊ဒေါသကို။ ပဟဇ္ဇိုဝန၊ ရှေးအတ္ဒိ၌ တဒင်္ဂဝိကွမ္ဘန၏ အစွမ်းအားဖြင့် ထိုက်သည်အားလျော်စွာသမထဝိပဿနာတို့ဖြင့်ပယ်၍။ ဒေါသနေယျေ၊ အမျက်ထွက်ဘွယ်ရှိသောအာရုံ၌။ နဒုဿတိ၊ အမျက် မထွက်။တာလပဏ္ဍံ၊ထန်းသီးမှည့်သည်၊ဗန္ဓနာ၊အညွှာမှ။ပဟိယျတိဏ္ဍဝ၊ ကင်းသကဲ့သို့။ တမှာ၊ ထိုသူမှ။ ဒေါသော၊ ဒေါသသည်။ ပဟိယျတေ၊ ကင်း၏။ ။ယောစ၊အကြင်သူသည်လည်း။မောဟံ၊မောဟကို။ပဟဇ္ဇိုဝန၊ ရှေးအတ္ဒိ၌ တဒင်္ဂဝိကွမ္ဘန၏ အစွမ်းအားဖြင့် ထိုက်သည် အားလျော်စွာ သမထဝိပဿနာတို့ဖြင့်ပယ်၍၊ မောဟနေယျေ၊ တွေဝေဘွယ် ရှိသော အာရုံ၌။ နမုယှတိ၊ မတွေဝေ။ ဥဒယံ၊ တက်လတ်သော။ အာဒိစ္စော၊ နေမင်းသည်။ တမံ၊ အမိုက်ကို။ ဝိဟနတိဏ္ဍဝ၊ ဖျောက်သကဲ့သို့။ သော၊ ထိုသူသည်။ သဗ္ဗံ၊ အလုံးစုံသော။ မောဟံ၊ မောဟကို။ ဝိဟန္တိ ဝိဟနတိ၊ အရဟတ္တမင်္ဂဖြင့်ဖြတ်၏။

လေးပါးကုန်သော ယောဂတို့ဖြင့် ဘေးကင်းသောစိတ်သည် ခေမ မည်၏။ ယောဂတို့သည် လောဘဒိဋ္ဌိ မောဟတို့၏ အစွမ်းအားဖြင့် သုံးပါးတို့သည်သာသျှင် အကယ်၍ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ကုန်သော် လည်း ထိုယောဂတို့သည် ကာမရာဂ အစရှိသော အမည်အားဖြင့် လေးပါးဖြစ်ကုန်၏။ ထိုယောဂ၏ ဝိဂြိုဟ်အစရှိသည်ကိုကား-

ဝဋ္ဌသ္မိံ ယောဇေန္တီတိ ယောဂါ။ ပဉ္စကာမဂုဏိကော ရာဂေါ ကာမယောဂေါ။ ရူပါရူပဘဝေသု ဆန္ဒရာဂေါ ဘဝယောဂေါ။ တထာ ဗျာနနိကန္တီ သဿတဒိဋ္ဌိသဟဂတောစ ရာဂေါ။ ဒွါသဋ္ဌိ ဒိဋ္ဌိကော ဒိဋ္ဌိယောဂေါ။ စတူသု သစ္စေသု အညာဏံ အဝိဇ္ဇာ ယောဂေါ၊ ကာမေသုဝါ ယောဇေတီတိ ကာမ ယောဂေါ။ ဘဝေသု ယောဇေတီတိ ဘဝယောဂေါ။ ဒိဋ္ဌိသု

ယောဇေတိတိ ဒိဋ္ဌိယောဂေါ။ အဝိဇ္ဇာယ ယောဇေတိတိ အဝိဇ္ဇာယောဂေါ။ ဇတံ ဟေဋ္ဌာ ဝုတ္တမ္မောနံ အဓိဝစနံ။

ဟူ၍ စတုက္က အဂိုတ္တိုရ် ပထမပဏ္ဏာသက ပထမဝဂ် ဒသမသုတ် အဋ္ဌကထာ၌ ဆိုဏ်။

ယေမ္မော၊ အကြင်တရားတို့သည်။ ဝဋ္ဌသို့၊ ဝဋ်၌။ ယောဇေန္တိ၊ ယှဉ်တတ်ကုန်၏။ ဣတိတသ္မာ၊ထိုကြောင့်။တေမ္မော ထိုတရားတို့သည်။ ယောဂါ၊ ယောဂမည်ကုန်၏။ ပဉ္စကာမဂုဏ်ကော၊ ငါးပါးသော ကာမဂုဏ်၌ ယှဉ်သော။ ရာဂေါ၊ ရာဂသည်။ ကာမယောဂေါ၊ ကာမယောဂမည်၏။ ရူပါရူပဘဝေသု၊ ရူပဘဝအရူပဘဝတို့၌။ ဆန္ဒရာဂေါ၊ တပ်စွန်းသော ရာဂသည်။ ဘဝယောဂေါ၊ ဘဝယောဂမည်၏။ ဈာနနိကန္တိစ၊ ဈာန်၌ တပ်စွန်းခြင်းသည်ဝုင်း။ သဿတဒိဋ္ဌိသဟဂတော— ဘဝဒိဋ္ဌိသဟဂတော၊ ဘဝဒိဋ္ဌိနှင့်တကွဖြစ်သော။ ရာဂေါစ၊ရာဂသည်လည်းကောင်း။ တထာ၊ ထိုအတူ။ ဘဝယောဂေါ၊ ဘဝယောဂမည်၏။ ဒွါသဋ္ဌိဒိဋ္ဌိကော၊ ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိသည်။ ဒိဋ္ဌိယောဂေါ၊ ဒိဋ္ဌိယောဂမည်၏။ စတူသုသစ္စေသု၊ သစ္စာလေးပါးတို့၌။ အညာဏံ၊ မသိခြင်းသည်။ အဝိဇ္ဇာယောဂေါ၊ အဝိဇ္ဇာယောဂမည်၏။ ဝါ၊ တနည်းကား။ ယောမ္မော၊ အကြင်တရားသည်။ ကာမေသု၊ ကာမတို့၌။ ယောဇေတိ၊ ယှဉ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သောမ္မော၊ ထိုတရားသည်။ ကာမယောဂေါ၊ ကာမယောဂမည်၏။ ယောမ္မော၊ အကြင်တရားသည်။ ဘဝေသု၊ ဘဝတို့၌။ ယောဇေတိ၊ ယှဉ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သောမ္မော၊ ထိုတရားသည်။ ဘဝယောဂေါ၊ ဘဝယောဂမည်၏။ ယောမ္မော၊ အကြင်တရားသည်။ ဒိဋ္ဌိသု၊ ဒိဋ္ဌိတို့၌။ ယောဇေတိ၊ ယှဉ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သောမ္မော၊ ထိုတရားသည်။ ဒိဋ္ဌိယောဂေါ၊ ဒိဋ္ဌိယောဂမည်၏။ ယောမ္မော၊အကြင်တရားသည်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာ၌။ ယောဇေတိ၊ ယှဉ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သောမ္မော၊ ထိုတရားသည်။ အဝိဇ္ဇာယောဂေါ၊ အဝိဇ္ဇာယောဂမည်၏။ ဇတံ၊ ထိုကာမယောဂအစရှိသောအမည်သည်။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တမ္မောနံ၊ ဆိုအပ်ကုန်ပြီးသော တရားတို့၏။ အဓိဝစနံ၊ အမည်တည်း။

၂၂၂-ပါယာသိ ရာဇညဝတ္ထု

ကာမယောဂ ဘဝယောဂ အဝိဇ္ဇာယောဂ တို့၌ ဆိုအပ်ပြီးသော စကားကို လောဘ မောဟ တို့၌ ဆိုအပ်ပြီးသလျှင် ကတည်း။ ဒိဋ္ဌိ ယောဂ၌ ဆိုအပ်ပြီးသော စကားကိုကား အဂါရိယ ဝိနည်း၌ ဆိုအပ် ပြီးသလျှင်ကတည်း။ အကြင်သူသည် တဒင်္ဂ၏ အစွမ်းအားဖြင့်လည်း ဒိဋ္ဌိယောဂကိုစွန့်၏။ ထိုသူ၏စိတ်သည် ခေမမည်၏။ ထိုစကားသည် သင့်၏၊ ထိုစိတ်သည်လည်း မင်္ဂလာမည်၏။ ထိုစကား၌ ဤဆိုလတ္တံ့ သည်ကား ဝတ္ထုတည်း။ ။မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် သုတ်အဘိမေ္မာဝိနည်းကို သင်္ဂါယနာ တင်အံ့သောဌါရွေး၍ ယူအပ်ကုန်သော မဟာထေရ်တို့သည်လည်းကောင်း တပါးကုန်သော မထေရ်တို့သည်လည်းကောင်း ဝါကပ်သည် တိုင်အောင် မိမိမိမိတို့၏ ပရိသတ်နှင့်တကွ ထိုထိုအရပ်၌ နေကုန်လတ်သော် အရှင်ကုမာရ ကဿပသည် ငါးရာကုန်သော ရဟန်းတို့နှင့် တကွ သေတဗျမြို့သို့ရောက်၍ ရင်းတိုက်တော၌ နေ၏။ ထိုအခါပါယာသိ မည်သော အဘိသိက် မခံသေးသော မင်းသည် များစွာသော လူ အပေါင်းဖြင့် ခြံရံလျက် အရှင်ကုမာရ ကဿပမထေရ်၏ အထံသို့ ဆည်းကပ်၍ ပဋိသန္ဓာရကို ပြုလျက်နေ၍ လောကတပါးသည်မရှိ ဤသို့ အစရှိသည်ဖြင့် မိမိ၏မိစ္ဆာဒိဋ္ဌိကိုပြ၏။ထိုအခါ၌ ထိုပါယာသိမည်သော အဘိသိက် မခံသေးသော မင်းကို အရှင်ကုမာရ ကဿပမထေရ်သည် ဒီဃနိကာယ်မဟာဝင်္ဂ၏အဆုံးဖြစ်၍ ဖြစ်သော ပါယာသိသုတ်ကို ဟော၍ ထိုပါယာသိမည်သော အဘိသိက်မခံသေးသောမင်းကို ဘောက်ပြန်သော အယူမှကင်းစေ၍ကောင်းသောအယူ၏ပြည့်စုံခြင်း၌တည်စေ၏။ ထိုပါယာသိရာဇညသည် စင်ကြယ်သော အယူရှိသည်ဖြစ်၍ ရဟန်းပုဏ္ဏားသူဆင်းရဲ ခရီးသွား အစရှိကုန်သော သူတို့အား အလှူပေးလတ်သော် မပြတ်သော ဆန္ဒရှိသည်၏ အဖြစ်ကြောင့် ရန့်ရင်းသော အစားအဝတ်ကို ပေးလှူ၏။ ပအုံးရည်လျှင် အဘော်ရှိသော ဆန်ခွဲထမင်းကြမ်းသော အဝတ်တို့ကို လှူ၏။ ဤသို့ ပါယာသိရာဇညသည် မရှိမသေ အလှူကို လှူ၍ စုတေ၍ စတုမဟာရာဇ်၌ ဆိတ်ငြိမ်သော ကုတ္ကိုပင် ရောက်သော ငွေဖိမာန်၌ ဖြစ်၏။ ထိုပါယာသိရာဇည၏ ကိစ္စကြီးငယ်တို့၌မပြတ်ယှဉ်သော ဥတ္တရမည်သော လုလင်သည်ကား

အလှူ၌ လုံ့လပြု၏။ ထိုဥတ္တရ လုလင်သည် ရိုသေစွာ အလှူပေး၍ တာဝတိံသာ တဆဲ့ နှစ်ယူဇနာရှိသော ဗိမာန်၌ ဖြစ်၏။ အရှင် ဂဝမ္ပတိ မထေရ်သည်ကား ပကတိအားဖြင့် ရှေး၌ လေ့ကျက်ဘူး သည်၏ အစွမ်းအားဖြင့် နေ့၌ နေအံ့သောဌါ ကုတ္တိုပင်ရောက်သော ထိုဆိတ်ငြိမ်သော ဗိမာန်သို့လျှင် မပြတ်ကြွ၏။ ထိုဗိမာန်သည် အရှင် ဂဝမ္ပတိမထေရ်အား ချမ်းသာသော ဥတုရှိသတတ်၊ တနေ့သ၌ အရှင် ဂဝမ္ပတိ မထေရ်သည် ထိုဗိမာန်သို့ကြွ၍ ပါယာသိနတ်သားကိုမြင်၍ နတ်သား....သင်သည်ကား အဘယ်သူနည်းဟုမေး၏။ အရှင်ဘုရား.... ဤ ဗိမာန်၌ ဖြစ်သော ကျွန်ုပ်သည် ပါယာသိရာဇညတည်း ဟူ၍ နတ်သားသည် ဆို၏။ ပါယာသိရာဇည....သင်သည် မိန္ဆာအယူ ရှိသည် ဘောက်ပြန်သော အယူရှိသည်မဟုတ်တုံလော။အဘယ်ကြောင့် ဤ၌ဖြစ်သနည်းဟု အရှင်ဂဝမ္ပတိမထေရ်သည်မေး၏။ အရှင်ဘုရား.... အကျွန်ုပ်ကို အရှင်ကုမာရကဿပမထေရ်သည်မိန္ဆာအယူမှကြဉ်စေ၏။ ပုညကိရိယာ၌ အရိုအသေမရှိသည်၏ အဖြစ်ကြောင့်ကား ဆိတ်ငြိမ် သောဗိမာန်၌ အကျွန်ုပ်သည် ဖြစ်၏။ အရှင်ဘုရား.... အကျွန်ုပ်သည် တောင်းပန်ပါ၏။ လူ့ပြည်သို့ ရောက်သောကာလ၌ အကျွန်ုပ်၏ ပရိ သတ်အား ပါယာသိရာဇညသည် မရိုမသေအလှူပေး၍ ဆိတ်ငြိမ်သော ကုတ္တိုပင်ဗိမာန်၌ဖြစ်၏။ သင်တို့သည်ကား ရိုသေစွာ ကောင်းမှုတို့ကို ပြု၍ ထိုဗိမာန်၌ ဖြစ်ဗိမ့်သောဌါ စိတ်ကို ထားကြကုန်လော့ဟု ကြား တော်မူကုန်လော့ဟု နတ်သားသည် လျှောက်၏။ ဂဝမ္ပတိမထေရ် သည် ပါယာသိနတ်သားအားသနားသဖြင့် ပါယာသိနတ်သားမှာလိုက် တိုင်း ကြား၏။ ပါယာသိနတ်သား၏ အခြံအရံ တို့သည်လည်း ဂဝမ္ပတိ မထေရ်၏စကားကိုကြား၍ ဆိုတိုင်း စိတ်ကိုထား၍ ကောင်းမှုတို့ကိုပြု၍ ကုတ္တိုပင်ရောက်သောဗိမာန်၌ဖြစ်ကုန်၏။ ။[ဥတ္တရဝိမာနေသေရိသက ဝိမာနပါယာသိသုတ် အဌကထာတို့၌ လာသော ပါယာသိရာဇည ဝတ္ထု]။ ။ဤသို့ ပါယာသိရာဇညသည် မိမိ၏စိတ်ကို တဒင်္ဂ၏အစွမ်း အားဖြင့် ဒိဋ္ဌိယောဂမှ ကင်းသည်ကိုပြု၍ နတ်ပြည်၌ဖြစ်၏။ထိုကြောင့် ပါယာသိရာဇည၏ ထိုစိတ်သည်လည်း မင်္ဂလာမည်၏။

အောက်၌ ဆိုအပ်ပြီးသော နည်းဖြင့် ရဟန္တာမှ တပါးသော သူ၏ အသောက,ဝိရဇ,ခေမဟူသော သုံးပါးအပြားရှိသော စိတ်သည်လည်း

အကယ်၍ကား မင်္ဂလာ မည်၏၊ ထိုသို့မင်္ဂလာ မည်ငြားသော်လည်း ရဟန္တာမှ တပါးသောသူ၏ စိတ်သည် အခါခပ်သိမ်း စိုးရိမ်ခြင်း ကင်းသည်လည်း မဟုတ်၊ ရာဂ ဒေါသ မောဟ ဟူသော မြူကင်း သည်လည်း မဟုတ်၊ ယောဂ လေးပါး ဟူသော ဘေးကင်း သည်လည်း မဟုတ်၊ ရဟန္တာ၏ စိတ်သည်သာလျှင် အခါ ခပ်သိမ်း စိုးရိမ်ခြင်း ကင်းသည်လည်းဖြစ်၏။ ရာဂ ဒေါသ မောဟဟူသော မြူကင်းသည်လည်း ဖြစ်၏။ ယောဂ လေးပါး ဟူသော ဘေးကင်း သည်လည်း ဖြစ်၏။ ထိုကြောင့် အဋ္ဌကထာ ဆရာတို့သည် အသောက မည်သည်ကား ရဟန္တာ၏ စိတ်သည် သာလျှင်တည်း။ ထိုအတူ ရဟန္တာ၏ စိတ်သည်သာလျှင် ဝိရဇမည်၏ ခေမမည်၏။ ဤသို့ အမြတ်၏အစွမ်းအားဖြင့်ဆို၍ ထိုထိုစိတ်၏မင်္ဂလာမည်သည်၏အဖြစ်ကို ပြကုန်သော အဋ္ဌကထာဆရာတို့သည်-

ဇတံ တေန တေနာကာရေန တမှိ တမှိ ပဝတ္တိက္ခဏေ ဂဟေတွာ နိဒ္ဒိဋ္ဌဝသေန တိဝိဓမ္ပိ အပ္ပ ဝတ္တက္ခန္ဓတာဒိ လောကုတ္တမဘာဝါဝဟနတော အာဟုနေယျာဒိဘာဝါဝဟန တောစ မင်္ဂလန္တိ ဝေဒိတဗ္ဗံ။

ဟူ၍ ဆိုအပ်၏။

တေနတေနာကာရေန၊ ထိုထိုသော အခြင်းအရာဖြင့်။ တမှိတမှိပ ဝတ္တိက္ခဏေ၊ ထိုထိုဖြစ်သောခဏ၌။ ဇတံ၊ ထိုစိတ်ကို။ ဂဟေတွာ၊ ယူ၍။ နိဒ္ဒိဋ္ဌဝသေန၊ ပြအပ်သည်၏ အစွမ်းအားဖြင့်။ တိဝိဓမ္ပိ၊ သုံးပါး အပြားရှိ သော စိတ်သည်လည်း။ အပ္ပဝတ္တက္ခန္ဓတာဒိလောကုတ္တမဘာဝါဝဟန တော၊ ဘဝသစ်၌ ဥပါဒိဏ္ဏကဝင်္ဂ၏ မဖြစ်သည်၏ အဖြစ် ဈဋ္ဌာရုံ အနိဋ္ဌာရုံ၌ သည်းခံသည်၏အဖြစ် လောကထက် မြတ်သည်၏အဖြစ်ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ အာဟုနေယျာ ဒိဘာဝါဝဟနတောစ၊ အဝေးမှဆောင်၍ လှူအပ်သော အလှူဝတ္ထုကို ခံထိုက်သည်၏အဖြစ်အစရှိသည်ကို ဆောင်တတ်သည်၏အဖြစ်ကြောင့် လည်းကောင်း။ မင်္ဂလံ၊ မင်္ဂလာမည်၏။ ဈတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။ဤအဋ္ဌကထာ၌ အပ္ပဝတ္တက္ခန္ဓဘာဝမည်သည်ကား ဘဝ သစ်၌ ဥပါဒိဏ္ဏကဝင်္ဂ၏ မဖြစ်ခြင်းတည်း။ ထိုစကားသည် သင့်၏။ အဋ္ဌသာလိနီ၌-

ဈန္ဆာသယ ၁၅၅-၉၉

သစေအရဟတော အရဟတ္တမဂ္ဂေါ အဘာဝိတော ဘဝိသာတိ။ ရူပါရူပဘဝေသု ဥပါဒိဏ္ဏကဝဋ္ဋံ ပဝတ္တေယျ။ ကသ္မာ၊ တဿ ပဝတ္တိယာ ဟေတူနံ အတ္ထိတာယ။ ရူပရာဂေါ အရူပရာဂေါ မာနော ဥဒ္ဓစ္စံ အဝိဇ္ဇာ မာနာနုသယော ဘဝရာဂါနုသယော အဝိဇ္ဇာနုသယောတိ ဣမေပန အဋ္ဌကိလေသေ သောမဂ္ဂေါ ဥပ္ပဇ္ဇမာနော သမုဆ္ဆါဋေတိ။ ဣဒါနိ ကုတော ခီဏာသဝဿ ပုနဗ္ဘဝေ ဥပါဒိဏ္ဏကဝဋ္ဋံ ဘဝိဿတိ။ ဇဝံ အရဟတ္တမဂ္ဂေါ ဥပါဒိဏ္ဏကဝဋ္ဋအပ္ပဝတ္တံ ကုရုမာနော ဥပါဒိဏ္ဏကတောဝုဋ္ဌာတိ။ ဟူ၍ ဆိုအပ်၏။

အရဟတော၊ ရဟန္တာအား။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်သည်။အဘာဝိတော၊ မပွါးစေအပ်သည်။သစေဘဝိဿတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ရူပါရူပဘဝေသု၊ ရူပဘဝ အရူပဘဝတို့၌။ ဥပါဒိဏ္ဏကဝဋ္ဋံ၊ ဥပါဒိဏ္ဏကဝဋ်သည်။ ပဝတ္တေယျ၊ ဖြစ်ရာ၏။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ တဿ၊ ထိုဥပါဒိဏ္ဏကဝဋ်၏။ ပဝတ္တိယာ၊ ဖြစ်ခြင်း၏။ ဟေတူနံ၊ အကြောင်းတို့၏။ အတ္ထိတာယ၊ ရှိသည်၏အဖြစ်ကြောင့်တည်း။ ရူပရာဂေါ၊ ရူပရာဂ။ အရူပရာဂေါ၊ အရူပရာဂ။ မာနော၊ မာန။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စ။ အဝိဇ္ဇာ၊ အဝိဇ္ဇာ။ မာနာနုသယော၊ မာနာနုသယ။ ဘဝရာဂါနုသယော၊ ဘဝရာဂါနုသယ။ အဝိဇ္ဇာနုသယော၊ အဝိဇ္ဇာနုသယ။ ဣတိဣမေပနအဋ္ဌကိလေသေ။ ရှစ်ပါးကုန်သော ဤကိလေသာတို့ကိုကား။ သောမဂ္ဂေါ၊ ထိုအရဟတ္တမဂ်သည်။ ဥပ္ပဇ္ဇမာနောဝ၊ ဖြစ်လျက်လျှင် သမုဆ္ဆါဋေတိ၊ ဖြတ်၏။ဣဒါနိ၊ယခုအခါ၌။ ခီဏာသဝဿ၊ ရဟန္တာအား။ ပုနဗ္ဘဝေ၊ ဘဝသစ်၌။ ဥပါဒိဏ္ဏကဝဋ္ဋံ၊ ဥပါဒိဏ္ဏကဝဋ်သည်။ ကုတောဘဝိဿတိ၊ အဘယ်မှာ ဖြစ်လတ္တံ့နည်း။ ဇဝံ၊ ဤသို့။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်သည်။ ဥပါဒိဏ္ဏကဝဋ္ဋအပ္ပဝတ္တံ၊ ဥပါဒိဏ္ဏကဝဋ်၏ မဖြစ်ခြင်းသည်။ကုရုမာနော၊ ပြုလျက်။ ဥပါဒိဏ္ဏကတော၊ ဥပါဒိဏ္ဏကမှ။ ဝုဋ္ဌာတိ၊ ထ၏။ ။သည်းခံသည်၏ အဖြစ်ကိုကား—

ကထံ အရဟာ ဣဋ္ဌာနိဋ္ဌေတာဒီတိ။ အရဟာ လာဘေပိ တာဒိ အလာဘေပိ ယသေပိ အယသေပိ ပသံသာယပိ သုခေပိ ဒုက္ခေပိ တာဒိ၊ ဧကေဉ္စေ ဗာဟံ ဂန္ဓေန လိမ္ပေယျုံ။ ဧကေဉ္စေ

ဗာဟံ ဝါသိယာ တန္ဆေယျုံ။ အမုသ္မိံ နတ္ထိ ရာဂေါ။ အမုသ္မိံ နတ္ထိ ပဋိဃံ။ အနုနယ ဝိပ္ပဟီနော ဥန္ဒါဋိနိန္ဒါဝိတိဝတ္တော အနုရောဓ ဝိရောဓ သမတိက္ကန္တော။ ဧဝံ အရဟာ ဣဋ္ဌာ-နိဋ္ဌေ တာဒိ။

ဟူ၍ ပမတ္တကသုတ္တနိဒ္ဒေသ၌ အရှင်သာရိပုတ္တရာသည် ဟောတော်မူအပ်၏။

အရဟာ၊ ရဟန္တာသည်။ ဣဋ္ဌာနိဋ္ဌေ၊ ဣဋ္ဌာရုံအနိဋ္ဌာရုံ၌။ကထံတာဒိ၊ အဘယ်သို့ သည်းခံသနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။အရဟာ၊ရဟန္တာသည်။လာဘေပိ၊ပစ္စည်းလေးပါးတို့ကိုရခြင်း၌လည်း။တာဒိ၊သည်းခံ၏။အလာဘေပိ၊ ပစ္စည်းလေးပါးတို့ကို မရခြင်း၌လည်း။တာဒိ၊သည်းခံ၏။ ယသေပိ၊ အခြံအရံနှင့် ပြည့်စုံခြင်း၌လည်း။ တာဒိ၊သည်းခံ၏။အယသေပိ၊ အခြံအရံနှင့် မပြည့်စုံခြင်း၌လည်း။တာဒိ၊ သည်းခံ၏။ ပသံသာယပိ၊ ချီးမွမ်းခြင်း၌လည်း။ တာဒိ၊သည်းခံ၏။နိန္ဒာယပိ၊ကဲ့ရဲ့ခြင်း၌လည်း။တာဒိ၊သည်းခံ၏။သုခေပိ၊ကာယိကသုခ၌လည်း တာဒိ၊ သည်းခံ၏။ ဒုက္ခေပိ၊ ကာယိကဒုက္ခ၌လည်း။ တာဒိ၊သည်းခံ၏။ ဧကံဗာဟံ၊မောင်းတဘက်ကို။ဂန္ဓေန၊နံ့သာဖြင့်။စေလိမ္ဂေယျုံ၊အကယ်၍ လိမ်းကုန်ငြားအံ့။ ဧကံဗာဟံ၊ မောင်းတဘက်ကို။ ဝါသိယာ၊ ပဲခွပ်ဖြင့်။ စေတန္ဆေယျုံ၊အကယ်၍ရွေကုန်ငြားအံ့။အမုသ္မိံ၊ဤနံ့သာဖြင့်လိမ်းခြင်း၌။ရာဂေါ၊ချစ်ခြင်းသည်။နတ္ထိ မရှိ။အမုသ္မိံ၊ဤပဲခွပ်ဖြင့်ရွေခြင်း၌။ပဋိဃံ၊ အမျက်ထွက်ခြင်းသည်။ နတ္ထိ၊မရှိ။ အနုနယဝိပ္ပဟီနော ချစ်ခြင်းကိုပယ်၏။ဥန္ဒါဋိနိန္ဒါဝိတိဝတ္တော၊ ချစ်ခြင်း၏အစွမ်းအားဖြင့် ချီးမြှောက်ခြင်း အမျက်ထွက်ခြင်း၏ အစွမ်းအားဖြင့် နှိပ်စက်ခြင်းကိုလွန်၏။ အနုရောဓ ဝိရောဓသမတိက္ကန္တော၊ ချစ်ခြင်း မုန်းခြင်းကို ကောင်းစွာ လွန်၏။ ဧဝံ၊ ဤသို့။ အရဟာ၊ ရဟန္တာသည်။ ဣဋ္ဌာနိဋ္ဌေ၊ ဣဋ္ဌာရုံအနိဋ္ဌာရုံ၌။ တာဒိ၊ သည်းခံ၏။

အာဟုနေယျောတိ အာဟူတိသခ်ါတံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေတုံ ယုတ္တော။ပါဟုနေယျောတိ ပါဟုနကဘတ္တသ အနုစ္ဆဝိကော။ ဒက္ခိဏေယျောတိ ဒသဝိဓဒါနဝတ္ထု ပရိစ္စာဂဝသေန သဒ္ဓါ ဒါနသခ်ါတာယ ဒက္ခိဏာယ အနုစ္ဆဝိကော၊ အဥ္ဇလိကရဏီ

ယောတိ အဥ္ဇလိပဂ္ဂဟဿ အနုစ္ဆဝိကော။အနုတ္တရံပုညက္ခေတ္တံ
လောကဿာတိ သဗ္ဗလောကဿ အသဒိသံ ပုညဝိရုဟနဋ္ဌာနံ။
[တိကအဂိုတ္တိုရ်ဒုတိယပဏ္ဏာသကအဋ္ဌကထာ]။

အာဟုနေယျောတိ၊ အာဟုနေယျောဟူသည်ကား။ အာဟူတိသခ်ါတံ၊ အပေးမှလည်း ဆောင်၍ လှူအပ်သည်၏အဖြစ်ကြောင့် အာဟု-ဟု ဆိုအပ်သော။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော ပစ္စည်းကို။ ပဋိဂ္ဂဟေတုံ၊ ခံအံ့သောဌါ။ ယုတ္တော၊ လျောက်ပတ်၏။ ပါဟုနေယျောတိ၊ ပါဟုနေယျော ဟူသည်ကား။ ပါဟုနကဘတ္တဿ၊ အရပ်မျက်နှာတို့မှ လာကုန်သော ချစ်အပ်သော နှလုံးကို ပွါးစေတတ်ကုန်သော အမျိုးအဆွေခင်ပွန်းတို့၏ အကျိုးဌါ အရိအသေပြုသောအားဖြင့် စီရင်အပ်သော အာဂန္တုကဘတ်အား။ အနုစ္ဆဝိကော၊လျော်၏။ ဒက္ခိဏေယျောတိ၊ ဒက္ခိဏေယျောဟူသည်ကား။ ဒသဝိဓဒါနဝတ္ထုပရိစ္စာဂဝသေန၊ ဆယ်ပါးအပြားရှိသော ဒါနဝတ္ထုကိုစွန့်သည်၏ အစွမ်းအားဖြင့်။ သဒ္ဓါဒါနသခ်ါတာယ၊ယုံကြည်၍ လှူအပ်သည်ဟု ဆိုအပ်သော။ဒက္ခိဏာယ၊ အလှူဝတ္ထုအား။ အနုစ္ဆဝိကော၊ လျော်၏။ အဥ္ဇလိကရဏီယောတိ၊ အဥ္ဇလိကရဏီယောဟူသည်ကား။ အဥ္ဇလိပဂ္ဂဟဿ၊လက်အုပ်ချီခြင်းအား။ အနုစ္ဆဝိကော၊လျော်၏။ အနုတ္တရံ ပုညက္ခေတ္တံလောကဿာတိ။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဟူသည်ကား။ သဗ္ဗလောကဿ၊ ခပ်သိမ်းသောလောက၏။အသဒိသံ၊ အတုမရှိသော။ပုညဝိရုဟနဋ္ဌာနံ၊ ကောင်းမှု၏ ရောက်ရာလယ်ဖြစ်၏။ ။သံဃာတော်တို့သည် အရပ်မျက်နှာတို့မှ လာကုန်သော ချစ်အပ်သော နှလုံးကို ပွါးစေတတ်ကုန်သော အမျိုးအဆွေခင်ပွန်းတို့၏ အကျိုးဌါ အရိအသေပြုသောအားဖြင့် စီရင်အပ်သော အာဂန္တုကဘတ်အား အဘယ်သို့ လျော်သနည်းဟူမူကား ထိုသို့သဘောရှိသော အာဂန္တုကဘတ်ကို ထိုသို့သဘောရှိကုန်သော ဇည့်သည်တို့ကိုထား၍ သံဃာအားသာလျှင်လှူခြင်းဌါလျော်၏။ သံဃာသည်သာလျှင် ထိုသို့သဘောရှိသော အာဂန္တုကဘတ်ကို ခံခြင်းဌါ ထိုက်၏။ထိုစကားသည်သင့်၏၊သံဃာနှင့်တူသော ဇည့်သည်သည် မရှိ။ ထိုကြောင့်လျှင် ဤသံဃာသည် ဘုရားတို့၏ တခုသော အကြားဖြစ်သောကာလကိုလွန်မှသာထင်၏။ရံခါကမ္ဘာအသင်္ချေယျကိုလွန်မှသာ ထင်၏။ ချစ်အပ်သည်၏အဖြစ် နှလုံးကိုပွါးစေတတ်သည်၏

အဖြစ်ကို ပြုတတ်ကုန်သော တရားတို့နှင့်လည်း ပြည့်စုံ၏။ ဤသို့ ထို အာဂန္တုကဘတ်ကို သံဃာအား လှူခြင်းငှါ လျော်၏။ သံဃာသည် လည်း ခံခြင်းငှါ လျော်၏။ ထို့ကြောင့် သံဃာသည် ပါဟုနေယျ မည်၏။ ဤစကားခွဲ ဤဆိုလတ္တံ့သည်ကား အဓိပ္ပါယ်တည်း။ ကွေကွင်း ကြကုန်သော အဆွေအမျိုး မိဘ ခင်ပွန်းတို့သည် မကြာမြင့်မီလျှင် ပေါင်းမိကုန်၏။ ထိုအဆွေအမျိုးခင်ပွန်းတို့ခွဲ ချစ်အပ်သည်၏အဖြစ် နှလုံးကို ပွါးစေတတ်သည်၏အဖြစ်သည်လည်း အမြဲမဟာည်။ဤ သံဃာ တော်သည်ကား ဤကဲ့သို့မဟုတ်။ ထို့ကြောင့် ဤသံဃာတော်သည် သာလျှင် ပါဟုနေယျ အာဂန္တုကဘတ်အား လျော်၏။ ဤကား အဓိပ္ပါယ်တည်း။ ။ထို အဋ္ဌကထာ၏ဒိုကာ။ ။ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် ထို့ရဟန္တာ၏စိတ်သည် ဘဝသစ်၌ ဥပါဒိယ်ကာ ဝဋ်၏ မဖြစ် ခြင်း အစဉ်သည်ကို ဆောင်တတ်သည်၏အဖြစ်ကြောင့် မင်္ဂလာမည်၏။ အသေကျွေနုံစတုစတ္တာလီသဟူ၍ ဆိုခြင်းကြောင့် သုံးဆဲ့သုံးပါးသော ကုသိုလ်အကုသိုလ်ဗဟ် အောက်ဖိုလ်သုံးခု ဝိထိမုတ် ကိုးပါးသော မဟဂ္ဂုတ် ဝိပါက်စိတ်တို့၏ အစွမ်း အားဖြင့် လေးဆဲ့ငါးပါးသော စိတ်သည် ကြဉ်အပ်ကုန်သော ကြွင်းကုန်သော ကာမဝိပါက် တဝိသ ကိရိယာဝိသ အရဟတ္တဖိုလ်တို့၏ အစွမ်းအားဖြင့် လေးဆဲ့လေးပါး ကုန်သော ဝိထိစိတ်တို့သည် ရဟန္တာအား အကယ်၍ ဟား ဖြစ်ကုန်၏၊ ထိုသို့ဖြစ်ကုန်သော်လည်း ဤတရားခွဲ နကမ္မတိ အသောကံ ဝိရဇံ ခေမံ ဟူ၍ ပေါတော်မူခြင်းကြောင့် အရဟတ္တဖိုလ်စိတ်ကိုသာလျှင်ရအပ်၏။ အကြင် အရဟတ္တဖိုလ်စိတ်နှင့် ပြည့်စုံသော ထို ရဟန္တာ၏ စိတ်ကို နတ်တို့သည်လည်း မြင်ခြင်းငှါ မတတ်နိုင်ကုန်။ ထို့စကားသည် မှန်၏၊ မြတ်စွာဘုရားသည် ဥဒါန်း၏ ဒုတိယဝဂ် ဘဒ္ဒိယသုတ်၌—

တံ ဝိဂတဘယံ သုခံ အသောကံ ဒေဝါ နာနုဘဝန္တိ ဒဿနာယ။
ဟူ၍ ပေါတော်မူ၏။

ဝိဂတဘယံ၊ကင်းပြီးသောဘေး၏ အကြောင်းရှိသော။ သုခံ၊ဝိဝေက သုခ အရဟတ္တဖလ သုခဖြင့် ချမ်းသာခြင်းရှိဆဲသော။ အသောကံ၊ ကင်းပြီးသော ဘေး၏ အကြောင်းရှိခြင်းကြောင့်လျှင် စိုးရိမ်ခြင်းမရှိ ဟသော။ တံ၊ ထို့ရဟန္တာကို။ ဒေဝါ၊ ပွါးစေအပ်ပြီးသော မဂ်ရှိ ကုန်သော၊ နတ်တို့ကိုထား၍ ခပ်သိမ်းကုန်သော ဥပပတ္တိ နတ်တို့

သည်လည်း။ ဒဿနာယ၊ စိတ်၏ ကျက်စားခြင်းဖြင့် ရှုသည်၏ အစွမ်း အားဖြင့် ရှုအံ့သောဌါ။ နာနုဘဝန္တီ၊ မစွမ်းနိုင်ကုန်။ မနုဿာ၊ လူတို့ သည်ကား။ပဂေဝ၊ အဘယ်မှာလျှင်စွမ်းနိုင်ကုန်အံ့နည်း။

ပုထုဇ္ဇနော စေတောပရိယဉာဏလာဘီ ပုထုဇ္ဇနာနံ ယေဝ စိတ္တံ ဇာနာတိ၊ နဲ အရိယာနံ။ အရိယေသုပိ ဟေဋ္ဌိမော ဥပရိမဿ စိတ္တံ နဇာနာတိ။ ဥပရိမော ပန ဟေဋ္ဌိမဿ ဇာနာတိ။ [ပါထိယဝဂ် သံပသာဒနီယသုတ် အဋ္ဌကထာ]။

စေတောပရိယ ဉာဏလာဘီ၊ စေတောပရိယ ဉာဏ်ကို ရသော။ ပုထုဇ္ဇနော၊ ပုထုဇ္ဇဉ်သည်။ ပုထုဇ္ဇနာနံယေဝ၊ပုထုဇ္ဇဉ်တို့၏ သာလျှင်။ စိတ္တံ၊စိတ်ကို။ ဇာနာတိ၊သိ၏။ အရိယာနံ၊ အရိယာတို့၏။ စိတ္တံ၊ စိတ်ကို။ နဇာနာတိ၊မသိ။ အရိယေသုပိ၊ အရိယာတို့တွင်လည်း။ ဟေဋ္ဌိမော၊ အောက်ဖြစ်သော အရိယာသည်။ ဥပရိမဿ၊ အထက် ဖြစ်သော အရိယာ၏။ စိတ္တံ၊ စိတ်ကို။ နဇာနာတိ၊ မသိ။ ဥပရိမောပန၊ အထက် ဖြစ်သော အရိယာ သည်ကား။ ဟေဋ္ဌိမဿ၊ အောက် ဖြစ်သော အရိယာ၏။ စိတ္တံ၊စိတ်ကို။ ဇာနာတိ၊သိ၏။

နအရိယာနန္တီ ယေန စိတ္တေန တေ အရိယာနာမ ဇာတာ၊ တံ လောကုတ္တရစိတ္တံ နဇာနာတိ။ ဥပရိမဿ စိတ္တံ နဇာနာတိ။ အပဋိပိဒ္ဓဘာဝတော။ ယဿာဟိ ပုထုဇ္ဇနော သဗ္ဗေသမ္ပိ အရိယ ပုဂ္ဂလာနံ လောကုတ္တရစိတ္တံ နဇာနာတိ အပဋိပိဒ္ဓတ္တာ။ ဧဝံ အရိယောပိ။ ဥပရိမောပန ဟေဋ္ဌိမဿ ဇာနာတိ၊ ပဋိပိဒ္ဓတ္တာတိ အဓိပ္ပါယော။ [သံပသာဒနီယသုတ်ဋီကာ]။

နအရိယာနန္တီ၊ နအရိယာနံဟူသည်ကား။ ယေနစိတ္တေန၊ အကြင် လောကုတ္တရာစိတ်ဖြင့်။ တေ၊ထိုပုဂ္ဂိုလ်တို့သည်။ အရိယာနာမ၊အရိယာ မည်ကုန်သည်။ ဇာတာ၊ ဖြစ်ကုန်၏။ တံ လောကုတ္တရစိတ္တံ၊ ထို လောကုတ္တရာစိတ်ကို။ ပုထုဇ္ဇနော၊ ပုထုဇ္ဇဉ်သည်။ နဇာနာတိ၊ မသိ။ ဟေဋ္ဌိမော၊ အောက်ဖြစ်သော အရိယာသည်။ အပဋိပိဒ္ဓဘာဝတော၊ ထိုးထွင်း၍ မသိသည်၏ အဖြစ်ကြောင့်။ ဥပရိမဿ၊ အထက် ဖြစ်သော အရိယာ၏။ စိတ္တံ၊စိတ်ကို။ နဇာနာတိ၊မသိ။ဟိပိတ္ထာရယိသမိ၊ချဲဦးအံ့။ ပုထုဇ္ဇနော၊ ပုထုဇ္ဇဉ်သည်။ အပဋိပိဒ္ဓတ္တာ၊ ထိုးထွင်း၍ မသိသည်၏ အဖြစ်ကြောင့်။ သဗ္ဗေသမ္ပိအရိယပုဂ္ဂလာနံ၊ခပ်သိမ်းကုန်သော အရိယာ

ပုဂ္ဂိုလ်ကို့၏လည်း။ လောကုတ္တရစိတ္တံ၊ လောကုတ္တရာစိတ်ကို။ နဇာနာတိယထာ၊ မသိသကဲ့သို့။ ဇဝံတထာ၊ ထိုအတူ။ အရိယောပိ၊အောက်ဖြစ်သော အရိယာပုဂ္ဂိုလ်သည်လည်း။ အပဋိပိဒ္ဓတ္တာ၊ ထိုးထွင်း၍ မသိသည်၏ အဖြစ်ကြောင့်။ ဥပရိမဿ၊ အထက်ဖြစ်သော အရိယာ၏။စိတ္တံ၊စိတ်ကို။ နဇာနာတိ၊မသိ။ ဥပရိမောပန၊ အထက်ဖြစ်သော အရိယာပုဂ္ဂိုလ်သည်ကား။ ပဋိပိဒ္ဓတ္တာ၊ ထိုးထွင်း၍ သိသည်၏ အဖြစ်ကြောင့်။ ဟေဋ္ဌိမဿ၊ အောက်၌ဖြစ်သော အရိယာ၏။ စိတ္တံ၊စိတ်ကို။ ဇာနာတိ၊သိ၏။ ဧုတိအယံ၊ဤသည်ကား။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။ ။ဤအနက်ကိုအဋ္ဌကထာကဏ္ဍ ပရိတ္တာရမ္မဏတိက် အဋ္ဌကထာ၌လည်းကြည့်အပ်၏။ ဤ–

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

ဟူသောဂါထာဖြင့် မတုန်မလှုပ်သောစိတ်, စိုးရိမ်ခြင်း မရှိသောစိတ်,ရာဂ ဒေါသ မောဟဟူသော မြူမရှိသောစိတ်, ယောဂ လေးပါးတို့ဖြင့် ဘေးမရှိသောစိတ်ဟူသော မင်္ဂလာလေးပါးကို ဟောတော်မူ၏။ ဒသမဂါထာ၏ အနက်အဘွင့်ပြီး၏။

မင်္ဂလာ နိဂုံး

၂၂၃–တောဒိသာနိ ဂါထာ၏အဓိပ္ပါယ်ကို ပြခြင်း

ဤသို့နတ်သားသည်မေးအပ်သောမြတ်စွာဘုရားသည် ပထမဒုတိယ ဆဋ္ဌဂါထာတို့၌ သုံးပါး သုံးပါးသော မင်္ဂလာ, တတိယ စတုတ္ထ ပဉ္စမ အဋ္ဌမ နဝမ ဒသမ ဂါထာတို့၌လေးပါး လေးပါးသောမင်္ဂလာ,သတ္တမ ဂါထာ၌ ငါးပါးသော မင်္ဂလာ၊ ဤသို့ ဆယ်ဂါထာတို့ဖြင့် သုံးဆဲ့ရှစ်ပါးသော မင်္ဂလာတို့ကို ချီးမွမ်းတော် မူလိုရကား တောဒိသာနိ အစရှိသော် ကောဒသမဂါထာကို ဟောတော်မူ၏။ ဤဂါထာဖြင့် မြတ်စွာဘုရားသည် မင်္ဂလသုတ်ဒေသနာတော်ကို ပြီးစေတော်မူ၏။ ဒေသနာတော်၏ အဆုံး၌ ကုဋ္ဌေတသိန်းကုန်သော နတ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ အောက်ဖိုလ်သုံးပါးသို့ ရောက်ကုန်သော နတ်တို့သည်ကား ရေတွက်ခြင်း၏လမ်းကို လွန်ကုန်၏။ ထိုခပ်သိမ်းကုန်သော

နတ်တို့သည်လည်း မြတ်စွာဘုရားကို ရိုသေစွာဓှိခိုး၍ ထိုအရပ်၌လျှင် ကွယ်ကုန်၏။ အဓှင်အာနန္ဒာမထေရ်သည်ကား ပြဿနာကိုမေးသော နတ်သားကိုသာလျှင် ရည်၍–

ဣဒမဝေါစ ဘဂဝါ။ အတ္တမနာ သာဒေဝတာ ဘဂဝတော ဘာသိတံ အဘိနန္ဒိတွာ ဘဂဝန္တံ အဘိဝါဒေတွာ တတ္ထေဝ အန္တရဓာယိ။

ဟူ၍ ဟောတော်မူ၏။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤ ဗဟူဒေဝါ မနုဿာစ အစဓှိသော မင်္ဂလသုတ်ကို။ အဝေါစ၊ ဟောတော်မူ၏။ သာ ဒေဝတာ၊ ထိုနတ်သားသည်။ အတ္တမနာ၊ ဝမ်းမြောက်လျက်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော တရားတော်ကို။ အဘိနန္ဒိတွာ၊ နှစ်သက်၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ ရိုသေစွာဓှိခိုး၍။ တတ္ထေဝ၊ ထိုအရပ်၌လျှင်။ အန္တရဓာယိ၊ ကွယ်၏။ ဤ ဣဒမဝေါစ အစဓှိသောပါဠိဖြင့် အဓှင်အာနန္ဒာ မထေရ်သည် မင်္ဂလသုတ်၏ အဆုံး၌ ကောင်းခြင်းနှင့် ပြည့်စုံသည်၏အဖြစ်ကို ပြတော်မူ၏။ ။ဗဟူဒေဝါ မနုဿာစ အစဓှိသော ပထမဂါထာကို နတ်သားသည် အကယ်၍ ဆိုအပ်၏၊ ထိုသို့ ဆိုအပ်သော်လည်း အဓှင်အာနန္ဒာ မထေရ်သည် မိမိအား တရား ဟောတော်မူသည်၏ အဖြစ်ကို ရည်၍ ဗဟူဒေဝါမနုဿာစ အစဓှိသော မင်္ဂလသုတ်ကို ဘုရားဟောတော်မူ၏ ဟူ၍ ဆိုသတည်း။ မြတ်စွာဘုရားသည် အဓှင်အာနန္ဒာမထေရ်အား နှစ်ရက်မြောက်သော နေ့၌ အလုံးစုံကို ဟောတော်မူ သတတ်။ ထိုကြောင့် အဌကထာ၌–

အထ ဘဂဝါ ဒုတိယဒိဝသေ အာနန္ဒတ္ထေရံ အာမန္တေသိ ဣမံ အာနန္ဒ ရတ္တိံ အညတရာ ဒေဝတာ မံ ဥပသက်မိတွာ မင်္ဂလပဉ်ဟံ ပုစ္ဆိ။ အထ တဿာဟံ အဌတိံသ မင်္ဂလာနိ အဘာသိံ။ ဥဂ္ဂဏ္ဍ အာနန္ဒ ဣမံမင်္ဂလပရိယာယံ၊ ဥဂ္ဂဏ္ဍိတွာ ဘိက္ခူ ဝါစေဟိတိ။ ထေရော ဂဏ္ဍိတွာ ဘိက္ခူ ဝါစေတိ။

ဟူ၍ ဆိုဏ်။

အထပစ္ဆာ၊ ထိုနောက်မှ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒုတိယဒိဝသေ၊ နှစ်ရက်မြောက်သော နေ့၌။ အာနန္ဒတ္ထေရံ၊ အာနန္ဒာမထေရ်ကို။ အာနန္ဒ၊

အာနန္ဒာ။ ဣမံရတ္တိံ၊ ဤညဉ့်၌။ အညတရာ၊ မထင်ရှားသော။ ဒေဝတာ၊ နတ်သားသည်။ မံ၊ငါ့ကို။ ဥပသက်မိတွာ၊ ဆည်းကပ်၍၊ မင်္ဂလပဒ္ဒံ၊ မင်္ဂလာ ပြဿနာကို။ ပုစ္ဆိ၊ မေး၏။ အထ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ တဿာ၊ထိုနတ်သားအား။ အဌတိံသမင်္ဂလာနိ၊ သုံးဆဲ့ရှစ်ပါးကုန်သော မင်္ဂလာတို့ကို။ အဘာသိံ၊ ဟောပြီ။ အာနန္ဒ၊ အာနန္ဒာ။ ဣမံမင်္ဂလ ပရိယာယံ၊ဤမင်္ဂလာဒေသနာတော်ကို။ ဥဂ္ဂဏ္ဍ၊ သင်လော့။ ဥဂ္ဂဏ္ဍိတွာ၊ သင်၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဝါစေဟိ၊ ဟောလော့။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။ ထေရော၊ အရှင်အာနန္ဒာ မထေရ်သည်။ ဥဂ္ဂဏ္ဍိတွာ၊ သင်၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဝါစေတိ၊ ဟောဏ်။

ဣဒါနိ ဇေတသွေဝ မင်္ဂလေသု ဉာဏပရိစယပါဋဝတ္ထံ အယံ အာဒိတော ပဘုတိ ယောဇနာ။ ဇံဝိ မေ ဣဓလောကပရ လောက လောကုတ္တရ သုခကာမာ သတ္တာ ဗာလဇနသေဝနံ ပဟာယ ပဏ္ဍိတေ နိဿာယ ပူဇနေယျံ ပူဇေန္တာ ပဋိရူပ ဒေသ ဝါသေနစ ပုဗ္ဗေကတပုညတာယစ ကုသလုပ္ပတ္တိယံ စောဒိယမာနာ အတ္တာနံ သမ္မာပဏိဓာယ ဗာဟုဿစ္စ သိပ္ပ ဝိနယေဟိ အလက်တတ္တဘာဝါ ဝိနယာနုရူပံ သုဘာသိတံ ဘာသမာနာ ယာဝ ဂိဟိဘာဝံ နဝိဇဟန္တိ၊ တာဝ မာတာပိတု ဥပဋ္ဌာနေန ပေါရာဏံ ဣဏမူလံ ဝိသောဓိယမာနာဝ ပုတ္တ ဒါရဿ သင်္ဂဟေန နဝံ ဣဏမူလံ ပယောဇယ မာနာ အနာကုလ ကမ္မန္တတာယ ဓန ဓညာဒိ သမိဒ္ဓိံ ပါပုဏန္တာ ဒါနေန ဘောဂသာရံ ဓမ္မစရိယာယ ဇီဝိတသာရဉ္စ ဂဟေတွာ ဉာတိသင်္ဂဟေန သကဇနဟိတဉ္စ အနဝဇ္ဇကမ္မန္တတာယ ပရဇနဟိတဉ္စ ကရောန္တာ ပါပဝိရတိယာ ပရူပဃာတံ မဇ္ဇ ပါန သံယမေန အတ္တူပဃာတဉ္စ ဝိဝဇ္ဇေတွာ ဓမ္မေသု အပ္ပမာ ဒေန ကုသလပက္ခေ ဝဇေန္တာ ဝဇိတကုသလတာယ ဂိဟိဗျဉ္ဇနံ ဩဟာယ ပဗ္ဗဇိတဘာဝေ ပတိဋ္ဌိတာပိ ဗုဒ္ဓဗုဒ္ဓသာဝကူပဇ္ဈာ ယာစရိယာဒိသု ဂါရဝေန နိဝါတေနစ ဝတ္တသမ္ပဒံ အာရာ ဓေတွာ သန္တုဋ္ဌိယာ ပစ္စယဂေဓံ ပဟာယ ကတညုတာယ သပ္ပုရိသဘူမိယံ ဌတွာ ဓမ္မသဝနေန စိတ္တလီနတံ ပဟာယ ခန္တိယာ သဗ္ဗပရိဿယေ အဘိဘဝိတွာ သောဝစဿတာယ

သနာထံ အတ္တာနံ ကတ္ပာ သမဏဒဿနေန ပဋိပတ္တိယောဂံ သမ္ပဿန္တာ မ္မေသာကစ္ဆာယ ကစ်ဌာနိယေသု မ္မေသု ကစ်ံ ပဋိပိနောဒေတ္ပာ ဣန္ဒြိယသံဝရတပေန သိလပိသုဒ္ဓိံ သမဏ မ္မေဗြဟ္မစရိယေန စိတ္တပိသုဒ္ဓိံ တတော ပရာ စတဿော ပိသုဒ္ဓိယော သမ္ပာဒေတ္ပာ ဣမာယ ပဋိပဒါယ အရိယသစ္စာနံ ဒဿနပရိယာယေန ဉာဏဒဿနပိသုဒ္ဓိံ ပတ္ပာ အရဟတ္တဖလ သင်္ချံ နိဗ္ဗာနံ သစ္ဆိကရောန္တိ။ ယံ သစ္ဆိကတ္ပာ သိနေရု ပဗ္ဗတောပိသ ဝါတဝုဋ္ဌိဟိ အဌဟိ လောကမ္မေဟိ အကမ္ပ မာနစိတ္တာ အသောကာ ပိရဇာ ခေမိနော ဟောန္တိ။ ယေစ ခေမိနော၊ တေ သဗ္ဗတ္ထ မပ္ပရာဇိတာ ဟောန္တိ။ သဗ္ဗတ္ထ သောတ္ထိံစ ဂစ္ဆန္တိ။ တေနာဟ ဘဂဝါ-

ဇောဒိသာနိ ကတ္ပာန၊ သဗ္ဗတ္ထ မပ္ပရာဇိတာ။

သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမန္တိ။

ဤကားအဌကထာဆရာတို့သည် စီရင်အပ်သော ယောဇနာတည်း။

ဣဒါနိ၊ ယခုအခါ၌။ ဇေတေသွေဝမင်္ဂလေသု၊ ဤမင်္ဂလာတို့၌လျှင်။ ဉာဏပရိစယပါဋဝတ္ထံ၊ ဉာဏ်၏ ထက်ဝန်းကျင် ပွါးသည်၏အဖြစ် ထက်သည်၏အဖြစ်ဟူသောအကျိုးငှါ။အာဒိတော၊အစမှ။ ပဘုတိ၊စ၍။ အယံယောဇနာ၊ ဤယှဉ်ခြင်းကို။ ကာတဗ္ဗာ၊ ပြုအပ်၏။ ဇေံ၊ ဤသို့ ဟောတော်မူသောနည်းဖြင့်။ ဣဓလောက ပရလောက လောကုတ္တရ သုခကာမာ၊ ပစ္စုပ္ပန်ချမ်းသာ တမလွန်ချမ်းသာ လောကုတ္တရာချမ်းသာ ကို အလိုရှိကုန်သော။ ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်။ ဗာလဇန သေဝနံ၊မိုက်သောသူတို့အား မှီဝဲခြင်းကို။ ပဟာယ၊ ပယ်၍။ ပဏ္ဍိတေ၊ ပညာရှိတို့ကို။ နိဿာယ၊ မှီ၍။ ပူဇနေယျံ၊ ပူဇော်ထိုက်သော ဘုရား အစရှိသည်ကို။ ပူဇေန္တာ၊ ပူဇော်ကုန်လျက်။ ပဋိရူပဒေသဝါသေနစ၊ တင့်အပ်လျောက်ပတ်သော အရပ်၌ နေခြင်းသည်လည်းကောင်း။ ပုဗ္ဗေ ကတပုညတာယစ၊ ရှေးဘဝ၌ ပြုခဲ့ဘူးသော ကောင်းမှုရှိသောသူ၏ အဖြစ်သည်လည်းကောင်း။ ကုသလုပ္ပတ္တိယံ၊ ကုသိုလ်၏ ဖြစ်ခြင်း၌။ စောဒိယမာနာ၊ တိုက်တွန်းအပ်ကုန်သည်ဖြစ်၍။ အတ္တာနံ၊ကိုယ်စိတ်ကို။ သမ္မာပဏိဓာယ၊ကောင်းစွာထား၍။ဗာဟုဿစ္စသိပ္ပဝိနယေဟိ၊အကြား အမြင် များသည်၏အဖြစ် အပြစ်မရှိသော လက်မှုအတတ် ကိုယ်နှုတ်

နှလုံးတို့ကို ဆုံးမခြင်းတို့ဖြင့်။ အလင်္ကတတ္တာဘာဝါ၊ တန်းဆာဆင်အပ်သော ကိုယ်ရှိသည်ဖြစ်၍။ ဝိနယာနုရူပံ၊ ကိုယ်နှုတ်နှလုံးကို ဆုံးမသည်အားလျော်စွာ။ သုဘာသိတံ၊ ကောင်းသောစကားကို။ ဘာသမာနာ၊ ဆိုကုန်လျက်။ ယာဝ၊ အကြင်မျှလောက်။ ဂိဟိဘာဝံ၊ လူ၏အဖြစ်ကို။ နဝိစ္ဆဟန္တိ၊ မစွန့်ကုန်သေး။ တာဝ၊ ထိုမျှလောက်။ မာတာပိတုဥပဋ္ဌာနေန၊ အမိအဘတို့အား လုပ်ကျွေးသဖြင့်။ ပေါရာဏံ၊ အဟောင်းဖြစ်သော။ ကုလဓုရံ၊ မြို့ရင်းကို။ ဝိသောဓိယမာနာဝ၊ သုတ်သင်ကုန်လျက်လျှင်။ ပုတ္တဒါရဿ၊ သားမယားအား။ သင်္ဂဟေန၊ ထောက်ပင့်သဖြင့်။ နဝံ၊ အသစ်ဖြစ်သော။ ဂုဏမူလံ၊ မြို့ရင်းကို။ ယောဇယမာနာ. ယှဉ်ကုန်လျက်။ အနာကုလကမ္မန္တာတာယ၊ မနှောင့်ယှက်သော လပ်ယာလုပ်ခြင်း နွားထိန်းခြင်း ကုန်သွယ်ခြင်း အစရှိသော အမှုရှိသည်၏အဖြစ်ဖြင့်။ ဓနဓညာဒိသမိဒ္ဓိ၊ ဥစ္စာစပါး အစရှိသည့်တို့၏ ပြည့်စုံခြင်းသို့။ ပါပုဏန္တာ၊ ရောက်ကုန်လျက်။ ဒါနေန၊ အလှူပေးခြင်းဖြင့်။ ဘောဂသာရံ၊ ဥစ္စာ၏ အနှစ်ကို လည်းကောင်း။ ဓမ္မစရိယာယ၊ တရားကို ကျင့်ခြင်းဖြင့်။ ဇိဝိတသာရဉ္စ၊ အသက်၏ အနှစ်ကိုလည်းကောင်း။ ဂဟေတွာ၊ ယူ၍။ ဉာတိသင်္ဂဟေန၊ ဆွေမျိုးတို့အား သင်္ဂြိဟ်ထောက်ပင့်ခြင်းဖြင့်။ သကဓနဟိတဉ္စ၊ မိမိနှင့် စပ်သော အဆွေအမျိုးဖြစ်သောသူ၏ အစီးအပွါးကို လည်းကောင်း။ အနဝဇ္ဇကမ္မန္တာတာယ၊ ဥပုသ်ဆောက်တည်ခြင်း အစရှိသော အပြစ်မရှိသော အမှုရှိသည်၏အဖြစ်ဖြင့်။ ပရဓနဟိတဉ္စ၊ မိမိနှင့် စပ်သော အဆွေအမျိုးမှ တပါးသော သူ၏ အစီးအပွါးကို လည်းကောင်း။ ကရောန္တာ၊ ပြုကုန်လျက်။ ပါပဝိရတိယာ၊ မကောင်းမှုမှ ကြဉ်သဖြင့် လည်းကောင်း။ မဒ္ဒပါနသံယမေန၊ သေသောက်ခြင်းမှ ကြဉ်သဖြင့်။ အဇ္ဇ။ပဃာတဉ္စ၊ မိမိကိုယ်ကိုသတ်ခြင်းကိုလည်းကောင်း။ ဝိဝဇ္ဇေတွာ၊ ကြဉ်၍။ ဓမ္မေသု၊ တရားတို့၌။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်းဖြင့်။ ကုသလပက္ခေ၊ကုသိုလ်အဘို့တို့ကို။ ဝဓေန္တာ၊ ပွါးစေကုန်လျက်။ ဝဓိဘကုသလတာယ၊ ပွါးသောကုသိုလ်ရှိသည်၏ အဖြစ်ကြောင့်။ ဂိဟိဗျဉ္ဇနံ၊ လူ၏ အသွင်ကို။ ဩဟာယ၊စွန့်၍။ ပဗ္ဗဇိတဘာဝေ၊ ရဟန်း၏ အဖြစ်၌။ ပတိဋ္ဌိတာဝိ၊ တည်ကုန်သည်ရှိသော်လည်း၊ ဗုဒ္ဓ ဗုဒ္ဓသာဝကုပစ္ဆာယာ စရိယာဒိသု။ ဘုရား ဘုရားတပည့် ဥပစ္ဆာယ်ဆရာ အစရှိသည်တို့၌။ ဂါရဝေနေစ၊

အလေးအမြတ် ပြုသည်၏ အဖြစ်ကြောင့်လည်းကောင်း။ နိဝါတေန၊ နှိမ့်ချခြင်းဖြင့်လည်းကောင်း။ ဝတ္တသမ္ပဒံ၊ ဝတ်နှင့်ပြည့်စုံခြင်းကို။ အာရာဓေတွာ၊ နှစ်သက်စေ၍။ သန္တုဋ္ဌိယာ၊ ရောင့်ရဲလွယ်ခြင်းဖြင့်။ ပစ္စယဂေဓံ၊ ပစ္စည်း၌ မက်မောခြင်းကို။ ပဟာယ၊ ပယ်၍။ ကတညုတာယ၊ သူ့ကျေးဇူးကို သိသည်၏ အဖြစ်ဖြင့်။ သပ္ပုရိသဘူမိယံ၊ သူတော်ကောင်းတို့၏ တရားအရာ၌။ ဌတွာ၊ တည်၍။ ဓမ္မသဝနေန၊ တရားနာသဖြင့်။ စိတ္တလီနတံ၊ စိတ်တွန့်တိုသည်၏ အဖြစ်ကို။ ပဟာယ၊ ပယ်၍။ ခန္တိယာ၊ သည်းခံခြင်းဖြင့်။ သဗ္ဗပရိဿယေ၊ ခပ်သိမ်းကုန်သော ဘေးရန်တို့ကို။ အဘိဘဝိတွာ၊ လွှမ်းမိုး၍။ သောဝစဿတာယ၊ ဆိုဆုံးမလွယ်သော သူ၏ စေတနာသည်ရှိ၏ အဖြစ်ဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ သနာထံ၊ ကိုးကွယ်ရာရှိသည်ကို။ ကတွာ၊ ပြု၍။ သမဏဒဿနေန၊ ငြိမ်းပြီးသော ကိလေသာရှိကုန်သော ရဟန်းတို့အား ဖူးမြင်ခြင်းဖြင့်။ ပဋိပတ္တိယောဂံ၊ အကျင့်၌ယှဉ်ခြင်းကို။ သမ္ပဿန္တာ၊ ကောင်းစွာ ရှုကုန်လျက်။ ဓမ္မသာကစ္ဆာယ၊ တရားကို ဆွေးနွေးခြင်းဖြင့်။ ကခ်ဌာနိယေသု၊ ယုံမှားဘွယ်၏ အကြောင်းနှင့်ယှဉ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ကခ်ံ၊ ယုံမှားခြင်းကို။ ပဋိဝိနောဒေတွာ၊ ဖျောက်၍။ ဣန္ဒြိယသံဝရတပေန၊ ဣန္ဒြေကို စောင့်ရှောက်ခြင်း အကျင့်ဖြင့်။ သီလဝိသုဒ္ဓိံ၊ သီလ၏ စင်ကြယ်ခြင်းကို လည်းကောင်း။ သမဏဓမ္မဗြဟ္မစရိယေန၊ ရဟန်းတရား ဟူသော မြတ်သော အကျင့်ဖြင့်။ စိတ္တ ဝိသုဒ္ဓိံ၊ စိတ်၏ စင်ကြယ်ခြင်းကို လည်းကောင်း။ ကတော၊ ထိုစိတ်၏ စင်ကြယ်ခြင်းမှ။ ပရာ၊ နောက်၌ ဖြစ်ကုန်သော။ စတသော၊ လေးပါးကုန်သော။ ဝိသုဒ္ဓိယော၊ စင်ကြယ်ခြင်းတို့ကိုဝင်း။ သမ္ပာဒေတွာ၊ ပြည့်စုံစေ၍။ ဣမာယ ပဋိပဒါယ၊ ၏အကျင့်ဖြင့်။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ ဒဿနပရိယာယေန၊ မြင်ခြင်း၏ အလှည့်အားဖြင့်။ ဉာဏဒဿနဝိသုဒ္ဓိံ၊ ဉာဏ်အမြင်၏ စင်ကြယ်ခြင်းသို့။ ပတွာ၊ ရောက်၍။ အရဟတ္တဖလသဉ်္ဇံ၊ အရဟတ္တဖိုလ်ဟုဆိုအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သန္ဆိကရောန္တိ၊ မျက်မှောက်ပြုကုန်၏။ ယံ၊ အကြင်အရဟတ္တဖိုလ်နိဗ္ဗာန်ကို။ သန္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဝါတဝုဌိဟိ၊ လေးမိုးတို့ကြောင့်။ သိနေရုပဗ္ဗတော၊ မြင်းမိုရ်တောင်သည်။ နကမ္ပတိဝိယ၊ မတုန်လှုပ်သကဲ့သို့။ အဌဟိ၊ ရှစ်ပါးကုန်သော။ လောကဓမ္မေဟိ၊ လောကဓံတို့ကြောင့်။ အကမ္ပမာနစိတ္တာ၊ မတုန်

လျှပ်သော စိတ်ရှိကုန်သည်။ အသောကာ၊ ဂိုးရိမ်ခြင်း ကင်းသောစိတ် ရှိကုန်သည်။ဝိရဇာ၊ရာဂ ဒေါသ မောဟဟူသော မြွေကင်းသော စိတ်ရှိ ကုန်သည်။ ခေမိနော၊ ဘေးကင်းကုန်သော စိတ်ရှိကုန်သည်။ ဟောန္တို့၊ ဖြစ်ကုန်၏။ ယေစ၊ အကြင်သူတို့သည်လည်း။ ခေမိနော၊ ဘေးကင်း ကုန်သော စိတ်ရှိကုန်၏။ တေ၊ ထိုသူတို့သည်။ သဗ္ဗဏ္ဍ၊ ခပ်သိမ်း ကုန်သောရန်လေးပါးတို့၌။အပရာဓိတာ၊တပါးပါးသော ရန်မာန်သည် မအောင်အပ်ကုန်သည်။ ဟောန္တို့၊ ကုန်၏။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော ဘုရိယာ ပုထ်တို့၌လည်း။ သောတ္ထိ၊ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဘေန၊ထိုကြောင့်။ ဘဂဝါ၊မြတ်စွာဘုရားသည်။ ဇေတာဒိ သာနိကတွာန၊ သဗ္ဗတ္ထမပရာဓိတာ၊ သဗ္ဗဏ္ဍသောတ္ထိ ဂစ္ဆန္တိတံ၊တေသံ မင်္ဂလမုတ္တမန္တိ၊ ဟူ၍၊ အာဟ၊ ဟောတော်မူ၏။ ။ဤမင်္ဂလသုတ် သည်ကား သုတ္တနိပါတ် ဒုတိယဝဂ်၌ လည်းကောင်း ခုဒ္ဒကပါဋ္ဌ၌ လည်းကောင်း ဤနှစ်ဌာန တို့၌ သင်္ဂါယနာတင်အပ်သော ခုဒ္ဒက နိကာယ်၌ အကျုံးဝင်သောသုတ်တည်း။

မင်္ဂလတ္ထဒီပနီ ကျမ်းပြီး၏။

နိုဂုံး

အခါခပ်သိမ်း တင့်အပ်သော ယူဇနာ ငါးဆယ်ရှိသော ရေဏီမည်သော ပဒုမာရေကန်ဖြင့် တန်းဆာဆင်အပ်သော ဥတ္တရကုရုကျွန်း၏ အထက်အပြင် ကောင်းကင်၌ ဘန်ဆင်းအပ်သော ကုဝေရနတ်မင်း၏ ဝိသာလမည်သော သာယာလှစွာသော နတ်မြို့ကဲ့သို့ အောင်ပင်လယ် အစရှိသော ပဒုမာရေကန်တို့ဖြင့် ဆန်းဆာဆင်အပ်သော အခါခပ်သိမ်း သာယာလှစွာသော အမရပုရ ရွှေပြည်တော်ကြီး၌ များစွာသော စစ်သည်အင်္ဂါ ရတနာအပေါင်းတို့နှင့် ပြည့်စုံသော သိရီသုဒ္ဓေါဒန အစရှိသော ရှေးမင်းမြတ်တို့ကဲ့သို့ အာဒိစ္စဝံသဖြစ်သော ဒသရာဇမ္မနှင့် ပြည့်စုံသော သာသနာ့ ဒါယကာ မဟာဇကရာဇ် တရားမင်းမြတ်၏ ပရိနာယက သားကြီး ရတနာ ဥပရာဇာမင်းမြတ်၏ မယ်တော် မိဖုယားမြတ်၏ တူတော်ရင်းဖြစ်သော သဒ္ဓါသိလ အစရှိသော သူတော်ကောင်းတို့၏ ဥစ္စာတရားနှင့် ပြည့်စုံသော သိရိဇေယျကျော်စွာအမည်ရှိသော အမတ်ကြီးသည် သာသနာတော်၏ အစီးအပွါး များစိမ့်သောငှါ တောင်းပန်အပ်သည် ဖြစ်၍ ဥပရာဇာမင်းမြတ်၏ မယ်တော် မိဖုယားကြီးသည် ဆောက်လုပ် အပ်သော အတွင်းအပ ရွှေတို့ဖြင့် မွမ်းမံအပ်သော သူတော်ကောင်းတို့၏ ကျိန်းအောင်းရာ မင်္ဂလာဘုံကျော် ကျောင်းတော်၌ သီဘင်းသုံး နေတော်မူသော "ကဝိန္ဒာ ဘိသဒ္ဓမ္မာရ သိရိဇေ မဟာမ္မေရာဇဂုရု" "ကဝိန္ဒာ ဘိဝံသသိရီသဒ္ဓမ္မဇေ မဟာမ္မေရာဇာဓိ ရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်နာမံတော် ရှိသော[ညောင်ကန်ဆရာတော်]သည် မြန်မာဘာသာ၌သာ ကျွမ်းကျင်ကုန်သော သူတော်ကောင်းတို့၏ အကျိုးငှါ မြန်မာတို့၏ အမိန့်အဆိုဖြစ်သော ဘာသာဖြင့် ရေးသားအပ်သော **မင်္ဂလတ္ထ ဒီပနီ ကျမ်း** သည် ဤတွင်ရွှေပြီး ပြည့်စုံ၏။

သက္ကရာဇ် ၁၂၁၆-ခုနှစ် တပို့တွဲလပြည့် ပြီး၏။

မင်္ဂလတ္ထ ဒီပနီကျမ်း အလုံးစုံ ပြီး၏။